www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူဇေန္တု သက်ပွာ။ ။

မဂ္ဂဇင်း

အတွဲ (၁၆) အမှတ် (၃)
၂၀၁၆ခုနှစ် မတ်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ







## ဘာသာရေးဆောင်းပါးများ


၅ တို့ခံစစ်အရစ်လုံ့ရဲ့လား
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ သုစိမ်း
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၅ မစဝုး အစထုး သေဖူးသည်ရှိရှိပေါ့
**မြဝင်း(ဓဿန)**
၁၇ အသစ်တစ်ဖန်
ပြန်လည်ပြုပြင်မွမ်းမံရာမှ
ရှေးဟောင်းဌာပနာတော်များ
ပြောက်ပြားစွာတွေ့ရသော
ညောင်ရမ်းရွှေစည်းခုံစေတီတော်
**အာကာသ(သာစည်)**
၂၃ ဘာသာလူမျိုးရှိခိုးကြအဖုံဖုံ
**ဦးကောဝိဒ(မြိတ်)**
၂၆ ထွေရာလေးပါးစာနှင့်စကား
**ညာဏ်မြင့်**
၂၉ မင်းခေါင်ကိုအထင်မမှားလေနဲ့
သတ္တဝါရှင်ဝယ်သားလိုပ
အခါခါကယ်တာမျှားခဲ့ပေါ့
ဆယ်ရတဲ့ပွဲ
**အဘဝ(သာသနာ့အထင်းရောင်)**

၃၀ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၂)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၉ သုဝဏ္ဏဘူမိ၏ရွှေစာရံစေတီတော်
**ခင်မောင်အေး(မန္တလေး)**
၄၆ ဆရာတော်အရှင်ဇနကာဘိဝံသနှင့်
ဂျူးပါရဂူနှစ်ဦး
**ရဲရဲထွန်း(ဟသ်ာတ)**
၄၈ စစ်ကိုင်းတောင် အနောက်ပရက္ကမ
ဆရာတော်ကြီး၏အကျိုးရှိစေမည့်
လူနာမေးနည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၄၉ ကျူပင်းမြို့က ငါးမျက်နှာဘုရားနဲ့
မောင်တင့်တယ်ရဲ့မျိုးဆက်များ
**ကိုအေးမြင့်(မဟာဗိဇ္ဇာ၊ ရှေး-သု)**
၅၈ ရွှေဘိုမြို့ကိုစောင့်ရှောက်နေကြသော
နတ်မင်းကြီးကိုးပါး
**သန်းဆွေ(ရွှေဘို)**
၆၂ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၆၈ ဝိပဿနာပညာမိတ်ဆက်
**ဦးချစ်ဖို့(မော်ကျွန်း)**
၇၀ ကျေးဇူးတော်ရှင်
ရွှေပေါက်ကျွန်းဆရာတော်ကြီး
အိပ်မက်ပေးသည့်
နန်းကျင်၊ နန်းခင်အကြောင်း
**သိန်းထွန်းကြည်(အင်းဝ)**
၇၃ ရွှေကံကူလေပုံသစ်တော်
ရုပ်ရှင်တော်မြတ်၏
မော်လမြိုင်-ဘားအံ-သာမည
ဒေသစာရီခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**
၉၉ ဘုန်းကံကြီးမားမင်းကောရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၁၄)
**သစ္စာဝါဒီ-ဦးမြင့်အောင်**
၁၀၁ မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင်
အောင်ဇာတ်ကိန်းရာ စဥ်မြင့်ရှာ
**အောင်သာကျော်**
၁၀၉ အောင်တော်မူဂါထာတန်ခိုး
အကျိုးဒိဋ္ဌ
**ကိုစနေ**
၁၁၀ စေတနာအဟုန်ကြောင့်
ပေါ်ထွန်းလာရသည့်
ရှေးဟောင်းဘုရားကြီး
**ရတနာဓေဝီ**
၁၁၅ တွံတေးဗောင်းတော်ချုပ်
ဆရာတော်ဘုရားကြီးအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**
၁၃၄ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၂)
**ပထမံဆရာဦးအေးရွှေ**
၁၅၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၅)
**ကံဝင်း**


## သုတရသဆောင်းပါး


၈၃ ကုံလုံ၊ ပင်းတယ၊ ဆေးပေါင်းခနှင့်
သီလငါးပါးအလင်္ကာ
**ကိုရွှေမြသန်း(သမိုင်း)**
၉၂ အားကိုးရာအစစ်ကမ္ဘ
**ကြင်ကြင်(ပညာရေး)**
၁၂၀ ကလေးငယ်များအပမှီခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**
၁၂၇ မိဘပြစ်မှားလူ့ရမ်းကား
စွမ်းအားပျောက်မည်သာ
**ကိုထွန်း(မင်းလှ)**
၁၂၉ မြန်မာ့ရိုးရာနတ်ယုံကြည်မှုစလေ့(၇၇)
**မောင်သန်းဆွေ(ထားဝယ်)**
၁၃၁ စစ်ပြေးဒုက္ခသည်သံသရာ
ခါခါလည်လေဦး
**လှမိုး(ပညာရေး)**
၁၃၉ ရဟန္တာဂူမြောက်ဘက်မှကုန်း
**ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)**
၁၄၇ ရယ်ပြီးပြန်သူ
**ချောင်းဆုံ့ ဓာနုန်းသွင်**
၁၆၀ ရှေးမြန်မာမင်းတို့၏အတဲ့ယူဖွယ်ရာ
သာသနာပြုနည်းတစ်မျိုး
**မောင်ရွှေလှ**
၁၆၂ လယ်တီဇာတိမာန်နိမိတ်ထူးများ
**ယောနကဘိုးထောင်**
၁၇၅ လူသားနီတိလူ့ဝိနည်း
**ဝေမင်းဦး(စိတ်ပညာ)**
၁၉၄ ငှက်ဆိုးနှင့်ရတနာသုံးပါးအကျိုး
**တက္ကသိုလ်ကြည်သင်း**
၂၀၂ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၆၀)
**ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)**
၂၁၂ တစ်သက်တာတွင်
သုံးကြိမ်မျှသာပြုံးရယ်ခဲ့သော
ရမည်းသင်းစား သီလဝ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**


www.burmeseclassic.com

www.burmeseclassic.com






၂၂၀ ဒိရိုက်တာဦးလွန်းဖေ၏
မြတ်ဂုဏ်တော်
**ကိုတိုး(ရန်ကင်း)**

၂၃၃ မနောတန်ခိုးနှင့်သိပ္ပံအယူအဆ
**ထုံးတောင်-အရှင်ဓမ္မဗီယ(မြောင်)**

၂၅၉ ရုပ်အဆင်းလှပသည့်
ဇနီးမိန်းမများကြောင့်
ဆင်းရဲဒုက္ခကြုံခဲ့ရသည့်
လင်ယောကျ်ားများ
**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**

၂၈၀ ပုပ္ပားအောင်မင်းခေါင်၏
လက်ဝဲအထက်သွားစွယ်မှသည်
လက်ယာအောက်သွားအစွယ်သို့(၁)
**အဏ္ဏဝါလှိုင်း**

၂၈၉ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

၃၀၅ ဓွေးညီနောင်
**လျှမ်းထက်**

၃၁၁ နိုင်ငံတော်တံဆိပ်ခေါင်း
အကြံပေးအဖွဲ့ကြီး
**ကြည်လွင်**

၄၂၆ လွှယ်မယောင်နဲ့ခက်၊
တိမ်မယောင်နဲ့နက်(ဒုတိယပိုင်း)
**မင်းချမ်းမြေ့(ပုသိမ်)**


## သုရဿတိုင်းရင်းဆေး


၇၂ ရွှေယပ်တောင်ဆရာတော်
အမြဲသုံးစွဲသော
ဆေးနည်းကောင်းတစ်လက်
**ရောမြေ-ကျော်ဝေ**

၁၂၁ သည်းခြေကျောက်တည်
အမြန်ပျောက်ဆေး
**သန်းလှိုင်ထွဋ်း(အမြင့်)**

၁၄၉ ပြည်မြန်မာမြောက်ဖျား
ပူတာအိုဒေသမှ တိရစ္ဆာန်ထွက်
ဆေးဖက်ဝင်ပစ္စည်းများ
**မောင်နွယ်သန်း**

၁၅၂ သစ်ခေါင်းပျားရည်အစွမ်း
အံ့မခန်း
**ကောင်းစံသာ(မင်းတုန်း)**

၁၇၇ ထိကရုံးသုပ်နှင့်လိပ်ခေါင်း
**နေပြည်တော်ကျော်ကျော်စိုး**

၂၀၀ လေဖြန်း၍လျှာနိုင်နေခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**

၂၄၅ နည်းသိလျှင်အလွယ်သား
**အောင်မြိမ့်မိုး**

၂၆၃ မျက်စိမှုန်သူများအတွက်
**နေပြည်တော်ကျော်ကျော်စိုး**

၂၆၄ ငန်းမြွေနှင့်ပင့်ကူထိပ်ပိတ်
**နေပြည်တော်ကျော်ကျော်စိုး**

၂၉၃ ချွေးရှူးလားချွေးကောင်းလား
**မြတ်ခေါင်းနိုင်(ဂုံညင်းတန်း)**

၃၇၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၃၈၄ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၄)
**ရွှေနဝင်း(ပုသိမ်)**

၄၀၂ ဖောရောင်ခြင်းနှင့်
ကျောက်ကပ်ဝေဒနာ
**နေပြည်တော်ကျော်ကျော်စိုး**


## သုရဿဝတ္ထုတို


၁၂၂ ငရဲပြည်မှတမန်တော်များလော
**ကိုသဲယု(ပုဂံမြေ)**

၁၇၈ နဂါးငွေ့တန်းကျွန်းပျောက်ကြီး
**မင်းနန္ဒီရှိန်**

၁၈၆ ဗုဒ္ဓဘုရားနှင့်မုန်တိုင်းကြားက
သင်္ဘောသားများ
**ဓာတ်ပုံမောင်မောင်အေး**

၁၉၀ ရင်တိုက်သိမ်း
**နေအောင်လင်း(စလေ)**

၂၀၈ အတင့်ရဲသည့်ပရလောကသား
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)ထုံးဘို**

၂၁၄ လည်ပြန်တစ်ရစ်အဖြစ်ဆန်းထွေ
**ချောဘသိုင်း(စလင်း)**

၂၂၆ ဖေဖေ့အတွက်ကာသိုလ်ဆက်ပါ
**ငြိမ်းဝေ(ပြည်)**

၂၃၈ ပြောမယုံကြုံဖူးမှယုံစဖွယ်
**နေဝင်းဦး(ပြည်)**

၂၄၈ အိပ်မက်ဆန်းနှင့်
မျက်ဝန်းရိပ်မှအလွမ်း
**မြတ်ခေါင်းနိုင်(ဂုံညင်းတန်း)**

၂၅၀ ငယ်စဉ်အခါက
အမေနဲ့အစ်မကြီးအပေါ်
အပြစ်ကျူးလွန်မိခဲ့သောကျွန်တော်
**စိုးမင်း(မြောက်စည်း)**

၂၇၄ မီးပင်လယ်ကိုကျော်နင်း
စီးဆင်းတဲ့မြစ်မင်းရေ
**ကျွန်းစဉ်မြေ-စောခက်**
**(အမျိုးသားစာပေဆုရ)**

၂၉၄ သေမင်းနှင့်စစ်ခင်းခြင်း
သို့မဟုတ် သေရွာမှပြန်လာသူ
**နိုးမြင့်မိုး(မြိတ်)**

၃၀၉ ထူးဆန်းသော
အမိဗွာန်ကျောက်တုံးလေး
**မြင့်သိန်းလွင်**

၃၂၀ ငယ်တုန်းကဘိုးသူတော်၊
ကြီးတော့ရက္ခစိုး
**မနှင်းဆီ(ရေဆင်း-နေပြည်တော်)**

၃၂၂ ဝမ်းတွင်းစုန်း
**သန့်ဝင်**

၃၃၀ ဂန္ဓာရဆရာကြီးဦးညာဏ်ဝေ
**ထောင်မှူးကြီးသိန်းဝင်း**

၃၃၄ ထိပ်တင်မောင်မောင်နှင့်
စိုင်းစံရွှေ
**ထွန်း(နောင်ချို)**

၃၄၆ ပဲခူးရိုးမပေါ်မှတစ်နေ့တာ
**စံရွှေမောင်(ပုရစ်ကုန်း)**

၃၅၂ ရန်ငြိုးရန်စမရှိဘဲ
လူသတ်တရားခံဖြစ်လာရသော
လူငယ်တစ်ဦး
**မိုးမင်းဇော်**

၃၅၈ ငါးရံ့ဘိုးသိန်းနှင့်
ကိတ္တိမသားအလှူတော်
**ငွေစိုး(ရွှေကြခ်မြေ)**

၃၆၆ ဘီလူးစီးတဲ့လက်
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**

၃၇၀ ချာအေး
**မဟာသျှံ**

၃၇၈ တောလိုက်မုဆိုးနှင့်သီရိစန္ဒီ
**ဇော်မင်း(ဇဂုံ/မြောက်)**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၁၆၆ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၈၆ ထွက်ပေါက်
**ရွှေပြည်စိုး(မိုးကုတ်)**


www.burmeseclassic.com

www.burmeseclassic.com





## သုရဿလက်တွေ့အသုံးချ


၈၂ ၂၀၁၆ ခုနှစ်၊ မတ်လအတွက် နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၆၅ ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ မိန်ရာသီပြောင်း မန္တိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၂၁၉ ၂၀၁၆ခုနှစ်၊ မတ်လအတွက် စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၃၆ ချမ်းသာ၊ တန်ခိုးအာဏာ လိုရာရစေနိုင်သောအဆောင်နှင့် ကျင့်စဉ်
**သုရှ(နဝင်းမြို့)**

၃၁၇ ဆယ့်တစ်မီးငြိမ်း၍ သိဒ္ဓိဆယ်ပါးနှင့်ပြည့်စုံသော ပန်းကန်သဲပုံစေတီတည်ရအောင်
**ဘုန်းခေါင်**

၃၇၃ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၀၃ ၂၀၁၆ ခုနှစ်၊ မတ်လ ကောင်းကျိုးပေးပြော တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ**(B.Sc)

၄၀၆ စာမေးပွဲဖြေဆိုကြမယ့် ကလေးများအတွက် အောင်ပွဲဝင်အစီအရင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၁၅ ၂၀၁၆ ခုနှစ်၊ မတ်လ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၈ ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၂၂ ဆုံစည်းခြင်းသုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**






## သုရဿ ပညာရပ်


၁၈၂ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**

၁၉၇ နာမည်များနှင့်ဖြင်းခုံခြင်း(၆)
**နေ့ဝိဇ္ဇာ**

၂၆၉ ဘဝရှင်သန်ရာသင့်လက်မှာ
**ဦးအောင်မင်း**

၃၄၂ တရုတ်ဂမ္ဘီရဖုန်းရွှေပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၅၄ မဟာကိန်းဂဏန်းများ
**ကိုနဝင်း**

၃၆၃ မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ အတိတ်နိမိတ်
**မကွေးဝင်းမြင့်**

၃၉၅ တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး (တားရော့သုတေသီ)**
**မိုးကောင်း**

၄၁၀ ကိုယ်တိုင်အောင်မြင်ပါစေ
**မင်းပြည့်**



**နာယကာ**
ဆရာဦးမောင်မောင်သန်း၊
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇၄)

**မျက်နှာဖုံးနှင့်**
**အတွင်းဝန်း၏**
နိုးအောင်
သုရဿအတုံးစီစိုင်း၊
ကိုကျော်မင်းမောင်
**အတွင်းဓာတ်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၃၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ထွန်းပြိုးဘာသာ**
ရုပ်ဝှိုင်း၊ ချမ်းငြိမ်းကျော်၊
အိမ့်မွန်ထွန်း၊ နင်းသယ္ဇာကျော်၊
ဝန်းထွန်းမြင့်
**ရုံးအဖွဲ့**
သဲပုဂ္ဂိုလ်၊ အေးအေးစန်း၊
ရမွန်၊ ရုရှ်၊ နုနု၊ မြို့ရာဘုရာ
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၃၀၉၂) ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
တယ့်နှင့်ကြော်ငြာ -၀၁-၃၈၈၇၃၈
**မျှဝေသ**
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
**နေပြည်တော်ရောင်းမှုး-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရွှေတောင်ကြား**-ဂါမုနီး ဗိုလ်မှူး
ပဲခူး- သဝင်စာပေ
**ပသိဝ်တ**-တာလေးမောင်၊ ရွှေမောင်၊
**မကွေး** -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေဂ္ဂာ
**အုပ်ရေ** ၁၀၀၀
တန်ဖိုးကျပ်ငွေ
( ၃၀၀၀ ) ကျပ်



www.burmeseclassic.com

www.burmeseclassic.com

## တို့ခံစစ် အရစ်လုံ့ရဲ့လား

- တို့ဘာသာ ရန်မဖြစ်
  ခံစစ်ရယ်နဲ့ အမှန်ဖော်။
  အမည်းခြူခြူ အဖြူကပ်ကပ်
  မူဝါဒဓာတ် မပြတ်ပေါ်။
  - သည်သို့ဖြင့် ကြွေးကြော်
  - အမေးတော် ရှိလိုက်ချင်သား။
- မျိုးချင်းရဲ့ဆုံ
  ကြိုးကွင်းအဖုံဖုံနဲ့
  အယုံစုံ ပုံအသွင်း
  ကွင်းနိုင်ပါ့မလား။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဗုဒ္ဓ ဝီရတ္ထု၊

□ ခမ္မံ သုတံ ဘဇံ သန္ဒံ
ဒဒါ ယမ္ဘိ လေခ နိဋ္ဌံ
တသ္မာ စေ ခဏေက် တေသံ
သေဝန် တွံ ပသံ ပသ။ ။

ဘယ် လေခ နိဋ္ဌ - ဤစာပေါင်းသိုက်တာ၊ ခမ္မံ - တရားကို၊ ဒဒံ - ပေးအပြီး၊ သုတမ္ဘိ - သုတကိုလည်း၊ ဒဒံ - ဆက်၍ဆက်တာ ပေးလာပါအံ့။

ပုန - တစ်ဖန်

ဘဇံ - ဝေဖန်စရာ အဖြာဖြာကို၊ ဒဒ္ဓိ - ပေးပြီးသည့်နောက်လည်း၊ သန္ဒံ - ကိုယ်ပိုင်ယုံကြည်ချက်စွမ်းအားတွက်ကို၊ ဒဒံ - ထပ်၍ပေးပါဦးအံ့၊

တသ္မာ - သည်သို့ ခမ္မ၊ သုတ၊ ဘဇ၊ သန္ဒါ လေးဖြာရသ ပေးဝေငှ

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# သုစိမ်း

ပကာသက

လေခက္ခန္ဓကထာ

(ကထာစာပေါင်းသိုက်)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





သူ၌ ကိုယ်လုံးကိုယ်ထည် သေးလို့လှ၏။ သို့သော်. . .

စိတ်ဓာတ်ခွန်အားကား မသေးလှ။ တစ်ဖန်လည်း. . .

ခြေနှစ်ချောင်းကလည်း သွေးလို လွန်းလှ၏။ သို့သော်. . .

သူ၏ တစ်ခုတည်းသော နှုတ်သီးကား မာကျောလှပေစွ။

ထိုစာမတမ်းမသည် . . . ဤ နှုတ်သီးလေးတစ်ခုတည်းဖြင့်ပင် တွေ့သမျှ မြက်၊ သက်ငယ်တံ စသည်များကို ရှာဖွေစုစည်း၏။ ရသမျှ မြက်၊ သက်ငယ်တံများဖြင့် အသိုက်အုံ ဖွဲ့စည်း၏။







www.burmeseclassic.com

www.burmeseclassic.com

ထိုအသိုက်အုံသည် မိုးကြီးမည်မျှသည်းထန်ပြီး မည်မျှကာလရှည်ကြာရွာသွန်းစေ သူ့အသိုက်ပိုင်နက်တွင်းအထိကား မဝင်ရောက်နိုင်။ စာမတမ်းမ၏ အစွမ်းကား ဤမျှခမ်းနားခဲ့၏။

ဤစာမတမ်းမ၏ ထို အသိုက်အအုံသည်. . .

သူမ နေထိုင်ရန် အဆောက်အအုံလည်း ဖြစ်၏။

သူမ၏ သားသမီးများ သန္ဓေတည်ရာ ကျက်သရေ တိုက်ခန်းလည်း ဖြစ်၏။

သူမ၏ သားသမီးများ ပေါက်ဖွားရာ မီးနေအိမ်လည်း ဖြစ်၏ ပမာ. . . ကထာပေါင်းများစွာတို့ကို သိုမှီးထားသည့် ဤစာပေါင်းသိုက်သည်လည်း. . .

ငါတို့၏ ဉာဏ်ကျက်စားရာ အိမ်ဝန်းဆိုလည်း ဟုတ်၏။

စာရှုသူတို့ ဉာဏ်သန္ဓေတည်ရာဆိုလည်း မမှား. . .။

စာရှုသူတို့ ပညာပွင့်ရာဆိုလည်း မှန်သေး၏။

ဘာ့ကြောင့်. . .။

ဤစာပေါင်းသိုက်က ဓမ္မအရသာ သုတအရသာများ ပေးကမ်းလျက်ရှိပြီး ဝေဖန်စရာများနှင့် ယုံကြည်ချက်စွမ်းအားများကိုပါ ထည့်သွင်းပေးထား၍. . .။

သို့ကြောင့် -

ဤစာပေါင်းသိုက် တက်နိုက်လိုသော သင် စာရှုသူသည်. . . ရှေ့တစ်ပုဒ်ကြည့်ပြီးသည်နှင့် နောက်တစ်ပုဒ်ဘက်ဆက်ရန် မမေ့ပါနှင့်။ ရှေ့တစ်ပုဒ် ကြည့်ပြီးသည်နှင့် အဝေဖန် မစောပါနှင့်။ အားလုံးကြည့်၍ အားလုံးသိပြီး ဖြစ်သွားပါသော်ကား. . ., သင် ကြိုက်လျှင် ဝန်ခံ၊ သင် မကြိုက်က ဝေဖန်ပါလေ. . .။

သင်ကား. . . ဝေဖန်ရေးသမားပွဲရှုစား။

ငါတို့ကား. . . အဝေဖန်ခံ ပါရမီရှာဖွေရေးသမား။

၁၃၇၃-ခုနှစ် ကဆုန်လပြည့်။
အင်္ဂါနေ့။
အကျွတ်အလွတ်၊
ဗုဒ္ဓဝိဟာရကျောင်းတော်။
မဟာမြိုင်။

❑

## တစ်ဝှမ်း(သုစိမ်း)

နမောတော ဗုဒ္ဓ ဝိရတ္တူ၊

❑ ဗဟုလ္လာ မမ သန္တိ ကော၊
တဂ္ဂေ့ ဝဓရ ဝတ္တူ နီ၊
တေ သိဒ္ဓံ ဇကော အာကာရော
မကောဝိ တဂ္ဂ ဝစရော။ ။

**မမ** - ငါ၏၊ **သန္တိကေ** - ခန္ဓာခွင်စွဲသမ္ပဇဉ်ထဲဝယ်. . .၊ **တဂ္ဂေ့ ဝဓရဝတ္တူနီ** - အတွေးကျက်စားစရာအကြောင်းအရာတို့သည်ကား. . .၊ **ဗဟုလ္လာ** - တွေးလိုက်တိုင်းပွား များပြားလှပါကုန်၏။

**တေသု** - အတွေးပေါင်းလိုက်ထိုစာပေါင်းသိုက် အများအစားတို့တွင်၊ **ဣဒံ** - သုစိမ်းစာရင်းဝင် ဤခန္ဓာဖြစ်စဉ်စာ သမင်သည်ကား. . .၊ **ဧကော** - တစ်ခုအပါအဝင်ဖြစ်သော၊ **အာကာရော** - အကြောင်းခြင်းရာတည်း။ **မကောဝိ** - အစတစ်ခုလည်းဖြစ်သော၊ **တဂ္ဂဝစရော** - အတွေးကျက်စားရာတည်း။

❑ **ခပ်စိမ်းစိမ်းလေး နေပြတယ်**

နိဗ္ဗာန်ဝင်ရာ၏အနီးရှိ လောကီဉာဏ်များ၏ ဦးစွန်းအရာဝင် သင်္ခါရုပေက္ခာဉာဏ်အရောက် ဆင်ခြင်ရမည့်တောလေးဆယ်တွင်. . . "ခန္ဓာသည် သုစိမ်းနှင့်တူ၏" ဆိုသည်လည်း တစ်ခုအပါအဝင်ပင်။

ထိုစဉ်. . . ရုပ်စုသည် ဖောက်ပြန်ပြောင်းလဲခြင်း၊ ဖရိုဖရဲပြန့်ကျဲခြင်း၊ အသက်မဲ့ကို အသက်သွင်း သက်ရှိအသွင် အထင်မှားစေခြင်းများဖြင့်. . .

အမှား အလယ်ခေါင် ပြောင်ပြနေပါသည်ကို လည်းကောင်း၊

ရှက်ရမှန်း မသိ၊ ကြောက်ရမှန်း မသိ၊ သူ့အရှိ ကိုယ့်အရှိ ထိပြနေပါသည်ကို လည်းကောင်း၊

သူ့ ငါ့ခုတ်၊ ငါ့ သူ့ခုတ် သတိပုတ်ပြနေကြပါသည်ကို လည်းကောင်း. . . ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ အခုင်ထားအထင်မှားလျက်ရှိသော ငါသည်. . .

"ဟ-ငါ့ကောင်ကြီးရ တည်တည်တံ့တံ့နေပြစမ်း" ပြော၏။ မရ။

"ကောင်းကောင်းမွန်မွန် နေပြစမ်း" ပြော၏။ မရ။

"ငါ့စကား နားထောင်စမ်း"

ပြောလည်း အမိန့်ပေးလည်း မရ။

ထိုရုပ်စုသည် ငါ့အတိတ်ကံမှီ၍ ဖြစ်ခွင့်ရလာခဲ့သော်လည်း ငါ့စကားကိုကား လားလားမှ နားမထောင်။ သူနှင့်အတူ ဖွားဖက်တော်အဖြစ် လိုက်ပါလာကြသည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်စုများကလည်း သူ့နည်းတူ ငါ့စကား လားလားမှ နားမထောင်ကြ။ သူတို့ သူတို့ချင်းကြလျှင်ကား. . .

တစ်ခုက ရှေ့သွားပြု နောက်လေးခုကား ထက်ကြပ်မကွာသာ. . .။

ရံတစ်ခါ ရုပ်စုက ရှေ့ဆောင်၏၊ နောက်လေးခုက ရောယိမ်းယိမ်း ဘသားယိမ်းယိမ်း။

ရံတစ်ခါ ဝိညာဉ်စုက ရှေ့ဆောင်၏။ နောက်လေးခုက ရောယိမ်းယိမ်း ဘသားယိမ်းယိမ်း။

သူတို့အုပ်စုကား တွဲကားတွဲ၏၊ သို့သော် မရောယှက်ကြ။

ရုပ်ကား. . . ဖောက်ပြန်ရုံသက်သက်ဖြင့် ပွဲထွက်၏၊ သူ့နောက်မှ ဝေဒနာကား ခံစားရုံ၊ သညာကား မှတ်သားပေးရုံ၊ သင်္ခါရကား ဆိုင်ရာဆိုင်ရာ ကံပြုစီမံပေးရုံ၊ ဝိညာဉ်ကား ငါသိပါသည်ဆိုရရုံသာ. . .၊ သို့ကြောင့် သူတို့သည် တွဲသော်လည်း မရောကြပါ။

ထိုသူတို့သည် ငါ့ကံမှီ ဖြစ်သော်လည်း ငါ့ကိုကား ကာပြန်လျက်ကသာရှိကြချေရာ. . . အလောင်းတော် မှီဒိရန် လိုက်လာကြသော ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တူလိုက်ထာကောပင် ဆိုရမလို. . .။

ပဉ္စဝဂ္ဂီ ငါးဦးတို့သည် အလောင်းတော်အား ဧကန် ဘုရားဖြစ်မည့်သူပဲ ဟောကိန်းထုတ်ကြ၏၊ ထုတ်ပြီးနောက်. . . သူ ဘုရားဖြစ် ငါ အလျှင်ဖူး၊ ငါ အလျှင်ထူးရော့ အကြံဖြင့် အလောင်းတော်နောက် လိုက်တာ ပြုစုကြ၏၊ သို့တစေလည်း ထင်ကြေးမကိုက် အလိုက်ပြန်နုတ်လုပ်လိုကြသောအခါ . . . အလောင်းတော်အပါးမှခွဲ အလောင်းတော် တစ်ပါးတည်း ထားပစ်ခဲ့ကြပြီကော. . .။ အလောင်းတော်ဖွား ဘုရားအဖြစ် ရောက်လာသည့်တိုင်. . .။

ထိုဘုရားရှင်သည်. . . ငါ ကူးနိုင်သလို ကူးနိုင်ကြပါစေတော့ ဆိုသော အကြံတော်ဖြင့်၊ ငါ သိသလို အသိရှိလာကြပါစေတော့ ဆိုသော အကြံတော်ဖြင့်၊ ငါ လွတ်မြောက်ခဲ့သလို လွတ်မြောက်ကြပါစေတော့ ဆိုသော အကြံတော်ဖြင့် ပဉ္စဝဂ္ဂီခေါ် ငါးယောက်စုတို့နေထိုင်ရာ မိဂဒါဝုန်သို့ လိုက်လာသောအခါ. . .

ခရီးဦးကြို မလုပ်စတမ်းဖြင့် အတိုက်အခံလုပ်ကြသေး၏။

နေရာ မပေးစတမ်းဖြင့်လည်း

www.burmeseclassic.com

အတိုက်အခံ လုပ်လိုက်ကြသေး၏။

ဘုရားစကား နားထောင်ဖို့ကား ဝေလာဝေး ပမာ. . .

ထိုသူတို့သည်လည်း ငါ့စကား လားလားမှ နားမထောင်ကြပါ။ နားမထောင်ရုံမကသေး. . . တစ်ဖက် အာရုံများနှင့် ချိန်း၍လည်း ငါ့ရွေ့ ဖောက်ပြန်ပြကြသေး၏။ တစ်ဖက်နှင့် ဝတ္တုချင်း ထိပါး၍လည်း ငါ့ရွေ့ ဖောက်ပြန်ပြကြသေး၏။ ငါ့မှာ ကား. . . ယိုသူ့ရွှေ့ကို မြင်သူ့ရှက်ပမာ မခံချိမခံသာ။

သူ့နည်းတူ သူ့နောက်လိုက်များ ကလည်း. . .

ငါ့ရွှေ့မှာပင် ပယ်ပယ်နယ်နယ် ခံစားပြနေ၏။

ငါ့ရွှေ့မှာပင် ဟုတ်သယောင် မှတ်သယောင် မှတ်သားပြပေးနေ၏။

ငါ့ရွှေ့မှာပင် နေ့စဉ်ကနာတွေ ကြိုဆို ပြသနေကြ၏။

ငါ့ရွှေ့မှာပင် တစ်ဖက်နှင့်တစ်ဖက် အသိလုပ်ပြနေကြသေး၏။

ရှေ့သွားနှင့် နောက်လိုက်ကား အပ်နှင့်အပ်ချည်များပမာ . . .

**□ အမွေရသော်မှ အခြေမကျသေးသောငါ**

အတိတ် ရုပ်၊ နာမ်နှစ်ပါးကား ငါ့ဘိုးဘွားများ. . .။

အတိတ် ကုသိုလ်ပြုရာရှိ ကံနှင့် ဝိညာဉ်ကား ငါ့မိဘနှစ်ပါး. . .။

ငါသည် ထိုသူများထံမှ ဤ လူ့ဘဝ၊ လူ့အမွေကို အပိုင်ရယူခဲ့၏။

သို့တိုင်လည်း ငါ့အမွေ ငါ့ခြေ ငါ့လက်ဖြင့် အပိုင်စားခွင့် မရသေး။ ငါ့ခန္ဓာရှိ ဓာတ်သွေးနှင့် ဓာတ်ဥဉ်များ ၏ လက်မှာသာ အပ်နှံထားရဆဲ. . .။

ငါသည် ဓာတ်နှင့်မကင်းသဖြင့် ဓာတ်ကောင်။

ခန္ဓာသည် ဘူတရုပ်လေးပါးတို့ ဖြင့် ဖွဲ့စည်း တည်ထောင်ထားသော ကြောင့် -

ငါသည် လာဘ်နှင့်မကင်းသဖြင့် လာဘ်တောင်။

ဘဝသည် ကုသိုလ်ကံတို့ဖြင့် ပြုစု ထိန်းထောင်ထားခြင်းကြောင့်။

ငါသည် နတ်ဘဝ်အရာဝင်သဖြင့် နတ်ကောင်။

ပါရမီသည် အမြတ်မှ အမြတ်ဖြင့် သုဒ္ဓိနတ်လမ်းတန်းပြနေခြင်းကြောင့်။

သို့ ငါ့အခြေ ငါ့အနေ ရွှေဆင့် ငွေဆင့်နေသော်မှလည်း. . . ငါသည် ဓာတ်သွေးဆန် မှတ်ဉာဏ်ဘက် မကူး၊ ဆက်ရဲသေးရကား . . . ဓာတ်သွေး ပူဆာတိုင်း အကုသိုလ် ကြီးကိုင်ခံနေရ ၏။ ထိုစဉ် သူ့ဓာတ်နှင့် တည့်သောအခါ ကြိုက်ပေးနေရ၏။ ယိုအခါ ကြိုက်သည်၊ လိုက်သည်၊ ပိုက်သည်ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လက်အောက်ခံ ဖြစ်ရ၏။

တစ်ဖန်. . . သူ့ဓာတ်နှင့် မသင့် မြတ်သောအခါ တိုက်ပေးနေရ၏။ ထိုအခါ တိုက်မည်၊ နိုက်မည်၊ ရိုက်မည်၊ ရှိုက်မည်တို့ဖြင့် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ လက်အောက်ခံ ဖြစ်ရ၏။

နောက်တစ်ဖန်. . . ဓာတ်သွေး လွန် မွန်တက်သွားသောအခါ. . . မိုက် ပေးနေရ၏။ ထိုအခါ၌လည်း မသိ၊ မရှက်၊ မကြောက် ပုံ့တွေများဖြင့် မိုက်ပြီ၊ လိုက်ပြီ၊ တိုက်ပြီ၊ ဒေးပြီ၊ ဆန့်ပြီတို့၏ လက်အောက်ခံ ဖြစ်သွားရ၏။

သို့ဖြင့် ငါသည် ဓာတ်ခန္ဓာ၏ ဓာတ်သံသရာထဲ ရစ်ဖဲနေရဆဲပင် ဖြစ် ရာ ဓာတ်အလုပ်မှတစ်ပါး ဘဝအလုပ် မလုပ်ဖြစ်ချေသေး။ ဓာတ်အလှူမှတစ်ပါး ပါရမီအလှူ ထုံမကူးနိုင်သေး။

ဤသို့ရုပ်သည် ဓာတ်ကောင်မျှဖြစ် သဖြင့် ဘာမှမသိတတ်။

နာမ်စု လေးစုသည် ရုပ်ပြုစုရန် လိုက်ပါလာသူများ ဖြစ်ကြသဖြင့် ရုပ်မလွန်ဆန်ရဲကြ။ သည်အတိုင်းဆို ငါရထားသည့်အမွေ ငါ့ဘက်ကို မည်သည့်အချိန်ကျလေမှ ကူးဆက် လာမည်ကို ခန့်မှန်း မရနိုင်သေး။

သည်ကြားထဲ ဥတုက အပူဘက် သန်း အစာများက ကြမ်းလာကြတော့ ရာ. . .

ရုပ်ခန္ဓာက အကြောမာလာဖြီး အကျိတ်အဖုများ ကြီးထွားလာနေပြီ။

နာမ်ခန္ဓာများကလည်း စိတ်ထန် မာန်ကြီး သရဲစီးခံနေကြရပြီ။

ကံများကလည်း မနေ့ပုံပ် နှုတ်ကြမ်း အင်္ဂါခြေလက် သရမ်းလာ နေကြပြီ။

ထိုသည့်ငါ၊ အမွေနှင့်ဝေး၍ မြွေပွေးခါးပိုက်ပိုက်နေရသည့်ပမာ. . . ဓာတ်ခန္ဓာနှင့် ဓာတ်အလုပ် မလုပ်ချင် လည်းလုပ်၊ လုပ်ချင်လည်းလုပ်ရပေဦး တော့မည်။

**□ အရွယ်သုံးပါးတို့၏ ဓာတ်ကစားကွင်း ကြီးထဲမှာ**

ငါ့ဘဝကို ရောက်ခေတ်သက် တမ်းအရ သုံးပိုင်း ပိုင်းဝေပြရပါမူ. . .

(က) မွေးစမှ ၂၅-နှစ်အထိ လူငယ်ပိုင်းက တစ်ပိုင်း. . .၊

(ခ) ၂၅-နှစ်မှ ၅၀-နှစ်အထိ လူလတ်ပိုင်းက တစ်ပိုင်း. . .၊

(ဂ) ၅၀-နှစ်မှ ၇၅-နှစ်အထိ လူကြီးပိုင်းက တစ်ပိုင်း . . . ပေါင်း သုံးပိုင်း . . .။

မှတ်ချက်။ ။ ယခု ငါရောက်ရှိရာ နေရာကား ၇၀-နှစ် လူကြီးပိုင်း ဖြစ်နေ ပြီ။ နောင် ၇၅-နှစ်မှ ကျော်သွားလျှင် လူအိုပိုင်းအဖြစ် ထားရတော့မည်။

သို့ ငါ့ဘဝအချိုးအဆစ် သုံးပိုင်း မျှ ဝင်ခဲ့မိရာ. . .

ပထမပိုင်းကား. . . ရုပ်၊ နာမ် နှစ်ပါးတို့ သမီးရည်းစားများနှင့်တူလှ၏။

ဒုတိယပိုင်းကား. . . အိမ်ထောင် သည်လင်မယားနှင့် တူ၏။

တတိယပိုင်းကား. . . အဘိုးအို၊ အဘွားအိုများနှင့် တူသွားပြီ။

ထိုစဉ်. . . ပထမအရွယ်၏အစ ပိုင်းသည် မသိနိုးနားပိုင်း။ သို့ဖြစ်ရာ ငါသည် ဘဝကို လက်တည့်စမ်းခြင်းဖြင့် ကန့်လန့်ကာဖွင့်၏။ အိမ်ရှိ ထုပ်ပေါ် လျှောက်ပေါ်နေ ပစ္စည်းများပါမချန် ဖွေလှန်ကြည့်၏။ အိမ်ရှိ တွေ့သမျှ အိုးခွက်များပါမကျန် ဖွေလှန်ကြည့်၏။ တွေ့သမျှ ဖျက်ဆီး၏။ ပျက်စီးသွားသမျှ ပြန်မကြည့်။ သည်နေရာပျက် သည် နေရာ၌ လွှင့်ပစ်ထားခဲ့တတ်၏။

တစ်ခါသော်. . .

ငါတို့အဘိုး (အမိ၏ဖခင်) ဆေးသမားဘဝတုန်းက အရဆောင် အဖြစ်ထားရှိသော အစွမ်းထက် ဆေးတောင့်ကြီးကို ငွေကြုတ်ဖြင့် အကျ အနတွေ့ရ၏။ ယင်းကို အိမ်အောက် အထိ ယူသွားကာ ကျောက်ခဲဖြင့်ထုခွဲ ဖျက်ဆီးပစ်၏။ငွေကြုတ်ကြီး ကျောက်ခဲ ဒဏ် မခံနိုင်လွန်းသဖြင့် ပွင့်ပျက်ပျက် သွားစဉ် အတွင်းနေ ဆေးတောင့်သည် ငုတ်တုတ်အနေအထားဖြင့် ငါ့အား အသနားခံလျက်ကရှိ၏။ ငါကား . . . သနားရကောင်းမှန်း မသိတတ်ခဲ့။ သို့ဖြစ်သောငါ ထိုဆေးတောင့်ကြီးကို လည်း ကြုတ်တွင်းမှပယ် တစ်နယ် ထုတ် ပစ်လိုက်တော့သည်။

ညနေ အမေ အလုပ်ပြန်လာချိန် ရောက်သောအခါ . . . တစ်အိမ်လုံး မွှစာကြဲကို အလျင်တွေ့ရ၏။ ထုပ်ပေါ် နေများ ထုပ်ဆောက်ဆင်းပေးရသည်ကို လည်းတွေ့ရ၏။ သို့သော် ထိုအခါ. . .



www.burmeseclassic.com

www.burmeseclassic.com

ရင်တွင်းနစ် အချစ်ဆုံး အငယ်ဆုံး အမျှော်လင့်ဆုံးဖြစ်သော ငါ့အား မရိုက်နှက်ပါ။ ဖျက်သူနှင့် အဖျက်ခံကြား အဖျက်ခံ၍သာ စိတ်နားသက်သွားသည် ထင်၏။ သို့ကြောင့် အသံများတုန်တုန်ရင်ရင်နှင့် ငါ့အား ပစ္စည်းထားရာ ချော့မေးရှာ၏။ လက်များ တုန်တုန်ရင်ရင်ဖြင့် ပစ္စည်းများကို လိုက်လံစုဆောင်းနေရှာ၏။ ယင်းသို့သော အပြုအမူမျိုးကို ငါသည် ရှစ်နှစ်သားအထိ မီးကုန်ယမ်းကုန် ဆော့ခဲ့ဖူး၏။ အရွယ်ကြီး၍ အဖျက်အဆီးကြမ်းလွန်းလာသောအခါတွင်မှ ငါ့အား ကျောင်းအပ်တော့သည်။

ကျောင်းကား. . . အရိုင်းမှအယဉ် ပုံစံပြောင်းထုတ်ရာ ပုံစံခွက်။

ဆရာဘုန်းကြီးကား. . . ပုံစံဖော်ပေးသော အိုးဖိုသူကြီး။

မြေသားမှ အိုးအဖြစ်သို့ ပုံစံပြောင်းလဲပေးရာ၌. . . ရေသည်လည်း မပါမဖြစ် အဓိကနေရာမှ လိုက်ပေးနေရ၏။ နေနှင့် မီးတို့လည်း မပါမဖြစ် အဓိကနေရာမှ ကြိုပေးနေကြရ၏ပမာ. . . မွေးရာပါဉာဉ်မှ လူဖြစ်ဉာဉ်သို့ ပုံစံပြောင်းလဲပေးရာ၌လည်း. . .

ဆရာမေတ္တာသည် ကစားချိန်များ ထားပေးခြင်းဖြင့် ရေကို သုံးလေ့ရှိ၏။

ဆရာ့ကရုဏာသည် စာကျက်ချိန်များ ထားပေးခြင်းဖြင့် နေ၊ မီးတို့ကို သုံးလေ့ရှိ၏။ ငါတို့သည်ကား ပုံစံခွက်အတွင်း လက်ယက်ဆင်းရင်းကပင်. . . စာအံချိန်တွင်လည်း အသံကုန်ဟစ်၍ မီးကုန်ယမ်းကုန်ဖြစ်စေခဲ့ကြပြီ။ ကစားချိန်တွင်လည်း မမောတမ်းမပန်းတမ်းတို့ဖြင့် ရေကုန်ရေခန်းကြမ်းခဲ့ပြီ။

သို့ဖြင့် ကျောင်းသားဘဝ ၁၅-နှစ်သား ကာလတိုင်ခဲ့သည်။

သို့ဖြင့် ကိုရင်ဘဝ ၂၀-နှစ်သား ကာလတိုင်ခဲ့သည်။

သို့ဖြင့် ရဟန်းဘဝ ၂၅-နှစ်သား ကာလတိုင်ခဲ့သည်။

အသုံးချ ငွေကိုင်ခွင့်ကာလဖြစ်သဖြင့် ငွေရထုခေတ် ဆိုချင်က ဆိုနိုင်၏။ ထို ၂၅-နှစ် အတောအတွင်းတွင်ကား ငါ ရုပ်၊ နာမ်နှစ်ပါး (ထိသိနှစ်ပါး) သမီးရည်းစားပမာ. . . ပျော်ရွှင်လှစွာဖြစ်ခဲ့၏။ သူ့အလိုကိုယ်သိ ကိုယ့်အလို သူကြည့်တို့ဖြင့် အတွဲမိလှချေ၏။ ချိတ်ခနဲဆို ထပြီးသား၊ ဘွားခနဲဆို ကြည့်ပြီး သိပြီးသားများဖြင့် ဖဝါးခြေထပ် လက်ကပ်ကျောမှီ ညီကြပါပေ၏။–

ထိုစဉ်က ငါသည်လည်း ကံစိတ်တို့ဖြင့် တွဲချိတ်၍ သူတို့နောက်က လိုက်ပါခဲ့ရရာ. . .

သူတို့ချင်း အပေးအယူမျှနေသည်ကို ငါ့အဆို လိုက်နာကြ ထင်မိခဲ့၏။

သူတို့ချင်း အတွဲညီနေသည်ကို ငါ့စကား အတည်ပြုပေသား ထင်မိမှားခဲ့၏။ ကုမ္ပဏီက ထုတ်လုပ်ရောင်းချလိုက်သော ကားအသစ်စက်စက်ကလေး. . . ငါ တက်မောင်းသောအခါ အနှေးအမြန်လည်း လိုသလိုရ၏။ အချိုးအကွေ့လည်း လိုသလိုရ၏။ အတိုးအဆုတ်လည်း လိုသလိုရ၏။ ထိုအခါ ငါ့၌ အထင်မိခဲ့ပြီ။ ငါ့အလိုသို့ လိုက်ပါနေသော ငါ့ကားလေးဟူ၍. . .။

ယခု အငယ်ပိုင်း အဝင်၏ ငါ့အထင်ကလည်း ထိုအတွေးနှင့် ထူးမခြားနား. . .။

သည်နောက် ဒုတိယပိုင်းထံသို့ လွှဲအပ်ခံလိုက်ရသောအခါ. . . ထိုသိခေါ် ရုပ်နှင့် နာမ်တွင် နာမ်ကား ဦးဆောင်လာသဖြင့် လင်။ ရုပ်ကား နာမ်ရှာဖွေကျွေးသမျှ ဖြည့်သိမ်းပေးထားသဖြင့် မယား။

ထိုစဉ် . . . နာမ်၌ ကံအား စိတ်အားထန်ရာမှ မာန်ဝင်လာခဲ့ပြီ။ ကိလေသာမာန်တည်း။ ကြိုက်အားတန်ရာမှ ကန်ထွက်လာသည့် ရာဂမာန်၏ အထွဋ်အထိပ်ကာလဆိုရ၏။ တိုက်အားထန်ရာမှ ကန်ထွက်လာသည့် ဒေါသမာန်၏ အထွဋ်အထိပ်ကာလဆိုရ၏။ အရှက်မဲ့ အကြောက်မဲ့ အားကြီးရာမှ စီးဝင်လာသည့် မောဟက်၏ အထွဋ်အထိပ် ကာလ ဆိုရ၏။

တစ်ဖန် ရုပ်၌လည်း အရွယ်မှဖြစ်သော မာန်သည် မာန်ဖီလျက် ထွက်လာနေ၏။ သို့ဖြင့် ရုပ်သည် နာမ်တောင်းသလောက် ပေးနိုင်နေ၏။ နာမ်ကျွေးသလောက် စားပြနေ၏။ နာမ်ကြမ်းလည်း အလန်းမပျက်။ နာမ်လုံးလည်း အပြုံးမပျက်။ သို့ဖြင့် ထိုရုပ်နှင့် ထိုနာမ်တို့သည် ကိလေသာဝန် ရှန်းရာ၌လည်း ထမ်းပိုးထမ်းညီ အားမာန်ချီလျက် ကူးမှ ရှေ့သို့တက်နေကြသည်။

သည့်အတူ ကမ္မဝန် ရှန်းရာ၌လည်း အကျင့်နှင့် အကြံ ဟန်ချက်ညီလျက် ရှေ့မှရှေ့သို့. . .၊ ခန္ဓာဝန် ရှန်းရာ၌လည်း အသွင်းနှင့် အထုတ် အပေးအယူလုပ်လျက် ရှေ့မှရှေ့သို့. . .။ သို့ဖြင့် ဒုတိယ ရွယ်လတ်ပိုင်းသည်လည်း ကုန်ဆုံးခဲ့ရ၏။ ထိုအတော အတွင်း ရုပ်၌လည်း အနာအဖျား ဖြစ်ပွားလာတတ်သေး၏။ သို့တစေလည်း ငါက 'ရော့-ဒါသောက်ပျောက်' ဆိုလိုက်သည်နှင့် အလွယ်တကူ ပျောက်ပေးတတ်၏။ နာမ်သိ၌လည်း အညစ်အတေးပေါ်လာတတ်သေး၏။ သို့တစေလည်း ငါက အာရုံလွှဲ အစွဲချွတ်ပေးလိုက်သည်နှင့် ချက်ချင်း ဖြူစင်ပေးတတ်သေး၏။

အကိုင်ကြမ်းသဖြင့် တစ်ပတ်ရစ် တစ်ပတ်နွမ်းအဖြစ် ရောက်လာနေသော ကိုယ်ပိုင်ကား ဆီလိုက် မီးလိုက်မမှန် လမ်းပေါ်ဝယ်. . . ရံတစ်ခါ ထိုးရပ်နေချေရာ ဆင်းတွဲပြီး ပြင်ပေးလိုက်သည်နှင့် ပြန်ကောင်း. . . မောင်းရာ. . . ပြေးလွှားပေးနေ၏ပမာ. . .

ယခုရောက်ဆဲ ရုပ်၊ နာမ်ပေါ်၌လည်း. . . ငါသည် ငါလိုသလို ကိုင်ခွင့်ရနေသော ငါပိုင်အထင် ရှိနေသေး၏။ ဓာတ်သွေး ဓာတ်ဉာဉ် ဓာတ်အလျဉ်များ၏ သဘာဝအရ အစွမ်းပြလျက်ကရှိသော ရုပ်၊ နာမ် ခန္ဓာစဉ်အပေါ် ငါသည် ငါပိုင်ဆိုသော ဒိဋ္ဌိတွေးဖြင့် ကြိုးကိုင်နိုင်ရန် အကြံရှိနေဆဲ. . .။

စင်စစ်. . . 'ရုပ်သည် သူ့သဘော သူဆောင်လျက်က ဖောက်ပြန်ပျက်စီးနေ၏' ဆိုသော အဘိဓမ္မာစကားကို ဤအရွယ်ပိုင်းအထိ ငါမရိပ်မိခဲ့။

တစ်ဖန်. . . 'ရုပ်သည် သူတစ်ပါး အမိန့်မနာခံ သူဖောက်ပြန်ရာ မှန်သမျှ သူ့သဘောကျ ဖောက်ပြန်နေတတ်သဖြင့် သူစိမ်းနှင့် အလွန်တူလှ၏' ဆိုသော တောလေးဆယ်လာစကားကိုလည်း ဤအရွယ်ပိုင်းအထိ ငါမရိပ်မိ။

ဘာ့ကြောင့်. . .။

မံသမျက်စိဖြင့် မမြင်နိုင်သော အမြန်နှုန်းဖြင့် ပျက်နေသောကြောင့်။

အတွင်းတိုက်တိုက် အတွင်းကြေကြေ အတွင်းသေသေနေသောကြောင့်။

ထိုမှတစ်ဆင့် ငါးဆယ်လွန်မြောက်ခြောက်ဆယ်ထဲရောက်လာသောအခါ တွင်မူကား. . . ရုပ်၏သဘာဝလက္ခဏာ ဝိပရိဏာမလက္ခဏာများသည် ခန္ဓာတွင်းမှာပင်မဆံ့။ အပြင်ဘက်အထိပါ ဖြန့်ကြက်လာချေရာ . . . မံသမျက်စိ မှိတ်ထားလျက်တပင် အထင်းသား သိမြင်လာတော့၏။ ဇရာသင့် ဒုက္ခဝေဒနာများက ကြမ်းတမ်းစွာ ပြသလာကြ၏။

အတွင်းနေ အတိုက်အခံအုပ်စုကြီး လေးခုတွင် . . . အခံဘက်ရှိ မြေဓာတ်၊ ရေဓာတ်များ ခုခံအားနည်းပါးလာကြတော့သဖြင့် အတိုက်ဘက်ရှိ လေ၊ မီးဓာတ်များ နယ်သိမ်းစပြုလာကြ



www.burmeseclassic.com

www.burmeseclassic.com

၏။ သို့ကြောင့် စိတ်ပျံ့များလာနေ၏။ ကိစ္စတစ်ခု ခဏနှင့်မေ့သွားတတ်၏။ လုပ်မလို့အသွား ကြား၌ပင် ပျောက်သွား၏။

ဆိုနေကျ ဝတ်ရွတ်စဉ်များပင် ရံဖန်ခါ အဲစဖော်မရ ဖြစ်လာ၏။

ဒါတေတေဇေဇေအားကြီးလာနေ၍ အစာဟိတ် အပူလွန်လာနေ၏။

ဇီရဏတေဇော အားကောင်းလာနေ၏။ ကိုယ်ပူငွေ့များလည်း ပိုလာနေ၏။

ခန္ဓာတွင် အပူများ ပြင်းလာခြင်းကြောင့်. . . အရေပြားအတွင်းနေ အစိုဓာတ်များ တစ်စတစ်စ ခန်းခြောက်စပြုလာကြ၏။ မွေးညင်းများ အဖြူရောင်သန်းစပြုလာကြ၏။ ခန္ဓာသည် လေးပိသောဝန်ထုပ် ထမ်းရသလို အီကျလာ၏။ ခြေထောက်များကလည်း ရံတစ်ခါ. . . အလှမ်းခိုင်းတိုင်း လိုက်မလှမ်း။ လှမ်းသော်မှ မလှမ်းချင်ချင် လှမ်းချင်ချင်။ ရွေ့သော်မှ တရွတ်ဆွဲ။ ထိုအတွဲထဲ ယာဘက်ခြေကား အကဲဆုံး။ ထိုယာဘက်ကို ဆွမ်းခံထွက်တိုင်း အသနားခံနေရ၏။

ရံတစ်ခါ. . . 'အေးပါကွာ ငါ့ကိုတော့ သချိုင်းအထိ လိုက်ပို့ပါဦး' ပြောရ၏။

ရံတစ်ခါ. . . 'အေးပါ ငါလည်း သေမှာပဲဟာ ငါနဲ့မှအတူသေကြတာပေါ့' ပြောရ၏။

သို့သော်. . . သူတို့ကား ငါပြောတိုင်း မလိုက်နာကြပါ။

လမ်းမကြီးပေါ်မှာ သူတကာသားနှစ်ယောက် အပြန်အလှန် ထိုးကြိတ်နေကြသည်ကို တွေ့ရသဖြင့် ဝင်ရောက်ဖျန်ဖြေသောအခါ. . .

"သွားစမ်း. . . ခင်ဗျားကြီးအပူ တစ်ပြားသားမှမပါဘဲနဲ့ ဝင်မရှုပ်နဲ့"

ဟောက်ပစ်ခံရ၏။

"ဟင်း. . . ခင်ဗျားပါ ရောပါသွားချင်သေးလား"

အမေးခံရ၏ပမာ . . .

ငါနှင့်တကွ တွေ့မိကြသော ရုပ်နှင့်အပေါင်းပါများသည်လည်း. . . ငါ့စကား တစ်ပြားသားမှ နားမထောင်ခဲ့။ သို့သော် ငါက သူတို့အပေါ် ချစ်နေဆဲ . . .။ သူတို့ကို အလိုလိုက်မြဲ လိုက်နေရဆဲ ဒါပဲကြည့်။

သူတို့က ထမင်းဆာကြောင်း သူတို့ချင်း ပြောပြနေ၏။ ငါကား. . . သိသည်နှင့် လိုက်ပို့ပေးရ၊ လိုက်တည်ပေးရ၊ လိုက်သုတ်သင်ပေးရ၊ ပြန်ခေါ်ခဲ့ရတို့ဖြင့် လူမမယ် ကနဲ့လားငယ် သားသမီးလို သဘောထား၍ ပြုစုပေးနေရ၏။

သည့်အတူ. . .

သူတို့ချင်း တစ်နေကုန် ပြောနေသမျှ နားထောင်ကာ လိုက်လုပ်ပေးနေရ၏။

သူတို့ချင်း တစ်ညတာ အိပ်နားလိုသမျှ နားထောင်ကာ ငါက လိုက်လုပ်ပေးနေရ၏။ ငါ့နှယ်. . . ကြက်မြှုကြီးထဲလာထည့်ထားသော ဘဲဥများကပေါက်သောသားသမီးများကို ငါ့ဝိုက်အောက်ကမြင် ငါ့သားပဲ ထင်မှတ်နေသည့် ကြက်မကြီး၏အဖြစ်သို့ ရောက်မှန်းမသိရောက်နေခဲ့ပြီကော. . .။

သူတို့ကား. . . သဘာဝအတိုင်း တက်ရာမှ တန့်၊ တန့်ရာမှကျ အပြန်ခရီး စ,နေကြပြီ။

ငါကား. . . ရေစီးကြား ကစားနေကြသည့် ဘဲငယ်လေးများကို ကမ်းနဖူးက လှမ်းကြည့်ကာ တစာစာအော်ခေါ်နေသော ကြက်မကြီးပမာ. . . နေရာတကာခြေကားရားလက်ကားရား။ သို့ဖြင့် ဘဝကြင်ဖော် ခန္ဓာတော်က ခြောက်ဆယ်ကျော် အိုဖော်ဝင်လာခဲ့ပြီ။

ခြောက်ဆယ်ကျော်ပြီးကတည်းက ဖောက်လွဲလာနေသောခန္ဓာ ၇၀-ရွယ်နီး ရောက်လာသောအခါ. . . ရုပ်သည် အကြောင်းမည်မည်ရရမရှိလှဘဲ ရုတ်တရက်ဖျားလာတတ်ပြန်၏။ စိတ်များလည်း ညှိုးမှိန်စပြုလာသည်ကို သတိထားမိလာ၏။ အတွင်းဆူ အပူလှုန့်က အချိန်မစဲတိုင်း အတွေးများကလည်း အချိန်ပြည့် တွေးနေကြ၏။ စားရင်းလည်း အတွေးမရပ်၊ သွားရင်လည်း အတွေးမရပ်၊ နိုးချိန်မှစ၍ အချိန်တိုင်း အတွေးများကသာ မင်းမူနေကြ၏။ အတွေးပစ်မှတ် သီးခြားမရှိ။

အတွေးက ကိစ္စဖော်၏ အတွေးဖော်ပြပေးသောကိစ္စကို လုပ်ဆောင်ရန် ထသွားစဉ် အခြားအတွေးများရောေ ႏ လာသဖြင့် မူလအတွေးကိစ္စ ပျောက်သွားရ၏။ သွားရင်းက ငါ ဘာကိစ္စနဲ့ သွားတာပါလိမ့် ထပ်တွေးပေးနေရ၏။ ရံတစ်ခါ လက်ငုတ်ပြန်ပေါ်လာ၏။ ရံတစ်ခါ လက်ငုတ်ပျောက် နောက်ဆုတ်ခဲ့ရ၏။ စာပေရေးသားမည်လုပ်ရာ၌ စကားလုံးများပေါ်မလာတတ်။ ပေါ်ချိန်နှင့် ရေးချိန်ကွာနေ၍ ရေးချိန်ကရေးရန် စိတ်ဖြင့်မှတ်ထားတိုင်း ပျောက်သွား၏။

လေက ဝေ့ဝိုက်၏။ မီးက ရှိမြိုက်၏၊ ထို လေကြီး၊ မီးကြီးတို့ စီးပိုးခံနေရသော ငါ့ခန္ဓာဝယ် သွေးလေများအသွားမမှန်ရော့လေသလားမသိ။ ငါက အိပ်ချိန်အိပ်ရန် ပြင်ပေး၏။ သူက လုံးဝမအိပ်။ မင်းမအိပ် ငါ တရားအားထုတ်မယ်အလုပ် သူ့ ၊ ၊ ငုတ်တုတ်ကြီး အိပ်ပြနေ၏။ ငါက စားချိန်စားရန် ပြင်ဆင်ပေး၏။ သူက လုံးဝမဆာဘဲ နေပြ၏။ မင်းမှမဆာ ငါလည်းမစားဖြင့် တော်လိုက်၏။ အချိန်လွန်မှ အိမ်မြှောင်မြီးဖြတ်လုပ်ပြ၏။ အလုပ်ချိန် အလုပ်လုပ်ရန် ငါက ပြင်ဆင်မိရာ သူကား. . . ရံတစ်ခါ အိပ်ပေးဖို့ ပူဆာ၏။ ရံတစ်ခါ တစ်ပါးတည်း စကားတွတ်တွတ်ပြောနေ၏။ ရံတစ်ခါ ဘာမှမပြော ဘာမှမလုပ် ငေးငေးငူငူကြီးလုပ်နေ၏။

ဟဲ့ - ခန္ဓာကိုယ်ရှုပ် အကောင်ပုပ်

နှင့်မှ သူစိမ်းမဆို ငါ ဘယ်သူ့သူစိမ်းဆိုရပါ့။

အနိုးနှာ ကြာကြာသိမ်းထားသော ကိုယ်ပိုင်ကားတစ်စီး။ အင်ဂျင်တျခြင်း၊ ဆီလိုက်မမှန်တော့ခြင်း၊ အစိတ်အပိုင်းများ အလုပ်မလုပ်တော့ခြင်းများစွာကြောင့် ရံတစ်ခါ အိမ်ကထွက်ကတည်းက ကုန်းပေါ်တင်တွန်းချ ရက်နိုးမောင်းနေရ၏၊ ရံတစ်ခါ လမ်းမကြီးပေါ် တဘိတုတ်မလှုပ် ပေရပ်နေ၍ တွန်းပေးနေရ၏။ ရံတစ်ခါ ကားလမ်းဘေးထားခဲ့၍ လူချည်း အိမ်ပြန်ခဲ့ရသည်ကရှိသေး . . .။ သို့ကြောင့် ကားအပေါ် စိတ်ကုန်လာသော ကားပိုင်ရှင်. . . ရောင်းရန် ကြော်ငြာ၏။ သတင်းကြား၍ ကားဝါသနာပါသူများ လာကြည့်ကြည့်ရင်းက. . . သည်ကား ငါ့လက်ထဲရောက် ဒုက္ခပေးမည့်ကားပဲ. . . အတပ်သိသွားရာ. . . ဟင့်အင်း. . . ခေါင်းယမ်းဖြင့် ပြန်သွားကြတော့၏။ ကားရှင်ခမျာ စိတ်မသက်မသာ။ တစ်ဖန်. . . ပွဲစားတိုးတိုးပြောဖြင့် အရောင်းခိုင်းရပြန်၏။ ပွဲစားအပြောကောင်း၍ လာကြည့်သူတိုင်း ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်ပြန်သွားကြ၏။ သို့ဖြင့် ထိုကားပိုင်ရှင်ခမျာ ပစ်လည်းမကောင်း၊ ရောင်းလည်းမထွက် တစ်သက်လုံး စိတ်ညစ်ညစ်ဖြင့် ဆက်သုံးနေရသည် ပမာ. . .

အိုစုန်း အပြုစားခံနေရသည့် ဤခန္ဓာကိုယ်ကလည်း . . . မီးယပ်ကျိုးသွားအိုမကြီးအား အဘိုးလင်က တစ်ဖန် ပြုစုလုပ်ကျွေးပေးနေရ၏။ အနှံ့တာခံပေးနေရ၏။ အကယ်တိုင်သက်တမ်းကိုကျော် ၈၀ - ၉၀ ရှိပေါ်

www.burmeseclassic.com

အထိ သက်ဆိုးရှည်ထဲအထိ တွဲနေရပါမူ. . . သူသည် ငါ့ကို ဘယ်အထိ ဒုက္ခပေးလေမည် မသိ။

ယနေ့အချိန်ထိ သူသည် ခတ်ကောင် ခတ်ဆောင်ရာထဲ လဲနေမြဲ။

ယနေ့အချိန်ထိ ငါသည် ခတ်ထိန်း သူခတ်ယိမ်းရာထဲ ယိမ်းကနေရဆဲ။

ခတ်သည် အသက်သာရှိ၏။ အသိမရှိ။ သို့ကြောင့် ကောင်းဆိုး သူမသိ။ သူသိသည် ခတ်မတည့်ခြင်း၊ မသိခြင်းများကိုသာ။ ထိုစဉ် ခတ်ချင်းတည့်က ကြိုက်၏။ ယင်းကို အကောင်းသမုတ်၏။ ခတ်ချင်းမတည့် မကြိုက်ယင်းကို _ အဆိုးသမုတ်၏။ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန် အာရုံချင်း ဝတ္ထုချင်း တွေ့ဆိုင်နေကြသည်က ခတ်များ။ အချင်းချင်း တွေ့တွေ့ဆိုင်ဆိုင် ကိုင်မိကြစဉ်. . .

ခံစားကြည့်ဖြင့် အသိပေးသူက ဝေဒနာခံစားပြီး ပြီးသွား၏။

အသိပေးစကား မှတ်သားပေးထားသူက သညာမှတ်သားပြီး ပြီးသွား၏။

အမှတ်သားကိုကြည့် အသိလုပ်ပေးနေသူက ဝိညာဉ်အသိပေးပြီး ပြီးသွား၏။

ယင်းတို့ အမိန့်နာခံ၍ အကောင်ထည်ဖော် တာဝန်ယူပေးကြရသည်များကား စေတနာဦးစီးသည့် သင်္ခါရအသင်းဝင် နှာဝတို့ပင်ဖြစ်ကြရာ . . . အချို့စိတ်ကိုနှိုး၍ နှုတ်ကိုကြိုးကိုင်ခိုင်းပေးကြရ၏။ အချို့ စိတ်ကိုနှိုး၍ ကိုယ်ကိုကြိုးကိုင် ခိုင်းပေးကြရ၏။ ဌာနဆိုင်ရာဝန်ထမ်းအဆင့်ဆင့် ကြိုးကိုင်စနစ်ဖြင့် ကိစ္စတစ်ခု ပြီးစေသည်နှင့် တူလှ၏။ ဘယ်သူ့တာဝန်လည်း ပြောတတ်စရာမရှိ။ ဘယ်သူအပြစ်ရှိလဲ ပြတတ်စရာမရှိ။

သို့တို့ကြောင့်. . . ငါ


လောဘတွင်းကြီးထဲ ဆင်းခဲ့ရပေါင်းလည်း မနည်းလှတော့။

ဒေါသတွင်းကြီးထဲ ဆင်းခဲ့ရပေါင်းလည်း မနည်းလှတော့။


မောဟမှောင်ကြီးအကြား ယောင်ပါသွားပေါင်းကလည်း မနည်းလှတော့။ ခတ်လှည့်ရာမှဝင်လာသည့် ငါ့ထံရှိ ခတ်ဉာဉ်၏ အလွှင်အပြင်တည်း။

ငါသည် ခတ်ကောင် လာဘ်ကောင် ဘယ်တော့ ဖြစ်မည်နည်း။

ငါသည် ခတ်ကောင် နတ်







www.burmeseclassic.com

www.burmeseclassic.com

ကောင် ဘယ်တော့ ဖြစ်မည်နည်း။ ငါ့ရှိ ခန္ဓာနှင့်အသက်တို့ကား နေဝင်ပိုင်းထဲ ချွင်းနင်း ဝင်ရောက်နေနှင့်ကြပြီ။ သို့သော် ငါ အေးသေး၊ တရား အိုသည်မရှိ။ အသက်ရှိသမျှ ရှုမှတ်နေကြဦးမည်။ အသက်ရှုမှတ်နေသမျှ ဝင်လေ ထွက်လေများ ရှိနေကြဦးမည်။ ဝင်လေ ထွက်လေရှိနေသမျှလည်း အထိနှင့်အသိ ငြိနေကြဦးမည်။ တစ်ဖန် . . . ဝင်ထွက်ကြောင့် အထိအသိတို့ ရှိနေကြသေးသမျှ ငါသတိရှိနေဦးမည် ဆိုပါလျှင် ဉာဉ်သိမှ ဝိညာဉ်ဉာဏ်သိသို့ ပြောင်းပို့ပေးနိုင်တော့မည် ဧကန်။

ဉာဏ်သည် ဓာတ်ဘက်မှ လာဘ်ဘက်၊ နတ်ဘက်ထမ်းတင်ပေးနေသည့် တစ်ပါးတည်းသော ကယ်တင်ရှင်နတ်ကလေး. . .။

**□ နတ်တောင်ပေါ်မှ နတ်ကောင်- လာဘ်ကောင် နတ်သား**

သတိသည် အိုသည်မရှိ။

သတိမှ မအို သတိနောက်ရှိ အသိ၊ ဝီရိယများလည်း အိုပြီ မရှိချေ။

ဓာတ်သွေးငင် ဓာတ်ဉာဉ်ကား ဓာတ်သွေးတိမ်သဖြင့် မှိန်သွားပြီ။ သူ့အမှိန် ချက်ကောင်းယူ၍ သတိ၊ အသိ တိမ်စေဖို့ ငါကြိုးစားမည်။ သူစိမ်း မျက်စိ မှောက်ချိန် သူစိမ်းအောက်က ကျောက်ကောက်ယူသည့်ပမာ. . .။

ဓာတ်ကောင်သည် ဓာတ်လေးပါးတို့ ထိခိုက်လှုပ်ဆွပေးနေသည့်အတိုင်း အသက်ဝင်နေမည်။ အသက်ဝင် ဓာတ်ဉာဉ်လည်း ပေါ်စမြဲ. . .။ ထိုစဉ်. . .

တစ်ဖက်နေ ဝတ္ထုအာရုံသည် နို့စားနွားမကြီးပမာ. . .။

သည်ဘက်နေ ဓာတ်သက်ဝင် ဉာဉ်သည် နွားသားငယ်လေးအရာ . . .။

သို့ဖြင့် အာရုံကလာရောက်တိုက်ပေး ပေးနေစဉ်. . . ဓာတ်ဉာဉ်ကလည်း အငမ်းမရ စို့နေလိမ့်မည်။ သည်အတိုက်နှင့်အစို့တို့ အပို့အယူ လုပ်နေကြစဉ် . . . ငါသည်. . . နွားလေးကို တိုင်ချည်၍ နွားမကြီး ချပေးထားသည့် နို့ကို ညှစ်ယူအံ့။ နွားကလေး အဘယ်မျှအော်အော် ငါနှင့် ဘာတော်တာမှ မဟုတ်ဘဲ ပဲ. . .။ နွားမကြီး နို့ချမပေး ငါက နွားကလေးနှင့်တွေ့ပေး၍ အရေးဆိုဦးမည်။ သို့ဖြင့် နွားကလေးနှင့် တို့၍ တို့၍ နွားမကြီးနို့ ညှစ်ယူဦးမည်။ နို့ခွက်ပြည့်တိုင်း နို့ပုံးထဲ ကဲ့ထည့်လိုက်မည်။ နို့ပုံးပြည့်သော် မြို့ပေါ် ရွာပေါ် ဟစ်အော်ကာ ရောင်းချပေးလိုက်မည်။

နို့ပိုးသည် လာဘ်အရာဝင်၏။

နို့ဖိုး သုံးခွင့်ရကား နတ်အရာဝင်၏။

ယနေ့ သာသနာတော်တွင်းသွားသူတော်ကောင်းအစားစားတို့သည်. . .

ကာယေစ ဇီဝိတေစ အနက္ခတံ ဘာဝနာ သမ္မာဒေတိ။

(ကိုယ်နှင့်အသက် မငဲ့ကွက်ရက်စက်နိုင်ရမည်)

ထိုသည့်စကား နားဝယ်ထားလျက်က သူစိမ်းလိုနေပြနေသော ကိုယ်ခန္ဓာကို. . . ကိုယ်ကလည်း သူစိမ်းလိုပြန်နေပြီး ဘာဝနာခရီး ဖြည့်ဆည်းနေကြ၏။ ဓာတ်စာနှင့် ဓာတ်သတ္တဝါတို့အကြား ပြတ်စားစားနည်းကို အသုံးပြုနေကြ၏။

သို့ဖြင့် ဉာဉ်မှ သမာဓိဉာဏ် ဖြစ်စေ၏။ တစ်ဖန်. . .

သမာဓိဉာဏ်မှ ဝိပဿနာပညာဉာဏ်အဆင့်ဆင့်တက်ပွင့်စေ၏။ သမာဓိဉာဏ်၊ ပညာဉာဏ်တို့ အပြန်အလှန်ကျေးဇူးပြု၍ လုတက်လာသောအခါ . . . ဝိပဿနာဉာဏ်မှ မဂ်၊ ဖိုလ်ဉာဏ်များဘက် တိုးတက်စေ၏။

ထို မဂ်၊ ဖိုလ်ဉာဏ်များ၏ ရှေ့တွင်ကား ဓာတ်သွေးလည်ပတ်ရာ အကြား ဝင်ပါနေသည့် ငါစွဲအသိ တိခနဲ ပြတ်ကျသွားပြီကို မြင်တွေ့လိုက်ရခြင်းဖြင့် ပထမဆုံးသောနိဗ္ဗာန်ကို မြင်ခွင့်ရစေမည်။

**နိ** - လုံးဝမရှိတော့ပါ။ ဘာကိုလဲ . . .။

**ဝါန** - ငါအယူ မြဲဖြစ်နေသော တဏှာ. . .။ သို့ကြောင့် ထိုသူ. . .

**နိဝါန** - ငါအလိုက မျိုချနေသည် အကုသိုလ်ကံရိုး မချိုးမိရာ နိဗ္ဗာန်စံရပြီ၊ တဏှာ သို့မဟုတ် ငါမှိုဖြစ်နေသော တဏှာ ဖြတ်ချအပြီး သူ့အမည်ရ အာရုံမှို၍ ဖြစ်နေသော တဏှာများကို . . . အာရုံငါးမျိုး တစ်မျိုးမျိုးတွေ့တိုင်း အတွေးမပေါ်စေရန်၊ ဝတ္ထုကိုယ်ထည်ချင်း တစ်ခင်းခင်းသွင်းမိတိုင်း အတွေးမပေါ်စေရန် သို့မဟုတ် သူ့အရှိ သိသိနေမည့်အစား၊ ကိုယ့်အရှိ သိသိလာစေရန် သတိဇယ်ခတ် အသိဘယ်မပြတ်သောနည်းဖြင့် မှတ်ချက်တွင်တွင်ယူကာ ဓာတ်သွေးလည်ပတ်ရာအကြား ဝင်ပါနေသည့် သူစွဲအသိ တိခနဲပြတ်ကျသွားပြီကို လည်းကောင်း. . .၊

တစ်ဖန် ငါ၊ သူအကြား ဘဝထားများအပေါ် အခင်လွန်တော့အထင်ကြီး၊ အထင်ကြီးတော့ မြတ်နိုး။ မြတ်နိုးတော့ အားကိုးသောတဏှာကိုလည်း သူ့ကိုယ်ကိုယ့်ကိုယ်ကြည့် မတွေ့မိစေရန် အချိန်ပြည့် သတိကင်းလှည့်ထား အသိကင်းမှုသမားအဖြစ်ဖြင့် ဘာဆိုဘာမှအလစ်မပေးတော့သောကြောင့် သွေးနှင့်အတူ လှည့်ပတ်နေသည့် ဘဝဖြစ်စဉ် အခင်မိနေသောအသိ တိခနဲပြတ်ကျသွားပြီကို လည်းကောင်း. . . မျက်စိအောက် မျက်မှောက်ပြုခွင့်ရလာသောအခါ. . .

**နိ** - လုံးဝဥဿုံ အကုန်မရှိကြတော့ပါ။ ဘာများကိုလဲ. . .။

**ဝါန** - ကာမမြဲ ယူဖြစ်နေသော တဏှာ၊ ဘဝမြဲ ယူဖြစ်နေသောတဏှာများ. . .။

**နိဝါန** - ကာမဖုံဖုံ ဘဝဘုံ ဘာဆိုဘာမှ မခုံမင်တော့ခြင်း နိဗ္ဗာန်. . .။

ထိုစဉ်. . . ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့် မရှိရာမှလာ၍ မရှိရာပြန်သွားမည့် ငါသူစိမ်း။ သူ့ကိုယ်ကို ကြည့်လည်း မရှိရာမှလာ၍ မရှိရာပြန်သွားမည့်သူ သူစိမ်း။ အားလုံး သူစိမ်းချည်းသာ။ ငါသူစိမ်း၊ သူ သူစိမ်းသာ ကွာခြားပါမည်။ သူ့အလုပ် သူလုပ်၍ ငါ့အလုပ် ငါလုပ်ကာ ကိုယ်လာရာလမ်း ကိုယ်တန်းပြန်ကြခြင်းသည် သူစိမ်း. . .။

□ ဗဟုလာ မမသန္တိကေ တဏ္ဍေ ဝစရ ဝတ္တုနိ။

တေသိဒံ ဧက အာကာရော ဧကေ ကော တက္ကဝမရော။ ။

**မမသန္တိကေ** - ခန္ဓာခွင်စွဲ ငါသမွဲဇို ထဲဝယ်. . .၊ **တဏ္ဍေဝရေဝတ္တုနိ**-အတွေးပွားစရာ • အကြောင်းအရာတို့သည်ကား. . .၊ **ဗဟုလာ** - တွေးလိုက်တိုင်း ပွားအများသား၊ **တေသု** - ထိုအားလုံးတို့တွင်၊ **တ္ကဒံ** - သူစိမ်းဆိုထား ဤစကားမှ ကားလာသောအရာသည်၊ **ဧကအာကာရော** - တစ်ခု တစ်ခုသော အတွေးစများ တည်း။ ။

၁၃၃၇-ခုနှစ်
တဆုန်လပြည့်ကျော် ၈-ရက်
အကျွတ်အလွတ်
ဗုဒ္ဓဝိဟာရ
မဟာမြိုင်

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလ၏တစ်ညနေခင်းတွင် လာနေကျ ခမ္မမိတ်ဆွေ ရောက်လာပါသည်။ သူ့လက်ထဲတွင် သူရဇ္ဇမဂ္ဂဇင်း ပါလာပါသည်။ ခမ္မမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့စကား စပါသည်။

"ကျွန်တော် မနေ့ကမနက်က ဆရာသွားနေကျစာအုပ်ဆိုင်ကို ရောက်ခဲ့ပါတယ်။ ဆရာလာသွားပြီလားလို့မေး ကြည့်တော့ လာသွားပြီလို့ပြောပါတယ်။ စာအုပ်ဆိုင်ကိုရောက်သခိုက် စာအုပ်တွေကြည့်ဦးမှပဲဆိုပြီး ကြည့်လိုက်တော့ သူရဇ္ဇမဂ္ဂဇင်းအသစ်ရောက်နေတာတွေ့ရတယ်။ ဒါနဲ့ သူရဇ္ဇမဂ္ဂဇင်းကို ယူပြီး ကြည့်လိုက်ပါတယ်။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ 'သေဖူးသည်မှရှိရှိ' ဆိုတဲ့ ကဗျာကို တွေ့ပါတယ်။ ဒါနဲ့ ကျွန်တော်ခဏဖတ်ပါရစေလို့ပြောတော့ ဆိုင်မှာရှိတဲ့လူငယ်တစ်ဦးက ထိုင်ခုံတစ်ခုကိုထိုးပေးပြီး ထိုင်ပြီးဖတ်ပါလို့ပြောတာနဲ့ ထိုင်ခုံမှာထိုင်ပြီး ကဗျာကိုဆုံးအောင်ဖတ်ခဲ့ပါတယ်။ ကျွန်တော် သိပ်ကြိုက်သွားပါတယ်။ ဒါနဲ့ အဲဒီသူရဇ္ဇမဂ္ဂဇင်းကိုဝယ်လာခဲ့ပါတယ်။ အခုဆရာ မဖတ်ရသေးရင် ဖတ်ရအောင်ဆိုပြီး ယူလာခဲ့တာပါ"

ခမ္မမိတ်ဆွေသည် ပြောပြော ဆိုဆို သူဝယ်လာသော သူရဇ္ဇမဂ္ဂဇင်းကို ကျွန်တော့်ဆီသို့ကမ်းပါသည်။

ကျွန်တော်သည် ခမ္မမိတ်ဆွေ ကမ်းသော သူရဇ္ဇမဂ္ဂဇင်းကြည့်လိုက်ရာ

# မြဝင်း(ဒဿန)

## "မစေစဖူး အစေထူး သေဖူးသည်မှရှိရှိပေါ့"

### (မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း)



၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းဖြစ်နေသည်ကို တွေ့ရပါသည်။ မဂ္ဂဇင်းကို လှန်လှောကြည့်ရာ ထိုခမ္မမိတ်ဆွေပြောသော 'သေဖူးသည်မှရှိရှိ' ကဗျာကို တွေ့ရပါသည်။ ကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**သေဖူးသည်မှရှိရှိ**

- ဝမ်းစာစားကျင်း
  ဖွေရှာရင်းက သေတွင်းကျ
  သေခဲ့ရလေပြီ။
  ခမ္မရသ အမည်ရသည့်
  မင်္ဂကျဖိုလ်သွင်း ကြိုးစားရင်းကား
  သေခင်းကြား ငါမသွားဘူးခဲ့သေး။
- စီးပွားစစ်ခင်း
  တိုက်ခိုက်ရင်းက သေတွင်းကျ
  သေခဲ့ရလှပြီ။
  ကိုယ်ပိုင်ခေ အမည်ရသည့်
  သီလ၊ သမာဓိ၊ ပညာ၊ အလင်း
  ကြိုးစားရင်းကား သေတွင်းလား
  ငါမသွားစဖူးသေး။
- မယားချစ်တင်း
  နှီးနှောရင်းက သေတွင်းကျ
  သေခဲ့ရလှပြီ။
  ကိုယ်ပိုင်သုခ အမည်ရသည့်
  ခမ္မအမြိုင် ဆင်ခြင်ရင်းကား
  သေမင်းနား
  ငါမသွားဖြစ်ခဲ့သေး။
- သားမြေးအတွက်
  ထမ်းရွက်ရင်းက သေတွင်းကျ
  သေခဲ့ရချေပြီ။
- စရဏာခွင် အမည်တွင်သည့်
  ခုတင်ဆိုက်ကင်း
  ကျင့်ဆောင်ရင်းကား
  သေခြင်းကြားငါမသွားမိချေသေး။
- ယနေ့သည်ကား
  ဘုံရားသာသနာဆုံခိုက်ခါမို့
  ငါ၏အသက် ခန္ဓာစက်ကို
  မဂ်ဖိုလ်တံခါး နီးဖွာန်သွားမည့်
  တရားလမ်းအတိုင်းဒုန်းချစိုင်းမည်။
  မလှိုင်းစဖူး အလှိုင်းထူး
  ခိုင်းဖူးသည်မှ ရှိရှိပေါ့။
  မတွဲစဖူး အတွဲထူး
  လဲဖူးသည်မှရှိရှိပေါ့။
  မစေစဖူး အစေထူး
  သေဖူးသည်မှရှိရှိပေါ့။ ။

ကဗျာဆုံးသောအခါ ခမ္မမိတ်ဆွေ ကဤသို့စကားဆက်ပါသည်။

"ကျွန်တော် အဲဒီကဗျာကို သိပ်ကြိုက်ပါတယ်။ ဆရာလည်း ကြိုက်မယ်ထင်ပါတယ်။ ဆရာစဉ်းစားကြည့်ပါ ဆရာ။ ကျွန်တော်တို့တစ်တွေ ဝမ်းစာရှာရင်း သေခဲ့ကြရပြီ။ စီးပွားရေးအတွက်

www.burmeseclassic.com

ပြိုင်ရင်းဆိုင်ရင်း တိုက်ရင်းခိုက်ရင်း သေခဲ့ကြရပြီ။ ဖနီးမယားနဲ့နှီးနှောတိုင်ပင်ရင်း သေခဲ့ကြရပြီ။ သားသမီး မြေး မြစ်တို့အတွက် ရုန်းရင်းကန်ရင်း သေခဲ့ကြရပြီ။ သေခဲ့ရပေါင်းများပါပြီ။ သေခဲ့ရပေါင်းများပေမယ့် သံသရာဝဋ်က လွတ်အောင် ကြံရင်း အားထုတ်ရင်းသေခဲ့တယ်လို့မရှိခဲ့ဖူးထင်ပါတယ်။ မေ့မေ့လျော့လျော့ သေခဲ့ရတာများတယ်လို့ ထင်ပါတယ်။ သတိလက်လွတ်ငုတ်တောင့်ကျွတ်သေခဲ့ရတာများတယ်လို့ ထင်ပါတယ်"

"အဲဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက သံဝေဂလေးချိုးကြီးတစ်ပုဒ်မှာ 'အမှားငယ်ပြင်ပြင်၊ အသွားငယ်တွင်၊ ဉာဉ်မသမ်းငွေ့၊ စခန်းဖြင့်တွေ့နိုင်ဘူး' လို့ ရေးခဲ့တာပါ"

"ကမ္ဘာနိဂုံးမှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးထားတာက ခုအခါမှာ ဘုရားသာသနာနဲ့ ကြုံကြိုက်နေပါပြီတဲ့။ ဘုရားသာသနာနဲ့ ကြုံကြိုက်တုန်း မဂ်ဖိုလ်တံခါးနိဗ္ဗာန်သွားတဲ့ တရားလမ်းအတိုင်း ဒုန်းချနိုင်းရမတဲ့၊ ခန္ဓာကိုယ်ကိုခိုင်းရမတဲ့။ အရင်တုန်းက သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း မဆင်ခြင်ခဲ့ဘူးပေမယ့် အခုဆင်ခြင်ပြီး သေဖူးတယ်ရှိရှိ သေကြည့်မယ်လို့ ရေးထားပါတယ်"

"မိတ်ဆွေ အခုလိုပြောပြတော့ သမိဒ္ဓါဒယဆရာကြီး ဒေါ်မာလာရီရဲ့ ပြောကြားချက်ကို သတိရမိတယ်ဗျာ။

ဆရာကြီးဒေါ်မာလာရီပြောထားတာကို ဒီအတိုင်းပြောလို့မဖြစ်ဘူး၊ စာအုပ်ယူပြီးဖတ်ပြမှဖြစ်မယ်။ ကျွန်တော့်ဆီမှာ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်) ရေးသားတဲ့ 'ဆရာကြီး ဒေါ်မာလာရီ အနှစ်ကိုးဆယ်ကျော်ဘဝခရီး' ဆိုတဲ့ စာအုပ်ရှိတယ်။ အဲဒီစာအုပ်ထဲမှာ ဆရာကြီးဒေါ်မာလာရီ ပြောထားတာပါတယ်။ နေဦးဗျာ၊ ကျွန်တော် စာအုပ်ယူလိုက်ဦးမယ်"

ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွားပြီး စာအုပ်စင်၌ထားရှိသော ဆရာကြီးဒေါ်မာလာရီ အနှစ်ကိုးဆယ်ကျော်ဘဝခရီးစာအုပ်ကိုယူပါသည်။ ထို့နောက် ဆရာကြီးဒေါ်မာလာရီပြောကြားချက်ပါရှိသော စာမျက်နှာကိုလှန်၍ဖတ်ပြပါသည်။

"ဆရာကြီးသည် ထိုစဉ်က စစ်ကိုင်းသို့ပြန်လာခဲ့၏။ သို့ရာတွင် ဆရာကြီးထင်သလို မသေခဲ့ပါ။ အသက် (၈၆) နှစ်တွင် ရန်ကုန်ဒေါ်ဉာဏစာရီထံသွားနေသည်။ (၆) လခန့်ကြာ၏။ ထိုစဉ်က ဒေါ်ဉာဏစာရီနှင့် စပ်မိစပ်ရာ ပြောရင်း ငါ ဒီနှစ် (၈၆) နှစ်ထဲရောက်ပြီ။ (၈၆) နှစ်မှာ သေတတ်တယ်။ ငါသေရစ် ဘယ်သေရမှန်းမသိဘူး"

ဟု ဆိုသည်။

"ဆရာဘုရားသေရင် ရန်ကုန်မှာ သေပေါ့"

"ဘာတဲ့၊ ညည်းနဲ့နီးလို့လား"

"တင်ပါ့ဘုရား"

သို့ရာတွင် ထိုစဉ်ကလည်း ဆရာကြီး ထင်သလို မသေခဲ့ပါ။ ဆရာကြီးသည် ယခု အသက် (၉၅) နှစ်ထဲမှာဖြစ်၏။ ၁၃၃၇ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် (၉၅) နှစ် တင်းတင်းပြည့်မည်။

"(၉၆) နှစ်ထဲဆိုရင် သေမယ် ထင်ပါရဲ့။ သေရင်တော့ ဒါန၊ သီလ၊ သမာထ၊ ဝိပဿနာတရား (၄) ခုလုပ်ထားတာပဲ။ အဲဒီတရားထဲက ဝိပဿနာတရားကို ပွေ့ပိုက်သေရမှာပဲ"

ဆရာကြီးသည် သေခြင်းနှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ အထူးသဖြင့် သေခါနီးတွင် ဝိပဿနာတရားနှလုံးသွင်းပြီး သေနိုင်ရန်အတွက် ကြိုးစားလျက်ရှိသည်။

ဝိပဿနာတရားသည် ဆရာကြီးအတွက် 'အသေရဲဆေးတစ်ခွက်' ဖြစ်သည်။

ဆရာကြီးကပြောသည်။

"သေရမှာ မကြောက်ဘူး။ ကိုယ့်မှာ အားကိုးရာတွေအများကြီးပဲ။ သူတော်ကောင်းဥစ္စာတွေတစ်ပုံကြီးပဲဥစ္စာ။ ငါ့မှာစိတ်ကောင်းရှိတယ်။ ငါသေရင် သုဂတိဘုံရောက်မှာပဲဆိုပြီး မကြောက်ဘူး။ တစ်ခုတော့စိုးရိမ်မိတယ်။ သုဂတိဘုံရောက်ပြီးအယူများလွဲသွားလေမလား ဆိုတာ"

ဆရာကြီးက စကားဆက်ပြန်သည်။

"တစ်နေ့က သေကြည့်တယ်။ ကိုယ်မှန်းတဲ့ဘုံရောက်ရင် သစ္စာနုလောမိကဉာဏ်ရှိထားလို့ တစ်မဂ်တစ်ဖိုလ် မြန်မြန်ရောက်မယ်လို့ထင်တယ်။

ခေတ်ပျက်ငြီးစတုန်းက သေရမှာ သိပ်ကြောက်တယ်။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ကိုယ့်မှာဘာမှမရှိဘူး။ ရထားတဲ့ သမာဓိတွေကလည်း အကုန်ပျက်၊ ဘာတရားမှ မိမိရရလက်ကိုင်မရှိဘူး။ ငါအခုနေများသေရင် ကိုယ်ကျိုးနည်းရချည်ရဲ့လို့ သေရမှာ သိပ်ကြောက်သွားတယ်။ သေခါနီးမှာဝေဒနာပြင်းထန်မှာ။ သေလောက်အောင် ပြင်းထန်လို့ သေရတာကိုး။ ကိုယ်က မိမိရရ တရားလက်ကိုင်ရှိထားမှ ဝေဒနာဖိတာခံနိုင်မှာ။ မခံနိုင်လို့ ဒေါမနဿတွေဖြစ်ပြီး ဘုန်းကြီး၊ မယ်သီလတွေ ဒီနေမှာ ဂတိလွဲကုန်ကြတာပဲ။ ဒုက္ခဝေဒနာဟာ 'ငါ မဟုတ်ဘူး' လို့ ငါနဲ့ဝေဒနာခွဲမှ၊ ငါနဲ့ဝေဒနာတွဲနေရင် သက္ကာယဒိဋ္ဌိဖြစ်ပြီး ဒုက္ခတွေ့ရော"

ဆရာကြီးသည် သေခြင်းတရားနှင့် အချိန်မကျူး ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ သစ္စာနုလောမိကဉာဏ်ခိုင်မာအောင်၊ ရင့်သန်အောင် ကြိုးစားနေ၏။ ဘယ်နေ့ဘယ်ရက်၊ ဘယ်အချိန်သေသေ သေခါနီးဖြစ်လာမယ့် ဝေဒနာကို သစ္စာနုလောမိကဉာဏ်ဖြင့်ထိန်းရန် အဆင်သင့်ဖြစ်နေသည်။

"ဆရာကြီးက သတ္တိကောင်းလိုက်တာနော်။ သေကြည့်သတဲ့။ ကျွန်တော်တော့ တစ်ခါမှသေမကြည့်ဖူးသေးဘူး။ မကြည့်ရဲဘူးပြောပါတော့ဆရာ"

"ဟုတ်တယ်၊ ဆရာကြီးက သိပ်သတ္တိကောင်းတယ်။ သတ္တိကောင်းဆို သစ္စာနုလောမိကဉာဏ် အားကိုးရှိတာကိုး။ သေခါနီး ဝေဒနာဖိလာရင် သစ္စာနုလောမိကဉာဏ်နဲ့ ထိန်းထားမှာတဲ့။ အခု မိတ်ဆွေဖတ်ပြတဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကဗျာထဲမှာလည်း ဆရာတော်ဘုရားကြီးက ခန္ဓာကိုယ်ကို မဂ်ဖိုလ်တံခါးနိဗ္ဗာန်သွားမယ့် တရားလမ်းအတိုင်း ဒုန်းစိုင်းဖို့မိန့်ထားတယ်၊ ကိုယ့်ခန္ဓာကိုယ်ကို မခိုင်းစဖူးအခိုင်းထူးရမတဲ့။ မစဖူးအစထူးရမတဲ့။ သေဖူးတယ်ရှိရှိ သေကြည့်ရမတဲ့"

သေဖူးတယ်ရှိရှိ သေကြည့်ရအောင်ကလည်း အားကိုးစရာရှိဦးမှကို ဆရာရဲ့"

"မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး မိန့်ကြားသလို ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုပေါ့ဗျာ"

"သာဓုပါ ဆရာ၊ သာဓု၊ သာဓု။ ကြိုတင်ကောင်းမှု ကြိုးစားပြုပါ့မယ်"

ထို့နောက် ခမွမိတ်ဆွေသည် သူ့ရဋ္ဌမဂ္ဂဇင်းကို ကျွန်တော့်အား ဝမ်းမြောက်ဝမ်းသာပေးလှူလျက် ပြန်သွားပါသတည်း။

မြဝင်း (ဒဉ္ဇပိန)

ဂ

www.burmeseclassic.com



အသစ်တစ်ဖန်ပြန်လည်ပြုပြင်မွမ်းမံရာမှ
ရှေးဟောင်းဌာပနာတော်များပြောက်ပြားစွာတွေ့ရှိသော

# ညောင်ရမ်းရွှေစည်းခုံစေတီတော်

အာကာသ(သာစည်)



စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းမြို့သည် မြန်မာရာဇဝင်တွင် ထင်ရှားခဲ့သောရှေးဟောင်းမြို့တစ်မြို့ ဖြစ်သည်။ ညောင်ရမ်းကို အမှီတံကဲပြု၍ ညောင်ရမ်းကန်၊ ညောင်ရမ်းမင်းတရား၊ ညောင်ရမ်းမင်းသား၊ ညောင်ရမ်းဆရာတော် စသဖြင့် အများတကာတို့၏ နှုတ်ဖျားတွင် ကျော်ကြားလျက်ရှိသည်။

ညောင်ရမ်းသည် သာစည်မြို့၏ တောင်ဘက်တွင် (၈) မိုင်ခရီးဝေး၍ ရန်ကုန်နှင့် မန္တလေး ရထားလမ်းပေါ်တွင်ရှိသည်။ သာစည်မြို့နှင့် ကျောက်ချောခင်းလမ်း၊ ရထားလမ်းတို့ဖြင့် ဆက်သွယ်ထားပြီး မြို့နယ်ခွဲအဆင့် ဖြစ်သည်။

မူလဒါယကာ သီရိဓမ္မာသောကမင်းနှင့် အနော်ရထာမင်းတို့ တည်ထားကိုးကွယ်တော်မူသော ရွှေဂူကြီးဘုရားက ညောင်ရမ်းကန် ကန်ဦးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ရွှေဂူကြီးဘုရားပွဲတော်ကို မြန်မာနှစ် ၁၂၆၁ ခုကစ၍ ကျင်းပလာကာ ပွဲတော်ရက်မှာ နှစ်စဉ် တပို့တွဲလဆန်း ၈ ရက်နေ့မှ ယင်းလပြည့်နေ့အထိ ဖြစ်သည်။

အောင်တော်သိမ်ဘုရား၊ မိုးညှင်းဘုရား၊ ဝိဂြိုဟ်ကျောင်းဘုရား ဟူ၍ ရှေးဟောင်းဘုရားများလည်း ထင်ရှားတည်ရှိတော်မူသည်။ ယင်းဘုရားများအနက် မိုးညှင်းဘုရားခေါ် ရွှေစည်းခုံဘုရား၏သမိုင်းကား စိတ်ဝင်စားဖွယ်ကောင်းလှလေသည်။

သမုဒ္ဒရာဇ်မင်းကစ၍ ပုဂံမင်း (၄၂) ဆက်မြောက် ခရစ်နှစ် ၁၀၄၄ တွင် နန်းတက်သော အနော်ရထာဘုရင်သည် ဘုရားရှင်၏ဗျာဒိတ်တော်ရ သာသနာပြုမင်းတစ်ပါး ဖြစ်သည်။ ထိုမင်းနန်းတက်ပြီး အကွဲကွဲအပြားပြားဖြစ်နေသော နိုင်ငံငယ်များအား စုစည်း၍ ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်ပြီးတည်ထောင်သည်။

အနော်ရထာသည် အမြော်အမြင်ကြီးမားသော မင်းတစ်ပါးဖြစ်သည့်အလျောက် ဘာသာရေး၊ စီးပွားရေး၊ စစ်ရေး အစရှိသည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်တော်မူသည်။ ဆည်မြောင်းကန်ချောင်းဖြစ်ကောင်းရာမှန်သမျှကို တမံဆည်၍ ဘုရား၊ ဂူကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကိုလည်း တည်ထားတော်မူသည်။

မြန်မာနှစ် ၃၉၅ ခု၊ တပေါင်း



www.burmeseclassic.com


www.burmeseclassic.com

လဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ကမ္ဘောဇတိုင်းနှင့် တမ္ဗဒီပတိုင်းတို့ မရောမစပ်သိမ့်သော်ငှာ ကင်းမြို့များကို တည်တော်မူသည်။ ကင်းမြို့ (၄၃) မြို့ကို တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တည်တော်မူရာတွင် ညောင်ရမ်းမြို့တစ်မြို့လည်း အပါအဝင်ဖြစ်သည်။

ညောင်ရမ်းမြို့၏ မြို့ဝန်းမှာ (၆၅၄) တာရှိ၍ ကျုံးတော်၊ မြို့ရိုး အစရှိသော သမိုင်းလက်ကျန်များကား ထင်ရှားစွာရှိနေသေးသည်။ ညောင်ရမ်းကား ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် ခေတ်အဆက်ဆက်တိုင်း၌ အရေးပါခဲ့သည်။

ပုဂံခေတ်မှစ၍ ပင်းယ၊ အင်းဝ ဦးပိုင်းသို့တိုင် ညောင်ရမ်း၌ ထီးစိုက်နန်းစိုက်မင်းညီမင်းသားများ အုပ်ချုပ်ခြင်းမရှိသေးဘဲ မြို့စားများသာ အုပ်ချုပ်ခဲ့ကြသည်။ ယင်းသို့ အစဉ်အဆက် အုပ်ချုပ်ခဲ့သော မြို့စားများကား -

၁။ ပင်းယငါးစီးရှင်ကျော်စွာလက်ထက် စောမွန်နစ်၊
၂။ အင်းဝ မင်းကြီးစွာစော်ကဲလက်ထက် ဘယကျော်သူ၊
၃။ အင်းဝ မင်းကြီးစွာစော်ကဲလက်ထက်ဇေယျဘဒ္ဒရာ၊
၄။ အင်းဝမင်းခေါင်လက်ထက် တုရင်ပုညာ၊
၅။ အင်းဝ ပြည့်စုံမင်း သီဟသူလက်ထက် သားတော်အငယ်အား သီရိမမှာသောကဘွဲ့၊ နော်ရထာဘွဲ့နှင့် မင်းရဲကျော်စွာ၊
၆။ အင်းဝ ပြည့်စုံမင်း သီဟသူလက်ထက် စည်သူကျော်ထင်၊
၇။ ဒုတိယမင်းခေါင်လက်ထက် ဘယကျော်ထင်၊
၈။ အင်းဝ ရွှေနန်းကြော့ရှင် နရပတိလက်ထက် မင်းရဲကျော်ထင်၊
၉။ ဟံသာဝတီဘုရင့်နောင်လက်ထက် ရှင်ဥပုသ်၊
၁၀။ ဟံသာဝတီဘုရင့်နောင်လက်ထက် မောင်သစွာခေါ် မင်းရဲနန္ဒမိတ်၊
၁၁။ ဘိုးတော်ဘုရားလက်ထက် သတိုးမင်းရွှေတောင်၊
၁၂။ သာယာဝတီမင်းလက်ထက် ဘကြီးတော်၏သား မဟာသီဟသူရဘွဲ့ခံ စကြာမင်းခေါ် သတိုင်းမင်းလှရွှေတောင်၊
၁၃။ မင်းတုန်းမင်းလက်ထက် ဒုတိယရွှေရေးဆောင် မိဖုရားဥမ္မာဒေဝီမှ







ဧည်းခုံစေတီတော်ပြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဗုဒ္ဓရုပ်ပွားတော်များ



ဧည်းခုံစေတီတော်ပြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com




စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



စည်းခုံစေတီတော်ကြီး ပြုပြင်ရာ၌
ဦးစီးပဓာနနာယက သိန္ဒိကျောင်းဆရာတော်
(ဘဒ္ဒန္တနန္ဒိသာရမဟာသဒ္ဓမ္မ ဇောတိကဓဇ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မန္တလေးတိုင်းဓမ္မသကြီး၊
ချမ်းမြသာစည်မြို့နယ် ရှမ်းရုဆီးဘန်နီတိုက်
သိန္ဒိကျောင်းကျောင်း၊)

ဖွားမြင်သော မောင်မျိုးပုံခေါ် သတိုးမင်းခေါင်ဘွဲ့ရ သီရိမဟာသုဓမ္မရာဇာဘွဲ့မည်ရှိ ညောင်ရမ်းမင်းသားတို့ ဖြစ်ကြသည်။

ညောင်ရမ်းမြို့ကို မြို့စားအဆင့်ဖြင့်သာ အုပ်ချုပ်ခဲ့ကြရာ (၁၃) ယောက်မြောက်ဖြစ်သော ညောင်ရမ်းမင်းသားကား သီပေါမင်းသားကိုနန်းချ၍ အမတ်ကြီးများက နန်းတင်ရန် ကြံရွယ်ခဲ့သော မင်းသား ဖြစ်သည်။

ညောင်ရမ်းမြို့ကို အပိုင်စားအုပ်ချုပ်သွားသော မြို့စားတို့တွင် မင်းညီမင်းသားများလည်းပါရှိကြသည်။ ယင်းမင်းညီမင်းသားများကား အပိုင်စားရုံသာစားရ၍ အဘိသိက်ခံဘုရင်များအဖြစ် ကိုယ့်ထီးကိုယ်နန်းနှင့်တော့ နေမသွားကြရပေ။

ဘုရင့်နောင်မင်းတရားကြီး၏သားတော် မင်းရဲနန္ဒမိတ်အမည်ရှိ ညောင်ရမ်းမင်းသားကြီးတစ်ဦးသာလျှင် အဘိသိက်ခံသူအဖြစ်သို့ရောက်ရှိခဲ့၏။ ညောင်ရမ်းခေတ်ကို ထူထောင်သွားသော မင်းတစ်ပါးအဖြစ်လည်း ရာဇဝင်တွင် ထင်ရှားလေသည်။


ဤသို့သမိုင်းအစဉ်အလာကြီးမားခဲ့သော ညောင်ရမ်းအရပ်တွင် ပင်းယခေတ်၌ ငါးစီးရှင်ကျော်စွာ၏သမီးတော်ဖြစ်သူ ရွှေအိမ်သည်နှင့် မင်းပုလဲရှင်တို့ ထိမ်းမြားရာ မြေနဲ့စောဒိကာကို ဖွားမြင်သည်။ စောဒိကာနှင့် ညောင်ရမ်းစောမွန်နစ်ကြီးသမီးတော်တို့ စုံဖက်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com





စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ

စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ



စည်းခုံစေတီတော်မြတ်ကြီး၏အတွင်းမှ တွေ့ရှိထားသော ဌာပနာတော်များ

မင်းနံ့စီကို ဖွားမြင်သည်။

မင်းနံ့စီသည် ဥဒိန်အမည်နှင့် အင်းဘဲကိုစားရပြီး ဘုရင်မင်းခေါင် အထွတ်အမြတ်သို့ရောက်တော်မူလျှင် သတိုးအမည်နှင့် မြို့လှကိုစားရသည်။ ထို့နောက် မိုးညှင်းကိုစားရာမှ မိုးညှင်းမင်းသား၊ မိုးညှင်းမင်းတရား ဟူ၍ ကျော်စောလာသည်။

သက္ကရာဇ် ၇၈၈ ခုနှစ်တွင် မိုးညှင်းမင်းတရားသည် သီရိတြိဘဝနာဒိတျာ ပဝရ ပဏ္ဍိတဓမ္မရာဇာ ဟူသော အမည်ကိုခံယူ၍ အင်းဝထီးနန်းကို စိုးစံတော်မူသည်။ ထိုမင်းနန်းတက်တော်မူလျှင် သက္ကရာဇ်ဖြိုရန် ကိန်းခန်းနှင့်ကြုံလာသည်။

သက္ကရာဇ်ဖြိုသည်ဆိုခြင်းမှာကား ရောက်ပြီးသက္ကရာဇ်မှ တစ်ခုကြွင်း၊ နှစ်ခုကြွင်းကိုချန်၍ ကျန်သက္ကရာဇ်များကို ပယ်ဖျက်ပြီး အသစ်တစ်ဖန် စတင်ရေတွက်ခြင်း ဖြစ်သည်။ ကမ္ဘာဦးကာလမှစ၍ ရေတွက်လာသော သက္ကရာဇ်ကို ဖြိုလာခဲ့ရာ မိုးညှင်းမင်းတရားလက်ထက်တော်အထိ ခုနစ်ကြိမ်မြောက်ရှိခဲ့ပြီး မြန်မာပြည်တွင် သုံးကြိမ်ဖြိုခဲ့ဖူးသည်။

သီရိခေတ္တရာ သုမုန္ဒရီမင်းလက်ထက်တွင် တစ်ကြိမ်ဖြို၍ အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်တွင် တစ်ကြိမ်ဖြိုသည်။ မြန်မာပြည်တွင် ဖြိုသောသက္ကရာဇ် နှစ်ကြိမ်သာပြို၍ မိုးညှင်းမင်းတရားလက်ထက်တော်တွင် ဖြိုသောသက္ကရာဇ်ကား ကိန်းခန်းမရောက်သေး၍မပြိုခဲ့ပေ။ ထို့မှနောက် သက္ကရာဇ်ဖြိုခြင်းမရှိဘဲ ယနေ့အထိ ရေတွက်နေသောသက္ကရာဇ်မှာ ပုပ္ပားစောရဟန်းမင်း



www.burmeseclassic.com

ပြီးစွန်းခဲ့သောသက္ကရာဇ် ဖြစ်သည်။

သက္ကရာဇ် ၇၉၉ ခု၊ နယုန်လပြည့်နေ့တွင် မိုးညှင်းမင်းတရားကြီးသည် ပြည်ထဲရေးရာတို့ကို ပိဋကတ်ဗေဒင်တတ်သော ရဟန်းသံဃာဆရာတော်များနှင့် တိုင်ပင်တော်မူ၏။ စကြိုသူမြတ်၊ မင်းကျောင်းသူမြတ်တို့က ယခုသည်ပသျှူ ဆိုဖြမှန်ကိန်းရောက်ပြီ ဖြစ်၏။ သက္ကရာဇ်မဖြိုချေသော် မသင့် ဟူ၍ လျှောက်တော်မူကြ၏။

မိုးညှင်းမင်းတရားက သက္ကရာဇ်ဖြိုကိန်းရောက်၍မဖြိုသော် အပြစ်မည်သို့ရှိသနည်းမေးတော်မူ၏။ ဆရာတော်ပညာရှိတို့ကလည်း ဖြိုကိန်းရောက်၍ မဖြိုချေသော် ပြည်ရွာမငြိမ်မသက်၊ သတ္တဝါတို့မချမ်းသာကုန်ဟူ၍ သင်္ကေတကျမ်းဆရာတို့မှာကုန်သည်ဟု လျှောက်တုန်၏။

ဤတွင် ရာဇသကြီအမတ်က အထက်တွင် သက္ကရာဇ်ဖြိုသောမင်းတို့သည် သက်တော်မရှည်ချေ။ ဖြိုသည့်နှစ်တွင်ပင် အနိစ္စရောက်တော်မူသည်ဟူ၍ လျှောက်၏။

မိုးညှင်းမင်းတရားလည်း ခပ်သိမ်းသောသတ္တဝါအပေါင်းကို ချမ်းသာခြင်းသို့ရောက်မည်ကိုသိလျက် ငါသို့သောမင်းသည် သေဘေးကို ကြောက်၍ ကိန်းရောက်လျက် မဖြိုချေသော် ကမ္ဘာမကြေသရွေ့ ဥဒါန်းမော်ကွန်းဖြစ်လေတော့မည် ဟူ၍ မိန့်တော်မူ၏။

မင်းကြီးသည် အင်းဝမြို့တောင်လဟာပြင် ငွေစင်ဈေးအရပ်တွင် ကြီးစွာသောမဏ္ဍပ်ကိုဆောက်၍ ထီးဖြူကနက္ကဒဏ်ကျင်းပလျက် စွန့်ကြဲပေးကမ်းလှူဒါန်းတော်မူ၏။ သက္ကရာဇ်ရှစ်ရာပြည့်တွင် ၇၉၉ ကိုဖြိုပြီး နှစ်ခုတည်၍ထားတော်မူ၏။ သို့သော်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း ကိန်းခန်းမရောက်သေး၍ ထိုသက္ကရာဇ်ကား မပြိုခဲ့ချေ။

မိုးညှင်းမင်းတရားကား ရတနာသုံးပါးတွင် ယုံကြည်တော်မူသည်။ မင်းကျင့်တရားဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၍ ပြည်ထဲရေးရာကို မြော်မြင်တွေးတောဆင်ခြင်တော်မူလေ့ရှိသည်။ လှူဒါန်းပေးကမ်းရာတွင်လည်း နှမြောဝန်တိုခြင်းကင်းပြီး ရက်ရက်ရောရောရှိ၏။ မိုးညှင်းမင်းတရားသည် (၂၇) ဌာနတို့၌ ကောင်းမှုကုသိုလ်စေတီတော်များ၊ ကျောင်းတော်များကို တည်တော်မူရာတွင် ရွှေစည်းခုံစေတီတော်များလည်း ပါရှိခဲ့သည်။ စစ်ကိုင်းအရပ်တွင် ရတနာစေတီနှင့် ရွှေကျောင်းတော်၊ စစ်ကိုင်းရန်အောင်မြင်ဘုရားနှင့်ရွှေကျောင်းတော်၊ ညောင်ရမ်းမြို့အရှေ့ ဖွားတော်မူသောအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်၊ အညာပန်းပြင်အရပ်တွင် စည်းခုံနှင့်ရွှေကျောင်းတော်၊ ရှိမ်းမကား၌ စည်းခုံနှင့် ရွှေကျောင်းတော်၊ မြောက်ဘက်မြို့လှ၌ စည်းခုံနှင့် ရွှေကျောင်းတော်၊ မင်းခေါင်းကြီးဘုရား ပင်းယရန်အောင်မြင်တွင် ကျောင်းတော်၊ မြေနဲအရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်၊ ရာဇဂြိုဟ်အရပ်၌ စည်းခုံနှင့် ရွှေကျောင်းတော်၊ ပုခန်းကြီးတွင် စည်းခုံနှင့်ကျောင်းတော်၊ သစ်ဆိမ့်တဲတော်ရာတွင် စည်းခုံနှင့်ကျောင်းတော်၊ ခေတ်ာင်ကျည်းအရပ်၌ စည်းခုံနှင့် ကျောင်းတော်၊ ဝါးရင်းတုတ်၌ စည်းခုံနှင့် ကျောင်းတော်၊ ပြည်မြို့တွင် စည်းခုံနှင့်ကျောင်းတော်၊ ပုဂံညောင်နွယ်၌ စည်းခုံနှင့် ကျောင်းတော်၊ ခံတောအရပ်၌ စည်းခုံနှင့် ကျောင်းတော်၊ အင်းဝမြစ်ငယ်တွင် စည်းခုံနှင့်ကျောင်းတော်၊ မြင်းမိ၌ စည်းခုံနှင့်ကျောင်းတော်၊ ငလျှင်ခွဲအရပ်၌ စည်းခုံနှင့် ကျောင်းတော်၊ တောင်ပလူတွင် စည်းခုံနှင့်ကျောင်းတော်၊ ကွမ်းစည်းကျယ်၌ စည်းခုံနှင့် ကျောင်းတော်၊ ပင်းယ၌ စည်းခုံနှင့်ကျောင်းတော်၊ပင်းယအရှေ့ကျောင်းတော်၊ မြင်းခုံတိုင်တွင် ကျောင်းတော်။ ပြင်စည်မြို့၌ ကျောင်းတော်နှင့် ထန်းတောကျောင်းတော် ဟူ၍ ဖြစ်သည်။

ထိုမှတစ်ပါး ဟောင်းနွမ်းပြိုပျက်နေသော စေတီတော်၊ သာသနိကအဆောက်အအုံ ဟူသမျှတို့ကိုလည်း တည်ထား မွမ်းမံ ပြုပြင်တော်မူသည်။ ကြေးတော် ငွေတော်များထုတ်၍ ချီးမြှောက်ထိုက်သူတို့အား ဆုလာဘ်များစွာပေးပြီး အပြစ်ရှိသူတို့ကိုလည်း အသက်စည်းစိမ်ချမ်းသာပေးတော်မူခဲ့သည်။

ဤသို့ မိုးညှင်းမင်းတရားကြီး လှူဒါန်းသော ကုသိုလ်တော်များသည် မင်းကြီးဖွားတော်မူရာ ဇာတိဌာနေညောင်ရမ်းမြေတွင်လည်း ပါဝင်လျက်ရှိသည်။ ညောင်ရမ်းမြို့တွင်တည်သော ရွှေစည်းခုံကား မိုးညှင်းမင်းတရားကြီး ကို အစွဲပြု၍ ရွှေစည်းခုံမိုးညှင်းစေတီတော် ဟူ၍ နူတ်ကျိုးခေါ် ဝေါ် လျက်ရှိကြ၏။

သို့ဖြင့် မိုးညှင်းမင်းတရားကြီးသည် သက္ကရာဇ် ၇၆၉ ခုနှစ်၌ ရွှေစည်းခုံဘွဲ့တော်ဖြင့် ညောင်ရမ်းမြို့တွင် စေတီတစ်ဆူတည်ထားတော်မူသည်။ စေတီတော်မြတ်ကြီး၏ ဖိနပ်တော်သည် ပေ (၅၀) ပတ်လည်ရှိ၍ ဉာဏ်တော်အမြင့် (၉၆) ပေရှိသည်။

ရှေးဟောင်းစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် ထိန်းသိမ်းမွမ်းမံကိုးကွယ်လာခဲ့ကြရာ ကပ်လှူထားသောမှန်သက်န်းများမှာ မှေးမှိန်ကွဲရှပျက်စီးလာသည်။ ခရစ်နှစ် ၂၀၁၀ ပြည့်တွင် မန္တလေးမြို့ ရှမ်းစု ဆီးဘန်နီတိုက် သိဒ္ဓိအောင်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒိသာရ (မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မှ ဦးစီး၍ ပြုပြင်မွမ်းမံခြင်းကို ဆောင်ရွက်တော်မူခဲ့သည်။

စေတီတော်မြတ်ကြီး၏အသရေတော် တင့်တယ်သပ္ပာယ်စေရန် အကြီးစားမွမ်းမံခြင်းများကို ပြုလုပ်ကြသည်။ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို လှည့်လည်အပူဇော်ခံ၍ စည်ကားသိုက်မြိုက်စွာ ကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်တော်မူခဲ့ကြလေသည်။


သို့သော်လည်း မိုးညှင်းရွှေစည်းခုံစေတီတော်မြတ်ကြီးသည် ခရစ်နှစ် ၂၀၁၃ ခုတွင် သဘာဝဘေးဒဏ်မြေငလျင်လှုပ်ခတ်ခြင်းကြောင့် အရှေ့တောင်သို့ တိမ်းစောင်း၍ ကွဲအက်ခြင်းများဖြစ်ပေါ်ခဲ့သည်။ သံဃာ့နာယကအဖွဲ့မှ ဘုရားဒါယကာ၊ ဒါယိကာမများ၊ ဂေါပကလူကြီးများမှ ပြုပြင်မွမ်းမံရန် စီစဉ်ကြရသည်။

စေတီတော်မြတ်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရန် မန္တလေး ရှမ်းစု ဆီးဘန်နီတိုက် သိဒ္ဓိအောင်ကျောင်း ဆရာတော် ဦးနန္ဒိသာရ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မှ ဦးစီးဆောင်ရွက်တော်မူသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အနီးကပ် ကြီးကြပ်လမ်းညွှန်မှုဖြင့် ရပ်နီး၊ ရပ်ဝေး ဒါယကာ၊ ဒါယိကာမများထံမှ အလှူငွေများ လက်ခံခဲ့ရာ ကျပ်သိန်း (၃၃၀) ကျော် ရရှိခဲ့သည်။

မြန်မာနှစ် ၁၃၇၅ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၂၀၁၃ ခု၊ ဇွန်လ ၂ ရက်နေ့မှစတင်၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ ဌာပနာများပြုပြင်ရာတွင် ဗုဒ္ဓရုပ်ပွားတော်ဌာပနာတော်များသည် ရှေးဟောင်းအမွေအနှစ်များဖြစ်ကြောင်း ရှေးဟောင်းယဉ်ကျေးမှုသုတေသနဌာန၊ သံဃာ့နာယကအဖွဲ့တို့၏ အတည်ပြုချက်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com



သိရှိရသည်။

ဌာပနာပစ္စည်း အရေအတွက် (၅၀၀) ကျော် တွေ့ရှိရပြီး စေတီတော်၏ ဒုတိယပစ္စယာတောင်ဘက်မှ ညောင်ရမ်းခေတ်နှောင်း ဘူမိဖဿဟန် စကျင်ရုပ်ပွားတော်များကိုတွေ့ရသည်။ ဒုတိယပစ္စယာအရှေ့ဘက်မှ ကုန်းဘောင်ခေတ်လယ် ဘူမိဖဿဟန် ကြေးသွန်းရုပ်ပွားတော်များ၊ မြေ (ရွှေချ) အုတ်ခွက်ရုပ်ပွားတော်များ၊ ခဲနှင့် စကျင်ရုပ်ပွားတော်များအား တွေ့ရှိရသည်။

စေတီတော်၏ တတိယပစ္စယာ အနောက်တောင်ထောင့်မှ ညောင်ရမ်းခေတ် ဘူမိဖဿဟန် မြေထည်ရုပ်ပွားတော်များ၊ ကုန်းဘောင်ခေတ်ဦး ဆင်သုံးကောင်ခံပလ္လင်ပါ မြေ (ရွှေချ) အုတ်ခွက်ရုပ်ပွားတော်များ ညောင်ရမ်းခေတ်နှောင်း ဘူမိဖဿဟန် စကျင်ရုပ်ပွားတော်များအား တွေ့ရသည်။

တတိယပစ္စယာ၏ မြောက်ဘက်တွင် ညောင်ရမ်းခေတ်နှောင်း အမြိုက်အိုးတိုင်ဟန်ကြေးသွန်းရုပ်ပွားတော်များ၊ အင်းဝခေတ် ဘူမိဖဿဟန် ကြေးသွန်းရုပ်ပွားတော်များ တွေ့ရသည်။

တတိယပစ္စယာအရှေ့ဘက်တွင် ကုန်းဘောင်ခေတ်လယ် ဘူမိဖဿဟန် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ညောင်ရမ်းခေတ်နှင့် ပုဂံခေတ် ဘူမိဖဿဟန် စကျင်ရုပ်ပွားတော်များ၊ အင်းဝခေတ် ဘူမိဖဿဟန် ငွေရုပ်ပွားတော်များ သတ္တုဌာနကြေးသွန်းရုပ်ပွားတော်များ၊ ကုန်းဘောင်ခေတ် ဘူမိဖဿဟန် မြေ (ရွှေချ) အုတ်ခွက်ရုပ်ပွားတော်များအား တွေ့ရှိရသည်။

ဤသို့ တွေ့ရှိရသော ဌာပနာရုပ်ပွားစေတီတော်များထဲတွင် အင်းပိတ်ဂင်းပိတ် မြေပေါက်စေတီအမျိုးအစားများလည်း ပါဝင်နေသည်။ ထို့ကြောင့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်လယ်အထိ အဆက်ဆက် ပြုပြင်ကိုးကွယ်လာသော စေတီတော်ဖြစ်ကြောင်း ဌာပနာ၊ ရုပ်ပွားတော်အထောက်အထားများက သက်သေပြ၍နေသည်။

မိုးညှင်း ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ပျူခေတ်နှောင်း၊ ပုဂံခေတ်နှောင်းလက်ရာများအား တွေ့ရှိရ၍ သက်တမ်းကြာမြင့်စွာ တည်ရှိခဲ့သော စေတီတော်ဖြစ်ကြောင်းသိသာနိုင်သည်။ မိုးညှင်းမင်းတရားကြီး၏ ဘိုးဘွားစဉ်ဆက်တို့သည် ဌာပနာထည့်သွင်းပူဇော်ခြင်းများရှိခဲ့ကြောင်းလည်း ထင်ရှား၍နေလေသည်။

စေတီတော်မြတ်ကြီးကို ရဟန်းရှင်လူပြည်သူအများ၏ လုပ်အား၊ ငွေအားစွမ်းပကားတို့ဖြင့် စနစ်ကျနစွာ ပြန်လည် တည်ဆောက် မွမ်းမံခဲ့ကြ၏။ ဌာပနာတော်ပိတ်ပွဲကို ခရစ်နှစ် ၂၀၁၄ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။

မြန်မာနှစ် ၁၃၇၇ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ စနေနေ့တွင် စေတီတော်ရွှေထီးတော်ကို တင်လှူ၍ ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်လှူပွဲကြီး ကျင်းပကြ၏။ ပမ့်သံယာ (၁၀၈)ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို နိုင်ငံတော်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးဦးအောင်ခင်မြင့်မှ ဦးဆောင်၍ ဆက်ကပ်လှူဒါန်းကြသည်။

မိုးညှင်းရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အောင်မြင်ပြီးဆုံးခြင်းအလှူတော်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ဦးအောင်ခင်မြင့်မှ ကျပ်သိန်း (၁၇၀) လှူဒါန်းနိုင်ခဲ့သည်။ မိုးညှင်းမင်းတရားကြီး၏ ဇာတိဌာနေ ညောင်ရမ်းမြေတွင်ရှိကြကုန်သော ပဋ္ဌာန်းဆက်တို့သည် သမိုင်းအမွေအနှစ်များအား တာဝန်ကျေပွန်စွာဆက်လက်ထိန်းသိမ်းလျက်ရှိနေကြသည်တကား။

အာဂါသ (သာစည်)

မှီငြမ်း -

မှန်နန်းမဟာရာဇဝင်တော်ကြီး သုံးတွဲပေါင်း (နှာ ၃၂၈၊ ၃၂၉)
မာဂဓီ (သာစည်) ၏ သာစည် အကြောင်းသိကောင်းစရာများ
ညောင်ရမ်းရွှေစည်းခုံစေတီတော်ကြီးသမိုင်းအကျဉ်း

www.burmeseclassic.com

# (မြစ်) ဦးကောဝိဒ

## ဘာသာလူမျိုး ရှိခိုးကြအဖုံဖုံ



တစ်ဦးနဲ့တစ်ဦး အရိုအသေပေးကြတယ်ဆိုတာ အကြောင်းအမျိုးမျိုးရှိကြတယ်။ အချို့က ကျေးဇူးရှိတဲ့သူမို့ အရိုအသေပေးကြတယ်။ အချို့က ဘဝမှာ အားကိုးထိုက်တဲ့သူမို့လို့ အရိုအသေပေးကြတယ်။ အချို့က ချစ်ခင်ရင်းနှီးတဲ့အတွက် အရိုအသေပေးကြတယ်။ အချို့က ဘေးရန်တစ်ခုခုကိုကြောက်လို့ အရိုအသေပေးကြတယ်။ ဘယ်လိုပဲဖြစ်စေ အရိုအသေပေးတယ်ဆိုတာ မာန်မာနကိုလျှော့ချပြီး ပြုလုပ်ရသလို ရှိခိုးတယ်ဆိုတာလည်း မာန်မာနခ္ခဝါချရတာပါပဲ။ ဒါကြောင့် အရိုအသေပေးတာနဲ့ရှိခိုးတာဆက်နွယ်မှုရှိတယ်လို့ ပြောချင်ပါတယ်။

ရှိခိုးတဲ့နေရာမှာ ဘာသာအလိုက် ကွဲပြားကြတာလည်းရှိသလို လူမျိုးအလိုက်လည်း ကွဲပြားခြားနားတာတွေကို တွေ့ရပါတယ်။ ဗုဒ္ဓပွင့်ပေါ်ရာ မဇ္ဈိမဒေသကနေကြည့်ရင် ဗုဒ္ဓဘာသာက အရှေ့ဘက်ကို အထွတ်အမြတ်ထားပါတယ်။ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာများကလည်း အရှေ့ဘက်ကိုပဲ အမြတ်တနိုးထားကြတယ်လို့ သိရပြီး အစ္စလာမ်ဘာသာကတော့ အနောက်ဘက်ကို အမြတ်တနိုးထားတယ်လို့ သိရပါတယ်။

လူမျိုးအလိုက် ကွဲပြားတာနဲ့စပ်လို့ သာကီဝင်မျိုးတွေက အရှေ့ဘက်ကို ရှိခိုးကြတယ်။ အာရိယန်လူမျိုးတွေက အနောက်ဘက်ကိုရှိခိုးကြတယ်။ ရှိခိုးတဲ့နေရာမှာ အရပ်မျက်နှာအလိုက်



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်များ ကွဲပြားရတာလဲဆိုတာ ပြောချင်သေးတယ်။

ရှေးယခင်က ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ကြတဲ့ လူမျိုးနွယ်အုပ်စုကြီးများအနက် တိဗက်-မြန်မာဆိုတဲ့ မျိုးနွယ်စုကြီးတစ်စုရှိတယ်။ အရင်တုန်းက တိဗက်-မြန်မာဆိုတဲ့မျိုးနွယ်စုကြီးဟာ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်လာခဲ့ကြရာက ဟိမဝန္တာတောင်တန်းပေါ်မှာ အခြေချနေထိုင်ခဲ့ကြတယ်။ အချို့ကျတော့ ဟိမဝန္တာတောင်ခြေကိုပတ်ကာလာခဲ့ကြရာ တောအထပ်ထပ်၊ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်ကို ဖြတ်ကျော်ပြီး မဇ္ဈိမဒေသကို ရောက်ခဲ့ကြပါတယ်။ ဒီလိုဖြတ်သန်းလာခဲ့ကြရအတွက် ဗြာဟ္မဏတွေက သူတို့သူတို့ကို သက္က-လူစွမ်းကောင်းတွေလို့ ခေါ်ကြတယ်။ အဲဒီကနေ သက္ကဝံသ၊ သကျဝံသ၊ သာကီဝင်ဆိုတာ ဖြစ်လာရပါတယ်။ မဇ္ဈိမဒေသမှာ သူတို့တွေ့ခဲ့တဲ့ (သာကဝန) ကျွန်းတောကြီးကိုအစွဲပြုပြီး သက္ကတိုင်းကို တည်ထောင်ခဲ့ပါတယ်။ အဲဒီကနေ ဒေဝဒဟပြည်၊ ကပိလဝတ္ထုပြည်၊ ကောလိယနိုင်ငံ စတာတွေကို တည်ထောင်ပြီး နေထိုင်ခဲ့ကြပါတယ်။ တကယ်တော့ သာကီဝင်မျိုးတွေဟာ မဇ္ဈိမဒေသကို အရှေ့ဘက်ကနေရောက်လာကြတာပါ။

နောက်မျိုးနွယ်စုတစ်စုက အာရိယန်လူမျိုးပါ။ သူတို့ဟာ အင်ဒို-ဥရောပအနွယ်များဖြစ်ပြီး လူဖြူသွေးနှောတွေဖြစ်ကြတယ်။ အာရိယန်လူမျိုးတွေဟာ မဇ္ဈိမဒေသရောက်တော့ အင်္ဂတိုင်း စမ္ပာမြို့၊ မာဂဓတိုင်း ရာဇဂြိုဟ်မြို့၊ ကောသလတိုင်း သာဝတ္ထိမြို့၊ ကာသိတိုင်း ဗာရာဏသီမြို့ စတဲ့ တိုင်းနှင့်ပြည်နယ်မြို့တွေကို အသီးသီးတည်ထောင်ပြီး အခြေချနေထိုင်ခဲ့ကြပါတယ်။

တစ်နေ့ သာကီဝင်နဲ့အာရိယန်တို့ တွေ့ဆုံမိကြတဲ့အခါ သာကီဝင်များက-

"အမောင်တို့က ဘယ်အရပ်ကနေ ပြောင်းရွှေ့လာကြတာလဲ"

လို့ အာရိယန်များကိုမေးပါတယ်။ အဲဒီအခါမှာ အာရိယန်က -

"ငါတို့ကတော့ အနောက်ဘက်တောင်တန်းကြီးတွေကို ဖြတ်ကျော်ခဲ့ပြီး အာဖဂန်နစ္စတန်တောင်ကြားလမ်းကနေ ဝင်လာတာပါ။ ရှင်းရှင်းပြောရရင် ငါတို့က အနောက်ဘက်ကလာခဲ့ကြသူတွေပါ။ ဒါကြောင့် ငါတို့ရှိခိုးရင် ငါတို့ရဲ့ ပင်ရင်းဒေသ မွေးရပ်ဇာတိဖြစ်တဲ့ အနောက်ဘက်ကို မျက်နှာမူပြီး လက်အုပ်ချီ ရှိခိုးကြတာပါ"

လို့ ပြန်ဖြေကြတယ်။

အာရိယန်များလည်း အားကျမခံဘဲ သာကီဝင်တွေကို -

"အမောင်တို့ကကော ဘယ်ကနေလာခဲ့ကြတာလဲ"

လို့ ပြန်လည် မေးခွန်းထုတ်ခဲ့ပါတယ်။

သာကီဝင် -

"ငါတို့သကျတွေက အရှေ့အရပ်ကနေလာခဲ့ကြတာပါ။ ငါတို့ရဲ့အဘိုးဘေးတွေက အရှေ့ဘက်အရပ်မှာနေထိုင်ကြပါတယ်။ ငါတို့ရဲ့ပင်ရင်းဒေသဟာ အရှေ့ဘက်ကပါ"

အာရိယန် -

"အမောင်တို့ပြောတဲ့ အရှေ့အရပ် ဆိုတာ ဘယ်နေရာလဲ။ ခိုင်လုံတဲ့ အထောက်အထားမရှိဘူးလား"

သာကီဝင် -

"အရှေ့အရပ်ဆိုတာ နေမင်းကြီးထွက်ပေါ်လာတဲ့အရပ်ပါပဲ။ နေမင်းကြီးဟာ ငါတို့ရဲ့အရှေ့ဘက်နိုင်ငံကြီးဆီကနေ ဖြတ်သန်းခဲ့တာပါ"

အာရိယန် -

"ဒါဆို အမောင်တို့က နေထွက်အမျိုး (အာဒိစ္စဝံသ) တွေပေါ့"

ဆိုတော့ သာကီဝင်တွေက အာဒိစ္စဝံသဆိုတဲ့နာမည်ကို အတော်ကြိုက်ကြတယ်။ ဒါကြောင့် သာကီဝင်တွေဟာ နေထွက်၊ နေဝင်အချိန်ရောက်ပြီဆိုရင် ဗြဟ္မမန္တန်တွေရွတ်ဖတ်ပူဇော်ကြတယ်။ လိုရင်းပြောရရင် သာကီဝင်တွေဟာ ဘိုးဘွားများရှိရာရည်မှန်းပြီး အရှေ့ဘက်အရပ်ကို ရှိခိုးပူဇော်ကြပါတယ်။

ရှေးလူမျိုးတွေရဲ့ အရပ်မျက်နှာတွေကို ဘာကြောင့်ရှိခိုးတယ်ဆိုတာ အထောက်အထားလေးတွေ ကိုယ်စီရှိကြတယ်။ စာရေးသူတို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေမှာလည်းရှိတယ်။ ကိုယ်နေထိုင်တဲ့အိမ်ရဲ့အရှေ့ဘက်မှာပဲ ဘုရားကျောင်းဆောင်ကိုထားရှိပြီး ရှိခိုးပူဇော်ကြတာများပါတယ်။ ဘာ့ကြောင့် အရှေ့ရပ်မှာ ဘုရားကျောင်းဆောင်ကို သီတင်းသုံးစေပြီး ရှိခိုးပူဇော်ကြတာလဲ၊ အရှေ့အရပ်ကိုပဲ အထွတ်အမြတ်ထားကြတာလဲဆိုရင် မြန်မာလူမျိုးတွေဟာ ဟိုးယခင်လူမျိုးနွယ်စုတစ်ခုဖြစ်တဲ့ တိဗက်-မြန်မာလူမျိုးများဖြစ်ကြတဲ့ သာကီဝင်မင်းမျိုးတွေရဲ့အလေ့အထကြောင့် အရှေ့ဘက်ကို ရှိခိုးကြတာဖြစ်နိုင်သလို အရှေ့အရပ်ဆိုတာ အမိ၊ အဘကိုပြောတာပဲ။ မိဘဆိုတာ အနန္တောအနန္တငါးပါးထဲမှာပါဝင်တယ်။ ဒါကိုရည်ရွယ်ပြီး မြန်မာများ အရှေ့ဘက်ကို အထွတ်အမြတ်ထားကြဟန်တူပါတယ်။

ဒီလိုပါပဲ၊ လူမျိုးဘာသာအလိုက် အရပ်မျက်နှာများကွဲပြားပြီး ရှိခိုးကြတယ်။ သူ့အကြောင်းနဲ့သူတော့ ခိုင်လုံမှုရှိကြတာတော့ အမှန်ပါပဲ။ ဒါပေမယ့် အရပ်မျက်နှာများကို ဘာကြောင့်ရှိခိုးရတယ်ဆိုတာနဲ့စပ်လို့ လူမျိုး၊ ဘာသာစွဲမထားဘဲ တိကျမှန်ကန်တဲ့ စကားကို ရဲရင့်ပြတ်သားစွာ ပြောခဲ့ဟောခဲ့သူတစ်ဦးရှိခဲ့လေရဲ့။ ထိုသူကား သာကီဝင်မင်းမျိုးမှ မွေးဖွားလာတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပဲ ဖြစ်ပါတယ်။

အဲဒါနဲ့စပ်လို့ -

ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်တုန်းက ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်ပြည်ရှင်နက်တို့ကို အစာကျွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ တစ်နေ့ ရာဇဂြိုဟ်ပြည်သူကြွယ်ရဲ့သား သိင်္ဂါလ ဆိုတဲ့သူဟာ မနက်စောစော ရာဇဂြိုဟ်မြို့ပြင်ကိုထွက်ပြီး အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အထက်အရပ်၊ အောက်အရပ်တွေကို ရှိခိုးဦးချနေပါတယ်။ အဲဒီအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း သင်္ကန်းပြင်ဝတ်ပြီး ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံကြွတော်မူလာပါတယ်။

ဘုရားရှင်ဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် အရပ်ခြောက်မျက်နှာကို ရှိခိုးနေတဲ့ သိင်္ဂါလ သတို့သားကိုမြင်တဲ့အခါ-

"ရာဇဂြိုဟ်မြို့ပြင်ထွက်ပြီး အရပ်မျက်နှာတွေကို ဘာကြောင့်ရှိခိုးနေတာလဲ"

လို့ မေးပါတယ်။

သိင်္ဂါလသတို့သားက -

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ဖခင်သေခါနီးစဉ်က ချစ်သား၊ အရပ်မျက်နှာတွေကို ရှိခိုးရမယ်လို့ တပည့်တော်ကို မှာခဲ့ပါတယ်။ ဖခင်စကားကို ရိုသေမြတ်နိုး လေးစား တန်ဖိုးထားပြီး ပူဇော်လိုတဲ့အတွက် တပည့်တော် မနက်စောစော ရာဇဂြိုဟ်မြို့ပြင်ထွက်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဆိုတဲ့ အရပ်မျက်နှာတွေကိုရှိခိုးခြင်း ဖြစ်ပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည် ဖြေဆိုလျှောက်ထားပါတယ်။

ဘုရားရှင်က -

"သူကြွယ်သား သိင်္ဂါလ၊ အရိယာတို့ရဲ့သာသနာမှာ အရပ်ခြောက်ပါးကို ဒီလိုမရှိခိုးအပ်ဘူး"

ဆိုပြီး အရပ်မျက်နှာကိုရှိခိုးတာနဲ့ စပ်လို့ မိန့်ကြားခဲ့ပါတယ်။

ဒါကို စာချစ်သူများ နားလည်အောင် တင်ပြပေးပါ့မယ်။

အရိယာတို့ရဲ့သာသနာမှာ ရှိခိုးအပ်တဲ့ အရပ်ခြောက်ပါးဆိုတာရှိတယ်။

၁။ အမိ၊ အဖတို့ကို အရှေ့အရပ်လို့ သိရမယ်။

၂။ ဆရာသမားကို တောင်အရပ်လို့ သိရမယ်။

၃။ သားမယားကို အနောက်အရပ်လို့ သိရမယ်။

၄။ ချစ်သောအဆွေခင်ပွန်းကို မြောက်အရပ်လို့သိရမယ်။

၅။ အစေအပါးအလုပ်သမားတွေကို အောက်အရပ်လို့သိရမယ်။

၆။ သာမဏဗြာဟ္မဏတို့ကို အထက်အရပ်လို့သိရမယ်။

အရပ်ခြောက်ပါးကို အဲဒီလိုအာရုံပြုပြီး ရှိခိုးကြရပါတယ်။

ရှင်းပါဦးမယ်။

၁။ အရှေ့အရပ် ဆိုတဲ့ မိဘများဟာ သားသမီးများကို မကောင်းမှုတွေ မဖြစ်အောင် တားမြစ်တတ်ကြတယ်။ လမ်းမှားလိုက်မှာကို တားမြစ်တတ်ကြတယ်။ ကောင်းမှုတွေပြုလုပ်တတ်အောင်၊ ပြုချင်လာအောင် ပြောဆိုသင်ပေးသလို အတတ်ပညာကိုလည်း သင်စေတယ်။ အရွယ်ရောက်တဲ့အခါ သင့်လျော်တဲ့ အမျိုးသမီး၊ အမျိုးသားနဲ့ထိမ်းမြားပေးတဲ့အပြင် သင့်လျော်တဲ့အခါ အရင်းအနှီးအတွက် အမွေဥစ္စာများကို ခွဲ ဝေပေးသေးတယ်။ မိဘများဟာ သားသမီးများကို ဆိုတဲ့ အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတယ်။ ဒါကြောင့် သားသမီးများက အရှေ့အရပ် မည်တဲ့ အမိ၊ အဖများကို သားသမီးဝတ်ငါးပါးနဲ့ အညီ ပြုစုစောင့်ရှောက်ကြရပါမယ်။

၂။ တောင်အရပ်လို့ဆိုတဲ့ ဆရာများဟာ တပည့်များအပေါ် ဆုံးမသင့်တဲ့အရာမှန်သမျှ ဆုံးမကြတယ်။ သင်ယူသင့်တဲ့အတတ်ပညာမျိုးစုံကို ကိုယ်တိုင်လည်းသင်ပေးသလို သူတစ်ပါးထံမှာလည်း သင်ယူစေတယ်။ ဆရာသမားကောင်း၊မိတ်ကောင်းဆွေကောင်းတွေထံမှာ ကြီးပွားတိုးတက်အောင် အပ်နှင်းပေးရှာတယ်။ တပည့်ကို ဘယ်နေရာမဆို ဘေးကင်းရန်ကွာအောင်၊ အဆင်ပြေအောင်စောင့်ရှောက်ပေးကြတယ်။ ဆရာဟာ ထပည့်များကို ဆိုခဲ့တဲ့ အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတဲ့အတွက်ကြောင့် သားသမီးများကလည်း အရှေ့အရပ်မည်တဲ့ဆရာများကို တပည့်ကျင့်ဝတ်ငါးပါးနဲ့အညီ ပြုစုစောင့်ရှောက်ကြရပါမယ်။

၃။ အနောက်အရပ်လို့ဆိုတဲ့ မယားဟာ အိမ်ထောင်အမှုကြီးငယ်ကိစ္စအဝဝကို ကောင်းစွာ စီရင်တတ်ရပါမယ်။ နှစ်ဖက်ဆွေမျိုးနဲ့ မိဘများကိုလည်း ကောင်းစွာ ထောက်ပံ့ချီးမြှင့်ရပါမယ်။ မိမိလင်ကိုထား အခြားယောကျ်ားတွေအပေါ်မှာ လွန်ကျူးတဲ့အကျင့်က ကင်းရှင်းဖို့လိုသလို လင်ယောကျ်ားရှာဖွေလို့ရလာတဲ့ဥစ္စာတွေကို ထိန်းသိမ်းစောင့်ရှောက်တတ်ရမယ်။ အိမ်ထောင်မှုကိစ္စ၊ လူမှုရေးကိစ္စ စတဲ့ ကိစ္စများမှာ လိမ္မာကျွမ်းကျင်ပြီး ပျင်းရိတာတွေကကင်းရှင်းရပါမယ်။ မယားက လင့်အပေါ်မှာ ဆိုခဲ့တဲ့ အကြောင်းငါးမျိုးနဲ့စောင့်ရှောက်ကြတဲ့အတွက်ကြောင့် လင်ယောကျ်ားကလည်း အနောက်အရပ်လို့ဆိုတဲ့ ဇနီးမယားအပေါ်မှာ လင့်ဝတ်ငါးပါးနဲ့အညီ ပြုစုစောင့်ရှောက်ရပါမယ်။

၄။ မြောက်အရပ်လို့ဆိုတဲ့အဆွေခင်ပွန်းဟာ မူးယစ်နေတဲ့သူငယ်ချင်းရဲ့ ပစ္စည်းတွေကို မပျောက်ပျက်အောင် စောင့်ရှောက်ပေးသလို ဘေးကင်းအောင်လည်း စောင့်ရှောက်ပေးတယ်။ ကြောက်ရွံ့နေတဲ့သူငယ်ချင်းရဲ့အားကိုးရာဖြစ်အောင်နေတတ်ရတယ်။ တကယ်လို့ ဘေးအန္တရာယ်နဲ့ကြုံနေတဲ့ သူငယ်ချင်းကို လျစ်လျူရှုပြီး ထွက်မသွားတတ်ပါ။ သူငယ်ချင်းရဲ့သားမြေးအဆက်ဆက်ကိုလည်း တုံ့ပြန်ချီးမြှောက်ရပါမယ်။ မိတ်ဆွေက သူငယ်ချင်းကို ဆိုခဲ့တဲ့ အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတဲ့ အတွက်ကြောင့် မြောက်အရပ်လို့ဆိုတဲ့ မိတ်ဆွေကို သူငယ်ချင်းများက ဝတ်ငါးမျိုးနဲ့အညီ ပြန်ပြီးပြုစုစောင့်ရှောက်တတ်ရပါမယ်။

၅။ အောက်အရပ်လို့ဆိုတဲ့ အစေအပါးအလုပ်သမားများဟာ အရှင်သခင်ထက် ဦးစွာအိပ်ရာကထကြရပြီး အရှင်သခင်အိပ်ပြီးနောက်မှာ အိပ်ကြရပါတယ်။ ပေးတာကိုသာယူလေ့ရှိပြီး အလုပ်ကို ကောင်းစွာလုပ်ကြရတယ်။ အရှင်သခင်ရဲ့ ကောင်းကြောင်းဂုဏ်သတင်းကိုသာ ပြောဆိုရပါမယ်။ အလုပ်သမားများက အရှင်သခင်အပေါ်မှာ ဆိုခဲ့တဲ့အကြောင်းငါးမျိုးနဲ့ လုပ်ကျွေးပြုစုစောင့်ရှောက်ကြသလို အရှင်သခင်ကလည်း အလုပ်သမားများအပေါ် ဝတ်ငါးမျိုးနဲ့အညီ ပြုစုစောင့်ရှောက်ကြရပါမယ်။

၆။ အထက်အရပ်ဆိုတဲ့ သမဏဗြာဟ္မဏများဟာ လူတွေကို မကောင်းမှုက တားမြစ်တတ်သလို ကောင်းမှုတွေ လုပ်နိုင်အောင်လည်း ပြောပေးတယ်။ မျှော်လင့်ချက်မထားဘဲ စိတ်နှလုံးကောင်းနဲ့ စောင့်ရှောက်တတ်တယ်။ မကြားဘူးသေးတဲ့ တရားစကားများကိုပြောကြားသလို ကြားဖူးတဲ့စကားများကိုလည်း မှတ်မိအောင်ထပ်ကာထပ်ကာ ပြောကြားပေးတယ်။ လူ၊ နတ် စတဲ့ သုဂတိသို့ရောက်အောင်လည်းပြောပေးတတ်သလို နိဗ္ဗာန်ရောက်အောင်လည်း လမ်းညွှန်ပေးတတ်တယ်။ သမဏဗြာဟ္မဏများဟာ ဆိုခဲ့တဲ့အကြောင်းခြောက်မျိုးနဲ့ အမျိုးကောင်းသားများကို ပြုစုစောင့်ရှောက်ကြတဲ့အတွက်ကြောင့် အမျိုးကောင်းသားများကလည်း အထက်အရပ်လို့ဆိုတဲ့ သမဏဗြာဟ္မဏများကို ကျင့်ဝတ်တရားငါးမျိုးနဲ့အညီ ပြုစုစောင့်ရှောက်တတ်ရပါမယ်။

လိုရင်းချုပ်ပြောရရင် အရပ်ခြောက်မျက်နှာဆိုတဲ့ အမိအဘ၊ ဆရာ၊ သားမယား၊ မိတ်ဆွေသူငယ်ချင်း၊ အစေအပါးအလုပ်သမားများကို ဆိုင်ရာကျင့်ဝတ်တရားများနဲ့အညီ ပြုစုစောင့်ရှောက်ကြရမှာပါ။ ဒါဆိုရင် အချင်းချင်းမြတ်နိုးလေးစား ချစ်ခင်မှုကို ခံယူရရှိကြပြီး ကောင်းကျိုးချမ်းသာမှန်သမျှ ရရှိကြမှာပါ။ ဒါကြောင့် ဖော်ပြခဲ့တဲ့ အရပ်ခြောက်မျက်နှာကို ရှိခိုးရာမှာ လိမ္မာကျွမ်းကျင်တယ်၊ သီလနဲ့ပြည့်စုံတယ်၊ ပညာရှိတယ်၊ ခက်ထန်တာမရှိ၊ နှိမ့်ချတဲ့သဘောရှိတဲ့ သူများဟာ အကျော်အစောကိုရတယ် ဆိုစွာပြောရင်း . . .။

သုတ်ပါထိကာဝဂ်၊ နှာ ၁၄၆-၁၅၆
ဗုဒ္ဓနှင့်မြန်မာလူမျိုး၊
ဦးလှသိန်းထွန်း
(မဟာစရိယ B.A)

*ရှိခိုးတတ်ကြပါစေ*

ဦးကောဝိဒ (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီး အိမ်ရောက်လာသည်။ ထိုနေ့က ကျွန်တော် ဘုရားသို့ ရောက်ရှိနေ၏။ မှတ်မှတ်ရရ ၂၀၁၂ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့က ဖြစ်သည်။ ထိုနေ့နံနက်က ရစ်(ခ်)တာစကေး(၅. ၈) ရှိ ငလျင်ကြီးလှုပ်သည့်နေ့က ဖြစ်ပါ၏။ မိမိတို့နေထိုင်ရာမြို့က မြို့ကျက်သရေဆောင်ဘုရားကြီးမှစိန်ဖူးတော်ကြီးမြေခဲ့သည်။ ဘုရားဂေါ်ပကများက ဘုရားကနေ ဖုန်းဆက်အကြောင်းကြားသဖြင့် ဘုရားသို့ရောက်ရှိနေခြင်း ဖြစ်သည်။ ဘုရားရောက်သောအခါ ဘုရားတွင် လူတော်တော်များများရောက်နေကြသည်။ အရပ်ထဲမြို့ထဲက လူများလည်း စိန်ဖူးတော်ပြုတ်ကျမြေခသည်ကြား၍ရောက်လာကြသည်။ ဘုရားရင်ပြင်တော်၌ လူစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကလူကြီးများ၊ မြို့မိမြို့ဖမြို့လူကြီးများအားလုံး ရောက်ရှိနေသည်။ ဘုရားရင်ပြင်တော်ပေါ် တက်၍ မြေခသည့် စိန်ဖူးတော်ကြီးမှ အစိတ်အပိုင်းများကို လိုက်လံ ရှာဖွေ ကောက်ယူသိမ်းဆည်းကြပါသည်။ စာရင်းအင်းများနှင့်ရေးမှတ်ကြသည်။ တာဝန်ရှိမြို့နယ်သံဃနာယကဆရာတော်များ၊ ဌာနဆိုင်ရာအကြီးအကဲများရှေ့မှောက်တွင် ဓာတ်ပုံမှတ်တမ်းပါရယူပြီး မှတ်တမ်းတင်ကြပါသည်။

ဘုရားကိစ္စများ၊ လုပ်ကိုင်ဆောင်ရွက်စရာများဆောင်ရွက်ပြီး ဂေါပကရုံးခန်းတွင်ထိုဖ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့လာမည်ဆို၍ အခြားပုဂ္ဂိုလ်များနှင့် စကားစမြည်ပြောရင်းစောင့်နေစဉ် မိမိအိမ်မှ ဖုန်းလာ၍ အိမ်တွင်ဧည့်သည်ရောက်နေကြောင်းသိရသဖြင့် ဘုရားမှပြန်ခဲ့သည်။ အိမ်ရောက်တော့ အိမ်တွင် မိတ်ဆွေကြီးရောက်မဆိုက်ပင် ဧည့်ခန်း၌ထိုင်လျက် စာဖတ်ပြီးစောင့်နေသည်ကို တွေ့ရသည်။

သို့နှင့် -

"မိတ်ဆွေကြီးရောက်နေတာကြာပြီလား"



# ဉာဏ်မြင့်

## ဧကြွရာလေးပါး စာနှင့်စကား

ဗုဒ္ဓဝန္ဒနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးမြန်း နှုတ်ဆက်လိုက်ပြီး သူ့ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။

"ရောက်တာ နာရီဝက်လောက်ရှိပြီ"

ဟု ဖြေကာ သူ့ကပင် ဆက်လက်ပြီး-

"အရင်အပတ်က ဗုဒ္ဓဝန္ဒနာနဲ့ ဗုဒ္ဓါနုဿတိဘာဝနာအကြောင်း ဆွေးနွေးဖို့ ရှိတယ်မဟုတ်လား"

ဟု၎င်း မေးမြန်းသည်။

ကျွန်တော်က -

"ရှိပါတယ်၊ ဆက်ဆွေးနွေးကြတာပေါ့။ ကော်ဖီနဲ့ မုန့်၊ ရေနွေးကြမ်းလေး သောက်ပါဦး"

ဟု ပြောပြီး စားပွဲပေါ်မှာရှိနေသည့် စာအုပ်ပုံထဲက စာတစ်အုပ်ကို လှမ်းယူလိုက်သည်တွင် သူက-

"စာအုပ်တွေကတော့ စုံသဗျာ မမေးနဲ့။ များမှများပဲဗျာ။ စောစောက ခင်ဗျားထိုင်စောင့်ရင်း ဟိုစာအုပ်လှန် ဒီစာအုပ်လှန်နဲ့ဖတ်နေတာဗျ"

ဟု ဆိုသည်။

"ဟုတ်လား စာအုပ်ကတော့ စုံတယ်ဗျ။ စာကြည့်ခန်းထဲမှာ ဗီရိုနဲ့ (၄) လုံး၊ ဟိုဘက်ခန်းမှာ ဗီရို (၁) လုံးနဲ့ ထင်းရှူးသေတ္တာနဲ့ (၃) လုံးရှိတယ်ဗျ"

ဟု ကျွန်တော် အမှတ်မထင် ဖြေပြောပြောလိုက်သည်။

"သိပ်လည်းမကြွားပါနဲ့ဗျာ"

သူ့ထံက မမျှော်လင့်သောစကားကို ကြားလိုက်ရပေရာ အံ့ဩသွားသည်။ ကျွန်တော် မကြွားမဝါတတ်မှန်း သူသိသည်။

"စကားစပ်မိ၊ ခင်ဗျားလည်း မေးလို့ပြောမိတာပါဗျာ မကြွားပါဘူး"

ဟု ရိုးသားစွာပင် ပြောလိုက်ရ၏။ အမှန်တကယ် မိမိတွင်တော်တော်များများ စာအုပ်များ စုမိဆောင်းမိနေသည်။

"ခင်ဗျား မကြွားဝါတတ်မှန်းသိပါတယ်ဗျ။ ရယ်စရာမောစရာပြောတာပါ။ စိတ်မရှိပါနဲ့"

ဟု တောင်းပန်ပြောဆိုသည်။

"ရပါတယ်ဗျာ၊ ကြွားတယ်ဝါတယ်ဆိုတာမရှိဘဲ အရှိလုပ်ပြီးပြောရင်တော့ ကြွားဝါတာပေါ့။ အဲဒီလိုပြောဆိုရင်လည်း ပြောတဲ့လူဟာ သူယုတ်မာတဲ့ဗျ"

ဟု ကျွန်တော်ပြောလိုက်သည်။

ကြွားဝါသည် ဆိုသည်ကား မိမိကိုယ်ကိုမြှောက်ပင့်ပြောဆိုပြီး သူတစ်ပါးကို နှိမ်ချပြောဆိုခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း၊ မိမိကား ယင်းသို့သော သဘောဖြင့်ပြောဆိုခြင်းမဟုတ်ကြောင်းကို သိပါစေ၊ နောင်တွင် စကားကို ဆင်ဆင်ခြင်ခြင် သိမ်းသိမ်းဆည်းဆည်း ပြောပါရစေ ရည်ရွယ်ချက်ဖြင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ဘယ်လိုကြောင့် သူယုတ်မာဖြစ်ရတာလဲပြောပါဦး"

သူက ကောက်ကာငင်ကာမေးသည်။ သို့ကြောင့် စကားကြောမရှည်ချင်ဘဲ မနေသာတော့သဖြင့် ရှည်လိုက်ရသည်။ စကားပြောရင်းထွက်လာသည့်စကားစလိုက်ပြီး ပြောနေသဖြင့် လိုရင်းမရောက်ဘဲဖြစ်နေသည်။

"သူယုတ်မာဖြစ်ကြောင်း လောကနီတိဆရာကလည်း ဆိုတယ်ဗျ။ ဗုဒ္ဓဒေသနာတော်ကလည်း ဆိုတယ်ဗျ"

ဟု အထောက်အထား အခိုင်အလုံနှင့် ပြောချင်၍ ယင်းသို့ပြောလိုက်ချင်ပါသည်။

"ဟုတ်လား၊ ကြားရအောင်ဗျာ"

သူက လိုလိုလားလားသိချင်နေပုံရသည်။ ကြားဖူးခြင်းလည်းရှိပုံမရ။ သို့နှင့် လောကနီတိပဏ္ဍိတကဏ္ဍ၌လာသောအဆိုအမိန့်ကိုပြောလိုက်ပါသည်။

"အတ္တဂုဏံ ပကာသန္တော" တဲ့။

"အဓိပ္ပာယ်က"

"အဓိပ္ပာယ်က မိမိဂုဏ်ကိုထုတ်ဖော်ကြွားဝါပြောဆိုရင် သူယုတ်မာတဲ့ဗျ"

"ဗုဒ္ဓဒေသနာတော်ကအဆိုအမိန့်ကရောဗျာ"

"ဗုဒ္ဓဒေသနာတော် မိန့်ဆိုချက်ကတော့ ဝသလသုတ်တော်မှာ -

□ ယော စတ္တာနံ သမုက္ကံသေ၊
ပရေစ မဝဇာနာတိ။
နိဟီနော သေန မာနေန၊
တံ ဇညာ ဝသလော ဣတိ - တဲ့"

"အဓိပ္ပာယ်က"

"အဓိပ္ပာယ်က မိမိကိုယ်ကိုမြှောက်ပင့်ပြောဆိုခြင်း (အတ္တုက္ကံသန)။ သူတစ်ပါးကို ကဲ့ရဲ့နှိမ်ချပြောဆိုခြင်း (ပရဝမ္ဘန)။ အဲဒီ မာနကြောင့် သူယုတ်မာသိရခြင်း ဆိုပြီး သူယုတ်မာရဲ့ လက္ခဏာ (၃) ချက်ကို ဟောထားပါတယ်ဗျာ"

"ကျွန်တော် ရယ်စရာနဲ့ ကျီစားမိတာသည်းခံပါဗျာ"

ဟု သူက တောင်းပန်နေသည်။

"ဒီလိုမဟုတ်ပါဘူး။ စကားကိုသတိထား ပြောဆိုသင့်ကြောင်း သိစေချင်လို့ပြောလိုက်တာပါ။ ဒီဝသလသုတ်ကို မြန်မာလိုရေးထားတဲ့ မြန်မာလင်္ကာ တစ်ပုဒ် ခင်ဗျားနားထောင်ဦးမလား"

"ဗဟုသုတရတာပေါ့။ မှတ်ရသားရတာပေါ့ဗျ"

"ရှစ်လုံးဘွဲ့ မြန်မာလင်္ကာက ညောင်တုန်းမြို့က ရွှေဟင်္သာတောရ စတုတ္ထစံကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလမဟာထေရ်မြတ် (အဂ္ဂမဟာပဏ္ဍိတ) က ရေးသားတော်မူပါတယ်။ နားထောင်ပါတော့ဗျာ"

□ ကိုယ်ရည်သွေးကာ မာနတရားကြောင့် ကိုယ့်ဂုဏ်ပလွှားပြောဆိုကာ။ မထီမဲ့မြင် သူတစ်ပါးကိုအောက်ထား နှိမ်ချ ပြောဆိုကာ၊ မာရ်နတ်စစ်သည် ယုတ်တဲ့တရားဟု ဗုဒ္ဓဘုရားဟောခဲ့တာ။ အဲဒါကြောင့် ဗုဒ္ဓေါ် ထုတ်ဟော သူယုတ်သကောကင်းစေရာ -

တဲ့ဗျာ။

"ဒီဒေသနာတော်ဟောကြားချက် မကြားဘူးတော့ ပေါ့ပေါ့တန်တန်ပြောလိုက်မိတာဗျ။ နောင်တော့ ရှောင်ရတော့မှာပေါ့"

"သူယုတ်မာအကြောင်း သဘောပေါက်ပြီနော်"

"သဘောပေါက်ပြီဆိုပါတော့"

"ဆိုပါတော့ မလုပ်နဲ့ သူယုတ်မာပုံဝတ္ထုကလေးတစ်ပုဒ် ကြားဖူးတာပြောဦးမယ်။ နားထောင်ပါဦး"

"ရှိသေးလည်း နားထောင်မှာပေါ့ဗျ"

"ပုံဝတ္ထုကဒီလိုဗျ။ ရှေးအခါက ကမ္ဘောဇနိုင်ငံ ဥဇ္ဇေနီပြည်မှာ ဘောဇဆိုတဲ့ ဘုရင်ကြီး စိုးမိုးအုပ်ချုပ်၍ မင်းလုပ်နေတယ်။ ဘောဇမင်းကြီးကိုယ်တိုင်က ဉာဏ်ပညာ အမြော်အမြင် ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတယ်။ သူ့ထံမှာလည်း ပညာဉာဏ်နဲ့ ပြည့်စုံတဲ့ မှူးမတ်ပညာရှိတွေ ခစားနေကြတယ်။ မိမိတိုင်းပြည်မှလည်းကောင်း၊ တိုင်းတစ်ပါးနိုင်ငံရပ်ခြားမှ လည်းကောင်း ပညာရှိကဝိသူမှန်လူရည်ချွန်များကိုခေါ်ပြီး သိမ်းသွင်းစောင့်ရှောက် ချီးမြှောက်ထားသတဲ့။ ဘောဇမင်းကြီးတာ နန်းတော်မှာ ပညာရှိအမတ်ကြီးများနဲ့ နေ့စဉ်စကားခြေတင်ဆင်ခြေဆင်လက်ပြောဆိုလေ့ရှိသတဲ့။ ဘောဇတိုင်းပြည်ကြီးမှာ စာပေမတတ်သူမရှိ၊ ယောက်ျား၊ မိန်းမ ကြီးငယ်မဟူ အတတ်ပညာကိုယ်စီကိုယ်စီရှိကြသတဲ့

www.burmeseclassic.com

ဗျ။

တစ်နေ့သောအခါ ဘောဇမင်းကြီး ညီလာခံမဝင်သေးဘဲ နန်းတော်အတွင်း မိဖုရားငယ်တို့ အဆောင်သို့ ထွက်လာခဲ့သတဲ့။ ထိုအခါ မိဖုရားတို့သည် မိမိတို့မိတ်ဆွေခင်ပွန်းတို့နှင့်အတူ နှစ်ယောက်သားထိုင်ပြီး တိုင်ပင်နှီးနှော စကားပြောနေစဉ် ဘောဇမင်းကြီး သူတို့နှင့် ရှေ့တူရူဘက်ပါရောက်ရှိသွားသတဲ့။ ထိုသို့ မင်းကြီး သူတို့နှစ်ဦး၏ စကားနှီးနှောပြောဆိုနေရာအနီး ရောက်သွားသည့်အခါ 'ဟော-လာပြီသူယုတ်မာ' လို့ အဆန်းတကြယ်စကားကို ပြောဆိုလိုက်သတဲ့။

ယင်းသို့ ဟစ်အော်ပြောလိုက်သည့်အသံကိုကြားရသည့် မင်းကြီး ဆင်ခြင်မိသည်မှာ ငါလည်း တစ်စုံတစ်ရာကိစ္စမျှ ယုတ်မာသည့်အမှုမပြုမိ။ မိဖုရားငယ်တို့လည်း ငါ့အား မထီမဲ့မြင်ပြုလိုသောကြောင့်ဆိုသည် ဟုတ်ဟန်မတူ။ သင်းတို့၏ သူယုတ်မာဟုဆိုခြင်း အကြောင်းရင်းကား ရှိတန်လေရာ၏ဟု စဉ်းစားဆင်ခြင်ပြီး နောက်လှည့်ပြန်ကာ ညီလာခံသဘင်သို့ ဝင်လိုက်သတဲ့။

ဘောဇမင်း၏ ညီလာခံသဘင်၌ (၁၄၀၀) သော ပဏ္ဍိတ်ခေါ်တွင်ပညာရှိမှူးမတ်ကြီး နေ့စဉ်ညီလာခံသို့ဝင်ရောက်ခစားရသတဲ့။ ထိုနေ့က ညီလာခံဝင်ရောက်လာတိုင်းသော အမတ်ပညာရှိတို့အား မင်းကြီးက 'ဟော - လာပြီ သူယုတ်မာ' လို့ မိန့်တော်မူပါတဲ့။ မှူးမတ်ပညာရှိများကလည်း အမျိုးမျိုးအထွေထွေဆင်ခြင်ပြီး မင်းကြီးသည် ငါတို့ကို သူယုတ်မာဟုဆိုလေသလော။ သူ့ကိုဆိုလေသလော။ အဘယ်ကြောင့်ဆိုလေသနည်းဟု မခံချိမခံသာတိတ်ဆိတ်နေကာ ဦးခေါင်းငိုက်စိုက်နေကြသတဲ့။

ထိုစဉ် ကာလိဒါသပညာရှိအမတ်ကြီးလည်း အများနည်းတူ ညီလာခံသဘင်သို့ ဝင်ရောက်လာရာ မင်းကြီးသည် ရှေးနည်းအတူ 'ဟော - သူယုတ်မာလာပြီ' ဟု မိန့်ဆိုလိုက်သတဲ့"

မင်းကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကာလိဒါသအမတ်ပညာရှိက -

"အကျွန်ုပ်သည် -

၁။ ခရီးသွားလာလမ်းလျှောက်ရင်း အစာအာဟာရကိုမစားမိ။

၂။ ပျောက်ပျက်ပြီးသော အရာဝတ္ထုကို အဖန်ဖန်ပူပင်ခြင်းလည်း အလျှင်းမရှိ။ ‹

၃။ မိမိဂုဏ်ကို ထုတ်ဖော်ချီးကြူး အဘိမာန်တရားဖြင့် ဝါကြွားပလွှား မပြောမဆိုမိ။

၄။ အလွန်ရယ်မောလျက် စကားလည်း မပြောမဆိုမိ။

၅။ နှစ်ယောက် သူတို့တိုင်ပင်နှီးနှောနေခိုက်လည်း သုံးယောက်ဖြစ်အောင် မသွားမလာမိ။

ဤသို့ သူယုတ်လက္ခဏာ (၅)မျိုးတွင် တစ်မျိုးမျိုးမှ မလွန်မကျူးရဘဲလျက် အကျွန်ုပ်ကို အဘယ်ကြောင့် လာပြီ-သူယုတ်မာဟု ဆိုဘိသနည်း"

ဟု သံတော်ဦးတင်လိုက်လေရာ ထိုအခါမှ သူယုတ်မာအဖြေကို မင်းကြီးသိတော်မူသဖြင့် ဪ- သူယုတ်မာဆိုတာ ငါပါပဲကလား။ နှစ်ယောက်သားတိုင်ပင်တီးတိုးပြောဆိုနေရာ ငါသွားမိသကိုးဟု ပြုံးရယ်ကာ အကြောင်းစုံကို ပညာရှိ အမတ်ကြီး ကာလိဒါသကို ပြောရပါသတဲ့ဗျာ"

(မုံရွာမြို့ သပြေပင်တောရ
*အရှင်ကေဝလာဘိဝံသ၏*
*ကလျာဏမိတ္တကျမ်းမှ*)

"အင်း- ခင်ဗျားသူယုတ်မာဝတ္ထုက ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ကိုဆိုင်ရာ။ ကာလိဒါသပြောတဲ့ နံပါတ် (၃) မှာ မိမိကိုယ်ကို ထုတ်ဖော်ချီးကြူး အဘိမာန်တရားဖြင့် ဝါကြွားပလွှားမပြောမဆိုပါဘူးဆိုတာလေ"

"ဪ - ဟုတ်သားပဲ။ ဘုရားဟောဒေသနာအဆိုနဲ့လည်း ညီပါပေရဲ့"

"ဟုတ်ပါတယ် ဒါပေမယ့် နံပါတ် (၅) က နှစ်ယောက်သား တိုင်ပင်နှီးနှောစကားပြောတဲ့နေရာ သုံးယောက်ဖြစ်အောင်သွားမိလို့ သူယုတ်မာဖြစ်တာတော့ မကြားဘူးတာ အမှန်ပဲဗျာ"

"ဒါလည်း တစ်မျိုးတစ်ဖုံ မှတ်သားရတာပေါ့။ ဗဟုသုတရပါတယ်။ ကျေးဇူးလည်းများပါတယ်"

"ကျေးဇူးများတယ်၊ ဒီထက်ကျေးဇူးများအောင်ပြောဦးမယ်ဗျာ"

"ဘာကျန်သေးလို့တုံး"

"သူယုတ်မာဖြစ်ရတာဘာကြောင့်ထင်လဲ"

"ခင်ဗျားပဲပြောစမ်းပါ"

"သူယုတ်မာဖြစ်ရတာ မာနကြောင့်ဗျ။ မာနကိုအကြောင်းပြုပြီးဟောထားတဲ့တရား။ မာနကြီးရင် အမျိုးယုတ်ညံ့ဖြစ်တတ်တယ်။ မာနကိုချိုးနှိမ်ရင် အမျိုးမြတ်မှာဖြစ်ရတယ်ဗျ။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးက ဒီလို မိန့်သဗျ။

*ဍ မာန်မာနကြွယ်၊ ထိုသူဝယ်၊*
*မျိုးနွယ်ညံ့မည်ကို*
*ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊*
*အမျိုးမြတ်သကို - တဲ့"*

"ခင်ဗျားကတော့ ပြောကောင်းကောင်းနဲ့ပြောနေ။ နံရံကနာရီလည်း ဘယ်အချိန်ဆိုတာကြည့်ဦးဆရာ"

ဆိုတဲ့စကား မိတ်ဆွေကြီးဆီက ကြားမှ နာရီကိုကြည့်လိုက်မိသည်။

"ဟုတ်သားပဲ (၁၁) နာရီထိုးနေပြီကို"

ဟု ရေရွတ်မိလိုက်ပါသည်။

"ကဲဗျာ - အချိန်က ထွေရာလေးပါးပြောတာနဲ့ ဒီနေ့အချိန်ကုန်သွားပြန်ပြီ။ နောက်အပတ်မှ ဗုဒ္ဓဝန္ဒနာနှင့် ဗုဒ္ဓါနုဿတိဘာဝနာကို ဆက်ကြစို့ဗျာ"

ဟု ပြောဆိုကာ ဆွေးနွေးပွဲကို ရပ်လိုက်ရပါသည်။

"ဒီလိုဆိုပြန်မယ်ဗျာ"

"ဟုတ်ကဲ့ - ကောင်းပါပြီဗျာ"

ဟု ဆိုကာ သူ့အား ဝင်းတံခါးပေါက်ထိ လိုက်ပို့လိုက်ပါသည်။ နောက်အပတ်လည်း မပျက်မကွက်လာခဲ့ဖို့ ဖိတ်လိုက်ပါသည်။

"စိတ်ချ စိတ်ချ၊ မဖိတ်လည်းလာမှာ"

ဟု ဆိုလျက် စက်ဘီးကလေးစီးကာ ပြန်သွားသည်။

သူပြန်သွားသည်ကို မိမိမှာ တံခါးမပိတ်သေးဘဲ မျက်စိတစ်ဆုံးကြည့်နေမိ၏။ စက်ဘီးကလေးက ဟိုယိုင်ဒီယိုင်။ သူ့ကိုယ်လည်း သူမနိုင်တနိုင် ဟိုယိုင်ဒီယိုင် သူ့ကိုယ်လည်း သူမပိုင် ဪ - ကိုဆိုင်၊ ကိုဆိုင် ဟု တွေးနေမိသည်။ ကြည့်နေသည့်သူ စက်ဘီးကလည်း မြင်ကွင်းက ပျောက်သွား၏။ မမြင်ရတော့။ ဪ - ငါ့ကိုယ်လည်း ငါမပိုင်ပါလားဟု တွေးမိရင်း ဝင်းတံခါးပိတ်ပြီး သံဝေဂတရားလေးနှင့် အိမ်ဘက်သို့ တစ်လှမ်းချင်းလှမ်းပြန်ခဲ့ရ၏။ မိမိခြေလှမ်းများမှာလည်း ဘာထူးသေးလို့လဲ မခိုင့်တခိုင် ဟိုယိုင်ဒီယိုင် သာခွေယိုင်ပါပဲလေ။

ညွှန့်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ဘဝတွင် သူတော်စင်ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံကြုံတွေ့ခွင့်ရရှိခဲ့သမျှကို စာရေးသားပြီးဖော်ပြရန် တိုက်တွန်းနိုးဆော်ခဲ့သော ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင် မြတ်စွာဘုရားမှ ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးအားလည်းကောင်း၊ စာရင်းစစ်ဦးမြင့်ဝင်းနှင့် စာရေးကြီး ဦးထွန်းမြင့်တို့အားလည်းကောင်း ကျွန်ုပ်စာရေးတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သောအခါတွင် ညီအစ်ကိုတပည့်အရင်းကဲ့သို့ စေတနာအပြည့်နှင့် စာရေးပုံရေးသားနည်းများကို အတွေ့အကြုံသဘောရ အချိန်ယူကာ ရှင်းပြသင်ကြားပေးသော စာရေးဆရာ ရွှေစိုး၊ ဦးအောင်သုခနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးတို့ကို ဤစာမူဖြင့် ရှိသေလေးစားစွာ လက်ဆယ်ဖြာထိပ်မှာမိုး၍ ဦးချဂါရဝပြုပါသည်။

အဘဝ

(သာသနာ့အလင်းရောင်)

❑

ဂန္ဓာရီပညာနှင့် အထက်လမ်းထွက်ရပ်ပေါက်ဝိဇ္ဇာပညာ ဟူသည် အမှန်တကယ်ရှိသောပညာရပ်ဖြစ်သည်။ ဂန္ဓာရီထွက်ရပ်လမ်းဝိဇ္ဇာအတတ်ပညာသည် ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကပင်ရှိခဲ့ကြောင်း ညွှန်ပြသည့် ခိုင်မာသည့်အချက်မှာ သုတ်သီလက္ခန်ပါဠိတော်ကေဝဋ္ဋသုတ်၌ 'အတ္တိခေါ်သော ဂန္ဓာရီနမဝိဇ္ဇာ' ဒေသနာတော်လာရှိခဲ့ပါသည်။

ဂန္ဓာရီမည်သော အတတ်ပညာသည်ရှိ၏။ စိန္တာမဏိမည်သောမန္တန်သည်လည်းရှိ၏။ အထူးထူးဆန်းပြားသော တန်ခိုးကိုလည်း ဖန်ဆင်းနိုင်၏။


# အဘဝ
## (သာသနာ့အလင်းရောင်)
## မင်းခေါင်ကိုအထင်မမှားလေနဲ့ သတ္တဝါ ရင်ဝယ်သားလို့ပ အဝါဝါကယ်တာမှားခဲ့ပေါ့ ဆယ်ရာတဲ့ပွဲ






www.burmeseclassic.com


www.burmeseclassic.com



အောင်မြေတတ်ပေါင်းနုသဗ္ဗညုစေတီတော်
(မြင်တွေ့ရသောဂူတွင် မဟာဗောဓိမြိုင်ဆရာတော်ကြီး လူဘဝက
အဓိဋ္ဌာန်ဝင်ကာ ကျင့်ကြံအားထုတ်ဖူးသည်)



ဥတ္တမလာဦးစေတီတော်



ဥတ္တမလာဦးစေတီတော်မှ သာသနာ့အထင်းရောင်ဘုရားရှင်ကိုယ်တော်မြတ်ကြီး



သူတစ်ပါး၏စိတ်ကိုလည်းသိနိုင်၏ -

ဟု ဟောကြားတော်မူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကပင် ဂန္ဓာရီအတတ်ပညာနှင့် ဝိဇ္ဇာများရှိခဲ့ကြောင်း ထင်ရှားပါသည်။ မြတ်စွာဘုရားရှင် ဆယ်ဝါအရတွင် ပုလလဲခေါ် ပါလိလေယျကတောတွင် ဝါကပ်တော်မူစဉ်အခါ မဟိန္ဒကျိုးမင်းမြတ်က စံကားဝါဝန်းသုံးပွင့်လှူဒါန်းသဖြင့် -

"ငါ၏ သာသနာတစ်ခေတ်တွင် သိကြားဝိဇ္ဇာများစောင့်ရှောက်မည်"

ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့ပါသည်။

- *မင်းခေါင်ကို အထင်မများလေနဲ့*
  *သတ္တဝါရင်ဝယ်သားလိုပ*
  *အခါခါကယ်တာများခဲ့ပေါ့ . . .*

သာသနာပြုခရီးလမ်းကိုလျှောက်လှမ်းနေကြသည့် ဂန္ဓာရီပုဂ္ဂိုလ်များအနေနှင့် သာသနာပြုရာမှာ သူတကာထက် ထူးထူးကဲကဲ သာသနာပြုနေတာကြောင့် လေးစားကြည်ညိုပြီး ဆရာသခင်ကဲ့သို့ အလေးပေးခြင်းခံရသူကတော့ သာသနာပြုပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သည့် အဘအောင်မင်းခေါင်ပဲ ဖြစ်ပါသည်။ တကယ်တော့ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ အဘအောင်မင်းခေါင်လို သာသနာ့အကျိုးကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကျော်များစွာ ပေါ်ထွန်းလာခဲ့တဲ့အထဲ



www.burmeseclassic.com

www.burmeseclassic.com




စာရေးသူမိသားစု ဆွမ်းဆန်စိမ်းဆက်ကပ်လှူခါနီးနေစဉ်



စာရေးသူနှင့်မွေးမိတ်ဆွေများ သံဃာတော်များအား ဆွမ်းဆန်စိမ်းကပ်လှူနေစဉ်





မှာ အဘအောင်မင်းခေါင်သည် ဗုဒ္ဓဘုရားရှင်၏ တရားလမ်းစဉ်အတိုင်း တရားထူးတွေကို သူတကာထက် ထူးထူးကဲကဲ ကျင့်ကြံအားထုတ်ခဲ့ရာမှ အသိထူးတွေနှင့် သိဒ္ဓိထူး တွေရရှိထားသည့်ပုဂ္ဂိုလ်ထူးတစ်ဦးဟုပြောရမှာ ဖြစ်သည်။

တစ်နည်းအားဖြင့် -

ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ ဆိုသည့်အတိုင်း တရားတော်ကို ထူးထူးကဲကဲ ကျင့်ကြံအားထုတ်ခဲ့သူမို့ တရားတော်ကလည်း အဘအောင်မင်းခေါင်ကို ထူးထူးမြတ်မြတ် စောင့်ရှောက်ခြင်းကို ခံနေရသူတစ်ဦးဆိုရင်လည်း မမှားပေ။ အဘအောင်မင်းခေါင်သည် အကျင့်ထူး၍ အသိထူးတွေရရှိထားသည့် အံ့ဩဖွယ်သိဒ္ဓိထူးတွေရှိနေသော ပုဂ္ဂိုလ်ကြီးဟုလည်း ပြော၍ရပါသည်။

အဘအောင်မင်းခေါင်သည် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက် သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူပြီးနောက် ကိုလိုနီနယ်ချဲ့လက်အောက်သို့ မြန်မာပြည်ကြီးကျရောက်ခဲ့ရာမှ အမျိုးဘာသာသာသနာအရဝါဒခြားသူတွေရဲ့လက်အောက်မှာ အမျိုးဘာသာသာသနာ မပျောက်ကွယ်စေဖို့အတွက် သာသနာပြုအဖွဲ့ကြီးဖွဲ့စည်းကာ သာသနာပြုပုဂ္ဂိုလ်များစွာက ဗုဒ္ဓသာသနာတော်ကြီး ရောင်ဝါမမှိန်ဘဲ ထွန်းလင်းတောက်ပစေဖို့နှင့် သာသနာ့အောင်ပန္နက်တွေရိုက်နှိပ်နိုင်ဖို့အတွက် ပါရမီရှင် သာသနာပြု သူတော်စင်များစွာ ပေါ်ထွန်းခဲ့ကြပါသည်။ အဲဒီလို ပေါ်ထွန်းခဲ့သည့် ပုဂ္ဂိုလ်ကျော်တွေထဲမှာ အဘ၏တပည့်တစ်ဦးဖြစ်သည့် ရသေ့ကြီးဦးခန္တီနှင့် အဘအောင်မင်းခေါင်တို့သည် သာသနာ့ဓာတ်တိုင်တွေကို မြိုင်မြိုင်ကြီး စိုက်ထူနိုင်ခဲ့ကြသည့် သာသနာ့စွမ်းဆောင်ရှင် သူတော်စင်ကြီးတွေဟု ပြောရမှာဖြစ်ပါသည်။ အဲဒီလို သီလစင်ကြယ်ပြီး အသိထူးနှင့်သိဒ္ဓိထူးတွေရရှိထားတဲ့ အဘအောင်မင်းခေါင်လို ထွက်ရပ်ပေါက်သူတော်စင်ပုဂ္ဂိုလ်ထူးတွေဟာ မြန်မာပြည်ကြီး၏ ရာဇပလ္လင်ပေါ်သို့ မြန်မာတို့က မျောက်ဟုခေါ်သည့် ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့ နန်းတက်ထိုင်ကာ အုပ်ချုပ်နေသော အချိန်ကာလတွင် မြန်မာပြည်ကြီးတစ်ခုလုံးနှင့် ဝေနေယျသတ္တဝါတွေအားလုံးကို ကယ်တင်နိုင်ရန်အတွက် သိဒ္ဓိရှင်မဟာဒိဗ္ဗရှင်



www.burmeseclassic.com

www.burmeseclassic.com









ဘိုးတော်အောင်မင်းခေါင်သည် ၁၃၀၀ ပြည့်နှစ်တွင် ပုပ္ပားတောင်သို့ ကြွရောက်လာပြီး ပုပ္ပားတောင်ကလပ်ပေါ်တွင် ဇဟိုသာသနာပြုစခန်းအဖြစ် နန်းထိုင်ကာ သာသနာတော်ကြီးနှင့် မြန်မာပြည်ကြီးကို ကိုလိုနီနယ်ချဲ့လက်အောက်က ကယ်တင်နိုင်ရန်အတွက် အဘတို့လို သူတော်စင်ပုဂ္ဂိုလ်ကြီးတွေဟာ သာသနာပိုင်းဆိုင်ရာ၊ ဝိဇ္ဇာပိုင်းဆိုင်ရာတွေဘက်မှာ ပါဝင်လာခဲ့ရပါသည်။

- *မုန့်လုံးကိုစက္ကူကပ်*
  *ကြာကလပ်နဲ့ဆွမ်းတော်တင်*
  *ပလ္လင်ပေါ်ကမျောက်ကလေး*
  *ဆင်းတယ်လို့ပြေး . . .*

ဟူသော အတိတ်တဘောင်စကားအရ အဘအောင်မင်းခေါင်သည် ၁၃၁၄ ခုနှစ်တွင် ဓာတ်ယတြာဆင်ကာ မျောက်ဟုခေါ်သော ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်ကို မြန်မာတို့၏ ရာဇပလ္လင်ပေါ်ကဆင်းပြေးရအောင် ဝိဇ္ဇာတို့၏ အတတ်ပညာများဖြင့် မြန်မာပြည်ကြီးနှင့် ခုနစ်ရက်သားသမီးအပေါင်းတို့ကို ကယ်တင်နိုင်ရန်အတွက် 'ကြာကလပ်' ဟူသော တဘောင်စာသားအရ ပုပ္ပားတောင်ကလပ်ကြီး၌ 'မုန့်လုံး' ဆိုသောကြောင့် ကမ္ဘာလုံးကိုတင်၍ ဆွမ်းတော်တင်နိုင်ရန်အတွက် ထိုကမ္ဘာလုံးပေါ်တွင် ဘုရားတည်ကာ ဓာတ်ယတြာပြုလုပ်၍ ဆွမ်းတော်တင်ခဲ့ပြီး ကိုလိုနီနယ်ချဲ့တော်လှန်ရေးတွင် ဝိဇ္ဇာအသိဝိဇ္ဇာပညာများဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် -

- *ဘုရားလေးငယ်ငယ်*
  *ကိုးတောင်ပြည့်တည်*
  *ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား*
  *ဓာတ်ကောလီသုံးဆယ်*
  *ကူးအောင်ကွယ် ဖူးကြအများ . . .*

ဟူ၍သော ကြေညာစာတမ်းကို မြန်မာပြည်အနှံ့ ဖြန့်ဝေပြီး ကိုးတောင်ပြည့် ကိုးနဝင်းစေတီတော်တွေတည်ကာ ကိုးကွယ်ကြဖို့ အဘအောင်မင်းခေါင်နှိုးဆော်ခဲ့ပါသည်။ ဒီကြေညာစာတမ်းကို ကြည့်မည်ဆိုလျှင် ကိုးနဝင်းကိုးတောင်ပြည့်စေတီတည်ဖို့ လှုံ့ဆော်ပြီးနှိုးဆော်သည်ဟု အပေါ်ယံမြင်တွေ့ရပေမယ့် တကယ့်ကို နက်နက်ရှိုင်းရှိုင်းစဉ်းစားပြီး တွေးတောကြည့်မယ်ဆိုလျှင် အဘအောင်မင်းခေါင်သည် ‘ခုနစ်ရက်သားသမီးများကို ကပ်သုံးပါးမှ ကျော်လွှားနိုင်အောင် ဓာတ်ယတြာအနေနှင့်

www.burmeseclassic.com

တိုးတောင်ပြည့် ကိုးနဝင်းစေတီတွေကို နေရာအနှံ့အပြား၌ တည်ထား ကိုးကွယ်စေကာ မြန်မာပြည်သူပြည်သားများကို ဘုရားဒါယိကာ၊ ဒါယိကာမများဖြစ်စေရန်နှင့် ကုသိုလ်ရစေရန်အတွက် ကုသိုလ်ဓာတ်တွေဖွင့်ပေးခဲ့ကာ သူကိုယ်တိုင်ပင် ကျင့်ကြံအားထုတ်ခဲ့ပြီး တကယ့်လက်တွေ့ အကျိုးခံစားနေရတဲ့ သမထ၊ ဝိပဿနာနှင့် ကမ္မဋ္ဌာန်းတရားများကို ခုနစ်ရက်သားသမီးများ သဘောပေါက်နားလည်သိရှိပြီး တရားဖက်ကာ တရားအသိတွေရှိလာစေရန်နှင့် သာသနာတော်အတွက် အားအင်များဖြစ်လာစေရန် ရှေ့ဆောင်လမ်းပြ ပြုလုပ်ပေးခဲ့ပါသည်။

ထိုမျှမကသေး -

□ *ဓာတ်ပေါင်းဘုရား တည်စိုက်ထား မြို့ရွာအမြန် အေးလတ္တံ့. . .*


ဟူသော အတိတ်တဘောင်စာသားအတိုင်း အဘအောင်မင်းခေါင်သည် သူ၏ တပည့်သားသမီးတွေကို ဓာတ်ကျရာမြို့ရွာများမှာ ဓာတ်ပေါင်းစုစေတီတည်ထားကိုးကွယ်ကြဖို့အတွက်နှင့်သာသနာ့ဓာတ်ပန္နက်ရိုက်ရန်အတွက် နှိုးဆော်ခဲ့ကာ မြို့ကြီး (၈၀) ကျော်၊ ကျေးရွာပေါင်း (၄၀၀၀) ကျော်တို့တွင် ကိုးတောင်ပြည့်ကိုးနဝင်းစေတီနှင့် ဓာတ်ပေါင်းစုစေတီများကို တည်ထားကိုးကွယ်ကာ သာသနာတော်ကြီးအဓွန့်ရှည်စွာ တည်တံ့နိုင်စေရန်နှင့်ခုနစ်ရက်သားသမီးအပေါင်း ကပ်သုံးပါးမှအမြန်ကျော်လွှားနိုင်စေရန် သာသနာ့ဓာတ်ပန္နက်များစွာကိုရိုက်ခဲ့ပါသည်။

ဤကဲ့သို့ သာသနာတော်ကြီးအဓွန့်ရှည်စွာ တည်တံ့နိုင်စေရန်နှင့် မြန်မာပြည်သူပြည်သားခုနစ်ရက်သားသမီးအပေါင်းတို့ကို အမျိုးဘာသာသာသနာအတွက် ရင်ဝယ်သားပမာ ကယ်တင်၍ စောင့်ရှောက်ခဲ့သော ဘိုးတော်အောင်မင်းခေါင်ကြီးကို ယခုအချိန်ကာလ၌ တချို့တချို့သောလူပုဂ္ဂိုလ်များသည် အဘအောင်မင်းခေါင်ကဲ့သို့ ကျေးဇူးကြီးမားလှသော သူတော်စင်ကြီးကို မိမိတို့စိတ်ထင်သလို ပြောင်ပြောင်တင်းတင်းကြီး ဝေဖန်ပြောဆိုနေမှုများကို တွေ့ရှိကြားသိရသဖြင့် ပြောဆိုဝေဖန်နေကြသော သူတော်ကောင်းမိတ်ဆွေတို့အတွက် အကုသိုလ်တွေမဖြစ်ရလေအောင် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး မစော်ကားမပြစ်မှားမိစေရန်၊ မည်သည့်











www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့် ဓမ္မမိတ်ဆွေများ



စာရေးသူနှင့် ဓမ္မမိတ်ဆွေများ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ သာစေနာစေလိုသော စိတ်ဆန္ဒတစ်စုံတစ်ရာ မပါဘဲ ဖြူစင်သော စိတ်စေတနာအမှန်နှင့် အဘအောင်မင်းခေါင်မှ ခုနစ်ရက်သားသမီးအပေါင်းကို ရင်ဝယ်သားသမီးသဖွယ် ကယ်တင်ခဲ့ရပုံ များစွာထဲမှ မပြောပလောက်သောအနည်းအကျဉ်းမျှကိုသာ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ယခု မျက်မှောက်အချိန်ကာလတွင်လည်း ဝေနေယျသတ္တဝါအပေါင်းတို့ကို အဘအောင်မင်းခေါင်သည် အဘနှင့်ပဋ္ဌာန်းဆက်ရှိသူများကို အဘကိုယ်တိုင် မနေ့ဖြင့်လည်းကောင်း၊ အိပ်မက်ဖြင့်လည်းကောင်း ဆက်သွယ်၍ ခုနစ်ရက်သားသမီးအပေါင်းကို ရင်ဝယ်သားပမာ ကယ်လို့ရသမျှ ဆယ်လို့ရသမျှ ကယ်ဆယ်နေပါသည်။

**ပ ဆယ်ရတဲ့ပွဲ**

လွန်ခဲ့သောနှစ် အဘအောင်မင်းခေါင် (၆၂) ကြိမ်မြောက် ပြည်တော်ဝင်အောင်ပွဲမရောက်ခင် ၈-၈-၂၀၁၄ ရက်နေ့ည ကျွန်ုပ်သည် အဘအောင်မင်းခေါင်ပါဝင်သော ထူးခြားသည့်အိပ်မက်အား မက်ခဲ့ပါသည်။ အိပ်မက်မက်ခဲ့ပုံမှာ ဤကဲ့သို့ဖြစ်ပါသည်။

ကျွန်ုပ်သည် အိပ်မက်ထဲ၌ ပုပ္ပားတောင်ကြီး၏တောင်ကြားထဲတွင်ရှိနေသော ရွာတစ်ရွာ၏ ရွာထိပ်သို့ ရောက်ရှိနေပါသည်။ ကျွန်ုပ်၏ ဘေးတွင် အဘအောင်မင်းခေါင်လည်း အတူတကွရှိနေပါသည်။ ထိုကဲ့သို့ အတူတကွရှိနေစဉ် အဘအောင်မင်းခေါင်မှ ကျွန်ုပ်အား -

"ငါ့သား ရော့၊ ဒီမောင်းလေးကို ယူထား။ ပြီးတော့ အခုမြင်နေရတဲ့ ပုပ္ပားတောင်ကြီးရဲ့ ပတ်ပတ်လည်နားမှာနေထိုင်နေတဲ့ရွာတွေကို တစ်ရွာဝင်တစ်ရွာထွက် မောင်းတီးပြီးတော့ အသံကျယ်ကျယ်နဲ့အော်။ မကြာခင် အချိန်ကာလမှာ ဒီပုပ္ပားတောင်ကြီးအနီးတစ်ဝိုက်ကရွာတွေကို သူတို့ရဲ့ရွာတွေနားမှာ မီးလောင်တော့မယ်။ မီးလွတ်ရာကို ပြောင်းကြတော့ဆိုပြီး ရွာထဲမှာနေထိုင်ကြတဲ့ရွာသူရွာသားတွေအကုန်လုံးကြားရအောင် ပြောလိုက်။ ကဲ - ငါ့သား၊ မင်းသွားပြောတော့"

ဟု ကျွန်ုပ်အား ဘိုးတော်အောင်မင်းခေါင်ကြီးက မောင်းကလေးကိုပေး၍ တစ်ရွာဝင်တစ်ရွာထွက် ပုပ္ပားတောင်ကြီး မီးလောင်တော့မည့်အကြောင်းကို မောင်းတီးပြီးလမ်းလျှောက်၍အော်ခိုင်းပါသည်။ ကျွန်ုပ်လည်း အဘအောင်မင်းခေါင်ပြောခိုင်းသည့်အတိုင်း မောင်းကိုတီးကာ -

"ရွာအတွင်းမှာ နေထိုင်ကြကုန်သော ရွာသူရွာသားအပေါင်းတို့ခင်ဗျား၊ မကြာခင်အချိန်ကာလ၌ အသင်တို့၏ ရွာနှင့်နီးသော ပုပ္ပားတောင်ကြီးအနီးတစ်ဝိုက်တွင် မီးလောင်တော့မည်ဖြစ်ပါသောကြောင့် မီးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြပါရန် အဘအောင်မင်းခေါင်ကြီးက ပြောခိုင်းလိုက်ပါသည် ခင်ဗျား ဒူ. . . ဒူ. . . ဒူ"

ဟု မောင်းထုပြီး ကျွန်ုပ်သည် တစ်ရွာဝင်တစ်ရွာထွက်လိုက်လံဆော်ဩနေပါသည်။ ထို့နောက် ကျွန်ုပ်လည်း အိပ်မက်မှလန့်နိုးသွားပါသည်။ ကျွန်ုပ်သည် အိပ်ရာမှထပြီးသည်နှင့် ရေမိုးချိုးသန့်စင်ပြီး ဘုရားရှိခိုးလိုက်ပါသည်။ ထို့နောက် ဇနီးနှင့် နံနက်စာအတူတကွစားသုံးရင်းဖြင့် ညကမက်ခဲ့သောအိပ်မက်အကြောင်း ပြောပြလိုက်ပါသည်။

"အစ်ကို ညက အဘအောင်မင်းခေါင်ကို အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ အဘက ပုပ္ပားတောင်ကြီးအနီးမှာနေထိုင်ကြတဲ့ရွာတွေကို တစ်ရွာဝင်တစ်ရွာထွက်ပြီး ပုပ္ပားတောင်ကြီးမီးလောင်တော့မယ်ဆိုတဲ့အကြောင်းကို မောင်းတီးပြီးလိုက်အော်ခိုင်းတယ်။ ဒါနဲ့ အစ်ကိုလည်း အဘပြောတဲ့အတိုင်း မောင်းတီးပြီးလိုက်အော်တယ်။ ပြီးတော့ အိပ်မက်ကနေလန့်နိုးသွားတယ်၊

ဒီအကြောင်းကိစ္စတွေကို အစ်ကိုတို့က ပုပ္ပားကိုသွားခါနီးပြီဆိုတော့ ပုပ္ပားကိုရောက်ရင် အိပ်မက်ထဲကအတိုင်း ရွာတွေကို လိုက်ပြောပြရင်ကောင်းမလား။ တော်ကြာနေ သူတို့က မယုံကြည်ဘဲ ရွာသူရွာသားတွေက အစ်ကို့ကို အရူးလို့ ပြောရင်ခက်မယ်ဆိုပြီး စဉ်းစားနေတာ"

ဟု ဇနီးအားပြောပြလိုက်ပါသည်။

www.burmeseclassic.com



စာရေးသူနှင့်မွေ့ဓိတ်ဆွေများ သံဃာတော်များအား ဆွမ်းဆန်စိမ်းကပ်လှူစဉ်



စာရေးသူတို့မိသားစု ဆွမ်းဆန်စိမ်းဆက်ကပ်နေပုံ

ထိုအခါ ကျွန်ုပ်၏ဇနီးမှ -

"အစ်ကိုကအိပ်မက်ထဲကအတိုင်း တစ်ရွာဝင်တစ်ရွာထွက်လိုက်ပြီးပြောရင် ရွာသူရွာသားတွေကရွာပြောင်း၊မပြောင်းတော့ မသေချာဘူး။ အစ်ကို့ကို အရူးလို့ပြောမှာကတော့ သေချာတယ်"

ဟု ပြောပါသည်။

ကျွန်ုပ်လည်း စဉ်းစားရကျပ်သွားပြီး ဇနီးဖြစ်သူက အကျိုးအကြောင်း သုံးသပ်ကာ ပြောပြနေသည်မှာ မှန်ကန်မှုရှိနေပါသည်။ သို့သော် ကျွန်ုပ်သည် အဘခိုင်းထားသည့်အတွက် ရင်ထဲ၌ ဘယ်လိုမှနေလို့မရ၊ တစ်ရွာဝင်တစ်ရွာထွက်ကာပြောချင်နေပါသည်။ ထိုကဲ့သို့ ဆုံးဖြတ်ရခက်နေသဖြင့် ကျွန်ုပ်သည် ဥက္ကလာဦးစေတီသာသနာ့အလင်းရောင်ဘုရားသို့ထွက်လာခဲ့ပါသည်။ ဘုရားသို့ ရောက်ရှိသောအခါ ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးကို အရန်သင့်တွေ့ရပါသည်။ ဥက္ကဋ္ဌဦးသိန်းအေးနှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးသဖြင့် အကြံဉာဏ်တောင်းမည်ဟု ဆုံးဖြတ်ကာ ဥက္ကဋ္ဌ ဦးသိန်းအေးအား ကျွန်ုပ်မှ -

"ဥက္ကဋ္ဌ၊ ကျွန်တော် စကားနည်းနည်းပြောချင်တယ်၊ အကြံဉာဏ်လည်း တောင်းချင်တယ် အချိန်ရမလား"

"အချိန်ရပါတယ်။ ပြောပါ၊ နားထောင်ပြီးတော့ အကြံပေးရတာပေါ့"

ထိုအခါ ကျွန်ုပ်သည် ညက အိပ်မက်မက်ခဲ့ပုံအကြောင်းစုံကို ပြောပြလိုက်ပါသည်။

ထိုအခါ ဥက္ကဋ္ဌမှ -

"အင်း- အဘအောင်မင်းခေါင်လို သူတော်စင်ပုဂ္ဂိုလ်ကြီးတွေဟာ ငါတို့လို ပုထုဇဉ်လူသားတွေ မသိနိုင်သေးတဲ့ အကြောင်းကိစ္စတွေကို ကြိုတင်ပြီးသိမြင်နိုင်တဲ့ သူတော်စင်ကြီးတွေပဲ။ သူတို့က အကြောင်းရှိလို့ မင်းကိုပြောခိုင်းတာ။ ဒါကို မင်းက အိပ်မက်ထဲကအတိုင်း တစ်ရွာဝင်တစ်ရွာထွက်လိုက်ပြီးပြောရင် ယုံကြည်မှုရှိရင်တော့ ကောင်းတာပေါ့။ မယုံကြည်ဘူးဆိုရင် မင်းကိုအရူးလို့ပြောကြမှာတော့ အသေအချာပဲ"

ဟု သုံးသပ်ပေးသောအခါ ကျွန်ုပ်မှ -

"ဟုတ်တယ် ဥက္ကဋ္ဌ၊ ကျွန်တော်လည်း ဒီအချက်ကိုပဲစဉ်းစားနေတာ။ ဘာလုပ်ရင်ကောင်းမလဲဆိုပြီး။ မပြောလို့တလည်း မဖြစ်ဘူး၊ အဘအောင်မင်းခေါင်တာဝန်ပေးထားတာ။ လိုက်ပြီးပြောပြန်ရင်လည်း အရူးလို့အပြောခံရမှာဘာဆက်ပြီးလုပ်ရင်းကောင်းမလဲ။ဥက္ကဋ္ဌ စဉ်းစားပေးပါဦး"

ထိုအခါ ဥက္ကဋ္ဌ ဦးသိန်းအေးက ခေတ္တခဏစဉ်းစားလိုက်ပြီး ဤကဲ့သို့ ပြောပါသည်။

"ဒါဆိုရင် အခုပြောမယ့်တစ်နည်းပဲရှိတော့တယ်။ ပုပ္ပားတောင်အနီးတစ်ဝိုက်မှာ ဒေသခံလည်းဖြစ်ရမယ်၊ ရွာသူရွာသားတွေကလည်း လေးစားကြည်ညိုပြီး နားဝင်အောင်ပြောပြနိုင်တဲ့လူရှိလား မင်းစဉ်းစားကြည့်"

ကျွန်ုပ်သည် ခေတ္တခဏစဉ်းစားလိုက်ပြီး -

"ဟာ - အခုမှသတိရတယ်။ ပုပ္ပားတောင်ကလပ်နားမှာနေတဲ့ စံအိမ်သူ ညွှန့်ဂေဟာကပိုင်ရှင် အမေဒေါ်နီလာဆိုတာရှိတယ်။ သူက စိတ်သဘောထားကောင်းတော့ မျှောက်စာရောင်းတဲ့သူ၊ ပန်းရောင်းတဲ့သူနဲ့ ငှက်ပျောသီး၊ အုန်းသီးရောင်းတဲ့ ပုပ္ပားအနီးအနားက ရွာသူရွာသားအားလုံးက သူ့ကိုချစ်ခင်ကြည်ညိုပြီး လေးစားကြတယ်။ သူနဲ့တော့ ကျွန်တော် ရင်းနှီးတယ်"

ဟုပြောလိုက်သောအခါ ဂေါပကဥက္ကဋ္ဌမှ ကျွန်ုပ်ကို -

"အေး - ဒါကအဓိကအချက်ပဲ။ မင်းက အိပ်မက်ထဲကအတိုင်း တစ်ရွာဝင်တစ်ရွာထွက်လိုက်ပြီးတော့မပြောချင်ရင် အဲဒီ ဒေါ်နီလာဆိုတဲ့ မင်းရဲ့အသိမိတ်ဆွေကို အဘအောင်မင်းခေါင်ကြီးက အိပ်မက်ထဲမှာ မင်းကိုပြောခိုင်းတယ်ဆိုပြီး အကျိုးအကြောင်းရှင်းပြလိုက်၊ ယုံတာ၊ မယုံတာကတော့ သူ့အကြောင်းနဲ့သူတို့ကံပေါ့။ ဒီလိုပြောလိုက်ရင် မင်းလည်း တာဝန်ကျေသွားပြီး ရင်ဘတ်ထဲမှာ ပေါ့သွားတာပေါ့ကွာ"

ဟု အကြံပေးလေသည်။

"ဟာ - ဒီအကြံအရမ်းကောင်းတယ် ဥက္ကဋ္ဌ၊ ကောင်းလိုက်တဲ့အကြံပဲ။ ကျေးဇူးတင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးအား နှုတ်ဆက်တာ အိမ်သို့ပြန်လာခဲ့ပါသည်။ အိမ်သို့ရောက်သောအခါ ဇနီးဖြစ်သူအား အကြောင်းစုံကိုပြောပြလိုက်သောအခါ -

"ကြည့်လည်းလုပ်ပါဦး။ တော်ကြာနေ့ အစ်ကို့ကို တစ်မျိုးထင်နေဦးမယ်"

ဟု တားမြစ်ချင်သည့်လေသံနှင့် ပြောပါသည်။

"ထင်ချင်လည်းထင်ပေါ့ကွာ။ ငါ့ကို အဘအောင်မင်းခေါင်က တာဝန်ပေးထားတာ မပြောလို့မဖြစ်ဘူး။ ဒီကိစ္စကို ငါမပြောရရင် ငါနေလို့ထိုင်လို့ရမှာမဟုတ်ဘူး။ ရင်ဘတ်ထဲမှာ တင်းကျပ်နေတယ်။ အခုလိုမျိုးပြောမယ်လို့ စိတ်ဆုံးဖြတ်လိုက်မှ ရင်ဘတ်ထဲမှတင်းကျပ်နေတဲ့အလုံးကြီးကျသွားတော့တယ်"

သည်လိုနှင့်ပင် ကျွန်ုပ်တို့သည် အဘအောင်မင်းခေါင်၏ (၆၂) ကြိမ်မြောက် ပြည်တော်ဝင်အောင်ပွဲကျင်းပရာ သူတော်ကောင်းကြီးများပျော်စံသော ပုပ္ပားတောင်ကလပ်ကြီးသို့ ရောက်ရှိခဲ့ပါသည်။ ပုပ္ပားတောင်ကလပ်သို့ရောက်ရှိသည်နှင့် စံအိမ်သူဧည့်ဂေဟာပိုင်ရှင်ဖြစ်သူ အမေ ဒေါ်နီလာအား ကျွန်ုပ်မက်ခဲ့သော အိပ်မက်အကြောင်းကို ကျွန်ုပ်၏ဇနီးအလစ်၌ အကြောင်းစုံကို စုံလင်အောင် ပြောပြလိုက်ပါသည်။ ထိုသို့ပြောပြီးသည်နှင့် နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် ပုပ္ပားတောင်ကလပ်ရှိ အဘအောင်မင်းခေါင် ကြေးရုပ်တုကြီး၌ ဇုက်ပျောဖီး (၁၀၈) ဖီးပါ ကန်တော့ပွဲအား ဆက်ကပ် လှူဒါန်းခဲ့ပြီး ရွှေမကျီးတောအောင်မြေတွင်လည်း (၁၀၈) ဖီးပါ ကန်တော့ပွဲကို ဆက်ကပ်လှူဒါန်းကာ မနက် (၁၀) နာရီတွင် ပုပ္ပားတောင်ကြီးမှ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ ရန်ကုန်သို့ ရောက်ရှိပြီး (၄) လခန့်အကြာ၌ ပုပ္ပားတောင်ကြီး၏ အနီးတစ်ဝိုက်တွင် မီးလောင်သည်ဟု သတင်းကြားရပါသည်။ (၄) ရက်အထိ မီးလောင်ပြီးမှ မီးငြိမ်းသွားကြောင်း သိရှိခဲ့ရပါသည်။ယခုအချိန်အခါ၌လည်း မြန်မာပြည်ကြီးတွင် သဘာဝဘေးအန္တရာယ် ရေဘေးကပ်ဆိုးကြီးနှင့် ကြုံတွေ့နေရသော အချိန်အခါဖြစ်ပါသည်။ ရေဘေးကယ်ဆယ်ရေး၌လည်း ကျွန်ုပ်တို့မိသားစုသည် တတ်အားသရွေ့ သဒ္ဓါရှိသလောက် ထောက်ပံ့လှူဒါန်းမှုများစွာကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

အဘအောင်မင်းခေါင်၏ (၆၃) ကြိမ်မြောက် ပြည်တော်ဝင်အောင်ပွဲကြီးနီးကပ်လာချိန် ဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်တော်ဝင်အောင်ပွဲကြီးနီးကပ်လာသောအချိန်ကာလ ၁၁-၉-၂၀၁၅ ရက် ညသို့ ကျွန်ုပ်သည် မနှစ်ကနည်းတူ အဘအောင်မင်းခေါင်နှင့် အိပ်မက်ထဲတွင် ဆုံစည်းခွင့်ရ၍ အဘအောင်မင်းခေါင်မှ ဤကဲ့သို့ မိန့်ကြားခဲ့ပါသည်။

အိပ်မက်ထဲ၌ ကျွန်ုပ်သည် ပုပ္ပားတောင်မကြီးအနီးရှိ ရွာတစ်ရွာ၏ လမ်းလေးခွဆုံသောနေရာသို့ ရောက်ရှိနေပါသည်။ ထိုလမ်းလေးခွဆုံသောနေရာတွင် ကလေး၊ လူငယ်၊ လူရွယ်နှင့်လူကြီးများပါမကျန် ဝိုင်းအုံ၍ကြည့်ရှုနေကြပြီး လူအုပ်ကြီးအားလုံးက ရယ်မောနေကြပါသည်။ ကျွန်ုပ်သည် ထိုကဲ့သို့မြင်တွေ့ရသောအခါ စပ်စုချင်သောစိတ်ဖြင့် လူအုပ်ကြီးထဲသို့ အတင်းတိုးဝှေ့ကာ -

"နည်းနည်းလောက်လမ်းဖယ်ပေးကြပါ။ ကျွန်တော်လည်းကြည့်ချင်လို့ပါ"

ဟုပြော၍ လူအုပ်ကြီးထဲသို့တိုးကာတိုးကာဖြင့် လူအုပ်ကြီး၏အရှေ့ဆုံးသို့ ရောက်ရှိသွားပါသည်။ ထိုကဲ့သို့ လူအုပ်ကြီးက ဝိုင်းအုံကြည့်ပြီး ရယ်မောနေကြခြင်းမှာ သူတို့၏အလယ်ကောင်၌ ဆံပင်စုတ်ဖွားဖွားနှင့် ပင်နီတိုက်ပုံအင်္ကျီကိုဟ၍ဝတ်ဆင်ထားသော ချည်ပုဆိုးအကြမ်းကွက်ကြီးဖြင့် စိတ်ဝေဒနာသည်ကြီးတစ်ဦး ကပြဖျော်ဖြေနေပါသည်။ ထိုလူကြီးကပြဖျော်ဖြေနေသည်မှာ ဤကဲ့သို့ ဖြစ်ပါသည်။

"မိတ္ထီလာကန်တော်အောက်က×× ဖားကောက်ခဲ့ပါ×××ဂျိဗေဂျိ××× ဂျိဗေဂျိ×××

ဖားဆိုတာ ××× ငါးပါတွ ××× ဂျိဗေဂျိ ××× ဂျိဗေဂျိ ×××

ငါးပါးပဥ္စလီ××× ခါးဝတ်မှာချည် ××× ဂျိဗေဂျိ ××× ဂျိဗေဂျိ ×××

ဆွမ်းဆန်စိမ်းမှာ×××တစ်ထောင်ကိုလှူပြီး ××× ဒီကပ်ကိုကျော်မည် ××× ဟေ့"

ဟု ညာဘက်လက်ကို အထက်သို့ ဆန့်ထုတ်ကာနှုတ်မှရွတ်၍ကပြဖျော်ဖြေနေပါသည်။ မည်သို့ပင်ဆိုစေကာမူ စိတ်ဝေဒနာသည်ပုံစံဖြင့်ကပြနေသော ထိုပုဂ္ဂိုလ်ကြီးသည် ဘိုးတော်အောင်မင်းခေါင် အမှန်တကယ်ဖြစ်နေမှန်း စိတ်ထဲကနေ အလိုလိုသိနှင့်နေ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် အဘအောင်မင်းခေါင်ကြီးအား စိတ်ထဲမှပင်အာရုံပြု၍ မနောဖြင့် အဘကို လျှောက်ထားလိုက်ပါသည်။

"အကျွန်ုပ်သည် အဘအောင်မင်းခေါင်ကြီး၏ သားတပည့်ဖြစ်သည်ဟု ခံယူထားပါသည်။ ယုံလည်းယုံကြည်ပါသည်။ အဘအောင်မင်းခေါင်နှင့်အတူ လက်တွဲပြီး သာသနာတော်ကြီးအတွက် လိုအပ်သောအခန်းကဏ္ဍမှ တစ်ထောင့်တစ်နေရာ၌ အဘအောင်မင်းခေါင်ကြီး မိန့်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု အဓိဋ္ဌာန်ပြုထားပါသည်။ ဤသစ္စာစကားသည် အမှန်ပင်ဖြစ်ပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ယခု ကျွန်ုပ်၏အရှေ့၌ ကပြဖျော်ဖြေနေသောပုဂ္ဂိုလ်ကြီးသည် အဘအောင်မင်းခေါင်ကြီး ဧကန်စင်စစ် အမှန်ပင်ဖြစ်ပါက အကျွန်ုပ်အား ထင်ရှားစွာပြသပေးပါ ဘိုးတော်အောင်မင်းခေါင် ခင်ဗျား"

ဟု မနောဖြင့် သစ္စာဆိုပြီး လျှောက်တင်လိုက်လေသည်။

ထိုအခါ လူအုပ်ကြီးအား ကပြဖျော်ဖြေနေသောထိုလူကြီးသည် ကပြနေသည်မှ ချက်ချင်း ရပ်တန့်လိုက်ပြီး သူ၏လက်နှစ်ဖက်ကို ဘေးသို့ဆန့်ထုတ်လိုက်ပြီး ဝိုင်းအုံ၍ကြည့်နေကြသော လူအုပ်စုကြီးကို -

"နည်းနည်းလေး ဘေးနှစ်ဖက်ကို ဖယ်ပေးကြပါ"

ဟု ပြောလိုက်သောအခါ ကြည့်ရှုနေသောလူအုပ်ကြီးသည် ဘေးတစ်ဖက်တစ်ခြမ်းသို့ အလိုလိုခွဲသွားပြီး အလယ်ကောင်တွင် ကျွန်ုပ်တစ်ဦးတည်းသာ မတ်တတ်ရပ်လျက် ရှင်းရှင်းကြီးကျန်နေပါသည်။ ထိုအချိန်ကျမှ ကပြနေသော အဘအောင်မင်းခေါင်မှ သူဝတ်ဆင်ထားသော တိုက်ပုံအင်္ကျီအိတ်ထဲ လက်နှိုက်ကာ ကျွန်ုပ်၏အရှေ့သို့ အထုပ်တစ်ထုပ်ကို လှမ်းပြီးပစ်လိုက်ပါသည်။ ထိုသို့ အဘပစ်လိုက်သောအထုပ်သည် ကျွန်ုပ်၏အရှေ့သို့ တည့်တည့်ကြီးကျရောက်လာသဖြင့် ကျွန်ုပ်သည် ကောက်ယူလိုက်ပြီးကြည့်လိုက်သောအခါ နှစ်ရာတန်၊ ငါးရာတန်၊ တစ်ထောင်တန်ငွေစက္ကူများကို ရောနှောကာ စည်းထားသော ပိုက်ဆံထုပ်ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။ ပိုက်ဆံအထုပ်ကို ကျွန်ုပ်ကောက်ယူပြီးကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် အဘအောင်မင်းခေါင်ကြီးက ကျွန်ုပ်ကို -

"အေး - ငါ့သား၊ မင်းကောင်း (၁၀) ကျောင်းက သံဃာ (၁၀) ပါးကို

www.burmeseclassic.com

ဆွမ်း ဆန်စိမ်း (၁၀) တောင်းလောင်း လှူရမယ်။ ဆွမ်းဆန်စိမ်းလောင်းလှူတဲ့အခါကျရင် မင်း အဲဒီအထုပ်ထဲက တစ်ထောင်တန်တစ်ရွက်ဆီကို ဆွမ်းဆန်စိမ်း(၁၀)တောင်းထဲကိုထည့်ပြီး လောင်းလှူလိုက်ကြားလား။ အားလုံး (၁၀) တောင်း ဆိုတော့ (၁၀၀၀၀) ပေါ့ကွာ။ အဲဒီလိုမျိုး မင်းအလှူအတန်းလုပ်ပေးလိုက်ရင် အခုကျရောက်နေတဲ့ကပ်ဘေးဆိုးတွေနဲ့ နောင်လာမယ့်ကပ်ဘေးဆိုးတွေကို ကယ်လို့ရတဲ့လူနဲ့ ဆယ်လို့ရသမျှ ဝေနေယျသတ္တဝါတွေအားလုံးကျော်လွှားနိုင်အောင်လို့ မင်းလုပ်ဆောင်ပေးရမယ်"

ဟု ပြောပြီး ကျွန်ုပ်သည် အိပ်မက်မှ လန့်နိုးသွားပါသည်။ ကျွန်ုပ်သည် အဘအောင်မင်းခေါင်ကြီး ပေးသော အိပ်မက်လည်းဖြစ်၊ ကယ်တင်လို့ရသမျှ ကယ်သင့်ကယ်ထိုက်သောသူများတို့ကို ကပ်ဘေးဆိုးမှ ကျော်လွှားနိုင်အောင် ကယ်တင်ပေးသည့်အိပ်မက်လည်း ဖြစ်သဖြင့် အိပ်ရာမှ ချက်ချင်းထကာ ညေ့ခန်းထဲသို့သွား၍ စာအုပ်တစ်အုပ်ထဲ၌ ရေးမှတ်ထားလိုက်ပါသည်။

ထို့နောက် ကျွန်ုပ်သည် နံနက်မိုးလင်းသည်နှင့် ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင် မြတ်စွာဘုရား ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးအား ဖုန်းဖြင့်လှမ်းဆက်၍ အိပ်မက်မက်ခဲ့ပုံ အကြောင်းစုံကိုပြောပြပြီး အလှူအတန်းကိစ္စများကို တိုင်ပင်ဆွေးနွေးလိုက်ပါသည်။

ဂေါပကဥက္ကဋ္ဌမှ -

"ဒီအချိန်က ဆွမ်းဆန်စိမ်းလောင်းလှူတဲ့အချိန်မဟုတ်ဘူးဆိုတော့ မင်းဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ။ ဖြစ်အောင်လုပ်နိုင်တဲ့နည်းကတော့ရှိတယ်။ ပိုက်ဆံတော့ကုန်လိမ့်မယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်အကုန်ကျခံပြီးအလှူပွဲဖြစ်အောင်လုပ်မယ်ဆိုရင်တော့ သံဃာတွေပင့်ပြီး အလှူလုပ်လို့ရတယ်"

ဟု ပြောပြပါသည်။

ထိုကဲ့သို့ပြောသောအခါ ကျွန်ုပ်မှ -

"ကုန်ချင်ကုန်ပလေ့စေ။ ကျွန်တော့်ပိုက်ဆံနဲ့ကျွန်တော်ဖြစ်အောင်လှူမယ်။ အဘမိန့်သွားတဲ့အတိုင်း ခုနစ်ရက်သားသမီးတွေနဲ့ ဝေနေယျသတ္တဝါတွေကို ကယ်တင်ဖို့အတွက် ကျွန်တော်ဆွမ်းဆန်စိမ်းလှူမယ်"

ဟု ခိုင်မာသောဆုံးဖြတ်ချက်အား ပြောလိုက်ပါသည်။

ထို့နောက် ကျွန်ုပ်တို့သည် ဆွမ်းဆန်စိမ်းအလှူပွဲအတွက် စီစဉ်စရာ အလုပ်ကိစ္စများကို ချက်ချင်းပင် စီမံဆောင်ရွက်လိုက်ပါသည်။ အဘအောင်မင်းခေါင်ကြီးမိန့်ကြားခဲ့သည့်အတိုင်းပင် ကျောင်း (၁၀) ကျောင်းမှ သံဃာ (၁၀) ပါးကို တစ်ပါးလျှင် ဆွမ်းဆန်စိမ်း (၁) တောင်းစီ ဆွမ်းဆန်စိမ်း (၁၀)တောင်း လောင်းလှူရန်အတွက် ၂၀-၉-၂၀၁၅ ရက်နေ့ တနင်္ဂနွေနေ့ နေ့လယ် (၂၄၅) မိနစ်အချိန်တွင် လှောင်းလှူမည်ဟု ပင့်ဖိတ်လိုက်ပါသည်။

ဤသို့ဖြင့် အိပ်မက်ထဲ၌ အဘအောင်မင်းခေါင် မိန့်ကြားသွားသည့်အတိုင်း အလှူပွဲနေ့၌ ဓ/တောင်ရပ်ကွက် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ စန္ဒိမာရာမကျောင်းတိုက်မှ ဆရာတော်ဦးစန္ဒိမာအပါအဝင် ပင့်သံဃာစုစုပေါင်း (၁၀) ပါးလည်း ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင်မြတ်စွာဘုရားကြီးတန်ဆောင်းအတွင်းသို့ ကြွရောက်လာပါသည်။ ထို့နောက် ဖိတ်ကြားထားသော ကမ္ဘာအေးဘုရားတိုက်ကြားမင်းခေါင်ဓာတ်ခန်းမှ ဦးတင်လှိုင်နှင့်အဖွဲ့များလည်း ကြိုတင်ရောက်ရှိနေကြပြီဖြစ်သဖြင့် ပရိသတ်အားလုံးမှ ကြည်ညိုသဒ္ဓါ အစချီ၍ ကန်တော့လိုက်ကာ အိပ်မက်ထဲ၌ အဘအောင်မင်းခေါင်ကြီးမိန့်ကြားသွားသည့်အတိုင်း ဝေနေယျသတ္တဝါတွေ ကပ်ဘေးဆိုးတွေမှကျော်လွှားနိုင်အောင် ဆွမ်းဆန်စိမ်းလှူဖွယ်ပစ္စည်းများကို ပင့်ထားသည့်သံဃာ(၁၀)ပါးအား လောင်းလှူပြီး ကပ်ဘေးဆိုးတွေမှ ဆယ်ရသည့်အလှူပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်ကာ လှူဒါန်းလိုက်ပါသည်။ ထိုကဲ့သို့ လှူဒါန်းသောနေ့၌ ထူးခြားနေသည်မှာ အဘအောင်မင်းခေါင်လို သူတော်စင်ကြီးတွေ၏ ပြောကြားချက်ကြောင့်လားမသိ၊ တိုက်ဆိုင်၍ပဲလားမပြောတတ်။ ကျွန်ုပ်တို့ ဆွမ်းဆန်စိမ်းလောင်းလှူသောအလှူပွဲ နေ့၊ ရက်၊ အချိန်နှင့်အတူတူ ၂၀-၉-၂၀၁၅ ရက် တနင်္ဂနွေနေ့ နေ့လယ်အချိန်၌ မန္တလေးမြို့တွင် သံဃာအပါး (၁၀၀၀၀) မြန်မာနိုင်ငံမှ သံဃာ (၉၉၀၀)၊ ထိုင်းနိုင်ငံမှ ပင့်သံဃာ (၁၀၀) စုစုပေါင်း ပင့်သံဃာ (၁၀၀၀၀) တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီး ကျင်းပပြုလုပ်နေသည်ကို တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံပိုင်သတင်းစာတွင် တွေ့ရှိဖတ်ရှုရပါသည်။

ထိုအကြောင်းတရားများတို့ကို လေ့လာသုံးသပ်ရလျှင် ဝေနေယျသတ္တဝါအားလုံးကို ကပ်ဘေးဆိုးတွေမှကျော်လွှားနိုင်ရန်အတွက် အဘအောင်မင်းခေါင်လို သူတော်စင်ပုဂ္ဂိုလ်ကြီးများသည် ဆွမ်းဆန်စိမ်းဟူသော -

ဆွမ်း - ၃
ဆန် - ၃
စိမ်း - ၃
\+ ၉

နဝင်းဓာတ်ကိုဆင်ကာ ဝေနေယျသတ္တဝါများနှင့် ခုနစ်ရက်သားသမီးများ အားလုံးတို့ကို ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ဘေးဆိုးကြီးမှကျော်လွှားပြီး အစာရေစာများပေါများကြွယ်ဝစေရန် ဝိဇ္ဇာအသိဝိဇ္ဇာဉာဏ်ပညာများဖြင့် ဓာတ်အစီအမံယတြာအလှူအတန်းများ ပြုလုပ်ခိုင်းနေပါသည်ဟု -

**မင်းခေါင်ကိုအထင်မမှားလေနဲ့**

- *မမြင်အပ်ရာ မမြင်ရသလိုပ*
*မထင်အပ်ရာ မထင်ရပေဟု*
*အသွင်မလှ အဆင်မပြေ*
*တရားမကြိုက်သူတို့က*
*အမှားစရိုက်ကယ်နဲ့*
*ငါးနိုက်ရာမြွေကိုစမ်း*
*ဖမ်းမိပုံပေ။*
*အဆိပ်တက်ပြန်တော့*
*ထိပ်ထက်၌ဝေတေတေ*
*မဖြေနိုင်ဖိစီး*
*သတင်းရယ်ပြောင်*
*မင်းခေါင်ကိုအထင်မမှားလေနဲ့*
*သတ္တဝါရင်ဝယ်သားလိုပ*
*အခါခါကယ်တာများခဲ့ပေါ့*
*အပါယ်ရွာအလွယ်နဲ့မသွားရအောင်*
*ထားသံတိုကြီး ။ ။*

*'မင်းခေါင်ကို အထင်မမှားလေနဲ့*
*သတ္တဝါရင်ဝယ်သားလိုပ*
*အခါခါကယ်တာများခဲ့ပေါ့. . .*
*ဆယ်ရတဲ့ပွဲ'*

ဟု ရေးသားတင်ပြလိုက်ပါသည်။

*သတ္တဝါမှန်သရွေ့ တရားတွေ့*
*အေးငြိမ်းချမ်းသာရှိကြပါစေ*

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အဘဝ (သာသနာ့အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၂)

# စိတ်သောကဖြစ်နေရတာ ဘာကြောင့်ထင်သလဲ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

တစ်ချိန်က မြတ်စွာဘုရားသည် မလ္လတိုင်း ဥရုဝေလကပ္ပရွာကြီးတွင် မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ဘဒြက အမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ -

"မြတ်စွာဘုရား၊ တပည့်တော်အား ဆင်းရဲခြင်းဒုက္ခကိုလည်းကောင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းကိုလည်းကောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းကို လည်းကောင်း ဟောကြားတော်မူပါဘုရား"

ဟု လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ မြတ်စွာဘုရားက -

"ရွာသူကြီး ငါဘုရားက အကယ်၍ လွန်ခဲ့ပြီးလေသော အတိတ်ကာလက ဖြစ်ခဲ့ဖူးသည့် ဆင်းရဲဒုက္ခနှင့် ဆင်းရဲဒုက္ခဖြစ်ခြင်း၏အကြောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းတို့ကိုဟောလျှင် သင်ယုံမှားသံသယဖြစ်နေမည်။

နောင်အနာဂတ်ကာလ၌ဖြစ်ပေါ်မည့်ဆင်းရဲဒုက္ခနှင့် ဆင်းရဲဒုက္ခဖြစ်ခြင်း၏အကြောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းတို့ကို ဟောလျှင်လည်း သင်ယုံမှားသံသယဖြစ်နေမည်။ သို့ဖြစ်၍ ယခုဤနေရာ၌ပင်ထိုင်နေသောသင့်အား ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းကို လည်းကောင်း၊ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ ဟောတော်မူမည်။ ကောင်းစွာနှလုံးသွင်း၍ နားထောင်လော့။

ရွာသူကြီး၊ သင်အဘယ်သို့ထင်သနည်း။ ဤဥရုဝေလကပ္ပတွင် ထိုသူတို့ အသတ်ခံရသောကြောင့်ဖြစ်စေ၊ အချုပ်အနှောင်ခံရသောကြောင့်ဖြစ်စေ၊ ဆုံးရှုံးသောကြောင့်ဖြစ်စေ၊ အကဲ့ရဲ့ခံရသောကြောင့်ဖြစ်စေ သင်စိုးရိမ်ပူဆွေးခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲခြင်းမဖြစ်သည့် သင်နှင့်မစပ်သောသူများလည်းရှိကြသလော"

"ရှိပါသည်ဘုရား"

"ရွာသူကြီး ဘဒြက၊ ဤဥရုဝေလကပ္ပရွာက အချို့လူတို့အသတ်ခံရသောကြောင့်၊ အချုပ်အနှောင်ခံရသောကြောင့်၊ ဆုံးရှုံးသောကြောင့်၊ အကဲ့ရဲ့ခံရသောကြောင့် သင်အဘယ်ကြောင့်စိုးရိမ်ပူဆွေး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရသနည်း။ ယင်းသို့ဖြစ်ရခြင်းမှာ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း"

ထိုအခါ ရွာသူကြီးက -

"ထိုသူတို့အပေါ်၌ တပည့်တော် ချစ်ခင်တွယ်တာမှုရှိနေသောကြောင့် ဖြစ်ပါသည်ဘုရား"

ဟု လျှောက်လေသည်။

"အချို့သူတို့ အသတ်ခံရသောကြောင့်၊ အချုပ်အနှောင်ခံရသောကြောင့်၊ ဆုံးရှုံးသောကြောင့်၊ အကဲ့ရဲ့ခံရသောကြောင့် သင်အဘယ်ကြောင့်စိုးရိမ်ပူဆွေးခြင်း၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းမဖြစ်သနည်း။

"ရှင်တော်မြတ်ဘုရား၊ ထိုသူတို့အပေါ်၌ တပည့်တော် ချစ်ခင်တွယ်တာမှုမရှိသောကြောင့် ဖြစ်ပါသည်ဘုရား"

ဟု ရွာသူကြီးက လျှောက်ထားသည်။

"ရွာသူကြီး၊ အခုထိုင်နေရင်း သင်သိမြင်သဘောပေါက်လာသည့်နည်းအတူပင် လွန်ခဲ့သောအတိတ်နှင့် လာလတ္တံ့သောအနာဂတ်၌လည်း နည်းတူသိလော့။ လွန်ခဲ့ပြီးသော အတိတ်ကာလက ဖြစ်ခဲ့မျှဒုက္ခအားလုံးသည် ချစ်ခင်မှုဟူသော ဆန္ဒသာလျှင် အကြောင်းရင်းရှိ၏။ ချစ်ခင်မှုဆန္ဒသည် ဒုက္ခ၏အကြောင်းရင်းမူလဖြစ်၏။နောင်လာမည့်အနာဂတ်ကာလ၌ဖြစ်ပေါ်လာမည့် ဒုက္ခအားလုံးသည်လည်း ချစ်ခင်မှုဟူသော ဆန္ဒသာလျှင် အကြောင်းရင်းရှိ၏။ ချစ်ခင်မှုဆန္ဒသည် ဒုက္ခ၏ အကြောင်းရင်းမူလ ဖြစ်၏။

ထိုအခါ ရွာသူကြီးက -

"မြတ်စွာဘုရား၊ ဖြစ်သမျှသော ဆင်းရဲဒုက္ခအားလုံးသည် ချစ်ခင်မှုဆန္ဒလျှင် အကြောင်းရင်းမူလရှိ၏။ ချစ်ခင်မှုဆန္ဒလျှင် အကြောင်းမူလရှိ၏။ ချစ်ခင်မှုဆန္ဒသည် ဒုက္ခ၏အကြောင်းရင်း မူလဖြစ်၏ဆိုသောစကားသည် အလွန်မှန်လှပါ၏။ အံ့ဩလောက်အောင်မှန်လှပါ၏။

မြတ်စွာဘုရား စိရဝါသီအမည်ရှိသော တပည့်တော်၏ သားသည် မြို့ပြင်ကအိမ်တွင်နေပါ၏။ တပည့်တော်သည် (နေ့တိုင်းပင်) စိရဝါသီ နေထိုင်ကောင်းရဲ့လားဟု လူလွှတ်အကြည့်ခိုင်းပါသည်။ သွားကြည့်သောသူ မလာမချင်း စိရဝါသီအား တစ်စုံတစ်ရာမကျန်းမမာမဖြစ်ပါစေနှင့်ဟု စိတ်သောကဖြစ်နေရပါသည်ဘုရား"

-ဟု လျှောက်လေ၏။

မြတ်စွာဘုရားက -

"ရွာသူကြီး၊ အဘယ်သို့ထင်သနည်း။ စိရဝါသီသတို့သား အသတ်ခံရလျှင်ဖြစ်စေ၊ အချုပ်အနှောင်ခံရလျှင်ဖြစ်စေ၊ ဆုံးရှုံးလျှင်ဖြစ်စေ၊ အကဲ့ရဲ့ခံရလျှင်ဖြစ်စေ၊ သင့်အား စိုးရိမ်ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းဖြစ်ရာသလော"

ဟု မေးတော်မူ၏။

"မြတ်စွာဘုရား၊ စိရဝါသီသတို့သားသာ တစ်စုံတစ်ခုဖြစ်လျှင် တပည့်တော်၏အသက်ပင် သေကောင်းသေရာ၏။ စိုးရိမ်ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း အဘယ်မှာမဖြစ်ဘဲရှိပါမည်နည်းဘုရား"

ရွာသူကြီး ဘဒြက၊ ဤအချက်ကို ထောက်သောအားဖြင့်လည်း ဖြစ်သမျှသော ဒုက္ခအားလုံးသည် ချစ်ခင်ခြင်းဟူသော ဆန္ဒလျှင် အကြောင်းရင်းရှိ၏။ ချစ်ခင်ခြင်း ဟူသောဆန္ဒသည် ဒုက္ခအကြောင်းရင်းဖြစ်၏ဟု သိထိုက်၏။

*သဠာယတနသံယုတ်၊*
*ဂ-ဂါမဏိ သံယုတ်၊*
*၁၁ ဘဒြကသံယုတ်*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ကျမ်းကိုး -

ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲစာအုပ်မှ



www.burmeseclassic.com

www.burmeseclassic.com


ဝါလကင်းလွတ်သီတင်းကျွတ်ပြီး မှတ်သုံသည်လည်း ဆုတ်ခွာနေပြီ ဖြစ်ရကား ခြေခင်းလက်ခင်းကလည်း သာတောင့်သာယာရှိနေချေပြီ။ မူလက ပင် ရည်ရွယ်ထားပြီးဖြစ်သည့် အမိဋ္ဌာန် ခရီးအတွက် ပြင်ဆင်ထားခဲ့ပြီးမို့ စနေ နေ့တွင် အိမ်မှစတင်ထွက်ခွာလာခဲ့သည်။ မွေးစားသားဖြစ်သည့် မောင်ချမ်းသာက သူ့လုပ်ငန်းခွင်မှ နေ့လယ် (၁၂) နာရီ မှသာ ထွက်ခွာလာနိုင်သည်ဖြစ်၍ ကျွန်တော်တို့ ရန်ကင်းတိုက်ခန်းလေးမှ ထွက်ခွာလာသည့်အခါ မွန်းတည့်ပြီး နာရီဝက်ရှိနေချေပြီ။

ကားတွေကတော့ ကျပ်နေမြဲဖြစ် သဖြင့် ရန်ကုန်မြို့ပြင်ရောက်အောင် ချမ်းသာဦး အတော်မောင်းခဲ့ရပါသည်။ အိမ်မှထွက်ခွာမလာမီ လက်ဖက်ရည်နှင့် ဘီစကွတ်မုန့် လေး၊ ငါး၊ ဆယ်ချပ် စားသောက်ခဲ့ကြသဖြင့်တစ်ကြောင်း၊ ခရီး သွားသည့်အချိန် အစားအသောက်ကို မက်မက်မောမောမရှိကြ၍တစ်ကြောင်း လမ်းခရီးတွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့မှာ ဝင်ရောက်နားနေ စားသောက်ကြခြင်းမပြုကြ။ ထို့ကြောင့် လည်း ခရီးတွင်တာဖြစ်ပါလိမ့်မည်။

ရန်ကုန်နယ်နိမိတ်မှ ကျော်လွန် လာသည့်အချိန်မှစတင်၍ ကျော့ပေါ် တွင် ပိုးထားရသည့် မမြင်မတွေ့ရသော တာဝန် သို့မဟုတ် အနှောင်အဖွဲ့များ ကွာကျသွားခဲ့ပြီ။ မွန်းကျပ်မှုတွေ ပြေလျော့သွားပြီ။ စိတ်၏လွတ်လပ်မှု၊ ကိုယ်၏ ချမ်းသာလန်းဆန်းမှုများကို အပြည့်အဝ ခံစားရရှိခဲ့ရသည်ကား အမှန်ပင် ဖြစ်ပါသည်။ ဝန်းကျင်ပတ်ချာ ရှုလေ မျှော်လေရာတိုင်း အစိမ်းရောင် မြင်ကွင်းများချည်းဖြစ်သည်။ လယ်ကွင်း စိမ်းစိမ်းများ၊ ရော်ဘာပင်များ၊ ကျွဲတော ပင်များ၊ တန်းကားကြီးများ၊ ကွန်တိန်နာ တင်ကားကြီးများ၊ ခရီးသွားယာဉ်ငယ်

# သုဝဏ္ဏဘူမိ၏ ရွှေစာရံစေတီတော်


ခင်မောင်အေး(မန္တလေး)



ဘုရင့်နောင်ကြီးတည်ထားတော်မူသည့် လေးရာစုကျော်ရဲ့ ရွှေစာရံစေတီတော်



တန်ဆောင်းအတွင်းမှ ဆုတောင်းပြည့် မြတ်ဆင်းတု




ဂူကုဋိတိုက်အတွင်းရှိ မြတ်စွာဆင်းတုတော်




www.burmeseclassic.com


www.burmeseclassic.com




လေးဆူဓာတ်စံ ရွှေတိဂုံစေတီတော် ညဦးဦးတွင် ဖူးမြော်ရစဉ်




သုဝဏ္ဏဘူမိသာသနာ့ဗိမာန်အတွင်းမှ ဆုတောင်းပြည့်ဆင်းတုတော်



ခိုစာကျွေးစေတီတော်



စေတီသပ္ပုမြတ်စွာဘုရား




တနင်္လာနံထောင့်မှ ဆင်းတုတော်

များ တစ်စီးပြီးတစ်စီး ကျော်တက်ရောင် ရှားမောင်းနှင်သွားနေသည်။ခဏအကြာ တွင် စိမ်းလဲ့တင် (Sane Let Tin Resort) သို့ ရောက်ရှိလာကြသည်။ စိမ်းလဲ့တင် စားသောက်ဆိုင်၊ အပန်းဖြေတိရစ္ဆာန် ဥယျာဉ် စသည်တို့ စုံစုံလင်လင်ရှိသည်။

ကျိုက်ထီးရိုးတောင်ခြေရှိ ကင်မွန်း စခန်းနှင့် (၁၀) မိုင်သာ ကွာဝေးသည်။ မြန်မာဟင်း၊ ထမင်းအဝစား (၂၀၀၀) ကျပ်သာကျသင့်၏။ ကြက်ကာလသား ဟင်းကို ဘူးသီးနှင့် အရည်သောက် ချက်ထားသဖြင့် ချိုလှသည်။ အချိန် အကြာကြီးစားသောက်မနေကြဘဲ ရှေ့ ခရီးကို ဆက်လက် ထွက်ခွာလာကြ၏။ ကျွန်တော်တို့ ဦးတည်ရာသည်ကား သထုံမြို့သို့ ဖြစ်ပါသည်။ ကျွန်တော်၏ အဓိဋ္ဌာန်ကို သထုံမြို့ရှိ ရွှေစာရံစေတီ တော်မှ စတင်မည်ဟု ရည်ရွယ်ရင်းရှိ သည်ဖြစ်ရကား မမှောင်မီရောက်သွား ချင်ပါသည်။ တည်းခိုရန် ဧည့်ရိပ်သာရှာ ရဦးမည်။ ညပိုင်း ရွှေစာရံစေတီတော်ကို လည်း သွား၍ ဖူးမြော်လိုပါသေးသည်။ ချမ်းသာဦးက မော်တော်ယာဉ်ကို မနှေး မမြန် မောင်းနေသည်။ သထုံမြို့သို့ ဝင် လာသည့်အချိန်ကား (၁၉း၃၀) နာရီရှိပြီ။ မီးရောင်တွေ ထိန်ထိန်ညီးညီးလင်းနေ သည်ဖြစ်ရကား မြို့၏ညအလှကို သဲသဲ ကွဲကွဲ ထင်ထင်ရှားရှားမမြင်ရတတ်နိုင်။ သထုံ၏သယ်ယူပို့ဆောင်ရေးလုပ်ငန်း တွင် အလွန်တရာ အရေးပါလှသည့်



www.burmeseclassic.com

www.burmeseclassic.com




ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်းမှ
ရှင်ကစ္စည်းမထေရ်



ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်းမှ
ရှင်သီဝလိမထေရ်



ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်းမှ
ရှင်ဥပဂုတ္တမထေရ်



ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်းရှိ
မဟာဗောဓိညောင်ပင်



ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်းရှိ
တံခွန်တိုင်

သုံးဘီးဆိုင်ကယ်တွေ လမ်းပေါ်တွင် ခြေချင်းလိမ်နေသည်။

ဘုရားဖူးယာဉ်များ မြို့သို့ဝင်ရောက်လာချိန်နှင့်လည်း တိုက်ဆိုင်နေသည်ပဲလေ။ ရှုပ်ရှက်ခတ်နေသော မော်တော်ယာဉ်တွေကို ဂရုတစိုက်ရှောင်ရှားလျက် တည်းခိုခန်းတစ်ခုခုကို ရှာကြသည်။ ပါးစပ်ပါလျှင် ရှာရောက်သည် မဟုတ်ပါလား။ လုံးချင်းတည်းခိုခန်းတစ်ခု။ သွားရောက်စုံစမ်းကြည့်တော့ လေအေးပေးစက်ပါသည့်အခန်းများ လူပြည့်နေသည်။ ပန်ကာနှင့်အခန်းသာ ကျန်တော့သည်။ မဖြစ်ပါ။ တစ်ညလုံး ပန်ကာဖွင့်အိပ်ရလျှင် နံနက်အိပ်ရာမှထသည်နှင့် မှုချလေဖြတ်သွားမည် သေချာသည်။ အရွယ်နှင့် အသက်က စကားပြောပြီလေ။ (၈၅) နှစ်ဆိုသော အသက်အရွယ်မှာ ယခုလို ခရီးသွားနိုင်တာပဲ ကံကောင်းလွန်းပြီဟုပြောရတော့မည်။ အသက်ကိုဉာဏ်စောင့်သည်ဆိုသည်မဟုတ်လား။ မိမိကိုယ်ကို ကျန်းမာရေးကောင်းနေအောင် ဂရုစိုက်ဖို့လိုပါသည်။

ဆက်လက် ရှာဖွေကြည့်တော့ အဆင်ပြေသော ဧည့်ရိပ်သာတစ်ခုကို တွေ့သည်။ ဈေးနှုန်းချိုသာသည်။ လေအေးပေးစက်လည်းရှိ၏။ ရွှေစာရံစေတီတော်နှင့်လည်း တစ်လမ်းသာခြားပြီး လမ်းလျှောက်သွားလျှင် တစ်မိနစ်ခွဲသာ ကြာသည်။ သို့ဖြစ်၍ ဇင်ယော်ဧည့်ရိပ်သာတွင် ထိုညတည်းခိုဖြစ်သွားသည်။ ပါလာသော ပစ္စည်းများအားနေရာချပြီး ရေချိုးသန့်စင်ကြသည်။ မိုးတော်တော်ချုပ်နေပြီ။ ထို့ကြောင့် ရွှေစာရံစေတီတော်ကြီးအား ညဘက်ဝတ်ပြုကြည်ညိုပူဇော်ရန်ထွက်လာခဲ့ကြ၏။

သထုံမြို့၏ညသည် မီးရောင်စုံများဖြင့် လှပနေသည်။ ယာဉ်များ၊ ခရီးသွားများ ရှုပ်ယှက်ခတ်နေသည်။ လမ်းတစ်လျှောက်မှာ လူတွေကြိတ်ကြိတ်တိုးမျှစည်ကားသည်။ အတိုးတိုးအဝှေ့ဝှေ့ဖြင့် စေတီတော်ရင်ပြင်တော်ပေါ်သို့ ရောက်ရှိသွား၏။ စေတီတော်သည် လျှပ်စစ်မီးများ ပူဇော်ထားသဖြင့် ထိန်ထိန်ညီးညီး ထွန်းလင်း တောက်ပနေသည်။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်မင်းပရိသတ်လူသူအပေါင်းသည် ဘုရားရှင်ပွင့်ရာသို့ သွားရောက်လျက် ဘုရားရှင်ရှေ့မှောက်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြကုန်လေသည်။

သထုံပြည်ထီးနန်းကို စိုးစံအုပ်ချုပ်မင်းလုပ်လျက်ရှိသည့် သူရိယစန္ဒာမင်းကြီးသည်လည်း ယင်းသတင်းကို ကြားသိရသောအခါ ဘုရားရှင်အား ဖူးမြော်လိုသောဆန္ဒကြီးမားလှသဖြင့် မှူးကြီးမတ်ရာတို့ကို ဘုရားရှင်အား ဝင့်ဖိတ်လျှောက်ထားရန် အမိန့်ပေးခဲ့သည်။ သို့နှင့် ဂဝံပတိရဟန္တာအား ဘုရားရှင်ထံသို့ လျှောက်ထားပေးပါရန် တောင်းပန်ကြသည်။

ပညာရှိအမတ်တစ်ဦးက -

"မြတ်သောမင်းကြီး၊ ကျမ်းဂန်စဉ်ဆက်ထွက်ရှိသည့်အတိုင်းလျှောက်ထားရပါလျှင် သုံးလောကထွတ်တင် မြတ်စွာသခင်အား ဖူးမြော်လိုပါလျှင် စိတ်ကို

www.burmeseclassic.com

ရည်မှတ် ပြာသာဒ်ဆီမှာ ကြက်လျှာ၊ ဆီမီး၊ တံခွန်၊ ထီးနှင့် ပန်းပေါက်ပေါက် တစ်ထောင်စီစု စီရင်ပြုပြီး သက်န်း ပရိက္ခရာ သပိတ်ပါလျက် အမိဋ္ဌာန်ပွဲ ဆင်နွှဲမည်ဆိုပါမူ ဘုရားရှင် ဧကန် အမှန် ကြွရောက်လာပါလိမ့်မည်"

ဟု လျှောက်ထားလေသည်။

မင်းကြီးလည်း များစွာနှစ်ထောင်း အားရရှိလှသဖြင့် နန်းရွှေရင်ပြင်တွင် အခင်းအကျင်းမျိုးစုံကို အထွေထွေအထူး ထူး ပြုလုပ်စီရင်ပေး၏။ ရောင်စုံခြယ် ပန်းပင်လယ်ကြီး၊ အသွေးစုံအရောင်စုံ မီးပဒေသာများ ပသာဒရှုမဝစေသော အလှဆင်မီးပုံများဖြင့် အမိဋ္ဌာန် ဆုတောင်းပွဲ စုံခိုးအောင် ပြုလုပ်လျက် (၇) ရက်တိုင်တိုင် ကျင်းပပြုလုပ်စေလေ သည်။ သို့နှင့် (၇) ရက်ပြည့်မြောက်သော အချိန်တွင် ဘုရှင်မင်းမြတ်ကိုယ်တော် တိုင် ပန်းပေါက်ပေါက်များကို မိမိကိုယ် တိုင် ကိုင်ဆောင်ကာ မြတ်စွာဘုရားရှင် အား အာရုံပြုလျက် ပူဇော်သက္ကာရပြု လုပ်ပြီး အမိဋ္ဌာန်ပြုလုပ်လေသည်။

ရဟန္တာအရှင်မြတ် ဂဝံပတိသည် လည်း ဘုရားပလ္လင်အောက်တွင် နေရာ ယူစံနေပြီးလျှင် ရွှေတလပ်တော်တွင် ရွှေအလင်းတိုင်၊ ငွေအလင်းတိုင်၊ ရွှေ ပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေပန်း၊ ငွေပန်းများ၊ နဝရတ်ကျောက်ကိုးမျိုး၊ ရတနာကိုးပါးစီခြယ်ကာ အသွယ်သွယ် သော လျှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ကပ်လှူ ပူဇော်လေ၏။ ယင်းသို့ မင်းကြီးအမိဋ္ဌာန် သည်တွင် ရွှေပေါက်ပေါက်၊ ငွေပေါက် ပေါက်တို့သည် ကောင်းကင်ထက်သို့ တက်ကာ ရာဇဂြိုဟ်ပြည် ဇေတဝန် ကျောင်းတော်အထိ ရောက်ရှိခဲ့ပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်း ပူဇော် ဖူးမြော်နေသည့်အလား ခယ ဝပ်စင်းပူဇော်နေကြကုန်လေသည်။

မြတ်စွာသခင်ဘုရားရှင်လည်း -

"ရဟန်းတို့၊ ငါဘုရား၏သာသနာ တော်သည် သထုံပြည်တွင် အစွန့်ရှည် ကြာတည်ပေလိမ့်မည်။ ငါတို့သထုံပြည် သို့ ကြွချီတော်မူကြမည်"


ဟု မိန့်ကြားတော်မူလေသည်။

ရဟန်းပရိသတ်၊ နတ်ပရိသတ် တို့က -

"အရှင်မြတ်ဘုရား၊ သထုံပြည့်ရှင် ဘုရင့်မင်းမြတ်က သရီယဓာတ်တော် များကို ကိုးကွယ်ရန် တောင်းခံလာခဲ့ သည်ရှိသော် ထားထိုက်တော်မူပါ၏ လော"

ဟု မေးမြန်းလျှောက်ကြားသည့် အခါ -

'ငါဘုရား၏ သရီယဓာတ်တော်



ရွှေစာရံစေတီတော်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်



(၆၄) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အဘိဓမ္မာအောင်ပုဂ္ဂိုလ်များဆုနှင်းသဘင်



ရွှေစာရံစေတီတော်အား ရှိခိုးကော်ရော် ဆင်ခြင်တော်တစ်စုံ



ကုသိုလ်ဖြစ် အဘိဓမ္မာသင်တန်းဆောင်

www.burmeseclassic.com

များကိုထား ဆိုက်သည်မျှမက သာသနာတော်ကိုလည်း ထားရှိထိုက်ပေသည်။ ရှေးယခင် နောင်တော်ဘုရားများဖြစ်ကြတုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်များတို့သည်လည်း မွေသရီနှင့် ဓာတ်တော်များထားရှိရစ်ခဲ့ကြပေသည်'

ဟု မိန့်ကြားတော်မူလေသည်။

သည့်နောက် မြတ်စွာသခင်ဘုရားရှင်သည် သုဝဏ္ဏဘူမိ သထုံပြည်သို့ သံဃာအပေါင်း ခြံရံလျက် ဒေသစာရီခြေလျင်ခရီးဖြင့် ကြွချီတော်မူခဲ့လေတော့သည်။ ခရီးတစ်လျှောက်လုံး ခြောက်သွယ်သော ရောင်ခြည်တော်များ ဝင်းဝင်းလက်လက်ထိန်ထိန်ထွက်သည်။ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အန္တရာယ်ခပ်သိမ်း ကင်းလွတ်ငြိမ်းသည်။ ကိုယ်တွင်းကိုယ်ပ ဘေးရန်မခ ချမ်းသာပကတိ ချမ်းသာစွာအတိရှိကြ၏။ ယုတ်စွအဆုံး မြူမှုန်ပင်မကပ်ငြိ မှောပန်းဆာလောင်ခြင်း အလျှင်းကင်းသည်။ (၄၅) ရက်တိုင်တိုင် သက်သောင့်သက်သာသွားကြရပြီး ခရီးဆုံးသို့ရောက်ကြလေသည်။ သထုံပြည့်ရှင် ဘုရင်မင်းမြတ်နှင့်တကွ သထုံမြို့သူမြို့သားအပေါင်းသည် အုတ်အုတ်ကျွတ်ကျွတ်သောသောညံညံ ကြိုဆိုကြကုန်သည်။

ယင်းနောက်ကား သူရိယစန္ဒာမင်းကြီးသည် မြတ်စွာဘုရားရှင်အား ကိုယ်စိတ်နှလုံးသုံးပါးတို့ဖြင့် ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးတို့ဖြင့် ထိခြင်းငါးပါးဖြင့် ကြည်ညို ရှိသေစွာ ရှိခိုးကန်တော့ကြကုန်သည်။ ယင်းအပြင် ဘုရားရှင်အား ကြည်ညိုလွန်းသည်ဖြစ်ရကား ဦးခေါင်းထက်တွင် ဆင်မြန်းထားသည့် သရဖူမကိုဋ်ကိုပင်ချွတ်လျက်လှူဒါန်းခဲ့လေသည်။ ဘုရားရှင်အား မင်းစည်းစိမ်ကိုပင်လှူဒါန်းခြင်း ဖြစ်ပါသတည်း။ သည့်နောက်တွင် ဘုရားရှင်နှင့်တကွ ရဟန္တာငါးရာတို့ သီတင်းသုံးနိုင်ရန် ဇေတဝန်ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။

သို့စေကာမူ ဘုရားရှင်က မင်းကြီးအား -

"သထုံတွင် ဝါမဆိုတော့ပြီ။ ခြောက်လကြာ သီတင်းသုံးပြီးက အခြားတစ်ပါးသို့ကြွချီလျက် သာသနာပြုရချိမ့်ဦးမည်။ ဝါးကျောင်းဖြစ်သော ဝေဠုဝန်ကျောင်းသာ ဆောက်လုပ်လှူဒါန်းလော့"

ဟု မိန့်တော်မူလေသည်။



ဘုရားဇူးများ ခိုစာကျွေးနေကြစဉ်



ကုသိုလ်ယူနေသည့် ဘုရားဖူးခရီးသည်



သထုံမြို့ လမ်းဆုံအဝိုင်း ညရှုခင်း



သထုံမြို့၏ကျက်သရေဆောင် နာရီစင်ညရှုခင်း



မြို့ဘုံ၏ ခရီးသည်တင် ဆိုက်ကွဲယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရံစေတီတော်မြတ်ကြီး၏ ထူးခြားသော ဗိသုကာများ



ဝှယ်တော် (၉) ပါး၊ (၉) ပတ်၊ (၉) ရက်အဓိဋ္ဌာန်အတွက် ဆွမ်း၊ ရေချမ်း (၉) ဘူး (၉) ပွဲ

သို့စဉ်တိုင် မင်းကြီးသည် ဇေတဝန်ကျောင်းတော်ကြီးတစ်ဆောင်အား သိကြားမင်း၏ ကူညီမှုဖြင့် ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

ဇေတဝန်ကျောင်းတော်တွင် မြတ်ဘုရားသီတင်းသုံး၍ လေးလမျှကြာသောအခါ ဘုရားရှင် ဒေသစာရီခရီး စတင်တော့မည့်ချိန် ရောက်လာပြီဖြစ်ပါသည်။

ထိုအခါ မင်းကြီးသည် ဒေသစာရီခရီးကို တောင်းပန်တိုးလျှိုးတားဆီးခြင်းငှာ မတတ်နိုင်တော့သဖြင့် မြတ်ဘုရား၏ကိုယ်စား သရီယဓာတ်တော်တစ်ခုခု ချန်ထားပေးပါရန် တောင်းပန်သည့်အခါ -

"အသင်မင်းကြီးနှင့် ငါသည် ရှေးဘဝများစွာတွင် ညီရင်းအစ်ကိုလည်းဖြစ်ခဲ့ဖူးသည်။ သာသနာ့ဒါယကာ အမွေခံထိုက်ပါသည်"

ဟု မိန့်ကြားလျက် -

"မင်းကြီး၊ သုနာပရန္တကုန်းမြေသည် ရှေးဘုရားတို့၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်သည့်ကုန်း ဖြစ်၏။ နောင်တော်ကကုသန်ဘုရားပွင့်စဉ်အခါက နတ်ဒေဝါများ တောင်းပန်လျှောက်ထားချက်အရ ဤကုန်းနေရာတွင် ဆံတော်ရှင်ရှစ်ဆူကို ဌာပနာပြီးခဲ့ပြီ။ ကဿပဘုရားပွင့်တော်မူသောအခါ၌လည်း သိကြားမင်းက တောင်းပန်သဖြင့် တောင်ဝှေးတော်ကို ဌာပနာပြီးခဲ့ပြီ။ တစ်ဖန်တုံ ကဿပဘုရားပွင့်တော်မူသောအခါ သိကြား၊ နတ်၊ လူတို့ ကြွရောက်လာပြီး ဓမ္မသာရမင်းကြီးက တောင်းပန်သောကြောင့် မြသပိတ်တော်ကိုလည်း ဌာပနာခဲ့ပြီးပြီဖြစ်ရကား ငါဘုရား၏ သွားတော်လေးဆူကိုလည်း ဌာပနာခွင့်ပြုပါသည်။ သွားတော်များကိုခံယူဖို့ ရွှေပန်းတောင်းကို ယူခဲ့လော့"

ဟု ရှင်အာနန္ဒာအားမိန့်ကြား၏။

ဘုရားရှင်က လက်တော်ဖြင့် သုံးသပ်သဖြင့် သွားတော်လေးချောင်း ကျွတ်ကျလေသည်။ သို့တစေ သွားတော်များသည် မူလနေရာမှာပင် မြကတော့အတိုင်း နဂိုပြန်တည်လေသည်။ ဤသို့အားဖြင့် ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်ပြီးကြသည်တွင် သိကြား၊ ဗြဟ္မာ၊ နတ်၊ လူအပေါင်းကောင်းချီးသြဘာ သာဓုအနုမောဒနာခေါ်ကြကုန်လေသည်။ (၇) ရက်တိုင်အောင်ပင် ဌာပနာသွင်းပွဲကြီးကြာမြင့်ခဲ့ပါသည်။ လှူဒါန်းရရှိထားသည့် ရတနာရွှေ၊ ငွေ၊ စိန်ကျောက်၊ ပတ္တမြားများသည်လည်း အစုလိုက်အပုံလိုက်။ စေတီတော်တည်ရှိရာ၏ အရှေ့ဘက်တစ်နေရာမှာ တွင်းကြီးတစ်တွင်းတူးလျက် မြှုပ်နှံဌာပနာလိုက်ကြလေသည်။

စေတီတော်၏ ဘွဲ့တံဆိပ်တော်ကိုလည်း သာသနာနှစ်ငါးထောင်တည်စိမ့်သောငှာ -

"စိရံ - ကြာမြင့်စွာ၊ ဌာတု - တည်စေသတည်း၊ ရွှေစာရံမည်စေသတည်း။ ငါဘုရား၏ သာသနာတော်ကိုလည်း ရှိသေကြည်ညိုကြလော့။ ငါ့အား ကြည်ညိုသူသည် ဤစေတီအား ငါ့ကိုယ်စားအဖြစ် ကိုးကွယ်ကြလော့။ ငါကဲ့သို့ ကိုးကွယ်လေက ကောင်းကျိုးများစွာ အကျိုးကြီး၍ ခရီးနတ်ပြည်တင့်လိမ့်မည်။ ခြောက်ပါးနတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်၊ ရှစ်သွယ်မဂ်ဖိုလ်၊ နိဗ္ဗာန်ကိုလျှင် ရည်တိုင်းရောက်ကြလိမ့်မည်

ဟု မြတ်ဘုရားက မိန့်ကြားတော်မူလေသည်။

ရွှေစာရံစေတီတော်သည် စိရံ ဌာတု ကြာမြင့်စွာ တည်ရှိစိမ့်သောငှာ ဘွဲ့မည်သတ်မှတ်ခဲ့သော်လည်း စိရံစေတီတော်မှသည် ရွှေနှင့်တွဲလျက် ရွှေစာရံဟုခေါ်ကြကြောင်း မှတ်သားရပါသည်။

စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြည်ညိုခဲ့ကြပြီးနောက် ဇင်ယော်တည်းခိုရိပ်သာသို့ ပြန်လာကြ၏။ ခရီးကပန်း၊ လူကနွမ်းလျက် အိပ်စက်ဖို့ကိုသာ အာသီသထားနေမိကြပြီဖို့ အဝတ်အစားများ လဲလှယ်ကာ အိပ်ရာထဲသို့ဝင်လိုက်မိကြသည်။

❑

ဇင်ယော်ဧည့်ရိပ်သာမှာ လမ်းမတန်းတွင် တည်ရှိသည်။ ယာဉ်၊ ရထား၊ ဘေးတွဲယာဉ်၊ လူသုံးအများလှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com

ထားနေကြသည့်လမ်းဖြစ်သောကြောင့် အိပ်ရာထဲနှပ်မနေနိုင်တော့ပါ။ ကမန်းကတန်းအိပ်ရာမှထ၊ ရေချိုးခန်းဝင်၊ ကိုယ်လက်သုတ်သင်သန့်စင်လျက် စေတီတော်သို့ နံနက် (၈) နာရီအရောက်သွားဖို့ ပြင်ဆင်ရပါသည်။ ကျွန်တော့်အမိဌာန်ကို နံနက် (၉) နာရီတွင် စတင်ရန် ပြင်ဆင်ထားသည်။ တည်းခိုခန်းနှင့် မနီးမဝေးလက်ဖက်ရည်ဆိုင်တွင် ပဲပြုတ်၊ နံပြားတစ်ချပ်စီ၊ လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်စီ ကမန်းကတန်း စားသောက်ကြခဲ့ကြပြီးစီးသည့်နောက် စေတီတော်ကြီးဆီသို့ ထွက်ခွာလာခဲ့ကြပါသည်။

သထုံမြို့သည် ရန်ကုန် - မုတ္တမလမ်းမကြီးနံဘေးတွင် တည်ရှိသဖြင့် ခရီးသည်တင်ယာဉ်အမြောက်အမြား ဥဒဟိုမပြတ် သွားလာနေတတ်သောကြောင့် အချိန်ပြည့်စည်ကားနေသည်။ ဘုရားဖူးယာဉ်များ ဝင်လာမစဲတဖွဲဖွဲရှိသည်။ ညဥ့်ဦးပိုင်းက မြင်တွေ့ရသည့် နာရီစင်နှင့် လံမ်းဆုံအဝိုင်းကိုလည်းကောင်းနေရောင်အောက်တွင် အမှတ်မထင်မြင်ရသည်။

လူသူယာဉ်နှင့်ဘေးတွဲဆိုင်ကယ်များကို ရှောင်ရှားလျက် စေတီတော်ပေါ်သို့တက်ကြ၏။ ယမန်နေ့ညက ကြိုတင်မှာကြားထားသဖြင့် ဘုရားရှင်အား ကပ်လှူပူဇော်ရန် ဆွမ်းကိုလည်း ယူဆောင်လာခဲ့ရ၏။ စေတီတော်၏ တနင်္လာနံထောင့်တွင် ကပ်လှူပူဇော်မည့် လှူဖွယ်ဝတ္ထုအစုစုကို ပြင်ဆင်နေရာချရ၏။ ကနဦးမှာ စက္ကူပန်းကန်ကိုးခုတွင် ဆွမ်းပွဲ (၉) ပွဲပြင်ဆင်လျက် နေရာချ၏။ သည့်နောက် အလင်းတိုင် (၉) တိုင်၊ နံ့သာတိုင် (၉) တိုင်၊ သောက်တော်ရေသန့် (၉) ဘူး၊ ဆွမ်းဟင်းအစားနှစ်ထပ်ဘီစကွတ်မုန့်(၉)ခုတို့ကို မြတ်ဗုဒ္ဓဆင်းတုတော်၏ရှေ့မှောက်တွင် ကပ်လှူပူဇော်သည်။ ရွှေစာရံစေတီတော်မြတ်ကြီး၏ ထီးတော်ပတ်လည်မှ ဆည်းလည်းသံကလေးများသည် ကောင်းမှုကုသိုလ်ပြုလုပ်မှုကို အနုမောဒနာပြုဘိသည့်နှယ် သာယာသော ဓမ္မတေးသံကို တေးရင့်နေသည့်သဖွယ် ချိုချိုလွင်လွင်မြည်လျက်ရှိနေသည်။

နံနက် (၉) နာရီတိတိအချိန်တွင် ရွှေစာရံစေတီတော်မြတ်ကြီးအား ဦးခိုက်ရှိခိုး ရိုကျိုးစွာ ကန်တော့ပြီးနောက် ဂုဏ်တော် (၉) ပါးအမိဌာန်ကို စတင်ခဲ့သည်။ ပြီးနောက် ရွှေစာရံစေတီတော်ကြီး၏ ကုသိုလ်ရှင် သူရိယစန္ဒာမင်းကြီးနှင့်တကွ သာသနာ့ဒါယကာအပေါင်းအား ကုသိုလ်အဖို့ကို အမျှဝေလျက် မေတ္တာပို့ခဲ့ပါသည်။ နေက ဦးခေါင်းပေါ်သို့ရောက်လုပြီဖြစ်သောကြောင့် အပူဒဏ်ကို ခံစားလာရ၏။ သည့်နောက် စေတီတော်အား လက်ယာရစ်ပတ်လျက် လှည့်လည်ဖူးမြော်လေသည်။ အရှေ့ဘက်သို့ အနည်းငယ်လျှောက်သွားလိုက်ရာတွင် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးနေသော ဆင်းတုတော်တစ်ဆူကို ဖူးမြင်ရသည်။ ဆင်းတုတော်၏ အသရေတော်သည် ဖူးမြော်ရသူများအား ကုသိုလ်ပွားစေသည်။ ရင်ပြင်တော်တစ်လျှောက် ဆက်လက်လျှောက်သွားသည့်အခါ ဗောဓိညောင်ပင်ကို တွေ့မြင်ရ၏။ ညောင်ပင်အခြေတွင် ဆင်းတုတော်တစ်ဆူ သီတင်းသုံး စံပယ်လျက်ရှိသည်။ ပဥ္စဝဂ္ဂီငါးပါးက ဖူးမြော်နေသည့်အသွင်ဖြစ်သည်။ သံတိုင်တို့ဖြင့် ကာရံထားသော ဆင်ဖြူတော်တစ်စုံက ဘုရားရှင်အား ပုဆစ်တုပ်ဝပ်စင်းကာ ပူဇော်နေလေသည်။ သည့်နောက် ခေါင်းလောင်းတော်၊ ရွှေစာရံစေတီတော်မြတ်ကြီး၏ ထူးခြားသောဝိသေသများ ဖော်ပြထားသော မှတ်တမ်း၊ ဩဝါဒပါတိမောက်ဓမ္မစေတီကျောက်စာတို့ကို မြင်တွေ့ရသည်။

ယင်းနောက် ရှင်ဥပဂုတ္တမထေရ်ဂါထာတော်ကို ရေးသား ပူဇော်ထားသည့် ရှင်ဥပဂုတ္တပုံတော်၊ ရဟန္တာအရှင်မြတ် သီဝလိကိုယ်တော်ပုံတော် စသည်တို့ကို ဖူးမြင်ရပါသည်။ နိုင်ငံခြားသူတစ်ဦး ရေစိုနေသည့် ရင်ပြင်တော်ပေါ်လျှောက်လှမ်းအသွား ချော်လဲတော့မလိုဖြစ်သွားရ၏။ ချော်များလဲလိုက်လို့ကဖြင့် မြင်မကောင်းရှုမကောင်းဖြစ်မှာ အသေအချာ။ မနေနိုင်သော စာရေးသူ၏ အမျိုးသမီးက တံမြက်စည်းတစ်ချောင်းကိုကောက်ကိုင်လျက် ရေများကို လှည်းကျင်းပစ်လိုက်ရ၏။ ဟသာတစ်ကောင်ထိပ်ဖျားမှာနားနေသည့် တံခွန်တိုင်သည် အပြာရောင်ကောင်းကင်နောက်ခံ၌ ထီးထီးကြီးထွက်ပေါ်နေသည်။

ရင်ပြင်တော်တစ်နေရာတွင် သထုံမြို့ သာသနာ့ရောင်ခြည်အသင်း၏ (၆၄) ကြိမ်မြောက် နှစ်ပတ်လည်နေ့နှင့် ယှဉ်ကျေးမှုအဘိဓမ္မာအောင်ပုဂ္ဂိုလ်များ ဆုနှင်းသဘင်ပွဲကျင်းပရန် ပြင်ဆင်နေကြသည်။ တစ်ဖက်ဘေးတွင် သူ့ရိယစန္ဒလိုတာရစေတီတော်ဌာပနာသွင်းမင်္ဂလာအခမ်းအနားကျင်းပထားပြီးစဆိုင်းဘုတ်ကိုပင် မဖြုတ်ရသေးသည်ကို တွေ့မြင်ရသည်။ စေတီတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် အလင်းတိုင်များ အစီအရီပူဇော်ထားသည်။ ဆုတောင်းပြည့်မြတ်စွာ၏ မဟာကရုဏာပြည့်ဝသော မျက်နှာတော်သည် လူသားတို့အား ကြီးမားသော မေတ္တာစာတ်များပို့လွှတ်နေဘိသည့်အလား။ သည့်နောက် ရွှေစာရံဘိုးဘိုးကြီး၏ ဗိမာန်။ ပြုံးချိုသောဘိုးဘိုးကြီး၏ မျက်နှာတော်က ဘုရားဖူးလာပရိသတ်များအား ခရီးဦးဆိုကြိုဆိုနေသယောင်။ ဘိုးဘိုးကြီးအား ကြည်ညိုသဒ္ဓါပွားသူများက ပူဇော်ထားကြသည့် ပဝါများက ဘိုးဘိုးကြီး၏လက်တော်တွင်အပြည့်။ ပန်းနံ့သာတို့လည်း တစ်ပုံတစ်ပင်။

သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်အတွင်း ဘုရားဖူးများဝင်လာထွက်သွားများပန်းခပ်မျှရှိနေကြ၏။ ဗိမာန်အတွင်း ကျောက်ဖြူသား ဆင်းတုတော်တစ်ဆူ သီတင်းသုံးနေသည်။ ဆွမ်းအပြည့် သပိတ်တစ်လုံး၊ ယပ်တစ်ချောင်း၊ ဂန္ဓမာပန်းအဖြူနှစ်အိုးကို ပူဇော်ထားသည်။ အေးချမ်းငြိမ်သက်ခြင်း၏ဆိတ်ငြိမ်သည့် ခံစားမှုက ဗိမာန်တော်အတွင်း လွှမ်းခြုံထားရှိသည့်နှယ် ဖြစ်၏။ သာသနာ့ဗိမာန်တော်မှထွက်လာသည့်အခါ၌မှ ကျွန်တော်တို့၏ မော်တော်ယာဉ်ရပ်နားထားရာသို့ ပြန်လည်ရောက်ရှိလာသည်။ ရည်မှန်းချက် ပြီးမြောက်သွားပါပြီ။ အပြန်ခရီးအတွက် စတင်ပါပြီ။ သထုံသည် မော်တော်ယာဉ်ကြီး-ငယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဥဒဟိုမပြတ် စုန်ဆန်သွားလာနေသံများ ဆူညံစွာဖြင့် ကျွန်တော်တို့အား နှုတ်ဆက်နေသည့်အလား။

ခါတစ်ခေါက်တော့ ထပ်မံကာ အရောက်ပြန်လာဦးမည်ဟု ကျွန်တော် စိတ်မှာတေးထားလိုက်မိသည်က အမှန်ပါ။

ခင်မောင်အေး (မန္တလေး)

စာကိုး -

သုဝဏ္ဏဘူမိ၏ ရွှေစာရံစေတီတော်သမိုင်း

ကိုယ်တိုင် ရောက်ရှိ လေ့လာတွေ့ရှိချက်


www.burmeseclassic.com

www.burmeseclassic.com

၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့ ဖြစ်သည်။ မန္တလေးတက္ကသိုလ် သမိုင်းကော်မရှင်မှ ဦးမောင်မောင်တင် ရှေ့ဆောင်၍ တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ နိုင်ငံခြားဧည့်သည် ရုရှားပါရဂူနှစ်ဦးဝင်ရောက်လာခဲ့သည်။

ရုရှားပါရဂူနှစ်ဦးသည် ဒေသန္တရ ဗဟုသုတအဖြစ် မန္တလေးသို့ ရောက်ခိုက်တွင် တောက်ခေတ်သစ်အခြေအနေကို လေ့လာရန် တောင်သမန်အင်းသို့ ရောက်ရှိလာခိုက် ဖြစ်သည်။

နာမည်ကျော် မယ်ဇယ်ပင်တန်းကြီးနှင့် တောင်သမန်ဦးပိန်တံတားကို ကြည့်ရှုပြီးနောက် ဦးဆောင်လာသူများက မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသို့ ခေါ်ဆောင်လာခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ထိုပါရဂူတို့သည် သာသနာ့ဝန်ထမ်းအချို့ကိုကြည့်ပြီး အထင်သေးနေကြသူများဟုဆို၏။ ထိုအထင်သေးမှုကို ချေဖျက်ရန် အိမ်ရှင်တို့က တမင်ခေါ်လာခြင်း ဖြစ်သည်။

သူတို့သည် ကျောင်းတော်ကြီးဝင်းအတွင်းဝင်လိုက်သည်နှင့် ကျောင်းဝင်းမြေပြင်ကြီးက ကျယ်ဝန်းသလောက်

(ဟာသကထာ)

# ရဲရဲထွန်း

# ဆရာတော်အရှင်ဇနကာဘိဝံသနှင့် ရုရှားပါရဂူနှစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

အမှိုက်သရိုက် ဒိုက်၊ မြက်ပင်တစ်ပင်မျှ မရှိခြင်းနှင့် သံဃာတော်များစွာရှိကြသော်လည်း တောရကျောင်းကြီးများပမာ တိတ်ဆိတ်ငြိမ်သက်လျက် သာသာယာယာရှိနေသည့်မြင်ကွင်းက ဆီးကြိုလျက်ရှိနေသည်။ သူတို့အံ့ဩသင့်လျက်ရှိကုန်၏။

"ဒီလောက်ကျယ်ဝန်းတဲ့မြေပြင်ကြီးပေါ်မှာ ဒီလိုသာယာအောင်ဘယ်သူတွေက နေ့စဉ်လာပြီးသန့်ရှင်းပါသလဲ"

ဟု လိုက်ပို့သူများကိုမေးသည်။

ဆရာတော်သည် မိမိကျောင်းတိုက်ကို ဝင်လာသူအပေါင်းစိတ်ချမ်းမြေ့၍ ဆန္ဒပြည့်ဝစေရမည်၊ ငြိမ်းချမ်းစေရမည်၊ ဘီစီ ၆-ရာစုက ဗုဒ္ဓဘုရားရှင်၏ကျောင်းတိုက်ကြီးကဲ့သို့ တည်ငြိမ်ရမည်၊ အေးဆေးရမည်၊ သန့်ရှင်းရမည်၊ တိတ်ဆိတ်ရမည် ဟူသောမူဖြင့် ပြုပြင်ထားသည်။ ထို့ကြောင့်လည်း ရုရှားပါရဂူတို့မှာ ကျောင်းတိုက်ထဲဝင်လာကတည်းက သူတို့၏ အမူအရာရောအသံများပါ တိုးတိတ်ညင်သာသွားခြင်းဖြစ်ရတော့သည်။

ဆရာတော်ရောက်လာ၍ ၎င်းတို့သိချင်သမျှကို မေးကြ၏။

"ဤကျောင်းတိုက်ကြီး သာယာအေးချမ်းဖွယ်ဖြစ်အောင် သန့်ရှင်းအောင် မည်သူတွေလာ၍ ဆောင်ရွက်ပေးပါသလဲ"

ဟု မေး၏။

ဆရာတော်က -

"အခြားကလာပြီး သန့်ရှင်းသူရယ်လို့ မရှိပါ။ မာလီအလုပ်သမားငှားရမ်းထားသူဟူ၍လည်းမရှိပါ။ ဤကျောင်းတိုက်ကြီးမှာနေကြတဲ့ရဟန်းတော်များ၊ သာမဏေများ၊ သူတော်ကလေးများပါ အားလုံးစုပေါင်း၍ နေ့စဉ်နေ့တိုင်း သန့်ရှင်းရေးလုပ်ကြရပါတယ်။ တံမြက်လှည်းတဲ့အခါ ဖုန်မထအောင် ရေဖျန်းပြီးမှလှည်းပါတယ်။ ရှင်တော်ဗုဒ္ဓက သန့်ရှင်းမှုကို အလွန်လိုလားတော်မူပါတယ်။ တံမြက်လှည်း၍ သန့်ရှင်းမှုကြောင့် ရရှိနိုင်တဲ့ လက်ငင်းအကျိုးတို့ကို ဟောပြောထားချက်များရှိပါတယ်။ ဒီနည်းနှင့်ပဲ သန့်ရှင်းသာယာနေခြင်းဖြစ်ပါတယ်"

ဟူ၍ ဖြေတော်မူ၏။

ထို့နောက် ရုရှားပါရဂူတို့သည် သူတို့သိလိုသောအချက်တို့ကို ဆရာတော်ထံ ဆက်လက် မေးမြန်းကြပြန်၏။ ဆရာတော်မှလည်း စိတ်အေးလက်အေးဖြင့် ပြန်တော်ဖြေတော်မူခဲ့၏။

"ယနေ့ သံဃာတော်တွေ (၄၀၀) ကျော်ရှိနေတယ်ဆိုတော့ ဒီသံဃာတွေကို ခုလိုငြိမ်သက်တည်ကြည်နေအောင် ဘယ်လိုအုပ်ချုပ်ထားပါသလဲ"

ဟု မေး၏။

ဆရာတော်က -

"ဘုရားဥပဒေတော်နှင့် အုပ်ချုပ်ထားပါတယ်။ ဒီသာသနာတော်အတွင်း ရောက်လာတဲ့ပုဂ္ဂိုလ်အားလုံး ဘုရားအဆုံးအမတွေကို သင်ယူကြရပါတယ်။ သင်ယူလို့ ဘုရားအဆုံးအမတွေ နှလုံးအိမ်၌ကိန်းကြပြီး လိုက်နာကျင့်သုံးကြပြီဆိုရင် ကိုယ်၊ နှုတ်၊ စိတ်များဟာ အလိုလိုသိမ်မွေ့နူးညံ့လာတတ်ပါတယ်။ နူးညံ့လာရင် ငြိမ်သက်တည်ကြည်လာတော့တာပါပဲ"

ထို့နောက် ပါရဂူများက -

"ဘာကြောင့် ဝတ်ရုံတဲ့သင်္ကန်းများကို ခုလို နီညိုရောင်၊ တချို့ကျောင်းတိုက်တွေက ဝါဝါအရောင်တွေဆိုးပြီး ဝတ်ကြတာပါလဲ"

ဟု မေးရာ ဆရာတော်က -

"ဒီအရောင်တွေဟာ သစ်ခေါက်ဆိုးအရောင်တွေပဲ။ ဘုရားမပွင့်မီကပဲ တောထွက်တရားကျင့်တဲ့သူတွေဆိုပြီး ဝတ်လေ့ရှိကြပါတယ်။ ဒီအရောင်တွေက နှစ်သက်မှု၊ တပ်မက်မှုကိုကင်းစေပါတယ်။ အရောင်းချင်းတူတော့ တစ်ပါးနှင့်တစ်ပါး ယှဉ်ပြိုင်မှုမရှိဘူး။ သွေးစည်းညီညွတ်မှုကိုလည်းရစေတယ်။ ညစ်ပတ်တဲ့ပေရေမှုကိုလည်းခံနိုင်တယ်။ နောက်တစ်ကြောင်းက တည်ငြိမ်စူးရှထက်မြက်တဲ့အသိဉာဏ်ကို ဖြစ်ထွန်းစေပါတယ်။ ဒီအကြောင်းတွေကြောင့် သူတော်ကောင်းလက္ခဏာအဖြစ် ဒီအရောင်ကိုရွေးကြခြင်း ဖြစ်ပါတယ်"

ဟု သင်္ကန်းအရောင်နှင့်ပတ်သက်၍ ပြည့်စုံစွာရှင်းပြသည်။

ပါရဂူများက -

"ဗုဒ္ဓတရားတော်တွေ ပြန့်ပွားအောင် ဘယ်လိုဖြန့်ပါသလဲ"

ဟု မေးရာ ဆရာတော်က အောက်ပါအတိုင်း ဖြေကြားပေးခဲ့ပါသည်။

"ရှေးတုန်းကတော့ မြန်မာနိုင်ငံတစ်ခုလုံးရဲ့ ပညာရေးဟာ ဘုန်းကြီးတွေလက်ထဲမှာရှိခဲ့ပါတယ်။ ပေါက်ဖွားလာတဲ့ကလေးတွေအားလုံးဟာ ပညာသင်ကြားရာ ဘုန်းကြီးကျောင်းကိုရောက်ကြတာချည်းပဲ။ ဘုန်းကြီးတွေက လူ့ဘဝမှာနေထိုင်လုပ်ကိုင်စားသောက်နိုင်အောင် သက်မွေးမှုပညာရပ်တစ်မျိုးမျိုးကို သင်ပေးလိုက်ကြပါတယ်။ အတန်းမြင့်လာသူများကိုတော့ ဗုဒ္ဓတရားတော်များကိုပါ အပိုသင်ပေးလိုက်ကြပါတယ်။ ဒီနည်းနှင့်ပဲ ဗုဒ္ဓတရားတော်တွေပြန့်ပွားအောင် ဖြန့်ပေးပါတယ်"

ဆရာတော်၏ အဖြေစကားကို ပါရဂူများက စူးစူးစိုက်စိုက်နားထောင်ပြီး နောက်ဆက်မေးပြန်သည်။

"ယခုအခါ ရဟန်းတော်များရဲ့ပြင်ဘက်ကမ္ဘာမှာ အစစအရာရာ တိုးတက်ပြောင်းလဲနေပါတယ်။ ဥပမာ ကွန်ပျူတာတွေ၊ ဂြိုဟ်တုတွေ၊ ဒုံးပျံတွေနှင့် နောက်ဆုံးသိပ္ပံပညာရဲ့စွမ်းအားနှင့် လပေါ်ကိုတောင်ရောက်နေပါပြီ။ ဒီလိုတိုးတက်နေတာတွေကို ဘယ်လိုမြင်ပါသလဲ"

ထိုအခါ ဆရာတော်က -

"မှန်ပါတယ်၊ သိပ္ပံပညာတွေ တိုးတက်လို့ အစားအသောက်ကောင်းတွေ စားရ၊ အဝတ်ကောင်းတွေဝတ်ရ၊ အနေအထိုင်ကောင်းတွေနေရတာ မှန်ပါတယ်။ ရုပ်ဝတ္ထုဘက်က သိပ်တိုးတက်ကြပါတယ်၊ ဒါပေမယ့် အကျင့်စာရိတ္တဘက်က (နာမ်တရားဘက်က) တိုးတက်မှုနည်းကြလို့ စိတ်ချမ်းသာမှုတော့ အပြည့်အဝရကြလိမ့်မည်မထင်ပါ။ ဗုဒ္ဓတရားတော်တွေကိုပါသိပြီး လိုက်နာကျင့်သုံးကြပါမှ အေးချမ်းမှုရကြပါလိမ့်မယ်လို့ မြင်ပါတယ်"

ဟု ဗုဒ္ဓတရားတော်၏ အေးချမ်းမှုတရားကိုပါ ထည့်သွင်းရှင်းပြခဲ့ပါသည်။

ရုရှားပါရဂူနှစ်ဦးက ဆက်မေးသည်မှာ -

"သိပ္ပံပညာရပ်တို့ရဲ့အဆုံးမိုင်းကို ဘယ်လိုမြင်ပါသလဲ"

ထိုအခါ ဆရာတော်က ချက်ချင်းပင်-

"ဒါကတော့ ဗုဒ္ဓတရားတော်အတိုင်းပဲမြင်ပါတယ်။ နောက်ဆုံးမှာ အားလုံး ကုန်ဆုံးပျက်စီးကြရမှာပဲ"

ဟု ဗုဒ္ဓတရားတော်နှင့်အညီ ရဲရဲပြတ်သားစွာ ဖြေတော်မူခဲ့ပါသည်။

ဤသို့ စသော မေးခွန်းများကို မေး၍ ဆရာတော်ကလည်း မေးသည့်မေးခွန်းတိုင်းကို မဆိုင်းမတွ ဖြေ၍ ပါရဂူများ၏ မျက်နှာပြင်ဝယ် ကျေနပ်သည့် အမူအရာများပြကြသည်။

ဆရာတော်၏ အဖြေအားလုံးကို အချုပ်ပြန်လည်ကာတင်ပြရမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

စစ်ကိုင်းတောင် အနောက်ပရက္ကမဆရာတော်ကြီး၏

# အကျိုးရှိစေမည့်လှူနာမေးနည်း

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာ မြန်မာ့ယဉ်ကျေးမှုအရ ဆွေမျိုးမိတ်သင်္ဂဟတစ်ဦးဦး မကျန်းမမာဖြစ်နေပါလျှင် လူနာမေးသွားခြင်းသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ လူ့ဝတ္တရားဖြစ်၏။

မိမိတို့၏ ကျန်းမာရေးချို့တဲ့နေစဉ်တွင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏အသိအမှတ်ပြုမှု၊ အားပေးကူညီမှုများကို တောင့်တတတ်ကြခြင်းသည် လူ့သဘာဝပင် ဖြစ်ပါ၏။ ဝတ္တရားအရ သူနာသွားမေးသည့်အခါ တာဝန်ကျေသဘောထက် စေတနာအပြည့်အဝထားပြီး ထိထိရောက်ရောက် ကူညီနိုင်ပါမူ ပို၍ကောင်းပါသည်။ သာသနာရေးရှုထောင့်မှနေ၍ သူနာအတွက် အကျိုးရှိစေမည့် သူနာမေးနည်းကို လမ်းညွှန်တော်မူခဲ့သောအရှင်သူမြတ်မှာ စစ်ကိုင်းတောင် အနောက်ဇေတဝင်ပရက္ကမချောင် ဆရာတော်ကြီး ဖြစ်သည်။

တစ်နေ့ ဆရာတော်ကြီးမကျန်းမာသည့်အခါမှာ ဆရာတော်ကြီး၏တူ၊ တူမများက သူနာသတင်းမေးလာကြသည်။ ဆရာတော်ကြီးက သတင်းလာမေးသော တူ၊ တူမများကိုကြည့်၍မေးသည်မှာ -

"ငါ့အတွက် [illegible] စောင့်ကြရဲ့လား၊ ပရိတ်ရွတ်ကြရဲ့လား၊ ငါ့အတွက် ဘုရားရှင်ကို ဆီမီးသက်စေ့၊ ရေသက်စေ့၊ ပန်းသက်စေ့လှူကြရဲ့လား'

ဟု စသဖြင့် မေးရာ တူ၊ တူမများက သည်လိုလုပ်ရမှန်းမသိ၍လုပ်ခဲ့မိပါကြောင်း ပြန်လည်လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက -

"မင်းတို့ရွာမှာ လူနာဘယ်လိုမေးသလဲ"

ဟု မေးမြန်းလိုက်ပါသည်။

တူ၊ တူမများကလည်း -

"တောသဘာဝ လူနာမေးတဲ့အတိုင်း တဘက်ကလေး ပခုံးပေါ်တင်ပြီး ဒီအတိုင်းသွားတဲ့အခါသွား၊ လက်ထဲ အဆင်ပြေက မုန့်ပဲကလေးနဲ့သွားမေးကြတဲ့အခါမေးပါတယ်ဘုရား"

ဟု လျှောက်ထားကြပါသည်။

ဆရာတော်ကြီးက-

"အဲဒါ နင်တို့သူနာသွားမေးတာနဲ့ မတူဘူး၊ သူနာသေမှာလား၊ မသေဘူးလား သွားကြည့်ကြတာနဲ့တူနေတယ်။ သူနာသက်သာစေချင်လို့ သွားမေးတယ်ဆိုရင် မသွားခင်ကတည်းက လူနာအတွက် ရှင်တော်မြတ်ဘုရားအား ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို သက်စေ့လှူဒါန်းပြီး ဤကောင်းမှုတို့ကြောင့် လူနာရောဂါဝေဒနာ အမြန်ဆုံးပျောက်ကင်းစေရန် မေတ္တာပို့ ဆုတောင်း အမျှဝေပါ။ သူနာဆီသွား၍ (လူနာအမည်) အတွက် ရှင်တော် ဘုရားအား ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို လူနာသက်စေ့ လှူဒါန်းပြီး ဤကောင်းမှုတို့ကြောင့် ဒီရောဂါဝေဒနာ ပျောက်ကင်းပါစေဟု ဆုတောင်းခဲ့ပါကြောင်း၊ သင်၏ရောဂါဝေဒနာမကြာခင်မှာ ပျောက်ကင်းသွားမှာပါလို့ အားပေးစကားပြောပြီး အားပေးရမည်။ သင်၏ရောဂါဝေဒနာ မကြာမီ ပျောက်ကင်းမှာ ဘာမှအားမငယ်ပါနဲ့လို့ လူနာကို စိတ်ဓာတ်မကျအောင် တိုက်တွန်းပြီး လူနာသွားသတင်းမေးတာမျိုးမှ လူနာအကျိုးရှိမှာ။ မင်းတို့ လူနာကို သွားမေးတာမျိုးက လူနာမှာဘာမှအကျိုးမရှိဘူး"

ဟု စစ်ကိုင်းတောင်အနောက်ပရက္ကမချောင်ဆရာတော်ကြီးက လူနာအကျိုးရှိစေမည့် လူနာမေးနည်းကို ဩဝါဒပေးခဲ့ပါသည်။

*အကျိုးရှိစွာအသုံးချနိုင်ကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ကမ္ဘာအရပ်ရပ်ရှိ ရုပ်ဝတ္ထုတွေဘယ်လောက်ပင် တိုးတက်နေသော်လည်း အတွင်းပိုင်း နာမ်တရားများ မတိုးတက်ဝါက အပြည့်အစုံကျေနပ်မှု၊ အပြည့်အဝချမ်းမြေ့မှုရမည်မဟုတ်ပေ ဟူသော အချက်ကို လက်ခံသည့်အသွင် ပါရဂူတို့ ခေါင်းတဆတ်ဆတ်ညိတ်နေကြသည်။ တွေးခေါ်စဉ်းစားနေသည့် အမူအရာကိုလည်းပြနေကြသည်။

ရုရှားပါရဂူတို့က 'မေးခွန်းတွေများများမေး၍ အကြောင်းအရာတွေများများဆွေးနွေးချင်သည်' ဟု ဆိုကြသည်။ 'ဤကျောင်းတိုက်ကိုလာရတာစိတ်ထဲမှာ ချမ်းမြေ့အေးချမ်းနေပါသည်။ သို့ရာတွင် တာဝန်တွေရှိသေးသဖြင့် များများမမေးနိုင်ပါ' ဟုလည်း ပြောကြ၏။ ထို့နောက် 'ငှင်းတို့ ကြာကြာမဆွေးနွေးရတာပဲကောင်းပါတယ်လေ။ အဲဒီလိုအခွင့်အရေးတွေရနေရင် ဒီကျောင်းတိုက်ကြီးက မပြန်ချင်ဘဲနေလိမ့်မယ်' ဟု ခပ်ရွှန်းရွှန်းပြော၍ ရယ်မောနေကြတော့သည်။ အမှန်မူ ၎င်းတို့၏မေးခွန်းမှန်သမျှ ဆရာတော်ကြီး၏ ပညာဉာဏ်ဖြင့် ဗုဒ္ဓတရားတော်နှင့်အညီ ဖြေဆိုမှုများကို ၎င်းတို့ နှစ်ခြိုက်သဘောကျနေခြင်းသာ ဖြစ်ပါသည်။

ပါရဂူတို့ပြန်ခါနီးတွင် ဆရာတော်ကို ရိုသေလေးစားစွာ မည်သို့နှုတ်ဆက်ရမည်ကို ဆရာဦးမောင်မောင်တင်အား မေးမြန်းသင်ယူပြီးနောက် 'ဦးတင်ပါသည်ဘုရား' ဟု ဂါရဝပြုပြီး ကျောင်းတိုက်ကြီးမှ ပြန်လည် ထွက်ခွာသွားကြပါတော့သည်။

ရဲရဲထွန်း (ဟသ်ာတ)

ကျမ်းကိုး -

အရှင်ဇနကာဘိဝံသ၏
တစ်ဘဝသာသနာ

www.burmeseclassic.com

မင်းဘူးခရိုင်က သာသနိက အဆောက်အအုံတွေကို လေ့လာဖို့ ခရီးနှင်ခဲ့ရာ စလင်းမြို့ကို ကဆုန် လပြည့်နေ့ ၂-၅-၁၅ (စနေနေ့) မှာ ရောက်လာခဲ့ပါတယ်။ နရပတိစည်သူလမ်းမကြီးပေါ်က ညီမငယ် မာလာအောင်ရဲ့ မိဘတွေအိမ်မှာ တည်းခိုခဲ့တယ်။ ကုလားကျမင်းရဲ့ သားတော် နရစည်သူမင်းဟာ စလင်းကို သက္ကရာဇ် ၅၅၆ ခုနှစ်မှာတည်ခဲ့တာမို့ ဒီလမ်းကို နရပတိစည်သူလမ်းလို့ပေးခဲ့တာဖြစ်မယ်။

မနက်စာအတွက် သစ်ပင်ရိပ်မြေပြင်မှာထိုင်ပြီးလုပ်နေတဲ့ မုန့်များသလက်ဝယ်ပြီး လက်ဖက်ရည်ဆိုင်သွားကြတယ်။ ပဲစေ့လေးတွေနဲ့လုပ်ထားတဲ့ ဆန်မုန့်ကို ကြာဖက်ဝိုင်းဝိုင်းနဲ့ ထုပ်ပေးလိုက်တာလည်း သဘောကျမိရဲ့။ ရှေးဟောင်းတိုက်အိုကြီးရှေ့က လက်ဖက်ရည်ဆိုင်ကလည်း စိတ်ဝင်စားစရာပါ။ စမူဆာကောင်းတယ်ဆိုလို့ စမူဆာပါစားကြည့်လိုက်သေးတယ်။ နေ့လယ်စာကိုတော့ ဒေသထွက် ဝက်သည်းကန်ထဲက ပိတ်စွယ်၊ ဝါးစေ့ပင်ပေါက်နဲ့ ဘူးသီးဟင်းချိုကိုစားခဲ့ရတယ်။

## ◘ စလင်းမြို့နဲ့သူ့ကောင်းများ

တည်းခိုအိမ်ရဲ့ မျက်စောင်းထိုးလောက်မှာတော့ သူ့ကောင်းမျိုး ဦးစိန်ရှိန် (ကိုလိုနီခေတ်မြို့အုပ်တစ်ဦး၏မှတ်တမ်းများဆောင်းပါးရှည်ကြီးကို မဂ္ဂဇင်းမှာ လစဉ်ရေးနေတဲ့ လူဝင်မှုကြီးကြပ်ရေး အရာရှိဟောင်း) ရဲ့ အိမ်ဝိုင်းများစွာထဲက တစ်ဝိုင်းရှိနေပါတယ်။ စလင်းကို မရောက်ခင်ကရော ရောက်ရှိပြီးမှပါ

ကျွပင်းမြို့က

# ငါးမျက်နှာဘုရားနဲ့ မောင်တင့်တယ်ရဲ့မျိုးဆက်များ


ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)



ငါးမျက်နှာဘုရား



ငါးမျက်နှာဘုန်းကြီးကျောင်းမှ ဆင်းတုတော်တွေ




ငါးမျက်နှာဘုန်းကြီးကျောင်းမှ ဆင်းတုတော်တွေ




www.burmeseclassic.com

www.burmeseclassic.com









ငါးမျက်နှာဘုန်းကြီးကျောင်းက ကိုးဆူစုံ

ငါးမျက်နှာဘုရားငယ်ထဲက ဆင်းတုတော်ငါးဆူ



ငါးမျက်နှာဘုရားက စေတီတစ်ဆူ

မကြာခဏ ထပ်တလဲလဲကြားခဲ့ရတဲ့ ဝေါဟာရတစ်ခုကတော့ 'သူကောင်း၊ သူကောင်းမျိုး' ဆိုတာပါ။ စလင်းရဲ့ သမိုင်းကြောင်းမှာရော စလင်းက သာသနိကအလှူတွေနဲ့ ပတ်သက်လို့ရောပေါ့။

သူကောင်း ဆိုတာ လူတန်းစား တစ်ရပ်အမည်ဖြစ်ပြီး ပုဂံခေတ်ကတည်းကရှိခဲ့ပါသတဲ့။ အနော်ရထာမင်းကြီးက အမတ်မဟာပုံကို စလင်းမြို့ဝန်ရာထူးပေးပြီး 'ပြည်စိုးအောင်သမင်္ဂလာဘွဲ့'၊ အလားတူပဲ လက်ဖွဲ့ဆိုင်သူကြီးကို 'ပြည်စိုးစေဝတ္တနာဘွဲ့'နဲ့ ရေငန်သူကြီးကိုတော့ 'ပြည်စိုးမဟာဘွဲ့' အပ်နှင်းပေးကာ သူကောင်းပြုခဲ့ပါတယ်။ကြက်တက်မြောသူကြီးကို 'ပြည်စိုးသမန္တရာဇ်ဘွဲ့' နဲ့ သူကောင်းပြုခဲ့တာပါ။


ဒီလို သူကောင်းပြုရာမှာ မုဒုစိတ္တ သာကီဝင်လို့ဆိုအပ်တဲ့ အမျိုးအနွယ်စစ်မှန်ခြင်း၊ အမျိုးအနွယ်ကို အထူးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြို့စားရွာစားစဉ်ဆက်စားရိုးရှိခြင်း၊ လက်ရုံးရည်နှလုံးရည်နဲ့ပြည့်စုံခြင်း၊ ဥစ္စာဓနအခြေအရံပြည့်စုံခြင်းနဲ့ မြို့ပြတည်ထောင်ရာမှာ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခြင်းဆိုတဲ့အချက်တွေကိုလည်းကြည့်ပါသတဲ့။

အမတ်မဟာပုံကိုသူကောင်းပြုရာမှာ ပြည်စိုးအောင်သဘွဲ့နဲ့အတူ သမိုင်းထီး ဦးပေါင်း၊ သင်းကျစ်၊ ကွမ်းခွက်၊ ကွမ်းလိပ်၊ တကောင်းပိတ်၊ တေ...နဲ့ ဆင်ပေါက်မ(၄)စီးတို့ကိုလည်း ...


www.burmeseclassic.com

ပေးသနားတော်မူပြီး စလင်းမြို့ဝန်အဖြစ် ဝတ်ဝန်းကျင် လယ်ယာမိုးမြေတို့ကို စီရင်ဆောင်ပိုင်စေခဲ့ပါတယ်။ လက်ဗွေဆိုင်သူကြီးကိုလည်း ပြည်စိုးစေဝတ္တနာဘွဲ့နဲ့အတူ ရွှေမြင်းက၊ ကွမ်းခွက်ကွမ်းလိပ်တို့ကိုဆုလာဘ်သနားကာ ကျောက်စစ်မြို့နဲ့ စလင်းချောင်းတစ်လျှောက်ကို စီရင်တော်ပိုင်ခွင့်ပေးခဲ့တယ်။ ရေငန်သူကြီးကိုတော့ ပြည်စိုးမဟာဘွဲ့ပေးကာ ဖအိုင်းမြို့ မုန်းချောင်းဝဲယာတစ်လျှောက်နဲ့ ချင်းလင်းရွာတို့ကို စီရင်တော်ပိုင်ခွင့်၊ ကြက်တက်မြောသူကြီးကို ပြည်စိုးသမန္တရာဇ်ဘွဲ့နဲ့အတူ ရွှေမြင်းက၊ ကွမ်းခွက်ကွမ်းလိပ်တို့ကို ဆုလာဘ်သနားတော်မူကာ ဘိုးခေါင်တောင်စဉ်တစ်လျှောက်ရှိ ချင်းလင်းရွာတို့ကို စီရင်ဆောင်ပိုင်ခွင့် အပ်နှင်းခဲ့ရဲ့။

ထို့အတူ နရပတိစည်သူမင်းကြီးကလည်း သက်ဆိုင်ရာဘွဲ့တံဆိပ်နဲ့ ရာထူးရာခံတွေ ပေးသနားပြီး လက်အောက်ခံ ကလန်သံပျင်၊ တဆေးတမန်တို့ကိုပါခန့်ထားကာ သစ္စာတော်ခံစေပြီး သူကောင်းကြီးများအဖြစ် အသိအမှတ်ပြုတော်မူခဲ့တယ်။ အဲဒီလိုနဲ့ပဲ



ကျောင်းငါးမျက်နှာဘုရားအနီးက ရှေးဟောင်းစေတီပျက်



ကျောင်းငါးမျက်နှာဘုရားအနီးက ရှေးဟောင်းစေတီပျက်







ငါးမျက်နှာတုန်ကြီးကျောင်းက မှန်စီရွှေချစာတိုက်တွေ



ငါးမျက်နှာတုန်ကြီးကျောင်းက မှန်စီရွှေချစာတိုက်တွေ



ကျောင်းငါးမျက်နှာဘုရားအနီးက ရှေးဟောင်းစေတီပျက်ထဲမှ ရုပ်ပွားတော်တစ်ဆူ



ငါးမျက်နှာတုန်ကြီးကျောင်းက သစ်သားပန်းပုတွေ



ငါးမျက်နှာတုန်ကြီးကျောင်းက သစ်သားပန်းပုတွေ



www.burmeseclassic.com

www.burmeseclassic.com











ငါးမျက်နှာဘုရားရင်ပြင်က
ဦးမြ ဦးညို နတ်ကွန်းနဲ့ ရုပ်တုတွေ





ငါးမျက်နှာဘုရားနဲ့ မျက်နှာကြက်တွေ

ထီးနန်းစဉ်ဆက် သစ္စာစောင့်သိတာဝန်ကျေခဲ့ကြရင်း ဆင်းသက်ခဲ့ကြရာမှ သူကောင်းမျိုးလို့တွင်လာခဲ့တာ ယနေ့အထိပါပဲ။ ဒါကြောင့် သူကောင်းဆိုတာ ရှေးမြန်မာမင်းများလက်ထက်ကတိုင် သူကောင်းပြုမြှောက်စားခံရတဲ့မင်းမှုထမ်း သူကောင်းသူကြွယ်မျိုးရိုးလို့ အကြမ်းဖျင်း ပြောနိုင်ပါရဲ့။ ဒါပေမယ့် သူကောင်းမျိုးရိုးတွေ မြို့ရွာတို့ကို အုပ်ချုပ်ရာမှာတော့ ခေတ်အလိုက်အခေါ်အဝေါ်တွေတော့ပြောင်းခဲ့ရသပေါ့။ ပုဂံခေတ်၊ အင်းဝခေတ်တွေမှာ မြို့စား၊ မြို့ကွပ် မြို့ကိုင်၊ ပြည်စိုး၊ ကလန်သံပျင်လို့ ခေါ်တွင်ခဲ့ကြပေမယ့် ကုန်းဘောင်ခေတ်မှာတော့ မြို့စားမြို့ဝန်၊ မြို့စာရေး၊ မြို့သူကြီး၊ ကျေးရွာသူကြီး စသဖြင့် ခေါ်ခဲ့ကြပါတယ်။


❑ သာသနာပွင့်လင်းမြို့စလင်း

စလင်းမြို့မှာ ဘုရားစေတီတွေ၊ ဘုန်းကြီးကျောင်းတွေလည်း ပေါများလှရဲ့။ စေတီပုထိုးတော်ပေါင်းတစ်ထောင်ကျော်နဲ့ အသားကျောင်း၊ အုတ်တိုက်ကျောင်း (၆၀) အပြင် သစ်တွင်းပန်းပုရုပ်လုံးရုပ်ကြွတွေ၊ ပန်းခက်ပန်းနွယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ကွမ်း (၅) ဆင့် ကျောင်းတော်ကြီး (၁၂) ကျောင်းရှိပါတယ်။ 'စလင်း-ပန်းပု၊ စကု-ပန်းချီ' ဆိုသလို ရုပ်စုံကျောင်းကြီးတွေလို လက်ရာကောင်းပြီး လှပအနုပညာမြောက်တဲ့ ရုပ်စုံကျောင်းကြီးတွေလည်း ဝင့်ကြွားထည်ဝါစွာရှိနေရဲ့။ သမိုင်းဝင်စေတီပုထိုးနဲ့ ဘုန်းကြီးကျောင်းတွေများပေမယ့် ရက်ကွက်အလိုက် သူလ၊ သူရက်နဲ့သူ ခွဲဝေတာဝန်ယူပြီး ဆွမ်းသပိတ်လောင်းလှူပွဲတွေကို တစ်နှစ်ပတ်လုံး ကျင်းပနေကြလို့ ရဟန်းသံဃာတွေအတွက် ဆွမ်းကွမ်းအဆင်ပြေခဲ့ပါတယ်။ အခြားသောနိုင်ငံခြားသာသနာပြုတွေ စလင်းကိုရောက်လာရင်လည်း အဲဒီလို အရှက်ဆွမ်း၊ နေ့ဆွမ်းတွေ မပြတ်လပ်ရအောင် လှူဒါန်းသလို

www.burmeseclassic.com




ငါးမျက်နှာဘုရားက ခေါင်းလောင်း



ငါးမျက်နှာဘုရားကျောက်သင်ပုတ်



ငါးမျက်နှာဘုန်းကြီးကျောင်းက ကုဋီ



ငါးမျက်နှာဘုန်းကြီးကျောင်းရဲ့ဘုရားဆောင်



ငါးမျက်နှာဘုန်းကြီးကျောင်းရဲ့ဘုရားဆောင်

သံဃာတော်တွေကိုလည်း မြို့လူထုက ကျောင်းကြီးကျောင်းခိုင်တွေနဲ့ တရိုတသေ တလေးတစားထားတာမြင်ရလို့ မကြာခင်မှာပဲ စလင်းမြေက အလိုလျောက် ဆုတ်ခွာသွားတတ်ကြပါသတဲ့။

စလင်းကနေ ဆီတော်သာသနာပိုင်၊ ဆုံတားသာသနာပိုင်၊ သာသနာပိုင် ဦးချက်လောက်၊ ထန်းတစ်ပင်သာသနာပိုင်ဆရာတော်၊ မှန်ကင်းဆရာတော်၊ ကျပင်းဆရာတော်၊ မဏ္ဍလာဆရာတော်၊ ကန်ချောင်ဆရာတော်၊ ရဟန္တာလို့ထင်ရှားတဲ့ ကန်လယ်ဆရာတော်နဲ့ ဦးလှဲ့စတဲ့ ရဟန်းသံဃာတော်အရှင်မြတ်တွေလည်း ပေါ်ထွန်းခဲ့ပါတယ်။ အမတ်ကြီး ရွှေတောင်နန္ဒသူ၊ ဦးမြတ်သာဒွန်း၊ ကျပင်းဆရာဖိုးတို့လို ကျော်ကြားတဲ့ လူပုဂ္ဂိုလ်ပညာရှိတွေလည်း မွေးဖွားခဲ့တယ်။

**ဒပုလွတို့ရဲ့ ကျပင်းမြို့ဟောင်းနဲ့ ကျပင်းဆရာဖိုး**

နေ့လယ်စာ မစားခင်မှာဘဲ စလင်းမြို့ကနေ တည်းခိုအိမ်ကကားနဲ့ပဲ နွယ်တမယ်ကိုဖြတ်ကျော်ပြီး ကျပင်းက ငါးမျက်နှာဘုရားကို သွားရောက်ကြပါတယ်။ စလင်းရဲ့မြောက်ဘက် (၁၀) မိုင်ခွဲလောက်အကွာမှာရှိနေတဲ့ ကျပင်းရွာဟာ တစ်ခါတုန်းကတော့ အလွန်စည်ကားတဲ့မြို့ပါ။ စလင်းမြို့ရဲ့ အရန်မြို့ (၇)မြို့ဖြစ်တဲ့ ကျပင်း၊ ဖောင်းလင်း၊ စေတုတ္တရာ၊ ကျောက်စစ်နဲ့ ဖအိုင်းမြို့တွေမှာ အပါအဝင်ပေါ့။ ကျပင်းကို ပျူမြို့ဟောင်းလို့လည်း ဆိုကြတယ်။ 'ချင်းစစ်တော့ စလင်း၊ မင်းစစ်တော့ ကျပင်း' ဆိုတဲ့အဆိုကြောင့် ပျူခေတ်ပျက်စီးသွားတော့ ပျူမင်းမျိုးမင်းနွယ်အဆက်တွေဟာ ကျပင်းမှာလာရောက်နေထိုင်ကြတယ်လို့လည်း ပြောကြရဲ့။ 'ကြာအိုအင်း - ကျပင်း' ဆိုတဲ့ ရှေးစကားအရ ကျပင်းမြို့တည်သက္ကရာဇ်ဟာ ၂၁၁ ခုဖြစ်လို့ သီရိပစ္စယာပုဂံနဲ့ တစ်နှစ်တည်းပါ။ ကြာပင်တွေကလည်း ဝေ၊ အင်းတွေလည်းရှိလို့ ကြာပင်အင်းလို့အမည်တွင်ခဲ့ရာက ကာလရွေ့လျားလာတော့ ကျပင်းရယ်လို့ဖြစ်သွားပါတယ်။

ကျပင်းမှာ တောင်ရွာနဲ့မြောက်ရွာလို့လည်းဖြစ်တည်နေပြီး ၂၀၀၁ ခုနှစ်စာရင်းအရ ကျပင်းတောင်ရွာမှာ အိမ်ခြေ (၅၆၃)အိမ်နဲ့ လူဦးရေ (၂၉၈၄) ဦးရှိပြီး မြောက်ရွာမှာတော့ အိမ်ခြေ (၉၃) အိမ်နဲ့ လူ (၄၆၆) ရှိပါတယ်။ ကျပင်းနှစ်ရွာလုံးဟာ စလင်း-ဆိပ်ဖြူကားလမ်းမကြီးရဲ့ အရှေ့ဘက်မှာရှိနေတာပါ။

ကျပင်းဆရာဖိုး ဆိုတာကတော့ ယနေ့ ရုပ်ရှင်နဲ့ ဗွီဒီယိုမင်းသားကျော်ကျော်ဗိုရဲ့ အဘိုး၊ အကယ်ဒမီများရှင် မင်းသားကြီး ဦးညွန့်ဝင်း၊ ဇာတ်မင်းသား ဝင်းဗိုလ်တို့ရဲ့ဖခင်ကြီး ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင် ကပြခဲ့တဲ့ ဗုဒ္ဓဝင်ဇာတ်ထုပ်တွေရဲ့ဇာတ်စာသားတွေကို နဘေကာရန်နဲ့ ထိမိလှပစွာ ရေးသားပေးခဲ့သူပါ။ ကျပင်းဆရာဖိုးဟာ အခြားသော လောကီ၊ လောကုတ္တရာစာမျိုးစုံကိုလည်း ရေးသားခဲ့ပါသေးတယ်။ ဒါ့အပြင် ကျပင်းဆရာဖိုးဟာ ကိုယ်တိုင်လည်း အဆို၊ အက၊ အပြောတွေနဲ့ ထူးခြားစွာ သရုပ်ဆောင်နိုင်လို့ ဇာတ်သဘင်လောကမှာ စွယ်စုံမင်းသားကြီးအဖြစ် နာမည်ရခဲ့ပါတယ်။ ဆင်ဖြူကျွန်းသား ယောက်ျားမင်းသမီး အောင်ဗလနဲ့တွဲဖက်ပြီး ဆရာဖိုး ကပြခဲ့တဲ့ ကျတ်သူတော်မောင်နှမဇာတ်ဟာ အလွန်ပဲ အောင်မြင် ကျော်ကြားခဲ့ပါတယ်။ ဆရာဖိုးကိုယ်တိုင်ကလည်း မင်းသမီးမရှိတဲ့အခါများမှာ မင်းသမီးနေရာကလည်း ဝင်ကနိုင်အောင် သဘင်ပညာ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ဝပါတယ်။


ကျပင်းဆရာဖီးကို ကျပင်းမြောက်ရွာမှာ အဖ ဦးပြောင်၊ အမိ ဒေါ်ကူးတို့ကနေ ၁၂၁၉ ခုနှစ်မှာမွေးဖွားခဲ့တယ်။ အရွယ်ရောက်လာတော့ ကျပင်းသူ မယ်ရိပ်နဲ့ အိမ်ထောင်ကျပြီး သမီး မအုန်းမေနဲ့ သားမောင်ဘသင်ကို ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဆရာဖီးဟာ ဘဝရဲ့နောက်ဆုံးအချိန်တွေမှာတော့ ကွက်စိပ်ဟောတန်ဟောရ၊ နွားကျောင်းကျွဲကျောင်းလုပ်တန်လုပ်ရနဲ့ ဆင်းရဲစွာ ရင်ဆိုင်ခဲ့ရပြီး ဆုံးပါးသွားခဲ့ပါသတဲ့။

ကျပင်းဆရာဖီးဟာ ဥပကဇာတ်၊ ဝေဿန္တရာဇာတ်၊ ဘူရိဒတ်ဇာတ်၊ ကာလီဒါသဇာတ်၊ ကျတ်သူတော်မောင်နှမဇာတ်၊ ကုလားမြုပ်သမိုင်း၊ ဒုဋ္ဌဂါမဏိ၊ မဟောသဓာ၊ ဗိမ္ဗိသာရဓားခွဲဇာတ်၊ ဥတိန္နဇာတ်တို့ကို ရေးသား ကပြခဲ့ပါတယ်။ ဒါ့အပြင် ဇာတ်စာ၊ လေပြေ၊ တောလား၊ ယာလား၊ ဒီလား၊ နရီချုပတ်တိုက်၊ ဆိုင်းဆင့်၊ ဘိသိက်တဘောင်စတဲ့ စာအများအပြားကိုလည်း ရေးသားခဲ့သူပါ။ ဆရာဖီးဟာ နိုင်ငံရေးမှာလည်း ထက်မြက်တက်ကြွတဲ့ မျိုးချစ်စာဆိုဖြစ်ပြီး ပါတော်မူစာတမ်း၊ ပါတော်မူလေပြေ၊ ဟုမ္မရှုးစာနဲ့ ဦးဥတ္တမလေပြေစတဲ့စာပေတွေကို အမျိုးသားရေးစိတ်ဓာတ်ပြင်းပြစွာနဲ့ ရေးသားခဲ့ပါသေးတယ်။

ကျပင်းဆရာဖီးသာမက 'ကျပင်းတရားစာ' ရေးတော်မူခဲ့တဲ့ ကျပင်းဆရာတော် ရှင်ခမ္မရက္ခိတလည်း အတော်ထင်ရှားကျော်ကြားလှတဲ့ ကျပင်းသားရဟန်းတော်ဖြစ်ပါတယ်။

ကျပင်းရွာတောင်ဘက်၊ ကျောင်းကုန်းရွာရဲ့အရှေ့ဘက်မှာ ငါးမျက်နှာဘုရားတည်ရှိပါတယ်။ အောက်ခြေရွာလမ်းကနေ အမြင့်မှာရှိနေတဲ့ ဘုရားကုန်းကိုတက်ခဲ့တယ်။ ဘုရားကုန်းကုန်းမြင့်ကို ကွေ့တက်သွားတဲ့နေရာ၊ တောင်အောက်ခြေကရွာမှာ ကျပင်းဆရာဖီးရဲ့ အုတ်ဂူရှိသတဲ့။

ရတနာဂီရိတောင်လို့ခေါ် ဆိုတဲ့ တောင်ကုန်းလေးအတက်မှာပဲ တရုတ်စံကားပင်တွေကြားကနေ အုတ်စေတီပျက်ကြီး၊ တန်ဆောင်းတွေနဲ့ 'ငါးမျက်နှာစေတီကြီး' ကို ဖူးမြင်လိုက်ရတယ်။ အုတ်စေတီပျက်ကြီးကို ဥဘာ(လ်)ပင် (၂)ချောင်းခွဲစာလောက်ရှည်တဲ့အုတ်ချပ်ကြီးတွေနဲ့ တည်ဆောက်ထားပါတယ်။ စေတီကြီးရဲ့မုခ်ပေါက်ဟာ အတော်လေးပြိုပျက်ကျနေပြီး အင်္ဂတေတွေကွာနေလို့



ငါးမျက်နှာဘုရားနဲ့ ဇရပ်တွေ



အုတ်စီးအုတ်နင်းတွေကို အတိုင်းသား မြင်နေရရဲ့။ စေတီအလယ်မဏ္ဍိုင်မှာ ရှေးဟောင်းဆင်းတုတော်ကြီးလည်းရှိပြီး ဆင်းတုတော်နောက်က တံကဲပုံကို နံရံဆေးရေးနဲ့ခြယ်ထားတာလည်း အနည်းငယ်တွေ့နေရသေးရဲ့။ မုခ်ပေါက်ရဲ့ အနောက်ဘက်က စေတီထောင့်တွေမှာတော့ လက်ရာမြောက်လှတဲ့ ခြင်္သေ့ရုပ်ကြီးတွေရှိပါတယ်။ စေတီအတွင်းလိုဏ်နံရံကိုတော့ ထုံးဖြူသုတ်ထားပြီး အဲဒီပေါ်မှာ ယနေ့ခေတ် မီးသွေးနဲ့ရေးခြစ်လက်သရမ်းထားတဲ့ချစ်သဝဏ်လွှာတွေ၊

www.burmeseclassic.com

www.burmeseclassic.com

ချိန်းဆိုစာတွေလည်းအပြည့်ပါ။ စေတီဖုတ်မှာ အင်္ဂတေပန်းအလှတွေလည်း တွေ့နေရဆဲဖြစ်ပါတယ်။

**ဒကျွပင်း ငါးမျက်နှာစေတီကြီး**

ငါးမျက်နှာစေတီတော်ဟာ လေးထောင့်အုတ်တိုက်ခံပြီးတည်ထားတဲ့ ပစ္စယာသုံးဆင့်နဲ့စေတီပါ။ စေတီပစ္စယံထောင့်တွေမှာ ထောင့်စေတီငယ်လေးတွေရှိပါတယ်။ ပင်မစေတီကြီးရဲ့ခေါင်းလောင်းပုံအောက်ပိုင်းမှာတော့ ဘီလူးရုပ်တွေအစား လက်အုပ်ချီနေတဲ့ သိကြားမင်းရုပ်တွေထားရှိပြီး အထက်ပိုင်းမှာတော့ ညောင်ရွက်ကြီးတွေနဲ့ပါ။ ခေါင်းလောင်းအထက်က ဖောင်းရစ်တွေဟာလည်း လုံးချောမဟုတ်ဘဲ ကြာလန်ကြာဖတ်တွေနဲ့စီထားလို့ အသွင်ထူးလှလို့ ခေတ်ပေါ်ပြုပြင်မှုတွေလားလို့ တွေးမိရဲ့။ ငှက်ပျောဖူးဟာ ကြာမှောက်ကြာလန်နှစ်ထပ်ရဲ့အထက်မှာရှိပြီး ထီးတော်ကတော့ ယနေ့ခေတ် ခေတ်စားနေတဲ့ရှစ်မြောင့်ပုံခပ်ကားကားရွှေရောင်စတီး(လ်)နဲ့ လုပ်ထားတဲ့ထီးပါ။ နောက်မှ ထပ်မံတင်လှူထားတာဖြစ်ပါလိမ့်မယ်။ ငါးမျက်နှာဘုရားရဲ့ အောက်ခံဂူလိုဏ်အတွင်းမှာတော့ လက်ရာမြောက်လှတဲ့ ဆင်းတုတော်ငါးဆူ (ဂေါတမဗုဒ္ဓ၊ အရိမေတ္တေယျဗုဒ္ဓ၊ ကောဏာဂမနဗုဒ္ဓ၊ ကကုသန္ဓဗုဒ္ဓ၊ ကဿပဗုဒ္ဓ စသဖြင့်)ဟာအလယ်မဏ္ဍိုင်ကိုဗဟိုပြုပြီး ကျောမှီကာ စံပယ်နေကြတယ်။ တချို့ (ကဿပဗုဒ္ဓ၊ ကကုသန္ဓဗုဒ္ဓ၊ ကောဏာဂမနဗုဒ္ဓ)က ညာဘက်လက်တော်ကို အောက်သို့ ဆန့်ချထားကာ လက်ဖဝါးတော်ကို ရှေ့သို့လှန်ထားပြီး ဘယ်ဘက်လက်တော်ကို ရင်ဘတ်တော်အလယ်တည့်တည့် အပေါ်သို့ အုပ်လျက်တင်ထားတဲ့ မတ်ရပ်တော်တွေဖြစ်ပြီး ဂေါတမဗုဒ္ဓတွေကတော့ ဘူမိဖဿမုဒြာနဲ့ တင်ပျဉ်ခွေထိုင်တော်မူနေပုံနဲ့ ခြေချပြီးထိုင်တော်မူနေပုံတွေဖြစ်ပါတယ်။ ခြေချပြီးထိုင်တော်မူတဲ့ (အရိမေတ္တေယျဗုဒ္ဓ) ဆင်းတုတော်တွေဟာ လက်ဖဝါးတော်နှစ်ခုကိုအပေါ်ဘက်လှန်ပြီး ဘယ်လက်တော်ကိုအောက်၊ ညာလက်တော်ကို အပေါ်က ကန့်လန့်ဖြတ်လက်ယှက်တင်ကာ ပေါင်ပေါ်မှာထားတော်မူကြတယ်။ ဆင်းတုတော်အားလုံးဟာ ရှေးကျတဲ့လက်ရာတွေဖြစ်ကာ ဦးခေါင်းတော်တွေက ကိုယ်လုံးတော်ထက်အချိုးအစားအားဖြင့် အတော်လေး ပိုမိုကြီးပေမယ့် သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်ကြတယ်။ ဒီဆင်းတုတော်ငါးဆူကြောင့်ပဲ ငါးမျက်နှာဘုရားလို့ နာမည်တွင်ခဲ့တာပါ။

စစ်အတွင်းက ဗုံးဆန်မှန်ခဲ့ပေမယ့် ဘုရားရဲ့ ဒီအတွင်းလိုဏ်မှာ နည်းနည်းပဲထိခိုက်သွားခဲ့ပြီး ဘေးက နတ်ကွန်းဟာ ပြိုကျသွားကာ အတော်များများပျက်စီးသွားပေမယ့် နတ်ရုပ်တွေကိုတော့ မထိခိုက်ခဲ့ဘူးလို့ အရပ်ပြောလည်း ကြားခဲ့ရပါတယ်။

ဘုရားပတ်လည်မှာ သစ်သားတိုင်လုံးကြီးတွေနဲ့ တည်ဆောက်ထားတဲ့ ဘုံပြာသာဒ်အဆင့်ဆင့်နဲ့ ဇရပ်အိုကြီးတွေ၊ တန်ဆောင်းတွေရှိနေတယ်။ ဘုရားရင်ပြင်တော်ဇရပ်ပေါ်ကနေ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်ရင် ဧရာဝတီမြစ်ကြီးကို ခပ်ပျပျမြင်ရပြီး မြစ်တမ်းတစ်လျှောက်ဟာ စိမ်းစိုနေပါတယ်။ ဘုရားရဲ့တောင်ဘက်မှာတော့ ကြာအိုင်ကြီးရှိပါတယ်။ တန်ဆောင်းတစ်ဆောင်မှာတော့ 'ဘာဘူဆောင်တန်ဆောင်းဒါယကာ၊ ဦးမူတူး-ဒေါ်သိန်းခင်' လို့ ရေးထိုးထားလို့ စဉ်းစားစရာဖြစ်ရတယ်။ ဘာလို့ ဘာဘူဆောင်ခေါ်ပါလိမ့်။ အလှူရှင်အမည်ကလည်း ဆင်ဖြူကျွန်းမြို့ရှားတောရပ်က ဦးမူတူးဆိုတော့။ အဲဒီဆိုင်းဘုတ်ကလေးမှာ " ကိုလိုနီခေတ်လက်ရာ ဟွန်းအရှည်ကိုမှုတ်နေတဲ့ သူငယ်တော်ရုပ်နဲ့မို့ အတော့်ကို ခေတ်တွေကြာခဲ့ပြီလို့ ခန့်မှန်းရပါတယ်။ ရွှေတိဂုံဘုရားစောင်းတန်းတွေ ပြုပြင်တုန်းက ရွှေညာဏ်တော်စူးရောက်သူကြီးတစ်ဦးရဲ့အမိန့်နဲ့ ကိုလိုနီခေတ်လက်ရာ မြားနတ်မောင် သူငယ်တော်(Cupid)ရုပ်လေးတွေကို ဖယ်ရှားပစ်ခဲ့တာသတိရမိသေးရဲ့။ အဲဒီချစ်စရာကောင်းပြီး အလွန်လှတဲ့သူငယ်တော်ရုပ်အများအပြားဟာ ဘယ်ဆီရောက်သွားလဲမသိတော့ပါဘူး။ ဇရပ်တစ်ဆောင်မှာတော့ 'ကြာပင်းမြို့ ပေါင်း၊ ကျောင်းကုန်းရွာ၊ မုဋ္ဌောငါးမျက်နှာခေါ် ရှင်ပင်ငါးမျက်နှာဘုရားဘက်စုံပြုပြင်မွမ်းမံရန် အလှူခံဌာန' ဆိုတဲ့ ဗီနိုင်းဆိုင်းဘုတ်ချိတ်ဆွဲထားလို့ ဘုရားဘွဲ့တော်နဲ့တည်နေရာကို သိလိုက်ရပါတယ်။

စလင်းမြို့တစ်ဝိုက်မှာတော့ စေတီတွေကို 'ရှင်ပင်'လို့ရှေ့ကတပ်ပြီးဘွဲ့မည်ပေးတတ်တာ သတိပြုမိတယ်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ နေ့ခုနစ်နေ့ဘုရားရှိခိုးရဲ့အစဖြစ်တဲ့ 'သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ' ဆိုတာကို အမှတ်ရစရာဖြစ်လာတယ်။ လူ၊ နတ်၊ ဗြဟ္မာတို့ရဲ့အရှင်မြတ်စွာဘုရားလို့ ဆိုလိုတာပါ။

စေတီယပကာသနီကျမ်းမှာ ဒီရှင်ပင်ငါးမျက်နှာစေတီဟာ အသောကမင်းကြီးရဲ့ ကုသိုလ်တော် မုဋ္ဌောစေတီတော်တွေမှာ အပါအဝင်ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဇရပ်တစ်ဆောင်မှာတော့ လက်ဝဲခြေတော်ရာတစ်ဖက်ရှိပြီး ဇရပ်ရဲ့မျက်နှာကြက်အမိုးကလည်း အတော့်ကို ရှေးကျကာ အလယ်က ကြာပွင့်ပုံသစ်သားပန်းပုအဆင့်ဆင့်ကို မှန်စီရွှေချထားတဲ့ အဆင်တန်ဆာတွေနဲ့ လှပလှပါတယ်။

ခြေရာတော်မှာ စက်လက္ခဏာအပြည့်အစုံပါပြီး ကနုတ်ပန်းခက်တွေဝန်းရံထားတဲ့လက်ရာကလည်း အလွန်ပြောင်မြောက်လှတယ်။ ခြေတော်ရာဇရပ်ဘေးမှာ ကျောက်သားအစစ်တွေနဲ့ ထုလုပ်ထားပြီး အသေး၊ အကြီးအဆင့်ဆင့်တင်ထားတဲ့ ကျောက်ဆစ်သင်ပုတ်တစ်ခုရှိပြီး လူတစ်ရပ်လောက်မြင့်ပါတယ်။

ကျောက်သင်ပုတ်ဘေးမှာတော့ ကမ္မည်းစာတွေရေးထိုးထားတဲ့ ခေါင်းလောင်းတစ်လုံးရှိနေလို့ ခေါင်းလောင်းစာတွေကို ဓာတ်ပုံရိုက်ယူတဲ့အခါ ကျေးရွာဘုရားဂေါပကဝင်တစ်ဦးက အပြေးလေးလာပြီး ထွင်းထုထားတဲ့စာလုံးတွေပေါ် အောင် မြေဖြူနဲ့ပွတ်သုတ်ပေးရင်းကူညီရှာတယ်။ ခေါင်းလောင်းစင်ဘေးမှာတော့ ငါးမျက်နှာဘုရားသမိုင်းကိုရေးထိုးထားတဲ့ 'ကျပင်းမြို့၊ ရှင်ပင်ငါးမျက်နှာဘုရားသမိုင်း'လို့ ရေးထိုးထားတဲ့ နှစ်ဖက်ထိုး စကျင်ကျောက်စာတစ်ချပ်ကို တောင်ထားပါတယ်။ အဲဒီဘေးက နေကြည့်လိုက်ရင် အောက်ကိုနိမ့်ဆင်းသွားတဲ့ နတ်လမ်းနဲ့ စေတီငယ်လေးတစ်ဆူတွေ့ရတယ်။ ဘုရားရင်ပြင်ရဲ့ အနောက်တောင်ဘက် နံရံတံတိုင်းနဲ့ကပ်လျက်မှာတော့ အုတ်တိုက်ထူထူပိတ်ပိတ်နဲ့ နတ်ကွန်းတစ်ခုရှိတယ်။ နတ်ကွန်းရဲ့ထိပ်ဟာ ပိရမစ်ပုံရှိပြီး ပိရမစ်ထိပ်ဖျားမှာ ကလသာအိုးပုံတင်ထားပါတယ်။ နတ်ကွန်းဂူပေါက်ကတော့ အတော်လေးနိမ့်ပါတယ်။ ကလသာအိုးဆိုတာ ပဋိသန္ဓေအရင့်အမာရှိသော အဓိဝမ်းသဏ္ဍာန်ရှိတာမို့ လာဘ်ရွှင်ခြင်း၊ ပြည့်စုံခြင်းသဘောကိုဆောင်တယ်လို့ ယူဆကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ▫ ဦးဖြူ-ဦးညိုနတ်ကွန်း

အောက်ဘက် အနိမ့်ပိုင်းကနေ နတ်လမ်းအတိုင်း ကန်တော့စရာတွေကို တောင်းနဲ့ထည့်ရွက်ရင်း တက်လာတဲ့ မိန်းမတစ်ယောက်က နတ်ကွန်းရှေ့မှာ သူ့ခေါင်းထက်က အုန်းပွဲငှက်ပျောပွဲကိုချလိုက်တယ်။ ဒေသရဲ့ရိုးရာအတိုင်း ဦးဖြူဦးညိုနတ်တွေကို လာပြီးပူဇော်ပသကန်တော့တာပေါ့။

အဲဒီနတ်နန်းကတော့ သရေခေတ္တရာ ဒွတ္တဘောင်မင်းထံမှာ အမှုတော်ထမ်းတဲ့ သူ့ရဲ့ကောင်းနှစ်ဦးဖြစ်တဲ့ မောင်ဖြူနဲ့မောင်ညိုတို့နှစ်ဦးရဲ့နတ်ကွန်းပါ။ ဒီသူရဲကောင်းနှစ်ဦးဟာ ခွန်အားဗလကြီးမားလှတဲ့ပန်းပဲမောင်တင့်တယ်နဲ့ နဂါးမရွှေနဘေတို့က မွေးဖွားတဲ့ သားနှစ်ပါးဖြစ်ပြီး ညီအစ်ကိုချင်း လက်ဝှေ့ထိုးသတ်ရင်း အမောဆို့သေဆုံးသွားကြသူတွေ ဖြစ်ပါတယ်။ အမေရွှေနဘေက နဂါးအဆက်မို့ ရွှေစက်တော်တောထဲကို ဘုရားလာဖူးရင်း ဦးတင့်တယ်အဖေကြီးနဲ့ဖူးစာဆုံခဲ့ကြတာပါတဲ့။ နတ်ကွန်းထဲမှာ မူလက ညီအစ်ကိုနှစ်ဦးအတွက် ပထမအရွယ်၊ ဒုတိယအရွယ်နဲ့တတိယအရွယ်၊ အရွယ်သုံးပါးအတွက် နတ်ရုပ်တုခြောက်ခုရှိခဲ့ပေမယ့် ခုတော့ သုံးရုပ်က အခိုးခံခဲ့ရပြီး ဒီကျောက်ရုပ်ကြီးတွေသာ ကျန်ရှိနေတော့တာပါ။ ပျောက်သွားတဲ့နတ်ရုပ်တွေကို ပြန်လည်ရခဲ့ပေမယ့် တာဝန်ရှိသူတွေက ထိန်းသိမ်းထားလိုက်ကြပါပြီတဲ့။ နံ့သာဖြူ နံ့သာနီနဲ့ထုလုပ်ထားတယ်ဆိုတဲ့ရုပ်တုတွေဟာ သိမ်းထားတဲ့အရုပ်တွေမှာများရှိနေမလား။ အခုရှိနေတဲ့ ညီကိုနောင်ရင်းနှစ်ပါးမင်းကျောက်သားနတ်ရုပ်ကြီးတွေဟာ ရှေးကျတဲ့လက်ရာတွေဖြစ်ပြီး ဦးခေါင်းကြီးကြီး၊ လက်သီးဆုပ်ခန့်ရှိတဲ့ မျက်လုံးပြူးပြူးကြီးတွေနဲ့ သန်လျက်ကိုင်၊လှံထမ်းထားကြပါတယ်။ ပန်းဆီရောင်ဝတ်လဲတော်တွေကိုပတ်ထားပြီး ခေါင်းနဲ့ရင်ဘတ်မှာလည်း ပဝါတွေနဲ့ပါ။ယပ်တော်တွေလည်း လက်ကြားတွေမှာညှပ်ပြီး ပူဇော်ထားရဲ့။ လက်ခြောက်ဖက်တောင်ရှိတဲ့ရုပ်တုတွေမို့ မေးကြည့်တော့ -

"ဘဘဖြူ ဘဘညိုတို့က လျှင်မြန်ဖျတ်လတ်တဲ့ လူစွမ်းကောင်းတွေမို့ လက်ခြောက်ဖက်ပါသလိုထင်ရအောင် စွမ်းလို့ လက်ခြောက်ဖက်နဲ့ ထုလုပ်ထားပါတယ်။ လက်တစ်စုံက ရင်ဘတ်ရှေ့မှာ လက်အုပ်ချီထားတယ်လေ။ ဘုရားကိုကန်တော့နေတာပေါ့။ ကျန်လက်တွေထဲမှာတော့ လူစွမ်းကောင်းတွေဖြစ်လို့ ဓား၊ လှံ၊ လက်နက်တွေကိုင်ဆောင်ထားပါတယ်"

လို့ နန်းထိန်းကပြောပါတယ်။

ဒီရုပ်တုတွေဟာ အေဒီ ၁၁ ရာစုလောက်ကထုလုပ်ခဲ့တယ်လို့ ရှေးဟောင်းဌာနကလူတွေ ပြောဖူးတယ်လို့လည်း နန်းထိန်းအမျိုးသမီးက ပြောပြပါတယ်။ နန်းထဲမှာ အမျိုးသမီးရုပ်တုလည်းတွေ့ရပါသေးတယ်။

ဦးဖြူ ဦးညိုနတ်ကိုးကွယ်သူတွေဟာ အစဉ်အလာရိုးရာဓလေ့အားဖြင့် သုံးနှစ်တစ်ကြိမ် နတ်ကွန်းကိုလာရောက်ကန်တော့ကြရလေ့ရှိရဲ့။ ကန်တော့တဲ့အခါမှာလည်း ဘာလှူရမယ်လို့သတ်မှတ်ချက်မရှိပေမယ့် ငှက်ပျောပွဲ၊ အုန်းပွဲအပြင် သူတို့စိတ်အာရုံမှာ သဒ္ဓါပေါက်သလို ပဝါ၊ ဝတ်လဲတော်စတာတွေကိုလည်း ဆက်သကြပါသတဲ့။ ဝတ်လဲတော်က ဆယ်တောင်ရှိမှ ဒီပုံတော်ကြီးတွေကို ပတ်လို့ရပြီး ရင်စည်းတော်က ငါးတောင်နဲ့ ဖောင်းတော်က (၄) တောင်ရှိရသတဲ့။ ဘောင်းတော် ရှာပန်းထည်အနီနဲ့အဖြူသုံးတာကတော့ အဖြူက လ၊ အနီက နေကို ကိုယ်စားပြုပါတယ်။ မုန့်ဆီကြော်ကပ်ရာမှာလည်း အဖြူ အနီရှိတယ်လေ။

"ငှက်ပျောပွဲအုန်းပွဲ ကန်တော့ပွဲမှာလည်း အရပ်ဓလေ့နဲ့အညီတင်ကြပါတယ်။ ကျွန်မတို့ ဒီဘက်ရပ်ရွာထုံးစံကတော့ ငှက်ပျောနှစ်ဖီးဆိုင်၊ စဥ့်ကူဘက်ကတော့ ငှက်ပျောသုံးဖီးဆိုင်နဲ့လာပြီး ကိုယ့်အယူအဆနဲ့ကိုယ်ပေါ့ရှင်။ အချို့ကလည်း ငှက်ပျောပလ္လင်နဲ့လာကြတယ်။ သပြေက ကြာသပတေးနဲ့ သောကြာနံမို့ (၅) နဲ့ (၆) ပေါင်းတော့ (၁၁)။ (၁၁)မီးငြိမ်းတယ်ပေါ့ရှင်။ ကွမ်းတော်နဲ့လည်း ပူဇော်ကြတယ်။ ကွမ်းတော်တယ်၊ ကံနိမ့်တာကို ကယ်တယ်ပေါ့ရှင်"

ဆက်သထားတဲ့ ဒီငှက်ပျောတွေ၊ အုန်းတွေကို ပန်းရန်သမား၊ လက်သမားတွေကိုလည်း ပေးကျွေး၊ ရောင်းချတန်တာလည်း ရောင်းချပြီး နတ်နန်းအတွက် ပန်းပြန်လှူကာ၊ ထိန်းသိမ်းစောင့်ရှောက်တာတွေလည်းလုပ်ရပြီး လိုအပ်တာတွေကိုလည်း ပြန်လည် ဖြည့်ဆည်းပေးကြရပါတယ်။

ငါးမျက်နှာစေတီရဲ့ဘုရားတွေရှေ့မှာထက် နတ်ကွန်းထဲကနတ်ရုပ်တွေ ရှေ့မှာတော့ လူတွေပိုစည်ကားနေပါတယ်။ အရွယ်လတ်အမျိုးသမီးတစ်ဦးက ရွာခံနတ်ကတော် (နန်းထိန်း)ဖြစ်ပြီး အောင်မြင်တဲ့အသီးနဲ့ ရွှတ်ဆိုဆုတောင်းပေးနေရဲ့။ လှူဒါန်းသူရဲ့ နေ့နံအလိုက် ရာထူးတိုးချင်သူ၊ ကျန်းမာရေးကောင်းချင်သူတွေအတွက် ရွှတ်ဖတ်ပေးနေတာပါ။ သူက ဒီငါးမျက်နှာရွာသူ အပျိုကြီး မမိုးမိုးကြည်ဖြစ်ပါတယ်။ ဒီအလုပ်ကိုလုပ်ဖို့ ရယ်လို့မဟုတ်ပေမယ့် သူငယ်ငယ်ကတည်းက အသားငါးရှောင်ကာ သက်သတ်လွတ်စားပြီး ငါးပါးသီလစောင့်ထိန်းပါသတဲ့။ အကယ်လို့ သူအိမ်ထောင်ရက်သားကျသွားရင်လည်း နန်းထိန်းဆက်လက်လုပ်နိုင်ပါသတဲ့။ သူ့အဘွားတွေလည်း အိမ်ထောင်တွေကျကြတာပါပဲတဲ့။ မမိုးမိုးကြည်ဟာ ဘုရားဒကာမျိုးရိုးကဖြစ်ပြီး မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာရတဲ့ နတ်ကတော်မို့ မနှစ်က တန်ဆောင်မုန်းလမှာ သူ့အစ်မနန်းထိန်းနတ်ကတော်အပျိုကြီးဆုံးပါးသွားတော့ သူတို့အမျိုးထဲမှာ သူပဲ မိန်းကလေးရှိလို့ ဆက်လက်ပြီး ခုနှစ်ဆက်မြောက်နန်းထိန်းအဖြစ် စေတနာ့ဝန်ထမ်း (၂၄) နာရီ တာဝန်ယူနေပါတယ်။ သူလည်း သူ့ရပ်သူ့ရွာမှာ ကိုယ်ပိုင်အလုပ်တွေနဲ့ စီးပွားရေးလုပ်ထားတာရှိလို့ သူ့အလုပ်နဲ့သူ သူ့ဘဝကို ရပ်တည်နေပြီး ဒီလိုနတ်ထိန်းအဖြစ်တော့ အစဉ်အလာအရသာလာလုပ်နေရခြင်းပါတဲ့။ သူ့ရွှတ်ဖတ်သံနဲ့အတူ ကပ်လှူပူဇော်ထားတဲ့အမွှေးတိုင်နံ့၊ ဖယောင်းတိုင်နံ့နဲ့ပန်းရနံ့တွေဟာ ဂူပိတ်ပိတ်ထဲကနေ အပြင်ကိုလျှံထွက်နေရဲ့။ နတ်တွေကို 'အဖွာတော်' စီးကရက်တွေ ဆက်ကပ်ထားလို့ မွှန်ထူနေပါတယ်။ ဦးဖြူ ဦးညိုတို့ခေတ်က စီးကရက်ပေါ်နေပါပြီလား။

## ▫ အဖေကြီး ဦးတင့်တယ် နတ်ကွန်း

ဦးဖြူ ဦးညိုနတ်ကွန်းဂူပေါက်ဝရဲ့ဘယ်ဘက်မှာလည်း သီးခြားမှခ်ပေါက်နိမ့်နိမ့်တစ်ခုနဲ့ မတ်တတ်ရပ်နေတဲ့ နတ်ရုပ်တုတစ်ခုရှိနေပါသေးတယ်။ မုခ်ပေါက်ရှေ့က သစ်သားတိုင်မှာတော့ အပေါ်ကနေအောက်အထိ သပြေပန်းတွေနဲ့ ရှာပန်းထည် ပိတ်ဖြူ ပိတ်နီတွေကို အပြည့်ချည်နှောင်ပူဇော်ထားရဲ့။ အဲဒီနတ်ကတော့ မုခ်ပေါက်ထိပ်မှာ အင်္ဂတေသားကို ဖောင်းကြွထွင်းထုရေးသားထားတဲ့ စာတန်းကြီးအရ မြန်မာ့အိမ်တိုင်းနဲ့ တိုက်ခန်းတိုင်းမှာလိုက်ထားရှိကိုးကွယ်တဲ့ ထင်ရှားသော နတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးဖြစ်တဲ့ 'အဖေကြီးဦးတင့်တယ်'ပါ။ ဥဒေါက်ဝအောက်ဘက်နားမှာလည်း မီးမှုဖော်ရလို့ အထူးသတိပေးထားပါတယ်။ ဦးတင့်တယ်က မီးပုံထဲမှာ သေဆုံးခဲ့ရတဲ့နတ်ကိုး။ ဒါကြောင့်လည်း နားကဂူထဲမှာ မီးတွေပူဖော်ထားလို့ အတူမရှိစေဘဲ ဂူပေါက်သီးခြားနဲ့ ထားတာကိုး။

'သိုးကလေ - ပုပ္ပားနတ်တောင်အခေါင်မြင့်မား၊ စုံတောပြားက' တဖျာထဲက 'သိုး' ဆိုတဲ့ ခမောက်ကို ဆောင်းထားတဲ့ 'အိမ်တွင်းမင်းမဟာဂီရိနတ်'လည်း ဖြစ်ပါတယ်။ မဟာ -ကြီးမားတဲ့၊ ဂီရိ - တောင်ကြီးကိုအပိုင်စားရတဲ့ တောင်ကြီးရှင်နတ်ပါတဲ့။ ဦးတင့်တယ်ဟာ ခါးပန်းနီစည်းပြီးဖောင်းအနီဆောင်းထားတဲ့ အံတွင်းဝန်ကြီးအမတ်ပါ။ နတ်ရုပ်တုမှာ ကြီးမားတဲ့ နားတောင်းကြီးနှစ်ခုကို နားနှစ်ဖက်မှာ ပန်ဆင်ထားပြီး ညာလက်ကို တံတောင်ဆစ်မှကွေးဝှာတောင်ဝှေးကိုင်ထောက်ထားပြီး ဘယ်လက်က အပေါ်မြှောက်ကာ သန်လျက်ကိုင်လျက် ပခုံးပေါ်တင်ထားပါတယ်။ ရုပ်တုတော်ဟာ ရှေးလက်ရာပီသစွာ အတော်ကြည့်ကောင်းပြီး မျက်နှာဖော်တလည်း ပြုံးချိုကြည်လင်နေရဲ့။

**ဒကျောက်စေတီ**

ဘုရားကုန်းတော်ပေါ်ကနေဆင်းပြီး ဘုရားအနောက်ဘက်ကုန်းအောက်က ဘုန်းတော်ကြီးကျောင်းကို တရုတ်စကားပင်တန်းဘေးကနေသွားကြတယ်။ ကျောင်းဝင်းထဲမဝင်ခင်မှာတော့ မူလတန်းကျောင်းကလေးကိုတွေ့ရပါတယ်။ ဒီ့တာဝန် အရေးသုံးပါး အစိမ်းရောင်ဆိုင်းဘုတ်ကြီးလည်းထောင်ထားရဲ့။ ကျောင်းလေးကိုလွန်တော့ အပင်ကျိုးကျိုးကျဲကျဲနဲ့ ဝင်းလေးထဲမှာ ကျောက်စေတီငယ်လေးတစ်ဆူ တွေ့ရတယ်။ ရခိုင်ဘက်ကလို ကျောက်တုံးတွေကိုထုဆစ်ပြီး တစ်ခုပေါ်တစ်ခုထပ်ထားတာပေါ့။ လူတစ်ရပ်ကျော်ရုံလေးဖြစ်ပြီး ဘာမှထဲအထူးတလည် တန်ဆာဆင်ထားပူဖော်ပသထားတာမရှိပါဘူး။ ဆင့်ဆင့်ထားတဲ့ ကျောက်ပြားတွေကို တစ်ခုချင်းဖယ်ထုတ်လို့လည်းရပါတယ်။ စေတီလေးဘေးမတော့ ဝါးကပ်ကာထားတဲ့ အဆောင်ကလေးတစ်ခုအထဲမှာလည်း ဗိုထိုးတဲ့ဖားဖို၊ ရက်ကန်းစင်၊ ဗိုင်းငင်ခုံနဲ့ သစ်သားပရိဘောဂအချို့တွေ့ရတယ်။ အင်း- တစ်ချိန်တုန်းက 'လုံ'တွေနဲ့ ဗိုထိုး

တဲ့ ဘုန်းကြီးတစ်ပါးပါး ဒါမှမဟုတ် ကပ္ပိယကြီးတစ်ဦးဦး ဒီကျောင်းမှာရှိခဲ့မယ်လို့ တွေးမိသွားရဲ့။ ခါတ်လုံးလား၊ ရွှေဖြစ်ငွေဖြစ်လား။

သစ်သားကျောင်းအိုကြီးပေါ်ကို တက်ခဲ့ပါတယ်။ ကျောင်းကြီးကအိုပေမယ်လို့ လက်ရန်းငယ်မပြိုသေးတဲ့ ကျောင်းမို့ လက်ရန်းခိုင်ခိုင်ခံ့ခံ့ကိုကိုင်ပြီး ကျောင်းပေါ်တက်နိုင်ပါသေးတယ်။

ကျောင်းအောက်ထပ်က သစ်သားတိုင်လုံးကြီးတွေနဲ့ စိုက်ထူထားလို့ ထည်ဝါနေတဲ့ ကြမ်းပြင်ထက်မှာတော့ ရှေးဟောင်းသစ်သားပရိဘောဂအမျိုးမျိုး၊ ကျေးလက်ရိုးရာလက်မှုအနုပညာပစ္စည်းများနဲ့ ဆွမ်းအုပ်၊ ယွန်းဗျပ် စတဲ့ ယွန်းထည်တွေကို အပုံလိုက်တွေ့ရပါတယ်။

ကျောင်းကြီးအပေါ်ထပ်မှာတော့ သစ်သားပန်းပုတွေနဲ့ ထုံမွမ်းထားတဲ့ ဘုရားဆောင်ကြီးကို မြင်လိုက်ရတယ်။ ဘုရားကျောင်းဆောင်ကြီးဟာ အကြီးကြီးဖြစ်ပြီး သစ်သားတိုင်လုံးကြီးတွေကိုပတ်ပြီး သစ်သားပြားကြီးတွေမှာ ထွင်းထုထားတဲ့ ဖောင်းကြွအရုပ်တွေ၊ ပန်းတွေ၊ ပန်းပုထည်တွေနဲ့ဆင့်ခံပြီး စင်မြင့်လုပ်ထားတာပါ။ ဘုရားခန်းဝင်ပေါက်၊ ထွက်ပေါက်တွေဟာလည်း နဂါးရုပ်တွေရံထားကာ ဘီလူးရုပ်၊ ဂဠုန်ရုပ်နဲ့ခွမိုးထားတဲ့ သစ်သားပန်းပုတံကဲတွေတပ်ဆင်ထားလို့ ခံ့ညားလှရဲ့။ နံရံတွေကိုလည်း ဖောင်းကြွ၊ ဇောင်းကွက်ဖော်သစ်သားပြားကြီးတွေနဲ့လုပ်ထားပါတယ်။ ကျွန်းသစ်သားပြားကြီးတစ်ချပ်မှာ မနုသီဟရုပ်ကို ရုပ်ကြွထုလုပ်ထားတာလည်း လွန်လှပပြီး လက်ရာမြောက်ကြတယ်။ အမိုးမှာလည်း သစ်သားပန်းပုတွေနဲ့ပါ။ ဘုရားကျောင်းဆောင်အနောက်ဘက်မှာ ဂိုဒေါင်လို ပြွတ်သိပ်ထည့်ထားတဲ့ မှန်စီရွှေချစာတိုက်တွေ၊ ရွှေဇာပါယွန်းသေတ္တာကြီးတွေ၊ ဆင်းတုတော်နဲ့ သစ်သားပန်းပုထည်တွေ၊ စာအုပ်ဗီရိုတွေ၊ ဘုံအဆင့်ဆင့်နဲ့ ဘုရားကျောင်းဆောင်လေးတွေ၊ ကိုးဆူခုံတွေနဲ့ တရားဟောပလ္လင် စတဲ့ ဘာသာရေးသုံး ပရိဘောဂတွေလည်း အများအပြားပါ။ မှန်စီရွှေချစာတိုက်တွေရဲ့အရုပ်တွေ၊ အထူးသဖြင့် ဘီလူး၊ မင်းသားမင်းသမီးရုပ်၊ ငှက်ရုပ် စတဲ့ ဇာတ်တော်လာ ဇာတ်ကောင်တွေကို သရုပ်ဖော်ဖို့ကပ်ထားတဲ့ မှန်ချပ်အချို့ဟာ အခုံးတွေမို့ အရုပ်တွေကိုပိုပြီး ကြွတက်စေပါတယ်။ မှန်ခုံးတွေဟာ အစိမ်းရောင်တွေမို့ ရွဲလုံးလို ခပ်လုံးလုံး

ဖန်လုံးတစ်ခုကိုခွဲစိတ်ပြီး ဖုံးညှိသွင်းထားတာလားလို့ တွေးကြည့်မိတယ်။

ရှေးဟောင်းမှန်စီရိုကြီးတွေထဲမှာလည်း ပေစာ၊ ပုရပိုက်စာတွေအလိပ်လိုက်အထပ်လိုက်ပါ။

အရင်က ဒီကျောင်းရဲ့ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာရဲ့ဓာတ်ပုံကြီး၊ 'သီပေါမင်းတရားကြီးနှင့် ရတနာ့ဒေဝီအဂ္ဂမဟေသီမိဖုရားခေါင်ကြီး ထိပ်စုဘုရားလတ်တို့ ရာဇအဘိသိက်ခံယူနေကြစဉ်'၊ 'သီပေါမင်းတရားကြီးနှင့် အဂ္ဂမဟေသီမိဘုရားခေါင်ကြီး ထိပ်စုဘုရားလတ်၊ ထိပ်စုဘုရားကြီးတို့ အတူစံနေကြစဉ်'၊ မူလကျောင်းတော်ကြီးရဲ့မပြုပြင်ခင်က အဖြူအမည်းဓာတ်ပုံဟောင်းဆိုတဲ့ အဖြူအမည်းပုံတွေကို မှန်ပေါင်သွင်းချိတ်ဆွဲထားတာလည်းတွေ့ရရဲ့။ ဒါဟာ သမိုင်းအထောက်အထားတွေပါပဲ။

အသားထည်ဘုန်းကြီးကျောင်းခေါင်းရင်းမလှမ်းမကမ်းမှာ အုတ်တိုက်ကြီးတစ်ခုရှိပါတယ်။ အဲဒီမှာ ပြခန်းလေးလုပ်ဖို့စီစဉ်ဖူးတယ်ဆိုလို့ ဒီဘုရားခန်းထဲမှာထားတာထက်တော့ မီးဘေးပိုစိတ်ချရမယ်ထင်ရဲ့။ အခြားဘေးအန္တရာယ်တွေကိုတော့ မသိပါ။ ပိုပြီး လုံခြုံအောင် တံခါးတွေ၊ သော့တွေနဲ့ အစောင့်ပါရှိရင် ပိုကောင်းပါလိမ့်မယ်။

ကျောင်းရဲ့ ဆွမ်းစားဆောင်မှာတော့ တုံးမောင်းကြီးတွေ့လိုက်ရပေါ့။ ရွာမှာနေစဉ်က မနက်အရုဏ်တက်ဆိုရင် ဒီလို တုံးမောင်းခေါက်သံနဲ့အတူ အစ်မက ဆွမ်းထချက်မြဲပါ။ အဲဒီတုံးမောင်းဘေးမှာပဲ ဘုန်းကြီးကျွေးလိုက်တဲ့ ဆွမ်းကျန်ကို စားသုံးခဲ့ကြတယ်။ ရွာမှာ ဆွမ်းခံလို့ရတဲ့ဟင်းတွေမို့ ပဲနှပ်၊ ဝါဇွဲ့ ပင်ပေါက်၊ မန်ကျည်းရွက်စတဲ့ အညာစာတွေပါ။

ကျောင်းဝင်းကအထွက်လမ်းမှာ သစ်သားထည် ကုဋီနှစ်လုံးကိုမြင်လိုက်ရတော့ ငယ်စဉ်ဘဝ ကိုရင်ဝတ်စဉ်က ရွာဘုန်းကြီးကျောင်းမှာနေခဲ့ရတာကို သတိရမိသွားရဲ့။ ဒီလိုကုဋီမျိုးမှာ ရေအိမ်တက်ရင်း ကျောင်းထိုင်ဆရာတော်ကြီး သုံးခဲ့တဲ့ ကနုတ်တံ (အလေးသုတ်သင်တဲ့ဝါးချောင်းချောချောပြားပြားရှည်ရှည်) ကို သန့်ရှင်းပေး၊ နေလှန်းပေးပြီး ကုဋီထဲပြန်ထားရတဲ့အလုပ်ကို လုပ်ခဲ့ကြရတယ်လေ။ ခြော် - ကျေးလက်က ဗုဒ္ဓဘာသာဝင်တွေရဲ့ဘဝကို လွမ်းမိရဲ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com

သန်းဒွေ(ရွှေဘို)

# ရွှေဘိုမြို့ကိုစောင့်ရှောက်နေကြသော နတ်မင်းကြီး(၉)ပါး


ယနေ့အချိန်အထိ ရွှေဘိုမြို့တော်ကြီးနှင့်တကွ မြို့သူမြို့သားအပေါင်းတို့အား အမြဲမပြတ် စောင့်ရှောက်တော်မူနေကြသော အောင်စွာမင်းကြီးရုပ်ရှင်ဘိုးဘိုးကြီး၊ ဆင်ဖြူရှင်၊ မြင်းဖြူရှင်၊ ရှင်သန့်စင်၊ ရှင်ဖြူထွား၊ သောမဘုရင်၊ ရွှေပြည့်ရှင်၊ ဗိုလ်ချုပ်ဦးဆော် အစရှိသည့် နတ်မင်းကြီး (၉) ပါးသည် တတိယမြန်မာနိုင်ငံနှင့် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျအား စစ်ကူတိုက်ပေးခဲ့ကြသော သမ္မာဒေဝနတ်ကောင်းနတ်မြတ်ကြီးများပင် ဖြစ်သည်။

ဟံသာဝတီဘုရင်က ၁၁၁၃ ခုနှစ်တွင် စစ်ကိုင်းနှင့် အင်းဝမြို့များကို သိမ်းပိုက်ကြောင်းကြားသိရသည့် ဦးအောင်ဇေယျသည် အင်းဝအခြေအနေကို အင်းဝမကျခင်ကပင် သိနေခဲ့သောကြောင့် မုဆိုးဘိုကို ထန်းလုံးများဖြင့်ကာရံကာ ရဲရင့်၍ လက်ရုံးရည်၊ နှလုံးရည်များနှင့် ပြည့်စုံသူများကို ရွေးကောက်စုရုံးပြီး ဆင်စီး၊ မြင်းစီး၊ လေးပစ်၊ လှံထိုး၊ ဓားခုတ်၊ တုတ်ရိုက်ပညာများကို နေ့ရောညပါ သင်ကြားလေ့ကျင့်ပေးနေခဲ့သည်။

မုဆိုးဘိုရွာအနီးမှ ခေါင်းဆောင်များနှင့် ယောက်ျား၊ မိန်းမအပေါင်းကလည်း မုဆိုးဘိုသို့ တညီတညွတ်တည်း ရောက်ရှိစုရုံးလာပြီး ဦးအောင်ဇေယျအား မင်းအဖြစ်သို့ယူပါရန်လျှောက်တင်ကြလေသည်။ သို့ဖြစ်၍ မင်းအဖြစ်ကိုယူပြီး `သာသနာ့ဒါယကာခံမည်ဟု ဆုံးဖြတ်ခဲ့လေသည်။


ထိုအချိန်တွင် ဟံသာဝတီဘုရင်က မြောက်ဘက်တစ်ကြောသို့ နယ်ချဲ့သိမ်းပိုက်လိုသောကြောင့် မြောက်ဘက်တစ်ကြောတွင် မည်သူတန်ခိုးကြီးနေသနည်းဟု စုံစမ်းသောအခါ ဦးအောင်ဇေယျတန်ခိုးထက်နေကြောင်းသိရှိရလေသည်။ ဦးအောင်ဇေယျအား သစ္စာတော်ခံစေရန်နှင့် မြို့စားအဖြစ် အပ်နှင်းမည့်အကြောင်းပြောကြားရန် တမန်တော်များ စေလွှတ်ခဲ့လေသည်။

ဦးအောင်ဇေယျက မိမိတို့မှာ သူ့ကျွန်ခံမည့်သူများမဟုတ်ကြောင်းပြောကြားပြီး တမန်တော်များအား သုတ်သင်၍ အနည်းငယ်သာ ချမ်းသာပေးလျက်






ပြာသာဒ်နန်း၏ ထုဆန်းသက်ယာ တောင်မျက်နှာ၌ အောင်စွာမင်းကြီး



ရွှေမြသော်ဘုရား အနောက်ပါးရုပ်ရှင်ကိုးကွယ်တင်သည် ရုပ်ရှင်ဘိုးဘိုးကြီး



ရွှေတန်ဆာ၏ သက်ယာတောင်ယွန်း အရှေ့စွန်း၌ ဦးစွန်းထိပ်တင် ဆင်ဖြူရှင်




www.burmeseclassic.com

www.burmeseclassic.com




မြောက်ရန်ဘက်သန်း၊ သိဂီနန်ဒို့
မှုထမ်းကျွမ်းကျင် မြင်းမြှရှင်




ရွှေတန်ဆာ၏ အနောက်စောင်းတန်း၊
မြောက်ဘက်နန်းတွင် ရှင်သန့်စင်



ရွှေကြက်တောင်ဘုရား ထင်ရှားလက်ယာ
မည်သာ့ပိုင်းခြား ရှင်မြှုတွား




ဓော်ပြားလှဝယ် အလယ်ကုန်းမှ သောမဘုရင်




ဆုတောင်းပြည့်တုရားရှေ့မှာက်ပါးတွင်ရွှေပြည့်ရှင်




နန်းတုံ့မြောက်ညာ မြစ္စာစောင့်နေ ရေဦးဒေသ်

ဟံသာဝတီဘုရင်အား သံတော်ဦးတင်ရန် ပြန်လွှတ်ခဲ့လေသည်။ ပြန်လာသောတမန်တော်များ၏ သံတော်ဦးတင်ချက်ကိုကြားသိရသော ဟံသာဝတီမင်းသည် အမျက်ဒေါသခြောင်းခြောင်းထွက်ပြီး ကျူပင်ခုတ် ကျူငုတ်တောင်မကျန်စေနှင့်။ အကုန်သုတ်သင်ခဲ့ဟု မှာကြားပြီး အင်အား (၃၀၀၀) ရှိသော တပ်ကြီးစေလွှတ်ခဲ့လေသည်။ စစ်တံလင်းတွင် ရင်ဆိုင်တိုက်ပွဲကြီးဖြစ်လေရာ ဦးအောင်ဇေယျမှာ အင်အားစုစည်းစအချိန်ဖြစ်၍ အင်အား (၂၀၀) ခန့်သာရှိသေးသော်လည်း သတ္တိဗျတ္တိနှင့် သူ့ကျွန်မခံလိုသောစိတ်ဓာတ်တို့ကြောင့် သူ့ဘက်မှအရေးသာနေသည်။ ထိုအချိန် တိုက်ပွဲအတွင်းလွှားခနဲလွှားခနဲ မြစ်းဖြူကြီးများစီးလျက်ကြံခိုင်တောင့်တင်းကျားကျားလျားလျားရှိလှသော စစ်သူကြီးများ၏ ဓား၊ လှံများအောက်ဝယ် ရန်သူများ အတုံးအရုံးကျဆုံးနေကြရသည်ကို ဦးအောင်ဇေယျတိုက်ရင်း သတိပြုမိနေသည်။ ရင်ဆိုင်တိုက်ပွဲကြီးပြီးဆုံးသောအခါတွင် ရန်သူအနည်းငယ်သာ ကိုယ်လွတ်ရုန်းပြေးနိုင်ကြပြီး မုဆိုးဘိုသားတို့ လှလှသား အနိုင်ရခဲ့ကြလေသည်။

ဦးအောင်ဇေယျက တိုက်ပွဲတွင်းရဲရင့်ပြီး ကျားကျားလျားလျားရှိလှသောစစ်သူကြီးများအားတွေ့ဆုံပြီး -

"အသင်တို့ ကျွန်ုပ်က အင်အားစုစည်းစအချိန်ဆိုတော့ အားလုံးကိုမမှတ်မိသေးပါ။ အသင်တို့ ဘယ်နယ်က ဝင်ရောက်လာကြသည်ကိုပြောပါဦး"

စသည်ဖြင့် နှုတ်ဆက်မေးမြန်းသောအခါမှ စစ်သူကြီးများက မူလနတ်ကိုယ်ယောင်တော်များ ပြသပြီး -

"ငါဟာ အောင်စွာနတ်မင်းကြီးဖြစ်တယ်။ ငါနှင့်တကွ နတ်မင်းကြီး (၉) ပါးက သင်ဟာ တစ်ချိန်မှာ သာသနာကို ချီးမြှောက်စောင့်ရှောက်မယ့် မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်မှာ ဧကန်သိတဲ့အတွက် သင့်ဘက်က ကူညီပြီးတိုက်ပေးကြတာဖြစ်တယ်"

ဟု ပြောကြားလိုက်တဲ့အခါမှာ ဦးအောင်ဇေယျလည်း လွန်စွာအံ့သြဝမ်းသာဖြစ်သွားခဲ့ပါသည်။ နတ်မင်းကြီးများပုံတော်များကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရတဲ့အတွက်ကြောင့်လည်း မိမိ၏နတ်မယုံကြည်မှုများလည်း လွင့်စဉ်ပျောက်ကွယ်ခဲ့ရလေသည်။ ငယ်စဉ်က နတ်စင်မှုကြက်ကို ရိုက်သတ်၍ နတ်ပုံတော်များ ထင်းခွဲပြီးချက်စားခဲ့လောက်အောင် ကြမ်းကြမ်းရမ်းရမ်းနေခဲ့သော ဦးအောင်ဇေယျသည် ယခုတော့ နတ်ကောင်းနတ်မြတ်များကို ယုံကြည်

www.burmeseclassic.com

ကိုးစားသက်ဝင်သွားခဲ့ရပေတော့သည်။

သို့အတွက် ဦးအောင်ဇေယျက နတ်မင်းကြီးများအား -

"အသင်တို့ရဲ့ ကျေးဇူးများကား ကြီးမားလှပါသည်။ ကျွန်ုပ်ကျေးဇူးပြန်ဆပ်လိုပါတယ်။ ဘယ်လိုများကျေးဇူးတုံ့ပြန်ရမှာလဲ အမိန့်ရှိကြပါဦး"

ဟု မေးမြန်းတဲ့အခါ နတ်မင်းကြီးက -

"အသင်ကောင်းစားလို့ မြို့တော်တည်တဲ့အခါကျရင် အသင်နှင့် အသင့်မြို့တော်ကိုလည်း ကျွန်ုပ်တို့ ဆက်လက်စောင့်ရှောက်သွားမှာပါ။ ကျွန်ုပ်တို့အားသင့်တော်ရာနေရာအသီးသီးမှာ နတ်ကွန်းဗိမာန်များ တည်ဆောက်အပ်နှင်းပါ"

ဟု အမိန့်ရှိခဲ့ပါသည်။

ဦးအောင်ဇေယျသည်လည်း ကောဇာနှစ် ၁၁၁၅ ခု၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ အဝင် နံနက် (၃) ချက်တီးကျော်အချိန်တွင် ရတနာသိင်္ဃမြို့တော်ကြီးကို ရွှင် (၇) ပါးနှင့် ပြည့်စုံစွာ (၇) ဌာနပန္နက်ချရာ၌ မမေ့မလျော့ဘဲ မြို့စောင့်နတ်မင်း (၉) ပါးတို့၏ နတ်ကွန်းဗိမာန်နေရာများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပန္နက်ချ၍ နတ်ကွန်းဗိမာန်ကြီးများကြီးကျယ်ခမ်းနားစွာဆောက်လုပ်ပူဇော်ခဲ့ပါသည်။ ယခုတွေ့ရှိရသော နတ်မင်းကြီးပုံတော်များကိုလည်း ကိုယ်တော်တိုင် ထုလုပ်ပူဇော်ထားခြင်း ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ နတ်ကွန်းဗိမာန်များ ဗုံးဒဏ်ကြောင့်ပျက်စီးပြီး နတ်ပုံတော်များ ပျောက်ပျက်မည်ကို စိုးရိမ်သော တာဝန်သိလူတစ်စုက ပုံတော်များကို လိုက်လံ ပင့်ဆောင်၍ ရွှေတန်ဆာစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း ရာဟုထောင့်ရှိ စေတီပောင်းပျက်ကြီးခြေတော်ရင်းတွင် တစုတစည်းတည်းမြှုပ်၍ဖွက်ထားခဲ့သည်။ စစ်ကြီးပြီး၍ ပြန်ဖော်ပြီး မူလနတ်ကွန်းများဆီပြန်ပို့မည်ပြုသောအခါ နတ်ကွန်းများမှာ ဗုံးဒဏ်ကြောင့် ပျက်စီး၍ အကောင်းမရှိတော့ချေ။ သို့အတွက် ရွှေတန်ဆာဘုရားပရိဝုဏ်အတွင်းတွင် တစုတစည်းတည်းပူဇော်ကြရန် ဆုံးဖြတ်၍ အရှေ့စောင်းတန်းထိပ် မြောက်ဘက်နားတွင် (၇) ပေခန့်အခန်းကျဉ်းလေးထဲ၌ ကျပ်တည်းစွာ စံမြန်းခဲ့ကြရရှာသည်။ ဘုရားနှင့်အလွန်နီးသောကြောင့် နတ်ကွန်းအတွင်းတွင် မနေနိုင်ကြကြောင်းလည်း

အိပ်မက်အပေးခံရသောပုဂ္ဂိုလ်ထူးတစ်ဦး၏ပြောပြချက်အရ သိခဲ့ရပါသည်။

၁၉၉၂ ခုနှစ် ဂေါပကဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးအေး၊ အတွင်းရေးမှူး ဦးညွန့်တင်တို့လက်ထက် ဘက်စုံပြုပြင်မှုကာလတွင် ဆရာတော်ကြီးများအား နတ်နန်းကြီးရွှေ့ရန် လျှောက်ထားသောအခါ -

"ဘုရားကိုလည်း ကျောပေးမဖြစ်စေနဲ့။ နတ်မင်းကြီးများလည်း လွတ်လပ်စွာနေနိုင်အောင်၊ ကနားပေးရင်လည်း လွတ်လွတ်လပ်လပ်ပေးနိုင်အောင် ဘုရားနဲ့ဝေးဝေးနေရာရွေးကြပါ"

ဟု ဩဝါဒစကားအရ ယခုနေရာကိုရွေးချယ်၍ ယခုနတ်နန်းကြီးကိုတည်ဆောက် အပ်နှင်းခဲ့ခြင်း ဖြစ်ပါသည်။

ရွှေဘိုမြို့ကို မည်သို့စောင့်ရှောက်နေပါသနည်း။ သာဓကတစ်ခုပြပါမည်။ မန္တလေးမြို့ကို ကရင်များဝင်စီးသောအချိန်က ဖြစ်ပါသည်။ အင်္ဂလိပ်များအပြေးတွင် စစ်ကိုင်းတံတား (၂) ခန်းမှာဖျက်ဆီးထားခြင်းခံရပြီး အဆက်အသွယ်ပြတ်တောက်နေပြီး လေ့၊သမ္ဗန်၊သင်္ဘောများသာရှိပါသည်။ ကရင်တပ်များသည် စစ်ကိုင်းမြို့အထိ ရောက်လာပါသည်။ ထိုအချိန်က ရွှေဘိုတွင် U.M.B ခေါ် စစ်ရဲတပ်က အုပ်ချုပ်နေပါသည်။

ရွှေဘိုသို့ ကရင်တပ်များရောက်မလာစေရန် U.M.B တပ်မှ ဗိုလ်မှူးအောင်ညွန့် အပါအဝင် ရဲဘော်များသည် စစ်ကိုင်းသို့ချီတက်၍ ကရင်တပ်များနှင့် မြစ်ဟိုဘက်ကမ်းဒီဘက်ကမ်းတိုက်ခိုက်ကြ၏။ တစ်ဖက်နှင့်တစ်ဖက် မော်တာများနှင့်ထုကာပစ်ခတ်ကြ၏။ ဗိုလ်ကြီးကိုလှအောင်စစ်ရဲမှာ ဦးခေါင်းတွင် မော်တာကျည်ဆန် ထိမှန်ခံရပါသည်။ သို့သော်လည်း အသက်မသေပါ။ ဗိုလ်မှူးအောင်ညွန့်မှာ ပေါင်တွင် မော်တာကျည်ဆန်ခံရ၏။ ထိုအချိန် ရွှေဘိုမြို့တွင် မြို့စောင့်တပ်အနည်းငယ်သာ ကျန်ရှိပါသည်။ ရဲဘော်နီများသည် ကန့်ဘလူမြို့မှ ရထားလှို အပိုင်စီးလာပြီး ခင်ဦးသို့ရောက်လာပါသည်။ ခင်ဦးမြို့မှ ရွှေဘိုမြို့သို့ တိုက်ခိုက်ရန်အလာ ရွှေဘိုမြို့မြောက်ဘက် (၆) မိုင်အကွာ မြင်းကသာဘူတာအရောက်တွင် ရွှေဘိုမြို့ဘက်မှ စစ်သားများ ထောင်ချီပြီး တက်လာတာမြင်ရ၍ ခင်ဦးကိုပြန်ပြီး ဆုတ်ခွာသွားကြပါသည်။ တစ်ဖန် ရေဦး-ခင်ဦး-ရွှေဘိုကားလမ်းအတိုင်း မြို့ကိုတိုက်ခိုက်သိမ်းပိုက်ရန် ချီတက်လာရာ

ရွှေဘိုမြို့မြောက်ဘက် မိကျောင်းပင်ရွာ (၄မိုင်၊ ၂ဖာလုံ) မြောက်ဘက် လက်ပံလှရွာ (၇) မိုင်ခန့်တွင် စစ်သားများထောင်ချီ၍ မြောက်ဘက်သို့ ချီတက်လာတာကိုမြင်၍ ခင်ဦးမြို့သို့ ပြန်လှည့်သွားကြပါသည်။ ဒါနှင့် ရွှေဘိုကိုဝင်လို့မရဖြစ်သွားပါသည်။

အလင်းဝင်ရဲဘော်တစ်ယောက်က စာရေးသူ၏ယောက္ခမ အသက် (၈၅)နှစ် (သက်ရှိထင်ရှားရှိသူ) ကို ရွှေဘိုမြို့ကို အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်၊ တောင်ဘက်မှ မည်သို့မျှဝင်၍မရကြောင်းကို ပြောသွားခဲ့ပါသည်။ ထိုအလင်းဝင်ရဲဘော်မှာ မရှိတော့ပါ။ ရွှေဘိုမှာ အစောင့်တန်ခိုးကြီးသည်ဟုပြောသွားခဲ့ပါသည်။ ဦးသာဆိုင် တပ်စုမှူးမှာ ယခု ရွှေဘိုမြို့တွင် အသက် (၉၀) နှစ်ဖြင့် သက်ရှိထင်ရှားရှိနေပါသေးသည်။

ရွှေဘိုမြို့သည် ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ဃ၊ မုဆိုးဘို၊ ရွှေဘိုဟူ၍ နာမည်(၅)မျိုးရှိသော်လည်း လူသိနည်းလှသော နောက်နာမည်တစ်မျိုးရှိပါသေးသည်။ ယင်းမှာ အယုဇ္ဈပူရဟူသောနာမည်ဖြစ်ပါသည်။ ယင်း၏အဓိပ္ပာယ်မှာ ရန်သူတို့စစ်ထိုးခြင်းငှာ မတတ်ကောင်းသောပြည်ဟူ၍ ဖြစ်ပါသည်။ ယင်းနာမည်ကို အလောင်းမင်းတရားကြီး သက်တော်ထင်ရှားရှိစဉ်တပင် တွင်ကျယ်စွာသုံးစွဲခဲ့ပါသည်။

ရတနာသိင်္ဃ၊ အယုဇ္ဈရွှေဘုံဇေယာခုံထက် (မင်းတုန်းမင်းတရားကြီးထိုး ဆင်းကွပ်ကန်တော်ကျောက်စာ) အလောင်းမင်းတရားကြီး ထုတ်ပြန်ခဲ့သောအမိန့်တော်များတွင် 'အယုဇ္ဈပူရမည်သော ရတနာသိင်္ဃကုန်းဘောင်ရွှေပြည်ကြီး' ဟူ၍ အမြဲသုံးစွဲသည်ကို တွေ့ရှိရလေသည်။

အလောင်းဘုရားဆရာတော်ဖြစ်သော အတုလဆရာတော်၏ ရတနာသိင်္ဃမြို့တော်၏ အံ့ဖွယ်ကိုးပါးမှာ -

၁။ ဆား၊ ဆပ်ပြာ၊ ယမ်း စသည်တို့ မြို့တော်တွင် အလိုအတိုင်းရသည်လည်း အံ့ဖွယ်တစ်ပါး၊

၂။ မြို့တော်အတွင်း ရေချို၊ ရေငံ၊ ရေဖန်၊ ရေခါး စသော ရေမျိုးလေးပါးရလွယ်သည်လည်း အံ့ဖွယ်တစ်ပါး၊

၃။ မိုးတွင်းကာလ မြို့တော်ပတ်လည် ချောင်း၊ မြောင်း၊ မူးပေါက်များ၌ ရွှံ့စေးရေညွန်ထူထပ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ရန်သူတို့ လုပ်ကြံနိုင်ခဲ့သည်လည်း တစ်ပါး။

၄။ ဆောင်း၊ နွေကာလ ရန်သူတို့ ရောက်လျှင် မြို့တော်နှင့်ငါးတိုင်ခွဲ ခြောက်တိုင်ကွာအရပ်တွင် သုံးရေ သောက်ရေရှာမရ ကွယ်ပျောက် လေသောကြောင့် ရန်သူတို့လုပ်ကြံ နိုင်ခဲ့သည်လည်း အံ့ဖွယ်တစ်ပါး။

၅။ ရန်ရှိ၍ မြို့တော်ထက်စီး၍ လွတ် သမျှလက်နက်မျိုး၊ လက်နက်ရည် မရွေး ရန်သူရှိရာရောက်၍ ထိပါးရှ နလေသည်လည်းအံ့ဖွယ်တစ်ပါး။

၆။ မြို့တော်ကစ၍ အဝေးအရပ်မှာ တိုက်ထမ်းရသည့် ကျွန်တော်မျိုးတို့ ရန်အောင်လျှင် စေသံမရောက်ဘဲ မြို့တော်အတွင်းတွင် ကျီးပြို့၍ ရန် အောင်ပြီဟုသိရသည်လည်းအံ့ဖွယ် တစ်ပါး။

၇။ ရန်ရှိလျက် သွေဖည်ရှောင်လွဲနေ သည့် အမှုထမ်းကို မြို့စောင့်နတ် တို့ နှိပ်ကွပ်သည်လည်း အံ့ဖွယ် တစ်ပါး။

၈။ မင်းညီမင်းသား၊ဆွေတော်မျိုးတော် တို့ ဂုဏ်မာန်ကိုး၍ နိုင်ငံသူတို့ကို နှိပ်စက်လေ့မရှိသည်လည်း အံ့ဖွယ် တစ်ပါး။

၉။ ရဟန်းသံဃာစည်ပင်သည်လည်း အံ့ဖွယ်တစ်ပါး။

ၛင်းတို့သည် မြို့တော်၏ အကြောင်းအခြင်းအရာများ ဖြစ်ကြပါ သည်။

နတ်မင်းကြီး (၉) ပါးတို့၏ မူလ နေရာများမှာ -

၁။ နန်းတော်၏ တောင်မျက်နှာတွင် အောင်စွာမင်းကြီးနတ်ကွန်း၊

၂။ ရွှေခြသေ့ဘုရား၏အနောက်ဘက် တွင် ဘိုးတော်ကြီးနတ်ကွန်း၊

၃။ ရွှေတန်ဆာဘုရားတောင်စောင်း တန်း၏ အရှေ့ဘက်တွင် ဆင်ဖြူ ရှင် (ဝိသုဒ္ဓိ) နတ်ကွန်း၊

၄။ နန်းတော်ကြီး၏ အနောက်ဘက် တွင် မြင်းဖြူရှင်နတ်ကွန်း၊

၅။ ရွှေတန်ဆာဘုရား အနောက်ဘက် စောင်းတန်း၏ မြောက်ဘက်တွင် ရှင်သန့်စင်နတ်ကွန်း၊

၆။ ရွှေကြက်တောင်ဘုရား၏ လက် ယာဘက် (တောင်ဘက်) တွင် ရှင်ဖြူထွားနတ်ကွန်း၊

၇။ မုဆိုးဖိုအလယ်ကုန်းတွင် သောမ ဘုရင်နတ်ကွန်း၊

၈။ ဆုတောင်းပြည့်ဘုရား၏ မြောက် ဘက်တွင် ရွှေပြည်ရှင်နတ်ကွန်း၊

၉။ ရွှေနန်းတော်၏မြောက်ဘက်တွင် ရေဦးဆော်နတ်ကွန်းတို့ အသီးသီး ဖြစ်ကြလေသည်။

ယခုအချိန်တွင်ကား မြို့အိမ်ခြေ စိပ်လာခြင်း၊ နယ်ပယ်များချဲ့ထွင်လာ ခြင်းတို့ကြောင့် ဘိုးတော်ကြီးနတ်ကွန်း တစ်ခုသာလျှင် မြို့က်စုရပ် (ထောင်ကြီး အနောက်ဘက်) တွင် တည်ရှိ၍ ကျန် နတ်ကွန်းများမှာ ကွယ်ပျောက်ခဲ့လေပြီ။ ယင်းနတ်ရုပ်များကိုမူကား ရွှေတန်ဆာ ဘုရားပရိဝုဏ်အတွင်းရှိ နတ်ကွန်း အသစ်တွင် တစုတပေါင်းတည်းတွေ့မြင် နိုင်ပါသည်။

မြို့ကိုမည်သို့စောင့်ရှောက်နေပါ သနည်းဆိုသော် မြို့တွင် အကြောင်းခြင်း ရာ တစ်စုံတစ်ခု ပေါ်ပေါက်လာပါက မြင်းဖြူရှင်နတ်သည် ခွာသံတဖြောင်း ဖြောင်းဖြင့် မြို့ကိုပတ်ချာလှည့်၍စောင့် ရှောက်နေသည်ကို တွေ့မြင်ကြားသိ လိုက်ကြရသည်ဟု သက်ကြီးစကား သက်ငယ်ကြား သိမှတ်သားရပါသည်။ (၈၈)အရေးအခင်းကာလတွင်လည်း မြို့ ကိုစောင့်ရှောက်နေခြင်း၊ မြို့အရှေ့ဘက် ကျောက်မြောင်းမြို့အထွက် မြို့၏အရှေ့ ဘက် (၃)မိုင်၊ (၄)မိုင်အကွာတွင် စကော လောက်ရှိ မြွေကြီးသည် ကားလမ်းပေါ် တွင် ကန့်လန့်ဖြတ်ရပ်တန့်နေသဖြင့် မြို့ ကိုအုပ်ချုပ်ရန်လာသော စစ်ကားများ ရပ်တန့်ရကြောင်းကို ကြားသိရပါသည်။ မြွေကြီးထွက်ခွာသွားမှသာ မြို့တွင်းဝင် ၍ရပါသည်။

(၈၈) အရေးအခင်းကာလသည် ရွှေဘိုမြို့ ဘုရားပွဲများကျင်းပပြုလုပ်ချိန် နှင့် တိုက်ဆိုင်နေပါသည်။ လုံခြုံရေးအရ ဘုရားပွဲများမကျင်းပနိုင်တော့ပြီလော၊ ကျင်းပနိုင်မည်လောဟု မြို့သူမြို့သား များ ဒွိဟဖြစ်နေချိန်ဖြစ်ပါသည်။မြို့ဒေါင့် စေတီဘုရားရင်ပြင်ပေါ်တွင် ဘုရားပွဲ မကျင်းပဖြစ်တော့မည်လောဟု အစောင့် အရှောက်များက အိုးစည်ဗုံမောင်းများ တီး၍အသံပေးနေကြသည်ကို အနီးအ နားရှိပုဂ္ဂိုလ်များမှ ပြောကြားကြပါသည်။ သို့ရာတွင် သဘောကောင်းသော တပ်မှူး၊ ဗိုလ်မှူးများက ကျင်းပြပြုလုပ်ခွင့် ပေးလိုက်သောကြောင့် ဘုရားပွဲစဉ်များ အေးချမ်းတည်ငြိမ်စွာကျင်းပပြုလုပ်ခဲ့ရ ပါတော့သည်။

ထို့ကြောင့် အဆိုတော်မာမာအေး ၏ သီချင်းစာသားအလို 'ကိန်းခန်းနဲ့ ငြိမ်းချမ်းတဲ့ရွှေဘို၊ ငြိမ်းချမ်းလိုက်ပါတဲ့ ကျွန်မတို့ရဲ့ရွှေဘို' ဟုပင် တင်စားရမလို ဖြစ်ခဲ့ရပါတော့သည်။ (၈၈)အရေးအခင်း ကာလတွင် လည်းကောင်း၊ ဂျပန်များဝင် တုန်းက လည်းကောင်း၊ အင်္ဂလိပ်များဝင် စဉ်က လည်းကောင်း ပြဿနာများ အကြီးအကျယ်မဖြစ်ဘဲ အေးချမ်းတည် ငြိမ်လှပါသော ရွှေဘိုမြို့ကလေးပင် ဖြစ်ပါသည်။

နတ်မင်းကြီးများသည် (၃၇) မင်း တွင် မပါဝင်သော သမ္မာဒေဝနတ် ကောင်းနတ်မြတ်ကြီးများဖြစ်၍ မည်သူ မဆို ဦးချကန်တော့ထိုက်ပေသည်။ ကနားပေးသောအခါတွင်လည်း အရက် သေစာ၊ သား၊ ငါးများမပါဝင်ရဘဲ သား သတ်လွတ်ပူဇော်ရသော သမ္မာဒေဝ နတ်မင်းကြီးများဖြစ်ပါသည်။ အမြဲတမ်း ပူဇော်ဆည်းကပ်ကော်ရော်ပါက စီးပွား ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ရာထူးတိုး တက်ရေးပါမကျန် လိုရာဆုတောင်းပြည့် စုံအောင်မ,စကြောင်း လက်တွေ့ဖြစ်စဉ် များက သက်သေအရှင်းပြခဲ့ပြီး ဖြစ်ပါ သည်။ ယနေ့ထက်တိုင်အောင်လည်း ရွှေဘိုမြို့ကြီးနှင့်တကွ မြို့သူမြို့သား၊ နယ်သူနယ်သားများကို အမြဲမပြတ် စောင့်ရှောက်လာခဲ့သော နတ်မင်းကြီး များ၏ ကျေးဇူးတော်ကို အားလုံးမမေ့ သင့်ပေ။

နတ်နန်းကြီး ခံ့ညား ထည်ဝါ တိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြ ရင်း နတ်မင်းကြီးများ၏စောင့်ရှောက်မှု နှင့် မေတ္တာကို ခံယူသင့်ပေသည်။

ရွှေဘိုမြို့ကို အလည်တစ်ခေါက် လာရောက်ကြပါလျှင် ရွှေတန်ဆာ ဘုရားဝင်း တောင်ဘက်ရှိ နတ်မင်းကြီး များနတ်ကွန်းကို လေ့လာ ကြည်ညို ဆည်းကပ် ပူဇော်နိုင်ကြပါကြောင်းကို မေတ္တာဖြင့် ရေးသား လိုက်ရပါတော့ သည်။

သန်းဆွေ (ရွှေဘို)

**ကိုးကား -**

၁။ ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေး ဖခင်ကြီး သမားတော်ကြီး ဆရာ ချိန်မှ ၎င်းရှေးအစဉ်အဆက်သိမ်း ဆည်းထားခဲ့သော ပေပုရပိုက် မှတ်တမ်းများဖတ်ရှု၍ ဂေါပက များအားတစ်ဆင့်မိန့်ကြားခဲ့ခြင်း

၂။ နတ်မင်းကြီးများသမိုင်း

၃။ ရွှေဘိုနိဒါန်း



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏသိရိ

## သည်းခံနိုင်စွမ်း အုံ့မခန်းလေ

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာငါးဆယ် စတ္တာလီသနိပါတ်၊ သင်္ခပါလဇာတ်တော်၌ ဗာရာဏသီမင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် သင်္ခပါလနဂါးမင်း၏ အုံ့မခန်းနိုင်လောက်အောင် ထက်သန်လွန်းလှသော ခန္တီပါရမီစွမ်းအားကို အာဋ္ဌာရရသေ့ထံမှ ကြားသိရသဖြင့် ကြည်ညိုသဒ္ဓါပွားခဲ့ရဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် မဟိသကတိုင်းအတွင်းရှိ သင်္ခပါလရေအိုင်ကြီးအတွင်း၌ နဂါးမင်းဖြစ်ခဲ့၏။ သင်္ခပါလရေအိုင်ကြီးကိုအစွဲပြု၍ အလောင်းတော် နဂါးမင်းသည်လည်း သင်္ခပါလဟုပင် အမည်တွင်ခဲ့၏။ သင်္ခပါလနဂါးမင်း၏ ကိုယ်ခန္ဓာသည် နွားစားကျင်းပြုလုပ်နိုင်သော ပိန်းကောလေှတစ်စင်းလောက် ကြီးမားသည်။ ရှည်လျားလှစွာသော ကိုယ်ခန္ဓာကို ရစ်ခွေထားသောအခါ မြတ်လေးပန်းကုံးကိုခွေထားသကဲ့သို့ တင့်တယ်လှ၏။ မျက်လုံးနှစ်ဖက်တို့သည် ချင်ရွေးသီးကဲ့သို့ နီနီရဲရဲတောက်ပနေ၏။ ဦးခေါင်းသည်ကား လယ်ခေါင်ရန်းပန်းကဲ့သို့ အရောင်အဆင်းရှိနေပေသည်။

အလောင်းတော် သင်္ခပါလနဂါးမင်းသည် နဂါးတို့၏ ဘုံဗိမာန်၌ ကမ္ဗလီဗွိတန်ခိုးရှင် နဂါးမင်းအဖြစ်ဖြင့် စည်းစိမ်ကြီးစွာစံစားနေရသည့်ကြားမှ ဘဝဘဝပေါင်းများစွာတို့၌ ဖြည့်ကျင့်ဆည်းပူးလာခဲ့သောပါရမီတို့၏ အရှိန်အဟုန်ကြောင့် ထိုဘဝမှာလည်း ဥပုသ်စောင့်ချင်သည့် သမ္မာဆန္ဒဖြစ်ပေါ်လာ၏။ သမ္မာဆန္ဒ၏ စေ့ဆော်ချက်ဖြင့် သူသည် ဥပုသ်သီလကိုခံယူကာ ဥပုသ်သီလမကျိုးပေါက်ရလေအောင်ကြိုးစား၍ စောင့်ထိန်းပါ၏။ သို့ရာတွင် မိမိဘုံဗိမာန်၌ သာယာမက်မောဖွယ်ရာကာမဂုဏ်အာရုံတွေ ပေါများလှသဖြင့် ဥပုသ်သီလကို အောင်မြင်စွာ မဆောက်တည်နိုင်ခဲ့ပါချေ။

ဤတွင် သင်္ခပါလနဂါးမင်းသည် သင်္ခပါလရေအိုင်ကြီးမှမြစ်ဖျားခံစီးဆင်းနေသော ကဏ္ဏဝေဏ္ဏ မည်သော မြစ်ငယ်သို့ဝင်လာခဲ့ပြီးမှ မြစ်ငယ်ရေထဲမှ တက်လာ၍ အများတကာသွားလာနေကျဖြစ်သော လမ်းကြောင်းဘေးနားက တောင်ပို့ကြီးတစ်ခုကိုရစ်ခွေ၍နေ၏။

"ဤယနေ့အဖို့ ဥပုသ်သီလကို မရရအောင် ဆောက်တည်မည်။ ငါ့အသွေးငါ့အသားကို လိုချင်သူဆိုလျှင် ယူပါစေ"

ဟု အဓိဋ္ဌာန်ပြု၍ သီလဆောက်တည်ပြီးလျှင် ဦးခေါင်းကို အခွေထဲမှာ ဝှက်၍ထားလိုက်လေသည်။

ထိုသို့ ငြိမ်သက်စွာနေစဉ်တွင် ခပ်လှမ်းလှမ်းအရပ်ဆီမှ ခြေသံများကို ကြားလိုက်ရ၏။ လူတစ်ယောက်တည်း၏ ခြေသံမဟုတ်ဘဲ လူတော်တော်များများ၏ခြေသံဖြစ်နေ၏။ ထို့ပြင် ထိုခြေသံများက တစ်စထက်တစ်စတိုး၍တိုး၍ ကျယ်လာသဖြင့် မိမိဆီသို့ဦးတည်လာနေပြီဟု ခန့်မှန်း၍ရနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုခြေရာရှင်တို့သည်ကား တောလိုက်မုဆိုး တစ်ဆယ့်ခြောက်ယောက်တို့ဖြစ်ကြ၏။ သူတို့သည် အိမ်မှာစားရန်၊ ပိုလျှင်ရောင်းရန် ရည်ရွယ်ချက်ကိုယ်စီဖြင့် တောတကာတောင်တကာ လှည့်လည်၍ သားကောင်များရှာဖွေခဲ့ကြရာ အယ်နေရာမှ ဟန်မကျခဲ့ကြပေ။ ဖွတ်ငယ်ကလေးတစ်ကောင်ကိုမျှ မရခဲ့ကြပေ။ ထို့ကြောင့် သူတို့သည် ဒီတစ်ခါဆိုလျှင်ဖြင့် တွေ့ရရာအကောင်ကို မရရအောင်ပစ်ခတ်သတ်ဖြတ်မည်ဟု မာန်တင်း၍လာခဲ့ကြ၏။

သင်္ခပါလနဂါးမင်းသည် အခွေထဲမှာ ခေါင်းဝှက်ထားရင်းကပင် ထိုအသံများကြားရသဖြင့် အခွေကြားမှ ခေါင်းထုတ်ကြည့်လိုက်ရာ မိမိဆီသို့ တန်းတန်းမတ်မတ်လာနေကြသော တောလိုက်မုဆိုးတို့ကိုမြင်လိုက်၏။ သူတို့လက်ထဲမှာလည်း တွေ့ကရာအကောင်ကိုထိုးသတ်ရန် သံချွန်များပါလာကြ၏။ ထိုသံချွန်တို့ဖြင့် မိမိ၏ ကိုယ်ခန္ဓာကို ရက်ရက်စက်စက်ထိုးဖောက်နှိပ်စက်ကြတော့မည့်အရေးကလည်းထင်ရှားလှပါ၏။

သူတို့ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အလောင်းတော် သင်္ခပါလမှာ ကြောက်ရွံ့စိတ်တို့ပေါ် မလာခဲ့ပါ။ သူတို့ကို မလိုမလား မျက်မာန်ပွားခြင်းလည်းမရှိခဲ့ပါ။ သူတို့ဘက်က သူတို့စိတ်သဘောက မည်သို့ပင်ရှိနေပါစေ မိမိဘက်ကတော့ ဤယနေ့အဖို့ သူတို့သည် မိမိကျေးဇူးရှင်များဟု သတ်မှတ်ထားလိုက်၏။ သူတို့၏အထောက်အကူဖြင့် ခန္တီပါရမီကို ပရမတ္ထပါရမီမြောက်သည်အထိ ဖြည့်ကျင့်ဆည်းပူးနိုင်တော့မည်ဟု အားရကျေနပ်၍နေမိ၏။

ထို့ကြောင့် အလောင်းတော် သင်္ခပါလနဂါးမင်းသည် ခန္တီပါရမီကို အောင်မြင်စွာ ဖြည့်ကျင့်ဆည်းပူးနိုင်ရန် မိမိမျက်လုံးအစုံကိုမှိတ်ထားလိုက်သည်။ မှိတ်ထားပြီးသောမျက်လုံးတို့ကို ယောင်လို့ပင် ဖွင့်မကြည့်မိအောင် အတင်းအကျပ်စိတ်ပိုင်းဖြတ်ထား၏။

တောလိုက်မုဆိုးများ ညှဉ်းဆဲနှိပ်စက်လေသမျှကို လုံးဝမခုခံဘဲ ငြိမ်သက်စွာခံယူရန် အသင့်ပြင်ထားချိန်တွင်ပင် မုဆိုးများသည် နဂါးမင်းအနားသို့ရောက်လာကြ၏။ သည်ယနေ့ တောလည်လာခဲ့ကြရာတွင် မတွေ့ချင်တော့ ဖွတ်ငယ်လေးမျှပင်မတွေ့ခဲ့ရာ ယခုတွေ့မည့်တွေ့တော့ စားလို့မကုန်သောက်လို့မကုန်နိုင်သည့်အကောင်ကြီးပါတကား။

အနားသို့ရောက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် နဂါးမင်း၏အမြီးမှအားကုန်ဆွဲယူကာ အခွေကြီးပြေသွားအောင်ကြိုးစားကြ၏။ နဂါးမင်းဘက်ကအကြောဟူသမျှကို လျှော့ချပေးထားပြီးဖြစ်၍ သူတို့သည် အလွယ်တကူနှင့်အခွေကိုဖြေနိုင်ကြ၏။ အခွေပြေသွား၍ကိုယ်ခန္ဓာစင်းစင်းကြီးဖြစ်လာသောအခါဟိုဘက်သည်ဘက်လိမ့်ပြီးလျှင် ပါလာသောသံချွန်တို့ဖြင့်ရိုက်ကြ၏။ မည်မျှပင်ရိုက်ရိုက် နဂါးဘက်က မျက်လုံးကိုမျှဖွင့်၍မကြည့်ဘဲ ငြိမ်သက်စွာပင်ခံယူနေ၏။ ဤသို့ မတုန်မလှုပ် ခံယူနေခြင်းကိုပင် တောလိုက်မုဆိုးတို့က ခံပြင်းလာကြ၏။ မိမိတို့၏လက်စွမ်းကို အမှုမထားဘဲနေနိုင်ရန်ကောဟု ရန်စွယ်ငေါငေါနှင့်ပြောမိကြ၏။

သို့ဖြစ်၍ မိမိတို့လက်စွမ်းသတ္တိကိုသည်နဂါးမင်း အမှုမထားဘဲမနေနိုင်အောင် ကြိုးစားမှုဖြစ်ပေတော့မည်။ ဤသို့အချင်းချင်းတိုင်ပင်ကြပြီးလျှင် တောလိုက်မုဆိုးတို့သည် အသင့်ပါလာခဲ့သောသံချွန်တို့ဖြင့် နဂါးမင်း၏ကိုယ်လုံးကြီးကို နံပါးတစ်ဖက်မှနံပါးတစ်ဖက်သို့ ထုတ်ချင်းခတ်အောင် ရက်ရက်စက်စက်ထိုးဖောက်ကြ၏။ ရှည်လျားလှစွာသောကိုယ်လုံးကြီး၌ လည်ပင်းပိုင်းမှစတင်၍ ရှစ်နေရာတိုင်တိုင် ထိုးဖောက်ကြ၏။ ထိုမျှလောက်ပြင်းထန်လှသော ဝေဒနာဒဏ်ကိုပင် သင်္ခပါလနဂါးမင်းသည် ကြိတ်မှိတ်၍ သည်းခံနေပါ၏။ မျက်လုံးဖွင့်၍ကြည့်မိလျှင် မိမိ၏ပင်ကိုစိတ်လေးပြောင်းလဲသွားမည်စိုး၍ မျက်လုံးအစုံကိုမှိတ်မြဲတိုင်းမှိတ်ထား၏။ အသားစိုင်များတွန့်၍မသွားမိစေရန် အထူးသတိထား၍စောင့်ထိန်းနေရ၏။

တောလိုက်မုဆိုးတို့၏ နှိပ်စက်ခန်းကတော့ ဤမျှဖြင့်မပြီးသေးပါ။ သူတို့၏ ရည်ရွယ်ချက်မှာ ဤကိုယ်လုံးကြီးကို တစ်အိမ်အိမ်သို့သယ်ဆောင်ကာ တစ်ဆယ့်ခြောက်ပိုင်းပိုင်း၍ အညီအမျှဝေစုခွဲပြီးလျှင် သားမယားများနှင့်အတူ မြိန်မြိန်ကြီးချက်ပြုတ်စားရန်ဖြစ်၏။

ထို့ကြောင့် တောလိုက်မုဆိုးတို့သည် တောထဲက ရရာသစ်ကိုင်းတံ



www.burmeseclassic.com

ခပ်မာမာများကို ရှာဖွေပြီးလျှင် သံချွန်နှင့်ထိုးဖောက်ထားသောအပေါက်များသို့ ထိုးသွင်းကြ၏။ သံချွန်နှင့်ထိုးထားသည့်အပေါက်က ခပ်ကျဉ်းကျဉ်းမျှသာ။ ထိုအပေါက်သို့ ထိုးသွင်းသည့် တုတ်ချောင်းများခပ်တုတ်တုတ်။ နောက်ပြီးတော့ ဘုတွေထစ်တွေ၊ ဆူးတောင်တွေနှင့်။ ထိုတုတ်ချောင်းများနှင့် တအားကုန်ထိုးစိုက်လိုက်၍ ပေါ်ပေါက်လာသည့် ဒုက္ခဝေဒနာဒဏ်မှာ ယခင်သံချွန်နှင့် ထိုးဖောက်သည်ထက် အဆများစွာ သာလွန်နေပါလိမ့်မည်။ သို့ပါလျက် သခ်ပါလနဂါးမင်းကတော့ မိမိ၏ အဓိဋ္ဌာန်ချက်ကို လုံးဝမဖျက်ပါချေ။

နဂါးမင်း၏ ကိုယ်လုံးကြီးပေါ်မှာ ရှစ်ချက်ရှစ်နေရာ ထိုးစိုက်ထားသော တုတ်ချောင်းတို့သည် တစ်ဖက်တစ်ဖက်တွင် တစ်တောင်သာသာထိုးထွက်နေကြရာ ထိုတုတ်ချောင်းရှစ်ခုကို နှစ်ယောက်စီနှစ်ယောက်စီဆွဲယူ၍မ,လိုက်ရာတွင် နဂါးမင်း၏ကိုယ်လုံးကြီး မြောက်၍ပါလာခဲ့ပေသည်။

ကိုယ်လုံးကြီးကမြောက်၍ပါလာခဲ့သော်ငြားလည်း ဦးခေါင်းကြီးကတော့ မြေကြီးနှင့် ဒရွတ်တိုက်နေ၏။ သို့ဖြစ်၍ တောလိုက်မုဆိုးတို့သည် ကိုယ်လုံးကြီးကို မြေကြီးပေါ်ပြန်ချကြရ၏။ ပြီးမှ တောချုံတစ်ခုခုက နွယ်ကြိုးတစ်ခုကို ဖြတ်ယူပြီးလျှင် နဂါးမင်း၏ဦးခေါင်းကို ဆွဲ၍မော့လိုက်ကြ၏။ မော့လာသော ဦးခေါင်းကို လူနှစ်ယောက်ကထိန်းကိုင်ထားပြီးလျှင် ကျန်တစ်ယောက် နဂါးမင်း၏ နှာခေါင်းပေါက်နှစ်ပေါက်ကြားတွင် အသားလွှာကို သံချွန်နှင့်ထိုးဖောက်လိုက်၏။ ထိုအပေါက်၌ နွယ်ကြိုးကို သွတ်သွင်းပြီးလျှင် ခိုင်းနွားများကို နဖားကြိုးထိုးသကဲ့သို့ ပြုလုပ်ကြ၏။ ထိုနဖားကြိုးနှစ်ဖက်အစကိုစုံကိုင်၍ မြှောက်ချီပြီးလျှင် ရှေ့အကျဆုံး တုတ်ချောင်း၌ဆွဲချည်လိုက်ရာ နဂါးမင်းမှာ လည်ပင်းကြီးခွေခေါက်လျက် သူတို့ပြုသမျှခံယူ၍နေရပါတော့သည်။

ဤပုံစံဖြင့် နဂါးမင်း၏ကိုယ်လုံးကြီးကိုသယ်ဆောင်လာကြရာ လမ်းခရီးတစ်နေရာတွင် ကုန်လှည်းငါးရာတို့နှင့် ဆုံမိသည်။ ကုန်လှည်းတို့သည် ဝိဒေဟတိုင်း မိထိလာမြို့တော်မှ ရောင်းအဝယ်ပြုရန်ထွက်လာခဲ့ကြ၏။ ထိုကုန်လှည်းတို့၏ ပိုင်ရှင်ဖြစ်သော ကုန်သည်ကြီးအာဠာရအမည်ရှိ၍ သီးသန့်လှည်းတစ်စီးဖြင့် သက်သောင့်သက်သာလိုက်ပါလာခဲ့လေသည်။

ကုန်သည်ကြီးအာဠာရသည်ကားအရှင်သာရိပုတ္တရာ၏အလောင်းလျာဖြစ်၏။ ဘဝဘဝပေါင်းမြောက်မြားစွာတို့တွင် အကြိမ်များစွာပေါင်းဆုံမိ၍ ပါရမီဖြည့်လာခဲ့သူခြင်းဖြစ်၍ နဂါးမင်းဖြစ်အင်ကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် စိတ်ထိခိုက်သွားရ၏။ မိမိနှင့်အကြောင်းဆုံခိုက်တွင် ကယ်တင်ဖို့ အကြောင်းဖန်လာသည်ဖြစ်၍ ဖြစ်သည့်နည်းဖြင့် ကယ်တင်ချင်လှ၏။

သို့ဖြစ်၍ အာဠာရသည် လှည်းပေါ်မှဆင်း၍ တောလိုက်မုဆိုးကြီးထံ ချဉ်းကပ်လာခဲ့ပြီးလျှင် -

"အို - အဆွေတို့၊ နဂါးကြီးက သိပ်ကြီးလှပါကလား။ ဒါလောက်တောင်အလေးအပင်ကြီးကို သင်တို့ဘာလုပ်ဖို့သယ်လာကြရတာလဲ"

ဟု မေးလိုက်ရာ -

"အို-ဝိဒေဟတိုင်းသားကုန်သည်ကြီးရဲ့၊ ခင်ဗျာ့မေးခွန်းကြီးက ဘယ်လိုလဲဗျာ။ဒါကြီးကိုချက်စားလိုက်ရင် ချိုလည်းချိုမယ်၊ အသားတွေကလည်း သိပ်ပြီးဆူဖြိုးတယ်။ ဆူဖြိုးသလောက် နူးညံ့မှာလည်းဧကန်ပဲ၊ ကိုယ့်လူက အသားဟင်းကောင်းကောင်းရဲ့အရသာကိုမသိသေးဘူးထင်ပါရဲ့။ ဒါတွေထားပါတော့လေ၊ ကုန်သည်ကြီးရဲ့အမေးကို တဲ့တိုးဖြေလိုက်ရရင်တော့ စားဖို့ဝါးဖို့ပေါ့ဗျ။ ဒါကြီးကို အိမ်ထိအောင်သယ်။ သယ်သွားပြီးတော့ ဓားထက်ထက်နဲ့တစ်ဆယ့်ခြောက်ပိုင်း ပိုင်းမယ်ဗျာ။ ပိုင်းပြီးတော့ တစ်ယောက်တစ်ပိုင်းစီယူကြမယ်ဗျာ။ ကိုယ့်ဝေစုကို ကိုယ့်အိမ်သယ်ပြီးတော့ ချက်စားလိုက်ရရင် သားရောမယားရော အိုဗျာ အိမ်မှာရှိသမျှ ခွေးတွေရောကြောင်တွေပါ ဗိုက်ကြီးတွေကားကုန်ကြမှာပေါ့ဗျာ"

မရစဖူး ထူးထူးခြားခြား ကြီးမားလှသည့်သားကောင်ကြီးကို ရလာကြသဖြင့် သူတို့က အားရှင်၍နေကြပေသည်။

ဤတွင် အလောင်းတော်တစ်ဦးဖြစ်သော အာဠာရသည် ကယ်တင်၍ရနိုင်မည့်လမ်းကြောင်းတစ်ခုကို တွေ့လာရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ -

"အဆွေတို့၊ ဒီလိုဆိုရင် အိမ်ထိအောင် အလေးခံပြီး သယ်မနေကြပါနဲ့လားဗျာ။ ခင်ဗျားတို့အတွက် ကျွန်တော်က အသားဖိုးပေးပါ့မယ်။ ခင်ဗျားတို့ တစ်ဆယ့်ခြောက်ယောက်အတွက် ခိုင်းနွားကြီးတစ်ဆယ့်ခြောက်ကောင်ပေးပါ့မယ်"

ဤသို့ ကမ်းလှမ်းကြည့်လိုက်၏။

တောလိုက်မုဆိုးတို့သည် နဂါးကြီးဆီက မိမိတို့ရလာမည့်ဝေစုထက် အဆများစွာ သာလွန်နေသည်ဖြစ်၍ ထိုကမ်းလှမ်းချက်ကို လိုလိုလားလားလက်ခံလိုက်ကြ၏။ အာဠာရ၏ တောင်းပန်ချက်အရ ထိုးသွင်းထားသော တုတ်ချောင်းများကို ဆွဲနုတ်ပေးကြ၏။ နဖားကြိုးကိုလည်း ဖြုတ်ပေးကြ၏။

ကိုယ်လုံးကြီးပေါ်တွင် ရှစ်နေရာအထိုးအဖောက်ခံထားရသော်ငြားလည်း ကိုယ်ခန္ဓာအတွင်းက အရေးကြီးသော အစိတ်အပိုင်းများကိုမထိခိုက်သေးသဖြင့် အနှောင်အဖွဲ့တို့မှလွတ်လာသည်နှင့် တစ်ပြိုင်နက် သခ်ပါလနဂါးမင်းသည် လှုပ်နိုင်ရှားနိုင်ဖြစ်လာ၏။ လှုပ်ရှားရာမှ အားယူ၍ စမ်းကြည့်လိုက်သောအခါ ရင်ဘတ်အောက်ကအကြေးခွံများလှုပ်ရှား၍ရလာသဖြင့် အရှေ့အရပ်ဆီသို့ တရွေ့ရွေ့တွားသွားလေသည်။

အာဠာရသည်လည်း သူသွားရာနောက်သို့ ဖြည်းညင်းစွာလိုက်ပါလာ၏။ သွားသူနှင့်လိုက်သူတို့ ဖြည်းဖြည်းသာသာလာခဲ့ကြရာ ကဏ္ဏဝေဏ္ဏမြစ်ငယ်နားသို့ရောက်လာ၏။

ဤတွင် အာဠာရက -

"အို - နဂါးမင်း၊ ရေထဲကိုမြန်မြန်ကြီးဆင်းလိုက်ပါတော့ ။ နောက်ထပ်တစ်ဖန် အခုလိုရန်သူမျိုးနဲ့မတွေ့ပါစေနဲ့၊ မဆုံမိပါစေနဲ့"

ဟု နှုတ်ဆက်စကားဆိုလိုက်၏။

ဤတွင် သခ်ပါလနဂါးမင်းသည်လည်း ဒဏ်ရာဒဏ်ချက်များကြောင့် စကားတုံ့ပြန်ပြောဆိုခြင်းမပြုနိုင်သဖြင့် အာဠာရထံသို့ ခေါင်းပြန်လှည့်ကာ ခေါင်းညိတ်ရုံသာညိတ်ပြနိုင်လေသည်။ သုံးကြိမ်သုံးခါခေါင်းညိတ်ရာတွင် နဂါးမင်း၏မျက်လုံးအစုံတို့မှ မျက်ရည်ပေါက်များကျလာကြပေသည်။

ထို့နောက် သခ်ပါလနဂါးမင်းသည် ကဏ္ဏဝေဏ္ဏမြစ်ရေထဲသို့ ဖြည်းညင်းစွာဆင်းသွားလေရာ အာဠာရသည် နဂါးမင်း၏ကိုယ်လုံးကြီး ပျောက်ကွယ်သွားခါမှ ကုန်လှည်းများဆီသို့ပြန်လာခဲ့လေသည်။

ဇာတိရပ်ဌာန်ဖြစ်သော ဝိဒေဟတိုင်းမှ ဤမဟိသကတိုင်းအတွင်းသို့လာ၍ ကုန်ရောင်းကုန်ဝယ် အခေါက်ပေါင်းများစွာရောက်လာခဲ့ရာ ဤတစ်



www.burmeseclassic.com

www.burmeseclassic.com

ခေါက်မှာမူ ထူးထူးခြားခြား ရောင်းပန်းထယ်ပန်းကောင်းလှ၏။ ရက်အနည်းငယ်အတွင်းမှာပင် ပါလာခဲ့သော ရောင်းကုန်ပစ္စည်းများကုန်သွားကြ၏။ ထို့ကြောင့် မေတ်သကတိုင်း၏ ထွက်ကုန်ပစ္စည်းတို့ကို တစ်ဖန်သယ်ဆောင်၍ နောက်ကြောင်း ပြန်ထွက်လာခဲ့ကြရာ ကဏ္ဍဝေဏ္ဏမြစ်နားသို့ ပြန်ရောက်လာကြ၏။

ကုန်ရောင်းကုန်ဝယ်ခရီးစဉ်တစ်လျှောက်လုံးတွင် အာဋ္ဌာရသည် သခ်ပါလနဂါးမင်းကို သတိရ၍လာခဲ့၏။ ဤမျှလောက် သည်းခံခြင်းစိတ်ဓာတ်ပြည့်ဝသော ပါရမီရှင်တစ်ဦးကို မိမိက အသက်ဘေးမှကယ်ပေးနိုင်ခဲ့သည့်အတွက် မိမိကိုယ်ကို အားရကျေနပ်နေမိ၏။

'ဤမျှလောက် စိတ်နေစိတ်ထားမြင့်မားလှသော ပါရမီရှင်ကို နောက်ထပ်တစ်ဖန် တွေ့ဆုံခွင့်ရပါက မည်မျှကောင်းပါမည်နည်း'

ဟု တွေးတောလာခဲ့၏။

သူ့ဘက်က ပြန်လည် တွေ့ဆုံဖို့ တမ်းတနေခဲ့သည့်အတိုင်းပင် တစ်ဖက်ကလည်း သူပြန်အလာကို စောင့်ကြိုလျက်ရှိနေပါ၏။ စောစောတုန်းကရရှိလာခဲ့သော ဒဏ်ရာဒဏ်ချက်များမှာ နဂါးမျိုးနွယ်သမားတော်ကြီးက ကုသပေးကြသဖြင့် သခ်ပါလနဂါးမင်းမှာ ယခုတော့ ကျန်းမာပကတိချမ်းသာစွာရှိနေပါပြီ။

သို့ဖြစ်၍ သခ်ပါလနဂါးမင်းသည် ဤမြစ်ကမ်းပါးမှနေ၍ နေ့စဉ်ရက်ဆက်စောင့်ကြိုနေခဲ့ရာ ယနေ့တော့စောင့်ရကျိုးနပ်ပါတော့မည်။

အာဋ္ဌာရတို့၏ ကုန်လှည်းတန်းကြီးကို လှမ်းမြင်လိုက်ရကတည်းကလှည်း လမ်းကြောင်းမှ စောင့်ကြိုနေခဲ့သော နဂါးမင်းသည် အာဋ္ဌာရ၏ လှည်းဆီသို့ အလျင်အမြန် ချဉ်းကပ်လာ၏။ အချိန်ကြာမြင့်စွာ ကွဲကွာနေခဲ့ရသော ခင်ထံသို့ သားငယ်ကလေးက အပြေးအလွှား လာရောက် ကြိုဆိုဘိသကဲ့သို့ သူ့ကျေးဇူးရှင်ကို ဖက်လှဲတကင်း ကြိုဆိုပြီးလျှင် -

"အို-ချစ်မိတ်ဆွေ အာဋ္ဌာရ၊ သင်ဟာ ငါ့ရဲ့အမိလည်းဟုတ်ပါတယ်၊ အဖလည်းဟုတ်ပါတယ်။ နှလုံးသားထဲကချစ်ခြင်းမေတ္တာနဲ့ ငါ့ကိုအသက်ပေးခဲ့တဲ့မိတ်ဆွေရင်းချာလည်း ဖြစ်ပါတယ်။ ချစ်မိတ်ဆွေရဲ့ ကျေးဇူးတရားတွေကကြီးမားလှပါတယ်။ ဒီကျေးဇူးတွေကိုအတုံ့အလှည့်ပေးဆပ်ချင်လွန်းလို့ အခုလို လာပြီးကြိုနေရပါတယ်။ ကျွန်ုပ်တို့နဂါးပြည်လိုက်ခဲ့စေချင်ပါတယ်"

ဤသို့ လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်၏။ အာဋ္ဌာရကလည်း စိတ်နေသဘောထားမြင့်မြတ်သူဖြစ်ကြောင်း ကေန်မုချသိထားပြီးဖြစ်၍ သခ်ပါလနဂါးမင်း၏ ဖိတ်ခေါ်ချက်ကို မငြင်းပယ်ချင်ပါ။ ရေအောက်မှာတည်ရှိနေသော နဂါးတို့၏ ဘုံဗိမာန်သို့လိုက်ပါရန် မကြောက်ရွံ့ပါ။

သို့ဖြစ်၍ အာဋ္ဌာရသည် မိမိ၏ လက်ထောက်ဖြစ်သော လှည်းဦးစီးထံ ပါလာသမျှ ပစ္စည်းတို့ကိုအပ်နှံ...းခဲ့ပြီးလျှင် သခ်ပါလနဂါးမင်းနောက်သို့ လိုက်လာခဲ့လေသည်။

ကဏ္ဍဝေဏ္ဏမြစ်ကမ်းပါးရှိ မြေပြေလေးနိမ့်ဆင်းသွားသောကမ်းပါးမှ နှစ်ဦးသားဆင်းလာခဲ့ကြရာ ပထမဦးစွာ သခ်ပါလနဂါးမင်းက ရေထဲသို့ဆင်း၍ ငုပ်သွားလေသည်။, အာဋ္ဌာရကလည်း မကြောက်မရွံ့ နောက်မတွန့်ဘဲ အတူလိုက်၍ငုပ်လိုက်၏။ ရေထဲသို့ စုံးစုံးမြုပ်သွား၍ မြင်နေကျမြင်ကွင်းများကွယ်ပျောက်သွားကြ၏။ ထိုသို့ကွယ်ပျောက်သွားသည်နှင့်အတူ ; အခြားတစ်ပါးသောမြင်ကွင်းက ဘွားခနဲ ပေါ်လာပါတော့သည်။

ထိုမြင်ကွင်းကတော့ နဂါးတို့၏ ဘုံနန်းဗိမာန်တို့ဖြစ်ပါ၏။ ရွှေရောင်၊ ငွေရောင်၊ ရတနာမျိုးစုံတို့၏ အရောင်မျိုးစုံတို့ဖြင့်ထွန်းလင်းတောက်ပနေသော ဘုံနန်းဗိမာန်တို့မှာ အထက်တာဝတိံသာနတ်ပြည်က ဘုံနန်းဗိမာန်တို့ကဲ့သို့ အဆန်းတကြယ် တင့်တယ်လှပကြပါကုန်၏။ ဘုံနန်းဗိမာန်တို့က လှပဆန်းကြယ်သည့်နည်းတူ ထိုဗိမာန်မှာရှိနေကြသူတို့ကလည်း နတ်သား၊ နတ်သမီးအသွင်ဖြင့် လှချင်တိုင်းလှနေကြ၏။ တောလိုက်မုဆိုးများက ဟင်းချက်စားစရာဟုသတ်မှတ်ခဲ့ကြသော ရှည်ရှည်လျားလျားကိုယ်ပိုင်ရှင်သည် ယခုတော့ တကယ့် နတ်မင်းကြီးတစ်ပါးကဲ့သို့ လေးစားဖွယ်ရာကောင်းလှပါပေသည်။ တကယ်တော့ဖြင့် သခ်ပါလနဂါးမင်းသည် နတ်နဂါးမျိုးနွယ်ဖွားဖြစ်၍ နတ်တို့၏ တန်ခိုးစွမ်းအားကို ရရှိထားသူဖြစ်ပေသည်။

သခ်ပါလနဂါးမင်းသည် လှပတင့်တယ် ရှုချင့်စဖွယ်ဖြစ်သော ဘုံနန်းဗိမာန်တို့ကို လှည့်လည်ပြသပြီးလျှင် ခမ်းနားထည်ဝါလှသော ဗိမာန်ကြီးတစ်ဆောင်သို့ အာဋ္ဌာရအား ခေါ်ဆောင်လာခဲ့ပြီးလျှင် နဂါးမိဖုရားကြီးနှင့် မိတ်ဆက်ပေး၏။ နဂါးမိဖုရားကြီးမှာလည်း နတ်ပြည်ကနတ်မိဖုရားကြီးကဲ့သို့ အရောင်အဝါတွေ တောက်ပလင်းထိန်၍နေပါပေသည်။

နတ်မိဖုရားကြီး၏အဆောင်တော်ခန်းမကြီးထဲသို့ရောက်သောအခါ နဂါးမတစ်ယောက်က ရတနာမျိုးစုံဖြင့် တန်ဆာဆင်ထားသော သလွန်တော်နှစ်ချပ်တို့ကို ဘေးချင်းယှဉ်လျက် ခင်းပေး၏။ နဂါးမင်းသည် ထိုသလွန်တော်ဆီသို့ အာဋ္ဌာရကို လက်မှဆွဲခေါ်လာခဲ့ပြီးလျှင် -

"အို မိတ်ဆွေ၊ ကြည်ညိုလေးစားထိုက်တဲ့ပုဂ္ဂိုလ်တွေထဲမှာ မိတ်ဆွေအပါအဝင်ဖြစ်ပါတယ်။ ဒီသလွန်တော်မှာ ထိုင်ပါ"

ဤသို့ပြောဆိုပြီးလျှင် မိမိကိုယ်တိုင်ကလည်း ကျန်သည့်သလွန်တော်ပေါ်၌ ထိုင်လိုက်လေသည်။

ကျေးဇူးပြုခဲ့သူနှင့် ကျေးဇူးဆပ်နေသူတို့ယှဉ်တွဲ၍ ထိုင်နေကြစဉ်တွင် နဂါးမတစ်ယောက်သည် အာဋ္ဌာရ၏ ခြေနှစ်ဖက်တို့ကို ရေစင်ရေကောင်းဖြင့် ဆေးကြောပေး၏။

ခြေဆေးခြင်းကိစ္စများပြီးစီးသွားသောအခါ အခြားသောနဂါးမတစ်ယောက်က အနံ့အရသာတို့နှင့်ပြည့်စုံသော ပွဲတော်စာတို့ကို ရွှေခွက်နှင့်ဆည်လာခဲ့၍ အာဋ္ဌာရအား ကျွေးမွေးလေသည်။

အားရတင်းတိမ်စွာစားသောက်၍ပြီးသောအခါ အချောဆုံးအလှဆုံးနဂါးမကလေးများက တူရိယာအဖုံဖုံ ကကြိုးကကွက်မျိုးစုံတို့ဖြင့် ကပြဖျော်ဖြေကြလေသည်။

ထိုစဉ်တွင် သခ်ပါလနဂါးမင်းက-

"အဆွေ အာဋ္ဌာရ၊ ကျွန်ုပ်ရဲ့ဘုံဗိမာန်မှာ အဲဒီလိုအချောအလှနဂါးမလေးတွေ သုံးရာတောင်ရှိပါတယ်။ သင်အလိုရှိသလို မွေ့လျော်ပျော်ပါးနိုင်ပါတယ်"

ဟု ခင်မင်ရင်းနှီးစွာ ဖိတ်ကြားလိုက်လေသည်။

ဤသို့ဖြင့် အာရဋ္ဌာသည် အထက်နတ်ပြည်က နတ်စည်းစိမ်နှင့် မခြားနားသော နတ်နဂါးတို့၏စည်းစိမ်ချမ်းသာတို့၌ မွေ့လျော်ပျော်ပိုက်စွာနေလာခဲ့၍ တစ်နှစ်တာမျှကြာလာသောအခါ ဤမျှလောက် ကြီးကျယ်ခမ်းနားလှစွာသော စည်းစိမ်ချမ်းသာကိုရရှ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ရှေးရှေးကအကြောင်းကိုသိချင်လာသဖြင့် -

"အဆွေနဂါးမင်း၊ ဒါလောက်တောင်ကြီးကျယ်ခမ်းနားလှတဲ့ စည်းစိမ်ချမ်းသာကို ဘယ်နည်းဘယ်ပုံရလာခဲ့ပါသလဲ။ အကြောင်းရယ်လို့ မည်မည်ရရမရှိဘဲ အလိုအလျောက် ရလာတာပါလား။ တန်ခိုးရှင်တစ်ဦးက စိတ်ညွတ်ပေးလို့လား။ ကိုယ့်ဘာသာကို ကိုယ့်စွမ်းအားအက်သက်နဲ့ တည်ဆောက်ထားတာပါလား။ ဒီလိုမဟုတ်ရင် နတ်တို့ကပေးတာပါလား"

ဤသို့ ချည့်သည်တော်အာဠာရက လားပေါင်းများစွာဖြင့် မေးမြန်းသည်ကို ငြိမ်သက်စွာနားထောင်ပြီးလျှင် သခ်ပါလနဂါးမင်းကလည်း အကြောင်းရင်းအမှန်ကိုဖြေကြားလို၍ -

"အဆွေ အာဠာရ၊ ဒီစည်းစိမ်ချမ်းသာတွေရလာတာက အခြားအခြားသောအကြောင်းများကြောင့်မဟုတ်ပါဘူး၊ ကျွန်ုပ်ကိုယ်တိုင် ပြုကျင့်ဆည်းပူးလာခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့်သာဖြစ်ပါတယ်"

ဟု ဖြေကြားသဖြင့်-

"ကောင်းလှပါပြီ အဆွေတော်နဂါးမင်း၊ ဘယ်လိုကုသိုလ်ကောင်းမှုကိုဘယ်လိုဘယ်လိုပြုခဲ့တာပါလဲ"

ဤသို့ ထပ်ဆင့်၍ မေးမြန်း၏။

နဂါးမင်းဘက်ကလည်း ထိုအမေးကိုဖြေကြားရန် စိတ်အားထက်သန်နေသဖြင့် -

"ဒီလိုပါ အဆွေတော်၊ ဒီစည်းစိမ်ချမ်းသာတွေရလာတာက အတိတ်ဘဝတစ်ခုက ကုသိုလ်ကောင်းမှုကြောင့်ပါ။ လွန်ခဲ့တဲ့ဘဝတုန်းက ကျွန်ုပ်က မဂဓတိုင်းကိုအစိုးရတဲ့ မင်းတစ်ပါးဖြစ်ခဲ့ပါတယ်။ ဒုယျောဓနမင်းလို့ ဘွဲ့မည်တွင်ခဲ့ပါတယ်။ တခြားတခြားသောမင်းတွေကခမည်းတော်ဘုရင်ကြီး နတ်ရွာစံသွားမှ ထီးနန်းဆက်ခံစိုးစံကြရပါတယ်။ ကျွန်ုပ်မှာတော့ သူတို့လိုမဟုတ်ပါဘူး။ တက္ကသိုလ်မြို့တော်မှာ ပညာမျိုးစုံသင်ကြားတတ်မြောက်လို့ ရာဇဂြိုဟ်မြို့တော်ပြန်ရောက်လာလို့ မကြာခင်မှာပဲ ခမည်းတော်မင်းကြီးက ကျွန်ုပ်ကို ထီးနန်းလွှဲအပ်ပြီးတော့ သူကိုယ်တိုင်က ရသေ့ဝတ်သွားပါတယ်။

အဆွေတော် အာဠာရ၊ ခမည်းတော်ရသေ့ကြီးက မင်းအဆက်ဆက်အသုံးပြုလာခဲ့တဲ့ ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါတယ်။ ကျွန်ုပ်နဲ့တကွ ပရိသတ်များကလည်း ခမည်းတော် ရသေ့ကြီးထံ တစ်နေ့တစ်နေ့မှာ သုံးကြိမ်သုံးခါ အဖူးမြော်ရောက်ကြပါတယ်။ ခမည်းတော်အနေနဲ့ရော အကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ ရသေ့ကြီးတစ်ပါးဖြစ်နေတာ ကြောင့်ရော ကြည်ညိုလွန်းလို့ အခုလိုရောက်ခဲ့ရတာပါ။

အဆွေတော်အာဠာရ၊ ကျွန်ုပ်တို့ဘက်က ကြည်ညိုလေးစားစိတ်အရင်းခံနဲ့ အခုလိုလာလာနေတာကို ခမည်းတော်ရသေ့ကြီးက နှစ်သက်ဟန်မတူပါဘူး။ သူ့ရဲ့သမထကမ္မဋ္ဌာန်းစီးဖြန်းတဲ့အလုပ်အတွက် အနှောင့်အယှက်ဖြစ်နေဟန်တူပါတယ်။ ဒါကြောင့် တစ်နေ့မှာတော့ ခမည်းတော် ရသေ့ကြီးဟာဘယ်သူ့ကိုမှအသိမပေးဘဲ မင်းဥယျာဉ်တော်က တိတ်တဆိတ်ထွက်သွားပါတော့တယ်။

အဆွေတော်အာဠာရ၊ အစပိုင်းမှာတော့ ခမည်းတော်ရသေ့ကြီး ဘယ်ရောက်သွားတယ်ဆို ဘယ်သူမှမသိနိုင်ပါဘူး။ နောက်မှ အထောက်တော်တွေအဆင့်ဆင့်လွှတ်ပြီး စုံစမ်းလို့သိလာရပါတယ်။ခမည်းတော်ရသေ့ကြီးဟာ ဒီမဂဓတိုင်းကြီးကထွက်သွားပြီးတော့ မဟိံသကတိုင်းကိုရောက်ပါသတဲ့။ မဟိံသကတိုင်းက အခု ကျွန်ုပ်တို့နေထိုင်တဲ့ သခ်ပါလ ရေအိုင်ကြီးနားကို ရောက်လာပါသတဲ့။ ဒီအိုင်ကြီးထဲကရေတွေ စီးဆင်းထွက်ခွာတဲ့ ကဏ္ဏဝေဏ္ဏမြစ်ရဲ့ အကွေ့တစ်ကွေ့မှာ စန္ဒကဆိုတဲ့တောင်ရှိတယ်။ အဲဒီတောင်ရဲ့တောင်ခြေမှာ တစ်ပါးနေသစ်ရွက်မိုးကျောင်းတလေးဆောက်ပြီး သီတင်းသုံးပါသတဲ့။

အဆွေတော် အာဠာရ၊ ခမည်းတော်ရဲ့နေရာကိုသိသိချင်း ကျွန်ုပ်လည်း တပ်တောင်တာဗိုလ်ထုနဲ့တကွ ခမည်းတော်ရှိရာထွက်လာခဲ့ပါတယ်။ ခမည်းတော်ရဲ့ကျောင်းသခ်မ်းကိုလှမ်းမြင်ရတဲ့အခါမှာ တပ်တွေကိုထားခဲ့ပြီးတော့ သက်တော်စောင့်သုံးယောက်လောက်နဲ့ ခမည်းတော်ရဲ့ရှေ့မှောက်ကို ဝင်ရောက်ခဲ့ပါတယ်။ ကျွန်ုပ်ဝင်ရောက်လာချိန်မှာပဲ စောစောကရောက်နေဟန်တူတဲ့ တန်ခိုးရှင်တစ်ယောက်ကလည်း ထွက်ခွာသွားပါတော့တယ်။

အဆွေတော် အာဠာရ၊ အဲဒီတန်ခိုးရှင်ဟာ အသွင်သဏ္ဌာန်အရ ကျွန်ုပ်တို့လူသားတွေနဲ့တူတယ်ဆိုရပေမယ့် ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပထွန်းလင်းနေတာကတော့ ထူးခြားလှပါတယ်။ သူဝတ်ထားတဲ့ အဝတ်တန်ဆာတွေကလည်း အရောင်အဝါတွေပြိုးပြိုးပြက်ပြက်ထွက်နေကြပါတယ်။ သူ့ကိုယ်ပေါ်မှာဝတ်ဆင်ထားတဲ့ ရတနာမျိုးစုံကလည်း အရောင်မျိုးစုံကွန့်မြူးနေကြပါတယ်။ အဲဒါနဲ့ ခမည်းတော်ရဲ့ခြေအစုံကိုဦးခိုက်၊ မာကြောင်းသာကြောင်းမေးမြန်းလို့ပြောဆိုပြီးတဲ့အခါမှာ အဲဒီတန်ခိုးရှင်အကြောင်းကို မေးမြန်းမိပါတယ်။ ဒီတော့ ခမည်းတော်က အဲဒီပုဂ္ဂိုလ်ဟာ နဂါးမင်းဖြစ်ကြောင်း၊ နဂါးပင်ဖြစ်သော်ငြားလည်း နတ်တို့ရဲ့တန်ခိုးဣဒ္ဓိပါဒ်ကိုရရှိထားတာကြောင့် နတ်သားတစ်ပါးလိုနေနိုင်ကြောင်း၊ ဒီသခ်ပါလရေအိုင်ကြီးအတွင်းမှာ ဘုံဗိမာန်နဲ့စံမြန်းနေတဲ့အတွက် သူ့ကို သခ်ပါလနဂါးမင်းလို့ခေါ်ရကြောင်း စသဖြင့် အကြောင်းစုံကိုမိန့်ကြားခဲ့ပါတယ်။

ဤသို့မိန့်ကြားခဲ့တဲ့ ခမည်းတော်ရသေ့ကြီးမှာ အရှင်မဟာကဿပ၏အလောင်းလျာဖြစ်၏။ သခ်ပါလနဂါးမင်းသည် ဤအတိတ်ဇာတ်ကြောင်းကိုထုတ်ဖော်ပြီးလျှင် ဆက်လက်ပြောပြ၏။

"အဆွေအာဠာရ၊ ခမည်းတော်ရဲ့မိန့်ကြားချက်ကို ကြားနာရတဲ့အခါမှာ ကျွန်ုပ်က အဲဒီနဂါးမင်းလိုဖြစ်ချင်လာပါတယ်၊ အဲဒီနဂါးမင်းရဲ့ စည်းစိမ်ချမ်းသာမျိုးကို တောင့်တလာမိပါတယ်၊ အဲဒါကြောင့် ကိုယ့်တိုင်းကိုယ့်ပြည်ပြန်ရောက်တဲ့အခါမှာ ကုသိုလ်ကောင်းမှုတွေကိုတိုးပြီးတော့ပြုပါတယ်။ ကျွန်ုပ်ရဲ့နန်းတော်ဟာ ခရီးလမ်းဆုံးမှာ တူးဖော်ထားတဲ့ သောက်ရေကန်သဖွယ်ဖြစ်ခဲ့ပါတယ်။ အလှူခံပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့ ဝင်လာမခြတဖွဲဖွဲဖြစ်နေခဲ့ပါတယ်၊ ရောက်လာသမျှအလှူခံပုဂ္ဂိုလ်တို့ကို ကျွန်ုပ်က ထမင်းအဖျော်စတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းဆယ်မျိုးတို့ကို သဒ္ဓါတရားထက်ထက်သန်သန်နဲ့လှူဒါန်းပြီးတော့ သခ်ပါလနဂါးမင်းရဲ့စည်းစိမ်ချမ်းသာမျိုးကိုရလိုကြောင်း ဆုတောင်းခဲ့ပါတယ်။ အဲဒီ နဂိုမူလသခ်ပါလနဂါးမင်းကွယ်လွန်ချိန်မှာ ကျွန်ုပ်ကလည်း သက်တမ်းကုန်လို့ကွယ်လွန်ပြီးတော့ ဒီဘုံဗိမာန်မှာ နတ်နဂါးဖြစ်လာခဲ့ပါတယ်။ သခ်ပါလဆိုတဲ့ဘွဲ့မည်ကိုပဲဆက်ခံပြီးတော့ စိုးစံလာခဲ့ပါတယ်"

ဤသို့ သခ်ပါလနဂါးမင်းက ပြည့်ပြည့်စုံစုံဖြေကြားလိုက်သဖြင့် အာဠာရအဖို့ သိချင်စရာမေးချင်စရာ ပြဿနာတစ်ခုပြေလည်သွား၏။သို့ရာတွင် ပြဿနာတစ်ခုပြေလည်သွားသည့်နောက်တွင်

www.burmeseclassic.com

အခြားပြသနာတစ်ခုက ဝင်ရောက်လာသဖြင့် ဆက်၍မေးမြန်းရပြန်ပါ၏။

"အံ့ဆွေနဂါးမင်း၊ နဂါးမင်းဟာ အင်မတန် အစွမ်းသတ္တိကောင်းလှပါတယ်။ အသင်နဂါးမင်းရဲ့နဂါးဆိပ်ကို ဘယ်လိုအကောင်မျိုးမှမခံနိုင်ပါဘူး။ ဒီလိုဖြစ်ပါလျက်နဲ့ အသင်နဂါးမင်းဟာ ဘယ်လိုအစွမ်းသတ္တိမှမရှိကြတဲ့ တောလိုက်မုဆိုးတို့လက်တွင်းသို့ ကျရောက်ခဲ့ရတယ်။ ဘယ်လိုကြောင့်ပါလဲ အဆွေနဂါးမင်းရယ်။ အဆွေနဂါးမင်းရဲ့ အင်မတန်ထက်မြက်ပြီး ပြင်းထန်လှတဲ့ အစွမ်းသတ္တိတွေဟာ တောလိုက်မုဆိုးတွေမြင်လိုက်တာနဲ့ ကြောက်လွန်းလို့ ကြက် ပျောက်ငှက်ပျောက် ပျောက်သွားကြတာပါလား။ အင်မတန် ဖျက်အားပြင်းလှတဲ့ နဂါးဆိပ်ကပဲ အစွယ်ရင်းကို ရောက်မလာလို့ပါလား"

ဤမေးခွန်းကိုလည်း၊ သင်္ခပါလနဂါးမင်းက လိုလိုလားလားနားဆင်ပြီးမှ -

"အဆွေအာဠာရ၊ သင်ပြောတာတွေကြောင့်မဟုတ်ပါဘူး။ အစွမ်းသတ္တိတွေ ပျောက်ပျက်တုန်လို့မဟုတ်ပါဘူး။ ကျွန်ုပ်ဟာ လပြည့်နေ့တိုင်း၊ လကွယ်နေ့တိုင်း နဂါးပြည်ကထွက်ပြီး လူ့ပြည်ကိုသွားပြီး ဥပုသ်စောင့်နေခဲ့ပါတယ်။ စောင့်နေခဲ့တဲ့ဥပုသ်ကို မကျိုးမပျက်ရအောင်လို့ တောလိုက်မုဆိုးတွေပြုသမျှကို မလှုပ်မယှက် ခံယူခဲ့ရပါတယ်"

ဤသို့ နဂါးမင်းက ရှင်းလင်းဖြေကြားလိုက်ရာတွင် နောက်ထပ်သိချင်စရာတွေ ပေါ်လာပြန်သဖြင့် -

"အဆွေနဂါးမင်း၊ အဆွေဟာ စည်းစိမ်ဥစ္စာတွေ၊ တန်ခိုးအရှိန်အဝါတွေ လိုရာတရနေပြီ မဟုတ်ပါလား။ ဘာလေးတစ်ခု လိုနေသေးတယ်လို့ ပြောစရာမရှိအောင် ပြည့်စုံနေပြီမဟုတ်ပါလား။ ဒီလိုအဘက်ဘက်ကပြည့်စုံနေပါလျက်နဲ့ ဘာကြောင့်များ အပင်ပန်းခံပြီးတော့ ဥပုသ်စောင့်နေရတာပါလဲ။ ဘာတွေများလိုနေသေးလို့လဲ"

"အဆွေ အာဠာရ၊ ကျွန်ုပ်ဥပုသ်စောင့်တာက သားတွေ၊ သမီးတွေရချင်လို့လည်းမဟုတ်ဘူး။ စည်းစိမ်ဥစ္စာတွေ ရချင်လို့လည်းမဟုတ်ဘူး။ အသက်ရှည်ရှည်ကြီးနေချင်လို့လည်း မဟုတ်ဘူး။ ကျွန်ုပ်ဥပုသ်စောင့်ခြင်းရဲ့ တစ်ခုတည်းသောရည်ရွယ်ချက်က လူ့ပြည်ကိုပြန်ရောက်ဖို့ပါ။ လူ့ဘဝကိုပြန်ရဖို့သာဖြစ်ပါတယ်"

"တယ်လည်းအံ့ဩစရာကောင်းပါလားဗျာ။ အဆွေနဂါးမင်းဟာ ရဲရဲနီတဲ့ မျက်လုံးအစုံလည်းရှိတယ်။ ယောကျ်ားပီပီ တည်ကြည်ခန့်ညားတဲ့ ကိုယ်လုံးကိုယ်ထည်လည်းရှိနေတယ်။ နတ်ဝတ်တန်ဆာအမျိုးမျိုးကိုလည်း ဝတ်ဆင်နိုင်တယ်။ ဆံပင်နဲ့ မုတ်ဆိတ်တို့ကို အတင့်အတယ် ပြုပြင်ထားနိုင်တယ်။ စန္ဒကူးနံ့သာကိုလည်း လိမ်းကျံနိုင်တယ်။ ဂန္ဓဗ္ဗနတ်သားတစ်ပါးလိုပဲ ပဏ်ဝန်းကျင်တစ်ခွင်လုံးကို ထွန်းလင်းတောက်နေခဲ့တယ်။ ဒီလို အဘက်ဘက်က ပြည့်စုံနေတဲ့ဘဝကနေပြီးတော့ လူ့ဘဝကိုပြန်သွားချင်ရတာက ဘာကြောင့်ပါလဲ။ လူ့ဘဝဆိုတာ တစ်ဝမ်းတစ်ခါးအတွက် ယောက်ယက်ခတ်အောင်ရှာနိုင်ဖွေနိုင်ပါမှ စားရတာမဟုတ်ပါလား"

"အဆွေအာဠာရ တစ်ဖက်ကကြည့်တော့လည်း အဲဒါမှန်ပါတယ်။ ဒါပေမယ့် အခြားတစ်ဖက်ကကြည့်ပြန်တော့လည်း လူ့ဘဝဆိုတာ ဘဝသံသရာကြီးထဲက လွတ်မြောက်နိုင်တဲ့တစ်ခုတည်းသောလမ်းကြောင်းပဲ။ လူ့ဘဝကိုဘေးဖယ်ထားပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ စင်ကြယ်ခြင်းမရှိနိုင်ပါဘူး။ သီလမျိုးစုံကို လုံခြုံအောင်စောင့်ထိန်းဖို့လည်း မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီဘဝကနေပြီးတော့ လူ့ဘဝကိုပြန်ရောက်သွားချင်တယ်။ လူ့ထဲကလူတစ်ယောက်အဖြစ်နဲ့ ပဋိသန္ဓေနေရခြင်းနဲ့ သေခြင်းလွတ်ရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တရားကို ကျင့်သုံးတော့မယ်"

ဤသို့ သင်္ခပါလနဂါးမင်းက လူ့ဘဝ၏ မွန်မြတ်ပုံများကို ပြောပြသဖြင့် ဧည့်သည်တော် အာဠာရသည် လူ့ဘုံလူ့ဘဝကို ပြန်လည် တမ်းတလာမိ၏။ ထို့ကြောင့် သင်္ခပါလနဂါးမင်းက မိမိနှင့်အတူ ဆက်လက်နေထိုင်ပါရန် အတန်တန်တောင်းပန်သည့်ကြားမှ ငွတ်အတင်းခွင့်ပန်ကာ လူတို့ရပ်ရွာသို့ ပြန်လာခဲ့လေသည်။

ထို့နောက် အာဠာရသည် နဂါးပြည်တုန်းကစိတ်ကူးထားခဲ့သည့်အတိုင်း မိမိ၏မိသားစုရှိရာ ပြန်မသွားတော့ဘဲ ဟိမဝန္တာတောကြီးသို့ ရသေ့ဝတ်၏။ ရသေ့တစ်ပါးအဖြစ်ဖြင့် တောထဲကရနိုင်သမျှ သစ်ဥ၊ သစ်သီးတို့ကို မှီဝဲလျက် သမထကမ္မဋ္ဌာန်းစီးဖြန်းလေရာ မကြာမီမှာပင် ဈာန်သမာပတ်များရရှိလေသည်။

အာဠာရရှင်ရသေ့သည် ဟိမဝန္တာတောကြီးအတွင်း၌ ဈာန်သမာပတ်၂ ချမ်းသာကိုခံစားလျက် နှစ်သက်မွေ့လျော်စွာ နေထိုင်လာခဲ့၍ မိုးလရာသီသို့ ရောက်သောအခါ လေဒဏ်မိုးဒဏ်မှ သက်သာရာရရှိနိုင်ရန် ဟိမဝန္တာတောကြီးမှထွက်၍ လူတို့ရပ်ရွာသို့ ဝင်ရောက်ခဲ့လေသည်။

တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်လာရာမှ ဗာရာဏသီမြို့တော်သို့ရောက်လာသည်တွင် အာဠာရရသေ့သည် မင်း၏ဥယျာဉ်တော်သို့ဝင်ရောက်၍ သီတင်းသုံးလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ အာဠာရရသေ့သည် ဗာရာဏသီမြို့တော်တွင်းသို့ ဆွမ်းခံဝင်ရာမှ နန်းတော်အနီးသို့ရောက်လာ၏။ ထိုစဉ်တုန်းက ညီတော်အာနန္ဒာအလောင်းလျာသည် ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်ဟူသော အစဉ်အလာဘွဲ့အမည်ကို ခံယူ၍ ထီးနန်းစိုးစံလျက်ရှိ၏။ အာဠာရရသေ့ နန်းတော်ထံသို့ရောက်လာသောအခါ အလောင်းလျာဗြဟ္မဒတ်မင်းသည် ရှင်ရသေ့၏ တည်ကြည်ငြိမ်သက်သော ဣန္ဒြေကိုကြည်ညိုလှသဖြင့် နန်းတော်ထက်သို့ပင့်ဆောင်၍ ဆွမ်းဆက်ကပ်၏။ ဆွမ်းကိစ္စများ ပြီးစီးသွားသောအခါ အာဠာရရှင်ရသေ့က ဆွမ်းအနုမောဒနာ တရားဟောကြား၏။ ရှင်ရသေ့ဟောကြားသော တရားတော်ကို ကြည်ညိုလှသဖြင့် ဗြဟ္မဒတ်မင်းက အာဠာရရသေ့အား မိမိ၏ဥယျာဉ်တော်မှာပင် မိုးတွင်းလေးလပတ်လုံး သီတင်းသုံးရန် ပန်ကြား၏။ အာဠာရရသေ့ကလည်းလက်ခံ၍ သီတင်းသုံး၏။

တစ်နေ့သောအခါ ဗြဟ္မဒတ်မင်းသည် အာဠာရရသေ့အားတောထွက်၍ တရားအကျင့်ကျင့်သုံးရခြင်းအကြောင်းရင်းကိုမေးမြန်းလေရာ အာဠာရရသေ့က ထိုမေးခွန်းကိုဖြေကြားရင်း သင်္ခပါလနဂါးမင်းနှင့်တွေ့ဆုံရပုံအကြောင်းတို့ကို ဟောကြားလိုက်၏။ ဗြဟ္မဒတ်မင်းသည် ဘဝပေါင်းများစွာတုန်းက ပါရမီမျိုးစုံဖြည့်ကျင့်ဆည်းပူးလာခဲ့ရာတွင် မိမိအားရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ဖူးသော ဆရာမြတ်၏ အံ့လွန်းအလွန်မြင့်မြတ်လှစွာသော ခန္တီပါရမီအကြောင်းကို ကြားနာလိုက်ရသဖြင့် အတိုင်းထက်ဝမ်းမြောက်ကာ သာဓုအကြိမ်ကြိမ်ခေါ် လိုက်ရပါပေသည်။

ဝဏ္ဏသီရိ




www.burmeseclassic.com

www.burmeseclassic.com



# ဦးချစ်ဖို့

# ဝိပဿနာပညာမိတ်ဆက်

လောကီအကျိုးစီးပွားရှာကြရာတွင် မိမိအား အကျိုးပြုမည့် မိတ်ဆွေကောင်းကိုရှာကြံပြီး ယင်းပုဂ္ဂိုလ်နှင့် ရင်းနှီးကျွမ်းဝင်အောင် ပေါင်းသင်းဆက်ဆံခြင်းဖြင့် မိမိ၏အကျိုးစီးပွားကို ဖြစ်ထွန်းကြရ၏။ မိမိကိုယ်တိုင် ယင်းပုဂ္ဂိုလ်နှင့် မသိကျွမ်းသေးပါက သိကျွမ်းရင်းနှီးပြီးသူမှတစ်ဆင့် မိတ်ဆက်စေပြီး သိကျွမ်းကြရ၏။ ကိုယ်တိုင်သိကျွမ်းရင်းနှီးခင်မင်ပြီးနောက် ယင်းပုဂ္ဂိုလ်၏ အကူအညီဖြင့် အလုပ်အကိုင်အဆင်ပြေလျှင် ယင်းပုဂ္ဂိုလ်အား လက်တွဲမဖြုတ်ဘဲ ဆက်လက် ပေါင်းသင်းကြရပေမည်။

စာရှုသူအား မိတ်ဆက်ပေးလိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မဟုတ်ဘဲ လောကီ၊ လောကုတ်နှစ်ဖြာသောအကျိုးကို ဖြစ်ထွန်းစေသော လူသားတစ်ဦးအတွက် အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် မသိလျှင်မဖြစ်သော စိတ်လေ့ကျင့်ခန်းဖြစ်သည့် ဝိပဿနာပညာနှင့် မိတ်ဆက်ပေးလိုပါသည်။

လွန်ခဲ့သော နှစ် (၂၀) ကျော်က ဦးလေးတော်စပ်သူတစ်ဦး၏မိတ်ဆက်ပေးမှုဖြင့် စာရေးသူသည် ဝိပဿနာပညာနှင့် စတင် သိကျွမ်းခဲ့ရပါသည်။ ယခုအချိန်အထိ ရာခိုင်နှုန်းပြည့် သိကျွမ်းရင်းနှီးခြင်းမရှိသေးပါ။ အထိုက်အလျောက်သာ ကျွမ်းဝင်ခြင်းရှိသေးကြောင်း ဝန်ခံလိုပါသည်။ မိမိသိရှိသမျှ တရားဗဟုသုတနှင့်အတွေ့အကြုံများကို ဝိပဿနာပညာနှင့် လုံးဝရင်းနှီးကျွမ်းဝင်ခြင်းမရှိသေးသူများအတွက်ရည်ရွယ်၍ မျှဝေလိုခြင်း၊ မိတ်ဆက်ပေးလိုခြင်း ဖြစ်ပါသည်။

လူဖြည့်၌ မြတ်ဗုဒ္ဓပွင့်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ သတ္တဝါအများ သံသရာခရီးကြမ်းမှလွတ်မြောက်နိုင်ရန်၊ သစ္စာလေးပါး ဝိပဿနာတရားများ ဟောကြားရန်အတွက်သာ ဖြစ်ပေသည်။ မြတ်စွာဘုရားမပွင့်မီကပင်ရှိနေပြီးသော ဒါန၊ သီလ၊ သမထတရားတို့သည် ငါဟူသော အတ္တဒိဋ္ဌိကို အရင်းခံ၍ ပြုလုပ်ကြခြင်း ဖြစ်၏။ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည်ပင် ငါ မပြုတ်သေးသဖြင့် သံသရာမှ လွတ်မြောက်နိုင်ခြင်း မရှိသေးပေ။ ထိုမှတစ်ဆင့်တက်၍ ဝိပဿနာ သမ္မာဒိဋ္ဌိကို အခြေခံထားပြီး ကြိုးစားမှသာ အနတ္တဉာဏ် ရင့်မှာ ကိန်းပြီး မဂ်၊ ဖိုလ်သို့ မျက်မှောက်ပြုကာ အပါယ်လေးပါးမှ ထာဝရ လွတ်မြောက် ချမ်းသာကြမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ဝိပဿနာတရား ဟောကြားရာတွင် ပုဂ္ဂိုလ်တို့၏ စရိုက် (၆) ပါးပေါ် မူတည်၍ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူ၍ အနုပဿနာ(၄)ပါးခွဲ၍လည်းကောင်း၊ ကမ္မဋ္ဌာန်းပေးရာတွင်လည်း ကမ္မဋ္ဌာန်းတရား(၄၀)မျှ အကျယ်ချဲ့၍လည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။ ဗုဒ္ဓဒေသနာကို အရင်းမူလထားပြီး လယ်တီ၊ စွန်းလွန်း၊ မဟာစည်၊ မိုးကုတ်၊ ကံသစ်တိုင် စသည်ဖြင့် ဆရာစဉ်ဆက် ဩဝါဒခံ၍ အားထုတ်ခဲ့ကြသော မှုများစွာရှိကြပေရာ မိမိစရိုက်၊ အကြိုက်၊ ဝါသနာနှင့်ကိုက်ညီလျှင် တရားထူးကို လွယ်ကူစွာ တွေ့မြင်နိုင်ပေ၏။ အတိတ်ကာလဘဝများစွာက ပဋ္ဌာန်းဆက်အရ ရင်းနှီးခဲ့ကြသော မိမိတို့နှင့်နီးစပ်ရာ၊ အကြောင်းဆက်ရာ ဆရာသမားများထံ နည်းနာခံ၍ သာဝကဝေနေယျအဖြစ် ကျင့်သုံးကြရန် ဖြစ်ပါသည်။

▫ မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယ လျှော့၊
အားအင်ပျော့ကာ
လွန်စွာဖူသူမှား၊ ဤငါးပါး၊ တရား
မဂ်ဖိုလ် ဝေးသတည်း . . .

ဟု လမ်းမှန်ကိုညွှန်ပြမည့် ဆရာကောင်းကိုရှာရန် အရေးကြီးကြောင်း မိန့်မှာတော်မူခဲ့ပေသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒများသည် စာရေးသူ၏စရိုက်၊ အကြိုက်၊ ဝါသနာ၊ အသိဉာဏ်နှင့်ကိုက်ညီခဲ့သဖြင့် မိုးကုတ်သာဝက အဖြစ်နှစ်မြိုက်စွာ ခံယူလျက် ဆရာသမားများ၏အဆုံးအမကို အစဉ်တစိုက်ခံယူ ကျင့်သုံးခဲ့ပါသည်။ ဝိပဿနာပညာကို အခြေခံမျှ မသိဘဲ ကြားဖူးနားဝဖြင့် အားထုတ်လျှင် ဒုဗ္ဗလဝိပဿနာခေါ် အားနည်းသောဝိပဿနာဉာဏ်ကိုသာ ရရှိနိုင်ပေ၏။ ခြွင်းချက်အားဖြင့် ပါရမီရင့်သန်သော ပုဂ္ဂိုလ်ထူးများဖြစ်ကြသည့် စွန်းလွန်းဆရာတော်ဘုရားကြီး၊ သဲအင်းဂူဆရာတော်ဘုရားကြီးများကဲ့သို့သော ပုဂ္ဂိုလ်ကြီးများသည်ကား အန္တိမဘဝိက နောက်ဆုံးဘဝ ဖြစ်ကြသဖြင့် လမ်းကြောင်းအမှန်သို့ ဖြောင့်တန်းစွာရောက်ရှိတော်မူခဲ့ကြပေသည်။

အားကြီးသော ဝိပဿနာဉာဏ် (ဗလဝဝိပဿနာဉာဏ်) ရရှိစေရေးအတွက် တရားစဉ်၊ လုပ်ဝန်းစဉ်၊ လုပ်ငန်းခွင်ဟူ၍ မိုးကုတ်ဥပုနိဿယအကိုင်း ဟောကြားထားသည်ကို စာရေးသူနားကြားသိရှိထားသရွေ့ မိတ်ဆက်ပေးလိုပါသည်။

တရားစဉ်ဆိုသည်မှာ ပဋိသမ္ဘိဒါတရား၊ ခန္ဓာငါးပါး၊ အာယတန



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါးတရားတို့ကို အခြေခံမှုစ၍ ထောက်ကြားသော သင်တန်းတရားများကို နာကြားမှတ်သားကြရပါမည်။

လုပ်ငန်းစဉ် ဆိုသည်မှာ အရှုခံတရား၊ သတိပဋ္ဌာန်တရားလေးပါး၊ ဉာဏ်တရား၊ ဒိဋ္ဌိဖြုတ်တရားများနှင့် သစ္စာအနက် (၁၆) ချက်တို့ကို သိရှိသဘောပေါက်စေရန် ဆရာသမားများ၏ အဆုံးအမများကို ခံယူရမည်ဖြစ်ကြောင်း သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့် မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ ဟူသော ဩဝါဒကို နာကြားခဲ့ရပါသည်။

ဤသို့အားဖြင့် ဆရာများဘက်က ဉာတပရိညာအားဖြင့် တာဝန်ကျေခဲ့ပြီးနောက် ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင်၊ ခန္ဓာအရှိနှင့် ဉာဏ်အသိတိုက်အောင် ကျင့်ကြံပွားများအားထုတ်ခြင်း ဟူသော တီရဏပရိညာအဆင့်သည် ယောဂီများ၏တာဝန်သာ ဖြစ်ပေသည်။ တရားထူးအသိဉာဏ်အဆင့်ဆင့်သို့ တက်လှမ်းသိမြင်နိုင်ရေး ဟူသော ပဟာနပရိညာအဆင့်သည်ကား မိမိတို့တွင်ရှိသော ကိလေသာအထုအပါးပေါ်မူတည်၍ မွေ့က ဦးဆောင်သွားမည် ဖြစ်ပါသည်။

သာသနာတော်နှစ် ၂၅၀၀ ကျော်လာပြီဖြစ်သော ယနေ့ခေတ်သည် ဝိမုတ္တိယုဂခေတ်ဟု ခေါ်ဆိုအပ်သည့် ဝိပဿနာတရားများ ပြန့်ပွားထွန်းကားလာသည့် တစ်ကျော့ပြန်သာသနာခေတ် ဖြစ်ပေသည်။ သာသနာတော်နှစ် ၃၀၀၀ ကျော်လွန်ချိန်ခါရောက်လျှင် ဝိပဿနာတရားကျင့်သုံးမှု အားနည်းသာဖွယ်ရှိမည်ဖြစ်ကြောင်း ရှေးပညာရှိပုဂ္ဂိုလ်များ၏ အဆိုအမိန့်ကို မှတ်သားခဲ့ရပါသည်။ မိုးရွာတုန်းရေခံ ဟူသော စကားဥပမာနှင့်အညီ ဒီတစ်ခါရွာတဲ့မိုးတို့ချိုးဖြစ်အောင်ချိုးကြမှသာ ဒယ်အိုးနှင့်ဝေးကြရမည် ဖြစ်ပေသည်။

မိုးကုတ်ဝိပဿနာမွေ့ရိပ်သာများတွင် ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာကို အဓိကထားပြီး အခြေခံမှုစ၍ သင်တန်းတရားများ သင်ကြားပေးလေ့ရှိပါသည်။ ဓာ - ပဋိစ္စသမုပ္ပါဒ်ကို ဦးစွာသင်ယူပြီး နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်ရမှာဖြစ်ကြောင်း၊ ခန္ဓာအပေါ် ဉာဏ်ရောက်မှသာ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို သဘောပေါက်သဖြင့် ဒိဋ္ဌိပြုတ်မှာဖြစ်ကြောင်း နားကြီးကြီးနှင့် တရားနာတတ်ဖို့လိုကြောင်း၊ ဒိဋ္ဌိနှင့်တဏှာတွင် အသိများ၊ အယူများ၊ အမှတ်များသော မိစ္ဆာဒိဋ္ဌိကိုအရင်ဖြုတ်ရမှာဖြစ်ကြောင်း၊ ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်နေလျှင်တောင် ခေတ္တထားပြီး မိမိနှလုံးသားထဲတွင် ကိန်းနေသော မိစ္ဆာဒိဋ္ဌိကို ဦးစွာဖြုတ်ဖို့ အရေးကြီးကြောင်း ဆုံးမခဲ့ပါသည်။

သံသရာမှ လွတ်မြောက်စေဖို့ အကြောင်းမူလနှစ်ပါးသည် အဝိဇ္ဇာနှင့် တဏှာဖြစ်ပုံ၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာနှစ်ပါးဖြင့်ဘာလည်နေရပုံ၊ အလွှာအားဖြင့် လေးလွှာ၊ အင်္ဂါအားဖြင့် တစ်ဆယ့်နှစ်ပါး၊ အစပ်အားဖြင့် (၃) စပ်၊ (၃) ပါးသောဝဋ်နှင့် (၃)ပါးသောကာလရှိပုံ၊ အကြောင်းခြင်းရာအားဖြင့်ရေတွက်ပါက (၂၀)ရှိကြောင်းကို လက်ာစိ၍ ဆုံးမခဲ့ပါသည်။

လူ၊ နတ်များစွာ သတ္တဝါအပေါင်းတို့သည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တို့ကြောင့်ဖြစ်ပေါ်လာတာမဟုတ်ကြောင်း၊ အထိတ်ကာလက သစ္စာလေးပါးမသိမှုအဝိဇ္ဇာ၊ လိုချင်ရချင်မှုတဏှာ၊ စွဲလမ်းနှစ်သက်မှု ဥပါဒါန်ဟု ဆိုအပ်သော ကိလေသဝဋ်တို့ကြောင့် ပြုပြင်စေ့ဆော်အားထုတ်မှု သင်္ခါရနှင့်ကမ္မဘဝဟူသော ကမ္မဝဋ်အကြောင်းတရားများကို ပြုလုပ်မိခဲ့ကြပါသည်။ သို့အတွက် ယခု ပစ္စုပ္ပန်ကာလတွင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ဝိပါကဝဋ်ခန္ဓာငါးပါးဟူသည့် ပစ္စုပ္ပန်အကျိုး[illegible]ရာငါးစါးတို့ ဖြစ်ပေါ်လာရကြောင်း၊ ဖြစ်ပေါ်လာသည့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ကို ဖြစ်ပျက်မြင်အောင်မရှုနိုင်၊ မခွာင်ခြင်နိုင်၊ မပွားများနိုင်သဖြင့် လိုချင်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်တို့ကြောင့် ကံဆိုသော အကြောင်းတရားတွေကို ပြန်ကြိုးစားလိုက်ကြရင်း ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ ဆက်ကာဆက်ကာ ဖြစ်ပွားလျက်ရှိနေပုံကို အပင်မှမျိုး မျိုးမှအပင် ဥပမာထား၍ သက်သေဖြင့် ဆုံးမတော်မူခဲ့ပါသည်။

တရားအလုပ် အားထုတ်မည့် ယောဂီများကျင့်ဝတ်နှင့်ပတ်သက်၍ -

- ◻ အမှုမများ၊ စကားသိမ်းဆည်း၊ စောင့်စည်းဣန္ဒြေ၊ အိပ်နေနိုးကြား၊ အစားမကြီး၊ တစ်ယောက်တည်းနေ ဤခြောက်ထွေ၊ ကျင့်လေ ယောဂီများ
  
  ဟု လည်းကောင်း။
- ◻ ကိစ္စဟူသရွေ့ မဂ်ဖိုလ်တို့၏ အတားအဆီး

ဟူ၍ လည်းကောင်း -

ကိစ္စနည်းပါးအောင်နေထိုင်ကျင့်သုံးကြဖို့ လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

လူတို့၏သဘာဝအရ မိမိကိုယ်ကို လေ့လာသုံးသပ် စောင့်ကြည့်ခြင်းထက် ပြင်ပအာရုံများနှင့် သူတစ်ပါးအပေါ်တွင် ပို၍ စိတ်ဝင်စားတတ်ကြသည်။ ပြင်ပဗဟိဒ္ဓအာရုံများအပေါ်တွင် စိတ်ပါဝင်စားမှုများလွန်းပါက မိမိ၏ အတွင်းစိတ်အခြေအနေနှင့်သဘာဝကို စောင့်ကြည့်ရခြင်းအလုပ်ဖြစ်သည့် ဝိပဿနာအလုပ်တွင် အားနည်းသွားလေ့ရှိပါသည်။

ကျွန်ုပ်တို့သည် ရှေးရိုးစဉ်လာ မိဘနိုးရာအလိုက် အများလျှောက်သည့်လမ်းအတိုင်းဆက်လျှောက်ပါက အများရောက်မည့်လမ်းတို့သာရောက်ကြရမည် ဖြစ်၏။ အများရောက်သည့်လမ်းမှာ အပါယ်လေးပါးသို့သွားရာလမ်း ဖြစ်ပေ၏။ အများနှင့်မတူ လမ်းခွဲထွက်နိုင်ပါမှ အများမရောက်ဘူးသေးသောလမ်း၊ တစ်ဆယ့်တစ်ပါးသောမီးတို့ချုပ်ငြိမ်းရာလမ်းဖြစ်သည့် နိဗ္ဗာန်ချမ်းသာသို့ရောက်နိုင်မည် ဖြစ်ပေသည်။

အနန္တကျေးဇူးတော်ရှင်ဗုဒ္ဓမြတ်စွာသည်ပင် သိဒ္ဓတ္ထမင်းသားဘဝက မိဘရိုးရာ အစဉ်အလာအတိုင်း လိုက်နာခဲ့မည်ဆိုပါက ဗုဒ္ဓအဖြစ်သို့ရောက်မလာဘဲ စကြဝတေးမင်းစည်းစိမ်ကိုသာ အမြင့်ဆုံး ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ ဖြည့်ဆည်းခဲ့သောပါရမီတော်အဟုန်တို့ကြောင့် ရိုးရာအစဉ်အလာမှသွေဖယ်၍ လမ်းခွဲထွက်နိုင်ခဲ့သဖြင့် လောကသုံးပါးတွင် အတုမရှိသော အနိုင်းမဲ့ဗုဒ္ဓအဖြစ်သို့ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်ပေသည်။ အကယ်၍သာ ဗုဒ္ဓဘုရားရှင် မပွင့်ထွန်းခဲ့ပါက ကျွန်ုပ်တို့သည် သစ္စာလေးပါးမြတ်တရားနှင့်တကွ ဗုဒ္ဓအဆုံးအမဒေသနာများကို နာကြားခွင့်ကျင့်သုံးခွင့်မရနိုင်တော့သဖြင့် ဉာဏ်မျက်စိအလင်းပျောက်ပြီး အမှောင်ဖုံးကာ အကန်းသေသေကြရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ သစ္စာအလင်းရောင်ကို ခေတ္တခဏကြုံတွေ့ရခိုက် အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း -

- ◻ လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင့်တဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ ဖြစ်ကြောင်းဖန်မူ၊ ထိုသူသည်ကား၊

www.burmeseclassic.com

သိန်းထွန်းကြည်(အင်းဝ)

## ကျေးရှုးတော်ရှင်ရွှေပေါ်ကျွန်းဆရာတော်ကြီးအိပ်မက်ပေးသည့်

# နန်းကျင်၊နန်းခင်အကြောင်း

ကျေးရှုးတော်ရှင် ဖေယျသိဒ္ဓိမေ့ ဉာဏ်ကို(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ရ ရွှေပေါ်ကျွန်းဆရာတော်ကြီး အိပ်မက်ပေးသည့် နန်းကျင်၊ နန်းခင်အကြောင်းသိရှိလို၍ ၂၀၁၄ ခု၊ ဒီဇင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ မြောက်ဘက်ရှိ ပေါင်းလောင်းတောင်တန်းကြီးပေါ်မှ ပင်လယ်ရေမျက်နှာပြင်အထက်(၃၆၁၅) ပေအမြင့်တွင် တည်ထား ကိုးကွယ်သော ကျိုက်ထီးရိုးဘုရားသို့ စာရေးသူ ရောက်ရှိသွားခဲ့သည်။ ဘုရားကန်တော့ မေတ္တာပို့ အမျှဝေပြီး ရွှေနန်းကျင်နန်းသို့ ရောက်ရှိသွားခဲ့သည်။ မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးပြီး ထူးဆန်းသည့် စိတ်ဝင်စားစရာကောင်းသော ရွှေနန်းကျင်အကြောင်း ရပ်နီး၊ ရပ်ဝေး (၇) ရက်သားသမီး စာဖတ်ပရိသတ်များအား သိရှိလိုသော ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးကို ရှာဖွေဖော်ထုတ် ရေးသားခြင်း ဖြစ်သည်။

ဇင်းကျိုက်တောင်နှင့် ဠဲကပင်တောင်အမည်ရှိ တောင်ကြီးနှစ်လုံးအနီး တိဿကုမာရမင်းသားနှင့် သီဟကုမာရမင်းသား ညီအစ်ကိုနှစ်ပါး တရားရှာမှီး နေထိုင်ခဲ့ကြသည့်နေရာ ဖြစ်သည်။ အချိန်ကာလမှာ ဘီစီ ၆၄၀ ပြည့်နှစ်၊ ဂေါတမမြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း (၅၀) အချိန်က ဖြစ်သည်။ ဇင်းကျိုက်တောင်မှာ မဟာဂီရိမှာအမည်ရှိပြီး ထိုအနီးတွင် သုဘိန္နနာဂရမင်းနေပြည်ရှိခဲ့ဖူးသည်။ ဘုရင်တိဿမွေရာဇာနှင့် သီရိကပ္ပဒေဝီတို့တွင် သားတော်နှစ်ပါး ထွန်းကားခဲ့ပြီး အစ်ကိုကြီးမှာ တိဿကုမာရမင်းသား၊ ညီငယ်မှာ သီဟကုမာရမင်းသား ညီအစ်ကိုနှစ်ဦးစလုံး မိဘနှစ်ပါးထံခွင့်ပန်၍ တောမှီရသေ့ရဟန်းပြုရန် တောထွက်ခဲ့ကြသည်။ အစ်ကို ရဟန်းဖြစ်သူသည် ဇင်းကျိုက်တောင်၏အနောက်ဘက်တွင်နေသည်။ ပင်လယ်ကမ်းခြေတွင် ဘောဂဝတီနဂါးပြည်မှ နတ်နဂါးမများ လူအသွင်ဖန်ဆင်း၍ လာရောက် ပျော်ပါးကြသည်၊ ၎င်းအရပ်၌ နေထိုင်သော ဝိဇ္ဇာဇော်ဂျီတို့နှင့်တွေ့ကြုံပြီး ပေါင်းသင်းပျော်ပါးရာမှ နဂါးဥများထားရှိခဲ့သည်။ မိဘမဲ့ဖြစ်နေသော နဂါးဥနှစ်လုံးကို တိဿရဟန်းတွေ့ရှိသွားပြီး ဠဲကပင်တောင်၌ တရားကျင့်ကြံနေသော ညီငယ် သီဟရသေ့အား ဥတစ်လုံးခွဲ၍ပေးပြီး မွေးမြူစောင့်ရှောက်စေခဲ့သည်။ အဏ္ဍဇဖြစ်သည့်ထိုဥနှစ်လုံးမှာ လူသားယောကျာ်းအဖြစ် ပေါက်ဖွားလာခဲ့သည်။ တိဿရသေ့ကြီးထံတွင်ဖွားသည့် သားအား နေထွက်ချိန်၌ မွေးဖွားသဖြင့် သူရိယကုမာရဟုလည်းကောင်း၊ သီဟရသေ့ထံမှမွေးဖွားသော သားငယ်ကို လထွက်ချိန်၌မွေးဖွားသဖြင့် စန္ဒကုမာရဟု အမည်တွင်သည်။ သို့သော် အငယ် စန္ဒကုမာရမှာ ကျောက်ရောဂါစွဲကပ်ပြီး (၁၀) နှစ်သားအရွယ် ကွယ်လွန်ခဲ့သည်။

တရားကျင့်ကြံအားထုတ်နေသော တိဿရသေ့ကြီးမှာ ဇင်းကျိုက်တောင်မှ ပြောင်းရွှေ့ပြီး မွေးစားသားတော်နှင့်အတူ ကျိုက်ထီးရိုးတောင်၏ မြောက်ဘက်ရှိ မုဆိုးတောင်တွင် နေထိုင်၍ တရားအားထုတ်သောအခါ အနီးရွာရှိ တရင်စော်ကဲကြီး ဘိုးကော်လွတ်နှင့် ဇနီးနန်းကြာဟဲတို့က လာရောက်ပြီး သူရိယကုမာရမင်းသားကို သားအဖြစ် မွေးစားခွင့်တောင်းကြသည်။ တိဿရသေ့ကြီးသည် ကျိုးကန်းဂူအတွင်းမှ နဂါးဥနှစ်လုံးကို ဒုတိယအကြိမ် ထပ်မံရရှိပြန်သည်။ ဝိဇ္ဇာဇော်ဂျီတစ်ဦးနှင့် ဘောဂဝတီနဂါးပြည်မှလူယောင်ဆောင်သောနဂါးမတို့ ပေါင်းဖက်နေထိုင်သည့်ဂူဖြစ်သည်။ ၎င်းဂူအတွင်းမှ ရရှိသော ဥနှစ်လုံးမှာ နာဂစန္ဒီနှင့် နာဂသုဇာအမည်တွင်၍ ယခုအခါ ရွှေနန်းကျင်တို့ ညီအစ်မဖြစ်လာသည်။

အကြီးကို တိဿရသေ့ကြီးထံမှ

အယုံမလွှဲ၊ ဂတိမြဲ၏

ဟူသော အဆုံးအမနှင့်အညီ နေ့စဉ် အချိန်မှန်အားထုတ်သလို နေ့စဉ်အချိန်တိုင်း အပ္ပမာဒတရား လက်ကိုင်ထားပြီး ရှုပွားဆင်ခြင်နေနိုင်ကြပါစေကြောင်း စာရေးသူ၏ ရင်တွင်းဖြစ်ကဗျာတစ်ပုဒ်ဖြင့် မိတ်ဆက်စကား လက်ဆောင်ပါးလိုက်ရပေသည်။

**ပါဠိဆန္ဒ**

□ အများစိမ်းလည်း ငါမစိမ်းဘူး
အများနီလည်း ငါမနီဘူး
အများယောင်လည်း
ငါမယောင်ဘူး
ရောင်သွေးကင်းစင် ငါ့စိတ်စဉ်ကို
မည်သူကမှ ဆိုးမရဘူး။
သတ္တဝါသ ဘုံကိုးဝဝယ်
ရလာခဲတ္တ လူ့ဘဝ၏
တန်ဖိုးရှိလှ ချိန်ခဏတွင်
ဖိုးထိုက်လှစွာ မြတ်ဥစ္စာကို
ကျားကုတ်ကျားခဲ ရအောင်စွဲမည်
ငါ၏ဓိဋ္ဌာန် မူပေတည်း။
သူလည်း သူ့လမ်း လျှောက်လှမ်းပါစေ
ငါလည်း ငါ့လမ်း လျှောက်လှမ်းမယ်လေ
လမ်းစဉ်မတူ အယူအဆ
မတူကြလည်း မရဏာမင်း
ရှင်ဘိသေမင်းထံ လည်စင်းခံရ
မုချဧကန် ကြုံရပေမည်
မမွလမ်းကြောင်းအရတည်း။
သြော်- ဘဝနောင်ခါပြန်မလာသည့်
ညည်းညူမရှိ မြဲဂတိနှင့်
သတိမမေ့ ချိန်နေ့သိပြန်
မျက်လှန်ကြောဆွဲမရှိဘဲလျက်
သေလည်းမတောင့်တင်း
ပုပ်နံ့ကင်းပျောက်
ချမ်းသာရောက်ကြောင်း
လမ်းကောင်းအမှန်
မြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တ
ရောက်လိုလှသည်
ငါ၏ ဆန္ဒမွန်ပေတည်း။ ။

ဦးချစ်ပို (မော်လမြိုင်)

www.burmeseclassic.com







ဘိုးတော်လွတ်နှင့် နန်းကြာပဲတို့မှ မွေးစားကြသည်။ ၎င်းသမီးနှင့်အတူ ပန်းတင်ကျောက်ဖျာ၌ တွေ့ရှိသည့်ယောကျ်ားလေးတစ်ဦးကိုလည်း မွေးစားခွင့်ပေးလိုက်သည်။ ဘိုးတော်လွတ်တို့ ရရှိသွားသော မောင်နှမနှစ်ဦးမှာ အစ်ကိုငပန်းတင်နှင့် နှမတော်ရွှေနန်းကျင်တို့ဖြစ်လာကြသည်။

အချိန်ကာလ ကြာသောအခါ နဂါးဥဖွား သူရိယကုမာရသည် သုဝဏ္ဏဘူမိဘုရင်ဖြစ်လာပြီး ရသေ့နှစ်ပါး၏ အမည်ကိုကောက်၍ တိဿမဟာ သီဟရာဇာဘွဲ့ခံသည်။ ၎င်းဘုရင်မှ ရွှေနန်းကျင်အား မိဖုရားအဖြစ် ကောက်ယူခဲ့သည်။ ရွှေနန်းကျင်သည် ဘုရင်တိဿမဟာသီဟရာဇာမင်းနှင့် လိုက်ပါသွားသောအခါ ရိုးရာအရ ဟုန်းနတ်ကြီးအား ဒေဝဒါနပြုလုပ်ရန် ဖြစ်သည်။ ၎င်းဟုန်းနတ်ကြီးမှာ ၎င်းဒေသ (မဲသနရွာ အပါအဝင်)ပတ်ဝန်းကျင်မှလူအများယုံကြည်သောအားကိုးရသည့်နတ်ကြီးဖြစ်သည်။ အစိကမှာ ရိုးရာအရ လင်စုံမယားဖက်ပြုလုပ်သောအခါ မဖြစ်မနေ ဟုန်းနတ်ကြီးနတ်ကွန်းထံ သွားရောက်ကာ ပူဇော်ပသတောင်းခံရသည်။ ရိုးရာဟုန်းနတ်ကြီးထံမှ ဘုရင်တိဿမဟာသီဟရာဇာမင်းက တောင်းခံခြင်း မပြုလုပ်ခဲ့ပေ။ ရွှေနန်းကျင်အား မင်းမိန့်ဖြင့်တော်ကောက်ကာ နန်းတော်သို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဟုန်းနတ်ကြီး၏ အမျက်ဒေါသသင့်ခြင်းကိုခံရပြီး ရွှေနန်းကျင်မှာ ဆေးဆရာများနှင့် ကုစား၍မရနိုင်သော ရောဂါများ စွဲကပ်ခဲ့သည်။ ၎င်းကိစ္စကို မွေးစားဖခင် ကရင်စော်ကဲကြီး ဘိုးတော်လွတ်နှင့် အစ်ကိုဖြစ်သူ ငပန်းတင်တို့က သိရှိပြီး နန်းတော်သို့လိုက်လာ၍ တိဿမဟာသီဟရာဇာမင်းကို အကျိုးအကြောင်း လျှောက်ထားသည်။ ဘုရင်မှ ဟုန်းနတ်ကြီးအား ဒေဝဒါနပြုရန်၊ တောင်းပန်ရန် ရွှေနန်းကျင်တို့သားအဖသုံးဦးအားပြန်လွှတ်ခဲ့သည်။ ရွှေနန်းကျင်တို့သားအဖသုံးယောက်မှာ အရပ်သားအသွင်ဆောင်၍ မဲသနရွာသို့ပြန်လာခဲ့ကြ၏။ ရေမြောင်ကြီးစခန်းလွန်သော် တောင်တက်လမ်း၌ မောပန်းသဖြင့် စခန်းကြီး၊ စခန်းလေးတို့တွင် အပန်းဖြေ၍ စခန်းလေးအလွန်တွင် အခဲမကျေသော ဟုန်းနတ်ကြီးမှာ နတ်ကျားအသွင်ဖန်ဆင်းပြီး ရွှေနန်းကျင်တို့သားအဖသုံးဦးအား ခြောက်လှန့်စေခဲ့သည်။ တောင်ပေါ်ခရီးတွင် အားသွန်၍ပြေးရသောကြောင့် ကျောက်သမွန်အထက် ကျိုက်ထီးရိုးဘုရားရင်ပြင်တော်အစပ်သို့အရောက်၌ ရွှေနန်းကျင်မှာ အားပြတ်၍ လဲပြီး နဂိုရှိရင်းစွဲရောဂါအပြင် အမောဝေဒနာပြင်းထန်ပြီး အသေမှလွတ်မြောက်ခြင်းရသည့် ကျိုက်ထီးရိုးစေတီတော်ကြီးအား ရှိခိုးခိုက်ကာ ကွယ်လွန်ရှာသည်။

ယခုအခါ နှောင်းလူတို့သည် ရွှေနန်းကျင် ကွယ်လွန်သည့်နေရာ၌ ရွှေနန်းကျင်နတ်နန်း၊ ရွှေနန်းကျင်မိသားစု ရုပ်တုနှင့် ရွှေနန်းကျင်မွေ့ရာ ကြီးတို့ကို ခမ်းနားစွာ တည်ဆောက်ထားပြီး ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ ရွှေနန်းကျင်နေရာရှိ မြေနီမှုန့်များလိမ်းလျှင် ညှင်း၊ တင်းတိပ်၊ ဝက်ခြံပျောက်ကင်းသည်ဟု ယူဆကြသည်။ ၎င်းပြင် ရွှေနန်းကျင်၏ရုပ်တုဝမ်းဗိုက်ကိုနှိပ်ပေးလျှင် ဗိုက်နာပျောက်သည်။သမီးရည်းစားအကွဲ၊ လင်ကွဲမယားကွဲ စသည်တို့ကို အမိဋ္ဌာန်ဖြင့် ဆုတောင်းလျှင် ပြန်၍ပေါင်းရသည်ဟု ဆိုကြသည်။

အထက်ဖော်ပြပါ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းရွာ စေတော်ဝင်ကျောင်းအတွင်းရှိ နှစ်ပေါင်း (၄၅) နှစ်ခန့် သာသနာပြု သီတင်းသုံး နေထိုင်သွားခဲ့သည့် ကျေးဇူးတော်ရှင် ဇေယျာသိဒ္ဓိဓမ္မညာဏိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ရ ရွှေပေါ်ကျွန်းဆရာတော်ကြီး အိပ်မက်ပေးသည့် နန်းကျင်၊ နန်းခင်တို့၏ အကြောင်းကို ဤဆောင်းပါးဖြင့် ရှာဖွေဖော်ထုတ်၍ စာရေးသူကိုယ်တွေ့အတိုင်း ရေးသားပေးပို့လိုက်ပါသည်။

*ကျန်းမာချမ်းသာပါစေ*

သိန်းထွန်းကြည် (အင်းဝ)



www.burmeseclassic.com

www.burmeseclassic.com

ရောစမြေ-ကျော်ဝေ

# ရွှေယပ်တောင်ဆရာတော် အမြဲသုံးစွဲသော ဆေးနည်းကောင်းတစ်လက်

၁၉၈၀ ပြည့်နှစ်တွင် စာရေးသူ ဝန်ထမ်းဘဝ၌ စက်ရုံအုပ်ကြီးဖြစ်သော ဆရာဦးကျော်လှဝင်းနှင့်အတူ ရွှေယပ်တောင်ဆရာတော်ကြီး၏ ကျောင်းသို့ ပထမအကြိမ် ရောက်ဖူးခဲ့ပါသည်။ ဆရာတော်ကြီးသည် စာရေးသူတို့ ဆရာတပည့်နှစ်ဦးနှင့် အဖွဲ့ပါကျန်လူ (၉) ယောက်တို့ကို ထမင်းစားပြီးချိန်တွင် ရွှေးစေ့ခန့်ဆေးလုံးလေးများကို တစ်ဦးလျှင် (၃) လုံးခန့် ပုလင်းထဲမှထုတ်ပြီး ဝေငှပါသည်။

ဆရာတော်ဝေငှသော ဆေးလုံးများကို စက်ရုံအုပ်ကြီး ဦးကျော်လှဝင်းက -

"ဆရာတော်၊ ဒီဆေးလုံးလေးတွေက ဘာကောင်းသလဲ ဘုရား"

ဟု မေးသောအခါ ဆရာတော်က -

"ဒကာကြီး၊ ဒီဆေးက ကျုပ်အမြဲသုံးဆောင်တဲ့ အစာကြေဆေးလုံးတွေပါ။ မြန်မာ့တိုင်းရင်းဆေးစစ်စစ်ပါ။ ခင်ဗျားတို့လို ကျုပ်က မြို့မှာနေရတာမဟုတ်တော့ ကျုပ်နေရတဲ့ တောထဲတောင်ထဲမှာ ဒီဆေးကိုပဲ အားထားပြီး ဆောင်ထားရတယ်လေ။ အစာမကြေလေမသက်လို့ အနေခက်နေရင် ဆေးလုံး (၅) လုံးကို ရေအေး၊ ရေနွေးကြိုက်ရာနဲ့သောက် ဒိဋ္ဌပျောက်ပါတယ်။ သွေးတိုး၊ လေငန်းလည်း မဖြစ်ဘူးဗျ။ ခင်ဗျားတို့ လူပေါင်း (၁၁) ယောက်ကို ကျုပ်က ဆေး (၃၃) လုံးပေးတာက ကျုပ်နေ့ဆွမ်းစားပြီးတိုင်း သောက်တဲ့ စံချိန်အတိုင်းပေးတာပါဗျာ။ သွေးတိုးရင်ကျုပ်လည်းမဖြစ်ဘူးဗျ။ ကျုပ်ဆေးကို ခင်ဗျားတို့သုံးကြည့်။ ဆေး (၃) လုံးဆိုတာ ရတနာသုံးပါးကို သတိရပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိ ဆိုပြီး (၁) လုံး၊ ဓမ္မံသရဏံဂစ္ဆာမိ ဆိုပြီး (၁) လုံး၊ သံဃံသရဏံဂစ္ဆာမိ ဆိုပြီး (၁) လုံး ဂုဏ်တော်ရွတ်ပြီးစားရင် ရောဂါတွေတင်မက ဘေးအန္တရာယ် အသွယ်သွယ်လည်းကင်းပါတယ်။ ဆေးနည်းကိုတော့ စက်ရုံအုပ်ကြီးက မှတ်ထားပြီး ဟင်္သာတမြို့မှာ ဆေးဖော်ပြီး တပည့်တွေကို ဝေငှပေါ့ဗျာ"

စက်ရုံအုပ်ကြီးဦးကျော်လှဝင်းက-

"ဆရာတော်ဘုရား အကယ်၍ မအီမလယ်ဖြစ်လို့ ဆေး (၅) လုံးစားရလျှင်လည်း ဂုဏ်တော်ရွတ်ပြီး စားရမှာလား ဘုရား။ ဘယ်လိုဂုဏ်တော်တွေ ရွတ်ရမှာလဲဘုရား။ တပည့်တော်ကို မိန့်တော်မူပါဦးဘုရား"

ဆရာတော်သည် ဦးကျော်လှဝင်းကို သေချာစွာကြည့်ပြီး-

"ဒကာကြီးကို ကျုပ်ပြောမယ်။ ဆေးလုံး (၅) လုံးစားရလို့ ရွတ်ရမယ့် ဂါထာက အနန္တောအနန္တငါးပါးပါပဲ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ မာတာပိတု၊ အာစရိယဆိုပြီး အဲတိုကောက်ရွတ်ရင်လည်းရပါတယ်။ အဓိကကတော့ ဘုရား၊ တရား၊ သံဃာ၊ မိဘနှစ်ပါး၊ ဆရာသမားတို့ကို မမေ့ဖို့ဆိုတာပါဘဲ။ ဆေးစွမ်းထက်သလို အန္တရာယ်ဟူသမျှလည်း မြူမခဘဲကင်းပါတယ် ဒကာ"

"ဆေးဖော်ပုံနည်းလေးကိုလည်း မိန့်တော်မူပါဦး ဘုရား"

"ဒကာတို့ (၁၁) ယောက်က ကျုပ်ကျောင်းအတွက် အလှူဒါနပြုလုပ်ပေးသူတွေဖြစ်တဲ့အတွက် ဆေးနည်းကို ပြောပြမယ်။

၁။ တောင်မုရိုးခေါက် (၁၀) သားကိုနေလှန်းပြီးအမှုန့်ပြုလုပ်ပါ။ စက်နှင့်ကြိတ်သောအမှုန့်က ပို၍နူးညံ့ပါသည်။

၂။ သစ်ခေါင်းပျားရည်စစ်စစ် (၁၀) သားဖြင့် နယ်ပါ။

၃။ ဆားမီးဖုတ် (၁) ကျပ်သားကို ကြိတ်ပြီး ၎င်းဆေးများနှင့် ရော၍နယ်ပါ။ ပြီးလျှင် ရွှေးစေ့ခန့်အလုံးလေးများ လုံးပြီး ဖန်ဘူးထဲတွင် လေလုံစွာပိတ်ထားပါ။ ၎င်းဆေးသည် ရသာသုံးမျိုး ရပါလိမ့်မည်။ (ချို၊ ခါး၊ ငန်) ဖြစ်ပါသည်။ တောင်မုရိုးသည် ခါး၏။ သစ်ခေါင်းပျားရည်သည် ချို၏။ ဆားမီးဖုတ်သည် ငန်၏။ ဤဆေးနည်းသည် ဆေးဖော်ရာတွင် လွယ်ကူပါသော်လည်း သစ်ခေါင်းပျားရည်စစ်စစ်ရဖို့က ခဲယဉ်းပါသည်။ အချို့ကလည်း ပျားရည်စစ်စစ် ပျားလေးရည်၊ ပျားကြီးရည်တို့ဖြင့်လည်း ပြုလုပ်ကြပါသည်။ ဆေးဖက်ဝင်သော သစ်ခေါင်းပျားရည်သည် ဝမ်းတွင်းရောဂါအဖုအကျိတ်များပါ ပျောက်သည်ဟု ရွှေယပ်တောင်ဆရာတော်ဘုရားကြီးက မိန့်ကြားပါသည်။

ရွှေယပ်တော်ဆရာတော်ကြီး၏ ကျောင်းသို့ တစ်ခေါက်ရောက်ခဲ့ရသော ကျွန်တော်တို့ (၁၁) ယောက်သည် ကျောင်း၏ ဝေယျာဝစ္စများကို (၃) ရက် မျှလုပ်ဆောင်ပေးပြီး မိမိတို့နေထိုင်ရာသို့ ပြန်ခဲ့ကြပါသည်။ ဆရာတော်သည် ငါးသိုင်းချောင်းမြို့အထိ လိုက်ပို့ပေးပြီး ဆရာတော်ကို နှုတ်ဆက်ဦးတိုက်သော ကျွန်တော်တို့အဖွဲ့ကို မေတ္တာများပို့သပေးခဲ့သည်မှာ ပြန်လည် တွေးတောမိတိုင်း ယနေ့ထက်တိုင်မမေ့နိုင်ပါ။ ဆရာတော်ပေးသော ဆေးနည်းတစ်လက်ကို စက်ရုံအုပ်ကြီးဦးကျော်လှဝင်းက တာဝန်ဖြင့် မီးရထားနှင့် သူနှင့်အတူ ခရီးထွက်သော ကျွန်တော်တို့အဖွဲ့ကို နံနက်စာ၊ ညစာထမင်းစားပြီးချိန်တိုင်းတွင် ဆေးလုံးလေးများကို တစ်ယောက်လျှင် (၃) လုံးစီ ဝေငှ၍ပေးသည်မှာ ဆရာတော်ကဲ့သို့ ပင် စေတနာပါလှပါသည်။ တန်ဖိုးမဖြတ်နိုင်သော တိုင်းရင်းဆေးနည်းတစ်လက်ကို စေတနာ၊ မေတ္တာအပြည့်ဖြင့် သုရဿ မဂ္ဂဇင်းကြီး၏ စာရှုသူအပေါင်းအသင်း မိတ်ဆွေများအတွက် ဝေငှပေးလိုက်ရပါတော့သည်။ ယုံကြည်စွာဖြင့် ဆေးနည်းကို ဖော်စားကြပါရန် တိုက်တွန်းလိုက်ပါသည်။

အာရောဂျ ပရမံ လာဘံ

ရောစမြေ-ကျော်ဝေ

www.burmeseclassic.com

# ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ မော်လမြိုင်-ဘားအံ-သာမည ဒေသစာရီခရီးစဉ်

## ဘိုဘို(ရွှေကံကူ)

ရွှေကံကူ လေပုံသစ်တော် ရုပ်ရှင်တော်မြတ်သည် ယနေ့အချိန်တွင် ပင့်ဆောင် ပူဇော်လိုသူတို့၊ ဖူးမြော် ကြည်ညိုလိုသူတို့ ပေါ်များလျက်ရှိရာ နှစ်ပတ်လည် ဒေသစာရီခရီးစဉ်များတွင်သာ လိုက်ပါကြွမြန်းတော်မူလျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်သည် ကြွရောက်တော်မူရာ နေရာဌာနများစွာတွင် ထူးခြားမှုများဖြစ်ပေါ်ခြင်း၊ အခြားထူးခြားမှုများဖြစ်ပေါ်ခြင်းတို့နှင့် အိပ်မက်ထူးများမြင်မက်ခြင်း၊ သဘာဝဘေးအန္တရာယ်များမှ လွတ်မြောက်ခြင်း၊ ထူးထူးခြားခြား ဆုတောင်း အဓိဋ္ဌာန်တို့ ပြည့်ဝ အောင်မြင်ခြင်း စသည်တို့ကို အမြဲမပြတ် ကြုံတွေ့နေကြရပါသည်။ ထို့ကြောင့်လည်း ပင့်ဆောင်ပူဇော်လိုသူ၊ ဖူးမြော် ကြည်ညိုလိုသူတို့ များပြား၍ နေရခြင်းပင် ဖြစ်ပါသည်။






သက်တော်ထင်ရှား ဘုရားရှင်တို့၏ တန်ခိုးတော်၊ ဂုဏ်တော်တို့ကိုမဆိုထားနှင့် ရွှေကံကူရုပ်ရှင်တော်မြတ်၏ တန်ခိုးတော် ဂုဏ်တော်တို့သည်ပင် ရေးသားဖော်ပြ၍ မကုန်ဆုံးနိုင်အောင် ရှိပါ၏။ ရုပ်ရှင်တော်မြတ်အား တစ်ကြိမ်တစ်ခါမျှ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။ ရုပ်ရှင်တော်မြတ်သည် မိမိပင့်ဆောင်ပူဇော်လိုသောရက်ကို ရရှိရန် မလွယ်ကူသကဲ့သို့ ပင့်ဆောင် ပူဇော်ခွင့်ရရှိရန်အတွက်လည်း ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းအထိ စိတ်ရှည်ဖွဲသန်သည်းညည်းခံ၍ စောင့်ဆိုင်းကြရပါသည်။ ကိစ္စများမြောင်လူတို့ဘောင်ဟူသည့်အတိုင်း လူတိုင်းလူတိုင်းတွင် အသက်အရွယ်အလိုက် ကိုယ်စီကိုယ်စီ ဆိုင်ရာတာဝန်များဖြင့် မအားလပ်ကြသူများသာဖြစ်ကြပါသည်။ ထို့ပြင် မိမိတို့နေအိမ်သို့ သာမန်ဆွေမျိုးမိတ်သင်္ဂဟများထဲမှ ညအိပ်ညနေဧည့်သည်အဖြစ်လာရောက်လျှင်ပင် အိမ်ရှင်မိသားစုမှာ ဧည့်ဝတ်ပြုရသော ဗာဟီရများနှင့်ဝန်တက်ကြရပါသည်။

ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ကြရာတွင်မူ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများသာမက ရုပ်ရှင်တော်မြတ်နှင့်အတူ လိုက်ပါလာကြသော အန်တီအေးနှင့် မယ်တော်ကြီးတို့၏ ဝေယျာဝစ္စများအပြင် ဘုရားဖူးကြွရောက်လာသော ဧည့်ပရိသတ်များကိုပါ ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံကျွေးမွေးကြရသေးသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတို့တွင် လူအား၊ ငွေအားစိုက်ထုတ်ကြရပါသည်။ ငွေကြေးအကုန်အကျခံနိုင်ရမည့် လူအင်အားရှိရမည်။ နေအိမ်အသင့်အတင့်ကောင်းမွန်၍ အတော်အသင့် ကျယ်ဝန်းရန်လည်း လိုအပ်ပြန်ပါသည်။ ထိုအချက်များနှင့် ပြည့်စုံသူ



www.burmeseclassic.com

www.burmeseclassic.com






များမှသာ ပင့်ဆောင်ပူဇော်နိုင်ခြင်းရှိပါသည်။

သို့ပါ၍ ရုပ်ရှင်တော်မြတ်အား တစ်စုံတစ်ယောက်အဖို့ ၎င်း၏ ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ ပင့်ဆောင်ပူဇော်ခွင့်ရရန်ပင် ခဲယဉ်းလှသကဲ့သို့ စာရေးသူတို့အဖို့ရာတွင်လည်း သူတစ်ပါးအိမ်သို့ တစ်ညတာမျှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိရန်မှာလည်း သေသေချာချာစဉ်းစားကြည့်လျှင် လွယ်တူသောကိစ္စတော့ မဟုတ်ပါ။

သို့သော် ရုပ်ရှင်တော်မြတ်၏ ကြီးမြတ်တော်မူလှသော တန်ခိုးတော်ဂုဏ်တော်တို့ကြောင့် ဒေသစာရိုခရီးစဉ်များ မနားတမ်း ကြွမြန်းတော်မူလျက်ရှိနေရပြီး ရွှေကိုးတူသာသနာပြု အန်တီအေးနှင့် ရွှေကိုးတူသာသနာပြုမယ်တော်ကြီးတို့သည်လည်း ရုပ်ရှင်တော်မြတ်၏ ဒေသခရီးစဉ်များတွင် မနားတမ်း လိုက်ပါလျက်နေကြရပါသည်။

လူတိုင်း ခရီးသွားဖူးကြပါလိမ့်မည်။ သူတစ်ပါးအိမ်များတွင် ဧည့်သည်အဖြစ်နေဖူးကြပါလိမ့်မည်။ အိမ်ရှင်မှ မိမိအား ဧည့်မျှပင် လိုလားနှစ်သက်စွာနှင့် ဧည့်ဝတ်ကျေပွန်စွာ လိုလေသေးမရှိပြုစုကြသော်လည်း ဧည့်သည်ဖြစ်သူတွင်မူ အနေခက်ခြင်း၊ အနေကျဉ်းခြင်းစသော ခံစားမှုများတော့ ဖြစ်ကြရသည်သာ ဖြစ်ပါသည်။ ထို့အတူ ဧည့်သို့ဝင် သက်သောင့်သက်သာရှိလှပါသည်ဆိုသော်လည်း၊ ယာဉ်ရထားတို့နှင့် လိုက်ပါကြရသည့်တိုင်လည်း ခရီးပန်းသောဒဏ်တော့ ခံစားကြရစမြဲသာ ဖြစ်ပါသည်။

ထို့ကြောင့် အန်တီအေးနှင့်








www.burmeseclassic.com

www.burmeseclassic.com







မယ်တော်ကြီးတို့မှာ အမြဲခရီးပန်းလျက် ရှိနေကြပြီး နှစ်ပတ်လည် ညှိသည် အဖြစ်နှင့်သာ အိမ်ပေါင်းများစွာသို့ လိုက်ပါနေကြရသည်ဖြစ်၍ လေချုပ်၊ ဝမ်းချုပ်၊ ဆီးချုပ်၊ အိပ်ရေးပျက်သော ဝေဒနာတို့ အစဉ်ခံစားရလျက်ရှိပါသော်လည်း မယ်တော်ကြီးတို့သည် သဒ္ဓါတရားထက်သန်စွာဖြင့် ပင့်ဆောင်ပူဇော်ကြသော အိမ်တိုင်းအိမ်တိုင်းကို မေတ္တာစေတနာအပြည့်အဝတူညီစွာ ထားလျက် နာရီပေါင်းများစွာ ရွတ်ဖတ်ပူဇော်ပေးကြမြဲဖြစ်ပါသည်။ မယ်တော်ကြီးနှင့်အန်တီအေးတို့နေရာတွင် တော်ရုံလူဆိုလျှင် ဒဏ်ခံနိုင်မည်မဟုတ်ပါ။ တစ်လ၊ နှစ်လခန့်နှင့် ကျန်းမာရေးချို့ယွင်းကာ ဒေသစာရီခရီးစဉ်တို့ကို ရပ်ဆိုင်းလိုက်ကြရမည် ဖြစ်ပါသည်။ ၎င်းတို့ ယခုကဲ့သို့ နှစ်ပေါင်းရှည်ကြာစွာ ဒေသစာရီခရီးစဉ်များတွင် လိုက်ပါနိုင်ခြင်းမှာ ၎င်းတို့စောင့်ထိန်းသောသီလ၊ ပွားများ အားထုတ်သော ဘာဝနာနှင့် ပူဇော်ရွတ်ဖတ်သော တရားဂုဏ်တော်များ၏အကျိုးနှင့် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကြောင့်ပင်ဖြစ်ပါသည်။

အမှန်ပြောရလျှင် စာရေးသူသည်ပင် ဒေသစာရီခရီးစဉ်များတွင် မနားတမ်းလိုက်ပါပြီး ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်နိုင်လောက်သည်အထိ အင်အားမရှိပါ။ တစ်ခါတစ်ရံ (၄)၊ (၅) ရက်မျှသာကြာသော ဒေသစာရီခရီးတစ်ခုကို လိုက်ပါသွားလျှင်ပင် အလွန်တရာ စိတ်ပန်းလူပန်း ဖြစ်ရပါသည်။ ကိုယ်တိုင်လိုက်ပါဖူးသောကြောင့်သာ မလွယ်ကူမှန်းသိကာ မယ်တော်ကြီးတို့ကို လေးစားချီးကျူးမိရခြင်း ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မှစ၍ စာရေးသူ၏ ဆောင်းပါးများကို သူရဇ္ဇမဂ္ဂဇင်းကြီးမှ အဆက်မပြတ် ဖော်ပြပေးခဲ့ရာ ရုပ်ရှင်တော်မြတ်၏ဂုဏ်သတင်းတို့မှာ မြန်မာတစ်နိုင်ငံလုံးမျှမက ကမ္ဘာ့နိုင်ငံများတွင် ပျံ့နှံ့ရောက်ရှိလျက်ရှိကြသော မြန်မာနိုင်ငံသားများပါ သိရှိသွားကြပါသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ပင့်ဆောင်ပူဇော်လိုသူတို့ အဆမတန် တိုးတက်များပြား၍လာခဲ့ရာ ဒေသစာရီခရီးစဉ်တို့မှာလည်း လက်ခံကြွချီ၍မနိုင်တော့အောင်ရှိ၍လာခဲ့ပါသည်။

ဤသို့ဖြင့် ၂၀၁၂ ခုနှစ် ဆောင်းရာသီတွင် ရွှေကံကူအောင်မြေသို့ ဘုရားဖူးညှိသည်များ ရောက်ရှိလာပါသည်။

မော်လမြိုင်မြို့မှ လာရောက်ကြခြင်း ဖြစ်ကြောင်းနှင့် စာရေးသူ၏ဆောင်းပါးများကို သူရဋ္ဌမဂ္ဂဇင်းမှ လစဉ်စောင့်မျှော်ဖတ်ရှုနေကြပြီး စာရေးသူအား ဆောင်းပါးများမှတစ်ဆင့် ခင်မင်ရင်းနှီးနေကြသူများဖြစ်ကြောင်း၊ မဂ္ဂဇင်းတွင်ပါရှိသော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကို ကူးယူ၍ နေအိမ်တွင် ကိုးကွယ်ပူဇော်ထားရှိရာ လုပ်ငန်းကိုင်ငန်းများ သိသိသာသာ အဆင်ပြေကြောင်းတို့ကိုပြောပြပါသည်။ရုပ်ရှင်တော်မြတ် မော်လမြိုင်သို့ကြွရောက်တော်မူလာလျှင် ၎င်းတို့နေအိမ်တွင်လည်း ပင့်ဆောင် ပူဇော်လိုပါကြောင်း ပြောကြပါသည်။

ထိုအခါ စာရေးသူမှ ရုပ်ရှင်တော်မြတ်သည် ပင့်ဆောင်ပူဇော်သူရှိမှသာ မြို့တစ်မြို့သို့ နေ့ရက်ချိန်ဆ၍ ရက်ချိန်းပေးကြောင်း၊ ရက်ချိန်းရရှိလျှင် ပင့်ဆောင်ပူဇော်မည့်သူမှ ရုပ်ရှင်တော်မြတ်ကြွမြန်းရောက်ရှိတော်မူလျက်ရှိသော မြို့ရွာဒေသမှ မိမိတို့၏ အစီအစဉ်ဖြင့် လာရောက် ပင့်ဆောင်ကြရကြောင်း ရှင်းပြပြီး မော်လမြိုင်မြို့မှ ပင့်ဆောင်ပူဇော်သူပေါ်ပေါက်လျှင် ထိုခရီးစဉ်၌ ထည့်သွင်းပေးပါမည်ဟု ပြောလိုက်ရပါသည်။

၎င်းတို့သည် မော်လမြိုင်မြို့တွင် သင်းရနံ့အမည်ဖြင့် ပရိဘောဂလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ပါသည်ဟုဆိုကာ ၎င်းတို့၏အမည်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဒေသစာရီခရီးစဉ်စာအုပ်တွင် ရေးသွင်းသွားကြပြီး ဝတ္ထုငွေများ လှူဒါန်းသွားကြပါသည်။

၎င်းမိသားစုသည် ၂၀၁၃ ခုနှစ်တွင်တစ်ကြိမ် ရောက်ရှိလာပြန်ပြီး ကြီးမား၍ ပုံစံထူးခြားသောပလ္လင်တော်ကြီး(၂)လုံး (ရောင်းဈေး တစ်သိန်းခွဲကျပ်ဟု သိရ) နှင့် ပလ္လင်အသေးတစ်လုံး (ရောင်းဈေး ခုနစ်သောင်းခွဲကျပ်ဟုသိရ) တစ်လုံးနှင့်အတူ ဝတ္ထုငွေများလှူဒါန်းကြပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုကြောင်း ထပ်မံလျှောက်ထားကြပြန်ပါသည်။ ၂၀၁၄ ခုနှစ်ဦးတွင် တစ်ကြိမ် ရောက်ရှိလာပြန်ကာ ၎င်းတို့ကိုယ်တိုင်ပင် ပင့်ဆောင်တော့ပါမည်၊ ရက်ချိန်းသာစီစဉ်ပေးပါဟု ပြောလာကြပါတော့သည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် စင်ကာပူနိုင်ငံမှ ပြန်လည် ရောက်ရှိခါစဖြစ်ကာ ရန်ကုန်မြို့ပေါ်တွင် အပူဇော်ခံတော်မူလျက်ရှိချိန်ဖြစ်၍ ၎င်းတို့ကို ရုပ်ရှင်တော်မြတ်







www.burmeseclassic.com







ထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လျှောက်ထားကြရန် လမ်းညွှန်လိုက်ပါသည်။ ၎င်းတို့ ရန်ကုန်မြို့သို့ရောက်ရှိကြသောအခါ အန်တီအေးမှ ရက်ချိန်းပေးလိုက်ကြောင်း ၎င်းတို့မှ စာရေးသူထံ ဖုန်းဆက်ပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ၂၃-၄-၂၀၁၄ နေ့တွင် မော်လမြိုင်မြို့ ဈေးကြိုရပ်နေ သင်းရန့်ပရိဘောဂ ဦးရွှေပွား-ဇနီးဒေါ်မြမြနွယ်နှင့်သားသမီးမြေးတစ်စုတို့၏ နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။ ဤမိသားစုသည် စဥ့်ကိုင်မြို့သို့ ပထမဦးဆုံးရောက်ရှိသောအခေါက်မှာပင် မော်လမြိုင်မြို့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရသောအချိန်ရောက်လျှင် စာရေးသူကိုလည်း မော်လမြိုင်သို့ လာရောက်စေလိုကြောင်း ပြောကြားထားခဲ့သည့်အတိုင်း ယခု မော်လမြိုင်မြို့သို့ ရုပ်ရှင်တော်မြတ်အား ၎င်းတို့နေအိမ်သို့ ပင့်ဆောင် ပူဇော်ခွင့် ရရှိပြီဖြစ်ပါ၍ မော်လမြိုင်သို့ လာရောက်ပါရန် ဒေါ်မြမြနွယ်မှ ဖုန်းဆက်ပါတော့သည်။

စာရေးသူလည်း အောင်မြေတွင် သုံးထပ်RCကျောင်းဆောင်ကြီးဆောက်လုပ်နေချိန်ဖြစ်၍ လာရောက်နိုင်မည်မထင်ကြောင်း၊ အန်တီအေးနှင့် မယ်တော်ကြီးတို့က ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ ထိုကိစ္စ ၎င်းတို့ကိုသာ ပြောကြားပါရန် အကြောင်းပြန်ကြားလိုက်ပါသည်။

မကြာမီ ဒေါ်မြမြနွယ်မှဖုန်းပြန်ဆက်ပါသည်။ မယ်တော်ကြီးတို့မှ စာရေးသူကိုလာခွင့်ပြုသည်။ ထို့ကြောင့် ကားလက်မှတ်စီစဥ်မည်ဖြစ်၍ စာရေးသူမှ အဖော်ဘယ်နှယောက်ခေါ်လာမည်လဲဟု မေး၏။ ထို့ကြောင့် စာရေးသူလည်း စာရေးသူနှင့်အတူ ပခုက္ကူခရီးစဥ်နှင့် အခြားခရီးစဥ်များတွင် လိုက်ပါခဲ့ဖူးသော တပည့်လေး မင်းမင်းထွန်း (မိုးကောင်းကင်-အလူမီနီယမ်နှင့် မှန်လုပ်ငန်း) ကို ခေါ်ယူ၍ ရာဇအောင်မှန်လုံလိုင်းကားကြီးဖြင့် ၂၃-၄-၂၀၁၄ ညတွင် မော်လမြိုင်သို့ လိုက်ပါခဲ့ပါသည်။

တစ်ညလုံးလိုက်ပါခဲ့ရာ နံနက်လင်းသည်နှင့် မွန်ပြည်နယ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရပါသည်။ ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုစသော မြို့များကိုကျော်ဖြတ်ရပါသည်။ မွန်ပြည်နယ်သည် တောတောင်ထူထပ်လှပြီး

www.burmeseclassic.com

www.burmeseclassic.com

စိမ်းလန်း စိုပြည်လျက်ရှိကာ ကွမ်းသီးပင်များနှင့် အမည်မသိသော သစ်ပင်၊ ပန်းပင်များစွာတို့ကို တွေ့မြင်ရပါသည်။


သာသနာ့ သမိုင်းဝင် ဇင်းကျိုက်တောင်နှင့် ဆံတော်ရှင် ကေလာသ၊ မြသပိတ်တောင်လမ်းညွှန်များကို တွေ့ရသောအခါ မန္တလေးသိန်းဇော်၏ မြတ်ဆုမွန် ဓမ္မတေးစီးရီးထဲမှ သမိုင်းဝင် ဆံတော်ရှင်စေတီတော်တို့ကို ပြန်လည်မြင်ယောင်လာမိပြီး ကျန်းမာရေးမကောင်းဟု ကြားသိရသော ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးကိုရည်မှန်း၍ ဦးခိုက်မိပါသည်။

နံနက် (၇)နာရီခွဲတွင် မော်လမြိုင်ကားကြီးဝင်းအတွင်းသို့ ရောက်ရှိပါသည်။ ဦးရွှေပွားနှင့် ဒေါ်မြမြနွယ်တို့ လာရောက်ကြိုဆိုကြပါသည်။ ကားဝင်းမှ မြို့ထဲသို့ရောက်ရန် အတော်လာရပါသည်။ မိုးများပြီး တောင်ကုန်းဒေသဖြစ်နေသောကြောင့် ရေဆင်းရေသွားကောင်းမွန်လျက်ရှိရာ လမ်းများသည် ဖုန်အမှိုက်ကင်းစင်လျက် သန့်ရှင်းနေပါသည်။ မြို့ထဲတွင်လည်း မြေညီမြေပြန့်မဟုတ်ပါ။ ကုန်းကမူလျှိုမြောင်ကလေးများဖြင့်သာဖြစ်ပါသည်။

နာရီစင်ကို တွေ့ရှိရပြီး လမ်း(၅) သွယ်လမ်းဆုံသို့ရောက်ရှိကာ မကြာမီ သင်းရန့်ပရိဘောဂနေအိမ်သို့ ရောက်ရှိပါသည်။ နေအိမ်နှင့်အရောင်းဆိုင်မှာ တွဲလျက်ရှိ၍ RC သုံးထပ်တိုက်နှင့် ကျယ်ဝန်းသောတစ်ထပ်အလုပ်ရုံအဆောက်အအုံလည်းပါရှိသည်။ ရုပ်ရှင်တော်မြတ်သည် အပေါ်ဆုံးထပ်တွင် စံပယ်တော်မူလျက်ရှိ၍ အရောင်းပြခန်းများကိုဖြတ်ကျော်သွားရရာ လက်ရာမြောက်လှသော ပရိဘောဂများကို တွေ့မြင်ရပါသည်။

အပေါ်ဆုံးထပ် ဘုရားခန်းသို့ ရောက်ရှိသောအခါ မယ်တော်ကြီးနှင့်















www.burmeseclassic.com

www.burmeseclassic.com

အန်တီအေးတို့ကို အဆင်သင့်တွေ့ရပြီး ဘုရားဖူးပရိသတ်များကိုလည်းတွေ့ရပါသည်။ မဖူးတွေ့ရသည်မှာ ကြာမြင့်လှပြီဖြစ်သော ရုပ်ရှင်တော်မြတ်ကို အားပါးတရ ဖူးမြော်လိုက်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ဒုတိယဝိုလ်ချုပ်ကြီးလှမင်း၊ ဇနီးဒေါ်နိုင်နိုင်မော်မိသားစုတို့ လှူဒါန်းပူဇော်ထားရှိသော နီလာခြယ်ရွှေသားမကိုဋ်တော်စလွယ်တို့ဖြင့် အေးချမ်းသပ္ပာယ်စွာ ပြုံးတော်မူလျက် စံပယ်တော်မူနေပါသည်။

စာရေးသူမှ မသိသော်လည်း စာရေးသူအား သိရှိနေကြသော စာရေးသူ၏ စာဖတ်ပရိသတ် ဘုရားဖူးဧည့်သည်များက စာရေးသူကို တရင်းတနှီး ဝမ်းသာပျော်ရွှင်စွာ လာရောက်နှုတ်ဆက်ကြပါသည်။ အိမ်ရှင်မိသားစုမှ စာရေးသူတို့အား အမျိုးအမည်စုံလင်လှသော စားသောက်ဖွယ်ရာတို့နှင့် ကျွေးမွေးဧည့်ခံပြီး အနားယူအိပ်စက်ရန် ကျယ်ဝန်းကာ သန့်ရှင်းသောအခန်းတစ်ခုသို့ ပို့ဆောင်ပေးပါသည်။

နေ့ဆွမ်းကပ်ခါနီးအချိန်မှ စာရေးသူနှင့် မင်းမင်းထွန်းတို့လည်း ရေမိုးချိုးအဝတ်အစားလဲကာ ဘုရားခန်းသို့ထွက်ခဲ့ကြပါသည်။ မယ်တော်ကြီးမှဦးဆောင်၍ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်အပေါင်းတို့အား ဆွမ်းနှင့်တကွ ခဲဖွယ်ဘောဇဉ်၊ သစ်သီး၊ ရေပူရေနွေး၊ အချိုရည်စုံလင်စွာဖြင့် သက်တော်ထင်ရှားရဟန်းတော်များကို ကပ်လှူသကဲ့သို့ အစီအစဉ်တကျ ကပ်လှူရာ အိမ်ရှင်မိသားစုတို့နှင့်တကွ ဘုရားဖူးကြွရောက်လာသော ဧည့်သည်များပါ ဝမ်းသာကြည်နူးလျက် ပီတိဖြစ်၍မဆုံးနိုင် အောင်ရှိနေကြပါသည်။

(ဆွမ်းကပ်သော အစီအစဉ်မှာ ဤသို့ဖြစ်ပါသည်။ ပထမဦးဆုံး စားပွဲဝိုင်းကြီးခင်း၍ ဆွမ်း(၃)ပွဲ (သို့) (၅) ပွဲ ဆွမ်းဟင်းများနှင့်တကွ အချိုပွဲများ (စားပွဲမဆံ့လျှင် အချိုပွဲအတွက် စားပွဲတစ်လုံးတွင်ပြင်ဆင်ရန်)၊ သောက်တော်ရေ လက်ဆေးတော်ရေများပြင်ဆင်၍ နေရာထိုင်ခင်းများ ခင်းကျင်းရပါသည်။ အားလုံးအဆင်သင့်ဖြစ်လျှင် မယ်တော်ကြီးမှ ဘုရားရှင်နှင့်ရဟန္တာအရှင်မြတ်တို့အား ဆွမ်းကပ်အလှူခံယူတော်မူရန် အလှူရှင်အမည်၊ နေရပ်လိပ်စာနှင့်တကွ လျှောက်ထားပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိသည့် ဆွမ်းအလှူရှင်မိသားစုနှင့် အတူတကွ ဆွမ်းများဆက်ကပ်ကာ ကုသိုလ်ယူနိုင်ကြရန် ဘိုးတော် သိကြားမင်း၊ သာသနာစောင့်နတ်မင်းကြီးလေးပါး၊ ယမမင်းကြီးနှင့်တကွ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ မြို့စောင့်နတ်၊ ကွင်းပိုင်နယ်ပိုင်များ၊ ကိုယ်စောင့်နတ်များ အစရှိသော နတ်အပေါင်းတို့နှင့် သိဒ္ဓိရှင်မဟိဒ္ဓိရှင်အပေါင်း ဘဝသံသရာ အဆက်ဆက်မှ ဆွေတော်မျိုးတော် အပေါင်းတို့အား ဖိတ်ကြားပြီးမှ ရိုသေစွာ ဆွမ်းများကို ကပ်လှူစေပါသည်။)

ဆွမ်းဆက်ကပ်ထားရှိစဉ်ကာလ အတွင်း၌လည်း မယ်တော်ကြီးသည် ရတနာသုံးပါး၏ ဂုဏ်တော်များကို ပါဠိအနက်ယှဉ်တွဲလျက် ဆွမ်းအလှူရှင်တို့ အာရုံပြုကြည်ညိုနိုင်ရန် ဥာဏ်၊ ကရိုဏ်းကျကျ ပီပီသသ ပူဇော်၍ပေးပါသည်။ တကယ့် သက်တော်ထင်ရှား ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့ လာရောက်ဆွမ်းဘုဉ်းပေးနေသည်ဟု စိတ်တွင်အောက်မေ့ပြီး နံဘေးမှ ဆွမ်းပွဲတွင် ခြင်၊ ယင်များမနားရောက်စေရန် ယပ်ခတ်၍ နေကြရမည် ဖြစ်ပါသည်။

ပူဇော်မှုများ ပြီးဆုံးသောအခါမှ မယ်တော်ကြီးသည် ဘုရားရှင်နှင့်ရဟန္တာအရှင်တို့အား အရှင်မြတ်တို့၏ကျောင်းတော်ရာများသို့ ပြန်လည် ကြွမြန်းတော်မူကြပါရန်လျှောက်ထားပြီး ဘဝတု-သုံးဂါထာကိုရွတ်ဆိုပြီး ဖိတ်ကြားချက်အရ အတူတကွ လာရောက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့နှင့် သတ္တဝါအားလုံးတို့အား အမျှပေးဝေပါသည်။

သာဓုခေါ်ဆို၍ပြီးကြလျှင် ဆွမ်းကပ်ရန်လာရောက်ကြသော ပုဂ္ဂိုလ်များ၊ သာဓုခေါ်ဆိုရန် လာရောက်ကြသော ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား ၎င်းတို့နေထိုင်ရာ ဘုံဗိမာန်များဆီသို့ပြန်နိုင်ပြီဖြစ်ကြောင်းကြေညာပြီး ဆွမ်းအလှူရှင်မိသားစုအား မယ်တော်ကြီးနှင့် အန်တီအေးတို့မှ မေတ္တာပို့သကာ ဆုတောင်းပေးပါသည်။

မယ်တော်ကြီး၏ ဆွမ်းကပ်ခြင်းအစီအစဉ်ကို ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတိုင်း နှစ်သက်သဘောကျလေ့ရှိမြဲဖြစ်၏။ ထို့ကြောင့် မယ်တော်ကြီး၏ဆွမ်းကပ်နည်းကို အသံဖမ်းယူခြင်း၊ ဗွီဒီယိုရိုက်ယူခြင်း၊ စာနှင့်ရေးမှတ်ခြင်းတို့ပြုလုပ်ပြီး ထိုဆွမ်းကပ်နည်းအတိုင်း မိမိတို့နေအိမ်များတွင် နေ့စဉ်မပျက်မကွက် ကပ်လှူနေကြသူတို့ အများအပြားပင် ရှိနေကြပြီဖြစ်၏။

ထိုကဲ့သို့ ဆွမ်းကပ်ရသောကြောင့် လက်ငင်း ခံစားရရှိသောအကျိုးမှာ ကြီးမားလှပါသည်။ မတောင့်မတ၊ မကြောင့်မကြနှင့် ရာထူးများတိုးမြင့်သည်။ (စစ်ဘက်၊ အရပ်ဘက်တွင် ထိပ်တန်းစာရင်းဝင်များဖြစ်နေကြပြီ။) စီးပွားရေးနှင့် ဥစ္စာပစ္စည်း ဒီရေအလား တိုးတက်သည်။ ဘေးရန်အန္တရာယ်ကင်းရှင်းသည်။ (ထိုအကြောင်းအရာတို့ကို နောင်အလျဉ်းသင့်သောအခါတွင် သီးခြားဆောင်းပါးရေးသားပါဦးမည်။) ထို့ကြောင့် လူတိုင်း ထိုသို့ဆွမ်းကပ်သင့်ပါသည်။

ဆွမ်းကပ်ခြင်းကိစ္စပြီးလျှင် ဆွမ်းစားပွဲပေါ်တွင်ရှိသမျှသော ဆွမ်း၊ ဆွမ်းဟင်းနှင့် ခဲဖွယ်ဘောဇဉ်သစ်သီးမှအစ အနည်းငယ်စွန့်စေ၍ လွတ်ရာမြေပြင်တစ်နေရာတွင် စက္ကူ၊ ဂျပ်၊ ဖက်၊ သစ်သားပြား၊ သံပြား၊ ဇလုံ စသည့်တစ်ခုခုပေါ်သို့တင်၍ စွန့်စေပါသည်။ တိရစ္ဆာန်နှင့်တကွ ပိုးမွှားများနှင့် မမြင်အပ်သော ပုဂ္ဂိုလ်တို့အား ဒါနပြုစေပြန်ပါသည်။ ပြီးမှသာ ထိုစားပွဲများကို သင့်တော်ရာသို့ ရွှေ့ပြောင်း၍ မယ်တော်ကြီး၊ အန်တီအေးနှင့် စာရေးသူတို့ ထမင်းစားကြခြင်း ဖြစ်ပါသည်။

စာရေးသူတို့ ထမင်းစားနေစဉ်၌ ဦးရွှေပွားနှင့် ဒေါ်မြမြနွယ်တို့သည် စာရေးသူတို့အား ဟင်းများထည့်ပေးလိုက်၊ ယပ်တောင်ခတ်လိုက်ဖြင့် ရုပ်ရှင်တော်မြတ်၏ထူးခြားမှုများနှင့် ရုပ်ရှင်တော်မြတ်အား ကြည်ညိုမဆုံးဖြစ်ရပုံများကို ပြော၍မကုန်နိုင်အောင်ရှိပါသည်။

"မင်းတို့လာမှပဲ စိုစိုပြည်ပြည်ရှိတော့တယ်။ သူတို့က မင်းရဲ့ပရိသတ်တွေ။ ငါတို့နဲ့က အခုမှသိကြတာဆိုတော့ ခပ်စိမ်းစိမ်းဖြစ်နေတယ်"

ဟု မယ်တော်ကြီးမှပြောရာ-

"အဲဒီလိုမဟုတ်ပါဘူး။ သမီးတို့က မယ်တော်ကြီးတို့ကိုရှိန်နေလို့၊ ပြောရင်လည်း စကားအမှားပါမှာစိုးလို့ ဘာမှမပြောရဲလို့ပါ။ ဆရာကတော့ လူရင်းတွေဖြစ်နေပြီ။ ဆရာကိုတော့ ဘာမဆိုပြောရဲဆိုရဲမေးရဲတယ်"

ဟု ဒေါ်မြမြနွယ်မှပြောပါသည်။

ဦးရွှေပွား၏ ပြောပြချက်များမှာ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်ကို သူရဿမဂ္ဂဇင်းတွင် စတင်သိရှိရကြောင်း ထိုအချိန်မှ ယနေ့တိုင် တောက်လျှောက်ကိုးကွယ်ခဲ့ကြောင်း၊ မဂ္ဂဇင်းမှရရှိသော



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ပူဇော်ကန်တော့၍ အောင်မြေသို့ သွားရောက်နိုင်ရန် အဓိဋ္ဌာန်ဆုတောင်းရာတွင် ဆုတောင်းများပြည့်ဝ၍ အောင်မြေသို့ သွားရောက်နိုင်ခဲ့ကြောင်း၊ စဉ့်ကိုင်မြို့ ရွှေကူအောင်မြေမှ ဓာတ်ပုံတော်များ ပင့်ဆောင်ပြီး နေအိမ်တွင် ပင့်ဆောင်ပူဇော်၍ ဆွမ်း၊ သောက်တော်ရေ၊ အောင်ပန်း၊ သစ်သီးတို့ကို သီးခြားလှူဒါန်းပြီး ဆုတောင်းအဓိဋ္ဌာန်များထားရှိရာ စီးပွားရေး၊ ငွေရေးကြေးရေးတို့ သိသိသာသာ အောင်မြင်မှုများရရှိကြောင်း၊ ထို့ကြောင့် ရုပ်ရှင်တော်မြတ်ကို မိမိတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန်တိုင်ပင်ကြပြီး ဆရာဘိုဘိုထံရက်ချိန်းရယူခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသောနေ့စွဲကို တစ်လကြိုတင်၍ သိရှိခဲ့ကြပါသည်။ ထိုနေ့မှစ၍ ၎င်းတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ဝမ်းသာပျော်ရွှင်လွန်းလှ၍ တစ်ညမှ အိပ်၍မပျော်ခဲ့ကြပါ။ အစောပိုင်းက ၎င်းတို့သည် ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့သို့ သွားရောက် ပင့်ဆောင်ကြရမည်ကို ဝန်လေးလျက်ရှိကြပါသည်။ ရုပ်ရှင်တော်မြတ်၏ ကြီးမားတော်မူသော တန်ခိုးတော်၊ ဂုဏ်တော်များ၊ ရုပ်ရှင်တော်မြတ်တွင် လှူဒါန်းပူဇော်ထားရှိသော တန်ဖိုးကြီးမားလှသောရတနာများ၊ သီလဂုဏ်နှင့်ပြည့်စုံပြီး အရာရှိကတော်ကြီးများ၊ သူဌေးကတော်ကြီးများမှ ရိုသေလေးစားစွာဖြင့် ဝေယျာဝစ္စဆောင်ရွက်ခြင်းကို ခံယူရရှိနေသော မယ်တော်ကြီးတို့၏ ဂုဏ်ရှိန်တို့ကြောင့် လည်းကောင်း၊ အန်တီအေး၊ မယ်တော်ကြီးတို့နှင့် ရင်းရင်းနှီးနှီး ခင်မင်ခြင်းမရှိသေး၍ လည်းကောင်း မဝံ့မရဲဖြစ်နေကြပါသည်။

တကယ်တမ်း ရန်ကုန်မြို့သို့ သွားရောက်ပင့်ဆောင်ရန်ထွက်ခွာလာသောအခါ စိတ်တွင် ပေါ့ပါးလန်းဆန်းလျက် ပျော်ရွှင်တက်ကြွနေမိပါသည်။ ပထမဦးဆုံး ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူလျက်ရှိရာ ဗိုလ်တထောင်မြို့နယ် သော်မဆင်ရိပ်သာသို့ သွားရောက်ပြီး ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့ပြီး ၎င်းတို့ရောက်ရှိပြီဖြစ်ကြောင်းကို မယ်တော်ကြီးတို့ကို သတင်းပို့ပါသည်။

ဦးရွှေပွားသည် ရုပ်ရှင်တော်မြတ်ကို ၎င်းကိုယ်တိုင် ရန်ကုန်မြို့မှ မော်လမြိုင်မြို့နေအိမ်အထိ ပင့်ဆောင်ပူဇော်လိုသောဆန္ဒရှိနေပြီး ပင့်ဆောင်ပူဇော်ခွင့်ရရန်လည်း ဆုတောင်းလာခဲ့ပါသည်။ လက်ကိုင်ပဝါအသစ်တစ်ထည် ယူဆောင်ခဲ့ပြီး ပူဇော်ထားရှိရာ နေအိမ်ဘုရားဆောင်ပေါ်တွင် ထိုလက်ကိုင်ပဝါကလေးကိုဖြန့်ခင်း၍ ထိုလက်ကိုင်ပဝါပေါ်သို့ ကြွရောက်တော်မူရန် မျှော်လင့်ထားမည်။ ထိုသို့ကြွရောက်တော်မူလျှင် မယ်တော်ကြီးအား ၎င်း၏အဓိဋ္ဌာန်ချက်ကိုပြောပြကာ ပင့်ဆောင်ခွင့်တောင်းမည်ဟု ကြံရွယ်ထားခဲ့သည်။ သို့သော် ဤနေအိမ်ဘုရားဆောင်တွင် လက်ကိုင်ပဝါကလေးတစ်ထည် ဖြန့်ခင်းရန်ပင် နေရာလပ်မရှိပါ။ ထို့ကြောင့် စိတ်ပျက်အားငယ်သွားမိသည်။

စာရေးသူ၏ဆောင်းပါးများတွင် မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား တစ်မြို့မှတစ်မြို့သို့ပင့်ဆောင်ရာ၌ မည်မျှပင်ဝေးလံပါစေ အန်တီအေးကိုပင် စိတ်ချခြင်းမရှိ၍ ကိုယ်တိုင်သာပင့်ဆောင်လေ့ရှိကြောင်း သိရှိထားသဖြင့် ပင့်ဆောင်ခွင့်ပေးပါရန်လည်း မပြောရဲဘဲရှိပါသည်။ သို့သော် ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့နေအိမ်မှ ထွက်ခွာကြွမြန်းတော်မူသောအခါ ဦးရွှေပွားမှ ဘာမှမပြောရသေးဘဲ မယ်တော်ကြီးက ဦးရွှေပွား၏မျက်နှာကို တစ်ချက်စေ့စေ့ကြည့်လိုက်ပြီး -

"ခင်ဗျားရုပ်ရှင်တော်မြတ်ကိုပင့်ဆောင်ခဲ့ပါ"

ဟု ပြောကြားလိုက်၍ အံ့သြဝမ်းသာသွားရပါသည်။ မယ်တော်ကြီးမှ ဦးရွှေပွား၏စိတ်ဆန္ဒကို သိနေ၍ပေလော။ ရုပ်ရှင်တော်မြတ်မှ ချီးမြှင့်လို၍လောမသိပါ အဓိဋ္ဌာန်ဆုတောင်းပြည့်ဝခဲ့ရပါသည်။

ရန်ကုန်မြို့သို့ ရောက်ရှိသောညက ဦးရွှေပွားတို့ ဇနီးမောင်နှံသည် အေးချမ်း တိတ်ဆိတ်သော ဟိုတယ်တစ်ခုတွင် တည်းခိုအိပ်စက်ခဲ့ကြခြင်းဖြစ်သော်လည်း တစ်ညလုံးအိပ်မပျော်ဘဲရှိခဲ့ကြပါသည်။ မနေ့ညကလည်း အလင်းပေါက်နီးပါး ရုပ်ရှင်တော်မြတ်ကို ပူဇော်ခဲ့ကြသော်လည်း အိပ်ရေးပျက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းမရှိ လန်းဆန်းလျက်ပင်ရှိပါသည်။

ထို့အပြင် ရုပ်ရှင်တော်မြတ် မကြွရောက်မီ တစ်လတွင် မိမိတို့ဆိုင်သည် မကြုံစဖူး သိန်း (၃၅၀) ဖိုးမျှ ဈေးရောင်းခဲ့ရသည်။ ခါတိုင်းနှစ်များတွင် ထိုလတွင် သိန်းတစ်ရာဖိုးမျှကိုပင် မနည်းရောင်းယူရပါသည်။ ပရိဘောဂရောင်းရသည်မှာ အခြားကုန်ပစ္စည်းများကဲ့သို့ မဟုတ်ပါ။ ဝယ်သူနားလည်သဘောပေါက်အောင် အချိန်ပေး၍ ရှင်းပြရသည်။ ကြိုက်နှစ်သက်ပြီဆိုလျှင် စိတ်တိုင်းကျအောင် ပြင်ဆင်ပေးရသေး၍ အချိန်အား၊ လူအား စိုက်ထုတ်ရပါသည်။

ယခုမူ သိန်း (၃၅၀) ဖိုးရောင်းလိုက်ရသည်မှာ မပင်မပန်း သက်သောင့်သက်သာ ရောင်းချရပါသည်ဟူ၍ပြောပါသည်။ စာရေးသူတို့ထမင်းစားနေစဉ်မှာပင် စာရေးသူထံသို့ မကြာသေးမီကမှ ဖုန်းအကြိမ်ကြိမ်ဆက်ထားသော သဥ္ဇာဦးဆိုသောမိန်းကလေး မိဘနှစ်ပါးနှင့်အတူရောက်ရှိလာပြီး စာရေးသူအားလာရောက် နှုတ်ဆက်ပါသည်။ ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်လိုကြောင်း ပြောကြားပါသည်။ သို့သော် ယခုတစ်ခေါက်တွင် ပူဇော်ခွင့်မရနိုင်တော့ကြောင်း ပုံတော်များကိုသာ ပင့်ဆောင်သွားရန် စာရေးသူမှ နှစ်သိမ့်ရပါသည်။

ထိုစဉ်မှာ ဘားအံသို့ပင့်ဆောင်ပူဇော်ကြမည့် ဦးကျော်ဝင်းစိန်တို့ဇနီးမောင်နှံရောက်ရှိလာပါသည်။ ဤဇနီးမောင်နှံသည်လည်း စဉ့်ကိုင်မြို့အောင်မြေသို့ တစ်နှစ်တစ်ကြိမ် (၂)ခေါက်တိတိ လာရောက်၍ မျှော်လင့်ထားကြသူများဖြစ်ကာ စာရေးသူနှင့်ခင်မင်ရင်းနှီးလျက်ရှိကြသူများဖြစ်ပါသည်။

"ဆရာ၊ မော်လမြိုင်ကျတော့လာတယ်။ ကျွန်မတို့ဘားအံကိုလည်း လိုက်ခဲ့ရမှာ။ ဆရာက စာရေးဆရာဆိုတော့ ကျွန်တော်တို့ဘားအံမှာ စာရေးစရာတွေအများကြီးရမှာ"

ဟု ပြောကြပါသည်။

စာရေးသူ လည်း အောင်မြေတွင် (၃) ထပ်ကျောင်းဆောင်ကြီးဆောက်လုပ်နေချိန်ဖြစ်ပါ၍ မော်လမြိုင်တွင်လည်း ဤတစ်ညသာ အိပ်ပြီးပြန်ရမည်ဖြစ်၍ ဘားအံသို့ နောင်မှ သီးသန့်လာရောက်ပါမည်ဟုမေတ္တာရပ်ခံရပါသည်။

ဦးကျော်ဝင်းစိန်မှ ကရင်သင်တိုင်းတစ်ထည် လက်ဆောင်ပေးပါသည်။ ဦးကျော်ဝင်းစိန်တို့အား ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရမည့်အစီအစဉ်တို့ကို စာရေးသူမှ ရှင်းလင်း ပြောကြားပေးပြီး ခဏအကြာတွင် ၎င်းတို့လည်း ဘားအံသို့ ပြန်လည် ထွက်ခွာသွားကြပါသည်။

ထို့နောက် ထမင်းစားပြီးသော



www.burmeseclassic.com

www.burmeseclassic.com

အခါ ခေတ္တမျှအနားယူပြီး အိမ်ရှင်မိသားစုမှ အန်တီဒွေး၊ မယ်တော်ကြီး၊ စာရေးသူနှင့် မင်းမင်းထွန်းတို့အား ကျိုက်မရော၊ ကျိုက္ကမီရေလယ်ဘုရား၊ မုဒုံ၊ သံဖြူဇရပ်၊ ဝင်းစိန်တောရတို့သို့ ပို့ဆောင်ပေးပါသည်။ မိုးကောင်းသော ဒေသဖြစ်၍ တောတောင်များမှာ စိမ်းလန်း စိုပြည်လျက်ရှိပါသည်။ ရော်ဘာစိုက်ခင်းများကို မျက်စိတစ်ဆုံး တွေ့မြင်နေရပြီး ဒူးရင်း၊ ကြက်မောက်၊ နဂါးမောက်၊ ပိန္နဲ၊ သရက်စိုက်ခင်းများ၊ ခြံများကိုလည်း တွေ့ရှိရပါသည်။

နောက်ရက်နံနက်ပိုင်းတွင်လည်း ကျိုက်သာလန်တောင်ပေါ်သို့ လိုက်လံပို့ဆောင်ပါသည်။ တောင်ပေါ်မှစီး၍ မုတ္တမပင်လယ်ကွေ့ကို လည်းကောင်း၊ မုတ္တမနှင့် မော်လမြိုင်မြို့ကို ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတားကြီးကိုလည်းကောင်း လှပခံ့ထည်စွာ တွေ့မြင်ရပါသည်။ မော်လမြိုင်မြို့သည် ပျော်မွေ့ဖွယ်ကောင်းလှ၍ သန့်ရှင်းသပ်ရပ်ကာ လှပသောမြို့တစ်မြို့ပင် ဖြစ်ပါသည်။

ကျိုက်သာလန်တောင်ပေါ် ...ွင် ဆံတော်ရှင် ကျိုက်သာလန်စေတီတော်မြတ်ကြီးနှင့် မဟာမြတ်မုနိ (အရွယ်တူ၊ ပုံတော်တူ) ရုပ်ပွားတော်၊ ဦးခန္တီတည်ထားခဲ့သော ရုပ်ပွားတော်ကြီး၊ ပန်းရံပုံဘုရား စသည်တို့ကို ခမ်းနားထည်ဝါစွာ ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးတွေ့ခဲ့ရပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ဆွမ်းဆက်ကပ်ချိန်နီးကပ်လာ၍ စာရေးသူတို့လည်း သင်းရန့်နေအိမ်သို့ ပြန်ခဲ့ကြပါသည်။

မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အားဆွမ်းကပ်ရာ၌ ထုံးစံအတိုင်းမှင် သက်တော်ထင်ရှား ဘုရားရှင်ကို ဆွမ်းကပ်သကဲ့သို့ စားပွဲဝိုင်းကြီးခင်း၍ ဖြင်ဆင်ကြရပါသည်။ ဤမိသားစုသည် သဒ္ဓါတရားထက်သန်လှပါသည်။ အချို့အိမ်များဆိုလျှင် စားပွဲတစ်ဝိုင်းထဲတွင် ဆွမ်းပွဲနှင့်အချိုပွဲတို့စုပေါင်းထားရှိသည် တင် စားပွဲမပြည့်တက်အောင်ရှိပါသည်။ ယခု ဦးရွှေပွား၊ ဒေါ်မြမြနွယ်တို့နေအိမ်တွင်မူ ဆွမ်းပွဲကလည်း စားပွဲတစ်ဝိုင်းအပြည့်အလျှံ၊ အချိုပွဲကလည်း စားပွဲတစ်ဝိုင်း အပြည့်အလျှံဖြစ်ပါသည်။ ဆွမ်းစားပွဲဝိုင်းကြီးများကလည်း ခိုင်ခံ့ကောင်းမွန်လှပါသည်။ နေအိမ်များစွာတွင် ဆွမ်းစားပွဲဝိုင်းကို အလေးထားလေ့မရှိဘဲ စားပွဲသေးသေး၊ အိုဟောင်းယိုင်နဲ့နေလျက်တို့ဖြင့် ဆွမ်းကပ်ကြသည်ကို တွေ့ရှိရပါ သည်။

ရုပ်ရှင်တော်မြတ်သည် ဤနေအိမ်တွင် ပြုံးတော်မူခြင်း၊ မျက်လုံးတော်ပွင့်တော်မူခြင်းအစရှိသော တန်ခိုးတော်တို့ကို ချီးမြှင့်တော်မူ၍ အိမ်ရှင်မိသားစုသည် အထူးပင်ကျေနပ်အားရလျက်ရှိပါသည်။ စာရေးသူတို့ ဆွမ်းများဆက်ကပ်နေဆဲမှာပင် ဦးကျော်ဝင်းစိန်တို့လည်း ကားသုံးစီးဖြင့်ရောက်ရှိလာကြပါသည်။ ထို့ကြောင့် မယ်တော်ကြီးတို့ ဆွမ်းစားပြီးသည်နှင့် စာရေးသူတို့လည်း ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းရပါသည်။

ဒေသစာရီခရီးစဉ်များ ကြွမြန်းတော်မူရာတွင် နေအိမ်များ၌ ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော ဗွီနိုင်းများ မေ့ကျန်လေ့ရှိခြင်း၊ အနေကတိုင်၊ မီးဆလိုက်၊ တဘက် စသည်တို့ မေ့ကျန်ရစ်လေ့ရှိတတ်ပါသည်။ ထို့ကြောင့် မမေ့ကျန်စေရန် ဂရုစိုက်၍သိမ်းဆည်းရခြင်းဖြစ်ပါသည်။ ဦးရွှေပွား-ဒေါ်မြမြနွယ်တို့ထံမှ ဦးကျော်ဝင်းစိန်တို့ဇနီးမောင်နှံသို့ ရုပ်ရှင်တော်မြတ်ကို လွှဲပြောင်းပင့်ဆောင်ပုံကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာ စာရေးသူသည် ကရင်ပြည်နယ်သို့ ကိုယ်တိုင်လိုက်ပါနိုင်ခြင်းမရှိသည့်အတွက် ကရင်သင်တိုင်းဝတ်ဆင်၍ အမှတ်တရဓာတ်ပုံ အရိုက်ခံပေးရပါသေးသည်။ ထိုဓာတ်ပုံကို အင်တာနက်တွင်တင်ခဲ့ရာ ရွှေကူသာဝကများစွာတို့ ကြည့်ရှုလိုက်ကြရသည်ဟု ကြားရပါသည်။

မှတ်တမ်းဟင်ဓာတ်ပုံ ရိုက်ကူးပြီးသည်နှင့် ရုပ်ရှင်တော်မြတ်ကို မော်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ပါသည်။ ရုပ်ရှင်တော်မြတ်အား ကားရှေ့ခန်းတွင် မယ်တော်ကြီးကိုယ်တိုင် ပင့်ဆောင်ခြင်း ဖြစ်ပါ၏။ မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်ကို သူတစ်ပါးပင့်ဆောင်ခြင်းကို စိတ်မချပါ၊ အိပ်ငိုက်ပြီး ပလ္လင်တော်ပြုတ်ကျမည်စိုး၍ မည်သူ့ကိုမျှ စိတ်မချပါ။ မယုံပါ။

ရုပ်ရှင်တော်မြတ်သည် ကား (၃) စီးဖြင့် လဝကဦးစီးတစ်ယောက်လိုက်ပါလျက် နေ့လယ် (၁) နာရီခန့်တွင် မော်လမြိုင်မြို့ သင်းရန့်နေအိမ်မှထွက်ခွာကြွမြန်းတော်မူပါသည်။ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသွားသောအခါ သင်းရန့်နေအိမ်သည်လည်း တိတ်ဆိတ်ခြောက်သွေ့လျက် ကျန်ရစ်ပါသည်။ အိမ်ရှင်မိသားစုမှာလည်း မျက်ရည်ရစ်ဝဲလျက် ဝမ်းနည်းပက်လက်ကျန်ရစ်ခဲ့ပါ သည်။

မော်လမြိုင်မြို့၏ ရာသီဥတုမှာ ပူပြင်းလှပါသည်။ ထို့ကြောင့် စာရေးသူတို့လည်း အိပ်ခန်းအတွင်းသို့ဝင်၍ နားနေလိုက်ပါသည်။ နေအေးချိန်တွင် ဒေါ်မြမြနွယ်မှ မော်လမြိုင်ဆိပ်ကမ်းနှင့် တန်ခိုးကြီးဘုရားများ အထင်ကရနေရာများသို့ လိုက်ပါပို့ဆောင်ပေးမည်ဟု ပြောပါသည်။ စာရေးသူဆဲနှကတော့ နေရှိန်ပြင်းလွန်းလှ၍ ဘယ်ကိုမှမသွားလိုတော့ပါ။ ၎င်းတို့၏ စေတနာကို အားနာ၍သာလိုက်ပါရမည်ဖြစ်ပါသည်။ သို့သော်လည်း အိမ်ရှင်မိသားစုမှာ အိပ်ရေးပျက်ပင်ပန်းထားကြသည်ဖြစ်ရာ နေ့လယ်နေ့ခင်း တစ်ရေးတစ်မောခဏတစ်ဖြုတ်ဟုလှဲလိုက်ကြရာ ညနေစောင်းမှ အိပ်ရာမှနိုးကြတော့သဖြင့် လိုက်မပို့နိုင်ကြတော့ပါ။

မင်းမင်းထွန်းသည် မော်လမြိုင်တွင် ပါတိတ်လုံချည်များဈေးချိုသဖြင့် ၎င်း၏အစ်မများအတွက် သွားရောက်ဝယ်ယူပါသေးသည်။ စာရေးသူလိုက်ပါမသွားပါ။ ဒေါ်မြမြနွယ်မှ ပို့ဆောင်ပေးပါသည်။ ခဏအကြာတွင် မယ်တော်ကြီးထံမှ ဖုန်းလာပါသည်။ ဘားအံသို့ ချောချောမောမောစွာ ရောက်ရှိကြောင်း၊ နေရေးထိုင်ရေး အစစအရာရာ အဆင်ပြေကြောင်း၊ ရေမြေကောင်း၍တောတောင်တို့မှာ စိမ်းလန်းစိုပြည်လျက် သာယာလှပကြောင်း၊ ဇွဲကပင်တောင်ကြီးမှာလည်း အပြင်တွင် ပို၍လှပကြောင်းတို့ကို ပြောပြပါသည်။

ညနေ (၆)နာရီခန့်တွင် ဦးရွှေပွားမှ စာရေးသူတို့ကို ကားဂိတ်သို့ ပို့ဆောင်ပေးပါသည်။ စာရေးသူတို့သည် မော်လမြိုင်မြို့တွင် တစ်ညအိပ်မျှသာဖြစ်၍ အိပ်မက်ပမာသာ ဖြစ်ပါ၏။ အပြန်လက်မှတ်ကိုလည်း ဦးရွှေပွား-ဒေါ်မြမြနွယ်တို့မှပင် စီစဉ်ပေးထားပြီး စာရေးသူအား နောက်တစ်ခေါက် မော်လမြိုင်မြို့သို့ အလည်သက်သက်လာရောက်ပါရန် ဖိတ်ကြားပါသည်။ ကောင်းကောင်းမွန်မွန်ကျွေးမွေးချင်ပါသေးသည်၊ နေရာအနှံ့သို့ အေးအေးဆေးဆေး လိုက်ပို့ချင်ပါသေးသည်ဟု ပြောကြပါသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကူ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းအခါသုံးပါး ထပ်ချိန်တို့၌ အမိဌာန်ဘာဝနာပွားများခြင်း၊ အမိဌာန်ပုတီးစိပ်ခြင်း၊ အမိဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗွ မန္တန်ကြီး အပါအဝင် မန်လာဘ်ဆိုင်ရာများကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာများကိုခံစား ရမည်မှာ အသေအချာဖြစ်သည်။ ဤကာလတွင် ၆-၃-၂၀၁၆ နေ့ ညနေ (၃း၅) နာရီခန့်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၇-၃-၂၀၁၆ နေ့ နံနက် (၁း၁၄း၁၇) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်တွင် ယှဉ်ဖက်နေမည်ဖြစ်ပြီး ၇-၃-၂၀၁၆ နေ့ ညနေ (၃း၁၅) နာရီခန့်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည်ဖြစ်သည်။

၇-၃-၂၀၁၆ နေ့နံနက် (၄း ၄၉း ၅၈) နာရီမှ (၄း ၅၇း ၁၆) နာရီအတွင်း ဓနိသိဒ္ဓိနက္ခတ်ကို လဂ်ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့နံနက် (၁၀း ၁၃း ၃၉) နာရီမှ (၁၁း ၁၈း ၄၇) နာရီတွင် ဓနသိဒ္ဓိနက္ခတ်ကို မွန်းတည်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၅း ၁၃း ၃၄ | ၅း ၂၀း ၅၂ | ၁ | ၁၀း ၄၆း ၁၅ | ၁၁း ၄၂း ၂၃ |
| ၂ | ၅း ၀၉း ၃၈ | ၅း ၁၆း ၅၆ | ၂ | ၁၀း ၄၂း ၁၉ | ၁၁း ၃၈း ၂၇ |
| ၃ | ၅း ၀၅း ၄၂ | ၅း ၁၃း ၀၀ | ၃ | ၁၀း ၃၈း ၂၃ | ၁၁း ၃၄း ၃၁ |
| ၄ | ၅း ၀၁း ၄၆ | ၅း ၀၉း ၀၄ | ၄ | ၁၀း ၃၄း ၂၇ | ၁၁း ၃၀း ၃၅ |
| ၅ | ၄း ၅၇း ၅၀ | ၅း ၀၅း ၀၈ | ၅ | ၁၀း ၃၁း ၃၁ | ၁၁း ၂၆း ၃၉ |
| ၆ | ၄း ၅၃း ၅၄ | ၅း ၀၁း ၁၂ | ၆ | ၁၀း ၂၇း ၃၅ | ၁၁း ၂၂း ၄၃ |
| ၇ | ၄း ၄၉း ၅၈ | ၄း ၅၇း ၁၆ | ၇ | ၁၀း ၁၃း ၃၉ | ၁၁း ၁၈း ၄၇ |
| ၈ | ၄း ၄၆း ၀၂ | ၄း ၅၃း ၂၀ | ၈ | ၁၀း ၁၉း ၄၃ | ၁၁း ၁၄း ၅၁ |
| ၉ | ၄း ၄၂း ၀၆ | ၄း ၄၉း ၂၄ | ၉ | ၁၀း ၁၅း ၄၇ | ၁၁း ၁၀း ၅၅ |
| ၁၀ | ၄း ၃၈း ၁၀ | ၄း ၄၅း ၂၈ | ၁၀ | ၁၀း ၁၁း ၅၁ | ၁၁း ၀၆း ၅၉ |
| ၁၁ | ၄း ၃၄း ၁၄ | ၄း ၄၁း ၃၂ | ၁၁ | ၁၀း ၀၇း ၅၅ | ၁၁း ၀၃း ၀၃ |
| ၁၂ | ၄း ၃၀း ၂၀ | ၄း ၃၇း ၃၆ | ၁၂ | ၁၀း ၀၃း ၅၉ | ၁၀း ၅၉း ၀၇ |
| ၁၃ | ၄း ၂၆း ၂၄ | ၄း ၃၃း ၄၀ | ၁၃ | ၁၀း ၀၀း ၀၃ | ၁၀း ၅၅း ၁၁ |
| ၁၄ | ၄း ၂၂း ၃၀ | ၄း ၂၉း ၄၄ | ၁၄ | ၉း ၅၆း ၀၇ | ၁၀း ၅၁း ၁၅ |
| ၁၅ | ၄း ၁၈း ၃၄ | ၄း ၂၅း ၄၈ | ၁၅ | ၉း ၅၂း ၁၁ | ၁၀း ၄၇း ၁၉ |
| ၁၆ | ၄း ၁၄း ၃၈ | ၄း ၂၁း ၅၂ | ၁၆ | ၉း ၄၈း ၁၅ | ၁၀း ၄၃း ၂၃ |
| ၁၇ | ၄း ၁၀း ၄၂ | ၄း ၁၇း ၅၆ | ၁၇ | ၉း ၄၄း ၁၉ | ၁၀း ၃၉း ၂၇ |
| ၁၈ | ၄း ၀၆း ၄၆ | ၄း ၁၄း ၀၀ | ၁၈ | ၉း ၄၀း ၂၃ | ၁၀း ၃၅း ၃၁ |
| ၁၉ | ၄း ၀၂း ၅၀ | ၄း ၁၀း ၀၄ | ၁၉ | ၉း ၃၆း ၂၇ | ၁၀း ၃၁း ၃၅ |
| ၂၀ | ၃း ၅၈း-၅၄ | ၄း ၀၆း ၀၈ | ၂၀ | ၉း ၃၂း ၃၁ | ၁၀း ၂၇း ၃၉ |
| ၂၁ | ၃း ၅၄း ၅၈ | ၄း ၀၂း ၁၂ | ၂၁ | ၉း ၂၈း ၃၅ | ၁၀း ၂၃း ၄၃ |
| ၂၂ | ၃း ၅၀း ၀၂ | ၃း ၅၈း ၆၆ | ၂၂ | ၉း ၂၄း ၃၉ | ၁၀း ၁၉း ၄၇ |
| ၂၃ | ၃း ၄၆း ၀၆ | ၃း ၅၄း ၁၈ | ၂၃ | ၉း ၂၀း ၄၃ | ၁၀း ၁၅း ၅၁ |
| ၂၄ | ၃း ၄၂း ၁၀ | ၃း ၅၀း ၂၂ | ၂၄ | ၉း ၁၆း ၄၇ | ၁၀း ၁၁း ၅၅ |
| ၂၅ | ၃း ၃၈း ၁၄ | ၃း ၄၆း ၂၆ | ၂၅ | ၉း ၁၂း ၅၁ | ၁၀း ၀၇း ၅၉ |
| ၂၆ | ၃း ၃၄း ၁၈ | ၃း ၄၂း ၃၀ | ၂၆ | ၉း ၀၈း ၅၅ | ၁၀း ၀၃း ၀၃ |
| ၂၇ | ၃း ၃၀း ၂၂ | ၃း ၃၈း ၃၄ | ၂၇ | ၉း ၀၄း ၅၉ | ၉း ၅၉း ၀၇ |
| ၂၈ | ၃း ၂၆း ၂၆ | ၃း ၃၄း ၃၈ | ၂၈ | ၉း ၀၁း ၀၃ | ၉း ၅၅း ၁၁ |
| ၂၉ | ၃း ၂၂း ၃၀ | ၃း ၃၀း ၄၂ | ၂၉ | ၈း ၅၇း ၀၇ | ၉း ၅၁း ၁၅ |
| ၃၀ | ၃း ၁၈း ၃၄ | ၃း ၂၆း ၄၆ | ၃၀ | ၈း ၅၃း ၁၁ | ၉း ၄၇း ၁၉ |
| ၃၁ | ၃း ၁၄း ၃၈ | ၃း ၂၂း ၅၀ | ၃၁ | ၈း ၄၉း ၁၅ | ၉း ၄၃း ၂၃ |




www.burmeseclassic.com

www.burmeseclassic.com


ကိုရွှေမြသန်း(သမိုင်း)

# ကုံလုံ၊ ပင်းတယ၊ ဆေးပေါင်းခနှင့် သီလငါးပါးအာလကာ



ခရီးသွားခြင်းက စိတ်ကို အပန်းပြေလန်းဆန်းစေသလို ဗဟုသုတကိုလည်း တိုးပွားစေတာမို့ နှစ်တစ်နှစ်မှာ အနည်းဆုံး ခရီးရှည်နှစ်ခေါက်လောက်တော့ထွက်ဖြစ်ပါတယ်။ အခုလည်း ဒီတစ်နှစ်ရဲ့ သုံးခေါက်မြောက်ခရီးရှည်အဖြစ် စာဆိုအရှင် အရှင်ပညာနန္ဒ (ငြိမ်းဆုသျှင်) ရဲ့ ကပ္ပိယအဖြစ်နဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဘက်ကို ခရီးထွက်ဖြစ်ခဲ့ပြန်ပါပြီ။

ရာသီဥတုအရ မိုးလကင်းစင်ဆောင်းအဝင်လို့သာဆိုရပေမယ့် မိုးရဲ့နောက်ဆုံးနှုတ်ဆက်မှုကိုတော့ အနားကပ်ခံလိုက်ရပါသေးတယ်။ အချိန်အခါမဲ့မုန်တိုင်းကြောင့်လား၊ သစ်တောတွေပြုန်းတီးသွားမှုကြောင့်လားဆိုတဲ့ အဖြေပုံချစရာမရှိတဲ့မြေတွေကိုတွေ့ပြီး မိုးထဲနှင်းထဲရောက်ဖြစ်ခဲ့တဲ့ ခရီးစဉ်တွေကတော့ အံ့ဖွယ်ကိုးဂူ ထေရ်ကုံလုံ ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်စေတီ၊ ရွှေဥမင်ဘုရား၊ ပင်းတယဂူ၊ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် ဆေးပေါင်းခပွဲတို့ကိုပါပဲ။





www.burmeseclassic.com

www.burmeseclassic.com









မျှတတယ် ဆိုတာ ကိုယ်ကမျှမှ ကိုယ့်ကိုတန့်ကြတာလို့ ဆရာတစ်ဦးက အနက်ဖွင့်ဆိုခဲ့ဖူးတာမို့၊ ကိုယ်ဘာပဲရရ သူတစ်ပါးကိုပြန်ပြန်ပြီးမျှတဲ့အကျင့်လေး ကျင့်ခဲ့တာကြာပါပြီ။ ကိုယ့်ကိုတန့်ကြဖို့ ထက် ကိုယ်ကိုယ်တိုင်က သူတစ်ပါး စိတ်ချမ်းသာအောင်မျှရတာ၊ ဆောင်ရွက် ရတာကို ပိုပြီးနှစ်သက်မိနေလို့ပါ။ အခု လည်း ကိုယ်ရခဲ့သမျှဗဟုသုတတွေကို ပြန်မျှလိုက်ပါတယ်။

ခိုနားဖို့ ဦးစွာရောက်ရှိသွားတာ ကတော့ တောင်ကြီးမြို့ အေးသာယာ မြို့သစ် (စက်မှုဇုန်) ထဲက စာဆိုအရှင်ရဲ့ သိက္ခာထပ်ရဟန်းဒါယကာ၊ ဒါယိကာမ ဖြစ်ကြတဲ့ ကိုအောင် - မခိုင်မိသားစု အေးရိပ်ငြိမ်ဂေဟာကိုပါပဲ။ မိမိတို့နားခို ခဲ့သမျှကာလတစ်လျှောက်လုံး စာဆို အရှင်နှင့် မိမိတို့အပေါ် အစစအရာရာ လိုအပ်သည်မရှိအောင် ဆောင်ရွက်ပေး





www.burmeseclassic.com

www.burmeseclassic.com

ခဲ့သလို ဆက်ဆံရေးကလည်း ဖော်ရွေလွန်းလှပါတယ်။ စိုင်းထီးဆိုင်သီချင်းထဲကလို ပါးချိုင့်လေးခွက်လို့ ဖော်ရွေကာ ဆုံဖူးပြီး မမေ့နိုင်စရာကျေးဇူးတွေကို ဆေ့နေသလိုပါပဲ။

မမေ့နိုင်စရာ ကျေးဇူးတွေအများကြီးထဲမှ သွားလိုရာ၊ ရောက်လိုရာကို အဆင်ပြေပြေ သက်သောင့်သက်သာ သွားနိုင်၊ ရောက်နိုင်အောင် ကားတစ်စီး ခြင့်လိုက်ပို့ပေးခြင်းက မိမိတို့အတွက် လိုတရစိတ်ချမ်းအမြေဆုံးပါပဲ။ ဒီလိုနဲ့ ရောက်ခဲ့တဲ့ ခရီးစဉ်တစ်လျှောက်ရဲ့အစ ရွှေညမင်ဘုရားနဲ့ ပင်းတယဂူတို့ဖြစ်ပြီး လေ့လာသိရှိခဲ့ရတဲ့ ပင်းတယဂူ ပင်းတယနယ်ရဲ့သမိုင်းစဉ်ဆက်အကြောင်းအရာတို့ကတော့ . . .

❑


ပင်းဒယ ဆိုတဲ့ နာမည်က ရှမ်းနာမည်။ ပင်ကိုအဓိပ္ပာယ်ဖော်ရင် ကျယ်ပြန့်တဲ့လွင်ပြင်လို့ ပြောရမယ်ထင်တယ်။ ပင်းဒယဟာ တောင်ပိုင်းရှမ်းပြည်နယ်ရဲ့ မြေလတ်လို့ခေါ်လေ့ရှိတဲ့ဒေသထဲမှာ စတုရန်းမိုင် (၂၀၀) ရှိတဲ့နေရာဖြစ်ပြီး အရင်က ငွေခွန်းမှူး အုပ်ချုပ်ခဲ့ပါတယ်။


နယ်မြေအပိုင်းအခြားကိုပြောတဲ့အခါ မြောက်ဘက်မှာ ရပ်စောက်မြေနဲ့အစပ်၊ အရှေ့ဘက်မှာ တောမြေနဲ့အစပ်၊ တောင်ဘက်မှာ ပွေးလှမြေနဲ့အစပ်၊ အနောက်ဘက်မှာ ရွာငံ၊ ကျောက်တူး သီဝံမြေနဲ့အစပ် မြောရပါတယ်။ အနောက်ဘက်မှာရှိတဲ့ တောင်ရိုးတောင်တန်းတွေကနေပြီး ကျန်နေရာတွေကို တဖြည်းဖြည်းလျော့ကျပြန့်ပြူးသွားတဲ့ သဘောရှိပါတယ်။ ရေအင်မတန်ပေါတယ်။ ပင်းဒယမြို့အနားမှာ ကန်သင်းနဲ့ ရေသွင်းပြီးလယ်စိုက်နေတာတွေ့နိုင်ပါတယ်။

ပင်းဒယသမိုင်းရယ်လို့ အားကိုးအားထားလုပ်ပြီး ပြောစရာတော့ ညည်းညည်းရရမရှိပါဘူး။ ရေကန်၊ နတ်သင်းခုနစ်ဖော်၊ ပင့်ကူ၊ ကုမ္မာဘယမင်းအားဆိုတာတွေကတော့ ကြားဖူးကြတဲ့တိုင်း ပုံပြင်တစ်ခုအနေနဲ့ရှိတယ်။ စိတ်ကူးယဉ်ယဉ် အပြောပိုင်ပိုင်ဆိုရင် အင်မတန်နားထောင်ကောင်းတဲ့ကလေးအတွက်၊ လူကြီးကြိုက်ပါပဲ။

ဒါပေမယ့် ရိုးရိုးပြောကြစို့ဆိုရင် သမိုင်းဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတဲ့အခါ မဖြစ်နိုင်ဖို့က များပါတယ်





လို့ ဖြေရမှာပဲ။ မင်းသားကုမ္မာဘယက ဘယ်ပြည်ကလဲမေးရင် အခု ညောင်ရွှေလို့ဆိုတယ်။ သူက သထုံပြည်မှာ သွားအိမ်ထောင်ကျတယ်။ အဲဒီမှာအနေကြာလို့ ပျင်းတော့ မယားနဲ့သားကိုပစ်ပြေးတယ်။ ပင်းဒယရေကန်နားရောက်တော့ ဂူျန်က ပင့်ကူဖြစ်၊ ပင့်ကူနဲ့ နတ်သမီးခုနစ်ဖော်ပွဲမှာ သူက ပင့်ကူကိုသတ်တယ်။ ပင့်ကူက ဘီလူးဖြစ်၊ နတ်သမီးတွေထဲက အငယ်ဆုံး ရှင်မိယာကို သူကယူထားလိုက်တယ်။ ဘီလူးနဲ့ သူနဲ့ သတ်ကြပြန်တော့ သူလည်းသေ၊ ဘီလူးလည်းသေ၊ ဘီလူးက ဇော်ဂျီဖြစ်၊ ဇော်ဂျီက မိယာကိုခေါ်သွား။ မိယာက ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com









ကို ပရိယာယ်နဲ့ မြစ်ထဲတွန်းချပြီး ထဘီနဲ့ အုပ်လို့ ဇော်ဂျီသေပြီး ဇော်ဂျီမြစ်ဖြစ်သွားရော။ မင်းသားကို သိကြားက အသက်ပြန်သွင်းပေးတယ်။ သူတို့နှစ်ယောက် မျော်ပျော်ရွှင်ရွှင်နဲ့ ဇာတ်လမ်းက မရပ်သေးဘူး။ မင်းသမီးသူ့အဖေဆီ ပြန်ပြေးလို့ မင်းသားလိုက်ခေါ် ခန်းပါရသေးတယ်။ ပြန်ရောက်တော့ မင်းသားက မင်းဖြစ်သွားတယ်။

ဒီပင်းဒယနယ်ကို အုပ်ချုပ်သလား၊ ညောင်ရွှေစော်ဘွားဆက်လားလို့ ခွဲမပြောပေမယ့် မူလက ညောင်ရွှေကလို့ ပြောပြီးသားမို့ ညောင်ရွှေစော်ဘွားဆက် ဖြစ်တယ်။

ဒီပုံပြင်လိုပဲ ရွှေဥမင်စေတီသမိုင်းကိုလည်း အာသောကတည်ခဲ့တယ်။ အလောင်းစည်သူပြုပြင်ခဲ့တယ်လို့ပြောတဲ့ ရှေးစကားပဲရှိပါတယ်။ သက်သေခံရယ်လို့ ပုဂံခေတ်ရောက်လောက်အောင် အထောက်အထားမတွေ့ပါဘူး။

ဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခ) နဲ့ သိန်းသန်းထွန်းရဲ့ ပင်းဒယရွှေဥမင်စေတီနှင့် ပင်းဒယဂူသမိုင်းစာအုပ်ထဲမှာတော့ . . .

ပင်းဒယဂူ၊ စေတီနဲ့ ရုပ်ပွားသမိုင်း ရေးမယ်လို့ အားကိုးရမယ့် စာဟောင်းပေဟောင်း မှတ်တမ်းဟောင်းတွေရှာကြတဲ့အခါ အင်းတဲမင်းကျောင်းမှာ ကိုးကြောင်းရေးပေစာငါးရွက်ရပါတယ်။ ဖတ်ကြည့်တဲ့အခါ ဘွဲ့အမည်မသိရတဲ့ ဆရာတော်တစ်ပါး ရပ်စောက်အသွား ပင်းဒယမှာ ခဏဝင်နားရင်း ၁၁၅၆၊ ပြာသို (ဆုတ်) ၅၊ (၉-ဇန်နဝါရီ-၁၇၉၅) နေ့က ငါးပါးသီလလင်္ကာကို ရေးသွားတယ်လို့သိရတယ်။ အရင် အနှစ် (၂၀၀) လောက်ကစာဖြစ်တယ်။ အခုရေးမယ့် ဘုရားသမိုင်းအတွက် အကောင်းဆုံးနိဒါန်းဖြစ်လို့ ဒီမှာကူးယူဖော်ပြလိုက်ပါတယ် . . .

လို့ ဖတ်ရပါတယ်။

ဒီဆောင်းပါး အဆုံးသတ်မှာ ဖော်ပြပါ ငါးပါးသီလအလင်္ကာကို ပြန်လည် ဖော်ပြပေးပါ့မယ်။ အခုတော့။

ပင်းဒယဂူတွေဟာ ထုံးခြောက်တောင်မှာ သဘာဝဖြစ်ပေါ်နေတာမို့ ဘူမိဗေဒသက်တမ်းနဲ့ပြောရင် အနှစ်သန်း (၂၀၀) က ရှိခဲ့တယ်။ ကျောက်ခေတ်ဟောင်း နှောင်းကာလ အရင်နှစ်လေးသောင်းနဲ့ တစ်သောင်းကြားထဲမှာ တုန်းက ဒီဂူတွေထဲမှာ လူဝင်နေမလား ဆိုတာတော့ ရှေးဟောင်းသုတေသန

www.burmeseclassic.com

www.burmeseclassic.com

ထူးဖော်ခွင့်ရရင်သိနိုင်မယ်။ ဒါပေမယ့် ထုပေါက်က အရှေ့ဘက်လှည့်နေတာဖြစ်လို့ လုံနေချင်မှနေမယ်။ ကျောက်ခေတ်လူတွေက အပေါက်တောင်ဘက်မှာရှိမှ နှစ်သက်တတ်တယ်။ အဲဒီလောက်ကွာကွာလှမ်းလှမ်း စဉ်းစားဖို့လည်း လိုမယ်မထင်ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေရဲ့ ကိုးကွယ်ဖို့ ရှိခိုးပူဇော်ဖို့ ဌာနတစ်ခုအနေနဲ့ ဘယ်တုံးကစသုံးလာခဲ့သလဲဆိုတာ သိဖို့လိုတယ်။ ပုဂံခေတ်လား၊ ကုန်းဘောင်ခေတ်လား၊ အင်းဝခေတ်လားလို့ ရှာရမယ်။

ရက်စွဲတွေထဲမှာ အစောဆုံးက ၁၀ - ဇန်နဝါရီ - ၁၇၇၃ ဖြစ်တယ်။ ကုန်းဘောင်ဆက် စဉ့်ကူးမင်းလက်ထက်ပါပဲ။ ဒါကြောင့် ဒီဂူကရုပ်ပွားတော်တွေဟာ ခရစ်နှစ် ၁၇၀၀ ထက် မစောဘူး။ အဲဒီအခါကမှ လှူဒါန်းပူဇော်ခဲ့တာတွေဖြစ်တယ်ဆိုရင် သိပ်မမှားနိုင်ဘူးထင်ပါတယ်။ မင်းဝတ်ဘုရားရဲ့အဆင်တန်ဆာကို ကြည့်ပြန်တော့လည်း ကုန်းဘောင်ခေတ်ဦးကိုပဲညွှန်းပါတယ်။ နောက်တစ်မျိုးပြောရရင် ကုန်းဘောင်ခေတ်ထက် ပိုပြီးရှေးမကျဘူး။

မိမိရှာဖွေလေ့လာဖတ်ရှုမှတ်သားရသရွေ့ ရွှေဥမင်စေတီနှင့် ပင်းဒယဂူ၊ ပင်းဒယနယ် သမိုင်းကြောင်းကတော့ ဒီလောက်ပါပဲ။ ဆက်လက်ပြီး မိမိတို့ ရောက်ခဲ့တဲ့ အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံရဲ့ ဗိမ္မာန်စဉ့်စေတီမှ ဖူးမြင်တွေ့သမျှ လေ့လာခဲ့သမျှ ရေးသားပါဦးမယ်။

❑


ကုံလုံဆရာတော်ဘုရားကြီးရဲ့ အံ့ဖွယ်ကိုးဂုဏ်နဲ့ ဩဝါဒကထာကို မှတ်သားခဲ့ပါတယ်။ အဲဒါတွေကတော့-

**ဒေထရ်ကုံလုံ၏အံ့ဖွယ်ကိုးဂုဏ်**

၁။ ကုံလုံဆရာတော်ဘုရားသည် ပင်းတယမြို့ ကန်ထောင့်ကျောင်းဆရာတော် ဦးအာဒိစ္စ၏အဆုံးအမကို နာယူသော ကျောင်းရှိ ဦးဝိမလအား ကျောင်းနှင့်တကွ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများနှင့် မိမိပိုင်ပစ္စည်းများကို တစ်ခုမကျန် အာလယပြတ် စွန့်လွှတ်လှူဒါန်းခြင်း။

၂။ ဂဠုန်တောင်၌ တရားအားထုတ်နေစဉ် လူဆိုးဓားပြများက ပစ္စည်းယူခဲ့တင်အားမရဘဲ ဆရာတော်အား ကြိမ်ဖြင့်တုပ်ကာ နှိပ်စက်ညှဉ်းပန်းလာသည်ကိုပင် သည်းခံနိုင်ခြင်း။

၃။ ကုံလုံဆရာတော်သည် လူဆိုး








ဓားပြများက ပစ္စည်းကိုသာ လုယူလို့ရမည်။ ငါကျင့်ကြံအားထုတ်တဲ့ စရဏတရားကိုတော့ လုယူလို့ရမည်မဟုတ်ပါ။ ပတ်ဝန်းကျင်ကို ကြိုးဖြေပေးပါလို့ တကြော်ကြော်အော်ခေါ် နေသော်လည်း အကူအညီရမည်မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ အရဟံဂုဏ်တော်သည်သာ ရန်အောင်ကြောင်း ဖြစ်သည်။ ဝိပဿနာဘာဝနာသည်သာ အားကိုးစရာအစစ်ဖြစ်သည်ဟု ယူဆမိပြီး ဂုဏ်တော်ပွားသည်။ ဂုဏ်တော်ပွား၍ စိတ်ကြည်လင်လာသောအခါ မိမိခန္ဓာကိုယ်ကို ဝိပဿနာရှုမှတ်ပွားများသဖြင့် တုပ်ထားသောကြိုးများအလိုလိုပြေသွားခြင်း။

၄။ ကုံလုံဆရာတော်သည် ဘေးမဲ့အသားလွှတ်နှင့် သစ်သီးဝလံများကိုသာ ဘုဉ်းပေးတော်မူသောကြောင့် သစ်သီးဝလံများမှ ဒက္ခိဏာသာခါဘုရားနှင့်

www.burmeseclassic.com

တူသော ထူးဆန်းသည့် ဘူးဘုရား၊ ပြောင်းဖူးကိုးဆူစေတီတော်များရောက်ရှိလာခြင်း။

၅။ ဆရာတော်၏ ခန္ဓာကိုယ်မှ သင်းပျံ့မွှေးကြိုင်သော ထူးခြားသည့် အမွှေးရနံ့များထွက်လျက်ရှိခြင်း။

၆။ ဆရာတော်၏ ညာဘက်လက်မတော်တွင် နဂါးရုံဘုရားပုံနှင့် ဘယ်ဘက်လက်မတော်တွင် ကျိုက်ထီးရိုးပုံပေါ်နေခြင်း။

၇။ ကံ့လုံဆရာတော်ဘုရားကြီး၏ လက်ဖဝါးတော်တွင် တစ်ဖက်၌ ရှင်ဥပဂုတ္တပုံတော်နှင့် အခြားတစ်ဖက်၌ ရှင်သီဝလိပုံတော်ပေါ်နေခြင်း။

၈။ ဆရာတော်၏ ညာဘက်ခြေဖဝါးတော်တွင် ကြာဖူးငုံနှင့် ဘယ်ဘက်ခြေဖဝါးတော်တွင် ကြာခွက်ပုံပေါ်ခြင်း။

၉။ ဆရာတော်ကြီးသည် သက်ရှိထင်ရှားရှိစဉ် ကျပ်သိန်းပေါင်းနှစ်ထောင့်ငါးရာကျော်တန်သည့် မြန်မာမှု ပန်းတစ်ဆယ့်နှစ်မျိုးပါ ထူးခြားဆန်းကြယ်သော သိရီစကြာရတနာကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်ခဲ့ရသည်။ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသောအခါတွင်လည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် ကမ္ဘာပေါ်မှာ တစ်ခုတည်းသာရှိသည့်ကျပ်သိန်းပေါင်း (၈၅၀၀) ကျော်တန်သော စဥ္စကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးစံနေတော်မူရခြင်းတို့မှာ ဆရာတော်ဘုရားကြီး၏ ထူးခြား ဆန်းကြယ် အံ့ဩဖွယ်ကောင်းသော ဂုဏ်တော်များပင် ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီး၏ များစွာသော ဩဝါဒကထာတို့အနက်ထဲက အလျဉ်းသင့်တဲ့ ဩဝါဒကထာတစ်ဖုဒ်ကတော့ -

**ကံ့လုံဆရာတော်ဘုရားကြီး၏**
**ဩဝါဒကထာ (၂)**

၁ *ကုသိုလ်ကောင်းမှုကိုယ်တိုင်ပြု*
*ကိုယ်ပြုကိုယ်စံသည်။*
*အကုသိုလ်မှုကိုယ်တိုင်ပြု*
*ကိုယ်ပြုကိုယ်ခံသည်။*
*အခြားတစ်ယောက်က*
*ကူညီမှု ခံရမရှိပြီ။*
*မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ*
*ဘယ်မှာမရှိပြီ။*
*လူမမြင်သာ၊ နတ်ပြဟ္မာ*
*သေချာမြင်သိသည်။*
*ကံတရားမှာ မျှားသတ္တာ*
*မျက်နှာမလိုက်ပြီ။*
*ကမ္ဘာသတ္တဝါ ဆန်းကြယ်ဘိ၍*
*မုန်အရှင် ကုန်အစင်*
*သိမြင်နိုင်ပါသည်။*
*ကွယ်လွန်သောအခါ*
*ကိုယ်တည်းသာ*
*ခေါ်ရာလိုက်ရသည်။*
*မကောင်းလျှင်ခံ၊ ကောင်းလျှင်စံ*
*ထုံးစံမမေ့တာမှတ်ရမည်။ ။*

ကမ္ဘာဝိပါကော အစိန္တေယျော - ကံအကျိုးပေးသည် မကြံစည်နိုင်လောက်အောင် ဆန်းကြယ်၏။

❑

အပျော်လည်း နည်းနည်းစွက်၊ ဗဟုသုတလည်းဖက်တဲ့နေရာနှစ်ခုကိုလည်း ရောက်ခဲ့ပြန်ပါသေးတယ်။ တောင်ကြီးမြို့ အဝေရာကွင်းထဲက မီးပုံးပျံပွဲတော်ဆုပေးပွဲညနဲ့ တောင်ကြီးမြို့ အေးသာယာမြို့သစ် (စက်မှုဇုန်) မှာ ကျင်းပတဲ့ ဆေးပေါင်းခပွဲတို့ပါပဲ။

ဆေးပေါင်းခပွဲက လပြည့်ညမှာ ကျင်းပပြီး မီးပုံးပျံဆုပေးပွဲက လပြည့်ကျော် ၁ ရက်နေ့ညမှာ ကျင်းပတာပါ။ ဒါကြောင့်မို့ အရင်ရောက်ဖြစ်ခဲ့တဲ့ ဆေးပေါင်းခပွဲက သိကောင်းစရာတွေကို စာဆင့်ကမ်းပါဦးမယ်။

ဆေးပေါင်းခပွဲကို ဦးဆောင်ကျင်းပတဲ့ ဆရာတွေကတော့ ဆရာမိုးသန်းခိုင်၊ ဆရာအောင်ကျော်မြင့်နှင့် ဆရာမင်းသိခ်ရဲ့တပည့်ပရိသတ်များပဲ ဖြစ်ပါတယ်။ ဆေးပေါင်းခပွဲက ဘယ်လိုလဲဆိုတာကိုတော့ သူတို့ရဲ့ လက်ကမ်းစာစောင်မှာပါတဲ့တိုင်း ပြန်ရေးပြလိုက်ပါ့မယ်။

"ဒီလိုပါခင်ဗျာ၊ သာယာလှပတဲ့ နက္ခတ်တာရာစုံညီတဲ့ ဆေးပေါင်းခတဲ့ တန်ဆောင်မုန်းလပြည့်ညချမ်းမှာ အဘမင်းသိခ်ရဲ့တပည့် ဗေဒင်ဆရာ၊ ဆရာမတွေနဲ့ ခုနစ်ရက်သားသမီးတွေစုပေါင်းပြီး ဆေးဖော်ကြမလို့ပါ။

မသိတဲ့လူတွေက အဲဒီဆေးကို ပီယဆေးလို့ ထင်တတ်ကြပါတယ်။ အမှန်က ပီယဆေးသက်သက်မဟုတ်ပါဘူး။ သံလိုက်သည်းခြေဆေးလို့ခေါ်ပါတယ်။ အလွန်အားကောင်းတဲ့သံလိုက်နဲ့ စပါးကြီးသည်းခြေရောစပ်ပြီး ခုနစ်ရက်သားသမီး လူကြီး၊ လူလတ်၊ လူငယ် မကျန်သွေးရပါတယ်။ ပြီးတော့မှ အလွန်စေးပျစ်တဲ့ မုန့်ညင်းဆီနဲ့ရောစပ်ရပါတယ်။ အဲဒီလိုရောစပ်ပြီး ခုနစ်ရက်သားသမီးထံမှရတဲ့ ချည်ဖြူခင်တွေကို ကျိုးခြေမီးစာကျစ်ရပါတယ်။ အဲဒီမီးစာကို ဆီမီးခွက်ထဲထည့်၊ စောစောက သံလိုက်သည်းခြေဆီတွေကို မီးစာပေါ်လောင်းချပြီး မီးခံရပါတယ်။ အရပ်ရှစ်မျက်နှာပြည့်အောင် မှိုင်းခံကြရပါတယ်။ မှိုင်းခံတဲ့ ဆရာ၊ ဆရာမတွေဟာ ပိတ်ဖြူစင်ကြယ်ကိုဝတ်ထားရပါတယ်။ အဲဒီအစီအစဉ်မပြီးမချင်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းမလုပ်ရပါဘူး။ မေတ္တာရဲ့သင်္ကေတဖြစ်တဲ့ နို့နဲ့ရေကလွဲပြီး အခြားအစားအသောက်စားသောက်ခွင့်မရှိပါဘူး။

ဒီဆေးဟာ ပီယဆေးသက်သက်မဟုတ်ပါဘူး။ စပါးကြီးသည်းခြေရဲ့ ညှို့ဓာတ်၊ မုန့်ညင်းဆီရဲ့စေးထန်းကပ်ငြိတဲ့သဘော၊ ချည်ဖြူခင်ရဲ့ဖြူစင်တဲ့နိမိတ်၊ ခုနစ်ရက်သားသမီးရဲ့ညီမှုရာလက္ခဏာ၊ သံလိုက်ရဲ့ဆွဲငင်ဓာတ်၊ မေတ္တာသုတ်ရဲ့ ကြီးမားတဲ့စွမ်းအားတွေ စုပေါင်းထားတာဆိုတော့. . . ။

ဈေးဆိုင်တွေအတွက် ဈေးခေါ်ကောင်းတယ်။ အရောင်းအဝယ်သမားတွေအတွက်လာဘ်ပွင့်တယ်။ ကုန်သည်တွေရဲ့ကုန်ပစ္စည်းတွေကို မျက်နှာပန်းလှစေတယ်။ လစားသမားတွေအတွက် အထက်လူကချစ်ပြီး အောက်လူက ကြည်ညိုလာမယ်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေအတွက် ဝယ်သူကို အသံကွဲအောင်တကြော်ကြော်အော်ရတဲ့ဒုက္ခကကင်းမယ်။ အရွယ်ရှိပြီး အဖော်မဲ့ အထီးကျန်ဖြစ်နေတဲ့သူတွေကို ဘဝခရီးဖော်ရစေမယ်။ အရွယ်လွန်လို့ အဖော်မဲ့သွားတဲ့သူအတွက်လည်း ဓမ္မခရီးဖော်ရစေလိမ့်မယ်။

ခေါင်းခါတဲ့လူက လက်ယပ်ခေါ်လိမ့်မယ်။ မဲ့တဲ့လူက ပြုံးပြလိမ့်မယ်။ ရောင်းချင်တဲ့ကုန်ပစ္စည်းတွေ၊ အိမ်တွေ၊ မြေတွေကို ဖျန်းပက်ရပါတယ်။ အရေးကြီးစကားတွေပြောခါနီးမှာ နဖူးဆံစကိုတို့ပြီး နှုတ်ခမ်းကိုတို့ပြီးပြောရင် မေတ္တာစကားအဖြစ် စကားအောင်စေပါလိမ့်မယ်။ အိမ်ရှေ့၊ ဆိုင်ရှေ့တွေမှာ ပက်ဖျန်းရင် ငြိမ်းချမ်းလာဘ်ရွှင်စေပါလိမ့်မယ်။

အဲဒါလောက် အညွန်းကောင်းတဲ့ သံလိုက်သည်းခြေဆေးကြီးကိုလည်း အလကားပေးပါ့မယ်။ မနောမယ လက်ဖက်ရည်လည်းတိုက်ပါ့မယ်။ နိမိတ်ကောင်းယူပြီး မေတ္တာနဲ့လည်း ဗေဒင်ဟောပေးပါ့မယ်။ အခြားဂန္ဓါရီပက်ဆောင်တွေလည်း ဆေးပေါင်းခနိမိတ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းယူပြီးဝေငှပါဦးမယ်။ ဘာများ စဉ်းစားနေဦးမှာလဲ။ လာခဲ့ပေါ့ဗျာ"

ဆိုတဲ့ သံလိုက်သည်းခြေဆေးကြီးတို ဖော်ကြတဲ့ဆေးပေါင်းခပွဲပါ။ အမြင်ဆန်း အသွင်ဆန်းတွေ ရောစွက်တဲ့ ဗဟုသုတရော ဆေးပေါင်းခပါရခဲ့ပါတယ်။

နောက်တစ်ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ညမှာတော့ တောင်ကြီးမြို့ရဲ့ မီးပုံးပျံပွဲတော်ကျင်းပရာ အဝေရာကွင်းကြီးထဲကိုရောက်ခဲ့ပါတယ်။ မောသွားတဲ့ မိုးစက်တို့ရဲ့နောက်ကနေ နှင်းစက်ဆက်ဆက်လာတဲ့ဆောင်းညချမ်းအစမှာပဲ စင်မြင့်ထက်က ဆုကြေညာသံတွေကို ကြားနေရပါတယ်။ ပရိသတ်များလွန်းလို့ စင်ရှိတဲ့ကွင်းရဲ့ တစ်ဖက်ထိပ်ကနေ မကြားတစ်ချက်ကြားတစ်ချက်အသံကို နားစွင့်ရင်း ခေးဝေးဝေးဝေးကြည့်နေ၊ နားစွင့်နေရည်မှာပဲ လင်းလင်းပွင့်ပွင့် ကြားသိရပြီး မှတ်မှတ်သားသားရှိနေခဲ့တဲ့ ဆုရအဖွဲ့ကတော့ -

"ညမီးကြီး : ပဌမဆုရရှိသည့် မြတ်နိုးသူဆောက်လုပ်ရေးမိသားစုမီးပုံးပျံအဖွဲ့ပဲ ဖြစ်ပါတယ်"

အဲဒီအဖွဲ့ကို ပိုပြီး အမှတ်ရစေတဲ့ သတင်းစကားတစ်ပုဒ်ရှိပါသေးတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ သတင်းစာတစ်ပုဒ်ပါ သတင်းစကားကတော့ -

၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတွင် ညမီးကြီးပဌမဆုရရှိသော မြတ်နိုးသူဆောက်လုပ်ရေးမိသားစု မီးပုံးပျံအဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီက တောင်ကြီးမြို့ စိန်တောင်တန်းခန်းမ၌ တောင်ကြီးမြို့နယ် ဓမ္မစကူးလ်နှင့် ရွှေတောင်တန်းဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း (အေးသာယာ)၊ ဓမ္မဝိဒူ အုပ်ဖိုဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း (ရတနာသီရိ) များသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကြီးမြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီဒါရိုက်တာ ဦးသန့်စင်က အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ တောင်ကြီးမြို့နယ် ဓမ္မစကူးလ်ရန်ပုံငွေ ကျပ်ခြောက်သိန်း၊ ရွှေတောင်တန်းဘုန်းတော်ကြီးသင်ပညာရေးနှင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း(အေးသာယာ)အတွက် ငွေကျပ်ခြောက်သိန်း၊ ဓမ္မဝိဒူ အုပ်ဖိုဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း(ရတနာသီရိ)အတွက် ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိ ကိုယ်စားလှယ်အသီးသီးတို့က လက်ခံရယူကြောင်း သိရပါသည်။

မြတ်နိုးသူ ဆောက်လုပ်ရေးမိသားစုမီးပုံးပျံအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတွင် ညမီးကြီးတစ်လုံး၊ စိန်နားပန်တစ်လုံး ဝင်ရောက် ယှဉ်ပြိုင်ရာတွင် ညမီးကြီးပြိုင်ပွဲတွင် ပဌမဆုငွေကျပ် (၂၅) သိန်းရရှိပြီး မီးပုံးပျံပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်မှ (၂) နှစ်ရှိပြီဖြစ်ကြောင်းသိရသည် ဆိုတာပါပဲ။

❑

ဘာဆိုအရှင်နှင့် ဒီတစ်ခေါက် ခရီးရောက်ခဲ့သမျှ မှတ်ခဲ့သမျှကတော့ ရေးပြပြီးခဲ့သလောက်ပါပဲ။ ဒီဆောင်းပါးအစမှာ ဆိုခဲ့ပြီးတဲ့ ငါးပါးသီလအလင်္ကာဖြင့် မိမိကမ်းဆင့်ဆက်သီခဲ့သမျှတို့ကို အဆုံးသတ်လိုက်ပါတယ်။

**❑ ငါးပါးသီလအလင်္ကာ ❑**

၁။ *အမိပတိ၊ မရှိဘက်လွတ်၊ သုံးလူထွတ်ကို၊ ကြည်ညွတ်ရှိသေ၊ ဦးထိပ်ဝေ၍၊ မြူတေဖြိုးမောက်၊ ပြည်တန်ကျော်ကတ်ထက်၊ ဝမ်းမြောက်စိတ်သန်၊ တင်မိဌာန်ပြီး၊ နိဗ္ဗာန်ညွတ်တယ်။ တရားမြတ်ကို၊ နဝရတ်ဂုဏ်တန်၊ ရွှေနားသန့်သို့၊ ဆင်ပန်ပြီးသော်၊ သဃ်ာတော်ကို၊ ပူဇော်ဆန်းကြယ်၊ ပုလဲသွယ်နည်း၊ တင့်တယ်ကျစ်လျစ်၊ လည်ဝယ်ရစ်မှ၊ ရှင်ချစ်ဘုရား၊ ဟောခဲ့ထားသား၊ ငါးပါးစည်းစီ၊ ပဥ္စသီကို၊ ကျင့်ညီသဖြင့်၊ ကောင်းပန်းပွင့်၏။ မကျင့်အလို၊ ယွင်းလိုသဖြင့်၊ အပြစ်နှင်ဟု၊ နိမ့်မြင့်ထင်ရှား၊ သူလေကျူးရင့်ကြွေးပိမ့်။ ။ နီးဝေးကြားစေကုန်သတည်း။*

၂။ *ပါဏာတိပါတ်၊ မသတ်ရှောင်ရှား၊ ကြည်သောအားကား၊ ရှည်လျားကာလ၊ ဘဝတိုင်သာ၊ အင်္ဂါကြီးငယ်၊ တင့်တယ်လုံးရပ်၊ စေ့စပ်အလွန်၊ ကောင်းမွန်လက်ခြေ၊ ဖဝါးမြေ၍၊ ချထွေးသိပ်သည်း၊ တကြံ့တည်းတည်း၊ ရှုလည်းရွှယ်၊ ဆင်းနိကာယ်နှင့်၊ စင်ကြယ်နူးညံ့၊ ရဲဝံ့တည်ကြည်၊ ကြီးသည်ခွန်အားစကားမြန်လျှင်၊ လူမြင်တိုင်းချစ်၊ မေတ္တာရစ်၏၊ နှစ်သက်သောကြောင့်၊ မနှောင့်မယှက်၊ မဖျက်မဆီးနိုင်၊ ဖြိုးခိုင်လှ္ဝလ၊ ထိုမှတစ်ခု၊ ညှဉ်းဆဲမှုဖြင့်၊ မစုမတေရ၊ များလှခြွေရွှေ အနေငြိမ်ဆိမ်၊ စိုးရိမ်ဝေးစွာ၊ လွန်ချမ်းသာလျက်၊ ရောဂါဘေးရိပ်၊ မနှိပ်မစက်၊ အသက်လည်းရှည်၊ ကြည်ကြည်[illegible] ချစ်သောသူနှင့်၊ အတူမကွေ၊ စံနေတို့ရဲ့ ဤသို့စကား၊ များလှတဲ့စွာ၊ ကျိုးရောက်ရာသည်။ ။ သဒ္ဒါပွားစေကုန်သတည်း။*

၃။ *ကျက်သရေလျှံလန်း၊ ယုဂန်နန်းက၊ နေဝန်းတက်သစ်၊ တိမ်ခြေလွတ်ရစ်၊ မညစ်မညူး၊ စက်ရှိန်မြူးသို့၊ ကျေးဇူးထွန်းပြောင်၊ ဤစာစောင်လည်း၊ အရောင်မမှိန်၊ ဝင်းဝင်းထိန်စိမ့်၊ အဒိန္နဒါန်၊ မလွန်နှလုံး၊ သတင်းသုံးက၊ အဆုံးမရှိ၊ ကြီးဘိစည်းစိမ်၊ ငြိမ်းချမ်းလှစွာ၊ ဥစ္စာများလှ၊ မရေသေးသား၊ စည်းစိမ်များလည်း၊ တိုးပွားရောက်နည်း၊ ရပြီးဥစ္စာ၊ မကွာမြဲမြံ၊ စိတ်ကြံလိုလျောက်၊ ချမ်းသာရောက်၏။ ရှုကြောက်ခန့်ညား၊ ရန်ငါးပါးလည်း၊ ရှောင်ရှားကင်းလွန်၊ မြတ်ထွတ်ဝန်၊ သူများအထံ၊ အဆက်ဆံကို၊ ပျော်စံပိုင်စိုး၊ သူတက်တိုး၍၊ ကံမိုးသာလွန်၊ မွန်မွန်ရည်ရည်၊ မရှိသည်ကို၊ မလည်နားပါး၊ မကြားမသိ၊ မထိဆင်းရဲ အမြဲသူခ၊ စံကုန်ရဟု၊ တေဇာမောက်မို၊ ငါးမာန်ဖြိုးလျှင်၊ သိသာချိအိန္၊ ကျော်အေးထိန့်သာ၊ အမိန့်တော်ထွက်၊ ထင်မြက်မြက်ကို၊ မပျက်မကျိုး၊ သဒ္ဒါနိုး၍။ ။ စောင့်ကြီးစားစေကုန်သတည်း။*

၄။ *အခါစည်းစီ၊ ဆယ့်နှစ်လီတွင်၊ ရာသီပြို့စွာ၊ လွန်သာယာလျက်၊ ရွှေဝါလျှံရဲ၊ ပန်းခဝဲလျှင်၊ အမြဲပွင့်တုန်း၊ တန်ဆောင်မုန်းဟူ၊ ချိန်ဆုံးရက်၊ နှင်းငွေမြူဖုံး၊ မဝေမှုန်းသား၊ ပုဏ္ဏမာဘွာ၊ ပြည့်သည့်လသို့၊ မွေ့ကျက်သရေ၊ ရွှန်းရွှန်းဝေစိမ့်၊ ကာမေသုအား၊ မပြစ်မှားခဲ့၊ တရားရှေးရှု၊ စောင့်ကြိုမှုကား၊ ရန်သူမျိုးကင်း၊ ထမင်းမလွတ်၊ အဝတ်အိပ်ရာ၊ လွယ်ကာခဏ၊ လိုတိုင်းရ၏။ အေးမြမေတ္တာ၊ သူတကာလည်း၊ ကြင်နာချစ်ရည်၊ စံစေလက္ခဏာ၊ မကွာမသွေ၊ ဣန္ဒြေနှင့်၊ လေးထွေပါယ်ရစ်၊ မကပ်မကျူ၊ မိန်းမဆန်၊ ကောင်းကျွန်ကောင်းဘုန်း၊ ထွက်မြောက်ရုန်း၍၊ နှုပုန်းပဏ္ဍုက်၊ ဆိုးယုတ်တဆစ်၊ မဖြစ်မကြုံ၊ မယုံမနှာ၊ သက်ာမလွှမ်း၊ ညာဏ်ခွဲမြမ်းလျက်၊ ငြိမ်းချမ်းစံရေး၊ မရှိဘေးတည်း၊ မဝေးချစ်သူ၊ အတူမကွာ၊ စံရရာဟု၊ များစွာဤသို့၊ ကျေးဇူးတို့ကို၊ နှစ်လိုရှင်[illegible]*



www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်ဖြောင့်သုံး၍။ ။ နှလုံးထားစေကုန်သတည်း။

၅။ ရန့်ပြည့်စုံ၊ မွှေးမွှေးထုံသာ၊ ပဒုမ္မာရင့်၊ နေကိုလင့်၍၊ ပွင့်လေသော်လား၊ သူတော်များတို့၊ တရားဟူလည်၊ နေရောင်ခြည်လျှင်၊ လျှံစည်တောက်ထွန်း၊ လင်းပြည့်နွန်းအံ့၊ တက်ရွှန်းပီတိ၊ ရွှင်ဘိသဒ္ဓါ၊ ပွင့်လုံးချာလော၊ မုသာဝါဒ၊ ကြည်ရေအသွင်၊ အာနိသင်ကား၊ သန့်စင်ပြစ်ပြေ၊ ကုန္ဒြေလည်း၊ မသွေမလွတ်၊ ညီညွတ်သဏ္ဌာန်၊ ငါးကြန်စုံရောက်၊ ရွှေတိုင်ဆောက်သို့၊ ပြစ်ခြောက်မည်ရှား၊ ညီတရားဖြင့်၊ စကားကောင်းတတ်၊ ပရိသတ်လည်း၊ ယုံမှတ်ကိုးကွယ်၊ ကြာနွယ်သင်းပျံ့၊ ခံတွင်းနံ့နှင့်၊ နူးညံ့မျက်နှာ၊ နှုတ်ခမ်းလျှာလည်း၊ ရွှေကြာညိုချပ်၊ ပွင့်မုံလတ်သို့၊ မလျှပ်မပေါ၊ ဖြောင့်တော်သဖြင့်၊ မပျံ့လွင့်တည်၊ သည်နှင့်မရပ်၊ ကျိုးပေးအပ်ဟု၊ စောသဗ္ဗညု၊ သုံးလူ့ဆံကျင်၊ ထွတ်ထုံးတင်၏၊ သွန်သင်မိန့်မှာ၊ ရှိသေစွာရန်။ ။ ကောင်းရာလားစေကုန်သတည်း။

၆။ ကမ္ဘာတည်သစ်၊ အမိုက်ဖြစ်၍၊ နှမ်းညစ်ဆာပူ၊ ရှေးဦးသူတို့၊ ဆုယူကုန်ကြမျှော်၊ တောင့်တသော်၊ နေလနှင်းပွင့်၊ မှောင်ကိုလွင့်မှ၊ ကံမြင့်ကြည်လင်၊ နှလုံးရွှင်သို့၊ အောင်မင်္ဂလာ၊ ဝမ်းမြောက်သာစိမ့်၊ သူရာမေရိယ၊ ကြဉ်ရကျိုးမြတ်၊ အတ္တပွတ်မူ၊ နာဂတ်ပစ္စုပ္ပန်၊ ဤနှစ်တန်၌၊ ပြုရန်ကိစ္စ၊ သိလွယ်လှ၏။ ကာလခပ်သိမ်း၊ မတိမ်းမှန်ဘိ၊ တည်မှတ်မိလျက်၊ ရှိသည့်ပညာ၊ လိမ္မာအထူး၊ မရူးမသွပ်၊ မလျှပ်ပေါ်ခြင်း၊ အဖြင့်မရှိ မယိမယို၊ မမှိုမမှုန်၊ မထုံမအာ၊ မဝမယစ်၊ အပြစ်မတွေ့၊ မမေ့မလျော့၊ မကြော့မကြမ်း၊ မသွမ်းမလေ၊ မတွေဝေတည့်၊ ကောင်းထွေနိမိတ်၊ မထိတ်မလန့်၊ မကန့်သက်၊ နှစ်ဖြာမခြား၊ စကားတစ်ခွန်း၊ တည်လွန်းမှန်မော၊ မချောမပျစ်၊ ကျစ်လျစ်မွန်ရည်၊ သာကြည်ဩဇ၊ ရှေးကပြုဖူး၊ သူကျေးဇူးကို၊ မမြူမထိမ်၊ မွေ့သိမ်ကြည်ညို၊ ဝန်မတိုတည့်၊ ကုသိုလ်ဖြစ်က၊ အားရဝမ်းမြောက်၊ ကြောက်ကြောက်ရှက်ရှက်၊ တည်ငြိမ်သက်၏။ အမျက်မများ၊ ဖြောင့်သားကြည်ဖြူ၊ အယူအငင်း၊ အမြင်လဲသံ၊ အကြံအစည်၊ လည်လည်ပတ်ပတ်၊ မှတ်မှတ်သားသား၊ စီးပွားရှိသည်၊ မရှိသည်၌၊ ဖွေနည်ပြီးတိုင်၊ ဆင်ခြင်နိုင်၏။ ပျံ့လှိုင်မွှေးစွာ၊ ကျင့်သီလကို၊ တည်ပစေ့ငု၊ နှလုံးပြု၍။။ ကောင်းမှုများစေကုန်သတည်း။

၇။ မင်္ဂလာညွန့်ဖူး၊ ကမ္ဘာဦးက၊ အထူးသဖြင့်၊ ကြီးမြင့်ပေါ်ထင်၊ ရွှေကြာပင်လည်း၊ အောင်မြင်နိမိတ်၊ မြတ်သောဟိတ်ဖြင့်၊ တိတ်ကောင်းလှစွာ၊ ငါးခိုင်ဖြာ၍ ရောင်ဝါထူးဆန်း၊ ရွှေသက်နှမ်းနှင့်၊ လန်းလန်းလှတင့်၊ ငါးပွင့်ပွင့်သို့၊ ကောင်းကျင့်မြတ်ညီ၊ ပဥ္စသီလ၊ စောင့်ထိန်းရသား၊ ငါးပါးအကျိုး၊ ကျမ်းရိုးအရ၊ ရုံး၍ပြပိမ့်၊ ဘဝမျက်မှောက်၊ မပျောက်မကွာ၊ သံသရာ၌၊ ဥစ္စာစည်းစိမ်၊ ချမ်းငြိမ်ရွှင်ပြုံး၊ နှလုံးမထိတ်၊ တည်သောစိတ်ဖြင့်၊ တိရစ္ဆာန်ညစ်၊ မဖြစ်လေဘဲ၊ ငရဲမလား၊ မှတ်ရှားလှစွာ၊ ပြိတ္တာ၏ဘုံ၊ မကြုံဇာတိ၊ မငြိမတွယ်၊ သူရကာယ်ဝင်၊ ကင်းလွတ်ကျူးကျော်၊ လူဖြစ်သော်လည်း၊ သူတော်သူမြတ်၊ နတ်ဖြစ်လျှင်လည်း၊ နတ်တွင်နတ်လွန်၊ အဆုံးစွန်လည်း၊ ဇကာဇ်းမွန်သီးသန့်၊ မလှုပ်နန့်သား၊ နိဗ္ဗာန်ကျေးဇူး၊ ချမ်းသာထူးကို၊ စူးစူးထုတ်ချောက်၊ ဧကန်ရောက်ဟု၊ ဝမ်းမြောက်ရွှင်ခြင်း၊ သဒ္ဓါပြင်း၍။ ။မယွင်းပွားစေကုန်တည်း။

၈။ ပျံ့မွှေးသင့်လှိုင်၊ တကြိုင်ကြိုင်နှင့်၊ ငါးခိုင်ညွန့်လန်း၊ သီလပန်းကို၊ မြတ်မှန်းသိသိ၊ ပန်ဆင်မိ၍၊ ညီးညီးပြောင်ပြောင်၊ ရွှေတန်ဆောင်သို့၊ ဂုဏ်ရောင်ကွန့်မြူး၊ ဖြစ်လေဖူးသား၊ အထူးသက်သေ၊ ပြည့်နွန်းပေအံ့၊ စေတနာဇော၊ ပီတိပြောစိမ့်၊ အနောမဒဿီ၊ လျှော်ညီထင်ရှား၊ မြတ်ဘုရားလျှင်၊ လေးပါးသစ္စာ၊ ပွင့်သောခါ၌၊ ကြမှာ (ချွတ်လွှဲကောင်း) ခိုးဝှဲ၍၊ ဆင်းရဲသောလျောက်၊ သူတစ်ယောက်သည်၊ သူ့အောက်ကျိုးနွံ၊ သူ့အထံဝယ်၊ စေခံခစား၊ သူရင်းငှားစစ်၊ ဖြစ်လေသည်နှင့်၊ ရွှန်းရွှန်းပွင့်သား၊ ရှင်ပင်သာသနာ၊ ကြိမ်ငြားပါလည်း၊ သမ္မာသမ္ဗုဒ္ဓ၊ ဘုရားမွေနှစ်၊ မခံဖြစ်ခဲ့၊ စင်စစ်ဖွေရှာ၊ လူခြင်းရာကို၊ စာနာတွေးဆ၊ သံဝေဂဖြင့်၊ ဘုရားတပည့်၊ ကျေးဇူးပြည့်သား၊ မထည့်ထံပါး၊ ချဉ်းဝပ်တွားလျက်၊ ငါးပါးဖြူလွှ၊ မြတ်သီလကို၊ နိစ္စမိဌာန်၊ တစ်သက်ပန်တည်၊ တစ်တန်ထို့မှ၊ ဘဝတစ်သီး၊ ပြောင်းကာနီးသော်၊ ကြီးသည်ကောင်းမှု၊ အာနုဘော်အား၊ နတ်အများတို့၊ ရထားပြိုးပြောင်၊ မြင်းတစ်ထောင်နှင့်၊ တင်ဆောင်လေ က၊ နတ်ရွာကျ၍၊ သိကြားစည်းစိမ်၊ ဘုံနန်းအိမ်၌၊ 'အကြိမ်သုံးဆယ်၊ ထိုကကွယ်လျှင်၊ အံ့ဖွယ်ထူးစွာ၊ ကြိုးတေဇနှင့်၊ စကြာမင်းဖြစ်၊ ခုနစ်ဆယ့်ငါး၊ စံစားတစ်လှစ်၊ ဧကရာဇ်နှင့်၊ ဘုန်းသစ်လျှံဝေ၊ ပဒေသရာဇ်၊ အဖြစ်ဖြစ်ကို၊ တစ်နှစ်သချာ၊ မဖွဲ့သာတည့်၊ များစွာဤသို့၊ စံခဲ့ပြီးမှ၊ ငါတို့ဘုန်းခေါင်၊ မြတ်ရွှေညောင်၌၊ အောင်မင်္ဂလာ၊ ပွင့်သောအခါတွင်၊ ရာဇဌာနီ၊ ဝေသာလီဝယ်၊ ပည်းသိလောက်လွှေ့၊ ဥစ္စာကြွေ့သား၊ သဌေးနွယ်မြစ်၊ အမျိုးဖြစ်၍၊ မိချစ်မွေးဖ၊ ဉာတကာတို့၊ သီလဆောက်တည်၊ ကျင့်ကြသည်ကို၊ ကျင်လည်ရှေးက၊ ဝါသနကြောင့်၊ ကြားရမြင်သိ၊ ဆင်ခြင်မိ၍၊ သတိမပျက်၊ ခုနစ်သက်က၊ ရမွက်ကုန်ခန်း၊ ကြီးတုန်းတန်းနှင့်၊ ရဟန္တာစစ်၊ ချက်ချင်းဖြစ်သော်၊ ပွင့်လစ်ရှေးဇာတ်၊ ပရိသတ်ကို၊ ပုဒ်ပါဠိပြေချော၊ တရားဟောက၊ ရွှင်မောကြည်လင်၊ ကောင်းကျိုးထင်၏။ သီလမြတ်ကြောင့်၊ မပြတ်ဆက်တိုင်း၊ အလှိုင်းကြီးကြီး၊ စံခဲ့ပြီးမှ၊ ရန်မီးငြိမ်းရာ၊ ခေမာပြည်ငြိမ်း၊ ရောက်နိုင်စွမ်းဟု၊ ချီးမွမ်းဩဇ၊ ဇာဒိတ်ရရှင့်၊ သီလဂုဏ်ဝန်၊ ထိုထေရ်မွန်သို့။ ။တံခွန်လွှားစေကုန်သတည်း။

၉။ စောင့်လျှင်အထူး၊ ကျေးဇူးများကြောင့်၊ ဆိုပြီးနှောင်းမှ၊ တိမ်းစောင်းကျူးလွန်၊ အပြစ်ဝန်ကို၊ ပြည့်နွန်ခွဲခြမ်း။ သင့်ရုံစွမ်းအား၊ ဖွဲ့လမ်းအာရုံ၊ ရွှေကြေးမုံသို့၊ စံပုံတရှည့်၊ မပြတ်ကြည့်စမ့်၊ သူ၏အသက်၊ ကျေပျောက်ပျက်အောင်၊ နှိပ်စက်သတ်ညှစ်၊ ပြုသောပြစ်ကား၊ ညောင်ညစ်ပူပန်၊ ငရဲထံ၌၊ တပြန်ပြောင်းပြောင်း၊ ကာလညောင်းလျက်၊ ကျဉ်းမြောင်းစွာလှ၊ ဒုက္ခတမှု၊ အဆသင့်လျော်၊ လွတ်ပါသော်လည်း၊ နံစော်ညှီပုပ်၊ အရုပ်မလှ၊ မဝအစာ၊ မွတ်ရှားစွာသား၊ ပြိတ္တာပိုးမွှား၊ ကျွတ်မျှောငါးနှင့်၊ နဂါးမြင်းဆင်၊ သမင်စိုင်ဆတ်၊ ပဒတ်ဝက်ရဲ၊ နွားကျွဲမြွေခွေး၊ အိမ်ခွေးယုတ်ညစ်၊ အပြစ်များစွာ၊ ငါးရာစီချည်း ဖြစ်သတည်းဟု၊ ရှင်နည်းဘုန်းတူ၊ ဟောတော်မူရှင့်၊ ကြည်ဖြူစုံမက်၊ သူ့အသက်ကို၊ ကိုယ့်သက်ပမာ၊ ချစ်ကြင်နာရန် ။ ။ မေတ္တာကဲစေကုန်သတည်း။

၁၀။ ပမာဆိုဖွယ်၊ သစ်သီးဝယ်၌၊ နုနယ်လှတင့်၊ အပွင့်အကင်း၊ ယင်းကာမှသည်၊ နေ့ရက်ရှည်သော်၊ အရည်တက်ရွှမ်း၊ ဖိတ်ဖိတ်လျှမ်း၍၊ အရွှမ်းအပြင်၊ ဝင်းဝင့်ဝါဝါ၊ အညာကြွေလို၊ ဩဇာချိုသို့၊ ကုသိုလ်မှာလည်း။ ထို၏နည်းလျှင်၊ ဆည်းပူးဖွေရှာ၊ ရွှေရွှေသာတည်း၊ သမ္မာရင့်မှည့်၊ တရားပြည့်စိမ့်၊ သူ၏ဥစ္စာ၊ ချမ်းသာစီးပွား၊ သူ့ခမ်းနားကို၊ ပြစ်မှားကွယ်ဝှက်၊ ပြုသည်ချက်ကား၊ ကြောက်မက်ဖွယ်ကြီး၊ ငရဲမီးတွင်၊ လောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပြန်၊ အဖန်ဖန်တည့်၊ အလွန်ရှည်လျား၍ ခံပြီးငြားမှ၊ ကံအားလျော်စွာ၊ လူဖြစ်ပါလည်း၊ ဥစ္စာပစ္စည်း၊ ခွန်နည်းသိမ်ဖျင်း၊ ဆင်းဆင်းရဲရဲ၊ သမ်းမဲန္တမ်းညှိုး၊ ဆွေမျိုးမနီး၊ အထီးကြွင်းကျန်၊ သူ့ကျွန်သူ့ကျေး၊ မလေးစားလောက်၊ သူ့လက်အောက်၌၊ သူပေါက်သူတက်၊ ကြောက်ရွတ်လန့်ထိတ်၊ သူ့ရိက္ခာစား၊ သူ့ထံခိုဝယ်၊ ဝပ်တွားသေခွေ၊ သူ့ခြေသူ့ရုံ၊ သူ့စေခံ၍၊ စီမံတိုင်းလုပ်၊ ငယ်စရှုပ်ဖြင့်၊ လက်သုပ်အပစ်၊ မနှစ်မသိမ့်၊ နိမ့်နိမ့်ကျကျ၊ မလှရုပ်ဝါ၊ ဖျာနာဘေးဒဏ်၊ ရန်မာန်များစွာ၊ ဤဒေါသကြောင့်၊ ပရတိတ၊ သူ့မနေကို၊ အတ္တဟိတာ၊ ကိုယ့်ဥစ္စာသို့၊ စာနာနှစ်လို၊ မလျှိုမဝှက်၊ မဖျက်ဆီးထိုက်၊ မုန်ပြင်းအိုက်သား၊ အမိုက်လောဘ၊ စိတ်နာဂကို၊ သမ္မပညာ၊ ချွန်းအုပ်ကာ၍။ ။ မြစ်ထားလွဲစေကုန်သတည်း။

၁၁။ မြတ်စွာဘုရား၊ လူအများကို၊ သနားသောအား၊ ဖန်စိတ်ဖြားရန်၊ တရားမျှော်ရှု၊ ဆုံးမပြုသား၊ အနုသာသနေ၊ မြရိုသေလျက်၊ မသွေမလှည့်၊ သဘောတည်စိမ့်၊ သူ၏သက်ထား၊ သူ့မယားနှင့် ပိုင်းကားအုပ်ထိန်း၊ မိန်းမနှစ်ဆယ်၊ များထိုဝယ်၌၊ အကယ်၍တိမ်းလျှောက်မိသော်၊ လှုံညီးပြောင်ပြောင်၊ ငရဲဘောင်တွင်၊ တောက်လောင်ဖန်လဲ၊ ဆင်းရဲပေ့ါရယ်၊ ကာလကြွယ်အောင်၊ တိုးတွယ်ရာမှဲ၊ နစ်ပြီးခဲ့မှ၊ ရေဝဲ့အဟန်၊ ခေါက်ပြန်တစ်လှစ်၊ လူပင်ဖြစ်လည်း၊ တံညစ်ဆောင်ပို့၊ အင်္ဂချို့စွာလှ၊ မိန်းမဖြစ်ယုတ်၊ ပဏ္ဍုတ်နပုန်း၊ ရှေးဘုန်းဖျင်းသိမ်၊ တိမ်တိမ်မြုပ်မြုပ်၊ စက်ဆုပ်စရာ၊ နှံ့ရှာစဖွယ်၊ မျိုးနွယ်စဝေ၊ မရေတွက်ကောင်း၊ ဖြစ်ရရှောင်းခဲ့၊ အကြောင်းအရေး မျှော်ထောက်တွေး၍၊ ဆေးလေးတရား၊ ယောက်ျား မိန်းမဟူသမျှတို့၊ သူများကျွမ်းဝင်၊ သူ့လင်တစ်ပါး၊ သူ့မယားကို၊ အလားအလာ၊ ခွင့်လမ်းသာလည်း၊ ညာဆိုပိတ်၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ အနေမလှ၊ ဘီလူးမသို့၊ စိတ်ကထင်မှန်း၊ မစွန်းငြိရာ၊ ရှောင်ကြဉ်ညှာ၍။ ။ပြစ်ဆာဖဲစေကုန်သတည်း။

၁၂။ ရွှေငွေမြဖန်၊ ရောင်လေးတန်နှင့်၊ အလွန်ကြီးကျယ်၊ လေးကျွန်းသယ်၌ နန်းဖွယ်တုကျွန်း၊ မြင်းမိုရ်ထွန်းသို့ သွန်းသွန်းခိုင်ကျည်၊ တရားတည်စိမ့်၊ တွေ့လည်ဆန်းပြား၊ စကားမမှန်၊ သုံးသည့်ဒဏ်ကား၊ ပြင်းထန်ရောင်ဟုန်၊ ငရဲဘုံတွင်၊ များပုံတာရှည်၊ ခံပြီးသည်မှ၊ လူ့ပြည်တစ်တန်၊ ဖြစ်လာပြန်သည်၊ ဉာဏ်နည်းခေါင်းပါး၊ တရားမသိ၊ ဒိဋ္ဌိမိစ္ဆာ၊ ဝါဒဆိုးယုတ်၊ လေးဂါဝုတ်မျှ၊ နှုတ်ခမ်းတွင်းနံ့၊ မဆံ့ပုပ်နံ၊ နာခံစိမ့်သော၊ သူ့ကိုပြောလည်း၊ သဘောမကျ၊ ဩဇပေ့ါပျက်၊ လွဲ့လက်သွေဖည်၊ မတည်မယူ၊ သူမယုံကြည်၊ ကိုကသည်လည်း၊ တည့်မလေအောင်၊ မဆောင်စွမ်းနိုင်၊ ပျက်ခေါင်တိုင်၏၊ ပြည့်လှိုင်အပြစ်၊ ဤသို့ဖြစ်၍၊ လိမ့်လစ်ကွေးကောက်၊ မတောက်ပြန်ရာ၊ ရှေးလောင်းလျာသို့၊ သစ္စာဖြောင့်တော်၊ အာနုဘော်ကြောင့်၊ ခဲလှော်သေဖွယ်၊ အပြောကျယ်သား၊ ပင်လယ်ဝဲချာ၊ ဇလဝါမှ၊ အညာဆန်ဘူး မြားဆိပ်မူးလည်း၊ ကျေးဌူးကျိုးစက်၊ အသက်ချမ်းသာ၊ ဤကိုစာရန်။ ။ သစ္စာမြဲစေကုန်သတည်း။

၁၃။ ရာဇဌာနီ၊ ပြည်သိင်္ဂီ၌၊ နာရီလှည့်ပတ်၊ အထိမ်းမှတ်ဖြင့်၊ မပြတ်လျှောက်ဆို၊ သိစေလို၍၊ ပဟိုရ်စည်ကြီး၊ ပိုင်းခြားတီးသို့၊ စံမှီထူးလည်း၊ တရားစည်ကို၊ သံရှည်ချီးပ၊ အများကိုယ်အကျိုး၊ ရွှမ်းဆော်နိုးပိမ့်၊ ယစ်မျိုးမှိုင်းဝေ၊ အရက်သေကို၊ သုံးလေသည့်သူ၊ အပြစ်မူကား၊ လောင်ပူဆာလှိုက်၊ ငရဲ၌လျှင်၊ ဦးစိုက်မတ်တတ်၊ ဆည်ခတ်လျှိုးခတ်၊ ပက်လက်မှောက်ခုံ၊ တစ်စုံမွှားမွှား၊ ကာလလျားအောင်၊ သနားမဲ့တွန်၊ ခံပြီးလွန်မှ၊ တက်ချွန်တစ်ထူး၊ ဆင်းရဲကျူးသား၊ ဘီလူးသဘက်၊ ခွေးဝက်ဖြစ်ပြန်၊ အဖန်ငါးရာ၊ သူ့ရူးမှာကား၊ သချာဘယ်လောက်၊ ရွှေးကောက်မပော၊ အနန္တောတည့်၊ ကြောက်မောစရာ၊ ဤပြစ်ဆာကြောင့်၊ ပမာပမည်း၊ နိဿရည်းမူ၊ ဖြုတ်ချည်းမျိုးတည့်၊ အူသည်းပြည့်သား၊ ဆိပ်ရည်အလား၊ မှတ်သားသေချာ၊ နှလုံးနာ၍ ။ ။ ပစ်ခွာလွဲစေကုန်သတည်း။

၁၄။ သရေတက်ရွှန်း၊ နောက်နောက်ထွန်းအောင်၊ မော်ကွန်းသရုပ်၊ နိဒါန်းအုပ်ပိမ့်၊ ပတ်ချုပ်ရစ်ဌာန်၊ သိကြားဖန်သို့၊ ပန်းမန်လန်းလန်း၊ အုန်းထန်းဝေဝေ၊ သစ်ပေရွှန်းရွှန်း၊ သော်ကျွန်းပေါ်ပေါ်၊ စင်ရော်ဝဲဝဲ၊ ဝမ်းဘဲငြာငြာ၊ ဟသ်ာကြွေးကြွေး၊ မြစ်ထွေးသောင်းသောင်း၊ ဥဒေါင်းပျော်မြူး၊ ခေါ်ထူးတွန်တွန်၊ ယောဝန်ဟန်ဟန်၊ ကန်လည်းကျင်းကျင်း၊ အင်းလည်းရန်သွယ်၊ လက်လည်းစီးလျက်၊ ဥယျာဉ်ပတ်ရစ်၊ မြစ်လည်းဝမ်းမြောင်၊ တောင်လည်းစိုက်ကွင်း၊ မြို့ရွှေပင်းက၊ အခင်းအလျှောက်မြို့ရောစ် စောကဲသို့၊ လာရောက်သည်တွင်၊ သို့စဉ်သတ္တိ၊ ဉာဏ်ရည်ရှိလျှင်၊ ကဝိထူးခြား၊ ချီးဖွယ်များသား၊ မင်းသားတစ်ဦး၊ ညွှတ်နူးကြည်ညို၊ တောင်းပံန်ဆိုငြား၊ ကြည်ညိုပွား၍၊ မှတ်သားစေကြောင်း၊ လူအပေါင်းတို့၊ ကျင့်ရာဖို့လျှင်၊ ဤပျို့သာရ၊ ပသင်္ဂသည်၊ ဘဝအဆုံး၊ ပေါင်းရုံမွေ့စွာ၊ ဘုံယာဒယ၊ ပိုက်အရတွင်၊ အချနှစ်နည်း၊ အညီချည်းလျှင်၊ ကမ္ဘည်းချီငေါ်၊ ပြီးသည်သော်မူ၊ တောင်ပေါ်တရာ၊ စွားသာငါးဆယ်၊ ခြောက်ခုဝယ်တွင်၊ တိမ်လယ်မိုးလတ်၊ နက္ခတ်ဖုသျှ၊ ဇိမာန်လှနှင့်၊ ညီကြဖြောင့်တန်း၊ နှုတ်ကရုန်းလျက်၊ နွယ်ပန်းခွာညို၊ မြရောင်စိုသား၊ ပြာသိုလတွင်း၊ ငါးရက်ကြွင်းသား၊ သနင်းဘုံပော့၊ ပြည့်သည့်နေ့၌၊ အောင်မြေပြစ်ပြေ၊ လင်္ဂစနေနှင့်၊ မကွေမခြား၊ အမျိုးသားတို့၊ တရားညီမျှ၊ သီလဖြောင့်ဖြောင့်၊ စောင့်စေသတည်း၊ ဆည်းပူးထိပ်မိ၊ ဤကုသိုလ်ကြောင့်၊ မဂ်ဖိုလ်ရှစ်တန်၊ နိဗ္ဗာန်ပြည်ကြီး၊ ပျော်မငြီးကို၊ ခရီးမထောင့်၊ ဖြောင့်စေသတည်း၊ ကွမ်းတည့်၍စာ၊ ပြုကျိုးမှာကား၊ များစွာသတ္တ၊ ဝေနေယျတို့၊ ရစေကောင်းမူ၊ ဖို့ဝေပြု၏။ နမောဒနာ၊ ရွှင်ဝမ်းသာ၍။။ ဟစ်ညာသဲစေကုန်သတည်း။

ဒီစာကို ပြုစုတဲ့ပုဂ္ဂိုလ်ကိုလည်း ဘယ်သူလို့မသိရဘူး။ ဒီစာထဲက မင်းသားဆိုတာဘယ်သူဖြစ်လေမလဲလို့လည်းမသိရဘူး။ လက်ာရဲ့ရက်စွဲက ၉၊ ဇန်နဝါရီ ၁၇၉၅ ဖြစ်လို့ ပင်းတယမှာ ၁၇၈၃ က ၁၇၉၆ အထိ အုပ်ချုပ်ခဲ့တဲ့ မောင်ရွှေဘွင့်များဖြစ်နေလေမလားလို့ မှန်းဆမိပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် အများသတ္တဝါအကျိုးရှိဖို့ စာတစ်ပုဒ်တော့ ပင်းတယနေရာမှာ ရေးသားစပ်ဆိုမိဖူးတာကို နှောင်းလူတွေ မှတ်သားစရာဖြစ်ပါတယ်လို့ ဆိုစကားပြုရင်းဖြင့်. . ။

ကိုရွှေမြသန်း (သမိုင်း)

**ကျမ်းကိုး -**

၁။ အုံ့ဖွယ်ကိုးဂုဏ်ထေရ်ကုံလုံ
ဦးအောင်မြင့်ထွန်း (B.Ag)၊
ဦးမြင့်အောင် (B.E,Mech)

၂။ ပင်းဒယ၊ ရွှေဥမင်စေတီနှင့် ပင်းဒယဂူသမိုင်း
ဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခ) နှင့် သိန်းသန်းထွန်း

၃။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာတွေ့ရှိချက်များ

www.burmeseclassic.com

## ကြူင်ကြူင် (ပညာရေး)

# အားကိုးရာအစစ်က ဓမ္မ

လောကတစ်ခွင်လုံး ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးသည် အထွတ်မြတ်ဆုံးဖြစ်သည်။ ထိုရတနာသုံးပါးထက် မြင့်မြတ်သော အရာ ဘာမှမရှိပါ။ မိမိသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပါသည်။ နေ့စဉ် ဘုရားရှိခိုး၊ ဆီမီး၊ ရေချမ်းကပ်ရုံလောက်သာ အာရုံထားပါသည်။ ဘွဲ့ရပြီး လုပ်ငန်းခွင်ရောက်မှသာ ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်ရန်ကြိုးစားရသည်။

မိမိသည် စာပေရေးသားခြင်းလည်း မကျွမ်းကျင်ပါ။ ဝါသနာရှိသော်လည်း မရေးတတ်ပါ။ စာဖတ်တော့ အလွန်ဝါသနာပါသည်။ မိမိ၏မိဘများသည် မင်္ဂလာဒုံဈေးကြီးတွင် အထည်ဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများနှင့် စီးပွားရေးအသင့်အတင့်ရှိသူများ ဖြစ်သည်။ ညီအစ်ကိုမောင်နှမများလည်း မိမိအပါအဝင် ဘွဲ့ရပညာတတ်များဖြစ်ကြပါသည်။ ခင်ပွန်းသည်ဘက်မှလည်း အသေးစား လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး သူ၏ ညီအစ်ကိုများမှာလည်း ဆရာဝန်၊ ဒုရဲအုပ် စသည်တို့ ဖြစ်ကြပါသည်။

နှစ်ဖက်စလုံးမှ အခြေခံကောင်းသော မိဘမျိုးရိုးများမှဆင်းသက်ခဲ့သော်လည်း နှစ်ဖက်လုံးမှမိဘများ ကွယ်လွန်ကြပြီး အိမ်ထောင်အသီးသီးနှင့်ဖြစ်လာသောအခါ လောကဓံ (ဆိုးမွေ) နှင့်ကြုံတွေ့ရပါသည်။ ဘဝမုန်တိုင်းထန်လာသောအခါ တွယ်ရာမဲ့ကူရာမဲ့အဖြစ်များနှင့် ကြုံတွေ့ရပါသည်။ ထိုအခါတွင် လမ်းမှားကို ရွေးချယ်မိပြီး စီးပွားရေး ပျက်ခဲ့ပါသည်။ အချိန်မီ ရတနာမြတ်သုံးပါးနှင့် မြတ်သံဃာကို ဆည်းကပ်ပူဇော်ခဲ့သဖြင့် အေးချမ်းသာယာသော ဘဝကိုရရှိခဲ့ပါသည်။ ဘဝမုန်တိုင်းအတွင်း ကျရောက်နေသူများ ဤစာကို ဖတ်မိသိရှိပြီး အားကိုးရာ ဓမ္မအစစ်ကို သိမြင်စေဖို့ ရည်ရွယ် ရေးသားခြင်းသာ ဖြစ်ပါသည်။



မိမိသည် အလယ်တန်းပြဆရာမ တစ်ဦး ဖြစ်ပါသည်။ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားသောအခါ ညီအစ်ကိုမောင်နှမများသည် အသီးသီးအိမ်ခွဲသွားသဖြင့် မိမိခင်ပွန်းနှင့် (၂) နှစ်အရွယ် သမီးကလေးသာကျန်ရစ်သည်။ မိဘများ၏အိမ်သည် ပေ (၁၀၀) ပတ်လည် ခြံဝင်းအတွင်း တည်ဆောက်ထားသော ပေငါးဆယ်၊ခုနစ်ဆယ်သွပ်မိုးပျဉ်ထောင် အိမ်ကြီးဖြစ်ပါသည်။ ခင်ပွန်းသည်က အင်းတိုင် COD တပ်မှ လက်ထောက် တပ်စာရင်းကိုင် (အရပ်သားဝန်ထမ်း) အဖြစ် တာဝန်ထမ်းဆောင်ပါသည်။

လောကဓံအလှည့်အပြောင်းတွင် ခင်ပွန်းသည်နယ်သို့ပြောင်းရွှေ့မိန့်ဖြင့် ပြောင်းရပါသည်။ အလွန်ခေါင်သော နယ်ဖြစ်သဖြင့် ငှက်ဖျားရောဂါရရှိခဲ့ပါသည်။ ထိုသို့သော လောကဓံအလှည့် အပြောင်းကာလတွင် ခင်ပွန်းသည် သည် အလုပ်မှထွက်ပြီး စိတ်ဓာတ်ကျနေချိန်လည်း ဖြစ်ပါသည်။ မိမိသည် အိမ်နှင့်ခြံကိုလည်း မက်မောသည့်စိတ်မရှိဘဲ မောင်အငယ်ဆုံးတိုနေစေပြီး ခင်ပွန်းသည်၏မိဘများရှိရာ မြောက်ဥက္ကလာပသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ မိမိတာဝန်ကျနေသည့် ကျောင်းမှလည်း ပြောင်းရွှေ့ခဲ့ပါသည်။

မိုက်မဲလှသည်မှာ ကိုယ့်အပြင်မရှိတော့ပါ။ လက်ရှိနေထိုင်ရာအိမ်ကိုစွန့်ခွာပြီး ခင်ပွန်းရှိရာ ပြောင်းရွှေ့ခဲ့သည့် ရလဒ်သည် လူများပြီး အိမ်ကျဉ်းသည့် မြို့သစ်တို့၏ လူနေမှုစနစ်နှင့် အံမဝင်ခွင်မကျအဖြစ် စတင်ကြုံတွေ့ရပါတော့သည်။

မိမိတို့မိသားစုအနေဖြင့် သီးသန့်ခွဲ၍ အိမ်ငှားနေလိုက်သည်။ ခင်ပွန်းသည် အခြားအလုပ်များပြောင်းရွှေ့ လုပ်ကိုင်သော်လည်း အဆင်မပြေပါ။ ထိုစဉ်က လစာကလည်းနည်း၊ အိမ်ငှားခလည်း ခြောက်လတစ်ခါ စာချုပ်ချုပ်နေရသည်။ မူလအိမ်ပြန်သည်နေဖို့ဆိုပြန်တော့လည်း အစ်မအကြီးဆုံးမှ သိမ်းယူပြီး မောင်ငယ်တစ်ဦးတည်းကိုသာနေစေသည်။ အိမ်ပေါ်သို့ ပြန်နေခွင့်မပြုပါ။ အကြောင်းပြချက်ကတော့ သူတို့သည် ကိုယ်ပိုင်အိမ်နှင့်ရအောင်နေနိုင်သည်။ မိမိတို့လည်း ကိုယ်ပိုင်အိမ်နှင့်နေနိုင်အောင် ကြိုးစားသင့်သည်။ မောင်အငယ်ဆုံးအားပေးရန် လျာထားသည်ဟု ဆိုသည်။

မိမိသည် ငိုကြွေး၍ မျက်ရည်နှင့်သာ အရှုံးပေးခဲ့ပါသည်။ (ယခုခေတ်လူအချို့ကဲ့သို့ တရားစွဲဆိုရန် စိုးစဉ်းမျှစိတ်ကူးမရှိခဲ့ပါ။) ကျောင်းဆရာမအလုပ်တစ်ဖက်နှင့် အပြင်အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ လုပ်ရသည်က ကျောင်းတစ်ဖက်နှင့်မို့ အဝတ်အထည်ကလေးများ သူငယ်ချင်းအချို့နှင့်စပ်၍ ရွှေတိုရွှေစ၊ လက်ဝတ်လက်စားအသေးစားလေးများအကြွေးရောင်းလပေးရောင်း စသည်တို့ကို ပြုလုပ်မိသည်။ ရသည်လည်းရှိသည်။ ရှုံးသည်



www.burmeseclassic.com

www.burmeseclassic.com

ဆည်းရှိသည်။ အမိက မိမိသည် ဆွေမျိုးသားချင်း၏ အကူအညီလည်း မရ၊ စားဝတ်နေရေးလည်း အမှန်တကယ် ခက်ခဲလာသောအခါ အလွန်အမင်း ချမ်းသာချင်စိတ်၊ မခံချင်စိတ်များက မိမိစိတ်ကို နေ့စဉ်နှင့်အမျှ ဖုံးလွှမ်းလာသည်။ အရောင်းအဝယ်လုပ်ငန်းသည်သာ ချမ်းသာနိုင်သည်ဟု ယူဆလာသည်။ လုပ်ငန်းဆိုင်ရာ ကုန်သည်အချို့နှင့်ပူးပေါင်းလာခဲ့ သည်။

လောဘဖုံးလာသဖြင့် ကိုယ်အန္တရာယ်လည်းမမြင်တော့ လူအားလုံးကို ကိုယ်ကဲ့သို့ပင် ယုံကြည်၍ ပစ္စည်းများ ထုံပေး၍ပင်ရောင်းမိတော့သည်။ အချို့သောမသမာသူများသည် ပြောင်ပြောင်တင်းတင်းပင် လိမ်လည်ကြသည်။ ဆုံးရှုံးရသည်။ မိမိပစ္စည်းတွင်မက တာဝန်ခံသော အခြားသူများ၏ ပစ္စည်းများကြောင့် မိ၏လစာသည် အလျော်အစားများဖြင့်ပင် ကုန်ဆုံးရသည်။ မလျော့သောဇွဲဖြင့် မာန်တင်း၍ လုပ်ကိုင်ခဲ့သော်လည်း သောကသာများခဲ့ရသည်။ ဒေါသပွားရသည်။

မြောက်ဥက္ကလာ အထက-၅သို့ ရောက်သည့်နှစ်မှစ၍ အပေါင်းအသင်း ဆရာ၊ ဆရာမအသစ်များနှင့် တွေ့ဆုံပေါင်းသင်း ဆက်ဆံရသည်။ နေအိမ်လည်း မကြာခဏ ပြောင်းရွှေ့ရသည်။ စီးပွားရေး စားဝတ်နေရေး၊ အဆင်မပြေသဖြင့် လုပ်ဖော်ကိုင်ဖက်အချို့ကလည်း အထင်အမြင်သေးလာကြ၏။ သို့သော် မိမိသည် ဒုက္ခနှင့်သောကကို မျက်ကွယ်ပြု အံကိုတင်းလျက် မိမိတာဝန်ယူထားသည့် ကလေးများကို စာပေသင်ကြားသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။

ဆရာ၊ ဆရာမထဲတွင် အစ်ကိုကြီးတစ်ယောက်ကဲ့သို့ နှုတ်၏စောင်မခြင်းဖြင့် ကြည့်ရှုစောင့်ရှောက်ခဲ့သော ဆရာဦးတင်းမောင်က မြောက်ဥက္ကလာပမြို့နယ် အနန်းပင်ရပ်ကွက်တွင်ရှိ ရွှေဥမင်တောရ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်များအကြောင်း သတင်းပေးပါသည်။ အစ်မရင်းကဲ့သို့ ခင်မင်သော ဆရာမဒေါ်ရင်ရင်ရွှေမှလည်း ဆရာတော်ကြီးအား သွားရောက် ဖူးမြော်ရန် တိုက်တွန်းပါသည်။

နွေကျောင်းပိတ်ရက်တစ်ရက်တွင် သူတော်ကောင်းပုဂ္ဂိုလ်ကို ဆည်းကပ်လိုသည့်စေတနာ၊ မိခင် (ကွယ်လွန်ခြင်း) အတိတ်လည်းနှင့်တိုက်ဆိုင်သဖြင့် လည်း



ကောင်း ရွှေဥမင်တောရဆရာတော်ကြီးအား လျှောက်ထား၍ ခုနစ်ရက်တိုင်တိုင် ဆွမ်းချိုင့်ပို့ခြင်းကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ခဲ့ပါသည်။ ဆရာတော်ကြီးက နေ့စဉ်သီလပေးပါသည်။ မိမိပို့သော ဆွမ်းကိုလည်း ဘုဉ်းပေးပြီး ကွယ်လွန်သူအား အမျှအတမ်းပေးဝေ၍ သာဓုခေါ်ပါသည်။ ထိုအချိန်မှစ၍ ရွှေဥမင်ဆရာတော်ကြီးအား စတင်ဆည်းကပ်ခွင့်ရရှိခဲ့ပါသည်။

တစ်နေ့ ဆရာတော်ကြီး အမြဲသီတင်းသုံးသည့် သစ်သားကျောင်းလေးဆီရောက်သည့်အခါ ဆရာတော်ကြီးက လူအနည်းငယ်ကို ဆုံးမဩဝါဒပေးနေသည်နှင့်ကြုံသည်။

"ဒကာ၊ ဒကာမတွေ တရားဘာလို့နာကြသလဲ။ နိဗ္ဗာန်ချမ်းသာကို လိုချင်တလို့မဟုတ်လား။ ချမ်းသာတာကတော့ ခုလည်း ချမ်းသာနေပါပြီ။ ကျန်းမာလို့ ချမ်းသာတာ၊ ချမ်းသာလို့ တရားနာနိုင်ကြတာ ဒါဆိုချမ်းသာတာပဲ၊ လောဘ၊ ဒေါသနည်းနိုင်သမျှ နည်းအောင်နေကြရမယ်။ မိမိချမ်းသာတာကိုသိကြမှ ချမ်းသာရာရောက်တယ်။ မသိရင်ဆင်းရဲနေမှာဘဲ။ မမာမကျန်းဖြစ်နေတဲ့လူတွေ၊ စားဝတ်နေရေးရုန်းကန်နေရင်ဖွဲ့ခံရတဲ့သူတွေထက် ခုတရားနာပရိသတ်တွေက ပိုချမ်းသာတယ်။ အဲဒီလူတွေက တရားမနာနိုင်ကြဘူး။ ရန်ကုန်မြို့မှာရှိတဲ့ ဒကာ၊ ဒကာမတွေ ဝိပဿနာတရားတွေနာရကျင့်ကြရလို့ ချမ်းသာခွင့်ရကြတယ်"

ဆရာတော်ကြီးက ဩဝါဒပေးပြီးသည့်အခါ တရားနာပရိသတ်များက ကျောင်းသင်္ခမ်းလေးပေါ်မှ ဆင်းသွားကြသည်။ မိမိတစ်ယောက်တည်းသာ ဆရာတော်ကြီးကို မေးမြန်းလျှောက်ထားလို၍ ကျန်ရစ်နေခဲ့သည်။ ဆရာတော်ကြီးက လောဘ၊ ဒေါသနည်းနိုင်သမျှ နည်းအောင်နေထိုင်ရန် ဘယ်လိုပဲဆုံးမဆုံးမ *နားမဝင်နိုင်ပါ။ မိမိအသက်အရွယ် (၃၅)* နှစ်မျှနှင့် ဓမ္မဆိုသည်ကို ဘာရယ်လို့ သဲသဲကွဲကွဲမသိသေး။ ပရိတ်ကြီး (၁၁)သုတ်ပါဠိကို ဖြောင့်တန်းအောင်ပင် အရွတ်အဖတ်လေ့ကျင့်နေဆဲ ဖြစ်ပါသည်။ စားဝတ်နေရေးအတွက် အဆင်ပြေအောင် ချမ်းသာချင်၍ကြိုးစားနေစဉ် လောဘကိုသတ်ရန် မဖြစ်နိုင်ဟုထင်နေမိပါသည်။

တရားနာပရိသတ်လည်းရှင်းသွားပါပြီ။ ဆရာတော်ဘုရားကြီးသည် ဓာတုဂါမများနှင့် မည့်သည်အခါမျှ တစ်ဦးချင်း စကားမပြောပါ။ အနားတွင် ကိုရင်တစ်ပါး (သို့) ကပ္ပိယတစ်ဦးအားထားရှိပါသည်။ ဝိနည်းကို အလွန်လေးစားကျင့်သုံးသော သူတော်ကောင်းပုဂ္ဂိုလ်ဖြစ်ပါသည်။

မိမိကစတင်၍ -

"ဆရာတော်ကြီးဘုရား၊ တပည့်တော်တို့မှာ လင်မယားနှစ်ယောက်စလုံး ဘွဲ့ရပါဘုရား။ အလုပ်အကိုင်လည်းရှိပါတယ်။ (ထိုစဉ်ခင်ပွန်းသည်က ကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်ဖြစ်စ) ဒါပေမယ့် တပည့်တော်မှာ ဘာမှတောင်မပိုင်ပါဘူးဘုရား။ အဲဒီအတွက် တပည့်တော်ကို လမ်းညွှန်ပေးပါဘုရား"

ဟု လျှောက်ထားမိသည်။

ဆရာတော်ကြီးက -

"ဒကာမလေး၊ လူတိုင်းဟာ ဘဝမှာ အတိတ်က ကုသိုလ်၊ အကုသိုလ်ဆိုတာရှိတယ်။ အတိတ်ဘဝက ကုသိုလ်၊ အကုသိုလ်ကြောင့် တစ်ဦးနဲ့တစ်ဦး အတူမပေးချင်း မတူဘူး။ ကိုယ့်ကံကသာ ကိုယ့်ကိုကယ်နိုင်တယ်။ ကံကောင်းအောင် ဘုရားကနည်းလမ်းတွေပေးပြီးသား။ မြတ်စွာဘုရားရဲ့ နှုတ်ကပါဠိတော်၊ ဓမ္မတရားတော်တွေအများကြီးရှိတယ်။ ဘုန်းကြီးဆီမှာ စာအုပ်တွေအများကြီးရှိတယ်။ ဒကာမလေး လိုချင်တဲ့အချိန်မှာ အချိန်မရွေးယူဖတ်ပါ"

ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီးက ကောင်းရာကို ညွှန်ခဲ့ပေသော်လည်း မိမိကိုယ်တိုင်က

www.burmeseclassic.com

ကောင်းစွာ နားမလည်ခဲ့ပါ။ သို့သော် အပတ်စဉ် အားလပ်သည့်အချိန်တိုင်း ဆရာတော်ဘုရားကြီးဆီသို့ တတ်စွမ်းသလောက် လှူဖွယ်ဝတ္ထုတစ်ခုခုကို ယူဆောင်လျက် သွားရောက် ဖူးမြော်ကုသိုလ်ယူခဲ့ပါသည်။

တစ်နေ့တွင် ခင်ပွန်းသည် အလုပ်မှပြန်လာပြီး -

"ဒီကုမ္ပဏီမှာ စာရင်းတွေ ကမောက်ကမလုပ်ထားတယ်။ အစိုးရဆီကို ဆီပေပါစာရင်းတင်တော့လည်း '၁' လို့ ရေးရမယ့်နေရာမှာ ငါ့ကို '၃' လို့ရေးခိုင်းတယ်။ ငါမလုပ်ချင်တော့ဘူး"

ဟု ဆိုလာပါသည်။

မိမိက -

"ဩော် မန်နေဂျာကမှလက်မှတ်ထိုးရမယ့်သူကတောင် မကြောက်မရွံ့လုပ်သေးတာ ရှင်ကစာရင်းကိုင်ပဲ၊ ဘာကြောက်နေရမှာလဲ ရေးပေးလိုက်ပေါ့"

ဟု ပြောမိပြန်ပါသည်။

ခင်ပွန်းသည်က -

"မဟုတ်တာလုပ်ရင် တစ်ချိန်ချိန်မှာ ပြဿနာဖြစ်လိမ့်မယ်။ ဒီတစ်ခုတည်းတင်မဟုတ်ဘူး။ ငါ - ၁မာတဲ့အလုပ်နဲ့ ထမင်းမစားချင်ဘူး။ ဒီအလုပ်ကထွက်မယ်"

ဟု ပြောပါသည်။

မိမိမှာ မကျေနပ်သော်လည်း ခင်ပွန်းဖြစ်သူ၏အကြောင်းကို သိနေသဖြင့်သူစိတ်မပါဘဲ မလုပ်စေချင်သောကြောင့် နှုတ်ဆိတ်နေမိပါသည်။ ခင်ပွန်းအလုပ်မှထွက်၍ မကြာမီ ဒုလ္လဘဝတ်ရန် အင်္ဂါနေ့ညနေတွင် ဆရာတော်ကြီးထံသို့သွားရောက်လျှောက်ထားပါသည်။ နေ့လယ် (၁) နာရီထိုးပြီ။ လျှောက်ထားအပြီး ဆရာတော်ကြီးက -

"ဒကာ၊ ဒီနေ့အားလား"

ခင်ပွန်းမှ -

"အားပါတယ် ဘုရား"

"ဒါဆို ဒီညနေ ရဟန်းခံပွဲရှိတယ်။ ဒကာမပြန်နဲ့တော့။ ဒီမှာပဲနေခဲ့တော့"

ဟု မိန့်ပါသည်။

မိမိလည်း အိမ်သို့အပြေးပြန်၊ ယောက္ခမအိမ်ဝင်၊ သမီးလေးပါခေါ်ပြီး ရွှေဥမင်တောရကျောင်းကို အပြေးအလွှားပြန်လာခဲ့လိုက်သည်။ ဆရာတော်ကြီးက ဘာမှယူဖို့မလို၊ ကျောင်းတွင် အားလုံးရှိသည်ဆိုသော်လည်း သင်္ကန်းတစ်စုံနှင့် သိမ်ဆင်းလောင်းရန် အမြန်စီစဉ်ရပါသည်။ ကျောင်းရောက်သော် ညနေ (၃) နာရီထိုးနေပြီ ဖြစ်ပါသည်။ ကျောင်းရောက်ပြီး မကြာမီ သိမ်ဝင်ကြရသည်။

ဆရာတော်ကြီးက -

"ဒုလ္လဘ ဆိုတဲ့ အဓိပ္ပာယ်ကို နားလည်ကြရမယ်နော်။ - ရခဲလှတဲ့ ရဟန်းအဖြစ်နဲ့ အမြတ်စားတရားတွေကို ကျင့်ကြံအားထုတ်ရတာပဲ၊ မဂ်၊ ဖိုလ်နိဗ္ဗာန်တရားကိုလည်း ဒုလ္လဘတရားလို့ ခေါ်နိုင်တယ်။ အေး - ဆရာတော်ကြီးတစ်ပါးက ပြောဖူးတယ်။ ဒုလ္လဘဆိုပြီး ဝတ်ကြတာတွေဟာ များသောအားဖြင့် အပျင်းပြေ၊ အပျော်သဘော။ တချို့ကျတော့ အလုပ်ပင်ပန်းလို့ အနားယူကြတာတဲ့။

ရတောင့်ရခဲဘဝကို လွယ်လွယ်ရမယ်မထင်ကြနဲ့။ ပေါ့ပေါ့နေအပေါ်စားရဟန်းမဖြစ်စေနဲ့။ စင်စစ်တော့ လောဘ၊ ဒေါသ၊ မောဟကင်းခြင်းဟာ ဒုလ္လဘပဲလို့ မှတ်ထားကြ။ ဒုလ္လဘစစ်စစ်ဖြစ်ပါစေ။ သုလ္လဘတော့ မဖြစ်စေနဲ့နော်။ သုလ္လဘဆိုတာ ဒုလ္လဘနဲ့ ဆန့်ကျင်ဘက်ပဲ"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ခင်ပွန်း၏ဘဝတွင် ရဟန်းဝတ်ခြင်းသည် နောက်ထပ်မအောင်မြင်ခဲ့ပေ။ အကြောင်းကြောင်းကြောင့်ပျက်ခဲ့ရသည်။ ဤသည်ကို ကြိုတင်သိမြင်၍ ဆရာတော်ကြီးမှ အလျင်စလိုရဟန်းဝတ်ခဲ့သည်ဟုထင်ပါသည်။

ထိုအချိန်မှစ၍ ခင်ပွန်းသည်က ဝိပဿနာနှင့် စတင်ထိတွေ့ရပါသည်။ မိမိထက်ဦး၍ ဝိပဿနာတရားတော်နှင့် တွေ့ရှိခြင်း ဖြစ်ပါသည်။ ဝိနည်းအလွန်လေးစားသောကျောင်းဖြစ်သဖြင့် ညနေချိန် ဖျော်ရည်ဘုန်းပေးရာတွင် ထန်းလျက်ကိုပင် အရည်ဖျော်၍ ဘုန်းပေးရသည်ဟု သိရပါသည်။ ထိုစဉ်အခါက ဆရာတော်ကြီး၏တပည့် (ယခုအခါ ဒေါက်တာအရှင်ဆေကိန္ဒ) ဖြစ်သူလည်း ရဟန်းငယ်ဘဝတွင်ပင်ရှိပါသေးသည်။ ၁၉၉၄ ခုနှစ် တစ်ရက်တွင် ညီမအရင်းဖြစ်သူ မိမိနှင့် တစ်ယောက်ခြားညီမ (ဗိုလ်မှူးဆရာဝန်-တပ်မတော်စစ်ဆေးရုံကြီး အမှတ် (၂) မင်္ဂလာဒုံမှ) သူကိုယ်တိုင် လည်ပင်းတွင် အကျိတ်ဖြစ်လာပါသည်။ တဖြည်းဖြည်းကြီးလာ၍ ခွဲစိတ်ကုသရသည်။ တော်သေး၏။ အသားစကို စစ်ကြည့်သည့်အခါမတော့ ကင်ဆာမဟုတ်ကြောင်း ဆရာဝန်ကပြော၍ စိတ်သက်သာရာရပါသည်။ သို့သော်လည်း ညီမလေးသည် သေခြင်းတရားနှင့် ခေတ္တနီးကပ်သွားသည်။ ထို့ကြောင့် တရားအားထုတ်လိုသည်ဟု မိမိကို တိုင်ပင်လာပါသည်။ သီတင်းကျွတ်ရက်ရှည် ကျောင်းပိတ်သဖြင့် လိုက်ပါ တရားအားထုတ်ရန် အဖော်ခေါ်ပါသည်။

သို့ဖြင့် မိမိသည် ရွှေဥမင်ဆရာတော်ဘုရားကြီးနှင့် အကြောင်းရေစက်ကပါလာခဲ့ပါသည်။ (ညီမ၏ယောက္ခထီးသည် တစ်ချိန်က ညောင်လေးပင်တောရတွင် ဆရာတော်ကြီးနှင့်ခန်းနေရဟန်းဖြစ်ခဲ့ဖူးသည်။ ခဲအိုသည်လည်း ယခု ရွှေဥမင်ကျောင်းတွင် အတော်များများလှူဒါန်းထားသူဖြစ်သည်။) ဤသို့အကျိုးဆက်များကြောင့် ဤကျောင်းတွင်တရားဝင်ရောက်ရန် လာရောက်ခြင်းဖြစ်သည်။ ထိုစဉ်က တရားဟောခမ်းမဆောင်ရုံသစ်ကြီး မဆောက်ရသေးပါ။ ဓမ္မာရုံကြီး၏နောက်ဘက်ကပ်လျက် ယောဂီနှစ်ထပ်တိုက်ကျောင်းကလေးသည် ဆောက်ပြီးစဖြစ်ပါသည်။

ဆရာတော်ကြီးသည် မိမိတို့နှစ်ဦးကို ယောဂီဆောင်သစ်၏ အပေါ်ထပ်အခန်းတစ်ခုတွင်နေစေပြီး ဓမ္မာရုံဟောင်းတွင် တရားအားထုတ်စေသည်။ နေ့စဉ်တရားစစ်ပေးသည်။ ကျောင်းတွင်ပင် ဆွမ်းစားစေသည်။ ညီမက ဆရာတော်ကြီး၏စကားကို လိုက်နာရှာပါသည်။ ထိုညီမလေး ဗိုလ်မှူးဒေါ်ကျင်ဆန်းနှင့် သူ၏ခင်ပွန်း ဒေါက်တာတင်ဝင်းသည် မိမိ၏ဘဝတစ်လျှောက်လုံး အစဉ်အမြဲ အကူအညီပေးသူများ ဖြစ်ကြပါသည်။ ကျေးဇူးအထူးတင်ရပါသည်။ ညီမနှစ်ယောက်သည် အတူမနေသဖြင့် ပြောစရာစကားများ မကုန်နိုင်ပါ။ တစ်နေ့တရားထိုင်ချိန် ရှစ်ကြိမ်ထိုင်အပြီး အိပ်ရာဝင်ချိန်တွင် နှစ်ကိုယ်ကြား မိသားစုအကြောင်း၊ ဆွေမျိုးအကြောင်းပြောဖြစ်ကြပါသည်။ ဆရာတော်ကြီးများ နံနက်အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည့်အခါတွင် ဆရာတော်ကြီး၏ကျောင်း၌ ဩဝါဒခံယူရန်သွားရပါသည်။ ဆရာတော်ကြီး သီတင်းသုံးသော စံကျောင်း (သစ်သားကျောင်းကလေး) နှင့် မိမိတို့နေထိုင်သောယောဂီဆောင်အသစ်သည် ပေနှစ်ရာခန့်ဝေးပါသည်။

တစ်နေ့ ဩဝါဒပေးပြီး ဆရာတော်ကြီးမှ -

"ညအိပ်ရာဝင်ရင်လည်း အမှတ်နဲ့အိပ်၊ ဆွေရေးမျိုးရေးတရားနဲ့ မဆိုင်တာတွေနဲ့ အချိန်မကုန်စေနဲ့"

www.burmeseclassic.com

ဟု ဆုံးမပါသည်။

အုံ့ညြစရာကောင်းလှပါသည်။ ဒီလောက်ဝေးသည့်နေရာက နှစ်ကိုယ်ကြားစကားကို ဆရာတော်ကြီးသိသည်မှာ ထူးဆန်းလှပါသည်။ တစ်မနက်တွင် တောင်းဝင်းထဲ ရဲများရောက်ရှိနေသည်ကို တွေ့ရပါသည်။ မနေ့ညက အနောက်ဘက်ဆုံးက အမြဲနေယောဂီဆောင်အမေကြီးတစ်ယောက်၏ အခန်းမှ တက်ဆက်၊ အဝတ်အထည်နှင့်ငွေများခိုးယူခံရသဖြင့် လာရောက် စစ်ဆေးနေခြင်း ဖြစ်ပါသည်။

ဤအကြောင်းကို ဆရာတော်ကြီး သိသွားသောအခါ -

"သူများပစ္စည်း ပြန်ပေးလိုက်ရတာပဲ။ ဘာဖြစ်လို့ ရဲတိုင်နေတာလဲ"

ဟု မိန့်တော်မူပါသည်။

ရှတ်တရက်တော့ နားမလည်နိုင်ခဲ့ပါ။ နောင်အခါ ချမ်းမြေ့ရိပ်သာကျောင်းတွင် တရားအားထုတ်နေစဉ် တစ်ညတွင် ကျောင်းမှ ပန်းကန်ခွက်ယောက်များ ပျောက်ဆုံးသဖြင့် ဆရာတော်ဘုရားကြီးထံ အကြောင်းကြား လျှောက်ထားရာတွင် -

"တိုးတိုးပြောကြ။ ငါသူခိုးမှန်း လူသိကုန်မယ်"

ဟု မိန့်ကြားသည်ကို ကြားရပါသည်။

သူတော်ကောင်းကြီးများ၏စိတ်ထားသည် မြင့်မြတ်လွန်းလှပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် နေ့စဉ် ကျောင်း၏အနောက်ဘက် ဖိုးဖြူပိုက်လုံးကြီး၏ဘေးလမ်းကလေးတွင် နံနက်စောစောစင်္ကြံလျှောက်လေ့ရှိသည်။ တစ်နေ့တွင် ဆရာတော်ဘုရားကြီး၏ ရှေ့တွင် စက်ဘီးစီးလာသော စစ်သားနှင့် ထုပ်ဆီးတိုးသကဲ့သို့ ဘယ်လှည့်ညာလှည့်ရှောင်နေပါသည်။ (ထပ်ခြံစည်းရိုးသည် လမ်းတစ်ဖက်တစ်ချက်တွင်ရှိပါသည်။)

ဤအဖြစ်အပျက်များကို တပ်တွင်းတစ်နေရာမှ ကားဖြင့်ဖြတ်သွားသော တပ်ရင်းမှူးကတွေ့ရှိသွားပြီး ထိုစစ်သားအား ခေါ်ယူတွေ့ဆုံပါသည်။ ထိုတပ်ရင်းမှူးသည် ဆရာတော်ကြီးကို အလွန်ကြည်ညိုသူဖြစ်ပါသည်။ ရဟန်းသံဃာများ၏အနားမရောက်ခင်ကပင် စက်ဘီးပေါ်မှ ဆင်းသင့်ကြောင်းပြောကြားပြီး (တွာတား) ခေါ် ခေတ္တအချုပ်နှင့် ထိုစစ်သားကို အပြစ်ဒဏ်ပေးပါသည်။ နောင်အခါ ထိုအကြောင်းကို ဆရာတော်ဘုရားကြီးသိသွားသည့်အခါ ထိုလမ်းသို့ ဘယ်သောအခါမှ စင်္ကြံမကြွတော့ပေ။

မိမိအတွက်နှင့် သူတစ်ပါးဒုက္ခရောက်မည်ကို မလိုလားသည်မှာ သူတော်ကောင်းတို့၏ မွန်မြတ်သောစိတ်ထားပင်ဖြစ်ပါသည်။

သို့ဖြင့် မိမိ၏ဘဝတွင် ဝိပဿနာတရားတော်ကို စတင်တွေ့ရှိခဲ့ရပါသည်။ မကြာခဏ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒကိုခံယူခဲ့ရ၏။ ဒေါသ၊ ဒုက္ခများသည် အနည်းငယ် လျော့ပါးလာပါသည်။ နှစ်စဉ် နွေရာသီရောက်၍ စာမေးပွဲများစစ်ပြီး ကျောင်းရက်ရှည်ပိတ်တိုင်း ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ အမြဲတမ်းရိပ်သာစခန်းရှိသော မရမ်းကုန်းမြို့နယ်အတွင်း ချော်တွင်းကုန်းလမ်းဆုံအနီး၌ရှိသည့် ချမ်းမြေ့ရိပ်သာကျောင်းတွင် ဧပြီ ၁ ရက်မှ မေလ (နောက်ဆုံးပတ်) မတိုင်မီအထိ တရားစခန်းဝင်ဖြစ်ပါတော့သည်။

မိမိ၏သမီးလေးမှာလည်း ဆဋ္ဌမတန်းပင်ရောက်ခဲ့ပြီ နှစ်စဉ်ကလေးပါခေါ်၍ တရားစခန်းဝင်ခဲ့သည်။ သမီးကလေးက သီလရှင်ဝတ်သည်။ အခြေခံဗုဒ္ဓဘာသာတရားတော်များကို သင်ယူသည်။ ဤနေရာတွင် ကျေးဇူးတင်စရာတစ်ဦးပေါ် ပေါက်လာပါသည်။ သမီး၏ သီလရှင်ဝတ်စုံတစ်စုံကို (အထက-၅) မြောက်ဥက္ကလာပမှ ဆဋ္ဌမတန်းသိပ္ပံဘာသာရပ်ကို သင်ကြားသော ဆရာမ ဒေါ်စိုးစိုးမြင့်မှ လှူဒါန်းပါသည်။ ကျေးဇူးအထူးတင်မိပါသည်။ ထိုသို့ဖြင့် သားအမိနှစ်ဦး တရားစခန်းဝင်ခဲ့ရာ ခုနစ်နှစ်ခန့်ကြာခဲ့သည်။ သောကဒုက္ခများလည်း အတန်အသင့် လျော့ပါးလာသည်။ သို့သော် ကိုယ်တိုင်က လောဘကို မလျော့ချင်သေးပါ။

သူတော်ကောင်းသူတော်မြတ်တို့ကို ဆည်းကပ်ပူဇော်ခြင်းသည် မင်္ဂလာမည်ပေသည်။ မိမိသည် ဘဝလှိုင်းတံပိုးများကို ခါးစည်းပြီးခံရသည့်အချိန်တွင် ဆွေမျိုးသားရင်းများကြား လူရာမဝင်ဖြစ်ခဲ့သလို မိတ်ဆွေအပေါင်းအသင်းအချို့၏ အထင်အမြင်သေးမှုကိုလည်းခံခဲ့ရပါသည်။ ယင်းသို့ ခံစားချက်များကို ပြန်တွေးတိုင်း ဝမ်းနည်းမိလေမခံချင်စိတ်ဖြင့် ချမ်းသာသောနည်းလမ်းကိုရှာချင်လေ ဖြစ်သည်။ စိတ်ထဲတွင် ငွေကို အမြောက်အမြားရှာဖွေနိုင်လျှင် စိတ်ချမ်းသာမှာပဲဟု မှတ်ထင်ခဲ့သည်။ ဝီရိယထား၍ ပိုကြိုးစားခဲ့သည်။

ထိုအချိန်တွင် မကောင်းသောအပေါင်းအသင်းလောကသားများနှင့်လည်း တွေ့ခဲ့ရပါသည်။ ဥပမာပြောရလျှင် မိမိတို့ကျောင်းသို့ အခြားကျောင်းမှအသစ်ပြောင်းလာသော အထက်တန်းပြဆရာမတစ်ဦးမှ မိမိအား နိုင်ငံခြားသွားအလုပ်လုပ်မည့်သူများရှိလျှင် ဆက်သွယ်ပေးပါ။ ညီမအတွက်လည်း ပွဲခရမည်ဆို၍ ခင်မင်သော ကျောင်းသားဟောင်းတစ်ဦးနှင့် ဆက်သွယ်ပေးမိသည်။ ကျောင်းသားဟောင်း တပည့်တစ်ဦးတလည်း ဆရာမဖြစ်၍ ယုံကြည်ပါသည်။ နောက်ဆုံး၌ ထိုအမျိုးသမီးသည် လူလိမ်အကြီးစားတစ်ယောက်ဖြစ်ကြောင်း သိရသည်။ ကျောင်းသို့ ကိုယ်ပိုင်ကားနှင့်အမြဲလာ၍ ရွှေ ငွေလက်ဝတ်လက်စားအပြည့်အစုံနှင့်အပြောကလည်းကောင်းလှသည်။ ဇဟုသုတလည်းစုံလှသည်။ နိုင်ငံရပ်ခြားအလုပ်လုပ်လိုသူများထံမှ ငွေကိုယူပြီး မလိမ့်တပတ် လိမ်လည်မှုမြောက်မြားစွာ ပြုလုပ်နေကြောင်း သိရသည်။ မိမိ၏တပည့်မှာလည်း ငွေလွန်ပြီးဖြစ်သည်။ မိမိလည်း မျက်နှာပျက်ရသည်။

မိမိမှာမူ လွန်စွာအားနာတတ်သည်။ ထိုဆရာမကြီးအကြောင်းသိရှိသော်လည်း မည်သူကိုမျှမပြောဖြစ်ခဲ့ပါ။ ဆရာမကြီးမှ မိမိနောက်ကွယ်တွင် မိမိအား အထင်အမြင်သေးစေရန် လုပ်ဖော်ကိုင်ဖက်များကို ပြောဆိုနေသော်လည်း သွားရောက် ရန်စွေ့သတိပေးခြင်းမရှိခဲ့။ စိတ်မကောင်းစွာနှင့် မိတ်ဆွေအဖြစ်မှ နောက်ဆုတ်ခဲ့ရသည်။ ဤသို့ပင် မိမိ၏စိတ်၌ လောဘဦးစီးနေချိန်တွင် ငွေရှာရန် နည်းလမ်းမှားများကိုလည်း တွေ့ခဲ့ရသည်။

ပင်ကိုစိတ်က သူတစ်ပါးစိတ်ဆင်းရဲမည့်အလုပ် မလုပ်ချင်၍ လည်းကောင်း၊ ဆရာတော်ကြီး၏အဆုံးအမများကြောင့်သော် လည်းကောင်း ဘဝလမ်းတွင် အန္တရာယ်ရှိသော်လည်း လွတ်မြောက်လာခဲ့ရသည်။ ထိုဆရာမကြီးသည် နောက်ဆုံးတွင် အမှုပေါင်းစုံနှင့် ကျောင်းမှပင် နုတ်ထွက်လိုက်ရသည်။ တော်ပါသေးသည်။ မိမိသည် ကြံရာပါမဖြစ် ပူးတွဲတရားခံမဖြစ်ခဲ့ပါချေ။ အချိန်မီ မကောင်းသောအပေါင်းအသင်းထဲမှ နောက်ဆုတ်ခဲ့၍ဖြစ်သည်။

ထိုအချိန်က နှစ်လုံး၊ သုံးလုံးများ ခေတ်စားနေသောအချိန် မိမိထက် လောဘကြီးသူတို့ နှစ်လုံး၊ သုံးလုံးလက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

ဗိုင်အဖြစ် အဖမ်းခံရ၍ အလုပ်ထုတ်ခံရ၊ ထောင်ချခံရသောအချိန် ဖြစ်သည်။ ထိုလောင်းကစားလိုင်းသို့မလိုက်မိသည်မှာလည်း ဆရာတော်ဘုရားကြီး၏ ဆုံးမမှု ကြောင့်ဖြစ်ပါသည်။ ကံကောင်းခဲ့ပါသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီးက လောဘကို နည်းနိုင်သမျှနည်းလျှင် အေးချမ်းမည်ဟု ဆုံးမခြင်း ဖြစ်သည်။

ဆရာတော်ကြီးက-

"ချမ်းသာအောင် ဘယ်ဘိုးတော်၊ မယ်တော်တွေက မ,မ,နိုင်ဘူး။ ကိုယ့်ကံကသာ မ,နိုင်စေတဲ့အလုပ်တွေလုပ်ရမယ်။ ကံကောင်းစေတာက လောဘ၊ ဒေါသ၊ မောဟတွေပဲ အဲဒါတွေနည်းအောင်လုပ်ရမယ်။ အချိန်တိုင်း သတိနဲ့နေ၊ မေတ္တာနဲ့နေ၊ မေတ္တာများများပွား၊ အချိန်ရရင် သတိပဋ္ဌာန်တရားအားထုတ်ပါ။ လက်ငင်းအကျိုးရော နောက်ဆက်ပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဆက်ကာဆက်ကာ ချမ်းသာသွားဖို့ အဖြစ် အန္တရာယ်ကင်းတဲ့ ကုသိုလ်တရားပွဲများပါ မမေ့မလျော့ မပေါ့မဆ ပြုလုပ်ကြပါ။ သီလကို ကိုယ်နှင့်မကွာ ရှိကြပါ၊ သတိပဋ္ဌာန်ပွားများနေရင် လုံခြုံနေသလို သတိတည်းဟူသော စံအိမ်မှာ နေရင် လောဘဘေးရန်၊ ဒေါသဘေးရန်၊ မောဟဘေးရန်တွေ လုံခြုံအေးချမ်းနေပါတယ်။ အဲဒီလို လုံခြုံအေးချမ်းတဲ့ သတိနဲ့နေခြင်းဟာ ဓာသံ မမွန်. အဂ္ဂမဏ္ဍာယတိ အမြတ်ဆုံးပဲ"

ဟု ဟောကြားခဲ့ပါသည်။

ရံဖန်ရံခါ အချိန်ရ၍ ဆရာတော်ကြီးဆီ တံတံစွမ်းနိုင်သမျှ လှူဖွယ်ဝတ္ထုကလေးများနှင့် သွားရောက်ဖူးမြော်ရင်း ဆရာတော်ဘုရားကြီးက ဩဝါဒပေးတဲ့ စကားထဲမှာ အမြဲပါတာက -

"ဒကာမလေးဘဝမှာ အခက်အခဲများက လွတ်မြောက်ချင်ရင်ဖြစ်ဖြစ်၊ သံသရာကလွတ်မြောက်ချင်ရင်ဖြစ်ဖြစ် အားကိုးရာအစစ်က မေ့သာ ဖြစ်တယ်"

ဟု မကြာခဏ မိန့်ကြားတတ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ဖြစ်စေရန် မိမိအား ဆရာတော်ကြီးမှ အမြဲဆုံးမပါသည်။

"လောကတွင် အကုသိုလ်တရားသည် ပြိန်းအသောသူတို့ကို ကုသိုလ်ဟန်ဆောင်၍ လှည့်စားတတ်သည်"

ဟု ဩဝါဒပေးလေ့ရှိသည်။

ဆရာတော်ဘုရားကြီး၏ ဆုံးမမှုကြောင့်ပင် မိမိသည် မိရိုးဖလာကိုးကွယ်သည့် နတ်များအားလုံးကိုလည်း အလျှ

အတွန်းပေး၍ ရဲရဲဝံ့ဝံ့စွန့်ပယ်နိုင်ခဲ့ပါသည်။ ရွှေတိဂုံဘုရားတွင် အိမ်တွင်းဖခင် (အိမ်တွင်းမင်းမဟာဂီရိ) နတ်အား ပင့်ဖတ်၍ ရွှေသက်န်းများ (အိမ်တွင်းမင်းမဟာဂီရိ) နာမည်နှင့် ကပ်လှူပေးပြီး အမျှအတန်း ပေးဝေ သာဓုခေါ်ဆိုပြီး ရာသက်ပန်စွန့်ပယ်လိုက်သည်။

ထူးခြားသည်မှာ ညတွင်အိပ်မက်ပေးပါသည်။ မိမိအိမ်ဧည့်ခန်းတွင် ထောင်ထောင်မောင်းမောင်း၊ နှာတံပေါ်ပေါ်၊ အသားညိုညို၊ ခံ့ခံ့ချောချော (ယောက်ျားကြီး)တစ်ယောက် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်နေသည်။ မိမိ၏ စိတ်ထဲတွင် အိမ်တွင်းအဖေကြီးဟု သိနေသည်။ မိမိ၏ကံကြမ္မာအရ ကူညီချင်တိုင်းကူညီ၍မရဖြစ်နေသည်။ အမျှပေးဝေ၍ ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ပါသည်ဟုပြော၍ ပျောက်ကွယ်သွားပါသည်။ သည်အခါ ကိုယ့်ကံမရှိလျှင် ဘယ်နတ်မှ မကူညီမ,မစနိုင်ကြောင်းသိလာရသည်။

ထို့ကြောင့် ရွှေဥမင်ဆရာတော်ဘုရားကြီးက -

တို့များဘုရားက သံသရာကလွတ်မြောက်ဖို့တင်မဟုတ်ဘူး၊ ဘဝနေနည်းလည်းပေးခဲ့တယ်။ (၃၈) ဖြာမင်္ဂလာဆိုတာ ဘုရားဟောခဲ့တဲ့ ဘဝနေနည်းပဲ။ တစ်ပိုဒ်ချင်းအဓိပ္ပာယ်သိအောင်လေ့လာကျင့်ကြံနေထိုင်ကြ"

ဟု မိန့်ကြားပါသည်။

မိမိသည် ဆရာတော်ကြီး၏ဆုံးမဩဝါဒများကို မကြာခဏခံယူကျင့်သုံးလာရသဖြင့် စိတ်ထားနူးညံ့၊ သောကများလည်း လျော့ပါးလာသည်ဟုထင်ရပါသည်။ ကျောင်းတွင် လုပ်ဖော်ကိုင်ဖက် ဆရာဦးခင်ဦးအား ဆရာတော်ကြီးအား သွားရောက်ဖူးရန် တိုက်တွန်းမိပါသည်။ ကျောင်းဖွင့်ရက်တစ်နေ့တွင် ဆရာဦးခင်ဦးက -

"မနေ့က ကျောင်းပိတ်ရက်မှာ ရွှေဥမင်ဆရာတော်ကြီးကို ကျွန်တော်သွားဖူးတယ်။ မဖူးခင်ကတည်းက ကျွန်တော်က စိတ်ထဲကနေ ဆရာတော်ကြီးက ထူးခြားသောသာသနာပြုပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဒီကနေ့ သက်သတ်လွတ်နဲ့ ပတ်သက်တဲ့တရားဟောပါစေလို့ စိတ်ထဲကနေလျှောက်မိတယ်။ အဲဒီရက်တွေက ကျွန်တော်လည်း သက်သက်လွတ်စားနေတဲ့အချိန်ကိုး။ အဲဒီနေ့မှာ ထုံးစံအတိုင်း ဆရာတော်ကြီးက သစ်သားကျောင်းကလေးထဲမှာ ဆီတင်းသုံးနေ

တယ်။ လူကလည်း ကျွန်တော် အပါအဝင် (၁၀) ဦးလောက်ပဲရှိမယ်။ တချို့ကလည်း သက်သတ်လွတ်စားရင် အားကြီးအထင်ကြီးတယ်။ သက်သတ်လွတ် မစားရင် အားကြီးအထင်သေးတယ်။

ပုဏ္ဏားအနိုပ်သည်တစ်ယောက် ဘုန်းကြီးစာသင်တိုက်မှာနေတုန်း နှိပ်ပေးဖို့ခေါ်လာတယ်။ အံမယ် သူကသက်သတ်လွတ်စားတော့ သက်သတ်လွတ် မစားရင် အားကြီးအထင်သေးတယ်။ သက်သတ်လွတ်မစားတဲ့သူတွေကိုနှိမ်ချပြီးပြောတယ်။ နောက်ပိုင်း သူ့သတင်းစာထဲမှာပါလာတယ်။ လောဘသောင်းကျန်းလို့ အရှုံးမီးဝိုင်းခံရပြီး သတင်းစာထဲမှာ အလျော်ပေးရတယ်ဆိုပြီး။ ကဲ - သူ့သက်သတ်လွတ်က တကယ်နိုင်ရဲ့လား။ အချုပ်ခန်းထဲရောက်တယ်။ လျော်ကြေးပေးရတယ်။ အဲဒီတော့ အားလုံးပဲ သက်သတ်လွတ်တို့ မီးလွတ်တို့ဆိုတာထက် လောဘမီး၊ ဒေါသမီး၊ မောဟမီးငြိမ်းအောင် သတိပဋ္ဌာန်တရားအားထုတ်ကြ၊ သတိတရားနဲ့နေကြ"

ဟု ဟောကြားတော်မူပါသည်။

"ကျွန်တော်ဖြင့်ကြက်သီးမွေးညင်းတွေထလောက်အောင် ပီတိဖြစ်မိတယ်။ အစ်မညွှန်ပြလို့ ဒီလိုသီလသမာဓိနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးကိုဖူးမြော်ရတာ ဆည်းကပ်ရတာ"

ဟု ပြောဖူးပါသည်။

မိမိတို့ကျောင်းတွင် ဆရာ၊ ဆရာမပေါင်း (၇၀) ကျော်ရှိသည်။ မိမိစီးပွားဖြစ်စဉ်က အလွန်မျက်နှာသာပေးသော်လည်း စီးပွားကျသောအခါ အဖက်မလုပ်ချင်ဖြစ်ကြသည်။ အချို့သည် မိမိ၏ဇာစ်မြစ်ကိုမသိဘဲ လောလောဆယ်ချို့တဲ့ခြင်းအပေါ် အထင်အမြင်သေးတတ်ကြသည်။ အတင်းအဖျင်းကွယ်ရာတွင်ပြောကြသည်။ ရှေ့တွင်လည်း မတူမတန်သလို ဆက်ဆံကြသည်။ ထိုအထဲတွင် ဆရာမတစ်ဦး (ယခု ကွယ်လွန်သွားပြီဖြစ်သော ဝန်ကြီးဟောင်း၏တူမဖြစ်သူ) သည် ထိုစဉ်အခါက သူမ၏ဦးလေးသည်လည်း ဝန်ကြီးဖြစ်ခါစ သူမကိုယ်တိုင်လည်း အဆင်ပြေခါစရှိသေးသည်။ မိမိထံမှ ရွှေနီလာလော့ကတ်တစ်ခု၊ ရွှေနီလာနားကပ်တစ်စုံကို (လက်ငင်းဈေးဖြင့်) အကြွေးဝယ်ဝတ်ပါသည်။ ဇာတိက ပြန်လာမှပေးပါရစေဟု ဆိုပါသည်။ မိမိကလည်း အားနာသဖြင့် လိုက်လျောလိုက်ပါသည်။ နေ့ရှစ် သူမပြောင်းရွှေ့ခါနီး အတန်းဖော်များ



www.burmeseclassic.com

www.burmeseclassic.com

တို ဒ်ပေါက်ကျွေးသောအခါ စီးပွားကျ နေသောမိမိအတွက်မပါပါ။ ပြောင်ပြောင် တင်းတင်းပင် ဆက်ဆံရေးမှုပြောင်းခဲ့သည်။ ထိုသူများသည် မိမိ၏ သည်းခံခြင်းတရားကို စမ်းသပ်သော ပါရမီဖြည့်ဖက်များဖြစ်၍ တစ်နည်းအားဖြင့် ကျေးဇူးတင်ရပါသည်။

ထိုသို့သော လောကဓံဆိုးကျိုးကို ခံနိုင်ရည်ရှိအောင် ဆရာတော်ကြီးမှ စိတ်ခွန်အားများ ဆုံးမဩဝါဒပေးခဲ့ပါသည်။

မိမိတို့ကျောင်းရှိ သိပ္ပံလက်တွေ့ခန်းတွင်တာဝန်ကျသော ညီမလေး သန်းသန်းတင့်သည် မိမိအား စိတ်ဓာတ်ခွန်အားအများဆုံးပေးသူဖြစ်ပါသည်။ မမေ့မရသော ကူညီသူများမှာ ဆရာမ ဒေါ်ခင်ဖြူဝင်း၊ ဆရာမ ဒေါ်တင်တင်ဌေး (ယခု အထက-၁ မင်္ဂလာဒုံကျောင်းအုပ်ကြီး)၊ ဆရာမ ဒေါ်ညိုညို၊ ဒေါ်ဝေဝေလွင်၊ ဒေါ်ခင်ဝင်း (၂) စသည်တို့သည် မိမိအား နှုတ်အားဖြင့် စောင်မဖေးမကြသူများဖြစ် ကြသည်။

မည်သို့ပင်ဖြစ်စေ အထက-၅ မြောက်ဥက္ကလာပမှ မိသားစုဆန်သော လုပ်ဖော်ကိုင်ဖက်များကြောင့် အတိုင်းအတာတစ်ခုအထိ စိတ်ချမ်းသာမှုရခဲ့ပါသည်။ သည်နေရာတွင် အလျဉ်းသင့်၍ ခင်ပွန်းဖြစ်သူအကြောင်း ပြောပြပါဦးမည်။ ခင်ပွန်းသည် B.Sc ဘွဲ့ရတစ်ဦးဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်တွင် H.G.P (အထက်တန်းရှေ့နေစာမေးပွဲ) အောင်ထူးသူတစ်ယောက်လည်း ဖြစ်သည်။ အခြားလုပ်ငန်းများအဆင်မပြေ၍ တရားရေးဘက်သို့ပြောင်း၍ အထက်တန်းရှေ့နေအဖြစ် ပြောင်းလဲလုပ်ကိုင်လာသည်။ သူသည် အလုပ်လုပ်ကိုင်ရာတွင် အမှုသည်များ ပေးသမျှသာယူသည်။ လက်ဖက်ရည်ဆိုင်ထိုင်ပြန်တော့လည်း လက်ဖက်ရည်တစ်ခွက်ကိုသာသောက်သည်။ အမှုသည်ဆင်းရဲသူနှင့်တွေ့လျှင် ချိန်းကြေးသာယူပြီး အမှုဆောင်ရွက်ပေးသည်။ လောဘနှင့် ငွေကိုမရှာ၊ ရသလောက်နှင့်သာ ကျေနပ်နေတတ်သည်။

မိမိမှာသာ လောဘကြီးနေရသည်။ မိမိ၏ ညီအစ်ကိုမောင်နှမများ၊ ခင်ပွန်းဖြစ်သူ၏ညီအစ်ကိုမောင်နှမများသည် ဆရာဝန်၊ အင်ဂျင်နီယာ၊ သင်္ဘောသား၊ ရဲအုပ်များဖြစ်၍ လူတိုင်း ကားစီးနိုင်သည်။ ကိုယ်ပိုင်တိုက်ကြီးများနှင့်နေနိုင်ကြသည်။ မိမိမှာသာ ပညာရေးဝန်ထမ်းမို့ အိမ်တစ်လုံးပင် မပိုင်သေးပါ။ ထို့ကြောင့် ချမ်းသာချင်သဖြင့် ဝန်ထမ်းတစ်ဖက်၊ ကုန်သည်လိုလိုနှင့် ရှန်းကန်လှုပ်ရှားရာ မသမာသူနှင့်တွေ့ရပြီး မကြာခဏ ပစ္စည်းဆုံးရှုံးရသည်။ မိမိပစ္စည်းသာမက တာဝန်ခံသော အခြားသူများ၏ပစ္စည်းများကြောင့် မိမိ၏လစာသည်လည်း အလျော်အစားများဖြင့်ပင် ကုန်ဆုံးရသည်။ ခင်ပွန်း၏လောဘမရှိမှုကို ရန်လုပ်လိုလာသည်၊ မကြာခဏ ရန်ဖြစ်တတ်လာသည်။ ဆုံးရှုံးမှုများအတွက် သောကပွားရသည်။ ခင်ပွန်းသည် မိမိထက် နှစ်နှစ်မျှငယ်သည်။ သို့သော် အိမ်ထောင်ဦးစီးပီသအောင်နေသည်။ လူကြီးဆန်သည်၊ အတွေးအခေါ် ကောင်းသည်။ မိမိပြောတိုင်း ခေါင်းညိတ်သူမဟုတ်ပေ။

"မင်းငါရှာပေးတဲ့ငွေကို သန့်သန့်ရှင်းရှင်းပဲသုံးပါ။ စိတ်သန့်သန့်ထားပါ။ ငါဟာ တစ်ဘဝစာအတွက်မလုပ်ဘူး။ သံသရာမှာ လိုက်ပါလာမယ့် အကုသိုလ်ကို မလိုချင်ဘူး။ ငါဒီတရားရေးမှာလုပ်တယ်ဆိုတာ မတရားခံရသူတွေ၊ တရားဥပဒေကို နားမလည်သူတွေအတွက် အကျိုးဆောင်ပေးတယ်။ အဲဒီအတွက် ထိုက်သင့်တဲ့အကျိုးဆောင်ခရရင် တော်ပြီ။ ကံပေးသလောက်ပဲစားပါ။ လောဘမကြီးစမ်းပါနဲ့"

ဟု ပြောတတ်ပါသည်။ မိမိက လောဘဦးစီးသူတစ်ယောက်ဖြစ်သဖြင့် မကျေမနပ်နှင့် -

"ကောင်းပါတယ်၊ ရေအိုးကြီးကတော့ အေးလို့၊ ရေအိုးကိုရွက်ထားတဲ့ ကရွတ်ခွေကတော့ ဆွေးလို့ပေါ့လေ။ ဒီလောက်တောင် လောဘမရှိရင် ဘုန်းကြီးဝတ်နေပါလား။ ဘာဖြစ်လို့ အိမ်ထောင်ပြုတာလဲ"

ဟု အငေါ်တူးမိပါသည်။

ဆရာတော်ကြီးသည် ခင်ပွန်းအား မိမိသွားတိုင်းပါမလာလျှင် -

"ဒကာကော နေကောင်းရဲ့လား။ အလုပ်အကိုင် အဆင်ပြေရဲ့လား"

ဟု မေးလေ့ရှိပါသည်။

ခင်ပွန်း၏ စိတ်နေသဘောထားနှင့် ကိုယ်ကျင့်တရားကို ဆရာတော်ကြီးမှ ကြိုတင်သိရှိပုံရသည်။ ခင်ပွန်းကလည်း သူ၏အလုပ်ကို တန်ဖိုးထားသည်။ ရှေ့နေလိုင်စင်ကို အသက်ထက်ပို၍တန်ဖိုးထားသည်။ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ခြင်းသည် ပတ်ဝန်းကျင်ကို စောင့်ရှောက်ခြင်းမည်၏ဟုပြောပါသည်။ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒများကို အမြဲလိုက်နာသည်။ ဆရာတော်ကြီးထံသို့ ရောက်သွားတိုင်း မိမိအား ဆရာတော်ကြီးက အမြဲဆုံးမဩဝါဒပေးသောစကားမှာ -

"ဒကာမလေး၊ ဘဝမှာ အခက်အခဲတွေ လွတ်မြောက်ချင်ရင်ပဲဖြစ်ဖြစ်၊ သံသရာက လွတ်မြောက်ချင်ရင်ပဲဖြစ်ဖြစ် အားကိုးရာအစစ်က ဓမ္မ။ ဘုရားဟောကြားတဲ့ နှုတ်ကပါဌ်တော်တွေပဲ"

ဟု မကြာခဏ မိန့်ကြားဖူးပါသည်။

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလပိုင်းတွင် ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးမကောင်း၍ ဆေးရုံတင်ထားရသည့်သတင်း ကြားသော်လည်း မသွားဖြစ်ခဲ့ပါ။ မအားလပ်တာလည်းပါပါသည်။ မိမိ၏ မသိစိတ်က ဆရာတော်ဘုရားကြီးဝေဒနာခံစားနေရတာကို မဖူးရဲတာလည်းပါမည်ထင်ပါသည်။ ထို့သို့ဖြင့် မိမိသည် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တက္ကသိုလ်စာပေးစာယူစာမေးပွဲကျင်းပရာ၌ လ/ထ ကြီးကြပ်ရေးမှူးတာဝန်ဖြင့် အထက-၂ မြောက်ဥက္ကလာပတွင် တာဝန်ထမ်းဆောင်နေပါသည်။

ယင်းနေ့ညနေ (၄) နာရီအချိန်တွင် စာမေးပွဲပြီး၍ ကားဂိတ်သို့ လမ်းလျှောက်အပြန် နွယ်သာကီ (၃) လမ်းသို့ချိုးအကွေ့တွင် BM ကားအနီးတွင် ရပ်နေသော ကျောင်းမှ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဆရာမဒေါ်မြမြစမ်းက -

"အစ်မရေ၊ ရွှေဥမင်ဆရာတော်ကြီးကျောင်းကိုသွားမယ် လိုက်မလား"

ဟု မေးပါသည်။

မိမိကလည်း ချက်ချင်း ကားပေါ် တက်၍လိုက်ခဲ့ပါသည်၊ ကားပေါ်တွင် ရပ်ကွက်လူကြီးများလည်း ပါလာပါသည်။ ဂေါပကလူကြီးအချို့ ဈာပနကိစ္စအကြောင်းပြောသံကြားမှ အနီးရှိအမျိုးသမီးကြီးတစ်ယောက်အား တီးတိုးစုံစမ်းကြည့်သောအခါ ဆရာတော်ကြီးခန္ဓာဝန်ချသွားမှန်းသိရပါသည်။ အလွန်ဝမ်းနည်းမိပါသည်။

မိမိတို့ စီးလာသော ကားသည် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်ကုန်းတလပေါင်ရပ်ကွက် 'ရွှေဥမင်ဓမ္မသုခရိပ်သာ' သို့ ဝင်ခဲ့ပါပြီ။ အလွန်ကျယ်ဝန်းသော ခြံဝင်းကြီးအတွင်း သန့်ရှင်းသပ်ရပ်၍ သစ်ပင်ပန်းပင်များနှင့် အေးချမ်းလှပါသည်။ ထွေ

www.burmeseclassic.com

ခြံဝင်းအထဲရှိ တိုက်ကျောင်းကြီးအလယ်တွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ပြင်ဆင်ထားပြီး ဆရာတော်ကြီး ဟောကြားခဲ့သော - ဩဝါဒများကိုလည်း ဖွင့်လှစ်ထားပါသည်။

မိမိသည် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ဖူးမြော်ရင်း စိတ်ထဲမှ -

'ဆရာတော်ဘုရား၊ တပည့်တော် အမိုက်မ ရောက်လာပါပြီဘုရား။ တပည့်တော်မ၏ ဘဝအလင်းရောင်ရှင် ဆရာတော်ဘုရားအား နောက်ဆုံး ပူဇော်ပါတယ်ဘုရား"

ဆိုပြီး မျက်ရည်စက်လက် ထိခြင်းငါးပါးနှင့် ရှိသေစွာ ကန်တော့လိုက်ပါသည်။ ဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိနေစဉ်က ဟောကြားခဲ့သော ဩဝါဒတရားများကို ကက်ဆက်နှင့်ဖွင့်ပြထားသည်ကို အာရုံရောက်သွား၏။

"ကဲ - အားကိုးရာအစစ်က ဓမ္မ"

ဆိုသည့် စကားကို ကြားလိုက်ပါသည်။

မိမိကို အမြဲထည့်၍ဟောကြားသောတရားသည် မိမိလာ၍ရှိခိုးပူဇော်ချိန်နှင့်ကွက်တိဖြစ်နေသည်။ ဆရာတော်ဘုရားကြီး ခန္ဓာဝန်စွန့်သွားသော်လည်း မိမိကိုဆုံးမသည့်စကားကို မမေ့မလျော့အောင် မိမိရောက်လာမှ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ဖြစ်စေသည်မှာ ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

ထိုနေ့ အိမ်သို့ ညနေ (၆) နာရီခွဲလောက်မှရောက်ပါသည်။ ဆောင်းဝင်စမို့ အနည်းငယ်မှောင်ရီပျိုးနေပါသည်။ အိမ်ပြန်ရောက်တော့ အိမ်ပေါက်ဝတွင် ခင်ပွန်းဖြစ်သူကရပ်ပြီး -

"ဘယ်တွေလျှောက်သွားနေသလဲ၊ မိုးချုပ်နေပြီ"

ဟု ဆီး၍အပြစ်တင်ပါသည်။

မိမိကလည်း အကွက်ရသဖြင့် အထက်စီးလေသံဖြင့် -

"လူမိုက်၊ ကိုယ့်ကိုရဟန်းဘောင်ဝင်ပေးတဲ့ဥပဇ္ဈာယ်ဆရာတော်ကိုတောင် သတိမရတဲ့သူ၊ ရွှေဥမင်ဆရာတော်ကြီး မနေ့ကပဲ ပျံလွန်တော်မူသွားတယ်။ အဲဒါတွေ မင်းမသိဘူး မဟုတ်လား"

ဟု ပြောလိုက်ပါသည်။

ခင်ပွန်းသည် မျက်စိမျက်နှာပျက်၍ ဝမ်းပန်းတနည်းဖြစ်သွားပါသည်။ နောက်တစ်နေ့ နံနက်စောစောတွင် ဆိုင်ကယ်လေးဆွဲ၍ နေအိမ်မှ မင်္ဂလာဒုံမြို့နယ် ကုန်းဒလဘောင်ကျေးရွာရှိ ရွှေဥမင်တောရကျောင်းသို့ အပြေးသွားရောက်ပါတော့သည်။




ယခုဆိုလျှင် ဆရာတော်ကြီး ခန္ဓာဝန်ချသွားသည်မှာ (၁၃) နှစ်ကျော်ကြာခဲ့လေပြီ။ သည်နှစ်တွေအတောအတွင်းမှာ နှစ်ဖက်မိဘများအမွေများရရှိခဲ့ပြီး မိဘအိမ်တစ်ခြမ်းကိုလည်း အမွေရရှိခဲ့သည်။ အစ်မကြီးလည်း စင်ကာပူတွင် သူ၏သားများနှင့်အတူ သွားရောက်နေထိုင်သည်။ ကျန်သူများလည်း မိဘ၏ အိမ်နှင့်ခြံကို မည်သူမျှမယူချေ။ အငယ်ဆုံးမောင်နှင့် မိမိ (၂) ဦးသာ ထက်ဝက်ပိုင်း၍နေခဲ့လေပြီ။

မိမိရရှိသော မင်္ဂလာဒုံရှိခြံတွင် တိုက်အိမ်လေးတစ်လုံးဆောက်ပြီးလေပြီ။ ခင်ပွန်း၏ ရိုးသားကြိုးစားမှုကြောင့် ပတ်သက်ရာ ပတ်သက်ကြောင်းများ၏ အားကိုးရသော ရှေ့နေတစ်ယောက်ဖြစ်ခဲ့ပြီး ဝင်ငွေများလည်းတိုးပွားလာသည်။ မိမိလည်း ၂၀၁၄ ခုနှစ်တွင် ပင်စင်စားဘဝကိုရောက်ခဲ့ပေသည်။ ကျန်းမာရေးလည်းကောင်းနေသဖြင့် မိမိတို့မြို့နယ်တွင် နာမည်အကြီးဆုံး ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အချိန်ပိုင်းကြီးကြပ်ရေးမှူးအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နေပါသည်။

မိမိသည် မင်္ဂလာဒုံမြို့နယ်သို့ ၂၀၀၈ ခုနှစ်တွင်ပြောင်းပြီး ကျောင်းမှ ကလေးများကို အာရုံစိုက်သင်ကြားပေးရာ မြို့နယ်အင်္ဂလိပ်ဘာသာထူးချွန်ကျောင်းသားကလေးများကို မွေးထုတ်သင်ကြားပေးနိုင်ခဲ့သည်။ မိမိကိုယ်တိုင် အင်္ဂလိပ်ဘာသာသင်ကြားမှု ထူးချွန်ဆုနှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးရရှိခဲ့သည်။ ၎င်းအရှိန်နှင့် ယခု ပင်စင်ယူပြီးသည့်တိုင် ညနေတွင် 'ဥယျာဉ်မှူး' အမည်ဖြင့် စာသင်စာကျက်ဝိုင်းကလေးထူထောင်ထားပါသည်။ သမီးကလေးကလည်း တရားလွှတ်တော်ရှေ့နေဖြစ်နေပါပြီ။ သင့်တော်သော အိမ်ထောင်ဖက်နှင့် အင်းလျားကန်ဘေးရှိ IBC ခန်းမတွင် မင်္ဂလာအခမ်းအနားကျင်းပပေးပြီး မိဘဝတ္တရားကျေခဲ့ပါပြီ။

ယခုအချိန်တွင် မိမိသည် စားဝတ်နေရေးဖူလုံနေပါပြီ။ ဘောဂများလည်း အတော်ပင်လျော့ပါးလာသည့်လောဘနည်းသောဘဝ၊ ဒေါသနည်းသောဘဝ ရရှိခဲ့ပါပြီ။

ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့သော -

"အိုခြင်းဆိုးဘဝ၊ နာခြင်းဆိုးဘဝ၊ သေခြင်းဆိုးဘဝက လွတ်မြောက်ချင်ရင် ဒါနကိုလည်း လက်မလွှတ်နဲ့၊ သီလကိုလည်း လက်မလွှတ်နဲ့၊ သမထဘာဝနာ ဝိပဿနာကိုလည်း လက်မလွှတ်နဲ့။ သမထဘာဝနာမှတစ်ဆင့် ဝိပဿနာဘာဝနာကို ကူးပြောင်းကြ။နောက်ဆုံး မဂ်ဉာဏ်၊ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ထိအောင် ကျင့်နိုင်ရင် အားလုံး လွတ်မြောက်ကြရမှာပဲ"

ဟု မိန့်ဆိုခဲ့သလို သံသရာမှ လွတ်မြောက်ရန် ကုသိုလ်အလုပ်များ လုပ်စရာများစွာကျန်ပါသေးသည်။

ဆရာတော်ကြီး အမြဲဆုံးမတတ်သော 'အားကိုးရာအစစ်ကဓမ္မ' ဆိုသည့် ဩဝါဒကို အသက်ထက်ဆုံး နာယူကျင့်သုံးလျက် သည်ထက်ပို၍ သတိပဋ္ဌာန်တရားများများကို အားထုတ်ရပါဦးမည်။ အိုခြင်းကောင်းခဲ့သလို နာခြင်းကောင်းသော၊ သေခြင်းကောင်းသောဘဝကို ရောက်ရှိအောင် ဒေါသ၊ မောဟ၊ လောဘများကိုလည်း အနည်းဆုံးဖြစ်အောင် ပြုလုပ်ပါဦးမည်၊ ကျောင်းစွဲ၊ အိမ်စွဲ၊ သားစွဲ၊ သမီးစွဲဖျောက်ရပေဦးမည်။

နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် ကြိုးစားရပေဦးမည် မဟုတ်ပါလား။

*အားလုံးကို လေးစားလျက်*

ကြင်ကြင် (ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကေရာင်များနှင့်အစီအရင်အဆောင်ဂါထာများ(၁၄)

# နန္ဒဘုရင်နှင့်တားမဲ့ဆရာတော်ချီးမြှင့်သော ဗျည်းအင်းတော်အစီအရင်

ဟံသာဝတီ ဆင်ဖြူရှင်များရှင် ဘုရင်နောင်မင်းတရားကြီးနောက်တွင် သားတော် အိမ်ရှေ့မင်း နန်းတက်တော်မူခဲ့ပါသည်။ ထိုမင်းကို နန္ဒဘုရင် ဟူ၍လည်းကောင်း၊ ဘုရားငါးဆူတည်ထားတော်မူသဖြင့် ငါးဆူဒါယကာ ဟူ၍လည်းကောင်း ရာဇဝင်စာတင်ခဲ့ပါသည်။

သက္ကရာဇ် ၉၄၃ ခုတွင် နန်းတက်တော်မူခဲ့၍ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏သားတော် ငါးဆူဒါယကာ ဟူ၍ လည်းကောင်း မွန်ရာဇဝင်တွင် နန္ဒဘုရင်ဟု လည်းကောင်း တွေ့ရှိရပါသည်။ အင်္ဂလိပ်ရေး မြန်မာရာဇဝင်တို့၌လည်း နန္ဒဘုရင်ဟုပင် ရေးသားကြပါသည်။

**၁ နန္ဒဘုရင်နှင့်တားမဲ့ဆရာတော်**

ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင်နောင်မင်းကြီး၏သားတော် ဟံသာဝတီ ငါးဆူဒါယကာလက်ထက်တွင် လောကီပညာအကျော် တားမဲ့ဆရာတော်ပေါ်ထွန်းခဲ့ပါသည်။ တားမဲ့ဆရာတော်သည် ရှင်သာမဏေအဖြစ်ဖြင့်နေစဉ် စိတ်ပေါ့သွပ်သည့် တပည့်တစ်ယောက်နှင့် ဟံသာဝတီမြို့အနောက်မြစ်နားသို့ လျှောက်သွားခဲ့ရာ မြစ်အစပ်တွင် မိကျောင်းတစ်ကောင် ကြေးနီပုရပိုက်တစ်ခုကို ကိုက်ချီကာ ပေါ်လာသည်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့မြင်လိုက်ရလေရာ တားမဲ့ဆရာတော်လောင်းလျာသာမဏေက ထိုတပည့်အား မိကျောင်းဝါးစပ်မှ ပုရပိုက်ကို ရအောင်ယူလေဟုဆိုရာ စိတ်ပေါ့သွပ်သောတပည့်က မကြောက်မရွံ့ယူပေး၍ ပုရပိုက်ကိုရရှိလေလျှင် မိကျောင်းလည်း ရေ၌ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။

တားမဲ့ဆရာတော်အလောင်းလျာသာမဏေသည် ထိုကြေးနီပုရပိုက်၌ပါသော လောကီပညာရပ်တို့ကို ခက်ခဲနက်နဲထူးခြားစွာ လေ့လာခဲ့ရကာ အင်း၊ အိုင်၊ ယတြာ၊ ဆေးဝါး၊ မန္တရားအတတ်တို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့လေသည်။

တစ်ရံခါသော် ဟံသာဝတီ နေပြည်တော်တစ်ဝှမ်း၌ မိုးယ်းလေမဖြောင့်မှန် ဆန်ရေစပါးရှား၍ မငြိမ်မသက်ဖြစ်သောကြောင့် ငါးဆူဒါယကာ နန္ဒဘုရင်သည် ဤသို့ဖြစ်ရခြင်းအကြောင်းကိုသိလို၍ တားမဲ့ဆရာတော်၊ တားမြွက်၊ တားတမွတ်၊ တားတမော့ဆရာတော်တို့အား နန်းတော်သို့ပင့်ကာ မေးလျှောက်ခဲ့လေသည်။

ထိုအခါ တားမဲ့ဆရာတော်က -

"ဒါယကာမင်းကြီး၊ သာသနာကို သိကြားစောင့်သည် မဟုတ်လော။ သိကြားကိုမေးမှသာသိနိုင်မည်"

ဟု မိန့်ဆိုလိုက်လေသည်။

မင်းကြီးက -

"သိကြားကိုတွေ့၍ မေးရန် အလွန်ခက်ခဲလှပါသည်"

ဟု ဆိုရာ တားမဲ့ဆရာတော်က -

"သိကြားနှင့်တွေ့ရန် ငါတို့ဆောင်ရွက်ပေးမည်။ မြို့ထိပ်တွင် တန်ဆောင်းမဏ္ဍပ်ဆင်ယင်၍ ရာဇပလ္လင်ခင်းထားလေ။ သိကြားဆင်းလာစေရမည်။ သိကြားလာရောက်သည့်အခါ စကားများစွာဆိုမည်မဟုတ်၍ အလိုရှိရာ စကားသုံးခွန်းကိုသာမေးလေ"

ဟု မိန့်တော်မူခဲ့လေသည်။

ထို့နောက် တားမဲ့ဆရာတော်၏ အစီအရင်အတိုင်း သိကြားဆင်းလာသည့်အခါတွင် ငါးဆူဒါယကာမင်းကြီးက တာဝတိံသာနှင့် လူ့ပြည် ယူဇနာ ရှစ်သောင်းလေးထောင် ဝေးကွာသည်ကို -

"မည်သည့်အချိန်က ကြွလာခဲ့ပါသနည်း"

သိကြား -

"နတ်တို့၏ အာနုဘော်ဖြင့် တစ်ခဏချင်းရောက်နိုင်ပေသည်"

မင်းကြီး -

"သိကြားမင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါ၏လော"

သိကြား -

"လူမင်းတို့၏ မေတ္တာကြောင့် ချမ်းသာပါ၏"

မင်းကြီး -

"သုစိတ္တာ၊ သုမာလာ စသော မိဖုရားတို့ ကျန်းခန့်သာပါ၏လော"

သိကြား -

"လူမင်းတို့၏ မေတ္တာကြောင့် ကျန်းခန့်သာယာပါ၏"

ဤသို့ စကားသုံးခွန်းပြည့်လေလျှင် သိကြားမင်း ပျောက်ကွယ်သွားလေတော့သည်။ မင်းကြီး အံ့ဩခြင်းကြီးစွာဖြစ်ခဲ့ရလေသည်။

တားမဲ့ဆရာတော်မှ ငါးဆူဒါယကာမင်းကြီးအား အဆောင်အရွက်ဖြင့် စီရင်ပေးတော်မူခဲ့သော အန္တိမသုခဗျည်းအင်းအစီအရင်ကို တားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီးမှ ဖွေရှာဖော်ထုတ် တင်ပြလိုက်ပါသည်။

ဤအင်းကို ငါးဆူဒါယကာမင်းကြီးအား တားမဲ့ဆရာတော်ကိုယ်တိုင် စီရင်ပေးတော်မူကြောင်းနှင့် ဤအင်း၏ အစွမ်းသတ္တိကြောင့် သိကြားမင်းကိုယ်တိုင်လာဖူးကြောင်း စာမူဟောင်းတို့၌ လာရှိပါသည်။

**၂ အင်းတော်အစီအရင်**

- **အန္တိမ-သုခဗျည်းအင်းတော်**

| | | | | | | |
|---|---|---|---|---|---|---|
| | | ဒ | ဂ | ဘ | | |
| | | ဗ | က | ဋ | | |
| သ | ထ | ည | ခ | ယ | မ | ပ |
| ဈ | ဖ | ဟ | ဓ | အ | န | င |
| တ | ဝ | ဇ | ပ | စ | ဍ | ဃ |
| | | ဏ | ဌ | ရ | | |
| | | လ | ဆ | ဗ | | |

ဤအင်းတော်မှာ အဆုံးတွင် မြင်းသေမြင်းကိုက်ချထားသောအင်းဖြစ်ပါသည်။ (၃၆)ပါးသောရောဂါဖြစ်သော် လည်းကောင်း၊ တရားတဘောင်တွေ့ရသော် လည်းကောင်း၊ မင်းဘေးမင်းဒဏ်သင့်သော်လည်းကောင်း၊ လူကြီးသူကြီးအကြီးအကဲတို့ ငြိုငြင်သော် လည်းကောင်း၊ အကြံအစည်အထမမြောက်



www.burmeseclassic.com

www.burmeseclassic.com

သော် လည်းကောင်း ဤအင်းတော်ကို လက်စက်မီးခွက်တွင်ချ၍ ဆောင်ရွက်လိုသူ၏ မွန်မြတ်သောအဝတ်စကို ကျီးခြေကျစ်ပြီးလျှင် မီးစာလုပ်၍ မဆစ်ဆီနှင့် ထွန်းညှိ၍ ရတနာမြတ်သုံးပါး ရှိသေလေးမြတ်စွာပူဇော်။ သရဏဂုံသီလ ဆောက်တည်၍ မေတ္တာပို့သကာ အလိုရှိရာ နှုတ်မှ ထုတ်ဖော် ဆုတောင်းပါ။

ဆုတောင်းသောအခါ ထိုသူ၏ နေ့နံ၊ ထိုသူ၏အမည်၊ လိုသောဆု စသည်တို့ကို ထုတ်ဖော်၍ဆုတောင်းပါ။

ဗားမဲ့ဆရာတော်ကြီးသည် ဤအန္တိမသုခ အင်းတော်အစီအရင်ဖြင့် အထောင်မကသော ရဟန်းရှင်လူတို့အား သနားချီးမြှင့်ဖူးခဲ့ရာ ချမ်းသာသည်ချည်းဖြစ်ကြောင်း ပြဆိုထားပါသည်။

**◻ ဗျည်းအင်းများ၏အစွမ်းသတ္တိများ**

ဖော်ပြပါ အန္တိမသုခဗျည်းအင်း နည်းတူ ဗားမဲ့ဆရာတော်ကြီးသည် ဝိဇ္ဇာခရဗျည်းအင်း၊ အ-အလယ်ဝင်သောသုံးလူ့ကေသီဗျည်းအင်း၊ ရန်မျိုးအောင်ဗျည်းအင်း၊ စူဠာမဏိဗျည်းအင်း၊ အသောကဗျည်းအင်း စသော ဗျည်းအင်းများကိုလည်း စီရင်တော်မူခဲ့ပါသည်။

အဆိုပါ ဗျည်းအင်းများတွင် ကကြီးကစ၍ချသောအင်း၊ ကကြီးအလယ်ဝင်သောအင်းများသည် အကျိုးအာနိသင်တူမျှကြ၏။ ခ၊ ဂ၊ မ စသည်တို့သည်လည်း ထို့အတူ အစွမ်းသတ္တိရှိကြပါသည်။

|က| အင်းကို စီရင်အသုံးပြုလျှင် မြေကြီးအထုနှင့်တူသော ဘုန်းတန်းပညာဥစ္စာစည်းစိမ်တို့နှင့် ပြည့်စုံရာသည်။
|ခ| အင်းမှာ ခုနစ်ရက်သားသမီးတို့ ကြည်ညိုလေးမြတ်ချစ်ခင်ခြင်းတို့ ပြည့်စုံရာသည်။
|ဂ| အင်းမှာ နတ်သိကြားတို့နှင့်တွေ့နိုင်ရာသည်။
(နန္ဒဘုရင်အား စီရင်ပေး၍ သိကြားလာဖူးသည်။)
|ဃ| အင်းမှာ မိုးကြိုးလောင်မီးကွင်း၏။
(အဝမြို့ ရွှေနန်းတော်ငှက်မြတ်နား၌ စီရင်ထားခဲ့ဖူး၏။)
|င| အင်းမှာ ဆင်၊ မြင်း၊ ကျွဲ၊ နွားဘေးပါများစေရာသည်။
|စ| အင်းမှာ စစ်မက်အင်္ဂါမရှိ (အမရပူရမြို့တော် ပဟိုရ်စည်ကြီးတွင် စီရင်ထားခဲ့ဖူးသည်။)
|ဆ| အင်းမှာ အဆိပ်ဟူသမျှနိုင်၏။
|ဇ| အင်းမှာ အကြံဟူသမျှနိုင်၏။
|ဈ| အင်းမှာ ရန်အပေါင်းကို အောင်နိုင်ရာ၏။
|ည| အင်းမှာ မြွေနဂါးများကို နိုင်စေရာ၏။
|ဋ| အင်းမှာ နတ်မိစ္ဆာကိုနိုင်ရာ၏။
|ဌ| အင်းမှာ နတ်၊ တစ္ဆေကြောက်၏။
|ဍ| အင်းမှာ ရန်သူပြေးစေရာ၏။
|ဎ| အင်းမှာ ရေပေါ်စေတတ်ရာ၏။
|ဏ| အင်းမှာ မကောင်းကြံစည်စေနိုင်သောအင်းဖြစ်၍ မဖော်ပြပြီ။
|တ| အင်းမှာ အပြိုင်အဆိုင် အတိုက်အခိုက်နိုင်၏။
|ထ| အင်းမှာ ရန်ပြေပျောက်နိုင်စေရာ၏။
|ဒ| အင်းမှာ မိုးရွာသည်ကိုတိတ်စေရာ၏။
|ဓ| အင်းမှာ ကာယသိဒ္ဓိပြီးမြောက်ရာ၏။
|န| အင်းမှာ မှောင်ကျစေရာ၏။ မိုးအုံ့စေတတ်၏။
|ပ| အင်းမှာ လေကြီးမိုးကြီးရွာသွန်းစေတတ်၏။
|ဖ| အင်းမှာ ရေကြီးစေတတ်၏။
|ဗ| အင်းမှာ ကမ်းပြိုစေတတ်၏။
|ဘ| အင်းမှာ ရေကိုမီးလောင်စေတတ်၏။
|မ| အင်းမှာ ကျောက်တိုင်ကျောက်ခဲကို ကွဲစေတတ်၏။
|ယ| အင်းမှာ ရေထွက်စေတတ်၏။
|ရ| အင်းမှာ ရေဝေးစေတတ်၏။ ရေကျစေတတ်၏လည်းဟူ၏။
|လ| အင်းမှာ အမှောင်ကိုလင်းစေတတ်၏။
|ဝ| အင်းမှာ ယားယံစေတတ်၏။
|သ| အင်းမှာ ယားယံခြင်းပျောက်စေတတ်၏။
|ဟ| အင်းမှာ အကြီးအကဲဖြစ်စေတတ်၏။
|ဠ| အင်းမှာ တိုင်း၊ ခရိုင်၊ နိုင်ငံ၊ မြို့ပြ ပြည်ရွာ ကျယ်ဝန်း ဖြစ်ထွန်းစေတတ်၏။
|အ| အင်းမှာ ဆေးဝါး၊ မန္တရားအပေါင်း ကျေပျက်စေတတ်၏။ လူပြုသူပြု မှစ၍နိုင်စေတတ်၏။

ဤကဲ့သို့ ဗျည်းအင်းတစ်မျိုးလျှင် နည်းပေါင်း (၃၂)၊ (၃၃) တိုင်ပွားများခဲ့ထွင်နိုင်သောကြောင့် ဗျည်းအင်းပေါင်း (၁၀၀) ကျော်၊ (၄၀၀) ခန့် ပါဝင်ပါသည်။ ထိုဗျည်းအင်းများမှာ ကကြီးမှစသောအင်း၊ ခခွေးကစသောအင်း၊ ကကြီးအလယ်ဝင်သောအင်း၊ ခခွေးအလယ်ဝင်သောအင်း စသည်ဖြင့် တစ်မျိုးနှင့်တစ်မျိုး အကျိုးမတူကြကြောင်း အကျယ်တဝင့် ရေးသားထားတော်မူခဲ့ပါသည်။ ဉာဏ်ယှဉ်၍အသုံးပြုစီရင်ကြပါကုန်။

အကွက်ရာတစ်ခုမှာ အနက်အဓိပ္ပာယ်တစ်မျိုးစီဖြစ်၍ အကျိုးမတူချေ။ အရာဋ္ဌာနကိုလိုက်၍ အကြောင်းအားလျော်စွာ စီရင်အသုံးပြုရသည်။ များစွာကျယ်ဝန်းလှ၍ သတိကြီးစွာစီရင်ဆောင်ရွက်လေ။

မင်းနှင့်တကွရဟန်းရှင်လူအပေါင်းတို့သည် ဗားမဲ့ဆရာတော်ကြီးအားအားကိုးကြလျက် ဆည်းကပ်ကြရာ ဆရာတော်ကြီးသည် ရံဖန်ရံခါ မလွဲမကင်းသာသော တပည့်ရင်းများအားတတ်မြောက်လိုသော ပညာရပ်များကို သင်ကြားပြသပေးတော်မူခဲ့ရပါသည်။

ထိုတပည့်များတွင် အချို့ကား ကာယ၊ အချို့ကား ဝီယ၊ အချို့ကား ဓနု၊ အချို့ကား အပြိုင်အယှဉ်၊ အချို့ကား အနိုင်အရှုံး စသည်ဖြင့် မိမိတို့စရိုက်အားလျော်စွာ လိုရာသင်ကြားပေးပါရန် လျှောက်ထား တောင်းပန်ကြသဖြင့် သင့်လျော်ရာပညာရပ်များကို အသီးသီးသင်ကြားပေးတော်မူရာ ကောင်းစွာထမြောက် အောင်မြင်ခဲ့ကြကြောင်း ထိုနည်းတို့ကို ပညာရှိအဆက်ဆက်သုံးစွဲအကျိုးများကြောင်း မဟာသိဒ္ဓိကျမ်းကြီး၌လာရှိပါသည်။

သတိဉာဏ်ယှဉ် လောကီပညာရှင်များ ထွန်းပေါက်ကြပါစေ။

*သဒ်သံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး -**

၁။ ဦးကုလားရေးသားသော မဟာရာဇဝင်ကြီး (တတိယအုပ်)
၂။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ (ပထမပိုင်း)၊ အမျိုးသားပညာဝန်ဦးဖိုးကျားရေးသည်။
၃။ မြန်မာရာဇဝင်မှတ်စု၊ စီစဉ်သူ ဦးလှိုင်ဟုတ် ဘီအေဒီတီကျောင်းဆရာကြီး။
၄။ ကျောင်းသုံး မြန်မာရာဇဝင် ဦးဘသန်း ဘီအေ စီရင်ရေးသားသည်။
၅။ မဟာသိဒ္ဓိကျမ်းရင်းကြီး (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com

မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင်၏ မွေးရပ်ဇာတိမြေဖြစ်သည့် စဉ်မြင့်ရွာသို့ရောက်သွားမိဖြစ်ခဲ့ရပြန်ပါသည်။ မှတ်မှတ်ရရ ၂၀၀၆ ခုနှစ်အတွင်းက သာသနာပြုပုဂ္ဂိုလ် အဘဦးစိန်ဝင်း အညာမြေဘက်သို့ သာသနာပြုခရီးစဉ်ထွက်ဖြစ်စဉ်က တစ်ခေါက်ရောက်ဖြစ်ခဲ့ဖူးပါသည်။ ထိုစဉ်က အဘဆရာကြီးဦးစိန်ဝင်းသည် မြန်မာပြည်အနှံ့ ဓမ္မစေတီများ လိုက်လံ စိုက်ထူနေသည့် ခရီးစဉ်တစ်လျှောက် လိုက်ပါနေမိရာက ကားဖြင့် လွယ်လင့်တကူ သက်သောင့်သက်သာဖြင့် ရောက်သွားခဲ့ရသည်။

တောင်ဦးနယ်ဘက်တွင် ထူးထူးခြားခြားထင်ရှားသည့် နေရာသုံးနေရာရှိသည်။ နေရာသုံးနေရာမှာ သုံးပွင့်ဆိုင်အနေအထားရှိနေပြီး တြိဂံတစ်ခု သဏ္ဌာန်တည်ရှိနေခဲ့သည်။ အရှေ့တောင်ဘက်တွင် တောင်သုံးလုံး၊ မြောက်ဘက်တွင် စဉ်မြင့်ရွာ၊ အနောက်ဘက်တွင် ရွှေသာလျောင်းတောင်တို့သည် ဂမ္ဘီရဆန်သော နယ်မြေအဖြစ် တည်ရှိလျက်ရှိနေ၏။ ထိုနေရာအနှံ့သို့ တောင်ဦးရွာမှတစ်ဆင့် အရောက်သွားနိုင်ကြပါသည်။ တောင်ဦးရွာသည် ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ တည်ရှိပြီး စဉ်မြင့်ရွာဆိုသည်ကလည်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကြီး၏ အရှေ့ဘက်တွင် တည်ရှိသည့်ရွာပင်ဖြစ်သည်။ ရွှေသာလျောင်းတောင်ပေါ်မှ မြောက်ဘက်သို့မျှော်ကြည့်ပါက တောင်ကုန်းတောင်တန်းများကြားရှိ တောင်ကုန်းပေါ်တွင်တည်


# အောင်သာကျော်

# မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင် အောင်ဓာတ်ကိန်းရာ စဉ်မြင့်ရွာ

စဉ်မြင့်ရွာသို့ ရောက်သွားဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။ ယခုခရီးစဉ်ကတော့ ယခင်သွားခဲ့စဉ် လမ်းဟိုလမ်းဟောင်းအတိုင်း သွားမိဖြစ်သော်လည်း တိုးတက်ဝေစည်နေပြီဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကြောင့် လမ်းပန်းခရီးက ယခင်တခေါက်ကကဲ့သို့မဟုတ်တော့ဘဲ လွယ်ကူချောမွေ့လျက်ရှိနေသည်။ တောင်ဦးရွာသည် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းနံဘေးတွင် တည်ရှိသည်။ ဤသို့ဖြင့် ကျောက်ပန်းတောင်းမှ မိုင် (၃၀) ကျော်ကွာဝေးသည့် တောင်ဦးရွာသို့ ပါရာ၏



[illegible]



[illegible]

www.burmeseclassic.com




တတ်ပေါင်းရစေတီတော်မြတ်ကြီး



ဆိုးခေါ်စေတီတော်



စေတီ



ကမ္ဘာလုံးပေါ် အဘဘိုးမင်းခေါင်ထိုင်

ရှိသည်။ စဉ့်မြင့်ရွာကို ရွှေသာလျောင်းတောင်ပေါ် မှသွားမည်ဆိုပါက နှစ်မိုင်၊ သုံးမိုင်ခန့်သာဝေးပါသည်။ အမည်နှင့်လိုက်ဖက်ညီလောက်အောင် တောင်ကုန်းတစ်ခုပေါ် တွင်တည်ရှိသည့် စဉ့်မြင့်ရွာတွင် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပေါ် ထွန်းခဲ့ဖူးပါသည်။

စဉ့်မြင့်ရွာသည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဝိဇ္ဇာကြီးဟု လူသိများကာ အထင်ကရထင်ရှားကျော်ကြားမှုရှိနေသည့် မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင်၏ မွေးရပ်ဇာတိမြေပင် ဖြစ်သည်။

ဝိဇ္ဇာလမ်းကိုလျှောက်လှမ်းနေကြသည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့က မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင်၏ မွေးဇာတိရပ်မြေဖြစ်သည့် စဉ့်မြင့်ရွာကို အောင်မြေအောင်ဌာနမှန်ရာ နေရာတစ်နေရာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ထားကြသည်။ ထို့ကြောင့်ပင် အောင်မြေအောင်ဌာနစစ်မှန်ရာ စဉ့်မြင့်ရွာသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသူ သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ အရောက်လာကြကာ အဓိဋ္ဌာန်ဝင်ကြခြင်း၊ အောင်မြေနင်းကြခြင်း စသည့် ထုံးဆောင်ချက်များကို ပြုမူကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြခြင်းပင် ဖြစ်သည်။

အောင်မြေမှန်ရာသို့ သွားနေစဉ် နေပူပူလေပူပူ၏ အိုက်စပ်စပ်ပေးအပ်နေမှုများကို ထိတွေ့ခံစားနေခဲ့ရသော်လည်း အောင်မြေမှန်ရာ စဉ့်မြင့်ရွာသို့ဝင်သည်နှင့် အေးငြိမ်းမှုရသစတို့က လွှမ်းမိုးလို့နေတော့သည်။ စဉ့်မြင့်ရွာအတွင်းသို့ရောက်သွားသည်နှင့် မဟိဒ္ဓိထိပ်ခေါင် အဘအောင်မင်းခေါင်၏ ထုသားနှောင်မယ်များ၊ ဆွေမျိုးအရင်းအချာနှင့် ဆုံတွေ့ခွင့်ရတော့သည်။ ရွာအတွင်းရောက်သည်နှင့် သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး စိုက်ပျိုးခဲ့သည့် မန်ကျည်းပင်ကြီးနှင့် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ပိုင်ဆိုင်သည့် ထန်းတော၊ သူတော်စင်သူတော်မြတ်ကြီး ကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့ကို မြင်တွေ့ခွင့် ဖူးတွေ့ခွင့်ရတော့သည်။



အောင်မြေအတွင်းရှိ စေတီတော်များ



အဘဘိုးမင်းခေါင်ကြေးရုပ်



အဘရုပ်တု



အဘရုပ်တု



အောင်မြေရှိ မန်ကျည်းပင်ကြီး



အဘဘိုးမင်းခေါင်ရုပ်တု



အဘဘိုးမင်းခေါင်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

အဘအောင်မင်းခေါင်နှင့်ဆက်စပ်နေသည့်ဘဝဖြစ်စဉ်က စိတ်ဝင်စားစရာကောင်းလွန်းလှသလို ဂမ္ဘီရဆန်သောဖြစ်ရပ်များနှင့် လွှမ်းခြုံလျက်သားရှိနေသည်ကိုလည်း စဉ့်မြင့်ရွာသို့ရောက်မှပင် ပြည့်ပြည့်စုံစုံသိခွင့်ရခဲ့ရသည်။ ဝိဇ္ဇာမိုရ် အောင်မင်းခေါင်ခေါ် အဘဘိုးမင်းခေါင်၏ နာမ်ဓာတ်ဝင်ရောက်ကိန်းတည်မည့် ဆရာတော် ဦးအာစိဏ္ဏလောင်းလျာကို မြန်မာနှစ် ၁၂၄၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် အဘ ဦးမောင်ပု အမိ ဒေါ်မင်းသစ်တို့မှ မွေးဖွားသန္ဓေစင်ခဲ့သည်။ အမည်မှာ မောင်ဘိုးအောင်ဖြစ်ပြီး မွေးချင်းငါးဦးရှိခဲ့သည့်အနက် ဒုတိယမြောက်သားရတနာပင်ဖြစ်သည်။ အရွယ်ရောက်လာခဲ့သည်တွင် သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီး (၃) ဝါမြောက်မှာပင် ပိဋကတ်စာပေတို့ကို သင်ရိုးကုန်တတ်မြောက်ခဲ့သည်။ မိဘလက်ငုတ် စဉ့်မြင့်ရွာလေးတွင် ရဟန်း (၁၀) ဝါရသည်အထိ နေထိုင်သီတင်းသုံးခဲ့လေသည်။ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကိုသာ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုပြုနေတော့သည်။ တစ်ခါတစ်ရံ စဉ့်မြင့်ရွာမှ ပျောက်သွားလေ့ရှိကာ တောထဲတောင်ထဲတွင် တစ်ပါးတည်း သွားရောက်အားထုတ်နေဖြစ်ခဲ့သည်။ ဆရာတော် ဦးအာစိဏ္ဏသည် မိမိမည်သည့်နေ့ မည်သည့်ရက်တွင် ပျံလွန်တော်မူမည်ကို ကြိုတင်သိရှိပုံရခဲ့သည်။ တောထဲတွင် တစ်ပါးတည်း တရားကျင့်ကြံပွားများအားထုတ်နေစဉ် အဘဘိုးမင်းခေါင်ကဲ့သို့သော ပုဂ္ဂိုလ်ထူးများနှင့်လည်း ဆက်သွယ် တွေ့ဆုံမိခဲ့ဟန်တူသည်။

မကြာမီ ပျံလွန်တော်မူရတော့မည်ဖြစ်သည့် ဦးအာစိဏ္ဏ၏ ရုပ်ခန္ဓာကိုယ်ကြီးကို အဘဘိုးမင်းခေါင်နှင့် ဝိဇ္ဇာဆရာတော်ကြီးများက အလှူခံခဲ့ကြသည်ဟု ယူဆခဲ့ကြရသည်။ ဆရာတော်ဦးအာစိဏ္ဏကလည်း သာသနာပြုရေးဆိုင်ရာကိစ္စဖြစ်သဖြင့် မိမိ၏ရုပ်ခန္ဓာကို ကြည်ကြည်ဖြူဖြူပင် လှူဒါန်းခဲ့သည်။ ထို့နောက်တွင် ဆရာတော်ဦးအာစိဏ္ဏသည် ကြီးစွာမနာမကျန်းဖြစ်တော်မူရာ ဆေးဆရာများက ကြိုးပမ်းကုသကြသော်လည်း ဆရာတော်ဦးအာစိဏ္ဏ ပျံလွန်တော်မူခဲ့သည်။

ဆရာတော် ဦးအာစိဏ္ဏ ပျံလွန်တော်မူချိန်တွင် 'အဘဘိုးမင်းခေါင်၏ နာမ်ဓာတ်သည့် ဝင်ရောက်ကိန်းအောင်း



ထီးတော်တင်ပွဲကျင်းပသည့်စေတီ



အဘ၏ ရုပ်ပွားနှင့် ဆိပ်ရာ



အဘ တရားကျင့်စဉ်က အသုံးပြုခဲ့သော ပန်းကန်များ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပေါင်းရေစေတီနားက ဓရုကန်



ဆိုင်းဘုတ် မမှုပ်ရှာရိန် မျိုးစေ့ချရာ



အောင်သိဒ္ဓိပြည့်လုံးချမ်းသာဘုရား

ခဲ့သည်။ သို့နှင့်ပင် ပျံလွန်တော်မူသွားပြီး နာမ်ဓာတ်မရှိတော့သည့် ဦးအာစိဏ္ဏ ရုပ်ခန္ဓာကိုယ်ကြီးသည် အဘဘိုးမင်း ခေါင်၏ နာမ်ဓာတ်ကိန်းအောင်းတည်မှီ မိသည်တွင် ငေါက်ခနဲ ထထိုင်ပြီး -

"ငါရွှေတိဂုံဘုရားဖူးသွားမယ်"

ဟု အမိန့်ရှိလိုက်သည်။

ဆွေမျိုးသားချင်းများက ဆရာ တော်ဦးအာစိဏ္ဏပြန်လည်ကျန်းမာလာ သည်ဟုသာ ထင်မှတ်ခဲ့ကြသည်။ သို့သော် အဘအောင်မင်းခေါင်ဓာတ် ကိန်းအောင်းပြီးခဲ့သည့်နောက် စကား အပြောအဆို၊ သွားလာလှုပ်ရှားမှု၊ ဟန် အမူအရာများမှာ မူလဆရာတော် ဦးအာစိဏ္ဏ၏ အပြောအဆို၊ ဟန်အမူ အရာများနှင့် လုံးဝမတူတော့ဘဲ ကွဲပြား ခြားနားမှုရှိနေခဲ့သည်ကို သတိထား လာမိခဲ့ကြရသည်။ ထူးခြားဆန်းကြယ် လွန်းလှသည့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။

အဘအောင်မင်းခေါင်သည် ကချင် ပြည်နယ်ဘက်တွင် နှစ်ပေါင်းနှစ်ဆယ် ကျော် ကြာမြင့်စွာလှည့်လည်နေထိုင်ခဲ့ ရာက ပုပ္ပားသို့ ပြန်လည်ရောက်ရှိလာ ရာတွင် စဉ့်မြင့်ရွာမှအမျိုးများ ပုပ္ပား သို့လိုက်လာကြပြီးလျှင် -

"ဦးအာစိဏ္ဏမဟုတ်ဘူးလား"

ဟု မေးမြန်းမိဖြစ်ကြရာ -

"ဟုတ်တယ်၊ မဟုတ်ဘူး"

ဟု အဘအောင်မင်းခေါင်က ဖြေခဲ့သည်။ ရုပ်ကြီးမှာ ဦးအာစိဏ္ဏရုပ် ကြီးဖြစ်သဖြင့် ဟုတ်တယ်ဟုဖြေပြီး နာမ်မှာ အဘအောင်မင်းခေါင်၏နာမ် ဖြစ်ပြီး ဦးအာစိဏ္ဏ၏နာမ်မဟုတ်တော့ သဖြင့် မဟုတ်ဘူးဟု ဖြေဆိုခဲ့သည်ဟု သိရသည်။ထို့နောက် အဘဘိုးမင်းခေါင် သည် စဉ့်မြင့်ရွာမှ ပျောက်ကွယ်သွား ခဲ့သည်။

ထိုသို့ပျောက်ဆုံးနေချိန် ၁၉၁၈ ဝန်းကျင်တွင် ကချင်ပြည်နယ် မိုးညှင်း မြို့နယ်ရှိ နားမွားခရုချောင်းရွာ၌ စိတ် ဝေဒနာသည်အသွင်ယူကာ သာသနာ ပြုလုပ်ငန်းများကိုလုပ်ဆောင်နေခဲ့၏။ အဘအောင်မင်းခေါင်သည် တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင်တစ်တော ထွက်၊ တစ်တောင်တက်တစ်တောင်ဆင်း ဖြင့် သာသနာပြုလုပ်ငန်းများလုပ်ဆောင် နေဖြစ်သော်လည်း မြင်တွေ့နေကြသူ အပေါင်းကမူ စိတ်ဝေဒနာသည်တစ်ဦး အဖြစ်ဖြင့်သာ စိတ်ပြစ်မှားနေမိခဲ့ကြ သည်။




www.burmeseclassic.com


www.burmeseclassic.com

ထိုသို့ ထင်မြင်ယူဆကာ အမြင်များအထင်များတို့ဖြစ်နေကြစဉ်အတွင်း အဘဘိုးမင်းခေါင်သည် ထူးခြားဆန်းကြယ်လှစွာသော တန်ခိုးပြမှုများကို ပြုလုပ်ခဲ့သည်။ ဧရာဝတီမြစ်ကြီး၏ ရေပြင်ပေါ်တွင် လမ်းလျှောက်ပြခြင်း၊ ငှက်ပျောပင်ရှိ ငှက်ပျောရွက်ပေါ်တွင် တက်၍အိပ်ပြခြင်း၊ နွေရာသီ ချစ်ချစ်တောက် ပူပြင်းနေသောအချိန်တွင် သွပ်မိုးအပေါ် တစ်နေကုန်တက်အိပ်နေခြင်း၊ ဆောင်းရာသီ အလွန်အေးမြမြရှိနေချိန်တွင် တစ်နေ့တာလုံး ရေစိမ်နေခြင်း၊ သူတစ်ပါး၏ စိတ်အကြံအစည်ကို သိခြင်း၊ ကိုယ်ခွဲရုပ်ခွဲများခွဲပြခြင်း၊ ကြီးမားတုတ်ခိုင်သောသစ်ပင်ကြီးများကို လက်တစ်ဖက်တည်းဖြင့်နုတ်ပြခြင်း၊ ဝါးရုံပင်ကြီးများကိုဆွဲနုတ်ပြီး အခြားတစ်နေရာတွင် ချက်ချင်းရှင်သန်အောင်စိုက်ပြခြင်းတို့ကို ပြုလုပ်ကာ ထူးခြားဆန်းကြယ်သောတန်ခိုးပြခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့်ပင် ဗြိတိသျှတို့ မျက်လုံးမျက်ဆန်ပြူးကာ ပုလိပ်နှစ်ယောက်ကို အဘဘိုးမင်းခေါင်သွားရာနောက်သို့ နောက်ယောင်ခံလိုက်နေစေခဲ့သည်။

အဘအောင်မင်းခေါင် မြန်မာနိုင်ငံအထက်ပိုင်းတွင် သိဒ္ဓိတန်ခိုးစွမ်းပကားများ ထုတ်ဖော်ပြသဖြစ်ရသည်မှာ ထိုစဉ်ကာလသည် ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်လျက်ရှိနေသောကာလ ဖြစ်နေလေရာ အမျိုးဘာသာသာသနာတော်မညှိုးမှိန်စေရေးအတွက်ရည်သန်ကာ သာသနာပြုသတ္တဝါကယ်လုပ်ငန်းများဆောင်ရွက်နေရင်းက သိဒ္ဓိတန်ခိုးများပြသမိဖြစ်ခြင်းပင်ဖြစ်သည်။ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလ (၁၉၃၈ ခုနှစ်၊ မတ်လ) တွင် အဘဘိုးမင်းခေါင်သည် နောက်ပါတပည့် ရှမ်းအမျိုးသားကြီး ခုနစ်ယောက်ဖြင့် ပုပ္ပားသို့ လှူဝတ်ကြောင်ဖြင့်ပင် ပြန်လည်ရောက်ရှိလာခဲ့၏။ အဘအောင်မင်းခေါင်သည် ပုပ္ပားသို့ရောက်သည်နှင့် တောင်ကျောင်းဆရာတော် ဦးကေသရထံ ဝင်ရောက် တည်းခိုနေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဦးကေသရ ကျောင်းအနီးတွင်ရှိသည့် ဦးနီအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဦးနီ၏အိမ်တွင် အချိန်ကြာမြင့်စွာနေခဲ့ပြီးသည်နှင့် ပုပ္ပားတောင်ကလပ်ရှိ ဓာတ်ခန်းရှိရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၂၉၇ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် သီပေါမင်းအား ဗြိတိသျှတို့က ခေါ်ဆောင်သွားခဲ့ရာ


အဘ အသုံးပြုသည့် ခွက်


အဝင်ဆိုင်းဘုတ်


ရွာအဝင်ထမ်း



www.burmeseclassic.com

www.burmeseclassic.com




အဘဘိုမင်းခေါင် မြင်းစီးရုပ်တု



ကျောက်စာ



ဆရာတော်ဦးသောဘိတ



မြန်မာနိုင်ငံသည် ထီးကျိုးစည်ပေါက်ဘဝသို့ရောက်ရှိခဲ့ရသည်။

သာသနာပြုပုဂ္ဂိုလ် ဝိဇ္ဇာဓိုရ်အပေါင်းတို့က သာသနာပျောက်ကွယ်မည့်အရေးကို စိုးရိမ်တော်မူကြသဖြင့် သက္ကရာဇ် ၁၂၅၀ တွင် အဘအောင်မင်းခေါင် ကြီးမှူးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ရှင်မထီးဆရာတော် ဦးကောဏ္ဍည၊ ပထမံပြည့်ရသေ့ဦးအောင်၊ တောင်ငူဦးအောင်၊ ပြည်ဦးအောင်၊ ရက္ခန်းစင်တောင်ဆရာတော်အစရှိသော ဝိဇ္ဇာအပေါင်းတို့ ပါဝင်ဖွဲ့စည်းထားခြင်းပင်ဖြစ်၏။ 'ဓာတ်ပေါင်းစုဘုရား တည်စိုက်ထား မြို့ရွာအမြန်အေးလတ္တံ့၊ ဘုရားလေးငယ်ငယ်ကိုးတောင်ပြည့်တည်၊ ငယ်သာငယ်ကယ်ဆည်မည့်ဘုရား' စသည့် တဘောင်စာများ ထွက်ပေါ်ခဲ့ပြီးနောက် မြန်မာပြည်အနှံ့ စေတီတော်များအမြောက်အမြား ပေါ်ထွန်းခဲ့သည်။ ထို့အပြင် အဘအောင်မင်းခေါင်သည် ပုပ္ပားကို ဗဟိုပြုကာ မြန်မာပြည်အနှံ့ သာသနာပြုနိုင်မည့် ပါရမီရှင်များကို မွေးထုတ်ပြီး သာသနာပြုပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်လာစေရန် လေ့ကျင့်ပေးခဲ့သည်။ အဘအောင်မင်းခေါင်သည် မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို တင်ကြိုမြင်တော်မူသဖြင့် ပုပ္ပားတောင်ကလပ်ထက်တွင် ကမ္ဘာလုံးစေတီတည်ကာ ဓာတ်ပန္နက်အရ လူထုအားကိုးကွယ်စေခဲ့ခြင်းပင် ဖြစ်သည်။

စဉ့်မြင့်ရွာသည် ရှေးယခင်ကာလကကဲ့သို့မဟုတ်ဘဲ ပြောင်းလဲတိုးတက်ပွင့်ထွန်းမှုများ ဝေဆာကာ များစွာတိုးတက်လျက်ရှိနေပြီပင်ဖြစ်သည်။ ဗုဒ္ဓဂယာပုံစံဆင်ဆင်စေတီတော်မြတ်ကြီးအထင်အရှား ပေါ်ထွန်းလျက်ရှိနေသည်ကို ဖူးတွေ့ရသည်။ စဉ့်မြင့်ရွာအောင်မြေတွင် ထူးထူးခြားခြား မြင်တွေ့ရသည်မှာ ဇရာမကမ္ဘာလုံးကြီးပေါ်တွင် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးထိုင်နေဟန်နှင့် ကမ္ဘာလုံးပေါ်တွင် မြင်းစီးနေဟန်ရုပ်လုံးရုပ်တုကြီးများ တည်ရှိနေခြင်းကိုပင်ဖြစ်သည်။ တနင်္လာနှင့် ကြာသပတေးတို့ ဓာတ်ပြန်စီးသည့် သဘောဆောင်သည်။ သာသနာတော်အရှည်တည်တံ့ခိုင်မြဲစေမည့် ဓာတ်နိမိတ်များဟု ယူဆရသည်။သာသနာပြုပုဂ္ဂိုလ်များသည် မြင်းလို လျှင်မြန်ဖျတ်လတ်၍ ဆင်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ကြံ့ခိုင်မှုရှိကာ ကြီးမားသောတာဝန်များကို ထမ်းဆောင်နိုင်ရမည်၊ ခြင်္သေ့လို ရဲရင့်ရမည်၊ နွားလို ရိုးသား သည်းခံရမည်ဆိုသည့် အဘ၏ဩဝါဒစကားစုတို့က အတွေးထဲ ဝင်ရောက်လာသဖြင့် ကမ္ဘာလုံးပေါ်တွင် အဘဘိုးမင်းခေါင် မြင်းစီးနေသည့်ရုပ်တုကို စူးစိုက်ကြည့်မိကာ အာရုံဝင်စားနေမိဖြစ်သည်။ အောင်မြေမှန်ရာ စဉ့်မြင့်ရွာတွင် ဗုဒ္ဓဂယာပုံဆင်ဆင်တည်ထားသည်မှာ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးပင်ဖြစ်သည်။ အောင်မြေမှန်ရာ စဉ့်မြင့်ရွာတွင် အောင်ဓာတ်များ ပေါင်းစုစည်းလျက်တည်ရှိနေပါသည်ဆိုသော ဓာတ်သဘောဆောင်သည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။

စဉ့်မြင့်ရွာအတွင်းဝယ် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး စိုက်ပျိုးသွားခဲ့သည့် မန်ကျည်းပင်ကြီးကို တွေ့မြင်ခဲ့ရသည်သာမက နေထိုင်ခဲ့သည့် အိမ်နှင့် ကိုးကွယ်သမှုပြုခဲ့သည့် ဒက္ခိဏသာခါရုပ်ပွားတော်မြတ်တို့ကို ဖူးတွေ့ခွင့်ရခဲ့ပါသည်။ ဖူးတွေ့ခွင့်ရသည့် ရုပ်ပွားတော်မှာ ဗုဒ္ဓဂယာတွင်ရှိနေသည့် ပင်မဗောဓိပင်အစစ်မှ တောင်ဘက်ထွက်နေသည့်အကိုင်းကို အမိဋ္ဌာန်ဖြင့်ရယူပြီး ထုဆစ်ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်ပင် ဖြစ်သည်။ ရုပ်ပွားတော်တွင် မှိုကိုးချက်ရှိသည်။ ထိုရုပ်ပွားတော်မှာ ဒက္ခိဏသာခါ ရုပ်ပွားတော်မြတ်ပင်ဖြစ်၏။ ဦးခေါင်းတော်ပေါ် ရေသပ္ပာယ်လိုက်ပါက နှာခေါင်းဖျားပေါ်မှကျလာသော ရေစက်သည် လက်ဖဝါးတော်ပေါ်သို့တည့်တည့်ကျပါသည်။ ထိုသို့ကျမှ ဒက္ခိဏသာခါအစစ်ဖြစ်သည်ဟု သိခွင့်ရပါသည်။

ရွာထိပ်တွင် ထန်းတောရှိသည်။ ထိုထန်းတောအတွင်း ကျောက်ဖျာကြီးတစ်ချပ်ရှိနေပြီး ကျောက်ဖျာပေါ်တွင် ပန်းအိုးတစ်လုံးရှိနေသည်ကိုတွေ့ရ၏။ ထိုနေရာ၏အရှေ့ဘက်တွင် ပိန္နဲပင်ကြီးတစ်ပင်ရှိနေပြီး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး၏ အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် သိထားကြသူများသည်။ အောင်မြေနေရာသို့ရောက်ကြသူတို့ ထန်းညွန့် ထန်းလက်များနှင့် ရောမပိန္နဲပင်ကြီးမှ အခေါက်များကိုခွာယူကာ အဆောင်အဖြစ်ယူသွားလေ့ရှိကြ၏။ အောင်မြေသို့ရောက်သွားခဲ့သည်တွင် အဘမိန့်မှာကြားခဲ့သည့်စကားစုတို့က ရင်ထဲအထိတိုးဝင်ကာ အသိတရားရှိဖို့ သတိတရားရှိဖို့ဆိုသည့်အသိက လှုပ်ခတ်မိလျက်သားဖြစ်နေမိရသည်။

အဘဘိုးမင်းခေါင် မိန့်ထားခဲ့သည်မှာ -

*၁။ လူပြည့်လူ့ရွာ လူ့သဏ္ဌာန်ဖြစ်ပါလျက်ကယ်နှင့် ဒုရာစီဝေ ဒုကမ္မကိုဖြင့် မပြုမကြံမိကြလေနဲ့ သားမြေးတစ်တွေ။*

*ဘုရား တရား သံဃာ အဠ္ဌလီသတဲ့ပြင် ငါးပါးမှန်စွာ ပဥ္စသီလငယ် အဠ္ဌဂီ နဝဂီ အစဉ့်ညီမျှလျှင်ဖြင့် ကျိုးနှစ်ဝပိုင်စေ။*

*ကုသလာမေ့မှာ ပုညာမြောက်လျှင်ဖြင့် ပြုသမျှအဖြာဖြာ ဦးခံ၍ပေါက်သလိုပ ကြုံတန်လောက် လောကီအခြေ ဘောဂီရွှေငွေနှင့် အနေမလွဲ။*

*လေးဝပြဟ္မစိုရ်ဖေးမကာ နှစ်ကိုယ်တစ်ကိုယ်သို့ တချို့တချို့ ပိုမိုချစ်တဲ့အပြင် ကြင်မေတ္တာကင်းမချို့စေနဲ့။ ယင်းသို့အကျိုးမျှော်ကာ မင်းတို့သူတော်မှာလှူထားခဲ့မယ် နားကြပ်ကြပ်စွဲ*

ဟူ၍ပင် ဖြစ်သည်။

စဉ့်မြင့်ရွာအဖြစ် ထင်ရှားစွာမဖြစ်တည်မီက ရွာတည်ရန်အတွက် ရွာလူကြီးက ပန္နက်ရိုက်ခဲ့ကြရာ ယခုအောင်သိဒ္ဓိပြည်လုံးချမ်းသာစေတီတော်ဘုရားကုန်းတော်ကြီးမှာ ရှုပ်ယှက်ခတ်ကာ ပိတ်ဖုံးနေသည်ကို တွေ့ခဲ့ကြရသည်။ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကြရာ သစ်သားစင်တိုင်(၄)တိုင်ကို တွေ့ရှိခဲ့ကြရသည်။ ရှေးယခင်က စဉ့်မြင့်ဆောက်လုပ်သည့် နေရာအဖြစ် သတ်မှတ်ကာ စဉ့်မြင့်ရွာဟု သတ်မှတ်အမည်ပေးထားခဲ့ခြင်းပင် ဖြစ်သည်။ ယခု ဖူးတွေ့နေကြရသည့် အောင်သိဒ္ဓိပြည်လုံးချမ်းသာစေတီတော်မြတ်သည် အဘဘိုးမင်းခေါင် မမွေးဖွားမီကတည်းက တည်ရှိနေခဲ့သော စေတီတော်မြတ်ပင် ဖြစ်လေသည်။ အဘဘိုးမင်းခေါင် စဉ့်မြင့်ရွာသို့ ပြန်လည် ရောက်ရှိလာသည့်အချိန်တွင် အောင်သိဒ္ဓိပြည့်လုံးချမ်းသာစေတီတော်မြတ်လိုဏ်ဂူတွင် တရားပွားများကျင့်ကြံအားထုတ်ခဲ့သည့် အောင်မြေအောင်ဌာနမှန်ရာနေရာတစ်နေရာပင် ဖြစ်သည်။ ထိုစဉ်ကာလက အဘဘိုးမင်းခေါင် အသုံးပြုခဲ့သည့် ရှေးဟောင်းပန်းကန်များကို အသက်(၇၇) နှစ်အရွယ်ရှိ စဉ့်မြင့်ရွာသားဦးမောင်ပုက ပြသဖြင့် သိမြင်ခွင့်ရခဲ့ရသည်။

အောင်သိဒ္ဓိပြည့်လုံးချမ်းသာစေတီတော်မြတ်ပရိဝုဏ်အတွင်း သောဘိတရာမကျောင်းတိုက်ကြီး တည်ရှိသည်။ သောဘိတရာမ ကျောင်းတိုက်ဝင်းကြီးသည် ဓာတ်ပေါင်းဦးသျှောင် ဘိုးတော်အောင်မင်းခေါင် ဓမ္မဝိဇ္ဇာဂိုဏ်း မျိုးစေ့ချ သာသနာ့နယ်မြေအဖြစ် ထင်ပေါ်လျက်ရှိနေသည်ဟုသိခွင့်ရခဲ့၏။ ထိုကျောင်းတွင် အောင်ခေါင်ပွင့်ဆရာတော်ကြီး ဦးသောဘိတ သီတင်းသုံးတော်မူလျက်ရှိနေသည်။

အောင်မြေမှန်ရာသို့ စာရေးသူ ၂၉-၉-၂၀၁၅နေ့က ရောက်သွားမိခဲ့သည်ဖြစ်ရာ အောင်မြေမှန်ရာတွင် အထင်အရှား ထပ်မံဖြစ်တည်လာသည့် မြန်မာ့အောင်ဆုကြီးပန်စေတီတော်မြတ်ကြီးထီးတော်တင်လှူပွဲနှင့် ကြုံရသည်။ သောဘိတရာမကျောင်းတိုက်ဆရာတော်ဘုရားကြီး ဦးသောဘိတ၊ ကျိုက်စွန်ပါဆရာတော် ဦးကောသိတ၊ သိဒ္ဓိနှင့်မဟာအောင်ဗောဓိ အနန္တသိဒ္ဓိရှင်ထီးတော်တင်အဖွဲ့ဦးဆောင်သူ ဆရာဦးဌေးအောင်ကျော်တို့က ဦးစီးဦးဆောင်ပြုကာ ထီးတော် ဆက်ကပ် တင်လှူပူဇော်နေကြခြင်းပင် ဖြစ်သည်။

အဘဘိုးမင်းခေါင်၏ မွေးရပ်မြေစဉ့်မြင့်ရွာသည် အောင်မြေမှန်ရာနေရာတစ်နေရာဖြစ်လေရာ ဓာတ်ပေါင်းစုအောင်ပန်းများ ဝေဝေဆာဆာပွင့်လျက်သားရှိနေသည့်အပြင် သာသနာတော်ပွင့်ထွန်းရာအဖြစ် စေတီပုထိုးများဝင့်ဝင့်ထည်ထည် ပေါ်ထွန်းလျက်ရှိနေပြီပင်ဖြစ်၏။ မည်သို့ပင်ဆိုစေ အစဉ်တင့်တယ်နေပေဦးမည့် စဉ့်မြင့်ရွာလေးသည် ဝိဇ္ဇာလမ်းကျောက်လှမ်းရင်း ကြိုးပမ်း ကျင့်ကြံနေကြသည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ်အရောက်လာနေကြဦးမည်ကတော့ အမှန်ပင် ဖြစ်ပါသည်။ အောင်မြေအဝန်းအဝိုင်းမှ ပြန်ထွက်လာတော့ စေတီတော်မြတ်ထီးတော်တင်ပွဲဆီမှ လွင့်ပျံ့ထွက်ပေါ်နေသည့် အောင်စည်အောင်မောင်းသံများ၊ ရှမ်းအိုးစည်သံများက နောက်မှကပ်ငြိပါလာနေတော့သည်။

*အစဉ်တင့်မည့်စဉ့်မြင့်ရွာသို့*
*ရောက်ခွင့်ကြုံကြပါစေ*

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

# ကိုစနေ

## အောင်တော်မူဂါထာတန်ခိုး အကျိုးဒိဋ္ဌ



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ မီတဒါဝှန်ကျောင်းတိုက်တွင် သီတင်းသုံး တော်မူလျက်ရှိသည့် ဆရာတော်ဦးရေဝတ (မာဃ) MA. (philosophy) Ph.D Thesis ဦးစီး၍ မြို့နယ်စာရေးဆရာ အသင်းဝင်များနှင့် စာပေဝါသနာရှင် များ စုပေါင်း ရေးသား ထုတ်ဝေသည့် 'ပေးဆပ်သူတို့၏ဒိုင်ယာရီ' မဂ္ဂဇင်းတွင် စာရေးဆရာမ အေးချမ်းမော် (မင်းလှ) ၏ 'အောင်တော်မူဂါထာ၏စွမ်းအင်' ဆိုသော ဆောင်းပါးအား ဖတ်ရှုလိုက်ရ သည်။

ဆောင်းပါး၌ ဆရာမအေးချမ်းမော် မှ အခက်အခဲအကျပ်အတည်းနှင့်တွေ့ ကြုံနေရသူများ အောင်တော်မူဂါထာ (စာရေးသူတို့အခေါ် အောင်ရှစ်ချက် ဂါထာ) အား အဓိဋ္ဌာန်တင်၍ ရွတ်ဖတ် ပူဇော်ပါက အကျပ်အတည်းမှ လွတ် မြောက်ပြီး အောင်မြင်မှုများရရှိနိုင် ကြောင်း၊ ၎င်းကိုယ်တိုင် တက္ကသိုလ် ဝင်တန်းစာမေးပွဲဖြေဆိုရာတွင် အောင် တော်မူဂါထာ၏အစွမ်းအား ကိုယ်တွေ့ ကြုံခဲ့ရကြောင်း စိတ်ဝင်စားဖွယ် ရေး သား တင်ပြထားသည်ကိုတွေ့ရပါသည်။

အဆိုပါဆောင်းပါးအား ဖတ်ရှု ပြီးနောက်တွင် အောင်တော်မူဂါထာအစွမ်း နှင့် ပတ်သက်၍ စာရေးသူကိုယ်တွေ့ ကြုံခဲ့ရသည့် အဖြစ်အပျက်လေးတစ်ခု အား ပြော၍သတိရလိုက်မိပါသည်။

ထိုစဉ်က ရင်းနှီးသောအသိ မိတ်ဆွေများမှ စာရေးသူအား ကြုံလျှင် ကြုံသလို အပျော်သဘောဖြင့် ဗေဒင်မေးလေ့ရှိကြ၏။ ဖိုးပောချင် စာရေးသူမှလည်း မေးလာတိုင်း မည်သည့် အခါမျှ ငြင်းဆန်လေ့ မရှိဘဲ နေရာမရွေး၊ အချိန်အခါ မရွေး တွက်ချက်ပေးလေ့ရှိပါ သည်။ စာရေးသူ လက်စွဲ ထားသည့် ဗေဒင်တွက်နည်းမှာ ဖက်ရွက်နိမိတ်ဟော နည်းဖြစ်၏။ ထိုဟော နည်းမှာ မည်သည့်အခြေခံပညာမျှမလို၊ နှစ်ရှည်လများ သင်ကြားရန်မလို၊ စာ များ လက်ာများ ကျက်ရန် အာဂုံဆောင် ရန် မလိုဘဲ အလွယ်တကူ သင်ကြား တတ်မြောက်နိုင်သည့်နည်း ဖြစ်၏။ ထို့ ကြောင့်လည်း စာရေးသူ ငယ်စဉ်က ဘကြီးတော်စပ်သူ လူပျိုတော်ခိုးလေးမြ ထံမှ သင်ကြားတတ်မြောက်ခဲ့ခြင်း ဖြစ် ည်၊ (ခက်ခက်ခဲခဲဆိုလျှင် သင်ဖြစ်ချင်မှ သင်ဖြစ်ခဲ့ပါလိမ့်မည်။) အလွယ်တကူ သင်ကြားတတ်မြောက်နိုင်သည့်နည်းဟု ဆိုသော်လည်း အတွေ့အကြုံပေါ်နမူနာ ယူ၍ ဆုံးဖြတ်ချက်မှန်ကန်ရန် လွန်စွာ အရေးကြီးကြောင်း ၊နောင်တွင် သိလာ ရလေသည်။

ဤနေရာတွင် စာဖတ်သူများ တစေ့တစောင်းလေ့လာနိုင်ရန် ဖက်ရွက် နိမိတ်ဟောနည်းဗေဒင်ပညာအကြောင်း အနည်းငယ်တင်ပြလိုပါသည်။

ဉပမာ လူတစ်ဦးဗေဒင်မေးရန် လာသည်ဆိုပါစို့။ ထိုသူအား သစ်ရွက် တစ်ရွက် (မည်သည့်သစ်ရွက်မဆို စစ်ဆေးကြည့်ရှုခြင်းမပြုဘဲ) အမြန်ခူး ခိုင်းလိုက်ပါ။ ခူးပေးသောသစ်ရွက်အား စေ့စေ့စပ်စပ်သေချာကြည့်ရှုစစ်ဆေးပါ။ သစ်ရွက်သည် အရင်းဘက်မှ(သို့)အဖျား ဘက်မှ ပြတ်နေခဲ့သော် ပစ္စည်းပျောက် အတွက်မေးက ပစ္စည်းဆုံးပြီမရတော့။ လူနာအတွက်ဆိုပါက သေကိန်း။ ခရီး သွားရန်မေးသည်ဆိုပါက မသွားသင့်၊ အန္တရာယ်ရှိသည်ဟု ဟောရမည်ဖြစ်ပါ သည်။ သစ်ရွက်၏နိမိတ်ပုံမကောင်း သဖြင့် အကောင်းဘက်မှ ဟော၍မရပါ။

သစ်ရွက်တွင် အပေါက်ကြီးငယ်၊ အကွဲ စသည့်အနာအဆာများတွေ့လျှင် လူနာအတွက်မေးပါက ရောဂါချက်ချင်း မပျောက်သေး။ နာတာရှည်ဖြစ်နေဦး မည်၊ ခရီးသွားလိုသူအတွက်ဆိုပါလျှင် မသွားသင့်သေး။ ပစ္စည်းပျောက်မေးက တွေ့ရန်အတော်ခဲယဉ်းသည်။ စာမေးပွဲ ဖြေထားသူများမှာ မအောင်မြင်နိုင်ပါ။

သစ်ရွက်သည် အပေါက်အနာ အဆာမရှိ၊ စင်းလုံးချောဖြစ်နေလျှင် ပျောက်နေသည့်ပစ္စည်းမဆုံးပါ။ မကြာ ခင်ပြန်တွေ့မည်။ လူနာအတွက် ဆေး တွေ့ပြီး ရောဂါအမြန်ပျောက်မည်။ ခရီး သွားလိုသူအတွက် သွားပါ။ ကောင်းပါ သည်။ အန္တရာယ်မရှိ။ ကြွေးတောင်း သွားလျှင် သေချာပေါက်ရမည်။ အလုပ် ကိစ္စနှင့် စာမေးပွဲဖြေဆိုထားသူများအဖို့ စိတ်အေးအေးနေပါ။ မြေကြီးလက်ခတ် မလွဲအောင်မြင်ရမည် စသည်ဖြင့် နိမိတ် ဖတ် တွက်ချက်ရသောနည်းဖြစ်၏။

ထိုသို့သောနည်းဖြင့် မိတ်သင်္ဂဟ များအကြား အောင်ပွဲရမျက်နှာပွင့်လန်း နေသော စာရေးသူသည် ၂၀၀၈ ခု၊ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးဖြေဆိုရန် (၂) လခန့်သာ လိုတော့သည့်နေ့တစ်နေ့တွင် အခက် အခဲတစ်ခုနှင့် ရင်ဆိုင်တိုးလေတော့ သည်။

တွေ့ရပုံမှာ အခြားမဟုတ်။ ထိုနေ့ က မိသားစုသဖွယ် ရင်းနှီးသော ကျောင်း နေဖက်သူငယ်ချင်းတစ်ဦး ရောက်ရှိလာ ပြီး နှလုံးရောဂါအခံရှိသော ၎င်း၏သမီး အငယ်လေးသည် ကျရှုံးမည်စိုးသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် အကျောက်အကန်ငြင်းဆန်နေကြောင်း၊ ၎င်းတို့အနေဖြင့် သမီးအား စာမေးပွဲ ဖြေဆိုစေလိုသော်လည်း အကယ်၍ မအောင်မြင်ပါက နောက်ဆက်တွဲဖြစ် ပေါ်လာမည့် နှလုံးရောဂါရလဒ်ကို ရင်မဆိုင်ရဲကြောင်း၊ တစ်ဦးတည်းသော သမီးအတွက် မည်သို့မည်ပုံဆုံးဖြတ်ရ မည်မသိသဖြင့် အကြံဉာဏ်ပေးပါရန် နားပူနားဆာလုပ်လေတော့သည်။

တကယ်တော့ အငယ်လေးသည် သူငယ်ချင်း၏သမီးဟု ဆိုသော်လည်း

www.burmeseclassic.com

စာရေးသူ၏သမီးနှင့်မခြား သံယောဇဉ်ရှိသူ ဖြစ်သည်။ စာမေးပွဲဖြေဆိုစေလိုသည်၊ အဓိပ္ပာယ်မဲ့တွေးကြောက်နေမှုကို မဖြစ်စေလို။ သတ္တိနည်းရာကျလွန်းသည်၊ လူငယ်များအတွက် လုံးဝမရှိသင့်သောစိတ်ထားမျိုးဖြစ်သည်ဟု ယူဆမိသည့်အလျောက် ဖြစ်အောင်ကိုယ်တိုင်လိုက်၍ တိုက်တွန်းမည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ပြင် စာရေးသူ လှေလာထားမိသမျှ အငယ်လေး၏ နှလုံးရောဂါမှာ စိုးရိမ်ရသည့်အဆင့်မဟုတ်၊ အနည်းငယ်အားနည်းခြင်းသာဖြစ်ကြောင်း ယခင်ကတည်းကသိထားသဖြင့် -

"ကဲပါကွာ၊ ငါလိုက်ပြီးဖျောင်းဖျကြည့်ပါဦးမယ်"

ဆိုကာ လိုက်ပါသွားခဲ့သည်။

အငယ်လေးနှင့် တွေ့ချိန်တွင် တစ်နှစ်ပတ်လုံး အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံထားရပြီးမှ အဓိပ္ပာယ်မဲ့မဖြစ်စေရေးအတွက် စာမေးပွဲဖြေဆိုရန် တတ်သမျှမှတ်သမျှဖြင့် ဟောပြောရလေသည်။ သို့သော်လည်း အငယ်လေးမှာ နားဝင်ခြင်းမရှိ။ 'ကျမည်စိုးသဖြင့် မဖြေရဲ' ဆိုသည့် ခံကတုတ်နောက်မှ မထွက်ဘဲ အပြင်းအထန် ခုခံကာကွယ်နေ၏။ စာရေးသူနှင့်တကွ ၎င်း၏မိဘနှစ်ပါးပါ (၂) နာရီနီးပါးမျှ အမျိုးမျိုးကြိုးစားသော်လည်း မအောင်မြင်သဖြင့် လက်လျှော့ရမည့်အခြေအနေရောက်နေလေပြီ။ ထိုအခိုက် ခေါင်းထဲသို့ အကြံတစ်ခုဖျတ်ခနဲတိုးဝင်လာသဖြင့် နောက်ဆုံးကျည်ဆန်အနေဖြင့် စမ်းသပ်ပစ်လွှတ်ကြည့်မိ၏။

"ဒီလိုလုပ်ပါလား၊ ဦးလေးမှာ ဗေဒင်တွက်နည်းတစ်ခုရှိတယ် သမီးရဲ့။ ဦးတို့ရပ်ကွက်ထဲက ကလေးတွေ စာမေးပွဲကိစ္စပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စပဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးနဲ့ လာမေးကြရင် ဦးလေး အမြဲတမ်း ဟောပေးရတယ်။ (၈၅) ရာခိုင်နှုန်းမှန်တာ တွေ့ရတယ်။ သမီးတွက်ကြည့်မလား"

စာရေးသူ စကားအဆုံးတွင် စိတ်ဝင်စားဟန်ဖြင့် ဆတ်ခနဲခေါင်းထောင်လာသည်ကို တွေ့ရ၏။

"ဒါဆိုရင်တော့ ကောင်းတာပေ့ါ။ ဦးလေးတွက်ပေးပါ။ အောင်မယ်ဆိုရင် ဖြေမယ်၊ မအောင်ဘူးဆိုရင်မဖြေဘူး"

ဟု ချည်ပြီးတုပ်ပြီးဆိုလေတော့သည်။ မည်သို့ပင်ဆိုစေ နောက်ဆုံးကျည်ဆန်သည် လိုချင်သောပစ်မှတ်ကိုတည့်တည့်ထိမှန်သဖြင့် အားတက်မိ၏။ ထို့ကြောင့် သစ်ရွက်တစ်ရွက်ခူးခိုင်းပြီး စစ်ဆေးကြည့်ရာ မဆိုစလောက်အပေါက်ငယ်လေးတစ်ပေါက်ပါသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရလေသည်။ သို့သော် ကြောက်တတ်သည်ကလွဲ၍ အငယ်လေး စာတော်သည်ကို သိထားသဖြင့် နောက်မှမီးစင်ကြည့်ကမည်ဟု ဆုံးဖြတ်ကာ -

"ကဲ - သမီး၊ ဘာမှမပူနဲ့တော့ဟုတ်လား။ ဦးလေး ရဲရဲကြီးအာမခံတယ်။ သမီးအောင်ကိုအောင်ရမယ်။ ဒါပေမယ့် ဦးလေးအကြံပေးတာကိုလည်း လိုက်နာရလိမ့်မယ်"

"ဟုတ်ကဲ့ - ပြောပါ။ စာမေးပွဲအောင်မယ်ဆိုရင် ဦးလေးခိုင်းတာဘာမဆိုလုပ်မယ်"

ဟု ရွှင်လန်းတက်ကြွစွာ ကတိပေးသဖြင့် စာရေးသူရော မိဘနှစ်ပါးပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။

"တခြားမဟုတ်ပါဘူးဗျာ။ သမီး ခါတိုင်းထက် ဝီရိယနှစ်ဆတိုးရမယ်၊ ကြောက်စိတ်ကိုဖျောက်ရမယ်၊ ညစဉ်ဘုရားရှိခိုးပြီးတိုင်း အောင်တော်မူဂါထာ (၉) ခေါက် အမြဲရွတ်ရမယ်။ တတ်နိုင်ရင် ပုတီးတစ်ပတ်စိပ်နိုင်ရင် အကောင်းဆုံးပဲ။ ဘယ့်နှယ်လဲ-လုပ်နိုင်ပ့ါမလား"

"ဖြစ်ပါတယ် ဦးရယ်။ သမီး ညတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်နေကျပါ။ အောင်တော်မူဂါထာတော့မရဘူး၊ ရေးပေးပါ"

ဆိုသဖြင့် ဂါထာနှင့်တကွ မြန်မာပြန်ကိုပါရေးပေးခဲ့ပါသည်။

အိမ်သို့ပြန်ရောက်ချိန်တွင် သစ်ရွက်တွင် အပေါက်ငယ်တစ်ပေါက်ပါပါလျက် ကာယကံရှင် အငယ်လေး စာတော်ခြင်းနှင့် ဂါထာတော်အစွမ်းအားကိုးဖြင့် စာမေးပွဲအောင်ရမည်ဟု ကတိပေးခဲ့သည်မှာ မှန်မှမှန်နိုင်ပါမည်လားဟု ရင်ပူစွာတွေးနေမိ၏။ ထို့အတူ အောင်စာရင်းထွက်ချိန်တွင် အကယ်၍ ကျရှုံးပါက ဆင်ခြေပေးရမည့်စကားလုံးလှလှလေးများကိုလည်း ကြိုတင်ရှာဖွေထားမိပါသည်။

ကိုယ့်စကားနှင့်ကိုယ်တုပ်မိနေသည့် စာရေးသူသည် စာမေးပွဲမဖြေမီ (၁၅) ရက်ခန့်မှ စာမေးပွဲဖြေပြီးသည့်ရက်အထိ အငယ်လေးထံသွားရောက်ကာ စာမှန်မှန်ကျက်မကျက်၊ ဂါထာတော်အား မှန်မှန်ရွတ်မရွတ်နှင့် စာမေးပွဲရက်တွင်လည်း ဖြေဆိုနိုင်ခြင်းရှိမရှိ မေးမြန်းရသည်မှာ အမောပင်။ ဂါထာမှန်မှန်ရွတ်ကြောင်း အစမှအဆုံးအထိ စာမေးပွဲအား ကောင်းစွာဖြေဆိုနိုင်ကြောင်း ကြားသိရသဖြင့် အပြည့်အဝမဟုတ်သော်လည်း အတန်အသင့်ဝမ်းသာရပါသည်။

သို့နှင့် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများထွက်လေပြီ။ ရပ်ကွက်ချင်းအလှမ်းကွာဝေးသဖြင့် အငယ်လေး စာမေးပွဲအောင်၊ မအောင် မကြားရ။ စိုးရိမ်စိတ်ကြောင့် တမင်စုံစမ်းခြင်းမပြုသည်လည်းပါ၏။ သို့သော် စာရေးသူ၏ စေတနာမှန်၊ မမှန်ကိုမူ စာရေးသူသာ အသိဆုံးဖြစ်ပါသည်။ စေတနာမှန်လျှင် ကံကောင်းရမည်ပင်။

အောင်စာရင်းထွက်ပြီး (၃) ရက်မြောက် ညဦးပိုင်းတွင်ဖြစ်၏။ စာရေးသူသည် ဖတ်လက်စ ဆရာကြီး ပါရဂူ၏ 'ဒီဗျာ' ကို သဲကြီးမဲကြီး ဖတ်ရှုနေခိုက် အငယ်လေးတို့သားအမိသားအဖ(၃)ဦးပေ့ါပါး ပြုံးရွှင်စွာ ရောက်ရှိလာကြ၏။ အငယ်လေးသည် ပြုံးဖြီးဖြီးမျက်နှာဖြင့် လက်ညှိုးနှစ်ချောင်းအား ကွေးချည်၊ ဆန့်ချည်လုပ်ကာ ခန္ဓာကိုယ်ကို ယိမ်းလိုက်နွဲ့လိုက်ဖြင့် ကပြသလိုလုပ်နေ၏။

စာရေးသူသည် အငယ်လေး၏ ထူးခြားသောအမူအရာကိုကြည့်နေရင်းမှ ဂုဏ်ထူးနှစ်ဘာသာဖြင့် သူမစာမေးပွဲအောင်မြင်ခဲ့ပြီဟု သဘောပေါက်လိုက်ချိန်၌ သပ္ပာယ်လှစွာသော ဘုရားရှင်၏ ပုံတော်က အာရုံထဲတွင် ဖျတ်ခနဲပေါ်ပေါက်လာ၏။ ထို့အတူ အောင်တော်မူဂါထာတော်ကြီးအား နှစ်နှစ်ခြိုက်ခြိုက်ပင် စိတ်ထဲမှ ရွတ်ဆိုပူဇော်လိုက်မိပါတော့သည်။

□ ဇယျစက္ကော ဇယျန္တောဃော၊
ဇယိတဗ္ဗေ ဇယျာသနေ၊
ဇယျာပေသိ ဇယျေသိန်၊
ဇယျဒေတု ဇယုတ္တရော ။

ကိုစနေ

(မှတ်ချက် ။ ။ ဆောင်းပါးပါအကြောင်းအရာသည် ဖက်ရွက်နိမိတ်ဟောနည်းမှန်ကန်မှုမရှိကြောင်း ပြောလိုခြင်း မဟုတ်ပါ။ စာရေးသူ၏ ပညာရည်မပြည့်ဝမှုကြောင့် ဆုံးဖြတ်ချက်မှားယွင်းခြင်းဖြစ်နိုင်ကြောင်းနှင့် အောင်တော်မူဂါထာတော်ကြီး၏ အံ့ဖွယ်လက်တွေ့အစွမ်းထက်မှုကို တင်ပြလိုခြင်းသာဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ရတနာဒေဝီ

# ခေတ်နှာခံပျက်နှင့် ကြောင့် ပေါ်ထွန်းလာရသည့်

# ရှေးဟောင်းဘုရားကြီး

လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ ကျော်က အနော်ရထာမင်းကြီး၏မိဖုရား စောမွန်လှ၏ ခမည်းတော် ဆယ်လန့် စော်ဘွားကြီးက သမီးတော် စောမွန်လှကို အနော်ရထာမင်းမြတ်ထံ ဆက်သ၍ ဖြတ်သန်းလာခဲ့သည့် ခရီးစဉ်တစ်လျှောက် ဘုရားတည်ထားခဲ့သည်။ အောင်ချမ်းသာရှိ ဆင်ထိုးစေတီ၊ ထယ်ကြီးတောရွာ၌ ကျောက်တောင်စေတီ၊ အနီးစခန်းဖောင်းတော၌ ကုစ္စာသယ ပတ္တမြားစေတီ (၃) ဆူကို တည်ခဲ့သည်ဟု ပါးစပ်ရာဇဝင်အရ သိမှတ်ခဲ့ရပါ၏။

ကမ္ဘာပေါ်တွင် တောင်များစွာရှိပါသည်။ တောအထပ်ထပ်တို့လည်း ရှင်သန်ပေါက်ရောက်ခဲ့ကြပါ၏။ အမိမြေပေါ်မှာလည်း တောအထပ်ထပ်၊ တောင်အသွယ်သွယ်တို့ရှိနေခဲ့ပါသည်။ စကားဆိုတစ်ခုအရ တောင်တိုင်းမှာ ပတ္တမြားမရှိ၊ တောတိုင်းမှာ စန္ဒကူးမရှိဟု သိရပါသည်။ မြန်မာ့မိုးကုတ်မြေ၌ ပြည်တန် ပတ္တမြားများသာမက နီလာ၊ ကျောက်မှုတ်၊ ကြောင် စသည့် ရတနာတန်ဖိုး ကျောက်မျိုးစုံထွက်ရှိခဲ့ပါ၏။ ကမ္ဘာကျော် တချင်ပြည်နယ် ဖားကန့်နယ် ဘားမခန်ဒေသတို့မှ ကျောက်စိမ်းထွက်ပြီး ယခု မိုင်းခေါင်ဘက်တွင် နီလာ၊ မိုင်းရှူးပတ္တမြားမြေတွင် ပတ္တမြားတို့ ထွက်ရှိနေခဲ့ပါသည်။ မြန်မာပင်လယ်မှ လည်း အဖိုးတန်ပုလဲများထွက်ရှိနေပြီး တနင်္သာရီဘက်တွင် စိန်ထွက်ရှိခဲ့ပါသေးသည်။ ရတနာတို့သာမက ရွှေတွင်းများလည်း ပေါ်လာပြန်ပါသည်။ ရွှေမည်းဟု တင်စားကြသည့် ရေနံ၊ ရွှေဖြူကြက်သွင်ဆေးနှင့် ကျွန်း၊ ပျဉ်းကတိုး၊ ကျောက်တို့ကလည်း မြန်မာ့မြေအနှံ့ပေါက်ရောက်နေခဲ့ကြပါ၏။ နိုင်ငံငယ်လေးသည်လည်း အဖိုးတန် သယံဇာတတွေကြောင့် တိုင်းတစ်ပါးသားများ မျက်စိကျ၍ တိုင်းပြည်ပင်လျှင် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်အထိပါ။ မြန်မာ့မြေသည် ဇိုက်ပျိုးစားသောက်ရန် အဆင်ပြေသည့် ရေသယံဇာတမှ ရေချို၊ ရေငန်ငါး



မဟာသမ္ဗုဒ္ဓ ကျောက်တောင်စေတီတော်မြတ်ကြီး၊
(နီးဘုရားအနီး၊ ရပ်ကွက်ကြီး-၁၇၊ ထယ်ကြီးတော၊ ပြင်ဦးလွင်မြို့)



www.burmeseclassic.com



များ ပေါကြွယ်လွန်းလှပါ၏။

ဆေးဖက်ဝင်သည့်စန္ဒကူးပင်တို့သည် တောနက်ရာတွင်ပေါက်ရောက်တတ်ကြပါသည်။ သို့ရာတွင်လည်း ပြင်ဦးလွင်မြို့နယ်ရှိ ပိတ်ချောင်းမြောင်အနီးစခန်းတစ်ဝိုက် အလေ့ကျပေါက်ရောက်ကြပါ၏။ ရှားပါးအပင်တို့ပေါက်ရောက်ရာ ဆင်ခေါင်းကြီးရွာအပိုင် စံပြဖောင်းတော (ကချင်စုရွာ) အလွန်လယ်ကြီးတောရွာတွင် ရှေးနှစ်ပေါင်း (၈၀၀) ကျော်က သမိုင်းဝင် ဘုရားတစ်ဆူ၏ အုတ်ပလ္လင်တော်ကို ဥယျာဉ်လုပ်သူတို့ ထယ်ထိုးရင်း တွေ့မြင်ခဲ့ကြပါ၏။




ဖောင်းတောကချင်စု၌ သုခဝါသ ခရိပ်သာတွင် တစ်ပါးတည်း ကေစာရီ တရားအားထုတ်နေသူ သီလရှင်ကြီး ဒေါ်သောမာထေရီရှိပါသည်။ ရွာသားများ လာခေါ်၍လိုက်ကြည့်ရာ ဆပ်ပြာပင်ညီနောင်ပေါက်နေသည့် ကုန်းမို့မို့အောက်မှ စေတီတော်ကြီး၏အုတ်ပလ္လင်ကို တွေ့ရပါတော့သည်။ ရွာသားများနှင့် ဗဟုသုတစုံလှသည့် ဆင်ခေါင်းကြီးကျောင်း ပဓာနနာယကဆရာတော် ဦးတေဇဝိဒထံ လျှောက်ကြားကြပါသည်။ ဆရာတော်ကြီးမှ ရှေးနှစ်ပေါင်း (၈၀၀) ကျော်လောက်က တည်ထားသော ကျောက်တောင်စေတီတော်ဖြစ်ကြောင်း ဒါယကာအချို့သိမှီြး ဘုရား



www.burmeseclassic.com

www.burmeseclassic.com







ည်ရန် ကြိုးစားကြပါသော်လည်း အောင်မြင်ကြောင်း၊ ဘုရားအနီးတွင် တ်ရဲ့ရွှာကလေးတည်ရှိခဲ့ဖူးကြောင်း ကြားခဲ့ပါ၏။

ဒေါ်သောမာထေရီ၏အစ်ကိုကြီး ဦးအောင်သန်းနှင့် မောင်နှမများ သိရှိ တာ ပဌာန်းဆက်များဖြစ်ကြ၍ စေတီတော်ကြီး ပေါ်ထွန်းလာစေရန် ပြန်လည်တည်ထားကြမည်ဟု ဆုံးဖြတ်ပြီး ဦးအောင်သန်းမှ ငွေသိန်းတစ်ရာကျော် ထုတ်၍ မိသားစုများက နှိုင်သလောက် ပါဝင်ကာ စေတီတော်ကိုတည်ထားကြပါတော့သည်။ သီလရှင်ကြီးကို တာဝန်ပေး၍ မူလကျောင်းမှ စေတီတည်ရာသို့ ရွှေ့ပြောင်းတာ စေတီတော်ကြီးပြီးမြောက်သည်အထိ ပံ့ပိုးပေးခဲ့ပါသည်။ မောင်နှမခြောက်ယောက် စိတ်တူညီစွာ လှူဒါန်းခဲ့သလို ဆင်ခေါင်းကြီးသို့ပြောင်းရွှေ့နေထိုင်သူ ဦးမျိုးမြင့် (အနီးစခန်း) မှလည်း သိန်း (၇၀) ကျော်ထည့်ဝင်၍ စေတီတော်ကိုတည်ပါတော့သည်။

၂၀၁၄ ခုနှစ်၊ ဧပြီလတွင် သံဃနာယကဆရာတော် ရွှေစည်းခုံကျောင်းတိုက်မှ စာဒ္ဒနအာစိဏ္ဏထံလျှောက်ထားရာ ဆရာတော်ကြီးခွင့်ပြုခဲ့၍ ဧပြီလ ၂၇ ရက်နေ့မှစပြီး ချုံနွယ်သစ်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်များဖယ်ရှားခြင်းပြုကာ ပလ္လင်တော်ကိုတူးဖော်ကြသည်။ မူလစေတီသည် လေးမျက်နှာစေတီဖြစ်၍ ပစ္စယံအထက်ပိုင်း အားလုံးပြိုကျပျက်စီးနေသော ရွှေပောင်းဘုရား (၅၈) ဆူနှင့် အကောင်းပကတိရှိနေသေးသော သတ္တဌာနကြေးရုပ်ပွားတော် (၇) ဆူကို ဖူးတွေ့ရပါသည်။

ကျောက်ဆင်းတုခေါင်းပြတ်တော်တစ်ဆူကိုလည်း ရှေးလက်ရာအတိုင်း ဖူးမြင်ရပါသည်။ အထူးသဖြင့် ဉာဏ်တော် (၁) လက်မခန့်ရှိ ပဉ္စလောဟာဓာတ်သားရုပ်ပွားတော် (၅၈) ဆူတို့ကို တမ္ပဝတီမှ မြန်မာမှုပညာရှင်ဦးကြည်ဝင်းမှ ပြန်လည်ပြုပြင်ပေးခဲ့၍ သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

၂၀၁၄ ခု၊ မေလ ၅ ရက်တွင် ရွှေပောင်းစေတီအား သန့်ရှင်းပြီး ရေသပ္ပာယ်ကာ နတ်များပင့်ဖိတ်၍ ထီးဖြုတ်တင်ခြင်း၊ အနေကဇာတင်ခြင်း၊ ပန်းဆီမီးနံ့သာများပူဇော်ကာ ပဌာန်းရွတ်ဖတ် ပူဇော်ခဲ့ပါ၏။ ခရစ်နှစ် ၂၀၁၄၊ မေလ ၁၅ ရက်၊ အင်္ဂါနေ့၌ ရွှေပောင်းစေတီတော်အား 'မဟာသန္တိသုခကျောက်တောင်စေတီတော်မြတ်ကြီး' ဟု ဘွဲ့တော်အသစ်တွင်စေ၍ ဆိုင်းဘုတ်တင်ခဲ့ကြပါသည်။ မေလ ၁၄ ရက်နေ့က လျှောင်လှုပ်ခြင်း၊ မိုးကြိုးလေကြီးကျတာ မိုးသီးများပင်ကြွေခဲ့ပါသည်။

မူလဘုရား၏တစ်မျက်နှာသည် (၂၅) ပေ (၆) လက်မစီ ကျယ်ဝန်းပါသည်။ ဘုရားဒါယကာကြီး ဦးအောင်သန်းမှ ရွှေပောင်းစေတီတော်ကို ငုံ၍ ရှစ်မျက်နှာဘုရားတည်ရန် ဗမ္မမိတ်ဆွေ ဆောက်လုပ်ရေးအင်ဂျင်နီယာ (ငြိမ်း) ဦးစိန်မောင်မှ မေတ္တာဖြင့် စေတီပုံဒီဇိုင်းကို ရေးဆွဲပေးခဲ့ပါသည်။ ဒီဇိုင်းအတိုင်း ဗိသုကာပညာရှင် (ဝါးချက်) ဦးကျော်သန်းကို မေတ္တာရပ်ခံကာ မြန်မာနှစ် ၁၃၇၆ ခု၊ ကဆုန်လဆုတ် ၇ ရက်၊ ခရစ်နှစ် ၂၀၁၄၊ မေလ ၂၀ ရက်၊



www.burmeseclassic.com

www.burmeseclassic.com





နေ၌ ပန္နက်တော်တင်မင်္ဂလာ၊ အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ စေတီတော်အသစ်၏ အောက်ခြေအကျယ်အဝန်းမှာ ပေ (၄၀)၊ (၆) လက်မရှိပြီး ဉာဏ်တော်အမြင့်မှာလည်း ပေ (၄၀)၊ (၆) လက်မ၊ (၂၇) တောင်ဖြစ်ပါ၏။

ပန်းတင်ခုံ၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံ၊ တတိယပစ္စယံတို့ကို တည်ထားပြီး ပစ္စယံအတွင်း၌ ဌာပနာတိုက် (၅) တိုက် တည်ဆောက်ခဲ့ပါသည်။ ပထမဆင့်ဌာပနာမသွင်းခင်မှာပင် ညောင်ပင်အိုင်ဆရာတော် ဦးသောဘိတမှ ဤရှေးဟောင်းစေတီမှ ရရှိထားခဲ့သော ကျောက်ဆင်းတုတော် (၁၀) ဆူနှင့် ကြေးဆင်းတုတစ်ဆူကို ပြန်လည်ဌာပနာနိုင်ရန် ပေးအပ်လာပါသည်။ ဖောင်းတော ကချင်စုမှ ဘုရားဒါယကာ ဦးမျိုးမြင့်ကလည်း နေအိမ်မှာ ပူဇော်လာခဲ့သည့် တန်ဖိုးကြီး ရှေးဟောင်းရုပ်ပွားတော်ဓာတ်တော်၊ စေတီအဆူဆူတို့ကို ဌာပနာရန် လှူဒါန်းခဲ့ပါသည်။ အရပ်ရပ်မှ အလှူရှင်များစေတနာကြောင့် ရှေးဟောင်းပစ္စည်းများနှင့် ရတနာများစွာကို ဌာပနာတော်သွင်း၍ ခရစ်နှစ် ၂၀၁၄၊ နိုဝင်ဘာ ၉ ရက်မှာ အောင်မြင်ခဲ့ပါ သည်။

နောက်ထပ်အလှူရှင်များလှူဒါန်းသော ဘုရားများ၊ ရတနာများကို ဒုတိယဆင့်ဌာပနာအဖြစ် ၂၀၁၄ ခု၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်၊ ငှက်ပျောဖူးနှင့် စေတီရံ (၈) ဆူတို့ကို ဆက်လက်တည်ထားခဲ့ရာ ၂၀၁၅ ခု၊ မေလ ၂ ရက်၊ စနေနေ့တွင် ထီးတော်တင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

စေတီတော်ကြီး၏ ထူးခြားမှုမှာ ဘုရားပန္နက်တော်တင် မြေသန့်တရားနာယူကြရာ တရားဟောကြားသည့် ဆရာတော်ဘုရားကြီးနှင့်ညီ့ပရိသတ်အပါအဝင် ဓာတ်ပုံဆရာက မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရှိပါဘဲ ဓာတ်ပုံထွက်လာလိုက်တော့မှ ရှည်လျားလှသည့် ခန္ဓာကိုယ်စိမ်းလဲ့လဲ့အရောင်ဖြင့် နဂါးကြီးတစ်ကောင် ဘုရားကျောင်းဆောင်ဘက် ဦးခေါင်းထားကာ လာရောက် တရားနာနေပုံကို တွေ့ကြရပါသည်။

စာရေးသူကိုလည်း ဆရာကြီးမှ မေတ္တာရပ်ခံ၍ အိမ်နီးနားချင်းမိတ်ဆွေများထံ အလှူခံခဲ့ပါသည်။ သမီးကကျောင်းမှဆရာမများ၏ လှူဒါန်းငွေ တစ်သိန်းပေါင်း၍ ငွေသုံးသိန်းနှင့် ဌာပနာရန် ကျောက်မျက်ရတနာများ ပေးပို့နိုင်ခဲ့ပါသည်။ ထီးတင်ပွဲတွင် စည်တော်ကြီးအဖွဲ့မှ စည်တော်အကများဖြင့် ဖျော်ဖြေကြပြီး မန္တလေးနန်းတွင်းပရောဟိတ်အနွယ်ဝင် ပရောဟိတ်ရှစ်ပါးက ငွေခရုသံပြိုင်မှုတ်ကာ အောင်သပြေများလှူဒါန်း၍ ထီးတော်တင် အောင်ပွဲကြီး ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါ၏။

သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝတာများအပြင် နဂါး၊ ဂဠုန်အခြံအရံနှင့် စေတီတော်ထီးများကို စေတီအားလက်ယာရစ် သုံးကြိမ်လှည့်၍ ပူဇော်ကြပါ၏။ ရာဇာဝင်း၊ ဒေဝါဝင်းတို့ကလည်း စန်းပေါင်းစုံကိုင်ဆောင်ကာ လှည့်လည်ခဲ့ကြရာ ရွာငယ်လေးမှ ဘုရားထီးတင်တော်ပွဲသည် အုံ့မခန်း စည်ကားသိုက်မြိုက်လှပါတော့သည်။ ထီးတော်များတင်ပြီး စည်တော်သံ၊ ခရုသင်းမှုတ်သံတို့က အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့သွားပါလိမ့်မည်။ ညီ့ပရိသတ်တို့အား မွန်မြတ်သော ဟင်းလျာတို့ဖြင့် ဒါနပြုခဲ့သလို ပင့်သံဃာများအားလည်း ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားတော်နာခဲ့ပါ သည်။

မူလအလှူ့ဒါယကာ ဦးအောင်သန်းတို့မိသားစုဝင်များ၊ ဘုရားဒါယကာ ဦးမျိုးမြင့်နှင့် ဝေယျာဝစ္စဆောင်ရွက်သူ ဆရာကြီး ဒေါ်သောမာထေရီတို့၏ မျက်နှာသည် ရွှင်လန်းဝမ်းမြောက်နေမှုကို ဖော်ပြလျက်ရှိနေပါတော့သည်။ ပဌာန်းဆက်များ လာရောက်လှူဒါန်းကြ၍ ဘုရားထီးတော်တင်ပွဲကြီး ထမြောက်အောင်မြင်ခဲ့ပါသည်။ ဘုရားအခြေပတ်လည်ကြွေပြားခင်းအလှူရှင်ပေါ်လာ၍ အစစပြည့်စုံကာ အနီးစခန်း လယ်ကြီးတော်ရွာမှ သပ္ပာယ်ကြည်ညိုဖွယ်ရာ မဟာသန္တိသုခ ကျောက်တောင်စေတီတော်မြတ်ကြီး ထင်ရှားပေါ်ထွန်းလာခဲ့ရပါတော့သည်။

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု

ရတနာဒေဝီ

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# တွံတေးဗောင်းတော်ချုပ်သရာတော်ဘုရားကြီး

## အာဇာနည်တာ

ယခင်က စာရေးသူတို့ ရန်ကုန်မြို့မှ ဒေးဒရဲ၊ ကျိုက်လတ်မြို့များသို့သွားလိုလျှင် ရေကြောင်းခရီးသာရှိပါသည်။ ရန်ကုန်မှနေ ဒေးဒရဲမြို့သို့ အဖေ ဦးရန်အောင်နှင့် ကျွန်တော်သည် ကြိမ်ဖန်များစွာ ရောက်ခဲ့ပါသည်။ ရောက်ရခြင်းအကြောင်းမှာ အဖေ၏ ငယ်သူငယ်ချင်း ကျောင်းဆရာလုပ်ဖက် ဆရာဦးလှမောင်(ရွှေကုန်သည်) ဒေးဒရဲမြို့ ပြည်တော်သာလမ်း အမှတ် (၅၇)ထံသို့ သွားရောက်လည်ပတ်၍ဖြစ်ပါသည်။ အဖေ၊ ဦးလှမောင်နှင့် ကာယဗလ ဦးဇော်ဝိတ် (မြန်မာ့ဂုဏ်ဆောင် အလေးမသမားကြီး) နှင့် ဦးရှိန် (လက်ပံတန်း၊ ဘီလင်းတန်း) တို့သည် ၁၉၃၄ခုတွင် တောင်ငူမြို့ နော်မန်ဆရာအတတ်သင်ကျောင်းနှင့်အလုံကူရှင်ဆရာအတတ်သင်ကျောင်း (ယခု အထက (၄)၊ အလုံ) တို့တွင် ဆရာဖြစ်သင်တန်းကို အတူအတူ တက်ရောက် အောင်မြင်ခဲ့ကြသည်။ အဖေသည် ဆရာဖြစ်သင်တန်းဆင်းပြီးနောက် ဒလမြို့နယ်၊ ခြောက်နံပါတ်ရွာတွင်တာဝန်ကျပြီး ဦးလှမောင်သည် ဒလမြို့နယ် ကမာကဆစ်ရွာတွင် တာဝန်ကျသည်။ ကျောင်းပိတ်ရက် အနှစ်နွေနေ့တွင် အဖေ့ထံ ဦးလှမောင်လာပြီး စကားစမြည်ပြောပြီး ညနေပိုင်းတွင် ခြင်းခတ်လေ့ရှိပါသည်။

၁၉၄၈ ခုနှစ်တွင် အဖေသည် ကျောင်းဆရာအလုပ်ကို စွန့်လွှတ်၍ စာရေးဆရာဘဝကူးပြောင်းသွားသည်။ ဦးလှမောင်သည်လည်း ဒေးဒရဲမြို့သို့ ရောက်ရှိကာ ကျောင်းဆရာအဖြစ်မှ ရွှေကုန်သည်အဖြစ်ရောက်ရှိသွားသည်။ အဲဒီထဲတွင် မဟိန္ဒရာသူတော်စင်ရုပ်တုကြီးရှိနေမှန်း ဦးလှမောင်ကသိသည်။ ၁၉၇၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင်တစ်ကြိမ် မဟိန္ဒရာသူတော်စင်ရုပ်တုကို ဒေးဒရဲမြို့သို့ ပင့်ဆောင်အပူဇော်ခံသည်။ သူတော်စင်ရုပ်တုကို ပင့်ဆောင်သော သင်္ဘော၏



နာမည်မှာ ရွှေငွေထွန်းနှစ်ထပ်သင်္ဘောဖြစ်ပြီး ပင့်ဆောင်သူမှာ ဦးလှမောင်နှင့် သူ၏တူ ဦးဝင်းမြင့်တို့ ဖြစ်ကြသည်။ သူတော်စင်ရုပ်တုကိုပင့်ဆောင်ရာတွင် အဖေနှင့် ကျွန်တော်ပါ လိုက်ပါသွားသည်။

မော်တော်ဖြင့်ဖြစ်စေ၊ ရေဝတီသင်္ဘောဖြင့်ဖြစ်စေ သွားလာရတိုင်း တွံတေးမြို့ရောက်ခါနီး တောအုပ်တစ်နေရာမှ မိုးသို့စွင့်ထွက်နေသော စေတီတော်ကြီးတစ်ဆူကို ဖူးမြော်ရလေ့ရှိ၏။ စေတီတော်ကြီးမှာ အိန္ဒိယပြည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီး၏ ပုံသဏ္ဌာန်နှင့်တူလှပေသည်။ ယင်းစေတီတော်ကြီးကား ဗောင်းတော်ချုပ် သာသနာ့နယ်မြေအတွင်းရှိ မဟာဗောဓိ

www.burmeseclassic.com

စေတီတော်ကြီးပင် ဖြစ်ပါသည်။

တွံ့တေးဖောင်းတော်ချပ်သာသနာ နယ်မြေသည် တွံ့တေးမြို့နှင့်ခြောက်မိုင် အကွာ ကန်ဘဲ့ရွာအနီး တောကြီးတန်းကို အခြေပြု၍ သာသနာ့ဖွံ့ဖြိုးစည်ပင် လျက်ရှိပါသည်။ တွံ့တေး-ဒလကားလမ်းမှ ဖောင်းတော်ချပ်သို့ နာရီဝက်ခန့် လျှောက်ရပါသည်။ ထိုသာသနာ့နယ်မြေသို့အဝင်မုခ်ဦးတွင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ ဟူသည့် သူတော်ကောင်းတရားခုနစ်ပါးက ဆီးကြိုနေပါသည်။ ယင်းသာသနာ့နယ်မြေသည်ကား အသက်သတ်လွတ် နယ်မြေ ဖြစ်လေသည်။

ဖောင်းတော်ချပ်ဆရာတော်အလောင်းအလျာကို ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ချောင်းကြီးကျေးရွာ၌ မြန်မာနှစ် ၁၂၆၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ စနေနေ့ (၁၀-၂-၁၉၀၀ ပြည့်) တွင် အဘဦးပန်းဖြူ၊ အမိဒေါ်လှလေးတို့မှ မွေးဖွားသန့်စင်သော ဒုတိယသားရတနာဖြစ်ပါသည်။ မွေးချင်းသုံးယောက်ရှိပြီး ငယ်မည်မှာ မောင်ထွန်းစိန်ဖြစ်ပါသည်။ စကောကရင်တိုင်းရင်းသားဖြစ်ပြီး ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ ခရစ်ယာန်ဘာသာဝင်ဖြစ်ပါသည်။

မောင်ထွန်းစိန် ဆယ်တန်းအောင်မြင်ပြီးနောက် အသက် (၂၅) နှစ်တွင် ကောင်းကင်မြေတိုင်းဌာန၌ မြေတိုင်းစာရေးဝင်လုပ်၏။ တစ်နေ့တွင် ပေကြိုးဖြင့် မြေကြီးကိုတိုင်းထွာပြီးနောက် ပေကြိုးကို ခပ်မြန်မြန်ရစ်သိမ်းလိုက်ရာ ပေကြိုးစက မျက်စိနှစ်ဖက်စလုံးကို အရှိန်ဖြင့်ရိုက်ခတ်သွား၍ မျက်စိနှစ်လုံးစလုံး ကွယ်သွားရှာသည်။ မျက်စိပြန်မြင်ရန် ဆေးဝါးမျိုးစုံဖြင့် ကုသသော်လည်း မပျောက်ခဲ့ပါပေ။

တစ်နေ့သောအခါ သူ့နားထဲတွင် -

"မင်းဗုဒ္ဓဘာသာထဲဝင်ပါ။ ရဟန်းပြုပါ။ ရဟန်းပြုလျှင် မျက်စိပြန်ကောင်းလာမည်။ သာသနာလည်းပြုရလိမ့်မည်"

ဟု မကြာခဏကြားနေရသည်။

သုံးလခန့်ကြာသောအခါ မယုံကြည်၍မဖြစ်တော့သဖြင့် မိမိနေထိုင်သောရွာနှင့် သုံးမိုင်ခန့်ဝေးသော မီးသွေးချောင်းရွာဆရာတော်၏ ကျောင်းသို့သွား၍ ဗုဒ္ဓဘာသာအဖြစ် ခံယူကာ ရဟန်းပြုတော်မူလေသည်။ ရဟန်းပြုပြီးနောက် သုံးလခန့်ကြာသော် မျက်စိပြန်မြင်လာခဲ့သည်။

မြန်မာနှစ် ၁၂၈၆ ခုနှစ်တွင် ဆရာတော်သည် ညောင်တုန်းမြို့နယ် ဂဝံကျောင်းဆရာတော် ဦးဓမ္မစာရိတ္တဝဏ္ဏမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကိုရောက်တော်မူခဲ့ပါသည်။ ရဟန်းဘွဲ့မှာ ဦးနန္ဒဖြစ်ပါသည်။

ရဟန်းဖြစ်ပြီးနောက် အနောက်ရိုးမတွင်နေတော်မူသော ရက်ကန်းစင်တောင်ဆရာတော်ကြီးက ဦးနန္ဒအား သာသနာပြုရန် ပညာရပ်အမျိုးမျိုးသင်ကြားပေးတော်မူပါသည်။ ဦးနန္ဒနှင့်အတူ မိတ်ဆွေတစ်ဦးကလည်း ရဟန်းပြုကာ အတူလာနေသည်။ ဦးနန္ဒသည် ကျိုက်ထီးရိုးတောင်ခြေ၌ရှိသော ကျောင်းတစ်ကျောင်းတွင် သီတင်းသုံးကာ ပုတီးစိပ်တရားအားထုတ်ခဲ့ပါသည်။ တောထဲတွင် ဘာမှစားစရာမရှိ။ အတူပါလာသော ကိုရင်ကြီးက နေ့စဉ် ရေအိုင်ထဲမှ ကန်စွန်းရွက်များကိုပြုတ်၍ ဆက်ကပ်ခဲ့ရသည်။ ကန်စွန်းရွက်ပြုတ်ဖြင့်ပင် နှစ်ပေါင်းအတော်ကြာအောင် ထိုနေရာ၌ သီတင်းသုံးတော်မူခဲ့လေသည်။

ရဟန်း (၁၅) ဝါအရတွင် ဆရာတော်သည် ကွမ်းခြံကုန်းသို့သွားလိုသော စိတ်ရှိသဖြင့် ရန်ကုန်မှ တွံ့တေးသို့ ပြေးဆွဲနေသောသင်္ဘောဖြင့်စီးလာခဲ့ရာ တွံ့တေးသို့မရောက်မီ တာဝသင်္ဘောဆိပ်သို့ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မော်တော်ကားဖြင့် ကွမ်းခြံကုန်းမြို့နယ် ကာသစ်ကုန်းရွာရောက်ရှိခဲ့သည်။ ရောက်ရှိချိန်တွင် ဝါဆိုလပြည့်နေ့၊ ဝါဆိုချိန်တိုင်နေပြီဖြစ်၍ ရဟန်းလူထွက် ဦးပုည၏ ဥယျာဉ်ခြံတွင်ဝါဆိုပြီး ဆရာတော်သည် ဝါတွင်းတစ်လျှောက်လုံး သစ်သီးသစ်ဥများကိုသာဘုဉ်းပေးခဲ့လေသည်။

အထက်တွင်ဖော်ပြခဲ့သည့်ခရီးစဉ်၌ ဆရာတော်ကြုံတွေ့ခဲ့ရသည့် အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုကို ဖော်ပြလိုပါသည်။ ဆရာတော် ကားစီး၍လိုက်ပါလာစဉ် ဖောင်းတော်ချပ်ကျောင်းသို့ခွဲသောလမ်းသို့ရောက်သောအခါ သူ့အလိုလို ကားပေါ်မှဆင်းချင်စိတ်ပေါ်ပေါက်လာသဖြင့် ဆင်းလာခဲ့သည်။ အချိန်မှာ နံနက် (၁၁)နာရီခန့်ရှိပြီး လမ်းဘေး၌ အကြော်ဆိုင်တစ်ဆိုင်ရှိသည်။ ဆရာတော်တွင် ငွေကြေးလုံးဝမပါချေ။ ထို့ကြောင့် ကလေးငယ်တစ်ဦးအား အကြော်ဆိုင်အနီးရှိ ပဒိုင်းပင်များကိုလက်ညှိုးထိုးပြပြီး ခူး၍ကပ်ရန် အလှူခံသည်။ ထိုအခါ လူအများက ဘုန်းကြီးပဒိုင်းရွက်စားသည်။ စိတ်မနှံ့ဟုထင်ကြသည်။အဘယ်ကြောင့်ဆိုသော် ပဒိုင်းရွက်စားလျှင် ရူးတတ်သောကြောင့်ဖြစ်သည်။ လူမဆိုထားနှင့်၊ နွားများပင်ရူးသည်။သို့သော် ဆရာတော်မှာ ဘာမှမဖြစ်ပေ။

ဆရာတော်သည် ဝါကျွတ်ပြီးနောက် တွံ့တေးမြို့နယ် တလုတ်ထော်ကျေးရွာအနီး ဘာလီကုန်းကျေးရွာတွင် နောက်ထပ် တစ်ဝါဆိုတော်မူပါသည်။ ထိုမှတစ်ဆင့် ယခုဖောင်းတော်ချပ်စေတီတော်တည်ရှိရာ ဒေါက်ကုန်းရပ်တွင် ဒကာ၊ ဒကာမများအား တစ်ဆုပ်ဆန်ဖယ်ထားစေပြီး ဖောင်းတော်ချပ်စေတီတော်တည်ထားနိုင်ရန် ကြိုးစားအားထုတ်တော်မူခဲ့သည်။

ယခု ဖောင်းတော်ချပ်ကျောင်းရှိရာနေရာတွင် ရှေးယခင်က ရှေးဟောင်းစေတီပျက်ကြီးတစ်ဆူရှိခဲ့သည်။ ဆရာတော်နှင့် အတူနေ ကိုရင်ကြီးသည် သင့်လျော်ရာသစ်ပင်အောက်တွင်နေပြီးနောက် ရှေးဘုရားများ၊ စေတီတော်များကို ပြုပြင်ခဲ့ကြသည်။ ဤသို့နေလာခဲ့ကြရာမှ လူများတဖြည်းဖြည်းကြည်ညိုလာကာ ကျောင်းကန်ဇရပ်များဆောက်လုပ်လှူဒါန်းကြသဖြင့် ဘုရားစေတီများစွာ ဖြစ်ပေါ်လာခဲ့ရ၏။ ထိုသို့ သာသနာပြုနေစဉ် မည်သည့်အာဟာရကိုမဆိုဘုဉ်းပေးနိုင်သည်။ ဘုဉ်းပေးနိုင်လျှင်လည်း ဘေးအန္တရာယ်မဖြစ်ကြောင်း ကျော်ကြားလာသည်။

တစ်နေ့သောအခါ ကန်ဘဲ့ရွာမှ လူမိုက်တစ်ယောက်သည် ဆရာတော်အား စူးစမ်းလိုသဖြင့် အလွန်စပ်သော ရှမ်းငရုတ်သီးအစိမ်းတောင့်များကို ပန်းကန်ပြားကြီးတစ်ချပ်ပြည့်အောင်ယူလာ၍ ဆရာတော်အားဘုဉ်းပေးပါဟုကပ်သည်။ ဆရာတော်သည် ဘာမှမပြောဘဲ ငရုတ်သီးကြီးကို တစ်တောင့်ပြီးတစ်တောင့် ဘုဉ်းပေးတော်မူသည်။ ငရုတ်သီးတစ်ပန်းကန်ပြား ကုန်သွားသော်လည်း ဆရာတော် ဘာမှမဖြစ်ချေ။ ရိုးရိုးသရက်သီးစားနေသကဲ့သို့ပင် ဖြစ်သည်။ လှူဒါန်းသောဒကာမှာ အလွန်ကြောက်ရွံ့လာပြီး ဖောချွေးများပြန်လာကာ ရင်တွေပူလာသည်။ ထို့နောက် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို ယုံကြည်ပြီးလျှင် သူမိုက်ခဲ့သည်ကို ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ဆရာတော်က မည်သူ့ကိုမဆိုခွင့်လွှတ်ကြောင်း တရားဟောတော်မူရာ နောင်အခါ ဆရာတော်၏တပည့်ရင်းဖြစ်လာသည်။

ဖောင်းတော်ချပ်ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

၏ တရားပြဲဝါဒမှာ 'ခန္တီမူလ မာန်ကိုချ၊ ဒေါသကိုပယ် မေတ္တာလွှယ်' ဟူ၍ ဖြစ်ပါသည်။

ဆရာတော်သည် ယခု ဇောင်းတော်ချုပ်စေတီတည်ရှိသောနေရာတွင် ရှေးကဇောင်းတော်ကျွတ်၊ ဇောင်းတော်ကျွတ်ဟူသော စေတီတော်များရှိခဲ့ဖူးသည်။ ဤတွင် ဆရာတော်က ဇောင်းတော်ချုပ် အသစ်ပြန်ချုပ်သည်ဟူသောနိမိတ်ပုံကို ယူပြီး ဇောင်းတော်ချုပ်ဟူ၍ အမည်ပေးတော်မူပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။

ဇောင်းတော်ချုပ်စေတီတည်ရှိသော နေရာတွင် ဆရာတော်စတင်ရောက်စတာ ဆွမ်းလုံးဝမစားချေ။ မှျစ်ပြုတ်၊ ရွက်သီးသုပ်၊ ပီလောပီနံမီးသင်းစသည်တို့ကိုသာ ဘုဉ်းပေးတော်မူပါသည်။ ထို့နောက် အသက်သတ်လွတ်နယ်မြေအဖြစ်တည်ထောင်ကာ မေတ္တာကမ္မဋ္ဌာန်းတရား အားထုတ်တော်မူပါသည်။ ပရိတ်၊ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖွား ပူဇော်တော်မူခဲ့သည်။ စေတီတော်ကြီးကိုငုံပြီးမတည်ခင်က ဆရာတော်သည် တောင်ဘက်ရင်ပြင်တွင် ဝါးခြံခုတ်ပြီး အောင်မြေအဖြစ် သတ်မှတ်တော်မူခဲ့သည်။ ထိုနေရာတွင် ညပိုင်းတရားအားထုတ်လေ့ရှိသည်။ ဘုရားပြုပြင်တည်ထားပြီးသောအခါ အစိဋ္ဌာန်အောင်လိုက်ဂူ ဆောက်လုပ်ခဲ့လေသည်။ မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်တွင် ဇောင်းတော်ချုပ်စေတီတော်မြတ်ကြီးကို ထီးတော်တင်လှူခဲ့ပါသည်။

ဆရာတော်သည် ရောဂါဝေဒနာရှင်များကို မေတ္တာရေစင်ဖြင့် ပျောက်ကင်းစေခဲ့သည်။ (၇)ရက်သားသမီးများကို လောကီ၊လောကုတ္တရာအကျိုးတရားများဖြစ်ထွန်းစေရန် ဆရာတော်၏သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာအစွမ်းသတ္တိဖြင့် ထယ်မ လမ်းညွှန်ပေးတော်မူခဲ့သည်။ ကျွန်တော်သည် ၁၉၇၄ ခုနှစ်၊ မတ်လတွင် ဆယ်တန်းစာမေးပွဲဖြေပြီးနောက် ဘတ္တဏာဆရာကြီးစန္ဒြထံတွင် တစ်နေ့လျှင် (၂၀) ကျပ် (ထမင်းကျွေး) ဖြင့် အလုပ်လုပ်လျက်ရှိပါသည်။ တစ်နေ့ ကျွန်တော်၏အဖေ ဦးရန်အောင်သည် ပေါက်ချလာပြီး ဆရာကြီးစန္ဒြနှင့် တီးတိုးစကားပြောကြသည်။ နောက်တစ်နေ့တွင် အဖေ၊ ဆရာစန္ဒြနှင့် ကျွန်တော်ပါ တစ်ပါးပြီး တွံတေးရှိ ဇောင်းတော်ချုပ်ဆရာတော်ကြီးကို သွားရောက် ဖူးမြော်ရလေသည်။ ဆရာတော်ကြီး၏ ထူးခြား



ချက်အချို့ကို ဆရာစန္ဒြက သူကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သော 'ဘဝခရီးနှင့် အတွေ့အကြုံများ (၁၉၈၁)' စာအုပ်တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ရာ မှတ်သားဖွယ်ရာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။

(မှတ်ချက် - ကျွန်ုပ် ဆိုသည်မှာ ဆရာစန္ဒြဖြစ်ပါသည်။)

တွံတေးမြို့အနီးရှိ ဇောင်းတော်ချုပ်ဆရာတော်ဘုရားကြီးသည် ကျွန်ုပ်၏ ဆရာတော်တစ်ပါး ဖြစ်ပါသည်။ တစ်နေ့တွင် အစ်ကိုရင်းကဲ့သို့ ခင်မင်သော မြန်မာညွှန့် ဦးသူတော်က ခေါ်သဖြင့် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့မှ (၁၀) မိုင်၊ တွံတေးမြို့မှ (၅) မိုင်အကွာတွင်ရှိသော တောင်တန်းကလေးပေါ်တွင် သီတင်းသုံးသော ဇောင်းတော်ချုပ်ဆရာတော်ဘုရားထံရောက်ရှိခဲ့ကြသည်။

ဦးသူတော်နှင့် အလွန်ရင်းနှီးသော ကုန်သည်ကြီးတစ်ဦးသည် ကိစ္စရှိ၍ နိုင်ငံခြားသွားရန် နိုင်ငံကူးလက်မှတ်လျှောက်ထားရာ (၈) လခန့်ကြာသည်အထိ ဘာမှမသိရမကြားရဖြစ်နေသည်။

ထိုအခါ ဦးသူတော်က -

"လျှောက်လွှာတစ်စောင်ရေးယူခဲ့ပါ။ ဆရာတော်အား သွားရောက်ကန်တော့စဉ် အကျိုးအကြောင်းလျှောက်ထားမယ်"

ဆရာတော်က လျှောက်လွှာကို လက်ဝါးဖြင့် စမရိုက်ပြီးပေးလိုက်သည်။ လျှောက်လွှာတင်သောအခါ (၇)ရက်နှင့်ပင် နိုင်ငံကူးလက်မှတ်ရလာသည်။

ဆရာတော်ထံ ပညာခံယူလိုက 'ရေစင်တက်သည်' ဟုခေါ်သည်။ ဆရာတော်က ရေတစ်ခွက်ပေးသည်ကို သောက်ခါမျှနှင့် မိမိအစိဋ္ဌာန်အတိုင်း (၅)ရက်၊ (၇)ရက်၊ (၉)ရက်၊ (၄၅)ရက်အထိ ဘာမှမစားဘဲနေနိုင်သည်ဟု ပြောလာကြသည်။

တစ်နေ့သောအခါ ကျွန်ုပ်နှင့် မိတ်ဆွေတို့သည် ဆရာတော်ဘုရားကျောင်းသို့သွား၍အိပ်ကြသည်။ နောက်တစ်နေ့နံနက် ဆရာတော်၏ ကျောင်းအလယ်ရှိ ဓာတ်စခန်းခေါ် ဇရပ်ကလေးပေါ်သို့ ဆရာတော်နှင့်အတူရောက်ကြသည်။ ကျွန်ုပ်၏ဓာတ်လုံးမှထွက်သော ရွှေပြာနှင့်ပျားရည်စားလျှင် ထမင်းလုံးဝမစားဘဲနေနိုင်သည်။ ဆာလောင်မွတ်သိပ်ခြင်းမရှိပေ။ ထိုနည်းအတူ ဆရာတော်က ရွှေပြာများပေးလိမ့်မည်ဟု ထင်မှတ်ထားသည်။ ဤကဲ့သို့မဟုတ်ပါ။

ကျွန်ုပ်အား ဘုရားကန်တော့ခိုင်းသည်။ ထိုအချိန်တွင် ဆရာတော်သည် ဖယောင်းတိုင်တစ်တိုင်ကို မီးပူဇော်တော်မူသည်။အထက်ဆရာများအား ပင့်ခေါ်တော်မူသည်။ နာရီဝက်ခန့်ကြာသောအခါ ဘုရားဆောင်၏ဘေးတွင်ရှိသော ရေအိုးစင်မှ ကြေးဖလားငယ်လေးဖြင့် ရေတစ်ခွက်ခပ်၍ သောက်စေသည်။ ထို့နောက် လက်ဝါးကိုစမရိုက်ပေးသည်။ စမရိုက်ပြီးသောအခါ လက်များဓာတ်ဝင်လာ၍ တဆတ်ဆတ်တုန်လာသည်။ မတုန်စေရန် မည်သို့ပင်ထိန်းသော်လည်း မရချေ။ ဓာတ်ဝင်ကြောင်းသက်သေပြသည်။ အစိပ္ပာယ်မှာ ဆရာသမားများက တပည့်အဖြစ် အသိအမှတ်ပြုကြောင်းပင်ဖြစ်သည်။ ရေတစ်ခွက်သောက်ပြီးသောအခါ မိမိ၏ အစာအိမ်ထဲတွင် ဒံပေါက်ထမင်း နှစ်ပန်းကန်စားလိုက်ရသကဲ့သို့ အလွန်တင်း၍ဝလာသည်။ မိမိဝမ်းဗိုက်ကို လက်ဖြင့်စမ်းကြည့်ရာ ဝမ်းဗိုက်မှာ နဂိုအတိုင်းပင်ရှိသည်။

ဤကဲ့သို့ ရေစင်တက်သောအခါ အရက်တက်မှစ၍ မည်သည့်အစားအစာမျှမစားရချေ။ ရေစင်တက်ပြီးနောက် ကျွန်ုပ်သည် (၉)ရက်တိတိ အစာမစားရချေ။ ရေအနည်းငယ်သောက်သည်မှတစ်ပါး မည်သည့်သစ်သီး၊ ထမင်း၊ ဟင်းကိုမျှမစားဘဲနေခဲ့ရသည်။ စားချင်စိတ်လည်းလုံးဝမရှိချေ။ (၃)ရက်ကြာသောအခါ အနည်းငယ်အားကုန်လာသည်။ (၅) ရက်မြောက်သောနေ့တွင် အားပြန်ဖြစ်လာသည်။ နုံးချည့်ခြင်း၊ အားကုန်ခြင်းမရှိ။ ရိုးရိုးလူများကဲ့သို့ သွားနိုင်လာနိုင်လုပ်နိုင်သည်။ (၉) ရက်တိတိ အစာမစားဘဲနေနိုင်သည်မှာ အံ့ဩဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ဤသို့ရေစင်တက်သောအခါတွင် ပုတီးစိပ်ရသည်။ သို့မဟုတ် အာနာပါန ကမ္မဋ္ဌာန်းထိုင်ရသည်။ အချိန်ရှိသမျှ တရားအားထုတ်ရသည်။ ဤကဲ့သို့ ဝမ်းထဲ၌ အစာမရှိသောအခါ ငိုက်မျဉ်း ခြင်းလုံးဝမရှိချေ။ အလွန်နှလုံးသာယာ သည်။ ခန္ဓာကိုယ်ပေါ့ပါးလာသည်။ ဉာဏ်အလွန်ကောင်းသည်။ သတ္တဝါများ အပေါ်လည်း သနားသောကရုဏာစိတ် ဖြစ်ပေါ်လာသည်။ ဘုရားကိုအထူး ယုံကြည်၍ သဒ္ဓါတရားထက်သန်လာ သည်။ လောဘ၊ ဒေါသ၊ မောဟများမှာ ကင်းစင်သွားသည်။ အလွန်နှစ်သက်ပီတိ စိတ်မျိုးဖြစ်လာသည်။ ထို့ကြောင့် တရား တော်တွင် သဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိဟူသောလမ်းစဉ်အတိုင်းသာဖြစ် လေသည်။

ဆရာတော်သည် သတ္တဝါများ အတွက် အမြဲကရုဏာထား၍ စောင့် ရှောက်တော်မူသည်။ လာသမျှသော ဒုက္ခသည်များကိုလည်း ပညာအစွမ်းဖြင့် ကူညီတော်မူသည်။ အထူးသဖြင့် စိတ်ဝေဒနာသည်များစွာကို ပျောက်စေ ခဲ့သည်။ ရေတိုက်ရုံမျှနှင့်ပျောက်သည်။

ဆရာတော်သည် သီလအား၊ သမာဓိအား လွန်စွာကောင်းတော်မူ သည်။ ရဟန်းသံဃာများကိုလည်း အမြဲ တမ်း သည်းခံရန်ဆုံးမသည်။ 'ကျောင်း ကတိုင် ချွတ်ယူသွားပါစေ မပြောရ' ဟု ဆုံးမထားပါသည်။ တစ်ခါတစ်ရံ အမဲပစ် သူများသည် တောထဲ၌အမဲလိုက်ခဲ့လျှင် သမင်ငယ်များ၊ ချေငယ်များတို့သည် တောထဲမှပြေးလာပြီး ဆရာတော်၏ ကျောင်းဝင်းထဲသို့ လာရောက် ခိုလှုံကြ သည်။အံ့ဩဖွယ်ရာဖြစ်သည်။ အမြဲတမ်း မေတ္တာတရားပွား၍ ပုတီးစိပ်တော်မူ သည်။ မည်မျှပုတီးစိပ်သနည်းဆိုလျှင် ရိုးရိုးကြိမ်ပုတီးသည် ဆရာတော် တစ်လ လောက်စိပ်က အလွန်မည်းမှောင်၍ နက်ပြောင်လာသည်။ ကျောင်း၌ သက် သတ်လွတ်စားရသည်။ တောခေါင်လှ သော်လည်း စားရေးသောက်ရေးမပူရ ပေ။ ကျောင်းအနီးရှိ ကံဘဲ့ရွာမှ ကျောင်း အမကြီးတစ်ဦးက လယ်ဧက (၂၀) ကို ဆရာတော်ထံ အပြီးအပိုင်လှူထား သည်။ လယ်တွင် ဆရာတော်၏တပည့် များကသာ လယ်လုပ်၍ စပါးရသော အခါ ဆန်စက်တွင်ကြိတ်ပြီး ဆန်များ အမြဲဖူလုံနေသည်။ လာသမျှပရိသတ် များကို နေ့ရောညပါကျွေးမွေးသည်။



ဆရာတော်သည် သတ္တဋ္ဌာန် ဘုရားတည်တော်မူသည်။ကျောင်းဆရာ နှင့်ကျောင်းသားများ၊ တပ်မတော်သား များအားလပ်သောအခါ အသင်းအဖွဲ့ အလိုက်လုပ်အားပေးပြီး ဘုရားတည် သည့်လုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင် သဖြင့် ၁၉၈၀ ပြည့်နှစ်တွင် သတ္တဋ္ဌာန ဘုရားအားလုံးပြီးစီးသွားပေ၏။ ထိုစဉ် က ဤကဲ့သို့ သတ္တဋ္ဌာနအစုံအလင် မြန်မာပြည်တွင်မရှိချေ။ အချို့နေရာများ တွင် မဟာဗောဓိစေတီတော်သာရှိ၏။ ဤသတ္တဋ္ဌာနမှာ သိန်းပေါင်းများစွာ ကုန်သည်။ ဆင်းရဲသားများ တစ်ကျပ်၊ နှစ်ကျပ်မှစ၍ ထောင်၊ သောင်းထိပါဝင် လှူဒါန်းကြသည်။ အများကောင်းမှုဖြစ် သည်။ ကျောင်းတွင် အဝီစိတွင်းတစ် တွင်း၊ ဘုရားကုန်းပေါ်တွင် အဝီစိတွင်း တစ်တွင်းရှိ၍ ရေစုပ်စက်ဖြင့်ရေပေးရာ ရေအတွက်လည်းပူစရာမရှိချေ။ ဘုရား ဖူးရန်၊ တရားအားထုတ်ရန် အလွန်စိတ် ငြိမ်သောကောင်းမွန်သောနေရာမျိုးဖြစ် သည်။ ကျွန်ုပ်သည် သတ္တဋ္ဌာနတစ်ခုမှ ဘုရားတစ်ဆူ ပူဇော်လှူဒါန်းသည်။

အလွန်ထူးသည်မှာ လင်းလွန်းပင် သတ္တဋ္ဌာနနေရာ၌ လင်းလွန်းပင်တစ်ပင် ကို ကျွန်ုပ်ကိုယ်တိုင် မန္တလေးမှယူလာ၍ စိုက်လှူခဲ့သည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင် ဌေးကိုးကွယ်သော မန္တလေးမှ မေမြို့ (ပြင်ဦးလွင်)အသွား (၂၁) မိုင်ကျောင်း ဆရာတော်သည် အိန္ဒိယသို့ဘုရားဖူး သွားရာတွင် မဟာဗောဓိစေတီတော် အနီးရှိ မူလပင်ရင်းဘုရားသခင်သီတင်း သုံးတော်မူရာ လင်းလွန်းပင်၏ မျိုးစေ့ များကိုယူလာ၍ပျိုးထားသောအပင် ဖြစ် သည်။ ကျွန်ုပ်သည် မန္တလေးသို့ရောက် ၍ ဒေါ်ခင်ဌေးက သူပျိုးထားသော လင်းလွန်းပင်ကိုပေးသည်။ ကျွန်ုပ်သည် ဗောင်းတော်ချုပ် သတ္တဋ္ဌာနကိုသတိရ လိုက်သည်။ ထို့ကြောင့် ဆရာတော်၏ တပည့်ရင်းဖြစ်သော ဧရာဝတီသဘော် အထက်မြန်မာပြည်ဆိုင်ရာအုပ်ချုပ်ရေး မှူးအိမ်သို့သွားပို့ထားပြီးလျှင် ဆရာ တော်၏ ကျောင်းသို့ မန္တလေးမှသဘော် ဖြင့်ပို့ပေးပါဟု အပ်ထားခဲ့သည်။ ကျွန်ုပ် မှာ လေယာဉ်ပျံနှင့်ပြန်လာရာ ဤပန်း အိုးကြီးကိုယူခဲ့၍မရပါ။

လင်းလွန်းပင်သည် (၄)ပေခန့်ရှိ သည်။ ကျောင်းသို့ရောက်သောအခါ လင်းလွန်းပင်သတ္တာဟနေရာတွင် မြေကြီး တူးဆွ၍ ဆရာတော်ကိုယ်တိုင်စိုက်တော် မူသည်။ နွေအခါ၌ အပင်သည် ငယ် သေးသဖြင့် တစ်နေ့ ရေတစ်ပုံးလောင်း ပေးရသည်။ သုံးနှစ်လောက်ကြာသော အခါ ရေလောင်းပေးရန်မလိုတော့ချေ။ အောက်ရေရှိရာသို့ အမြစ်တွယ်သွား သည်။ ယခုအခါ အလွန်ကြီးသောအပင် ကြီးဖြစ်ပြီး အသီးများပင်သီးနေလေ သည်။ လင်းလွန်းပင်မှာ သာမန်လင်း လွန်းပင်မျိုးမဟုတ်ချေ။ ဘုရားသခင်ပွင့် တော်မူရာ လင်းလွန်းပင်မျိုးစေ့ဖြင့်ပွား ယူသော လင်းလွန်းပင်ဖြစ်သည်။ လူ တိုင်းသွားရောက်ရှိခိုးဖူးမြော်သင့်လှပေ သည်။

အခြားတစ်ခုမှာ မုစလိန္ဒာသတ္တာဟ တွင် မြတ်စွာဘုရားသည် ခုနစ်ရက် သီတင်းသုံးနေ့သောအခါ မိုးသည်းထန်စွာ ရွာသည်။ မုစလိန္ဒာအိုင်အတွင်းရှိ နဂါး မင်းသည် ဘုရားသခင်အား မိုးရေမစို စေရန် ဘုရားကိုယ်တော်မြတ်ကို သူ၏ ပါးပျဉ်းကိုဖြန့်၍ ထီးကဲ့သို့အုပ်မိုးပြီး ဘုရားသခင်အား ခုနစ်ရက်တိတိ ပူဇော် ကန်တော့သည်။ မုစလိန္ဒာအိုင်တွင် ရှေးဘုရားများအဆိုအရ ကျည်းပင်များ ပေါက်သည်။ 'ကျည်းပင်ပေါက်ရာ မုစ လိန္ဒာအိုင်' ဟု ခေါ်ကြသည်။ ထို့ကြောင့် ကျည်းပင်များကိုရှာဖွေရန် အတော်ခက် သည်။ သို့သော် ဘုရား၏တန်ခိုးတော် က ဆန်းကြယ်လှသည်။ တစ်နေ့တွင် ကျောက်ပန်းတောင်းမှ ဦးအောင်ကျော်၊ ဒေါ်သိုက်တို့လက်ဗ္ဗာလာမေးကြသည်။ သူတို့သည် ဘုရားတရားအလွန်ကြည် ညိုကြသည်။ သဒ္ဓါတရားကောင်းသည်။ ကျွန်ုပ်ကစပ်မိ၍ -

ပုပ္ပားတောင်အနီးတွင် ကျည်းဖြူ ကျည်းနီ စသော ကျည်းပင်များရလျှင် သတ္တဋ္ဌာန၌စိုက်လိုသည်။ လူငှားငှား၍

www.burmeseclassic.com

အစေ့များကိုရှာခဲ့ပါ။ အပင်ပေါက်များ ရှိလျှင်လည်းပို့ပေးပါ ပြောလိုက်သည်။ အလွန်ကံထူးသည်။ ဦးအောင်ကျော် ခေါ် သိုက်တို့က ကျောက်ပန်းတောင်းနှင့် (၅) မိုင်ဝေးသော ရထားလမ်းဘေး၌ ကျည်းပင်ကြီးရှိ၍ နီရဲသောပန်းပွင့်ခိုင် ကြီးများပွင့်နေသည်။ သူတို့ကိုယ်တိုင်ပို့ ပေးမည်ဟုဆိုသည်။ တစ်လကြာသော အခါ သူတို့ကိုယ်တိုင် ထိုနေရာသို့သွား ၍ ကျည်းပင်ကြီးအောက်တွင်ပေါက်နေ သော အပင်ငယ်များကို မြေကြီးပါ အောင်အမြစ်ကိုနုတ်ပြီး တောင်းတွင် ထည့်၍ လေယာဉ်ပျံဖြင့်ယူလာသည်။ ကျွန်ုပ်မှာ ထိုပေါက်သကဲ့သို့ဝမ်းသာ၍ သူတို့ကိုလည်း အထူးကျေးဇူးတင်သည်။ ဆရာတော်၏ကျောင်းသို့ ကျည်းနီပင် များပို့ပြီးနောက် မုဥ္စလိန္ဒာအိုင်ကြီးပြီး သောအခါစိုက်ပေးပါဟု လျှောက်ထားခဲ့သည်။ အပင်နှစ်ဆယ်ကျော်ရှိသည်။

တချို့ကပြောပြန်သည်။ ကျည်းနီ တော့်တ်၊ ကျည်းဖြူပင်လည်းရှိသေးသည် ဟုဆိုသည်။အဖြူပွင့်သည်။ ကျွန်ုပ်သည် အဖြူပင်ကိုရှာပြန်သည်။ ဘယ်မှာမှအစ ရှာမတွေ့ပါ။ တစ်လကြာသောအခါ ဓနိမြို့ (ပြင်ဦးလွင်) မှ သစ်တောဝန် ဦးသာလှသည် ကျွန်ုပ်ထံ ရောက်လာ သည်။ ပျဉ်းမနား၌ သစ်တောဝန်ဖြစ်နေ သည်။ စကားစပ်မိ၍ ဆရာတော် ကျောင်းသို့လိုက်ပို့သည်။

ကျည်းဖြူများကိုရအောင်ရှာ၍ ပေးလှူပါဟု သူ့အား တောင်းပန်လိုက် သည်။ ထို့ကြောင့် သူသည် ပျဉ်းမနား သို့ပြန်သွားသောအခါ သူတပည့် တော အုပ်၊ တောခေါင်းများကိုမှာထားလိုက်၍ ရခဲ့ပြန်သည်။ တစ်ပေခန့်ရှိသော ကျည်း ဖြူပင်ကလေးများကို ဝါးဆစ်ထဲတွင် မြေ ကြီးပါထည့်စိုက်၍ အပင်နှစ်ဆယ်ကျော် ယူလာပြီးလျှင် ကျွန်ုပ်နှင့်တကွ ကျောင်း သို့သွား၍ပို့ပေးသည်။ မုဥ္စလိန္ဒာအိုင် တူးနေရာ လအတော်ကြာသွားသဖြင့် ကျည်းဖြူပင်များ၊ ကျည်းနီပင်များစိုက် သောအခါ အားလုံးမရှင်ဘဲ တချို့တစ် ဝက်သာရှင်လျက်ရှိသည်။ အပွင့်များပွင့် သောအခါ နီတချို့ဖြူတချို့နှင့် သာယာ လှပနေသည်ကိုတွေ့ရ၍ အလွန်ဝမ်း သာရသည်။

ဗောင်းတော်ချုပ်ဆရာတော်သည် သာသနာတော် တည်တံ့ထွန်းကားပြန့် ပွားရေးအတွက် ကြိုးပမ်းတော်မူရင်း ကိုယ်တော်တိုင်လည်း ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်တော်မူခဲ့သည်။အထူး ခြားဆုံးမှာ ဆရာတော်၏ မေတ္တာစွမ်း အင့်ပင်ဖြစ်ပါသည်။ ဆရာတော်၏ကြီး မားလှသောမေတ္တာစွမ်းအင်ဖြင့် စိတ်ဝေ ဒနာရှင်များအား လူကောင်းပကတိ အခြေအနေရောက်သည်အထိ ကယ် တင်တော်မူခဲ့သည်။

ဗောင်းတော်ချုပ်ဆရာတော်ကြီး သည် ဗောင်းတော်ချုပ်သာသနာတော် ကို ကြိုးပမ်းတော်မူရင်း တစ်ဖက်က လည်း ရှေးဟောင်းဘုရားပုထိုးစေတီများ စွာကို ပြုပြင်ပေးတော်မူခဲ့သည်။ ဆရာ တော်ကြီးသည် မိတ္ထီလာမြို့ ရှမ်းတဲလေ တပ်စခန်းမှ စေတီဟောင်း၊ တန့်ဘဲ့စံပြ ကျေးရွာအနီးရှိ ရွှေနံ့သာစေတီတော် ဟောင်း၊သဝန်းတောကျေးရွာ နောင်တ ရစေတီဟောင်း၊ တွံတေးမြို့နယ် နန်း တော်ကုန်းဘုရားနှင့် ရွှေလက်ခုပ် ကျောင်းဝင်းအတွင်းရှိ စေတီဟောင်း၊ ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ ရှိ ဘုရားသုံးဆူစေတီဟောင်းများ၊ တွံတေးတောကြီးတန်းရှိ ကျိုက်ဖူးကျိုက် ပါစေတီဟောင်းများကို ပြန်လည်ပြုပြင် ခဲ့သည်။ မအူပင်မြို့ စိမ်းမြကန်သာ ဘုရားနှင့် ကျိုက်လတ်မြို့ ဥယျာဉ်ဝရှိ ပေါ်တော်မူဘုရားများမှာ ဆရာတော် ကြီးပြုပြင်ခဲ့သော ဘုရားစေတီများပင် ဖြစ်ပါ သည်။

ဗောင်းတော်ချုပ်သာသနာ့နယ်မြေ မှာ ယေဘုယျအားဖြင့် နှစ်နေရာခွဲခြား ထားသလိုဖြစ်နေပါသည်။ ပထမနေရာ မှာ ၁၃၀၀ ပြည့်နှစ်မှ ၁၃၂၅ ခုနှစ် အတွင်း ထော်သိုရွာ အပိုင်း (၄၃၂) ဧက၊ အခွန်လွတ်သာသနာ့နယ်မြေမှ ဗောင်းတော်ချုပ်ဘုရား အပါအဝင် စေတီ ဘုရားပုထိုးတော်ပေါင်း အဆူ (၃၀) မျှ ကျောင်း၊ သိမ်၊ ဇရပ် စသည့် အဆောက်အအုံ အလုံးငါးဆယ်ကျော် တည်ထား ဆောက်လုပ်တော်မူခဲ့ပါ သည်။

ဒုတိယနေရာမှာ ၁၃၂၉ ခုနှစ်တွင် ဗောင်းတော်ချုပ်ဘုရားမှ တနင်္ဂနွေ ထောင့် မိုင်ဝက်ခန့်ခရီး ကန်ဘဲ့ရွာအပိုင်း အခွန်လွတ်သာသနာ့နယ်မြေ(၁၃. ၆၅) ဧကတွင် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဂယာပုံစံ အတိုင်း မဟာဗောဓိစေတီနှင့် သတ္တ ဌာနဘုရားများကို လည်းကောင်း၊ ၁၃၃၆ ခုနှစ်တွင် ကုဋိတိုက်ကြီးကို လည်းကောင်း၊ ၁၃၄၀ ပြည့်နှစ်တွင် (၈) ဧကကျယ်ဝန်းသော အေးမြကန်သာရေ ကန်ကြီးနှင့် ရေကန်အလယ်၌ မုခ်လေး ခု၊ လူသွားလမ်းလေးလမ်းရှိသော ကန် ပေါ်စေတီကြီးကိုလည်းကောင်း၊ ၁၃၄၅ ခုနှစ်တွင် ဗုဒ္ဓဂယာမဟာသိမ်တော်ကြီး ကိုလည်းကောင်း တည်ဆောက်တော် မူခဲ့ပါသည်။

ဗောင်းတော်ချုပ်ဆရာတော်ဘုရား ကြီး ဘဒ္ဒန္တနန္ဒသည် သာသနာပြုလုပ် ငန်းများကို ဆောင်ရွက်တော်မူရင်း ၁၃၄၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ အင်္ဂါနေ့ နံနက် (၃) နာရီ၊ (၃၀) မိနစ် (အေဒီ ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက်) တွင် ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူချိန်တွင် သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၀) ဝါရှိပြီ ဖြစ်ပါသည်။

ထူးခြားလှသည်မှာ ဆရာတော် ကြီးရုပ်ခန္ဓာက မပုပ်မသိုးဘဲတည်ရှိနေ သဖြင့် ခေါင်းဖြင့်ထည့်ကာ အပူဇော်ခံ ထားရှိခဲ့သည်မှာ (၁၁) နှစ်ကျော်ကာလ တိုင်အောင်ဖြစ်ပါသည်။ ယခုအခါတွင် ဂူသွင်းမြှုပ်နှံ၍ စံကျောင်းတော်တည် ဆောက်ကာ ကိုးကွယ်အပူဇော်ခံလျက် ရှိပါသည်။ယခုအခါတွင် ကျောင်းသင်္ခမ်း အတွင်းမှာ ဗောင်းတော်ချုပ်ဆရာတော် ကြီး၏ပုံစံတူ ပလတ်စတာရုပ်တုတော် နှင့် ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဦးကုဏ္ဍလာ၏ပုံစံတူ ပလတ်စတာ ရုပ်တုတော်ကို ဖူးမြော်ရပါသတည်း။

ဤဆောင်းပါးဖြင့် တွံတေး ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီး နှင့် အဖေဦးရန်အောင်အား ဦးခိုက် လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)


ကျမ်းကိုး -

၁။ ဆရာစန္ဒာ၏ 'ဘဝခရီးနှင့် အတွေ့ အကြုံများ' (၁၉၈၁၊ ဩဂုတ်လ၊ ပထမအကြိမ်) စံပယ်ဦးစာပေ။

၂။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူး များ ပထမတွဲ မောင်ဝန်းမွေး ပြုစု သည်။ တော်ဝင်မြို့မစာပေ။

၃။ သာသနာ့တန်ဆောင် ဆရာ တော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ် ဆန်းများ (တင်အောင်သွင်) (တိုးထက် စီစဉ်၍ ရန်အောင် စာပေမှထုတ်ဝေသည်။)




www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ကလေးငယ်များ အပမှီခဲ့သော

ကလေးငယ်ဆိုတာက နို့ဆာရင်လည်းငိုတယ်။ ဗိုက်နာရင်လည်းငိုတယ်။ ဖျားနာရင်လည်းငိုတယ်။ အလိုမကျရင်လည်းငိုတယ်။ လန့်ရင်လည်းငိုတယ်။ သူငယ်နာဖြစ်ရင်လည်းငိုနေတတ်တယ်။ ကလေးငယ်ဆိုတာ ထစ်ခနဲဆို ငိုတတ်ကြတာထုံးစံပါ။ အဲဒါကြောင့် လောကနီတိ ရာဇကဏ္ဍမှာ ကုမာရာနံ- ကလေးသူငယ်တို့၏၊ ဗလံ-အားကား၊ ရုဇံ-ငိုခြင်းတည်းလို့ ဆိုထားတာပါ။ ကလေးတို့ရဲ့ အားဟာ ငိုခြင်းတဲ့ဗျ။

ကလေးဆိုတာငိုမှကောင်းတာပါ။ ငိုရင် ခန္ဓာကိုယ်ကြွက်သားတွေ ရှုန်းကန်လှုပ်ရှားတော့ အားဖြစ်ပါတယ်။ မျက်ရည်က မျက်စိထဲဝင်နေတဲ့ ပြင်ပကပိုးတွေကိုသတ်ပေးတယ်။ ဒါဟာကောင်းတဲ့လက္ခဏာပါ။

ဒါပေမယ့် လိုသည်ထက်ပိုပြီး အော်ဟစ်ကော့ထိုးပြီး ငိုနေမယ်ဆိုရင်တော့ ဒါဟာ စဉ်းစားရပါပြီ။ ဗိုက်နာလို့လား၊ လန့်လို့လား၊ အပမှီတာလား၊ ရှာသူလို့ခေါ်တဲ့စုန်းတွေဖြုစားတာလားဆိုတာ နားလည်သူတွေနဲ့ပြကြရပါတယ်။ သို့မဟုတ်ပါကလည်း ပရိတ်ရေ ပဌာန်းရေ ဆေးကြမ်းရေနဲ့ တောက်ပေးရပါတယ်။ ဒါဆိုပျောက်ပါတယ်။

နွေရာသီမှာ အလွန်ပူတော့ကာ အရိပ်ကောင်းတဲ့ ကိုတင်သန်း၊ မစိုးစိုးတို့အိမ်မှာသွားထိုင်နေတာများပါတယ်။ အဲဒီမှာ သရက်ပင်ရိပ်၊ အိမ်ရိပ်နဲ့ အရိပ်ကောင်းတော့ကာ လူကြီးတွေ၊ ကလေးတွေ အစဉ်သဖြင့်ပြည့်နေတတ်ပါတယ်။ ကလေးတွေက အရိပ်မှာဆော့ကြသလို လူကြီးတွေကတော့ စကားစမြည်ထိုင်ပြောကြတာပါပဲ။

နဂိုကမှ ကိုတင်သန်းတို့မှာ ကလေးက (၈) ယောက်ရှိပါတယ်။ ကျွန်တော်တို့ပါပေါင်းလိုက်ရင် လူ (၂၀) ထက်မနည်း အမြဲလိုလိုရှိနေတတ်တဲ့အိမ်ပါ။ ကိုတင်သန်းက သူ့ဇနီး မစိုးစိုးကို -

"စိုးစိုးရေ၊ တို့အိမ် ဧည့်လာဂမုန်းစိုက်ဦးမှထင်တယ်"

လို့ ရယ်ရယ်မောမော စ,လေ့ရှိပါတယ်။

အဲဒီအထဲမှာ ကိုခင်မောင်တင့်လည်း အပါအဝင်ပါ။ သူတို့မိသားစုကဖြူးမြို့နယ်ထဲကပါ။ နေပြည်တော်ကြီးတည်တော့ကာ အလုပ်လာလုပ်ရင်း ကျွန်တော်တို့အောင်ဇမ္ဗူမှာ သောင်တင်နေခြင်းပါ။ သူက သူ့အတွေ့အကြုံကို ခုလိုပြောပြပါတယ်။

"ကျွန်တော် ဖြူးမှာနေတုန်းက ကျွန်တော်တို့တွေမှာ ကိုယ်ပိုင်မြေမရှိတော့ကာ လွတ်နေတဲ့မြေလွတ်မြေရိုင်းကိုင်းကွင်းတွေမှာ ကိုင်းခုတ်ပြီးစိုက်ပျိုးဖို့ ပြင်ဆင်ကြရတာပေါ့ဗျာ။ ကျွန်တော်တစ်ဦးတည်းမဟုတ်ပါဘူး။ ကျွန်တော်တို့လို မြေလွတ်မြေရိုင်းကိုင်းကွင်းထွင်သူတွေရှိကြပါတယ်။ တဲလေးတွေကိုယ်စီထိုးပြီးလုပ်ကြရတော့ကာ ကျွန်တော့်မိန်းမ ဆုမွန်ကျော်နဲ့ သမီးလေးပန်းအိဖြူလည်း ပါပါတယ်။ ပန်းအိဖြူက နို့စို့အရွယ်ပါ။

အဲဒီ ကိုင်းကွင်းမှာ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တွေရှိပုံရပါတယ်။ သုံး၊ လေးရက်အရမှာ ညနေပိုင်းလည်းရောက်ကရော ပန်းအိဖြူဟာ နို့စို့နေရာကနေပြီး ကော့ကော့ထိုးပြီးအကြီးအကျယ်ငိုတော့တာပါပဲ။ ကောက်ကာငင်ကာကြီးဖြစ်တာဆိုတော့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ နှောင့်ယှက်တာလို့ပဲ ကျွန်တော်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကလေးဟာ ကျန်းမာတဲ့ကလေးပါ။ ခုလိုကြီး တစ်ခါမှ မငိုခဲ့ဖူးပါဘူး။ ချော့မရမော့မရနဲ့ တဝါးဝါးငိုနေလေတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုမသိတော့တာ။ ငိုလိုက်ချက်ဗျာ အသံတောင်ပြာလာတယ်။ ကလေးက အရမ်းသနားဖို့ကောင်းတာ။

အဲဒီမှာ ဘေးတဲက ကိုဖိုးရှမ်း ရောက်လာတယ်။ သူက ရှမ်းအမျိုးသားပါ။ ကျွန်တော်တို့နဲ့ရွယ်တူပဲဗျ။ သိပ်မကြီးသေးဘူး။ ဒါပေမယ့် ဗဟုသုတရှိပုံရတယ်။ ဖြစ်ပုံကိုမေးပြီး -

"ကိုခင်မောင်တင့်၊ ခင်ဗျားတို့မှာ ချင်း(ဂျင်း)ပါသလား"

လို့ မေးတယ်။

"ပါတယ်"

ဆိုတော့ -

"ချင်းကို ထောင်းထုပြီး ကလေးမျက်စိထဲ ချင်းရည်ညှစ်ထည့်လိုက်။ အဲဒီအကောင် ချက်ချင်းထွက်ပြေးစေရမယ်"

လို့ ပြောတာကိုး။

ကလေးမျက်စိနုနုလေးထဲကို ဒီလောက်စပ်တဲ့ချင်းရည်ညှစ်ထည့်ရမယ်ဆိုတော့ ကျွန်တော် လန့်သွားပါတယ်။ စဉ်းစားကြည့်လေ။

ဒါနဲ့ ကျွန်တော်က -

"ဖြစ်ပါ့မလား ကိုဖိုးရှမ်းရယ်။ ကလေးမျက်စိမှာ နုနုလေးရယ်"

ဆိုတော့ -

"ဩော - ခင်ဗျားကလည်း အ,လိုက်တာဗျာ။ကလေးကိုခတ်တာမဟုတ်ဘူးဗျ။ ကလေးမှာကပ်ပြီးနှောင့်ယှက်နေတဲ့အကောင်ကိုခတ်တာ။ ခတ်သာခတ်ကျုပ်ရှိတယ်။ ခင်ဗျားကလေးဘာမှမဖြစ်စေရဘူး၊ ကျုပ်တာဝန်ယူတယ်။ အတော်အတန်ကျွန်တော်ကုတတ်တယ်။ ဘာမှမပူနဲ့"

ဆိုတော့ ကျွန်တော် ချင်းကိုညက်အောင်ထုပြီး လက်နဲ့ဆုပ်ယူပြီး ကလေးမျက်စိထဲ ညှစ်ထည့်လိုက်တာပါပဲ။ ဆုမွန်ကျော်က မရုန်းနိုင်အောင် ကလေးကိုချုပ်ထားရတာပေါ့လေ။

မြန်ချက်တော့ မကျန်ဘူးဗျို့။ ကလေးအငိုတိခနဲရပ်သွားတော့တာပဲ။ အဲဒီကျမှ ကလေးဟာ မိခင်နို့ကို ကောင်းကောင်းပြန်စို့တော့တာဗျ။

အံ့ဩစရာကောင်းတာက ကလေးမျက်စိ လုံးဝမထိခိုက်တာပါ။ ကိုဖိုးရှမ်းကတော့ ပြုံးပြီးကျေနပ်နေပါတယ်။ ပြီးတော့-

"မင်းကောင် မျက်စိထဲ ချင်းရည်



www.burmeseclassic.com

www.burmeseclassic.com

### သန်းလှိုင်ထွဏ်း(အမြင့်)

# သည်းခြေကျောက်တည်အမြန်ပျောက်ဆေး

၂၀၁၃ ခုနှစ် တစ်လပိုင်းမှစပြီး ကျွန်တော့်မှာ သည်းခြေကျောက်တည် ဖြစ်နေပါသည်။ ဗိုက်ထဲမှအောင့်ပြီး အတော်လေးအနေရခက်သဖြင့် ရွာမှ ထားစီးမံပြီး မန္တလေးနန်းတော်နှင့် ညီမ်းအထူးကုဆေးရုံများတွင် ရှစ်ခေါက် တိတိရောက်ပါသည်။ ဗိုက်နာမှာသက် သာသော်လည်း သည်းခြေကျောက်မှာ လုံးဝပျောက်သွားခြင်းမရှိပါ။ ငွေလည်း အတော်ကုန်ပါသည်။ နှစ်ပတ် (သို့) သုံး ပတ်တစ်ခါ ရက်ချိန်းပေးလိုက်၊ သွားပြ လိုက်ဖြင့် သံသရာလည်နေပါသည်။

ကျွန်တော် သည်းခြေကျောက်ခွဲ ထုတ်ချင်ကြောင်းပြောပြတဲ့အခါ အထူး ကုသမားတော်ကြီးက မခွဲဘဲနေတာက အကောင်းဆုံးဖြစ်ကြောင်း ပြောပြပါ တယ်။ ခွဲစိတ်မည်ဆိုလျှင်တော့ သိန်းနှစ် ဆယ်လောက်ကုန်ကျပါမည်၊ ကျောက် တတော့ကြေပြီးမသွားပါ။ ဆေးမှန်မှန် သောက်ရန်ညွှန်းပါသည်၊ သည်းခြေထဲ မှကျောက်မှာဝပ်၍နေမည်ဟုဆိုသည်။ လုံးဝကြေပြီးပျောက်မည်ဟု မပြောနိုင် ပါ။ နောက်ဆုံးတစ်ခေါက် နှစ်လချိန်းပါ သည်။ ဒါနှင့် ရှစ်ခေါက်မြောက် နောက် ဆုံးပြန်ခဲ့ရပါသည်။

အဲဒီအချိန်မှာပဲ စင်ကာပူမှာ ရောက်နေသောသားငယ်မှ အောက်ပါ ဆေးကိုညွှန်းပါသည်၊ ရန်ကုန် သုဝဏ္ဏ မှာနေသော ညီငယ် ကိုသန်းနိုင်မှလည်း အောက်ပါဆေးကို ထပ်တူထပ်မျှညွှန်း ကြပါသည်။

၁။ မြန်မာပန်းသီး (၂၅) လုံးစားရန်။

၂။ တစ်ရက်လျှင် ငါးလုံးကျနှုန်းဖြင့် ငါးရက်စားရပါမည်။

၃။ တစ်ရက်ငါးလုံးနှုန်းဖြင့် ငါးရက် ပြည့်သော် ပန်းသီးစားခြင်းရပ်ရပါ မည်။ ထမင်းစားခြင်း၊ တည့်သော အစာများစားနိုင်ပါသည်။ ငရုတ် သီး၊ ဝက်သားမစားပါနှင့်။

၄။ ခြောက်ရက်မြောက်နေ့တွင် နံနက်စာ ထမင်းစားနိုင်ပြီး (၁၂)နာရီနောက် မည်သည့်အစာမျှမစားရပါ။

၅။ ခြောက်ရက်မြောက် ညနေ(၆)နာရီ တွင် ဆားခါးတစ်ဇွန်း (ဟင်းခပ် ဇွန်း) တစ်ဇွန်းကို ရေနွေးဖြင့်မွှေ၍ ဖျော်ပါ။ သောက်နိုင်သောအတိုင်း တာဖြင့် ဖန်ခွက်မတ်ခွက်ထည့်ပြီး ဝင်အောင်သောက်ရပါမည်။

၆။ ည (၈) နာရီတွင် အထက်ပါနည်း အတိုင်း ထပ်ပြီးဆားခါးသောက်ရ ပါမည်။ (မာတုဗေဒထုတ်ဆားခါး) ဖြစ်ပါသည်။မေးဝယ်၍ရပါသည်။

၇။ ည (၁၀) နာရီမှာ နှမ်းဆီစစ်စစ် (သို့) သံလွင်ဆီစစ်စစ်ကို ရေနွေး သောက်အကြမ်းပန်းကန်တစ်ဝက် ညှစ်ပြီး အထက်ပါ ဆီဖြင့် သမ အောင်မွှေပြီးသောက်လိုက်ပါ။

နှစ်နာရီအကြာမှာ ဝမ်းတွေသွား ပါမည်။ သည်းခြေမှကျောက်များအား လုံး အမှုန့်ဖြစ်ပြီးဝမ်းထဲသွားပါမည်။ ဝမ်းဗိုက်တစ်ခုလုံးအေးစက်ပြီး အားလုံး ပျောက်ကင်းသွားပါမည်။ ကျွန်တော့် ကိုယ်တွေ့ဖြစ်သည်။ အဲဒီဘေးကတော့ တကယ်လွတ်သွားပြီ ဖြစ်သည်။

ဆရာဝန်ကြီးချိန်းဆိုသည့်နှစ်လ မပြည့်မီ၊ တစ်လကိုမပြည့်သေးပါ။ ညီမ်း မန္တလေးဆေးရုံသို့ ထပ်သွားရပါသည်။ ဆရာဝန်ကြီးမလာရောက်မီ (၈) နာရီခွဲ ဓာတ်မှန်ခေါ်လား၊ အတ်ထရာဆောင်း ခေါ်မှာလား ကျွန်တော်မပြောတတ်ပါ။ ထပ်ပြီးရိုက်ထားပါသည်။ (၁၀) နာရီမှာ ကျွန်တော့်အလှည့်ရောက် ဆရာဝန်ကြီး က -

"ဦးသန်းလှိုင်၊ ကျုပ်ကနှစ်လချိန်း တာ အခုတစ်လတောင်မပြည့်သေးဘူး"

ပြောပြီး ကျွန်တော့်ဆေးစစ်ချက် ကိုယူပြီးကြည့်ရာ ဆရာဝန်ကြီး အံ့ဩ သွားသည်။

"ဦးသန်းလှိုင်၊ ခင်ဗျားသည်းခြေ ကျောက်လုံးဝမရှိတော့ဘူးဗျို့။ ကျုပ် ဆေးနဲ့တည့်သွားပြီဗျ။ ကျုပ်နဲ့ခင်ဗျား ကံစပ်တယ်။ ဒါပေမယ့် နှစ်လလောက် ဆေးစားပါဦး။ ဘာကြောင့်လဲဆိုတော့ သည်းခြေကျောက်ထွက်တဲ့နေရာနည်း နည်းရောင်နေလို့ပါ။ အနာကျက်ဖို့ဆေး စားခိုင်းတာပါ"

အဲဒါ နောက်ဆုံးခေါက်ပါ။ မှတ်-မှတ်ရရပြောရလျှင် ၂၀၁၄၊ မတ်လ မန္တလေးရောက်ပြီး ယခုချိန်အထိမသွား ရတော့ပါ။ ဆေးလည်းမစားရတော့ပါ။

ကျွန်တော်နှင့်ထပ်တူ ရောဂါ ဝေဒနာရှိသူများ အထက်ပါအညွှန်းတိုင်း စားပါက သည်းခြေကျောက်တည်လုံးဝ ပျောက်ကင်းကြောင်း စေတနာဖြင့် ဒါန ပြုပါသည်။

သန်းလှိုင်ထွဏ်း(အမြင့်)

ဝင်တဲ့ဒဏ်ကို မခံနိုင်ဘဲ ဖင်ထောင်ပြီး ပြေးတော့တာပဲ မဟုတ်လား။ အဲဒါ ကြောင့် မပူပါနဲ့လို့ ကျုပ်ပြောတာပေါ့။ ကျုပ်တို့ တောင်ပေါ်မှာ ဒီလိုတောက်တို ဆည်ရလေးတွေ လူတိုင်းနီးပါးနားလည် ကြတယ်။ လိုရမည်ရဒီလိုပဲလေ့လာထား ကြရတာပါ"

လို့ ပြောပြတယ်ဗျ။

"သမားရိုးကျဝိုတာမဟုတ်ဘဲ မမြင် အပ်တဲ့အကောင်တွေ နှောင့်ယှက်တာ မှန်လို့ကတော့ ဘာဆရာကိုမှ ပိုက်ဆံ အကုန်ခံပြီးသွားပင့်မနေနဲ့။ ချင်းထောင်း ဖြူ မှုတ်စိထဲ ချင်းရည်သာခတ်ပစ်လိုက်။ ထန်းနေအောင်ပြေးတော့တာပဲ။ ဒါက ကျွန်တော့်လက်တွေ့မို့ ပြောပြတာပါ။

နောက်နေ့လည်းရောက်ကရော အိုးခွက်လေးတွေသိမ်းပြီး နေပြည်တော် ဘက်မိသားစုလိုက်ပြေးခဲ့တော့တာပဲဗျို့။ ဟောဒီအငယ်(၂)ယောက်က နေပြည် တော်မှာမွေးတာ။ အကြီးမက ဖြူးသူ။ အလတ်ကောင်နဲ့ အငယ်မလေးက နေပြည်တော်ဇာတိတွေဖြစ်သွားတာပေါ့ ဗျာ"

လို့ ဗဟုသုတဖြစ်ဖွယ်ပြောပြပါ တယ်။ လူများတော့ စကားစုံကြားရလေ့ ရှိတယ်။ အဲဒီစကားတွေထဲမှာ ပြည်သူ ကိုတင်ပြစရာလေးတွေ ပါလာတတ်ပါ တယ်။ ဘယ်သူဘာပြော ပြောပြောသမျှ ကို ဂရုတစိုက်နဲ့ နားထောင်တတ်တဲ့ ကျွန်တော်ကတော့ ပြည်သူကိုတစ်ဆင့် ပြန်လည်တင်ပြဖို့၊ မြန်မာ့ရိုးရာဆေး နည်းတွေ မတိမ်ကောမပပျောက်စေဖို့ ခေါင်းထဲထည့်ပြီးသိမ်းထားတတ်တာပါ ပဲ။

(ကိုခင်မောင်တင်သို့ ကျေးဇူးတင် လျက်)

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်းအရုဏ်ဦး (၄) နာရီမနီး အချိန်။ ကတက်မြင်ရွာကလေးသည် ကျေးငှက်တို့၏ တကျိကျိ တစာစာ အော်မြည်သံတို့ဖြင့် စတင်၍ သက်ဝင် လှုပ်ရှားလာ၏။ ဆန်းသေးသေးများ ယန်းဆက်ရန်နိုးထကြသည်။ အိမ်ရှင်မ များလည်း ထမင်းချက်ရန် နိုးထလာကြ သည်။

ရွာကလေး၏အနောက်ပိုင်းမကျ တကျ တိုင်းတာစ်ခုအတွင်းရှိ တဲငယ် လေးတွင်လည်း ဒေါ်ရင်မြဖြစ်မယောက် အများနည်းတူ နိုးထလာခဲ့သည်။ ထို့နောက် ဒေါ်ရင်မြသည် မျက်နှာသစ် ကာ မီးဖိုအောင်းရေနွေးဆူအောင်ပြီး ဆွမ်း ချက်ရန်ပြင်ဆင်သည်။ တအာမရှုံ့မန်းရှိ ခါးလှုပ်ပြစ်ပေါ်တွင်မူ သားကောင်မောင် ထွန်းတင်မှာ ပုဆိုးအုပ်ပေါ်ခေါင်းပေါ်ဖြင့် အိပ်မောကျ၍ကောင်းဆဲရှိသေး၏။

ဆောင်းမှာ ဆန်လေးလုံးခန့်ဝင် သောမြေအိုးဖြင့် ထမင်းရေမန်းချက်၏။ ပြီးနောက် ဆီဗူးမောက် ထန်းရွက်ခေါင်မိုး တွင် ချိတ်ဆွဲထားသော [illegible] အိတ်အတွင်း [illegible] အမဲခြောက်အချို့ကို ထုတ်၍ [illegible] [illegible] အမဲခြောက် များကျက်သော် [illegible] [illegible] [illegible]

ထို့နောက် ဘုရားဆွမ်းတော်ကပ် ရန်နှင့် [illegible] အမဲ ခြောက်အချို့နှင့် ထမင်းအချို့ကို [illegible] ထားလိုက်သည်။ ကျန်သောအမဲခြောက် များနှင့်အတူ [illegible] [illegible] ချိန် မနက်စာစားရန် [illegible] ထမင်းတောင်းပိုင်းကလေးပေါ်တွင်ထား လိုက်လေ၏။

ထို့နောက် ဒေါ်ရင်မြ ဘုရားဆွမ်း တော်ကပ်တော့သည်။ [illegible] [illegible]

ကျန်သော ချဉ်ပေါင်ရွက်ဟင်းချိုလေး ဖြင့်နယ်ဖတ်ကာ မနက်စာစားလေ သည်။ ဒေါ်ရင်မြမှာ အသက် (၇၀) ကျော်၍ မျက်စိများမှုန်ကာ သွားများ မကောင်းတော့သဖြင့် အမဲခြောက်ကဲ့သို့ မာကြွပ်သောအစာကို မဝါးနိုင်ချေ။

နံနက်စာစားပြီးသော် ဒေါ်ရင်မြ တဲရှေ့မြေကွက်လပ်သို့ထွက်ကာ မတ် တတ်တံမြက်စည်းဖြင့် သစ်ရွက်ခြောက် များ၊ အမှိုက်များကို တရှမ်းရှမ်းမြည် အောင်လှည်းကျင်းလေတော့၏။ ကြာ ကား ဒေါ်ရင်မြနံနက်တိုင်းပြုလုပ်နေကျ အိမ်မှုကိစ္စများဖြစ်တော့သည်။

နံနက် (၇) နာရီခန့်ရောက်သော် သားဖြစ်သူထွန်းတင် အိပ်ရာမှနိုးလာပြီး သော် အိပ်မှုန်စုံမွှားဖြင့် မိခင်အိုကြီး ပြင်ပေးထားသော နံနက်စာကို ကောင်း သလား မကောင်းသလား လှမ်း ကြည့်လိုက်၏။ အမဲခြောက်ပန်းကန်ကို တွေ့မှ ကျေနပ်သွားပြီး ကွပ်ပျစ်မှဆင်း ကာ မျက်နှာသစ်လိုက်သည်။ ထို့နောက် ကွပ်ပျစ်ထောင့်တွင် ကောင်းထားသော အရက်ပုလင်းကိုယူ၍ မောနင်းပက် အဖြစ် အရက် (၂) ခွက်မျှ ဖိမ်းမွဲ သောက်ရင်း အမဲခြောက်နှင့်မြည်းလိုက် သည်။ ပြီးသော် ထမင်းနှင့် အမဲခြောက် ဖုတ်ကို မြိန်ရှက်စွာစားလေတော့သည်။

ထို့ဖြင့် မနက် (၈) နာရီခန့်ရောက် သော် ဒေါ်ရင်မြ ဆွမ်းခံကြွလာသော ကိုယ်တော်ကို ဆွမ်းလောင်းနေစဉ် ထွန်းတင်သည် ရေမိုးချိုး၍ ကောင်းနိုး ရာရာအဝတ်အစားများကိုရွေးကာဝတ် လိုက်သည်။ ထို့နောက် တဲရှေ့ကွပ်ပျစ် ပေါ်တွင် ပြောင်းဖူးဖက်ဆေးလိပ်ဖွာ နေသောမိခင်အိုကြီးထံသွား၍ပိုက်ဆံတောင်း လေသည်။


"အမေ ပိုက်ဆံ (၅၀) ပေးစမ်းပါ"

ဒေါ်ရင်မြ ဘာမှပြန်မပြောဘဲ ခါး ကြား ချွေးခံအိတ်ကလေးအတွင်းမှ ငွေ (၅၀) တန်တစ်ရွက်ကိုထုတ်ပေးလိုက် သည်။ ငွေရသောအခါ ထွန်းတင်သည် မိခင်အိုကြီးရှေ့မှ လှည့်ထွက် သွားတော့သည်။ သူ၏ဦးတည်ရာကား ရွာစွန်ယန်းတောအတွင်းရှိ သေရက် ဖော်သောက်ဖက်သော်ငါများထံသို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၏။ ဒေါ်ရင်မြကတော့ ငွေ (၉၀) ယူကာ ထွက်ခွာသွားသော သားဖြစ်သူ ထွန်းတင်၏ နောက်ကျောကိုကြည့်ကာ သက်ပြင်းမောကိုချရင်း ကျန်ရစ်ခဲ့လေတော့၏။

❏

အထက်ပါ အကြောင်းခြင်းရာများမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကျော်ခန့်ကဖြစ်ပျက်ခဲ့သော ဇာတ်လမ်းလေးဖြစ်ပါသည်။ ထိုဇာတ်လမ်းလေးတွင်ပါဝင်သော ကတတ်ပြင်ရွာကလေးသည် ပုဂံ ညောင်ဦးမြို့နယ်အတွင်း တည်ရှိပါသည်။ ကတတ်ပြင်ရွာကလေးမှ ရွာသူရွာသားများသည် ဒေါ်ရင်မြအား အလွန်သနားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ရင်မြမှာ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့ရပြီး သားသမီးကံမကောင်း၍ဖြစ်ပေ၏။

ထို့ကြောင့် ဒေါ်ရင်မြအကြောင်း ရေးသားဖော်ပြရသော် -

ဒေါ်ရင်မြသည် အသက် (၁၀) ကျော်မှ အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်ဖက်မှာ တစ်ရွာတည်းနေထိုင်သူ ဦးထွန်းစိန် ဖြစ်လေသည်။ အိမ်ထောင်ကျပြီး (၁) နှစ်ခန့်အကြာတွင် သားဖြစ်သူ မောင်ထွန်းတင်ကို မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသားလေး မောင်ထွန်းတင်အား လင်မယားနှစ်ယောက်စလုံး အသည်းတုန်အူတုန် ချစ်ခဲ့ကြသည်။ သို့သော် ဦးထွန်းစိန်မှာ သူချစ်သော သားဖြစ်သူနှင့် အသက်ထက်ဆုံး အတူမနေနိုင်ခဲ့ရှာ။ မောင်ထွန်းတင် (၁၃) နှစ်ခန့် (၈) တန်းကျောင်းသားအရွယ်၊ ဦးထွန်းစိန်အသက် (၄၈) နှစ်ခန့် (၅၀) ပင်မပြည့်သေးခင် ဆီးကျောက်တည်ရောဂါဖြင့်ကွယ်လွန်သွားခဲ့၏။ ဦးထွန်းစိန်မရှိသည့်နောက်တွင် ဒေါ်ရင်မြသည် ဦးထွန်းစိန် ရှာဖွေပေးခဲ့သော စီးပွားများကို မပျောက်ပျက်အောင် ကြိုးစားရရှာသည်။

ဖခင်ကွယ်လွန်သော် ငယ်စဉ်ကပင် ဉာဉ်ဆိုးသော မောင်ထွန်းတင်၏ စရိုက်လက္ခဏာကပေါ်လွင်လာခဲ့သည်။ (၈) တန်းကို (၂) နှစ်ကျပြီးသော် ကျောင်းဆက်မနေချင်ဘူးဆို၍ ကျောင်းမှထုတ်ပေးလိုက်ရသည်။ ထို့နောက် မောင်ထွန်းတင်သည် မိခင်ထံမှ မုန့်ဖိုးကို နေ့စဉ်မှန်မှန်တောင်းကာ ရပ်ထဲရွာထဲရှိ ဆိုးဖော်တေဖက်အပေါင်းအဖော်များနှင့် လတ်လျားလတ်လျားလုပ်တော့သည်။ အိမ်အလုပ်၊ယာအလုပ်များကို ဘာတစ်ခုမှနိုင်း၍မရ။ ထို့ကြောင့် ဒေါ်ရင်မြမှာ ယာအလုပ်နှင့် ထန်းရည်ချက်ရန်အလုပ်အတွက် လူငှားဖြင့်ထားရလေသည်။ မောင်ထွန်းတင် အသက် (၁၉) နှစ်ခန့်တွင် ထန်းရည်နှင့်အရက်ကို သောက်တတ်လာကာ ပို၍ပျက်စီးသွားခဲ့ပြီး ဘယ်လိုမှထိန်းသိမ်းမရတော့ပေ။

သို့ဖြင့် မောင်ထွန်းတင်အသက် (၂၄) နှစ်ခန့်တွင် တောက်တဲ့ကုန်းရွာမှ မန္တဲ့မေနှင့် အိမ်ထောင်ကျသည်။ ဒေါ်ရင်မြသည် သားဖြစ်သူအား အိမ်ထောင်ကျသွားလျှင် တည်ငြိမ်သွားလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း ဖြစ်မလာခဲ့ပါ။ မောင်ထွန်းတင်သည် လူပျိုလူလွတ် အရှုံးပေးရလောက်အောင် ပျော်၍ပါး၍ကောင်းဆဲပင်။ မိန်းမဖြစ်သူ မန္တဲ့မေအပေါ်တွင်လည်း အရက်မူးလာတိုင်း ရံဖန်ရံခါ စိတ်မထင်လျှင်မထင်သလို ရိုက်နှက်နှိပ်စက်တတ်သည်။ ရွာထဲတွင် မကြာခဏရန်ဖြစ်တတ်၍ မိခင်ရော မိန်းမဖြစ်သူပါ လိုက်ရှင်းရသည်မှာလည်း ရိုးအီနေချေပြီ။

နောက်ဆုံး ကလေးတစ်ယောက်ရ၍ ကလေး (၃) နှစ်သားအရွယ်အထိ မောင်ထွန်းတင် ပျက်စီး၍ကောင်းဆဲ။ ထိုအခါ မန္တဲ့မေသည် လင်ဖြစ်သူ မောင်ထွန်းတင်အား ခါးခါးသီးသီးဖြစ်လာကာ မပေါင်းနိုင်တော့ပါဟု ဆိုလာသည်။ ထိုအခါ ဒေါ်ရင်မြမှာ သားဖြစ်သူနှင့် ချွေးမဖြစ်သူတို့အကြား ဝင်ဖျေ့စပ်ပေးသော်လည်း ဘယ်လိုမှမရ။ မန္တဲ့မေ၏ မိဘများဘက်ကပါ မောင်ထွန်းတင်အား ခါးခါးသီးသီးငြင်းဆန်ကာ မန္တဲ့မေနှင့် (၃)နှစ်သား ကလေးငယ်ကို တောက်တဲ့ကုန်းရွာသို့ပြန်ခေါ်သွားခဲ့၏။ ဒေါ်ရင်မြသည် မြေးဦးလေးနှင့် ခွဲခွာရသဖြင့် မျက်ရည်စက်လက်ကျခဲ့ရရှာသည်။

မိန်းမနှင့်ကလေးမရှိတော့သော်လည်း ထွန်းတင်မှာ ယခင်ကအတိုင်း ဘာမှမထူးခြား။ မိမိ၏ရင်သွေးအား တစ်ချက်ကလေးပင် မတမ်းတဘဲ ပို၍လွတ်လပ်နေတော့၏။ မိခင်ကြီးအပေါ်တွင်လည်း အလွန်ရုန့်ရင်းကြမ်းတမ်းလှပြီး ပိုက်ဆံလိုသလောက်မရလျှင် မရလို့၊ ဟင်းမကောင်းလျှင်မကောင်းလို့ စသဖြင့် မြည်တွန်တောက်တီးနေတတ်၏။

တစ်ခါကလည်း ထွန်းတင်သည် အပေါင်းအသင်းများနှင့် ညောင်ဦးမြို့သို့ တက်၍ အကောင်းစားအရက်ဆိုင်တွင် သောက်စားပျော်ပါးရန်စီစဉ်ကြသည်။ ထိုအခါ ငွေလိုအပ်သဖြင့် မိခင်ကြီးထံမှ ငွေတစ်ထောင်တောင်းသည်။ မိခင်ဖြစ်သူက များလွန်းသဖြင့် မပေးနိုင်ဟုဆိုသော် ထွန်းတင်သည် မိခင်ကြီးအား ဒေါသတကြီးနှင့် ရိုက်မည်နှက်မည်လုပ်တော့သည်။

ထိုအခါ ဒေါ်ရင်မြက -

"ငထွန်းရယ်၊ ငါနင့်ကိုစိတ်ကုန်လာပြီ။ နင်က ငါ့ကို ရိုက်မယ့်နှက်မယ့် အဆင့်တောင်ဖြစ်လာပြီ။ ငါလေရှိသမျှစည်းစိမ်တွေလှူဒါန်းပစ်ပြီး သီလရှင်သာဝတ်လိုက်ချင်တော့တယ်"

ထိုစကားကိုကြားသော် မျက်နှာပိုးသတ်၍ မိခင်ကိုချော့ကာ ငွေ (၅၀၀) လောက်တော့ပေးပါဟု တောင်းသည်။ ငွေ (၅၀၀) ထုတ်ပေးသော် -

"အမေကလည်းဗျာ၊ ကျုပ်က တစ်ကြိမ်တစ်ခါတောင်းတာဥစ္စာ။ အမေကမပေးတော့ ဒေါသထွက်မိတာပေါ့။ နောက်ဆိုမတောင်းတော့ပါဘူးဗျာ"

ဟု ဆိုကာ တဲအတွင်းမှ ထွက်သွားတော့သည်။

ထိုနေ့မှစ၍ ထွန်းတင် ဒေါ်ရင်မြထံမှ ငွေကို (၈၀)၊(၉၀)ထက် ပိုမတောင်းတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဒေါ်ရင်မြသည် သူမပြောသည့်အတိုင်း ရှိသမျှစည်းစိမ်များကို လှူဒါန်းပစ်ကာ သီလရှင်ဝတ်သွားလျှင် သူအမွေမရမှာစိုး၍ဖြစ်၏။ ဒါကို ဒေါ်ရင်မြကလည်း ရိပ်မိပါသည်။ သားဖြစ်သူသည် သူမအား သံယောဇဉ်မရှိရုံသာမက အမွေရချင်၍ အမြန်သေစေချင်နေသည်ကို သိသော် ဒေါ်ရင်မြမျက်ရည်စက်လက်ကျခဲ့ရပြန်သည်။

သို့သော် ဒေါ်ရင်မြ သူမပြောသလို မလုပ်နိုင်ခဲ့ပါ။ သူမ မရှိလျှင် ဤသားဆိုးသားမိုက်ကြီးအား မည်သူက ပြုစုမည်နည်း။ မည်သူက အန္တတာ၊ အနစ်နာခံမည်နည်း။ သားဆိုးသမီးဆိုးအား အဘယ်မိဘကများ စွန့်ပစ်နိုင်သနည်း။ ထို့ကြောင့် ဒေါ်ရင်မြသည် မိမိ၏ ရှေးဘဝကုသိုလ်ကံမကောင်းခဲ့၍ဟု သာသတ်မှတ်ကာ ထိုသားဆိုးသားမိုက်ကြီးအား မသေမချင်း ပြုစုသွားရန် ဆုံးဖြတ်ခဲ့သည်။

ယခုတော့ ဒေါ်ရင်မြလည်း အသက် (၇၀) ကျော် အဘွားကြီးအို ဖြစ်ခဲ့ရပြီ။ သားဖြစ်သူထွန်းတင်မှာလည်း အသက် (၄၀) ကျော်ခဲ့ပြီ။ ယခုထိ သားဖြစ်သူအား ပြုစုလုပ်ကျွေးရဆဲ ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com

တင်၏ နိစ္စဓူဝအလုပ်ကတော့ မနက်လင်းလျှင် မိခင်ကြီးပြင်ဆင်ထားသော နံနက်စာကိုစားမည်။ ပြီးလျှင် ပိုက်ဆံတောင်း၍ အပေါင်းအသင်းများထံသွား၍ သောက်စားပျော်ပါးမည်။ နေ့လယ်ထမင်းစားချိန်ရောက်လျှင် တဲသို့ ထမင်းပြန်စားမည်။ ထိုအခါ ဟင်းမကြိုက်လျှင်လည်း မိခင်အား ဆူပူကြိမ်းမောင်းတတ်သေးသည်။ စားပြီးလျှင် ပိုက်ဆံ (၉၀) ခန့် ထပ်တောင်းကာ အပြင်ထွက်ပြန်သည်။ ထိုသို့ဖြင့် ည (၁၀) နာရီ (၁၁) နာရီခန့်တွင် မူးရူး၍ သိုင်းကွက်နင်းကာ တဲသို့ပြန်ရောက်လာသည်။ ထိုအခါ မိခင်ကြီး အဆင်သင့်ပြင်ဆင်ထားသော ညစာကိုစားကာ တဲရှေ့ခန်းကွပ်ပျစ်တွင် ခြေကားရားလက်ကားရားဖြင့်အိပ်လေတော့သည်။ ထိုအခါကျမှ ဒေါ်ရင်မြမှာ မီးခွက်လေးကိုမှုတ်၍ အိပ်ရာဝင်ရတော့သည်။

တစ်ခါတစ်ရံ ဒေါ်ရင်မြ တွေးမိပါသည်။ သားဦးစနေ မီးလိုမွေသတဲ့။ သားဖြစ်သူ ထွန်းတင်ရော သွားလေသူခင်ပွန်း ဦးထွန်းစိန်ပါ စနေသားများဖြစ်ကြသည်။သို့သော် ဦးထွန်းစိန်မှာ အလွန်နူးညံ့သိမ်မွေ့သလောက် သားဖြစ်သူတတော့ ရှန့်ရင်းကြမ်းတမ်းလှသည်။ ဒေါ်ရင်မြဘယ်လိုမှနားမလည်နိုင်တော့ပါ။ သို့သော် သားဖြစ်သူ လူမိုက်ကြီးအဖြစ်မှန်ရလာမည့်နေ့ကိုတော့ မိခင်တစ်ယောက်အနေဖြင့် ငံ့လင့်မိသည်တတော့ အမှန်ဖြစ်ပါသည်။ ထိုသို့ဖြင့် သားဆိုးသားမိုက်ကြီး ကိုထွန်းတင်၏ နောက်ဆုံးနေ့ရက်များသည် တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့လေသည်။

❑

အချိန်ကား ည (၁၁) နာရီခန့်ရှိချေပြီ။ နတ်တော်လ၏ဆောင်းရာသီညဖြစ်၍ အလွန်ချမ်းစိမ့်လှ၏။ ဒေါ်ရင်မြသည် အနွေးထည်ထူထူကိုဝတ်ထားပြီး ပြောင်းဖူးဖက်ဆေးလိပ်ကိုဖွာရင်း မီးခွက်မီးရောင်ထဲတွင် သားဖြစ်သူ ပြန်အလာကို စောင့်မျှော်နေလေသည်။

သိပ်မကြာလိုက်၊ ထွန်းတင်သိုင်းကွက်နင်း၍ တဲဝသို့ရောက်လာသည်။ ထို့နောက် တဲရှေ့ခန်းရှိ ထမင်းစားစားပွဲဝိုင်းလေးပေါ်ရှိ မိမိအတွက်ပြင်ဆင်ထားသော ထမင်းပန်းကန်နှင့် ဝက်သားဟင်းပန်းကန်ကိုကြည့်ကာ ကျေနပ်စွာပြုံးလိုက်ပြီး လက်ဆေးဇလုံတွင် လက်ဆေးကာ ထမင်းနှင့် ဝက်သားကို မြိန်ရှက်စွာစားပြီးနောက်၊ တဲရှေ့ခန်းကွပ်ပျစ်ပေါ် လှဲချ၍အိပ်တော့သည်။

ဒေါ်ရင်မြသည် သားဖြစ်သူစားထားသော ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီးနောက် အိပ်ရာဝင်ရန်အတွက် မီးခွက်ကိုမှုတ်ရန်ပြင်သော် တစ်စုံတစ်ရာကို သတိထားမိလိုက်သည်။ အခြားမဟုတ်။ ထွန်းတင်၏ ကွပ်ပျစ်ဘေးတွင် လူနှစ်ယောက်အား မီးခွက်မီးရောင်ဖြင့် မြင်နေရသည်။ ညအချိန်ဖြစ်၍ မျက်စိကလည်းမှုန်သဖြင့် ခပ်ဝါးဝါးသာ တွေ့နေရသည်။ မည်သူမည်ဝါ မထင်ရှားချေ။

ထို့ကြောင့် ဒေါ်ရင်မြက ထွန်းတင်အား –

“ဟဲ့-ငထွန်း၊ နင့်အပေါင်းအသင်းတွေ ခေါ်လာပြန်ပြီလား။ ပြန်ခိုင်းလိုက်တော့လေ ညဉ့်နက်လှပြီ။ သူတို့သား မယားတွေစိတ်ပူလှရောပေါ့”

ဒေါ်ရင်မြ၏စကားကိုကြားတော့ အိပ်ပျော်လုလုဖြစ်နေသော ကိုထွန်းတင် အတော်စိတ်ပျက်သွားပြီး-

“ဟာဗျာ-အမေ၊ ကျုပ်ဘယ်သူ့မှ ခေါ်မလာဘူး။ အမေဘာတွေမြင်နေတာလဲ၊ အိပ်တော့ဗျာ”

“ဟဲ့-ငထွန်း၊ နင်ငါ့ကိုလိမ်ပြန်ပြီ။ ငါအသေအချာမြင်နေတာ။ နင့်ဘေးမှာ လူနှစ်ယောက်။ ဟဲ့-သူငယ်နှစ်ယောက် ပြန်ကြတော့၊ ပြန်ကြတော့။ မင်းတို့အိမ်ကလူတွေ စိတ်ပူလှရောပေါ့”

ဒေါ်ရင်မြ ထပ်မံပြောလိုက်သော စကားများကြောင့် ထွန်းတင် ဒေါသထွက်သွားပြီး ပက်လက်အိပ်နေရာမှ ဖနှောင့်ဖြင့် ကွပ်ပျစ်အား ဒုန်းခနဲမြည်အောင်ပေါက်လိုက်ပြီး -

“တော်တော့ဗျာ၊ အမေဟာအမေ မျက်စိမှုန်ပြီး မြင်ချင်ရာမြင်နေတာ။ ကျုပ်ဘယ်သူ့မှခေါ်မလာဘူး။အိပ်တော့ဗျာ၊ ကျုပ်အိပ်တော့မယ် မနှောင့်ယှက်နဲ့”

“အေးအေး - အိပ်မက်ဆိုလည်း စောင်လေးဘာလေးခြုံအိပ် ငထွန်းရဲ့။ အရမ်းအေးတယ်”

“အေးဗျာ၊ ခြုံမယ်ခြုံမယ်။ တော်တော့ဗျာ အမေအိပ်တော့”

ဒေါ်ရင်မြ ဘာမှခွန်းတုံ့ပြန်မနေတော့။ ထိုလူနှစ်ယောက်ကလည်း ပြန်ပါပြောတာကလည်း မပြန်ကြ။ အေးလေ-ငါ့သားကမှငါ့မလေးစားဘဲ။ သူတို့က ငါ့ဘယ်ဇိုလုပ်လေးစားတော့မလဲဟုသာတွေးလိုက်မိ၏။ ကိုထွန်းတင်သည် တစ်ခါတစ်ရံ တဲသို့ အပေါင်းအသင်းများခေါ်လာပြီး သောက်စားတတ်၏။ ဒေါ်ရင်မြ ထိုလူနှစ်ယောက်ကို နောက်ဆုံးကြည့်၍ သက်ပြင်းချကာ မီးခွက်ကိုမှုတ်၍ အိပ်ရာဝင်ခဲ့တော့သည်။

သို့ဖြင့် နောက်တစ်နေ့နေ့လယ် (၂) နာရီခန့်တွင် ထွန်းတင်သည် ရွာလယ်ရှိ အပေါင်းအသင်းတစ်ယောက် တဲဝိုင်းတွင်းရှိ တောက်ခုံဝိုင်းတွင်ရှိနေသည်။ ထွန်းတင်သည် လောင်းကစားတွင် တောက်ခုံတောက်ရသည်ကို အလွန်ဝါသနာထုံသည်။ တောက်ခုံတောက်ရင်း ညက မိခင်ဖြစ်သူနှင့် အိပ်ခါနီးငြင်းခုံခဲ့ရသည်ကို အပေါင်းအသင်းများအား ပြန်ပြောပြနေလေသည်။

“ညကပေါ့ကွာ ငါ့အဘွားကြီး ငါ့ဘာသာ တစ်ယောက်တည်းပြန်လာတာကို လူနှစ်ယောက်ခေါ်လာပါတယ်ဆိုလို့ ငြင်းနေရသေးတယ်”

ကိုထွန်းတင်နှင့် မျက်နှာချင်းဆိုင်တွင် ဇယ်သီးကိုတောက်ရန်ချိန်နေသော အပေါင်းအသင်းက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ပြီး -

“မင်းအဘွားကြီးလည်း မျက်စိမှုန်လှပါပြီကွာ။ ညောင်ဦးတက်ပြီး မျက်မှန်တစ်လက်လောက်လုပ်ပေးလိုက်စမ်းပါ။ ဘယ်လောက်မှမကုန်ပါဘူး”

“တော်ပါကွာ၊ အဲဒါ သူ့ကိစ္စပါ။ ငြင်းလိုက်ရတာ ငါပြန်ဟောက်လိုက်မှ ငြိမ်ကျသွားတယ်။ လူတွေများအသက်ကြီးလာရင်မလွယ်ဘူး”

ထွန်းတင်စကားကြောင့် အပေါင်းအသင်းများမှာ ပြုံးစိစိဖြစ်သွားကြပြီး အလွန်သဘောကျနေကြသည်။ သို့ဖြင့် ညနေစောင်းသော် ထွန်းတင်သည် ထန်းတောအတွင်းရှိ အရက်ဆိုင်တွင် ဝိုင်းဖွဲ့သောက်စားပြီး ည (၁၀) နာရီခန့်တွင် သိုင်းကွက်နင်း၍ တဲရှိရာပြန်ခဲ့လေတော့၏။

ဒေါ်ရင်မြသည် ပြန်ရောက်လာသော သားဖြစ်သူကို ပြောင်းဖူးဖက်ဆေးလိပ်ဖွာရင်း စိတ်ပျက်စွာကြည့်နေမိလေသည်။ ကိုထွန်းတင်သည် အဆင်သင့်ပြင်ထားသောညစာကိုစားပြီး လက်ဆေးကာ ကွပ်ပျစ်ပေါ် လှဲချလိုက်၏။ ဒေါ်ရင်မြသည် ထုံးစံအတိုင်း သားဖြစ်သူစားထားသော ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီး အိပ်ရာဝင်ရန်ပြင်သောအခါ ဟော-တွေ့ပြန်ပြီ၊ မနေ့ညက လူနှစ်ယောက်။ ထွန်းတင်၏

www.burmeseclassic.com

ကွပ်ပျစ်နံ့ဘေးတွင် မည်းမည်းမည်းမည်း နှင့်။

ဒေါ်ရင်မြ ထွန်းတင်ကိုပြောရန် ပြင်ပြီးမှ စိတ်လျှော့လိုက်သည်။ ပြောမိလျှင်လည်း သားဖြစ်သူ ဟိန်းဟောက်တာခံရခြင်းသာ အဖက်တင်မည်။ ဟိုသူငယ်နှစ်ယောက်တလည်း ငါ့စကားနားထောင်တာမှမဟုတ်ဘဲလေဟုတွေးကာ အိပ်ရာဝင်ခဲ့တော့၏။

❑

မနက်မိုးသောက်၍ အလင်းရောက်ခဲ့ပြီ။ ဒေါ်ရင်မြသည် လုပ်စရာကိစ္စများပြီးစီးကာ တဲရှေ့မြေကွက်လပ်တွင် တံမြက်စည်းပင်လှည်းနေချေပြီ။ ယခုလို ဆောင်းရာသီ မနက်ခင်းတိုင်း ချမ်းချမ်းစီးစီးဖြင့် တံမြက်စည်းလှည်းရသည်ကို ဒေါ်ရင်မြ အလွန်နှစ်ခြိုက်၏။ အိပ်ရာထခါစက ထွန်းတင့် စောင်ခြုံမထား၍ စောင်လွှမ်းပေးခဲ့ရသေးသည်။ ညကတွေ့ခဲ့ရသောထွန်းတင်၏အပေါင်းအသင်းနှစ်ယောက်ကိုမူ မတွေ့ရတော့။ ဘယ်အချိန်ကတည်းကပြန်သွားကြသည်မသိ။

ထို့နောက် မနက် (၈) နာရီထိုးခါနီး၍ ဆွမ်းခံကိုယ်တော်ကြွလာသဖြင့် ဒေါ်ရင်မြ ဆွမ်းထွက်လောင်း၏။ ဤအချိန်အထိ ထွန်းတင်ကား မနိုးသေး။ ဒေါ်ရင်မြ ဆွမ်းလောင်းအပြီး တဲထဲပြန်ဝင်သော် ထွန်းတင်ကိုအသံပြု၍နှိုးလိုက်သည်။

"ဟဲ့-ငထွန်း၊ ထတော့လေ။ မိုးတောင်အတော်လင်းနေပြီ။ ထမင်းထစားတော့။ ညက အတော်သောက်လာတယ်နဲ့တူတယ်"

ထွန်းတင်ကား တုတ်တုတ်မျှမလှုပ်။ ဒေါ်ရင်မြ ထွန်းတင်အနားသွားကာ လက်မောင်းကိုကိုင်၍လှုပ်နှိုးကြည့်သော်-

"ဟဲ့-ငထွန်း၊ ဟယ်-ဘယ်လိုပါလိမ့်"

ဒေါ်ရင်မြ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အိပ်ရာထခါစက သတိမပြုမိခဲ့။ ယခုမှ ထွန်းတင်၏ခန္ဓာကိုယ်ကြီးမှာ အေးစက်တောင့်တင်း၍နေချေပြီ။ ဘယ်လောက်ပင်လှုပ်နှိုးနှိုး မနိုးနိုင်တော့ပါ။ ဒေါ်ရင်မြ အိမ်နီးချင်းများကို အကူအညီတောင်းသဖြင့် တဲဝိုင်းအတွင်း လူအတော်များများ ရောက်လာကြပြီး ထွန်းတင်ကို ကြည့်ကြသည်။ ထွန်းတင်ကား ဘယ်အချိန်ကတည်းက သေဆုံးနေသည်မသိ အသက်မရှိတော့ချေ။

အိမ်နီးချင်းထဲမှ တစ်ယောက်က ရွာ၏တိုင်းရင်းဆေးဆရာကို သွားခေါ်၏။ ဆေးဆရာရောက်လာပြီး စမ်းသပ်သော် ထွန်းတင်သည် အရက်ကို အလွန်အကျွံသောက်ပြီး အလွန်အေးလှသောရာသီတွင် နွေးထွေးစွာမအိပ်သောကြောင့် အအေးပတ်ကာ သေဆုံးသွားပြီဟု အဖြေထုတ်သည်။

မနက်(၁၀)နာရီခန့်တွင် ထွန်းတင်၏ အပေါင်းအသင်းများ ရောက်လာပြီး အလောင်းကိုလာကြည့်သည်။ ထိုအခါမှ ဒေါ်ရင်မြသည် သူမသိချင်သည်များကို မေးမိသည်။

"ဟဲ့သူငယ်တွေ၊ ညက ငထွန်းနဲ့ ပါလာတဲ့လူနှစ်ယောက်က မင်းတို့အထဲက ဘယ်သူတွေတုံး။ မနေ့ညကလည်း ပါလာတာ ငါသေချာမြင်တယ်။ သူတို့သာ ဂရုစိုက်ရင် ငထွန်း မသေနိုင်ဘူး။ သူငယ်ချင်းအချင်းချင်း ဂရုမှမစိုက်ကြဘဲကွယ်"

ဒေါ်ရင်မြစကားကြောင့် ကိုထွန်းတင်၏ အပေါင်းအသင်းများ ကြောင်စီစီဖြစ်ကုန်ပြီး ထိုအထဲမှတစ်ယောက်က-

"မဟုတ်ဘူး အဘွားမြရဲ့၊ ညက ထွန်းတင်နဲ့ ဘယ်သူမှလိုက်မလာပါဘူး။ မနေ့ညကလည်း မပါပါဘူး။ မနေ့နေ့လယ်ကတောင် တောက်ခုံဝိုင်းမှာ ထွန်းတင်က ချွန်တော်တို့ကို ပြောပြနေသေးတယ်။ သူလည်းဘယ်သူမှခေါ်မလာဘဲ အဘွားမြက လူနှစ်ယောက်ပါလာတယ်လို့ ပြောတယ်တဲ့"

ထိုစကားကြားသော် ဒေါ်ရင်မြ ခေတ္တတွေဝေသွားပြီးနောက် ဦးခေါင်းကို အမှိပွာယ်ပါပါ တဆတ်ဆတ်ညိတ်လိုက်ပြီး-

"အေးလေ - ငါကတော့ သေချာမြင်လိုက်တာပဲ။ မင်းတို့ထဲက ဘယ်သူမှမဟုတ်ဘူးဆိုရင်တော့ ဒါ ငထွန်းကိုခေါ်ဖို့လာတဲ့ ငရဲသားတွေနေမှာပေါ့။ ငထွန်းက လူကောင်းမှမဟုတ်တာ"

ဒေါ်ရင်မြက ထိုစကားကို ခပ်ပေါ့ပေါ့ပင်ပြောလိုက်သော်လည်း ကိုထွန်းတင်၏ အပေါင်းအသင်းများမှာ ကြောက်ရွံ့ ထိတ်လန့်စွာ မျက်စိမျက်နှာပျက်ကုန်ကြသည်။ အိမ်နီးချင်းများနှင့် ရွာသူရွာသားများကလည်း ထိုလူမည်းမည်းနှစ်ဦးမှာ ဒေါ်ရင်မြတောက်ချက်ချသလို ငရဲပြည်မှ ငရဲသားများ ဖြစ်နိုင်သည်ဟု ယူဆကြ၏။

သားဖြစ်သူ သေဆုံးသွားသော်လည်း ဒေါ်ရင်မြမျက်ရည်တစ်စက်မကျခဲ့ပါ။ ဆွေမျိုး၊ မိတ်ဆွေများက ဘာကြောင့်မငိုတာလဲဟု မေးသောအခါ ဒေါ်ရင်မြက -

"ငထွန်းဟာ မိဘအပေါ်မှာလည်း မိုင်းစိုင်းတယ်။ ရပ်ရွာကိုလည်းကောင်းကျိုးမပေးတဲ့လူမိုက်၊ သူ့အတွက်ကျစရာမျက်ရည် ငါ့မှာမရှိတော့ဘူး"

ဟု ဖြေခဲ့သည်။

ထွန်းတင်၏ အသုဘရက်လည်ပြီးသော် ဒေါ်ရင်မြသည် သူမပိုင်ဆိုင်သော ယာကွက်အချို့နှင့် ထန်းပင်အချို့ကို ရောင်းချခဲ့သည်။ ဆွေမျိုး၊ မိတ်ဆွေများက မေးသောအခါ ထွန်းတင်အတွက် အလှူဒါနတစ်ခု ပြုလုပ်ချင်၍ဟုဖြေ၏။ ထွန်းတင်သည် ဘယ်နည်းနှင့်မှ ကောင်းရာမွန်ရာကို မရောက်နိုင်။ သားဖြစ်သူ ဘယ်လောက်ပင်ဆိုးခဲ့မိုက်ခဲ့ပါစေ မိခင်တစ်ဦးအနေဖြင့် ထွန်းတင်အား ကောင်းမွန်ရာဘုံဘဝတစ်ခုခုသို့ ရောက်စေချင်သည်။ အကယ်၍ သူမပြုလုပ်သော ကောင်းမှုကုသိုလ်အား ထွန်းတင်သည် ရောက်လေရာ ဘုံဘဝမှ သာဓုခေါ်နိုင်ခဲ့လျှင် လတ်တလော ကျရောက်မည့် ဝဋ်ဒုက္ခဘေးမှကင်းလွတ်နိုင်လိမ့်မည်ဟု ဒေါ်ရင်မြက ဆိုလေသည်။

ထို့နောက် ဒေါ်ရင်မြသည် ရွာဦးစေတီလေးတွင် စောင်းတန်းတစ်ခု ဆောက်လုပ် လှူဒါန်းလေ၏။ ရွာဦးစေတီလေးမှာ ရွာဦးဘုန်းကြီးကျောင်းရှေ့ရှိ ကုန်းမို့မို့လေးပေါ်တွင်တည်ရှိပြီး စောင်းတန်းမရှိခဲ့ပါ။ ယခုမူ ဒေါ်ရင်မြ လှူဒါန်းထားသော စောင်းတန်းလေးနှင့် ရွာဦးစေတီလေးမှာ ယခင်ကထက်ပို၍ ကြည်ညိုသပ္ပာယ်စရာကောင်းနေတော့၏။

ထိုစောင်းတန်းလေး၏ ထိပ်ဝတံစက်မြိတ်တွင်မူ ကွယ်လွန်သူ သားမောင်ထွန်းတင်အား ရည်စူး၍ မိခင် ဒေါ်ရင်မြ ကောင်းမှု ဆိုသော ကမ္ပည်းစာတန်းလေးအား အစဉ်တွေ့မြင်နိုင်ပေသည်။

ဤကား သွားလေသူ သားသမီးအတွက် မိဘဘက်က ပြုလုပ်ပေးသော ဖြစ်တောင့်ဖြစ်ခဲ ကုသိုလ်ကောင်းမှုတစ်ခု၊ ဖြစ်တောင့်ဖြစ်ခဲ ကုသိုလ်ကောင်းမှုဖြစ်လေတော့သတည်း။ ❦

ကိုသဲယု ([illegible]မြေ)

www.burmeseclassic.com

ကိုထွန်း(မင်းလှ)

# မိဘပြုစုများ လူရှမ်းကား စွမ်းအားပျောက်မည်သာ

မိဘမေတ္တာသည် အတိုင်းအဆ၊ အနှိုင်းအဆမရှိ ကြီးမားလှပါသည်။ ဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား ကိုးကွယ်ကြပါသည်။ ထို့အတူပင် အခြားဘာသာဝင် ဟိန္ဒူ၊ ခရစ်ယာန်များကလည်း ၎င်းတို့ဘုရားများကိုသာအထွတ်အမြတ်ထားကြပါသည်။ သို့သော် မိဘကိုတော့ ဘာသာဝင်အားလုံး လူမျိုးဘာသာမခြားအားလုံး အတူတူပင် အထွတ်မြတ်ထားကြပါသည်။ မိဘသည် လူသားအားလုံး အထွတ်အမြတ်ထားသော ဘုံဘုရားဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ မိဘကိုပြုစုမှားသူသည် ပဉ္စာနန္တရိယကံထိုက်ပါသည်။ ထိုပဉ္စာနန္တရိယကံထိုက်သောသူသည် ယခုဘဝတွင်လည်း ဘုန်းကြီး၍ အသက်မရှည်နိုင်သလို အသက်ရှည်သော်လည်း ဘုန်းမကြီးနိုင်ပါ။ ညှိမျှပင်အစွမ်းထက်သောသူဖြစ်ပါစေ မိဘအား ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးဖြင့် ပြစ်မှားမိပါက အစွမ်းများ ပင်ပျက်စေသည်ကို ကိုယ်တွေ့တွေ့ခဲ့ရပါသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နှင့် အုတ်ဖိုမြို့အကြား ရန်ကုန်-ပြည်ကားလမ်းမကြီးပေါ်တွင် ပြည်တော်သာရွာရှိပါသည်။ ထိုရွာနှင့်တပ်လျက် ဆတ်ပုတ်ဝရုံဟုခေါ်သော ဂရုံတောရှိပါသည်။ ထိုတောသည် ၁၉၈၈ ခုနှစ်မတိုင်မီက တောအလွန်ကောင်းပါသည်။ ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်၊ နွားရိုင်းများပါ ရှိပါသည်။ တောပစ်၍ အလွန်ကောင်းပါသည်။ တစ်ခါတစ်ရံ လမ်းမကြီးပေါ်တွင် ချေ၊ ယုန်၊ တောကြောင်များပစ်ရ တတ်၏။

၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်က ထိုရွာတွင် ဦးမြဆိုသူရှိပါသည်။ ၎င်းကိုယ်တိုင် မုဆိုးတစ်ဦးဖြစ်သဖြင့် စာရေးသူတို့အဖွဲ့ မကြာမကြာသွားရောက် တောပစ်လေ့ရှိပါသည်။ (ထိုဂရုံတောမှာ ၁၉၈၉ ခုနှစ်က မြို့သစ်များချထားရာ၌ အေးမြသာယာမြို့သစ်အဖြစ် ယနေ့ တည်ရှိစည်ကားလျက်ရှိနေပါပြီ။)

ထိုပြည်တော်သာရွာတွင် အမြဲလိုလိုနေတတ်သော အဘဦးလုံးလယ် အမည်တွင်သော သိုင်းဆရာကြီးတစ်ဦး ရှိပါသည်။ အဘသည် သာယာဝတီ၊ သုံးဆယ်၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့များသို့လည်း လှည့်လည်နေတတ်ပါသည်။ ထိုနယ်များမှ ယခုအချိန် အသက် (၅၀)၊ (၆၀) ဝန်းကျင်ရှိသူများသည် အဘဦးလုံးလယ်ကို မသိသူမရှိသလောက်ဖြစ်ပါသည်။ ၎င်းသည် မြန်မာသိုင်းပညာကို အလွန်ကျွမ်းကျင်ပါသည်။ နယ်လှည့်၍ သိုင်းပညာသင်ပေးပါသည်။ ထိုစဉ်က သိုင်းသင်မည့်သူ (၁၀) ယောက်ရှိလျှင် တစ်ဦးလျှင် (၁)ကျပ်၊ (၂၅) ပြားဖြင့် သိုင်းပညာသင်ပေးပါသည်။ (၁၀)ယောက်မပြည့်လျှင် ဘယ်လောက်ပေးပေး သင်မပေးပါ။ (၁၀) ယောက်ပြည့်လျှင် ငှက်ပျောပွဲ၊ အုန်းပွဲတစ်ပွဲပြင်၍ သင်ပေးပါသည်။ သင်ပေးပြီးလျှင် ၎င်းက မြန်မာကြေးစုတ်ကြီးဖြင့် ဆေးထိုးပေးပါသည်။

ဆေးထိုးသည့်အခါ လူ၏ကျော၊ ရင်ဘတ်၊ လက်မောင်းတို့တွင် ထိုးပေးပါသည်။ ထိုးပေးရာတွင်လည်း ဂါထာများ ဖြစ်နိုင်ပါသည်။ ဦးအစချီ၍ထိုးပေးပါသည်။ ဥုံတစ်ခုသာဖတ်ရပြီး ကျန်စာလုံးများဖတ်မရပါ။

"အဘ၊ ဒီဆေးကဘာပြီးလဲ"

မေးတတ်ကြပါသည်။

ထိုအခါ ၎င်းက-

"ပြီးချင်တာပြီးလိမ့်မယ်"

ဟုသာဖြေပါသည်။ သာယာဝတီ၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်နယ်များတွင် အသက် (၆၀) ဝန်းကျင် အချို့ယောက်ျားတော်တော်များများတွင် ယခုတိုင် ၎င်းလက်ရာဆေးထိုးချက်များရှိတုန်းပင် ဖြစ်ပါသည်။

ထိုသို့ဆေးထိုးခံရသောသူများမှာ မြွေပြီးသူ၊ ကင်းပြီးသူ၊ ဓား၊ တုတ်ပြီးသူ၊ သေနတ်ပြီးသူများပင်ရှိပါသည်။ ပြီးသည်ဆိုသည်မှာ မြွေကိုက်၍မသေသူကို မြွေပြီးသည်။ ကင်းကိုက်၍မနာသူကို ကင်းပြီးသည်။ ဓားနှင့်ထိုးခုတ်၍မပြတ်သူကို ဓားပြီးသည်။ သေနတ်နှင့်ပစ်၍ ကျည်မထွက်သူကို သေနတ်ပြီးသည်ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ အဘဦးလုံးလယ်ကား သူကိုယ်တိုင် သေနတ်၊ တုတ်၊ ဓား၊ မြွေ၊ ကင်း အားလုံးပြီးသူဖြစ်ပါသည်။ သိုင်းသင်ပြီးဆေးထိုးသောအခါ ၎င်းတသူများသားမယားမပြစ်မှားရန်၊ အရက်မသောက်ရန်၊ သိုင်းပညာဖြင့် သူတစ်ပါးအားမနှိပ်စက်ရန် ကတိတောင်းလေ့ရှိပါသည်။

ပြည်တော်သာရွာနှင့်မလှမ်းမကမ်းတွင် ထောက်ကြန့်ကွင်းရွာရှိပါသည်။ ထိုရွာရှိ ဦးတင်မောင်၊ ဒေါ်မလေးတို့တွင် သား (၃)ယောက်ရှိသည့်အနက် အငယ်ဆုံးသား သန်းထွန်းမှာ အဘဦးလုံးလယ်၏ တပည့်တစ်ဦးဖြစ်ပါသည်။ အဘဦးလုံးလယ်၏ဆေးထိုးထားပြီး ထူးထူးခြားခြား ဓားပြီးသူဖြစ်ပါသည်။ ၎င်းကိုမည်သည့် ဓားဖြင့်ခုတ်ခုတ်မပြတ်ပါ။




မြွေပြီးသော ထောက်ကြန့်ကွင်းရွာမှ ဦးတင်မောင်နှင့် ၎င်းထိုးထားသောဆေးများ

www.burmeseclassic.com

သန်းထွန်းအား- စာရေးသူကိုယ်တိုင်တွေ့ဖူးပါသည်။ စာရေးသူတို့တောပစ်သွားလျှင် ၎င်းကလိုက်၍လမ်းပြပါသည်။ အမဲရ၍ထမ်းရာတွင်လည်း အလွန်သန်ပါသည်။ တောလည်းအလွန်ကျွမ်းပါသည်။ ဘယ်တောကဖြတ်လျှင်ဘယ်ရောက်သည်။ ဘယ်ကွင်းမှာ အမဲအထွက်များသည် စသည်တို့ကိုကျွမ်းပါသည်။ ထို့ကြောင့် စာရေးသူတို့တောပစ်သွားတိုင်း သန်းထွန်းပါတတ်ပါသည်။ စာရေးသူတို့နှင့် အတော်ရင်းနှီးမှုသာ၎င်းဓားပြီးကြောင်းသိရပါသည်။

တစ်ခါသော် -

"သန်းထွန်း၊ မင်းဓားပြီးတယ်လို့ကြားထယ် ဟုတ်လား"

ဟု မေးမိပါသည်။

၎င်းကဘာမှပြန်မပြောပါ။ ပြုံးနေပါသည်။ ခဏအကြာ ဖုန်း ဖုန်း ဖုန်းကြား၍ကြည့်လိုက်ရာအနီးတွင်ရှိသော အရှည်တစ်တောင်ခန့်ရှိ နီးဖြာသောဓားဖြင့် အင်္ကျီမဝတ်ထားသောသန်းထွန်း၏ကျောကို ကျောင်းဆရာ ကိုညက်ထွန်းက သုံးချက်ဆင့်ခုတ်လိုက်သည်ကို တွေ့လိုက်ရပါသည်။ (နီးဖြာသည့်ဓားမှာ သွေးထားသဖြင့် အလွန်ပြတ်ပါသည်။)

စာရေးသူမှာ လန့်ဖျပ်ပြီး -

"ဟေး ဟေး မလုပ်နဲ့ မလုပ်နဲ့"

ဟုအော်ပြီးတားလိုက်ပါသည်။

ဓားခုတ်ခံရသော သန်းထွန်းမှာ ထိုင်လျက်သားပြုံးပြီး စာရေးသူကိုလည်းကောင်း၊ ကျောင်းဆရာ ကိုညက်ထွန်းအား လည်းကောင်း ကြည့်နေပါသည်။

"ဆရာ၊ အဲဒီကောင် ဓားတစ်ချက်ခုတ်ရင် ငါးကျပ်နဲ့ ရွာထဲမှာအခုတ်ခံနေတာ"

"ဟေး - ဆရာပေးလေ ဆယ့်ငါးကျပ်၊ ခင်ဗျားသုံးချက်ခုတ်တာ"

"ကဲကဲ - သန်းထွန်းရာ ငါကပဲ ပေးပါ့မယ်။ ရော့ - နှစ်ဆယ်တန် ပြန်လည်းမပေးနဲ့။ ငါတစ်ခါမှဓားပြီးတာ မတွေ့ဖူးဘူး"

မှန်ပါသည်၊ ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးဟုသာပြောနေကြပါသည်။ စာတွေ့လည်းဖတ်ရပါသည်။ ယခုမှ ကိုယ်တိုင်တွေ့ဖူးပါသည်။ ရင်များပင်တုန်မိပါသည်။ ထိုနေ့အဖြစ်အပျက်ကို ယနေ့တိုင်မမေ့မရပါ။

စာရေးသူ ထိုရွာသို့မရောက်ဖြစ်သည်မှာ သုံးနှစ်ရှိပါပြီ။ ရာထူးတိုး၍ ပေါ်မြို့သို့ ပြောင်းရွှေ့သွားပါသည်။ သုံးနှစ်ခန့်ကြာပြီး ဒီဇင်ဘာလလောက်တွင် ခရီးကြုံသဖြင့် ထိုထောက်ကြန့်ကွင်းရွာကလေးသို့ ဝင်သွားမိပါသည်။ ရွာမှ ကျောင်းဆရာကိုညက်ထွန်းအိမ်သို့ ရောက်သောအခါ ရောက်မဆိုက်ပင် -

"ဆရာ၊ ခင်ဗျားတပည့်သန်းထွန်း ခေါ်ကြည့်ပါဦး"

ဟုပြောဆိုရာ-

"ဟေး သန်းထွန်း သန်းထွန်း လာဦး၊ ဒီမှာ မင်းဆရာရောက်နေတယ်"

ဟု ခေါ်သဖြင့် သန်းထွန်းရောက်လာပါသည်။ ရောက်လာသောအခါ စာရေးသူ ကိုယ့်မျက်စိကိုယ်မယုံနိုင်လောက်အောင်ပင် အံ့ဩသွားခဲ့ရပါသည်။ သန်းထွန်း၏ ဘယ်ဘက်လက်မောင်းတစ်ဖက် တံတောင်ဆစ်အရင်းနားမှကပ်၍ပြတ်နေသည်ကို တွေ့ရပါသည်။ စာရေးသူလည်း အလွန်ဝမ်းနည်းစွာနှင့်-

"ဘယ်လိုဖြစ်တာလဲ သန်းထွန်း၊ ပြောစမ်းပါဦး"

သန်းထွန်း ပါးစပ်မှစကားလုံးများ ထွက်မလာ။ စာရေးသူအား မျက်စိကြောင်တောင်ဖြင့်ကြည့်ပြီး မျက်လုံးများမှမျက်ရည်များသာကျလာပြီး စာရေးသူအား ပြေးဖက်ထားပါသည်။ စာရေးသူလည်းပြန်ဖက်ရင်း-

"မင်းဘယ်လိုဖြစ်တာလဲ ငါ့ကို ပြောစမ်း"

သူ့ကိုယ်လုံးကို နာနာကိုင်လှုပ်ပြီးမေးလိုက်ပါသည်။ ဘာမှမပြောပါ။ မျက်ရည်များနှင့်သာ ရှိုက်ရှိုက်နေပါသည်။ ထိုအခါမှ ကျောင်းဆရာ ကိုညက်ထွန်းက-

"ဒီလိုဆရာရေ"

သန်းထွန်း ဓားပြီးသည့်အရှိန်နှင့် ဓားတစ်ချက်ခုတ်လျှင် ငွေငါးကျပ်နှင့် အခုတ်ခံရသည့်ငွေနှင့် အပေါင်းအသင်းများလာသောအခါ တစ်ခါတလေ အရက်များပင် သောက်လာပါသည်။ သန်းထွန်းအဖေ ဦးတင်မောင်မှာလည်း အဘိုးလုံးလယ်၏တပည့် သိုင်းသမားဖြစ်ပါသည်။ အလွန်အနေအထိုင်ကျစ်လျစ်သူသည်၊ မသောက်မစား၊ မရမ်းကားပါ။ သန်းထွန်း ပိုက်ဆံယူ ဓားခုတ်ခံနေတာ၊ အရက်သောက်တာ လုံးဝမကြိုက်ပါ။ တွေ့သည့်နေရာ လူရှေ့သူရှေ့ မရှောင် လိုက်ရိုက်ပါသည်။

တစ်နေ့ သန်းထွန်း အံရက်မူးပြီး ရွာထဲမှပေသီးနှင့် စကားများပါသည်။ သန်းထွန်း စိတ်ဆိုးပြီး တုတ်ဆွဲ၊ ဓားဆွဲလုပ်ပါတော့သည်။ ဦးတင်မောင်က သိုင်းသမားပီပီ လက်မခံပါ။ သိုင်းသမားဖြစ်ပြီး အရက်သောက်သည်ကိုမကြိုက်ပါ။ သိုင်းသမားဖြစ်ပြီး သူတစ်ပါးအား တုတ်၊ ဓားဖြင့်ညှဉ်းပန်းနှိပ်စက်မည်ကို မကြိုက်ပါ။ ထို့ကြောင့် သန်းထွန်း မူးနေသည်ကို လက်ဆွဲပြီး ကုပ်ပိုးအားအုပ်လိုက်ပါသည်။ သန်းထွန်း အရက်မူးနေပြီး လူရှေ့တွင်ဖြစ်သဖြင့် အလွန်ရှက်သွားပြီး အနီးမှနီးဖြာဓားမအားပြေးဆွဲပြီး-

"အဖေ ခင်ဗျားဗျာ"

ဟုဆိုကာ ဦးတင်မောင်အား စိုက်ကြည့်နေပါသည်။

"ဟော့ကောင် လာလေ၊ မင်းက များ ငါ့ကိုပြန်လုန်ချင်လို့လား။ လာကြည့်လေ၊ ငါ မင်းအဖေကွ"

သန်းထွန်း အဖေမှန်းသတိရသွားပါသည်။

"(xxx) ခင်ဗျားမခုတ်ရရင် ကျုပ်ကိုကျုပ်ခုတ်တယ်ဗျာ"

ဟုဆိုကာ ညာဘက်ဖြင့်ကိုင်ထားသောနီးဖြာဓားဖြင့် ၎င်း၏ဘယ်လက်မောင်းအား ခုတ်ချလိုက်ပါသည်။

"ဒုတ်"

"ဟာ"

ဟုသာ အေးမှုကြည့်နေသူများရော သန်းထွန်းပါ အော်လိုက်မိပါသည်။ ဘယ်ဓားဖြင့်ခုတ်ခုတ်မပြတ်သော ဓားပြီးသည့်သန်းထွန်းလက်မှာ တံတောင်ဆစ်နားမှတိတိပြတ်ကာ မြေကြီးပေါ်သို့ ကျသွားပါသည်။ ချက်ချင်းပင် ကျောင်းဆရာ ကိုညက်ထွန်းတို့အဖွဲ့က အုတ်ဖိုဆေးရုံသို့ အချိန်မီပို့လိုက်၍သာ သွေးထွက်လွန်မသေဘဲ လက်တစ်ဖက်ပြတ်နှင့် တွေ့ရခြင်း ဖြစ်ပါသည်။

မိဘသည် လူသားအားလုံး၏ အထွတ်အမြတ်ထားရာ ထစ်နည်းအားဖြင့် ဘုံဘုရားဖြစ်ပါသည်။ မည်သည့်ဘာသာဝင်မဆို၊ မည်သည့်လူမျိုးမဆို မိဘကို အထွတ်အမြတ်ထားကြပါသည်။ မိဘကို ကာယကံဖြင့် လည်းကောင်း၊ ဝစီကံ၊ မနောကံဖြင့်လည်းကောင်း လုံးဝ (လုံးဝ) မပြစ်မှားထိုက်ပါ။ ပြစ်မှားမိပါက နောက်ဘဝမနေပါ။ ယခုဘဝတွင်ပင် မည်မျှပင် စွမ်းစေကာမူ၊ မည်မျှပင် တန်ခိုးကြီးစေကာမူ ဒုက္ခရောက်တတ်ပါကြောင်း သင်ခန်းစာယူနိုင်ရန်ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြင့် တင်ပြအပ်ပါသည်။

ကိုထွန်း ([illegible])



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှု

# ပြောင်သန်းရွှေ

## ရွှေကိုင်းကတော်

ရွှေကိုင်းကတော်သည် နေရင်းခင်းကြီးခေါ် မင်းစည်သူနှင့် ပခန်းခင်းတော်စွာတို့၏ မယ်တော်ဖြစ်သည်။ နန်းခွန်မင်း၏ မြောက်နန်းမိဖုရားကိုင်းမင်းသမီးဖြစ်၍ ရွှေကိုင်းကတော်ဟု ခေါ်ခြင်း ဖြစ်ပါသည်။

မြင်းခြံမြို့အနီး ကိုင်းရွာနတ်နန်းတွင် အမြဲစံနေသည်။ တပေါင်းလဆန်းမင်းပွဲတော်သို့ ပခန်းမင်း၏ မယ်တော်ကြီးသည် တပေါင်းလဆန်း ရက်နေ့တွင်ကြွလာသည်။ ထို့ကြောင့် ထိုနေ့ကို 'မယ်တော်ကြီးလာသည့်နေ့' ဟုခေါ်ကြသည်။ အလွန်စည်ကားသည့် ပွဲဖြစ်၍ ညဥ့်အိပ်ပြီးစောင့်နေသူများ အများအပြားရှိသည်။

တပေါင်းလဆန်း ၁၀ ရက်နေ့မှ စ၍ မယ်တော်ကြီး ရွှေကိုင်းကတော်သည် ကိုင်းရွာမှ စတင်ထွက်ခွာလာခဲ့သည်။ ရောဝတီမြစ်ကိုကူးရသည်။ ခရီးတစ်လျှောက် ပွဲတော်ခံပွဲများ၌ ညဥ့်အိပ်ရပ်နားသည်။ တပေါင်းလဆန်း ၁၂ ရက်နေ့ည နွယ်နီရွာ၌ ညဥ့်အိပ်နားသည်။ နွယ်နီရွာနန်း၌ ရွှေကိုင်းကတော်၏ပုံတော်ရှိသည်။ ချွေးမတော် ပျဉ်းတော်သူ၏ပုံတော်ပါရှိသည်။ နွယ်နီရွာသည် ရွှေကူနီနတ်နန်းနှင့် (၃)မိုင်မျှသာ ကွာဝေးသည်။ တပေါင်းလဆန်း ၁၃ ရက်နေ့နံနက် (၈)နာရီလောက်မှစပြီး နွယ်နီရွာမှ ရွာသူရွာသားများသည် ပုံတော်များကို ကျွဲလှည်းဖြင့်ပင့်ဆောင်ပြီး ထွက်လာသည်။ ကျွဲလှည်းသည် မောင်းသူမပါဘဲပြေးလာသည်။ ရွာသူရွာသားများက ဘေးမှလည်းကောင်း၊ နောက်မှလည်းကောင်း ပြေးလိုက်လာကြသည်။ ကျွဲလှည်းသည် မင်းတပ်လှေကားထိပ်ရောက်မှရပ်သည်။ ကျွဲများနှင့် လှည်းဒေါက်ကိုဖြုတ်လိုက်၍ လှည်းဦးကို ဆောင်းချလိုက်သော်လည်း လှည်းပေါ်မှပါသည့်အရာဟူသမျှ ကျွံကျခြင်းမရှိဟု ဆိုပါသည်။ ရွှေကူနီနတ်နန်း၏ အရှေ့တောင်ဘက်မှ ယာခင်းပြင်ကြီးတွင် မယ်တော်ကြီးအားစောင့်ကြိုနေကြသော ပရိသတ်များဖြင့်ပြည့်နေသည်။

"လာပြီဟေ့၊ လာပြီဟေ့၊ လာပြီဟေ့"

ဟူသော လှုံသံများ ဆူညံလာသည်။ အော်ကြသည်ဟစ်ကြသည်။ အမေကြီးက ကျွဲလှည်းစီးပြီးလာနေသည်။ အမေကြီး၏ ကျွဲလှည်းနောက်မှ ကျွဲလှည်း၊ နွားလှည်းတန်းကြီးမှာ အစီးရေ(၃၀)ခန့်မျှရှိပါသည်။ ဖုန်လုံးကြီးတွေဖြင့် လှည်းတန်းကြီးသည် သည်းထိတ်ရင်ဖိုစရာကောင်းလှအောင် ဒုန်းစိုင်းလာသည်။

လုံခြုံရေးရဲသားများ၊ ကြက်ခြေနီများ၊ မီးသတ်ရဲဘော်များက ခရာတွေ တဝီဝီနှင့် ဆူညံနေအောင်မှုတ်၍ ထိန်းနေရသည်။ မယ်တော်ကြီးသည် ကျွဲလှည်းစီးပြီးလာနေသည်ဆို၏ ။ ရွှေ

www.burmeseclassic.com

ကြောင်းမှလာလျှင် သူ၏သား ပခန်းမင်းကျော်စွာဖောက်လုပ်ခဲ့သော ဈေးမြောင်းကို မြင်ရ၊ ဖြတ်ရလျှင် စိတ်နာသည်၊ ရင်နာသည်ဟုအဆိုရှိသည်။ သို့ကြောင့် ကျွဲလှည်းစီး၍လာခြင်းဖြစ်၏။

ကျွဲလှည်းတန်းကြီးသည် လမ်းတစ်လျှောက်တွင် ငွေစက္ကူများကြဲလာသည်။ ကောင်းကင်တွင် ငွေစက္ကူများမှာ ပလူပျံနေတော့သည်။ လူများကလည်း မကြောက်မရွံ့ လှည်းတန်းကြီးကိုရှောင်၍ ငွေကောက်ကြသည်။

ကြက်ခြေနီ၊ မီးသတ်ရဲဘော်နှင့် လုံခြုံရေးရဲသားများသည် မယ်တော်ကြီး၏ကျွဲလှည်းကို ဝန်းရံပြီး လိုက်ပါလာကြသည်။ ရွှေကူနီနတ်နန်းကို အရှေ့ဘက်မှ ဝင်လာသည်။ ပခန်းမင်း၏ နန်းကြီးရှေ့တွင် ယာယီတဲထိုးပြီး မယ်တော်ကြီးက စံနေသည်၊ မယ်တော်ကြီး၏ ယာယီနတ်နန်းဆောက်လုပ်ရန်အတွက် ဝါး၊ သက်ကယ်၊ စသည်တို့ကို နွယ်နီရွာမှပင် ပုံတော်နှင့်တစ်ပါတည်းယူဆောင်လာရမြဲထုံးစံရှိသည်။ လူအုပ်ကြီးမှာ ကြက်ပျံမကျစည်ကားလှသည်။ ကြဲနေသည့် ငွေစက္ကူများကလည်း ပလူပျံနေ၏။ ရွှေကိုင်းမယ်တော်ကြွလာသည်နှင့်ပင် သားတော်ထံမှ အကြိုတော်ထောက်ရသည်။ အကြိုတော်ထောက်သူများက နန်းဦးမှနေ၍ကြိုရသည်။ နန်းဦးမှာ ရွှေကူနီ၏ တောင်ဘက်နားတွင်ရှိသည်။ ထိုနန်းဦးတွင် နတ်သစ်ပင်ခေါ် သစ်ပင်တစ်ပင်ရှိသည်။ ထိုသစ်ပင်နားမှနေ၍ ကန်တော့ပွဲနှင့်ကြိုရသည်။ ဓားလွတ်ကိုင်အမှုထမ်းများလည်း ပါရှိရသည်။

ညနေတွင် ရွှေကိုင်းမယ်တော်သည် သားတော် ပခန်းမင်းကျော်စွာ၏ နန်းသို့ အနောက်လှေကားမှတက်သည်။ ရွှေကိုင်းမယ်တော်သည် သားတော် ပခန်းမင်းကို အရက်သည် မဘိုမယ်နှင့် သဘောမတူသောကြောင့် ချွေးမတော် ဝေဠုဝတီနှင့်သာ စံနေခြင်း ဖြစ်သည်။ သို့ဖြစ်၍ သားနှင့်ချွေးမကို မကြည့်လိုသဖြင့်ဆိုပြီး နောက်ပြန်တက်သည်။ နန်းပေါ်သို့ရောက်လျှင် ဓားသွေးဟန်ပြုပြီး တောင်ဘက်လှေကားမှ နောက်ပြန်ဆင်းသွားသည်။ နန်းပေါ်သို့မတက်မီ ရွှေကိုင်းမယ်တော်သည် ဝေဠုဝတီနှင့်အတူ ရွှေမုဋ္ဌောဆုတောင်းပြည့်ဘုရားအား (၃) ပတ်ပတ်ကာဖူးသည်။ ဘုရားဖူးပြီးပြီး ညနေ (၃) နာရီခန့်တွင် အနောက်လှေကားမှ သားရှိရာသို့ နောက်ပြန်တက်ခြင်း ဖြစ်သည်။



အမေကြီးကျွဲလှည်းစီးပြီးလာနေပုံ



တပေါင်းလဆန်း ( ၁၄ )ရက် ရေနံချောင်းမှ အမေလာ လှည့်လည်အလှူခံနေပုံ

ပ လင်ကို စိတ်ဆိုး၊ ဓားတိုမိုးလို့၊
သားကို စိတ်ဆိုး၊ တံတောင်မိုးလို့၊
ကျွန်ကို စိတ်ဆိုး၊ ဖနောင့်မိုးလို့၊
လင်သတ်မိန်းမ၊ ကျွမ်းသမတဲ့၊ ငါနဲ့
ပေါင်းတော့ မကျော်ကြားလား၊
ကျော်ကြားလား၊ သမီးကောင်းနဲ့
ရွှေယောက်မတို့. . .

စသည်ဖြင့် ရွှေကိုင်းမယ်တော်အတွက်စပ်ထားသည့်သီချင်းတွင်ပါ၏။

ရွှေကိုင်းမယ်တော်သည် သားကို စိတ်ဆိုးနေသည်။ မျက်နှာချင်းမဆိုင်ချင်ဟု၊ လူ့ဘဝတွင်လည်း မျက်နှာချင်းမဆိုင်သကဲ့သို့ နတ်ဘဝတွင်လည်း မျက်နှာချင်းမဆိုင်လို။

ပခန်းမင်းကျော်စွာသည် အရွယ်မရောက်သေးသူ မငွေတောင် (မငွေတောင်နတ်ဟုသီးခြားရေးပြီး) ကို ခိုးယူပေါင်းသင်းပြီး ပစ်ထားသည့်အတွက် မယ်တော်က စိတ်ဆိုးနေသည်ဟု အချို့ကပြောသည်။ အချို့ကမူ ရွှေကိုင်းမယ်တော်သဘောမကျသည့် ထန်းရည်သည်မ မဘိုမယ်နှင့် ပေါင်းသင်းသည့်အတွက် စိတ်ဆိုးခြင်းဖြစ်သည်ဟုလည်းဆိုသည်။ အချို့ကမူ အရက်သမား သားတော်ထံမှ အရက်စော်နံလှ၍ စိတ်ဆိုးခြင်းဖြစ်သည်ဟူ၍လည်းပြောပါသည်။

နတ်နန်းပေါ်သို့ အနောက်ဘက်လှေကားမှ မယ်တော်ပုံတော်ကို ခေါင်းပေါ်တင်ပြီးပင့်လာသူ နန်းထိန်းတမုံတော်ကို အနောက်သို့လှည့်ကာ နန်းပေါ်သို့တက်လာသည်ကို ရွှေကိုင်းမယ်တော်သည် သားတော်အား ကျောပေးလျက် တက်ရောက်လာသည်ဟု ပြောကြသည်။

တပေါင်းလဆန်း ၁၄ ရက်နေ့သည် မယ်တော်ရွှေကိုင်းကတော် ဓားသွေးသည့်နေ့ဖြစ်၏။ ရွှေကိုင်းမယ်တော်နှင့်အတူပါလာသော နွယ်နီရွာမှ မိတ္တစဉ်ဆက် ဆင်းသက်လာခဲ့ကြသော ဓားသွေးရိုးရာသမားများမှာ တပေါင်းလဆန်း ၁၄ ရက်နေ့တွင် ရွှေကိုင်းမယ်တော်၏ ယာယီနတ်နန်းရှေ့တွင် ဓားသွေးကျောက်နှင့် ငှက်ကြီးတောင်ဓားကို အကနှင့် ဓားသွေးဟန်ကာပြရမြဲ ထုံးစံရှိသည်။

ထိုတပေါင်းလဆန်း ၁၄ ရက်နေ့တွင် ရေနံချောင်းမှ နတ်နေကြီး အမေလာတို့က မယ်တော်ကြီးနတ်အနေဖြင့် ပွဲတော်အတွင်း လှည့်လည်ပြီး အလှူခံသည်။

မောင်သန်းဆွေ (ထားဝယ်)

www.burmeseclassic.com

# လှမိုး(ပညာရေး)

# စစ်ပြေးဒုက္ခသည်သံသရာ ဒါဒါလည်လေဦး

ဒုတိယကမ္ဘာစစ် တည်းဟူသော မုန်တိုင်းကြီးသည် ၁၉၄၂ ခုနှစ်ဆန်းတွင် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ တိုက်ခတ်လာခဲ့ပြီး နိုင်ငံရေးမိုးတိမ်များလည်း ဖုံးဆိုင်းလာခဲ့ပြီ ဖြစ်သည်။ နေ့ရက်ကိုမူ ကောင်းစွာ မမှတ်မိတော့။ ဇန်နဝါရီလ ဆန်းဟုထင်မိသည်။ ကျွန်တော်တို့ ပညာဒေသ၏ ဆောင်းရာသီသည် အတွင်းပြုလျက်ရှိနေသည်။ တသုန်သုန် တိုက်ခတ်နေသော မြောက်လေသည် ချမ်းအေးသောရာသီဥတုကို ပိုမို၍အေး စိမ့်အောင် ဖန်တီးသကဲ့သို့ဖြစ်နေလေသည်။

သို့သော် ကျွန်တော်တို့တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေသည်။ မြို့မ ဈေးကြီးအနီးရှိ မင်းဘူး-စကုမော်တော်ကားဂိတ်တွင် လူအများပျားပန်းခပ် သုပ်ရှားနေကြသည်။ သူတို့လှုပ်ရှားမှုမှာ အသက်မပါ။ မျက်နှာပေါ် တွင် သောက ဝေဒနာ၏အရိပ်အယောင်များကိုမြင်နေကြရသည်။

ထိုနေ့တွင် ကျွန်တော်တို့မြို့မှ ကုန်သည် ပန်ချာပီမိသားစုများ၊ အိန္ဒိယ အမျိုးသား အမှုထမ်းများအားလုံးသည် အိန္ဒိယနိုင်ငံသို့ ပြန်ကြတော့မည်ဖြစ်၏။ ကျွန်တော်တို့ ပဉ္စမတန်းမှ သူငယ်ချင်း ဖြစ်သူ ဒီဘူးဆင်နှင့် ဆရာဝန်ကြီး၏ သမီးဖြစ်သော ဧရာဝတီလည်း ပြန်ကြတော့မည် ဖြစ်၏။ ကျောင်းစောင့်ဒရဝမ် ဘီလာလား၊ မြို့မဈေးဧရဝမ်ကြီးတို့ သည်လည်း အထုပ်အပိုးကိုယ်စီနှင့် ကျွန်တော်တို့မြို့မှ မင်းဘူးသို့ ပြေးဆွဲသည့်အောင်သပြေမော်တော်ကားအနီး စောင့်နေကြပြီ ဖြစ်သည်။

စစ်မုန်တိုင်းသည် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့ကင်းစွာနေထိုင်ခဲ့ကြသော မိတ်ဆွေအပေါင်းအသင်းများကို သဲကွဲတပြားစီဖြစ်အောင် တိုက်ခတ်ခဲ့ပြီးဖြစ်၏။ ထိုစဉ်ကမူ ကျွန်တော်သည် ငယ်သူငယ်ချင်းများဖြစ်သော ဒီဘူးဆင်နှင့် ဧရာဝတီတို့အား စစ်မီးကြောင့် ခွေတ္တခဏခွဲရခြင်းသာဖြစ်သည်ဟု ထင်ခဲ့မိသည်။ သို့သော် သူတို့နှစ်ယောက်ကို ယနေ့အထိ ပြန်လည်မတွေ့ရတော့ပေ။ စစ်မီးကြီးသည် လူသားတို့၏အသက် အိုးအိမ်သာမက ယဉ်ကျေးမှုနှင့်ချစ်ခြင်းမေတ္တာတို့ပါ လောင်ကျွမ်းခဲ့ပြီ ဖြစ်သည်။

ဤသို့အတွင်း ရန်ကုန်မြို့အား ဂျပန်ဘုရင်လေတပ်မတော်မှ စတင်ဗုံးကြဲသောနေ့မှအစပြုကာ စစ်ပြေးဒုက္ခသည်အများသည် ရန်ကုန်မြို့ကို စွန့်ခွာထွက်ပြေးခဲ့ကြ၏။ များစွာသော အိန္ဒိယလူမျိုးများသည် အိန္ဒိယနိုင်ငံသို့ ကုန်းလမ်းမှပြန်ကြရန် ပြည်မြို့ဘက်သို့ စုပြုံရောက်လာကြသည်ဆိုသော သူပြောကိုယ်ပြောသတင်းများအရ အိန္ဒိယနိုင်ငံသို့ ခြေကျင်ခရီးဖြင့်ပြန်မည့်စစ်ပြေးဒုက္ခသည် အိန္ဒိယအမျိုးသားများသည် ပြည်မြို့တစ်ဖက်ကမ်းရှိ ပန်းတောင်းမြို့မှ တစ်ဆင့် တောင်ကုတ်လမ်းအတိုင်း ရခိုင်ပြည်နယ် စစ်တွေသို့အရောက်သွားကြမည်ဖြစ်သည်။ ပန်းတောင်းမှ တောင်ကုတ်အထိ (၁၁၀) မိုင် ရှည်လျားသော လှည်းလမ်းအတိုင်း ရရာနွားလှည်းများဖြင့် ရခိုင်ရိုးမကြီးကို ဖြတ်ကျော်ကြရသည်။ လှည်းငှားရန်မတတ်နိုင်သောသူများကမူ ခြေကျင်ဖြင့်ဖြစ်သလိုသွားကြရာ လမ်းခရီးတွင် ဝမ်းရောဂါဖြင့် စစ်ပြေးဒုက္ခသည်အမြောက်အမြားသေဆုံးခဲ့ကြရ၏။

လမ်းတွင် ကျားဆွဲခံရသူ၊ ဒုစရိုက်လူဆိုးများတိုက်ခိုက်ခံရသူ၊ အအေးဒဏ်ကြောင့် သေဆုံးသူလည်း အမြောက်အမြားရှိခဲ့သည်။ လမ်းခရီးရှိ အချို့မြို့ရွာများကမူ စစ်ပြေးဒုက္ခသည်များအား တတ်နိုင်သလောက်ကူညီခဲ့ကြသည်။ ထိုစဉ်က သတင်းများအရ အိန္ဒိယပြန် စစ်ပြေးဒုက္ခသည်များဖြတ်သန်းသွားသည့်လမ်းတစ်လျှောက်တွင် အလောင်းများထပ်နေသဖြင့် သင်္ဂြိုဟ်ရာမှနေ တတ်နိုင်သလောက် ရှင်းလင်းပေးရသည်ဟုဆိုသည်။

ရန်ကုန်နှင့်အခြားမြို့ကြီးများမှ ပြေးလာသော စစ်ပြေးဒုက္ခသည်များ အညာသည်း ကျွန်တော်တို့မြို့ကလေးသို့ ရောက်ရှိလာခဲ့၏။ ရက်အနည်းငယ် အတွင်းမှာပင် မကွေးမြို့နှင့်မင်းဘူးမြို့တို့မှ စစ်ပြေးဒုက္ခသည်များလည်းရောက်ရှိလာခဲ့ကြတော့သည်။

၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင်မူ ဗြိတိသျှနှင့်မဟာမိတ်လေတပ်များ






www.burmeseclassic.com

www.burmeseclassic.com

မှ လေယာဉ်ပျံများသည် ကျွန်တော်တို့ မြို့ကလေးအား ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ကျွန်တော်တို့မိသားစုနှင့် ဆွေမျိုးသားချင်းများသည် ကျွန်တော့်ဖခင်၏တပည့် တစ်ဦးနေထိုင်သော ရွှေကျောင်းရွာသို့ စစ်ပြေးခဲ့ရသည်။ ယခင်က စစ်ပြေးဒုက္ခသည်များအကြောင်းကို သတင်းစာများ၊ ဂျာနယ်များတွင် ဖတ်ရှုခဲ့ရပြီး ကျွန်တော်တို့မြို့သို့ အခြားမြို့ကြီးများမှပြေးလာသော စစ်ပြေးဒုက္ခသည်များကို ပွဲကြည့်ပရိသတ်အဖြစ်ကြည့်ခဲ့ရသောကျွန်တော်တို့ကိုယ်တိုင်ပင် စစ်ပြေးဒုက္ခသည်ဖြစ်ခဲ့ရလေသည်။ စစ်ပြေးဒုက္ခသည်ဘဝသို့ရောက်ရှိချိန်တွင် ကျွန်တော်မှာ ပဋ္ဌမတန်းကျောင်းသားတစ်ဦးသာဖြစ်သဖြင့် ပူပင်ရမှန်းမသိ။ စာဖတ်လိုက်၊ စားလိုက်၊ အိပ်လိုက်ဖြင့် အချိန်ကုန်ခဲ့ရသည်။ တစ်ခါတစ်ရံ မဟာမိတ်လေယာဉ်ပျံများ ကကြဲချသော လေနတ်သားသတင်းစာများကို သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး လိုက်၍ကောက်ခြင်းဖြင့် အချိန်ကုန်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ရသည်။

ဤတွင် ခင်မင်ရင်းနှီးသောမိတ်ဆွေအပေါင်းအသင်းများ၊ မိဘဆွေမျိုးများနှင့် ကွေကွင်းခဲ့ရသော သောကနှင့် ဒုက္ခများ၊ မိမိတို့အသက်အိုးအိမ်ပစ္စည်းများဆုံးရှုံးခဲ့ရသောဘေးနှင့် စစ်ပြေးဒုက္ခသည်ဘဝမှ ထာဝစဉ် လွတ်ကင်းရပေတော့မည်ဟု ကျွန်တော်တို့ထင်မိခဲ့ကြသည်။ ငြိမ်းချမ်းရေးရရှိ၍ ဒုတိယကမ္ဘာစစ်မီးကြောင့် ကွဲကွာခဲ့ရသော မိတ်ဆွေသူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံကြရမည်။ စစ်ပြေးဒုက္ခသံသရာလည်စရာမရှိတော့ဟုလည်း မှတ်ယူမိခဲ့၏။

သို့သော် ထိုအိပ်မက်သည် ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်းတွင် သင်ကြားနေသည့် ၁၉၄၈ ခုနှစ်တွင် ပျက်ခဲ့ရပြန်သည်။ လွတ်လပ်ရေးရပြီး လပိုင်းအတွင်း ကွဲအက်ရေးနှင့် ခွဲထွက်ရေးဝါဒကြောင့် ကျွန်တော်တို့တိုင်းပြည်တွင် မုန်တိုင်းထန်ခဲ့ရပြန်၏။ တောလက်ဒေသအများနှင့် မြို့ရွာအများတွင် မီးခိုးနှံ့၊ ယမ်းနံ့ဖုံးလွှမ်းခဲ့ရပြီး ပြည်တွင်းစစ်မီးကြီး တောက်လောင်လာခဲ့ရသည်။ ပြည်တွင်းစစ်အရှိန်အဝါကိုယူခဲ့ကြသော တောကြောင်များကလည်း ကျေးရွာများတွင် ခိုးဆိုး၊ လုယက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲမှုများ ပြုလုပ်လာခဲ့လှာသည်နှင့် ကျေးရွာများမှဒုက္ခသည်များသည် ကျွန်တော်တို့မြို့ပေါ်သို့ ထွက်ပြေးတိမ်း






ရှောင်လာခဲ့ကြရသည်။ မြို့မိမြို့ဖများကမူ ပြည်တွင်းစစ်ပြေးအဖြစ်တိမ်းရှောင်လာခဲ့ကြသော ရွာသူရွာသားများအား ယာယီတည်းခိုနေထိုင်ရန် ကျွန်တော်တို့ အထက်တန်းကျောင်းတွင် နေရာချထားပေးသဖြင့် ကျောင်းကြီးအား အကန့်အသတ်မရှိ ပိတ်ခံရပြန်သည်။ ထိုစဉ်ကမူ ယခုအခါကဲ့သို့ ဒုက္ခသည်အများအား စောင့်ရှောက်သည့် အဖွဲ့အစည်းများလည်းမရှိ။ သက်ဆိုင်ရာအာဏာပိုင်များကလည်း စနစ်တကျ စောင့်ရှောက်ခြင်းမရှိသဖြင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်အများမှာ သောကဝေဒနာအဖြာဖြာတွေ့ခဲ့ကြရရှာသည်။ အိုးအိမ်များ၊ မိမိတို့လယ်ယာကိုင်းဥယျာဉ်များကိုစွန့်ပစ်ခဲ့ကြရသဖြင့် နိုင်ငံအတွက် ကုန်ထုတ်စွမ်းအားလည်းကျဆင်းခဲ့ရသည်။ စစ်ကြီးပြီးလျှင် စစ်ပြေးဒုက္ခသံသရာမှကင်းလွတ်မည်ဟု လူအများကမျှော်လင့်ထားခဲ့ကြသော်လည်း ထိုသံသရာမှမလွတ်နိုင်ခဲ့ပေ။

မှန်ပါသည်။ မှတ်တမ်းများအရ သမိုင်းတင်ခဲ့သည့်ခေတ်ကပင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခါအားလျော်စွာ စစ်ဖြစ်ပွားခဲ့သဖြင့် စစ်ပြေးဒုက္ခသည် အမြောက်အမြားသည် မိမိတို့မြို့ရွာ အိုးအိမ်စွန့်ပစ်၍ ဘေးကင်းလုံခြုံမည်ဟု ယူဆရသောနယ်မြေများတွင် ခိုလှုံခဲ့ကြရ၏။ ဤသို့ တိုင်းပြေးပြည်ပြေး (Refugee) များသည် သမိုင်းအဆက်ဆက်ရှိခဲ့ကြသည်။ စစ်မက်ရေးရာကြောင့် လည်းကောင်း၊ နိုင်ငံရေးရာကြောင့် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ရောဂါကပ်ကြီးများ ဆိုက်ရောက်ခြင်းကြောင့် လည်းကောင်း ပြည်သူအများမှ ဘေးကင်းရာသို့ ရှောင်တိမ်းခဲ့ကြရသည်။ ဥရောပတိုက်တွင် ကျရောက်ခဲ့သော ပလိပ်ရောဂါကပ်ကြီးကြောင့် လူထုအများအပြားမှာ မြို့ရွာများကို စွန့်ခွာပြေးခဲ့ကြသည်။

ထို့အတူ သာသနာ့စစ်ပွဲများ၊ ဒေသတွင်းစစ်ပွဲများကြောင့် စစ်ပြေးဒုက္ခသည် အများအပြားရှိခဲ့ကြသည်။ တရုတ်နိုင်ငံသမိုင်းတွင်လည်း မြစ်ဝါမြစ်ရေလျှံသဖြင့် ရေနစ်မြုပ်ရသော ကျေးရွာများမှ လူထုသိန်းသောင်းချီ၍ ဒုက္ခသည်များဖြစ်ခဲ့ကြရပြီး တစ်ခါတစ်ရံ မိုးခေါင်ရေရှားသဖြင့် လူအများမှာ မိမိတို့ မြို့ရွာနယ်ပယ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရရှာသည်။ ထို့အတူ အာဖရိကတိုက်နိုင်ငံအချို့တွင် မိုးခေါင်ခြင်း၊ ကျိုင်းကောင်များကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း စသော ဘေးအန္တရာယ်အမျိုးမျိုးမှ ထွက်ပြေးခဲ့ကြရသော ဒုက္ခသည်များ စပိန်ပြည်တွင်းစစ်မီးကြီးတောက်လောင်ခဲ့သဖြင့် မိမိတို့မြို့ရွာများကို စွန့်ပစ်ထွက်ပြေးခဲ့ရသော စစ်ပြေးဒုက္ခသည်များ အကြောင်းကို သတင်းမှတ်တမ်းများ၊ သမိုင်းစာအုပ်များ၊ ဝတ္ထုများ၊ မဂ္ဂဇင်းများတွင် ဖတ်ရှုခဲ့ကြရသည်။ သို့သော် ထိုအကြောင်းကြောင်းအမျိုးမျိုးကြောင့် မိမိရပ်ရွာဒေသအား စွန့်ခွာထွက်ပြေးခဲ့ကြသော ဒုက္ခသည်များအား စနစ်တကျ ကူညီပံ့ပိုးသည့်လူမှုရေးအဖွဲ့အစည်းများ ယခုခေတ်ကဲ့သို့ ဖွဲ့စည်းတည်ထောင်

www.burmeseclassic.com

အားခြင်းမရှိသဖြင့် ဒုက္ခသည်အများမှာ ဒုက္ခအမျိုးမျိုးဖြင့်ရင်ဆိုင်ခဲ့ရသည်။

၁၉၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဥရောပတိုက်တွင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်မီးကြီးသည် ၁၉၁၈ ခုနှစ်တွင် ပြီးဆုံးခဲ့သည်နှင့် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်နှင့် စစ်မက်ကြီးဖြစ်ပွားခဲ့သည့်အတွက် ဥရောပတိုက်နိုင်ငံအသီးသီးတွင် စစ်ပြေးဒုက္ခသည်အများအပြားသည် မိမိတို့မြို့ရွာအများအပြားကို စွန့်ပစ်ထွက်ပြေးခဲ့သူများအတွက် အသင်းဝင်နိုင်ငံများက အကူအညီပေးရေး စဉ်းစားခဲ့ကြ၏။

ရုရှားနိုင်ငံတွင်လည်း ပြည်တွင်းစစ်ကြီးတောက်လောင်လာခဲ့ရာ ဒုတိယမြောက် ဇာဘုရင်၏ အမျိုးအနွယ်များ၊ ဇာဘုရင်လက်ထက်တွင် ချမ်းသာကြွယ်ဝခဲ့ကြသည့် မြေပိုင်ရှင်များ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဘော်ရှီဗစ်အစိုးရကို ဆန့်ကျင်သူများသည်လည်း မိမိတို့၏ အိုးအိမ်များ၊ မြို့ရွာများကို စွန့်ပစ်ကာ ဥရောပတိုက်နိုင်ငံအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြ၏။ ထို့ကြောင့် ပထမကမ္ဘာစစ်အပြီး ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံပေါင်းချုပ်အသင်းဝင်နိုင်ငံအများသည် အကြောင်းအမျိုးမျိုးနှင့် မိမိနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်၍ နိုင်ငံအများအပြားတွင် ခိုလှုံနေထိုင်ကြသော စစ်ပြေးဒုက္ခများအား စောင့်ရှောက်ကြည့်ရှုရန် စဉ်းစားမိကြ၏။ အသင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ထိုစစ်ပြေးဒုက္ခသည်များကို စနစ်တကျ ကူညီလာရန် မဟာမင်းကြီးများ၊ ကိုယ်စားလှယ်များစေလွှတ်၍ စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြ၏။

ထိုအဖွဲ့သည် အတော်အသင့် စုံစမ်းမှုများပြုလုပ်ခဲ့သော်လည်း ထိုစစ်ပြေးဒုက္ခသည်များအား သင့်တော်သောအကူအညီပေးရေး၊ နေရာချထားပေးရေး ရေရှည်အကူအညီပေးရေး စသည်များကို ဆောင်ရွက်နိုင်ခြင်းမရှိ၊ နာမည်ခံသာဖြစ်ခဲ့ရသည်။ ထိုစစ်ပြေးဒုက္ခသည်များအား ယခုခေတ်ကဲ့သို့ စနစ်တကျ ကူညီသည့် လူမှုရေးအဖွဲ့အစည်းများလည်းမရှိ၊ မိမိအစီအစဉ်ဖြင့် မိမိအကူအညီပေးသူများသာရှိခဲ့သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးမှာလည်း ယခုခေတ် ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့ ခိုင်မာတောင့်တင်းလျစ်သော အဖွဲ့အစည်းမဟုတ်။ နိုင်ငံပေါင်းချုပ်အသင်းကြီးကို စတင်ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် အကြောင်းကြောင်းကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်သွားခဲ့သဖြင့် အသင်းကြီးအား နိုင်ငံတကာမှအားထားရလိမ့်မည်ဟု မျှော်လင့်ထားချက်များလည်း ပျောက်ကွယ်ခဲ့ရသည်။ ထိုစဉ်က စစ်ရှုံး ဂျာမနီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု (ရုရှား) တို့မှ ထွက်ပြေးတိမ်းရှောင်လာခဲ့သော စစ်ပြေးဒုက္ခသည်များ၏ပြဿနာကို နိုင်ငံပေါင်းချုပ်အသင်းကြီးမှ တာဝန်ပေးထားသော မဟာမင်းကြီးများ၊ ကိုယ်စားလှယ်များက လေ့လာစောင့်ကြည့်ရုံမျှအပ အကူအညီပေးနိုင်ခြင်းမရှိခဲ့။

ဤသို့အတွင်းမှာပင် ဂျပန်နိုင်ငံသည် တစ်စုံတစ်ရာစစ်ကြေညာခြင်းမရှိဘဲ တရုတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့သဖြင့် စစ်ပြေးဒုက္ခသည် သိန်းနှင့်ချီ၍ရှိခဲ့သည်။ အီတလီနိုင်ငံကလည်း အာဖရိကတိုက်ရှိ အဘိဆီးနီးယားနိုင်ငံ (ယနေ့ အီသီယိုးပီးယား) အား ကျူးကျော် တိုက်ခိုက်သဖြင့် စစ်ပြေးဒုက္ခသည်အမြောက်အမြားသည် အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထိုစစ်ပြေးဒုက္ခသည်များအား စနစ်တကျ ကူညီစောင့်ရှောက်သည့်အသင်းအဖွဲ့များမရှိခဲ့။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင်မူ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာတွင် အကြောင်းကြောင်းကြောင့် စစ်ပြေးဒုက္ခသည်များအဖြစ်ရောက်ရှိခဲ့ကြသောပြည်သူများ၊ သဘာဝဘေးဒဏ်များကြောင့်ဒုက္ခရောက်ရသူအများအား ကူညီစောင့်ရှောက်ရန် ၁၉၅၀ ပြည့်နှစ်ဆန်းတွင် ဒုက္ခသည်မဟာမင်းကြီးများ ရုံးအဖွဲ့၊ United Nations High Commissioner for Refugees (UNHCR) ကို စနစ်တကျ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် (Refugee Convention) ဒုက္ခသည်များကွန်ဗင်းရှင်းကို ခေါ်ယူနိုင်ခဲ့ပြီး နိုင်ငံတကာမှ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်ခဲ့ရသူများအား နိုင်ငံတကာမှလှူဒါန်းသည့် ငွေကြေးပစ္စည်းများဖြင့် ကူညီစောင့်ရှောက်နိုင်ခဲ့သည်။

ထိုစဉ်က တရုတ်နိုင်ငံတွင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြီးကြောင့် ဒုက္ခရောက်ခဲ့ရသူများ၊ ကိုရီးယားကျွန်းဆွယ်တွင်ဖြစ်ပွားခဲ့သောစစ်ပွဲ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်ဖြစ်ပွားခဲ့သော ဒေသတွင်းစစ်ပွဲများကြောင့် ဒုက္ခရောက်ခဲ့ရသည့် စစ်ပြေးဒုက္ခသည်များအား အစွမ်းကုန် အကူအညီပေးနိုင်ခဲ့၍ ကုလသမဂ္ဂဒုက္ခသည်များ စောင့်ရှောက်ရေးလုပ်ငန်းမှာ အတော်အသင့်အောင်မြင်သည်ဟု ဆိုရမည်ဖြစ်၏။

ကုလသမဂ္ဂဒုက္ခသည်များစောင့်ရှောက်သူအဖွဲ့သည် ၁၉၅၆ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံတွင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်အမြောက်အမြားသည် ဩစတြီးယားနိုင်ငံနှင့် ယူဂိုစလားဗီးယားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။ ထိုစဉ်က မှတ်တမ်းများအရ ဟန်ဂေရီစစ်ပြေးဒုက္ခသည်ပေါင်းနှစ်သိန်းကျော်ရှိခဲ့သည်ဟု ဆို၏။ ယင်းဒုက္ခသည်များအား စနစ်တကျပြုစုစောင့်ရှောက်ရေး၊ နေရာချထားရေးတို့ကို ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးအဖွဲ့က အစွမ်းကုန် ကူညီဖြေရှင်းပေးခဲ့ရသည်။

အာဖရိကတိုက်တွင်လည်း ပြည်တွင်းစစ်ပွဲများဒေသတွင် ကျူးကျော်တိုက်ခိုက်သည့်စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဒုက္ခရောက်ရသော ဒုက္ခသည်များ သန်းနှင့်ချီ၍ ရှိခဲ့သည်။ ထို့အတူ အာရှတိုက်တွင်လည်း တိဗက်ဒေသမှ ထွက်ပြေးတိမ်းရှောင်လာကြသောစစ်ပြေးဒုက္ခသည်များမှာလည်း သိန်းနှင့်ချီရှိခဲ့ရာ ကုလသမဂ္ဂဒုက္ခသည်များကယ်ဆယ်ရေးမဟာမင်းကြီးရုံးသည် အိန္ဒိယအစိုးရ၏အကူအညီနှင့် နေရာချထား အကူအညီပေးခဲ့နိုင်သည်။

ဤဆောင်းပါးရေးနေသည့်အချိန်မှာပင် ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်နှစ်သန်းသည် အိမ်နီးနားချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်းလာခဲ့ကြရာ ကုလသမဂ္ဂဒုက္ခသည် မဟာမင်းကြီးရုံးမှ တတ်နိုင်သလောက် အစွမ်းကုန်ကူညီခဲ့ရသည်။ အာဖရိကတိုက်နိုင်ငံအများတွင်လည်း ပြည်တွင်းစစ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ရသူအများမှာလည်း သန်းချီလျက်ရှိနေရာ စစ်ပြေးဒုက္ခသံသရာကြီးမှာ ဇာတ်သိမ်းခန်းသို့မရောက်နိုင်သေးဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

The State of World's Refugees.



www.burmeseclassic.com

www.burmeseclassic.com



**ပ မောင်ထွန်းမြိုင်၏အစောင့်အရှောက်**

မောင်ထွန်းမြိုင်သည် ငါးထပ်ကြီး တောင်ပေါ်ကျောင်းတွင် တစ်ကိုယ်တည်းရှိနေစဉ်တွင်ဖြစ်၏။ ထိုအချိန်တွင် သူသည် ဘုရားဆင်းတုတော်ရှေ့တွင် တင်ပျဉ်ခွေထိုင်ကာ စိတ်ပါဝင်စားစွာဖြင့် အင်းချနေ၏။ သူသည် သူစီရင်နေသော အင်းကွက်များပေါ်၌သာ တစ်ခုတည်းသောအာရုံကျနေ၏။

ထိုအချိန်တွင် ဆွမ်းချိုင့်လာပို့သော ကလေးမလေးသည် ဆွမ်းချိုင့်ကိုကိုင်ပြီး တောင်ပေါ်ကျောင်းထဲဝင်သွားကာ မောင်ထွန်းမြိုင်အား မျက်စိဝေ့ပြီး ရှာကြည့်လိုက်ရာ ဘုရားကျောင်းဆောင်ရှေ့သို့ကြည့်လိုက်သောအခါ မောင်ထွန်းမြိုင်သည် ထိုင်ပြီးတစ်စုံတစ်ခုလုပ်နေသည်ကို တွေ့ရ၏။ သို့သော် မောင်ထွန်းမြိုင်အား ရှင်းရှင်းလင်းလင်း မတွေ့ရဘဲ တစ်စုံတစ်ခုကွယ်နေသကဲ့သို့ဖြစ်နေ၍ ဘေးပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်သောအခါတွင်မှ အလွန်အမင်း ထိတ်လန့်တုန်လှုပ်ပြီး ကြက်သေသေသွားတော့၏။

သူမ မြင်တွေ့လိုက်သောအရာကား အလွန်ပင်ကြီးမားလှသော မြွေကြီးတစ်ကောင်သည် ပါးပျဉ်းခွက်ကြီးခွက်ပြီး မောင်ထွန်းမြိုင်အင်းချနေသည့်အပေါ်မှ အုပ်မိုးထားခြင်း ဖြစ်၏။ သူမသည် ပထမတွင် ထိုမြွေကြီးကိုတွေ့သော်လည်း မြွေကြီးဟု မထင်ပေ။ ဘုန်းကြီးကျောင်းတိုင်ကြီးဟုသာ ထင်မိခြင်းဖြစ်၏။ နောက်မှ ထိုကွယ်နေသောအရာ၏အပေါ်ပိုင်းသို့ တဖြည်းဖြည်းကြည့်သွားသောအခါတွင်မှ ပါးပျဉ်းကြီးခွက်ပြီး ငြိမ်သက်စွာတည်နေသည်ကို သွေးပျက်ဖွယ်ရာ မြင်တွေ့ရခြင်းဖြစ်၏။

ခေတ္တမျှ ကြာသောအခါတွင်မှ သတိဝင်လာပြီး -

"အမလေး - လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ဟုအော်ဟစ်ကာ ကျောင်းပေါက်ဝမှ အပြင်သို့ ဒရောသောပါး ထွက်ပြေးလေ၏။ ထိုအခါ လက်ထဲတွင်ကိုင်ထားသော ဆွမ်းချိုင့်လေးလည်းပြုတ်ကျပြီး လွင့်စဉ်သွားလေ၏။

ထိုအချိန်တွင် တောင်အောက်ကျောင်းတွင်ရှိနေကြသောလူများသည် တောင်ပေါ်ကျောင်းပေါ်မှ ကလေးမလေး၏ ငယ်သံပါအောင် အော်လိုက်သောအသံကြောင့် အားလုံးပင်အထိတ်တလန့်ဖြစ်သွားကြကာ တောင်ပေါ်ကျောင်းပေါ်သို့ ပြေးတက်လာကြ၏။ ထိုအခါ လမ်းခုလတ်တွင် ကလေးမကလေး သတိလစ်ပြီး လဲကျနေသည်ကို တွေ့ရသဖြင့် ဝိုင်းဝန်းပြီး အမြန်ပြုစုနှာနှပ်ပေးကြရာ မကြာမီပင် ကလေးမလေးသည် သတိပြန်လည်လာ၏။ သတိပြန်ရလာလာခြင်းပင် ကလေးမလေးက တောင်ပေါ်ကျောင်းဘက်သို့ လက်ညှိုးထိုးပြပြီး -

"ဟို ဟို ဟိုမှာမြွေကြီး မြွေကြီး အကြီးကြီးပဲရှိတယ်"

တုန်တုန်ယင်ယင်ဖြင့် ပြောဆိုညွှန်ပြသဖြင့် လူများလည်း တောင်ပေါ်ကျောင်းဘက်သို့ တပျာကယာထွက်သွားကြပြီးနောက် ကျောင်းရှေ့သို့ ရောက်သောအခါ သတိထား၍ လူအချို့က ကျောင်းထဲသို့ဝင်ကြရာ ဘုရားကျောင်းရှေ့၌ ငြိမ်သက်စွာထိုင်နေသော မောင်ထွန်းမြိုင်အား အလွန်ပင်ကြီးသော မြွေကြီးတစ်ကောင်က ပါးပျဉ်းဖြင့် အုပ်မိုးထားသည်ကို မြင်တွေ့လိုက်ရသဖြင့် အံ့အားသင့်တုန်ကြ၏။လူအများရောက်လာပြီး ခဏမျှအကြာတွင် မြွေကြီးသည် ဘေးပတ်ဝန်းကျင်ကိုရောကျန်လူများကိုပါ လုံးဝဂရုပြုဟန်မပြဘဲ အေးဆေးတည်ငြိမ်စွာပင် သူ၏ပါးပျဉ်းကြီးကို အောက်သို့ချလိုက်ပြီး တောင်ပေါ်ကျောင်း၏အနောက်ဘက် သစ်ပင်ဝါးပင်ထူထပ်ရာဆီသို့ ကြွေရွရပင်လျှောတိုက်၍ ထွက်ခွာသွားလေတော့၏။ ရောက်ရှိနေကြသောလူတို့သည် မြွေကြီးထွက်ခွာရာကိုကြည့်ပြီးသောအခါတွင်မှ မောင်ထွန်းမြိုင်ဆီသို့ ပြေးသွားကြပြီး-

"မောင်ထွန်းမြိုင်၊ မောင်ထွန်းမြိုင် မင်းဘာဖြစ်သွားသေးလဲ။ မြွေကြီးက မင်းကိုဘာလုပ်သွားသေးလဲ"

ဟု ဆူညံစွာအော်ဟစ်၍ မေးမြန်းကြ၏။

ထိုအခါတွင်မှ အင်းစီရင်နေသော မောင်ထွန်းမြိုင်သည် ပတ်ဝန်းကျင်ရှိလူအများ၏ အော်ဟစ်သံ၊ ရုတ်ရုတ်သဲသဲဖြစ်သံများကို သတိပြုမိပြီး -

"ဘာများဖြစ်လို့လဲ ခင်ဗျ"

ဟု မေးမြန်းမိရာ လူအများက -

"အံ့ပါရဲ့ မောင်ထွန်းမြိုင်ရယ်၊ မင်းကတော့ အင်းစီမံတဲ့အထဲပဲစိတ်ရောက်နေတော့ ဘေးပတ်ဝန်းကျင်ကို လုံးဝသတိမထားမိတဲ့ပုံပါပဲ။ မင်းရဲ့ဘေးမှာ မြွေကြီးတစ်ကောင် ပါးပျဉ်းကြီးခွက်လို့ မသိဘူးလား။ အဲဒီမြွေကြီးက မင်းကို ဘာလုပ်သွားသေးလဲ၊ မင်းကော ဘာဖြစ်သွားသေးလဲ"

ဟု ဝိုင်းဝန်းမေးမြန်းကြ[illegible] ရာ မောင်ထွန်းမြိုင်လည်း[illegible] သူ့ကိုယ်သူပြန်ကြည့်ပြီး-

"ကျွန်တော် ဘာမှ [illegible] မဖြစ်ပါဘူး။ အဲဒီမြွေကြီး [illegible] ကလည်း ကျွန်တော့်ကို [illegible] ဘာမှ လုပ်မသွားပါဘူး။ ကျွန်တော်လည်း အင်းချ[illegible] တဲ့နေရာမှာပဲ အာရုံရောက် [illegible] နေလို့ အဲဒီမြွေကြီးကိစ္စကို ဘာမှ [illegible] မသိလိုက်ပါ ဘူး"

ဟု ဖြေလိုက်ရာ အနီးရှိ လူအများက-

"ဒီသူငယ်မောင်ထွန်းမြိုင်ကတော့ တကယ့်ကို အာဂပုဂ္ဂိုလ်၊ လူထူးလူဆန်းပါပဲ"

ဟု ပြောဆိုမှတ်ချက်ပြုရင်း တောင်အောက်သို့ ဆင်းသွားကြလေ၏။

❑

www.burmeseclassic.com

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် ငါးထပ်ကြီး တောင်ပေါ်ကျောင်းတွင် စစ်ဘေးရှောင်ရင်း မိမိ၏လုပ်ငန်းကို ဖျော်စေဘဲပြုလုပ်နေခဲ့၏။ အချို့သော စစ်ဘက်ဆိုင်ရာအခြေအနေ မဆိုးဝါးသောနေ့များတွင် မောင်ထွန်းမြိုင်သည် ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ဖူး အားထုတ်ခဲ့၏။ နောက်ပိုင်းတွင် ငါးထပ်ကြီးကျောင်းနှင့် ရွှေတိဂုံဘုရား သွားချည်လာလှည့်လုပ်ကာ အားထုတ်ပြီးနေလာခဲ့၏။ ငါးထပ်ကြီးကျောင်းသည်လည်း တဖြည်းဖြည်းနှင့် စစ်ဘေးမှ တိမ်းရှောင်ပြီး ပုန်းခိုလာသူများ တစ်စထက်တစ်စတိုးပွားလာခဲ့၏။

တစ်နေ့တွင် မောင်ထွန်းမြိုင်တို့ စစ်ဘေးပုန်းခိုရာ ငါးထပ်ကြီးကျောင်းသို့ အရာရှိကြီးတစ်ဦး ရောက်လာခဲ့၏။ ထိုပုဂ္ဂိုလ်မှာ အင်စပက်တော်မင်းကြီးဖြစ်၏။ သူသည် အထက်မြန်မာပြည် ရွှေဘိုမြို့မှ ရန်ကုန်မြို့သို့ တာဝန်ဖြင့် ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်၏။ သို့သော် အဆိုပါပုဂ္ဂိုလ်သည် တာဝန်ဖြင့် ရုတ်တရက် ပြောင်းရွှေ့လာခဲ့ခြင်းလည်းဖြစ်သဖြင့် သူ့မိသားစုကို တစ်ပါတည်းခေါ်မလာနိုင်ခဲ့ပေ။

ထို့အပြင် ရန်ကုန်မြို့သို့ရောက်ရှိလာပြန်သောအခါတွင်လည်း မမျှော်လင့်သော စစ်မက်ရေးရာအခြေအနေမျိုးဖြင့် ကြုံတွေ့လိုက်ရသဖြင့် သူ မူလ






www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ရမည့်နေရာတွင် နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် ရန်ကုန်မြို့တွင်း၌ ပင် ဒုတိယကမ္ဘာစစ်ကြီး၏ ဂျပန်ဗုံးဒဏ် ကင်းလွတ်နိုင်သည့် စစ်ဘေးရှောင်ရာ နေရာကို လှည့်လာအကဲခတ်လိုက်သော အခါ ငါးထပ်ကြီးနေရာကိုတွေ့ရှိသဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

ထိုပုဂ္ဂိုလ်သည် ငါးထပ်ကြီး ကျောင်းသို့ရောက်သောအခါ ကျောင်း ထိုင်ဆရာတော်အား ဝင်ရောက်ကာ ခေတ္တနေထိုင်ခွင့်ပြုပါရန် လျှောက်ထား ရာ ဆရာတော်က -

"ဒီမှာတော့ ဒကာကြီးမြင်တဲ့ အတိုင်းပဲ။ စစ်ပြေးလာတဲ့လူတွေနဲ့ အပြည့်အကျပ်ဖြစ်နေပြီ။ ဒကာကြီး ကောင်းကောင်းနေထိုင်နိုင်ဖို့ နေရာမရှိ ဘူးဖြစ်နေတယ်။ အဲ - တစ်ခုတော့ရှိ တယ်။ တောင်ပေါ်ကျောင်းမှာတော့ မောင်ထွန်းမြိုင်ဆိုတဲ့ သူငယ်လေးတစ် ယောက်ပဲရှိတယ်။ အဲဒီကျောင်းကိုတော့ ဘယ်သူမှသွားပြီးမနေဝံ့ကြလို့လူမရှိဘူး။ အဲဒီသူငယ်လေးနဲ့အတူနေချင်ရင်တော့ သူ့ကိုသွားပြီးပြောပေ့ါ။ သူလက်ခံတယ် ဆိုရင်နေလို့ရတယ် ဒကာကြီး"

ဟု ပြန်လည်မိန့်ကြားလိုက်သော အခါ ထိုအရာရှိကြီးက -

"တပည့်တော်အဖို့ကတော့ နေဝံ့ ပါတယ် ဘုရား။ ဘယ်နေရာဖြစ်ဖြစ်နေ လို့ရရင် ပြီးတာပါပဲဘုရား။ ဒါဆို တပည့် တော် တောင်ပေါ်က သူငယ်လေးဆီ သွားပြီး ခွင့်တောင်းပါမယ်"

ဟု ပြောပြီး ထိုအရာရှိကြီးသည် ဆရာတော်အားဦးချကာ ပြန်ထွက်လာ ပြီး မောင်ထွန်းမြိုင်နေထိုင်ရာ တောင် ပေါ်ကျောင်းသို့ တက်လာခဲ့၏။ တောင် ပေါ်ကျောင်းသို့ ရောက်သောအခါ မောင်ထွန်းမြိုင်အား အခန့်သင့်ပင် တွေ့ လိုက်ရသဖြင့် သူ့ကိုယ်သူ မိတ်ဆက်ပြီး နောက် -

"မောင်ရင်လေး၊ တောင်အောက် ကျောင်းမှာ ဆရာတော်နဲ့လျှောက်ခဲ့ပြီး ပြီ။ ဦးဟာ ဒီမှာ စစ်ဘေးခဏလာရှောင် ချင်တယ်၊ ဆရာတော်ကတော့ ဒီတောင် ပေါ်ကျောင်းမှာနေဖို့ မင်းကိုမေးကြည့်လို့ မိန့်ပါတယ်။ မင်းသဘောတူရင်နေလို့ လည်းပြောပါတယ်၊ အဲဒါကြောင့် မောင်ရင်လေးအနေနဲ့ ဦးကြီးလာနေ မယ်ဆိုရင် လက်ခံပေးနိုင်ပါ့မလား"

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင် က ချက်ချင်းပင် -

"ဒီမှာက ကျွန်တော်တစ်ယောက် တည်းပဲရှိတာပါ။ နေရာကအကျယ်ကြီး ပါ။ ဦးကြီးနေချင်ရင်လာနေပါ"

ဟု ပြောလိုက်သောအခါ အရာရှိ ကြီးသည် အတော်ပင်ပျော်ရွှင်၍ အားရ ဝမ်းသာဖြစ်သွားပြီး ပြုံးရွှင်သော မျက်နှာထားဖြင့် -

"အခုလို ခွင့်ပြုပေးတာ ကျေးဇူး တင်ပါတယ် မောင်ရင်လေးရယ်။ ကျုပ်မှာ အထုပ်အပိုးတွေပါသေးတယ်။ တောင်အောက်ကျောင်းမှာထားခဲ့တယ်။ သွားယူလိုက်ဦးမယ်"

ဟု ပြောဆိုပြီး ချက်ချင်းပင် တောင်အောက်ကို ဆင်းသွားသဖြင့် မောင်ထွန်းမြိုင်လည်း နောက်မှထလိုက် သွားလေ၏။

မောင်ထွန်းမြိုင်လည်း တောင် အောက်ကျောင်းသို့ရောက်သောအခါ ထိုပုဂ္ဂိုလ်ကြီး၏အထုပ်အပိုးများကို ပိုင်း ပြီးသယ်ယူကာ တောင်ပေါ်ကျောင်းသို့ လာခဲ့၏။ ကျောင်းပေါ်သို့ရောက်သော အခါ မောင်ထွန်းမြိုင်က ထိုပုဂ္ဂိုလ်ကြီး၏ အထုပ်အပိုးများကို နေရာချပေးလိုက် ၏။ နေရာထိုင်ခင်းပြင်ဆင်ပြီးသွားသော အခါ ထိုပုဂ္ဂိုလ်ကြီးက-

"မောင်ထွန်းမြိုင်၊ ငါ တောင် အောက်ကို ခဏသွားလိုက်ဦးမယ်"

ဟု ပြောပြီး ဆင်းသွားလေ၏။

ခဏမျှကြာသောအခါ အဆိုပါ ပုဂ္ဂိုလ်ကြီးသည် တောင်ပေါ်ကျောင်းသို့ ပြန်ရောက်လာလေ၏။ သူနှင့်အတူ ကျောင်းထိုင်ဆရာတော်ကြီးနှင့် အခြား သောသံဃာတော်နှစ်ပါးပါ အတူပါလာ ခဲ့လေ၏။ သူတို့သည် ကျောင်းပေါ်သို့ တက်လာခဲ့၏။ ထိုအခြင်းအရာကို မောင်ထွန်းမြိုင်သည် နားမလည်စွာဖြင့် ကြည့်နေ၏။ ကျောင်းပေါ်ရောက်သော အခါ အဆိုပါ အင်စပိတ်တော်မင်းကြီး က ဆရာတော်အား ရှိခိုးဦးချလိုက်ပြီး-

"အရှင်ဘုရား၊ တပည့်တော် ယခု အချိန်ကစပြီး မောင်ထွန်းမြိုင်နဲ့အတူနေ ပါမယ်။ အကယ်လို့ ဒီအတောအတွင်း မှာ တစ်စုံတစ်ခုဖြစ်ခဲ့လို့ရှိရင် တပည့် တော်ရဲ့ ပါလာတဲ့ ပစ္စည်းအားလုံးကို ဟောဒီက မောင်ထွန်းမြိုင်ဆိုတဲ့ မောင် ရင်လေးကိုသာ အကုန်လွှဲအပ်ခဲ့ပါတယ်။ အဲဒီအကြောင်းကို အရှင်ဘုရားတို့ရှေ့ မှာပဲ သက်သေအရာထားပြီးလျှောက်ပါ တယ်ဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော်လည်း အင်စပိတ်တော်မင်း ကြီး၏ လျှောက်ထားချက်ကို လက်ခံ တော်မူပြီး တောင်အောက်ကျောင်းသို့ ပြန်ကြွသွားလေတော့၏။

ထိုအချိန်မှစ၍ အင်စပိတ်တော် မင်းကြီးလည်း မောင်ထွန်းမြိုင်နှင့်အတူ တကွ နေထိုင်ခဲ့၏။ နောက်နေ့များတွင် ထိုပုဂ္ဂိုလ်ကြီးသည် အဆိုပါ ငါးထပ်ကြီး ကျောင်းမှ မြို့ထဲရှိ သူ့ရုံးသို့သွားကာ အလုပ်တက်၊ အလုပ်ဆင်းလုပ်လေ၏။

အင်စပိတ်တော်မင်းကြီးသည် ထိုကဲ့သို့ ငါးထပ်ကြီးမှ အလုပ်ဆင်း အလုပ်တက်လုပ်နေပြီး လေးရက်မြောက် သောနေ့၌ ပြန်မလာခဲ့ပေ။ ထိုသို့ပြန် မလာသဖြင့် မောင်ထွန်းမြိုင်တို့က ယူဆ သည်မှာ ရုံးတွင်အလုပ်များလွန်းသဖြင့် မပြန်လာနိုင်ခြင်းဖြစ်မည်ဟု ထင်ကြ၏။ သို့သော်လည်း နောက်ပိုင်း နှစ်ရက်၊ သုံး ရက်ကြာသည့်တိုင်အောင် ပြန်လာခြင်း မရှိသဖြင့် မောင်ထွန်းမြိုင်သည် မြို့ထဲ ရှိ ထိုအရာရှိကြီးအလုပ်လုပ်သည့်ရုံးသို့ သွားရောက် ကာ စုံစမ်းလေ၏။

ထိုသို့ စုံစမ်းလိုက်သောအခါ ထိုအင်စပိတ်တော်မင်းကြီးရုံးထိုင်သော အဆောက်အအုံ၏အနီးသို့ ဂျပန်တို့က ဗုံးကြဲချသဖြင့် ဗုံးဆန်မှန်ကာ ဆုံးသွားပြီ ဖြစ်ကြောင်း သိရှိရလေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်လည်း စိတ်မကောင်း စွာဖြင့် ငါးထပ်ကြီးသို့ ပြန်လာခဲ့၏။

ဘုန်းကြီးကျောင်းသို့ရောက်သော အခါ မောင်ထွန်းမြိုင်လည်း ကြားသိခဲ့ရ သမျှ သတင်းများကို ဆရာတော်အား လျှောက်ထားလိုက်၏။

ထိုအခါ ဆရာတော်ကလည်း -

"နေ့မြင်ညပျောက် စိတ်မကောင်း စရာပါလားကွယ်။ ဘယ်တတ်နိုင်ပါ့မလဲ မောင်ထွန်းမြိုင်ရယ်၊ သခင်္ခါရသဘော တရားဆိုတာ သူ့သဘောသူဆောင်နေ တာပဲကိုး။ ကြော်- ဒါနဲ့ မောင်ထွန်းမြိုင်၊ အခု အင်စပိတ်တော်မင်းကြီးဆုံးသွားပြီ ဆိုတော့ သူပိုင်ဆိုင်သမျှပစ္စည်းတွေအား လုံးမင်းကိုလွှဲအပ်သွားတယ်မဟုတ်လား။ ဒါကြောင့် ဒီပစ္စည်းတွေ စီမံခန့်ခွဲဖို့ကိစ္စ က မင်းနဲ့ပဲဆိုင်တော့တယ်ကွယ့်။ ငါတို့ နဲ့တော့ မဆိုင်ပေဘူး"

ဟု မိန့်ကြားလေ၏။

ထို့ကြောင့် မောင်ထွန်းမြိုင်လည်း တောင်ပေါ်ကျောင်းသို့ စိတ်မကောင်း စွာဖြင့် တစ်ကိုယ်တည်းပြန်တက်လာပြီး နောက် အင်စပိတ်တော်ကြီးလွှဲအပ်သွား သည့် ပစ္စည်းသေတ္တာကိုဖွင့်ပြီး စစ်ဆေး ကြည့်လေ၏။ ထိုစဉ်က ဒုတိယကမ္ဘာ စစ်ဖြစ်နေသော ဂျပန်ခေတ်ကာလ



www.burmeseclassic.com

www.burmeseclassic.com

လကွင်းတွင်ဖြစ်၏။ ထိုအချိန်တွင် စိတ်အစုထည်နှင့်ပတ်သက်လျှင် အမျိုးအစားကောင်းကောင်းရရှိရန် မဆိုထားနှင့် သာမန် ရှက်ကြမ်းရည်ကျိုအဝတ်အထည်မျိုးကိုပင်ရရှိရန် မျှော်မှန်း၍မလွယ်ကူသောခေတ်ကာလမျိုး ဖြစ်၏။

ထိုသို့သော ခေတ်ကာလမျိုး၌ မောင်ထွန်းမြိုင်သည် အင်စပိတ်တော်မင်းကြီး၏ သေတ္တာတို့ကိုဖွင့်လိုက်သောအခါ အလွန်အဖိုးထိုက်တန်သော ရှားပါးလှသည့် ရာချုပုဆိုး (၁၀) ထည်ခန့် တွေ့ရလေ၏။ ထို့အပြင် အတောင်းစားအကျီအတော်များများနှင့် တန်ဖိုးကြီးသောနာရီတစ်လုံး အပါအဝင် အခြားသော အသုံးအဆောင်များစွာကို တွေ့ရလေ၏။

သို့သော်လည်း မောင်ထွန်းမြိုင်သည် သူ့အတွက်အသုံးလိုလောက်သည့် ရာချုပုဆိုး (၃) ထည်နှင့် အခြားပစ္စည်းအနည်းငယ်မျှကိုသာယူထားပြီး ကျန်ပစ္စည်းအားလုံးတို့ကို ဘုန်းကြီးကျောင်းတွင် စစ်ဘေးရှောင်လာသူများအနက်မှ သူ့အား ကူညီစောင့်ရှောက်သူများအားလုံးကို ခွဲဝေပေးလိုက်၏။ ထို့နောက် မောင်ထွန်းမြိုင်နှင့် ထိုသူများအပေါင်းကာ ကွယ်လွန်သူ အင်စပိတ်တော်မင်းကြီးအား ရည်စူး၍ ဆရာတော်အား ဆွမ်းကပ်လှူဒါန်းပြီး ထိုပြုသမျှသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို အမျှအတန်းပေးဝေလိုက်ပါတော့၏။

**□ မောင်ထွန်းမြိုင်နှင့်ဝိဇ္ဇာရေးပုဂ္ဂိုလ်ထူးများ**

မောင်ထွန်းမြိုင်သည် အခြေအနေပေးသည်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးပေါ်သို့သွားရောက်ကာ အားထုတ်မှုများကို ကြိုးစားပြုလုပ်လေ၏။ ထိုသို့အားထုတ်ရင်း မောင်ထွန်းမြိုင်ကဲ့သို့ပင် လာရောက်အားထုတ်နေကြသောအခြားပုဂ္ဂိုလ်ထူးများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့၏။ အဆိုပါပုဂ္ဂိုလ်များထဲမှ အင်းပညာရပ်များ ဓာတ်ပညာရပ်များ၊ မန္တန်ပညာရပ်များနှင့် အခြားသောဝိဇ္ဇာရေးပညာရပ်ဆိုင်ရာ၊ အထွေထွေဗဟုသုတများစွာကိုလည်း ရရှိခဲ့၏။ အဆိုပါ မောင်ထွန်းမြိုင်တွေ့ဆုံခဲ့သောပုဂ္ဂိုလ်ထူးများနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များထဲတွင် အဘဘိုးမင်းခေါင်လည်းပါ၏။ ဓာတ်ဖြင့်ထွက်ရပ်ခန်းကြွမြန်းခဲ့သော ရှင်မထီးဆရာတော်လည်းပါ၏။ ဇာလီတောင်ဆရာတော်လည်းပါ၏။ မန္တန်ဝိဇ္ဇာမိုရ်းမြစိမ်းရှင်ရသေ့ကြီးဦးအောင်ပြည့်လည်းပါ၏။ အဘဘိုးဘိုးအောင်လည်းပါ၏။ တစ်နှစ်လျှင် မိန်းမတစ်ယောက်ယူသော ဘိုးထိုက်ဆိုသူနှင့် သူ၏ဖခင်ဖြစ်သူ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်လည်းပါ၏။ တိဗက်ပညာရှင် လာမားဆရာတော်စန္ဒိသုမနလည်းပါ၏။ ဆံရှည်ဆရာတော် ဦးကောဏ္ဍညလည်းပါ၏။ ပထမံပညာရှင်ဆရာတော် ဦးပညောဘာသလည်းပါ၏။ စစ်ကွင်းဆရာတော်ကြီးဦးစန္ဒောဘာသလည်းပါ၏။ ယက္ခန်းစင်တောင်ဆရာတော် ဦးဩဘာသလည်း ပါ၏။ စသည့်ထွက်ရပ်ပေါက်နှင့်ပုဂ္ဂိုလ်ထူးများစွာတို့သည် မောင်ထွန်းမြိုင်နှင့် ပတ်သက်ခဲ့ကြ၏။ ဆက်စပ်နှီးနွယ်ခဲ့ကြ၏။ ဝညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြသူများဖြစ်ပါသည်။

**□ အဘဘိုးမင်းခေါင်နှင့် အမျိုး ဘာသာ၊ သာသနာ**

ရွှေတိဂုံစေတီတော်ကြီးပေါ်တွင် ကျင့်ကြံ ပွားများ အားထုတ်နေသော မောင်ထွန်းမြိုင်သည် သူ၏ ကျင့်ကြံအားထုတ်နေကြကျင့်စဉ်များကို ပိုမိုအရှိန်မြှင့်တင်၍ အားထုတ်ခဲ့၏။ တစ်နေ့တွင် မောင်ထွန်းမြိုင်နှင့်ခင်မင်သောဆရာတော်တစ်ပါးက -

"မောင်ထွန်းမြိုင်၊ မင်းဟာငယ်ငယ်ရွယ်ရွယ်နဲ့ ဝိဇ္ဇာခရီးလမ်းစဉ်တွေကို အတော်ပဲ ရှုပ်ရှုပ်ချွံချွံအားထုတ်လုပ်ကိုင်နေတာတွေ့ရတော့ အတော်ပဲအားရလှတယ်ကွယ်။ ဒါကြောင့် မင်းအားထုတ်တဲ့နေရာမှာ ပိုပြီးထိရောက်သွားအောင် ပုဂ္ဂိုလ်ထူးတစ်ပါးနဲ့ တွေ့ပေးချင်တယ်။ ဘယ်လိုသဘောရလဲ"

"အရှင်ဘုရားက သင့်တော်မယ်ထင်တဲ့ပုဂ္ဂိုလ်တစ်ပါးနဲ့တွေ့ပေးမယ်ဆိုတော့ တပည့်တော် ဝမ်းသာပါတယ် ဘုရား။ တွေ့ချင်ပါတယ် ဘုရား။ အဲဒီပုဂ္ဂိုလ်က ဘယ်သူပါလဲ ဘုရား"

ဟု မေးမြန်းလိုက်ရာ ဆရာတော်က ပြုံးလိုက်ပြီး-

"မင်းကလည်း လောလိုက်တာ၊ ဟိုရောက်တော့ တွေ့မှာပေါ့"

"ဘယ်ကိုသွားတွေ့ရမှာလဲဘုရား"

"ဘယ်ကိုမှ အဝေးကြီးသွားစရာမလိုဘူး။ ဒီရွှေတိဂုံဘုရားပေါ် မှာပဲ တွေ့ရမှာကွယ့်"

ဟု မိန့်ကြားပြီးနောက် ဆရာတော်သည် မောင်ထွန်းမြိုင်အား ရွှေတိဂုံစေတီတော်၏ တနင်္ဂနွေထောင့်နှင့် သောကြာထောင့်အကြားရှိ တန်ဆောင်းတစ်ခုသို့ ခေါ်သွားခဲ့၏။ ထိုတန်ဆောင်းထဲသို့ရောက်သောအခါ လူပုဂ္ဂိုလ်သုံးဦးတို့ ထိုင်ပြီးစကားပြောနေကြသည်ကို တွေ့ရလေ၏။ ထိုအထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် စကားပြောနေရာမှ မော့ကြည့်လိုက်ပြီး မောင်ထွန်းမြိုင်အား လိုက်ပို့သော ဆရာတော်အား တွေ့လိုက်ရသောအခါ -

"အရှင်ဘုရား၊ တွေ့ချင်နေတာနဲ့ အတော်ပါပဲ ဘုရား။ ကြွပါ ဘုရား"

ဟု ထိုပုဂ္ဂိုလ်က ဖိတ်မန္တကပြုလိုက်ရာ ဆရာတော်က -

"ဘိုးတော်ခေါင်ရေ ကျုပ် မနက်ဖြန် ပုပ္ပားကိုသွားမလို့၊ ဘာများမှာစရာရှိသေးလဲ"

"ပုပ္ပားမှာ အခု တပည့်တော်ရဲ့သား စန္ဒာသူရိယရောက်နေတယ်။ သူ့ဆီကို စာတစ်စောင်ပေးလိုက်ချင်တယ်။ ခဏစောင့်ပါဘုရား၊ တပည့်တော် စာရေးလိုက်ဦးမယ်"

"ရေးပါ ဘိုးတော်၊ အေးအေးဆေးဆေးရေးပါ။ ကျုပ်စောင့်နေပါမယ်။ နောက်ပြီး ဘိုးတော်ကိုလည်း ပြောစရာတစ်ခုရှိတယ်"

ဟု မိန့်ကြားလိုက်ရာ ထိုပုဂ္ဂိုလ်လည်း စားပွဲပုလေးတစ်လုံးတွင် ထိုင်၍စာရေးလေ၏။ စာရေးပြီးသောအခါ စာအိတ်တစ်လုံးတွင် ထည့်ပိတ်၍ ဆရာတော်အား ပေးလိုက်ပြီးနောက်-

"ဩော် - အရှင်ဘုရား တပည့်တော်ကို ပြောစရာရှိတယ်လို့ ခုနက ပြောလိုက်တယ်။ ဘာများလဲ ဘုရား"

"ဩော် - အဲဒါက တခြားကိစ္စတော့မဟုတ်ပါဘူး။ အခုပါလာတဲ့ ဒီက မောင်ထွန်းမြိုင်နဲ့ တွေ့ပေးချင်လို့ပါ။ သူက ဝိဇ္ဇာဖြစ်ချင်တယ်။ ဒါကြောင့် သူ့ကို လိုအပ်တာလေးတွေ ပြောပြပေးဖို့ ဘိုးတော်နဲ့တွေ့ပေးချင်တာပါ"

ဟု ဆရာတော်က မိတ်ဆက်ပေးလိုက်သောအခါ ထိုပုဂ္ဂိုလ်သည် မောင်ထွန်းမြိုင်ဘက်လှည့်ကာ အသေအချာကြည့်လိုက်၏။ မောင်ထွန်းမြိုင်ကလည်း ထိုပုဂ္ဂိုလ်ကို စူးစမ်း၍ကြည့်လိုက်၏။ ထိုပုဂ္ဂိုလ်သည် အသားအရေအားဖြင့် အတန်ငယ်ညိုမောင်း၏။ ကျယ်ပြန့်သောမဟာနဖူးရှိ၏။ ခိုင်မာကြီးမားသော မေးရိုးကြီးများရှိ၍ ရှည်လျားသောဆံပင်များရှိသည်ကိုလည်းသတိပြုမိ၏။ ထို့အပြင် ထိုပုဂ္ဂိုလ်နှင့်ပတ်သက်၍ မောင်ထွန်းမြိုင် ထူးခြားစွာသတိထားမိသည့် အချက်မှာ ထိုပုဂ္ဂိုလ်၏နှုတ်ခမ်းတို့သည် စေ့စပ်ပိရိလွန်းခြင်းပင် ဖြစ်၏။

www.burmeseclassic.com

ထိုထက်ဗို၍ထူးခြားသည့်အချက်ကား ထိုပုဂ္ဂိုလ်၏ ဝတ်စားဆင်ယင်မှုပင်ဖြစ်၏။ သူသည် စွပ်ကျယ်အင်္ကျီပေါ်မှ တိုက်ပုံအညိုရောင်ကိုထပ်ဝတ်ပြီး ကြယ်သီးမတပ်ဘဲ နီညိုရောင်ကွက်တုံးပုဆိုးကြီးကို ဝတ်ဆင်ထား၏။ ထို့နောက် မောင်ထွန်းမြိုင်အား ခေါ်လာသည့် ဆရာတော်က -

"မောင်ထွန်းမြိုင်၊ ဟောဒါက ဘိုးတော်အောင်မင်းခေါင်တဲ့ကွယ့်၊ မှတ်ထား"

ဟု မိန့်လိုက်ရာ -

"တင်ပါ့ဘုရား"

ထိုအခါ ဘိုးတော်အောင်မင်းခေါင်က မောင်ထွန်းမြိုင်အား -

"ဒီသူငယ်ကိုကြည့်ရတာကတော့ မဆိုးဘူးဘဲ။ တကယ်လုပ်မယ့်ပုံရှိတယ်။ မင်း ဒီရွှေတိဂုံပေါ်မှာပဲနေတာလား"

"ဟုတ်ပါတယ်"

"ဒါဆို ကောင်းတယ်။ မင်း ငါ့ဆီ မကြာမကြာလာပေါ့ကွယ့်"

"ဟုတ်ကဲ့"

ထိုစဉ်မှစပြီး အဘဘိုးမင်းခေါင်နှင့် မောင်ထွန်းမြိုင်တို့သည် တစ်ဦးကိုတစ်ဦး အထူးပင်ခင်မင်ရင်းနှီးသွားကြလေ၏။

တစ်နေ့တွင် မောင်ထွန်းမြိုင်က -

"ဘိုးတော်၊ ဝိဇ္ဇာခရလမ်းစဉ်မှာ ဘယ်လမ်းစဉ်မျိုးကို လိုက်ပါသလဲ"

ဟု မေးသောအခါ ဘိုးတော်က-

"မောင်ထွန်းမြိုင်၊ ငါ တကယ်လိုက်စားတဲ့လမ်းစဉ်က အင်းလမ်းစဉ်ပဲကွယ့်။ ငါ့ရဲ့ဆရာစဉ်ဆက်ကလည်း အင်းလမ်းစဉ်ပဲကွယ့်။ မင်းလည်း နောက်ပိုင်းကျရင် အင်းလမ်းစဉ်ပဲလိုက်မှာပါ။ ဒါပေမယ့် မင်းလိုက်မယ့်အင်းလမ်းစဉ်နဲ့ ငါ့ရဲ့အင်းလမ်းစဉ်က မတူဘူးကွယ့်။ အင်းလမ်းစဉ်ဆိုတာတောင် အမျိုးအစားအများကြီးရှိတာကလား။ မင်းဟာ အင်းလမ်းစဉ်နဲ့ဖြစ်မယ့်သူဆိုတာတော့ အသေအချာပဲမောင်ထွန်းမြိုင်။ ဘယ်လိုအခြေအနေမျိုးနဲ့ပဲတွေ့တွေ့ ဖွဲမလျှော့နဲ့၊ စိတ်မလျှော့နဲ့။ ငါဟာဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့သတ္တိကို အမြဲတမ်းမွေးထားပါ။ မင်းဟာ အတိတ်ကံပါရမီအားကြီးတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်တော့မှမမေ့လေနဲ့ကွယ့်"

"ဟုတ်ကဲ့ပါ ဘိုးတော်၊ ဒါနဲ့ ဘိုးတော်ပြောတဲ့ အတိတ်ကံပါရမီဆိုတာလဲ ခင်ဗျ"

"ဒီနေရာမှာ ပါရမီဆိုတာ ဖြည့်ကျင့်ခြင်းကိုခေါ်တာပဲကွယ့်။ တို့ဗုဒ္ဓဘာသာမှာတော့ ဒါနစတဲ့ပါရမီဆယ်ပါးရှိတယ်ဆိုတာတော့ မင်းကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ - ကြားဖူးပါတယ်"

"တို့လူသားတွေဟာ တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတဲ့ အသိတွေ၊ ဉာဏ်တွေ၊ ပညာတွေကို ပိုင်ဆိုင်နိုင်ဖို့ ပါရမီတွေကို ဖြည့်ကျင့်ရတယ်။ ဒီနေရာမှာ ပါရမီဖြည့်ကျင့်တယ်ဆိုတာ တစ်ဘဝ၊ နှစ်ဘဝ လေး၊ ငါးဆယ်ဘဝနဲ့ ဖြည့်ကျင့်လို့ပြီးတာမဟုတ်ဘူး။ တို့ရဲ့ ဂေါတမဗုဒ္ဓဆိုရင် ဘုရားဖြစ်ဖို့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတာမဟုတ်လား။ ဒါတောင် ဒီပါရမီဖြည့်ကျင့်မှုဟာအနည်းဆုံးပဲ။ သူ့ထက်ပိုရင်သာပိုမယ်၊ လျော့ဖို့တော့မရှိဘူး။ မင်းရော ငါရောပဲ ဘုရားဆုပန်မယ်ဆိုရင် ဒီလိုပဲ ပါရမီဖြည့်ရမယ်ကွယ့်။ အခု မင်းကိုပြောတဲ့အတိတ်ဘုန်းကံပါရမီဆိုတာ အဲဒီပါရမီမျိုးကိုပြောတာ"

"ဒါဆို ကျွန်တော့်မှာ အတိတ်ကံပါရမီပါတယ်ဆိုတာ အတိတ်ဘဝတွေတုန်းက အခုလိုပဲ ဝိဇ္ဇာဖြစ်ဖို့ကျင့်ခဲ့တာလား။ ဝိဇ္ဇာပုဂ္ဂိုလ်မျိုးကောဖြစ်ခဲ့ဖူးလားခင်ဗျ"

"ဝိဇ္ဇာဖြစ်ဖို့ကျင့်ခဲ့တယ်ဆိုတာကတော့ အသေအချာပဲ။ ဝိဇ္ဇာဖြစ်တဲ့အဆင့်အထိတော့ မရောက်ခဲ့ဘူးပေါ့ကွယ်။ ဝိဇ္ဇာဖြစ်ဖို့လည်း လွယ်တာတော့မဟုတ်ဘူး။ ပါရမီအများကြီးဖြည့်ရတယ်"

"ဝိဇ္ဇာတွေရဲ့ပါရမီလမ်းစဉ်ကကော ဘယ်မှာဆုံးမှာလဲခင်ဗျ"

"ဘယ်လမ်းစဉ်ပဲဖြစ်ဖြစ် အဆုံးမှာ နိဗ္ဗာန်လမ်းစဉ်နဲ့ ဆုံးရတာချည်းပဲကွယ့်။ နိဗ္ဗာန်လမ်းစဉ်ကိုလည်း ရဟန္တာလမ်းစဉ်ပါရမီ၊ ဘုရားဖြစ်တဲ့လမ်းစဉ်ပါရမီတွေနဲ့ဝင်ကြတယ်"

"ကျွန်တော်တို့ ဝိဇ္ဇာလမ်းစဉ်လိုက်တဲ့သူတွေကတော့ ရဟန္တာလမ်းစဉ်နဲ့ နိဗ္ဗာန်ဝင်မှာလား၊ ဘုရားလမ်းစဉ်နဲ့ နိဗ္ဗာန်ဝင်ရမှာလား"

"ဒါကတော့ ပုဂ္ဂိုလ်တစ်ဦးချင်း သဘောပဲ။ ကိုယ်ကြိုက်တဲ့လမ်းစဉ်နဲ့ နိဗ္ဗာန်ဝင်နိုင်တယ်။ ဒါပေမယ့် မောင်ထွန်းမြိုင် မင်းကို ငါ တစ်ခုပြောမယ်။ တို့ဝိဇ္ဇာခရလမ်းစဉ်သမားတွေဟာ တိဟိတ်ပုဂ္ဂိုလ်တွေပဲ။ ဝိဇ္ဇာဖြစ်တယ်ဆိုတာ တိဟိတ်မှဖြစ်တာကလား။ အဲဒါကြောင့် သို့လောသို့လော ဟိုလမ်းလိုလို ဒီလမ်းလိုလိုမျိုးတော့ ဘယ်တော့မှ မရှိဘူး။ တစ်ကြောင်းတည်းသောလမ်း၊ တစ်ခုတည်းသောခရီးလမ်းစဉ်ဆိုတာ ဆုံးဖြတ်ပြီးသားပဲ။ ဒါကြောင့် တကယ့်ဝိဇ္ဇာခရပုဂ္ဂိုလ်အများစုကတော့ ဘုရားဆုပဲပန်ကြတယ်။ ဘုရားဖြစ်အောင် ပါရမီဖြည့်ကြတယ်။ ဒီတော့ ငါကိုယ်တိုင်လည်း ဘုရားဆုပန်ဖြစ်သလို မင်းလည်း ဘုရားဆုပန်ဖြစ်ရမှာပဲ"

"တချို့ပြောတာကတော့ အခု ဝိဇ္ဇာဖြစ်နေတဲ့ပုဂ္ဂိုလ်တွေဟာ နောင်ပွင့်လာမယ့် အရိမေတ္တေယျဘုရားပွင့်တဲ့ အချိန်အထိအောင် သက်တမ်းဆွဲဆန့်နေကြတာဖြစ်တယ်။ အရိမေတ္တေယျ ဘုရားပွင့်တော်မူမှ ကျွတ်တမ်းဝင်ကြဖို့ စောင့်နေကြတာလို့ ဆိုကြတယ်၊ အဲဒီကိစ္စကကော အမှန်ပဲလား ဘိုးတော်"

"ဒီမယ် မောင်ထွန်းမြိုင်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးလည်း ရှိကောင်းရှိမှာပေါ့။ ဒါပေမယ့် တကယ့်ဝိဇ္ဇာအများစုရဲ့ ရည်မှန်းချက်ကတော့ တစ်ကြောင်းတည်းပဲ။ ဘုရားဖြစ်တဲ့အထိ ပါရမီဖြည့်ဖို့ပဲ။ နောက်ပြီး အရိမေတ္တေယျဘုရားပွင့်တော်မူတဲ့အခါမျိုးမှာ ကျွတ်တမ်းဝင်ဖို့စောင့် နေတာဖြစ်တယ်ဆိုတဲ့စကားကိုကလည်း သိပ်ပြီးအဓိပ္ပာယ်မရှိဘူး။ မသေချာ မရေရာတဲ့စကားဘဲ၊ အဲဒီအချိန်မှာ ပါရမီမပြည့်သေးရင် ဘယ်လိုကျွတ်တမ်းဝင်မှာလဲ၊ ပါရမီဖြည့်တယ်ဆိုတာ ဘုရားမှ၊ ပစ္စေကဗုဒ္ဓါမှလိုတာ မဟုတ်ဘူး။ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ၊ ရဟန္တာကိစ္စတွေအားလုံးမှာလိုတယ်။ အဆင့်တိုင်းမှာ သူ့အဆင့်နဲ့ သူ့ပါရမီပမာဏ အတိုင်းအတာကိုဖြည့်ရမှာချည်းပဲ။ ပါရမီမပြည့်သေးဘဲ ကြိုက်သလောက်လုပ်၊ ဘယ်လိုမှအကောင်းဆုံးကို မျှော်လင့်လို့ မရနိုင်သေးဘူး"

"နောက်ပြီး လူတချို့ပြောတာ ကြားဖူးပါတယ်။ တကယ် မဂ်၊ ဖိုလ်ရချင်တယ်ဆိုရင် ဒီကနေ့အားထုတ်၊ (၇) ရက်နဲ့ရနိုင်တယ်။ အများဆုံး (၇)နှစ်ပဲ အားထုတ်ရမယ်ဆိုတယ်။ အဲဒါက ကော"

"အဲဒါက အားထုတ်မယ့်ပုဂ္ဂိုလ်ရဲ့ အရည်အချင်းကိုမြှုပ်ပြီးပြောထားတာ။ ဒါကြောင့် ဒီလိုအားထုတ်မယ့်ပုဂ္ဂိုလ်ဟာ အဲဒီဘဝမှာ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရမယ့်အပြင် ပါရမီကလည်း ပြည့်လုနီးပါးဖြစ်ရမယ်။ ဒါမှရမယ်"

ရွှေလဆက်ဖတ်ရန်

ပထမံဆရာကြီးအေးမြွေ

www.burmeseclassic.com

www.burmeseclassic.com

# ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)
# ရဟန္တာဂူမြောက်ဘက်မှကုန်း

ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်း အနောက်တောင်ဘက် ရဟန္တာဂူပေါက်နှင့် ရဟန္တာဂူကြားတွင် (HMA. 58) တူးဖော်မှုကုန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တူးဖော်သုတေသနပြုလုပ်ခဲ့ကြပါသည်။ ၎င်းတူးဖော်မှုကုန်းကို Sidney Sussex College မှ Professor Dr. Janice Stargart နှင့် Dr. Sheila Kohring Blayne တို့ ဦးဆောင်ပြီး အင်္ဂလန်မှ ဒေါက်တာချွန်းတေလာနှင့် ဆွစ်ဇာလန်မှ ဒေါက်တာ မစ္စတာ လူ့ဝစ်ဂျိတို့ ကြီးကြပ်ပြီး ပြည်ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းမှ ဆရာ/ဆရာမများနှင့် စာရေးသူ အပါအဝင် မှော်ဇာမှ အလုပ်သမားများဖြင့် တူးဖော်သုတေသနပြုလုပ်ခဲ့ကြပါသည်။

(HMA. 58) တူးဖော်သုတေသနပြုလုပ်သည့်ကုန်းမှာ ရဟန္တာဂူဘုရား၏ မြောက်ဘက် (၂၄) ပေခန့်အကွာတွင် တည်ရှိပါသည်။ ရဟန္တာဂူဘုရားသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ဂူဘုရားအတွင်း တောင်ဘက်နံရံရှိ သဲကျောက်ပြားတစ်ချပ်ပေါ်တွင် ထုဆစ်ထားသော ဘူမိဖဿမုဒြာဟန် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် (၈) ဆူရှိရာ တစ်ဆူမှာ ပျက်စီးသွားပြီး ယခု (၇) ဆူကိုသာ ဖူးမြော်နိုင်ပါသည်။ ဂူဘုရား၏ မူလပုံသဏ္ဌာန်သည် ဝင်ပေါက် (၃) ပေါက်ပါသည့် လေးထောင့်အုတ်တိုက်ဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်များကိန်းဝပ်ရာ ဂန္ဓာကုဋိတိုက်လိုဏ်ဂူဘုရားပုံစံဖြစ်သည်။ ယခုတွေ့ရှိရသည့်ဂူ အတက်ရှိအုတ်တိုက်မှာ မူလလက်ရာအုတ်ခွက်ပျက်ပေါ်တွင် ၁၉၆၃ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းလည် တည်ဆောက်ထားသော အဆောက်အအုံပင် ဖြစ်ပါသည်။



ပျူခေတ်မှ ရဟန္တာဂူ



ရဟန္တာဂူထဲမှ ဆင်းတုတော်ရုပ်ကြွတချို့

ရဟန္တာမြောက်ဘက်မှ ကုန်း (HMA. 58) တူးဖော်မှုကုန်းကို တောင်မြောက် မြောက်လျားဆွဲ၍ ကျင်းကွက်များ ဖွဲ့စည်းကာ တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ ကျင်းကွက်ပေါင်း (၁၂) ကွက် တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ ကျင်းကွက်နံပါတ်များကို (TR.1.A, TR.1.B, TR.1.C, TR.1.D, TR.1.E, TR.1.F, TR.1.G, TR.1.H, TR.1.I, TR.1.J, TR.1.K နှင့် TR.2 ဟူ၍ သတ်မှတ်တူးဖော်ခဲ့သည်။ TR.1. A မှ TR.1. K အထိ မြောက်ဘက်သို့ အလျားလိုက် ဆက်စပ်တူးဖော်သွားပြီး TR.2 ကို အနောက်ဘက်သို့ တူးဖော်သွားပါသည်။ TR.1 နှင့် TR.2 မှာ (၂၅) စင်တီမီတာခန့်ကွာပါသည်။

(HMA. 58) တူးဖော်မှုကုန်းမှ ကျင်းကွက်များကို TR.1. A နှင့် TR.1.B ကို အလျား (၈၀၀) စင်တီမီတာ၊ အနံ (၁၅၀) စင်တီမီတာနှင့် ကျင်းအနက် (၁၀၀) စင်တီမီတာ တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ TR.1.C ကျင်းကွက်ကို အလျား (၂၀၀) စင်တီမီတာခန့်၊ အနံ (၁၅၀) စင်တီမီတာခန့်နှင့် ကျင်းအနက် (၅၀) စင်တီမီတာခန့် တူးဖော်သုတေသန ပြုလုပ်ခဲ့ပါ၏။ TR.1. D, TR.1. E, TR.1.F ကျင်းကွက်များကို တစ်ကွက်စီ အလျား (၂၀၀) စင်တီမီတာခန့်၊ အနံ (၁၅၀) စင်တီမီတာခန့်နှင့် ကျင်းအနက် (၆၀) စင်တီ မီတာခန့်စီ တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ TR.1. G, TR.1.H, TR.1.I, TR.1.J, TR.1.K ကျင်းတို့ကိုလည်း အလျား (၁၈၀) စင်တီမီတာခန့်၊ အနံ (၉၀) စင်တီမီတာခန့်နှင့် ကျင်းအနက် (၁၀၀) ခန့်စီ အသီးသီးတူးဖော်ခဲ့ပါသည်။ (TR.2) ကျင်းကိုလည်း အလျား (၂၅၀) စင်တီမီတာခန့်နှင့် အနံ (၂၀၀) စင်တီမီတာခန့်၊ ကျင်းအနက် (၂၉၅) စင်တီမီတာခန့် တူးဖော်သုတေ



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်မှုတွင်းထဲတွင် ပရော်ဖက်ဆာ ဒေါက်တာဂျင်းနက်စတားကတ် မြေလွှာခွဲပြနေစဉ်



တူးဖော်မှုဆိုဒ်ထဲတွင် ပရော်ဖက်ဆာ ဒေါက်တာဂျင်းနက်စတားကတ်နှင့် ဒေါက်တာချိုလာတို့ သုတေသနပြုလုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းနေကြစဉ်

သနပြုလုပ်ခဲ့ပါသည်။


တူးဖော်သုတေသနလုပ်ခဲ့သော ဖော်ပြပါကျင်းများထဲမှ အုတ်ခဲ၊ အုတ်ခဲကျိုးများ၊ အိုးခြမ်းကွဲများနှင့် ရွှေ၊ ကျောက်စအနည်းငယ်လည်း တူးဖော်တွေ့ရှိခဲ့ပါသည်။ တူးဖော်တွေ့ရှိခဲ့သော အိုးခြမ်းကွဲများအနက်မှ ဒေါက်တာဂျင်းနက်စတားကတ် ရေးဆွဲနိုင်သော အိုးခြမ်းကွဲပုံဆွဲများအနက်မှစတင်၍ ဆောင်းပါးတွင်သင့်တော်မည်ထင်သော အိုးခြမ်းကွဲလက်ရာများကို ရေးသားဖော်ပြလိုက်ပါသည်။

ပုံ (၁) ၏ မူရင်းအိုးခြမ်းကွဲလက်ရာကို ကျင်းနံပါတ် (TR.2) ကျင်းအနက် (၆၀) စင်တီမီတာခန့် တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ အိုးခြမ်းကွဲမူလလက်ရာအမြင့် (၄၃) မီလီမီတာခန့်နှင့် အကျယ် (၄၆)မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအထူ (၈)မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်အချောတွေ့ရှိရပါပြီး အပြင်မျက်နှာပြင်တွင် အနုလက်ရာဒီဇိုင်းများဖြင့် တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအပြင်မျက်နှာပြင် လက်ဝဲဘက်ဒီဇိုင်းလက်ရာမှာ သိရိဝစ္ဆအပိုင်းအစကို ရွှေးလုံးကလေးများဖြင့် ပတ်ရံထားသော ဓလေးထောင့်ကွက်တစ်ခြမ်းကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲညာဘက်ခြမ်း လေးထောင့်ကွက်တွင် ပတ်လည်ရွှဲလုံးတန်းများအလယ်၌ ပြေးလွှားနေသော လူသဏ္ဍာန်အရုပ်တစ်ရုပ်ကို တွေ့ရှိရပါသည်။ လူသဏ္ဍာန်အရုပ်မှာ လက်နှစ်ဖက်ကား၍ ညာဘက်ခြေထောက် နောက်ဆုတ်ကာကုတ်ပြီးလျှင် ဘယ်ဘက်ခြေထောက်ကို ရှေ့သို့လှမ်းနေသည့်ဟန်တွေ့ရှိရသည်။ ခြေထောက်အောက်တွင် အလုံးကလေးနှစ်လုံးတွေ့ရှိရပါ၏။

အိုးခြမ်းကွဲ၏မူရင်းအရောင်မှာ အတွင်း၊ အပြင်မြေမီးဖုတ်အရောင်ဖျော့ပြီး အလယ်သား နီညိုရောင်တွေ့ရှိရပါသည်။ အိုးခြမ်းကွဲကို သဲဆန်သောမြေအမျိုးအစားဖြင့် ပြုလုပ်ထားပြီး သဲဖြူပွင့်ကလေးများ မြေသားထဲတွင် ပါရှိသည်ကို တွေ့ရှိရပါသည်။ ပုံ (၁) အိုးခြမ်းကွဲဒီဇိုင်းလက်ရာမှာ သူ့ခေတ်နှင့်သူ့အနုပညာဆန်သော အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၂) အိုးခြမ်းကွဲပုံဆွဲလက်ရာသည်လည်း (TR.2 ) ကျင်းကွက်၊ ကျင်းအနက် ၂၂၀ စင်တီမီတာမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအပိုင်းအစလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ အိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၅၀) မီလီမီတာခန့်၊ အကျယ် (၄၁) မီလီမီတာခန့်နှင့် အိုးခြမ်းကွဲအထူ (၆) မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောဖြစ်ပြီး အပြင်မျက်နှာပြင်မှာ အနုလက်ရာဒီဇိုင်းများဖြင့် တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်ပုံမှန်အရောင်အနေအထားတွေ့ရှိရပြီး အိုးပြုလုပ်သောမြေသားမှာ သဲဆန်သောမြေသားဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင် ဒီဇိုင်းလက်ရာမှာ အပေါ်ပိုင်းတွင် ရွှဲလုံး






www.burmeseclassic.com

ပန်းလိုလိုလက်ရာများ၊ ထောင့်ချိုးနှင့် အလျားလိုင်းတွန့်တို့ကို တွေ့ရှိရသည်။ အောက်ပိုင်းတွင် လေးထောင့်ကွက်နှစ်ခြမ်းကို လှိုင်းတွန့်ဖြင့်ခြားပြီး ဘယ်ဘက်ခြမ်းလေးထောင့်ကွက်ထဲတွင် လူတစ်ယောက်ကနေသည့်ဟန်တွေ့ရသည်။ လူ၏ညာဘက်လက်ကိုမြှောက်၍ ကွေးကနေပြီး ဘယ်ဘက်လက်ကို အောက်ချကာ ကွေး၍ကနေသည်ကို တွေ့ရှိရပါသည်။ ဦးခေါင်းတွင် ဆံထုံးထုံးလိုတွေ့ရှိရပြီးနောက်တွင် ဆံစင်းလေလွင့်နေသည့်အနေအထား တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပါရှိပြီး ညာဘက်ကိုမြှောက်၍ ကွေးထားသည့်ဟန် တွေ့ရှိရပါသည်။ ကနေသည့် လူရုပ်ကို ရွှံလုံးကလေးများဖြင့် ပတ်ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ရွှံလုံးတန်းအောက်တွင် ပန်းလိပ်လည်းတွေ့ရှိရပါသည်။ လှိုင်းတွန့်လက်ယာဘက် လေးထောင့် ထောင့်ချိုးကွက်ထဲတွင် ရွှံလုံးလေးများနှင့် ခြေထောက်လိုလို၊ လခြမ်းလိုလိုရွှံလုံးကြီးတစ်လုံးကိုတောင် ဖန်တပ်ထားသည့်ဟန်တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမှာ အနုစိတ်လှပြီး ဆန်းပြားသော အိုးခြမ်းကွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။





အမေရိကန်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာချိုထာ
တူးဖော်မှုဆိုဒ်ထဲတွင် တူးဖော်ရင်းနှင့် လက်တွေ့သင်ကြားနေစဉ်

ဤအိုးခြမ်းကွဲလက်ရာမှာ (TR.2) ကျင်းမှ တူးဖော်တွေ့ရှိရသောအိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄၄) မီလီမီတာခန့်၊ အကျယ် (၂၃) မီလီမီတာခန့်နှင့် အထူ(၄)မီလီမီတာခန့်ရှိပါသည်။ အိုးသားမှာ ပါးသည့်အနေအထားတွေ့ရှိရပြီး အိုးသားအပြင်ရောင်မှာ မြေမီးဖုတ်ပုံမှန်ရောင် တွေ့ရှိရပါသည်။ အိုးအတွင်းအရောင်မှာ နီညိုရောင် တောက်ပနေသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲကို သဲများသောရွှံ့သားဖြင့် ပြုလုပ်ထားသောကြောင့် သဲဖုပွင့်လေးများ ပါသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲအပြင်မျက်နှာပြင်ဒီဇိုင်းမှာ အပေါ်ပိုင်း၌ ရွှံလုံးကလေးများ၊ ပန်းလိပ်များဖြင့်တွေ့ရှိရပြီး အောက်ပိုင်းတွင် ဘောင်ခတ်ထားသောလိုင်းနှင့် ရွှံလုံးများထဲတွင် ပန်းပွင့်တစ်ပွင့်ကို တစ်ဝက်ခန့်တွေ့ရှိရပါသည်။ ပန်းပွင့်တွင် အလယ်မှဝတ်ဆံတစ်ဝက်ကို ပွင့်ဖတ်ခြောက်ဖတ်ဖြင့် ဝိုင်းရံထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၃) အိုးခြမ်းကွဲ ဒီဇိုင်းလက်ရာမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၄) အိုးခြမ်းကွဲ ဒီဇိုင်းလက်ရာကိုလည်း (TR.2) ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာ အမြင့် (၃၂) မီလီမီတာခန့်၊ အကျယ် (၂၂) မီလီမီတာခန့်နှင့် အထူ(၆)မီလီမီတာခန့်ရှိသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာ အချောသားတွေ့ရှိရပြီး အပြင်မျက်နှာ ဖော်ပြပါဒီဇိုင်းလက်ရာဖြင့် တွေ့ရှိရပါသည်။ အရောင်မှာ အတွင်းမျက်နှာပြင် မြေမီးဖုတ်ရောင်နီ







www.burmeseclassic.com

ပြီး အပြင်မျက်နှာပြင်မှာ အပေါ်ပိုင်း နီညိုရောင်တွေ့ရှိရကာ အောက်ပိုင်းမြေမီးဖုတ်အဖျော့ရောင် တွေ့ရှိရပါသည်။ အိုးသားမှာ ထူသည့်အနေအထားတွေ့ရှိရပြီး သဲများသော မြေအမျိုးအစားဖြင့် ပြုလုပ်ထား၍ သဲဖြူပွင့်များပါရှိသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲ၏ ဒီဇိုင်းလက်ရာမှာ အလယ်တွင် လူရုပ်ကို စွဲတန်းများနှင့် လိုင်းဖြင့်ပတ်၍ အလှဆင်ထားသည့် ဟန်တွေ့ရှိရပါသည်။ လူရုပ်တစ်ပိုင်းမှာ ဘယ်လက်ဘေးသို့ ဆန့်ထုတ်ပြီး အပေါ်သို့ ခပ်မြှောက်မြှောက်တွေ့ရှိရပါသည်။ ညာဘက်မှာ အောက်သို့ချထားသည့် ဟန်တွေ့ရှိရသည်၊ ဦးခေါင်းတွင် မကိုဋ်သဏ္ဌာန်ဘုံဆင့်များလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ ပုံ (၄) ဒီဇိုင်းလက်ရာသည့်လည်း အနုစိတ်လှသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။


ပုံ(၅)လက်ရာသည်လည်း (TR.2) ကျင်း၊ ကျင်းအနက် (၂၂၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ခွက်ကလေးတစ်ခွက်ပုံစံကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းလက်ရာ မြေမီးဖုတ်ခွက် အမြင့် (၁၁၅) မီလီမီတာခန့်၊ ခွက်အဝ အကျယ် (၁၁၁) မီလီမီတာခန့်၊ ခွက်ဖင် အကျယ် (၅၉) မီလီမီတာခန့်နှင့် ခွက် အထူ (၆) မီလီမီတာခန့်ရှိပါသည်။ ဖင်အထူ (၈) မီလီမီတာခန့် ရှိပါသည်။ ခွက်ပြုလုပ်ထားသော မြေသားမှာ ကျစ်လျစ်ပြီး ရွှံ့ဆန်သော မြေသားဖြင့် ပြုလုပ်ထားပါသည်။ ခွက်အရောင်မှာ အပြင် မြေမီးဖုတ်ရောင်တောက်ပပြီး




အတွင်း မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ (၅) တွင် ခွက်ကို ပုံစံနှစ်မျိုးဖြင့် ရေးသားဖော်ပြထားပါသည်။ အပေါ်ပုံမှာ ခွက်၏ဘေးအမြင့်နှင့် ခွက်၏အထုကို ရေးဆွဲဖော်ပြထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ အောက်ပုံမှာ ခွက်ကိုမှောက်၍ အပေါ်စီးမှမြင်ရသည့် အနေအထားမျိုး ရေးဆွဲဖော်ပြထားသောလက်ရာပင် ဖြစ်ပါသည်။ မူရင်းလက်ရာခွက်မှာ အစိတ်စိတ်အမြွှာမြွှာ ကွဲနေ၍ကွဲနေသည့် အနေအထားကို ပြန်လည် ဆက်စပ်၍ ရေးဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဤပုံ (၅) ခွက် မူရင်းလက်ရာမှာလည်း လက်ရာမြောက်လှသော မြေမီးဖုတ်ခွက်တစ်ခွက်ပင် ဖြစ်ပါသည်။

ဤလက်ရာမှာ (TR.2) ကျင်းမှ ကျင်းအနက် (၂၂၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော




ပုံဆွဲဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ အိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၇၇) မီလီမီတာခန့်၊ အကျယ် (၁၀၃) မီလီမီတာခန့်နှင့် အထူ(၉)မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲမူရင်းလက်ရာမှာ အပြင်မြေမီးဖုတ်ရောင်တောက်ပပြီး အတွင်းအရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။ ရွှံ့ဆန်သောမြေအမျိုးအစားဖြင့် ပြုလုပ်ထားသောကြောင့် ဤမြေအိုးခြမ်းကွဲမှာ ကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။

ပုံ (၆) အပေါ်ပိုင်းကို အရစ်အရစ်အဆင့်ဆင့်ဖော်ထားပြီး အောက်ပိုင်းတွင် အပိုင်းနှစ်ပိုင်းတွေ့ရှိရပါသည်။ အပိုင်းနှစ်ပိုင်းစလုံးကို အကောင်းမတွေ့





တူးဖော်မှုဆိုဒ်ထဲတွင် ပရော်ဖက်ဆာဒေါက်တာကျင်မောင်စတားဝေတ်ထ ယဉ်ကျေးမှု ဒု-ဝန်ကြီးအား ရှင်းလင်းပြောပြနေစဉ်




www.burmeseclassic.com

www.burmeseclassic.com




ရှိရှုတဲ ပုံနေသည်ကို တွေ့ရှိရပါသည်။ ထက်ဝဲဘက်အပိုင်းထဲတွင် အလယ်၌ ပန်းအိုးတစ်လုံးတွေ့ရှိပြီး ပန်းအိုးလက်ဝဲ ဘက်ယာတွင် ကင်းမြီးကောက်သဏ္ဌာန် တစ်ဖက်တစ်ကောင်ကိုတွေ့ရှိရပါသည်။ ပန်းအိုးအပေါ်တွင် ပန်းပွင့်သဏ္ဌာန် အလုံးကလေးများဖော်ထားပါသည်။

လက်ယာဘက် အပိုင်းခြမ်းတွင်လည်း ပန်းအိုးတစ်လုံးနှင့် ပန်းအိုးလက်ဝဲ ဘက်တွင် ကင်းမြီးကောက်တစ်ကောင် တွေ့ရှိရပါသည်။ ပန်းအိုးထိပ်တွင် ပန်းပွင့်သဏ္ဌာန်အလုံးလေးများနှင့် အညွန့်လေး တွေ့ရှိရပါ၏။ ဤအိုးခြမ်းကွဲဒီဇိုင်းလက်ရာသည်လည်း အနုစိတ်လက်ရာ မြောက်လှပါသည်။

ပုံ (၇) ဒီဇိုင်းလက်ရာသည်လည်း (TR.2) ကျင်းသည် ကျင်းအနက် (၂၃၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲဒီဇိုင်းလက်ရာ အမြင့်(၁၀၀)မီလီမီတာ၊ အကျယ်(၁၂၅) မီလီမီတာခန့်နှင့် အိုးခြမ်းကွဲအထု (၇) မီလီမီတာခန့်ရှိပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာတွင် အပြင်မျက်နှာပြင် အရောင်တောက်ပပြီး ဒီဇိုင်းလက်ရာများ ဖော်ထားပါ၏။ အတွင်းမျက်နှာပြင်တွင် အရောင်ဖျော့ပြီး အချောသာတွေ့ရှိရပါသည်။အိုးခြမ်းကွဲအလယ်သားအမည်းရောင်တွေ့ရှိရပါ၏။ အိုးသားမှာ ရွှံ့ဆန်သောမြေအမျိုးအစားဖြင့် ပြုလုပ်ထားသဖြင့် ကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲအပြင်မျက်နှာပြင်တွင် အပေါ်ပိုင်း ဒီဇိုင်းလက်ရာများဖော်ထားပြီး အောက်ပိုင်းအနုချောသာတွေ့ရှိရပါသည်။ ဒီဇိုင်းလက်ရာဖွဲ့စည်းပုံမှာ ဖောင်းကြွဆင့်ဖြင့် လေးထောင့်ခံပြီး အလယ်တွင် ပန်းလိပ်များဖြင့် တွေ့ရှိရပါသည်။ ဤ ပုံ (၇) အိုးခြမ်းကွဲလက်ရာမှာ ရိုးရှင်းစွာ ဖွဲ့စည်းထားသောဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ဤအိုးခြမ်းကွဲဒီဇိုင်းလက်ရာသည်လည်း (TR.2) ကျင်းမှ တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲမှ ကူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅၀) မီလီမီတာခန့်၊ အကျယ် (၅၀) မီလီမီတာခန့်နှင့် အထု (၂၂) မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲဆိုရသော်လည်း ပန်းကန်လုံးအပဲ့အစဖြစ်ဟန်ရှိပါသည်။ ပန်းကန်လုံးခြေထောက်ကဲ့သို့တွေ့ရှိရပါသည်။ ခြေထောက်အမြင့် (၁၅) မီလီမီတာခန့်ရှိပါသည်။ ခြေထောက်ကို အတွန့်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းကန်လုံးအပဲ့အစအရောင်မှာ အတွင်းရောအပြင်ပါ သဲကျောက်ရောင်ကဲ့သို့ တွေ့ရှိရပါသည်။


ပုံ(၈)လက်ရာမှာ ခြေထောက်လို အတွန့်ကလေးများဖြင့် အလှဆင်ထားသည်မှာ အနုပညာလက်ရာမြောက်လှပါသည်။

ပုံ(၉)မှာ (TR.2) ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ရေအိုးခြမ်းကွဲလက်ရာမှ ကူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ရေအိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၇၀) မီလီမီတာခန့်၊ အကျယ် (၉၅) မီလီမီတာခန့်နှင့် အထု(၂၅)မီလီမီတာခန့် ရှိပါသည်။ ရေအိုးခြမ်းကွဲအရောင်မှာ အတွင်းမျက်နှာပြင်အရောင်တောက်ပပြီး အပြင်မျက်နှာပြင်မှာ နီညိုရောင်တွေ့ရှိရပါသည်။




www.burmeseclassic.com

www.burmeseclassic.com




သဲဆန်သောမြေသားဖြင့် ပြုလုပ်ထားသောကြောင့် ရေအိုးခြမ်းကွဲအပဲ့အစတွင် သဲပွင့်ကလေးများပါသည်ကိုတွေ့ရှိရပါသည်။

ရေအိုးခြမ်းကွဲ၏ အပဲ့အစတွင် အတွင်းမျက်နှာမြန်အောက်ပိုင်းအချောတွေ့ရှိရပြီး အပေါ်ပိုင်းအနားရစ်တစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် အပေါ်ပိုင်းအနားရစ်နှစ်ဆင့်ဖော်ပြီး အောက်ပိုင်းတွင် အရစ်ရစ်အဆင့်ဆင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၉) ရေအိုးခြမ်းကွဲလက်ရာမှာ သူ့ခေတ်နှင့်ဘူလက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။





ပုံ(၁၀)သည်လည်း (TR.2)တျင်း၊ ကျင်းအနက် (၂၀၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးကလေးတစ်လုံးကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးလေးအမြင့် (၁၀၀) မီလီမီတာခန့်၊ အကျယ် (၁၁၆) မီလီမီတာခန့်နှင့် အိုးသားအထူ (၆)မီလီမီတာခန့်ရှိပါသည်။ အိုးတလေးတွင် အဖုံးဖြင့် တွေ့ရှိရပါသည်။ အဖုံးမှာ အကောင်းမတွေ့ရှိရတော့ပေ။ ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၀) မှာ လက်ဝဲဘက်တွင် အိုးလေးဘေးအမြင်ကို ရေးဆွဲဖော်ပြထားပြီး လက်ယာဘက်တွင် အိုးကလေးအထူကို ရေးဆွဲဖော်ပြထားသောလက်ရာပင် ဖြစ်ပါသည်။ မြေမီးဖုတ်အိုးကလေးအရောင်မှာ အပြင်တွင် အရောင်နှစ်မျိုးတွေ့ရှိရပြီး အောက်ပိုင်းမြေမီးဖုတ်ရောင်ရင့်ပြီး အပေါ်မြေမီးဖုတ်ရောင်နုသည်ကို တွေ့ရှိရပါသည်။ အိုးအတွင်းတွင်လည်း မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။ အိုးလေးကို ရွှံ့ဆန်သောမြေသားဖြင့် ပြုလုပ်ထားသောကြောင့် ကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။

မြေမီးဖုတ်အိုးလေးမှာ ချစ်စရာကောင်းလှပါ၏။ အိုးကလေးအတွင်းအနားတွင် အရစ်ကလေးတစ်ရစ်ဖော်ထားပါသည်။ အပြင်တွင်လည်း အိုးအနားရစ်ဖော်ထားပြီး အိုးလည်ဆစ်တွင်လည်း အရစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခွက်အဖုံးလေးမှာ အိုးကိုမှောက်၍ဖုံးထားသည့်ဟန် တွေ့ရှိရပါသည်။ ခွက်အဖုံးကလေးအပေါ်ပိုင်း ပဲ့နေသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးကလေးမှာ ခွက်အဖုံးကလွဲပြီး အကောင်းပကတိတွေ့ရှိရသော အိုးကလေးတစ်လုံးဖြစ်ပါသည်။ သူ့ခေတ်နှင့် သူ့လက်ရာကောင်း မြေမီးဖုတ်အိုးကလေးတစ်လုံးပင် ဖြစ်ပါ၏။

ဤလက်ရာကိုလည်း (TR.I.C) ကျင်းမှ တူးဖော်တွေ့ရှိရသောမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄၈) မီလီမီတာခန့်၊ အကျယ် (၈၅) မီလီမီတာခန့်နှင့် အထူ (၈) မီလီမီတာခန့်ရှိပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအရောင်မှာ အတွင်းရောအပြင်ပါ မျက်နှာပြင်နှစ်ဖက်စလုံး မြေမီးဖုတ်အရောက်တောက်ပြီး အလယ်သားရွှံ့ရောင်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲမှာ ရွှံ့ဆန်သောမြေသားဖြင့်ပြုလုပ်ထားသဖြင့် အိုးသားကျစ်လျစ်မာကျောသည်ကိုတွေ့ရှိရပါသည်။

အိုးခြမ်းကွဲအတွင်းမျက်နှာပြင်အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် အစင်းကြောင်းများ၊ ပွင့်ဖတ်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအပေါ်ပိုင်းနှင့် အောက်ပိုင်းတွင် အလျားလိုက် အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။ အလျားလိုက်အစင်းကြောင်းများတွင် ဒေါင်လိုက်အစင်းကြောင်း၊ တန့်လန့်ဖြတ်အစင်းကြောင်းကလေးများဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ အထက်အစင်းကြောင်း၊ အောက်အစင်းကြောင်းများအလယ်တွင် နှစ်ထပ်ပွင့်ဖတ်အကြီးအငယ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တချို့ပွင့်ဖတ်များတွင် အလယ်၌ အကြောဖော်ထားသည်ကို တွေ့ရှိရပါသည်။ တချို့ပွင့်ဖတ်များတွင်လည်း အလျားလိုက်အစင်းကြောင်းလေးများဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၁) အိုးခြမ်းကွဲဒီဇိုင်းလက်ရာသည်လည်း အနုစိတ်လှသော လက်ရာ






www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်နိုင်ငံမှ ဆာဒီတက်နှင့်
ရှေးဟောင်းသုတေသနပညာရှင်
ဒေါက်တာထွေဝစ်ဂျီနှင့်
သုတေသနပြုနေစဉ်အတွင်း အမှတ်တရ



အင်္ဂလန်နိုင်ငံမှ
ရှေးဟောင်းသုတေသနပညာရှင်
ဒေါက်တာဈာန်မေတာထာနှင့်
သုတေသနပြုနေစဉ်အတွင်း အမှတ်တရ




အင်္ဂလန်နိုင်ငံ ကင်းဘရစ်တက္ကသိုလ်မှ
ရှေးဟောင်းသုတေသနပညာရှင်
ပရော်ဖက်ဆာဒေါက်တာချင်းမှတ်ဒေဗဝင်နှင့်
တူးဖော်မှုသုတေသနပြုနေစဉ်အတွင်းအမှတ်တရ

တစ်ခုပင် ဖြစ်ပါသည်။


ပုံ• (၁၂) ဒီဇိုင်းလက်ရာသည် ထည်း (TR.1. C) ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို တူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၇၇)မီလီမီတာခန့်၊ အကျယ် (၄၅) မီလီမီတာခန့်နှင့် အိုးခြမ်းကွဲအထူ (၁၀) မီလီမီတာခန့်ရှိပါသည်။ ဤအိုးခြမ်းကွဲလက်ရာမှာ အတွင်းရောအပြင်ပါ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းအလယ်သားရှဲ့ရောင်တွေ့ရှိရပါသည်။ ရွှံ့ဆန်သောမြေသားဖြင့် ပြုလုပ်ထားသောအိုးခြမ်းကွဲဖြစ်သဖြင့် အရောင်တောက်ပ၍ ကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲ၏အတွင်းမျက်နှာပြင်အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် အပေါ်ပိုင်းအချောတွေ့ရှိရပြီး အောက်ပိုင်းအစင်းကြောင်းများ၊ ပွင့်ဖတ်များ၊ ဖောင်းများဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရ၏။ အစင်းကြောင်းများမှာ ဒေါင်လိုက်အစင်းကြောင်းများ၏အောက်တွင် ကန့်လန့်ဖြတ်အလျားလိုက်ဖောင်းတစ်ဆင့်ခံထားပါသည်။ ဖောင်းနှစ်ဖောင်းကြားတွင် မှောက်ထားသည့်ပွင့်ဖတ်များနှင့်လှန်ထားသည့် ပွင့်ဖတ်များကို တွေ့ရှိရပါသည်။ အပေါ်မှောက်ထားသည့်ပွင့်ဖတ်များမှာ သုံးထပ်တွေ့ရှိရပြီး လှန်ထားသည့်ပွင့်ဖတ်မှာ နှစ်ထပ်ပွင့်ဖတ်တွေ့ရှိရပါသည်။ ပုံ (၁၂) ဒီဇိုင်းလက်ရာသည် အနုပညာဆန်သောအိုးခြမ်းကွဲလက်ရာတစ်ခု ဖြစ်ပါသည်။




ပုံ (၁၃) မှာ (TR.2) ကျင်းမှ တူးဖော်တွေ့ရှိရသော သံချောင်းကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ ကျင်းအနက် (၂၀၀) စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိရသော သံချောင်းတစ်ချောင်းပင် ဖြစ်ပါသည်။ မူရင်းသံချောင်းမှာ အလျား (၆၅) မီလီမီတာခန့် သံချောင်းလက်ဝဲဘက်အချင်း (၂၀) မီလီမီတာခန့်နှင့် လက်ယာဘက် အချင်း (၁၂) မီလီမီတာခန့် ရှိပါသည်။ ဤကျင်းမှ ထူးထူးခြားခြား တွေ့ရှိရသော သံချောင်းများပင် ဖြစ်၏။ ဤသံချောင်းကို သံချေးအထပ်ထပ်ဖြင့် တွေ့ရှိရပါသည်။


ဤဒီဇိုင်းလက်ရာကို (TR.1.A)ကျင်းမှ တူးဖော်တွေ့ရှိရသောမြေမီးဖုတ်ခွက်ကလေးအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းခွက်ကလေး၊ အမြင့်(၁၁၀) မီလီမီတာခန့်၊ အကျယ် (၂၀၅) မီလီမီတာခန့်နှင့် အထူဆုံးနေရာ (၁၂) မီလီမီတာခန့် ရှိပါသည်။ မြေမီးဖုတ်ခွက်ကလေးအပိုင်းအစမှာ ရွှံ့ဆန်သောမြေအမျိုးအစားဖြင့်ပြုလုပ်ထားသောကြောင့် လျစ်လျစ်မာကျောပြီး အပြင် မြေမီးဖုတ်ရောင်တောက်ပကာ အတွင်းမြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။







www.burmeseclassic.com

www.burmeseclassic.com



တူးဖော်တွေ့ရှိရသည့် ပစ္စည်းများကို ပရော်ဖက်ဆာ ဒေါက်တာဂျင်းနတ်စတားကောတ်နှင့် ဓာတ်ပုံရိုက်၊ ပုံဆွဲ၍ သုတေသနပြုနေကြစဉ်

ပုံ (၁၄) တွင်အပေါ်ပုံ၊အောက်ပုံ ပုံစံ (၂) မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အပေါ်ပုံမှာ မြေမီးဖုတ်ခွက်ကလေးကို မှောက်၍ အပေါ်စီးမှမြင်ရသည့်အနေအထားကို ရေးဆွဲဖော်ပြထားပြီး အောက်ပုံမှာ ခွက်ကလေး၏ဘေးအမြင်နှင့်အထူကို ရေးဆွဲဖော်ပြထားသည့်လက်ရာပင် ဖြစ်ပါသည်။ ခွက်လေးမှာ အပေါ်ကျဉ်းပြီး အောက်ကားသည့်အနေအထား တွေ့ရှိရပါသည်။ အပေါ်ပိုင်းကျိုးပဲ့နေပေပြီ။ အပေါ်ပိုင်းတွင် အရစ်ကလေးများအဆင့်ဆင့်ဖော်ထားပြီး အောက်တွင် အနားရစ်တစ်ရစ်လန်နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၄) သည် လက်ရာကောင်းခွက်ကလေးအပိုင်းအစတစ်ခုပင်ဖြစ်ပါသည်။

ပုံ (၁၅)ဒီဇိုင်းလက်ရာသည်လည်း (TR.2) ကျင်း၊ ကျင်းအနက် (၂၃၀) စင်တီမီတာခန့် တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအပိုင်းအစတစ်ခုမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၅၅) မီလီမီတာခန့်၊ အကျယ် (၈၈) မီလီမီတာခန့်နှင့် အထူ (၃၃) မီလီမီတာခန့် ရှိပါသည်။အိုးခြမ်းကွဲအရောင်မှာ အပြင်မြေမီးဖုတ်ရောင်တောက်ပပြီး အတွင်းအရောင်ဖျော့သည်ကိုတွေ့ရှိရပါသည်။ မြေသားဆန်သောမြေဖြင့်ပြုလုပ်ထားသော်လည်း သဲဖြူပွင့်ကလေးများပါသည်ကို တွေ့ရှိရပါသည်။ ဤမြေဖုတ်အိုးခြမ်းကွဲအပဲ့အစမှာ ရေအိုးကြီးအနားအပဲ့တစ်ပဲ့ဖြစ်ဟန်ရှိပါသည်။

ပုံ (၁၅) ဒီဇိုင်းလက်ရာသည်လည်း (TR.2) ကျင်း ကျင်းအနက် (၂၃၀) စင်တီမီတာခန့် တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစတစ်ခုမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၅၅) မီလီမီတာခန့်၊ အကျယ် (၈၈) မီလီမီတာခန့်နှင့် အထူ(၃၃)မီလီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအရောင်မှာ အပြင်မြေမီး[illegible]တ်အရောင်တောက်ပပြီး အတွင်းအရောင်ဖျော့သည်ကိုတွေ့ရှိရပါသည်။ မြေသားဆန်သော မြေဖြင့်ပြုလုပ်ထားသော်လည်း သဲဖြူပွင့်ကလေးများပါသည်ကို တွေ့ရှိရပါသည်။ ဤမြေဖုတ်အိုးခြမ်းကွဲအပဲ့အစမှာ ရေအိုးကြီးအနားအပဲ့တစ်ပဲ့ဖြစ်ဟန်ရှိပါသည်။

ပုံ (၁၅) အိုးခြမ်းကွဲတွင် အတွင်းမျက်နှာပြင်တွင် အနားရစ်ဖော်ထားပြီး အပြင်မျက်နှာပြင်အပေါ်ပိုင်းတွင်လည်း အနားရစ်ဖော်ထားကာ အနားရစ်အောက်တွင် ခြောက်မျက်နှာအကွက်ကလေးများ ဆက်၍ ထူးဆန်းစွာ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရှားပါးသော ရေအိုးအနားလက်ရာတစ်ခုပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများမှာ (HMA. 58) ကုန်းမှ တူးဖော်တွေ့ရှိသော လက်ရာများထဲမှ CAMBRIDGE UNIVERSITY မှ ပရော်ဖဆာ ဒေါက်တာ ဂျင်းနတ်စတားကတ် ရေးဆွဲခိုင်းသည့် ဒီဇိုင်းလက်ရာများတချို့ကို ရေးဆွဲဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီဘုံးသာ(ရှေးဟောင်းသုတေသန)




ကိုးကားချက် -


၁။ ကိုယ်ကိုယ်တိုင်တူးဖော်သုတေသနပြုမှုမှတ်စု
၂။ ဒေါက်တာ ဂျင်းနတ်စတားကတ်၏ သုံးသပ်ချက်မှတ်စု
၃။ ရဟန္တာဂူကျောက်စာမှမှတ်စု

www.burmeseclassic.com

စာရေးဆရာကြီး ချစ်စံဝင်း၏ ဤခရိုနီးသလား စာအုပ် (အမျိုးသား စာပေဆုရ) ၌ မွှာစရိယ-ဦးခင်မောင် အမှာစာရေးပါသည်။ ထိုအမှာစာ၏ အနှစ်ချုပ်မှာ -

သင်လှူပြည်ကို ဝင်ရောက်လာစ ငိုပြီးဝင်လာတယ်၊ သင့်ကို ကြိုဆိုသူ တွေက ရယ်ပြီးကြိုဆိုကြတယ်။ သင် လူ့ပြည်ကိုနှုတ်ဆက်ပြီးထွက်ဖို့ပြင်တော့ သင့်ကို ပို့ဆောင်သူများက ငိုပြီးပို့ကြ တယ်။ သင်က ငိုမှာလား၊ ရယ်မှာလား။ ကြိုသူတွေရယ်တုန်းက သင်ငိုလျှင် ပို့သူ တွေငိုကြတော့ သင်ကရယ်မှ သဘာဝ ကျမှာပေါ့။

ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်က ထိုအမှာစာကို အဘောကျလွန်းသဖြင့် ရှိစုမဲ့စုညာဏ် ဖြင့် အောက်ပါအတိုင်း ကဗျာဖွဲ့ ထိုက်ပါသည်။

# ချောင်းဆုံအနန်းသွင်

## ရယ်ပြီး ပြန်သူ



ရယ်ပြီးပြန်ပါ

သ လူ့ပြည်လူ့ရွာ၊ သင်ရောက်လာ
ပုညာ,အပုညာ၊ သတ္တိပ
အမိဝမ်းမှာ၊ နေရတာ၊
မသက်သာစွ၊ ကိုး,ဆယ်လ။
အမိဝမ်းက၊ ကျွတ်လွှတ်စ၊
ဖြင်ပကမ္ဘာ၊ ကြောက်ဖွယ်ရာ။
နေ, လေ, ပူ, အေး၊ ဆူညံသေး၊
ရွှေသွေးဘဝ၊ ထိတ်တလန့်။
ကြောက်အားပိုပို၊ ရွှေသွေးမျို၊
ငိုပေသံများ၊ တဝါးဝါး၊
မိအနှစ်ပါး၊ ငိုသံကြား၊
ဖွားများပီတိ၊ ဝမ်းဆီထိ။
ဘိုး,ဘွားမျိုးဆွေ၊ အကုန်ပေ၊
ရယ်လေသဗျား၊ တဟားဟား။
လာသူတင်ငိုး၊ ကြိုသူကရယ်၊
ဤနှယ်ဤပ၊ သင်လာစ။ ။
သင့်မှာယခု၊ ရတုချိန်ထောက်၊
ပြန်ချိန်ရောက်ပြီ။
ပုညာ, အပုညာ၊ နှစ်ဖြာထုပ်မျိုး၊
တော့မှာပိုးလျှက်၊ ခရီးထွက်ဖို့၊
သင်ကား နှုတ်ဆက်ရလေပြီ။
ကြိုဆိုသူများ (ပို့မည့်သူများ)
မရယ်အား၊ ဆည်းတာမရ-ငိုကြပြီ။
သင်ငိုမည်လား၊ ရယ်မည်လား။
စဉ်းစားသင့်လှသည်။
သူတို့ရယ်စဉ်၊ သင်ငိုလျှင်၊
သူတို့ငိုက၊ သင်ရယ်မှ၊
ကျမည်သဘာဝ။ ။

အထက်ပါကဗျာကို ကျွန်တော်၊ ရောင်ပြန်မဂ္ဂဇင်းတိုက်သို့ ပေးပို့လိုက်ပါ သည်။ ရောင်ပြန်မှာရော မနုစာရီမှာပါ ဖော်ပြပါသည်။

ကျွန်တော်က ကျွန်တော့်ဇနီးကို ဝမ်းသာအားရပြောပြပါသည်။ သူက 'ကောင်းသားပဲ' ဟု ကျွန်တော်ကျေနပ်ရဲ့ မှတ်ချက်ပေးပါသည်။ ထို့နောက် ကာလရှည်မြင့်စွာ မေ့နေခဲ့ပါသည်။

ကျွန်တော့်ဇနီးမှာ ဆီးချို၊ သွေးချို သွေးတိုး၊ နှလုံးရောဂါများရှိပါသည်။ ထိုရောဂါများကို ကုနေရင်းမှ အဝလွန် ရောဂါတိုးလာပါသည်။ ဆရာဝန်တာထု နေရင်းမှ ၂၀၁၄ ခု၊ နိုဝင်ဘာလဦးပိုင်း တွင် C.T ဓာတ်မှန်ရိုက်ရန် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့တင်လိုက်ပါသည်။ ဓာတ်မှန်ရိုက်ပြီး အဖြေထွက်သော

www.burmeseclassic.com

ဆရာဝန်က ကျွန်တော့်သမီးကို အသည်းကင်ဆာဟုဆိုပါသည်။ သမီးက 'လူနာအား အသိမပေးရန်' မေတ္တာရပ်ခံပါသည်။

ထို့ကြောင့် ဆရာဝန်က ကျွန်တော့်ဇနီးအား -

"အမေကြီး၊ အသည်းနည်းနည်းခြောက်လို့ဖြစ်တာကိစ္စမရှိဘူး။ သောက်ဆေးနဲ့ပျောက်တယ်။ အိမ်မှာကောင်းကောင်းပြန်နား၊ စိတ်ချမ်းချမ်းသာသာနေ"

ဟု ပြောပါသည်။

ဆေးရုံမှဆင်းခဲ့ပြီးနောက် (၆) လခန့်အထိ ဝေဒနာကို သက်သက်သာသာခံစားခဲ့ရသည်။ ဆေးကိုမူ လစ်ဟင်းမှုမရှိအောင် ဂရုစိုက်တိုက်သည်။ (၆) လကျော်တော့ အသက်ရှူကျပ်သည်ဟုဆိုသဖြင့် ဆရာဝန်ထံပြန်ပြသည်။ ဆရာဝန်က အကြောင်းထူးမှ ပြန်လာပါဆိုသဖြင့် ယခုမှပြန်ပြရခြင်း ဖြစ်သည်။ ဆရာဝန်က ဆေးပြောင်းပေးသည်။ ပြောင်းခါစက သက်သာသလိုရှိသော်လည်း နောက်ဆိုးလာပါသည်။

ထိုအတောအတွင်း သူကမပြတ်ပုတီးစိပ်သည်၊ ပရိတ်ရွတ်ဖတ်သည်။ ကျွန်တော်က တရားမှတ်ဖို့ပြောရာ သူမှတ်ကြည့်သည်။ မရဟုဆိုပါသည်။ ကျွန်တော်က 'အနိစ္စ၊ ဒုက္ခ၊ အနတ္တကို အနည်းဆုံး ပုတီး (၃) ပတ်ရအောင်စိပ်ပါ' ဟုဆိုပြီး အစိပ်ခိုင်းသည်။

ထို့ပြင် -

"လူတွေဟာ ငယ်ရာကကြီး၊ ပြီးတော့ အို၊ ဒီကြားထဲ အနာရောဂါက ဖိစီးနှိပ်စက်သေး။ ပြီးတော့ သေကြရတာ မမွေတာပဲမဟုတ်လား။ အဲဒါ အနိစ္စသဘော၊ မမြဲခြင်းသဘောဘဲ။ အဲဒီလိုအာရုံပြုပြီးတော့ -

အဲဒီလိုဖြစ်နေရတာ ချမ်းသာခြင်းမဟုတ်။ ဆင်းရဲခြင်းသက်သက်ပဲ၊ ဒုက္ခပဲလို့လည်း အာရုံပြု။

အဲဒါတွေဟာ ကိုယ်ဖြစ်စေချင်တာလား၊ မဟုတ်ဘူး။ ကိုယ်ကမြဲချင်တယ်။ ချမ်းသာချင်တယ်။ သူကမမြဲဘူး။ ဆင်းရဲတယ်။ အဲဒါကိုယ့်အလိုမလိုက်တဲ့ အနတ္တသဘောပဲလို့အာရုံပြု"

ဟု ဆိုပြီး အလွယ်တကူ အာရုံပြုနိုင်အောင် မကြာခဏပြောပြသည်။ ပြီးတော့ မမွေစကြာဒေသနာကို စကားပြေဖြင့် ပြောပြသည်။ မဂ္ဂင် (၈) ပါးကိုလည်း စကားပြေဖြင့်ပင် ရှင်းပြသည်။ ပြီးတော့ 'ရယ်ပြီးပြန်ပါ' ဆိုတာကိုလည်း ခဏခဏ ပြောပေးသည်။

အိမ်မှာ အလုပ်သမားနှင့်ကျောင်းသားချည်းမို့ ကျွန်တော်တို့နှစ်ယောက်သာကျန်သည်။ ယခင်က ကျွန်တော်တစ်ခါတစ်ရံမှ တရားစကားပြောပြီး ယခုဆက်ပြောသည်။ သေတာ အဆန်းမဟုတ်ဘူးဆိုသည့်အချက်ကို မသိမသာ ညှပ်ပြောသည်။ ရောဂါကလည်း တက်လာတော့ တဖြည်းဖြည်းသူ့ရှိပ်မိလာဟန်တူပါသည်။ သို့သော် သူ့ရောဂါအကြောင်း သူမမေးပါ။

တစ်နေ့တွင် သူက -

"လူတွေဘာလို့ငိုပြီးပြန်ရသလဲ"

ဟု မေးပါသည်။

ကျွန်တော်က-

"လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ အကြောင်းကိစ္စတစ်ခုခုကိုဖြစ်စေ စွဲလမ်းတာမိလို့ ငိုရတာပဲ"

ဟု သူနားလည်အောင် အလွယ်အတိုပြန်ဖြေလိုက်ပါသည်။

သူ့ရောဂါမှာ တစ်နေ့တခြားဆိုးရွားလာပါသည်။ တပိုတပါးကိုယ်တိုင်မသွားနိုင်သဖြင့်တွဲပို့ရပါသည်။ တစ်ဖန်ခုတင်ဘေးတွင် ခုံပြုလုပ်ပေးရပါသည်။ တွဲချတွဲတင်ရပါသည်။ နေ့ခင်းပိုင်းတွင် ကျွန်တော်တစ်ယောက်တည်းလုပ်ရပါသည်။ ကျွန်တော်ကလည်း လေဖြန်းထားသည့်ဒုက္ခိတ။ နောက်တော့ ခုတင်အောက်သို့ပင် မဆင်းနိုင်တော့ပါ။ ပက်လက်အိုးဖြင့်လည်း မသွားတတ်သဖြင့် အဝတ်ပေါ်တွင်သွားရပါသည်။ စိတ်ကလည်း ဂနာမငြိမ်ဖြစ်လာသည်။ မကြာခဏထိုင်ချင်စိတ်ပေါက်လာသည်။ ကြာရှည်လည်းမထိုင်၊ အကြာဆုံး (၅) မိနစ်ခန့်၊ အိပ်နေရာတွင်လည်း (၁၀) မိနစ်ထက်မပို၊ ထချင်ပြန်သည်။

ကျွန်တော်က အားပေးသည့်အနေဖြင့် သူ့လက်ကိုဆုပ်ပေးတော့ သူပြန်ဆုပ်ပါသည်။ သူ့မှာ အလွန်ချစ်ရသူ (၃) ယောက်ရှိသည်။ အမှတ် (၁) မှာ မြေးကြီး မြတ်ဆုခိုင်၊ အမှတ် (၂) မြေး စည်သူအောင်၊ အမှတ် (၃) သား မောင်စံမြင့်တို့ ဖြစ်ပါသည်။ မောင်စံမြင့်က ပျဉ်းမနားမှာ။ မြတ်ဆုခိုင်က ဗိုလ်တထောင် သန်လျက်စွန်းမှာ။ စည်သူအောင်က အတူနေ။ သို့သော် အလုပ်က နေ့၊ ညဆိုသလို သွားနေရသည်။

သူ့ကို အခြားသူများထဖို့ထူပေး၊ အိပ်ဖို့လှဲပေးလျှင် နောက်ကျောကိုသာ တွန်းမဖေးမချရသည်၊ စည်သူအောင်ဆိုလျှင် လည်ပင်းဖက်ရသည်။

(၅) ရက်အလိုခန့်တွင် ပျဉ်းမနားက သူ့သား မောင်စံမြင့် ရောက်လာသည်။ ကျွန်တော့်နေရာတွင် မောင်စံမြင့်ဝင်လာသဖြင့် ကျွန်တော်နားရပါသည်။ အခြေအနေကြည့်ပြီး တရားစကားပြောပါသည်။ သေမည့်သူကိုပြောသည့်စကားမျိုးမဖြစ်အောင် သတိထားရပါသည်။ 'ငါသေမှာမို့ ဘဝကူးကောင်းအောင် တရားပြနေတာပဲ' ဟု တွေးပြီး သေခြင်းအပေါ် ကြောက်စိတ်ဝင်လျှင် အယူတိမ်းသွားနိုင်ပါသည်။ ထို့ကြောင့် ပြောနေကျ တရားစကားများကိုသာ ပြောပါသည်။

(၄) ရက်အလိုတွင် သူ့အချစ်ဆုံးမြေး မြတ်ဆုခိုင် ခွင့်ရသဖြင့် ရောက်လာပါသည်။ မောင်စံမြင့်နှင့် မြတ်ဆုခိုင်တို့ တစ်လှည့်စီ ထူရ၊ သိပ်ရပါသည်။

(၅) ရက်အလိုကတည်းက သူ ပုတီးမစိပ်နိုင်တော့ပါ။ (၃) ရက်အလိုတွင် ကျွန်တော်က သူ့လက်ကိုဆုပ်ပြီး တရားစကားပြောပါသည်။ သူက သူ့လက်ကို ရုန်းထွက်ပြီး ကျွန်တော့်လက်ကို တွန်းဖယ်လိုက်ပါသည်။

ကျွန်တော်ရိပ်စားမိလိုက်ပါသည်။ သူ ကျွန်တော့်ကို အတွယ်အတာဖြတ်ခြင်း ဖြစ်သည်။ သေရန် (၅) ရက်အလိုတွင် မောင်စံမြင့်ကိုရော မြတ်ဆုခိုင်ကိုပါ အဖက်မခံတော့ပါ။ အခြားသူများကဲ့သို့ပင် ထူရ၊ သိပ်ရပါသည်။ အကုန်သံယောဇဉ်ဖြတ်ဟန်တူပါသည်။ နိုဝင်ဘာလ ၂၇ ရက်နေ့မနက်မှာ ဆုံးသည်။ ၂၆ရက်နေ့ ည (၁၁) နာရီအထိ သူ မကြာခဏထိုင်လိုက်၊ အိပ်လိုက်လုပ်နေပါသည်။ ကျွန်တော်က တရားစကားမပြောတော့ဘဲ၊ အနားမသွားတော့ဘဲ တရားခွေကို ခပ်တိုးတိုးဖွင့်ပေးသည်။ ည(၁၀)နာရီခန့်တွင် သူ့ကို အာဟာရမှုန့်ဖျော်တိုက်ပြီး ဆေးတိုက်ပါသည်။ ဆေးလုံးဖြစ်ပြီး အမျိုးရခက်နေပါသည်။

ကျွန်တော်က အနားသွားပြီး -

"ကြားရရဲ့လား (တရားသံ)"

ဟု မေးရာ သူက -

"ကြားပါတယ်"

ဟု ပုံမှန်လေသံဖြင့် အသံထွက်ရှိဖြေပါသည်။

ကျွန်တော်က သမီးကို -

"ဆေးတိုက်လို့မဖြစ်တော့ဘူး။ ဆေးထိုးမှဖြစ်မယ်။ ဆရာဝန်ကိုသွားပြော"

ဟု ပြောပါသည်။ ဆရာဝန်က အိမ်ရှေ့လမ်းမကျော်တွင်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြန်မာမြောက်များ ပူတာအိုဒေသမှ တိရစ္ဆာန်ထွက်ဆေးဖက်ဝင်ပစ္စည်းများ

**မောင်နွယ်သန်း**

စာရေးသူအနေဖြင့် ပူတာအိုမြို့တွင် တစ်နှစ်ကျော်မျှ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ဆေးဖက်ဝင်အပင်များ၊ တန်ဖိုးမြင့်သစ်သီးဝလံများအကြောင်းကို ခံလေ့လာရင်း တိရစ္ဆာန်ထွက်ဆေးဖက်ဝင်ပစ္စည်းများအကြောင်းကိုလည်း လက်လှမ်းမီသရွေ့ လေ့လာမှတ်တမ်းတင်ခဲ့ပါသည်။ ကတိုးကောင်၊ ကတိုးဆီ၊ တောင်ဆိတ်မှတောင်ဆိတ်ဆီ၊ တောင်ဆိတ်ခွာ၊ လျှာ၊ ချိုများ၊ ကြံ့သွား၊ ဝံသည်းခြေ၊ စပါးကြီးသည်းခြေ၊ မြွေကောင်ဆူး၊ ဆတ်သတ္တဝါမှ ဆတ်ချိုနုတွင်းငှက်သိုက်၊ တောနက်ကြီးများရှိတို့၏ဆေးဖက်ဝင်ပုံများကို လေ့လာခဲ့ပါသည်။

**ကတိုးဆီ**

ကတိုးကောင်များကို ပူတာအိုဒေသ ရေခဲတောင်တန်းများတွင် တွေ့ရပါသည်။ ကတိုးကောင်များသည် ရေခဲထူသည့်နေရာနှင့် အလွန်နီးကပ်စွာနေထိုင်၍ ချေသတ္တဝါများကဲ့သို့ သစ်ရွက်များကိုသာစားပါသည်။ ထူးခြားသည်မှာ နာခေါင်းနှင့် ပါးစပ်များသည် ကြောင်ထိုလို၊ ခွေးလိုလိုပုံသဏ္ဌာန်ရှိပြီး ခန္ဓာကိုယ်နှင့် ခြေထောက်များမှာ ဒရယ်နှင့်တူသည်။ ချေ၊ ဒရယ်များကဲ့သို့ ခြေထောက်တွင် ခွာများရှိသည်။ ကတိုးသည် ရှားပါးသတ္တဝါဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော ကတိုးမွှေးအဆီများ ရရှိပါသည်။

ကတိုးကောင်အထီးတို့သည် ချက်တွင် အလွန်မွှေးကြိုင်သော အမည်းထုပ်လုံးကလေးများ (သို့) အမှုန့်များနှင့်ပြည့်နေသော အထုပ်ကလေးတစ်ထုပ်ကို အရေနှင့်အသားကြားတွင် တွေ့ရှိရပါသည်။ အဆိုပါအရာကား အလွန်တန်ဖိုးကြီးသော ကတိုးလုံးခေါ် အဆီခဲဖြစ်ပါသည်။ အမများတွင် မရှိချေ။ ကတိုးလိုက်မုဆိုးများသည် ကတိုးကောင်များကို ရရှိသောအခါ အသားကိုစား၍ အမွှေးဆီပါသောအိပ်ကလေးကို ဆွဲထုတ်ယူကာ အခြောက်လှန်းထားပြီး ရောင်းချကြပါသည်။ ဆေးဖက်ဝင်လှပါသည်။

အဆီခဲမှာ ပျော့အိနူးညံ့နေပါသည်။ နှာစေး၊ ချောင်းဆိုးအတွက် ရှူဆေး၊ လေနာရောဂါသည်များအတွက် ရေနှင့် ဖျော်သောက်ခြင်းဖြင့်လည်း ပျောက်ကင်းသည်ဟုဆိုပါသည်။ မြင်းနှင့်လားများတွင်ဖြစ်တတ်သောရောဂါများအတွက်လည်း အဆိုပါ ကတိုးမွှေးအဆီဝကို ဆေးအဖြစ် အသုံးပြုကြရသည်ဟု ဆိုပါသည်။ ကတိုးကောင်၏ ခန္ဓာကိုယ်မှအမွေးများသည် အချောင်းကြီးပြီး အလွန်ပေါ့ပါးသည်။ ခေါင်းအုံးလုပ်အိပ်လျှင် ခန္ဓာကိုယ်အကိုက်အခဲ၊ ခေါင်းကိုက်ရောဂါမဖြစ်ဟု ဆိုပါသည်။ ကတိုးသားမှာလည်း အနံ့မွှေးပြီး အလွန်စားကောင်းသည်ဟုဆိုပါသည်။ မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသမှ ရှားပါး အဖိုးတန် ဆေးဖက်ဝင် သတ္တဝါတစ်မျိုး ဖြစ်ပါသည်။

ကတိုးဆီတွင် ရေငွေ့ (၂၂. ၅၆) ရာခိုင်နှုန်း၊ ပြာ (၃. ၆၂ ရာခိုင်နှုန်း) (၎င်းတွင် ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံ၊ ကလိုရင်းဓာတ်များ ပါဝင်သည်။) နိုက်ထရိုဂျင်အဖွဲ့အစည်းများ (အမိုနီယမ်ကာဗွန်နိတ် ၁. ၅၉ ရာခိုင်နှုန်း၊ အမိုးနီးယား ၁. ၈၉ ရာခိုင်နှုန်း၊ ဖိုက်ဘာ ၁. ၅၉ ရာခိုင်နှုန်း၊ အဆီအက်စစ် ၅. ၁၅ ရာခိုင်နှုန်း၊ မက်တစခုံး ၁. ၁၂ ရာခိုင်နှုန်း၊ နော်မက်စခုံးတို့ ပါဝင်ပါသည်။)

ဆေးကျမ်းများအရက ကတိုးအနံ့.

ဆရာဝန်က -

"မနက် (၇) နာရီမှ ထိုးရမယ်။ အဲဒီမတိုင်မီ ဆရာမကိုလွှတ်လိုက်မယ်။ ဆေးကိုခံနိုင်ဖို့ အစာ (အာဟာရမှုန့်ဖျော်) ကို ပိုက်နဲ့သွင်းရမယ်"

ပြောလိုက်သည်။

၂၆ ရက်နေ့ ည (၁၁) နာရီတွင် ထိုင်ရာမှ ပြန်အိပ်ပြီးနောက် -

"ညာဘက်စောင်းအိပ်ချင်တယ်"

ဆိုသဖြင့် စောင်းပေးလိုက်ကြသည်။ လုံးဝလှုပ်လည်းမလှုပ်၊ လှည့်လည်းမလှည့်ပါ။

သူမြေးများက -

"အဘွားသက်သာရဲ့လား"

ဟု မေးတော့ သူက ပေါင်ကို လက်ဖြင့်(သက်သာသည်၊ မနှောင့်ယှက်နှင့်) သဘော ပုတ်ပြသည်။ သူ့ကို ဤအတိုင်း အလှည့်ဖြင့်စောင့်ကြည့်နေကြသည်။ အသက်မှန်မှန်ရှူနေသည်။ လုံးဝမလှုပ်ပါ။

သို့ဖြင့် မနက်မိုးလင်းပြီး ၂၇ နေ့သို့ ရောက်လာပါသည်။ မနက် (၇) နာရီခွဲခန့်တွင် ဆရာမရောက်လာပါသည်။ အာဟာရမှုန့်ဖျော်ပြီး ပိုက်ထဲထည့်ပါသည်။ ထို့နောက် သူ့အား -

"ဆေးထိုးဖို့အတွက် အားရှိအောင် အင်ရှုဝါး (အာဟာရမှုန့်) သောက်မယ်။ ဒီအတိုင်းဆိုရင် ပင်ပန်းမှာမို့ ပိုက်နဲ့သွင်းပေးမယ်။ ပိုက်ကိုပဲ မျိုနိုင်သလောက်မျိုပေး"

ဆိုပြီး မထူတော့ဘဲ ပက်လက်လှန်ပေးပြီး ပိုက်ဖြင့် အဖျော်ရည်သွင်းပေးပါသည်။ အကြမ်းပန်းတန်လုံးစာစ်ဝက်ကျော်ခန့်ဝင်သွားပါသည်။ ပြီးတော့ သူ့ကိုကြည့်နေရာ နှုတ်ခမ်းတစ်ချက်လှုပ်သည်ဆိုရုံလှုပ်သွားပါသည်။ မျက်နှာက ကြည်ကြည်လင်လင်ဖြစ်နေလေသည်။ ကျွန်တော်တို့က အခြေအနေကောင်းသည်ဟု ထင်ကြသော်လည်း အတွေ့အကြုံရင့်ကျက်နေသော ဆရာမက လည်ပင်းကို အတန်ကြာစမ်းကြည့်ပြီး -

"မရှိတော့ဘူး"

ဟု ပြောပါသည်။

ကျွန်တော်က သတိရပြီး -

'မည်သူမျှ အသံမထွက်ရန်' လက်ဖြင့် တင်းကျပ်စွာ အချက်ပြထားပါသည်။ အတန်ကြာမှ ဆရာဝန်ရောက်လာသည်။ ဆရာဝန်က သေချာစွာစမ်းသပ်ပြီးနောက်-

(၈) နာရီ မိနစ် (၂၀) တွင် ကွယ်လွန်သည်ဟု အတည်ပြုပေးပါသည်။

ထိုအခါမှငိုကြပါသည်။

ပွဲသူများ မငိုမီကပင် သူက 'ရယ်' ပြီးပြန်သွားလေပြီ။

*ကျွန်တော်မှအစပြန်သူအားလုံး ရယ်ပြီးပြန်နိုင်ကြပါစေ*

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆတ်သွားဖူးရန့်ကဲ့သို့ သင်းပုံ့သည်။ နှလုံးသွေးဖျက်၍ စိတ်ဝေဒနာတို့အတွက် သွေးလှည့်ပတ်မှုမှန်ကန်စေသည်။ သုက်ဓာတ်ပွားနေခြင်း၊ အရေပြားဝေဒနာ၊ သလိပ်နာ၊ ခံတွင်းပျက်ခြင်း၊ ပျို့အန်ခြင်း၊ ချောင်းဆိုးခြင်း၊ တွေဝေထိုင်းမှိုင်းခြင်းနှင့် အဆိပ်သင့်ဝေဒနာတို့တွင် အသုံးပြုပါသည်။

ရှေးခေတ်တရုတ်သမားတော်ကြီးများသည် သွက်ချာပါဒ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ လတ်တလောဒဏ်ရာနှင့် အရက်စွဲဝေဒနာတို့အတွက် သွေးပြန့်စေရန် သုံးစွဲပါသည်။

□ တောင်ဆိတ်

ပူတာအိုဒေသ နောင်မွန်မြို့နယ်နှင့် ဆွမ်ပရာဘွန်မြို့နယ်များတွင် တွေ့ရှိရပါသည်။ ဆေးဖက်ဝင်သတ္တဝါတစ်မျိုးဖြစ်ပါသည်။ တောင်ဆိတ်ခွာ၊ ဦးချိုနှင့် အဆီတို့သည် ဆေးဖက်ဝင်၏။ အတွင်းကြေဒဏ်ရာများ၊ အကိုက်အခဲများအတွက် လိမ်းဆေးအဖြစ် အသုံးပြုကြပါသည်။

တောင်ဆိတ်များသည် အလွန်မြင့်သည့် ဆီးနှင်းခဲတောင်များ၊ ဟိမဝန္တာတောင်၊ အယ်လ်ပတ်တောင်တန်း၊ ကော့ကေးရှတောင်တန်းနှင့် ပါရမီတောင်တန်း စသည့် တောင်တန်းများပေါ်တွင် နေထိုင်ကြသော သတ္တဝါတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နာဂတောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသများတွင်လည်း တွေ့ရပါသည်။ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံတွေ့နေရသော သတ္တဝါတစ်မျိုးဖြစ်ပါသည်။ ထူးခြားသည်မှာ ပူတာအိုဒေသ၌ တောင်ဆိတ်အနီနှင့် အနက်များ တွေ့ရခြင်းပင် ဖြစ်ပါသည်။

တောင်ဆိတ်အဖို၏ ဦးချိုသည် မားလွယ်ကောက်သဖွယ် အထစ်ထစ်ဖြစ်နေသည့်အတွက် အရှည်လက်မ (၃၀) မှ (၆၀) အထိ ရှိတတ်သည်။ အမများ၏ဦးချိုမှာ လက်မဝက်ခန့်သာရှည်ပါသည်။ ရေအမြဲခဲနေသော တောင်အမြင့်ပိုင်းတွင်သာနေထိုင်ပြီး အစာစားရန် သစ်တော၊ မြက်တောရှိရာသို့ ညအချိန်ဆင်းလာတတ်ပါသည်။ ထူသောအမွေးများကြောင့် အအေးဒဏ်ခံနိုင်သည်။ အမွေးမှာ အပြာနီရောင်ဖြစ်၍ ဆောင်းအခါတွင် ပို၍ရှည်သည်။ အရပ်မှာ (၄၀) လက်မခန့်သာရှိသည်။ ရှေ့ခြေများသည် နောက်ခြေများထက် တိုသဖြင့် ဆင်းတက်ရန် ပိုမိုလွယ်ကူပါသည်။

တောင်ဆိတ်များသည် အုပ်စုလိုက်မနေတတ်ကြချေ။ ဆိတ်မများနှင့် ဆိတ်ကလေးများသာ အနည်းငယ်စု၍ အုပ်စုဖွဲ့နေတတ်ကြသည်။ ဆိတ်အိုကြီးများမှာမူ မြင့်မားလှသော တောင်ထိပ်များတွင် တစ်ကောင်တည်း ကျက်စားနေထိုင်တတ်သည်။ တောင်ဆိတ်ဆိုသည့်အတိုင်း အလွန်မတ်စောက်၍ အတက်ရခက်သော နေရာများတွင် တက်ရောက် သွားလာနိုင်ကြပါသည်။

ဆေးကျမ်းများအရ ချိုသည် ဝမ်း၌ စမြင်းခံသောအနာ၊ သွေးလာအစုအဝေးဖြစ်သောအနာ၊ ရှေ့၌ဖြစ်သောအနာ၊ ပြည်နာ၊ ပိုးနာ၊ မျက်စိမွဲ၍စွဲသောတိမ်နာ၊ သလိပ်ကြီးသောအနာများကို နိုင်သည်ဟုဆိုထားပါသည်။

□ ကြံ့သွေး

ရှေးယခင်က ကြံ့များကို ပူတာအိုဒေသ ဆွမ်ပရာဘွန်မြို့နယ်တွင် တွေ့ရှိရသည်ဟု ဆိုပါသည်။

ကြံ့သွေးသည် ကြံ့သတ္တဝါသွေးကို အခဲပြုလုပ်၍ ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ အနီရောင်ရေးပျစ်သော တစ်ဝက်တစ်ပျက်အရည်အဖြစ်မြင်တွေ့ရပြီး ဖွဲ့စည်းမှုအရ ဓာတုပစ္စည်း မြောက်မြားစွာပါဝင်ပါသည်။

သွေးသည် ခန္ဓာကိုယ်အတွင်း၌ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်တို့ကို သယ်ပို့ခြင်း၊ စွန့်ထုတ်ခြင်းတို့အတွက် တာဝန်ထမ်းဆောင်သကဲ့သို့ ခန္ဓာကိုယ်အတွက် အသုံးစွမ်းအားရရှိစေရန် အာဟာရကို လည်းကောင်း သယ်ပို့ပေးသည်။ ခန္ဓာကိုယ်တွင် လုံလောက်သော သွေးပမာဏမရှိလျှင် လုံးဝမဖြစ်။ ယုတ်စွအဆုံး သွေးပေါင်ချိန်သတ်မှတ်နှုန်းမပြည့်လျှင် သွေးအားနည်းခြင်းကို တိုက်ရိုက် မဖြည့်ဆည်းမလုပ်နိုင်သေးချိန် သတ္တဝါတို့၏ သွေးကို အခြောက်ခံ၍ ဆေးဝါးအဖြစ် အသုံးပြုကြခြင်းမှာ များစွာ အဓိပ္ပာယ်ရှိ၍ မှန်ကန်သောနည်းလမ်းဖြစ်ပါသည်။

အစာအာဟာရအဖြစ် စားသုံးလေ့ရှိသော ဘဲသွေး၊ ကြက်သွေး၊ ဆိတ်သွေးခဲများထက် ဆေးဖက်ဝင်ပစ္စည်းဖြစ်သောကြောင့် ကြံ့သွေးကို ရှေးသမားတော်ကြီးများ အသုံးပြုခဲ့ကြသည်မှာ လေးနက်သော ဆေးဒဿနတွေးခေါ်မှုပင်ဖြစ်ပါသည်။

ကြံ့သတ္တဝါသည် စိမ့်စမ်းဂနိုင်တောမြိုင်ကြီးများတွင် ကျက်စားသော သတ္တဝါကြီးမျိုးဖြစ်၍ စားသုံးသော အာဟာရသည် နွယ်မြက်သစ်ပင်တို့မှာ လတ်ဆတ်သည်။ အစာသန့်ရှင်းသည်။

ကြံ့သွေးကို မြန်မာသမားတော်တို့သာမက ရိုးရာဆေးဝါးကို အသုံးပြုသော တရုတ်၊ အိန္ဒိယ၊ အာဖရိကနှင့် ကမ္ဘာ့ဆေးဝါးပညာရှင်များအားလုံးတလိုလားနှစ်သက်စွာ အသုံးပြုကြပါသည်။ သွေးကိုအားတိုးစေသောသတ္တဝါထွက်ပစ္စည်းများတွင် ကြံ့သွေးကိုမီသောဆေးဝါးဟူ၍ပင်မရှိဟု ချီးမွမ်းကြပါသည်။

□ ဝံသည်းခြေ

ပူတာအိုဒေသတွင် ဝံမျိုးစုံနေထိုင်ကျက်စားပါသည်။ အခြားအရပ်ဒေသများတွင် မတွေ့ရသော ပန်ဒါနီဝက်ဝံများကိုပင် တွေ့ရပါသည်။

ဝံသည်းခြေကိုမူ ဝက်ဝံသည်းခြေမှ ထုတ်ယူရရှိပါသည်။ အခါးဓာတ်လွန်ကဲစွာပါရှိသော်လည်း အချိုဓာတ်လည်း အနည်းငယ်ပါရှိသည်ကို တွေ့ရပါသည်။ အနည်းငယ်ညှီ၍ လျှာတွင်စွဲမြဲစွာစွဲကပ်နေတတ်ပါသည်။ အပူအားကြီးသောဝေဒနာ၊ လိပ်ခေါင်းဝေဒနာ၊ အဖျားဝေဒနာအမျိုးမျိုး၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါတို့တွင် အသုံးပြုပါသည်။

မြန်မာ့ဆေးကျမ်းများတွင် ခွေးရူးနာ၊ အလွန်တက်၍ လူမှန်းမသိသောအနာ၊ သလိပ်အားကြီးသောအနာနှင့် ခပ်သိမ်းသောအဆိပ်မျိုးတို့ကို နိုင်သည်ဟူ၍ တွေ့ရပါသည်။

□ စပါးကြီးသည်းခြေ

ပူတာအိုဒေသသည် တောတောင်ထူထပ်သဖြင့် မြွေမျိုးစုံရှိသည်။ စပါးကြီးမြွေများလည်းရှိသည်။ စပါးကြီးမြွေ၏သည်းခြေအိတ်မှ သည်းခြေကို ထုတ်ယူအသုံးပြုရပါသည်။ စပါးကြီးမြွေအမျိုးအစားတို့သည် စိမ့်မြိုင်ထူထပ်သောဒေသများတွင် ကျက်စားလေ့ရှိသည်။ အခါးဓာတ်လွန်ကဲ၍ အေးသောအရသာရှိသည်။ အဖျားကြီး၍ သတိလစ်ကာ ငန်းဖမ်းနေသူများအား စပါးကြီးသည်းခြေအသုံးပြု၍ ကုသသည်ကို တွေ့ရပါသည်။

မြန်မာဆေးကျမ်းများ၌ ဝက်ရူး



www.burmeseclassic.com

www.burmeseclassic.com

အလွန်လွတ်ခဲသောအနာ၊ မျက်စိ ပိုးနာ၊ အလွန်ပူသောအနာ၊ သည်း ခြေအားကြီးသောအနာ၊ လေအားကြီး သောအနာ၊ သလိပ်အားကြီးသော အနာ၊ အဘိညာဉ်သန္နိပါတ်ရောက် သော လျှာနာတို့ကိုနိုင်၏ဟု တွေ့ရပါ သည်။

**ဖြူအူ ဖြူဆူး**

စာရေးသူ ပူတာအိုမြို့တွင် တာဝန် ထမ်းဆောင်နေစဉ်က ပူတာအိုမြို့ မြို့မ ဈေးအတွင်း တစ်ခါတစ်ရံ ဖြူအူ၊ ဖြူဆူး များရောင်းချနေသည်ကို တွေ့ရပါသည်။ သတ္တဝါများမှရရှိသော ဖြူအူနှင့် ဖြူ ဆူးများမှာ အလွန်ဆေးဖက်ဝင်ကြောင်း သိရှိရပါသည်။ အချို့က ဖြူအူကိုအရက် နှင့်စိမ်၍သောက်လေ့ရှိကြသည်။

**ဆတ်ချိုနု**

ဆတ်ချိုနုသည် အလွန်တန်ဖိုးကြီး ပြီး အားတိုးဆေးဖော်စပ်ရာတွင် အလွန် အရေးပါအရာရောက်သော ဆေးဖက် ဝင်ပစ္စည်းဖြစ်ကြောင်း သိရှိရပါသည်။

**ထုန်းတွင်းငှက်သိုက်**

ကျောက်တောင်၊ ကျောက်နံရံ များပေါ်တွင် ငှက်သိုက်များရှာဖွေရရှိပါ သည်။ အားတိုးဆေးဖော်စပ်ရာတွင် အသုံးပြုသည့် အလွန်တန်ဖိုးကြီးမား သော ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးဖြစ်ပါ သည်။ ခေါင်လန်ဖူးမြို့နယ်တွင် ထွက်ရှိ ပါသည်။

**အာနိသင်ထူးကဲသော တောနက်ကြီး ပျားရည်**

ပျားရည်ကို သမိုင်းအစကပင် လူတို့အသုံးပြုခဲ့ရာမှ အကျိုးရှိရှိဆေးဝါး အဖြစ် အသုံးပြုကြသည်မှာ နှစ်ပေါင်း (၂၇၀၀) ကျော်ခဲ့ပြီဟု သိရှိရပါသည်။ ပျားရည်အမျိုးအစားပေါင်း မြောက်မြား စွာရှိသည့်အနက် ပျားအုံတည်နေရာ အလိုက် ပျားရည်ရနံ့နှင့်အရသာပြောင်း လဲသွားသော အာနိသင်ပါ ကွဲပြားသွား သည်ကို တွေ့နိုင်ပါသည်။ ပူတာအို ဒေသမှ ထွက်ရှိသော တောနက်ကြီး ပျားရည်သည် အာနိသင်ပိုမိုထူးကဲသည် ဟုဆိုပါသည်။ သဘာဝပျားရည်အစစ် သည်းဖြစ်ပါသည်။

ရှေးဟောင်းကျမ်းများမှခေတ်အမီ ဆုံး အစုံလင်ဆုံးဟု ယူဆရသော အင္ဂမဟာသေနာပတိ ဝန်ရှင်ဧဘော် ယောမြို့စားဝန်ကြီး ရေးသားပြုစုသော ဥတုဘောဇနသင်္ဂဟကျမ်းမှ ပျားရည်နှင့် ပတ်သက်သည့်အခန်းကဏ္ဍကိုထုတ်နုတ် တင်ပြလိုပါသည်။ ပျားရည်ကို ရှေး မြန်မာသမားတော်ကြီးများက မပုပ်ဆေး ဟု တင်စားထားပါသည်။ ဘယ်လောက် ကြာကြာထားထား ပုပ်ခြင်းမရှိ။ နှစ်ရှည် လများထားပြီးသုံးစွဲလျှင်လည်း အာနိ သင်ပျက်ခြင်းမရှိဟု ဆိုကြပါသည်။ ပန်း ပေါင်းတစ်ထောင်ဆေးဟုလည်း ခေါ် သည်။ ပန်းပေါင်းစုံမှ ဝတ်ရည်များ စုပ် ယူ၍ ပျားတံတွေးနှင့် စုဆောင်းမှုဖြင့် အရသာရှိသည့် ပိုးသန့်စင်သော ဆေး ဖက်ဝင်အရည်တစ်မျိုး ဖြစ်သည်ကို ကမ္ဘာမှ အသိအမှတ်ပြုကြသည်။ ယခု နှစ်ပေါ်သည့်ပျားရည်ကို စားပေးလျှင် လူဝသည်။ အသံကောင်းသည်။ အဆိပ် နိုင်သည်။ ပျားရည်အဟောင်းကိုစား ပေးလျှင် ရင်ချောင်သည်။ ချောင်းဆိုး ပျောက်သည်။ အဆီခဲနာ၊ သလိပ်နာတို့ ကိုနိုင်သည်။ လူကိုပိန်စေသည်။ ဝမ်းကို ချုပ်စေသည်ဟုဆိုသည်။ ပျားရည်ကို ရဟန်းရှင်လူများ စတုမဓုချက်၍လည်း စားသုံးနိုင်သည်။ စတုမဓုဆိုသည်မှာ (၄) မျိုးပေါင်းစပ်ထားသည့်အတွက် စတုမဓု ဟုခေါ်ဆိုခြင်းဖြစ်သည်။ ငှက်ပျောသီး ဖီးကြမ်း၊ ထောပတ်၊ ပျားရည်နှင့် နှမ်းဆီ လေးမျိုးရောစပ်ပြီး မီးနှင့်မတူးမခြစ် အောင်ချက်လျှင် စတုမဓုရပါသည်။ စတုမဓုအကျိုးကား ဂိလာနရဟန်း၊ သီလရှင်၊ ကျန်းမာရေးအားနည်းသော ပုဂ္ဂိုလ်တို့ သုံးဆောင်မှီဝဲနိုင်ပါသည်။ အထူးသဖြင့် သီလစောင့်သော ရဟန်း သာမဏေ၊ သီလရှင်များ နေ့လွဲညစာ မသုံးဆောင်ရ၍ ဝေဒနာထခဲ့သော် စတုမဓုကိုသုံးဆောင်ပေးပါက အာပတ် လွတ်သည်။ ပျားရည်၏ အကျိုးကား ဆာသောအနာကိုပျောက်စေ၏။ ဝမ်းမီး ကိုတောက်စေ၏။ ရာဇနီယဏ္ဍုကျမ်း၊ ရာဇဝလ္လဘကျမ်း၊ ဘာဝပ္ပအာသကျမ်း၊ သုသုကကျမ်းတို့တွင် ပျားရည်မျိုးတို့ကို အယူဝါဒမညီ ကွဲပြားကြသည်။ ညီနိုင်း ပြရမည်ဆိုလျှင် စဉ်းငယ်ဖန်သည်။ အဆီမရှိ အစာကြေလွယ်သည်။ ဝမ်းမီး ကိုတောက်စေ၏။ အနည်းငယ်စားလျှင် ဝမ်းချုပ်တတ်၏။ ဝအောင်စားလျှင် ဝမ်းပျော့ပျော့သွား၏။ ထမင်းမစားမီ စားလျှင် လူကိုပိန်စေတတ်၏။ ထမင်း စားပြီးမှစားလျှင် လူကိုဝစေတတ်၏။ အသံကောင်းစေတတ်၏။ မျက်စိနှင့် လည်းသင့်၏။ ပေါက်သောအနာကို သုတ်သင်တတ်၏။ အနာကိုလိမ်းပြီး လျှင် ခန္ဓာကိုယ်အပေါက်ငယ်တို့မှ ပျံ့နှံ့ စေတတ်၏။ သွေးလမ်းလေလမ်း ရှင်း လင်းစေတတ်၏။ သုတ်သင်စေတတ်၏။ နှလုံးကို နှစ်သက်စေတတ်၏။ လွန်စွာ စိတ်ကြည်လင်ခြင်းကို ပြုစေတတ်၏။ အဆင်းကိုကောင်းစေတတ်၏။ ဉာဏ် ပညာတိုးပွားစေတတ်၏။ သုက်ကိုပွား စေတတ်၏။ ခံတွင်းကိုရှင်းစေတတ်၏။ နှုတ်ကိုလည်း မြိန်စေတတ်၏။ နူနာ၊ မြင်းသရိုက်၊ ချောင်းဆိုးနာ၊ သွေးသွန်း ခြေ၊ လေသလိပ်၊ မောဟိနာ (ဒူလာ ရောဂါ)၊ မောပန်းနာ၊ ရှူရှိုက်သောအနာ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းချုပ် ရောဂါ၊ ပိုးနာ၊ အဆီခဲနာ၊ ရေငတ်သော အနာ၊ အော့နာ၊ အန်နာ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာသောအနာ၊ ဓာတ်ခွန်အား ကုန်ခန်းသောအနာတို့ကိုနိုင်၏ဟုဆို၏။ စဉ်းငယ် လေကိုပျက်စေ၏။ အရိုးဆက် တတ်၏။ မေထုန်များစွာမှီဝဲနိုင်၏။ အား ကိုလည်းဖြစ်တတ်၏။ သလိပ်ကိုလည်း နိုင်၏ဟုဆိုသည်။ သုသုကကျမ်းတွင် ကား ကြေလွယ်သောကြောင့် သလိပ်ကို နိုင်၏။ပျစ်ချွဲသောကြောင့်လည်းကောင်း၊ ချိုသောကြောင့်လည်းကောင်း၊ အနည်း ငယ် ဖန်သောကြောင့် လည်းကောင်း လေသည်းခြေကိုနိုင်၏ဟု ဆိုသည်။ သို့အတွက်ကြောင့် ပျားရည်ကို ဆေးဝါး အဖြစ် မှီဝဲသုံးဆောင်ကြသည်။ ပျားရည် တွင်အမျိုးမျိုးရှိသည်။ ပျားကြီးရည်၊ ယင်ပျားရည်၊ ယင်ပျားလတ်၊ သစ်ခေါင်း ပျား၊ ပန်းဝတ်ရည်၊ ပန်းသင်းပျား၊ မြေ ပျားဟူ၍ အမျိုးမျိုးရှိပါသည်။ ထိုသို့ အမျိုးမျိုးရှိသည့်အနက် ပန်းပေါင်းစုံ ဝတ်ရည်ကိုစုပ်ယူ၍ ပျားလပို့ပြုလုပ် သည့်ပျားရည်သည် အကောင်းဆုံးဖြစ် ပါသည်။ ပူတာအိုဒေသမှထွက်ရှိသော တောနက်ကြီးပျားရည်သည် ဤအမျိုး အစားတွင်ပါဝင်၍ အာနိသင်ရှိပြီး အစွမ်းထက်ပါသည်။

ဤသို့အားဖြင့် ပြည်မြန်မာ မြောက်ဖျားတွင်ရှိ ပူတာအိုဒေသမှ ခန်းတောက်၊ မရှော၊ မချစ်ဥ၊ ချိုးပတီး၊ ဂျင်ဆင်း၊ ခုရှားစု၊ ဆေးတစ်ခြမ်းမြစ်၊ လေးထောင့်ပင်၊ ပရုတ်ပင်၊ သစ်ကြံပိုး၊ ကရဝေး၊ ကျောက်ချင်းဥ စသည့် ဆေး ဖက်ဝင်များ ထွက်ရှိသကဲ့သို့ အထက် ဖော်ပြပါ တိရစ္ဆာန်ထွက် ဆေးဖက်ဝင် ပစ္စည်းများလည်းထွက်ရှိကြောင်းလေ့လာ တင်ပြလိုက်ရပါသည်။

**ဆောင်းနွယ်သင်**

www.burmeseclassic.com

ကောင်းစံသာ(မင်းတုန်း)

# သစ်ခေါင်းပျားရည်အစွမ်း အံ့မခန်း

ကျွန်ုပ်သည် စိုက်ပျိုးခင်းဟုခေါ်သော ဂေါ်ဖီအမျိုးမျိုး၊ မေမြို့ပန်း၊ ကြက်သွန်၊ ငရုတ်၊ သခွား၊ ခရမ်းချဉ်စသော ရာသီအလိုက် စိုက်ပျိုးရသည့် အသီးအနှံတို့ကိုလုပ်ကိုင်စားသူဖြစ်သောကြောင့် ၎င်းတို့ကိုပျိုးထောင်ထားသည့် အခင်းများ၊ စိုက်ပျိုးခါစ အပင်များကို ရေပုံးကြီးများဖြင့် ထမ်း၍ထမ်း၍ နေ့စဉ်နှစ်ကြိမ်လောင်းရ၏။

တစ်နေ့သ၌ မည်သို့အခန့်မသင့်ဖြစ်သွားသည်မသိ၊ ရေအပြည့်ထည့်ထားသည့်ထမ်းပုံးကိုထမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ခါးရိုးမှသည် ညာဘက်ခြေထောက်အထိ နာကျင်သောဝေဒနာ တစ်ခုကို ခံစားလိုက်ရ၏။ ယို့နောက် လမ်းလျှောက်၍မကောင်း၊ ထိုင်နေ၍မကောင်း၊ အိပ်၍လည်းမကောင်းတော့ဘဲ အတော်လေး အနေရခက်လှ၏။

ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ အနှိပ်ဆရာဖြစ်သော ဦးညွှန့်မောင်နေထိုင်ရာ မင်းတုန်းမြို့ အမှတ်(၃)ရပ်ကွက်သို့ ဆိုင်ကယ်နှင့်သွားရတော့၏။

ဦးညွှန့်မောင်သည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း -

"ဘာဖြစ်လို့လဲ ကိုမြင့်အောင်ရဲ့၊ ပြောစမ်းပါဦး"

ဟု မေးလိုက်သောအခါ ကျွန်ုပ်က -

"ဘာဖြစ်တယ်လို့မသိပါဘူးဗျာ။ အခုလောလောဆယ် ခံစားနေရတာကတော့ ခါးနာနေတာပဲ။ ရေထမ်းရာက ဖြစ်လာတာလေ"

ဟု အဖြေစကားပြောကြားလိုက်၏။

ထို့နောက် အနီးရှိ ဝါးဖြင့်ပြုလုပ်ထားသော ပက်လက်ကုလားထိုင်၌ အသာအယာ ထိုင်ချလိုက်၏။

ဦးညွှန့်မောင်က -

"လူရှင်းနေတာနဲ့ အတော်ပဲ။ ဟောဒီ ခုတင်ပေါ်မှာ ပက်လက်လှန်အိပ်လိုက်ပေတော့"

ဟု ဆိုရာ ကျွန်ုပ်လည်း ပက်လက်တုလားထိုင်မှထလိုက်ပြီး ဦးညွှန့်မောင်ညွှန်ပြသော ခုတင်ပေါ်သို့တက်ကာ ပက်လက်လှန်အိပ်လိုက်၏။ဦးညွှန့်မောင်သည် ခြေဖျားမှစပြီး ဆိုင်ရာအကြောများကို စုံအောင်စေ့အောင်နှိပ်ပြီးသည်နှင့် -

"ကိုမြင့်အောင်မှာ ဇက်ရိုးကျိုးပေါင်းရော ခါးရိုးကျိုးပေါင်းရော နှစ်မျိုးလုံးတက်နေတယ်။ အခုခါးနာတာကတော့ ခါးရိုးကျိုးပေါင်းနဲ့ ဆက်နွယ်နေတယ်။ ခါးနာတာကတော့နှစ်ခါလောက်နှိပ်လိုက်ကောင်းသွားမယ်။ ကျိုးပေါင်းက သစ်ခေါင်းပျားရည်စစ်စစ်ကို တစ်နေ့ (၃) ကြိမ်လိမ်းရမယ်။ ကျိုးပေါင်းရဲ့ရန်သူက ဝက်သားနဲ့အာလူးလို့မှတ်ထား"

ဟု ပြောလေတော့၏။

စကားဆုံးသောအခါ ကျွန်ုပ်က -

"ဇက်ရိုးကျိုးပေါင်းတက်ရင် ဘယ်လိုခံစားရတယ်၊ ခါးရိုးကျိုးပေါင်းတက်ရင် ဘယ်လိုခံစားရတယ်ဆိုတဲ့ လက္ခဏာကိုလည်းပြောပါဦး ကိုညွှန့်မောင်"

ဟု အမေးရှိလိုက်ရာ ဦးညွှန့်မောင် မဆိုင်းမတွပင် -

"ဇက်ရိုးကျိုးပေါင်းဖြစ်လာရင် ဇက်ကြောမကြာခဏတက်မယ်။ မတည့်တဲ့အစားအစာလို့ခေါ်တဲ့ သွေးတက်စာတွေကိုစားမိရင်တော့ သပ်လျှိုထားသလိုခံစားရမယ်။ အမှတ်မထင်ဦးခေါင်းလှည့်လိုက်တဲ့အခါ အကြောတွေပြတ်လုမတတ်ဖြစ်သွားမယ်။ အကြောတွေနာတယ်။ ခါးရိုးကျိုးပေါင်းတက်ရင်တော့ တင်ပါးဆုံရိုးထဲက ညောင်းကိုက်ကိုက်ဝေဒနာလိုလိုဖြစ်ပြီး ကြာရှည်လမ်းမလျှောက်နိုင်ဘူး။ ခရီးဝေးဝေးခြေကျင်မလျှောက်နိုင်ဘူး။ မကြာခဏထိုင်ပြီးနားရလိမ့်မယ်။ အထူးသဖြင့် လေးလေးပင်ပင်ဝန်ထုပ်ဝန်ပိုးရွက်ပိုးသယ်ဆောင်တဲ့အခါမျိုးမှာ ပိုပြီးဖြစ်မယ်။ အဲဒါတွေဟာ ဇက်ရိုးနဲ့ ခါးရိုးကျိုးပေါင်းလက္ခဏာတွေပဲ"

ဟု ကျိုးပေါင်း၏လက္ခဏာတို့ကို ပြောပြလေတော့၏။

ထိုအခါ ကျွန်ုပ်က -

"ကိုညွှန့်မောင် ခုနကပြောခဲ့တဲ့ လက္ခဏာတွေဟာ ကျုပ်မှာအကုန်ဖြစ်သဗျ။"

ဟု ထောက်ခံလိုက်ရာ -

"ဒါကြောင့် ခင်ဗျားမှာ ကျိုးပေါင်းတက်နေတယ်လို့ပြောတာပေါ့"

ဟု ကိုညွှန့်မောင်က ထပ်ဆင့်၍ သူ့စကားခိုင်မာအောင်သက်သေထူပြန်၏။

ကျွန်ုပ်လည်း ဦးညွှန့်မောင်အထံမှ အနှိပ်ခံ၍ပြန်လာပြီး ပျားရည်ရှာဖွေ၍ ရောင်းကြသော ညောင်ပင်သာရွာမှ လူများကို သစ်ခေါင်းပျားရည်ရပါက လာပို့ပါရန် မှာကြားလေ၏။

တစ်လခန့်လောက်ကြာသောအခါ သစ်ခေါင်းပျားရည်လာပို့၏။ ငွေ (၅၀၀၀) ပေးရ၏။ ပျားရည်ရလာပြီဖြစ်သဖြင့် သစ်ခေါင်းပျားရည်ကို လက်ထဲထည့်ပြီး ရှေးဦးစွာ ဇက်ရိုးကိုလိမ်း၏။ ပျားရည် အသားထဲစိမ့်ဝင်သွားအောင် လိမ်း၏။ ပျားရည်အသားထဲစိမ့်ဝင်သွားသောအခါ ပူရှိန်းရှိန်းဖြစ်လာပြီး တောင့်တင်းနေသော ဇက်ကြောမှာ တဖြည်းဖြည်းပျော့ပျောင်းသွား၏။ အတော်လေး နေထိုင်ကောင်းသွား၏။

ထို့အတူ ခါးရိုးကိုလည်း အသားထဲစိမ့်ဝင်သွားအောင် စိတ်ရှည်လက်ရှည်လိမ်းလိုက်၏။ ညောင်းကိုက်ကိုက်ဖြစ်နေသော တင်ပါးဆုံရိုးအကြောများ ချက်ချင်း သက်သာသွားတော့၏။ နှစ်ပေါင်း (၄၀) နီးပါး စွဲကပ်နေသော ဇက်ရိုးကျိုးပေါင်း၊ (၁၀) နှစ်နီးပါးရှိပြီဖြစ်သော ခါးရိုးကျိုးပေါင်းကို ကျွန်ုပ်အနေဖြင့် လနှင့်ချီကာ စိတ်ရှည်ရှည်ထားပြီး အချိန်ယူလိမ်းရမည်ဖြစ်၏။ ချက်ချင်းပျောက်နိုင်မည်မဟုတ်။ ဦးညွှန့်မောင်က သစ်ခေါင်းပျားရည်ကို စွဲစွဲမြဲမြဲလိမ်းပါက အမြစ်ပြတ်ပျောက်ကင်းသည်ဟုဆို၏။

ကျွန်ုပ်အနေဖြင့် "အမိကရေးလိုသည်မှာ အနာတစ်ဦး၊ ဆေးဆယ်ဦးဆိုသည့်အတိုင်း ကျွန်ုပ်ကဲ့သို့ ကျိုးပေါင်းတက်ရောဂါစွဲကပ်နေသူများ သစ်ခေါင်းပျားရည်စစ်စစ်ကိုလိမ်းပါက ရောဂါ၏အနု၊ အရင့်ကိုလိုက်ပြီး အနှေး၊ အမြန် ပျောက်ကင်းမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးရပါသတည်း။

မှတ်ချက် - ရိုးရိုးပျားရည်လည်း ရပါ၏။" သို့သော် သစ်ခေါင်းပျားရည်လောက် အစွမ်းမထက်ဟု ဆို၏။

ကောင်းစံသာ (မင်းတုန်း)

www.burmeseclassic.com

ရန်ကုန်မြို့၏ မြောက်ဘက်ရပ် ဒေသ မင်္ဂလာဒုံမြို့နယ်၊ သာသနာ့ မြေအရပ်များဆီ ဦးတည်နေသော သူ၏ ကားကလေးသည် ပြည် ကြီး မင်္ဂလာဒုံ ထောက်ပို့တပ်ရှေ့ မျှော်ကြည့်လိုက်သော် သစ်ပင် သစ်ပင်အိုများထက်ဖျား တောင်ကုန်း မှာ ရွှေရောင်တွေဝင်းဝင်းဝါဝါ ရောင်ခြည်ဖြာနေသော စေတီတော် ဆူကို ဦးစွာပထမ ဖူးတွေ့လိုက်ပါ သည်။ ထိုကြည်ညိုဖူးမဝရွှေရောင်တွေ ဖြိုးဖြိုးပြက်ပြက်နှင့် လင်းလက်နေသော စေတီကား 'ကျိုက္ကလော့စေတီတော်'ဖြစ် တော်မူပါသည်။

စေတီတော်ကို ဖူးမြင်ရသည်နှင့် လက်ဝဲဘက်ခြမ်းရှိ 'ကောင်း (၁)' ဟု အမည်ရသော စားသောက်ဆိုင်ဝင်း အတွင်းသို့ ကားကိုချိုးကွေ့ဝင်လိုက်ပြီး အမိုးရှိသောကားပါကင်တွင် ကားကို ဝင်ရောက်ရပ်လိုက်၏။ ယခုလ စာရှုသူ များထံ ရေးသားတင်ဆက်ရန်စီစဉ်ထား သည်က 'ကျိုက္ကလော့စေတီတော်' ဖြစ် ပါသည်။ ယခုရက်ပိုင်းအတွင်း 'ကျိုက္က လော့စေတီတော်'သို့ မကြာခဏရောက် ခဲ့ရ၏။ ရောက်ရခြင်းကလည်း 'ကျိုက္က လော့'ဘုရား၏ နောက်ကြောင်းသမိုင်း ကို ဆောင်းပါးတွင် ထည့်သွင်းရေးသား ရန် ဖြစ်ပါသည်။ မှတ်တမ်းတင်ဓာတ်ပုံ များလည်း ရိုက်ကူးရပါသည်။ ဘုရား ပေါ်မှာ နှစ်များစွာ အမိဋ္ဌာန်စခန်းဝင်၊ ဝိဇ္ဇာကျင့်စဉ်လိုက်စား သူတော်ကောင်း များနှင့်လည်း တွေ့ဆုံမေးမြန်း မှတ်တမ်း တင်ခြင်းများ ပြုလုပ်ရပါသည်။

ယနေ့ မင်္ဂလာဒုံမှာ နာမည်ကြီး စားသောက်ဆိုင်ဖြစ်သော 'ကောင်း(၁)' စားသောက်ဆိုင်သို့ ရောက်လာခဲ့ခြင်း ကား အခြားမဟုတ်။ ကျိုက္ကလော့ဘုရား


ကံဝင်း

အပိုင်း(၅)

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီတုရားများ

ထူးခြားဖူးမြော်


# ကျိုက္ကလော့စေတီတော်



ဘုရားပါဝင်ဆောင်မှ ရှင်ပွားတော်မြတ်ကြီး



ကျိုက္ကလော့ရှင်ပွားတော်မြတ်ကြီးအား ဖူးရပုံ



ထူးခြားဖူးမြော် ကျိုက္ကလော့စေတီတော်





www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးရေးဖို့ရောက်လာခြင်း ဖြစ်၏။ ထိုစားသောက်ဆိုင်ခေါင်းရင်းဘက်ခြမ်းမှလှမ်းမျှော်ကြည့်လိုက်သော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာနှင့် စိမ်းစိမ်းစိုစိုသစ်ပင်များနှင့် တောင်ကုန်းပေါ်မှာတည်ထား 'ကျိုက္ကလော့စေတီတော်' ကို ကြည်နူးချမ်းမြေ့စွာ ဖူးမြင်ရပါလိမ့်မည်။ စာရှုသူများ အာရုံမှာ မှန်းဆကြည့်ပါ။ ဦးစွာ ပထမ ကန်တော်မင်္ဂလာ၊ ပြီးတော့ စိမ်းစိမ်းစိုစိုသစ်ပင်တွေ ခြံရံပေါက်နေတဲ့ တောင်ကုန်းတောင်တန်း၊ အဲဒီထိပ်မှာ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်ကြီး၊ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို စိတ်ထဲမှာအေးချမ်းသွား၏။ 'ကောင်းစားသောက်ဆိုင်' ထိပ်ဆုံးစားပွဲမှာထိုင်ပြီး လက်ဖက်ရည်မှာသောက်၊ ပြီးတော့ ပေါက်စီတစ်လုံးစား၊ ကျိုက္ကလော့စေတီ



ဘုရားငါးဆူအဆောင်မှ ဗုဒ္ဓရုပ်ပွားတော်မြတ်များ


ဘုရားငါးဆူဆောင်မှ ရုပ်ပွားတော်မြတ်ကြီး


ရွှေသင်္ကန်းပင့်ဆောင်တော်မူသော ပန်းရထား


သာသနာပြုဦးခင်ဝင်း ရရှိလာသော သိုက်မှပေးသည့် ရွှေယောင်းရုပ်ပွားတော်


ရင်ပြင်တော်မှ ရှင်သီဝလိ


ရင်ပြင်တော်မှ ရှင်ဥပဂုတ္တ



www.burmeseclassic.com


www.burmeseclassic.com



ကျိုက္ကသောစေတီတော်နှင့် ဘုရားစောင်းတန်းကြီး



ဘုရားတံခွန်တိုင်



ရွှေစေတီကြွင်းပါဠိမောက်ကျောက်စာတော်



ကျိုက္ကသောဘုရားမုခ်ဦးတော်

တော်မြတ်ကြီးကို တစိမ့်စိမ့်ဖူးနေရသည့် အရသာ၊ တစိမ့်စိမ့်တွေးရင်း၊ စာလည်း နေ့ရင်းဆိုတော့ အတော်ပင်ဟန်ကျလှ၏။ လေတပ်မှ အငြိမ်းစားဆိုင်ပိုင်ရှင် ဦးထွန်းရီနှင့်လည်း ရင်းနှီးပြီးသားဖြစ်၍ 'ကောင်းဆိုင်' ကိုရွေးပြီး ထိပ်ဆုံးက စားပွဲမှာထိုင်စာရေးဖြစ်ခဲ့ပါသည်။

**▫ ကုန်းတော်သမိုင်း**

ကဿပမြတ်စွာဘုရားရှင်သည် ဟိမဝန္တာတောင်ဆွယ်တောင်တန်းများပေါ် စကြံလျှောက်တော်မူရာ တောင်ထိပ်တစ်ခုပေါ် ရောက်သောအခါ ဒေဝယက္ခနတ်ဘီလူးနှင့်အပေါင်းပါတို့သည် သူတို့၏အစာအဟာရစားရတော့မည်ဆိုပြီး ဝမ်းသာပျော်မြူးနေကြလေ၏။

ဤပုဂ္ဂိုလ်မှာ ငါတို့ပိုင်နက်နယ်မြေထဲ ကျူးကျော်ဝင်ရောက်လာသူဖြစ်၍ငါတို့၏အစာဖြစ်လေပြီသတ်မှတ်ကာ ဘုရားရှင်မှန်းမသိ ပြောဆိုကြလေ၏။ ဤပုဂ္ဂိုလ်အား ဝိုင်းဝန်းဖမ်းဆီးကြလော့။ ထို့နောက် ထိုအသားကို စားကြရလတ္တံ့ဟု ကြွေးကြော်ပြီး ကဿပဘုရားရှင်အား ဝိုင်းဝန်းဖမ်းဆီးကြလေသည်။

မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်တို့အားမယှဉ်နိုင်၊ ဖမ်းဆီးခြင်းငှာ မစွမ်းနိုင်။ ထိုအခါ ဒေဝယက္ခဘီလူးသည် ဤပုဂ္ဂိုလ်အား ဖမ်းဆီး၍ မရနိုင်တော့။ ဤပုဂ္ဂိုလ်သည် သိဒ္ဓိရှိ၏။ ငါတို့ထက်တန်ခိုးရှိ၏။ ငါ၏အစွမ်းတန်ခိုးအစုံသုံးပြီး ဤပုဂ္ဂိုလ်အား အမိဖမ်း၍စားအံ့ဟု တွေးတော၍ -

"အသင်လူသား၊ အသင်နှင့် ငါ တန်ခိုးပြိုင်ကြအံ့။ ငါရှုံးသော် သင်လိုရာသို့ သွားစေမည်၊ သင်ရှုံးသော် ငါတို့၏ အစာဖြစ်ရချေမည်"

ဟူ၍ ကတိပြုကြလေပြီးသော် ဒေဝယက္ခဘီလူးသည် ရှေးဦးစွာ မဟာသမုဒ္ဒရာကြမ်းပြင်အောက်၌ ပုန်းအောင်းနေလေ၏။ ထိုအခါ ကဿပမြတ်စွာဘုရားရှင်သည် ဒိဗ္ဗစက္ခု (ရွှေမြင်နှောတ်မြင်ဉာဏ်တော်အမြင်ဖြင့် ရေပေါ်၊ ရေအောက်၊ မြေပေါ်၊ မြေအောက်) ဖြင့် ကြည့်တော်မူ၍ -

"အသင် ဒေဝယက္ခဘီလူး

www.burmeseclassic.com




'ဝ' နှစ်လုံးပါ ဝါးလုံးထဲမှ နဂါးပုံပါးအမြုတေ



နဂါးတွေ့ရသော ထဆင်ထူးပုံ



ဦးခင်ဝင်းမြင့်အတွင်း
နဂါးရုပ်ပတ်နေဟန် ငှက်ပျောသီးပုံ



ရွှင်ဥပဂုတ္တမထေရ်ကန်တော်မင်္ဂလာမှ ဖူးမြော် ကျိုက္ကူလောဇေတီတော်



ထူးဆန်းသော နဂါးရုပ်ရွေ ငှက်ပျောသီးပုံ



အဘာပထမံနှင့် အဘကြီးတို့၏စေတီခန်း

အသင်ပုန်းအောင်းရာနေရာ မဟာသမုဒ္ဒရာကြမ်းပြင်ကို ငါတွေ့ပြီ၊ ထွက်ခဲ့လော့"

ဟု မိန့်တော်မူ၍ ဒေဝယက္ခဘီလူးမင်းသည် ရှေးဦးစွာ အရှုံးပေးရလေသည်။ ထို့နောက် ကဿပဘုရားရှင် ပုန်းအောင်းသောအလှည့်ရောက်လေသော် ဘုရားရှင်သည် ဒေဝယက္ခဘီလူးမင်း၏မျက်ခုံးမွေးပေါ် စကြာလျှောက်၍ ပုန်းအောင်းနေလေ၏။ ထိုအခါ ဒေဝယက္ခဘီလူးမင်းသည် စကြဝဠာတိုက်တစ်သောင်းအတွင်း ရှာဖွေသော်လည်း ကဿပဘုရားရှင်အား ရှာဖွေခြင်းငှာ မစွမ်းသာဘဲရှိနေသည်။

ဒေဝယက္ခဘီလူးမင်းသည် မြတ်စွာဘုရားအား -

"အသင်လူသား၊ ထွက်ခဲ့ပါတော့ ကျွန်ုပ်ပန်းပေးပါ၏။ အသင်သည် ဘုန်းတော်၊ ကံတော်၊ တန်ခိုးတော်တို့နှင့် ပြည့်စုံ၍ သင်၏ရင်၌ဖြစ်သော တရားများကို အကျွန်ုပ်တို့ နာကြားလိုပါ၏။ အကျွန်ုပ်နှင့်တကွ ဘီလူးအပေါင်းတို့အား သနားသည်းခံ ခွင့်လွှတ်ပါ"

ဟု တောင်းပန်ပါ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဒေဝယက္ခဘီလူးမင်း၏ မျက်ခုံးမွေးပေါ် စကြာလျှောက်ရာမှ ကိုယ်ယောင်ဆင်ပြ



www.burmeseclassic.com

www.burmeseclassic.com



အထအောင်မင်းခေါင်စာတိစေနံ့ရှေ့မှ
သာသနာပြုပုဂ္ဂိုလ် ဦးခင်ဝင်း



အဝေကြီး အမြဲစောင့်ရှောက်တဲ့ အဝေးစိန်

သေပြီးသော် ဒေဝယက္ခဘီလူးမင်းနှင့်အတူ နောက်ပါလက်သား အခြံအရံအပေါင်းတို့အား ခန္တီတရားတော်ကို ဟောကြားလေရာ ဒေဝယက္ခဘီလူးမင်းနှင့်အတူ နောက်ပါလက်သား အခြွေအရံအပေါင်းတို့သည် အကျွတ်တရားရ၍ သတ္တဝါများ၏အသက်ကို သတ်ဖြတ်စားသောက်ခြင်းမှ ရှောင်ကြဉ်ကြလေသည်။

ကဿပဘုရားရှင် စတင်ပုန်းအောင်းသောနေရာကို မွန်ဘာသာဖြင့် 'တလှဲ' ဟုခေါ်တွင်၍ ယခု ထိုနေရာကို ကျိုက္ကလှဲစေတီတော်တည်ထားပါသည်။ ဒေဝယက္ခဘီလူးမင်း ရှုံးသောနေရာကို (ပန်းပေးသောကုန်း) တစ်နည်းအားဖြင့် မြတ်စွာဘုရားကို ဖူးတွေ့ရသောကုန်းတော်၊ မွန်ဘာသာဖြင့် 'ကလော့' ဟုခေါ်တွင်၍ ယခုအခါ သမိုင်းဝင် 'ကျိုက္ကလော့' စေတီတော်မြတ်ကိုတည်ထားရာကုန်းတော်ဖြစ်လေသည်။

ကျိုက္ကလော့ဘုရားကုန်းတော်သည် ဇင်လယ်ချောင်းထက် အမြင့်ပေ (၁၁၉.၇၂) ပေါ်ရှိပြီး မြေတိုင်းဌာန နိမ့်မြင့်မှတ်တိုင်အမှတ် (၅၉၆၀၀၆) တည်ရာ ကုန်းမြေတစ်ခု ဖြစ်ပါသည်။

## ◻ စေတီတော်မြတ်ကြီးနောက်ကြောင်းရာဇဝင် သို့မဟုတ် ဘီလူးပန်းပေးသောကုန်း

ကဿပဘုရားရှင် လက်ထက်တော်က ဖြစ်၏။ ကဿပဘုရားရှင်နှင့် ဒေဝယက္ခဘီလူးတို့ တန်ခိုးပြိုင်ရာတွင် ဘီလူးမင်းရှုံး၍ ဘုရားရှင်ကိုမြင်ရသောကုန်း (ဘီလူးပန်းပေးသောကုန်း) တော်ထက်တွင် ကြည်ညိုသပ္ပာယ်ခဲ့ညားသော စေတီတော်တစ်ဆူတည်တော်မူခဲ့၏။

တည်တော်မူသောမင်းကား သီဟဒီပမင်းနှင့် အောက်လက်ငယ်သား မှူးကြီးမတ်ကြီးများဖြစ်ကြကုန်၏။ သီဟဒီပမင်းသည် သာသနာတော်ထွန်းကားစေခြင်းငှာ နောက်ပါလက်သား မှူးကြီးမတ်ကြီးမတ်ရာ တပည့်အပေါင်းကို မြတ်စွာဘုရား ဓာတ်တော်မွေတော်များပေးဝေ၍ စေတီတော်များတည်စေတော်မူခဲ့ပါသည်။ သီဟဒီပမင်းကြီး၏ လမ်းညွှန်မှုနှင့်အတူ မှူးကြီးမတ်ရာများ မင်းမှုထမ်းများသည် ဘုရားရှင်အား ဘီလူးအရှုံးပေးသောကုန်း၊ ပန်းပေးသောကုန်းတော်တွင် ရပ်သူရွာသား၊ ပြည်သူပြည်သား ပရိသတ်များအကူအညီဖြင့် စေတီတော်တစ်ဆူတည်တော်မူခဲ့ကြပါသည်။ စေတီတော်၏ ဘွဲ့တော်ကို မွန်ဘာသာဖြင့် ကျိုက်ဒေးကလော့ 'ကျိုက္ကလော့စေတီတော်' ဟု တွင်စေတော်မူခဲ့ပါ သည်။

## ◻ စစ်မဖြစ်မီကအခြေအနေ

စစ်မဖြစ်မီက 'ဆရာသိန်း' က မှတ်တမ်းတင်ခဲ့ဖူးပါသည်။ ဆရာသိန်းမှတ်တမ်းအရ ကျိုက္ကလော့စေတီတော်သည် တောင်ကုန်းထိပ်အစွန်၌ တည်ထားသည်ကို ဖူးတွေ့ရပါသည်။ အတွင်း (၈၀) ဒီဂရီ ကျောက်ခံ၍ တည့်တည့်ပန်းခုံရှစ်မြှောင့်ချိုး ဖြစ်သည်။

တစ်မျက်နှာလျှင် (၁၅) တောင်ကျယ်သည်။ အမြင့်မှာ (၅) တောင်ရှိသည်။

အနောက်မျက်နှာမဟာရံတံတိုင်းတောင်၊မြောက်အတောင် (၁၀၀)ရှိသည်။

အလယ်မုခ်ပေါက် အကျယ် (၄) တောင်။

မြောက်ဘက် မဟာရံတံတိုင်းရှေ့နောက် အတောင် (၁၁၂) တောင်ရှိသည်။

အလယ်မုခ် (၆) တောင် ကျယ်သည်။

မဟာရံတံတိုင်းအတွင်း (၁၄) တောင်အကွာတွင် စေတီတော်တည်ထားသည်။

အရှေ့မုခ်တံခါးဝ အကျယ် (၉) တောင်ရှိသည်။

လှေကား (၉) ခုရှိသည်။ လှေကားထိပ် (၂) ဖက် ခြသေ့်မြေနင်းနှစ်ကောင်ရှိသည်ဟု မှတ်တမ်းတင်ထားရှိခဲ့ပါသည်။

## ◻ စေတီတော်ပြုပြင်ခြင်း

ကျိုက္ကလော့စေတီတော်မြတ်ကြီးကို ရာဇာဓိရာဇ်မင်းကြီးလက်ထက်တော်တွင် အသစ်တစ်ဖန် ပြန်လည် မွမ်းမံတည်ထားခဲ့တော်မူကြောင်း သိရပါသည်။

မြန်မာနှစ် ၁၃၅၆ ခု နတ်တော်လဆုတ် ၄ ရက်၊ ခရစ်နှစ် ၂၀-၁၂-၁၉၉၄ခုတွင် စေတီတော်ဂေါပကအဖွဲ့နှင့် ရွှေတိဂုံစေတီတော်ဝေယျာဝစ္စအသင်းသူအသင်းသားများစုံပေါင်း၍ ကျိုက္ကလော့ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမသာရ၏ ဩဝါဒကို ခံယူပြီး စေတီတော်ကြီးဉာဏ်တော်အမြင့် အထက်ပစ္စယံ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ပေပေါင်း (၁၁၈) ပေ၊ (၇) လက်မရှိ သမိုင်းဝင် ကျိုက္ကလော့စေတီတော်ကြီးကို ပြန်လည်

www.burmeseclassic.com

ပြုပြင်မွမ်းမံထားကြောင်း သိရပါသည်။

**□ ကျိုက္ကလော့ဘုရားပေါ်မှ ထူးခြားသူတစ်ဦး**

ကျိုက္ကလော့ဘုရားကြီးသို့ ခုံညားထည်ဝါသော စောင်းတန်းကြီးအတိုင်းလာ၍ ဘုရားရှေ့တော်မှောက်ရောက်သောအခါ လက်ဆယ်ဖြာအုပ်ချီမိုး၍ ကန်တော့ပါသည်။ အတိတ်တဘောင်နိမိတ်ဆောင်၍ ဘက်စုံအလှူတော်အဖြစ် တစ်ထောင်တန်တစ်ရွက်ကိုလှူပါသည်။ ဘက်စုံအလှူတော်ငွေ တစ်ထောင်ကျပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာအဟုန်ကြောင့် ယနေ့မှစ၍ သားတပည့်တော်သည် ဘက်စုံထောင့်စုံ ထူးချွန်ထက်မြက် အောင်ပွဲဆက်၍ ထူထူထောင်ထောင် အရာရာဟူသမျှ အောင်မြင်မှုတွေ ရရပါစေသောဝ်။

ရှိခိုးစွာကန်တော့ဆုတောင်းပြီးနောက် ကျိုက္ကလော့ဘုရားကြီးရင်ပြင်တော် လက်ယာရစ်တစ်ပတ် လှည့်ပတ်ပူဇော်ရန် ရင်ပြင်တော်ဘက်ထွက်ခဲ့၏။ အာရုံခံတန်စောင်း လက်ယာရစ်လှည့်ပတ်ရန်အတွက် ဦးစွာတွေ့ရသည့် အဆောင်တစ်ခုက ဆုတောင်းပြည့်ဘုရား (၅) ဆူဆောင်၊ ရှင်ဥပဂုတ္တအဆောင်၊ ရှင်သီဝလိရဟန္တာအဆောင်များ၊ ပြီးတော့ အဘပထမံဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်တို့ ဓာတ်စခန်းဓာတ်နန်းကိုတွေ့မြင်ရသည်။ အဖေကြီးနှင့် အဘအဆောင်ရှေ့ရောက်တော့ အဆောင်ထဲဝင်ရန် စိတ်ထက်သန်လာ၍ ဝင်လိုက်မိ၏။ အဘပထမံဘိုးဘိုးနှင့် အဖေကြီး အဘဘိုးမင်းခေါင်ကို ဦးတိုက်ဦးခိုက် ပူဇော်ကန်တော့။ သားတပည့်တော်အဖြစ် အသိအမှတ်ပြုစောင့်ရှောက်ပေးသနားပါရန် ဆုတောင်း၏။ ပြီးတော့ ပထမံဂါထာတော်နှင့် ဂုဏ်တော်(၉)ပါးကို စိတ်မှာပွားပြီး အာရုံပြုကြည်ညိုနေမိ၏။

ဂုဏ်တော်ရွတ်ပြီးနောက် မျက်စိဖွင့်လိုက်ရာ စာရေးသူ၏ မနီးမဝေး အဘပထမံရုပ်တုတော်ရှေ့မှာ ကျင်စွယ်မုတ်ဆိတ်မွေးဖြူဖြူနှင့် အသက်အရွယ် (၇၀) ကျော် (၈၀) ခန့်ရှိ အဘိုးတစ်ဦးကို တွေ့လိုက်ရသည်။ တွေ့တွေ့ချင်းပင် စာရေးသူမှ ဂါရဝပြု နှုတ်ဆက်လိုက်မှုကြောင့် ချက်ချင်းဆိုသလို ဓာတ်သဘောအရ ရင်းနှီးသွားကြ၏။ ထိုမုတ်ဆိတ်ဖြူအဘိုး၏အမည်က ဦးခင်ဝင်းဆိုသူဖြစ်၏။ ကျိုက္ကလော့ဘုရားကြီး၌ နှစ်ပေါင်း



များစွာ ဘုရားပေါ်အမိဋ္ဌာန်ဝင်၊ ဘာဝနာပွား၊ ထိုမှအာရုံကျရာ၊ နေရာဒေသတာဝန်ပေးရာရပ်ဝန်းများမှာ လှည့်လည်၍ ပုဂံရေချိုး ပဲခူးရေပေါ် ဆိုစကားနှင့်အညီ ဘုရားတည် စသည့် လုပ်ငန်းဆောင်တာ သာသနာဘာသာကိစ္စများဆောင်ရွက်နေသူဖြစ်ကြောင်းသိရှိရပါသည်။

သာသနာပြုပုဂ္ဂိုလ် ဦးခင်ဝင်း၏ ဘဝအတွေ့အကြုံ၊ သာသနာပြုအတွေ့အကြုံများကို မေးမြန်းတီးခေါက်ကြည့်ရာမှ ခရေစေ့တွင်းကျကျမဟုတ်တောင် တော်တော်များများကြားသိခဲ့ရပါသည်။ သာသနာပြုပုဂ္ဂိုလ် ဦးခင်ဝင်းသည် ကျိုက္ကလော့ဘုရားပေါ်တွင် စိတ်ကြိုက်သမျှ အမိဋ္ဌာန်ပြုစဉ် မကြာခဏအမိဋ္ဌာန်ပြုရာနေရာဌာနအနီးမှာ ဥစ္စာစောင့်တွေ၊ သိုက်နန်းရှင်တွေ ရောက်လာကြလျက် ဘုရားလာဖူးကာကုသိုလ်ယူကြကြောင်း၊ အမိဋ္ဌာန်ပြီးမြောက်၍ အမျှဝေရာတွင်လည်း သာဓုခေါ်ဆိုကြောင်း ပြောပြပါသည်။

ဘုရားတည်၊ ဂန္ဓာရီခရီးလမ်းလျှောက်လှမ်းစဉ် သိုက်နန်းရှင်များမှ ကူညီပေးခဲ့သည်များ၊ ကိုးကွယ်ရန် ရှေးဟောင်းကျွန်းသားရုပ်ပွားတော်များ ပေးခြင်းနှင့် ဌာပနာတော်ပစ္စည်းများ၊ တည်နေသောဘုရားအတွက် ဌာပနာနှင့် ရတနာပစ္စည်းများလှူဒါန်းပေးရပုံများကို ပြောပြပါသည်။ တစ်ခါသော် ရှေးဟောင်းရုပ်တုတစ်ခုလာပေးလေ၏။ ရင်သားမို့မို့နှင့် ခေါင်းမပါ၊ လက်မရှိ အမျိုးသမီးရုပ်တုတစ်ခုလာပေးသောအခါ မယူရဲ၍အတင်းငြင်းဆန်ခဲ့ကြောင်း၊ ငြင်းဆန်ပြီးနောက် ငိုသံတွေကြားရပြီး အိပ်မက်လာပေးကြောင်း၊ အိပ်မက်တွင် -

"အဘရယ်၊ ရက်စက်လိုက်တာ၊ အဘ သမီးကိုငြင်းရက်တယ်။ အကယ်၍ အဘအနေဖြင့် ခေါင်း၊ လက်ဆက်ပေးနိုင်မယ်ဆိုရင် စဉ်းစားသာကြည့်ပါတော့ အဘရယ်"

ဆိုပြီး အိပ်မက်ပေးသည်များရှိကြောင်း ပြောပြ၍ သိခဲ့ရပါသည်။

သာသနာပြုပုဂ္ဂိုလ် ဦးခင်ဝင်းအား သက်ဆိုင်ရာပုဂ္ဂိုလ်များမှနေပြီး အဆောင်လက်ဖွဲ့လာပေးသည်များရှိသကဲ့သို့ ဂမ္ဘီရပစ္စည်းများမကြာခဏရလေသည်။ အိမ်ဝင်းခြံဝင်းအတွင်းရှိ ငှက်ပျောပင်မှနေ နဂါးရစ်ခွေထားငှက်ပျောသီးပုံသဏ္ဌာန်သီးခဲ့သောဖြစ်ရပ်ဆန်းများလည်း ဖြစ်ပေါ်ခဲ့ပါသည်။ ရှေးဟောင်းကျွန်းရုပ်ပွားတော်မြတ်များ ကိုးကွယ်ရန်ရရှိခြင်း၊ မိမိအိမ်မိုးထားအဖီအမိုးအား အသစ်တစ်ဖန် ပြန်လည်အိမ်မိုးရန်ဖျက်သောအခါ ထဆင်ထူးသဏ္ဌာန် ဝလုံးနှစ်လုံးပူးနေသောဝါးကိုသတိပြုမိရာမှ မြွေနဂါးသဏ္ဌာန်ဖြစ်ပေါ်နေသော 'ဝါးအမြုတေ'ကို ရရှိခြင်း (ပုံမှာကြည့်ပါ) များ ထူးထူးခြားခြားဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ကျိုက္ကလော့စေတီတော်သို့ ဂန္ဓာရီခရီးအမိဋ္ဌာန်ခရီးများမရှိသောကာလ၊ မွေးနေ့ဖြစ်သော တနင်္လာနေ့တွင် ဘုရားပေါ်၌ တစ်နေကုန်ရှိနေတတ်ပါသည်။

**□ အဖေကြီးအဘဘိုးမင်းခေါင်အား ထမင်းဖိတ်ကျွေးသူ**

သာသနာ့ရှေ့ဆောင် ဘဘိုးမင်းခေါင်အဖေကြီးဓာတ်ခန်းဓာတ်နန်းသို့ ရောက်သောအခါတွင် အဖေကြီးအား ပတ္တမြားဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်ပြီး အဖေကြီးကို ကပ်နေသော အသက် (၈၀) အရွယ် မယ်တော်ကြီးတစ်ဦးကို တွေ့ရပါသည်။


မယ်တော်ကြီးအမည်က အမေစိန်ဟုခေါ်ပါသည်။ ကျိုက္ကလော့ဘုရားပေါ်တွင် နေ့စဉ် အဖေကြီးအနားမှာ သာသနာပြုနေသူတစ်ဦး ဖြစ်ပါသည်။ နှစ်ပေါင်း (၃၀) ရှိခဲ့ပြီဟု သိရပါသည်။ ငယ်စဉ်ကပင် အဖေကြီးကစောင့်ရှောက်လာသည်ဟု အမေစိန်ကပြောပါသည်။ အိမ်ထောင်ကျပြီးတော့လည်း အစဉ်အမြဲ စောင့်ရှောက်ပါကြောင်း၊ ငွေယခင်က ရွှေတိဂုံသို့အမြဲတက်လေ့ရှိပါကြောင်း။ အဖေကြီးကိုထင်ထင်ရှားရှား

www.burmeseclassic.com

မြင်တွေ့လိုပါ၍ အဖေကြီးကို တမ်းတသောအခါ ရွှေတိဂုံ စနေဒေါင့် ဝိဇ္ဇာဓော်ဂျီဘုရားရှေ့တွင် ထင်ရှားစွာကိုယ်ထင်ပြပေးခဲ့ပါကြောင်း၊ တစ်ခါသော် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ဦးစောင်းတန်းကြီးပြင်နေစဉ်အချိန်က အရှေ့မုခ်အားတပ်ရက် လမ်းသွယ်လေးမှ ဘုရားပေါ်တက်သောလမ်းတွင် ထမင်းဆာသျှင် အဖေကြီးကို သတိရသောအခါ အဖေကြီးနှင့် ထမင်းလက်ဆုံစားရလျှင် ကောင်းမှာပဲဟု စိတ်ထဲတအတိုင်း -

"အဖေကြီးကို ထမင်းကျွေးချင်ပါတယ်။ ကြွရောက်ဘုဉ်းပေးပါဆိုပြီး စိတ်ကြားပြီး ထမင်းဆိုင်ဘက်သမ်းလျှောက်လာခဲ့တယ်။ ထမင်းဆိုင်က သိပ်မဝေးလှဘူး။ ထမင်းဆိုင်ထဲရောက်တော့ အဖေကြီးပါလာတယ်၊ ဆိုက်လာမယ်မှန်းလည်း မသိပါဘူး၊ ထမင်းဆိုင်အလယ်တည့်တည့်က စားပွဲခုံ အမေတို့က နှစ်ယောက်၊ သမီးနဲ့ပေါ့။ မျက်နှာချင်းဆိုင်နေရာယူ ထမင်းမှာတယ်။ ထိပ်ဆုံးက စားပွဲခုံထိပ်ကနေရာမှာ အဖေကြီးကိုဖိတ်ထားပြီးဆိုတော့ အဖေကြီးအတွက် နေရာသတ်မှတ်ပြီး အဖေကြီးအတွက် သက်သတ်လွတ်ဟင်းနဲ့ထမင်းတစ်ပွဲပြင်ခိုင်းလိုက်တယ်၊ အမေတို့နှစ်ယောက်ကတော့ အသားဟင်းနဲ့ပေါ့။ ဟင်းပွဲတွေစုံလို့၊ ထမင်းလည်း စပြီးစားရော လူတစ်ယောက်ရောက်လာပြီး အဖေကြီးအတွက် စီစဉ်ထားတဲ့နေရာမှာဝင်ထိုင်ပြီး သက်သတ်လွတ်ဟင်းတွေနဲ့ မြိန်ရေယှက်ရေဝင်ရောက်စားပါတော့တယ်။ အမေတို့နှစ်ယောက်ကလည်း ဒီအဖြစ်ကို အံ့ဩပြီးကြည့်နေတုန်း 'မသိသူကျော်သွား သိသူဓော်စား'လို့ အောင်အောင်မြင်မြင်စကားသံတို့ ကြားလိုက်မှ အဖေကြီးဆိုတာသေချာပြီမို့ ဝမ်းမြောက်ဝမ်းသာ ထမင်းဆက်စားနိုင်ကြတယ်။ အဲဒီလို အဖေကြီးနဲ့ထမင်းလက်ဆုံစားပြီးနောက် အမေတို့တွေ အစစအရာရာ အဆင်ပြေစွာ ဘဝမှာ ရပ်တည်နေနိုင်ခဲ့တယ်"

အမေစိန် ပြောကြား အဖေကြီးနှင့် ထမင်းလက်ဆုံစားသည်ကို ကြားသိလိုက်ရတော့ စာရေးသူ အတွေးပေါက်သွားသည်။ သားတို့သမီးတို့ အမှုအားမငယ်ကြနှင့်။ အဖေကြီးကို တမ်းတ၊ သတိရလိုက်၊ အဆင်ပြေသွားကြမယ်' ဟု မိန့်ဆိုနေသကဲ့သို့ဖြစ်နေ၏။ ရှင်းအောင်ပြောရလျှင် သင့်မှာ ညည်သို့သော အခက်အခဲရှိမည်နည်း။



အဖေကြီးကို သက်သတ်လွတ်ဟင်းနှင့် ထမင်းဖိတ်ကျွေးလိုက်ပါ။ အသင်လိုရာ ပြီးမြောက်ခရီးရောက်ပါလိမ့်မည်။

ကျိုက္ကလော့စေတီတော်မြတ်ကြီး တည်ရာဌာနသည် ရှေးယခင်အခါက မြတ်စွာဘုရားမှ ဘီလူးမင်းအား အောင်မြင်ခဲ့သောနေရာ၊ အထူးသဖြင့် အောင်မြေအောင်ဌာနဖြစ်ပါသည်။ အောင်မြေအောင်ဌာန၏ ထူးခြားချက်များက မိမိ၌ဖြစ်ပေါ်နေသော အခက်အခဲဘေးဒုက္ခ ရန်စွယ်အန္တရာယ်များ ခံစားနေရပြီဆိုပါက ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတောင်းစွာပြု သစ္စာဖြင့်ဆုတောင်း မည်သို့သော အခက်အခဲမဆို ကျော်လွှား အောင်မြင်ရပါကြောင်း သူတော်ကောင်းများမိန့်ကြားသတင်းစကားတို့ ဆင့်ပွားနှိုးဆော် အပ်ပါသည်။

၁။ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းလှူဒါန်းခြင်း။
၂။ အနည်းဆုံး ငါးပါးသီလဆောက်တည်၊ သက်သတ်လွတ်စား။
၃။ ဂုဏ်တော်(၉)ပါး (၉)ခေါက်ရွတ်ပွားလေ။
၄။ လိုရာဆုမွန်ကောင်းတောင်းလော့
၅။ ပြုသော ကုသိုလ်ကောင်းမှု အကြောင်းပြု၍ မေတ္တာပို့သ၊ မှုတပေးဝေ (၃၁) ဘုံ မျှားဝေနေနှင့် (၇) ရက်သား ချမ်းသာကြပါစေ၊ ရကြပါစေ ကုသိုလ်အမျှ၊ အမျှ၊ အမျှယူတော်မူကြပါ. . .

တု ရသေ့ကြီး အဘဦးကဝိမိန့်ကြား ဩဝါဒစကားဖြင့် အကြံပေးရေးသား တင်ဆက်လိုက်ပါသည်။

ကျိုက္ကလော့စေတီဖူး
ထူးကြပါစေသောဝ်
မေတ္တာများစွာဖြင့်
ကံ့ဝင်း



www.burmeseclassic.com

www.burmeseclassic.com



# မောင်ရွှေလု

## ရှေးမြန်မာမင်းတို့၏

## အတုယူဖွယ်ရာသာသနာပြုနည်းတစ်မျိုး

သကြြန်အခါရက်ဖတွင်းရုံးပိတ်ရက်ရှည်ရ၍ ကျွန်တော်တို့လို ဝန်ထမ်းများအဖို့ အဆင်ပြေလှသည်။ မိမိမွေးရပ်မြေမှ တာဝန်ကျရာဒေသအသီးသီးသို့ သွားရောက် တာဝန် ထမ်းဆောင်နေရ၍ ဝေးလံလှသောအရပ်ဒေသဆီမှ မွေးရပ်မြေသို့ တစ်နှစ်တစ်ခေါက်ပြန်ရောက်ဖို့ရာ မလွယ်ကူလှပါ။ ယခုလို ပိတ်ရက်ရှည်ရရှိ၍ အေးအေးဆေးဆေး ပြန်နိုင်ကြသည်။ ထိုအထဲတွင် ကျွန်တော်တို့မိသားစုလည်း အပါအဝင်ဖြစ်သည်။

ထုံးစံအတိုင်း ဤရက်မျိုးတွင် မော်တော်ယာဉ်စီးခနွန်းထားများခုန်တက်သွားကြသည်။ ပုံမှန်ယာဉ်စီးခနွန်းထားမဟုတ်မှန်းသိသော်လည်း ကာလအတန်ကြာ ကွဲကွာနေခဲ့ကြသော မိဘ၊ ညီအစ်ကိုသားချင်းများဖြင့် ပြန်လည်ဆုံတွေ့ရမည်မို့ သည်းခံလျက် မြို့နယ်စီမံကိန်းမှူးတာဝန်ဖြင့် တာဝန်ကျရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ မွေးရပ်မြေဇာတိမြေ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ရှိ ရွှမ်းကုန်းကျေးရွာဆီသို့ မြေလတ်သား မှန်လုံအမြန်ယာဉ်ဖြင့် ကျွန်တော်တို့မိသားစုသုံးဦးစီးနင်းလိုက်ပါလာခဲ့ကြပါတော့သည်။

❑

မကြားရသည်မှာကြာပြီဖြစ်သော အုန်းမောင်းခေါက်သံကြောင့် အိပ်ရာမှနိုးလာခဲ့သည်။ မီးဖိုချောင်ဆီမှ မီးရောင်လက်လက်ဖြင့်လှုပ်ရှားနေသောသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ မီးဖိုပေါ်မှ ပွက်ပွက်ဆူနေသော ထမင်းအိုးကို ယောက်မဖြင့်မွှေနေသောအမေ့ကိုတွေ့လိုက်ရသည်။အသက်ခြောက်ဆယ်ကျော်လာပြီဖြစ်သော်လည်း အမေ့လှုပ်ရှားမှုများက သွက်လက်ဆဲ။

"ဩော် - သားကြီးနိုးလာပြီလား ကွယ့်။ မင်းအဖေ မနက်ကို ဘုန်းကြီးကျောင်းသွားရင်ယူသွားဖို့ ဆွမ်းချိုင့်အတွက်ချက်နေတာကွယ့်။ အိပ်ရေးပျက်နေမယ်၊ ပြန်အိပ်လိုက်ပါဦးလား။ မင်းတို့လည်း မင်းအဖေနဲ့အတူ ကျောင်းကိုလိုက်သွားကြပေါ့"

ခရီးကလည်းပန်းလာသည်မို့ အိပ်ရာအတွင်းသို့ ပြန်လည်အိပ်စက်အနားယူခဲ့သည်။

❑

"ဘိုးဘိုးကြီး၊ သားသားလည်းလိုက်မယ်၊ သားသားလည်းလိုက်မယ်"

လေးနှစ်သားအရွယ် သားတော်မောင်မှ ဘုန်းကြီးကျောင်းသို့သွားခါနီး အဘိုးဖြစ်သူ၏လက်ကိုဆွဲလျက် ပူဆာနေသည်ကို တွေ့လိုက်ရသည်။

"ဟဲ့သား၊ ဘိုးဘိုးကြီးသွားခါနီး ဒီလိုမလုပ်ရဘူးကွယ့်။ ကလေးတွေ မလိုက်ရဘူး"

ဇနီးသည်က ဝင်ရောက်ဟန့်တားလိုက်ပါသည်။

"လိုက်ပါစေ လုံမရယ်၊ ကလေးတွေကို ခုအရွယ်ကတည်းက ကျောင်းကန်ဘုရားတွေနဲ့ ဗုဒ္ဓဘာသာအခြေခံမျိုးစေ့ကလေးတွေ သူတို့နှလုံးသားထဲမှာ အမြစ်တွယ်အောင် ပျိုးထောင်ပေးဖို့က လူကြီးတွေရဲ့တာဝန်ပဲကွယ့်။ ကဲကဲ - မင်းတို့ပါတစ်ခါတည်းလိုက်ခဲ့ကြ"

ဆရာတော် ဦးပညာသာရ၏ ရွာဦးကျောင်းမှာ ယခင်ကလို ဆွေးမြည့်နေသောသစ်သားကျောင်းမဟုတ်တော့ပေ။ အပေါ်ထပ်၊ အောက်ထပ်နှင့် တိုက်ကျောင်းဖြစ်နေလေပြီ။ ကျောင်းအောက်ထပ်တွင် ဥပုသ်သည်များအား ကျွေးမွေးလှူဒါန်းသော ကောက်ညှင်းပေါင်းကို ကြက်ဥနှင့် ခရမ်းသီးရောနှပ်ထားသောအစုတို့ဖြင့် လိုက်ဖက်ညီစွာ သုံးဆောင်ပြီးနောက် သီလယူရန် ကျောင်းအပေါ်ထပ်သို့ တက်ခဲ့ပါသည်။ ကျောင်းပေါ်ရောက်သည်နှင့် အရင်ဆုံး သတိပြုလိုက်မိသည်က ရှေ့ဆုံးမှ တရားဟောပလ္လင်၏ရှေ့တွင် ယောဂီဝတ်စုံ တူညီဝတ်ဆင်လျက် ကလေးငယ်များ စီတန်းထိုင်နေသည်ကို တွေ့လိုက်ရသည်။ အသက်အရွယ်အားဖြင့် ငါးနှစ်မှ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ယောကျ်ားကလေး၊ မိန်းကလေး (၃၀) ကျော်ခန့်သည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်လျက်။ သူတို့နောက်ဘက်တွင်မှ လူကြီးများက နေရာယူလျက် ထိုင်နေကြသည်။

မကြာမီ ဆရာတော် ကြွရောက်လာပြီး သီလပေးရာတွင် ရှေ့ဆုံးမှ ကလေးငယ်များမှာလည်း လူကြီးများနည်းတူ သီလခံယူနိုင်သည်ကို တွေ့ရသည်။ ဆရာတော် သီလပေးတရားချီးမြှင့်ပြီးသွား၍ အချို့သောဥပုသ်သည်တို့မှာ အိမ်ပြန်ကြပြီး ဆွမ်းချိုင့်ပါလာသူများမှာ ညနေစောင်းမှပြန်ကြသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ယောဂီဝတ်စုံနှင့် ကလေးငယ်များမှာ တစ်ယောက်မျှပြန်ကြသည်ကို တွေ့ရဘဲ ဆရာတော်၏နောက်ပါးမှ တစ်အုပ်ကိုယ်စီချီလျက် လိုက်ပါသွားကြသည်ကို တွေ့လိုက်ရသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးရန်အချိန်နီးပြီဖြစ်၍ ကျွန်တော်တို့တွင်ပါလာသောဟင်းလျာများကို ဆရာတော်အား ကပ်လှူရန် ဆွမ်းပွဲပြင်ရာ ဘောဇနဆောင်သို့သွားရောက်ခဲ့သည်။ကျောင်းတွင် ဆရာတော်အပါအဝင် သံဃာသုံးပါးသာရှိသည်မို့ ဆွမ်းပွဲပေါ်တွင် ဆွမ်းဟင်းခွက်များမှာ သင်းအမယ်စုံလင်စွာတွေ့လိုက်ရသည်။ ကျောင်းမတမ်း ဘေးဘက်ခြမ်းတွင် စားပွဲရှည်ကြောက်ဝိုင်းခန့်မှာလည်း ဆွမ်းပွဲများပြင်ဆင်ရန် အသင့်ပြင်ဆင်ထားသည်ကို တွေ့လိုက်ရသည်။ ဤသည်ကို သိရှိသဖြင့် ဆွမ်းပွဲပြင်နေသော ကပ္ပိယတစ်ဦးကို မေးကြည့်ရာ ဥပုသ်သည်ကလေးများကို ကျွေးရန်ဖြစ်ကြောင်းသိရပါသည်။

ဆရာတော် ဆွမ်းကိစ္စပြီး၍ ဆက်ဖက်ရည်ကြမ်းနှင့် အချိုပွဲဘုဉ်းပေးနေချိန်တွင် ကျွန်တော့်မိသားစုနှင့် ဆရာတော်အား တွေ့ဆုံပေးရန် အဖေက ဆရာတော်ထံ ခေါ်ဆောင်လာခဲ့သည်။

"ဒကာကြီးဦးရွှေတို့ပါလား။ ထိုင်ကြ ထိုင်ကြ၊ ဒကာမကြီးကောပါမလာဘူးလားကွယ့်"

"မပါလာဘူး ဘုရား။ ဒီက မောင်ကျော်တို့မိသားစုတွေရောက်နေလို့ အိမ်မှာပဲကျန်ခဲ့တယ်ဘုရား။ ရောက်တုန်းမှာ တပည့်တော်သားနဲ့ ဆရာတော်ကို တွေ့ဖို့လာခဲ့တာပါ ဘုရား"

"ဪ - ဒါက ဒကာကြီးရဲ့သား မောင်ကျော်ခင် မဟုတ်လား။ မတွေ့ရတာလည်း အတော်ကြာပြီကိုး။ ငယ်ရုပ်ကို မနည်းဖမ်းယူရတယ်"

ဆရာတော်နှင့် တွေ့ကြုံခိုက် မိမိသိလိုသောအကြောင်းအရာကိုမေးမြန်းကြည့်ရန် စိတ်ကူးရလိုက်ပါသည်။

"ဆရာတော်ဘုရား၊ စောစောက သိလယ်ူပြီး ဆရာတော့်နောက်ကလိုက်သွားကြတဲ့ကလေးတွေတွေ့လိုက်ရတယ် ဘုရား။ ဒီကလေးတွေ ဆရာတော့်ဆီမှာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်ထားလို့များ လာတက်နေကြတာလားဘုရား"

"မဟုတ်ဘူးကွယ့် မောင်ကျော်ခင်ရဲ့၊ ဒီကလေးတွေအားလုံးက ဒီရွာက ကလေးတွေပဲကွယ့်။ မိဘများက တောင်သူတောင်သားတွေဆိုတော့ သတို့ကလေးတွေကိုအချိန်ပေးပြီး မနေနိုင်ကြဘူး။ ဝမ်းစာရေးအတွက် တတ်နိုင်သလောက် မိဘတွေကိုကူရသေးတယ်။ ဒါကြောင့် သူတို့လေးတွေကို အချိန်ပေးပြီး ခေါ်မသင်နိုင်ဘူး။ ဒါပေမယ့် သူတို့လေးတွေကိုတော့ ဘာသာရေးတရားနဲ့ အလှမ်းမဝေးအောင် ဆရာတော်အနေနဲ့ စွမ်းနိုင်သမျှ ဆောင်ရွက်ပေးနေတာလေးတွေ မင်းသိအောင်ပြောပြရသေးတာပေါ့ကွယ်"

ဆရာတော်သည် ရေနွေးကြမ်းတစ်ခွက်ကိုသောက်ပြီး ကွမ်းအစ်အတွင်းမှ ကွမ်းယာကိုယာပြီး ပါးစောင်တွင်ငုံလိုက်သည်။

"ဒီလိုကွယ့် မောင်ကျော်ခင်ရဲ့၊ ဒီကလေးတွေအဖို့ လောကဓာတ်ပညာဆိုတဲ့ အတန်းပညာအားနည်းရင် ဒီတစ်ဘဝလောက်ပဲ ဒုက္ခတွေ့နိုင်ပေမယ့် ဘာသာတရားဆိုတဲ့ ဗုဒ္ဓရဲ့ အဆုံးအမ လောကုတ္တရာပညာတွေတတ်မထားသိမထားဘူးဆိုရင် သူတို့အဖို့ တစ်သံသရာလုံးမှာ ဆင်းရဲဒုက္ခရောက်နိုင်တယ်ကွယ့်။ ဒါကြောင့် ဆရာတော့်အနေနဲ့ ဒီကလေးတွေရဲ့ နောင်ရေးအတွက် စွမ်းနိုင်သလောက် ဆောင်ရွက်ပေးနေရတာပေါ့ကွယ်။ သူတို့ကလေးတွေအားလုံးဟာ ဝါတွင်း၊ ဝါပဥပုသ်နေ့တိုင်းမှာ ဥပုသ်စောင့်ကြရတယ်။ ပြီးရင် ဗုဒ္ဓဘာသာအခြေခံအုတ်မြစ်တွေကို သူတို့နှလုံးသားထဲမှာ အမြစ်တွယ်စေဖို့ သင်ကြားပို့ချပေးရတယ်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်နိုင်အောင်၊သူတို့လေးတွေလာချင်အောင် အခွင့်အရေးလေးတွေပေးရတယ်ကွယ့်။ သူတို့အတွက် လိုအပ်တဲ့ကျောင်းစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံကအစ ဆရာတော်က ပြည့်စုံအောင် ထောက်ပံ့ပေးထားတယ်။ ဝါတွင်း၊ဝါပဥပုသ်စောင့်ကြရင်လည်း သူတို့အတွက် အစားအသောက်ပြည့်စုံအောင်လုပ်ပေးထားတယ်။ ဒါမှလည်း နောက်ကြောင်းအေးအေးနဲ့ နေနိုင်ကြတာပေါ့ကွယ်"

ဆရာတော်မှာ စကားကိုကြာရှည်စွာ မိန့်ကြားလိုက်ရ၍ မောသွားဟန်ရှိသည်။ ကျွန်တော်ကလည်း အလိုက်သိစွာ ရေနွေးကြမ်းတစ်ပန်းကန်ငှဲ၍ ကပ်လိုက်သည်။

"ကဲပါကွယ်၊ ကြုံတုန်းဗဟုသုတရအောင် ပြောပြရသေးတာပေါ့"

ဆရာတော်မိန့်ကြားချက်ကြောင့် စိတ်ဝင်စားသွားမိပါသည်။

"ရှေးရှေးတုန်းက ကျုပ်တို့မြန်မာနိုင်ငံကို အုပ်ချုပ်မင်းလုပ်ခဲ့တဲ့ ရှင်ဘုရင်များဟာ ဥပုသ်သီတင်းဆောက်တည်ကြတဲ့ တိုင်းသူပြည်သားတွေကို ဥစ္စာပစ္စည်းများ ပေးကမ်းထောက်ပံ့ချီးမြှင့်ခဲ့ကြတာ ရာဇဝင်မှာ အထင်အရှားရှိခဲ့တယ်ကွယ့်။ စာပေကျမ်းဂန်တွေရဲ့အထောက်အထားအရ တိတိကျကျပြောရရင် သက္ကရာဇ် ၉၉၁ ခုနှစ်မှာနန်းတက်ခဲ့တဲ့ သာလွန်မင်းတရားကြီးလက်ထက်ကစတင်ခဲ့တာပေါ့။ ဥပုသ်သီတင်းနေ့တိုင်းမှာ မလွတ်တမ်း ဥပုသ်စောင့်ကြတဲ့ ပုဂ္ဂိုလ်အားလုံးကို အခွန်တော် (၁၂) မျိုး ထမ်းဆောင်စေခြင်းမှကင်းလွတ်ပြီး ပစ္စည်းအသုံးအဆောင်များထောက်ပံ့ပေးတယ်ကွယ့်။ ဒါ့အပြင် အနှဖြစ်ရင် တစ်မူး၊ ကလျာဏဖြစ်ပါက တစ်မတ် ထောက်ပံ့သေးတယ်။ သူ့ရဲ့ရွှေမြို့တော်အတွင်းက ဥပုသ်စောင့်တဲ့ မှူးမတ်မင်းညီမင်းသားတွေကိုလည်း အနှနဲ့ ကလျာဏခွဲခြားပြီး အနှကို နှစ်မူး တစ်ပဲ၊ ကလျာဏကိုငါးမူးကျစီထောက်ပံ့တယ်ကွယ့်"

"အရှင်ဘုရား၊ အနှနဲ့ ကလျာဏကို ဘယ်လိုခွဲခြားတာပါလဲ ဘုရား"

"အနှဆိုတာကတော့ လူကျင့်ဝတ်နဲ့ ချွေ၊ အာယတန၊ ဓာတ်သစ္စာစတာတွေကို မသိတဲ့သူကိုခေါ်တယ်ကွယ့်။ ကလျာဏဆိုတာကတော့ လူကျင့်ဝတ်နဲ့၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတွေကို ပိုင်းခြားကွဲပြားသိတဲ့သူကိုခေါ်တာကွယ့်။ အဲဒီလို ခွဲခြားပြီးမှ သူ့အဆင့်နဲ့သူ ချီးမြှင့်တာကွယ့်၊ ပုဂံမင်းတရားကြီးလက်ထက် အမရပူရနေပြည်တော်မှာတော့ ဝန်ကြီးမှူးမတ်များအပါအဝင် မြို့တွင်း၊ မြို့ပြင်ပါမကျန် ဝါတွင်း(၃)လ ဥပုသ်စောင့်ကြတဲ့အမျိုးသားတွေအတွက် ပိုးပုဆိုး၊ ပိတ်အင်္ကျီ၊ ခေါင်းပေါင်း၊ ဆာပါ၊ ပဝါ၊ စိပ်ပုတီး၊ ဖန်တကောင်း၊ ဖိနပ်တစ်ရန်ပေးသနားတော်မူပြီး အမျိုးသမီးများအတွက်ကတော့ ပိုးထဘီ၊ တဘက်၊ အင်္ကျီ၊ ပဝါ၊ စိပ်ပုတီး၊ ဖန်တကောင်း၊ ဖိနပ်တစ်ရန်စီပေးသနားတော်မူတယ်ကွယ့်"

"အရှင်ဘုရား၊ အခုလို ဥပုသ်သီတင်းဆောက်တည်တဲ့သူတွေကို ပေးကမ်း ထောက်ပံ့ ချီးမြှင့်တာဟာလည်း တစ်ဖက်တစ်လမ်းက သာသနာပြုရာ မရောက်ဘူးလား ဘုရား"

"မှန်တာပေါ့ကွယ်၊ ငါတို့မြန်မာနိုင်ငံတော်ကြီးကို အဆက်ဆက်အုပ်ချုပ်လာခဲ့တဲ့ မင်းအဆက်ဆက်မှာ ဥပုသ်စောင့်သူတွေကို အားအပေးဆုံး မင်းတစ်ပါးကတော့ မင်းတုန်းမင်းကြီးပေါ့

www.burmeseclassic.com

# ယောနကတိုးထောင်
# လယ်တီဇာတိမာန်နိမိတ်ထူးများ

ဒီပဲယင်းနယ် စိုင်ပြင်ရွာသည် လယ်တီဆရာတော် ချက်မြှုပ်ကြွေအောင် ရပ်မြေ ဖြစ်သည်။ သာသနာ့သမိုင်းဝင် ပညာရှင် အကျော်အမော် ထွန်းကားရာ အရပ်ဒေသကြီးလည်း ဖြစ်လေသည်။ အာတောင့်သာယာ မြစိမ်းရောင်သစ်ပင်များရစ်သိုင်းအုပ်မိုး စိုင်ပြင်ရွာကြီးသည် လှပသော ပန်းချီကားချပ်သဖွယ်ဖြစ်နေသည်။ ရွာပတ်ဝန်းကျင်တွင် လယ်ကွင်းများသည် မြစိမ်းရောင်အသွင်ဆောင်နေသည်။ လယ်တီဆရာတော်လောင်းလျာ သားကောင်းရတနာပေါ်ထွန်းမည့် ဇာတိမာန်နယ်မြေထူး ဖြစ်သည်။

နတ်တော်လတွင် ကမ္ဘာ့အလင်းရောင်ထွန်းပြောင်မည့် ပုဂ္ဂိုလ်ထူးကိုမျှော်တလင့်လင့် ခရီးဦးကြိုဆိုနေသည်။ ဆောင်းလအခါသမယ နတ်တော်လသည် အေးမြချမ်းတုံ့ရာသီတုံ့ကိုဆောင်လျက်ရှိသည်။ ဆီးနှင်းရည်တို့သည် ငွေရည် ပုလဲဥသဏ္ဌာန်သွန်းလောင်းနေ၏။ မြောက်ပြန်လေ ဆော်သွေးချိန်လယ်ကွင်းထဲမှစပါးပင်များက ယိမ်းကချိ စိမ်းမြနေလေပြီ။ သစ်ပင်သစ်တောဆီမှ ချိုးကူသံ၊ ခါတုတ်သံ၊ ငှက်မြည်သံတို့က မြည်သံစွဲအလင်္ကာမြောက် ဂုဏ်ရောင်တောက်လျက်ရှိတော့သည်။ တစ်ခါတစ်ရံ ရွှေဘုတ်၏ အိုအီးသံကိုလည်းကြားနေရသည်။ ခပ်ဝေးဝေး တောမြိုင်ခင်တန်းမြိုင်ယံဆီက နေခြည်ဖျဖျတွင် အိုးဝေဒေါင်းတွန်သံကို သာယာနာပျော်ဖွယ်ကြားနေရသည်။

စိုင်ပြင်ကြီးရွာသည် တောင်ပိုင်းနှင့် မြောက်ပိုင်း နှစ်ပိုင်းရှိရာ အိမ်ခြေပေါင်း (၆၀၀) ကျော်ရှိသည်။ ရပ်ကွက် (၇) ရပ်ကွက်ရှိရာ ဦးထွန်းသာနှင့် ဒေါ်ကျုံးတို့ နေထိုင်ရာအရပ်မှာ ကတိုးရပ် ဖြစ်သည်။ ကတိုးရပ်ကွက်တွင် အိမ်ခြေ (၁၂) အိမ်သာရှိပြီး ရွာကိုဖြတ်သန်းစီးဆင်းနေသော ချောင်းယ်ဘက်သို့ မျက်နှာမူလျက်ရှိလေသည်။ ဦးထွန်းသာ၊ ဒေါ်ကျုံးတို့မှာ စိုင်ပြင်ကြီးရွာသူရွာသားစစ်စစ်ဖြစ်ကြ၏။ တောင်သူရိုးရာလေ့အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရ၏။ သူရိယသိဒ္ဓတ္ထဝေဒကျမ်းအရ မနက္ခာရကခေါ် တနလာစန်းသည် ပုဏ္ဏစန်း ဖြစ်သည်။ စန်းအား ကောင်းသော နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ တစ်ချက်တီးကျော်အချိန်မှ လယ်တီလောင်းလျာလေးသည် မယ်တော်ကြီး ဒေါ်ကျုံး၏ ရင်ခွင်ဝယ် ပိုက်ထွေးလျက်ရှိနေလေသည်။ မီးရှူးသန့်စင်ဖွားမြင်ခါစ သတို့သားလယ်တီကလေးကို သာယာအေးမြသော နတ်တော်လသည် မိမိ၏ချမ်းမြေ့သောဂုဏ်ဖြင့် လွှမ်းခြုံထားလေသည်။ လယ်တီသတို့သားမှာ နောင်သောအခါမြန်မာနှင့် ကမ္ဘာလောကတစ်ခုလုံးကို တရားရေအေးအမြိုက်ဆေးနှင့်အေးချမ်းအောင်ပြုမည့်ရှေ့ပြေးနိမိတ်ပင်ဖြစ်၏။

- မြမြမှေး၍၊ ဆီးသေးနှင်းဖွဲ၊ မြူလည်းကြွေလင့်၊ မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထွက်ခွင်အုံ့မှိုင်းမှုကိုယ်တွင်း၊ ဆီးနှင်းကျရွှမ်းချမ်းတို့စလည်း၊ ရင်မြကျသောင်းချမ်းဆောင်းရက်ကျူး၊ မဖူးရက်လေဟေမန်ရာသီ၊ နာရီပွားတိုး၊ သောက်မိုးညဥ့်ရှည်၊ ဆောင်းခါသည်လည်း

. . .

နတ်သျှောင်နောင် ရတုစာသားကဲ့သို့ ချမ်းမြရာသီဦးတွင် နိမိတ်ထူးထင်ခဲ့လေသည်။

- နှင်းသာထန်၍၊ ဟေမန်မာသာ ချိုလေစကား၊ ရွှမ်းမျှနေရေ၊ မှိုင်းဝေဝေမျှ၊ မြောက်လေဖြည်းဆောင် မွှန်းတည့်အောင်လျှင်၊ နေရောင်မကြောက်၊ နှင်းမပျောက်တည့်

. . .

နဝဒေးရတု လင်္ကာကဗျာတလီအတိတ်နိမိတ်ထူးပေါ် လွှင်နေသည်။

ဤနတ်တော်လတွင် လယ်ဝေဖခမည်းတော် လယ်သမားကြီး ဦးထွန်းသာသည် တပည့်သူရင်းငှားတို့နှင့်အတူ မိမိလယ်ကွင်းများဆီသို့သွားနေ

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

ကွယ်။ လစဉ်လဆန်း ၅ ရက်နေ့ရောက်တိုင်းမှာ တိုင်းပြည်အတွင်းကို မင်္ဂလာဆင်တော်ကြီးနဲ့အတူ လူ(၅၀)ထမ်းရတဲ့တရားစည်ကြီးကို တီးခတ်ပြီး ဂရုဓမ္မအမိန့်တော်ကို ပြန်ပြန်စေတယ်ကွယ့်။ တိုင်းသူပြည်သားအားလုံး ဝါတွင်း၊ ဝါပ၊ တစ်လလေးသီတင်း၊ အဋ္ဌင်္ဂီဥပုသ်စောင့်ကြ၊ ငါးပါးသီလကို နိစ္စမပြတ်စောင့်ထိန်းကြစေ၊ ရတနာသုံးပါးနဲ့ မိဘဘိုးဘွားဆရာသမားများကို မင်္ဂလာတရားတော်မြတ်အတိုင်း ရိုသေမြတ်နိုးရှိခိုးပူဇော်ကြစေဆိုပြီးတော့ ဂရုဓမ္မအမိန့်တော်ကို ဦးသုံးကြိမ်တိုက်ပြီး လမ်းဆုံလမ်းခွများမှာအမိန့်တော်ပြန်စေတယ်ကွယ့်။ ဒါ့ပြင်သီတင်းပတ်များမှာ လာရောက်ဥပုသ်စောင့်ကြသူ[illegible]ကိုလည်း ကလျာဏဖြစ်လျှင် ငါးမူး၊ အန္ဓဖြစ်လျှင် နှစ်မူးတစ်ပဲကျစီ ထောက်ပံ့ခဲ့တယ်ကွယ့်"

"အရှင်ဘုရား၊ တိုင်းသူပြည်သားတွေ ဗုဒ္ဓရဲ့တရားတော်နဲ့အညီကျင့်ကြံနေထိုင်နိုင်ကြဖို့နဲ့ ယနေ့ထက်တိုင်သာသနာတော်ကြီးတည်တံ့ခိုင်မြဲနေနိုင်အောင် အားပေးဆောင်ရွက်ခဲ့ကြတဲ့မင်းကောင်းမင်းမြတ်တွေကတော့ လေးစားကြည်ညိုစရာကောင်းလှပါတယ်ဘုရား"

"မှန်တာပေါ့ကွယ်၊ ဒါကြောင့်လည်း ဘုန်းကြီးများလည်း လူမျိုး၊ ဘာသာ၊ သာသနာကြီး မတိမ်ကောမပပျောက်ရလေအောင် တတ်နိုင်တဲ့ဘက်က စွမ်းနိုင်သလောက် ကလေးတွေကိုပြုစုပျိုးထောင်ပေးနေရတာပေါ့ကွယ်"


သည်နှစ်သကြိန် ရွာပြန်ခရီးသည်ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သောဗဟုသုတများစွာ ရရှိခဲ့သည့်အတွက် ကျေနပ်ဝမ်းမြောက်မဆုံးဖြစ်ရပါတော့သည်။

မောင်ရွှေလူ


ကျမ်းကိုး -

သာသနာ့ရောင်ခြည် အတွဲ (၄) အမှတ် (၄)

www.burmeseclassic.com



ကျေးဇူးရှင် ပဌမလယ်တီဆရာတော်ဘုရားကြီး




လယ်တီဆရာတော်ဘုရားဇာတာပုံတော်

နေ ဖြစ်သည်။ ထိုနေ့တွင် မိခင်ဒေါ်ကျုံး မှာ အိမ်တွင် တစ်ဦးတည်းရှိနေလေသည်။ ဒေါ်ကျုံးသည် မိန်းမမြတ်တို့ အကျင့်နှင့် ပြည့်စုံ၍ ကိုယ်ဝန်နေ့စေ့ကို စောင့်ထိန်းနေရလေသည်။ ဦးထွန်းသာမှာ တပည့်များနှင့်အတူ လယ်တောသို့သွားရသော်လည်း မိမိ၏ ဇနီးကို စိတ်မချနိုင်ရှာပါပေ။

နတ်တော်လဆန်း ၁၃ ရက်နေ့တွင် အညာဒေသ၌ ဆင်ရာတိမ်မိုးရွာ သည့်ဟန် အထက်ကောင်းကင်ယံမှ တိမ်လွှာတိမ်စိုင်များ ရစ်သိုင်းပြေးလွှား နေကြလေသည်။ မိုးသားသည် ထူထပ်၍ လျှပ်ရောင်ခြည်သန်းလျက် ထစ်ချုန်း သံများ ဆူညံနေလေသည်။ မိခင် ဒေါ်ကျုံးမှာမူ ထိုနေ့နံနက်တွင် ကိုယ်ဝန် နေ့စေ့ရက်စေ့ရှိသော်လည်း မဖွားနိုင်သေးဟု ယူဆထားလေသည်။ ဆွမ်းကပ်ချိန် အိမ်ဦးရှိ ဘုရားခန်းဆောင်သို့သွားလေသည်။ နောက်ရေချမ်းဆက်ကပ်မည်အပြု ရင်ထဲမှ အောင့်၍ မူးဝေသကဲ့သို့ရှိလေ၏။ ရုပ်ပွားဆင်းတုတော်ကို ဆွမ်း ရေချမ်းကပ်လှူပြီးနောက် ဝတ်ပြု၍ထသွားမည်ပြုရာ ရုတ်တရက်မေ့မြော သွားရှာလေသည်။ မေ့နေဆဲအချိန် အနည်းငယ်ပိုင်းတွင် သားဖွားရခြင်း ဆင်းရဲကို မခံစားရတော့။ အိမ်ဦးခန်း ဘုရားဆောင်အတွင်းမှာပင် လယ်တီ လောင်းလျာ သတို့သားကို မိခင်တစ်ဦး ထီးတည်း ချမ်းမြေ့လွယ်ကူစွာ ဖွားလာရပေသည်။ နောက်မှ ဆွေရင်းမျိုးချာ ဉာတကာများသိကြ၍ ဒေါ်ကျုံးကို ပြုစုကြရလေသည်။

ဒေါ်ကျုံး ဖွားမြင်ခြင်းကိစ္စပြီးသော် ဦးထွန်းသာ လယ်တော်မှ ပြန်ရောက်လာပေသည်။ ထိုအခါ နေအိမ်တွင် လူပ်ရှားဆူညံနေသည်ကိုမြင်ရလျှင် ထိန့်လန့်သောစိတ်ဖြစ်၍ မှင်တက်မိအံ့အားသင့်နေလေသည်။ နောက် မိမိနှင့်အတူပါလာသော တူးရွင်း၊ ပေါက်ပြားတို့ ပခုံးပေါ်မှပစ်ချ၍ အိမ်ပေါ်သို့ အပြေးတက်သွားလေ၏။ မိမိဇနီးနှင့်အတူ အခြားဆွေမျိုးများဝန်းရံလျက် ရင်သွေးကလေးကို မြင်ရသောအခါ ဝမ်းမြောက်လျက်ရှိပြီးလျှင် ဘာလေးလဲဟု ခရီးမဆိုက်မေးလိုက်လေတော့သည်။

"ယောက်ျားလေး ကိုရင်ရေ"

ဟု ဖြေသံကြားရသောအခါတွင် ဦးထွန်းသာသည် လယ်တောမှပြန်လာရသော်လည်း မောရပန်းရမှန်းမသိနိုင်ဘဲ အူမြူး၍နေလေသည်။

အိမ်နံရံကြားတွင်ညှပ်ထားသော ထန်းရွက်ပေဖူးကလေးပေါ်ဝယ် သတို့သားဦးကလေး၏ နေ့ရက် အချိန် ပြက္ခဒိန်အချုပ်ကိုလည်း ရေးထိုးထားလိုက်လေတော့သည်။

ဗုဒ္ဓသာသနာ ၂၃၉၀ ... မာဂသိရသဇဏ္ဍကော၊ တေရသမေ ဒိနေဘောမ၊ ဝါရေထေရော ဝိဇာယိတော - သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ နံနက်တစ်ချက်တီး

ကျော်အချိန် သတို့သားကို မီးရှူးသန့်စင်ဖွားမြင်ခဲ့လေသည်။ လောကတွင် ဘုန်းကံပါရမီ စုံညီပြည့်ဝသော ပုဂ္ဂိုလ်ထူးများ မွေးဖွားရာတွင် လူတို့သိမှတ်နိုင်သော နိမိတ်ထူးကြီးများ ထွက်ပေါ်လာသည်။ ထူးခြားသော လောကအစဉ်အလာတစ်ရပ်ရှိပေသည်။ လယ်တီလောင်းလျာ မွေးဖွားစဉ်အခါတွင် စိုင်ပြင်ကြီးရွာ၌ နိမိတ်ထူးလေးသွယ် ထွက်ပေါ်လာခဲ့သည်။ လယ်တီဇာတ်

www.burmeseclassic.com

မာန် နိမိတ်ထူးအသွယ်သွယ်ကို -

၁။ ပထမနိမိတ် မိုးသည်းထန်စွာရွာခြင်း၊
၂။ ဒုတိယနိမိတ် အရောင်အနွယ်ကြီးတစ်ခု မြေမှတက် ထွက်လာ ခြင်း၊
၃။ တတိယနိမိတ် မန်ကျည်းပင်၌ ထောင်ထားသော ဝါးလုံးဝါးစည်းများမြည်ဟိန်းခြင်း၊
၄။ စတုတ္ထနိမိတ် လူသူတော်တစ်ဦးကို တွေ့မြင်လိုက်ရခြင်းတို့ ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီး ဖွားမြင်ချိန် ပထမနိမိတ် မိုးသည်းထန်စွာရွာသွန်းခြင်းမှာ အံ့ဩဖွယ်ရာ ဖြစ်သည်။ လယ်တီသတို့သားကို ဖွားမြင်သည့်အခါ အထက်မိုးကောင်းကင်မှ မိုးတိမ်တိုက်မိုးသားတို့သည် ရုစ်ခွင်ပတ်ဝိုက်အမိုက်မှောင်ထုချည်းသန်းလာ၏။ မိုးဦးကျမိုးကဲ့သို့ အခါမဟုတ်ဘဲ ရုတ်ခနဲဆင်၍ ရွာချလေ၏။ လျှပ်စစ်လျှပ်ပန်းအဆန်းတကြယ်လက်၏။ ပေါက္ခရဝဿမိုးကဲ့သို့ တစ်ကိုယ်လုံးရွှဲရွှဲမျှ အေးမြစွာရွာခြင်းလည်း မဆိုနိုင်ပေ။ အခါမဟုတ်ဘဲ ရုတ်ခနဲရွာသောမိုးကို ဆင်ရာတိမ်မိုးဟူ၍ ထိုဒေသတွင် ယခုတိုင်ပြောဆိုနေကြပါသည်။

လယ်တီဇာတိမာန် နိမိတ်ထူး ဒုတိယနိမိတ် အရောင်အနွယ်ကြီးတစ်ခု မြေမှတက်လာခြင်း ဖြစ်သည်။ လယ်တီဖွားစဉ် အိမ်ခေါင်းရင်း ခေါင်တိုင်အခြေမှ ဝင်းခနဲထွက်ပေါ်လာသောအရောင်အညွန့်သည် 'သိကြားမင်းလေး သက်တံရေး'သလို တစ်ခဲနက် အရောင်ဖြင့် အိမ်မိုးခေါင်ကို ဖြတ်ကျော်၍ တစ်ဟုန်ထိုးတက်လာသည်။ အိမ်ခေါင်းရင်းရှိ မန်ကျည်းပင်ကိုလည်း အရောင်နွယ်စပ်ဟပ်လျက် လက်ခနဲဝင်းကာအရောင်ချင်း လူးလာကူးခပ်နေသည်ဟု ထင်ရလေသည်။ တစ်အိမ်လုံးကို အရောင်မျှင်စုံဖြင့် ရစ်ပတ်ထား၍ လောင်မီးကျလေရောသလားဟုပင် ထင်မှတ်ယူရပေသည်။

လယ်တီလောင်းလျာမွေးဖွားချိန် တတိယနိမိတ် မန်ကျည်းပင်၌ ထောင်ထားသော ဝါးလုံးဝါးစည်းများ မြည်ဟိန်းခြင်း ဖြစ်သည်။ ထိုစဉ်က အရောင်နွယ်တန်းကြီး ပျံတက်၍ ထိန်တောက်နေဆဲမှာပင် မိုးကြိုးထစ်ချုန်းသံများဆူညံနေသည်။ အိမ်၏အနောက်တောင်ဘက်ရှိ မန်ကျည်းပင်၌ စုပုံထားသော ဝါးစည်းကြီးသည် မိုးသံလေသံနှင့်ရောကာ ရှူးရှဲရှဲမြည်ဟိန်းလေသည်။ ထိုဝါးစည်းထဲမှ ဝါးလုံးတစ်ခုသည် ကောင်းကင်ထက်သို့ ပျံတက်သွားလေသည်။

လယ်တီဇာတိမာန် နိမိတ်ထူး စတုတ္ထနိမိတ် လူသူတော်တစ်ဦးကို တွေ့လိုက်မြင်လိုက်ရခြင်း ဖြစ်သည်။ ထိုအချိန်က မိခင်တစ်ဦးတည်းဖွားနေစဉ် ဝတ်ဖြူစင်ကြယ် အသက်ငါးဆယ်ကျော်ခန့် လူသူတော်တစ်ဦး အိမ်ဦးဘုရားခန်း၌ တွေ့မြင်ကြရသောဟူ၏။ ထိုလူသူတော်သည် သတိလစ်နေသော မိခင်နှင့်ကလေးကို စောင့်ရှောက်နေရာ ဆွေမျိုးများလာရောက်သောအခါမှသာပျောက်ကွယ်သွားလေသည်။

ဤသို့ လယ်တီလောင်းလျာမှာ တိတ်နိမိတ် ထူးခြားစွာ မွေးဖွားလာရာအညစ်အကြေးကင်းစင်၍ ဖြူဖြူဝဝ တုတ်တုတ်ခဲခဲရှိလေသည်။ အထူးသဖြင့် ကလေးအရွယ် ငိုယိုခြင်းမရှိသည်မှာ အံ့ဩဖွယ်ကောင်း၍ ကလေးသူငယ်တို့သဘာဝကို ပထမဦးဆုံးစော်လွန်လိုက်ခြင်း ဖြစ်သည်။ လယ်တီသူငယ်လေး ဖွားမြင်ပြီးနောက် မိဘနှစ်ပါးတို့မှာ ချမ်းသာရာတွင် အေးမြ နှင်းကျရာ ရေစိမ်သကဲ့သို့ ပီတိဖြစ်နေကြသည်၊ မိမိတို့သားထူးသားဦးလေးတစ်ယောက် ထွန်းပေါက်လာခြင်းသည် နောင်အခါမည်သို့ အကျိုးပေးမည်၊ မည်သို့ကြီးပွားမည်စသောအချက်ကိုတွေးလျက် ကြည်နူးနေကြသည်။ တစ်ဦးအပေါ် မှတစ်ဦးအပေါ် သို့ အားမရ တင်းမတိမ် ပွေ့ချီကြလျက် သူငယ်လေး၏သုခေမိတအတွက် လုပ်ငန်းအစဉ်ကိုလည်း ဆောင်ရွက်မဆုံးရှိကြလေသည်။

*□ ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတံထွာ၊ သားတကာနှင့်၊ တစ်ရာသက်ကဲ၊ လည်ချင်းနွဲ့လျက်၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြူတ်ခြင်ကိုက်နှာ၊ မြူရှိမာမျှ၊ ရံခါတရစ်၊ မဖြစ်စေလျက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုံဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့ . . .*

စတုမ္မေသာရကိုးခန်းပျို့ကို မြင်ယောင်နေမိသည်။

လယ်တီဇာတိမာန်နိမိတ်ထူးများသည် ပုဗ္ဗနိမိတ်များကို အကြောင်းပြု၍ ဝေဒကျမ်းတတ် ပညာရှိကြီးများ အံတပ်ထင်ထင် သိမြင်ကြပေလိမ့်မည်။

ဘုန်းရှင်ကံရှင်များ မမွေးမီကဖြစ်စေ မွေးပြီးစဖြစ်စေ၊ မွေးစဉ်ဖြစ်စေ၊ မွေးပြီးနောက်ဖြစ်စေ အတိတ်နိမိတ်ထူးများ ပေါ်ပေါက်လာစမြဲ ဖြစ်သည်။ အစဉ်အလာဖြစ်စဉ်ဖြစ်မြဲတရားလည်း ဖြစ်၏။ နိပါတ်ရာဇဝင်များကို လေ့လာကြည့်သောအခါ အလွန်ထင်ရှားသိသာသည်။ ခိုင်မာမြင့်မြတ်သော အထောက်အထားများကို တွေ့ရသည်။

ပုဂံရာဇဝင်၌ အလောင်းစည်သူမင်းဖွားမြင်သောအခါ စည်တော်ကြီးအလိုလို သ္မဘာသာသူ မတီးဘဲမြည်လာခြင်း၊ နန်းတော်တံခါး မည်သူမျှမဖွင့်ဘဲပွင့်လာခြင်းနိမိတ်များ ရှိခဲ့ပါသည်။ ထီးလှိုင်ရှင် ကျန်စစ်မင်းသား မွေးစဉ်မြေငလျင်အကြိမ်ကြိမ်လှုပ်ခြင်း၊ လက်နက်တိုက်မှ လက်နက်များ အရောင်တောက်ခြင်း၊ တော်လည်းခြင်း၊ ဥပ္ပာတ်ခြင်းတို့ ဖြစ်၏။ တောင်ငူဘုရင် တပင်ရွှေထီးမွေးစဉ်ကလည်း မိုးကြိုးပစ်ခြင်း မိုးကြီးရွာခြင်းဖြစ်ခဲ့ဖူးသည်။ ပုဂံခေတ် မိဖုရားစော မွေးပြီးနောက် ကလေးအရွယ်တွင် ငန်းမြွေကြီးတစ်ကောင် ရစ်ပတ်ခဲ့ဖူးသည်။

လယ်တီဇာတိမာန်အတိတ်နိမိတ်ကြီးလေးပါးအတိုင်း မြန်မာတွင်သာမက ကမ္ဘာအထိ စာပေပညာသတင်းကြီးခဲ့သည်။ တရားဓမ္မကျမ်းပေါင်းများစွာ ထွက်ပေါ်ပြုစု ရေးသားနိုင်ခဲ့သည်။ လူထူးလူဆန်းပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း အကျော်ဇေယျ ဖြစ်ခဲ့သည်။ ထိုအချိန်က ဒီပရင်းနယ် စိုင်ပြင်ရွာတွင် ထူးခြားစွာ ဖွားမြင်လာသော လယ်တီလောင်းလျာဂုဏ်သတင်း ရုတ်ခြည်းဂယက်ရိုက်ခဲ့လေသည်။ ပန်းသတင်း လေညင်းဆောင်သကဲ့သို့ သားရတနာအရှိန်အဝါ မျက်နှာပွင့်လန်းနေသည်။ လယ်တီဆရာတော်မြတ်ကြီးမှာ နောင်တွင် မြန်မာပတ္တမြားဆန်ကျိုး အဖိုးပြည်တန်ခဲ့လေသည်။ ဤသားမြတ်သတိုးအဖိုးပြည်တန်ကို ရရှိပိုင်ဆိုင်လိုက်ပြီး လယ်တီဇာတိမာန်နိမိတ်ထူးများကို နိဂုံးချုပ်လိုက်ရပါတော့သတည်း။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

ယောနကဘိုးထောင်

**စာကိုး** -

လယ်တီဂန္ထဝင်ကျော်များသဘိ
လယ်တီဦးလှပိုင် ဂန္ထဝင်စာပေ
၂၀၁၄။




www.burmeseclassic.com

www.burmeseclassic.com


# ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ်၊ မိန်ရာသီပြောင်း

## (၁၄-၃-၂၀၁၆) မှ (၁၂-၄-၂၀၁၆) အထိ

# မန်ဒိန်းဇာတာဟောကိန်း




သာယနစနစ်ဇာတာခွင်




၁၄ - ၃ - ၂၀၁၆ နေ့၊ နေ့လယ် ၁၂နာရီ၀၄း၂၅ နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန် ဥဒယလဂ်သည် သာယနဇာတာခွင်၌ ကရကဋ်ရာသီ၊ နိယာနဇာတာခွင်တွင် မေထုန်ရာသီတို့မှာထွက်သည်။ မိန်ရာသီပြောင်း မန်ဒိန်းဇာတာခွင်ခေါ်သော ဤဇာတာခွင်ကို မိန်ရာသီစူဠသင်္ကြန်ဇာတာခွင် ဟူ၍လည်း ခေါ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းတို့သည် ဂြိုဟ်ပြိုင်ဖြစ်သည်။ ကိတ်ဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့သည် ၄ ဒီဂရီအတွင်း ဖူးယှဉ်သည်။ ဗုဒ္ဓဟူးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် ၁၈၀ ဒီဂရီအတွင်း ဝိသေသမြင်နေရကြသည်။ ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်က သောကြာဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ စနေဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို ၉၀ ဒီဂရီအမြင်တို့ဖြင့် မြင်ယှဉ်ခဲ့ကြသည်။ နောက် အရေးကြီးသော

### နိယာနစနစ်ဇာတာခွင်

အချက်တစ်ခုမှာ ၂၃-၃-၂၀၁၆ နေ့ ၁၈း၁၈ နာရီတွင် ကန်ရာသီတွင် လသည် အသဗ္ဗကြတ်ခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းလကြတ်ခြင်းကို မြန်မာပြည်ကတွေ့မြင်ရမည်ဖြစ်သည်။

အားလုံးကိုခြုံ၍ အနှစ်ချုပ်ကောက်ချက်ရလျှင် ဤကာလတွင် တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသအရေး၊ နယ်စပ်ရေးရာနှင့်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အလုပ်သမား၊ လယ်သမားနှင့် အခြေခံလူတန်းစားအရေး၊ အတိုက်အခံများအရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာအရေး စသည့် အရေးကိစ္စတို့ကြောင့် အစိုးရအဖွဲ့သစ်ဖြစ်ပေါ်ရေး၊ အစိုးရအဖွဲ့သစ်လှုပ်ရှားရေးတို့မှာ ဓားတောင်ကိုကျော်မီးပင်လယ်ဖြတ်ရသလိုရှိမည်။ အိမ်နီးနားချင်းတိုင်းပြည်တို့နှင့် ဆက်နွယ်နေသော ပြောင်းရွှေ့နေထိုင်သူများကိစ္စ၊ အိမ်နီးနားတိုင်းပြည်တို့နှင့်ဆက်နွယ်နေသော ပြောင်းရွှေ့လုပ်သားများကိစ္စ၊ တိုင်းတစ်ပါးတိုင်းပြည်နှင့်ဆက်နွယ်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းများကိစ္စ၊ နိုင်ငံတကာအဖွဲ့အစည်းများကိစ္စ၊ အလုပ်သမား၊လယ်သမားတို့ပါဝင်သော အခြေခံ လူတန်းစားများကိစ္စ စသည့် အရေးကိစ္စတို့ကြောင့် ရှင်းလေရှုပ်လေ အရှုပ်အထွေးများကို တွေ့ရတတ်မည်။ နိုင်ငံတကာဆက်ဆံရေးသံတမန်ဆက်ဆံရေးတို့အရ ဖိအားပေးခံရမှု၊ တွန်းအားပေးခံရမှု၊ ရေလာမြောင်းပေးခံရမှုများ ပြင်းပြင်းထန်ထန်ကြုံရလိမ့်မည်။

အတိုက်အခံတို့၏ အပြိုင်အဆိုင်တို့၏ အခြေခံလူတန်းစားတို့၏ ဝိဝါဒကွဲပြားမှု၊ တက်ကြွလှုပ်ရှားမှု၊ အလေးကားတောင်းဆိုမှုများကို ကြုံရလိမ့်မည်။ မီဒီယာဆိုင်ရာ၊ စာနယ်ဇင်းဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာတို့၌ မထင်မှတ်သောစိန်ခေါ်မှုတို့ကိုတွေ့ရလိမ့်မည်။ စိုက်ပျိုးမြေ၊ အိမ်ယာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေ စသည်တို့နှင့် စပ်လျဉ်းနေသော ပြဿနာတို့ရှည်များကို ရင်ဆိုင်ရလိမ့်မည်။

ဤကာလမှာ ရာသီဥတုဖောက်ပြန်မည်၊ အပူကြီးမည်၊ လေပြင်းတိုက်ခတ်မည်၊ အခါမဟုတ် မိုးကြီးတတ်မည်။ သို့မဟုတ် မြေငလျင်ကြီးလှုပ်ခြင်း တောင်ပြို၊ မြေပြိုခြင်းများ ဖြစ်ပေါ်တတ်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

# ပညာရှင်

ဒုတိယနေ့ -

ညဘက်ရောက်ပြီ ဆိုသည်နှင့် ဘုရားဝတ်ပြုကြရပါသည်။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့် ပရိတ်တော်များကို ရွတ်ဖတ်ကြရ၏။ မေတ္တာပို့ခြင်းကို အချိန်ကြာမြင့်စွာ ပြုလုပ်ရ၏။ 'မေတ္တာနှင့်ယှဉ်သောစိတ်နှင့်သာနေရမည်' ဟု ဆရာအရှင်ဆုံးမထား၏။ ပြီးမှ အရပ်ဘုဒ္ဓေါကို တစ်နာရီ ရွှမှတ်ရ၏။

ညပိုင်း -

ဆရာအရှင်သူမြတ်အား ဘိုစိန်ကြီးနှင့်အတူ ကုသိုလ်ယူနှိပ်နယ်ပေးရင်း-

"ကျွန်တော် ရန်ကုန်က ဆရာအရှင့်ဓာတ်ခန်းထဲက ဂါထာတွေရေးမှတ်ထားတဲ့စာအုပ်ကြီးမှာ -

ဝဏ္ဏတောန ဝဏ္ဏတော
ဘာသဝရော ရှုတောနဝ
ဝဏ္ဏတော ဝရုံဋ္ဌာနေ
ခေနတော ဝရုံသပ္ပနဝ
ဝံပနာခ်ိနေန ဗဟိသဗ္ဗနဝ
ဝတပ္ပတော နလိမ္မနော
ဝသ တသာ နဝ

ဆိုတဲ့ ဝဆုံးဝပိတ်ဂါထာကိုတွေ့တယ်။ အဲဒီဂါထာက အညွန်းတွေတော်တော်ကောင်းတယ်။ ရှင်ပုံ့ရဲ့သုံ့ ပညာတည်းဆိုပြီး အညွန်းမှာ ဒိုကုံးချုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ ကိုယ်ပျောက်တာတွေလည်း ပါတယ်။သော့ခလောက်ကိုပုတ်လိုက်ရင် သော့ပွင့်သွားတာတွေလည်း ပါတယ်။ ဘိုစိန်ကြီးနဲ့နှစ်ယောက် အဲဒီဂါထာကို စမ်းတာ သော့မပွင့်ဘူးဖြစ်နေလို့"

"မင်းတို့လုပ်ကြည့်လား"

"ဟုတ်ကဲ့"

"မပွင့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"မပွင့်ဘူးဖြစ်နေတယ်"

"မင်းတို့ကညာဏ်လေးနည်းနည်း လွှာသုံးတာမှမဟုတ်ဘဲ။ ပါးစပ်ကလည်း ရွတ်၊ လက်ကလည်း သော့တံကိုကိုင် လှည့်ဖွင့်ရင်ပွင့်တာပေါ့ကွ"

ဆရာအရှင်၏ စကားကြောင့် ဘိုစိန်ရော ကျွန်ုပ်ပါ အလွန်သဘောကျ သွားပြီး အသံများပင်ထွက်အောင်ရယ် ကြရ၏။

တောင်သည် အလွန်ကြမ်းလှ၏။ အမှားလုံးဝမခံပါ။ ပြောမှားဆိုမှား တစ်ခုခုဖြစ်လိုက်လျှင်ပင် ပတ်ဝန်းကျင် တွင် ဘာတွေဖြစ်လာလို့ဖြစ်လာမှန်း မသိရဟု နာမည်ကြီးလှ၏။ ကျွန်ုပ်နှင့် ဘိုစိန်သည် အထူးသတိထားစရာမလို။ ကျွန်ုပ်တို့မှာ တောပိုင်တောင်ပိုင်ကြီးများ နှင့် မမြင်ရသည့်ပုဂ္ဂိုလ်များကို အလွန် ခင်တတ်သူဖြစ်ပြီး သတိရတိုင်း မေတ္တာ တောက်လျှောက်ပို့နေသူ ဖြစ်၏။ ဘိုစိန် ကြီးက မေးနိုင်မှတစ်ခွန်း၊ စကားအပို ပြောတတ်သူမဟုတ်။ ထို့ကြောင့် ကျွန်ုပ် တို့နှစ်ယောက်က အထူးသတိထားစရာ မလို။

တောင်ထိပ်နားတွင် မရန်းပင် တစ်ပင်ရှိ၏။မီးစက်ထားသောအဆောင် လေးနှင့် မျက်နှာချင်းဆိုင်နီးပါးဖြစ်၏။ ထိုမရန်းပင်အောက်တွင် ခုံတန်းလျား ခနော်ခနဲ့လေးရှိ၏။

တစ်ခါက ဆရာအရှင်အား ဝေယျာဝစ္စလာပြုသော လူငယ်တစ်ဦး သည် ညနေစောင်း နေဝင်ရီတရော အချိန်လေးတွင် ထိုခုံတန်းလျားလေးမှာ အမျိုးသမီးတစ်ဦး ကျောပေးထိုင်နေ သည်ကိုတွေ့လိုက်၏။ ဆံပင်ကိုဖြန့်ချ ထားရာမှ လက်လေးနှင့် အရှေ့ဘက်သို့ ဆွဲယူလိုက်၊ နောက်ဘက်ပြန်ပို့လိုက်နှင့် ထိုင်နေသည်ကို ထိုလူငယ်က သေချာ ကြည့်နေ၏။ 'ဟား-ဆံပင်ကြီးကကောင်း မှကောင်း၊ နောက်ကကြည့်ရတာ ကိုယ် လုံးကိုယ်ပေါက်လည်းတော်တော်လှတာ ပဲ။ ခပ်ငယ်ငယ်ပဲရှိဦးမယ်' ဟု သူ့စိတ် ထဲမှတွေးရင်း ထိန်းမနိုင်သိမ်းမရဖြစ် လာ၏။ အနီးရှိ ခဲသေးသေးလေးတစ်လုံး နှင့် လှမ်းပေါက်လိုက်၏။ မျက်နှာလှည့် လာလျှင် မျက်စိမှိတ်ပြရန်လည်း စဉ်းစား ထား၏။ ခဲလေးဖျတ်ခနဲထိလိုက်သည် နှင့် မျက်နှာလှည့်လာပါသည်။ နောက် ဘက်လှည့်ကြည့်ပါသည်။ ပြုံးလည်းပြုံး ပြပါသည်။ သို့သော် မျက်စိနှစ်လုံးမှာ နီရဲပြီးအရည်လည်နေ၏။ ထိုလူငယ်မှာ ကြည့်နေရင်း ဘာဖြစ်သွားမှန်းမသိတက်

နေ၏။ အသံတခွီးခွီးနှင့်တက်နေ၏။

အသံကြား၍ အဆောင်ထဲမှ ဦးအောင်ခင်ပြေးထွက်လာပြီး -

"တယ်-ဒီကောင်ကလည်း ဘယ် သူ့ကို ဘယ်လိုသွားစလိုက်ပြန်လဲမသိ ဘူး"

ဟု ပြောပြီး မနည်းနှာနှပ်ယူရ၏။ တက်နေသည်မှာ တောင်စောင်းနားမှာ ဖြစ်နေ၏။ (၁၅) မိနစ်ခန့်နောက်ကျလျှင် တောင်အောက်သို့ လိမ့်ကျသွားနိုင်၏။ အတော်လေး အသက်အန္တရာယ်များလှ ပါသည်။

ဦးအောင်ခင်သည် လူတစ်ယောက် မှမတွေ့ဘဲ တက်နေသည်ကိုမြင်သည် နှင့် သိလိုက်ပြီ ဖြစ်၏။

ကေလာသတောင်တော်ပေါ်တွင် ဒုတိယညအတွေ့အကြုံအဖြစ် တောင် ထဲမှ မောင်းထုသံကြား၏။ ဒီတိုင်းထိုင် နေလျှင်မကြားရ။ ခေါင်းအုံးနှင့် နားနှင့် ကပ်ပြီး သေးစောင်းအိပ်လျှင် ကြားရ၏။ အတော့်ကိုအားကောင်းမောင်းသန်သော မောင်းကြီးထုသံ ဖြစ်၏။ နာရီဝက်နီးပါး ကြာလျှင် တစ်ကြိမ်ကြားရ၏။ ပဌာန်း ရွတ်သံလေးများကြားနေရ၏။ မိန်းက လေးများ သံပြိုင်ညီညာရွတ်ဆိုနေကြသံ ဖြစ်၏။ အတော့်ကို ဆွဲဆွဲငင်ငင်နှင့် နားထောင်ကောင်းလှ၏။ ကြက်သီးများ တဖြန်းဖြန်းထရင်း နားထောင်နေရ၏။ ကြားတစ်ချက်မကြားတစ်ချက်။

တစ်ခါတစ်ခါ တစ်ခန်းလုံးမွှေးကြိုင် လွန်းလှ၏။ ဘာရနံ့နှင့်မှမတူ။ နေ့ဖြစ် စေ၊ ညဖြစ်စေ အမွှေးရနံ့များရချင်ရနေ တတ်၏။အချို့က ညဘက်တစ်ခါတစ်ခါ တောက်ခေါက်သံကြားသည်ဟု ဆို၏။ ကျွန်ုပ်မကြားခဲ့ပါ။ ပဌာန်းရွတ်သံ၊ မောင်း ထုသံများသာကြားခဲ့ရ၏။ အမွှေးရနံ့များ သာရခဲ့၏။

တောင်မှာရှိနေစဉ်က ထူးဆန်း သောအတွေ့အကြုံတစ်ခုနှင့် ဆုံခဲ့ရပါ သည်။

တတိယမြောက်နေ့တွင် -

အသက် (၄၀) ကျော်အဒေါ်ကြီး တစ်ဦးနှင့် (၅၀) ခန့်အမျိုးသားကြီး(၃)ဦး၊ (၁၈) နှစ်အရွယ်မိန်းကလေးတစ်ဦးတို့ ရောက်လာပါသည်။

တောင်ထိပ်ရင်ပြင်သို့ စတင် ရောက်ပြီဆိုသည်နှင့် အေးအေးဆေးဆေး လမ်းလျှောက်လာသော မိန်းကလေး သည် မြေကြီးပေါ်တွင်ထိုင်ချလိုက်၏။ ပြီးမှ အူတက်နေအောင်ခွက်ထိုးခွက်လန် အော်ရယ်နေပါတော့သည်။ ရယ်သည်မှ

ဘယ်သူမှတားမရ။ စကားတစ်ခွန်းနှ ခွန်းဗလုံးဗထွေးနှင့်ပြောလိုက်၊ ဟိုလက် ညှိုးထိုးဒီလက်ညှိုးထိုးနှင့်ရယ်လိုက်နှင့် ဘေးကကြည့်နေရသည်မှာ ကြက်သီး တဖြန်းဖြန်းဖြစ်နေ၏။

"ဘိုစိန်"

"အန်"

"ဘာဖြစ်တာလဲ မသိဘူးနော် ကြည့်စမ်း"

"မောင်ရင်ကလည်း၊ ကိုယ်လည်း မောင်ရင်နဲ့အတူ ဒီမှာရပ်နေတာပဲ ဘယ်လိုလုပ်သိမှာလဲ"

"ဘိုစိန့်စကားပြောရတာ လက် ပေါက်ကတ်လိုက်တာ"

ပြောရင်း သေချာကြည့်နေလိုက် ၏။ ဘေးမှ ယောက်ျားကြီး (၃) ဦးက ပိုင်းချော့နေ၏။ ရယ်နေသောမျက်နှာ မှာ ချက်ချင်းခက်ထန်သွားပြီး မအေနှမ အကုန်ဆဲပါတော့သည်။

ထိုသို့ အော်ကြီးဟစ်ကျယ်ဖြစ်နေ သည်ကို အခန်းတွင်းထဲတွင် ရေချိုး သောက်နေသော ဆရာအရှင်သူမြတ် လှမ်းမြင်လိုက်ပြီး -

"အေးအေး၊ ဒီလာခဲ့"

တစ်ခွန်းသာလှမ်းပြောလိုက်၏။

ဆဲဆိုခက်ထန်ကြမ်းတမ်းနေသော မိန်းကလေးမှာ ချက်ချင်းရုပ်ပြောင်း သွားပြီး ဆရာအရှင်ထံသို့ ခေါင်းငိုက် စိုက်ချ၍ လမ်းလျှောက်သွား၏။

"ဘုရားဝတ်ပြု"

ဆရာအရှင် အမိန့်ပေးလိုက်သည် အတိုင်း ဘုရားဝတ်ပြုပြီးသည်နှင့် သူ့ ပါးစပ်က 'တောက်ဖျိုဖျို၊ တောက်ဖျိုဖျို' ဟု ပါးစပ်ဆိုင်းတီးရင်း ကွေးနေအောင် ထကနေပါတော့သည်။ဘေးမှအမျိုးသား ကြီးများနှင့် သူ့အမေဖြစ်ဟန်တူသူတို့မှာ မျက်စိမျက်နှာပျက်ပြီး တားမည်အပြု ဆရာက မတားခိုင်း၊ လက်ကာပြလိုက် ၏။ ပြီးမှ သူ့ဟာသူပြန်ထိုင်သွား၏။

ဆရာအရှင်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ရွတ်ဆို၍ မေတ္တာရပ်ခံနေသည်မှာ နားထောင်၍ ကောင်းသော်လည်း ကျွန်ုပ်မကြားဘူး ပါ။ လိုက်မှတ်သား၍မရပါ။ ထိုသို့ မေတ္တာပို့နေစဉ် စောစောကမိန်းကလေး သည် ဆရာအရှင်ကို ကျောပေးပြီးထိုင် နေ၏။ ဆရာအရှင်က ခြေကိုဆင်းခိုင်း လိုက်သောကြောင့် ခြေတော့ဆင်းထား ၏။

"အဲဒါ ဆရာခိုင်းမှလုပ်တော့မြင်ဖူး တော့တယ်။ ဘယ်သူခိုင်းလို့မှမရဘူး







www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှကောင်း"

သူ့အမေဖြစ်ဟန်တူသူက ပြော သာနေ၏။

"တဲတဲ-ကာယကံရှင်မသိစေရ"

ကာယကံရှင် ကလေးမလေး မသိ ရောဂါဖယ်နေပြီကိုတော့သိလိုက် ခြေထောက်များမှာ တဖြည်းဖြည်း ကျသွားပြီး ကြမ်းပြင်နှင့်ထိနေ ၏။ ခြေကုပ်နေရင်းမှ ငိုက်နေသော ဆတ်ခနဲထောင်လာပြီး ဘေးဘီ ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုး ချင်လာပြန်ရာ ဘေးနားရှိ ဆရာ ကြီးဦးအောင်ခင်က -

"တဲ့ - ဘယ်လိုဖြစ်နေတာလဲ"

ဟု လှမ်းငေါက်လိုက်ရာ ငြိမ်သွား တုပ်ပြီး ကြမ်းနှင့်ထိနေသော ခြေ ထောက်များမှာ တဆတ်ဆတ်ခါလာပြီး တော်ကြီးနံလာ၏။ ခြေထောက်မှာ တော့်ကိုတုန်ခါနေ၏။ ဆရာအရှင်က ပို့လျက်၊ ဟိုအမျိုးသမီးက ငိုက် ဆရာအရှင်သည် ရေဖန်ခွက်လေး ခွက်ကိုသာကိုင်ထားပြီး ထိုရေနှင့် ပို့နေ၏။ ခြေထောက်တုန်ခါမှု ငြိမ်သွားသောအခါ ထိုကလေးမသည် ဘေးဘီသို့လှည့်ကြည့်၏။ ခြေထောက် တုပ်နေရာမှပြန်မတ်လိုက်ရာ ခြေဖဝါး ထွက်ကျလာသလားထင်ရလောက် ငါးအရိုးကြီးများ၊ ဘာအရိုးမှန်း သိရသောအရိုးကြီးတစ်ခု၊ အဝတ်စုတ် မည်းအစကြီးတစ်ခုကျနေသည်ကို ဝါးထင်ထင်မြင်လိုက်ရ၏။ ကလေးမ သည် သူ့ခြေထောက်ကိုသူ ကြောက် ကြောက်လန့်လန့်နှင့် 'အမလေး' ဟု ပြီးပြန်ရုပ်ရင်း သူ့အမေကိုပြေးဖက် ၏။ ပြီးမှ ဆရာ့ဘက်သို့လှည့်ကြည့်၏။ ဆရာအရှင်တိုက်လိုက်သော မေတ္တာ ရေကို ရှိသေစွာယူပြီးသောက်လိုက် သည်ကော မရုန်းပင်ဆိမ့် တော်ကတ်ကြီး တစ်ကောင် အော်သံကျယ်လောင်စွာ ထွက်လာ၏။ တော်တော်ခပ်လှမ်းလှမ်း မှာ ပြေးလွှားဆော့ကစားနေကြသော များရုတ်ရုတ်သဲသဲတွေဖြစ်ကုန် ၏၊ ခွေးများအဆက်မပြတ်ထအူ၏။

ကလေးမလေးမျက်နှာမှာ ကြည် လင်ပြီး ရုပ်ရည်ချောမောသူလေးဖြစ်၏။ သူ့အမေကို ဖက်ထားပြီး 'သမီးဘယ် ရောက်နေတာလဲ၊ သမီးဘယ်ရောက်နေ တာလဲ' ဟု တဖွဖွမေးရင်း တရှုပ်ရှုပ်ငို နေ၏။ ပြီးမှ သူတို့ အုပ်စုလိုက် ဆရာ အရှင်ကိုကန်တော့ကြ၏။ လက်ချည်း သက်သက်သာဖြစ်ပါသည်။



ကျွန်ုပ်၏စိတ်ထဲတွင် 'ဟင်း - ဒါ လောက်တောင်ရောဂါကြီးကိုကုပေးလိုက် တာတောင် ဘာနဲ့မှလဲမကန်တော့ဘူး' ဟု ဘဝင်မကျဖြစ်နေမိ၏။

ဆရာအရှင်၏အမိန့်အရ ကလေး မလေးခြေထောက်မှ ထွက်ကျလာသော ပစ္စည်းများကို ယောက်ျားကြီးတစ်ယောက် ကယူပြီး စက္ကူတစ်ခုထဲစုထည့်၍ တောင် ဘေးသို့ဆင်းသွား၏။ အားလုံးကို မြေတွင်း တူးပြီး မြှုပ်ပစ်ရန်ဖြစ်ပါသည်။

ဆရာအရှင်၏ မျက်နှာမှာ အေးချမ်းလှ၏၊ တည်ငြိမ်လှ၏။ မေတ္တာ တရားများနှင့်ပြည့်ဝနေ၏။ ဘာမှန်း ညာမှန်းမသိဖြစ်နေသော ကိစ္စကြီးကို (၁၀) မိနစ်ခန့်မျှနှင့် မေတ္တာပို့ပြီး ပျောက် ကင်းစေခဲ့ချေပြီ။ ခွေးပင်မထွက်၊ ထိုင်ရာ မှပင်မထ။

ကလေးမလေး အကောင်းပကတိ ဖြစ်ပြီး သူတို့မိသားစု ပျော်ရွှင်စွာနှင့် ပြန်သွားကြချေပြီ။

ဆရာအရှင်သူမြတ်သည် သူ ကုလိုက်ရသည်ကို ဂုဏ်လည်းမဖော် အေးချမ်းစွာပင်ပြုံးနေ၏။ ကုလိုက်မှန်း ပင်မသိရ။

ကျွန်ုပ်သည် -

သဘောကျလွန်း၍ ထိုသို့ ကုသ နိုင်စွမ်းသော 'အား' များကို အလွန်ရ ချင်လာ၏။ ဆရာအရှင်၏ မျက်နှာကို ခပ်လှမ်းလှမ်းမှထိုင်ကာ တစိမ့်စိမ့်ထိုင် ကြည့်နေပြီး ပီတိဖြစ်နေမိ၏။

'ငါကျင့်မယ်၊ တစ်နေ့ ငါ့အကျင့် စရဏတွေအားကောင်းလာပြီဆိုရင် ဒီ ပညာတွေကို ဆရာ့နီးမြင့်မှာပဲ၊ ငါကျင့် ဖို့ပဲလိုတယ်။ ငါ့မှာ အကျင့်မရှိသေး ဘဲ၊ အားမကောင်းသေးဘဲ ငါပညာ မတောင်းဘူး၊ မမျှော်ဘူး'

ဟု တွေးရင်း ဆရာအရှင်ကို တစိမ့်စိမ့်ထိုင်ကြည့်နေမိ၏။

အချိန်မှာ အင်္ဂါအခါကုန်သွားပြီ ဖြစ်၏။

စောစောက ကလေးမလေးကို အစွဲချွတ်ခဲ့သည်မှာ အင်္ဂါအခါဖြစ်၏။ ကုလိုက်သည်မှာ (၁၀) မိနစ်မျှပင်။

ကုပြီးမှ ထိုမိသားစုနှင့် အာလာပ သလ္လာပပြောသည်မှာ မိနစ် (၂၀) မျှပင် ကြာ၏။ ဆရာအရှင်သည် တောင်ပေါ် တွင် စကားများများပြောလေ့မရှိ၊ အကျင့် စရဏနှင့် အချိန်ပြည့်နေ၏။ ကြည့်လိုက် လျှင် မျက်လုံးမှိတ်ထားသည်ကများ၏။

စနေ နဝင်းချိန်သည် ယခုကဲ့သို့ ထူးဆန်းသော အတိုက်အခိုက်ပြဿနာ များ၊ ပညာတိုက်များ လာရောက်တတ် ကြောင်း ဘိုစိန့်ကိုပြောပြ၏။ ဘိုစိန် က အင်းလည်းမလုပ်အဲလည်းမလုပ်၊ ဦးအောင်ခင်ကို ပြောပြပြန်၏။ လှည့် ပင် နားမထောင်၊ သူ့ဟာသူဖိုဆွဲနေ၏။

တောင်ပေါ်တွင်ရောက်နေသည့် ရက်မှာ ဆရာအရှင်၏ ခွင့်ပြုချက်ဖြင့် လမ်းပြပေးသော မောင်ကြည်ဝေ၊ ဘိုစိန် နှင့် ကျွန်ုပ်တို့ (၃) ဦးသား သပြေကန် တောင်သို့ ဘုရားဖူးသွားကြ၏။

ဆရာအရှင်သူမြတ် ဦးဆုံးစတင် အဓိဋ္ဌာန် ဝင်ရောက် အောင်မြင်ခဲ့ရာ တောင်တော်ဖြစ်၏။

သပြေကန်တောင်တော်၌အဓိဋ္ဌာန် ဝင်ရောက်စဉ်က သပြေကန်တောင်နှင့် ကေလာသဖတောင်ကူးသောလမ်းတွင် ဆရာအရှင်၏ တပည့်သားသမီးများ လမ်းမှားခဲ့ကြခြင်း ဖြစ်၏။

ကျွန်ုပ်လည်း မောင်ကြည်ဝေ ပြောသည်နှင့် ထိုတောအုပ်ကြီးဘက် လှမ်းကြည့်ရင်း ခေါင်းနားပန်းများကြီး ကြက်သီးများတဖြန်းဖြန်းထ၏။

"ဒီတောကြီးထဲမှာလေ၊ လမ်းမှား ကြတုန်းက"

"အမလေး-နည်းတဲ့တောအုပ်ကြီး မဟုတ်ဘူး၊ ကံကောင်းလို့"

သပြေကန်တောင်တော်သို့ရောက် သည်နှင့် သက်တော် (၉၀) ရှိနေပြီဖြစ် သော အမေကြီးကိုရှိခိုးရပါသည်။ အမေ ကြီးသည် ပြုံးရွှင်စွာ၊ ကျန်းမာစွာဖြင့် ကျွန်ုပ်တို့ မသိမီလိုက်သော မြန်မာ ရာဇဝင်များကို အားရပါးရပြောပြ၏။ ဝိဇ္ဇာကြီးများအကြောင်း ပြောပြ၏။ ပုဂ္ဂိုလ်ထူးများအကြောင်း၊ သိုက်နန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

များအကြောင်း ပြောပြ၏။ အမေညြို ကိုယ်တိုင် ဧည့်ခံသော ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက်သောက်ကြသည်။ စားဖွယ်မုန့်များကို စားဖြစ်သည်။ သက်တော်ရှည် အမေညြိုကို အနီးကပ် ကန်တော့ရသောကြောင့် အမေညြို၏ လက်ကလေးများကိုကိုင်ကြည့်ပြီး ဂါရဝ ပြုမိပါသည်။ စိတ်ကောင်းကောင်းထား ဖို့ကို တွင်တွင်မှာ၏။ ငါးပါးသီလမြဲရန်၊ သရဏဂုံကို သတိရတိုင်း၊ အသက်ရှူ တိုင်း မမေ့ရန် တဖွဖွဆုံးမ၏။ ကျွန်ုပ်တို့ (၃)ယောက်ကလည်း ရိုသေစွာနာယူ၏။

ပြန်ခါနီးတွင် အမေညြိုက ကျောက်ဆန်များနည်းနည်းစီချီးမြှင့်၏။ ထိုတောင်တွင်သာရှိတတ်သောကျောက် ဆန်များ ဖြစ်၏။ ဆန်များမှာ အနက် ရောင်များ ဖြစ်၏။ ရိုးရိုးပေါ်ဆန်းမွှေး ဆန်အရွယ်အတိုင်း ဖြစ်၏။ ရေပုတ်နှင့် ချက်ရသည်ဟုဆိုပါသည်။ ထိုကျောက် ဆန်ကို ရေပုတ်နှင့် ချက်ပြီးစားလျှင် အာဟာရသိဒ္ဓိပြီးကြောင်း ဗဟုသုတ စုံလင်စွာ ကြားခဲ့ရပါသည်။

ရေပုတ် ဟူသည် ဘာမှန်းမသိပါ။

အမေညြိုကို နှုတ်ဆက်ကန်တော့ ရသောပီတိမှာ အလွန်ထူးဆန်းပါသည်။

ဆရာအရှင်သူမြတ်တွင် အမေ (၃) ဦးပေါ်ခဲ့သည်ဟု ပြောကြ၏။

အမေညြို၊ အမေစော၊ အမေပေါ တို့ ဖြစ်ပါသည်။

အမေညြိုကို ဖူးတွေ့ရပြီ၊ ကန်တော့ခွင့်ရပြီ။

အမေပေါသည် ဆရာအရှင်၏ မွေးသမိခင်ကျေးဇူးရှင်ကြီး ဖြစ်၏။

အမေစောသည် ဓမ္မကထိက အမေစောဟု ထင်ရှား၏။ ဆရာအရှင် အား လောကီပညာများ၊ တရားဓမ္မနှင့် ဆိုင်သောအကြောင်းများ သင်ကြား ပြသသူဟု ဆိုကြပါသည်။

ယခု -

အမေညြိုကို အနီးကပ်ကန်တော့ ရပြီ။

ထိုနေ့တစ်နေ့ထဲမှာပင် -

အောင်ပညာသုခ ရှင်ရသေ့လေး ကို ကန်တော့ခွင့်ရခဲ့ပြန်ပါသည်။

ရှင်ရသေ့လေးရှိရာတောင်သည် တောလာသဖဘက်မှသွားရ၏။

ရှင်ရသေ့လေးသည် ဆရာအရှင် သူမြတ် အဓိဋ္ဌာန်ပွဲကျင်းပရာ ရွှေတိဂုံ စေတီတော်မြတ်ကြီး တနင်္ဂနွေထောင့်ရှိ တန်ဆောင်းသို့ ကြွလာစဉ်က တစ်ကြိမ် ဖူးခဲ့ရဖူးပါသည်။ ဘုရားရှင်၏ (၁၀၈) ကွက်သော စက်လက္ခဏာတော်ကို ရည် မှန်း၍ ပွဲပေါင်း (၁၀၈) ပွဲနှင့် အဓိဋ္ဌာန် ဝင်ပြီး ဘိုးတော်တုဘိုးတော်ယောင်များ ကို ရှင်းလင်းခဲ့စဉ်က ဖြစ်၏။

ဟသ်ာပုံပါသော တောင်ဝှေးနှင့် ကြွလာခြင်း ဖြစ်ပါသည်။

ထိုစဉ်က အလွန်အားကောင်း သောမျက်လုံးနှင့်လှမ်းကြည့်ခြင်းကိုခံခဲ့ ရပြီး ကတုန်ကယင်ဖြစ်ခဲ့ဖူးပါသည်။

ယခုတစ်ကြိမ် ဒုတိယအကြိမ် မြောက် ကန်တော့ခွင့်ရ၏။

မျက်နှာက ပြုံးနေသလိုလိုနှင့် မျက်လုံးအကြည့်မှာ အတော်တည်လှ ၏။ အားကောင်းလှသောအကြည့်နှင့် ကြည့်ခြင်းခံရပြန်ပြီ။

ရိုသေစွာ ကန်တော့ကြပြီး ရှင်ရသေ့လေးပြောပြသော ဗဟုသုတ များကို အားရပါးရနားထောင်ရ၏။

ရှင်ရသေ့လေးသည် 'စက္ခုမာစရ မာစိရွှော' အစချီသော စမဗဝဂါထာ တော်ကို အတော်ဟော၏။ ကိုယ်တိုင် လည်းရွတ်ပြ၏။ ကျွန်ုပ်တို့ကိုလည်း ရွတ် ခိုင်း၏။ ထုံနေအောင်ရွတ်ခိုင်း၏။

ရှင်ရသေ့လေးထံတွင် ရေနွေး ကြမ်း၊ အခြားစားဖွယ်များနှင့်စားရင်း ရှင်ရသေ့လေးပြောပြသော ရှင်ရသေ့ လေးအကြောင်းကြားခဲ့ရပါသည်။

(၇) နှစ်သားအရွယ်ခန့်ကထဲက ငှက်ပျောဖီးတစ်ဖီးနှင့်တောကြီးမျက်မည်း ထဲ တစ်ဦးတည်းထွက်လာခဲ့ပြီး ယခု ကျွန်ုပ်တို့ရောက်ရှိနေသောဂူတွင် တရား ကျင့်ခဲ့ခြင်း ဖြစ်ပါသည်။

(အောင်ပညာသုခရှင်ရသေ့သည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါ။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။ အကျင့်သီလနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်ပါသည်။ တောကြီးတောင်ကြီးထဲတွင် ကလေး ဘဝကထဲက တစ်ဦးတည်းနေထိုင် ကျင့်ကြံလာခဲ့သော ပုဂ္ဂိုလ်ထူး ဖြစ်ပါ သည်။ ရှင်ရသေ့ပြောပြသည့်အထဲတွင် ဘဘဘိုးဘိုးအောင်၊ ဘဘဘိုးမင်းခေါင် တို့ကြွကြွလာပြီး အင်းပညာသင်ပေးခြင်း၊ ဆေးပညာသင်ပေးခြင်း၊ အကျင့်စရဏ များသင်ကြားပေးခြင်းဖြင့် တတ်မြောက် လာခဲ့ရသည်ဟု အမိန့်ရှိပါသည်။ အခြား ဆရာတော်ဘုရားကြီးများလည်း ကြွလာ ပြီး ပညာပေးကြောင်း ပြောပြ၏။

"ဦးရသေ့ ဒီတောင်ကိုလာချင် စိတ်ဖြစ်လို့ လာရင်းလာရင်း ဒီဂူလည်း ရောက်ရော ဦးရသေ့စိတ်ထဲမှာ ဦးရသေ့ ကိုယ်ကြီးက အကြီးကြီးလိုဖြစ်သွားပြီး တံတောင်နဲ့သာတွက်လိုက်ရင် ဒီတောင် ဟာ ကြေမွသွားနိုင်တယ်ဆိုပြီးဖြစ်လာ တယ်။ အဲဒီလိုခံစားခဲ့ရတယ်။ ပြီးတော့ မှ ပုဂ္ဂိုလ်တစ်ပါးက 'ဒါ - အရှင်ဘုရား တရားကျင့်ရမယ့်နေရာပါဘုရား' ဆိုပြီး လာလျှောက်တယ်"

အလွန်ထူးခြားဆန်းကြယ်သော ဖြစ်စဉ်များကို အာရုံစူးစိုက်စွာနားထောင် ခဲ့ရပါသည်။

ဥပမာ ဘဘဘိုးမင်းခေါင်ကြီးက ဒီနေ့လာရင် ဆံပင်အတိုနဲ့၊ နောက်နေ့ ကြွလာရင် ဆံပင်ကြီးကရှည်နေပြန် ရော ဟူသော ထူးဆန်းအံ့ဖွယ်များနှင့် ပြည့်နေ၏။

တစ်ဆင့်ပြန်ကြားခြင်းမဟုတ်ပါ။

ကျင့်ကြံကြိုးကုတ် အားထုတ် ပေါက်မြောက်အောင်မြင်ခဲ့သော ပုဂ္ဂိုလ် ထူးပုဂ္ဂိုလ်မြတ်ကိုယ်တိုင် ချီးမြှင့်ပြော ကြားခဲ့သော ထူးဆန်းအံ့ဖွယ်များ ဖြစ်ပါ သည်။ နားထောင်ရင်း အသက်ရှူဖို့ တောင်မေ့နေမိ၏။ ကိုယ့်ကိုယ်ကိုယ် ကျင့်လှပြီဟု အထင်ရောက်မှုများပင် ဘယ်ဆီသို့လွင့်သွားသည်မသိတော့။

မောင်ကြည်ဝေသည် ရှင်ရသေ့ လေးအား တစ်ဝါတွင်းလုံး ဆွမ်းချိုင့်ပို့ခဲ့ ဖူးသူ ဖြစ်၏။ ဆရာအရှင်သူမြတ်ပို့ခိုင်း ခြင်း ဖြစ်ပါသည်။

ဆရာအရှင်၏ တပည့်သားသမီး များလည်းဖြစ်၊ မောင်ကြည်ဝေလည်း ပါသောကြောင့်သာ ထူးဆန်းသော အကြောင်းအရာများကို ကြားခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် -

အောင်ပညာသုခ ရှင်ရသေ့လေး ကို ဖူးခွင့်ရခဲ့သည်မှာ နှစ်ပေါင်း (၄၀) ကျော်ကြာခဲ့ပါပြီ။

ထို့ကြောင့် -

ရှင်ရသေ့မိန့်ကြားခဲ့သော လျှို့ဝှက် ဆန်းကြယ်လွန်းလှသည့် အတွေ့အကြုံ များ၊ ဗဟုသုတများ၊ မကြားဘူးမမြင်ဘူး သောအကြောင်းအရာများ၊ အကျင့်စခန်း များ၊ ပုဂ္ဂိုလ်ထူးများတို့၏ကြွလာပုံများ အင်းနှင့်ဂရေ (၂) မျိုးထဲနှင့် ကြာရှည်စွာ နေနိုင်ခဲ့ပုံများ စသည့် ရှင်ရသေ့၏ အတွေ့အကြုံများမှာ ထူးဆန်းအံ့ဖွယ် များနှင့်ပြည့်နက်နေ၍ မယုံကြည်သူများ အတွက်လည်း အပြစ်မဖြစ်စေလိုပါ။

ထို့ပြင် -

မြင့်မြတ်သောလမ်းစဉ်နှင့်ယှဉ် သည့် မြတ်သောအတွေ့အကြုံထူးများ ဖြစ်နေ၍ စာတစ်လုံးအတိမ်းအစောင်း



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့ပါလျှင် ရှင်ရသေ့အား မကြည်ညိုရာရောက်သွားမှာစိုးသောကြောင့် နှင့်ပင် ကျေနပ်ပါရန် ပညာရှင်သတ်ကြီးအား မေတ္တာရပ်ခံအပ်ပါသည်။)

တစ်နေ့လုံး ဘုရားဖူးသွား၊ ညည့်နက်အထိ ဆရာအရှင်အား ကြည့်နှိပ်နယ်ပေး၊ အရုဏ်တက် (၁) နာရီ ပြန်ထရွှတ်ရပြန်သောကြောင့် သူမှာငိုက်ကျလာ၏။

ဆရာအရှင်သူမြတ် ထိုင်သည့် နောက်နားအကပ်ဆုံးမှာ ကျွန်ုပ်ဖြစ်၏။ ဘာန်းဥဒ္ဒေသတော်နိဒ္ဒေသတော်နှင့် ကြီးများ ရွတ်ဖတ်နေစဉ်ကပင် သူမှာဟန်မဆောင်နိုင်တော့။ မကြာ ငိုက်၏။

အရယ်ပုဒ္ဒေါ ရွှမှတ်သည်နှင့် ခွံများမှာ အတော့်ကိုလေးလံလာပါတော့သည်။ ငိုက်ခနဲငိုက်ခနဲကျသွားပြီး ရှေ့သို့ခေါင်းစိုက်စိုက်သွားရာ ဆရာအရှင်၏ ပခုံးနောက်ဘက်ကို ကျွန်ုပ်၏ နှင့်သွားသွားထိ၏။ ကြောက်ကလည်းကြောက်၊ ဆူမှာလည်းကြောက် ဘယ်လိုမှထိန်းမရ။ ဆရာအရှင်၏ ပခုံးကို တဖျတ်ဖျတ်နှင့်သွားထိနေ၏။

ဘေးနားမှလက်ကုတ်လိုက်သောကြောင့် အိပ်ချင်မူးတူးနှင့် လှည့်ကြည့်လိုက်၏။ မောင်ကျော်ဇော၊

လေသံလေးနှင့်-

"အစ်ကိုမောင်သန်း၊ ရှေ့-မောင်းထု"

ဟု ပြောပြီး မောင်းကြီးနှင့်ဘုနှင့် ပေး၏။ ကျွန်ုပ်အတော့်ကိုငိုက်နေသိ၍ အိပ်ချင်ပြေအောင် မောင်းထုခြင်း ဖြစ်ပါသည်။ အာရုံပြောင်းခြင်း ဖြစ်၏။

မောင်းကိုကိုင်ရင်း၊ အရယ်ပုဒ္ဒေါ ရွှတ်ရင်း ငိုက်သွားရာ မောင်းကလက်လွတ်သွားပြီး ကြမ်းပေါ်သို့ တဂွမ်ဂွမ် နှင့်ကျပါတော့သည်။ ဖြစ်ချင်တော့ ဘုဘက်က ပက်လက်ကျ၍ တော်တော်နှင့် အတောသတ်မရ။ ကပျာကယာပြန်ကိုင်ထားလိုက်ရပါသည်။

အားလုံးပြီးပြီဖြစ်၍ (၃၀) ဘုံကို အမျှဝေရပါပြီ။

မေတ္တာများပို့ရပါပြီ။

အမျှဝေလိုက်သည်နှင့် မောင်းထုရသည် ဖြစ်၏။

အမျှ. . . ဒူ၊ အမျှ. . . ဒူ၊ အမျှ . . . ဒူ ဤသို့ထုရ၏။

"ကုသိုလ်တော် အမျှ. . ."

"ဂွမ်. . . ဝမ်. . . ဝမ်. . . ဝမ်. ."

မောင်ကျော်ဇောက လှမ်းတွန်း၏။ အိပ်ချင်မူးတူးနှင့် မောင်းထုတ်ဆွဲထုလိုက်သည်မှာ ဘုနားကဖြစ်သွားပြီး သစ်သားရိုးတုတ်တုံနှင့် မောင်းဘုကိုထုရက်သားဖြစ်သွားသောကြောင့် ဂွမ်ခနဲ ဖြစ်သွားခြင်း ဖြစ်၏။ အိပ်ချင်စိတ်တွေလည်းပြေးလေပြီ။

အားလုံးပြီးသည်နှင့် ဆရာအရှင်သည် ပြုံးပြီးလှည့်ကြည့်၏။

"ငိုက်နေတယ်ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့"

ဆရာ ဘာမှမပြောပါ၊ ပြုံးနေ၏။ တော်ပါသေးရဲ့ဟုတွေးရင်း ကိုယ့်ကိုယ်ကိုယ်ဒေါသထွက်နေ၏။

ကေလာသတောင်တော်ပေါ်တွင် ထူးဆန်းသောအကြောင်းအရာများလည်း ကြားခဲ့ရ၏။ထိုနယ်ခံဦးလေးတစ်ယောက် ဆရာအရှင်အား အသီးအနှံများလာလှူရင်းပြောပြရာ နားထောင်၍ပင်မဝ။

ကြောင်တစ်ရာဆိုလျှင် မြသပိတ်တောင်တော်အနီးတွင်ရှိ၏။ ကြောင်ပုံပေါင်းတစ်ရာဖြစ်သော်လည်း ရေတွက်လျှင် (၉၉) ဖြစ်လိုက်၊ (၁၀၁) ဖြစ်လိုက်နှင့်ဖြစ်နေတတ်၏။ ရေတွက်ရင်းနှင့် (၁၀၀) ဖြစ်၍ 'ဟေး (၁၀၀) ဖြစ်ပြီဟေ့' ဟုဆိုပြီး ထပ်ရေတွက်လျှင် (၉၉) ဖြစ်နေတတ်ပြန်၏။ကျွှံရဆန်းသောအကြောင်းလေးများဖြစ်၏။ တောက်ခေါက်သောကျောက်ခဲကို သူရခဲ့ဖူးသည် ဟု ဆို၏။ ရှိလား၊ ရှိရင်ဖိယ်သွားချင်လို့ပါဟု ဆို



သောအခါ သူ့ဦးကြီးတစ်ယောက်ယူထားသည်ဟု ဆို၏။ 'ဘာလုပ်မှာလဲ၊ ထူးဆန်းတာက ထူးဆန်းတာပဲ။ လာဘ်ပိတ်တယ်' ဟု ပြော၏။ ပိတ်ကာမှ ပိတ်တရော့။ ကျွန်ုပ်က အလွန်လိုချင်၏။ မျက်တောင်ခတ်သောကျောက်လည်း ရဖူးသည်ဟု ဆိုပါသည်။

သူပြောသည်နှင့် ဆရာအရှင်၏ တပည့် ဦးမြင့်ကြည်ကပါ -

"အေး - ဟုတ်တယ်ကွ၊ အဲဒီကျောက်တော့ငါမြင်ဖူးလိုက်တယ်။ သူပဲယူလာတာ။ သေချာကြည့်နေရင် ဘာမှမဖြစ်ဘူး။ ဟိုလိုလိုဒီလိုလိုနဲ့ ဝေ့ကြည့်လိုက်ရင် ဟုတ်တယ်၊ ကျောက်က မျက်တောင်ခတ်သလိုပဲ။ ကျောက်ပုံစံကိုက မျက်လုံးပုံ။ အလယ်က တို့အခုလူလိုသူငယ်အိမ်အနက်မဟုတ်ဘူး။ သူငယ်အိမ်အဖြူရောင်ကြီး။ ကြည့်လိုက်ရင်တော့ မျက်ဖြူကြီးနဲ့ ကိုယ့်ကိုကြည့်နေသလိုပဲပေါ့ကွာ၊ ကြောက်စရာကြီးပါ။ ဘယ်လောက်များလာဘ်တွေပိတ်လိုက်မလဲလို့"

ဟု ပြောရင်း တွန့်ခနဲဖြစ်သွား၏။

"ကျုပ်ခြံထဲမှာ ကြက်တွေတစ်ကောင်ပြီးတစ်ကောင်ပျောက်ပျောက်နေတာ အဲဒါကြီးကြောင့်ဆိုပြီး တစ်ယောက်ကပြောတာနဲ့ သူများကိုပေးပစ်လိုက်တယ်။ ရသွားတဲ့သူလည်း နာလန်မထူဘူး၊ တဖြည်းဖြည်းနဲ့ကိုမွဲသွားတာ"

ဦးမြင့်ကြည်သည် မေးတွင်အတော်ရှည်နေပြီဖြစ်သော မုတ်ဆိတ်လေးများကို လက်နှင့်သပ်နေပြီး မျက်လုံးတာခပ်စွေစွေနှင့်စောင်းကြည့်ကာ -

"ငါထင်တာတော့ ကျောက်ဘီလူးနဲ့တူတယ်ကွ။ သူ့ဟာက သေချာကြည့်ရင် ကြောက်စရာကြီး။ မျက်ဖြူကြီးနဲ့ ကြည့်နေသလိုပဲ။ ကြည့်နေရင်းနဲ့ကိုရင်တွေပန်းတွေတုန်ချင်လာတယ်။ ငါဆို သေချာတောင်ကိုင်မကြည့်ရဲဘူး"

"ဟာ - ကြောက်စရာပဲ"

"အေး - ဒီမှာတစ်ခုတယ်ကွ။ မင်းတောင်ပေါ်တက်လာတော့ ဟိုဘက်နားက ကျောက်တုံးကြီးမှာ ဝါးလေးတွေနဲ့ ကာထားတာတွေ့လား"

"ဪ - တွေ့တယ်၊ နွယ်လေး။ ပဲညွှန့်လေးလားမသိဘူး"

"အေး - ပဲညွှန့်တော့ပဲညွှန့်ပဲ။ ဒါပေမယ့် အဲဒီကျောက်တုံးကြီးကို ဖောက်ပြီးထွက်လာတာနော်၊ ပေါ့သေးသေးမဟုတ်ဘူး။ ဒါကြောင့် သူ့ကို ရာဇမတ်တွေဘာတွေကာပေးထားတာ။



www.burmeseclassic.com

www.burmeseclassic.com

ဘာစွမ်းမလဲတော့မသိဘူး။ သူ့အားက မသေးဘူးကွ"

"ဪ"

"နွယ်လောင်ဂမုန်းလို့တော့ပြော နေကြတာပဲ။ နာမည်တပ်လိုက်တာနေမှာပေါ့ကွာ"

"ထူးဆန်းတယ်နော်"

"ဒီမှာက ဂမုန်းမောင်နှံဆိုရင် သူ့ထက်တောင် ပိုထူးသေးတယ်။ ဂမုန်းရွက်လေးတစ်ခုနဲ့တစ်ခုက လှမ်းလှမ်းထိပြီးခတ်နေကြတာကွ။ လူကြည့်လိုက်ရင် ရပ်သွားရော"

"ဟာ - လူမကြည့်ရင်ပြန်ခတ်လား"

"ခတ်နေတာပေါ့။ အချိန်ပြည့်ခတ်နေတာ့။ လူကြည့်ရင်ရပ်သွားရော"

"ဟာ - ဦးလေးဦးမြင့်ကြည်၊ လူကြည့်တာနဲ့ ရပ်ကရောလား။ သူ့ဟာသူဆက်ခတ်မနေဘူးလား"

"ရပ်တာပေါ့၊ မင်းကလည်းပဲ။ တို့ ဟိုကွာ - အိပ်သွားတဲ့အပင်ဟာဘာပင်"

"ထိကရုံး"

"အေးအေး-ထိကရုံးလည်းကြည့်လေ။ လူထိရင်အိပ်သွားရော။ အဲဒီလိုမျိုးအပင်မျိုးတွေကျတော့ စွမ်းတယ်ကွ။ တစ်ခုခုအစွမ်းရှိတယ်။ တို့ဆရာ တစ်ခါတုန်းက လက်လေးဖြန့်လိုက်တာ အဲဒီ ဂမုန်းမောင်နှံအပင်ကလေး- လက်ပေါ်ရောက်လာတယ်ကွ၊ ငါမြင်ဖူးတယ်"

"ဪ - ကိုကျော်ဇော ကျွန်တော့်ကိုပြောတာလည်းရှိသေးတယ်။ မနက် (၃) နာရီလောက်ဆိုရင် ကလေးတစ်ယောက် ဖွးဖွးဝါးဝါးငိုသံကြားရတယ်တဲ့။ သေချာသွားကြည့်လိုက်ရင် အနားမှာရှိတဲ့ အပင်တစ်ပင်တည်းကို လိမ့်ပြီးဝင်သွားရောတဲ့။ အဲဒီအပင်က ဗုဒ္ဓသရဏံပင်လိုမျိုးပဲတဲ့ ကိုကျော်ဇော ပြောတယ်"

"အေး - သူက ဒီနယ်ခံဆိုတော့ အတွေ့အကြုံများတာပေါ့။ ငါလည်း ပြောဖူးတယ် အဲဒီဥစ္စာ။ ကလေးက ဖွးဖွးဝါးဝါးငိုတာတဲ့။ တောခြောက်သလိုမျိုးပေါ့ကွာ။ လူလည်း အနားရောက်သွားရော လိမ့်ပြီး သစ်ပင်ထဲကို လိမ့်ဝင်ပျောက်သွားတာတဲ့။ ကျော်ဇောတင်မဟုတ်ဘူး၊ လူပြောတွေများတယ်"

ထူးဆန်းသော ဂမ္ဘီရနယ်မြေဖြစ်နေ၍ ထူးဆန်းသောအကြောင်းများကို နေ့စဉ် မရိုးအောင်ကြားနေရ၏။ တချို့ပစ္စည်းများ၊ သစ်ပင်များမှာ ကြားရသည်နှင့်ပင် ကြက်သီးဖြန်းဖြန်းထ၏။ တောင်ပတ်ပတ်လည် အချို့နေရာများတွင် အလွန်သာယာသော သီချင်းသံလေးများ မကြာခဏကြားရတတ်ကြောင်းကို လူတိုင်းလိုလိုပြောကြ၏။ တူရိယာသံသဲ့သဲ့လေးများ ကြားရကြောင်းလည်း ပြောကြ၏။ တောထဲတွင် ရွှေစေတီကို ဖူးတွေ့ခဲ့ရဖူးသူများရှိကြောင်းလည်းပြောကြ၏။ ရွှေစေတီကို ရုတ်တရက်ဖူးရပြီဆိုသည်နှင့် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ပါးက ခပ်လှမ်းလှမ်းတွင် လမ်းလျှောက်နေတတ်ကြောင်း ပြောပြကြ၏။

ကျွန်ုပ်လည်း -

နေ့ခင်းပြန်တော့မည်မို့ မနက်စောစော ဘိုစိန်နှင့် နှစ်ယောက်သား ကေလာသတောင်ဘေး တောထဲသို့ ထွက်လာခဲ့ပါသည်။ နှစ်ယောက်သား လျှောက်ရင်း တောနက်လာပြီမို့ ဆက်မသွားတော့။ ဟိုကြည့်ဒီကြည့်ကြည့်နေရာမှ ဘိုစိန်က စပ်စပ်စုစုလှမ်းပြ၏။

"ဟိုမှာ အဲဒါ နလင်ကျော်ပင်ပဲ။ တူးရအောင်"

"တူးရအောင် ဘယ်ကဘယ်လို . . ."

စကားပင်မဆုံးသေး၊ သူ့ခါးကြားမှ တစ်တောင်ခန့် တူးရွင်းလေးဆွဲထုတ်လိုက်၏။

"ဟာ - သယ်ကိုလာတာပါလား"

"မောင်ရင်ကသွားမယ်ဆိုကထဲက ကိုယ်ကစဉ်းစားပြီးသား။ နလင်ကျော်တွေ့ရင်တော့ တူးမယ်လို့၊ ဒါကြောင့် တူရွင်းခါးကြားထိုးလာတာ အဟဲဟဲဟဲ"

သူ့ဟာသူပြော၊ သူ့ဟာသူ သဘောကျပြီး နလင်ကျော်စတူးပါတော့သည်။

"ဘိုစိန်၊ တောင်းတောင်းပန်ပန်နဲ့လုပ်နော် ငါကြောက်တယ်။ တောင်ပိုင်ကြီးကိုလည်းခွင့်တောင်းဦး၊ ရုက္ခစိုးကြီးတွေကိုလည်း ခွင့်တောင်းဦး"

"ပြောပြီးပါပြီ။ တောင်းပန်ပြီးမှ တူးတာပါ။ ဘာလဲ၊ မောင်ရင်ကကြောက်တယ်ဆိုတော့ မယူဘူးလား"

"ယူမှာပေါ့၊ ဘိုစိန်တူးပြီးရင်နည်းနည်းဖြတ်ပေး ဟဲဟဲ"

ဘိုစိန်တူးလိုက်ရာ လက်ကောက်ဝတ်ခန့် နလင်ကျော်မြစ်ကြီးပေါ်လာ၏။ တူးရွင်းနှင့် သေချာတူးဆွဖြတ်ပြီး ကျွန်ုပ်ကို တစ်ထွာမရှိတရှိခန့်ပေး၏။ ကျန်သောအပိုင်းသူယူ၏။

အတော်ကြီးမားသော ကင်းမြီးကောက်ကြီးများ၊ ရထားပိုးကောင်ဟုခေါ်သော နီနီရဲရဲခြေထောက်များများနှင့် တစ်ထွာကျော်ကျော် တစ်တောင်နီးပါးကောင်ကြီးများ၊ ကင်းခြေများကြီးများ ဥဒဟိုသွားလာနေကြ၏။ ကျွန်ုပ်လည်း ခန္ဓာသုတ်တော်ရွတ်နေလေရာ ခန္ဓာသုတ်တော်မှ သမ္ဗုဒ္ဓေတစ်ဝက်ဖြစ်သွားလိုက်၊ သရဏဂုံတစ်ဝက်ဖြစ်သွားလိုက်နှင့် ခြေဖျားလက်ဖျားများပင်အေးနေတော့၏။

"မောင်ရင်ဘာတွေလျှောက်ကြည့်နေတာလဲ"

"ဟိုမှာ ဒီမှာ ကင်းတွေမနည်းဘူး ဟ ဘိုစိန်"

"မောင်ရင်ကလည်း မောင်ရင်တို့ကိုယ်တို့က အသားစားတာမှမဟုတ်တာ။ သူတို့သိပါတယ်၊ မကိုက်ပါဘူး"

"ဘယ်ကဘာကောင်ကကိုက်မှာလဲ။ ကင်းမထိုးပါဘူးလုပ်ပါ"

"အေးလေ - မထိုးပါဘူး။ နေဦးနေဦး၊ ဒီမှာကျောက်ကင်းတွေ့ပြီ ကိုယ်ယူပေးမယ်"

"ဟ-ဘိုစိန်၊ ကင်းဆို ငါကြောက်တယ်နော်"

"ဪ-ကျောက်ကင်းလေ၊ ဆေးဖက်ဝင်တယ်။ ကလေးတွေသန်ချလို့ရတယ်။ဗိုက်နာတာတွေဘာတွေလဲကောင်းတယ်။ အဖုအကျိတ်တွေ. . . ."

"ဘာလဲ-ဆေးရောင်းနေတာလား"

ကျွန်ုပ်ပြောလိုက်၍ တဟဲဟဲရယ်ရင်းနှင့် နေရာတစ်နေရာကို ဆွဲမလိုက်ရာ ကင်းခြေများပုံစံမျိုး သစ်မြစ်ရှည်ကြီးထွက်လာတော့၏။

"ဟာ-အေးဟ၊ ကင်းခြေများကြီးလိုပဲ။ ဪ - ကျောက်ကင်းဆိုတာ ဒါကိုး"

"ကျောက်ကင်း၊ ကျောက်ကင်းစွမ်းတယ်"

ဘိုစိန်ဆွဲမလိုက်ရာ (၄) ပေကျော်ကျော် (၅) ပေနီးပါးခန့် ကင်းခြေများပုံ အရှည်ကြီးထွက်လာပြီးပြတ်ထွက်သွား၏။ ဘိုစိန်ကတစ်ဝက်ဖဲ့ပေး၏။

နှစ်ယောက်သား ဟိုကြည့်ဒီကြည့်နှင့်လျှောက်ရင်း ကေလာသတောင်ထိပ်ဘက်သို့ပြန်လျှောက်လာ၏။

"မင်းတို့ဒီနေ့ပြန်ကြတော့မှာလား"

"ဟုတ်ကဲ့"

"ဘာနဲ့လဲ"

"တောင်စွန်းကနေ ရထားစီးပြီး ပြန်ကြမှာပါ"

"အေး၊ အေး"

ဆရာအရှင်သည် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်အား ဦးခေါင်းထက်သို့ ဆေးပေါက်ပေး၏။ ဓာတ်လုံးရေများ တိုက်၏။ ဦးခေါင်းများကိုကိုင်ပြီးရွတ်ဖတ် မေတ္တာပို့ပေး၏။ ကျွန်ုပ်တို့နှစ်ယောက် အလည်း ဆရာအရှင်၏ ခြေထောက်အား ဦးခေါင်းဖြင့်ထိ၍ အကြိမ်ကြိမ်ရှိခိုးကြ၏။ ဆရာအရှင်က ဓာတ်လုံးတစ်လုံးစီနှင့်ပြီး ရှင်သီဝလိရွှေယပ်တောင်နှင့် ရှင်ဥပဂုတ္တအင်းတော်ပါ အင်းတစ်ချပ်စီကိုပေးလိုက်၏။

နှစ်ယောက်သား ဆံတော်ရှင် ကိန်းဝပ်တော်မူရာ ကေလာသစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ကြ၏။ ကျွန်ုပ်က အမေမှာလိုက်သည့်အတိုင်း သိုက်နန်းရှင်ဘကြီးနှင့် ကြီးကြီးတို့အား မေတ္တာပို့ကာ အမျှအတန်းဝေ၏။

ဦးဆုံး စတင်၍ အောင်မြင်စွာ ရောက်ခဲ့ရသော ကေလာသတောင်တော်ကြီးအား သေချာကြည့်နေလိုက်မိပါတော့သည်။

❑

"သား"

"ဗျာ"

"အမေ့ကို အမျှဝေစမ်း၊ အမေ သာခုခေါ် ချင်လို့"

ရုတ်တရက်ကြောင်သွား၏။ ပြီးမှ အမေခိုင်းသည့်အတိုင်း အမျှဝေပြီး အမေ့လက်ထဲသို့ နလင်ကျော်မြစ်နှင့် အောက်ကင်းကိုထည့်လိုက်၏။ ပြီးမှ အမေ့ကိုထိုင်ကန်တော့လိုက်ပါသည်။

ခရီးသွားခါနီး၊ ခရီးကပြန်ရောက်ရောက်ချင်း အမေ့ကိုအမြဲကန်တော့နေကျဖြစ်၏။ အမေသည် သာခုခေါ်ရင်း မေတ္တာများပို့နေ၏။

"သားတို့က မြင့်မြတ်တဲ့တောင်တော်ကိုသွားတာလေ။ သူတော်ကောင်းတွေရဲ့ ဟိတ်တွေအပြည့်ရှိနေတဲ့နေရာကိုသွားတာ။ ပြီးတော့ သားတို့သွားဖူးတာ ဆံတော်ရှင် ကိန်းဝပ်တော်မူတဲ့ တန်ခိုးကြီးဘုရား။ သွားတော့လည်း ဆရာနဲ့ သာသနာပြုခရီး။ ဒီတော့မြတ်တာပေါ့။ ရန်ကုန်ရောက်ရောက်ချင်း တခြားဘာအကုသိုလ်စိတ်မှမရှိသေးဘူးလေ၊ ကုသိုလ်တွေနဲ့ပြည့်နေတာ။ ဒါကြောင့် အဲဒီကုသိုလ်တွေကို အမေက အမျှဝေခိုင်းတာပါ"

"ဟုတ်ကဲ့ပါ"

"မင်းဘကြီးနဲ့ ကြီးကြီးကိုရော အမျှဝေခဲ့သေးလား"



"ဟိုးတောင်ပေါ်မှာကတည်းက မေတ္တာပို့အမျှဝေခဲ့တယ် အမေ"

"အေး - အမေ့ကိုလာပြောတယ်။ သားတို့ သူတော်စင်တစ်ပါးကိုသွားကန်တော့ကြသေးတယ်ဆို၊ ရသေ့လိုလိုတွေ့တယ်"

အမေ့မျက်နှာကို ဆတ်ခနဲကြည့်လိုက်မိပါသည်။ အမေသည် ထိုစကားများကို ပြုံးရင်းပြောနေ၏။

"ဟုတ်တယ် အမေ၊ (၇) နှစ်သားကထဲက တရားကျင့်ပြီးပေါက်မြောက်အောင်မြင်နေတဲ့ ရှင်ရသေ့လေးကို သွားကန်တော့ခဲ့တယ်။ အမေ့ကို ဘယ်သူပြောလဲ"

"သားကို စိတ်မချလို့ အမေ ဒီကနေ မေတ္တာတအားပို့နေတော့ မင်းကြီးကြီးကလာပြောတာ၊ နင့်သားဘာမှမဖြစ်ဘူး၊ သူတော်စင်တစ်ပါးကိုတောင် သူ့ဆရာရဲ့ ခွင့်ပြုချက်နဲ့ တောလမ်းအတိုင်းသွားပြီး သွားကန်တော့ကြသေးတယ်တဲ့။ အစ်မတော်မှာက အဲလိုလည်း ပြောလိုက်ရော အမေ့မျက်လုံးထဲမှာ ရသေ့လိုလိုနီနီဝတ်ထားတာ တွေ့လာတယ်"

"ဟုတ်တယ် အမေ၊ ကွက်တိပဲ"

အမေ့ကို မည်သည့်အခါတမျှ လျှော့မတွက်ခဲ့ပါ။

ယခုလည်း လျှော့မတွက်ရဲပါ။

နောင်လည်း အမေ့စွမ်းအားများသည် ကျွန်ုပ်ကို ထာဝရလွှမ်းမိုးနေမည်သာဖြစ်၏။

အမေ့ကိုချစ်၏။

အမေ့ကိုကြောက်လည်းကြောက်၏။

အမေ့ကိုမလိမ်ရဲပါ။

အမေသည် အဖေအလုပ်ရပ်နားရတော့မည်ကို ကြိုတင်သိ၏။ ကျွန်ုပ်ကို မကြာခဏပြော၏။

"သား၊ မင်းကြီးကြီးက အမေ့ကို လာလာခေါ်နေတယ်။ လာ-ပြန်ရအောင်၊ နင်ဒုက္ခရောက်တော့မယ် ပြန်ရအောင် ဆိုပြီး လာလာခေါ်နေတယ်"

ဟု မကြာခဏပြော၏။

ကျွန်ုပ်ကလည်း သန်လျင်ဆားဒူးဂူတွင် ဆရာအရှင်နှင့်လိုက်၍လည်းကောင်း၊ ဆရာအရှင်၏ ခွင့်ပြုချက်နှင့် တစ်ဦးတည်းသွား၍လည်းကောင်း မကြာခဏ တရားသွားကျင့်တိုင်း အမေအသက်ရှည်ပါစေကြောင်း တစ်နာရီခန့် ဆုတောင်း၏။ သစ္စာများပြု၏။ အမေအသက်ရှည်ရန်၊ အမေကျန်းမာစေရန် သမ္ဗုဒ္ဓေဂါထာတစ်ထောင်ကို ဘယ်နှလရွတ်ပါမည်။ ဘယ်ပုတီးကို နေ့စဉ်ဘယ်နှပတ်၊ ဘယ်နှရက်စိပ်ပါမည်။ စိပ်နိုင်ပါက၊ ရွတ်နိုင်ပါက အမေ ကျန်းမာပါစေ၊ အသက်ရှည်ပါစေ။ အဓိဋ္ဌာန်ပျက်ကွက်သွားပါက ကျွန်ုပ်သည် ကုန်းသွားလျှင်ကုန်းဘေး၊ ရေသွားလျှင်ရေဘေး၊ လေသွားလျှင်လေဘေးနှင့် အသက်ဆုံးရပါလို၏ ဟု ကိုယ့်ကိုယ်ကိုယ်ကျိန်စာတိုက်၏။

ဤကိစ္စများကို အမေ့အားမပြောပါ။

ကိုယ့်ကိုယ်ကိုယ်သာသိပြီး လျှို့ဝှက်ထား၏။

မရပါ။

အမေသည် တစ်ခါတစ်ခါထိုင်နေရင်းနှင့် ကျွန်ုပ်ကို သေချာစိုက်ကြည့်နေပြီး-

"အင်း - ငါ့သားလေးလည်း အမေ့အတွက် ပင်ပန်းလှပါပြီ"

ဟု မကြာမကြာပြော၏။ ကျွန်ုပ်က အံ့အားသင့်သင့်သွား၏။

အမေပြောသည့်အတိုင်း ကျွန်ုပ်တို့ သားအမိနှစ်ယောက် ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရသည်ကို ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီမို့ အမေသိသိနေခြင်းမှာ မဆန်းတော့ပါ။

အမေသည် ပုတီးနှင့် လက်နှင့်ပြတ်သည်မရှိ။ မေတ္တာသုတ်တော်ကို နှုတ်က မပြတ်ရွတ်လေ့ရှိ၏။ လူလစ်လျှင် လစ်သလို တစ်ယောက်တည်း စကားပြောပြောနေတတ်၏။ ဂမ္ဘီရကျင့်စဉ်များကို ကျင့်ကြသော ပုဂ္ဂိုလ်ထူးများနှင့်ဆုံတိုင်း အမေ့ကို သေချာမေတ္တာပို့ကြ၏။ အလွန်ခင်ခင်မင်မင်သွေးရင်းသားရင်းလို ဆက်ဆံကြ၏။ အမေ့တွင် ကျွန်ုပ်၏ ဉာဏ်နှင့်လိုက်မမီသော ထူးခြားချက်

www.burmeseclassic.com

များရှိနေပါသည်။

ကြိုကြိုပြောလျှင် အလွန်မှန်လှ၏။

အအိပ်အနေအလွန်နည်း၏။

အမေနေမကောင်းသည့်ရက်များဆိုလျှင် တစ်အိမ်လုံးမွှေးကြိုင်နေတတ်၏။ အမေ ဘုရားဝတ်ပြုလျှင် ဘယ်က ဘယ်လိုတီးမှန်းမသိသော ကြေးစည်သံသာသာလေးများ တစ်ခါတစ်ခါကြားရ၏။ နံနက် (၄) နာရီခန့်တွင် ကြားရတတ်၏။

အမေသည် (၃) နာရီထိုးပြီးလျှင် ထတော့၏။

ဆွမ်းထချက်ပြီး အရက်ဆွမ်းကပ်ကာ ဘုရားရှိခိုး၏။ နံနက်စောစောကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်း၏။ ကျွန်ုပ်တို့ငယ်စဉ်က ဗဟန်းရဲတွာနာရွှေ ညောင်တုန်းကျောင်းတိုက် ပါဠိတက္ကသိုလ်မှ သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းအမြဲလောင်းလှူလေ့ရှိသည်။ နေမြင့်အောင်အိပ်လျှင် အမေမကြိုက်သောကြောင့် ကျွန်ုပ်လည်း မိုးမလင်းခင်ထသောအကျင့်ရနေပြီ ဖြစ်၏။

အမေ့ကို သူ၏အစ်ကိုတစ်ချက်တစ်ချက်ဝင်ပူးလျှင် ချပ်ပါပြောင်းသွားပြီး မေးရိုးကြီးများကားလာ၏။ အသံမှာ ယောကျ်ားသံကြီးနှင့် ခပ်အောအောကြီးပြော၏။

အထူးသဖြင့် ဂမ္ဘီရနှင့်နွယ်သော ပုဂ္ဂိုလ်များ အိမ်လာလည်ပြီး အမေ့အား တစ်ခုခု ဆေးကျွေးတော့မည်၊ ရေမန်းတိုက်တော့မည်ဆိုလျှင် သူ့အစ်ကိုဝင်ပူးပါတော့သည်။

ထို့ကြောင့် အမေ ဘယ်သူ့ဆီက ဘာဆေးမှသိပ်သောက်ခွင့်မရ။

ဟင်္သာတမှကြွလာသော အဘ ဆရာကြီးဦးထွန်းရင် (၁၀) ဆူအင်းတိုက်စဉ်ကသာ လွယ်လွယ်ကူကူသောက်တာမြင်ခဲ့ရဖူး၏။

ဤလိုမိခင်မျိုးနှင့် သားအမိတော်စပ်ရသည်ကို ကျွန်ုပ်၏ဘဝတွင် ဂုဏ်အယူဆုံးဖြစ်၏။

အမေ့သားဖြစ်ရသည်ကို ဂုဏ်ယူ၏။

ထူးဆန်းသောမိခင်၏သားဖြစ်နေရသည်ကို ဂုဏ်ယူ၏။

သိုက်နန်းရှင်ဘဝမှလာပြီး သိုက်နန်းကိုပြန်ရမည့်မိခင်၏သားဖြစ်ရသည်ကို ဂုဏ်ယူ၍မဆုံးပါ။

ကိုယ့်ဘဝကိုယ် အလွန်ကျေနပ်၏။ ပီတိဖြစ်၏။

□

"ဘယ်လိုလဲ၊ ပျောက်ချက်သားကောင်းနေပါလား"

ကျွန်ုပ်ကို လှမ်းပြောလိုက်သံကြောင့် လှည့်ကြည့်မိလိုက်ပါသည်။ ထမင်းဆိုင်ပိုင်ရှင်။

သယ်နဲ့ကျွန်းဘက်သို့ထွက်ရာလမ်းမကြီးပေါ်ရှိ တစ်ဖက်ယပ်တဲလေး ထိုးကာရောင်းနေသော စုတ်ချာချာ ထမင်းဆိုင်လေး၏ပိုင်ရှင်။

"ဟုတ်ကဲ့-ကျွန်တော်ခရီးသွားနေလို့ပါ"

"အေး-မင်းပျောက်နေသလို မင်းအဘလည်းမလာဘူး"

"မလာဘူးလား"

"အေး"

"ကျွန်တော်လည်း ခုအဘရှိတဲ့ဆီသွားမလို့၊ ခုမှသွားမှာ"

"ဪ"

လက်ကလေးပြလိုက်ပြီး ဆက်လျှောက်သွားလိုက်ပါသည်။

ကျောက်စာတိုင်ဘုရားဘေးရှိ ရပ်ကွက်လေးထဲသို့ မရောက်သည်မှာ အတော်ကြာခဲ့ပြီဖြစ်၏။ အဘနှင့်မဆုံခင် လပိုင်းများအတွင်း အဖေဆုံး၏။ ရုက္ခစိုးမှော်ဆရာကြီးများဆီရောက်၏။ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးတွင် ဆရာအရှင်၏ မေတ္တာရိပ်ဖြင့် အဓိဋ္ဌာန်ကြီးများဝင်ဖြစ်၏။

ဆရာအရှင်နှင့်အတူ ကေလာသ တောင်တော်သို့ ခရီးထွက်ဖြစ်ခဲ့၏။

ထိုရက်များက အဘကိုသတိတရရှိလှပါသည်။

ဘယ်နေရာရောက်ရောက် အဘကို သတိရ၏။ အဘသည် ကျွန်ုပ်အား သံယောဇဉ်စတင်တွယ်နေပြီဖြစ်ပါသည်။ ဝါးခနိကားလိုက်၍အဆင်မပြေရှာသော ကိုကြီးသက်စိုးတို့အိမ်တွင် အဘနှင့်နောက်ဆုံးဆုံခဲ့ခြင်း ဖြစ်ပါသည်။ ကွမ်းအလွန်စား၍ကွမ်းချိုးတက်အောင်ထားသောကြောင့် နီညိုရောင်သွားများပေါ်ပြီးပြုံးတတ်သော ကိုကြီးသက်စိုးကိုလည်း သတိရပါသည်။

"ဟာ - ညီ"

"ဟာ- ကိုကြီးသက်စိုး၊ ခုပဲ ကိုကြီးကို သတိရနေတာ"

"အေး - ညီ၊ ပျောက်သွားတာကြာလှပေါ့။ လတွေချီနေပြီ"

"ဟုတ်ကဲ့ - ခရီးသွားနေလို့ပါ။ အဘရော ကိုကြီး"

"အိမ်မှာရောက်နေတယ်၊ သွားညီ"

"ကိုကြီးဘယ်လဲ"

"ဝါးကားမနက်စောစောထွက်မှာမို့ နာရီအတိအကျသွားမေးမလို့၊ သွားညီ၊ သွား"

"ဟုတ်ကဲ့"

ခပ်လှမ်းလှမ်းက ကြည့်ကထဲက ကိုကြီးသက်စိုး အိမ်သာရှေ့ထားပြီးမှန်းသိလိုက်၏။ ဝမ်းသာပါသည်။ ကျွန်ုပ်၏စကားကို အလေးထားကာ ပြုပြင်လိုက်၍လားမသိ၊ ကိုကြီးသက်စိုးကိုကြည့်ရသည်မှာ အဆင်ပြေနေပုံရ၏။ သန့်ပြန့်နေ၏။

အိမ်ရှေ့ဆီဘက်သို့ မျက်နှာလှည့်ကာထိုင်နေသောအဘသည် ကျွန်ုပ်ကို လှမ်းမြင်သည်နှင့် သေချာကြည့်ပြီး ရှုတ်တရက်ထလိုက်၏။ ကျွန်ုပ်လည်း အိမ်ပေါ်သို့ ဘယ်လိုရောက်သွားမှန်းမသိ လွှားခနဲခုန်တက်လိုက်ပြီး -

"အဘ"

"လူလေး"

အဘရင်ခွင်ထဲတိုးဝင်၍အဘကို တအားဖက်ထားလိုက်ပါသည်။ မလွှတ်ချင်ပါ။ အဘကလည်း ကျွန်ုပ်၏ခေါင်းလေးအား ပွတ်သပ်ကာ ဖက်ထား၏။ ပြီးမှ တဖြည်းဖြည်းလက်ပြေလျှော့လိုက်ပြီး အဘကို ထိုင်ရှိခိုးလိုက်၏။ အဘကလည်း ထိုင်လိုက်၏။

အဘပြုံးကြည့်နေပါသည်။

မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်ပြုံးကြည့်နေပါသည်။ သို့သော် အဘအသက်ရှူသံမြန်နေပုံရ၏။ နှုတ်ခမ်းလေးများမသိမသာတုန်နေပုံရ၏။ မျက်လုံးမှာအရည်လဲ့နေ၏။

"လူလေး ပျောက်သွားလိုက်တာကွယ်"

"ဟုတ်ကဲ့-အဘ၊ ကျွန်တော် ခရီးသွားနေလို့ပါအဘ။ အဘကိုပြောမသွားခဲ့မိတာ အဘစိတ်မဆိုးပါနဲ့ ခင်ဗျာ"

"ဆိုးတယ် ဆိုးတယ်၊ ငါလွမ်းနေရတာ။ လူလေးတို့များ ငါ့ဆီကိုမခေါ်ဘဲနဲ့ရောက်လာတယ်၊ မနှင်ဘဲနဲ့ ပြန်ထွက်သွားပြီနဲ့တူတယ်ဆိုပြီး ငါ့မှာ. . ."

(ဆက်ရန်)

ဓာရာဦးမောင်မောင်သန်း
(ရင်ကိုဒေးမြင်သား)



www.burmeseclassic.com

www.burmeseclassic.com



# ဝေမင်းဦး
(စိတ်ပညာ)
## လူသားနှိတ် လူ့စိနည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတို့သည် အလွန့်အလွန်ကံကောင်းကြသူများဖြစ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘုရားရှင်ရှေ့လက်ထက်တော်ကာလကပင် ဗုဒ္ဓဘာသာကို တိုးကွယ် ကြည်ညိုခွင့် ရရှိခဲ့ကြပြီးလျှင် ကမ္ဘာ့ပထမဆုံး ဗုဒ္ဓစေတီတော်မြတ်သော ရွှေတိဂုံစေတီတော်မြတ်ကို လည်းကောင်း၊ ကမ္ဘာ့ပထမဆုံးဗုဒ္ဓဆင်းတုတော်မြတ်ဖြစ်သော မဟာမုနိဘုရားဆင်းတုတော်မြတ်ကို လည်းကောင်း ဆည်းကပ် ပူဇော်ခွင့် ရရှိခဲ့ကြသောကြောင့် ဖြစ်၏။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာသည် (ဝါ) ဗုဒ္ဓသာသနာတော်သည် တကောင်းခေတ်ကပင် ရောက်ရှိ နိဒါန်းပျိုးနေပြီဟု ဆိုချင်စရာများရှိလာနေခဲ့ပြီ။ သရေခေတ္တရာခေတ်ရောက်လျှင် ဗုဒ္ဓသာသနာတော်သည် အတော်ကြီးကို အခြေကျခိုင်မာနေပြီ ဖြစ်သည်။

ပုဂံခေတ်ကို ရောက်လျှင် အခြေကျနေသော ဗုဒ္ဓသာသနာတော်ထဲကို (ထေရဝါဒ ဗုဒ္ဓသာသနာတော်ထဲကို) ဆွမ်းဆန်ထဲ ကြွက်ချေးလာရောသလို မဟာယာနအနွယ် သမထီးဂိုဏ်းသား အရည်းကြီးရဟန်းတို့က ရောယှက်ကြီးစိုးလျက် ပုဂံရွှေပြည်ကို စိုးမိုးခြယ်လှယ်နေသဖြင့် ပုဂံပြည်ရှင် အနော်ရထာမင်းက သုဝဏ္ဏဘုမ္မိ သထုံပြည်က ကြွရောက်လာသော ထေရဝါဒရဟန်းတော် ရှင်အရဟံ၏ အကူအညီဖြင့် အရည်းကြီးရဟန်းတို့၏ သာသနာကို ရှင်းလင်း သုတ်သင် သန့်စင်ပြီးလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်ကို တစ်ဖန်ပြုစု ပျိုးထောင် စည်ပင် ပြန့်ပွားစေခဲ့သည် ဖြစ်၏။

ဤသို့အားဖြင့် ရှေးမြန်မာကြီးတို့သည် ဗုဒ္ဓဘာသာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များဖြစ်ကြရသည့် အားလျော်စွာ ခံယူချက်၊ ယုံကြည်ချက်၊ မျှော်မှန်းချက်၊ လူနေမှုဘဝပုံစံ၊ လူမှုအဖွဲ့အစည်း၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ ဒဿနအတွေးအယူ၊ စိတ်နေစိတ်ထားစိတ်ဓာတ် အစခပ်သိမ်းတို့သည် ဗုဒ္ဓဘာသာ၏ အရိပ်အာဝသထဲမှာ ဗာည်ဖွဲ့ပွားစီးနေစေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ဤနေရာမှာ ဂုဏ်ယူဝင့်ကြွားစွာ ထောက်ပြပြောချင်စရာလေးတစ်ခုကတော့ ရှေးမြန်မာကြီးတို့သည် ဘုန်းကြီးကျောင်းဗဟိုပြုယဉ်ကျေးမှုရပ်ဝန်းတစ်ခု ထူထောင်နိုင်ခဲ့ကြခြင်းကိုပင် ဖြစ်၏။

သို့ဆိုလျှင် ဘုန်းကြီးကျောင်းဟူသည် အဘယ်နည်း။

စိတ်ဝင်စားစရာကောင်းသည်က ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်များကို (ဝါ) ဗုဒ္ဓဘုရားရှင်၏ ဓမ္မဒေသနာတော်များကို ထပ်ဆင့်ဖြန့်ဖြူးပေနေကြသော ရဟန်းတော်များကို အရပ်သုံးစကားဖြင့် ဘုန်းကြီး (ဝါ) ဘုန်းတော်ကြီးဟု အမွှမ်းတင် ခေါ်ဝေါ်သမုတ်ကြခြင်းကိုပင် ဖြစ်၏။

တစ်နည်းဆိုရသော် ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော (ရဟန်းသံဃာအဖြစ်ကိုရခဲ၏။) ရဟန်းသံဃာအဖြစ်ကိုရရှိသော ပုဂ္ဂိုလ်များသည် ရှေးဘုန်းရှေးကံကြီးမားလှသောကြောင့်ဖြစ်သဖြင့် ဘုန်းတော်ကြီး၊ ဘုန်းကြီးဟု အနွတ္တသညာ ခေါ်တွင်လာရသည် ဆို၏။ အဆိုပါ ရဟန်းသံဃာများ (ဝါ) ဘုန်းတော်ကြီး၊ ဘုန်းကြီးများ မှီတင်းသီတင်းသုံးလျက် သီလ၊ သမာဓိ၊ ပညာတို့ကို (ဝါ) ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်တို့ကို ကျင့်ကြံပွားများပို့ချထိန်းကျောင်းရာနေရာဌာနကို (ဝါ) အဆောက်အအုံကို ဘုန်းကြီးကျောင်းဟု ခေါ်ဆိုသမုတ်လာကြရသည်ဟူ၏။

နောက်စိတ်ဝင်စားစရာတစ်ခုမှာ ရှေးခေတ်ပြိုင်တရုတ်မှတ်တမ်းတစ်ခုတွင် သရေခေတ္တရာပြည်ဝယ် ဘုန်းကြီးကျောင်းအလွန်ပေါကြောင်း၊ ထိုဘုန်းကြီးကျောင်းတို့တွင် ယောကျ်ားလေး၊ မိန်းကလေးမရွေး ကလေးသူငယ်များကို စာပေအတတ်ပညာသင်ပေးကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ဤနေရာမှာ တလေးတနက်ပြောဆိုချင်သည်က မြန်မြန်မာသမိုင်းစဉ်ခေတ်အဆက်ဆက်မှာ မြို့ပြတိုင်းမှာ ကျေးရွာတိုင်းမှာ ဘုန်းကြီးကျောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော့ရှိစမြဲ ဖြစ်သည်။ ထိုဘုန်းကြီးကျောင်းတွင်သီတင်းသုံးသောရဟန်းတော်တို့နှင့် အဆိုပါ ရဟန်းတော်တို့ကို ဆည်းကပ် ကိုးကွယ်ကြသော တပည့်ဒါယကာ၊ ဒါယိကာမ မိသားစုတို့၏ အပြန်အလှန် တွဲလှယ်ဆက်ဆံရေး အဝန်းအဝိုက်သည် တစ်စုံတစ်ခုသော အသိုက်အဝန်း၊ အဖွဲ့အကျင်းတစ်ခုကို ဖော်ဆောင်နေသည်ပင်ဖြစ်၏။တစ်နည်းဆိုရလျှင် ထိုဘုန်းကြီးကျောင်းနေ ရဟန်းတော်တို့နှင့် ထိုကျောင်း၊ ထိုရဟန်းတော်တို့ကို ကိုးကွယ် ဆည်းကပ်ကြသော တပည့် ဒါယကာ၊ ဒါယိကာမတို့သည် တစ်ဦးကို တစ်ဦး ကျွန်းကိုကိုင်းမှီ၊ ကိုင်းကိုကျွန်းမှီ အချင်းအချင်း သဟဇာတကျစွာ အမှီသဟဲပြုနေကြသည်ပင် ဖြစ်၏။

ထင်ရှားရာ ညွှန်းဆိုပြောရလျှင် သိင်္ဂါလောဝါဒ်သုတ်လာ ဆရာရဟန်းတော်ပြုရမည့် ကျင့်ဝတ်(၆)ပါး၊ တပည့်ဒါယကာတို့ပြုရမည့် ကျင့်ဝတ်(၅)ပါးတို့ကိုပင် ဖြစ်၏။ ပြည်စုံအောင် ဆိုရလျှင် ဆရာရဟန်းတို့သည် -

၁။ မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို မပြုလုပ်မကြံစည်နိုင်အောင် တားဆီးပိတ်ပင်ပေးရခြင်း၊

၂။ ကောင်းသောအပြုအမူနှင့်သုစရိုက်မှုတို့ကို ပြုလုပ် ကျင့်ဆောင်နိုင်အောင် ညွှန်းလှစ်၍ပြရခြင်း။

၃။ အသစ်သစ်ဖြစ်သော တရားဓမ္မတို့ကိုဟောကြားပြောပြပေးရခြင်း။

၄။ နာကြားဖူးပြီးစေခဲ့သော တရားဓမ္မတို့ကို တစ်ဖန်ထပ်မံ၍ သိနားလည်နိုင်အောင် သတိရှိနိုင်အောင် မမေ့နိုင်အောင် ဟောကြားပေးရခြင်း။

၅။ မိမိ၏ ဒါယကာတို့အား အယုတ်ဆုံး နတ်ပြည်လောက်တော့ရောက်ရှိနိုင်အောင် ဖန်ဆောင်လမ်းကြောင်းပေးရခြင်း။

၆။ မိမိတို့အပေါ်၌ အကျိုးကျေးဇူးများသော ဒါယကာတို့ကို အကျိုးကျေးဇူးများရယူခံစားနိုင်အောင် အနည်းဆုံး မေတ္တာပွားများ ပို့သပေးရခြင်း စသည်တို့ ဖြစ်ကြပေသည်။

ယင်းသို့ပင်လျှင် တပည့်ဒါယကာတို့ကလည်း မိမိကိုးကွယ်သော ဘုန်းကြီးကျောင်းနေ ရဟန်းတော်များအား အောက်ပါ ကျင့်ဝတ် (၅) ပါးတို့ကို ကျင့်သုံး ဖြည့်ဆည်းပေးရပေသည်။

ယင်းတို့မှာ -

၁။ ချစ်ကြည် မြတ်နိုး အားကိုးသော စိတ်ကို အမြဲတစေထားရခြင်း။

၂။ ဆောင်ရွက်ပြုလုပ်ပေးရမည့်ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို အစဉ်မပြတ်ပြုလုပ်ပေးရခြင်း။

၃။ ရဟန်းတော်တို့နှင့် တွေ့ဆုံသော အခါဝယ် ခင်မင်ချိုသာစွာဖြင့် ကရုဏာယကထာစကားတို့ဖြင့် ပြောဆိုနှုတ်ဆက်ပေးခြင်း။

၄။ ပစ္စည်းလေးပါးဖြင့် ရဟန်းတော်တော်တို့ကို လိုအပ်သမျှ ခံယူနိုင်အောင် ဝိနည်းအားလျော်စွာ ဖိတ်ကြားထားခြင်း။

၅။ ထိုသို့ပစ္စည်းလေးပါးဒါယကာဖြစ်သည်နှင့်အညီ မိမိတို့တတ်စွမ်းသရွေ့ လှူဒါန်းဖြည့်ဆည်းပေးရခြင်း စသည်တို့ ဖြစ်ကြပေသည်။

ဤနေရာမှာ တလေးတနတ်ညွှန်းဆိုချင်သည်က အထက်ဖော်ပြပါတို့ကို အနှစ်ချုပ်လိုက်လျှင် ဘုန်းကြီးကျောင်းဗဟိုပြု ဆရာဒကာဆက်ဆံရေးသည် ဗုဒ္ဓဘာသာကို အခြေခံသော ယဉ်ကျေးမှုအသိုက်အဝန်းတစ်ရပ်ကို ဖန်တီးပေးနေသည်ကိုဆိုသော ပုံရိပ်ကို ပြတ်ပြတ်ထင်ထင် တွေ့မြင်နိုင်သည် ဟူခြင်းကိုပင် ဖြစ်၏။ တကယ့်တကယ်လည်း ရှေးအစုအစဉ်ခေတ်အဆက်ဆက်က ပေါက်ပွားလာခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့သည်လည်း ဗုဒ္ဓဘာသာကို ရေခံမြေခံပြုသောအခင်းအကျင်းပေါ်တွင် သန္ဓေတည်၍ ပေါက်ပွားစည်ပင် မျိုးဆက်ပြန့်ခဲ့ရသည်ပင် ဖြစ်၏။

ရှေ့ကဆိုခဲ့သလိုပင် ရဟန်းတော်တို့ ဗုဒ္ဓဘုရားရှင်၏အလိုတော်နှင့်အညီ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုသည် သာသနာ့ဝန်ကို ကြောင့်ကြ တောင့်တခြင်းကင်းမဲ့စွာ ထမ်းဆောင် အားထုတ်ပွားများနိုင်ရန်အတွက် တပည့်ဒါယကာတို့က စိတ်ရောကိုယ်ပါ သဒ္ဓါတရားကြီးမားစွာဖြင့် ပစ္စည်းလေးပါး အပါအဝင် လိုအပ်ချက်ဟူသမျှရာရာကို လှူဒါန်းဖြည့်တင်းပေးသလို ဆရာရဟန်းတော်တို့ကလည်း မိမိတို့၏တပည့်ဒါယကာတို့၏ (ဝါ) တပည့်ဒါယကာမိသားစုတို့၏ လိုအပ်ချက် အထွေထွေတို့ကို စွမ်းဆောင်နိုင်သလောက် ပံ့ပိုးဖြည့်ဆည်းပေးရလေ့ရှိပါသည်။ ဥပမာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအစစအရာရာတို့ကိုပင် ဖြစ်သည်။

ဤနေရာ ယင်းတို့အထဲမှ ပညာရေးဆိုင်ရာကို ကောက်ယူ၍ အနည်းငယ် ပြောချင်ပါသည်။ ဆရာရဟန်းတော်တို့သည် တပည့်ဒါယကာတို့၏ (ဝါ) တပည့်ဒါယကာတို့သားသမီးများ၏ပညာရေးကို တာဝန်ယူပို့ချသင်ကြားခဲ့ကြသည်မှာ ရှေးသရေခေတ္တရာခေတ်ကပင်ဟုဆိုလျှင် မှားလွဲမည်မထင်ပါ။ ဆိုခဲ့သလိုပင် ခေတ်ပြိုင်တရုတ်မှတ်တမ်းတစ်ခုအရ သရေခေတ္တရာပြည်တွင် ဘုန်းကြီးကျောင်းသင်ပညာရေးစနစ်သည် ကုံလုံပြည့်စုံစွာ ထွန်းကားနေပြီဆိုသည်ကို သိရှိရပေသည်။

တကယ့်တကယ့်လည်း သရေခေတ္တရာခေတ်မှသည် ကိုလိုနီခေတ်ဦးတိုင် မြန်မာ့သမိုင်းစဉ် တစ်နံတစ်လျား၌ ဘုန်းကြီးကျောင်းသင်ပညာရေးစနစ်သည် လမ်းပြကြယ်ပမာ ထွန်းတောက်ပနေခဲ့သည်တော့ အမှန်ပင်။

ဤဘုန်းကြီးကျောင်းသင်ပညာရေးစနစ်ကြောင့် မြန်မာ့သမိုင်းစဉ်တသန္တာန်လုံးတွင် ရှေးမြန်မာကြီးများအဖို့ ဗုဒ္ဓဘာသာကို အခြေခံသော လူနေမှုဘဝပုံစံ၊ လူမှုဘဝလမ်းညွှန်၊ ယဉ်ကျေးမှုဓလေ့စရိုက်ဗီဇ၊ ဒဿအတွေးအယူ၊ စိတ်နေစိတ်ထား၊ စိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ မျှော်မှန်းချက် အစခပ်သိမ်းတို့ကို ရယူပိုင်ဆိုင်ရရှိခဲ့သည်မှာ အသေအချာ ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုလျှင် ရှေးမြန်မာကြီးတို့သည် ဗုဒ္ဓဘုရားရှင်အဆိုအမိန့်ကို ခံယူလျက် ယဉ်ကျေးမှု အသိုက်အဝန်းတစ်ရပ်ကို (ဝါ) ယဉ်ကျေးမှုလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်တည်ဆောက်မိလိုက်ခြင်းပင် ဖြစ်သည်။

ဤတွင်ပြောချင်စရာလေးတစ်ခုဖြစ်လာသည်ကတော့ ယေဘုယျအားဖြင့် ဗုဒ္ဓဘုရားရှင်အဆိုအမိန့်များသည် နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မသက်သက်သာသာ၊ လောကုတ္တရာတရား ဓမ္မသက်သက်သာသာသာဟု ယူဆစွဲမှုများအားကြီးခဲ့သော်လည်း ရှေးမြန်မာကြီးတို့သည် ဗုဒ္ဓဘုရားရှင်၏အဆိုအမိန့်များကို လောကီထုပ္ပတ်လူ့တို့ဇာတ်တွင် ကျင်လည်လှုပ်ရှားရသောအခါ၌လည်း လိမ္မာပါးနပ်စွာ အသုံးကျစွာ အသုံးချခဲ့ကြသဖြင့် တစ်စုံတစ်ရာအတိုင်းအတာအတွာထိ အောင်မြင်မှုသရဖူကို ဆွတ်ချူနိုင်ခဲ့သည်ကတော့ အသေအချာပင် ဖြစ်သည်။

ယင်းတို့အထဲတွင် လူတို့ရှင့်ထုံး

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ထိကရုံးသုပ်နှင့်လိပ်ခေါင်း

ထိကရုံးမှာ ရေထိကရုံးနဲ့ ကုန်းထိကရုံးဆိုပြီး (၂) မျိုးရှိတာ တွေ့ရပါတယ်။ ကုန်းထိကရုံးက အနီဖြစ်ပြီး ရေထိကရုံးက အဖြူပါ၊ ရေထိကရုံးက နုညံ့ပြီး ကုန်းထိကရုံးက ကြမ်းပါတယ်။ ရေထိကရုံးကို အတို့အမြှုပ်လုပ်စားကြလေ့ရှိပြီး ရေစပ်စပ်နေရာတွေမှာပေါက်တဲ့ ကုန်းခေါင်တဲ့အညာဒေသတွေမှာ ရှားပါလိမ့်မယ်။

ကုန်းထိကရုံးကို စားတာမတွေ့ရပေမယ့် ဆေးအဖြစ်ပြုတ်သောက်တာတွေ့ရတယ်။အဖောအရောင်၊ ကျောက်တပ်၊ လိပ်ခေါင်း စသည်ဖြင့် ရောဂါအတော်များများကို ဖယ်ရှားနိုင်စွမ်းရှိတယ်။

မစိုးစိုးတို့အိမ်မှာ စကားစပ်မိကြတော့ ထိကရုံးကိုသုပ်စားရင် လိပ်ခေါင်းပျောက်တဲ့အကြောင်း ပြောပြပါတယ်။ ဘယ်သူ့ဆီကရတဲ့ဆေးနည်းလဲဆိုတော့ ဦးပုစူးဆီကတဲ့။ ကုန်းထိကရုံးကို သုပ်စားတာလား၊ ရေထိကရုံးကိုသုပ်စားတာလားလို့ဆိုတော့ တိတိကျကျ မပြောနိုင်ဘူးဖြစ်နေတယ်။ ရေထိကရုံးက စားကောင်းတာဆိုတော့ ရေထိကရုံးဖြစ်နိုင်တယ်လို့ စိတ်ထဲထင်နေမိပါတယ်။

ညနေပိုင်း မွတ်တားတို့အိမ်လည်ရာကပြန်ရင် ပုစူးတို့အိမ်ရှေ့ကဖြတ်ပြန်နေကျပါ။ ပုစူးက ကျွန်တော်နဲ့ မှန်ကျောင်းမှာအတူတူနေခဲ့တော့ ကျောင်းနေဖက်သူငယ်ချင်းပါ။ ကျွန်တော့်ထက် (၃) နှစ်ငယ်ပါတယ်။ တစ်နေ့မှာတော့ မေးကြည့်ဖြစ်ပါတယ်။ ပြီးတော့ ပြောပြပါတယ်။

ထိကရုံးက လမ်းဘေးမှာအလွန်ပေါတဲ့ ကုန်းထိကရုံးပါ။ ကျွန်တော့်တူ တစ်ယောက် လိပ်ခေါင်းဖြစ်နေတော့ တစ်ခါမှာ မြင်းလှည်းနဲ့ နေပြည်တော် ပျဉ်းမနားအသွား ကျွန်တော်တို့အချင်းချင်း စကားစပ်မိတော့ လိပ်ခေါင်းအကြောင်းပြောဖြစ်ကြပါတယ်။

အဲဒီမှာ မြင်းလှည်းပေါ်ပါတဲ့ အဘိုးကြီးတစ်ဦးက လမ်းဘေးက ထိကရုံးပင်တွေကို လက်ညှိုးထိုးပြပြီး -

'လိပ်ခေါင်းရောဂါများ ဘာမှ မခက်ပါဘူးကွာ။ ဟောဟို ထိကရုံးပင်အဖျားက အရွက်နုလေးတွေလက်တစ်ဆုပ်လောက်ရအောင်ချူပြီး အဆာပလာနဲ့ကြိုက်သလို အစိမ်းသုပ်စားစမ်းပါ။ လိပ်ခေါင်းချက်ချင်းဝင်ပါတယ်။ အဲ - စားရင် အတိုင်းအတာနဲ့စားရတယ်။ အများကြီးစားမိရင် အများကြီးဝင်သွားလို့ ဒုက္ခရောက်တတ်တယ်။ သင့်ရုံ ချင့်ချိန်စားဖို့လိုတယ်။ မဝင်မှာတော့ လုံးဝမပူနဲ့။ ထိကရုံးဆိုတဲ့အတိုင်းရှုံးပြီးဝင်သွားလိမ့်မယ်'

လို့ ပြောပြသွားပါတယ်။

အဲဒီအဘိုးကြီး ဘယ်ကလဲဆိုတာတောင် မမေးထားလိုက်ရဘူးဗျ။

ဒါနဲ့ ကျွန်တော်လည်း ထိကရုံးရွက်နုလက်တစ်ဆုပ်ရအောင် ကတ်ကြေးနဲ့လိုက်ညှပ်ရတာပေါ့။ သုပ်ကျွေးတော့ တကယ်ပျောက်သွားတယ်ဗျ။ ဒီလိုနဲ့ ကျွန်တော်ဆေးနည်းရလိုက်တာပါ။

ဖြစ်ချင်တော့ တစ်လောကပဲ ကျွန်တော့်တူမတစ်ယောက် လိပ်ခေါင်းထဖြစ်ပြန်တယ်။ မနေသာတာနဲ့ ထိကရုံးရွက်သွားချူပြီး သုပ်ကျွေးရပြန်တယ်။ ပျောက်သွားတာပါပဲ။ ဘာလဲ၊ ဆောင်းပါးရေးမလို့လား"

"ဒါပေါ့ ကိုပုစူးရယ် ခုလိုက်ပြောပြတာ ကျေးဇူးတင်ပါတယ်"

ခပ်အေးအေးနေတတ်တဲ့ ပုစူးကတော့ ပြုံးနေလေရဲ့။

ဦးပုစူးသို့ကျေးဇူးတင်လျက်
ချမ်းမြေ့ကြပါစေ
နေပြည်တော်ကျော်ကျော်စိုး

---

တစ်ရာ့သုံးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သို့ဆိုလျှင် လူတို့ကျင့်ထုံး တစ်ရာ့သုံး ဟူသည် အဘယ်နည်း။ လူတို့ကျင့်ထုံး တစ်ရာ့သုံး ဟူသည်မှာ တခြားမဟုတ် ဤသို့ဖြစ်၏။

၁ *သုံးပါးသရဏာ၊ ငါးဖြာသီလ၊ အဋ္ဌရှစ်လီ၊ ဒသသီနှင့်၊ ပါရမီဆယ်ဝ၊ ပုညကြိယာ၊ နှစ်ဖျာဒုသ၊ ဆယ်ခုသုံးလီ၊ ထို့ပြည်သုံးဆယ်၊ ရှစ်မယ်မင်္ဂလာ၊ ငါးဖြာဒါန၊ လေးဝဆုမွန်၊ အမှန်သချာ၊ တူရာပေါင်းလို၊ လူတို့ကျင့်ထုံး၊ တစ်ရာ့သုံးကို၊ နှလုံးဝမ်းထဲ၊ မြဲစေမင်း။*

ရှေးမြန်မာကြီးတို့၏လက်ကသုံးဆောင်ဖူး ဘဝလမ်းညွှန်ဖြစ်သော (ဝါ) ဘဝလမ်းပြမြေပုံဖြစ်သော ဤလူတို့ကျင့်ထုံးတစ်ရာ့သုံးကို ပိုရှင်လင်းအောင်ဆိုရလျှင်-

| | |
|---|---|
| သရဏဂုံ | ၃ ပါး |
| ငါးပါးသီလ | ၅ ပါး |
| ရှစ်ပါးသီလ | ၈ ပါး |
| ဆယ်ပါးသီလ | ၁၀ ပါး |
| ပါရမီဆယ်ပါး | ၁၀ ပါး |
| ပုညကြိယာဝတ္ထုဆယ်ပါး | ၁၀ ပါး |
| ဒုစရိုက်၊ သုစရိုက်ဆယ်ပါး | ၁၀ ပါး |
| မင်္ဂလာတရားသုံးဆယ့်ရှစ်ပါး | ၃၈ ပါး |
| သူတော်ကောင်းဒါနငါးပါး | ၅ ပါး |
| ဆုကြီးပန် | ၄ ပါး |
| စုစုပေါင်း | ၁၀၃ ပါး |

ဟူ၍ ဖြစ်၏။

ထူးခြားချက်တစ်ခုမှာ ဒုစရိုက် (၁၀) ပါးနှင့် သုစရိုက် (၁၀) ပါးကို တစ်ခုတည်းပြထားသည်ကိုတွေ့ရှိရပေသည်။

မည်သို့ပင်ဆိုစေ ရှေးမြန်မာကြီးတို့သည် ဤလူတို့ကျင့်ထုံးတစ်ရာ့သုံးကို လောကုတ္တရာရေးမှာရော လောကီရေးမှာပါ အံဝင်ခွင်ကျစွာဖြင့် အသုံးကျကျ အသုံးချခဲ့သည်ကတော့ အမှန်ပင်။

သို့အတွက်ကြောင့် ယခုခေတ်ကာလ၌လည်း ဤလူတို့ကျင့်ထုံးတစ်ရာ့သုံးကို လောကုတ္တရာမှာ၊ အပြင်လောကီရေးမှာလည်း အသုံးကျစွာဖြင့် အသုံးချနိုင်ရန်အတွက် ဓမ္မဗဟုသုတဖွင့်လျက် ဓမ္မလမ်းကြောင်းဖော်ဆောင်ပေးမည်ဆိုပါလျှင်၊ ဓမ္မလမ်းပြမြေပုံလို သဘောထား၍ အသုံးပြုနိုင်အောင် ဖော်ညွှန်းပေးကြမည်ဆိုပါလျှင် အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားဖြစ်သွားမည်မှာ မုချဖြစ်၏တည်း။ တစ်နည်းပြောရလျှင် လူသားတို့ကျင့်သုံးစရာ လူသားနီတိလူ့ဝိနည်းတည်း။

ဝေမင်းဦး (စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

ကလွံ့တိုက်ကျွန်းသည် မုတ္တမပင်လယ်အော်ထဲကို ဖြတ်သန်းရာမှာ အဓိကကျွန်းတစ်ကျွန်း ဖြစ်လေသည်။ ကလွံ့တိုက် ဆိုတာ ကဒွတ်ပေါက်ကျွန်းဟု မွန်ဘာသာအရ ခေါ်ကြပါသည်။ အဓိပ္ပာယ်က မုတ္တမပင်လယ်ကွေ့ထဲသို့ ကလွံ့တိုက်ကျွန်းကနေ ချောင်းအသွယ်သွယ်ဟာ ဖြာထွက်လာပြီး တစ်ဖက်နိုင်ငံ ရနောင်းကို (၄၈) နာရီအတွင်း သွားရောက်နိုင်လို့ပဲဖြစ်ပါသည်။ ရနောင်းဆိုသည်မှာ မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံး ထိစပ်နေသည့် မြို့တစ်မြို့လည်းဖြစ်ပါသည်။ ကလွံ့တိုက်ကျွန်းသည် မြန်မာ့ရေပိုင်နက်ထဲတွင်ရှိပြီး အနီးဆုံးမြို့တစ်မြို့ဖြစ်သလို မြစ်ဝကျွန်းပေါ် ပင်လယ်လမ်းဆုံးဒေသဖြစ်သည့် ဖျာပုံ (ထမင်းဈေး) ခရိုင်ထဲတွင် ပါဝင်နေသည့် ကျွန်းတစ်ကျွန်း ဖြစ်ပါသည်။

ကလွံ့တိုက်ကျွန်းခေါ် ကဒွတ်ပေါက်ကျွန်းမှ မုတ္တမပင်လယ်ကွေ့ကို စီးဝင်နေသည့်ချောင်းများ၏စုရပ်လည်း ပြော၍ရပါသည်။ သို့သော် တစ်ချိန်က ပင်လယ်ရေလမ်းခရီးဖြင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ဖလှယ်ပေးနေသည့် ကျွန်းကြီးမှာ ယခုအချိန်တွင် လုံးဝအစအနရှာမရ၍ ငါးကွန်းရှပ်၊ ဘုံကျောင်း၊ ငါးပြေမ စက်လှေများက လုပ်သားများ၏အခေါ်အဝေါ်အရ အမည်သစ်တိုးလာပါသည်။ ထိုအမည်သည်ကား ကျွန်းပျောက်ကြီး ပင်တည်း။

သို့သော် ယခင် ကလွံ့တိုက်ကျွန်းမှ ကျွန်းပျောက်ကြီးဟု အမည်ခေါ်တွင်လာရခြင်းမှာလည်း ခြေခြေမြစ်မြစ်ရှိလှပါသည်။ ကလွံ့တိုက်ကျွန်းခေါ် ကဒွတ်ပေါက်ကျွန်းမှ ကျွန်းပျောက်ကြီးအမည်တွင်ခဲ့ရခြင်းမှာ ဤသို့ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

# မင်းနန္ဒရိန်

## နဂါးငွေ့တန်းကျွန်းပျောက်ကြီး

ကလွှဲတိုက်ကျွန်းသည် မုတ္တမ ပင်လယ်ကွေ့တစ်ခုမှ ကျွန်းကြီး တစ်ကျွန်းဖြစ်ကာ အလျား၊ အနံအား ဖြင့် ကျယ်ပြောလှပါသည်။ ထိုကျွန်းကြီး မှာ ဧရာဝတီတိုင်းဒေသကြီး၏ ရေထွက် ပစ္စည်းများထွက်ရှိရာ အဓိကကျသော ကျွန်းကြီးဖြစ်သော်လည်း လူသူမနေခဲ့။ သို့သော် အမြဲမပြတ်သည်က ပင်လယ် ထွက်ရေယာဉ်များ အကြီး၊ အသေး ဖြတ်သန်းချသည့်နေရာ ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ပိုင်း၌ ကလွှဲတိုက်ကျွန်းကိုအမှီ ပြုလုပ် ကလွှဲတိုက်ရွာကြီးဆိုသည်မှာ အလွန်စည်ကားလှပါသည်။ ပင်လယ် ထွက်ခါ ရေလုပ်သားတို့၏ ဆုံစည်းရာ နေရာ ဖြစ်ပါသည်။ ကလွှဲတိုက်ကျွန်း ဟုလည်းပြော၍ရသည့် ကလွှဲတိုက် သောင်ကြီးသည် တစ်မျှော်တစ်ခေါ် ကျယ်ပြောလှသလို နှစ်စဉ်နှစ်တိုင်း ရေငန်ပိုင်ဦးရှင်ကြီး၊ ကုလားလေး အန်ထော်နီ၊ ပင်လယ်ပြင်သခင်မ၊ အဘိုး ကွင်းပိုင်တို့အားမြှောက်ခြင်းတို့လုပ်ပေး ရသည်။ ထို့နောက် ပင်လယ်ကို အရို အသေပြုသည့်အနေဖြင့် ပင်လယ်နှင့် မကင်းနိုင်သူ၊ ပင်လယ်နှင့် စီးပွားရှာကြ သူများမှာ တစ်နှစ်တစ်ကြိမ် ပင်လယ်ကို ဦးတိုက်ကန်တော့ကြရပါသည်။

ပင်လယ်ကန်တော့သည်ဆိုရာ၌ ပိုက်သူကြီးခေါ် စက်လှေပိုင်ရှင်များက ဦးစီးဦးဆောင်ပြု၍ ကျေးရွာရှိ သက်ကြီး ရွယ်အိုများကို ဖိတ်၍ ကန်တော့ပြီး ကျေးရွာရှိ ကလေး၊ လူကြီးပရိသတ်ကို စနစ်တကျစီတန်းကာ စားဖွယ်အသုံး အဆောင်ပစ္စည်းများကို ဝေငှပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ရေငန်ပိုင် အဖဦးရှင်ကြီးကိုလည်း ကန်တော့ရ၏။

ထို့နောက် ညနေ (၅) နာရီထိုးသည်နှင့် ပိုက်သူကြီးမှ ဦးဆောင်၍ စကော၊ သံပုံး၊ ဒန်အိုးများကို ရိုက်နှက်လျက် တောထုတ်ခြင်း (မကောင်းဆိုးဝါးများနှင်ခြင်း) အမှုကို ပြုလေ့ရှိပါသည်။

တစ်ချိန်က မွန်မိဖုရားကြီးတစ်ပါး၏ မြို့ကုန်းနန်းတော်ရာ ဆိုသည်မှာ ကလွံတိုက်သောင်ပြင်၊ ရွှေအိမ်တော် (ထော်ညီးဒေါ်ညိမ်း) ရွာနှင့် မနီးမဝေး၌ တည်ရှိခဲ့ပြီး ချောင်းစဉ်အတိုင်း အောက်ဘက်သို့စုန်သွားပါက မြန်မာတာ (၅၀၀) အကွာ လက်ယာဘက် ကမ်းကုန်းဘက်ပြင်ဌာနတွင်ရှိပါသည်။ ယခုတော့ မြို့ကုန်းရွာကြီးအဖြစ်တည်ရှိ၍နေပါတော့သည်။ တစ်ခါတစ်ရံတွင် မြို့ကုန်းနန်းတော်ရာအဟောင်း၌ ပစ္စင်၊ ပြအိုး၊ အုတ်ရိုးများမှ ပင်လယ်ကမ်းစပ်သို့ကျနေသော အုတ်ချပ်၊ အုတ်ရိုးအပိုင်းအစများကို နှမြောစဖွယ်တွေ့ရှိရပါသည်။

ချောင်း၏အဖျားတွင် တောတန်းလေးက ရွာကိုကွယ်နေသည့်အတွက် ကမ်းဘက်သို့တက်သွားသော် အတွင်းဘက်မှ ရွာကိုတွေ့ရ၏။ ရှေးကစီမံဖန်တီးခဲ့သော မွန်မိဖုရားကြီးနန်းတော်နှင့် တံတိုင်းမြို့ရိုးသင်္ဂြိုဟ်ဟောင်းန္တမ်းပျက်စီးနေသည်ကို ယခုအခါတွင် တွေ့မြင်ရပါတော့သည်။ ဆိုလိုသည်မှာ အဆိုပါ မြို့ရိုးမြေတံတိုင်းဟောင်းများကိုအစွဲပြုလျက် မြို့ကုန်းရွာဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်ဟု သက်ကြီးစကားသက်ငယ်ကြားအရသိရသော်ငြား သမိုင်းကိုတူးဆွဖော်ကြမည်သူ မှတ်သားလောက်ဖွယ်မရှိသည်မှာ ရှေးဟောင်းယဉ်ကျေးမှု ဓလေ့ထုံးစံများ မျိုးသုဉ်းစေသည့်အချက်ပင်ဖြစ်ချေသည်။

ယဉ်ကျေးမှုထွန်းကားသောဒေသများ၌ ရှေးဟောင်းသမိုင်းအထောက်အထားများကို ထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာကို ကြီးကျယ်ထင်ရှားစေပါသည်။

ကျွန်းပျောက်ကြီးဟု အမည်တွင်လာမည့် ကလွံတိုက်ကျွန်း၏ ဖြစ်စဉ်အချို့ကို တင်ပြရလျှင် ကလွံတိုက်ကျွန်းကြီးသည် အလျား၊ အနံ တစ်မိုင်ကျော်ခန့်ကျယ်ဝန်းပြီး ယခင်က နွေခေါင်ခေါင်ဒီရေကျချိန်တွင် သဲသောင်ကျွန်းကြီးကထီးထီးမားမားပေါ်ထွန်းလာသဖြင့် ကျွန်းကြီး၏သဲသောင်ပြင်တွင် ဆော့ကစားကြသူများ၊ ဘောလုံးကစားခြင်း၊ ပွဲလမ်းသဘင်များရုံသွင်းပြသခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ ပင်လယ်နှင့် ကျွမ်းဝင်သိထားရပါသည်။ ကလွံတိုက်ကျွန်း၏ ထူးခြားမှုမှာ အစားအသောက်များနှင့် ဘဲဥချက်ရာတွင် လည်းကောင်း အဘိုးကွင်းပိုင်ကို မြောက်ရပါသည်။လက်ဖက်ရည်အကြမ်းပန်းကန်၊ နုတ်ခမ်းပုံများနှင့် အရက်မသောက်ရ။ ကလွံတိုက်ကျွန်းနှင့် တစ်ဆက်တည်းရှိသော တောတန်းထဲတွင် ထူးဆန်းစွာရှိနေသည်က တောင်ပို့သင်္ချာန်မြေကမူတွင်ရှိနေသော မီးငွေ့တန်းများတစ်ခု။ ထိုမီးတောက်သည် ကြီးလည်းမကြီး၊ သေးလည်းမသေးဘဲ ပုံမှန်ရှိနေတတ်ပြီး တစ်စုံတစ်ခုသော အန္တရာယ်အငွေ့အသက်များ ကျွန်းကြီးပေါ်တွင် ကျရောက်တော့မည်ဆိုလျှင် မီးတောက်များ လေမတိုက်ဘဲ ကြီးထွားလာခြင်း၊ မိုးရွာသော်လည်း မီးတောက်များက မငြိမ်းခြင်း၊ ထိုမီးတောက်ကို စတင်တွေ့ရှိသောသူက မုဆိုးစောလှထွန်းနှင့် ငွေသောင်တို့ဖြစ်ပြီး လွန်ခဲ့သော ၁၉၉၅ ခုနှစ်ခန့် မတ်လနှင့်ဧပြီလအတွင်းက ဆတ်များ ဦးချိုချချိန် ဆက်လိုက်ရာမှအပြန် ထိုမီးတောက်ကို တွေ့ရှိခဲ့ပြီးနောက် နဂါးငွေ့တန်းမီးတောက်ဟု သိရှိခဲ့ကြ၏။

ယုံကြည်မှုအတွက်ဆုတောင်းရာတွင် ထိုနေရာရှိ ကျောက်တုံးများကို ကိုင်တွယ်ကာ ဆုတောင်း၍ ဘုရားစာများ ရွတ်ဖတ်ပါက ဆုတောင်းပြည့်သည်ဟု သိရသည်။ ကျောက်တုံးကျောက်ခဲများမှာ မီးခဲလိုရဲနေပေမယ့်လည်း လက်ထဲတွင် ရေခဲတမျှအေးနေသည်က ဆန်းကြယ်ပေစွ။

ကမ္ဘာတစ်ခွင်ခရီးသွား မြဝတီတယ်လီဗေးရှင်းအစီအစဉ်နှင့် ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကားတစ်ကားတွင် ထာဝရမငြိမ်းသောမီးတောက်များကို ဟိန္ဒူဘုရားဖူးများသည် အဆိုပါ သာသနာ့နယ်မြေကို ဘုရားဖူးထွက်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ၍ရှိနေပါသည်။ အိန္ဒိယနယ်စပ် တောင်တန်းများတွင် ထာဝရမီးတောက်များခေါ် ဘယ်တော့မှမငြိမ်းနိုင်သော မီးတောက်မီးလျှံများကို လာရောက်ကြည့်ကြရင်းနှင့် ဘုရားဖူးများတို့သည် ဘုရားသခင်အပေါ်တွင် သူတို့၏ စွဲမြဲစွာ သက်ဝင်ယုံကြည်မှုများကို အစမ်းသပ်ခံဖို့အတွက် ဘုရားဖူးများတို့က ဆုတောင်းတရားစာများကို ရွတ်ဖတ်ကြရင်းနှင့် မီးခဲလိုရဲနေသော ကျောက်တုံးများကိုကိုင်ထားကြသည်မှာ ထူးဆန်းသော မလေ့ထုံးတမ်းစဉ်လာတစ်ခုဖြစ်ပါသည်။

(ကမ္ဘာတစ်ခွင်ခရီးသွားခြင်း
မြဝတီတယ်လီဗွီးရှင်းနှင့်
၀၀၇-ဂျိမ်း(စ်)ဘွန်းရုပ်ရှင်မှ)

စာရေးသူ မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် လုပ်ငန်းတာဝန်ဖြင့် ရောက်ခဲ့ဖူးပါသည်။ သရက်ခရိုင်သည် ထူးခြားသော နတ်မီးတောက်တောင်၌ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး မီးငြိမ်းခြင်းမရှိဘဲ ထူးခြားစွာ မြေကြီးကျောက်ပုံများကြားမှာ မီးတောက်နေသည်ဟုသိရပါသည်။

အဆိုပါ နတ်မီးတောက်တောင်မှ ရှေးနှစ်ပေါင်းများစွာကတည်းကတည်ရှိခဲ့ပြီးလျှင် ဒေသခံများက မင်းမဟာဂီရိခေါ် ပန်းပဲမောင်တင့်တယ် လာရောက်နေထိုင်သည်ဟု ယုံကြည်ကြပြီး ထူးခြားချက်မှာ တောင်ပေါ်မြေကြီးနှင့်ကျောက်တုံးများကြားမှ မီးတောက်များထွက်ရှိခြင်းဖြစ်၍ သရက်ခရိုင် ကံမမြို့နယ် မီးတောက်ကျေးရွာအုပ်စု နတ်မီးတောက်ကျေးရွာတွင်တည်ရှိသော နတ်မီးတောက်တောင်သည် သရက်မြို့မှ (၁၄) မိုင်ဝေးပြီး ပြည်မြို့မှ (၃၉)မိုင် ကွာဝေးလျက် ကံမမြို့နှင့် သရက်မြို့ ဆက်သွယ်ထားသော ကားလမ်းဘေးတွင်ရှိ၏။

ယခင်က လမ်းပန်းဆက်သွယ်ရေးကြောင့် လူသိနည်းသော်လည်း ယခုထိုလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သာယာလာသောအချိန်တွင် လူသိများလာပြီးလျှင် နတ်မီးတောက်ကို လာရောက် လေ့လာလည်ပတ်သူများရှိလာပါသည်။

မြန်မာနိုင်ငံ တောတောင်များကျွန်းများသည် မြန်မာရေမြေသဘာဝအလှကို ဖော်ကျူးတန်ဆာဆင်ထားသကဲ့သို့ အံ့ဩထူးဆန်းကြယ်သောအဖြစ်အပျက်များစွာလည်းရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသ အပူထဲမှအအေး ကန္တရထဲမှ အိုအေစစ်ဟု တင်စားထားသော ပုပ္ပားတောင်ကလပ်ကြီး၊ ကရင်ပြည်နယ်ဒေသကြီး ကုလားမတောင်ခေါ် မလွှမ်းပိုတောင်၊ ကုလားစကားမတတ်ဘဲ မပြောရခြင်း၊ ဒေါင်းသားမစားရခြင်း၊ သူ့ရာသီသူ့အချိန်ကျရောက်လျှင် မိန်းမသားများ ဓမ္မတာဆင်းသကဲ့သို့ တောင်ကျရေများက နီညိုသောအဆင်းရှိခြင်း၊ ကြံခင်းမြို့နယ်မှ ဖားတစ်ရှဉ်းချောင်း။



www.burmeseclassic.com

www.burmeseclassic.com

အနှစ်ကောင်၏ ပါးစပ်ပေါက်ကဲ့သို့ဖြစ်နေပြီး ရေများစီးဆင်းခြင်း၊ အကောက်ကောင်ကြဲခင်းနယ်စပ်အဆုံး ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ထဲတွင်ရှိပြီး အောက်တောင်ကို ထွင်းထုထားသော ဘုရားများက ထောင်ကျော်ပေမယ့် အခုတော့ သုံးရာကျော်လောက်ပဲကျန်တော့သည်ကို ဝမ်းနည်းစဖွယ်တွေ့နေရသည်။ ပြည်ခရိုင် ထုံးဘိုမှာရှိသည့် အမှာကျော် ဗုဒ္ဓရုပ်ပွားတော်တစ်ထောင်ကျော်သည် (၃၇၀)ဆူလောက်ပဲကျန်ပါတော့သည်။ ထိန်းသိမ်းနိုင်ကြပါစေသတည်း။ ဆိုလိုချင်တာက မြန်မာ့ရေမြေတောတောင်သဘာဝတွေကိုလည်း အများကသိအောင် ဖော်ထုတ်ပေးချင်တဲ့ဆန္ဒပါပဲ။

ကျွန်းပျောက်ကြီးခေါ် ကလွှဲတိုက်ကျွန်း၏ရာဇဝင်ကိုဆက်ရမည်ဆိုပါက တစ်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ …န်းတနော်မြို့နယ် ညောင်တုန်းဘက်မှ စက်လှေနှစ်စီးသည် ကျွဲ၊ နွားများတင်ဆောင်လျက် ညအမှောင်ကိုအဖော်ပြုလျက် တဖြည်းဖြည်း စက်လှေကြီးများကို မောင်းနှင်လာခဲ့ရာ မအူပင်၊ ရေလဲလေးမြစ်ကြောင်းမှစ၍ ရွှေတောင်မော်၊ ဆော်ကျွန်းမှတစ်ဆင့် ဘိုကလေးမြစ်အောက်ပိုင်းပင်လယ်ပိုင်းရှိ ကလွှဲတိုက်ကျွန်းသို့ ခုတ်မောင်းလာခဲ့ပါသည်။

တကယ်တော့ ထိုစက်လှေကြီးပေါ်တွင် သယ်ဆောင်လာသော ကျွဲ၊ နွားများတို့သည် တစ်ဖက်နိုင်ငံဖြစ်သော ယိုးဒယားနိုင်ငံ (ထိုင်း) ရနောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပို့ဆောင်ကြမည့် စက်လှေကြီးများဖြစ်ပါသည်။ စက်လှေကြီးပေါ်တွင် နိုင်ငံသားလူမျိုးတချို့နှင့် စက်လှေပဲ့နင်း ငခွေးတင်နှင့် နဂါးမာန်တို့က နယ်မြေခံအဖြစ် ဦးဆောင်လမ်းပြမောင်းနှင်ခဲ့ခြင်းဖြစ်၏။ အဖြည်းဖြည်းနှင့် နဂါးမာန်တို့မောင်းနှင်လာသော စက်လှေကြီးနှစ်စီးတို့သည် ဝေလီဝေလင်းအချိန်တွင် ကလွှဲတိုက်ကျွန်းသို့ ရောက်ရှိလာပြီး ကျောက်ချလျက် ခေတ္တရပ်နားနေခဲ့ပါသည်။

(ယခင်က ရေလဲမြစ်သည် ဆော်ကျွန်း၊ ရွှေတောင်မော်မှတစ်ဆင့် ဧရာဝတီနှစ်ထပ်သင်္ဘောများ ညောင်တုန်းမြို့ကိုခုတ်မောင်းပြီး ယခုအခါတွင် ရေကြောင်းကောက်လာပြီး တဖြည်းဖြည်းနှင့် ဧရာဝတီသင်္ဘောများခုတ်မောင်း ခြင်းမရှိတော့ပါ။)

စက်လှေပိုင်ရှင်များက မှောင်ခိုပွဲစားကြီး ဦးဘန်ကောက်နှင့် ဒေါ်မှတ်ကြီးတို့ဖြစ်ပြီး သူတို့ကိုယ်တိုင် အရင်းအနှီးပြုထား၍ လိုက်ပါလာခဲ့ကြပါသည်။ သို့ရာတွင် ဦးဘန်ကောက်သည် ပင်လယ်၏သဘောသဘာဝကို မသိတာဘဲလား၊ ဝိသမလောဘစိတ်ကဲနေ၍လား မသိပါ။ သူ၏စက်လှေထဲတွင် တင်ဆောင်လာသော နွားတစ်ကောင်သည် ရုတ်တရက် ရေပြောင်းမြေပြောင်းလားမသိ။ ကလွှဲတိုက်ကျွန်းသို့ရောက်လာသောအခါ အစာရေစာမစားဘဲ ဗုန်းဗုန်းလဲကျနေ၍ ပွဲစားကြီးကတော် ဒေါ်မှတ်ကြီးက ထိုနွားကို ကလွှဲတိုက်ကျွန်းပေါ် သယ်ဆောင်လာပြီး ငတင်ခွေးတို့ကို ပေါ်၍သတ်ခိုင်းကာ ကျွန်းပေါ်တွင် ချက်ပြုတ်စားသောက်ကြပြီး ကိုသောအသားများကို အခြောက်လှန်းကာ ဆားနယ်ပြီးထားကြလေ၏။

ကလွှဲတိုက်ကျွန်းနှင့် ပင်လယ်သဘောသဘာဝကိုပဲ မသိတာလား။ စက်လှေပေါ်မှ သင်္ဘောသားများသည် ကျွန်းပေါ်၌ အမဲပေါ်ကာ ချက်ပြုတ်စားသောက်ပြီးနောက် တစ်ရေးတစ်မောအိပ်ကာ အနားယူနေကြလေသည်။ သို့သော် ထိုအချိန်၌ ကလွှဲတိုက်ကျွန်းနှင့် မနီးမဝေး တောတန်းဆီမှ ရုတ်တရက် မီးတောက်ကြီးသုံးခုကို တွေ့လိုက်ရသဖြင့် ပွဲစားကြီးနှင့် ပွဲစားကြီးကတော်တို့မှ အံ့ဩစွာကြည့်နေစဉ်တွင်ပင် ကလွှဲတိုက်ကျွန်း၏ ကောင်းကင်ပြင်တွင် နွေခေါင်ခေါင် တိမ်ညိုညစ်၏မိုးသက်လေပြင်းများကျလာခဲ့၏။

"ဝုန်း ဝုန်း ဝုန်း"

ကလွှဲတိုက်ကျွန်းပေါ်ရှိ စက်လှေလုပ်သားများ ရုတ်တရက် မိုးသက်လေနှင့်လာသဖြင့် အမိုးအကာရှိရာစက်လှေဆီသို့ ပြေးသူပြေး၊ ကျောက်ဆောင်အငူများသို့ ပြေးကပ်သူကပ်လျက် ဝရုန်းသုန်းကားဖြစ်နေချိန်၌ -

"အား အမလေး အား"

"ဝုန်း ဝေါ ဝေါ ဝေါ"

ကြီးမားသော လှိုင်းကြီးသုံးလုံးသည် ကျွန်းပေါ်သို့ အော်မြည်သံပေးလျက် လှိုင်းလုံးကြီးတစ်လုံးက ကျွန်းကြီးတစ်ခုလုံးကို ဖုံးလွှမ်းလိုက်သလို ဒုတိယလှိုင်းလုံးကြီးကလည်း ကျွန်းပေါ်ရှိ အရာဝတ္ထုများကို ထပ်မံလေပင့်လျက် ဖုံးလွှမ်းလိုက်ပြီး နောက်ဆုံးတတိယလှိုင်းလုံးကြီးက ကျွန်းတစ်ကျွန်းလုံးကို ဖုံးလွှမ်း၍ ဆွဲယူချလိုက်ပါတော့သည်။

သုံးနာရီခန့် ကျွန်းကြီးပေါ်တွင် မိုးသက်လေများဆင်းခဲ့ပြီးနောက် ရေကျချိန်တွင် ကလွှဲတိုက်ကျွန်းကြီးသည် လူမပြောနှင့်၊ အမှိုက်တစ်စတောင် မတွေ့ရတော့။

ကျွန်းကြီးမှာလည်း ပျောက်ကွယ်သွားခဲ့သလို ပွဲစားကြီးဦးဘန်ကောက်နှင့် ဒေါ်မှတ်ကြီးတို့ စက်လှေကြီးမှာလည်း ကျောက်ဆောင်များနှင့်ရိုက်နက်ပြီး ရေအောက်သို့ စုံးစုံးမြုပ်ပျောက်ကွယ်သွားလေသည်။

စက်လှေနှစ်စင်းနှင့် လှေထိုးသားအားလုံးသာမက မှောင်ခိုတင်သွင်းမည့် ကျွဲ၊ နွားများလည်း အားလုံးပျောက်ဆုံးသွားလေ၏။

ပွဲစားကြီးဦးဘန်ကောက်နှင့် ပွဲစားကတော်ကြီးဒေါ်မှတ်တို့လက်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကြီးသုံးကွင်းမှာ လွန်စွာအဖိုးတန်လှသဖြင့် ထိုအချိန်ကစပြီး ဒီရေလှိုင်းနှင့်အတူပါသွားလေ၏။ ကလွှဲတိုက်ကျွန်းကြီးပျောက်ကွယ်သွားသည့်နေရာ၌ နောင်တွင် ကျွန်းပျောက်ကြီးဟုခေါ် ဆိုခဲ့ကြပြီးလျှင် ဒီရေလှိုင်းသုံးလုံးကိုလည်း ထိုအချိန်မှစ၍ စိန်သုံးလုံးလှိုင်းကြီးများဟု အမည်ပေးခဲ့ကြ၏။

တစ်နှစ်တစ်ကြိမ် ကလွှဲတိုက်ကျွန်းခေါ် ကျွန်းပျောက်ကြီး၏အနီးအနားရွာများက ကျွန်းပျောက်ကြီးကဲ့သို့ စိန်သုံးလုံးလှိုင်းကြီး၏အန္တရာယ်မှ ကင်းဝေးအောင် ပင်လယ်ကန်တော့ကြရလေတော့သည်။

မင်းနန္ဒီကိုင်း (ဒီ၂)

စာကြွင်း ။ -

ကလွှဲတိုက်ကျွန်းနှင့် တောတန်းတစ်ဆက်တည်းတွင်ရှိသော ကလွှဲတိုက်ရွာသည် ကလွှဲတိုက်ကျွန်းကြီးအား စိန်သုံးလုံးလှိုင်းဒဏ်ကြောင့် ရိုက်ခတ်ခံရပြီး ပျောက်ကွယ်သွားသည့်နောက် တစ်နေ့တွင် နဂါးငွေ့တန်းမီးတောက်ထတောက်ပြီး မီးလောင်ကူးစက်ရာမှ တစ်ရွာလုံး မီးဘေးသင့်လျှက် ပြာပုံအတိဖြစ်ခဲ့သလို ထိုအချိန်မှစ၍ နဂါးငွေ့တန်းမီးတောက်သည်လည်း ထူးဆန်းစွာပျောက်ကွယ်ခဲ့ရလေတော့သည်။

ယခုတွေ့နေရသော ကလွှဲတိုက်ရွာကြီးသည် မီးဘေးသင့်ခံခဲ့ရပြီးနောက် အသစ်တစ်ဖန် ပြန်လည် ရွှေ့ပြောင်းတည်ထားသော ရွာသစ်ကြီးပင် ဖြစ်ပါတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး

# တားရော့ဖြန့်ခင်းပုံနည်းစနစ်

A Thief in the home.




၁။ အိမ်အတွင်းသို့ သူခိုးအား ဘာကြောင့်ဝင်မိစေခဲ့ လဲ။
၂။ ထိုသူခိုးက ကျွန်ုပ် (သို့) ကျွန်ုပ်၏ ဇနီး၊ ခင်ပွန်းနှင့် ပတ်သက်နေသလား။
၃။ သူခိုးကပြန်လာဦးမလား။
၄။ သတိပေးအချက်ပြစနစ်က နောက်ပိုင်းအကူအညီပေးမည်လား။
၅။ အိမ်အတွင်းခံစားချက်တို့ကို ပြောင်းလဲရန် ကျွန်ုပ်ဘာလုပ်ရမလဲ။
၆။ ကျွန်ုပ်လစ်လျူရှုခဲ့မိသည့်တာဝန်တွေကဘာတွေလဲ။
၇။ ထိုအတွေ့အကြုံမှ ကျွန်ုပ်တို့ဘာတွေသင်ခန်းစာရခဲ့သလဲ။
၈။ နောက်ဆုံးရလဒ်ကဘာလဲ။

**Stephen အတွက် အိမ်တွင်းသူခိုး**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | တောင်ဝှေး(၂)ချောင်းကားချပ် |
| ဒုတိယကားချပ် | ဖလား (၆) လုံးကားချပ် |
| တတိယကားချပ် | စစ်ရထားကားချပ် |
| စတုတ္ထကားချပ် | မြင်းစီးသူရဲကောင်းငါးမြှောင့်ကြယ်ကားချပ် |
| ပဉ္စမကားချပ် | မိဖုရားဓားကားချပ် |
| ဆဋ္ဌမကားချပ် | သူရိယကားချပ် |
| သတ္တမကားချပ် | ဖလား (၃)လုံးကားချပ် |
| အဋ္ဌမကားချပ် | တောင်ဝှေး(၈)ချောင်းကားချပ် (ပြောင်းပြန်) |

**ဖတ်ကြားခြင်း**

**မေခွန်း (၁)**

အိမ်အတွင်းသို့ သူခိုးအားဘာကြောင့်ဝင်မိစေခဲ့သလဲ။

**အဖြေ**

Two of wands - stephen က သူ့အလုပ်နှင့် လူနေမှုဘဝအတွင်းကျွမ်းကျင်လိမ္မာစွာ နေထိုင်တတ်ပြီး သူနေရာမှန်အား ရယူထိန်းသိမ်းထားနိုင်ရန် အလွန်ကြိုးစားသူ ဖြစ်သည်။ သို့သော် သူကြိုးစားသလောက် ထိုက်ထိုက်တန်တန်ဖြစ်မလာမှာကို ကြောက်ရွံ့နေမိသည်။

**မေးခွန်း (၂)**

သူခိုးက ကျွန်ုပ်ဇနီး၊ ခင်ပွန်းနှင့် ပတ်သက်နေပါသလား။

**အဖြေ**

six of cups - သူခိုးသည် မိမိ၏ဇနီးသည်နှင့် ပတ်သက်မှုရှိနိုင်သည်ဟု stephen က ထင်မြင်ပါသည်။ ယခုကားချပ်က အတိတ်တစ်ချိန်တွင် ပတ်သက်ခဲ့ဖူးသူတစ်ယောက်ယောက် ပြန်ရောက်လာခြင်းကို ပြနေပါသည်။ ၎င်းပုဂ္ဂိုလ်က ဆွေမျိုးသားချင်းထဲကလည်း ဖြစ်နိုင်ပါသည်။ ဇနီးသည်က ထိုပုဂ္ဂိုလ်အား သော့ပေးမိခြင်းလည်း ဖြစ်နိုင်သည်။ တာဝန်မဲ့သောလုပ်ရပ်ပင် ဖြစ်သည်။ stephen တို့ ဇနီးမောင်နှံ(၂)ဦးစလုံး နောက်ပိုင်းတွင် အလားတူပြဿနာမျိုး ထပ်မံမဖြစ်ရအောင် အခြေအနေအလိုက် ခွဲခြားဆက်ဆံတတ်ရပါမည်။

**မေးခွန်း (၃)**

သူခိုးကပြန်လာဦးမလား။

**အဖြေ**

The chariot - ဤကားချပ်က အောင်မြင်မှုကို ကိုယ်စားပြုသည်။ မိမိအလိုဆန္ဒများကိုထိန်းနိုင်ခြင်းဖြင့် မိမိစိတ်ကို ညွှန်ပြနိုင်ခြင်းဖြင့် stephen က အရာရာအောင်မြင်ပါလိမ့်မည်။

**အဖြေ**

The chariot - ဤကားချပ်က အောင်မြင်မှုကို ကိုယ်စားပြုသည်။ မိမိအလိုဆန္ဒများကိုထိန်းနိုင်ခြင်းဖြင့် မိမိစိတ်ကိုညွှန်ပြနိုင်ခြင်းဖြင့် stephen က အရာရာအောင်မြင်ပါလိမ့်မည်။ စိတ်ငြိမ်အောင်ပြုပြင်နိုင်ခြင်းဖြင့် အိမ်အတင်းသူခိုးဝင်ခဲ့ရမှုအပေါ် ပြန်လည် အဖြေထုတ်နိုင်ပါမည်။

**မေးခွန်း (၄)**

သတိပေး အချက်ပြစနစ်က နောက်ပိုင်းအကူညီပေးမည်လား။

**အဖြေ**

Kinght of pentacles ဤကားချပ်က ငွေကြေးနှင့်ပတ်သက်သောကောင်းသတင်းများကို ယူဆောင်လာပေးပါမည်။ stephen နှင့် ဇနီးသည်တို့တအချက်ပြစနစ်တပ်ဆင်လိုလျှင် တပ်နိုင်သည့်အင်အားရှိပါသည်။ သို့သော်လည်း ဇနီး၊ ခင်ပွန်းမှလွဲ၍ သော့ကို တခြားတစ်ယောက်ယောက်ကို အပ်ခဲ့ပါတတပ်ဆင်ထားသော လုံခြုံရေးအချက်ပြစနစ်လည်း အလကားသက်သက်ပင်ဖြစ်သွားပါမည်။

**မေးခွန်း (၅)**

အိမ်အတွင်း ခံစားချက်များကိုပြောင်းလဲပစ်ရန် ကျွန်ုပ်ဘာလုပ်ပေးနိုင်မလဲ။

**အဖြေ**

Queen of swards - ဤကားချပ်က ပြဿနာများကို ညွှန်ပြသည်။ တစ်ခါတစ်ရံ တစ်ခုလပ်နှင့် မုဆိုးမတို့ကိုပါ ရည်ညွှန်းဖော်ပြသည်။ stephen က အိမ်ထောင်ကွဲအမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့ပါသည်။ ထို့နောက် ယခုသူမ၌ ပထမဆုံးကိုယ်ဝန်လွယ်ထားပါသည်။ သူခိုးကိစ္စဖြင့် စိတ်ရှုပ်နေရခြင်းကြောင့် အိမ်ထောင်ရေး အဆင်မပြေသင့်သလောက်မပြေခဲ့ရပေ။ ယခုအချိန်က စိတ်ဖိစီးမှုများ၊ ပုဂ္ဂလိကခံစားမှုများကို လျှော့ပစ်ကာ ဇနီး၊ ခင်ပွန်းတစ်ဦးနှင့်တစ်ဦး ရိုးသားစွာ နားလည်မှုရှိစွာနေထိုင်ရမည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**မေးခွန်း (၆)**

ကျွန်ုပ်တို့လစ်လျူရှုခဲ့သည့်တာဝန်တွေကဘာတွေလဲ။

**အဖြေ**

The Sun - ဘဝတစ်သက်တာ ပျော်ရွှင်ဖြူးစွာ လျှောက်လှမ်းနိုင်ရန် မိမိအရည်အချင်းကို ကိုယ်တိုင်ယုံကြည်မှု ရှိရန် လိုအပ်ပါသည်။ ကျွမ်းကျင်လိမ္မာသော ဖန်တီးမှုများဖြင့် ရှင်သန်ပါ။ အမှန်တရားကိုရှာဖွေပါ။ ရဲစိတ်မွေးပါ။ ထိုတာဝန်များက မိမိဘဝအတွက် မိမိယူရသော အောင်မြင်မှုလမ်းစတာဝန်များပင် ဖြစ်ပါသည်။

**မေးခွန်း (၇)**

ထိုအတွေ့အကြုံမှ ဘာတွေသင်ခန်းစာရခဲ့သလဲ။

**အဖြေ**

Three of cups -ဤကားချပ်က တိုယ်ဝန်ရှိခြင်းကို ကိုယ်စားပြုသည်။ stephen က သူ့ဘဝအတွင်း ပထမဆုံး ရင်သွေး စတင်ဝင်ရောက်လာခြင်းကို ပျော်ရွှင်စွာ စောင့်ကြိုနေပါသည်။ ၎င်း၏ ဇနီးသည်အပေါ်၌ စိတ်ခံစားမှုအပြည့်ဖြင့် အချစ်ပိုခဲ့သည်။ ပျော်ရွှင်ဖွယ်ရာဘဝတစ်ခုအား အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဘဝမှပေးသော သင်ခန်းစာများကို ကိုယ်တိုင်ကျေညက်အောင် နာယူနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

**မေးခွန်း (၈)**

နောက်ဆုံးရလဒ်ကဘာလဲ။


**အဖြေ**

Eight of wands - ပြောင်းပြန်။ stephen က အလုပ်နှင့် လူမှုဆက်ဆံရေး၌ နှောင့်နှေးကြန့်ကြာမှုများကြောင့်၊ ချို့ယွင်းချက်များကြောင့် လိုအပ်ချက်များ များပြားလာပြီး ဘဝရပ်တည်မှုမလုံခြုံသလိုခံစားလာရသည်။ အများအမြင်၌လည်း တာဝန်မကျေသော တာဝန်ရှိသူတစ်ဦးအဖြစ်ရှိနေပါမည်။ stephen အနေဖြင့် ၎င်းကြုံတွေ့ခဲ့ရသည့်သူခိုးကိစ္စနှင့်ပတ်သက်၍ မည်သူမည်ဝါ သူခိုးဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ဆိုသည်များ တိုမကြားလိုတော့ပါ။

**Commentrs (ထင်မြင်ယူဆချက်များ)**

အထက်ပါဖြစ်ရပ်များ ပြီးဆုံးပြီး မကြာခင်မှာပင် stephen တစ်ယောက် နောက်တစ်ကြိမ် သူခိုးခိုးခံရပြန်သည်။ သို့သော် စိတ်ညစ်စရာများမတွေးတော့ဘဲ အလုပ်ကိုသာ အောင်မြင်အောင် (စိတ်နှစ်၍) လုပ်ခဲ့သည်။ အသက် (၄၀) ဝန်းကျင်လောက်မှ ပထမဆုံးအိမ်ထောင်စပြုခဲ့သည်။ မမျှော်လင့်သော ဝမ်းသာစရာကိစ္စတစ်ခု ၎င်း၏ဘဝအတွင်းဝင်ရောက်လာသည်။ အလုပ်မှ bonus ဆုကြေးငွေရသကဲ့သို့ပင် သူ့ဇနီးသည်က သူ့အတွက် သားဦးရတနာမွေးဖွားပေးခဲ့သည်။ တစ်နှစ်အတွင်းမှာပင် stephen ၏ ဘဝ လုံးဝပြောင်းလဲသွားခဲ့သည်။ ဘဝ၏တာဝန်သစ်များကို စတင်ထမ်းရတော့မည်။ ပျော်ရွှင်ကျေနပ်လိုလားစွာဖြင့် stephen က (အခွင့်အရေးတစ်ခုကဲ့သို့) လက်ခံရယူပါသည်။

**Lost articles spread (ရှာမတွေ့သောပစ္စည်း)**




၁။ ပျောက်နေတာဘာလဲ။
၂။ ၎ပျောက်နေတဲ့ဟာ ဘယ်ချိန်ကရှာတွေ့ခဲ့သလဲ။
၃။ ပျောက်မယ့်ပစ္စည်းကို ဘယ်အချိန်က နောက်ဆုံးတွေ့လိုက်သလဲ။
၄။ သင်နေရာထားမှားနေတာဖြစ်နိုင်သလား။
၅။ ရဲကို အကြောင်းကြားသင့်သလား။
၆။ ပစ္စည်းပျောက်ခြင်းအတွက် အပြစ်ရှိသလို၊ တာဝန်ရှိသလို မခံစားရဘူးလား။
၇။ တန်ဖိုးကြီးတဲ့ပစ္စည်းလား။
၈။ ငွေကြေး ဘယ်လောက်တန်တဲ့ပစ္စည်းလဲ။
၉။ ပစ္စည်းပျောက်အာမခံထားရှိထားသေးလား။
၁၀။ မကြာခင်များရှာတွေ့နိုင်မလား။


**Finances**

ဤအခန်းတွင် အောက်ပါအကြောင်းအရာတို့ပါဝင်သည်။

Business
Career
Lawrsuit
Money
Work
Legal Matters 2

**Business Spread**

**စီးပွားရေးလုပ်ငန်းအခြေအနေ မေးမြန်းခြင်း**




၁။ ကျွန်ုပ်ကိုယ်ပိုင်စီးပွားရေးစသင့်ပြီလား။
၂။ အစုစပ်လုပ်ငန်း လုပ်ကိုင်သင့်ပါသလား။
၃။ ကျွန်ုပ်၏ ထုတ်ကုန်ပစ္စည်းအား လူအများက လက်ခံစဉ်းစားမည်လား။
၄။ အလုပ်အတွက် အခက်အခဲရှိနေမလား။
၅။ ကျွန်ုပ် ယခု အပြောင်းအလဲများ လုပ်ရန်လိုအပ်ပါသလား။
၆။ ကျွန်ုပ်လျစ်လျူရှုခဲ့သမျှ တာဝန်ယူရမည်လား။
၇။ အောင်မြင်နိုင်မလား။
၈။ ထိုစီးပွားရေးလုပ်ငန်းဖြင့် ငွေရှာနိုင်မည်လား။
၉။ မည်သို့သော နည်းလမ်းဖြင့် ကြော်ငြာပေးသင့်သလဲ။
၁၀။ နောက်ဆုံးရလဒ်ကဘာလဲ။

**Sam အတွက် စီးပွားရေးလုပ်ငန်းဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်ကိုယ်ပိုင်စီးပွားရေးစသင့်ပြီလား။

**အဖြေ**

Queen of pentacles -ဤကားချပ်သည် အရေးပါသော စီရင်ချက် (သို့) ငွေရှာခြင်းကို ကိုယ်စားပြုဖော်ပြသည်။ Sam က သူ၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ခဲ့သည်။ ဝယ်လိုအားများခြင်းနှင့် အလုပ်ပင်ပန်းမှုတို့ကြောင့် သူ့အတွက် ကျန်းမာရေးထိခိုက်ခဲ့ရသည်။ ကံကောင်းထောက်မစွာပင် ၎င်းအနေအထားကို ဖြတ်ကျော်နိုင်ခဲ့သည်။

**မေးခွန်း (၂)**

အစုစပ်လုပ်ငန်းလုပ်သင့်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | မိဖုရားငါးမြှောင့်ကြယ်ကားချပ် |
| ဒုတိယကားချပ် | မိဖုရားတောင်ဝှေးကားချပ် |
| တတိယကားချပ် | မင်းလုလင်ဓားကားချပ် (ပြောင်းပြန်) |
| စတုတ္ထကားချပ် | ဖလား (၉) လုံးကားချပ် |
| ပဉ္စမကားချပ် | ရသေ့ကားချပ် |
| ဆဋ္ဌမကားချပ် | ငါးမြှောင့်ကြယ် (၇) ခုကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဘုရင့်တောင်ဝှေးကားချပ် (ပြောင်းပြန်) |
| အဋ္ဌမကားချပ် | ဖလား(၂)လုံးကားချပ် |
| နဝမကားချပ် | မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ် |
| ဒသမကားချပ် | သူရူးကားချပ် (ပြောင်းပြန်) |

**အဖြေ**

Queen of wands - sam ၌ အစုစပ်ပါဝင်သူ (၂) ဦးရှိပြီး အဆင်ပြေခြင်း သိပ်မရှိပါ။ (၂) ယောက်အနက် တစ်ယောက်ကကောင်းလျှင် တော်သေးသည်။ သို့သော် ယခုနှစ်ယောက်စလုံး မကောင်းကြပါ။ sam က ရည်မှန်းချက်ကြီးသူဖြစ်သည့်အလျောက် အလွန်ကြိုးစားရှာသည်။

**မေးခွန်း (၃)**

ကျွန်ုပ်ထုတ်ကုန်ပစ္စည်းများအား လူအများက လက်ခံစဉ်းစားမည်လား။

**အဖြေ**

page of swords ပြောင်းပြန်- sam က ၎င်း၏ပြဿနာများကို ဂရုမစိုက်ကြောင်း ဤကားချပ်က ဖော်ပြပါသည်။ လူထုပရိသတ်အနေဖြင့် sam ၏ပစ္စည်းများကို ကျေနပ်လက်ခံပြီး လုပ်ငန်းလည်း ကောင်းစွာလည်ပတ်နေပါမည်။ လုပ်ငန်းအတွက် စိုးရိမ်ပူပန်စိတ်များခြင်းကြောင့် သူ၏ကိုယ်ရေးကိုယ်တာပြဿနာများကိုပါ မျက်ကွယ်ပြုထားနိုင်ပါသည်။

**မေးခွန်း (၄)**

အလုပ်အတွက် အခက်အခဲရှိနေမလား။

**အဖြေ**

Nine of cups - ကားချပ်ဖြန့်ခင်းချိန်၌ အတည့်ဖြစ်နေပါက အလိုဆန္ဒကိုဖော်ပြသည်။ အလုပ်နှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိပြီး အခက်အခဲနည်းပါးစွာ ဖြေရှင်းသွားနိုင်သည်။

**မေးခွန်း (၅)**

ကျွန်ုပ် ယခုအပြောင်းအလဲလုပ်ရန်လိုအပ်ပါသလား။

**အဖြေ**

The Hermit - sam က ကိုယ်ပိုင်လုပ်ငန်းကို နှစ်ပေါင်း (၃၀) ကျော်ကြာ ပိုင်ဆိုင်ခဲ့သည်။ သို့သော် တစ်ခုတည်း တစ်နေရာတည်း၌မဟုတ်ပေ။ လုပ်ငန်းများစွာ ဖြန့်ကြက်ထားရှိခဲ့သည်။ sam နှင့် အစုစပ်ပါဝင်သူတို့ကလည်း ဖောက်သည်များအတွက် ပစ္စည်းမပြတ်လပ်ရန် သိုလှောင်ရုံများ တိုးချဲ့ပေးရတော့မည့် အပြောင်းအလဲများပြုလုပ်ရပြီ ဖြစ်သည်။

**မေးခွန်း (၆)**

ကျွန်ုပ် လျစ်လျူရှုခဲ့သမျှ တာဝန်ယူရမည်လား။

**အဖြေ**

seven of pentacles-ပြောင်းပြန်၊ ဤကားချပ်သည် ငွေရရှိရန် လမ်းစမသေချာသေးကြောင်း ဖော်ပြသည်။ သို့သော် (၇) ကိန်းဂဏန်းက တရားဝင်သက်ဆိုင်ခြင်းကို ကိုယ်စားပြုသည်။ sam က မိဿရာသီဖွားဖြစ်ပြီး ကားချပ်ပေါ်တွင် ပါရှိသော (၇) ဂဏန်းဖြင့် ပေါင်းစပ်လျက် အတွေးအခေါ်ကောင်းများ ပိုင်ဆိုင်ထားခြင်းကို ထင်ရှားစေသည်။ sam အနေဖြင့် အရည်အချင်းရှိသူပီပီ တာဝန်ယူရဲရပါမည်။ အခြားသူများနှင့် လုပ်ငန်းတူရှယ်ယာထည့်ဝင်ခြင်းကိုလည်းလက်ခံရဲရပါမည်။ အစုစပ် (ရှယ်ယာရှင်) များအကြား တစ်ဦးအပေါ်တစ်ဦး မနာလိုဝန်တိုမှုများ (ယခု) ရှိနေပါမည်။

sam အနေဖြင့် လုပ်ငန်းတစ်ခု အစအဆုံးအခြေအနေသိရသည်အထိ တစ်နေရာ၌ လက်စသတ်ပြီး ဆုံးအောင်နေနိုင်ရမည် ဖြစ်သည်။

**မေးခွန်း (၇)**

အောင်မြင်နိုင်မည်လား။

**အဖြေ**

King of wands ပြောင်းပြန်-king သည် sam ကဲ့သို့ပင် မိဿရာသီကို ကိုယ်စားပြုသည်။ အကယ်၍ သူက ကလေးဆန်လျှင်၊ တစ်ကိုယ်ကောင်းဆန်လျှင်၊ လွှမ်းမိုးနေတတ်လျှင်၊ အာဏာပြနေလျှင်၊ ၎င်း၏လုပ်ဖော်ကိုင်ဖက်များ ဆန့်ကျင်တိုက်ခိုက်ခြင်းခံရပါမည်။

ဆက်ဆံရေးညံ့သော ပြဿနာ၊ အနိုင်အထက်ဆက်ဆံသောပြဿနာတို့က စီးပွားပျက်ရခြင်း၏ လမ်းစများသာဖြစ်ပါသည်။ စိတ်ကောင်း၊ စေတနာထားရှိလျက် အားလုံးလက်တွဲလုပ်ကိုင်မှသာ အောင်မြင်မှု (အမှန်တကယ်) ရရှိပါမည်။

**မေးခွန်း (၈)**

ထိုလုပ်ငန်းဖြင့် ငွေရှာနိုင်မည်လား။

**အဖြေ**

two of cups -ရိုးသားခြင်း၊ အပေးအယူမျှတခြင်းတို့ဖြင့် ကောင်းသောဆက်ဆံရေးတည်မြဲစေနိုင်ကြောင်း sam က သဘောပေါက်သည်။ မိမိအတွက် အကျိုးတစ်ခုတည်းအတွက်သာ မျက်စေ့မကြည့်ဘဲ ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်ခြင်းဖြင့် နှစ်အနည်းငယ်အတွင်း စီးပွားဖြစ်လာပါမည်။

**မေးခွန်း (၉)**

မည်သို့သောနည်းလမ်းဖြင့်ကြော်ငြာပေးသင့်သလဲ။

**အဖြေ**

page of pentacles-မင်းလုလင်သည် မကာရရာသီကို ကိုယ်စားပြုထားသည်။ မြေကို ကိုယ်စားပြုသည့် မကာရရာသီနှင့် မီးကိုကိုယ်စားပြုသော မိဿရာသီတို့ အတူပေါင်းစပ်၍ လုပ်ငန်းအောင်မြင်လာပါမည်။ မီးက ရှေ့မှဦးဆောင်လှုပ်ရှားပြီး မြေက နောက်မှထောက်လျှောက် (တစိုက်မတ်မတ်) လိုက်ပေးရပါမည်။ မကာရရာသီက ဘဏ္ဍာရေးဆိုင်ရာအာရုံစိုက်ပြီး မိဿရာသီက ငွေရှာခြင်းကိစ္စအတွက် အတွေးအခေါ်ကောင်းများပေးပါမည်။ လူငယ်တစ်ရပ်လုံးနှင့် ကျောင်းများဆီသို့ရောက်သည့်တိုင် ကြော်ငြာများ အဓိကထားဝေပေးပါက လွန်စွာအကျိုးသက်ရောက်မှုရှိပါမည်။ လုပ်ငန်း အတွင်း လူငယ်ဝန်ထမ်းများအင်အား၏။ သုံးစွဲခြင်းကလည်း ဖြစ်နိုင်ခြေရှိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ sam အနေဖြင့် အလုပ်အတွက် အကောင်းဆုံးသော နည်းလမ်းဖြင့် ပြောင်းလဲရန် အမျိုးမျိုး စဉ်းစားသင့်ပါသည်။

**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**

The Fool ပြောင်းပြန် - ဤကားချပ်က မှုတမှုကိုကိုယ်စားပြုသည်။ sam အနေဖြင့် သူ၏စိတ်ခံစားချက်ကိုမျှနေအောင်ကြိုးစားရန် လိုအပ်သည်။ အထူးသဖြင့် အတ္တမာန်မာနမကြီးရန် ဖြစ်သည်။ မိမိ၏စိုးရိမ်စိတ်များကို ထိမ်းချုပ်၍ လုပ်ငန်းအောင်မြင်ရေးကိုသာ ဦးစားပေးရပါမည်။ မိမိအား ဆောက်တည်ရာရအောင် အရှုံးလုပ်ခံရမည်ကို sam က အလွန်စိုးရိမ်နေသည်။

**Commentrs (ထင်မြင်ယူဆချက်များ)**

sam ၏ စီးပွားရေးလုပ်ငန်းကောင်းမွန်ပါသည်။ ပြဿနာမှာ လုပ်ငန်းတူအစုစပ်များနှင့် ဆက်ဆံရေးသာဖြစ်သည်။ အသေးအဖွဲကိစ္စမှအစ မဖြေရှင်းထားပါက ရှိပြီးသားအောင်မြင်မှုများပါ လျော့ကျသွားပါမည်။

**Donald အတွက် စီးပွားရေး**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ဖလား (၅) လုံးကားချပ် |
| ဒုတိယကားချပ် | တောင်ဝှေး (၁၀) ချောင်းကားချပ် |
| တတိယကားချပ် | တောင်ဝှေး (၅) ချောင်းကားချပ် |
| စတုတ္ထကားချပ် | မျှော်စင်ကားချပ် |
| ပဥ္စမကားချပ် | ကမ္ဘာလောကကားချပ် |
| ဆဋ္ဌမကားချပ် | ခုံကြယ်ကားချပ် |
| သတ္တမကားချပ် | စီရင်ချက်ကားချပ် |
| အဋ္ဌမကားချပ် | ကံကြမ္မာလှည့်ဘီးကားချပ် |
| နဝမကားချပ် | တောင်ဝှေး (၇) ချောင်းကားချပ် |
| ဒသမကားချပ် | တောင်ဝှေး (၉) ချောင်းကားချပ် (ပြောင်းပြန်) |

**မေးခွန်း (၁)**

ကျွန်ုပ်ကိုယ်ပိုင်စီးပွားရေးစသင့်ပြီလား။

**အဖြေ**

Five of cups - Donald က အချစ်ရေးကိုယုံပါသည်။ သို့သော် သစ္စာရှိခြင်းအပေါ် အခြေခံထားခြင်းမဟုတ်။ ထို့ပြင် အလုပ်နှင့်ပတ်သက်သော စိတ်ခံစားရာကိစ္စများလည်း ရှိနေပါသည်။ Donaldက လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာကတည်းက စီးပွားရေးစတင်လုပ်ခဲ့သည်။ သူ့ဘဝ၏ အချိန်အတော်များများအား အလုပ်ထဲတွင်သာ ကုန်လွန်စေခဲ့သည်။ ၎င်း၏စီးပွားရေးလုပ်ငန်းက အိမ်ထောင်ရေးကို ထိခိုက်ခြိမ်းခြောက်လာမည်ကို ကြိုတင်မသိနိုင်ခဲ့ပါ။

**မေးခွန်း (၂)**

အစုစပ်လုပ်ငန်းလုပ်သင့်ပါသလား။

**အဖြေ**

Ten of wands-ဤကားချပ်သည် Dinal ၏ဘဝတစ်ခုလုံး အပြောင်းအလဲဖြစ်မည့်အနေအထားကို ဖော်ပြပါသည်။ စီးပွားရေးဆိုင်ရာနည်းလမ်းသစ်များနှင့် အခွင့်အရေးသစ်များကို ဆိုလိုပါသည်။ Donald ၌ အစုစပ်ပါဝင်သူရှိနေပါက ၎င်းပုဂ္ဂိုလ်အနေဖြင့် Donald နည်းတူ အလုပ်ဝန်ပိသည်အထိ ကြုံရပါမည်။

**မေးခွန်း (၃)**

ထုတ်ကုန်ပစ္စည်းများအား လူအများက လက်ခံစဉ်းစားမည်လား။

**အဖြေ**

Five of wands ၌ ထုတ်ကုန်ပစ္စည်းကောင်းများရှိနေသဖြင့် အလုပ်အတွက် အမြဲဂုဏ်ယူနေရပါမည်။ သို့သော် Donald၏ အတ္တမာနစိတ်ကြောင့် ပြဿနာဖြစ်တတ်ပါသည်။ Donald က သူ့နည်းသူ့ဟန်ဖြင့် (အများနှင့်မတူ) ဖန်တီးလိုစိတ်ရှိသည်။ အကယ်၍ အလုပ်ကိစ္စဆုံးဖြတ်ချက်ချပြီဆိုပါက ရာထူး အဆင့်တူ၊ စီးပွားပိုင်ဆိုင်မှုတူသူများနှင့် ပဋိပက္ခဖြစ်ခြင်း၊ သဘောထားကွဲလွဲခြင်းများ ဖြစ်တတ်ပါသည်။

**မေးခွန်း (၄)**

အလုပ်အတွက် အခက်အခဲရှိနေမလား။

**အဖြေ**

The Tower - Donald အနေဖြင့် သူ၏အတွေးအခေါ် တစ်ဖက်သတ်ဆန်မှုနှင့် ကလေးဆန်သော အမူအကျင့်တို့ကို ဖျောက်ဖျက်ပစ်ရပါမည်။ စိတ်ဝမ်းကွဲပြားခြင်း၊ အယူအဆမတူခြင်းတို့က လုပ်ငန်းအတွက် အခက်အခဲများစွာ ဖြစ်စေပါသည်။

**မေးခွန်း (၅)**

အပြောင်းအလဲများလုပ်ရန် လိုအပ်ပါသလား။

**အဖြေ**

The World Dinald အနေဖြင့် လုပ်ငန်းအောင်မြင်မှုက သူ၏စွမ်းဆောင်မှုအဓိကကျခြင်းကြောင့်ဟု တွေးထင်နိုင်ပါသည်။ အများနှင့်ပြဿနာမရှိစေဘဲ မိမိအရည်အချင်းကို ယုံကြည်ခြင်း၊ မိမိပင်ပန်း၍ရခဲ့သော အကျိုးအမြတ်ကို အပန်းဖြေရင်း ခံစားတတ်ခြင်းတို့ဖြင့် လိုအပ်သလို (မိမိကိုယ်မိမိ) ပြုပြင်ပေးသွားသင့်ပါသည်။

**မေးခွန်း (၆)**

ကျွန်ုပ်လျစ်လျူရှုခဲ့သမျှ တာဝန်ယူရမည်လား။

**အဖြေ**

The star-ခုံကြယ်ကားချပ်သည် အနာဂတ်ကာလ ရည်မှန်းချက်ကို ကိုယ်စားပြုသည်။ Donald အနေဖြင့် အခွင့်အရေးသစ်များရရှိရန် ရည်ရွယ်ချက်သစ်လည်းထားရှိနိုင်ပါသည်။ အနာဂတ်အရေးအတွက် အကောင်းဘက်ကသာ တွေးထားရပါမည်။ လုပ်ငန်းအောင်မြင်ရေး၌ ဆက်ဆံရေးကောင်းရန်လည်း အဓိကအရေးပါနေသည်ကို သိထားရပါမည်။ မိမိလုပ်ငန်း၊ အကောင်း၊ အဆိုးက မိမိတာဝန်ယူနိုင်မှုအပေါ် ၌သာ မူတည်နေပါသည်။

**မေးခွန်း (၇)**

အောင်မြင်နိုင်မည်လား။

**အဖြေ**

Judgement - Donald အဖို့ အောင်မြင်ရန် အကြောင်းအရင်းများစွာ ရှိနေပါသည်။ မိမိကိုယ်ကို နားလည်ယုံကြည်ထားမှသာ သူတစ်ပါးအပေါ်၌လည်း နားလည်မှုဖြင့် ဆက်ဆံနိုင်ပါမည်။ ထိုအနေအထားဖြင့် အောင်မြင်မှုရရန် မခက်ခဲပေ။ Donald အနေဖြင့် အိမ်ရာပြောင်းရွှေ့ခြင်း၊ ခရီးထွက်ခြင်း၊ အပန်းဖြေခြင်းကိစ္စများပေါ် လာနိုင်ပါသည်။

ဆရာကြီး

www.burmeseclassic.com

၂၀၁၅ ခု၊ ဧပြီလ ၁၃ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာတွင် ရုရှားသင်္ဘောနစ်မြုပ်ရာ၌ အသက်ရှင်ကျန်ရစ်သော မြန်မာသင်္ဘောသား (၂၂) ဦး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် သတင်းဓာတ်ပုံကို တွေ့မြင်ဖတ်ရှုရပါသည်။ မြန်မာသင်္ဘောသား (၁၆) ဦးလည်း ပျောက်ဆုံး/ သေဆုံးသည်ဟု ဆိုပါသည်။ ကြေးမုံသတင်းစာပါ ထိုသတင်းကိုမဖတ်ရခင် လွန်ခဲ့သော တစ်ပတ်ကပင် အထက်ကခေါင်းစီးတွင် ပါရှိသော 'ဗုဒ္ဓဘုရားနှင့် မုန်တိုင်းကြားက သင်္ဘောသားများ' ဆိုသည့်အကြောင်းကို ရေးသာရန် သားဖြစ်သူ (သင်္ဘောအင်ဂျင်နီယာ) အား ကွန်ပျူတာရိုက်ခိုင်းထားပြီး ဖြစ်ပါသည်။

ခေတ်ကာလ အခြေအနေအ လူအတော်များများပင် သင်္ဘောသား ပင်လယ်ကူးသင်္ဘောကုမ္ပဏီကြီးများ အလုပ်ရရန် ကြိုးပမ်းအားထုတ်ကြသ သင်္ဘောနှင့်ပတ်သက်သည့် ရေကြောင်း ကောလိပ်၊ ရေကြောင်းတက္ကသိုလ်တ တွင် တက်ရောက် ပညာသင်ကြား ရရန်လည်း အမှတ်ကောင်းကောင်းနှ ဆယ်တန်းအောင်နိုင်ရန် ကြိုးစားကြ သည်။ ပညာသင်နှစ်များပြီးဆုံး





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများမှထွက်လာကြပြန်တော့လည်း သင်္ဘောတက်ရရေးက လွယ်ကူသည်မဟုတ်။

ကျွန်တော်ကိုယ်တိုင် ရေကြောင်းကောလိပ်ကျောင်းဆင်း သင်္ဘောသား (အင်/ယာ) ၏ အဖေ ဖြစ်နေသဖြင့်သိ၏။ သင်္ဘောတက်ခွင့်ရပြီဆိုတော့လည်း စိတ်မအေးရသေးချေ။ သင်္ဘောသူသည် ကမ်းမမြင်လမ်းမမြင် မဟာသမုဒ္ဒရာရေပြင်ဝယ် ကူးလူးသွားလာနေရသည်ဖြစ်ရာ လှိုင်းလေစသောသဘာဝဘေးအန္တရာယ်များ၊ ပင်လယ်ဓားပြ၊ ပြန်ပေးဆိုသည့် ဒုစရိုက်ကောင်တို့၏ အန္တရာယ်များဖြင့် ပြည့်နှက်နေ၏။ လုပ်ငန်းခွင်၌လည်း မမျှော်လင့်သော အသက်အန္တရာယ်တို့ကရှိနေသေးသည်။ သို့ဖြစ်၍ ငါ့သားတော့ သင်္ဘောသားဖြစ်သွားပြီဟု စိတ်မအေးရသေးချေ။

သဘာဝဘေးအန္တရာယ်၊ လူသားဒုစရိုက်ကောင်တို့၏အန္တရာယ်၊ မမျှော်လင့်သောဘေးဆိုးတို့မှ ကင်းဝေးစေရေးအတွက် နေ့စဉ်ဝတ်မပျက် အမိဋ္ဌာန်ဖြင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်အား ရွတ်ဆိုပူဇော်ရသည်မှာ တစ်နေ့မှမပျက်ခဲ့ရပါ။ သင်္ဘောတွင် စာချုပ်သက်တမ်းပြည့်၍ အိမ်ပြန်ရောက်ကာ နားနေသည့်တိုင် အမိဋ္ဌာန်ကို မဖျက်တော့ဘဲ ယနေ့တိုင် ပူဇော်မြဲဖြစ်၏။

ပထမဆုံးအခေါက်သင်္ဘောတက်ခွင့်ရရှိရေးအတွက် ကြိုးပမ်းစဉ်ကလည်း 'အရဟံသိဒ္ဓိ' ဂါထာတော်အမိဋ္ဌာန်ဖြင့် ပင် အောင်မြင်စွာ သင်္ဘောတက်ခွင့်ရ

# တက်ပုံ-မောင်မောင်အေး

## ဗုဒ္ဓဘုရားနှင့် မုန်တိုင်းကြားက သင်္ဘောသားများ



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ပါသည်။ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်သူဖြစ်သောကြောင့် ရတနာသုံးပါးသာလျှင် ယုံကြည်အားကိုးစရာရှိသည်ဟု ခံယူပါသည်။ သားဖြစ်သူသည် အသက်ပင်ငယ်သေးသော်လည်း ရတနာသုံးပါးသာလျှင် အန္တရာယ်ဆိုးများကြားမှကင်းလွတ်အောင် ကယ်တင်နိုင်ကြောင်း ဗုဒ္ဓစာပေများမှ အကိုးအကားများဖြင့် သင်ကြား ပြသပေးထား၍ သက်ဝင်ယုံကြည်စွာ တစ်ပိုင်တစ်နိုင်လုပ်နေသူ ဖြစ်ပါသည်။

ကျွန်တော့်သားသာလျှင်မဟုတ်ပါ။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် သင်္ဘောသားတိုင်း မိမိတို့နှင့် အလျဉ်းသင့်ရာ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်တစ်ခုခုအား နေ့စဉ်မပျက်မကွက် ရွတ်ဖတ်သရဇ္ဈာယ်နိုင်ရန်ပြောကြားလိုပါသည်။ ရွတ်ဖတ်သရဇ္ဈာယ်ရမည်ဆို၍ အိမ်တွင်၊ ကျောင်းတွင်၊ ဘုရားတွင်လို တသီးတသန့် ဆောင်ရွက်ရန်မဟုတ်ပါ။ အိပ်ရာမဝင်ခင်ဖြစ်စေ၊ အိပ်ရာမှထပြီးလျှင်ဖြစ်စေ မိမိသတ်မှတ်ချက် မိနစ်အချိန်ပိုင်းတစ်ခုအတွင်း နေ့စဉ် မပျက်မကွက်ပြုလုပ်ရန်သာ ဖြစ်ပါသည်။ အကျင့်ရလာက လုပ်ငန်းခွင်ဝင်လျှင်လည်း ရွတ်ဆိုတတ်သည့်အလေ့ရလာပါမည်။

အကြံပြု ပြောကြားခြင်းနှင့်တစ်ဆက်တည်း ဗုဒ္ဓဘုရား၏ တန်ခိုးတော်ကြောင့် တောင်တရုတ်ပင်လယ်ပြင်၌ မုန်တိုင်းမိ၍ နစ်မြုပ်အံ့ဆဲဆဲ သင်္ဘောမှ သင်္ဘောသားများ အသက်ဘေးမှ၊ မုန်တိုင်းဆိုးဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ပုံကို ပြန်လည်တင်ပြပါမည်။

၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါရှိသော တက္ကသိုလ်မောင်ငြိမ်းချမ်း၏ 'ဗုဒ္ဓဘုရားနှင့်သင်္ဘောသား' ဆောင်းပါး ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း(၅၀)ကျော်ကဆောင်းပါးဖြစ်ပါသည်။ ယနေ့ခေတ်တွင် မြန်မာသင်္ဘောသားများ နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သောကြောင့် ကျွန်တော် အထက်ကတင်ပြခဲ့သလို ဘာသာယုံကြည်မှုဖြင့် ထုံမွှမ်းနေကြလျှင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တာဝန်များထမ်းဆောင်နိုင်ကြမည်ဟု ခံယူချက်ဖြင့် ဆရာတက္ကသိုလ်မောင်ငြိမ်းချမ်း၏ဆောင်းပါးကို တစ်ဆင့် ပြန်လည် ရေးသား တင်ပြခြင်း ဖြစ်ပါကြောင်းနှင့် ဆရာတက္ကသိုလ်မောင်ငြိမ်းချမ်းအားလည်း ခွင့်ပြုပါရန် ပန်ကြားအပ်ပါသည်။

ထိုစဉ်က ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ကြသော နိုင်ငံခြားသင်္ဘောများတွင် ရှုရှားသင်္ဘောမှလွဲ၍ လူမျိုးစုံ၊ ဘာသာစုံပါကြသည်။ သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီ၏ အမှတ်အသားအလံနှင့် သက်ဆိုင်ရာနိုင်ငံတော်အလံကိုသာ လွှင့်ထူသွားလာကြသည်။ မည်သည့် သင်္ဘော၏ထိပ်တွင်မှ ရုပ်တု၊ ဘာသာသင်္ကေတ စသည့် ဘာသာရေးအထိမ်းအမှတ်များ ပြုလုပ်ထားခြင်း မရှိကြချေ။

ထိုသို့သော သင်္ဘောများထဲမှ သင်္ဘောတစ်စီးကား ထူးဆန်းလှ၏။ ၎င်းသင်္ဘော၏ အလံတိုင်ထိပ်ဖျားတွင် ညဏ်တော် တစ်ပေခွဲခန့်ရှိ ရွှေရောင်တဝင်းဝင်းနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သီတင်းသုံးနေသည်ကို ဖူးတွေ့ရ၏။ ဗုဒ္ဓရုပ်ပွားတော်၏ အောက်တွင်မှ ကုမ္ပဏီအလံလွှင့်ထူထား၏။ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသော ကိစ္စဖြစ်သောကြောင့် စူးစမ်းလေ့လာကြည့်မိ၏။

သင်္ဘောအမည်ကတော့ 'အိစ်တင်းဆားဂါး' ဖြစ်၍ ပိုင်ရှင်က အင်ဒိုချိုင်းနားသင်္ဘောကုမ္ပဏီ ဖြစ်လေသည်။ ထိုသို့ ထူးခြားသည့် မြင်ကွင်းကြောင့် မောင်ငြိမ်းချမ်းလည်း အိစ်တင်းဆားဂါး သင်္ဘောပေါ် တက်ပြီး မျက်နှာဖြူအရာရှိလေးကို ဦးစွာမေးကြည့်သည်။

"ခင်ဗျားဗုဒ္ဓဘာသာကိုကိုးကွယ်ပါသလား"

ဟု ဆိုရာ အရာရှိကလေးက ခေါင်းယမ်းပြသည်။

"ဒါဖြင့် ဒီအလံတိုင်ထိပ်ဖျားက ဗုဒ္ဓပုံတော်ဟာ အလှထားတာလား"

ဆိုတော့ အရာရှိလေးက -

"ဒီလိုလည်း မဟုတ်ပါဘူး။ ဒီဗုဒ္ဓ



ရုပ်တုထားရှိတာ ကောင်းတယ်ဆိုပြီး ထားကြတာပါပဲ"

မောင်ငြိမ်းချမ်းသည် ထိုအဖြေ လောက်နှင့် မကျေနပ်သေး၍ သင်္ဘော အရာရှိချုပ်ထံသွားသည်။

အရာရှိချုပ်အဖြေက -

"ဟုတ်ပါတယ်၊ ဒီဗုဒ္ဓရုပ်တု အခု လိုမထားခင်ကဆိုရင် သင်္ဘောသားအချို ပင်လယ်ထဲကျသေခြင်း၊ ကုန်ပစ္စည်းများ ပျောက်ခြင်း၊ သင်္ဘောသားအချင်းချင်း မကြာခဏခိုက်ရန်ဖြစ်ပွားခြင်းစတာတွေ နဲ့ အတော်ပဲ အဆင်မပြေမှုတွေဖြစ်ခဲ့ပါ တယ်။ ဒီဗုဒ္ဓရုပ်တုတော် အခုလိုထားပြီး တဲ့အချိန်ကစလို့ သိပ်ကိုအဆင်ပြေနေ ပါတယ်။ အားလုံးလည်း အေးအေး ချမ်းချမ်းဖြစ်သွားတယ်"

အရာရှိချုပ်၏ အဖြေစကားများ ကြားရသောအခါ မောင်ငြိမ်းချမ်း အလွန်ပီတိဖြစ်ရပါ၏။ ဤအရာရှိချုပ် လို ဗုဒ္ဓဘာသာဝင်မဟုတ်သူများပင် လျှင် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကိုသိနေကြပြီး ဖော်ရွေချေငံစွာ ရှင်းပြသော အရာရှိ များကို အထူးကျေးဇူးတင်ရပါသည်။

သို့ရာတွင် ထိုအဖြေကား မပြည့်စုံ သေးဟု ယူဆ၏။ ဗုဒ္ဓရုပ်တုတော်ကို ထားရှိရန် ဘယ်လိုအကြောင်းရှိခဲ့သည် ဟု အကြောင်းရင်းကို သိလိုသဖြင့် ဆက်လက်စုံစမ်းသောအခါ အုပ်ချုပ်သူ နှင့်သင်္ဘောသားများ လူသစ်၊လူဟောင်း အကြိမ်ကြိမ်ပြောင်းခဲ့၍ မူလဇာစ်မြစ်ကို မသိကြတော့ပြီ။

ယခုမူ သင်္ဘောမာလိန်မှူးအင်္ဂလိပ် လူမျိုးတစ်ဦးနှင့် ကျန်သင်္ဘောသားအား လုံး တရုတ်အမျိုးသားများ ဖြစ်၏။ သင်္ဘောသားများထဲမှ အဖြေရလိုရငြား သင်္ဘောပေါ် လျှောက်၍ကြည့်ရာ အသက် ကြီးကြီးတရုတ်အမျိုးသားကြီးတစ်ဦးနှင့် တွေ့ရသည်။ သူကား ထိုသင်္ဘောတွင် လက်သမားဆရာအင်ဂျင်နီယာကြီးဖြစ် ၏။ ထိုဆရာကြီးအားမေးလျှင် သိနိုင် ကောင်း၏ ဟုတွေးကာ -

"ဒီမှာ ဦးလေး၊ ကျွန်တော်တစ်ခု မေးပါရစေ"

ဟု အစပျိုးရင်း မဝံ့မရဲမေးကြည့် ရာ ကံကောင်းချင်တော့ ထိုအင်ဂျင်နီယာ ကြီးမှာ ဤသင်္ဘော၌ အိုးဆားဗစ်ကြီး ဖြစ်နေတော့သည်။ ဗုဒ္ဓရုပ်တုတော်ကို အလံတိုင်ထိပ်တွင် ယခုလိုထားရသည့် သမိုင်းကြောင်းအား ကောင်းစွာ ပြောပြ နိုင်သူဖြစ်နေလေတော့သည်။ ထိုရှယ လက်သမားအရာရှိအင်ဂျင်နီယာကြီး

www.burmeseclassic.com

ပြောပြသည်ကား -

"ကျွန်တော်တို့သင်္ဘောဟာ ကမ္ဘာ့အရှေ့ဖျားနိုင်ငံတွေက ကုန်တွေတင်ဆောင်ပြီး မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်လာတုန်းကပေါ့ဗျာ။ မာလိန်မှူးက အင်္ဂလိပ်လူမျိုး၊ တက်မကိုင်အရာခံမှူး (ကွာတားမာစတာ) က ကျွန်တော်တို့ တရုတ်လူမျိုး။ ခရီးသည်ဆိုလို့ တစ်ယောက်မှမပါဘူး။ မြန်မာပြည်ကို ခုတ်မောင်းလာရင်းက အစကတော့ ရာသီဥတုဟာ အလွန်ကောင်းမွန်ငြိမ်သက်နေတာပဲ။ နောက်တော့ ကောင်းကင်ပြင်ဟာ နီရဲလာပြီး မိုးသားတိမ်လိပ်တွေတက်လာတယ်။ လေက အသည်းထန်လာတယ်။ မကြာခင်ပဲ မုန်တိုင်းကြီးဖြစ်လာပြီး လေပြင်းတွေ တိုက်လိုက်တာ သင်္ဘောကြီးတစ်ဖက်စောင်းပြီးလွင့်သွားတယ်။ လှိုင်းလုံးကြီးတွေကလည်း သင်္ဘောကိုဖုံးလွှမ်းနစ်မြုပ်တော့မလို လိမ့်လိမ့်ပြီးပြေးလာတယ်။ သင်္ဘောကုန်းပတ်ပေါ် ရေတွေလွှမ်းတက်လာတယ်။ လေပြင်းကလည်း ဆောင့်တိုက်လိုက်တာ သင်္ဘောပစ္စည်းအချို့ဟာ ကျိုးပဲ့လွင့်စဉ်ကုန်တော့တာပဲ။အသက်ကယ်လှေတို့ဘာတို့လဲ အသုံးပြုဖို့ အခြေအနေမရှိတော့ဘူး။

ကျွန်တော်ကစပြီး သင်္ဘောသားတွေအားလုံးဟာ ဘုရားသခင်ကို တ,လိုက၊ အဖေအမေကယ်ပါ အော်သူအော်၊ လှိုင်းပုတ်သံ၊ လေပြင်းမုန်တိုင်းသံနဲ့ ငိုသံအော်သံတွေဟာ ဆူညံသွားတာပါပဲ။ သူလုံးသူလုံးလည်းမကွဲဘူး။ ပင်လယ်တစ်ပြင်လုံး မည်းမှောင်ပြီး ပင်လယ်အောက်နစ်မြုပ်သွားပြီလို့ ထင်လိုက်ရတယ်။ အသက်ကယ်ရန် အရပ်ရပ်ကို S.O.S ကြေးနန်းပို့၊ မာလိန်မှူးကလည်း တက်မကိုင်ထံပြေးပြီးဝိုင်းကူ။ ဒါပေမယ့် ထိန်းလို့မရနိုင်တော့ဘူး။ လူတွေအားလုံးရဲ့မျက်နှာမှာသွေးမရှိတော့ဘူး။ သင်္ဘောကြီးလည်း လှိုင်းလုံးကြီးတွေနဲ့အတူထိုးဆင်းသွားလိုက်၊ မြောက်တက်လာလိုက်နဲ့ စိတ်ဖင်ထောင်တစ်စစီပြိုကွဲနစ်မြုပ်သွားဖို့ အချိန်နီးသထက်နီးလာနေတယ်။ အထက်ဆုံး မာလိန်မှူးပဲခန်းထိအောင် ရေလုံးကြီးတွေရိုက်ခတ်နေတော့ မကြာခင် စုံးစုံးမြုပ်ပြီးသေကြရဖို့ပဲရှိတော့တယ်။ လေပြင်းမုန်တိုင်းကလည်း ပိုပြီးထန်၊ လှိုင်းလုံးကြီးတွေကလည်းပိုပြီးကြီးလာ၊ လှိုင်းလုံးကြီးတွေကို သင်္ဘောဦးနဲ့တိုက်ပြီးခွဲလိုက်၊ သင်္ဘောကြီးက လှိုင်းလုံးကြီးတွေကြားမြုပ်သွားလိုက်၊ လှိုင်းလုံးကြီးပေါ်ရောက်လိုက်နဲ့ တစ်သက်နဲ့တစ်ကိုယ် မကြုံဖူး၊ မကြားဖူးတဲ့ သေဘေးဆိုးကြီးနဲ့ တိုးကြရတာပါပဲ။



အဲဒီလို ပြောင်းဆန်နေတုန်း ထူးခြားတာကတော့ ရှေ့ကလိမ့်ပြီးတက်လာတဲ့လှိုင်းလုံးကြီးတွေဟာ ဖြူဖြူဖွေးဖွေးလှိုင်းလုံးကြီးတွေ မဟုတ်တော့ဘဲ ချက်ချင်း ရွှေရောင်လိုဝင်းဝါနေတဲ့ လှိုင်းလုံးကြီးတွေဖြစ်သွားတာကို အားလုံးပဲ မြင်တွေ့ကြရပါတယ်။ ဒီလို ရွှေရောင်ဝင်းနေတဲ့ လှိုင်းလုံးကြီးတွေ မြင်လိုက်ရတော့ သေခါနီးလို့ အမြင်အာရုံမှားတွေ မြင်တာလို့တွေးမိတယ်။ သို့ပေမယ့် အဲဒီရွှေရောင်လှိုင်းလုံးကြီးတွေကို သင်္ဘောဦးနဲ့တိုက်ခွဲလိုက်တော့မှ ပိုပြီးအံ့သြစရာကောင်းတဲ့မြင်ကွင်းပေါ်လာပါတယ်။ သင်္ဘောသားအားလုံး အံ့အားသင့်ပြီးကြည့်နေတုန်း ရွှေရောင်လှိုင်းလုံးကြီးပေါ်မှာ တင်ပျဉ်ခွေဗုဒ္ဓရုပ်ပွားတော်ကတော့ သည်အတိုင်း သည်အတိုင်းပဲ၊ လှိုင်းပေါ်မှာ တင်ပျဉ်ခွေထိုင်လျက်ပဲ ပေါ်မြဲပေါ်နေတယ်။ဒါနဲ့ အင်္ဂလိပ်လူမျိုး မာလိန်မှူးကြီးက သူ့မျက်နှာပေါ်က ရေတွေကို လက်နဲ့သပ်ချ၊ မျက်စိကရေတွေကိုပွတ်ပြီး အကြိမ်ကြိမ်ကြည့်တယ်။ ဘာလဲလို့ သူမသိဘူးပေါ့။ ဒါကြောင့် သူ့ဘေးက အရာခံမှူး တရုတ်ကို ဟိုမှာ ဘာလဲ သေသေချာချာကြည့်စမ်းလို့ လက်တို့ပြီးပြောတယ်။

ဒီတော့ အရာခံမှူးတရုတ်ကအား - ဗုဒ္ဓ ဗုဒ္ဓ ဗုဒ္ဓလို့ အော်ပြီး ပြောလိုက်တယ်။ ဒီမှာတင် သေတွင်းနှုတ်ခမ်းရောက်နေကြတဲ့ သင်္ဘောသားတွေအားလုံးရော အင်္ဂလိပ်မာလိန်မှူးကြီးပါ ရှိခိုးဦးညွှတ်ပြီး -

'ဗုဒ္ဓကယ်တော်မူပါ၊ ဗုဒ္ဓကယ်တော်မူပါ'

လို့ အားကိုးတကြီးနဲ့ အော်လိုက်ကြတာ ဘာပြောကောင်းမလဲ သင်္ဘောသံ၊ လှိုင်းသံတွေကိုတောင်လွှမ်းသွားတယ်။ တစ်သက်နဲ့တစ်ကိုယ် ပိုပြီးအံ့သြစရာကောင်းတာက အဲဒီလို 'ဗုဒ္ဓကယ်တော်မူပါ' လို့ အော်ဟစ်ရှိခိုးကြတဲ့ အသံမှမတိတ်သေးဘူး။ ပြင်းပြင်းထန်ထန်ပြောင်းဆန်အောင် တိုက်ခတ်နေတဲ့ မုန်တိုင်းကြီးဟာ လှိုင်းလုံးကြီးတွေပါ တစ်ခါတည်း ငြိမ်ကျသွားပါတယ်။ မာလိန်မှူးကအစ သင်္ဘောသားတွေလည်း ခြေကုန်လက်ပန်းကျပြီး ကြောင်စီစီနဲ့ အံ့အားသင့်နေကြတယ်။ ဗုဒ္ဓတန်ခိုးတော်တယ်ကြီးပါလား၊ ဗုဒ္ဓကယ်ပေလို့သာဆိုရင်း သက်ပြင်းချရင်း ဝမ်းသာမဆုံးဖြစ်ခဲ့ကြတယ်။

ဒါနဲ့ ဗုဒ္ဓဂုဏ်ကျေးဇူးတွေချီးကျူး၊ ကျေးဇူးတင်ရင်း မြန်မာပြည်ဘက်ကို သင်္ဘောလမ်းပြောင်း ဦးတည်ပြီး ခုတ်မောင်းခဲ့ကြတာ စင်ကာပူရောက်တော့ မြို့ထဲလျှောက်လည်ပြီး တို့ကို အသက်ဘေးကကယ်ခဲ့တဲ့ ဗုဒ္ဓရုပ်တုရအောင်ရှာမယ်ဆိုပြီး ရှာကြတာ။ ကံအားလျော်စွာနဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရခဲ့ပါတယ်။ အဲဒီလိုနဲ့ အဲဒီလိုနဲ့ အိစ်တင်းဆားဂါး သင်္ဘောရဲ့ အလံတိုင်ထိပ်မှာ စင်ကာပူရောက်ပြီးကတည်းက ဗုဒ္ဓရုပ်ပွားတော်ကိုတင်ခဲ့တာ ဒီနေ့အထိပါပဲ"

ဟု . . .။

"သင်္ဘောသားအမျိုးမျိုး၊ ဘာသာမတူ၊ လူမျိုးအသီးသီး တစ်သုတ်ပြီးတစ်သုတ် ပြောင်းသွားပေမယ့် ဗုဒ္ဓဘာသာကို မကိုးကွယ်တဲ့လူလည်း ဗုဒ္ဓကိုတော့ အလေးအမြတ်ထားကြရတယ်။ ကုမ္ပဏီကလည်း ယုံကြည်လက်ခံဂုဏ်ပြုထားရတယ်။ ဗုဒ္ဓကျေးဇူးဟာ ကိုယ်တွေ့ကြုံမှ မယုံနိုင်အောင် ကြီးမားတာ ဦးလေးကိုယ်တွေ့ပဲ"

ဆိုသည့် အိစ်တင်းဆားဂါး သင်္ဘောပေါ်မှ တရုတ်လူမျိုး အင်ဂျင်နီယာကြီး၏ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်လည်တင်ပြရင်း ဤစာစုအစပိုင်းတွင် ရေးခဲ့သလို မိမိနှစ်သက်ရာ အချိန်ပိုင်းတွင် ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်တစ်ခုခုကို နေ့စဉ်ရွတ်ဆိုပူဇော်ရန် ထပ်လောင်း အကြံပြုရင်း ဗုဒ္ဓ၏ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးကို ရှိခိုးပူဇော်အပ်ပါသတည်း။

⁂

ဓာတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား နတ်တော်လဆန်းစအချိန် ဖြစ်သည်။ ရာသီဥတုကား ပွင့်လင်းရာသီဖြစ်၍ မိုးရိပ်လေရိပ်တို့ ကင်းစင်လျက်ရှိ၏။ ညဘက်တဖြည်းဖြည်း ဆီးနှင်းကျလာကာ ရာသီကား ဆောင်းဝင်အအေးဓာတ်ကလည်း ပိုကဲလာသည့်အချိန် ဖြစ်သည်။ စာဆိုကား နတ်တော်-ပြာသိုတံငါငို။ နတ်တော်၊ ပြာသိုလတို့ကား အအေးဓာတ်ကလည်း ဝင်လာပြီဖြစ်ရာ မြစ်အတွင်းကျက်စားသည့် ငါး၊ ပုစွန်တို့လည်း အအေးဓာတ်ကြောင့် အခြားလရာသီတို့လို လှုပ်ရှားခုန်ပေါက်မြူးထူးတာ သိပ်မရှိတော့ပေ။ ဝပ်မိဝပ်ရာ၊ နေမိနေရာတို့တွင် ခပ်ကုပ်ကုပ်နေကြသည်။ ရေလုပ်သားများအဖို့ ငါးများလှုပ်ရှားမှုနည်း၍ ပိုက်ငါးမျှားတန်းတို့တွင် ငါးကြီးသားကြီးတို့ ဖမ်းဆီးရမိခြင်းနည်းသည့်လတို့လည်း ဖြစ်သည်။

မြစ်ရေကျကလည်းများ၊ ရေကလည်း ရေကြည်လောင်ရိုက်၊ အအေးဓာတ်ကလည်းများ၊ ငါးကြီးသားကြီး လှုပ်ရှားအစာကောက်တာ နည်းတော့ တံငါသည်တို့ ငါးအရနည်းကြသည်။ တံငါသည်တို့ငိုရသည်အဖြစ်နှင့် ကြုံရသည့်လတို့လည်း ဖြစ်သည်။

ရေလုပ်သား တံငါသည်တို့အဖို့ မြစ်ရေကြည်လို့၊ အအေးဓာတ်များလို့၊ ငါးအရနည်းလို့ဆိုပြီး နားနေ၍မရ။ မိသားစုစားဝတ်နေရေးကလည်းရှိသေးသဖြင့် အေးအေးချမ်းချမ်း၊ နေပူပူ၊ မိုးရွာရွာ၊ လေကြမ်းကြမ်း လုပ်ငန်းခွင်ကတော့ ပုံမှန်။

ကိုထွေးအောင်၏အလုပ်က ငါးမျှားတန်းပစ်ကာ ရေလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းသူ ဖြစ်သည်။ ကိုထွေးအောင် ငါးမျှားတန်းပစ်ချိန်က နိုင်လွန်မျှောပိုက်ကြီးတွေ၊ ဆယ်သစ်၊ ရှစ်သစ်ကြဲတဲ့ပိုက်ကြီးတွေ များများမရှိသေးသဖြင့် ခိုင်သင်းကြည်၊ သုံးထပ်ပိုက်၊ စိန်ပိုက်တို့ဆိုတာ ဝေလာဝေး လုံးဝမရှိသေး။ သို့သော် နိုင်လွန်ချည်ပိုက်နှစ်လုံးကား ချပ်ကွင်းပိုက်သေးပိုက်မွှားတော့ အနည်းငယ်ပေါ်စပြုချိန် ဖြစ်သည်။ မြစ်ရိုးတစ်လျှောက်မှာက ငါးမျှားတန်းပစ်၊ ငါးဖမ်းအသက်မွေးသူကများသည်။



# နေအောင်လင်း
(ခရေ)
## ရင်တိုက်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ငါးမျှားတန်းပစ်ကာ ဖမ်းဆီးရမိသည့်ငါးကြီးတို့မှာ ငါးထွေ၊ ငါးရှယ်၊ ငါးမောင်းမ၊ ငါးတန်၊ ငါးမြင်းရင်း၊ ငါးဘတ် စသည့်ငါးကြီးများ ဖြစ်သည်။ ငါးမျှားတန်းကြိုးငါးမျှားတွင် ၎င်းငါးကြီးများ အစားအစာအဖြစ် ထောင်ဖမ်းရသည်ကာ ငါးရှင်စာပုစွန်စာတို့အား ငါးမျှားချိတ်တွင် အရှင်ချည်ကာ အစာတပ်ထောင်ဖမ်းရခြင်း ဖြစ်သည်။

ငါးမျှားတံစာအတွက် ငါးရှင်စာပုစွန်စာရဖို့က လက်ပစ်ကွန်နှင့် ကမ်းစပ်တစ်လျှောက် ငါးစာမချရဘဲ ဗလာကွန်ပစ်၍ရသလို ငါးစာနှင့်ချကာ ကွန်ပစ်အစာရှာရသည့်အခါ ရှာရလေသည်။ နတ်တော်၊ ပြာသိုလလို မြစ်ရေကြည်လင်နေချိန်ဖြစ်၍ ငါး၊ ပုစွန်တို့ကား ရေနက်ရာဆုတ်ခွာနေတတ်ကြသဖြင့် လွယ်လွယ်နှင့် ငါးစာရှာမရတော့ပေ။

ငါးမျှားတန်းမှာ ငါးစာရဖို့ ကိုထွေးအောင် ငါးစာချကာ ကွန်ပစ်ရသည်။ ငါးစာအတွက် ပြောင်းဖူးစေ့အား အကျွမ်းလှော်ကာ မောင်းဆုံတွင်ထည့်ထောင်းရသည့်အမှုန့်အား ဆန်ခါစိတ်နှင့်ချယူရသည်။ ထိုပြောင်းဖူးအမှုန့်နှင့် ကျပ်ရွှံ့ သို့မဟုတ် ရွှံ့စေးမြေမတို့နှင့် ပြောင်းဖူးအမှုန့်ရောနှယ်ကာ ငါးစာလုံးလုံးရသည်။ ပြီးလျှင် ကွန်ချက်ကောင်းမည့်နေရာ၊ ငါးစာရွှံ့ခဲတို့အား ပစ်ချထားသည့်နေရာတော့ အမှတ်အသားပြုကာထားရသည်။ နာရီဝက်၊ တစ်နာရီနီးပါးအကြာတွင် ငါး၊ ပုစွန်တို့ ငါးစာအား လာရောက်စားသောက်ချိန် ကွန်နှင့်စောင့်ကာပစ်ရသည်။ ငါးစာချ အစာပစ်၍ တန်းစာငါး၊ ပုစွန်တို့အပြင် အခြား ငါးသေးငါးမွှားတွေရလာလျှင်လည်း ဟင်းစားချက်စား၊ ရောင်းတန်လျှင်ရောင်းရသည်။ သို့မှသာ ငါးစာပြောင်းဖူးစေ့ဖိုးကလည်းရမည်ဖြစ်၏။ ငါးမျှားတန်းပစ်ရာမှာသာ တစ်ယောက်တည်း လှေတစ်စင်းနှင့် တက်မသေထိုင်ချိတ်ပြီးပစ်၍ရသည်။ တန်းပင်ကလည်း တန်းတဝင်းစာ၊ နှစ်ဝင်းစာ သုံးလေးဝင်၊ တန်းသုံးလေးပင် ဆက်ပစ်လို့ရသည်။ တန်းစာရှာဖို့ကြတော့ ကိုထွေးအောင်တစ်ယောက်တည်းမရတော့။ လက်ပစ်ကွန်ပစ်ရာမှ နောက်က လှေပဲ့ကိုင်လှော်ခတ်ပေးမည့်သူ တပည့်လက်သားတစ်ယောက်ရှာရသည်။ တပည့်နောက်လိုက် ပဲ့ကိုင်သူအား လှေပိုင်ကွန်ပိုင်သူက ထိုသူအား စုစား သို့မဟုတ် ဟင်းစားပေးကာ ခေါ်ယူရသည်။ တပည့်လက်သားလိုက်သူက စုစားနှင့်လိုက်သူဆိုလျှင် ငါးသုံးပိသာရလျှင် တစ်ပိသာ ပဲ့ကိုင်လက်သားအား ခွဲဝေပေးရသည်။ လှေပိုင်ရှင်ကား နှစ်စုစာယူသည်။ ဟင်းစားလိုက်သူဆိုလျှင်လည်း ထိုနည်းတူ သုံးစုတစ်စု အချိုးကျ ခွဲဝေပေးလေ့ရှိသည်။ ပဲ့ကိုင်လိုက်သူတိုင်းက ငါးအရပါးသည့်ဆောင်းတွင်းကာလ ဟင်းစားလိုက် ပဲ့ကိုင်ပေးသူက များသည်။

ကိုထွေးအောင် ကွန်ပစ်ငါးရှာသည့်အခါတိုင်း တပည့်လက်သားအဖြစ် ခေါ်ယူကာ လိုက်ပါတတ်သူသည် ရွာတောင်ပိုင်းမှ သာစိန်ဆိုသူပင် ဖြစ်သည်။ သာစိန်နှင့် ထွေးအောင်က ငယ်သူချင်းတွေဖြစ်သလို ပြောမနာဆိုမနာဆိုတော့ သူနှင့်က အလျဉ်းသင့်သည်။လှေပဲ့ကိုင်ရာမှာလည်း ကျွမ်းကျင်သူ ဖြစ်သည်။ လှေတက်သံ၊ ခေါက်သံမပေးအောင်ထိန်းကာ လှော်တတ်သူဖြစ်သည်။ လှေလှော်သည့်အခါ တက်နှင့် လှေနံရံနှင့် တဒေါက်ဒေါက်အသံမြည်၊ လှေလှော်တတ်သူတို့အား ပဲ့ကိုင်ခေါ်လေ့ခေါ်ထမရှိပေ။ လှေတက်ခေါက်သံကြားလျှင် ရေပေါ်ပေါ်ပြီးသား ငါးတို့ ရေအောက်မှာ ငုပ်လျှိုးသွားတတ်သလို အစာစားနေသည့်ငါး၊ ကမ်းပါးယံကပ်ခိုအိပ်နေသည့်ငါးတို့လည်း လန့်ဖျပ်သွားတတ်သောကြောင့် ဖြစ်သည်။

ငါးမျှားတန်းကြိုးတွင် ငါးမောင်းမကဲ့သို့ ငါးကြီးများ ငါးမျှားတန်းကြိုးတွင် ဆွဲမိထားပြီဆိုလျှင် ပို၍ပင် သတိထားကာဖမ်းယူရသည်။ ငါးမောင်းမတို့ကား မျက်စိပေါက်ကျဉ်းသလောက် နားကလျှင်မြန်ပါးနပ်သည်။ လှေပေါ်က ငါးဖမ်းနေစဉ် ပဲ့ကိုင်သူ သို့မဟုတ် အရာဝတ္ထုတစ်ခုခုတို့အား ဒေါက်ခနဲ ဒက်ခနဲ အသံပြုအသံပေးလိုက်တာနှင့် တန်းကြိုးတွင်ဆွဲမိနေသည့် ငါးမောင်းမကား လန့်ဖျပ်ကာ တအားကုန်သုံး၍ လန့်ကာရုန်းထွက်လိုက်လျှင် ငါးမျှားကြိုးတန်းကြိုးပါပြတ်၍ လွတ်ထွက်သွားရလေ့ကြုံရတတ်သည်။ ထို့ကြောင့်ပင် လှေလှော်ရာတွင် တက်ခေါက်အသံပေး၍ လှော်တတ်သူအား လှေပဲ့ကိုင် တပည့်လက်သားမခေါ်ချင်ပေ။

လက်ပစ်ကွန်၊ ငါးစာချကွန်ပစ်သည့် အခါလည်း ထိုနည်းတူပင် လှေတက်ခေါက်သံပေးလှော်လိုက်တာနှင့် အစာစားနေသည့် ငါး၊ ပုစွန်တို့ကား လန့်ဖျပ်ကာ ဝေးရာထွက်သွားတတ်သဖြင့် လှေတက်ခေါက်သံပေး၍မရ။ အသံဗလံငြိမ်ငြိမ်နှင့် လှော်ခတ်ကာ ကွန်ပစ်ရသည်။

ဒီနေ့လည်း ငါးမျှားတန်း တန်းစာရဖို့ ငါးစာချကာ ငါးရှင်စာပုစွန်စာတို့ ရှာရသည်။ လှေပဲ့ကိုင်ကတော့ အခါတိုင်းရက်တွေလို သာစိန်အား ပဲ့ကိုင်ခေါ်ကာ ကွန်ပစ်ထွက်လာခဲ့သည်။ ရွာတောင်ဘက် သမှုန်းပင်ရေဆွယ်ထိပ်ကနေ ရွာမြောက်ဘက် မန်ကျည်းပင်ရေ မှော်အကြား ကွန်ချက် (၁၅) ချက်စာ ငါးစာချကာ လှေအား အောက်စုန်ဆင်းလာလိုက်သည်။ နာရီဝက်အကြာမှာ အောက်ဆုံးတော့ချထား၏။ ကွန်ချက်ကစ၍ ဆန်၍ဆန်၍တစ်ချက်ချင်းပစ်သည်။

"သာစိန်၊ စဦးကွန်ချက်ကတည်းက ဗလာတိုက်နေတော့ ဒီနေ့တော့ ဟန်မှဟန်ပါ့မလား။ မြစ်ရေကလည်း ကြည်လိုက်တာ မှန်ကြည့်လို့ရတယ် ငါးမလိုက်တာမပြောနဲ့။ ငါးဟင်းစား မရရင်လည်း မင်းရဲ့ တန်းစာ ငါး၊ ပုစွန် နည်းနည်းပါးပါးရရင်လည်း တော်ရော ပေါ့"

ဟု သာစိန်က လှေပဲ့ရင်းပြောလာသည်။

ကိုထွေးအောင်နှင့် သာစိန်တို့ နှစ်ယောက် တစ်ချက်ချင်း တစ်နေရာ အစာချပြီး ကွန်ပစ်ဆန်တက်လာလိုက်ရာ အစာချပြီး ကွန်ချက်အားလုံးပစ်၍ ပြီးသွားသည်။

ကွန်ချက်(၁၅)ချက်ပစ်၍ရသည် ပုစွန်က အမ လေးကောင်၊ ငါးပေါက် တစ်ကောင်နှင့် စုစုပေါင်း ငါးကောင် ရသည်။ ငါးဆို၍ တစ်ကောင်မှပါမလာ နှစ်ယောက်သား ဒီတစ်လားအရနည်း တော့လည်း နောက်တလား အစာ ကပစ်ရဦးမည်ဆိုကာ ကျောက်သော ဘက် ခုန်ဆင်းကာ အစာချကာ ခ နား၊ ဆေးလိပ်ဖွာပြီး ဆက်၍ပစ်ကြ သည်။

နောက်တစ်လားတစ်ချီ ကွန်(၁ ချက်စာ အစာချကွန်ပစ်ပြီးချိန်တွင်လည်း ပုစွန်အမလေးတုပ်သာရသည်။ ဟ စားတန်းစာချိတ်၍ရမည့် ငါးတစ်ကော တမြီးမျှပင် မပါခဲ့ပေ။ မြစ်ရေကလည်း ကြည်၊ အအေးဓာတ်ကလည်းများလာ ချိန်ဖြစ်၍ ဒီရာသီလတို့မှာကား ပုစွ ငါးတို့မကပ်ဘဲ ဟင်းစားငါးပင်အရနည် တတ်သည့်လလည်း ဖြစ်သည်။

"ထွေးအောင်၊ မင်းငါးမျှား အတွက် ပုစွန် (၉) ကောင်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ကိုးကွင်းအစာချိတ်လို့ရပြီး အစာ ဆည်ဘဲထားတာနဲ့စာရင် တန်းကြီးမှာ စာရှိနေတော့ နောက်နေ့တန်းလိုက် အားရှိတာပေါ့။ မျှော်လင့်ချက်ရှိ သေးတယ်"

"ငါက မင်းကို အားနာတာပါ။ င်းစားလိုက်လာတာ တစ်အိုးချက် တစ်ခါချက်တောင် ငါးသေးငါးမွှားပါ လာလို့ ဒီနေ့တော့ ဟင်းစားကတော့ ကောင်းခြောက်မယ့်ပုံပဲသူငယ်ချင်း"

ရေလုပ်သားတံငါသည်ဆိုတာက ည်း အိုးသည် အိုးကောင်း မကိုင်ရ၊ ကြီးသည် ကြိုးကောင်းမချည်ရ ဆိုတဲ့ စားပုံလို အတူတူပင် ဖြစ်သည်။ ခုလည်း ကောင်းပေ့ဆိုသည့် ပုစွန် ပ်ကြီးတွေ ရလာပြန်တော့လည်း ချက်ပြုတ်ကြော်လှော်မစားရ၊ တန်းစာ အတွက် ငါးစာပြန်ချိတ်ရသဖြင့် ပုစွန် သတ်လတ်ဆတ်ဆတ်မစားရ။ အစာချိ ရှိသေသည့်ပုစွန်၊ ပုပ်သည့်ပုစွန်နှင့် တိုက်၍သေသည့်ပုစွန်၊ ခါးပြတ် အပုပ်အရိကျမှစားရသည်။ ရေလုပ် သားတို့ဘဝကလည်း အိုးသည်နှင့် ဘာမှမထူး။ ကောင်းတာမှန်တာရောင်း စား ကိုယ့်မိသားစုကျတော့ အသေး အမွှားအသေအပုပ်တို့ ချက်စားကြ ရသည်။ တစ်ခါတစ်ခါကျတော့လည်း ရေလုပ်သားဘဝကို ကိုထွေးအောင် စိတ်နာနေမိတာအမှန်ပင်။ အခြားပခုံး ပြောင်းစရာအလုပ်တစ်ခု မည်မည်ရရ မရှိသေးသဖြင့် တံငါသက်တမ်းရှည်နေ ခြင်း ဖြစ်သည်။

ကွန်နှစ်လားပစ်ပြီး နှစ်ယောက် တက်ထောင်ထိုးလိုက်၊ လှော်လိုက်နှင့် ရွာဆီတရွေ့ရွေ့ဆန်တက်လာခဲ့သည်။

"ဟေ့-သာစိန်၊ မြင်တယ်မဟုတ် လား။ အနောက်မြောက်ဘက်ဆီက ပျံ လာတာ ဟသ်ာမဟုတ်လား၊ ပျံလာတာ ကလည်း ဒယီးဒယိုင်နဲ့၊ ပျံချက်က ထိုးဆောင့်ဒီဆောင့်နဲ့ ဘာဖြစ်လာတာလဲ မသိဘူး။ နောက်မှာလည်း မည်းမည်း တစ်ကောင်ကလိုက်လို့"

"ထွေးအောင်ရေ၊ မင်းပြောတာ ဟသ်ာဟုတ်တယ်။ နောက်ကအကောင် က ဟသ်ာမဟုတ်ဘူး"

"ငါ့အထင် ဟသ်ာက ဆေးမိပြီး ပျံလာတာနဲ့တူတယ်။ နှစ်ကောင်တွဲ ည်းမဟုတ်ဘူး။ နောက်က လိုက်လာ တာ စွန်တစ်ကောင်ပဲကွ"

"ဖြစ်နိုင်တယ်။ မင်းပြောတာ ဘက် မြေနုကျွန်းပေါ် နန်း လတာထဲကိုင်းသမားတွေ ပဲတော်နဲ့ ပဲရင်းစေ့တွေပက်ထားတာ ဟသ်ာ ကောက်လို့တဲ့။ နှစ်ခါပြန်၊ သုံးခါပြန် ပြန်ကြပက်ရ တယ်ပြောတယ်။ တချို့က မျိုးစေ့တွေ ဆေးရည်လူးပြီးချတယ် ပြောတယ်။ ဟသ်ာတွေဆေးမိပြီးပျံလာ တာဖြစ်မယ်"

"ကြည့်စမ်း ထွေးအောင်၊ ဟသ်ာ ပျံလာကာ ဟိုယိုင်ဒီထိုးနဲ့ပျံနေတာ ပျံချက်မမှန်ဘူး။ နောက်ကလိုက်တဲ့ အကောင်ကလည်း တစ်တန်းတည်းပျံ လိုက်နေတာ"

သာစိန်ပြောလို့ စကားပင်မဆုံး သေး၊ သူတို့လှေနှင့် အနောက်ဘက် တည့်တည့်မရောက်တရောက် နောက် ကလိုက်လာသည့်အကောင်ကမီလာ၍ ရှေ့ကပျံနေသည့် ဟသ်ာအား အကောင် ချည်းယှဉ်ကာ တိုက်ပစ်လိုက်သည်။ မြင် ရသည့်မြင်ကွင်းက လျှပ်ပြက်သလို။

"ဖောင်း. . . . ဖလောင်း"

ဆိုသည်အသံနှင့်အတူ ဟသ်ာ ကား ဦးခေါင်းပြတ်ကာ ရေပြင့်ရှိရာ မြစ်ထဲ အရုပ်ကြိုးပြတ်ပြုတ်ကျလာ၏။

နှစ်ယောက်သား အံ့အားသင့် လျက် -

"သာစိန်၊ မြင်တယ်မဟုတ်လား။ ဟသ်ာကိုစွန်ကတိုက်ချလိုက်တာ ဟသ်ာ ခေါင်းပြတ်ပြီး ပြုတ်ကျလာပြီ။ နောက် ကလိုက်ပြီးတိုက်တဲ့ငှက်က ရင်တိုက် သိမ်းကွ။ ငါတော့ ဒီလိုတိုက်ချတာ ဒီတစ်ခါပဲမြင်ဖူးတယ်။ တိုက်ချက်က တော်တော်ပြင်းတယ်"

"ထွေးအောင်၊ ဟသ်ာမြစ်ထဲထိုး ကျသွားပြီ။ တို့လိုက်ဆယ်ရအောင်"

ဟု ဆိုကာ လှေအားကမ်းမှခွာ ၍ ဟသ်ာသေကောင်ပြုတ်ကျလာရာ ဝဲစပ်ကမ်းနှင့် ကိုက်နှစ်ရာလောက်ဝေး သည့်နေရာက ဆယ်ယူရရှိခဲ့သည်။

"သာစိန်၊ တို့တော့ ဒီနေ့ဟင်းစား မရလို့ အိုးကင်းခြောက်ပြီမှတ်နေတာ စားရကံကြုံတော့လည်း မှတ်ဆိတ် ပျားစွဲဆိုတာလို ရင်တိုက်သိမ်းရဲ့တိုက် ချက်နဲ့ ဟင်းစားရပြီပေါ့ကွာ"

"မင်းက ရင်တိုက်သိမ်းအကြောင်း မသိသေးလို့။ ရင်တိုက်သိမ်းဆိုတာ ချိုးသိမ်းကိုပြောတာ။ ဒီကောင်က သာမန်ချိုးငှက်ကထက်ကြီးပြီး ခိုလောက် လည်းမက ချိုးလင်းပြာငှက်လောက်ရှိ တယ်။ သူက တခြားသိမ်းကျား၊ စွန်၊ လင်းယုန်ငှက်တွေလို ကောင်းကင်ပေါ် ကနေ လေဟုန်စီးပြီး ကြာကြာပျံသန်း အစာကိုကြည့်ပြီး ထိုးသုတ်တာ နည်း တယ်၊ ဒီရင်တိုက်သိမ်းက သူ့ရဲ့အစာကို အခြားငှက်တိရစ္ဆာန်တွေအလစ်မှာ အရှိန် နဲ့ အလစ်ပျံပြီး ဝင်တိုက်ဝင်ဆွဲတာများ တယ်"

"အစာကိုတန်းချီတာမဟုတ်ဘူး လား"

"ဒါက ဒီလိုရှိတယ်။ အစာကို တစ်ခါတလေ တန်းချီပြီးဆွဲတဲ့အခါဆွဲ တယ်။ အကောင်ကြီးတဲ့အစာဆိုရင် အစာကောင်ကို အရင်အရှိန်နဲ့ပျံလာပြီး ရင်ပုံနဲ့တိုက်ပြီး မူးမေ့လဲကျချိန်နောက် မှ တစ်ချီထိုးသုတ်ဝင်ချီတာ။ ဟသ်ာကို လည်း အကောင်ကြီးလို့ တစ်ခါတည်း မချီနိုင်လို့ အသေတိုက်ချလိုက်တာပဲ။ သူက ဟသ်ာရဲ့ချို့ယွင်းချက်ကိုလည်း သိနေတယ်"

"မင်းပြောမှပဲ ရင်တိုက်သိမ်းက အခြားစွန်နဲ့ လင်းယုန်ငှက်တွေထက် တိုက်ချက်ပြင်း အလစ်သုတ် အတင့်ရဲ တာသိရတော့တယ်"

"တစ်ခါတစ်ခါ ရင်တိုက်သိမ်းက ရွာထဲက ကြက်ပေါက်၊ ငှက်ပေါက်တွေ ကိုလည်း နေ့ဝင်မိုးချုပ်၊ အိပ်တန်းဝင်၊ အိမ်တန်းဆင်းချိန်မှာလည်း သူကလစ် ရင် လစ်သလိုထိုးသုတ်တတ်တဲ့ငှက်မျိုး ပဲ။ နေ့ဝင်မိုးချုပ်၊ အိပ်တန်းဆင်း၊ အိပ်တန်းဝင်ချိန်၊ ဆက်ရက်၊ စာကလေး ငှက်၊ ဘွတ်ရှည်ငှက်တွေအလန့်တကြား နဲ့ လန့်ဖျပ်အော်ကြပျံကြတာ ဒီချိုးသိမ်း ဝင်ဆွဲတာဖြစ်မယ်။ ရင်တိုက်သိမ်း အကြောင်း မျက်မြင်ကိုယ်တွေ့မြင်ရပြီ မဟုတ်လား။ ဒီဟသ်ာကိုရတာလည်း သူ့ ခန္ဓာကိုယ်ထက် အကောင်ကြီးနေလို့၊ နောက်ပြီး တစ်ချီပြန်သုတ်ချီဖို့ကလည်း မြစ်ထဲပြုတ်ကျသွားတော့ သူ့အစာ လက်လွတ်သွားရတာ"

ဒီနေ့တော့ သူခိုးလက်က သူဝှက် လုဆိုတာလို ရင်တိုက်သိမ်း၏ အစာကို ရလိုက်တာ စားရကံကြုံလို့ပဲ မစားစဖူး အစားထူးဆိုတာလို တစ်သက်နှင့် တစ်ကိုယ် ဟသ်ာသားအား တစ်ခါမှပင် မစားဘူးကြများလည်း ဖြစ်သည်။

ညနေစာအတွက် ဟသ်ာသား ချက်နှင့်စားရမည့်အရေး နှစ်ယောက် သား အတွေးကိုယ်စီနှင့် ရွာဆီသို့ လှေငယ်အား တရွေ့ရွေ့လှော်ကာ ပြန် လာခဲ့ပါတော့သည်။

နေအောင်လင်း (စလေ)



www.burmeseclassic.com

www.burmeseclassic.com



# တက္ကသိုလ်ကြည်သင်း

## ငှက်ဆိုးနှင့်ရတနာသုံးပါးအကျိုး

မြန်မာမှုနယ်ပယ်တွင် မြန်မာစကားပုံ မြောက်မြားစွာရှိနေပါသည်။ စကားပုံတိုင်းမှာလည်း သူ့နေရာနှင့်သူ၊ သူ့အဓိပ္ပာယ်နှင့်သူရှိနေကြပါသည်။

ဥပမာ လသာတုန်းဗိုင်းငင်၊ သေချင်တဲ့ကျားတောပြောင်း၊ ပုံလုံးတစ်လှည့်ငါးပိရှုံ့တစ်လှည့် စသည် စသည်ဖြင့် စကားပုံများစွာရှိကြပါသည်။ ကျွန်တော် မကြားဘူးသော စကားပုံတစ်ခုရှိနေပါသည်။

ငှက်ဆိုးထိုးသံပင်ဖြစ်သည်။ လူတစ်ယောက် စကားပြောမဆင်ခြင်လျှင် ငှက်ဆိုးထိုးသံဟူ၍ တင်စားကြပါသည်။ ငှက်ဆိုးထိုးသံမှာ စကားပုံမဟုတ်ပါ။ ခပ်ကြမ်းကြမ်းပြောဆိုသည်ကို ငှက်ဆိုးထိုးသံဟူ၍ တင်စားခြင်းသာ ဖြစ်ပါသည်။

လူတိုင်း ငှက်ဆိုးထိုးသံကို ကြားဖူးကောင်းမှ ကြားဖူးကြပေလိမ့်မည်။ ကျွန်တော်မှာ ငှက်ဆိုးထိုးသံကို ကြားဖူးရုံမျှမက ခေါင်းပေါ် တွင်ပျံ့ဝဲကာ ငှက်ဆိုးထိုးခြင်းကိုခံခဲ့ရဖူးပါသည်။

ကြာတော့ ကြာမြင့်လှပါပြီ။ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ခန့်က ဖြစ်ပါသည်။ သို့သော် ကျွန်တော် ယခုအချိန်အထိ သတိရနေသေးပါသည်။ ငယ်စဉ်ကလိုကို ကြောက်ရွံ့နေမိသေးပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အုပ်ချုပ်နေသောအချိန် ဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တော့မည်ဟု ကြေညာသောအချိန် ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်သည် အ-ထ-က (၃) တောင်ဥက္ကလာပတွင် ကျောင်းဆရာဘဝနှင့် တာဝန်ထမ်းဆောင်နေသူလည်းဖြစ်သည်။ ကျွန်တော် အလွန်ခင်လှသော၊ ချစ်ရသောသူငယ်ချင်းမှာ ဦးဆွေနွယ်ဖြစ်ပါသည်။ သူ့ကို ကဗျာဆရာ ဖျာပုံမောင်ဆွေနွယ် ဟူ၍ လူသိများပါသည်။

ဖျာပုံမောင်ဆွေနွယ်၏ကောင်းမှုကြောင့် ကျွန်တော် လူငယ်ရေးရာ ညကျောင်းဆရာ ဖြစ်လာပြန်သည်။ ကျွန်တော်သည် အေးအေးနေတတ်သူဖြစ်သော်လည်း သူငယ်ချင်းများက ကျွန်တော့်အကြောင်းသိထားသူများရှိနေသည်။

ကျွန်တော်သည် ငမိုးရိပ်ရပ်ကွက်တွင်နေထိုင်ပြီး ကျောင်းသွား၊ ကျောင်းပြန် ညကျောင်းအလုပ်ကိုသာလုပ်နေပါသည်။ တစ်နေ့တွင် ရပ်ကွက်ထဲမှ သူငယ်ချင်းများနှင့် ဆုံတွေ့သောအခါ ကျွန်တော်နိုင်ငံရေးအရိပ်အယောင်ပါလာပါတော့သည်။ ဖောက်သည်ချသူကလည်း ဖွဲ့သိမ်ကောလိပ်မှ ကျောင်းသားဟောင်း ဦးချစ်စိန်ဖြစ်ပါသည်။

ဒီလိုနှင့် ပြည်သူ့ကောင်စီလုပ်ငန်း မလုပ်ရေးမှာ တကယ့်ပြဿနာကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ကျွန်တော့်သဘောနှင့် ထွပ်လို မလုပ်သည့်ဘက်မှ ကျွန်တော် နေပါသည်။

"တဲ - ကိုချစ်ဆွေ၊ ခင်ဗျားပြော တာ ကြာတယ်ဗျာ။ ခင်ဗျားပြည်သူ့ ကောင်စီမလုပ်ဘူးဆိုရင် ကျွန်တော် လည်း သမဝါယမကထွက်မယ်ဗျာ"

အရှည်ကြီး ကိုသောင်းက ကျွန်တော့်ကိုစိန်ခေါ် လေတော့သည်။

"ကျွန်တော်ကောင်စီမလုပ်တာနဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"အို - ပတ်သက်မပတ်သက်ဗျာ၊ ကျွန်တော်ထွက်မယ်"

"ဟာ - ဒီလိုထွက်လို့ဘယ်ဖြစ် မလဲ"

ကျွန်တော်တို့အထဲတွင် အသက် အတော်အတန်ကြီးသော ဦးသန်းညွန့်က ပြောလာပါသည်။

"ဟုတ်တယ်၊ ခင်ဗျားထွက်သွား ရင် သမဝါယမမှာ သူတို့ထင်သလိုလုပ် ကုန်ကြလိမ့်မယ်။ ကဲ - အဲဒီတော့ ဒီလို လုပ်"

"ဘယ်လိုလုပ်ရမှာလဲ"

"ကိုချစ်ဆွေက ကောင်စီရွေးတာ ကို လက်ခံလိုက်။ အနည်းဆုံး မြို့နယ် မဟုတ်တောင် ရပ်ကွက်ကောင်စီတော့ လက်ခံလိုက်ပါ"

ကျွန်တော် တွေးနေမိပါသည်။ ရပ်ကွက်ကောင်စီတော့လုပ်ပါဟု အား လုံးကပြောနေကြပြန်သည်။

"တဲ - လုပ်ပြီထားပါတော့၊ အခု ဟာက သူတို့လူနဲ့သူတို့လျာထားပြီးသား ဖြစ်နေပြီ"

"အဲဒါခင်ဗျားမပူနဲ့။ ကျွန်တော် တို့တစ်အုပ်လုံးရှိတယ်။ သူတို့လျာထား တဲ့လူကို ပြည်သူ့ဆန္ဒနဲ့ ပြန်လှန်ရုံပေါ့"

ထိုသို့ဖြင့် ကျွန်တော် ရပ်ကွက် ကောင်စီ ကိုယ်စားလှယ်လောင်းကို သူငယ်ချင်းများက ဝိုင်း၍လျာထားပေး ပါတော့သည်။ တကယ်လျာထားခံရသူ ဦး(×××)ကလည်း ကျွန်တော်ဝင်ပြိုင် မည်ကို သိထားပါသည်။ သူကလည်း အင်နှင့်အားနှင့်ပေါ့လေ။ ကျွန်တော့် သူငယ်ချင်းတွေကလည်း အင်နှင့်အား နှင့်ပေါ့။

နောက်ဆုံး ပြည်သူ့ဆန္ဒခံယူရာ တွင် ဦး(×××)ဖြုတ်သွားပြီး ကျွန်တော် တစ်ဦးတည်းသာ ရပ်ကွက်ကောင်စီရွေး ရမည်ဖြစ်သည်။

တစ်နေ့ သူငယ်ချင်းဦးသောင်းက စကားအဆန်းဆိုလာပြန်သည်။

"ကိုချစ်ဆွေ၊ ခင်ဗျား ညဘက်ပြန် တာ ကျွန်တော်စိတ်မချဘူး။ ဒီတော့ ကျွန်တော်တို့လာကြိုမယ်"

ဒီလိုနှင့် ရွေးကောက်ပွဲမတိုင်မီ သုံး၊ လေးရက်အလိုတွင် ညဘက် ကျွန်တော့်သူငယ်ချင်းများ လာကြိုပါ တော့သည်။ ညကျောင်းဆိုတော့ည (၉) နာရီမှ ကျောင်းလွှတ်ပါသည်။ တချို့ရက် များတွင် ကျောင်းတံခါးမကြီးမဖွင့်ခဲသေး သဖြင့် သူငယ်ချင်းများ ကျောင်းအဝင်ဝ မှာပင် စောင့်နေရပါသည်။

တစ်ည။

ငှက်ဆိုးထိုးသည့်ညဖြစ်ပါသည်။

ကျွန်တော်နှင့် သူငယ်ချင်း (၆) ယောက်တို့ စက်ဘီးကိုယ်စီဖြင့် ကျောင်း မှပြန်လာပါသည်။ ကျွန်တော်တို့သည် (၇) ရပ်ကွက်မှ (၁၃)ရပ်ကွက်ကိုဖြတ်ပြီး မှ ဘဝမြင့်ရိပ်သာကိုကျော်၍ ငမိုးရိပ် ရပ်ကွက်သို့ သွားရပါသည်။



www.burmeseclassic.com

(၁၃) ရပ်ကွက် ချောင်းတံတားလေးအကျော်သို့ရောက်သောအခါတွင် 'ဂီး ဂီး ဂီး' ဟူသော အသံနှင့်အတူ ကျွန်တော့်ခေါင်းပေါ်သို့ ကျလာသည်ဟု ထင်ရသည်။ သို့သော် တကယ်တမ်း ခေါင်းပေါ်သို့ကျမလာပါ။ ခေါင်းပေါ်သို့ ကျမလာသော်လည်း အတောင်ခတ်သံနှင့် ကျွန်တော့်ဆံပင်များ ပွထွက်လာသည်ကို သတိပြုမိပါသည်။

ကျွန်တော့် သူငယ်ချင်းများကလည်း အသီးသီး စက်ဘီးများရပ်ကာ အခြေအနေကို စောင့်ကြည့်နေကြပါသည်။

ကျွန်တော် အရမ်းကြောက်ရွံ့သွားပါသည်။ တုန်လှုပ်သွားပါသည်။ ကျွန်တော့်ဘဝတွင် ဤသို့သောအဖြစ်ဆိုးမျိုးနှင့် တစ်ခါဖူးမျှမကြုံဘူးပါ။ သို့သော် သူငယ်ချင်းများပါလာသည် အတွက်ကြောင့်သာ တော်သေးသည်ဟု ဆိုရမည်ထင်ပါသည်။ ကျွန်တော် စက်ဘီးကို ဆက်၍နင်းမရတော့ပါ။ သူငယ်ချင်းတစ်ယောက်ကို စက်ဘီးအနင်းခိုင်းပြီး ကျွန်တော်ထိုင်လိုက်ရသည်အဖြစ်မျိုး။

စာရှုသူများ ကျွန်တော်ကဲ့သို့ခံစားရမည်ဆိုလျှင် မည်သို့ဖြစ်ချေမည်နည်း။ သူငယ်ချင်းများက အိမ်အရောက်ပို့ပေးပါသည်။ သို့သော် တစ်အိမ်လုံးမှောင်မည်းနေပြန်ပါသည်။ လျှပ်စစ်မီးက ကွက်ကျားမလာပေ။ ပို၍ထူးခြားသည်မှာ ကျွန်တော့်ရင်ထဲတွင် ကြောက်စိတ်ပိုနေသည်ကို လျှပ်စစ်မီးမလာသော အမှောင်ထုက ပို၍ပင်ဆိုးပါတော့သည်။

ကျွန်တော်သည် ဇနီးသည်ကို လှမ်းခေါ်ပါသည်။ဇနီးသည်မှာ အမှောင်ထဲတွင် ဓာတ်မီးရှာနေရသည်ဟု ပြန်ပြောပါသည်။ ကျွန်တော် စက်ဘီးကိုတင်ပြီး အိမ်ပေါ်တွင်ထိုင်လိုက်သည့် အခါကျမှ လျှပ်စစ်မီးပြန်လာပါသည်။

ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့်ရွှဲနေပါသည်။ အမျိုးသမီးထံမှ ရေတစ်ခွက်သောက်ပြီး ကျွန်တော်က မေးလိုက်သည်။

"ကလေးတွေကော အိပ်ကုန်ပြီလား"

"ခါတိုင်းနေ့တွေ မအိပ်သေးပါဘူး။ ဒီညတျမှ အကုန်အိပ်ပျော်ကုန်တာပဲ။ ကျွန်မတောင် အစ်ကိုခေါ်တော့မှ လန့်နိုးလာတာ။ ဒီညဘာဖြစ်တယ်မသိပါဘူးရှင်"

ကျွန်တော် မျက်နှာမကောင်းကြောင်း အမျိုးသမီးက မနေနိုင်သဖြင့် ဖွင့်မေးပါတော့သည်။

"အစ်ကို၊ မျက်နှာလည်းမကောင်းပါလား။ ရန်ဖြစ်လာလို့လားဟင်"

သူမ မေးတော့မှပင် ကျွန်တော့်မျက်နှာကို သတိထားပြီးပြင်လိုက်ပါသည်။

"ဘာမှမဖြစ်ပါဘူး။ ကဲ- အိပ်ချေတော့လေ။ မနက်စောစောထရဦးမယ် မဟုတ်လား"

ကျွန်တော်သည် အမျိုးသမီးကို ပ,ထုတ်လိုက်သည်။ ပြီးမှ အဝတ်အစားလဲကာ အိပ်ရာဝင်လိုက်သည်။

နောက်တစ်နေ့မှာ တနင်္ဂနွေနေ့ဖြစ်သည်။ ကျွန်တော်သည် အိပ်ရာကထကာ ရေမိုးချိုး၊ အဝတ်အစားလဲကာ အပြင်ထွက်လာပါသည်။ လမ်းတစ်လျှောက်လုံးတွင် ညကဖြစ်ခဲ့သော ငှက်ဆိုးအသံကိုသာ ကြားယောင်နေမိသည်။

ကျွန်တော်သည် ကျွန်တော့်ဆရာ ဘုန်းတော်ကြီးကို သွားလျှောက်မည်ဟု အိမ်ကထွက်လာသည်။ဘုန်းကြီးကျောင်းမှာ သိပ်တော့မဝေးလှပါ။ ဇဝနနှင့်တောင်ဥက္ကလာပ (၁၂) ရပ်ကွက်အေးတွင်တည်ရှိပါသည်။ ယခင်က ကားလိုင်းမရှိသေးပါ။ ယခု သရက်တောမှတ်တိုင်အလွန်တွင်ရှိ၏။ နိဗ္ဗာဒါရုံကျောင်းဆိုလျှင် အလွယ်တကူ ညွှန်ပြပါလိမ့်မည်။

ယခု ကျွန်တော့် အသက်(၇၄)နှစ်ရှိပြီ။ ဘုန်းတော်ကြီးမှာ (၈၆)နှစ်ရှိနေပါပြီ။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က ဆိုလျှင် လူကြီးမင်းများ တွက်သာကြည့်ပေတော့။

ကျွန်တော်သည် ဘုန်းဘုန်းကို အဖြစ်အပျက်အကုန်လုံး လျှောက်ထားလိုက်ပါသည်။ ဘုန်းဘုန်းက ကျွန်တော်ပြောသမျှကို ခေါင်းညိတ်နားထောင်နေပါသည်။ ကျွန်တော့်စကားဆုံးသည်နှင့် ဘုန်းဘုန်းက မိန့်ပါတော့သည်။

"ကျောင်းဆရာပြောတာအမှန်ဆိုရင်တော့ နတ်တိုက်တာလို့ခေါ်တယ်"

ကျောင်းဆရာ ဆိုသည်မှာ ကျွန်တော့်ကိုပြောခြင်း ဖြစ်ပါသည်။ လူချင်းရင်းနှီးကြသည်မှာ နှစ်အတော်ကြာပြီဖြစ်သော်လည်း ကျွန်တော့်နာမည်ကို ဘုန်းဘုန်းမသိ။ ကျောင်းဆရာဟူ၍သာ ခေါ်ခေါ်နေပါသည်။ ဘုန်းဘုန်းဘွဲ့ကိုလည်း ကျွန်တော်မမှတ်မိ။ ဘုန်းဘုန်းဟုသာ ခေါ်ဆိုဆက်ဆံနေကြပါသည်။

"နတ်တိုက်တာ - ဟုတ်လား ဘုန်းဘုန်း"

"အေး - ဟုတ်တယ်၊ မင်းတံကောင်းလို့။ မဟုတ်ရင် သေသွားနိုင်တယ်"

ကျွန်တော်ကြောက်စိတ်ကိုမနည်းထိန်းနေရသည်။ 'ငါယောက်ျားပဲ' ဟု၍ အကြိမ်ကြိမ်ထိန်းနေရသည်။

"ဒါဖြင့် တပည့်တော် ဘာလုပ်ရမလဲဘုရား။ လုပ်သင့်လုပ်ထိုက်တာကို အမိန့်ရှိပါဘုန်းဘုန်းဘုရား"

ဘုန်းဘုန်းသည် အနည်းငယ်တွေဝေသွားသည်။ တစ်စုံတစ်ရာကို စဉ်းစားနေဟန်လည်းရှိသည်။

"အေး-မင်းလုပ်ရမယ့်အလုပ်ကတော့ ဘုရားပဲရှိတယ်လေ။ ဘုရားမှာ အာရုံပြုပြီး ပုတီး(၉)ပတ်စိပ်ပေါ့။ မင်းတို့မဲထည့်ရမှာက ဘယ်တော့လဲ။ ဘယ်တော့ဖြစ်ဖြစ်လေ။ စပြီးမဲပေးတဲ့အချိန်ကစပြီး ဖယောင်းတိုင်ကိုထွန်းပါ။ မီးမငြိမ်းစေနဲ့ ကြားလား။ ဘာမှတော့မဖြစ်ပါဘူးလေ။ ကျောင်းဆရာက သူတော်ကောင်းပဲဟာ"

ကျွန်တော်သည် ဘုန်းဘုန်းပေးသော ဖယောင်းတိုင်ထုပ်ကိုယူပြီး ပြန်ခဲ့ပါသည်။ ထိုညမှစ၍ ဂုဏ်တော်(၉)ပါးကို ပုတီး (၉)ပတ် ရွေးကောက်ပွဲပြီးသည်အထိ စိပ်ရပါသည်။ ရွေးကောက်ပွဲရောက်သောအခါ ကျွန်တော့်မိတ်ဆွေဦးသန်းညွန့်တ မဲရုံမှူး၊ ကျွန်ရဲဘော်များက မဲရုံအဖွဲ့ဝင်များ ဖြစ်နေပါသည်။ အင်း - အဆိုးထဲကအကောင်း ဟု၍ ကျွန်တော်ရင်ချောင်သွားရပါသည်။

မနက် မိုးလင်းသည်မှစတင်၍ ဘုန်းဘုန်းပေးသော ဖယောင်းတိုင်ကို တစ်တိုင်ပြီးတစ်တိုင် မီးငြိမ်းမသွားအောင် ထွန်းရှိထားပါသည်။ မဲရုံပိတ်သောအခါ ကျွန်တော် ဦးချစ်ဆွေနိုင်ကြောင်း ကြေညာပါသည်။ အရွှေကြီး ဦးသောင်းဆိုလျှင် ထရံကသည်အထိ စိတ်မထိန်းနိုင် ဘဲလွတ်သွားပါတော့သည်။

'ဪ - ငှက်ဆိုး ငှက်ဆိုး။ ဤအများ ကြောက်လန့်လောက်အောင် ဆိုးပါကလား'

ဟုသာ စိတ်ထဲတွင် မှတ်ချက်ချလိုက်မိပါတော့သည်။ သို့သော် တစ်ဖက်မှာလည်း ရတနာသုံးပါးကို မည်သည့်အခါမျှ မမေ့သင့်ကြောင်း ကိုယ်တိုင်သိလာရပါတော့သည်။

တက္ကသိုလ်ကြည်သင်း



www.burmeseclassic.com

www.burmeseclassic.com



# နေဝိဇ္ဇာ (၆)

## နာမည်များနှင့်ခြင်းခုံခြင်း

**ရွဲလိုင်လှလှလို့လော့လာလျှင်**

သည်နွေနံနက်ခင်းက ကြည်နူးရော။ ရွက်အိုချွတ်၍ ရွက်သစ်တို့ ထွက်ဆင်ခါစ ပင်ကုက္ကိုဏ်စိမ်းနုနုအသွင် ဆန်းကြောင့် စိတ်ကအလန်းသား။ အိမ်ရှေ့စည်းရိုးမေးတင်နေသော ညီနောင် ပိတောက်နှစ်ပင်ကတော့ ဘယ်သူပြိုင်ထို့လှနိုင်သလဲဟု လေအသင့်တဝင့်ဝင့် တာန့်ဖြင့် သွေးသစ်ဝင်လျက် အစွမ်းကုန်တာန်ရေးပြနေသည်။ ပင်လုံးကျွတ် သီကုံအဆင်းနှင့်မို့ တစ်နှစ်လျှင်တစ်ခေါက်ကို ပိတောက်က စိန်ခေါ်ပြစမြဲ။ သူ့ပင်ခြေရင်းနားမှာရှိသော မေစံပယ်ရုံကလေး တွေကဖြင့် မော်လို့ပင်မကြည့်။ ကိုယ့်အသွင်ကိုယ်ကိုး ခိုကိုးစွာ အဖြူသန့်သန့် ဖွံ့ဖွံ့သင်းသင်း ပွင့်လွှာကလေးတွေ နေ့စဉ်တစေ ဝေပြနေရေး အလေးထားကြသည်ပမာ။

"ဟဲ့ - စုစု၊ ညော့်သည်နဲ့ သည်မှာ ဘာအရေးရှိသလဲ"

"သည်နေ့က သမီးမွေးနေ့လေ အဘရဲ့။ နေ့လယ်ကျလျှင် အနီးက ကျောင်းနေဖက်သူငယ်ချင်းတွေကို ဖိတ်ပြီး မုန့်တီလုပ်ကျွေးမလို့။ ဒါက သမီးသူငယ်ချင်း မကံပို တဲ့"

"ကံပို၊ ကံပိုဟုတ်လား။ ခုခေတ် မှည့်လေ့မရှိတဲ့ ရှားပါး နာမည်ပါလား"

"ဟုတ်ပါတယ် အဘရယ်။ သမီးကိုမွေးတော့ အမေက (၄၀) ကျော်နေပါပြီ။ ကံထူးကံပိုလို့ရလာတဲ့ သမီးလေး ဆိုပြီးမှည့်တာတဲ့။ သည်နာမည်လေးကို လည်းနှစ်သက်လို့ မပြောင်းတာပါရှင့်"

အဘတို့အားနေခိုက် ကံပိုအတွက် ဗေဒင်ကြည့်ပေးပါလား။ ရှေးဓာတ်ဆို မေမယ့် မန္တလေးမှာနေတာ။ အခွင့်သာတုန်းပေါ့ အဘရဲ့"

"မိစုရယ်၊ အဘတို့သုံးယောက်က သမီးတပည့်မဟုတ်ဘူးနော်။ ပြီးတော့ ဘယ်သူ့မှ ဗေဒင်ဟောမပေးတာကြာလှပေါ့"

"ကဲပါ နန္ဒရယ်။ သည်ကလေးမဟာ မင်းအတွက် လိင်္ဂနာမ‌ေးခွန်းရဲ့ သရုပ်ပြအဖြစ်ထားပြောကြစို့။ နားလည်ခြင်း၊ မလည်ခြင်းက သူ့ကိစ္စ၊ ဓမ္မဝိဇ္ဇာန်ပြောဖို့က တို့တာဝန်။ ထိုင်နားထောင်ပါစေ။ ကျန်တဲ့တွက် စစ်မှုဝင်းနေ တာဝန်ယူလိမ့်မယ်"

ဆရာကြီးဦးနန္ဒ၏ တူမစုစုခင်းသည် အွဲ့ရပြီး၍ ကျောင်းဆရာမလုပ်နေသည့် ယုဝတီ။ မကံပိုက ကျွန်ုပ်ထံသို့ စာရွက်တစ်ချပ်လာပေးသည်။ ဥပမိက တင့်တယ်ပြေပြစ်လို့ ပွင့်သစ်စ ပန်းစံပယ်ပမာ ကိုယ်ပိုင်ဘဝ အား ဏက်ခံ၍ အလံမလှဲ၊ ခါးမရွံ့လို သော်မာန်တော့ ရွှန်းကြည်လဲ့ မျက်လုံးအစုံက သက်သေပြနေသယောင်။ .

"ယောက်ျား၊ မိန်းမ အသွင်အပြင်၊ လက္ခဏာစိတ်ခံစားချက် ကွဲပြားကြတာ သိဖို့လွယ်တယ်၊ နောက်တစ်ဆင့်။

ယောကျာ်းသည် အကြမ်းဝတ္တုခိုင်မာ၊ ခက်ထန်၊ ပွင့်လင်း၊ သွက်လက်၊ ဖြောင့်တည်၊ ထင်ရှား။ ပမာအားဖြင့် လေးကိုင်းသစ်သား။ မိန်းမဆိုလျှင် အနုဝတ္တု ပျော့သွယ်၊ ညင်သာ၊ ဖုံးဝှက်၊ သိမ်မွေ့၊ လှည့်ပတ်။ ပမာအားဖြင့် ညို့ကြိုးတစ်စ၊ သည်ကြိုးစလေးကြည့်ဘာအထင်ကြီးစရာရှိသလဲ။ ပျော့စိစိနှင့် ပေါ့ပါးပြီး သေးနုပ်နုပ်။ သို့သော် ခိုင်မာတယ်ဆိုတဲ့ လေးကိုင်းကို ချည်နှောင်ဆွဲလိုက်လျှင် မခံနိုင်ပါဘူး။ ကြိုးဆွဲသမျှ ကွေးညွှတ်ပါရရဲ့။ ခံနိုင်စွမ်းရည်ရှိတာက ကြိုးစလေး။ သူ့စွမ်းရည်က အုံ့မခန်းလိလိ ကျား-က အမာ၊ အတိုက်စွမ်းအင်။ မ-က အပျော့၊ အခံစွမ်းအင်"

ရေနွေးပွဲပြီးသောက်နေစဉ်ကျွန်ုပ်က မကံပို၏ မွေးသက္ကရာဇ်စစ်လိုက်သည်။ တနင်္လာသမီး- ၁၃၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (5-3-1990 MON) (ဝ) ကြွင်း ဝရဖွား။ ဆရာကြီးများ ကဖြင့် မကံပို၏ နေ့နံ၊ အသက်ဘာမှ မမေး။ ရှိနေသည်ပင် အမှတ်ရပါစ။

"ကျားပုရိသလိင် (လိင်္ဂ၊ အသွင်သဏ္ဌာန်)၊ မ ဣတ္ထိဏီင်၊ ကျား-မမကွဲ ဒွန်တွဲလျှင် နပုံသကလိင် (၃) မျိုးပဲ၍

www.burmeseclassic.com

နိုင်တယ်။ နာမည်လည်း သည် (၃) မျိုးက ငါတို့တိုင်းပြည်မှာ ထင်ရှားတယ်။ မနေ့က (အမှတ်- ၄) မင်း ငါ့ကိုပြောခဲ့တဲ့ ပါဠိလိုင်အမှားပေးထားတဲ့ ကိုရင့်ဘွဲ့အမည် ရှင်သီရိမာ၊ ရှင်ပညာနန္ဒိလို အမှားမျိုးက သဒ္ဒါမတတ်၊ စနစ်မသိသူ ဆရာအတွက် လစ်ဟာမှုကြီးပဲ။ မှည့်ရိုးရှိရိုးမရှိပါဘူး။ တခြားဘာသာတွေလည်း တူပါတယ်။ ရှေ့ကရှိတဲ့ ဦး၊ ကို၊ မောင်၊ မ၊ ဒေါ်၊ မိ ဖြုတ်ပြီး နာမည်ရဲ့အသံအားကို ဖမ်းကြည့်က ထင်ရှားရစေမှာပေါ့။

"ကျားဆိုသည် အမာ၊ အတိုက်ဓာတ်၊ အကြမ်းအုပ်စု။ ရဲမင်း၊ ရဲအောင်၊ ရန်ရှင်း၊ ရန်ခွင်း၊ သိမ်းပိုက်မာန်၊ သတ္တိထွန်း၊ ဟိန်းထက်မင်း၊ အောင်မြင်သူ၊ အောင်ထက်ကျော်၊ ဇွဲထက်ရှား၊ မင်းထက်လူ၊ တင်မောင်၊ အေးကို၊ မိုးကြိုး၊ မိုးသီး၊ မြဒင်၊ ဘဂျမ်း၊ ဘုန်းထက်ဦး စတဲ့ နာမည်ကြားတာနှင့်ပင် အားနှင့်မာန်က ကူးစက်လာတယ်။ အားကိုးချင်စိတ်ပေါက်စေတဲ့ ကျားလိုင်စွမ်းအင်ပြည့်မြန်မာ့နာမည်စစ်စစ်။

ပါဠိမှည့်ချင်သပဆို နားမလည်ဘဲ လှလို့ယူမိကာမှ လိင်အမှား၊ အနက်အဓိပ္ပာယ် အနိဋ္ဌဝင်တိုးမိပြီး ပြင်ရန်ခက်ခက်၊ အသက်တကြီးလာ၊ အများတကာတွင်ကျယ်နေလျှင်မလွယ်။သတိပြုမှသင့်တယ်လေ။

"မ-အပျော့၊ အဆွဲဓာတ်၊ အနုအုပ်စုမို့ ယဉ်နွယ်၊ သီသီ၊ ထွေးနု၊ အိဖြူ၊ ခင်သွယ်၊ စံပယ်၊ နှင်းဆီ၊ မေမြင့်၊ ပန်းနု၊ ဆုပြည့်သွင်၊ ယုမြတ်သွယ်၊ ရွှန်းလဲ့ကြည်၊ မေမီမြင့်ဖူး၊ ယုယချစ်၊ ကြည်ကြည်စန်း၊ အေးဝတ်ရည်၊ ယဉ်ယဉ်အေး၊ ဂျန်းဘုံ စတဲ့နာမည်ကြားတာနဲ့ သူကမိန်းကလေးပါလားလို့သိပြီး တွေ့ချင်စိတ်ပေါက်အောင် ဆွဲအားညှို့ငင်မှုဖြင့် ဣတ္ထိလိင်ထင်ရှားနေတဲ့အမည်တွေ"

"ဟော့ - ဝင်းနေ၊ နာမည်တစ်ခုအဲဒါ ကျားလား၊ မလား လူကိုမမြင်ရဘူးနော်။ ကြည်သန်းတဲ့ ဖြေ"

"နှစ်ခုစလုံးဖြစ်နိုင်ပါတယ်"

"ကံပို"

"ထပ်တူပါပဲခင်ဗျာ"

"ခင်ညွန့်"

"မထူးပါဆရာကြီး"

"ခင်ခင်ညွန့်ဆိုရင်"

"ဒါတော့ မ,ဆိုတာ ထင်ရှားပါတယ်"

"နောက် မြအေး"

"ကျား, မ နှစ်ခုစလုံးဖြစ်နိုင်ပါတယ်"

"အေး - မြင့်ခိုင်၊ လှဝင်း၊ ဆန်းတင်၊ သက်ပိုင်သူ၊ သန်းဦး၊ သန်းမြတ်စိုး၊ ဇင်မြင့်၊ မိုးထက်သံစဉ်၊ ပိုင်ဥက္ကာ၊ နှင်းဇမ္ဗူအေးချမ်း၊ မိုးမိုးသံ၊ ခွန်းဆက်သီ၊ နွဲ့ကိုကိုနီး၊ ဇေယျာသိမ်းပိုက်ဖြိုး၊ ယူအောင်ပိုနိုင် စတဲ့စတဲ့နာမည်တွေ အများကြီးရှိပါတယ်"

"အမည်ဆိုတာ သညာမျှသာဖြစ်တယ်လို့ ခုခံပြီးပြောချင်ပြောကြပါစေ။ ယောကျ်ားကို ယောကျ်ားလိင်သဘောမရောက်တဲ့ ဝေါဟာရ၊ မိန်းမဆိုလျှင်လည်း မိန်းမလိင်သဘောမဆောင်တဲ့ ဆန့်ကျင်ဘက် ဝေါဟာရမျိုးတွေကို ဘယ်လူမျိုး၊ ဘယ်နိုင်ငံကမှ လက်မခံမှည့်ရိုးမရှိကြပါဘူး။ ဒါက နာမည်နှင့်ပတ်သက်ရာ လူ့အသိုင်းအဝိုင်းရဲ့ ယဉ်ကျေးမှုတစ်ခု။

ပညာရပ်ဘက်ကဆိုလျှင် အက္ခရာတွေကို ဖို-မနှင့် ခွဲဒေပါရှိပါတယ်။ မှားလျှင် အိမ်ထောင်ရေးနှင့် အချစ်ရေးဘက်တွေအပေါ် အကျိုးသက်ရောက်တယ်မဟုတ်လား။ လိင်က သည်အက္ခရာနှင့် ဘာမှမပတ်သက်ပါဘူး။ ပါဠိလိုဆိုသဒ္ဒါအမှား၊ အသံမှားပေါ့လေ။ ပညာရပ်ဘက်မှာလည်း သည်လိင်အမှား နာမရှင်တွေဘဝက အပြစ်စွန်းညစ်ထေးနေပါတယ်။ ကိုယ့်ဝန်းကျင်မှာရှာကြည့်က သိပါလိမ့်မယ်။ လိင်အမှားတွေ ဘာဖြစ်တတ်သလဲဆိုတော့ -

၁။ ပုရိသယောကျ်ားကို အမျိုးသမီးဣတ္ထိလိင်နာမည်၊ ဣတ္ထိယအမျိုးသမီးကို ပုရိသလိင်နာမည်မှည့်ထားလျှင် စာရိတ္တချို့ယွင်း၊ သဘောထားသေးနုပ်၊ ဆန့်ကျင်ဘက်အတွေးမျိုးရှိခြင်း။

၂။ နပုံသကလိင်နာမည်ကို ကျား၊ မမှည့်ထားလျှင် ဆုံးဖြတ်ချက်ဝေ၊ အိမ်ထောင်ရေး၌ တစ်ဖက်သတ်အနိုင်ယူ မပွင့်လင်း၊ ဆန့်ကျင်ဘက်စိတ်ဓာတ်ရှိခြင်း။

၁။ ယောကျ်ား ဆိုပါစို့ရဲ့။ သူတို့စိတ်ဟာ လူတွေပြောပြောနေလေ့ရှိတဲ့ သည်ကောင်က မိန်းမကျင့်မိန်းမဉာဏ်သိပ်များတယ်ဆိုတာ သူတို့တွေပေါ့။ ဆန့်ကျင့်ဘက်ဆိုတာ ယောကျ်ားတစ်ယောက်ရဲ့ ဣန္ဒြေထက်လွန်ကဲကာ အဝတ်အစားတို့ လိုတာထက် ဂိုက်ပေးဟန်ပြချင်ကြတာ။ မိန်းမတွေလည်း ယောကျ်ားတွေနှင့် ဆက်ဆံလျှင် ယောကျ်ားဆိုတာ ဘာရဲ့ညာရဲ့ စတဲ့ အထင်သေးဉာဉ်ဖြင့် ဝါးလုံးရှည်ရိုက်ချင်ကြရဲ့။

(၂) သမားတွေ ဘာလုပ်လုပ် လွယ်လွယ်တွေး၊ လွယ်လွယ်လုပ်တတ်ကြတယ်။ နှစ်ဖက်ခွနင်းစီးပွားရှာချင်၊ တစ်ဖက်သတ်အိမ်ထောင်ရေး ဆိုတာကလည်း အစောကတည်းက ကြိုးဆွဲကတတ်သူမျိုးပဲရွေးချယ်ပြီး အနိုင်ယူဟန်ရေးပြချင်ကြတာကို ပြောတာပါ။

ကဲ - ယခု သည်ကလေးမ ကံပိုရဲ့ဉာဏ်ကို နည်းနည်းလောက်ခွဲစိတ်ကြည့်ကြစို့ရဲ့"

"ကံ-တနင်္လာ၊ ဖိုအက္ခရာ၊ ဝဏ္ဏက အဖြူမှိုင်းသီတယ်။ နိဂ္ဂဟိတ် သေးသေးတင်ဟာ ဒီယမို့ ဒါလည်းမှန်နေပြီ။ ဟော့- ဝင်းနေ၊ ကံပိုဟာ ဘာတိုင်စဉ်လဲကွ"

"(၆) ပါ ဆရာကြီး"

"(၆) ဆိုလျှင် ကံ-က လက်ယာမှာရှိတော့ လက်ယာဖွား၊ ကျားဉာဉ်ပဲ။ ဒါက ဆန်းကျင် ကံ၊ ပြီးတော့ ပို။ ကြာသပတေး ကံပို၊ သောမအက္ခရာအတွဲ ကြွဖွားဖို့ ဂဏ္ဍ ၂-၅ လို့ ငါတော့ယူတယ်။ ကောင်းပြီ ပိုက လက်ဝဲ မှန်ရဲ့။ ဝဏ္ဏလည်း အဖြူ ဒီယရသာမှာ ပိုက ရဇျေည်းမပါဘူး။ ဒါက ဣနှင့် ဥ သရနှစ်လုံးတွဲစပ်ရာမှ တစ်သံတည်း၊ တစ်ခုတည်း ပိုနော်။ ဒီယပါပဲ မှန်ပါတယ်။ အားလုံးအဖြေထုတ်သော် ကံပိုဟာ ကျားအား (၃) ရှိတယ်။ မ (၁) အား နာမည်လိင် နပုံသက၊ ရောရာမှီ သည်အတိုင်းပဲထားလိုက်တော့"

"ရုပ်ရည်ရူပကာ ဣတ္ထိယအင်္ဂါရုပ်ပြည့်ပေမယ့် သူ့အတွင်းစိတ်က မပျော့ပျောင်းပါဘူး။ စိတ်ဓာတ်ထန်မယ်၊ အပြောင်းအလွဲမြန်မယ်။ သတ္တိရှိတဲ့ ကလေးမ။ တော်တော်နှင့်အိမ်ထောင်မပြုတတ်။ သာမန်ယောကျ်ားမျိုးတော့ စိတ်ကူးပင်ယဉ်မယ်မဟုတ်။ နပုလ္လိင်နာမည်အားနှင့် ကျားအား (၃) ပါပေါင်းလိုက်လျှင် ပုရိသလိင်နာမည်စာရင်းထဲ ဝင်သွားစေသည်အထိ ရှိတာကြောင့် ယောကျ်ားမြင်တိုင်း ရင်မခုန်၊ အထင်မကြီးတာလည်းပါလိမ့်မည်။ သည်ဉာဉ်က သူ့ဘဝရဲ့ခရီးမှာ ချစ်သူရှိလည်း လက်မခံတတ်တာ၊ စိတ်အလိုဆန္ဒဦးစားမပေးတာ စတဲ့အကြောင်းတွေက အိမ်ထောင်ရေးကံမလိုက်ဘူးလို့ ယူချင်က ယူနိုင်တဲ့ပရိယာယ်ပဲလေ။ ၂၈၊ ၂၉နှစ်ကြာ စပ်ကူးမပ်ကူးမှာ အိမ်ထောင်ကျနိုင်တယ်။ ချမ်းသာကံအပြည့်ဖြင့် အိမ်ထောင်ရေးကြုံပါလိမ့်မယ်။

ကိုယ်မနှစ်သက်သော့အာရုံဖြင့်

www.burmeseclassic.com

ထိခံစားမိတဲ့အခါ စိတ်ရှည်းသည်းခံ အတ္တကို သိပ်အလိုမလိုက်မိအောင် ချင်ကောင်းမယ်၊ အကောင်းဆုံးက အိပ်ရာဝင်တဲ့အခါ စိတ်နှင့်ခန္ဓာ ဖြေလျှော့ထားလိုက်ပြီး အာနာ ဝင်သက်၊ ထွက်သက်ကို ဆယ်မိနစ်၊ ငါးမိနစ်ခန့် လေ့ကျင့်ပေးစေချင် တယ်"

"အေး- မင်းက လိုင်နာမည်ရှင် ကြောင်းပြောပြီးတော့ ဆက်ပြီး အိမ် ထောင်ရေးကို စိစစ်တဲ့အပိုင်း နာမက္ခရ န်းကျမ်းအလာနှင့်ညီပြီး ငါဆက်ရှင်း လိုက်ပါရစေ"

အိမ်ထောင်ဆက်များခြင်း၏ဖုံးကွယ်ရာ

- ဒီယ ရဿ မှန်၊ မှားတိုင်းတာ ကြည့်။
- ဝဏ္ဏအသား၊ အရေနှင့် အက္ခရာ ညီ၊ မညီစစ်ကြည့်။
- ဖို့, မ အမှန်၊ အမှားညှိနှိုင်းရှာ ကြည့်လို့ (က)မှားကအိမ်ထောင် ရေးဒုက္ခတွေ့၊ အဆက်များတတ်။ စိတ်ထားညံ့၊ ခိုးယူပေါင်း (ခိုးရာ လိုက်) လူအို နှင့်ရ။ (ခ) မှားက စိတ်ထားဆိုး၊ အိမ်ထောင်မမြဲ။ (ဂ) ပါ မှားပြန်လျှင် စိတ်ထား မမှန်၊ ခုမြင်၊ ခုကြိုက်ပြီး ဆုံးဖြတ် မြန်ယူတတ်ကြောင်း ပြတယ် မဟုတ် လား။

အမည်မှည့်ရာမှာ ပါဠိဖြင့်မှည့် ခြင်း၊ သရသက်သက်ဖြင့်မှည့်ခြင်း၊ သရ နှင့် ဗျည်းပေါင်းစပ်မှည့်ခြင်းနှင့် ဗျည်း ည်းချင်း ယှဉ်တွဲမှည့်ခြင်း လေးမျိုးရှိ ရာတွင် သရအမည်နှင့် ပါဠိအမည်တွေ ကိုတော့ ဒီဃရဿမှား၊ ဖိုမမှား၊ မာတ် လည်းအပြစ်မရှိပါဘူးတဲ့။ ဥမ္မာ၊ စန္ဒာ၊ သီတာ၊ ဝဏ္ဏ၊ သုခ၊ သာဓု၊ ဇော်၊ မောင်စောဘ၊ မောင်နု စတဲ့အမည်တွေ ဟာ ပညာရပ်ရဲ့ အခွင့်ထူးခံနာမည်တွေ ဖြစ်မနေဘူးလား။

□ စန္ဒာ၊ သုခ၊ မောင်စောလို့ ည့်ထားရုံနှင့် အိမ်ထောင်ရေးခိုင်မြဲ ကောင်းနေရောလား။

□ အချစ်ရေး၊ စိတ်ထားရေး၊ မင်္ဂ လာအရေးတွေကောင်းပြီး ခိုးမပြေးဘဲ ခင့်တယ်စွာ မင်္ဂလာဆောင်နေကြပြီ လား။

□ ပါဠိအမည်မှည့်တာနှင့် ဘဝက အဆင့်မြင့်ပြီးအိမ်ထောင်သုခပါတကယ် ကောင်းရောလား"

"ဒါဆိုလျှင် မင်းက"

"ငါကစဉ်းစားတတ်အောင်မေးခွန်း နှင့် အဲသည် နာမည်ရှင်တွေရဲ့ ဘဝကို လေ့လာစိစစ်စေရုံသက်သက်ပါ။ ကျန် တဲ့ အမှန်၊ အမှား မဝေဖန်ပါဘူး။ ကိုယ် တိုင်လေ့လာကြည့်က ကိုယ်တိုင်အဖြေ တွေ့ပါလိမ့်မယ်"

"မှန်ပါတယ်။ ပါဠိဘာသာ၊ မြန်မာ ပြည်က ဗုဒ္ဓဝါဒကို လက်ခံယုံကြည် ကိုးကွယ်နေတာ။ ဗုဒ္ဓရဲ့ကျမ်းဂန်ဓမ္မတွေ က ပါဠိ (မာဂဓဘာသာမူရင်း)နှင့် ဟော ခဲ့တာဆိုတော့ သည်ပါဠိမာဂဓဘာသာ က ကျွဲကူးရေပါဆိုသလို ကိုးကွယ်တဲ့ နိုင်ငံ၊ လူမျိုးရဲ့ ဘာသာစကားထဲသို့ စိမ့် ဝင်နေရာယူမြဲပဲလေ။ ယခု မြန်မာ ဘာသာစကားထဲ သာဓုနာမည်မှည့်ပြီ ထား။ သည်သာဓုကို သာ - သောကြာ၊ သောမ၊ ဒီဃ အသံရှည်မှ မှန်၊ အသံတို ရဿဆိုက အမှား။ သည်လိုခွဲလိုက်လျှင် ပါဠိဘာသာရဲ့ စည်းစနစ်ကို ချိုးဖျက်ရာ ရောက်သွားလိမ့်မယ်။ ဒါကြောင့် မူလ အခြေခံ (၁)၊ (၂)၊ (၃) ဖြင့် မရှာဘဲ ထားတာလေ"

"သာဓု - ရှင်းပါတယ်။ ကောင်း တယ်၊ ဝမ်းမြောက်တယ် အဓိပ္ပာယ်။ ရေစက်ချအမျှဝေသော်၊ တရားနာ သော်၊ အလှူလက်ခံသော် အသိအမှတ် ပြု တုံ့ပြန်ဝမ်းသာစွာ ကောင်းချီးပေး ခြင်း ဗျူပွတ်ပဲဟာ။ မင်္ဂလာရှိ ဣဋ္ဌပုဒ်၊ သာဓုမှည့်ပြီး မကောင်းတာလုပ်၊ မကောင်းတာပြော၊ မကောင်းတာကြံ နေလျှင်ရော သာဓုဟာ ဆန့်ကျင်ဘက် အသွင်ဆောင်သွားပြီး နာမည်မှားသွား ပြီ။ သည်တော့ သာဓုကနေ နသာဓု၊ အသာဓု ဖြစ်ကရော။ မိန်းမရှုပ်၊ စိတ်ပုပ်၊ အိမ်ထောင်ရေးဘက်မကောင်းခြင်းနိမိတ် ဖြစ်ရောမဟုတ်လား။ အရင်တစ်ပတ်က ဝေဖန်ခဲ့တဲ့ ဗျူပွတ်နှင့် ညီယူရမယ်လေ"

"နောက် စန္ဒာ။ သူတို့အားလုံး အိမ်ထောင်ရေးကောင်း၊ မကောင်း မဝေ ဖန်ချင်ပါဘူး။ ငါလေ့လာဖူးသလောက် တော့ လံဆုတ်ဖွား အနိဋ္ဌအားသန်၊ ပါပ ဖြိုဟ် လမင်းရဲ့ ဆန့်ကျင်ဘက်အုပ်စုနာမ် တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုသမီးတွေ စန္ဒာလို့မှည့်ထားတာတ လင်နှစ်ယောက် ခန့်၊ အိမ်ထောင်ရေးသောက၊ အနိဋ္ဌ အမှောင်ဇာတ်တွေကမလွတ်ဘူး၊လိုရင်း အနေဖြင့် ပါဠိနာမည်ကို နာမည်နှင့်လူ သဟာဇာတမဖြစ်ဘူးဆိုလျှင် အင်္ဂါသုံးရပ် စလုံး တစ်ခုတည်းဖြင့် မှားသွားလေ့ရှိ တာပဲ"

"ရှိသေးတယ်။ အက္ခရာ ဖို၊ မ ခွဲ နည်းလေ။ ပါဠိနာမည်ပေါ့။ စန္ဒာ စန်- ဖိုအက္ခရာ၊ ဒါ-ဖိုအက္ခရာ၊ ဖို-ယောက်ျား နံတွေကြီးဖြစ်နေရော။ မှားပြီလို့တောက် ယူမည်ဆိုလျှင် ကမ္ဘာဦးစမှ ယနေ့ထိ သုံးစွဲလာတဲ့ မာဂဓဘာသာပျောက်သွား တာကြာပေါ့ကွာ။ သည်တော့ ဖို-မကို ခွဲမကောက်တော့တာ။ ဖို-မခွဲဒွေးဒဟ ထက် ပါဠိမှာက လိင်နှင့် ခွဲကောက်သုံး တယ်လေ။ စန္ဒာ ကျား, မနှစ်ခုစလုံး အသုံးပြုနိုင်တဲ့ပုဒ်ပဲ။ ရှင်စန္ဒာသိရိ၊ စန္ဒာ ဝရ သုံးလို့ရတဲ့ပုဒ်လေကွာ။ ဒါကြောင့် ပါဠိကို အိမ်ထောင်ရေးကောင်း၊ မကောင်းသိချင်လျှင် -

□ လိင်ခွဲကောက်ပါ။
□ နာမည်နှင့် လူ ပဋိပက္ခသဘော ဆောင်၊ မဆောင်ကြည့်ပါ။

မှားလျှင် အိမ်ထောင်ရေးက မကောင်းတတ်။ ပြီးတော့ ဝဏ္ဏ။ ဝဏ္ဏ ကိုလည်း အသုံးပြုရာ ပါဠိနာမည်ကြည့်။ စန္ဒာ၊ ဣဋ္ဌ၊ အဖြူ၊ လတ်ပဲပေါ့။ ဒါ ကြောင့် ဣဋ္ဌ အဖြူ၊ လတ်၊ အနိဋ္ဌ၊ အညို၊ မည်း၊ လတ်၊ နေဝ (နပုလ္လိင်) ဆို ဝါ၊ လတ်၊ ညို ဆိုသော် မှန်မယ်။ အဲဒါထက် ပိုသေချာချင်လျှင် -

□ တိုင်စဉ်ဖြင့်ညှိပါ။
□ အိမ်ထောင်ရေးဖြိုဟ် အာရုံသုံးမျိုး (ဣဋ္ဌ၊ အနိ၊ နေဝ) ဖြင့် ညှိပါ။

ပါဠိဘာသာမှာ သိပ်အရေးကြီးတဲ့ အက္ခရာတွေရှိပါတယ်။ လုံးဝအမှားမခံ ပါဘူး။ အဲသည်အက္ခရာလေးတွေရဲ့ ဖြစ်ပေါ်ထွက်ရှိရာအသံဖြင့် ခွဲခြားသိ စေတယ်။ အဲဒါကို အသံထွက်ကွဲပြား သွားအောင်၊ ထင်ထင်ရှားရှားဖြစ်အောင် ပြုရလေ့ရှိတယ်။ အသံအမြင့်ပေါ့။ ကျန် တာ အသံနိမ့်ပုံမှန်သံ။ ဃောသ (အသံ မြင့်)၊ အဃောသ(အသံနိမ့်)လို့ ခွဲတယ်။ ဝဂ်တစ်ခုရဲ့ ဒုတိယက္ခရာနှင့် စတုတ္ထက္ခ ရာတွေပဲ။

"အများသိနေတဲ့ သံဃာတော် တွေ ကမ္မဝါစာရွတ်ဖတ်လျှင် 'သုဏာ တုမေ ဘန္တေ သံဃော' မှာ ဘနှင့် ဃ ကို မူလရွတ်ရိုး အသံထွက်ပိုပြီး ခပ် မြင့်မြင့် (ပြင်းပြင်း) အသံထွက်ဆိုမှုက ဃောသရဲ့အက္ခရာမှန်းသိအောင် ကျန် အက္ခရာနှင့်ကွဲအောင်ရွတ်ဆိုခြင်း ဖြစ် တယ်။ အက္ခရာလေးတွေကို နူတ်က အသံဖြင့်ထွက်ဆိုစဉ် ဒါက ဘာအက္ခရာ၊ ဘာအဓိပ္ပာယ်ဆိုတာ နားထောင်သူက သည်ဃောသ၊ အဃောသနှင့် သိစေ တယ် ဆိုပါစို့။ ဂနှင့် ဃ တစ်ပုံစံတည်း ဆိုလျှင် ဘာလဲမသိနိုင်ဘူး။ အသံထွက်

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်ရိုး

# လေဖြန်း၍ လျှာခိုင်နေခဲ့သော်

လေဖြတ်ခြင်း၊ လေဖြန်းခြင်းဆိုတဲ့ ဝေဒနာဟာ အအေးပတ်ရာကနေဖြစ်ကြရတာပါ။ ပူလွန်းလို့ဆိုပြီး အကျီချွတ်အိပ်သူတွေ၊ ပန်ကာဖွင့်အိပ်သူတွေ၊ အဲယားကွန်းဖွင့်ပြီး စောင်မခြုံဘဲအိပ်တတ်သူတွေ၊ ပြီးတော့ အရက်မူးပြီး ကြုံရာမှာ ဖြစ်သလိုအိပ်တတ်ကြသူတွေ အဖြစ်များကြပါတယ်။

အသက်အရွယ်မကြီးရင့်သေးဘဲ လေဖြတ်ထားရင်၊လေဖြန်းထားရင် အဲဒီလူဟာ အများအားဖြင့် အရက်သမားဖြစ်နေတာများတယ်။ တစ်ခါတုန်းက ဒေါက်တာငွေစိုးက ရေးပြဖူးပါတယ်။ သူ့မိတ်ဆွေတွေ ဘယ်လိုပဲအရက်မသောက်ဖို့ပြောပြော မအောင်မြင်ပါဘူး။ ဒီတော့ အရက်သောက်နည်းဆောင်းပါးလေး ရေးပြတယ်။ အရက်သောက်ပြီဆိုရင် ဦးစွာ နွေးထွေးစွာ ဝတ်ဆင်ပါ။ ပြီးရင် အမြည်းကောင်းကောင်းကိုစားပေးပါ။ အရက်ကို ရေရောပြီး ဒီဂရီလျှော့ပြီးမှ သောက်ပါဆိုတဲ့အချက် (၃) ချက်ပါပဲ။ အဲဒီ (၃) ချက်ကိုလိုက်နာရင် သက်တမ်းစေ့အရက်သောက်နိုင်တယ်လို့ ညွှန်းထားပါတယ်။ ဒါဆိုရင် လေဖြတ်ခြင်း၊ လေဖြန်းခြင်းက သက်သာနိုင်ပါတယ်။

အရွယ်လွန်တဲ့လူတွေမှာကျတော့ ကိုယ်ခံအားကနည်းသွားပါပြီ။ ခံနိုင်ရည်သိပ်မရှိတော့ဘူး။ ဒီတော့ ရေချိုးရင်တောင်မှ ကြာကြာစိမ်ချိုးတာတို့၊ အေးနေတဲ့ရာသီမှာ ရေအေးလေးချိုးတာတို့ ဂရုစိုက်ရပါမယ်။ ရေချိုးပြီးတာနဲ့ အရေပြားတွေပူနွေးသွားအောင် မျက်နှာသုတ်ပဝါနဲ့ ခပ်ဖိဖိပွတ်တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်အနွေးဓာတ်ပြန်ရစေပါတယ်။ ပြီးရင် သင့်တင့်တဲ့အဝတ်ကို ဝတ်ဆင်ဖို့လိုပါတယ်။

လေဖြတ်သွားပြီဆိုရင် အဲဒီလူဟာ ရှင်လျက်နဲ့သေနေရသူပါ။ အိပ်ရာထက်မှာ သူများထူမှထနိုင်၊ သူများကျွေးမှစားနိုင်သူများ ရွှေ့ပေးမှ ကိုယ်စောင်းပြန်နိုင်တဲ့ဘဝမို့ ကျင်ကြီး၊ ကျင်ငယ် အညစ်အကြေးတွေနဲ့ သူများသုတ်သင်ပေးမှသန့်ရတဲ့ဘဝပါ။ တကယ့်ကို ရှင်လျက်နဲ့သေနေရသူပါ။

အဲဒါကြောင့် လောကမှာ ရှင်လျက်နဲ့သေသူ (၄) ဦးရှိတယ်လို့ ဆိုပါတယ်။ အနာရောဂါဖိစီးနေသူ၊ ကြွေးမြီထူထပ်သူ၊ ဆင်းရဲမွဲတေသူ၊ ရာဇဝတ်ဘေးသင့်နေသူဆိုပြီး (၄) ဦး ဖော်ပြထားပါတယ်။ အဲဒီ (၄) ဦးဟာ ရှင်သော်လည်းသေနေသူတွေပါ။

လေဖြတ်ပြီး အိပ်ရာထဲလဲပြီဆိုလို့ကတော့ အဲဒီလူနာဟာ အစားစားနိုင်တာမို့ သေခဲလှပါတယ်။ အနံ့အသက်ကလည်းမကောင်းတဲ့အခါ ပြုစုရတဲ့လူလည်း ကြာတော့ငြီးငွေ့လာတတ်ကြပါတယ်။ တကယ်တော့ သူ့တွက်ရော ကိုယ့်တွက်ပါ မကောင်းတဲ့ဝေဒနာမို့ အတတ်နိုင်ဆုံး မိမိကိုယ်ကို လေမဖြတ်အောင် ကြိုတင်ကာကွယ်စောင့်ရှောက်ကြဖို့လိုပါတယ်။ အသက်ကိုဉာဏ်စောင့်တာမို့ မိမိကိုယ်ကို ဦးစွာ ရာသီဥတုနဲ့ ညီဖို့လိုသလို သွေးတိုးရောဂါရှိသူများလည်း မိမိတို့ကြိုက်ရာကိုမစားဘဲ မိမိတို့မကြိုက်ရာကိုရွေးပြီးစားတတ်ကြရင်ဖြင့် လေဖြန်းခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်၍သေခြင်းဆိုတဲ့ ဘေးတွေက ကင်းလွတ်ကြမှာပါ။

လွဲမရှောင်သာလို့ ဖြတ်သွားခဲ့ပြီဆိုရင်တော့ ဖြစ်ဖြစ်ချင်းဆိုရင် ဆေးရုံဆေးခန်းတွေမှာ သိပ္ပံနည်းကျ ကုသမှုရနိုင်ကြပါတယ်။ ကြာသွားရင်တော့ ခက်ခဲပါလိမ့်မယ်။ မြန်မာ့နည်းတွေကတော့ များစွာရှိကြပါတယ်။ မြန်မာ့နည်းမြန်မာ့ဟန်နဲ့လည်း ကုနိုင်ကြပါတယ်။ အမှန်တော့ သေကုန်တဲ့အာရုံကြောတွေကို ပြန်လည်နိုးထအောင် ကုသရခြင်းပါ။ မြန်မာမှာ စားဆေးနဲ့ပေးတယ်။

| အဃောသ ပုံမှန်အသံ | ဃောသ အသံမြင့် | အဃောသ ပုံမှန်အသံ | ဃောသ အသံမြင့် | အဃောသ ပုံမှန်သံ |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

စနစ်ရှိတယ်။ ဒါကြောင့် မြန်မာတွေ အက္ခရာအသံထွက်ပုံနည်းနားမလည်သူကို 'ဂဃဏန' မသိတဲ့ကောင်လို့ ပြောကြတာပေါ့။

ဇနှင့် ဈ၊ ဍနှင့် လ၊ ဒနှင့် ဓ၊ ဗနှင့်ဘ သာမာန်အားဖြင့် အသံထွက်တူတယ်လို့ ထင်ရပေမယ့် ဃ၊ ဈ၊ လ၊ ဓနှင့် ဘအက္ခရာတွေဟာ ပုံမှန်အသံထက် လေသံမြင့်တင်ရွတ်ရတာပေါ့။ဒါ့ကြောင့် မတူပါဘူး။ ခ၊ ဆ၊ ဌ၊ ထနှင့် ဖတို့တော့လည်း ပီသစွာ အသံမြင့်ရွတ်ရတယ်မဟုတ်လား။ ခင်ထက်ဖြိုး၊ ဒွေးဒွေးထားထားဆင့်၊ ထွန်းဖေ စတာတွေ နှုတ်ကဆိုကြည့်စမ်းပါ။

နာမက္ခရ ဆန်းကျမ်းမှာတော့ သိထိလ (သံမှန်၊ သံအေး) ဓနိတ (အသံပြင်း၊ အသံမြင့်) လို့ ပြတယ်။ ထူးခြားမှုပါဠိ သဒ္ဒါကျမ်းဂန်မှာမပါဝင်ဘဲ ယ၊ လ၊ သ၊ သရ၊ ဣ ဤသည်ငါးလုံးကိုပါ ထပ်ဆင့် ဓနိတ ဃောသအက္ခရာထဲထည့်ထားရဲ့။ သည်အသံထွက်ရာအရပ်ဌာနဌာနဖြင့် ထပ်ခွဲပြမှ အဖြေက ပီပြင်လာလိမ့်မယ်။ ဌာနကို နောက်မှ ဃောသပါ ပေါင်းရှင်းပြမယ်၊ နားကြစို့ကွာ"

ရှင်းပြီးသားပါ။ 'သိပ်ပြီးထင်ရှားရန် ခပ်ကျယ်ကျယ် ပြင်းထန်စွာတင်ရွတ်ရန်မဟုတ်ပါဘူး"

"စဉ်းစားကြည့်လိုက်တော့ သည် ဃောသအက္ခရာတွေမှန်သမျှ မ-အက္ခရာ ဣတ္ထိယဆက်နွယ်နေတာ တွေ့ရတယ်။ သိပ်အရေးပါတဲ့ အားအစွမ်းပြည့်ဝတဲ့ အက္ခရာတွေမို့ပါ။ ပါဠိအသုံးမှ သည်အက္ခရာတို့က အသံမြင့်ရွတ်ဖို့မဟုတ်၊ မြန်မာဘာသာစကားပြောလျှင်

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထိမ်းဆေးနဲ့ပေးတယ်။ အာရုံကြောတွေ ငြိမ်းအောင် နှိပ်နယ်တယ်။ စားဆေးတွေလည်း အမျိုးမျိုးရှိတယ်။ ဝါသနာပါတဲ့ ကျွန်တော်ကတော့ ဆေးနည်းတွေ စုဆောင်းတတ်ပါတယ်။

ဒီလိုစုရာမှာလွယ်တာတွေပါတယ်။ ခက်တာတွေပါတယ်။ လွယ်တဲ့ဆေးနည်းလေးတွေ တင်ပြရရင် မြေ (၁၀၀)၊ သစ် (၁၀၀)၊ ပန်း (၂၀၀) ပါ။

မြေ (၁၀၀) က မြေပေါင်းစုံ သယ်ပြီး တံတွေးနဲ့ အိမ်ဆောက်လေ့ရှိတဲ့ နကျယ်အိမ်ပါ။ အိမ်တိုင်းရပ်တိုင်း ရွာတိုင်းမှာ ရနိုင်ပါတယ်။ သစ် (၁၀၀) ကတော့ သစ်ဝါးမျိုးစုံကို ထင်းစိုက်တဲ့ အခါ အထက်မှာ ကျပ်ခိုးတွေသီးနေခြင်းပါပဲ။ အဲဒီကျပ်ခိုးကို အချို့က ကောင်းကင်သည်းခြေလို့ခေါ်ကြတယ်။ သူက ခါးသက်သက်အရသာရှိပါတယ်။ အဲဒီနှစ်မျိုးကို ဆတူအမှုန့်ပြုပါ။ ပြီးတော့ ပန်းပေါင်းစုံရဲ့ဝတ်ရည်ဖြစ်တဲ့ ပျားရည် ဆနှစ်ဆပါ။ ပျားရည်နှစ်ဆနဲ့ရောပြီး ထက်ခလယ်နဲ့မွှေပါ။ အဲဒီဆေးကို လေဖြတ်တဲ့လူတွေ လက်သန်းထပ်ဖျား ခန့် တစ်နေ့ (၃) ကြိမ်သောက်ရပါမယ်။ သမ်းလျှောက်နိုင်ပါက (၂) ကြိမ်သောက်ရပါမယ်။ သိသိသာသာ သက်သာလာရင်တော့ တစ်နေ့ (၁) ကြိမ်သာ သောက်ရပါမယ်။

ဒီဆေးမှာ ခက်တာက ကျပ်ခိုးပါ။ ကျပ်ခိုးဆိုတာ ထင်းစိုက်တဲ့မီးဖိုတွေရဲ့ အထက်မှာ ရှေးကအတော်ပေါပါတယ်။ တိုးတက်တဲ့ ခုခေတ်မှာတော့ ရှားသွားခဲ့ပါပြီ။ ဒါပေမယ့် လျှပ်စစ်လက်လှမ်းမမီသေးတဲ့ ကျေးလက်တွေမှာတော့ ရနိုင်ပါသေးတယ်။

နောက် သောက်ဆေးတစ်ခုက ခပေါင်းကြီးမြစ်ကို မားနဲ့တောက်တောက်စဉ်းပြီး သုံးခွက်တစ်ခွက်တင်ကျိုရပါမယ်။ အဲဒီအရည်ကို ပုလင်းထဲထည့်ပြီး ဆန်းလျက်သင့်ရုံထည့်ရပါမယ်။ ပြီးရင် ဇာတိပ္ဖိုလ်သီးတစ်လုံးကို သွေးပြီးထည့်ရပါမယ်။ အဲဒီဆေးရည်ကို နံနက်၊ နေ့၊ ည အကြမ်းပန်းကန်တစ်လုံးစီသောက်ရပါလိမ့်မယ်။

လိမ်းဆေးအနေနဲ့ကတော့ ချင်းစိမ်း၊ မိဿလင်၊ လင်းနေ၊ နနွင်းစိမ်းတို့ကိုဆတူထုထောင်းပြီး ပရုတ်အနည်းငယ်ထည့်ကာ မီးတောက်အရက်နဲ့စိမ်ရပါမယ်။ ကြာလေကောင်းလေပါပဲ။ အဲဒီဆေးရည်ကိုလိမ်းပြီး နှိပ်နယ်ပေးရပါမယ်။

နောက်လိမ်းဆေးတစ်ခုကတော့ သရက်ပင်စည်ရဲ့အခေါက်ကို ရှောက်ရည်နဲ့သွေးပြီး မကြာမကြာလိမ်းပေးရပါမယ်။ ကြုံသမျှ မှတ်တမ်းပြုထားတဲ့ဆေးနည်းတွေများလွန်းတော့ကာ အနည်းငယ်လွယ်တဲ့ဆေးနည်းတွေသာ တင်ပြလိုက်ခြင်းပါ။ ဒါက လေဖြတ်ခြင်း၊ လေဖြန်းခြင်းနဲ့ ဆက်နွှယ်နေလို့ပါ။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်က မဟာစည်သာသနာ့ရိပ်သာရဲ့ နာယကဆရာတော်ကြီးလည်းဖြစ်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟာမစ်တစ်မှာရှိတဲ့ မဟာစည်သာသနာ့ရိပ်သာဌာနချုပ်ရဲ့ ပဓာနနာယကဆရာတော်ကြီးလည်းဖြစ်တဲ့ ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာကမ္မဋ္ဌာနာစရိယဆရာတော်ကြီးဟာ သက်တော် (၆၀) ကျော်မှာ လေဖြန်းခြင်းဝေဒနာခံစားရတဲ့အတွက် ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက်ကုသရပါတယ်။ အဲဒီမှာ တပည့်ဖြစ်တဲ့ ဦးမွတ်တားက ပြုစုရတာပါ။

ဖြစ်ဖြစ်ချင်းကုသရတာမို့ မကြာမီမှာပဲ ရွဲ့စောင်းသွားတဲ့မျက်နှာနဲ့ ခန္ဓာကိုယ်လက်တွေပြန်ကောင်းလာပါတယ်။ ဒါပေမယ့် လျှာခိုင်နေပြီး စကားပြောရာမှာ မပီသတော့ဘူးလို့ ဦးမွတ်တားက ပြောပြပါတယ်။

အဲဒီတော့ လျှာလေ့ကျင့်ပေးဖို့ လိုအပ်တာကို ဦးမွတ်တားက သဘောပေါက်သွားပြီး အမြဲတမ်းမြို့နေလို့ရတဲ့ အရာကိုတွေးတဲ့အခါ 'ဆီးဖြူဖန်ခါး ရဟန်းစား' ဆိုတဲ့စာကို ပြေးသတိရတာနဲ့ ဆီးဖြူ ဖန်ခါးဆိုတာ ရဟန်းတွေဆေးအဖြစ် အချိန်မရွေး စားသုံးလို့ရတယ်ဆိုတာကို တွေးမိတာနဲ့ ဈေးကိုပြေးပါတယ်။

အခန့်သင့်လိုက်ပုံများ ဆီးဖြူ ဖန်ခါးတွေပေါ်တဲ့ဆောင်းရာသီဖြစ်နေတော့ကာ ဆီးဖြူသီးနဲ့ ဖန်ခါးသီးတွေဝယ်လာပြီး ရေဆေးကာ ပုလင်းထဲထည့်ပြီး ဆရာတော်ကြီးကိုလှူပါတယ်။ ဆီးဖြူ ဖန်ခါးငုံပြီး လျှာကစားပေးဖို့ လျှောက်ပါတယ်။ ဆရာတော်ကြီးဟာ ဆီးဖြူ ဖန်ခါးတွေငုံပြီးလျှာလေ့ကျင့်တာကြောင့် လျှာဟာ စကားကောင်းကောင်းပြန်ပြောလာနိုင်ကြောင်း ဦးမွတ်တားက ပြောပြပါတယ်။

မဟာစည်သာသနာ့ရိပ်သာဌာနချုပ်ရဲ့ ပဓာနနာယကဆရာတော်ကြီးဖြစ်တာမို့ တရားဟောနိုင်ဖို့ အလွန်လိုအပ်တာပါ။ ခုဆို ဆရာတော်ကြီး သက်တော် (၈၀) ကျော်လောက်ပါပြီ။ တရားဟောနိုင်တုန်းပါပဲ၊ သာသနာ့အကျိုးတွေ သယ်ပိုးရွက်ဆောင်နေတုန်းပါပဲ။ ဒါက နောက်ဆုံးခိုင်ပြီးကျန်နေတဲ့ လျှာကို ဆီးဖြူဖန်ခါးနဲ့ ဦးမွတ်တားက ကုပေးခြင်းပါ။

လေတစ်ခြမ်းဖြတ်ရင် သွားလို့လာလို့မရတော့ပေမယ့် လေဖြန်းရုံဆိုရင်တော့ မျက်နှာစောင်းစောင်း ခန္ဓာစောင်းစောင်းနဲ့ ဟန်ချက်မညီတော့ပေမယ့် သွားလို့လာလို့ရပါသေးတယ်။ သို့သော်လည်း စိတ်သွားတိုင်းတော့ ကိုယ်မပါနိုင်တော့ပါဘူး။ အမြင်အားဖြင့်လည်း မတင့်တယ်တော့ပါဘူး။

အဲဒီလိုလေဖြန်းလို့ မျက်နှာရွဲ့နေရင် ကျွန်တော်နဲ့ မိုင်းရှူးမှာနေခဲ့ဖူးတဲ့ မိုးကုတ်အနောက်ပိုင်း ပန်းမရပ်ထဲက ပလောင် ကိုသန်းမောင်က ပြောပြခဲ့ဖူးပါတယ်။ အဲဒါက သူကိုယ်တိုင် လက်တွေ့ကုသပေးခဲ့တာလို့ ဆိုပါတယ်။

ဆေးနည်းက ရွဲ့နေတဲ့မျက်နှာကို ငါးရှဉ့်သွေးလိမ်းပေးရပါမယ်။ ပြီးရင် ငါးရှဉ့်အရေခွံနဲ့ တည့်အောင်ပွတ်ဆွဲဆွဲပေးရခြင်း ဖြစ်ပါတယ်။ တစ်ခါနဲ့တော့ မရနိုင်ပါဘူး။ အခါခါပွတ်ဆွဲပေးရင် မူရင်းမျက်နှာအတိုင်း ပြန်ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော်က လူတွေကို ဆေးကုပေးနေတာတွေမြင်တော့ သူသိတဲ့ဆေးနည်းကို ပေးခြင်းပါပဲ။

ပြီးတော့ 'ကြီးလေးကောင်ဆင်နဲ့နင်း၊ ဆင်ကင်မွှန်းသပ် လေငန်းအမြစ်ပြတ်' ဆိုတဲ့ ဆေးနည်းလည်းရှိပါသေးတယ်။ ကြီးလေးကြီးက လက်ထုပ်ကြီးခေါက်၊ ခပေါင်းကြီးမြစ်၊ သက်ရင်းကြီးခေါက်၊ သပွတ်ကြီးမြစ်တွေပါပဲ။ ကြီးလေးကြီးကို ဆတူစုပြီး အမှုန့်ပြုရပါမယ်။ ဆင်တုံးမနွယ်ကို ဆတူချိန်ပြီး ကင်ပွန်းရွက်ကြမ်းနဲ့ ပြုတ်ပစ်ပြီး အဆိပ်ထုတ်ကာ အမှုန့်ပြု၍ရောရပါမယ်။ အဲဒီဆေးကို တစ်နေ့ (၃) ကြိမ် ဆီးကင်းခန့် သောက်သုံးခြင်းဖြင့်လည်း လေငန်းခေါ် လေဖြန်းခြင်းဝေဒနာ သက်သာပျောက်ကင်းနိုင်ကြောင်း သိရပါတယ်။ သောက်ဆေး၊ လိမ်းဆေးများသုံးခြင်းဖြင့် လေငန်းဝေဒနာမှ ကင်းဝေးကြပါစေ။

(နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက် အင်ကြင်ပန်းစာပေမှ ဦးမွတ်တားသို့ ကျေးဇူးတင်လျက်)

ချမ်းမြေ့ကြပါစေ
နေပြည်တော်ကျော်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com



**ဥ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ကိုယ်တိုင် ဖူးတွေ့ရခြင်း**

တွံတေးတောကြီးတန်းဆရာတော်ကြီးသည် မီးထုံ၏ အကျိုးကျေးဇူးကို ကောင်းစွာသိသူ ဖြစ်၏။ ထို့ကြောင့်လည်း အဆိုပါမီးထုံကို မိမိတစ်ဦးတည်းအတွက်သာမက ကျန်ဝေနေယျများအတွက်ပါ အကျိုးကျေးဇူးခံစားစေခြင်း ဖြစ်၏။ ထို့ကြောင့်လည်း မီးထုံဝင်သူအပေါင်းသည် အလွန်ပင်များပြားလှခြင်း ဖြစ်၏။

ထိုကဲ့သို့ မီးထုံဝင်ပြီးနောက်တွင် ဓား စသည့် လက်နက်များ၊ မီးတုတ်များဖြင့် သိဒ္ဓိဝင်စေခြင်း ဖြစ်၏။ ထိုသိဒ္ဓိတို့သည် ကာယသိဒ္ဓိကိုပေါ်လွင်သည့်သိဒ္ဓိများ ဖြစ်၏။ ထိုသိဒ္ဓိတို့သည် သတ်မှတ်ကာလအတွင်းတည်နေမည် ဖြစ်၏။ ထို့ကြောင့် အဆိုပါသိဒ္ဓိဝင်လိုသည့်ပုဂ္ဂိုလ်များအား ဆရာတော်၏လက်ဖြင့် ဓား၊ လှံ၊ လက်နက်များ၊ မီးတုတ်များပေးလိုက်သည်နှင့် ထိုပုဂ္ဂိုလ်သည် မိမိကိုယ်မိမိ မီးတုတ်များနှင့် မီးရှို့ခြင်း၊ ဓား၊ လှံများဖြင့် မိမိကိုယ်မိမိထိုးခုတ်ခြင်း၊ လှီးဖြတ်ခြင်းပြုသော်လည်း မည်သို့မျှ မီးလောင်ခြင်း၊ ပြတ်ရှခြင်း၊ ပေါက်ပြဲခြင်း လုံးဝမရှိပေ။ မည်သည့်ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်အချိန်ကာလအတွင်း ထုံသိဒ္ဓိများရရှိစေရန် ဆရာတော်က ပေးအပ်နိုင်၏။

ထို့နောက် ဆရာတော်၏လက်ထဲတွင်ကိုင်ထားသော ထက်မြနေသည့် ငှက်ကြီးတောင်ဓားရှေ့၌ ရောဂါဝေဒနာခံစားနေရသူများ တစ်ဦးပြီးတစ်ဦး လာထိုင်ကြ၏။ ထိုသူများက သူတို့၏ရောဂါဝေဒနာအနာဖြစ်နေသည့်နေရာများကို ပြသရ၏။ အချို့ကလည်း ဝမ်းဗိုက်ကို ပြ၏။ အချို့ကလည်း ရင်ဘတ်ကိုပြ၏။ အချို့ကလည်း လည်ပင်း၊ ကုပ်၊ ကျော၊ ခါး၊ ခြေသလုံး နေရာအမျိုးမျိုးကို ပြကြ၏။ ထိုသို့ပြသည့်နေရာကို ဆရာတော်သည် သူ့လက်ထဲမှ ခါးရှည်ဖြင့် အဆိုပါရောဂါဖြစ်ပွားနေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းပေါ်တင်ကာ အစိတ်စိတ်အလိုလို လှီးဖြတ်ပေးလေ၏။ သို့သော် မည်သို့ပင် လှီးပေးသည်ဖြစ်စေ ပြတ်တောက်ခြင်း၊ ရှခြင်း၊ ကွဲပြတ်ခြင်း၊ သွေးထွက်ခြင်းမရှိပေ။ ကာယကံရှင်များ၏ပြောကြားချက်အရ ဆရာတော်မှ ထိုသို့ပြုလုပ်ပေးပြီး မကြာမီတွင် သူတို့၏ ရောဂါများသည် သက်သာသွားခြင်း၊ လျော့ပါးသွားခြင်း၊ ပျောက်ကင်းသွားခြင်းတို့ ဖြစ်သည်ဟု ဆိုကြပါသည်။

ဤသည်ပင် ဆရာတော်လက်ထဲမှ ဓား၏အကျိုးကျေးဇူး ဖြစ်ပါသည်။ ဓားကို သတ်ဖြတ်ရေးလက်နက်အဖြစ်သာ ရှုမြင်ထားကြသော ဤလောက၏ သင်္ကေတကို ဝိဇ္ဇာဓရနယ်ပယ်၌မူ အသက်ကယ်တင်ရေး၊ မကောင်းသောအပြစ်များကိုဖယ်ရှားသုတ်သင်ရှင်းလင်းရေးအကျိုးပြုကိစ္စရပ်များ၌ ဆန့်ကျင်ဘက်သဘောဆောင်သည့်အခြားသောရှုထောင့်တစ်ခုမှ ဓားသည် ကျန်းမာသက်ရှည်ရေးအတွက် လည်းကောင်း၊ မကောင်းသောဘေးရန်များမှ ပပျောက်စေရေးအတွက် လည်းကောင်း၊ အမျိုးဘာသာသာသနာလုပ်ငန်းများ အောင်မြင်စေရေးအတွက် လည်းကောင်း အသုံးပြုခဲ့ကြ၏။ တစ်နည်းအားဖြင့်ဆိုရပါမူ ဓားကို မည်သည့်ခေတ်တွင်မဆို ဝိဇ္ဇာဓရရှုထောင့်မှနေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက်လိုအပ်ပါက အသုံးပြုခဲ့ကြ၏။

ဤသို့ လက်နက်ကိရိယာ၊ အသုံးအဆောင်ဆိုင်ရာပစ္စည်းတို့ကို ဝိဇ္ဇာဓရလမ်းစဉ်အသုံးပြုခဲ့သည့်သာဓကများစွာ ရှိခဲ့ပါသည်။ အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့စဉ်က မဂ္ဂဒေဝစက်ဖြင့် စီရင်ထားသည့် အရိန္ဒမာလှံကို အသုံးပြုခဲ့သဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးသည် အောင်မြင်စွာ ဖြစ်တည်ပြီး ပေါ်ထွန်းနိုင်ခဲ့၏။ ထိုသို့ ဖြစ်ထွန်းခဲ့ရသော အကြောင်းတရားမှာ ဝိဇ္ဇာဓရပညာဖြင့် စီရင်ထားသော အရိန္ဒမာလှံ၏ဟိတ်ကြောင့် ရန်သူတို့လက်နက်ပေါင်း ထောင်သောင်းမကတို့၏ အစွမ်းသတ္တိသည် ကင်းဆိတ်ပျောက်ကွယ်ခဲ့ရခြင်း ဖြစ်၏။

ထို့အတူ ဆဋ္ဌအင်္ဂါယနာအောင်မြင်စွာ ပြီးမြောက်ရေးအတွက် ညောင်ရမ်းဆရာတော်ကြီး၏လက်ထဲမှ ဝိဇ္ဇာဓရပညာဖြင့် စီရင်ထားသောတောင်ဝှေး၏ဟိတ်ကြောင့်လည်း အလီလီအလာလာ မြောက်မြားလှစွာသော အခက်အခဲတို့သည် အလိုလိုကင်းစင်ပပျောက်ငြိမ်းခဲ့ရ၏။

ထိုနည်းဂုဏ်ပင် ဆရာတော်၏ လက်ထဲမှ ဝိဇ္ဇာဓရပညာဆိုင်ရာ ဓားသည်လည်း လောကအကျိုး၊ ဓမ္မအကျိုးတို့အတွက် ကြီးကျယ်သော ဟိတ်သတ္တိတို့ ဖြစ်ထွန်း ပေါ်ပေါက်စေနိုင်မည့် သင်္ကေတပင် ဖြစ်ပါသည်။ ထို့အပြင် ဆရာတော်၏ အစွမ်းသတ္တိများက ထူးခြားလှပါသည်။ သေဆုံးပြီးသော ကျောင်းဒကာကြီးအား အန္တိမရုပ်သိမ်းဆေးဖြင့် ပြုပြင်စီမံထားသဖြင့် နောင်နှစ်ပေါင်းများစွာ ကြာမြင့်သည့်ကာလတိုင်အောင် မပုပ်မသိုးဘဲ မူလသေဆုံးပြီးခါစမှ ပကတိရုပ်အတိုင်းပင်ရှိနေပါသည်။ ထိုကဲ့သို့ ဆရာတော်ကြီး၏ အစွမ်းသတ္တိများကို ထုတ်ဖော်ပြရမည်ဆိုပါက မြောက်မြားစွာပင်ရှိပါသည်။

အနှီကဲ့သို့သော ဆရာတော်သည်ပင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးနှင့်ပတ်သက်ပြီး ပြဿနာဝေဖန်မှုများကိုပြုလာကြသောအခါ ကြောင့်ကြမဲ့မနေနိုင်တော့ပေ။ ပါဝင်ပတ်သက်လာရတော့၏။ အဆိုပါ ပါဝင်ပတ်သက်မှုနှင့်ဆိုင်သောအကြောင်းအရာအချို့ကို အနည်းငယ်ဖော်ပြလိုပါသည်။

လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ခန့်က ဖြစ်၏။ တစ်နေ့တွင် ဆရာတော်ထံသို့ ဝိဇ္ဇာဓရလမ်းစဉ်လိုက်စားသည့် စာရေးဆရာတစ်ဦး ရောက်ရှိလာခဲ့၏။ ထိုပုဂ္ဂိုလ်သည် စာရေးဆရာတစ်ယောက်ဖြစ်မှန်း ဆရာတော်သိလိုက်သောအခါ ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်သွား၏။

ထို့နောက် ဆရာတော်က စတင်ပြီး -

"ဒကာကြီးတို့ စာရေးဆရာတွေ




www.burmeseclassic.com

www.burmeseclassic.com

### ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ

# ဆရာဦးဆက်ထွန်းလင်း

## ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ



...တာ တာဝန်ကြီးလှပါတယ်။ ကိုယ်ရေးလိုက်တဲ့စာကြောင့် လူအများအပေါ်မှာ အကျိုးကျေးဇူးများစွာဖြစ်နိုင်သလို လူပေါင်းများစွာရဲ့ဘဝကို နစ်မွန်းသွားစေနိုင်တယ်ဆိုတာ သတိပြုဖို့တော့ အရေးကြီးတယ်"

ဟု မိန့်ကြားလိုက်သောအခါ စာရေးဆရာဖြစ်သူက နားမလည်နိုင်သည့်အကြည့်မျိုးဖြင့် ဆရာတော်ကြီးအား ပြန်ကြည့်လိုက်ပြီး -

"အရှင်ဘုရား၊ ဘာကိုဆိုလိုတာပါလဲဘုရား။ တပည့်တော်ကိုပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မူပါဘုရား"

"အင်း - ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ ဒကာတို့လိုလူအများနဲ့ ဆက်ဆံရတဲ့ ပုဂ္ဂိုလ်မျိုးတွေပေါ့ကွယ်။ ဥပမာ စာရေးဆရာတို့လို၊ တရားဟောဓမ္မကထိကတို့လို ပုဂ္ဂိုလ်မျိုးတွေပေါ့။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ တစ်စုံတစ်ခုသောအကြောင်းအရာကို အများပြည်သူသိရှိအောင် ရေးတော့မယ်၊ ဟောတော့မယ်ဆိုရင် သတိရှိရမယ်။ ဒီနေရာမှာ ကိုယ်သေသေချာချာ ဂဃနဏသိတာကို တင်ပြတာ၊ ဟောပြောတာက ပြဿနာမရှိဘူး။ ကိုယ်သေသေချာချာမသိတဲ့ကိစ္စမျိုး၊ ဝိဝါဒဖြစ်နေတဲ့ကိစ္စမျိုးတွေမှာ လက်လွတ်စပယ်မပြောသင့်ဘူး၊ မရေးသင့်ဘူး။ အဲဒီမှာ ကိုယ်ဟောတဲ့ကိစ္စ၊ ကိုယ်ရေးတဲ့ကိစ္စကို ကျန်တဲ့အများပြည်သူဖြစ်တဲ့ တရားနာတဲ့သူတွေ၊ စာဖတ်ပရိသတ်တွေက အမှန်တကယ်ထင်ပြီး သံယောင်လိုက်မယ်ဆိုရင် သို့တည်းမဟုတ် ယုံကြည်သွားမယ်ဆိုရင် ပြဿနာသိပ်ကြီးသွားပြီ၊ အန္တရာယ်ကြီးသွားပြီ။ တစ်ဦးတစ်ယောက်နဲ့တင်မဟုတ်တော့ဘူး။ လူအများကို ပျံ့နှံ့ကူးစက်သွားပြီး စပြောတဲ့ပုဂ္ဂိုလ်၊ စရေးတဲ့ပုဂ္ဂိုလ်က အရိယူပဝါဒကံထိုက်မယ်၊ ခင်ပွန်းကြီးဆယ်ပါးကိုကျူးသင့်မယ်ဆိုရင် သူတို့ရဲ့ပရိသတ်တွေလည်း ထိခိုက်မှုတွေဆက်ဖြစ်နိုင်တယ်လေ။ အဲဒါကို ဆိုလိုတာပါ"

"မှန်ပါဘုရား၊ ပိုပြီးရှင်းလင်းသွားအောင် သာဓကတစ်ခုလောက်ထုတ်နုတ်ပြီး မိန့်တော်မူပါဘုရား"

"ပိုပြီးရှင်းလင်းအောင်ပြောရမယ်ဆိုရင် ကျန်တဲ့အကြောင်းခြင်းရာကိစ္စတွေထက် တို့ရဲ့ဝိဇ္ဇာဓရလမ်းစဉ်နဲ့ပတ်သက်တဲ့ကိစ္စတွေက ပြဿနာကြီးတယ်။

www.burmeseclassic.com

များယွင်းမှုတစ်စုံတစ်ရာဖြစ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အရေးယူဆောင်ရွက်မှုဆိုတာတွေ၊ ထိခိုက်မှုတွေကြုံလာနိုင်တယ်။ အခုတစ်လော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေကို ပြောပြောနေတာတွေ၊ ရေးသားနေတာတွေကို တွေ့တယ်၊ ကြားတယ် မဟုတ်လား"

"မှန်ပါ့ ကြားပါတယ်၊ တွေ့ပါတယ်ဘုရား၊ အမိန့်ရှိပါဘုရား"

"ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဆိုတာ ဝိဇ္ဇာခရီးလမ်းစဉ်ဆိုင်ရာဗုဒ္ဓဘာသာမှာ အရေးကြီးတဲ့ပုဂ္ဂိုလ်ကြီးပဲ။ ပေါ့သေးသေးမဟုတ်ဘူး။ အဲဒါကို မရှိဘူး၊ မဖြစ်နိုင်ဘူးလို့ဆိုပြီး ကဲ့ရဲ့ပြစ်တင်ကြတယ်။ ပိဋကတ်သုံးပုံမှာလည်းမပါဘူးလို့ဆိုကြတယ်။ ထေရဝါဒဗုဒ္ဓဘာသာနဲ့မကိုက်ညီတဲ့ကိစ္စလို့လည်းဆိုကြတယ်။ အခုအချိန်မှာ မထေရ်မြတ်ကြီးဟာ သက်ရှိထင်ရှားရှိတယ်ဆိုတဲ့ကိစ္စကိုလည်း ဘယ်လိုမှ လက်သင့်မခံနိုင်ဘူးလို့ ဆိုကြတယ်။ အကြောင်းအရာ ကိစ္စတစ်ခုကို ကိုယ်ကိုယ်တိုင် ခြေခြေမြစ်မြစ် မလေ့လာဘဲ ရမ်းသန်းပြောတာတွေက အတော့်ကို ဆိုးတယ်။ တော်တော်လေးလည်းလွန်ပါတယ်"

"ဒါဆို အရှင်ဘုရားအနေနဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးနဲ့ ပတ်သက်ပြီး အတော်လေး ထဲထဲဝင်ဝင်သိရှိထားပုံပေါ်ပါတယ်။ အရှင်ဘုရားအနေနဲ့ မထေရ်မြတ်ကြီးကို ကိုယ်တိုင်ဖူးတွေ့ဖူးပါသလားဘုရား"

"ဖူးဖူးတာပေါ့။ ကိုယ်ကိုယ်တိုင်ဖူးဖူးပါတယ်"

"နောက်ပြီးတော့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ပင့်လို့ကောရမလားဘုရား"

"အင်း - ပင့်မယ်ဆိုရင်တော့ ပင့်လို့ရပါတယ်။ ဒါပေမယ့် တော်ရုံကိစ္စနဲ့တော့ပင့်လို့မသင့်ဘူး။ မထေရ်မြတ်ကြီးဟာ ပေါ့သေးသေးပုဂ္ဂိုလ်မဟုတ်ဘူးဆိုတာကိုတော့ နားလည်ထားပါ။ တကယ့်အကြောင်းကိစ္စပေါ်ပေါက်ရင်း မထေရ်မြတ်ကြီးဟာ ကိုယ်တိုင်ကြွလာလေ့ရှိတယ်ကွယ့်"

"ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဟာ ဘယ်လိုအကြောင်းကိစ္စတွေနဲ့ ပတ်သက်တဲ့အခါမျိုးမှာ ကြွတော်မူလာလေ့ရှိပါသလဲဘုရား"

"ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စနဲ့ ပတ်သက်တဲ့အခါမျိုးနဲ့ ပတ်သက်ပြီး အနှောင့်အယှက် ရန်စွယ် အန္တရာယ်တွေပေါ်ပေါက်ရင် သူ့ထုံးစံရှိတဲ့အတိုင်း ပင့်ရင်ကြွပါတယ်။ ဒါပေမယ့် မထေရ်မြတ်ကြီးကို တော်ရုံတန်ရုံကိစ္စနဲ့တော့ မပင့်ပါနဲ့။ တကယ့်အရေးအကြောင်းဆိုမှ ပင့်တာ ကောင်းပါတယ်"

"အရှင်ဘုရားရဲ့ သက်တမ်းမှာ မထေရ်မြတ်ကြီးကို ပင့်ရတဲ့အကြောင်းကိစ္စမျိုးရှိခဲ့ပါသလားဘုရား"

"အကြောင်းကိစ္စကတော့ ရှိခဲ့တာပေါ့လေ။ ဒါပေမယ့် ကိုယ့်ကြောင့် အရှင်မြတ်ကြီးအတွက် အနှောင့်အယှက်ဖြစ်မှာစိုးတဲ့အတွက်မပင့်ခဲ့ပါဘူး။ ဒါပေမယ့် ကြွသင့်တဲ့အချိန်မှာ မထေရ်မြတ်ကြီးကြွလာခဲ့တယ်။ တကယ်တမ်းဆို ဝါအရပြောရရင် ကိုယ်တော်မြတ်ကြီးက ဘုန်းကြီးတို့ထက် အများကြီးကြီးပါတယ်။ အဲဒါကြောင့် ဒီပုဂ္ဂိုလ်ကြီးနဲ့ပတ်သက်ရင် ဂါရဝတရား၊ နိဝါတတရားအများကြီးထားရပါတယ်။ ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်တွေဆို တော်ပါသေးတယ်။ အချိန်မရွေး ပင့်မယ်ဆိုပင့်လို့ရပါတယ်။ ခုနပြောခဲ့သလို ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးက တကယ်မရှိလို့ ပင့်လို့မရတာ မဟုတ်ဘူး။ ဂါရဝတရားကြောင့် မပင့်တာကိုတော့ သဘောပေါက်ပါ။ ဗုဒ္ဓဘာသာဆိုင်ရာ ဝိဇ္ဇာခရီးပုဂ္ဂိုလ်တွေ၊ အရိယာဝိဇ္ဇာမိုရ်ကြီးတွေဆိုတာ တာဝန်တွေရော အလုပ်တွေပါများသားကလား"

"တပည့်တော်အနေနဲ့က အရှင်ဘုရားကို မယုံလို့မဟုတ်ပါဘူး ဘုရား။ ဒီကိစ္စမျိုးတွေနဲ့ပတ်သက်ပြီး လက်တွေ့မျက်တွေ့ တွေ့ဖူးလိုပါတယ်ဘုရား"

"ဒါဆို ဒကာက ဘယ်လိုမျိုးဖြစ်စေချင်တာလဲ"

"ဪ - ဒီလိုပါဘုရား။ ခုန အရှင်ဘုရားမိန့်တော်မူခဲ့သလို ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ပင့်လို့မသင့်လျှော်ဘူးဆိုရင် အရှင်ဘုရားနဲ့တန်းတူ သက်တူရွယ်တူ ဒါမှမဟုတ် ကိုယ်အောက်ငယ်တဲ့ ပုဂ္ဂိုဟ်တစ်ပါးပါးကို အခုလတ်တလော ပင့်ပြလို့ရနိုင်ပါမလားဘုရား"

"အဲဒါဆို ဖြစ်နိုင်ပါတယ်၊ ဘယ်ပုဂ္ဂိုလ်ကိုပင့်ပြရမလဲ"

"ဒါဆို အရှင်ဘုရားတို့နဲ့တစ်ခေတ်ပုဂ္ဂိုလ်တစ်ပါးဖြစ်မယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာလည်း အမိကကျတဲ့နေရာကလည်း ပါဝင်ခဲ့တယ်။ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်တဲ့ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသကို ပြန်ပင့်လို့ရနိုင်မလားဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်လည်း ခေါင်းတညိတ်ညိတ်လုပ်လေ၏။ ထို့နောက် ဆရာတော်သည် ဘုရားကျောင်းဆောင်ရှေ့သို့ကြွသွားပြီး ဘုရားရှင်အား ရှိခိုးဦးချပြီးနှုတ်မှလည်း တစ်စုံတစ်ရာကို ရေရွတ်လေတော့၏။ မကြာမီ ဆရာတော်ကြီးလည်း ဘုရားကျောင်းဆောင်ရှေ့မှပြန်ကြွလာကာ မူလနေရာတွင်ပြန်ထိုင်လိုက်၏။ ထိုသို့ ထိုင်ပြီး မကြာမီတွင်ပင် ဆရာတော်က ကျောင်းအဝင်ဝကို လက်ညှိုးညွှန်ပြသဖြင့်ကြည့်လိုက်ရာ ဆရာတော်တစ်ပါးကြွလာသည်ကို တွေ့လိုက်ရသဖြင့် အသေအချာကြည့်လိုက်ရာ မင်းကွန်းဆရာတော်ကြီး၏ ပုံဟန်မျိုးဖြစ်နေသဖြင့် ဇဝေဇဝါဖြစ်သွား၏။ ထိုဆရာတော်သည် ကြွလာရာ တဖြည်းဖြည်းနီးကပ်လာ၏။ အနီးဆုံးသို့ရောက်လာသည့်အချိန်တွင် -

"ဟာ - မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရကိုယ်တိုင် တကယ်ပဲ ကြွလာတာပါကလား"

ဟု ပြောဆိုရေရွတ်ပြီး ဦးကုန်းချလိုက်၏။ ဦးချပြီး၍ ပြန်မော့ကြည့်လိုက်သောအခါ မင်းကွန်းဆရာတော်ကြီးကို မတွေ့ရတော့သဖြင့် အနီးပတ်ဝန်းကျင်တစ်ခုလုံးသို့ ဝေ့ဝိုက်ရှာဖွေကြည့်ရှုရာ အရိပ်အယောင်မျှပင် မဖူးတွေ့ရတော့ပေ။ ထို့ကြောင့် ဆရာတော်ကြီးထံ တစ်ဖန် ပြန်လှည့်ပြီး -

"ဆရာတော်ဘုရား၊ ခုန မင်းကွန်းဆရာတော်ကြီး တကယ်ကြွလာတာမဟုတ်လားဘုရား။ တပည့်တော်ကိုယ့်မျက်စိကိုတောင် ကိုယ်မယုံတော့ပါဘူးဘုရား"

ဟု မေးလိုက်ရာ ဆရာတော်ကြီးက-

"ဟုတ်တယ် ဒကာကြီး၊ ခုန ဒကာကြီးဆိုကို မင်းကွန်းဆရာတော်ကြီး တကယ်ပဲကြွလာခဲ့ပါတယ်"

"ဒါဆို အခုဘယ်ရောက်သွားပါသလဲဘုရား။ ချက်ချင်းကြီးမတွေ့တော့ဘူးဘုရား"

"ဆရာတော်ကြီးဟာ အချိန်သိပ်မပေးနိုင်ဘူး ဒကာကြီး"

"အရှင်ဘုရား၊ တပည့်တော်မသိလို့ တစ်ခုလောက်မေးပါရစေ"

"မေးပါ ဒကာကြီး"

"မင်းကွန်းဆရာတော်ကြီးဟာ ဘဝနတ်ထံပျံလွန်တော်မူသွားပြီးပြီမဟုတ်လားဘုရား။ အန္တိမအင်္ဂျာပနတော်... ခဲ့သေးတယ်မဟုတ်လား။ တပည့်တော်...

www.burmeseclassic.com

www.burmeseclassic.com

ကလည်တာက အဲဒီလိုပြုခဲ့ပြီးတာ ဆောင် အခု ဆရာတော်ကြီးဟာ ဒီ နေရာကို အကောင်အထည် ရုပ်ခြပ်ကြီး နဲ့ ကြွလာနိုင်တာလဲဘုရား။ တပည့် တော်လည်း အခုလို ကိုယ်တိုင် မျက်စိ နဲ့တပ်အပ်မမြင်ရင် မယုံနိုင်အောင်ပါဘဲ ဘုရား"

ဟု မေးလိုက်ရာ ဆရာတော်ကြီး က -

"ဒီကိစ္စဒကာကြီးနားလည်အောင် ရှင်းပြဖို့ရာမလွယ်ဘူး။ ဒီလောက်ပဲ မှတ်ထားလိုက်ပါ။ ဒကာကြီးကို တစ်ခု ဆပ်မေးမယ်။ မင်းကွန်းဆရာတော်ကြီး ဒီဝိစိတ္တာသာရကိုဘယ်လိုထင်လဲ။ ဘယ် အဆင့်မျိုးရှိတယ်လို့ထင်လဲ။ ဒါမှမဟုတ် ကြားမိတာများကောရှိလား"

ဟု မေးလိုက်ရာ စာရေးဆရာက-

"ဘာကိုမေးတာပါလဲ ဘုရား။ အရိယာအဆင့်အတန်းကို မေးတာပါ လား"

"ဟုတ်တယ်၊ အဲဒါကိုမေးတာ"

"မင်းကွန်းဆရာတော်ဘုရားကြီး ရဲ့ အဆင့်အတန်းကို တပည့်တော်မခန့် မှန်းနိုင်ပါဘူးဘုရား။ သူများတွေပြော တာဆိုတာကြားဖူးသမျှကတော့ ရဟန္တာ အဆင့်အထိတော့ မရောက်သေးဘူးလို့ ထင်မြင်ယူဆကြပါတယ်"

ဟု လျှောက်တင်လိုက်ရာ ဆရာ တော်ကြီးက ပြုံးတော်မူလိုက်ပြီး-

"ဘုန်းကြီးတို့အနေနဲ့လည်း မင်း ကွန်းဆရာတော်ကြီးနဲ့ပတ်သက်ပြီး တစ် ဆင့်စကား တစ်ဆင့်နား ကြားရသမျှဆို ရင်လည်း ဒီလိုပဲ ထင်မြင်ယူဆပြောဆို ကြတယ်။ ဒါပေမယ့် တကယ်တော့ မင်းကွန်းဆရာတော်ကြီးဟာ ရဟန္တာ အဆင့်အထိဖြစ်သွားခဲ့တယ်။ ဒါပေမယ့် မင်းကွန်းဆရာတော်ကြီးဟာ အနေ အထိုင်ကျစ်လျစ်သိပ်သည်းတော့ ဘယ် သူမှမသိနိုင်ကြဘူး။ သူတော်စင်တို့ရဲ့ လမ်းစဉ်ကို လိုက်ပါကျင့်သုံးတဲ့ ပုဂ္ဂိုလ် တိုင်းဟာ တတ်နိုင်သမျှ လျှို့ဝှက်ကြတာ ချည်း ထာပဲမဟုတ်လား"

ဟု မိန့်လိုက်ရာ ဒကာဖြစ်သူ သည်း -

"ဟင် - ဒါဆို အလွန်ပဲအံ့ဩခြင်း ဖြစ်ရပါတယ်ဘုရား။ တပည့်တော် အရှင်ဘုရားကိုယုံပါတယ်ဘုရား။ အရှင် ဘုရားဟာ တကယ့်ကိုပဲ လောကီထွက် ရပ်၊ လောကုတ္တရာထွက်ရပ်၊ ဝိဇ္ဇာရေ ထွက်ရပ်ဆိုတဲ့ပညာရပ်တွေနဲ့ပတ်သက် တာတွေကို ပေါက်မြောက်အောင်မြင် ပြီးတဲ့ ပုဂ္ဂိုလ်တွေကို ပြန်ပင့်နိုင်တဲ့ကိစ္စ

တပည့်တော် လက်ခံပါတယ် ဘုရား။ ဒါကြောင့် အရှင်ဘုရားဟာ ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို ပြန်ပင့်မယ်ဆိုရင် ပင့်နိုင်တာကို လက်ခံပါတယ် ဘုရား။ ပင့်ချင်တိုင်းပင့်လို့မသင့်ဘူး ဆိုတာကို လည်းနားလည်သွားပါပြီ။ တစ်ဆက် တည်း တပည့်တော် မေတ္တာရပ်ခံချင်ပါ သေးတယ်ဘုရား. . ."

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးလည်း လျှောက်ထားသူ ဒကာအား အသေအချာ စူးစိုက်ကြည့် လိုက်ပြီး -

"ဒကာ့အနေနဲ့ ဘာများမေတ္တာ ရပ်ခံချင်တာများရှိသေးလို့လဲရှိရင်ပြော ပါ"

ဟု မိန့်လိုက်သောအခါ ဒကာဖြစ် သူ၏မျက်နှာလည်းကြည်လင်သွားပြီး-

"ဒီလိုပါဘုရား၊ အခုအခါ အရှင် ဘုရားနဲ့ တပည့်တော်ဖူးတွေ့ရပြီး ပြော ဆိုလျှောက်တင်ရပြီးတဲ့အခါမှာ တွေ့ရှိရ တဲ့ အထောက်အထားများအရ ရှင်ဥပ ဂုတ္တမထေရ်မြတ်ကြီးဟာ ယနေ့ထက် တိုင် သက်ရှိထင်ရှားရှိနေတယ်ဆိုတာ လက်ခံနိုင်ပါတယ်။ နောက်ထပ်လည်း ရဟန်းကိစ္စပြီးတဲ့ပုဂ္ဂိုလ်တွေ၊ ထွက်ရပ် ပေါက်ပြုပြီးတဲ့ပုဂ္ဂိုလ်တွေရဲ့ သဘော သဘာဝကို အနည်းငယ်မျှတော့ ရိပ်စား မိပါပြီဘုရား။ တစ်ဆက်တည်းပါပဲ ဘုရား၊ အရှင်ဘုရားဟာ အရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးနဲ့ ပတ်သက်တဲ့ကိစ္စတွေ ကို အတော်လေးပဲ ထဲထဲဝင်ဝင်သိမယ် လို့ ယူဆရပါတယ် ဘုရား။ ဒါကြောင့် ဖြစ်နိုင်ရင် ဆရာတော်ဘုရားအနေနဲ့ မထေရ်မြတ်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းအရာများရှိရင် မိန့်ကြား တော်မူပါဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးလည်း တစ်ချက်မျှတွေ ပြီး စဉ်းစားလိုက်၏။ ထို့နောက်တွင် ချောင်းတစ်ချက်ဟန့်လိုက်ကာ ထွေးခံ တစ်လုံးကို လှမ်းယူလိုက်ကာ တံတွေး ကို ထွေးထည့်လိုက်၏။ ပြီးမှ -

"ဒကာကဘာကိုသိချင်တာလဲ"

"တပည့်တော် သိချင်တာက ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့အကြောင်း ပိဋကတ်စာပေမှာမပါဘူးလို့ ဟောပြော ရေးသားနေတာတွေ၊ နောက်ပြီး ထေရ ဝါဒဗုဒ္ဓဘာသာမှာ ရှင်ဥပဂုတ္တမထေရ် မြတ်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းခြင်း ရာတွေကို လက်မခံနိုင်ဘူး ဆိုတဲ့ဟော ပြောရေးသားမှုတွေနဲ့ ပတ်သက်ပြီး ရှင်းပြပါဦးဘုရား"

"မထေရ်မြတ်ကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ပိဋကတ်စာပေမှာ မပါဘူးလို့ဆိုတာနဲ့ ပတ်သက်ပြီး ပြောရ ရင် ပိဋကတ်စာပေဆိုတဲ့နေရာမှာ ပိဋ ကတ်(၃)ပုံပါငြိတော်ရှိတယ်။ နောက်ပြီး ပိဋကတ်(၃)ပုံ မြန်မာပြန်တွေရှိတယ်၊ အဋ္ဌကထာတွေရှိတယ်၊ ဋီကာတွေရှိ တယ်၊ နိဿယတွေရှိတယ်၊ မြန်မာ စကားပြေကျမ်းတွေရှိတယ်။ အဲဒီမှာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးနဲ့ပတ်သက် အကြောင်းအရာကတော့ ပိဋကတ် (၃)ပုံမှာ ဘယ်ပါမှာလဲ။ ပိဋကတ်(၃)ပုံ ဆိုတာ ဘုရားဟောပဲ။ ဘုရားရှင်လက် ထက်မှာ ဟောကြားခဲ့တဲ့ တရားတွေကို စုပေါင်းထားတာ။ အဲဒီထဲတော့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့အကြောင်း အရာကဘယ်ပါလဲ။ ဘာဖြစ်လို့လဲဆို ရင်တော့ ဘုရားရှင်လက်ထက်မှာ မထေရ် မြတ်ကြီးက ပေါ်မှမပေါ်သေးတဲ့ဟာကို။ စဉ်းစားကြည့်ရင်သိနိုင်တယ်။

ရှင်ဥပဂုတ္တမထေရ်မြတ်ပေါ်တာ က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီး သာသနာတော် ၂၁၈ နှစ်ရောက်မှပေါ် တာလေ။ ဒါကြောင့် မြတ်စွာဘုရားရှင် နဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးတို့ဟာ သက်တမ်းအားဖြင့် နှစ်ပေါင်းနှစ်ရာ ကျော်ကွာနေတာကို သတိပြုရမယ်။ အဲဒါကြောင့် အရှင်မြတ်နဲ့ပတ်သက် တဲ့ကိစ္စ ပိဋကတ်(၃)ပုံမှာ ဘယ်လိုလုပ် ပြီးပါနိုင်မှာလဲ။ နောက်ပြီး ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းခြင်းရာတွေကို ထေရဝါဒ ဗုဒ္ဓဘာသာက လက်မခံနိုင်ဘူးဆိုတဲ့ အချက်ကို ပြောချင်တယ်။ ရှင်ဥပဂုတ္တ မထေရ်မြတ်နဲ့ ပတ်သက်တဲ့ အကြောင်း အရာကို အကျယ်တဝင့် သိချင်ရင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့တဲ့ ဇိနတ္ထပကာသနီကျမ်း မှာပါတယ်။ ဇိနတ္ထပကာသနီကျမ်း ဆိုတာ ထေရဝါဒဗုဒ္ဓဝင်ကျမ်းပဲ။ နောက် ပြီး ကျမ်းပြုတဲ့ပုဂ္ဂိုလ်ကလည်း ကျီးသဲ လေးထပ်ဆရာတော်ကြီးဆိုတာ ထေရ ဝါဒဆရာတော်ကြီးပဲ။ ထေရဝါဒကျမ်း တွေထဲမှ ဇိနတ္ထပကာသနီကျမ်းဆိုတာ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ အလေး အမြတ်ပြုရတဲ့ကျမ်းတစ်စောင်ပဲ။ ထေရ ဝါဒဗုဒ္ဓဘာသာဆိုတာ ထေရ်ကြီးဝါ ကြီးပုဂ္ဂိုလ်တွေရဲ့လမ်းစဉ်ကိုလိုက်ရတဲ့ ဘာသာပဲ။ အသေအချာသုံးသပ်ဖို့ အဘက်ဘက်မှ စဉ်းစားဖို့လိုပါတယ်။ ကိုယ့်အတ္တနောမတိတစ်ခုတည်းနဲ့ စိတ် ထင်ရာမပြောသင့်ဘူး။ မရေးသင့်ဘူး

www.burmeseclassic.com

ကိုယ့်ထင်ရာမြင်ရာခံယူချက်ကို ထေရဝါဒဗုဒ္ဓဘာသာကြီးတစ်လုံး ခံယူချက်အဖြစ်တော့ ခုတုံးမလုပ်သင့်ကြပါဘူး။ ခုလိုပြောရတာ ဖြစ်နိုင်ရင် မပြောချင်ပါဘူး။ မပြောမဖြစ်လို့ပြောနေရတာ။ မလိုလားအပ်တဲ့ကိစ္စတွေ ကိုယ့်ဗုဒ္ဓဘာသာအချင်းချင်းထဲမှာဖြစ်မှာကို၊ ထိခိုက်နစ်နာမှာကို မမြင်ချင်မတွေ့ချင်လို့ပြောရတာပဲ။ မထေရ်မြတ်ကြီးနဲ့ ပတ်သက်လို့ ထပ်ပြီးသိချင်တာရှိရင် ဗိနည်းပိဋကာသန်ကျမ်းထဲမှာပဲ ဆက်ပြီး လေ့လာကြပါ"

ဟု မိန့်ကြားရင်း ဆရာတော်ကြီးသည် စိတ်မကောင်းသည့်အမူအရာမျိုးဖြင့်စကားကိုရပ်လိုက်၏။

ထိုအခါ ဒကာက -

"အရှင်ဘုရား.. တပည့်တော်တို့အနေနဲ့ ကိုယ့်ဘာသာကိုယ်ဆက်ပြီး လေ့လာတာကလည်း နလေ့လာပါ့မယ်ဘုရား။ ဒါပေမယ့် အရှင်ဘုရားမိန့်ကြားတာလည်း နာယူချင်ပါတယ်ဘုရား။ ဒါကြောင့် အရှင်ဘုရားအနေနဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးပတ်သက်ပြီး အတ္ထုပ္ပတ္တိကို ဗုဒ္ဓဘာသာဝင်တို့ရဲ့အကျိုးကို ရှေးရှုပြီးဟောကြားပေးတော်မူပါဘုရား"

ဟု လျှောက်တင်လိုက်သောအခါ ဆရာတော်ကြီးက မထေရ်မြတ်၏အတ္ထုပ္ပတ္တိကို ဟောကြားခဲ့ပါသည်။ အောက်တွင် ဆရာတော်ကြီးဟောကြားသည်တို့ကို ယနေ့ခေတ်လူအများ နားလည်လွယ်မည့် စာပေအရေးအသားမျိုးဖြင့် ပြန်လည် ရေးဖွဲ့ ဖော်ပြလိုက်ပါသည်။

**မြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်ကို ခံယူရရှိထားသည့် ရှင်ဥပဂုတ္တမထေရ်**

မြတ်စွာဘုရားသည် ရှင်အာနန္ဒာနှင့်အတူ ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်တော်မူသောအခါတွင် လမ်းတစ်နေရာ၌ သူငယ်တစ်စုသည် မြေမှုန့်များနှင့် ကစားနေကြ၏။ ထိုသူငယ်များထဲတွင် ခုနစ်အရွယ် ပိယဒဿီ အမည်ရှိသော သူဌေးသားတစ်ဦး ပါဝင်၏။ ထိုသူငယ်သည် မြတ်စွာဘုရားအား ကြည်ညိုသောစိတ် ဖြစ်လာလေ၏။ ထိုအခါ သူသည် မြတ်စွာဘုရားအား တစ်စုံတစ်ခုလှူလျှင် ကောင်းလေစွဟု အကြံဖြစ်မိ၏။ ထို့အတွက် အနီးစပ်ဆုံး လှူဖွယ်ပစ္စည်းကို ရှာဖွေသောအခါ လက်ထဲ၌ရှိသော မြေမှုန့်ကို တွေ့ရှိသဖြင့် မြေမှုန့်ကိုသာ လှူတော့အံ့ဟု ဆုံးဖြတ်ပြီး အခြံအရံသူငယ်များဖြင့် ဘုရားရှင်ရှေ့တော်မှောက် သွားရောက်ဖူးမြော်ပြီး သူငယ်က -

"အရှင်ဘုရား၊ တပည့်တော်၏လက်၌ရှိသောမြေမှုန့်ကို အလှူခံတော်မူပါ"

ဟု လျှောက်တင်လိုက်၏။

ထိုအခါ မြတ်စွာဘုရားရှင်လည်း ထိုပိဒဿီသူငယ်ကို မြင်သောအခါ ရှင်သောနှလုံးဖြင့် အရှင်အာနန္ဒာကို ကြည့်တော်မူလေသည်။ ထိုအခါ အရှင်အာနန္ဒာလည်း သူ့လက်ထဲမှ သပိတ်တော်ကို မြတ်စွာဘုရားရှင်အားကပ်လိုက်၏။ ထိုအခါ ဘုရားရှင်လည်း ထိုသူငယ် လောင်းလှူသော မြေမှုန့်ကို ခံတော်မူပြီးနောက် သပိတ်တော် အား အရှင်အာနန္ဒာထံ ပြန်ပေးကာ ပြုံးတော်မူလိုက်၏။ ထိုပြုံးတော်မူခြင်းကို ရှင်အာနန္ဒာလည်း ဖူးတွေ့ရသဖြင့် -

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် မြေမှုန့်လှူလာသော သူငယ်အားကြည့်၍ ပြုံးတော်မူပါသည်။ ထိုသို့ပြုံးတော်မူရခြင်း၏အကြောင်းကို- သိလိုပါတယ်ဘုရား"

ဟု လျှောက်တင်လိုက်သောအခါ မြတ်စွာဘုရားက -

"ချစ်သားအာနန္ဒာ၊ ဤပိယဒဿီသတို့သားသည် မြေမှုန့်လှူသောအကျိုးကြောင့် နတ်ပြည်၌ စံစားပြီးသော် သာသနာတော်နှစ် ၂၁၈ နှစ်သို့ရောက်လျှင် ပါဋလိပုတ်ပြည် ဗိန္ဒုသာရမင်း၏သားတော်ပေါင်း (၁၀၁) ယောက်တွင် အသောကအမည်ဖြင့် ဗလစကြာမင်းဖြစ်လတ္တံ့။ ထိုအခါ ငါဘုရားရှင်၏သာသနာ၌ သဒ္ဓါတရားအားကြီးဖြစ်ကာ (၇)လ၊ (၇)ရက်တိုင်တိုင် အလှူကြီးပေး၍ မိမိကိုယ်ကိုမိမိ နံ့သာဆီဖြင့်ဆွတ်ထားသည့် ဝါဂွမ်းဖြင့်ရစ်ကာ မီးညှိပူဇော်လတ္တံ့။ ထိုပွဲကို မာရ်နတ်သည် ဖျက်ဆီးမည်ပြုသည်ကို ဥပဂုတ္တတိဿနာဂအမည်ရှိသောမထေရ်သည် တန်ခိုးအားဖြင့်တားပေလတ္တံ့"

ဟု ဗျာဒိတ်စကား ကြားတော်မူခဲ့ပါသည်။

**ဗ သာသနာသမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးသောအလှူ**

ဘုရားရှင်၏ဗျာဒိတ်တော်အတိုင်း သာသနာနှစ် ၂၁၈ နှစ်သို့ရောက်သောအခါ ဘုရားရှင်လက်ထက်တော်အခါက ပိယဒဿီ အမည်ရှိခဲ့သော သတို့သားသည် ဗိန္ဒုသာရမင်း၏သားတော်ဖြစ်လာခဲ့ပြီးနောက် ထီးနန်းအရိုက်အရာကို ဆက်ခံရရှိကာ သီရိဓမ္မာသောကဘွဲ့အမည်ရှိသော ဗလစကြာမင်းဖြစ်လာခဲ့၏။ သူသည် စကြာမင်းဖြစ်ရသည့်အကြောင်းမှာ တစ်စတစ်စနှင့်ကြီးကျယ်သောနိုင်ငံနှင့် ကြီးမားသော စစ်တပ်ကြီးကို တည်ထောင်နိုင်ခဲ့၏။ တိုက်ပွဲတိုင်းအောင်နိုင်ခဲ့၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို သိမ်းပိုက်စိုးစံနိုင်ခဲ့၏။

ထို့နောက် သီရိဓမ္မာသောကမင်းသည် အဇာတသတ်မင်းလက်ထက် ဘုရားရှင်၏သရီရဓာတ်တော်တို့ ထိန်းသိမ်းပူဇော်ထားရာ ဓာတ်တော်တိုက်မှ ဓာတ်တော်တို့ကို ရရှိသဖြင့် ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံး၌ အမြဲတည်ထားကိုးကွယ်စေနိုင်ခြင်းငှာ ရည်သန်လျက် ရှစ်သောင်းလေးထောင်သောမြို့၊ နိုင်ငံတို့၌ တစ်နေရာလျှင် စေတီတစ်ဆူကျစီတည်လေ၏။ ထို့ကြောင့် တည်သမျှသော စေတီတော်တို့သည်လည်း ရှစ်သောင်းလေးထောင်ပင်ရှိလေ၏။ ထိုစေတီတော်တို့နှင့်တွဲလျက် ကျောင်းလည်း တစ်ဆောင်စီဆောက်စေ၏။ ရေတွင်းရေကန်တစ်ခုစီကိုလည်း ဆောက်စေ၏။ ထိုသို့တည်ဆောက်ရေးလုပ်ငန်းများအတွက် မင်းကြီးသည် တန်ခိုးအာနုဘော်ကြီးမားသော ဣန္ဒဂုတ္တရဟန္တာမြတ်ကို တောင်းပန်ရာ ထိုအရှင်လည်း တန်ခိုးစွမ်းအင်ဖြင့် စောင်မသောကြောင့် (၆) လဖြင့်ပင် ဘုရား၊ ကျောင်း၊ ကန်တို့ပြီးစီးကုန်၏။ ထိုရှစ်သောင်းလေးထောင်သောဘုရားစေတီတော်တို့ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အခမ်းအနားကို ကျင်းပရန် စီစဉ်ရာ မူလသရီရဓာတ်တော်များထဲမှ တစ်မျိုးသော ဓာတ်တော်တို့ကို ပါဋလိပုတ်ပြည်မြစ်အနီးရှိ တစ်ကောသခွဲရှိသောအရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညာအောင်ပြုကာ မဟာစေတီဘွဲ့အမည်ရှိသော စေတီတော်ကြီးတစ်ဆူကိုလည်း တည်ထားခဲ့၏။ ထိုစေတီတော်ကြီးအား အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်ခဲ့၏။

ယခုအခါ ရှစ်သောင်းလေးထောင်သော ဘုရားကျောင်းကန်တို့ ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မဟာစေတီတော်တွင် ကြီးကျယ်စွာသောပူဇော်ပွဲကို (၇) လ၊ (၇) ရက်တိုင်တိုင်ပြုလုပ်လိုခဲ့သောဆန္ဒသည် သီရိဓမ္မာသောကမင်းကြီးတွင် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မင်းကြီးသည် သူ၏အနုမောဒနာပွဲကြီးတွင် မည်သည့်အန္တရာယ်ရန်စွယ်တို့သည် စိုးစဉ်းမျှမရှိစေရန်အတွက် အရိယာသံဃာတော်တို့ထံ တောင်းပန် လျှောက်ထားမည်ဟု ရည်ရွယ်ကာ မှူးမတ်အပေါင်း ခြံရံလျက် အသောကာရာမကျောင်းသို့ ကြွရောက်တော်မူလာ၏။ ကျောင်းသို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်များအား အသောကမင်းကြီးက သံဃာတော်တို့အား ရှိသေစွာ ရှိခိုး၍ သံဃာ့ပဓာနာယကဦးသျှောင် ဆရာတော်ကြီးအား -

"အရှင်ဘုရား၊ တပည့်တော် ဆောင်းမှုအပေါင်းတို့အပေါ်၌ကျရောက်သည့်အန္တရာယ်ကို တန်ခိုးဖြင့် တားမြစ်ခြင်းငှာ စွမ်းနိုင်သော ရဟန်းတစ်ပါးကို ပေးတော်မူပါ"

ဟု လျှောက်တင်လိုက်၏။

ထိုအခါ သံဃာ့ဦးသျှောင်မထေရ်ကြီးက -

"မင်းကြီး၊ တန်ခိုးရှိသော ရဟန်းကို ရှာဦးအံ့"

ဟု မိန့်တော်မူ၏။

ထို့ကြောင့် မင်းကြီးလည်း တန်ခိုးရှိသော ရဟန်းရရှိရေးအတွက် အချိန်ဆေးရတော့မည်ကို သဘောပေါက်သဖြင့် နန်းတော်သို့ ပြန်ကြွလာခဲ့လေ၏။ မင်းကြီး ပြန်ကြွသွားသောအခါ ရဟန်းသံဃာတော်များ စုဝေးတိုင်ပင်ကြ၏။ ထိုအစည်းအဝေးပွဲ၌ ကြွရောက်လာသမျှသော ရဟန်းသံဃာအပေါင်းတို့သည် သာမန်ပုထုဇဉ်များမဟုတ်ကြ။ အရိယာချည်းသာဖြစ်ကြ၏။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီး၏ ကြီးကျယ်လှစွာသော အနုမောဒနာပွဲကြီးတွင် မာရ်နတ်သားသည် အဆိုပါကောင်းမှု၏ အန္တရာယ်ကို မချွတ်ဧကန်ပြုတော့မည်၊ နှတ်လိုဖျက်ဆီးနှင့်ပြုလုပ်တော့မည်ကို အဘိညာဉ်ဖြင့်သိကြ၏။ ထို့ကြောင့် မာရ်နတ်သား၏ အန္တရာယ်ကို ကြိုတင်တားမြစ်မှသာဖြစ်မည်ဟုသဘောရကြ၏။ အဆိုပါ မာရ်နတ်သားကို တားမြစ်ရန်ဟူသောကိစ္စသည် အပြောလွယ်သလောက် လွန်စွာခဲခက်အန္တရာယ်များသောကိစ္စ ဖြစ်၏။ မာရ်နတ်နှင့်ပတ်သက်သမျှသော ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည် သုံးသပ်ကြည့်ပါက သူသည် ဗုဒ္ဓသာသနာတော်သမိုင်းတွင် ခေသူမဟုတ်ကြောင်း တွေ့မြင်ကြရ၏။ ဗုဒ္ဓရှင်တော်ဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူခန်း၌ မာရ်နတ်သည် ဘုရားရှင်ထံလာပြီး ပလ္လင်လုစစ်ဆင်ခဲ့ဖူးသည့် အထောက်အထားရှိသည်။ ထိုပြဿနာနှင့်ပတ်သက်၍ စကြဝဠာတိုက်တစ်သောင်းအတွင်းတွင်ရှိမည်မျှ တန်ခိုးကြီးသော နတ်၊ သိကြား၊ ဗြဟ္မာသည့် ပုဂ္ဂိုလ်တို့သည် အဆိုပါ မာရ်နတ်စစ်မှ ဝေးရာသို့ ရှောင်တိမ်းထွက်ပြေးကြရ၏။ မြတ်စွာဘုရားတစ်ပါးထည်းသာ ကျန်တော်မူခဲ့၏။ ထိုအခါ ဘုရားရှင်သည် လေးသချေ်နှင့် ကမ္ဘာတစ်သိန်းအတွင်းဖြည့်တော်မူခဲ့သည့် ပါရမီတော်တို့ကိုသာတိုင်တည်ခဲ့ပြီး မာရ်နတ်ရန်ကို တားမြစ်ကာ အောင်တော်မူခဲ့ရ၏။ မာရ်နတ်ကို နှောင်ကြိုးအောင် ဆုံးမခြင်းကား ပြုတော်မမူခဲ့ချေ။ ထို့ကြောင့်လည်း မာရ်နတ်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် တွင်ပင် မကြာခဏ လာရောက်နှောင့်ယှက်မှုပြုခဲ့ခြင်း ဖြစ်၏။

သာဓကအားဖြင့်ကြည့်ပါကလည်း မြတ်စွာဘုရားက ညီတော်အာနန္ဒာအား အာယုသင်္ခါရလွှတ်တော်မူမည့်အကြောင်း မိန့်ကြားသောအခါတွင် ညီတော် အာနန္ဒာအနေဖြင့် ဘုရားရှင်အား အာယုသင်္ခါရလွှတ်ခြင်းနှင့် ပတ်သက်၍ ဆိုင်းငံ့ထားတော်မူပါရန် ပြန်လည် လျှောက်တင်ရမည့်ကိစ္စကို မလျှောက်တင်ဖြစ်အောင် မာရ်နတ်က သူ၏တန်ခိုးဖြင့် တားမြစ်လိုက်သဖြင့် ညီတော်အာနန္ဒာလည်း မလျှောက်တင်ဖြစ်လိုက်ပေ။ အဆိုပါ အာယုသင်္ခါရလွှတ်မည့်ကိစ္စကို မြတ်စွာဘုရားသည် တစ်ကြိမ်တည်း မိန့်ကြားသည် မဟုတ်ပေ။ သုံးကြိမ်သုံးခါ ညီတော်အာနန္ဒာအား မာရ်နတ်က တန်ခိုးဖြင့် ပြန်လည် မလျှောက်တင်နိုင်အောင် တားမြစ်ခဲ့သဖြင့် ဘုရားရှင်၏ အာယုသင်္ခါရလွှတ်မည့်ကိစ္စသည် အတည်ပြုပြီးဖြစ်သွားခဲ့ရ၏။

တစ်ဖန် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ တန်ခိုးအရာတွင် ဧတဒဂ်ရရှိထားသည့် ရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးပင်လျှင် မာရ်နတ်၏ ဒုက္ခပေးမှုကို တစ်ကြိမ်တွင်ခံရဖူး၏။ မထေရ်ကြီးသည် တစ်ချက်မျှသတိလွတ်သည်နှင့် မာရ်နတ်သည် မထေရ်ကြီး၏ ဝမ်းထဲသို့ ဝင်ရောက်သွားနိုင်ခဲ့ကာ အသည်းနှလုံးတို့ကို ဆုပ်ကိုင်ပြီး ခြေမွပစ်မည်ဟု ခြိမ်းခြောက်ခဲ့သဖြင့် မထေရ်ကြီးသည် မည်သို့မျှမတတ်နိုင်တော့ဘဲ မာရ်နတ်အား သံသရာဘဝတစ်ခု၌ ဆွေမျိုးတော်စပ်ခဲ့ဖူးကြောင်း ပြန်ပြောင်းဖော်ပြကာ ချော့မော့ရလေ၏။ ထိုအခါတွင်မှ မာရ်နတ်လည်း ဝမ်းထဲမှ အပြင်သို့ ပြန်ထွက် လေ၏။

အထက်ပါ သာဓကတို့ကား မာရ်နတ်နှင့်ပတ်သက်၍ ဘုရားရှင်ထက် ထက်ကြုံတွေ့ရမှုအချို့သာ ဖြစ်ပါသည်။ ထို့ကြောင့် မာရ်နတ်သည် ဤမျှတန်ခိုးကြီး၏အစွမ်းသတ္တိကြီးမားလှပါသည်။

ထို့ကြောင့် အသောကာရာမကျောင်းသံဃာတော်တို့သည် ထေရ်စဉ်အတိုင်း အောက်ပါစကားကို မိန့်ကြားကြ၏။

"မာရ်နတ်သား တားမြစ်ခြင်းငှာ ငါ့ရှင်အားထုတ်ပါ"

ဟူသည့်စကားပင် ဖြစ်၏။ ထိုသို့ ထေရ်စဉ်အတိုင်း တစ်ပါးမှတစ်ပါးသို့ မိန့်ကြားသွားရာ နောက်ဆုံး သံဃာသာ ကုန်သွား၏။ တားမြစ်ဆုံးမနိုင်မည့် ရဟန်းတစ်ပါးမျှ ထွက်ပေါ်မလာခဲ့ပေ။ ထို့ကြောင့် ထိုနေ့အစည်းအဝေးကို အဖြေမရဘဲ အဆုံးသတ်ခဲ့ရလေ၏။ သို့သော်လည်း ထိုကိစ္စသည် မဖြစ်မနေ အရေးကြီးသောကိစ္စ ဖြစ်နေ၏။

ထို့ကြောင့် နောက်(၃)ရက်မြောက်သောနေ့တွင် သံဃာတော်တို့သည် စည်းဝေးတိုင်ပင်ကြပြန်၏။ ထိုသို့သံဃာများ စည်းဝေးနေကြစဉ် နဂါးပြည်မှ နဂါးမင်းတစ်ပါးသည် သံဃာအစုအဝေး ပြုနေကြသည်ကိုမြင်သဖြင့် သံဃာတော်တို့ကို ရှိခိုးအံ့ဟုစိတ်ဆန္ဒဖြစ်ပေါ်သဖြင့် သံဃာတော်တို့အား ရှိခိုးလေ၏။ ရှိခိုးနေစဉ် ကောင်းကင်ခရီးမှလာနေသော ဂဠုန်မင်းသည် နဂါးကိုမြင်၍ ဖမ်းဆီးရန် မြေပြင်သို့ဆင်းသက်လာလေ၏။ ထိုသို့ ဂဠုန်မင်း မြေသို့ဆင်းသက်လာကြောင်းကို သံဃာအားရှိခိုးနေသည့် နဂါးမင်းသည် ပတ်ဝန်းကျင်ရှိ လေတို့၏အဟုန်ပြောင်းလဲရိုက်ခတ်လာသည်ကို ခံစားသိရှိရသဖြင့် သူ့ထံသို့ ဂဠုန်မင်းလာနေကြောင်းချက်ချင်းသိရှိသွားကာ ကြောက်လန့်လျက် သံဃာ့ဦးသျှောင်မထေရ်ကြီးထံ အပြေးသွားကာ ခြေတော်ကြားသို့ ဝင်ပြီး-

"အကျွန်ုပ်၏အသက်ကိုကယ်တင်ပေးတော်မူပါအရှင်ဘုရား"

ဟုလျှောက်၏။

ထိုအခါ ဦးသျှောင်မထေရ်ကြီးလည်း ဒုတိယမထေရ်အား -

"ငါသည် ဇရာဒုဗ္ဗလဖြစ်၍ ဈာန်ဝင်စားခြင်းငှာ တတ်နိုင်ခြင်းမရှိပြီ။ သို့ပါသောကြောင့် ငါ့ရှင်အနေဖြင့် နဂါးမင်းကို ဂဠုန်ဘေးမှ ကယ်တင်ပါ"

ဟု မိန့်၏။

ထိုအခါ ဒုတိယမထေရ်သည်လည်း တတိယမထေရ်သို့ ထို့အတူ တိုက်တွန်းပြန်၏။ ဤနည်းဖြင့် အဆင့်ဆင့်တိုက်တွန်းသွားရာ နောက်ဆုံး (၇) နှစ်အရွယ် သာမဏေတစ်ပါးထံရောက်ပြီး ထိုသာမဏေငယ်က 'ကျွန်ုပ်ဂဠုန်ကို ဆုံးမပါမည်' ဟု ဝန်ခံလိုက်၏။

(ရွှေလဆတ်ချ်)
ဆရာဦးဆက်ထွန်းအောင်
([illegible])



www.burmeseclassic.com

www.burmeseclassic.com

ယခု ရေးသားတင်ပြမည့် ဖြစ်ရပ်မှန်ဇာတ်ကြောင်းအား စာရေးသူ ရေးသားတင်ပြမှုမပြုခင် အနည်းငယ်မျှ အစီရင်ခံစကားလေး ရေးသား ပြောဆိုလိုပါသည်။

ရေးသားရခြင်း၏ ရည်ရွယ်ချက်ကလည်း စာရှုသူများ၏ ဘဝင်နှလုံးကို ထင်ယောင်ပိုးတဝါးများမဖြစ်ကြစေဘဲ ယုံကြည်သက်ဝင်စွာဖြင့် ထိထိမိမိ ရိုက်ခတ်ထိမှန်စေရန် ဖြစ်ပါသည်။

'အတင့်ရဲသည့် ပရလောကသားဖြစ်ရပ်မှန်'ဝတ္ထုတွင် မယုံနိုင်စရာကောင်းလောက်အောင်ပင် အံ့ဩစရာအကြောင်းများပါဝင်မှာဖြစ်ပါသဖြင့် စာရှုသူများသည်လည်း စာဖတ်ရင်း ဟုတ်မှဟုတ်ပါ့မလား ဆိုသည့် ဝါးတားတားစိတ်များ မလွဲမသွေဖြစ်နိုင်ပါလေသည်။

သို့အတွက်ကြောင့်လည်း ဤဝတ္ထုရေးသားပြီး မဂ္ဂဇင်းတိုက်သို့ မပို့ဖြစ်နိုင်ဘဲ (၅) နှစ်ကြာမျှ စာရေးသူ၏ လက်ထဲတွင် သိမ်းဆည်းထားခဲ့မိပါသည်။

သည့်နောက် အထပ်ထပ်စဉ်းစားရင်း ကိုယ်တွေ့ကြုံခံစားရသည့်ဖြစ်ရပ်မှန်ပြောသူ ကိုစံမြင့်သည် ကစစ (၁၂ ပစ္စည်းထိန်းဌာနတွင် ယခုအထိရှိနေ သလို ကိုစံမြင့်ပြောပြသည်မှာ အမှန် ဖြစ်ပါသည်ဟု ထောက်ခံသည့် ဦးတင်မ (ငြိမ်း)၊ ကိုယ်ထည်အလုပ်ရုံ ကစစ (၁၂ သည်လည်းရှိနေသေးသဖြင့် မယုံကြည် မှုများ၊ အီလိုစိတ်များ၊ မရှင်းလင်းထာ မျိုးများရှိခဲ့ပါလျှင် စာရေးမေးမြန်းစုံစမ်း နိုင်ပါသည်ဟု အကြံရကာ ရေးသား တင်ပြလိုက်ရပါသည်။

❑

၂၀၁၀ ပြည့်နှစ်၊ မေလ၏ စနေ တစ်ရက်တွင် ကိုယ်ထည်အလုပ် လက်ဖက်ရည်ဆိုင်တွင် မောင်စံမြ ဆိုသူနှင့် စာရေးသူတို့ဆုံမိကြပါသည်။

"မောင်စံမြင့်ရေ မင်းနဲ့ဟိုတစ် ဆုံတုန်းက မင်းပြောမယ်ဆိုတဲ့မင်းတို





www.burmeseclassic.com

www.burmeseclassic.com

ကြုံခဲ့ရတဲ့ ဖြစ်ရပ်မှန် ပရလောက အကြောင်းလေး မင်းနဲ့ကြုံတုန်းဆုံ အစ်ကိုစာရေးချင်လို့ပြောပြစမ်း ပါဦးကွာ"

ဟု စာရေးသူမှတွေ့တွေ့ချင်းပင် စလိုက်မိပါသည်။

ဤပရလောကသားနှင့်ပတ်သက် ၍ လွန်ခဲ့သည့် နှစ် (၂၀) ဝန်းကျင် ကတည်းက (၂)မတာယနယ်မြေ တွင် တိုးလေးတကျော်ကျော်ဖြစ်ခဲ့ဖူးပါ သည်။

ထိုစဉ်က မောင်စံမြင့်နှင့်ရင်းနှီးမှု ရသေးသည်ကတစ်ကြောင်း၊ စာရေးသူ ကိုယ်၌ကလည်း လက်မရောက်နိုင်သည် တစ်ကြောင်းတို့ကြောင့် မရေးဖြစ်ခဲ့ ရခြင်း ဖြစ်ပါသည်။

မောင်စံမြင့်မှ -

"အစ်ကိုကလည်း အခုမှပဲ အင်တာဗျူးလုပ်တော့တယ်။ ဟိုလွန်ခဲ့တဲ့ ကျွန်တော်လူပျိုဘဝတည်းက ကြုံခဲ့ရတဲ့အဖြစ်အပျက်ပါ။ လူ့ဘဝမှာ တစ်ခါဆိုဆိုသလောက်လောက်ကိုပဲ အစ်ကို။ အခုထိမမေ့နိုင်သေးတဲ့အဖြစ်အပျက်ပါ"

ဟု အစချီကာ ပြောပြပါလေသည်။

❑

မောင်စံမြင့်သည် အခြေအနေ အရ (၂) မတာယလုပ်သားရပ်ကွက်မှ ကိုယ်ပိုင်အိမ်လေးအား ရောင်းချပြီး လူပျိုလူလွတ်ဖြစ်၍ အီးပီစီမှ တိုက်ခန်းတစ်ခုအား ငှားရမ်းကာ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ (၎င်းတိုက်ခန်း ယခုထိရှိပါသည်။)

ပြောင်းရွှေ့ခါစဖြစ်၍ တစ်ပတ်ကြာမျှ အိမ်သန့်ရှင်းရေးနှင့် စားပွဲ၊ ကုလားထိုင်၊ ခုတင်များ၊ နေရာမှန်ချထားရေးတို့ကို မောင်စံမြင့် ပြီးစီးအောင် စီရင်လိုက်ပါသည်။

ညတစ်ညတွင် လျှပ်စစ်မီးများလည်း လင်းနေအောင်ထွန်းထားနေသည့်ကြားက မောင်စံမြင့်၏တိုက်ခန်း ခေါင်မိုးပေါ်မှ မောင်စံမြင့်၏ခေါင်းပေါ်နှင့်ဘေးနားသို့ ဆီးစေ့ခန့်ရှိ ကျောက်စရစ်ခဲများဖွာခနဲကျလာကြပါသည်။

မော့ကြည့်မိရာ ဘာမှမတွေ့။ ဘေးဘီလျှောက်ကြည့်ရာမှာလည်း ဘာမှမတွေ့သဖြင့် စဉ်းစားမရသောကြောင့် တွေးတောမနေတော့ဘဲ ခုတင်ပေါ်တွင် လဲလျောင်းကာ အိပ်စက်အနားယူခဲ့လေသည်။

မောင်စံမြင့်သည် တော်တော်တန်တန် မကြောက်တတ်သူတစ်ဦးဖြစ်သည်။ သို့သော်လည်း ဤကဲ့သို့ တစ်ပတ်မျှဖြစ်နေသဖြင့် မောင်စံမြင့်မှာ

# ဦးကိုကိုကြီး

(စစ်ဆေးရေး)

# အတင့်ရဲသည့် ပရလောကသား



www.burmeseclassic.com

www.burmeseclassic.com

ဒါမရိုးသားတော့ဘူးဟု စိတ်ထဲတွင်တွေးကာ အိမ်ရှိစားပွဲပေါ်တင်ထားသည့် ကတ်ဆက်လေးအား အနှောင့်အယှက်များကင်းစေရန် နံနက်ပိုင်းတွင် ပရိတ်တရားခွေဖွင့်ကာ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း တရားနာနေလိုက်လေ၏။ ပရိတ်တရားခွေသုံးပုံတစ်ပုံလောက်နာပြီးတွင် တိပ်ခွေထည့်သည့်ဘူးအခွံအဖုံးအား ခြေလှမ်းငါးလှမ်းအကွာသို့ ပစ်ပေါက်ခဲ့လိုက်သည့်အသံကိုကြားရသဖြင့် မှိတ်ထားသောမျက်စိဖွင့်ပြီးကြည့်လိုက်ပါသည်။ ပြီးနောက် ကာဗာအခွံကလေးရှိရာသို့ထသွားပြီး ကွဲနေသော ကာဗာအခွံလေးအား" အံ့ဩစွာဖြင့် ကောက်ကိုင်ကြည့်လိုက်မိကာ တုန်လှုပ်ချောက်ချားသွားမိလေသည်။

တိုက်ခန်းလေးထဲတွင် မောင်စံမြင့်တစ်ယောက်မှလွဲ၍ လူသူတစ်ဦးတစ်ယောက်မျှမရှိသဖြင့် ဘယ်လိုကြောင့်ပါလိမ့်ဟုတွေးတောရင်း ထပ်မံဖြစ်မလာစေရန်အတွက်လည်း ကတ်ဆက်အားပိတ်ပစ်လိုက်ပါသည်။ ဦးနှောက်ထဲတွင်လည်း များပြားလာသည့် သို့လောသိုလောသော အကြောင်းတရားများစွာတို့၏ အတွေးအမျှင်ပေါင်းတို့သည် သူ့အား လွှမ်းမိုးနေရာယူထားလျက်ရှိပါတော့သည်။

□

ညဘက်ရောက်လာသည့်အချိန်တွင် မောင်စံမြင့်သည် ကြောက်စိတ်များမဝင်စေရန် ခေါင်းထဲမှာရှိသောအတွေးအမျှင်များ အပြင်သို့ထုတ်ပစ်ကာ အိပ်ရန် အိပ်ခန်းထဲသို့ဝင်မည်အပြု ပိတ်ထားသည့် အိမ်ရှေ့တံခါးပေါက်စီမှ အာလူးလုံးခန့်ရှိ ကျောက်ခဲတစ်လုံး မောင်စံမြင့်ထံသို့ သမ်ဓာလင်းအတိုင်း ဂလုံးလုံးနှင့်လိမ့်ဝင်လာပါသည်။ သူစိတ်ကိုတင်းကာ လိမ့်လာသောကျောက်ခဲလုံးကို ကောက်ကိုင်လိုက်ပြီး သေသေချာချာကြည့်လိုက်မိရာ ကျောက်ခဲတွင် စိုနေသော ရေညှိများ ကပ်တွယ်နေသည်ကို တွေ့ရှိလိုက်ရပါသည်။ ကျောက်ခဲအား ထောင့်တစ်ထောင့်တွင် အသာသိမ်းဆည်းထားလိုက် ပြီး 'ဘယ်လိုလုပ်လိမ့်ပါလိမ့်' ဟုတွေးရင်း အိမ်ခန်းထဲသို့ဝင်ကာ အိပ်ရာပေါ်သို့ အိပ်ချမိလေသည်။

အချိန်ကား ည (၁၀) နာရီကျော်ခန့် ဖြစ်ပါသည်။ အိပ်ရာထဲလှဲ၍ (၅) မိနစ်မျှ အကြာလောက်တွင် အိမ်ခေါင်မိုး သွပ်ပေါ်သို့ ခဲလုံးထိမှန်ပြီး သွပ်မိုးအတိုင်း ခဲလုံးလိမ့်ဆင်းလာကာ မြေကြီးပေါ်သို့ ခဲကျလာသံရှင်းရှင်းလင်းလင်းကြားကြားလိုက်ရပါသည်။ မောင်စံမြင့်လန့်ဖျပ်သွားပြီး လှူးလဲထထိုင်ကာ အိမ်ရှေ့သို့သွားပြီး တံခါးဖွင့်၍ကြည့်လိုက်မိပါသည်။ ထိုစဉ်မှာပဲ နောက်ထပ်ကျောက်ခဲတစ်လုံး ထပ်မံကျလာပြန်၍ အိမ်အတွင်းမှ ထွက်၍ကြည့်လိုက်မိပါသည်။

ထိုအချိန်သည် ပတ်ဝန်းကျင်ရှိအိမ်များအားလုံး တံခါးများပိတ်ထားကြပြီး ငြိမ်သက်နေရုံမှလွဲ၍ လူရိပ်လူခြည်မျှပင် မတွေ့ရ။ မောင်စံမြင့်တစ်ယောက်အခြေအနေကို အကဲခတ်နေစဉ်မှာပင် ထပ်မံပြီး တတိယမြောက်ခဲလုံး သူ့ရှေ့တည့်တည့်သို့ကျလာပြန်ရာ မောင်စံမြင့်ထခုန်မိမတတ်ဖြစ်သွား၏။ ကြောက်လန့်စိတ်နှင့်ပင် ကျလာသောခဲလုံးအားကောက်ကိုင်ကြည့်လိုက်မိရာ မောင်စံမြင့်၏အိမ်တွင်းသို့ ပထမဆုံးဝင်လာသည့် ကျောက်ခဲလုံးမျှကြီးသည့်ကျောက်ခဲမျိုးဖြစ်ပါသည်။ ထိုကျောက်ခဲတွင်လည်း ရေညှိများကပ်တွယ်နေသည်ကို တွေ့ရှိရပြန်ပါသည်။ ထိုကျောက်ခဲအားလည်း အိမ်ထဲဝင်လာသော ကျောက်ခဲနှင့်အတူ မောင်စံမြင့်သိမ်းဆည်းထားလိုက်ပြန်ပါသည်။

ထို့နောက် အိပ်ရှေ့တံခါးပြန်ပိတ်ကာ အိပ်ရာထဲစိတ်လှုပ်ရှားစွာဖြင့်ဝင်လှဲလိုက်ပြန်၏။ ကြောက်စိတ်များကိုဖျောက်၍ မျက်စိကို အတင်းမှိတ်ရင်း အိပ်ပျော်ရန် ကြိုးစားသော်လည်း (၅)မိနစ်တစ်ခါ (၁၅) မိနစ်တစ် ခါ ခဲများအိမ်ခေါင်မိုးသွပ်ပေါ်သို့ တဒုန်းဒုန်းကျနေသဖြင့် ကြောက်သောစိတ်မှ ဒေါသစိတ်သို့ ပြောင်းလဲသွားကာ အော်ဟစ်ဆဲဆိုပစ်လိုက်မိပါတော့သည်။ ထိုသို့ဆဲဆိုလိုက်သဖြင့် နောက်ထပ် ခဲသံများမကြားရတော့ဘဲ ငြိမ်သက်သွားသည်ကိုတွေ့လိုက်ရပါလေသည်။ သည့်နောက်မတော့ မောင်စံမြင့် အိပ်ရာပေါ် ဝင်လှဲ၍အိပ်ပျော်ခဲ့ရပါသည်။

□

နောက်တစ်နေ့နံနက်တွင် အိမ်နီးချင်းများမှ ညက ကျောက်ခဲကျသည့်အသံများ သူတို့လည်းကြားကြသဖြင့် လာရောက်မေးကြရာ မောင်စံမြင့်ကလည်းရှင်းပြပြီး ဒါမရိုးသားဘူးဟုဆိုကာ သူ့သူငယ်ချင်းဂိုဏ်းဆရာတစ်ယောက်ကိုတော့ ဒီနေ့သွားခေါ်မှဖြစ်မည်ဟုဆိုကာ အိမ်မှထွက်သွားခဲ့လေသည်။

နေ့လယ်ခင်းတွင် ထိုဆရာရောက်ရှိလာလေသည်။ ဆရာအားနေရာထိုင်ခင်းများပေးပြီး ဖြစ်ကြောင်းကုန်စင် မောင်စံမြင့်မှရှင်းပြပါသည်။

ထိုအခါ ဆရာမှ -

"မပူပါနဲ့ ကိုစံမြင့်ရယ်၊ ဆရာ တွေ့ရင် အိမ်နားတောင်မကပ်နိုင်တော့ဘူး။ အမလေးဗျာ - ကျွတ်. . . ကျွတ် ခြေသလုံးရိုးကျိုးပါပြီ လုပ်ပါဦး"

ဟု စကားပင်မဆုံးလိုက်နိုင်ဘဲ ထိုဆရာအော်ဟစ်ညည်းတွားလေ၏။

ဘယ်နေရာကနေ ဘယ်လိုထွက်လာမှန်းမသိသည့် ကျောက်ခဲမှ ထိုဆရာ၏ ခြေသလုံးရိုးအား ထိမှန်သွားခြင်း ဖြစ်လေသည်။ ထိုကျောက်ခဲအား မောင်စံမြင့်ကောက်ကြည့်ရာ ရေညှိတင်နေသောကျောက်ခဲပင် ဖြစ်နေပြန်ပါပြီ။ မောင်စံမြင့်လည်း စုတ်တသပ်သပ်ဖြစ်နေသောဆရာအား ရောင်တက်ထားသောဒဏ်ရာကို ပရုပ်ဆီလိမ်းပေးခြင်း ပတ်တီးစည်းပေးခြင်းများ အားနာစွာဖြင့် ပြုစုပေးရပါသည်။ ဆရာမနိုင်မှန်းသိသွားသော မောင်စံမြင့်မှာ ဆရာ့အားတွဲခေါ်၍ ဆရာ၏အိမ်သို့ပြန်ပို့ပေးလိုက်ရပါလေ၏။

□

သည့်နောက် မောင်စံမြင့်သည် ပရလောကသားများနှင့် ပတ်သက်၍ နိုင်နင်းသော ဘုန်းကြီးတစ်ပါးအား ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်ရွတ် ပြန်ပါလေ သည်။

ထိုနေ့နေခင်းမှာတော့ ဘုန်းကြီး ပင့်ဖိတ်ကာ ရွတ်ဆိုပြီး၍ ငြိမ်းပြီ သတ်မှတ်ကာ အိမ်ရှေ့တွင်ဖျာခင်း၍ စိတ်အပန်းဖြေအိပ်စက်အနားယူလိုက် လေသည်။ အိပ်ပျော်ပြီးသိပ်မကြာလိုက် ပါ။ သူအိပ်နေသောဖျာအား ဆောင့်၍ ယူပြီး လူပါဒရွတ်တိုက်ပါသွားသလိုမျိုး ခံစားလိုက်ရပါလေသည်။

သို့ကြောင့် နိုး၍သတိရလာပြီး ခန္ဓာကိုယ်ကို တစ်ဖက်သို့လှည့်ချလိုက်ရာ ဖျာကြီးသက်သက်သာပါသွားပြီး ဖျာကြီးသည် လူတစ်ရပ်သာသာ လောက် မြင့်တက်သွားကာ အပေါ်တွင် ဝဲပျံ၍ (၂) ပတ်။ (၃) ပတ်လည်ပြီး အောက်သို့ ပြန်ကျသွားသည့်ဖြစ်ရပ်ကို အံ့ဩစွာတွေ့ရပါလေသည်။ မောင်စံ မြင့်မှာ သတ္တိကောင်းသူ့ကောင်း မှုသာ ဖြစ်ပါ၏။ ဆာမန်သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

...ပါက သတိပင်မေ့၍သွားနိုင်ပါသည်။

ထိုသတင်းတို့သည် စာရေးသူတို့ (၂) မတာယစက်ရုံနယ်မြေတွင်ပျံ့သွား ...ဖြင့် တာဝန်ရှိလူကြီးတစ်ယောက်က ...ောင်စံမြင့်အိမ်သို့ လာရောက်မေးမြန်း ...မြန်းသမှုပြုပါလေ၏။

မောင်စံမြင့်မှလည်း ဖြစ်ကြောင်း ...နစ်ကို ထိုလူကြီးအား ရှင်းလင်း ...ပြောကြားနေစဉ် ဘယ်နေရာကဘယ် ...ရောက်လာမှန်းမသိသည့် ဝက်အူလှည့် ...တစ်ခုသည် ထိုလူကြီး၏ဘေးမှ ဝှီးခနဲ ...တ်သန်းသွားပြီး အုတ်နံရံကို ဒုတ်ခနဲ ...န်သွားလေသည်။

ထိုလူကြီးမှလည်း -

"အမလေး - လုပ်ပါဦး၊ ဘယ်က ...စ်လိုက်တာတုံး"

ဟု လန့်ဖျပ်သွားလေ၏။

ဝက်အူလှည့်သည် ထိုလူကြီး၏ ...မျက်နှာနှင့် သီသီလေးလွတ်ရုံမျှသာရှိ ...သည်။ အချိန်ကား နေ့လယ်နေ့ခင်း ...အချိန်ကြီး ဖြစ်ပါသည်။ ထိုလူကြီးမှာ ...တော်တော်လေး ကြောက်သွားပုံရပါ ...သည်။ သိပ်မကြာပါ။ ထိုလူကြီးလည်း ...တ်စိပျက်မျက်နှာပျက်နှင့် ဟိုပြော ...ပြောကာပြန်ပြေးလေသည်။

❑

အခြေအနေသည် ဆိုးရွားလာ ...သည်ဖြစ်၍ မောင်စံမြင့်လည်း ကြံရာမရ ...သည့်အဆုံး အတွေ့အကြုံရှိသော ...ကြီးသူမများနှင့် တိုင်ပင်ကာ ...တ်တွမ်း နားလည်ပြီး နိုင်နင်းသော ...ဆရာတစ်ယောက်ကိုသာ ပင့်၍ဆောင် ...ရွက်ရန်ပြောဆိုကြသဖြင့် နိုင်နင်းသော ...ဆရာရှာထွက်ရပါလေသည်။

မောင်စံမြင့်လည်း နိုင်နင်းသော ...ဆရာရှာမရသည့်အဆုံးတွင် တရားဓမ္မ ...နှင့်သာ အချိန်ရှိသရွေ့ ပျော်မွေ့နေ ...သော မောင်စံမြင့်၏အဖေအား အားနာ ...နာနှင့်ပင် မြန်အောင်မြို့နယ်သို့သွား ...ရောက်ပင့်ရလေသည်။

မောင်စံမြင့်၏ဖခင်မှာ မည်သည့် ...ရလောကသားမျိုးမဆို နိုင်နင်းစွာ ...ဆောင်ရွက်နိုင်သော ဆရာကြီးတစ်ဦး ...ဖြစ်သော်လည်း သားကိုစွမ်းသာလိုက် ...ရတာဖြစ်ပြီး ဒီအပိုင်းများ မဆောင် ...ရွက်သည်မှာကြာပြီ ဖြစ်၏။

❑

သည့်နောက် ဆရာကြီးရောက်ရှိ ...ပြီး ဘုရားကျောင်းဆောင်တွင် ...ဆရာတို့လုပ်ရမည့်လုပ်စရာရှိတာများကို အိမ်တွင် သဲဖြူခင်းခြင်း၊ ရာဇမတ်ကာခြင်းတို့ ပြုလုပ်လေသည်။

ပြီးလျှင် ကိုယ်ထည်အလုပ်ရုံ (၂) မတာယမှ ကိုစိန်သောင်း၏ဇနီးမခင်မာရီအား အကူအညီပေးရန်ခေါ်ယူ၍ ဘုရားကျောင်းဆောင်ရှေ့တွင် လက်အုပ်ချီထိုင်စေပြီး ထိုပရလောကသားအား ကြမ်းပြင်ကို ကြိမ်လုံးနှင့်သုံးချက်ရိုက်ကာ ဆရာကြီးမှ အမိန့်နှင့်ခေါ်၍ မခင်မာရီ၏ခန္ဓာကိုယ်အတွင်း ဝင်ပူးစေခဲ့လေသည်။ သိပ်မကြာပါ။ မခင်မာရီသည် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာကာ လက်သီးလက်မောင်းတန်းပြီး -

"ဟား ဟား ဟား- ဘာဆရာကြီးလဲ ဟား ဟား ဟား"

ဟူ၍ မထီလေးစားပြုလေရာ လာရောက်ကြည့်နေကြသော လူအများတို့ ထိတ်လန့်ကုန်ကြသည်။

ထိုအခါ ဆရာကြီးမှ -

"မင်းကလားကွ"

ဟု ပြောဆို ဆေးကြိမ်လုံးဖြင့်ရိုက်လေရာ ဝင်ပူးနေသော ပရလောကသားသည် တစ်မုဟုတ်ချင်းပြောင်းလဲသွားကာ -

"ကြောက်ပါပြီ ဆရာကြီးရဲ့"

ဟု ပြောပြီး ဦးကိုးချလေသည်။

"ကြောက်ရင် ဆရာမေးတာဖြေစမ်း။ မင်းဘယ်ကလဲ၊ ဘာဖြစ်လို့ ဒီအိမ်ကို အနှောင့်အယှက်ပြုနေရသလဲပြော။ မှန်မှန်မပြောရင် ဒီမှာတွေ့လား"

ဆရာကြီးမှ ကြိမ်လုံးထောင်ပြရာ ပရလောကသားမှ ခေါင်းတွင်တွင်ညိတ်ရင်းပြောပြပုံမှာ -

"ကျွန်တော်ပရလောကသားဘဝမှာ အနှစ် (၆၀) ကျော်ပြီ ဖြစ်ပါတယ်။ ကွင်းလှရွာမှာနေစဉ်က ကျွန်တော့်ကို အမျိုးသမီးတစ်ယောက်နဲ့ အထင်လွဲမှားပြီး အသတ်ခံခဲ့ရလို့ ဒီဘဝကိုမကျွတ်နိုင်ဖြစ်ရပါတယ်"

(နောင်တွင် ကွင်းလှရွာရှိ အသက် (၈၀) ကျော် အဘိုးအဘွားများအား ပရလောကသားပြောပြမှု ဟုတ်၊ မဟုတ် စုံစမ်းကြည့်ရာ ဟုတ်မှန်ကြောင်း သိရပါသည်။)

ထိုပရလောကသားက ကွင်းလှချောင်းကမ်းနံဘေးရှိတောင်ကုန်းပေါ်မှာနေကြောင်း၊ (ထို့ကြောင့် ပရလောကသားပစ်သောခဲများသည် ချောင်းထဲက ကျောက်ခဲများဖြစ်၍ ရေညှိများကပ်နေခြင်း ဖြစ်ပါသည်။) အမဲသားအစိမ်းစားချင်တာကတစ်ကြောင်း၊ လူတွေကြောက်ကြောက်လန့်လန့်ဖြစ်တာကိုမြင်ရ၍ ပျော်စရာကတစ်ကြောင်းတို့ကြောင့် လူတွေကိုထိတ်လန့်အောင်ခြောက်နေရတာဖြစ်ကြောင်း၊ အမဲသားအစိမ်း(၂၅) ကျပ်သားမျှ သနားသဖြင့် ကျွေးပါ။ နောက်သည်း မခြောက်လှန့်တော့ပါကြောင်း တုန်တုန်ယင်ယင်နှင့် ပြောပြလေသည်။ (ပရလောကသားပြောပြမှု အကျဉ်းမျှသာ ဖြစ်ပါသည်။)

ထို့နောက် ဆရာကြီးမှ နောက်နောင်မလုပ်ရန်နှင့် ဤနေရာသို့ လုံးဝမလာရန်သစ္စာရေတိုက်ကာ ပရလောကသားအားပြန်လွှတ်လိုက်လေသည်။

ပရလောကသား ထွက်သွားပြီး ဝင်ပူးခံရသူ မခင်မာရီအား ကြိမ်နှင့်ရိုက်ထားသော အရှိုးရာများ ရှိ၊ မရှိစစ်ဆေးကြည့်ရာ မတွေ့ရပေ။ (ထူးဆန်းပါဘိ)

နောက်ရက်မှာတော့ အမဲသားစိမ်း (၂၅) ကျပ်သားကို ထိုကုန်းသို့သွားပြီး မောင်စံမြင့် ဖက်ထဲထည့်၍စွန့်လိုက်ပါလေသည်။

အဲသည်နောက်ပိုင်းမှာတွင်မတော့ အတင့်ရဲလှသော ပရလောကသားချုပ်ငြိမ်းကာ ခြောက်ခြောက်သံတော်မကြားရတော့သဖြင့် မောင်စံမြင့်လည်း နေထိုင်ရတာ အဆင်ပြေသွားလေတော့သည်။

❑

စာရေးသူ ယခု ရေးသား'တင်ပြသည့် 'အတင့်ရဲလှသော ပရလောကသား' ဆောင်းပါးသည် ဖတ်ရသူအဖို့ ရိုးရိုးကြီးဖြစ်ကောင်းဖြစ်နိုင်ပါသည်။

စာရေးသူမှ ဇာတ်အိမ်ကြီးကြီးဖွဲ့ပြီးရေးမည်ဆိုပါက အခန်းဆက်ဝတ္ထုရှည်ကြီးသဖွယ်ဖြစ်နိုင်ပါသည်။

သို့သော်လည်း လိုရင်းတိုရှင်းနှင့် ရေးသားထားရခြင်းမှာ စာမျက်နှာအားလည်း ငဲ့ကွက်ရသလို အတတ်နိုင်ဆုံး အတိုချုံးကာ စာရှုသူများကိုလည်း တိုတိုနှင့်လိုရင်းပင် ရင်ဘတ်ကို အချိန်တိုတိုနှင့်ထိမှန်ကာ သည်လိုပရလောကသားမျိုးလည်းရှိနေသေးပါလားဆိုသည်ကို သိရှိသွားစေလိုသော စာရေးသူ၏ သဘောဆန္ဒသာ ဖြစ်ပါသည်။

ဖြစ်ရပ်မှန်ပြောပြသူ ကိုစံမြင့် ပစ္စည်းထိန်းဌာန ကစစ (၁၂) အားကျေးဇူးတင်စွာဖြင့်။

သူရဲ့မင်္ဂလာကြီးနှင့်တကွ စာဖတ် ပရိသတ်များအား အစဉ်လေးစားသော်

ဦးကိုကိုကြီး (...)

www.burmeseclassic.com

ပထမ အင်းဝ နေပြည်တော်ကို စတင် တည်ထောင်ခဲ့သော သတိုးမင်းဖျားနောက်ဆက်ခံခဲ့သည့် မင်းကြီးစွာစော်ကဲ (အမြင့်မင်းတရဖျား) (ခရစ်နှစ် ၁၃၆၄-၁၄၀၀) သည် မြန်မာ့သမိုင်းကြောင်း၏ အင်းဝခေတ်၌ သူရဲကောင်းဘုရင်အဖြစ် ထင်ရှားခဲ့သူ ဖြစ်သည်။ မင်းကြီးစွာစော်ကဲသည် အင်းဝဘုရင်သတိုးမင်းဖျား နတ်ရွာစံသည့်အခါတွင် ထီးနန်းကို မရည်ရွယ်ဘဲ မင်းဖြစ်လာခဲ့သောကြောင့် 'မရွယ်ဘဲနှင့်စော်ကဲမင်းဖြစ်' ဟူ၍ မြန်မာမှုနယ်ပယ်၌ စကားပုံဆိုရိုးပြု မော်ကွန်းတင်ခြင်းခံခဲ့ရသော ဘုရင်တစ်ပါး ဖြစ်သည်။

အင်းဝမြို့တည်နန်းတည် သတိုးမင်းဖျားနတ်ရွာစံသောအခါတွင် မှူးမတ်အပေါင်းတို့ စုရုံးတိုင်ပင်ကြ၍ အရည်အချင်းနှင့်ပြည့်စုံသော ရမည်းသင်းစား သီလဝကို မင်းပြုရန် တောင်းပန်ခဲ့ကြသည်။

ထိုအခါ ရမည်းသင်းစား သီလဝက -

"ငါသည် တစ်နေ့ကို စကားသုံးခွန်း၊ လေးခွန်းမျှပင်မပြော။ မင်းအဖြစ်ကို ငါလည်းမလိုမရှိ။ အမြင့်မင်းတရဖျားစော်ကဲသည် မင်း၏ ယောက်ဖတော်လည်းဖြစ်၏။ နှလုံးရည်၊ လက်ရုံးရည်နှင့်လည်းပြည့်စုံ၏။ စော်ကဲကို မင်းမြှောက်ကြလေ"

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## တစ်သက်တာတွင် သုံးကြိမ်မျှသာ ပြုံးရယ်ခဲ့သော ရမည်းသင်းစား သီလဝ



www.burmeseclassic.com

ဟု မိန့်တော်မူသည်။

မှူးမတ်အပေါင်းတို့သည် ရမည်းသင်းစားသီလဝ အမိန့်တော်အတိုင်း ညီညွတ်သဘောတူရှိပြီးဖြစ်၍ စော်ကဲကို မင်းမြှောက်ခဲ့ကြသည်ဟူ၍ မှန်နန်းရာဇဝင်တော်ကြီး (ပထမတွဲ) ၌ သမိုင်းမှတ်တမ်းတင်ထားခဲ့သည်။

မင်းကြီးစွာစော်ကဲသည် အင်းဝထီးနန်းကို စတင်အုပ်စိုးသည့်အချိန်မှ အစပြု၍ ဘုန်းတန်ခိုးဩဇာအာဏာ ခြိမ့်ကြက်နိုင်ရန် မြန်မာပြည်အနှံ့အပြားသို့ စစ်ချီတိုက်ခိုက်ခဲ့သည်။ ထိုအချိန်မှာပင် ဟံသာဝတီနယ်ပယ်၌ အင်အားကြီးထွားစပြုနေသော ဗညားနွဲ့ (ရာဇာဓိရာဇ်) နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး မြန်မာ့သမိုင်းဝင် အနှစ်(၄၀)ကြာစစ်ပွဲကြီး စတင်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် မင်းကြီးစွာစော်ကဲ အုပ်ချုပ်ခဲ့သော အင်းဝခေတ်ကို သူရဲကောင်းခေတ်ဟု မြန်မာ့သမိုင်းကြောင်း ကမှည်းတင်ခဲ့သည်။

အင်းဝဘုရင် မင်းကြီးစွာစော်ကဲ ထက်ထက် သူရဲကောင်းခေတ်တွင် အုပ်ချုပ်သောမင်း အပါအဝင် မင်းညီမင်းသား၊ အမတ်၊ စစ်သူကြီး၊ မင်းမှုထမ်းများ စစ်သည်သူရဲများတို့သည် စစ်ရေးစစ်ရာကျွမ်းကျင်၍ သတ္တိပြောင်မြောက်သော လက်ရုံးရည်နှင့် နှလုံးရည်ပြည့်စုံသော အရှင်သခင်နှင့် နယ်ပယ်ကို ချစ်မြတ်နိုးခဲ့ကြသည်။ သူရဲကောင်းအမြောက်အမြား ပေါ်ထွန်းခဲ့သည်။ ယင်းသူရဲကောင်းအမြောက်အမြားတို့အနက် မင်းကြီးစွာစော်ကဲ (အမြင့်မင်းတရဖျား) ၏ ယောက်ဖတော်ဖြစ်သော ရမည်းသင်းစားသီလဝသည် ထင်ရှားကျော်ကြားဆုံးသော သူရဲကောင်းတစ်ဦး ဖြစ်သည်။

ရမည်းသင်းစား သီလဝသည် မင်းကြီးစွာစော်ကဲနှင့်တကွ မှူးမတ်ပြည်သူအားလုံး၏ လေးစားကြည်ညိုခြင်းခံရသူ ဖြစ်သည်။ မင်းစည်းစိမ်ရာထူးအာဏာကိုမမက်မောဘဲ သိက္ခာ၊ သီလ၊ သမာဓိတည်ကြည်သူ၊ ဣန္ဒြေကြီးသူ၊ စကားနည်းသူ၊ လက်ရုံးရည်နှင့် နှလုံးရည်ပြည့်စုံသူအဖြစ် ထင်ရှားခဲ့သည်။ ရမည်းသင်းစားသီလဝ၏ သူရဲကောင်းပီသမှုအရည်အချင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီး(ပထမတွဲ)၌ ဤသို့ ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။

"မင်းကြီးစွာစော်ကဲ၏တပ်တော်ကို ရမည်းသင်းစား သီလဝ ဦးစီးလျက် စောရဲစွာအမည်ရှိသောဆင်တော်ကိုစီး၍ ရန်သူအပေါင်းကို ချေမှုန်းအောင်မြင်ခဲ့သည်။ ဆင်၊ မြင်း၊ သံ့ပန်း၊ လက်နက်၊ ကိရိယာများသိမ်းယူ၍ ယင်းတို့ကို မင်းကြီးစွာစော်ကဲထံဆက်သစေခဲ့ပြီး ရမည်းသင်းစားသီလဝသည် မင်းကြီးစွာစော်ကဲအား တွေ့ဆုံခြင်းမပြုဘဲ ရမည်းသင်းသို့ ဆက်လက် ထွက်ခွာသွားခဲ့သည်။

ထို့ကြောင့် မင်းကြီးစွာစော်ကဲသည် စိတ်နှလုံးမသက်မသာရှိတော်မူ၍ စည်းတပစ်အမတ်ကြီးကို ခေါ်တော်မူပြီး -

"ရမည်းသင်းစားငယ်သည် စစ်အောင်လျှင် စစ်လက်ဆောင်ဆက်၍ မဝင်ဘဲသွားလေသည်။ ငါ့ကို မခံမရည်းပြုလုပ်သည် မဟုတ်လော"

ဟု မိန့်တော်မူ၏။

စည်းတပစ် အမတ်ကြီးက-

"ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းဘုရား၊ ပသေနဒီကောသလမင်းတွင် သန္တတိအမည်ရှိသော အမတ်သည် ပစ္စန္တရာဇ် ဇနပုဒ်ရွာငယ်တစ်ရွာကို အောင်မြင်ကာမျှကို ထီးဖြူမြှောက်သည်နှင့်တကွ မင်း၏စည်းစိမ်ကို ခုနစ်ရက်ပေးဖူးလေ၏။ ယောက်ဖတော် သီလဝသည် လူမှု၌မလိမ္မာသည်ဖြစ်၍ ခြေတော်ဦးတိုက်မဝင်ဘဲ သွားမိလေငြားသော်လည်း အမျက်တော်မရှိသင့်"

ဟူ၍ လျှောက်ထားလျှင် နှလုံးတော်ပြေ၍ ဆုလာဘ်များစွာကို သီလဝထံသို့ပို့ခဲ့သည်။

ရမည်းသင်းစား သီလဝမင်းသားကြီး၏ စကားနည်းမှု၊ တည်ကြည်မှု၊ ဣန္ဒြေသိက္ခာပြည့်စုံမှုတို့ကို မှန်နန်းရာဇဝင်တော်ကြီး(ပထမတွဲ)၌ 'တစ်သက်တွင် သုံးကြိမ်သာပြုံးသော သီလဝ' ဟူ၍ ဤသို့ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

သီလဝကား တစ်သက်လုံးတွင် သုံးခါပြုံးရယ်ဖူးသောဟူ၏။

အခါတစ်ပါး တောတွင်းသားတစ်ယောက် ကြက်လက်ဆောင်ဆက်မည်ဟု မင်းအိမ်သို့တက်သော် မင်းကို မမြင်၍ လက်ဆောင်နှင့်ဆင်းသွားလေသည်ကို စောပုလဲမြင်လျှင် -

"ငါသည် မင်းဧကရာဇ်မယားဖြစ်ပါလျက် ငါ့ကိုမျှမဆက်ခဲ့ဘဲပြန်သွားလေသည်။ ငါတို့သည်ကား ယောကျ်ားတို့ဘုန်းကိုသာမှီ၍ အသက်မွေးရချေသည်"

ဟု သီလဝ လာသောအခါ ရွှေဖလားနှင့်ဆီး၍ ခြေကို ရေဆေးပေးသည်ကို ငါ့မယားကား ယခုအကြောင်းရှိမည်ဟု ပြုံးသောဟူ၏။

အခါတစ်ပါး မြို့ထိပ်တွင် နေဆာလှုံ၍နေစဉ် လူထွက်တစ်ယောက်သည် ဦးရပ်ပေါင်းထုပ်နှင့်တကွ ကျုံးထဲတွင် ရေငုပ်၍ချိုးသည်ကိုမြင်လျှင် ပြုံးရယ်သောဟူ၏။

တစ်ကြိမ်တုံ ရမည်းသင်းမြို့ဝန်းကျင် ရှမ်းစစ်သည်အထပ်ထပ်ရောက်လာသည်ကို ကြက်ပွဲကမထ၊ စောပုလဲလည်း ရင်ဘတ်စည်းတီး ရင်ဝတ်အကွတ်ကွတ်၊ ဦးဆံဖားလျားနှင့် လူသူအပြည့် မြို့မြင်ကရှိသည်ကို အလေးမမူဘဲ ကြက်ပွဲမှသာသို့ဝင်နေပါသည်ဟု ပြောလာသည်ကို ငါ့မယား ဗျာပါကြီးလှလေသည်ဟု ပြုံးရယ်ခဲ့၏။

ရမည်းသင်းစား သီလဝသည် ခရစ်နှစ် ၁၃၉၂ ခုနှစ်တွင် မိုးညှင်းစားသိုချည်ဘွားနှင့် ယောက်ဖ သိုဟန်ဘွားတို့၏ မြေဒူးမြို့နှင့် စစ်ကိုင်းမြို့များသို့ ထိပါးစော်ကားလာမှုများကို သိမ်သူစောနှောင်း (စကုမြို့စား)၊ ငခရာသား ငရွှေ အင်းယဉ်ဘုရင်၊ မယားယုံတိတလ ဟူသောသူရဲကောင်းတို့၏အင်အားဖြင့် ချေမှုန်း တိုက်ခိုက် အောင်မြင်ခဲ့သည်။ ထို့ကြောင့် ရမည်းသင်းစား သီလဝ၏ လက်ရုံးရည်၊ နှလုံးရည်နှင့် ခေါင်းဆောင်ကောင်းပီသမှုဂုဏ်ရည်တို့ကို -

သီလဝကား စကားတည်ကြည်သည်။ မင်းကိုလည်း အများတကာကဲ့သို့ ကပ်ရပ်မြှောက်ပင့်နေလေ့မရှိ။ စစ်သူကြီးပီသစွာ နေထိုင်ဆက်ဆံလေ့ရှိသည် -

ဟူ၍ ရှေးဟောင်းမြန်မာရာဇဝင်တော်ကြီးများ၌ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြသည်။

ခရစ်နှစ် ၁၃၉၅ ခုနှစ် (မြန်မာနှစ် ၇၅၇) တွင် ရမည်းသင်းစား သီလဝ ကွယ်လွန်ခဲ့သောကြောင့် ညီတော် မဟာပြောက်ကို ရမည်းသင်းစားအဖြစ် ခန့်ထားခဲ့ပြီး နောင်တော် သီလဝ၏ အလုံးအရင်း တိုက်ဆင်ခြောက်ဆယ်၊ မြင်းရှစ်ရာ၊ ဗိုလ်တစ်သောင်းတို့ကို မင်းကြီးစွာစော်ကဲက ဆက်လက် ချီးမြှင့်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)


ကျမ်းကိုး -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com



# ချောဘသိုင်း

(ဆလင်း)

## လည်ပြန်တစ်ရစ် အဖြစ်ဆန်းတွေ

(၁)

"လူလေး၊ မိတ္ထီလာမှာ မောင်နိုင်ဝင်း ဆုံးပြီတဲ့။ ရွာသစ် ဉယျာဉ်စု အကြောင်း ကြားပြီး မနက်ဖြန်သွားလိုက်ဦး"

အမှန်တော့ ကိုနိုင်ဝင်းနှင့် ကိုသိုက်မောင်က ဘာမှမတော်ပေ။ ကိုနိုင်ဝင်းက ငယ်စဉ်ကတည်းက အဝင် အထွက်ရှိသည်။ ကိုသိုက်မောင်၏အမေကို ဒွေးလေးဟု ခေါ်သည်။ ကိုနိုင်ဝင်း (၉) တန်းရောက်ချိန်မှာ ကိုသိုက်မောင် (၆)တန်းသာရောက်သေး၏။ နောက်နေ့ နံနက်စောစောတွင် ကိုသိုက်မောင်လခ ထုတ်ရက်စီးရန် သီးသန့်ငှယ်ထားသည့် ဂျစ်ကားပေါ်တွင် ဆွေမျိုးတစ်စုတင် လျက် မိတ္ထီလာသို့ထွက်ခဲ့ကြလေသည်။ ၁၉၇၀ပြည့်နှစ်မတိုင်မီက ယခုလိုမြစ်ကူး တံတားများမရှိသေးပါ။ ဧရာဝတီမြစ်ကို ဇက်နှင့်ကူးရသည်။ မော်တော်ကားများ မြစ်ကို ဖြတ်ကူးနိုင်ရန် စီစဉ်ထားသည့် ရေယာဉ်ဖြစ်ပါ၏။ နံနက်စောစောထွက် ခဲ့၍ အသုဘကိုမီသေးသည်။ ကိုနိုင်ဝင်း ၏ဇနီးနှင့်သားများကို နှုတ်ဆက်၍ပြန် တော့မည်ဟု ကားစက်နှိုးမှ ကိုနိုင်ဝင်း၏ ဇနီး မလေးမြင့်လက်ထဲမှာ ပစ္စည်းတစ်ခု ကိုင်လျက်ပြေးလာသည်။

"ဟော့ - မောင်လေး ခဏ၊ နင့် အစ်ကိုရဲ့နေ့စဉ်ဗိုင်ယာရီပဲ။ အလွမ်း အကြောင်းမဟုတ်ဘူး၊ ဆန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com





အစ်မလည်း ခုမှသူ့အကြောင်းသိတော့တယ်။ မောင်လေးကစာလေး...လေးရေးတော့ မင်းနဲ့တော့တည့်မှာပဲ...မင်းအစ်ကိုရဲ့ နောက်ဆုံးလက်ဆောင်ဆိုပါတော့ကွယ်"

ကိုသိုက်မောင် စိတ်မကောင်းပါ။ နောက်မှ မလေးမြင့်ကို မေးရဦးမည်။ လက်သုံးလုံးခန့်ရှည်သည့် နေ့စဥ်မှတ်တမ်းကြီးသည် ဖူးစကတ်ဆိုဒ်ဖြင့် ရေးထားသည်ဖြစ်၍ အတော်စုံလင်လိမ့်မည်ဟု ထင်မိသည်။ ထမင်းစားရပ်နားမည့် ကျောက်ပုံရွာမရောက်မီအထိ ကားကို အတော်သတိထားမောင်းနေရ၏။ ကားအသွား...လာရှုပ်သောကြောင့်မဟုတ်၊ ဒိုင်ယာရီ...ကို ဖတ်ချင်စိတ်ပြင်းပြနေသောကြော...ပါပေ။

ကျောက်ပုံရွာထမင်းဆိုင်သို့ရောက်သည်နှင့် အရိပ်ကောင်းသည့် ထနောင်းပင်ရိပ်တွင် ကားထိုးရပ်လိုက်သည်။ အပြန်ခရီးက တစ်ယောက်တည်းဖြစ်၍ လွတ်လပ်ပါဘိ။ ဆွေမျိုးတစ်စုကတော့ ရက်လည်ဆွမ်းသွတ်ပြီးမှပြန်ကြမည်ဖြစ်၍ ကိုသိုက်မောင်မှာ မူလတန်းကျောင်းအုပ်ပေါက်စလေးဖြစ်သဖြင့် နယ်လှည့်ပညာအုပ်ကို အတော်ကြောက်ရသည်။ ယခု ကာလလို မဟုတ်၊ တစ်ကျောင်း နှစ်ယောက်မှအနိုင်နိုင်၊ ပြန်မှဖြစ်မှာပါ။ ဒိုင်ယာရီ ဆိုသော်လည်း ဈေးစာရင်း၊ ရုံးစာရင်းမှတ်သည့် ကတ်ထူစာအုပ်သုံးအုပ်ဖြစ်နေလေသည်။

(၂)

**ငါ့အခုနေတာတကယ့်ဘဝမှန်လား**

ကျွန်တော်က ဧရာဝတီမြစ်အနောက်ဘက်က တောသားပါ။ ရွာမှာ လေးတန်းဆိုလို့ တစ်ယောက်တည်း အောင်တော့ စလင်းမြို့ဈေးအနောက်ဘက်နားက မစိုးရိမ်တိုက် လေးထပ်ကျောင်းဆရာတော်ဆီ အဖေကလိုက်ပို့ပါတယ်။ ငါးတန်းတက်ဖို့လေ။ ဆရာတော်က ဆွမ်းကျန်ဟင်းကျန်စွန့်၊ ညကျ ကိုယ်ကဝတ်ဖြည့်ပေါ့။ ဒါစလင်းမြို့ကို ခြေစချတဲ့အကြောင်းပါ။

တစ်ညနေတော့ ဆရာတော်က လက်ပန်ပင်ကျောင်းတိုက်ကို စာပို့ခိုင်းလိုက်တယ်။ စလင်းဈေးကြီးရဲ့တောင်ဘက်လမ်းအတိုင်း အရှေ့တည့်တည့်သွားရတာ။ နေ့တိုင်းတော့ ဈေးနားကဖြတ်၊ ထိုက်သူပန်ထီဆိုင်လမ်းကြားကနေ ကျောင်းကိုဝင် ဒါပဲ။ အခုဟာက ရွှေတန်ဆာတံတိုင်းမြင့်မြင့်ကြီးရဲ့အောက်ကလမ်းအတိုင်းသွားရတာ။ မန်ကျည်းပင်အမြင့်ကြီးတွေမှာ ဖျိုင်းတွေနားကြ၊ အိပ်ကြမှာပေါ့။ ဖျိုင်းချေးစော်သိပ်နံတာ။ အဲသည့်လမ်းက လူပြတ်တယ်။ အပြန်ကျရင်တော့ မြို့လယ်လမ်းကပဲပြန်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆန်းတာက အဲသည်ဘုရားတံတိုင်းကြီးဘက်က-

"မောင်လေး မောင်လေး၊ ပြန်ခဲ့တော့လေ၊ အစ်မတော်တို့ စိတ်ပူနေကြတာကွယ့်"

အဲဒါ ပီပီသသကြီးကြားလိုက်ရတာပဲ။ ကျွန်တော့်မှာ အစ်မမရှိဘူး။ အိမ်မှာ ကျွန်တော်ကအကြီးဆုံး။ ကိုယ့်အောက်က ဖိုးပိန်ပြီးရင် သန်းထွန်း ဒါပဲ။ ကိုယ့်ခေါ်တယ်လို့မထင်ခဲ့ဘူး။

ခြောက်တန်းနှစ်မှာ ရွှေတန်ဆာဘုရားအနောက်ဘက် ရဲစခန်းကွင်းထဲမှာဇာတ်ရုပ်ရှင်ပြတယ်။ ပိတ်ကားကြီး...



www.burmeseclassic.com

www.burmeseclassic.com

မီးဆလိုက်ထိုးပြတာပေါ့။ အဲသည်တုန်းကလည်း ကောင်မလေးတစ်ယောက် ကျွန်တော့်အနားလာထိုင်ပြီး ပြုံးပြနေတယ်။ သူနဲ့ကိုယ်နဲ့လည်း သိတာမဟုတ်ဘူး။ အဲ - ထူးခြားတာက သူ့ဆီကရတဲ့ အနံ့မွှေးမွှေးလေးကတစ်မျိုးဗျ။ သင်းသင်းလေးရယ်။ ပေါင်ဒါတို့ ရေမွှေးတို့နဲ့မတူဘူး။ အသားကလည်းဗျာ ဆလိုက်မီးရောက်အောက်မှာ ဖွေးဥနေတာပဲ။ ကျွန်တော့်သူငယ်ချင်းတွေကပြောတယ်။

"ဟေ့-နိုင်ဝင်း၊ ရုပ်ရှင်ကြည့်လေ၊ ဘာပြန်ပြန်ကြည့်နေတာလဲကွ"တဲ့။

ဘာမှန်းမသိပါဘူး။ နောက်ကျွန်တော်မြေပဲလှော်တစ်ထုပ်ပိုယ်ပြီး ပေးမလို့ကြည့်လိုက်တော့ မရှိတော့ဘူး။ ကျွန်တော် ဘယ်သူ့ကိုမှမပြောခဲ့ဘူး။ သေချာတာကတော့ ဟောဒီရွှေတန်ဆာဘုရားဝန်းကျင်ကိုရောက်လာရင် စိတ်တွေ လေးလာတာလား၊ ပျော်သလိုလို လွမ်းသလိုလိုပဲ။

(၃)

**မဝေခွဲတတ်သောခရီးတစ်ခု**

ကိုးတန်းရောက်တဲ့နှစ်မှာ ကျောင်းနေဖက်သူငယ်ချင်း အေးကိုရောက်လာတယ်။

"နိုင်ဝင်းရေ၊ ဟေ့ - နိုင်ဝင်း"

တကြော်ကြော်အော်ခေါ်နေတဲ့ အေးကိုကို ငေါက်လိုက်ရတယ်။ ကိုယ်နေတာက ဘုန်းကြီးကျောင်းထဲမှာကိုး။

"ဟေ့ကောင် - မအော်နဲ့ကွ။ ဆရာတော်ကျိန်းနေသလား၊ စာဖတ်နေသလားမသိ ဘာကိစ္စလဲ။ ကဲ-ဆို"

အဲသည်တော့မှ သည်ကောင် မျက်နှာပိုးသတ်သွားပါတယ်။

"တို့ရွှေတန်ဆာဘုရားတန်ဆောင်းထဲ စာသွားကျက်ရအောင်၊ ဘယ်သူမှမလာဘူး၊ အေးချမ်းတယ်ကွ"

စာကျက်သွားဖို့ဆိုတော့လည်း ဆွမ်းစားကျောင်းမှာ သီတင်းသုံးတဲ့ ဦးပဥ္စင်းဦးဇဝနကို လျှောက်ထားပြီး လိုက်လာခဲ့ပါတယ်။ အေးကိုပြောသလို အေးချမ်းငြိမ်သက်တာ အမှန်ပါပဲ။ တန်ဆောင်းဘေးမှာပေါက်နေတဲ့တရုတ်စံကားပွင့်ရနံ့လေးတွေကလည်း သင်းပျံ့နေတာပါပဲ။ ဟုတ်တယ်၊ လူ့သံကိုမကြားရတော့တာ။ နာရီလည်းကြည့်လိုက်တော့ နေ့လယ်နှစ်နာရီ။ သည်တစ်ပတ်အိမ်မပြန်လို့ သည်ကောင်တွေ့ရတာ။ ဆန်၊ ဆီမကုန်သေးလို့ပါ။ သူနဲ့ကိုယ်နဲ့ တစ်လံကွာလောက်ထိုင်၊ တိုင်ကလေးမှီပြီး စာအုပ်လေးထုတ်လိုက်ရသေးတယ်၊ ချိုအီမွှေးတဲ့ရနံ့တစ်ခုရှူလိုက်ရတာဟာ နောက်ဆုံးသတိပါပဲ။

"လာလာ-မောင်လေးတို့၊ မမတို့နဲ့လိုက်ခဲ့ကြ"

အစိမ်းရောင်ဖက်ရှင်၊ ဇာဝတ်စုံ၊ အနီရောင်ဖက်ရှင် နိုင်လွန်လိုအစမျိုး ဝတ်ထားတဲ့ အမျိုးသမီးရွယ်နှစ်ယောက်၊ အသားအရေဟာ ဖြူတယ်ဆိုတာထက် ပန်းနုရောင်ပြေးနေတယ်ဆိုရင် ပိုမှန်မှာပါ။ လှလိုက်တာကတော့ ဇာတ်ထဲက မင်းသမီးထက်တောင်သာသေးတယ်။ ခေါင်းပေါ်မှာ ရွှေမကိုဋ်တွေဆောင်းလို့။ ဒါဟာ လူတော့မဖြစ်နိုင်ပါဘူး။ သူတို့ခေါ်တာကို မငြင်းမိတာကလည်း ဆန်းတာပါပဲ။ ထင်ရတာတော့ ရွှေတန်ဆာဘုရားရဲ့အောက်ခြေက ဥမင်နဲ့တူတာပဲ။ ကျောက်လှေကားထစ်တွေအေးစိမ့်နေတာပဲ။ ဘုရားအောက်မှာဆိုပေမယ့် ထင်ထင်ရှားရှားမြင်နေရပါတယ်။

"မောင်လေး၊ မကြောက်နဲ့နော်၊ ရဲရဲသာနင်း။ ဒီကျောက်လှေကားဟာ တို့တစ်တွေ ဆော့ကစားခဲ့တဲ့နေရာပဲ။ မောင်လေးငယ်မှတ်မိရဲ့လား"

အမျိုးသမီးရဲ့အသံဟာ အေးပြီးကြည်နေတယ်။ ဆွဲဆောင်မှုအပြည့်ရှိတဲ့ အသံတစ်မျိုးပါပဲလေ။

"လာလာ- အစ်မတော်မျှော်နေရောမယ်ကွယ့်"

"ဟာ - နိုင်ဝင်းရေ ကြည့်စမ်းဟေ့၊ ရွှေတွေ၊ ငွေတွေကွ။ တို့တော့ ပွပြီဟေ့"

အပြေးတစ်ပိုင်းနဲ့ ဆင်းသွားတဲ့ အေးကိုနောက်ကို အမြန်လိုက်သွားပြီး လှမ်းနေတဲ့လက်ကိုပုတ်ချလိုက်ရတယ်။

"မိုက်တဲ့ကောင်၊ အဲဒါ ဘုရားဥပနာတွေဟ၊ လူတွေမသုံးကောင်းဘူး။ မင်းနဲ့တော့ ခက်နေပါပြီ။ အခုလည်း ဘယ်ရောက်လို့ရောက်မှန်းမသိ"

"မောင်လေးငယ်ကတော့ အရင်ဘဝကစိတ်အတိုင်းပဲကိုး။ မောင်လေးငယ်မှတ်မိသေးလား။ ကဆုန်ပွဲတော်မှာ ရုပ်သေးပွဲသွားကြည့်မလို့ လည်ဆွဲလေး ယူမိပါတယ်။ မောင်လေးငယ်ဖွတ်ထားလို့၊ မမကသဘောတွေကိုကျလို့"

"အေး - လောဘသားတွေကိုးကွယ့်။ မယူမိတာက်ကောင်းသွားတာပေါ့။ ယူမိရင်တော့ အလောင်းတောင်လှမယ်မထင်ဘူး။ ကြည့်လိုက်စမ်းဟဲ့ လူမိုက်ရဲ့"

အလို - လုံစက်၊ ဓားစက်၊ လေးမြားစက်တွေပါလား။ သူတို့အားလုံးလှုပ်ရှားနေကြသလိုပဲ။ လည်ပင်း၊ ရင်ဘတ်၊ မျက်လုံးနေရာ အတည့်ချိန်ထားပြီးသား။ ပြောင်လက်နေတဲ့သံထည်တွေ အခုခေတ်စတီးသံတွေလိုပဲ။

"ဟောဟိုကျင်းထဲကိုကြည့်လိုက်ဦးကွယ့်"

အလိုလေး - ဘုရားဘုရား၊ ထန်းလုံးလောက်မြွေကြီးတွေ၊ တစ်ကောင်နဲ့တစ်ကောင်ရစ်ပတ်လို့။ မျက်လုံးတွေဟာ ပေသီးလောက်ရှိမယ်ထင်ရဲ့။ ရွှဲလုံးအနီရောင်တောက်နေတဲ့မျက်လုံးတွေ၊ ပါးစပ်ကလည်း အခိုးအလျှံတွေနဲ့ နဂါးဆိုတာဒါမျိုးလားမသိ။

"ကဲ - မောင်လေးငယ်၊ သွားကြစို့ရဲ့။ အစ်မတော်တို့ကိုစောင့်နေပြီ"

အခန်းကျယ်ကြီးတစ်ခုပါ။ မှန်တွေကိုစီခြယ်ထားသည်။ တချို့နေရာတွေမှာ ရွှေပိန်းချတိုင်လုံးကြီးတွေ။ သလွန်တစ်ခုပေါ်မှာ လွန်စွာခံ့ညားလှပတဲ့ အမျိုးသမီးထိုင်နေတယ်။ ကိုနိုင်ဝင်းတို့ ပြုံးကြည့်လို့။

"မောင်လေးငယ်၊ ကျန်းခန့်သာရဲ့မာပါစ။ ဈေးဘက်ခဏသွားပါရစေဆိုလို့ လွှတ်လိုက်တာ မောင်ငယ်ရယ် အခုသုံးရက်တောင်ရှိသွားပါရော့လား။ အစ်မတော်တို့ကတော့ စိတ်တွေပူလို့၊ စန္ဒာနဲ့ သီတာများ ငိုတောင်ငိုကြတာ၊ မောင်လေးငယ်ဘယ်ရောက်နေတာလဲ"

အဲဒါမှ ခက်ပြီ။ သူ့အသက် တစ်ဆယ့်ရှစ်နှစ်၊ သည်နှစ်ကိုးတန်း၊ ဘယ်ဈေးကိုမှ သူမသွားခဲ့ပါ။ တစ်ခုခုတော့လွဲနေကြပြီ။

"မမတို့ လူမှားနေတာဖြစ်မယ်၊ ကျွန်တော်က အထက်ဥယျာဉ်စုရွာပါ။ လေင်းမြို့မှာကျောင်းလာတက်နေတာပါ"

မောင်နိုင်ဝင်းရဲ့ စကားအဆုံး သလွန်ပေါ်က အမျိုးသမီးဟာ တွေဝေဖြစ်သွားပြီး စန္ဒာနဲ့သီတာဆိုတဲ့ကောင်မလေးနှစ်ယောက်ကိုကြည့်လိုက်ပါတယ်။

"ညီမလေးတို့က မောင်လေးငယ်ကို ဘာမှရှင်းမပြခဲ့ကြဘူးလား။ မောင်ငယ် ဘာမှမသိတော့ပါလား"

ကောင်မလေးနှစ်ယောက် မောင်နိုင်ဝင်းကိုလှမ်းကြည့်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါလေရော။

"ခွင့်လွှတ်ပါ မမဘုရား။ ဟောဒီ လောဘမိုက်သားကို ဆုံးမနေရတာနဲ့ မောင်ငယ်ကို ရှင်းလင်းပြခွင့်မကြုံခဲ့ပါဘုရား"

အစ်မတော်လို့ သူတို့ခေါ်ကြတဲ့ အမျိုးသမီးကြီးဟာ သူ့ဘေးနားက ဖန်ရေတကောင်းကိုလှမ်းယူလိုက်တယ်။

"ဟဲ့ - စန္ဒာ၊ မောင်လေးငယ်ကို ရေကြည်တော်ဆက်ကွယ့်။ သူတို့အိမ် ပျော်နေကြတာလေ။ ကဲ - မောင်လေးငယ်၊ ရေဆာနေရောပေါ့၊ သုံးဆောင်လိုက်ပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com

တိုနိုင်ဝင်းစဉ်းစားနေမိတယ်။ ရေ
အသည်း ထိပ်ဆာနေပြီ။ သောက်လိုက်
ကောင်းမလား၊ သေများသွားမလား၊
အများဖြစ်သွားမလဲ။ ခုဆို ဟောသည်
အင်းထဲရောက်နေတာကြာပြီ။ ညနေ
ကောင်းလို့မှပြန်မလာရင် ဦးပဥ္စင်းဦးဇဝန
စိတ်ပူတော်မူရှာမယ်။

"သောက်လိုက်ပါ မောင်လေး
ရယ်။ မောင်လေး ရေဆာနေတာ မင်း
မျက်နှာမှာမြင်နေရတာပဲ"

စန္ဒာကမ်းပေးတဲ့ရေခွက်ကိုယူပြီး
အစ်ကျိုက်ကျိုက်လိုက်တယ်။

အလို- စိမ့်စိမ့်ကလေးအေးတဲ့ရေ
ပါလား။ ရေခဲသေတ္တာထဲကလိုအေး
နေတာလည်းမဟုတ်၊ စမ်းကျရေလေး
ပါပဲ။

ရေတစ်ခွက်သောက်လိုက်တာနဲ့
အိပ်ရာကနိုးလာသလိုပဲ။

"ဟင် - ဒါ မမသီရိဒေဝီ၊ အို -
မလေးစန္ဒာ၊ သီတာ။ ငါဘယ်လိုဖြစ်ခဲ့
တာပါလိမ့်၊ အလို ဒါငါ့ရဲ့နေရပ်ဒေသ၊
ဘဝပါလား။ အို. . . အလို - ငါအခု
ရောက်နေတာ လူ့ဘဝ။ ခက်ကုန်ပါပေါ့
ကွယ်"

သလွန်ပေါ်က သီရိဒေဝီ ကျေနပ်
စွာ ပြုံးလိုက်တာ မြင်ရတယ်။

"မောင်လေးငယ်နန္ဒ၊ သတိရလာ
ပြီလား။ ကဲ-အစ်မတော်တို့ကိုပြောစမ်း
ပြီး ဘယ်တွေပေါက်လို့ဘယ်တွေ
ရောက်ခဲ့တယ်ဆိုတာများ အစ်မတော်
တို့သိပါရစေကွယ်"

"ဟုတ်ပါတယ် မောင်မောင်၊
မလေးတို့စိတ်ပူနေကြရတာရှင်းသွား
အောင်ပြောပြပေးပါနော်"

BURMESE CLASSIC

(၄)

**လူ့ဘဝသို့အလည်တစ်ခေါက်**

အစ်မတော်တို့ကိုခွင့်တောင်းခဲ့ပြီး
ဖြစ်လို့ စလင်းမြို့ တုသိနာရုံဘုရားပွဲ
သို့ သူထွက်လာခဲ့သည်ကော။ ပထမဆုံး
တန်ဆောင်းထဲဘုရားဝင်ဖူးတော့ ဘုရား
ဆောင့် တန်ဆောင်းစောင့်နတ်တွေနဲ့တွေ့
ရတာလေ။

"ဟေ့-မင်းဘယ်သူလဲ။ လူတွေကို
အနှောင့်အယှက်မပေးနဲ့နော်။ သည်ထဲမှာ ကြာကြာ
နေရဘူး။ အမြန်ထွက်ပါ"

သူတို့ပိုင်နက်ကိုး။ အပြင်ဘက်ကို
ထွက်လာခဲ့ပါတယ်။ ဈေးဆိုင်တွေဘက်
လှည့်ခဲ့တယ်။ လယ်ကွင်းထဲမှာပွဲတော်
ဈေး အထည်တွေ၊ ကစားစရာဆိုင်တွေ၊
အလှကုန်၊ထီး၊ဖိနပ်၊လူ့အသုံးအဆောင်
တွေပေါ့။ ဈေးကွင်းကအကျယ်ကြီးပါ။
ဆေးမြီး၊ ဆေးရွက်၊ စဥ့်အိုး၊ ရေအိုး၊ အိုး
မျိုး၊ ဒန်အိုး၊ ဒန်ခွက်၊ ဒန်ဖလား၊ ကြေး
ကုန်၊ သံကုန်ဆိုင်တွေ၊ ဘုရားဆင်းတု
တော်တွေ၊ ကျောင်းဆောင်လေးတွေနဲ့
ပိန္နဲသီး၊ သရက်သီးတွေက ပေါမှပေါ။
ဟောသည် ငါးခြောက်၊ ငါးပိတန်းမှာ
သူကြာကြာမနေနိုင်။ တော်တော်ကိုအနံ့
ဆိုးလှပါလား။ ရုပ်သေးစင်က ညကျမှ
ဇာမှာတဲ့။ မျက်လှည့်သမားက လူစု
နေတုန်း မှန်ဘီလူးဝိုင်းဝိုင်းအပေါက်ကြီး
ထဲကချောင်းကြည့်လိုက်တော့ ဗီရိုဆရာ
အသံကြားရသည်ပေါ့။

ဟော - ဒါကတော့ ရွှေတိဂုံ
ဘုရားကျားတက်တာ ငါးရက်ကြာသတဲ့
ခင်ဗျာ။ ဟောဒါလေးကတော့ ရန်ကုန်
သူ ယိမ်းသမလေးတွေ ယိမ်းကနေကြ
တဲ့ပုံပါ ခင်ဗျာ။ ဟောသည့်ပုံကတော့
တောလုံမေပျို့တစ်သင်း ရေခပ်ဆင်း
တဲ့ပုံ။ စည်းကလေး၊ ဝါးလေးနှင့် စကား
ပြောလိုက်၊ လူခေါ်လိုက်လုပ်နေတဲ့ ဗီရို
သမား။ ရွှေကျီးညိုတို့၊ ပဂိုးမြ (ပဲခူးမြ)
တို့မလာသေး။ သုံး၊ လေးရက်ရှိလာမည်
တဲ့။ ဈေးသည်တွေပြောနေသံကြားရ
တယ်။

ဈေးတန်းထဲကြာကြာမနေချင်တာ
နဲ့ဘဲ လှည်းဝိုင်းထဲရောက်ခဲ့ရပြန်ပေါ့။
နွားတွေကိုချည်လို့ လှည်းဦးတွေချ၊ လှည်း
တွေဝိုင်းပြီးနားနေကြတာ။ သြော် - ဒါ
ဟာ ထွန်ယက်ဖို့ပစ္စည်းတွေဖြစ်မယ်။
တံပိုးတုံး၊ နှင်တံ၊ ထွန်တံ၊ ထွန်ကိုင်း၊ ထွန်
သွား၊ နီးထုံး၊ ဖျာစုံနေတာပါပဲ။

"ဟေ့ - ညကျရင် ဦးဖုန်းမိုရုပ်သေး
သွားကြည့်ရအောင်ဟေ့၊ စောစောစီးစီး
ချက်ကြ"

"အောင်ရင်ရေ ငါတော့ မြို့လယ်
က ဓာတ်ရှင်သွားကြည့်မှာမောင်။ ငါ
တွေ့ခဲ့တယ် 'လူလှနဲ့ရှုပ' တဲ့။ ရာဇဝင်
ကားထင်ပါရဲ့ကွာ။ ညကျရင် ဓာတ်ရှင်
သွားမယ်ကွ"

လှည်းဝိုင်းတွင်ပါလာသည့် တော
ရွာမှ ကာလသားလေးတွေ ပြောဆိုနေ
ကြသံပင်။

"အေး - သာအေးတို့၊ ဖိုးခွေးတို့
သွားတာကသွားကြပေါ့ကွာ။ ပြဿနာ
တော့မဖြစ်စေနဲ့ဟေ့။ ကိစ္စရှိ ငေးငေးက
သာရှောင်ကြဟေ့"

"ဟုတ်ကဲ့ - ဘကြီးသာရင် စိတ်ချ
ပါ။ ကိုထွန်းမောင်ကြီးခေါ်သွားမှာပါဗျ"

ကိုထွန်းမောင်မှာ ကာလသား
ခေါင်းဖြစ်လို့ လူကြီးများစိတ်ချကြတာ
ပေါ့။ အလို. . . အို-မွှေးလိုက်တာ၊ ဒါ
ဘာပါလိမ့်။ သူသိချင်ဇောဖြင့် အနား
သို့ကပ်လိုက်တော့ ရင်ဘတ်ကို တစ်စုံ
တစ်ယောက်က တွန်းထားသည်ကို
ခံလိုက်ရပါပကော။ ကြည့်လိုက်တော့
ညောင်ကျင်းအိုနတ်။

"ဟေ့ဟေ့-ဘာကိစ္စအိုးနားကပ်ရ
တာလဲကွ။ ဒါလူတွေစားတဲ့အစားအစာ
ကွ၊ နောက်ဆုတ်"

ဗျာ - သူလည်း လူပါပဲ။ ပန်း
နှစ်ဖက်ကြားခေါင်းပေါက်တာပါပဲ။ ခြေ
တွေ၊ လက်တွေ၊ နား၊ မျက်စိတွေမှစုံလို့
ဒါလူမဟုတ်ဘူးလား။

"ဟေ့ကောင်၊ နောက်ဆုတ်လို့
ပြောနေတယ် မကြားဘူးလား။ လူတွေ
ဆိုတာ တန်းပြီးစားတာမဟုတ်ဘူးကွ။
ဘုရားကို ဆွမ်းတော်တင်၊ အားလုံးသော
သတ္တဝါဝေနေယျကိုအမျှဝေပြီးမှစားကြ
တာ သွားစမ်းပါကွာ ဥစ္စာစောင့်လေးရ"

ဟုတ်ပေသားပဲ။ သူက ဥစ္စာ
စောင့်ကလေး နန္ဒလေး။ စားချင်လိုက်
တာ။ သူသိတာပေါ့။ ပိတ်စွယ်၊ တန်စွန်း
ရွက်၊ ဝါစေ့ပင်ပေါက်ကလေးတွေနဲ့
စောစောက မျက်နှာချိုတဲ့မိန်းမကြီးက
ဆူးပုပ်ရွက်ခတ်လိုက်တာများ နှာဝကို
တန်းထိုးတာ။ သြော် - လူဖြစ်ရင် ဒါမျိုး
တွေစားရမှာပေါ့နော်။

သူလှည်းဝိုင်းထဲကနေထွက်လာ
တော့ ယောင်လည်လည်၊ သည်တစ်ည
တော့ အစ်မတော်တို့ဆီမပြန်တော့။
လူဖြစ်အောင်ဘယ်လိုလုပ်ရမှာပါလိမ့်။
လှည်းဝိုင်းနားမှာ တရစ်သီသီ။

"ခွမ်း. . . ခွမ်း. . . ခွမ်း"

နွားတစ်ကောင်လန့်ပြီးတော့ ကန်
ကျောက်သံကြောင့် လှည်းဝိုင်းစောင့်ကျ
တဲ့ ဘကြီးသာရင် ဓာတ်မီးနဲ့လှမ်းထိုး
တယ်။ နွားနှစ်ကောင်ဟာ နားရွက်တွေ
ထောင်၊ မျက်လုံးတွေပြူးလို့ တရှူးရှူးနဲ့
ဘာတွေ့လို့ပါလိမ့်။ နွားကန်တဲ့ဒဏ်ရာ
ဒဏ်ချက်ကြောင့် နန္ဒဆိုတဲ့ဘဝလေး
ဆုံးပါးခဲ့ရပြီ။ ဘကြီးသာရင် တွေ့ရတာ
ကတော့ ပုတ်သင်ခြောက်အသေလေး
တစ်ကောင် နွားနင်းထားတာ ပြားချပ်
လို့။

"သြော် - ပုတ်သင်ခြောက်များ
လန့်ရတယ်လို့၊ ကျွတ် ကျွတ် ကျွတ်"

"ရှော့ရှော့- သားကြီး လာ၊ လာ"

နွားတစ်ရှဉ်းကို ဘကြီးသာရင်
ခေါင်းလေးတွေပွတ်ပေးလိုက်ရတယ်။

အဲသည်ညမှာပင် လှည်းဝိုင်းထဲ
က မလှမေ အိပ်မက်မက်တော့တာပဲ။

ကောင်လေးတစ်ယောက် ချော
ချောလေးရယ်။ သူလာပြောနေတာ -

"ဒေါ်မေ၊ အမေ သားမှာ နေစရာ
မရှိလို့ အမေတို့နဲ့လာနေပါရစေနော်။
ပြီးတော့ ပြီးတော့လေ အမေ နေ့လယ်
ကချက်တဲ့ဟင်းလေးလည်း စားချင်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဆူးပုပ်ရွက်နံ့လေးကို သားစွဲနေလို့ အမေတို့နဲ့လိုက်ခဲ့ပါရစေနော်။ သားကို နွားကန်လို့ အမေတို့လှည်းဝိုင်းထဲမှာ ညကသေခဲ့ရတာပါ အမေရယ်"

ကောင်လေးက သနားစရာ၊ ချစ်စရာလေး။ သူ့ရင်ခွင်ခေါင်းနဲ့ဝှေ့ပြီး ပြောနေတော့ မလှမေလည်း ယောင်ယမ်းပြီး -

"အေးပါ - သားရယ်၊ လိုက်ခဲ့ပါ။ တို့ကဆင်းရဲတယ်နော်"

လို့များပြောနေသေးရဲ့။

"အမေတို့ ပျဉ်ထောင်အိမ်နဲ့နေရစေမယ် စိတ်ချ။ သားရှာပေးပါ့မယ် အမေရာ"

ဆိုတော့ မလှမေ အိပ်မက်ထဲမှာကို ပီတိတွေဖြစ်လို့။

"တော့် ကိုဖိုးခ၊ ထစမ်းပါဦးတော်၊ ကျုပ်အိပ်မက်မက်နေလို့တော့"

ကိုဖိုးခ အိပ်ချင်မူးတူးထထိုင်လိုက်တယ်။

"ဟယ် - လှမေ၊ အရုဏ်တက်ပြီဟေ့။ ဆွမ်းထချက်တော့ဟ။ ဟဲ့- စိန်ရင်တို့၊ ပန်းမြတို့၊ ဒန်းရင်တို့ ထကြဟေ့။ အရုဏ်တက်နေပြီဟ"

ကိုဖိုးခတစ်ဝိုင်းလုံးကိုဆော်ဩလိုက်တယ်။

"ဒီမှာ ကိုဖိုးခ၊ ကျုပ်အိပ်မက်ကလေ"

ဆိုပြီးပြောလိုက်တာ ဘကြီးသာရင် ကြားသွားပါရော။

"ဟေ - အေး ညက နွားကန်လို့သေတဲ့ကောင်လေးလား။ ဟုတ်တယ်ဟ၊ ငါလူသိမှာစိုးလို့ တိတ်တိတ်ကလေး မြှုပ်ထားလိုက်တယ်ဟ။ လူကလေး မောင်ပုတ်သင်ရေ အမျှ၊ အမျှ၊ အမျှ"

ဘကြီးသာရင် အမျှဝေရင်းက တဟားဟားကိုရယ်တော့တာကလား။

"နင့်အိပ်မက်က လှမေရယ်၊ စဉ်းလှတယ်။ သေချာပြီ၊ နင်ဒီတစ်ခါမွေးရင်တော့ နာမည်မှည့်ပြီးသားပဲဟေ့။ ပုတ်သင်၊ ပုတ်သင်"

"နင်ဟာကလည်းဟာ ဘာတွေမှန်းလဲမသိဘူး။ ညက ခါတ်ရှင်ထဲက ဟာစွဲလာတာနေမှာပါ"

## (၅)
## မောင်ပုတ်သင်လေးရဲ့ဘဝ

မလှမေ နေ့စေ့လစေ့တော့ သားယောကျ်ားလေးပါပဲ။ ဖွေးဖွေးဖြူဖြူချောချောလေး။ မွေးကတည်းက မအေကို ပြုံးကြည့်တာ သည်တစ်ကောင်ပဲတွေ့ဖူးတယ်လို့ ကိုဖိုးခသဘောတွေကျလို့။

ကျောင်းထားတော့ သူတို့ရွာမှာ စာသင်ကျောင်းမရှိဘူး။ ဟိုမြောက်နားက စွယ်တည် (စွယ်တည်) ရွာသွားထားရတာ။ ကလေးကညာဏ်လွတ်တောင်းတာ။ ဆရာ၊ ဆရာမတွေအားထားရတဲ့ ကလေးကိုဖြစ်လို့။

မလှမေကတပြုံးပြုံးနဲ့။ ဟုတ်တယ်လေ၊ ပုတ်သင်မွေးပြီးကတည်းကတက်လာလိုက်တဲ့စီးပွားများဆို တစ်သက်လုံးမရဘူးတဲ့ ချောင်းတိမ်ယာကတင်ပဲ နှမ်းနှစ်ဆယ်ရတယ်။ ငှက်ပျောခိုင်တွေများ ထွက်လိုက်တာ စလင်းမြို့ကို လှည်းနဲ့ပို့ရတယ်။ အဲ - ထူးတာကတော့ ပုတ်သင်က အဖေနဲ့ အမေ စလင်းသွားရင် လိုက်ချင်တယ်။ဈေးအရှေ့တောင်ထောင့်ကဘုရားနားရောက်ရင်ပျော်လို့။

သည်လိုနဲ့ အတန်းတွေအောင်၊ စလင်းမြို့လေးထပ်ကျောင်းမှာနေရင်း ကျောင်းတက်လာခဲ့တာ ကိုးတန်းရောက်ခဲ့တော့တာပေါ့။ ဉယျာဉ်စုရွာသူ ကိုဖိုးခတို့၊ မလှမေတို့မှာလည်း သုံးပင်အိမ်ကနေ ပျဉ်ထောင်သွပ်မိုးဘဝရောက်ခဲ့ရတယ်။ သမီးရှင်တွေကလည်းလာလိုက်ကြတာ မောင်ပုတ်သင် အဲ - စနေသားလေးဆိုတော့ ဘကြီးသာရင်ပဲမှည့်တာပါ။ မောင်နိုင်ဝင်းတဲ့။

BURMESE CLASSIC

## (၆)
## တစ်ကြော့မပြန်နိုင်သေး

"ဒါဆို မောင်လေးငယ်ပျောက်သွားတဲ့ရက်မှာ လူပြည်ရောက်နေတာပေါ့"

"ဟုတ်ပါတယ် အစ်တော်၊ မောင်လေးငယ်ကို ခွင့်လွှတ်ပါ။ လူ့ဘဝက အမေ၊ အဖေတို့က အခုမှချောင်လည်လာကြတာပါ"

"အေးကွယ် ဟုတ်ပါပြီ။ သည်မှာက ယောကျ်ားသားဆိုလို့ ဘိုးဘိုးနဲ့ မောင်လေးငယ်ပဲရှိတာလေ၊ တို့ဘဝက အရိမေတ္တေယျမြတ်စွာဘုရားပွင့်မှ လူဖြစ်ခွင့်ရမယ် မောင်လေးရဲ့။ မမတို့က သက်တမ်းအရှည်ကြီးနေပြီး သည်ပစ္စည်းတွေကို စောင့်ရှောက်ရဦးမယ်၊ ကဲ - မောင်လေးငယ်ဘယ်တော့ပြန်ခဲ့မလဲ"

ကိုနိုင်ဝင်း စဉ်းစားရပြီပေါ့။ လူ့လောကထဲမှာ အနေကြာလာတော့လည်း လူ့ဘဝထဲမှာနေလိုက်ချင်သေးရဲ့။

"မောင်လေး လူ့အသက် ငါးဆယ့်ခြောက်နှစ်မှာပြန်ခဲ့ပါ့မယ် မမဘုရား။ အခုတော့ အေးကိုလည်းပါလာလို့ ပြန်ခွင့်ပြုပါတော့"

သီရိဒေဝီ၊ စန္ဒာနှင့် သီတာတို့ အတွင်းဘက်သို့ လက်အုပ်ချီလိုက်ကြတယ်။

"လူ့သက်တမ်း ငါးဆယ့်ခြောက်နှစ်အထိ ခွင့်ပြုပေးပါ ဘိုးဘိုး"

သူတို့နှစ်ယောက် ရွှေတန်ဆာဘုရားရင်ပြင်တော်ပေါ်ကို ပြန်ရောက်တော့ ညနေငါးနာရီထိုးပြီ။ သူတို့ အိပ်မက်မက်ခဲ့လေသလား။ ကိုအေး[illegible] အိတ်ကို ပုတ်ပြတာတွေ့ရတယ်။

"ငါ့ကို အဲဒီသီရိဒေဝီက ငွေပြား အပြားသုံးဆယ်ပေးလိုက်တယ်ကွ"

ဟုတ်ပါရဲ့၊ အေးကိုမှာ ငွေဒင်္ဂါး[illegible] တွေအများကြီးပါ။ ကိုနိုင်ဝင်းမလိုချင်ပါ[illegible] သူ့ဘဝသည် ရေရေရာရာမရှိ။ သေမယ့်ရက်ကိုသိနေသူက ဘာတွေနဲ့ပျော်နိုင်မှာတဲ့တုံး။

ကိုနိုင်ဝင်းတစ်ယောက် မန္တလေးဂျိုတီအိုင်မှာတက်၊ ကျောင်းဆင်းအလုပ်ဝင်ရတော့ မုန်တိုင်ဆည်၊ ကင်းတား[illegible]ဆည်၊ ကြက်မောင်တောင်ဆည်တွေမှာ တာဝန်ထမ်းဆောင်ရတယ်။ လုပ်ငန်းတာဝန် စေ့စပ်တာဝန်ကျေသူ၊ လာဘ်မစားသူလို့ နာမည်ရခဲ့ပါတယ်။

အသက်ငါးဆယ်ကျော်တော့[illegible] အမေတို့နဲ့နီးနီးမှာတာဝန်ကျတော့တာလေ။ ဒါတောင်အဝေးကြီးပါ။မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနဲ့ဉယျာဉ်စုနဲ့တာ ဝေးမှဝေး။

မယူပါရစေနဲ့ အမေရယ်၊ မောင်လေးကို သားသနားလို့ပါ ဆိုတဲ့ကြား[illegible] အမေ့ရှတ်ပေးစားလို့ လောကထဲမှာ သားနှစ်ယောက်ရခဲ့ပြန်ပါတယ်။ သူနေ[illegible] မယ့်ကာလဟာ တစ်နှစ်မပြည့်တပြည့်။

မှန်ချိန်တဲ့လမ်းနဲ့မလွတ်တဲ့သစ်ပင်ကြီးကိုခုတ်လှဲရတော့မယ်ဆိုကတည်းက သူ့စိတ်တွေလေးလံနေခဲ့ပြီပဲ။

"မောင်ငယ်ရဲ့ပစ္စည်းတွေ မိတ္ထီလာကို အမြန်ဆုံးပို့ပါ။ မင်းအစ်မတော်တို့ဆီပြန်လာရမယ့်နှစ်စေ့ပြီ"

အိပ်မက်မဟုတ်ပါ။ သူ့နားထဲမှာ အမြဲကြားနေရပါတယ်။ နားထောင်ပါတယ်။ အိပ်ရာလိပ်၊ ခြင်ထောင်၊ ဖိ[illegible] ဘောဂကစလို့ ရွှေငွေစမကျန် မိတ္ထီလာမြို့ကို ပို့လိုက်ပါပြီ။ မနက်ဖြန်ဆိုလျှင် သစ်ပင်ကြီးကိုလှဲမှဖြစ်တော့မည်လေ။ သူ့ဘဝရဲ့နောက်ဆုံးည၊ အိပ်မက်ကမလှမပ။

"တို့မှာနေစရာမရှိပါဘူးကွာ။ နေ[illegible]ကလည်းမကောင်းလို့ နောက်တစ်ပတ်လောက်မှလှဲပါကွာ" တဲ့။

သစ်ပင်စောင့်ရုက္ခစိုးလား၊ နတ်ရဲလား သူမသိပါ။


"အစိုးရ[illegible]ခိုင်းတဲ့တာဝန် အဓိ[illegible]ဗျ။ ကျုပ်သဘောမဟုတ်ဘူး။ ရက်[illegible]လို့မရတော့ဘူး"

သည်စကားကို သူ[illegible]ပြောတော့




www.burmeseclassic.com


www.burmeseclassic.com




၁-၃-၂၀၁၆ နေ့ သာယနဇာတာခွင်




၁၁-၃-၂၀၁၆ နေ့ သာယနဇာတာခွင်




၂၁-၃-၂၀၁၆ နေ့ သာယနဇာတာခွင်

## ၂၀၁၆ ခုနှစ်၊ မတ်လအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်

ဤလ၏ ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက်တက်ရိပ်ရှိသော်လည်း အေးကွေးနေမည်။ ငွေကြေးဈေးကွက် အတက်အကျမြန်ဆန်နေမည်။ ကျောက်မျက်ဈေးကွက်ပြုတ်ကျတတ်ပြီး ပြန်တက်တတ်မည်။ စတော့ရှယ်ယာဈေးကွက် အတက်အကျထိုင်းမှိုင်းနေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက် သိပ်မကောင်းသေး။ အိမ်ခြံမြေဈေးကွက် အပြောင်းအလဲများ မြန်ဆန်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်တက်ရိပ်ရှိလာမည်။ ဆောက်လုပ်ရေးပစ္စည်း မျှော်လင့်ချက်ကောင်းနေမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက်ချိန်ဆရခက်နေမည်။ သတ္တုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ တက်ဈေးရှိသော်လည်း အကျဘက်ယိုင်တတ်မည်။ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့် ဆက်စပ်ပစ္စည်းများ ကျဈေးမိတတ်မည်။ ဓာတုဆေးဝါးပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးပစ္စည်းများ အနိမ့်ဈေးဘက်ရောက်နေတတ်မည်။ ပညာရေးလုပ်ငန်းသိပ်မကောင်းသေး။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ဈေးကွက်ရှုပ်ယှက်ခတ်နေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်၊ ငွေကြေးဈေးကွက်၊ ကျောက်မျက်ဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် အတက်နှေး၊ အကျနှေးနေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက်များ အတက်အကျမြန်ဆန်နေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာဈေးကွက် တည်ငြိမ်သော်လည်း ရုတ်တရက်ဖောက်ပြန်နိုင်သည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဈေးကွက် အမြင့်ဈေးကို မျှော်၍ရပြီ။ ဆေးနှင့်ဆေးပစ္စည်း၊ သစ်နှင့်ဆက်စပ်လုပ်ငန်းများ၊ ဈေးကွက်များ တက်ရိပ်ကြီးလာမည်။ စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ ဈေးကွက် သိပ်မကောင်းသေး။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်၊ ကျောက်မျက်ဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် တက်လိုက်၊ ကျလိုက် ခန့်မှန်းရခက်နေမည်။ ငွေကြေးဈေးကွက် အတက်ထက် အကျဘက်သို့ ပိုယိုင်တတ်မည်။ အိမ်ခြံမြေဈေးကွက် အတက်၊ အကျ မှန်းဆရခက်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်း မျှော်လင့်ချက် ကောင်းနေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက်၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဈေးကွက် အတက်နှေးအကျမြန်ရှိနေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ သယ်ပို့ဆောင်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဈေးကွက် အတက်၊ အကျတို့ တည်ငြိမ်နေမည်ဖြစ်သော်လည်း ရုတ်တရက်ကမောက်ကမဖြစ်တတ်မည်။ ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာ၊ သစ်နှင့်ဆက်စပ်ပစ္စည်းဆိုင်ရာတက်ဈေး၊ ကျဈေး မတည်မငြိမ်ရှိနေမည်။ စိုက်ပျိုးရေးထွက်ကုန်၊ ရေလုပ်ငန်းထွက်ကုန်ဈေးကွက် သိပ်မကောင်းသေး။ လောင်စာဆီနှင့် စားသုံးဆီဈေးကွက်ချိန်ဆရခက်နေမည်။

မင်းရှိန်အောင်

---

ချက်ထောင့်နီကြီးနဲ့ သူ့ကိုကြည့်နေတာတွေ့ရတယ်။

"အေး - ငါ့တာဝန်ကျေပြီ။ သဗ္ဗညုတဉာဏ်မှသကာပေါ့ကွာ။ ဘုရား၊ တရားသာအောက်မေ့ထားပေ့"

"ဟေ့ - နိုင်ဝင်းကလည်း ဘယ်တော့မှ ဘုရား၊ တရားမေ့တဲ့ကောင်မဟုတ်ဘူးကွ"

သူပြောလိုက်မိတယ်ထင်ပါရဲ့။

သူနောက်ဆုံးသိလိုက်ရတာကတော့ သစ်ပင်ကြီးလဲလို့ ဝုန်းခနဲအကျ သူ့မျက်နှာ၊ သူ့ခေါင်း၊ ရင်ဘတ်၊ တစ်ကိုယ်လုံး အကောင်တွေဝိုင်းတုပ်တာခံလိုက်ရတာပါပဲလေ။

❑

"ဆရာလေး၊ ထမင်းတွေအေးကုန်ပြီ။ အိပ်ပျော်နေသလားလို့"

ကိုသိုက်မောင် လန့်သွားသည်။ ကျောက်ပုံထမင်းဆိုင်မှ စားပွဲထိုးကောင်လေး လာခေါ်နေသကိုး။

"အေးအေး - လာပါပြီကွာ။ အစ်ကိုက အေးမှစားတတ်လို့ပါ။ စာလေးဖတ်နေတာကြာသွားထင်ပါရဲ့"

(ဝတ္ထုပုံစံရေးဖွဲ့ပါသည်။ မှတ်တမ်းထဲတွင် သစ်ပင်ကြီးကို မလှဲချင်တာဘဲ ပါပါသည်။ သမိုင်းအထောက်အထား မရှိပါ။ အစ်ကိုဝမ်းကွဲ၏ မှတ်တမ်းအရ ရေးသားပါသည်။)

. ချောဘသိုင်း(စထဲ)



www.burmeseclassic.com

www.burmeseclassic.com

ကိုတိုး(ရန်ကင်း)

# ဒါရိုက်တာဦးလွန်းဖေ၏ မြတ်ဂုဏ်တော်



လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာ့ရုပ်ရှင်ပညာသည်များ(ဝါ)စစ်ကြိုခေတ်ရုပ်ရှင်ဒါရိုက်တာများတွင် ဒါရိုက်တာဦးလွန်းဖေလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ ရန်ကုန်ရုပ်ရှင်မှ နတ်သူဇာပြစဉ်က 'ဦးလွန်းဖေရဲ့သူ့ပညာ၊ စီမံရိုက်ထုတ်တာ ကားမှာနတ်သူဇာ' ဟု သီချင်းဆိုပြီး တီးဝိုင်းကတဒုန်းဒုန်းနှင့် ကြော်ငြာမြင်းလှည်းဖြင့်လက်ကမ်းကြော်ငြာများ ကမ်းလင့်ကာမြို့လုံးပတ်လှည့်ကြော်ငြာခဲ့သည်ဟုသိရပါသည်။ နတ်သူဇာဇာတ်ကားသည် ၁၉၃၃ ခုနှစ်တုန်းက ရန်ကုန်ရုပ်ရှင်မှ ဒါရိုက်တာ ဦးလွန်းဖေ ရိုက်ကူးသောမြေလျှိုးမိုးပျံအခန်းများပါသည့်ကားဖြစ်သဖြင့် လူကြိုက်များခဲ့လေသည်။

ဦးလွန်းဖေသည် အသက်(၁၅)နှစ်သားအရွယ် ငယ်စဉ်ကပင် ရုပ်ရှင်ကိုဝါသနာပါခဲ့သူ ဖြစ်သည်။ နိုင်ငံခြားရုပ်ရှင်များသာ ပြသနေချိန်တွင် သူတို့ရုပ်ရှင်ကို ဘယ်လိုရိုက်ကြမည်နည်းဟု စူးစမ်းလျှက်ရှိသည်။ နိုင်ငံခြားရုပ်ရှင်များပြသသည့်ရုံများမှ ရုံတွင်ချိတ်ရန်ပိုစတာပန်းချီကားများ၊ လက်တွန်းလှည်းဘေးချိတ်ရန် ကြော်ငြာပန်းချီကားများကို ဦးလွန်းဖေက ပန်းချီရေးဆွဲပြီး ပန်းချီခရသမျှကို သူငယ်ချင်းများနှင့်အတူ လက်ဖက်ရည်ဆိုင်သွားကာ စားကြသုံးကြသည်။

ရုပ်ရှင်ရုံ၊ ပိုစတာ၊ ပန်းချီများရေးရာမှ ရုပ်ရှင်ဖလင်ကားပိုင်းပြစက်သဘောသဘာဝများကို ဦးလွန်းဖေ လေ့လာခွင့်ရခဲ့၏။ ထိုအတွင်း မြန်မာ့ရုပ်ရှင်အစကို မျက်စိဖွင့်ပေးခဲ့သော ဦးထွန်းရှိန်ဈာပနသတင်းကားပိုင်းကို ဦးလွန်းဖေကြည့်လိုက်ရသည်။ ထိုအခါ သူသည် ဓာတ်ပုံဘက်သို့ စိတ်ဝင်စားသွားကာ သူ၏ဦးလေး ဒီဒုတ်ဘလောက်တိုက်ပိုင်ရှင် ဦးအောင်လှထံဝင်ကာ ဘလောက်ပညာရော ဓာတ်ပုံပညာကိုပါ လေ့လာခဲ့သည်။ ထိုမှတစ်ဆင့်







www.burmeseclassic.com

www.burmeseclassic.com



မင်းနှစ်ပါးစက်တော်ခေါ်စဉ် ဘီလူးဇဂုန်မောင် ချောင်းယှက်သော ဓာတ်ပုံပရိယာယ်အမျိုးမျိုး





ဦးလေး၏ဆက်သွယ်ပေးမှုဖြင့် သူဌေး ဦးညွန့်ပိုင် ဗြိတိသျှဘားမားရုပ်ရှင်တွင် ဓာတ်ပုံဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ယင်းနောက်တွင် ဦးအောင်ဇံ၊ ဦးအောင်လှနှင့် ဦးလွန်းဖေတို့ စုပေါင်းကာ ယူနီဗာစီတီဖလင်တည်ထောင်ကြသည်။ တက္ကပဏ္ဍိတဇာတ်ကားကို ရိုက်ကူးခဲ့ရာ ဦးလွန်းဖေက ဓာတ်ပုံဘက်မှ တာဝန်ယူခဲ့သည်။

□ မင်းသားလုပ်

ရွှေနဂါး ရုပ်ရှင်ကုမ္ပဏီတွင် ဒါရိုက်တာ ဦးဘငြိမ်းက ရွှေလက်ဝါးစတန့်ဇာတ်ကားရိုက်ရာ ဦးလွန်းဖေကို ခေါင်းဆောင်မင်းသားတင်ကာ မင်းသမီး မအုံးညွန့် ဖြစ်သည်။ ဦးလွန်းဖေသည် ဓာတ်ပုံဆရာ၊ မင်းသားအဖြစ်မှ ဒါရိုက်တာဘဝသို့ပါ တက်လှမ်းနိုင်ခဲ့သည်။ ဒဂုန်ညွန့်ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ဒါရိုက်တာအဖြစ် ဦးလွန်းဖေက ရွှေပြည်စိုး၊ ဝေဠုဝတီ၊ မနောစကြာ၊ ပြည့်လက်ရုံး၊ ရာဇဝတ်မန်၊ သားရွှေခဲ၊ ချစ်မီးလျှံ၊ ဥဒါန်းတော် ဇာတ်ကားများကို သူကိုယ်တိုင် မင်းသားအဖြစ် ပါဝင်ကာ အခြားမင်းသားများဖြစ်သော မောင်ဘရှင်၊ မောင်ဘမော်တို့ဖြင့်လည်း ရိုက်ခဲ့သည်။

□ ဓာတ်ပုံဝိဇ္ဇာ

ဆရာဦးလွန်းဖေသည် ရုပ်ရှင်ဓာတ်ပုံပညာကို ဦးလေးဖြစ်သူ ဒီးဒုတ်ဘလောက်ဆရာ ဦးအောင်လှထံမှနေ သင်ကြားတတ်မြောက်ခဲ့ပြီး နိုင်ငံခြားရုပ်ရှင်များကိုကြည့်ကာ အမျိုးမျိုးစမ်းသပ်တီထွင်ရိုက်ကူးသူ ဖြစ်သည်။ အောဝမ်းဦးညီပု၏ တောင်ညိုညို ဇာတ်ကားတွင် မင်းသမီး ခင်မြရင် (အလှဘုရင်မ) ကို ချောပေ့လှပေ့ပုံစံမှ တဖြည်းဖြည်း အိုမင်းရင့်ရော်ကာ နောက်ဆုံးတွင် အရိုးစုဖြစ်သွားပုံကို လက်စွမ်းပြခဲ့သည်။ ကင်မရာထရစ် (ဓာတ်ပုံလှည့်စားခြင်း) ဘက်တွင် အထူးကျွမ်းကျင်သူဖြစ်သဖြင့် ဦးညီပု၏ လက်စွဲဓာတ်ပုံဆရာ ဖြစ်ခဲ့သည်။

ဒါရိုက်တာ ဦးလွန်းဖေသည် စစ်ကြိုခေတ် ရုပ်ရှင်များအဖြစ် စိန်ဒါးမြှောင်(၁၉၃၄)၊ စွမ်းသတ္တိ(၁၉၃၅) သူလျှိုမ (၁၉၃၅)၊ လူဆိုးကြီး (၁၉၃၄) သူလျှိုကြီး (၁၉၃၅)၊ စမ်းရေယာဉ် (၁၉၃၆)၊ တောင်ညိုညို (၁၉၃၆) ချစ်မဟာ (၁၉၃၆) မှော်စက်ရောင်



www.burmeseclassic.com

www.burmeseclassic.com

(၁၉၃၇)၊ မောင့်ဝိညာဉ် (၁၉၃၇)၊ မိန်းရာသီ (၁၉၃၇)၊ ချစ်သူကောင် (၁၉၃၈)၊ နှစ်ဆောင်ပြိုင် (၁၉၃၈)၊ ဒေါင်းစကြာ (၁၉၃၉)၊ မြိုင်ယံဘွား (၁၉၃၉)၊ မင်းမဟာဂီရိ (၁၉၄၀)၊ မြတ်ဂုဏ်တော် (၁၉၄၀)၊ ရှင်ဖြူရှင်ညို (၁၉၄၀)၊ စောင်းတော်ရှင် (၁၉၄၁)၊ အရိန္ဒမ (၁၉၄၁) တို့ ဖြစ်သည်။

စစ်ပြီးခေတ် ရုပ်ရှင်များအဖြစ် ဗမာသစ် (၁၉၄၆)၊ စစ်ပြန် (၁၉၄၆)၊ အား (၁၉၄၇)၊ သွေးသောက် (၁၉၄၇)၊ လေနီကြမ်း (၁၉၄၈)၊ အမိုက်ဆုံး (၁၉၄၈)၊ နိုင်ရာစား (၁၉၄၈)၊ ကုန်းဘောင်ဆက် (၁၉၄၈)၊ လမ်းနှစ်သွယ် (၁၉၄၉)၊ မာန်စွယ် (၁၉၅၀)၊ ဘုန်းစက်ရောင် (၁၉၅၀)၊ လေးဆူဒီပါ (၁၉၅၆)၊ သမ္မာရှင် (၁၉၅၁) ၊ ရွှေတိုင်းယဉ် (၁၉၅၁)၊ ခြေရာတစ်ထောင်မောင်မဲခေါင်(၁၉၅၁)၊ လူမိုက်နှင့်တရား (၁၉၅၂)၊ မှော်ဝိဇ္ဇာ (၁၉၅၂)၊ ဗုဒ္ဓဂုဏ်ရောင် (၁၉၅၂)၊ ရွှေမျှား (၁၉၅၂)၊ ချစ်ငွေ့ဝေဝေ (၁၉၅၃) တို့ကို ဆွေဗမာဖလင်အမည်ဖြင့်ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်ရိုက်ကူးခဲ့သည်။

ဆရာဦးလွန်းဖေ နောက်ဆုံးလက်ရာအဖြစ်ရိုက်ကူးခဲ့သောဇာတ်ကားမှာ ရေကြည်တစ်ပေါက်(၁၉၇၀) တွဲဖေး သိန်းတန်၊ ထားထားနွယ်၊ မြတ်သူ၊ ဇေယျ၊ ဦးထွန်းရွှေ၊ ဒေါ်မေမေဝင်းတို့ ပါဝင်သည်။

ဆရာ ဦးလွန်းဖေသည် အသက် (၆၇) နှစ် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။ သမီးနှစ်ယောက်နှင့်မြေးများ ကျန်ရစ်ခဲ့လေသည်။ ယခု အလျဉ်းသင့်သဖြင့် ဒါရိုက်တာ ဦးလွန်းဖေ စစ်ကြိုခေတ်က ရိုက်ကူးခဲ့သော မြတ်ဂုဏ်တော်ရုပ်ရှင်ကား အကြောင်းတင်ပြလိုပါသည်။ မြတ်ဂုဏ်တော်သည် အညတရတ္ထိယ၊ သာသနာ့ဗာဟိရက၊ မိစ္ဆာဝါဒဖြစ်သော တိတ္ထိတက္ကတွန်းတို့၏အယူကိုချွတ်၍ သံသရာဝဋ်မှထွက်မြောက်ကြောင်း ရှေးဟောင်းသာသနာပြုနိပါတ်ဇာတ်တော်ကြီး ဖြစ်သည်။

□ **ဇာတ်လမ်းအကျဉ်း (မြတ်ဂုဏ်တော်)**


"ဖမ်းဟ. . . ဝိုင်းဟ. . . ရိုက်ဟ . . . ခုတ်ဟ"

"အမလေး - မြတ်စွာဘုရားကယ်တော်မူပါ"

"အောင်မယ် - အခုထက်ထိ နင်တို့ အရုပ်ကလေးတွေကိုတ,နေတုန်း









www.burmeseclassic.com





ပါသား"

စိန္တပြည့်ရှင် ဘုရင်မင်းယုတ်၏ စာသည်တော်တချို့နှင့် အာဏာသား အချို့သည် ကစဉ်းကလျား သားတွဲလဲ သမီးတွဲလောင်းနှင့် ထွက်ပြေးကြရှာသော မြို့သူမြို့သားများအား ရက်ရက်စက်စက် လိုက်လံထိုးခုတ်သတ်ဖြတ်နေကြသည်မှာ နှလုံးတုန်စရာကြီးဖြစ်လေ၏။ လဲသူလဲ၊ ကွဲသူကွဲ၊ မရှုမလှသေကြရသူများလည်း အနန္တ။ ထို့ထက်မကသော ဆိုးသွမ်းခြင်းကား မြို့တော်စာစ်ဝန်းရှိ ဆရာတော်သံဃာတော်များအား အတင်းအကြမ်းလိုက်လံသတ်ဖြတ်ခြင်း၊ မြင်းစေကျော်များနှင့် တိုက်ခိုက်နင်းနယ်ခြင်းများကြောင့် မြို့ကြီးတစ်မြို့လုံးသည် ဆိုလန့်စာစားဟူသကဲ့သို့ အထိတ်ထိတ်အလန့်လန့်ဖြစ်ကာ သူသတ်ကုန်းပမာ သွေးချောင်းစီးလျက်ရှိတော့၏။

ဂုဏ်တော်အနန္တ ဥဒ္ဒိဿစေတီများဖြစ်ကြသော ကျောက်ဆင်းတု၊ ကြေးဆင်းတုကြီး၊ ငယ်တို့မှာလည်း ဒိဋ္ဌိ မှောင်မင်းယုတ်မာ၏ အာဏာကြောင့် ထိုးခုတ်ကွဲကြေ၍ ရှာသူရှာသားတို့၏ အညစ်အကြေးစွန့်ပစ်ရာအမှိုက်ပုံများအတွင်း ဝေဠုဝန်၊ ဇေတဝန်ကျောင်းတော်ကြီးအလား မလှုပ်မယှက်သော ခန္တီပါရမီနှင့် ကိန်းအောင်း မွေ့လျော်စံပျော်သီတင်းသုံးနေတော်မူကြရသည်မှာ အသက်ဘေးမှထွက်ပြေးတိမ်းရှောင်ရင်း တွေ့ကြမြင်ကြရသည့် ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ အသည်းနှလုံးကို ချေမွှန်းသကဲ့သို့ရှိလေ၏။

မိစ္ဆာဆိုးဝါး မင်းယုမှားကြောင့် တိုင်းသားပြည်သူ ကျွက်ကျွက်ဆူမျှသည်းအူနှလုံး ကြိမ်မီးအုံးသို့ မြို့လုံးမသာ၊ သာသနာလည်း ရောင်ဝါညစ်ညှိုး၊ ကြမ္မာဆိုးလျက်။

ဂူထိုးစေတီ၊ မွေသမီနှင့် ဇာနည်ထေရ်မွန်၊ သီလဝန်တို့ကို စိတ်လွန်ပြစ်မှား၊ ဒုက္ခပွားစေသည့်အခါကြီးတွင် ဘုရားရုပ်တုကို ကိုးကွယ်သူများ၊ ထေရ်သံဃာများကို ဆည်းကပ်သူများအား ကပ်ကြီးသုံးပါး ဆိုက်ရောက်သည်နှင့် မထူးတော့ချေ။

ရှေ့ဆောင်နွားလား၊ အကောက်သွားသော်၊

နောက်နွားတစိုက်၊ ကောက်ကောက်လိုက်၏။

စိန္တမင်းကြီးကား တက္ကတွန်းတစ်ဦး၏လွဲမှားသောအယူကို ယုံကြည်လိုက်စားမိသဖြင့် ရေငုပ်၊ မီးလှူ၊ တုံးခုန်၊ ဇယ်ခုတ် စသော အတ္တကိလမထာနုယောဂတရားများနှင့်သာ မွေ့လျော်နေလေရာ သီလဝန္တမွေစာဂီဗုဒ္ဓတရားတော်ကိုမှီနေသော နန်းတွင်းသက်တော်ရှည် အမတ်ကြီးနှင့်တကွသော မိဖုရားကိုပါ တက္ကတွန်း၏အယူကိုမယူသဖြင့်မီးတိုက်၍ ကွပ်မျက်လေသည်။ သို့သော် အရဟံအစ ဘဂဝါအဆုံး သုံးလောကထွတ်ထားမြတ်ဘုရား၏ဂုဏ်တော်သည် အချည်းနှီးဖြစ်ရတော့မည်လော။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီဆိုသည်နှင့်အညီ မြတ်ဂုဏ်တော်အနန္တသည် ကယ်မစောင့်ရှောက်မည်ကား မလွဲပေ။

ထိုစိန္တမင်းကြီး၌ သားတော်နှစ်ပါး ထွန်းကားလေသည့်အနက် အကြီးကို ဟံသကုမ္မာ၊ အငယ်ကို စိတ္တကုမ္မာဟု ဘွဲ့မည်သလေ၏။ မင်းသားညီနောင်နှ

www.burmeseclassic.com

သည် အချိန်တန် အရွယ်ရောက်သဖြင့် ယောကျာ်းကောင်းတို့ တတ်မြောက်အပ်သော တစ်ဆယ့်ရှစ်ရပ်အတတ်တို့ကို သင်ယူခဲ့၍ တက္ကသိုလ်သာပေါင်းခ သည့်ဆရာ့ထံမှ ပြန်လာခဲ့ကြရာတွင် တစ်ခုသောလမ်းခရီးအကြား၌ အဝတ်အစား ဗလာနတ္ထိ ကိုယ်ချည်းသက်သက် ဖြစ်သော ပြိတ္တာမယ်များနှင့် တွေ့ကြကုန်၏။

။ဇာတ်ပလီ၊ နတ်အညီထင်လိုက်တဲ့ယဉ်လိုက်ပါပေ့။ ။ အဒိန္န။ တိန်ကျဲ့ပွေမှုကြောင့်၊ ရွှေအုလို့ ရောင်ဝါငြိတ်ပေမဲ့ ပြိတ္တာခလေ့။

ပြိတ္တာမယ်တို့ကား အတိတ်ကာလ ဘဝဟောင်းက သူတစ်ပါး၏ အဝတ်တန်ဆာကိုခိုးယူမိခြင်းဟူသော အဒိန္နကံ အကျိုးဆက်ကြောင့် နေ့မှာခံ၍ညမှာစံရသော ပြိတ္တာဘုံဘဝ၌ ဖြစ်ပျက်နေကြရ၏။ သူတို့သည် အဝတ်တန်ဆာဗလာချည်းနီး ကိုယ်လုံးတီးနှင့်ပင်နေကြရသော်ငြားလည်း ရုပ်ဆင်းအင်္ဂါအားဖြင့်မူကား လှပသောဂုဏ်နှင့် ပြည့်စုံလေသဖြင့် ဝဏ္ဏစန္ဒီ၊ ရူပစန္ဒီနာမည်တွင်လေသတည်း။


မင်းသားညီနောင်တို့ကား ပြိတ္တာပျိုတို့ကို မြင်လေလျှင် ကြည်ညိုဆဖွား မေတ္တာကရုဏာထား၍ တိုင်းတော်ပြည်တော်သို့အရောက်တွင် ရဟန်းတစ်ပါးအား မိမိတို့၌ ပါခဲ့သော ဝတ်လဲတော်၊ ပုဆိုးအစုံတို့ကို လှူဒါန်းပြီးလျှင် ရေစက်သွန်းချ ပြိတ္တာမယ်တို့အား အမျှအတန်း ပေးဝေလိုက်သောကြောင့် ဝဏ္ဏစန္ဒီနှင့် ရူပစန္ဒီတို့မှာ နတ်၌ဖြစ်သော အဝတ်တန်ဆာတို့နှင့် ကောင်းရာသုဂတိသို့ ရောက်ကြရလေသည်။

သို့သော် မင်းသားတို့သည် ဗုဒ္ဓဘုရားနှင့် ကြည်ညိုစဖွယ်သော ရဟန္တာအရှင်မြတ်ကို ဆည်းကပ်ပူဇော်မိသော အပြစ်ဒဏ်ကြောင့် ကားစင်တွင်တင်၍ အကွာဏငေမိ လေးကြိုးအရာ လွန်လိမ့်မှာသည့် မြားစစ်သည်တို့နှင့် အဆုံးစီရင်လေရာ. . .

ဤသည်တို့ကား အောဝမ်းကုမ္ပဏီ လီမိတက်မှ ရိုက်ကူးပြသသော ဒါရိုက်တာဦးလွန်းဖေ၏ မြတ်ဂုဏ်တော်သာသနာပြုဇာတ်ကားကြီး၏ဇာတ်လမ်း အချို့တဝက်ဖြစ်လေရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် ထူးမြတ်သော တရားလက်ဆောင်တောင်းတစ်ခု ဖြစ်တော့မည်မှာ မလွဲတော့ပေ။

မြတ်ဂုဏ်တော်ဇာတ်ကားထဲတွင် ဇာတ်လမ်းနှင့်လျော်ညီအောင် ယုတ္တိပါပါ ရိုက်ကူးကြံစည်ရသော အချို့အခန်းများကား သူတော်ကောင်းကို ပြစ်မှား၍ မြေလျှင်တော်လည်းကာ လေကြီးမိုးကြီးကျလာပုံ၊ လောကဓာတ်တစ်ခုလုံး အမိုက်တိုက်ဖျက်ဆီးပုံ၊ စိန္ဓမြို့တော်ကြီးအားလုံး လောင်မီးကျ၍ ရွှေနန်းတော်နှင့်တကွသော အဆောက်အအုံများ၊ မီးစွဲတောက်လောင်ပျက်စီးရပုံ၊ ရတနာသုံးပါးကို ကျူးလွန်စော်ကားမိသော မကောင်းမှုကြောင့် မိုးကြိုးပစ်ခံရပုံမှ မက မီးမိုးကြောင့်တိုင်းပြည်ကြီးပြုန်းပြုန်း











သူသမီး တော်ရာစေလို့ ............ (မြတ်ဂုဏ်တော်) ............ အမေက စီထိုလုပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကလေး၊ အေဝမ်း။ မေသန်းတို့နှစ်ကိုယ် ဖွေကြွင်နံ့ ရေမြုန်းလိုသည့် တောင်ညိုညို၊ဇာတ်ကြီး ကြမ်းအနေလွှမ်းမှုရဲ့ ဆန်းလှသုံ့ ပြောဆုံမပြီး



ဦးလွန်းဖေ၏ ကင်မရာထရစ် (ဇာတ်ပုံလှည့်စားခြင်း) ပညာကို ဒါရိုက်တာ ဦးညီပု၏ 'တောင်ညိုညို' ဇာတ်ကားတွင် တွေ့ရစဉ်



ချစ်ဗိုရာ သနားခွင့်ကိုပြင့် တစ်ပါးခင်ပေးနော် စကားသင့် အရေးပေါ်မည် မတွေးချော်ပါနှင့် အခွင့်ကောင်းခါအချိန်မှာ သာငြိမ့်ငြိမ့်ချစ်ဗိုးနော်ခင်

ဘုရားသွားပုံတို့မှာ အေဝမ်းခြံကြီးအတွင်း၌ အကယ်စင်စစ်ဖြစ်ပျက်နေဘိသကဲ့သို့ ထာရောက်ကြည့်ရှုသူများပင် ကြောက်သန့်တကြား ပြေးလွှားတိမ်းရှောင်နေရလေသည်။ ဘုရား၏ ကျေးဇူးမဲ့ကိုပြောခြင်း၊ တရား၏ကျေးဇူးမဲ့ကိုပြောခြင်း၊ သံဃာတော်များ၏ ကျေးဇူးမဲ့ကို ပြောကြားခြင်း၊ ကြဲစည်ခြင်း၊ ပြစ်မှားခြင်းတို့ကြောင့် မည်သို့မည်ပုံပျက်စီးခံစားရသည်ကို ဇာတ်၊ နိပါတ်၊ ဝတ္ထုများတွင် ဖတ်ကြရသော်လည်း စိတ်ထဲ၌ ဤဇာတ်ကားကို ကြည့်မြင်ရသည်လောက် ထိခိုက်တုန်လှုပ်ခြင်းဖြစ်မည်မဟုတ်။ ဘဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား ဖူးဇော်ကြည်ညိုရာ၌လည်း သက်တော်ထင်ရှား မြတ်ဘုရား၏မျက်မှောက်တွင် ဝင်ရောက် လဲလျောင်း ပုန်းအောင်းမှီခို ကြည်ညိုဆည်းကပ်ရသကဲ့သို့ ဖရဏာပီတိအရှိန်နှင့် တဒင်္ဂပဟာန်မျှသာမက မှီတွင်းခြင်ဆီနစ်အောင် ဘာသာရေးစွဲမြဲသွားမည့်အပြင် တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်း စသည့် သံသယကုက္ကုစ္စများပါလွှင့်စဉ်၍ ကလျာဏသူတော်စင်ဖြစ်အောင်လက်တွေ့မျက်မြင်ပြသသည့် ဒါရိုက်တာ ဦးလွန်းဖေအား သာသနာပြုခမ္မကထိကနှင့်ပင် နှိုင်းလောက်မည်ဖြစ်တော့၏။ အချက်ကျကျနှင့်အကွက်လှလှပါဝင်အသုံးတော်ခံကြသူများမှာလည်း ရုပ်ရှင်ပညာဝါရင့်သန်ပြီးသူများဖြစ်ကြသည်ကို အောက်စာရင်းပါ ကြည့်မြင်ရခြင်းနှင့် နှစ်သက်ကြမည် ဖြစ်လေသည်။

မြတ်ဂုဏ်တော် (သာသနာပြု) မဟာဇာတ်တော်ကြီးတွင် အားတစ်ခုအဖြစ်ဖြင့် အသီးသီးပါဝင်ကြသော အေဝမ်းလူတော်များမှာ -

မောင်ခင်မောင်
(ညီတော်စိတ္တကုမ္မာ)
မေမေမြင့် (ဝဏ္ဏစန္ဒီမင်းသမီး)
မောင်မောင်ကြီး
(နောင်တော်ရာဇကုမ္မာ)
မေမေနု (ရူပစန္ဒီမင်းသမီး)
မောင်အောင်ကြီး
(စိန္တရာဇမင်းကြီး)
ခင်ဂျမ်းစိန် (အဂ္ဂမဟေသီ)
အေးငွေကြီး (အိမ်ရှေ့မင်းသား)
စိုင်တမော့ရွှဲကြီး(လူရွှင်တော်များ)
ဦးဘိုးထွန်း (တိတ္ထိဆရာကြီး)
ဒေါ်ကြိုင် (ကဝေမကြီး)
ကြည်ကြည် (ကဝေသမီး)

□ ဒါရိုက်တာဦးလွန်းဖေ၏မြတ်ဂုဏ်တော်

အလွန်ခံ့လည်းခံ့၊ ကြီးလည်းကြီးကျယ်၍ တင့်တယ်သော ရာဇဝင်ဇာတ်တော်ကြီးများကို အေဝမ်းကပြမှသာမြင်နိုင်ကြလေရာ ယခုဤမြတ်ဂုဏ်တော်ရာဇဝင်ကြီးသည် ကိုယ့်ထီးကိုယ့်နန်း မျှော်မှန်းမြင်လိုကြသူတို့အတွက် နှစ်သက်စဖွယ်ဖြစ်စေလိမ့်မည်။

□ ကဝေမကြီး

နာမည်သာမဟုတ်။ သူကိုယ်တိုင်ပင်လျှင် ကြောက်စရာရုပ်ကြီးနှင့် ဒေါ်ဒေါ်ကြိုင်သည် ကဝေမကြီးအခန်း၌ ကြောက်ခမန်းလိလိ ဗုဒ္ဓသာသနာဖျက်ရာ၌ တစ်ဖက်မှကူညီအားပေးသောနေရာမှ ပါဝင်လေရာ ကဝေ့မျက်စောင်းမည်မျှထက်ကြောင်း သိစေလိမ့်မည့်အပြင် အကြင်ဒါရိုက်တာ ဦးလွန်းဖေကလည်း သူ့အခန်းနှင့်သူ လိုက်လျောအောင် ဤသို့သော ရုပ်တု၊ နာမ်တုကို ရှာတွေ့နိုင်ခြင်းအတွက် ချီးကျူးဖွယ်ရာပင်။

□ ကဝေ့လက်ချက်တက္ကတွန်းစက်ကြောင့်

ဗုဒ္ဓသာသနာကြီး ပျက်စီးရပုံ၊ ၎င်းတို့ကြည်ညိုကိုးကွယ်သူ ဗုဒ္ဓဘာသာအပေါင်းတို့ အတိဒုက္ခရောက်ပုံ မြင်ကြရသောအခါတွင် လက်ရှိ ဗုဒ္ဓဘာသာဝင်ရုပ်ရှင်ကြည့်ပရိသတ်တို့၏စိတ်ထဲဝယ် အသည်းနှလုံး ယူကျုံးမရဖြစ်ရသည်နှင့်အမျှ နောက်ဆုံးတွင် ဗုဒ္ဓဘာသာကိုပို၍ မြတ်နိုးလာလိမ့်မည်၊ ကြည်ညိုလာလိမ့်မည်၊ ပူဇော်ဆည်းကပ်လာလိမ့်မည်။ မြတ်ဂုဏ်တော်မှတစ်ပါး အားထားစရာမရှိ၊ ကိုးကွယ်စရာမရှိပြီ ဟူသော အသိဉာဏ်များ တဖွားဖွားပေါ်လာလိမ့်မည်။

ဩော် - ဗုဒ္ဓဝါဒီဒါရိုက်တာကြီး ဦးလွန်းဖေ၏ မြတ်ဂုဏ်တော်ဇာတ်ကားကြီးသည် သာသနာဖျက်များကို မီးမောင်းထိုးပြ၍ ဗုဒ္ဓသာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ဖော်ဆောင်ပေးသော သာသနာပြုဇာတ်တော်ကြီး ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

ကိုတိုး(နေ့ကာင်း)

စာညွှန်း -

၁။ အေဝမ်းရုပ်စုံ အမှတ် (၁၆)
၂။ ၂၀၁၁ ဩဂုတ်လထုတ် ... Star စာစောင်ပါ ... ဒါရိုက်တာဦး...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

မြစ်မင်းဧရာသည် မြစ်ဝကျွန်းပေါ် ဒေသသို့ရောက်သောအခါ ဟင်္သာတ မြို့အထက်နားရှိ ညောင်ကျိုးတိုက်နယ် အနီးတွင် ငဝန်မြစ်ဟု လည်းကောင်း၊ ကျုံပျော်၊ ကျောင်းကုန်း၊ ညောင်တုန်း မြို့နယ်များတွင် မြစ်ခွဲမြစ်လက်တက် များအဖြစ် လည်းကောင်း ကွန်ရက်ပမာ ခွဲဖြာလျက် ကပ္ပလီပင်လယ်အတွင်းသို့ စီးဆင်းသွားလေတော့၏။ ထိုသို့စီးဆင်း ခဲ့ရာတွင် မြစ်၏ ဝဲ၊ ယာကမ်းနှစ်ဖက်တို့ ၌ မြေနုကျွန်းများ ဖြစ်ထွန်းခဲ့လေတော့ သည်။

နွေအခါ၌ မြစ်မင်းဧရာသည် ဆင်မယဉ်သာ လျှောက်လှမ်းသည့် ပမာ ညင်သာစွာ စီးဆင်းလျက်ရှိပေ၏။ သို့သော် မိုးအခါ၌မူကား အနောက် တောင် မုတ်သုံလေ၏ ပယောဂကြောင့် တိမ်တောင်တိမ်လိပ်တို့ တရိပ်ရိပ်တက် လာလေတော့သည်။ ထို့နောက် သည်းထန်စွာ ရွာသွန်းသောမိုးရေတို့နှင့် အတူ မြစ်ကြောင်းတစ်လျှောက် မုန်ယိုသည့် ဆင်ဆိုးကြီးပမာ ဦးတည်ရာသို့ ပြင်းထန်စွာတိုက်စားစီးဆင်းလေတော့ သည်။

# မြင်းဝေ
## (မုံရွာ)
# မေမေ့အတွက်ကုသိုလ်ဆက်ပါ





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ မြေနုကျွန်းပေါ်ဒေသတွင် နေထိုင်ကြသော ကျွန်းပေါ်သားတို့သည် ကိုင်းလုပ်ငန်းများရပ်နားထားချိန်ဖြစ်ပေ၏။ မကြာမီ မြေနုကျွန်းပေါ်သို့ ရေများလွှမ်းမိုးလာတော့မည် ဖြစ်ပေသည်။ ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် ကောက်ပဲသီးနှံများကို ရေလွတ်ရာသို့တင်ထားရလေ၏။ သို့ဖြစ်၍ အိမ်များ၏နောက်တွင် မြေဖို့၍လည်းကောင်း၊ စင်ဆောက်၍လည်းကောင်း၊ တင်းကုပ်၊ ကောက်ရိုးစင်များကို ဆောက်ကြရလေ၏။ လူနေသောအိမ်များကိုလည်း အဆင့်မြှင့်သ



www.burmeseclassic.com

www.burmeseclassic.com

လျှင်မြှင့်ကြရလေ၏။ ဝါဆို၊ ဝါခေါင်လများတွင်ကား မြေနုကျွန်းတစ်ကျွန်းလုံး ရေများလွှမ်းကာနေလေတော့သည်။ သို့ဖြစ်၍ ကျေးရွာများသည် ရေပေါ်တွင် ပေါလောမျောနေဟန်ရှိလေ၏။

ထိုအခါများတွင် သွားလာရေးအတွက် လှေများကိုသာ အားထားကြရလေသည်။ လှေမရှိလျှင် ခြေမရှိသူကဲ့သို့ အိမ်ပေါ်တွင်သာနေကြရမည်ဖြစ်ပေ၏။ သို့သော် ကျွန်းပေါ်သားတို့သည် ရေမြုပ်သည်ကို မကြောက်ကြပေ။ နှစ်စဉ် မြုပ်နေကျဖြစ်၍ သူတို့အတွက် မဆန်းကြတော့ချေ။ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ကမ်းပြိုခြင်းကိုကား အလွန်ပင်ကြောက်ရွံ့ကြလေသည်။ မြစ်မင်းဧရာသည် ရေတက်ချိန်နှင့်ရေကျချိန်များတွင် မြစ်၏ဝဲ၊ယာရှိ သဲသောင်ကမ်းပါးများကို ရေတိုက်စားတတ်လေ၏။ သို့ဖြစ်၍ ကျွန်းပေါ်တွင်တည်ရှိသော ကျေးရွာများမှာလည်း အလွန်စိုးရိမ်ကြောက်ရွံ့ကြလေ၏။

မိုးဦးကျရေတက်လာသောအခါ ကြမ်းတမ်းစွာ စီးဆင်းသောရေတို့သည် မညီညာသောမြစ်ကြမ်းပြင်နှင့် သောင်ခုံတို့ကို ဖြတ်သန်း စီးဆင်းရသဖြင့် လည်းကောင်း၊ မုတ်သုံလေကြောင့် ဖြစ်ပေါ်လာသောလှိုင်းများ၏ ပုတ်ခတ်မှုကြောင့် တစ်ကြောင်း၊ မတ်စောက်သော ကမ်းပါးယံများကို ထိပါးစော်ကားလေတော့သည်။ မြေဇောင်းထက် ရေဇောင်းထက် ဆိုသောစကားပမာပင် ရေလှိုင်းနှင့် ဝဲဂယက်များ၏ပူးတွဲတိုက်ခိုက်မှုကြောင့် တဟုန်းဟုန်း တဘုန်းဘုန်း အသံမြည်ကာ မြစ်မင်းဧရာ၏ ဝဲစလုတ်အတွင်းသို့ သက်ဆင်းခယကြလေတော့၏။ ရေကျသော ဆောင်းရာသီများတွင်လည်း မြောက်လေအသုတ် လှိုင်းအပုတ်တွင် တဖြုတ်ဖြုတ် တသောသော တဝေါဝေါ အသံပြုကာ ပြိုကျရပြန်လေတော့၏။

ဤသို့ဖြင့် တဖြည်းဖြည်းတိုက်စားလေရာ ကမ်းပါးသောင်ခုံများကိုသာ မဟုတ်တော့ပေ။ လနုပုဒ်ရွာငယ်နှင့်ရွာကြီးများကိုလည်း တိုက်စားဝါးမျိုလေတော့၏။ ထိုအခါ မြေနုကျွန်းပေါ်၌ နေထိုင်ကြသော ကျွန်းပျော်ရွာသားတို့မှာ မပျော်ရွှင်အားတော့ပေ။ ကမ်းပြိုရာမှလွတ်ရာသို့ ပြောင်းရွှေ့ပြေးလွှားရပေတော့သည်။ 'တောင်မင်းမြောက်မင်း မကယ်နိုင်' ဆိုသောစကားကဲ့သို့ အချင်းချင်းပင် ရိုင်းပင်းကူညီရန်ခက်လေတော့သည်။ နေ့လား၊ ညလားဖြင့် တွေးတောကြည့်ရှုရင်း ပြေးလွှားပြောင်းရွှေ့ရန်သာ မြင်ရလေတော့သည်။

ယခုလည်း မြစ်မင်းဧရာနှင့် မနီးမဝေးတွင်တည်ရှိခဲ့သော လက်ပံလှရွာကြီးသည် လွန်ခဲ့သော နှစ်ပေါင်းသုံးရာကျော်ကပင်တည်ရှိခဲ့သောရွာကြီး ဖြစ်ပေ၏။ အိမ်ခြေပေါင်းတစ်ထောင်ကျော်ဖြင့် ဖွဲ့စည်းထားသောရွာကြီး ဖြစ်ပေသည်။ ၁၉၇၅ ခုနှစ်မှစတင်၍ ကမ်းပြိုလေရာ ၁၉၈၀ ပြည့်နှစ်သို့ရောက်သောအခါတွင် တစ်ရွာလုံးပျက်စီးခဲ့ရလေ၏။ ရွာသူရွာသားများမှာလည်း လွတ်လပ်သော စားကျက်မြေများသို့ ပြောင်းရွှေ့နေထိုင်ကြရလေ၏။ အလွန်ပင် ဆင်းရဲပင်ပန်းလျက် ဒုက္ခရောက်ကြရလေ၏။ ဟင်္သာတခရိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှအကြီးအကဲများ၏နေရာချအကွက်ရိုက်ပေးခြင်းကြောင့် အဇ္ဈနာရာမဘုန်းတော်ကြီးကျောင်း၏ မြောက်ဘက်တွင် ရွာသစ်ကြီး ဖြစ်ပေါ်လာခဲ့ပေသည်။ မြို့ကွက်ကဲ့သို့ စနစ်တကျအကွက်ရိုက်ကာထားသောကြောင့် လမ်းများ ကျယ်ဝန်း ဖြောင့်တန်းနေလေသည်။ သို့သော် ရေမြုပ်သောဒေသဖြစ်၍ လမ်းပန်းဆက်သွယ်ရေးမကောင်းပါချေ။

## အခန်း(၂)

ဤကဲ့သို့ ကမ်းပြိုရွာပျက်ရာတွင် မပါဝင်သော ခြံမြေကွက်ခြောက်ကွက်သည် ဘုရားကုန်းနှင့်တစ်ဆက်တည်း ကျန်ခဲ့ပေသည်။ ကမ်းပြိုမှုရပ်သွားသောကြောင့် ထိုခြံယာမြေကွက်များတွင် ဆွေမျိုးသားချင်းများ စုပေါင်းနေထိုင်ကြရာ အိမ်ခြေလေးဆယ်ခန့်ရှိပေ၏။ မြို့ဆင်ခြေဖုံးရပ်ကွက်ကဲ့သို့ ကျပ်တည်းကျဉ်းမြောင်းလှပေသည်။

ဦးရွှေတို့မိသားစုသည် ကံကောင်းထောက်မလေသောကြောင့် ကမ်းပြိုရာတွင် ပါဝင်ခြင်းမရှိပေ။ ၎င်းတို့ခြံတွင်လည်း အိမ်များတိုးလာလေ၏။ ကမ်းပြိုရပ်သွားပြီးနောက် ၎င်းတို့အနီးတွင် ဆိပ်ကမ်းဖြစ်လာပေသည်။ ဟင်္သာတနှင့် သာရဝေါသို့သွားသော စက်လှေများသည် ၎င်းဆိပ်ကမ်းတွင် ကုန်တင်ကုန်ချပြုလုပ်သဖြင့် လည်းကောင်း၊ ခရီးသွားများ၏ ဝင်ထွက်သွားလာမှုကြောင့် လည်းကောင်း စည်ကားလှပေ၏။

ဦးရွှေတို့မိသားစုသည် ယခင်က ကိုင်းလုပ်ငန်းတစ်ခုတည်းကိုသာ မှီခိုအားထားနေရသဖြင့် စားဝတ်နေရေး မပြေလည်လှပေ။ သားငယ်ဖြစ်သူ

ထွန်းထွန်းသည် မြို့ကျောင်းသို့မတတ်
နိုင်သဖြင့် တက္ကသိုလ်ဝင်တန်းအောင်
မြင်ပြီးနောက် အဝေးရောက်စာပေးစာ
ယူသင်တန်း တက်ရောက်ခဲ့ရလေ၏
ထိုအခါ စာပေးစာယူကိစ္စဖြင့် မြို့သို့
မကြာခဏ သွားရောက်ရလေ၏။ ဤသို့
သွားလာရာမှ အမြင်ကျယ်ကာ ကုန်စုံ
ဆိုင်ရောင်းချရန် စိတ်ကူးရလေ၏
စာဖတ်ဝါသနာပါသူဖြစ်သဖြင့် ကျောင်း
စာအပြင် ပြင်ပစာအုပ်များကိုလည်း
ဝယ်ယူဖတ်ရှုပေရာ ဗဟုသုတကြွယ်
လာပေသည်။

ထို့နောက် ကုန်စုံဆိုင်ရောင်းချ
အဖေ၊ အမေတို့အား တိုင်ပင်လေ၏
ဦးရွှေနှင့် ဒေါ်ညွန့်တို့က သဘော
သဖြင့် လိုအပ်သောငွေကြေးကို အတ
ဖြင့်ဆွဲကာ ကုန်ပစ္စည်းများကို ဝယ်
ရောင်းချလေတော့သည်။ ထွန်းထွ
သည် စည်းကမ်းကောင်း၍ စနစ်ကျ
ဖြစ်လေရာ ပစ္စည်းစာရင်း၊ ငွေစာရ
များကို စနစ်တကျပြုစုထား၏။ ငွေ
လည်း စည်းကမ်းဖြင့် ထိန်းသိမ်း
ဈေးရောင်းရာတွင် အလေးမှန်၊ ဈေး
ရောင်းချသောကြောင့် ဝယ်ယူအား
သူများဖြင့် တစ်နေ့တခြား စည်ကား
လေ၏။ အသောက်အစားကင်းသ
အပျော်အပါးကင်းသူဖြစ်သောကြော
ရောင်းဝယ်ခြင်းလုပ်ငန်းကိုသာ တစို
မတ်မတ်ဆောင်ရွက်ခဲ့လေ၏။ အရော
အဝယ်လုပ်ငန်း တိုးတက်လာသောအ
မြို့မှ ကုန်စုံဆိုင်များနှင့် ခင်မင်ရင်း
လာ၏။ ထိုအခါ လိုအပ်သောကုန်ပစ္စည
များကို တစ်ဝက်ပေး၊ တစ်ဝက်ခ
ခေါက်ပြန်ပေးစနစ်တို့ဖြင့် ဝယ်ယူရော
ချနိုင်ပေ၏။ ထွန်းထွန်း၏ဆိုင်သည
လည်း ကုန်ဖလှယ်ရာဆိုင်ကြီးအဖြ
ရောက်ရှိခဲ့ပေ၏။

သို့ဖြင့် ထွန်းထွန်း၏ကြိုးပမ်း
ကြောင့် (၅) နှစ်ခန့်ကြာသောအခ
သွပ်မိုးပျဉ်ထောင်အိမ်ကြီးကို ခိုင်မာ
ဆောက်နိုင်ခဲ့ပေသည်။ ထွန်းထွန်းသ
ညအခါ ဆိုင်ပိတ်ပြီးနောက် စာ
ကြိုးစားကျက်မှတ်ခဲ့၍ တစ်နှစ်တစ်တ
အောင်မြင်ကာ ဝိဇ္ဇာဘွဲ့ရရှိခဲ့လေသည
ဘွဲ့ရသော်လည်း အစိုးရအလုပ်
မလျှောက်တော့ပေ။ ကုန်စုံဆိုင်လုပ်င
နှင့် ကိုင်းလုပ်ငန်းကို ဦးဆောင်၍လု
လေ၏။ ကိုင်းလုပ်ငန်းကို လူငှားဖြင့်လ
၍ မိမိက ဦးစီးဆောင်ရွက်ကာ ကုန်စုံ
ဆိုင်လုပ်ငန်းကို မိမိကိုယ်တိုင်လုပ်က
လေ၏။ ဤနည်းဖြင့် ဦးရွှေတို့မိသား



www.burmeseclassic.com

www.burmeseclassic.com

သည် စားဝတ်နေရေး ပြေလည်သည့်အပြင် စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်ဖြစ်ခဲ့လေတော့သည်။

ထိုအချိန်မှာပင် လေ့ပြေးတုန်းဆတ်ကျိုး ဆိုသကဲ့သို့ အစ်မဖြစ်သူ ငြိမ်းငြိမ်းသည် ကျောင်းနေဖက်သူငယ်ချင်း သိန်းအောင်နှင့် အိမ်ထောင်ကျသလေ၏။ အစ်မလတ် သိန်းသိန်းကား ကျောင်းဆရာမဖြစ်ကာ အခြားရွာတွင် တာဝန်ထမ်းဆောင်နေရလေ၏။ ဦးရွှေသည် သမီးကြီးငြိမ်းငြိမ်း အိမ်ထောင်ကျသောအခါ လုပ်ကိုင်စားသောက်ရန် ကိုင်းနှစ်ဧကကို ပေးထားလေသည်။ ငြိမ်းငြိမ်း၏ခင်ပွန်းဖြစ်သူ သိန်းအောင်သည် အိမ်ထောင်ကျခါစတွင် အလုပ်ကိုကြိုးစားလုပ်ကိုင်သော်လည်း နောက်နှစ်များတွင် လူပျင်းလုံ့လတစ်ခဏဆိုသကဲ့သို့ ပေါ့ပျက်ပျက်နှင့် အလောင်းအစားဆတ်သို့ လိုက်စားခဲ့လေ၏။ ဦးရွှေနှင့်သူ၏မိဘများက ဆုံးမသွန်သင်သော်လည်း မနာခံဘဲ မိုက်တွင်းနက်ခဲ့လေ၏။ ကြာသောအခါ ဖွတ်မွဲပြာစု၊ ခရုဆန်ကျွတ်ဘဝသို့ ရောက်ရလေတော့သည်။

ဇနီးဖြစ်သူ ငြိမ်းငြိမ်းမှာလည်း ကလေးနှစ်ယောက်မိခင်ဖြစ်လာသဖြင့် ယောကျ်ားနှင့်တန်းတူ စီးပွားမရှာနိုင်ပေ။ ယောကျ်ားဖြစ်သူ၏ မှားယွင်းသောခြေလှမ်းများကို တားဆီးပိတ်ပင်ရာမှ စကားများရန်ဖြစ်ကာ သိန်းအောင် အိမ်မှဆင်းသွားလေတော့သည်။ ထိုအခါ ငြိမ်းငြိမ်းသည် သမီးငယ်နှစ်ဦးနှင့် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရပေတော့၏။ ဖခင်ဖြစ်သူက ကိုင်းနှစ်ဧကပေးထားသော်လည်း သူငှားဖြင့်လုပ်ရသောကြောင့် စားဝတ်နေရေး အဆင်မပြေနိုင်ပေ။ ကြာလေခြွေးထွက်လေဖြစ်နေလေ၏။

ငြိမ်းငြိမ်းတို့မိသားစု ဒုက္ခရောက်နေသဖြင့် ဦးရွှေက ဇနီးဖြစ်သူနှင့် သားဖြစ်သူ ထွန်းထွန်းတို့ကို တိုင်ပင်၍ ငွေကြေးထောက်ပံ့ရလေ၏။ ဒေါ်ညွန့်သည် ငွေကြေးထောက်ပံ့ပေးခဲ့သော်လည်း ပညာမစုံခင် ကြင်ရာရှာသောကြောင့် ငြိမ်းငြိမ်းအား တဖျစ်တောက်တောက် ပြောဆိုလေ၏။ ဤကဲ့သို့ ပြောဆိုသောကြောင့် မိခင်ဖြစ်သူအား ကောင်းစွာ စကားမပြောတော့ပေ။ ထိုအခါ သိန်းသိန်းနှင့် ထွန်းထွန်းတို့ကလည်း အစ်မဖြစ်သူ ငြိမ်းငြိမ်းအား ကောင်းစွာ စကားမပြောတော့ပေ။ ဤသို့ဖြင့် ငြိမ်းငြိမ်းသည် မိသားစုနှင့် အဝေး ကွာလာလေ၏။

ထွန်းထွန်းသည် စီးပွားရေးကို ကိုယ်တိုင်ဦးဆောင်ခဲ့သူဖြစ်ပေရာ အစ်မဖြစ်သူကိုလည်း စီးပွားရေးကို လုပ်ကိုင်စေလို၏။ စီးပွားရေးလုပ်မည်ဆိုပါက အရင်းအနှီးစိုက်ထုတ်ပေးမည်ဟုပြောသော်လည်း ငြိမ်းငြိမ်းသည် လက်ခွဲမရှိသောကြောင့် စီးပွားရေးလုပ်ငန်း ဦးမရဲချေ။ ကလေးနှစ်ယောက်နှင့်သာ အချိန်ကုန်လေ၏။ ဒေါ်ညွန့်သည် သမီးဖြစ်သူအား ကူညီချင်သော်လည်း ခြေတစ်ဖက်မှာ မကောင်းသောကြောင့် ဒုက္ခိတဘဝသို့ရောက်ခဲ့သည်မှာ ကြာပြီဖြစ်ပေ၏။ သိန်းသိန်းမှာလည်း ကျောင်းဆရာမဖြစ်၍ အခြားရွာတစ်ရွာတွင် သွားရောက် စာသင်နေရလေသည်။ သို့ဖြစ်၍ ငြိမ်းငြိမ်း၏ဘဝသည် ကယ်သူမရှိ ဆယ်သူမရှိ ကြာလေခက်လေ ဖြစ်နေပေတော့သည်။

ဤအခြေအနေတွင် ငြိမ်းငြိမ်းကို ကူညီ စောင့်ရှောက်နိုင်သူမှာ ဦးရွှေတစ်ယောက်သာရှိလေ၏။ ဦးရွှေသည် သမီးကြီးငြိမ်းငြိမ်း၏ ဒုက္ခရောက်နေပုံကို ဥပေက္ခာမပြုနိုင်သဖြင့် ငြိမ်းငြိမ်းနေသော စိန်ပန်းကုန်းရွာကလေးသို့လိုက်၍နေ၏။ ကိုင်းလုပ်ချိန်တွင် ကိုင်းလုပ်၍ အားလပ်သောအချိန်များတွင် မြေးငယ်များကို ထိန်း၍နေလေသည်။ စားဝတ်နေရေး အဆင်မပြေလျှင် သားငယ် ထွန်းထွန်းအား အကူအညီတောင်းလေ၏။ ထွန်းထွန်းကလည်း ငွေကြေးနှင့် တကွ စားရေးရိက္ခာကိုပါ ထောက်ပံ့ကူညီလေ၏။

သို့သော်လည်း ကြာလာသောအခါ မိသားစုအတွင်း အာဃာတတရား



များ ဖြစ်ပွား၍လာလေ၏။ ဦးရွှေနှင့် ဒေါ်ညွန့်သည်. ငြိမ်းငြိမ်းတို့မိသားစုအတွက် မကြာခဏ စကားများရလေ၏။ ဒေါ်ညွန့်ပြောဆိုမှုမှာ မှန်တန်သဖြင့် ထွန်းထွန်းက ဖခင်ဖြစ်သူကို ဘဝင်မကျလှပေ။ ထွန်းထွန်းသည် စည်းကမ်းရှိသူဖြစ်ပေရာ ငွေကြေးကို ရေတွက်၍သိမ်းဆည်းထား၏။ သို့သော်လည်း သူသိမ်းထားသောငွေကြေးများ လျော့နည်းနေသည်ကို မကြာခဏ တွေ့ရလေ၏။ ယခင်အခါက ဦးရွှေသည် သုံးလုံးထီထိုးခြင်း၊ အပျင်းပြေပေါ်ကာ့ဒေါင်းခြင်းတို့ကို ပြုလုပ်လေ့ရှိ၏။ ယခုလည်း အားလပ်သောအခါများတွင် ပြုလုပ်တတ်လေ၏။ သို့ဖြစ်၍ ထွန်းထွန်း မြို့သို့သွားရောက်ချိန်တွင် သိမ်းထားသောငွေများ လျော့နည်းတတ်လေသည်။

ထွန်းထွန်းသည် ဖခင်ဖြစ်သူ ယူငင်သုံးစွဲသည်ကိုသိသော်လည်း အပြစ်မပြောရက်ပေ။ မသိဟန်ဆောင်၍ နေခဲ့ပေ၏။ ဦးရွှေလည်း ထွန်းထွန်း ဤသို့နေသည်ကိုအခွင့်ကောင်းယူကာ လက်ရဲနေလေ၏။ ထိုအခါ ထွန်းထွန်းသည် ဘာမှမပြောသော်လည်း မျက်နှာမကောင်းလှပေ။ သားဖြစ်သူကို အကဲခတ်လေ့ရှိသောဒေါ်ညွန့်သည် အခြေအနေကို သိလိုသောကြောင့် ထွန်းထွန်းကိုမေးရာ အကြောင်းစုံကိုသိရလေတော့၏။ ဒေါ်ညွန့်သည် ဦးရွှေအကြောင်း သိပြီးဖြစ်၍ ပြောလည်းပြောသည်။ ငွေကြေးနှင့်ပတ်သက်၍ အလစ်မပေးတော့ချေ။ ဤသို့ဖြင့် ဦးရွှေနှင့်ငြိမ်းငြိမ်းတို့ကတစ်ဖက်၊ ဒေါ်ညွန့်၊ သိန်းသိန်းနှင့် ထွန်းထွန်းတို့ကတစ်ဖက် မိသားစု စစ်အေးတိုက်ပွဲ ဆင်နွှဲနေကြလေတော့သည်။

နောက်တစ်နှစ်၌ ဆရာမတာဝန်ဖြင့် အခြားရွာတွင် သွားရောက်စာသင်နေသော အစ်မဖြစ်သူသိန်းသိန်းသည် စိန်ပန်းကုန်းရွာကလေးသို့ တာဝန်ကျသဖြင့် ပြန်လာခဲ့လေ၏။ စိန်ပန်းကုန်းရွာကလေးသည် မိမိနေခဲ့သောအိမ်နှင့် မဝေးလှသဖြင့် အိမ်မှပင် အလုပ်တက်ဆင်းပြုလုပ်လေ၏။ စိန်ပန်းကုန်းရွာတွင် တာဝန်ကျ၍ တစ်နှစ်ခန့်ကြာသောအခါ ဘဝကြင်ဖော်တွေ့သဖြင့် အိမ်ထောင်ပြုလေတော့သည်။ အိမ်ထောင်ပြုသော်လည်း မိဘများနှင့်အတူနေရာ နောက်ဘက်အဆောင်တွင်နေ၍ အိုးခွဲကာစားသောက်ကြလေ၏။ သိန်းသိန်း၏ အမျိုးသားမှာ ကိုင်းလုပ်ငန်းဖြင့် အသက်

www.burmeseclassic.com

မွေးလေ၏။ သိန်းသိန်းစာသင်သော မူလတန်းကျောင်းမှာ စိန်ပန်းကုန်းရွာမှ ဆရာတော်ဦးပဏ္ဍိတကျောင်းတွင် တွဲ၍ ဖွင့်ထားသော မူလတန်းကျောင်း ဖြစ်ပေ၏။

နောက်တစ်နှစ်တွင် အစ်မလတ်ဖြစ်သူ သိန်းသိန်းမှ သမီးကလေးတစ်ဦး မွေးဖွားလာလေ၏။ မိဘများနှင့်အတူ နေထိုင်သဖြင့် သိန်းသိန်းကျောင်းသွားချိန်တွင် ဒေါ်ညွန့်က တာဝန်ယူရပြန်၏။ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်လာခဲ့ပေသည်။ လူ့ဘဝတွင် ကိုယ့်ဒုက္ခမရှိလျှင် သူ့ဒုက္ခရှိလေ၏။ အိမ်ရှေ့ပူလျှင် အိမ်နောက်မချမ်းသာဖြစ်ရပေရာ ထွန်းထွန်းတစ်ယောက် ဘဝသင်ခန်းစာရလေတော့၏။ ထွန်းထွန်းသည် ဈေးရောင်းဈေးဝယ်လုပ်နေသော်လည်း အိမ်တွင်မပျော်ပိုက်တော့ပေ။ အစ်မဖြစ်သူတို့၏ ဒုက္ခကို မျက်ဝါးထင်ထင် တွေ့မြင်နေရလေရာ စိတ်ချမ်းသာမှုမရှိသဖြင့် ည (၉) နာရီဆိုင်ပိတ်ပြီးနောက် ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွား၍နေလေတော့သည်။ နံနက်မိုးလင်း၍ ဘုန်းတော်ကြီးအား ဆွမ်းကပ်ပြီးမှသာ ပြန်လာလေတော့၏။

## အခန်း(၃)

သို့ဖြင့် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်သို့ ရောက်သောအခါ မြစ်မင်းဧရာသည် စေတနာပိုကာ လက်ပံလုရွာဟောင်းနေရာသို့ သဲသောင်များကို ပို့ချပြန်လေ၏။ ထိုအခါ မြေနုကျွန်းများ၊ သောင်ခုံများ ပေါ်ထွန်းလာပြန်၏။ ဦးရွှေတို့နေထိုင်သော ကျောင်းကုန်းပိုင်းအစုကလေးရှိ ဆိပ်ကမ်းသည်လည်း သဲသောင်များ ပိတ်ဆို့သွားပေတော့သည်။စက်လှေများ ဝင်ရောက် ဆိုက်ကပ်နိုင်ခြင်းမရှိတော့ပေ။ သို့ဖြစ်၍ အောက်ဘက်ရှိ ရေနက်သော နန်းတော်ကျွန်းရွာကလေးသို့ ပြောင်းရွှေ့ ဆိုက်ကပ်ရလေ၏။

ထိုအချိန်မှစ၍ ထွန်းထွန်း၏ ကုန်စုံဆိုင်ရောင်းဝယ်ရေးလုပ်ငန်းသည် အချက်အချာမကျတော့ပေ။ ရောင်းဝယ်ရေးလည်း ကျဆင်းလာလေ၏။ ရောင်းဝယ်ရေး ကျဆင်းသော်လည်း အသုံးစရိတ်များ ကျဆင်းမသွားပေ။ အစ်မဖြစ်သူများ၏ သားသမီးများမှာ အရွယ်ရောက်လာကြသဖြင့် စားဝတ်စရိတ်နှင့် ကျောင်းစရိတ်များ ပို၍ကုန်ကျလာလေ၏။ နဝမတန်းနှင့် ဒသမတန်းများသို့ ရောက်ရှိလာသဖြင့် ၎င်းတို့၏ ပညာရေးကုန်ကျစရိတ်များကို ထွန်းထွန်းက ကူညီထောက်ပံ့ရလေသည်။ ဤသို့ဖြင့် ထွန်းထွန်း၏ ကုန်စုံဆိုင်လုပ်ငန်းသည် ဝင်ငွေနှင့် ထွက်ငွေမမျှသဖြင့် ထပ်မံတိုးချဲ့နိုင်ခြင်းမရှိတော့၊ တဖြည်းဖြည်း ယုတ်လျော့လာလေ၏။

ဦးရွှေသည်လည်း အသက်အရွယ်ရလာသည်နှင့်အမျှ အလုပ်ကြမ်းများကို ကောင်းစွာ မလုပ်နိုင်တော့ပေ။ ထိုအခါ မိမိအိမ်နှင့် သမီးငြိမ်းငြိမ်းအိမ်သို့ သွားချည်လာလှည့်ဖြင့် အချိန်ကုန်လေ၏။ ဥပုသ်နေ့များတွင် ဆရာတော်ဦးပဏ္ဍိတကျောင်းသို့သွား၍ သီလဆောက်တည်ခြင်း၊ တရားနာခြင်းအလုပ်များကို ဦးစားပေး၍နေလေ၏။ ဆရာတော်သည် ဦးရွှေ၏တူတော်စပ်ပေရာ ဦးရွှေအား အစဉ်သဖြင့် စောင့်ရှောက်ကူညီလေ၏။ဦးရွှေကလည်း ဆရာတော်ကို ကြည်ညိုလေးစား အားထားခဲ့ပေသည်။

ဤသို့ဖြင့်နေလာရာ ၂၀၁၂ ခုနှစ်သို့ရောက်သောအခါ ဦးရွှေတစ်ယောက် ကျောင်းသို့ မသွားနိုင်တော့ပေ။အသက် (၈၁) နှစ်ရှိပြီဖြစ်၍ စိတ်သွားတိုင်း ကိုယ်မပါ လိုရာသို့မရောက်နိုင်တော့ပေ။ ကိုယ်ခံအားနည်းလာသည်နှင့်အမျှ ဇရာထောင်းကာ ရောဂါဟောင်းများက နှိပ်စက်လေတော့သည်၊ ဦးရွှေ၏ ယခင်ရှိရင်းစွဲရောဂါများမှာ ဆီးချို၊ သွေးတိုးရောဂါများဖြစ်ပေရာ ကြာလာသည်နှင့်အမျှ ကျောက်ကပ်သို့ပါ ကူးစက်သွားလေ၏။ ထွန်းထွန်းသည် ဖခင်ဖြစ်သူ၏ ဝေဒနာကို သက်သာပျောက်ကင်းစေရန် ဆေးဝါးများဖြင့် ဝယ်ယူကုသပါသော်လည်း အကြောင်းမထူးလှပေ။

ဦးရွှေသည် စိတ်အလိုလိုက်ကာ အစားအသောက် မဆင်ခြင်သူဖြစ်၍ ရောဂါဝေဒနာများ ပို၍ဆိုးလာလေသည်။ ဝက်သားမစားရန်၊ အဆီအဆိမ့် အစားအစာများနှင့် မုန့်ဟင်းခါးတို့ကို မစားရန် အိမ်သားများက တားမြစ်ကြသော်လည်း ရှောင်ကြဉ်ခြင်းမရှိပေ၊ ထိုအခါ ရောဂါများ ပို၍တိုးလာသဖြင့် အသားအရေများ ပုံမှန်မရှိတော့ပေ။ ပွဖောဖောဖြစ်၍လာလေ၏။ ကျောက်ကပ်မှာလည်း ပုံမှန်အလုပ်မလုပ်သဖြင့် ဆီးရောဂါကို အလူးအလဲခံစားရလေတော့သည်၊ ထွန်းထွန်းသည် ဖခင်ဖြစ်သူအား ဟသ်ာတနှင့် ရန်ကုန်ဆေးရုံကြီးများသို့တင်၍ ကုသချင်သော်လည်း အဘက်ဘက်မှ လိုအပ်ချက်များရှိနေသဖြင့် ဆေးရုံတင်၍ မ... ပေ။ စိတ်မကောင်းစွာဖြင့်သာ ... စောင့်ရှောက်နေရလေ၏။ ... တော်သလင်းလဆုတ် ၅ ရက်နေ့ နံနက် (၄) နာရီခန့်တွင် အသည်းအသန်ဖြစ်၍ ဦးရွှေ အနိစ္စရောက်လေတော့သည်။ ရေကျနေချိန် လမ်းပန်းသာယာကောင်းမွန်ခြင်းမရှိသဖြင့် ဦးရွှေ၏နာရေးကိစ္စ အကျဉ်းချုံး၍ ဆောင်ရွက်ကြရလေ၏။

ဦးရွှေ အနိစ္စမရောက်မီ တစ်ပတ်ခန့်အလိုတွင် သမီးကြီးငြိမ်းငြိမ်းအတွက် ထိုက်သင့်သောအမွေ ခွဲဝေပေး... ဒေါ်ညွန့်နှင့်သားသမီးများအားပြောကြားခဲ့ပေ၏။ မိသားစုများက အမွေကို ခွဲဝေမပေးလိုပေ။ လိုအပ်လျှင် ကူညီပံ့ပိုးပေးရန်ကိုသာ ဆန္ဒရှိကြ၏။ အမွေခွဲဝေပေးလျှင်လည်း မလှုပ်တတ်မကိုင်တတ်သောကြောင့် ဆုံးရှုံးမှုဖြစ်မည်ကို စိုးရိမ်၍ တစ်ကြောင်း၊ သိန်းသိန်းကိုလည်း ခွဲဝေပေးရမည်ဖြစ်၍တစ်ကြောင်း အမွေ... ခွဲဝေမပေးဘဲ ပိုနေမြဲကျားနေမြဲထား... ဆုံးဖြတ်ကြလေ၏။ သိန်းသိန်းနှင့် ထွန်းထွန်းတို့ မောင်နှမသည် လက်... စီးပွားရေးအခြေအနေမကောင်းသဖြင့် အရှိန်အဟုန်မပျက်စေရန် ဆက်လက်ဆောင်ရွက်ခဲ့ကြလေသည်။

ဤသို့ ဆက်လက် ဆောင်ရွက်ခဲ့ကြရာ ၂၀၁၃ ခုနှစ်၊ မတ်လသို့ ရောက်ရှိခဲ့လေ၏။ ငြိမ်းငြိမ်းမိသားစုလည်း အားကိုးရာဖြစ်သော ဖခင်သေဆုံးသွားသဖြင့် စားဝတ်နေရေးအတွက် ကြိုးစားရုန်းကန်နေရလေ၏။ ငြိမ်းငြိမ်းသည် ငွေကြေးများပါးသူဖြစ်ပေရာ အလွန်ခြိုးခြံချွေတာရလေ၏။ တောရွာဒေသဖြစ်၍ ချက်ပြုတ်ရန် ထင်းလိုအပ်ပေရာ နွေအခါတွင် စုဆောင်းရလေ၏။ သို့ဖြစ်၍ မိမိ၏ အိမ်ပတ်လည်ရှိ ကုက္ကိုပင်များကို ထင်းအဖြစ်ချိုင်ခိုင်းရလေသည်။ ထိုသို့ ချိုင်ရာ အပင်တိုင်းတွင် ထုံးစံအတိုင်း နတ်နေကိုင်းဟုခေါ်သော သစ်ကိုင်းတစ်ကိုင်းစီချန်ထားခဲ့လေ၏။ သစ်ကိုင်းများကိုချိုင်ပြီးနောက် ဓားဖြင့်ဆစ်ကာ ရှင်းလင်းရပြန်လေသည်။ ဤသို့ ပင်ပန်းစွာ ရှင်းလင်း ခုတ်ထွင်ပြီးနောက် ညရောက်သောအခါ မောမောနှင့် အိပ်ရာဝင်၍ စောစောအိပ်ကြလေ၏။

ထိုနေ့ည အိပ်ပျော်နေစဉ် ငြိမ်းငြိမ်းသည် ထူးဆန်းသောအိပ်မက်ကို မက်လေ၏။အိပ်မက်ထဲတွင် ဖခင် ဦးရွှေကိုတွေ့ရလေ၏။

ဦးရွှေက -



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ်၊ ဖေဖေ ခုလိုနေရတာ ဇင်ပန်းဆင်းရဲလှတယ်။ ဖေဖေလည်း အခု ကျွတ်ချိန်လွတ်ချိန်နီးနေပါပြီ။ ဖေဖေအတွက် ကုသိုလ်ကောင်းမှုလေး လုပ်ပေးပါဦး သမီးရယ်"

ဟု ပြောလေ၏။

ငြိမ်းငြိမ်းသည် နားနှင့်ဆတ်ဆတ်ကြားလိုက်ရသဖြင့် အိပ်နေရာမှ လန့်၍နိုးလေ၏။ ဖခင်သေဆုံးခဲ့သည်မှာ တစ်နှစ်ခွဲခန့်ကြာပြီဖြစ်ရာ မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် စဉ်းစား၍နေလေ၏။ ထို့နောက် · စိတ်မတည်ငြိမ်သဖြင့် သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ကာ သောက်ပြီးနောက် ပြန်အိပ်လေတော့သည်။ နောက်နေ့တွင် ဆွေမျိုးနီးစပ်တော်သော နတ်ကတော်တစ်ယောက်အား သွား၍မေးမြန်းပြန်ရာ ဦးရွှေသေဆုံးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မကျွတ်မလွတ်သေးကြောင်း၊ အနီးပတ်ဝန်းကျင်တွင်နေ၍ စောင့်ရှောက်နေကြောင်း ဟောလိုက်လေ၏။

ထို့ကြောင့် ငြိမ်းငြိမ်းသည် အိပ်မက်နှင့် နတ်ဝင်သည်ဟောပြောချက်ကို မယုံကြည်လှသော်လည်း ဖခင်အတွက် အတိုင်းသလောက် ကုသိုလ်ကောင်းမှု လုပ်ရန် စဉ်းစား၍နေလေ၏။ အဆင်ပြေသောနေ့တွင် ဆွမ်းချက်၍ မုန့်အစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆရာတော်ဦးပဏ္ဍိတကျောင်းသို့ သွားရောက် လှူဒါန်းမည်ဟု ဆုံးဖြတ်ခဲ့ပေသည်။ ဆွမ်းချက်ရသေးမီ မုန့်တုပ်များကိုဝယ်ထားလေ၏။ သို့ရာတွင် အလုပ်ပင်ပန်းကာ နေထိုင်မကောင်းဖြစ်၍ ဆွမ်းမချက်နိုင်သေးပေ။ မုန့်များကို ကြာကြာထားလျှင် ပုတ်စီးမည်ဖြစ်၍ မိသားစုစားသောက်ခဲ့ပေသည်။

### အခန်း(၄)

ထိုနေ့ည (၈)နာရီခန့်တွင် စိန်ပန်းကုန်းဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဦးပဏ္ဍိတသည် တစ်ပါးတည်းရှိနေချိန်ဖြစ်ပေ၏။ ကပ္ပိယဒကာကြီးမှာ ရွာထဲသို့ ကိစ္စတစ်ခုဖြင့် သွားနေလေ၏။ ညအိပ်ချိန်နားနီးမှ ပြန်လာလေ့ရှိပေသည်။ သို့ဖြစ်၍ ဆရာတော်သည် အိပ်ခန်းအတွင်းရှိ ကုလားထိုင်တွင်ထိုင်၍ မေတ္တာဘာဝနာပွားများနေချိန်ဖြစ်ပေသည်။ ထိုအချိန်တွင် ဆိုလာမီးများကို ပိတ်ထားလေ၏။ဤသို့ မေတ္တာဘာဝနာပွားများနေစဉ် အိပ်ခန်းနှင့်ကပ်လျက်ရှိသော အခန်းအပြင်ဘက်ရှိ ဗီရိုများမှ တံခါးလှုပ်သံများကို ကြားရလေ၏။ ဆရာတော်သည် သူခိုးကပ်သည်ထင်၍ အခန်းတွင်းမှ ချောင်းကြည့်လေ၏။ သို့သော် မှောင်မည်းနေသဖြင့် ဘယ်အရာကိုမျှ သဲသဲကွဲကွဲ မမြင်ရပေ။

ထိုအခါ ဆရာတော်သည် လက်နှိပ်ဓာတ်မီးကိုယူ၍ အခန်းအပြင်သို့ထွက်လာခဲ့၏။ ဗီရိုများအား ဓာတ်မီးဖြင့်ထိုးကြည့်သော်လည်း ထူးခြားမှုမရှိပေ၊ ဗီရိုထဲတွင် ကြွက်များဝင်နေပါက သက်နှင်းများကို ကိုက်တတ်သောကြောင့် တံခါးများကိုဖွင့်၍ ကြည့်သော်လည်း ကြွက်တစ်ကောင်မျှမတွေ့ရပေ။ထိုအခါ ဗီရိုတံခါးများကို ပြန်ပိတ်လိုက်ပြီးနောက် အိပ်ခန်းအတွင်းသို့ ပြန်ဝင်ခဲ့လေ၏။ ခုတင်ပေါ်တွင် လဲလျောင်းလျက်နေစဉ် ခုတင်အောက်တွင်ထားသော သပိတ်များ၏ထိခတ်သံများကို ကြားရပြန်လေ၏။ ဆရာတော်သည် ကြောင်က ကြွက်ကိုလိုက်သည်ဟု ထင်မှတ်ကာ ခုတင်အောက်သို့ ဓာတ်မီးဖြင့်ထိုး၍ ကြည့်လေ၏။ သို့သော် မည်သည့်တိရစ္ဆာန်ကိုမျှ မတွေ့ရပေ။

ဆရာတော်သည် အခြေအနေကို သုံးသပ်ကြည့်ရာ ထူးဆန်းနေသဖြင့် အိပ်ခန်းအပြင်သို့ထွက်ခဲ့ပြီးနောက် ဆွမ်းစားနေကျ စားပွဲဝိုင်းတွင်ထိုင်၍ စဉ်းစားနေလေ၏။ မီးများကိုမှိတ်ထားသဖြင့် မှောင်မည်းနေလေ၏။ ထိုသို့ထိုင်နေစဉ် အနီးအနားတွင်ထားနေကျဖြစ်သော စာအုပ်များ၊ ပန်းကန်လုံးများနှင့် ပစ္စည်းအချို့မှာ လေထဲတွင် လွင့်စဉ်ကျသံကို ကြားရ



လေ၏။ ထိုအခါ ဆရာတော်သည် စိတ်မသက်သာစရာဖြစ်လာ၍ ဆိုလာမီးများကို ဖွင့်လိုက်လေရာ ပြန့်ကျဲနေသော ပစ္စည်းများကို တွေ့ရလေ၏။ သို့သော် ဆရာတော်သည် ကြောက်ရွံ့စိုးရိမ်ခြင်းမရှိ၊ မေတ္တာဘာဝနာကိုသာ ဆက်လက်ပွားများနေ၏။ ထိုသို့ရှိစဉ် မီးအားထိန်းညှိသည့် အင်ဗာတာစက်ကလေးမှာ လက်နှင့်ကော်၍ပစ်လိုက်သကဲ့သို့ လေထဲတွင်မြောက်၍ လွင့်စဉ်ကျလေ၏။ ဖြစ်ရပ်ဆန်းနှင့်တွေ့နေရသော ဆရာတော်သည် စဉ်းစားမရသဖြင့် မေတ္တာပို့၍သာနေရလေ၏။ မကြာမီပင် မမြင်ရသောလက်များဖြင့် ကျောပြင်သို့ သုံးကြိမ်သပ်ကာ ပြီးဆုံးသွားလေ၏။

ဆရာတော်သည် မိမိတစ်သက်တာပတ်လုံး ဤကဲ့သို့ ဆန်းပြားသော ဖြစ်ရပ်မျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးပေ။ အခြားသူအားပြောပြလျှင်လည်း ယုံကြည်နိုင်ဖွယ်မရှိသဖြင့် မည်သူ့ကိုမျှမပြောဘဲ ဆိတ်ဆိတ်သာနေခဲ့လေ၏။ အနီးကပ်နေသော ကပ္ပိယကြီးကိုပင် ပြောကြားခြင်းမရှိပေ။ နောက်တစ်နေ့ နံနက်အရုဏ်ဆွမ်းစားပြီးနောက် ကုန်းပေါ်စုရွာ၏ ရွာဦးကျောင်းသို့ ပြန်ကြွသွားလေ၏။ ထိုရွာတွင် ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ပန္နက်ရိုက်၍ နေ့ဆွမ်းဆက်ကပ်သဖြင့် ဆွမ်းဘုဉ်းပေးပြီးနောက်မှ ပြန်၍ကြွရလေ၏။ ပြန်ကြွသောအခါ ဒကာတစ်ဦးမှ ဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့၏။ ဆိုင်ကယ်၏နောက်တွင် ထိုင်လိုက်ရင်းမှ မနေ့ညကဖြစ်ပျက်ပုံများနှင့်စပ်လျဉ်း၍ ဆရာတော်စဉ်းစားပြန်လေ၏။ မိမိအား ကိုးကွယ်ဆည်းကပ်သောသူများ သေဆုံးသဖြင့် မိမိအား အတိတ်နိမိတ်ပြခြင်းဖြစ်မည်ဟု တွေးတောမိလေ၏။ သေဆုံးပြီးသော ဒကာများတွင် ဦးရွှေသည် ဆွေမျိုးတော်စပ်သည့်အပြင် ရင်းနှီးကျွမ်းဝင်သူလည်း ဖြစ်ပေသည်။ စိတ်မြန်လက်မြန်ဆောင်ရွက်တတ်သူလည်းဖြစ်ပေ၏။ သို့ဖြစ်၍ ဆရာတော်သည် ဦးရွှေဖြစ်မည်ဟု တထစ်ချယူဆလေတော့၏။

ဒကာကြီးဦးရွှေသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က သေဆုံးခဲ့ခြင်းဖြစ်လေသည်။ ယခုမှ ဤကဲ့သို့ အတိတ်နိမိတ်များပြခြင်းသည် မကျွတ်မလွတ်နိုင်သော ဘဝမှ ကျွတ်လွတ်လို၍ လာရောက်ကာ နိမိတ်လက္ခဏာများကို ထင်ရှားစွာပြခြင်းဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိလေ၏။ ဆရာတော်သည် ကျောင်းသို့ရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့လယ်ဘက်တွင် အနားယူ၍ နေ၏။ ညနေ (၄) နာရီထိုးသောအခါ ဦးရွှေ၏သမီးများဖြစ်သော ငြိမ်းငြိမ်းနှင့် သိန်းသိန်းတို့အားခေါ်ရန် ကပ္ပိယကြီးအား စေလွှတ်လိုက်၏။

မကြာမီ ငြိမ်းငြိမ်းတို့ညီအစ်မ ရောက်ရှိလာပြီးနောက် ဆရာတော်အား ဦးချကန်တော့ကြလေသည်။ ဆရာတော်အားကန်တော့ပြီးနောက် အကျိုးအကြောင်း လျှောက်ထားကြလေ၏။ ထိုအခါ ဆရာတော်က -

"ဘုန်းဘုန်း ခေါ်ခိုင်းလိုက်တာ အကြောင်းထူးရှိတယ်ကွယ့် ဒကာမလေးတို့"

ဟုဆိုကာ စကားကိုရပ်ထားပြီးနောက် -

"အခုတစ်လော ဒကာကြီးဦးရွှေနဲ့ပတ်သက်လို့ ထူးခြားမှုများမရှိကြဘူးလား"

ဟု မေးလေ၏။

ထိုအခါ ငြိမ်းငြိမ်းက -

"တပည့်တော်မ လွန်ခဲ့တဲ့တစ်ပတ်လောက်က ဖေဖေနဲ့ပတ်သက်ပြီး အိပ်မက်မက်ခဲ့ပါတယ်ဘုရား"

ဟု အစချီကာ အကြောင်းစုံ လျှောက်ထားလိုက်လေသည်။

ထိုအခါ ဆရာတော်က -

"အေး - ဒါဆိုရင်တော့ သေချာပြီကွယ့်။ ဘုန်းဘုန်းလည်း မနေ့ညက ထူးခြားတဲ့ဖြစ်ရပ်ဆန်းတစ်ခုနဲ့ ကြုံခဲ့ရတယ်"

ဟု အစချီကာ မိမိတွေ့ရှိရသော ထူးဆန်းသည့်အဖြစ်အပျက်များကို မိန့်ကြားလိုက်လေ၏။ ထို့နောက် ဆရာတော်သည် သတ္တဝါများ သေခါနီးအချိန်တွင် စိတ်၌ဖြစ်တတ်သော ဒေါသ၊ လောဘ၊ မောဟ၊ ဣဿာမစ္ဆရိယတို့နှင့်ပတ်သက်၍ ဒကာမကလေးများနားလည် သဘောပေါက်စေရန် ရှင်းပြလေ၏။

"အထူးသဖြင့် လူတွေဟာ ဒေါသနဲ့သေသွားရင် ငရဲပြည်၊ လောဘနဲ့သေသွားရင် ပြိတ္တာပြည်၊ မောဟနဲ့သေသွားရင် တိရစ္ဆာန်ပြည်၊ ဣဿာမစ္ဆရိယနဲ့သေရင် အသုရကာယ်ပြည်တို့ကိုရောက်ကြရတယ်လို့ ဘုရားသခင် ဟောကြားတော်မူခဲ့တယ်ကွယ့်"

ဟု ရှင်းပြလေ၏။

ထိုအခါ ငြိမ်းငြိမ်းတို့ညီအစ်မနှစ်ဦးလည်း ဖခင်ဦးရွှေအတွက် ရတက်မအေးနိုင်သဖြင့် ဝမ်းနည်းပူဆွေးကာ မျက်ရည်ကျကြလေ၏။

ထို့နောက် ဆရာတော်က ဆက်လက်၍ -

"ငိုမနေကြပါနဲ့ကွယ်၊ သူ့အတွက် တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုပြုလုပ်ကြရမယ်။ ဝေမာနိကပြိတ္တာများဟာ လူနဲ့နီးစပ်ပြီး လူတွေရဲ့အနီးနားမှာ နေနိုင်ကြတယ်။ ဒါကြောင့်မို့ သူ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီး ရေစက်ချအမျှဝေကာ သာဓုအနုမောဒနာခေါ်ဆိုကြရင် သူလည်း အမျှရပြီး သာဓုခေါ်နိုင်တဲ့အတွက် လက်ရှိဘဝမှ မြင့်မြတ်တဲ့ဘဝကို ရရှိခံစားစံစားနိုင်တယ်ကွယ့်"

ဟု ဟောပြောလေ၏။

ထိုအခါ ငြိမ်းငြိမ်းတို့ညီအစ်မက-

"ဘုန်းဘုန်းဘုရား၊ ဒါဖြင့် တပည့်တော်တို့ ဘယ်လိုကုသိုလ်ကောင်းမှုမျိုးကို ဆောင်ရွက်သင့်ပါသလဲ ဘုရား"

ဟု လျှောက်ထားကြလေ၏။

"ဘုန်းဘုန်းရဲ့သဘောပြောရရင်တော့ သူပြတဲ့နိမိတ်လက္ခဏာတွေအရ သင်္ကန်းနဲ့ သပိတ်တို့ကို လှူဒါန်းချင်တဲ့သဘောရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် သင်္ကန်းထည့်ထားတဲ့ဗီရိုတွေနဲ့ သပိတ်တွေကို အသံမြည်အောင်ပြုခြင်းဟာ သင်္ကေတပဲကွယ့်။ ဒါဟာ သူ့ဆန္ဒကိုပေါ်လွင်စေတယ်"

ဟု မိန့်ပြန်လေ၏။

"အေး - ဒါပေမယ့် ဆွမ်းကွမ်းနဲ့ လှူဖွယ်ဝတ္ထုတွေထည့်လှူမယ်ဆိုလည်း သူ့အတွက် ပိုပြီးအကျိုးဖြစ်ပါတယ်။ ရောက်လေရာဘဝမှာ အစားအစာနဲ့ ပတ်သက်လို့ မပူမပင်နေနိုင်စားနိုင်တာပေါ့ကွယ်"

ဟု ဟောပြပြီးနောက် -

"ဘုန်းဘုန်းကျောကို လက်နဲ့သုံးကြိမ်သပ်သွားတာကတော့ ရှိခိုးကန်တော့တဲ့သဘောပဲလို့ ဘုန်းဘုန်း ယူဆတယ်။ ကဲ- ဒကာမလေးတို့ ဒါလောက်ဆိုရင် ရှင်းလောက်ပါတယ်။ အဲဒီတော့ ဘုန်းဘုန်းက သင်္ကန်းနဲ့ သပိတ်တို့ကို စွန့်လိုက်မယ်။ ဒကာမလေးတို့က ဆွမ်းနဲ့ လှူဖွယ်ပစ္စည်းတွေကို တတ်နိုင်သလောက် စုပေါင်းပြီး လှူဒါန်းကြရအောင်"

ဟု ဆိုကာ သင်္ကန်းတစ်စုံနှင့် သပိတ်တစ်လုံးကို ငြိမ်းငြိမ်းတို့ညီအစ်မထံပေးလိုက်လေ၏။ သင်္ကန်းနှင့်သပိတ်တို့ကို လက်ခံယူပြီးနောက် ရှိခိုးဦးချကန်တော့၍ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့ နံနက် (၁၀) နာရီအချိန်တွင် ငြိမ်းငြိမ်းနှင့် သိန်းသိန်း... မိသားစုများသည် သင်္ကန်း၊ သပိတ်... ဆွမ်းအပြင် လှူဖွယ်ပစ္စည်းများကိုသယ်... ဆောင်၍ ဆရာတော်ဦးပဏ္ဍိတရှိ... ရွာဦးကျောင်းသို့ ရောက်ရှိလာကြ...၏။ ဆရာတော်အား ဖူးမြော်ကန်တော့... ပြီးနောက် လှူဖွယ်ပစ္စည်းများကို ဆ... တော်ရှေ့ရှိ စားပွဲဝိုင်းပေါ်တွင် တင်... လိုက်ကြပေသည်။ ဆရာတော်က ... ဖွယ်ပစ္စည်းများကို လက်မခံသေး... ဒကာကြီးဦးရွှေအား တရားနာရန် ... ကြားခိုင်းလေ၏။

ထိုအခါ သမီးကြီးငြိမ်းငြိမ်းက -

"ဖေဖေ၊ သမီးတို့ ဖေဖေအတွက် ကုသိုလ်ကောင်းမှုဆောင်ရွက်နေပါတယ်... ဒါကြောင့်မို့ သမီးတို့နဲ့ အတူတ... တရားတော်နာရန် ကြွရောက်ခဲ့ပါ"

ဟု ဖိတ်ကြားလိုက်လေ၏။

ထို့နောက် ဆရာတော်က -

"ကန်တော့ကြတော့"

ဟုမိန့်သဖြင့် ဩကာသကန်တော့... ချီးဖြင့် ကန်တော့ကာ ရှိခိုးလိုက်ကြ...၏။ ထိုအခါ ဆရာတော်မှ ငါးပါးသီလ... ပေးကာ ဆောက်တည်စေပြီးနော... မေတ္တသုတ်ပရိတ်တရားတော်ကို ... လေ၏။ ထို့နောက် ဤကုသိုလ်ကောင်း... မှုသည် ဒကာကြီးဦးရွှေအား အမျှ... ရည်စူးပြီး လှူဒါန်းဆက်ကပ်ခြင်းဖြစ်... မိသားစုအားလုံးသည် အနိစ္စဘေး... ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကွယ်ပျော... မရောက်သည်သာလျှင်ဖြစ်၍ အ... အပ်တောင့်တအပ်သော ဆုမြတ်... နာမင်္ဂလာအပေါင်းတို့ ပြည့်စုံကြပြီး... အဆုံးဘဝနောက်ကာလ၌ နိဗ္ဗာန်... ဖိုလ်သို့ လျင်မြန်စွာ မျက်မှောက်ပြု... သော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆု... ကာ အနန္တစကြဝဠာအတွင်းရှိ မှီတ... နေထိုင်ကြကုန်သော သတ္တဝါအပေါင်း... အား မေတ္တာပို့၊ အမျှပေးဝေ၍ သာ... အနုမောဒနာခေါ်ဆိုလိုက်ကြလေ... သတည်း။

(နောင်တော်ရင်းဖြစ်သော ဆ... တော်၏ နှုတ်ထွက်စကားများ... ဆီလျော်အောင် ရေးသားရခြင်းဖြစ်... သားချင်းများ၏ဂုဏ်သိက္ခာကို ထိခို... ခဲ့ပါသော် စာရေးသူအား ခွင့်လွှတ်ကြ... ရန် လေးစားစွာဖြင့် တောင်းပန်အပ်... သည်။)

ငြိမ်းဝေ (...)



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကိုးကွယ်ရာ ဘာသာအသီးသီး၌ စိတ်တန်ခိုးနှင့် ပတ်သက်၍ နည်းလမ်းမျိုးစုံကိုကျင့်သုံးကာ ထုတ်ဖော်ညွှန်ပြလေ့ရှိကြသည်။ မျက်မှောက်ခေတ် စိတ်တန်ခိုးရှင်များကလည်း ၎င်းတို့ကျင့်သုံးလျက်ရှိသည့်နည်းလမ်းအမျိုးမျိုးကို ထုတ်ဖော်ပြသလေ့ရှိကြသည်။

ယင်းသို့ နည်းလမ်းပေါင်းများစွာတို့အနက် Auto Suggestion ခေါ် ကိုယ့်ဘာသာကိုယ်စေ့ဆော်ခြင်းနည်းသည် အထင်ရှားဆုံးနှင့် လူ့လောကအတွက်ပါ အသုံးဝင်လျက်ရှိသောနည်းလမ်းတစ်ရပ်ဖြစ်လေသည်။

Auto Suggestion ပညာရပ်ကို စတင်သင်ကြားလာသူမှာ ပြင်သစ်နိုင်ငံမှ စိတ်ဆရာကြီး 'ဟာယ်မီလီကျွေး' ပင်ဖြစ်၏။ စေ့ဆော်ခြင်းသည် စိတ်က လက်ခံ၍ 'မိမိဘာသာစေ့ဆော်ခြင်း' အဖြစ် ပြောင်းလဲပြီး မနောတန်ခိုးကို ဖော်ထုတ်ပေးသည်။ စိတ်သည် မနောကို စေ့ဆော်ပေးခြင်းဖြင့် မနောမှ တန်ခိုးများ လှုပ်ရှားထွက်ပေါ်လာစေခြင်း ဖြစ်သည်။

စေ့ဆော်မှုနည်းလမ်း အမျိုးမျိုးရှိ၏။ ဥပမာ 'ငါသည် တစ်နေ့ထက်တစ်နေ့ နေကောင်းနေပြီ' ဟူသော စေ့ဆော်ချက်ဖြင့် ကိုယ့်ရောဂါကိုပျောက်ကင်းအောင် ကုသနည်းဖြစ်သည်။ ဤစေ့ဆော်ချက်ကို ဌာန်၊ ကရိုဏ်းကျကျ အထပ်ထပ်အခါခါ ရွတ်ပွားနေခြင်းဖြင့် မိမိ၏စိတ်က ထိုစေ့ဆော်ချက်ကို လက်ခံ

# (ဆောင်းပါး) ထုံးတောင်-အရှင်ဓမ္မပီယ

## မနောတန်ခိုးနှင့်သိပ္ပံအယူအဆ





www.burmeseclassic.com

www.burmeseclassic.com

လာ၏။ ထိုအခါ စေ့ဆော်ချက်သည် ရိုးရိုးစေ့ဆော်ချက်မဟုတ်တော့ဘဲ 'မိမိဘာသာစေ့ဆော်ချက်' အသွင်ပြောင်းသွားပြီး မနောကို စေ့ဆော်မှုပြုတော့၏။ နောက်ဆုံးတွင် မနောက ရောဂါကို ပျောက်စေသောတန်ခိုးကို ဖော်ထုတ်ပြုပြင်လာရသည်။ မိမိစေ့ဆော်ချက်ကို မနောကလက်ခံသွားပြီးနောက် တစ်နေ့ထက်တစ်နေ့ နေကောင်းလာတော့သည်။

မနောသည် မိမိ၏ စိတ်အလွှာအတွင်းပင်ရှိသည်ဖြစ်ရာ စေ့ဆော်ချက်ရိုးရိုးအားဖြင့် မနောသို့မရောက်နိုင်ပေ။ စေ့ဆော်ချက်ရိုးရိုးကို မိမိစိတ်က လက်ခံပြီး (အမှန်တကယ်ယုံကြည်ပြီး) တစ်ဖန် 'မိမိဘာသာစေ့ဆော်ချက်' ဖြစ်သွားမှ မနောသို့ရောက်သည်။ ထိုသို့ ရောက်သောအခါတွင်မှ မနောက စေ့ဆော်ချက်ကို အကောင်အထည်ဖော်တော့သည်။

အိပ်မွေ့ချပညာ၌ အိပ်မွေ့ချသူ၏မျက်စိတွေ လေးလာပြီ၊ အိပ်ချင်လာပြီဟု ရွတ်ဆိုပေးခြင်းကား စေ့ဆော်မှုပင် ဖြစ်၏။ သူ၏ သာယာနာပျော်ဖွယ်အသံဖြင့် အထပ်ထပ်ရွတ်ဆိုပေးခြင်းကား တစ်ဖက်သူ၏စိတ်က ခံယူချင်လာအောင် ဖြစ်သည်။ အိပ်မွေ့ချခံရသူ၏စိတ်မှ ထိုစေ့ဆော်ချက်ကို လက်ခံလိုက်လျှင် 'မိမိဘာသာစေ့ဆော်ခြင်း' ဖြစ်ပေါ်လာတော့သည်။

ထိုအခါတွင် သူမ၏မနောက တန်ခိုးများထွက်ပေါ်ပြီး အိပ်ပျော်ခြင်းသို့ရောက်၏။

ထိုသို့ စေ့ဆော်ချက် နည်းလမ်းအမျိုးမျိုးရှိသည်။ အထက်မှာ ဖော်ပြသကဲ့သို့ နှုတ်မှတဖွဖွရွတ်ဆို၍ စေ့ဆော်ပေးခြင်း၊ ရုပ်ပုံစာရွက်စာတမ်းအမျိုးမျိုးဖြင့် အထပ်ထပ်မြင်နေအောင်ကြည့်ခိုင်း၍ စေ့ဆော်ခြင်း၊ အမူအရာဖြင့်စေ့ဆော်ခြင်းများရှိသည်။

စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဦးအုန်းမောင်ရှိစဉ်က ထိန်းသိမ်း၍မရနိုင်အောင် သောင်းကျန်းနေသော စိတ်ရောဂါရှင်တစ်ဦးကို မျက်နှာရှေ့မှာ လက်ဝါးဖြန့်ပြပြီး မြွေအလများယ်ပြသလို လုပ်ပြရုံနှင့် ထိုဝေဒနာရှင် ငြိမ်ကျသွားသည်ကို တွေ့ခဲ့ရဖူးလေသည်။

ဤသို့ အမူအရာဖြင့် စေ့ဆော်ပေးခြင်းမျိုးအပြင် အရာဝတ္ထုတစ်မျိုးမျိုးဖြင့် စေ့ဆော်ခြင်းမျိုးလည်း ရှိသည်။

တောက်ပြောင်သော ပစ္စည်းတစ်မျိုးမျိုးကိုပြခြင်း၊ ရှေးကျသော လူရှိန်းတို့၏ 'တိုတင်မ်'ခေါ် သော ရုပ်စုံတိုင်ကြီးများမှစ၍ ဆင်းတုတော်၊ စေတီတော်၊ ဗောဓိပင် သောင်ရွက် စသော အရာဝတ္ထုအမျိုးမျိုးကို အသုံးပြု၍ စေ့ဆော်ခြင်းပြုနိုင်သည်။အဓိကမှာ မည်သည့်စေ့ဆော်ချက်မဆို မိမိစိတ်က လက်ခံရန်သာ အရေးကြီးသည်။ ထိုသို့ လက်ခံသော အခါမှသာ စေ့ဆော်ချက်ရိုးရိုးမှသည် မိမိဘာသာစေ့ဆော်ချက် (Auto Suggestion) အဖြစ်သို့ရောက်၏။ ထိုအခါမှ မနောတန်ခိုး ထွက်ပေါ်လာနိုင်လေ၏။

သို့သော် လူတစ်ယောက်တည်းအတွက် စေ့ဆော်ချက်တစ်မျိုးတည်းကိုသုံး၍မရနိုင်ပေ။ သူနေရာနှင့်သူဖြစ်ပေါ်နေသော စိတ်အနေအထားများကိုလိုက်၍ စေ့ဆော်ချက်ကို ရွေးချယ်အသုံးပြုရ၏။ လက်ခံသူ၏ စိတ်နှင့်ကိုက်ညီသော စေ့ဆော်ချက်ဖြစ်မှ စိတ်က အလွယ်တကူ လက်ခံနိုင်သည်။ 'စိတ်က လက်မခံသရွေ့ စေ့ဆော်ချက်သည် စေ့ဆော်ချက်မမည်နိုင်သေးပေ။ လူတိုင်းကို စေ့ဆော်ချက်တစ်မျိုးတည်းဖြင့် အိပ်မွေ့ချ၍မရခြင်းမှာ ဤသဘောပင် ဖြစ်၏။

စိတ်ရောဂါကုဆေးရုံကြီးများတွင် မနောတန်ခိုးကို အသုံးပြု၍ ဝေဒနာရှင်များကို နေကောင်းလာအောင် ဆေးကုကြရသည်။ ရုပ်ခန္ဓာအတွက် ဆေးဝါးဓာတ်စာဖြင့် စေ့ဆော်ပြုပြင်ရပြီး စိတ်ခန္ဓာအတွက် စေ့ဆော်ခြင်းဖြင့် ကုသနိုင်မှ ရောဂါမြန်မြန်ပျောက်ကင်းနိုင်သည်။

ဆရာဝန်တစ်ယောက်၏ အပြောအဆို၊ ဟန်ပန်အမူအရာ၊ ပယောဂ



ဆရာ၊ နတ်ကတော်များ အပါအဝ[...] ဗေဒင်ဆရာတို့၏ ဂါထာရွတ်၊ ဗု[...] စိတ်၊ အင်းကွက်ချ စသည်တို့မှာလည်[...] စေ့ဆော်ချက်နည်းလမ်းများတွင် ပါ[...] လေသည်။

အမှန်စင်စစ် မနော၏နယ်ပယ်[...] တွင် အသွေးအရောင်၊ ဘာသာစ[...] ယောကျ်ား၊ မိန်းမ ဟူသော ခွဲခြား[...] သဘာဝမရှိပေ။ သဘာဝတရားမျ[...] သက်သက် လှုပ်ရှားနေခြင်းပင်ဖြစ်သည်[...] ထို့ကြောင့် မည်သည့်နည်းလမ်းကို[...] မနောကို ထက်မြက်အောင် ပြုလုပ်[...] လျှင် စိတ်တန်ခိုးတိုးတက်၏။ န[...] သော စိတ်၏သဘာဝကို ဖော်ထု[...] ညွှန်ပြကြသော စိတ်ပညာရှင်တို့၏ စိ[...] တန်ခိုးဖော်ထုတ်ပုံကို သိပ္ပံနည်းကျ[...] ဆန်းစစ်လေ့လာကြည့်သင့်ပေသည်။

(၂)

ယနေ့ကမ္ဘာမှာ စိတ်တန်ခိုးနှ[...] ပတ်သက်၍ ထူးခြားစွာ တင်ဆက်ပြ[...] နေကြသော မနောတန်ခိုးရှင်များစွာ[...] ကြသည်။

အထူးသဖြင့် ၁၉၈၆ ခုနှစ်[...] ကာလီဖိုးနီးယားပြည်နယ် လောတ်[...] ကြီးတစ်ခု၌ ပြသခဲ့သော ဂျူးလူမျိုး 'ယူ[...] ဂဲလား' ၏ အစွမ်းမှာ ကမ္ဘာတစ်လွှား[...] အံ့မခန်းတွေ့မြင်ကြရသည်။

ယူရီဂဲလားသည် သူယ်[...] အပေါင်းအသင်းများရှေ့၌ သတ္တု[...] တစ်ချောင်းကို လက်တစ်ဖက်ကကိုင်[...] 'ကွေး၊ ကွေး' ဟု ပြောဆိုလိုက်သည်[...] ဇွန်းမှာ မျက်စိရှေ့မှောက်မှာပင် ကွေး[...] ကောက်သွားကြောင်း တွေ့မြင်ကြ[...] သည်။ ထိုသတင်းကြောင့် ယူရီဂဲလား[...] မှာ နာမည်ကြီးလာပြီး လူသိများလာ[...] ကာ စိတ်တန်ခိုးသုတေသီများ၊ စိတ်[...] ပညာရှင်များကပါ စိတ်ဝင်စားလာကြ[...] သည်။ ယူရီဂဲလားကို ဓာတ်ခွဲခန်းများသို့[...] ခေါ်ယူပြီး စနစ်တကျ လေ့လာကြ၏။ သိပ္ပံစက်ကိရိယာများသုံး၍ စမ်းသပ်[...] စစ်ဆေးကြ၏။ ထိုသို့ ကျေနပ်လောက်[...] အောင် စမ်းသပ်ပြီးနောက် ယူရီဂဲလား[...] ၏ ပညာသည် အတုမဟုတ်၊ မလိမ်[...] အညာမဟုတ်ဘဲ သတ္တုဇွန်းများကို[...] တကယ် စိတ်တန်ခိုးနှင့် ကွေးပြနိုင်[...] ကြောင်း ကျေနပ်လက်ခံသဘောတူကြ[...] ပြီး မှန်ကန်ကြောင်း ထောက်ခံကြသည်။

တက္ကသိုလ်များမှ စိတ်သုတေသီ[...] ပရလောကစိတ်ပညာရှင်တို့ကြေ[...] ကြောင့် ကမ္ဘာတစ်လွှားမှသိပ္ပံပညာရှင်[...]

www.burmeseclassic.com

များကပါ ခေါ်ယူစမ်းသပ်ပြီး မှန်ကန်ကြောင်း ထောက်ခံကြ၍ ယူရီဂဲလား ထင်ရှားကျော်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ယူရီဂဲလားကို ကာလီဖိုးနီးယားပြပွဲကြီးသို့ တက်ရောက်၍ အစွမ်းပြသရန် ဖိတ်ကြားခံခဲ့ရခြင်း ဖြစ်သည်။ ထိုပွဲသို့ အနောက်တိုင်းမှ စိတ်တန်ခိုးရှင်၊ လောကီပညာရှင်၊ ကဝေ ပညာရှင်၊ ရှာမင်ပညာရှင်တို့ အမြောက်အမြား တက်ရောက်၍ ကိုယ်ပိုင်အစွမ်းအစများ ပြသခဲ့ကြသည်။

ထိုပွဲမှာ အစွမ်းပြသရန်အတွက် ယူရီဂဲလားသည် သော့တစ်ချောင်းကို ထုတ်ပြီးကိုင်ထား၏။ သူ့လိုပင်ပရိသတ်များကိုလည်း သူတို့၌ပါလာသော သော့တစ်ချောင်းစီကိုင်ထားစေ၏။ ပရိသတ်ထဲမှာရှိကြသော လောကီပညာရှင်တို့ကလည်း သူတို့အိတ်ထဲမှာပါလာသော ကားသော့ သို့မဟုတ် အိမ်သော့တစ်ချောင်းစီကိုထုတ်ယူ၍ကိုင်ထားကြ၏။

ထိုအခါမှ ယူရီဂဲလားသည် သူ့သော့ကိုစိုက်ကြည့်ပြီး 'ကွေး၊ ကွေး'ဟု အမိန့်ပေးလိုက်သည့်အခါ သူ့သော့တံ ကွေးကောက်သွား၏။ ထို့ပြင် ပရိသတ်များ၏လက်ထဲမှ သော့တံများပါ ကွေးကောက်သွားကြောင်း အံ့ဩဖွယ်ရာ တွေ့မြင်ကြရလေသည်။

ပရိသတ်ထဲမှပညာရှင်တစ်ဦးကမူ သူ့အိမ်ပြန်ရောက်လျှင် သော့ကွေးကောက်နေ၍ တံခါးဖွင့်မရသည့်အတွက် -

"ဒီကောင်လေးကြောင့် ငါ့အခန်း သော့ဖွင့်မရတော့ဘူး"

ဟု ညည်းရှာလေသည်။

နောက်တစ်ကြိမ်မှာတော့ ယူရီဂဲလားသည် သူ့အစွမ်းအစကို ရုပ်မြင်သံကြားမှ ပြသခွင့်ကြုံခဲ့သည်။ ရုပ်မြင်သံကြားကြည့်ရှုနေကြသော ပရိသတ်ကို သူတို့၏ သော့များ ဆုပ်ကိုင်ထားကြဖို့ မှာပြီး သူကိုယ်တိုင်လည်း လက်ထဲမှာ သော့တစ်ချောင်းကိုကိုင်ထား၏။ 'ကွေး၊ ကွေး' ဟု ပြောလိုက်သောအခါ သူ့လက်ထဲကသော့တံ ကွေးကောက်သွားသလို ရုပ်မြင်သံကြားပရိသတ်များကိုင်ထားကြသော သော့တံတွေပါကွေးသွားကြသည်။

သို့အတွက် ယူရီဂဲလားသည် လူကိုယ်တိုင် တန်ခိုးပြရုံတင်မက ရုပ်မြင်သံကြားကပါ တန်ခိုးပြနိုင်သည့် တန်ခိုးရှင်ဟု ထင်ပေါ်ကျော်ကြားလာခြင်း ဖြစ်လေသည်။



၂၀ ရာစုအတွင်း ပေါ်ပေါက်ခဲ့သော စိတ်တန်ခိုးရှင်များအနက် 'ယူရီဂဲလား' သည် သိပ္ပံနည်းကျ စမ်းသပ်အခံရဆုံး စိတ်တန်ခိုးရှင်၊ အကျော်ကြားဆုံး တန်ခိုးရှင်တစ်ယောက်ဖြစ်ခဲ့၏။

ယူရီဂဲလားနှင့် မရှေးမနှောင်းမှာပင် ရုရှားစိတ်တန်ခိုးရှင် 'နယ်လီယာ' ကျော်ကြားလာ၏။ သူတို့ကဲ့သို့ စိတ်တန်ခိုးပြနိုင်သူများ ကမ္ဘာ့အနှံ့အပြားဒေသများမှ ပေါ်ထွက်လာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဒေါက်တာတိုနီသည် မည်သည့်ခွဲစိတ်ကိရိယာမျှမကိုင်ဘဲ လက်ချည်းသက်သက်နှင့် လူနာ၏ ဝမ်းဗိုက်ကို ခွဲစိတ်ပြီး ရောဂါများကို ကုသပေးခဲ့၏။

ဘရာဇီးနိုင်ငံမှ ဒေါက်တာအာရိဂို ဆိုသူ စိတ်တန်ခိုးရှင်ကလည်း သံချေးတက်နေသော မောင်းချဓားတစ်ချောင်းနှင့် လူနာများကို ကုသပေးနေရာ အုတ်အော်သောင်းတင်း ကျော်ကြားခဲ့လေသည်။

ထိုကဲ့သို့ပင် နတ်မောက်မြို့နယ်အတွင်း ရွာတစ်ရွာမှ လူငယ်လေးတစ်ဦး ဆန်စေ့၊ ကုလားပဲစေ့များ ပွားများပြသည်ကို တွေ့ရဖူးလေသည်။ ဆန်လက်တစ်ဆုပ်ကို လက်နှစ်ဆုပ်ဖြစ်အောင်၊ ကုလားပဲနို့ဆီဘူးတစ်ဘူးကို နှစ်ဘူးဖြစ်အောင် လူအများရှေ့မှာပင် ပါးစပ်က မန်းမှုတ်၍ တိုးပွားပြခဲ့သည်။ ဆန်စေ့၊ ပဲစေ့များသာမက ကျောက်စရစ်ခဲငယ်တလေးများကိုပါ တိုးပွားပြနိုင်ခဲ့သည်။ သို့သော် မြန်မာတို့၏လေ့ထုံးစံ အယူသီးမှုများကြောင့် ရုက္ခစိုးမှော်အောင်သည်၊ ပုဏ္ဏကတိုက်သည်ဟု ယူဆကာ စိတ်ကို သုတေသနမပြုနိုင်ကြသည့်အတွက် ထိုလူငယ်မှာ ချီ့ချီ့တဲ့တဲ့နှင့် သိမ်ငယ်စွာ ကွယ်လွန်သွားရရှာသည်။

ပရစိတ်ပညာရှင် စိတ်သုတေသီများကမူ ထိုဖြစ်ရပ်များမှာ သူတို့၏ ထူးခြားသော ခန္ဓာကိုယ်အတွင်းမှထွက်ပေါ်လာသော စွမ်းအားတစ်ရပ်အဖြစ် လက်ခံထားကြ၏။ ထိုသူတို့ ၏ ကိုယ်တွင်းစိတ်ခံစားမှုများ အလွန်အမင်း စေ့ဆော်လာသောအခါ သူတို့ကိုယ်ထဲမှ စွမ်းအားများထွက်လာ၏။ ထိုသို့ရုပ်ခန္ဓာမှထွက်လာသော စွမ်းအင်များက ပြင်ပရှိပစ္စည်းများကို လှုပ်ရှားပြောင်းလဲစေနိုင်သည်ဟု ယူဆကြသည်။

စိတ်တန်ခိုးဝံလေ့လာရေးပညာရှင်အဖွဲ့ဟု အမည်တပ်ထားသော ပရစိတ်ပညာရှင်အုပ်စုကမူ ထိုသို့ သတ္တုဖွန်းအမာကြီးကို ကွေးပြနိုင်ခြင်းမှာ စိတ်တန်ခိုးမဟုတ်။ 'ပရာဏအစွမ်း' ဟု သတ်မှတ်၏။

'ပရာဏ' ဟူသည် နူးညံ့သော ရုပ်ဓာတ်ဖြစ်သောကြောင့် ရုပ်တန်ခိုးသာ ဖြစ်သင့်သည်။ ပရာဏရုပ်ဓာတ်အကြောင်းကိုမသိခင်ကသာ စိတ်တန်ခိုးဟု ထင်နေကြကြောင်း တင်ပြခဲ့ကြသည်။

ရုရှားနိုင်ငံမှ သိပ္ပံစက်ဆရာ 'ကိအာလီယန်'ကမူ သူတီထွင်ထားသော ဓာတ်မှန်စက်နှင့် ရိုက်ကြည့်ပြီးနောက် ထိုစွမ်းအင်များကို ဘိုင်အိုပလပ်စမာခေါ် ရုပ်နုစွမ်းအင်များသာဖြစ်ကြောင်း သက်သေထူပြခဲ့၏။

ဘိုင်အိုပလပ်စမာကို ရုပ်နု (ပရာဏ) ဟု ခေါ်၏။ လူတိုင်းမှာ အသား၊ အရေ၊ အခိုးအငွေ့နှင့် ဘိုင်အိုပလပ်စမာခေါ် ပရာဏတို့ တစ်ဆက်တည်း တည်ရှိနေကြ၏။ ထို့ကြောင့် ယူရီဂဲလား၏ လက်အတွင်းမှ ပရာဏရုပ်နုက သော့များ၊ ဇွန်းများမှာရှိသော ပရာဏရုပ်နုကို ကိုင်တွယ်ပြီး ကွေးစေခြင်း၊ လှုပ်ရှားစေခြင်း ဖြစ်၏။ လူမှာရှိသော ရုပ်နုပရာဏအစွမ်းက သက်မဲ့ဖြစ်သော သတ္တုဇွန်းနှင့် သော့များကို လှုပ်ရှားပြောင်းလဲစေခြင်း ဖြစ်သည်။

သို့အတွက် မျက်စိဖြင့် မမြင်ရတိုင်း စိတ်တန်ခိုးဟု မသတ်မှတ်ဘဲ ရုပ်ခန္ဓာ၏ ပရာဏတန်ခိုးဟု ခေါ်ဆိုသင့်ကြောင်း သိပ္ပံကဆိုလေသည်။

ထုံးတောင်-အရှင်မေ့ဗီယ(မြောင်)

ညွှန်း -

*PSY DISCOVERY BEHIND IRON CUSTIN.*



www.burmeseclassic.com

www.burmeseclassic.com

# ချမ်းသာ၊ တန်ခိုးအာဏာ လိုရာရစေနိုင်သော အဆောင်နှင့်ကျင့်စဉ်

သုဒ္ဓ(နဝင်းမြို့)

တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ မောင်စောလှမြင့် ရောက်လာပါသည်။ ရောက်မဆိုက်ပင် အမေးပြဿနာပါလာပါတော့သည်။

"ဘိုးတော်၊ ညွှန်များရှုပ်နေမလား လို့ပူနေတာ။ အတော်ပဲ၊ ညွှန်ရှင်းနေလို့။ မေးစရာရှိတာ မေးချင်လို့ပါ"

ဟု စကားစပြီး အောက်ပါအတိုင်း ပြောလေသည်။

"ကျွန်တော့်ကို တစ်ယောက်က ပြောလို့ပါ။ မင်းကိုယ်တိုင် ဘာသာရေး သမားလို့ထင်နေခဲ့တာ။ အခုကျတော့မှ မင်းရဲ့ဘာသာရေးက မဟာယာနဂိုဏ်း ဖြစ်နေတာပဲကွလို့ပြောတယ်။ ဘိုးတော် ကျွန်တော်ကတော့ ဘာမှပြန်ပြီးရှင်းမပြ ခဲ့ပါဘူး။ ကျွန်တော်နားလည်အောင် ရှင်းပြပါ"

ဟု မေးလေတော့သည်။

"ကျွန်တော့်အယူက ဆရာတော် ကြီးတွေဟောပြောသလို၊ နောက်ဆရာ အမြဲပြောနေတာမို့ သရဏဂုံပျက်အောင် ဘာမှမလုပ်ပါဘူးဆရာ။ ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဖ၊ ဆရာတို့မှတစ်ပါး ဘယ်နတ်တို့ကိုမှ ကန်တော့တာမရှိပါ ဘူး"

ဟုလည်းဆက်ပြောပါသေးသည်။

ကျွန်ုပ်က -

"မင်းပြောသလို ရတနာသုံးပါး အမြတ်ဆုံးထားပြီး ကန်တော့ပူဇော်နေ သူဟာ သရဏဂုံမပျက်ပါဘူး။ နတ်တွေ နဲ့ ဘိုးတော်တွေ၊ ဘွားတော်တွေကို ပူဇော်ကန်တော့ရင်တော့ သရဏဂုံပျက် မှာသေချာတယ်ကွ။

အေး-ဒါပေမယ်လို့ ဒါနမှုအနေနဲ့ တော့ ပေးလှူသင့်ထိုက်သူကိုပေးလှူ တာ သရဏဂုံမပျက်ပါဘူး။ ပုဂ္ဂိုလ် သတ္တဝါများစွာတို့ကို မေတ္တာပေးဝေတာ၊ ကုသိုလ်အမျှပေးဝေတာဟာ တို့ဗုဒ္ဓဘာ သာဝင်တွေရဲ့အလုပ်ပဲမဟုတ်လား"

ဟု အကျဉ်းချုံး ပြောပြလိုက်ပါ သည်။

ဒီနေရာမှာ ကျွန်ုပ်၏အယူအဆ တစ်ခုကို တင်ပြလိုပါသည်။ သုံးလောက ၏သခင် မြတ်စွာဘုရားရှင်က သတ္တဝါ အားလုံးကို သံသရာမှဘုံဗာဒ်သိမ်းစေ လိုသည်မှာ မဟာကရုဏာတော်ဖြစ်ပါ သည်။

အရိယာများမှအပ လူသားတိုင်း မှာ ချမ်းသာလိုကြသည်။ သို့ဆိုလျှင် မြတ်စွာဘုရား လမ်းညွှန်ဟောထားခဲ့ သော မဂ္ဂင်ရှစ်ပါးနှင့်သွားမည်ဆိုရာတွင် အတိတ်က ကံအကြောင်းကိုချည်းပုံချ မထားဘဲနှင့် လက်တွေ့ကျသော ပစ္စက္ခ တွင် လောကဥပဒေနှင့် မြတ်စွာဘုရား တားမြစ်တော်မူသော ဓမ္မသတ်တို့နှင့် လွတ်ကင်းသည့် ကောင်းသောအသက် မွေးဝမ်းကျောင်းမှုတွင် ဉာဏ်ပညာ ကြီးမားကြသော ဆရာသခင်တို့က ရှင်တော်မြတ်ဘုရား၏ အာဝေနိကဂုဏ် တော်များ၊ ပရိတ်တရားတော်များမှ ထုတ်နုတ်ပြီး လောကီလူသားများ အတွက် ကောင်းသော အကျိုးစီးပွား အလို့ငှာ စီမံပေးခဲ့သော ဝိဇ္ဇာဓရဂမ္ဘီရ ပညာသည် သရဏဂုံမပျက်ဟု ယူဆမိ ပါသည်။ မြတ်စွာဘုရားရှင်၏ အာဝေ နိကဂုဏ်တော်တို့မှ မိမိသဒ္ဓါအာရုံ အတွင်း အမျိုးမျိုးပုံဖော်ကိုးစားခြင်း၊ ဆောင်ခြင်းတို့သည် အပြစ်လွတ်ကင်း မည်ဟု ထင်မြင်ပါသည်။

ကျွန်ုပ် ရှင်းလင်း ပြသလိုက်သည့် အတွက် တပည့်ဖြစ်သူ မောင်စောလှ မြင့်မှာ ဂုဏ်တော်(၃၂)ကွက်ရှိ ခိုနန်းချိုး ဂါထာအင်းကို တောင်းဆိုလေတော့ သည်။

စင်ကြယ်သော အရောင်းအဝယ် ဖြင့် အသက်မွေးနေသောတပည့်သည် မိခင်၊ဖခင်တို့အား အလုပ်အကျွေးပြုသူ ဖြစ်သည့်အတွက် စီမံဆောင်ရွက်ပေး လိုက်ပါသည်။

စာချစ်သူ မိတ်ဆွေများအတွက် လည်း နှစ်သက်သူများ ဆောင်ရွက်နိုင် စေရန်အတွက် အပြည့်အစုံ ရေးသား ဖော်ပြလိုက်ပါသည်။

ဦးစွာပထမ ခိုနန်းချိုးအင်း အကြောင်းကို ရှင်းပြပါမည်။ စတုရန်း စတုဂံကွက်များမဟုတ်ဘဲ ရှေးရှေး စီမံထားကြသည့် အနုပညာလက်ရာ ခိုနန်းချိုးပုံစံအတိုင်း စီမံအပ်သည့် (၃၂) ကွက် ပါဝင်သော ညီတူအကွက် လေးများဖြင့် ဖွဲ့စည်းထားသည့်အင်း ကို ခိုနန်းချိုးအင်းဟု ခေါ်စေပါသည်။ လေးထောင့်အညီအကွက်မဟုတ်သည့် မည်သည့်အင်းကွက်ကိုမဆို အင်းမဟုတ် ပါ။ အိုင်သာဖြစ်ပါသည်။ အင်းဖြစ်စေ အိုင်ဖြစ်စေ အစွမ်းသိဒ္ဓိရှိရန်သာ အရေး ကြီးပါသည်။

ထင်သာမြင်သာရှိသော လောကီ နယ်မှ သာဓကပြရမည်ဆိုလျှင် လူများ စားသုံးနေသော ဆားနှင့်သကြားတို့ကို ပမာပြုပါမည်။ သူတို့၏ အစွမ်းသိဒ္ဓိ မှု ဆားသည် ငန်သောအရသာရှိ၍ သကြားမှာမူ ချိုသောအရသာရှိကြပါ သည်။

ထိုဆားနှင့် သကြားတို့ကို အနက် ဆုံးသော သမုဒ္ဒရာကြမ်းပြင်ရောက် အောင်သယ်ယူသွားပါ။ နောက်ဤ ကမ္ဘာ၏အပြင်ဘက် စကြဝဠာလွန် သော အာကာသနယ်မြေထဲရောက် အောင် သယ်ဆောင်သွားပါ။ မည်သည့် နေရာကိုပင်ရောက်နေပါစေ ဆားသည် ငန်သောအရသာကိုဆောင်ထားသကဲ့ သို့ သကြားမှာလည်း ချိုမြပင်ဖြစ်ပါ သည်။

အကျင့်သီလ ကောင်းမွန်သော လူသားများ တစ်နည်း အမျိုးကောင်း သား၊ အမျိုးသမီးတို့အတွက် ဆရာ သခင်တို့မှ ခိုနန်းချိုးအင်းဘောင်တွင် ဂုဏ်တော်ဂါထာကို အင်းဆန်သွင်း၍ စီမံအပ်သော အစွမ်းသိဒ္ဓိရှိသောအင်း ကို စီမံကြရန်လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'မိမိကိုယ်ကိုယုံကြည်ချက်အပြည့်အဝထားပြီး ခိုနန်းချိုးအင်းကွက်ရေးဆွဲ၏ နောက် ဂဏန်းသင်္ချာ (၁) မှ (၃၂) အထိ အစဉ်အတိုင်း အင်းသွားစည်းကမ်းအတိုင်း မြင်းသွားချပြထားသည့် နမူနာပုံစံကိုကြည့်ပြီး ဂါထာတော်စာလုံးများကို တစ်ကွက်လျှင် တစ်လုံးကျစီဖြင့် ချမ်းသာ၊ တန်ခိုးသိဒ္ဓိတိုးစေသော အင်းတစ်ကွက်ဖြစ်အောင် စီမံကြပါရန် မေတ္တာရပ်ခံပါသည်။

လုံးဝအကြောင်းညီညွတ်ပါလျှင် အစ်စုံတစ်ယောက်ကို အကူအညီတောင်းခံပြီး အင်းစီမံရပါမည်။ အင်းစီမံပြီးသောအခါတွင် အဆောင်အတွက် အင်းကို သိဒ္ဓိတင်ခြင်းနှင့် အမိဌာန်ကျင့်စဉ်ကို ပြီးအောင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ချမ်းသာတန်ခိုးသိဒ္ဓိတိုးကျင့်စဉ်**

၁ စီမံပြီးသောအင်းကို သင့်တော်သော ပန်းကန်တွင်ထည့်ပြီး နံ့သာပက်ဖျန်းပါ။
ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ဖြင့် ဘုရားကိုလှူဒါန်းပူဇော်ပါ။

**၁။ ရက်ရွေးခြင်း။ ကာလသတ်မှတ်ခြင်း**

- ရက်ကောင်းတစ်ရက်၌စတင်ပါ။
- ကာလကို (၉) ရက်သတ်မှတ်ပါ။

**၂။ ဗိတ်ကြားရန်**

- သိကြားမင်းနှင့် သာသနာတော်စောင့်နတ်မင်းကြီး၊ ရှစ်ဆူသောဂြိုဟ်နတ်မင်းကြီးများ။
  မဟိဒ္ဓိရှင်ဆရာသခင်များ

**၃။ အဓိဋ္ဌာန်ကျင့်စဉ်ကာလတွင် နေ့စဉ်ပြုဖွယ်များ**

- ဘုရားရှိခိုးခြင်း
- သီလခံယူဆောက်တည်ခြင်း
- မေတ္တာပို့သခြင်း
- သစ္စာပြုဆုတောင်းခြင်း

အောက်ပါဂုဏ်တော်နှင့် ဂါထာများ ပုတီးစိပ်ရန် (၁၀၈) လုံးဂုဏ်တော်ပုတီးကိုသုံးပါ။)

က။ ဂုဏ်တော် (၉) ပါးဖြစ်သော - အရဟံမှ ဘဂဝါအထိ ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးချပြီး ပုတီးတစ်ပတ်စိပ်ရန်။ ဂုဏ်တော် (၉) ပါးဖြစ်၍ ပုတီး (၉) ပတ်စိပ်ပါရန်။

ခ။ အောက်တွင် ဖော်ပြထားသော 'အံအစဂါထာ' ကို ပုတီးတစ်ပတ်စိပ်ရပါမည်။

**အင်းသွားပုံနမူနာပြပုံစံ**

| | | | | | |
|---|---|---|---|---|---|
| | ၂၄ | ၁ | ၁၄ | ၂၀ | |
| ၃၂ | ၅ | ၂၂ | ၂၅ | ၂ | ၁၅ |
| ၂၃ | ၂၆ | ၉ | ၄ | ၁၃ | ၂၀ |
| ၆ | ၃၁ | ၂၈ | ၁၉ | ၁၆ | ၃ |
| ၂၇ | ၁၀ | ၁၇ | ၈ | ၂၉ | ၁၂ |
| | ၇ | ၃၀ | ၁၁ | ၁၈ | |

စုစုပေါင်း တစ်နေ့ပုတီး (၁၀) ပတ်စိပ်ရန် ဖြစ်ပါသည်။

- ဝေနေယျများအားလုံး ကုသိုလ်အမျှပေးဝေပါ။ ဗိတ်ကြားထားသူများအား နေရပ်ဌာနေသို့ပြန်လည်ပို့ပါ။

ကိုယ်တွေ့ကြုံမှ အံ့ဩဖွယ်အဆန်းတို့ဖြင့် အောင်မြင်မှုရယူပြီး ယုံကြည်ပါ။ မယုံကြည်များအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ပြီး ကိုယ်တွေ့ကြုံမှယုံပါ။

ကျွန်ုပ်တို့လူမျိုး၊ ကျွန်ုပ်တို့တိုင်းပြည်အတွက် လက်ဆင့်ကမ်းသယ်ယူလာခဲ့သော မျိုးဆက်ရတနာပညာအမွေကို မပျောက်မပျက် တည်တံ့နေစေရန် ရည်ရွယ်ချက်ဖြင့် ရေးသားနေခြင်း ဖြစ်ပါသည်။ အခါအားလျော်စွာလည်း ကောင်းနိုးရာရာ ကိုယ်တွေ့များမှ ရေးသား တင်ပြပါဦးမည်ဟု ကတိပြုပါသည်။

ခိုနန်းချိုးအင်းအသွားနမူနာပုံစံနှင့် ဂါထာတော်တို့ကို အောက်တွင်ရေးသားဖော်ပြပေးလိုက်ပါသည်။ လွယ်ကူစွာဖြတ်သန်းလျှောက်လှမ်းနိုင်ကြပါစေ။

**ချမ်းသာ၊ တန်ခိုးအာဏာ**
**လိုရာရစေသောဂါထာ**

- အံမရော ပရိဟာ တုဗ္ဗော၊
  အံမရေ မတ္တံ မေ တဒါ၊
  အံမရေ သော ဘဒေ ဗုဒ္ဓေါ၊
  အံမရေ ပန တေ နမော။ ။

ယုံကြည်သူများ၏ အောင်ပွဲဖြစ်ပါသည်။ ထူးခြားသော ယခုကောဇာနှစ်တွင် သင့်၏ဘဝအတွက် အကောင်းဆုံးပိုင်ဆိုင်မှုများကို အရယူပါဟု ထပ်မံတိုက်တွန်းလိုက်ပါသည်။

ဘုန်းတန်ခိုးအာဏာနှင့် ချမ်းသာမှုများစွာကို ပိုင်ဆိုင်ပြီဆိုလျှင် အနာဂတ်အတွက် အားကိုးရာမဲ့ ကလေးငယ်များ၏ ဘဝရှေ့ရေးကောင်းရန် 'မိဘမဲ့ကလေးများကျောင်း' ကို မိမိစေတနာအလျောက် ပေးလှူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

**မှီငြမ်း -**

- ဗားမဲ့ကျမ်းရင်းများ
- ကိုယ်တိုင်အားထုတ်မှုများ



www.burmeseclassic.com

www.burmeseclassic.com

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်၏ အရှေ့မြောက်ဘက် (၁၀) မိုင်ခန့် အကွာတွင် ကိုင်းကလေးကျေးရွာ အုပ်စု ချင်းစုရွာအနီး ပလ္လင်တော်ပါ (၁၁) တောင်ခန့်ရှိ ထက်ဝယ်ဖွဲ့ခွေ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ထားအပ်သည့် ရုပ်ပွားဆင်းတုတော်မြတ်ကြီး တစ်ဆူရှိခဲ့လေသည်။ ထိုဘုရားကြီး၏ ကျောင်းဆောင်တော်သည် ငါးပင်ပတ်လည်ကျွန်းတိုင်ကြီးများဖြင့်ဆောက်လုပ်ထားခြင်း ဖြစ်သည်။ ဘုရားကြီး၏ ပရိဝုဏ်သည်လည်း တိတ်တိတ်နေနေရှိလှသည်။ ချင်းစုရွာသည် အိမ်ခြေ (၈၀) ခန့်ရှိသည်။ အိမ်ကြီးအိမ်ကောင်းများသည် ရေနေမိုးနေကောင်းသည့် လယ်မြေများ များပြားသဖြင့် ဝပြောသာယာရှိကြသည်။

များသောအားဖြင့် ကိုင်းကလေး၊ ကိုင်းကြီးဟု တစ်ဆက်တည်း အခေါ်အဝေါ်ရှိကြသော်လည်း ကိုင်းကလေးကျေးရွာနှင့် ကိုင်းကြီးရွာကြားတွင် ချင်းစုရွာခြားလျက်တည်ရှိပါသည်။ ကိုင်းကြီးရွာသည် ဂဠုန်ဦးစော၏ ဇာတိချက်ကြွေမွေးရပ်မြေ ဖြစ်သည်။

ချင်းစုရွာတွင် သူမတူ ထူးခြားသည့် ပါရမီရှင် နဲ့ဆရာဦးဉာဏ်ထွန်းရှိချေ၏။ ထိုဦးဉာဏ်ထွန်းအား ပါရမီရှင်နဲ့ဆရာဟု ဘာကြောင့်များပြောနိုင်ရပါသလဲ။

ဘဝမှာအထွတ်အထိပ်ကိုရောက်ပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ နောက်ကြောင်းကို ကြည့်လိုက်လို့ရှိရင်

စိရကာလ ဘာဝနာ...
ကြာမြင့်စွာအလုပ်လုပ်တ...
နိရန္တရဘာဝနာ - မရပ်မနားအလုပ်...
တယ်။ နိရဝသေသဘာဝနာ - အ...
အကျန်မရှိ အလုပ်လုပ်တယ်။ သ...
ဘာဝနာ-ရှိရှိသေသေအလုပ်လုပ်တ...
အဘိရတိဘာဝနာ - ပျော်ပျော်ပါ...
အလုပ်လုပ်တယ်လို့ ပြည်တစ်ဖက်...
ဆပ်တဲမလွှန်ဆန်လှူအသင်းထောက်...
ဆရာတော် ဦးဉာဏိဿရ ဟော...
သော တရားနာကြားမှတ်သားရ...
မှာ အမိအရ အပြည့်အဝများလှသ...

အဘိရတိဘာဝနာသမားဖြစ်...
ဒေါက်တာ ဘီအေမောင်တင် (သို့)...

# နေဝင်းဦး (မြည်)

## ပြောမယ့် ကြုံဖူးမှုသုံးစပ္ပယ်





www.burmeseclassic.com

www.burmeseclassic.com

ဆောင်ထင်ဟု တင်စားခြင်းခံရသည့် ဘွန်တော့်ဆရာအား ရှေးဦးစွာသွား သတိရမိသည်။

ဆရာသည် တရုတ်လို (၆၅)တန်း အောင်သည်။ သို့သော် ဆရာဝန်ဖြစ်ရန် ဟိုက်စကူးလ်ဖိုင်နယ် မအောင်သေး။ (၈) တန်းတွင် ကျူရှင်ယူနေရင်း မတ်လ အထက်တန်းစာမေးပွဲတွင် ဝင်ရောက် ဖြေဆို၍ အောင်မြင်ခဲ့သည်။ အချို့က အခုမှ (၈) တန်း ကျူရှင်ယူနေစဉ်ဖြစ်ပါ လျက် ဟိုက်စကူးလ်ဖိုင်နယ်အောင်ပါ သည်ဟုကြားလေလျှင် အများအမြင် ထားချင်စရာဖြစ်ခဲ့သည်။

ပြောချင်ရာသာပြောကြပေရော့။ ဆရာသည် ဆေးတက္ကသိုလ်တက်နေ ရင်းနှင့် စာအုပ်အရောင်းဆိုင်များသွား ကာ ဘီအေတန်းစာတွေ ရှာဖွေဖတ် သည်။ ဒီတရုတ်ကလေးက နေ့စဉ်လာ လာပြီး စာတော့ဖတ်တယ်။ ဘာစာအုပ် မှလဲမဝယ်ဘူးဟုဆိုသဖြင့် ခင်ဗျားတို့ စာအုပ်က စာစုံ၊ မစုံ၊ ကောင်း၊ မကောင်း ကို မြည်းကြည့်ရသေးတာပေါ့ဗျနှင့်သာ ဘီအေဘွဲ့က အရင်ရခဲ့သည်။

ဒေါက်တာဘီအေမောင်တင်ဖြစ် သွားသည်။ အထွေထွေရောဂါကုအလုပ် ပျော်ပျော်ပါးပါးလုပ်ခဲ့သည်။ ခွဲစိတ်ခန်း တာဝန်ကျ နှစ်ပေါက်သည့်တိုင် စနေ မသိ တနင်္ဂနွေမရှိ အလုပ်လုပ်သည်။ တစ်နေ့ တနင်္ဂနွေပိတ်ရက်၌ စိတ်ရွှင်ရွှင် နှင့် အပြင်ထွက်ဖြစ်သွား၏။ ထိုအချိန် တွင် ဆေးရုံ၌ ကေ့စ်တစ်ခုဖြစ်သည်။ ဘယ်သူ့ဂျူတီလဲဟုစစ်ပြီ။ ဒေါက်တာ မောင်တင်၏ဂျူတီဖြစ်နေသည်ကို တွေ့ ရသည်။ ဒီစကားကြား ဒေါက်တာမောင် တင် ဂျူတီဇယားသွားဖတ်ကြည့်သည်။ ပိတ်ရက်မှန်သမျှ သူ့ဂျူတီချည်းသာ ဖြစ် နေသည်ကို တွေ့ရသည်။

ဂျူတီပျက်ကွက်မှုစစ်လျှင် ပိတ် ရက်မှန်သမျှ သူ့ချည်းပဲချထားသည်။





www.burmeseclassic.com

www.burmeseclassic.com

ဂျူတီဇယားလည်း ဖတ်ကြည့်ကြပါဦး။ ခင်ဗျားတို့က လူလုပ်မှမလုပ်ဘဲ။ နွားလုပ်လုပ်တာပဲဟုပြောသဖြင့် ကျိုင်းတုံသို့ ပို့ပစ်ခြင်းခံရသည်။ ဒီဒေါက်တာလေး၏ စေတနာ၊ ဝါသနာအရ စနေမသိ၊ တနင်္ဂနွေမရှိ အလုပ်လုပ်သည့်သတင်းသိသွားပုံရ၍ပေလား။ များမကြာ ပြည်တစ်ဖက်ကမ်း ဆင်တဲဆေးခန်းသို့ ပြောင်းရွှေ့ပေးလိုက်သည်။

အဘိရတိဘာဝနာသမား အလုပ်မလုပ်ရမနေနိုင်သည့် ဆရာသမားက ကျွန်တော့်အား -

"ငါ ကျိုင်းတုံမှာ ဖျင်းတာနဲ့ စစ်သားတွေရဲ့ ခြေတွေ၊ လက်တွေဖြတ်ခဲ့တာ အများကြီးပဲ"

ဟု ဆိုလာသည်။

ခွဲခန်းသီးသန့်မရှိသဖြင့် မင်းဆေးထိုးခန်းကို ခွဲခန်းအစားသုံးမည်။ မည်သူကိုမျှ ဖိနပ်စီးမဝင်စေရ။ ခွဲခန်းသီးသန့်စီးဖိနပ်ထားရန် ဖိနပ်များသွားဝယ်ဟုဆိုကာ ငွေထုတ်ပေးသည်။ ပိုးသတ်ဆေးဖျန်း၊ သန့်သန့်ပြန့်ပြန့်ပြုလုပ်ထားပြီး ခွဲလိုက်၊ ဖြတ်လိုက်ဆက်တိုက်လုပ်ဖြစ်ခဲ့သည်။ ဆရာသည် လျှာကလေးပြူတစ်ပြူတစ်ဖြင့် ပျော်ပျော်ပါးပါးလုပ်နေသည်ကို တွေ့ရသည်။ သူကလေကလေးတချွန်ချွန်နှင့်။ ကျွန်တော်တို့မှာတော့ အချိန်တွေလွန်လို့ ထမင်းတွေဆာလှပြီ။

တစ်နေ့ ရန်ကုန်မှ ထောင်ပိုင်ကြီးနှင့် ထောင်မှူးတစ်ယောက် ရောက်လာကြသည်။ ထောင်ပိုင်ကြီး၏အူကျရောဂါအား စစ်ဆေးပြီး ကျွန်တော့်အား အထူးသန့်ရှင်းရေးလုပ်ရန်ပြောသည်။ သန့်ရှင်းရေး မချစ်အား ရေနွေးအိုးပွက်ပွက်ဆူအောင်တည်စေပြီး အခန်းကို နှစ်ယောက်သား ရေနွေးနှင့်ဆေးကြောလိုက်ကြ၏။ ခွဲစိတ်ခန်းကိရိယာများလည်း အထူးရေနွေးနှင့် ဆေးကြောပြီး ထောင်ပိုင်ကြီးအား ခွဲစိတ်လိုက်ကြသည်။ ကျွန်တော်နားသည့်အခိုက် နောက်ပါထောင်မှူးမှ ဆေးခန်းအခြေအနေနှင့် ဆရာဝန်အနေအထားတို့ကို အကဲခတ်ပြီး ထောမနာသောအားဖြင့်ပြောလာသောစကားက-

"တကယ့်ကိုပါရမီရှင်တစ်ယောက်ပါပဲ"

ဆိုပြီး ပါရမီရှင်နှင့် ပတ်သက်စပ်ဆက်တာနှစ်ခုကို ပြောပြပါသည်။

အလှူပွဲတစ်ခုတွင် ဆရာကြီး ဦးဟန်ပ ဧည့်ခံဆိုင်းတီးနေသည်။ စာသင်သားဦးပဉ္ဇင်းလေးတစ်ပါးသည် ပရိသတ်များကြားတိုး၍တိုး၍ဝင်လာနေသည်။ ဦးပဉ္ဇင်းလေး၏ ကိုယ်ပေါ်မှ သင်္ကန်း လူအုပ်အကြားတွင် ကျွတ်ကျန်ရစ်သည်။ ကိုယ်တော်လေးက မသိချေ။ ဆရာကြီး၏ ဆိုင်းသံကိုသာ စူးစိုက်ကပ်လိုက်ပေပြီး နားစိုက်နေသည်။ ထိုအချိန်တွင် ဆိုင်းခဏရပ်လေသည်။ ဦးပဉ္ဇင်းလေး ဆရာကြီးအနားတိုးသွားပြီး သူတီးကြည့်ချင်ကြောင်းပြောသည်။

"ဦးပဉ္ဇင်းဖြစ်လား"

"ဖြစ်ပါတယ်"

ဟု ဆိုသဖြင့် ဆရာကြီးထပေးရာသည်။ ဦးပဉ္ဇင်းလေးဝင်ပြီး အခုနက ဆရာကြီး၏အသွားအတိုင်းတီးလိုက်၏။

ဆရာကြီးမှ -

"ဘယ်ကဘယ်လိုတတ်လာပါသလဲ"

မေးလေလျှင် -

"ဆရာကြီးတီးတာ နားစိုက်ထောင်ပြီး နားထဲစွဲနေသည့်အတိုင်းတီးတာ"

ဟု ဖြေသည်။

တကယ့်ပါရမီရှင်ပေပဲဟု ဆရာကြီးက မှတ်ချက်ပြုခဲ့သည်။

နောက်ပါရမီရှင်တစ်ဦးအကြောင်း ဆက်ပြန်သည်။ သူက စစ်ထွက်ပါရမီရှင်တဲ့။ ဆန်နို့ဆီဘူးတစ်လုံးခြင်လိုက်သည်။ ဖြောခနဲ ကြဲချလိုက်လေသည်။ အရဟံပုတီးတစ်ပတ်ကိုစိပ်ပြီးသည်နှင့် ဆန်တစ်စေ့အား နို့ဆီဘူးထဲသို့ ပြန်ကောက်ထည့်သည်။ စိပ်လိုက်သည့်ပုတီး။ ကြဲချခဲ့သည့်ဆန်နို့ဆီဘူးတစ်လုံးလုံး တစ်စေ့မကျန်ကုန်တော့မှထမည်ဟု အဓိဋ္ဌာန်ပြီးစိပ်ခဲ့ခြင်းဖြစ်သည်။ တချို့ဘိုးတော်က သိပ်စွမ်းသည်ဟုဆိုသည်။

၁၉၉၀ ဝန်းကျင်က ကြေးအိုးချက်ခေတ်စားသည်။ ၎င်းကြေးအိုးချက်ပူပူလေး ဆရာတို့မစားချင်ဘူးလားဟု မေးသည်။ အခုနေရ စားချင်လှပေါ့ဟု ဖြေရာ သူ့လက်အား အပ်ချိုလောင်းဟု မျက်လှည့်ပြသကဲ့သို့ လေထဲသို့မြှောက်လိုက်ရာ အငွေ့တထောင်းထောင်းနှင့် ကြေးအိုးချက်တစ်ပွဲရောက်လာသည်မှာ လက်တွေ့ပါဟုပြောသည်။ အဲဒါကြောင့် အဲဒီလိုစွမ်းတဲ့ဘိုးတော်များပါနေသဖြင့် သူ့အနေနှင့်မပြန်မဖြစ်၊ ပြန်မှဖြစ်မည်ဟု အတန်တန်ဆိုသည်။ ထောင်ပိုင်ကြီးအတွက် လူစားလွှတ်ပေးမည်။ ကျေးဇူးတင်ကြောင်းပြောပြန်သွားသည်။

ယခုမှပဲ ချင်းစုရွာမှ ထူးခြားသည့် ပါရမီရှင်နဲ့ဆရာဦးညာဏ်ထွန်းအကြောင်း

ပြောရန်အခွင့်သာတော့၏။ ဝမ်းတွင်း
အနုပညာဗီဇအား ကောင်းလွန်း
ဦးညာဏ်ထွန်းသည် မိတ်ဆွေတစ်ဦး
ရှင်ပြုအလှူဧည့်ခံဆိုင်းဝိုင်းမှ နဲ့ဆ
ဇေယျာလွင်၏ ချွဲသံသာသည့် နဲ
စာစာတွင် သာယာနစ်မြောလျက်
သည်။ ထိုည မပြန်မဖြစ်ပြန်ဖြစ်သူ
ပြန်ကြသလို ကျန်ရစ်သူများတွင်
လည်း ဆိုင်းမဖြုတ်မချင်း ဆိုင်းနားတွ
နားစိုက်ထောင်နေသည်။ နောက်
ဧည့်ခံလည်းမထဘဲ ဖွဲနပဲနှင့် နားထော
လျက်ရှိသည်။ ဆိုင်းသိမ်းခါနီးတွ
သူနဲ့မှုတ်ကြည့်လို့ရမလားဟု ပြုံးလ
အရဲကိုးကာပြောသည်။ သူ့အား ခ
တစ်ဖြုတ် လေမှုတ်ကိရိယာအကြော
သဘောသွားလေး ပြောကြားပေးပါ
လေးလေးစားစားဆိုသဖြင့် သူ့အလိုလို
ပြောပြ တဲ့တီးတော့တယ်လုပ်ပြ သူ့ခ
လုပ်ကြည့်ပြီး ၎င်းဆိုင်းဝိုင်းအား ပြန်
သည့်လှည်းနှင့်လိုက်သွားသည်။ နဲ့ဆ
အားသင့်လျော်မည့်နဲ့ဝယ်ပေးရန်ပြော
သည်။ ပြန်အလာ တော့တီးတော့တ
အသံပါလာသည်။

များမကြာမီ ကြားလာပါပြီ
အိုးစည်ဝိုင်းဒိုးပတ်ဝိုင်းများတွင် သူ့နဲ့
ကြားရသည်။ ညာဏ်ထွန်းမဟုတ်တော
ပြီ။ ဗိုလ်ညာဏ်ဖြစ်သွားသည်။ အ
ပြဇာတ်တို့တွင် သူ့ရှာငှါးရှာတုပ
ကကြပြကြသည်တို့တွင် မှတ်ရင်း
နာမည်ကျော် ရွှေမန်းတင်မောင်
တွဲသည့်ဆိုင်းဝိုင်းတွင် နဲ့ဆရာကြီး
သွားသည်။

ပါရမီရှင် နဲ့ဆရာ ဗိုလ်ညာဏ်နှ
ဇနီး ဒေါ်ညိုတို့၏လယ်သည် ကိုင်း
လေးအုပ်စု ချင်းစုရွာအနီး ဘုရားကြ
ပရိဝုဏ်မြေနှင့် ထိစပ်လျက်ရှိသည်
ထိုဘုရားကြီးတွင်း သံဃာ့ကိစ္စပြု
သံဃာတော်များနေထိုင်ရန် သံဃာ
လိုအပ်နေသည်။ ဆောက်လုပ်ချင်သ
က ဘုရားကြီးအရှေ့ဘက်တွင် ဆော
ချင်ကြသည်။ ထိုနေရာတွင် ဘုရားကြ
ပိုင်မြေမရှိ။ ဒါကို နဲ့ဆရာဗိုလ်ညာဏ်နှ
ဇနီးဒေါ်ညိုတို့မှ တာဝန်ယူလှူဒါန်း
သည်။

၎င်းနဲ့ဆရာ၏ အရီး ဒေါ်သ
သည် သားသမီးများ သူ့အိုးသူ့အိမ်နှ
တည်ငြိမ်နေကြပြီမို့ သူဘုရားကြီးတွ
နားအေးပါးအေး ဘာဝနာလေးပွား
နေချင်ကြောင်း။ သူ့အိမ်လေးကိုလ
ဘုရားကြီးတွင်သာ တဲကျောင်းလေး
ဆောက်ပေးရန် တူ၊ တူမများအားပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ အရှိုးမှအတိုင်း မညည်းမညူ ဆောက်ပေးလိုက်ကြသည်။

အရှိုးသက်သည် စာမတတ်ပေ မတတ်ပေမယ့် သက်သတ်လွတ်စား မေတ္တာသာ တွင်တွင်ပွားနေသည်။ သူနေသည့်ဘုရားကြီးသည် အရိပ်အာဝါသ အနေနှင့် သရက်ပင်ကြီးများပေါများသည်။ ရေအနေနှင့် ဘုရားကြီးရေသည် နာမည်ကြီးလှသည်။ ရေနွေးကျိုရာတွင် တောင်းလွှန်း၍ လှည်းများဖြင့်လာခပ်ကြသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်ကရောက်လာလာ စည်းစောင်ရမ်းမရှိ။ မြန်မာ့ကျေးလက်သဘာဝ၏ ပသာဒဂုဏ်ကိုလာလာကြ ဆုန် သူတို့အား မမောတမ်းပြောနေသည်။

ပရလောကသားများနှင့် ဥစ္စာစောင့်များပေါများလှသည်။ တော်ရုံ ဘန်ရုံလူ မလာဝံ့၊ မနေဝံ့ပါ။ ထိုဘုရားကြီးတွင် အရှိုးသက်နေသည်မှာ ပထမဆုံးမိန်းမသားဖြစ်သည်။ အရှိုးသက်ထိုင်နေလျှင် ရင်ခွင်အတွင်းသို့ သရဲများ သူ့ ဆတ်ငါဦးအောင်လုထိုင်တတ်ကြသည်။ နင်တို့ကလည်း ငါကောင်းကောင်း မှိန်မွှန် မေတ္တာပွားမရ၊ သွားကြ ဟု ခပ်ထန်ထန် မောင်းမဲလွှတ်မှရသည်။ မြော် - သူမလည်း သူ့အစွမ်းသူ့အစ နှင့်မို့သာ သည်နေရာမှာနေနိုင်တာဖြစ်ပည်။

ဟိုရွာသည်ရွာမှ ဥာတကာများ သာလာသွားသွားနှင့် အိမ်သို့ပင့်သွားတာ ကျွေးမွေးပြုစုကြသည်။ ဘေးကင်းရန်တွာလွန်ချမ်းသာ၍ လာဘ်သပ်ပကာများလည်း ဝင်လာမစဲတသဲသဲဖြစ်စေဖို့ အစီအမံများလုပ်ပေးရန် ပူဆာကြသည်။ သူလုပ်ပေးလေ့ရှိသည်မှာ ဟိုစဉ်ကတွေ့ရည်သုတ်ပန်းကန်ပြားတွင် ဆန်အနည်းငယ်ထည့်၊ ၎င်းဆန်ထဲတွင် (၅) ကျပ်တန်တစ်ရွက်အားစိုက်လျက် ဘုရားရှေ့တွင်ပြင်ပေးထားသည်ကိုတွေ့ နူသည်။ ထိုနည်းနှင့်ပြုလုပ်ထားသူ တစ်ယောက်သည် အဆင်ပြေနေပုံရသည်။ (၅) ကျပ်တန်ဖုန်ပေနေသဖြင့် ညစ်နွမ်းနေသည်။ အသစ်လဲမည်ဟု ချည်ရွယ်လျက် သူ့သဘောနှင့်သူ ဆွဲနုတ်သူသည်။ ပြစုတ်သွားသည်အထိဆွဲနုတ်ရေသဖြင့် ကြောက်လန့်ပြီး နေ့ခင်းကြောင်တောင် လှည်းကြီးတပ်မောင်းပြေးလာသည်။ အရှိုးသက်လိုက်သွားတာ ထိုစုတ်ပြဲသွားသည့် (၅) ကျပ်တန်အား ဆွဲထုတ်အသစ်ပြုလုပ်ပေးလိုက်သည်။ ထိုကဲ့သို့ အစွမ်းအစရှိသည့် အရှိုးသက်၏ယောကျ်ား ဓာတ်ဗိန္ဒောပယောဂဆရာအား ကျွန်တော်မမီပါ။ ၎င်းဆရာ ဆေးကုသွားရာ အိမ်ဝသို့ အရောက် အိမ်ပေါ်တက်မည်အပြု ငရုတ်ကျည်ပွေ့ကြီးသည် ဒေါ်နှင့်မော နှင့် မာန်ပါပါ ဒေါက်ဒေါက်နှင့်ထွက်လာကာ ကြိုသည့်အကြောင်း၊ ပညာသည်က နင်လိုဆရာ ဘယ်လာမှုလိမ့်မလဲ ဆိုသည့်သဘော ပညာပြိုင်ကြပုံများ အရှိုးသက်ပြောပြဖူးသည်။

မေတ္တာရှင်အရှိုးသက်၏ယောက်မ ဒွေးလေးငယ်၏ ခင်ပွန်း ဦးကံစိန်ကလည်း တစ်မျိုးတစ်ဘာသာထူးသည်။ သရဲများနှင့်မှ ပလဲနံ့ပသင့် အပေါင်းအသင်းဝင်ဆုံလှသည်ကို တွေ့ရသည်။ ငယ်စဉ် မောင်ကံစိန်ဘဝက ပျင်းလျှင် သရဲများနှင့် တူတူပုန်းတမ်းကစားသည်။ သူကစပြီး ကဲ - စိန်ပြီဟောဆိုသည်နှင့် သရဲများပုန်းကြသည်။ မိလျှင် မျက်နှာငွဲ့လျက်ဝှက်ထားကာ ပုဆိုးကွက်ကျားကြီးများနှင့်သာ တွေ့ရသည်။ သူတို့မျက်နှာအား ဘယ်လိုမှမပြဟုဆိုသည်။ မင်းအလှည့်လိုက်ဦးဟုဆိုလျှင်လည်း ဘယ်နေရာမှာပုန်းပုန်း ခဏကလေးနှင့်လာပြီးကျောကိုတို့ကာ မိပြီဆိုသည့်အသွင်ပြုသည်။ သူများနှင့်ခေါင်ပုံပစ်တမ်းကစားလျက် လက်မဖြောင့်သည့် မောင်ကံစိန်ရှုံးစမြဲဖြစ်သည်။ ထိုအခါ သူ့အပေါင်းအသင်းသရဲများအား ခေါင်ပုံပစ်တာရှုံးနေကြောင်းပြောသည်။ သူပစ်သည့်ဒိုးကို ခေါင်ပုံတည့်တည့်မှန်အောင်ပြုလုပ်ပေးရမည်၊ ဘေးထွက်သွားသည့် ဒိုးအား လေနှင့်ဝိုင်းမှုတ်ပေးကြခြင်းဖြင့် ခေါင်ပုံအရှ တည့်တည့်ထိကာ အနိုင်ရစေသည်။ ကုန်းကွကွနှင့် လေနှင့်ဝိုင်းမှုတ်နေကြသည့် ဥာဏ်တုံးလွန်းသည့် သရဲများ၏လုပ်ရပ်ကို မြင်နေရသည့် ဦးကံစိန်ပါ။

သရဲများလက်ကိုင်ထား စတိုင်ထွားသည့် မောင်ကံစိန် ရောင်လှုံ့မှိန်စတွင်-

"ကံစိန်ရေ မင်းနွားနံပိန် ပြန်ချိန်ဘန်မရောက်ဘူး။ ပေါက်တူးတို့ နွားအုပ်ထဲရောပါသွားတယ်"

ဟုအပြော အမောတကောအပြေးလိုက်ကာမောင်းပြီး ပြန်အလာ ရွာနားမရောက်တရောက်တွင် ကြောက်မည်ထင်၍ခြောက်မည်ပြင်လေသလား။ ဖြူဖြူကြီး ရှေ့ရင်ချီလျက် အကဲပိုပြသည့် သရဲပျိုမနှင့်ပက်ပင်းတိုးတော့၏။ ချက်ချင်းဆိုသလို ဟိုကောင်ညီမောင်တို့ပြောပြောနေတဲ့ ချောချောမေရဲ့ အပေါ်ပိုင်း အဝတ်ဗလာနှင့် လွတ်လပ်စွာ မှတ်သပ်စရာကြီးပြတယ်ဆိုတဲ့သရဲမပဲဟုသိသည်နှင့် ဘယ်သူကြောက်ပြီးပြေးရမလဲကြည့်ကြသေးတာပေါ့ဟုဆိုကာ ဖြိုးဖြိုးကြီးအနား တိုးတိုးပြီးအသွား အပါးပါး-နည်းတာကြီးမဟုတ်။ ဆွဲကာယီးတီးယားတားလုပ်မည့်အကြံနှင့် အမြန်လက်ရွယ်အထုတ် ရှက်ဖွယ်ဟုတ်လုပ်ကာ သုတ်သုတ်ပါအောင် ပျောက်ကွယ်သွားတယ်ကွာဟု ဖြူးဖြီးဖြီးနှင့် အုန်းသီးကြီးအလားဟု စကားအချ မယားအလှ ဘုရားအမဒွေးလေးငယ်က -

"ဦးကံစိန်ကြီးလေ၊ ကလေးတွေကိုတောပြောတောင်ပြော ကလေးကုလားတွေ လျှောက်ပြောနေတယ်"

ဟု ဟောက်လေလျှင် အောက်ခြေတွင် စုပုံထားသည့် ထင်းချောင်းတစ်ချောင်းပြီးတစ်ချောင်း တဖြောင်းဖြောင်းနှင့် ဟောတစ်ဖြတ်ဟောတစ်ဖြတ်ဇလာ၍သာဖြတ်လိုက်ရာ လှည်းတစ်စီးတိုက်ပုံခဏနှင့်ပြိုက်ခနဲကုန်သွားသည့် အတိတ်၏ရိပ်သွင် စိတ်ထင်ပြန်မြင်လာမိလေသည်။

အကဲပိုပြသည့် သရဲပျိုမနှင့် အဲဟိုညက ပလဲနံ့ပမကြသည့် ဦးကံစိန်၏ယောက်ဖ ဒွေးလေးငယ်၏မောင်ဖြစ်သူ ဦးစံဝင်း၏ ထူးပြန်ခြင်းကလည်း သူ့ခြံတွင်းကအိမ်ကို ဘုရားကြီးပြောင်းကျောင်းဆောက်ပေးရန်နှင့် သူ့အားရဟန်းဝတ်ပေးရန် ပူဆာသည်။ သူငါတို့နှင့်ဝိုင်း တိုင်းတိုင်းထွာထွာ ချင်းစုကျောင်းသွားကာ ဆရာတော်အားလျှောက်ထားသည်။ ယောကျ်ားတန်ခွန် လူရည်ချွန်မှ ဒီလိုမွန်မြတ်သည့်အလုပ်လုပ်သည်ဟု ဆိုကာ အားရဝမ်းသာ ရဟန်းဝတ်ပေး၍ ဘုရားကြီးကျောင်းတွင် အေးအေးဆေးဆေး သီတင်းသုံးနေစေသည်။

ဘုရားကြီးရောက် ဦးပဥ္စင်းကြီးဦးစံဝင်းသည် ည (၇) နာရီတွင် ဘုရားဝတ်တက်မေတ္တာပို့အမျှဝေကြေးစည်ထုသည်။ နံနက် (၄) နာရီတွင်လည်း ဘုရားဝတ်တက်မေတ္တာပို့အမျှဝေကြေးစည်ထုပြန်သည်။ ဦးပဥ္စင်းကြီးဦးစံဝင်းခရီးသွားခိုက် ကြေးစည်ထုတာဝန်ဖွား အချိန်မှန် သရဲများမှ တာဝန်ယူထုပေးသည်။ အများက ဦးပဥ္စင်းကြီးဦးစံဝင်းထုသည်ဟုသာ ထင်နေကြသည်။ ဦးပဥ္စင်းကြီးဦးစံဝင်း သူ့ကျောင်းလေးတွင် (၃)၊ (၄) နှစ်နေပြီး ပျံလွန်သွားသည်။ သူ့ကျောင်းဟောင်းလောင်းလေးအား ဂန္ဓာရီဒန်း

www.burmeseclassic.com

ကြီးများဟုဆိုကြသည့် ဘုန်းကြီးများ မကြာမကြာကြွလာကာတည်းကြသည်။ တချို့ဘုန်းကြီးများ မနက်ပင်မရောက် သရဲခြောက်သဖြင့် ကြောက်ပြီး ညတွင်းချင်း ထွက်ပြေးကြသည်။

တချို့သောတချို့ထဲတွင် မချို့မငဲ့ ဥစ္စာနဲ့စည်းစိမ်ညှိုးမမှိန်သည့် ဟိုးပုသိမ်ဆိုတဲ့မြို့က မိဘနှစ်ပါးမှ အတိဇာတသားတစ်ယောက်အဖြစ်ဖွားမြောက်လာသည့် ဦးလာဘ ဦးစွာစ ရဟန်းဖြစ်ကတည်းက ဂန္ထဓုရ ဝိပဿနာဓုရမှုအရ အရပ်ရပ်ကို လှည့်လည် သာယာဝတီ ခရိုင် အုတ်ဖိုမြို့နယ်၏ အရှေ့ကျွှာ ကျောက်ဖျာရောက်ရာတို့တွင် တောရပ်မှီ၍ ခရီးပေါက်ပြီးမှ ချင်းစုရွာအနီး ဘုရားကြီးကျောင်းပြောင်းရောက်လာသည်။

ထိုရဟန်းတော်၏အမှုအရာသူငါကစ ဘယ်သူဘာမှဟာမရအောင် အစစအရာရာ ကြည်ညိုဖွယ်ရာအသွင်ကိုဆောင်သည်။ ထိုဘုရားကြီးတွင် အရင်ဆုံးထိတွေ့ရသူက အနီးဆုံးတွင် လယ်လုပ်သည့် ပါရမီရှင်နဲ့ဆရာဗိုလ်ဉာဏ်နှင့် ဇနီး ဒေါ်ညိုမိသားစု ဖြစ်သည်။ ကြည်ညိုထိုက်သည့်ရဟန်းမို့ အစွမ်းကုန်ကြည်ညိုလိုက်ကြသည်။ အေးချမ်းစွာ တရားအလုပ်အားထုတ်နိုင်စေရန် လိုအပ်ရာရာ ဖြည့်ဆည်းပေးသည်။ ရဟန်းတော်သည် လိုအင်ဆန္ဒများလည်း နည်းပါးလှသည်။ သပိတ်တစ်လုံး၊ သုံးထည်သော်သင်္ကန်းကလွဲ၍ ဘာမှမရှိပေ။ ဗိုလ်ဉာဏ်မိသားစုနှင့် ဆရာဒကာဖြစ်သွားသည့်အားလျော်စွာ သူမိဘရပ်ထံ ခေတ္တပြန်ကြွရန် နဲ့ဆရာသားနှင့်တူအား ကပ္ပိယဒကာအဖြစ် ခေါ်သွားရာ လိုက်ပါသွားကြသည်။

ဆိုင်ကြီးကနားကြီးနှင့်ခိုင်ပြီးသာ အခြေအနေတွေ့ရသည်။ တပည့်တပန်းများပါလာသည်ကိုတွေ့ရသဖြင့် ဟိုတုန်းက ဗန္ဓုလစောင်၊ ခြင်ထောင်အိပ်ရာခင်းတို့အား အပြန်တွင်ဝယ်ထည့်ပေးလိုက်သည်။ လမ်းတွင် ထိုအထုပ်ကြီးအားမြင်လျှင် ဟိုစဉ်က သိဟောင်းကျွမ်းဟောင်းပေလားမသိ -

"ဦးပဉ္စင်းအထုပ်ကြီးကကြီးလိုက်တာ။ ဘာတွေများလဲဘုရား"

ဟု မေးလည်းမေး၊ လက်ကအထုပ်ဆွဲယူကာ ဖွတ်ကာယ်လတ်ကယ်ဖြေကြည့် -

"ဟာ - ကောင်းလိုက်တဲ့စောင်ကြီး"

"ဒကာကြီးကြိုက်သလား"

"ကြိုက်တာပေါ့ဘုရား"

"ကြိုက်ယူလိုက်ပါ"

ရှောရှောရှူရှူပေးတော်မူသည်ကို နောက်ပါကပ္ပိယလူငယ်နှစ်ဦးမှ -

"ဘယ်လိုပါလိမ့် တကယ်ယူတယ်ဟ"

ဟု ကြားက နှမြောတသနေမိသည်။ ကျန်တာများလည်း မ,စမည့် ဘိုးတော်နှင့် တိုးတော်မမှုပါစေနှင့်ဟု ဆုတောင်းနေရကြောင်း ပြောပြသည်။ ထိုမိသားစုမှစ တစ်စတစ်စနှင့်ဟိုကဒီက လာကြသွားကြကာ ဆွမ်းမရှား၊ ကွမ်းမရှား တစ်ထပ်ဆွမ်းစားဟု ထင်ရှားသွားသည်။

ထိုရဟန်းတော်သည် သူ၏တရားအလုပ် ငလျှောင်း၊ ထိုင်၊ ရပ်၊ သွား (၄) ပါးအရိယာတွင် လမ်းလျှောက်မှတ်အား နံနက် (၄) နာရီခန့်ထ၍ လျှောက်မှတ်မှတ်သည်။မှတ်ရာတွင် ခြေထောက်တစ်လှမ်းလှမ်းလိုက်လျှင် ဝင်းခနဲတစ်ချက်ထွက်သည်။ တစ်လှမ်းလှမ်းလျှင် တစ်ချက်ဝင်းခနဲထွက်သည်ကို ကျောင်းချင်းနီးလျက်ရှိသည့် မေတ္တာရှင် အရိုးသက် မြင်သည်။ ထိုအရပ်ဒေသတွင် စုန်းတောက်သည်ကို လူတိုင်းလိုလိုမြင်ဖူးထားကြလေတော့ အရိုးသက်လည်း ဒီဦးပဉ္စင်းက ပညာသည်ကြီးဟု တထစ်ချ တွေးထင်သွားချေသည်။ မနက်ထလင်းသည်နှင့် ချင်းစုရွာအတွင်းဝင်၍ သူ့ယောက်မဒွေးလေးကြီး၊ ဒွေးလေးငယ်တို့အား တစ်အိမ်တက်ဆင်း အတင်းသဘော အဖျင်းရောကာ ဘုန်းကြီးက ပညာသည်ကြီး။ မနက်စောစောက ဝင်းခနဲဝင်းခနဲ စုန်းတောက်နေတာ တွေ့ရကြောင်းပြောမိသည်။

နေ့လယ်ဘက် အရိုးသက် ဘုရားကြီးရှိ သူ့တဲကျောင်းလေးသို့အပြန် သူ၏တဲကျောင်းလေးခမျာ လဲလျောင်းလေးသာတွေ့ရတော့သည်။ လေမတိုက် မိုးမရွာနှင့် ပြိုကျကာသွားသည့်အတွက် စရိယသမား သူတော်ကောင်းအား စွပ်စွဲသည့်အပြစ်ဒဏ်ချက်ချင်းခံလိုက်ရတာနေမှာဟု ပြောကြပါတော့သည်။

တဲကျောင်းလေးပြန်ပြင်ဆောက်သည့်နေ့တွင် စာရေးသူ၏ချစ်ဇနီးသည် အဖြစ်ကြီးဖြစ်သည့် ရောဂါကြောင့် ကျွန်တော့်အား မင်္ဂလာဒုံစစ်ဆေးရုံတွင် တင်ထားရကြောင်း ပါရမီရှင်နဲ့ဆရာနှင့် ဇနီးဒေါ်ညိုတို့အား ပြောပြရန်ရောက်သွားသည်။ ထိုစဉ်ခိုက် ရဟန်းတော် ကြွလာသည်နှင့်ဆုံသည်။ ဒါ သူ့ညီမ၊ ... ယောကျ်ား ဆေးရုံတင်ထားရသ... အကြောင်းလာပြောတာဟု ရဟန်းတော်... နှင့် မိတ်ဆက်စကားပြောပေးသည်။

ရဟန်းတော်မှ ဖျတ်ခနဲ -

"ဟာ - အဲဒီလူနာ အဲဒီရောဂါ... မသေနိုင်ဘူး။ ဒါပေမယ့် သူ့ရောဂါ... ငြိမ်ငြိမ်ဆိမ်ဆိမ်နေရမယ့်ရောဂါ။ မ... ရဘူး။ အဲဒီလူနာငြိမ်ငြိမ်မနေဘဲ အ... ပြေးနေတယ်"

ဟု မိန့်တော်မူလိုက်သည်။

ဇနီးသည်လည်း အားပါလှ... ချက်ချင်းဆက်ထွက်လာ။ အထ... ကျွန်တော်မသေဘူး ဟူသော စ... ကျွန်တော့်အား ဆက်ကာကြားစေ... သည်။ ကြည့်စမ်း-ထူးဆန်းလိုက်တာ... ငါပြေးနေတာကစ ငါ့ဖြစ်အင်ကိုဖော်... ထွင်းသိမြင်တဲ့ ပုဂ္ဂိုလ်ပါလား။ သာ... ရဟန်းတော်တော့မဖြစ်နိုင်ဘူးဟု အံ့... မှုနှင့်အတူ လေးစားရိုကျိုး အား... ယုံကြည်ဖြစ်မိသွားပါသည်။ အား... ပါးကြီး အများကြီးအားရှိသွားပါတော့... သည်။

ဓာတ်တိုင်တစ်တိုင်နှင့် တစ်တိုင်... ကွာခြားလှ , ပေတစ်ရာအလွှဲန်ဆုံး... ရင်းပေတစ်ရာလောက်ကို ကျွန်တော်... ဟာ မိနစ်သုံး၊ လေးဆယ်ပြေးယူ... တယ်။ ပြေးတယ်ဆိုတာ စိတ်က... အာသာဖြေပြေးတာ၊ ဟန်ပြေးပြေး... တာ။ တကယ်က လှုပ်လှုပ်ကလေးသွာ... နေခြင်းသာပါ။ အဲဒီလောက် ခါးကကျ... သပ်ပြီး မလှုပ်နိုင်မကိုင်နိုင်ဖြစ်နေတာ... ပါ။ မိမိစိတ်ကို တင်းလုပ်နေတာ... ပါရဂူကလည်း ခါးကျပ်လာသလားမေး... ပါတယ်။ ဟုတ်တယ်၊ ကျပ်တယ်ပေ... တကယ်တော့ ဒီအခြေအနေမှာတကယ်... မောစရာ။ မလွယ်ကြောပါ၊ လျှော့သွား... တာတွေများပါတယ်။ သို့သော် ငါပြေး... နေတာသိတဲ့ ပုဂ္ဂိုလ်ထူးရဲ့စကားအ... ငါမသေဘူးဆိုတာ သေချာသွားပြီး... ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပါတယ်... ဒါ ကျွန်တော့်ရောဂါပျောက်ဆေး... အဓိကဆေးချက်တစ်ခုဖြစ်ခဲ့ပါတယ်။

အဲဒီယုံကြည်မှု မတည်ဆောက်... နိုင်စဉ်က မှန်တာပြောရရင် ဒီလိုနိမိတ်... တွေမြင်နေပါတယ်။ ဆင်မကြီး၏နောက်... မှ ဆင်သားငယ်လေးအဖြစ် မိခင်... ဖျားမှ ဂငယ်သ...ွာန်ခြေသည်းကြီးအား... နောက်မှနေ ...ည့်ကာကြည့်တာ လိ... နေရပုံ အိပ်မက်လိုလို၊ တကယ်လို... မျက်စိထဲမြင်နေပါတယ်။ ဘေး...ခုတင်...


www.burmeseclassic.com

www.burmeseclassic.com

တာ ရဲဘော်တွေ သေလိုက်ကြတာ။ သေခါနီး ခင်ရေ ခင်ရေနဲ့ ခေါ်ပြီးနေတယ်။ အလိုက်သိစွာနဲ့ကြေးနန်းရိုက်ထားတယ်။ လာနေပြီဘာညာပေါ့။ အသေဖြောင့်အောင်ပြောပေးကြတယ်။တချို့ကလည်း ညီမရေ ညီမရေနဲ့ပဲ အသက်ထွက်သွား။ အိပ်ရာခင်းဖြူအုပ်ထုတ်သွားကြတာတွေ တွေ့ရပြီး ငါ့အလှည့်ဘယ်တော့လဲ၊ ဘယ်နေ့လဲတွေးကာ အားငယ်နေတာပါ။

အထက်ကကျွန်တော်၏အသက်ဆက်ပေးသည့် ကျေးဇူးတော်ရှင် ရဟန်းတော်အား မှန်းမျှော်ကာ ဦးတင်၍ ဖူးမြင်သည်မှအပ လက်တွေ့မျက်တွေ့ မဖူးတွေ့ဘူးပါ။ သို့သော် ကျွန်တော်၏ သိက္ခာ သမာဓိပြည့်ဝလှသည့် ဆရာတော်အား ထိရှမည့်အရာပေါ်လာပါတော့သည်။

တစ်နေ့ အဝတ်မလုံမလဲနှင့် အတင်းဖုံးဖိ၍ဖျော့မြစ်နုနယ်သည့်ကလေးမလေးတစ်ယောက်အား ချုပ်နှောင်ခေါ်လာသည့်လူတစ်စု ကျောင်းပေါ် ရောက်လာကြသည်။ ရဟန်းတော်မြင်သည်။ ကြည့်ပြီး ပါလာသူအားလုံးအား အပြင်သို့ထွက်သွားခိုင်းလိုက်သည်။ ထွက်သွားကြလျှင်-

“အေးကွာ။ မင်းမလည်းသားကြီး၊ မယားကြီးနဲ့ပဲ။ အခုလိုကြီး အဝတ်ဗလာနဲ့ သွားချင်ရာရာသွား ထွက်ပြေး အရှုးတစ်ပိုင်းမိန်းမရိုင်းကြီးဖြစ်နေရှာတာ သူ့အမျာ ဘယ်လောက် သနားစရာကောင်းလဲ ကြည့်ကြည့်စမ်း။ မလုပ်ကောင်းဘူး ဝရှလည်တတ်တယ်နော်။ စူးစမ်းဆင်ခြင်တဲ့ ကိုယ်ချင်းစာတရားလေး လက်ကိုင်ထားပေးပြီး သနားညှာတာသောအားဖြင့် မင်းဝညာမင်းပြန်နုတ်ယူသွားပေးဖို့ မေတ္တာရပ်ခံတယ်။ ငါမေတ္တာပို့ပေးမယ်”

ဟု ဝန်ခံကာ မေတ္တာပို့ပေးပါသည်။

ဗို့လွှတ်အပ်သော မေတ္တာဓာတ်အရှိန်အဝါကြောင့် အချိန်မကြာ ချက်ချင်း ကြည်လင်၍ ပီပြင်သွားသည်ကို မြင်ရမှ အပြင်ကလူများအား လာခေါ်သွားနိုင်ပြီဟု မိန့်တော်မူသည်။ ပါလာသူများမြင်ရချက် ရှင်ပျံလျက် အရင်ကထက်လှပနေသည့် သူမအား ကြည့်ကာကြည့်ကာ ပီတိဖြာလျက် ဒီအထိလာရချက်တန်ပြီဟု အံ့သြတကြီးဖြစ်ကာ ပြောလာသောစကားက သူတို့အစကဒီကလေးမ မီးယပ်သွေးကြောင့်ထင်ပြီး အရပ်ဆေးမြီးတိုများပေး ခပ်အေးအေးနေမိကြောင်း၊ အဝတ်ဗလာဖြစ်လာကာမှ တတ်စွမ်းအည်ဟုထင်ရသော ဆရာများနှင့်ကုရန်တိုင်ပင်ပြီးကုကြကြောင်း၊ ဆိုးသည်ထက်ဆိုးအလာ ဘုရားကြီးမှာရောက်နေသည့်ကိုယ်တော် တော်တော်စွမ်းစွမ်းလို့ကြားသည်။ အဲဒီကိုခေါ်သွားပြကြည့်ပါလားဟု ဗမာမိတ်ဆွေများမှ ပြောသဖြင့် ယခုကဲ့သို့ လာခဲ့ကြောင်း အခုလို အကောင်းပကတိအတိုင်းတွေ့ရမြင်ရတော့ ဝမ်းသာအားရဖြစ်ရပါကြောင်း၊ ကျေးဇူးလည်းတင်ကြောင်း၊ ဘဝပျက်၊ အလှပျက်၊ အရှက်တကွဲ အကျိုးနည်းဘဝမှ လွတ်မြောက်အောင် စွမ်းဆောင်ကယ်တင်ပေးသည့် ကြီးမားလှသော ကျေးဇူးတုံ့ပြန် ပေးဖူးတယ်ရှိအောင် ကျွန်ုပ်တို့မိဘများအနေနှင့် သည်ကလေးမအား ဒီမှာပဲထားခဲ့တော့မည်တဲ့။ မသင့်လျော်ကြောင်းပြောသော်လည်း ဘူးဆိုဖရုံမသီးသည့် လူမျိုးပီပီ စိတ်ချယုံကြည်စွာ ထားသွားကြသည်။ သူတို့လူမျိုးချင်း သားကြီးမယားကြီးရှိပါလျက် ဒီကလေးမအပေါ် မတော်မလျော် မောဟဘက် လောဘစွက်ကာ သူတို့ပညာဖြင့် ချစ်လို့လုပ်တာပါတဲ့။

ရိုးသားသည့်သဘော ဘွင်းဘွင်းပြောသည့် တောတွင်းသားများဖြစ်သည့်အားလျော်စွာ သူတို့ဘာသာအရ ဘုန်းကြီးက ရတယ်လေ ကိုယ့်ဘာသာလည်း ဒီလိုပဲထင်ကာ ကျေးဇူးဆပ်သွားတာဖြစ်မှာဟု ကျွန်တော်တွေးသည်။ မအေးသည်ကတော့ ရဟန်းတော်လေး။ တွေးတွေးဆဆနှင့် ကလေးမလေးအား မေတ္တာရှင် အမေသက်ကျောင်း ပြောင်းအပ်ကာ တိတ်တဆိတ်ထွက်ပြေးရှာတော့သည်။

စုံးစမ်းခါလိုက် ပြန်ပါလိုက်နှင့် သံသရာ၌ ခံသာခိုက်ခံလိုက်ဦးဟု နှလုံးပြုရုံးမည်ဟုကြံ မိဘများထံထွက်ပြေးပြန်သည်။ ဘယ်ပြေးမလဲ။ ရေမြေအဆုံးပြေးပုန်းဦးမလား အပြေးအလွှားရောက်လာပါမည်။ မိဘများ သူတို့သားတစ်ခုခုများဖြစ်သွားလေမလား စိုးရိမ်လာသည်။ အကြောင်းကြောင်း ကောင်းကောင်းပြဖျောင်းဖျရာ ချောင်းခွမှာ တောင်းလှစွာ ဝါးရောင်းဝယ်ရေးပြုပေးလိုက်ပါသတဲ့ ခင်ဗျား။

ဝတ်ကြောင်ကိုလွှတ်အောင် ဖွတ်ရှောင်ရုံးသော်လည်း ဝဋ်မှောင်ဖုံးသည့် မဆုံးသံသရာ ကံကြမ္မာဖန်လာပုံ ဆန်းကြောင်းကို ကျွန်တော် ဂျုတ်ကျရာဆေးခန်းသို့ ကာကွယ်ဆေးထိုးရန်ကိုသန်းဒွေးလင်မယားတို့လာကြသည်။ ခင်မင်ကြသည့် မိတ်ဆွေရင်းများပီပီ -

ကျွန်တော်၏ ကျန်းမာရေးအကြောင်းပြောဖြစ်သွားသည်။ အထက်ဖော်ပြပါ ရဟန်းတော်သည် စွမ်းတော်မူလှသည်။ ရဟန်းတော်၏ စူးရှမည့်ထူးလှသည့် အမှားစဉ်သည့် တရားအမြင်အတိုင်း မဆိုင်းမတွ မိန့်တော်မူသော အဲဒီလူနာ အဲဒီရောဂါနှင့် မသေနိုင်ပါဟူသောစကားကြားသိ အားရှိသွားရာမှ ကောင်းသွားပါကြောင်းပြောလျှင် အဆောတလျင် သူ့ဇနီး မရင်မေမှ တူလိုက်တာ၊ တူလိုက်တာဟု အူလှိုက်သည်းလှိုက် ဆက်တိုက်ပြောလိုက်တာက -

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် အနောက်မြောက်ဘက် (၂) မိုင်ခန့်အကွာတွင် အမည်မဖော်ပြလိုသည့်ရွာ၌ ဦးပဏ္ဍိတကိုယ်တော်လေး မွေးဖွားသန့်စင်သည်။ စီးပွားဥစ္စာဖြိုးကြွယ်ပြည့် မျိုးနွယ်၏တန်ခိုးထည်သည့် ပါဝါအာဏာရတစ်ဦး၏ သားထူးဦးပဏ္ဍိ အထူးကြံမိသည်က သာသနာမှာနေလျှင် ပရိယတ္တိပြည့်မှ ပဋိပတ္တိဖြည့်ရအဆင်ပြေမည်။ မန္တလေးသွားစာသင်မည်။

ထိုအကြောင်းအား မိဘများပြောရှောခနဲ သွားလိုသော ကျောင်းကောင်းကောင်းပို့ပေးသည်။ မန္တလေးတွင် ဂန္ထဝင်ရမပူရဖြည့်ပြီးလျှင် ဝိပဿနာဓူရယူမှုဟုအားခဲ တရားလည်းကြိုးစားအားထုတ်ပြန်သည်။ အားရပါးရ အဝါးဝမှ ရွာကျောင်းသို့ ပြန်ပြောင်းကြွလာတော်မူသည်။

ရွာရောက်လျှင် ရွာကျောင်းတွင် မနေလို၊ ရွာနှင့်မနီးမဝေး တောတန်းလေးတွင် ကျောင်းသင်္ခမ်းလေးဆောက်ပေးစေသည်၊ သားတော်မောင်၏ ဆန္ဒအလို စံမြဲကို စီမံပေးပြန်သည်။ ဟုတ်သည်လေ။ ကရိကထမများချင်သည့် စရိယသမားအရှင်မဟုတ်လား။ တိတ်တိတ်နေနေနှင့် အရိပ်ရေထို့ကလည်း ပြည့်စုံသည့် ဇတာရသဘောကျ အဟောဝတ ကောင်းလေစွ၊ ကောင်းလေစွဟု လျှောင်းနေရင်းကလည်း၍။ ထ၊ ထိုင်၊ ရပ်၊ လျောင်း နေရာမြောင်း ကောင်းကောင်းမှတ်ကာနေလာရာ -

အများသူငါတို့ ဦးပဥ္စင်းလေး ပဏ္ဍိပြန်ကြည့် တင်ပါးနှင့်ပျဉ်ပြားမထိ တစ်တောင်လောက်လွှတ်နေသည့်ဖြစ်အင် တွေ့မြင်ရသည့်နေ့ကစ လေ့လာ

www.burmeseclassic.com

ကြ၊ ဟော့ - လာကွ၊ ဦးပဥ္စင်းလေးပဏ္ဍိ၏ တစ်တောင်မြောက်ပျဉ်မထိသတင်း မြင်သိသိချင်း စောစီးစွာ တောမီးပမာ ပျံ့နှံ့သွားပါတော့သည်။ ဟိုကလာ သည်ကသွားနှင့် ဘုန်းကံကြီးမား ပစ္စည်းလေးပါးလည်း ပေါများလာသည်။ ငွေကြေးလည်း အတော်လေး စုဆောင်းမိရှာ၏။ တိတ်တဆိတ် ကျောင်းအောက်တွင် သိုသိပ်စွာမြှုပ်နှံထားလိုက်သည်။

ဘေးကင်းရန်ကွာ လွန်ချမ်းသာ၍ မနာရလို တောင်းဆုဆိုလည်း နင့်ကို မညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့သည့် ဦးပဏ္ဍိ အကူးမြန်သည့် ဘေးရောဂါဖိချေပြီ။ သိလေသည့်ဒကာများ ဦးပဥ္စင်းလေးအနား လာလာသွားသွား ဗျာများလျက်ရှိကြသည်။ ဝိပဿနာတရားအထူးအားထုတ်ထားခြင်းရှိသည့် ဦးစံအေးတစ်ယောက်သာ မရောက်လာဘူးဖြစ်နေသည်။ ဒီနေ့တော့ သွားဖြစ်အောင်သွားမည်ဟု ဦးစံအေး ဦးပဥ္စင်းလေးတောရကျောင်းသွားလိုက်သည်။

တစ်ဖက်မှလည်း ဦးပဥ္စင်းလေးထံ လာသည့် ယောကျ်ားများ နှစ်ခါပြန် မကြည့်ရမနေနိုင်လောက်အောင် ချောမောလှပသည့် သီလရှင်လေးတစ်ပါးလည်း လက်တွင် ဒန်ရေနွေးအိုးလေးဆွဲကာကြွလာသည်။ ဦးစံအေးနှင့် သီလရှင်လေးတို့ ရှေ့ဆင့်နောက်ဆင့် ဦးပဥ္စင်းလေးအား ဦးတင်ကြသည်။ ဖူးမြင်သည့် သီလရှင်လေးအား ဦးပဥ္စင်းလေးမြင်လျှင် မျက်ရည်တောက်ခနဲကျသွားသည်။ ဒါကို ဝိပဿနာဆရာဦးစံအေး မြင်လိုက်သည်။ ဟယ် - ဦးပဥ္စင်းလေး မျက်ရည်ကျတာ ဟိုလိုလားဒီလိုလား မတွေးကောင်းမတွေးရာ တွေးမိသွား၏။ ငါတောတွေးတောင်ဘွားလျှောက်တွေးနေတာ ပြစ်ဒဏ်သင့်နေဦးတော့မည်ဟု အခြေအနေကြည့်ပြန်ခဲ့သည်။

နောက်များမကြာမီ ဦးပဥ္စင်းလေး ပျံလွန်သည်။ ဦးပဥ္စင်းလေးပဏ္ဍိသမိုင်းသည်အပိုင်းထိ အကောင်းတွေဝိုင်းနေသည်။ လမကြာ သီလရှင်လေးလည်း မနေသာ သေရှာသည်။

ရပ်ရွာထုံးစံ သင်္ကြန်ကာလ ဘုရားသွားကျောင်းတက်အား ရွာဦးကျောင်းတွင်ပြုကြတာများသည်။ ဦးပဥ္စင်းလေးပဏ္ဍိ ပျံလွန်၍ သူ့ကျောင်းကလေး အားနေသည်။ ဒီနှစ် ထိုကျောင်းကလေးကို ဝိပဿနာဆရာကြီး ဦးစံအေးနှင့်အဖွဲ့က တောရကလေး သဘောကျရွေးပြီး ကြိုတင်၍ ရှင်းလင်းထားလိုက်ကြသည်။ ရွာဦးကျောင်းတွင် သီလဆောက်တည်ပြီးသည်နှင့် သူတို့အဖွဲ့ ဦးပဥ္စင်းလေးတောရသို့ပြောင်းခဲ့ကြသည်။ ရောက်သည်နှင့် အရင်ဆုံး တရားထိုင်ကြသည်။ စားသောက်ပြီး တစ်ရေးတစ်မောအိပ်နားကြသည်။ နေ့လည်း တရားဆက်ထိုင်ကြပြန်သည်။ ညနေစောင်း နေအေးအေး တရားတစ်ထိုင်တော့ထိုင်ကြဦးမည်ဟု ထိုင်ကြချိန်တွင် ကျောင်းဘေးနံရံအား ဗုန်းဗုန်းနှင့်ထုသံကြီးကြားရသည်။

အထိုင်ပျက်ကာ ဘာများပါလိမ့်ဟု လိုက်ကြည့်ကြသည်။ ဘာမှထူးခြားချက်မတွေ့ရ။ ဆရာကြီးဦးစံအေး အထူးကြံတွေးကာ ဒီကိစ္စမျိုးကျွမ်းသည့် သူ့လူအား ဝင်ပူးစေသည်။ ဝင်လာပါပြီ ဘယ်သူလဲပြောစမ်းဆိုလျှင် ငါပဏ္ဍိတပါတဲ။ ဟဲ့ - ဗုဒ္ဓေါ၊ ဘယ်လိုဖြစ်တာလဲ ပြောပါဦး။ မင်းတို့ဒီမှာတရားမထိုင်ကြနဲ့ကွာ။ ငါတို့မနေနိုင်ဘူး ပူတယ်ဟုပြောသည်။ ငါတို့လို့ဆိုရအောင် ဘယ်သူများအဖော်ရှိသေးလို့လဲဟုမေးလျှင် ဘယ်သူရှိရမလဲ။ မဝေဘာရီပေါ့ကွဟုပြောသတဲ့။ အဲဒီကျမှ ဟိုက်- ရှလပတ်လည်ဖြစ်ကာ ဒါကြောင့် ငါလာပြီးဦးချတော့ သီလရှင်လေးမြင်ပြီး မျက်ရည်ကျတာကိုးဟု အဖြေပေါ်ပါတော့သည်။

မင်းတို့ဒီလိုလုပ်ကွာဟု ဆိုပြန်သည်။ ငါ့ကျောင်း ထောင့်လေးထောင့်ကို အပ်ချည်ကြိုးဖြင့် ၈ ထောင့်တန်းဆွဲ အလယ်ဗဟိုချက်တွင် အပ်ချည်ကြိုးဆုံလိမ့်မည်။ ထိုဆုံရာအောက်တည့်တည့်တွင်တူးလျှင် သပိတ်နှင့်တစ်လုံးအပြည့် အသိပ်ငွေများတွေ့လိမ့်မည်။ ထိုငွေတို့ကို မင်းတို့ယူဟုစကာရှိသေး ခဏနေဦးဟုဆိုကာ ထွက်သွားသည်။ ပြန်ဝင်အလာ တစ်မျိုးဖြစ်သွားသည်။ အဲဒီငွေတွေကို မင်းတို့ယူလည်းမယူနဲ့ လှူလည်းမလှူနဲ့။ ဒီလိုလုပ်တဲ့။ ဦးပဏ္ဍိနှင့် မဝေဘာရီတို့ မိမိပစ္စည်းနှင့်တကွလိုက်ခဲ့ပါဟု (ထိုနေရာအား ဘယ်နေရာဘယ်မှာ မရေးလိုပါ။) မင်းကိုယ်တိုင်ခေါ်ပါပြီး အဲဒီ အပင်တွင် ဒီအပင်မှာနေကြဟုဆိုပြီး နေရာချပေးစေပါသတဲ့။

ဆရာကြီးဦးစံအေးသည် အထူးမြန်မြန်လေး သူတို့လိုအင်ဆန္ဒအတိုင်း မဆိုင်းမတွ ပြုလုပ်ပေးလိုက်သည်။ ဆရာကြီး၏တပည့်များကျောင်းအောက်သို့ သွားရောက် ချောင်းကြည့်ကြရာ သိသာစွာ ကွင်းကြီးဖြစ်ကျန်ကြောင်း ပြောကြသည်။

ဦးပဥ္စင်းလေးပဏ္ဍိ ကျန်ရှိသမိုင်းသပြီးသည့်နောက်ပိုင်း ရှိုင်းသွား ဖြစ်စဉ်အား သိသူများက ဆရာ ဦးစံအေးနှင့်အဖွဲ့ (၃)၊ (၄)၊ (၅) ဦး သည်။ ထိုသူများလည်း မည်သူ့အ မှ တစ်စွန်းတစ်စ မဖွင့်မဟ မမာအောင်လည်း ဆရာကြီးဦးစံအေ အထူးညွှန်ကြားထားပါသည်။ ဦးပဥ္စ လေး၏မိဘအသိုင်းအဝိုင်းအား သ စကားပေါက်ကြားသွားပါက သက်သ သိက္ခာချသည်ဟု ပြဿနာရှာမှာကြော ကြသဖြင့် ရေငုံနှုတ်ပိတ်ဆိတ်ဆိတ်ပ ကြရရှာသည်။

ကျွန်တော့်အား ပြောပြစဉ် ကိုနေဝင်း ဟိုဗိုလ်ကြီး အဲဒါသူ့အမျိုး ဟိုအရာရှိကတော် အဲဒါသူ့အမျိုး ကျိုးကြောင်းပြကာ ဒီမှာတော့ နှုတ် ပါစေဟုပြောရှာပါသည်။

'လောဘအလို ပိုမလိုက်နဲ့၊ ကိုး ထိုက်တာနဲ့ကျေနပ်လေ' ဟု ဆိုတတ် သည့် ထိုမြတ်လေဘီ မင်္ဂလာအား မ တာလား၊ တမင်တကာလား။

ပို့မြစ်နုနယ် ရှုစုဖွယ်နှင့် သူ့အ လေး နုနယ်ရွေးပြီး လောဘစွက် မော ဖက်ခါ ရက်စက်စွာ ပြုကာထားသည့် လူ့ဘာလအား သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သည့် အရှင်မြတ်၏ ပို့လွှတ်အပ်သည့် မေတ္တာ ဓာတ် အရှိန်အဝါအား အချိန်ကြာကြာ ခံစားနားလည်သွားပြီးကာမှ သူ့ပညာ အား သူနုတ်ယူသွားသည်မှာ ထိုအ မြတ်၏ တစ်နေ့တစ်ရက် တစ်နံနက် ကျင့်ကြံကြိုးကုတ် အားထုတ်ရုံနှင့် မ သည့် အကျိုးကျေးဇူးကြောင့်မဟုတ် ကြာမြင့်စွာ အားထုတ်အပ်သည့် စိ ကာလဘာဝနာကြောင့်သာဖြစ်သည်ဟု အထူးသိစေချင်လှသည်။

ထို့ကြောင့် ပါရမီရှင် နဲ့ဆ ဗိုလ်ဉာဏ်နှင့် မေတ္တာရှင်အရှိနသ ပျဉ်ပြားနှင့်တင်ပါးမထိ တစ်တောင် မြောက် ဦးပဥ္စင်းကလေး ပဏ္ဍိတို့လည်း ကြာမြင့်စွာ အားထုတ်အပ်သည့် စိရကာ လဘာဝနာသမားများပါပဲဟု ထပ်လောင်း၍ ဇာတ်ပေါင်းလုတ်သော် 'ပြောမဆုံ ကြုံဖူးမှယုံစဖွယ်' သာ ဖြစ်နေပါတော့ သည်။

မှတ်ချက် - ပျဉ်မထိအကြောင်း ပြောပြသူသည် ဆရာကြီးဦးစံအေး၏ သမီး ဖြစ်ပါသည်။)

နေဝင်းဦး (ပြည်)



www.burmeseclassic.com

www.burmeseclassic.com

ဤလောက၌ မည်သည့်အလုပ်ဆို လုပ်နည်းကိုင်နည်း၊ ဖြေရှင်းနည်းများရှိ၏။ ရှိပြီးနည်းနာနိဿယများကို သိရှိပါက လုပ်ရကိုင်ရ လွယ်ကူပေစွ။ နည်းမသိဘဲ စမ်းတဝါးဝါးဖြင့် လုပ်ကိုင်ဖြေရှင်းပါမူကား အခက်အခဲများလည်း ကြုံရပေမည်။ အောင်မြင်ပြီးဆုံးမှုလည်း နည်းပါးပေမည်။

အသေးအဖွဲ ဟူ၍ မမှတ်ယူဘဲ အရာရာ အလေးအနက်ထား၍ သင်ကြား လေ့လာ မှတ်သားထားသင့်ပေသည်။

ပညာအရည်အချင်း၊ ငွေကြေး၊ ရာထူး၊ အသက်အရွယ် မိမိထက်မည်မျှပင် နိမ့်ပါးနေသူဖြစ်ပါစေ ၎င်းထံတွင် အဖိုးတန် အတတ်ပညာတစ်စုံတစ်ခုရှိပါက ရရှိအောင် လေ့လာ သင်ယူထားသင့်ပေသည်။

သို့မှသာ မည်သို့သော အလုပ်အကိုင် အကြောင်းအရာ အခက်အခဲတို့တွေ့သည်ဖြစ်စေ အခက်အခဲမရှိ ဖြေရှင်းနိုင်ပေမည်။

❑

❑ ပျားရည်စစ်၊ မစစ် ❑

မရောက်သည်မှာ ကြာပြီ။ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အတွင်းတွင်ရှိသည့် စံပြရွာသာယာသည် စာရေးသူ မူလတန်းမှ အလယ်တန်းအထိ ပညာသင်ကြားခဲ့သည့်ရွာ။ ယခုရောက်ပြီ။

သတ္တမတန်းအထိ ပညာအတူသင်ကြားခဲ့သည့် ကိုသန်းလှိုင်၊ မခင်မြတို့ဇနီးမောင်နှံအိမ်တွင် တည်းခိုဖြစ်သည်။

သူတို့သားအကြီးဖြစ်သူ ဆရာမောင်ဇော်ထွန်းနိုင် ဦးစီးပြီး 'ပြည်တော်' တိုင်းရင်းဆေးမျိုးစုံ ဖော်စပ် ဖြန့်ချိရောင်းချနေသည့် ပြည်တော်ဆေးတိုက် ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ ဝမ်းမြောက်ပါဘိ။

အဆိုပါ သူငယ်ချင်းတို့သား ဆရာမောင်ဇော်ထွန်းနိုင်မှ သူဖော်စပ်ထားသည့် ပြည်တော်အစွမ်းထက်ဆေးများနှင့် ပျားရည်တစ်ပုလင်း လက်ဆောင်ပေးသည်။

"ငါ့တူရေ၊ မင့်ပျားရည်က စစ်ကောစစ်ရဲ့လားကွယ်"

စာရေးသူ၏ အားမနာပါးမနာအမေးအား မောင်ဇော်ထွန်းနိုင်မှ ဤသို့ ဖြေသည်။

"ဦးရယ်၊ စစ်မှစစ်ပေါ့ဗျာ။ ကျွန်တော်က တိုင်းရင်းဆရာလေ။ ပျားရည်နဲ့ လုပ်စားနေရတာ။ ဘာဝပေးအသိအရှ ပျားရည်စစ်၊ မစစ်ကို အနံ့နဲ့လည်း သိတယ်။ အမြင်နဲ့လည်း သိတယ်။ ကိုင်ကြည့်တာနဲ့လည်းသိတာပဲ ဦးရဲ့။ ဦးကို ပျားရည်စစ်၊ မစစ် စမ်းသပ်နည်းကို တစ်ခါတည်းပြောပြလိုက်မယ်။ ဆရာလုပ်တယ်လို့လည်းမထင်နဲ့"

"ဟာ- မထင်ပါဘူး၊ မထင်ပါဘူး။ ပြောပြစမ်းပါကွာ၊ ဗဟုသုတရတာပေါ့ မောင်ရ"

"ဦးကြားဖူးမှာပါ။ သတင်းစာရွက်ပေါ် ပျားရည်စက်ချကြည့်တာတို့၊ မီးခြစ်ဆန့်ခေါင်း ပျားရည်စိမ်ပြီးခြစ်ကြည့်တာတို့။ ပျားရည်အတုလုပ်တဲ့သူတွေက အဲဒီနည်းတွေလောက်တော့ ပျင်းတောင်ပျင်းသေးတယ် ဦးရေ"

စာရေးသူမှာ အသက်ကြီးသည်မှန်သော်လည်း ကိုယ့်လိုင်းမဟုတ်၍ မောင်ဇော်ထွန်းနိုင်လောက် မသိနိုင်။ သို့ဖြစ်၍ မောင်ဇော်ထွန်းနိုင်၏ စကားများကိုသာ နာယူမှတ်သားရပေမည်။ သို့ဖြစ်၍ စာရေးသူစကားမဆိုဘဲ ငြိမ်၍သာနေမိသည်။

မောင်ဇော်ထွန်းနိုင်က စကားဆက်သည်။

# အောင်ခြိမ့်မိုး
## နည်းသိလျှင် အလွယ်သား



"ပျားရည်စစ်၊ မစစ်စမ်းသပ်တဲ့နည်းထဲမှာ အလွယ်ကူဆုံးနဲ့အတိကျဆုံးနည်းပဲ ဦးရဲ့။ ရေနွေးကြမ်းပန်းကန်ထဲကို ပျားရည်ထမင်းစားဇွန်းတစ်ဇွန်းထည့်၊ အဲဒီအထဲကို ရေနွေးအဖြူပူပူပြည့်ခါနီးထဲ ဇွန်းနဲ့မွှေ၊ မှုတ်ပြီးသောက်ပါ။ သူ့မူလပစ္စည်းရဲ့အနံ့အားလုံး နှာခေါင်းမှာအနံ့ရလာလိမ့်မယ် ဦးရေ"

မောင်ဇော်ထွန်းနိုင်က ပြောပြောဆိုဆို စားပွဲပေါ်ရှိ ရေနွေးကြမ်းပန်းကန်ထဲသို့ စာရေးသူအား ပေးထားသည့် ပုလင်းထဲမှ ပျားရည်ထမင်းစားဇွန်းတစ်ဇွန်းမရှိတရှိကို ထည့်လိုက်သည်။ ထို့နောက် ဓာတ်ဘူးထဲမှ ရေနွေးကြမ်းအဖြူပူပူအား အကြမ်းပန်းကန်ထဲသို့ အပြည့်နီးပါး ငှဲ့ထည့်ပြီး ဇွန်းဖြင့်မွှေသည်။ ထို့နောက် စာရေးသူအား အသောက်ခိုင်းသည်။

ပျားရည်ဖြင့်မွှေထားသည့်ရေနွေးပူပူပန်းကန်အား စာရေးသူ မှုတ်ကာမှုတ်ကာ သောက်လိုက်သည်။ ပျားရည်စစ်စစ်အနံ့အသက်များသည် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

၏ နှာခေါင်းအတွင်းသို့ ဝင်ရောက်၍ လာပါ သည်။

ပြော် - နည်းသိလျှင်မှုကား အလွယ်သားပါတကား။

◘ လေလျှော့လိုက် ◘

ညောင်ပင်ဝင်း။

မန္တလေး - မုံရွာသွားကားလမ်း ရထားလမ်းပေါ်တွင်ရှိသည့် ရွာမရွာကြီး။ မန္တလေး - မုံရွာသွား ခရီးတစ်ဝက်တွင်ရှိသည်။ နှစ်ဖက်စလုံးမှလာသည့် ကားများ ရပ်နားကြသည်။

အလွန် စည်ကားသည့် ရွာကြီးဖြစ်သည်။ ခရီးသွားကားများ ရပ်နား စားသောက်ရန် စားသောက်ဆိုင်များကလည်း များမှများ။

မူးမြစ်သည် မန္တလေးဘက်မှလာလျှင် ညောင်ပင်ဝင်းရွာအလွန်၌ရှိသည်။ မုံရွာဘက်မှလာလျှင် မူးမြစ်ကူးပြီးမှ ညောင်ပင်ဝင်းရွာရောက်သည်။

အဆိုပါ မူးမြစ်ကူးတံတားသည် ၈-၁၀-တတက်လာသည့်အခါ မူလရှိပြီး ကား၊ ရထား (၂) မျိုးကူး တံတား တစ်စင်းတည်းအပြင် ကားသီးသန့်ကူး တံတားတစ်စင်း ထပ်မံတည်ဆောက်၍ ရထားသီးသန့်ကူး တံတားတစ်စင်း၊ ကားသီးသန့်ကူး တံတားတစ်စင်း စုစုပေါင်း တံတား (၂) စင်းရှိသွားပါသည်။

တံတားတစ်စင်းတည်းရှိစဉ်ကာလက ဖြစ်သည်။

ရထားဖြတ်သန်းစဉ်တွင် ကားများ ရပ်တန့်စေပြီး ရထားဖြတ်သန်းပြီးမှကားများဖြတ်သန်းရသည်။ မန္တလေး-မုံရွာသွားရထားမှာ တစ်ရက်မှ တစ်ခေါက်၊ နှစ်ခေါက်မျှသာရှိ၍ ပြဿနာသိပ်မရှိလှပေ။

တစ်နေ့သ၌ အသက် (၃၀) ခန့် လူရွယ်တစ်ဦးသည် မူးမြစ်ဖြတ်ကူးသည့် တစ်စင်းတည်းသောတံတားမှ ဆိုင်ကယ်စီး၍ ဖြတ်ခဲ့ပါသည်။ ထိုဆိုင်ကယ်စီးလူရွယ် ကံမကောင်းပါ။ ဆိုင်ကယ်ရှေ့ဘီးသည် တံတားပေါ်ရှိ မီးရထားသံလမ်းကြားညပ်သွားသည်။ ဆိုင်ကယ်မောင်းနှင်၍မရတော့ပြီ။

လူရွယ်သည် သံလမ်းကြားညပ်နေသည့်ဆိုင်ကယ်ရှေ့ဘီးအား ကြိုးစား၍ဆွဲထုတ်ရာ မရ။ အကူအညီတောင်းရန် လူသူရှာသည်။ မတွေ့။ တံတား၏ အောက်တွင် နွားကျောင်းနေသည့် (၁၀)နှစ်သားကလေးငယ်တစ်ဦးရှိ၏။ လှမ်းတော့လှမ်းသည်။ သို့ရာတွင် ထိုကလေးငယ် တံတားဘက်လျှောက်လာသည်။

"ဘော်. . . ဘူ"

"ဟော - ရထားလာနေပြီ၊ ဒုက္ခပါလား"

ဆိုင်ကယ်ဘီးအား ကြိုးစား၍ဆွဲထုတ်သည်။ လွယ်လည်းမလွယ်ပြီ။ တံတားအောက် လှမ်းကြည့်လိုက်တော့လည်း နွားကျောင်းသားငယ်က သူ့ကို ပြုံးပြုံးကြီးကြည့်နေသည်။ စိတ်တိုဖို့ကောင်းပါဘိ။ ရထားကလည်းနီးလာပြီ။

"မင်းကွာ-ငါဒုက္ခရောက်နေတာ အမြင်သားနဲ့၊ လာပြီးကူညီဖော်မရတဲ့အပြင် ပြုံးပြနေတာများ အံ့သြစရာပဲ"

တံတားပေါ်ရှိ ဆိုင်ကယ်သမား၏ ပြောဆိုသံ ဖြစ်သည်။

နွားကျောင်းသားလူငယ်၏တုံ့ပြန်ပြောကြားသံကိုလည်း ကြည့်ပါဦး။

"ဟဲဟဲ - ဒါမျိုးက ကျုပ်အဖို့ရိုးနေပြီဗျ။ ဘီးလေလျှော့လိုက်၊ ဘီးလေလျှော့လိုက်"

ကဲဗျာ။

နည်းသိတော့လည်း အလွယ်သားပါကလား။

◘ ထုံးမှုန့်နှင့်မြေဖြူမှုန့် ◘

"ဟဲ့-ဒကာထွန်း ဘာထုပ်ကြီးတုံးဟဲ့"

"ညက အိမ်ရှေ့ကားလမ်းပေါ်မှာ အထုပ်တစ်ထုပ်တွေ့ပါတယ် ဘုရား။ ကြည့်လိုက်တော့ ထုံးမှုန့်တွေပါ ဘုရား။ တပည့်တော်တို့အိမ်မှာတော့ အသုံးမတည့်ပါဘူးဘုရား။ ဒါကြောင့် ဆရာတော်ကျောင်းမှာ အသုံးဝင်ရင် သုံးဖို့ ယူလာတာပါ။ ပိုင်ရှင်ပေါ်လာရင်လည်း တပည့်တော်ပြန်ဝယ်ပေးလိုက်ပါမယ်။ ဆရာတော်အသုံးလိုတဲ့အခါသုံးပါဘုရား"

ရွာဦးကျောင်းသို့ အရုဏ်ဆွမ်းလာပို့သည့် ကိုမောင်ထွန်း၏ စက်ဘီးနောက်ခုံ (ကယ်ရီယာ) ပေါ်တွင်ပါလာသည့်အထုပ်ကြီး(အိတ်)အား ဆရာတော်ကြီးအမေးနှင့် ကိုမောင်ထွန်းမှပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

ဆရာတော်ကြီးမှ -

"အေးအေး-နေရာကျလိုက်တာကွယ်။ ကျောင်းအတက်အုတ်လှေကားခုံ ထုံးသုတ်ချင်နေတာ။ ဒီနေ့နေ့လယ်ကို သုတ်မှာ။ ဟဲ့ - မောင်ကျောင်းသား၊ လှေကားနားသွားထားလိုက်။ နေ့ခင်း မင်းတို့သုတ်ရမှာ"

ဟု အမိန့်ရှိလိုက်သည်။

နေ့ခင်း (၁) နာရီ။

ကျောင်းသားနှစ်ဦးသည် ... ပုံးကြီးတစ်ပုံးဖြင့် ထုံးမှုန့်များအား... အနေတော်ဖျော်ကြသည်။ မြက်တံ... စည်းအဟောင်းတစ်ချောင်းဖြင့်မွှေ... အုတ်လှေကားခုံအား အစမ်းသုတ်ကြ... သည်။ အဆင်မပြေပါ။

"ဘုန်းဘုန်းဘုရား၊ ဘာဖြစ်တ... တော့မသိဘူး။ ထုံးမှုန့်တွေက မကော... ဘူးဘုရား။ ကြည့်ပါ ဘုန်းဘုန်းဘုရား"

ကျောင်းသားငယ်များမှ လျှော... ထားကြသည်။

ဆရာတော်ကြီးမှ ထုံးအရည်... ပုံးအားမွှေကြည့်သည်။

"ကဲကဲ - ထုံးမှုန့်နှီဆီဘူးခွံ... ဝက်လောက်ယူခဲ့။ နောက် ကျောင်း... တစ်ယောက်က ကျောင်းပေါ်က ငါ့... ရင်း ဆေးပုလင်းတွေထဲမှာ နနွင်းမှုန့်... ရှိတယ် သွားယူလာခဲ့။ သံပန်းကန်... အဟောင်းတစ်ချပ်လည်းယူခဲ့။ ... လား၊ သွား"

ဆရာတော်ကြီး၏စကားအဆုံး... ကျောင်းသား (၂) ဦးသည် သွက်... စွာ လှုပ်ရှားကြသည်။ အခြားကိုရင်... ကျောင်းသားများလည်း ဆရာတော်... အနီးသို့ လာရောက် စုဝေးကြသည်။

ပစ္စည်းများစုံသည်နှင့် ဆရာ... ကြီးသည် သံပန်းကန်ပြားထဲသို့ ထုံး... လက်တစ်ဆုပ်ခန့်ကို ထည့်လိုက်သည်... ထို့နောက် ဟောလစ်ပုလင်းခွံဖြင့်... ထားသည့် နနွင်းမှုန့်ထမင်းစား... တစ်ဇွန်းခပ်ယူ၍ ထုံးမှုန့်ထဲသို့ထည့်... မွှေလိုက်သည်။ ကိုရင်များ၊ ကျောင်းသား... များလည်း ဆရာတော်ကြီးလုပ်သမျှ... ကြည့်နေကြသည်။ သံပန်းကန်ပြားထဲ... ထုံးမှုန့်နှင့် နနွင်းမှုန့်တို့အား ဆရာတော်... ကြီးမှ ဇွန်းဖြင့် နှံ့အောင်မွှေသည်။ အ... နှစ်မျိုးသမသွားသည့်အခါ ထုံးမှုန့်မှ... သည် အဝါရောင်သန်းလာပါသည်။

ထိုအခါ ဆရာတော်မှ အောက်ပါ... အတိုင်း မှတ်ချက်ချလေသည်။

"ဒါထုံးမှုန့်မဟုတ်ဘူး၊ မြေဖြူ... တွေဖြစ်တယ်။ မြေဖြူဆိုတာ ရော... တဲ့ အရောင်အတိုင်းပြောင်းသွားတယ်... ထုံးကျတော့ အဲဒီလိုမဟုတ်ဘူး။ ဒီ... ကြည့် လက်တွေ့ပြမယ်"

ဆရာတော်ကြီးသည် ကွမ်းအ... ထဲရှိ ထုံးထုပ်တစ်ထုပ်အား အနီးရှိ... တစ်ခုထဲသို့ဖောက်ထည့်၏။ ထို့... ထုံးပေါ်သို့ နနွင်းမှုန့်အနည်း... ပြီး သမအောင်မွှေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ်. . . ဟင်"

ကြည့်နေသည့် ကိုရင်၊ ကျောင်းသားများ အံ့ဩတုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထုံးနှင့် နနွင်း ရောနှောမှုနောက်ခြင်းသည် အနီရောင်ထုံးများဖြစ်သွားသောကြောင့် ဖြစ်လေသည်။

ထုံးမှုန့်နှင့် မြေဖြူမှုန့် သဲကွဲမှုမရှိဘဲ နနွင်းမှုန့်ဖြင့်ခွဲခြားရမည်ဟူသော အသိတစ်ခုရလိုက်ပါသတည်း။

□သစ်အကောင်းနှင့်သစ်အဆိုး□

ကျွန်တော့်နာမည် စန်းသောင်လို့ ခေါ်ပါတယ်။ အသက် (၆၀) အရွယ်ဆိုတော့ ဦးစန်းသောင်ပေါ့ဗျာ။

ကျွန်တော်က ရေနံချောင်းသားပါ။ ငယ်ငယ်ကတည်းက ဆိုင်းတီးစားပါတယ်။ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ ပုဂံ၊ ညောင်ဦး၊ နယ်စုံ၊ မြို့စုံ၊ ရွာစုံ ဆိုင်းတီးရောက်ဖူးပါတယ်။

အခု ကျွန်တော် ပြောချင်တဲ့ အကြောင်းအရာက မင်းဘူးနယ်ကရွာတစ်ရွာမှာဆိုင်းတီးသွားရင်း ကြုံတွေ့ခဲ့ရတဲ့အကြောင်းအရာပေါ့။ ဒီအကြောင်းကိုပြောပြချင်နေတာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအကြောင်းအရာကိုသိတဲ့သူ တော်တော်နည်းတာကလား။ ကျွန်တော်တောင်မှ တစ်သက်မှာတစ်ခါသာ ကြုံခဲ့ရဖူးတာပါ။ နောက်ထပ်ဘယ်မှာမှမကြုံဖူးခဲ့ပါဘူး။

အဲဒီရွာမှာ ကျွန်တော့်ဆိုင်းတီးရတာ ဒီတစ်ချိန့်ဆိုရင် သုံး၊ လေးချီလောက်တီးဖူးခဲ့တာဆိုတော့ အသိမိတ်ဆွေတော်တော်များနေပါပြီ။

အခုတီးရတဲ့ပွဲက ရှင်ပြုအလှူပွဲပါ။

အလှူအိမ်နဲ့ နှစ်အိမ်ကျော်မှာရှိတဲ့ ဦးစိန်ဖေ ဆိုတဲ့ရွာခံမိတ်ဆွေက သူ့အိမ်မှာ ရေနွေးကြမ်းသောက်ဖို့ လာခေါ်လို့ ကျွန်တော်နဲ့ ဆိုင်းသမား သုံး၊ လေးယောက်လိုက်ခဲ့ပါတယ်။ ဦးစိန်ဖေအိမ်မှာ အိမ်အသစ်ဆောက်ဖို့ အိမ်တိုင်တွေ ပုံထားတာတွေ့ရပါတယ်။ အိမ်တိုင်တွေကြားထဲမှာ အသက်(၆၀)ခန့် သျှောင်ထုံးနဲ့ကြီးတစ်ယောက် ရေဆွဲပုံးအဟောင်းတစ်လုံးထဲမှာ ညိုညိုညစ်ညစ် ပျစ်ပျစ်ချွဲချွဲအရည်တွေထည့်ထားပါတယ်။ အိမ်တိုင်တွေရဲ့အရင်းပိုင်း တစ်ပေလောက်ကို အဲဒီညိုညိုညစ်ညစ်အရည်တွေသုတ်နေတာတွေ့ရပါတယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ သူ့လုပ်ငန်းအခဲ့သော်ပြီး ကျွန်တော်တို့ ရေနွေးဝိုင်းဆက်ကို လျှောက်လာပါတယ်။

"လာဗျို့ ဘိုးသုန်၊ ရေနွေးသောက်ရအောင်။ ဆိုင်းဆရာတွေနဲ့လည်း မိတ်ဖြစ်ဆွေဖြစ်ပဗျာ"

အိမ်ရှင် ဦးစိန်ဖေလှမ်းခေါ်သံအဆုံးမှာတော့ ဘိုးသုန်ဆိုသူသျှောင်ကြီးဖွေဟာ ကျွန်တော်တို့ ရေနွေးကြမ်းဝိုင်းမှာ လာထိုင်ပါတယ်။

ဘိုးသုန်ဆိုသူကို ကျွန်တော်လှမ်းပြီး စပ်စုလိုက်ပါတယ်။

"အိမ်တိုင်အရင်းတွေကို ဘာအရည်တွေသုတ်နေတာလဲဗျ"

"သကာရည်သုတ်တာပါ ဆိုင်းဆရာ"

ဘိုးသုန်ဟာ ကျွန်တော့်အမေးကို တိုတိုပဲဖြေပြီး ရေနွေးတစ်ခွက်သောက်နေပါတယ်။ ကျွန်တော်က စကားပြန်ဆက်လိုက်ပါတယ်။

"ဗျာ-သကာရည်သုတ်ရင် ခြမစားဘူးလားဗျ"

"မဟုတ်ဘူး၊ လူနေအိမ်ဆောက်မှာဆိုတော့ မကောင်းတဲ့သစ်ဆိုး၊ သစ်ကြမ်းတို့ ခြောက်တတ်လှန့်တတ်၊ လူကိုခိုက်တတ်တဲ့သစ်တွေပါသွားမှာစိုးရိမ်လို့ ရွေးနေတာပါ ဆိုင်းဆရာ"

ဘိုးသုန်စကားကို ကျွန်တော် တော်တော်စိတ်ဝင်စားသွားပါတယ်။

"ဘယ်လိုလဲဗျ ဦးလေးကြီးရဲ့၊ မကောင်းတဲ့သစ်ကိုရွေးတာ သကာရည်နဲ့သုတ်ပြီး ရွေးရသလားဗျ"

ကျွန်တော့်စကားအဆုံးမှာတော့ ဘိုးသုန်ဟာ ရေနွေးခွက်ကို စားပွဲပေါ်ချပြီး အောက်ပါအတိုင်း စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

"မောင်ရင်လေးက သိချင်တော့ကဲ ရှင်းပြရတာပ။ ဦးတို့မျိုးရိုးက လက်သမားပညာနဲ့ အသက်မွေးကြတာကွယ့်။ ဦးရဲ့အဘိုးနဲ့အဖေကို ဦးကောင်းကောင်းမီတာပ။ လက်သမားဆရာကြီးတွေလေ။ ဆင့်ကဲဆင့်ကဲ ပညာအမွေရခဲ့ကြတာ။ ဦးအဖေက ဦးကို ဒီလက်သမားပညာ သေသေချာချာသင်ပေးခဲ့တာကွယ့်။ ဦးအသက်သုံးဆယ်မှာ လက်သမားဆရာကြီးဖြစ်နေပြီ။ လာ- ငါ့တူသစ်ပုံနားသွားပြောကြရအောင်။ ပြစရာလဲရှိလို့"

ဆိုကာ သစ်ပုံ(အိမ်တိုင်များ)ရှိရာဘက်ကို ဘိုးသုန်နဲ့အတူ လျှောက်ခဲ့ကြတယ်။

သစ်ပုံနားရောက်တော့ ဘိုးသုန်က စကားစပါတယ်။

"ကဲ - ငါ့တူ၊ အိမ်တိုင်ကိုးလုံးရှိတယ်။ ဘာထူးခြားသလဲ သေသေချာချာကြည့်"

ကျွန်တော် အိမ်တိုင် (၉) လုံးကိုလိုက်ကြည့်ပါတယ်။ အရင်းပိုင်းတစ်ပေလောက်ကို သကာရည်သုတ်ထားပါတယ်။ သကာရည်ပေါ်မှာ ပုရွက်ဆိတ်တွေ အုံခဲနေတာတွေ့ပါတယ်။

"ဟင်"

ကျွန်တော် အံ့ဩသွားပါတယ်။ အိမ်တိုင် (၉) လုံးစလုံး သကာရည်သုတ်ထားတာပါ။ တိုင် (၈) လုံးမှာသာ ပုရွက်ဆိတ်များ တွေ့ရပြီး တိုင်တစ်လုံးမှာ ပုရွက်ဆိတ်တစ်ကောင်မျှ မရှိပါဘူး။ ပုရွက်ဆိတ်မတက်မယ့်တာမတက်တာပါ။ အဲ့တိုင်ကို အခြားတိုင်တွေထက်တောင်မှ သကာရည်ပိုသုတ်ထားတာတွေ့ရပါတယ်။

"ဦးသုန်၊ ဒီတိုင်တစ်လုံးထဲ ပုရွက်ဆိတ်မတက်တာဘာဖြစ်လို့လဲဗျ"

ကျွန်တော့်အမေးစကားပါ။

"အဲဒါပြချင်လို့ ခေါ်လာတာ။ ဦးက သကာရည်နည်းလို့ မတက်တာလားလို့ သကာရည်တွေထပ်ထပ်သုတ်ထားတာ ငါ့တူအမြင်ပဲ။ ဒါပေမယ့် ပုရွက်ဆိတ်တစ်ကောင်မှမတက်ဘူး။ ဦးစောင့်ကြည့်နေတာ (၂) ရက်ရှိပြီ"

"အဲဒါဘာဖြစ်လို့လဲဗျ"

ဘိုးသုန်စကားမဆုံးမီ ကျွန်တော့် ဖြတ်၍ မေးမိသည် ဘိုးသုန်စကားဆက်ပါတယ်။

"အဲဒီသစ်မျိုးကို ရှာဖွာပဲကွယ်၊ ရှားရှားပါးပါး ခုတွေ့ပြီ။ အဲဒါသစ်ကြမ်း၊ သစ်ဆိုး၊ အိမ်မဆောက်ကောင်းဘူး။ ဒီသစ် အိမ်မှာပါသွားရင် လက်သမားဆရာထက် အိမ်ရှင်ကို ကောင်းကောင်းဒုက္ခပေးမယ့်သစ်ပဲ ငါ့တူ။ အခုမောင်စိန်ဖေ အိမ်ဆောက်တဲ့အထဲမှာ ဒီတိုင်မသုံးဘူး။ အခြားနေရာသုံးပေ့ါ။ ဥပမာ ခြံစည်းရိုးတိုင်တို့ လယ်ထဲယာထဲသုံး။ ဘာမှမဖြစ်ဘူး"

ကဲ - စာရှုသူတို့အထက်ပါနည်းက အလွန်လူသိနည်းတဲ့နည်းပါ။ အခု ကျွန်တော့်အသက် (၆၀) ပါ။ အသက် (၃၀) က ကြုံတွေ့ခဲ့တာပါ။ တစ်ကြိမ်တစ်ခါတည်းကြုံခဲ့ရဖူးတာပါ။

အခု ဆရာအောင်မြင့်မိုးကို ပြောပြလိုက်ရလို့ ကျေနပ်သွားပါပြီ။ အားလုံးကျန်းမာ ချမ်းသာကြပါစေ။

နည်းသိတော့လည်း အလွယ်သားပါတကား။

အောင်မြင့်မိုး



www.burmeseclassic.com

www.burmeseclassic.com

# မြွတ်ဒေါင်းနိုင်

(ဂုဏ်ထူးဆောင်)

## အိပ်မက်ဆန်းနှင့် ဖျက်ဝန်းရိပ်မှအလွမ်း



အိပ်မက်နှင့်ပတ်သက်၍ ကျွန်တော့်တွင် ထူးခြားသောဆက်နွယ်မှုများရှိပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ အိပ်မက်များသည် ကျွန်တော်၏ဘဝကို ပျော်ရွှင်ကြည်နူးစေရသလို တစ်ခါတစ်ရံ ခံစားမှုဝေဒနာများနှင့် ရင်မှာမွန်းကျပ်လှောင်ပိတ်၍ပင်လာပါသည်။

အဖြစ်အပျက်တို့က လွန်ခဲ့သော (၁၅) နှစ်ကျော်ခန့်ကပေမယ့် ကျွန်တော့်ရင်တွင် မနေ့တစ်နေ့ကလို ခံစားရပါသည်။

မိဘနှစ်ပါးက မြို့ပေါ်တွင်နေထိုင်ပြီး ကျွန်တော်က နယ်တွင်နေထိုင်ပသည်။ တစ်ချိန်တုန်းက ကျွန်တော်တို့အိမ်မှာထမင်းစားဝိုင်းကြီးသည် လူ (၈) ယောက် (၉) ယောက်အထိပင်ဆံ့သော ကျွန်းစားပွဲဝိုင်းကြီးဖြစ်ပြီး တဖြည်းဖြည်းကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်လာကြသောအခါ မိဘအိမ်တွင်ကျန်သူကကျန်၊ ခွဲခွာသူကခွဲသွားကြပါလေသည်။ မိဘနှစ်ပါးသည် အသက် (၇၀) ကျော်ထိကျန်းကျန်းမာမာရှိသဖြင့် ကျွန်တော့်ဖခင်ဖြစ်သူက မကြာခဏသူ့ရဲ့လက်သုံးစကား -

"ငါ့သားသမီးတွေ့မင်းတို့ဒီအရွယ်ဒီအချိန်အထိ မိစုံဖစုံနေရတာဟာ အင်မတန် ထူးမြတ်တဲ့ကုသိုလ်ကွယ့်သားတို့ရယ်"

ဟု ပြောလေ့ရှိပါသည်။

မိဘအရိပ်ဆိုသည်မှာ အေးချမ်းသူတို့စံပျော်ရာပါ။ သို့သော်လည်း အကောင်းရှိသလို အဆိုးကရှိတတ်ပါသည်။ ကျွန်တော့်ဘဝတွင် တစ်ခုခုဖြစ်တော့မည်ဆိုလျှင် ရှေ့ပြေးအိပ်မက်နိမိတ်ထူးများရှိတတ်သဖြင့် ဆောင်ရန်၊ ရှောင်ရန်လို့ဟာ ရေးသားလိုက်ရပါသည်။

ကျွန်တော် တစ်ညအိပ်နေစဉ်ဖြစ်၏။ မြင်ကွင်းထဲတွင်တော့ မီးတောက်မီးလျှံများက အိမ်တစ်လုံး၏နံရံကိုစွဲကပ်လောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရှိလိုက်ရသည်။

သေသေချာချာကြည့်လိုက်တော့ကျွန်တော်တို့၏အိမ်ကြီးဖြစ်နေသည်။ အိမ်၏ခြေရင်းဘက်နံရံကို မီးတွေ စွဲကပ်လောင်နေတာပါလား။

ကျွန်တော့်အစ်ကိုတွေ မီးကိုဆော့ကစားရင်းက အိမ်၏နံရံကို မီးစွဲလောင်နေသဖြင့် အိမ်ပေါ်က လူကြီးတစ်ယောက်အပြေးဆင်းလာတာတွေ့ရပါသည်။ သေသေချာချာကြည့်လိုက်တော့ ဖေဖေမှ ဖေဖေ။

"မိုက်လိုက်တဲ့သားတို့ရာ၊ ဆော့စရာရှားလို့ အိမ်ကိုမီးမြှိုက်ရတယ်လို့"

ပြောလည်းပြော ဂုန်နီအိတ်ရေဆွတ်ကာ မီးစွဲနေသော အိမ်နံရံကို တဖုန်းဖုန်းရိုက်ပြီး မကြာမီ မီးမှာငြိမ်းသွားပါတော့သည်။

သို့သော် ကြည့်ရင်းနှင့် ခြေရင်းဘက်က အိမ်နံရံအရှေ့ခြမ်းကတော့ မီးလောင်သည့်အထဲကိုပါသွားပါသည်။ အစ်ကိုတွေက သူတို့အပြစ်ဖြစ်မှာစိုး၍ ကျွန်တော်ဘက်လှည့်ပြီး -

"ဟို ငဒေါင်း၊ ငဒေါင်းဆော့တာ"

ဟု ပြောကြ၏။

ကျွန်တော် ဖေဖေ့ကို ကြောက်ကြောက်နှင့်ကြည့်လိုက်တော့ ဖေဖေ့မျက်နှာမည်းစဖူးညိုးငယ်နေတာတွေ့ရသည်။ ကျွန်တော်ကိုဘာမှမပြော။

ထိုအခိုက် ရွာဦးကျောင်းမှ တုံ…
ဖုံတောက်တောက်တောက်နှင့် …
တက်ခေါက်သံကြားရပြီး ကျွန်တော်…
နိုးလာခဲ့သည်။ တစ်ကိုယ်လုံးမှာ…
ဇောချွေးများပြန်လို့ ရုတ်တရက်ထ…
လိုက်မိ၏။ တစ်ခါမျှမမက်ဘူးသော…
အိပ်မက်မို့ စိုးရိမ်မှုနှင့်ထိတ်လန့်မိသည်…
အိပ်မက်က ရိုးစင်းလှသည်လား။

ထိုအခိုက် ကျွန်တော်တို့ရဲ့အိမ်…
ပေါ်မှ ငှက်ဆိုးတစ်ကောင်ကလည်…
ဂီးဂီးဂီးတဂီးဂီးအော်မြည်လျက် အ…
နားက ညောင်ပင်အိုကြီးဆီဖြတ်ပျံသွ…
သည်။

ကျွန်တော် ဆက်အိပ်မရတော့…
စိတ်ထဲကတ…မျိုးကြီးဖြစ်နေ၏။ …
မိုးလင်းတော့ ရွာကဆန်စက်ပိုင်…

www.burmeseclassic.com

ခန်းနှင့် ဖေဖေ့ဆီကိုဖုန်းဆက်ပြီး -

"ဖေဖေ နေကောင်းလား၊ သားတို့ဆီ ဘယ်တော့လာမှာလဲ"

"ဖေဖေလာဖို့ရှိတယ်။ နေရတာ ခင်ထဲကကျပ်လာလို့ သားဆီမှာ ဆရာကြီးရဲ့ နှလုံးဆေးရရင် လူကြုံနဲ့ပို့ပေးပါကွယ်" တဲ့။

"ဟုတ်ကဲ့ ဖေဖေ"

ထိုနေ့မနက်က ဖေဖေနှင့် ကျွန်တော် စကားပြောလိုက်ရခြင်းသည် ဘဝမှာ နောက်ဆုံးဖြစ်ခဲ့သည်ဆိုတာ သေခဲ့ရိုးအမှန်ပါ။ ဒီလိုနှင့် ညကမက်ခဲ့သောအိပ်မက်ကိုလည်း မေ့မေ့ပျောက်ပျောက်ပင်နေခဲ့မိသည်။

တစ်နေ့ ကျွန်တော် စက်လှေနှင့် ခရီးထွက်နေစဉ် ရွှေတောင်မှော်ရွာသို့ ခေတ္တရောက်ရှိနေခဲ့ပါသည်။ စက်ပိုင်ရှင်တလည်း သူငယ်ချင်းဖြစ်နေသဖြင့် တယ်လီဖုန်းလည်းရှိ၍ သူ့အိမ်တွင်ပင် တည်းခိုနေမိပါသည်။

ညဘက် (၈) နာရီလောက်တွင် စက်ပိုင်အိမ်သို့ တယ်လီဖုန်းနှင့်ဇနီးသည်က ဆက်သွယ်လာသဖြင့် စကားပြောမည်လို့ ဖုန်းခွက်ကိုကိုင်၍နားထောင်လိုက်တော့ -

"ညနေက ဖေဖေ ရုတ်တရက် နှလုံးသွေးရပ်ပြီးဆုံးပြီတဲ့"

ယောင်ယောင်ဝါးဝါးနှင့်ကျွန်တော် ဘာဆက်လုပ်ရမှန်းမသိ။ တပည့်လေးတစ်ဦးက -

"ဆရာ သတိထားပါ ဆရာ" တဲ့။

ဘဝရဲ့မှီခိုအားထားရာရွှေတောင်ကြီးပြိုခဲ့ပါလေပြီ။ ကိုယ်တိုင်အပူမီးနှင့် တွေ့ကြုံခဲ့မှ မိဘနှင့်နီးခြင်း၊ ဝေးခြင်းဆိုသည့်အဓိပ္ပာယ်ကို ကောင်းစွာ ကျွန်တော် သဘောပေါက်ခဲ့ပါလေပြီ။ မိဘကို မသေခင်ကျွေး၊ သေရင်ဝေးပြီသည်း ဟူသောစကားမှာ ကျွန်တော်ကို ဘတ်တွေ့ဖြစ်သော သံဝေဂတရားနှင့် ဖေဖေ့ရဲ့မေတ္တာစေတနာတွေကိုပြန်လည်ပြီးအော်ရင်း ဆွေးမြည့်အက်ကွဲစွာကျလာခဲ့သော မျက်ရည်များက သောကရင်အပူကိုဖြင့် မငြိမ်းစေနိုင်ပါလား။

ဘဝမှာ ပထမဆုံးသွေးရင်းသားချင်းထဲက ဖေဖေလက်မပြန့်တမ်မဆက်ဘဲ ထွက်ခွာသွားလို့ ကြေကွဲဝမ်းနည်းမှုခံစားရတဲ့ရင်အပူ ကျွန်တော်ရောက်မှ ဖေဖေ့၏အလောင်းကို အခေါင်းသွင်းဖို့ စီစဉ်ကြပါသည်။ ထိုအချိန်တွင် ထူးခြားသည်က ရနံ့လေးတစ်ခု၊ ဖေဖေ့အမြဲသုံးတတ်သောရေမွှေးနံ့လေးကိုရလိုက်၏။ ညီအစ်ကိုတစ်တွေ မတိုင်ပင်ထားဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။ ကျွန်တော့်ဆီလာခါနီး ရုတ်တရက် နှလုံးကဖောက်လာပြီးဆုံးတာတဲ့။ ကျွန်တော် နောက်ဆုံး ဖေဖေ့မျက်နှာကိုကြည့်၍ -

"ဖေဖေချစ်သောသားသမီးများ၏ ဖေဖေအဖြစ် နောင်ဘဝတွင်ပြန်ဆုံပါရစေ"

စာရွက်တွင်ရေး၍ ဖေဖေ့လက်ထဲထည့်ပေးလိုက်ပြီး အခေါင်းပိတ်လိုက်ကြပါသည်။ ဖေဖေ့ရာပနာက အေးချမ်းစွာ မြေကျ၍ ပြီးစီးသွားပါသည်။ ကျွန်တော် ဂုံညင်းတန်းရွာကိုပြန်ခါနီး ဖေဖေပတ်သည့်နာရီကို အစ်မက ကျွန်တော်ကိုပေးလိုက်ပါသည်။

ထိုနာရီကိုမြင်တော့ ကျွန်တော့်ရင်ထဲမကောင်း။ ဖေဖေမဆုံးမီ တစ်ပတ်ခန့်က အိပ်မက်တွေမကောင်း၍ ဖေဖေနှင့် ဖုန်းစကားပြောကြရင်း အစ်ကိုကြီးက နာရီကန်တော့ထားကြောင်းကိုပြော၍ ကျွန်တော်က နောက်ပြောင်ကျီစယ်ပြီး ဖုန်းထဲတွင် ထိုနာရီသားကိုပေးပါလား ဟုတောင်ပြောခဲ့သေးသည်။

ယခုတော့ ဖေဖေ ရုတ်တရက် ဆုံးသွားတော့ ဘဝမှာ အမှတ်တမဲ့မှ အမှတ်တရအဖြစ် တစ်သက်တာထာဝရရင်၌စူးနစ်ခဲ့သော ဆူးတစ်ချောင်းကမည်သည့်အရာနှင့် နုတ်ပယ်ထွင်း၍ မရနိုင်တော့ပေ။ ထို့ကြောင့် လူကြီးမိဘများနှင့်ပြောဆိုဆက်ဆံရာ၌ အထူးသတိပြုရန်မှာ စကားနှုတ်ကျွံမှုသည်လည်း မိမိတို့ဘဝ၏ ရှေ့ပြေးနိမိတ်အလားကံကြမ္မာအလှည့်အပြောင်းကိုဖြစ်တတ်စေသည့် သင်ခန်းစာကောင်းကောင်းကို ဘဝနှင့်ရင်း၍ ရလိုက်ပါတော့သည်။

ဖေဖေဆုံးပြီး တစ်လခန့်အကြာ တစ်ည ကျွန်တော်အိပ်ခန်းထဲ၌အိပ်ပျော်နေစဉ် ကျွန်တော့်ကို လူတစ်ယောက် လာနှိုးသလိုလို၊ အိပ်မက်လိုလိုဖြစ်နေစဉ် -

"ဟေ့ကောင် ငဒေါင်း၊ ထကြည့်ပါဦး။ ငါ မင်းအဖေလေကွာ"

ကျွန်တော် ကြည့်လိုက်တော့ ဖေဖေက ကုလားထိုင်အမြင့်ကြီးပေါ်မှာ အကျီကနက်ပြာ၊ ပုဆိုးကလည်းပြာတာ။

"ကိုယ့်အဖေတောင် ကိုယ်မမှတ်မိတော့ဘူးလား သားငဒေါင်း"

"ဟုတ်တယ် ဖေဖေ၊ နည်းနည်းပိန်သွားသလိုပဲ။ ဖေဖေအခုဘယ်မှာလဲ"

"အေး- ငါအခု ကျိုက်လတ်မြို့လမ်းအရှည်ကြီးနံဘေးကချောင်းနားမှာ၊ ဘုရားဖြူတစ်ဆူနားကသစ်ပင်အောက်တရားကျင့်နေတယ်သား။ ငါ့ဆီကို လမ်းထဲကကောင်တွေ ခဏခဏလာတယ်။ ပြော်- ငါ့သားရေးပေးလိုက်တဲ့စာလည်း အဖေရတယ်။ အဖေ့အတွက် ဘာမှမပူနဲ့လို့ အကြည့် (အမေ) ကိုပြောလိုက် ငဒေါင်းရေ"

ဝုန်း ဒုန်း ဂလွမ်း

မီးဖိုချောင်ဆီမှ အသံထွက်လာ၍ ကျွန်တော်လန့်နိုးခဲ့ပါသည်။ ထိုအခါကျမှ ဖေဖေ ကျွန်တော်ကိုအိပ်မက်လာပေးမှန်းသိရသည်။ သို့သော် အိပ်မက်ကားစင်းလွန်းလှသည်။ ကျွန်တော် ဖေဖေ့လက်ထဲသို့ စာထည့်ပေးလိုက်သည့်ကိစ္စလည်းပါသည်။ ဖေဖေဆီကိုလာကြသည့် ရပ်ကွက်ထဲကသေဆုံးသွားသည့်သူငယ်ချင်းတွေအကြောင်း ဖေဖေမျော သူဘယ်ဘဝရောက်နေတယ်ဆိုတာတောင် အသိပေးသွားသည်။

ကျွန်တော် ရွာမှ မေမေရှိရာသို့ သွားကန်တော့ရင်း အိပ်မက်မက်တဲ့အကြောင်း မေမေ့ကို ပြောပြတော့ မေမေက မျက်ရည်စမ်းစမ်းနှင့် -

"သားရယ် မင်းဖေဖေက (၃၂) ကောဋ္ဌာသပုတီးကိုင်ပြီးစိပ်နေတဲ့သူဆိုတော့ သူရုက္ခစိုးဖြစ်ရင်ဖြစ်နေမှာပေါ့"

ထူးခြားသည်ကား ဖေဖေပြောသည့် ညောင်ပင်ကြီးကို မကြာခဏ အိပ်မက်မက်နေခြင်းပင်ဖြစ်ပြီး တစ်နေ့ ကျွန်တော်နေထိုင်ရာ ဂုံညင်းတန်းမှ ကျိုက်လတ်မြို့သို့ ကားစီးပြီးလာခဲ့ရာ မြို့အဝင် (၂)လမ်းထိပ်မှ ကားလမ်းမရှည်ကြီးကို တွေ့ရပြီး ကွင်းပေါက် (ယခင်အခေါ်) တံတားအနားတွင် ညာဘက်ခြမ်းကိုကြည့်လိုက်ရာ ဖေဖေ အိပ်မက်ပေးသည့် ဘုရားဖြူနှင့်ညောင်ပင်ကြီးကိုတွေ့လိုက်ရ၍ ကျွန်တော့်အိပ်မက်သည်ကား ဆန်းပြားသည့်အမြင် ဘုရားဖြူလေးကို ကန်တော့ရင်းက ဖေဖေ့ကို ကျွန်တော်အမျှအတန်းဝေလိုက်ပါသည်။ သို့သော် ကျွန်တော့်မျက်ဝန်းအိမ်မှမျက်ရည်များနှင့် ဖေဖေ့ကိုလွမ်းသောအလွမ်းကဖြင့် ဖြေမဆည်နိုင်အောင်ပင်ဖြစ်ခဲ့ရလေတော့သည်။

(ကွယ်လွန်သူ ဖေဖေ ၁၆နှစ်ပြည့် အလွမ်း)

မြတ်ဒေါင်းနိုင် (ဂုံညင်းတန်း)



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနွားနီမကြီးက ငါ့မြေးရဲ့အမေပဲ"

နွားချေးကျုံးရင်း လက်ညှိုးထိုးပြောလိုက်သူက ကိုစိုးရဲ့အမေကြီး အဘွားခိုင်။ လက်ညှိုးညွှန်ရာ နွားတဲထဲကြည့်လိုက်တော့ နွားအုပ်ထဲမှာ အကြီးဆုံး နွားနီမကြီး။ အမွေးပြောင်ပြောင်နီရဲနေတဲ့ နွားနီမကြီးကို တွေ့ရပါတယ်။

ဒီကနေ့မနက်ပိုင်း ကျောင်းပိတ်တာနဲ့ အမေကြီးဆီ အလည်သွားမိတာ နွားတွေမလွှတ်ခင် အမေကြီးက နွားချေးကျုံးရင်း ထူးထူးဆန်းဆန်း စကားတစ်ခွန်းက ကိုစိုးရဲ့ရင်ထဲမှာ ဝေဒနာတစ်ခုလို ခံစားလိုက်ရတယ်။ နွားမကြီးကိုလည်း တစိမ့်စိမ့်ကြည့်နေမိရင်း အလိုလိုဝမ်းနည်းလာတယ်။ ဘာကြောင့်ဆိုသည်ကိုလဲမသိ။ စိတ်ထဲမှာ တစ်ခုခုဟာနေတာအမှန်။ အမေကြီးရဲ့စကားဟာ အမှတ်မထင်ပြောပေမယ့် ကိုစိုးအတွက် အဖြေရှာမရပေ။

နွားတဲထဲမှာ ချည်ထားတဲ့ နွားမကြီးဆီကို တစ်လှမ်းချင်းတိုးပြီး သူ့အနီးမှာသွားရပ်ကြည့်တယ်။ သေသေချာချာ ကြည့်တော့ ခန္ဓာကိုယ်ကတောင့်တောင် တင်းတင်းနဲ့ သားပေါက်ထားတာ မကြာ သေးဘူး။ အသက်ကတော့ကြီးလှပြီ ဒါနဲ့ သူ့ခေါင်းကို မရဲတရဲပွတ်သ ပေးတော့ ရန်မမူဘဲ ငြိမ်ခံနေရှာတယ်

အဘွားခိုင်ကတော့ နွားတွေ နံဘေးကလွှတ်တဲ့ နွားချေးပုံတွေ တွင်းထဲကောက်ထည့်နေတယ်။ ပါးစ ကလည်း ပွတ်တွတ်ပွတ်တွတ်နဲ့ဘယ် ကို အစာမကြေသလဲတော့ မသိဘူး ခဏကြာတော့ အဘွားခိုင် နွားချေးကျုံး အပြီးမှာ ကိုစိုးကို လှမ်းသတိပေးတယ်

"ငါ့မြေး၊ အဲဒီနွားမကြီးနားသွား



# စိုးမြင့်
(မြောက်စည်း)

## ငယ်စဉ်အခါက အမေနဲ့အစ်မကြီးအပေါ် အပြစ်ကျူးလွန်ခဲ့မိသောကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကာပ်နဲ့နော်၊ အကန်ခံရလိမ့်မယ်။ ရှေ့လည်းမနေနဲ့ ခွေ့တယ်။ သားကျထားာ မကြာသေးဘူး။ အိမ်ကလူတွေစ်ယောက်မှမကပ်ရဲဘူး။ နို့ညှစ်တာာင် အမေကြီးတစ်ယောက်တည်းညှစ်ရတာ။ သွားသွား- အိမ်အောက်မှာွတ်ရာနေချေ"

အမေကြီးက စိုးရိမ်လို့ပြောပေယ့် ကိုစိုးက ဒီနွားမကြီးကို မကြောက်ူး။ ဘာကြောင့်ဆိုတာတော့ အဖြေသိ။ နွားမကြီးကလည်း ကိုစိုးကိုသလိုလိုနဲ့ ငြိမ်ခံနေပါတယ်။ နွားမကြီးအနီးက အမေကြီးလုပ်ကိုင်နေပုံကိုကြည့်နေရင်း အော်ပြောပြန်ပါတယ်။

"အမေကြီးက နွားနို့ညှစ်ရဦးမှာချေရဲ့၊ လွတ်ရာမှာနေ"

ကိုစိုးအား ထပ်သတိပေးရင်းမှတစ်ပုံးကိုင်လာကာ နွားမကြီးဘေးနားသာချအပြီး ချည်ထားတဲ့ နွားပေါက်လေးကိုလွှတ်ပြီး နို့တိုက်တယ်။ ခဏကြာမှာတော့ နွားပေါက်ကလေးကိုတိုင်မှာပြန်ချည်လိုက်တယ်။ နွားမကြီးရဲ့နို့အုံကနို့တွေတစ်စက်တစ်စက်ကျာတော့ အဘွားက ကြိုးအပိုတစ်ချောင်းနဲ့ နွားမကြီးရဲ့ နောက်ခြေတစ်ဖက်ကိုင်နဲ့ကပ်ချည်တုပ်ထားပါတယ်။ ထိုင်တ်နဲ့ ပေါင်ခွကြားမှာ သံပုံးညှပ်ပြီးညှစ်ပါတော့တယ်။ ရေချောင်းနဲ့စ်ဝက်နီးနီးရတော့ နို့ညှစ်ရပ်ပြီး နွားပေါက်ကလေးကို ပြန်လွှတ်ပေးပြီး နို့ပြန်တိုက်စေပါတယ်။

နွားနို့ပုံးကို ရေတွင်းဘက်ယူပြီး ခြင့်ခွက်နဲ့ ရေနည်းနည်းရောပါတယ်။ ရေရောပြီးတဲ့နွားနို့ကို ပို့နေကျနွားနို့ပုံးထဲသို့ထည့်အပြီး ခဏအမောဖြေပါတယ်။

"နွားနို့ကို ခဏနေ မိနီပို့လိမ့်မယ်"

မိနီဆိုတာက အဘွားရဲ့အငယ်ဆုံးသမီး။ ကိုစိုးရဲ့အငယ်ဆုံးဒေါ်လေးပေါ့။ မြို့စွန်မှာ နို့ဆီချက်ရုံရှိတယ်။ အဲဒီကိုနွားနို့သွားပို့ရမှာ ဒေါ်လေးငယ်ရဲ့တာဝန်ပေါ့။ ဒေါ်လေးငယ်က အလိုက်သိခေါင်းပေါ်ရွက်လျက် နွားနို့သွားပို့ပါတော့တယ်။ ကိုစိုးကတော့ အဘွားနဲ့ ဒေါ်လေးငယ်တို့ လုပ်ကိုင်ပုံကြည့်ပြီး နှုတ်ဆိတ်နေပါတယ်။

အိမ်အောက်က တန်းလျားခုံမှာ ထိုင်နေတော့ အဘွားက အမောဖြေရင်း လာထိုင်ပါတယ်။ နွားနီမကြီးအကြောင်း သိချင်လာသဖြင့် မေးလိုက်မိပါတယ်။

"အမေကြီး စောစောက နွားနီမကြီးက ကျွန်တော့်အမေဆိုတာ ဘယ်လိုကြောင့်တုံး။ ကျွန်တော်သိချင်လို့ပါ။ ကျွန်တော့်ကို မွေးတာက အမေလေ။ ဒီနွားမကြီးနဲ့ကျွန်တော်က . . . "

စကားမဆုံးခင်မှာ အဘွားခိုင်သည် စိတ်တိုသည့်အသံဖြင့် ပြောလိုက်ပါသည်။

"ဟဲ့ - ငါ့မြေး နင့်အမေက မွေးရုံပဲမွေးခဲ့တာ။ ကျွေးခဲ့တာက အဲဒီနွားမကြီးပဲ"

အဘွားခိုင်သည် မျက်နှာလွှဲ၍ ပြောင်းဖူးဖက်ဆေးလိပ်အား မီးညှိ၍ဖွာနေ၏။ ဆေးလိပ်ဖွာရင်းမှ မီးခိုးတွေမှုတ်ထုတ်ရင်း -

"ဘယ့်နှယ်တော် - သင်းတို့ဟာနဲ့ သင်းတို့ရွှထပြီး ငါ့မြေးကို အသေသတ်ကြတယ်။ သင်းတို့သတ်တိုင်း ငါ့မြေးက သေမတဲ့လား။ သင်းတို့သာဝဋ်မလိုက်ကြစေနဲ့"

အမေကြီး၏ စကားသည် ကိုစိုးအားဆွံ့သကဲ့သို့ရှိနေ၏။

"အမေကြီး၊ ကျွန်တော့်ကို ဘယ်သူမှမသတ်ပါဘူးဗျ။ ကျွန်တော်မှ အသက်မသေဘဲ"

"အေး - ငါ့မြေးကတော့ ဘယ်သိမလဲ။ သတ်တဲ့သူကသတ်တာဟဲ့"

အဘွားသည် ဆောင့်ဆောင့်အောင့်အောင့် ဒေါသနှော၍ပြောနေ၏။

"ကဲ - ဒါဖြင့်ရင် ကျွန်တော့်ကို ဘယ်သူသတ်တာလဲဗျာ"

အဘွားသည် ကောက်ခနဲဖြေလိုက်ပါသည်။

"နင့်အမေသတ်တာ၊ နင့်အမေသန်းရွှေသတ်တာ။ ကဲ - သိပြီလား"

အဘွား၏ စကားကြောင့် ကိုစိုး ကြောင်တောင်တောင်ဖြစ်သွားပါသည်။ ငယ်ငယ်တုန်းကအကြောင်းဘာမှမသိ။ အမေကလည်း တစ်ခါမပြောဖူးဘူး။ သို့လော သို့လောဖြင့် -

"အမေကြီးရယ်၊ အမေက ကျွန်တော့်ကိုသတ်ပါ့မလားဗျာ။ သူမွေးထားတာပဲ၊ သူ့သွေးသူ့သားတော့ မသတ်လောက်ပါဘူး"

ကိုစိုး၏ စကားကို အဘွားက ဘဝင်လုံးလုံးမကျ။

"ကဲ-ငါ့မြေးသိချင်ရင် အမေကြီးနည်းနည်းပြောပြမယ်။ ငါ့မြေးကို အမေကြီးအိမ်မှာမွေးခဲ့တာ၊ ငါ့မြေးမမွေးခင်တစ်လလောက်မှာ မိတွတ် အိမ်ရောက်လာတယ်။ အဲဒီတုန်းက နင့်အမေတို့က ကောလင်းမှာနေကြတာ။ ဟိုမှာလူခွဲမရှိလို့ အမေကြီးအိမ်လာမွေးတာ။

အဲဒီတုန်းက နင့်အဖေက ဂျမဒါနဲ့ ကောလင်းမှာ ငါ့မြေးမမွေးခင်ရက်ပိုင်းအလိုမှာ ကောလင်းကဆိုလား မိတွတ်သူငယ်ချင်း ဒီရောက်လာတယ်။ နင့်အမေကို နင့်အဖေအကြောင်း စုံနေအောင်ပြောသွားတယ်။ အမေကြီးကြားသလောက်တော့ နင့်အဖေက ကောလင်းမှာ ရှမ်းမလေးတစ်ယောက်နဲ့ တတွဲတွဲလုပ်နေတယ်တဲ့။ ယူမယ်လို့လည်းပြောတယ်ပေါ့။ အဲဒါ နင့်အမေ မိတွတ်ကို အကြာကြီးပစ်မထားဖို့၊ ကလေးမွေးပြီးရင် ကောလင်းကို အမြန်ဆုံးပြန်လာဖို့ ပြောခဲ့တယ်ထင်တာပဲ"

အဘွားခိုင်သည် ပြောလက်စ





www.burmeseclassic.com

www.burmeseclassic.com

စကားရပ်၍ ဆေးလိပ်ဆက်ဖွာကာ တွေးနေပုံရ၏။ အမေ့ကို အဘွားက ငယ်စဉ်အခါမှ ယနေ့တိုင် မိတွတ်ဟုသာ ခေါ်လေ့ရှိ၏။

"အဘွား၊ ဆက်ပြောဦးလေ"

"ပြောမှာပေါ့မြေးရယ်၊ အဲဒီနေ့က ကောလင်းက ဧည့်သည်ကောင်မလေးလည်း နေ့ချင်းပြန်သွားတယ်။ သူပြန်သွားလို့ (၃) ရက်နေတော့ ငါ့မြေးကို မွေးတော့တာပဲ။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့ပဲ၊ ငါ့မြေးကို ဟိုမီးဖိုချောင်မှာမွေးခဲ့တာ"

အဘွားသည် နှုတ်ဆိတ်လျက် ဆေးလိပ်ဖွာရင်း ခြံဝဘက်ငေးကြည့်ကာ ဝမ်းနည်းသည့်မျက်နှာပေါ် နေပြန်၏။ မျက်လုံးတို့မှမျက်ရည်များဝိုင်းလဲ့နေပြန်၏။ မျက်ရည်များအား အောက်သို့ပြုတ်မကျမီ မျက်တောင်များနှင့်ခတ်သိမ်းကာ ဝမ်းနည်းသည့်အသံဖြင့် ကိုစိုးအားကြည့်၍ ပြောပြပြန်ပါသည်။

"ငါ့မြေးမွေးတုန်းက နီနီရဲရဲသေးသေးလေး၊ တကယ့်သေးသေးလေး။ လူကသေးပေမယ့် အငိုကတော့ဘာကျယ်သလဲမမေးနဲ့ ကတ်ကတ်လန်လို့။ မင်းငိုသံကို တစ်အိမ်လုံးမခံနိုင်ဘူး။ အဲ - ဆိုးတာကတော့ မြေးမွေးလို့ (၂) ရက်မြောက်နေ့မှာ ဒုက္ခလှလှတွေ့တော့တာပဲ"

အဘွားသည် ကောင်းခန်းရောက်ခါနီးတွင် စကားအားရပ်၍ ဆေးလိပ်တိုကြီးကိုသာ ဆောင့်ဆောင့်အောင့်အောင့်ဖွာလျက် မျက်နှာပြင်တစ်ခုလုံးသုန်မှုန်နေ၏။ အမေကြီး၏ပုံစံသည် ဝမ်းနည်းသည့်အသွင်တစ်မျိုး၊ မကျေနပ်သည့်ဟန်ကတစ်ဖန်နဲ့ တစ်ခဏချင်းပြောင်းလျက် စကားအားဆက်ပြန်ပါသည်။

"မိတွတ်အိပ်ရာထဲလဲပြီလေ။သွေးကျိုးကျိုးသွားတာပေါ့။ အဲဒီနေ့က မိတွတ်က ဖင်တရွတ်တွန်းပဲသွားနိုင်တာ လမ်းမလျှောက်နိုင်တော့ဘူး။ မင်းကလည်း ငိုလိုက်တာနားတယ်မရှိဘူး။ မင်းငိုတိုင်း မိတွတ်ကနို့တိုက်ပေမယ့် မင်းကနို့ကိုကြာကြာမစို့ဘူး။ ခဏလေးပဲစို့ပြီး ဖြုတ်ပစ်တယ်။

ငါ့မြေးမွေးတဲ့အချိန်က အမေကြီးတို့တစ်အိမ်လုံး ထယ်ရေးပူတဲ့အချိန်၊ တစ်ယောက်မှမအားကြဘူး။ သူ့အလုပ်ကိုယ့်အလုပ်နဲ့ တန်းစီနေကြတာ။ အိမ်မှာ မိနီတစ်ယောက်တည်းအစောင့်ကျန်တာ။ နေ့လယ်ခင်းမှာ ငါ့မြေးတို့သားအမိ (၂)ယောက်ပဲ အိမ်မှာရှိတယ်။

အဲဒီနေ့က အမေကြီးဟာ စိတ်ထင့်နေတယ်။ စိတ်တွေမကောင်းဘူး။ ငါ့မြေးငိုသံကို အမေကြီးစိတ်ကတစ်မျိုးဖြစ်နေတာ။ ခါတိုင်းဆို အမေကြီးက နွားကျောင်းပဲ။ မိနီက တောထဲကမင်းအဘကို ထမင်းပို့၊ အိမ်ပြန်ရင် မြက်တစ်ထုံးခေါင်းရွက်ပြန်ပေါ့။ ဒီနေ့တော့ ဒီလိုမဟုတ်ဘူး။ အမေကြီးက မိနီနဲ့နေရာချိန်းလိုက်တယ်။ မနက် (၉)နာရီလောက်မှာ မိနီနွားကျောင်းသွားတယ်။ အမေကြီးက (၁၀) နာရီမထိုးခင် မင်းအဘကို ထမင်းပို့သွားတယ်။အိမ်မှာတော့ ငါ့မြေးတို့သားအမိ (၂)ယောက်ကလွဲလို့ ခွေးတောင်မကျန်ဘူး"

စကားပြောရင်းဖြင့် အဘွားသည် ဝမ်းနည်းသည့် မျက်နှာပေါ် နေ၏။ တောင်သူဖြင့် အသက်မွေးသော အမေကြီးတို့မိသားစုတွင် ငယ်စဉ်အခါမှ ယနေ့အထိ အိမ်တွင်မွေးထားသော ခွေးကြီးခွေးငယ် (၄)၊ (၅) ကောင်အမြဲရှိပါသည်။ ထိုခွေးများသည် တောလိုက်အစွမ်းထက်လှပါသည်၊ အိမ်ခြံအတွင်း လာနေကျဧည့်သည်မှအပ နည်းနည်းစိမ်းလျှင်ပင် ဝိုင်း၍ကိုက်ခံရသောသူပင်မနည်းလှပေ။ အမေကြီး၏စိတ်တွင် မွေးထားသောခွေးကြီး (၄)၊ (၅)ကောင်နှင့် ကိုစိုး၏ငယ်စဉ်ဘဝကို ပြေး၍မြင်ယောင်မိသည်ဟု ထင်ရပါသည်။ ဆေးလိပ်ဖွာရင်း စကားဆက်ပြန်ပါသည်။

"ဒီနေ့က မင်းအဘဆီ ထမင်းပို့ပြီး မြက်ထုံးတောင် ခါတိုင်းလိုမကြီးဘူး။ သေးသေးလေးပဲရိတ်ခဲ့တာ။ မြက်ထုံးကလေး ခေါင်းပေါ် တင်ပြီး အိမ်ပြန်လာတော့ နေကလည်းပူလိုက်တာ ခွေးတွေသံတွေနဲ့။ အိမ်ရောက်တော့ ငါ့မြေးတို့သားအမိအသံကတိတ်နေတယ်။အမေကြီးက စိတ်ထဲက ဪ - မိတွတ်တို့သားအမိ အိပ်နေကြတယ် ထင်ပါရဲ့ပေါ့။ မြက်ထုံးကလေး စဉ်းခုံနားချ အမောဖြေမယ်ကြံတော့ နေပူကျဲကျဲ တလင်းပြင်မှာ ပိတ်ဖြူဖွေးဖွေးအထုပ်ကလေးကို အမေကြီးမြင်တော့ ထိတ်ထိတ်ပျာပျာဖြစ်သွားတယ်။

အဲဒီအချိန်မှာ ပိတ်ဖြူထုပ်ကလေးဆီကို အမေကြီး ဒုန်းပြေးသွားကြည့်တော့ 'အမလေး' ဆိုပြီး ချုံးပွဲချငိုရတာပေါ့ မြေးရယ်။ အံ့ဩတာရော၊ ဝမ်းနည်းတာရော၊ သနားတာတွေရော၊ ဒေါသထွက်တာတွေရော၊ ငိုတာတွေရော စုံနေတာပဲ။ အဲဒီတုန်းက အမေကြီးဟာ မရူးရုံတစ်မည်ပဲ ငါ့မြေးရဲ့။ ပိတ်ဖြူနဲ့ထုပ် နေပူကျဲကျဲ တလင်းပြင်မှာ ဘယ်အချိန်ကစပြီး ငါ့မြေးကို . . ."

ပြောရင်းမှ အဘွားသည် မျက်ရည်တွင်တွင်ကျ၍ငိုရှာတော့၏။ အဘွားငိုတော့ ကိုစိုးလည်း မျက်ရည်အဝိုင်းသားနှင့်ဝမ်းနည်းသလိုခံစားရ၏။ မျက်ရည်စများသုတ်၍ နှပ်တရှုံ့ရှုံ့ဖြင့်အဘွားသည် အသံတုန်တုန်ဖြင့် ပြောရှာပါသည်။

"ပိတ်ဖြူထုပ်ထဲက ငါ့မြေးလေးဟာ တစ်ကိုယ်လုံးနီရဲနေပြီ။ တောင့်တောင့်ကလေးဖြစ်နေရှာပြီ။ မလှုပ်တော့ဘူး။ ငါ့မြေးကိုပွေ့၊ ဟိုလှုပ်ဒီလှုပ်လုပ်သွားပြီ ငါ့မြေးလေးသေပြီပေါ့။ အငိုသန်တဲ့ငါ့မြေးက အဲ့ဆိုတဲ့အသံတောင်မထွက်တော့ဘူး။ တစ်ကိုယ်လုံး ဘယ်နေရာ[…]ကို မလှုပ်တော့တာ မြေးရဲ့။

အီး ဟီး အီး ဟီ - မိတွတ် မိတွတ် ငါ့မြေးကိုလုပ်ရက်လိုက်တာဟယ်"

စကားပြောရင်းမှပင် အဘွားသည် အသံထွက်၍ပင် ငိုပြန်ရှာ[…]သည်။ အတိတ်ကအကြောင်းကို ပြန်လည်မြင်ယောင်ရင်း အဘွားစိတ်မထိန်းနိုင်ရှာ၊ ကိုစိုးမှာ ဝမ်းနည်းဆို့နစ်၍သာ နေပါသည်။

"အဲဒီမှာ ချက်ချင်းဒေါသထွက်သွားတယ်။ ငါ့မြေးကိုပွေ့ပြီး မီးနေခန်း[…]ဘက်အလာ အော်ခဲ့တော့တာပဲ မြေးရဲ့[…] အဲဒီအချိန်က အမေကြီးဟာ ရူးသလို[…]ဖြစ်နေပြီ၊ နင့်အမေကိုသတ်ချင်တာ[…]ယားနေတာပဲ မနည်းထိန်းထားရတာ[…] ဘေးလူဆို အမေကြီးသတ်လော[…]တယ် ငါ့မြေးရဲ့။

နင့်အမေ မိတွတ်က အမေကြီး[…] ပြောသံဆိုသံကို ကြားတယ်၊ သင်[…] မသိသလိုနေသေးတယ်။ မင်းကို[…] မီးနေခန်းအဝကနေ မင်းအမေနဲ့ အ[…]ကြီးအော်ကြတော့တာပဲ။ ပွက်ပွက်ဆ[…]လို့။

ဟဲ့ - မိတွတ်၊ နင်က လူမှ[…]သေးရဲ့လား။ နင့်မှာ လူစိတ်ကော[…]ရဲ့လားဟင်။ နင့်ဟာနင် ရွံထပြီးမှ [...]မြေးကိုသတ်စရာမလိုဘူးဟဲ့။ နားလ[…]လား။ နင်မမွေးနိုင်ရင် ငါမွေးနိုင်တယ်[…]နွားမရဲ့။

အမေကြီးက အော်လိုက်ငေါ[…]လိုက်နဲ့ ငါ့မြေးကိုငုံ့ကြည့်လိုက်နဲ့ အ[…]ကြီးရဲ့မျက်ရည်တွေက ငါ့မြေးရဲ့မျက်[…]ပေါ်မှာ ရွှဲနေပြီ။ အမေကြီးရဲ့အသံ[…]တောင်ပြာနေပြီမြေးရဲ့။

အဲဒီလို အော်ငေါက်တော့ [...]လက်ဖြစ်နေတဲ့နင့်အမေက ခံ[…]သလား။ မခံဘူးတော့၊ သေ[…]



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ကက်ကက်လန်ပြန်အော်တယ် မြေးရဲ့။

သေပလေ့စေ၊ သေအောင်သတ်တာ။ သင်းကြောင့်ကျုပ်ဒုက္ခရောက်တာ၊ သင်းမရှိမှအေးမှာ။ ကျုပ်ကိုယ်တိုင် နေပူလှန်းသတ်တာ ဘာဖြစ်သလဲတဲ့။

အမေကြီးလေ အဲဒီတုန်းက ဘုရားတောင်တရတယ်မြေးရဲ့။ သေပလေ့စေတဲ့၊ သင်းက တရားခံတဲ့၊ သင်းကြောင့် ဒုက္ခရောက်တာတဲ့၊သင်းမရှိမှ အေးမယ်တဲ့။ ရက်ရက်စက်စက်ကိုပြောတာ မြေးရဲ့။ အဲဒီမှာ မင်းအမေအော်နေတော့ အမေကြီးက မြေးကိုငုံ့ကြည့်လိုက်တယ်။ ခန္ဓာကိုယ်တစ်ခုလုံးပူနေသေးတယ်။ မြေးရဲ့ ပါးစပ်ကလေးလှုပ်တာတွေ့လိုက်ရော ဘာပြောကောင်းမလဲ မြေးရယ်။ ရေအိုးစင်တန်းပြေးရတာပေါ့။ မြေးရဲ့ပါးစပ်ကလေးထဲကို ရေပေါက်ကလေးတွေချပေးလို့ မကြာဘူး။ ပြန်နဲ့အော်ငိုတော့တာပဲ။ မင်းအသံကြည်းကြားရော အမေကြီးလေပြောမပြတတ်အောင်ဘဲ ဝမ်းသာလွန်းဆို့နေပြီ မြေးရဲ့"

ပါးစပ်အဟောင်းသားနှင့် အမေကြီး၏စကားထဲတွင် ကိုစိုးမျောပါနေ၏။ အမေကြီးသည် အမောဖြေရင်း ဆေးလိပ်ဖွာကာ ဆက်၍ပြောပြန်၏။

"အမေကြီး အဲဒီအချိန်မှာအတွေး တစ်ခုဝင်လာတယ်။ မိတွတ်အပြင် ကြားဘယ်သူပါသလဲဆိုတာ စဉ်းစားတယ်။ မိတွတ်က လမ်းမလျှောက်နိုင်ဘူးလေ။ မီးနေခန်းကနေ အောက်ကိုဆင်းရမယ်။ တလင်းပြင်မှာသွားထားမယ်။ အောက်ပေးတယ်မြေးရဲ့။ နောက်ထပ် ရောပါကို အမေကြီးက မမေးဘဲမနေဘူး။ အခု ငါ့မြေးကလည်း အသက်ရှင်သေးတော့ အားရှိလာတာပေါ့။

ဟော့ - မိတွတ် ငါ့မြေးကို တလင်းပြင်မှာ နေလှန်းသတ်တာ ဘယ်သူလဲ၊ ဘယ်ကောင်မလဲ၊ ဘယ်ကောင်မလဲ။ ငါ့ ကိုမှန်မှန်ပြောစမ်း"

ဆိုတော့ နင့်အမေက ဘာပြောတယ်မှတ်တုန်း -

"ကျုပ်ဟာကျုပ် ဖင်တရွတ်တွန်းသွားတာ၊ နေလှန်းသတ်တာ၊ ဟုတ်တယ်။ အမေဘာလုပ်ချင်လဲ" တဲ့။

နင့်အမေက တအားရိုင်းတာ၊ အဲဒီအချိန်တုန်းက လူစိတ်တောင် ပျောက်နေပြီ။ အဲဒီမှာ ငါ့မြေးက နို့ဆာလို့ အားငိုနေပြီ။ နို့တိုက်ဖို့ပြောတော့ နို့မှနို့မထွက်တော့ဘူးတဲ့လေ။ မြေးမမွေးခင်ကတည်းက နင့်အမေက စိတ်မချမ်းသာဘူး။ သူ့လင်စိတ်နဲ့ တငိုငို ဖြစ်နေတော့၊ မင်းမွေးတော့လည်း တငိုငိုနဲ့ဆိုတော့ ဘယ်ခံနိုင်တော့မလဲ။ ကျိုးရုံတင်မကဘူး၊ နို့ကြောင်းတောင် ပိတ်သွားတယ်။

အမေကြီး ဒေါသပိုထွက်တာက ဟိုကောလင်းကကောင်မကိုပဲ။ သူလာပြောလို့ သူလာမပြောရင် သူ့ယောကျ်ားအကြောင်း မိတွတ် ဘာမှသိမှာမဟုတ်ဘူး။ သင်းကြောင့် သင်းတရားခံ၊ သင်းကို ကျေကိုမကျေဘူး ဟင်း"

ပြောရင်းဆိုရင်းမှ အမေကြီးသည် အံတကြိတ်ကြိတ်နှင့် ဒေါသထွက်နေပြန်၏။

"မင်းအမေကလည်းနို့မထွက်၊ ငါ့မြေးကလည်း နို့ဆာလို့တအားငို။ ဗိုက်လေးပူကယ်ပူကယ်နဲ့မောနေတော့တာ၊ မြေးကိုသနားလွန်းလို့ အမေကြီးမှာ ရှုမတတ်အောင်ပဲမြေးရဲ့။ ကြာရင် ငါ့မြေး သေသွားနိုင်တယ်။ ကြံရာမရဖြစ်နေပြီ။ နွားနို့ညှစ်မယ်ကြံတော့ အိမ်က နွားတွေက အကုန်လုံး တောထဲမှာ၊ တောထဲလိုက်ရင်လည်း ခရီးကဝေး၊ မိနီကဘယ်တောကျောင်းမှန်းမသိ။ ဒါနဲ့ ရွာထဲက ဒေါ်ချိန်ကို အမေကြီး ပြေးသတိရလိုက်တယ်။ သူ့အိမ်က နွားမကြီးက ပူပူနွေးနွေးသားကျထားတာ။ ငါ့မြေးကို ပွေ့ပြေးရပြန်ရော။ ဟိုရောက်တော့ ကံကောင်းလိုက်တာမြေးရယ်၊ နွားပေါက်ကလေးငယ်သေးတော့ နွားကျောင်းမထည့်ဘူးလေ။ နွားမကို အိမ်မှာချည်ကျွေးထားတာ။ ဒေါ်ချိန်ကို အကူညီတောင်းတော့ (၁) ပိသာနီးပါး



ညှစ်ပေးလိုက်တယ်။ ဈေးထဲကို နို့ဘူးပြေးဝယ်၊ စို့လိုက်တာ ဘယ်လောက်ဆာနေရှာမလဲ။ အသံတွေကိုထွက်လို့။ အဲဒီနေ့က ပင်ပန်းလွန်းလို့ အမေကြီးဖျားသေးတယ်"

ပြောရင်းဆိုရင်း ကောက်ခနဲထ၍ တုံးတိတိဖြင့် စကားဖြတ်လိုက်ကာ -

"ကဲကဲ - ငါ့မြေးနဲ့စကားပြောတာကြာသွားပြီ။ နေမြင့်နေလိမ့်မယ်။ နွားလွှတ်ရဦးမယ်ကွယ့်။ ကဲ- မြေးလည်းပြန်တော့"

တန်းလျားခုံမှထွက်၍ နွားတဲထဲဝင်ကာ နွားများအား တစ်ကောင်ချင်းကြိုးဖြေလွှတ်ကာ ဆေးလိပ်၊ မီးခြစ်ထည့်ထားတဲ့ လွယ်အိတ်အဟောင်းကလေးပခုံးမှာလွယ်၊ ခမောက်ကလေးဆောင်းကာ နွားကျောင်းသွားပါတော့တယ်။

ကိုစိုးမှာတော့ ဟာတာတာဖြင့် တစ်ယောက်တည်း အိမ်ပြန်ခဲ့ရပါတယ်။ ထိုစဉ်က ကိုစိုးသည် (၇) တန်းကျောင်းသားဖြစ်ရာ နောက်ရက် ကျောင်းပိတ်တဲ့နေ့ အမေကြီးဆီအလည်သွားပြန်တော့ ယခင်ကစကားဆက်၍မပြော။ မသိသလိုနှင့် ပြောလက်စစကားများပြတ်တောက်သွားခဲ့ရပါတော့တယ်။ ထိုစဉ်က အမေကြီးရဲ့နွားခြံတဲထဲမှာ နွားကြီးငယ် (၃၅) ကောင်မှ ထိုနွားနီမကြီးသည် အသက်အကြီးဆုံး။ နွားအမေ (၆) ကောင်ခန့်ပင် နွားမကြီး၏သမီးများ။ ထိုမှ မြေးများ၊ နွားအားလုံးသည် ခြံပေါက်နွားများသာဖြစ်ပေသည်။

ဤသို့ဖြင့် အချိန်ကာလများကုန်လွန်လာခဲ့ရာ ကိုစိုး (၁၀) တန်း ဒုတိယနှစ်ကျတဲ့အချိန် ရောက်လာပါတယ်။ (၁၀) တန်း (၂)နှစ်ကျအပြီး ဟိုယောင်ယောင်ဒီယောင်ယောင်အလုပ်မည်မည်ရရမရှိ။ လက်ဖက်ရည်ဆိုင်ထိုင်၊ လက်တောက်ခုံထိုး၊ ကျားကစား၊ စစ်တုရင်ကစား၊ ဘောလုံးလေးဟိုကန်ဒီကန်နဲ့ လူပျိုတောင်လှည့်တတ်လာချိန်မှာ အမေက စီးပွားရှိနေပြီ။ ခြံနဲ့နံကတ်တိုက်နဲ့ လယ်ယာချောင်းမြောင်းနွားတွေနဲ့ သူ့ဟာသူ အတိုးပွားထားတာ။ အမေကစာမတတ်ပေမယ့် လူရင်းတွေဖြစ်တဲ့ သူ့တူတွေ၊ သူ့မောင်တွေ၊ သူ့ညီမတွေကို သီးစားချခိုင်းထားတာ၊ နှစ်ကုန်ရင် ကျီထဲမှာ စပါးက (၁၀၀) လောက်။ ဆီက (၅၀) ဝင်နှစ်အိုးရှိနေချိန်ပေါ့။

ဇာတ်လမ်းက မီးဖိုချောင်မှာစတာ။ မီးဖိုချောင်ကို အုတ်တပ်ပေမယ့် မြင်းမိုရ်ရပိတ်က သစ်သားနဲ့ပိတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com

တောင်မြောက်နှစ်ထိပ်ပေါ့။ အဲဒီမြင်းမိုရ်ပိတ် (၂) ခုကို ရေနံချေးသုတ်ပေးဖို့ ကိုစိုးကို အမေက ခိုင်းထားတယ်။ အမေခိုင်းပေမယ့် ကိုစိုးကလည်း စိတ်ကြီးဝင်နေတာရှိတယ်လေ။ အရင်တုန်းက ဒီလိုညစ်တီးညစ်ပတ် တစ်ခါမှမခိုင်းပါဘဲနဲ့ အခု စာမေးပွဲကျမှခိုင်းရကောင်းလားဆိုတဲ့အသိက မာန်ဝင်နေတယ်လေ။ ကိုစိုးက ခိုင်းထားတာကိုလည်း လုပ်မယ် ပါးစပ်က ကတိပေးထားပေမယ့် လက်ကမရပ်ဘူး။ တမင်မသုတ်တာ။ တော်ကြာမှ၊ ခဏနေမှနဲ့ ဆင်ခြေပေးတော့ တစ်ပတ်လောက်ကြာတော့ အမေက ကိုစိုးကို ကြိမ်းပြီ။ ဘယ်လိုကြိမ်းတယ် မှတ်တုန်း။

သူခိုင်းတာမလုပ်ရင် အိမ်မှာမနေနဲ့ဆင်းဆိုတဲ့ စကားလုံးကြမ်းကြမ်းနဲ့ထုတယ်။ သူကြမ်းပေမယ့် ကိုစိုးကလည်း မခံဘူး။ သူ့ထက်သာအောင် ကြမ်းတာပေါ့။ တစ်ခွန်းမှမခံဘူး။ အကုန်ပြန်ပက်တယ်။ အမေ့ကို ခင်ဗျားနဲ့ကျုပ်နဲ့တောင် ကြမ်းကြမ်းတမ်းတမ်းအော်ဟစ်ခဲ့တာ။ ဒီလိုအော်ရတာ အကြောင်းရှိတယ်လေ။ အမေကြီးက ကိုစိုးရဲ့ငယ်စဉ်ဘဝကို ကြောင်းထားတော့ အနာဟောင်းပေါ် တုတ်ကျသလိုပေါ့။ အဲဒီစိတ်နဲ့ပြန်ချေပခဲ့တာ။

"ခင်ဗျားက ကျုပ်ကို အိမ်ပေါ်က နှင်ချတယ်၊ ရတယ်။ ကျုပ်ကလည်း ခင်ဗျားအိမ်မှာ တွယ်ကပ်နေမယ်မထင်နဲ့။ ကျုပ်မှာခြေလတ်ရှိတယ်။ ဘယ်နေရာသွားသွား ထမင်းမငတ်ဘူးဗျ နားလည်လား။ ခင်ဗျားက စီးပွားလေးရှိလာတော့ အောက်ခြေလွတ်၊ ကိုယ့်ကိုယ်ကိုယ်အထင်ကြီး စိတ်ကြီးဝင်သွားတာ ရတယ်။ ဒါ ခင်ဗျားရဲ့ဇာတိရုပ်ပဲ"

"အေး - ဟုတ်တယ်။ ငါဟာငါ လွှတ်ချင်လွှတ်မယ်။ နင့်အပူမပါဘူး။ ဆင်း၊ အခုချက်ချင်းဆင်း။ တစ်သက်လုံး ပြန်မလာနဲ့။ အေး - တစ်ခါတည်းမှာ လိုက်မယ်။ နင်သေလည်း ငါမလာဘူး။ ငါသေလည်း နင်မလာနဲ့ မြဲမြဲမှတ်ထား"

"ရတယ် ရတယ် ခင်ဗျားစကား မှတ်ထားနော်"

ကိုစိုးက အိမ်အပြန်လမ်းမက၊ အမေက အိမ်ထဲက၊ သားအမိနှစ်ယောက် သူတစ်ပြန်ကိုယ်တစ်ပြန် စကားများတာ အရပ်ထဲတော့ ပွက်ပွက်လန်သွားတာပဲ။

ဒီသတင်း အဘွားခိုင်ဆီ ဘယ်အချိန်ကရောက်သည်မသိ။လုံချည်တိုတိုခြေလှမ်းသွက်သွက်နဲ့ ဒုန်းစိုင်းလာပြီ။ သူ့မြေးထိလို့မခံတာသေချာပြီ။ မျက်နှာကလည်း ဒေါသထွက်တဲ့ပုံနဲ့၊ သုန်မှုန်နေတဲ့ဟန်အပြည့်နဲ့ ကိုစိုးအနီးရောက်တာနဲ့ သူ့သမီး မိတွတ်ကို အော်ပါလေရော။ အဘွားနဲ့ ကိုစိုးက လမ်းမပေါ် အမေက အိမ်ထဲကအော်ကြတာဆူညံသွားတယ်။

"ဟဲ့ - မိတွတ်၊ နင်က ငါ့မြေးကို နှင်ချရအောင် နင်က ပိုက်ဆံဘယ်လောက်ချမ်းသာလို့လဲဟဲ့။ နင့်လောက်တော့ ငါလည်းရှိတယ်ဟဲ့ နားလည်လား။ နင်မကျွေးနိုင်ရင်ငါကျွေးနိုင်တယ်ဟဲ့၊ ငါ့မြေးကို ဒီလောက်နှစ်နှစ်နာနာ ပြောစရာမလိုဘူး။ လူကမွေးရင် လူစကားပြောဟဲ့ မိတွတ်ရဲ့"

အဘွားက အော်ဟစ်ပြောတော့ အိမ်ထဲကအမေကလည်း မခံဘူး။ ပြန်အော်ပက်ပြန်၏။

"အမေမသိဘဲနဲ့ ဝင်မပါနဲ့။ အမေနဲ့မဆိုင်ဘူး"

"ဟေ့ - ဆိုင်တယ်၊ ဆိုင်တယ်။ ဆိုင်လို့ငါလာတာ။ နင်က ငယ်ငယ်တုန်းကလည်း ငါ့မြေးကိုသတ်တယ်။ ကြီးလာတော့လည်း အိမ်ကနှင်ချတယ်၊ ငါ့ကိုလည်းပြန်အော်တယ်။ နင်လိုအမေမျိုးနဲ့ ငါ့မြေးနဲ့မတန်ဘူးဟဲ့။ ငါ့မြေးကို တစ်သက်လုံး ကျွေးနိုင်တယ်။ လာ - ငါ့မြေး၊ အမေကြီးအိမ်လိုက်ခဲ့"

"ခေါ်သွား သွား၊ တစ်သက်လုံး ပြန်မလာနဲ့"

အမေကြီးနဲ့ ကိုစိုးက လှည့်မကြည့်တော့။ အမေကတော့ အော်ဟစ်ရင်း ကျန်ခဲ့ပါတော့ယ်။ အဘွားအိမ်မှာ (၁၀) ရက်လောက်ကြာတော့ ကိုစိုးက ဘဝအတွက်စဉ်းစားရင်း အိမ်ကထွက်ဖို့ပြင်ဆင်ရတယ်။ ရေတပ်ထဲမှာ ကျောင်းနေဖက် ငယ်သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူက (၈) တန်းမှာ အတူနေပြီးမှ စစ်ထဲဝင်သွားတာ။ တပ်ထဲမှာ စာမေးပွဲဖြေရင်း (၁၀)တန်းအောင်တယ်။ တပ်ကြပ်ကြီးဖြစ်နေပြီ။ သူက ဇရာဝတီရေတပ်စခန်း မော်လမြိုင်ဘက်မှာ။ ခရီးကဝေးတယ်။ ကိုစိုးက ကန့်ဘလူကနေ သွားရမှာဆိုတော့ လမ်းစရိတ်က (၁၅၀) ကျော်ရှိနေပြီ။ အစ်မနဲ့ညီမအငယ်က သူတို့စုထားတဲ့မုန့်ဖိုးတွေလာပေး၊ ကိုစိုး စုထားတာနဲ့ တစ်ရက်၊ နှစ်ရက်အတွင်း ခရီးထွက်လို့ရပြီပေါ့။ ခက်နေတာက မှတ်ပုံတင်၊ သေတ္တာထဲမှာ သေချာသိမ်းထားပါလျက်နဲ့ ရှာမတွေ့ဘူး။ အစ်မနဲ့ ညီမငယ် နှစ်ယောက်စလုံး ရှာပေမယ့် မှတ်ပုံတင်က ပျောက်ခြင်းမလှပျောက်သွားတယ်။

တစ်နယ်တစ်ကျေး ခရီးဝေးထွက်အလုပ်လုပ်မှာဆိုတော့ ဆိုင်ရာထောက်ခံစာတွေယူရတယ်လေ။ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ကျောင်းထောက်ခံစာ၊ မှတ်ပုံတင်တို့ပေါ့။ မှတ်ပုံတင်တစ်ခုပဲ ရှာမတွေ့တာ။ တစ်ရက်နှစ်ရက်ကြာတော့ အဖေ အိမ်ရောက်လာတယ်။ ရောက်ရောက်ချင်း သူ့သားဘယ်သွားလဲပေါ့။ အမေက သူ့အမေအိမ်ညွှန်တော့ အဖေလိုက်လာပြီးခေါ်လို့ အိမ်ပြန်ခဲ့ရတယ်။ ဒီတုန်းက ကိုစိုးဟာ အိမ်ခြံထဲကို လုံးဝမဝင်ချင်ဘူး။ အိမ်ရှေ့ရောက်တာတောင် လမ်းမပေါ် အကြာကြီးရပ်နေသေးတယ်။ အဖေ့ကိုသနားလို့သာ။ အမေ့ကို စိတ်နာလို့ မကြည့်ချင်ဘူး။ အဖေကတော့ သားအမိတွေ သင့်သင့်မြတ်မြတ်နေဖို့မှာပြီး ညနေမှာ သူတာဝန်ကျတဲ့ ထန်းတပင်ဘူတာကို ပြန်သွားတယ်။

အမေနဲ့စကားများအပြီး အမေကြီးအိမ်ရောက်တော့ အမေကြီးက ကိုစိုးကို စေ့စေ့ကြည့်ပြီး မျက်ရည်တွေရွှဲနေအောင် ငိုရှာပါတော့တယ်။ အဲဒီနေ့က အမေကြီးက သိပ်နေမကောင်းလို့ တောထဲနွားကျောင်းမသွားဘဲ အိမ်မှာကျန်ခဲ့တာ။ ပြောရင်းငိုရင်းနဲ့ အမေကြီးတောင် သနားလာမိပါတယ်။ အိမ်အောက် တန်းလျားခုံမှာ မြေးအဘွား (၂) ယောက် မျက်နှာချင်းဆိုင်ထိုင်ရင်း ပြတ်တောက်ခဲ့သောစကားများကို ပြန်လည်ပြောပြပါတော့တယ်။

"သင်းက စီးပွားလေးရှိတော့ ဘဝင်မြင့်သွားတာ။ ငါမွေးလို့ လူဖြစ်တဲ့ ကောင်မကာ။ ဟင်း- အခုလည်း ငါ့မြေးကို အိမ်ကနှင်ချတယ်။ သင်းလိုမအေမျိုးနဲ့နေရတာ ငါ့မြေးအတွက် ဒုက္ခပဲ။ သူ့အိမ်မှာမနေနဲ့။ အမေကြီးဆီမှာ တစ်သက်လုံးနေ။ ငါ့မြေးကို အမေကြီး ကျွေးနိုင်ပါသေးတယ်ကွယ်"

ကိုစိုးက အစာမကြေတဲ့မျက်နှာ အဘွားက ငိုသံဒေါသသံနဲ့ ပြောတာပေါ့။

"သင်းက ငါ့မြေးမွေးတော့အသေသတ်တယ်။ ဒီအကြောင်းတွေပြောရင် သားအမိတွေစိတ်ကွက်သွားမှာစိုးလို့ ငါမပြောခဲ့တာ။ အခုတော့ ငါ့မြေး သိအောင် ပြောရတော့မယ်။

မင်းကိုမွေးပြီးလို့ (၂)ရက်ရမှာ မိတွတ်သွေးကျိုးကျိုးတယ်။ အဲဒီနေ့က



www.burmeseclassic.com

စပြီး သူ့နို့ကို ငါ့မြေးမစို့ရတော့ဘူး။ မွေးတဲ့နေ့ တစ်ရက်ကလေးပဲစို့လိုက်ရတယ်။ မိတွတ်လည်း နို့ကြောင်းပိတ်၊ နို့မထွက်တော့ဘူး။ ကံကောင်းချင်တော့ ဆေးတွေလိမ်း၊ သောက်တာနဲ့ မိတွတ်ဟာ နို့ထွက်တဲ့နေ့မှာ လမ်းစလှမ်းတယ်။ နောက်တစ်ပတ်ကြာတော့ သွားနိုင်ခါစပဲရှိသေးတယ်။ ကောလင်းက သူ့လင်ဆီပြန်သွားတယ်။

နို့ကလည်းမထွက်တော့ မင်းကိုမမွေးချင်တော့ဘူးလေ။ ငါ့မြေးကို အမေကြီးဆီမှာထားခဲ့တော့တာ။ ဒီအချိန်မှာ မြေးက (၂) ပတ်သားရှိနေပြီ။ မင်းက အမေကြီးလက်ပေါ်မှာကြီးခဲ့ရတာ။ ငါ့မြေးတွေးတော့ နွားနီမကြီးက သားကျခါ၊ အဲဒီနွားမကြီးက ငါ့မြေးထက် အသက်ကြီးတယ်။ ငါ့မြေးကံကောင်းသွန်းလို့သာ အသက်မသေခဲ့တာ။ သေရေးအကြိမ်ပေါင်းမနည်းဘူး။

အဲဒီနွားနီမကြီးဆီက တစ်ရက်ကို နွားနို့ (၂) ပိဿာကျော်ကျော်ရတယ်။ ရေရောရင် (၂)ပိဿာခွဲပေါ့။ မြေးမရှိခင်က နေ့တိုင်း နို့ဆီချက်ရဲ့ နွားနို့ပို့ရတယ်။ ငါ့မြေးရှိတော့ နွားနို့မပို့ရတော့ဘူး။ တစ်ရက်ကို (၂)ပိဿာခွဲက မလောက်ချင်ဘူး။ ဒါနဲ့ ကျန်တဲ့နွားမတွေဆီက နည်းနည်းပေါင်း ရေရောနဲ့ (၄)ပိဿာ မီးပါးဟာ ငါ့မြေးတစ်ယောက်တည်း သောက်ခဲ့တာ အဲဒါ နေ့တိုင်းပဲ မြေးရဲ့။

ဒီလိုနဲ့ မြေး တစ်နှစ်ပြည့်တော့ ခင်ထိုင်နိုင်လာပြီ။ ဟိုရွှေ့ဒီရွှေ့တော့ လှုပ်နိုင်ဘူး။ ထားတဲ့နေရာမှာ ငုတ်တုတ်။ (၂)နှစ်ပြည့်တော့ လေးဖက်ကုန်းနိုင်တာပဲ။ အဲဒီအချိန်အထိ မင်းအမေဟာ မင်းကို တစ်ချက်လာမကြည့်ဘူး။ သူ့ဆီမှာလည်း အကြီး(၂)ယောက်နဲ့ဆိုတော့ မအားလို့လား၊ မနိုင်လို့လား၊ သောက်ရူးစိတ်မချတာလား မသိပါဘူး။

(၃) နှစ်တင်းတင်းပြည့်တော့ ငါ့မြေးဟာ မတ်တတ်ရပ်နိုင်ပြီ၊ လမ်းတော့ လျှောက်နိုင်ဘူး။ လေးဖက်ကုန်းပြေးတာတော့ မြန်လိုက်တာ ပုတ်သင်ညိုကျနေတာပဲ။ မြေးကို ငယ်ငယ်ကတည်းက အမေကြီးကျောပေါ်မှာထားပြီး အလုပ်လုပ်ရတယ်။ နွားနို့ညှစ်ရတယ်။ကြာတော့ နေ့စဉ်နေ့တိုင်းညှစ်နေတဲ့နွားကြီးက ငါ့မြေးကသိနေသလိုပဲ။ ယဉ်ပါးတယ်။ လေးဖက်ကုန်းပြေးတော့ အမြဲတမ်း မျက်လုံးထောင့်ထောက်ကြည့်နိုင်ဘူးလေ၊ မြေပြင်မှာပဲထားရတာပေါ့။ အဲဒီအချိန်တုန်းက အမြင့်မှာ

တင်ထားခဲ့လို့ကတော့ ချက်ချင်းလိမ့်ကျပြီးပြီ။အမြင့်ကလည်းခဏခဏကျတယ်။ ကျတဲ့နေရာမှာပဲငိုနေတယ်။ အကျိုးအကန်း တစ်ခါမှမဖြစ်ဘူး။ ငါ့မြေးက အဲဒီလောက်ကံကောင်းတာ။ ငါ့မြေးဟာ ဘယ်လောက်ကံကောင်းသလဲဆိုတာ ပြောပြမယ်။ ဒီနေ့က အလုပ်လုပ်ရင်းနဲ့ မြေးကို အမေကြီးခဏမေ့သွားတယ်။ နွားတွေလွှတ်ချိန်ရောက်တော့ အမေကြီးနဲ့ မိနီက နွားတဲထဲကနွားတွေအကုန်လုံး ကြိုးဖြုတ်လွှတ်တာပေါ့။ ခြံထဲကနွားတွေအကုန်လုံးမှာ နွားနီမကြီးက အကြီးဆုံး ခေါင်းဆောင်ပဲ။ နွားလွှတ်တာနဲ့ ရှေ့ဆုံးကဦးဆောင်တာ။ နွားလွှတ်တာ အကုန်ထွက်သွားပြီ။ နွားနီမကြီးတစ်ကောင်တည်း သူ့ချည်တိုင်နားက မတ်တတ်ရပ်နဲ့ မထွက်သေးဘူး။ ဒါနဲ့ အမေကြီးလည်း နွားမကြီးကိုကြည့်ပြီး ဘယ့်နှယ်ကြောင့်မထွက်သေးတာပါလိမ့်ပေါ့။ တွေးခါရှိသေးတယ်။ စူးစမ်းလိုက်တော့ သူ့နောက်ခြေနှစ်ဖက်နဲ့ မြေးကိုခွပေးထားတာ၊ မြေးကအိပ်ပျော်နေတယ်။ အဲဒီကျမှ အမေကြီးဟာ အမလေးတပြီး ငါ့မြေးကို အသာပြေးပွေ့ရတာပေါ့။ အဲဒီနေ့က နွားမကြီးက အရင်ထွက်ရင်လည်း သူ့ခြေထောက်နဲ့နင်းမှာပဲ။ သူမနင်းရင် ကျန်တဲ့ နောက်လိုက်နွားတွေက နင်းမှာပဲ။ မြေးကို ဘယ်သူမှမမြင်ဘူး။ မမြင်ဆို ငါ့မြေးက ပိန်ပိန်သေးသေးကလေးဟာ။ အဲဒီလိုဖြစ်တာ (၄)၊ (၅) ကြိမ်ထက်မနည်းဘူး။

နောက်ထပ် အံ့ဩစရာကောင်းတာက ငါ့မြေးက (၄)နှစ်ပြည့်ခါနီးတော့ မတ်တတ်ရပ်နိုင်တယ်။ လေးဖက်ကုန်းပြေးတယ်။ စကားကတော့မပီဘူး။ အသံမကွဲဘူး။ လက်ဟန်ခြေဟန်ပြတတ်တယ်။ စကားမပြောတတ်ပေမယ့် ငါ့မြေးလည်ပုံပြောဦးမယ်။ လူတွေလစ်ပြီဆိုရင် မြေးက အဲဒီနွားမကြီးဆီလေးဖက်ကုန်းတော့တာပဲ။ နွားမကြီးက တိုင်အလယ်မှာချည်ထားတာ။ သူ့ဆီမရောက်ခင် နွား(၃)ကောင်လောက် ကျော်ရဦးမှာ။ ဒါလည်းသိနေတယ်။ ဟိုကွေ့ဒီကွေ့နဲ့ရောက်အောင်သွားတယ်။ ရောက်တာနဲ့ နွားမကြီးရဲ့ နောက်ခြေထောက်တစ်ဖက်ကိုင်ပြီး ထတော့တာပဲ။ မမှီမကမ်းနဲ့ နို့အုံကိုလက်နဲ့လှမ်းလှမ်းဆွဲတယ်။ အရပ်ပုနေတော့ မမီရှာဘူး။ ဒီတော့ အဲဒီနွားမကြီးက အလိုက်သိသိ အိပ်ပေးရပြန်တယ်။ သူအိပ်ပေးတဲ့အခါ မင်းကိုမနင်းမိအောင် သတိထားအိပ်ပေး

ရှာတယ်။ အဲဒီကျမှ မြေးက သူ့ပေါင်ခြံထဲကနို့အုံကိုကိုင်ပြီး နို့စို့တော့တာပဲ။ စို့လို့ဝသွားရင် အဲဒီပေါင်ခွထဲမှာပဲ အိပ်ပျော်နေပြီ။ အဲဒီနွားမကြီးဟာ ဟိုဘဝက ငါ့မြေးအမေများတော်ခဲ့ရော့လေသလား အောက်မေ့ရတယ်။ အဲဒီလိုဖြစ်တာလည်း အကြိမ်မနည်းဘူး။ တစ်ခါတလေဆို ငါ့မြေးလုပ်နေတာ သိရက်သားနဲ့ ပစ်ထားရတဲ့အခါလည်းရှိတာပေါ့"

အမေကြီး၏ စကားထဲတွင်သာ ကိုစိုးမျောနေရ၏။ စိတ်ထဲတွင် ဝမ်းနည်းစိတ်များသာ ဖုံးလွှမ်းနေသည်ထင်မိ၏။

"အံ့ဩစရာရှိသေးတယ် မြေးရဲ့။ ငါ့မြေးရှိစဉ်ကတည်းက အဲဒီနွားနီမကြီးဟာ နို့မပြတ်တော့ဘူး။ ဒါဟာ အထူးခြားဆုံးပဲ။ အိမ်က ခွေး(၄)၊ (၅) ကောင်နဲ့ မြေးအကြောင်းပြောဦးမယ်။ ခွေးတွေအကုန်လုံး မြေးကိုချစ်တယ်။ ခွေးတွေကိုလည်း မြေးကလုံးလုံးမကြောက်ဘူး။ အမြဲတမ်းဆော့နေတာ။ တစ်ခါတလေ ဖင်ထိုင်လျက်နဲ့ ခွေးအမြီးဆွဲထားတဲ့အခါ ခွေးကရုန်း၊ မြေးကမလွှတ်၊ ခြေကန်ဆွဲနဲ့ အမေကြီးကြည့်နေတယ်။ အဲ - ခွေးက အားနဲ့ရုန်းတော့ ဘာပြောကောင်းမလဲ။ ဒလိမ့်ခေါက်ကွေးပါသွားပြီးမှပြုတ်တယ်။ ဖုန်တွေ၊ သဲတွေနဲ့ ဒီလိုနာတော့ အော်ငိုတာပဲ။ အဲဒီခွေးတွေအကုန်လုံးဟာ ငါ့မြေးရဲ့ကစားဖော်ကစားဖက်တွေ။တစ်ခါမှ အဲဒီခွေးတွေ အကိုက်မခံခဲ့ရဘူး။ ခွေးစာကျွေးရင်လည်း မြေးက လေးဖက်ကုန်းနဲ့လိုက်တာပဲ။ အဲဒီခွေးတွေကြားမှာ မြေးကို တစ်ကောင်မှမကိုက်ဘူး။ ဒါလည်း အံ့ဩစရာပဲမြေးရဲ့။ ဘေးသူစိမ်းဆို ဘယ်ရမလဲ။ သူတို့နားကပ်တာနဲ့ အုပ်လိုက်ဝိုင်းဆွဲတာ၊ မြေးရဲ့ကံက အဲဒီလောက်ကောင်းခဲ့တာ။

ငါ့မြေး (၄) နှစ်တင်းတင်းပြည့်မှ မတ်တတ်ရပ် ဒယီးဒယိုင်လမ်းစစမ်းတော့ မင်းအမေ ဒီရောက်လာတယ်။ အဲဒီအချိန် မင်းအဖေနဲ့အမေက မိုးညှင်းပြောင်းသွားပြီ။ မင်းအမေက မြေးကိုလာခေါ်တာ။ အမေကြီးက မြေးကို ခက်ခက်ခဲခဲ ကျွေးမွေးစောင့်ရှောက်ခဲ့ရတာဆိုတော့ မပေးချင်တော့ဘူး။ မင်းအမေကို စိတ်မချတာလည်းပါတယ်လေ။ သူလုပ်ခဲ့တာ အမေကြီးအသိဆုံးပဲ။

အိမ်နီးချင်းတွေကလည်း သူ့သားကိုပြန်ထည့်ဖို့ဝိုင်းပြောကြတာပေါ့။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ မင့်ဦးလေး

www.burmeseclassic.com

အငယ်ဆုံး ဌေးဝင်းက နောက်(၃)လ လောက်ဆို မွေးတော့မှာ။ အမေကြီးလည်း အသက်(၅၀)နီးမှ ကံပေါ်တယ် ထင်ရဲ့။ ဒါနဲ့ပဲ ငါ့မြေးကို မထည့်ချင်ဘဲနဲ့ ထည့်လိုက်ရတာ။ ငါ့မြေးက ကံဆိုးရှာတယ်။ ကြီးတော့လည်း အနှိမ်ခံရတယ်။ မိတွတ်၊ မိတွတ် သင်းဟာ ငွေဂုဏ်မောက်နေတာကိုး"

အဘွားသည် ဆေးလိပ်ဖွာရင်းနားရင်းဖြင့် ကိုစိုးငယ်စဉ်ကအကြောင်းများပြောပြမှ သိရတော့ ကျေနပ်မိပါတယ်။ စိတ်ထဲမှာလည်းပေါ့သွားတယ်။ ငယ်စဉ်ကလည်း အသတ်ခံခဲ့ရတယ်။ ကြီးတော့လည်း အနှင်ခံရတယ်။ မဆန်းတော့ဘူးပေါ့။ ကိုစိုးကိုယ်ကိုစိုး ဖြေသာခဲ့မိပါတယ်။

အမေနဲ့စကားများတော့ နှိမ့်ချတဲ့ စကားတွေက ကြည့်ကြပါဦး။

"နင် (၁၀)တန်းကို တီတွံတောင် မအောင်ဘူး" တဲ့။

အဖေ့ရဲ့အဖေအဘိုးက -

"ဒီကောင် တစ်သက်လုံး (၁၀) တန်း မအောင်ဘူး" တဲ့။

အစ်မအကြီးဆုံးကတော့ -

"ဖြဟ္ဘာကြီးဦးခေါင်းထဲက တစ်သက်လုံးမထွက်ဘူး" တဲ့။

ဒီစကားတွေကိုချေပဖို့ သက်သေပြရပါတော့မယ်။ အမေ့အိမ်ရောက်တဲ့နေ့ကစပြီး အစ်မကြီးကလွဲလို့ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး။ အမေနဲ့ဆို မျက်နှာချင်းဆောင်မဆိုင်၊ စိမ်းစိမ်းကားကားနေလိုက်၏။ ဒီနှစ်က အပြင်ကနေ (၁၀) တန်း ပြန်ဖြေမယ်။ စာမေးပွဲဝင်ကြေး ဘဏ်မှာ (၁၅) ကျပ်သွင်းထားလိုက်တယ်။ အရင်နှစ်က စာအုပ်အဟောင်းလေးတွေ အကုန်ပြန်စုပြီး တစ်ယောက်တည်း ကြိုးစားခဲ့ရပါတယ်။ ညပိုင်း၊ နေ့ပိုင်း လက်ဖက်ရည်ဆိုင်မထိုင်တော့ဘူး။ အပြင်လည်းမထွက်တော့ဘူး။ ကိုစိုးရဲ့သူငယ်ချင်းတွေတောင် အံ့သြကြပါတယ်။

မနှစ်က စာမေးပွဲကျတော့ အဖေက အမှတ်တောင်းကြည့်ခိုင်းတယ်။ (၅) ကျပ်သွင်းပြီး အမှတ်စာရင်းတောင်းတော့ သမိုင်း (၃၅)မှတ်နဲ့ တစ်ဘာသာတည်းကျပါတယ်။ အဖေကတော့ အားမလျှော့နဲ့ ကြိုးစားဖို့ အားပေးပါတယ်။

ဒီလိုနဲ့ ဝီရိယကို အဓိကထားကြိုးစားခဲ့ရာမှ (၁၀)တန်းအောင်ခဲ့ရပါတယ်။ ကိုစိုးရဲ့ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတဲ့မကျေနပ်မှုတွေဟာ အဲဒီနေ့မှာ ပေါက်ကွဲခဲ့မိပါတယ်။

တစ်ခါမှမသောက်ဘူးတဲ့အရက်ကို အာဆွတ်ပြီး ရပ်ကွက်ထဲကအမျိုးတွေအိမ်လှည့်ပြီးပတ်ဆဲပါတော့တယ်။ ခါးကြားမှာလည်း ဓားမြှောင်တစ်ချောင်း ထိုးနဲ့ လွယ်အိတ်ထဲမှာ စက်ဘီးချိန်း၊ နှစ်ဆစ်တုတ်၊ သတ္တုလက်သီးကွင်းထည့်ပြီး သောင်းကျန်းခဲ့မိတယ်။ ဒီအချိန်မှာ ကိုစိုးကိုရန်မူရင် အဲဒီလူသေမှာပါ။ သိုင်းလည်းသင်ထားသလို မြန်မာ့လက်ဝှေ့လည်း သင်ထားသေးတယ်လေ။ အရက်ကိုလည်း မူးနေအောင်သောက်မထားဘူး။ ဆဲကောင်းအောင် အကြံနဲ့သောက်ထားတာဆိုလျှင် ပိုမှန်ပါတယ်။

ဒီနေ့က ကိုစိုးကိုနိုင်တဲ့ဦးလေးတောင်းပန်ခေါ်သွားလို့ ကျေနပ်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ အမေနဲ့ အစ်မ၊ အဘိုးတွေ အကုန်လုံး ငြိမ်ကုပ်နေကြတယ်။ သူတို့စကားတွေလွန်ထားတာ သူတို့သိပြီးသားမို့ပေါ့။

အဲဒီတုန်းကသောင်းကျန်းတော့ ကိုစိုးရဲ့အဘွားခိုင်က ဘာပြောတယ်မှတ်တုံး။ လုပ်မလေ့စေတဲ့၊ သင်းတို့က ငါ့မြေးကို ပိုင်းနှိမ်ထားတာ နည်းတောင်နည်းသေးတယ်တဲ့။ အဘွားကလည်း လက်ခုပ်တီးပေးသေးတယ်။

ဒါကလည်း အနှိမ်ခံခဲ့ရတာများတော့ အငြိုးအတေးနဲ့ ပေါက်ကွဲခဲ့ရခြင်းဖြစ်ပါတယ်။ တကယ်တမ်းမှာ ကိုစိုးရဲ့ ပင်ကိုစိတ်က ဒီလောက် မရိုင်းစိုင်းခဲ့ပါဘူး။ ရပ်ထဲရွာထဲက သာရေး၊ နာရေးတွေမှာ ကိုစိုးဟာ ထိပ်ကပါပဲ။ အသင်းအဖွဲ့လှုပ်ရှားမှုတိုင်း ကိုစိုးက ပါပြီးသား၊ လူချစ်လူခင်ပေါတဲ့သူတစ်ယောက်ပါ။

အမေနဲ့စကားမပြောတာ တစ်နှစ်ပြည့်ပြီ၊ ဒီနေ့ (၁၀)တန်းအောင်တာဆိုတော့ အမေ့ကို ချေပရဦးမယ်လေ။ အမေ့ရှေ့မှာ မပြုံးမရယ်၊ ခပ်တည်တည် ပြောလိုက်တယ်။

"တီတွံပြီ။ သူငယ်ချင်းတွေ ပြုစုရဦးမယ်၊ ပိုက်ဆံ (၁၀၀) ပေး"

အမေ့မျက်နှာကလည်း ခပ်တည်တည်ပဲ။ ဒါပေမယ့် အဲဒီခပ်တည်တည်က ဟန်လုပ်ထားတာ သိတယ်လေ။ ဘာမှပြန်မပြောဘူး။ ငွေ(၁၀၀)ချက်ချင်း ထုတ်ပေးခဲ့တယ်။ သူ့အမှားကိုသူသိတယ်လေ။ အစ်မကိုလည်း စေ့စေ့ကြည့်ချေဖခဲ့တာပဲ။

"ဖြဟ္ဘာဦးခေါင်းထဲကထွက်ပြီ။ ငွေ (၅၀)ပေး"

အစ်မလည်းပေးရတာပဲ။ ဒီနေ့
က မြို့ထဲမှာ သူငယ်ချင်းအတော်မျာ
များကို လက်ဖက်ရည်၊ မုန့်၊ အရက်တိုက်
နဲ့ဧည့်ခံခဲ့ရတာ ငွေ (၁၅၀)က မလော
ဘူး။ နည်းနည်းထပ်တောင်းရသေး
တယ်။

တစ်ဖွတ်ထိုး၊ ထဖောက်တ
သမားအဖြစ် ဒီတုန်းက တစ်ခါ
မိုက်မိုက်ခဲ့မိပါတယ်။

ဒီလိုနဲ့ နှစ်တွေကြာလာတော့
ကိုစိုးက အိမ်ထောင်ကျလို့ သားသ
(၅) ယောက်ရနေပြီ။ ယောနယ်
မွေ့လယ်ဘူတာရောက်တော့ ဘာသ
ရေးကို တစိုက်မတ်မတ် ကြိုးစားလာ
ရာက ပုတီးစိပ်တဲ့အခါမှာ ထူးထူးဆ
ဆန်း အလင်းရောင်နဲ့ ဓာတ်ပုံတွေမို
ထားသလိုပေါ်လာပါတယ်။ အ
သဖြင့် ညပိုင်း ပုတီးစိပ်တဲ့ခါပေါ့။ တ
နှစ်ခါ၊ သုံးခါမကတော့ဘူး။ ရက်
ရက်ခြားပေါ်နေတော့တာ။ အဲဒီဓာတ်
တွေကိုမြင်တိုင်း ကိုစိုးရဲ့ရင်ထဲမှာ ထိ
လန့်တုန်လှုပ်နေမိပါတယ်။ ဒီလိုနဲ့ (
လလောက်ပင်ကြာလာတော့ ဇနီးသ
ကို ဖွင့်ပြောပြီး ခွင့်တင်ဖို့ ဆုံးဖြတ်
ပါတယ်။

အဲဒီတုန်းကပေါ်တဲ့ဓာတ်ပုံ
က ကိုစိုး(၃)တန်းကျောင်းသားမှာ အ
နဲ့အတူ ရေတွင်းမှာရေခပ်တော့ စ
များပြီး အစ်မရဲ့တံကောက်ကွေးကို
ပိုးနဲ့လွှဲရိုက်ခဲ့တာ၊ အစ်မ ပုံလဲသွား
ပုံရယ်၊ (၁၀)တန်းကျလို့ အမေ့ကို မ
မပြောဘဲနေခဲ့မိတဲ့ပုံရယ်၊ အိမ်က
တုန်းက ရင့်ရင့်သီးသီးအော်ခဲ့မိတဲ့ပုံ
တန်းစီလို့သာ ပေါ်နေပါတော့တယ်

ဤနေရာတွင် စကားအနည်း
ညှပ်ပါရစေ။ အမေနဲ့ အစ်မအ
ကျူးလွန်မိခဲ့မိတဲ့ အပြစ်တွေကျေ
အတွက် ကိုစိုးဟာ နေ့စဉ် ဘုရားဝ
တိုင်း၊ ကုသိုလ်လုပ်တိုင်း အဝေးဆီ
တဲ့ အမေနဲ့ အစ်မအား သီးသန့်မေ
ဖို့ အမျှဝေခဲ့တာဟာ အကြိမ်ပေါင်း
စွာပါ။ အပြစ်များကျေသလိုလိုနှင့် အ
မှတောင်းပန်ခြင်းသည် ထိရောက်သ
လိုနှင့် အပြစ်မကျေခဲ့ပါ။ အကုသို
ဓာတ်ပုံများက ပေါ်မြဲအတိုင်းသာ
ပါသည်။ ဒါကြောင့် ကိုစိုးကိုယ်တိုင်
ရောက်တောင်းပန်မှသာ ထိုအပြစ်
ကျေနိုင်သည်ကို သိခဲ့ရပါသည်။

ဇနီးသည်က သူယော
တွက် ငွေ (၅၀၀၀) နဲ့ အစ်မ အ
နံ့ားကပ်တစ်ရန်ပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အလှူကအမေ့အိမ်ရောက်တော့ အမေနဲ့ အစ်မကိုတွေ့လိုက်ရတော့ အလွန်ဝမ်းသာမိတာပေါ့။ အမေနဲ့အစ်ကို အပေါ်ဆပ်ဘုရားခန်းရှိရာကို လက်ဆွဲခေါ်ခဲ့တော့ သူတို့ဟာ ကြောင်တောင်တောင်ကြည့်ရင်း လိုက်ခဲ့ရှာပါတယ်။ အမေနဲ့ အစ်မက ကိုစိုးရဲ့လုပ်ဟန်ကို မသိရှာပါဘူး။ ဘုရားခန်းရှေ့မှာ အမေနဲ့အစ်မကို ထိုင်ခိုင်းအပြီးမှာတော့ အမေ့ကို လက်အုပ်ချီလျက် စတင်တောင်းပန်လိုက်ပါတယ်။

"အမေ၊ ကျွန်တော် (၁၀)တန်းကျတုန်းက အမေ့ကို ကျွန်တော်ခံပြောခဲ့တဲ့ စကားတွေရယ်၊ အဲဒီတစ်နှစ်လုံး အမေ့ကို စကားမပြောဘဲနေခဲ့မိတာတွေရယ်၊ (၁၀) တန်းအောင်တဲ့နေ့က အရက်သောက်ပြီး အော်ဟစ်ဆူပူခဲ့မိတာတွေကို အမေသိပါတယ်။ အဲဒီအပြစ်တွေကို ခွင့်လွှတ်ပေးပါ အမေ"

လို့ လေးလေးစားစားရှိုရှိုသေသေ ပြောတာ ရှိခိုးကန်တော့စဉ်မှာပဲ အမေဟာ ဝမ်းနည်းပက်လက်နဲ့ မျက်ရည်များကျပြီးငိုပါတော့တယ်။ ဝမ်းနည်းနေတဲ့ကြားက အသံတုန်တုန်ယင်ယင်နဲ့ အသံမထွက်ရှာပါဘူး။ ဆုနှင့်ပေးပြီးတော့ တရှုပ်ရှုပ်နဲ့ အမေငိုနေပါသေးတယ်။ အမေငိုတော့ဘေးကအစ်မကလည်း အသံမထွက် မျက်ရည်တွေတွင်တွင်ကျလို့သုတ်နေရှာပါတယ်။

အမေ့အလှည့်ပြီးတော့ အစ်မကြီးရှေ့မှာ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြန်တော့ အစ်မက ဂနာမငြိမ်ဖြစ်နေပါတယ်။

"အစ်မ၊ ကျွန်တော် (၃) တန်းကျောင်းသားတုန်းက ရေတွင်းမှာရေခပ်တုန်း အစ်မရဲ့ခြေတံကောက်ကွေးကို ထမ်းပိုးနဲ့တစ်ချက်ရိုက်လိုက်တာ အစ်မ ကွေးလဲသွားတယ်။ အဲဒါ အစ်မ မှတ်မိတယ်မို့လား"

လို့ မေးလိုက်တော့ အစ်မက ညှိုးနေသောမျက်နှာဖြင့် ဖြေရှာပါတယ်။ အုံကြနေတဲ့ပုံပါပဲ။

"အေး- ငါကောင်းကောင်းဖုတ်မိတယ်။ နေပါဦး၊ အဲဒီအကြောင်းတွေ အချိန်ထိ နင်ကမှတ်မိတုန်းလား"

လို့ မေးပြန်တော့ ကိုစိုးကဖြေပါတယ်။

"မှတ်မိတာပေါ့ အစ်မရယ်၊ အစ်မကြီးတော့ အမိအရာဆိုတာ စာထဲမှာ ဘာဖတ်ဖူးခဲ့တာ။ တကယ်တမ်းကျတော့ အဲဒီစာ၊ စကားဟာ တကယ်ဟုတ်နေတာ ခုမှသိရတယ်။ အစ်မက အပျိုကြီးပီပီ အမေ့ကိုလုပ်ကျွေးနေရတယ်။ ဒါကြောင့် အစ်မအပေါ် အပြစ်တွေကျူးလွန်ခဲ့မိပါတယ်။ အဲဒီအပြစ်တွေကို ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်"

လို့ ပြောအပြီးမှာ အစ်မကို (၃) ကြိမ်ရှိခိုးကန်တော့အပြီးမှာတော့ အစ်မ စိတ်မထိန်းနိုင်ရှာပါဘူး။ အသံထွက်ပြီး ငိုချပါတော့တယ်။

အမေနဲ့အစ်မဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်ဖြင့် ငိုနေပေမယ့် ကိုစိုးရဲ့စိတ်နဲ့ မျက်နှာပြင်မှာတော့ ကြည်လင်လန်းဆန်းနေပါတော့တယ်။

အမေ့ကို ငွေ(၅၀၀၀)၊ အစ်မကို နားကပ်တစ်ရန်နဲ့ ထပ်ကန်တော့ပြန်တော့လည်း ဆုတွေပေးပြီး ငိုကြပြန်ပါတယ်။ အဲဒီနေ့ဟာ ကိုစိုးရဲ့ဘဝအတွက် မှတ်တိုင်တစ်ခု စိုက်ထူတဲ့နေ့လိုပါပဲ။ အမေနဲ့အစ်မကတော့ ဝမ်းနည်းမှုတွေ၊ ဝမ်းသာမှုတွေနဲ့ပြည့်နေကြမှာပေါ့။

ဒါတောင် နောက်ထပ်တစ်ခါ အမေ့ကို သတိမိတော့မလို့ဗျာ။ သီသီကလေးလွတ်ခဲ့ပုံကို ကြားညှပ်လို့ ပြောပါရစေ။ သိစေချင်ရုံသက်သက်ပါ။

၂၀၀၄ ခုနှစ်မှာ ကိုစိုးနဲ့သူငယ်ချင်းတွေ အယောက်(၁၀)ကျော်ကို တစ်ပြိုင်တည်း အလုပ်ဖြုတ်ခံရပါတယ်။ စာရှုသူများသိကြပါမယ်။ ကလေး၊ ဂန့်ဂေါ၊ ရေမျက်နှာရထားလမ်းက ဝန်ထမ်းတွေပေါ့။ အပြစ်ရှိလို့ဖြုတ်တာပေါ့။

အဲဒီအချိန်မှာ ကိုစိုးနဲ့သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်မိသားစုတွေ ခုချိန်ထိ



နာလန်မထူနိုင်၊ ဒုက္ခလှလှတွေ့ရချိန်ပေါ့။ စားမဲ့မဲ့သောက်မဲ့မဲ့ ကယ်ဆယ်သူမရှိနဲ့ ပင်လယ်ဝေချိန်ပေါ့။ ကလေးတွေ ကျောင်းနုတ်ရသူတွေ၊ လင်မယားကွဲသူတွေ၊ ဟိုကပေးဒီကပေးနဲ့ လမ်းစရိတ်မလောက်မငနဲ့ ငွာနေပြန်တဲ့သူတွေ၊ စိတ်ညစ်ညစ်နဲ့ အရက်မနားတမ်းသောက်ပြီး အသက်စတေးတဲ့သူတွေ၊ မယားအပစ်ခံခဲ့ရတဲ့ ယောက်ျားတွေနဲ့စုံနေချိန်ပေါ့ဗျာ။

ဒီအချိန်မှာ စာရေးသူ ကိုစိုးဟာ သားသမီး (၆)ယောက်။ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသားတွေ ကျောင်းအပ်ဖို့ ပိုက်ဆံမရှိ၊ ထမင်းနပ်မှန်အောင် မနည်းရုန်းကန်နေရချိန်ပေါ့။

နေ့ချင်းညချင်း အကြော်သည်ဘဝနဲ့ လင်မယား(၂)ယောက်ရုန်းကန်ပြီး ကလေးတွေ ကျောင်းအပ်ခဲ့ရတယ်။ ဒုက္ခရောက်တဲ့အကြောင်းသာပြောပြနေရင် စိတ်ဆင်းရဲရုံပဲရှိပါမယ်။ ကိုယ့်ဒုက္ခအပြင် သူငယ်ချင်းတွေ ဒုက္ခရောက်နေပုံတွေနဲ့ပေါင်းလိုက်ရင် ပြီးမှာမဟုတ်တော့ပါဘူး။

အဲဒီလို ဒုက္ခလှလှပပပန်းပန်ဆင်နေရတာကို အမေကကြားပါပြီ။ အမေက အဝေးကနေ ငိုနေရှာပါတယ်။ ငါ့သားလေး အလုပ်ပြုတ်တယ်ပြောကြတယ်။ ဒုက္ခရောက်နေပြီ။ ငါ့သားကို ဘယ်လိုကယ်တင်ရမလဲဆိုတဲ့ အကြံက အမေ့အတွက်အဆင်သင့်။ အမေအကြံက ဆင်ကြံကြံလိုက်ခြင်း ဖြစ်ပါသည်။

ယောနယ်က ကိုစိုးကို ကန့်ဘလူအမြန်လာဖို့ ခေါ်ပါတော့တယ်။ လမ်းစရိတ်ချို့ချို့တဲ့တဲ့နဲ့ သွားရတာပေါ့ဗျာ။ ဟိုရောက်တော့ အိမ်နဲ့ခြံနဲ့ ရောင်းဖို့တဲ့ဗျာ။ ကိုစိုး ဆင်းရဲနေတာ မကြည့်နိုင်လို့တဲ့။ ကျန်တဲ့မောင်နှမ(၅)ယောက်ကလည်း ကြည်ကြည်ဖြူဖြူ။ ကိုစိုးတစ်ယောက်တည်း သဘောတူရုံပဲပေါ့။ ရောင်းလို့ရတဲ့ငွေကို အချိုးကျပုံမယ်။ အဲဒီငွေနဲ့ ကိုစိုးတို့မိသားစု ရင်းနှီးစားပေါ့။

အမေနဲ့ အစ်မကြီး၊ ညီမအငယ်ဆုံး ဒီ(၃)ယောက်ကတော့ မြို့မြင်ကွက်သစ်မှာ ဈေးပေါတဲ့မြေကွက်ဝယ်ပြီး အိမ်သေးသေးလေးနဲ့ ခြံစိုက်ဈေးရောင်းစားကြမယ်တဲ့လေ။ အစ်မနဲ့ညီမအငယ်ဆုံးက အပျိုကြီးတွေပေါ့။ အမေဟာ စိတ်ပါလက်ပါ သူ့သားကိုစိုးကို ဖျောင်းဖနေပေမယ့် အမေ့မျက်နှာမှာ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့အရိပ်ကထင်ဟပ်နေတာ ကိုစိုးသိတယ်။

အမှတ်တမဲ့ဆိုရင် မသိသလိုပါဘဲ။ ကိုစိုးအတွက်တော့ ကောင်းစားစေ။ အမေနဲ့သမီး (၂)ယောက်အတွက်တော့ မြို့ပြင်မှာနေ၊ ကျန်တဲ့အိမ်ထောင်ကွဲ (၂) ဦးကလည်း သာယာစေ။ အမေက တွန်းအားပေးလွန်းလေလေ အစ်မကြီးကလည်း ဘေးတီးပြန်တယ်။ သူတို့ (၂) ယောက်က အနာခံပြီး ပို့ပေးတာ ကိုစိုးသိနေတယ်။ အမေနဲ့ အစ်မကြီးက အိမ်မှာ အနစ်နာဆုံး၊ အပင်ပန်းဆုံး၊ အဆင်းရဲဆုံး။ တစ်မိသားစုလုံးအပေါ်မှာ သူတို့(၂)ယောက်သာ အမှတ်အများဆုံး ဒါကို ကိုစိုးကောင်းကောင်းသိပါတယ်။

ဒီအချိန်မှာ အုံ့ပြဲစရာကောင်းလှတဲ့အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာပြီမို့ ကျွန်တော့် စာရေးသူကိုစိုးက တည်တည်တံ့တံ့အမူအရာဖြင့် အမေနဲ့အစ်မကြီးအားကြည့်ပြီး ပြောလိုက်ပါတယ်။

"ကျွန်တော်မရောင်းဘူး၊ ဘယ်လောက်ပေးပေး မရောင်းဘူး"

ဒီစကားကြောင့် အမေနဲ့အစ်မဟာ ကိုစိုးကို အမျိုးမျိုးချော့မြူကြပေမယ့် နောက်ထပ်စကားအပိုမပြောဘဲ ခပ်တည်တည်နေလိုက်တော့ ကျန်တဲ့မောင်နှမတွေလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နဲ့ အလိုမကျရှာပေဘူးလေ။ စကားပြတ်ပြီမို့ မြို့ထဲကလက်ဖက်ရည်ဆိုင်ထွက်ပြီးရှောင်ခဲ့တာပေါ့။ ညရောက်တော့လည်း အမေက တိုးတိုးတိတ်တိတ် ချော့ပြန်ပါတယ်။ အမေဘာပြောပြော ကိုစိုးနားမထောင်နိုင်ပါ။ မရောင်းဘူးတစ်ခွန်းသာပြောလိုက်ပါတယ်။

ကိုစိုးကမရောင်းဘူးဆိုတဲ့သတင်း ဘယ်လိုပြန့်သွားတယ်မသိ ဝယ်သူဘက်က ပုံး(၅၀)တိုးပေးမယ့်သတင်း ရောက်လာပြန်ပါတယ်။ အဲဒီအချိန်မှာ အမေနဲ့အစ်မက မြူကြပြန်ပါသေးတယ်။ တိုးပေးလည်း မရောင်းဘူးဆိုတဲ့စကားပဲ ဖြေလိုက်ရပါတယ်၊ အလုပ်ပြုတ်တဲ့နှစ်မှာ တစ်ကြိမ်၊ နောက်တစ်နှစ် တစ်ကြိမ်၊ နောက်ထပ်တစ်နှစ် တစ်ကြိမ်၊ (၃)ကြိမ်တိတိ အိမ်နဲ့ခြံရောင်းဖို့ ကိုစိုးအား အမျိုးမျိုးတွန်းအားပေးခဲ့သော်လည်း ပြောမြဲစကားအတိုင်းသာမို့ မရောင်းဖြစ်ခဲ့ပေ။

ယခုဆို အမေလည်း အသက် (၇၀)ကျော်ရှာပြီ။ ကျန်းမာရေးမကောင်းရှာပါဘူး။ အစ်မကြီးနဲ့ညီမငယ်လေးတို့က လုပ်ကျွေးနေရှာတာ။ ဒီခြံနဲ့အိမ်ကြီးပေါ်မှာ အမေစိတ်ချမ်းချမ်းသာသာနဲ့ နေရတုန်းပါပဲ။

အထက်ကပြောခဲ့သလို အံ့ဩစရာကောင်းလှတဲ့ အတွေးတစ်ခုဆိုတာက အမေ့မျက်နှာဟာ ဟန်ပါသလိုလိုနဲ့ ကြေကွဲနေပြီ။ နှမြောတသသဖြစ်နေရှာပြီ၊ ဝမ်းနည်းမှုတွေပြည့်နှက်နေပြီ။ သူ့သမီး အပျိုကြီး (၂) ယောက်အတွက် ရတက်မအေးရှာဘူး။ သူမရှိရင် ဒီသမီး (၂) ယောက် ခိုကိုးရာမဲ့ပြီ။ သူကြာကြာမနေရတော့ဘူး။ ဒီသမီး(၂)ယောက်ကို ကယ်သူဝေးပြီ။ ဒီအိမ်ကြီးပေါ်မှာသာ ငါ့သမီးလေး (၂)ယောက် မနေရတော့ရင် လူပုံအလယ်မှာ မျက်နှာငယ်ရပြီ။ ငါ အသေဖြောင့်ပါ့မလား။ ဒီအကြောင်းတွေ အမေတွေးပူနေပြီ၊ ဒါကို အတတ်သိနေသလိုပဲ။ ဒါကြောင့် မရောင်းခဲ့တာပါပဲ။

တကယ်လို့များ မယားစကားယုံမိခဲ့ရင်၊ သားသမီးတွေစကားယုံခဲ့မိရင် မိန်းမနဲ့သားသမီးတွေအတွက် လောဘတက်သွားမိရင်၊ ကျန်တဲ့မောင်နှမတွေရဲ့စကားယုံစားမိရင်၊ အိမ်နီးချင်းတို့စကားယုံမိခဲ့ရင် ဒီအိမ်နဲ့ခြံကို သေချာပေါက်ရောင်းမှာပါ။ အဲဒီလိုရောင်းခဲ့မိရင် ကျွန်တော်စာရေးသူ ကိုစိုး ဘာဖြစ်သွားမလဲ။

မယားနဲ့ သားသမီးတွေ ဝေစုရတော့ ပျော်ကြမှာပေါ့။ ရင်းနှီးစားလို့ရပြီပေါ့။ ကျန်တဲ့မောင်နှမတွေလည်း ပြုံးပျော်ကြမှာပဲလေ။ ကိုစိုးတို့မိသားစုတွေကတော့ ပျော်မဆုံး မော်မဆုံး။

အမေနဲ့ အစ်မကြီး၊ ညီမငယ်တို့ (၃)ယောက်ကတော့ . . .။

အမေ့ရဲ့အသက်ကံဟာ (၈၀)၊ (၉၀)၊ (၁၀၀) နေရမယ့်ကံဇာတာပါချင်ပါခဲ့မယ်။ အဲဒီကံဇာတာဟာ ဒီအိမ်ကြီးပေါ်ကဆင်းရတာနဲ့ ကျိုးကြေသွားနိုင်တယ်။ အသက်တိုသွားမှာ ဧကန်မုချပါပဲ။

အဖေရှိစဉ်ကတည်းက ဒီအိမ်မှာနေခဲ့ကြတာ။ (၄၅)နှစ်မှာ အဖေဆုံးတော့ အမေဟာ (၄၄) ပဲရှိပါသေးတယ်။ အရွယ်ကောင်းတုန်း နောက်အိမ်ထောင်ပြုမယ်ဆိုရင် ရပါတယ်၊ သားသမီးတွေအတွက် ငဲ့ညှာပြီးမပြုခဲ့ရှာတာ။ အခုအသက် (၇၀) ကျော်ပြီ။ ဒီအိမ်ကြီးအပေါ် အမေဘယ်လောက်စွဲစွဲလမ်းလမ်းရှိနေမလဲ။ စေ့စေ့တွေးလေ ရေးရေးမကပါ အကုန်လုံးပေါ်ပါတယ်။

အိမ်နဲ့ခြံကိုရောင်းလိုက်မိပြီ။ မြို့ပြင်မှာ အိမ်သေးသေးနဲ့နေပြီ။ ရောင်းပြီးလို့ သူ့အိမ်ရှေ့လမ်းမပေါ်က သူ့အိမ်
ခြံကို မကြည့်ဘဲမနေနိုင်ဘူး။ အမေ
ကြည့်ကိုကြည့်မိတယ်။ အဲဒီအခါ အမေ
ဘယ်လိုခံစားရရှာမလဲ။ တစ်ရက်လည်း
မဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ဒီလမ်း
ဈေးဝယ်လာတိုင်း ဖြတ်နေရမှာ။
တိုင်းမြင်နေမှာပါပဲ။ ဒီစိတ်နဲ့ အမေ
ခံနိုင်ရည်ရှိပါ့မလား၊ တကယ်လို့များ
စိတ်နဲ့ (၆) လ၊ တစ်နှစ်အတွင်း အမေ
သေသွားခဲ့လျှင် -

ကျွန်တော် စာရေးသူ ကိုစိုး
အမေ့ကို သွယ်ဝိုက်သောနည်းနဲ့ အမေ
သတ်တဲ့သားအစစ်ဖြစ်သွားပြီ။ အမေ
ကိုသတ်တာ ကိုစိုးပဲပေါ့။

လူကြားကောင်းအောင်၊ ပတ်ဝန်း
ကျင်အမြင်ကောင်းအောင်၊ ကိုယ့်အပြစ်
လွတ်အောင် နည်းမျိုးစုံနဲ့ မာယာ
မယ်၊ အလိမ်အညာ ဒွတ္တနဲ့ ထုချေမယ်
သေချာတာကတော့ ကိုယ့်ပတ်ဝန်းကျင်
ကအပြစ်တင်ကြမှာမဟုတ်ပါဘူး။
ပတ်ဝန်းကျင်များဆို သိတောင်သိ
မလား။ မသိဖို့ကများပါတယ်။

ကျူးလွန်မိခဲ့တဲ့ကိုစိုးက ကိုယ့်စိတ်
ကိုယ် ပြန်လှန်မေးကြည့်တယ်။ လူ့ပတ်
ဝန်းကျင်တစ်ခုလုံးကိုတော့လိမ်လို့ရမယ်
လိမ်လို့ လုံးဝ (လုံးဝ)မရတဲ့ နေရာ
အကျကတော့ အဝိစိငရဲဘုံပဲ။
အတွက် တံခါးဖွင့်ပြီး ဆီးကြိုစောင့်
မှာ မလွဲမသေဘဲ။ ကဲ - စာရှုသူ၊
တော့ အမေ့ကိုသတ်မိတော့မလို
အကြောင်းက သီသီကလေးလွတ်
ပြီ။

ကျေးဇူးမှဆပ်ချင်နေ
မကန်းနဲ့ဆိုတဲ့စကားအတိုင်း မွေးကျေး
ကိုမကန်းရဲပါ။ ကိုစိုးရဲ့ဘဝ၊ မိသားစု
အခုလည်း ဆင်းရဲဒုက္ခပွေတုန်းပါ
ကိုစိုးဟာ ထမင်းကို ဆားဖြူးလို့စား
ဘဝရောက်ခဲ့ရင်တောင် အမေ အသက်
ထင်ရှားရှိနေသရွေ့ အမေ့ထံမှလာ
မေတ္တာစစ်နဲ့ပင် ကျေနပ်နေမယ်
အဖြစ် ခံယူထားပြီးသားပါ။

စာကြွင်း။ ။ ကိုစိုး၏ ငယ်စဉ်
နှင့် အမေနှင့် အစ်မအပေါ် ကျူးလွန်
မိသောအပြစ်များ၊ အမေ့အိမ်နှင့်ခြံ
မရောင်းသည်မှအစ မိသားစုဘဝ
ဖြစ်ရပ်မှန်အား အမှန်အတိုင်း ရေး
ပါသည်။

စိုးမင်း (မြောက်



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ဇနီးမိန်းမ ရုပ်အဆင်းလှသည့်အတွက်ကြောင့် လင်ယောက်ျားဖြစ်သူတို့ များစွာဆင်းရဲဒုက္ခရောက်ရပုံ၊ အသက်ဝိညာဉ်ပျက်စီးရသည့်အဖြစ်များ ကျမ်းဂန်ရာဇဝင်တို့တွင် အထင်အရှား ရှိခဲ့သည်ကို ဖတ်ရှုမှတ်သားခဲ့ရသည်။ ထင်ရှားသော သာဓကများအနက် ပြာသာဒ်မယ်ဝတ္ထု၊ သုဇာတာဝတ္ထု၊ ရှင်ဘို့မယ်ဝတ္ထု၊ ဝေဠုဝတီဝတ္ထုနှင့် မိဖုရား သီရိဘုန်းထွန်းဝတ္ထုတို့သည် ကျမ်းဂန်ရာဇဝင်များတွင် ထင်ရှားသော သာဓကဝတ္ထုများပင် ဖြစ်သည်။

□ ပြာသာဒ်မယ်ဝတ္ထု □

မြတ်စွာဘုရားလက်ထက်တော် အခါက သာဝတ္ထိပြည့်ရှင်ဖြစ်သော ကောသလမင်းကြီးသည် ဆင်နှင့် မြို့ကို

# မောင်မောင်မိုးအောင်

## ရုပ်အဆင်းလှပသည့် ဇနီးမိန်းမများကြောင့် ဆင်းရဲဒုက္ခကြုံခဲ့ရသည့် လင်ယောက်ျားများ





www.burmeseclassic.com

www.burmeseclassic.com

လှည့်လည်ရာတွင် ယခုကာလ ပြာသာဒ်မယ်ဟုခေါ်ကြသော မိန်းမတစ်ယောက်ကိုမြင်၍ လွန်စွာတိမ်းညွတ်တပ်မက်ခြင်း ဖြစ်လေ၏။ ထိုမိန်းမတွင် ကာမပိုင်လင်ယောကျ်ားရှိ မရှိ စုံစမ်းမေးမြန်းရာ လင်ရှိကြောင်းကိုသိလျှင် မင်းကြီးသည် ထိုမိန်းမ၏ယောကျ်ားကိုသတ်၍ ပြာသာဒ်မယ်ကိုယူမည်ဟု အကြံအစည်ဆိုးကြီးကို ကြံစည်မိလေတော့သည်။

ထိုမိန်းမ၏ယောကျ်ားကို အပြစ်ရှာလိုသောကြောင့် အပါးတော်သို့ခေါ်၍ ခစားစေ၏။ ထိုယောကျ်ားလည်း အကြောင်းကိုသိသည်နှင့် တစ်စုံတစ်ရာမျှ အပြစ်မရှိလေအောင် မင်းဝတ်ကျေပွန်စွာ ခစားထမ်းရွက်သည်။ အပြစ်ရှာ၍ မရလျှင် အပြစ်ရှိလေအောင် နောက်တစ်မျိုး ကြံစည်ပြန်၏။ အရုဏဝတီမြေနှင့် ကုမုဒြာကြာဖြူပန်းကို ညနေရေစမ္ပာယ်တော်မူသော်အခါ ရအောင်ရှာကြံ၍ ဆက်သရမည်ဟု အမိန့်တော်ချမှတ်၍ စေလွှတ်တော်မူ၏။ ထိုအရုဏဝတီမြေနှင့် ကုမုဒြာကြာဖြူပန်းဆိုသည်မှာ လူ့ပြည်လောကတွင် ရှာကြံ၍လွယ်ကူမည်မဟုတ်။ နဂါးပြည်၌ရှိသောအရာများပေတည်း။

ထိုယောကျ်ားသည် မြို့မှထွက်လေရာ ကံအားလျော်စွာ နဂါးတို့ကူညီခဲ့၍ ကုမုဒြာကြာပန်းနှင့် အရုဏဝတီမြေကို ညနေချမ်းအခါ မင်းကြီးရေစမ္ပာယ်တော်မူသည့်အချိန်မီအောင် ရောက်ရှိဆက်သနိုင်ခဲ့သည်။ သို့ရာတွင် အပြစ်ရှာလို၍ မြို့တံခါးကိုပိတ်ထားသောကြောင့် နန်းတော်သို့ဝင်၍ဆက်သခွင့်မရတော့ပေ။

ထိုအရုဏဝတီမြေနှင့် ကုမုဒြာကြာပန်းကို တံခါးမှူးအား သက်သေပြု၍ တံခါး၌ထားခဲ့ပြီးလျှင် မင်းကြီးသည် ဧကန် ငါ့ကိုသတ်လို၍ ဤကဲ့သို့စေခိုင်းခြင်းဖြစ်သည်ဟူ၍ ယုံကြည်စိတ်ချပြီးနောက် အသက်ဘေးမှ ချမ်းသာလေးခြင်းငှာ ဇေတဝန်ကျောင်းတော်သို့သွားရောက်လေ၏။ ထိုညချမ်းအခါ မင်းကြီးသည် ပြာသာဒ်မယ်ကို တွယ်တာတပ်မက်သောစိတ်ဖြင့် နံနက် မင်းခစားယောကျ်ားကိုသတ်၍ ပြာသာဒ်မယ်ကို သိမ်းပိုက်ရတော့အံ့ စသဖြင့် သူ့သဘောရှိသည့်အတိုင်း ကြံစည်တွေးတောနေလေသောကြောင့် အိပ်စက်၍မပျော်နိုင်ဘဲဖြစ်နေတော့သည်။

ထိုည၌အခါမှာပင် ငရဲသားလေးဦးတို့ ဟစ်အော်ကြ သော ဒု၊ သ၊ န၊ သော ဟူသောအသံကို ကြားရလေ၏။ နံနက်လင်းသောအခါ မလ္လိကာမိဖုရား၏သွေးဆောင်ခေါ်ယူချက်ဖြင့် မြတ်စွာဘုရားထံသို့ ရောက်ရှိသွားသည်။ ထို့နောက် ည၌အခါက ကြားရသောအသံကြီးလေးခု၏အကြောင်းအထွေထွေကို မေးလျှောက်သည်။

မြတ်စွာဘုရားက ထိုအသံကြီးလေးခု၏အထွေထွေကို ဟောတော်မူသည်။

ရှေးအခါက သူဌေးသားလေးဦးတို့သည် သေရည်သေရက်ကို သောက်စားမူးယစ်ပြီး ပရဒါရကံကို ပြစ်မှားကြသဖြင့် လောဟကုမ္ဘီငရဲ၌ကျရောက်ခဲ့သည့်အကြောင်း၊ ထိုငရဲတွင် နှစ်ပေါင်းခြောက်သောင်းရှိမှ တစ်ကြိမ်တစ်ခါ ဦးခေါင်းပေါ်ခွင့်ရ၍ ထိုဦးခေါင်းပေါ်ခွင့်ရချိန် အခိုက်အတန့်တွင် အသီးသီးညည်းညူရွတ်ဆိုကြသောအသံများဖြစ်ကြောင်းကို ဟောကြားတော်မူတော့မှ ပရဒါရကံ၏အပြစ်မည်မျှကြီးကြောင်းကို သိခွင့်ရရှိခဲ့၍ ပြာသာဒ်မယ်အပေါ် ဖောက်ဖောက်ပြားပြားကြံစည်မိခဲ့သည်များကိုဖယ်ရှားလိုက်တော့၏။ ပြာသာဒ်မယ်၏ယောကျ်ားလည်း မြတ်စွာဘုရား၏ တရားတော်အဟုန်ကြောင့် အသက်ဘေးမှ လွတ်မြောက်ချမ်းသာခွင့်ရခဲ့ရှာ၏။

ဤဝတ္ထု၌ ပြာသာဒ်မယ်၏ ရုပ်ရည်အဆင်းလှပမှုကြောင့် သူမ၏ခင်ပွန်းယောကျ်ားမှာ များစွာ ဆင်းရဲဒုက္ခကြုံခဲ့ရရှာသည်။ ထိုဆင်းရဲဒုက္ခတားပြာသာဒ်မယ်၏အဆင်းကပေးသော ဒုက္ခဆင်းရဲ များပင်တည်း။ အကယ်၍ ငရဲသားလေးဦးတို့၏အော်ဟစ်သံကို မကြားမူ၍ မြတ်စွာဘုရား၏တရားတော်ကို မနာရပါလျှင် ကောသလမင်းကြီးကသတ်ဖြတ်၍ အသက်သေဆုံးရမည်သာဖြစ်သည်။

### □ သုဇာတာဝတ္ထု □

မဏိစောရဇာတ်၌လည်း မယားဖြစ်သူသုဇာတာရုပ်အဆင်းလှပမှုကြောင့် လင်ယောကျ်ားက ပတ္တမြားခိုးသူဟူ၍ စွပ်စွဲပြီးလျှင် သတ်ဖြတ်ရန် ကြံစည်နှိပ်စက်ခံခဲ့ရသည်။

### □ ရှင်ဘို့မယ်ဝတ္ထု □

မြန်မာရာဇဝင်တွင်လည်း ရှင်ဘို့မယ်သည် အဆင်းပြင်လျာကောင်းသဖြင့် မင်းငါးဆက်တိုင် မိဖုရားအဖြစ်ကို ရခဲ့သည်။ မင်းငါးဆက်မှာ-

၁။ မြန်မာနှစ် ၇၆၃ ခုနှစ်တွင် ရတနာပူရ အင်းဝမြို့၌ ဘုရင့်မင်းခေါင်သည် ရှင်ဘို့မယ်ကို ဦးစွာမိဖုရားမြှောက်ခဲ့သည်။

၂။ မြန်မာနှစ် ၇၈၃ ခုနှစ်တွင် သားတော် သီဟသူသည် အင်းဝရွှေနန်းကိုတက်သောအခါ ခမည်းတော်၏ မိဖုရားဖြစ်သော ရှင်ဘို့မယ်ကိုပင် ထပ်၍ မိဖုရားမြှောက်တင်ပြန်သည်။

၃။ မြန်မာနှစ် ၇၈၇ ခုနှစ်တွင် မင်းလှငယ်မင်းပြု၏။ ရှင်ဘို့မယ်ကိုပင် မိဖုရားမြှောက်ပြန်သည်။ ထိုမင်းလှငယ်သည် တော်သလင်းလတွင် နန်းတက်၍ တန်ဆောင်မုန်းလသို့ရောက်လျှင် မိဖုရား ရှင်ဘို့မယ်က ဆေးဖြင့် အန္တရာယ်ပြုသောကြောင့် ကံကုန်ခဲ့ရရှာသည်။

၄။ မြန်မာနှစ် ၇၈၇ ခုနှစ်၊ နတ်တော်လတွင် ကလေးကျေးတောင်ညို နန်းတက်လေ၏။ ထိုအခါတွင်လည်း မိဖုရားအဖြစ် ရှင်ဘို့မယ်ကိုပင် နန်းတင်ပြန်သည်။

၅။ ထိုနှစ် တပေါင်းလအခါတွင် မိုးညှင်းမင်းတရားသည် ရေအား၊ ကြည်းအားနှင့် မိုးညှင်းမှ အင်းဝသို့ ချီလာ၏။ ထိုအခါ ကလေးကျေးတောင်ညိုမင်းသည် ရှင်ဘို့မယ်ကိုရယူ၍ ရခိုင်သို့ထွက်ပြေးလေ၏။ ရခိုင်သို့မရောက်မီ ပဲလွန်းတောင်စခန်းတွင် ရုတ်တရက် ရောဂါဖြင့် ကလေးကျေးတောင်ညိုမင်း အနိစ္စရောက်လေ၏။ ထိုအခါ ရှင်ဘို့မယ်သည် မန်းစက်တော်ရာတွင် တပ်တည်၍နေလေ၏။ မြန်မာနှစ် ၇၈၈ ခုနှစ် မိုးညှင်းမင်းတရားသည် အင်းဝရွှေနန်းကို တက်သည်။ ရှင်ဘို့မယ်ကို ရွှေဝေါ ရွှေလှေ၊ ရွှေလောင်းတို့ဖြင့် ဆောင်ယူစေပြီးလျှင် မိဖုရားမြှောက်ပြန်လေသည်။

ထို့ကြောင့် ရှင်ဘို့မယ်သည် မင်းငါးဆက်တိုင်တိုင် မိဖုရားဖြစ်၍ နန်းစံရသည်ဟု ဆိုကြသည်။ ဤအဖြစ်ကိုရည်၍ ကဝိလက္ခဏာသတ်ပုံဆရာကြီး ဦးညိုသည်လည်း -

'မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ် နန်းလယ်တင်သည်သာ' ဟူ၍ ယသတ်ကာရန်တွင် သတ်ပုံစပ်ဆိုခဲ့သည်။ သီဟသူလက်ထက်ကာပင် ရှင်ဘို့မယ်သည် ကလေးကျေးတောင်ညိုနှင့် မေတ္တာယှက်သွယ်ရင်းရှိကြသည်။ ကလေးကျေးတောင်ညိုကလည်း ရှင်ဘို့မယ်ကို မေတ္တာသက်ဝင်၏။ ထို့ကြောင့် သီဟသူ အနိစ္စရောက်၍ မင်းလှငယ် မင်းပြုသည်တွင် မိဖုရားရှင်ဘို့မယ်က ကလေး



www.burmeseclassic.com

www.burmeseclassic.com

ကျေးတောင်ညိုကို အင်းဝသို့ ဆင်လုံးမြင်းရင်းနှင့် အလျှင်ချီတက်ခဲ့သည်ဟု သုလျှိုတမန်လွှတ်၏။ ကလေးကျေးတောင်ညိုလည်း ချီတက်ခဲ့သည်။ အင်းဝသို့ရောက်လျှင် ရှင်ဘို့မယ်က မင်းလှငယ်ကို ဆေးဖြင့်အန္တရာယ်ပြု၍ အနိစ္စရောက်စေသည်။ မင်းလှငယ်သည် မိဖုရားရှင်ဘို့မယ်ထက် များစွာ အသက်ငယ်သည်။ အရွယ်မတူသည်ကို မထောက်ချင့်။ ရုပ်အဆင်းကို တပ်မက်သဖြင့် မိဖုရားတင်မြှောက်လေသော် သားချောရှိသည့် မင်းလှငယ်သည် ထီးနန်းစံ၍ မကြာမြင့်မီပင် သေဆုံးရရှာလေသည်။

ရှင်ဘို့မယ်၏ ဒုတိယလင်ယောကျ်ားဖြစ်သူ သီဟသူသည်လည်း ရှင်ဘို့မယ်၏ ကြံစည်ချက်ကြောင့် အသက်သေဆုံးကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည်။ အကြောင်းသော်ကား ဆင်ဖြူရှင် သီဟသူသည် အလိုင်းမင်းရာဇာဓိရာဇ်၏သမီးတော် ရှင်စောပုကိုရတော်မူသောအခါ အဆင်းပြင်လျာကောင်းလှသဖြင့် လွန်စွာနှစ်သက်မြတ်နိုးတော်မူ၏။ မိဖုရားရှင်ဘို့မယ်ကို ချစ်မနှစ်သက်သကဲ့သို့ ပြုတော်မူ၏။ ထိုအခါ ရှင်ဘို့မယ်က အုန်းဘောင်လယ်သံဘွားကို မြှောက်ပင့်ပြီးလျှင် အောင်ပင်လယ်အရပ်တွင်စံနေခိုက် သီဟသူမင်းကို ဆင်ဖြင့်တိုက်စေသည်။ ထိုအရပ်တွင်ပင် သီဟသူ ကံကုန်လေသည်။ ထိုသီဟသူမင်းသည် ခမည်းတော်၏ မိဖုရား ရှင်ဘို့မယ်ကို အဆင်းပြင်လျာကောင်းသည့်အတွက် မိထွေးတော်ဟု မယူဆဘဲ မိဖုရားမြှောက်ခဲ့သဖြင့် နောင်အခါ ထိုအဆင်းလှသောမိမိ၏မိဖုရား ရှင်ဘို့မယ်၏ အကြံအစည်ကြောင့်ပင် အသက်ဆုံးခဲ့ရသည်။

ဤသည်တို့ကား 'မယားချောသည် လင်ယောကျ်ား၏ရန်သူ' ဖြစ်သည်ဟူ၍ စာဏကျဆရာကြီး၏ စကားများကို မြန်မာရာဇဝင်လာ ရှင်ဘို့မယ်၏ ဇာတ်ဖြင့်သက်သေတင်ပြခြင်းပေတည်း။

▫ ဝေဠုဝတီဝတ္ထု ▫

ပုဂံပြည်တွင် မင်းယဉ်နရသိင်္ခမင်း မြည်သည့်အခါ ညီတော်နရပတိစည်သူ၏ မိဖုရား ဝါး၌သံသေဒဇစွဲ၍ဖြစ်လာသည်ဆိုသော ဝေဠုဝတီ၏ အခန်းဖြင့်လည်း သက်သေထုတ်ပြအပ်သေးသည်။ မင်းယဉ်နရသိင်္ခသည် တစ်နေ့သောအခါ ခယ်မတော် ဝေဠုဝတီကိုမြင်သည်တွင် လွန်စွာတိမ်းညွတ်တပ်မက်သော စိတ်ရှိလေသဖြင့် ခယ်မတော်ကို သိမ်းပိုက်လိုသောကြောင့် အကြံအစည်ပြုတော်မူသည်။

ညီတော်ကို ခေါ်ယူကာ -

"ညီတော်၊ ငဆောင်ရန်းအရပ်တွင် သူပုန်တို့ထကြွလျက်ရှိသည်။ ညီတော်ကိုယ်တိုင် ချီတက်၍ ရန်သူတို့ကို ဖြိုဖျက်ရမည်"

ဟု အမိန့်ရှိလေသည်။

ညီတော် နရပတိစည်သူလည်း နောင်တော်ကို သံသယမကင်းသည်နှင့် အိမ်တော်ဝယ် စီးတော်မြင်းနှင့် မြင်းခံငပြည့်ကို အခင်းအရေးပေါ်လာလျှင် ငါ၏မြင်း သူတော်စင်ကိုစီး၍ အလျင်အမြန် လျှောက်တင်လာရမည်ဟု မှာကြားပြီးလျှင် စစ်သည်ဗိုလ်ထုနှင့် တကွထွက်လေ၏။

ညီတော်စစ်ထွက်ပြီး သစ်ဆိမ့်အရပ်သို့ရောက်လျှင် နောင်တော် နရသိင်္ခမင်းသည် ခယ်မတော် ဝေဠုဝတီကို ယူဆောင်၍ နန်းတင်လေတော့သည်။ ဤအကြောင်းကို လျှောက်တင်ခြင်းငှာ မြင်းခံတော် ငပြည့်သည် မြင်းသူတော်စင်ကိုစီးပြီးလျှင် သူ၏အရှင်ထံသို့လိုက်သွားခဲ့သည်။ နံနက်စောစောထွက်လာခဲ့ရာ နေဝင်ချိန်တွင် ငါးပတ်ချောင်းသို့ရောက်လာ၏။ ထိုအရပ်တွင်ပင် မြင်းသူတော်စင်ကို ရေချ၍ အစာကျွေးပြီး မြင်းခံတော် ငပြည့်လည်းအိပ်လိုက်တော့သည်။ နရပတိစည်သူမင်းကား ငါးပတ်ချောင်း၏တစ်ဖက်တွင် စစ်သည်ဗိုလ်ပါနှင့်တကွ တပ်စခန်းချလျက်ရှိ၏။ ညအခါ မြင်းသူတော်စင်က ဟီလေသည်။ သူတော်စင်ဟီသောအသံကို နရပတိစည်သူကြားလေရာ ဤမြင်းဟီသံကား ငါ၏မြင်းသံဖြစ်မည်ထင်သည်ဟု စဉ်းစားရင်း သူ၏ကြင်ရာတော် ဝေဠုဝတီအတွက် စိတ်မချသည်နှင့် စက်တော်မခေါ်နိုင်ဘဲရှိလေ၏။

နံနက်စောစောတွင် မြင်းခံတော် ငပြည့်သည် မြင်းကိုစီး၍ ငါးပတ်ချောင်းကိုကူးကာ အရှင်သခင်ထံသို့ ရောက်လေသည်။ ရောက်ရောက်ချင်းပင် ဝေဠုဝတီကို နောင်တော် နရသိင်္ခမင်း သိမ်းပိုက်ကြောင်းကို လျှောက်တင်သည်။ ထိုအခါ မိဖုရားစိတ်ဇောကြောင့် ဒေါသအမျက်ကြီးစွာထွက်ပြီးလျှင် သူ၏ အကျိုးကိုဆောင်ခဲ့သော မြင်းခံငပြည့်ကိုပင်ဖြိုး၍ -

"သင်သည် ယခု ငါနေသော အရပ်နှင့် မနီးမဝေးတွင် အဘယ်ကြောင့် အိပ်၍နေသနည်း။ အရှင်၏အမှုကိစ္စကို ဤမျှလောက်ပေါ့လျော့စေသည်မှာ ရာဇဝတ်ပြစ်ဒဏ်နှင့်မလွတ်။ မင်းတို့မည်သည် တစ်နာရီမျှအတွင်းမှာပင် များစွာသောအကြံအစည်တို့ကို ပြီးစီးစေနိုင်၏"

ဟူ၍ ဆိုပြီးလျှင် မြင်းခံတော် ငပြည့်ကို ကွပ်မျက်သုတ်သင်လေ၏။

နရပတိစည်သူသည် အောင်စွာငယ်ကိုခေါ်၍ -

"သင်သည် ငါ၏နောင်တော်ကို လုပ်ကြံလေ။ အကြံအောင်လျှင် ငါ၏ မရီးတော်သုံးပါးရှိသည့်အနက် သင်အလိုရှိရာကို ပေးတော်မူမည်"

ဟု ဆိုကာ ပုဂံသို့ စေလွှတ်လိုက်သည်။

အောင်စွာငယ်လည်း သူရဲကောင်းရှစ်ကျိပ်ကို ရွေး၍ ပုဂံသို့ အမြန်စုန်လေ၏။ ပုဂံသို့ရောက်လျှင် နန်းတော်သို့ ဝင်၍ ရေအိမ်သို့တက်စဉ်အခိုက်ဖြစ်သော မင်းယဉ်နရသိင်္ခကို အောင်စွာငယ်က လုပ်ကြံသတ်ဖြတ်လိုက်တော့သည်။ နောင်တော်မရှိလျှင် ညီတော်နရပတိစည်သူမင်းသည် ဝေဠုဝတီနှင့်တကွ ဘိသိက်ခံ၍နန်းတက်လေ၏။

နောင်တော်၏မိဖုရားဖြစ်သော မရီးတော်များက အောင်စွာငယ်နှင့် ပေးစားမည်ဟု ကြားသိကြသောအခါ မယ်တော်မင်းအား ဝပ်စင်းခယ၍ အောင်စွာငယ်နှင့် ထိမ်းမြားခြင်းမပြုရန် တောင်းပန်ကြလေသည်။ ထို့ကြောင့် အောင်စွာငယ်ကိုခေါ်ပြီးလျှင် ယခင်က



www.burmeseclassic.com

www.burmeseclassic.com

မရီးတော်များနှင့်ထိမ်းမြားပေးမည်ဟူ၍ ပြောခဲ့သည်ကား မှန်၏။ သို့ရာတွင် ထိုသို့ထိမ်းမြားက ဘုန်းချင်းမတူသဖြင့် ဘိုးတော်၊ ဘေးတော်များကို ပြစ်မှားရာ ကျလိမ့်မည်။ သို့ဖြစ်၍ အမျိုးမြတ်သော သမီးကညာတစ်ဦးဦးနှင့် သင့်ကိုထိမ်းမြား ပေးမည်ဟု အမိန့်ရှိလေ၏။

ထိုအခါ အောင်စွာငယ်သည် မင်းဖြစ်လျက် သစ္စာစကားကို ဖျက်သည်ဟူသော သဘောထားနှင့် ထွီဟုဆိုလေ၏။ နရပတိစည်သူမင်းလည်း ဤကဲ့သို့ မခန့်မညားပြုရမည်လောဟု မင်းဖြစ်အောင် ရွက်ဆောင်ခဲ့သောကျေးဇူးကို မထောက်ဘဲ အောင်စွာငယ်ကိုသတ်လေ၏။ ထို့ပြင် နောင်တော် မင်းယဉ်နရသိင်္ခ၏အထိန်းတော်ဖြစ်သည့် အနန္တသူရိယအမတ်ကိုလည်း သတ်လေ၏။ ထိုအနန္တသူရိယအမတ်သည် သတ်ခါနီး ဆဲဆဲတွင် လေးလုံးစပ်ကဗျာလေးပိုဒ်ကို ရေးစပ်၍ မင်းကြီးအား ဆက်သရစ်ပါဟု မှာထားခဲ့၏။ ထိုလေးလုံးစပ်ကဗျာလေးပိုဒ်ကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ် စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက် ခဏတက်သည့်၊ ရေပွက်ပမာတစ်သက်လျာတည့်။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လဲ့တတ်သည်၊ မချွတ်စသာ၊ သဗ္ဗာဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏။ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်းမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ် အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

ဤစာပိုဒ်လေးပိုဒ်ကဗျာအား သူသတ်ယောကျ်ားများက အနန္တသူရိယကို သတ်ပြီးမှ မင်းကြီးထံဆက်ရာ မင်းကြီးသည် လွန်စွာကြည်နူးတော်မူသဖြင့် အနန္တသူရိယလွှတ်စေဟု အမိန့်ပေးတော်မူ၏။ သူသတ်တို့လည်း လက်လွန်ပါပြီဘုရားဟု လျှောက်တင်ကြရာ -

"နင်တို့မသတ်ခင်ကတည်းက ဒီစာကို ဆက်ကောင်းလျက် သတ်ပြီးမှ ဆက်သည်"

ဆို၍ အမျက်ထွက်သဖြင့် သူသတ်တို့ကို ကွပ်မျက်တော်မူပြန်သည်။

ဤမင်းသည် ကျေးဇူးအထူးတင်ထိုက်ပေသော ပြေည့်နှင့် အောင်စွာငယ်တို့ကို သတ်ခဲ့သည့်အပြင် ကဗျာစာဆိုတစ်နည်းအားဖြင့် လေးလုံးစပ်ကဗျာကို ရှေးဦးစွာ မြန်မာပြည်တွင် စပ်ဆိုသော အနန္တသူရိအမတ်ကိုလည်း သတ်သော ဘုရင်ဖြစ်လေသည်။

ဤရာဇဝင်အတ္ထုပ္ပတ္တိ၌ မိန်းမချောဝေဠုဝတီ၏ပထမလင်ယောကျ်ားဖြစ်သော နရပတိစည်သူသည် နောင်တော်မင်းကြီး၏ ကြံစည်ခြင်းကိုခံရသည့်ပြင် ပါဏာတိပါတကံအမျိုးမျိုးကို မယားစိတ်မွှန်၍ မစဉ်းစား မဆင်ခြင်ဘဲ သတ်ဖြတ်ကျူးလွန်မိခဲ့သည်။ ဝေဠုဝတီကို တစ်ခဏမျှသာ ချစ်ခွင့်ရခဲ့သော မင်းယဉ်နရသိင်္ခလည်း ထိုမယားချောအတွက်ကြောင့်ပင် သူတစ်ပါး၏လက်နက်ဖြင့် အသက်သေဆုံးရခဲ့သည်။



**□ မိဖုရားသီရိဘုန်းထွင့်ဝတ္ထု □**

ထို့ပြင် ဟံသာဝတီဆင်ဖြူရှင်ဘွဲ့ခံ မဟာစေတီတော်ကြီး၏ ဒါယကာဖြစ်သော မင်းတရားကြီးသည်လည်း ဘုရင်မင်းခေါင်ဘွဲ့ခံရှင်သရက်၏မိဖုရား သီရိဘုန်းထွင့်ကို တပ်မက်စွမ်းငြိသောစိတ်ရှိ၍ အမှုရှာအပြစ်ရှာပြီးလျှင် ရှင်သရက်ကိုသတ်ခဲ့သည်။ ရှင်သရက်၏ မိဖုရား သီရိဘုန်းထွင့်ကို စန္ဒာဒေဝီ ဟူသောဘွဲ့နှင့် မိဖုရားပြုလေ၏။ ဘုရင်မင်းခေါ်ဘွဲ့ခံရှင်သရက်မှာ မယားချော သီရိဘုန်းထွင့်အတွက်နှင့် အသက်အသေခံခဲ့ရ သည်။

ပုံရာဇဝင်အမျိုးမျိုးကို ထော ထား လေ့လာရာ မယားချောသည် လင်ယောကျ်ား၏ ရန်သူဖြစ်ကြောင်း သိစေရာသည်။

သို့ရာတွင် ဖြစ်တတ်သော သဘော အလေ့ရှိသည်ကိုသာရည်၍ စာဏ ဆရာကြီးမိန့်ဆိုတော်မူသည်။ မယား ချောတိုင်းပင် လင်ယောကျ်ား၏ အန္တရာယ်မဖြစ်ချေ။ သမ္ဘုလဇာတ် သမ္ဘုလမင်းသမီးသည် အလွန်တ ချောမွေ့လှပသူဖြစ်သော်လည်း လင် ယောကျ်ားအန္တရာယ်မဖြစ်သည့်အပြ လင်ယောကျ်ား၏ နူနာရောဂါကိုပင် သစ္စာအဓိဋ္ဌာန်ပြု၍ ကုသပျောက်ကင်း စေခဲ့သည်။ မယားဖြစ်သူက ကျင့်ဝတ် ငါးပါးကို ခိုင်မြဲကြပ်တည်းစွာကျင့်၍ ဟီရိဩတ္တပ္ပတရားနှစ်ပါးကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်သုံးပါလျှင် ထိုကဲ့သို့ဖြစ်နိုင်တန်ရာသည် မဟုတ်ချေ

လောက၌ ယောကျ်ားတို့သည် ပရဒါရကံကို ကျူးလွန်မိကြသည်ဆိုရာ ယောကျ်ား၏အစွမ်းသတ္တိကြီးသက်သ ဖြင့် ဖြစ်မြောက်နိုင်ရန်မှာ အတန် ခဲယဉ်းပါသည်။ မိန်းမဖြစ်သူကလည်း မစောင့်မစည်းသောစိတ်ဖြင့် သဘော စွာနှင့် မျက်နှာသာပေး လမ်းဖွင့်ပေး သောကြောင့်သာလျှင် ထိုကံကို ပြုလု ရန် ယောကျ်ားတို့မှာ လွယ်ကူကြ သည်များကိုလည်း စဉ်းစားဆင်ခြင်သ သည်။

သို့ဖြစ်၍ လင်ယောကျ်ားပိုင်ရှင် နေကြသော မိန်းမတို့သည် အကျ တည်းဟူသော တံတိုင်းကာရံဝိုင်းလျ ရှိသည် ဟူ၍ ပြဆိုခဲ့ဖူးသောအတို ယောကျ်ားတစ်ပါးအပေါ်၌ မကျူးလွ ခြင်းတည်းဟူသော ကျင့်ဝတ်တံတိုင်း ကို လုံခြုံမြဲမြံစွာကာရံ၍ ထားအပ်လှ သည်။

မောင်မောင်မိုးအောင်
(စာပေဗိမာန်ဆု)

မှီငြမ်း -

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ၏ စာဏကျနီတိကျမ်းလိုတိယ

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# မျက်စိမှုန်သူများအတွက်

နံနက်ပိုင်း ပြုလုပ်နေကျဖြစ်တဲ့ အောင်သုခရွာထိပ်က ပြည်လုံးချမ်းသာစေတီတော်ကြီးမှာ ပန်း၊ ရေချမ်း၊ အမွှေးတိုင်ကပ်လှူခြင်း၊ ညောင်ရေသွန်းခြင်း၊ သစ်ပင်ပန်းမာလာတွေရေလောင်းခြင်း မှုပြီးတာနဲ့ ကျွန်တော်နဲ့ ကိုတင်ထွန်းတို့ လမ်းမြောက်ဘက်က လက်ဖက်ရည်ဆိုင်လေးမှာထိုင်ဖြစ်ကြပြန်ပါတယ်။ အဲဒီမှာ သစ်တောဝန်ထမ်းဟောင်းဆရာနဲ့ ထပ်မံတွေ့ဆုံကာ စကားပြောဖြစ်ကြပြန်ပါတယ်။

ကိုတင်ထွန်းကိုကြည့်ပြီး မေးပါတယ်။

"ဆရာက မျက်စိမှုန်လို့ မျက်မှန်တပ်ရတာလား"

"ဟုတ်တယ်၊ အဝေးမှုန်တာနဲ့ မျက်စိတစ်ဖက်ခွဲထားရပါတယ်။ မတပ်လို့မရပါဘူး။ မျက်စိနှစ်ဖက်က တစ်ဖက်နဲ့တစ်ဖက် ပါဝါမတူပါဘူး"

"ကျွန်တော်လည်း တောထဲက ငှက်ဖျားပါလာလို့ထင်ပါရဲ့ဗျာ။ မျက်စိက အဝေးမှုန်သွားတယ်ဗျ။ ငှက်ဖျားသာပျောက်သွားတယ်။ မျက်စိကပြန်ကောင်းမလာပါဘူး။ အဝေးဆို မသဲကွဲတော့ပါဘူး။ မျက်မှန်တွေဘာတွေလည်း တပ်မနေတော့ပါဘူး။ ဒီလိုပဲ ဝေဝေဝါးဝါးနဲ့နေနေတာပါ။ အလုပ်က အနားယူထားတဲ့အရွယ်ဆိုတော့လည်း အပိုကုန်တာတွေဘာတွေမလုပ်ချင်တော့တာလည်းပါတာပေါ့လေ။

အဲဒီမှာ ဒီဝင်္ကကျွတ်ချိန်တန်လို့ထင်ပါရဲ့။ မြန်မာ့ဆေးနည်းလေးတွေ နားလည်တဲ့ပုဂ္ဂိုလ်တစ်ဦးနဲ့တွေ့တော့-

"ခင်ဗျားမျက်စိဗျာ၊ သံပယိုသီးရအောင်ရှာ။ သံပယိုသီးရရင် အစိတ်စိတ်လေးတွေခွဲပြီး ရေတစ်လီတာဘူးထဲ ထည့်လိုက်၊ ပြီးရင် သကြား (၂) ဇွန်းလောက်ထည့်လိုက်ပြီး အလုံပိတ်ထားလိုက်ဗျာ။ နောက်နေ့ကစပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ်လောက် အရက်ပက်ခွက်တစ်ခွက်စာလောက်ကို မှန်မှန်သောက်ပေးပါ။ တစ်ရက်၊နှစ်ရက်နဲ့တော့ မရဘူးနော်။ တစ်လီတာပြီးတစ်လီတာ ဆက်သောက်ပေးပါ။ ခင်ဗျားမျက်စိပြန်မြင်လာပါလိမ့်မယ်"

လို့ ပြောတာကိုး။

ကျွန်တော်လည်း ဆေးနည်းရတာနဲ့ သံပယိုသီးကိုရှာရပါတယ်။ သူက သံပရာလိုမလုံးဘူး။ ခပ်ရှည်ရှည်ထိပ်ချွန်လေးပါပြီး အလုံးပိုကြီးပါတယ်။ လူတွေအသုံးနည်းတာကြောင့် ရှားပါးပါတယ်။ သံပရာလိုမပေါပါဘူး။ ပြီးတော့ သူ့ရဲ့ကိုင်းက နွယ်မဟုတ်ပေမယ့် နွယ်ဆန်တယ်။ အပွတ်လိုက်ကြီးတွေသီးတယ်။ သံပရာနဲ့အနံ့မတူပါဘူး၊ သံပယိုသီးရတာနဲ့ ကျွန်တော်ရေသန့်ဘူးတစ်ဘူးထဲကို အစိတ်စိတ်အမြွာမြွာလှီးထည့်ပါတယ်။ သကြားလည်းထည့်ပြီး ပိတ်ထားလိုက်တယ်။

နောက်နေ့ကစပြီး သောက်ပါတယ်။ သောက်စမှာတော့ သောက်ကောင်းပါတယ်။ နှစ်ရက်၊ သုံးရက်ရလာတော့ အချဉ်ပေါက်သွားပြီး စိမ်ရည်ဖြစ်သွားတော့တာပါပဲ။ စိမ်ရည်ဆိုမှတော့ အရသာက ချဉ်စုတ်စုတ်ဖြစ်သွားတယ်။ စိမ်ရည်အနံ့ထွက်လာတယ်။ များများသောက်ရင် ခေါင်းရည်လိုမူးမယ်ထင်တယ်ဗျ။

ရုတ်တရက် မျက်စိကမသိသာပါဘူး။ ဘယ်မှာသိသာလဲဆိုတော့ ဝမ်းပျော့ပျော့လေးသွားတော့ ဝမ်းသွားလို့ကောင်းပြီး ပေါ့ပေါ့ပါးပါးရှိလာပါတယ်။ ဒါဆို ဟုတ်ပြီဆိုပြီး ဒီဆေးကို နေ့စဉ်မှန်မှန်ဝီရိယစိုက်ထုတ်ပြီးသောက်လိုက်တာ မျက်စိတဖြည်းဖြည်းပြန်ကြည်လာတာပါပဲ။ တစ်လကျော်ကျော်လောက်ကြာမယ်ထင်ပါတယ်။ အဝေးမှုန်လုံးဝပျောက်ကင်းသွားပြီးတဲ့နောက်မှာတော့ ကျွန်တော် ခုလိုစိတ်သွားတိုင်းကိုယ်ပါလိုရာကိုသွားနိုင်တဲ့ဘဝကို ရောက်ခဲ့ရတာပါ။

ဒါက ကျွန်တော် လက်တွေ့ပျောက်ခဲ့တဲ့ဆေးနည်းမို့ ဆရာကြီးကို သောက်စေချင်လို့ စေတနာနဲ့ ပြောပြတာပါ။ သူက အရင်းအနှီးမများပါဘူး။ သံပယိုသီးလည်း ကျွန်တော်တို့ရွာတွေမှာရှာလို့ရနိုင်ပါတယ်လို့ ပြောပြပါတယ်။

အဲဒီမှာ ကိုတင်ထွန်းက ကျွန်တော်သောက်ပါ့မယ်လို့ ဝန်မခံပါဘူး။ ဟုတ်ကဲ့-ကျေးဇူးပါပဲလို့ပြောပြီး နှုတ်ဆက်ထွက်ခွာခဲ့ကြပါတယ်။ကိုတင်ထွန်းအနေနဲ့ခေါင်းထဲထည့်ထားမှာမဟုတ်ပေမယ့် ကျွန်တော့်ရဲ့ဦးနှောက်မှတ်စုထဲမှာတော့ ထည့်ထားလိုက်ပါတယ်။

ကျွန်တော်ကတစ်ဆင့် မျက်စိမှုန်တဲ့သူတွေကို ပြန်ညွှန်းရဦးမယ်လေ။ ပျောက်ချင်ရင်သောက်၊ မပျောက်ချင်ရင်မသောက်နဲ့ပေါ့ဗျာ။ သိထားတဲ့ဆေးနည်းကို ပြန်ဖြန့်ရမှာက ကျွန်တော့်ရဲ့ တာဝန်လေ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

**မှတ်ချက် -**

သံပရာပင်သည် အပင်ဆန်၏။ သံပယိုပင်သည် ချုံပုတ်ကဲ့သို့ ချုံပင်ဆန်ပါသည်။ ဤသည်မှာ သံပရာနှင့် သံပယို ကွဲလွဲမှုဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**။ ကျောင်းစောင်းအိုင်မှကျိုက်ထီးရိုး**

ကျောက်စောင်းအိုင် ဟူသော ရွာကလေးသည် အိမ်ခြေ (×××) မျှရှိလျက် သာယာကုန်းရွာ၏ မြောက်ဘက် ပျဉ်းမနား - တောင်ညိုသွားကားလမ်းဘေး၌ တည်ရှိပါသည်။

ထိုကျောက်စောင်းအိုင်ရွာအား အချို့က ကျောက်စမ်းအိုင်ရွာဟုလည်း အလွယ်ခေါ်ကြလေ့ရှိ၏။ ကျောက်စမ်းအိုင်ဟူသော ဝေါဟာရသည် ကျောက်တုံးကျောက်တောင်တွေအကြား၌ တည်ရှိနေသောစမ်းအိုင်ကလေးဟု အဓိပ္ပာယ်ရရာ အနှစ်သာရအားဖြင့် ပြည့်ဝသော ဝေါဟာရဖြစ်ပါသော်လည်း ထိုရွာလေး၌လည်းကောင်း၊ ထိုရွာလေးဝန်းကျင်၌လည်းကောင်း ကျောက်စမ်းအိုင် ဟူ၍ မရှိခဲ့ပါ။ ထိုဝန်းကျင်ဝယ် ကျောက်တောင်၊ ကျောက်ဆောင်များလည်းမရှိပါ။ သို့အတွက် ကျောက်စမ်းအိုင်ဟုခေါ်ပါက အမည်လှ၍ ရသမြောက်သော်လည်း ယုတ္တိဗေဒပြစရာ ဘာမှမရှိပါ။

ကျောက်စောင်းအိုင်သည်သာ အမှန်ဖြစ်ပြီး ပြစရာလည်းအမှန်ရှိခဲ့ပေ၏။ အနောက်ရိုးမမှစီးဆင်းလာသော ငါးလိုက်ချောင်းသည် ထိုကျောက်စောင်းအိုင်ရွာလေး၏ မြောက်ဘက်တည့်တည့်တွင်ရှိသော မြင့်မားမတ်စောက်သော ကျောက်စောင်းကြီးအား ဝင်ရောက်ဆောင့်လိုက်ကာ အလွန်ကြီးသောဝဲကြီးတစ်ခုဖြစ်ပေါ်စေ၏။ ထိုဝဲကြီးအား ကျောက်စောင်းအိုင်ဝဲဟု ခေါ်ဝေါ်ကြလေ၏။

မိုးနှောင်းကာလ ဝါးဖောင်ချသူတို့သည် ထိုကျောက်စောင်းအိုင်ဝဲကြီးအား အကြောက်ဆုံးဖြစ်လေရာ ထိုကျောက်စောင်းအိုင်ဝဲမရောက်မီကပင် ထိုးဝါးများဖြင့်ထိုးကာ မြောက်ဘက်ကမ်းသို့ အတတ်နိုင်ဆုံးကပ်၍ ဝဲလှည့်စက်ကွင်းမှ လွတ်ကင်းအောင် ကြိုးစား၍ရှောင်ရှားကြရပါသည်။

အကယ်၍ ဝဲစုပ်ခံရခဲ့သော် ဝဲစုပ်အားပြင်းထန်မှုကြောင့် ဖောင်မှာ ဖင်ထောင်ပြီး ချည်တုပ်ထားသော နှီးချက်များပြတ်ထွက်ကုန်ကာ ဖရိုဖရဲဖြစ်ရလေ့ရှိသည်။ လူ့အသက်မဆုံးရှုံးအောင်ပင် မနည်းကြိုးစားရုန်းကန်ကြရလေ့ရှိ၏။ သို့ကြောင့် ကျောက်စောင်းအိုင်ဝဲကား နာမည်တစ်လုံးနှင့်နေသောဝဲဖြစ်ပေ၏။

ထိုဝဲမှလွန်သော် ချောင်းသည် မြောက်သို့ပြန်ကွေ့လျက် ထိုအကွေ့တွင် ရှားစေးဖိုဝဲကြီးထပ်၍ဖြစ်ပေါ်နေလေ၏။ အထက်အောက်ဝဲနှစ်လုံးသည် သိပ်မဝေးလှရာ ဝဲညီနောင်ဟု တင်စား၍ရပေ၏။ ရှေးအခါက ထိုဝန်းကျင်၌ ရှားတောများရှိရာ ရှားစေးချက်သူများသည် ရှားပင်များခုတ်၍ ရှားစေးဖိုတို့တည်ခဲ့ကြ၍ ထိုဝဲကို ရှားစေးဖိုဝဲ ဟူ၍ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ထိုဝဲနှစ်လုံးသည် မိုးရာသီ၌သာ မိုးရွာသွန်းအားကောင်းမှုကြောင့် တောင်ကျချောင်းရေစီးအားဖြင့် ဝဲလှည့်နိုင်ကြသော်လည်း မိုးကျွတ်သည်နှင့်တစ်ပြိုင်နက် ရေကြည်အိုင်ကြီးများဖြင့် ရပ်တည်ရပေ၏။ ထိုအချိန်ဝယ် ကျောက်စောင်းအိုင်ရွာမှလူတို့သည် ထိုကျောက်စောင်းအိုင်ကြီး၌ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ ကျွဲ၊ နွား၊ မြင်းတို့ ရေချခြင်းအမှုကိုပြုကြလေရာ လွန်စွာအသုံးဝင်လှပါသည်။ နွေရာသီ၌ သဘာဝရေသည် ဒူးဆစ်မျှအမြဲစီးဆင်းနေရာ ရေမှာကြည်ပြီးသန့်နေလေ၏။

ထိုနေရာဝယ် ကျောက်စောင်းကြီးဖြစ်နေ၍သာ ကမ်းပါးကို ရေမတိုက်စားနိုင်ခြင်းဖြစ်ပြီး ထိုကမ်းပါးစောင်းထိပ်ပေါ်တွင် ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်အချိန်က တည်ထားခဲ့သည်မသိသော ကျိုက်ထီးရိုးစေတီတော်တစ်ဆူရှိလေ၏။ ကမ်းပါးစွန်းတွင်တည်နေသော ထို[...] တော်ပြုတ်မကျသည့်မှာလည်း အံ့[...] ဖွယ်ဖြစ်သည်။ ရုံဖန်ရံခါ ထိုကျိုက်ထီး[...] စေတီအနီး၌ တဲကျောင်းလေးဆော[...] ကာ တောရဆောက်တည်သောရ[...] တစ်ပါး လာရောက်သီတင်းသုံးလေ့ရှိ[...]

ထိုကျောက်စောင်းအိုင်ကို အ[...] ၍ဖြစ်တည်ခဲ့သော ကျောက်စောင်း[...] ရွာကလေးသည် ငါးလိုက်ချောင်း[...] အလွန်ကြီး မဝေးလှပေ။ ကျောက်[...] အိုင်မဟုတ်၊ ကျောက်စောင်းအိုင်သာ[...] ပေ၏။ ထိုရွာလေးကား သစ်ရိပ်ဝါး[...] တို့ဖြင့် သာတောင့်သာယာရှိလှပေ[...]

**။ ပြန်ကပြေးက ကိုဖိုးတူ**

ကိုဖိုးတူသည် ပြန်ကပြေး[...] ဖြစ်သည်။ သို့သော် ပြန်ကပြေးအ[...] ပိုင်းတွင် အိမ်ရှိပါသော်လည်း [...] ကျောက်စောင်းအိုင်ရွာ၏ မြောက်ဘ[...] ငါးလိုက်ချောင်း၏ မြောက်ဘက်[...] တွင် ကြံစိုက်ကုန်းမြေများရှိ၍ ထိုကြံ[...] များ၏သံယောဇဉ်ဖြင့် အကွက်များ[...] နီးသော ကျောက်စောင်းအိုင်ရွာ[...] တွင် အိမ်တစ်လုံးဆောက်ကာ နွား[...] ဖြင့်နေလေ၏။

ကြံခင်းများဟူသည် စိုက်ပြီး[...] ထား၍မရပေ။ စိုက်ပျိုးပြီးသည်နှင့် [...] နွား၊ မြင်းများ ဝင်မစားစေရန် စည်း[...] ကာရခြင်း၊ ပေါင်းပင်များသုတ်သင်[...] ခြင်း၊ မြေထောင်မြှောက်သည့်အနေ[...] ကြံဘောင်လုံးရခြင်း၊ မြေဩဇာပက်[...] ရခြင်း၊ အုန်းနီပိုးမကျစေရန် စောင့်ကြ[...] ခြင်း၊ ကြံခိုးခုတ်သူများမလာနိုင်စေ[...] လူရိပ်လူယောင်အစဉ်ပြနေရခြင်းစသ[...]





www.burmeseclassic.com

www.burmeseclassic.com

ခြင်လုပ်နေရရာ အနေနီးမှတော်ရုံကျ လေ၏။

အချိန်ကာလအားဖြင့် မြန်မာ့ ဆီရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်ရာ ညောင်မနား၊ တပ်ကုန်း၊ လယ်ဝေး အညီးဟူသောနယ်မြေတို့၌ ကြံစိုက်မှု ခေတ်မီသောခေတ်ကြီးဖြစ်ရာ ကိုဖိုးတူ မှာလည်း ကြံခင်းများအများနည်းတူ ဝင်ရောက် နေထိုင်တတ်ကြလေ၏။ ထို့ကြောင့် ခြတောင်ပို့ဟောင်းများ၊ သစ်ငုတ်ဆွေးကြီးများရှိလျှင် မြွေဝင် အောင်းနေတတ်သောကြောင့် အထူး ဂရုပြုရပါသည်။

ကိုဖိုးတူ၏ကြံခင်းစည်းအစပ်တွင် ခြတောင်ပို့ကြီးတစ်ခုရှိပါသည်။ ကာလ

ဟူသော အသိဝင်လိုက်ချိန်မှာပင် မျက်စိများချက်ချင်းပြာဝေမှုန်နောက်လာ ကာ ဟန်ချက်မထိန်းနိုင်တော့ဘဲ ပစ်၍ လဲကျသွားတော့၏။ မြွေဆိပ်ပြင်းလိုက် ချက်ကား အလွန်ပင်ကြောက်မက်ဖွယ် ကောင်းလှပေ၏။ နေရာမှပင်မရွေ့နိုင် တော့ဘဲ ရင်ထဲပူလောင်တင်းကျပ်လာ ကာ ရေသောက်ချင်သောဆန္ဒတို့ ပြင်း စွာ ဖြစ်ပေါ်လာလေ၏။

ငန်းမြွေကိုက်ခဲ့သော် ထိုင်နံးတစ် ပြန်မျှသာသွားနိုင်ပြီး လဲကျသေဆုံးရ တတ်ကြောင်း ကိုဖိုးတူကြားဖူးလေ၏။ ထိုအသိလည်းဝင်မိလေ၏။ မိမိကိုကိုက် သောငန်း၏ပမာဏသည် တစ်လံကျော် ရှိမည်ဖြစ်ရာ ယခုသော် တစ်လံမျှပင် မသွားနိုင်ဘဲ နေရာတွင်ပင် မြွေဆိပ်သင့် ကာလဲကျခဲ့ရလေ၏။ အနီးဝန်းကျင်တွင် လူတစ်ဦးမှရှိမနေပါ။



# နေပြည်တော်ကျော်ကျော်စိုး

## ငန်းမြွေနှင့်ပင့်ကူထိပ်ပိတ်

စိုက်သော ကြံတောင်သူကြီးဖြစ်ပါသည်။ ကိုဖိုးတူ၏သားများဖြစ်သော ဖိုးသောင်း နှင့် ဖိုးကောင်းတို့လည်း ကျောက်စောင်း အိုင်တွင်လိုက်၍နေကြပါသည်။

**ခြတောင်ပို့ထဲမှငန်းမြွေ**

မြွေတို့သည် တွင်းအောင်းသတ္တဝါ များဖြစ်သော်လည်း တွင်းမတူးကြပါ။ အလိုအလျောက်ဖြစ်ပေါ်နေသောတွင်း၊ ဿိုက်ဂူ၊ ကြွက်တွင်း၊ ခြတောင်ပို့တွင်း၊ သစ်ဆွေးလိုဏ်ပေါက်၊ သစ်ပုံ၊ ဝါးပုံ စသော တွင်းလိုဏ်ရှိသောနေရာတို့တွင်

ရှည်လျားစွာမြင်တွေ့နေရသောတောင် ပို့ဖြစ်သဖြင့် အလေးလည်းမထားမိပါ။

ကိုဖိုးတူသည် စည်းအစပ်၌ ပေါက်နေသော ပေါင်းပင်၊ မြက်ပင် တို့ကို ဓားဖြင့်လိုက်၍ရှမ်းနေပါသည်။ သို့နှင့်ပင် တဖြည်းဖြည်း တောင်ပို့နှင့်နီး လာလေ၏။ တောင်ပို့ဝန်းကျင်၌ပေါက် နေသောပေါင်းပင်တို့အား တောင်ပို့အနီး မှကပ်၍ယမ်းနေစဉ် ခြေသလုံးအား ခွေးဆွဲသလို ရုတ်တရက်အဆွဲခံလိုက်ရ ရာ လန့်ပြီးရုတ်တရက်ကြည့်လိုက်စဉ် မည်းနက်သော လက်မောင်းခန့်ရှိ ငန်းမြွေကြီးသည် တောင်ပို့ထဲသို့ ပြန်ဝင် သွားသည်ကို မြင်လိုက်ရလေ၏။

"သြော် - ငါ့ကို ငန်းကိုက်ပြီကိုး"

အဆိပ်သည် တဖျဉ်းဖျဉ်းတက် ကာ မျက်စိတို့ဘာမှမမြင်ရတော့ပေ။ ရေသောက်ချင်သောဆန္ဒမှာ တားမနိုင် ဆီးမနိုင်ဖြစ်နေသဖြင့် လက်ဖြင့်စမ်းမိ သောအပင်တို့ကို ဆွဲဖြတ်ယူကာ ပါးစပ် ထဲထည့်ကာ ရေအဆာပြေအတင်းဝါး စားနေမိသည်။ တော်သေးသည်။ သတိ က မတင်းလွတ်သေးချေ။ သတိကင်း လွတ်ခဲ့သော် မိမိသေဆုံးသွားရမည်ကို သိပါသည်။ သို့ကြောင့် မသေမီ ရေ သောက်ချင်သော ရင်ထဲကဆန္ဒကို ဆွဲမိ သောအပင်တို့ကိုဝါးစားခြင်းဖြင့် ဖြည့် ဆည်းနေမိ၏။ ဝါးနိုင်သမျှဝါးစားနေမိပါ သည်။

အချိန်အားဖြင့် မကြာလိုက်ချေ။ ရင်ထဲတွင် ပြင်းပြစွာပူလောင်တင်းကျပ် ရေငတ်နေသောဝေဒနာမှာအနည်းငယ်

www.burmeseclassic.com

သက်သာလာခဲ့၏။ ကိုက်ထားသောနေရာမှမူ တဖျဉ်းဖျဉ်းနာကျင်ကိုက်ခဲလျက်ရှိသည်ကို သတိထားမိသည်။

ခေတ္တအကြာတွင်မူ ပတ်ဝန်းကျင်ကိုဝေဝါးစွာပြန်မြင်စပြုလာ၏။

"အင်း - တော်သေးတယ်၊ ငါ မသေနိုင်သေးဘူး။ ရွာဘက်အရောက်ပြန်မှ တော်ရုံကျမယ်"

ဟု တွေးကာ ကုန်းရုန်းထလျက်ချောင်းသဲခုံဆီ ဆင်းခဲ့လေ၏။ နေကပူသဖြင့် သဲတို့အနည်းငယ်ပူလျက်ရှိ၏။ ခပ်လှမ်းလှမ်း ကျောက်စောင်းအိုင်ဝဲတွင်မူ ရေချိုးသူ၊ အဝတ်လျှော်သူ၊ ရေကူးသူတို့ဖြင့် ဆူညံနေ၏။

ကိုဖိုးတူသည် ဒယီးဒယိုင်ဖြင့်လျှောက်နေရသော်လည်း ခေါင်းတို့သည် အလွန်မူးလျက်ရှိသဖြင့် ခရီးမတွင်ဘဲ သဲခုံပေါ် ပစ်၍လဲကျသွားလေ၏။ ထိုအခါ ကျောက်စောင်းအိုင်ဝဲတွင် ရေချိုးနေသူတို့မြင်ကာ ကိုဖိုးတူဆီပြေးလာကြလေ၏။ လဲနေသောကိုဖိုးတူကိုပွေ့ထူကာ-

"ဘာဖြစ်တာလဲ"

ဟု မေးသော်-

"ငန်းမြွေကိုက်တာ"

ဟု ပြောပြီး သတိလစ်သွားလေတော့၏။ ထိုအခါ စောင်ပုခက်ဖြင့် ရွာသို့သယ်ရန် မဝေးလှသောရွာဆီသို့ပြေးကာ ဖိုးသောင်းနှင့် ဖိုးကောင်းတို့ကို အကြောင်းကြားကြ၏။

ချက်ချင်းပင် အညာစောင်တစ်ထည်ကို ပုခက်လုပ်လျက် ရွာဆီထမ်းသယ်လာကြ၏။ ရွာမှ မြင်းလှည်းငှားကာ ပျဉ်းမနား ပြည်သူ့ဆေးရုံကြီးသို့ ပို့ကြလေ၏။ အချိန်မှာ တစ်နာရီကျော်ကျော်မျှ ကြာသွားခဲ့ပါသည်။ ဆေးရုံရောက်သည်အထိ ကိုဖိုးတူ သတိမရသေးချေ။

## ပင့်ကူထိပ်ပိတ်ပွင့်များ

ဆရာဝန်ကြီးနှင့်သူနာပြုတို့သည် ကိုဖိုးတူ၏ဖြစ်စဉ်ကို မေးနေ၊ စစ်ဆေးနေဆဲမှာပင် ကိုဖိုးတူသတိပြန်လည်လာပြီး အနံ့ချဉ်သောအမှုအရာကိုမြင်သောအခါ ဖိုးသောင်းသည် ချက်ချင်း တွေးခံထိုးခံပေးလိုက်ရာ အော့ခနဲ အားရပါးရအန်ချလိုက်လေ၏။ စိမ်းစိမ်းအဖတ်များဖြစ်နေရာ မြင်မြင်ချင်းပင် ပင့်ကူထိပ်ပိတ်ပွင့်အလုံးများအား ဝါးစားဆားကြောင်းသိသဖြင့်-

"ဟင် - ပင့်ကူထိပ်ပိတ်တွေ"

ဟု ဆိုမိလေ၏။

ပင့်ကူထိပ်ပိတ်အရွက်များ၊ အပွင့်များဖြစ်နေသဖြင့် သိ၍ဆွဲစားခြင်းလောသို့မဟုတ် ကယောင်ကတမ်းဖြင့်ဆွဲ၍စားခြင်းလော ဖိုးသောင်းနှင့်ဖိုးကောင်းတို့ မသိကြပါ။ လိုအပ်သည်တို့ကို ဆရာဝန်၊ ဆရာမတို့မှ ပြုစုစောင့်ရှောက်ပြီးသောအခါ ကိုဖိုးတူ ကောင်းမွန်စွာ သတိရလာ၏။ ထိုအခါ သားဖြစ်သူ ဖိုးသောင်းကမေး၏။

"အဖေ့မြွေကိုက်ရာကလည်း ခွေးဆွဲထားသလိုပြတ်နေတယ်"

"အေး- ငန်းဆိုတဲ့အမျိုးဟာ မြွေပွေးတို့၊ မြွေဟောက်တို့လိုမပေါက်ဘဲ ခွေးဆွဲသလိုဆွဲတဲ့အမျိုးကွ။ ငန်းမြွေက သေးသေးမဟုတ်ဘူးကွ။ လက်မောင်းလုံးလောက်ရှိတဲ့အကောင်ကြီးကွ။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

"ပင့်ကူထိပ်ပိတ်အပင်တွေကို အဖေသိလို့ စားထားတာလား။ ပင့်ကူထိပ်ပိတ်ပင်တွေရဲ့ ကျေးဇူးကြောင့် ငန်းဆိပ်ကိုဖြေနိုင်ပြီး အဖေခုလိုအသက်ရှင်လာနိုင်တာလို့ ဆရာဝန်ကြီးက မှတ်ချက်ပြုတယ်"

"ဟုတ်တယ် ငါ့သား၊ ငန်းမြွေအကိုက်ခံရသူဟာ ငန်းမြွေတစ်ပြန်ပဲ သွားနိုင်တယ်လို့ အဆိုရှိတယ်။ အဖေဆို ငန်းမြွေတစ်ပြန်မပြောနဲ့၊ အကိုက်ခံလိုက်ရတာနဲ့ မျက်စိထဲမီးပွင့်ပြီးမျက်စိတွေပြာထွက်ကုန်တယ်။ အဲဒီမှာမူးနောက်လာပြီး နေရာမှာတင်ချက်ချင်းပစ်လဲတော့တာကွ။ ရင်တွေတင်းကျပ်လာတယ်။ အသက်ရှူကျပ်လာတယ်။ ရေလည်း အရမ်းဆာလာတယ်။ ပူလောင်လိုက်တာ အလွန်ပဲ။ ဒါနဲ့ အဖေဟာ ရေဆာလွန်းလို့ ရေဆာပြေအောင် လက်နဲ့စမ်းမိတဲ့အပင်တွေဆွဲပြီး အတင်းဝါးစားတော့တာပဲ။ မျက်စိကဘာဆိုဘာမှမမြင်ရတော့ဘူး။ ဝါးစားပြီး အတင်းမျိုချတဲ့အခါ ရေဆာအနည်းငယ်သက်တာတာပေါ့ကွာ။ ဒါနဲ့ ဆက်ဆွဲပြီးဝါးစားပြန်တာပဲ။ အဲဒီမှာ ရင်ထဲကအပူတွေသက်သာလာတယ်။ အသက်ရှုနည်းနည်းချောင်လာတယ်။ မျက်စိလည်းပြန်မြင်စပြုလာတယ်။ ဒါနဲ့ ကုန်းရုန်းထပြီး ရွာကိုအရောက်ပြန်မှာပဲ။ သေရင်လည်း ရွာထဲမှာသေမယ်ဆိုပြီး ချောင်းသဲခုံအဖြတ်မှာ အဖေသတိလစ်သွားတော့တာပဲ"

"တော်သေးတာပေါ့ အဖေရယ်၊ မသေကောင်းမပျောက်ကောင်း။ဒါထက် အဖေ အပင်တွေဆွဲစားတုန်းက ပင့်ကူထိပ်ပိတ်အပင်မှန်းသိလား"

"အိုး - ဘယ်သိမှာလဲကွ၊ မျက်စိက ဘာမှမြင်ရတာမှမဟုတ်တာ၊ ဒီ
တွေ့ရာဆွဲစားတာပေါ့"

"ပင့်ကူထိပ်ပိတ်ပင်က ဒီလော
နံတာ အဖေရာ၊ အဖေဝါးစားနေ
မနံဘူးလား"

"နံဖို့နေနေသာသာ ဒီလော
ပြင်းထန်တဲ့ မြွေဆိပ်တက်နေတဲ့
ဘာဆိုဘာမှကို အာရုံမခံစားနိုင်
လောက်အောင် ပြင်းထန်တဲ့ဝေဒနာ
သေလုမတတ်ခံစားနေရတာကွ။ နံ
ပြုတယ်ဘာမှမသိနိုင်တော့ဘူး။ အ
ကတော့ ရေဓာတ်ရချင်တာပဲသိတာ"

"ဟုတ်တာပေါ့လေ၊ ဟုတ်
ပေါ့။ ကဲကဲ- အဖေအနားယူလိုက်ပါ
ဟောဒီမှာ အမေလည်းပါတယ်။ ရွာ
လူကြီးလည်းပါလာတယ်"

"အေးဗျာ၊ အားလုံးကိုကျေ
တင်ပါတယ်။ အပြင်ထွက်ပြီးနားကြ
ဦး"

ဟုပြောကာ ကိုဖိုးတူမျက်စိမှိ
ကာ အနားယူလေ၏။ အားလုံးပင်
ပျော်ကြည်နူးကြရပါပြီ။ ဖိုးသောင်း
ဖိုးကောင်းတို့မှာမူ စည်းရိုးစပ
တောင်ပို့ကြီးကို မြင်ယောင်နေကြ
၏။ ထိုတောင်ပို့ကြီးတွင် ငန်းမြွေ
ရှိသည်။ ထိုငန်းမြွေရှိနေသမျှ အန္တရာ
ပင် မဟုတ်ပါလား။

## ☐ တိရစ္ဆာန်များရှောင်သောအပင်

ပင့်ကူထိပ်ပိတ်ပင်သည် ပေါင်း
အမျိုးအစားတွင်ပါဝင်ကာ စိုက်ပျိုးထား
သောအပင်ထက် အနည်းငယ်မြင့်တ
ပြီးပွင့်လေ့ရှိသည်။ သူ့ဟာသူ အလေ့
လွင်ပြင်တွင်ပေါက်သော် တစ်ပေခန့်
သာမြင့်ကြသည်။

သူတို့သည် လယ်ထဲတွင်ပေါ
လေ့မရှိဘဲ ကုန်းခင်းဖြစ်သော နှမ်းခင်း
ပဲခင်းများ၌သာ ပေါက်ရောက်လေ့ရှိ
နိုင်ငံအနှံ့ ပေါက်ရောက်တတ်သော
အပင်ဖြစ်သည်။

ပင့်ကူထိပ်ပိတ်ပင်သည် စိမ်းအား
ကောင်း၍ လှပသောအသွင်ရှိ၏။ ရိုး
အဆုံးတွင် အလုံးကလေးများဖြစ်တည်
ကာ ထိုအလုံးလေးများမှ ဖြူဖြူအပွင့်
သေးသေးလေးများပွင့်လေ့ရှိရာ ထူးခြား
၍ ထင်ပေါ်သောအပင် ဖြစ်လေ၏။

စိုက်ခင်းများ၌ လည်းကောင်း
ကန်သင်းများ၌ လည်းကောင်း၊ မြက်ခင်း
များ၌ လည်းကောင်း ထူထပ်စွာပေါက်
ရောက်တတ်ရာ တောင်သူတို့ အလွ
မုန်းသောအပင်မျိုးဖြစ်ပြီး သူတို့ကို
အတတ်နိုင်ဆုံး ဖယ်ရှားသုတ်သင်နေ



www.burmeseclassic.com

www.burmeseclassic.com

တတ်လေ၏။ သူ၏အလှ၊ သူ၏ရသကို ယ်တောင်သူကမှ ခံစားနေခြင်းမရှိ တတ်ကြပေ။ အဘယ်ကြောင့်ဆိုသော် ဆင်၊ ပဲပင်တို့၏ မြေဆီဩဇာကိုလု စားသောက်ရှင်သန်နေကြသောပေါင်း ပင်များဖြစ်၍ဖြစ်သည်။

ထိုပင့်ကူထိပ်ပိတ်ပင်သည် အပွင့် လုံးလုံးလေးများ အုံခဲကာထွက်နေ၍ မှန်ပင်လှပပါသော်လည်း သူ၏အနံ့ ကား အမည်ဖော်မပြနိုင်သည့် ဟောင်စပ်စပ်အနံ့ကြီးနံသဖြင့် အပင်စား ရွှာန်များဖြစ်သည့် ဆင်၊ မြင်း၊ ကျွဲ၊ နွား ဆိတ်တို့က အထူးပင်ရှောင်ရှားလေ့ ကြသည်။ အပင်မရွေးစားတတ်သော ဆိတ်ပင်လျှင် ပင့်ကူထိပ်ပိတ်ပင်ကျ တော့ ဝေးဝေးရှောင်လေ့ရှိ၏။ပြင်းထန် ၍ ဟောင်စပ်စပ်ကြီးနံသောအနံ့ကို ကြောက်၍ဖြစ်မည်။

မိုးရာသီတွင် စားကျက်တို့ရှားပါး သည်။ မိုးရာသီ၌ လယ်ကျင်းများ၊ ယာခင်းများ စိုက်ကြပျိုးကြရာ ကျွဲ၊ နွားတို့အတွက် စားကျက်ရှားသော အချိန် ဖြစ်၏။ ထိုအချိန်တွင် ကန်သင်း ၌ မြက်တို့သန်စွမ်းကြရာ ကျွဲ၊ နွား တို့ကို မြက်ရိတ်၍ကျွေးကြရ၏။

မြက်ရိတ်သမားတို့ အမုန်းဆုံး အပင်မှာ ပင့်ကူထိပ်ပိတ်ပင်များ ဖြစ် သည်။ ပင့်ကူထိပ်ပိတ်တို့သည် မြက်ပင် တို့ထက် ကျော်လွန်မြင့်မားကြသဖြင့် သူတို့ကိုမရိတ်မိစေရန် ဦးစွာဆွဲနုတ်၍ ပစ်ရသည်။ သို့သော် စင်စင်ကြယ် ကြယ်ကား မဟုတ်ပါ။ အနည်းငယ်ရော ၍ ပါတတ်သည်။

ထိုမြက်တို့ကိုစဉ်း၍ စားကျင်းထဲ ထည့်ပေးသော် ကျွဲ၊ နွားတို့သည် မြက် ကိုရွေးစားကြပြီး ပင့်ကူထိပ်ပိတ်မြက်တို လေးများကိုမှုမပါအောင် ရှောင်၍စား တတ်ကြသည်ကို တောင်သူတိုင်းတွေ့ဖူး မြင်ဖူးကြလေ၏။ ထိုအပင်၏အနံ့ ဆိုးမှုပြင်းသည်ကို အာရုံဖြင့်သိနိုင် ရှိကြ၏။ ထို့ကြောင့် ပင့်ကူထိပ်ပိတ် ပင်တို့ အပင်စားသတ္တဝါများက ရှောင် ကြပါသည်။

သို့သော် ထိုပင့်ကူထိပ်ပိတ်ပင်၏ ဘူးလူကြောင့် ကိုဖိုးတူ ငန်းမြွေကိုက် ခဲ့သည့်ဝေဒနာမှ ကင်းလွတ်ခဲ့ရရာ ဖိုးတူသည် လည်းကောင်း၊ မြင်ရကြား သူအပေါင်းတို့သည် လည်းကောင်း ပင့်ကူထိပ်ပိတ်ပင်သည် အလွန်ပြင်းထန် သော ငန်းမြွေ၏အဆိပ်ကိုပင်နိုင်သည် သော အသိဗဟုသုတရခဲ့ကြလေ၏။ ဖိုးတူ၏သတင်းကား အတော်ပင်

ပျံ့နှံ့ခဲ့ပါသည်။ ထို့အတူ ပင့်ကူထိပ်ပိတ် အသုံးဝင်ပုံကိုလည်း သိခဲ့ကြရပါသည်။

**ဩ တောင်ပို့ဂူလိုဏ်ထဲမှာ**

"ဖိုးကောင်းရေ"

"ဘာလဲဟ"

"အဖေ့ကိုကိုက်တဲ့ ငန်းမြွေကြီး ကို ဒီအတိုင်းထားလို့မရဘူးကွ။ နောက် လည်း အန္တရာယ်မပြုဘူးလို့ မဆိုနိုင်ဘူး။ အဲဒါ မင်းနဲ့ ငါ သွားရှင်းပစ်မှရမယ်"

"အေးလေ၊ ငါလည်း အဲဒါကို စိတ်ကူးနေတာ၊ ကြံခုတ်တဲ့အခါ လူတွေ ကို အန္တရာယ်ပြုမှာစိုးရတယ်။ အခုမှ သုံး၊ လေးရက်ပဲရှိသေးတာဆိုတော့ ဒီ အကောင်ကြီး တောင်ပို့ထဲမှာရှိနေဦး မယ်ထင်တယ်"

"အဖေလည်း နေကောင်းစဆို တော့ အိမ်မှာနေပါစေဦး။ သူတောထဲ မသွားခင် မင်းနဲ့ ငါ သွားရှင်းလိုက်ရ အောင်။ ဒီကိစ္စအဖေ့ကိုမပြောနဲ့။ အဖေ သိရင် တားမှာဟ။ အဖေက သူ့အသက် ဆိုသတ်တာမဟုတ်ဘူး"

"အေးပါ၊ မပြောပါဘူး။ တို့ဘာ တွေလိုမလဲ"

"ဓာတ်ဆီလိုမယ်၊ ထင်းတွေလို မယ်၊ ဝါးရင်းတုတ်လိုမယ်၊ မှိန်းခွလိုမယ်"

"ဘာလဲ၊ တောင်ပို့ကို မီးပုံတိုက် မလို့လား"

"ဟကောင် ဒါ ပွေးတို့၊ ကြွက်တို့ မဟုတ်ဘူးဟ၊ တူးလို့မရဘူး။ အကြမ်း နည်းနဲ့မီးပုံတိုက်လို့ပြီးမှ တူးကြည့်ရမှာ"

"အေးလေ၊ ဒါဆို ဓာတ်ဆီသွား ဝယ်ဖို့ပဲလိုတာ၊ ဘယ်လောက်လိုလဲ"

"တစ်ပုလင်းလောက်ဆိုရပြီ"

"အေးအေး"

ဟု ဆိုကာ ဖိုးကောင်းထွက်သွား လေ၏။ မကြာမီပင် သူတို့ညီအစ်ကို သည် ပစ္စည်းများသယ်ပိုးကာ ငလိုက် ချောင်းကိုဖြတ်၍ သူတို့၏ကြံခင်းစည်း အစပ်သို့ရောက်လာကြ၏။ ထို့နောက် တောင်ပို့ကြီးနားသို့ အသာချဉ်းကပ်ကာ လေ့လာကြ၏။ တောင်ပို့သည်လည်း ပေါင်လယ်နီးနီးမြင့်၏။ တောင်ပို့ဟောင်း တစ်ခုဖြစ်ကာ အသစ်အသစ်သောမြေ စာအစိုတို့ကိုမမြင်ရပေ။ ထိုတောင်ပို့၏ အောက်ခြေ၌ ခြတို့ကိုဖောက်စားသော အကောင်တစ်ကောင်ကြောင့်ထင်၏။ ဝင်ပေါက်လက်သီးဆုပ်ခန့်ကို တွေ့ရ သည်။ အပေါက်ဝမှာ ပြင်ပသို့လှည့်နေ သဖြင့် ဖခင်မြွေကိုက်သူအား ထိုအပေါက်မှ ထွက်၍ ကိုက်လိုက်ခြင်းဖြစ်ကြောင်း ဖိုးသောင်းက ဖိုးကောင်းကို လက်ဟန်

ခြေဟန်ဖြင့်ပြ၏။ ထို့ကြောင့် ဖခင်၏ ခြေသလုံးကို ခွေးဆွဲသလိုဆွဲရန် အခွင့် အရေးရခြင်းဖြစ်သည်။

ထို့နောက် နှစ်ယောက်သား နောက်ဆုတ်ကာ ဂယ်(ကယ်)ပေါက် ရှိ မရှိ အသာအယာရှာကြည့်ကြပြန်၏။ သူတို့သည် မြွေတို့ရန်ကိုကာကွယ်နိုင် သော တောစီးလည်ရှည်ဖိနပ်များစီးခဲ့ ကြခြင်းဖြစ်ရာ ခြေထောက်ကိုကိုက်မှာ မကြောက်ရတော့ပေ။ဂယ်(ကယ်)ပေါက် ဟူသည်မှာ ကြွက်တွင်း၊ ဖွတ်တွင်း၊ ပုတတ်တွင်းတို့၌ ရှိနေကျဖြစ်သည်။ အန္တရာယ်ကြုံတွေ့သော် ထိုဂယ်(ကယ်) ပေါက်မှ ထွက်ပြေးတတ်ရာ တူးသူတို့ သည် ဂယ်(ကယ်)ပေါက်ကိုကြို၍ပိတ် ဆို့ရလေ၏။ သို့သော် ဤဒေသ၌ပုတတ် လုံးဝမရှိပါ။ ကြားသာကြားဖူးသည်၊ မမြင်ဘူးကြချေ။

"ဟေ့ကောင် ဂယ်ပေါက်မရှိဘူး ကွ။ အဲဒီတော့ ဝင်ပေါက် ဒီတစ်ပေါက် ပဲရှိတာ ဓာတ်ဆီလောင်းထည့်ရအောင်။ ငါက ပုလင်းကို မှိန်းခွနဲ့ထောက်ပြီးထည့် မယ်။ မြွေထွက်လာရင်ရိုက်ဖို့ မင်းက ဝါး ရင်းတုတ် အသင့်ပြင်ထား"

ဟုပြောပြီး ဓာတ်ဆီပုလင်းဝကို တွင်းပေါက်ထဲထည့်ကာ ဖိုးသောင်းက မှိန်းခွဖြင့်ထိန်းထား၏။ ဓာတ်ဆီနံ့ရသည် နှင့် မြွေကြီးချက်ချင်းထွက်လာပေမည်။ ထိုအခါ ဖိုးကောင်းက ဝါးရင်းတုတ် ကျစ်ကျစ်ပါအောင်ဆုပ်ကာ တွင်းဝဆီ မျက်စောင်းမခတ်စတမ်းကြည့်ပြီး ထွက် လာပါကရိုက်ရန် အသင့်အနေအထား ဖြင့် စောင့်နေလေ၏။ မထွက်က မီးပုံ တိုက်မည်ဖြစ်၏။

ဓာတ်ဆီသာကုန်သွားသည်။ မြွေ ကြီးကထွက်မလာပေ။ ပုလင်းခွံကို ခက် ရင်းခွဖြင့် ဘေးသို့ပို့ကာ ပါလာသော ထင်းတုံးတို့အုံလိုက်၏။ ပြီးလျှင် မီးခြစ် ဆန်တစ်ဆန်ခြစ်ကာ ပစ်ချလိုက်သည် နှင့် မီးက ဝုန်းခနဲထတောက်လေ၏။ ချက်ချင်းပင် ထင်းတို့ကိုမီးစွဲလောင်ကာ မီးပုံကြီးဖြစ်သွားရာ ကြံခင်းမီးမကူးစေရန် ညီအစ်ကိုနှစ်ယောက် ဂရုစိုက်ရပြန်လေ ၏။ ကြံခင်းသာမီးကူးခဲ့သော် တစ်နှော် တစ်ခေါ် ရှိနေသောကြံခင်းတို့ တစ်စင်း ပြီးတစ်စင်းကူးစက်လောင်ကျွမ်းကြမည် ဖြစ်ရာ ဝန်ဖိုးကား လွန်စွာကြီးမားလှပေ လေ၏။

သူတို့ညီအစ်ကိုသည် ရသမျှ သောထင်းခြောက်၊ ဝါးခြောက်တို့ရှာဖွေ ကာ တစ်နေကုန် မီးပုံတိုက်နေကြလေ ၏။ မီးတောက်လွန်စွာမကြီးစေရန်လည်း

www.burmeseclassic.com

ဂရုပြုရ၏။ ငန်းမြွေကြီးအား အငြိုးအတေးကြီးစွာ မီးရှို့သတ်နေကြခြင်းဖြစ်သည်။ အကယ်၍သာ ငန်းမြွေကြီးရှိခဲ့သော် ထိုမီးအပူဒဏ်ကြောင့် သေဆုံးနေလောက်ပြီဖြစ်သည်။ညနေရောက်သော် မီးကို အသေအချာငြိမ်းသတ်ကာ အိမ်သို့ ပြန်ခဲ့ကြ၏။ မငြိမ်းသတ်၍မရပေ။ မတော်တဆ လေပြင်းတိုက်၍ မီးပွားလွင့်စဉ်ခဲ့သော် အောက်ခြေကြံရွက်ခြောက်များ မီးစွဲလောင်ကာ ကြံခင်းများ တက်ဆက်ပြောင်သွားနိုင်၏။

နောက်နေ့တွင် တလယ်ပါခေါ် တူးရွင်းပြားနှင့် ထိုတောင်ပို့အား ညီအစ်ကိုနှစ်ယောက် · တူးကြည့်ကြပါသည်။ သူတို့ထင်ထားသလို တောင်ပို့ဂူလိုဏ်အတွင်းတွင် ငန်းမြွေကြီးအခွေလိုက်သေနေသည်ကို မတွေ့ရဘဲ ပြောင်ရှင်းနေသောခွဲတောင်းနီးပါးရှိ ဂူလိုဏ်ကိုသာတွေ့ရရာ သူတို့ညီအစ်ကို အံ့ဩသွားကြလေ၏။ မြွေကြီးကား နေရာကိုစွန့်ခွာသွားပေပြီ။

"တောက်- မြွေကမရှိတော့ဘူးကွ။ ဒီမြွေက ဒီတောင်ပို့မှာ အမြဲနေတာဟုတ်ပုံမရဘူး။ သွားရင်းလာရင်း ခဏဝင်နေတာနေမှာ။ အဲဒီမှာ အဖေက်ဆီးတော့ အဖေနဲ့တွေ့လိုက်တာနေမှာ။ ဒီမြွေကံကောင်းသွားတယ်ကွာ"

"အေး - ရှိနေရင်လည်း ဓာတ်ဆီလောင်းကတည်းက ထွက်တိုက်မှာသေချာတယ်။ မရှိလို့မထွက်တာ"

"အေးကွာ ကောင်းတာပေါ့။ ဒီတောင်ပို့ဟောင်းကြီးဖျက်ဆီးလိုက်တော့လည်း နောက်ထပ်လာအောင်းစရာ ဂူလိုဏ်မရှိတော့ဘူးပေါ့ကွာ"

ဟု ဆိုကာ ထိုဂူလိုဏ်ပေါက်အား ပြန်ဖို့လိုက်ကြလေ၏။ ထို့နောက် တောင်ပို့ဟောင်းကူမှုလေးအား ဖြန့်ပစ်လိုက်ခြင်းဖြင့် တောင်ပို့ပျောက်ကွယ်သွားတော့၏။

**၁ ကျိုက်ထီးရိုးကျောင်း**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် (ယခင် ပျဉ်းမနားမြို့နယ်) အောင်ဇမ္ဗူရပ်ကွက် (ယခင် ပြန်ကပြေးရွာ) ရတနာမှန်ကျောင်း (ယခင် မှန်ကျောင်း) ၌ ကျင်းပအပ်သော အဘိဓမ္မမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ၏ စတုတ္ထမြောက်နေ့ ၁-၅-၂၀၁၅ ဆွမ်းကုသိုလ်ရှင် ဒေါ်ညွန့်ညွန့် သားသမီးမြေးတစ်စုတို့မှ ဖိတ်ကြား၍ ရတနာမှန်ကျောင်းဝင်းရှိ ရှေးဟောင်းအင်းဝခေတ်လက်ရာကျောင်းဟောင်းကျောင်းတော်ကြီးပေါ်သို့ ကျွန်ုပ်ရောက်ရှိနေခြင်းဖြစ်ရာ ခည့်ခံထားသော ရေနွေးကြမ်းဝိုင်း၌ ရောက်တတ်ရာရာ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောနေခြင်းဖြစ်၍ အထက်ပါ ဦးဖိုးတူအကြောင်းကို အမှတ်တရ ဝိုင်းဝန်းပြောဆိုနေကြခြင်း ဖြစ်ပေ၏။

အမှတ်တမဲ့နှင့်မနေတတ်သော ကျွန်ုပ်မှာမူ ထိုအကြောင်းအရာတို့ကို တစ်ယောက်တစ်ပေါက်ပြောဆိုနေကြရာမှ အသေအချာနားထောင်မှတ်သားရ၏။ ထို့ကြောင့် ပြည့်စုံအောင် ပင့်ကူထိပ်ပိတ်အကြောင်းကိုလည်း စုံစေ့စွာ မေးမြန်းရ၏။ ထိုအပင်မှာ ငယ်စဉ်ကတည်းက ယဉ်ပါးနေသောအပင်ဖြစ်လေ၏။

သူ၏ အပွင့်အောက်ခံညှာမှာ လှပလုံးဝန်းသော အလုံးကလေးများဖြစ်သဖြင့် ကျွန်ုပ်တို့ကလေးများ ခူးယူဆော့ကစားတတ်ကြပါသည်။ ကလေးများဖြစ်ကြရာ နံသည်ကိုဂရုမထားတတ်ကြပေ။ လူ၍ ချစ်စရာကောင်းသည်သာ သိကြ၏။

ထိုအပင်၏အမည်မှာ ပင့်ကူထိပ်ပိတ်ဖြစ်ရာ ပင့်ကူ ဟူသည် မြွေကိုလွန်စွာနိုင်သော အကောင်မျိုး ဖြစ်သည်။ ဂဠုန်က နဂါးကိုနိုင်သကဲ့သို့ရှိသည်။ ထို့ကြောင့် ထိုအပင်ကို ရှေးလူတို့က ပင့်ကူထိပ်ပိတ်ဟုမှည့်ခဲ့ရာ အကြောင်းမဲ့မဖြစ်တန်ရာ။ မြွေဆိပ်ကိုနိုင်သဖြင့်သာ မှည့်ခဲ့ဟန်ရှိလေ၏။ ထိုအခါ ရှေးလူတို့သည် ထိုအပင်သည် မြွေအဆိပ်ကိုနိုင်သည်ဟု သိခဲ့ကြဟန်တူပါသည်။ သို့သော် မြန်မာဆရာတို့သည် တပည့်အား ပညာကုန်မသင်ကြားဘဲ ဆရာစားချန်ခဲ့ရာမှ ထိုအသိထိုဗဟုသုတထိုပညာတို့သည် ဆရာတို့နှင့်အတူ မြေကြီးထဲရောက်ကာ ပျောက်ကွယ်ကုန်ဟန်ရှိ၏။

ခေတ်မီဆေးဝါးများ မပေါ်မီက ဆိုလျှင် မြန်မာ့တိုင်းရင်းဆေးဖြင့်သာ လူတို့ကျန်းမာရေးအတွက် အားထားခဲ့ရ၏။ ခေတ်မီဆေးဝါးများ အစားထိုးခြင်းကြောင့် လည်းကောင်း၊ ဆရာများက ဆရာစားချန်ကာ ပညာများချန်ထား၍ လည်းကောင်း မြန်မာ့ဆေးနည်းကောင်းတို့ တစ်စတစ်စအားနည်းကာ မှေးမှိန်ကွယ်ပျောက်ကုန်ရခြင်း ဖြစ်သည်။

ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော ဆရာကြီး ဓာတုဝါ ရေးသား တင်ပြမှုကြောင့် ဟင်းငုတ်ပင်ခေါ် သခွတ်ပင်၏ အပွင့်သည် လည်းကောင်း အခေါက်သည် လည်းကောင်း မြွေအဆိပ်ကိုနိုင်ကြောင်း သိခဲ့ရပေ၏။ ဖြည့်စွက်အနေ

နှင့် ဆရာမကြီးဝေစည်(ရွှေဘို)မှ ...
ဟင်းငုတ်ပင်၏ အစွမ်းကို ထ...
တင်ပြခဲ့သည်ကိုတွေ့ရပါသည်။ ရှ...
သော အသိဗဟုသုတများကို ဆရာ...
မချန်စတမ်း-ရေးသား တင်ပြကြ...
ဆရာ၊ ဆရာမတို့ကိုလည်း ...
ကျေးဇူးတင်ပါကြောင်း ဆိုအပ်ပါ...
ကျွန်ုပ်အနေနှင့်လည်း ရရှိသမျှ...
တိုင်းရင်းဆေးဗဟုသုတတို့ကို ...
တို့ထံ များစွာဖြန့်ဝေခဲ့ပြီး ဖြစ်ပါ...

ထို့နောက် ခေတ်အဆက်...
ကမ်းပါးထိပ်၌ တည်ရှိနေ...
ကျိုက်ထီးရိုးစေတီအကြောင်းကို...
မေးကြည့်မိ၏။

"နေပါဦးဗျာ၊ အဲဒီကျိုက်ထီး...
ဘုရားနဲ့ ကျောင်းက ခုထိရှိသေး...

ထိုအခါ ဦးမြအောင်ကဖြေ...

"ဘုရားလေးကတော့ ခုထိ...
ကမ်းပါးထိပ်ပေါ်မှာရှိနေဆဲပဲ။ ...
က ရှေးတုန်းက တဲကျောင်းပေါ့...
နောက်တော့ ညောင်ပင်ကြီးစု...
ကျောင်းကြီးပိုင်းဆောက်ပြီး လှ...
တော့တာကွ။ နေပြည်တော်ကြီးတ...
အခါမှာတော့ ကျောက်စောင်းအိုး...
ရော ကျိုက်ထီးရိုးကျောင်းပါ ရွှေ...
လိုက်တယ်လေ။ အခု ညောင်ပင်...
အရှေ့ဘက်က ကွက်သစ်မှာရှိနေ...
အဲဒီကျိုက်ထီးရိုးကျောင်းပေါ့ဗျာ။ ...
တော်က ကျောင်းမြေလည်း အများ...
လှူတယ်။ ကျောင်းကြီးလည်းဆော...
လှူဒါန်းထားတယ်ကွ။ အခု မိုး...
ဝိပဿနာရိပ်သာဖြစ်နေပြီလေ။မောင်...
မရောက်ဖူးသေးဘူးလား"

"ရောက်ဖူးပါတယ်"

"အေး - ကျိုက်ထီးရိုးကျော...
ဆိုတာ ကျောက်စောင်းအိုင်ထိပ်...
ကျိုက်ထီးရိုးစေတီကရွှေ့လာလို့ ကျို...
ထီးရိုးကျောင်းလို့ခေါ်ကြတာ"

ကျွန်ုပ် ထိုကျောင်းသို့ (၂)ခေါ...
သာ ရောက်ဖူးပါသည်။ ထိုသို့ပြော...
နေစဉ်ပင် အလှူ့အမ ဒေါ်ညွန့်ညွန့်...
သားသမီးတို့က ထမင်းသုံးဆောင်...
ခေါ်သဖြင့် ကျွန်ုပ်တို့အုပ်စု ထမင်း...
ထခဲ့ကြလေ၏။

(အောင်ဇမ္ဗူ အရှေ့ပိုင်း (၁) ...
ဒေါ်ညွန့်ညွန့် (မုန့်ဟင်းခါး) သား...
မြေးတို့အား ဤစာစုဖြင့် အမှတ်...
ဂုဏ်ပြုပါသည်။)

ချမ်းမြေ့ကြ...

နေပြည်တော်ကျေး...



www.burmeseclassic.com

www.burmeseclassic.com

# ဘဝရှင်သန်ရာ သင့်လက်မှာ

ဦးအောင်မင်း



**အဆုတ်နာ (တီဘီ) ရောဂါဖြစ်နေသူ၏ လက်ဝါးပုံစံ**

(30)နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသားတစ်ဦး၏အဆုတ်နာ (တီဘီ ရောဂါ) ခံစားနေရပုံကို လေ့လာစစ်ဆေးရန် ၎င်း၏ လက်ဗွေအား 1932 ခုနှစ်၌ ကူးယူလေ့လာခဲ့သည်။ ကာယကံရှင် အနေဖြင့် အဆုတ်နာရောဂါကြောင့် သွေးလွန်ခြင်းဖြစ်ပြီးနောက် ပိုင်း 1924 ခုနှစ်၌ ဆေးကုသမှုခံယူခဲ့၏။ ပြီးနောက် 1925 ခုနှစ်မှစ၍ အဆုတ်နာ၊ နာတာရှည်ရောဂါအတွက် 1930 ပြည့်နှစ်အထိ sanocrysim ထိုးဆေး အဆက်အပြတ် အသုံးပြုခဲ့ရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံအရ စဉ်းစဉ်းစားစားလုပ်ကိုင်ဆောင်ရွက်တတ်သူအဖြစ်တွေ့ရပြီး လက်မတည်ဆောက်ပုံ အသင့်တင့် ကောင်းမွန်ခြင်းကြောင့် အလိုဆန္ဒပြင်းပြတတ်သူအဖြစ် သတ်မှတ်နိုင်သည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများအရ ဦးခေါင်းလမ်းကြောင်းထင်ရှား၍ လက်ဝါးပြင်အောက်ဘက်သို့ ဆင်ခြေလျှောပုံစံ နိမ့်ဆင်းသွားခြင်းကြောင့် အရာရာကို နားလည်သိမြင်တတ်သူ၊ စိတ်ကူးနှင့်လက်တွေ့ဘဝတို့အကြား မျှတစွာရှုမြင်တတ်သူအဖြစ်တွေ့ရပြီး တစ်ခါတစ်ရံ၌ အာရုံစူးစိုက်မှုလျော့နည်းတတ်သူအဖြစ်လည်း တွေ့ရတတ်သည်။

နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ စိတ်ပိုင်းနှင့် ရုပ်ပိုင်း (၂) ရပ်စလုံး ညီညွတ်မျှတစွာရှိနေသည့်သဘောကို ဖော်ပြပါသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းလွန်းသောကြောင့် တစ်ကိုယ်ကောင်းဆန်တတ်သူအဖြစ်တွေ့ရှိရ၏။

အသက်လမ်းကြောင်းကိုလေ့လာပါက လမ်းကြောင်းပေါ်တစ်လျှောက် chaimed Line (ကွင်းဆက်ရာ) များပါရှိခြင်း (သို့) ကျွန်းခံနေခြင်းများကြောင့် သဘာဝအလျောက် ခန္ဓာကိုယ်အတွက် ပြန်လည်အားပြည့်စေမည့်စွမ်းအင်များ လျော့နည်းနေတတ်သည်ကို တွေ့ရှိရသည်။

ထို့အပြင် လက်မအောက်ခြေ (သောကြာဂြိုဟ်ခုံ)နှင့်ကပ်လျက်ရှိသော အသက်လမ်းကြောင်းပေါ်၌ အပ်ပေါက်ရာပုံစံ အစက်အပြောက်များပါရှိခြင်းကြောင့် အဆုတ်ရောဂါဖြစ်စေသည့် ရောဂါပိုးမွှားများ သက်ရောက်လာနိုင်သည့်သဘောဖော်ပြနေပါသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်အနေဖြင့် ဘဝတစ်သက်တာ ရှင်သန်ရပ်တည်ရေး၌ အဓိက အနှောင့်အယှက်ဖြစ်နေသည့် အဆုတ်နာ(တီဘီ)ရောဂါ လုံးဝကင်းပျောက်စေရန်အတွက်သာ အာရုံစိုက်၍ ကုသမှုခံယူသင့်ကြောင်း ကောက်ချက်ချနိုင်သည်။

**ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်များပုံမှန်မဟုတ်သည့် လက်ဝါးပိုင်ရှင်**



အသက်(၄၁)နှစ်အရွယ်အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များ ပုံမှန်မဟုတ်ခြင်းကြောင့် ဒူလာရောဂါနှင့် အခြားရောဂါဝေဒနာများခံစားနေရပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများကိုလေ့လာပါက လက်သူကြွယ်နှင့် လက်သန်းတို့ အတွင်းဘက်သို့ကွေးဝင်နေခြင်းကြောင့် မိမိကိုယ်မိမိ လိမ္မာပါးနပ်စွာ ကာကွယ်စောင့်ရှောက်နိုင်သူအဖြစ် တွေ့ရပြီး လက်မတည်ဆောက်ပုံသန်မာခြင်းကြောင့် ဉာဏ်ရည်ထက်မြက်၍ စိတ်ဓာတ်ခွန်အားကောင်းသူအဖြစ်ပါ သတ်မှတ်နိုင်သည်။

ထို့အပြင် လက်ဝါးပြင်ပါ လမ်းကြောင်းများက များပြားသေးမျှင်သောကြောင့် စိတ်ခံစားမှုလွယ်ကူ၍ (ဆတ်ဆတ်ထိမခံ) တတ်သူအဖြစ် တွေ့ရသည်။

အဓိကလမ်းကြောင်းတို့ကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းအစ နေရာတစ်ခုချင်းစီ၏ကြားနေရာကျယ်ပြန့်ခြင်းကြောင့် သဘာဝအရ အနားမနေတတ်သူလည်းဖြစ်၏။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက လမ်းကြောင်းတစ်လျှောက်၌ ချိုင့်ခွက်နေရာများရှိနေခြင်းကြောင့် မကြာခဏအကြောတက်တတ်ကြောင်းဖော်ပြသည်။ ထို့ပြင် ဦးခေါင်းလမ်းကြောင်းသည် ခက်ရင်းခွဖြင့်အဆုံးသတ်နေခြင်းကြောင့် ဆုံးဖြတ်ချက်ပြတ်သားစွာမချနိုင်သူ၊ အရာရာနှောင့်နှေးတုံ့ဆိုင်းတတ်သူအဖြစ် တွေ့ရသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပြင်ပါလက္ခဏာများအရ ခန္ဓာကိုယ်တွင်း အတက်စက်ဓာတ်များနေခြင်းကြောင့် ဆတ်ဆတ်ထိမခံစိတ်ရှိနေသူဖြစ်နေတတ်သည်။ ထိုအခြေအနေကြောင့် ပုံမှန်စားနေကျအစားအသောက်များအား သတိပြု၍ (ဆင်ခြင်) စားသုံးသင့်ကြောင်းကောက်ချက်ချနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




**ကင်ဆာရောဂါဖြစ်ရန် ကြိုတင်လက္ခဏာပြနေသူ၏ လက်ဝါးပုံစံ (1)**

(35) နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသမီးတစ်ဦး စိတ်ပင်ပန်းငြီးငွေ့နေရပုံနှင့် ကင်ဆာရောဂါဖြစ်ရန်ကြိုတင်လက္ခဏာပြနေပုံတို့အား အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများကို လေ့လာပါက လက်ညှိုးနှင့်လက်ခလယ်ထိပ်ဖျားများပေါ်၌ မုခ်ဦးအခုံးပုံစံ (Arched) တွေ့ပါရှိနေခြင်းကြောင့် စိတ်ဖိနှိပ်ချုပ်ချယ်မှုများနေသူဖြစ်နေပြီး လက်မတည်ဆောက်ပုံထင်ရှားခြင်းကြောင့် လွတ်လပ်စွာတွေးခေါ်တတ်သူဖြစ်သော်လည်း စိတ်ဓာတ်ခွန်အားနည်းသူအဖြစ် တွေ့ရှိရသည်။

အဓိကလမ်းကြောင်းများလေ့လာပါက အသက်လမ်းကြောင်း၌ အမွေးဖွာနေဟန်ရှိသောကြောင့် နှာစေး၊ ချောင်းဆိုးရောဂါနှင့် သွေးတိုးရောဂါဖြစ်လာနိုင်ကြောင်းဖော်ပြပြီး နှလုံးလမ်းကြောင်းက လက်ဝါးပြင်အပေါ်သို့တက်နေခြင်းကြောင့် (ဖိုမကီစွမပါသည့်)အဖော်သဟဲဖြစ်မည့်သူတစ်ဦးဦးအလိုရှိနေကြောင်းတွေ့ရှိရသည်။

ထို့အပြင် နှလုံးလမ်းကြောင်းအောက်ခြေမှ လက်ဝါးပြင်အပြင်ဘက်နေရာ လက်ကောက်ဝတ်အထိ မထင်ရှားသောလမ်းကြောင်းတစ်ခုရှိနေခြင်း၊ လက်ဝါးပြင်နမူနာပုံပါ (A) ရှိ လက်ဝါးပြင်၌ အစင်းအမြောင်းများပါရှိခြင်းနှင့် (B) အမှတ်အသားရှိ လမ်းကြောင်းတည်ဆောက်ပုံမကောင်းခြင်းတို့ကြောင့် သွားဖုံးဆိုင်ရာရောဂါများဖြစ်တတ်သည်ကိုအသိပေးနေပါသည်။

**ကောက်ချက်ချခြင်း**

ကာယကံရှင်၏ လက်ဝါးပြင်ပါအရေးအကြောင်းများအရ မကြာမီကာလ၌ ကင်ဆာရောဂါဖြစ်လာနိုင်သည့် အခြေအနေရှိကြောင်း ဖော်ပြနေပါသည်။

**ကင်ဆာရောဂါကြိုတင်လက္ခဏာပြနေသူ၏ လက်ဝါးပုံစံ (2)**



နှလုံးလမ်းကြောင်းအောက်ခြေ၌ ပွရောင်းနေသောလမ်းကြောင်းပုံစံများရှိနေခြင်းကြောင့်လည်းကောင်း၊ လက်ဝါးပြင်အသားရေ၌ အစင်းအမြောင်းရာများရှိနေခြင်းကြောင့် လည်းကောင်း ကင်ဆာရောဂါဖြစ်လာနိုင်သည့်အနေအထားကြောင့် အတိုင်ပင်ခံဆရာဝန်တစ်ဦးဦးနှင့် သွားရောက် ဆွေးနွေးသင့်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

**ကင်ဆာရောဂါဖြစ်ခါစသူ၏လက်ဝါးပုံစံ**

(54)နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသားတစ်ဦး၏ အဆစ်အမြစ်ရောင်ရောဂါနှင့် ဝမ်းချုပ်ခြင်းဝေဒနာခံစားနေရခြင်းအပေါ် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံတိုတောင်းခြင်းကြောင့် စိတ်ခံစားတုံ့ပြန်မှု၌ လွယ်ကူလျင်မြန်တတ်ကြောင်းတွေ့ရှိရပြီး လက်ညှိုးအလွန်တိုတောင်းနေခြင်းကြောင့် မိမိကိုယ်မိမိ တန်ဖိုးမထားတတ်သူအဖြစ်ပါတွေ့ရသည်။ ရင်းပြင်လက်မတည်ဆောက်ပုံအားတောင်းနေခြင်းကြောင့် စိတ်ဓာတ်ခွန်အားရှိသူအဖြစ်လည်း တွေ့ရပါသည်။




**ကင်ဆာရောဂါဖြစ်ခါစသူ၏လက်ဝါးပုံစံ**

လက်ဝါးပြင်ပါလမ်းကြောင်းများသည် များပြား၍ အမွေးပွပုံစံရှိနေပြီး အတွင်းနက်နက်ထင်ရှားနေသောကြောင့် စိတ်ပိုင်းဆိုင်ရာ လိုသလိုထိန်းချုပ်နိုင်သူလည်းဖြစ်သည်။

အဓိက လမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းနေခြင်းကြောင့် မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်တတ်သူအဖြစ် တွေ့ရသည်။

နမူနာလက်ဝါးပြင်ပါ(A)ရှိ အစင်းအမြောင်းပါ၊ အသားရေများက မကြာမီအသက်အန္တရာယ်ရှိသောရောဂါတစ်ခုခုဝင်ရောက်လာတော့မည်ဖြစ်ကြောင်းဖော်ပြနေပြီး (B) ရှိလမ်းကြောင်းများက ခန္ဓာကိုယ်တွင်း ယူရစ်အက်စစ်များအားသုတ်သင်ဖယ်ရှားနိုင်သည့် စွမ်းရည်နည်းပါးနေကြောင်း ဖော်ပြနေပါသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်အနေဖြင့် လက္ခဏာအရေးအကြောင်းများ၏ဖော်ပြချက်အရ နာတာရှည်၊ နှာစေး၊ ချောင်းဆိုးရောဂါ၊ အစာမကြေရောဂါ၊ အစာအိမ်အူလမ်းကြောင်း၊ ဆီးလမ်းကြောင်းဆိုင်ရာရောဂါ စသည်ဖြင့် ရောဂါစုံလင်စွာခံစားလာရပါက ကင်ဆာရောဂါတစ်ခုစတင်အစပျိုးနေပြီဖြစ်ကြောင်း ကြိုတင်သိထားလျက် လိုအပ်သလို ကုသမှုခံယူသင့်ကြောင်း ကောက်ချက်ချနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




**ကင်ဆာရောဂါ (ရှင်နေသူ)၏ လက်ဝါးပုံစံ**

အသက်(55)နှစ်အရွယ်အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ဦး၏ ခေါင်းကိုက်ဝေဒနာ ပြင်းထန်စွာခံစားနေရပုံ၊ လည်ချောင်းများနာကျင်ကိုက်ခဲ၍အစာကောင်းစွာမစားသောက်နိုင်ပုံ၊ အစာခြေအင်္ဂါအဖွဲ့၏ အားနည်းနေပုံတို့အပြင် သူမ၏ဆာဘက်ရင်သားအား ကင်ဆာရောဂါကြောင့် လွန်ခဲ့သော (၂) နှစ်က ခွဲစိတ်ဖြတ်တောက်ပစ်ခဲ့ရပုံတို့ကို လက္ခဏာပညာဖြင့် အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ကာယကံရှင်၏လက်နှစ်ဖက်စလုံးအစပိုင်း၌ လုံးဝ(အနီးကပ်ဆုံး) ဆင်တူမှုရှိနေပါသည်။ ထူးခြားမှုအနေဖြင့် လက်ညှိုးလက်ချောင်းသည် သိသာစွာကိုတောင်းပြီး ဦးခေါင်းလမ်းကြောင်းထူထဲ၍ဖွာထွက်နေသည့်ပုံစံရှိနေပါသည်။

လက်ဝါးပြင်ပါအခြားလမ်းကြောင်းများ ကျယ်ပြန့်နက်ရှိုင်း၍ လက်ဝါးပြင်အသားရေ၌ အစင်းမြောင်းရာများပါရှိတာ (A) အမှတ်သားတွင်ပါရှိသည့်အနေအထားများအရ ကင်ဆာရောဂါရှင်နေသူတစ်ဦးအဖြစ် လေ့လာတွေ့ရှိရသည်။

**ကောက်ချက်ချခြင်း**

လက်သန်းအောက်ခြေ (လက်ဝါးအပြင်ဘက်) Cushionပေါ်၌ အစင်းရာများပါရှိနေခြင်း၊ နှလုံးလမ်းကြောင်းအောက်ဘက်ရှိ လမ်းကြောင်းတစ်ခုကဖြတ်ကောက်ဝင်နေရာထိဆင်းလာခြင်းကြောင့် ခန္ဓာကိုယ်အတွင်း လိုအပ်သောဆဲလ်ပစ္စည်းများချို့တဲ့ရာမှ ကျောက်ကပ်နှင့် အူလမ်းကြောင်းဆိုင်ရာ၌ ကင်ဆာရောဂါတစ်ခုခုဖြစ်နေသူအဖြစ် တွေ့ရှိရပါသည်။ ကင်ဆာရောဂါ၏သဘာဝအရဖြစ်လာပြီဆိုသည်နှင့် ကုသရန်ခက်ခဲသောရောဂါဖြစ်သော်လည်း ရောဂါမဖြစ်ပွားလာစေရန် ကြိုတင်သတိချပ်၍ ပြုမူနေထိုင်စားသောက်တတ်ပါက အောင်မြင်စွာ ကာကွယ်သွားနိုင်ပါသည်။

**ကျောရိုးနှာ့ဗ်ကြောဆိုင်ရာရောဂါရနေသူ၏လက်ဝါးပုံစံ**




(56) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသား၏ ကျောရိုးနာ့ဗ်ကြောဆိုင်ရာ ရောဂါခံစားနေရပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံအရ အရာရာခွဲခြမ်းစိတ်ဖြာတတ်သူအဖြစ်ဖော်ပြပြီး လက်မတည်ဆောက်ပုံသန်မာခြင်းကြောင့် စိတ်ဓာတ်ခွန်အားကောင်းသူ (သို့) အလိုဆန္ဒကြီးသူအဖြစ်တွေ့ရှိရသည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများ သေးမျှင်၍ များပြားနေခြင်းကြောင့် အာရုံကြောဆိုင်ရာအားကောင်းသူအဖြစ်ပါတွေ့ရှိရသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပြုနေရာ၌ ချိတ်ဆက်နေခြင်းကြောင့် သတိကြီးစွာထားတတ်သူအဖြစ်တွေ့ရသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းအဆုံးသတ်၌ ကျွန်းခံနေသောကြောင့် ဆက်တိုက်ဖိအားပေးခံရပြီး ကယောင်ချောက်ချားဖြစ်တတ်သည့်သဘောကို ညွှန်ပြနေပါသည်။

လက်ဝါးပြင်အနှံ့ လေ့လာပါက လမ်းကြောင်းအားလုံး၌ဖွာထွက်နေသောပုံစံရှိနေခြင်း၊ နမူနာပုံပါ (A) နှင့် (B) အရ အသားရေ၌ အစင်းရာများပါရှိခြင်း၊ လေးထောင့်ကွက်များခံနေခြင်းတို့ကြောင့် ကျောရိုးနာ့ဗ်ကြောဆိုင်ရာရောဂါတစ်ခုခု ရှိနေကြောင်း တွေ့ရှိရသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်၏ လက်သူကြွယ်နှင့် လက်သန်း(၂)ခုအကြားအောက်ရှိ နှလုံးလမ်းကြောင်းပေါ်၌ ချိုင့်ခွက်များနက်ရှိုင်းစွာပါနေပြီး ကျွန်းခံနေသောကြောင့် ခန္ဓာကိုယ်အတွင်းတွင် အဆိပ်အတောက်တစ်ခုခုဖြစ်ခြင်းနှင့် နှလုံးအား သိသိသာသာ ထိခိုက်စေမည့်သဘော အတိအကျ ဖော်ပြနေပါသည်။

လက္ခဏာပညာရှင်တောင့်နှင့်ဆေးသိပ္ပံဆိုင်ရာ အထောက်အထားများအရ ဖော်ပြပါ လက်ဝါးပိုင်ရှင်အဖို့ အသက်ရှင်ရန်အခွင့်အရေးပေးသောကာလ (3) လသာကျန်ရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။ ထိုသို့ ခန့်မှန်းတွက်ချက်ထားသည့်အတိုင်းပင် (3) လ ကြာကာလ၌ ဖော်ပြပါ လက္ခဏာရှင် သေဆုံးသွားခဲ့သည်။

**ကင်ဆာရောဂါဝေဒနာရှင်၏ လက်ဝါးပုံစံ**

အသက် (49) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသမီးတစ်ဦး၏ ကိုယ်ခံအားလျော့နည်း (နွမ်းလျလျက်) စိုးရိမ်သောကပွေနေပုံကို အောက်ပါအတိုင်း လေ့လာ တွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်း (အစပြုရာ) နေရာ(၂)ခုကြား ကျယ်ပြန့်ခြင်းကြောင့် ကိုယ်ရော






www.burmeseclassic.com

www.burmeseclassic.com

စိတ်ပါ မနားတမ်းပင်ပန်းနေရသူအဖြစ် တွေ့ရသည်။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါက ဖွာထွက်နေသောပုံစံရှိနေခြင်းကြောင့် စိုးရိမ်ထိတ်လန့်မှုများရှိနေကြောင်း ဖော်ပြပြီး အသက်လမ်းကြောင်းကျွန်းခံလျက် အားနည်းနေခြင်းကြောင့်လည်း ကျန်းမာရေးထိခိုက်၍ အသက်အန္တရာယ်ရှိနိုင်သည့်သဘော အသိပေးနေပါသည်။

ဦးခေါင်းလမ်းကြောင်းကိုလေ့လာပါ က (C) တွင် ပြထားသည့်အတိုင်း ဦးခေါင်းလမ်းကြောင်း၌ သေးငယ်သော ကျွန်းဖြင့်အဆုံးသတ်နေခြင်း၊ (A) တွင် ပြထားသည့်အတိုင်း အသားပေါ်၌ အစင်းရာများ ပါရှိနေခြင်းတို့ကြောင့် သားအိမ်နှင့်ဆိုင်သောရောဂါဖြစ်လာရန် ရှိနေကြောင်း ကြိုတင်အသိပေးဖော်ပြနေပါ သည်။

**ကောက်ချက်ချခြင်း**

စိုးရိမ်သောကများပွေခြင်းများကို ဖွာထွက်နေသော ဦးခေါင်းလမ်းကြောင်းက ဖော်ပြသည်။ လက်ဝါးပိုင်ရှင်အမျိုးသမီး၏ကိုယ်တိုင်ဖွင့်ဟပြောဆိုချက်အရ အသက်(24)နှစ်အရွယ် အိမ်ထောင်ကျခဲ့ပြီးချိန်မှစ၍ ဘဝ၌အခက်အခဲအတားအဆီးမျိုးစုံခံခဲ့ရသူဖြစ်သည်။ ယင်းမှာ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုမရှိခြင်း၊ စိတ်ထွက်ပေါက်မရှာကြံတတ်ခြင်းကြောင့် စိုးရိမ်သောကများ၏ ဖိစီးခြယ်လှယ်ခြင်းကိုသာ ခါးစည်းခံခဲ့ရသူဖြစ်၏။ ထိုအခြေအနေမှစတင်၍ ရောဂါမျိုးစုံဝင်ရောက်ခဲ့ရာမှ နောက်ဆုံးကင်ဆာရောဂါဖြစ်သည်အထိ ကျန်းမာရေးဆိုးရွားစွာထိခိုက်ခဲ့သူဖြစ်သည်။ ဖော်ပြပါလက်ဝါးပိုင်ရှင်အမျိုးသမီးသည် ဆေးဝါးကုသမှုခံယူပြီး (၁၂)လ အကြာ၌ သေဆုံးသွားခဲ့သည်။

**ကင်ဆာပိုင်းရပ်(စ်)ရှိနေသူ၏ လက်ဝါးပုံစံ**

(47) နှစ်အရွယ် အိမ်ထောင်မရှိသူ အမျိုးသမီး၏အဆစ်အမြစ်ရောင်ရောဂါနှင့် အစာမကြေရောဂါဖြစ်လာသည်မှ အစ ကင်ဆာပိုင်းရပ်(စ်)ကြောင့် ရောဂါခံစားခဲ့ရပုံတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ဝါးပြင်ပါ လမ်းကြောင်းများ အတန်သင့် နက်ရှိုင်းထင်ရှား၍ များပြားနေခြင်းသည် ကင်ဆာရောဂါဖြစ်လာနိုင်သောသဘော၊ လိုအပ်သလိုကြိုတင်ပြင်



**ကင်ဆာပိုင်းရပ်(စ်)ရှိနေသူ၏ လက်ဝါးပုံစံ**

ဆင်ကုစားပေးရမည့်သဘော ဖော်ပြနေပါသည်။

အဓိကလမ်းကြောင်း (ဦးခေါင်းလမ်းကြောင်း) ကို လေ့လာပါက ရှည်လျားဖြောင့်တန်းနေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာအတွက်အချက်ကောင်းသူ၊အမြင်ကျယ်တတ်သူအဖြစ် တွေ့ရှိရသည်။

ထို့ပြင် ဦးခေါင်းလမ်းကြောင်း၏ အနားအစွန်းဘက်များဖွာထွက်နေခြင်းကြောင့်လည်း စိုးရိမ်သောကများသူအဖြစ် တွေ့ရှိရသည်။

လက်ဝါးပြင်ပါ (A) ၏ ဖော်ပြချက်အရ အစင်းအကြောင်းရာများပါရှိနေခြင်းက ကင်ဆာရောဂါဖြစ်လာနိုင်မည့် ရှေ့ပြေးနိမိတ်တစ်ခုပင် ဖြစ်သည်။

**ကောက်ချက်ချခြင်း**

လက္ခဏာ၏ဖော်ပြချက်များအရ ဆေးကုသမှုခံယူသော်လည်း အားရကျေနပ်လောက်သည့် အကျိုးသက်ရောက်မှုမရရှိခဲ့ကြောင်း တွေ့ရှိရသည်။

**ကင်ဆာရောဂါဖြစ်လာနိုင်သူ၏ လက်ပုံစံ (၁)**

အသက် (36)နှစ်အရွယ် (မုဆိုးမ) အမျိုးသမီးတစ်ဦး၏ ကိုယ်စိတ်နှစ်ပါး နွမ်းလျလျက် စိတ်ကျရောဂါဖြစ်နေရပုံနှင့် တစ်ချိန်ချိန်၌ ကင်ဆာရောဂါဖြစ်လာနိုင်သည့်အခြေအနေအရပ်ရပ်အား အောက်ပါအတိုင်း လက္ခဏာပညာရပ်ဖြင့် လေ့လာတွေ့ရှိခဲ့သည်။

**သရုပ်ခွဲလေ့လာခြင်း**

အသက်လမ်းကြောင်းဖွဲ့စည်းပုံမှ မမှန်ဘဲ ကွဲထွက်နေသည့်ပြင် ကျွန်းခံနေခြင်းကြောင့် ကိုယ်ခံအားတဖြည်းဖြည်း ဆုတ်ယုတ်လာသည့်သဘော ဖော်ပြနေပါသည်။

အဓိကလမ်းကြောင်းတို့ကိုလေ့[...] ပါက ဦးခေါင်းလမ်းကြောင်းနှင့်အသ[...] လမ်းကြောင်းတို့က အစပြုနေရာ၌ [...] ဆက်နေခြင်းကြောင့် သတိကြီးစွာ[...] တတ်သူအဖြစ် တွေ့တတ်ရသော်လ[...] ဦးခေါင်းလမ်းကြောင်းတစ်လျှောက် [...] ထွက်နေသည့်ပုံစံများနေခြင်းကြောင့် [...] ကိုယ်မိမိ ယုံကြည်မှုနည်းနေသူအ[...] (ဆန့်ကျင်ဘက်သဘော) တွေ့ရှိရသ[...]

တစ်ဖန် နှလုံးလမ်းကြောင်း[...] ဦးခေါင်းလမ်းကြောင်း၏ အဆုံးသ[...] နေရာတို့အကြား လေးထောင့်ကွက်[...] နေသော အစင်းအကြောင်းအရာမျ[...] အူရောင်ရောဂါဖြစ်လာနိုင်မည့် အ[...] အနေကို ကြိုတင်အသိပေးနေပါသ[...]



**ကင်ဆာရောဂါဖြစ်လာနိုင်သူ၏ လက်ပုံစံ (**[...]

**ကောက်ချက်ချခြင်း**

ကာယကံရှင်အမျိုးသမီးအနေ[...] သူမ၏ မုဆိုးမဘဝနှင့် အပေါင်း[...] (ကြင်ဖော်)မဲ့နေရသည့်ဘဝအပေါ်[...] မကျေနပ်စိတ်၊ အားငယ်စိတ်ရှိ[...] ကြောင်း ကိုယ်တိုင်ဖွင့်ဟပြောဆိုခဲ့သ[...] သူမအနေဖြင့် အဆိုးရွားဆုံး ကင်[...] ရောဂါဖြစ်မလာစေရန် ခန္ဓာကိုယ်[...] ဓာတ်ပစ္စည်းများ ညီညွတ်မျှတစေ[...] အတွက် အချိန်မီ ကြိုတင်ကုစားပေး[...] သည့်ကာလဖြစ်ကြောင်း ကောက်ချ[...] နိုင်သည်။

**ကင်ဆာရောဂါဖြစ်လာနိုင်သူ၏ လက်ပုံစံ (၂)**

အသက် (52) နှစ်အရွယ် [...] သမီးတစ်ဦး၏ဝမ်းဗိုက်အောက်[...] ပူနေခြင်း၊ မ[...]ခဏ လေထိုး၊ [...] ဖြစ်ခြင်းတို့အား အောက်ပါ[...]



www.burmeseclassic.com

www.burmeseclassic.com



လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့က အစပြုနေရာတွင် ချိတ်ဆက်နေသည့်ပြင် လက်ညှိုးတိုထောင်းနေခြင်းကြောင့် ဝမ်းနည်းလွယ်သူ အကြောက်ပိုသူအဖြစ် တွေ့ရှိရသည်။

တစ်ဖန် လက်ဝါးပြင်ပါလမ်းကြောင်းများဖွာထွက်နေခြင်းက သွေးတိုးရောဂါအစပြုစေမည့် စိုးရိမ်ပူပန်မှုများ ရှိနေကြောင်းဖော်ပြပြီး ဦးခေါင်းလမ်းကြောင်းအဆုံးသတ်၌ ကျွန်းခံနေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမှ နောက်ဆက်တွဲ (ကင်ဆာ) ရောဂါဝေဒနာများ ရရှိလာနိုင်ကြောင်း အသိပေးနေပါသည်။

**ကောက်ချက်ချခြင်း**


ကာယကံရှင်၏ အကြောက်လွန်ခြင်း၊ ဝမ်းနည်းလွယ်ခြင်း သဘာဝများအပြင် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြား အစင်းအမြှောင်းရာများက လေးထောင့်ကွက်ပုံစံရှိနေခြင်းကြောင့် ကင်ဆာရောဂါဖြစ်စေမည့် ပိုးရပ်(စ်)တစ်ခုခု ခန္ဓာကိုယ်အတွင်းရှိနေသည်ကို တွေ့ရှိရ၏။ ထိုအခြေအနေအရ ကာယကံရှင်၏ အချိန်မီသတိထား၍ ကုသမှုခံယူခဲ့ခြင်းကြောင့် အဆိုပါမကောင်းသောလက္ခဏာပျောက်ပျက်သွားခဲ့ကြောင်း တွေ့ရှိရသည်။

**ပြစ်မှုကျူးလွန်တတ်သူ၏ လက်ဝါးပုံစံ**

အသက် (30) နှစ်အရွယ် (မကြာခဏပြစ်မှုကျူးလွန်နေတတ်သူ) ၏ မိမိလည်ခြင်း၊ လုယက်မားပြတိုက်ခြင်း၊ အကြမ်းဖက်ခြင်း စရိုက်လက္ခဏာများကို အောက်ပါအတိုင်း လက္ခဏာပညာရပ်ဖြင့် လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်းမှာ လက်ဝါးပြင်အလယ်ဗဟို၌ (တစ်ဖြောင့်တည်းမရှိဘဲ) အလွန်တိုတုတ်ပြတ်တောက်လျက်ရှိနေခြင်းကြောင့် စိတ်ခါတ်ကြမ်းတမ်းသူ၊ သွေးအေးအေးနှင့် မကောင်းမှုကျူးလွန်တတ်သူ၊ ရုပ်လက္ခဏာခက်ထန်မာကျောသူအဖြစ် တွေ့ရှိရသည်။



၎င်းအပြင် အသက်လမ်းကြောင်းပျက်နေခြင်းကြောင့် အရာရာပျက်စီးဆုံးရှုံးရတတ်သူ၊ ရည်မှန်းချက်အခိုင်အမာ၊ အမှန်အကန်မရှိဘဲ ကြုံရာကျပန်း (အကောင်း၊ အဆိုးမခွဲခြားဘဲ) လုပ်ကိုင်စားသောက်ရသူအဖြစ် ဖော်ပြနေ၏။

နှလုံးလမ်းကြောင်းကိုလေ့လာပါက ထူထဲနက်ရှိုင်းလွန်းပြီး အနားစွန်းများပေါ်၌ အစက်အပြောက်များပါရှိနေသောကြောင့် မကြာမီ နှလုံးရောဂါ(ပြင်းထန်စွာ) ရရှိလာတတ်သည်ကိုတွေ့ရှိရသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်၏ အဓိကလမ်းကြောင်း(၃)ခုဖြစ်သော (ဦးခေါင်း-နှလုံး-အသက်) လမ်းကြောင်းတည်ဆောက်ပုံများ တစ်ခုချင်းစီအလိုက် တည်ဆောက်ပုံမကောင်းခြင်းကြောင့် ဘဝတစ်သက်တာ ရှင်သန်ရပ်တည်ရပုံနှင့်ကျန်းမာရေးပါ ဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်ရမည့်သူဖြစ်သည်။

**သူငယ်ပြန်နေသူ၏ လက်ဝါးပြင်ပုံစံ**

အသက် (86) နှစ်အရွယ် အမျိုးသားတစ်ဦး၏ သူငယ်ပြန်စိတ်ရှိနေပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်းဖွာထွက်နေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ပုံမှန်အနေအထား၌မရှိကြောင်း သိသာစွာတွေ့ရှိရသည်။

တစ်ဖန် လက်ဝါးပြင်ပေါ်ရှိ မှုန်ဝါးသောအစင်းအမြှောင်းရာများ များပြားနေခြင်းကြောင့်လည်းကောင်း၊ ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းက လက်ဝါးပြင်တစ်ဝက်ကျော် (အလယ်) နေရာ၌ အဆုံးသတ်နေခြင်းကြောင့်လည်းကောင်း၊ နှလုံးလမ်းကြောင်း အောက်သို့ နိမ့်ဆင်းလွန်းသောကြောင့်လည်းကောင်း ကာယကံရှင်အမျိုးသားအနေဖြင့် ဖိုမကိစ္စ၌ အလွန်စိတ်ခါတ်သန်သူအဖြစ် တွေ့ရှိရသည်။



**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်အနေဖြင့် အသက်အရွယ်အိုမင်းပြီဖြစ်သော်လည်း အသက် (25)နှစ်အရွယ်ရှိ အိမ်ဖော်အမျိုးသမီးငယ် (၂)ဦးစလုံးအား ပေါင်းသင်းနေထိုင်နေခဲ့သည်ဟု (ကာယကံရှင်၏ကိုယ်တိုင်ဖွင့်ဟချက်အရ) လေ့လာသိရှိခွင့်ရခဲ့သည်။ အသက်အရွယ်အိုမင်းလာပြီဖြစ်သောကြောင့် ဖိုမကိစ္စ၌ ယခင်ကထက် စိတ်သွားတိုင်းကိုယ်မပါတော့သည်ကို အထက်ပါ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံများက ဖော်ပြပေးသည်။

(ပြီးပါပြီ)

ဦးအောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

(၁)

သည်ကနေ့ မိုးကရွာပဲရွာနိုင်လွန်းသည်။ ညမိုးချုပ်သွားသည့်တိုင် မိုးကမပြတ်ချင်သေး။ လင့်ခရှူးဆာကားကြီးတစ်စီးကတော့ ရှေ့မီးကြီးကို ဖွင့်မောင်းကာ မြို့သစ်ရင်ခွင်ထဲမှ ထွက်လာပြီး ရန်ကုန်နယ်နိမိတ်ထဲသို့ ဝင်လာခဲ့လေပြီ။ ရပ်ကွက်လမ်းမကြီး၏ တိုက်ကြီးတစ်လုံးရှေ့အရောက်မှာ ညင်ညင်သာသာလေး ထိုးရပ်လိုက်သည်။

"ပွမ် ပွမ် ပွမ်"

ကားဟွန်းသံလေးအဆုံးမှာ အိမ်ဖော်ကောင်မလေး ဝင်တံခါးကြီးကို သော့ဖွင့်ပေးလိုက်သည်။ ဒေါ်မြတ်သက်ထားသည် ကားပေါ်မှဆင်းပြီး တိုက်ထဲသို့ ခပ်ကြော့ကြော့ပဲဝင်သွားလိုက်သည်။

"ဩော် - ဒေါ်မြတ်သက်ထား ဈေးဝယ်ထွက်တာကလည်း နေထွက်ကနေဝင်ထိပါလား။ ဘာတွေများဒီလောက်တောင် ဝယ်နေရတာလဲဗျာ"

"ဟင် - မောင်ရောက်နေပြီလား။ လာမယ်ဆိုလည်း ဖုန်းလေးဘာလေး ဆက်တာမဟုတ်ဘူး။ ဘယ်အချိန်ကရောက်နေတာလဲဟင်"

အိမ်ဦးသခင် လင်တော်မောင် ဦးကျော်ဆွေငြိမ်း၏ စကားကြောင့် ဒေါ်မြတ်သက်ထား အလျင်စလိုပြန်ပြောလိုက်သည်။

"ဖုန်းဆက်နေရင် ဒီအကွက်မျိုး ဘယ်လိုလုပ်မိမှာလဲဗျာ။ ဟုတ်ကဲ့ - ရောက်တာကတော့ နေ့လယ် (၁၂)နာရီတိတိမှာ ဒီတိုက်ပေါ်ရောက်ပါတယ်။ ရောက်ကတည်းက ဒီအတိုင်း ဒီနေရာမှာ ထိုင်နေတာ ခုည (၇) နာရီဆိုတော့ (၇) နာရီတိတိရှိပြီပေါ့ဗျာ"

"မောင် ဘယ်လိုဖြစ်နေတာလဲ။ လေသံတွေကလည်းတစ်မျိုးပဲ။ အဝတ်အစားတွေလည်းမလဲသေးဘူး ဒုက္ခပါပဲ။ သက်ထားလဲပေးမယ်နော်။ ဟေ့ - ကောင်မလေး၊ မောင့်ဗီရိုထဲက ပုဆိုး၊ အင်္ကျီတွေ သွားယူပေးစမ်း"


ဒေါ်မြတ်သက်ထား ပျာပျာသလဲ ပြောလိုက်ပြီး အိမ်ဖော်ကောင်မလေးကိုပဲ မာန်သယောင်ပြုလိုက်သည်။

"ငါ့ရင်မှာ မီးတောက်နေပြီနော် ဒေါ်မြတ်သက်ထား။ မင်းဟာ ဒီ
ကြွားအိုကြီးနဲ့မကောင်းဘူးဆိုတာ ငါ
တယ်။ ဟိုတစ်ခေါက် အိမ်ပေါ်မှာ
ပြောနေကြတုန်း ဒီအဘိုးကြီးရဲ့မျက်
ဟာ ငါ့ဆီမှာမရှိဘူး။ မင်းကိုယ်လုံး
မှာချည်းပဲ။ ပြုံးပြုံးပြုံးပြုံးနဲ့ မင်းကို
နေတာလည်း မြာချူတဲ့မျက်လုံးမျိုး
ဒီလူမှာ မိန်းမရှုပ်ခဲ့တဲ့ဝသီကရှိ
မိန်းမသုံးယောက်တောင်ရခဲ့တာ၊
ကတော့ ကိုယ့်ဦးလေးလည်းဖြစ်
အသက်အရွယ်ကလည်းကြီးနေပြီ
သနားလို့ အိမ်ခေါ်ပြီး ကားမောင်
ထားတာ"

"မောင် မဟုတ်ဘူးနော်၊
အထင်လွဲနေတာ၊ မောင်မှားနေပြီ"

"ဩော် - မှားနေပြီ ဟုတ်
ပြောပြမယ် နားထောင်။ ငါ ဒီနေ့
ရောက်တဲ့အချိန်မှာ ငါ့သူငယ်
ထွန်းမင်းဇော်ဆီကို ဖုန်းဆက်
တယ်။ သာကေတဘက် တည်း
တွေ၊ ဟိုတယ်တွေမှာ ငါ့ကားများ
မလားသွားကြည့်ပေးပါလို့ အကူ
တောင်းလိုက်တယ်"

# ကျွန်းစဉ်မြေ-စောခက်
## မီးပင်လယ်ကိုကျော်နင်း စီးဆင်းတဲ့ မြစ်မီးရေ





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြတ်သက်ထားဆီက ရှိုက်သံပိုကျယ်လောင်သွားသည်။

"သူတစ်ခါကပြောဖူးတာလည်းရှိတယ်။ ကိုယ့်လူကား (×××) ဟိုတယ်ဝင်းထဲမှာ တွေ့ခဲ့တယ်တဲ့။ ငါအရမ်းခံစားခဲ့ရတယ်။ ငါ့မိန်းမ ဒီလိုအစားထဲက မဟုတ်ဘူး။ ခင်ဗျားဘာစကားပြောနေတာလဲဆိုပြီး အော်တောင်အော်လိုက်သေးတယ်။ အဲဒါကို ဒီကောင်က မကျေနပ်ဘူးလေ။ ဒါကြောင့် ဒီနေ့ချက်ချင်းပဲ သူ့ကားနဲ့လိုက်ရှာတာ ငါ့ကားကြီးက အဲဒီဟိုတယ်ကြီးထဲမှာ တန်းခနဲပဲတဲ့"

ဒေါ်မြတ်သက်ထားဆီက ရှိုက်သံပိုကျယ်လောင်သွားသည်။

"တစ်ခါ ခြံခုန်ဖူးတဲ့ နွားမဟာ နောက်တစ်ကြိမ် ခြံခုန်ဖို့အတွက် ဘာမှ မစဉ်းစားဘူးတဲ့။ မှန်လိုက်တဲ့စကားဗျာ။ ဒေါ်မြတ်သက်ထားအလှပဂေးကိုယ်လုံး လှမကြီး။ မင်းဟာ ခြံခုန်ဖူးတဲ့နွားမပဲ။ မင်းဟာ လူ့သလောက် တန်ဖိုးမရှိတဲ့ မိန်းမပဲ။ လူဆိုတာ လူ့စိတ်ရှိရတယ်။ လူ့





www.burmeseclassic.com

www.burmeseclassic.com

အသိတရားရှိရတယ်။ လူ့ယဉ်ကျေးမှုရှိရတယ်။ မြန်မာအမျိုးသမီးတွေရဲ့ဘဝမှာ အိမ်ထောင်သည်ဆိုတာ ပိုပြီးစောင့်စည်းရတာလေ။ လောကပါလတရားထဲမှာ မယားဝတ္တရားငါးပါးဆိုတာ ပါတယ်။ အဲဒါတွေလည်း ခင်ဗျားသတိမထားဘူး။ ကာမအမှောင်ဖုံးပြီး ကိလေသာတဏှာကြောမှာ မျှောချင်တိုင်းမျှောနေတာပဲ။ မိန်းမလှတစ်ဦးရဲ့ဖွဲ့စည်းပုံမျိုးနဲ့ မင်းရဲ့ခန္ဓာကိုယ်အချိုးအစားဟာ အရမ်းလှပါတယ်ဆိုတဲ့ မိန်းမမျိုးထဲမှာပါတယ်။ ဒါပေမယ့် မင်းအလှကို မင်းရဲ့အောက်တန်းကျတဲ့စိတ်က ဖြိုဖျက်ပစ်လိုက်ပြီလေ။ မင်းဟာ ယောကျ်ားတကာ ခြေဆေးနေတဲ့ ရေအိုင်ပျက်ဖြစ်သွားပြီ။ မင်းအလှဟာ ဘာတန်ဖိုးမှ မရှိတော့ဘူး။ ရှင်းရှင်းပြောရရင် မင်းဟာ ချေးပေနေတဲ့နတ်သုဒ္ဓါပဲ"

ဝမ်းနည်းကြေကွဲမှုများက ဦးကျော်ဆွေငြိမ်း၏ နှလုံးအိမ်ကို သိမ်းပိုက်လိုက်ကြပေပြီ။

"တို့မိသားစု ရန်ကုန်လိုနေရာမျိုးကို ဘယ်လိုအကြောင်းတွေကြောင့် ရောက်လာခဲ့ရသလဲ။ မင်းစဉ်းစားကြည့်မိရဲ့လား။"

(၂)

မြစ်သာယာမြို့ကတော့ သန့်ရှင်းသာယာလှပတဲ့ အညာမြို့ကလေးပဲ။ နေချင့်စဖွယ်လည်းရှိသည်။ ဦးကျော်ဆွေငြိမ်းနှင့် ဒေါ်မြတ်သက်ထားတို့ လင်မယားဆိုတာ သည်မြို့ကလေးမှာ ရပ်မျက်နှာရွာမျက်နှာပါပဲ။ စီးပွားရေးပြေလည်သည်။ လူမှုရေးဝင်ဆံ့သည်။ သာရေးနာရေးဆိုရင်လည်း သူတို့ပဲပေါ့။ အထူးသဖြင့် ဒေါ်မြတ်သက်ထားက ဘာသာတရားကိုင်းရှိုင်းတာမို့ ဘာသာရေးပွဲတွေဆို သူမပါလို့မဖြစ်။ မရွှေစာမပါရင် ပွဲမစည်ဘူးဆိုတာမျိုး။ မင်္ဂလာဆောင်လျှင်လည်း သတို့သားနှင့် သတို့သမီးကို မင်္ဂလာပန်းကုံးစွပ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးဖို့ကအစ အရေးတယူဖိတ်ကြားခံရတာလည်း သူတို့မောင်နှံပဲ။ ရှေ့သွားနောက်လိုက်လည်းညီကြပါပေသည်။

ဥပုသ်သီလဆောက်တည်ကြရင်လည်း ဒေါ်မြတ်သက်ထားကရှေ့ဆုံးကပဲ။ ရပ်ကွက်တရားပွဲလုပ်လျှင်လည်း နဝကမ္မအလှူငွေ အများဆုံးထည့်ဝင်သူ အလှူ့ဒါယိကာမကြီးပေါ့။ ရုပ်ကလေးလှသလို စိတ်ဓာတ်ကလည်းလှပါတယ်ဟု တစ်မြို့လုံးက ချီးကျူးခြင်းခံရတဲ့ မြို့မျက်နှာဖုံးပါပဲ။

ဦးကျော်ဆွေငြိမ်းက အရောင်းအဝယ်သမားဆိုတော့ ပြည်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်ဘက်တွေသွားတဲ့အခါလည်းသွားရတတ်၏။တစ်လကိုးသီတင်းကြာသည့်အခါလည်းကြာ၏။ ဦးကျော်ဆွေငြိမ်းမှာ ဥပဓိရုပ်ကောင်းသည်။ ပညာတတ်သည်။ စီးပွားရှာတတ်သည်။ ပေါင်းသင်းဆက်ဆံရေးပြေလည်သည်။ ဘာသာတရားကိုင်းရှိုင်းသည်။ စာဖတ်သည်။ အိမ်ထောင်ရှင်ယောကျ်ားတစ်ဦး အနေဖြင့်ပြည့်စုံသည်ဟု ပြောနိုင်သည့် အဆင့်တွင်ရှိသည်။ ဒေါ်မြတ်သက်ထားကို အပေါင်းအသင်းတွေက လင်ရကံကောင်းသည်ဟုပြောကြသည်။

အချို့ကလည်း မိန်းမတွေ အိမ်ထောင်ပြုခြင်းသည် ထီထိုးခြင်းနှင့်တူပေသည်ဟု ပြောကြပါ၏။

(၃)

မိုးတစ်နေ့၏ ညနေခင်းပါပဲ။ မိုးကလည်းသည်းနေသည်။ အရေးထဲ ဒေါ်မြတ်သက်ထားအိမ်မှာ မီးပျက်ပါလေရော။ အိမ်ထောင်ဦးစီး ဦးကျော်ဆွေငြိမ်းကလည်း ခရီးထွက်နေလို့ အိမ်မှာမရှိ။ ဒါကို အိမ်နီးချင်းအောင်လင်းက အရေးပေါ် ဝင်ကူပြင်ပေးသည်။ အိမ်နီးနားချင်း မျိုးရင်းမကွာဆိုတဲ့ သဘောမျိုးပေါ့။ အိမ်ရှင်မ ဒေါ်မြတ်သက်ထားကလည်း ကိုယ့်အခက်အခဲကို ကူညီနေခြင်းမို့ ဟိုဟာလေးယူ၊ ဒီဟာလေးရှာပေးနှင့် အလုပ်များနေသည်။ ဒေါ်မြတ်သက်ထားမှာ ရေချိုးခါနီးမို့ ထမီရင်ရှားနှင့် ပဝါလေးတစ်ပိုင်းပဲ ပခုံးပေါ်တင်လျက်ရှိသည်။ ဖြစ်ချင်တော့ ဒေါ်မြတ်သက်ထားထိုင်ရာကအထမှာ ထမီရင်ရှားကလေးဟာ ပြေလျော့ပြီး ကြမ်းပြင်ပေါ် ရောက်သွားပါတော့သည်။ ရှည်သောအရပ်တွင် အဝိုက်အဝန်း အမို့အမောက်တို့က သူ့နေရာနှင့်သူ သဘာဝကျကျဆက်စပ်နေပေရာ ဒေါ်မြတ်သက်ထားမှာ လှချင်တိုင်းလှနေပေ၏။ အနားမှာရှိနေသည့် အကြင်ယောကျ်ားတစ်ဦး အတွက် သွေးခုန်နှုန်းမြင့်တက်စေသည်သာမက ရင်တွေပါ တဒုန်းဒုန်းမြည်သွားပါတော့သည်။ ဒေါ်မြတ်သက်ထားမှာ အောင်လင်း၏ လက်မောင်းနှစ်ဖက်ကြားကတစ်ဆင့် အိပ်ရာခုတင်ပေါ်သို့ အလိုက်သင့် ရောက်သွားခဲ့ပါပေါ့လား။

သည်လိုဖြစ်သည့်အချိန်ကစပြီး အခြေအနေပေးလျှင်ပေးသလို ဒေါ်မြတ်သက်ထား၏ လက်ယာဘက်က ငယ်ချစ်လင် ဦးကျော်ဆွေငြိမ်း၏ခေါင်းအုံးလေးပေါ်မှာ ကြာကူလီ အောင်လင်းက အငှားခန္ဓာပြောင်းပြီး နေရာယူလာပါတော့သည်။ ဒေါ်မြတ်သက်ထားရဲ့ မသိစိတ်ထဲမှာ ရာဂကြောင့် ဖြစ်ပေါ်တဲ့ သမုဒယစိတ်ဟာ အောင်လင်းအပေါ်မှာ ရစ်ပတ်မိနေပြီလေ။ သူတို့မှာ သဖန်းသီးထဲက ပိုးလောက်လမ်းဘဝရောက်နေကြတာ သိမှုမသိကြဘဲကိုး။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး ဒေါ်မြတ်သက်ထား သွားပြီလေ။ မကောင်းသတင်း၏လျှို့ဝှက်ချက်က ဘယ်လောက်တာရှည်ခံမှာလဲ။ လူတကာပါးစပ်ဖျားမှာ အပုပ်နံ့တလှိုင်လှိုင်။ သံသရာခရီးလမ်းကို ခပ်ကြမ်းကြမ်းလှမ်းပြီး အဝီစိစခန်းသို့ ဖောက်ထိုးဆင်းဖို့အတွက် ငရဲဆင်းလက်မှတ်ကို သူတို့ပိုင်ဆိုင်သွားခဲ့ကြပြီပေါ့လေ။

ဦးကျော်ဆွေငြိမ်း ရူးပြီပေါ့။ ရင်ထဲမှာ ဆို့နင့်စွာ ခံစားရပြီး အိပ်ပျက်ညတွေနှင့်သဟဇာတဖြစ်ခဲ့လေပြီ။ သည်လိုကိစ္စမျိုးက သေပွဲဝင်ကြရတဲ့ ဇာတ်ဝင်ခန်းတွေပေါ့။ သေတဲ့သူသေ၊ ထောင်ထဲရောက်သူရောက်၊ အိမ်ထောင်ကွဲ၊ စီးပွားပျက်ဖြစ်ကြရတဲ့ပွဲ။ ဘဝပျက်ကိန်းကြုံတဲ့ပွဲမျိုးပါပဲ။ မိန်းမဖျက်ရင် ပြည်ပျက်တယ်ဆိုတာ ဒါမျိုးပေါ့။

ဦးကျော်ဆွေငြိမ်း စဉ်းစားသည်။ ဒေါ်မြတ်သက်ထားဆိုတာ ဆယ်ကျော်သက်ကတည်းက သံယောဇဉ်နှောင်ငင်ချစ်ကျွမ်းဝင်ခဲ့ရသည့် ငယ်ရည်းစား။ နှစ်လွှာပေါင်းမှ တစ်ရွက်မည်သော စွယ်တော်ရွက်သဖွယ် အတူတွဲဖက် ရင်းချင်းယှက်လို့ အချစ်ကြီးချစ်ခဲ့ကြသည်။ အိမ်ထောင်ရေးဘဝတစ်ခုကို ထူထောင်ပြီး စီးပွားရေးဝင်ငွေကောင်းကောင်းဖြင့် လောကကြီးအလယ် တင့်တယ်ခဲ့ကြသည်။

ယခုတော့ ဖြစ်ပျက်မှုအကြောင်းတရားကိုတွေးပြီး ဦးကျော်ဆွေငြိမ်း ကြိတ်ဆွေးခဲ့ရပြီ။ ပတ်ဝန်းကျင်ကိုလည်း ရှက်သည်။ သို့သော် ဆန္ဒစောတရားကို ဘေးဖယ်ကာ ယောနိသောမနသိကာရကို နှလုံးသွင်းပြီး လူ့အသိတရားကို ဦးကျော်ဆွေငြိမ်း လက်မလွှတ်ခဲ့။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပြီ။ ရင်ထဲမှာ ကြီးထွားရှင်သန်နေသည့်



www.burmeseclassic.com

www.burmeseclassic.com

တွင်းမီးကို အသိဖြင့် ငြိမ်းအေးစေပြီး သူဆွေမောင့်သက်ထားကို လက်ဆွဲ ရွှေမြို့တော် မဟာရန်ကုန်မြို့ကြီးသို့ င်းလာခဲ့ပါရော့လား။

(၄)

ဟော. . . ခုတစ်ခါ ဖြစ်ပြန်ပြီ။ ါမြတ်သက်ထားမှာ အိမ်ထောင်ရေး စွာဖောက်တရားခံအဖြစ်နဲ့ ငယ်ချစ် ဦးကျော်ဆွေငြိမ်း ရှေ့မှောက်ရောက် နေခဲ့ပြီလေ။

စာပေတွေထဲမှာဖတ်ဖူးပါသည်။ ရောပမှာ ကျွန်ရောင်းဝယ်ရေးစနစ် ှင့်သုံးကြစဉ်ကာလတုန်းက လူဖြူတွေ လူမည်းတွေကို သားပေါက်ကျွန် ဖြစ် အသုံးချလာခဲ့ကြသည့်အချိန်က ၏။ ကုန်ရောင်းကုန်ဝယ်နှင့် ကြီးပွား င်းသာနေသည့် လူဖြူလင်မယားမှာ န်ဒင်းဂိုးအမည်ရှိတဲ့ လူမည်းလူသန် တစ်ဦးကို ကျွန်သားပေါက်အဖြစ် ယ်ယူထားသည်။ လူဖြူအရှင်သခင်က န်စည်ကူးသန်းရောင်းဝယ်ရေးကိစ္စ ကြောင့် တစ်နယ်တစ်ကျေးသို့ထွက် းလျှင် လူဖြူသခင်မနှင့်လူမည်းကျွန် မန်ဒင်းဂိုးတို့ပဲ အိမ်မှာကျန်ခဲ့ကြ တာလား။ အမျိုးသမီးမှာ သွေးသား သည့်အရွယ်မို့ ဇတော့်တင်းသန်မာ သည့်လူမည်းကြီးကို တပ်မက်လာခဲ့ သည်။ သခင်မမှာ ကျွန်ကြီးနှင့် အကြိမ် မ်ဖောက်ပြန်ကျူးလွန်ခဲ့သည်။ နောက် တော့ လူဖြူသခင်ကြီးက သိသွားသည့် ါ မယားထိတော့ မချိအောင် သည်းနာတာကြောင့် ကာမကျေး ျွန် သစ္စာဖောက်နှစ်ကောင်ကို ကာမ ာ၏ ဝေဒနာကို ဆိုးဝါးစွာ ခံစား စေပြီး အသေဆိုးနှင့် ဇီဝိန်ချုပ်ငြိမ်း အောင် အဆုံးစီရင်လိုက်ပါတော့သည်။

ဒေါ်မြတ်သက်ထားကား ကာမ ကျွန် လူဖြူမနှင့် ဘာများထူးခြားပါ သလဲ။ ကိုယ့်မြို့နေတုန်းကလည်း အိမ် တ အိမ်ထောင်မရှိ ပေါက်လွှဲပဲစား အောင်နဲ့တစ်မျိုး၊ ရန်ကုန်ရောက်ပြီး ်မကြာ ဦးကျော်ဆွေငြိမ်း ကုမ္ပဏီ ်ငန်းဆိုင်ရာကိစ္စတွေနှင့်အိမ်ကထွက် းတိုင်း အခြေအနေပေးလျှင်ပေး သို့ ဦးကျော်ဆွေငြိမ်း၏ ညီအရင်း ါက်ခေါက်နှင့် မှောက်မှားခဲ့ကြပြန် သည်။ တစ်ချိမှာတော့ ဦးကျော်ဆွေငြိမ်း ွေ့သွားခဲ့သည်။ သည်ကောင်က တော့ ကိုယ့်အဖြစ်ကိုယ် ဃူကျုံးမရဖြစ် ြီး တိုယ့်ကိုယ်ကိုယ်သတ်သေသွားခဲ့ သည်။ အဖန်ငါးရာငါးကမ္ဘာ သံသရာ ခရီးလမ်းမှာ အပူဇာတ်နှင့်အဆုံးသတ် ပေဦးတော့လေ။

ဦးကျော်ဆွေငြိမ်း မသိဘဲကော နောက်ထပ်အဘယ်မျှရှိလေမလဲ။ ရင် ထဲမှာ သံသယပေါင်းများစွာ. . များစွာ . . များစွာ. . . ။

(၅)

ဦးကျော်ဆွေငြိမ်း၏နှလုံးသားကို ရှားမီးထဲထည့်လိုက်သလိုပူလောင်လွန်း လှသည်။ ချမ်းမြေ့သည့် အိမ်ထောင် ရေးဘဝကို ဒေါ်မြတ်သက်ထား အဆိပ် လူးခဲ့သည်။ ရာဂန္တိုင်ထဲမှာ အခါခါလူး ပြီး အထပ်ထပ်ကူးခဲ့သည့် တဏှာရူးမ ဒေါ်မြတ်သက်ထား။ ကာမဂုဏ်စိတ်ဟူ သည် အပြောကျယ်ဝန်းပြီး အဇောက် နက်ရှိုင်းလှချေသည်တကား။ အလွန့် အလွန် ကြောက်စရာကောင်းလှပါပေ ၏။

လူတစ်ယောက်၏ ဘဝတစ်ခု အပေါ်မှာ စိုးမိုးနေတာက 'ဒုက္ခ' နှင့် 'တဏှာ' ပါပဲ။ 'ဒုက္ခ' ဆိုတာ အိုရခြင်း ဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေဆုံးရခြင်းဒုက္ခ စသည့် အကြောင်းတရားများပါပဲ။ သည်ဒုက္ခတွေကို ဗုဒ္ဓဘုရားရှင်ကိုယ် တော်တိုင် ရှောင်လွှဲလို့မရခဲ့။ ဘယ်သူမှ လဲ ရှောင်လွှဲလို့ရမှာ မဟုတ်ပေ။

'တဏှာ' ကိုကျတော့ ပယ်သတ် ၍ရသည်။ မည်သို့ပယ်သတ်မည်နည်း။ သတိပညာနှင့်ပယ်သတ်ရပါမည်။ ငါ သည်လမ်းမှားကို ရောက်တော့မည်။ စိတ်အလိုလိုက်ပြီး မိုက်မိလျှင် ငါသည် လောကရင်ပြင်မှာ လူတကာတံတွေး ခွက်ထဲရောက်ရုံမက မဟာအဝီစီငရဲကို



ဖောက်ထိုးဆင်းရလိမ့်မည်ဆိုသည့် လူ့ အသိစိတ်ကလေးနှင့် ထိန်းလိုက်လျှင် တဏှာဆိုသည်ငြိမ်းနိုင်ပါ၏။

အခုဒေါ်မြတ်သက်ထားတို့အဖြစ် က ကိလေသာစိတ်အရိုင်းကို အနုသယ ရေပြင်ကြော မျှောလိုက်တော့ တိုက် ချက်ကကမ်းကုန်။ ဝသုန်မြေပြင်ကြီး တုန်ဟည်းလို့ တော်လည်းပုံတင်၊ လျှော် မြေလှုပ်၊ လေမှုန်ဝဲရိုက်၊ မုန်တိုင်းကြီး တိုက်ခဲ့ပေါ့လေ။

"ခု မင်းက လောကပါလတရားကို မစောင့်စည်းသူဖြစ်နေပြီလေ။ လောက ပါလတရားဆိုတာ လူ့လောကကြီးကို စောင့်ရှောက်တဲ့တရား 'ဟိရီ'နဲ့ 'ဩတ္တပ္ပ' တရားကိုဆိုလိုတာပဲ။ ဟိရီက မကောင်း မှုပြုရမှာကို ရှက်ခြင်းနဲ့ ဩတ္တပ္ပမှာ မကောင်းမှုပြုရမှာကို ထိတ်လန့်ခြင်းပဲ။ ဗုဒ္ဓဘုရားဟောကြားခဲ့တဲ့တရားရှိတယ်။ ကလျာဏကာရီကလျာဏံ-အကြင်သူ သည် ကောင်းသောကံသုံးပါးကိုပြုကျင့် အံ့။ ထိုသူသည် ကံ၏ကောင်းကျိုးကို ရအံ့။ ပါပကာရီစ ပါပကံ - အကြင်သူ သည် မကောင်းသော ကံသုံးပါးကို ပြုကျင့်အံ့။ ထိုသူသည် မကောင်းကံ၏ ဆိုးကျိုးကို ခံစားရ၏ လို့ဆိုလိုထားတာ လေ"

ဦးကျော်ဆွေငြိမ်းသည် နာကျင် လှိုက်မောခြင်းများကို တနင့်တပိုးထည့် ထားသော စိတ်ခံစားမှုမျိုးဖြင့် တစ်လုံး ချင်းပြောပြနေ၏။

"အိမ်ထောင်သည် အမျိုးသမီး တစ်ဦးအနေနဲ့ မိမိရဲ့လင်ယောကျ်ားမှ အပ အခြားယောကျ်ားကိုတပ်မက်မှုမရှိ ခြင်းဟာ မယားထူးမယားမြတ်တို့ရဲ့ ကိုယ်ကျင့်သိက္ခာပဲလေ။ ကိုယ့်မှာလည်း ကာမပိုင် လင်ယောကျ်ားရှိလျက်နဲ့ အခြားတစ်ပါးသော ယောကျ်ားတွေရဲ့ ရင်ခွင်ထဲမှာ ပွေ့ပိုက်ခံနေရခြင်းဟာ မင်းအတွက် ဘဝအမှောင်တိုက်ပဲလေ။ ယောကျ်ားတွေက 'မင်းကိုချစ်တယ်၊ စွဲလမ်းတယ်'လို့ပြောကြတဲ့ ငှက်ဆိုးထိုး သံတွေဟာ မင်းရဲ့အိမ်ထောင်ရေး ဖောက်ပြန်မှုအတွက် ကာမဂုဏ်ကြိုးစင် ပေါ်က အကျယ်လောင်ဆုံး စီရင်ချက် တွေပဲ"

လူမှုကျင့်ဝတ်ကို ရိုက်ချိုးပြီး စိတ် အလိုလိုက်၍ မိုက်နေကြလျှင် လောက ကြီးသည် အကျဉ်းတန်နေမည်မှာကား ဧကန်ပင်။ လိုချင်မှု လောဘတရား၊ မကျေနပ်မှု ဒေါသတရား၊ တွေဝေမှု



www.burmeseclassic.com

www.burmeseclassic.com

မောဟတရားတွေမရှိလျှင် ဤကမ္ဘာလောကကြီးသည် နိဗ္ဗာန်ဘုံပါပဲ။ သို့ကြောင့် ဗုဒ္ဓက တဏှာ (လောဘ) နှင့်တူသောမီးသည်မရှိ။ ဒေါသနှင့်တူသောအပြစ်သည်မရှိ။ ခန္ဓာနှင့်တူသော ဒုက္ခသည်မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာခြင်းသည်မရှိဟု ဗုဒ္ဓဟောခဲ့ပေ၏။

အိမ်ထောင်ရေးတစ်ခုမှာတကယ်လိုအပ်နေတာက လူမှုရေးဘောင်ထဲက လိုက်လျောမှု၊ ကြင်နာမှု၊ မျှဝေခံစားမှုတွေပဲ မဟုတ်ပါလား။ ဘဝတစ်ခုလုံး၏ ကျေနပ်မှုမျိုးရရှိရန်အတွက် လတွေ၊ နှစ်တွေ အကြာကြီးပေးဆပ်စတေးခဲ့ရသည်။ သို့သော် အနာတရဖြစ်စေသည့် ကြေကွဲမှုမျိုးကိုတော့ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ပြောင်းလဲသွားတတ်ကြသည်။'လောကမာယာ'က ကြောက်စရာကောင်းလှသည်။

အမှန်က ဘဝ၏အဖြစ်အပျက်ဆိုသည်တလည်း စိတ်ဦးဆောင်သော ရုပ်ဝတ္ထု၏ပြုပြင်မှုပါပဲ။ ဘဝဆိုသည်မှာ စိတ်နှင့်ကိုယ်ပေါင်းစပ်ထားခြင်း ဖြစ်သည်။ စိတ်က ဗိုလ်၊ ကိုယ်ခန္ဓာက တပည့်။ စိတ်က ဦးဆောင်ပြီး ရုပ်ခန္ဓာလှုပ်ရှားမှုကြောင့် ခံစားသွားရခြင်းသည် တဏှာပါပဲ။ တဏှာကိုဖြစ်စေသည့်စိတ်ကပဲ သက်ရှိတွေကိုဒုက္ခပေးနေခြင်းပင် မဟုတ်ပါလော။

"ကိုယ်ပြောပြမယ် နားထောင်ပါ"

ဒေါ်မြတ်သက်ထားမှာ မျက်နှာကို ငုံ့မြဲငုံ့ထား၏။

"အမှန်တော့ မင်းရဲ့အဖြစ်က ပရမတ်အမြင်မရှိလို့ ရုပ်ဝတ္ထုကိုစွဲလမ်းပြီး ဥပါဒါန်ဖြစ်တာပဲ။ ရှင်းရှင်းပြောရရင် ကာမဂုဏ်စိတ်၊ ဖဿစိတ်အားကြီးလို့ပဲ။ မောင်ကျန်တစ်တို့နဲ့ မက်မပြေတဲ့ အစွဲအလမ်းစိတ်တွေနဲ့ မိုက်မှားခဲ့တာပဲ။

အမှန်တော့ ရုပ်ခန္ဓာဆိုတာ ဒုက္ခဘုံလှောင်အိမ်ကြီးပါပဲ၊ ဖဿဒုက္ခ၊ ဝေဒနာဒုက္ခ၊ ဥပါဒါန်ဒုက္ခ စတဲ့ဒုက္ခတွေ စုဝေးရာပါပဲ။ အဲဒါ မင်းတို့က တဏှာအတွေ့ကို ဒုက္ခလို့မမြင်ကြဘဲ သုခထင်ပြီး စွဲလမ်းစရာပဲလို့ ခံယူကြတာပဲ မဟုတ်လား။ ဒီလို အဖြစ်မျိုးတွေ ဗုဒ္ဓဟောကြားခဲ့တဲ့ ဇာတ်တော်နိပါတ်တော်မှာလည်း အများကြီးပါပါတယ်။ မှတ်လောက်အောင် ပြောပြဦးမယ်"

ဒေါ်မြတ်သက်ထား တစ်ချက်မော့ကြည့်ပြီး ခေါင်းကိုပြန်ငုံ့ထားလိုက်သည်။

"ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါတုန်းက ရာဇဂြိုဟ်ပြည်မှာ သတ္တုကမည်တဲ့ ခိုးသားကြီးကို ခိုးရာပါပစ္စည်းတွေနဲ့မိလို့ ရှင်ဘုရင်က သတ်စေ အမိန့်တော်ချခဲ့တယ်။အဲဒါနဲ့ အာဏာပါးကွက်သားတွေက လူသတ်ကုန်းကိုခေါ် ဆောင်သွားကြတာကို သူကြွယ်သမီး သဒ္ဒါ က လှမ်းမြင်လိုက်တယ်။ ခိုးသားကြီး သတ္တုကမှာ အဝတ်ဗလာကိုယ်ချည်းသက်သက်။ အာဏာပါး ကွက်သားများ ရှေ့က တစ်ယောက်တည်း အဝတ်မပါဘဲ လွတ်လပ်နေတဲ့ သူ့ကိုယ်လုံးမှာ ရင်အုပ်ကားကား၊ ကျောခြင်လက်မောင်း အမြောင်းမြောင်းနဲ့ ယောကျ်ားပီသတဲ့ သူ့ရုပ်ရည်ဟာ ကြည့်ကောင်းလွန်းလှတယ်ဆိုပဲ။

သူကြွယ်သမီးသဒ္ဒါမှာ သွေးသားဆူဖြိုးပြီး လှချင်တိုင်းလှနေတဲ့ အလှပန်းပွင့်ချိန်ပေါ့နော်။ အဲဒီလိုအချိန်မျိုးမှာ သူခိုးကောင်ကြီးကို မြင်လိုက်ရတော့ ရင်တွေခုန်ပြီး အသည်းနှလုံးပါ တုန်လှုပ်သွားသလို ခံစားလိုက်ရတယ်တဲ့။ ယောကျ်ားပီသတဲ့ ခိုးသားရဲ့ခန္ဓာကိုယ် အနေအထားဟာ သွေးသားဆူဖြိုးပြီး ရာဂကို ငုံ့လင့်နေတဲ့ သူကြွယ်သမီး သဒ္ဒါအဖို့ အကြိုက်တွေ့သွားတာပေါ့လေ။ သူကြွယ်သမီးဟာ ကာမဂုဏ်အာရုံ လွန်ကဲပြီး ခိုးသားကြီးကို ဥပါယ်တံမျဉ်ဖြင့် လင်သားအဖြစ် သိမ်းပိုက်ပြီး ငယ်ချစ်လင်အဖြစ် အကြိုက်တွေ့သွားစေခဲ့တာပေါ့။

အဲဒါဟာ သူကြွယ်သမီးအနေနဲ့ သူခိုးကို လင်ယောကျ်ားအဖြစ် သိမ်းပိုက်ခြင်းသည် မသင့်တော်မလျော်ကန်ဆိုတာ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်တွေ မရှိတော့ဘူး။ လိုချင်တပ်မက်မှုဆိုတဲ့ ကာမအမှောင်ထဲမှာ ရာဂတိမ်သလွှာဖုံးနေခြင်းပေါ့။ ဆာလောင်မွတ်သိပ်နေတဲ့အချိန် အကြိုက်တွေ့သွားတာက တဏှာဝင်တာပဲ။ သမုဒယကြီးလို့ ဒုက္ခတောထဲကို ရောက်သွားတာလေ။ သတိနဲ့ ကိလေသာနယ်လုကြတာမှာ ကိလေသာဘက်က အားသာသွားတာပေါ့။ နောက်ဆုံးမှာတော့ သူခိုးဟာ သူ့ဝသီအတိုင်း သူကြွယ်သမီးသဒ္ဒါဆီက ရွှေ၊ ငွေ၊ ပစ္စည်းတွေယူပြီး သူကြွယ်သမီးကို သတ်ပစ်ဖို့ကြံစည်လာခဲ့တယ်။ ဒီတော့ သူကြွယ်သမီးဟာ မိမိအသက်ဘေးချမ်းသာရေးအတွက် မိန်းမမာယာနဲ့ ဖြားယောင်းပြီး သူခိုးကောင်ကို သတ်ပစ်လိုက်ရတယ်လေ။

ဒီတော့ ဘာဖြစ်လဲ။ မစဉ်း...
မဆင်ခြင်ဘဲ ကာမဂုဏ်အာရုံလွန်...
သူခိုးကို လင်လုပ်မိတဲ့အတွက်ကြော...
လူ့အသက်တစ်ချောင်းကို သတ်လို...
တဲ့အတွက်ကြောင့် ပါဏာတိပါတ...
ကျူးလွန်ရသည့်အဖြစ်မျိုးအထိ ရောက်...
သွားတယ်လေ။ နောက်ဆုံးတော့...
စိတ်နောက်ကိုယ်ပါနဲ့ သာဝတ္ထိပြ...
အရောက်မှာ အရှင်သာရိပုတ္တရာထေ...
အရှင်နဲ့တွေ့ပြီး ကုဏ္ဍလကေသာအမည်...
နဲ့ ထေရ်ရှိမကြီးဖြစ်သွားခဲ့တယ်လေ...
တရားကိုယ် မွေ့စစ်ကြောင့် အဝိဇ္ဇာ...
ပယ်ခွာလို့ ဘိက္ခုနီဖြစ်သွားခဲ့ရတာပေ...

ဒေါ်မြတ်သက်ထားဆီက ရှိုက်...
က ဆက်ကာဆက်တာ ထွက်ပေါ်...
သည်။

"အဲဒါတွေက ဗုဒ္ဓစာပေတွေမှာပ...
တဲ့ လောကုတ္တရာဖြစ်စဉ်ပဲ။

"ငါကတော့ မပျော့ညံ့တူး။ ကိုယ်...
ပြတဲ့ကံကိုယ့်ထံပြန်လာတာပဲ။သူတစ်...
ကို ကူညီလိုတဲ့စိတ်လည်းရှိတယ်။ ...
အားနည်းချက်က ကာမဂုဏ်အာရုံခံစား...
မှု၊ စိတ်လွန်ကဲမှုပဲ။ အမှန်က မင်းဟာ...
မင်းရုပ်မင်းရည်နဲ့ အမရာ၊ ကိန္နရီ ...
သမ္မုလတို့လို မိန်းမကောင်းမိန်းမမြတ်...
အဆင့်မျိုးဖြစ်သင့်တယ်။ တော်ထေ...
ဝင်တဲ့သူတို့တွေဟာ ကိုယ့်အရှင်၊ ကိုယ့်...
သခင်၊ ကိုယ့်လင်ကို 'လင်ကို ဘုရား...
ဆိုတဲ့တာဝမျိုးမှာထားပြီး မယားဝတ္တရား...
ကျေပွန်ခဲ့ကြတာ။

လင်မှတစ်ပါး၊ နတ်ယောကျ်ား...
တွေ့ငြားစေမူ၊ စောသမ္မုသို့၊ အ...
မယွင်း၊ စိတ်ညွတ်စေခြင်းမှ၊ လွတ်က...
တုံဘိ၊ ကျင့်မြတ်ရှိသားတဲ့။

အမရပူရ မဟာဂန္ဓာရုံဆ...
တော်က ဟောပြောထားတာလည်း ...
ပါတယ်။ လောကမှာ အနေကောင်း...
အစားကောင်း၊ အဝတ်ကောင်းနဲ့ နေ...
ပေမယ့် တဏှာလောဘကြီးရင် ချမ်းသာ...
ခြင်းမမည်ဘူးတဲ့။ ခု မင်းဟာ တဏှာ...
လောဘလွန်ကဲမှုကြောင့် လူမှုဘဝအပြင်...
ကိုရောက်ပြီး ကိလေသာမီးပူလောင်...
ပြီလေ။

"ဒီနေ့ ငါ ယောကျ်ားမာနနဲ့ ယ...
ပြတ်ဆုံးဖြတ်လိုက်ပြီ။ မင်းရဲ့ မသန့်...
တော့တဲ့ကိုယ်ကိုချေးပေနေတဲ့အ...
ငါမမက်မောတော့ပါဘူး။ ဒါကြော...
ဒီနေ့ကစပြီး ဘုရားခန်းနားမှာပဲ...
တော့မယ်။ ငါကတော့ ငါ့စီးပွားရေး...
ဘဝကို တစ်ဆင့်ထက်တစ်ဆင့်မြင့်...
အောင် 'သမ္မာအာဇီဝ'နည်းနဲ့ ကြိုး...


www.burmeseclassic.com

www.burmeseclassic.com

ထုပ်ကိုင်နေမှာပဲ။ 'အတ္တာဟိနတ္တနော နာထော' တဲ့။ ဗုဒ္ဓကိုယ်တိုင်ဟောကြားခဲ့တဲ့တရားရှိပါတယ်။ မင်းမလည်း မင်းအဝနဲ့မင်းပေါ့"

"ကဲ-ဟုတ်ပါပြီ၊ ငါခရီးပန်းလာတယ်။ သွားအိပ်လိုက်ဦးမယ်"

"မောင် - နေပါဦး၊ သက်ထားတောင်းပန်ပါရစေဦး"

ဒေါ်မြတ်သက်ထား မျက်ရည်များကြားက နွမ်းလျလျလေးပြောရှာသည်။

"ဟာ - မလိုဘူး၊ မလိုဘူး။ ငါမင်းကို စွဲချက်လည်းမတင်ဘူး။ စီရင်ချက်လည်းမချဘူး။ ဒါကြောင့် အယူခံဝင်စရာလည်းမလိုဘူး ဒါပဲ"

ညသည် ပိုပြီးမှောင်မည်းလာသည်။ မိုးကတော့မသည်းတော့ပေ။ ဖွဲရုံကလေးသာရွာနေတော့သည်။

(၆)

ပွင့်လင်းရာသီ၏ မနက်ခင်းဗီဗီအသီဥတုက သာယာလွန်းနေသည်။ ဦးကျော်ဆွေငြိမ်း ပြုမြဲဝတ်အတိုင်း နေ့တိုင်အိပ်ရာထ ကိုယ်လက်လှုပ်ရှားအစားပြီး သွေးပူလေ့ကျင့်ခန်းလေးလုပ်လိုက်၏။ ရေမိုးချိုးပြီး အဝတ်အစားလဲကာ ဘုရားရှိခိုးကပ်သည်။ ဘုရားရှိခိုးသည်၊ စိပ်ပုတီးလေးစိပ်သည်။ ဘုရားဝတ်ပြုစရာဝစ္စပြီးတော့ စားပွဲမှာထိုင်လိုက်သည်ဟုဆိုလျှင်ပဲ အိမ်ဖော်ကောင်မလေးက ကော်ဖီနှင့် မုန့်ကို လာချပေးလိုက်သည်။

ကော်ဖီသောက်ပြီးတာနှင့် အိမ်ရှေ့ခန်းကလေးသို့ထွက်ထိုင်ပြီး နေ့စဉ်ထုတ်သတင်းစာကို မျှော်နေလိုက်သည်။

"အေးအေးရေ အိမ်ရှေ့မှာသီလရှင်ရောက်နေပြီ။"

ဦးကျော်ဆွေငြိမ်း အိမ်ဖော်ကောင်မလေးကို လှမ်းပြောလိုက်သည်။

"ဟုတ်ပါ့၊ ဒီနေ့အဖိတ်နေ့ပဲ"

ဦးကျော်ဆွေငြိမ်းမှာ အိမ်ရှေ့ဘက်သို့ ဘေးစောင်းအနေအထားဖြင့် ထိုင်လျက် တစ်လုံးချင်းပြောနေလိုက်သည်။ အိမ်ဖော်ကောင်မလေးက ခေါင်းလုံလေးမှာ စတီးဇွန်းကြီးကိုတပ်ပြီး ခြံဝင်းပေါက်ဝသို့ ထွက်သွားလိုက်သည်။

"ဆရာရေ၊ ဆရာ"

အိမ်ဖော်ကောင်မလေး အံ့သြတကြီးခေါ်ပြီး အိမ်ထဲဘက်သို့ပြန်လှည့်လာလိုက်သည်။

"ဆရာရေ၊ သီလရှင်ဆရာလေးက အန်တီပဲသိလား"

"ဟုတ်လား"

အိမ်ဖော်မလေးက သံတံခါးကြီးကို ဖွင့်ပေးလိုက်ရာ သီလရှင်ဆရာလေးမှာ ဖြည်းဖြည်းချင်းဝင်လာပြီး ဦးကျော်ဆွေငြိမ်းရှေ့တွင်လာထိုင်သည်။

"ဟာ - ဆရာလေး ထိုင်ခုံပေါ် တက်ထိုင်လေ"

သီလရှင်ဆရာလေး ထိုင်ခုံပေါ် တက်ထိုင်လိုက်သည်။

"ခု ဆရာလေး စစ်ကိုင်းတောင်ခင်မကန်တိုက်ဓမ္မရိပ်သာရောက်နေပါပြီ"

"သြော်"

ဦးကျော်ဆွေငြိမ်းမှာ မိမိရှေ့မှောက်ရောက်နေသော သီလရှင်ကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

"အဲဒါထွက်သွားတုန်းဘာမှမပြောခဲ့ရတာ စိတ်မကောင်းပါဘူး။ အဲဒါခွင့်လွှတ်ဖို့လာတောင်းပန်တာပါ"

"မလိုပါဘူး၊ ရပါတယ်။ ခွင့်လွှတ်ပြီးသားပါ။ ဒါကမြင့်မြတ်တဲ့အလုပ်ပဲ။ လုပ်သင့်ပါတယ်။ ကုသိုလ်အလုပ်လုပ်တာမှာ နောက်ကျတယ်ဆိုတာ မရှိပါဘူး။ လုပ်တဲ့အချိန်မှာမီတာပါပဲ။ ဒါကတရားအလုပ်ပဲလေ။ မေတ္တာဓမ္မရဲ့ အေးမြတဲ့ဆွဲငင်အားပေါ့။ အသခ်တတရားလို့ခေါ်ပါတယ်။ လူတွေဟာ ယနေ့၊ နက်ဖြန် ဘယ်အချိန် သေဆုံးကြရမယ်ဆိုတာ မသိကြဘူးလေ"

ဦးကျော်ဆွေငြိမ်းက တိုက်နံရံ၏ အပြင်ဘက်သို့ကြည့်ပြီး တစ်လုံးချင်းပြောလိုက်သည်။

"မီးတကကာ့မီးထဲမှာ တဏှာတည်းဟူသော မီးဟာ အပူလောင်ဆုံးပဲ။



ဖသဿအတွေ့ကို အာသာပြင်းပြင်းမက်မောပြီး မယားရှိလင်တွေ၊ လင်ရှိမယားတွေ အိမ်ထောင်ရေးစည်းကျော်ပြီး ဖောက်ပြန်နေကြတာတွေဟာ မီးတောက်မီးလျှံကို မျိုချနေကြတာပဲ။ မီးပင်လယ်ကို ဖြတ်ကူးနေကြတာပဲ"

"ဟုတ်ပါတယ်"

"အဲဒီ တဏှာကို ပယ်သတ်နိုင်ရင် လူတော်ပဲ၊ သူတော်ကောင်းပဲ။ ဘုရားဟောကျင့်စဉ်တရားကို လိုက်နာသူပဲ။ ခု သီလရှင်လုပ်နေတဲ့အလုပ်ပဲ ၊ အေးငြိမ်းရာလမ်းပဲ။ မီးပင်လယ်ကြီးကို ကျော်နင်းပြီး အေးမြတဲ့ စမ်းရေကြည်လေးစီးဆင်းနေပါပြီလို့ပြောလို့ရပြီပေါ့"

သီလရှင်ဆရာလေး ခေါင်းညိတ်လိုက်၏။

"သီလရှင်၊ ဒီတိုက်အိမ်ကြီးပေါ်က ဆင်းသွားတာ (၁) နှစ်တိတိရှိပြီနော်"

"ဒါတွေမပြောနဲ့တော့လေ ။ ခုလျှောက်နေတဲ့လမ်းဟာ အမှန်လမ်းပဲ။ ပရမတ္ထ လမ်းပဲ။"

သီလရှင်ဆီကတော့ ဘာသံမှထွက်မလာတော့ပေ။ ခေါင်းကိုငုံ့ပြီး နားထောင်နေ၏။

"ကာမဂုဏ်စိတ်လွန်မှု၊ ရာဂအတွေ့ကို တရှိုက်မက်မက်ဖြစ်လွန်းမှု၊ တဏှာလောဘအားကြီးမှုတို့ကြောင့်သာ အမှောင်ကမ္ဘာထဲရောက်သွားတာလေ။ ခုတော့ လမ်းကောင်းတွေ့သွားပြီလေ။ သာဓုခေါ်ပါတယ်ဗျာ။ သာဓု၊ သာဓု၊ သာဓု"

တဒင်္ဂ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"ဆွမ်း၊ ဆေး၊ ကွမ်း၊ သင်္ကန်း၊ ပစ္စည်းတွေကော လုံလောက်ရဲ့လား။"

"လုံလောက်ပါတယ်။ ဓမ္မဒါနက အစဉ်အမြဲရှိနေကြပါတယ်"

"ကောင်းပြီ၊ ကောင်းပြီ"

"ပြန်လိုက်ပါတော့မယ်"

သီလရှင်ပုညဝတီသည် တည်ငြိမ်သောစကျွန်းခြေနှင့် ခြေလှမ်းကို ဖြည်းဖြည်းမှန်မှန်လှမ်းပြီး (၂) ထပ်တိုက်ကြီးဝင်းထဲမှ ထွက်ခွာနေလေပြီတကား။

(လူမှုကျင့်ဝတ်အပြင်ဘက်ရောက်နေကြသူများအတွက် အသိတရားလက်ကိုင်ထားပြီး သတိထားဆင်ခြင်နိုင်ကြစေရန် ဗုဒ္ဓတရားတော်နှင့်အညီ ဇာတ်အိမ်တည် ရေးဖွဲ့ထားပါသည်။)

-ကျွန်းစဉ်မြေစာခက်
(အမျိုးသားစာပေဆု)

## ■လက်ဝဲအထက်သွားအစွယ်

မြန်မာပြည်၏ အလယ်ပိုင်း၊ မိုးခေါင်ရေရှားဒေသ၏ အိုအေစစ်လေးသည် ပုပ္ပားတောင်ဟု လူတိုင်းသိကြသည်။ တောင်တော်ရှေ့ပုပ္ပားဟူဆိုလိုက်ပါက အဘအောင်မင်းခေါင်ကို သတိရကြလေသည်။ အဘနှင့်ပုပ္ပားသည် ခွဲ၍မရပေ။ ထို့ကြောင့် ပုပ္ပားအောင်မင်းခေါင်ဟု ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်သည်။ အဘသည် ဝိဇ္ဇာမိုရ်ဟု ထင်ရှားကျော်ကြားပြီး မြန်မာပြည်အနှံ့ သာသနာပြုခဲ့လေသည်။ ပုပ္ပားတောင်မှာပင် လူ့ဘဝဇာတ်သိမ်း၍ ဝိဇ္ဇာဌာနေအလုံပြည်သို့ မြန်းကြွသွားလေပြီ။ အဘဆုံးသော (ဝါ) ဝိဇ္ဇာပြည်သို့ထွက်ခွာသွားသော ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ကိုအစွဲပြု၍ အဘထွက်ပွဲဟု ပုပ္ပားတွင် ကျင်းပကြပါသည်။ ယခုဆိုလျှင် (၆၃) ကြိမ်မြောက် အဘထွက်ပွဲကို ကျင်းပခဲ့ပြီးလေပြီ။

ကဲ့သို့ မှန်ဗီရိုထဲတွင်ထည့်၍ ရိုရိုသေသေသိမ်းဆည်းထား၏။ အဘတီးခဲ့သော မောင်းကြီးကိုလည်း နံရံတွင် ချိတ်ဆွဲထားသည်။ အဘလက်ဖြင့် ထုခဲ့၊ တီးခဲ့ပြီး 'ဒူ' ဟု အသံမြည်သလို ယခုတီးရင်လည်း 'ဒူ' ဟု အသံမြည်ဦးမည်။ အသံထွက်ချင်းတူသော်လည်း ထုရိုက်သူကွာနေသဖြင့် အသက်မပါသလိုပိုင်ရှင်မဲ့ဘဝဖြင့် နံရံတွင်ချိတ်ဆွဲ၍နေရလေ၏။ အဘဝတ်ခဲ့သောလုံချည်၊ အကျီတို့မှာလည်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်က ဗိုလ်ချုပ်ဝတ်ခဲ့သော အဝတ်အစားများကဲ့သို့ ရှားပါးပစ္စည်းဖြစ်နေလေသည်။ ရိုရိုသေသေနှင့် သိမ်းဆည်းထားသော အဘဦးစံဖေကိုပင် ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ဦးစံဖေ၏ ဓာတ်ခန်းတွင် အဘ၏ 'သွားအစွယ်' ကို တွေ့ရလေသည်။ ဦးစံဖေကို သေသေချာချာမေးကြည့်သောအခါ အဘ၏ လက်ဝဲဘက်အထက်အစွယ်ဖြစ်ကြောင်း သိရ၏။ အဘ၏ခန္ဓာအစိတ်အပိုင်းတို့သည် သိဒ္ဓိမဟိဒ္ဓိပြီးပြည့်စုံနေလေသည်။ ရှားပါးပစ္စည်းဟု ပြောရမည် ဖြစ်ပါသည်။

သွားအစွယ်သည် အဘ၏ခန္ဓာကို... ကြွင်းကျန်ခဲ့သော ပစ္စည်းလေးဖြစ်သ... ထိုသိဒ္ဓိမဟိဒ္ဓိနှင့် ပြည့်စုံနေသော ... အစွယ်ကို ရိုရိုသေသေဖူးမြော်ကန်တော... ပြီး အဘကိုယ်စား ရှိခိုးပူဇော်ခဲ့ပါသ...

"အဘ ဦးစံဖေ မင်္ဂလာပါ"

"ဟုတ်ကဲ့ - မင်္ဂလာပါ"

"ဒီသွားလေးက အဘသွား... လားခင်ဗျာ"

"ဟုတ်ပါတယ် ငါ့တူရဲ့"

"ဘယ်လိုရခဲ့တာလဲ ဦးလေ... ပြောလို့ရရင် ပြောပြပါလား။ သာ... သိချင်လို့ပါ"

"ပြောပြလို့ရပါတယ်ကွယ်။ ... ငယ်ငယ်က အဘအောင်မင်းခေါ... အတူနေလာရတာ။ အဘရဲ့မွေးစား... လို့ ပြောလို့ရတယ်"

"ဪ - ဟုတ်ကဲ့"

"အဘစောင့်ရှောက်လို့ လူ... မြောက်လာတာပေါ့ကွယ်"

"ဟုတ်ကဲ့"

"တစ်နေ့တော့ အဘရဲ့သွား... ထမင်းစားရင်းကျိုးသွားတယ်။ ... သွားအစွယ်လေးပေါ့ကွယ်။ သွားအ... ကလေးကို ပုလင်းဘူးထဲမှာထ... သေသေချာချာသိမ်းထားခိုင်းတယ်...



ပုပ္ပားတောင်ကလပ်မြေမှ ဦးစံဖေကလည်း အဘထားခဲ့သောပစ္စည်းလေးများခင်းကျင်းပြီး အဘဓာတ်ခန်းဖွင့်လှစ်ထားပါသည်။ ယခုအချိန်ထိ အဘကို သတိရဆဲ၊ အောက်မေ့တမ်းတဆဲဖြစ်လေသည်။ အဘကိုမီသော ဦးစံဖေ၊ အဘ၏ အချစ်တော် ဦးစံဖေ၊ ယခုအခါ အသက်အရွယ်ရလာပြီး တတိယအရွယ်သို့ရောက်လာလေပြီ။ အဘစံဖေဟုခေါ်မှ သင့်သောအရွယ်ရောက်နေလေ၏။

အဘစားခဲ့သော တိုက်ပန်းကန်ပြား၊ အဘသောက်ခဲ့သော ရေနွေးကြမ်းအိုးနှင့် ရေနွေးကြမ်းခွက်များကို ပြတိုက်

ဝိဇ္ဇာတို့၏ကိုယ်ပွား ဝိဇ္ဇာကိုယ်စားတစ်ခုတည်းသော ကျန်ရစ်ပစ္စည်းလေး ဖြစ်သည်။ အခြားပစ္စည်းများသည် အပြင်မဟိတ္တမှ ဝတ္ထုပစ္စည်းများဖြစ်သည်။ ယခု




www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးက ဘယ်အရွယ်လောက်ရှိပြီလဲ"

"လူပျိုပေါက်အရွယ်ပေါ့"

"အခြားသူတွေကကောမတောင်းဘူးလား"

"အဘသားသမီးတွေက အများကြီးပဲလေ။ သူတို့သိရင်တော့ တောင်းမှာပေါ့"

"ဒါဆို သွားကျိုးတာကို တခြားသူတွေ မသိကြဘူးပေါ့"


"အဘက ဦးလေးကို အမွေပေးခဲ့ချင်လို့ တခြားသူတွေဘေးကိုလွှတ်ထားတာ။ ဘယ်သူမှမရှိတဲ့အချိန်မှာသွားကျိုးတာ"

"ဪ-ဆက်ပြောပြပါဦးခင်ဗျာ"

"မင်း ရှိရှိသေသေသိမ်းထား၊ ငါမရှိရင်·တန်ဖိုးရှိလိမ့်မယ်လို့ပြောတာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ဦးလေးက အဘရဲ့သားအရင်းပဲ။ အဘပေးတဲ့အမွေပစ္စည်းတွေနဲ့ ဓာတ်ခန်းဖွင့်ပြီး အဘကိုပူဇော်ကန်တော့ခွင့်ရတာ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်ခင်ဗျ"



# အဏ္ဏဝါလှိုင်း

## မုပွားအောင်မင်းဒေါင်း၏

## လက်ဝဲအထက်သွားအစွယ်မှသည် လက်ယာအောက်သွားအစွယ်သို့ - ၁

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တွင် အဘသားသမီးများ နေရာအနှံ့ရှိကြသည်။ အဘကို ယုံကြည်ကိုးကွယ်သော သားသမီးတို့သည် မိမိတို့ရပ်ရွာဒေသသို့ အဘထားခဲ့သော သွားအစွယ်ကို ရိုရိုသေသေ ပင့်ဖိတ်ပူဇော်တန်တော့ကြသဖြင့် ဘေးအန္တရာယ်ကင်းခြင်း၊ လိုတရခြင်းစသော အကျိုးစီးပွားများ ရရှိကြလေသည်။ ဦးစံဖေသည် မြန်မာပြည်အနှံ့ အဘသွားအစွယ်ကို ပင့်ဖိတ်ပြီး ပူဇော်ပွဲကို ဆောင်ရွက်ပေးရလေသည်။ ရန်ကုန်၊ မော်လမြိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းအနှံ့ ရောက်ခဲ့လေပြီ။ အဘကို ပင့်ဖိတ်ပြီးပူဇော်သကဲ့သို့ ပူဇော်ခြင်းဖြစ်၏။

ဦးစံဖေ ပြောပြချက်အရ သိခဲ့ရသော သွားအစွယ်ကို မျက်စိထဲတွင်အမြဲမြင်ယောင်နေပါသည်။ ခေတ်ကာလတွေပြောင်းလဲခဲ့ပြီ။ ယခုအခါ အဘသည် မြန်မာပြည်သို့ပြန်ဝင်လာပြီး ပြည်တော်ဝင်ပွဲပင် ကျင်းပနေလေပြီ။ 'အဘအောင်မင်းရှင်'ဟု အမည်နာမဖြစ်ထင်ရှားစွာ ပြန်ရောက်လာလေပြီ။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဇရပ်ကုန်းရွာတွင် ခေတ်ခန်းဆောက်ပြီး ကြွရောက်ကာ မိဘများ၏ ဇာတိဖြစ်သော စင်မြင့်ရွာသို့ ပြန်ဝင်လာသည်။ စင်မြင့်ရွာတွင် မိဘများခေါင်းချခဲ့သောနေရာကိုကျေးဇူးပြန်ဆပ်မည်ဖြစ်သည်။ ကျွန်ုပ်သည် အဘအောင်မင်းရှင်ကို ဖူးမြင်ရပြီး အဘအောင်မင်းခေါင်ဟု စိတ်ထဲမှ လက်မခံနိုင်ပါ။ အဘအောင်မင်းခေါင်ဟု တထစ်ချမယုံကြည်နိုင်ပါ။ သံသယစိတ်တွေများစွာဝင်နေလေသည်။

မိမိသံသယကိုမျိုချပြီး အဘဟုတ်/မဟုတ် အနီးကပ်လေ့လာနေခြင်းဖြစ်ပါသည်။ တစ်နေ့ ဇရပ်ကုန်းခေတ်ခန်းတွင် လူရှင်းပြီး အဘနှင့်နှစ်ယောက်တည်းရှိနေသောအချိန်တွင် ကျွန်ုပ်သိချင်သော ပဟေဠိကို ဖွင့်ဟမေးလျှောက်မိလေသည်။

ကျွန်ုပ်သိချင်သော ပဟေဠိမှာ ပုပ္ပားဦးစံဖေခေတ်ခန်းတွင်ရှိသော သွားအစွယ်အကြောင်းကို မေးမြန်းချင်နေလေသည်။ ပုပ္ပားမှာရှိသော လက်ဝဲအထက်အစွယ်လေးသည် အဘ၏သွားအစစ် ဖြစ်သည်။ အဘတွင် သွားအစွယ်နေရာ ကွက်လပ်လေးရှိရမည်။ ယခုပြည်တော်ဝင် အဘအောင်မင်းရှင်သည် အဘအောင်မင်းခေါင်အစစ်ဖြစ်/မဖြစ် သွားအစွယ်ကွက်လပ်လေးရှိ/မရှိ သိချင်နေလေသည်။

"အဘ၊ သား ပုပ္ပားသွားစဉ်က အဘဦးစံဖေတွေ့တယ်"

"အေး - တွေ့တော့ဘာဖြစ်လဲ"

"သူက အဘရဲ့သွားအစွယ်အစစ်လေးတစ်ချောင်းကိုပြတယ်"

"အေး"

"အဘ သွားအစစ်ဟုတ်/မဟုတ်လား သိချင်လို့ပါ"

"မင်းသိချင်တာ ဒီမှာကြည့်"

ဟု ပြောပြီး ပါးစပ်ကိုဖြဲပြီး လက်ဝဲအထက်အစွယ်နေရာကိုပြ၏။ ကွက်လပ်ကလေးလစ်ဟာနေသောနေရာကို တွေ့မြင်ရသောအခါ ကျွန်ုပ်ရင်ထဲဝယ်များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိလေ၏။ ငါ အဘကို သံသယစိတ်တွေများနေပြီဟု အပြစ်ကျူးလွန်မိသော တရားခံကဲ့သို့ နောင်တတစ်ဖန်ရနေမိပြန်သည်။ လက်အုပ်ချီပြီး တောင်းပန်ကန်တော့ပြီး -

"အဘ၊ သားအပြစ်ရှိရင် ခွင့်လွှတ်ပါ အဘ"

"မင်းက ငါ့ကိုသံသယဝင်နေတာ။ ဒီသွားအစွယ်နေရာကို မပြနိုင်ရင် အောင်မင်းခေါင်အတုလို့ ပြောမယ့်ကောင်ပဲ"

"သားတောင်းပန်ပါတယ်အဘ။ သားစိတ်ထဲက သံသယကို ပယ်ဖျောက်ပေးတဲ့အတွက် သားကန်တော့ပါတယ်"

"မင်းမှာအပြစ်ရှိတယ်"

"ဟုတ်ကဲ့၊ သာ းဝန်ခံပါတယ်"

"မင်းအပြစ်တွေကျေချင်ရင် ဒဏ်ခတ်ရမယ်"

"ဟုတ်ကဲ့ - အမိန့်ရှိပါ အဘ"

"တောင်လုံးလှကိုသွား။ ကျောင်းဝိုင်းတစ်ခုလုံး သန့်ရှင်းရေးလုပ်ရမယ်"

"ဟုတ်ကဲ့"

"နေ့လယ်ငါလာခဲ့မယ်။ တောင်လုံးလှကစောင့်နေကြားလား"

"ဟုတ်ကဲ့ - အဘ"

အပြစ်ကို အလုပ်ဖြင့်ကျေးဆပ်ရမည်ဖြစ်သည်။ ကျွန်ုပ်သည် အဘကို ကန်တော့ပြီး တောင်လုံးလှသို့ ထွက်ခွာလာပါသည်။ တောင်လုံးလှဆရာတော်အား လျှောက်ထားပြီး အပြစ်သား ကျွန်ုပ်သည် ခါးတောင်းကျိုက်၍ သန့်ရှင်းရေးလုပ်ခဲ့ရပါသည်။ အားလုံးဝိုင်းကြည့်ပြီးရယ်နေကြပါသည်။ ကျောင်းဝိုင်းတစ်ခုလုံး သန့်ရှင်းရေးလုပ်ပြီး နေ့လယ် အဘအလာကို စောင့်မျှော်ရင်း အိပ်ပျော်သွားပါသည်။

**□ အဘ၏သားအဖြစ်ခံယူခြင်း**

အဘ၏ သားသမီးအရင်းဖြစ်လာသောအခါ သံယောဇဉ်များကြီးထွားလာပါသည်။ အဘသည် ရန်ကုန်ရွာသာကြီး ဘုန်းကြီးကျောင်းတွင်နေသည်။ ရွာသာကြီးတွင် သာသနာပြုပြီး ပင်လယ်ကမ်းစပ်တစ်နေရာကို သွားချင်နေလေသည်။ အထူးသဖြင့် ဝိဇ္ဇာဌာနေ အလုံပြည်ရှိရာအတွင်းဒီပါရုံဘုရားများကို ဖူးချင်နေလေသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အတွင်းဒီပါရုံဘုရား၊ အပြင်ဒီပါရုံဘုရားများတည်ရှိပါသည်။ ရွှေတွင်းတားဒီပါ၊ ပျဉ်းမချောင်းဒီပါ၊ မော်တင်စွန်းဒီပါ သာပေါင်းမှ ဒီပါအေးမြဟူ၍ (၄) ဆူရှိပါသည်။ ထိုဒီပါရုံဘုရားတို့၏အလယ်တွင် ဝိဇ္ဇာဌာနေ အလုံပြည်ရှိလေသည်။ အလုံမြို့သည် လူတွေမရောက်နိုင်မတွေ့နိုင်သောနေရာ ဖြစ်သည်။ ထိုဒီပါရုံဘုရားများကို ဖူးချင်နေလေသည်။ ပင်လယ်ကမ်းစပ်တစ်နေရာကို သွားချင်သည်မှာ တောင်သမုဒ္ဒရာတွင် ကြေးပြာသဘဒ်နှင့် စံမြန်းနေသော ရှင်ဉပဂုတ္တမထေရ်မြတ် သီတင်းသုံးနေထိုင်ပါသည်။ ထိုမထေရ်မြတ်၏ အမိန့်အရ လူ့ပြည်လူ့ဌာနသို့ ပြန်ဝင်လာရပြီး သာသနာပြုနေရခြင်း ဖြစ်ပါသည်။ မိမိ၏ သာသနာပြုလုပ်ငန်းများကို ထိုမထေရ်မြတ်အား အစီရင်ခံစာ တင်၍ လျှောက်ထားချင်သောကြောင့် ပင်လယ်ကမ်းစပ်သို့ ကြွလိုခြင်း ဖြစ်ပါမည်။

ကျွန်ုပ်သည် အဘ၏ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါသည်။ ကျွန်ုပ်၏ အမျိုးသမီးမှာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းကျေးရွာ ဇာတိဖြစ်သည်။ ငရုတ်ကောင်းရွာသည် ပင်လယ်ကမ်းစပ်မှရွာဖြစ်လေသည်။ ငွေဆောင်ကမ်းခြေနှင့်တစ်ဆက်တည်း အောက်ဘက်၌တည်ရှိ၏။ ငွေဆောင်နှင့် မော်တင်စွန်းကြားလောက်တွင် တည်ရှိသည်။

ငရုတ်ကောင်းရွာအရှေ့ကျောင်းဆရာတော်မှ ဘုရားတည်ချင်သဖြင့် ကျွန်ုပ်အား အကူအညီတောင်းခံလာသည်။ ကျွန်ုပ်မှ အဘကိုလျှောက်ထားသောအခါ အဘက ဝမ်းသာအားရလက်ခံတော်မူလေသည်။

"ငါလည်း ပင်လယ်ကမ်းစပ်ကိုသွားချင်နေတာ၊ ဒီပါရုံဘုရားတွေလည်း ဖူးချင်နေတာ။ ငါ့ဆန္ဒပြည့်ပြီပေါ့ကွာ"

ကျွန်ုပ်တို့သည် အဘကိုပင့်၍



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကမ်းစပ် ငရုတ်ကောင်းသို့ အကြိမ်ကြိမ်အခါခါသွားကြလေသည်။ ငရုတ်ကောင်းကျောင်းတွင် နေကြပြီး ဘုရားတည်ခြင်းအမှုကို ဆောင်ရွက်ကြလေသည်။

**၁။ ငရုတ်ကောင်းသို့ပထမဆုံးခရီးစဉ်**

အဘ ငရုတ်ကောင်းသို့ ကြွမည်ဟူသောသတင်းသည် အဘသားသမီးများနားသို့ ချက်ချင်းပျံ့နှံ့သွားလေသည်။

"မချောတို့ရွာမှာ ဘုရားတည်မှာတဲ့၊ ငရုတ်ကောင်းရွာလို့ ပြောတယ်။ ငွေဆောင်လိုပဲ ပင်လယ်ကမ်းစပ်နားကရွာလို့ပြောကြတယ်"

စသဖြင့် သတင်းစုံလေသည်။

အဘ၏ သားသမီးများသည် အဘခရီးစဉ်ကိုလိုက်ကြမည်။ မရောက်ဘူးသောဒေသမို့ ရောက်ချင်ကြသည်။ တချို့ကျတော့ ပင်လယ်ကမ်းစပ်မို့ ငွေဆောင်ကဲ့သို့ အပန်းဖြေစရာကောင်းမည်ဟုအထင်ဖြင့် လိုက်ချင်ကြသည်။ ပျဉ်းမနားမှ ဇော်မင်း၊ နီနီအောင်တို့က လည်း လိုက်မည်ဟုပြောသည်။ ရန်ကုန်မှ ဦးထွန်းလင်းနှင့်ဇနီးဒေါ် အိအိမိသားစု၊ ဦးရွှေ၊ ခင်မောင်ရီ၊ ထွန်းထွန်းနိုင်၊ တာရုတ်အကျော်ကျော်၊ ကုလားကျော်ကျော်၊ ဦးဝေကြီး၊ ဦးရွှေဘ၊ အတာကြီး၊ ဦးသန်းထွန်းနှင့်ဇနီးဒေါ် ဇင်ဇင်စိုးတို့အားလုံး အသင့်ပြင်ဆင်ထားလေသည်။

ငရုတ်ကောင်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာဒေသဖြစ်သည်။ ပင်လယ်ကမ်းစပ်ဖြစ်၍ အနောက်ရိုးမကြီးက ကာစည်းထားလေသည်။ ရိုးတောင်ကိုကျော်၍သွားရသောတောလမ်း ဖြစ်သည်။ ရန်ကုန်မှ ပုသိမ်သို့သွားရသည်မှာမခက်ပါ။ လမ်းပေါက်ပြီမို့ အချိန်မရွေး သွားလို့ရလေသည်။ ပုသိမ်မှ ငရုတ်ကောင်းသို့ သွားလာရေးမှာအခက်အခဲဆုံးဖြစ်လေသည်။ ပုသိမ်-မော်တင်လမ်းသည် ထိုစဉ်က လမ်းမပေါက်သေးပါ။ မော်တင်ဘုရားပွဲရက်မတ်လရောက်မှ အစိုးရမှ ယာယီမြေလမ်းဖောက်ပေးပါသည်။ ထိုယာယီမြေလမ်းမှ ဘုရားပွဲသို့ ကားများဖြင့်သွားလာလို့ရပေသည်။ မိုးရွာသောအခါ လမ်းပျက်သွားလေသည်။

ကျွန်ုပ်တို့သွားရမည့်လမ်းသည် မော်တင်စွန်းသို့သွားသော ယာယီမြေလမ်းအတိုင်း သွားရမည်ဖြစ်ပါသည်။ မော်တင်စွန်းမရောက်မီ ငရုတ်ကောင်းရွာသို့ ရိုးတောင်ကို ကျော်ဖြတ်၍ဖောက်လုပ်ထားသော သစ်ထုတ်လုပ်ရေးလမ်းကို အသုံးပြုရမည်ဖြစ်ပါသည်။ ကျွန်ုပ်၏ ဇာတိမွေးရပ်မြေ ဟုတ်ပါ။ ကျွန်ုပ်က အညာသားဖြစ်၏။ ဇနီးသည်၏ဇာတိမြေဖြစ်၍ လမ်းမကျွမ်းပါ။ လမ်းပြအဖြစ် ငရုတ်ကောင်းရွာမှ ဦးရိုဝင်း၊ ဦးထွန်းဝေ၊ ဦးလှဝင်းတို့ လာကြိုကြလေသည်။

၂၀၀၄ ခုနှစ်၊ ဧပြီလဆန်းတွင် အဘဦးစီးသာသနာပြုအဖွဲ့သည် ကား (၅) စီးဖြင့် ပုသိမ်သို့ ရောက်လာကြသည်။ အဘက ကားတစ်စီး၊ ဦးသန်းထွန်းက ကားတစ်စီး၊ ဦးထွန်းလင်းက ကားတစ်စီး၊ ဦးဝေကြီးနှင့် ဦးလှအောင်တို့ကတစ်စီး၊ ခင်မောင်ရီက ကားတစ်စီး စုစုပေါင်း ကား (၅) စီးဖြစ်သည်။ ငရုတ်ကောင်းမှ လမ်းပြအဖွဲ့ (၃) ယောက်အားကိုးဖြင့် ပုသိမ်မှ နံနက် (၉) နာရီတွင် စတင်ထွက်ခွာလာပါသည်။ ပုသိမ်သလပ်ခွာအထိ ကွန်ကရစ်ဖြစ်၍ ကားမောင်းကောင်း၏။ သလပ်ခွာမှ စိန်တောင်လမ်းခွဲထိ ကတ္တရာလမ်းဖြစ်၏။ စိန်တောင်လမ်းခွဲသို့ရောက်သောအခါ ညာဘက်သို့သွားပါက ချောင်းသာသို့ ရောက်မည်။ ဘယ်ဘက်သို့သွားပါက ငွေဆောင်သို့ရောက်မည်။ ချောင်းသာသို့မသွားရပါ။ ငွေဆောင်သို့ ကတ္တရာခင်းလမ်းဖြစ်သည်။ ဆက်လက်ထွက်ခွာလာရာ စိန်တောင်လမ်းဆုံမှ သုံးဖာလုံအကွာ လမ်းခွဲတစ်ခုသို့ ရောက်ပြန်ပါသည်။ ညာဘက် ကတ္တရာလမ်းသည် ငွေဆောင်သို့သွားရာလမ်း ဖြစ်သည်။ ဘယ်လက်မြေလမ်းသည် မော်တင်စွန်းသို့သွားရာလမ်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် ဘယ်ဘက်မြေလမ်းအတိုင်း ဆက်လက်ထွက်ခွာလာသည်။ နေ့လယ် (၁၂) နာရီအချိန်သည် အတော်ပူပြင်းသောအချိန်ဖြစ်သည်။ နွေကာလ နေအပူချိန်ကို အန်တုပြီးမောင်းနှင်လာရာ ရွှေတွင်းတူးဒီပါဘုရားနားအရောက်တွင် အတော်မတ်၍ အတက်ကြမ်းသောနေရာ ဖြစ်လေသည်။ ခင်မောင်ရီ၏ဟိုင်းလပ်ကားမှာမတက်နိုင်တော့။ ကားအဟောင်းကို ကြံ့ခိုင်ရေးမလုပ်ဘဲ ဝယ်ပြီးမောင်းလာခြင်းဖြစ်၍ပန်ကာကြိုးပြတ်ပြီး ဘက်ထရီအားပြတ်သွားသည်။ ဆီတိုင်ကီနှင့် ပန့်မှာလည်း ပိုက်ပြုတ်ထွက်သွားသဖြင့် ဆီမလိုက်တော့ပါ။ ကျွန်တော်တို့ကားတန်းကြီးမှာ နေပူပူတွင်ရပ်တန့်သွားလေသည်။ ကားပြင်ဆရာ ဦးလင်းပါလာသဖြင့် တော်သေးသည်။ ဦးလင်းလည်း ချွေးတလုံးလုံးနှင့် ပြင်နေလေသည်။ ခင်မောင်ရီက မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့်အားငယ်နေလေသည်။

"ကားအစုတ်ကြီးကိုဝယ်ပြီးကြံ့ခိုင်ရေးမလုပ်ဘဲမောင်းလာတာ"

"ခင်မောင်ရီက ချဲပေါက်ပြီး ကားဝယ်လာတာ။ ကားအကြောင်း ဘာမှနားမလည်ဘူး။ ဒီကောင် နွားမရွှံ့ပိတ်ရောင်းတာခံလိုက်ရပြီ"

"ကားအစုတ်ကြီးကို ဘာလို့ရိုးအောင်ကို ယူလာရတာလဲ။ ဒီမှာထားခဲ့ရင်ကောင်းမယ်"

စသဖြင့် တစ်ယောက်တစ်ပေါက်ပြောနေကြ၏။ ကျွန်ုပ်လည်း ဘာမှမပြောတတ်သဖြင့် ဦးလင်းထံပြေးသွားပြီး ကားပြင်ရ/မရ မေးရ၏။ ကားအကြောင်း ဦးလင်းအသိဆုံးပင်ဖြစ်၏။

"ခဏစောင့် ဘုရားဒကာရေ။ အဘနဲ့အဖွဲ့ကို ထမင်းကျွေးထားလိုက်ပါ"

"ဟုတ်ကဲ့ ဦးလင်း"

ပုသိမ်မှဝယ်လာသော ဒံပေါက်များကိုလိုက်ဝေပြီး တောထဲသစ်ပင်အောက်တွင် ထိုင်၍စားကြလေသည်။ သောက်ရေသန့်ဘူးများကိုယ်စီပါသဖြင့် ရေငတ်တိုင်း ဖောက်သောက်နေကြ၏။ မနီနီအောင်ခေါ် သဖြင့် ဘာအခက်အခဲရှိသလဲ သိချင်၍ သွားမေးရသေး၏။

"ဘုရားဒကာ၊ ကျွန်မ ထမင်းဆာတယ်။ ကျွန်မအတွက် သက်သတ်လွတ်ဒံပေါက်ပေးပါ"

"ဗျာ - ဒီမှာ သက်သတ်လွတ်ဒံပေါက်မပါဘူး။ အားလုံးကြက်သားတွေထုပ်လာတာ"

"ကျွန်မ တစ်သက်လုံး သက်သတ်လွတ်စားတာမသိဘူးလား။ အခုဝယ်ပေးပါ"

"ဩော် - ခက်ပြီ"

"ခုမှ ဘာခက်တာလဲ။ ဘာလို့တောကြိုတောင်ကြားက မိန်းမကို ယူရတာလဲ။ မြို့ပေါ်ကမိန်းမကို မယူဘဲ ငရုတ်ကောင်းသူယူလို့ ငါတို့အခုလို ဒုက္ခရောက်တာ"

"တောင်းပန်ပါတယ် ဒေါ်နီနီအောင်ရယ်။ အခုသက်သတ်လွတ်ဒံပေါက်မရနိုင်ဘူး။ ထမင်းအဖြူပါတယ်။ ဒီအတိုင်းဟင်းမပါဘဲစားလိုက်ပါ"

မကျေမနပ်ဖြင့် နှုတ်ခမ်းဆူပြီး ကျန်ရစ်ခဲ့၏။ မကြာမီ ဦးလင်းတို့အဖွဲ့ ကားပြင်၍ ပြီးဆုံးသွားသဖြင့် ဟိုင်းလတ်ကား စက်နှိုးသွားပေသည်။ ကြံ့ခိုင်ရေး

www.burmeseclassic.com

ချို့တဲ့သော ခင်မောင်ရီ၏ကားကို ရှေ့ဆုံးမှတင်၍မောင်းစေပါသည်။ အတက်ကိုမတက်၍ ကြိုးဖြင့်ချိတ်ဆွဲရလေသည်။ ငရုတ်ကောင်းသို့ ပထမဆုံးခရီးစဉ်မှာ ပြဿနာနှင့်စခဲ့ရလေသည်။ ကျွန်ုပ်တို့ ကားတန်းကြီးသည် ရွှေတွင်းတူးဒီပါရုံအတက်တွင် ခဏနားပြီး ဆက်လက်မောင်းနှင်လာရာ မဏ္ဍပ်သို့ရောက်၏။ မဏ္ဍပ်မှာ စမ်းချောင်းလေးဘေးတွင် တည်ထားသော ရွာငယ်လေးဖြစ်၏။ ကျွန်ုပ်တို့အဖွဲ့သည် သစ်ထုတ်လုပ်ရေးကားများ ပြေးဆွဲရာလမ်းနှင့် မော်တင်စွန်းလမ်းမှားသဖြင့် မကြာခဏ နောက်ပြန်ထုတ်ဆုတ်ရ၏။ ကား(၅)စီးမှာ တကွဲတပြားစီဖြစ်ပြီး စကားပြောစက်ဖြင့် မကြာခဏဆက်သွယ်ရလေသည်။ လမ်းမှားခြင်း၊ ကားပျက်ခြင်း၊ လမ်းမကောင်းခြင်းတို့ကြောင့် ခရီးသွားရတာ ထင်သလောက်မပေါက်ပေ။

"ဘုရားဒကာ၊ မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"

"ဘယ်လောက်လိုသေးလဲ"

"အဲဒါလည်းမသိဘူးဗျ"

"ဒီမှာ ဖုန်တွေတလုံးလုံးနဲ့ ချွေးတွေတရွှဲရွှဲနဲ့နေရတာ ငရုတ်ကောင်းကလည်း ခုထိမရောက်သေးဘူး"

"ရောက်တော့မှာပါ"

"ဘာရောက်တော့မှာလဲ။ ဘာမှလည်းမသိဘဲနဲ့ မိန်းမယူစရာရှားလို့"

"လာပြန်ပြီ ဒီမိန်းမ၊ ဘာလို့ ခလုတ်တိုက်နေတာလဲ"

"ဟဲ့ - ငါတို့က ဒီလောက်ခက်ခဲမှန်းမသိလို့ လိုက်လာတာ"

"သည်းခံပါဗျာ။ အဘသားသမီးတွေဖြစ်ပြီး တဖျစ်တောက်တောက် မပြောကြနဲ့"

"ဟုတ်ပါပြီ - ကျွန်တော်ဘုရားတည်တာရည်ရွယ်ချက်ရှိတယ်။ ဒီဘုရားပြီးရင် ကျွန်တော့်မိန်းမကို ခေါင်းလောင်းထိုးပြီးလှူခဲ့မှာ"

"ဟင်-နင်တကယ်ပြောတာလား"

"ဟုတ်တယ် တကယ်ပြောတာ"

"အဘရေ ဒီမယ် ဘုရားဒကာက ပြောနေတယ်၊ မချောဒွေးကို ခေါင်းလောင်းထိုးလှူမယ်တဲ့"

"ဝါး. . . ဟား. . . ဟား. . . ဟား. . ."

ဤသို့ဖြင့် ရယ်မောကြ၊ နောက်ကြပြောင်ကြရင်း တောင်ပေါ်ငရုတ်ကောင်းရွာသို့ ရောက်ကြလေသည်။

ပုသိမ်မှ မော်တင်စွန်းထိ မိုင်(၉၀)ဝေး၏။ တောင်ပေါ်ငရုတ်ကောင်းထိ မိုင် (၆၀) ဝေး၏။ မော်တင်စွန်းရောက်ရန် မိုင်(၃၀)ကျန်သေးသည်။ ကျွန်တော်တို့အဖွဲ့သည် တောင်ပေါ်ငရုတ်ကောင်းရွာတွင်ခဏနားကြသည်။ အအေးကြိုက်သူများက အအေးသောက်ကြ၏။ လက်ဖက်ရည်ကြိုက်သူများက လက်ဖက်ရည်သောက်ကြ၏။ ရခိုင်မုန့်တီကြိုက်သူများက ရခိုင်မုန့်တီစားကြသည်။ အားလုံးအမောပြေနားပြီးခရီးဆက်ထွက်ပါသည်။ တောင်ပေါ်ငရုတ်ကောင်းရွာအလွန်တွင် လမ်းခွဲတစ်ခုရှိ၏။ညာဘက်သို့ကွေ့ပြီး ခွဲသွားသောမြေလမ်းသည် ငရုတ်ကောင်းသို့သွားသောလမ်းဖြစ်ပါသည်။ ငရုတ်ကောင်းတောင်နှင့် ငရုတ်ကောင်းရွာသည် (၁၇) မိုင်ကွာဝေးပါသည်။

အဘဦးစီးသော် ကား (၅) စီးသည် တောင်ပေါ်ငရုတ်ကောင်းရွာမှ အနောက်ရိုးမကို စတင်ဖြတ်ကျော်လေသည်။ တောင်ပတ်ကြီး၊ ဖြိုးတောင်၊ ဆင်းပါးချပ်ဘုရားတောင်၊ ဆင်မုံလမ်းခွဲစသဖြင့် တစ်ခုပြီးတစ်ခု ဖြတ်ကျော်ရပါသည်။ တောင်ပတ်ကြီးသည် အမြင့်ဆုံးတောင်ဖြစ်ပြီး ပတ်၍တက်ရသောကြောင့် တောင်ပတ်ကြီးဟု ခေါ်သလား မသိ။ တော၁မှာ အတော်နက်၏။ နေပြောက်မထိုးပေ။ သစ်ကြီးဝါးကြီးများပေါပြီး တောဆင်ရိုင်းများ၊ ကျားများရှိလေသည်။ လတ်လတ်ဆတ်ဆတ်ဆင်ချေးပုံများကိုကြည့်ပြီး ဆင်ဖြတ်သွားတာမကြာသေးဟု လမ်းပြ ဦးရီဝင်းမှ ရှင်းပြ၏။ ဆူညံဆူညံလုပ်တတ်သော အမျိုးသမီးအဖွဲ့လည်း ပါးစပ်ပိတ်ပြီး ဘုရားစာရွတ်နေလေ၏။ ကျွန်တော်လည်း ကြောက်စိတ်ဖြစ်ပေါ်လာသည်။ အဘပါတာပဲ၊ အားကိုးရှိတယ်ဟု စိတ်တင်းထားလိုက်ရ၏။

တောင်ပတ်ကြီးကို ကျော်လာပြီး ဖြိုးတောင်ကိုရောက်၏။ ဖြိုး(ဖြုန်း)စများ အမြဲပြုတ်ကျနေလေသည်။ တောင်တစ်လုံးမှာ ဖြိုးများနှင့် တည်ထားလေသည်။ ကျွန်ုပ်မောင်းနှင်သောကားမှာ အဆင်းတွင် အရှိန်လွန်ပြီး ချောက်နှုတ်ခမ်းသို့ရောက်သွား၏။ ရှေ့တွင် ချောက်ထဲကျဖို့ တစ်ပေခန့်သာလိုတော့သည်။ အဘသားများ စုဝေးရောက်လာပြီး နောက်ပြန်ဆုတ်ရ၏။ ကားကို နောက်ဆုတ်ပြီး ပြန်ကွေ့မှ လမ်းပေါ်ရောက်လေသည်။ ကျွန်ုပ်လည်း ဆက်မမောင်း

ရဲသဖြင့် ဦးမျိုးအောင်က ဆက်မောင်းပေးရ၏။

ဒီလောက်ခက်ခဲသောလမ်း၊ အန္တရာယ်များသောလမ်း၊ သားရဲတိရစ္ဆာန်ပေါသောလမ်းကိုဘာလို့လာကြတာလဲ။ အဘကိုတော့ မပြောရဲကြပါ။ ကျွန်ုပ်အား နှုတ်ခမ်းစူ၍ မကျေမနပ်ဖြစ်နေကြလေသည်။ အသက်နှင့်ရင်း၍လာရသော ငရုတ်ကောင်းကို နောက်ဘယ်တော့မှ မလိုက်ဘူးဟု စိတ်ထဲမှ ကျိတ်၍ဆုံးဖြတ်ချက်ချကြလေသည်။ မကြာမီ ဘုရားတောင်နားသို့ ရောက်လေပြီ။ ဟော - တွေ့ပြီ ပင်လယ်ပြင်ကြီး။

"ဟာ- ကြည့်ကြစမ်းပေါ့။ ဟိုမှာ ပင်လယ်ပြင်ကြီး"

ကားရပ်ပြီး တောင်အကွေ့တွင် ဘွားဆိုမြင်တွေ့ရသော မြင်ကွင်းကို အဘက ပြနေခြင်းဖြစ်၏။ ပင်ပန်းနွမ်းနယ်သမျှ အမောပြေစေသောမြင်ကွင်းဖြစ်သည်။ အပြာရောင်တို့ဖြင့် တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သော ပင်လယ်ပြင်ကြီး၊ အုန်းပင်၊ အုန်းလက်တို့ဖြင့် စိမ်းစိုနေသော ပင်လယ်ကမ်းခြေတို့သည် အဘသားသမီးတို့ကို စိတ်ပျော်ရွှင်စေခဲ့ပါသည်။

"ဝေး. . . ပင်လယ်ကြီး"

"ဟိုး. . . လှလိုက်တာ"

"ဘုရားဒကာကြီးရေ၊ ကျေးဇူးကျေးဇူး"

လက်ပံပင် ဆက်ရက်ကျသည့် အမျိုးသမီးအဖွဲ့၏ အံ့ဩသံ၊ ဝမ်းသာအသံ၊ ကျေးဇူးတင်သံတို့ဖြင့် စထော်နီးကြားလာပါသည်။

"အဘ ဟိုမှာမြင်ရတာ ငရုတ်ကောင်းရွာပဲ"

"ဒီဘက်ကရွာလား"

"ဟုတ်တယ် အဘ"

"ဟိုပင်လယ်ထဲမှာ ကျောက်ဆောင်ကြီးရှိတယ်"

"ဟုတ်တယ် အဘ၊ ဒေသအခေါ် တိုက်သုံးလုံးလို့ခေါ်တယ်။ ကျောက်ဆောင်က (၃) ခုရှိတယ်အဘ"

"အေး၊ အေး"

"ဟိုဘက်အစွန်းထွက်နေတဲ့အရ ကတော့ မိချောင်းဂေါင်းလို့ခေါ်တယ် အဘ"

"အင်း - အဝေးကဆိုတော့ သိပ်မကွဲဘူးပေါ့"

"ဟုတ်ကဲ့ အဘ၊ အနီးကပ်သွား ကြည့်ရင် တကယ်မိကျောင်းကြီးတ ကောင်ရဲ့ခေါင်ကြီးနဲ့တူတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

မိချောင်းဂေါင်းလို့ခေါ်တာ"

"ဘုရားတည်မယ့် တောင်ကော မြင်ရပြီလား"

"မမြင်ရသေးဘူး အဘ၊ ရောက်ခါနီးပါပြီ"

"အေးအေး - ဆက်သွားကြရအောင်"

လှပသော သဘာဝပန်းချီကား တစ်ချပ်ကိုကြည့်၍ အားမရမိ ငရုတ်တောင်းရွာသို့ ဆက်လက် ထွက်ခွာလာကြသည်။ မကြာမီ ဘုရားတည်မည့် ဘုရားတောင်သို့ရောက်ပါပြီ။ ငရုတ်တောင်းရွာ၏ အရှေ့ဘက်တောင်ကုန်းထိပ်တွင် ဘုရားတည်ရန် နေရာရွေးထားကြသည်။ ဘုရားတည်မည့်တောင်ကုန်းမှာ လမ်း၏ညာဘက်တွင်ရှိပါသည်။ ဘုရားကုန်းသို့ အရင်ဝင်ကြ၏။ ဘုရားကုန်းတွင် ငရုတ်ကောင်းမှ ဆရာတော်ဦးသုဇာတနှင့် မချောငွေ၏အစ်ကို ကိုလှကြိုင်တို့က ဘုရားကုန်းမှစောင့်နေကြသည်။

အဘဦးစီးသောကား(၅)စီး ဘုရားကုန်းသို့ရောက်သောအခါ လူ(၅၀၀)ခန့် အဘကို ကြိုဆိုနေကြသည်။ အိုးစည်ဗုံတတ်တို့ဖြင့်တီးမှုတ်ကြသော ငါးသလဲရွာသားများလည်း ပါဝင်ကြသည်။ ရှေ့ဆုံးမှ ဦးလှကြိုင်နှင့် ဆရာတော်ဦးသုဇာတမှ ကားတံခါးဝမှ စောင့်ကြိုဆက်ကြသည်။

"အဘ၊ ဒါ ဆရာတော်ဦးသုဇာတ၊ ဘုရားတည်ချင်တဲ့ ဆရာတော်ပဲ"

"ဆရာတော်ဘုရား နေကောင်းပါသလား။ ဆရာတော်ကို ဦးထိပ်ပန်ဆင်ကန်တော့ပါတယ်"

"ဒါက ကိုလှကြိုင်ပါ၊ မချောငွေအစ်ကိုပါ"

"အေး၊ အေး"

အောင်ကိုသန့်က မောင်းထုပြီး အဘကို ကြိုဆိုနေသည်။ ဖိုးတီတီးဆောင်တို့က ထီးဖြူနှစ်လက်ကိုင်ပြီး အဘကိုကြိုဆိုကြ၏။ အဘနောက်က ပါလာသူများ ဆင်း၍လိုက်လာကြ၏။ ရှေ့ဆုံးမှနေ၍ အောင်ကိုသန့်က မောင်းတီး၍ဦးဆောင်လမ်းဆောင်ပါသည်။ ပရိသတ်တို့သည် အဘကို လက်အုပ်ချီပြီး ကန်တော့ကြသည်။ ဆရာတော် ဦးသုဇာတ သီတင်းသုံးရာကျောင်းသို့ ပင့်ဆောင်ပြီး နားစေပါသည်။ ဆရာတော်နှင့် စကားပြောပြီး ဘုရားတည်မည့်ကိစ္စ ဆွေးနွေးနေပါသည်။

ဒီနေရာပဲ ဘုရားတည်ဖို့ရည်ရွယ်ထားတာ"

"ကောင်းပါတယ် ဘုရား"

"ဦးပဥ္စင်းကတော့ လွန်ခဲ့တဲ့ (၃) နှစ်ကတည်းကကြိုးစားနေတာ မအောင်မြင်ဘူး။ ဒါကြောင့် ဘုရားဒကာကို အကူအညီတောင်းရတာ"

"တပည့်တော် ရောက်လာပါပြီဘုရား။ အရှင်ဘုရား ဆန္ဒပြည့်ဝမှာပါ"

"ဝမ်းသာပါတယ် ဒကာကြီး။ ကဲ-ဒကာကြီးတို့တည်းခိုဖို့ ဦးပဥ္စင်းကျောင်းမှာလုပ်ထားတယ်"

"တင်ပါ့ဘုရား၊ တပည့်တော်တို့အဖွဲ့ ခဏနားပြီး တည်းခိုမယ့်ကျောင်းကို ဆက်သွားမှာပါဘုရား"

အဘသည် ဆရာတော်အား ဝတ်ဖြည့်ပြီး ကျောင်းပေါ်မှ ပြန်ဆင်းလာသည်။ မဏ္ဍပ်ထဲတွင် အဘကြိုဆိုသော လူပရိသတ်ကြီးသည် အဘကို စောင့်မျှော်နေကြသည်။ အဘသည် ပရိသတ်ကြီးကို တစ်ချက်ကြည့်ပြီး ကန်တော့ခံရန် ရှေ့ကြွရောက်လာသည်။ ကုလားထိုင်ပေါ် သို့ထိုင်ပြီး လူပရိသတ်၏ ကန်တော့ခြင်းကို ခံယူတော်မူ၏။ ထို့နောက် မေတ္တာပို့ပါသည်။

"အခုလို အဘကို ကန်တော့ကြသောသားသမီးများ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟုအစရှိသောနေ့သားအလိုက် သားသမီးများ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးလည်း မြဲကြပါစေ။ သရဏဂုံတည်ပြီး သီလများလည်း ဆောက်တည်နိုင်ကြပါစေ။ သူတော်ကောင်းတရားများလည်း ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပါစေ။ မိုးလေဝသ ကောင်းမွန်၍ သစ်သီး၊ သီးနှံတို့လည်း ပေါကြွယ်ဝစွာ ထွက်ပေါ်ကြပါစေ။ ကောင်းရောင်းကောင်းဝယ်ပြုကြသူများလည်း ကြီးပွားချမ်းသာကြပါစေ၊ မိမိတို့ရင်ထဲမှ လိုသမျှ၊ တောင့်တသမျှ ပြည့်စုံစွာကိုယ်စီရကြပါစေ။ အဘ မေတ္တာများပို့လိုက်ပါတယ်"

"သာဓု၊ သာဓု၊ သာဓု"

"အဘပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏"

"အေးအေး - အဘတို့ရောက်လာတာ ဘုရားတည်ဖို့ရောက်လာတာ။ ဝမ်းသာကြသလား"

"ဝမ်းသာပါတယ် အဘ"

"အေးအေး-ခရီးလမ်းပင်ပန်းလို့ အဘတို့ကို နားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ အဘ"

အဘတို့ ကားငါးစီးသည် ဘုရားကုန်းမှဆက်လက်ထွက်ခွာလာရာ ငရုတ်ကောင်းရွာသို့ ရောက်ရှိလာသည်။

ငရုတ်ကောင်းရွာဆရာတော်၏ ကျောင်းတွင် ဓမ္မာရုံတစ်လုံးအား ဧည့်သည်များတည်းခိုရန် စီစဉ်ထားပါသည်။ ကိုလှကြိုင်တို့အဖွဲ့သည် အဘတို့အိပ်ရန် ခုတင်၊ ခြင်ထောင်၊ ချိုးရန်ရေတို့ကို အဆင်သင့်ပြင်ဆင်ထားပါသည်။ အဘ၏သမီးများအိပ်ရန် ကန့်လန့်ကာများ ကာရံပေးထားပါသည်။ ညလုံးပေါက် ဒိုင်နမိုမီးစက်ဖြင့် မီးထွန်းပေးထားပါသည်။

အဘသည် ကိုလှကြိုင် စပ်ပေးသောရေကိုချိုးပြီး ကုလားထိုင်တွင်ထိုင်နေသည်။ သားသမီးများစုံသောအခါ ညစာသုံးဆောင်ပါသည်။ အဘတို့အဖွဲ့စားရန် ချက်ပြုတ်သောအဖွဲ့မှာ ဆရာမအုပ်စုဖြစ်လေသည်။ ဒေါ်မြသောင်း၊ ဒေါ်ဝါနု၊ ဒေါ်ခင်သက်နွယ်နှင့်ဦးလှကြိုင်၏ သမီးများဖြစ်သော ဝါဝါ၊ သူသူတို့ဖြစ်သည်။ သူတို့အဖွဲ့သည် အဘကို ယုံကြည်ကြပြီး သဒ္ဓါတရားထက်သန်သူများဖြစ်ကြသည်။ အဘ ငရုတ်ကောင်းသို့ရောက်တိုင်း မညည်းမညူချက်ပြုတ်ကျွေးမွေးကြသည့် ဝေယျာဝစ္စအဖွဲ့ဖြစ်သည်။ အဘနှင့်လည်း အတော်ရင်းနှီးကျွမ်းဝင်ကြလေသည်။

ညစာကို ပင်လယ်စာ ငုံး၊ ကဏန်း၊ ပုစွန်ဟင်းအပြင် ငါးပိရည်၊ တို့စရာများ၊ ဟင်းရွက်ကြော်များဖြင့် တည်ခင်းဧည့်ခံသည်။ ဆန်မှာ ဆင်မုံရွာမှထွက်သော ဒေသဆန် ဖြစ်သည်။ အစားဆုံးမှာ ခင်မောင်ရီနှင့် ဦးမွေးတို့ဖြစ်သည်။ တစ်ယောက် (၄) ဇလုံခန့်စားပြီး မထနိုင်သဖြင့် ဝိုင်းထူရလေသည်။ မချောငွေမှာ လိုတာမရှိရအောင် အနီးကပ်စောင့်ကြည့်နေလေသည်။

"မငွေး စားလေ၊ စားလို့ကောင်းသလား"

"စားကောင်းတယ် မချောရေ။ ခရီးကပင်ပန်း၊ ဆာလည်းဆာတော့ စားလို့မဝနိုင်ဘူးဖြစ်နေတယ်"

"မနီနီအောင် စားလေ"

"ကျွန်မက သက်သတ်လွတ်စားတာ"

"ဪ- မသိလို့ဖြစ်မယ်။ နောက်ဆိုရင် သက်သတ်လွတ်ဟင်းစီစဉ်ပေးမယ်"

"ရပါတယ် ကျေးဇူးလည်းတင်ပါတယ်"

"အိအိ စားလေ"



www.burmeseclassic.com

www.burmeseclassic.com

"စားလို့ကောင်းတယ်၊ ကျေးဇူးလည်းတင်တယ်"

ထမင်းစားပြီးနောက်မှ ငှက်ပျော ချဉ်သီးများဖြင့် ဧည့်ခံလေသည်။ တစ်မူထူးခြားသော ထမင်းဟင်းများ၊ ဖော်ရွေသောအိမ်ရှင်များနှင့် ဧည့်ဝတ်ကျေသော ဆရာမတို့၏ အပြုံးများအား ကျေးဇူးတင်ပါတော့သည်။

□ ပန္နက်တင်မင်္ဂလာအကြိုမြင်ကွင်း

တစ်ညတာ အနားယူအိပ်စက်ပြီး မိုးလင်းသောအခါ အဘကို အိမ်သာလိုက်ပို့ကြ၏။ ခင်မောင်ရီနှင့် ဦးမွေးတို့က အဘကို တစ်ဖက်တစ်ချက်ကိုင်ပြီး အိမ်သာသို့လိုက်ပို့လေသည်။ အိမ်သာမှာ အိပ်သောမွေ့ရာနှင့် အတော်လှမ်းလေသည်။ အိမ်သာမှအပြန် မျက်နှာသစ်ပြီး ကုလားထိုင်တွင်ထိုင်ပြီး ဆေးလိပ်သောက်နေသည်။ နီးသူနီး၊ အိပ်သူအိပ်နှင့် မိုးလင်းစ အရုဏ်ဦး၏မြင်ကွင်းပင် ဖြစ်သည်။ သူသူက အဘသောက်ရန် ရေနွေးကြမ်းအိုးလာပို့လေသည်။ အဘဆေးလိပ်သောက်တာတွေ့၍ ဦးချကန်တော့ပြီးပြန်လာ၏။ အဘစကားပြောသံကြားရ၏။

"အိမ်သာကလည်းဝေးလိုက်တာကွာ။ မိုင် ၂၀/၂၅ မိုင်လောက်ရှိမယ်"

"ဟာ - အဘကလည်း ဒီလောက်မဝေးပါဘူး။ ပေ (၃၀၀) လောက်ပဲရှိမှာပါ"

အဘက ဘာမှပြန်မပြောတော့ပါ။ ခင်မောင်ရီလည်း အဘပြောတာမှားနေကြောင်း အဘကရွဲ့ပြောသည်ဟု ထင်နေ၏လေသည်။ သူက ထမင်းဟင်းချက်ပြုတ်နေသောဆရာမအဖွဲ့ကို အဘပြောတာပြန်ပြောနေ၏။ အဘက အိမ်သာဝေးကြောင်း မိုင် ၂၀/၂၅ မိုင်လောက်ဝေးတယ်ဟု ပြောကြောင်း ဖောက်သည်ချနေလေ၏။ ဆရာမအဖွဲ့ ခေါင်းဆောင်ဒေါ်မြသောင်းက ဒါဆိုရင် တို့အဖွဲ့ ချဲထိုးကြည့်ရအောင်ဟု ပြော၏။ (၂) လုံးထီ (၂၀/၂၅) ကိုပတ်လည်ထိုးကြရာ ဆရာမအဖွဲ့ချဲပေါက်ကြောင်း သိရလေသည်။ အခြားသူများ ပေါက်သည်ဟုမကြားရပါ။ တိုက်ဆိုင်သည်ဟု ပြောကြ၏။

နံနက် (၉) နာရီတွင် ကျွန်တော်တို့အဖွဲ့သည် ဘုရားပန္နက်ရိုက်ရန် ဘုရားကုန်းသို့သွားကြပါသည်။ ငရုတ်ကောင်းရွာသည် ရေပတ်လည်ဝိုင်းနေသောရွာဖြစ်သည်။ တစ်ဖက်က ပင်လယ်ပြင်ကြီးဖြစ်ပြီး ကျန်သောပတ်လည်တွင် ချောင်းများဖြင့် ကာရံထားသည်။ မင်းတုန်းမင်းကြီးသည် နန်းမြို့ကြီးကို ရေကျုံးဖြင့် တည်ဆောက်လေသည်။ ယခုငရုတ်ကောင်းရွာကို သဘာဝရေကျုံးဖြင့် ပတ်လည်ဝိုင်းရံထားလေသည်။ အံ့သြစရာ ထူးခြားသောရွာလေးကို အဘအောင်မင်းခေါင် ရောက်ရှိနေခြင်းဖြစ်ပါသည်။

ငရုတ်ကောင်းနှင့်တစ်ဆက်တည်း ညောင်ပင်ဆိပ်၊ ရေကျော်၊ ရွာသစ်၊ သက်နိုး စသည့်ရွာများ အစဉ်အဆက်ရှိသည်။ ထိုရွာစဉ်ရွာတန်းတို့နှင့်ကပ်လျက် ဘုရားတောင်ကုန်းရှိလေသည်။ ဘုရားတောင်ကုန်းသို့ရောက်သောအခါ ဆရာတော်ဦးသုဇာတမုကြိုဆိုပြီး ဘုရားကုန်းပေါ်သို့ ခေါ်ဆောင်သွားသည်။ ဆရာတော် တည်ဆောက်ဆဲ ဘုရားကိုလိုက်ပြလေသည်။ အုတ်ရိုးစီလျက် ရပ်တန့်ထားသော ဘုရားရင်ပြင်တော်ပေါ်သို့ အဘနှင့် ဆရာတော်မတ်တတ်ရပ်ပြီး အရပ်ရှစ်မျက်နှာကို ကြည့်တော်မူလေသည်။

"ဆရာတော်ဒီနေရာဘုရားတည်ဖို့တွေးတာမှန်တယ်။ ဘုမိနက်သန်မှန်တယ်။ ရွာတွေရဲ့ထိပ် ဦးဦးဖျားဖျားနေရာဖြစ်တယ်။ နေရာမှန်ပါတယ် ဘုရား"

"ဒကာကြီး၊ ဦးပဥ္စင်းလည်း အုတ်ဖုတ်လိုက်၊ ဘုရားတည်လိုက်၊ ဘုရားတည်ဖို့ငွေလိုတော့ အုတ်ရောင်းလိုက်နဲ့ ရှေ့တိုးမလာဘဲ လုံးချာပတ်ချာလိုက်နေတာ။ ဘုရားတည်ဖို့မဖြစ်နိုင်ဘူးလို့သိလို့ အခုလိုအကူအညီတောင်းရတာ။ ဒကာကြီးကြိုက်သလိုစီစဉ်ပါ။ ကောင်းသလိုဆုံးဖြတ်ပြီးဘုရားတည်ပေးပါ"

"ကောင်းပါပြီ ဘုရား။ အရှင်ဘုရား၏ ခွင့်ပြုချက်ရရှိပြီဆိုရင် ဘုရားပြီးအောင် တပည့်တော်တည်ပေးမှာပါ ဘုရား"

"ဒကာကြီးအဖွဲ့တွေနဲ့ လွတ်လွတ်လပ်လပ်အောင်ရွက်ပါ။ ဦးပဥ္စင်းက လိုအပ်တာကူညီပေးပါ့မယ်"

"ဦးပဥ္စင်းဆန္ဒတွေပြည့်သွားမှာပါ။ ဘာမှမစိုးရိမ်ပါနဲ့ဘုရား"

အဘသည် ဘေးပတ်ဝန်းကျင်ကို လေ့လာပြီး ဘုရားတည်ဖို့ ဆုံးဖြတ်ချက်ချတော်မူပေသည်။ ဆရာတော်မှ အဘကို ကျောင်းပေါ်သို့ ဦးဆောင်ခေါ်ဆောင်လာပါသည်။ ကျောင်းပေါ်ရောက်သောအခါ ဒေသခံတို့မှ အဘစားရန် မုန့်ပဲသရေစာများ၊ ဒေသထွက်သီးနှံများ လာရောက် လှူဒါန်းကြ[...]သည်။ သရက်သီး၊ ငှက်ပျောသီး၊ [...] သီး၊ ကောက်ညှင်းထုပ်၊ ကောက်ညှင်း[...] ကျည်တောက်၊ မုန့်စိမ်းပေါင်း၊ ဟာလ[...] မုန့်လုံးကြီးများအပြည့်လှူကြ၏။ အ[...] နှင့် သားသမီးများစားမကုန်ပါ။ ပို[...] သော စားစရာများကို လုပ်အားပေး[...] ကြသူတို့ကို ဆရာတော်မှ ဒါနပြု[...] သည်။

"ဘုရားဒကာ၊ အဘခေါ် ဘယ်"

ကျွန်ုပ်အား လူတစ်ယောက်[...] ခေါ်သဖြင့် ကျောင်းပေါ်သို့တက်သွား[...] သည်။ ကျောင်းပေါ်တွင် - ဦးဝေ[...] ဦးလှအောင်၊ ခင်မောင်ရီ ဦးမွေး ဦး[...] လင်း၊ အတာကြီး၊ ဦးရွှေဘတို့ ထိုင်[...] သည်ကိုတွေ့ရသည်။

"အဘ၊ သားရောက်ပါပြီ"

"အေး- မင်းတို့အဖွဲ့ ငါ့စကား[...] ထောင်"

"ဟုတ်ကဲ့"

"ငါတို့ ဒီကိုလာတာ အပျော်[...] ကြတာမဟုတ်ဘူး။ ဘုရားတည်ဖို့[...] ကြတာ။ ဘုရားကိစ္စထက်အရေးကြီး[...] မရှိဘူး"

"ဟုတ်ကဲ့ အဘ"

"အေး- အခုမင်းတို့အဖွဲ့က ဘု[...] ရင်ပြင်တော်ကို တိုင်းတာရမယ်။ [...] (၈၀) ပတ်လည် လေးထောင့်ကျ[...] ရာသတ်မှတ်ပေးရမယ်"

"ဟုတ်ကဲ့ အဘ"

"ထောင့်လေးထောင့်ကို တိုင်[...] ပြီးသုံးထားရမယ်။ ပြီးရင် လေးဖက်[...] တန် ရာဇမတ်ကာရမယ်။ ထောင့်[...] မှာ ငှက်ပျောပင်စိုက်ရမယ်"

"ဟုတ်ကဲ့ အဘ"

"ဘုရားဒကာမင်းကခေါင်းဆော[...]"

"ဟုတ်ကဲ့ အဘ"

"မမေ့ပါလား"

"ပါပါတယ် အဘ"

"ဘုရားပန္နက်ရိုက်မဲ့ရက်ကိုန[...] မိတဲ့ရက်ရွေးခဲ့ဖို့မှာထားတယ်"

"ရက်ရွေးပြီးပြီ အဘ"

"ဘယ်နေ့လဲ"

"၂၀၀၄ ခုနှစ်၊ ဧပြီလ ၄ ရက်[...] ၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်[...]"

"ဒါဆို မနက်ဖြန်ပေါ့"

"ဟုတ်ကဲ့ အဘ"

"ဟဲ့ - ဘုရားအမ မချော၊ [...] လာခဲ့"

"လာပါပြီ အဘ"

"ဘုရားပန္နက်တင်မင်္ဂလာ[...]



www.burmeseclassic.com

www.burmeseclassic.com

အနား မွန်ကပ်ပြန်မှာကျင်းပမယ်။လိုတာတွေကြိုတင်ပြင်ဆင်လို့ရအောင်မှာမှာမယ်"

"ဟုတ်ကဲ့ အဘ"

ကျောင်းထဲတွင် အဘ၊ မဌေး၊ နီနီအောင်၊ အိအိ၊ ဒေါ်ဇင်ဇင်စိုးတို့ရှိကြသည်။ ဘုရားပန္နက်တင်မင်္ဂလာအခမ်းအနားကို ကြိုတင်ပြင်ဆင်မှုများ မှာကြားနေပါသည်။ ကျွန်တော်တို့ အဘသားများက ကျောင်းပေါ်မှဆင်းလာပြီး ဘုရားရင်ပြင်ပေါ်သို့ တက်လာကြပါသည်။

ဆရာတော်ဘုရား ဦးသုဇာတ တည်လက်စ ဘုရားအုတ်ခုံမှာ ပေ (၃၀) ပတ်လည် အုတ်မြစ်ချပြီးဖြစ်၏။ အုတ်ခုံအမြင့်မှာ (၂) ပေအမြင့်သာရှိပါသည်။ မြိုးအုတ်ခုံကိုဗဟိုပြု၍ ပေ (၈၀) ပတ်လည် လေးထောင့်ကျကျတိုင်းတာရပါသည်။ တနင်္ဂနွေထောင့်နှင့်ရာဟုထောင့်မှာ အနိမ့်ပိုင်းသို့ရောက်နေပါသည်။ ရာဟုထောင့်သည် ယခုလက်ရှိ ယာယီကျောင်းနှင့်မလွတ်ပါ။ ပေကြိုးနှင့်အဖြောင့်တိုင်းပြီး ပေ (၈၀) ပတ်လည် ထုံးဖြူးပေးပါသည်။ လေးထောင့်ကျကျတွင် ငုတ်ဖြင့်စိုက်ပြီး သာသနာ့အလံများ လွှင့်ထူကြပါသည်။ ထောင့်လေးထောင့်တွင် သာသနာ့အလံ (၄) လက် အလယ်ထိပ်ဖူးတွင် သာသနာ့အလံ (၁) လံ လွှင့်ထူလိုက်ပါသည်။ ငှက်ပျောပင်စိုက်ခြင်း၊ ရာဇမတ်ကာခြင်း၊ ထုံးသားခြင်းများကို ကိုလှကြိုင်မှ ဆက်လက်ဆောင်ရွက်ပါသည်။

အဘနှင့်အဖွဲ့သည် ဘုရားတောင်ကုန်းမှ ငရုတ်ကောင်းသို့ ပြန်လည်ထွက်ခွာလာကြပါသည်။ ငရုတ်ကောင်းကျောင်းတွင် ဆရာမအဖွဲ့ ချက်ပြုတ်တည်ခင်းသော စားဖွယ်စုံက အသင့်စောင့်ကြိုနေပါသည်။ ထမင်းမစားမီ အနောက်မုန့်ဟင်းခါး (ရခိုင်မုန့်ဟင်းခါး) ဖြင့် ဧည့်ခံပါသည်။ မုန့်ဟင်းခါးဟင်းရည်မှာ အကြည်ဖြစ်သည်။ ငါးနှင့်ချက်ပြုတ်ထားပြီး ငါပိ၊ ငရုတ်သီးများဖြင့် စပ်စပ်ချက်ထားပြီး မုန့်ဖတ်နှင့်ရော၍ စားရသည်။ ငါး၏လတ်ဆတ်ခြင်း၊ ငါးပိကောင်းခြင်းကြောင့် ငရုတ်ကောင်းမှ မုန့်ဟင်းခါးရည်ကို မဌေး၊ မနီနီအောင်၊ အိအိတို့မှာ ခေါင်းမဖော်တမ်းစားသုံးကြလေသည်။ အဘကိုချစ်ကြသော ငရုတ်ကောင်းရွာသူရွာသားများလည်း အဘထံ စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းကြလေသည်။ လှူကြသူ၊ ကြည်ညိုကြသူ၊ အလုပ်ကိစ္စဆောင်ရွက်ရန် ရောက်လာကြသူ၊ ချက်ကြပြုတ်ကြသူများနှင့် ပျားများအသိုက်အုံဖွဲ့သကဲ့သို့ ဖြစ်နေကြ၏။

နေ့လယ်ရောက်သောအခါ ကျွန်ုပ်အားခေါ်သဖြင့် အဘထံရောက်လာရ၏။ အဘကိုဦးချကန်တော့ပြီး အဘမိန့်ကြားမည်ကို စောင့်မျှော်နေပါသည်။

"ငါ့သား၊ ဘုရားပန္နက်ရိုက်မယ်"

"ဟုတ်ကဲ့ အဘ"

"ဘုရားပန္နက်ရိုက်တဲ့နေ့က ဒီဘုရားစတင်တဲ့နေ့ဖြစ်တယ်။ ဒီနေ့က အရေးကြီးတယ်"

"ဟုတ်ကဲ့ အဘ"

"အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး ဤ (၃) မျိုး ချက်မပိုင်ခဲ့လျှင် နောင်ပြင်ရန်ခက်တဲ့အမျိုးလို့ စာဆိုရှိတယ်"

"ဟုတ်ကဲ့ အဘ"

"ဒါကြောင့် ဘုရားတည်မယ့်နေ့ဟာ နေ့ကောင်းရက်မြတ်ဖြစ်ရမယ်။ ပြဿဒါးတို့၊ သမားညီရက်တို့၊ ရက်ပုပ်တို့လို ထိခိုက်တတ်တဲ့ရက်တွေ လွတ်ဖို့လိုတယ်။ အခါပေးတဲ့သူများရင်လည်း မကောင်းတာတွေ၊ ထိခိုက်တာတွေ ဖြစ်တတ်တယ်။ ဒါအခါရက်ကလည်း အရေးကြီးတယ်။ တချို့ဘုရားတွေပျက်ရင် ပြိုကျရင် ပြင်မယ့်သူမရှိဘူး။ ပြင်တဲ့သူထိခိုက်တာတို့၊ သေတာတို့ဖြစ်တယ်။ တချို့ ဘုရားတွေ တန်ခိုးမကြီးထွားဘဲ ချုံတွေနဲ့ ဖုံးသွားတာလည်းရှိတယ်"

"ဟုတ်ကဲ့ အဘ"

"အဘတို့ အခါပေးတာက ဗေဒင်ဆရာတွေနဲ့မတူဘူး။ အဘတို့က နက္ခတ်နဲ့ကြည့်ပြီးပေးတာ၊ နက္ခတ်မိတဲ့ရက်ကို အခါပေးတယ်။ ဒီရက်ကို ဘုရားပန္နက်ရိုက်တယ်။ ဒီဘုရားရဲ့ စတင်ပေါက်ဖွားရာရက်၊ ဘုရားမွေးဖွားရက်၊ ဘုရားပွဲကျင်းပတဲ့ရက် ဒီလိုယူရတယ်"

"ဟုတ်ကဲ့ အဘ"

"အဘတို့ဘုရားတွေ မြန်မာပြည်မှာ အဆူ (၁၀၀) ကျော်ပြီးတန်ခိုးကြီးပြီး ရောင်ခြည်တော်ကွန့်မြူးတာများတယ်"

"ဟုတ်ကဲ့ အဘ၊ သားမှတ်ထားပါ့မယ်"

"ဒီရက်ရွေးတာအခါရက်ကိုတော့ မဌေးကို သင်ပေးထားတယ်၊ မဌေး နားလည်တယ်"

"ဟုတ်ကဲ့ အဘ"

"နောက်အရေးကြီးတာက နေရာရွေးချယ်မှုပဲ။ မြစ်ကမ်းဘေး၊ ပင်လယ်ကမ်းစပ် ချောင်းမြောင်းဘေးမှာ မရွေးရဘူး။ နောင်သဘာဝအန္တရာယ်ကြောင့် ပျက်စီးသွားနိုင်တယ်။ အနိမ့်ပိုင်းတွေ၊ လူတွေနေတဲ့နေရာထက် နိမ့်တဲ့နေရာတွေ၊ ကြည်ညိုမှုနည်းမယ့်နေရာတွေ၊ အထင်သေးစရာ၊ အမြင်သေးစရာနေရာတွေကိုရှောင်ရမယ်။ နောင်အစွန့်ရှည်မယ့်နေရာ၊ နောင်ကာလမှာ ထွန်းလင်းပွင့်ဖူးလာမယ့်နေရာကိုရွေးချယ်ရမယ်။ နောက်အရေးကြီးတာက ဘုရားဆိုတာ လူတွေတင် ဖူးမြော်ရတာ မဟုတ်ဘူး။ ဝိဇ္ဇာတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ အကုန်ဖူးမြော်ကြတော့ အားလုံးနဲ့လိုက်လျောညီထွေရှိမယ့်နေရာအဓိကကျတယ်"

"အဘပြောတာတွေ အတော်တန်ဖိုးရှိတာပဲ။ ဘုရားတည်တာ လွယ်လွယ်လေး အောက်မေ့တာ အခုမှသိရတယ်"

"လူတွေဘုရားတည်ကြတာများပါတယ်။ လူ့စိတ်နဲ့လူ့သဘောကြည့်ရုံနဲ့ မပြည့်စုံဘူး"

"အဘတို့က ဝိဇ္ဇာဆိုတော့ အကုန်မြင်ရတာ တွေ့ရတာဆိုတော့ ပြည့်စုံတာပေါ့"

"တစ်ခါတစ်ရံ တောစောင့်နတ်တွေ၊ တောင်ပိုင်တွေက ကန့်ကွက်တာလည်းရှိသေးတယ်"

"ဟုတ်ကဲ့ အဘ"

"ဒါကြောင့် ဘုရားတည်တာ အုတ်ပုံကြီးတည်တာလို့ မမြင်ရဘူး။ ပုဂ္ဂိုလ်သဘော လူ့သဘောဆိုတာလည်း ရှိသေးတယ်"

"ဟုတ်ကဲ့ အဘ"

"ဘုရားရဲ့သာသနာကို လူတွေ ရဟန်းတွေစောင့်ရှောက်သလို ဝိဇ္ဇာတွေအပိုင်း၊ နတ်တွေ၊ သိကြားမင်းတွေအပိုင်းက စောင့်ရှောက်တာလည်း ရှိသေးတယ်"

"ဟုတ်ကဲ့အဘ၊ သားတော့အခုမှသိရတာ။ တန်ဖိုးကြီးမားပါတယ်"

"ဝိဇ္ဇာတွေအပိုင်းကို အရင်ပြောမယ်"

"ဟုတ်ကဲ့ အဘ"

"ဝိဇ္ဇာတွေက သာသနာကို ထိန်းသိမ်းစောင့်ရှောက်တာကတော့ အမြင်စည်းကမ်းကနေ စောင့်ရှောက်ရတာပဲ။ ရဟန်းသံဃာတွေကတော့ ယက်တွေ့ကျကျ သာသနာအစွန့်ရှည်အောင် အတွင်းစည်းက ဆောင်ရွက်ကြတာပါ"

"ဟုတ်ကဲ့အဘ၊ အခုလို တန်ဖိုးရှိတဲ့စကားတွေကြားရဖို့ ခက်ခဲတယ်၊ သားမှတ်တမ်းတင်ထားပါမယ်"

www.burmeseclassic.com

"ဝိဇ္ဇာတွေဟာ နှစ်ကာလရှည် ကြာစွာ အသက်ရှည်ကြတာမို့ ဘယ်ကာလမှာဘာတွေဖြစ်မယ်၊ ဘယ်ကာလ ရောက်ရင် ဘယ်လိုစောင့်ရှောက်မယ်။ ဒီလိုစီမံချက်တွေချပြီး အပြင်စည်းက ထိန်းသိမ်းဆောင်ရွက်ကြရတယ်"

"ဟုတ်ကဲ့ အဘ"

"အခုခေတ်ဟာ ဝိမုတ္တိယုခေတ် ဖြစ်တယ်။ ဝိပဿနာခေတ်၊ လွတ်မြောက်တဲ့ခေတ်ဖြစ်တယ်။ လူတွေ၊ ရဟန်းတွေ၊ နတ်တွေ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုကြတဲ့ခေတ်ပေါ့ကွယ်"

"ဟုတ်ကဲ့ အဘ"

"ဒီလိုခေတ်ကာလမှာ လူတွေဟာ ရိပ်သာတွေကိုသွားကြရမယ်၊ တရားကျင့်ကြရမယ်။ ဒီခေတ်မှာ သစ္စာတရားတွေ၊ ဟောတဲ့သူတွေပေါ်နေပြီ။ ကျင့်ရင် ပေါက်မြောက်နိုင်မယ့်ခေတ်ကွယ့်။ ဒါကြောင့် အဘတို့ဝိဇ္ဇာတွေက တန်ခိုးမပြရဘူး။ ဝိဇ္ဇာတွေက တရားကျင့်ပြီး တရားရတဲ့သူတွေကို အပြင်စည်းက စောင့်ရှောက်ရမယ်။ ဒါဟာ သာသနာပြုတာပဲ"

"အဘပြောတာတွေဟာ အလွန်တန်ဖိုးရှိတဲ့စကားတွေပါပဲ"

"တချို့သံဃာတော်တွေက အောင်မင်းခေါင် သာသနာမရှိဘူးဆိုပြီး အဘကို ပုတ်ခတ်ဟောပြောတာတွေ ကြားရတယ်အဘ"

"အမှန်က ဟောတဲ့သူလည်း ကျွတ်အောင်လွတ်အောင်ကျင့်ရမယ်။ ကျန်ပရိသတ်ကိုလည်း ဒီဝဋ်ကကျွတ်အောင် ဟောရပြောရမယ်။ ဟောစရာပြောစရာတရားတွေအများကြီးပါ"

"ဟုတ်တယ် အဘ။ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၊ မဟာစည်ဆရာတော်ဘုရားကြီးတို့ဆိုရင် နိဗ္ဗာန်ရောက်ကြောင်းတရားပဲ ဟောတာ။ ဘယ်သူ့မှမပုတ်ခတ်ဘူး။ ကိုယ်တိုင်လည်း ရဟန္တာလို့ ထင်ရှားကျော်ကြားခဲ့ကြတယ်"

"အဘတို့ကတော့ ကိုယ့်တာဝန်ကိုလုပ်တာပါပဲ။ ကိုယ်လုပ်စရာရှိတာလေးတွေလုပ်ပြီးရင် ဝိဇ္ဇာဌာနကို ပြန်တော့မယ်ကွယ်"

"အဘရယ်၊ သားတို့တွေ့တာ နောက်ကျနေတယ်။ အဘပြန်လာတာကိုလည်း သိသူတွေနည်းတယ်။ အခုပြန်တော့မယ်ဆိုတော့ မစောလွန်းဘူးလား"

"အချိန်ကျရင်တော့ ဘယ်သူ့မှတားလို့မရဘူးသား။ အခုလည်း ငရုတ်ကောင်းဘုရား(၁)ဆူတည်တာအဓိပ္ပာယ်ရှိတယ်"

"ဟုတ်ကဲ့အဘ မိန့်ကြားပေးပါဦး"

"ငရုတ်ကောင်းဘုရားဘွဲ့ကို 'ဒီပါ ဇ-ဒီပါရုံ' ဘုရားလို့ ဘွဲ့ပေးမယ်။ ယခင်ကဆို ဒီပါရုံ (၄) ဆူပဲရှိတာ။ အဘပြန်ဝင်လာပြီး ဒီပါဘုရားတွေတည်နေတာ အတော်များပြီ"

"ဟုတ်ကဲ့"

"ဒီပါဆိုရင် ဝိဇ္ဇာတွေနဲ့ဆက်စပ်တယ်။ အလုံနဲ့နီးတယ်။ လူတွေတင်မက ဝိဇ္ဇာတွေလည်း ဘုရားဖူးလို့ရတယ်။ နတ်ပြဟ္မာတွေလည်း ဘုရားဖူးလို့ရတယ်။ ဒါကြောင့် ဒီဘုရားက ထူးခြားမှုတစ်ခုပဲ"

"ဟုတ်ကဲ့"

"ဒီဘုရားတည်ပြီးရင် ရရှိမယ့်အကျိုးတွေ အများကြီးရှိမယ်။ ဒီမှာဘုရားတည်တဲ့ရွာသူရွာသားတွေ၊ လုပ်အားကုသိုလ်ပြုတဲ့သူတွေနဲ့ နယ်သူနယ်သားတွေ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမယ်။ လူတွေကြီးပွားချမ်းသာပြီး လူနေမှုအဆင့်အတန်းတွေမြင့်လာမယ်။ ရွာကနေ မြို့ဖြစ်မယ်၊ ကြက်ပျံမကျ စည်ကားမယ်"

(၂၀၀၄ ခုနှစ်၊ ဧပြီလတွင် ငရုတ်ကောင်းရွာမှ ငရုတ်ကောင်းမြို့နယ်ခွဲအဖြစ် နိုင်ငံတော်မှ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။)

"ဟုတ်ကဲ့"

"ပင်လယ်နဲ့နီးတော့ သဘာဝဘေးအန္တရာယ်တွေနဲ့ ထိစပ်နေတယ်။ ဘုရားကြီးရဲ့တန်ခိုးကြောင့် လေဘေး၊ ရေဘေးအန္တရာယ်က လွတ်ကင်းပါလိမ့်မယ်"

(နာဂစ်မုန်တိုင်းအန္တရာယ်မှ ကင်းလွတ်ခဲ့သည်။)

"ဟုတ်ကဲ့"

"သူတော်ကောင်းတွေရောက်လာပြီး သူတော်ကောင်းတရားတွေဟောပါလိမ့်မယ်"

"တရားနာကြ၊ တရားကျင့်ကြနဲ့ ဝိမုတ္တိရသကို ခံစားကြလိမ့်မယ်"

"သားမှတ်ထားပါ့မယ်"

"နောက် မင်းမသိတာရှိသေးတယ်"

"အမိန့်ရှိပါ အဘ"

"ငါ ဘုရားကုန်းကိုရောက်တော့ တောင်ပိုင်ကြီးနဲ့တွေ့တယ်။ ဘာတောင်းဆိုသလဲဆိုတော့"

"ဟုတ်ကဲ့ အဘ"

"ဒီတောင်မှာ ဘုရားတည်တာ သူ့သဘောကျပါတယ်။ ဒါပေမယ့် … စိမ်းငါးစိမ်းတွေ၊ ဝက်သားတွေ … ပေါ်မတင်ဖို့ သူမကြိုက်ဘူးလို့ … တယ်"

"ဟုတ်ကဲ့-မှတ်ထားပါမယ့်အဘ … သားတို့က မြင်ရတွေ့ရတာမဟုတ် … ဘာမှမသိဘူး။ အဘပြောမှသိတာ"

"အေးအေး၊ ဘုရားတည်ပြီး … တော့ ညောင်ပင်အောက်မှာ တောင် … ရုပ်တုထုပြီးပွဲပေးလိုက်ပါ"

"ဟုတ်ကဲ့ အဘ"

"သိုက်နန်းရှင်တွေကလည်း … ငါ့ဆီလာပြီး ဝတ်ပြုကြပြီး လာ … ကြတယ်"

"ဟုတ်ကဲ့ အဘ"

"သူတို့လည်း ဘုရား … စောင့်ရှောက်နေပါတယ်တဲ့။ အဘ … လို့ ဝမ်းသာကြောင်း၊ ဘုရားတည် … ကျေးဇူးတင်ကြောင်း လျှောက်ထား … တယ်"

"ဟုတ်ကဲ့ အဘ။ သား … တောင်ပိုင်ရုပ်တုနဲ့ကပ်လျက် သိုက်န … ရှင်တွေအတွက်လည်း ရုပ်တုလုပ် … လိုက်ပါမယ်အဘ"

"အေး- အေး။ မြင်အပ်/မမြင်အပ် … ပုဂ္ဂိုလ်တွေဆိုတာ နေရာတိုင်းမှာရှိ … ကောင်းတာလုပ်တယ်ဆိုပေမယ့် ကြို … တဲ့သူရှိသလို မကြိုက်တဲ့သူတွေ … နှောင့်ယှက်ကြတာပေါ့"

"ဟုတ်ကဲ့ အဘ"

"အဘတို့ရောက်လာတော့ … ချုပ်၊ သိုက်အုပ်၊ သိုက်နန်းရှင် … တောပိုင်တောင်ပိုင်တွေ၊ ရုက္ခစိုး … တွေ၊ ကျင့်ဆဲကျင့်ပြီးဝိဇ္ဇာမိုရ်တွေ … လာကြတယ်"

"ဟုတ်ကဲ့"

"ကောင်းတဲ့နတ်တွေ … တော့ မကောင်းတဲ့နတ်တွေ အ … ပြေးရသလိုပေါ့"

"ဟုတ်ကဲ့ - အဘ"

"အေးအေး- ပြောတာတွေ … များနေပြီး စကားနားလိုက် … တောင်ပေါ်မှာ ဘုရားပန္နက်ရိုက် … တင်ပြင်ဆင်ထားပေါ့"

"ဟုတ်ကဲ့ စိတ်ချပါ အဘ … ကြိုတင်ပြင်ဆင်ထားပါ့မယ်"

အဘသည် ခဏ အိပ်ရာ … တက်ပြီး အ … ယူလေသည်။ … လည်း အဘ … ကို ဝတ်ဖြည့်ပြီး ပြန် … သည်။

အ …



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် စလင်းမြို့တွင် အငြိမ်းစားယူပြီးသည့်နောက် တောတွင်ရွာအနီးတွင် ကျွန်ုပ်ပိုင် ကင်းလွတ်ခွင့်ရသော လယ်မြေများကို စာရင်းငှားဖြင့် လုပ်ကိုင်လျက် စိတ်ချမ်းသာစွာ နေထိုင်ရပါသည်။ အမှုထမ်းအရာရှိဘဝတွင် 'ဂုဏ်ရည်တူ လူတစ်ရပ်က၊ တတ်မည်ကို စိုးရိမ်၊ လိမ္မာလျှင် မြင်ပြင်း၊ ဆင်းရဲလျှင် အားရ၊ ကြွယ်ဝလျှင် မနာလို' ဟု ဆိုးမစာတွင် ပါရှိသည့်အတိုင်း အတိုက်အခိုက်၊ အပြိုင်အဆိုင်များနှင့်နေရ၏။ ဝန်ထမ်းစည်းမျဉ်းနည်းဥပဒေကလည်း ကျွန်ုပ်၏လွတ်လပ်မှုကို ထိန်းထားသည်။ အစိုးရလျှို့ဝှက်အက်ဥပဒေကလည်း ကျွန်ုပ်၏ နှုတ်၊ စာရေးတတ်သောလက်တို့ကို ကြိုးချည်ထားသည်။ နေ့စဉ်နေ့တိုင်း ကျွန်ုပ်၏ထောင့်လေးထောင့်ကမ္ဘာကလေး (The World of Four Comers) ထဲတွင် ဆုံးဖြတ်ချက်ပေးနေရသည်ကို ဟုတ်လှပြီထင်နေရာမှ အမှန်တကယ်ရှိသော လောကကြီး၏သဘာဝအလှကို ခံစားရတော့၏။ စာဖတ်သူများတို့ ထပ်မံရှင်းပြရမည်မှာ ကျွန်ုပ်၏လေးထောင့်ကမ္ဘာဟု တင်ပြချက်မှာ ကျွန်ုပ်တာဝန်အရ နေ့စဉ်ထိုင်လုပ်ရသော အလုပ်စားပွဲပင် ဖြစ်၏။ ကျွန်ုပ်က ဩကာသလောကကြီးထဲသို့ ပြန်လည် ရောက်သောအခါ သံသရာတွင် သမုဒ္ဒရာထက် ခဏတက်သည့်ရေပွက်ပမာထဲမှ ပလုံစီထသည့်အခါလောက်ကလေးကို သာယာမိလေခြင်းဟု နောင်တရမိပါကြောင်း ယခုမှ ဖားသူငယ်သည် ရေတွင်းပြင်ပသို့ရောက်ပြီး ဩကာသလောကကြီးကို လေ့လာနိုင်ပြီ။

တောတွင်ရွာ ကျွန်ုပ်၏မိတ်ဆွေ ကိုဗဒင်အေးအိမ်မှ ကျွန်ုပ်၏ဝမ်းကွဲ ဘိုးထွန်းအင်သည် စာအုပ်တစ်အုပ်ယူလာခဲ့သည်။ ဘိုးထွန်းအင် ဖတ်လေ့ရှိသော စာပေများမှာ သိုက်တဘောင်၊ ဆေးကျမ်း၊ သမိုင်းတို့သာဖြစ်သော်လည်း ယခုသူယူလာသောစာအုပ်မှာ ဝတ္ထုစာအုပ်ဖြစ်နေသည်ကိုတွေ့ရ၏။ သိုက်၊ တဘောင်၊ ဆေးကျမ်းတို့ကို လေ့လာသူ ဖိုးထွန်းအင်သည် ကာလပေါ်ဝတ္ထုကို ဖတ်ရန်ပြင်သည်မှာ အကြောင်းရှိပြီဟု မှတ်သားလိုက်ပါတော့၏။

တောတွင်ရွာမှပြန်လာပြီး (၂)ရက်ကြာတွင် ဖိုးထွန်းအင်သည် နံနက်ပိုင်းတွင် ထိုဝတ္ထုစာအုပ်နှင့် ကျွန်ုပ်၏အိမ်သို့ ရောက်လာပါတော့သည်။ သူနှင့်အတူ သူကြီးအိုကျောင်းဒကာရွှေလည်း ပါလာသည်။ ကျွန်ုပ်ကဲ့သို့ အငြိမ်းစား မြေစာရင်း အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးလည်း ကျွန်ုပ်ထံသို့ရောက်ရှိနေပြီး ဖြစ်ရာ -

"ဖိုးထွန်းအင်က ဝတ္ထုဖတ်လာပြီထင်တယ်"

ဟု စကားစမိလိုက်ပါသည်။

ဖိုးထွန်းအင်က -

"ကိုကြီးစိုးခင်ဗျား၊ ခုဝတ္ထုက သာမန်ဝတ္ထုမဟုတ်ပါဘူး။ ခေတ်သမိုင်းတစ်ခုကိုဖတ်ရသလို လူထုကျန်းမာရေးလို့ခေါ်တဲ့ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များပါရှိတဲ့စာအုပ်ပါ။ ကိုဗဒင်အေးက တောတွင်ကဆိုပေမယ့် ခု စာအုပ်ရေးသူ စာရေးဆရာ သူရိယကန္တိခေါ် ဆရာဝန်ဒေါက်တာဦးစိန်ဘန်း စလင်းမှာနေစဉ်က လူရင်းဖြစ်တော့ သူ့အိမ်မှာ ဒီစာအုပ်ကိုတွေ့လို့ ဖတ်ရပါတယ်"

ဟု ပြော၏။

ဆရာဦးစိန်ဘန်းခေါ် ဒေါက်တာဘန်းမှာ စလင်းမြို့တွင် ဒုတိယကမ္ဘာစစ်မဖြစ်မီတွင် စလင်းမြို့သို့ ရောက်ရှိလာသူ ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း

ကိုလိုနီခေတ်မြို့နယ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## ဝေဒနာမှန်ဝတ္ထုနှင့်ကျေးရွာတင်ထိုက်သူများအကြောင်း



ပွဲပေါ်ရောက်သည့် အမှုတွဲများပေါ် ခွင့်ပြုသည်၊ ပယ်သည်၊ ထောင် ငွေဒဏ်၊ အာမခံပေးသည်၊ အာမခံမပေးဘူး၊ နိုင်ငံရေးပုဒ်မနှင့်ထိန်းချုပ်သည် စသော ဆုံးဖြတ်စီရင်ရသည်။ ယ်ဟုတ်တဲ့ငါပါတကား၊ မယားကည်း ဟုတ်သမှ၊ ဟုတ်ဟုဆိုကာ သိက္ခာသည်ကို လေးထောင့်ကမ္ဘာမှလွတ်

www.burmeseclassic.com

စလင်း၊ စကု စသည့်မြို့များတွင် နယ်သူနယ်သားများနှင့်အတူ ဒုတိယကမ္ဘာစစ်အတွင်း နေထိုင်ပြီးသည့်နောက် စစ်ကြီးပြီးသောအခါ စလင်းမြို့တွင် မြို့နယ်ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ စလင်းမြို့ဆေးရုံဝိုင်းအတွင်း (၆) ဆူ ဘုရားအနောက်ဘက်တွင်နေထိုင်ခဲ့လေသည်။

ဖိုးထွန်းအင်က ဆက်လက်၍ -

"ဆရာက သူ့ဝတ္ထုဇာတ်ကောင် ဒေါက်တာ တင်နွယ် နေထိုင်ဆေးတိုက်ဖွင့်တဲ့ ရွှေတန်ဆာဘုရားအနီးဘက်တန်းရပ်လို့ဖော်ပြလိုက်တော့ စစ်မဖြစ်ခင် စလင်းမှာ ဒေါက်တာဒေဝိန်ဒါဆင်ခေါ်တဲ့ အိန္ဒိယလူမျိုးဆရာဝန်တစ်ယောက် နေထိုင်ပြီး ဆေးခန်းဖွင့်သွားတဲ့နေရာကို ညွှန်းပုံရပါတယ်"

ဟု ပြောရာ မြေတိုင်းအင်စပိတ်တော် ဦးသာခွန်းဦးက -

"အဲဒီနေရာမှာပဲ ဒေဝိန်ဒါဆင် ဒုတိယကမ္ဘာစစ်စမှာ အိန္ဒိယပြန်တော့ ရေနံချောင်းညောင်လှက ဘီအိုစီဆေးရုံက ဒေါက်တာဂျေဆင်းကားက လာပြီး ဆေးခန်းဖွင့်တဲ့နေရာပါ"

ဟု ကျောင်းဒကာရွှေကို ရှင်းပြသည်။

ကျွန်ုပ်သည် အိန္ဒိယနိုင်ငံ လာဟိုမြို့သို့ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ ထွက်သွားသော စလင်းမြို့သားများက အရှေ့တံခါးဆရာလေးဟု ခေါ်သည့် ဒေဝိန်ဒါဆင်ကို လည်းကောင်း၊ ခြင်သေ့ဦး၊ ကျွဲကျောင်း၊ တောင်ကန်ရွာသားတို့က 'ဆရာဝန် ရေဆေးငါး' ဟုခေါ်သော ဒေါက်တာဂျေဆင်းကားကိုလည်းကောင်း၊ ဒေါက်တာဘန်းဟု နယ်သူနယ်သားများက အားကိုးခေါ်သော ဦးစိန်ဘန်းကိုလည်းကောင်း ခင်မင်ရင်းနှီးသူ ဖြစ်၏။ သို့နှင့် ကျွန်ုပ်တို့၏မိတ်ဆွေကြီးရေးသားသော စေတနာမွန်ဝတ္ထုသည် ကျွန်ုပ်တို့၏စကားဝိုင်းတွင် စကားပြောရန် အရွှေ့ချယ်ခံရပါကြောင်း။

ဝတ္ထုဇာတ်လမ်းအရ ခေတ်မှာ ၁၉၄၂ ခု၊ အောက်တိုဘာလတွင် စတင်လေသည်။ အမှန်တကယ်လည်း လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း စသောအရပ်တို့တွင် စစ်ဘေးဒဏ်မှ ကင်းလွတ်ရန် တိမ်းရှောင်လာသောသူများသည်ရှိကြသည်။ စစ်ပြေးခိုလှုံကြသူများထဲတွင် ထင်ရှားသောပုဂ္ဂိုလ်များလည်းပါရှိသည်။ ဂျီစီဘီအေ ဦးစိုးသိမ်းကြီးသည် စလင်းမြို့အနီး တောင်ပစ်ကုန်းရွာ တောအုပ်ကြီး ဦးဘိုးကွန်းအိမ်တွင် လာရောက်နေသည်။ ဆရာဝန်ကြီး ဒေါက်တာဘသန်းသည်လည်း စလင်းမြို့လယ် နရပတိလမ်းရှိ သူကောင်းဦးအောင်ကြီးဝိုင်းထဲရှိ (၂) ထပ်ပျဉ်ထောင်အိမ်ကြီးတွင်နေခဲ့သည်။ ရေနံချောင်းမှ တွင်းရိုးတွင်းစားများလည်း စလင်းတွင်ခိုလှုံသည်။ သူတို့နှင့်အတူ ရေနံချောင်း ဘီအိုစီကုမ္ပဏီမှအရာရှိကြီးများ၊ ဘီအိုစီဆေးရုံမှ ဆရာဝန်များ၊ ဆေးရုံမှဆေးစပ်ဆရာတို့လည်း ပါလာကြသည်။ စလင်းမြို့တွင် ဒေါက်တာလှကြီးမောင်၊ သီရိလင်္ကာနိုင်ငံသား ဒေါက်တာဂျေဆင်းကား၊ ဆင်ဖြူကျွန်းတွင် အိန္ဒိယနိုင်ငံသားဒေါက်တာချန်ဒရာတို့ရောက်လာကြသည်။

လယ်ကိုင်းတွင်မူ အရေးပိုင်ကြီး ဦးဘတင်မိသားစုနှင့်အတူ မီးယပ်သားဖွားပါရဂူ ဒေါက်တာ ဒေါ်စောဆသည် ရောက်လာသည်။ဒေါက်တာဒေါ်စောဆသည် လယ်ကိုင်းမြို့တွင်ခံနေစဉ် ဆေးကုရာ၌ စေတနာဖြင့်ကုသသည်။ အင်္ဂလိပ်ဆေးများကုန်သောအခါ မြန်မာဆေးနည်းဖြင့် ကုသရာတွင် နာမည်ရသည်။ ဘီအိုစီဆေးရုံမှ ဆရာဝန်ကြီးများတွင် ဘီအိုစီဆေးရုံမှ ဆေးစွမ်းကောင်းများပါရှိသည်။ စလင်းဆင်ဖြူကျွန်းတွင် ပလိပ်ရောဂါကျရောက်သောအခါ သူတို့နှင့်အတူပါလာသော တပည့်ဆေးရုံဝန်ထမ်းတို့ကိုပါ လိုက်လံဆေးကုသစေခဲ့သည်။

စေတနာမွန်ဝတ္ထုတွင် ဖော်ပြသည့်အတိုင်း စလင်းမြို့တွင် ပလိပ်ရောဂါဖြစ်ခဲ့ပါသည်။ ပလိပ်ရောဂါကာကွယ်ဆေးများကိုလည်း ဆရာဝန်များ... ကြပ်မတ်၍ထိုးပေးခဲ့ကြသည်။ ကာကွယ်... ဆေးများမထိရောက်သဖြင့် ကာကွယ်... ဆေးထိုးပြီး သူများလည်း ပလိပ်ရောဂါ... ဖြစ်သည်ကို ကြားရသည်။ ကြွက်များ... ကျသည်။ ကျန်းမာရေးအင်စပိတ်တော်... မှာ ဦးစံခင် ဖြစ်သည်။ ဦးစံခင်ဦးစီးသော... အဖွဲ့မှ ကြွက်ကျရာအိမ်၊ ရပ်ကွက်... ဆင်း၍ ကာကွယ်ရေးပြုကြလေသည်... မဖောက်ထုံးမှုန့်များဖြူးသည်။ ဖိုနိုင်... သတ်ဆေးများကိုဖျန်းသည်။ ဝင်လာ... ထွက်လမ်းများပိတ်သည်။ ရောဂါမ... ပွားစေရန် ဆောင်ရွက်သည်။ ထိုစဉ်... ဖြစ်ရပ်များကို ဖော်ပြထားသည်။ ... ရောဂါတစ်ခုဖြစ်သော်၊ ရောဂါမပြန့်... စေရန်လုပ်ဆောင်ရသည်များကို ... လျက် ပညာပေးထားသည်ကို တွေ့... သည်။

ဝတ္ထုထဲတွင်ပါဝင်သည့်အတိုင်း... စလင်းမြို့အံလယ်ရှိ အမေမြင့်စိန်... ရုပ်ရှင်ရုံတွင် အာရှလူငယ်အစည်းအရုံး... ဦးဆောင်၍ ကျန်းမာရေးဌာနမှ ဆရာ... ဝန်များ၊ အုပ်ချုပ်ရေးဌာနတို့မှ ပလိပ်... ရောဂါနှင့်ပတ်သက်သောပညာပေး... ဟောပြောပွဲများ ပြုလုပ်ခဲ့ကြသည်။ အာရှလူငယ်အစည်းအရုံးခေါင်းဆောင်များ... ဆင်ဖြူကျွန်းမှ မောင်ငွေးအောင်[1]၊ စလင်းမှ ကိုလှအောင်[2]၊ ခင်မိမိ[3]၊ ရေနံချောင်းမှ ခင်ရိုးမြင့်[4]တို့ပါဝင်ကြသည်။ ထိုစဉ်... စလင်းမြို့နယ်ပိုင်မှာ မဟာဗမာအ... ဖင်ကျောင်းဆရာ ဦးထွန်းရှိန်၊ စလင်း... ကျောင်းမှ 'ဝ' တစ်ကို ဦးစီးခေါင်းဆောင်... ဆရာဦးရှိန်တို့လည်း ပါဝင်သည်။ ... ထဲတွင် ဖော်ပြထားသော စွယ်...


စလင်းမြို့ သူကောင်းမြို့ဘုကြီးများ ပြုပြင်ကိုးကွယ်သော ဆုတောင်းပြည့်ဘုရား

www.burmeseclassic.com

မှာ စလင်းမြို့မှ အတော်လှမ်းပါသည်။ စွယ်ဒယ်၊ လက်ရိုက်၊ ပြောင်းခင်း စသောရွာများသည် စလင်းချောင်းညာအထက်ဘက်တွင်ရှိသည်။ လှည်းနှင့်တစ်နေကုန်မျှသွားရသောနေရာများ ဖြစ်၏။ စလင်းမြို့အာရှလူငယ်အဖွဲ့၏လှုပ်ရှားစည်းရုံးဦးဆောင်မှုမှာ ထိရောက်ပါသည်။ ကျန်းမာရေးပိုင်းတွင်သာ ပညာပေးပြောဟောပြောကြသည်မဟုတ်၊ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်တာဝန် ထမ်းဆောင်ရန် ဟောပြောခဲ့သဖြင့် စလင်းမြို့မှအထက်တန်းကျောင်းသားများဖြစ်သော ကိုလှမော်၊ ကိုဘသိန်း၊ ကိုထွန်းခင်တို့သည် တပ်မတော်သို့ ဝင်ရောက်ရာ ဗိုလ်ရွေးခံရသည်။ ကိုလှမော်နှင့် ကိုဘသိန်းတို့မှာ ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ်တွင် တက်ရောက် စစ်ပညာသင်ရန် ရွေးချယ်စေလွှတ်ခံရသည်။ အာရှလူငယ်အသင်းစည်းရုံးရေးပွဲတို့တွင် စလင်းအထက်တန်းကျောင်းသူ မမကြီး၊ လယ်ကိုင်းမြို့မှ ကျောင်းလာနေသူ အထက်ကျောင်းသား မောင်တင်အောင်နှင့် မောင်လှစိန်တို့က တတ်ကျွမ်းသောဂီတာ၊ တယော၊ ဘင်ဂျိုတို့ဖြင့် တီးခတ်လျက် လူထုအားစည်းရုံးကြသည်မှာ နောင်လာနောက်သားများ သတိရစေလိုသည်။

ထိုခေတ်က ပလိပ်ရောဂါကို ကုသနိုင်သော ဆေးစွမ်းကောင်းများ မပေါ်သေးသဖြင့် စလင်းမြို့တွင် အသေအပျောက်များသည်။ ဆေးဦးလျှင် ရနိုင်သည့်အခြေအနေမျိုးသာ ရှိသည်။ ဝတ္ထုထဲတွင်ပါရှိသော ငါးထပ်ကျောင်းဟု ဖော်ပြထားသည့်ကျောင်းမှာ ငါးစင်ကျောင်းဖြစ်နိုင်သည်။ ငါးစင်ကျောင်းကို စလင်းမြို့သူကြီးကတော်သူကောင်းမ၊ မယ်ကြီးညိုက သိပေါမင်းပါတော်မူသည့်နှစ် ၁၂၄၇ ခုနှစ်က တည်သည်။ ကျောင်းဝင်းကြီးအတွင်း ဇရပ်များရှိသည်။ ထိုစဉ်က အာရှလူငယ်အစည်းအရုံးကြီးမှကြီးမှူးပြီး ကျေးရွာများသို့ဆင်းကာ ကျန်းမာရေးပညာဟော ပြောခြင်း၊ ဗမာ့တပ်မတော်အတွက် [illegible] သားစုဆောင်းပေးခြင်းတို့ကို ဆောင်[illegible] ကြသည်ကိုလည်း ဆရာဦးစိန်ဘ[illegible] ဖော်ပြခဲ့ပါသည်။

စလင်းမြို့တွင် ဆရာသည် ဒု[illegible] ကမ္ဘာစစ်အပြီးတွင် ပြန်လည်၍ မြို့[illegible] ဆရာဝန်အဖြစ် တာဝန်ထမ်းဆေ[illegible] သည်။ သောင်းကျန်းသူ ရဲဘော်[illegible] ထက်ထပ်တွင်လည်း ဆရာသည် [illegible]



စလင်းမြို့၏ ကျက်သရေဆောင် ဝက်သည်းကန်နှင့် ရွှေမုဋ္ဌောဘုရား

မြို့မှမခွာ နယ်သူနယ်သားတို့နှင့်အတူ အေးအတူပူအမျှ အတူနေထိုင်ခဲ့သည်။ ဆင်းရဲသားများကို ဂရုစိုက်ကူညီသည်။ စလင်းမြို့မှ ရန်ကုန်သို့ ပြောင်းရွှေ့သွားပြီးသည့်နောက် ကျွန်ုပ်သိရသည်မှာ ရန်ကုန်မြို့လူထုကျန်းမာရေးမှူးသင်တန်းတွင် အုပ်ချုပ်သင်ပြလျက်ရှိသည်ဟု သိရသည်။ ဆရာဘန်းသည် စလင်းတွင် ကျေးလက်ရွာများသို့ ဆင်းလျက် လေ့လာသည်။ ဆေးကုသည်။ ကျေးရွာများကလည်း ကြည်ညိုကြသည်။

သူရေးခဲ့သော ဝတ္ထုများအနက် စေတနာမွန်ဝတ္ထုသည် သာမန်ဝတ္ထုမဟုတ်။ စလင်းမြို့၏သမိုင်းတစ်စိတ်တစ်ဒေသကို ဖော်ပြမှတ်တမ်းတင်ပြနေသည်။ ပလိပ်ရောဂါအကြောင်းကို ပညာပေးသည်။ ကာကွယ်ရန် နည်းလမ်းပြသည်။ ရောဂါဖြစ်သောအခါပေါ်ပေါက်လာသော အင်္ဂါလက္ခဏာကို ဖော်ပြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဆေးဝါးမပြည့်စုံချိန်တွင် ပလိပ်ရောဂါကို ကုသရာတွင် မြန်မာဆေးနှင့် ကုသရသည်။ ထိုဆေးနည်းကိုဖော်ပြရာတွင်-

"ဒါနဲ့ အခု ဒကာဆရာ၊ ပလိပ်ရောဂါကို ကုနေတာ အင်္ဂလိပ်ဆေးနည်းနဲ့လား၊ ဗမာဆေးနည်းနဲ့လား"

"အခုတော့ နိုင်ငံခြားဆေးနည်းနည်းရှိသေးလို့ အင်္ဂလိပ်နည်းနဲ့ ကုတုန်းပါဘုရား။ တကယ်လို့ နိုင်ငံခြားဆေးတွေ မရရင်ဖြင့် ဗမာနည်းနဲ့ကုရတော့မှာပဲ"

"ဗမာလို ဘယ်လိုကုမလဲကွယ့်။ ဘုန်းကြီးမသိရဘူးလား"

"သိရပါသော်ကော ဘုရား။ တပည့်တော်တစ်ယောက်တလေ စမ်းပြီးကုတာရတာဘုရာ့"

"တဲ - ပြောပြစမ်းပါကွယ်"

"တင်ပါ့ [illegible] ဗမာ ကုထုံးအရ ဆင်ခြင်စဉ်းစားကြည့်ရင် အာပေါနဲ့ ပထဝီဓာတ် (၂) ပါးက တေဇောနဲ့ ဝါယောဓာတ် (၂) ပါးကို အနိုင်အမြဲချုပ်ထားလို့ ကိုယ်ပူအင်မတန်ပြင်းတယ်။ အာကာသထဲမရဘဲ သွေးကင်းထပြီး မျက်စိတွေဟာ နီတယ်။ ဝါယောဓာတ်က ပထဝီကို အတင်းတိုးထွက်လာလို့ အဖုအကျိတ်ပေါက်တယ်။ အဲဒီလို ပထဝီကို တိုးအားကြီးတော့ ပထဝီဓာတ်ပျက်ကရော့ဘုရာ့။ အဲဒီလို ပထဝီဓာတ်ပျက်ရင် လူသေတာပဲ။ အဲဒါကြောင့် ဗမာလိုကုရှင် ပထဝီကိုအားပေးရမယ်လို့ အချို့ဆရာကြီးများကဆိုပြီး လူမမာကို ကုသပုံက ဆိမ့်တဲ့အစာ၊ ချိုတဲ့အစာ၊ ဖန်တဲ့အစာ၊ ခွဲအေးတဲ့စာများကို ရှောင်စေတယ်။ နာနတ်သီး၊ စောင်းလျားသီး၊ မန်ကျည်းသီးမှည့်၊ မန်ကျည်းရွက်၊ ကင်းပွန်းရွက် ဆိုတဲ့ ချဉ်အေးတဲ့ အစားအစာ၊ ကန့်ကလာ၊ ခွေးတောက်၊ ကြက်ဟင်းခါး ဆိုတဲ့ ခါးအေးတဲ့အစားအစာများကို ကျွေးကြပါတယ် ဘုရား။ နောက်ပြီးတော့ လူမမာရဲ့ကိုယ်ခန္ဓာမှာ အာကာသဓာတ် ဖြစ်ပေါ်လာစေဖို့ ရေနံမှိုင်းခံစေတယ်။ အရက်တိုက်တယ်။ ချွေးထွက်လာရင် ဘိလပ်ရည်များတိုက်ပေးတယ်။ ချွေးထွက်ပေမယ့် ကိုယ်ပူလုံးလုံးမအေးသေးရင် ကင်ပွန်းရွက်ကြမ်းကို ပြုတ်လို့ရတဲ့အရည်မှာ သကြားနည်းနည်းထည့်ပြီးတိုက်ပါတယ်။ ဆီးကိုလည်း ခဏခဏကြည့်ရပါတယ်။ ဆီးဟာ နီရဲလို့ အရောင်အဆင်းမပြောင်းမချင်း နာနတ်သီးကို ကျွေးရပါမယ်။ ဆီးရဲ့ အရောင်ဟာ အနီမှ အဝါ၊ အဝါမှဖြူလာရင် အပူငြိမ်းပြီးဟု ယူဆရမတဲ့။ နွားနို့၊ နို့ဆီ၊ ထောပတ်၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ နှမ်းမနဲ့၊ ထိုးမုန့်၊ အုန်းသီးအစ ရှိတဲ့ ချိုဆိမ့်၊ ချိုအေးအစာများကို ပေးမိရင် သေမှာအမှန်ပဲဘုရား"

www.burmeseclassic.com

"ဆေးမျိုးကိုပေးသလဲ"

"ဆေးမျိုးကတော့ ဓာတ် (၇) ပါး စိန်၊ ဆေး၊ ကန့်၊ ဝက်၊ ဒုတ်၊ ဟင်း၊ လက်ဆိုတဲ့ စိန်၊ ဆေးဒန်း၊ ကန့်၊ ဒုတ္တာ၊ ဟင်းရိုင်း၊ ဖဝက်သာနဲ့ လက်ချားများပါပဲဘုရား။ ဒီဆေးစုများကိုစုပြီး အဆီချက်ယူရပါတယ်။ အဆီရတဲ့အခါမှာ ပလိပ်ရောဂါဖြစ်နေတဲ့လူကို ရေနွေးတစ်ဇွန်း ဓာတ်ရပါးအဆီက (၃) စက်က (၅) စက်အထိရောပြီး တစ်နာရီကို တစ်ခွက်ကျတိုက်ရမယ်။ ရောဂါသက်သာလာရင် ဆေးကို (၂)နာရီတစ်ခွက်၊ (၃)နာရီတစ်ခွက်၊ အချိန်ရောဆေးရော လျှော့လျှော့တိုက်ရမယ်။ ရေဆယ်စက်နဲ့ ဓာတ်ဆေးရည်တစ်စက်ရောထားတာလည်း မျက်စဉ်းခတ်ရပါတယ်။ နှာလည်းရှူနိုင်ပါတယ်။ လူနာအပူကြီးတုန်းတော့ အစာမကျွေးဘဲထားရင် ကောင်းပါတယ်။ အဖုအကျိတ်ကိုတော့ ဓာတ်ဆေးက (၁) ဆ၊ ရေက (၂) ဆရောပြီး လိမ်းပေးရပါတယ်။ တည့်တော်တော့ ဒီဆေးကို တစ်ယောက်တည်းမှာသာ သုံးဖူးပါသေးတယ်။ လူမမာလည်း ရှင်ပါတယ်ဘုရား။ တပည့်တော်ရဲ့အယူမတော့ ဒီဓာတ်ဆေးဟာ အင်္ဂလိပ်ဆေး အမ်အင်ဘီဆိုတဲ့ ဆေးမျိုးရဲ့သတ္တိရှိတယ်လို့ထင်မိပါတယ်။ ဒါကြောင့် အခါကောင်းတဲ့ အချိန်မှာ ဒီဆေး (၇) ပါးစုကို ဓာတ်ခွဲကြည့်ဖို့ရာ အစိုးရဆီမှာ အစီရင်ခံမယ်လို့ ကြံထားပါတယ်ဘုရား".

ဟု ဂျပန်ခေတ် အင်္ဂလိပ်ဆေးများ ရှားပါး၍ ပြတ်လပ်ချိန်တွင် ဗမာကုထုံးဖြင့် ကုသခဲ့ရပုံကို ဖော်ပြခဲ့သည်။ သို့သော် စလင်းမြို့သားတို့ ကံကောင်းခဲ့ပါသည်။ ဘီအိုစီဆေးရုံမှ စလင်းသို့ လာရောက်ခိုလှုံကြသော ဆရာဝန်ကြီးများတွင် ထိုဆေးရုံကြီးကို အင်္ဂလိပ်တို့ မြေလှန်စနစ်အရ မီးရှို့မဖျက်ဆီးမီ ဆေးများကိုယူလာခဲ့ကြပါသည်။ အမ်းလမ်းမတော်ကြီးကိုဖောက်၍ နယူးဒေလီသို့ ချီတက်မည်ဟု အိန္ဒိယခေါင်းဆောင် ဆူဘတ်ချန်ဒရာဘို့(စ်)က ကြွေးကြော်လျက် အမ်းလမ်းကို ဂျပန်တို့အမြန်ဖောက်နေစဉ် မြောက်ဦးမြို့ ဘူးရွက်မညီးရွာအစွဲပြု၍ ဘူးရွက်မညီးရွာ - ကျင်ဒွဲ - စေတုတ္တရာတောင်ကျော်လမ်းမှတစ်ဆင့် အိန္ဒိယမှ အမ်ဘီဆေးပြားများ မှောင်ခိုလမ်းမှဝင်လာသည့် ငွေဒင်္ဂါးများဖြင့် ဝယ်ကြရသည်။ ပလေကတ်လုံချည်၊ ဇလထီးစတို့သည် စလင်းမြို့သို့ရောက်နေပါပြီ ဆရာဝန်ကြီးများလည်း မရှိသူများကို စေတနာ နှင့်ကုသခဲ့ကြောင်းကို ထိုဝတ္ထုကိုဖတ်ကြည့်စဉ် ပြန်လည်မြင်ယောင်မိပါသည်။စလင်းတွင် ခိုလှုံသောဆရာဝန်များတွင် ဒေါက်တာဂျေဆင်းကားမှာ သီရိလင်္ကာနိုင်ငံသားဖြစ်ရာ မင်းဘူး-အမ်းလမ်းမတော်လမ်းဖောက်ရာတွင် ဆရာဝန်လိုအပ်လာသည်။ စလင်းမှဒေါက်တာဂျေဆင်းကား ဆင်ဖြူကျွန်းမှဒေါက်တာချန်ဒရာတို့ကို နယ်ပိုင်ဝန်ထောက်ဦးထွန်းရှိန်က မင်းဘူးအရေးပိုင် ဦးချမ်းသာ၏ ညွှန်ကြားချက်အရ စေလွှတ်ရသည်။ မင်းဘူးတွင် ခွေးတပ်စုဆောင်းရေးအတွက် ဦးဝင်းသည် အလုပ်သမားညွှန်ကြားရေးမှူးရုံးတွင် ရုံးထိုင်သည်။ ဆင်ဖြူကျွန်းဆရာဝန်က ဦးဝင်းရှေ့တွင် ချောင်းဆိုးပြသည်။ ဦးဝင်းနှင့်အတူရှိသော ဂျပန်စစ်ဗိုလ်က ဆင်ဖြူကျွန်းမှ ဆရာဝန်ကို အဆုတ်ရောဂါရှိသည်ဆို၍ ပြန်လွှတ်သည်ဟု ဒေါက်တာဂျေဆင်းကားကပြောသည်။ အမ်းလမ်းမတော်အတွက် ဆေးမှူးကြီးမှာ ဒေါက်တာဦးအေးဖြစ်သည်။ရန်ကုန်မှလာ၍လိုအပ်သောဆေးများကို ဖြည့်ပေးသည်။ ဝါကာမိုတိုခေါ် ဗီတာမင်ဆေးကို အလုပ်သမားများကို ကျွေးရသည်။ ဆရာဝန်ဂျေဆင်းကား၏ ဆေးခန်းမှာ ပဒန်းတွင်ရှိသည်။ အမ်းလမ်းခွေးတပ်စခန်းရှိ အလုပ်သမားမှူးကို အုပ်ချုပ်ရသူမှာ ဆင်ဖြူကျွန်းမှ ဦးကိုး? ဖြစ်သည်။ ဆရာဝန်ဂျေဆင်းကားသည် ဇီးအိုင်၊ လေးပင်၊ ပျော်ဘွယ်၊ ပဒန်း၊ လေးအိမ်စု၊ ဇင်ပြွန်း၊ ဂုတ်ကြီး၊ နတ်ရေကန်စခန်းများသို့ လှည့်လည်လျက် ခွေးတပ်သားတို့ ကျန်းမာရေးကို တာဝန်ယူကုသပေးခဲ့ရသည်။ (၈) လမျှရှိသော် ဦးကိုးစီစဉ်မှုဖြင့် စလင်းသို့ ပဒန်းရွာမှ လူများလိုက်ပို့သည်ဟု သိရသည်။ ဒေါက်တာဂျေဆင်းကား၏ ပြောပြချက်အရ လေးအိမ်စုရွာ ခွေးတပ်စခန်းတွင် ဂျပန်စစ်ဗိုလ်က ခွေးတပ်သားတစ်ဦးအား ခိုးမှုတစ်ခုအတွက် ရိုက်နှက်စစ်ဆေးနေစဉ် ဦးကိုးသည် ပဒန်းရောက်လာ၏။ ဂျပန်စစ်ဗိုလ်နှင့် စကားများကြသည်။ အလုပ်သမားများအုပ်ချုပ်မှုမှာ သူနှင့်ဆိုင်သည်။ ဂျပန်နှင့်မဆိုင်ဟုပြောသည်။ မတရားသဖြင့် ရိုက်နှက်သည်။ နောင် ထိုသို့မလုပ်ရန်ပြောဆိုပြီး ငဘဲရဲစခန်းသို့ အလုပ်သမားကို လွှဲအပ်စေသည်။ ငဘဲရပ်စခန်းရောက်သောအခါ သူနေရပ်ပြန်ရန်ခွင့်ပြုသည်ဟု ပြောပြသည်။ ဦးကိုးသည် စလင်းမြို့ အထက်တန်းကျောင်းတွင် ကျွန်ုပ်၏ သမီးနှ[င့်] သမက်တို့နှင့်အတူ ကျောင်းနေဖက် ဖြ[စ်] ၏။

စေတနာမွန်ဝတ္ထုအား ဖတ်[ရ] သည်မှာ ဂျပန်ခေတ် စလင်းမြို့သို့ ပြ[န်] ရောက်သွားသည့်အလားခံစားမိပါသည်[။] ဆရာသည် သူချစ်သော စလင်းမြို့၏ သာယာပုံ၊ စလင်းမြို့ ဝက်ထီးကန်၊ ကန်ချောင်ပန်းပေါင်းဘုရား၊ ရွှေတံဆာဘုရား စသည်တို့ဖြင့် ရေးသားထားပါသည်။ စလင်းမြို့ဖြစ်စဉ်သမိုင်းတစ်ခုကို တင်ပြ ရင်း ပလိပ်ရောဂါအကြောင်း ပညာပေး သည်။ ကူးစက်ကပ်ရောဂါကျရောက် သော် ပြည်သူတို့က ကျန်းမာရေးဌာန နှင့် ပူးပေါင်းဆောင်ရွက်ရန် ပညာပေး ထားသည်။

ထို့ကြောင့် ညီဖိုးထွန်းအင်အား-

"ဂျပန်ခေတ်က စလင်းမှာ ပလိပ် ရောဂါဖြစ်ပွားလေ့ရှိခဲ့ပါတယ်။ စလင်း မှာရှိတဲ့ဆရာဝန်များက ရောဂါပြန့်ပွား အောင် ထိန်းချုပ်နိုင်ခဲ့ကြပါတယ်။ ဆင်းရဲ ချမ်းသာမရွေး လိုက်လံကုသခဲ့ပါ တယ်။ လူသိနည်းတဲ့ရောဂါတစ်ခုလည်း စလင်းမှာ ဖြစ်ပါသေးတယ်။ တက်ခေတ် နတ်ဆိုးရောဂါပါ။ ဒါတွေလည်း မပြန့် ပွားအောင် ပြောဟောခဲ့ပါသေးတယ်။ လူငယ်များအားကစားဌာနတစ်ခုဖြစ်တဲ့ ဦးအောင်ပုံအိမ်မှာ အားကစားလေ့ကျ[င့်] ရင်း တက်ခေတ်နတ်ဆိုးအန္တရာယ် ကင်းဝေးရန် လူကြီးပိုင်း၊ လူငယ်ပိုင်း ထိန်းပေးတာပါပဲ။ ဆရာဝန်ဒေါက်တာ စိန်ဘန်းဟာ စလင်းမြို့ကို ခင်မင်သူ သလို စလင်းမြို့ကလည်း သူ့ကို မမေ့ နိုင်ကြပါဘူး။ ဆရာဟာ တကယ်တော့ ပြည်သူ့ဆရာဝန်တစ်ဦးလို့ ဂုဏ်ပြုရမှာ ဖြစ်တယ်ပြောရပါတယ်"

စကားနည်းလှသော ကျောင်း ဒကာရွှေသည် -

"အဲဒီအချိန်က ကျောင်းသားတွေ ရော၊ အုပ်ချုပ်တဲ့သူတွေရော၊ ဆရာဝန် တွေရော အလွန်စည်းလုံးတာတွေ[့ရ] တယ်။ အားလုံးစည်းညီညာစွာနဲ့ ကပ်ဆိုး ကြီးကို အန်တုအနိုင်ယူတာကို အံ့သြ[ရ] ရပါတယ်။ သူတို့ညီညွတ် ကိုယ်ကျိုး မဖက်လို့ ဒီကပ်ဆိုးကြီးကျော်နိုင်တာ ကျုပ်က သူတို့ကို ကျေးဇူးတင်ပါတယ်"

ဟု စကားအဆုံးတွင် -

"ဖိုးထွန်းအင်ရေ လပြည့်ဓ[ေ] ဝက်သိုက်က [ဘုရ]ားပွဲကြီးအလျှုသွား အောင် မမေ့နဲ့"

ပြောဆိုလျက် ကျွန်ုပ် ပါးပြည်

www.burmeseclassic.com

## မြတ်ဒေါင်းနိုင်(ဂုံညင်းတန်း)

# ခွေးရူးလား၊ ခွေးကောင်းလား

လက်ပံပွင့်ချိန် ခွေးရူးချိန်ဆိုသလို တစ်လောက စာရေးသူတို့မြို့ ရပ်ကွက်တစ်ခုတွင် ကလေးတစ်ယောက် ခွေးရူးကိုက်၍သေဆုံးသွားပါသည်။ မိဘများကလည်း လက်လုပ်လက်စားများဖြစ်၍ စားဝတ်နေရေးအတွက် လုံးပန်းနေရသောကြောင့် ခွေးကိုက်သည်ဆိုသဖြင့် အစကတော့ ပေါ့ပေါ့ပင်နေမိပါသည်။ ခွေးရှင်ကလည်း သူ့အပြစ်ကလွတ်အောင် ခွေးက ကလေးတွေကိုချစ်လို့ စလိုက်တာကို ကလေးက ပြေးတော့ လှမ်းဆွဲရင်း ခြစ်မိသွားတာပါတဲ့။ အဲဒီအိမ်ခွေးပိုင်ရှင်မက အရပ်ပုပုသာဆိုပေမယ့် ဖားခုံညင်းတွေလို အဆက်အပြတ်ဆူသလို စကားတော့ကြွယ်၏။ ယခင်ကလည်း မကြာခဏ ခွေးမွေးထားပြီး တာဝန်မယူတဲ့အတွက် ရပ်ကွက်နှင့် ပြဿနာရှိဖူးသူဟုသိရပါသည်။

တကယ်တော့ ခွေးရူးကိုက်သည်မှာ လွန်စွာမှ ကြောက်စရာကောင်းပါသည်။ ကိုက်သည်မဆိုသားနှင့် ခွေးရူးသွားရည်နှင့်ထိလျှင်တောင် ရူးသည်ဟု သိထားကြပါသည်။

ခွေးရူး ဟူသော အသံကြားသည်နှင့် အိမ်တံခါးများပိတ်၍ ကိုယ့်ကလေးကိုယ်ထိန်းသိမ်းကြရပါသည်။

ခွေးရူးဆိုသည်မှာ ကိုယ့်အိမ်တွင် မွေးထားသောခွေး သို့မဟုတ် သူများအိမ်မှမွေးထားသော ခွေးကဖြစ်စေ၊ တစ်စုံတစ်ယောက်အားကိုက်မိပြီဆိုပါက ခွေးရူးလား၊ခွေးကောင်းလားဆိုသော ပြဿနာကစလာပါသည်။ ယခင်က မိမိခွေးဟုသတ်မှတ်ထားသော ခွေးဖခင်၊ မိခင်များမှာ ခွေးကိုက်၍ ပြဿနာတက်လာသောအခါတွင် မိမိအိမ်ကခွေးမဟုတ်သလို၊ ကိုယ့်မှာတာဝန်မရှိသလိုဖြစ်လာပြီး ခွေးမှာအလေအလွင့်စာရင်းဝင်သွားပါသည်။ မခံမရပ်နိုင်သူများက ခွေးဆိုးကို ဆေးချသုတ်သင်ကြသလို တာဝန်သိသူများက သက်ဆိုင်ရာကို တင်ပြ၍ ခွေးလေခွေးလွင့်များကို သုတ်သင်ရှင်းလင်းကြပါသည်။

လွန်စွာဆိုးသွမ်းရူးနှမ်းသောခွေးရူးကိုတော့ မည်သူကမျှချမ်းသာမပေး။ တုတ်၊ ဓား၊ လုံ့လက်နက်မျိုးစုံလူအုပ်စုလက်ချက်နှင့် သုတ်သင်ကြပါသည်။

အမှန်တော့ ခွေးရူးပြန်ရောဂါဆိုသည် ခွေးရူးထက်ခွေးရူးတွင်ရှိစေတတ်သည့်ပိုးက ပို၍ကြောက်ဖို့ကောင်းခြင်းဟု စာရေးသူဆရာဝန်တစ်ဦးပြောပြထားသဖြင့် သိရှိထားသည်။ ခွေးကိုသတ်လိုက်၍ ထိုခွေးသေသွားသည့်တိုင် ခွေးရူးပြန်ရောဂါပိုးက မသေပါ။

ထို့ကြောင့် ခွေးရူးသေသွားပေပြား ခွေးရူး၏ပါးစပ်မှသွားရည်၊ အမြှုပ်များနှင့် လူ၏ခန္ဓာကိုယ်အား မထိမိအောင်ရှောင်ကြဉ်ရပါမည်။

ခွေးကိုက်ခံရပြီဆိုပါက ထိုခွေးရူး၊ မရူးကို စောင့်ကြည့်ရသည့်ဒုက္ခ၊ ခွေးကောင်း မကောင်းစောင့်ကြည့်ရန်၊ အခက်အခဲများမရှိစေရန် လေ့လာတင်ပြ လိုက်ရပါသည်။

ထိုခွေးရူး၊ မရူးဆေးနည်းကိုပေးခဲ့သည့်ဆရာကြီးမှာ ယခုအခါ လူ့ဝတ်ကြောင်ကိုစွန့်လျက် တောရဆောက်တည်သွားပြီဖြစ်သော အဘိုးဘုရား ဦးစိန္တာပင် ဖြစ်ပါသည်။

ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စာရေးသူတို့ ပင်လယ်ပိုင်းအရပ်တွင်တော့ ထိုအပင်ကို မြွေကြီးပင်ဟုခေါ်၍ အများကတော့ မရိုးပင် မရိုးရွက်ခေါ်ကြပါသည်။ အဆိုပါ မရိုးရွက်သည် ထိပ်တပ်နာဖြစ်ရာတွင် မီးဖြင့်အပူပေးနှမ်းပါက အရည်ညှစ်ရှုလျှင် ပျောက်ပါသည်။

ခွေးရူးပြန်ရောဂါကိုတော့ မရိုးရွက်ရေစင်စင်ဆေးပြီးသား (၇) ရွက်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်တပ်ပြီး အဖျားအရင်းကိုပယ် (ဓားဖြင့်စတီဖြတ်ခိုင်းခြင်း) ပါ။

ထို့နောက် ပဒိုင်းစေ့(၇)စေ့ကိုတင်၍ ဒုတ္တာအနည်းငယ်ထည့်ပြီး ညက်အောင်ကြိတ်ပါ။ ပြီးလျှင် ခွေးကိုက်ခံထားရသော ဒဏ်ရာပေါ်သို့ တင်ပေးလျှင် အဆိပ်ရှိက အမွှန်များကပ်နေပါမည်။ ခွေးမရူးပါက ကပ်မနေပါ။

သို့ပါ၍ အထက်ဖော်ပြပါ ဆေးနည်းသည် အဖိုးနည်းဝန်ပါဆေးနည်းဖြစ်ရုံမက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ ခွေးရူးမရူးကိုသိနိုင်သည့်အပြင် ခွေးရူး၊ ခွေးကောင်းကိုက်သည့်ရောဂါကို ပျောက်ကင်း ချမ်းသာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြတ်ဒေါင်းနိုင် (ဂုံညင်းတန်း)

---

ဘက် သူကောင်းမက ဆိုသည်။ အရင်မင်းကတော်ဘဝက မင်းပွဲစိုးပွဲ၊ ဒါဘာပွဲတွေမှာ ပျော်မွေ့သည်။ ယခုတော့ တောထွင်ကလယ်တော၊ ကိုဗဒင်အေးအိမ်၊ ဝက်သိုက်က ဖိုးပွားကြီးအိမ်၊ ရှန်းပင်ကန်က မယ်မှင်အစ်ကို၊ မောင်ဘဒင်အိမ်၊ ဆင်ကျုံးက သူယာလုပ်တဲ့မယ်လှအိမ်တို့မှာပျော်သည်။ ကိတ်မုန့်ထက် ယယ်တော်က ရုံးမတီကင်ကိုကြိုက်နေပြီ။ ကျောင်းဒကာချွေ၊ ဦးသာဒွန်းဦးနှင့်အုတ်ကွန်းအင်တို့သည် စကားဝိုင်းပြီးသည်ဖြစ်သဖြင့် မဖွားရှင်မုန့်ဟင်းခါးကို စလင်းမုန့်ပစ်သလက်နှင့် ရောသုပ်၍ စားကြလေသတည်း။

"မင်းကတော်၊ ခုတော့ သူကောင်းမ၊ တောင်သူကြီးရိုးလယ်သူမအဖြစ်ပျော်နေပြီ။ တကယ်ဆိုတော့ တို့သူကောင်းတွေလယ်လုပ်ရှာတည်လို့ စလင်းဆိုတာဘုရင်က မြို့တည်ပေးတာကို အရပ်က သိမှသိကြပါရဲ့လား"

### အနောက်တံခါးမှူးမောင်မှူး

၁ ဦးဌေးအောင် ရုံးဝန်ထောက် (ငြိမ်း) ကွယ်လွန်

၂ ဦးလှအောင်၊ ပါမောက္ခ၊ နိုင်ငံတော်ရွှေနေချုပ် (ငြိမ်း)
ဒေါ်ခင်မိမိ (ကွယ်လွန်)

၄ ဒေါ်ခင်ရိုးမြင့်၊ ရေနံချောင်း တွင်းရိုး၊ အမှတ်(၄)ဗိုလ်တထောင်၊ အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ ဘားလမ်း၊ ရန်ကုန်

၅ ဒေါ်မမကြီး၊ ကျောင်းဆရာမကြီး (ငြိမ်း) ကွယ်လွန်
ဦးတင်အောင်၊ ရဲမှူး၊ သတင်းတပ်ဖွဲ့ (ငြိမ်း) ကွယ်လွန်
ဗိုလ်မှူးကြီးမင်းဇင်(ငြိမ်း)ကွယ်လွန်

၆ ဦးဝင်း၊ ပထစဝန်ကြီးဟောင်း၊ ကွယ်လွန်

၇ ဦးကိုး၊ သစ်ထုတ်လုပ်ရေးမန်နေဂျာ (ငြိမ်း)၊ အောင်သိဒ္ဓိကုန်း၊ သမိုင်း ရန်ကုန်


www.burmeseclassic.com

www.burmeseclassic.com

စာရေးသူနှင့် ဇနီးမယား၊ သမီး၊ သားတို့သည် မြတ်စွာဗုဒ္ဓ၏တရားတော်၊ ပရိတ်တော်၊ ဂုဏ်တော်၊ ဂါထာတော်တို့ကို အလွန်မြတ်နိုးကိုးကွယ်ယုံကြည်ကြသူများဖြစ်ကြသည်နှင့်အညီ နေ့စဉ်နေ့တိုင်း တရားတော်များနာကြားခြင်း၊ ပရိတ်တော်၊ ဂုဏ်တော်တို့ကို ရွတ်ပွား သရဇ္ဈာယ်၍ နှလုံးသွင်း၊ အာရုံပြုခြင်းတို့ကို နိစ္စဘတ်ဝတ္တရားမပျက်ကြပါ။ ထို့ကြောင့်လည်း လောကီရေးရာအဖြာဖြာနှင့် ကိစ္စဝိစ္စများမှာ အများအားဖြင့် အခက်အခဲအမျိုးမျိုးတို့အကြားကပင် ပြေလည်မှု၊ အဆင်ပြေမှုများကို အခါခါကြုံကြရပေသည်။ ကျန်းမာရေးအနေဖြင့်လည်း ဆိုးဆိုးဝါးဝါးကြုံတွေ့ကြ ခြင်းမှ ကင်းဝေးကြပါသည်။ မိမိသ လည်း မြတ်ဗုဒ္ဓ၏ ပရိတ်တော်၊ ဂါထာ တော်တို့၏ တန်ခိုးအစွမ်းထက်မြက် တို့ကို လက်တွေ့ကြုံတွေ့ရလေတိုင်း မဂ္ဂဇင်း၊ စာစောင်များမှတစ်ဆင့် ဘာသာဝင်စာဖတ်သူအများပြည်သူ သုတ၊ ရသများရရှိစေရန် အလျဉ်းသ သလို ဖော်ပြရေးသားလေ့ရှိပါသည်။


၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလထု

# မိုးမြင့်မိုး (မြိတ်)

# သေမင်းနှင့်စစ်ခင်းခြင်း

## သို့မဟုတ်

# သေရွာမှပြန်လာသူ





www.burmeseclassic.com

www.burmeseclassic.com

သုရဿမဂ္ဂဇင်းတွင်လည်း 'တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဂုဏ်တော်ကွန်ချာအစွမ်းအံ့မခန်း' ဟူသော စာရေးသူ တကယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို ရေးသား ဖော်ပြခဲ့ပါသည်။ ယခုတစ်ဖန် လွန်ခဲ့သောတစ်လကမှ စာရေးသူကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော တကယ့်အဖြစ်အပျက်တစ်ခုမှ မြတ်ဗုဒ္ဓတရားတော်ဂုဏ်တော်တို့သည် တကယ်အားကိုးယုံကြည်လေးနက်မှုများကို အဖန်ဖန်ပွားများကြစေခြင်းငှာ သုရဿမဂ္ဂဇင်းမှတစ်ဆင့် တင်ပြရေးသားလိုက်ရပေသည်။

## အခန်း (၁)

ဦးကောင်းမြတ်တို့ မိသားစုတွင် အားလုံး မွေးချင်း (၁၅)ယောက်ရှိသည့်အနက် အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း၊ ကျန်းမာရေးကြောင့်လည်းကောင်း တဖြုတ်ဖြုတ်နှင့်ဆုံးပါးခဲ့ကြရာ ယခုလက်ရှိတွင် မိသားစုဝင် (၆) ဦးသာ ကျန်ရှိပေတော့သည်။ ဦးကောင်းမြတ်၏အပေါ်တွင် အစ်မနှစ်ယောက်ရှိပြီး အစ်မကြီးဖြစ်သူမှာ အသက် (၇၇) နှစ်ရှိပြီဖြစ်ပြီး ဦးကောင်းမြတ်မှာ (၆၃) နှစ်ဖြစ်၍ ၎င်း၏အောက်တွင် ညီတစ်ယောက်နှင့်ညီမနှစ်ယောက် ရှိပေသည်။

အစ်မနှစ်ယောက်မှာ ၎င်းတို့၏ မိသားစုများနှင့်အတူ သီးခြားစီနေထိုင်ကြပြီး ဦးကောင်းမြတ်တို့မိသားစုသည်ကား မိဘများထားခဲ့သော အမွေဆိုင်အုတ်ခံနှစ်ထပ်အိမ်ကြီးအောက်ထပ်၌ နေထိုင်ကြသည်။ ညီဖြစ်သူ လူပျိုကြီးကိုအေးကြွယ်နှင့် အိမ်ထောင်ရှင် ညီမနှစ်ဦးတို့မှာ သူတို့မိသားစုနှင့်အတူ အပေါ်ထပ်တွင် နေထိုင်ကြပေသည်။

ဦးကောင်းမြတ်သည် စိတ်တိုစိတ်ဆတ်သူတစ်ယောက်ဖြစ်သော်လည်း တကယ့်စိတ်အရင်းခံမှာ အမှန်တရားကို မြတ်နိုးသူ၊ ကိုယ်ချင်းစာတရားဦးထိပ်ထားသူတစ်ဦးဖြစ်သည်။ တစ်ခါ





www.burmeseclassic.com

www.burmeseclassic.com

က ဖရဲသီးသည်တစ်ဦးထံမှ သမီးကြီးဖြစ်သူက (၂၀၀) တန် ဖရဲသီးတစ်စိတ်ကိုဝယ်ရာ ဖရဲသီးသည်က မိမိဈေးဗန်းထဲတွင် တစ်ရာတန်၊ နှစ်ရာတန်၊ သုံးရာတန်အစိတ်ကလေးများကို သူ့အကန့်အလိုက် ခွဲခြားထားသည်။ ထိုအခါ တစ်စိတ် (၂၀၀)တန်ဝယ်သော သမီးကြီးက ဟိုအစိတ်ကိုင်လိုက်၊ ရွေးလိုက်၊ ပြန်ချထားလိုက်လုပ်နေသဖြင့် တခြားဖရဲသီးတွေကြေကွန်ပွဲကုန်မှာစိုးသဖြင့် ဤကဲ့သို့ ရွေးမနေပါရန် ဈေးသည်ကပြောသောအခါ သမီးဖြစ်သူက ငေါက်ဆတ်ဆတ်လေသံဖြင့်-

"ပိုက်ဆံပေးဝယ်တာပဲ ကြိုက်တာရွေးမှာပေါ့"

ဟု ပြောလိုက်ရာ -

"သမီး၊ သမီးပြောတာရိုင်းလွန်းတယ်။ သမီးလည်းအိမ်ဆိုင်လေးရောင်းနေတာပဲ။ သမီးစနစ်တကျချိတ်ဆွဲထားတဲ့ ပစ္စည်းတွေ၊ မုန့်တွေကို မုန့်တစ်ထုပ်၊ ပစ္စည်းတစ်ခုသာဝယ်တဲ့ ဈေးဝယ်သူက တောင်ဆွဲချမြောက်ဆွဲချ၊ ဟိုဖယ်ဒီရွေးလုပ်ရင် သမီးစိတ်ထဲဘယ်လိုခံစားရမလဲ။ အဲဒီတော့ ဘယ်အလုပ်မျိုးမှာမဆို စာနာစိတ်ထားပါ။ ကိုယ်ချင်းစာတရားထားပါ။ ကဲ၊ ကဲ - ဈေးသည်မလေး၊ ဦးသမီး မချေမငံပြောတာ ဦးတောင်းပန်ပါတယ်"

ဟု ပြောသောအခါ ဈေးသည်မိန်းကလေးသည် ဦးကောင်းမြတ်ကို ကျေးဇူးတင် နားလည် လေးစားသောအကြည့်ဖြင့်ကြည့်ရင်း ဈေးရောင်းထွက်ခွာသွားတော့သည်။

ဤနေရာတွင် အမွေဆိုင်ဘုံအိမ်အပေါ်ထပ်၊ အောက်ထပ်နေထိုင်ကြသော အိမ်အောက်ထပ် ဦးကောင်းမြတ်မိသားစုနှင့် အိမ်အပေါ်ထပ်တွင်နေထိုင်ကြသော ညီအစ်မနှစ်ယောက်မိသားစုနှင့် အသက် (၅၃) နှစ်ရှိပြီးဖြစ်သော ညီငယ် လူပျိုကြီး ဦးအေးကြွယ်တို့၏ နေထိုင်မှုသဘာဝကို လေ့လာကြည့်မည်ဆိုပါက အိမ်အောက်ထပ်တွင် နေထိုင်ကြသော ဦးကောင်းမြတ်၏ သားသမီးများမှာ မိဘနှစ်ပါး၏ သွန်သင်ညွှန်ပြမှုကြောင့် ရွယ်တူ၊ လူငယ်၊ လူကြီး၊ ဦးလေး၊ ဘိုးဘွားတို့ကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံ ပြောဆိုတတ်ပါသော်လည်း မူလစရိုက်ကိုက အနိုင်လိုခြင်း၊ ဣသာမစ္ဆရိယရှိကြသည့် အပေါ်ထပ်နေမိသားစုများမှာမူကား ညီအစ်ကိုမောင်နှမ အထက်အောက်လေးစားမှု၊ ရှိသေမှုမရှိကြဘဲ အကြင်နာမေတ္တာနည်းပါး၊ ခေါင်းပါးကြသောကြောင့် အတူနေကြသော်လည်း မိသားစုဆက်ဆံရေး အဆင်မပြေကြပေ။

အိမ်အပေါ်ထပ်မှ အမှိုက်သရိုက်များကို မဆင်မခြင်လွှင့်ပစ်ခြင်းမှုကြောင့် အောက်ထပ်သို့ အမှိုက်သရိုက်များ မကြာခဏပြန့်ကျဲကျရောက်ခြင်း၊ အိမ်အပေါ်မှ ငရုတ်ဆုံကို မဆင်မခြင် ထုထောင်းခြင်းကြောင့် အောက်ထပ် ထမင်းစားစားပွဲပေါ်သို့ ခြေမှုန့်လက်မှုန့်များ ကျရောက်သောကြောင့် ထမင်းဟင်းများ မကြာခဏသွန်ပစ်ရခြင်း၊ အိမ်ပေါ်ဝရန်တာမှ တံတွေးများ၊ ရေများ မဆင်မခြင်ထွေးချ၊ လောင်းချသောကြောင့် အောက်ထပ်မှ ဦးကောင်းမြတ်မိသားစုခေါင်းပေါ်၊ ကိုယ်ပေါ်သို့လည်းကောင်း၊ လမ်းသွားလမ်းလာသူများကိုယ်ပေါ်ကျရောက်၍ မကြာခဏစကားများတတ်ကြရာ ဦးကောင်းမြတ်မှ အကျယ်အကျယ်မငြိမ်းဖွယ်ဖြစ်မည်စိုး၍ အတတ်နိုင်ဆုံးသည်းခံကြရန် သားသမီး၊ သားမယားများကို ဖျောင်းဖျထားရပေသည်။

တစ်ခါက ဦးကောင်းမြတ် အမြတ်တနိုးစိုက်ပျိုးထားသော ဒန့်သလွန်ပင်ကို အိမ်ပေါ်မိသားတစ်စုမှ အိမ်ရှေ့ဝရန်တာကာနေသည်ဟုဆိုကာ ဘာမှမပြောမဆိုဘဲ ဦးကောင်းမြတ်နှင့်မိသားစုမရှိခိုက် အလယ်ကောင်မှ ဖြတ်တောက်ခုတ်လှဲထားသည်ကို သည်းမခံနိုင်တော့သဖြင့် ဦးကောင်းမြတ်နှင့် ထိပ်တိုက်တွေ့ရာ-

"ဒီအပင်ဘယ်လောက်တန်သလဲ။ အရွက်ရောအသီးပါ ဈေးထဲမှာပေါသမှ လိုသလောက်ဝယ်လို့ရတယ်"

ဟု ခါးထောက်ကာ ကက်ကက်လန်ရန်တွေ့သောအခါ ဦးကောင်းမြတ်က-

"နင်တို့ဟာ တော်တော်မိုက်ရိုင်းတယ်၊ တိရစ္ဆာန်လိုပဲ။ ဒီလိုငါ့ကိုပြန်ပြောနေတာ တစ်ချိန်က နင်တို့မိသားစု ဘဝပျက်ပြီး ထောင်ကြီးကျမယ့်ကိန်းက ငါကယ်ထားတဲ့ကျေးဇူးကိုတောင်မထောက်ဘူးမဟုတ်လား"

ဟု ဦးကောင်းမြတ် ဒေါသမထိန်းနိုင်ဘဲပြောသောအခါ -

"ဟုတ်တယ် ဟုတ်တယ်၊ ထင်ချင်သလိုထင်။ တို့ကတော့ တစ်သက်လုံး ကျေးဇူးတင်မနေနိုင်ဘူး"

ဟု ရိုင်းစိုင်းစွာပြန်ပြောလေရာ ဦးကောင်းမြတ်သည် အလွန်ရိုင်းစိုင်းစွာ ပြန်ပြောနေသော ညီမဖြစ်သူ၏ ပါးစပ်

ပေါက်ကို အားကုန်လွှဲရိုက်ပစ်လိုက
ဟုရွယ်ပြီးမှ ပေါက်ကွဲထွက်လာ
မည့်ဒေါသကို ဆင်ခြင်တုံတရာ
အချိန်မီ မိမိစိတ်ကိုထိန်းလို
ပြင်းထန်ကျယ်လောင်သော
တစ်ချက်ကိုခေါက်ကာ လှည့်ထွက်
လိုက်တော့သည်။

လူပျိုကြီးဖြစ်သူ ကိုအေးကြွ
တော့ သည်သို့မဟုတ်။ ၎င်းသည် အ
ဌာနဝန်ထမ်းတစ်ဦးဖြစ်ပြီး မိမိဌာ
ထမ်းများနှင့်လည်းကောင်း၊ ဆွေမျိ
ချင်း၊ ညီအစ်ကိုမောင်နှမများအား
လည်းကောင်း ပြေပြစ်ချော
ဆက်ဆံနိုင်သူဖြစ်သောကြောင့်
လူခင်ပေါ်များသူတစ်ဦးဖြစ်သည်။
ကြီးတစ်ဦးဖြစ်၍ သားပူသမီး
အေးအေးချမ်းချမ်း နေထိုင်နိုင်သူ
ဟုယေဘုယျဆိုနိုင်သော်လည်း တ
တမ်း ဤသို့မဟုတ်။ ဟိုညီမ၊ ဟိုအ
ဟိုတူ၊ ဟိုတူမဆိုသူတို့၏ လူမှုရေး
နာပေါင်းစုံ (ငွေရေးကြေးရေးကိစ္စအ
အဝင်) ကို အတတ်နိုင်ဆုံး ကိုယ်
စိတ်ပါ အပင်ပန်းခံ ဖြေရှင်းပေး
သဖြင့် ၎င်းကို ညီအစ်ကို၊ မောင်နှမ
တူမများနှင့် မိတ်ဆွေများက လွန်စွာ
ခင်ကြပေသည်။ ဇနီးမယားမရှိ
ကြောင့် အိမ်ပေါ်ထပ်မိသားစု စား
တွင်ပင်စား၍ အိမ်ပေါ်တွင်ပင် နေ
အိပ်စားပါသော်လည်း ဆွေမျိုးအိမ်
မိတ်ဆွေအိမ်များမှ လည်ပတ်
သောက်ပြန်လာတိုင်းလည်း အော
ထပ်တွင်နေထိုင်ကြသောတူမများဆီ
ရောက်အောင်လာတတ်ပြီး စ
စမြည်ပြောဆိုရယ်မောကာ ညဉ့်နက်
အိမ်ပေါ်တက်အိပ်သည့်အလေ့ရှိသည်

## အခန်း (၂)

လွန်လေပြီးသောတစ်လ။ နေ့
နေ့တွင် ကိုအေးကြွယ်အတွက် အ
ဆိုးဝါးပြင်းထန်သော အသက်အန္တရာ
ဘေးဆိုးကြီးနှင့် ကြုံတွေ့ရလေသည
ယခုတစ်လောတွင် ကိုအေးကြွ
သာရေးနာရေးနှင့် ရပ်ကွက်လမ်းအ
ခင်းခြင်းများ၊ လမ်းခင်းပြီးသောအ
တရားပွဲ (၇) ည ကျင်းပပြုလုပ်ရ
အလုပ်များဖြင့် လူရောစိတ်ပါပင်ပ
များကြောင့် မလန်းမဆန်း မအီမသာ
နေမှုများ၊ မိမိကျန်းမာရေးကို ဂရုမစိ
မိဘဲ ဘာသိဘာသာနေမိလာခဲ့
ယနေ့မနက်စိုင်းတွင်ကား နေထိုင်
မကောင်းတော့ဘဲ မနက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာပေါ်တွင်သာ မှိန်းကာနေတော့သည်။ (သည်အခြေအနေကို အောက်ထပ်တွင်နေထိုင်သော အစ်ကိုဦးကောင်းမြတ် မသိခဲ့ရပေ။) ည (၉း၃၀) နာရီလောက်တွင် ဦးကောင်းမြတ် မိသားစုနှင့်အတူ TV ထိုင်ကြည့်နေစဉ် အိမ်ပေါ်ထပ်မှ ဒုန်း ဟူသော ပြိုလဲသံကြီးတစ်ခုနှင့်အတူ ဆူညံအော်ဟစ်သံများ ရုတ်တရက်ဖြစ်ပေါ်လာမှ လန့်သွားပြီး အိမ်အပေါ်ထပ်ကို ဒရောသောပါးပြေးကြည့်သောအခါ ကိုအေးကြွယ်သည် အိမ်သားများ ထိန်းမတ်ထူမပေးထားသည့်ကြားမှ ခြေဆင်းကာ လက်နှစ်ဖက်ဆန့်ထားပြီး လက်သီးများဆုပ်လျက် ပါးစပ်တမရတော့ဘဲ သွားစေ့အံကြိတ်ကာ ပါးစပ်ဟ အမြှုပ်ထွက်၊ နှုတ်ခမ်းက သွေးများစီးကျလျက် မျက်လုံးနှစ်လုံးပြူးကျယ်ပြီး တကီးကီးအသံဖြင့် မရှိမဆုံ့အကြောဆွဲတက်နေသည်ကို ထိတ်လန့်ချောက်ချားစိုးရိမ်ဖွယ်ရာ ဦးကောင်းမြတ်မြင်တွေ့လိုက်ရရာ အတွေ့အကြုံရှိသော ဦးကောင်းမြတ်သည် မိမိတို့ရပ်ကွက်ထဲရှိ ရွှေသရဖူအထူးကုဆေးရုံကြီးသို့ အမြန်ဆုံးရောက်အောင် အိမ်သားများနှင့် ဝိုင်းဝန်းကာ ပို့ဆောင်ရလေသည်။

ဆေးရုံကြီးသို့ ရောက်သောအခါ ည(၁၀)နာရီထိုးနေပြီဖြစ်သည်။ အထွေထွေအထူးကုဆရာဝန်ကြီးမှ ကိုအေးကြွယ်ကို ချက်ချင်းအရေးပေါ်လူနာခန်းတွင်ထားပြီး လူနာအဖြစ်အပျက်ကို အမြန်ဆုံးမေးမြန်း၍ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆံရာ၊ ဆရာမများဖြင့် ရှုပ်ယှက်ခတ်ပျာယာခတ်ပြီး လူနာအသက်ကိုကယ်တင်နိုင်ရန် အစွမ်းကုန်ကြိုးစားကြတော့သည်။ လူနာကားလုံးဝသတိလစ်နေပြီး အသက်ကို မချိမဆံ့ တရှုံးရှုံးဖြင့်ရှူနေရသောကြောင့် အောက်ဆီဂျင်ပေးထားသည့်ကြားမှပင် နှာခေါင်း၊ နှုတ်ခမ်းနှင့် လက်ဖဝါးနှစ်ဖက်တို့မှာပြာနှမ်းပြီး မျက်လုံးနှစ်ဖက်အပေါ်ထန်၍ ရင်ဘတ်၊ ဝမ်းဗိုက်တို့မှာ ဖားဖိုကြီးလို ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်ကာ မချိမဆံ့ဝေဒနာဆိုးကြီးကို ခံစားနေရပေသည်။

အချိန်မှာ တဖြည်းဖြည်းနှင့် သန်းခေါင်ကျော် မြန်မာစံတော်ချိန်အားဖြင့် (၁၂) နာရီကျော်ကာ တနင်္လာနေ့မှ အင်္ဂါသို့ကူးပြီဟုယူဆရသော်လည်း မြန်မာကိန်းခန်းအားဖြင့် အရုဏ်တက်ပြီးမှသာ အင်္ဂါနေ့သို့ လုံးလုံးလျားလျားရောက်ရှိမည်ဖြစ်သောကြောင့် မြန်မာ့အယူအဆအရ အသည်းအသန်ဖြစ်နေသော လူနာတို့မည်သည်မှာ မိမိမွေးနေ့အတွင်း ကျရောက်နေပါက အလွန့်အလွန် အန္တရာယ်ကြီးမားပြီး မွေးနေ့လွန်ပါမှ အလွန်စိုးရိမ်ရသည့် အခြေအနေမှ လွတ်မြောက်၍ လူနာအတွက် မျှော်လင့်ချက်ထားနိုင်ကြောင်း လူကြီးသူမများမှတစ်ဆင့် ကြားသိရသောကြောင့် ကိုအေးကြွယ်၏ အခြေအနေသည် - ၎င်း၏မွေးနေ့ဖြစ်သော တနင်္လာနေ့မှ အင်္ဂါသို့ကူးပြောင်းမည့် အရုဏ်တက်ချိန်အထိသည်ကား သေချာမှုမရှိနိုင်ပေ။ သတိလစ်၍တက်နေသော အခြေအနေမှာလည်း ပိုမိုဆိုးရွားလာတာညဥ့် (၁)နာရီကျော်တွင်ကား နှလုံးရပ်ကာ ဆရာဝန်ကြီးက မျက်စိသူငယ်အိမ်ကို ဓာတ်မီးဖြင့်ထိုးကြည့်သောအခါ မျက်စိသူငယ်အိမ်များ လုံးဝမလှုပ်ရှားတော့သဖြင့် လက်ထောက်ဆရာဝန်ကို လူနာခုတင်ပေါ်တက်၍ လက်နှစ်ဖက်ဖြင့် နှလုံးကို အချက်ပေါင်းများစွာ ဖိနှိပ်စေပြီး နှလုံးနှိုးအရေးပေါ်ဆေးများကိုလည်း အမြန်ဆုံးထိုးကာရပ်နေပြီဖြစ်သည့် နှလုံးကို ပြန်လည်လှုပ်ရှားလာစေရန် အပြင်းအထန် ကြိုးစားကြလေတော့သည်။

ထိုသို့ အရေးပေါ် အထူးကြိုးစားကြလေသောအခါ ချွဲသံ၊ သလိပ်သံတို့နှင့်ရောပွမ်းကာ ရပ်နေသောနှလုံးက ပြန်လည်လှုပ်ရှားလာပြီး မသက်မသာဖြင့် အသက်ပြန်ရှူလာပြန်၏။ ထိုအချိန်တွင် ချွဲသံ၊ သလိပ်သံတို့ကလည်း ပိုမိုကျယ်လောင်လာပြီး ချွဲစုပ်စက်ဖြင့်စုပ်ယူပါသော်လည်း စုပ်ယူ၍ အနည်းငယ်သာရသောကြောင့် အခြေအနေကား ပိုဆိုးလျက်သာနေတော့သည်။ အချိန်မှာလည်း (၁) နာရီခွဲဝန်းကျင် (၂)နာရီမတ်တင်းသို့ပင် ရောက်လုနီးနေပြီဖြစ်သည်။ သည်အခါတွင် အထူးကုဆရာဝန်ကြီးမှ ဦးကောင်းမြတ်အား -

"စိတ်မကောင်းပါဘူးဗျာ၊ လူနာကတော့ အသက်ရှင်ဖို့ (၉၈) ရာခိုင်နှုန်း မသေချာတော့ဘူး။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားကြတာပဲ။ တကယ်တမ်းပြောရမယ်ဆိုရင် ဒီလူနာဟာ ကျွန်တော်တို့လက်ချလိုက်တဲ့ လူနာဖြစ်သွားပါပြီ။ ကျွန်တော်ကိုယ်ချင်းစာပါတယ်။ လုံးဝစိတ်မကောင်းပါဘူး"

ဟု ဆရာဝန်ကြီးက စိတ်လက်မသာမယာပြောသောအခါ ဦးကောင်းမြတ်သည် ခေါင်းပေါ်မှဆံပင်များထောင်တက်သွားလောက်အောင် စိုးရိမ်လွန်ကဲပြီး ဝမ်းနည်းယူကြုံးမရစိတ်များကြောင့် မျက်ရည်များဝေ့ဝဲကာ တုန်ယင်လှိုက်မောသောလေသံဖြင့် -

"ဟုတ်ကဲ့ပါဆရာကြီး။ ကျွန်တော်တို့မိသားစုအားလုံး မကြာခင် အဆိုးဆုံးသောအခြေအနေနဲ့ ရင်ဆိုင်ကြရတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အားကိုးစရာ ဘုရားနဲ့ လူနာရဲ့ကံကြမ္မာသာပဲရှိပါတော့တယ် ဆရာကြီးရယ်"

ဟု ပြန်ပြောပြောလိုက်သောအခါ ဆရာကြီးသည် စိတ်မသက်သာစွာ ခေါင်းတစ်ချက်ညိတ်လိုက်ရင်း လူနာနားမှ လေးလံသောခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့သည်။

## အခန်း (၃)

ဦးကောင်းမြတ်သည် ကျလာဆဲမျက်ရည်များကို လက်ဖမိုးဖြင့်သုတ်လိုက်ရင်း ညီငယ်ဖြစ်သူ ကိုအေးကြွယ်၏ ခုတင်ခေါင်းရင်းကိုသွားကာ တဆတ်ဆတ်တုန်နေသောလက်နှစ်ဖက်ဖြင့် ညီငယ်ဖြစ်သူ၏ ဦးခေါင်းကိုစုံကိုင်ကာ မိမိအလွန်အားကိုးယုံကြည်စွာ နေ့စဉ်ရွတ်ဆိုနေသော တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ဂုဏ်တော်ကွန်ချာကို ရွတ်ဆိုရန်အတွက် -

"ဆရာတော်ကြီးဘုရား၊ ယခုအခါ တပည့်တော်တို့မိသားစု ညီငယ်၏ အသက်အန္တရာယ်ကြောင့် ဒုက္ခသောကများနှင့် ရင်ဆိုင်နေကြရပြီ ဖြစ်ပါတယ်။ ဆရာတော်ကြီးမှ အသက်ဘေးနှင့်ရင်ဆိုင်နေရသော တပည့်တော်၏ညီငယ်ဖြစ်သူ မောင်အေးကြွယ်၏ဦးခေါင်းပေါ်သို့ ကြွရောက်ပါဘုရား။ တပည့်တော်သည် မြတ်စွာဘုရား၏ ဂုဏ်တော်များဖြစ်သော ဂုဏ်တော်ကွန်ချာကို ကိုးစားယုံကြည်စွာရွတ်ဆိုပါမည်။ ဆရာတော်ဘုရားကြီးမှ တပည့်တော်၏ ညီငယ်အသက်ကို ကယ်မတော်မူပါ ဘုရား"

ဟု ဆရာတော်ကြီး ဦးဥတ္တမသာရကိုပင့်ဖိတ်ကာ ဂုဏ်တော်ကိုဆက်တိုက်ရွတ်ပွားလေတော့သည်။

ထိုအချိန်တွင် ကိုအေးကြွယ်၏ အစ်မ၊ ညီမ၊ မရီး၊ တူ၊ တူမအားလုံးတို့မှာလည်း ပူဆွေးသောက ဗျာပါဒများဖြင့်ငိုကြွေးရှိုက်သူကလည်းငို၊ တူ၊ တူမ၊ မရီးတို့ကလည်း ဂုဏ်တော်၊ ပရိတ်တော်များရွတ်၊ ပဌာန်းရွတ်သူတို့ကလည်းရွတ်ကြရင်း ကမ္ဘာပျက်သလို ခံစားကြရသည်။ အရပ်ထဲမှသိကြသူများကလည်း ညဥ့်

www.burmeseclassic.com

နက်သန်းခေါင်တွင်ပင် ကိုအေးကြွယ်ကို ခင်မင်သနားစိတ်ဖြင့် ဆေးရုံသို့လာရောက်ကြပြီး ကိုအေးကြွယ်၏မျှော်လင့်ချက်မရှိတော့သော အခြေအနေကို သနားကရုဏာသက်စွာ မကြည့်ရက် မမြင်ရက်ကြသဖြင့် စိတ်မချမ်းမြေ့စွာ ပြန်သွားကြလေသည်။

အချိန်သည် တရွေ့ရွေ့ဖြင့် ညဉ့် (၂) နာရီခွဲပြီးအချိန်ရှိနေပြီ ဖြစ်သည်။ တကယ်တမ်းမှာတော့ ဆရာဝန်ကြီးသည် ကိုအေးကြွယ်၏နောက်ဆုံးအချိန်ကို နာရီပိုင်းသို့ပင်မခန့်မှန်းဘဲ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းလောက်ကိုသာ ခန့်မှန်းခဲ့သည်ဟု ယူဆရပေသည်။ ဦးကောင်းမြတ်သည် ပထမပိုင်းဂုဏ်တော်ကိုရွတ်သောအခါ စိုးရိမ်စိတ်သောကများကြောင့် အမြီးအမောက်မတည့်ဖြစ်နေခဲ့သော်လည်း တဖြည်းဖြည်းဖြင့် အနည်းငယ်တည်ငြိမ်မှုရလာကာ ဖျတ်ခနဲအသိတစ်ခုက ဦးနှောက်ထဲတွင်ပေါ်လာပြန်လေသည်။

ထိုအသိတစ်ခုမှာ မည်သူမဆို အလွန်ဆိုးဝါးသော အဖြစ်ဆိုးများနှင့် ရင်ဆိုင်လာရပါက မိမိတကယ်ပြုထားခဲ့သော အမှုကိစ္စတစ်ခုခုကို သစ္စာပြုပါက အမှန်တကယ်ဖြစ်ခဲ့ပါက သစ္စာစူးရောက်ကာ အန္တရာယ်မှလွတ်မြောက်စေတတ်ကြောင်း၊ လူကြီးသူမ၊ ဆရာတော်သံဃာတော်တို့၏ အဆိုအမိန့်များကို သတိတရရှိလာသောအခါ လွန်ခဲ့သော (၁၅) နှစ်ခန့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မိမိမိသားစုဝင်တစ်ဦးမှ အလွန်ကြီးလေးသောအမှုတစ်ခုကို ကျူးလွန်မိသောကြောင့် အိမ်ထောင်ဦးစီးဖြစ်သူလည်း ထောင်(၅)နှစ်မှ (၁၀)နှစ်ထိ ကျရောက်နိုင်ကြောင်း၊ တကယ်တမ်း ထောင်ကျခဲ့ပါလျှင် စီးပွားရေးကိုဘာမှလုပ်မတတ်ကိုင်မတတ်သော ၎င်း၏ မိန်းမဖြစ်သူနှင့် အလယ်တန်းလောက်သာ ပညာသင်ကြားလျက်ရှိကြသော ကလေး(၅)ဦးမှာ အလွန်ဒုက္ခရောက်ပြီး မိသားစုဘဝပျက်ကြရမည်ဖြစ်သည်ကို ထိုအချိန်က သက်ရှိ ထင်ရှားရှိနေသေးသော ဦးကောင်းမြတ်၏ မိခင်ကြီးမှာ သမီးနှင့်မြေးငယ်များ ဒုက္ခရောက်ကြတော့မည့်အရေးကြောင့် မစားနိုင်မအိပ်နိုင်၊ တငိုငိုတရီရီဖြင့် ဦးကောင်းမြတ်နှင့် ထိုစဉ်က အေးချမ်းဖြိုးဝန်ထမ်းဖြစ်သူ ချွေးမတို့ကို ၎င်းအမှုအခင်းကြီးမှ သက်သာလွတ်မြောက်စေရန် မျက်နှာငယ်လေးဖြင့် အကူအညီတောင်းခံသလို အမှုနှင့်ရင်ဆိုင်နေရပြီဖြစ်သော လူမမယ်ကျောင်းသူကျောင်းသားများနှင့် မိခင်ကိုယ်တိုင်မှ ငိုကြီးချက်မဖြင့် ၎င်းတို့ဘဝကို ကယ်တင်ရန် အသနားခံ တိုးလျှိုးတောင်းပန်ကြလေသည်။

ဦးကောင်းမြတ်နှင့် ဝန်ထမ်းဖြစ်သူဇနီးတို့မှာ မိမိတို့ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ၎င်းမိသားစုအပေါ် စေတနာ၊ မေတ္တာ ကြီးမားစွာထားရှိကာ မိမိတို့အား ရင်းနှီးကျွမ်းဝင်ခင်မင်ကြသောဝန်ထမ်းပတ်ဝန်းကျင်များဖြစ်သည့် အရာရှိကြီးများအပါအဝင် မိတ်ဆွေများအား အသနားခံအကူအညီတောင်းကာ အလုပ်ပျက်အကိုင်ပျက် စီးပွားရေးကိုပင်ကြည့်မနေနိုင်တော့ဘဲ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းစွာဖြင့် အချိန်များစွာ သောကာလတစ်ခုကို သောကဗျာပါဒကို အရင်းအနှီးပြုရင်း မဆုတ်မနစ် ကြိုးစားကာ ဆောင်ရွက်ပေးသောကြောင့် အဆိုပါ အမှုကျူးလွန်ခဲ့သူ မိသားစုဝင်တစ်ဦးသည် ၎င်း၏ အလွန်ကြီးလေးသော ပြစ်မှုကြီးမှ ချုပ်ရက်ဖြင့်သာ ပြစ်ဒဏ်ခံရပြီး အမှုမှလွတ်မြောက်ခဲ့လေသည်။ ၎င်းနှင့်အတူ ပူးတွဲကျူးလွန်သူတို့မှာကား ထောင်ကျခဲ့ကြရ လေသည်။

ဦးကောင်းမြတ်သည် ထိုအဖြစ်အပျက်ကို ပြန်လည်သတိရှိမြင်ယောင်လာပြီး မိမိညီဖြစ်သူ၏အသက်ကိုကယ်တင်နိုင်ရန် သစ္စာပြုမှတော်တော့မည်ဟု ဆုံးဖြတ်ကာ -

"အရှင်ဘုရား၊ တပည့်တော်၏ မိသားစုဝင်တစ်ဦးသည် အလွန်ကြီးမားသောပြစ်မှုတစ်ခုကိုကျူးလွန်ခဲ့မိရာ ၎င်းကိုယ်တိုင် ထောင်နှစ်ကြီးကျ၍ ၎င်း၏ မိသားစုဘဝ ပျက်သုဉ်းရမည့်ဒုက္ခကြီး မကြုံတွေ့ရလေအောင် တပည့်တော်နှင့် ဇနီးဖြစ်သူတို့သည် ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းမှုများကိုခံစားကာ အစွမ်းကုန်ကြိုးစားအားထုတ်ကြသောကြောင့် ၎င်းသည် ထောင်မကျခဲ့ပါ။ မိသားစုဘဝလည်းမပျက်ခဲ့ကြအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဤစကားသည် အမှန်ဖြစ်ပါသည်။ ဤမှန်ကန်သောသစ္စာစကားကြောင့် ယခုအသက်ဘေးနှင့်ကြုံတွေ့နေရသော တပည့်တော်၏ညီငယ် မောင်အေးကြွယ်သည် အသက်အန္တရာယ်ဘေးမှ လွတ်မြောက်ပါစေသား အရှင်ဘုရား"

ဟု သစ္စာပြုရင်း တစ်ဆက်တည်းမှာပင် -

"ယခုအသက်အန္တရာယ်နှင့်
တွေ့နေရသော မောင်အေးကြွယ်
သောက်စားမှုးယစ်ဟော့ရမ်းဆိုး
တစ်ဦးလည်းမဟုတ်ပါ။ ၎င်းသည်
အစ်ကိုမောင်နှမများနှင့်လည်း
ဆွေမျိုးမိတ်သင်္ဂဟများနှင့်လည်း
အမုန်းမပွားဘဲ ခင်မင်ချစ်ခင်
ဆက်ဆံ ပြောဆိုနေထိုင်သူတစ်ဦး
သည်။ ဘာသာရေးအနေဖြင့်လည်း
မှ ဦးဆောင်ဦးရွက်ပြု၍ ပဌာန်း
များ၊ အလှူအတန်းများနှင့်လမ်း
ရပ်ရေးရွာရေးတို့တွင်လည်း တ
ဆောင်ရွက်တတ်သော ဘာသာ
သနာနှင့် လူမှုရေးတို့ကို အစဉ်
တတ်သောကုသိုလ်များကြောင့်
ကောင်း၊ ၎င်းတွင် ကျရောက်နေ
ဂြိုဟ်ဆိုး၊ ကြမ္မာဆိုး၊ ကံဇာတာဆိုး
ကင်းပပြီး ကံပွင့်၊ ကံမြင့်ကာ
အန္တရာယ်မှလွတ်မြောက်ရန်
ဖြစ်ပွား၊ နတ်မြတ်နတ်ကောင်း
ပေါင်းတို့မှလည်း ကယ်မပေးသနာ
စေသား အရှင်ဘုရား"

ဟု သစ္စာအဓိဋ္ဌာန်ပြု ဆု
ရပါလေသည်။

စက္ကန့်၊ မိနစ်၊ နာရီတို့မှာ
ဖြည်းကုန်လွန် ရွေ့လျားလျက်ရှိရာ
ခေါင်ယံ (၃)နာရီကျော်ရှိနေပြီဖြစ်
လူနာသည် အတက်လျော့သွား
ဉာလိပ်တို့သည်လည်း စက်ဖြင့်စုပ်၍
လာပြီး လည်ချောင်းထဲမှတိုး၍
ထွက်နေသော တရှီးရှီးလေသံ
လည်း နည်းနည်းလျော့ကျလာသ
လာသည်။ ဦးကောင်းမြတ်သည်
ခနဲတစ်ချက်သတိရပြီး မိမိအကျီ
ထဲတွင် အမြဲဆောင်ထားသောပြည်
ပြန်မြတ်စွာဘုရားကြီးကို သတိ
ဇလွန်ပြည်တော်ပြန်ဘုရားကြီး၏ပုံ
ကို ကိုအေးကြွယ်၏နောက်စေ့ခေါင်း
အတွင်းသို့ထည့်သွင်းကာ မြတ်စွာ
ကြီးကို ညီငယ်၏ ဦးခေါင်းပေ
သီတင်းသုံး ကြွရောက်ပါရန် ရှိ
လျှောက်ထားလိုက်ပြီး အမြတ်
ရရှိနေ၍ ပြည်တော်ပြန်ဘုရား
စမ္ဗုဒ္ဓေဂါထာတော်ကြီးကို မပြတ်
ဖတ်ပြန်လေ၏။အချိန်တို့ကား တရွေ့
ရွေ့လျားလာပြီး မနက် (၄)နာရီမတ်
ရှိနေပြီဖြစ်သည်။

နောက်တစ်ဖန် ဦးအောင်
(လူပျံတော်ပဏ္ဏမြား) ဆေးတိုက်၏
ကလက်သုံးဖြစ်သော ဆေးသိဒ္ဓိ
လည်း သတိရလိုက်ပြန်ကာ



www.burmeseclassic.com

www.burmeseclassic.com

တွင် ချိတ်ဆွဲထားသောဆေးဘူးကို ထက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်တွယ်ကာ ဆေးသိဒ္ဓိဂါထာကို (၉)ခေါက်ရွတ်ဆို၍-

"ဤဗုဒ္ဓမြတ်စွာ၏ ဆေးသိဒ္ဓိဂါထာတော်၏ တန်ခိုးအစွမ်းကြောင့် ဤဆေးဘူးမှတစ်ဆင့် တပည့်တော် ညီငယ်၏ခန္ဓာကိုယ်အတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသောဆေးရည်တို့သည် ဗုဒ္ဓဂါထာတော်၏ တန်ခိုးကြောင့် အလွန်အစွမ်းထက်မြက်ကြကုန်လျက် ကျရောက်နေသောရောဂါဆိုးကြီးအား ဖယ်ရှားစေ၍ အသက်ဘေးမှလွတ်မြောက်ပါစေဘုရား"

ဟု ဆုတောင်းရပြန်လေ၏။

နောက်တစ်ဖန် မြတ်စွာဘုရားသက်ရှိထင်ရှားရှိစဉ်အခါက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်ဟိုင် နေထိုင်မကောင်းဖြစ်သောအခါ တပည့်သာဝကနှစ်ဦးဖြစ်သော ရှင်သာရိပုတ္တရာ၏ ညီတော် အရှင်စုန္ဒမထေရ်မြတ်အား အပါးတွင်ထား၍ ညောင်စောင်းပေါ်တွင် လျောင်းနေရင်းမှ ဗောဇ္ဈင်သုတ်တော်ကို ရွတ်ဖတ်စေပြီး မြတ်စွာဗုဒ္ဓကိုယ်တိုင်မှ ဗောဇ္ဈင်သုတ်တော်ကြီးကို ကိုယ်တိုင်နာကြားသည်ကို ဒေသနာတော်တို့မှ နာကြားရသည်ကို သတိရလာပြန်ကာ ဗုဒ္ဓမြတ်စွာ ဗောဇ္ဈင်သုတ်တော်နာကြားနေပုံကို စိတ်အာရုံတွင်ပေါ်အောင်ရှုမှတ်ပြီး ညီငယ်၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ကိုင်မကာ ရွတ်ပြန်ပါလေသည်။

ထိုအချိန်တွင် ရွှေသရဖူဆေးရုံကြီးနှင့် နီးနီးကပ်ကပ်ရှိသော တောကျောင်းပရိယတ္တိစာသင်တိုက်မှ အုန်းမောင်းခေါက်သံတို့ကြားရပြီး ပရိတ်ရွတ်ဖတ်နေရင်းနှင့်ပင် အရုဏ်တက်ရောင်ခြည်ဦးကို မြင်လိုက်ရစဉ်မှာတော့ ဦးကောင်းမြတ်ရင်ထဲ လွန်စွာပီတိဖြစ်ရင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ညီငယ်ဖြစ်သူ အသည်းအသန်ဖြစ်နေသောအချိန်က ဆရာဝန်ကြီးမှ နောက်ဆုံး ဂိတ်လျှော၊ လက်လျှော့စကားပြောချိန်သည် အလွန်အင်မတန် ညှို့နက်နေသော အမှောင်တိုက်ကြီးစိုးမိုးကာ မိသားစုအားလုံး လူနာအတွက် စိုးရိမ်သောကဗျာပါဒများဖြင့် အမှောင်တိုက်ကြီးအတွင်း ကျရောက်နေချိန်ဖြစ်သည်။ မျှော်လင့်ချက် လုံးဝ တင်းပျောက်နေရသည့် အခြေအနေဆိုးကြီးကို ရင်ဆိုင်ရင်း မြတ်ဗုဒ္ဓနှင့် ကံတရားကိုသာ အားကိုးယုံကြည်ကာ သစ္စာမိဋ္ဌာန်ထားကာ ဂုဏ်တော်၊ ပရိတ်တော်များ မပြတ်ရွတ်ပွားသော အကျိုးများကြောင့် နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့က ကယ်မကြပြီဟုဆိုနိုင်ကာ လူနာသည် အသက်နှင့်ခန္ဓာမြဲလျက်ရှိနေပြီး အရုဏ်ဦးအလင်းရောင်ကို မြင်တွေ့ကြရပြီဖြစ်သောကြောင့် လူနာအသက်ရှင်ထမြောက်လာရန် မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဟု ယူဆရမည်ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

ဦးကောင်းမြတ်သည် စိတ်အားထက်သန်စွာ သာသနာဂုဏ်(၉၀)ဂါထာတော်ကြီးကို လည်းကောင်း၊ သေနေသော သစ်ခြောက်ပင်သော်မှ ပြန်လည်ရှင်သန်လာသည့် ဓာရဏပရိတ်တော်ကြီးကိုလည်းကောင်း မပြတ်တမ်းဆက်လက်ရွတ်ဆိုခဲ့ရာ အင်္ဂါနေ့နံနက် (၇း၃၀) အထိတိုင်ပင်ဖြစ်သည်။ လူနာကား သတိမရသေးသော်လည်း ခြေလက်များ ပြာနှမ်း၍မတက်တော့ဘဲ အသက်ခန္ဓာတွဲလျက်ပင်ရှိနေသေးတော့သည်။ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာ၊ ဆရာမများကလည်း အထူးကြပ်မတ်ဆောင်တွင် ညီငယ်ဖြစ်သူကို အထူးအလေးထား ဆောင်ရွက်ပေးကြသည်။

## အခန်း (၄)

နံနက် (၉း၃၀)နာရီတွင် အထူးကုသမားတော်ကြီးပြန်ရောက်လာသောအခါ မိမိက လုံးဝပြန်လည်အသက်ရှင်နိုင်စရာအကြောင်းမရှိတော့ပြီဟု ဆုံးဖြတ်ချက်ချခဲ့လေပြီးမှ လူနာအား အသက်ခန္ဓာတွဲလျက်ပြန်တွေ့လိုက်သောအခါ ဆရာဝန်ကြီးသည် အထူးအားရဝမ်းသာဖြစ်သွားပြီး လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများအား အထူးညွှန်ကြားချက်များ ချက်ချင်းထပ်လောင်းဖြည့်စွက်ပြီး အချိန်မလပ် အရေးယူဆောင်ရွက်ပြုစုကုသပေးသောကြောင့် လူနာသည် သတိလစ်နေသေးပါသော်လည်း တစ်ဖန် ရှင်သန်ထမြောက်လာတော့မည်မှာကား မုချမသွေဖြစ်ပါစေဟုသာ အားလုံးက ဝမ်းသာအားရဆုတောင်းရတော့သည်။ အရပ်ထဲတွင်လည်း ကိုအေးကြွယ်လုံးဝမျှော်လင့်ချက်မရှိတော့ဟု သတင်းပျံ့လွင့်နေပြီးမှ ၎င်းတို့ ရင်တမမဖြင့်မျှော်လင့်နေခဲ့ကြသော သတင်းဆိုးကြီးဖြစ်မလာသောကြောင့် ဆေးရုံကြီးသို့ ဆွေမျိုး၊ မိတ်ဆွေများ တစ်နေ့လုံး တဖွဲဖွဲသတင်းမေးကာ လာရောက်ကြလေသည်။

ညီငယ်၏အသက်ကို စိုးရိမ်ကြီးစွာဖြင့် ခေါင်းရင်းမှ ဂုဏ်တော်၊ ပရိတ်တော်တို့ကို ညဦးယံမှ မနက်လင်းသည်အထိ ဆက်တိုက်ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့သော အစ်ကိုဖြစ်သူ ဦးကောင်းမြတ်မှာ ယခုမှ စိတ်သက်သာရာရခဲ့ပြီး ညီငယ်ဖြစ်သူ ရောဂါကင်းပျောက်၊ မူလအနေအထားရောက်လာစေရန် ညီငယ်၏ ကံဇာတာနှင့် ယတြာများအတွက် မိမိမိသားစု၏ မိတ်ဆွေဗေဒင်လက္ခဏာဆရာဖြစ်သူဆီသို့ ပြေးရပြန်လေသည်။ ဆရာက လူနာ၏ဇာတာကို တွက်ချက်ကြည့်သောအခါ ဗေဒင်ကိန်းခန်းအရ အလွန်ဆိုးဝါးသော (၀)ကြွင်းသည့်ကိန်းသို့ရောက်ရှိနေပေရာ လူနာအတွက် အလွန်အန္တရာယ်ကြီးမားနေသောကြောင့် အလွန်ထက်မြက်သော ယတြာ(၄)မျိုးမှ (၁)မျိုးကို ဆရာ့နေအိမ်တွင်ပင် ပြုလုပ်ပေးသည်။ ထို့နောက် ဆရာစီရင်ပေးလိုက်သော လူနာ၏ကိုယ်စား အင်္ကျီ၊ လုံချည်များကို ရေတွင်မျှောပေးရသည်။ ထို့နောက် အိမ်နှင့်နီးသော လေးကျွန်းဆီမီးသိမ်တော်ကြီးစေတီတော်သို့ သွားရောက်ကာ စာကြည့်တိုက်နှင့်ကပ်လျက်ရှိသော ဂန္ဓကုဋိတိုက်ရှိ ရုပ်ပွားတော်ကြီးကို ပထမ ပန်း၊ ဆီမီးတို့ဖြင့်ဦးတိုက်ပြီး ဂြိုဟ်ရှစ်ခွင်တွင် မီးပူဇော်၊ ရေသပ္ပာယ်ခြင်းများပြုလုပ်၏။ နောက်ဆုံးအနေဖြင့် အဖြူရောင်ကြွေထမင်းစားပန်းကန်ပြားပေါ်တွင် ဆော့လ်ပင်ဖြင့် ဆရာကိုယ်တိုင် ရေးထားသော စမအင်းပန်းကန်ကို အောက်မှ လူနာ၏အင်္ကျီ၊ လုံချည်ခံ၍ ဆရာစီရင်ပေးလိုက်သောဆေးဖယောင်းတိုင်ကို ပန်းကန်ပြား၏ အလယ်တွင်ထွန်းညှိကာ အိမ်၏ဘုရားခန်းရှေ့တွင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ငါးပါးသီလခံယူပြီး မီးပူဇော်၍ ပရိတ်တရားတော်များကို လူနာ ဆေးရုံမှပြန်ဆင်းလာသည့်ရက်အထိ ပြုလုပ်ဆောင်ရွက်ပေးရန်ညွှန်ကြားချက်အတိုင်း ဦးကောင်းမြတ်နှင့်ဇနီးတို့က နေ့စဉ်ဝတ္တရားမပျက်ဆောင်ရွက်ပေးကြ သည်။ ကျန်လူနာ၏ အစ်မ၊ ညီမ၊ တူ၊ တူမများကလည်း အဟောထွက်သည့်အတိုင်း နေအိမ်တွင် ရှိခိုးပွဲများပေးခြင်း၊ သိုက်ကြီး၊ နတ်ကြီးများ တောင်းပန်ဖြတ်တောက်ပေးခြင်းနှင့် အခြားသော ကိစ္စများကိုလည်း ဆောင်ရွက်ပေးကြလေသည်။

လူနာသည် အထူးကြပ်မတ်ဆောင်တွင် (၃) ရက်မြောက် ဗုဒ္ဓဟူးနေ့သို့ ရောက်ခဲ့ပြီ ဖြစ်သည်။ ဦးကောင်းမြတ် မိတ်ဆွေဗေဒင်ဆရာထံသွားစဉ်အခါက



www.burmeseclassic.com

www.burmeseclassic.com

အဟောထွက်ရာတွင် ကိုအေးကြွယ်၏ ကံဇာတာသည် အလွန်နိမ့်ကျလျက်ရှိပြီး (၃)ရက်လွန်မှသာ စိတ်ချရမည်ဟု တွက်ချက်အဟောထွက်ပေးထားပေရာ ယနေ့ ဗုဒ္ဓဟူးနေ့သည် (၃) ရက်မြောက်နေ့ပင် ဖြစ်သည်။ (၂)ရက်လုံးလုံးသတိမရသေးဘဲ မျက်လုံးမှိတ်လျက်က ဝေဒနာခံစားနေရသော ကိုအေးကြွယ်သည် ယနေ့ နံနက် (၉း၀၀) နာရီကျော်ကျော်တွင် မှိတ်နေသောမျက်လုံးနှစ်စုံသည် မျက်ခွံလေးများ အနည်းငယ်ပွင့်လာပြီး သတိရလာပြီဖြစ်သည်။ ထို့နောက် မျက်လုံးများ တဖြည်းဖြည်း ပုံမှန်ကဲ့သို့ပွင့်လာပြီး ဟိုကြည့်ဒီကြည့်နှင့် အိပ်မောကျရာမှ ရုတ်တရက် နိုးထလာသူတစ်ယောက်ကဲ့သို့ ဘာအသိမှမသိ၊ မမှတ်မိ။ ကြီးကြည့်ကြောင်ကြည့်ဖြစ်နေသော်လည်း အနားတွင်ရှိသော ညီအစ်ကိုမောင်နှမများကား ဝမ်းသာမဆုံးဖြစ်ကြရပေသည်။

(၁၂)နာရီတွင် ဆရာဝန်ကြီးရောက်လာသောအခါ ဆရာဝန်ကြီးလည်း လူနာသတိရလာပြီ ဖြစ်သောကြောင့် အတော့်ကို ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ -

"ကိုအေးကြွယ်၊ ကိုအေးကြွယ် နေကောင်းလား။ အခု ဘယ်နေရာ ရောက်နေတာလဲ"

ဟု မေးသောအခါ -

"အိမ်မှာရောက်နေတာလေ"

ဟုပြန်ဖြေရာ ဆရာဝန်ကြီးက -

"အဲဒါအိမ်မဟုတ်ဘူး။ ကိုအေးကြွယ်နေမကောင်းလို့ ဆေးရုံကြီးရောက်နေတာလေ"

ဟု ပြောရာ ကိုအေးကြွယ် ဆရာဝန်ကြီးကို ပြုံးလျက်ပြန်ကြည့်နေလေသည်။ ဆရာဝန်ကြီးသည် လူနာကို အသေအချာစမ်းသပ်ပြီး လက်ထောက်ဆရာဝန်များနှင့် ဆရာမများကို အထူးညွှန်ကြားလျက်ရှိပေသည်။

ဦးကောင်းမြတ်နှင့် ဆရာဝန်ကြီး တွေ့သောအခါ -

"လူနာသိပ်ကိုကံကောင်းပါတယ်ဗျာ။ ကျွန်တော်ကတော့ ပစ်လိုက်ရပြီထင်တာ။ အဲဒါ ဦးကောင်းမြတ်ပြောသလို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ဂုဏ်နဲ့ သူ့ရဲ့ကံကြမ္မာပေါ့ဗျာ။ အခုတော့ သူ့အခြေအနေက စိတ်ချရပါပြီ။ ကျွန်တော်တို့ပုံမှန်လူကောင်းဖြစ်လာတဲ့အထိ လက်နိုင်ခြေနိုင်ကုသပေးနိုင်ပါပြီ။ တစ်ခုမှာချင်တာက လူနာဟာ အလုပ်တွေ၊ အတွေးတွေများပြီး stress များတာကြောင့်လည်းဖြစ်တာပါတယ်။ အဲဒါကြောင့် သူ့ကို ဆေးရုံကဆင်းပြီးရင် တစ်လလောက် ကောင်းကောင်း အနားယူပါစေ။ နောက်တခြားဘယ်လိုကိစ္စ၊ ဘယ်လိုတာဝန်မျိုးတွေကိုမှ အတွေးဝင်သွားမယ့်ဟာတွေမျိုး၊ အလုပ်တွေမျိုးကို ပေးမတွေး၊ ပေးမလုပ်ပါစေနဲ့။ အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားဖို့လိုပါတယ်။ အဲဒါတွေကိုလည်း ဦးကောင်းမြတ်က ကျန်တဲ့မိသားစုဝင်တွေ အားလုံးကိုရှင်းပြထားပါ။ အရေးအကြီးဆုံးက နောက်တစ်ကြိမ် အဲဒီလိုဖြစ်ရင် မလွယ်ဘူးဆိုတာ ပြောပြထားစေချင်ပါတယ်"

ဟု ဆရာဝန်ကြီးမှ အထူးမှာကြားထားလေသည်။

## အခန်း (၅)

ကိုအေးကြွယ်၏သတင်းကိုကြားသူမိတ်ဆွေများသည် အလွန်အံ့ဩဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆေးရုံသို့သတင်းမေးရန် တဖွဲဖွဲလာရောက်ကြပြီးလျှင် သတင်းမေးကြလေသည်။ သည်အထဲမှ အလွန်အရင်းတနီးရှိသော အိမ်နီးချင်းမိတ်ဆွေကိုမောင်မြင့်က ဦးကောင်းမြတ်ကို-

"ကိုအေးကြွယ်ကို ဆေးရုံစတင်တဲ့နေ့က ကျွန်တော် ညဥ့်တော်တော်နက်တဲ့အထိရှိနေခဲ့တယ်ဗျ။ ခင်ဗျားတို့စိတ်ထဲ ဘယ်လိုနေမလဲတော့မသိဘူးဗျာ။ ကျွန်တော်တော့ ကိုအေးကြွယ် မချိမဆံ့ဖြစ်နေတဲ့မြင်ကွင်းကိုမြင်ပြီး ရင်ထဲတော်တော်ဆို့ဆို့နစ်နစ်ခံစားရတယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရပ်ကွက်လမ်းကြီးပြီးလို့ လမ်းသစ်ဖွင့်တရားပွဲကြီး (၇) ရက်ကို ညစဥ်ညတိုင်း ဆရာတော်ကြီးတွေ၊ တရားဟော၊ တရားနာကိစ္စတွေအတွက် အတူလက်တွဲပြီး ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပခဲ့ကြတာကို ပြန်လည်မြင်ယောင်သတိရရင်း ကျွန်တော်မျက်ရည်တောင်ကျမိပါတယ်ဗျာ။ အဲဒါ ဆရာဝန်ကြီး ခင်ဗျားကိုပြောနေတာတွေလည်း ကျွန်တော်အကုန်ကြားပါတယ်။ ကျွန်တော်လည်း နောက်ဆုံးတော့ သူ့အဖြစ်ကို မမြင်ရက်တော့လို့ စိတ်ပျက်လက်ပျက်နဲ့ပဲ အိမ်ကိုပြန်ခဲ့ပါတယ်။ အိမ်ရောက်ပြီးလည်း အိပ်လို့မရတော့ပါဘူးဗျာ။ အိပ်ရာပေါ်မှာနားနေရင်းပဲ ကိုအေးကြွယ်ကိစ္စအတွက် ဘယ်အချိန်မှာများ ရပ်ကွက်ထဲမှာ ရုတ်ရုတ်ရက်ရက်အသံ... ပေါ်လာလိမ့်မလဲလို့ဘဲ ရင်တမမနဲ့... နေမိရင်း မိုးလင်းတဲ့အထိ အရ... ဘာမှမဖြစ်ဘဲ ကိုအေးကြွယ် ဆေးရုံ... ပဲရှိနေတယ်လို့သိရတော့ စိတ်နည်းနည်း... အေးသွားပြီး အခုတော့ဗျာ သေရွာ... တစ်ယောက်အနေနဲ့ ပြန်လည်တွေ့လို့... ရတော့ ဝမ်းလည်းဝမ်းသာတယ်၊ ... တော့်ကိုလည်း အံ့ဩမိတယ်ဗျာ"

ဟု ရှည်လျားစွာ အားပါး... ပြောသည်။

"ဟုတ်ပါတယ် ကိုမောင်မြင့်၊ ကျွ... တော့်ညီရဲ့အဖြစ်က ဟိုမရှိမဂုဏ်... ဆရာတော် ဒေါက်တာအရှင်ကော... လေ သိတယ် မဟုတ်လား။ ဆရာတော်... က လွန်ခဲ့တဲ့ တစ်လတုန်းကတော... ကျွန်တော်တို့ မြိတ်မြို့ကို ဆရာတော်... ကိုယ်တိုင်ကြွလာပြီး မြို့မအားကစား... ကွင်းကြီးထဲမှာ (၃) ညတိုင်တိုင် တရား... ပွဲကြီး ကျင်းပသွားခဲ့သေးတယ်လေ... ကျွန်တော်တို့ မိသားစု သုံးညလုံးသွား... တရားနာကြသေးတယ်"

ဟုပြောသောအခါ-

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်... တော်တို့လည်းသွားနာပါတယ်"

"အဲဒါ ဆရာတော်ဟောကြား... တရားခွေ ခင်ဗျား နာဖူးမလားမသိဘူး... 'သေမင်းနှင့်စစ်ခင်းခဲ့စဉ်က' လေ"

"အဲ - ဟုတ်ပြီ။ ကျွန်တော်လည်း... အဲဒီအခွေနာဖူးပါတယ်။ နာဖူးတာ... လို့ ကျွန်တော်လည်း မေ့တော့... ဟုတ်တယ်နော်၊ ဆရာတော်လည်း သေ... ရွာပြန်ပဲနော်"

"ဟုတ်တာပေါ့ဗျာ၊ အဲဒါ... ကျွန်တော့်ညီရဲ့အဖြစ်ဟာ ဆရာတော်... ဖြစ်တာနဲ့ သိပ်တူတယ်ဗျာ။ ဆရာတော်... ဟာ လွန်ခဲ့တဲ့ (၇)နှစ်လောက်က ပြည်... တရားဟောခရီးသွားစဉ် အမေရိကန်... နိုင်ငံ၊ ဝါရှင်တန် D.C မှာ ခရီးစဉ်တွေ... လည်းများ၊ အဆက်မပြတ် တရားပွဲတွေ... ကိုလည်းလုပ်၊ အစားများအသောက်များ... နဲ့ ခန္ဓာကိုယ်ကြီးကို အလွန်အကျွံ... အသုံးချမိရာကာ OVER ဖြစ်ပြီး မွေး... ပါသွေးကြောပါးတဲ့ရောဂါကနေ အား... တယ်ဆိုပြီး ဂျင်စင်းဆေးတွေကိုလည်း... အလွန်အကျွံသောက်မိရာက သွေး... ကျဲလာပြီးနောက်တော့ ဒီအများ... အားလုံးပေါင်းစုပြီး တစ်နေ့မှာ အ... အကျယ်ဖွင့်ပေးတော့တာပဲလေ... တစ်နေ့မှာပဲ ဆရာတော်ရဲ့ဦးနှောက်ကြီး... နဲ့ဦးနှောက်ငယ်ဆုံရာအလယ်တည့်တည့်...



www.burmeseclassic.com

www.burmeseclassic.com

မှာ သွေးကြောကြီးတစ်ခုပေါက်သွားပြီး အဲဒီသွေးတွေဟာ အာရုံကြောရဲ့ပေါင်းဆုံရာဧရိယာအတွင်းကို တစက်စက်ယိုစီးထွက်ကျနေတော့တာပေါ့"

ဦးကောင်းမြတ်သည် ကိုမောင်မြင့်ကို ရှည်လျားစွာ ရှင်းပြရင်းမှ အာခြောက်လာသဖြင့် ဘေးတွင်ရှိသော ရေသန့်ဘူးထဲမှ ရေကိုတကျိုက်ကျိုက်မျို့ချလိုက်သည်။ ကိုမောင်မြင့်သည် စိတ်ဝင်စားစွာဖြင့်-

"စိတ်ဝင်စားစရာပါပဲ။ ဆက်ပြောပါဦး ကိုကောင်းမြတ်"

"ဒီလိုဖြစ်လာတော့ ဆရာတော်ဟာ ခေါင်းထူမတ်လို့မရနိုင်လောက်အောင်ဖြစ်ပြီး မူးလည်းမူး၊ အန်လည်းအန်ဖြစ်ရာက သတိလစ်သလိုဖြစ်လာရာကနေ ဒကာတွေအားလုံးစိတ်ပူလာကြပြီး ဆေးရုံကြီးကိုတင်ကြတော့တယ်။ အဲဒီဆေးရုံကြီးက ဦးနှောက်နဲ့အာရုံကြော အထူးကုသမားတော်ကြီးဟာ ကမ္ဘာမှာ အတော်ဆုံး(၃)ဦးထဲက တစ်ယောက်ပဲ။ ဆရာတော်ကြီး ဆေးရုံရောက်ပြီး ဖြစ်တာတွေကတော့ အများကြီးပါပဲ။ အဓိကအကြောင်းအရာပဲ ပြောပြတော့မယ်။ အဲဒါကလည်း ကျွန်တော့်ညီဖြစ်တာနဲ့ အချိန်တွေရော အဖြစ်အပျက်တွေပါ တော်တော်တူနေလို့ပါပဲ။ ဆရာတော်ကြီးရဲ့ နောက်ဆုံးသေမင်းနဲ့စစ်ခင်းရတဲ့နေ့ကအကြောင်းကို ဦးတည်ပြောမယ်ဆိုရင် ဒီနေ့မှာ ဆရာတော်ဟာ ညနေ (၅) နာရီ၊ (၆) နာရီလောက်ကတည်းက ဦးနှောက်ထဲမှာ သွေးကြောပေါက်ပြီး တစိမ့်စိမ့်စီးထွက်နေတဲ့ သွေးတွေဟာ ဦးနှောက်ထဲမှာ 3.CC ကျော်လောက်ရှိနေပြီဖြစ်တယ်ဆိုတာ ဆရာတော်မှာတပ်ဆင်ထားတဲ့ ခေတ်မီဆေးပစ္စည်း computer တွေကပြနေတယ်လေ။ ဆရာတော်ဦးနှောက်ထဲက ယိုစိမ့်ထွက်ကျနေတဲ့သွေးတွေဟာ ဦးနှောက်ထဲက လက်ခံနိုင်တဲ့ဧရိယာဟာ (3.5) ပဲဖြစ်တယ်လေ။ အဲဒီသွေးတွေဟာ လက်ခံနိုင်တဲ့ (3.5) ဧရိယာပြည့်သွားပြီဆိုရင် ဒီသွေးတွေက အာရုံကြောတွေအားလုံးကို ဖုံးမိပြီးသားဖြစ်တဲ့အချိန်ကျရင် ဆရာတော်ဟာ ခန္ဓာစဲမယ်ဖြစ်တယ်လေ။ ဒီနေရာမှာ ဆရာတော်ဟာ သတိ၊ အသိတွေလုံးဝပျောက်မသွားဘဲ သတိတကောင်းနေတုန်းပါပဲ။ ည (၈)နာရီထိုးခါနီးအချိန်မှာ ဆရာဝန်ကြီးက ဆရာတော်ကို အပွင့်လင်းဆုံးနဲ့ နောက်ဆုံးပြောတဲ့စကားကတော့. . ."

ဦးကောင်းမြတ်သည် အာခြောက်သွားသဖြင့် ရေသန့်ဘူးထဲမှ ရေတစ်လုတ်ကို အားရပါးရမျိုချလိုက်ရင်း ခဏနားနေလိုက်သောအခါ ကိုမောင်မြင့်က-

"ကဲ - ဆက်ပြောပါဦးဗျာ၊ ဆရာတော်အဖြစ်နဲ့ ခင်ဗျားညီရဲ့အဖြစ်က ဘယ်လိုတွေသွားတိုက်ဆိုင်တာလဲ။ စိတ်ဝင်စားစရာကောင်းပါတယ်"

"ဆရာတော့်ကို ဆရာဝန်ကြီးက ဆရာတော်ဘုရား ဆရာတော်ဦးနှောက်ထဲမှာ ယခုယိုစီးကျနေတဲ့သွေးတွေဟာ 3.2 ကို ရောက်လုနေပါပြီ။ 3.5 ဆိုရင် လက်ခံနိုင်တဲ့ဧရိယာကကုန်ပါပြီ။ အဲဒီ 3.5 ဟာ ည၌ (၂)နာရီမှာရောက်ရှိပါလိမ့်မယ်။ အဲဒီအချိန်ရောက်ရင်တော့ ဆရာတော် ပျံလွန်တော်မူပါလိမ့်မယ်။ မနက် (၃) နာရီမှာတော့ အားလုံး လုံးဝကိစ္စပြီးပါလိမ့်မယ်လို့ပြောပါတယ်"

"ဟာ - ဆရာဝန်ကြီးက အဲဒီလိုပြောတယ်နော်။ သေရမယ့်အချိန်ကို အတိအကျပြောလိုက်တာပေါ့နော်။ အဲဒီလိုပြောတော့ ဆရာတော်မကြောက်ဘူးလား။ မတုန်လှုပ်သွားဘူးလား"

"ဟင့်အင်း-ဆရာတော်လုံးဝမတုန်လှုပ်ပါဘူး။ ဆရာတော်က ဗုဒ္ဓရဲ့တရားတော်တွေအားလုံးကို အလုံးစုံသိထားပြီး သူတစ်ယောက်မို့ သေရမယ့်အရေးကို လုံးဝကြောက်ရွံ့တုန်လှုပ်မှုမရှိဘူးလေ။ နောက် ဆရာဝန်ကြီးက အခွင့်အရေးတစ်ခုကိုတော့ပြောပြတယ်။ အဲဒါက အခု ဆရာတော်ရဲ့ဦးနှောက်ထဲမှာ ယိုစီးစိမ့်ထွက်နေတဲ့သွေးတွေကို ဦးနှောက်ကို ဖောက်ပြီး ရသလောက်စုပ်ထုတ်ပစ်မယ်ဆိုရင်တော့ ဆရာတော်အသက်ပြန်ရှင်နိုင်ပါတယ်။ ဒါပေမယ့်. . ."

ဦးကောင်းမြတ်က ဆက်မပြောသေးဘဲနေလေရာ ကိုမောင်မြင့်က အားမလိုအားမရဖြစ်ပြီး -

"ဆက်ပြောလေ ကိုကောင်းမြတ်၊ စိတ်ဝင်စားစရာကောင်းလို့ပါ"

"ဆရာဝန်ကြီးက ဒီလိုလုပ်ရင် ဆရာတော် အသက်ပြန်ရှင်နိုင်ပေမယ့် Memory ပုံမှန်ရှိတဲ့ လူကောင်းတစ်ယောက်လိုတော့ ဖြစ်လာမှာမဟုတ်တော့ဘူးလို့ ပြောပါတယ်။ အဲဒီလို ဆရာဝန်ကြီးကပြောတော့ 'ဒီလိုဆိုရင် သူ့ကိုဘာမှမလုပ်ကြပါနဲ့တော့။သူ့အချိန်ကျရင် သူဟာသူပဲသေပါစေ။ အခုချိန်ကစပြီး သူတရားကိုပဲမှတ်တော့မယ်။ သူ့နားမှာအလိုရှိရင် နှိပ်ခေါ်ရတဲ့ Bell လေးတစ်ခုပဲပေးထားပါတော့။ သူ့အနားဘယ်သူမှမလာပါစေနဲ့တော့' လို့ ပြောတယ်လေ"

"နောက်တော့ ဆရာတော် ဘာတွေဆက်လုပ်သလဲဟင်"

"အဲဒီနောက်တော့ ဆရာတော်ဟာ သစ္စာအဓိဋ္ဌာန်ပြုပါတယ်။ ဘယ်လိုပြုသလဲဆိုတော့ ဗုဒ္ဓအရှင်တော်မြတ်ဘုရား၊ တပည့်တော်တွင် သေရမယ့်ကံမရှိသေးပါလျှင် တပည့်တော် ဘာသာ၊ သာသနာအကျိုးအတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လိုပါသေးသည်။ ယခုည (၈း၀၀) နာရီမှ မနက် (၈း၀၀) နာရီအထိ ဗုဒ္ဓမြတ်စွာဘုရားကို ဗုဒ္ဓါနုဿတိတရားဖြင့် ပူဇော်ပါမည်ဘုရား။ အသက်ရှင်ရန်ကံမရှိပါကလည်း ယခုအချိန်မှ တပည့်တော်၏နောက်ဆုံးထွက်သက်အထိ တရားရှုမှတ်ခြင်းဖြင့်သာ ကံကုန်ရပါစေသား အရှင်ဘုရား' လို့ သစ္စာအဓိဋ္ဌာန်ပြုတယ်လေ"

"ဆရာတော် သစ္စာဓိဋ္ဌာန်ပြုပြီး ဘာတွေဆက်ဖြစ်သေးလဲ ကိုကောင်းမြတ်၊ ဆက်ပြောပါဦး"

"ဆရာတော်ဟာ အဓိဋ္ဌာန်ပြုပြီးတာနဲ့ ဝိပဿနာတရားကို အာရုံပြုပြီး တရားမှတ်ပါတယ်။ ဝိပဿနာတရားရှုရင်းနဲ့ ဦးနှောက်ထဲက တစစ်စစ်ကိုက်ခဲနာကျင်တဲ့ဝေဒနာကို ခံစားနေရင်းမှ သမထမှ ဝိပဿနာကိုတစ်ခါပြောင်းပြီးရှုပြန်တယ်။ ဒီလိုနဲ့ သမထနဲ့ ဝိပဿနာကို ဆရာတော် တစ်လှည့်စီ အာရုံပြုစီးဖြန်းနေရင်းက အချိန်ဟာ ည၌တစ်နာရီကျော်ကိုရောက်လာပါတယ်။ ဆရာဝန်ကြီး ကြိုပြိုင်ပေးထားတဲ့အချိန်နဲ့ဆိုရင် ဆရာတော်ပျံလွန်တော်မူရမယ့်အချိန်ဟာ အချိန် (၁) နာရီတောင်မလိုတော့ဘူးဆိုတော့ အချိန်တော်တော်နီးကပ်နေပါပြီ။ အဲဒီအချိန်မှာ Computer ကပြနေတဲ့ ဆရာတော်ရဲ့ ဦးနှောက်သွေးကြောက စိမ့်ယိုထွက်ကျနေတဲ့သွေးတွေဟာ 3.2 ကိုရောက်နေပါပြီ။ နောက်ထပ်ပွိုင့် (3)ဆိုရင် လက်ခံနိုင်တဲ့ဧရိယာအားလုံးပြည့်ပြီဖြစ်တဲ့ (3.5) ကိုရောက်ပြီပေါ့"

"ဟာ - ဒီလိုဆို ဆရာတော်ရဲ့အသက်ဟာ ပွိုင့်(3)ရောက်မယ့်အချိန်ကလေးလောက်သာ ကျန်ပြီပေါ့နော်။ သာမန်လူတစ်ယောက်သာဆိုရင် တော်တော့်ကို တုန်လှုပ်ချောက်ချားစရာပဲနော်ဘုရား ဘုရား - ဆရာတော် ဘယ်လိုအသက်ဘေးက လွတ်မြောက်သွားတယ်ဆိုတာ ဆက်ပြောပြပါဦး"

"ဒီလိုနဲ့ ဆရာတော်ဟာ ဗုဒ္ဓ

www.burmeseclassic.com

တရားတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လက်ရှုပွားရင်း (၂) နာရီကျော်ကျော်လေးလောက်မှာ ဆရာတော်ဟာ Computer ကပြနေတဲ့ သွေးထွက်နှုန်းကို ကြည့်လိုက်တော့ သွေးတွေဟာ (3.2)မှာပဲဆက်ပြီး စိမ့်မယိုကျတော့ဘဲ ရပ်နေတာတွေ့ရတော့ ဆရာတော်ဟာ အားတက်လာပြီး တရားကိုဆက်မှတ်ပါတယ်"

ဦးကောင်းမြတ်သည် ကိုမောင်မြင့်ကို ရှည်လျားစွာ ပြောပြနေရင်းမှ ပလတ်စတစ်အိတ်အတွင်းမှ ကွမ်းယာကိုယူပြီး ပါးစပ်ထဲထည့်ဝါးလိုက်ပြီးမှ -

"ဆရာတော်ဟာ တရားတွေဆက်ပြီးရှုမှတ်နေရင်းက (၃း၀၀)နာရီလောက်ရှိလာပြီး မနက်အရုဏ်တက်မယ့်အချိန်နဲ့ နီးကပ်လာတယ်လေ။ ဒီအချိန်မှာ ဆရာဝန်ကြီးနဲ့ ဆရာမတွေရောက်လာကြပြီး ဆရာတော် မနက် (၃) နာရီကျော်တဲ့အထိ ပျံလွန်တော်မမူဘဲ ဦးနှောက်ထဲက တစက်စက်ထွက်ကျနေတဲ့သွေးတွေဟာလည်း (3.2)ကနေဆက်ပြီး ပေါက်ကျစိမ့်ထွက်မနေတော့ဘဲ ရပ်နေတာကို အံ့သြစွာတွေ့လိုက်ရတော့ ဆရာတော်မသေနိုင်တော့ဘူးဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ဖြစ်ကြတာ ဆရာတော်ကို အရေးပေါ် အခန်းပြောင်းပြီး အရေးပေါ် အားသွန်ခွန်စိုက် ပြုစုကုသပေးကြတယ်လေ။ ဆရာတော်နောက်မှသိရတာက ဆရာဝန်ကြီးက မပြန်ဘဲ ဆရာတော်ကိုစောင့်ကြည့်နေတာကတော့ တကယ်လို့ ဆရာတော်မနက် (၃း၀၀) နာရီမှာ ပျံလွန်တော်မူသွားရင် ဆရာတော်ရဲ့ဦးနှောက်ထဲမှာ သွေးတွေ ဘယ်လိုရှိနေတယ်ဆိုတာ ဆရာတော်ရဲ့ဦးနှောက်ကိုခွဲစိတ်ကြည့်ဖို့ စောင့်နေတယ်ဆိုပဲ"

ဦးကောင်းမြတ်၏ စကားများကို စိတ်ဝင်စားစွာ နားထောင်နေသော ကိုမောင်မြင့်သည် ထိုစကားကြောင့် အံ့အားအလွန်သင့်သွားပြီး မျက်လုံးများပင် ပြူးထွက်လာကာ -

"အား လား လား - ဆရာတော်ဟာ ကံတော်တော်ကြီးတာပဲနော်"

"ဟုတ်ပါတယ်၊ ဆရာတော်ဟာ သူ့ရဲ့အမိဋ္ဌာန်တွေ တရားနှလုံးသွင်းတာတွေဟာ တကယ့်ကိုအစွမ်းထက်ပြီး နတ်၊ ဗြဟ္မာတွေက စောင့်ရှောက်ပေးကြလို့ဆိုတာ ဘယ်လိုမှယုံမှားသံသယ ရှိစရာမလိုဘူးပေါ့ဗျာ။ အဲဒီနေရာမှာ ကျွန်တော် ကျွန်တော့်ညီနဲ့ ဆရာတော်အဖြစ် တော်တော်ကိုတူနေလို့ နှိုင်းယှဉ်ကြည့်မိပါတယ်"

"စိတ်ဝင်စားစရာကောင်းပါတယ် ကိုကောင်းမြတ်၊ ဆက်ပြောပါဦး"

"ဒီလိုဗျ၊ ကျွန်တော့်ညီ ရွှေသရဖူ ဆေးရုံရောက်ချိန်ဟာ ည (၉) နာရီခွဲ (၁၀) နာရီနီးနီးပေါ့။ ဆေးရုံလည်းရောက်ရော ကျွန်တော် အစောပိုင်းက ပြောသလို လူနာခုတင်ပေါ်မှာ ကျွန်တော့်ညီဟာ လုံးဝသတိမရတော့ဘူးလေ။ နောက် အထူးကုဆရာဝန်ကြီးနဲ့ ဆရာဝန်၊ ဆရာမတွေဟာ အစွမ်းကုန်ပြုစုပေးကြပေမယ့် ကျွန်တော့်ညီရဲ့အခြေအနေက နောက်ဆုံးအခြေအနေကိုရောက်နေပြီလေ။ လုံးဝမျှော်လင့်ချက်မရှိတော့ဘူး။ Hopeless ပေါ့ဗျာ။ ဆရာဝန်ကြီးပြောစကားတွေကိုလည်း ကျွန်တော့်ရှေ့ပိုင်းမှာပြောပြထားသလိုပေါ့"

ဦးကောင်းမြတ်သည် ညီငယ်ဖြစ်သူ၏ ရင်နင့်ဖွယ်ရာ အဖြစ်အပျက်များကိုပြန်ပြောပြရင်း စိတ်နှလုံးမချမ်းမြေ့စွာ မျက်လုံးအိမ်များအတွင်းမှ မျက်ရည်များဖြင့် ဝေ့ဝဲစို့စွတ်လာလေတော့သည်။

"ဆရာတော်ကြီးကိုကျတော့ ဆရာဝန်ကြီးက မနက် (၂) နာရီထိုးပြီးရင် စိမ့်ယိုထွက်ကျနေတဲ့သွေးတွေဟာ 3.5 ပြည့်ပြီဆိုတော့ ဒီအချိန်မှာပျံလွန်တော်မူမယ်ပြောတယ်။ ညီလေးကိုကျတော့ မနက် (၁) နာရီခွဲလောက်မှာ လူနာလုံးဝမျှော်လင့်ချက်မရှိတော့ဘူး။ တကယ်ပြောရရင် ဒီလူနာဟာ ကျွန်တော် လက်ချလိုက်ရတဲ့သူတစ်ယောက်ပါပဲလို့ ပြောခဲ့တယ်လေ"

ဦးကောင်းမြတ် ပြောရင်း ရင်ထဲဆို့နစ်လာကာ မျက်လုံးအိမ်အတွင်းမှ ယိုစီးထွက်ကျလာသည့် မျက်ရည်စအချို့ကို လက်ဖမိုးဖြင့် အသာအယာတို့သုတ်လိုက်ပြီးမှ -

"ဆရာတော်ကတော့ စိတ်နဲ့ရုပ်တွဲစပ်နေသေးလို့ အသိတရားရှိပြီး မိမိအသက် လုံးဝမျှော်လင့်ချက်မရှိတော့သဖြင့် အမိဋ္ဌာန်ပြုပြီး တရားအမှတ်နဲ့ ရှုပွားနေရင်းက နောက်ဆုံး ပျံလွန်တော်မူရမယ့်အချိန်ကို သေမင်းနဲ့စစ်ခင်းရင်း အောင်နိုင်ခဲ့ကာ အသက်ချမ်းသာရာရခဲ့တယ်မဟုတ်လား။ ညီလေးမှာကျတော့ သူကိုယ်တိုင် ဘာမှမလုပ်နိုင်တော့ဘူးလေ။ စိတ်နဲ့ရုပ်နဲ့က တွဲပြီးမှမရှိတော့ဘဲ။ ဒီအခါမှာ သူ့ရဲ့အစ်ကိုအရင်းခေါက်ခေါက်ဖြစ်တဲ့ကျွန်တော်ဟာ သူ့ရဲ့ကိုယ်ခွဲအဖြစ်နဲ့ သူ့ခေါင်းရင်းက သူ့ရဲ့ဦးခေါင်းကိုကိုင်ရင်း ဆရာတော် သစ္စာအဓိဋ္ဌာန်ပြုသလို ဆရာတော် ဗုဒ္ဓါနုဿတိနဲ့ သမထ ဝိပဿနာကိုတွဲပြီးအာရုံပြုသလို ကျွန်တော်ကလည်း ကျွန်တော့်ညီကိုယ်စား ဘုရားဂုဏ်တော်တွေ၊ ပရိတ်တော်တွေ၊ ဂါထာ၊ မန္တရားတွေကို မပြတ်ပွားများ ရွတ်ဖတ်ပေးနိုင်ခဲ့တယ်လေ။နောက်တစ်ခုက ကျွန်တော့်ညီ ဆေးရုံတင်ရတဲ့နေ့မှာပဲ ညနေ (၄း၃၀) နာရီတုန်းက ကျွန်တော့်သားအငယ်ဆုံးဟာ သူ့မိန်းမ သူ့သမီးလေးနဲ့ ရန်ကုန်ကို သင်တန်းကိစ္စတစ်ခုနဲ့သုံးလကြာသွားနေကြမှာမို့ Aircon Bus နဲ့ ခရီးထွက်ကြတော့ ကျွန်တော်လိုက်သွားဖို့လုပ်သေးတယ်။ ဒါပေမယ့် မလိုက်ဖြစ်ဘူးလေ။ ညီလေး ဒီလိုအဖြစ်ဆိုးကြီးနဲ့ကြုံတွေ့ရတော့မှာမို့ နတ်မြတ်နတ်ကောင်းတွေက ကျွန်တော့်ကိုတားလိုက်ကြတယ်လို့ထင်ပါတယ်"

"ဟုတ်တယ်နော်၊ ဆရာတော်ကတော့ သူဟာသူ သူကိုယ်တိုင် သမထဝိပဿနာတရားတွေကို နှလုံးသွင်းနိုင်သလို ကိုကောင်းမြတ်ရဲ့ညီကလည်း သူကိုယ်တိုင်သတိလစ်နေပေမယ့် သူ့ကိုယ်ပွား သူစိမ်းတစ်ရံဆံမဟုတ်တဲ့ တစ်မိဝမ်းတွင်းဖွား အစ်ကိုရင်းတစ်ယောက်က သူ့ရဲ့ကိုယ်ပွားအဖြစ်လုပ်ပေးနိုင်တာတော့ တော်တော့်ကိုအံ့သြစရာပါပဲ၊အစ်ကိုကြီးဖြစ်တဲ့သူကိုယ်တိုင်ကလည်း ဒီလိုအရေးပေါ် အခြေအနေကြီးမှာ သွေးရူးသွေးတန်းနဲ့ ဟိုပရိတ်စာအုပ်ရှာ၊ ဒီတရားစာအုပ်ရှာတာတွေမျိုး ပျာယာခတ်မလုပ်ရဘဲ ဗုဒ္ဓရဲ့ဂုဏ်တော်၊ ပရိတ်တော်တွေ တော်တော်များများ နှုတ်တက်အာဂုံဆောင်ထားနိုင်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေတာကလည်း သူ့အတွက် ဒီအသက်ဘေးက လွတ်မြောက်ဖို့ ကြိုတင်ပြီးအကြောင်းဖန်တီးထားသလို ဖြစ်နေတာပေါ့နော်"

ဟု ကိုမောင်မြင့်က အားပါးတရ ပြောသည်။

"ဟုတ်ပါတယ်။ ဒီဗုဒ္ဓရဲ့ပရိတ်တော်တွေ၊ ဂါထာတော်တွေဟာ ဗုဒ္ဓဘာသာဝင်တိုင်းလည်း နှုတ်တိုက်အာဂုံဆောင်နိုင်ကြတာ မဟုတ်ဘူးလေ။ တကယ့်ကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ အထုံပါရမီရအောင် အချိန်ရှိတိုင်း ရွတ်ပွားသရဇ္ဈာယ်အားထုတ်ကြမှသာ အစွမ်းထက်တယ်ဆိုတာ နားလည်သဘောပေါက်ပြီး ယုံကြည်မှုအပြည့်လိုတာပေါ့"

"အင်း - ဒါလည်းဟုတ်တယ်ဗျ။

www.burmeseclassic.com

တချို့ ဗုဒ္ဓဘာသာတွေဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေ အများအားဖြင့်တွေ့ရပါတယ်။ ဗုဒ္ဓဂုဏ်တော်ကိုးပါးရဲ့ အဓိပ္ပာယ်ကိုတောင်မှ လူတိုင်းမသိကြဘူးလေ"

ဦးကောင်းမြတ် ကိုမောင်မြင့်ပြောသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း နှစ်ဦးသား စကားမဆက်ဘဲ ခေတ္တတိတ်ဆိတ်နေကြသည်။

"နောက်တစ်ခု တိုက်ဆိုင်တာက ဆရာတော်ကြီးကို ဆရာဝန်ကြီးက ဦးနှောက်ဖောက်ပြီး ယိုစိမ့်နေတဲ့သွေးတွေ ရသလောက်စုပ်ယူမယ်။ အဲဒီအခါ ဆရာတော်အသက်တော့ရှင်မယ်။ ဒါပေမယ့် ဦးနှောက်တော့ သာမန်လူလို ပုံမှန်မဖြစ်တော့ဘူးလို့ပြောတော့ ဆရာတော်က သေချင်ရင်လည်းသေပါစေတော့၊ ဦးနှောက်တော့ မဖောက်ပါနဲ့လို့ ဆရာတော်ကိုယ်တိုင်က ဆုံးဖြတ်ချက်ချပြီး ပြောတယ်လေ"

"အဲဒီတော့ ကိုအေးကြွယ်နဲ့ ဘယ်လိုတိုက်ဆိုင်တာလဲ ဆက်ပြောပြပါဦး"

ဟု ကိုမောင်မြင့်က စိတ်ဝင်တစားပြောသည်။

"ကျွန်တော့်ညီကျတော့ လုံးဝသတိလစ်ပြီး ဖုတ်လိုက်ဖုတ်လိုက်နဲ့ နောက်ဆုံးထွက်သက်ကိုပဲ ရင်တမမနဲ့ စောင့်နေရတဲ့အချိန်မှာ ဆရာဝန်ကြီးက တာဝန်အရှိဆုံးလူဖြစ်တဲ့ ကျွန်တော့်ကို သဘောတူညီမှုရလိုတဲ့ သဘောမျိုးနဲ့ ဦးကောင်းမြတ်ရဲ့ညီကို အသက်ကယ်နိုင်တဲ့ နောက်ဆုံးတစ်နည်းတော့ရှိတယ်။ အဲဒါက သူ့ရဲ့လည်ချောင်းဖောက်ပြီး လေပြွန်ဖွင့်ပေးရင်တော့ အသက်ရှင်နိုင်စရာရှိတယ်။ ဒါကိုလည်း မေ့ဆေးဆရာဝန်နဲ့တွဲပြီး Operation လုပ်ရလိမ့်မယ်။ ဒီမှာ တစ်ခုရှိတာက ခွဲစိတ်ရာမှာ မတော်တဆ အတိမ်းအစောင်းလေးဖြစ်သွားရင်တော့ တစ်ခါတည်း အသက်ပါသွားနိုင်တယ်။အဲဒီတော့ ဦးကောင်းမြတ် အနေနဲ့ ဘယ်လိုလုပ်စေချင်ပါသလဲလို့ ပြောတယ်လေ"

"ဟာ - တော်တော်လည်း သည်းထိတ်ရင်ဖိုစရာပဲဗျာ။ ကိုကောင်းမြတ် ဆရာဝန်ကြီးကို ဘယ်လိုပြန်ပြောလိုက်သလဲဟင်"

ကိုမောင်မြင့်သည် စိတ်လှုပ်ရှားစွာ သိချင်ဇောဖြင့် ဦးကောင်းမြတ်ကို အလောတကြီးမေးလိုက်သည်။

"ဆရာကြီး ဒီလိုပြောတော့ တော်တော်တုန်လှုပ်သွားတယ်ဗျာ။နောက်ဆုံးတော့ ကျွန်တော့်ညီရဲ့အခြေအနေက နောက်ဆုံးရောက်နေပါပြီ။ ကျွန်တော်ကတော့ ဘယ်လိုပြောရမယ်မှန်းတောင် မသိတော့ပါဘူး ဆရာကြီးရယ်။ ဆရာကြီးတို့ဘာသာ အကောင်းဆုံးလုပ်ပေးကြဖို့ ကျွန်တော် အနူးအညွတ်တောင်းဆိုပါတယ်ခင်ဗျားလို့ပြောတော့ ဆရာဝန်ကြီးက မေ့ဆေးဆရာဝန်ကြီးကို ဖုန်းဆက်နေတယ်။ ခဏကြာမှ ဦးကောင်းမြတ်ရေ မေ့ဆေးဆရာဝန်ကြီးပြောတာက ဒီမှာ Operation လုပ်ဖို့ဆိုတာ ပစ္စည်းတွေက မစုံလင်ဘူး။ သိပ်ပြီး အန္တရာယ်ကြီးပါတယ်။ရန်ကုန်မှာဆိုရင်တော့ ဖြစ်နိုင်ပါတယ်လို့ ပြောတယ်လေ။ အဲဒီလိုဆိုရင်လည်း ကျွန်တော့်ညီရဲ့ကံပေါ့ ဆရာကြီးရယ်လို့ပဲ ပြောလိုက်ရတာပေါ့။ ဒီအခါမှာ ကျွန်တော့်ညီဟာ ကျွန်တော် ရှေ့ပိုင်းကပြောသလို ဗုဒ္ဓရဲ့ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေကြောင့် အသက်ဘေးက လွတ်မြောက်ခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ်နော်၊ တကယ်လို့ ကိုအေးကြွယ် လည်ချောင်းဖောက်ဖြစ်မယ်ဆိုရင် ဘယ်လိုတွေဖြစ်လာမလဲ မသိဘူးနော် ကိုကောင်းမြတ်"

ဟု ကိုမောင်မြင့်က သိချင်ဇောဖြင့်မေးသည်။

"အဲဒါပေါ့။ အဲဒီအဖြစ်ဟာ ဆရာတော်ကြီးနဲ့ သိပ်တူပါတယ်။ တကယ်တော့ ဆရာတော်ကြီးဟာ ဗုဒ္ဓတရားတွေကိုနှလုံးသွင်းနေတာကတစ်ကြောင်း၊ နတ်ဗြဟ္မာတွေကလည်း ဆရာတော်ဟာ ပျံလွန်တော်မူမည့်သူမဟုတ်တဲ့အတွက် ဦးနှောက်ဖောက်ရင် အသက်ရှင်ပြီး လူစဉ်မမီအဖြစ်ကနေ လွှဲဖယ်အောင် ဆရာတော်ရဲ့မနောမှာ သူ့ဦးနှောက်ဖောက်ဖို့ သဘောမတူအောင် စေ့ဆော်ကြတယ်လို့ ယူဆရမှာပေါ့ဗျာ။ ကျွန်တော့်ညီကျတော့ သူကိုယ်တိုင်က ဘာအသိမှမရှိတော့ဘဲ နောက်ဆုံးအချိန်ရောက်နေရတဲ့အချိန်မှာ ကျွန်တော့်ကို ဆရာဝန်ကြီးက အကျိုးအကြောင်းရှင်းပြပြီးတဲ့ အတိုင်း မေ့ဆေးဆရာဝန်ကြီးနဲ့ လည်ချောင်းဖောက်ပြီး လေပြွန်ဖွင့်ဖို့ Operation လုပ်ဖြစ်ကြမယ်ဆိုရင် ဆရာဝန်ကြီးပြောသလို ခွဲစိတ်ရာမှ အတိမ်းအစောင်းဖြစ်ခဲ့ရင် အသက်ရှင်နိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူးလေ။ အဲဒီအခါမှာ ကျွန်တော်ကိုယ်တိုင် တစ်သက်လုံး စိတ်ထိခိုက်ခံစားရမယ့် အဖြစ်ဆိုးကြီး တစ်ခုကို ဝေဒနာတစ်ခုအနေနဲ့ စိတ်ထဲ ခံစားရဖို့ရှိတယ်"

"အဲဒါက ဘာကိုဆိုလိုတာလဲ ကိုကောင်းမြတ်၊ ကျွန်တော် နားလည်အောင်ရှင်းပြပါဦး"

ဟု ကိုမောင်မြင့်သည် ဦးကောင်းမြတ် ဘာကိုဆိုလိုသည်ကို တွေးမရသဖြင့် ပဟေဠိတစ်ခုလို ဦးကောင်းမြတ်၏မျက်နှာကို နားမလည်စွာကြည့်နေမိသည်။

"ဒီလိုပါ၊ တကယ်လို့ ကျွန်တော့်ညီ လည်ချောင်းကိုဖောက်ပြီး လေပြွန်ဖွင့်တဲ့အခါမှာ အတိမ်းအစောင်းဖြစ်လို့ ကျွန်တော့်ညီ အသက်ဆုံးရှုံးမှုဖြစ်ခဲ့ရင် လည်ချောင်းမဖောက်ဘဲ ဒီအတိုင်းထားလိုက်ရင်အကောင်းသား။ ကံကောင်းရင် သူ့ဟာသူ အသက်ရှင်နိုင်သေးတယ်။ အခုတော့ လည်ချောင်းဖောက်လို့ ငါ့ညီ အသက်ဆုံးပါးရပြီထင်တယ်ဆိုပြီး စိတ်ထဲ ရင်ထဲမှာ တနုံ့နုံ့နဲ့ တစ်သက်လုံး ကျွန်တော်နဲ့မောင်နှမတွေ ခံစားနေရပါလိမ့်မယ်။ အဲဒါကြောင့်လည်း နတ်ကောင်းနတ်မြတ်တွေက သေလူမဟုတ်တဲ့ ကျွန်တော့်ညီအတွက် ဒီလိုစိတ်ဝေဒနာမျိုး ကျွန်တော် တစ်သက်လုံးခံစားမရရှိအောင် ဆရာဝန်ကြီးတွေ Operation မလုပ်ဖြစ်အောင် သူတို့ရဲ့တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ဆရာတော်ကြီးလို ကြိုတင်ပိတ်ပင်တားဆီးထားကြလေသလားလို့ ထင်မိပါတယ်ဗျာ"

ကိုမောင်မြင့်သည် ဦးကောင်းမြတ် ရှင်းပြနေသည်များကို စိတ်ဝင်စားနားလည်စွာဖြင့် ခေါင်းတညိတ်ညိတ်ရှိနေရင်း ဆက်လက် နားထောင်လျက်ရှိသည်။

"ခုတော့လည်း ဆရာဝန်ကြီးတွေ၊ ဆရာဝန်၊ ဆရာမတွေရဲ့ ဂရုစိုက်ကြပ်မတ်ကုသပေးမှုကြောင့် နောက်သုံးလေးရက်ကြာရင် ကျွန်တော့်ညီ အိမ်ပြန်ရတော့မှာပါ။ ကျွန်တော်တို့မိသားစုလည်း အလွန်ဆိုးဝါးစွာ တွေ့ကြုံခံစားရမယ့် ဘေးဒုက္ခကြီးက လွတ်မြောက်သွားရပြီဖြစ်လို့ ပျော်ရွှင်မဆုံးဖြစ်ရတာပေါ့ဗျာ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ကိုအေးကြွယ် ဆေးရုံရောက်တုန်းက ကြားကြားချင်း ရွှေသရဖူဆေးခန်းကို အပြေးအလွှားရောက်ရှိလာချိန်က လူနာခုတင်ပေါ်မှာ မျှော်လင့်ချက်မဲ့နေပြီဖြစ်တဲ့ ကိုအေးကြွယ့်အဖြစ်ကိုမြင်လိုက်ရတော့ ရင်ထဲမှာ ဆို့နစ်နစ်ကြီးဖြစ်လာတယ်ဗျာ။ ကျွန်တော့်ရင်ထဲ ကြေကွဲတယ် တကယ်ပါ။ ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကိုအေးကြွယ်နဲ့ ခင်ဗျားတို့ မိသားစုအဖြစ်ကို မမြင်ရက်လို့ စိတ်ပျက်လက်ပျက်နဲ့ အိမ်ကိုပြန်ခဲ့ပါတယ်။ ခုတော့ ကျွန်တော်လည်း ခင်ဗျားတို့ မိသားစုနဲ့အတူ ကိုအေးကြွယ် ပြန်ရှင်လာလို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။ ကိုအေးကြွယ်အသက်ရာကျော်ရှည်စေကြောင်းဆုတောင်းပေးရင်း ကျွန်တော်လည်း ဗုဒ္ဓရဲ့ပရိတ်တော်၊ ဂုဏ်တော်တွေကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ မပြတ်နှလုံးသွင်းရွတ်ပွား ကြည်ညိုနေပါတော့မယ် ကိုကောင်းမြတ်ရေ"

ဟု ကိုမောင်မြင့်သည် ဦးကောင်းမြတ်ကို လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ရင်း ထွက်ခွာသွားတော့သည်။

## အခန်း (၆)

ကိုအေးကြွယ် ဆေးရုံတက်နေသည်မှာ ယနေ့ဆိုလျှင် (၉)ရက်ရှိခဲ့ပြီဖြစ်သည်။ မနက် (၁၀)နာရီထိုးလျှင် အထွေထွေဆေးရုံကြီးသို့သွားပြီး နောက်ဆုံးပေါ် ဦးနှောက်နှင့်အာရုံကြော ဓာတ်မှန်စက်ကြီးဖြင့် ဦးခေါင်းကိုဓာတ်မှန်ရိုက်ရမည်ဖြစ်သည်။ နဂိုပုံမှန်အတိုင်း လူကောင်းလိုဖြစ်နေပြီဖြစ်သောကြောင့် Special လူနာခန်းတွင် ညီအစ်ကိုမောင်နှမတွေနှင့်အစုံအညီရောက်တတ်ရာရာ ပြောဆိုရယ်မောကြရင်း အစ်ကိုဖြစ်သူ ဦးကောင်းမြတ်က သိချင်သည်များကို မေးကြည့်သည်။

"ညီလေး၊ မင်းဆေးရုံရောက်ပြီး (၃)ရက်မြောက်နေ့မှာ သတိရလာတယ်။ မင်းသတိလစ်နေတုန်းက ဘယ်ကိုရောက်သွားတာလဲ။ မင်းသတိရ သလောက်ပြောပြပါလား"

"အေး - ဟုတ်တယ်၊ တို့လည်း အဲဒါသိချင်တယ်။ မမတို့ကို အဲဒါသတိရ သလောက် မောင်လေးပြောပြပါလား"

ဟု ညီအစ်ကို မောင်နှမတွေက တောင်းဆိုကြသောအခါ ကိုအေးကြွယ်သည် ခပ်ထွေထွေကလေးစဉ်းစားနေပြီး-

"ကျွန်တော်တို့မိသားစုတွေထဲက အနိစ္စရောက်သွားပြီးဖြစ်ကြတဲ့ ဆွေမျိုးတွေကို တွေ့ရပါတယ်၊ သူတို့တွေကို တွေ့ရတော့ အားလုံး လူကောင်းတွေလိုပါပဲ။ ရုပ်ဆင်းအင်္ဂါတွေလည်း အသက်ရှိနေစဉ်ကအတိုင်းပါပဲ။ အဖေနဲ့အမေတို့ကိုတော့ မတွေ့ဘူး။ ကျွန်တော်တို့မရီးဖြစ်တဲ့ မတင့်ကိုတွေ့တယ်။ ဆုံးသွားတဲ့ တူလေးတွေကိုလည်းတွေ့တယ်။ အမေရှိတုန်းက ကျွန်တော်တို့အိမ်မှာအကြာကြီးနေသွားတဲ့ ဒေါ်ရှမ်းမတို့ နောက်ဆုံးကျွန်တော်တို့ရဲ့ဘကြီး ဦးအောင်သန်းနှင့် ဒေါ်လေး၊ လွန်ခဲ့တဲ့တစ်နှစ်လောက်က ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြတဲ့ ကျွန်တော့်တူမရဲ့ ယောက္ခမဖြစ်တဲ့ ဒေါ်ကြေးမုံ၊ နောက်ကျွန်တော်တို့အိမ်နားက ကိုဝင်းနိုင် အများကြီးပါပဲ။ အဲဒါ သူတို့ကိုတွေ့တော့ သူတို့တွေကတော့ သူတို့ဘဝမှာ ပျော်ပျော်ပါပဲ။ ကျွန်တော့်ကို သူတို့နဲ့အတူနေဖို့ အားလုံးက ကြိုဆိုခေါ်ငင်ကြပေမယ့် ကျွန်တော်က လက်မခံဘဲ ခေါင်းခါခဲ့တယ်လေ"

"အဲဒီနောက်တော့ ဘာဆက်ဖြစ်သလဲ ပြောပြပါဦး"

"အဲဒီလို သူတို့ကိုတွေ့ပြီးတာနဲ့ ကျွန်တော်အိပ်ပျော်နေသလိုရှိတုန်းမှာ ကျွန်တော့်ကို ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ သူတော်စင်ပုဂ္ဂိုလ်ကြီးနှစ်ဦးထဲက တစ်ဦးက လက်နှစ်ဖက်ကိုစုံလိုက်ဆွဲတင်ပြီး နောက်ပုဂ္ဂိုလ်ကြီးတစ်ဦးက နောက်ကျောကနေပင့်မပြီး တွန်းတင်လိုက်သလိုခံစားရပြီး ကျွန်တော်သတိပြန်ရလာတာပါ။ ကျွန်တော်သတိလစ်နေတုန်းကတော့ သေသူတွေပြန်တွေ့ရပြီးနောက် ဘာတွေမှန်းမသိဘူး။ လူအုပ်တွေလိုက်ကြလို့ ပြေးရတာတွေလည်းရှိတယ်၊ အမောတကောနဲ့ အသည်းအသန်ထွက်ပြေးရတာတွေပေါ့"

ဟု မိမိသတိတရရှိသည်များကို ပြောပြသောအခါ ညီအစ်ကိုမောင်နှမများမှ စုတ်တသတ်သတ်ရှိနေကြပေသည်။

## အခန်း (၇)

ယနေ့သည်ကား ကိုအေးကြွယ် ရွှေသရဖူဆေးရုံကြီးသို့ တက်ရောက်ခဲ့သည်မှာ (၁၀) ရက်မြောက်ခဲ့ပြီဖြစ်၍ လူကောင်းတစ်ဦးကဲ့သို့ အားလုံးပုံမှန်ဖြစ်သွားပြီဖြစ်သောကြောင့် အိမ်ပြန်ဆင်းရတော့မည်ဖြစ်သည်။ မိသားစု ညီအစ်ကိုမောင်နှမတွေလည်း မနက်စောစောကတည်းက အိမ်ဆင်းရန် တက်တက်ကြွကြွဝမ်းမြောက်ဝမ်းသာဖြစ်နေကြလေသည်။ ဆရာဝန်ကြီး၏ Order ကိုယူရဦးမည်ဖြစ်သောကြောင့် ဆရာဝန်ကြီးလာမည့် နေ့လယ် (၁၂း၀၀) နာရီကို စောင့်နေကြရသည်။ နေ့လယ် ဆရာဝန်ကြီး ရောက်လာသောအခါ ဆရာဝန်ကြီးနှင့် ဆ... ဝန်၊ ဆရာမတွေက ကိုအေးကြွယ်... သေချာစွာ ပြန်လည် စမ်းသပ်... သောအခါ -

"ကဲ- ကိုအေးကြွယ်၊ ကျန်းမာ... အခြေအနေက လုံးဝကောင်းသွား... ကျွန်တော်တို့ ခင်ဗျားရဲ့ဦးနှောက်... မှန်လည်း ဓာတ်မှန်ဆရာဝန်ကြီးနဲ့ အ... လုံးစစ်ဆေးပြီးပါပြီ။ ဦးနှောက်မှာ... ဘာမှမဖြစ်ပါဘူး။ Normal ပါပဲ။ ... ဆင်းပြီးတစ်ပတ်ကြာရင် ကျွန်တော့်... ပြန်လာပြပါ။ အခုပေးလိုက်တဲ့ဆေး... ကို ဂရုစိုက်အချိန်မှန်သောက်ပါ။ အ... ကတော့ တစ်လလောက်ကောင်းကောင်း... အနားယူဖို့ လိုအပ်ပါတယ်၊ အစား... သောက်တွေ အကုန်စားလို့ရပေမယ့်... ချင့်ချင့်ချိန်ချိန်တော့စားပါ။ ကျွန်တော်... က ခင်ဗျားကိုပစ်လိုက်ရပြီလို့ထင်... တာ။ ကျွန်တော်တို့ သိပ်ကိုဝမ်းသာ... တယ်ဗျာ။ တကယ်တော့ ခင်ဗျား... သေရွာပြန်တစ်ယောက်ပါပဲ။ သိပ်... ကောင်းတယ်ဗျာ။ ဘုရားကယ်တာ... ခင်ဗျားအမည် ဦးသက်ပြင်းလို့ ပြောင်း... လိုက်တော့ဗျာ"

ဟု ဆရာဝန်ကြီးက ရယ်ကာ... တာဖြင့် အားရဝမ်းသာပြောရင်း ဆရာ... များနှင့်အတူ ကိုအေးကြွယ်အား နှုတ်... ဆက်ထွက်ခွာသွားလေတော့သတည်း။

### နိဂုံး

သေရွာပြန်တစ်ယောက်ဖြစ်သော... ကိုအေးကြွယ်အဖြစ်ကို ပြန်လည်သုံးသပ်... ကြည့်မည်ဆိုပါက ဗုဒ္ဓဘုရားရှင်၏ပရိ... တော်၊ ဂုဏ်တော်၊ ဂါထာတော်တို့သည်... အမှန်တကယ် တန်ခိုးထက်မြက်ပြီး ဗု... ဘာသာဝင်တိုင်းသည် ဗုဒ္ဓ၏ပရိတ်တော်... တို့ကို ယုံကြည်မြတ်နိုးစွာ အားထား... မည်ဆိုပါက ဘေးအန္တရာယ်ရန်အသွယ်... သွယ်မှကင်းဝေးကာ လိုရာဆန္ဒပြည့်... ကြမည်ဖြစ်ကြောင်း ကိုအေးကြွယ်၏... တကယ့်အဖြစ်အပျက်ကို သိရှိသံဝေဂ... စေရန် သူရဋ္ဌမဂ္ဂဇင်းကြီးမှ ရေးသား... ဖော်ပြလိုက်ရပေသည်။

မိုးမြင့်မိုး (မြိတ်)

မှတ်ချက် -

တကယ့်အဖြစ်မှန်ဖြစ်သောကြော... လူပုဂ္ဂိုလ်တို့၏ တချို့အမည်မျာ... ပြောင်းလဲထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# လျှမ်းထက်

# အွေးညီနောင်



အောက် ဖော်ပြပါ စိတ်ဝင်စား ဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော အင်တာနက်သတင်းတစ်ပုဒ်ကို ကျွန်တော် များ ဇတ်ရှုခဲ့ရသည်။

**စက္ကန့်ပိုင်းသာခြား၍ မွေးဖွားခဲ့သော**
**အမြွှာညီအစ်ကို**
**အသက် (၉၂) နှစ်အရွယ်၌**
**တစ်ရက်တည်းသေဆုံး**

*ဘတ်ဖလိုး၊ ဇွန် ၅ ရက်*

လွန်ခဲ့သော (၉၂)နှစ်က တစ်ဦး နှင့်တစ်ဦး စက္ကန့်ပိုင်းမျှခြား၍ မွေးဖွား လာကြသော အမေရိကန်ပြည်ထောင်စု သား ညီနောင်နှစ်ဦးသည် ဇွန်လ ၂ရက် နေ့က တစ်ရက်တည်းမှာပင် ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြခဲ့၏။

ဂျူလီယန်နှင့်အက်ဒရီယန်အမည် ရှိပြီး အသက်(၉၂)နှစ်ရှိကြသော အမြွှာ ညီအစ်ကိုသည် ၁၉၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မွေးဖွားခဲ့သူများဖြစ်ပြီး ရိုမန်ကက်သလစ်ခရစ်ယာန်သာသနာ၌ သာသနာ့ဝန်ထမ်းများအဖြစ် နှစ်ပေါင်း (၆၅) နှစ်ကြာမျှ ၎င်းတို့၏ ဘဝများကို မြှုပ်နှံထားခဲ့ကြသည်။

၎င်းအမြွှာညီအစ်ကိုတို့သည် အမေရိကန်ပြည်ထောင်စု ဖလောရီဒါး ပြည်နယ် စိန့်ပီတာစဘတ်မြို့ စိန့်အန်သို နီဆေးရုံ၌ ခရစ်ယာန်ဘုန်းတော်ကြီး ဂျူလီယန်က နံနက်ပိုင်းတွင် ကွယ်လွန်၍ ဘုန်းတော်ကြီး အက်ဒရီယန်းက ညနေ ပိုင်းတွင် ကွယ်လွန်ခဲ့ကြသည်။

၎င်းတို့နှစ်ဦး မည်သူက အကြီး၊ ညီသူကအငယ်ဆိုသည်ကို ခရစ်ယာန် ဘုန်းတော်ကြီး ဂျူလီယန်နှင့် ဘုန်းတော် ကြီး အက်ဒရီယန်နှစ်ယောက်စလုံးက ထုတ်ဖော် ပြောကြားခြင်းမရှိခဲ့ပေ။

ခရစ်ယာန်ဘုန်းတော်ကြီးများဖြစ် ကြသည့် အမြွှာညီအစ်ကိုနှစ်ဦးတို့၏ ဈာပနအခမ်းအနားကို စိန့်ပီတာစဘတ် မြို့ရှိ စိန့်မေရီဘုရားကျောင်း၌ ဇွန်လ ၆ ရက်တွင်ကျင်းပ၍ ရုပ်အလောင်းများ ကို ၎င်းတို့ဇာတိဖြစ်သည့် နယူးယောက် ပြည်နယ် ဘတ်ဖလိုးမြို့သို့ပို့ဆောင်ကာ ဇွန်လ ၈ ရက်နေ့တွင် မြှုပ်နှံသင်္ဂြိုဟ်မည် ဖြစ်သည်။

(အင်တာနက်)

ကျွန်တော်သည် ဤမဂ္ဂဇင်းကြီး တွင် အမြွှာညီအစ်ကို၊ ညီအစ်မတို့၏ ထူးဆန်းသော အတွေ့အကြုံများ၊ ရှင်မြူး ဖွယ်ရာတိုက်ဆိုင်မှုများအကြောင်းတို့ကို အခါအလီလျှောက်စွာ ရေးသားဖော်ပြခဲ့ ပြီးဖြစ်ပါသည်။ ယခုရေးသားဖော်ပြမည့် ဆောင်းပါးမှာ ဆေးသိပ္ပံပညာသမိုင်း တွင် ဟိုးဟိုးကျော်ခဲ့သည့် ယိုးဒယား အမြွှာ(Siammese Twin)ဟု အမည်ပေး ခဲ့သော ရင်ချင်းဆက် ကိုယ်ချင်းပူးနေ သည့် အမြွှာညီနောင်၏ ရှင်မြူးဖွယ်ရာ နှင့် လွမ်းမောဖွယ်ရာထူးခြားဖြစ် စဉ်အကြောင်း ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဆေးသိပ္ပံသမိုင်းနှင့်သိပ္ပံပညာသမိုင်းတွင် ထူးဆန်းကျော်ကြားခဲ့သော ကိုယ်ချင်း ဆက်အမြွှာများအကြောင်းကို စကား ပလ္လင်ခံရန် လိုအပ်လာသဖြင့် အနည်း ငယ် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ ထိုအမြွှာများတွင် လူသိအများဆုံးနှင့် အကျော်ကြားဆုံးမှာ ခရစ်နှစ် ၁၈၁၁ ခုနှစ်က မွေးဖွားခဲ့သော ရင်ချင်းဆက် ချင်နှင့် အင် ဆိုသည့် တရုတ်ညီအစ်ကို တို့အား ယခုအခေါ် ထိုင်း၊ ယခင် အခေါ် ယိုးဒယားနိုင်ငံတွင် မွေးဖွားခဲ့ သဖြင့် ဆေးပညာလောက၌ ယိုးဒယား အမြွှာ(Siammese Twin)ဟု ကျော်ကြား ခဲ့သည်။ ထိုညီအစ်ကိုအား အစွဲပြု၍ အသားစိုင်ချင်းဆက်ကာ မွေးဖွားလာ သောအမြွှာများကို ယိုးဒယားအမြွှာဟု ခေါ်တွင်ခဲ့ကြသည်။

ဆေးသိပ္ပံပညာအရ သန္ဓေတည် သည်ဆိုခြင်းမှာ အဖို၏မျိုးကောင်နှင့် အမ၏မျိုးဥတို့ ပေါင်းစပ်ခြင်းဖြင့် သန္ဓေ တည်ခြင်း ဖြစ်သည်။ ယင်းသို့ ပေါင်းစပ် အပြီး၌ ကလာပ်စည်းတစ်ခုဘဝမှ ကလာပ်စည်းပေါင်း မြောက်မြားစွာ ဘဝကို တူညီသောပိုင်းခြင်း၊ စိပ်ခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

အဆပွားခြင်းနည်းတို့ဖြင့် ကလာပ်စည်းပေါင်းမြောက်မြားစွာအဝသို့ ရောက်ခဲ့ရ၏။ ဤသို့ဖြင့် ခန္ဓာကိုယ်ဖြစ်ခဲ့သည်။ အသည်းနှလုံး၊ အဆုတ်၊ ခြေ၊ လက်၊ မျက်နှာ စသည်တို့ ဖြစ်ကြလေသည်ဟု ဆိုသည်။

ဖြစ်ရိုးဖြစ်စဉ်အတိုင်းဖြစ်သည်ဟုဆိုလျှင် ယင်းသန္ဓေသည် လူအားတို့၌ ကိုးလလွယ်၊ ဆယ်လရောက်လာလျှင် ယောကျ်ားကလေး (သို့) မိန်းကလေး တစ်ဦးကို ဖွားမြင်ကြသည်။ သို့သော် သန္ဓေတည်စဉ်၌ တစ်စုံတစ်ခုသော အကြောင်းကြောင့် သန္ဓေသားဥကွဲသွားလျှင် လူသားနှစ်ဦး အမြွှာများမွေးဖွားလာသည်ဟု ဆိုသည်။ ထိုသို့ မွေးဖွားသောအမြွှာကို ဆေးသိပ္ပံပညာရှင်များက 'အိုင်အင်တီကယ်တွင်း' ဟု ကင်ပွန်းတပ်ကြသည်။ ထိုသို့ မွေးဖွားလာသော အမြွှာနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးတူညီကြသည်။ ယင်းတို့သည် အမြဲတစေ ယောကျ်ားနှစ်ဦး သို့မဟုတ် မိန်းမနှစ်ဦးသာဖြစ်ကြပြီး မိန်းမတစ်ဦး၊ ယောကျ်ားတစ်ဦးမဖြစ်နိုင်။

မျိုးဥနှစ်ခုဖြစ်ခဲ့သော် စိတ်အတူ၊ ရုပ်အင်္ဂါအတူ၊ ကျား-မနှစ်မျိုးဖြစ်တတ်သည်။ ယင်းသို့သောအမြွှာများကို 'ဖရဲတာနယ်တွင်း' ဟုခေါ်ကြ၏။ သို့သော် ထပ်တူအမြွှာများသည် လုံးဝပြတ်ပြတ်နှစ်ခုဖြစ်မသွား။ ပူးတွဲဆက်စပ်နေမှုမျိုးလည်းရှိလေသည်။ ထိုအခါမျိုးတွင် ခေါင်းချင်း၊ ဗိုက်ချင်း၊ ဘေးချင်း၊ ကျောချင်းကပ်များမွေးလာသောအမြွှာများဖြစ်တတ်၏။ ယင်းတို့ကို ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြထားသကဲ့သို့ ယိုးဒယားအမြွှာဟူ၍ ခေါ်ဆိုခဲ့ကြသည်။

သမိုင်းမှတ်တမ်းများအရ အထင်ကျော်ပြပါ-ယိုးဒယားအမြွှာပူးအချို့သည် ခွဲစိတ်ကုသခြင်းမပြုဘဲ တစ်သက်တာလုံး အတူပူးတွဲနေသွားကြသည်။ ယင်းယိုးဒယားအမြွှာတို့ကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သမိုင်းမှတ်တမ်းများ၊ ဆေးမှတ်တမ်းများအရ ကိုယ်ချင်းပူးနေသော အမြွှာကလေးများကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဖွားမြင်ခဲ့ကြသည်ဟု ဆိုသည်။ သာဓကအားဖြင့် ခရစ်နှစ် ၉၄၅ ခုနှစ်က ဗိုက်ချင်းဆက်နေသော အမြွှာညီနောင်ကို အာမေနီကန်ပြည်ထောင်စုတွင် ဖွားမြင်ဖူးသည်ဟု ဆိုကြသည်။ ထိုအမြွှာညီနောင်အား တစ်ဦးနှင့်တစ်ဦး ခွဲစိတ်ရန် ဆောင်ရွက်စဉ် တစ်ဦးမှာ သေဆုံးသွားခဲ့ပြီး ကျန်






တစ်ဦးမှာလည်း သုံးရက်ခန့်ကြာသောအခါ ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။ ခရစ်နှစ် ၁၁၀၀ တွင် အင်္ဂလန်နိုင်ငံ ကင်ပြည်နယ်တွင် ကိုယ်ချင်းဆက်အမြွှာညီအစ်မကို မွေးဖွားခဲ့ရာ မိဘဖြစ်သူများက ၎င်းတို့အား အဲယ်လီဇဘက်နှင့် မေရီချက်ဟာစ်ဟု အမည်ပေးထားခဲ့သည်။ သူတို့ညီအစ်မနှစ်ယောက်မှာ တင်ပါးနှစ်ဖက်တို့ပူးတွဲနေသည်ဟုသိရ၏။

ဆေးသိပ္ပံပညာရပ်သမိုင်းတွင် အထက်ဖော်ပြပါ ကိုယ်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးအား ၎င်းတို့ဇာတိကျေးရွာ

ဖြစ်သော ဘစ်ဗင်ဒင်ကျေးရွာအမ...
ကို ကင်ပွန်းတပ်ထားခဲ့ရာ ဘစ်ဒင်...
ကိုယ်ချင်းဆက်အမြွှာညီအစ်မများ...
ခေါ်ဝေါ်ခဲ့ကြ၏။ ထိုကိုယ်ချင်းဆ...
ညီအစ်မနှစ်ဦးမှာ ခွဲစိတ်ခြင်းမပြုကြ...
နေထိုင်ခဲ့ကြရာ အသက် (၃၄) နှစ်တ...
ကွယ်လွန်သွားကြသည်ဟု သိရ...
ခရစ်နှစ် ၁၄၇၇ ခုနှစ်တွင် စကော့တ...
ဂလပ်စရိုမြို့အနီး ကျေးရွာတစ်ရွာတွ...
ကျောချင်းဆက်နေသောအမြွှာညီနော...
နှစ်ဦး ဖွားမြင်ခဲ့သည်။ ထိုညီနောင်...
အား တတိယမြောက် ဂျိမ်း(စ်)ဘု...
ကိုယ်တိုင် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျွန်...
စေရန် စောင့်ရှောက်ခဲ့သဖြင့် အသ...
(၂၈) နှစ် အရွယ်အထိ နေထိုင်သွားခဲ့...
သည်ဟုသိရ၏။

အထူးဆန်းဆုံး ကိုယ်ချင်းဆ...
နေသော အမြွှာညီအစ်မများမှာ ဟန်...
နိုင်ငံမှ ဟယ်လင်နှင့် ဂျူဒစ်(စ်)ဆို...
ညီအစ်မနှစ်ဦးဖြစ်သည်။ ၎င်းတို့ကို...
ချင်းဆက်အမြွှာညီအစ်မအား ၁၇...
ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး မကျောချင်းဆ...
နေကြသည်။ ထိုအမြွှာညီအစ်မမှာ ...
ထောက်နှစ်ချောင်းသာရှိခဲ့၏။ ထိုကို...
ချင်းဆက်အမြွှာညီအစ်မအား အင်္ဂ...
နိုင်ငံ၊ ဟော်လန်နိုင်ငံ၊ ဂျာမနီနိုင်ငံ...
အီတလီနိုင်ငံများသို့ သွားရောက်ပြ...
ခဲ့ကြသည်။ အသက် (၉)နှစ်အရွယ်...
ခရစ်ယာန်သီလရှင်ကျောင်းတစ်ကျော...
သို့ပို့ဆောင်ထားခဲ့ကြ၏။ အသက် (...
အရွယ်ရောက်မှပင် သေဆုံးခဲ့ကြသ...
ဟုဆိုသည်။

ဤကဲ့သို့ ကိုယ်ချင်းဆက်အ...
များကို ခရစ်နှစ် ၁၆၈၉ ခုနှစ်က...
ခွဲစိတ်ကုသခဲ့ကြသည်ဟုသိရ၏။ ၁၉...
ခုနှစ် ဇူလိုင်လအတွင်းကမူ ကျွန်...
တို့မြန်မာနိုင်ငံမှ ယိုးဒယားအမြွှာ...
အစ်မ ဖြစ်သော မနန်းစိုးနှင့် မနန်း...
အား မြန်မာနိုင်ငံမှ ဆေးပညာရှင်မျ...
အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြသ...
ဟိုးဟိုးကျော်ခဲ့ရသည်။

ယခု ရေးသား ဖော်ပြမည့် ...
ကျော် ယိုးဒယားအမြွှာညီနောင်နှစ်ဦး...
ခရစ်နှစ် ၁၈၁၁ ခုနှစ်တွင် ယိုးဒယ...
နိုင်ငံ (ထိုင်းနိုင်ငံ) ဘန်ကောက်မြို့...
မိုင်(၃၀)ခန့်ကွာဝေးသော ဖက်ကဆေ...
ကျေးရွာတွင် ဖွားမြင်ခဲ့သော ကိုယ်...
ဆက်အမြွှာညီနောင် ချင်နှင့် အင်...
အကြောင်းဖြစ်ပါသည်။ ထိုစဉ်က...
ယိုးဒယား (ထိုင်း)နိုင်ငံအား ...
မင်းစိုးစံနေသည့်အချိန်ဖြစ်လေသ...



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တမ်းများအရ ယိုးဒယား (ထိုင်း) နိုင်ငံမှာ လူဦးရေငါးသန်းခန့်သာရှိသော်လည်း တရုတ်အမျိုးသားဦးရေမှာ သုံးသိန်းကျော်ရှိခဲ့၏။ ရင်ချင်းဆက်အမွှာညီနောင်တို့၏မိဘများမှာ တရုတ်အမျိုးနွယ်များသာဖြစ်ကြပြီး ထိုစဉ်က ရေလုပ်ငန်းဖြင့် အသက်မွေးခဲ့သူများဖြစ်သည်ဟုသိရ၏။

ထိုရေလုပ်ငန်းလုပ်ကိုင်သည့်မိဘနစ်ပါးတွင် အထက်ဖော်ပြပါ ရင်ချင်းဆက်အမွှာညီနောင် ဖွားမြင်သည်ဟု သတင်းပျံ့နှံ့လာခဲ့သည်။ ထိုစဉ်က အစွဲအလမ်းအယူအဆအရ ကိုယ်ချင်းဆက်အမွှာများသည် တစ်စုံတစ်ရာထိခိုက်စေသည့်ကပ်ရောဂါကျရောက်စေနိုင်သည်ဟုဆိုကြသဖြင့် ဒုတိယမြောက်ရာမမင်းသည် ယင်းအမွှာညီနောင်အား စုံစမ်းစစ်ဆေးရန် နန်းတွင်းပညာရှင်များကိုစေလွှတ်၍ စစ်ဆေးစေခဲ့သည်ဟုဆိုသည်။ ထိုညီနောင်တို့သည် ရင်ညွန့်အောက်ပိုင်းမှဆက်၍ မွေးဖွားလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆက်ခြင်းမှာ အရိုးချင်းဆက်နေသည်မဟုတ်ဘဲ အသားအရေများသာဆက်နေခြင်းဖြစ်ရာ ထိုညီနောင်နှစ်ဦးမှာဘေးယှဉ်ကာ မတ်တတ်ရပ်နိုင်သည်အထိ လှုံ့သာလှုပ်သာသည်ဟုဆိုသည်။

ယိုးဒယား(ထိုင်း)ဘုရင် ဒုတိယမြောက်ရာမမင်းကိုယ်တိုင် စိတ်ဝင်စားသဖြင့် ထိုယိုးဒယား(ထိုင်း)အမွှာညီနောင်မှာ လူသိများလာခဲ့သည်။ သို့ဖြင့် ယိုးဒယားအမွှာညီနောင်မှာ ကြီးပြင်းလာခဲ့ရာ သူတို့မိဘများမှာ ရေလုပ်သားများသာဖြစ်ရကား နေအိမ်မှာ လှေပင်ဖြစ်သည်။ ထိုလှေပေါ်တွင် နေထိုင်စားသောက်၍ တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ရေလုပ်သားမိဘများမှ ပေါက်ဖွားလာခဲ့ရသူ ယိုးဒယား (ထိုင်း) အမွှာညီအစ်ကိုမှာ ရေလုပ်သားများသာ ဖြစ်လာခဲ့သည်။ ထိုစဉ်ကာလက ယိုးဒယားနိုင်ငံလူထုမှ အထက်ဆောင်းပါးတစ်နေရာ၌ ဖော်ပြခဲ့သည့်အတိုင်း အစွဲအလမ်းအယူအဆများမှာ များစွာခေတ်နောက်ကျခဲ့သည်။ ထိုသို့ ရင်ချင်းဆက်အမွှာမွေးဖွားခြင်းသည် တိုင်းပြည်၏ဘေးအန္တရာယ်ကျရောက်ပေလိမ့်မည်ဟု လူအများကယုံကြည်ထားသည်။ တိုင်းပြည်တွင် အခါအားလျော်စွာ ကျရောက်လေ့ရှိသော ရောဂါ၊ ပလိပ်ရောဂါနှင့်ကျောက်ရောဂါများ ကျရောက်လာမည်ကိုစိုးရိမ်ခဲ့ကြသည်။ တတိယမြောက် ရာမမင်းလက်ထက်၌မူ ယင်းအမွှာညီနောင်၏ အခြေအနေအရပ်ရပ်ကို လေ့လာစေသည်သာမက ထိုရင်ချင်းဆက်အမွှာညီနောင်အား ဘန်ကောက်မြို့တော်သို့ ခေါ်ယူစစ်ဆေးကြည့်ရှုရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ တတိယမြောက် ရာမမင်းကိုယ်တိုင် စူးစမ်းကြည့်ရှုလိုသည်ဟုဆိုသဖြင့် နန်းတွင်းတာဝန်ရှိသူများသည် ကိုယ်ချင်းဆက်ညီအစ်ကို ချင်နှင့်အင်ညီအစ်ကိုအား လာရောက် ကြည့်ရှုစစ်ဆေးပြီး တတိယမြောက် ရာမမင်းနှင့် တွေ့ဆုံရန် စီမံခဲ့သည်။

ချင်နှင့် အင်တို့အား ဘုရင်မင်းမြတ်နှင့်တွေ့ဆုံရာတွင် ပြုမူနေထိုင်ရမည်များ၊ နန်းနေလေ့ထုံးထမ်းစဉ်လာများကို တာဝန်ရှိသူများက သင်ကြားပြသပြီး ဘန်ကောက်မြို့တော်သို့ ခေါ်ဆောင်သွားခဲ့သည်။ တတိယမြောက် ရာမမင်းသည် ကိုယ်ချင်းဆက်ညီအစ်ကိုအား စိတ်ဝင်စားခဲ့သည်သာမက ထိုညီအစ်ကိုအား ကြင်နာသနားတော်မူသဖြင့် နန်းတွင်းတစ်နေရာတွင် နေရာချထားပေးပြီး နန်းတွင်းသူနန်းတွင်းသားများသာမက ဘန်ကောက်မြို့တော်ရှိ နိုင်ငံခြားသားဧည့်သည်တော်များ၊ ဘန်ကောက်မြို့တွင် ကုန်တိုက်များဖွင့်ထားသော အမေရိကန်ပြည်ထောင်စုသားများ၊ ဗြိတိသျှအမျိုးသားများ၊ ဒပ်(ချ်)အမျိုးသားများနှင့် ပေါ်တူဂီအမျိုးသားများအား ကိုယ်ချင်းဆက်အမွှာညီနောင်နှင့်တွေ့ဆုံစေခဲ့သည်။ ဤတွင် ကိုယ်ချင်းဆက် ချင်နှင့်အင်ညီအစ်ကိုသတင်းမှာ ဟိုးဟိုးကျော်ခဲ့ရပြီး အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသောသတင်းစာများ၊ အမေရိကန်ပြည်ထောင်စုမှသတင်းစာများ၊ သတင်းမဂ္ဂဇင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သဖြင့် ချင်နှင့်အင်မှာ ယိုးဒယားအမွှာဟု နာမည်ကျော်ကြား လူသိများခဲ့ပြီး ထိုဝေါဟာရအား ဗြိတိသျှတို့၏နာမည်ကျော် အောက်(စ်)ဖို့(ဒ်)အဘိဓာန်ကြီးတွင် ထည့်သွင်းဖော်ပြခဲ့၏။

ချင်နှင့်အင်တို့ညီနောင်သည် ရေလုပ်ငန်းတွင်သာမက ဘဲမွေးမြူရေးလုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်လာခဲ့ကြသဖြင့် သူတို့ကိုယ်ချင်းဆက်ညီနောင်၏ မိဘများမှာ အတော်အသင့်နေနိုင်သည့်အခြေအနေဖြစ်လာသည်။ ထိုစဉ်က ယိုးဒယား(ထိုင်း)ပြည်သူများ လေးစားကြည်ညိုသည့် တတိယမြောက်ရာမမင်း ဘုရင်ကိုယ်တော်တိုင် အရေးတယူခံကြရသော ကိုယ်ချင်းဆက်တရုတ်ညီအစ်ကိုအား ယခင်ကကဲ့သို့ ဘေးအန္တရာယ်တို့ကျရောက်စေမည့်သူများဟူသောအမြင်လည်းပျောက်လာခဲ့၏။ ချင်နှင့်အင်တို့၏ သတင်းမှာလည်း အိမ်နီးချင်းနိုင်ငံများသို့ ဂယက်ရိုက်ခတ်လာခဲ့လေ၏။ ၁၈၂၇ ခုနှစ်ဆန်းတွင်မူ ယိုးဒယား(ထိုင်း)နိုင်ငံ တတိယမြောက် ရာမမင်းသည် အိမ်နီးချင်းနိုင်ငံဖြစ်သော ကိုချင်ချိုင်းနား (ဗီယက်နမ်) နိုင်ငံ ဆိုင်ဂုံမြို့သို့ ချစ်ကြည်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်စီစဉ်ခဲ့သည်။ ဤအဖွဲ့တွင် ကိုယ်ချင်းဆက် ချင်နှင့်အင်ညီနောင်အား ကိုချင်ချိုင်နားနိုင်ငံဆိုင်ဂုံမြို့လူထု အထူးအဆန်းအဖြစ် ကြည့်ရှုနိုင်စေရန် လိုက်ပါသွားစေခဲ့သည်။ အသက် (၁၆) နှစ်ရှိခဲ့ပြီဖြစ်သော ကိုယ်ချင်းဆက်တရုတ်ညီနောင်သည် ပထမဆုံးအကြိမ် ယိုးဒယား(ထိုင်း)နိုင်ငံ ပြင်ပသို့ ပင်လယ်ကူးရွက်သင်္ဘောကြီးဖြင့်ထွက်ခွာခဲ့ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုချင်ချိုင်းနား(ဗီယက်နမ်)နိုင်ငံ ဘုရင်နှင့် ပြည်သူလူထုသည် ချင်နှင့်အင် ကိုယ်ချင်းဆက်အမြွှာညီနောင်လိုက်ပါ လာကြသည့် ချစ်ကြည်ရေးအဖွဲ့အား အုတ်အော်သောင်းတင်းကြိုဆိုခဲ့ကြ၏။ ကိုချင်ချိုင်းနားဘုရင်နှင့်တာဝန်ရှိသူများ သည် ချင်နှင့်အင်ကိုယ်ချင်းဆက်အမြွှာ ညီနောင်အား ပြည်သူအများ ကြည့်ရှု နိုင်စေရန် ဆင်ဖြင့်တင်ဆောင်၍ ဆေးရုံ မြို့အတွင်း လှည့်လည်ပြသခဲ့သည်ဟု ဆိုသည်။ ဤသို့ပြသရာတွင် စစ်သည် တော်အစောင့်ရှောက်ဖြင့် ပြသစေခဲ့ သည်။ ကိုချင်ချိုင်းနား(ဗီယက်နမ်)ပြည် သူအများကလည်း ယိုးဒယားအမြွှာညီ နောင်အား တစ်ခဲနက် ကြိုဆိုခဲ့ကြသည် သာမက တလေးတစားနှင့် ညှိခံခဲ့ကြ သည်ဟု မှတ်တမ်းများက ရေးသား ဖော်ပြခဲ့ကြသည်။

ဤကဲ့သို့ ယိုးဒယားနိုင်ငံတွင် သာမက အိမ်နီးချင်းနိုင်ငံအများတွင်ပင် ဟိုးဟိုးကျော်လာစပြုနေသော အမြွှာ ညီနောင်အား ထူးထူးခြားခြား စိတ်ဝင် စားသူမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိနေသော အမေရိကန်ပြည် ထောင်စုသား သင်္ဘောရေယာဉ်မှူး ကော်ဖင်းဖြစ်သည်။ မစ္စတာကော်ဖင်း မှာ စီးပွားရေးအမြင်ရှိသူတစ်ဦးဖြစ်၏။ ထိုစဉ်ကာလက ယိုးဒယား(ထိုင်း)နိုင်ငံ တတိယမြောက်ရာမမင်း၏ တော်ဝင် မိသားစုများနှင့်လည်းရင်းနှီးသူဖြစ်၏။ နန်းတွင်းသို့လည်း တံခါးမရှိဓားမရှိ ဝင်ထွက်သွားခွင့်ရထားသူလည်း ဖြစ်၏။

ရေယာဉ်မှူး ကော်ဖင်းနှင့်အတူ ခင်မင်သူမှာ ဘန်ကောက်မြို့တွင် အခြေချ နေထိုင်သူ အမေရိကန်ပြည်ထောင်စု သား ကုန်သည်ကြီး မစ္စတာဟန်တား ဆိုသူဖြစ်သည်။ သူတို့နှစ်ဦးသည် ချင်နှင့် အင် ကိုယ်ချင်းဆက်အမြွှာညီနောင်တို့ အား တတိယမြောက်ရာမမင်း၏ အကူ အညီနှင့် မိဘများထံမှ ထိုက်ထိုက်တန် တန်ပေး၍ဝယ်ယူကာ အမေရိကန်ပြည် ထောင်စုသို့ ခေါ်ယူသွားခဲ့ပြီး ရုံသွင်း ပြသမည်ဆိုက သောက်သောက်လဲ ဝင်ငွေရနိုင်သည်ဟု မြင်ထားခဲ့ကြ၏။ သို့ဖြစ်၍ ရေယာဉ်မှူးကော်ဖင်းနှင့် ကုန်သည်ကြီးမစ္စတာဟန်တားတို့သည် ကိုယ်ချင်းဆက် ယိုးဒယားအမြွှာညီ နောင်အား မိဘများထံမှ ဒေါ်လာ (၃၀၀၀) ပေး၍ ဝယ်ယူခဲ့သည်။ ပထမ တွင် ညီနောင်နှစ်ဦး၏ အမေဖြစ်သူက သူ့သားနှစ်ယောက်အား ရောင်းချလို ခြင်းမရှိခဲ့ကြ။ သို့သော် နောက်ဆုံးတွင် မူ ယိုးဒယားအမြွှာဖွေးညီနောင်တို့အား ရောင်းချခဲ့လေသည်။

ဤသို့ဖြင့် ဖွေးညီနောင်တို့သည် ခရစ်နှစ် ၁၈၂၉ ခု၊ မတ်လတွင် ဇာတိ ယိုးဒယား(ထိုင်း)နိုင်ငံမှ ထွက်ခွာလာခဲ့ သည်။ သူတို့ညီနောင်အား ဝယ်ယူခဲ့သူ မစ္စတာကော်ဖင်းနှင့် ဟန်တားတို့သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိ လာခဲ့ကြ၏။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့နှင့် အခြားမြို့ကြီးများ တွင် ရုံသွင်းပြသခဲ့လေသည်။ ထိုစဉ်က မှတ်တမ်းများအရ ရုံဝင်ခ တစ်ဦးလျှင် ဆင့် (၅၀)ဖြင့် ပြသခဲ့ခြင်းဖြစ်ရာ မစ္စတာ ဟန်တား၊ မစ္စတာကော်ဖင်းတို့မှာ ရိုးရိုးရှိ ဝင်ငွေရခဲ့သည်။ ထိုစဉ်က အမေရိကန် ပြည် ထောင်စုမှထုတ်ဝေသော ဩဇာ တိက္ကမအကြီးမားဆုံးသတင်းစာကြီးဖြစ် သော နယူးယောက်တိုင်းသတင်းစာကြီး က ချင်နှင့်အင်ယိုးဒယားအမြွှာညီနောင် ဟု ရေးသားဖော်ပြခဲ့ရာမှ ယိုးဒယား အမြွှာဟူသောဝေါဟာရတိုးလာခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဆေး ပညာရှင်များအဖွဲ့နှင့်တက္ကသိုလ်ကျောင်း တိုက်ကြီးများမှ ဆေးပညာရှင်များသည် ချင်နှင့်အင်ညီနောင်အား စနစ်တကျ လေ့လာစမ်းသပ်စစ်ဆေးမှုများပြုခဲ့ကြ သည်။ ထိုစဉ်က ခေတ်မီခွဲစိတ်ကုသ သည့်ကိရိယာများ၊ နည်းပညာများ ထွန်းကားလာခြင်းမရှိရကား ယင်းဖွေးညီ နောင်အား ခွဲစိတ်ကုသပေးနိုင်ခြင်းမရှိခဲ့။ မှတ်တမ်းများအရ ချင်နှင့် အင်တို့မှာ အစစအရာရာ တူညီမှုရှိသော်လည်း စိတ်နေသဘောထားနှင့် ရောဂါဝေဒနာ ရရှိမှုများတွင် တူညီခြင်းမရှိဟု သိရ၏။ ချင်သည် အသုံးအစွဲများသူဖြစ်ပြီး အနောက်တိုင်း အရက်သေစာကို စွဲစွဲ လမ်းလမ်း တပ်မက်သူဖြစ်၏။ အင်မှာမူ အစစအရာရာ ခြိုးခြိုးခြံခြံနေထိုင်လိုသူ၊ စည်းစနစ်ကျသူဖြစ်သည်။ အရက်သေ စာသောက်စားခြင်းမရှိဟု ဆိုလေသည်။ ၁၈၂၉ ခုနှစ်တွင်မူ ချင်နှင့်အင်တို့သည် အမေရိကန်ပြည်ထောင်စုမှ ဥရောပတိုက် သို့သွားရောက်ခဲ့ကြပြီး ရုံသွင်းပြသခဲ့ ကြပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ရောက် ရှိခဲ့သည်။ လန်ဒန်တွင် ဖွေးညီနောင်တို့ အား နာမည်ကျော် ဇာတ်ရုံများတွင် ရုံသွင်းပြသခဲ့ရာ သောက်သောက်လဲ ဝင်ငွေရခဲ့သည်ဟုသိရ၏။ ထိုကာလက အင်္ဂလန်နိုင်ငံ ဆရာဝန်ကြီးများအသင်း မှ ပညာရှင်အများသည် ချင်နှင့်အင်တို့ ညီနောင်အား စနစ်တကျ စစ်ဆေးခြင် များပြုလုပ်ခဲ့သော်လည်း ခွဲစိတ်ကု မေးရန်ကိုမူ ငြင်းဆိုခဲ့ကြသည်ဟု သိ ၏။

- ထူးထူးဆန်းဆန်း ဆိုရပေတော မည်။ ကိုယ်ချင်းဆက် ဖွေးညီနော သည် ၁၈၄၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် တွင် အမေရိကန်ပြည်ထောင်စု မြော ကိုရိုလိုင်းနားပြည်နယ် ဝတ်(က်)ဘိုရို ကလေး ဆင်ခြေဖုံးတွင် နေထိုင်သော ဝီးစာပင်ယာတောပိုင်ရှင် မစ္စတာအေ ရိ(စ်)၏သမီးပျိုနှစ်ယောက်နှင့်လက်ထ ခဲ့ကြသည်။ ထိုအချိန်တွင် ချင်နှင့်အင် မှာ အသက် (၄၄)နှစ်အရွယ်ရှိနေပြီ ၏။

ချင်နှင့်အင်ဖွေးညီနောင်တို့သ ညီအစ်မနှစ်ဦးနှင့် လက်ထပ်ခဲ့ကြ အိမ်ခွဲနေထိုင်ခဲ့ကြသည်ဟု ဆိုသ တစ်ယောက်အိမ်တစ်လှည့်၊ အ တစ်ယောက်အိမ်တစ်လှည့်ဖြင့် လ ပြောင်းကာ နေထိုင်ခဲ့ကြသည်။ သူ ဖွေးညီနောင်၏မိသားစုမှာ အံ့ဖွယ်သ ဖြစ်ခဲ့ရ၏။ သားသမီး(၂၁)ဦးထွန်း ခဲ့ရာ သားသမီးအားလုံးမှာ သာ ကလေးငယ်များသာဖြစ်ကြသည်။ ခ နှစ် ၁၈၆၉ ခုနှစ်တွင် ဖွေးညီနောင်သ ဥရောပတိုက်သို့ တစ်ခေါက်ပြန်လာ ကြ၏။ သူတို့နှစ်ယောက်သည် ဗြိတိ သမားတော်ကြီးများ၊ ပြင်သစ်သ တော်ကြီးများနှင့်စစ်ဆေးပြသခဲ့ကြ လည်း သမားတော်ကြီးများက ခွဲစိတ် ခဲ့ခြင်းမရှိခဲ့ပေ။

ခရစ်နှစ် ၁၈၇၄ ခု၊ ဇန်နဝါ ၁၇ ရက်နေ့တွင် ချင်မှာ ရင်အေ သည့်ဝေဒနာ စွဲကပ်လာသဖြင့် သ တော်များနှင့် ပြသခဲ့ရသော်လည်း အ မှာမူကား ကျန်းမာစွာရှိနေခဲ့သ သို့သော် ထိုနေ့ညနေတွင် ချင် ကွယ် ခဲ့ရပြီး နောက်သုံးနာရီအကြာတွင် အ ကွယ်လွန်ခဲ့ရတော့သည်။ ဆေးမှတ် အရ ချင် သေပြီးလျှင်ပြီးချင်း ခွဲ လိုက်မည်ဆိုပါက အင်မှာ ဆက် အသက်ရှင်နိုင်မည့် အလားအ သည်ဟု ဆိုကြပါကြောင်း။

လျှမ်း

ကျမ်းကိုး -

The Two. By - Irving W

www.burmeseclassic.com



# မြင့်သိန်းလွင်

## ထူးဆန်းသော အဓိဋ္ဌာန်ကျောက်တုံးလေး

တနင်္ဂနွေနေ့တစ်နေ့ နံနက်စောစော ဆူးလေဘုရား တနင်္ဂနွေထောင့်၌ စာရေးသူ အဓိဋ္ဌာန်ပုတီးစိပ်ပါသည်။ဘုရား ရှေ့တွင်ရှိသော အဓိဋ္ဌာန်ကျောက် တုံးကိုတွေ့ရာမှ ၁၉၉၁ ခုနှစ် သာစည် ဘူတာ၌ တာဝန်ကျစဉ် အတွေ့အကြုံ တစ်ခုကို စာဖတ်သူများ သိရှိစေရန် ဗဟုသုတဖလှယ်သောအားဖြင့် တင်ပြ လိုက်ရပါသည်။

စေတီ၊ ပုထိုး၊ ရုပ်ပွားတော်များ ရှေ့တွင် ဆုတောင်းအဓိဋ္ဌာန်ပြုရာ ကျောက်တုံးကလေးများကို စာဖတ်သူ အများသူငါ မြင်တွေ့ဖူးကြပါမည်။ မိမိ သိလိုမှု၊ ကြံစည်မှုတို့ကို ဖြစ်နိုင်၊ မဖြစ် နိုင်၊ အောင်မြင်မည်၊ မအောင်မြင်၊ သိလို ရာကို ကျောက်တုံးမပြီး 'လေးပါစေ'၊ 'ပေါ့ပါစေ' စသည်ဖြင့် ဆုတောင်းပြီး အဓိဋ္ဌာန်ပြုကျောက်တုံးမကြပါသည်။ တချို့က ကန်တော့ပွဲပေးကာ ပွဲမပြီး အဓိဋ္ဌာန်ပြုမေးကြပါသည်။

မြန်မာပြည်အရပ်ရပ်တွင် ထူးဆန်း သောပစ္စည်းများအကြောင်းကို ဒေသခံ များ ဖော်ထုတ် ရေးသားကြသည်ကို စာဖတ်သူများ အံ့သြဖွယ် ဖတ်ရှုကြရပါ သည်။ စာရေးသူတွေ့ခဲ့ရသော ကျောက် တုံးကလေးမှာ အဓိဋ္ဌာန်ဖြင့်မရသော ကျောက်တုံးမဟုတ်ဘဲ ကျောက်တုံးပေါ် လူတက်ထိုင်ကာ အဓိဋ္ဌာန်ဖြင့် မိမိကိုယ် လုံးကို လက်ဝဲရစ်၊ လက်ယာရစ်လှည့်စေသော ကျောက်တုံး ဖြစ်ပါသည်။

ဤ ထူးဆန်းသော ကျောက်တုံး ကလေးကို အမှန်တွေ့ထိခဲ့ကြသော သက်ရှိထင်ရှားလူပုဂ္ဂိုလ်များ၏ အမည် ကို မပြောင်းလဲဘဲ ရေးသားတင်ပြလိုက် ပါသည်။

❑

စာရေးသူနှင့် မမှုမိတ်ဆွေတချို့ သည် သာစည်မြို့မှ (၇) မိုင်ခန့်ဝေးသော အောင်စွာသိမ်ဘုရားသို့ စက်ဘီးဖြင့် မကြာခဏ သွားရောက်ပြီး ညအိပ်ည နေ စိပ်ပုတီးစိပ်ကြပါသည်။ အောင်စွာ သိမ်ဘုရားသည် ရှင်အရဟံသိမ်သမုတ် ခဲ့သော သိမ်ဘုရားဖြစ်ပါသည်။ အောင် စွာအမတ်ကြီး မကွယ်လွန်မီ ဆုတောင်း ခဲ့သောဘုရားဖြစ်၍ အောင်စွာသိမ် ဘုရားဟု အမည်တွင်ပါသည်။

အင်္ဂလိပ်ခေတ်က သာစည်မြို့ တရားရုံးတွင် အမှုရင်ဆိုင်သူအချို့က အောင်စွာသိမ်၌ ကျိန်ဆို၍ အရှုံး၊ အနိုင် ဆုံးဖြတ်မည်ဆိုလျှင် အမှု ရုပ်သိမ်းခွင့်ပြုခဲ့သည်ဟု ဆိုပါ သည်။ ဘာသာခြားများပင် အောင် စွာသိမ်၌ မတရားကျိန်ဆိုခြင်း မပြုဝံ့ အောင် အနီးပတ်ဝန်းကျင်တွင် နာမည် ကျော်ကြားခဲ့ပါသည်။ ရှေးမီ နောက်မီ လူကြီးသူမများက ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်တုံးက မှားယွင်းကျိန်မိ၍ ကျိန်စာ မိကာ ဒုက္ခလှလှတွေ့ပုံကို ပြန်ပြောင်း ပြောပြတတ်ပါသည်။

ဘုရားသို့ ကျမ်းကျိန်ရန်အသွား ခရီး၌ပင် မမှန်သောသူပါလာသော လှည်းကို ကျိုးထိုးခြင်း၊ အတားအဆီး တစ်ခုခုပြလျှင်နောက်ဆုတ်ရန်၊ ထိုမှ ဆက်၍ဘုရားရောက်လျှင် ဆရာတော် က မေတ္တာရပ်ခံပြောကြားပေး၍ ကျေအေးသွားသူရှိသလို သဲသဲကွဲကွဲ အဖြူ၊ အမည်းသိလို၍ ကန်တော့ပွဲပေး ကာ ကျိန်စာဆိုခြင်းများလည်းရှိပါ သည်။ ထိုအခါ မှားယွင်းကျိန်ဆိုမိသူ အတွက် ပေးဆပ်ရသည်မှာ မရှုမလှပင်။ ပုဂံညှပ်ကြီးကဲ့သို့ အနီးပတ်ဝန်းကျင် နာမည်ကြီးလှသောဘုရားဖြစ်ပါသည်။

အောင်စွာသိမ်ဘုရားကြီးသည် သာစည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ် သုံးမြို့နယ်ဆုံရာတွင် တည်ရှိပြီး အနီးကပ်ဆုံးရွာသည် ပေါက်တောနှင့် ဝါးရုံရွာဖြစ်ပါသည်။ ဘုရားမြေကို ရေပတ်လည်ဝိုင်းထား သဖြင့် အလယ်တွင် ကျွန်းကဲ့သို့ဖြစ်နေ ကာ တောင်ဘက်နှင့် မြောက်ဘက်မှ တံတားထိုးပြီးဝင်ရပါသည်။

အောင်စွာသိမ်ဘုရားနှင့် လယ် နှစ်ကွက်ခန့်အကွာ လူကြီးလက်(၆)ဖတ် ခန့် ညောင်ပင်ကြီးအနီးတွင် အောင်စွာ ဘိုးဘိုးကြီးနတ်ကွန်းရှိ၏။ အောင်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘိုးကြီးကို ဒေသခံများက မြင်းဖြူရှင်အဖြစ် ကိုးကွယ်ကြပါသည်။ အောင်စွာဘိုးဘိုးကြီးရှိ မရှိ အဓိဋ္ဌာန်ပြုလျှင် မြင်းချသံပေးပါသည်။ ဤနေရာကား အောင်စွာအမတ်ကြီး အသက်စွန့်ရာနေရာလည်းဖြစ်ပါသည်။

ရွှေခေတ်လူစွမ်းကောင်းများသည် တုတ်ပြီး၊ ဓားပြီးဆေးထိုးနှံကြသူများ ဖြစ်ရာ၊ မင်းမိန့်ဖြင့် အောင်စွာအမတ်အား သတ်ရာတွင် ဓားမတိုး၊ လှံမတိုး၊ မသေနိုင်အောင်ရှိနေပါသည်။ ထိုအခါ အမတ်ကြီးက မိမိလက်ဝတ်ရတနာများကို ဘုရား၌လှူကာ -

"ဤနေရာ၊ ဤဒေသသို့ ကတိသစ္စာတည်သူများ လာရောက်ပါက ဆတက်ထမ်းပိုး တိုးတက်ကြီးပွားပါစေ။ ကတိသစ္စာမတည်သူများ လာရောက်ပါက ၄ဘးဒုက္ခကြီးစွာတွေ့ပါစေ"

ဟု ဆုတောင်း အဓိဋ္ဌာန်ပြုကာ မာန်ချပြီး အသက်ခံသွားပါသည်။

ဤနေရာကား ပုဂံရာဇဝင်၌ အထင်အရှားရှိသည့် မင်းယဉ်နရသူ မြင်းတော်ခံပြည့်၊ အောင်စွာအမတ်၊ ဝေဠုဝတီမိဖုရားတို့နှင့် ပတ်သက်လျက်ရှိသောနေရာတစ်ခု ဖြစ်ပါသည်။

စာရေးသူတို့အဖွဲ့သည် သာစည်မြို့မှ မင်းလှကန်ပေါင်အတိုင်း စက်ဘီးနင်းကာ မောင်းတိုင်ဆရာတော်အား ဝင်ဖူးပြီး၊ ထိုမှဆက်ပြီး ညောင်ရမ်းလမ်းခွဲသို့မဝင်ဘဲ ပေါက်တောလမ်းခွဲအတိုင်း ဝင်ကာ ပေါက်တောဆရာတော်အား ဝင်ဖူးပြီးမှ အောင်စွာသိမ်ဘုရားသို့ ညအိပ်အဓိဋ္ဌာန်ဝင်ပုတီးစိပ်ရောက်ပါသည်။ ညအချိန် ဆရာတော်၏ စောင့်ရှောက်မှုဖြင့် ဘုရားဝတ်တက်ခြင်း၊ ပဋ္ဌာန်းပုတီးစိပ်ခြင်း၊ ဂုဏ်တော်ကိုးပါးပုတီးစိပ်ခြင်း၊ အောင်ခြင်းရှစ်ပါးဂါထာပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများပြုလုပ်ကြပြီး သိမ်ဘုရားအတွင်း၌ပင် ညအိပ်ကြပါသည်။ ယခုအခါ မြန်မာပြည်အရပ်ရပ်မှ သစ္စာဆိုအရက်ဖြတ်သူများက လာရောက်ကြကြောင်းကြားသိရပါသည်။

ဘုရားသို့ မကြာခဏ ညအိပ်ရောက်ရာမှ တစ်နေ့တွင် အောင်စွာသိမ်ဆရာတော်သည် ထူးဆန်းသော ကျောက်တုံးကလေးအကြောင်းပြောပြပါသည်။ လက်တွေ့မြင်လို၊ သိလို၊ စမ်းသပ်လိုစိတ်များဖြင့် ဆရာတော်အား ပူဆာကြရာ၊ ဆရာတော်၏ အစီအစဉ်ဖြင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆားတောင်ရွာသို့ စက်ဘီးဖြင့် လေ့လာရေးခရီးဆက်ခဲ့ကြပါသည်။ ရွှေဗျိုင်းနားဆရာတော်၏ ဇာတိရွာဖြစ်ပါသည်။

သာစည်မြို့မှ ဦးမောင်ဦး၊ ဒေါ်သန်းသန်း၊ ကိုရှမ်းလေးနှင့်စာရေးသူတို့ပါဝင်ပြီး ဝါးရုံရွာမှ ဦးတင်မောင်၊ ဦးကျော်ရှိန်၊ ဦးတင်ဆောင်တို့ လိုက်ပါခဲ့ကြပါသည်။

လမ်းခရီးတွင် ဦးကျော်ရှိန်က လူကြီးသူမ အစဉ်အဆက်မှတ်သားခဲ့သော အင်းဝဘုရင်မင်းခေါင် ကောင်ငူမှအပြန် စီးတော်မြင်းသေ၍ မြင်းမြှုပ်ရာနေရာကိုပြသပါသည်။ ယခုအခါ စည်မျက်နှာပြင်ကဲ့သို့ ပြောင်တင်းနေပြီး၊ လူတက်ခုန်လျှင် ဗုံတီးသကဲ့သို့မြည်ပါသည်။ စီးတော်မြင်းသေ၍ ရှင်ဘုရင်အား ထမ်းစင်တော် စီစဉ်ပေးရသည့် ရွာကိုလည်း ပြသပါသည်။

နံနက်(၉)နာရီခန့်၌ ဆားတောင်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ပါသည်။ ရွှေဗျိုင်းနားဆရာတော် ပြည်သို့ကြွနေ၍ မဖူးခဲ့ရပါ။ ဦးကျော်ရှိန်က ခန်းနေဆရာတော်အား လာရင်းကိစ္စကို လျှောက်ထားပါသည်။ ကျွန်တော်တို့အဖွဲ့အား အောင်စွာသိမ်ဆရာတော်က စေလွှတ်ကြောင်းပြောပြရပါသည်။ ခန်းနေဆရာတော်သည် စာရေးသူတို့အဖွဲ့အား သစ်သားကျောင်းအပေါ် ထပ်သို့ခေါ်သွားပြီး သော့ခတ်ထားသော ဗီရိုတစ်လုံးအတွင်းမှ လုံခြုံစွာထုပ်ပိုးသိမ်းဆည်းထားသော တစ်ထွာခန့်မရှိတရှိ ကျောက်တုံးတစ်တုံးကိုထုတ်ပေးပါသည်။ ကျောက်တုံးမှာ သာမန်အရောင်မွဲမွဲအဆင်းရှိပြီး တဘက်ချောဖြစ်ပါသည်။

"ဒကာကြီးတို့ မှန်ကျောင်းဆောင်အတွင်းက သိုက်ဘုရားမှာ ငါးပါးသီလယူ၊ လိုရာဆုတောင်း၊ အဓိဋ္ဌာန်ပြုကြည့်ပါ။ ဦးပဉ္စင်း ကျောင်းအောက်ကနေ အပြင်လူအပေါ် မတက်အောင်ထိန်းပေးထားမယ်"

ဆရာတော် အောက်ဆင်းသွားလျှင် စာရေးသူတို့မှာ ကျောက်တုံးကိုကိုင်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြပါသည်။ ဦးပဉ္စင်းသည် ကျောက်တုံးကလေးကို သိပ်ပြချင်ပုံမရပါ။ အောင်စွာသိမ်ဆရာတော်ကလွှတ်လိုက်သူများဖြစ်သောကြောင့်သာထုတ်ပြခြင်းဖြစ်ရာ အဓိဋ္ဌာန်ပြုသောလူမစုံခင် ပြန်သိမ်းသွားမည်ကို စိုးရိမ်နေမိပါသည်။

"ကျွန်တော် အရင်အဓိဋ္ဌာန်ပြုကြည့်မယ်နော်"

ဟု ကျွန်လူများကို ခွင့်တောင်းလိုက်ပါသည်။ အားလုံးက ခွင့်ပြု၍ မှန်ကျောင်းဆောင်အတွင်းက ဘုရားရှေ့တွင် ငါးပါးသီလခံယူပါသည်။ ကျောင်းအတွင်းရှိ ဆရာတော်သံဃာတော်များ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ၊ ကျောက်တုံးအစောင့်အရှောက်များကို မေတ္တာပို့သပါသည်။ ပြီးမှ မိမိအကြံအစည်ကို အဓိဋ္ဌာန်ပြုဆုတောင်းပါသည်။ ဘေးလူများက ကျွန်တော့်ကို လခြမ်းပုံသဏ္ဌာန်ဝိုင်းထိုင်ထားပါသည်။ အတွေ့အကြုံအသစ်ဖြစ်၍ ဘယ်လိုတုံ့ပြန်မလဲဟု သိမြင်လိုစိတ်ဖြင့် ဝိုင်းကြည့်နေကြပါသည်။

ကျွန်တော်သည် လက်နှစ်ဖက်ထောက်ကာ ကျောက်တုံး၏အပြားဘက်မှ ခြေဖဝါးနှစ်ဖက်စုံနင်းကာ ဆောင့်ကြောင့်ထိုင်လိုက်ပါသည်။ အတန်ကြာသည့်တိုင် ကျောက်တုံးသည် မလှုပ်ပါ။ ကျောက်တုံးမလှုပ်သဖြင့် စာရေးသူသည် ကျောက်တုံးအစောင့်တို့အား ရည်စူးပြီးစိတ်ဖြင့် မေတ္တာပို့ပြောကြားပါသည်။

သာစည်မြို့မှ ဆားတောင်ရွာအထိ (၁၅) မိုင်ခန့် လမ်းကြမ်းခရီးကို စက်ဘီးစီး၍လာခဲ့ရကြောင်း၊ မိမိအဓိဋ္ဌာန်သည့်အတိုင်း အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဤကျောက်တုံး၏ထူးခြားမှုကိုပြသပေးပါရန် တောင်းပန်မိပါသည်။ အမှန်ဝန်ခံရလျှင် ကိုယ်ရေးကိုယ်တာဆုတောင်း အဓိဋ္ဌာန်မပြုခဲ့ပါ။ သာသနာပြုကိစ္စကိုသာမေးခဲ့ခြင်းဖြစ်ပါသည်။ မိမိဆန္ဒအောင်မြင်မည်ဆိုပါက လက်ယာဘက်သို့လှည့်ရန်၊ မအောင်မြင်ပါက လက်ဝဲဘက်သို့လှည့်ရန် ဆန္ဒပြုခဲ့ပါသည်။ ထိုစဉ် စာရေးသူတက်ထိုင်ထားသော ကျောက်တုံးမှာ ဘယ်ဘက်သို့ တစ်ချက်ရွေ့သွားပါသည်။

သွားပြီ။ မိမိဆန္ဒမပြည့်ကြောင်း ထင်မြင်လိုက်စဉ်မှာပင် လက်ယာဘက်သို့လည်သွားသဖြင့် အမှတ်တမဲ့စဉ်းစားနေမိသေး၊ ကျွန်တော့်သည် ဘေးသို့လဲကျသွားပါသည်။ ကျောက်တုံးပေါ်ပြန်တက်ပြီး သုံးပတ်ပြည့်အောင်လှည့်ပါရန် စိတ်ဖြင့်တောင်းပန်ကြည့်ရာ သုံးပတ်ပြည့်အောင်လှည့်ပါသည်။ ဘယ်ညာလက်ညှိုးကလေးများဖြင့် ထိန်းရုံသာထိန်းပြီးထောက်ထားရပါသည်။

အသံထွက်ပြီး ဆုတောင်းခြင်းမပြုသဖြင့် ကျွန်တော်ဘာဆုတောင်းမှန်း အခြားသူများမသိပါ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်လှှင် နိုင်ငံတော်တံဆိပ်ခေါင်း အကြံပေးအဖွဲ့ကြီး

"နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့"(State Philatelic Advisory Board) ဟူသည့် အဖွဲ့ကြီးအကြောင်း သိကြသူ နည်းပါးပါလိမ့်မည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က အစိုးရဝန်ကြီးဌာနတစ်ခု၏ လက်အောက်တွင် တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှထုတ်ဝေသော စာပို့တံဆိပ်ခေါင်းများ၏အရည်အသွေး ကောင်းမွန်စေရေးနှင့် နိုင်ငံခြားတိုင်းပြည်များသို့ မြန်မာတံဆိပ်ခေါင်းများရောင်းချပြီး နိုင်ငံခြားငွေရှာဖွေရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းများ၏ ထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့သော နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့ (SPAB) တဲ့သို့သောအဖွဲ့အစည်းမျိုး မြန်မာနိုင်ငံ၌ ဤတစ်ကြိမ်တည်းသာ ပေါ်ထွန်းခဲ့သည်။ ယခုအချိန်တွင်လည်း ထိုကဲ့သို့သောအဖွဲ့အစည်းမျိုး ဖွဲ့စည်းထားရှိခြင်း မရှိပေ။ဤနိုင်ငံတော်တံဆိပ်ခေါင်းအကြံ






**SPAB ထက်ထက်က ထုတ်ဝေခဲ့သော**
**မြန်မာ့ပထမဆုံး၊ အတွင်းအနားသားဘောင် မပါသည့် တံဆိပ်ခေါင်းနှစ်မျိုး**

ပေးအဖွဲ့၏အကြောင်းကို သာမန်ပုဂ္ဂိုလ်တို့မဆိုထားဘိ တံဆိပ်ခေါင်းဝါသနာရှင်အချို့ပင် ဤအဖွဲ့ကြီးတည်ရှိခဲ့သည်ဟူသည်ကို မသိကြပေ။ ဤသို့ဖြစ်ရသည်မှာ ဤအဖွဲ့ကြီးအကြောင်းနှင့် ပတ်သက်၍ စာအုပ်စာပေများ၌ ရေးသားဖော်ပြထားခြင်း နည်းပါးခဲ့သောကြောင့်ဖြစ်သည်။ ထိုအဖွဲ့ကြီးဖွဲ့စည်းပြီး တစ်နှစ်ကြာကာလက ထိုစဉ်က လစဉ်ထုတ် 'ရွှေသွေ့စာစောင်' ၏ ဆောင်းပါးတစ်ပုဒ်တွင် နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့အကြောင်း စာပိုဒ်နှစ်ပိုဒ်ပါရှိခဲ့သည်ကို တွေ့ရှိရသည်။

ယခု သုရဇ္ဇမဂ္ဂဇင်းတွင် ပါရှိသော ဤဆောင်းပါးမှာ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့အကြောင်း

---

အလှည့်ပြီးလျှင် ကျန်သူများလည်း တစ်ဦးပြီးတစ်ဦးစိတ်ဖြင့်အမိဌာန်ပြုပြီး ကျောက်တုံးပေါ် တက်ထိုင်ကြပါသည်။ လက်တွေ့စမ်းသပ်ကြပါသည်။

စိတ်စွမ်းအားဖြင့် မိမိဖြစ်စေလိုသောဆန္ဒအတိုင်း ရွေ့လျားသည်ဟု ယူဆကောင်းယူဆနိုင်ပါသည်။ သို့ရာတွင် ထူးခြားမှုတစ်ခုတင်ပြလိုသည်မှာ ကျွန်တော်တို့အဖွဲ့တွင် ဦးမောင်ဦး၏ ဇနီး ဒေါ်သန်းသန်းပါဝင်ပါသည်။ ဆရာတော်က ကျောက်တုံးပေါ်သို့ အမျိုးသမီး တက်ခွင့်မပြုပါ။ လူစားအဖြစ်ကိုရှမ်းလေးကို ကျောက်တုံးပေါ်တက်ခိုင်းပါသည်။ ကိုရှမ်းလေးမှာ ကျောက်တုံးပေါ် တက်ထိုင်နေသော်လည်း ဒေါ်သန်းသန်းဘယ်လိုဆုတောင်းနေမှန်း မသိပါ။သူတစ်ကိုယ်လုံးဘယ်ဘက်လှည့်သွားလိုက်၊ ညာဘက်လှည့်သွားလိုက်နှင့် ဖြစ်နေသည်ကိုသာသိနေပါသည်။


ဆားတောင်ကျောင်း ခန်းနေဆရာတော်က ဤပစ္စည်းရှိကြောင်း ဘယ်သူမှထပ်မပြောရန် နှုတ်ပိတ်ခဲ့သဖြင့် ယနေ့အချိန်အထိ နှုတ်လုံခဲ့ကြခြင်း ဖြစ်ပါသည်။ ဦးကျော်ရှိန်တို့အား နှုတ်ဆက်ပြီး အောင်စွာသိမ်ဆရာတော်၊ ပေါက်တောဆရာတော်နှင့် ဦးပဥ္စင်းညို၊ မောင်းထိုင်ဆရာတော်တို့ကို အပြန်ခရီးတွင် ဝင်ရောက် ဖူးမြော်ကန်တော့ပြီး သာစည်သို့ပြန်ခဲ့ကြပါသည်။

ကျွန်တော်တို့အဖွဲ့သည် အပြန်ခရီးတွင် တစ်ဦးနှင့်တစ်ဦးစကားမဆိုနိုင်ကြပါ။ မင်းလှကန်၏ညနေခင်းအလှကို ကြည့်ရင်း စက်ဘီးနင်းလာခဲ့ကြပါသည်။ ကျောက်တုံးကလေး၏အစွမ်းကိုကြားရာတွင် မဖြစ်နိုင်ဟု ယူဆပြီး မယုံရှဲ့သွားခဲ့ကြပါသည်။ လက်တွေ့မြင်ရသည့်အခါ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ဝေခွဲမရခြင်း၊ အဖြေရှာမရခြင်းတို့နှင့် ရင်ဆိုင်ခဲ့ကြရပါသည်။

ဤထူးဆန်းသော ကျောက်တုံးကလေးကား ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၊ သစ်သားနှစ်ထပ်ကျောင်းဆောင်အပေါ်ထပ် ချိပ်တံဆိပ်ဆီးတိုးထားသော ဗီရိုတစ်ခုအတွင်း၌ရှိနေဦးမည်ဟု ထင်မြင်မိပါသည်။ သာမန်ကျောက်တုံးတစ်တုံးထင်ပြီး လွှင့်ပစ်မည်စိုး၍ ရေးသားမှတ်တမ်းတင်လိုက်ခြင်း ဖြစ်ပါသည်။

မြင့်သိန်းနွှင်

www.burmeseclassic.com




**နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့မှ ကြီးကြပ်ထုတ်ဝေခဲ့သော**
**ပထမအကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီညီလာခံအထိမ်းအမှတ် တံဆိပ်ခေါင်းတစ်မျိုး၏ အကြီးချဲ့ထားသောသင်္ကေတ**




**နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့မှ ကြီးကြပ်ထုတ်ဝေခဲ့သော**
**မြန်မာ့ပထမဆုံးနှင့် တစ်မျိုးတည်းသော အထိမ်းအမှတ်-မှတ်တမ်းလွှာ**

နှင့် ထိုအဖွဲ့သို့ အကြံပြုထားသော အချက်အလက်များကို မြန်မာ့စာပေတွင် ပထမဆုံးအကြိမ်ပြည့်စုံစွာရေးသားလှစ်ဟပြထားသောဆောင်းပါးဖြစ်လေသည်။

□ **နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့**

၁၉၇၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် 'ရှေ့သို့စာစောင်'၌ပါရှိသော နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့နှင့်ပတ်သက်သည့် စာပိုဒ်နှစ်ပိုဒ်ကို အောက်တွင် ဆီလျော်အောင် ပြင်ဆင်ရေးသားဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းဝါသနာကို လူငယ်များကြား၌ တစ်နေ့တခြား ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်တော်လှန်ရေးအစိုးရအနေဖြင့်လည်း မြန်မာတံဆိပ်ခေါင်းများထုတ်လုပ်ရေးနှင့်တံဆိပ်ခေါင်းများကို ပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရေးကိုကြိုးပမ်းလျက်ရှိသည်။ ထိုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းချ၍ လုပ်ဆောင်နေပြီ ဖြစ်သည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တံဆိပ်ခေါင်းဆိုင်ရာအကြံကောင်းဉာဏ်ကောင်းများဖြည့်ဆည်းပေးနိုင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်တွင် နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့ကို ၁၉၇၀ပြည့်နှစ်၊ မတ်လမှစ၍ ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ဥက္ကဋ္ဌမှာ ကုန်သွယ်ရေး(၃)၏ဥက္ကဋ္ဌလည်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကလေးဖြစ်ပြီး အတွင်းရေးမှူးမှာ မြန်မာ့ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းကော်ပိုရေးရှင်း (MEIC) မှ မန်နေဂျာ ဦးမောင်မောင်ညွန့်ဖြစ်သည်။ အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဦးမောင်မောင်၊ ဒုတိယအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန။
၂။ ဦးမြတ်ကျော်၊ ကျောင်းအုပ်ကြီး၊ အနုပညာကျောင်း။ ယဉ်ကျေးမှုဝန်ကြီးဌာန။
၃။ ဗိုလ်မှူးဘသောင်း၊ အထူးအရာရှိ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန။
၄။ ဦးကျော်တင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန။
၅။ ဦးချစ်စံ (ချစ်စံဝင်း)၊ စာတည်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်။
၆။ ဦးမိုနီ၊ ဒုတိယကြီးကြပ်ရေးမှူး၊ ဗဟိုပုံနှိပ်တိုက်။
၇။ ဦးငြိမ်းမောင်၊ ရုံးအဖွဲ့မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၈။ ဦးလှကျော်ဖြူ၊ ဒုညွှန်ကြားရေးမှူးချုပ်၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ကြီးဌာန။
၉။ ဦးလှထွန်း၊ ညွှန်ကြားရေးမှူး (ပြည်တွင်းစာပို့) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဝန်ကြီးဌာန။

(မှတ်ချက်- အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော Forward စာစောင်မှ ဘာသာပြန်ထားရခြင်းဖြစ်၍ ထိုခေတ်က အသုံးအနှုန်းများနှင့် ဘာသာပြန်ချက်လွဲမှားမှုများရှိနိုင်ပါသည်။)

ရှေ့သို့စာစောင်ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com

အဆိုအရ ၁၉၇၀ ပြည့်နှစ်ဦးပိုင်းက တည်ထောင် ဖွဲ့စည်းခဲ့သော နိုင်ငံတော် တံဆိပ်ခေါင်းအကြံပေးအဖွဲ့မှာ တံဆိပ်ခေါင်းများနှင့် သက်ဆိုင်သည့် အစည်းအဝေး (၁၀) ကြိမ် ကျင်းပနိုင်ခဲ့သည်။ လာမည့် ၁၉၇၃ ခုနှစ်အထိ ထုတ်ဝေရန် တံဆိပ်ခေါင်းများကို အကြံပြုနိုင်ခဲ့သည်။ ထိုခေတ်က အသုံးပြုလျက်ရှိသော 'ငှက်ဒီဇိုင်းတံဆိပ်ခေါင်း'အစဉ်သုံးတံဆိပ်ခေါင်းများ(definitive stamps) ကို 'တိုင်းရင်းသားဒီဇိုင်းတံဆိပ်ခေါင်းများ'ဖြင့်ပြောင်းလဲ ထုတ်ဝေရန်လည်း အကြံပြုထားသည်။ ထိုတံဆိပ်ခေါင်းအသစ်များ ထုတ်ဝေနိုင်ရန် ပန်းချီဆရာများ၊ ဒီဇိုင်းဆရာများထံမှ တံဆိပ်ခေါင်းဒီဇိုင်းလက်ရာများကို ပြိုင်ပွဲကျင်းပပြီးရွေးချယ်သွားမည့်အကြောင်းလည်း ကြေညာနိုင်ခဲ့သည်။

နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့လမ်းညွှန်မှုဖြင့် ပထမဆုံးထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများမှာ နှစ် (၅၀) မြောက် အမျိုးသားနေ့ ဂုဏ်ပြုတံဆိပ်ခေါင်း (၃) မျိုး ဖြစ်သည်။ ထိုစဉ်က ဂျပန်နိုင်ငံ အိုဆာကာမြို့၌ မြန်မာနိုင်ငံမှ ပါဝင်ပြသလျက်ရှိသော အိုဆာကာ ကမ္ဘာ့ကုန်စည်ပြပွဲကြီး (Expo 70. Osaka) နှင့် ရန်ကုန်တက္ကသိုလ် ရွှေရတုအထိမ်းအမှတ် တံဆိပ်ခေါင်းများ ထုတ်ဝေရန် စီစဉ်ထားခဲ့သော်လည်း အချိန်မမီတော့၍ ထုတ်ဝေနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ အကြံပြုချက်များဖြင့် မကြာမီ ထွက်ပေါ်လာတော့မည့် တံဆိပ်ခေါင်းများမှာ ပထမအကြိမ်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီညီလာခံ တံဆိပ်ခေါင်းများ၊ (၂၅) နှစ်မြောက် ပြည်ထောင်စုနေ့ တံဆိပ်ခေါင်းများ၊ အာဇာနည်နေ့ ဂုဏ်ပြုတံဆိပ်ခေါင်း၊ တော်လှန်ရေးအစိုးရ (၁၀) နှစ်ပြည့် တံဆိပ်ခေါင်းတို့အပြင် သီတင်းကျွတ်ပွဲတော်တံဆိပ်ခေါင်း၊ ရှင်ပြုနားသမင်္ဂလာ သရုပ်ဖော် တံဆိပ်ခေါင်းများလည်း ထုတ်ဝေမည်ဖြစ်သည် ဟူ၍ ရှေ့သို့စာစောင်တွင်ပါရှိခဲ့သည်။

**□ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့အတွက် အကြံပြုလွှာ (၁)**

၁၉၈၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'မြန်မာ့ဥဒေါင်းတံဆိပ်ခေါင်းဂျာနယ်' တွင် ပါရှိသည့် တံဆိပ်ခေါင်းဝါသနာရှင် ဦးစိန်ဝင်း၏ဆောင်းပါးမှာ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ တက်ကြွ




**ထုတ်ဝေရန်စီစဉ်ခဲ့ပြီး အမှန်တကယ် မထုတ်ဝေဖြစ်ခဲ့သော အိုဆာကာ ကမ္ဘာ့ကုန်စည်ပြပွဲအထိမ်းအမှတ်တံဆိပ်ခေါင်း**

လှုပ်ရှားခဲ့စဉ်ကာလအကြောင်း ဖြစ်သည်။ ဦးစိန်ဝင်း၏အဆိုအရ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့ကို ၁၉၇၀ ပြည့်နှစ်တွင် ဗာရားဝင် ဖွဲ့စည်းခဲ့ပြီး မြန်မာတံဆိပ်ခေါင်းများကို နိုင်ငံတကာသို့ရောင်းချနိုင်ရေးအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဩစတြေးလျနိုင်ငံ အဲဒီးလိ(ဒ်)မြို့နေ တံဆိပ်ခေါင်းဝါသနာရှင်ကြီး မစ္စတာနယ်လ်ဆင် ယူစတစ်(စ်) (Nelson Eustis) ကိုခန့်အပ်ထားခဲ့သည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်ကြီးက မြန်မာတံဆိပ်ခေါင်းများကို ထုတ်လုပ်မှုမြင့်မားကောင်းမွန်ပြီး ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်သို့ ထိုးဖောက်ဝင်ဆံ့နိုင်ရန် အကြံပြုစာ(၂)စောင် တင်သွင်းခဲ့သည်။ အောက်တွင် ဖော်ပြထားသော အချက်များမှာ နယ်လ်ဆင်ယူစတစ်(စ်)၏ပထမအကြံပြုလွှာ ဖြစ်သည်။

သို့/
နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၊
ရန်ကုန်မြို့။
နေ့စွဲ ၁၉၇၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်

**□ တံဆိပ်ခေါင်းများပုံနှိပ်ခြင်း**

မြန်မာတံဆိပ်ခေါင်းများ အရည်အသွေးပြည့်မီရန်အတွက် အဆင့်ရှိသော ပုံနှိပ်လုပ်ငန်းကုမ္ပဏီကို ရွေးချယ်၍ ပုံနှိပ်သင့်သည်။ ဈေးပေါပေါဖြင့်ရိုက်နှိပ်သော တံဆိပ်ခေါင်းများမှာ အရည်အသွေးမကောင်းနိုင်ပေ။ မြန်မာတံဆိပ်ခေါင်းအချို့ ပုံနှိပ်လျက်ရှိသော ပါကစ္စတန်လုံခြုံရေးပုံနှိပ်လုပ်ငန်းမှာ အဆင့်အတန်းနိမ့်ပြီး ထွက်လာသည့် တံဆိပ်ခေါင်းများမှာ နိုင်ငံတကာမှ ဝါသနာရှင်များ လက်ခံနိုင်လောက်သည့်အဆင့်မရှိပေ။ ဒီဇိုင်းခနှင့်ပုံနှိပ်ခအတွက် ငွေပိုပေးလိုက်ရခြင်းကို တံဆိပ်ခေါင်းရောင်းဝယ်သူတို့ထံသို့ပိုမိုရောင်းချနိုင်ခြင်းဖြင့် ခဏတာအတွင်း ပြန်လည်ကျေနိုင်ပါသည်။

နိုင်ငံတကာစံညွှန်းဖြင့်ဆိုရပါက မြန်မာတံဆိပ်ခေါင်းအချို့ပုံနှိပ်ခဲ့သော လစ်ပဇစ် (Leipzig) နှင့် ဂျပန်နိုင်ငံမှ ပုံနှိပ်လုပ်ငန်းများမှာ ကောင်းမွန်ပါသည်။ သို့ရာတွင် အင်္ဂလိပ်ပုံနှိပ်လုပ်ငန်းအသစ်ဖြစ်သော ဝက်ဒစ်တန် (Waddington) နှင့် ဥရောပတိုက်မှ အင်ရှန်ဒေး (Enschede)၊ ကူဗွိုင်ဆီးယား (Courvoisior) နှင့် ဖိုနီးယား(Fournier)တို့ကမူ အထူးကောင်းမွန်သဖြင့် ရွေးချယ်ပုံနှိပ်သင့်သည်။ ယခုအခါ မြန်မာတံဆိပ်ခေါင်းများ၏ အရည်အသွေးအသင့်အတင့်ကောင်းမွန်လာသော်လည်း ပုံနှိပ်ခြင်းနှင့် ဒီဇိုင်းဘက်ဆိုင်ရာများတွင် အားနည်းလှပါသည်။

**□ အထိမ်းအမှတ်နှင့် သီမက်တစ်တံဆိပ်ခေါင်းများ**

အထိမ်းအမှတ်တံဆိပ်ခေါင်းများကို တစ်စုံ (a set) တွင် တံဆိပ်ခေါင်း (၄)မျိုးပါရှိရပါမည်။ ထို(၄)မျိုးမှာ ဒီဇိုင်းပုံများမတူညီစေရန် စီစဉ်ရမည်ဖြစ်ပြီး စုစုပေါင်း တန်ဖိုး(၂)ကျပ်ခန့်သာရှိရပါမည်။ ပြက္ခဒိန်နှစ်တစ်နှစ်တွင် ထိုကဲ့သို့သော အစုံပေါင်း (၄) ကြိမ်မှ (၅) ကြိမ်အထိ ထုတ်ဝေသင့်သည်။ သီမက်တစ် (Thematic) ခေါ် အကြောင်းအရာလိုက် တံဆိပ်ခေါင်းများကို မြန်မာနှင့်သက်ဆိုင်

www.burmeseclassic.com

သည့် အမျိုးမျိုးသောခေါင်းစဉ်များဖြင့် ရွေးချယ်၍ထုတ်ဝေနိုင်သည်။ အကြံပြုလိုသောခေါင်းစဉ်များမှာ စေတီပုထိုးများ (အချို့ကို ရွှေမင်သုံး၍) ရှားပါးတိရစ္ဆာန်များ၊ မြန်မာ့မီးရထားခေါင်းတွဲများ (လူကြိုက်များမှာသေချာသည်)၊ မြန်မာ့ဝတ်စားဆင်ယင်ပုံ (အရောင်စုံအသွေးစုံကို စီးရီး (series) အလိုက် ထုတ်ဝေသင့်သည်)၊ မြန်မာ့သစ်ခွပန်းအမျိုးမျိုး၊ မြန်မာ့သစ်လုပ်ငန်း (သစ်ဆွဲဆင်ဒီဇိုင်းပါရမည်)၊ မြန်မာ့ရေကြောင်းသယ်ယူပို့ဆောင်ရေး (ကံ့ရဝိက်ဖောင်ပါရမည်)၊ မြန်မာ့ငွေထည်နှင့် လက်မှုပညာပစ္စည်းများ၊ တွင်းထွက်ရတနာစိန်ကျောက်များ စသည်တို့ကို ဆိုက်ကြီး (large size) တံဆိပ်ခေါင်းများအဖြစ် ထုတ်ဝေရပါမည်။

### ◻ အထိမ်းအမှတ်တံဆိပ်ခေါင်းအချပ်သေးများ

ပြက္ခဒိန်နှစ်တစ်နှစ်တွင် ထုတ်ဝေသော အထိမ်းအမှတ်တံဆိပ်ခေါင်းအစုံများအနက် တစ်စုံကို တံဆိပ်ခေါင်းအချပ်သေး (miniature sheet) ပုံစံဖြင့်လည်း ထုတ်ဝေရမည်။ ထိုအချပ်တွင် တံဆိပ်ခေါင်း (၄) မျိုးစလုံးကို အမှန်တကယ်အပေါက်ဖောက်ပြီး အနားသားပိုင်း (selvege) တွင် စာသား၊ ရုပ်ပုံဒီဇိုင်းများပါရှိရမည်။ သို့သော် ထိုအချပ်သေးကို တံဆိပ်ခေါင်း(၄)မျိုး၏တန်ဖိုး (face value) အတိုင်း ရောင်းချရမည်။ ပထမဆုံးထုတ်ဝေမည့် တံဆိပ်ခေါင်းအချပ်သေးကို အရေအတွက်အကန့်အသတ်ဖြင့် ရိုက်နှိပ်ရမည်။ သို့မှသာ နောင်လာမည့်အချပ်သေးများကို စိတ်ဝင်စားကြပါမည်။

### ◻ အကန့်အသတ်အရေအတွက်

အထက်အကြံပြုသကဲ့သို့ တံဆိပ်ခေါင်းများကို ပုံမှန်ထုတ်ဝေသွားလျက် အထိမ်းအမှတ် တံဆိပ်ခေါင်းတစ်စုံကို (၁၈) လခန့်တွင် တစ်ကြိမ်အရေအတွက် ကန့်သတ်ပြီး ထုတ်ဝေစေလိုသည်။ ဥပမာအားဖြင့် အစုံ(၅)သောင်းခန့်သာ ထုတ်ဝေပါက မြန်မြန်ရောင်းထွက်ပါလိမ့်မည်။ ဤသို့ဖြင့် နောက်နောင်ထွက်မည့်တံဆိပ်ခေါင်းများမှာ ဝယ်ယူလိုမှု မြင့်တက်လာနိုင်သည်။ မည်သည့်နိုင်ငံတံဆိပ်ခေါင်းမှ မူလတန်ဖိုး (face value) ထက် ပိုမို (စျေး) ရောင်းချနိုင်ခြင်းမရှိပါက လူကြိုက်များမည် မဟုတ်ပေ။ လွန်ခဲ့သည့် နှစ်(၂၀) ကထွက်ခဲ့သော တံဆိပ်ခေါင်းများအနက် 'ရှားပါး' ဟုသတ်မှတ်ရမည့် မြန်မာတံဆိပ်ခေါင်းတစ်မျိုးမှ မရှိပေ။ စင်စစ် မြန်မာမှာ တံဆိပ်ခေါင်းလောက၌ 'သေနေသောနိုင်ငံ'ဖြစ်သည်။ ဤသည်ကို အသက်သွင်းနိုင်ရန် ယခုအကြံပေးချက်များကို ဆောင်ရွက်ရပါမည်။ ထုတ်ဝေသည့် တံဆိပ်ခေါင်းအရေအတွက်ကို မထုတ်ဝေမီ ကြိုတင်ကြေညာခြင်းမပြုပါနှင့်။ ထပ်မံမှာကြားပါရစေ။ ကြိုတင်ကြေညာခြင်းမပြုပါနှင့်။ ခြွင်းချက်အနေဖြင့် တံဆိပ်ခေါင်းအရေအတွက်ကန့်သတ်ပြီး ပုံနှိပ်ခြင်းမပါပေ။

### ◻ အစဉ်သုံးတံဆိပ်ခေါင်းများ

ယခုအခါတွင် လတွေ နှစ်တွေလွန်နေပြီဖြစ်သည့် လက်ရှိသုံးစွဲနေသော အစဉ်သုံးတံဆိပ်ခေါင်းများ (definitive stamps)ကို အလျင်အမြန်ဆုံး ပြောင်းလဲရမည် ဖြစ်သည်။ စင်စစ် အစဉ်သုံးတံဆိပ်ခေါင်းဟူသည်မှာ အနည်းဆုံး (၄) နှစ်မျှသာသုံးစွဲပြီး နောက်တစ်မျိုးပြောင်းရလေ့ရှိသည်။ ယခုခေတ်မှာ တံဆိပ်ခေါင်းဝါသနာရှင်အချို့က အစဉ်သုံးတံဆိပ်ခေါင်းများကိုသာ ဦးစားပေးလိုက်လံစုဆောင်းကြလေ့ရှိသည်။ ထပ်မံသတိပေးရသော် အစဉ်သုံးတံဆိပ်ခေါင်းများမှာ ဆိုက်ကြီးတံဆိပ်ခေါင်းများသာဖြစ်ရမည်။ (၅)ပြားနှင့်အထက်တန်ဖိုးရှိသော တံဆိပ်ခေါင်းများကို ဆိုက်ကြီးတံဆိပ်ခေါင်းများသုံး၍လည်းကောင်း၊ (၁)ကျပ်နှင့်အထက် တန်ဖိုးရှိသော တံဆိပ်ခေါင်းများကို ဆိုက်ကြီးထက် ပိုမိုအရွယ်အစားကြီးသောတံဆိပ်ခေါင်းများအဖြစ် ထုတ်လုပ်ရမည်။ သာမန်အားဖြင့်တွက်ကြည့်ပါက ပြားဂဏန်းတန်ဖိုးရှိ အရွယ်ကြီးတံဆိပ်ခေါင်းများထုတ်လုပ်ရသည်မှာ တွက်ခြေမကိုက်ဟုထင်ရသော်လည်း အရွယ်ကြီးခြင်းကြောင့် ပိုမိုရောင်းရခြင်းဖြင့် ထုတ်လုပ်ခကျေနိုင်ပါသည်။ ထိုကဲ့သို့သောတံဆိပ်ခေါင်းများကို ရောင်းဝယ်သူတို့ကဝယ်ပြီး တံဆိပ်ခေါင်းစုံအထုပ်များတွင်ထည့်၍ ရောင်းချလေ့ရှိကြသည်။ ဤကဲ့သို့သော အထုပ်များကို ကျောင်းသားလူငယ်များက ဝယ်ကြလေ့ရှိသည်။ ဤသို့ဖြင့် မြန်မာ ဟူသည့်အမည်ဖြင့် တံဆိပ်ခေါင်းများကို ကမ္ဘာ့လူငယ်များကြား ကြေညာပြီးဖြစ်သွားပေမည်။

### ◻ တန်ဖိုးမြင့်အစဉ်သုံးတံဆိပ်ခေါင်းများ

အကြံပြုလိုသည်မှာ အစဉ်သုံးတန်ဖိုးမြင့် တံဆိပ်ခေါင်းများအဖြစ် (၁၀) ကျပ်နှင့် (၁၅) ကျပ်တန် တံဆိပ်ခေါင်း (၂) မျိုးကို ဆောလျင်စွာ ထုတ်ဝေသင့်သည်။ လက်ရှိသုံးစွဲလျက်ရှိသော (၅) ကျပ်တန်မှာ ကမ္ဘာ့အဆင့်ဖြင့်ဆိုလျှင် တန်ဖိုးနိမ့်လှသည်။ ဤသို့ဖြင့် စုဆောင်း ဝယ်ယူသူတို့ထံမှ ရလာမည့် ဝင်ငွေလျော့ပါးသွားရသည်။ နိုင်ငံအတော်များများ က (၄)၊ (၅) သို့မဟုတ် (၁၀) ဒေါ်လာတန် တံဆိပ်ခေါင်းများ ထုတ်ဝေလျက်ရှိကြသည်။ အင်္ဂလိပ်ခေတ်က မြန်မာနိုင်ငံမှ (၂၅) ကျပ် (ရူပီး) တန် ထုတ်ဝေခဲ့ဖူးသည်။ လက်ရှိသုံးစွဲနေသော ၄က်တံဆိပ်ခေါင်းများကိုလည်း တစ်ကြိမ်လျှင် အရေအတွက်(၃)သောင်းသာ ပုံနှိပ်သင့်သည်။ ပုံနှိပ်အရည်အသွေးကောင်းလျှင် ပြန်လည်ဝင်လာမည့်ငွေတိုးလာမည် ဟူသည်ကို ထပ်ဆင့်သတိပေးလိုသည်။

### ◻ ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များ

စာတိုက်ဌာနအနေဖြင့် တရားဝင် ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များ (official first day covers) ကို မဖြစ်မနေ ထုတ်ဝေရမည်ဖြစ်သည်။ ထိုစာအိတ်ပေါ်၌ 'တရားဝင်အထိမ်းအမှတ်စာအိတ်' (official souvenir cover) ဟု ထည်ထည်ဝါဝါ ပုံနှိပ်ဖော်ပြသင့်သည်။ တန်ဖိုးနိမ့်၍ဖြစ်စေ၊ မြင့်၍ဖြစ်စေ ရောင်းချရာတွင် တရားဝင် ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များမှာ အမြဲတစေ ရေပန်းစားနေမည်ဖြစ်သည်။ ထိုပထမနေ့တံဆိပ်ခေါင်းကပ်ရန် စာအိတ်များကို တံဆိပ်ခေါင်းမထုတ်ဝေမီ (၅) ရက်အလိုကပင် ကြိုတင်ရောင်းချထားသင့်သည်။

### ◻ အထွေထွေအကြံပြုချက်

အဓိက အကြံပြုလိုသည်မှာ မိမိတို့တံဆိပ်ခေါင်းများကို ပြည်ပသို့ရောင်းချလိုပါက နိုင်ငံခြားက ဝါသနာရှင်များ စိတ်ဝင်စားအောင် ဖန်တီးရပါမည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြိုင်ဆိုင်ဈေးကွက်ရှာထုတ်ဝေနေကြသည်ကို မမေ့အပ်ပေ။ တံဆိပ်ခေါင်းဒီဇိုင်းတွင် လုံလောက်သော အင်္ဂလိပ်ဘာသာစာသားများ ပါရှိရပါမည်။ အာရှနိုင်ငံအချို့မှ တံဆိပ်ခေါင်းများရောင်းမစွံသည်မှာ ထိုအချက်ကြောင့် ဖြစ်သည်။ စင်ကာပူကဲ့သို့သော နိုင်ငံအချို့ကတော့ ခြွင်းချက်ဖြစ်သည်။

နယ်လိဆင်ပျော့တစ်(၆)



www.burmeseclassic.com

www.burmeseclassic.com

**□ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့အတွက် အကြံပြုလွှာ (၂)**

သို့/
ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကလေး
နေ့စွဲ-၁၉၇၀ပြည့်နှစ်၊ နိုဝင်ဘာလ၃ရက်

**□ တံဆိပ်ခေါင်းစုံ၌ပါဝင်သင့်သော တံဆိပ်ခေါင်းအရေအတွက်**

တံဆိပ်ခေါင်းတစ်စုံတွင် အနည်းဆုံး (၄) မျိုးပါဝင်ပြီး ဒီဇိုင်းပုံများကွဲလွဲစေရပါမည်ဟု အကြံပြုထားခဲ့သည်။ ထို (၄) မျိုး၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၀. ၅၀) ခန့်ရှိရမည်။ သို့မှသာ တံဆိပ်ခေါင်းရောင်းဝယ်သူက စုဆောင်းသူများကို ပြန်လည်ရောင်းချ(အမြတ်တင်)နိုင်မည် ဖြစ်သည်။ မှန်ပါသည်။ ပြည်တွင်းစာပို့ခနှင့် လိုက်ဖက်ညီစွာ (၁၅) ပြားဟု တံဆိပ်ခေါင်းကိုသတ်မှတ်သင့်သော်လည်း နိုင်ငံတကာနှင့် ဆက်စပ်ကြည့်သော် ဤမျှလောက် တန်ဖိုးနိမ့်တံဆိပ်ခေါင်းများကို စိတ်မဝင်စားကြပေ။ ရောင်းဝယ်သူကလည်း အမေရိကန်ဒေါ်လာ (၀. ၀၃) လောက်ကို အချိန်ကုန်ခံပြီး ကိုင်တွယ်စီစစ်မှုမလုပ်လိုပေ။ တစ်ကြိမ်လျှင် တံဆိပ်ခေါင်းတစ်မျိုးတည်းသာထုတ်ဝေပြီး နိုင်ငံခြားငွေရယူလိုဖို့ကတော့ မဖြစ်နိုင်ပေ။ အိန္ဒိယနှင့် ပါကစ္စတန်တို့က ထိုတစ်မျိုးတည်းမှုကို ကိုင်စွဲလာခဲ့ပြီး ယခုမှာတော့ ထိုမှုကို လက်လွှတ်ကာ (၄)၊ (၅)မျိုး ထုတ်ဝေနေပေပြီ။

**□ လေကြောင်းစာပို့တံဆိပ်ခေါင်းများ**

ရိုးရိုးအစဉ်သုံး တံဆိပ်ခေါင်းများအပြင် 'လေကြောင်းအစဉ်သုံးတံဆိပ်ခေါင်းများ' (air mail stamps) လည်း ထုတ်ဝေရန် အကြံပြုဖူးပါသည်။ထိုကဲ့သို့ ထုတ်ဝေမည်ဆိုပါက တစ်ကြိမ်တည်းများပြားစွာမထုတ်ဝေဘဲ အချိန်ယူ၍ စီးရီး(series)လိုက် ထုတ်သင့်ပါသည်။ လေကြောင်းသမိုင်းကို လှန်လှောရှာဖွေကြည့်ပါက အင်္ဂလန် - ဩစတြေးလျ ပထမအကြိမ် လေကြောင်းပျံသန်းမှု၌ ရန်ကုန်-မင်္ဂလာဒုံလေဆိပ်သို့ ရပ်နားခဲ့ရသော လေယာဉ်နှင့် လေယာဉ်မှူးများ ရှိခဲ့ပါသည်။ ဥပမာ ဩစတြေးလျ လေယာဉ်ကပ္ပတိန်ရော့စ်စမစ် (Ross Smith) မှာ ရန်ကုန်တွင် ဆိုက်နားခဲ့သည်။ ထို့အတူ ပြင်သစ်၊ ပေါ်တူဂီ၊ အီတလီ၊ စပိန်၊ ဂျာမနီတို့မှလည်း ၂၀ ရာစုဦးပိုင်း၌ မြန်မာ့လေဆိပ်များဖြစ်သော မင်္ဂလာဒုံ၊ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ သောင်းတို့တွင် လေယာဉ်များ ရပ်နားခဲ့ကြသည်။ လေယာဉ်မှူးရုပ်ပုံနှင့်ဖြစ်စေ အထူးစာပို့အမှတ်အသား ပူးတွဲလျက် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို စီရီးအလိုက် ထုတ်ဝေသင့်သည်။ ဆက်လက်ပြီး တန်ဖိုးအမြင့်ဆုံးတံဆိပ်ခေါင်းကို မြန်မာ့လေကြောင်းလိုင်းမှ အကောင်းဆုံး လေယာဉ်ပုံများဖြင့် ဝင့်ဝင့်ကြွားကြွား ထုတ်ဝေနိုင်သည်။

**တံဆိပ်ခေါင်းပုံနှိပ်ခြင်း**

ခြုံငုံ၍ အကြံပြုလိုသည်မှာ နိုင်ငံခြားငွေရရန် ကောင်းမွန်သော ပုံနှိပ်လုပ်ငန်းကိုအပ်နှံပြီးပုံနှိပ်ရန် ဖြစ်သည်။ ဤကိစ္စမှာ အဆောတလျင် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါသည်။ ယနေ့ခေတ် တံဆိပ်ခေါင်းဈေးကွက်မှာ အပြိုင်အဆိုင်များပြားလှသည်။ အကောင်းဆုံးအမြတ်အစွန်းရနေသော နိုင်ငံများမှာ အကောင်းဆုံးဒီဇိုင်းများကို အကောင်းဆုံးပုံနှိပ်ပြီး နိုင်ငံတကာဝါသနာရှင်တို့ ကြိုက်မည့် ခေါင်းစဉ်ပါရှိသော တံဆိပ်ခေါင်းများထုတ်လုပ်သည့်နိုင်ငံများသာ ဖြစ်သည်။ လေးစားစွာဖြင့် အကြံပြုလိုသည်မှာ ' မိမိနိုင်ငံအတွက် စစ်ရေး၊ တော်လှန်ရေး၊ အမျိုးသားရေးများကို ထုတ်ဝေနိုင်သော်လည်း နိုင်ငံတကာဝါသနာရှင်တို့ အကြိုက်တော့မဟုတ်ပါပေ။ တင်ပြပြီးခဲ့သော သီမက်တစ်ခေါင်းစဉ်များကဲ့သို့ အရောင်းသွက်မည်မဟုတ်ပေ။

**□ အထူးစာပို့အမှတ်အသားနှင့်စာအိတ်များ**

အထူးစာပို့အမှတ်အသားနှင့် အထူးစာအိတ်များမှာ တံဆိပ်ခေါင်းမထုတ်ဝေသည့် နေ့ထူးနေ့မြတ်များအတွက်ထုတ်ဝေသင့်သည်။ ထိုပစ္စည်းများကို တင်ကြိုထုတ်လုပ်ပြီး စနစ်တကျဖြင့်စီစဉ်၍ ကြေညာထားပါက ရောင်းချ၍ရနိုင်ပါသည်။ စာပို့အမှတ်အသားများက သန့်ပြီးခန့်ပြီးလှပနေရပါမည်။

<u>နယ်လ်ဆင်ယူစတစ်(စ်)</u>

**အကြံပြုလွှာ (၁) နှင့် (၂)အပေါ် သုံးသပ်ချက်**

ယေဘုယျအားဖြင့် ဆိုရသော် ထိုခေတ်ထိုအခါက အခြေအနေအရ အကြံပြုလွှာ(၂)စောင်ပါအချက်အလက်များမှာ တံဆိပ်ခေါင်းထုတ်ဝေရာတွင် မြန်မာနိုင်ငံအနေဖြင့် အမှန်တကယ်လိုက်နာ ကျင့်သုံးသင့်သော အချက်များဖြစ်သည်။ တံဆိပ်ခေါင်းတန်ဖိုးများကို (၁၅) ပြား၊ (၂၅) ပြားစသည်ဖြင့် ဖော်ပြထားရာ ထိုခေတ်က ငွေကြေး၏ ခိုင်မာကျစ်လျစ်မှုကို သတိချပ်စေလိုသည်။ အကြံပြုပုဂ္ဂိုလ်က ပုံနှိပ်စနစ်၏အရေးပါပုံကို အဖန်ဖန် ထည့်သွင်းဖော်ပြခဲ့သည်ကို တွေ့ရှိရမည်။ လက်ရှိတွင် အစိုးရလုံခြုံရေးပုံနှိပ်လုပ်ငန်း၌ရိုက်နှိပ်ခဲ့သော တံဆိပ်ခေါင်းများမှာ ပုံနှိပ်အရည်အသွေးမပြည့်မီကြောင်း ဝေဖန်လျက်ရှိကြသည်။ သို့ဖြစ်ရာ ယခုအချိန်တွင် မြန်မာတံဆိပ်ခေါင်းများကို ပြည်ပပုံနှိပ်လုပ်ငန်းတွင် အပ်နှံ၍ပုံနှိပ်ရန်စဉ်းစားသင့်ပြီဖြစ်သည်။ တံဆိပ်ခေါင်းဆိုက်ကြီးများထုတ်ဝေသင့်သည်ဟု အကြံပြုခြင်းမှာလည်း မှန်ကန်လှသည်။ အချို့နိုင်ငံများက (၁)ဆင့်တန် ဆိုက်ကြီးတံဆိပ်ခေါင်းအဖြစ် ထုတ်ဝေနေကြသည်။ ယနေ့ခေတ်တွင် လိုက်နာဆောင်ရွက်ရန် အရေးကြီးသည့် အကြံပြုချက်တစ်ခုမှာ မြန်မာ့ဆက်သွယ်ရေးမှ တရားဝင် ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေရန် ဖြစ်သည်။ မြန်မာ့ခေါင်းစဉ်များဖြင့် သီမက်တစ်တံဆိပ်ခေါင်းများကိုလည်း မဖြစ်မနေ ထုတ်ဝေသင့်သည်။ မြန်မာနိုင်ငံမှာ တံဆိပ်ခေါင်းဒီဇိုင်းအကြောင်းအရာရွေးချယ်နိုင်ရန်အလွန်ပေါကြွယ်လှသည့်နိုင်ငံကြီးဖြစ်နေသောကြောင့်ဖြစ်သည်။ ရုပ်ပုံပါသော အထူးစာပို့အမှတ်အသားများ (special pictorial postmarks) လည်း အခါအားလျော်စွာထုတ်ဝေပေးသင့်၏။ စုစည်း၍ သုံးသပ်ရသော် ထိုအကြံပြုလွှာ (၂) စောင်ပါ အချက်အလက်များမှာ ယနေ့ခေတ် မြန်မာ့ဆက်သွယ်ရေးမှလည်း လိုက်နာဆောင်ရွက်သင့်သော အချက်များစွာပါရှိပေသည်။

**□ အကောင်အထည်ဖော်နိုင်မှုများ**

နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့မှာ 'ရွှေသို့စာစောင်'တွင် အသိပေးကြေညာခဲ့သည့်အတိုင်း ပထမဦးဆုံး ထုတ်ဝေနိုင်ခဲ့သည့် တံဆိပ်ခေါင်းများမှာ ရွှေရတုအမျိုးသားနေ့တံဆိပ်ခေါင်း (၃) မျိုး ဖြစ်သည်။ ဆက်လက်၍ ပထမအကြိမ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီညီလာခံတံဆိပ်ခေါင်း(၄)မျိုးနှင့် အထိမ်းအမှတ်မှတ်တမ်းလွှာ(၁)မျိုးထုတ်ဝေနိုင်ခဲ့သည်။ သို့ရာတွင် အိုဆာကာကမ္ဘာကုန်



www.burmeseclassic.com

www.burmeseclassic.com

စည်ပြပွဲကြီးအတွက် တံဆိပ်ခေါင်းထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း အချိန်မမီတော့၍ ထုတ်ဝေနိုင်ခြင်းမရှိခဲ့ပေ။ ထို့အတူ ကြေညာခဲ့သော်လည်း လုံးဝထွက်ပေါ်မလာသော တံဆိပ်ခေါင်းများမှာ အာဇာနည်နေ့ဂုဏ်ပြုတံဆိပ်ခေါင်း၊ သီတင်းကျွတ်ပွဲတော်တံဆိပ်ခေါင်းနှင့် ရှင်ပြုနားသမင်္ဂလာသရုပ်ဖော်တံဆိပ်ခေါင်းတို့ဖြစ်သည်။ 'ရှေ့သို့'ဆောင်းပါးတွင် ကြေညာခဲ့သည့်အတိုင်း ၁၉၇၃ ခုနှစ်အထိ ထုတ်ဝေရန်လျာထားခဲ့သည်ဆို၍ ၁၉၇၃ ခုနှစ်ထုတ် သန်းခေါင်စာရင်းတံဆိပ်ခေါင်းသည်လည်း နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏စီစဉ်မှုဖြင့် ထုတ်ဝေခဲ့သည်ဟု ယူဆသည်။ ထို့နောက်ပိုင်း၌ တံဆိပ်ခေါင်းများကို ဝါဇီရှိ အစိုးရလုံခြုံရေးပုံနှိပ်လုပ်ငန်းတွင်သာ ပုံနှိပ်ခဲ့သလို နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ အစီအစဉ်ဖြင့်လည်း မဟုတ်တော့ပေ။ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းစာရင်းမှာ -

၁။ အမျိုးသားနေ့ ရွှေရတုသဘင် (၃) မျိုး (၁၉၇၀)၊

၂။ ပထမအကြိမ် ပါတီညီလာခံ(၄)မျိုးနှင့် အထိမ်းအမှတ်မှတ်တမ်းလွှာတစ်ချပ် (၁၉၇၁)၊


၃။ (၂၅) နှစ်မြောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (၂) မျိုး (၁၉၇၁)၊

၄။ (၂၅) နှစ်မြောက် ပြည်ထောင်စုနေ့ (၃) မျိုး (၁၉၇၂)၊

၅။ တော်လှန်ရေးအစိုးရ (၁၀) နှစ်မြောက် (၀) မျိုး (၁၉၇၂)၊

၆။ သန်းခေါင်စာရင်းနှစ် (၁) မျိုး (၁၉၇၃) တို့ ဖြစ်သည်။

နိုင်ငံတော် တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏လမ်းညွှန်မှုဖြင့်ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများအနက် အထက်ဖော်ပြပါစာရင်းမှ အမှတ်အစဉ် (၁)နှင့် (၂)ပါ တံဆိပ်ခေါင်းများမှာ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့၏ အင်္ဂလိပ်အတိုကောက် SPAB ဟူသည့် အလွန်သေးငယ်သောစာတန်းကို တံဆိပ်ခေါင်း၏ အောက်ခြေဘယ်ဘက်ခြမ်း၌ မှန်ဘီလူးဖြင့် ကြည့်ရှုနိုင်သည်။ ပုံနှိပ်ထားပုံမှာ ဒုတိယအကြိမ်ထုတ် တံဆိပ်ခေါင်း (၄) မျိုးစုံအတွက်ဆိုပါက SPAB II 4/1, SPAB II 4/2, SPAB II 4/3 နှင့် SPAB II 4/4 ဟူ၍ တံဆိပ်ခေါင်းတစ်မျိုးချင်းစီ




အတွက် သင်္ကေတများပါရှိသည်။ II ဟုဆိုသည်မှာ ဒုတိယအကြိမ် ထုတ်ဝေခြင်းကိုညွှန်းပြီး 4/2 ဟူသည်မှာ (၄)မျိုးစုံ တံဆိပ်ခေါင်းများအနက်မှ ဒုတိယ တံဆိပ်ခေါင်းကိုညွှန်းသည်။ ၁၉၇၄ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သော တိုင်းရင်းသားအစဉ်သုံးတံဆိပ်ခေါင်းများကို ဝါဇီလုံခြုံရေးပုံနှိပ်လုပ်ငန်း၌ပုံနှိပ်ခဲ့ပြီး ထိုအချိန်တွင် နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့မှာ သက်ဝင်လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။ သို့ဖြစ်၍ အကြံပေးအဖွဲ့မှ လျာထားခဲ့သော ပဒေါင်း၊ မင်းတပ်ချင်း၊ လီဆူး၊ ကော၊ မြောင်နှင့် နာဂပုံတံဆိပ်ခေါင်းများမပါဝင်တော့ဘဲ အမှန်တကယ်ထုတ်ဝေရာတွင် မူလတိုင်းရင်းသား (၅) မျိုးအပြင် မွန်နှင့်ရခိုင်တိုင်းရင်းသားတို့၏တံဆိပ်ခေါင်းများ ပါဝင်လာရခြင်းဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များခွဲရာတွင် မွန်နှင့်ရခိုင်ပြည်နယ်တို့ ပါဝင်လာသောကြောင့် ဖြစ်သည်။

❑ ခြုံငုံသုံးသပ်ခြင်း

ပထမဦးစွာစဉ်းစားရမည့်အချက်မှာ နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့ကဲ့သို့သောအဖွဲ့မျိုး မြန်မာနိုင်ငံတွင် အမှန်တကယ်လိုအပ်ပါ၏လောဟူသည့်မေးခွန်းဖြစ်သည်။ စာတိုက်ဝန်ထမ်းကြီးငယ်မဟုတ်မှာ စာပို့တံဆိပ်ခေါင်းကို သူတို့၏ ဌာနဆိုင်ရာလုပ်ငန်းခွင်မှ ပစ္စည်းတစ်ခုအဖြစ်သာအမြင်ရှိကြသည်။ တစ်ဖက်၌ ဝါသနာရှင်တို့ကမူ ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်ကို အမြဲတစေလေ့လာလျက်ရှိကြပြီး နိုင်ငံတစ်နိုင်ငံမှ ထုတ်ဝေသော တံဆိပ်ခေါင်းအချို့၏ ဆန်းသစ်သော ဒီဇိုင်း၊ ပုံနှိပ်စနစ်၊ ထုတ်ဝေပုံ စသည်တို့ကို သတိပြုမိနေကြသူများ ဖြစ်သည်။ ထို့ကြောင့် အထူးသဖြင့် တံဆိပ်ခေါင်းဗဟုသုတကြွယ်ဝသူနည်းပါးသော မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းဆိုင်ရာ အကြံပေးခြင်းအတွက် အဖွဲ့တစ်ဖွဲ့ ရှိသင့်ပေသည်။

ဤမျှ အရေးပါလှသော နိုင်ငံတော်တံဆိပ်ခေါင်းအကြံပေးအဖွဲ့ကြီးသည် အဘယ်ကြောင့် ယနေ့တိုင် ဆက်လက်မတည်ရှိဘဲ ကောက်ရိုးမီးတောက်နှယ် ပျောက်ကွယ်ခဲ့ရပါသနည်း။ ထိုအသင်းကြီး၏ဥက္ကဋ္ဌဖြစ်သူ မြစ်ကြီးနားမြို့သို့ တာဝန်ဖြင့်ပြောင်းရွှေ့ပြီးနောက် အဖွဲ့ကြီး၏လုပ်ငန်းများ ငြိမ်သက်သွားရခြင်း ဖြစ်သည်။ ချမှတ်ထားသောမူဝါဒများ ကောင်းမွန်သည့် အဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများကို အခြားတစ်ယောက်အား ဦးဆောင်စေပြီး ဆက်လက်အကောင်အထည်မဖော်သင့်ပြီလော။ 'လူ' ပေါ်တည်သလား၊ 'မူ' ပေါ်တည်၍ လုပ်ဆောင်ကြသည်လားဟူသည်ကို ရှင်းလင်းစွာ မသိရပေ။ စင်စစ် ပြည်ပမှ အကြံပြုပုဂ္ဂိုလ်ကြီး၏ အကြံပြုချက်များအတိုင်း ထိုစဉ်ကတည်းက လိုက်နာကျင့်သုံးလာနိုင်ခဲ့ပါက မြန်မာနိုင်ငံမှာ ကမ္ဘာ့နိုင်ငံများကြားတွင် တံဆိပ်ခေါင်းဆိုင်ရာ သေနေသောနိုင်ငံ (philatelic dead country) ဟု အပြောခံရမည် မဟုတ်သည့်အပြင် ယခုအချိန်တွင် အခြားနိုင်ငံများနည်းတူ ဝင့်ကြွားနိုင်သော တံဆိပ်ခေါင်းများ ထုတ်ဝေနေနိုင်ပြီ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မူဝါဒချမှတ်သော ပုဂ္ဂိုလ်ကြီးများ၏စိတ်သန္တာန်တွင် တံဆိပ်ခေါင်းဟူသည်မှာ စာပို့ရန်အတွက်ဟူ၍သာရှိနေသမျှကာလပတ်လုံး မြန်မာတံဆိပ်ခေါင်းများတိုးတက်ရေးကို စိတ်ကူးယဉ်၍ပင်မရနိုင်သော အခြေအနေတွင် ရှိနေမည်သာ ဖြစ်သည်။

ကြည်လွင်

ကိုးကားမှုများ -

၁။ A Member of SPAB (1971) "Stamp Collections by Burmese Youth". Forward Vol 9 No 20

၂။ Sein Win (1985) "The Active Period of the SPAB (1969-1972)" The Burma Peacock Vol 7 No 4.



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ဆယ့်တစ်မီးငြိမ်း၍ သိဒ္ဓိဆယ်ပါးနှင့်ပြည့်စုံသော ပန်းကန်သဲပုံစေတီတည်ရအောင်

တစ်နေ့သ၌ -

ကျွန်ုပ်၏ ကျောင်းနေဖက်သူငယ်ချင်းသုံးယောက်တို့ မနက်ကျန်းမာရေးအတွက် လမ်းလျှောက်ရာမှအပြန်တွင် အစောစာအလို့ငှာ လက်ဖက်ရည်နှင့် မုန့်တို့ကို ဝမ်းစာဖြည့်ချိန်တွင် ဆုံမိကြသဖြင့် ကျွန်ုပ်အိမ်ကို ရောက်လာခဲ့ခြင်းဖြစ်ပါသည်။

သူငယ်ချင်း (၃) ယောက် ရောက်လာပြီး (၁၅) မိနစ်ခန့်အကြာတွင် ကျွန်ုပ်၏တပည့် မောင်စောလှမြင့်ရောက်လာပါသည်။ သူ့လက်ထဲတွင် ကျွတ်ကျွတ်အိတ်တစ်လုံးဆွဲလာခဲ့ပါသည်။ ကျွန်ုပ်သောက်တတ်သော နက်(စ်)ကော်ဖီမစ်ထုပ်တစ်ထုပ်ကို လာကန်တော့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သူငယ်ချင်းများကို ခေတ္တခွင့်ပန်ပြီး တပည့်မှ နဖူးမြေကျထိခြင်းကြီးငါးပါးဖြင့် ကန်တော့ပါသည်။ နောက် တပည့်မောင်စောလှမြင့်သည် သူ့ဝါသနာဗီဇအတိုင်း အမေးပုစ္ဆာတစ်ခုကို မေးလေတော့သည်။

"ဆရာ၊ ကျွန်တော် တစ်ခုသိချင်လို့ပါ။ နောက် စေတီလည်းတည်ချင်လို့ပါ"

ဟု စပြောလေတော့သည်။

ကျွန်ုပ်၏သူငယ်ချင်းများကလည်း စူးစမ်းသောအကြည့်တို့ဖြင့် ကျွန်ုပ်တပည့်မောင်စောလှမြင့်ထံ ရောက်သွားကြပါတော့သည်။

ကျွန်ုပ်မှ -

"မင်းသိချင်နဲ့ လုပ်ချင်တာက ဘာတွေလဲ၊ ဘယ်လိုစေတီတည်မှာလဲ"

ဟု ပြန်မေးလိုက်ပါသည်။

"ကျွန်တော်သိချင်တာက ဗားမဲ့အရင်းကျမ်းကိုဖတ်ဖူးခဲ့လို့ တိုင်းလုံးချမ်းသာသဲပုံစေတီတည်တာ ဖတ်ခဲ့ရတာပါ။

ကျွန်တော်က ကိုယ်မိသားစုအတွက် ပထမဦးစားပေးပြီးမှ ခုနစ်နေ့သားသမီး ကမ္ဘာသူကမ္ဘာသားများအတွက်ပေါ့၊ ဆယ့်တစ်မီးငြိမ်းစေချင်တယ်။ နောက် သိဒ္ဓိကြီး (၁၀) ပါးနဲ့လည်း ပြည့်စုံစေချင်တယ်။ တည်ထားမယ့် စေတီတော်ကိုလည်း ကာလကြာရှည်အောင် ပူဇော်ထားချင်တာမို့ပါ"

ဟု သူသဘောထားဆန္ဒကို ပြောပြလေတော့သည်။

ကျွန်ုပ်၏သူငယ်ချင်းများကလည်း အောက်ပါအတိုင်းပြောပါတော့သည်။

"နေပါဦးကွ တူမောင်ရဲ့။ မင်းအခု တွေးတဲ့အတွေးမျိုး မတွေးမိသလို မစဉ်းစားမိခဲ့ပါဘူးကွာ။ မင်းအခု မင်းဆရာကိုမေးတော့ တို့လည်းစိတ်ဝင်စားသွားပြီတူမောင်ရေ။ ကဲ - တို့များပါနားလည်လာအောင် ရှင်းပြပေတော့ သူငယ်ချင်း"

ဟု ပြောလေသည်။

"မောင်စောင်လှမြင့်၊ မင်းစဉ်းစားသလို သဲပုံစေတီကို ရှေးကတော့ ချောင်းထဲ (ချောင်းခြောက်) ထဲနဲ့ ရေကျနေချိန် မြစ်ကမ်းနားတွေမှာသာ တည်ကြတဲ့ ဇွဲကမ္ဘ (တစ်ခဏ) စေတီကိုပဲတည်ခဲ့ပြီး ပူဇော်ခဲ့ကြတာပါ။

ဒါထက် ယခု လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးရဲ့ မူလစေတီဟာ သဲပုံစေတီလို့ သိခဲ့ရဖူးတယ်ကွ။


အခု မင်းတည်ထားကိုးကွယ်ချင်တဲ့ သဲပုံစေတီတတော့ ထာဝရမြဲအောင် တည်ထား ကိုးကွယ်လို့ရတဲ့ စေတီမျိုး တည်ချင်တာဆိုတော့ အခု ပြောပြတဲ့အတိုင်း စီမံနိုင်ပါတယ်။ စေတီတစ်ဆူတည်ထားတဲ့ ကုန်ကျမှုတော့ရှိမှာနော်။ ဒီသဲပုံစေတီကို ဝိဇ္ဇာရေဂမ္ဘီရပညာနည်းနဲ့ ခွဲခြမ်းကြည့်မယ်ဆိုရင် ဝေါဟာရစကားအဆိုမှာကိုက (၂) ခုခွဲထားတယ်ကွ။

တစ်ခုက သဲပုံဆိုတဲ့ဝေါဟာရနဲ့ စေတီဆိုတဲ့စကားတို့ ဖြစ်တယ်။ သဲပုံကို သင်္ချာနည်းဖြင့် အရကောက်လျှင် သဲ + ပုံ = ၆ + ၅ = စုစုပေါင်း (၁၁) သင်္ချာရလို့တစ်ဆယ့်တစ်မီးငြိမ်းစေတယ်။ စေတီကိုကြည့်လျှင် စေ + တီ = ၃+၇= စုစုပေါင်း (၁၀) ရလို့ သိဒ္ဓိကြီး(၁၀)ပါး ပြီးမြောက်စေတာပေါ့။


စေတီပစ္စယံအဆင့်ကို ကြွေပန်းကန်နဲ့မတည်ချင်ရင်လည်း ယခုအခါမှာ စတီးပန်းကန်တွေပေါ်နေတာမို့ အရွယ်စုံပန်းကန်တွေသုံးပြီးတော့လည်း စေတီတည်လို့ရပါတယ်"

ဟု ပြောလိုက်ရပါသည်။

အသုံးပြုရမည့်ပစ္စည်းများ၊ စေတီတည်ရပုံနှင့်အဆင့်ဆင့်ကို အောက်တွင် ပုံစံပြပုံများနှင့် ဖော်ပြလိုက်ပါသည်။



ငှက်ပျောဖူးသဏ္ဌာန် ပုလင်းငယ် (သို့) ကြွေပန်းအိုးငယ် ၁ လုံး၊




ဟင်းထည့်ပန်းကန်ခောက် ၁ လုံး၊ (ကြွေပန်းကန်)




ဟင်းပန်းကန်(ကြွေပန်းကန်) ကြီးစဉ်ငယ်လိုက် ၃ လုံး၊



ထမင်းကြွေပန်းကန်ပြား ကြီးစဉ်ငယ်လိုက် ၃ ချပ်



ထင်ပန်းကန်တစ်ချပ်




ကြွေပန်းအိုး ၄ လုံး




www.burmeseclassic.com

www.burmeseclassic.com




မှတ်ချက်။ ။ ပန်းကန်နှင့်ပုလင်း၊ လင်ပန်းတို့အထဲတွင် သန့်ရှင်းသော သဲဖြူဖြူများ ဖြည့်ထည့်ထားရမည်။






ပန်းကန်စေတီပစ္စယံများအဖြစ် ပန်းကန်နှင့် ပုလင်းငယ်တို့အထဲကို သန့်ရှင်းသောသဲဖြူများ ပန်းကန်အပြည့် ထည့်ထားပါ။ စေတီတည်ပြီးသည်နှင့် ပစ္စယံများအဆင့်ဆင့်တွင် သဲဖြူပေါ်တွင် အောက်ဖော်ပြပါပန်းများ ကပ်လှူပူဇော်ပါရန်။

ပန်းမွှေ့ရာခင်းခြင်း ဖြစ်သည်။ ပန်းများမှာ အောက်ပါပန်းများကို ပူဇော်ပေးရပါမည်။

- ကံ့ကော်ပန်း
- စံပယ်ပန်း
- မြလေးပန်း
- ဇွန်ပန်း
- ရွှေပန်း၊ ငွေပန်းတို့မှ အဆင်သင့်ရာ တစ်မျိုးနှစ်မျိုးကပ်လှူပါရန်။

အောက်ခံ လင်ပန်းထဲကို နှင်းဆီပန်းများဖြင့် ကပ်လှူပူဇော်ရန် ဖြစ်ပါသည်။

ပန်းအိုးလေးလုံးတွင် အောင်သပြေပန်း၊ သစ္စာပန်း၊ ကံ့ကော်ညွန့်တို့ ထည့်ပြီး ဘုရားလေးဆူတို့အား နေရပ်ဌာနပြသည့်အတိုင်း ကပ်လှူပူဇော်ရန် ဖြစ်ပါသည်။

- အရပ်ဌာနပြသခြင်း

အရှေ့အရပ်တွင် - ကကုသန် မြတ်စွာဘုရား။

အနောက်အရပ်တွင် - ကဿပ မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com

တောင်အရပ်တွင် - ကောဏာဂုံ မြတ်စွာဘုရား။

မြောက်အရပ်တွင် ဂေါတမ မြတ်စွာဘုရားတို့အား စံပယ်တော်မူရန် ရှိသေစွာ ပင့်လျှောက်ထားရမည် ဖြစ်ပါသည်။

◻ ရွှေထီးတစ်လက်၊ထီးဖြူ၊တံခွန်၊ တုကွား၊ မုလေးပွားနှင့် ကြက်လျှာ၊ မှခပ်၊ သာသနာ့အောင်လံတို့ ပါဝင်သော ငှက်ပျော (၅) ဖီး၊ အုန်းတစ်လုံး နှင့် ဖယောင်းတိုင်၊ အမွှေးတိုင်တို့ပါဝင်သည့် ဘုရားကန်တော့ပွဲတစ်ပွဲထည့်ရန်။

တစ်ဆင့်ပြီးတစ်ဆင့် အသေးစိတ် ရှင်းလင်းပြသလိုက်ပါသည်။ နောက် စေတီတော်ကို နေ့ကောင်းရက်သာတစ် ရက်ရွေးချယ်ပြီးသည်နှင့် စေတီတော် တည်ရန် ဖြစ်ပါသည်။

အင်္ဂါစုံလင်အောင် ကပ်လှူပြီး သောအခါသမယတွင် အောက်ပါ နည်းကမ်းနည်းလမ်းအတိုင်း ရွတ်ဖတ် ပူဇော်ရန် ဖြစ်ပါသည်။ ရက်သတ္တတစ် ပတ်တိတိ အချိန်နာရီတိတိကျကျဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

**◻ တည်ရန်နေရာဌာန**

က။ မိမိအိမ်တွင် တည်ထားမည်ဆိုလျှင် ဦးစီးဆောင်ရွက်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးက ဦးစီးဦးဆောင် ပြုလုပ်၍ မိသားစုအတူ ပူဇော်ကန်တော့ကြရပါမည်။

ခ။ မိမိဝင်းခြံအတွင်းဆိုလျှင် သန့်ပြန့်သောနေရာတွင် တည်ထားနိုင်ပါသည်။

ဂ။ အများနှင့် သက်ဆိုင်ရာဌာန ကျောင်းဘာန်၊ ဘုရားဝင်းတို့တွင် ဆိုလျှင် ရင်းနှီးခင်ရသူ မိတ်ဆွေများနှင့်အတူ ဆောင်ရွက်ရပါမည်။

**◻ ဆောင်ရွက်ရန်များ**

၁။ သာသနာတော်နှင့် စေတီတော်ကိုစောင့်ကြပ်ရန် နတ်များကိုအပ်နှံခြင်း။

◻ ဇေယျတု သာသနာတော်စောင့် သော်မကွာ တေဇာရှိန်ပြင်း နတ်မင်းများစွာ နတ်ဒေဝါတို့ -

*ဘုမ္မစိုးကွာ၊ အာကာသဋ္ဌ၊ လောကပါလာ၊ ဒေဝါစတု၊ ဝိရူဠှကာ၊ ဝိရူပက္ခ၊ ကုဝေရနှင့် တေရဋ္ဌ နာမထင်ရှား နတ်မင်းများပြင်၊ ငါးပါးခေါ်မှတ်၊ သူရဿတီ၊ စန္ဒီ၊ ပရမေသွာ၊ မဟာပိန္နဲ၊ ကျောက်ထဲပေစွာ၊ ဂေါရမန္တာ၊ နတ်ဒေဝါတို့၊ ဝိဇ္ဇာလေးပါး၊ ခုနစ်ပါးဒေဝီ၊ တစ်လီမယွင်း၊ အတွင်းသုံးဆယ်၊ ခုနစ်သွယ်နတ်မင်း၊ စောင့်ခြင်းနှိုင့်၊ ဘေးရန်ပအောင် စောင့်ကြပ်ကြပါ နတ်ဒေဝါတို့။ ဒါယကာပေါင်း၊ သူတော်ကောင်းတို့၊ လျှင်ကြောင်းမ,စ၊ ချမ်းသာသုခ၊ မကွာရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာမိုးရွာ သွန်းဖြိုးသို့၊ မညှိုးစေရာ တန်ခိုးဖြာလျက်၊ မကွာနေ့ည၊ စောင့်ကြည့်ကြပါ နတ်ဒေဝါအပေါင်းတို့။*

၂။ လေးပါးဝိဇ္ဇာ၊ သူတော်တကာ နှင့်၊ မဟိဒ္ဓိရှင်သိဒ္ဓိရှင် ဆရာတော်သခင်တို့ မုချကြွလာ စောင်မကြပါတုန်လော့။

၃။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ပုဂ္ဂိုလ်သတ္တဝါများစွာ ဝေနေယျတို့ မေတ္တာပို့သပါ။

၄။ ဂါထာနှင့် အောက်ပါ ပရိတ်တော်နှင့် ပဋ္ဌာန်းတို့ကို ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။

က။ **ဂါထာ**

◻ သာယံ ပါတံ နပဿာမိ၊
ဝေဒဇာတောက တဥ္စလီ၊
သမ္ဗုခါဝိယ သမ္ဗုဒ္ဓါ၊
ဝန္ဒေ ပုဋ္ဌိန စေတီယံ။ ။
(၉-ခေါက်)

ခ။ ◻ မင်္ဂလသုတ်
◻ ရတနသုတ်
◻ မေတ္တသုတ်
◻ ပဋ္ဌာန်း (ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ) တို့ကို တစ်ခေါက်စီ ရွတ်ဖတ်ပူဇော်ရမည်ဖြစ်သည်။

ဂ။ ◻ သစ္စာပြု၍ ဆုမွန်တောင်းခံပါ။
◻ မေတ္တာထပ်မံပို့ပေးပါ။
◻ ဝေနေယျတို့အားလုံး ကုသိုလ်အမျှပေးဝေပါ။
◻ ဖိတ်ထားသူများ နေရပ်ပြန်လည်ပို့ပေးပါ။

၅။ ကာလသတ်မှတ်ထားခြင်း။

စတင်ဆောင်ရွက်သည့်နေ့မှ (၇) ရက်တိုင်အောင် အချိန်တိကျစွာ ရွတ်ဖတ် ပူဇော်ရန် ဖြစ်ပါသည်။

(ပရိတ်တော်များနှင့် ပဋ္ဌာန်းတို့ကို သီရိမင်္ဂလာပရိတ်တော် ဝတ်ရွတ်စဉ် (အိတ်ဆောင်) စာအုပ်ငယ်တွင် ပါဝင်ပါသည်။ အသံမှန်ကန်အောင်ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး ရွတ်ဖတ်ပူဇော်ကြပါရန်။)

ကျွန်ုပ်သည် ယခုကဲ့သို့ သဲပုံစေတီတော်တည်ခြင်းနှင့် ရွတ်ဖတ်ပူဇော်ခြင်း

**စတင်ဆောင်ရွက်သည့်နေ့မှ (၇) ရက်တိုင်အောင် အချိန်တိကျစွာ ရွတ်ဖတ်ပူဇော်ရန်**

ကို ပြောပြခဲ့ပါသည်။

ဂင်္ဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူခဲ့ကြပြီးသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဘုရားရှင်များအားလုံးတို့နှင့် ယခု ဘဒ္ဒကမ္ဘာတွင ပွင့်တော်မူခဲ့သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားရှင်တို့၏ဂုဏ်တော်များကိုရည်မှန်း၍ ပူဇော်သည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး ဖြစ်ကြောင်းကိုပါ ရှင်းပြလိုက်ရပါသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာတို့၏ ဂုဏ်တော်ရည်မှန်းပြီး ပူဇော်ရသည့်အတွက် ယခုချက်ချင်း ပစ္စက္ခဘဝမှ စတင်ပြီး မဂ်ဖိုလ်ရသည့်ဘဝသို့ရောက်သည့်ကာလတိုင်အောင် ဆင်းရဲဟူသမျှ ကင်းလွတ်ခြင်း၊ ချမ်းသာမျိုးအပေါင်းကို ပိုင်ဆိုင်ရခြင်း၊ တန်ခိုးသြဇာအာဏာတို့ဖြင့် တောင်းစွာတင့်တင့်တယ်တယ်နေထိုင်ရခြင်း၊ နတ်အများနှင့် ဂြိုဟ်မင်းများအားလုံးမှ စောင့်ကြပ်နေကြရခြင်း ကာယကံရှင်ပုဂ္ဂိုလ်၏ ပေးဝေသော မေတ္တာကို အပြည့်အဝ ခံစားရခြင်း၊ ပေးပို့လိုက်သော ကုသိုလ်အမျှတို့သည်လည်း ကာယကံရှင်နှင့် ထပ်တူထပ်မျှ ရရှိခြင်းတို့ကို ခံစားရမည် ဖြစ်သည်။

သဲပုံစေတီတည်ရခြင်း၏ အခြားအကျိုးတို့မှာ-

◻ မိသားစု
◻ ရပ်ကွက်/ကျေးရွာ
◻ မြို့နယ်/ခရိုင်
◻ တိုင်းနှင့်ပြည်နယ် တစ်နိုင်ငံလုံး

ချမ်းသာရကြောင်းအကျိုးတို့ကို ရစေနိုင်မည်ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများကို အသိပေးလိုပါသည်။ ကျွန်ုပ်လေ့လာခဲ့သမျှထဲမှ ကောင်းနိုးရာဟုယူဆသည့် သုတရဖွယ် ဝိဇ္ဇာမရဂ္ဂမ္ဘီရနယ်မှ အကြောင်းကောင်းများစွာတို့ကို အခါအားလျော်စွာ ရေးသား တင်ပြပါဦးမည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ပါတယ်ဆို ကြောင့်နှင့်… ဆိုသလိုမျိုး လူ့ဘဝတွင်လည်း ကြော… တတ်သောသူများထံသို့ ထူးဆန်းသော… အဖြစ်အပျက်များက ရောက်လာတတ်… ပါသည်။ စာရေးသူ၏ ဘဝသက်တမ်း… တစ်လျှောက်လုံး အကွေ့အကောက်… များလှပါသည်။ စိုက်ပျိုးရေးကျောင်းပြီး… ၁၉၈၅ ခုနှစ်မှစ၍ အလုပ်မခန့်ဘဲဖြစ်နေ… သောကာလနှင့် ၁၉၈၈ ခုနှစ် အရေးအ… ခင်းအရေးအခင်း အပါအဝင် ၁၉၉၄ခုနှစ်… အထိ (၉)နှစ်တာကာလအတွင်း အလုပ်… လက်မဲ့ဘဝနှင့် မနေနိုင်၍ အရပ်ရေ… တွဲဖက်ကျောင်းဆရာလုပ်ပြီး အရေး… အခင်းကာလနောက်ပိုင်းတွင် ကျောင်း… များပိတ်ထား၍ ကျောင်းဆရာဘဝ… Auto ပြုတ်ကာ သျှောင်နောက်ဆံထုံး… ဆိုသလို ခင်ပွန်းဖြစ်သူ၏မိဘများ… ပေါ်မှာ အသီးအနှံများစိုက်၊ မေမြို့ဝ…



# မနှင်းဆီ

(ရေအောင်-နေပြည်တော်)

## ယော်တန်းက ဘိုးသူတော်ကြီးတော့ ရကွာစိုး



www.burmeseclassic.com

www.burmeseclassic.com

စိုက်နှင့် စိုက်ပျိုးရေးသမားစင်စစ်ဖြစ်သွားရပါတော့သည်။ စိုက်ခင်းများက ပျဉ်းမနားမြို့နှင့် ကင်ပွန်းတန်းရွာကြားတွင်ဆိုတော့ တောထဲဥယျာဉ်ခြံအတွင်း ယောက္ခမများက နေစရာ အဆောက်အအုံဆောက်ထားသဖြင့် တောထဲတွင် နေပြီး ထွက်သမျှ သီးနှံများကို နေ့စဉ်နံနက်အစော (၄) နာရီခန့်တွင်ခင်းလေ့ရှိသောဈေးလေးသို့သွား၍ ဖောက်သည်များထံပို့ရပါသည်။ ထိုစဉ်က ယခုကဲ့သို့ နေပြည်တော်မဖြစ်သေးပါ။ ပျဉ်းမနား သံဃာ့ဆေးရုံနှင့် ဈေးကြီးကြားကလမ်းပေါ်တွင် နံနက်အစောအသီးအရွက်ဈေးရှိပါသည်။ထိုဈေးတွင် နံနက်မလင်းခင် ပဲခူးဘက်မှ ဟင်းသီးဟင်းရွက်များကို အလုံးဈေးနှင့် စာရေးသူတို့ကဲ့သို့ ပင်သည်များထံမှ လာ၍ဝယ်ကြသူများကို ပဲခူးကောက်ဟုခေါ်ကြသည်။ ထိုပဲခူးကောက်များကိုမီရန် တပ်ပိုးဂိတ်မှ ဆိုက်ကားငှား၍ နံနက်အစောတိုင်းတုန်စိမ်းဈေးသို့သွားပြီး အသီးအရွက်ပို့ရာတွင် တွေ့ကြုံခဲ့ရသော ထူးဆန်းသောအဖြစ်အပျက်တစ်ခုအကြောင်းကို စာဖတ်သူတို့အား ပြန်လည်ဖောက်သည်ချချင်၍ ဤစာကိုရေးသားပေးပို့လိုက်ရပါသည်။

လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်တစ်ခုသော နံနက်ဝေလီဝေလင်းနှင့် မှောင်တကွဲကွဲအချိန် ပဲခူးကောက်များကိုမီရန် အသီးအရွက်များကို အငှားဆိုက်ကားပေါ်တွင်တင်၍ ဆိုက်ကားစီးပြီး ပျဉ်းမနားဈေးလေးသို့ထွက်လာချိန်တွင် စာရေးသူစီးလာသည့် ဆိုက်ကားကိုနင်းနေသော ဆိုက်ကားဆရာကို လမ်းထိပ်မှ တခြားဆိုက်ကားဆရာတစ်ယောက်က -

"ဟေ့လူ၊ မနက်အစောက ဒီနားမှာ ခင်ဗျားရှိသလားလို့"

လှမ်းအော်မေးလိုက်ပါသည်။

စာရေးသူစီးလာသည့် ဆိုက်ကားကိုနင်းသောဆိုက်ကားဆရာကလည်း-

"ရှိတာပေါ့ဗျာ၊ ကောင်းကောင်းတွေ့လိုက်ရပါတယ်။ အံ့ရောဗျာ"

ဟု ပြန်အော်ပြောလိုက်ပါသည်။

ဒါနှင့် စာရေးသူက ဘာဖြစ်တာလဲလို့ စပ်စုပြီးမေးလိုက်တော့ ဖြစ်ပုံကဒီလိုအစ်မရေဆိုပြီး ပြောပြပါတော့သည်။

"ဒီနေ့နံနက်အစောပိုင်းက တပ်ပိုးဆွမ်းလောင်းအသင်းက သံဃာတော်အပါး (၅၀) ကျော်ကို အရုဏ်ဆွမ်းဆွမ်းလောင်းကြတာ နံနက်မလင်းတလင်းအချိန်ကပေါ့ဗျာ။ မစိုးရိမ်ရပ်ကွက်နဲ့ တပ်ပိုးရပ်ကွက်က ဟိုဘက်လမ်း၊ ဒီဘက်လမ်းဆိုတော့ ဆွမ်းလောင်းတဲ့နေရာက ဗိုလ်မှူးမြလွင်အိမ်နားက စစ်ပင်အကြီးကြီးရှိတဲ့ လမ်းမှာလေ။ ကျွန်တော်တို့ ဆိုက်ကားဂိတ်နဲ့လည်းနီးနေတော့ မီးလုံ့ရင်း၊ ခရီးသည်စောင့်နေကြရင်းနဲ့ ဆွမ်းလောင်းပွဲကိုကြည့်နေကြတာ။ ကြည့်နေရင်းနဲ့ သံဃာတော်တွေကြားထဲမှာ လူနှစ်ရပ်စာမကမြင့်တဲ့လူဖြူဖြူကြီးက ဘွားခနဲပေါ်လာတာ အဲဒီနားမှာရှိတဲ့ပုဂ္ဂိုလ်အားလုံး မြင်ကြရတယ်လေ။ ဆွမ်းလောင်းနေတဲ့လူအားလုံးနဲ့ သံဃာတော်တွေ၊ ဆိုက်ကားသမားတွေအားလုံး မြင်ကြရတာ သံဃာတော်တစ်ပါးဆိုရင် သပိတ်ကြီးပွေ့ပြီး သူ့နားက အဲဒီဖြူဖြူကြီးကိုလိုက်ကြည့်တာတစ်ပတ်ကိုလည်သွားတာပဲ။ ပြီးတော့ ချက်ချင်းကြီးဆိုသလိုပျောက်သွားတာ အံ့သြစရာကောင်းလွန်းလို့ဗျာ"

လို့ ပြောပါသည်။

စာရေးသူကိုယ်တိုင် မြင်ရတာမဟုတ်ပေမယ့် ကိုယ်တိုင်တွေ့တဲ့လူကပြောပြတာဖြစ်ပြီး အဖြစ်အပျက်ဖြစ်ပြီးမိနစ်ပိုင်းအတွင်းမှာ ကြားခဲ့ရတာပါ။ အဲဒီအဖြစ်အပျက်တွေမဖြစ်ခင်ကတည်းက ဗိုလ်မှူးမြလွင်အိမ်ရှေ့က စစ်ပင်ကြီးမှာ နတ်စင်ကလေးကပ်ရိုက်ပြီး နတ်ရုပ်ကလေးတင်ထားတာကို စာရေးသူ အဲဒီနားကဖြတ်သွားတိုင်း မော့ကြည့်မိ၍ သတိထားမိပါသည်။ ဒါက ထူးခြားမှုရှိလို့သာ နတ်စင်ကလေးရိုက်ပြီးသေချာကိုးကွယ်ထားတာပါလားဟု တွေးမိပါသည်။

စာရေးသူတို့ငယ်စဉ်က သစ်ပင်ကြီးလျှင် အဲဒီအပင်က ဘိုးသူတော်ရှိသည်ဟု သတိပေးလေ့ရှိကြတာကို ကြားဖူးတော့ အဲဒီအချိန်တုန်းက ဘိုးသူတော်ဆိုတာ နာနာဘာဝလိုကြောက်စရာကောင်းသည့် ပုဂ္ဂိုလ်ဟု ထင်မှတ်ထားခဲ့ပါသည်။ အသက်တွေရလာ၍ စာတွေဖတ်လာရတော့မှ ဘိုးသူတော်ဆိုတာ တကယ်တော့ ရုက္ခစိုးဖြူဆိုတာ သိလာရပါသည်။ လယ်တီဆရာတော်ကြီး၏အကြောင်းကိုရေးထားတဲ့အထဲမှာ ဆရာတော်ကြီးက ညဘက်မှာ စင်္ကြံလျှောက်တော့ တစ်ကိုယ်လုံးဖြူဖွေးနေတဲ့ပုဂ္ဂိုလ်တစ်ယောက်က ညစဉ်ဆရာတော်ကြီးနှင့် မနီးမဝေးအရပ်ကနေပြီးလာလာဖူးနေရင်းနှင့် တစ်ညမှာတော့ ဆရာတော်ကြီးက သင်ဘယ်သူလဲလို့မေးတော့မှ ဆရာတော်ကြီးကျောင်းအနီးက သစ်ပင်မှာနေတဲ့ ရုက္ခစိုးကြီးပါလို့ လျှောက်တဲ့အကြောင်း၊ ဆရာတော်ရဲ့မေတ္တာကို ခံယူချင်၍လာဖူးတာပါဟုပြောသည့်အကြောင်းကို ဖတ်ရပါသည်။

သည်တော့မှ ရုက္ခစိုးဆိုတာ တစ်ကိုယ်လုံးအဖြူရောင်ရှိတဲ့ဘိုးသူတော်လို့ခေါ်တဲ့ သစ်ပင်ပေါ်ကဆင်းလာတဲ့ ပုဂ္ဂိုလ်ကိုခေါ်တာပါလားလို့သိလိုက်ရပါသည်။ အခြားသောစာတွေထဲလည်း တချို့က ရုက္ခစိုးဖြူလို့ ခေါ်တယ်ဆိုတဲ့အကြောင်း၊ ရုက္ခစိုးဆိုတာ သူတော်ကောင်းဖြစ်တဲ့အကြောင်းတွေကို ဖတ်လိုက်ရပါသည်။ အခုလည်း အဲဒီအဖြူရောင်လူအကြီးကြီးက သံဃာတော်တွေကို ဆွမ်းလောင်းတာကို ကြည်ညိုလွန်းလို့ ပျော်လွန်းလို့ သူပါဝင်ပြီးနွှဲတာနေမှာပေါ့။ ကြားခါစကတော့ အံ့သြတာကလွဲပြီး ဘာမှထင်ကြေးမပေးမိ။ အသက်တွေရလာပြီး စာတွေဖတ်လာရသည့်နောက်ပိုင်းမှာမှ ဆက်စပ်ပြီးတွေးတတ်လာတာပါ။ တကယ်တော့ ဘိုးသူတော်ဆိုတာ နာနာဘာဝမဟုတ်ဘဲ သူတော်စင်ရုက္ခစိုးဆိုတာသိလိုက်ရပါ၏။ ဒါကြောင့် 'ငယ်တုန်းက ဘိုးသူတော်၊ ကြီးတော့ရုက္ခစိုး' ဟု ခေါင်းစဉ်ပေးလိုက်ရတာပါ။ ငယ်ငယ်တုန်းကကြားရတဲ့ ဘိုးသူတော်ဆိုတာ ရုက္ခစိုးပါပဲဟု စာရေးသူဆက်စပ်ပြီး စဉ်းစားလို့ရတာကို အဲဒီတုန်းက တွေ့ကြုံလိုက်ရတဲ့ ပုဂ္ဂိုလ်တွေကို သိစေချင်လို့ ဒီစာကိုရေးလိုက်ရတာပါ။



စာဖတ်သူတို့အား
အစဉ်လေးစားလျက်

မနှင်းဆီ (ရေခေါင်း-နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

မိခင်ဆုံးသောအချိန်က သူမသည် နှစ်တန်းကျောင်းသူလေးတစ်ဦး ဖြစ်၏။ အဖေနှင့် အမေသည် သားဦး အနေဖြင့် သူမကိုမွေးပြီး နောက်ထပ် ကလေးမရနိုင်တော့ပါ။ အမေသည် လည်း သူမကိုမွေးပြီးသည့်ကာလမှစ၍ မီးယပ်ရောဂါဖြစ်လာခဲ့သည်မှာ နောက်ဆုံး ရောဂါကျွမ်း၍ကွယ်လွန်သွားသည် အထိ ဖြစ်ခဲ့ရသည်။ အဖေသည် အမေ့ စိတ်နှင့် လေလွင့်ပြီး အရက်စသောက် ရာမှ နောက်ဆုံး မသောက်ရမနေနိုင်ဖြစ် လာသည်။ အလုပ်ကိုတော့ အပျက်မခံ။ အလုပ်ရှိသည်နှင့် ကန်ထရိုက်ဆရာကြီး ကလာခေါ် ၏။ အဖေကအရက်သောက် ပေမယ့် လက်သမား၊ ပန်းရန် စသည့် အလုပ်တွေကို ကျွမ်းကျင်ပြီး ခေါင်းဆောင် မျက်နှာလွှဲရသည်အထိ စိတ်ချရသဖြင့် လမ်းထိပ် ဒေါ်စိန်၏ အကြော်တဲမှ ရောင်းမကုန်သော ဗယာကြော်သည် သူမအတွက် ညစာဖြစ်တော့၏။

မှုဆိုးဖိုအဖေက အသက်မကြီး သေးပါ။ သမီးလေးတစ်ယောက်နှင့်ဖြစ် သလိုနေရသည်ကို မီးခွက်ဈေးက ကုန်စိမ်းရောင်းသည့် မစန်းခင် ဆိုတဲ့ ကလေးနှစ်ယောက်အမေတစ်ခုလပ်က မကြည့်ရက်ပါဘူးတဲ့။ သူတို့သားအမိ တွေက လမ်းထဲမှာအိမ်ငှားနေကြသည်။ ပေနှစ်ဆယ်၊ ပေလေးဆယ် ခနီမိုးထရံ ကာတဲအိမ်ကို ထက်ဝက်ခြမ်းပြီးငှားနေ ကြခြင်း ဖြစ်သည်။ မစန်းခင်မှာ သမီး နှစ်ယောက်ရှိသည်။ နှစ်ယောက်စလုံး မစန်းခင်က ဘယ်အလွှတ်ခံပါ့မလဲ... မျက်စောင်းထိုးအိမ်က ဒေါ်ကြီးခင်... သူမကိုတိုးတိုးပြောသည်။ မစန်းခင်... သားအမိတွေအိမ်ပေါ် ရောက်လာသ... နေ့က အမေ့ကို သတိရလိုက်သည်... ပြောမပြတတ်အောင်ပင်။

အမေက ပခုက္ကူ မြို့ပြီး နယ်... ဘက်ကဟု မဆုံးခင်က ပြောဖူးသည်။



# သန့်ဇင်

## ဝမ်းတွင်းစုန်း

အလုပ်နှင့်လက်ပြတ်လှသည်မရှိသော ကြောင့် သူမတို့သားအဖ ထမင်းမငတ် ခြင်း ဖြစ်သည်။

သူမ ညနေကျောင်းဆင်းပြီးသည် နှင့် အဖေအလုပ်ကအပြန်ကို လမ်းထိပ် မှာထွက်ပြီးစောင့်မျှော်နေကျ။ မချက် တတ်ချက်တတ်ဖြင့် ထမင်းတစ်အိုးချက် ပြီး အဖေဝယ်လာမည့် ခေါက်ဆွဲကြော် သို့မဟုတ် ဝက်ခေါင်းသုပ်သည် သူတို့ သားအဖအတွက် ညစာထမင်းပွဲလေး ဖြစ်သည်။ တစ်ခါတစ်ရံ အဖေအရက် အရမ်းမူးလာ၍ အဖေ့ကို မနိုင့်တနိုင်တွဲ ခေါ်ပြီး အိမ်ပေါ် ရောက်သည်နှင့် အဖေ အိပ်ပျော်သွားတတ်သည်။ ထိုအခါ သူမထက် အသက်နှစ်နှစ်၊ သုံးနှစ်ခန့် ကြီးကြသည်။ သူတို့အိမ်ခန်းထရံကြီး ပြုတ်ကျသွားတုန်းက အဖေသွားပြင်ပေး ရင်း အဖေ့ကို မစန်းခင်က လိုတာထက် ပိုပြီး လောကွတ်ပျူငှာနေပုံကို သူမမျက်စိ ထဲမှမထွက်။ သူမကိုလည်း သမီးလေး၊ သမီးလေးနှင့်ခေါ် နေလိုက်ပုံက ရင်ထဲက ပါတာမှဟုတ်ပါစ။

အဖေကလည်း အရွယ်ရှိတုန်း၊ မစန်းခင်ကလည်း အရွယ်ရှိတုန်းဆို တော့ သူမသုံးတန်းကျောင်းတက်နေ စဉ်မှာပင် မစန်းခင်တို့မိသားစုတစ်တွေ အိမ်ပေါ်ရောက်လာခဲ့ကြသည်။ အဖေ က အိမ်ပိုင်ယာပိုင်နှင့်နေတာဆိုတော့ အဖေ ပခုက္ကူမှာအလုပ်သွားလုပ်ရင်း က အဖေနှင့်တွေ့ပြီး အဖေ့နောက် ကောက်ကောက်ပါအောင်လိုက်လာတာ ဟု ပြောခဲ့ဖူးသည်။ အမေ့ရဲ့အမေ သူမ ၏အဘွားနှင့် ဘွားဒွေးလေးတွေ မြို့မှာ သက်ရှိထင်ရှားရှိကြသေးသည်တဲ့။

မစန်းခင်တို့ အိမ်ပေါ်ကိုရောက် လာကြပြီး နှစ်ရက်၊ သုံးရက်အကြာမှာ ဒေါ်ကြီးခင်က သူမကိုခေါ် ပြောသည်။

"လှကလေးရေ အမေကြီးဆီလာ ပါဦး"

ဒေါ်ကြီးခင်က သူမ၏ အ... ရင်း လှလှရင်ဟု ဘယ်တော့မှမခေါ်။ လှကလေးဟုသာခေါ် သည်။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဘာခိုင်းမလို့လဲ အမေကြီး"

"ဘာမှမဟုတ်ပါဘူးအေ၊ ညည်းကို မုန့်လုံးရေပေါ်ကျွေးချင်လို့ပါ။ လာစားလှည့်"

မုန့်ကျွေးပြီးမှ တိုးတိုးလေးပြောသည်။

"ညည်းအဖေနဲ့ စန်းခင် ညားနေကြပြီတဲ့။ စန်းခင်က ညည်းမိထွေး။ မိထွေးဆိုတာ မိထွေးတော်ဂေါတမီက လွဲရင် ဘယ်သူမှမကောင်းဘူး။ သူတို့တစ်ခုခုလုပ်ရင် အမေကြီးဆီပြေးလာ"

ဟု ပြောသည်။

မိထွေး ဟူသော ဝေါဟာရသည် သူမနှင့်အလွန်စိမ်းနေသော်လည်း ကြားလိုက်ရသည်နှင့် ရင်ထဲမှာတစ်မျိုးကြီး၊ ဝမ်းနည်းသလိုဖြစ်လာသည်။ အရင်တုန်းက အဖေက သမီးလေးတစ်ယောက်တည်း ဖေဖေသိပ်ချစ်ပါတယ်ဟု ပြောခဲ့ပေမယ့် အခုတော့ အဖေသည် မစန်းခင်နှင့် တပူးကပ်ကပ်။ မစန်းခင်၏ သမီးနှစ်ယောက်ကို လုပ်ခတွေရှင်းတုန်းက ဂါဝန်အသစ်လေးတွေဝယ်လာပေးပေမယ့် သူ့အတွက်ကျတော့မပါလာ။ထိုညက အိမ်ရှေ့ဗာဒံပင်အောက်မှာ အကြာကြီးသွားထိုင်နေလိုက်သည်။ အဖေနှင့်မစန်းခင်တို့၏ ရယ်သံတွေက အိပ်ခန်းတွင်းမှ အိမ်ရှေ့အထိလွင့်ပျံ့လာသည်။

အမေ့အမေ အဘွားတို့ရှိရာ ပခုက္ကူဆိုတဲ့ အရပ်ဒေသကို သွားချင်လိုက်တာ။ အိမ်မှာနေချင်စိတ်မရှိတော့။

❑

လက်သမားဆရာ ကိုလှထွန်းကို မစန်းခင်က နည်းပေါင်းစုံဖြင့်ရုန်းမထွက်နိုင်အောင်လုပ်သည်၊ ရုပ်ရည်သနားကမားနှင့် ကိုယ်လုံးကိုယ်ထည်တောင့်တောင့်တင်းတင်းမှာ ကိုလှထွန်း အလုပ်ကပြန်မလာခင် ရေမိုးချိုး၊ သနပ်ခါးအဖွေးသားဖြင့် အရက်နှင့်အမြည်းကလည်း အဆင်သင့်လုပ်ထားသေးသည်။ ကိုလှထွန်းတစ်ယောက် သဘောမနောခွေ့ကာ စန်းခင်သဘော ဟူ၍ဖြစ်လာသည်။ သူ့မှာ သမီးလေးတစ်ယောက်ရှိသေးသည်ဆိုသည်ကိုပင် သတိမရချင်တော့။ မယားပါသမီးနှစ်ယောက်ကလည်း အဖေကြီးရေဟု ကပ်ချွဲ၍ဝိုင်းတာနေကြတော့ သူမအတွက် အိမ်သည်နေချင်စရာမကောင်းတော့။ ဒေါ်ကြီးခင်၏တဲကုပ်လေးဆီသို့သာပြေးပြီး ခဏခဏငိုနေရသည်။

ကြာလာတော့ သူမတို့အိမ်သည် မစန်းခင်၏ ခြယ်လှယ်မှုက အိမ်ခေါင်ထိပ်ဖျားအထိရောက်လာ၏။ သည်အခါမှာ မိထွေးဟူသောဇာတိသည်ပြလာပြီဖြစ်တော့၏။အဖေအလုပ်သွားသည်နှင့် သူမ ကျောင်းမသွားခင် အိမ်အတွက်ရေခပ်ရသည်။ ရေပုံးကြီးအား မနိုင်တနိုင်ဆွဲနေသည်ကို လမ်းထဲမှလူတွေက သနားပါတယ်ဟု ပြောရုံကလွဲလို့ သူတို့သည်လည်း တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ပျံကျရပ်ကွက်သားတွေမို့ ဘာမှမတတ်နိုင်ကြ။ ရေမပြည့်လျှင် ကျောင်းမတက်ရဟု အမိန့်ထုတ်သဖြင့် ရေပြည့်အောင်ဖြည့်ရင်း ကျောင်းနောက်ကျသည့်ရက်တွေ မနည်းလှတော့၊ တစ်ခါတစ်ရံ ကျောင်းအရမ်းနောက်ကျလွန်းသဖြင့် ကျောင်းမတက်ဖြစ်တော့ဘဲ လှိုင်မြစ်ကမ်းနံဘေး သွားထိုင်နေလိုက်သည်။ ငွေဖျိုင်းဖြူကို့က မြစ်ကိုဖြတ်ပြီး အဝေးလယ်ကွင်းတွေဆီ ပျံနေကြသည်။ သူမ ဖျိုင်းဖြူလေးတွေလို ပျံ၍ရလျှင် ကောင်းမည်ဟု တွေးမိသည်။ ဒါမှ အမေ့ရွာရှိတဲ့ ပခုက္ကူဘက်ကို သွားလို့ရမည်ဖြစ်သည်။ မြစ်ထဲမှာ ဗေဒါပင်တွေက အထွေးလိုက်စုန်ဆန်မျောနေကြ၏။ သူမဗေဒါပန်းပြာလဲ့လဲ့လေးဖြစ်ချင်လာပြန်သည်။ ဒါမှ မျောချင်ရာမျောပြီး လွတ်လွတ်လပ်လပ်နေလို့ရမည်။ အိမ်မှာနေလျှင် အသက်ရှူရတောင်မဝချင်။ အဖေရှိနေလျှင် မစန်းခင်၏မျက်နှာသည်တစ်မျိုး၊ အဖေမရှိသည်နှင့် အချိုးပြောင်းသွား၏။ သူ့နားရွက်တွေကို ဆွဲလိမ်၊ ဆံပင်ကိုဆောင့်ဆွဲ၊ ခေါင်းကို ထုပူသွားအောင်ခေါက်ခြင်းမျိုးလုပ်လာစပြုပြီဖြစ်သည်။ အဖေပြန်လာလျှင် သူမ အဖေ့နားကပ်လို့မရအောင် အိပ်ခန်းထဲခေါ်ပြီး တွတ်ထိုးနေလိုက်သေးသည်။ ကျောင်းစာအုပ်ကိုလှန်ပြီး စာမကျက်ဖြစ်ဘဲ မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည့်နေ့တွေ မနည်းတော့။ သည်အခါမှာ ရလဒ်က -

"ဒီမှာ အစ်ကို့သမီးရဲ့ ကျောင်းကပေးလိုက်တဲ့ ရီပို့ကတ် ကြည့်ပါဦး။ မင်နီတွေပွထနေတာပဲ"

သူတို့မမြင်အောင် လွယ်အိတ်ထဲမှာဖွက်ထားတာတောင်မှ မစန်းခင်သမီးနှစ်ယောက်ကချွန်သဖြင့် မိထွေးက လွယ်အိတ်ကို မွှေနှောက်ရှာသည်။ ကျောင်းမှာပေးလိုက်သည့် ပညာရည်မှတ်တမ်းကို တွေ့သွားပြီး အဖေအလုပ်ကပြန်လာတော့ ဆီးတိုင်သည်။ ထိုနေ့က အဖေ အလုပ်မှာ အဆင်မပြေလာဘူးထင်ရသည်။ ဘာစ်ခါ ရိုက်စဖူးသည့်သမီးကို ဝါးခြမ်းပြားကိုင်ပြီးရိုက်သည်။ အိမ်မှ ဆူညံသံများကြား၍ ဒေါ်ကြီးခင်က မယောင်မလည်ဖြင့် အိမ်ရှေ့မှာ ရပ်ကြည့်နေရာမှ သူမကိုရိုက်နေတာမြင်ရသောအခါ ပြေးလာပြီးဝင်ဆွဲသည်၊ အိမ်သို့ခေါ်သွားပြီး အရိုးရာများအား နှန်ွင်းလိမ်းပေးသည်။

"ဘာဖြစ်လို့ စာမေးပွဲကျရတာလဲ သမီးလေးရယ်"

ဟု မေးရှာသည်။

သူ စာကျက်လို့လည်းမရတော့၊ ကျောင်းနေရတာလည်း မပျော်တော့ဘူး ဟု ပြောမိသည်။

အဖေ့ကိုစိတ်မဆိုးချင်သော်လည်း သူမရင်ထဲမှာ ဆူးတွေတစ်ချောင်းပြီးတစ်ချောင်းစိုက်ဝင်သွားခဲ့သည်။ ထိုညက အမေကြီးခင်တို့အိမ်မှာပဲအိပ်လိုက်သည်။

နံနက်ရောက်တော့ -

"ဟဲ့ - ဟိုဟာမလေး၊ အိမ်ကိုပြန်မလာနိုင်ရအောင် နင်က ဘာဖြစ်နေတာလဲ။ ရေခပ်ရမှာ နင့်တာဝန်ဆိုတာ မသိဘူးလား။ ခုချက်ချင်းထွက်လာခဲ့"

အိမ်ရှေ့မှ ငှက်ဆိုးထိုးသံသည် သူမကို လှုပ်နှိုးလိုက်သလိုဖြစ်သွား၏။

ဒေါ်ကြီးခင်က -

"သမီးလေး မြန်မြန်သွား၊ ရေခပ်ပေးလိုက်။ လှကလေးလာနေပြီ မစန်းခင်ရေ"

"ဟင်း ဟင်း - နင်က မလောတ်လေးမလောက်စားနဲ့ အားကိုရှာနေတာလားကောင်မ။ အရေခွံအဆုတ်ခံရမယ် မြန်မြန်လာ"

မိထွေး၏ဘီလူးသရဲမျက်နှာအား သူမမော့မကြည့်ဝံ့။ အမြန်ပင် ရေပုံးဆွဲပြီး လမ်းထိပ် ရေဘုံဘိုင်သို့ ထွက်ခဲ့ရသည်။ ဂါဝန်တိုလေးအောက် ခြေသလုံးမှ အရိုးရာတွေက အနီရင့်ရောင်အစင်းလိုက် အစင်းလိုက်ဖြင့်။ ညနေ အဖေ အလုပ်ကပြန်လာတော့ မစန်းခင် အဖေ့ကိုကပ်ချွဲပြီး တရားချနေသည်။ အဖေသည် သူမကို တွေတွေကြီးကြည့်နေသည်။ တစ်ခါတစ်ရံ အဖေ ငိုင်သွားတတ်သည်။ အရက်ကို ဆင့်ကဲဆင့်ကဲ သောက်လိုက် ဆေးလိပ်ဖွာလိုက်ဖြင့် အဖေဘာကိုတွေးနေမှန်းမသိ။

"ရှင်စဉ်းစားပါ။ ကျောင်းဆက်ထားလို့တော့ သူ့ပညာရေးက တိုးတက်လာမှာတဲ့လား။ ကျောင်းထုတ်ပြီး ကျွန်မနဲ့ဈေးလိုက်ရောင်းပေးတာကမှ အလုပ်ဖြစ်ဦးမယ်။ သူ့ပုံကြည့်ရတာ စာသိစိတ်

www.burmeseclassic.com

ဝင်စားပုံမရဘူး"

အဖေ့ကိုကြည့်ရတာ ခဏခဏနဲ့ ခြင်းခံနေရသော သစ်ငုတ်တိုကြီးကဲ့သို့ နွဲ့လာသည်ထင်ရသည်။ သူမအဖေ့နား မကပ် ရဲတော့ဘဲ အိမ်ခြေရင်းထောင့်မှာ သွားထိုင်နေလိုက်သည်။ မစန်းခင်က အဖေ့ခြေသလုံးကိုနှိပ်ပေးရင်း စကား တိုးတိုးပြောနေ၏။ တစ်အောင့်ကြာ တော့ အဖေ့အသံထွက်လာသည်။

"သမီးလေး၊ ကျောင်းမနေချင် တော့ဘူးလား။ အဖေ့ကိုပြောပါဦး"

သူမပါးပြင်မှာ မျက်ရည်တို့ ပေါက်ပေါက်ကျလာသည်။ သူမစာ ဆက်သင်ချင်တော့လည်း ဘယ်နှတန်း အထိ အဖေတို့ထားမှာလဲ။ အနာဂတ်၏ အလားအလာမကောင်းမှန်း အရွယ်နှင့် မမျှ သူမတွေးဆတတ်နေခဲ့ပါသည်။ အဖေ့ကို စကားပြောဖို့ အင်အားမရှိ တော့။ ခေါင်းခါပြလိုက်သည်၊ အဖေ က သက်ပြင်းကြီးတစ်ချက်ချလိုက်ကာ အကျီကောက်ဝတ်ပြီး အိမ်ပေါ်ကဆင်း သွားသည်။ မိထွေး၏သမီးနှစ်ယောက် က ပျော်တယ်ပျော်တယ်ဆိုပြီး ကနေ ကြသည်။ သူမ ဒေါ်ကြီးခင်တို့အိမ်ဘက် ပြေးထွက်ခဲ့ပြီး ဒေါ်ကြီးခင်ကိုဖက်၍ အားရအောင် ငိုချလိုက်သည်။ ထိုညက အဖေပြန်လာတော့ အရက်တော်တော် မူးလာသည်။

❑

ဤသို့ဖြင့် သူမသည် ကျောင်း ထွက်ခဲ့ရသည်။ သက်တူရွယ်တူတွေ အဖြူ အစိမ်းကျောင်းဝတ်စုံလေးတွေ နှင့် ကျောင်းသွားနေကြတာ မြင်တွေ့ရ သောအခါမှာ သူမ မျက်ရည်ဝဲရုံကလွဲ လို့ ဘာမှမတတ်နိုင်။ သူမအား ကျောင်း စာဘက် အာရုံမလှည့်နိုင်အောင် တရစပ် ခိုင်းတတ်လွန်းသော မိထွေးနှင့် မယား အသစ်မြင်၍ သမီးအားမေ့သွားသော ဖခင်ဖြစ်သူအားလည်း အပြစ်မပြော တတ်ခဲ့ပါ။ သူမတွေးမိသည်က သူ့ဘဝ တို့ သူဝမ်းနည်းနေတတ်ခြင်းတည်း။

မကြာမီမှာပင် ရပ်ကွက်ထဲတွင် စကောတစ်ချပ်၌ ကန်စွန်းရွက်စည်းလေး များထည့်ပြီး ခေါင်းပေါ် ရွက်လို့ အရပ် ထဲမှာ-

"ဟောဒီက ကန်စွန်းရွက်"

ဟု အသံစာစာလေးနှင့် အော် ရောင်းတတ်သော ဟင်းရွက်သည်လေး တစ်ယောက်ပေါ်လာပါလေတော့သည်။ တန်စွန်းရွက်စည်းအပြည့်ဖြင့် အရွယ် နှင့်မလိုက်အောင် မနိုင့်တနိုင်ရွက်လာ သော ဟင်းရွက်သည်လေးအား တချို့ အိမ်တွေက သနားသဖြင့်ဝယ်ကြသည်။

သို့သော် သူမတို့၏ ဆင်ခြေဖုံး ရပ်ကွက်မြို့နယ်သည် လယ်ကွင်းများ အား ပြုပြင်ပြီး မြို့သစ်တည်ထားသော ကြောင့် လမ်းဘေးနေရာအနှံ့ ရေအိုင် များ၊ မြေလွတ်မြေလပ်များ၌ ရေစုဝေး နေပြီး ကန်စွန်းရွက်က အလေ့ကျသဖွယ် ပေါက်နေလေ့ရှိသည်။ တော်ရုံအိမ်တွေ က ကန်စွန်းရွက်ကို ဝယ်မစားကြ။ အိမ် ရှေ့မြောင်းထဲ၊ လမ်းထိပ်ကားလမ်းဘေး မြောင်းထဲဆင်းပြီး ကန်စွန်းရွက်ခူးလိုက် ရင်ဖြင့် တစ်အိုးချက်စာရလောက်သည်။ သည်တော့ နေမြင့်လာ၍ ရောင်းချိန် ကုန်လာပေမယ့် သူမစကောထဲမှာ ကန် စွန်းရွက်တို့က ကျန်နေမြဲ။

သည်အခါတွင် မိထွေးတော်၏ နှုတ်မှ အမနာပဆဲရေးသံတို့နှင့်အတူ လက်က သူမ၏ဦးခေါင်းနှင့် ဝမ်းဗိုက် အား ခေါက်ခြင်း၊ ဆွဲဆိတ်လိမ်ခြင်းတို့ သည် စက်သေနတ်ပစ်သည့်အလား တရစပ်ပေါ်ထွက်လာကြပါတော့သည်။ ခေါင်းမှာဖူးရောင်တာတွေ၊ ဗိုက်ခေါက် မှာ လိမ်ဆွဲခြင်းခံရ၍ လက်သည်းဒဏ် ရာများဗရပွဖြင့် သူမသည် ကလေးငယ် ဆိုသော်လည်း ဒဏ်ရာများဖြင့် လူဖြစ် နေ၏။ ဒေါ်ကြီးခင်၏အိမ်သို့သွားပြီး မျက်ရည်ကျရုံ၊ ဒေါ်ကြီးခင်က မျက်ရည် စမ်းစမ်းဖြင့် သမီးလေးရယ်ဟု ကျော သပ်ပြီးချော့ရုံကလွဲ၍ သူမဘဝသည် ထို့ထက် တိုးတက်မလာခဲ့။

အဖေသည် သမီး၏အဖြစ် အပျက်အား ရပ်ကွက်ထဲမှသူတွေဝိုင်း ပြော၍လားမသိ၊ သမီးနှင့်ပတ်သက်ပြီး



စိတ်အဆင်းရဲကြီးဆင်းရဲသွားပါတော့ သည်။ မိန်းမဖြစ်သူအားလည်း ပြောနိုင်ဖို့ မတတ်နိုင်တော့။ အလုပ်မှပြန်လာလျှင် အရက်ကိုဖိသောက်ခြင်းဖြင့် နောက်ဆုံး နေ့ညမရွေးအရက်သောက်လာခဲ့သည်။

တစ်နေ့ အရက်မူးမူးနှင့် ဆောက် လက်စ အဆောက်အအုံအမြင့်ပေါ်မှာ သစ်သားငြမ်းဆင်နေရင်း ပြုတ်ကျကာ ဆေးရုံရောက်သွားပါတော့သည်။ ပြင်း ထန်သောဒဏ်ရာသည် အဖေ့အား လူ့ ပြည်မှာ ကြာကြာနေခွင့်မပေး။ ခြောက် လခန့် အိမ်မှာအလူးအလဲခံရပြီးနောက် အဖေ ကွယ်လွန်သွားခဲ့သည်။ အဖေ ကွယ်လွန်သည့်နေ့သည် သူမအတွက် ငရဲပြည်သို့ အရှင်လတ်လတ် ကျရောက် သောနေ့ပေတည်း။

❑

"ထမင်းကို ဘယ်သူကမှ အလကားလာကျွေးမထားဘူး။ ငါ့မှာ တစ်နေ့တစ်နေ့ ဈေးရောင်းနေရတာ ရောင်းမကောင်းရတဲ့အထဲ အရင်းက ပြုတ်ချင်ချင်။ လှရင်၊ နင်နောက်နေ့က စပြီး စက်ရုံကြီးဘေးက ရေအိုင်မှာ ကန်စွန်းရွက်သွားခူး၊ အစည်းနှစ်ဆယ် စာရအောင်ခူး၊ ကညွတ်တွေတွေ့ရင် လည်းခူးလာခဲ့"

မိထွေးတော်က အရင်းမစိုက်ဘဲ ရောင်းလို့ရအောင် အမိန့်ထုတ်၏။ ထို နေရာသည် တော်ရုံ ငါးများကိုင်းထောင် သည့်သူတွေပင် မဆင်းရဲသည့် မြွေပေါ သောနေရာဖြစ်သည်။ သူမအရွယ်လေး နှင့် ရေအိုင်ထဲဆင်းလိုက်လျှင် ရေက ခါး အထိနက်၏။

"ကျွန်မ မြွေကြောက်တယ်၊ ရေ အိုင်ထဲမဆင်းရဲဘူး"

"ရေထဲမဆင်းရဲလို့ ကန်စွန်းရွက်ပါ မလာရင် ထမင်းမကျွေးဘူး။ မြွေကိုလာ ပြီး အကြောင်းမပြနဲ့၊ သူများတွေလည်း ဆင်းခူးနေကြတာပဲ။ ကန်စွန်းရွက်ပါ မလာရင် နင် ဒီဟာကိုကြည့်ထား"

ဒေါ်စန်းခင်က ဝါးခြမ်းပြားကို ထောင်ပြ၏။ ဖခင်ဆုံးပြီးသည့်နောက် ဒေါ်စန်းခင်သည် သူမအား ပို၍ ရက်စက်ပြလာသည်။ သူ့သမီးအကြီးမ ကပါ တစ်ခါတစ်ရံ အမေအစား ပင်နား ဝင်ရိုက်တတ်သည်။ သူမ ခေါင်းငုံ့ခံနေရုံ ကလွဲ၍ ဘာများတတ်နိုင်ဦးမည်နည်း။ နေ့စဉ်အရိုက်မခံရသောနေ့ဟူ၍မရှိဘဲ လောကငရဲအား သူမဆန်စွာပြင်း အသက်ရှင်ရပ်တည်နေရသည့် သူမ



www.burmeseclassic.com

www.burmeseclassic.com

ဘဝ။ ဒေါ်ကြီးခင်က သူမအား ခေါ်ထားချင်သော်လည်း သူတို့တောင် အနိုင်နိုင်ရပ်တည်နေရသောဘဝပေ။ မိထွေးက အသက်ဆယ်နှစ်ကျော်အရွယ် သူမအား အိမ်မှနှင်ချချင်နေသော်လည်း ပတ်ဝန်းကျင်က သည်အိမ်သည်ခြံသည် သူမ ဖခင်ပိုင်သဖြင့် သူမလည်း ပိုင်ဆိုင်သည်ဟု အသံပစ်သောကြောင့် မိထွေးက နှင်မချရဲ။ သူ့ဟာသူ အိမ်မှထွက်ပြေးသွားလျှင်ဖြင့် သူတို့ကျေနပ်ကြမည်ထင်သည်။

"ဟဲ့- လှရင်၊ ငါ့ကျောင်းစိမ်းထဘီတွေလျှော်ပေးဦး။ ကိုး(ကြေး)ပြောင်အောင်လျှော်နော်။ အငယ်မရဲ့ဂါဝန်ကိုလည်း ဟိုတစ်ခါလို ငြိပြီးစုတ်မသွားစေနဲ့။ ဒီတစ်ခါ အဝတ်အစားတွေစုတ်ပြသွားရင် နင်အသေပဲ"

အကြီးမက ထဘီကို သူထိုင်နေရာသို့ ကန်ထုတ်လိုက်ပြီး ကာတွန်းစာအုပ်တစ်အုပ်ယူ၍ အိမ်ရှေ့မှာဖတ်နေသည်။ ရေခပ်၊ ထမင်းဟင်းချက်ပြီး ခဏလေးနားမလို့ရှိသေးသည်။ အဝတ်လျှော်ခိုင်းနေပြန်၏။ အဝတ်လျှော်ပြီး ထမင်းကမန်းကတန်းစားကာ တောင်းတစ်လုံး၊ ဓားတစ်လက်ဖြင့် ကန်စွန်းရွက်သွားခူးရဦးမည်။

လောကဓံတရားသည် သူမအား အရွယ်နှင့်မမျှအောင် နှိပ်စက်လွန်းလေစွ။ ရှေးအတိတ်ဘဝက ဝဋ်ကြွေးများ ဘယ်မျှအထိပါလာသည်မသိ။ လောလောလတ်လတ် ပေးဆပ်နေရသည်က ငရဲတမျှခံနေရလွန်းသည်။ စားရပြန်တော့လည်း မိထွေးတို့သားအမိစားပြီး နောက်အကျန်တွေကို ဟင်းအိုးလူးပြီးစားရသည်။ အိပ်ရပြန်တော့လည်း သူတို့က အိပ်ခန်းထဲမှာ ခြင်ထောင်၊ စောင်တို့ဖြင့် အေးအေးလူလူအိပ်နေချိန်မှာ သူမသည် အိမ်ရှေ့ခန်း၌ မြို့သစ်၏ခြင်တပ်ကြီးများဖြင့် ရင်ဆိုင်နေရသည်။ စောင်အပြဲမလုံ့မလဲသည် သွေးဆာနေသော ခြင်တပ်ကြီး၏ အန္တရာယ်အား မကာကွယ်နိုင်ပါ။ သူမခန္ဓာကိုယ်၌ ခြင်ကိုက်ရာအဖုလေး... ဂ ပွစာကြနေသည်။ နေပူမိုးရွာမရှောင်ရှန်းကန်နေရသဖြင့် အရွယ်နှင့်မမျှအောင်ကြမ်းတမ်းနေသော၊ အညိုအမည်းစွဲနေသော ဆံပင်စုတ်ဖွားဖွားဖြင့် ကောင်မလေးတစ်ယောက် ရေအိုင်ထဲ မြွေမကြောက်၊ ကင်းမကြောက် ကန်စွန်းရွက်ခူးနေသည်ကို လမ်းသွားလမ်းလာတို့ကလည်း ဂရုမထားမိကြ။

တကယ်တော့ သူမ၏ဘဝသည် လမ်းဘေးခွေးတစ်ကောင်နှင့်မခြားလှပါချေ။ သည်လိုနှင့် သူမသည် လောကကြီးအား နာကြည်းလာခဲ့သလို မိထွေးတို့သားအမိတွေအားလည်း စိတ်ထဲက မုန်းတီးလာခဲ့သည်။ သူမ၏ နုနယ်သောနှလုံးသားလေးသည် တစ်စစီကိုးဝင်လာသောဆူးများဖြင့် ပြည့်နှက်၍လာခဲ့ပါပြီတည်း။

❑

"အညာပုံးရည်ကြီး။ ဆီးယို၊ ထန်းလျက်ခဲယူကြဦးမလား"

အသားညိုညို၊ အရပ်ရှည်ရှည်၊ အညာသူမိန်းမကြီးတစ်ယောက်သည် တောင်းတစ်လုံးရွက်ပြီး အညာကုန်လေးတွေ လမ်းထဲမှာ လာရောင်းသည်။ ဒေါ်ကြီးခင်က လှကလေး၏ ခေါင်းမှ ဒဏ်ရာကို ဆေးထည့်ပေးနေသည်။ ပါးပြင်မှာလည်း အရိုက်ခံထား၍ အညိုအမည်းစွဲနေသည်။ လှကလေးကား ငိုရှိုက်၍မဆုံးသေး။ မျက်ရည်မကျတော့သော်လည်း ရှိုက်၍ကောင်းတုန်း။ ဈေးသည်အသံကြား၍ ဒေါ်ကြီးခင် လှမ်းခေါ်လိုက်သည်။ ပုံးရည်ကြီးလေး နည်းနည်းဝယ်ချင်၍ဖြစ်သည်။ အညာသူ ဈေးသည်ကြီးက ပုံးရည်ကြီးချိန်ပေးရင်း စကားစသည်။

"အစ်မရေ၊ ဒီရပ်ကွက်ထဲမှာ လက်သမားဆရာ မောင်လှထွန်းကို ကြားဖူးသလား။ ပခုက္ကူ မြို့ဘက်က မြသွေးကို ခိုးပြေးသွားတဲ့ လက်သမားဆရာလေ"

"အမလေး - အဲဒီကလေးမလေးဟာ လှထွန်းနဲ့ မြသွေးတို့သမီးပဲ။ သူတို့နှစ်ယောက်စလုံး ကွယ်လွန်သွားကြပြီ။ ကလေးမလေးက လှထွန်းနောက်မိန်းမက နှိပ်စက်လွန်းလို့ ခေါ်ပြီးပြုစုပေးနေရတာ။ ဟို မျက်စောင်းထိုးအိမ်လေ။ ဒါနဲ့ ညည်းက ဘယ်ကလဲ။ မြသွေးတို့ပခုက္ကူဘက်ကလား"

"ကျွန်မက မြသွေးရဲ့ကြီးတော်ပါ။ ဩော်- ဒီကလေးမလေးလား။ နေပါဦး။ သူ့အဘွားအေက ရွာမှာရှိပါသေးတယ်။ သူတို့လည်း သမီးက လင်နောက်လိုက်ပြေးသွားလို့ အမေ့ပြတ်စွန့်လွှတ်ထားကြတာ။ ဟယ်- ကလေးမလေးက ခေါင်းမှာ ဒဏ်ရာကြီးနဲ့၊ ပါးမှာလည်း လက်ဝါးရာတွေ"

"အဲဒါသာကြည့်ပါအေ၊ မိထွေးက လူမဆန်ဘူး။ သားသမီးချင်းကိုယ်

ချင်းမစာနာ နှိပ်စက်နေတာပဲ ငါဖြင့် ဒီကလေးမလေးကိုကြည့်ပြီး စိတ်ထဲကမကောင်းဘူး။ ညည်းအညာပြန် ရင် သူ့အဘွားအေကိုပြောပြီး လာခေါ် လို့ ပြောလိုက်ပါအေ"

ဈေးသည် အဒေါ်ကြီးသည် တစ်စုံတစ်ခုအားစဉ်းစားပြီး ... ဖြစ်နေ၏။ လှကလေးအားကြည့်ပြီး စိတ်တသပ်သပ်ဖြစ်နေရှာ၏ ဒေါ်ခင် တို့ အိမ်ဘက်အားလည်း မီးတဝင်းဝင်း တောက်နေသောမျက်စောင်းဖြင့်ကြည့် ၏။ နောက်တော့ သူတစ်ခုခုကိုဆုံးဖြတ် လိုက်ဟန်တူသည်။ ဈေးတောင်းထဲမှ ထန်းလျက်တစ်ခဲအား ကောက်ပြီး ... ပါးစပ်ထဲပုံ့လိုက်သည်။ တစ်အောင့်နေ တော့ ပြန်ထွေးထုတ်ပြီး -

"သမီးလေး ပါးစပ်ဟ... ကြီးတော် ထန်းလျက်ကျွေးမလို့"

လှကလေးသည် သူ့အမေဘက် က အမျိုးဆိုသောအသိကြောင့် ဝမ်းသာ ပြီး ပါးစပ်အဟောင်းသားလေးဖြစ်နေ သည်။ သူမပါးစပ်ထဲသို့ ထိုအဒေါ်ကြီး ၏ တံတွေးများပေနေသော ထန်းလျက် ခဲသည် ဝင်သွားပါတော့သည်။

"ဝါးစားပြီးအမြန်မျိုချလိုက်"

ထိုအဒေါ်ကြီး၏ အမိန့်အတိုင်း လိုက်လုပ်နေမိသည်။ ဒေါ်ကြီးခင်လည်း လှကလေးတို့ဆွေမျိုးတွေတွေ့နေ... ဝမ်းသာပြီး ဘာမှမပြောနိုင်ဘဲကြည့်နေ ပါတော့သည်။

"သမီးလေး၊ ဒေါ်ကြီးသွား... မယ်။သမီးအဘွားကိုလည်းပြောပြလိုက် ပါ့မယ်။ သမီးကို သူတို့နောက်တစ်... နှိပ်စက်ကြရင် ကြောက်မနေနဲ့... သိပ်လွန်ကဲလာရင် သမီးစိတ်ထဲက... ကျိန်ဆဲလိုက်၊ ကြားလား သမီး"

ပုံးရည်ကြီးသည်ကား တောင်း လေးကိုရွက်ပြီး ထွက်သွားလေပြီ။ ... ထိုအဒေါ်ကြီးအား ငေးကြည့်နေမိသည်။ အမေတို့ရွာက သူ့အမျိုးတဲ့။ အား... လာသလို ခံစားရ၏။ အိမ်ရှေ့ တံ... ပေါ်မှ ကျီးငှက်တချို့ သူမကို ကြည့်... အာနေကြသည်။

❑

ရေအိုင်တွေထဲမှာ ကန်စွန်း... တွေနည်းလာတော့ မိထွေးက အ... ရောင်းခိုင်းပြန်သည်။ လမ်းထိပ် ဒေါ်... အကြော်တဲမှ အကြော်တွေကို ... ထည့်ပြီး အရပ်ထဲလှည့်ရောင်းခိုင်း... ဖြစ်သည်။ ရောင်းပြီးပြန်လာ...



www.burmeseclassic.com

www.burmeseclassic.com

ရှင်း၊ မကုန်လျှင်လည်း ပြန်အပ်၍ရသည်။ သူမရပ်ကွက်ထဲလှည့်ရောင်းကြည့်သည်။ အကြော်ဝယ်စားသူနည်း၏။ ဒီရပ်ကွက်တွေသည် မနက်မိုးလင်းသည်နှင့် အလုပ်ခွင်ရှိရာသို့ အလျှိုအလျှို ထမင်းချိုင့်လေးတွေဆွဲပြီးထွက်ကြသော အောက်ခြေလူတန်းစားရပ်ကွက်ဖြစ်၍ ဈေးရောင်းရတာ မကောင်းပါ။ သည်တော့ ဒဂုံ-ဇရာအဝေးပြေးဂိတ်အဝ သစ်ပင်ရိပ်မှာထိုင်ပြီး ရောင်းသည်။

"အကြော်စုံတွေရမယ်၊ ဝယ်စားကြပါဦးတော့"

ကားစက်သံများကြားမှ သူမ၏ အကြော်ရောင်းသံစူးစူးလေးက ငုပ်ချည်ပေါ်ချည်။

"ဟဲ့ကောင်မလေး၊ နင့်အကြော် တစ်ခုဘယ်လောက်လဲ"

အရက်မူးနေဟန်တူသောလူတစ်ယောက် ယိုင်ထိုးပြီး အကြော်ဗန်းရှေ့လာရပ်သည်။ အကြော်ဝယ်စားမည့်သူလာ၍ ဝမ်းသာသွား၏။

"တစ်ခု ငါးဆယ်ပါ ဦးလေး။ အကြော်တွေက ပူပူနွေးနွေးလေးပါ။ ဗယာကြော်၊ ကြက်သွန်ကြော်၊ ပဲတပ်ကြော်၊ ဘူးသီးကြော် အစုံပါပါတယ်။ စားကြည့်ပါလား ဦးလေး"

"တစ်ရာဖိုး သုံးခုရမလား"

"မရပါဘူး ဦးလေးရယ်၊ တစ်ခုရောင်းမှ တစ်ဆယ်တည်းမြတ်တာပါ"

"အောင်မာ - လူလေးက လက်တောက်လောက်နဲ့ စကားကတတ်တယ်။ ရရမရရ သုံးခုယူမယ်။ ရော့ ငွေတစ်ရာ"

"မလုပ်ပါနဲ့ ဦးလေးရယ်၊ ပိုက်ဆံလျော့ရင် ကျွန်မအိမ်အပြန်အရိုက်ခံရပါမယ်"

"နင့်ဟာနင် အရိုက်ခံရလို့မကသေပဲသေသေ ငါအကြော်သုံးခုယူသွားပြီ"

"ဦးလေးကြီး မလုပ်ပါနဲ့၊ ကျွန်မအကြော်တွေပြန်ပေးပါ"

အမူးသမားကား အကြော်သုံးခုနှိုက်ယူပြီး တစ်ရာတန်နွမ်းနွမ်းတစ်ချပ် ပစ်ချ၍ ယိုင်ထိုးထိုးနှင့်ထွက်သွားလေ၏။

သူမ မျက်ရည်ပေါက်ခနဲကျလာ၏။ မိထွေး၏ အပေါက်ဆိုးဆိုးမျက်နှာ၊ ထက်ဆိုးထိုးသံ ဆဲရေးသံများနှင့် ဝါးခြမ်းပြားတို့အား မျက်စိထဲမြင်ယောင်လာမိသည်။ ဒေါသဖြစ်လာသဖြင့် နှုတ်မှ ထွက်ခနဲထွက်သွားမိ၏။

"သူများပစ္စည်း အလကားလိုချင်တဲ့လူကြီး ကားတိုက်ပါစေတော်"

ထိုစဉ် -

ကွန်တိန်နာကားတစ်စီး စက်မှုဇုန်ဘက်မှ အရှိန်ပြင်းပြင်း မောင်းလာနေ၏။ အမူးသမားက လမ်းဖြတ်ကူးလိုက်သည်။

"ကျွီ ကျွီ ဝုန်း ဒုန်း"

"ဟာ - ကားတိုက်သွားပြီ။ ဟိုမှာ လူတစ်ယောက် လမ်းဘေးရေအိုင်ထဲ လွင့်ကျသွားတယ်"

တိုက်သွားသောကုန်တင်ကားကြီးက မရပ်ဘဲ မောင်းပြေးသွားသည်။ ဆိုက်ကားဂိတ်မှလူတွေ ပြေးထွက်လာပြီး ရေအိုင်စပ်မှာလဲနေသောသူဆီသို့ ပြေးသွားကြ၏။ ထိုသူသည် သွေးချင်းချင်းနီနေ၍ သတိမရတော့ပါ။ ကားလမ်းစပ် ဖုတ်တောထဲမှာက အကြော်လေးသုံးခုသည် ပြန့်ကျဲလျက်။

❑

"ဟဲ့ - နေ့ခင်းတစ်နာရီထိုးနေပြီ။ ဒီအကြော်လေးတောင်မှ ကုန်အောင်မရောင်းနိုင်ဘူး။ နင်ဘယ်ကိုအလေလိုက်နေတာလဲ။ ဈေးမရောင်းဘဲ တစ်နေရာမှာ သွားအိပ်နေတယ် မဟုတ်လား။ နင့်ကို ပိုက်ဆံမရဘဲ ထမင်းအလကားကျွေးမထားနိုင်ဘူးဟဲ့"

"ကျွန်မလည်း မကုန်ကုန်အောင် အော်ရောင်းပါတယ် အမေကြီးရယ်။ လူတွေက ဝယ်မစားကြလို့ပါ"

"တော်တော်အသုံးမကျတာဘဲ။ ဈေးရောင်းခိုင်းလို့ အလုပ်မဖြစ်ရင် နင့်ကိုခွက်တစ်လုံးပေးပြီးတောင်းခိုင်းမယ်"

"ဟုတ်တယ် အမေ၊ သူ့တောင်းစားလုပ်ခိုင်းလိုက်။ အဲဒါကမှ ပိုက်ဆံရဦးမယ်"

ဒေါ်စန်းခင်၏ ဆူပူကြိမ်းမောင်းသံကြားထဲမှ သူ့သမီးတွေကပါဝင်၍ မီးထိုးပေး၏။ သူမဦးခေါင်းအနှံ့မှာလည်း မိထွေး၏ စိန်ဗေဒါထက် လက်သံပြင်းသည့်ခေါက်ချက်များကြောင့် မူးနောက်၍နေပါချေပြီ။ ဆံပင်များဆောင့်ဆွဲခံရသဖြင့် တော်တော်နာနေ၏။

"သွား၊ အိမ်ရှေ့သစ်ပင်အောက်မှာ သွားထိုင်နေ။ ငါတို့ ထမင်းစားပြီးမှ နင့်ကိုကျွေးမယ်။ မပိုလို့ကတော့ ဒီအတိုင်းအငတ်နေ"

သူမ ငိုရှိုက်ပြီး သစ်ပင်အောက်မှ ငုတ်တုတ်လေးထိုင်နေရ၏။ တစ်မနက်လုံး ဈေးလှည့်ရောင်းရသဖြင့် ဗိုက်ထဲမှ ဆာလောင်နေသည်မှာ တကျွတ်ကျွတ်နှင့် မီးရထားဆယ်စင်းလောက် ခုတ်မောင်းနေသည်ထင်ရသည်။ စိတ်ထဲမှ ခံပြင်းလာ၍ နှုတ်မှ စကားသံတချို့ အန်ထွက်လာသည်။

"ငါ့ကို ထမင်းမကျွေးသလို သူတို့လည်း ထမင်းငတ်ပါစေတော်"

သူမအိမ်ရှေ့သို့ငေးနေစဉ် အိမ်ထဲမှအသံတွေ ဆူညံစွာထွက်ပေါ်လာသည်။

"အမေရေ လုပ်ပါဦး။ ထမင်းဝိုင်းပြင်ထားတာ ခွေးတက်စားသွားလို့ ကုန်ပါပြီ။ ဘာမှမရှိတော့ဘူး။ ဘယ်ကခွေးဝင်စားသွားလဲမသိဘူး"

"ဟုတ်ပါ့အေ၊ ဟင်းပန်းကန်မပြောနဲ့ ထမင်းဇလုံထဲမှာတောင်ထမင်းတစ်စေ့တောင်မကျန်အောင် စားသွားတာ။ ဘယ်အလေအလွင့်ခွေးမသာဝင်စားသွားလဲမသိဘူး။ ထမင်းတစ်လုံးအမြန်ပြန်ချက်၊ ဟင်းကတော့ အကြော်ပဲ ဝယ်စားရတော့မယ်"

မိထွေးနှင့်သူ့သမီးများ၏ အော်ဟစ်ပြောဆိုနေသံများကို ကြားလိုက်ရ၍ မျက်ရည်များကြားမှ ရယ်မိသည်။ အိမ်မျက်စောင်းထိုးမှ ဒေါ်ကြီးခင်က တိတ်တိတ်လေး လက်ယပ်ခေါ်သည်။ သူမကို ထမင်းခေါ်ကျွေးတော့မည်မှန်း သိလိုက်ရပါသည်။ သူမ ပျော်ပါးစွာဖြင့် ဒေါ်ကြီးခင်တို့အိမ်ဘက်ကူးသွားလိုက်သည်။

❑

နေ့လယ် တစ်နာရီခန့်ရှိပြီ ဖြစ်သည်။ သူမ ဈေးရောင်းပြန်လာပြီး အိမ်သို့မဝင်သေးဘဲ ဒေါ်ကြီးခင်တို့အိမ်ရှေ့ ခြံဝမြောင်းကူး ခုံတန်းလေးမှာထိုင်နေမိသည်။ အရပ်တကာ ဈေးလှည့်ရောင်းလာရသဖြင့် ခြေသလုံးကြွက်သားများ ညောင်းချည့်နေကာ ဖိနပ်ပေါက်သည့်အတွက် ခြေဖမိုး၌ အရည်ကြည်ဥလေးများတည်နေ၏။ ဒေါ်ကြီးခင်က ဆေးယူလာပြီး ဖိနပ်ပေါက်သည့်ဒဏ်ရာအား ဆေးလိမ်းပေးသည်။ သူမ၏ မျက်နှာ နုနုငယ်ငယ်သည် နေလောင်သောကြောင့် ပြာနှမ်းစပြုလာနေသည်။ နဖူးပေါ်မှ ချွေးစက်များသည် သနပ်ခါးပေါ်မှာ ကွက်ကျားစီးကျနေ၏။

ကျောင်းလွှတ်ချိန်ဖြစ်၍ မိထွေး၏ သမီးနှစ်ယောက် လမ်းထဲသို့ပျော်ရွှင်စွာ ပြန်လာကြသည်။ အကြော်ဗန်းဘေးချ၍ နားနေသောသူမအား မြင်သွားကြ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ဟားတိုက်ရယ်ကြရင်း ကျောင်းလွယ်အိတ်များကို ခါယမ်းပြီး သူမကို လှောင်ပြောင်ကြ၏။ ကျောင်းမနေရလို့ ဝမ်းမနည်းမိပေမယ့် ယခုလို လှောင်ပြောင်ခံရသောအခါ ခံပြင်းစိတ်ဖို့ကြောင့် ဒေါသစိတ်တို့က ရင်ထဲမှာ အလိပ်လိပ်တက်လာကြ၏။ အငယ်မလေးက လျှာထုတ်ပြရင်း ထွီခနဲ တံတွေးထွေးသွားသည်။ အကြီးမက သူမကို လက်ညှိုးထိုးရင်း လက်ဝါးထောင်ပြ၏။

သူမသည် ကလေးစိတ်သာရှိသေးသော မိန်းကလေးငယ်တစ်ယောက်ဖြစ်သည်။ သူမနှင့် အရွယ်မတိမ်းမယိမ်း မိထွေး၏သမီးများက ဤကဲ့သို့လှောင်သွားကြသောအခါ စိတ်ထဲက ဘာရယ်ကြောင့်မဟုတ်ဘဲ ဒေါသအလျောက် နှုတ်မှလွှတ်ခနဲ စကားတချို့ထွက်သွားမိတော့သည်။ သူမတို့အိမ်အဝင် မြောင်းအကူးတံတားလေးက ခနော်ခနဲ့။မြောင်းက လမ်းဖို့ရန်တူးထားသည့်အတွက် ပေါင်လယ်ခန့်ရေအနက်ရှိပြီး ငါးပေခန့်ကျယ်သည်။

"တံတားကျိုးပြီး ရေထဲကျပါစေတော်။ စိတ်ထားပုပ်တဲ့ဟာမတွေ"

မိထွေး၏သမီးနှစ်ယောက် သူမကိုလှောင်ပြောင်ဟားတိုက်ပြီး အိမ်သို့အဝင် တံတားပေါ်အကူး-

"ဟဲ့-သမီးလေး၊ သူများကိုအဲဒီလို မပြောရဘူးလေ။ သူတို့ဘယ်လိုဆိုးဆိုး ခွင့်လွှတ်စိတ်မွေးမှပေါ့"

"မဟုတ်ပါဘူး ဒေါ်ကြီးရယ်၊ နေ့ရှိသရွေ့ သမီးအပေါ် အနိုင်ကျင့်လိုက်၊ နှိပ်စက်လိုက်နဲ့ အခုလည်း သူတို့က ကျောင်းနေရပြီး သမီးမှာ ဈေးရောင်းနေရတာကိုတောင် လှောင်နိုင်ကြသေးလို့ပါ။ သမီးအရမ်းစိတ်ဆင်းရဲရတယ်"

သူတို့စကားမှမဆုံးသေး -

"ဂွတ် ဂွတ် ဝုန်း"

အမလေး - အမေရေ လုပ်ပါဦး"

သူမတို့အိမ် အဝင်တံတားလေးသည် နှစ်ပိုင်းကျိုး၍ မိထွေး၏သမီးနှစ်ယောက်မှာ ရေမြောင်းထဲယက်ကန်ယက်ကန်ဖြစ်နေကြ၏။ ကျောင်းစိမ်းဝတ်စုံများမှာ ရွှံ့ဗွက်များလူး၍ နှစ်ဦးလုံး ကန်စွန်းရိုး၊ ကနဖော့ရွက်များငြိတွယ်ပြီး လူမြင်မကောင်းတော့။ မိထွေးသည် အိမ်ထဲမှ ပြေးထွက်လာပြီး သမီးနှစ်ယောက်အား ဆွဲတင်ရသည်။ စောစောက ဟားတိုက်နေကြသော ညီအစ်မမှာ ယခုတော့ ငိုမဲ့မဲ့ဖြင့် ရေစည်ပိုင်းဘေးမှာထိုင်ပြီး ရေလောင်းခံနေရသည်။

ဒေါ်ကြီးခင်သည် သမီးလေးတစ်ယောက်လို ခင်တွယ်ရသော လှကလေးအား စေ့ငုစွာကြည့်မိသည်။ သည်မိန်းကလေး နှုတ်များစီးနေသလား၊ တိုက်ဆိုင်မှုလား၊ အညာက သူကြီးတော်ဆိုသူဟာဘာလဲ၊ အင်း - မဖြစ်နိုင်ပါဘူးလေဟုတွေး၍သက်ပြင်းချရင်း သူမကိုနောက် သူများအား ယခုလို ကျိန်စာမတိုက်ဖို့ ဆုံးမနေမိပါတော့သည်။

❑

သူမတို့ရပ်ကွက်ထိပ် ကုန်စုံဆိုင်မှာ နတ်ကနားပွဲပေးနေသည်။ ဆိုင်းသံဗုံသံများမြူးကြွလျက် နတ်ဝင်သည်များ ကခုန်နေကြသည်။ ဒေါ်ကြီးခင်လည်း နတ်ကနားပွဲအား ဝါသနာပါ၍ သွားကြည့်သည်။ ဝိုင်းကြည့်နေကြသော ပရိသတ်ထဲမှာ အကြော်ဗန်းကလေးရွက်ပြီး နတ်ကရာ ကြည့်မောနေသူက လှကလေး။ နတ်တစ်ပါးဝင်လာလိုက် ပြန်ထွက်သွားလိုက်ဖြင့် နတ်ကတော်သည် အလုပ်ရှုပ်နေ၏။

မကြာမီ ထိုအိမ်မှ အဒေါ်ကြီးတစ်ယောက် အဝတ်နက်ခြုံ၍ ခေါင်းမှာ ပဝါအနက်စပတ်ပြီး လက်ဝါးနှစ်ဖက်ကို ပူး၍ တစ်ကိုယ်လုံး တုန်ခါစွာ နတ်ဝင်လာသည်။ ဆိုင်းဆရာများက အမေရေယဉ်တဲ့ပေ့ဟု အော်ကြပြီး ဆိုင်းကို မြူးကြွစွာ တီးမှုတ်ကြပါတော့သည်။ ထိုမိန်းမကြီးသည် ဓားနှစ်လက်အား ဘယ်၊ ညာကိုင်၍ လှပစွာ ယိမ်းနွဲ့ပြီး ကနေသည်။ ဘေးမှာဝန်းရံနေကြသူတွေက လည်း အမေအမိန့်ရှိပါဟု ဝိုင်းဝန်း၍ တောင်းပန်နေကြသည်။ ထိုမိန်းမကြီးသည် တုန်ယင်စွာဖြင့် စကားတွေပြောပြီး ထိုအိမ်မိသားစုအား မိန့်ခွန်းတွေခြွေနေသည်။ ပြီးတော့ ပရိသတ်ဘက် မျက်နှာလှည့်လာသည်။ မိန်းမကြီး၏ မျက်နှာသည် နတ်မဝင်ခင်ကပုံမျိုး မဟုတ်တော့။ လွန်စွာ ကြောက်မက်ဖွယ်ကောင်းနေ၏။ ဝင်းဝင်းတောက်နေသောမျက်လုံးများက ပရိတ်သတ်ကြားမှ အကြော်ဗန်းရွက်ထားသော လှကလေးဆိုသည့် သူငယ်မလေးအား တွေ့သွားသည်။

"သမီးတော်လေး၊ အမေ့အနားကို လာစမ်း"

နတ်ကနေသည့် မိန်းမကြီးက လက်ညှိုးထိုးပြီး အမိန့်ပေးသောအခါ ဘေးမှဝန်းရံနေကြသောသူများသည် လှကလေးအား အထူးအဆန်းသဖွယ်

ဝိုင်းကြည့်ကြသည်။

"လှကလေး၊ အကြော်ဗန်းတို ကြီးတော်ကြီးကိုပေးခဲ့၊ အမြန်သွားလိုက်"

ဒေါ်ကြီးခင်က ပြောပြောဆိုဆို လှကလေးခေါင်းပေါ်မှအကြော်ဗန်းလေး အားယူလိုက်သည်။ လှကလေးသည် မအူမလည်ဖြင့် နတ်ပွဲအလယ်ရောက် သွားသည်။

နတ်ဝင်သည် မိန်းမကြီးသည် လှကလေး၏ ဦးခေါင်းအား လက်ဝါး နှစ်ဖက်ဖြင့်အုပ်ကိုင်ပြီး -

"ငါ့မြေးကို ပညာစခန်းတက်ပေး ရမယ်။ မောက်လုံး၊မောက်ပြား၊ဇော်ဝန်း ဇော်ဂနက်၊ ကဝေတို့၏အခေါင်အချုပ် ငါမယ်တော်ကြီးအမိန့်။ ဒီနေ့မှစ၍ ငါ့ မြေးတော်လေး ပညာစခန်းတက်ပြီ၊ ဒီနေ့မှစ၍ ကြံတိုင်းအောင် ဆောင် တိုင်းမြောက် ကြိုးအမျိုးမျိုးကိုပိုင်စေ ကဲ - ပါးစပ်ဟစမ်း"

လှကလေးက ယောင်ပြီး ပါးစပ် ဟပေးလိုက်၏။ ထိုမိန်းမကြီးသည် လှကလေး၏ ပါးစပ်အတွင်းသို့ တံတွေး တစ်ချက်ထွေးလိုက်ပြီး ရေစင်ခွက် တောင်းကာ လှကလေးအား တိုက်၏။ ပြီးတော့ လက်ကျန်ရေများဖြင့် လှကလေး ၏ မျက်နှာသို့ ပက်ချလိုက်သည်။

သူမတစ်ကိုယ်လုံး ထူပူသလိုဖြစ် သွားပြီး မူးနောက်လာ၏။ ထိုမြင်ကွင်း ကိုမြင်တွေ့နေရသော ဒေါ်ကြီးခင်သည် ရင်တုန်ပန်းတုန်ဖြစ်လာ၏။ လှကလေး သည် သူထင်ထားသလိုမျိုး ပညာတွေ အမွေရနေပြီလား။ အခုလည်း ရေယဉ် ကတော်ဆိုသည့်နတ်က အဆင့်တွေ မြှင့်ပြီး ကြိုးတွေအပ်နေပါပြီ။ ငါ့မြေး ဒုက္ခရောက်တော့မည်လား။နတ်ကတော် ကြီးက သွားတော့ဟုပြောပြီး လှကလေး အား ဆောင့်တွန်းလိုက်သည်။ သူမ ချာလည်လည်၍ ပရိသတ်ထဲပြန်ရောက် လာသည်။ ဒေါ်ကြီးခင်ကြည့်လိုက်တော့ လှကလေး၏မျက်လုံးအစုံသည် မီးဝင်း ဝင်းတောက်လျက်။ လှကလေးအား လက်ဆွဲခေါ်ပြီး သူ့အိမ်သို့ ခေါ်ခဲ့သည်။

"သမီးလေး မကောင်းတဲ့စိတ်တွေ မမွေးနဲ့နော်။ လူတွေအပေါ် ခွင့်လွှတ် စိတ်မွေး သိလား"

"သမီးက အခုဘာဖြစ်နေလို့လဲ ကြီးတော်"

"သမီးလေး ဘာမှမသိပေမယ့် အမေသိနေပါတယ်ကွယ်"

လမ်းထဲဝင်လာတော့ ကျီးမ လှကလေးအားကြည့်ပြီး ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ လမ်းထဲမှ ခွေးလေခွေးလွင့်တစ်အုပ်က လှကလေးအား ဝိုင်းဟောင်ကြသည်။ သို့သော် အနားသို့မကပ်ရဲကြ။

❑

"သွား- အခုချက်ချင်း အိမ်ပေါ်တဆင်း၊ နင်အားကိုးတဲ့အိမ်မှာသွားနေ။ မလောက်လေးမလောက်စားလေးတ ငါ့ကိုခဲပြောနေတယ်။ နင့်အဖေအိမ်ဆိုပေမယ့် ငါလင်အိမ်၊ လင်သေသွားရင် မယားပိုင်တယ်။ ဈေးရောင်းခိုင်းတော့လည်း ဖြစ်မြောက်အောင် မရောင်းနိုင်ဘူး။ အိမ်ဖော်လုပ်ခိုင်းတော့လည်း မလုပ်ဘူးတဲ့။ နင့်ကိုထမင်းကျွေးမထားနိုင်ဘူး။ သူကများပြောရတယ်ရှိသေး၊ သူ့အဖေအိမ်ကမှဆင်းနိုင်ဘူးတဲ့"

မိထွေး၏ အယုတ္တအနတ္တဆဲသံများသည် အိမ်ထဲမှလျှံပြီး လမ်းပေါ်သို့ ပျံ့လွင့်လာသည်။ သူမသည် တစ်ကိုယ်လုံး အရှိုးရာများဖြင့် ငိုယိုပြီး အိမ်ပြင်သို့ ထွက်လာ၏။ ဒေါ်ကြီးခင်တို့ခုံတန်းလေးမှာထိုင်ပြီး ရှိုက်၍ငိုနေရှာသည်။ မိထွေးသည် သူမအား အိမ်မှာမထားလိုတော့။ ပိုက်ဆံချမ်းသာသည့်အိမ်တစ်အိမ်၌ အိမ်ဖော်လုပ်ခိုင်းပြီး သူ့ကိုအိမ်မှထွက်သွားရအောင်လုပ်နေလေပြီ။ ပြီးတော့ သူတို့မိသားစုအိမ်ကိုရောင်းပြီး ခြေရာဖျောက်လစ်ကြတော့မည်။ ဒါကိုရိပ်မိ၍ သူမက ငြင်းနေခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်ရပြန်တာလဲ သမီးလေးရယ်၊ အရိုက်ခံထားရတာလည်း မြင်မကောင်းပါလား။ လာ၊ လာ - ကြီးတော်ကြီးဆေးထည့်ပေးမယ်"

ဒေါ်ကြီးခင်ကချော့လေ သူမမှာ ပို၍ဝမ်းနည်းလာပြီး ငိုရှိုက်လေဖြစ်၏။ သူမရင်ထဲမှဒေါသစိတ်တို့သည် အရွယ်နှင့်မလိုက်အောင် ပေါက်ကွဲထွက်လာ၏။ သူမ မတ်တတ်ရပ်လိုက်ပြီး အိမ်ကိုလက်ညှိုးထိုး၍ ဒေါသတကြီး ရေရွတ်လိုက်ပါတော့သည်။

"အိမ်ကြီးမီးလောင်ပြီး ဒီမိန်းမကြီးအဖမ်းခံရပါစေတော်"

"ဟဲ့-သမီးလေး၊ ဘာတွေလျှောက်ပြောနေတာလဲ။ ဖွဟဲ့လွဲပါစေဖယ်ပါစေ သမီးလေးရယ်။ စိတ်ကောင်းကောင်းထားပါ။ လာ - ဆေးထည့်ရအောင်"

လှကလေးအား ဒေါ်ကြီးခင်ဆေးထည့်၍မဆုံးခင်မှာပင် -

"မီးဟေ့ မီး၊ မီး"

ဘေးအိမ်မှလူတွေ အလန့်တကြားအော်သံကြောင့် အပြင်ကိုကြည့်လိုက်တော့ လှကလေးတို့အိမ်မီးဖိုချောင်ဘက်မှ မီးခိုးလုံးကြီးတက်လာနေသည်။ မီးတောက်သည် ကြီးသထက်ကြီးလာပြီး ခနီမီး၊ ဝါးထရံကာ ထိုအိမ်လေးအား ဝါးမျိုသွားပါတော့သည်။ ထူးဆန်းသည်က ဘေးအိမ်များအား ကူးစက်ခြင်းမရှိ။ လူတွေက ဘေးအိမ်များမှ ရေဖြင့်ဝိုင်းပက်ကြ၏။ မိထွေးနှင့်သမီးနှစ်ယောက်သည် ကိုယ်လွတ်ရုန်းပြေးထွက်လာကြပြီး အရှုံးမီးဝိုင်းပမှာ အော်ဟစ်အကူအညီတောင်းနေကြသည်။ မီးသတ်ကားများရောက်လာပြီး မီးငြိမ်းသတ်လိုက်သောအခါ အိမ်လေးသည် နတ်တိုင်ပင်မရှိတော့။ မီးခိုးတလူလူဖြင့် ပြာပုံအတိဖြစ်သွား၏။

ရဲစခန်းက မိထွေးအား မီးပေါ့ဆမှုဖြင့်ဖမ်းသွားကြသည်။သမီးနှစ်ယောက်ကား မျက်စိသူငယ်ဖြင့် ပြာပုံဘေး၌ ငုတ်တုတ်လေးထိုင်ပြီးကျန်ရစ်ခဲ့ကြသည်။

သူမကိုကြည့်လိုက်တော့ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် အိမ်ကိုစူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ဒေါ်ကြီးခင် လှကလေးအားသည်လိုထား၍မဖြစ်တော့။ လှကလေးသည် ရင်ထဲမှာဆူးများပြည့်နှက်နေသော မိန်းကလေးတစ်ယောက်ဖြစ်မှန်းမသိဖြစ်နေပါချေပြီ။ ထို့ကြောင့် ညောင်တုန်းကားလမ်းမကြီးအနီး ကွင်းထဲတောအုပ်လေးမှ တောရကျောင်းဆရာတော်ထံသို့ခေါ်သွားပါတော့သည်။

"တပည့်တော်မ လျှောက်တင်ခဲ့တာ အမှန်တရားတွေပါပဲ အရှင်ဘုရား။ သမီးလေးကို ပြန်ကောင်းလာအောင် ကူညီပေးပါဘုရား။ ဒီလိုမှမဟုတ်ရင် လှကလေးဟာ ငရဲပြည်ကို ဖောက်ထိုးဆင်း ရပါလိမ့်မယ်"

ဆရာတော်သည် ကျုံ့ကျုံ့လေး ထိုင်နေသောလှကလေးအား စိုက်ကြည့်နေသည်။ လှကလေးကား မလှုပ်မယှက်ခေါင်းငုံ့ပြီးထိုင်နေသည်။

"ကလေးမလေးကဘာမှမသိဘူး။ သူ့ကို ပညာသည်တစ်ယောက်ကဖူးသွင်းသွားတာ၊ သူကခံရတာတွေများလာတော့ တစ်ခါတစ်ရဲ ဒေါသထွက်ပြီး နှုတ်ကဘာဖြစ်ပါစေညာဖြစ်ပါစေဆိုပြီး ပြောတော့ ဝမ်းတွင်းစုန်းတို့တန်ခိုးအတိုင်း အကုသိုလ်များတဲ့သူတွေထိကုန်ရော။ ကိစ္စမရှိပါဘူး။ ဘုန်းကြီးအစွဲချွတ်ပေးမယ်။ လာ - သမီးလေး ဒီနားကို"

ဆရာတော်က အင်းတစ်ချပ်ကို ပြာချပြီး လှကလေးအားတိုက်သည်။ အင်းသောက်လိုက်သည်နှင့် လှကလေးသည် လူးလှိမ့်ပြီးအော်ဟစ်နေရသည်။ တစ်အောင့်လောက်ကြာပြီးငြိမ်သွားတော့ ပန်းကန်လုံးထဲ ဆေးလုံးနီလေးတစ်လုံး ထည့်၍ ရေဖျော်ပြီးတိုက်ပြန်သည်။ လှကလေးရှေ့မှ ထွေးခံတစ်လုံးထိုးပေးလိုက်သည်။ တပွက်ပွက်အန်ကျလာသည်က အမဲသားအစိမ်းများ၊ဆံပင်ခြည်မွေးများ ထွေးခံထဲမှာမြင်မကောင်း။

"သူ့ပညာတွေကတော့ကုန်သွားပါပြီ။ ဘုန်းကြီးအမိန့်ပြန်ပြီး ချည်မန်းကွင်းစွပ်ပေးလိုက်မယ်။ အင်း - အချိန်မီသေးလို့။ သူ့ကို မယ်တော်တွေက ကြိုးတွေအဆင့်တက်ပေးထားတာ ကြာလာရင် ဆယ့်နှစ်ကြိုးအဆင့်ရောက်သွားမယ်။ သူလည်း လူကြီးဖြစ်သွားရင် ဒီပညာတွေကို ခုံမင်သွားပြီး အစွဲချွတ်ဖို့လွယ်မှာမဟုတ်တော့ဘူး"

လှကလေး၏ ခန္ဓာကိုယ်ထဲမှ မကောင်းသည့်အရာတွေကုန်စင်သွားတော့ သူမသည် ကြည်ကြည်လင်လင်ဖြင့် ထိုင်နိုင်လာသည်။

"သမီးလေး၊ ခိုကိုးရာမဲ့ဖြစ်နေရင် သာသနာ့ဘောင်ထဲဝင်ပြီးသီလရှင်ဝတ်မလား"

ဆရာတော်ကြီး၏ မိန့်ကြားချက်ကြောင့် လှကလေး၏ မျက်လုံးထဲမှာ ဒါနဆန်များ မေတ္တာရပ်ပါတယ်ရှင့်ဟူသော သီလရှင်လေးများကို မြင်ယောင်လာသည်။ သာသနာ့အနွယ်ဝင်သီလရှင်တို့၏ မအေးငြိမ်းသောဘဝကို တွေးမိသည်။ သွက်လက်စွာဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။

များမကြာမီ ရန်ကုန်မြို့စွန်တွင်ရှိ သီလရှင်ကျောင်းတစ်ကျောင်းတွင် ဦးပြည်းစိမ်းစိမ်း၊ သန့်ပြန့်သောအသားအရေဖြင့် သီလရှင်လေးတစ်ပါး သီတင်းသုံးနေသည်ကို တွေ့ကြရသည်ဖြစ်ပါသည်။ ကျက်သရေရှိလှသော သီလရှင်ဝတ်စုံလေးဖြင့် လှကလေး၏ တည်ငြိမ်နေသောဘဝကိုကြည့်ပြီး ဒေါ်ကြီးခင်၏ မျက်ရည်တို့ ပါးပြင်ပေါ်တွင် တပေါက်ပေါက်ကျလာ၏။ သည်တစ်ခါ ကျရသောမျက်ရည်တို့သည် သူမဘဝအတွက် အေးချမ်းသောမျက်ရည်များဖြစ်ပါတော့သည်တကား။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၅ ခုနှစ်က ကျွန်တော် အောက်ချိုင့်ဆီအုန်းခြံတာဝန်ခံအဖြစ် ကော့သောင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ကြုံဆုံခဲ့သော အဖြစ်အပျက်များ ဖြစ်ပါသည်။

ကျွန်တော် ထိုဆီအုန်းခြံသို့ တာဝန်ခံအဖြစ်ရောက်ရှိပြီး မကြာခင်ကာလ၌ပင် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ စေလွှတ်သော ဆီအုန်းစက်ရုံ စီမံကိန်းတည်ဆောက်ရေးအတွက် စက်မှု (၁) မှ ဝန်ထမ်းများ ကိုကိုကြီးဇက်ရေယာဉ်ဖြင့် ရောက်ရှိလာကြပါသည်။ ရေယာဉ်မှူးက ဗိုလ်မှူးချစ်ဆွေဖြစ်ပြီး ကျွန်တော်၏စခန်းသို့ ဝန်ထမ်းများအား လိုက်ပါပို့ဆောင်ပေးစဉ် ကျွန်တော်နှင့် သိကျွမ်းခင်မင်ခဲ့ရသည်။ ကျွန်တော်ကလည်း ဗိုလ်မှူးစားချင်သည်ဟူသော တောဝက်တစ်ကောင်ကို ကိုယ်တိုင်ပစ်ပေးပြီး လက်ဆောင်ပေးလိုက်ပါသေးသည်။ ထို့ကြောင့် ဗိုလ်မှူးကလည်း ကော့သောင်းမြို့တွင် ဆိုက်ကပ်ထားသည့် သူ၏ ကိုကိုကြီးဇက်ရေယာဉ်ကို လဲမွန်စခန်းဆိပ်ကမ်းသို့ ပစ္စည်းများပို့ရန်အတွက် ဝင်ရောက်ရန်နေရာမသိသောကြောင့် ကျွန်တော့်အား သူ၏ကိုကိုကြီးဇက်ရေယာဉ်ကိုစီးရင်း လမ်းပြအပန်းဖြေရန် ဖိတ်ခေါ်ပါသည်။ ထို့ကြောင့်

ဗိုလ်မှူးက သူ၏ ဝန်ထမ်းများအား အကျဉ်းဌာနဝန်ထမ်းမဟုတ်သော်လည်း ကျွန်တော်တို့ ဌာနဝန်ထမ်းများနှင့်တစ်တန်းတည်းထား၍ ခင်ခင်မင်မင် ဆက်ဆံရန်လည်း မေတ္တာရပ်ခံပါသည်။ ထို့ပြင် ခေါင်းဆောင်ဖြစ်သော SAE ဦးညက်ဝေ ဆိုသူမှာ လွန်စွာသဘောကောင်းပြီး ထူးဆန်းသောလူတစ်ဦးဖြစ်ကြောင်း၊ ပေဒင်လက္ခဏာအကြားအမြင် ဟောပြောရာတွင် လွန်စွာ ဂမ္ဘီရဆန်ပြီးမှန်ကန်ကြောင်း၊ အရပ်အမောင်းမှာ (၆) ပေ (၂) လက်မရှိ၍ မြန်မာ့လက်ရွေးစင် ဘောလီဘောသမားဟောင်းတစ်ဦးဖြစ်ကြောင်းကိုလည်း ပြောပါသည်။

ထို့ကြောင့် ကျွန်တော် လဲမွန်ဆိပ်ကမ်းတွင် ဗိုလ်မှူးတို့ စက်မှု (၁) အဖွဲ့အား



ကျွန်တော်၊ ဗိုလ်မှူးနှင့် ကော့သောင်းဆိပ်ကမ်းမှ လဲမွန်ဆိပ်အထိ သူ၏ဇက်ရေယာဉ် ကိုကိုကြီးအားစီးရင်း အရက်အတူသောက်၍သွားကြရာ ပဋ္ဌာန်းဆက်ရှိသူများဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးအလွန်ခင်မင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့ပြီး ကျွန်တော်၏ အောက်ချိုင့် ခြံစခန်းသို့ ဆိုင်ကယ်ကြုံ ဖြင့် ပြန်ခဲ့ပါသည်။ ညနေစောင်းအချိန် အခါ ဖြစ်ပါသည်။ ကျွန်တော် ရေမိုးချိုး၊ အဝတ်အစားလဲ၍ အနားယူနေစဉ် ဧည့်သည်လာသည်ဟု အောက်ထပ်သို့ ဆင်းခဲ့ပါသည်။ ရုံးခန်းအောက်ထပ်ရှိ ကျွန်တော်၏ အလုပ်စားပွဲရှေ့တွင်ရှိသည့် ကုလားထိုင် (၂)လုံးတွင် လူ(၂)ဦး ထိုင်နေသည်။ (၂) ဦးစလုံး စက်မှု (၁) အဝတ်အစား နက်ပြာရောင်ယူနီဖောင်း ကိုယ်စီနှင့်ဖြစ်သည်။ တစ်ဦးက အသားဖြူဖြူ၊ အရပ်ကောင်းကောင်း၊ လက်ရုံးလက်ဖျံ ထွားထွားကျိုင်းကျိုင်းနှင့် ကက်ဦးထုပ်အဖြူကိုဆောင်းထားပြီး နောက်တစ်ဦးကတော့ စက်မှု (၁) အပြာရောင် ယူနီဖောင်းကို ဝတ်ထားပြီး လျှာထိုးဦးထုပ်အပြာရောင်ကိုဆောင်းထားသည့် ကုလားလူမျိုး ဖြစ်သည်။ ကျွန်တော် ကုလားထိုင်တွင် ထိုင်လိုက်တော့ သူတို့ (၂)ဦးက မတ်တတ်ထ၍ အမည်များပြောကာကျွန်တော်နှင့် လက်ဆွဲနှုတ်ဆက်ကြသည်။ အရပ်မြင့်မြင့်၊ ထွားထွားကျိုင်းကျိုင်း၊ ကက်ဦးထုပ်အဖြူကိုဆောင်းထားသူက ဗိုလ်မှူး ကျွန်တော့်အား ပြောထားသည့် ဆီအုန်း စက်ရုံ စီမံကိန်းခေါင်းဆောင် SAE ဦးဉာဏ်ဝေပင် ဖြစ်၏။ နောက်တစ်ဦးက ဒုတိယခေါင်းဆောင် လက်ထောက်မန်နေဂျာ ဦးချစ်ဆွေ ဟူသော ကုလားကြီး ဖြစ်ပါသည်။

ထိုနေ့ ညနေတွင် ကျွန်တော်မှ မိတ်ဖြစ်ဆွေဖြစ် ဦးဉာဏ်ဝေတို့အား ညစာစားရန် ဖိတ်ကြားထားရာ သူတို့ (၂) ဦး လာကြသည်။ ညစာစားရာ၌လည်း တောတောင်သား၊ ငါးနှင့် အသီးအရွက်မျိုးစုံပါသည့်အပြင် နယ်စပ်မြို့ကလေးဖြစ်သောကြောင့် ယိုးဒယားထွက်အရက်နှင့် ဘီယာမျိုးစုံလည်းပါသေးသည်။ ဦးဉာဏ်ဝေက အရက်မသောက်ပါ။အချိုရည်ကိုတော့သောက်သည်။ သူ တစ်သက်လုံး (၅) ပါးသီလမြဲအောင် စောင့်ထိန်းသည်ဟုလည်းပြောပါသည်။ သူ့လက်ထောက် ကုလားကြီးကတော့ ကျွန်တော်ဧည့်ခံသော ဘီယာကိုလည်းသောက်သည်၊ အရက်ကိုလည်း သောက်သည်။ ထို့ပြင် တောဝက်သားဟင်းကိုလည်းစားပါသည်။ နောက်မှသိရသည်မှာ ပဲချုံးလူမျိုးဟု သိရပါသည်။ ဇီဇာမကြောင်သူဖြစ်၍လည်း ကျွန်တော်က ဖက်ဖက်ပက်ပက်နှင့်စားသည်ကို သဘောကျနှစ်မြို့ပါသည်။

❑

သူတို့အဖွဲ့တွင် ခေါင်းဆောင် သူတို့ (၂) ဦးအပြင် စက်မှု (၁) ဝန်ထမ်း (၁၀) ဦးခန့် ပါလာပါသည်။

ကျွန်တော်က -

"ဦးဉာဏ်ဝေ၊ ဆရာကြီး တို့အဖွဲ့ ဘယ်မှာတည်းကြမှာလဲ။ အစားအသောက်ကိစ္စကကော ကျွန်တော်တို့ စခန်းက ကူညီပေးရမှာလား"

"ကျွန်တော်တို့ ဆရာတို့စခန်းရဲ့ အရှေ့ဘက်ခြံစည်းရိုးနဲ့ကပ်ပြီး ကွက်လပ်လေးမှာ ယာယီတဲဆောက်မယ်ဆရာ။ ရွက်ဖျင်တဲပစ္စည်းအစုံအလင်ပါလာပါတယ်။ ရိက္ခာပစ္စည်းလည်းပါပါတယ်။ ကျွန်တော်တို့ဝန်ထမ်းနဲ့ ကျွန်တော်တို့ တဲဆောက်ပြီး ချက်ပြုတ်စားမှာပါ။ လိုအပ်တာရှိရင်လည်း ဆရာ့ဆီမှာအကူအညီတောင်းပါရစေ"

"ရပါတယ် ဆရာကြီးရယ်၊ ကျွန်တော်တို့စခန်းမှာက တောတောင်သားအပြင် (၅) ကေလောက် ကျယ်ဝန်းတဲ့နေရာမှာ ကျွန်တော့်စခန်းအတွက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးထားတာကြောင့် ဒီစခန်းမှာ အစားအသောက် အလွန်ပေါပါတယ်။ နောက်ပြီးတော့ ဆရာကြီးက အရာရှိတစ်ဦးအနေနဲ့ ရွက်ဖျင်တဲထဲမှာ တပည့်တွေနဲ့ စုပေါင်းပြီးမနေချင်ရင်လည်း ကျွန်တော့်ရုံးခန်းအိမ်ကြီးမှာ လာနေနိုင်ပါတယ်။ အပေါ်ထပ်မှာ အိပ်ခန်း (၃) ခန်းရှိတယ်။ (၁) ခန်းက ကျွန်တော်နေတယ်။ (၂) ခန်းက ဧည့်သည်တွေတည်းခိုးဖို့ပါ။ ဦးလေးလာနေနိုင်ရင်လည်း ကျွန်တော်စားသလို စားဖို့ ကျွေးမွေးနိုင်ပါတယ်"

ဦးဉာဏ်ဝေက -

"သိကြားမ,တာပဲ ဆရာရေ။ ကျွန်တော်က အက်စ်မာရောဂါရှိတော့



# ထောင်မှူးကြီးသိန်းဝင်း

## ဂမ္ဘီရဆရာကြီးဦးဉာဏ်ဝေ



www.burmeseclassic.com

www.burmeseclassic.com

မြေကြီးပေါ်မှာ အိပ်လို့မဖြစ်ပေဘူး။ ခုတင်နဲ့အိပ်မှဖြစ်မှာ။ ဆရာဖိတ်ခေါ်တဲ့ ဒီရုံးခန်းအပေါ်ထပ်မှာ ဆိုတော့ကာ ကျွန်တော့်အတွက် အဆင်ပြေတာပေါ့။ အဲဒါအပြင် ထမင်းပါကျွေးဦးမယ်ဆိုတော့ အတိုင်းထက်အလွန်ပေါ့ ဆရာရယ်။ ကျွန်တော့်အိမ်လခနဲ့ထမင်းစရိတ်ကိုလည်း လစဉ်ပေးပါ့မယ် ဆရာရယ်"

"ဟာဗျာ - မဟုတ်တာဘဲဦးလေးရယ်။ ဒီစခန်းမှာက ကျွန်တော်က စခန်းတာဝန်ခံ။ ဆန်၊ ပဲ၊ ဆီ၊ ဆား၊ ငါးပိက စခန်းက ရာရှင်အနေနဲ့ရပါတယ်။ အသားဟင်းကတော့ ကျွန်တော်ကိုယ်တိုင်လည်းပစ်တယ်။ စခန်းမှူးကလည်း တောကြက်၊ တောငှက်နဲ့ အကောင်ငယ်ကလေးတွေကို ထောင်ပေးတယ်။ အဲဒါအပြင် စခန်းပတ်လည်က ချောင်းလေးမြောင်းကလေးတွေထဲမှာလည်း ဒေသခံတွေမစားကြလို့ နှစ်ချို့ငါးကြီးတွေပါ ပေါမှပေါဗျာ။ ဒေသခံ ပသျှူးလူမျိုးတွေက အကြေးခွံမပါတဲ့ ငါးကိုလည်း မစားဘူး။ အဲဒါအပြင် ရေချိုငါးကို မစားကြတော့ နှစ်ချို့ငါးကြီးတွေကကြီးချင်တိုင်းကြီးနေတော့တာပဲ။ စခန်းပတ်ဝန်းကျင်က ရေရှိတဲ့နေရာတိုင်း ငါးမျိုးစုံရှိတယ်။ ချောင်းကလေးတွေကမ်းစပ်မှာဆိုရင် ဒေသခံ ပသျှူးလူမျိုးတွေမစားကြလို့ ဇရစ်ရိုးပင်ကြီးတွေဆိုရင် လူကြီးလက်ဖျံလောက်ကိုရှိတယ်"

"အေးဗျာ - ကျွန်တော်ကတော့ မြို့ပေါ်တွေမှာပဲ တာဝန်ထမ်းဆောင်ခဲ့ရပြီး အခုအသက်ကြီးမှတောထဲတောင်ထဲမှာ တာဝန်ထမ်းဆောင်ဖို့ ဖြစ်လာတာပဲ။ အခုလို ဆရာနဲ့တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီဗျာ။ ကျွန်တော်တို့ဘက်ကလည်း အကူအညီပေးနိုင်စရာလိုအပ်ရင် အချိန်မရွေးပြောပါ ဆရာ။ ကူညီဖို့အသင့်ပါပဲ။ ကျွန်တော့်အသက်က အခုဆိုရင် (၅၀) ကျော်ပြီဗျ။ ဆီအုန်းစက်ရုံဆိုတာကလည်း ဆီအုန်းပင်သက်တမ်း (၅) နှစ်ပြည့်မှ စနစ်တကျခူးဆွတ်ပြီး ကြိတ်ဝါးရတာ။ အခုဆိုရင် ဆီအုန်းပင်တွေက (၃) နှစ်သားပဲရှိသေးတော့ စံချိန်မီ စားသုံးဆီမထွက်နိုင်သေးဘူး။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ ဆီအုန်းစက်ရုံစီမံကိန်းကို အေးအေးဆေးဆေး လုပ်နိုင်ပါတယ်။ အချိန်ရတယ်လေ"

"ဟုတ်ကဲ့ - ဦးညဏ်ဝေ။ ဆီအုန်းပင်တွေက (၃)နှစ်သားဆိုပေမယ့် အသီးခိုင်တွေထွက်ပြီး အသီးက အတော်စုံနေပြီဗျ။ အခုဆိုရင် ဆီအုန်းစက်ရုံကလည်း မရှိသေး၊ ခူးဆွတ်ပြီး အသုံးပြုဖို့လည်း မဖြစ်သေးတော့ တောတောင်တွေကစား၊ ရဲဘက်တွေက အဆီထုတ်ပြီး ကြိုက်သလို ကြော်လှော်ချက်ပြုတ်စားနေကြတယ်"

"အင်း - ဆရာရေ့ သတိတော့ပေးရဦးမယ်။ ဆီအုန်းဆီဆိုတာက ပြည့်ဝဆီဖြစ်လို့ အကြော်ခံဆီတော့ ဟုတ်တယ်။ ဒါပေမယ့် ကျန်းမာရေးအတွက်တော့ နှမ်းဆီ၊ ပဲဆီတွေလို မကောင်းလှဘူးဗျ။ စားအုန်းဆီက စက်နဲ့ကြိတ်လိုက်ရင် အခွံဆီနဲ့ အဆန်ဆီဆိုပြီး (၂) မျိုးထွက်တယ်။ အခွံဆီက ဝါဝါပျစ်ပျစ်၊ အေးရင်ခဲတယ်။ အဆန်ဆီကတော့ အုန်းသီးအတိုင်းပါပဲ၊ အုန်းဆီထွက်တာပေါ့"

"ဆရာကြီး၊ စားအုန်းဆီကိုစားသုံးတဲ့လူတွေအတွက် အန္တရာယ်မရှိအောင် လုပ်လို့မရဘူးလား"

"အင်းဗျ၊ အဲဒီနည်းကတော့ စားအုန်းဆီထွက်တဲ့ မလေးရှားနဲ့ ယိုးဒယားဘက်မှာတော့ အဆင့်မြင့်နည်းပညာနဲ့ စမ်းသပ်တီထွင်နေကြပြီလို့တော့ ကြားပါတယ်။ ကျွန်တော်တို့ဆီမှာတော့ မဖြစ်နိုင်သေးပါဘူး။ ဆီသီးတွေကို စက်နဲ့ကြိတ်ဝါးပြီး ကျိုချက်၊ သန့်စင်စားအုန်းဆီထုတ်ရုံလောက်သာတတ်နိုင်ပါတယ်။ စားသောက်ရင် အန္တရာယ်တော့မကင်းဘူး ဆရာရဲ့။ သတိထားဆင်ခြင်ရမယ်"

"ဟုတ်ကဲ့ - အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ စခန်းကရဲဘက်တွေကတော့ ဆီအုန်းသီးအမှည့်ကို တုတ်နဲ့ရိုက်၊ ခဲနဲ့ထု၊ ရေနွေးပွက်ပွက်ဆူတဲ့အိုးထဲကိုထည့်လိုက်တယ်။ အဲဒီကထွက်လာတဲ့ အပေါ်ယံဆီကို ဇွန်းနဲ့ခပ်ပြီး စုဆောင်းတယ်။ ပြီးတော့ အဲဒီဆီ ပျစ်ချွဲချွဲနဲ့ပဲ စားလိုရာ သား၊ ငါးနဲ့ဟင်းသီးဟင်းရွက်တွေကို ကြော်စားကြတော့တာပဲ။ ဆီအုန်းသီးတွေက မှည့်ပြီးကြွေကျတော့ တောကောင်တွေကစားတယ်။ အဲဒီအသီးတွေကိုပဲ ရဲဘက်တွေက ဆီထုတ်ပြီး စားရပြန်တယ်။ ဆရာကြီးတို့ ဆီအုန်းစက်ရုံကလည်း မလည်သေးတော့ အလေအလွင့်ဖြစ်မယ့်အတူတူ ရဲဘက်တွေစားတာကိုပဲ မတားဘဲ ကျွန်တော်တို့ ထိုင်ကြည့်နေရတယ်"

"ရဲဘက်တွေစားတာတော့စားတာပေါ့ ဆရာရယ်။ ဒါပေမယ့် ဒီဆီအုန်းသီးအခွံဆီတွေက ပြည့်ဝဆီဖြစ်လို့ မီးအပူပေးကြော်ချက်ပြီးစားတာတောင် မကြေညက်ဘဲ စားသုံးသူရဲ့ အူနံရံတွေမှာ ကပ်တွယ်ပြီး အစာခြေဖျက်ခြင်းလုပ်ငန်းကို ဒုက္ခပေးတတ်တယ်။ အဲဒါကြောင့် ဆရာရဲ့ ရဲဘက်တွေကို သတိပေးထားစေချင်ပါတယ်"

"အေးဗျာ ကျေးဇူးပါပဲ။ ဒါပေမယ့် အခုအချိန်မှာတော့ အတော်နောက်ကျသွားပြီ။ ကျွန်တော်တို့ပညာပေးပေမယ့် အစားအသောက်ဆင်းရဲတော့ ခိုးလုပ်ကြဦးမှာပဲ"

"ဟုတ်ကဲ့ - သူ့ထိုက်နဲ့သူ့ကံပေါ့ ဆရာရယ်။ ကျွန်တော်တို့ အုပ်ချုပ်သူက အန္တရာယ်ကိုသိလို့ ကြိုတင်သတိပေးတာပဲ။ လိုက်နာတာ၊ မလိုက်နာတာကတော့ သူတို့အကြောင်းနဲ့သူတို့ပေါ့"

❑

သို့နှင့် ထိုနေ့မှစ၍ စက်မှု (၁) မှ SAE ဦးညဏ်ဝေမှာ ကျွန်တော်၏ ရုံးခန်းအပေါ်ထပ်တွင် ကျွန်တော်နှင့်အတူ လာရောက်နေထိုင်ပါသည်။ သူတို့လုပ်ငန်းမှာ စက်ရုံအတွက် ပန္နက်ရိုက်ပြီး တည်ဆောက်ရန်ဖြစ်သော်လည်း ဆောက်လုပ်ရေးပစ္စည်းများ စုံလင်ခြင်းမရှိသေးပါ။ နောက်တစ်ခေါက် ကိုကိုကြီးဇက်ရေယာဉ်ဖြင့် သယ်လာကြဦးမည်ဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် ဦးညဏ်ဝေတို့၏လုပ်ငန်းမှာ အားအားလျားလျားဖြစ်နေပါတော့၏။ ထို့ကြောင့်လည်း ကျွန်တော် သေနတ်ထမ်း၍ ဆီအုန်းခင်းများနှင့် မီးတားလမ်းတို့ စစ်ဆေးရင်း တောစပ်သို့ဝင်လျှင် SAE ဦးညဏ်ဝေက အတွေ့အကြုံရရန်တု ဆိုကာ မကြာခဏ လိုက်ပါလေ့ရှိ၏။ ကျွန်တော်ကလည်း သဘာဝသစ်ခွမျိုးစုံ စုဆောင်းခြင်းနှင့် ရိက္ခာအလို့ငှာ တောတောင်မျိုးစုံပစ်ခတ်ခြင်းအတွေ့အကြုံ ကျွမ်းကျင်သူဖြစ်သောကြောင့် တောတောင်မျိုးစုံသားများအား ရှာဖွေပေးလေ့ရှိပါသည်။ သေနတ်လက်နက်ကိုင်ဆောင်ပြီး ပစ်ခတ်တတ်သူမဟုတ်သောကြောင့်လည်းကောင်း၊ ဝါသနာပါသော်လည်း ကိုယ်တိုင်တော့ ရှာဖွေပစ်ခတ်ခြင်း အလေ့မရှိပါ။

တစ်ခါတစ်ရံ ကျွန်တော်တို့ (၂)ဦး ညစာအတူစားကြပြီး စကားစမြည်ပြောကြလျှင် ဦးညဏ်ဝေမှာ အိမ်ရှေ့လသာဆောင်မှ ကောင်းကင်ကိုမော့ကြည့်ပြီး နက္ခတ်တာရာများ အခေါ်အပြော၊ အကူးအပြောင်းများကို ကျွန်တော့်အား သင်ပေးလေ့ရှိသည့်အပြင် ကျွန်တော်၏ လက္ခဏာကိုဖတ်ခြင်း၊ အင်္ဂဝိဇ္ဇာနည်းအရ မျက်နှာကိုကြည့်၍ ဟောပြောခြင်းများ ပြုတတ်ပါသည်။ ထို့အပြင် အချို့သောနေ့ရက်များတွင်

www.burmeseclassic.com

အန္တရာယ်ရှိသည်ဟုဆိုကာ တောတွင်းသို့ဝင်ရောက်၍ အကောင်ပလောင်ပစ်ခြင်းကိုလည်း တားမြစ်တတ်ပါသေးသည်။ ကျွန်တော့်အနေဖြင့်တော့ ဗေဒင်ပညာကို ယုံကြည်ခြင်းမရှိသော်လည်း ကိုယ့်ထက်အသက်ကြီးသူ၏ ဆုံးမစကားဖြစ်သောကြောင့် နာယူမှတ်သားပြီး လိုက်နာဆောင်ရွက်ပါသည်။

ထို့ကြောင့်လားတော့ မသိပါ။ ကျွန်တော် သေနတ်ကိုင်၍ တောဝက်သိုးကြီးများနှင့်ရင်ဆိုင်ပြီး ပစ်ခတ်ဖူးသော်လည်း အန္တရာယ်ပြုခြင်းမခံခဲ့ရဘူးပါ။ တစ်နေ့သော ဒီဇင်ဘာလလယ်ဆောင်းရာသီကာလတွင် ကျွန်တော်တို့စခန်းအရှေ့ဘက်ရှိ ဒေသခံ ပသျှူးများနေထိုင်သော ဘန်နွား ဟူသောရွာလေးတွင် ရိုးရာပွဲတော်တစ်ခုလုပ်ကြ သည်။

ထိုပွဲတော်အား ကော့သောင်းမြို့တစ်ဖက်ကမ်း ယိုးဒယားနိုင်ငံဘက်မှ ရှပ်သေးအဖွဲ့များနှင့် လောင်းကစားအဖွဲ့က လာရောက်ပြီး ဖျော်ဖြေကြသည့် ဒေသခံ လောင်းကစားသမားများကလည်း လေးကောင်ဂျင်ဝိုင်းများလုပ်၍ ပွဲတော်ကိုပျော်ကြသည်။ တစ်နှစ်တွင် တစ်ခါသာပြုလုပ်သော ရိုးရာပွဲတော်ဖြစ်သောကြောင့် ဒေသခံများလည်း အလွန်ပျော်၍ အလွန်လည်းသုံးဖြုန်းကြပါသည်။

ကျွန်တော်ကတော့ စခန်းတာဝန်ခံဖြစ်သောကြောင့် ထိုသို့သောအပျော်ပါးပွဲများကိုတော့ သွားလေ့သွားထမရှိပါ။ သို့သော် ထိုနေ့ညနေက ဦးဉာဏ်ဝေမှ-

"ဆရာ၊ ဘန်နွားရွာ ရိုးရာပွဲကို သွားပြီးမလေ့လာဘူးလား"

"ဦးလေး၊ ကျွန်တော်က ညဘက်မှာ စခန်းကိုလုံခြုံရေးအတွက် ဘယ်လိုမှ သွားလေ့မရှိဘူးဗျ။ ကော့သောင်းမြို့ကို တာဝန်နဲ့သွားရင်တောင် မနက်သွား ညအရောက်ပြန်တာဗျ။ ဦးလေးသွားချင်လို့လား၊ သွားချင်ရင်တော့ ကျွန်တော့်ဆိုင်ကယ်ယူသွားလေ"

"ဆရာ၊ ကျွန်တော့်အတွက် မဟုတ်ပါဘူး။ ဆရာ့အတွက်ပါ။ ဆရာ ဒီနေ့ည ငွေဝင်လမ်းရှိတယ်။ အန္တရာယ်လည်းမရှိပါဘူး။ အပျော်အပါးသဘောလောက်ပါပဲ။ ဒါကြောင့် ကျွန်တော်က တိုက်တွန်းရတာပါ"

"ကဲ - အဲဒါဆိုရင်လည်း ဘန်နွားရွာဆိုတာက ဝေးတာမှမဟုတ်ဘဲ စခန်းအဝင်လမ်းပေါ်မှာတင်ပဲ။ ကျွန်တော့်အောက်က ထောင်မှူးကို စခန်းစောင့်ထားပြီး ကျွန်တော်တို့သွားကြတာပေါ့"

သို့နှင့် ကျွန်တော်က တပည့်တစ်ဦးနှင့် ဆိုင်ကယ်တစ်စီး ဦးဉာဏ်ဝေက သူ၏တပည့်တစ်ဦးနှင့် ဆိုင်ကယ်တစ်စီး၊ ပေါင်း (၂) စီးသွားကြသည်။ ပွဲမှာ ည (၇) နာရီခန့်ပင်ရှိသေးသော်လည်း စတင်လှုပ်ရှားအသက်ဝင်နေကြပြီဖြစ်သည်။ စားသောက်ဆိုင်တန်းများ၌လည်း စည်ကားနေသည်။ ပွဲအလယ်ရှိ ယိုးဒယားလက်ထိုးရုပ်အကအဖွဲ့ကလည်း မြိုင်ဆိုင်စွာ ကပြဖျော်ဖြေနေသည်။ သို့သော် ကျွန်တော်တို့ မြန်မာရုပ်သေးပွဲလို ဆိုင်းဝိုင်းကြီးဖြင့် မြိုင်ဆိုင်ခြင်းမရှိပါ။ ကြည့်ရှုနေသူ ပွဲကြည့်ပရိသတ်ရှိသော်လည်း အများစုမှာ လေးကောင်ဂျင်ဝိုင်းများ၌သာ စုရုံး၍နေကြပါသည်။

ဦးလေး ဦးဉာဏ်ဝေမှာ လေးကောင်ဂျင်ဝိုင်းများအား တစ်ပတ်ပတ်ကြည့်ပြီးအစဆုံးဝိုင်းဝင်၏။ ထို့နောက် ကျွန်တော့်အား (၂၅) ကျပ်တန် (၁)ရွက်ထုတ်စေပြီး သူပြောသည့်အကောင်နေရာတွင်ထိုးခိုင်းပါသည်။

"ဖားကိုထိုးဆရာ"

ကျွန်တော် သူပြောသည့်အတိုင်း (၂၅) ကျပ်တန်အားချပေးလိုက်သည်။ ဒိုင်က ဂျင်ကိုလှည့်သည်။ ပန်းကန်လုံးဖြင့်အုပ်သည်။ ခဏနေ၍ဖွင့်လိုက်တော့ ဖားကောင်ပေါ်လာသည်၊ ထို့ကြောင့် (၂၅) ကျပ်တန် လေးဆဖြင့် ငွေကျပ် (၁၀၀)၊ အပိုဆောင်းပြီးရရှိသည့် ထိုဝိုင်းတွင် တစ်ကြိမ်သာထိုးပြီး နောက်တစ်ဝိုင်းသို့ ရွှေ့ပြန်သည်။ ဒုတိယဝိုင်း၌လည်း ဒိုင်ကိုင်သူ၏ လက်စလက်နကိုကြည့်ပြီး ဦးဉာဏ်ဝေက 'ဝက်' ကိုထိုးခိုင်းပြန်သည်။ ကျွန်တော့်တွင် ပိုက်ဆံအပိုရှိသော်လည်း (၂၅) ကျပ်တန်ကိုသာထိုးခိုင်းသည်၊ ထို့ကြောင့် သူပြောသလို 'ဝက်' ကိုထိုးသည်။ ဒုတိယအကြိမ် အလျော်ရပြန်ပါသည်။

သို့နှင့် တတိယ၊ စတုတ္ထဝိုင်းများ၌လည်း ကြက်နှင့်ငါးကိုထိုးရာ အလျော်ရပါသည်။ ထို့နောက် ဦးဉာဏ်ဝေက စားသောက်ဆိုင်တစ်ဆိုင်တွင် ဝိုင်းဖွဲ့ထိုင်ပြီး စားသောက်လိုရာကို မှာစားစေသည်။ စားသောက်ပြီးသော်လည်း နိုင်ထားသောငွေမှာ မကုန်သေးသဖြင့် ကျွန်တော်၏တပည့်က လေးကောင်ဂျင်ဝိုင်းတွင် အနိုင်ရစေရန်အတွက် ထပ်မံထိုးရန် ပူဆာပြန်သည်။ သို့သော် ဦးဉာဏ်ဝေက ဤမျှသာပေးခြင်း ဖြစ်သောကြောင့် ထပ်မံ၍ထိုးသော်လည်း နိုင်မည်မဟုတ်ကြောင်း သတိပေးပြီး ကျွန်တော့်၏တပည့်အား (၂၅) ကျပ်တန်ထုတ်ပေး၍ နှစ်သက်ရာအကောင်ကိုထိုးစေပါသည်။ သို့သော် လုံးဝမနိုင်တော့ဘဲ အစားခံရပါသည်။

ဦးဉာဏ်ဝေမှာ စခန်း၌ ကျွန်တော်နှင့်အတူနေထိုင်စဉ် နတ်ပူး၊ စုန်းပူးသူများအား ရေစင်ဖြင့် မန်းမှုတ်၍ ကုသပေးခြင်း၊ မျက်စိနာ၊ ခေါင်းကိုက်သူများအား ကွမ်းယာမန်းဖြင့် လည်းကောင်း၊ တောတွင်းသွားလာရာ ငှတ်စူး၍ ဒဏ်ရာရသူများအားလည်း မန်းမှုတ်၍ ကုသပေးခြင်းဖြစ်သည်။

ကျွန်တော်နှင့် (၁) နှစ်ခန့် အတူနေရစဉ် ဦးဉာဏ်ဝေ ကုသပေးသည်မှာ ကျွန်တော့်စခန်းရှိ ဝန်ထမ်းနှင့် ရဲဘက်များအတော်များသည်။ သူကုသူတိုင်းလည်း ပျောက်ကင်း ချမ်းသာသည်။ ကျွန်တော်တို့စခန်းအနီးရှိ ထောင်စခန်းဆေးရုံတွင် တက်ရောက် ကုသနေကြသော ရဲဘက်နှင့်ဝန်ထမ်းများကိုလည်း မကြာခဏ သွားရောက်ပြီး ရောဂါပျောက်ကင်းစေရန် ကုသပေးလေ့ရှိသည်။ သို့သော် နောက်ပိုင်းတွင် ဆေးမှူးနှင့်အဆင်မပြေသောကြောင့် ဦးဉာဏ်ဝေ စခန်းဆေးရုံသို့ သွားရောက် ကုသခြင်းမရှိတော့ပါ။ သို့သော်လည်း ကျွန်တော်တို့စခန်းမှ လည်းကောင်း၊ ကျွန်တော်တို့ခန်းကိုဖြတ်၍ ရွှေတန်း အော်ကြီးနှင့် ဟပ်စတင်းစခန်းများမှ လူနာများကိုလည်း ခရီးသွားဟန်လွှဲ ကြုံရင်ကြုံသလို ကုသပေးလေ့ရှိရာ အသက်အန္တရာယ်ကို ကာကွယ်နိုင်ကြောင်းသိရှိရပါသည်။

သို့နှင့် တာဝန်ထမ်းဆောင်ရာ နှစ်ပြည့်သောကြောင့် ကျွန်တော်ပြန်လာတော့ ဦးဉာဏ်ဝေတို့ စက်မှု (၁) အဖွဲ့ ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်က အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြန်ဝင်ပြီး တာဝန်ထမ်းဆောင်ရသည့် ထောင်တွင် (၁) နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးမှ ဦးဉာဏ်ဝေက ကော့သောင်းဆီအုန်းစခန်းမှပြန်လာပြီး ကျွန်တော့်အားလာရောက်တွေ့ဆုံပါသည်။ ဦးဉာဏ်ဝေမှာ ကျွန်တော် ပြန်လာပြီးနောက် ငှက်ဖျားရောဂါဒဏ်ခံစားရသောကြောင့် အတော်ပိန်လှီသွားသည်။ အငြိမ်းစားလည်းရ၍ ဖြစ်ကြောင်း သိရှိရသည်၊ သူနေသည်က တာမွေမြို့နယ် မြလမ်းတွင်ဖြစ်သည်၊ ကျွန်တော် သူ့အား လက်ဖက်ရည်ချိုဖြင့် ဧည့်ခံရင်း စကားစမြည်ပြောကြသည်၊ ခရီးကြုံလျှင်ကြုံသလို ကျွန်တော်သူ့အိမ်သို့ဝင်တတ်သည်။ သို့သော် (၆) လခန့် အကြာတွင် ဦးလေးဦးဉာဏ်ဝေငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဝမ်းနည်းစွာသိရှိရပါတော့သတည်း။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

နွေနံနက်ခင်းတွင် ထမင်းကြော် နှင့် ကော်ဖီသောက်ပြီးသည်နှင့် ကျွန်ုပ်မှာ ပင်စင်စားပီပီ အလုပ်မရှိတော့ပြီ။ အိမ်ရှေ့မန်ကျည်းပင်အောက်မှ ကွပ်ပျစ်ပေါ်မှာ ရေနွေးတစ်ခရားနှင့် ဟိုငေးသည်ငေးငေးနေစဉ် ကျွန်ုပ်၏တစ်ဦးတည်းသောမြေး ရန်အောင်လင်းသည် မဂ္ဂဇင်းတစ်စောင်ကိုကိုင်ရင်း ကျွန်ုပ်နားသို့လာထိုင်သည်။ ဒီကောင်က အဘိုးနားကိုလာခဲသည်။ လာလျှင် မေးစရာတစ်ခုခုရှိမှ လာတတ်၏။

"အဘိုး၊ ဒီသုရဇ္ဇမဂ္ဂဇင်းထဲမှာ ရေးထားတာလေ။ သိဒ္ဓိအဖုံဖုံဆိုတဲ့ထဲမှာ ပြီးဆေးဆိုတာ တကယ်ရှိသလား"

"ဟေ - ငါ့မြေးကမယုံလို့လား"

"သားစဉ်းစားကြည့်တာလေ။ အသားကိုဓားနဲ့ခုတ်တာ ဘာမှမဖြစ်ဘူးဆိုတာကို ယုံရခက်နေတယ်"

"အေး - ငါ့မြေးလည်း ဆယ်တန်းအောင်ပြီးပြီဆိုတော့ ယုတ္တိရှိမရှိစဉ်းစားပြီပေါ့လေ။ ကောင်းတယ်၊ ဘယ်အရာမဆို ချင့်ချင့်ချိန်ချိန်ရှိတာတော့ ကောင်းတယ်။ ဒါပေမယ့် အဘိုးရေးထားတဲ့ ဓားပြီးတဲ့လူခုချိန်မှာ သက်ရှိထင်ရှားရှိဦးမလားတောင်မသိဘူး။ ပြီးတာတော့ တကယ်ပြီးတယ်မြေးရဲ့။ ငါ့မြေးကို ဗဟုသုတအဖြစ်ပြောမယ်။ မယုံရင်လည်း အဘိုးပြောတဲ့ပုံပြင်လို့ပဲ မှတ်လိုက်ပေါ့ကွယ်။ တို့တိုင်းရင်းသားတွေဓလေ့မှာ ပြီးဆေးတင်မကဘူး၊ တစ်ပွဲထိုးထုံးမန်းတို့၊ ကွမ်းမန်းတို့ဆိုတာရှိတယ်"

"ထုံးမန်း၊ ကွမ်းမန်းဆို ဘာလဲအဘိုး"

"တစ်ပွဲထိုးထုံးမန်းဆိုတာ ကွမ်းစားထုံးကို အလုံးလေးလုပ်ပြီးမန်းပေးလိုက်တာကွယ့်။ မန်းထားတဲ့ထုံးအလုံးလေးကိုမျိုသွားပြီး ရန်ဖြစ်လို့အရိုက်ခံရရင် မနာဘူး။ ပြီးတယ်ကွယ့်။ ဒါပေမယ့် ရန်တစ်ပွဲစာပဲ။ နောက်တစ်ပွဲထပ်ဖြစ်ရင်တော့ မပြီးတော့ဘူး။ ဒါကြောင့် တစ်ပွဲထိုးထုံးမန်းလို့ခေါ်တာ"

"ဖြစ်နိုင်ပါ့မလား အဘိုး"

"ကဲ - တကယ့်အဖြစ်အပျက်ကို ပြောပြမယ်"

❑

ရှေးကကျွန်ုပ်တို့ရှမ်းတိုင်းရင်းသားများသည် ဓားလွယ်ကို အဆောင်အယောင်တစ်ခုအနေနှင့်ကိုင်ကြသော်လည်း တကယ်ပြဿနာဖြစ်လျှင် ဓားကိုမသုံးကြပါ။ ဓားလွယ်ကိုဘေးချ၍ ကိုယ်တတ်မြောက်သင်ကြားထားသော သိုင်းပညာခြင်းသာ ယှဉ်ပြိုင်အနိုင်ကြလေ့ရှိပါသည်။ တစ်နေ့သော် ရွာကာလသားခေါင်း အိုက်ထွန်းသည် တရှူးရှူးရှားရှားနှင့် အိမ်ထဲဝင်လာပြီး နှစ်တစ်လက်မ တုတ်ချောင်းကိုဆွဲပြီး ပြန်ထွက်လာ၏။ ဒါကို အဖေဖြစ်သူ ဦးအိုက်မြတ်က မြင်၍ လှမ်းမေးသည်။

"ဟိုကောင် အိုက်ထွန်း၊ ဘာဖြစ်လာလဲ"

"ဟိုဘက်ရွာကကောင်သုံးကောင် ရွာလယ်မှာမူးရမ်းနေလို့ အဖေ။ အဲဒါသွားဆုံးမမလို့"

"ဒီခဏလာဦး"

ဦးအိုက်မြတ်သည် သူ့ကွမ်းအစ်ထဲမှ ထုံးလေးကိုသုံးလုံးလုံး၍ မန်းမှုတ်ပြီး အိုက်ထွန်းအားမျိုခိုင်း၏။ သူသိပါသည်။ အဖေ သူ့ကို တစ်ပွဲထိုးထုံးမန်းမျိုခိုင်းပြီ။ သိပ်စဉ်းစားမနေဘဲ ထုံးသုံးလုံးကိုမျိုချကာ ရွာလယ်သို့အသော့နှင်ခဲ့ရာ တွေ့ပါပြီ။ ရွာလယ်ဘုံဆိုင်ရှေ့တွင် တုတ်ကိုယ်စီနှင့် တစ်ရွာသားသုံးယောက်။ မျက်နှာချင်းဆိုင်မိသည်နှင့် တစ်ရွာသားသုံးယောက်က တုတ်ကိုယ်စီနှင့်ပြေးလာပြီ။ အိုက်ထွန်းက သွေးနည်းသူမဟုတ်။ ဒါကြောင့်လည်း ကာလသားခေါင်းဆောင်ဖြစ်တာ။ လုံးဝမရှောင်ဘဲ တစ်ဦးကို တုတ်ဖြင့်လွှဲရိုက်လိုက်ရာ တစ်ယောက်ပုံကျသွားသည်။ အိုက်ထွန်းခေါင်းကိုနှစ်ချက်ထိသည်။ အိုက်ထွန်းမဖြုံ။ တစ်ယောက်ပြီးတစ်ယောက် တုတ်ဖြင့်လွှဲရိုက်ပစ်ရာ နှစ်ယောက်လုံး ဟတ်တက်ကွဲသွား၏။ ဒါတောင် ဘေးကလူတွေဝိုင်းပြီးအဆွဲမြန်လို့၊ စိတ်ရှိတိုင်းရိုက်ရလျှင် သေကုန်တော့မည်။ တစ်ရွာသားသုံးယောက်လည်း တစ်ယောက်ကိုတစ်ယောက်တွဲရင်း သုတ်ခြေတင်သွားကြသည်။

တစ်ပတ်ကြာသောအခါ တစ်ဖက်ရွာလူကြီးများ ထုံးစံအတိုင်း ကန်တော့ပွဲဖြင့် ဒီဘက်ရွာလူကြီးများကို လာရောက်တောင်းပန်သည်။ အိုက်ထွန်းရိုက်လွှတ်လိုက်သူသုံးဦးစလုံး ယခုအထိ အိပ်ရာထဲမှမထနိုင်၍ပါမလာနိုင်ကြောင်းနှင့်အိုက်ထွန်းကိုလည်း တောင်းပန်လိုပါကြောင်း ပြောကြား၏။ အိုက်ထွန်းအတွေ့မခံတော့။ အိုက်ထွန်း မြို့တက်သွား၍မရှိကြောင်းသာ ဦးအိုက်မြတ်က ပြန်ပြောလိုက်သည်။

❑





www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ တကယ့်အဖြစ်ပဲ ငါ့မြေး"

"အဘိုးက ဘာလို့အတွေ့မခံတာ လဲဟင်"

"သူတို့က အဘိုးအရိုက်ခံရတာ ဘယ်လိုနေလဲလာကြည့်ချင်တာ။ အဘိုးက ဒါကြောင့် အတွေ့မခံတာ။ အရိုက်ခံရတဲ့နေ့ ဘာမှမဖြစ်ပေမယ့် နောက်နေ့မနက်ကျတော့ အရိုက်ခံရတဲ့နေရာတွေက ရောင်ကိုင်းလာတယ်။ သူတို့လာတဲ့နေ့အထိ ဖူးရောင်နေတာက မပျောက်သေးဘူး။ အေး- ကွဲတော့မကွဲဘူးကွယ့်"

"ပြောလက်စနဲ့ ကွမ်းမန်းအကြောင်းပြောပါဦး"

"အဘိုးက ကိုယ်တွေ့ပဲ ပြောပြရတာပေါ့ကွယ်။ ဒါပေမယ့် ကွမ်းမန်းက ပြီးတဲ့ကွမ်းမန်းမဟုတ်ဘူး။ ပီယဆေးအတွက် ကွမ်းမန်းပဲ"

"အဲ- သား အဲဒါလည်း စိတ်ဝင်စားတယ်"

❑

ကာလသားခေါင်းအိုက်ထွန်းသည် သူ့ရွာရှိ ကာလသားများကို အမြဲဂရုပြုလေ့လာ၏။ သို့မှသာ အရေးကိစ္စရှိလျှင် သူ့နေရာနှင့်သူ အသုံးချနိုင်မည်မဟုတ်



# ထွန်းဦး (ရေနံချ)
# ထိပ်တင်မောင်မောင်နှင့် ရိုင်းဝံရွှေ



www.burmeseclassic.com

www.burmeseclassic.com

ပါလော။ဗလအားကိုးထမ်းဖို့ပိုးဖို့ဆိုလျှင် စိုင်းဟန်စိန်တို့အုပ်စု၊ အချက်အပြုတ်ဆိုရင် အဝိန်တို့အုပ်စု၊ စာရင်းရေးမှတ်ဖို့ ပစ္စည်းထိန်းဖို့ဆိုလျှင် စိုင်းလျှံနှင့် သူတပည့်စိုင်းပန်။ ထိုသို့လေ့လာခွဲခြားထားသော်လည်း အိုက်ထွန်း ခွဲခြားပေးလို့မရသည်ကား အချစ်ရေး။ ဒါက တစ်ဦးချင်းခံစားချက်နှင့်ဆိုင်သည်။လေးလုံးခြောက်ဖက် ဗလကြီးကြီးနှင့်ဟန်စိန်က ဖြူဖြူသေးသေးသွယ် အဲမူကိုမှချစ်လှချည်ရဲ့ဆို၏။ စာရင်းကိုင်တော်သည့်စိုင်းလျှံက လူက အသားဖြူဖျော့ဖျော့ခနော်ခနဲ့။ ပစ္စည်းထိန်း၊ စာရင်းထိန်းဆိုလျှင် သူ့ဆုံးဖြတ်သမျှ ကာလသားများက ခေါင်းညိတ်ရ၏။ သူကကျတော့ ဒေါင်းတည်မောင်းတည်နှင့် ယောကျ်ားလိုလိုမိန်းမလိုလို နန်းစိန်မေကိုမှ ချစ်လှချည်ရဲ့ဆိုသည်။ ခုတစ်လော သည်ကောင်အဖြစ်သည်းနေ၏။ အဖြစ်သာသည်းသည်။ သူသွားမပြောရဲ။ နန်းစိန်မေက သူ့ထက်အရပ်မြင့်သည့်ပြင် စိတ်မထင်လျှင် လက်သံပြောင်တာ တစ်ရွာလုံးအသိ။ သူမပြောရဲလေ ကာလသားခေါင်း အိုက်ထွန်းကိုပြောပေးဖို့ တကျီကျီလုပ်လေ။ ကြာတော့ အိုက်ထွန်း စိတ်ညစ်လာသည်။ တစ်ခုခုတော့လုပ်ပေးမှပါ။ စဉ်းစားနေတုန်းမှာပင် စိုင်းလျှံ စက်ဘီးတစ်စီးနှင့် ရောက်လာသည်။

"အစ်ကိုထွန်း၊ စိန်မေကို မင်္ဂလာဆောင်အိမ်မှာ တွေ့ခဲ့တယ်ဗျ။ လှလိုက်တာ မပြောနဲ့တော့ အစ်ကိုရာ"

စိုင်းလျှံ၏ စကားကို အဆုံးထိအပြောမခံဘဲ အိုက်ထွန်းက စက်ဘီးကယ်ရီယာပေါ် ခွထိုင်လိုက်သည်။

"ကဲ-နင်းပေ့ကောင်၊ ကုန်းမုံရွာကိုနင်း"

စိုင်းလျှံက ဘာမှထပ်မပြောတော့ဘဲ ကုန်းမုံရွာသို့နင်းလာခဲ့သည်။ အမှန်က ကုန်းမုံရွာနှင့်သူ့ရွာတစ်ဆက်တည်း နီးနီးဆိုတော့ ခဏနှင့်ရောက်သည်။

"အဲ- ရှေ့ကညာဘက်ကအိမ်ဝင်းထဲဝင်လိုက်"

အိုက်ထွန်း ပြောသည့်အတိုင်း နင်းဝင်လိုက်မှ သြော်- ဆရာစံညွန့်အိမ်ဝင်သွားတာကိုးဟု သိလိုက်၏။ ဆရာစံညွန့်ကား ယခင်က မြို့ဆေးရုံခွဲစိတ်ခန်းအကူလုပ်ပြီး ပင်စင်ယူကာ နားနားနေနေနေခြင်းဖြစ်၏။ အိမ်ရှေ့ကွပ်ပျစ်ပေါ်ဝယ် ရေနွေးကြမ်းအိုးနှင့်ငြိမ့်နေသော ဆရာစံညွန့်ရှေ့ဝင်ထိုင်ကြသည်။

"အိုက်ထွန်းတို့ပါလား။ ဘာလိုလို့လဲဟ"

"ဒီကောင် အိုက်လျှံအတွက်ပါ ဆရာရယ်၊ ဒီကောင်သတ္တိနည်းလွန်းလို့ ဆရာ့ဆီက ပီယကွမ်းမန်းလေးရမလားလို့"

"သြော်- အိုက်လျှံအတွက်လား။ အေး- ခဏစောင့်၊ ငါ့ပီယကွမ်းမန်းက တကယ်စွမ်းတာကွ အိုက်လျှံရ။ မယုံရင် အိုက်ထွန်းပါးပေါ်က လက်ဝါးရာတွေကြည့်"

"ဟာ- ဆရာကလည်း"

ဆရာစံညွန့်အိမ်ပေါ်တက်ပြီး မန်းမှုတ်နေသံကြားရသည်။ ခဏကြာသော် ပြန်ဆင်းလာပြီး အိုက်လျှံပါးစပ်ထဲသို့ ကွမ်းမန်းကို ထည့်ပေးလိုက်၏။

"ကဲ - ဒီကွမ်းငုံပြီး ရဲရဲသာသွားပြောတော့။ ဒါပေမယ့် ဒါကတစ်ပွဲထိုးပဲနော်။ လမ်းကြုံလို့ဆိုပြီး နှစ်ယောက်ပြောလို့တော့မရဘူး။ ကဲ - ခုသွားပြောတော့"

"ငါ ဒီမှာပဲ ဆရာစံညွန့်နဲ့စကားပြောနေခဲ့မယ်။ သွားပြောချည်ပေ့ကောင်၊ ငါ့ပြန်လာခေါ်ဦးနော်"

အိုက်လျှံက ယုံကြည်မှုအပြည့်ရှိလို့လားမသိ။ နည်းနည်းမြောက်ကြွားကြွားပုံနှင့် ခေါင်းညိတ်ပြကာ စက်ဘီးဒုန်းစိုင်းစီးသွားတော့သည်။

❑

မင်္ဂလာဆောင်အိမ်ရှေ့ရောက်ပါပြီ။ ထုံးစံအတိုင်း ထမင်းကျွေးဧည့်ခံရာ ထမင်းပင်ကျွေးပြီးနေပြီဖြစ်၍ နန်းစိန်မေတို့အပျိုတစ်သိုက် ပန်းကန်တွေဆေးသူကဆေး၊ အဝတ်ခြောက်နှင့်သုတ်သူကသုတ်ရင်း တဟီးဟီးတဟားဟားလေဝိုင်းဖွဲ့နေကြသည်။ အိုက်လျှံ သိပ်မစဉ်းစား။ သူနားထဲဝယ် ခုသွားပြောချည်၊ ဒါတစ်ပွဲထိုးပဲနော်ဆိုသည့် ဆရာ့အသံသာကြားယောင်နေသည်။ ဘယ်ယောကျ်ားပဲဟုအားတင်းကာ နန်းစိန်မေထံ တည့်တည့်လျှောက်သွားသည်။ ဘေးဘီပင်လှည့်မကြည့်တော့။

"နန်းစိန်မေ ငါ နင့်ကိုသိပ်ချစ်နေမိပြီဟာ"

"ဘာ"

ခွမ်းခနဲ အသံနှင့်အတူ ဘေးကအော်သံ၊ ရယ်သံတွေကိုကြားမှ အိုက်လျှံနေရာမှားနေပြီဟုသိချိန်တွင် သူ့မျက်နှာပေါ် သွေးတွေစီးကျလာ၏။ သူမသုတ်အား။ ရှက်ရှက်နှင့် စက်ဘီးပေါ်ပြန်တက်ကာ ဆရာစံညွန့်အိမ်သို့ ဒုန်းစိုင်းပြီးနင်းပြန်လာ၏။

အိမ်ရှေ့ကွပ်ပျစ်ပေါ်ဝယ် စကားကောင်းနေသော ဆရာစံညွန့်နှင့်အိုက်ထွန်းတို့သည် မျက်နှာမှာသွေးတွေနှင့်ဝင်လာသောအိုက်လျှံကို အံ့ဩပြီးကြည့်နေသည်။

"ဟေ့ကောင် အိုက်လျှံ၊ ငါက ပီယဆေးဆိုလို့ပေးလိုက်တာလေ။ ရန်ဖြစ်ဖို့ဆို စောစောကပြောပါလား။ တစ်ပွဲထိုးပြီးဆေးပေးမှာပေါ့"

အိုက်လျှံ ငိုချင်သွား၏။

"မဟုတ်ပါဘူး ဆရာရယ်"

ဟုဆိုကာ ဖြစ်ကြောင်းကုန်စင်တိနတ်သံနှောလို့ပြောပြရာ ဆရာစံညွန့်နှင့် အိုက်ထွန်းမှာ အူတက်မတက်ရယ်တော့သည်။

"မင်းကလည်း လူကြားထဲ ဇွတ်ဝင်ပြောလို့ဖြစ်မလား။ မိန်းကလေးတဘယ်လောက်ဘဲပြန်ကြိုက်ကြိုက် ဘယ်ပြောလိမ့်မတုံး နဲ့ပါကွာ"

ဆူဆူဆဲဆဲနှင့်ပင် အိုက်လျှံ နဖူးအကွဲကို ဆရာစံကိုယ်တိုင်ချုပ်ပေးလိုက်ရ၏။ ချုပ်ရိုးရာလေးသုံးခုကတော့ နဖူးမှာသေရာပါပဲ။ နဖူးကဒဏ်ရာအရှိန်နှင့် ညနေပိုင်းတွင် အိုက်လျှံဖျားတော့သည်။ အိုက်ထွန်း စဉ်းစားနေသည်က ဒဏ်ရာကြောင့်ဖျားတာများလား၊ လန့်ဖျားဖျားတာများလားဟု စဉ်းစားနေ၏။

နောက်နေ့တွင် နန်းစိန်မေ၏မိဘများနှင့် နန်းစိန်မေတို့ အိုက်လျှံအဖေထံသို့ လာရောက်တောင်းပန်၏။ အိုက်လျှံ အဖေ ဦးအိုက်ဖကလည်း သဘောကောင်းမနောကောင်း ပြုံးပြုံးပြုံးပြုံးနှင့် ဧည့်ခံသည်။

"ဘယ်လိုမှသဘောမထားပါဘူး ကျောင်းဒကာရယ်၊ ကျုပ်ကတောင် တောင်းပန်ရဦးမှာပါ။ကျုပ်သားကလည်း ခပ်အူအူကောင်ပါ။ ဒီကောင်အူလို့ ခု ဖြစ်တာ နည်းတောင်နည်းပါသေးတယ်"

ဟုဆို၏။

ဦးအိုက်ဖကိုတောင်းပန်ပြီး သား အမိသုံးယောက် လှည့်ပြန်သွားကြသည်။ ဘုရားဆောင်ရှေ့ အိပ်ရာပေါ်တွင် [illegible] ဖျားတက်ကာ ကယောင်ကတမ်း [illegible] ပြောနေသော အိုက်လျှံအနားသွား [illegible] သည်။ အိုက်လျှံကား ဘာမှမသိ၊ ပါး [illegible] မှသာ မသဲမကွဲညည်းညူနေသည်။ [illegible] ချာနားထောင်ကြည့်တော့မှ သူစကား တစ်လုံးကို ထပ်ခါတလဲလဲညည်း [illegible] သည်။

"ချစ်လွန်းလို့ပါ စိန်မေရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ထပ်ကာတလဲလဲ ညည်းသံသည်- နန်းစိန်မေ၏ ဟဒယနှလုံးကို သိမ်းကျုံးယူငင်ချေပြီ။

နောက်တစ်နေ့တွင် အနာရင်းမှာ စိုးလို့ဟုဆိုကာ နန်းစိန်မေကိုယ်တိုင် မန်းဆေးလာပို့၏။ နောက်တစ်နေ့တွင် အဖျားကျအောင်ဆိုကာ ငန်းဆေးလာပို့သည်။ နောက်တစ်နေ့ နောက်တစ်နေ့၊

သီတင်းကျွတ်သော် အိုက်လျှံနှင့် နန်းစိန်မေတို့မင်္ဂလာပွဲကို ဗုံချီးကျင်းပလေပြီ။

❑

"အဘိုးကလည်း ပေါ့ပေါ့တန်တန်တွေပဲပြောပြနေတာ … ပြီးဆေးနဲ့ပတ်သက်ပြီး အထင်ကရတစ်ခုခုများပြောမလားလို့ သားကထင်နေတာ"

"ငါ့မြေးရယ် ထမင်းပွဲပြင်နေတုန်း လက်ဖက်ရည်အကြမ်းပွဲနဲ့ ဧည့်ခံသလိုပေါ့။ လေးလေးနက်နက်ကို အခုအဘိုးပြောပြမယ်"

ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့တွင် စိုင်းစံရွှေဟူသော လူငယ်လေးတစ်ဦးသည် သီပေါမြို့ ဘုရားကြီးကျောင်းတိုက်တွင် ဘုန်းကြီးကျောင်းသားအဖြစ် မိဘများက အပ်နှံထားရာ ကလေးမှာ အခြားကျောင်းသားများနှင့်မတူ ထူးချွန်သွက်လက်လှသဖြင့် ရတနာပုံနေပြည်တော်သို့ ပရိယတ္တိသင်ကြားရန်သွားမည့် ရဟန်းတစ်ပါးနှင့် အတူလိုက်သွားရန် ကျောင်းထိုင်ဘုန်းတော်ကြီးက ထည့်ပေးလိုက်သည်။ ရဟန်းသည် မန္တလေးဘုရားကြီးအနီးရှိ ကျောင်းတိုက်တစ်ခုတွင် တည်းခို၍ ပရိယတ္တိစာများကိုသင်ကြားသည်။ စိုင်းစံရွှေမှာ နံနက်အိပ်ရာကထသည်နှင့် ရဟန်းတော်၏ကိစ္စအဝဝကို ဆောင်ရွက်ပေးပြီးသည်နှင့် ထိုတိုက်နှင့် မနီးမဝေးရှိပွဲကျောင်းသို့သွား၍ လောကီပညာများ သိုင်းအတတ်များကို သင်ကြားရလေသည်။ ထိုပွဲကျောင်းဆရာတော်မှာ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားအတတ်ကို တစ်ဖက်ကမ်းခပ်တတ်သော်လည်းလူသိမခံဘဲ အကြောင်းသိ၍ အပ်နှံထားသော ကိုရင်၊ ကျောင်းသားအနည်းငယ်ကိုသာ လက်ခံသင်ကြားပေးသည်။ လက်ထောက်ဦးပဉ္စင်းမှာ သိုင်းပညာတွင်ကျွမ်းကျင်ပြီး သချာ၊ ဆေးအတတ်၊ လူမှုဆက်ဆံရေးတို့ကို သင်ကြားပေးသည်။ ညနေ (၄)နာရီခန့်တွင် ကျောင်းဆင်းပြီးလျှင် မန္တလေးမြို့ပေါ်မှ ကျောင်းသားအချို့ကအိမ်ပြန်ကြပြီး ကိုရင်နှင့်ဘုန်းကြီးကျောင်းသားများမှ ကျောင်းတွင်းသန့်ရှင်းရေးလုပ်ကြရသည်။ သန့်ရှင်းရေးလုပ်ပြီးလျှင် ရေမိုးချိုး၏။ နံနက်က ဝှက်ထားသော ဆွမ်းကျန်ဟင်းကျန်များကို ဇလုံကြီးတစ်လုံးတွင်ထည့်နယ်၍ ဝိုင်းဝန်းစားသောက်ကြသည်။ သို့သော် ဘုန်းကြီးသိမည်စိုး၍ အသံမထွက်အောင်စောင့်ထိန်းကြသည်။ ဘုန်းတော်ကြီး ရိပ်မိဟန်ရှိသော်လည်း မည်သို့မျှမပြောပေ။ စားသောက်ပြီး ညနေ(၆)နာရီတွင် မိမိကျောင်းသို့ပြန်၍ ဦးပဉ္စင်း၏ဝတ်ကြီးဝတ်ငယ်တို့ကိုဆောင်ရွက်ပေးပြီး နေ့ခင်းက သင်ကြားသောစာများကိုပြန်အံကာ အိပ်ကြသည်။

ဤကား နေ့စဉ်ဆောင်ရွက်နေကျအလုပ်ဖြစ်သည်။ ထိုသို့နေထိုင်စဉ် ထူးထူးခြားခြားနှစ်ခုသာရှိ၏။ တစ်ခုသော တန်ဆောင်မုန်းလပြည့်ညတွင် ပွဲကျောင်း၌ ကျောင်းသားအားလုံးညအိပ်ရန် ဆရာတော်ကမှာ၏။လမင်းထိန်ထိန်သာနေ၍ ကျောင်းသားများပျော်ရွှင်စွာဆော့ကစားကြရာ နေ့ကျောင်းသားထဲမှ ထိပ်တင်မောင်မောင်ဆိုသော ကျောင်းသားတစ်ဦးနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ည (၁၁)နာရီတွင်မှ ကျောင်းသားများ မပျော်နိုင်တော့ဘဲ မျက်ရည်ပေါက်ပေါက်ကျရသည်။ ကန်တော့ပွဲရှေ့တွင် တန်းစီ၍ ကျောင်းသားများကို ကြေးဖလားထဲမှဆေးရည်များတွင် ကြေးဝါစုတ်ကြီးကိုနှစ်၍ ကျောင်းသားများကို ဆေးပေါက်ပေးရာ နာလိုက်သည့်ဖြစ်ခြင်း။ သို့သော် အိုက်စံမှာ ဆေးထိုးခံရင်းမှပင် တဖြည်းဖြည်းလုံးဝမနာကျင်တော့ပေ။ ပြီးခါနီးတွင် စုတ်မှာ အရေပြားကို မဖောက်နိုင်တော့ပါ။ ထိုအခါ ဦးပဉ္စင်းက စိုင်းစံရွှေတစ်ဦးတည်းကို ဆရာတော်ထံ သွားတွေ့ရန်ပြောသဖြင့် ဆရာတော်ထံဝင်၍ ဆရာတော်ကိုဝတ်ဖြည့်ပေးရသည်။ ထိုသို့ ဝတ်ဖြည့်ရင်းပင် ဆရာတော်မှာစရာရှိသည်တို့ကို မှာကြားပြီး ပြီးဆေးအောင်ကြောင်း လုံးဝဝါကြွားပြောဆိုခြင်းမပြုရန် မှာကြားသည်။

ဒုတိယ ထူးခြားမှုကား တစ်ခုသောဥပုသ်နေ့တွင် ဆရာတော်ကိုယ်တိုင် ကွပ်ပျစ်ပေါ်၌ထိုင်၍ သင်ကြားထားသောဓားရေးများကို ကစားပြစေ၏။သိုင်းပညာသင်ပေးစဉ်ကပင် ဦးပဉ္စင်းက ဝါးသိုင်းစကြာ၏အကွက်များကိုသာ ချပေးပြီးက ဓားကိုမူ ဉာဏ်ရှိသလိုသုံးလေဟုသာမှာ၏။ "မည်သည့်ကျောင်းသားမှလည်း ခက်ခက်ခဲခဲကျင့်မနေကြပေ။ စိုင်းစံရွှေမှာမူ မိမိကျောင်းပြန်ရောက်လျှင် အကွက်တို့ကိုချပြီး မိမိဉာဏ်ရှိသမျှ ဓားရေး၊ လှံရေးများကို ထည့်ကစားကြည့်၏။

ယခု ဆရာတော်က ဓားသိုင်းစကြာကစားပြနိုင်တဲ့လူထွက်ခဲ့ဆိုသောအခါ ထိပ်တင်မောင်မောင်နှင့် စိုင်းစံရွှေနှစ်ဦးတည်းသာထွက်၍ ကစားပြသည်။ မိမိဉာဏ်ရှိသလို ထည့်ကစားသည်ဖြစ်ရာ ခြေကွက်တို့တူသော်လည်း ကစားပုံမှ နှစ်ဦးသားမတူညီကြပေ။ ထိပ်တင်မောင်မောင်ကစားသည်ကို စိုင်းစံရွှေက အသေအချာကြည့်ရှုမှတ်သား၍ စိုင်းစံရွှေကစားကွက်တို့ကိုလည်း ထိပ်တင်မောင်မောင်က သေချာကြည့်ရှုမှတ်သားနေ၏။ ကစားပြီးသော် ဆရာတော်က ထိပ်တင်မောင်မောင်ကစားကွက်သည် မာလွန်း၍ စိုင်းစံရွှေကစားကွက်တို့က နွဲ့လွန်းသည်ဟု မှတ်ချက်ပြုခဲ့လေသည်။

❑

သီပေါသို့ပြန်ရောက်လျှင် စိုင်းစံရွှေမှာ မိမိ၏စားဝတ်နေရေးကို စဉ်းစားရသည်။ ယခုအခါ မိမိနှင့် မိခင်အိုကြီးသာကျန်သည်။ အရင်းအနှီးမရှိ။ သို့သော် ရတနာပုံ နေပြည်တော်ကပြန်ခဲ့၍ အကြားအမြင်များသည်။ ထို့ကြောင့် ဈေးသည်များနှင့် အသိအကျွမ်းဖွဲ့ကာ ဆိုင်များတွင် ကုန်ထမ်း၏။ အတွက်အချက်မနိုင်မနင်းဖြစ်နေလျှင် ကူတွက်ပေးသည်။ ဈေးဝယ်ပြီး မနိုင်မနင်းဖြစ်နေသော သက်ကြီးရွယ်အိုများ၊ သားသည်အမေများကိုတွေ့လျှင် ကုန်များကိုထမ်း၍ အိမ်တိုင်ယာရောက်အခမဲ့ပို့ပေး၏။ စေတနာကောင်း သဘောကောင်းသွက်လက်လှ၍ ကုန်ထမ်းသူချင်းတူတူ သူကဝင်ငွေပိုသည်။

သို့သော် စိုင်းစံရွှေတွင် အားနည်းချက်တစ်ခုရှိ၏။ မိန်းကလေးချောချောများစုနေသည်ကိုတွေ့လျှင် သံဆူးသံစများထွက်နေသောသံအိတ်များကိုထမ်း၍ မိန်းကလေးအုပ်စုရှေ့တွင် မကြာခဏလျှောက်ပြသည်။ သံချွန်ထိုးထိုးထောင်ထောင်များ အသည်းယားစရာထိုးထွက်နေသော်လည်း စိုင်းစံရွှေ၏အရေပြားကို မထိုးပါလေ။

"ဟယ်- သံချွန်တွေနဲ့မစူးဘူးလား မသိဘူး"

ဟု မိန်းကလေးများက အံ့သြစကားဆိုလျှင် သူရင်ပိုကော့သွား၏။

www.burmeseclassic.com

မိန်းကလေးထူထူတွေ့လျှင် ဟန်ရေးပြတတ်သော စိုင်းစံရွှေအကြောင်းကို မိန်းကလေးအားလုံးသိကြပါသည်။ အင်္ကျီဘောင်းဘီစုတ်များကိုဝတ်၍ ကုန်ထမ်းနေသော်လည်း သူ၏ကြံ့ခိုင်သောကိုယ်ကာယ၊ အသားဖြူဖြူ၊ သျှောင်တစောင်းနှင့် နှုတ်ခမ်းမွေးစစ၊ နှစ်လိုဖွယ်အပြုံးရှိသောသူ့ကိုလည်း မိန်းကလေးများက စိတ်ဝင်စားကြသဖြင့် ချိုးကျူးစကားဆိုပေကြ၏။ ရေလာမြောင်းပေးစကားဆို၏။ သို့သော် ဘုရားစူး - စံရွှေ ဘယ်သူကိုမှ ရည်းစားစကားမပြောဘူးပါလေ။ သူသဘောကျသောမိန်းကလေးများတွေ့ပါ၏။ စကားစမည်ဟုကြံလျှင် အသံက မထွက်တော့။ နောက်ဆုံးတော့ ခွေးအလှည်းနင်း၊ ကြက်ကြီးလည်လိမ်အိုက်တင်နှင့်သာပြီးသွားတော့သည်။

❑

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ရောက်ပြီး တောင်တန်းဒေသကိုမှု စော်ဘွားများကိုသာဆက်လက်အုပ်ချုပ်စေ၍ အခွန်မှန်မှန်ကောက်ပေးရန်သာလိုသည်။ ကျန်တာတော့ ရုံးတစ်လုံးစားတစ်စင်းဖြစ်၏။ သီပေါစော်ဘွားကား ကျောက်မဲ၊ နောင်ချို၊ သုံးဆယ် လေးမြို့နယ်ကို အုပ်ချုပ်ခွင့်ရသည်။

တစ်နေ့ သီပေါမြို့တွင် ကာလဝမ်းရောဂါဖြစ်ပွားသည်။ ထိုခေတ်ထိုအခါက ကာလဝမ်းဖြစ်လျှင် ပြောင်းရွှေ့ထွက်ပြေးကြသည်။ သီပေါစော်ဘွားကား အမြင်ကျယ်သူဖြစ်၍ အင်္ဂလိပ်၏အကူအညီဖြင့် ကျန်းမာရေးဝန်ထမ်းများက ဈေးထောင့်လေးထောင့်မှ ဝမ်းရောဂါကာကွယ်ဆေးထိုးသည်။ ထိုစဉ်က ဆေးထိုးအပ်များက ခပ်ကြီးကြီး၊ ဆေးကလည်းအလွန်နာသဖြင့် ထွက်ပြေးဖို့ကြိုးစား၏။ မရပါ။ စော်ဘွားပုလိပ်များကစောင့်ကြပ်နေ၏။ ထို့ကြောင့် ဈေးသူဈေးသား၊ ဈေးဝယ်၊ ဧည့်သည်အားလုံး ဆေးထိုးခံရ၍ ငိုသံ၊ ဆူသံသောသောည်တော့သည်။ ဤတွင် စိုင်းစံရွှေပိုးထလာ၏။ မိန်းကလေးအများစုရှိသော ဈေးဒေါင့်ကိုရွှေ၍ ဆေးဝင်ထိုးခံသည်။

"ထောက်"

"ဟယ်- အပ်ကျိုးသွားပြီ။ နောက်တစ်ချောင်းလဲပေး"

"ဟာ - အပ်ကွေးသွားပြီ"

ဖြစ်ချင်သော သူဆေးထိုးခံသည့်နေရာတွင် ဆေးရုံဆရာဝန်ကြီးရှိသည်။ ဆရာဝန်ကြီးဆိုပေမယ့် လူကငယ်သေးသည်။ စိုင်းစံရွှေသက်သက်လာလုပ်မှန်းသိတော့မခံချင်။ ရှမ်းပုလိပ်တစ်ဦးကိုခေါ်ကာ သူ့ကို လက်ပြန်ကြိုးတုပ်၍ ဆေးအိတ်ပါဆွဲပြီး ဟော်တော်ထဲသို့ဖမ်းခေါ်သွားသည်။ သူ မျက်လုံးပြူးပြီး အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ပြီ။

ဟော်အဝင်ဝရှိ အစောင့်က စော်ဘွားကြီး တောင်ဘက်ဆောင်တွင်ရှိကြောင်းပြောသဖြင့် တောင်ဘက်ဆောင်သို့တန်းဝင်သွားရာ ကြီးမားခံ့ထည်သော ကုလားထိုင်ကြီးနှစ်လုံးနှင့် ထိုင်နေသော စော်ဘွားကြီးနှင့် မဟာဒေဝီတို့ကိုတွေ့ချေပြီ။ ကြမ်းပြင်မှာ မွေးပွကော်ဇောကြီးများခင်းထားပြီး စံရွှေနှင့်ရှမ်းပုလိပ်မှာ မော့်မကြည့်ဝံ့ဘဲ ကော်ဇောနှင့် မျက်နှာအပ်ကာ ငြိမ်နေရသည်။

ဟော်ထဲဝင်တာ ဒီလောက်လွယ်လားဟု မေးစရာရှိသည်။ မလွယ်ပါ။ သို့သော် ဆရာဝန်ကြီးနှင့် ကျောင်းအုပ်ကြီးတို့မှာ နေ့အချိန်တွင် တံခါးမရှိဓားမရှိဝင်ခွင့်ရ၏။ လုံခြုံရေးမှူး၊ အမှတ်ချုပ် စသည်တို့မှာ နေ့ညမရွေး ဝင်ခွင့်ရ၏။ သို့သော် သတ်မှတ်ဝတ်စုံကို အပြည့်အစုံဝတ်ရသည်။ သူ့အဆင့်နှင့်သူပေါ့လေ။ ဆရာဝန်ကြီးက အကြောင်းစုံကိုတင်လျှောက်၏။

"ကဲ - ဆေးထိုးကြည့်ပါဦး"

ဆရာဝန်ကြီးက ဆေးထိုး၏။ အပ်ကျိုးသွားသည်။ အပ်ကမဝင်။

"ကဲ - နောက်တစ်ချောင်းထိုးကြည့်ပါဦး"

ဆရာဝန်ကြီး အပ်လဲ၍လက်မောင်းထဲဖိသွင်း၏။ စံရွှေက တင်းထားသည်။

'ဝင်လဟဲ့"

မိုးချုန်းသံအလား စော်ဘွားကြီးက အမိန့်ပေးလိုက်သည်နှင့် အပ်မှာ ရှောခနဲဝင်သွားတော့၏။ သူ့တစ်သက်အသားထဲသို့ တစ်စုံတစ်ရာတိုးဝင်၍ နာကျင်သည့်အရသာကိုမေ့နေခဲ့သည်မှာကြာလေပြီ။ အခု အပ်ခပ်တုတ်တုတ်ကဝင်သွားပြီး ဝမ်းရောဂါဆေးထိုးသွင်းသည့်အခါ နာလွန်းလှသည်။

"အမေရ ကယ်ပါဦး နာတယ်ဗျ ဟီး ဟီး"

ကြောက်တာရော၊ နာတာရောပြီး စိုင်းစံရွှေ ငိုချလိုက်သည်။ သူငိုနေတာကိုကြည့်ပြီး စော်ဘွားကြီးရော မဟာဒေဝီပါ ပြုံးတော်မူသည်။ မဟာဒေဝီမှာ ရယ်ချင်လွန်း၍ အနောက်ဘက်အဆောင်ထဲ
သို့ သုတ်ခနဲဝင်သွားတော့သည်။

"ဟဲ့ကောင် - မော်ဖူးစမ်း"

မျက်ရည်တွေ နှပ်ချေးတွေနှ
ပင် စိုင်းစံရွှေက မော့်ကြည့်လိုက်
စော်ဘွားကြီးက ပြုံးကြည့်နေ
ထိုတဒင်္ဂသည်ပင် စိုင်းစံရွှေ၏အ
တစ်ဆစ်ချိုးဖြစ်ပါသည်။

"မင်းဘာလုပ်ကိုင်စားသတုံး"

"ဈေးထဲမှာ ကုန်ထမ်းပါတယ်
ဘုရား"

"မနက်ဖြန်ကပြီး ငါ့ဟော်မှာ အ
ထမ်းရမယ်၊ ကုန်မထမ်းနဲ့တော့။ မန
(၈)နာရီအရောက်လာ ငါမှာထားမယ်"

"ကျေးဇူးကြီးလှပါသည်ဘုရား"

နောက်တစ်နေ့နံနက်တွင် ပုလိ
တစ်ဦးက လာခေါ်ပြီး ဘောင်းဘီအ
အင်္ကျီအနီ၊ ခေါင်းပေါင်းအနီ၊ ဖိနပ်
ခြေအိတ် စသည်တို့နှင့်အတူ ကြိုတ
လစာရိက္ခာငွေအနည်းငယ်ကို ထုတ်ပေ
လိုက်သည်။ ထိုနေ့မှစ၍ ဟော်တော်
ရှိ လုံခြုံရေးတာဝန်များကိုကျရာနေရာ
ထမ်းဆောင်ရသည်။ ရပ်ဝေးသွားရသည့်
အခါသွားပြီး ဟော်ပေါက်တွင် အစော
ကျလျှင်စောင့်ရသည်။ တစ်လခန့်ကြာ
သောအခါ နေပူစပ်ခါးကုန်မထမ်းရသော
အရိပ်ထဲမှာ နားနားနေနေနေရသဖြင့်
အသားများဖြူဝင်းလာကာ ဝတ်စုံအနီ
နှင့်၊ သျှောင်တစောင်းနှင့် စိုင်းစံရွှေ
နန်းတွင်းလူချောများစာရင်းဝင်လာ
နန်းတွင်းသူတို့ကဆိုသည်။ ခက်သည်
နန်းတွင်းသူများကိုတွေ့လျှင် သူဟော်
မှာ ဆေးထိုးခံရစဉ်က အော်ငိုမိသည်
သတိရပြီး ငါ့ကိုသူတို့ဝိုင်းကြည့်မှာပဲ
တွေးရင်း တစ်ဦးတည်းတွေးကာ အရှ
ကြီးရှက်မိသည်။ ဟာ- ရှက်စရာမလို
မရှက်နဲ့ဟု ကိုယ့်ကိုယ်ကိုယ်အားပေး
သော်လည်းမရပါ။

နေ့စဉ် ညနေ (၄)နာရီထိုးလျှင်
လုံခြုံရေးအဖွဲ့အားလုံးသည် ဟော်
နောက်ဘက်ရှိ ကွင်းပြင်တွင် တစ်
တိတိ လေ့ကျင့်ကြရသည်။ မိမိတို့
ရာသန်ရာ၊ တုတ်သိုင်း၊ ဓားသိုင်း၊ လ
သိုင်း၊ ကြိုးသိုင်း ကြိုက်ရာကို မနားတ
လေ့ကျင့်ရ၏။ စိုင်းစံရွှေမှာမူ လေ့ကျ
ခါနီးတိုင်း ပွဲကျောင်းဆရာတော်ကို
မှန်းကန်တော့ပြီး ဓားသိုင်းစကြာတို
ကျင့်သည့်အခါ အလှည့် အနွဲ့၊ အ
တို့မှာ လှပလွန်း၏။ လေ့ကျင့်ဖော်
လုံးက ငေးယူရသည်။ ထိုသို့ကစ
လည်း သူငယ်ချင်းထိပ်တင်ဆေ



www.burmeseclassic.com

www.burmeseclassic.com

တို သတိရသည်။ စံရွှေ အမှုထမ်းသက် (၈) လကျော်ကျော်တွင် သီပေါမြို့၌ လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ သီပေါ စော်ဘွားကိုလုပ်ကြံရန် တောပုန်းဓားပြအဖွဲ့ကို တစ်စုံတစ်ဦးက ငှားရမ်းသည် စသည့် ကောလဟာလသတင်းများ ထွက်ပေါ်နေ၍ ဟော်လုံခြုံရေးအဖွဲ့မှာ အထူးဂရုစိုက် စောင့်ကြပ်နေရသည်။ ဟော်စောင့်ပုလိပ်အဖွဲ့အင်အားသည် တစ်ရာနှစ်ဆယ်သာရှိ၍ လူ (၃၀) ကို တစ်ဗိုလ်နှုန်းဖြင့် လေးဖွဲ့ခွဲကာ နေ့ည မပြတ်စောင့်ကြပ်ရသည်။

တစ်နေ့ နံနက် (၈) နာရီခန့်တွင် ဟော်ရှေ့မှ အော်သံဆူသံတိုက်ခိုက်သံများကြား၍ စိုင်းစံရွှေသည် ဆောင်ဓားကိုဆွဲကာ ပြေးထွက်လာ၏။ ဟော်ရှေ့တွင် တိုက်ခိုက်နေကြ၍ စံရွှေက ဟော်အဝင် တံတားထိပ်သို့ပြေးရပ်ကာ နေရာယူသည်။ ဤတံတားကား လူတစ်ဦးအတွက် သက်သက်သာသာ လျှောက်လာ နိုင်သော်လည်း အုပ်စုလိုက်ဝင်မရအောင် သေချာဆောက်ထားသော တံတားဖြစ်၏။ ထိုစဉ် တောပုန်းဓားပြ ရှစ်ဦးသည် တံတားအတိုင်းပြေးဝင်လာရာ တံတားထိပ်၌ ဓားကိုင်၍ရပ်နေသော စိုင်းစံရွှေနှင့်တည့်တည့်တိုးသည်။ ဆူဆူညံညံအသံများကြောင့် စော်ဘွားကြီးနှင့်မဟာဒေဝီတို့သည် အပေါ်ထပ်ဝရန်တာမှထွက်ကြည့်ရာ အပေါ်စီးမှဖြစ်၍ စံရွှေတို့တိုက်ပွဲကို ကောင်းစွာမြင်ရ၏။ ကင်းလဲချိန်ဖြစ်၍ အပြောင်းအလဲလစ်ဟာချိန်တွင်ဝင်စီးရာ စံရွှေ တစ်ဦးတည်းသာ ဓားနှင့်ခုခံနေသည်။ တောပုန်းက လှံတိုနှင့်လှမ်းပစ်ရာ စံရွှေ ရင်ဘတ်ကို တည့်တည့်မှန်သော်လည်း လှံကခုန်ထွက်သွားသည်။ စံရွှေ၏ဓားကမူ မခုန်ဘဲ တောပုန်း၏လည်ပင်းကို တိတိရိရိဖြတ်ချလိုက်သည်။ တောပုန်းတစ်ဦးက ဓားနှင့်ခုတ်၏။ ဓားခုန်ထွက်သွားပြီး ဘာဖြစ်မှန်းမသိလိုက်ရဘဲ တောပုန်းခန္ဓာကိုယ်နှစ်ခြမ်းကွဲသွားသည်။ စံရွှေနှင့် တောပုန်း(၈)ဦး၏ တိုက်ပွဲမှာ ဆယ်မိနစ်ပင်မကြာချေ။ စိုင်းစံရွှေတစ်ကိုယ်လုံးသည် တောပုန်းတို့ကိုယ်မှ ဖန်းထွက်လာသောသွေးတို့ဖြင့် ရွှဲရွှဲစိုနေသည်။ စံရွှေကား ဓားကိုတင်းတင်းဆုပ်ရင်း တံတားထိပ်သို့မျှော်ကြည့်အကဲခတ်နေ၏။ ဘာသံမှမကြားရတော့ချေ။

"လူကလေး"

စော်ဘွားကြီး၏ ခေါ်သံကြောင့် စံရွှေလှည့်ကြည့်လိုက်ရာ လေသာဆောင်ပေါ်မှ စော်ဘွားကြီးနှင့် မဟာဒေဝီကို တွေ့သဖြင့် ဓားကို မြေထောက်၍ ဒူးထောက်ခေါင်းငုံ့ပြီး အရိုအသေပြုသည်။ စော်ဘွားကြီးက သူ့အိတ်ထဲမှ လက်ကိုထုတ်ကြည့်ရာ ရွှေဒင်္ဂါးငါးပြားပါလာ၏။ မဟာဒေဝီထံမှ ကြင်ခတ်ပဝါကိုယူ၍ ရွှေဒင်္ဂါးပြားငါးပြားကိုထုပ်ပြီး စံရွှေရှေ့သို့ ပစ်ချပေးလိုက်သည်။ စံရွှေက ရှေ့တွင်ကျလာသော ကြင်ခတ်ပဝါကိုယူ၍ မိမိခေါင်းပေါ်တင်ပြီး သျှောင်ထုံးနှင့်ရောချည်လိုက်သည်။

"ကျွန်တော်မျိုး ငစံရွှေ အသက်ကိုနှင်း၍ တာဝန်ထမ်းပါမည် ဘုရား"

နံနက် (၁၀) နာရီလောက်တွင် ဟော်နန်းတစ်ခုလုံး ရှုပ်ယှက်ခတ်နေချိန်၌ မင်းချင်းတစ်ဦးက အထည်ချုပ်ဆောင်သို့သွားရန်နှင့် အထည်ချုပ်ဆောင်ရှိ အပျိုတော်ချုပ်နှင့်တွေ့ပါဟု မှာလာသည်။ အထည်ချုပ်ဆောင်သည်ကား ဟော်တွင်းအမှုတော်ထမ်းတို့အတွက် အဝတ်အစား၊ ဝတ်စုံများကိုချုပ်လုပ်ရာဖြစ်ပြီး အမြဲမပြတ် အပျိုတော်တို့၏စက်ချုပ်သံ၊ သီချင်းဆိုသံ၊ ရယ်မောသံတို့ဖြင့် ဆူညံနေတတ်၏။အထည်ချုပ်ဆောင်တံခါးမှာ စေ့ရုံသာစေ့ထား၍ တံခါးဖွင့်ရန် စံရွှေလက်လှမ်းစဉ်မှာပင်-

"ဟဲ့ - ကနေ့ငါ့ရည်းစားစံရွှေလာမှာဟဲ့၊ နင်တို့ငြိမ်ငြိမ်နေနော်"

"ဘာနင့်ရည်းစားလဲ။ ငါနဲ့လက်ထပ်တော့မယ့် ငါ့ခင်ပွန်းလောင်းဟဲ့"

ထိုအသံများကြောင့် တံခါးဖွင့်မည့်စံရွှေ လက်တွေရော ဒူးတွေပါ တုန်လာသည်။ စံရွှေလာမှန်းအဖေးကပင်မြင်ထားပြီးဖြစ်ရာ တံခါးဝရောက်မှ အပျိုတော်တို့က သက်သက်ထလှောင်ကြခြင်း ဖြစ်သည်။ ဟယ်-ယောကျ်ားပဲ၊ ဒီကောင်မတွေအကြောင်းလည်းသိရဲ့သားနှင့်ဟု စိတ်တင်းကာ တံခါးလက်ကိုင်ကိုဆွဲဖွင့်သည်။ ဖွင့်မရ။ ဘယ်လိုဖြစ်ရတာလဲ။ စံရွှေက ဇွတ်ဆွဲဖွင့်ပြန်၏။ အပျိုတော်တစ်ဦး အသံထွက်လာ၏။

"ကိုကိုစံရွှေရယ် အတွင်းတွန်းဖွင့်ရတဲ့တံခါးကို ဘယ့်နှယ်-ဇွတ်ဆွဲဖွင့်ရတာတုံး"

အုန်းခနဲ ရယ်သံပေါ်လာသည်။

"သေကွာ၊ ငါ့နှယ် တွန်းဖွင့်ရတဲ့တံခါးလား၊ ဆွဲဖွင့်ရမယ့်တံခါးလားတောင်မသိဘူး"

ထိုစဉ် အပျိုတော်ချုပ်ကြီးက -

"ဟဲ့-ကလေးမတွေ တိတ်စမ်း၊ လူလေး တွန်းဖွင့်ဝင်လာခဲ့"

တံခါးကိုဖွင့်လိုက်သည်နှင့် ခန်းမ၏ တစ်ဖက်ထိပ်၌ အပျိုတော်ချုပ်ကြီးထိုင်နေသည်ကိုတွေ့ရသည်။ ထို့အတူ အပျိုတော်တို့၏မျက်လုံးပေါင်းများစွာတလည်း သူ့ကိုကြည့်နေမှန်းသိပါသည်။ စံရွှေအထင် သူ့မျက်နှာတစ်ခုလုံးသည် အပူလုံးအဖုအပိမ့်များထွက်နေသည်ဟု ထင်သည်။ ဟယ်-စံရွှေကွ၊ ဟန်ကိုယ့်ဖို့ပဲရသည်ဟု အားတင်းကာ အပျိုတော်ချုပ်ကြီးထံသို့ ခပ်တည်တည်လျှောက်သွား၏။ ဖြစ်ချင်တော့ ရှေ့က သစ်သားခွေးခြေကိုမမြင်ဘဲ ဝင်တိုက်ပြီး ရှေ့သို့ ဟပ်ထိုးဟပ်ထိုးနှင့် သုံးလှမ်းလောက်ရောက်သွားရာ အုန်းခနဲရယ်သံတွေပေါ်လာပြန်သည်။ စံရွှေ အလွန်ရှက်နေမှန်းသိ၍ အပျိုတော်ချုပ်ကြီးရှေ့ထွက်လာပြီး လက်မောင်းကို ဆွဲခေါ်သွားကာ စားပွဲရှေ့တွင်ရပ်စေပြီး ကိုယ်လုံးအတိုင်းအထွာများကို တိုင်းထွာမှတ်ယူ၏။

"လူကလေးက ရာထူးတက်တော့မှာဆိုတော့ ဝတ်စုံကိုချပ်ချပ်ရပ်ရပ်ရှိစေချင်လို့ပါကွယ်။ ကဲ - ရပြီ သွားတော့"

သွားတော့ဆိုသည်နှင့် စိုင်းစံရွှေ ခပ်သုတ်သုတ်ပြန်အထွက်၊ အမြန်ထွက်ချင်ပါမှ အဝင်တုန်းက ခလုတ်တိုက်မိသော ခွေးခြေကို ထပ်တိုက်မိပြန်သည်။ ဟပ်ထိုးဟပ်ထိုးဖြစ်သွားပြန်၏။ ဖြစ်နိုင်လျှင် ထိုနေရာတွင် လဲသေ၍ရမည်ဆိုပါက လဲသာသေလိုက်ချင်တော့သည်။

စံရွှေကား အတွင်းလူ (၃၀) တွင်ပါသွားပြီး ပန်းနုရောင်ရှမ်းဝတ်စုံနှင့် ဓားလွယ်၍ဝင်ခွင့်ရပြီ။ သူတို့အတွင်းလူ(၃၀)ကို အုပ်ချုပ်သူအကြပ်ကြီးကား အသက်ကြီးရင့်နေပြီ။ ဟော်တော်တွင်း ငယ်ကျွန်ဖြစ်၍ သစ္စာကြီးသည်။သို့သော် ငယ်စဉ်ကလို မဖျတ်လတ်တော့ပြီဖြစ်၍ စံရွှေကိုသာ စေခိုင်းသည်၊ ရတနာပုံနေပြည်တော်ပွဲကျောင်း၌ သင်ခဲ့ရသော ပညာတို့သည် အလွန်အသုံးတည့်ချေပြီ။ ညအိပ်ဖန်စောင့်ကိုလည်း ဤလူ(၃၀)ကပင် တာဝန်ယူရသည်။ စံရွှေသည် ဟော်တွင်းအနေအထားကို မြေပုံကြမ်းဆွဲပြီး ဝင်လမ်းထွက်လမ်းတို့ကို သေချာစစ်၏။ လူ၊ လက်နက်တို့ကိုလည်းစစ်ဆေးသည်။ အတွင်းလူဟန်ဆောင်၍ ဝင်မလာနိုင်စေရန်လည်း စကားဝှက်များကိုပေးသည်။စံရွှေမသိသည်ကတော့ စော်ဘွားကြီး၏လူယုံများနှင့်အကြပ်ကြီးတို့သည် စံရွှေ၏ လုပ်ကိုင်ပုံများကို အမြဲတမ်းအကဲခတ်နေပြီး စံရွှေ၏ စီခံခန့်ခွဲမှု၌ အကြားအလပ်မရှိမှု၊ စေ့စပ်သေချာမှု

www.burmeseclassic.com

တို့ကိုသဘောကျကြခြင်းပင်ဖြစ်သည်။

တစ်ခါတစ်ရံ စော်ဘွားကြီးပိုင်နက်အတွင်း လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးကိစ္စ၊ အစည်းအဝေးများသို့ အကြပ်ကြီးက စံရွှေကိုခေါ်သွားပြီး နားထောင်စေသည်။ တစ်ခါတစ်ရံ စံရွှေ၏အကြံဉာဏ်ကိုမေးသည်။ သို့နှင့်ပင် စံရွှေ အတွင်းလူယုံဖြစ်လာရသည်။

❑

နောင်ချိုမြို့နှင့် (၂) မိုင်ကွာ သုံးဆယ်ရွာကြီးကို အခြေပြုလျက် သုံးဆယ်မင်းသားသည် လူသူလက်နက်စုရုံး၍တော်လှန်ပုန်ကန်နေသဖြင့် သီပေါစော်ဘွားမှ သွားရောက်နှိမ်နင်းရန်နှင့် နောက်ရံတပ်အဖြစ် မိမိတို့၏ ကုလားစစ်ဘာရီတပ်ကိုစေလွှတ်လိုက်ကြောင်း အကြောင်းကြောင်းစာကို ညီလာခံ၌ စာတော်ဖတ်က ဖတ်ကြား တင်သွင်းသည်။ သီပေါစော်ဘွားကြီးများစွာ စိတ်မကောင်းဖြစ်သွားသည်။ မြန်မာတပ်များနှင့် လက်တွဲ၍ ယိုးဒယားသို့လည်းချီဖူးသည်။ တရုတ်ကျူးကျော်စစ်ကိုလည်း ခုခံဖူးသည်။ ယခု မိမိတို့အချင်းချင်းပြန်တိုက်ရမည်ဆိုတော့ စိတ်မချမ်းမသာ။ မတိုက်ပြန်လျှင်လည်း အင်္ဂလိပ်အစိုးရက မိမိကိုဖြုတ်ချ၍ အလိုတော်ရိတစ်ဦးကိုသာခွဲတင်မည်။ သို့ဆိုလျှင် မိမိနယ်သူနယ်သားများပင် ဒုက္ခရောက်ကြချေဦးမည်။

ရက်သတ္တပတ်ခန့် ညီလာခံတွင် အကြိတ်အနယ်ဆွေးနွေးပြီး နောက်ဆုံးတွင် စိုင်းစံရွှေကို တပ်မှူးခန့်လျက်စစ်သည်၊ မြင်းသည် (၃၀၀)နှင့် စစ်ဘာရီတပ်ဖြင့်တွဲ၍ သွားရောက်နှိမ်နင်းရမည်ဟု အမိန့်ထွက်လာသည်။

စိုင်းစံရွှေ တစ်ညလုံး အိပ်မပျော်။ စစ်ဘာရီတပ်များချည်းသွားတိုက်လျှင်ဖြစ်ရဲ့သားနှင့် မိမိတို့ကို နှိမ်နင်းရန်စေလွှတ်ခြင်းသည် အိမ်ကြက်ချင်းကိုတိုက်ခိုင်းခြင်းဖြစ်သည်။ နှစ်ဖက်တိုက်ခိုက်ကြလျှင် တိုင်းရင်းသားများ အသေအပျောက်များပေမည်။ နှစ်ဖက်တပ်သို့တိုက်ရင်း အင်းအားနည်းမှ စစ်ဘာရီတပ်က ဝင်တိုက်လိမ့်မည်။ ကုလားစစ်ဘာရီတို့သည် ရှမ်း၊ ဗမာခွဲမနေဘဲ အကုန်လုံးကို မီးပေါက်အမြောက်များ၊ လက်နက်များနှင့် ပစ်ခတ်သတ်ဖြတ်မည်သာဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက်ခွဲမည်မဟုတ်ချေ။ သို့ဆိုလျှင် တပ်ဦးမှချီသော ခေါင်းဆောင်မိမိသာ ဦးစွာကျလျှင် မိမိတို့တပ်ပျက်ချေမည်။ သို့ဆိုလျှင် မိမိတပ်များ အသေအပျောက်နည်းနိုင်သည်။ မိမိတို့က စစ်ဘာရီများကို ရုတ်တရက်တော်လှန် တိုက်ခိုက်လျှင်တော့ ခဏအားဖြင့် မိမိတို့နိုင်မည်။ အကျိုးဆက်အဖြစ် စော်ဘွားကြီးနှင့် မိမိတို့နယ်သူနယ်သားအားလုံး အင်္ဂလိပ်တို့ဆင်ထားသော အကွက်ထဲသို့ရောက်ကာ အားလုံးဒုက္ခရောက်ချေမည်။ တတ်နိုင်သမျှ အကြံဉာဏ်ထုတ်၏။

နောက်တစ်နေ့ နံနက်စစ်ထွက်ခါနီးတွင် စံရွှေ၏နဖူးပေါ်တွင်အင်းချထားသောပဝါနီကို စော်ဘွားကြီးကိုယ်တိုင်စည်းနှောင်ပေးလိုက်သည်။ ဤအင်းချထားသောပဝါနီကား စော်ဘွားကြီးတန်ဖိုးအထားဆုံးပဝါဖြစ်၏။ ဤအင်းပဝါတစ်ခုဖြစ်ဖို့ ငွေ၊ အချိန်များစွာအကုန်ခံကာစီရင်ရသည်။ သာမန်သုံ့ငွေ့သူကြွယ်ပင် မတတ်နိုင်ချေ။ အင်းပဝါအကျိုးကား မည်သည့်သေနတ်မီးပေါက်မှ မီးမကူးနိုင်။ စော်ဘွားကြီး တန်ဖိုးအထားဆုံးအရာကို စံရွှေနဖူးထက်ဝယ်စည်းနှောင်ပေးလိုက်သည်။

ရွှေခုံးမှ စိုင်းစံရွှေသည် မြင်းနက်ကြီးကိုစီးပြီး အနောက်မှ တံခွန်အလံတလူလူ ရှမ်းအိုးစည်သံတညံညံနှင့် ဟော်တော်ကို လက်ယာရစ်သုံးပတ်ဦးခိုက်ပြီးမှ နောင်ချိုဆီသို့ထွက်ခွာလာပြီး လမ်း၌ တစ်ညအိပ်ရပ်နားပြီးနောက်တစ်နေ့ညနေတွင် အုမ္မခါးနှင့် ကျောက်သုံးလုံးရွာကြား၌ တပ်ချထား၏။ မိမိတို့ချီလာကြောင်းကို သုံးဆယ်ရွာကြီးအရှေ့ဘက် တစ်မိုင်ကွာတွင် မြေကတုတ်များ၊ ရင်းတားများပြု၍ တပ်စွဲထားသော မြန်မာမျိုးချစ်များလည်းသိမည်ပင်။ ညအချိန်၌ မိမိတို့ဘက်မှတီးသော ရှမ်းအိုးစည်သံ၊ မောင်းသံများကို မျိုးချစ်တပ်များကြားမည်ပင်။ မြန်မာတပ်များတီးနေသော တိုက်စည်တိုက်မောင်းသံများကိုလည်း ကြားနေရ၏။ မျိုးချစ်တပ်တွင်း မိမိတို့ ဒေသခံရှမ်းများ၊ ဓနုများပါဝင်ကြောင်းသိရသောအခါ စံရွှေမှာပို၍ရင်နာမိသည်။ မိမိတို့တပ်နှင့် မျိုးချစ်တပ်များကြားတွင် တစ်မျှော်တစ်ခေါ်ကြီးကျယ်ပြန့်လှသော မြက်ခင်းပြင်ကြီးခြားသည်။

မျိုးချစ်တပ်တို့၏ခေါင်းဆောင်မှာ ထိပ်တင်မောင်မောင်ဟုသိရသောအခါ စိုင်းစံရွှေမှာ ပြေးသွားနှုတ်ဆက်ချင်စိတ်ပေါက်သွားသည်။ နာမည်တူသူဖြစ်ပါစေ သူငယ်ချင်းထိပ်တင်မောင်မောင်မဟုတ်ပါစေနှင့်ဟု ဆုတောင်းမိသည်။

ရှမ်းစော်ဘွားတပ်နှင့်စစ်ဘာရီတပ်များကို ဦးဆောင်လာသူမှာ ရှမ်းပြည်ကြီးတစ်ဦးဖြစ်ကြောင်း အမှန်တကယ် တွေ့ပြီးစားပြီးသူဖြစ်ပြီး ဓားရေးကျွမ်းကျင်ကြောင်း ရုပ်ရည်ချောမော၍ သဘောကောင်းလှသည်ဟူသောသတင်းကို မျိုးချစ်ခေါင်းဆောင် ထိပ်တင်မောင်မောင် ရရှိသောအခါ ငယ်သူငယ်ချင်းစံရွှေကို ပြေးသတိရသည်။ မဟုတ်နိုင်ပါဘူးလေဟုစိတ်ကိုဖြေရင်း နက်ဖြန်နံနက်တွင်ကား တပ်ချင်းဆိုင်၍တိုက်ကြရတော့မည်ဖြစ်သဖြင့် အစီအမံများကိုသေချာအောင်စစ်နေ၏။

❑

နွေနံနက်စောစော အရုဏ်တက်နေခြည်နုနုဖြာချိန်တွင် သုံးဆယ်ရွာကြီးအရှေ့ဘက် မြက်ခင်းကြီးတွင် နှစ်ဖက်တပ်တို့ ဆိုင်မိကြ၏။ သို့သော် စော်ဘွားတပ်၏စစ်အစီအမံသည် ဘာများလဲဟု ထိပ်တင်မောင်မောင်၏စစ်ခေါင်းဆောင်များ စဉ်းစားမရဖြစ်နေသည်။ ရှမ်းတပ်ကြီး၏ရှေ့ကိုက် (၁၀၀) လောက်ခွာပြီး ရှမ်းအိုးစည်အဖွဲ့များရှိသည်။ ထိုအဖွဲ့၏ရှေ့ကိုက် (၅၀) တွင် စော်ဘွားတပ်၏ခေါင်းဆောင်ဖြစ်သူက ဓားနှစ်လက်နှင့်တစ်ဦးတည်းရပ်နေသည်။ ဘာလုပ်တာလဲ သက်သက်အသေခံချင်တာလားဟု စဉ်းစားကြသည်။ ထိုအကြောင်းကို ထိပ်တင်မောင်မောင်ထံ သတင်းပို့သောအခါ ရှေ့တန်းအနီးဆုံးခံကတုတ်ထိလာပြီးကြည့်သည်။

ထိုစဉ် ရှမ်းအိုးစည်များ၊ တိုက်စည်တိုက်မောင်းသံများ တစ်ပြိုင်နက်တီးပြီး စံရွှေက အင်္ကျီကိုချွတ်လိုက်ပြီး ဓားနှစ်လက်ဖြင့် လှလှပပကသည်။ နေရောင်နုနုအောက်တွင် အဆီပိုမရှိ၊ ကျစ်လျစ်သောကိုယ်ခန္ဓာ၊ အသားဖြူဖြူ၊ သျှောင်တစောင်းနှင့် ပဝါအနီကိုသပ်သပ်ရပ်ရပ်စည်း၍ကနေသည်မှာ စစ်တိုက်သည်နှင့်မတူဘဲ နတ်စစ်သည်တစ်ဦးက အသွင်အပြောင်းအခွင့်အနေအထား ပညာပြည့်ပြည့်နှင့်ကပြနေသလိုပင်။ နှစ်ဖက်တပ်တို့သည် ရပ်သပ်ရှုမောကြည့်နေကြသည်။ ထိပ်တင်မောင်မောင်ကကြည့်နေရင်း-

"စံရွှေ၊ ဟုတ်တယ် သူငယ်ချင်းစံရွှေပဲ"

တစ်ဖက်ကကနေသူမှာ ဓားစကြားသိုင်းကွက်ကိုကနေရာ ကြည့်ရင်းကြည့်ရင်း ဉပုသ်ရက်တစ်ရက်က စံရွှေ၏ဓား



www.burmeseclassic.com

www.burmeseclassic.com

စကြောကပြသည်ကို သေချာကြည့်မိသည်ကို သတိရလာသည်။

"ဟုတ်တယ်၊ သည်အတိုင်းပဲ"

စံရွှေသည် ကပြနေရင်း ထိပ်တင်မောင်မောင်ဟုတ်သလားဟု မေးနေသယောင်ရှိသည်။ အိုးစည်သံအဆုံးနှင့် ကကွက်အဆုံးသည် ကွက်တိပင်ဖြစ်သည်။ စံရွှေက အိုးစည်ကိုင်များကို နောက်တစ်ကြော့တီးရန်အချက်ပြသည်။ စံရွှေကဦးမည်ထင်၍ ရှမ်းအိုးစည်သံတို့သည် ညီညာလျှင်မြန်စွာထွက်ပေါ်လာသည်။ စံရွှေကမူ ဓားနှစ်လက်ကို မြေမှာထောက်ထားရင်း တစ်ဖက်တပ်ကိုလှမ်းကြည့်နေ၏။

"ကိုယ်တော်လေးဘုရား မသင့်ပါဘုရား"

ရှေ့ဆုံးခံကတုတ်မှ သွေးသောက်ကြီးက လှမ်းတားသော်လည်းမမီလိုက်ချေ။ ထိပ်တင်မောင်မောင်သည် အင်္ကျီကိုချွတ်ပစ်ခဲ့ကာ ဓားနှစ်လက်နှင့် ပုဆိုးနောက်ပိုးကျိုက်လျက် ကတုတ်ထဲမှခုန်ထွက်သွားပြီး ခပ်လှမ်းလှမ်းတွင် ဓားနှစ်လက်နှင့် ရှမ်းအိုးစည်စည်းချက်အတိုင်း စကသည်။ နှစ်ဖက်တပ်များမှ သိုင်းပညာကျွမ်းကျင်သူတို့သည် ဓားစကြောသိုင်းကွက်ကိုကနေသည်ဟုသိကြသည်။ နှစ်ဖက်ခေါင်းဆောင်တို့ကလည်း လက်ကွက်မတူသော်လည်း ခြေနင်းကွက်မှာ တူတူပင်ဖြစ်ပြီး ထိပ်တင်မောင်မောင်က ကွက်တို့မှာ ခံ့ညားမာကျောလှသည်ဟု မှတ်ချက်ပြု၏။ သူတို့မသိသည်ကား နှစ်ဖက်ခေါင်းဆောင်တို့၏ ယူကျုံးမရမျက်နှာများနှင့် မျက်ရည်ဝဲနေသည်ကို မသိကြပါ။ ကကွက်ဆုံးသည်နှင့် ထိပ်တင်မောင်မောင်သည် ကတုတ်ထဲသို့ပြန်ဝင်သွားသည်။

ခံတုတ်ထဲမှ သွေးသောက်ကြီးတစ်ဦးက တူမီးသေနတ်သမားသုံးဦးကို ရှေ့ဆုံးမှ စော်ဘွားတပ်ခေါင်းဆောင်အားချိန်၍ပစ်စေ၏။

"ချောက် ချောက် ချောက်"

"ဟာ- မီးမကူးဘူးဟ မီးမကူးဘူးဟ"

ထိုအသံသည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် တော်လှန်ရေးတပ်သားများကြားတွင် ပျံ့နှံ့သွား၏။

"ဟေ့ - မတ်စကက်သေနတ်သမားလာစမ်း"

အင်္ဂလိပ်တို့ထံမှသိမ်းမိထားသော မတ်စကက်သေနတ်သမားနှစ်ဦးအပြေးရောက်လာ၏။

"အဲဒီခေါင်းပေါင်းနီကို သေချာချိန်ပစ်စမ်း"

"ချောက် ချောက်"

"ဟာ - အင်္ဂလိပ်သေနတ်လည်း မီးမကူးဘူးဟ"

တော်လှန်ရေးတပ်သားများ လှုပ်လှုပ်ရွရွဖြစ်လာ၏။ ထိပ်တင်မောင်မောင် အသေအချာစဉ်းစားရပြီ။ ထိုစဉ် သွေးသောက်တစ်ဦးက အင်္ဂလိပ်တို့ထံမှရထားသော တစ်လုံးထိုးမှန်ပြောင်းကိုလာပေး၏။ ထိပ်တင်မောင်မောင်က မှန်ပြောင်းဖြင့်လှမ်းကြည့်သည်။ စံရွှေမှ စံရွှေပါပဲ။ ထိုစဉ် စံရွှေက ဘယ်လက်မှ ဓားကိုလွှတ်ချပြီး တစ်စုံတစ်ရာကိုပြနေသည်။ သေချာကြည့်တော့ လက်လေးချောင်းထောင်ပြပြီး မသိမသာလက်ကို နဖူးဆီသို့ဆွဲကာ ပဝါနီပေါ်ကအင်းကို ထိုးပြနေသည်။ ထိပ်တင်မောင်မောင်ထံ၌ရှိသော လေးကွက်အင်းကိုသုံး၍ သူ့နဖူး၌စည်းထားသောပဝါနီကိုပစ်ရန်ပြနေခြင်းဖြစ်သည်။ ပွဲကျောင်းဆရာတော်က ကြေးပြားသေးသေးလေးပေါ်တွင် လေးကွက်အင်းတစ်ခုချထားပြီး-

"ငါ့တပည့် ဒီလေးကွက်အင်းဟာ အင်းအားလုံးရဲ့အချုပ်ပဲ။ ငါ့တပည့် ညဏ်ရှိသလိုသုံးပါ"

ပြောကာ မိမိကိုပေးခဲ့၏။ စံရွှေအား ကျောင်းသားချင်းမို့ ထုတ်ကြွားဖူးသည်။ ခု စံရွှေက လေးကွက်အင်းကို ထုတ်သုံးခိုင်းလေပြီ။ စံရွှေသည် နှစ်ဖက်အကျအဆုံးနည်းအောင် သူ့အသက်ကို စွန့်ရန် ဆုံးဖြတ်ထားပုံရသည်။

တော်လှန်ရေးတပ်သားတို့မှာ ရှမ်းပြီးကြီးက သေနတ်ပါပြီးတယ်ဟု လှုပ်လှုပ်ရှားရှားဖြစ်နေပြီ။ ထိပ်တင်မောင်မောင်က သူ့ဆံပင်ကြားထဲမှ လေးကွက်အင်းကိုထုတ်ပြီး တူမီးတွင်ထည့်ပစ်သည့် သံလုံးတစ်လုံးတွင်ကပ်ပြီး လက်နှင့်ဖိရာ အင်းပြားသည် သံလုံး၌ နစ်ဝင်ပြီးကပ်နေသည်။

"သွေးသောက်ကြီးလက်အဖြောင့်ဆုံး တူမီးသမားကိုခေါ်ခဲ့"

တူမီးသမား ရောက်လာသော အခါ -

"ဒီကျည်မကိုထည့်ပြီး အဲသည်က နေတဲ့လူရဲ့နဖူးစည်းပဝါက အင်းကွက်ကလေးကိုချိန်ပြီး သေသေချာချာပစ်။ တစ်ချက်တည်းနဲ့ ကိစ္စပြီးပါစေ။ မသေမရှင်ဖြစ်လျှင် မောင်မင်းကိုဒဏ်ထားမည်"

တူမီးသမားသည် သူ့သေနတ်ထဲသို့ ဃမ်းမှုန့်တစ်ထပ်၊ ကာပတ်တစ်ထပ်ကိုထည့်ပြီးမှ ကျည်မကိုထည့်ကာ ကာဖတ်နှင့်ပြန်ဖိဖုံး၍ ထောင်း၏။ နားခွတ်ယမ်းကိုပါ သေချာစွာစစ်ဆေးပြီး လှမ်းချိန်လိုက်သည်။

ထိပ်တင်မောင်မောင်က တစ်လုံးထိုးမှန်ပြောင်းဖြင့်ကြည့်နေရာ ဒိန်းခနဲ တူမီးသေနတ်သံအဆုံးဝယ် ကျည်မသည် စံရွှေ၏နဖူးစည်းနောက် ဦးခေါင်းခွံကိုဖောက်ကာ နောက်စေ့မှသွေးများဦးနှောက်များထွက်သွားပြီး စံရွှေလဲကျသွားသည်။ လုံးဝမလှုပ်တော့ပါ။ ခေါင်းဆောင်ကျသွားသည်နှင့် နောက်ရှမ်းတပ်တို့ပြိုလေပြီ။

ထိပ်တင်မောင်မောင်ရင်ထဲဝယ်-

"ဖြစ်ရလေ သူငယ်ချင်းရယ်၊ ငါ့ကြောင့် အသက်စွန့်သွားရတယ်လို့"

ဟု တွေးကာ မချိတင်ကဲဖြစ်နေ၏။

ရှမ်းတပ်သို့ဆုတ်သည်နှင့် စစ်ဘာရီတို့ တစ်ခန်းထလာ၏။ အမြောက်မီးပေါက်များဖြင့်လှမ်းပစ်ပြီး သေနတ်သမားတို့က နှစ်တန်းခွဲပြီးပစ်တက်တတ်လာ၏။ တစ်တန်းကပစ်လျှင် တစ်တန်းက ဒူးထောက်ကာ ကျည်ထိုး၏။ ပစ်သည့်တစ်တန်းကကျည်ထိုးနေစဉ် တစ်တန်းကရှေ့တက်ပြီးပစ်သည်။အမြောက်ဆန်တို့သည် ခံကတုတ်များကိုလာမှန်၏။ပေါက်ကွဲ၏။ တော်လှန်ရေးသေနတ်သမားများက သေနတ်ဖြင့်ပစ်သည်။ ဓားသမားတို့က ဖွတ်ပြေးဝင်ပြီးခုတ်သည်။

"ကိုယ်တော်လေး အကာအကွယ်ယူပါ ဘုရား"

သွေးသောက်ကြီးတစ်ဦးက လှမ်းသတိပေး၏။ ထိပ်တင်မောင်မောင်တား မလှုပ်မယှက် စံရွှေအလောင်းကိုသာ ငေးကြည့်နေ၏။ထိုစဉ် အမြောက်ကျည်တစ်လုံးသည် ထိပ်တင်မောင်မောင်၏ အနီး ကျရောက်ပေါက်ကွဲရာ ထိပ်တင်မောင်မောင်၏ မျက်လုံးတွင် လုံးဝအမှောင်ဖုံးသွားချေပြီ။

**စာကြွင်း**

ဤအဖြစ်အပျက်မှာ အဘိုးပြောသောအိပ်ရာဝင်ပုံပြင်သာဖြစ်၏။ အဖြစ်မှန်ကိုသိသူများအနေနှင့်ဝေဖန်ထောက်ပြရန်မလိုပါ။ ဝတ္ထုကို ဝတ္ထုလိုသဘောထား၍ ဖတ်ရှုကြပါရန်။

ထွန်း (နောင်ချို)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ



### မိသားစု၏ ထမင်းအိုး စဉ်ဆက်မပြတ် ပိုလျှံစေခြင်းနှင့်ကာကွယ်ခြင်း

မိသားစုတိုင်းက နေ့စဉ်ထမင်းစားရန် ဆန်ကို ပုံစံအမျိုးမျိုးဖြင့် သိုလှောင်သိမ်းဆည်းတတ်ကြသည်။ သို့သော်လည်း ဖုန်းရွှေနှင့်အညီ သိုမှီးသိမ်းဆည်းလိုပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

ဆန်ထည့်ထားသောအိုးကို အမြဲတစေ လုံခြုံအောင် အဖုံးပိတ်ထားပါ။ ထိုသို့ လုံခြုံအောင် သိမ်းဆည်းခြင်းဖြင့် မီးဖိုချောင်အတွင်း ဒုက္ခပေးတတ်သော ကြွက်၊ ပိုးဟပ်တို့ ဝင်ရောက်မွှေနှောက်ခြင်းမှ ကာကွယ်ပြီးသားဖြစ်သည့်ပြင် မိသားစု၏ စားသောက်ရေးအတွက် အနှောင့်အယှက်ကင်းစေအောင် စောင့်ရှောက်ပြီးသားလည်းဖြစ်သည်။

ဆန်သိုမှီးရန် ပလတ်စတစ်ပုံးကို မသုံးပါနှင့်။ ယင်းမှာ မကောင်းသောနိမိတ်ကိုဖြစ်စေပါသည်။ ပလတ်စတစ်ပုံးအစား မြေအိုး၊ ကြွေအိုးတို့ကိုသုံးပေးပါ။ ထိုအခါ မြေဓာတ်စွမ်းအင်က အောင်နိမိတ်ဖြစ်ရန် ပံ့ပိုးပေးပါမည်။ မြေအိုး၊ ကြွေအိုးမရှိပါက သစ်သားကွန်တိန်နာကို သုံးခြင်းကလည်း သင့်လျော်ပါသည်။

ဆန်ထည့်ထားသောအိုးအတွင်းသို့ ရေစက်များမကျစေရ။ ရေထိခြင်းကြောင့် ဆန်များပျက်စီးသွားပါက မကောင်းသောနိမိတ်ကိုဖြစ်စေပါသည်။

လက်ရှိသုံးစွဲနေသောငွေ(ပိုက်ဆံ) အစစ်အနည်းငယ်ကို အနီရောင်အထုပ်တွင်ထည့်၍ ဆန်အိုးအတွင်းပိုင်း (သို့) ဆန်အိုးအတွင်းဘက်အောက်ခြေ၌ထားရှိပေးပါ။

တရုတ်နှစ်သစ်ကူးပွဲတော်ကာလအစပိုင်း၌ အမြဲတစေ ဆန်အိုးအား မဖုံးအုပ်မီ သန့်ရှင်းလတ်ဆတ်သော အနီရောင်အဝတ်စအပေါ်မှခံ၍ အဖုံးပိတ်လေ့ရှိကြသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် မိမိမိသားစုစားရေးသောက်ရေးအတွက် ဆန်ပြတ်လပ်သည် ဟူ၍ မရှိတော့ဘဲ ဆန်အိုးပြည့်လျှံသည်အထိ တိုးပွားလာသောက်ကောင်းခြင်းကိုရရှိပါမည်။

ဆန်အိုးကိုအထဲ၌ ဆန်တစ်စေ့မှ မကျန်သည်အထိ ဟောင်းလောင်း မထားရပါ။ တက်တက်ပြောင်နေသည့် အဓိပ္ပာယ်ကြောင့် မကောင်းသောနိမိတ်ကိုဖြစ်စေပါသည်။

ဆန်အိုးကို လူမြင်ကွင်းတွင် မထားရှိရ။ ဖြစ်နိုင်ပါက စတိုခန်းအတွင်း လုံခြုံစွာ သိမ်းဆည်းပေးပါ။ သို့မှသာ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ ဖောက်ထွင်းခံရခြင်းတို့ဘေးမှ လွတ်ကင်း၍ စီးပွားဥစ္စာများအား စောင့်ရှောက် ကာကွယ်ပေးနိုင်သည့် သဘောကို သက်ရောက်စေပါသည်။

ဆန်အိုးသည် တိမ်မနေဘဲ ဖောက်နက်နေခြင်းက ပိုကောင်းပါသည်။ ဖောက်နက်သောဆန်အိုးဖြစ်မှသာ မိမိမိသားစုစားဝတ်နေရေးနှင့် အိမ်ထောင်စီးပွား (အလွယ်တကူ မပြတ်လပ်) တာရှည်တည်တံ့ပါမည်။

ထမင်းချက်သောအိုးအား မှောက်မထားရ။ ကံဆိုးခြင်းနိမိတ်ထက် ပိုမိုဆိုးရွားသောအခြေအနေသို့ ဆိုက်ရောက်တတ်ပါသည်။


ဆေးကြောပြီး ထမင်းအိုးအား ညီညာသောမျက်နှာပြင်၌ အဖုံးပိတ်လျက် ထောင်ထားပေးပါ။

### ရွှေတူလက်ဆောင်ပေးခြင်း

တစ်ဦးတစ်ယောက်ကို ရွှေတူလက်ဆောင်ပေးခြင်းဖြစ်စေ၊ မိမိက တူကို လက်ဆောင်အဖြစ်ရရှိသည်ဖြစ်စေ ရွှေတူရရှိပြီးချိန်မှစ၍ တစ်နှစ်ပတ်လုံး ကံကောင်းခြင်း နိမိတ်လက္ခဏာများ ဆက်တိုက်ရရှိနေပါမည်။ အထူးသဖြင့် ပုံမှန်ဝင်ငွေပိုမိုတိုးတက်ရရှိလာပါမည်။

တူကို ထမင်းပန်းကန်၊ ဇလုံတို့ အပေါ်၌ တင်မထားမိစေရန် အမြဲတစေဂရုပြုရပါမည်။ အထူးသဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ထိုသို့ထားရှိမိပါက မိမိအတွက် ဘက်ပေါင်းစုံ၌ အဆင်မပြေမှု၊ အတိုက်အခံဖြစ်မှုများဖြင့် ရင်ဆိုင်ရပါမည်။ တူကို ထမင်းပန်းကန်၊ ဇလုံတို့ပေါ်၌ထားခြင်းက သေဆုံး ပျက်စီးဆုံးရှုံးခြင်းဟူသည့် မကောင်းနိမိတ်ပင်ဖြစ်သည်။

တူကို တစ်ဖက်လူထံ (မည်သည့်အခါမှ) ကမ်းမပေးရ။ မငှားရ။ တစ်ဖက်လူအနေဖြင့် မိမိထံမှငှားယူလိုပါက မိမိက ငွေစအနည်းငယ်ဖြင့် ရောင်းလိုက်ပါ။ တူကို ငှားရမ်းခြင်းသဘောဖြင့်ပေးလိုက်ခြင်းဖြစ်သော်လည်း နိမိတ်အရ မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလုံးအား ပေးအပ်လိုက်ရသည်နှင့်တူသည့် ဆိုးကျိုးကိုရနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## Chapter Two
## Symbols of Longevity

### သက်ရှည်ကျန်းမာခြင်းဆိုင်ရာ အောင်နိမိတ်လက္ခဏာများ

**သက်ရှည်ကျန်းမာခြင်းကိုယ်စားပြု Sau နတ်ရုပ်အား အိမ်အတွင်းထားရှိခြင်း**

ဖော်ပြပါ Sau အဘိုးအိုနတ်ရုပ်အား သက်စောင့်အရှင်သခင်အဖြစ် တရုတ်လူမျိုးများ၏ နေအိမ်အများစုတွင် တွေ့နိုင်ပါသည်။



Sau, the God of Longevity

**Money Tree (ပိုက်ဆံပင်)**

နမူနာပုံအရ ရွှေဒင်္ဂါး (ငွေအကြွေစေ့)များ ဝေဆာစွာသီးနေသည့် ပိုက်ဆံပင်ကိုတွေ့ရပါမည်။ စီးပွားဉစ္စာတိုးတက်ခြင်းနိမိတ်ပြပုံဖြစ်ပြီး မိမိတတ်နိုင်ပါက ရွှေငွေကျောက်သံပတ္တမြားများစီခြယ်၍ အပင်အား စိတ်ကြိုက်ခြယ်မှုန်းကာ လာဘ်ပွင့်ပိုက်ဆံပင်အဖြစ် ထားရှိနိုင်ပါသည်။



ဖုန်းရွှေပညာရပ်အရ Fuk, Luk, Sau ခေါ် အထင်ကရနတ်သုံးပါးရှိသည့်အနက် Sau က တစ်ပါးအပါအဝင်ဖြစ်သည်။ ၎င်းနတ်ရုပ်အား သက်ရှည်ကျန်းမာခြင်း နိမိတ်လက္ခဏာအဖြစ်တွေ့ထည်၊ မြေထည်များပေါ် ရေးဆွဲခြင်းအပြင် ပန်းချီကားများအဖြစ်လည်း တွေ့ရတတ်သည်။ တစ်ခါတစ်ရံ ဆင်စွယ်၊ သစ်သားနှင့် ကျောက်တုံးကျောက်သားများပေါ်၌ ထွင်းထုထားသည်ကို တွေ့ရတတ်သည်။ Sau နတ်ရုပ်ကို အမြဲတစေ အဝါရောင်ကိုယ်ရုံနှင့် ဘူးသီးခြောက်ရေဘူး တွဲချည်ထားသည့် တောင်ဝှေးကိုင်ဆောင်ထားသည့်ပုံအဖြစ် ထုထွင်းထားသည်ကိုတွေ့ရသည်။ Sau ၏ ဝဲဘက် လက်ဖဝါးပေါ် ရှိနေသည့် မက်မွန်သီးသည် ထာဝရ ရှင်သန်စေမည့်သဘော၊ အကျော်ဇေယျဖြစ်မည့်သဘောကို ကိုယ်စားပြု၏။ တောင်ဝှေး၌ တွဲချည်ထားသော ရေဘူးသည် မသေဆေးကိုယ်စားပြု နတ်ဩဇာအာဟာရများဖြည့်ပြီး သယ်ဆောင်လာသည့်သဘောကိုလည်း ရည်ညွှန်းပါသည်။

Sauနတ်ရုပ်တုကို အခန်းအဝင်ဝထင်ရှားစွာမြင်ရသော အမြင့်တစ်နေရာ၌ ထားရှိပါ။ နတ်ရုပ်ကျောပေးထားသည့်နံရံက တောင့်တင်းခိုင်မာမှုရှိပါစေ။ ၎င်းပြင် နတ်ရုပ်ကျောပေးထားသည့်နေရာ၌ ပြတင်းပေါက်၊ ရေချိုးခန်းနှင့် သန့်စင်ခန်းတို့ ရှိမနေစေရ။ ရှိခဲ့ပါက မကောင်းသောအကျိုးသက်ရောက်မှုများရလာပါမည်။ ၎င်းပြင် မိမိထိုင်ရာစားပွဲရှေ့တည့်တည့်တွင်ရှိပါကလည်း နိမိတ်မကောင်းခြင်းကြောင့် အဝင်တံခါးနှင့် ထောင့်ဖြတ်ကျသော ထောင့်တစ်နေရာ၌ စားပွဲပေါ် သီးခြားတင်၍ နေရာချပေးပါ။ Sau နတ်ရုပ်အား ဘုရားဆောင်တွင်တင်၍ ဘုရားနှင့်တန်းတူမထားရ။ ဘုရားကဲ့သို့ မရှိခိုးရ။ ထိုသို့ရှိခိုးကိုးကွယ်ခြင်းဖြင့်လည်း ထူးထူးခြားခြား အတိတ်နိမိတ်ကောင်းလာမည်မဟုတ်ပေ။

**လိုအင်ဆန္ဒပြည့်ဝစေသောနွား**

ထိုင်းနိုင်ငံ၏ ယုံကြည်ချက်အရ ကံကောင်းခြင်း နိမိတ်လက္ခဏာအဖြစ် ဆင်များကို အမြတ်တနိုး တန်ဖိုးထားသလို အိန္ဒိယတွင်လည်း နေရာအနှံ့ နွားများက နေရာအနှံ့ နေရာယူထားကြသည်။ ဖုန်းရွှေပညာရှုထောင့်အရ ရွှေတုံးနှင့်ရွှေဒင်္ဂါးများအပေါ် ထိုင်လျက်ရှိနေသည့်နွားရုပ်ပုံကို စားပွဲတွင်ထားရှိခြင်းဖြင့် အလိုဆန္ဒပြည့်ဝမှု (လိုတရမှု) အကျိုးကို ခံစားနိုင်ပါမည်။



Wish-fullfilling Cow



www.burmeseclassic.com

www.burmeseclassic.com



**သက်ရှည်ကျန်းမာခြင်း နိမိတ်ဆောင်ကြိုးကြာငှက်**

သက်ရှည်ကျန်းမာ၊ ပျော်ရွှင်ခြင်း နိမိတ်အတွက် ကြိုးကြာငှက်ရုပ်ကို မိမိအိမ်ခြံဝင်း၏ တောင်ဘက်အရပ်တွင် ထားရပါမည်။ တရုတ်ဒဏ္ဍာရီအရ ကြိုးကြာငှက် အမည်း၊ အဖြူ၊ အဝါ၊ အပြာဟူ၍ အရောင်အသွေးအမျိုးမျိုးရှိပါ သည်။ အဆိုပါ (၄) မျိုးအနက် အမည်းရောင် ကြိုးကြာငှက်က သက်ရှည် ကျန်းမာခြင်းအတွက် အဓိကကိုယ်စားပြုသည့်နိမိတ်ကို ဆောင်ပါသည်။အမည်းရောင် ကြိုးကြာငှက်များ၏သက်တမ်းက အနည်းဆုံး နှစ်(၆၀၀)အထိကြာမြင့်ပါသည်။ဧင်းအပြင် ကြိုးကြာငှက်မှာ သေဆုံးသွားပြီးသူ၏ ဝိညာဉ်အား, ကောင်းကင်ဘုံသို့ သယ်ဆောင်သွားပေသည်ဟု တရုတ်လူမျိုးတို့ယုံကြည်ထားကြသည်။ဈာပနပို့ဆောင်စဉ်အချိန်အတွင်း အသုဘခေါင်း၏အလယ်တည့်တည့်၌ တောင်ပံဖြန့်လျက် ခြေမြှောက်နေသော(ကောင်းကင်ဘုံသို့ပျံတက်မည့်သဘော)ကြိုးကြာငှက်ရုပ်များကို တွေ့နိုင်ပါသည်။

**ကြိုးကြာငှက်နှင့်ပတ်သက်သော နိမိတ်လက္ခဏာအမျိုးမျိုး**

တောင်ပံအစုံဖြန့်ကြက်၍ကောင်းကင်သို့ပျံတက်နေဟန်ရှိ ကြိုးကြာငှက်ပုံသည် ယခုဘဝလွန် (တမလွန်)ဘဝ၌ ကောင်းကျိုးချမ်းသာရှိသော နေရာသို့ရောက်ရှိခြင်းနိမိတ်ကိုဆောင်သည်။



တိမ်တိုက်များအကြား ပျံဝဲနေဟန်ရှိ ကြိုးကြာငှက်ပုံက သက်ရှည်ကျန်းမာခြင်း၊ ပညာဉာဏ်ကြီးမားခြင်း၊ ဩဇာအာဏာ ထက်မြက်သော ရာထူးနေရာကိုရရှိခြင်းနိမိတ်ကိုဆောင်သည်။

ထင်းရှူးပင်များအကြား မြူးထူးဆော့ကစားနေဟန်ရှိ ကြိုးကြာပုံသည် ဩဇာအာဏာတည်မြဲခြင်း၊ စီးပွားဥစ္စာပြည့်စုံခြင်း၊ ဘဝ၏ပျော်ရွှင်မှုအဝဝ ခံစားရခြင်းနိမိတ်ကိုဆောင်သည်။

နမူနာပုံအရ ကြိုးကြာဖိုမစုံတွဲပုံသည် ဇနီး၊ ခင်ပွန်းနှင့် မိသားတစ်စုလုံး သေတစ်ပန်သက်တစ်ဆုံး ကြာရှည်စွာလက်တွဲသွားနိုင်မည့်နိမိတ်ကို ဆောင်ပါသည်။ ကြိုးကြာစုံတွဲပုံသည် Chien (ချီယင်) အနောက်မြောက်အရပ်ကိုယ်စားပြု တြိဂရေခါ နှင့် Kun (ခွန်) အနောက်တောင်အရပ်ကိုယ်စားပြု တြိဂရေခါတို့၏ အရည်အသွေးများ ညီညွတ်မျှတစေလျက် မိသားတစ်စုလုံး၏ ကျန်းမာရေးနှင့် စီးပွားဥစ္စာတို့အား စောင့်ရှောက်ပေးသွားပါမည်။

အနီရောင် အမောက်ပါသည့် အဖြူရောင်ကြိုးကြာငှက်သည် မိသားတစ်စုလုံး၏ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး ပြေလည်စေခြင်း၊ အခက်အခဲဟူသမျှ စုပေါင်းဖြေရှင်းစေနိုင်ခြင်းနိမိတ်ကိုပေးပြီး တစ်ကောင်တည်းသော ကြိုးကြာမှ ကောင်းကင်သို့မော့၍ နေ(သို့)လအား ငေးကြည့်နေဟန်ရှိ ကြိုးကြာပုံသည် အသိဉာဏ်ပညာကြီးမားစေမည့်နိမိတ်ကိုဆောင်ပါသည်။

ကြိုးကြာဖြူရုပ်ပုံကား (သို့) ရုပ်တုကို ဟောင်အရပ်တွင်ထားပါက အခွင့်အရေးသစ်များ ပေါ်ပေါက်ရရှိလာပြီး အနောက်မြောက်အရပ်တွင်ထားပါက မိသားစု၏ အကြီးအကဲ (အိမ်ထောင်ဦးစီး) အတွက် ကံကောင်းခြင်းကိုဖြစ်စေပါသည်။ အကယ်၍ အရှေ့အရပ်တွင်ထားပါက မိသားစုထဲမှ သားအကြီးဆုံးအတွက် လုပ်ငန်းဆိုင်ရာတိုးတက်မှုများရရှိလာပါမည်။

ကြိုးကြာရုပ်ပုံများအား မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာတို့တွင် လုံးဝမထားရ။ ၎င်းအား အိပ်ခန်း၊ ထမင်းစားခန်းတို့တွင် ထားရှိခြင်းက အထူးသင့်လျော်ပါသည်။

**အောင်စာတ်ဆောင် ထင်းရှူးပင်၏နိမိတ်ပုံများ**


ထင်းရှူးပင်၏ ပင်ကိုသဘာဝ



အရ သက်တမ်းကြာရှည်၍ ဒဏ်ခံနိုင်မှုအားကောင်းပါသည်။ အလွန်ချမ်းအေးသည့် ဆောင်းရာသီကာလ၌ပင် ထင်းရှူးပင်၏ အပ်ချောင်းသဖွယ် အရွက်များ ပျက်စီးထိခိုက်မှုမရှိတတ်ပေ။ ထို့ကြောင့် ဖုန်းရွှေပညာအရ ထင်းရှူးပင်သည် သက်ရှည်ကျန်းမာခြင်း၊ ရှာဖွေထားသောဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိခြင်းနိမိတ်ကို ဆောင်ပါသည်။

**မက်မွန်ပင်ကပေးသောအောင်နိမိတ်များ**

မက်မွန်သားသည် မကောင်းဆိုးဝါးများကိုနှိမ်နင်းနိုင်ခြင်း၊ လေးနှင့်မြားပြုလုပ်နိုင်ခြင်းအပြင် ကာကွယ်ရေးအဆောင်လက်ဖွဲ့အဖြစ်ပါ အသုံးပြုနိုင်ပါသည်။ ၎င်းပြင် မက်မွန်သီးနှင့်မက်မွန်







www.burmeseclassic.com

www.burmeseclassic.com

ပန်း၏ ပွင့်ချပ်ပွင့်ဖတ်များက ချစ်ရေးချစ်ရာစကားပြောဆိုရာ၌ အောင်မြင်မှုရှိကြောင်း ဖုန်းရွှေပညာက ဆိုသည်။ တစ်နည်းအားဖြင့် မက်မွန်သီးသည် အိမ်ထောင်ရေးကိုယ်စားပြု အမှတ်သင်္ကေတတစ်ခုပင် ဖြစ်သည်။ အသီးများဝေဆာနေသည့် မက်မွန်ပင်ပုံတူအား မိမိအခန်းအတွင်းထားရှိပါက အိမ်ထောင်ရေးနှင့်ဆိုင်သည့် ကောင်းသောချိတ်ဆက်မှုများ ဝင်ရောက်လာပါမည်။ မက်မွန်ပင်ကို အနောက်တောင်အရပ်တွင် စိုက်ပျိုးထားခြင်း (သို့) ပုံတူထားရှိခြင်းဖြင့် အိမ်ထောင်သုခအပြည့်အဝခံစားရပါမည်။

**သက်ရှည်ကျန်းမာနိမိတ်ဆောင်ဝါးပင်များ**

ဝါးပင်သဘာဝအရ သက်တမ်းကြာရှည်သည့်အပင်ဖြစ်သောကြောင့် အသက်ဇီဝိတာရှည်စွာ ကျန်းမာသန်စွမ်းစွာဖြင့် ရပ်တည်နိုင်မည့်နိမိတ်ကိုဆောင်ပါသည်။ ဝါးပင်သည် သက်တမ်းအတော်ကြာရှည်သည့်တိုင် လေးရာသီစလုံး အမြဲတစေ အရွက်များဝေဆာ၍ စိမ်းလန်းနေပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့်သဘောကြောင့် ဖုန်းရွှေရှုထောင့်အရ သက်ရှည်ကျန်းမာခြင်းနိမိတ် တိုက်ရိုက်အဓိပ္ပာယ်ရှိနေပါသည်။



Bamboo brings resilience and longevity

ဝါးပင်ပုံတူကားသည် ခိုင်မာတောင့်တင်းစွာဖြင့် ပေါက်ရောက်ရှင်သန်နေသည့်ပုံရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် အသက်ရှည်ကျန်းမာခြင်း၊ လုပ်ငန်းစီမံကိန်းများ အောင်မြင်ခြင်းဟူသည့် ကောင်းကျိုးများရရှိပါသည်။



ဝါးရုံပင်အုပ်စုအလိုက် အရွက်အရေအတွက် အများအနည်းရှိတတ်ရာ ဝါးရွက် (၆၊ ၈၊ ၉) ပါရှိသောဝါးပင်က ကောင်းသောနိမိတ်ဆောင်ပြီး (၅၊ ၇၊ ၂၃) ဂဏန်းရှိသော ဝါးရွက်များဖြစ်ပါက မကောင်းသောနိမိတ်ကိုဖြစ်စေပါသည်။

ဝါးပင်ကို အိမ်ဝင်းခြံ၏ မြောက်အရပ်တွင် စိုက်ထားပါက မိမိအိမ်အားကာကွယ်ပေးမည့်နိမိတ်ကို ဆောင်ပါသည်။ ဝါးပင်များသည် လေပြင်းတိုက်ခိုက်ချိန်၌ မြေကြီးနှင့်ထိလုနီးပါးအထိ ညွတ်ကျဆင်းသွားတတ်သော်လည်း လေငြိမ်ပါက မူလပုံစံအတိုင်း တည့်မတ်ဖြောင့်တန်းစွာ ရပ်တည်နိုင်ကြသည်။ ထိုသဘောလက္ခဏာနှင့်အညီ သက်ဆိုင်သူက အခက်အခဲ အတားအဆီးများနှင့်ကြုံရသော်လည်း ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခြင်းကြောင့် မယိုင်မလဲ ဆက်လက်ရှင်သန်သွားနိုင်ပါမည်။

**သက်ရှည်ကျန်းမာခြင်းနှင့် စီးပွားလာဘ်ကောင်းခြင်းနိမိတ်ဆောင် ရွှေသမင်ရုပ်**

ဖုန်းရွှေပညာအလိုအရ သမင်ရုပ်သည် အရှိန်အဟုန်ဖြင့် သွက်လက်စွာလှုပ်ရှားရှင်သန်နိုင်ခြင်း၊ ဘဝတစ်သက်တာအတွင်း လောကဓံရိုက်ချက်များအား ခံနိုင်ရည်ရှိခြင်းသဘောကို ထပ်တူကိုယ်စားပြုထားသည်။

သမင် (deer) ကို တရုတ်အသံထွက်အရ Lu ဟုအသံထွက်ပြီး ဝင်ငွေကောင်းခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်းဟူသည့် အဓိပ္ပာယ်ရှိပါသည်။ တစ်သက်တာအတွင်း အသက်ရှည်ကျန်းမာ၍ မပူပင်မကြောင့်ကြရဘဲ ရှင်သန်ရပ်တည်နိုင်ရန် ကုမ္ပဏီလုပ်ငန်းရှင်တိုင်းလိုလို သမင်ရုပ်အား မိမိတို့ရုံးခန်းအတွင်းထားရှိတတ်ကြသည်။

သမင်ရုပ်တုကို Sau နတ်ရုပ်နှင့်တွဲဖက်၍လည်း ဆောင်တတ်ကြသည်။ သမင်နှင့် Sau နတ်ရုပ် တွဲဖက်ထားသောရုပ်တုအား စီးပွားဥစ္စာတိုးတက်ရေးနှင့် ဂုဏ်သတင်းကျော်ဇောရေးတို့အတွက် ရုံးခန်းများ၌ ထားရှိသင့်သည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



The Deer has many good meanings



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား နှစ်ပေါင်း သုံးဆယ် ကျော်ကြာခဲ့လေပြီ။

၁၉၈၁ - ၈၂ ခုနှစ်လောက်ဆီက ဖြစ်၏။ ထိုစဉ်က ကျွန်ုပ်သည် ဖြူးမြို့နယ် ညောင်ပင်သာစိုက်ကွင်းတွင်အလုပ် လုပ်နေစဉ်က ကြုံတွေ့ဖြစ်ပျက်ခဲ့ရသော အကြောင်းကို ရေးသားတင်ပြမည်ဖြစ်ပါသည်။ ညောင်ပင်သာစိုက်ကွင်းဟု ခေါ်ရခြင်းမှာ ညောင်ပင်သာကျေးရွာ၏ အနောက်ဘက် ရန်ကုန်-မန္တလေးကား လမ်းမကြီးဘေးတွင် ကပ်လျက်တည်ရှိသောကြောင့် ဖြစ်၏။ ဖြူးမြို့နှင့် ခုနစ်မိုင်၊ ရှစ်မိုင်ခန့်ဝေးမည်ဟု ထင်ပါသည်။ ၎င်းစိုက်ကွင်းသည် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ လက်အောက်တွင်ရှိပြီး အတိုကောက်အားဖြင့် ပ-လ-န။ အပြည့်အစုံဆိုပါမူ ပြည်သူ့လုပ်အားနေရာချထားရေးဦးစီးဌာနဟု ခေါ်တွင်၏။ စိုက်ကွင်းဧရိယာဧကပေါင်းသည် ခုနစ်ထောင်ခန့်ရှိသည်ဟုသိရ၏။ မြန်မာ့သကြားထုတ်ကုန်အတွက် ကြံကိုသာ အဓိကစိုက်ပျိုး၍ အခြားစပါးသီးနှံနှင့် ပဲတီစိမ်း၊ ကြက်ဆူ စသည်တို့ကိုလည်း အနည်းငယ် စမ်းသပ်စိုက်ပျိုးပါသည်။

ထိုစိုက်ကွင်း၌ ဝန်ထမ်းအင်အားနှင့် အလုပ်သမားအင်အားများစွာရှိ၏။ ကျွန်ုပ်အလုပ်လုပ်သော ကြံစိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းမှာပင်လျှင် စိုက်ပျိုးရာသီဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာလဆိုလျှင် ယောကျ်ား၊ မိန်းမအလုပ်သမားပေါင်း လေးရာကျော်ရှိပါသည်။

ထိုစဉ်က စခန်းခွဲ (၂)ဟူ၍ ပဲခူးရိုးမအရှေ့ဘက်၊ ကွင်းချောင်းနှင့်မနီးမဝေးတွင် နေရာသတ်မှတ်ကာ တည်ဆောက်လျက်ရှိရာ ကျွန်ုပ်အား ထိုစခန်းခွဲ (၂) ၏ ဒုတိယခေါင်းဆောင်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရပါသည်။ ကျွန်ုပ်အထက်တွင် ဦးကျော်ရင်(B.A. G) ဟုခေါ်သည့် ဝန်ထောက်တစ်ယောက်ရှိ၏။ ဦးကျော်ရင်သည် အရက်သေစာ အလွန်သောက်စားသူဖြစ်ပြီး အိမ်ထောင်လည်းမရှိပေ။ တောင်ကြီးသားဟုသိရ၏။ ကျွန်ုပ်နှင့် ဦးကျော်ရင်မှာ မည်သည့်အခါမျှ တည့်သည်ဟူ၍မရှိ။ ကျွန်ုပ်သည် သူ၏လက်အောက်ဝန်ထမ်းဖြစ်စေကာမူ အောက်ကျို့၍ဆက်ဆံလေ့မရှိပေ။ မဟုတ်လျှင်လည်း ဒိုးခနဲဒေါက်ခနဲပြန်ပြောလေ့ရှိ၏။ ထို့ကြောင့် သူကလည်း ကျွန်ုပ်အား အမြင်မကြည်လင်။ စိုက်ကွင်းမှူး ဦးအောင်သန်းတို့ရှာသားမို့ ကြီးကျယ်သည်ဟုထင်ဟန်ရှိသည်။ သူ၏ လက်အောက်ဝန်ထမ်းများနှင့် အလုပ်သမားများက ဆရာဟု လေးလေးစားစား ခေါ်ဝေါ်သုံးစွဲသည့်တိုင် ကျွန်ုပ်က မည်သည့်အခါမျှ ဆရာဟူ၍မခေါ်။ ဦးကျော်ရင်ဟုသာ ခေါ်ပြောလေ့ရှိ၏။ ထို့ကြောင့်လည်း ကျွန်ုပ်ကို ပို၍မျက်မုန်းကျိုးဟန်ရှိသည်။

တစ်နေ့တွင် ကျွန်ုပ်သည် 'မက်'ဟုခေါ်သည့် စားရိပ်သာတွင် ညနေစာ

ရမှန်းမသိတဲ့ကောင်၊ ငါလိုလူက ဝက်သား၊ ကြက်သားကွ။ မင်းလိုကောင်က ဘူးသီး၊ ခရမ်းသီး။ အဲဒါလောက်ကွာခြားတယ်ဆိုတာ မင်းနားလည်လား"

ဟု ရင့်ရင့်သီးသီးပြောဆို ရန်လုပ်ပါတော့၏။ ကျွန်ုပ်လည်း ငယ်ရွယ်သူဖြစ်သည့်အလျောက် ထောင်းခနဲဒေါသထွက်သွားတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ထမင်းစားနေရာမှ ရုတ်တရက် မတ်တတ်ထရပ်လိုက်ကာ သူ့မျက်နှာအား စူးစူးရဲရဲကြည့်လျက် -

"ဒီမှာ ဦးကျော်ရင်၊ ကျုပ်က ထမင်းငတ်လို့ စိုက်ကွင်းလာပြီး အလုပ်လုပ်နေတယ်မထင်နဲ့။ ဒီနေ့အလုပ်ပြုတ်ရင် နက်ဖြန် ရွာပြန်သွားမှာ၊ နားလည်လား။ ခင်ဗျားလိုလူမပြောနဲ့ ဘယ်ကောင်မှ ကျုပ်ဂရုမစိုက်ဘူး။ အညာသားဗျ။ မျက်နှာကိုသေသေချာချာကြည့်ထား။ ကျုပ်ကိုများ ဘယ်လိုကောင်မှတ်နေလဲ။ ကြိုက်တဲ့ဘက်ကယှဉ်ကြည့်စမ်း"

ဟု ဒေါသတကြီး လက်သီးလက်မောင်းတန်းကာ စိန်ခေါ်လိုက်ရာ စားရိပ်သာ(မက်)တွင် ထမင်းစားနေကြသည့် အခြားသူများလည်း ကျွန်ုပ်တို့နှစ်ယောက်အား အကဲခတ်ကာကြည့်နေ



ထိုကဲ့သို့ အလုပ်သမားများစွာရှိသည့် အနက်မှ စိုက်ပျိုးရာသီစသည်နှင့် ကျွန်ုပ်နှင့် ကျွဲနားကုတ်ကျေးရွာမှ ကိုအောင်ကြည်အား ရုံးချုပ်မှ လူကြီးများက အင်ချပ် (ယာယီ) အလုပ်သမားခေါင်းဆောင်ခန့်ကာ အလုပ်သမားအပ်ပါသည်။ လုပ်ရမည့်တာဝန်မှာ ကြံစိုက်စက်နောက်တွဲတွေလာပေါ်သို့ စိုက်ပျိုးရန် အဆင်သင့်ဖြစ်ပြီးသောကြံချောင်းများကိုကြီးကြပ်၍ တင်ပေးရန် ဖြစ်၏။ စိုက်စက်မှာလည်း ခြောက်လုံးရှိရာ ကျွန်ုပ်ကိုင်တွယ်ရသော အလုပ်သမားအဖွဲ့မှာ စိုက်စက်သုံးလုံးစာတာဝန်ယူရပါသည်။

ထမင်းစားလျက်ရှိရာ သူလည်း တပည့်နှစ်ယောက်နှင့်အတူ ထမင်းစားရန်ရောက်လာ၏။ ထိုအချိန်က သူသည် အရက်အလွန်အကျွံမူးလာသည်ဖြစ်ရာ အေးအေးဆေးဆေးထမင်းစားနေသော ကျွန်ုပ်အား နာမည်ခေါ်၍ ရန်လုပ်ပါတော့၏။

သူက ကျွန်ုပ်အား -

"ဟေ့ကောင် မင်းက စိုက်ကွင်းမှူးရှာသားဆိုပြီးတော့ (×××)ကျယ်တာလား။ အထက်လူကြီးကိုလည်း လေးစား

ကြလေတော့၏။ သူသည် ကျွန်ုပ်အား နောက်ထပ် ဘာမှပြန်မပြောတော့၍သာ ကျွန်ုပ်တို့ရန်ပွဲ သည့်ထက်ပို၍ အခြေအနေမဆိုးခဲ့ခြင်း ဖြစ်ပါသည်။ ထိုသည်ကား ကျွန်ုပ်နှင့် ဦးကျော်ရင် အထက်နှင့်အောက်ဆက်ဆံရေးဖြစ်ပါ၏။

ယခုအချိန်တွင် ကျွန်ုပ်က စခန်းခွဲ (၂)၏ ဒုတိယခေါင်းဆောင်။ သူက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အထက်မှာရှိ၏။ စခန်းခွဲ(၂)မှာလည်း ဆောက်လုပ်၍မပြီးသေးပေ။ ထို့ကြောင့် ကျွန်ုပ်က စခန်းခွဲ(၁)၏ အသုံးမပြုတော့သော ရုံးခန်းအဟောင်းတွင်နေပြီး သူက ခပ်ချိုမြိုင်ကွက်သစ်တွင် အိမ်ခန်းငှားနေသည်ဟု ထင်ပါသည်။ သည်လိုနှင့်နေလာခဲ့ရာ နို့ဝင်ဘာလ၏ နှောင်းပိုင်း ညတစ်ည နံနက်သုံးနာရီခန့်တွင် ဦးကျော်ရင်နှင့် ကျော်တင့်တို့ နှစ်ယောက်သား ကျွန်ုပ်အား အိပ်ရာမှလာနှိုးကြ၏။ မည်သည့်အကြောင်း၊ မည်သည့်တာဝန်ဟု ကြိုတင်အသိပေးထားခြင်းမရှိသဖြင့် ကျွန်ုပ်က -

"ဘာကိစ္စလဲ၊ ဘာအကြောင်းရှိလို့လဲ"

ဟု မေးမြန်းရာ ဦးကျော်ရင်က -

"ခပ်ချိုင်ရွာတောင်ဘက်က ခုတ်ပြီးသား ကြံခင်းတွေထဲမှာရှိတဲ့ ကြံရွက်ခြောက်တွေကို မီးသွားရှို့ရမှာ။ အဲဒါ ရွာကိုမီးစွဲမလောင်အောင် စောင့်ရှို့ရမှာမို့ မင့်ကိုလာခေါ်တာ"

ဟု ပြောပါသည်။

ကျွန်ုပ်သည် မလိုက်ချင်ပါဟု ငြင်းဆန်၍လည်းမဖြစ်။ သူတို့ကိုလည်း စိတ်ချလက်ချယုံကြည်၍လည်း မရပေ။ သူတို့ ရိုးရိုးသားသားမှဟုတ်ရဲ့လားဟု စဉ်းစားကာ သံသယဖြစ်မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့်ဦးကျော်ရင်သည် မည်သည့်အခါမျှတည့်သူများ မဟုတ်ကြ။ ထို့အပြင် သူတို့လက်ထဲမှာလည်း ဓားရှည်တစ်ယောက်တစ်ချောင်း စီပါလာခဲ့ကြ၏။ ထိုသည်ပင် ကျွန်ုပ်အတွက် ပို၍စဉ်းစားစရာဖြစ်ပါသည်။ ထို့နောက် ဦးကျော်ရင်နောက်မှ ပါလာသူမှာ ကျော်တင့်။

ဤနေရာတွင် ကျော်တင့်၏ အကြောင်းကို အနည်းငယ်ရေးမှ ပြည့်စုံပေလိမ့်မည်။ ကျော်တင့်သည် မိတ္ထီလာနယ်သားဖြစ်၍ သူ၏ဇာတိရွာကို ကျွန်ုပ်မသိပေ။ သူသည် နောက်ကြောင်းမရှင်းသူဖြစ်၏။ ညီအစ်ကိုဝမ်းကွဲတစ်ယောက်နှင့် ခိုက်ရန်ဖြစ်ကာ ဓားခုတ်မှုနှင့်ထွက်ပြေးတိမ်းရှောင်ရင်း စိုက်ကွင်းသို့ရောက်လာသူဟု သိရ၏။ အမှုကား သူ့နောက်သို့လိုက်မလာပါ။ သူသည် သူ့မိသားစုအကြောင်းနှင့်သူ၏ဇာတိရွာအကြောင်းကို မည်သည့်အခါမျှ ပြောလေ့မရှိပေ။ အသောက်အစားကို အထူးဝါသနာပါသူဖြစ်၍ ဦးကျော်ရင်နှင့် ပုလင်းတူဘူးဆို့ သောက်ဖော်သောက်ဖက်များဖြစ်ကြပါသည်။ သီချင်းဆိုဝါသနာပါ၍ အသံလည်းမဆိုးလှ။

ကျွန်ုပ်သည် မျက်နှာသစ်ပြီးလျှင် လက်နှိပ်ဓာတ်မီးနှင့် ကျွန်ုပ်အိပ်ရာအောက်တွင် လျှို့ဝှက်၍ ကိုင်သောဝှက်ကြိမ်တောင်ဓားကို သူတို့မသိအောင် ယူခဲ့ပြီး -

"သွားရမယ့်နေရာနဲ့ လမ်းကို ကျုပ်မသိဘူး။ လမ်းသိတဲ့ ခင်ဗျားတို့နှစ်ယောက် ရှေ့ကသွား"

ဟု ခပ်တည်တည်ပြောလိုက်ရာ သူတို့နှစ်ယောက်သည် ကျွန်ုပ်၏အတွင်းစိတ်အား အကဲမခတ်မိသူများဖြစ်သဖြင့် ရှေ့မှဦးဆောင်၍ သွားကြ၏။ လရောင်မရှိသည်မို့ ညသည် မှောင်လွန်းလှ၏။ လက်နှိပ်ဓာတ်မီးရောင်ကိုသာအားပြု၍ ကျွန်ုပ်တို့သုံးယောက်သား လာခဲ့






www.burmeseclassic.com

www.burmeseclassic.com

ကြရာ ကျွန်ုပ်သည် သူတို့နှစ်ယောက်နောက်မှ တစ်လံခန့်ခွာ၍ သတိနှင့်လိုက်ခဲ့၏။ အကယ်၍ သူတို့သာ အမူအရာပျက်၍ ကျွန်ုပ်အား ရန်မူမည်ဟု ယူဆရလျှင် လက်ဦးမှုယူကာ ဒှက်ကြီးတောင်ဓားနှင့် ခုတ်ပိုင်းမည်ဖြစ်ပေသည်။

မီးရှို့ရမည့် ကြံခင်းများဆီသို့ တစ်နာရီခန့်အချိန်အတွင်းမှာပင်ရောက်လာခဲ့ကြ၏။ ထို့နောက် လူခွဲကာ မီးခြစ်တစ်ယောက်တစ်လုံးစီနှင့်မီးရှို့နေကြစဉ် တဖြည်းဖြည်းနှင့် ရောင်နီပျို့ကာ မိုးလင်း၍ နံနက် (၆) နာရီအချိန်လောက်တွင် စခန်းမကြီးမှ လူလွှတ်၍ပြန်လာခဲ့ကြရန် အကြောင်းကြားသဖြင့် ကျွန်ုပ်တို့ပြန်ခဲ့ကြလေသည်။ ခေါ်ရသည့်အကြောင်းမှာ ကျွန်ုပ်နှင့် ကျော်တင့်အား ပဲခူးရိုးမပေါ်သို့ ကိုချောတို့အဖွဲ့နှင့် သစ်၊ ဝါးများခုတ်ရန်စေခိုင်းခြင်းကြောင့် ဖြစ်ပါသည်။ ခုတ်ရမည့် ၎င်းသစ်၊ ဝါးများမှာ ဆောက်လုပ်ဆဲစခန်းခွဲ (၂)တွင် ခြံဝင်းခတ်ရန်အတွက် ဖြစ်၏။ သတ်မှတ်ထားသည့် ခြံဝင်းဧရိယာအကျယ်ဝန်းမှာ သုံးဧကခန့်ရှိမည်ဖြစ်ပေရာ ဝင်းထရံတိုင်သစ်နှင့် ထန်းချည်ရန်ဝါးများ အတော်လိုအပ်မည်ဖြစ်၏။ ထို့ကြောင့် ကိုစောခွား၏ ထွန်စက်အား နောက်တွဲထွေလာချိတ်၍ လိုအပ်သည့်ပစ္စည်းများတင်ဆောင်ကာ အဆင်သင့်ပင် စောင့်နေသည်ဖြစ်ရာ ကျွန်ုပ်တို့လည်း အလိုက်သင့်ပင်ထွေလာပေါ် တက်ကာလိုက်ပါခဲ့လေတော့သည်။

ပဲခူးရိုးမတောင်ပေါ်သို့ သစ်၊ ဝါး ခုတ်ရန်သွားကြသည့် ကျွန်ုပ်တို့အဖွဲ့တွင် ထွန်စက်မောင်းသူ ကရင်အမျိုးသား ကိုစောခွားနှင့် အဖွဲ့ခေါင်းဆောင် ကိုချော၊ ကျွန်ုပ်၊ ကျော်တင့်၊ ဝင်းလှိုင်၊ ၎င်းနောက် အောင်လွင်ပါ စုစုပေါင်း (၆) ယောက် ဖြစ်၏။ နံနက်ခုနစ်နာရီခန့်မှစတင်၍ထွက်ခွာလာခဲ့ကြရာ ပဲခူးရိုးမတောင်တန်းကြီး၏ အရှေ့ဘက်ကပ်လျက်ရှိသည့် ကွင်းချောင်းကိုကျော်ကာ တောင်ခြေသို့ ဆယ်နာရီအချိန်ခန့်တွင် ရောက်ရှိခဲ့ပါသည်။ တောင်ပေါ်သို့တက်သည့်လမ်းမှာ အစိုးရသစ်ထုတ်လုပ်ရေးမှ ဖောက်လုပ်ထားသည်ဟု သိရ၏။ လမ်းဟူ၍ မည်ကာမတ္တသာလျှင်ဖြစ်ပြီး လွန်စွာမကောင်းလှပေ။ ကျွန်ုပ်တို့အဖွဲ့သည် တောင်တက်လမ်းကို သတိကြီးစွာမောင်းနှင်ကာ တဖြည်းဖြည်းတက်လာခဲ့ကြ၏။ အကွေ့၊ အကောက်၊ ကျင်း၊ ချိုင့်များလှသဖြင့် ခရီးမတွင်လှ။ အချို့နေရာသည် မတ်စောက်ခြင်းရှိသဖြင့် စက်ရှိန်မြှင့်ကာ မောင်းနှင်ရသည်ဖြစ်ရာ စက်၏ အိတ်ဇောတိုင်မှ မီးခိုးများထွက်ရုံမက တစ်ခါတစ်ခါ မီးတောက်များပင်ထွက်လာ၏။ အိတ်ဇောတိုင်တစ်ခုလုံး ရဲရဲနီနေသည်မို့ စက်ရပ်ကာ ခေတ္တနားနေရသေး၏။

ကျွန်ုပ်တို့သည် အထက်လူကြီးများ၏ အုပ်ချုပ်မှုအောက်မှကင်းလွတ်၍ ပဲခူးရိုးမတောင်တန်းကြီးနှင့် ပတ်ဝန်းကျင်သာယာလှပသည့် တောတောင်၊ ရေမြေသဘာဝရှုခင်းတို့ကြောင့် လူငယ်များပီပီ အလွန်ရွှင်မြူးတက်ကြွလျက်ရှိကြပေသည်။ တောင်ခြေနှင့်မဝေးလှသော လှည်းစခန်းကိုလွန်၍တက်လာခဲ့ကြရာ (၁၂) နာရီအချိန်ခန့်တွင် အမြင့်ဆုံးအပိုင်း တောင်ထိပ်ကိုလွန်ကာ ပန်းညိုစခန်းနှင့် မြယာပင်ကြောသို့ ကျွန်ုပ်တို့အဖွဲ့ ရောက်ရှိခဲ့ကြလေသည်။ တစ်ချိန်က သခင်သန်းထွန်းတို့ (ဗကပ) အဖွဲ့များ ဤမြယာပင်ကြောတစ်ဝိုက်တွင် ကျင်လည် ကျက်စားခဲ့ကြသည်ဟုသိရ၏။ ထိုနေရာတစ်ဝိုက်မှာ နေပြောက်ပင်မထိုးနိုင်အောင် သစ်၊ ဝါးပေါ၍ တောကြီးလှသည်ဟု ထင်မိပါသည်။ ထိုနေရာတွင်ပင် စခန်းချရပ်နား၍ 'မက်'စားရိပ်သာမှထည့်ယူလာခဲ့သည့် (၆)ယောက်စာထမင်းဟင်းများကို ဝိုင်းဖွဲ့ကာ စားသောက်လိုက်ကြပြီးနောက် ခြေသလုံးပေါင်လုံးခန့်အနေတော်သစ်များနှင့် ရင့်၍ထန်းချည်ရန်သင့်တော်သော ဝါးများကို တစ်ယောက်တစ်လက်ခုတ်လှဲဖြတ်တောက်ကာ ထွေလာပေါ်သို့ ထမ်း၍တင်လိုက်ကြသည်။ အချိန်သိပ်မကြာလိုက်ပေ။ ထွေလာနှင့်တစ်စီးစာအပြည့်ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့ အလုပ်လုပ်နေစဉ်အချိန်တွင် ကိုစောခွားသည် အားလပ်နေပေရာ အနီးအနားတွင်ရှိသော စမ်းချောင်းအတွင်းသို့ အဝတ်အစားများချွတ်ကာ ကိုယ်လုံးတီးဖြင့် ရေချိုးတော့၏။ ရေမှာ ဒူးဆစ်ခန့်သာသာနက်ပြီး အလွန်ကြည်လင်လှသဖြင့် ရေအောက်ကြမ်းပြင်မှ ရောင်စုံကျောက်စရစ်ခဲလေးများနှင့် ငါးကလေးများ ကူးခပ်သွားလာနေကြသည်ကိုပင် မြင်တွေ့နေရပါသည်။

ရေချိုးရင်း ကိုစောခွားက -

"ဟန်ကျပြီဟေ့၊ ငါးတွေပေါတာကွ။ တောင်ခြေကရေအိုးစဉ်ရွာရောက်ရင် အရက်နဲ့မြည်းရအောင်ဖမ်းလိုက်ဦးမယ်။ မင်းတို့တစ်ဖွဲ့လုံးကို ငါအရက်ဝယ်တိုက်မယ်ဟေ့"

ဟုပြောကာ ငါးများကိုလိုက်ဖမ်းနေလိုက်သေး၏။

၎င်းမြယာပင်ကြောနှင့် ပန်းညိုစခန်းအနီးတစ်ဝိုက်ရှိ ရိုးမတောင်ကြီးကို နတ်မောင်နှမစောင့်သည်ဟုဆို၏။ (နတ်အမည်မမှတ်မိ။) နားမခံသာအောင် ရှုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ မဖွယ်မရာသော အပြုအမူများနှင့် ယုတ်မာညစ်ညမ်းသော စကားပြောဆိုခြင်းများကို မကြိုက်ဟုသိရ၏။ ၎င်းနတ်မကြိုက်သည်များကို ကျူးလွန်မိခဲ့လျှင်လည်း ခွင့်လွှတ်လေ့မရှိ။ ဘေးဒုက္ခကြီးစွာ တွေ့ကြုံကြရမြဲဖြစ်သည်ဟု နယ်ခံများကပြောပြ၍ သိရပါသည်။

ဒီလိုနှင့်ပင် ကျွန်ုပ်တို့လုပ်ဆောင်စရာများပြီးစီးပြီဖြစ်၍ ကြာကြာနားမနေတော့ဘဲ မြယာပင်တောကြီးထဲမှ ပြန်လည်ကာထွက်ခွာလာခဲ့ကြပါသည်။ လမ်းသည် ပြေပြေလျှောလျှောနှင့် မတ်စောက်ခြင်းမရှိသေးသည်မို့ တောင်ထိပ်သို့ လွယ်ကူစွာရောက်ရှိခဲ့ကြ၏။ တောင်ထိပ်ရောက်၍ ပဲခူးရိုးမတောင်တန်းကြီး၏အရှေ့ဘက် အဆင်းလမ်းသည်ကား အတန်ငယ်မတ်စောက်၍ အရှေ့မြောက်ယွန်းယွန်းသို့ အဆင်းလမ်းတာရှည်၏။ ထိုသို့ အရှေ့မြောက်သို့ဆင်းပြီးမှမြောက်တည့်တည့်သို့ တစ်ဆစ်ချိုးနီးပါးကွေ့သွား၏။ ထိုမှတစ်ဖန် အနောက်သို့ ဂငယ်ကွေ့ကွေ့သွားပြန်ရာ ကိုစောခွားသည် သတိထား မောင်းနှင်နေသည့်တိုင်၊ သစ်နှင့် ဝါးများ အပြည့်တင်ထားသော နောက်တွဲထွေလာက ရှေ့မှဆွဲသောထွန်စက်အား အရှိန်ပြင်းစွာတွန်းချနေသလိုဖြစ်နေသည်မို့ ဘရိတ်အုပ်မရဘဲ ဝေါခနဲတအားပြေးဆင်းသွားပါတော့သည်။ ထိုသို့ပြေးဆင်းလာခဲ့ရာ ဂငယ်ကွေ့အရောက်တွင် ကိုစောခွားသည် ထွန်စက်၏ စတီယာရင်အား တအားလှည့်၍ လက်ဝဲဘက်မှ တောင်ကမ်းပါးကိုကပ်လိုက်စဉ် -

"ဝေါ. . . ဂုန်း. . . ဂုန်း"

ကျယ်လောင်စွာ မြည်ဟည်း၍ လက်ယာဘက်သို့ တိမ်းမှောက်ပါလေတော့သည်။ လက်ယာဘက်တွင်ချောက်ရှိသည်။ ကံကောင်းထောက်မ၍သာ အောက်သို့ လုံးဝကျမသွားဘဲ အစပ်လောက်တွင်သာတင်နေပါ၏။ အနိမ့်ဆုံးအပိုင်းအထိ လိမ့်ဆင်းကျရောက်သွားခဲ့လျှင် စက်ရောလူပါ စိစိညက်ညက်ကြေသွားမည် ဖြစ်ပေသည်။ ထိုသို့ ရုတ်တရက် တိမ်းမှောက်လိုက်စဉ် ချွယ်

www.burmeseclassic.com

လောင်စွာ အော်ဟစ်သံများနှင့် ဝုန်းခနဲ မြည်သံများကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြားလိုက်ရပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း မြေပြင်နှင့် အရှိန်ပြင်းစွာ တိုင်ရိုက်သလို ခံစားလိုက်ရ၏။ ကျွန်ုပ်၊ ကျော်တင့်နှင့် ဝင်းလှိုင်မှာ သစ်၊ ဝါး အပြည့်တင်ထားသည့် ထွေလာပေါ် မှစီးခဲ့ကြသည်ဖြစ်ရာ မှောက်သည်နှင့် တစ်ပြိုင်နက် မြေပြင်သို့အရင်ကျရောက်ပြီး သစ်၊ ဝါးများနှင့် ထွေလာပါ ကျွန်ုပ်တို့၏အပေါ် သို့ဖိလာမည် ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် လုံးဝသက်သာလိမ့်မည် မဟုတ်ပေ။ သေဖွယ်ရာရှိ၏။ ကျွန်ုပ်သည် သတိကောင်းသူဖြစ်၍ ထိုဘေးမှ လွတ်စေရန် ကိုယ်ကိုအရှိန်မြှင့်အားယူကာ အနိမ့်ပိုင်းသို့ နှစ်လိမ့်၊ သုံးလိမ့်လိမ့်ပစ်လိုက်လေသည်။ မှူးမိုက်၍တစ်ကိုယ်လုံးနာကျင်နေသဖြင့် မထနိုင်သေးဘဲ အသက်ကိုသာ ပြင်းပြင်းရှူနေလိုက်ရ၏။ ထိုစဉ်က ကျွန်ုပ် ပထမဆုံးတွေ့မြင်လိုက်ရသူမှာ ကျော်တင့်ဖြစ်ပါသည်။ သူသည် အကျီချွတ်နှင့်ဖြစ်၍ သူ့ကျောပြင်မှ သွေးသံရဲရဲနှင့်ဒဏ်ရာကို မြင်တွေ့လိုက်ရ၏။ ကျော်တင့်သည် ကျွန်ုပ်အား နာမည်အပြည့်အစုံမခေါ်။ ရွှေကြီးဟု သာခေါ် လေ့ရှိသဖြင့် -

"ရွှေကြီးရေ ငါ့ကိုကယ်ပါဦးဟ။ ကယ်ပါဦးဟ"

ဟု အော်ဟစ်မြည်တမ်းကာ သွေးရှူးသွေးတန်းဖြင့် ခြေဦးတည့်ရာသို့ ထွက်ပြေးတော့မည်ရှိရာ ကျွန်ုပ်က -

"ဟေ့ကောင် ကျော်တင့်၊ မင်းဘယ်သွားမလို့တုံး၊ မသွားနဲ့"

ဟု တားနေစဉ်မှာပင် -

"ငါ ဘယ်မှမသွားပါဘူးဟ။ ဒီနားလေးတင်ပါ"

ဟု ပြောပြောပြေးပြေးဖြင့် မြင်ကွင်းမှ ပျောက်ကွယ်သွားပါလေတော့သည်။ ဒုတိယမြင်တွေ့ရသူက အောင်လွင်။ သူသည် ညာဘက်ခြေဖမိုးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်၍ ခုန်ဆွခုန်ဆွဖြစ်နေ၏။ နှုတ်မှလည်း -

"ကိုထွန်းရွှေ ကျုပ်ကိုကယ်ပါဦးဗျ။ ကယ်ပါဦးဗျ"

ဟု အဆက်မပြတ် အော်ဟစ်လျက်ရှိပေသည်။ ကျွန်ုပ်ကား မထနိုင်သေးပေ။အောင်လွင်အားလည်း နောက်ထပ်မမြင်မိတော့ပါချေ။ တတိယက ဝင်းလှိုင်ဖြစ်၍ မှောက်နေသည့် ထွေလာ၏သစ်ဝါးတွေကြားမှ တိုးထွက်လာခဲ့သူဖြစ်ပါသည်။

ကျွန်ုပ်က -

"ဟေ့ ဝင်းလှိုင် မင်းဘာဖြစ်သွားသေးလဲ"

ဟု စိုးရိမ်ကြီးစွာမေးလိုက်၏။

"ကျွန်တော် ဘာမှမဖြစ်ဘူး အစ်ကို"

"အေး- အဲဒီလိုဆိုရင် စခန်းမကြီးကိုအမြန်သွားပြီး စိုက်ကွင်းမှူးနဲ့တာဝန်ရှိသူတွေကို အကြောင်းကြားချေ။ ရေအိုးစဉ်ရွာက ဦးအောင်ငြိမ်းကိုလည်း အကြောင်းစုံပြောပြပြီး အကူအညီပေးပါဦးလို့ ပြောထားခဲ့ ကြားလား"

"ဟုတ်ကဲ့ - အစ်ကို"

ဟုပြော၍ကာ အမြန်ဆုံးထွက်ခွာသွားလေတော့သည်။

ပတ်ဝန်းကျင်သည်လည်း ခေတ္တမျှငြိမ်သက်တိတ်ဆိတ်သွား၏။ ကျွန်ုပ်သည် အားယူ၍မတ်တတ်ထရပ်လိုက်ပြီး လမ်းလျှောက်ကြည့်ရာ အလွန်နာကျင်မှုနောက်နေသဖြင့် ရှေ့မှမြင်ကွင်းမှာ ယိမ်းထိုးလှုပ်ရှားနေလေ၏။ ထို့ကြောင့် လဲကျမသွားခင် အမြန်ထိုင်ချလိုက်ရ၏။ ထို့နောက် အားတင်း၍ ဒုတိယအကြိမ်ကြိုးစားကြည့်မှ အဆင်ပြေသွားတော့သည်။ သို့နှင့် ကျွန်ုပ်ရှိနေရာ အနိမ့်ပိုင်းမှ ထွန်စက်မှောက်နေသည့်အမြင့်ပိုင်းသို့ တဖြည်းဖြည်းတက်လာခဲ့ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ ထွန်စက်မှာ ပက်လက်အနေအထား လေးဘီးစလုံး မိုးပေါ် ထောင်လျက်ရှိပြီး သစ်၊ ဝါးတင်သည့်ထွေလာသည် တစ်စောင်းအနေအထားဖြင့် မှောက်လျက်ရှိ၏။ ထွန်စက်နှင့်မနီးမဝေးလမ်းပေါ် တွင် လူတစ်ယောက် ဝမ်းလျားမှောက်လျက်လဲနေသဖြင့် အမြန်သွား၍ကြည့်လိုက်ရာ ကိုချောဖြစ်နေပါသည်။ ကျွန်ုပ်လည်း တုံ့ဆိုင်းမနေတော့ဘဲ အမြန်ဆွဲလှန်ကာ-

"ကိုချော၊ ကိုချော"

ဟု လှုပ်၍လှုပ်၍ခေါ်ကြည့်၏။ ကိုချောထံမှ ပြန်လည်ထူးသံမကြားရသဖြင့် သေပြီဟုထင်လိုက်မိကာ မည်သို့လုပ်ရမည်မသိဘဲဖြစ်နေမိ၏။ ထိုစဉ် ထွန်စက်ဆီမှ -

"အမလေး ကယ်ကြပါဦး၊ သေရတော့မှာပါဗျ။ ငါ့ကိုကယ်ကြပါဦး ဟီး ဟီး ဟီး"

ဟု မချိမဆံ့အော်ဟစ်ငိုယိုသံကြားလိုက်မှ ကိုစောခွားကို သတိရလိုက်မိပါတော့သည်။ ထို့ကြောင့် မှောက်နေသည့်ထွန်စက်ဆီသို့သွားကြည့်လိုက်ရာ အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ရာမြင်ကွင်းကို တွေ့လိုက်ရသည်။ ကိုစောခွားကို သူထိုင်သည့် ဖင်ထိုင်ခုံစောင်းနှင့် ထွန်စက်မထက (ဘီးဖုံး) ကြားတွင်ညပ်နေကာ မြေပြင်ပေါ် ထိမကျဘဲ ဇောက်ထိုးအနေထားဖြင့် တွေ့လိုက်ရပါသည်။ သူ့တစ်ကိုယ်လုံးတွင်လည်း သွေးချင်းချင်းနီလျက် မြင်မကောင်းဖြစ်နေပြီး ဆူညံစွာ အော်ဟစ်ငိုယိုနေပါသည်။ ကျွန်ုပ်လည်း တွဲလွဲကျနေသည့် သူ့ခန္ဓာကိုယ်အား ကျောဘက်မှ ချိုင်းအောက်သို့ လက်တစ်ဖက်လျှိုကာ အထက်သို့ အနည်းငယ်အားစိုက်မတင်ပြီး ခက်ခဲစွာ ဖြုတ်ယူရပါသည်။ ထိုသို့ဖြုတ်ယူလိုက်သည်တွင်မှ ကျွန်ုပ် ပိုမိုတုန်လှုပ်ကာ လွန်စွာထိတ်လန့်သွားရပါတော့သည်။

ကိုစောခွား၏ခါးဆစ်အောက်ပိုင်းတင်ပါးဆုံဆီမှစ၍ ညာဘက်ဖင်ပိုင်းတစ်ခုလုံးနှင့် ပေါင်မှအသားစိုင်များကို ၎င်းထိုင်သည့်ဖင်ထိုင်ခုံစောင်းနှင့်ကြိတ်၍ လှီးဖြတ်သလိုဖြစ်နေသည်မှာ ထက်လှစွာသောဓားဖြင့် အထက်မှဖြို၍ချိုင်ချထားသလို မမြင်ဝံ့စရာပင်ဖြစ်နေလေသည်။

"ငါ့ကို ထွန်စက်နဲ့ဝေးတဲ့နေရာပို့ပေးပါ"

ဟုပြောနေလေရာ ကျွန်ုပ် ခေတ္တမျှ တွေဝေသွားမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဤမျှအခြေနေဆိုးဝါးသောလူနာအား လှုပ်လှုပ်ရှားရှားနှင့် ကြမ်းတမ်းစွာ ကိုင်တွယ်ရန် ဝန်လေးနေမိ၏။ ပိုမိုနာကျင်ကာ သွေးများလည်း ပို၍ထွက်လာနိုင်သည်ဟု ထင်မြင်ယူဆမိသောကြောင့် ဖြစ်ပါသည်။ သို့သော် လူနာကိုယ်တိုင်ကပင် ထပ်ကာထပ်ကာ တောင်းဆိုနေသည်ကြောင့် ကြာကြာစဉ်းစားမနေတော့ဘဲ သူ့လည်ပင်းအောက်သို့ လက်တစ်ဖက်လျှိုပြီး ကျန်လက်တစ်ဖက်ဖြင့် တံကောက်ကွေးအောက်မှလျှိုကာပွေ့ချီ၍ ထွန်စက်နှင့် ကိုယ်နှစ်ဆယ်ခန့်ဝေးမည်ဟုထင်ရသည့် နေရာသို့ ရွှေ့ပေးလိုက်ပါသည်။

ထိုနေရာရောက်မှ သူ၏ညာဘက်နားထင်စပ်နှင့် မေးရိုးအောက်မှ သွေးများတစိမ့်စိမ့်စီးထွက်နေသည်ကို သတိထားမိသဖြင့် သေချာစွာစစ်ဆေးကြည့်ရှုမိ၏။ နားရွက်ရှေ့ ယာဘက်မျက်ခုံးမွေးနှင့်ကြားတွင် အပေါက်ဝိုင်းဝိုင်းတစ်ခု မည်မျှနက်သည်မသိ။ (ထွန်စက်အမိုးကိုင်းသံချောင်းနှင့်ထိုးမိသည်ဟုယူဆရ) နှင့် မေးရိုးအောက်တွင် သုံးလက်မခန့် ကန့်လန့်ဖြတ်ပေါက်ပြဲဒဏ်ရာတစ်ခု

www.burmeseclassic.com

တွေ့ရှိရပါသည်။ ထိုဒဏ်ရာတို့မှ သွေးတို့သည် သွေးမျက်နှာတစ်ခြမ်းနှင့် ရင်ဘတ်တစ်ခုလုံးသို့ စီးကျစိုရွှဲလေသည်။ သုတ်စရာအဝတ်စသန့်သန့်လည်း မရှိပေ။စက်ဆီများပေစွန်းနေသော အဝတ်စဖြင့်သာ သုတ်ပေးရပါသည်။ သူသည် အဆက်မပြတ်အော်ဟစ်ငိုယိုနေသဖြင့် ကျွန်ုပ်က-

"ကိုစောခွား၊ ဘာမှအားမငယ်နဲ့။ စခန်းကိုလူလွှတ်ပြီး အကြောင်းကြားခိုင်းထားတယ်၊ မကြာခင်ရောက်လာကြမှာ။ ခင်ဗျားကသာ အားတင်းထား၊ စိတ်ကိုလျှော့ချမထားနဲ့။ ဒီလောက်နဲ့တော့ ခင်ဗျား မသေနိုင်ပါဘူး။ ဆေးရုံရောက်တော့ သေသေချာချာကုလိုက်ရင် ပျောက်သွားမှာပါ။ ယောကျာ်းပဲဗျာ၊ စိတ်ကိုတင်းထားစမ်းပါ"

ဟု ကျွန်ုပ်က ဤသို့ ဖျောင်းဖျအားပေးနေသည့်တိုင် မနားတမ်းငိုယိုနေသည်မို့ ကျွန်ုပ် လွန်စွာစိတ်ပျက်အားငယ်မိပေသည်။ အနီးအနားတွင် အကူညီတောင်းစရာ လူရိပ်လူယောင်ဟူ၍လည်းမရှိပေ။ ဤရိုးမတောင်ပေါ်တွင် ကရင်ရွာများရှိသည်ဟု ကြားဖူးသော်လည်း မည်သည့်နေရာတွင်ရှိ၍ မည်မျှဝေးမည်ကို မခန့်မှန်းတတ်၊ ထို့ကြောင့် တစ်စုံတစ်ရာ အကူညီရနိုင်ဖို့ဟူသည် ခက်ခဲလှ၏။ သူသည် ငိုနေရာမှ ရုတ်တရက် -

"ကိုချော ကိုချော ဘယ်မှာလဲ"

ဟုမေးရာ ကျွန်ုပ်က -

"ကိုချောရှိပါတယ်ဗျ။ ဟိုနားမှ ထိုင်နေတာ မတွေ့ဘူးလား"

ဟုပြောကာ တစ်နေရာသို့ ညွှန်ပြလိုက်ပါသည်။ သူလည်း ကျွန်ုပ်ညွှန်ပြရာသို့ သေသေချာချာကြည့်ကာ -

"ဘယ်မှာလဲ မတွေ့ပါဘူး။ မှန်မှန်ပြောစမ်းပါ။ ကိုချောသေသွားပြီလား"

ဟု မေးရင်းပြောရင်း သည်းထန်စွာငိုကြွေးပြန်ရာ ကျွန်ုပ်ကိုယ်တိုင်မငိုမိအောင် စိတ်ကို အတော်တင်းထားလိုက်ရပါသည်။ အမှန်စင်စစ် ထိုအချိန်ထိ ကိုချောသည် လူသေအလောင်းတစ်လောင်းပမာ မလှုပ်မယှက်ရှိနေဆဲဖြစ်၏။ ကိုစောခွားသည် ပြင်းထန်စွာခံစားနေရသည်ဖြစ်၍ ပက်လက်အနေအထားမှ -

"ထိုင်နေချင်တယ်၊ ငါ့ကိုထူပေးပါ"

ဟုပြောသဖြင့် ကျွန်ုပ်အား မှီစေ၍ ထိုင်လျက်အနေအထားဖြစ်အောင် ပြုပြင်ပေးရ၏။ ကြာရှည်စွာမထိုင်နိုင်ပေ။ တစ်ဖန်-

"အိပ်ချင်တယ်။ လှဲသိပ်ပေးပါ"

ဟုပြောပြန်၏။ သို့နှင့်ပင် အိပ်လိုက်ထိုင်လိုက် အခါခါပြုလုပ်ပေးရင်း အချိန်ကြာလာသည်နှင့်အမျှ သွေးထွက်လွန်ကာ ငိုသံလည်း တဖြည်းဖြည်းအားပျော့လာလေတော့သည်။ ထိုစဉ်က ကိုစောခွား၏အမူအရာတစ်ခုကို ကျွန်ုပ်ယခုအချိန်ထိ နားမလည်နိုင်သေးပေ။ အဘယ်နည်းဟူမူ ကိုစောခွားသည် ဘောင်းဘီကြယ်သီးကိုဖြုတ်၍ သူ၏ (ပုရိသနိမိတ်) ယောကျာ်းတန်ဆာအား ဝေဒနာပြင်းထန်စွာခံစားနေရသည့်ကြားမှပင်သေချာစွာကြည့်ရှု၏။ယုတ်စွအဆုံး (xxx)၍ပင်ကြည့်ကာ ယူကျုံးမရ ငိုကြွေးသည့်အဖြစ်အား ကျွန်ုပ်နားမလည်နိုင်။ အကယ်စင်စစ် မြင့်မြတ်သည့်ယောကျာ်းဘဝကို နှမြောတသကာ ယူကျုံးမရရှိနေသည်ဟု ထင်မိပါသည်။

ယူကျုံးမရဖြစ်မည်ဆိုလျှင်လည်း ဖြစ်စရာအကြောင်းသည်ရှိ၏။ ထိုသည်ကား ကိုစောခွားသည် ရေအိုးစဉ်ရွာမှ ရှမ်းမ (နာမည်မမှတ်မိ) တစ်ယောက်နှင့် မေတ္တာမျှ ရည်ငံလျက်ရှိရာ မကြာခင် လက်ထပ်တော့မည်အကြောင်းပင် ဖြစ်ပေသည်။ ယခုတော့. . .။

ထိုအကြောင်းကို သိထားသော ကျွန်ုပ်နှင့် သိထားသူတိုင်းကလည်း ကိုစောခွား၏အဖြစ်ကို ရင်နင့်ကြေကွဲဝမ်းနည်းပက်လက် နက်နက်နဲနဲ ခံစားကြရပေလိမ့်မည်၊ ကိုစောခွား၏ ငိုသံလည်း တဖြည်းဖြည်းတိုးညင်းကာရှိုက်၍ရှိုက်၍သာနေတော့သည်။ မျက်စိလည်း မဖွင့်နိုင်တော့။ ကျွန်ုပ်အား လေသံသဲ့သဲ့ဖြင့် -

"ရေ ရေပေးပါ၊ ရေသောက်ချင်တယ်"

ဟု ရေတောင်းသဖြင့် ကျွန်ုပ်သည် မှောက်နေသည့် ထွန်စက်ဆီသို့ ထလာကာ ဝါးပိုးဝါးဆစ်ဘူးဖြင့်ထည့်ယူလာခဲ့သောရေဘူးကို ရှာကြည့်လိုက်ပါသည်၊ ကံအားလျော်စွာ အပေါက်ဝကို ကောက်ရိုးဖြင့်လိပ်ဆို့ကာယူလာခဲ့သော ရေဘူးကို အကောင်းပကတိအတိုင်း တွေ့ရ၏။ ထို့နောက် ဘူးဆို့ကိုဖွင့်ကာ ကိုစောခွား၏ပါးစပ်နားတွင်တေ့ပေးလိုက်ပြီး -

"ကိုစောခွား၊ ရော့-ရေသောက်၊ ဖြည်းဖြည်းသောက်နော်"

ဟု ပြောကာ ရေတိုက်လိုက်ပါသည်။ သူသည် အားယူ၍သောက်သော်ငြားလည်း အနည်းငယ်သာသောက်နိုင်ရှာတော့၏။ စကားလည်းမပြောနိုင်၊ ငိုလည်းမငိုနိုင်တော့ဘဲ အသက်ကိုသာမျှဉ်းမျှဉ်းရှူနေလေတော့၏။ ထိုစဉ်များပြားလှသော ယင်မမဲရိုင်းတို့သည် သွေးညှီနံ့ရသဖြင့် ပျံဝဲရောက်ရှိလာကာ ကိုစောခွားနှင့် ကျွန်ုပ်အား အုံခဲနေကြလေတော့သည်။ တောကြီးမျက်မည်းထဲတွင် အလွန်တရာစိတ်ချောက်ချားစရာကောင်းလှတော့၏။ ကျွန်ုပ်ကြုံတွေ့နေရသော ဤအချိန်သည် အညီရှိရာ ယင်နားဟူသည့်အတိုင်း အခြားပရလောကသားများဖြစ်ကြသော ဖုတ်၊ ပြိတ္တာ၊ သရဲ တစ္ဆေတို့က ဝင်ရောက်ပူးကပ်နှိပ်စက်နိုင်သည်မဟုတ်တုံလော။ ထို့ပြင် ဤရိုးမပေါ်တွင် ကျက်စားသော ကျား၊ ကျားသစ်၊ တောဝက်တို့လည်း သွေးညှီနံ့ခံကာ ရောက်လာနိုင်သေး၏။ အကယ်၍ရောက်လာခဲ့ငြားအံ့။ အသက်ရှင်လျက်ရှိသောကျွန်ုပ်ကိုသာ အရင်ရန်မူပေရာ၏။ စခန်းမကြီးနှင့် အဆက်အသွယ်လည်း ယခုအချိန်အထိမရသေးသဖြင့် ကျွန်ုပ်တို့အား ကူညီမည့်သူသည် ဝေးလျက်ပင်ရှိသေး၏။ အကယ်၍ ဤနေ့အချိန်တုန်သည်အထိ လုံးဝအဆက်အသွယ်မရခဲ့လျှင် ဤတစ်ညတာတ ကျွန်ုပ် မည်ကဲ့သို့ လွန်မြောက်ရပါအံ့နည်း။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၏။ ကြုံတွေ့နေရသော ယခုအချိန်တွင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးမှ တစ်ပါးအားကိုးရာမရှိပြီ။ ထို့ကြောင့်လည်း ကျွန်ုပ်အမြဲမပြတ် ရွတ်ဖတ်လေ့ရှိသော သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မျက်စိမှိတ်လျက် အာရုံပြုကာ အဆက်မပြတ် ခေါက်တုံ့ခေါက်ပြန် ရွတ်ဖတ်နေမိသည်မှာ အမြီးအမောက်တည့်သည်မတည့်သည်မသိ၊ ဘယ်နှခေါက်ရှိ၍ ဘယ်လောက်ကြာသည်လည်းမသိပေ။ ထိုအချိန်က ကျွန်ုပ်တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲလျက်ပင်ရှိသေး၏။ ထိုကဲ့သို့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဖတ်နေသည့်အချိန် အနည်းငယ်အတွင်းမှာပင် စိုးရိမ်ကြောက်ရွံ့နေမှုများသည်လည်းကောင်း၊ နာကျင်ကိုက်ခဲလျက် မူးဝေနောက်ကျိနေသောဝေဒနာသည် လည်းကောင်း မယုံကြည်နိုင်လောက်အောင် ထူးဆန်းစွာ ပျောက်ကင်း၍ ကျွန်ုပ်သည် ဘာမှမဖြစ်သလို အကောင်းပကတိအတိုင်းရှိ



www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို သိလိုက်ရ၏။ ကျွန်ုပ်၏ စိတ်စေတသိက်ထည်းဟူသော နာမ်ခန္ဓာသည် ပြောမပြတတ်အောင်ပင် ကြည်လင်၍ ရုပ်ခန္ဓာသည်လည်း အလွန်တရာ ပေါ့ပါးလန်းဆန်းနေသည်ကိုတွေ့ရ၏။ တစ်ခုသတိထားမိသည်မှာ ကိုစောခွားနှင့် ကျွန်ုပ်ကိုယ်တွင် စုပြုံအုံခဲနေကြသည့် ယင်မမဲရိုင်းတို့သည် တစ်ကောင်တလေမျှပင်မရှိတော့အောင် ထူးဆန်းစွာ ပျောက်ကွယ်သွားခြင်းပင် ဖြစ်ပါသည်။ မည်သူခြောက်လှန့်မောင်းထုတ်လိုက်လေသနည်း။ သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ တန်ခိုးအာနိသင်သည် ကြီးမားလှပေစွ။ ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓဘုရားရှင်တို့၏ တန်ခိုးရှိန်စော် ဓမ္မတ္တာတော် အာနုဘော်တော်၏ အစွမ်းသည် အံ့မခန်းရှိပေစွတကား။

ဤနေရာတွင် စာရှုသူများအား အံလေးအနက် တိုက်တွန်းလိုသည်မှာ-

၎င်းသမ္ဗုဒ္ဓေဂါထာတော်ကြီးကို ယုံကြည်သော သဒ္ဓါတရားထက်သန်စွာဖြင့် အမြဲမပြတ် ရွတ်ဖတ်ပွားများ၍ ကိုယ်နှင့်ထပ်ကြပ်မကွာ ဆောင်ထားခဲ့ပါမူ ဘေးရန်အန္တရာယ်အပေါင်းမှကင်းဝေး၍ စည်းစိမ်ဥစ္စာရတနာရွှေငွေတို့သည်လည်း တိုးတက်ကာ ပရိသတ်ဗိုလ်ပုံအလယ်တွင် တင့်တယ်ခံ့ညားလေးစားရိုသေခံရခြင်းတည်းဟူသော အကျိုးထူးများကို ခံစားရသည်မှာ ကျွန်ုပ်ကိုယ်တွေ့ဖြစ်ပါသည်။ ထို့ကြောင့် ဤ စာရှုသူအပေါင်းသည် ကျွန်ုပ်ကဲ့သို့ အမြဲမပြတ် ရွတ်ဖတ် ပွားများကြပါရန် အထူးတိုက်တွန်းလိုပေသည်။

တဖြည်းဖြည်းနှင့် နေဝင်ရီသရောအချိန်သို့ ရောက်လာခဲ့ချေပြီ။ နေမင်းကြီးသည်ပင်လျှင် လောကဓာတ်ကြီးအား အလင်းရောင်ပေးရသည့်တာဝန်ပြီးဆုံးချိန်နီးပြီမို့ သူ၏အလင်းလက်တံရှည်များကို ရုတ်သိမ်းလျက် နီရဲသောမျက်လုံးကြီးဖြင့် ဝမ်းနည်းစွာ နှုတ်ဆက်နေပြီဖြစ်ပေ၏။ 'တောရိပ်တောင်ရိပ်ကြောင့် အမှောင်ထုကကြီးစိုးမင်းမူ၍လာတော့၏။

သည်အချိန်မှာပင် ကိုစောခွားဆီမှ-

"ခေါ်လောလောခေါ်လောလော"

ဟု အသံထွက်ကာ ကျွန်ုပ်လက်ပေါ်မှာပင် ဇက်ကျိုးကျလျက် ငြိမ်သက်သွားလေတော့သည်။ ကျွန်ုပ်လည်း သူ၏အသက်မဲ့ခန္ဓာကိုယ်အား မြေပြင်သို့ချလိုက်ကာ သူ၏လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် တင်လျက် အလောင်းပြင်ပေးလိုက်ပါသည်။

ထိုစဉ် သေပြီဟုထင်ရသော ကိုချောအလောင်းဆီမှ -

"အား - ကျွတ် ကျွတ်"

ဟု ညည်းညူသံထွက်လာသဖြင့် မှင်တက်မိကာ ကြက်သေသေဖြစ်သွားမိ၏။ နောက်မှ မသေမှန်းသိကာ အမြန်သွား၍မထူလိုက်ပြီး -

"ကိုချော ကိုချော သတိရပြီလား။ ဘာဖြစ်သွားလေးလဲ။ ဘယ်နေရာက နာနေသေးလဲ"

ဟုမေး၍ သူ့တစ်ကိုယ်လုံးသို့ ဒဏ်ရာရှာကြည့်လိုက်ပါသည်။ သွေးစသွေးနဟူမရှိ။ မည်သည့်ဒဏ်ရာမျှလည်းရှာမတွေ့သဖြင့် ကျွန်ုပ်အနည်းငယ်စိတ်အေးသွားမိသည်။သို့သော် ကိုချောကားကောင်းစွာမထိုင်နိုင်ပါ။ ပျော့ခွေချော်ရှိ၏။ မျက်လုံးပင်မဖွင့်နိုင်ဘဲ -

"ခေါင်းတွေမူးတယ်"

ဟုပြောပါသည်။ ၎င်းနောက်-

"ကိုစောခွားဘယ်မှာလဲ"

ဟု မေးသဖြင့် ကျွန်ုပ်က-

"ကိုစောခွား သေသွားရှာပြီ"

ဟုပြောရာ -

"ဟင်-ဟုတ်လား။ ငါ့ကိုသူ့နားပို့ပေးပါ။ ငါကြည့်ပါရစေ"

ဟုပြောသဖြင့် သူ့ကိုတွဲထူကာ ပို့ပေးလိုက်၏။ သူသည် ကိုစောခွားအလောင်းအား ‌ သေသေချာချာကြည့်လျက် ချုံးပွဲချငိုပါလေတော့သည်။

အတန်ကြာမှ ကျွန်ုပ်က -

"ကဲ - ကိုချော၊ ငိုမနေနဲ့တော့။ ကျုပ်တို့ ဒီလိုနေလို့မဖြစ်ဘူး။ ခင်ဗျား လမ်းလျှောက်နိုင်ရဲ့လား။ မလျှောက်နိုင်လည်း ကျုပ်နဲ့တွဲပြီးအားတင်းလျှောက်။ ဒီပေါ်မှာ ကြာကြာနေရင် ကျုပ်တို့နှစ်ယောက်စလုံး အန္တရာယ်ရှိလာနိုင်တယ်။ ကျုပ်တို့ တောင်အောက်ကို ဖြစ်သလိုဆင်းရအောင်"

ဟု ပြောကာ သူ့အားဆွဲထူ၍ တောင်အောက်သို့ တဖြည်းဖြည်းဆင်းခဲ့ပါသည်။ နေရောင်လည်း လုံးဝပျောက်ကွယ်သွားပြီဖြစ်ရာ ရှေ့တစ်လံကွာသို့ပင် ကောင်းစွာမမြင်ရတော့။ လက်နှိပ်ဓာတ်မီးလည်းမပါ၊ အမှောင်ထဲတွင် စမ်းကာလျှောက်ရသဖြင့် ခရီးမတွင်လှပါ။ လမ်းခုလတ်တွင် ညောင်ပင်သာရွာစက်ကုန်းပိုင်းမှ သစ်ဆွဲရန်တက်လာသည့် ဦးမောင်မောင်တို့အဖွဲ့နှင့်တွေ့သဖြင့် အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းရပါသည်။ ဦးမောင်မောင်သည် သူ့နွားရှဉ်အား အဖော်တစ်ယောက်သို့လွှဲပြောင်းပေးလိုက်ပြီး ကျွန်ုပ်နှင့်အတူ ကိုချောအားတွဲကာ တောင်အောက်သို့ ဆင်းခဲ့ကြပါသည်။

ထိုသို့ သုံးယောက်သားဆင်းလာခဲ့ရာ တောင်ခြေနှင့် မနီးမဝေးတွင်ရှိသော လှည်းစခန်းအထက်နားအရောက်တွင် စခန်းမကြီးမှလိုက်လာကြသူများနှင့် ဆုံမိပါတော့သည်။ လိုက်လာကြသည့်လူအင်အားမှာ မနည်းလှပေ။ ထွန်စက်နောက်ဆွဲတွဲလာနှစ်စီးအပြည့်နှင့် ကားတစ်စီးစာပါလာသည်။ စိုက်ကွင်းမှူးဦးအောင်သန်းနှင့်အတူ ဆရာဝန်တစ်ယောက်နှင့်သူနာပြုဆရာမတစ်ယောက်ပါပါလာ၏။လိုအပ်သည်များကို ဆောင်ရွက်ပေးပြီးလျှင် ကျွန်ုပ်နှင့် ကိုချောအားရေအိုးစဉ်ရွာ ဦးအောင်ငြိမ်းအိမ်ပို့ကာ ဆရာဝန်မှ ဆေးထိုးခြင်း၊ ဆေးပြားတိုက်ခြင်းများ ပြုလုပ်ကုသပေးပါသည်။ ကျွန်ုပ်တို့စခန်းမကြီးနှင့်အဆက်အသွယ်ရသည့်အချိန်မှာ ညဆယ့်တစ်နာရီခန့်ရှိလိမ့်မည်ဟု ခန့်မှန်းမိပါသည်။ ထိုညက ကိုစောခွားအလောင်းအား စောင်ပုခက်ဖြင့် တောင်ပေါ်မှ အလုပ်သမားများ သယ်ချရသည်ဟုသိရပါသည်။

ထိုနေ့ညက ကျွန်ုပ်သည် ညဉ့်သန်းခေါင်တစ်နာရီအချိန်တွင် ကျွန်ုပ်နေထိုင်သည့် စခန်းခွဲ (၂)သို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ညဉ့်နက်နေပြီဖြစ်၍ အိပ်ရာထက်တွင် စောင်ကို ခေါင်းမြီးခြုံ၍ လှဲအိပ်လိုက်ပါသည်။ သို့သော် ကိုစောခွား၏ကိုယ်မှ သွေးများသည် ကျွန်ုပ်တစ်ကိုယ်လုံးသို့ ပေကျံနေလေရာ သွေးညှီနံ့ကြောင့် မည်သို့မျှအိပ်မရသည်ဖြစ်၍ ခြေလက်ဆေးကာ သွေးစွန်းနေသည့်အဝတ်များကိုလဲ၍အိပ်လိုက်မှ ထိုတစ်ညအတွက် ကျွန်ုပ် နှစ်ခြိုက်စွာအိပ်မောကျခဲ့ပါတော့သတည်း။

မှတ်ချက်။ ။ သွေးရူးသွေးတန်းထွက်ပြေးသွားကြသည့် ကျော်တင့်မှာ သုံးမိုင်ခန့်ဝေးသည့် ကြက်သူစခန်းသို့ ရောက်၍ အောင်လွှင်မှာမူ တောင်ခြေရှိ ရေအိုးစဉ်ရွာသို့ ရောက်ရှိသွားပါသည်။ ၎င်းတို့နှစ်ယောက်အား ညတွင်းချင်း ကညွတ်ကွင်းမြို့ ဆေးရုံသို့ တင်ပို့လိုက်ရကြောင်းသိရပါသည်။

စံရွှေသောင်

www.burmeseclassic.com

လစဉ်၊ အပတ်စဉ် ထုတ်ဝေနေကြသော မဂ္ဂဇင်း၊ ဂျာနယ်၊ စတ္တုစသည်များတွင် လူသတ်မှုအကြောင်းမှာ အများအားဖြင့် ပါနေကျသတင်းများပင် ဖြစ်ပါသည်။

လူကို သေစေလောက်အောင် လက်ရောက်ကျူးလွန်မှု ပြုလုပ်ခဲ့ရပါသည်ဆိုသော အကြောင်းတရားများကို လေ့လာ ဆန်းစစ်ရာတွင် ယခင် ရန်ငြိုးရန်စကြောင့်သော် လည်းကောင်း၊ လက်စားချေခြင်းဖြင့်သော် လည်းကောင်း၊ လောဘ ဒေါသတို့ကြောင့်သော်လည်းကောင်း၊ ရုတ်ခြည်းလူသတ်မှုကျူးလွန်ခြင်းဖြင့်သော် လည်းကောင်း မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်အရ ပြုလုပ်ရာမှ လက်လွန်ခြေလွန်ဖြစ်ပြီး လူသတ်မှုအဆင့်သို့ ရောက်ရှိသွားခြင်းဖြင့်လည်းကောင်း၊ သီးခြားစီ အကြောင်းခံဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း အများတကာက လက်ခံယုံကြည်ထားခြင်း ဖြစ်ပါသည်။

သို့သော် တစ်ခါတစ်ရံတွင် အထက်ပါ အကြောင်းတရားများကို ကျော်လွန်၍ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်ဆန်းလူသတ်မှုမျိုးကိုလည်း ကျူးလွန်ခဲ့ကြကြောင်းကို စာရေးသူ တင်ပြသည့် ရန်ငြိုးရန်စမရှိဘဲ လူသတ်တရားခံဖြစ်လာရသော လူငယ်တစ်ဦးအကြောင်း ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပါသည်။

အဆိုပါ လူငယ်သည် ၎င်းသတ်ဖြတ်ခဲ့သော ပုဂ္ဂိုလ်အား ယခင်ကလည်း မတွေ့ဘူး၊ မမြင်ဘူး၊ အသိအကျွမ်း၊ မိတ်ဆွေအပေါင်းအသင်းလည်းမဟုတ်၊ ရန်ငြိုးရန်စဆိုသည်ဝေးစွ။ သို့ဖြစ်လျှင် ထိုတစိမ်းတစ်ဦးအား အကြောင်းမဲ့ ဘာကြောင့် လူသေသည်အထိ ပြစ်မှုကျူးလွန်ခဲ့ရပါသနည်း။

နိုင်ငံခြားသတင်းအချို့တွင် ပါရှိတတ်သော အငှားတရားခံ လူသတ်သမားမျိုးကဲ့သို့ ကြေးစားလူသတ်သမားဟု ဆိုရအောင်လည်း ၎င်းနေထိုင်ရာ ကျေးရွာတွင် မည်သူကမျှ အခကြေးငွေပေး၍ လူသတ်ခိုင်းရန် အကြောင်းမရှိပေ။

အကြောင်းမရှိဘဲနှင့်တော့ အကျိုးတရားတစ်ခု ပေါ်ပေါက်လာရိုးထုံးစံမရှိပေ။ ထို့ကြောင့် ထိုအကြောင်းတရားကို ဦးစွာပထမ ရှာဖွေကြပါစို့။

လွန်ခဲ့သော (၁၄) နှစ်၊ ၂၀၀၀ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တွင် ပါဝင်သော ကွမ်းခြံကုန်းမြို့နယ်အပိုင် ကျေးရွာတစ်ရွာတွင် မောင်ကံလှ (အမည်လွှဲ)ဆိုသည့် လူရွယ်လေးတစ်ဦးသည် မိဘများဆုံးပါးသွားပြီးနောက် အဘွားအိုကြီးနှင့်အတူ ရွာတွင်နေထိုင်လျက်ရှိပါ သည်။

မြေးအဘွားနှစ်ယောက်သည် ဘဝ ရပ်တည်ရေးအတွက် ဟင်းသီးဟင်းရွက်များ ရောင်းချစားသောက်ကြရပါသည်။ တစ်နေ့တွင် မောင်ကံလှ၏အဘွားထံ အသိမိတ်ဆွေတစ်ဦး ရောက်ရှိလာပါသည်။ ၎င်းဧည့်သည်မှ မြေးအဘွားအခြေအနေကို ရိပ်စားမိ၍ အဘွားအိုအား ၎င်း၏မြေးအတွက် အလုပ်တစ်နေရာ ကူညီပေးလိုကြောင်း ကမ်းလှမ်းလာပါသည်။ ၎င်းဧည့်သည် ကမ်းလှမ်းလာသည့်အလုပ်မှာ ရွာနှင့် မလှမ်းမကမ်းရှိ ငါးမွေးမြူရေးကန်တွင် အစောင့်အဖြစ်တာဝန်ယူရန် ဖြစ်ပါသည်။

ထိုစဉ်က မောင်ကံလှ၏ အသက်မှ (၁၇) နှစ်ကျော်မျှသာရှိပါသေးသည်။ ငွေကြေးအခက်အခဲပြေလည်တန်သရွေ့ ပြေလည်ပါစေတော့ဟု မြေးအဘွားနှစ်ယောက်တိုင်ပင်ကာ ထိုငါးမွေးမြူရေးကန်စောင့်အလုပ်ကို လက်ခံလိုက်ကြပါသည်။

ကန်စောင့်အလုပ်ဝင်ပြီးသည်နှင့် မြေးအဘွားနှစ်ယောက်စားဝတ်နေရေးမှာ ခါတိုင်းထက်စာလျှင် အဆင်ပြေလာပါသည်။ သို့သော် ထိုဝမ်းသာချိန်လေးမှာ သိပ်မကြာလိုက်ပါ။ မောင်ကံလှတစ်ယောက် အမှုအခင်းတစ်ခုနှင့် ကြုံကြိုက်လာပါတော့သည်။

တစ်နေ့ညဥ့်နေခင်း မှောင်ရိပ်မလာမီအချိန် ငါးကန်စောင့်မောင်ကံလှ

# မိုးမင်းဇော်

## ရန်ငြိုးရန်စမရှိဘဲ လူသတ်တရားခံဖြစ်လာရသော လူငယ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

သည် ကန်ပေါင်ဘေးရှိ ကင်းတဲတွင် တစ်ဦးတည်းထိုင်နေပါသည်။ စကားပြောဖော်လည်းမရှိသဖြင့် တွေရာလေးပါးစဉ်းစားပြီး ဘေးဘယ်များဆီသို့ လှမ်းမျှော်ကြည့်လိုက်ပါသည်။ ထိုစဉ် ကန်ပေါင်နံဘေး လမ်းကျဉ်းလေးအနီး လူတစ်ယောက်လမ်းလျှောက်လာသည်ကို လှမ်းမြင်လိုက်ရပါသည်။ အခြားအနီးတစ်ဝိုက်တွင်လည်း ငါးမွေးမြူရေးကန်များရှိသေးသဖြင့် ထိုလူမှာဖြတ်သန်းသွားလာသူတစ်ဦးအဖြစ် မှတ်ယူနိုင်ပါသည်။

ယင်းလူစိမ်းဖြတ်သန်းနေချိန်တွင် မောင်ကံလှအား တစ်စုံတစ်ယောက်က အမိန့်ပေးသံကြားလိုက်ရပါတော့သည်။

"ဟေ့ - မောင်ကံလှ ဘာငေးနေတာလဲ။ အခုလာနေတဲ့လူကို ဓားနဲ့ အမြန်သွားခုတ်သတ်လိုက်ပါတော့လား။ အချိန်မရှိဘူး။ မြန်မြန်လုပ်။ တဲထောင့်မှာထောင်ထားတဲ့ ဓားအရှည်ကြီးရှိတယ်။ အဲဒါမြန်မြန်ယူပြီး သွားခုတ်သတ်လိုက်၊ ပြောနေတာ မကြားဘူးလား"

ထိုအသံ နားထဲတွင် ဆူညံစွာပေါ်ပေါက်နေချိန်တွင် မောင်ကံလှသည် တစ်ကိုယ်လုံးဆတ်ဆတ်တုန်လာပြီး ဘာမှတွေတွေထူးထူးစဉ်းစားမနေတော့ဘဲ တဲထောင့်မှ ဓားရှည်ကြီးကိုဆွဲယူကာ ကန်ဘေးဖြတ်လျှောက်နေသော သူစိမ်းလူကြီးအား တအားလွှဲခုတ်လိုက်ပါတော့သည်။ ထိုလူမှာလည်း ဘာလက်နက်မှမပါဘဲ ခုခံနိုင်စွမ်းမရှိဘဲ မောင်ကံလှ၏ ဓားဒဏ်ရာဒဏ်ချက်ဖြင့် လဲကျသေဆုံးသွားပါတော့သည်။

လူသတ်မှုကို အမှတ်မထင်ကျူးလွန်ပြီးခါမှ မောင်ကံလှတစ်ယောက် အကြောက်ကြီးကြောက်၍ ရွာတွင်းသို့ပြေးဝင်ကာ ၎င်းလူသတ်မှုကျူးလွန်မိကြောင်း ပြောဆိုသဖြင့် ရွာလူကြီးများမှ ရဲစခန်းသို့ အကြောင်းကြားပြီး အမှုဖွင့်အရေးယူခြင်းခံရပါတော့သည်။

တရားဥပဒေအရ ပြစ်မှုကျူးလွန်ပြီးဆိုသည်နှင့် ရာဇသတ်ကြီးပုဒ်မ တစ်ခုခုတွင် ညှိစွန်းလာပါတော့သည်။ မောင်ကံလှသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁) ကို ရင်ဆိုင်ဖြေရှင်းရပေတော့မည်။

မောင်ကံလှ ကျူးလွန်ထားသော ပြစ်မှုမှာ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ကျခံရနိုင်သော ပြစ်မှုဖြစ်၍ အာမခံပင်မရဘဲ အချုပ်နှင့်အမှုရင်ဆိုင်နေရပါတော့သည်။ ကြီးလေးသော ပြစ်မှုဖြစ်၍ ၎င်း၏အမှုကို ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးသို့ တင်ပို့စစ်ဆေးစေခဲ့ပါသည်။

မောင်ကံလှအား ရုံးချိန်နေ့မှီးမှာပင်လျှင် လာတွေ့သူမရှိလောက်ဖြစ်နေပါသည်။ အဘွားဖြစ်သူမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ ရုံးသို့လာမတွေ့နိုင်ခြင်း ဖြစ်ပါသည်။ မောင်ကံလှမှာ လူသတ်မှုကျူးလွန်ထားသည်ဆိုစေကာမူ သူ့ဥပမိရုပ်သည် အသားဖြူဖြူဖွေးဖွေး၊ ကိုယ်လုံးကိုယ်ပေါက်သန်သန်မာမာနှင့်တွေ့ရပြီး လူသတ်မှုကျူးလွန်မည့်ရုပ်လက္ခဏာ လုံးဝပေါ်လွင်ခြင်းမရှိပေ။ အထက်တန်းကျောင်းသားတစ်ဦးဟုပင် ထင်မှတ်ရပေသည်။

သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့်စွပ်စွဲခံရသောတရားခံသည် ဆင်းရဲနွမ်းပါးသဖြင့် ရှေ့နေငှားရမ်းနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာတရားရုံးသို့ တင်ပြလျှောက်ထားလျှင် သက်ဆိုင်ရာတရားရုံးမှ အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးနိုင်သည်ဟူသော အခွင့်အရေးဖြင့် မောင်ကံလှအတွက် တရားခံရှေ့နေအဖြစ် စာရေးသူမှ လိုက်ပါဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။

သို့သော် လူသတ်မှုကျူးလွန်ခြင်း၏မှုခင်းမှတ်တမ်း၊ ဖြစ်စဉ်၊ သက်သေခံပစ္စည်းများ၊ ဝန်ခံထွက်ဆိုချက်များ၊ လျှောက်လဲချက်များ၊ ကောက်ချက်များနှင့် နောက်ဆုံး စီရင်ချက်ချသည်အထိ ပြစ်မှုအင်္ဂါမြောက်နေသဖြင့် လွတ်လမ်းမရှိခဲ့ပေ။ သို့သော် ပြစ်မှုကျူးလွန်သူမှာ အသက်အရွယ် ငယ်ရွယ်သူဖြစ်ခြင်း၊ တင်ကူးကြံရွယ်သောပြုလုပ်မှု ဖြစ်သည်၊ မဖြစ်သည် စသည့် အကြောင်းခြင်းရာ ပြဿနာများအရ မောင်ကံလှသည် အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံသွားခဲ့ရပါသည်။

"အကြောင်းတစ်ခုမရှိဘဲနဲ့အကျိုးတရားတစ်ခုပေါ်ပေါက်လာရိုးထုံးစံမရှိပေ။ ဒါကြောင့် ဒီအကြောင်းတရားကို ဦးစွာရှာဖွေကြပါစို့"

ဟု စာရေးသူမှ စကားပလ္လင်ခံခဲ့ပြီးဖြစ်ပါသည်။

မောင်ကံလှမှ မှုခင်းစစ်ဆေးစဉ်ကာလတစ်လျှောက်လုံး ထွက်ဆိုသွားခဲ့သည်မှာ တစ်ဦးတစ်ယောက်က ၎င်းအား သေသူကို ဓားနှင့်ခုတ်ပိုင်းလိုက်ရန်အမိန့်ပေးသကဲ့သို့ ခံစားဖြစ်ပေါ်ခဲ့ရပါသည်ဟူသော စကားရပ်များသည် အကြောင်းတရားအဖြစ် မှတ်ယူရမည်ကဲ့သို့ ဖြစ်ပေါ်လာပါသည်။

ဤတွင် မောင်ကံလှအား လူတစ်ဦးတစ်ယောက်ကို ရန်ငြိုးရန်စမရှိပါဘဲ အကြောင်းမဲ့သက်သက် သတ်ပစ်ရန်မည်သူက ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းပြုလုပ်ခဲ့ပါသနည်းဆိုလျှင်ပြန်က ရိုးရာစွဲလမ်းမှုအစဉ်အလာအရ ယုံးမယုံဖွဲ့ရလျှင် နယ်လွန်ဖြစ်ရပ်ပရလောကသားတစ်ဦးဦးက စေခိုင်းနိုင်ခဲ့သည်ဟုပင်ဆိုရပေတော့မည်။

မောင်ကံလှသည် ရုတ်တရက်စိတ်ဖောက်ပြန်၍ လူသတ်ခဲ့ခြင်းလည်းမဟုတ်၊ တစ်ဦးတစ်ယောက်က ၎င်းထံရောက်လာပြီး ခြိမ်းခြောက်၍ အတင်းအကျပ် လူသတ်ခိုင်းခြင်းလည်းမဟုတ်။ အမှုဖြစ်စဉ်တစ်လျှောက်လုံးတွင်လည်း မောင်ကံလှ၏ထွက်ချက်မှာ နှစ်ခွမဖြစ်။ တစ်စုံတစ်ဦးက ၎င်းအား သေသူအား ဓားနှင့်ခုတ်ရန်သာ ပြောကြောင်းသာ ဖြစ်ပေသည်။

လူ့အသိုင်းအဝိုင်းတွင် လူလူချင်း ပြစ်မှုကျူးလွန်မှုသာ တရားဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ပေရာ ယခုကဲ့သို့ မောင်ကံလှ၏အာရုံတွင် ထင်မြင်ပေါ်ပေါက်လာသည် ဆိုသော သက်မဲ့ဖြစ်သော ပရလောကသားကိုမူ ဥပဒေအရ ပူးပေါင်းကြံစည်သူအဖြစ်သတ်မှတ်ပြီး တရားစွဲခွင့်မရှိပေ။ ယုတ်စွအဆုံး ထိုပရလောကသားအား တရားခံပြုသက်သေအဖြစ်ပင်လျှင် ဆင့်ခေါ်၍ရနိုင်မည်မဟုတ်။ ဆင့်ခေါ်သည်ထားဦး၊ လိပ်စာအတိအကျမသိ၍ သမ္မန်စာချရန် မလွယ်ကူပေ။

အပြစ်မဲ့သူတစ်ဦးအား ဘဝပါပျက်စီးသွားအောင် ကြံရွယ်လုပ်ဆောင်ခဲ့သောပရလောကသားတို့ကြောင့် ဒုက္ခရောက်သွားရသူဦးရေမည်မျှရှိပါပြီနည်း။ ထိုဖြစ်ရပ်မျိုးကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သားကောင်အဖြစ် ထောင်နန်းစံသွားရသူ မောင်ကံလှကဲ့သို့ဖြစ်ရပ်များအား အနာဂတ်ကာလတွင်လည်း မပေါ်ပေါက်နိုင်ဟု မည်သူအာမခံနိုင်ပါသနည်း။ ရာဇဝတ်ဘေးပြေးမလွတ်ဆိုသော်လည်း နယ်လွန်ဖြစ်ရပ် ပရလောကသားတို့၏ အခြေအနေမှာကား ရာဇဝတ်ဘေးမှ ပြေးရန်ပင်မလိုဘဲလွတ်မြောက်နေကြပြီတကား။

မိုးမင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကိုးနဝင်း

# မဟာကိန်းဂဏန်းများ

**အခန်း (၂၃)**

83/11

**(11 ဂဏန်းရစေသည့် စမ်းသပ်ဂဏန်း)**

8 နှင့် 3 ပေါင်းခြင်းဖြင့်ရရှိသော 11 ဂဏန်းသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာနှင့် ဝိညာဉ်ရေးရာကိစ္စများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရပ်ရပ်အား ကိုယ်စားပြုသည်။

3 ဂဏန်းသည် ကြာသပတေးဂြိုဟ်အား ကိုယ်စားပြုပြီး စိတ်နယ်လွန်ဆိုင်ရာကိစ္စများ၊ အသိုင်းအဝန်းကျယ်ပြန့်မှုများအား ရည်ညွှန်းဖော်ပြသည်။ 8 ဂဏန်းအား စနေဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။ 8 ဂဏန်းသည် အကန့်အသတ်မရှိသော ရှုဝ်သန်ကြီးထွားမှု၊ သိစိတ်ဆိုင်ရာ စွမ်းအင်မြင့်မားမှုတို့ကို ကိုယ်စားပြုသည်။

ထိုအခါ 3 နှင့် 8 ပေါင်းခြင်းဖြင့် ရရှိသော 11 ဂဏန်းသည် အကန့်အသတ်မရှိတိုးတက်ပြီးဖြစ်သည့် သိစိတ်အား ကိုယ်စားပြုသည်။

11 ဂဏန်းအား ယူရေးနပ်စ်ဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

**83/11 ရစေသည့်အခြေအနေအကြောင်းအရာများ**

ဘုရားသခင်၏အမိန့်

In Divine Order
95 494955 69459
83/11

ယုံကြည်ခြင်းဟူသည့်အကာအကွယ်

The Shield of Faith
285 189534 66 61928
83/11

83/11 ဂဏန်း ရရှိသူအတွက် စနေဂြိုဟ် 8 ဂဏန်းသည် စည်းကမ်းကြီးသူဖြစ်ကြောင်းရည်ညွှန်းပြီး ကြာသပတေးဂြိုဟ်ကိုယ်စားပြု 3 ဂဏန်းအနေဖြင့် စိတ်ဓာတ်မြင့်မားသူဖြစ်ကြောင်း ရည်ညွှန်းသည်။ စနေဂြိုဟ် + ကြာသပတေးဂြိုဟ် (8+3=11) သည် ဝိညာဉ်ရေးရာအခြေအနေအရပ်ရပ်အား ကိုယ်စားပြုသည့် 11 ဂဏန်းကို ရည်ညွှန်းသည်။ ဦးနှောက်အား ဝဲ၊ ယာ အခြမ်းနှစ်ခြမ်းအဖြစ် ခွဲခြားနိုင်သည်။ ဦးနှောက်ယာဘက်ခြမ်းအား ကြာသပတေးဂြိုဟ် (3 ဂဏန်း) က စိုးမိုးအုပ်ချုပ်ထားပြီး ဦးနှောက်ဝဲဘက်ခြမ်းအား စနေဂြိုဟ် (8 ဂဏန်း) က စိုးမိုးထားသည်။

စနေဂြိုဟ်စိုးမိုးသော ဦးနှောက်ဝဲဘက်ခြမ်းသည် ခန္ဓာကိုယ်၏ အလိုဆန္ဒ၊ အာရုံခံစားခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများပိုင်ဆိုင်ခြင်း၊ ဩဇာအာဏာကြီးမားခြင်း၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်၌ အောင်မြင်ခြင်း၊ ငွေကြေးရှာဖွေခြင်းကိစ္စများအား ကိုယ်စားပြုထားသည်။

ကြာသပတေးဂြိုဟ် စိုးမိုးသော ဦးနှောက်ယာဘက်ခြမ်းသည် ချစ်ခြင်း၊ အလှအပဆိုင်ရာကိစ္စများ၊ ဟန်ချက်ညီခြင်း၊ တရားမျှတခြင်း၊ အတွေးအခေါ်ရှိခြင်း၊ ပျော်ရွှင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ နိုးကြားခြင်းတို့ကို ရည်ညွှန်းသည်။

**အခန်း (၂၄)**

**မဟာကိန်းဂဏန်း 88**

**88 ဂဏန်း ရစေသော အခြေအနေအကြောင်းအရာ**

ဘုရားသခင်၏ကျွမ်းကျင်မှုရှိသော နောက်လိုက် (တပည့်)

Mastership Disciple
4112591897 49139735
88

88 ဂဏန်းသည် ရိုးသားခြင်းနှင့် သစ္စာရှိခြင်းတို့ ပေါင်းစပ်တည်ဆောက်ထားသည့် သိစိတ်အခြေအနေအဆင့်အတန်းအား ရည်ညွှန်းသည်။

88/16/7.....ဟူသော ညီမျှခြင်းတွင် 16 ဂဏန်းသည် မကောင်းမှုပွားများခြင်းသဘောကို ရည်ညွှန်းပြီး 88 ဟူသော ကိန်းဂဏန်းအဆင့်ရောက်သည်အထိ ကြိုးစားအားထုတ်ရကြောင်း ဖော်ပြသည်။

16 ဂဏန်းအား လေ့လာပါက သောကြာဂြိုဟ်ကိုယ်စားပြု 6 ဂဏန်းနှင့် အင်္ဂါဂြိုဟ်ကိုယ်စားပြု 1 ဂဏန်းတို့ ပါဝင်နေသည်ကို တွေ့ရသည်။ အင်္ဂါဂြိုဟ်ကိုယ်စားပြု 1 ဂဏန်းသဘာဝအရ တုံ့ပြန်ခြင်းနှင့် လက်ခံခြင်းသဘော (၂) မျိုးစလုံးအား ပိုင်ဆိုင်ထားသည်။

အကယ်၍ 16 ဂဏန်းအား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပါက 1+6=7 သည် တနင်္လာဂြိုဟ်စိုးမိုးခြင်းခံရပြီး စိတ်ခံစားမှုအခြေအနေများနှင့် အပြောင်းအလဲမြန်ခြင်းသဘောတို့ကို ရည်ညွှန်းဖော်ပြမည်ဖြစ်သည်။

စနေဂြိုဟ်ကိုယ်စားပြု 8 ဂဏန်းသည် မဟာကိန်းဂဏန်းအဖြစ် နှစ်လုံးထပ်သွားခြင်းကြောင့် မူလထက်မြက်ပြီးသော စွမ်းရည်များ ပိုမိုအရှိန်မြင့်လာမည်ဖြစ်သည်။

ရင်းပြင် 8 ဂဏန်းသည် ကိုယ်ပိုင်စရိုက်လက္ခဏာဖြစ်လာစေမည့် ဝိညာဉ်ရေးရာ အဆင့်အတန်း၊ ဘုရားသခင်၏ နောက်လိုက်တပည့်ကောင်း ဖြစ်နိုင်မည့် အနေအထားတို့အား ဖော်ပြသည်။

8 ဂဏန်းပိုင်ရှင်တို့အနေဖြင့် ရာသီခွင်တစ်ခုစီအလိုက် စိုးမိုးသော ဂြိုဟ်များအပေါ် မူတည်၍ အောက်ပါပုဂ္ဂိုလ်များဖြစ်လာနိုင်ကြသည်။

* စနေဂြိုဟ်စိုးမိုးသော မကာရရာသီခွင်အတွင်း အရာရာဦးဆောင်နိုင်သူများ ဖြစ်လာနိုင်သည်။
* ယူရေးနပ်စ်ဂြိုဟ် စိုးမိုးသော ကုံရာသီအတွင်း လောကအား အလုပ်အကျွေးပြုသူများဖြစ်လာနိုင်သည်။
* နက်ပ်ကျွန်းဂြိုဟ် စိုးမိုးသော မိန်ရာသီအတွင်း လောက၏ တယ်တင်ရှင်ဖြစ်လာနိုင်သည်။

**88 ဂဏန်း၏ အရည်အသွေးအား ထင်ဟပ်စေသည့် ဗုဒ္ဓဘုရားရှင်၏အဆုံးအမစကား (၈) မျိုး**

၁။ ခန္ဓာကိုယ်တွင်း လုပ်ငန်းဆောင်တာများမှန်ကန်အောင်ပြုမူနေထိုင်ပါ။ (စားခြင်း/သောက်ခြင်း)



www.burmeseclassic.com

www.burmeseclassic.com

၂။ အသက်မှန်မှန်ရှူပေးပါ။ (သန့်ရှင်းသောလေအား ပြင်းစွာရှိုက်သွင်းခြင်း)
၃။ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်ပါ။
၄။ မှန်ကန်စွာ ပြောဆို ပြုမူဆောင်ရွက်ပါ။
၅။ နှိမ့်ချသောစိတ်ထားရှိပါ။
၆။ မှန်ကန်စွာ နှလုံးသွင်းပါ။
၇။ စိတ်ရှည်သည်းခံခြင်း၊ နားလည်မှုပေးခြင်း၊ မေတ္တာထားခြင်းရှိပါစေ။
၈။ အာဟာရ မှန်ကန် မျှတအောင် နေထိုင်ပါ။

အောက်ပါ အခြေအနေအတွက်လည်း 88 ဂဏန်းကို ရစေသည်။ ဦးခေါင်း၏ ဝဲ-ယာနှစ်ခြမ်းစလုံးမှ စွမ်းအင်များ ပေါင်းစပ်သွားခြင်းဖြင့် ဝိညာဉ်ရေးရာဆိုင်ရာ လေ့ကျင့်မှုများ အားကောင်းစေကာ မိမိက ဈာန်ဖြင့်ပျံကြွနိုင်သလို ခံစားရတတ်သည်။

အံ့ဖွယ်ကောင်းသောဈာန်ဖြင့်ပျံကြွခြင်း
Miraculous Levitation
4991333631 3549212965
88

88 ဂဏန်းပိုင်ရှင် လူသား၏ ဉာဏ်စွမ်းရည်သည် သိစိတ်နယ်ပယ် ကျယ်ဝန်းမြင့်မားသည်ဆိုပါက အာကာသစကြာဝဠာ၏ ရှေ့တော်ပြေးအဖြစ် ရပ်တည်နိုင်မည့်သူဖြစ်ကြောင်း အောက်ပါအတိုင်း ခွဲခြားသိရှိနိုင်သည်။

အာကာသစကြာဝဠာ ရှေ့တော်ပြေး
Cosmic Forerunner
361493 6695935559
88

## အခန်း (၂၅)
## 92/11
## (11ဂဏန်းရစေသည့်စမ်းသပ်ဂဏန်း)

92 ဂဏန်းအား ပေါင်းခြင်းကြောင့် မဟာကိန်းဂဏန်း 11 ကိုရရှိပြီး ၎င်း 11 အား ပေါင်းခြင်းဖြင့်ရရှိလာသော တစ်လုံးတည်းသော ဂဏန်း 2 အား မီးခတ်ကိုယ်စားပြု Vulcan ဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားမည်ဖြစ်သည်။ 2 ဂဏန်းကိုယ်စားပြု Vulcan ဂြိုဟ်သည် ရာသီဥတုနှင့် အခြေအနေအပြောင်းအလဲများ၊ ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်မှုများ၊ ခံနိုင်ရည်ဖွဲ့ကောင်းခြင်းများ၊ စစ်မှန်သော တိုးတက်မှုများအား ကိုယ်စားပြုဖော်ပြသည်။ 9 ဂဏန်းသည် နေ (တနင်္ဂနွေဂြိုဟ်) ၏ စိုးမိုးခြင်းခံရပြီး မီးခတ်နှင့် အလင်းရောင်ကိုပါ ပေးစွမ်းနိုင်စွမ်းရှိကြောင်း ရည်ညွှန်းသည်။ 92/11 ဂဏန်းသည် မီး၊ ရေ၊ လေ၊ မြေတို့၏ အန္တရာယ်ပေးခြင်းမှ လွတ်မြောက်နိုင်ခြင်းကိုလည်း ရည်ညွှန်းသည်။

**92/11ရစေသည့် အခြေအနေအကြောင်းအရာများ**

အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်သည့် ဘဝပုံစံများ
Evolving Life forms
54634957 3965 66941
92/11

**အနာဂတ်၌ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ**

အနာဂတ်၌ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ
Future Possibilities
632395 7611929392951
72/2

**ဖဘုရားသခင်ထံ သွားရောက်မည့်အခြေအနေ ပေါ်ပေါက်လာခြင်း**

ပေါ်ပေါက်ခြင်း ဖဘုရားသခင်ထံဆီသို့
Arise Go to the Father
95559 76 26 285 612859
72/2

## အခန်း (၂၆)
## မဟာကိန်းဂဏန်း 99

**99 ဂဏန်းရစေသည့် အခြေအနေအကြောင်းအရာ**

99 ဂဏန်းသည် သိစိတ်အခြေအနေ အဆင့်အတန်းမြင့်မားခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ ကောင်းသော အပြုအမူအနေထိုင်တို့မှ လွတ်မြောက်ခြင်းသဘောကို ရည်ညွှန်းသည်။

ဘဝ ခွန်အား
Life Strength
3965 12955728
99

အသက်ရှင်သန်နိုင်စွမ်း
Vitality
4921 3927

99 ဂဏန်းသည် ဘုရားသခင်ထံမှ အသိဉာဏ်ပညာနှင့် အခွင့်အရေးများအား တန်းတူရရှိသည့်သဘော၊ သိစိတ်အဆင့်အတန်းအား မြင့်မားအောင် စွမ်းဆောင်ခွင့်ရှိသည့်သဘောတို့ကိုပါ ရည်ညွှန်းသည်။

**99 ဂဏန်းကိုရည်ညွှန်းသည့် ဘုရားသခင်၏ ဉာဏ်အလင်းရောင်ပေးသောကာလ**

The Age of illumination
285 175 66 933349512965
99

**99 ဂဏန်းကဖော်ပြသည့်-**

ရှင်ပြန်ထမြောက်နိုင်စွမ်းရှိသည့်စွမ်းအင်
Resurrecting Power
951399532957 76559
99

**99 ဂဏန်း၏ အနှစ်သာရကိုဖော်ပြသော စာနာထောက်ထားခြင်းနှင့် သည်းခံနိုင်စွမ်းရှိခြင်း**

စာနာထောက်ထားခြင်း
Sympathy and
17471287 154
99

သည်းခံနိုင်စွမ်းရှိခြင်း
Forbearance
66925191535

**99 ဂဏန်း၏ စွမ်းရည်သတ္တိအား ရယူထားသည့် အမေရိကန်ပြည်ထောင်စု**

အမေရိကန်ပြည်ထောင်စု
The United States
285 359254 121251
of America
66 1459934
99

**ဘုရားသခင်အလိုတော်အရ 99 ဂဏန်းကို ရည်ညွှန်းသည့် ထာဝရရှင်သန်ခြင်းသို့ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုဖြစ်စဉ်**



www.burmeseclassic.com

www.burmeseclassic.com

ထာဝရရှင်သန်ခြင်း

Immortality
94469213927

ဆင့်ကဲပြောင်းလဲတိုးတက်မှုဖြစ်စဉ်
Evolution
546332965
99

99 ဟူသော မဟာကိန်းဂဏန်းအားပေါင်းခြင်းခြင့် 18 ဂဏန်းရရှိပြီး 18 အား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပါက 9 ဂဏန်းရရှိသည်။ 99-18-9..... ဟူသော ဂဏန်းတစ်ခုစီအလိုက် သက်ဆိုင်ရာကိုယ်စားပြုပြိုဟ်နှင့်အဓိကကျသော စကားအဓိပ္ပာယ်များ အသီးသီး ကိုယ်စားပြုထားသည်ကို တွေ့ရှိရသည်။

သာယာကြည်နူးခြင်း
Rapture
9172395
36/9
9 ဂဏန်းရရှိသည့်စွမ်းအင်ရှိစကားပုံ

**99 ဂဏန်းကိုယ်စားပြုသည့် အရေးပါပြီး အခြေခံကျသောစွမ်းအား**

အရေးပါသော အခြေခံကျသည့် စွမ်းအား
Great Primary Force
79512-7994197 66935
99

**99 ဂဏန်းရစေသည့် ဘုရားသခင်၏အလိုအရ မြင့်မြတ်သောရုပ်ဆင်းအင်္ဂါပြောင်းလဲခြင်း**

မြင့်မြတ်သောရုပ်ဆင်းအင်္ဂါပြောင်းလဲခြင်း
Holy Transfiguration
8637 291516973912965
99

| ကိန်းဂဏန်း | ကိုယ်စားပြုပုဂ္ဂိုလ် | အဓိကကျသောစကား အဓိပ္ပာယ်များ |
|---|---|---|
| 99 | ပထမ 9 အတွက် တနင်္ဂနွေဂြိုဟ် | ပထမ 9 အတွက် |
| | ဒုတိယ 9 အတွက် တနင်္ဂနွေဂြိုဟ် | ဒုတိယ 9 အတွက် (ချစ်ခြင်းမေတ္တာ) |
| 18 | အင်္ဂါဂြိုဟ် (1 ဂဏန်းအတွက်) | စွမ်းအင် |
| | စနေဂြိုဟ် (8 ဂဏန်းအတွက်) | စည်းမျဉ်းကမ်း |
| 9 | တနင်္ဂနွေဂြိုဟ် | စကြဝဠာဆိုင်ရာသိစိတ် |

**ဂဏန်းဗေဒင်ပညာဖြင့်တွက်ချက်ပုံ**

| ကိန်းဂဏန်း | ဂဏန်းဗေဒင်ဆိုင်ရာ အဓိပ္ပာယ်များ | အဓိကကျသော စကားအဓိပ္ပာယ်များ |
|---|---|---|
| 99 | ချစ်ခြင်းမေတ္တာ၊ အလုပ်အကျွေးပြုခြင်း။ | စဉ်းစားတွေးခေါ်တတ်ခြင်း၊ အမြင်ရှိခြင်း။ |
| 18 | နိုးကြားခြင်း၊ ကန့်သတ်ချုပ်ချယ်မှုကင်းရှင်းခြင်း။ | ရွေ့ပြေး၊ ရွေ့ဆောင်ဖြစ်ခြင်း၊ တာဝန်ယူတတ်ခြင်း။ |
| 9 | သာယာကြည်နူးခြင်း။ | ရှင်သန်ကြီးထားခြင်း။ |

ချစ်ခြင်းမေတ္တာ
Love
3645
18/9
9 ဂဏန်းရရှိသည့်စွမ်းအင်ရှိသော စကားပုံ

## အခန်း (၂၇)

## ဘဝခရီးအဆုံးသတ်ဂဏန်း 100

လူသားဘဝသို့မရောက်ရှိမီ အစပိုင်း၌ ဘုရားသခင်နှင့်အတူ တစ်စုတစ်စည်းတည်းပုံစံရှိနေပြီး နောက်ပိုင်းမှ ဘုရားသခင်၏ နာမတော်အရ ဖန်ဆင်းမှုဖြင့် သက်ရှိလူသားများ ဖြစ်ပေါ်လာရသည်။ ထိုနည်းဖြင့် လူသားအားလုံး ကမ္ဘာမြေပေါ်သို့ ဧည့်သည်အဖြစ် လာရောက်ကြပြီး နောက်ဆုံး ဘုရားသခင်ထံသို့သာ ပြန်လည်ရောက်ရှိကြသည်။

လူသားအားလုံး၏ အသက်ရှင်ရပ်တည်နေစဉ်ကာလအတွင်း အဓိကရည်မှန်းချက်မှာ ဝိညာဉ်ရေးရာကိစ္စများ၌ အောင်မြင်ရေးပင် ဖြစ်သည်။ ဝိညာဉ်ရေးရာကိစ္စအဝဝအောင်မြင်ရေးအတွက် လူသားအားလုံး၏ နှလုံးသားအတွင်း ကိန်းအောင်းနေသော အခြေအနေများအပေါ် နားလည်အောင် ကြိုးစားရမည်သာ ဖြစ်သည်။

နှလုံးသားကိုနားလည်ခြင်း
The Understanding He
285 3545912154957 85
100

100 ဂဏန်းသည် ဘဝခရီးလမ်းကြောင်းတစ်ခုအဆုံးသတ်ခြင်းကို ရည်ညွှန်းသည်။ 100 ဂဏန်းသည် သိစိတ်နယ်ပယ် အဆုံးသတ်လည်းဖြစ်သည်။ ဘဝခရီးအဆုံးမသက်မီအချိန်အတွင်း တစ်ဦးအပေါ်တစ်ဦး ကူညီစောင့်မခြင်း၊ တရားမျှတစွာ ဆက်ဆံပြောဆိုခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မှန်ကန်စွာစီရင်ခြင်း... ရှိရန် လိုအပ်သည်။ ထို့ကြောင့် ဘဝခရီးတစ်လျှောက် လောဘရမ္မက်များ ကင်းစင်အောင်ကြိုးစား၍ အတူတကွလက်တွဲကြိုးစားဆောင်ရွက်နိုင်အောင် လေ့ကျင့်ပေးရမည်ဖြစ်သည်။ ပြိုင်ဆိုင်လိုစိတ်များအား ချုပ်ငြိမ်းစေပြီး အလျှော့ပေးသည်းခံစိတ်များ မွေးမြူရမည့်ကာလလည်း ဖြစ်သည်။

ဘဝတစ်သက်တာခရီးသည် အခက်အခဲ၊ ပြဿနာစိန်ခေါ်မှုများစွာ ပြည့်နှက်နေသည့်စွန့်စားမှုများစွာရှိသော ခရီးလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် 100 ဂဏန်းကိုယ်စားပြု ဘဝလမ်းဆုံး (သိစိတ်အဆုံးသတ်) ကာလမရောက်မီ အောက်ပါအခြေအနေများအား အပြည့်အဝနားလည်ထားရန် လိုအပ်သည်။

လူသား၏ ဝိညာဉ်သည် ထာဝရဘုရားသခင်ထံမှ စတင်အခြေခံ၍ ဖြစ်ပေါ်သည်။ လူသားတို့အား ဒုက္ခအပေါင်းမှ ကယ်တင်သော သခင်ယေရှုခရစ်သည် ဘုရားသခင်၏ဖန်ဆင်းသောသားတော်ဖြစ်ပြီး ဘုရားသခင်၏ အလိုအတိုင်း ကိုယ်စား ဆောင်ရွက်ပေးသူလည်း ဖြစ်လေသည်။ ဘုရားသခင်၏ ဖန်ဆင်းတော်မူချက်အရ ခရစ်ယေသုသည်လည်း လူသားအသွင်ဖြင့် မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com

*လာရခြင်း ဖြစ်သည်။*

(အဲလ်ဘတ်ပိုက်ခ်)

အစပထမတွင် ဘုရားသခင်သည် ကောင်းကင်ဘုံနှင့် မြေကြီးအားဖန်ဆင်းတော်မူသည်။ စကြဝဠာတစ်ခုလုံးသည် ဖဘုရားသခင်၏ နာမတော်တစ်ခုတည်း အဖြစ် တည်ရှိသည်။

(H.P Blavatsky)


သင်သည် အရာဝတ္ထုတစ်ခုကို ခွဲခွာလိုက်ပါက သင့်၌ ခွန်အား (စွမ်းအင်) ရှိသည်ကို တွေ့ရသည်။

သင်၏ စွမ်းအင်ကို ခွဲခြားပါက အီသာခေါ် စကြဝဠာအတွင်းမှဓာတ်ငွေ့ကို တွေ့ရမည်။

သင်သည် အီသာအား ထပ်မံခွဲခြားပါက ချစ်ခြင်းတရားကို တွေ့ရမည်။ သင်သည် ချစ်ခြင်းတရားအား ခွဲခြားပါက စိတ်ကူးအတွေးအခေါ်များအား တွေ့ရမည်။

သင်သည် စိတ်ကူးအတွေးအခေါ်များအား ခွဲခြားပါက နောက်ဆုံး ဘုရားသခင်၏ နာမတော်အား ခံစားသိရှိနိုင်မည်ဖြစ်သည်။

(ရွှေပေလွှာ)




**မသိစိတ်နယ်ပယ်အစနှင့် သိစိတ်နယ်ပယ် အဆုံးသတ်တို့အကြား တည်ရှိနေသော ဘဝ၏ အဆုံးသတ် ကိုယ်စားပြုဂဏန်း ၁၀၀ တည်ရှိပုံ**

**100 ဂဏန်း ရစေသည့် အခြေအနေ အကြောင်းအရာများ**

ကျက်သရေတော်နှင့်ပြည့်စုံတော်မူသော ဘုရားသခင်အားချီးကျူးခြင်း

G l o r y G l o r y H a l l e l u j a h

7 3 6 9 7 7 3 6 9 7 8 1 3 3 5 3 3 1 1 8

<u>100</u>

**အံ့သြဖွယ်ကောင်းသောအရာများ ဖြစ်ပေါ် ကျရောက်လုဆဲဆဲအခြေအနေ**

| အံ့သြဖွယ်ကောင်းသောအရာများဖြစ်ပေါ်ကျရောက်လုဆဲဆဲအခြေအနေ | | | | | |
|---|---|---|---|---|---|
| On | the | Brink | of | A | Miracle |
| 65 | 285 | 29952 | 66 | 1 | 4991335 |
| <u>100</u> | | | | | |

ကိုးနဝင်း

**နောက်ဆက်တွဲ A**
**အက္ခရာစဉ်နှင့် ကိုယ်စားပြုကိန်းဂဏန်းအသီးသီးအလိုက် ရည်ညွှန်းသော စကားအဓိပ္ပာယ်များ**

| အက္ခရာစဉ်နှင့်ကိုယ်စားပြုကိန်းဂဏန်းများ | | | ရည်ညွှန်းသောအဓိပ္ပာယ် |
|---|---|---|---|
| A 1 | J 10/1 | S 19/1 | လှုပ်ရှားဆောင်ရွက်မှုများ၊ လွတ်လပ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း။ |
| B 2 | K 11 | T 20/2 | လိမ္မာပါးနပ်စွာဆောင်ရွက်ခြင်း၊ သံတမန်ရေးရာကျွမ်းကျင်ခြင်း၊ တရားမျှတခြင်း။ |
| C 3 | L 12/3 | U 21/3 | ထင်ရှားစွာဖော်ပြတတ်ခြင်း၊ နားလည်မှုရှိခြင်း။ |
| D 4 | M 13/4 | V 22 | လက်တွေ့ကျကျ လုပ်ကိုင်ခြင်း၊ ဖန်တီးတည်ဆောက်သူ၊ အလုပ်သမား၊ အလုပ်အကျွေးပြုသူ။ |
| E 5 | N 14/5 | W 23/5 | ဉာဏ်ရည်ထက်မြက်ခြင်း၊ အပြောင်းအလဲများခြင်း၊ အဆင့်ဆင့်တိုးတက်ခြင်း၊ |
| F 6 | O 15/6 | X 24/6 | အနုပညာဖန်တီးနိုင်မှုစွမ်းရည်၊ စိတ်ရှည်သည်းခံခြင်း၊ အိမ်တွင်းရေးကိစ္စများ၊ |
| G 7 | P 16/7 | Y 25/7 | ထိုးထွင်းဉာဏ်ရှိခြင်း၊ လျှို့ဝှက်ဆန်းကြယ်ခြင်း။ |
| H 8 | Q 17/8 | Z 26/8 | ရည်မှန်းချက်ကြီးခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စွမ်းရည်ရှိခြင်း။ |
| I 9 | R 18/9 | | စိတ်ခံစားမှုများ၊ သိမြင်နိုင်စွမ်းရှိခြင်း၊ စိတ်ကူးစိတ်သန်းကောင်းခြင်း၊ |



www.burmeseclassic.com

www.burmeseclassic.com



# ငွေစိုး (ရွှေကြာနှင့်မြေ)

## ငါးရံ့ဘိုးသိန်းနှင့် ကိတ္တိမသားအလှူတော်

'သောင်းဖေ ဆုံးပြီ' ဆိုသော သတင်းက ဘုရားကုန်းရွာအတွင်းသို့ ကြေးမောင်းခတ်စရာမလိုဘဲ ပျံ့လွင့်လာသည်။ သောင်းဖေတစ်ယောက် ရွာကို ပြန်ရောက်သည်မှာ နှစ်ပတ်သာရှိသေးသည်။ တချို့က သောင်းဖေ၏ရုပ်ခန္ဓာကိုကြည့်ကာ တစ်ပတ်ပင်ခံလိမ့်မဟုတ်ဟု တွက်ဆထားကြသည်။ သို့သော်လည်း နောက်ကြောင်းမအေးရှာသော နှသောင်းဖေတစ်ယောက် ဝေဒနာဆိုးကို အန်တုကာ နှစ်ပတ်အကြာတွင် သူ၏မိန်းမ မယ်မျှင်လက်ပေါ်၌ သားဖြစ်သူ ရှင်ပြုရန်အရေးကို တတွတ်တွတ်မှာရင်း ဆုံးပါးသွားခဲ့သည်။

သည်သတင်းကြောင့် ဘုရားကုန်းတစ်ရွာလုံး ကရုဏာသက်စွာဖြင့် စုတ်တသတ်သတ်။ သောင်းဖေအဖြစ်မျိုးက ငှက်ပျောတုံး၊ သပြေပင်၊ တောင်ရင်း၊ ဖုတ်လှုံးစသောရွာစဉ်တစ်လျှောက်တွင် နေထိုင်ကြသည့် ရွာသားများကြုံတွေ့ရသည့် ကာလကပ်ရောဂါဆိုးတစ်မျိုး။ ဒါကို ကာလနာဟုလည်းဆိုနိုင်၏။ သည်အခြေအနေမှာ မျက်နှာမွဲသောင်းဖေတစ်ယောက် ကာလနာခဲ့ရခြင်းမှာလည်း သူ့အဆိုးတော့ မဆိုသာ။ မှန်သည်။ ယခုလို မြန်မာပြည် ဂျပန်လက်အောက်သို့ ကျရောက်နေသောအချိန်သမယ၌ ရွာနေ လူမွဲသောင်းဖေတို့ကို လူတန်းစားများက လူနင်းပြားများပမာ။ ခေတ်ကာလအရ နိပ္ပွန်တပ်မတော်သည် သူ၏စစ်အောင်နိုင်ရေးအတွက် လိုအပ်လျက်ရှိနေသည့်လုပ်အားများကို မြန်မာတိုင်းရင်းသားနင်းပြားဖြစ်နေသည့် ရွာသားတို့အား ကူလီအဖြစ် စေခိုင်းခဲ့သည်။ သို့သော် ထိုသူကို ကိုရွှေနိပ္ပွန်တို့က ကူလီဟုမခေါ်ရဟု ပညတ်တော်ပြုထားသည်။ ဘာကြောင့်ပါလိမ့်။ ရှင်းအံ့။ နိပ္ပွန်တပ်မတော်က မြန်မာပြည်လွတ်လပ်ရေးကို သွေးနှင့်ရင်းကာ ဆောင်ရွက်ခဲ့သဖြင့် သွေးတပ်သားများ ဖြစ်ကြသည်။ ယခုလည်း မြန်မာပြည်၏ လွတ်လပ်ရေးကိုကာကွယ်ပေးသော နိပ္ပွန်တပ်မတော်အတွက် ချွေးနှင့်ရင်းကာ တာဝန်ထမ်းဆောင်မည့်သူများကို ချွေးတပ်သားများဟု ခေါ်ဝေါ်ရမည်ဟူသတည်း။

နိပ္ပွန်တပ်မတော်၏ကမ္ပည်းတင်ပေးလိုက်ပုံကသင်းလှသည်။ ချွေးတပ်တွင် လိုက်ပါအလုပ်လုပ်မည့်သူများကို ကျန်ရစ်သူမိဘမောင်ဘွားဇနီးသားသမီးများက ငွေထုပ်ပိုက်၍ပြန်လာလိမ့်မည်၊ ဘန်ကောက်လုံချည်ထမ်း၍ ပြန်လာကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ထိုကြောင့် ရွာမျက်နှာမွဲသောင်းဖေတစ်ယောက် သားရှင်ပြုရန်အတွက် ချွေးတပ်သားအဖြစ်လိုက်ပါသွားခဲ့၏။ သို့သော် စကားလုံးများနှင့် တကယ့်ဖြစ်ရပ်က အကွာကြီးကွာနေသည်ကို ချွေးတပ်စခန်းရောက်မှ သောင်းဖေသိလိုက်ရသည်။ မှန်သည်၊ တကယ်တော့ ချွေးတပ်စခန်းမဟုတ်။ လောကငရဲခန်းတစ်ခု။ အစားအသောက်အနေအထိုင်ဆင်းရဲသည်။ ဓနရာက ငှက်ဖျားထူထူ နာမကျန်းဖြစ်လျှင် ဆေးဝါးနတ္ထိ။ ... များကလည်း လက်စွမ်းပြနှိပ်စက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သေးသည်။ အချိန်တန်၍ အိမ်ပြန်ရဖို့လည်း မမြင်သောကြောင့် အဖော်ကောင်းသည်နှင့် သောင်းဖေတစ်ယောက်ချွေးတပ်စခန်းမှထွက်ပြေးလာခဲ့သည်။ လမ်းခရီး၌ ဘဝတူတစ်နယ်သားသုံးယောက် သေကျန်ခဲ့သည်။ ကံကောင်းထောက်မစွာပင် သောင်းဖေကတော့ ရွာကိုပြန်လည်ခြေချခွင့်ရခဲ့၏။ သို့သော် ချွဲယွင်းလာသော သောင်းဖေ၏ဥပမိရုပ်ကို ဘယ်သူမှမမှတ်မိကြတော့။ တကယ်လည်း သောင်းဖေပုံစံက သရဲသဘက်ပမာ။ အသားအရေက ဖြူဖပ်ဖြူရော်။ ဆံပင်စုတ်ဖွား၊ မုတ်ဆိတ်ဖားလျား၊ နှုတ်ခမ်းမွေးကားကား၊ ခန္ဓာကိုယ်က ရောဂါပေါင်းစုံ စွဲကပ်နေသောကြောင့် အရိုးပေါ်အရေတင်နေလျက်။ ဝတ်ထားသော လုံချည်၊ အင်္ကျီများကလည်း အရောင်အဆင်းမဲ့ကာ အရုက်ပင်မလုံချင်တော့။ ပြိုလုလုခန္ဓာကို မယ်မျှင်တစ်ယောက် ရင်ထု၍ ဆီးကြိုကာ ဆေးဝါးကုရှာပါသည်။ သောင်းဖေ၏ ရိုးဂုဏ်ကြောင့် တစ်ရွာလုံးက တတ်စွမ်းသရွေ့ ကူညီရှာပါသည်။ သို့တစေ သောင်းဖေတစ်ယောက်ကား သားရှင်ပြုရေးအတွက် ကြိုးစားရင်း မှန်းချက်နှင့် နှမ်းထွက်လွဲကာ သေတွင်းသို့ဆင်းသွားလေပါတကား။

❏

အရပ်၏ ကောင်းမှုကြောင့် အလောင်းလှုကာ သောင်းဖေ၏ဈာပနကောင်းစွာ မြေကျသွားခဲ့သည်။ သို့တိုင် မယ်မျှင်တစ်ယောက် ဖတဆိုးဖြစ်သွားရှာသော သားဖြစ်သူ ကျွဲပေါက်ကိုဖက်ကာ နေ့၊ ညမျက်ရည်မစဲနိုင်သေး။ သောင်းဖေမရှိသည့်နောက်ပိုင်း မယ်မျှင်တစ်ယောက် သားအမိနှစ်ယောက်၏ ဝမ်းရေးအတွက် အစွမ်းကုန်ရုန်းရှာ၏။ မိုးရွာသီ ပျိုးနုတ်၊ ကောက်စိုက်၊ နွေရာသီကောက်ရိတ်သာမက ယောကျ်ားကြီးများနှင့် ရင်ပေါင်တန်းကာ ဂျပန်ဖောက်လုပ်နေသော လေယာဉ်ကွင်းတွင် မြေတူး၊ မြေသယ်ကိုပါလုပ်လိုက်သေး၏။ အခစားအလုပ်မရှိလျှင် တောထဲဝင်၍ ထင်းခွေကာ အိုးသည်ကုန်းမီးရထားအတွက် ထင်းများသွားသွင်းသည်။ တစ်ခါတစ်ရံ အမဲ၊ ဝက်၊ ငါးတို့ကို ခေါင်းရွက်ရောင်းသည့် ဈေးသည်ဖြစ်သွားပြန်သည်။ သို့တိုင် သားအမိနှစ်ယောက် ထမင်းမဝချင်။ မိဘများရှိရာပေါင်းတည်သို့ ပြန်ချင်သော်လည်း ခင်ပွန်းခေါင်းချခဲ့သည့်ရွာမှ မယ်မျှင်အဖို့ ဘုရားကုန်းရွာကလေးကို မစွန့်ခွာချင်။ သည်ထက်ဆိုးသည်က ကိုသောင်းဖေကို မသေမီ ကတိပေးခဲ့သည့်သားရှင်ပြုပေးရန်အရေးကို မုဆိုးမပူပူနွေးနွေး မမယ်မျှင်တစ်ယောက် မစွမ်းဆောင်နိုင်သေး။ ခေတ်ကာလဆိုးကြောင့် နေ့စဉ် ထမင်းနပ်မှန်ဖို့ပင် မနည်းကြိုးစားနေရရှာသည်။ သားအမိနှစ်ယောက်နေသည့်တဲသာသာ မနိမ့်၊ ထရံကာ၊ ဝါးကြမ်းခင်းအိမ်လေးသည်ပင် ပေါက်ပြဲဆွေးမြည့်၍ ကြယ်မြင်လမြင်ဖြစ်ကာ ခနော်တိခနော့်နဲ့ဖြစ်နေချေပြီ။ တောင်မင်းမြောက်မင်းမကယ်နိုင်သည့်ကာလမို့ မယ်မျှင်တို့သားအမိဒုက္ခကို တစ်ရွာလုံးကလည်း မျှဝေမယူနိုင်။ ထိုအခြေအနေတွင် မမယ်မျှင်ထံသို့ ငါးရံ့ဘိုးသိန်းရောက်လာသည်။

“မယ်မျှင်ရေ ငါဝင်ခဲ့မယ်နော်”

“ဩော်-ဦးလေးဘိုးသိန်းပါလား၊ ဝင်ခဲ့ပါရှင်”

တောအတွင်းဝင်၍ထင်းခုတ်မည်ဟုအကြံဖြင့်ပြင်ဆင်နေသော မမယ်မျှင်



www.burmeseclassic.com

www.burmeseclassic.com

က ဦးဘိုးသိန်းကို သူ၏ယိုင်နဲ့နဲ့တဲအိမ်ပေါ်သို့ဝင်ခွင့်ပြုလိုက်သည်။

"ထိုင်ပါ ဦးလေး၊ အဖန်ရည်လေး သောက်ပါဦး။ အိမ်ကတော့ ယောကျ်ားသားမရှိလို့ မြင်မကောင်းဘူးဖြစ်နေတယ်။ ဦးလေးကိုတော့ အားနာပါရဲ့"

"ရပါတယ် မိမျှင်ရယ်၊ တစ်ရွာတည်းနေတဲ့ အကြောင်းသိတွေပဲဥစ္စာ၊ အားနာစရာမလိုပါဘူး"

ဦးဘိုးသိန်းက မယ်မျှင်ကမ်းပေးလိုက်သော အကြမ်းရည်ကို တရှိုးရှိုးမှုတ်သောက်လိုက်ပြီး အကြမ်းရည်ကုန်သွား သောအခါမှ သူ၏လာရင်းကိစ္စကို စကားပြန်ဆက်လိုက်သည်။

❑

ဦးဘိုးသိန်းတစ်ယောက် ဆိုင်းမဆင့်ဗုံမဆင့်ဘဲနှင့် သူထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခြင်းကို မမယ်မျှင်စဉ်းစားမရဖြစ်နေသည်။ မှန်သည်။ ဦးဘိုးသိန်းက တကယ့်လူထူးလူဆန်းတစ်ယောက်။ ဘုရားကုန်းရွာသားဆိုသော်လည်း တခြားနယ်တစ်ခုမှ ပြောင်းရွှေ့လာသည့် တစ်ကိုယ်ရေတစ်ကာယသမားတစ်ဦး။ အသက် (၆၀) ကျော်ရှိနေပြီဖြစ်သော်လည်း ရွာအတွင်း၌မနေဘဲ ရွာအပြင်သုသာန်အနီးတွင်ရှိသောကျွဲကူးချောင်းနံဘေး၌ တစ်ကိုယ်တည်း တစ်ဖက်ယပ်တဲလေးထိုး၍နေသူဖြစ်၏။ အသောက်အစားမကင်းသော်လည်း ဦးဘိုးသိန်း မူးယစ်ရမ်းကားသည်ဟူသောအသံတစ်ခါမျှ မကြားဘူး။ နေပုံထိုင်ပုံအေးဆေးတည်ငြိမ်ပြီး စကားကို ရှည်ရှည်ပြောတတ်သူမဟုတ်။

ဦးဘိုးသိန်းနှင့် မမယ်မျှင် မရင်းနှီးပါ။ သို့သော် မမယ်မျှင်အဖို့ ဦးဘိုးသိန်းတဲသို့ ငါးရောင်းစဉ်က အဝင်အထွက်ရှိခဲ့ဖူးသည်။ အကြောင်းမဲ့မဟုတ်။ ဦးဘိုးသိန်းထံသို့ ငါးရံ့သွားဝယ်ခြင်းပင်။ တခြားတံငါသမားများက ပိုက်၊ ကွန်၊ ဆောင်း၊ မြှုံး စသော ငါးဖမ်းကိရိယာတန်ဆာပလာမျိုးစုံတစ်ဘာသာ။ မှန်သည်။ ဦးဘိုးသိန်းက ငါးကိုကိုင်းထောက်သည်။ တစ်ခါတစ်ရံ အရက်ပုလင်းလေးနံဘေးတွင်ချ၍ အေးအေးလူလူဖြင့် ငါးမျှားတံတစ်ချောင်းနှင့်အချိန်ကုန်တတ်သူ။ အချိန်တန်လျှင် ဦးဘိုးသိန်းထောက်သည့်ကိုင်းနှင့်မျှားသည့်ငါးမျှားတံတွင် အချိန်စီးလှသည့် ငါးရံ့ (၃)၊ (၄) ကောင်အမြဲမိနေဆဲ။ ဦးဘိုးသိန်းကို လူထူးလူဆန်းဟုဆိုရခြင်းမှာ ငါးရံ့ကိုပင် သီးသန့်ဖမ်းတတ်သောကြောင့် ဖြစ်သည်။ ငါးရံ့မဟုတ်လျှင် ကိုင်းတံမှဖြုတ်ကာ ရေထဲသို့ ပြန်လွှတ်သည်။ သူထောင်သည့်ကိုင်းတွင် ငါးရံ့မိနေပါလျှင်လည်း နှစ်ပိဿာအောက် လျော့နေပါက မယူဘဲ သုံးပိဿာကျော်ငါးရံ့ကိုမှ လက်ခံဖမ်းဆီးသူ ဖြစ်သည်။ ဖမ်းဆီးရာတွင်လည်း တစ်နေ့တွင် ငါးရံ့ (၃)၊ (၄) ကောင်သာဖမ်းသည်။ ရလာသည့် ငါးရံ့များကို အလိုရှိသူထံသို့ သင့်ရာဈေးဖြင့် ရောင်းကာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကို သင့်ရုံမျှသာဝယ်ပြီး ပိုသည့်ငွေအကုန်လုံးအား အရက်၊ ထန်းရည်တစ်မျိုးမျိုးကိုဝယ်သောက်ပစ်လိုက်သည်။ ဦးဘိုးသိန်း၏ ထူးခြားချက်တစ်ခုမှာ ငါးရံ့များရာတွင် အခြားသူများက စားဖားအငယ်စား၊ ကြွက်ပေါက်များ၊ ကြက်အူများကို ငါးစာပြု၍မျှားတတ်ကြသော်လည်း သူကမူ အမျိုးအမည်မသိသော အသီးတစ်မျိုးကိုငါးစာပြု၍ ငါးရံ့ကို ကိုင်းထောက်ဖမ်းသည်။ ဦးဘိုးသိန်း ငါးစာပြုသည့်အသီးသည် မည်သည့်အသီးဆိုသည်ကို မည်သူမျှဉာဏ်မမီကြ။ ဦးဘိုးသိန်းကလည်း မည်သူ့ကိုမျှ မပြောပြဘဲလျှို့ဝှက်ထားသည်။ သူပြောပြလျှင် ငါးများအသေအပျောက်များမည်ဖြစ်သောကြောင့် ဘယ်သူမှမေး၍မရ။ ထို့ကြောင့် သူ့ကို တစ်ရွာလုံးက ငါးရံ့ဘိုးသိန်းဟုသညာပြုထားကြခြင်းဖြစ်၏။

တစ်ခါတစ်ရံတွင် ဦးဘိုးသိန်းတစ်ယောက် သူကိုယ်တိုင်ပြုလုပ်ထားသည့် ငါးရံ့ခြောက်များယူကာ ဘုရားကုန်းရွာဘုန်းတော်ကြီးကျောင်းသို့သွားရောက် ကပ်လှူလေ့ရှိပြီး ဆရာတော်နှင့် စကားစမြည် အတန်ငယ်ကြာအောင် လျှောက်ထားပြောဆိုနေလေ့ရှိ၏။ ရွာထဲကိုမူ ဦးဘိုးသိန်းအနေဖြင့် တစ်လနေလို့မှ အကြောင်းမရှိဘဲတစ်ကြိမ်မရောက်ဖြစ်။ ဘုရားကုန်းရွာတွင် ဦးဘိုးသိန်းအဝင်အထွက်များသည့်နေရာမှာ ရွာဦးဘုန်းတော်ကြီးကျောင်းသာ ဖြစ်သည်။ ထို့ကြောင့် ကျောင်းထိုင်ဆရာဖြစ်သူ ဦးဥတ္တမကမူ လူထူးလူဆန်းဦးဘိုးသိန်း၏ နောက်ခံဇာတ်လမ်းကို အနည်းအကျဉ်းတီးမိခေါက်မိရှိထားသည်။ ဦးဘိုးသိန်း၏ဇာတိသည် ပေါင်းတည်နယ်မှ ဖြစ်သည်ဟု ဆို၏။ ဦးဘိုးသိန်းသည် လယ်ယာမြေပိုင်ရှင်မိဘနှစ်ပါးမှပေါက်ဖွားလာသည့် အငယ်ဆုံးသားတစ်ဦးဖြစ်ပြီး မိဘများက ရန်ကုန်မြို့တွင် ပညာသင်ကြားစေခဲ့ရာမှ (၈) တန်းအောင်သောနှစ်၌ ဂေါ်ရာစစ်တပ်သို့ဝင်ရောက်စစ်မှုထမ်းခဲ့သည်။ ပထမကမ္ဘာစစ်ဖြစ်သောအခါ မက်ဆိုပိုတေးမီးယားစစ်မြေပြင်သို့ ဂေါ်ရာစစ်တပ်နှင့်လိုက်ပါတိုက်ပွဲဝင်ခဲ့ရာတွင် ဥဖရေးတစ်မြစ်နံဘေးရှိရာ အာရပ်ကျေးရွာသိမ်ကလေးတစ်ခုတွင် တပ်စခန်းချနေခိုက် အစာရေစာပြတ်လပ်ဖျားနာနေသော အာရပ်တိုင်းရင်းသား တံငါသည်ကြီးကို ဦးဘိုးသိန်းသည် တပ်မှရသော ရာရှင်ရိက္ခာများဖြင့်ကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့လေ၏။

အာရပ်တံငါသည်ကြီးက ဦးဘိုးသိန်းကို ကျေးဇူးတုံ့ပြန်သောအားဖြင့် သူ၏ မိရိုးဖလာအစဉ်အဆက်လျှို့ဝှက်ထားခဲ့သည့် အသီးအပင်တစ်မျိုးကို ငါးစာပြု၍ ငါးဖမ်းနည်းပညာကို သင်ပေးခဲ့လေသည်။ ထိုပညာကို လက်ဆင့်မကမ်းရန်လည်း သစ္စာရေ ဦးဘိုးသိန်းသောက်ခဲ့ရလေသည်။ ဦးဘိုးသိန်းသည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်တွင် အိန္ဒိယစစ်သားဖြစ်သော ပန်ချာပီ၊ ဟင်ဒီ၊ တမီး (လ်) စသော တိုင်းရင်းသားထက် ပိုမို၍စစ်ရေးစွမ်းရည်ပြသနိုင်မှုကြောင့် ဘဂ္ဂဒက်မြို့ကို ဗြိတိသျှများသိမ်းပိုက်သောအခါတွင် ကြယ်တစ်ပွင့်အရာရှိငယ်ဂျမဒါရာထူးကို ခန့်အပ်ခြင်းခံခဲ့ရလေ၏။ ထို့နောက် မက်ဆိုပိုတေးမီးယားစစ်မြေပြင်တွင် နှစ်အတန်ငယ်ကြာအောင် စစ်မှုထမ်းခဲ့ပြီး မြန်မာပြည်သို့ပြန်လာကာ ဂေါ်ရာစစ်တပ်မှ အငြိမ်းစားယူခဲ့လေ၏။ အငြိမ်းစားယူပြီးနောက် ဇာတိ ပေါင်းတည်သို့ ပြန်လာကာ မိဘများခွဲဝေပေးထားခဲ့သော လယ်ယာမြေများကို သီးစားချ၍ အေးချမ်းစွာနေခဲ့သော်လည်း မဟုတ်မခံစိတ်ကြောင့် တိုက်ပိုင်သူကြီးကို ဓားဖြင့်ခုတ်ရာမှ ဗြိတိသျှအစိုးရ၏ ဥဒပေအတိုင်း နယ်နှင်ခံရပြီး ဤဘုရားကုန်းရွာလေးသို့ရောက်ရှိနေထိုင်ခဲ့ရာတွင် ဂျပန်ခေတ်ကာလသို့ပင် ရောက်ရှိနေခဲ့ပြီ ဖြစ်လေတော့သည်။

❑

"ငါ့တူမဆီကို ဦးလေးလာရတဲ့ အဓိကအကြောင်းကတော့ တူမကြီးရဲ့သား ကျွဲပေါက်လေးရဲ့ကိစ္စကို တိုင်ပင်ချင်လို့ကွယ့်"

ပြောမယ့်ပြောတော့လည်း ဦးဘိုးသိန်းစကားက အရင်းမရှိအဖျားမရှိ မယ်မျှင်ပင် ဘယ်လိုနားလည်ရမှန်းမသိ ဖြစ်သွားသည်။ ထို့ကြောင့် မယ်မျှင်တစ်ယောက် ယောင်နနဖြစ်သွားသည်။ မှန်သည်။ မွေးကတည်းက အသားမည်းတုံးနေသောကြောင့် ကျွဲပေါက်ဟုချစ်စနိုးခေါ်ဝေါ် သညာပြုရာမှ မိခင်သားအမည်သည် တစ်ရွာလုံးလင်း





www.burmeseclassic.com

www.burmeseclassic.com

ဖျားတွင် ကင်ပွန်းတပ်စရာမလိုဘဲ အတည်ဖြစ်သွားခဲ့သည်။ ကျွဲပေါက် ဆိုသည့်အတိုင်း အခြားကနွားလေးများနှင့် မတူဘဲ ခန္ဓာကိုယ်ကလည်း ထွားကျိုင်းရှာပါသည်။ သို့သော် ကျွဲပေါက်လေး၏ စိတ်သဘောကမူ ဖြူစင်နူးညံ့ကာ သာသနာ့ဘောင်သို့ဝင်၍ ရှင်သာမဏေ ဝတ်ရန် အမြဲစိတ်ထက်သန်နေရှာ၏။ သားလေး၏ဆန္ဒ ခင်ပွန်းဖြစ်သူကိုပေးခဲ့သောကတိအတိုင်း ကျွဲပေါင်လေးကို ရှင်ပြုပေးရန် မမယ်မျှင် အစဉ်ကြိုးစားခဲ့ဘေသ်လည်း အထမမြောက်နိုင်သေး။ သားလေး၏ရှင်ပြုပွဲကို ခြိမ့်ခြိမ့်သဲဖြစ်အောင် ထမင်းရေချောင်းစီးမောင်းတီးပြီး မမယ်မျှင် လှူလိုက်ချင်သေး၏။ အခုတော့ မည်သူမျှ ဂရုမစိုက်သော ကျွဲပေါက်လေးကို အရေးတယူလုပ်ကာ လူထူးဆန်းကြီး ဦးဘိုးသိန်းက စတင်၍ သူ့စကားတွင်ထည့်၍ပြောနေချေပြီ။

"ကျွန်မရဲ့သားကျွဲပေါက်ရဲ့ကိစ္စဆိုတော့ ဘာများပါလိမ့် ဦးလေးရယ်"

မမယ်မျှင် ရင်တုန်ပန်းတုန်ဖြစ်စွာဖြင့်ပြောလိုက်သည်။

"ဒီလိုကွယ့်၊ တူမကြီးရဲ့ခင်ပွန်းဟာ သူ့ရဲ့သားလေး ကျွဲပေါက်လေးကို ရှင်ပြုပေးဖို့ တူမကြီးကို ကတိတောင်းသွားတယ် မဟုတ်လား။ တူမကြီးကလည်း အဲဒီကတိအတိုင်း ကျွဲပေါက်လေး ရှင်ပြုဖို့ကြိုးစားနေတယ်မဟုတ်လား။ ဒါပေမယ့် တူမကြီးကြိုးစားနေပေမယ့် အဆင်မပြေဖြစ်နေတယ် မဟုတ်လားကွယ့်"

မမယ်မျှင်၏အဖြစ်ကို တစ်ရွာလုံးအသိ၊ ဦးဘိုးသိန်းကလည်းတစ်ရွာတည်းသားမို့ သည်အကြောင်းများကိုသိသည်မှာမဆန်းလှ။ ထို့ကြောင့်လည်း ဦးဘိုးသိန်း၏အမေးကို မယ်မျှင် ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် ဦးလေးသိန်း၊ ဒါကို ကျွန်မဝန်ခံပါတယ်"

"အေးကွယ် တူမရယ်၊ ဦးလေး ဒီကိုလာခဲ့တာ တူမကြီးဖြစ်ချင်နေတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ကွယ့်၊ ဒါကို တူမကြီးကသာ လက်ခံမယ်ဆိုရင် ဘယ်လိုဖြည့်ဆည်းပေးမယ် ဆိုတာကို ဦးလေးရှင်းပြမယ်"

ဦးဘိုးသိန်းထံမှ မမျှော်လင့်ထားသည့်စကားကြောင့် မယ်မျှင်ကြက်သေသေသွားသည်။ မှန်သည်။ ဦးဘိုးသိန်းတု မိမိနှင့် ရင်းနှီးသူမဟုတ်။ တစ်လနေလို့ တစ်ကြိမ်ပင် စကားပြောဖူးသူလည်းမဟုတ်။ သို့ဖြစ်ပါလျက် မိမိဒကာကို ဘာကြောင့်လာရောက်ကယ်တင်ရန်စကားကိုဆိုနေရသနည်း။ မယ်မျှင်၏ အတွေးမဆုံးခင် -

"တူမကြီးအနေနဲ့ တောင်တောင်ဤဤတွေ လျှောက်မတွေးနေနဲ့ကွယ့်။ ဦးလေးလည်း အသက်ကြီးပြီ။ ဦးလေးသေရင် ကုသိုလ်လေးလည်းပါအောင် ကျွဲပေါက်လေးကို ကိုတ္တိမသားအဖြစ်သက်မှတ်ပြီး ရှင်လေးပြုပေးလိုက်ချင်တယ်ကွယ့်။ ဒါလည်း ဦးလေးလက်ထဲမှာ ငွေရှိလို့ပြောတာမဟုတ်ပါဘူး။ ငွေဖြစ်နိုင်တဲ့အရာကို ဦးလေးက တူမကြီးကိုပြပေးမယ်။ ဒါကို တူမကြီးက ငွေဖြစ်အောင်လုပ်နိုင်ရင် တူမကြီးရဲ့ဆန္ဒရော ဦးလေးရဲ့ဆန္ဒပါပြည့်ပြီပေါ့ကွယ့်"

ဦးဘိုးသိန်း၏စကားကဆန်းနေသလို သဘာဝလည်းကျနေသည်။

"ဦးလေးတောင်းဆိုတာကို ကျွန်မလက်ခံပါတယ်။ ဒါပေမယ့် ဦးလေးစကားထဲမှာ ကျွန်မနားမလည်တာက ငွေဖြစ်နိုင်တဲ့အရာဆိုတာ ဘာကိုပြောတာလဲ"

မယ်မျှင်က နားဝေတိမ်တောင်ဖြစ်စွာဖြင့် ဦးဘိုးသိန်းကို မေးခွန်းပြန်ထုတ်သည်။ ဦးဘိုးသိန်းက ချက်ချင်းအဖြေပြန်မပေးသေးဘဲ မယ်မျှင်အသင့်ငှဲ့ထားသည့် အကြမ်းရည်တစ်ခွက်ကို တရှဲ့ရှဲ့မှုတ်သောက်နေပြန်သည်။

"ဒီလိုတူမကြီးရဲ့၊ တစ်လောကရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဥတ္တမနဲ့ စကားစမြည်ပြောပြီး ညောင်ကျိုးကွင်းဘက်ကနေတဲ့ဆီကိုပြန်ခဲ့တယ်။ အဲဒီမှာ ငါးရံ့ကျင်းတစ်ကျင်းကို ဦးလေးတွေ့ခဲ့တယ်ကွယ့်။ ဦးလေးစိတ်အထင် ဒီငါးရံ့ကျင်းကိုသာဖော်နိုင်ရင် ငါ့တူမကြီးရဲ့သား ကျွဲပေါက်လေး ရှင်ပြုဖို့အတွက် ငွေအလုံအလောက်ရဖို့ မြေကြီးလက်ခတ်မလွဲဘဲကွယ့်"

ဦးဘိုးသိန်းက ရှင်းပြနေသော်လည်း မမျှင်တစ်ယောက် ရှင်းရှင်းသဘောမပေါက်သေး။ မှန်သည်။ ဦးဘိုးသိန်း၏စကားထဲတွင် သူ့ညက်နှင့်မမီတာတွေပါနေသည်။

"ငါးရံ့ကျင်းဟုတ်လား ဦးလေး။ ငါးရံ့ကျင်းဆိုတာ ဘာကိုပြောတာလဲ ဦးလေးရဲ့"

"အင်း - ငါ့တူမကြီး နားလည်အောင်ရှင်းပြရရင် ဒီအကြမ်းတစ်အိုးတော့ ကုန်တော့မှာပဲ။ မရှင်းပြလို့လည်း မဖြစ်ဆိုတော့ ကဲကဲ - သေသေချာချာ သာနားထောင်တော့"

ဦးဘိုးသိန်းတစ်ယောက် အကြမ်းရည်တစ်ခွက်ကို ဂွတ်ခနဲမြည်အောင် မော့ချလိုက်ပြီး ချောင်းတစ်ချက်ဟန့်ကာ သူ့လည်ချောင်းကိုအရင်ရှင်းလိုက်သည်။

"ငါးရံ့၊ ငါးခူဆိုတဲ့ ငါးတွေရဲ့ သဘာဝဟာ အစုအဖွဲ့ပြုပြီးနေတတ်တယ်ကွယ့်။ မိုးဦးကျ ငါးတက်မိုးရွာရင် မြစ်ထဲကနေ ချောင်းဖျား၊ ချောင်းလက်တက် အင်းအိုင်တွေထဲ ဆန်တက်လာပြီး နေရာကောင်းတွေ့ရင် အစုဖွဲ့မြေကျင်းအောင်းပြီးနေတတ်တာ ငါးရံ့၊ ငါးခူတွေရဲ့သဘာဝပဲကွယ့်။ ငါးဆင်းမိုးရွာရင်တောင် သူတို့ပြန်မလိုက်သွားကြတော့ဘူး။ ဒီသဘောကြောင့် ငါးရံ့ကျင်းတစ်ကျင်းကို ဦးလေးကတွေ့ထားတယ်လို့ ပြောတာပေါ့"

သည်လိုဆိုတော့လည်း မယ်မျှင်တစ်ယောက် ငါးရံ့ကျင်း၏သဘောကို မျက်စိထဲရေးရေးမြင်လာ၏။

"ကျွန်မကတော့ ဦးလေးရှင်းပြမှပဲ ငါးရံ့ကျင်းကို သဘောပေါက်တော့တယ်ရှင်။ ဒီလိုဆိုရင်တော့ ဦးလေးကောင်းသလို စီစဉ်ပါ။ ကျွန်မဦးလေးခိုင်းတဲ့အတိုင်းလုပ်ပါ့မယ်"

"အိမ်း-ဒီလိုဆိုရင် သန်ဘက်ခါကျရင် ညောင်ကျိုးလယ်ကွင်းဘေးမှာရှိတဲ့ ပျဉ်းမပင်ကြီးအောက်မှာစောင့်နေ။ ငါးရံ့တူးဖို့နဲ့ ဖော်ဖို့အတွက် ရွာထဲက လူနှစ်ယောက်ငှားခဲ့။ နောက်ပြီး ငါးတွေသယ်ဖို့ လှည်းတစ်စီးလည်းငှားခဲ့ဦးကွယ့်။ ဟုတ်မလား"

ဦးဘိုးသိန်းက မမယ်မျှင်ကို ငါးရံ့ကျင်းတူးမည့်ရက်အား သက်မှတ်ပေးလိုက်ပြီး လိုအပ်သည်များကို မှာကြားကာပြန်သွားလေသည်။ ထိုအကြောင်းကို တခြားသူများထံသို့ မပေါက်ကြားစေရန်ကိုလည်း ဦးဘိုးသိန်းက တီးတိုးစကားဆိုသွားလေ၏။

❑

ချိန်းဆိုထားသည့် နံနက်ပိုင်း နေထန်းတစ်ဖျားခန့်ရောက်သောအခါ ဦးဘိုးသိန်းတစ်ယောက် ပျဉ်းမပင်ကြီးအောက်သို့ ဟစ်ယောက်တည်းရောက်လာလေ၏။ မယ်မျှင်ကမူ ဦးဘိုးသိန်းခိုင်းထားသည့်အတိုင်း လူ(၂)ယောက်၊ လှည်း (၁) စီးဖြင့် အသင့်စောင့်နေလေသည်။ သူ့အခငွေကြေးဖြင့်ငှားလာသည့် လူ (၂) ယောက်အား ဘာလုပ်ရမည်ဆိုသည်ကို မယ်မျှင်ပြောမပြထားသေး။ ပျဉ်းမပင်အောက်သို့ ရောက်လာသော ဦးဘိုးသိန်း၏ပုံစံက စစ်ထွက်လာသည့်ဟန်နှင့်မခြား။ မှန်သည်။ ဦးဘိုးသိန်းတစ်ယောက် ဝါတာပရွှအုပ်ထားသည့်ဖျော့ဦးထုပ်ကြီးကိုဆောင်းကာ သတ္တုလတ်အပေါ်ဖုံးအကျီနက်ပြာရောင်ကိုဝတ်ဆင်ထားပြီး အကွက်ကျဲလုံချည်ကွင်းတိုတိုကို

www.burmeseclassic.com

စစ်ဘွတ်ဖိနပ်ဖြင့် ယှဉ်တွဲ၍ ရှမ်းလွယ်အိတ်အစုတ်ကြီးကို စလွယ်သိုင်းလာသည်။ ပါးစပ်ထဲတွင်မူ ဆေးရွက်ကြီးများငုံလာသည်။ ဦးဘိုးသိန်းကို ရုတ်တရက်မြင်လိုက်ရသောကြောင့် မမယ်မျှင်ငှားလာသော လှူကြမ်း(၂)ယောက်အဲ့အားသင့်သွားသည်။

"ဟာ-ဦးလေးသိန်း၊ ဘယ်ကနေဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

မမယ်မျှင် အခကြေးဖြင့် ငှားလာသည့် လူ(၂)ယောက်သည် မိုးကာလ၌တံငါအလုပ်ကို လုပ်ကိုင်သူများ ဖြစ်သည်။ ထို့ကြောင့် ဦးဘိုးသိန်နှင့် မျက်မှန်းတန်းမိကြသည်။

"ကောင်းတယ်ဟေ့၊ မင်းတို့နှစ်ယောက်ကို မယ်မျှင် ခေါ်လာတာ ဟန်ကျတာပဲ။ ကဲ-ငပြူးနဲ့ ငလုံးရေ စကားနောက်မှပြော။ အခုတော့ ပေါက်တူးယူပြီး ငါ့နောက်လိုက်ခဲ့ဦး"

ထိုညောင်ကျိုးလယ်ကွင်းသည် ဘုရားကုန်းရွာနှင့် အတန်ငယ်ကွာဝေးပြီး ကျွဲကူးချောင်းဖျားထက်တွင်ရှိသည်။ တပေါင်းကာလ ဖြစ်သောကြောင့် ညောင်ကျိုးလယ်တစ်ကွင်းလုံး ရိုးပြတ်ငုတ်တိုများနှင့် ဖုန်တလုံးလုံးထကာ လေပူများက တဝိုးဝိုးတိုက်နေသည်။ ဦးဘိုးသိန်းက ပျဉ်းမပင်ကြီး၏မြောက်ဘက်တွင်ရှိသော ဖျာ (၅) ချပ်စာခန့်ကျယ်ဝန်းသည့် မြေကွက်လပ်တစ်ခုဆီသို့ ဦးဆောင်လျက်လှမ်းသွားသည်။ နောက်မှ ငပြူးနှင့် ငလုံးတို့နှစ်ယောက်က ပေါက်တူးကိုယ်စီထမ်းကာ လိုက်ပါလာသည်။ ထိုအချိန်အထိ ဦးဘိုးသိန်း၏လုပ်ရပ်ကို မည်သူမျှမမှန်းဆတတ်သေး။ ဦးဘိုးသိန်းတစ်ယောက် ကုန်းခေါင်ခေါင်မြေပြောင်ပြောင်ဖြစ်နေသည့်နေရာတွင် မတ်တတ်ရပ်၍ ပတ်ဝန်းကျင်ဘေးဘီဝဲယာကို ခေတ္တအကဲခတ်လိုက်ပြီးနောက် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ဖျာတစ်ချပ်ပတ်လည် အကျယ်ရှိသော စည်းဝိုင်းတစ်ခုကို တုတ်တစ်ချောင်းဖြင့် ခြစ်လိုက်သည်။

"ကဲ - ငပြူးနဲ့ ငလုံး ဒီစည်းဝိုင်းအတွင်းမှာ အနက်တစ်ပေရှိတဲ့ကျင်းတွေနဲ့အောင်တူးပေတော့။ တူမကြီးမယ်မျှင်ကတောင်းတွေပလုံးတွေပြင်ထားဟေ့"

ဦးဘိုးသိန်း၏စကားကြောင့် ငပြူးနှင့် ငလုံး ကြောင်တက်တက်ဖြစ်သွားသည်။ နှစ်ယောက်စလုံး ခေါင်းကိုယ်စီကုတ်နေလျက်။

"တကယ်တူးရမှာလား ဦးလေးသိန်း၊ ဇကန္တ ဒီမြေကြီးအောက်မှာ ရွှေသေတ္တာကြီးရှိနေတယ်ထင်တယ်"

"ဟေ့ကောင်တွေ၊ အပြောင်အပြက်တွေပြောမနေကြနဲ့။ တူးမှာသာတူးစမ်း၊ အချိန်မရှိတော့ဘူး"

အသံခပ်မာမာဖြင့် ဦးဘိုးသိန်းက သဟောက်သဟန်းပြုလိုက်သောကြောင့် ငပြူးတို့နှစ်ယောက် ပေါက်တူးကိုယ်စီကိုင်ကာ အားပါးတရ မြေဆွလိုက်ကြတော့သည်။ ငပြူးတို့နှစ်ယောက်၏ ပေါက်တူးဖျားတွင် မြေစိုင်ခဲများက ဖွာလန်ကြဲ၍ပါလာသည်။ သိပ်မတူးရ။ ကစ်ပေကျော်ခန့် မြေသားများဆွမိသောအခါတွင်ကား ရွှံ့မြေပျော့များအတွင် စုပြုံ၍တိုးနေသော ငါးရံ့ကြီးများကို ဖွားခနဲတွေ့လိုက်ရလေသည်။ မှန်သည်။ ငပြူးဘဝတွင် တစ်ခါမှ မတွေ့ဘူး၊ မကြုံဘူးသော ကုန်းခေါင်ခေါင် မြေပြောင်ပြောင်အောက်တွင်ရှိနေသော ငါးရံ့ကျင်းကြီး။ ငပြူးသူမျက်စိကိုပင် သူမယုံချင်တော့။

"ဟာ-ဦးလေးသိန်း၊ ငါးရံ့တွေ၊ ငါးရံ့တွေ ဒီနေရာက ငါးရံ့ကျင်းကြီးပဲ။ ဒါကြောင့် ဦးလေးသိန်းက တူးခိုင်းတာကိုးဗျ"

ငပြူး၏အသံက အထစ်ထစ်အငေါ့ငေါ့။ တစ်ဆက်တည်းဆိုသလိုပင် ငလုံးထံမှလည်း အသံထွက်ပေါ်လာသည်။

"ဦးလေးသိန်းရေကျွန်တော်လည်း ငါးရံ့ကျင်းကို တူးမိနေပြီဗျို့"

ငလုံး တူးဆွထားသော မြေသားအောက်တွင်လည်း ခြေအောင်းငါးရံ့ကြီးများက ရွှံ့မြေပျော့အတွင်းသို့ အပြိုင်အရိုင်း စုပြုံတိုးဝင်နေလျက်။

"ငလုံးနဲ့ ငပြူးရေ ဖျာနှစ်ချပ်စာလောက်တစ်ဆက်တည်းဖြစ်သွားအောင်မြေကြီးတွေကို ကျင်းပေါ် သွားအောင်ဖယ်လိုက်တော့၊ ဒါမှ ကျယ်ကျယ်ဝန်းဝန်းဖမ်းလို့ရမှာ"

ဦးဘိုးသိန်းဆိုသည်အတိုင်း ငါးရံ့ကျင်းများကို ဖျာနှစ်ခန့်ကျယ်အောင် ငပြူးတို့နှစ်ယောက်ချဲ့လိုက်၏။ မယ်မျှင်ကား ငါးရံ့ကျင်းများအတွင်း၌ တွတ်ထိုးနေသော ငါးရံ့ကြီးများကို ကြည့်ကာ အသက်ရှူရန်ကိုပင်မေ့နေသည်။

"ဦးလေးသိန်း၊ ဒီကုန်းမှာ ငါးရံ့ကျင်းရှိတာ ဘယ်လိုလုပ်ပြီး သိတာလဲဗျ"

"တစ်လောကဘုန်းကြီးကျောင်းကအပြန်မှာ ဒီကုန်းပေါ်ဖြတ်လမ်းလျှောက်ရင်း စိတ်ထဲမသင်္ကာတာနဲ့ မြေကြီးကိုကပ်ပြီး နားထောင်ကြည့်မိတော့ ငါးရံ့တွေ ကလိုင်ကျင်းထဲတိုးနေသံ သေသေချာချာကြားလိုက်မိတာနဲ့ ငါးရံ့ကျင်းရှိနေတယ်ဆိုတာကို သိလိုက်တာပဲဟေ့"

ငလုံး၏ အမေးစကားကို ဦးဘိုးသိန်းက အဖြေပြန်ပေးသည်။

"ဦးလေးသိန်းတော့ ပွတာပဲဗျို့။ ဒီကျင်းကိုသာအကုန်ဖော်လိုက်ရင်တော့ အချိန်မနည်းရမှာပဲ။ ဒါကြောင့်လည်း ဒီနယ်တစ်ကြောမှာ ငါးရံ့ဘိုးသိန်းဆိုပြီး နာမည်ကြီးနေတာကိုး"

ငပြူးက ဦးဘိုးသိန်းအား ကောင်းချီးထောမနာပြုလိုက်သည်။

"တကယ်တော့ ဒီငါးရံ့ကျင်းဟာ ငါ့အတွက်မဟုတ်ပါဘူးကွာ။ မင်းတို့ရဲ့ သူငယ်ချင်း သွားလေသူ သောင်းဖေရဲ့သား ကျွဲပေါက်လေး ရှင်ပြုဖို့အတွက်သက်သက်ပါပဲ။ မင်းတို့လည်း ကုသိုလ်လေးဆက်သွားအောင် ဝိုင်းပြီး ကြိုးစားပေးလိုက်ကြပါဦး"

ကျွဲပေါက်လေး၏ကံဟုဆိုရမည်ဖြစ်သည်။ ငါးရံ့ကျင်းထဲ၌ ငါးရံ့များစွာ ဖမ်းဆီးမိကာ လှည်းတစ်စီးဖြင့် မနိုင်သဖြင့် နောက်ထပ်လှည်းတစ်စီး ရွာသို့ပြန်ခေါ်ကာ ငါးရံ့များကို သယ်ဆောင်ခဲ့ရလေသတည်း။

❑

ဦးဘိုးသိန်းက မယ်မျှင်ကို ငါးရံ့များအား အခြောက်လှန်း၍ငါးရံ့ခြောက်ဖြစ်မှ ရောင်းစေရာ မိုးညှိမြို့မှ ငါးပိငါးခြောက်ဒိုင်များက ဈေးကောင်းပေးကာ အကုန်ဝယ်ပေးသွားလေ၏။ ငါးခြောက် ငါးပိရှားပါးသည့်နွေဦးကာလဖြစ်သောကြောင့် ငါးရံ့ခြောက်ရောင်းရငွေ ဂျပန်ပိုက်ဆံ (၇၀၀) ကျပ် မမယ်မျှင်ရလိုက်သည်။ ထို့နောက် ကျွဲပေါက်လေး၏ရှင်ပြုကို ရွာဦးဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်းပရိက္ခရာ၊ လှူဖွယ်ပစ္စည်းမျိုးစုံနှင့်တကွ သံဃာတော်များကိုပါ ဆွမ်းကပ်လှူဒါန်းနိုင်ခဲ့ပြီး ဖိတ်ကြားထားသူများကိုလည်း ဗိုက်ခွေးနမ်းအောင်ကျွေးမွေးနိုင်ခဲ့သောကြောင့် မမယ်မျှင်တစ်ယောက် ကျေနပ်ပီတိဖြစ်သွားလေတော့သည်။ သို့သာမက မမယ်မျှင်၏ယိုင်နဲ့ပေါက်ပြဲနေသည့်အိမ်ကလေးကိုလည်း လုံခြုံခိုင်မာသည့်အိမ်ကလေးအဖြစ် ပြန်လည်ပြုပြင်နိုင်ခဲ့သေးသည်။ ထို့နောက် ဝိုင်း၌ မမယ်မျှင်၏သားရှင်ပြုကို ရွာနီးချုပ်စပ်မှ ရွာသားများ စကားစမိသည့်အခါတိုင်း 'ငါးရံ့ဘိုးသိန်း၏ကိတ္တိမသားအလှူတော်' ဟုဆိုကာ ပြောစမှတ်တွင်သွားလေတော့သတည်း။

*သဒ္ဒိ ပါဠိ ဇနေ*
ငွေစိုး (မြို့ကြန့်ခြေ)

www.burmeseclassic.com

မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ဖြစ်ဖြစ် ရိုးရာဓလေ့အစွဲကလေးများရှိတတ်ကြ၏။ ဥပမာအားဖြင့် တရုတ်တို့က အနက်ရောင်ကို ရှောင်ကြ၏။ (၁၃) ဂဏန်းကို အင်္ဂလိပ်တို့က အထူးရှောင် ၏။ မြန်မာတို့က ပြဿဒါး၊ ရက်ရာဇာ ဗေဒင်မေးပြီးမှ အိမ်ဝယ်ခြင်း၊ ကားဝယ်ခြင်း ပြုလုပ်ကြ၏။

ရှေးကလူကြီးသူမများသည် နံနက်စောစော အိပ်ရာမှထ၍ မျက်နှာသစ်ပြီးလျှင် ကောင်းသောနိမိတ်၊ ကောင်းသောမင်္ဂလာဖြစ်စေရန် မြတ်စွာဘုရားကို အာရုံပြု၍ ဘုရားရှိခိုးကြပါသည်။

ပရိတ်ကြီး ပုဗ္ဗဏှသုတ်တော်တွင် အကြင်မကောင်းသော နိမိတ်သည်လည်းကောင်း၊ အကြင်မကောင်းသော အ,မင်္ဂလာသည် လည်းကောင်း၊ ငှက်ဆိုး၏ နှစ်သက်ဖွယ်မရှိသော အကြင်အသံသည် လည်းကောင်း၊ အကြင် ပါပဂြိုဟ်သည် လည်းကောင်း၊ နှစ်လိုဖွယ်မရှိသော အကြင်မကောင်းသောအိပ်မက်သည် လည်းကောင်း ရှိကုန်၏။

ထိုမကောင်းသောနိမိတ် စသည်တို့သည် ဘုရားရှင်၏အာနုဘော်ကြောင့် (တရားတော်တို့၏အာနုဘော်တို့ကြောင့်၊ သံဃာတော်၏အာနုဘော်ကြောင့်) အလျှင်းမရောက် ကင်းပျောက်ခြင်းသို့ရောက်ပါစေကုန်သတည်း။

ဤသို့ ပရိတ်ရွတ် ဘုရားရှိခိုးကြပါသည်။ ဘုရားရှိခိုးခြင်းသည် မကောင်းသောနိမိတ်များ မတွေ့မမြင်စေရန် ကောင်းသောနိမိတ်များ ဦးစွာယူလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ယူလိုက်ခြင်းကြောင့် ထိုနေ့အဖို့ မကောင်းသောဘေးရန်အညစ်အကြေးများ ကင်းစင်ပပျောက်၍ ကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်ထွန်းစေပါသည်။

ဇမ္ဗူဒိပ် - နိမိတ်ထွန်း
အမြင်မှာ - နိမိတ်
အတိတ်မှာ - လက်ဆောင်
အသံမှာ - စာဘောင်

ဟု ရှေးက ဆိုရိုးစကားရှိခဲ့ကြပါသည်။

အမြင်မှာ နိမိတ် ဆိုသည်မှာ -

လူတစ်ယောက်သည် တရားရုံး၌ အမှုတစ်ခုကို ရင်ဆိုင်နေရ၏။ သူ၏အမှုနိုင်မည်၊ မနိုင်မည်ကို သိလို၍ ဗေဒင်ပညာရှင်တစ်ဦးထံ ဗေဒင်သွားမေး၏။

ဗေဒင်ပညာရှင်က ထိုပုဂ္ဂိုလ်၏ မွေးနေ့၊ ခုနှစ်တို့ကိုမေး၍ တွက်ရန်ပြင်ဆင်နေစဉ် အိမ်ရှေ့လမ်းမကြီးပေါ်၌ ရွှေထီးဆောင်း၍ ရှင်လောင်းလှည့်လာသည်ကို မြင်တွေ့လိုက်ရသည်။

ထိုအခါ ဗေဒင်ပညာရှင်သည် ဘာမှတွက်ချက်မနေတော့ဘဲ ရွှေထီးဆောင်း၍ ရှင်လောင်းလှည့်လာသည့်ကို နိမိတ်ယူလိုက်သည်။

"ကဲ-ကျုပ်အတပ်ဟောလိုက်မယ်။ ခင်ဗျားအမှုမုချနိုင်မယ်"

ဗေဒင်ဆရာဟောသည့်အတိုင်း ပင် အမှုနိုင်ပါသည်။ နောက်သာဓကတစ်ခုပြပါဦးမည်။

ရှေးဘုရင်များခေတ်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် အလှအပပန်းချီကားများ ချိတ်ဆွဲထားပါသည်။ ထိုပုံများထဲတွင် မီးဖိုဦ၌မီးမှုတ်နေသည့်ပုံကိုလည်းတွေ့ရပြီး ထိုကြောင့် အချင်းချင်း မသင့်မမြတ်ရန်ဖြစ်သည်။

မကြာမီ ထိုကျောင်းသို့ နိမိတ်အကြောင်း နားလည်သူရောက်ရှိလာပြီး ထိုပန်းချီကားကို တခြားသို့ ပြောင်းရွှေ့စေသည်။ ထိုအခါကျမှ ထိုကျောင်း၌ အချင်းချင်းသင့်မြတ်၍ အေးချမ်းသွားသည်ဟူ၍ မောင်းထောင်သာသနာပိုင်ကြီးရေးသားသည့် နေမိတ္တကပိဋ္ဋကကျမ်းတ၌ တွေ့ရှိရပါသည်။

တစ်ခါသော် ရွာတစ်ရွာမှ အမျိုးသမီးကြီးတစ်ဦးသည် သူ၏ယောကျ်ားခရီးထွက်သွားရာ နှစ်နှင့်ချီ၍ကြာနေဖြစ်၏။ သေသလား၊ ရှင်သလားမသိပေ။ နောက်ဆုံး ကြံရာမရဖြစ်ကာ ရွာဦးကျောင်းဆရာတော်ထံ ရေလှူရင်း ဗေဒင်မေးရန် ရေအိုးတစ်လုံးကိုရွက်၍ ထွက်လာခဲ့သည်။

ကျောင်းဝင်းသို့အဝင်တွင် ကျောင်းလှေကားမှ ဘုန်းတော်ကြီးဆင်းလာသည်ကို မြင်တွေ့လိုက်ရ၏။

ဒကာမသည် ရေးကြီးသုတ်ပျာနှင့် ခြေအလှမ်းတွင် ခလုတ်တိုက်၍လဲသွားသည်။ ခေါင်းပေါ်တွင်ရွက်လာသောရေအပြည့်နှင့်ရေအိုးလည်း ကွဲကျသွားပါတော့သည်။ ထိုအမျိုးသမီးသည် သူ့ယောကျ်ားနှင့် သည်တစ်သက်ကွဲပြီဟု စိတ်ထဲတွေးထင်ကာ ချုံးပွဲချငိုပါတော့သည်။



## မကွေးဝင်းမြင့်

## မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ အတိတ်နိမိတ်

ဘုန်းတော်ကြီးက လှေကားလက်ရန်းမှ လှမ်း၍ -

"ဟဲ့-ဒကာမဘာဖြစ်တာလဲ"

"တပည့်တော်ခင်ပွန်း ခရီးထွက်သွားတာ ကြာပြီဘုရား။ အဲဒါ အရှင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဆီဖေဒင်လာမေးတာ။ ခုတော့ . . . ခုတော့ နိမိတ်မကောင်းဘူးဘုရား။ ရေအိုးကွဲပြီး တပည့်တော်တို့လည်းကွဲပြီပေါ့ဘုရား"

"ဟဲ့-ဒကာမ၊ ဒီလိုနိမိတ်မကောက်ရဘူးလေ။ ခုရေအိုးကဘယ်ကလာတာလဲ။ မြေကြီးကိုလုပ်ထားတဲ့ရေအိုးလေ။ ရေအိုးဟာ သူ့နေရာသူပြန်သွားလာတာလို့နိမိတ်ကောက်ရတယ်။ သွား - နင့်ယောကျ်ားလည်း ကိုယ့်နေရာကိုပြန်ရောက်ပြီ အိမ်ပြန်ကြည့်"

ဟု နိမိတ်ဖတ်လိုက်သည်။

ဒကာမသည် လွင့်စဉ်ကျသွားသော ခေါင်းခုလေးနှင့် မျက်ရည်သုတ်ကာ အိမ်သို့ကတိုက်ကရိုက်ပြန်ပြေးလေသည်။ ဘုန်းတော်ကြီး နိမိတ်ဖတ်လိုက်သည့်အတိုင်း အိမ်တွင် လင်ယောကျ်ားရောက်နေလေပြီ။

နိမိတ်ဖတ်ခြင်းနှင့် ပတ်သက်၍ စာရေးသူ၏ အမေအကြောင်း ပြောပြချင်ပါသည်။ စာရေးသူ၏ အမေသည် ရှေးအဘွားကြီးဖြစ်ပါသည်။ ရှေးအဘွားကြီးပီပီ အယူလည်းသိး၏။

"ခုကာလ ကောင်မလေးတွေ ဆံပင်တွေဖြတ်တယ်၊ ဆံပင်ဖားလျားချတယ်။ အဲဒါ မကောင်းတဲ့အတိတ်နိမိတ်တွေပဲ"

"ဆံဖြတ်တော့ဘာဖြစ်လဲအမေရဲ့၊ ပိုလှတာပေါ့"

ကျွန်တော် မဝံ့မရဲပြောလိုက်မိ၏။

"အေး - လှတာမက် . . . လှတာမက်၊ လှတာမက်ရင် ညစာခက်သတဲ့။ ဟင်း - မပြောလိုက်ချင်ဘူး။ ဆံဖြတ်လို့ ဟိုတစ်နှစ်က ဆန်ပြတ်တာ နင်မသိဘူးလား။ ဆံပင်ဖားလျားချတာလည်း ငါမကြိုက်ဘူး။ ယောကျ်ားတို့ဘုန်းလက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံးတဲ့။ မိန်းမဆိုတာ ဆံပင်ကိုကျစ်ကျစ်လျစ်လျစ်ဖြီးလိမ်းထားရတာဟဲ့သိလား။ မြစ်ပယ်ရဲ့ လ, လယ်ရဲ့ ဆ-ဆယ်ပုံပျက်ပါပေါ့ဘုရားဆိုတာ အပ္ပခန်း-ဝိုကြွေးမြည်တမ်း အဆွေးအလွမ်းတွေဖြစ်တတ်တယ် သိရဲ့လား"

အမေ့စကားကြောင့် ဇက်ကလေးပုဝင်သွားအောင် ငြိမ်၍နားထောင်နေရပါသည်။

"ဘာလဲ၊ နင်တို့က ဒါသိပ္ပံခေတ်၊ ကွန်ပျူတာခေတ်၊ ဒါတွေအယုံအကြည်မရှိဘူးလို့ပြောချင်သေးသလား။ နင်ဘာလူမျိုးလဲ၊ နင့်ကိုငါမွေးထားတာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးစစ်စစ်။ တို့လူမျိုး၊ တို့ရိုးရာ၊ တို့ယဉ်ကျေးမှု၊ တို့ဓလေ့ထုံးစံတွေအများကြီးရှိတယ်။ ဈေးသုံးလည်းမလွယ်နဲ့၊ ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလွယ်ရင် မွဲတတ်တယ်၊ ရှေးထုံးပယ်ရင်လွဲတတ်တယ် သိရဲ့လား။

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းဩဘာနိမိတ်ထွန်းတဲ့။ ပညတ်သွားရာဓာတ်သက်ပါတယ်။ စကားပြောရင်လည်း အရမ်းကာရောပြောကြတယ်။ ဘာတဲ့ တို့အဖေက ဟိုဗြာနမှာ 'အကောင်'တဲ့။ ကြည့်စမ်း - ဘယ်လောက်ရင့်သီးတုံး။ 'အကောင်'ဆိုတာ တိရစ္ဆာန်မှသုံးရတာဟဲ့။ လူနာမည်လည်း အရမ်းမမှည့်ရဘူး။ရှေးခေတ်ကမှည့်ခဲ့တဲ့နာမည်တွေ ဘယ်လောက်ကောင်းတုံး။ မောင်အောင်လှတဲ့၊ မောင်ပန်းမွှေးတဲ့၊ မောင်ကောင်းတဲ့၊ မောင်လှလှတဲ့။ ခေါ်ရတဲ့လူ ကျက်သရေတိုးရှိတယ်။ ပညတ်သွားရာဓာတ်သက်ပါတတ်တယ်"

"ပြောပါ အမေ၊ ကျွန်တော်နားထောင်ပါ့မယ်"

"ပညတ်သွားရာ ဓာတ်သက်ပါ ဆိုတဲ့စကားက ဥပမာ လူတစ်ယောက်ဘေးဥပဒ်အန္တရာယ် ကင်းဝေးအောင် ဘယာကြော်လုပ်စားတယ်။ တချို့က ဘယာကြော်ကို အလယ်က အကွင်းလေးပါသေးတယ်။ ဘေးဘယာကျော်ပြီး ကွင်းသွားအောင်လို့ပေါ့။ တချို့ကအလှူဒါနပြုကြတဲ့အခါ ကြာကြာခံရအောင်ဆိုပြီး ကြာဆံဟင်းကျွေးတယ်။ ဘဝမှာလဲ မသွားအောင် မတ်ပဲကို ဘယာကြော်လုပ်လိုက်သေးတယ်။ လူမမာ နာလန်ထလွယ်အောင် မန့်လုံးရေပေါ် ကုသိုလ်လုပ်သေးတယ်။ မြုပ်နေတာတွေကိုပေါ်လာအောင် အတိတ်နိမိတ်ယူကြတာ။ ကောင်းကင်မှာပေါ်တဲ့ အတိတ်နိမိတ်တွေလည်းရှိသေးတယ်။ တို့ဂျပန်ခေတ်က လကို ကြယ်ဖောက်တာ . . .

လကိုကြယ်ဖောက်

ဂျပန်ရောက်၊

ရောက်သည့်ဂျပန်

သုံးနှစ်ခံတဲ့။

တကယ်ပါပဲ (၃) နှစ်ပဲကြာပါတယ်။ တို့တစ်တွေ မြန်မာ့တပ်မတော်နဲ့ ပြည်ထောင်စုသားတွေက ညီညီညွတ်ညွတ်နဲ့ မောင်းထုတ်နိုင်ခဲ့တယ်"

စာရေးသူ၏အမေ ပြောသည့်စကားတွေ အများကြီးရှိပါသေးသည်။ အတိတ်နိမိတ်တဘောင်တွေမှတ်စုထုတ်၍ထားခဲ့ပါသည်။

အမေသည် မည်မျှပင် သားသမီးများအပေါ် စိတ်ဆိုးစိတ်ဆိုး ကျိန်ဆဲခြင်းမရှိပါ။ နှုတ်ကို အင်မတန်ဂရုစိုက်ပါသည်။

နှုတ်နှင့်ပတ်သက်၍ အမေပြောပြဖူးပါသည်။ တစ်ခါတုန်းက သားအဖနှစ်ယောက် ဘုန်းကြီးကျောင်းသို့အလာ ကျီးငှက်တစ်ကောင် သား၏ ခေါင်းပေါ် မစင်စွန့်ချသည်။ ကျောင်းရောက်သောအခါ ဒကာက -

"အရှင်ဘုရား၊ တပည့်တော်သား ခေါင်းပေါ် ကျီးကန်းတစ်ကောင်ကမစင်စွန့်ချပါတယ်ဘုရား"

ဆရာတော်ဘုန်းကြီးက -

"ရွှေကျီးပါကွာ"

"မဟုတ်ပါဘူးဘုရား၊ ကျီးကန်းပါဘုရား"

"ရွှေကျီးပါဆို"

"ကျီးကန်းပါဘုရား"

ဒကာက ဇွတ်ပြောနေ၏။ ဆရာတော်ဘုန်းကြီးလည်း ဘာမှမပြောနိုင်တော့။

ထိုဒကာ၏သားငယ်သည် အရွယ်ရောက်၍ကြီးလာသောအခါ မျက်စိစုံလုံးကန်းသွားတော့ဟူ၏။ ကျီးကန်းဟူသော နိမိတ်ကိုယူသောကြောင့်ပါတည်း။

တစ်ခါတစ်ရံ စာရေးသူ၏ မိတ်ဆွေများက -

"ဗျို့ - ဆေးဆရာကြီး ကျန်းမာရဲ့နော်"

"ဆေးဆရာဆိုတာ ဘေးဘယာဝေးတာပေါ့ဗျာ"

ဟု မင်္ဂလာနှုတ်ခွန်းပြန်လည်ဆက်လိုက်သောအခါ နှုတ်ဆက်သူလည်း ဝမ်းသာကျေနပ်သွားသည်။

အတိတ်၊ နိမိတ်သည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စာရေးသူသည် အတိတ်ကောက် (နိမိတ်ကောက်) ရှေးက အယူတော်မင်္ဂလာအတတ်ပညာတို့ကို တတ်စွမ်းသမျှ ကြိုးစားအားထုတ်ခဲ့ပါသည်။

ထို့အပြင် မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ ရှေးက မြန်မာပညာရှိကြီးများ၊ ရှေးက လူကြီးသူမများ ထားရစ်ခဲ့သော အတိတ်ကောက်၊ နိမိတ်ကောက်၊ ငလျင်လှုပ်ခြင်း၊ လကြတ်ခြင်း၊ နေကြတ်ခြင်း၊ ပျားစွဲခြင်း၊ အိပ်မက်၊ အသားလှုပ်ခြင်းများ၏ ဆိုးကျိုး၊ ကောင်းကျိုးများကို အခါအားလျော်စွာ တင်ပြအစီရင်ခံပါဦးမည်။

*ကျန်းမာ၍ ချမ်းသာကြပါစေ*

မကွေးခင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာမရေ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

# ရွှေပြည်မင်း

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
တိုင်းရင်းဆေးကုဌာန

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
စန္ဒာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ (ခေါ်) မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန
အမှတ်-၂၇၊ အပိုင်း(၃)၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်းမကြီးမြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။ ☎ -၅၇၇၆၄၉၊ ၀၉ ၈၅၁၃၀၆၆

ဆေးခန်းဖွင့်ချိန် -
၀၉ ၄၃၁၉၅၄၃၉
နေ့လယ် (၁၂) နာရီ မှ ည (၇း၀၀) နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။

မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင် များများသိကြတဲ့ရာနှုန်းမို့ သင်တာကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာ ခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့ အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကာ့အရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကို ရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်မနေရပြီဆိုရင်တော့ သေချာပေါက် ... ကို ကြုံရမှာပဲတယ်။
* ကံဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ နောင်မှာတနင်္ဂဘိုးကြီးကြီးမားမား ပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ် လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် အပေါ်ယံဆန်ဆန်မဟုတ်ဘဲ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာ့ရိုးရာ နက္ခတ်ပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* မြောက်၍လည်းမပေါ၊ နှိမ့်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာ ပြောမည်။

## ဆရာ ဦးခင်ဇော်

အမှတ်(၁၂) မြရတနာ (၁၀)လမ်း၊ (၆) ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုရားအနီး)
ဖုန်း-၀၉-၅၃၀၁၈၈၀၊ ၀၉-၅၀၉၄၄၅

www.burmeseclassic.com

www.burmeseclassic.com



# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## ဘီလူးစီးတဲ့လက်

မလေးရှားမှာသွားပြီး အလုပ်အကိုင်နဲ့နေခဲ့တဲ့ သုံးနှစ်သုံးမိုးဘာပြဿနာမှမဖြစ်ခဲ့ပါဘဲ ကိုယ့်မြန်မာပြည်ရောက်ကာမှ နေ့မကူးဘဲ ရဲအချုပ်ခန်းစံမြန်းရတော့တာပါပဲ။ ငွေကုန်လူပန်းအရှက်တကွဲဖြစ်ရတာကြောင့် တော်တော်ခံစားရပါတယ်။ ပြဿနာက ကျွန်တော့်ညီ မောင်မောင်ထွေး ဆိုတဲ့ ဖြိုးဟ်ကောင်ကြောင့်ပါ။

ဒီကောင်က လူရွှတ်လူနောက်။ တစ်ဖက်သားစိတ်ကသိကအောင့်ဖြစ်မှ ထမင်းစားကောင်းတဲ့လူစားမျိုးလားမသိပါဘူး။ မိဘနှစ်ပါးကရော ကျွန်တော်ကပါ အကျိုးအကြောင်း ရန်ဖြစ်ရတတ်တယ်လို့ ပြောဆိုဆုံးမပေမယ့် ရှေ့တင်တော့ 'ဟုတ်ကဲ့'။ နောက်ကွယ်ရာဆို ညည်ဆိုးအတိုင်း ဖောက်ပြန်တတ်တဲ့ကောင်ပါ။

ကြာတော့လည်း မသိကျိုးကျွ ပြုပြီး သည်းခံခွင့်လွှတ်ပေးထားပါတယ်။ ခွင့်လွှတ်ချင်လို့ ခွင့်လွှတ်တဲ့သဘော မဟုတ်ပါဘူး။ ပညာရေးဘက်မှာ အပြ ပြောစရာမရှိအောင် တစ်နှစ်တစ်တန်း ဝမ်းတူတင်းအအောင့်နဲ့ အောင်မြင်ခဲ့လို့ ခွင့်လွှတ်ခြင်းမျိုးပါ။

ဒီနှစ်ဆယ်တန်းဖြေထားပါတယ်။ နှစ်ချင်းပေါက်အောင်မှာပါ။

www.burmeseclassic.com



ဆယ်တန်းလည်း ဆယ်တန်း အလျောက် အတတ်ပညာရှိတယ်လို့ဆို နိုင်ပေမယ့် အသိပညာတော့ ရှိပုံမပေါ် ပါဘူး။ ဘာကြောင့်ဆို ငါလုပ်တဲ့အလုပ် ဟာ အကျိုးလား၊ အပြစ်လား၊ အမှား လား၊ အမှန်လား မခွဲခြားတတ်လို့ဘဲ ဖြစ်ပါတယ်။

နောက်တယ်ပြောင်တယ်ဆိုတာ ကျွန်တော်မလေးရှားမသွားခင်ကတည်း ကပါ။ ဘယ်သူ့ကိုမှ နာကျင်အောင် ကိုယ်ထိလက်ရောက် နောက်ပြောင် တတ်တာမျိုးမရှိခဲ့ပါဘဲ ခုမှ ကိုယ်ထိ လက်ရောက်ပါလာတာ ကျွန်တော်ဖြင့် မစဉ်းစားတတ်အောင်ပါ။

ကျွန်တော် မလေးရှားက ပြန်လာ တဲ့နေ့က လေယာဉ်ကွင်းကို ဘယ်သူမှ လာမကြိုကြပါဘူး။ ပဲခူးက ကျွန်တော့် အဘွားဆုံးလို့ ပဲခူးကိုသွားနေကြောင်း ကြိုတင်ဖုန်းဆက်ထားလို့ စိတ်မကောင်း ပေမယ့် ဖြေသိမ့်နိုင်ခဲ့ပါတယ်။

ကျွန်တော် အမိမြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိကြောင်း သက်ဆိုင်ရာ ကို သတင်းပို့ဖို့ နေမကူးဘဲ ရန်ကုန်မြို့ထဲ သွားဖို့စီစဉ်ဆဲ -

"ကိုကို၊ ညီလည်းလိုက်မယ်"

လို့ မျက်နှာငယ်လေးနဲ့တောင်းဆို ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုက အလုပ်ကိစ္စနဲ့သွားမှာ။ နောက်နေ့တွေကျမှ ညီနဲ့ ကိုကို မြို့ထဲ လျှောက်လည်ကြမယ်နော်"

"ညီစာမေးပွဲမဖြေခင်က စာကျက်ဖို့ဆိုပြီး တစ်လ၊ စာမေးပွဲဖြေပြီးတော့လည်း သုံးလလုံးလုံး ဘယ်မှမသွားရဘဲ အိမ်ထဲပိတ်လှောင်ခံရတာ လေးလရှိပြီ ကိုကို။ ညီ မြို့ထဲမရောက်တာ လေးလရှိပြီ"

"အဲလောက်ကြီးတော့ မတင်းကြပါဘူးကွာ"

"အဖေနဲ့မှ၊အမေနဲ့မှတော့လိုက်ရပါတယ်။ မလွတ်လပ်ဘူး"

"အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့ကွာ"

ဟုတ်ပါတယ်။ အကြောင်းတစ်ခုခုတော့ရှိမှာပါ။ ကျွန်တော်တို့မိဘနှစ်ပါးဟာ သားသမီးအပေါ် တင်းတင်းကြပ်ကြပ်ကိုင်တွယ်အုပ်ချုပ်တဲ့ မိဘတွေမဟုတ်ပါဘူး။ အသက်အရွယ်အလိုက် လွတ်လပ်ခွင့်ပေးတဲ့ မိဘတွေပါ။ ကျွန်တော် ဒီလိုစဉ်းစားဆင်ခြင်မိပေမယ့် ညီလေးရဲ့ ညှိုးငယ်တဲ့မျက်နှာ စီးကျတဲ့မျက်ရည်ကြောင့် ညီလေးဆန္ဒကိုလိုက်လျောလိုက်ပါတယ်။

"အေးကွာ၊ တိတ်-မျက်ရည်သုတ် ကိုကိုနဲ့လိုက်ခဲ့"

ကလေးစိတ်မပျောက်သေးတဲ့ ညီလေးရဲ့ ဝမ်းသာပျော်ရွှင်ပုံလေးကို မြင်ရပြန်တော့ ကျွန်တော့်ရင်ထဲကြည်နူးခြင်းအရသာ ခံစားရပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ဝမ်းသာကြည်နူးမှုဟာ နေ့တစ်ဝက်တောင် မခံစားလိုက်ရပါဘူး။

ဆူးလေဘုရားလမ်းခုံးကျော်ပေါ်က စကြီအတိုင်း လျှောက်အသွားလူလာကျပ်နေတဲ့ စကြီအလယ်ရောက်တဲ့အခါ ရှေ့အတွဲက အမျိုးသမီးရဲ့တင်ပါးကြီးကို အင်အားသုံးပြီး ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်ပါတယ်။

"ဟိတ် - ဘာလုပ်တာလဲ"

"နှမချင်းမစာနာတဲ့ကောင်၊ ကဲကွာ"

"ခွပ် . . . ခွပ်"

"အင့် . . ."

"ဘုန်း . . ."

စက္ကန့်ပိုင်းလေးမှ တကယ့်စက္ကန့်ပိုင်းလေးပါ။ အမျိုးသမီးက လန့်ပြီးအော်တဲ့ထိ လက်ကမလွှတ်သေးဘဲ ဆုပ်ကိုင်လျက်ကြီးနဲ့တန်းတိုးလို့ အမျိုးသားရဲ့ ဘယ်ညာလက်သီးစာမိပြီး စကြီတံတားပေါ် ပစ်လဲကျသွားပါတယ်။

အမျိုးသားရော အမျိုးသမီးကိုပါ ကျွန်တော် တောင်းပန်ပါတယ်။ လက်အုပ်ချီ ခြေသလုံးမဖက်ရုံတမယ် တောင်းပန်ပေမယ့် ဒေါသအဖော်တွေကပါ လက်မခံဘဲ နီးစပ်ရာ ကျောက်တံတားရဲစခန်းပို့ အမှုဖွင့်တော့တာပါပဲ။ အမှုဖွင့်မှတော့ ကျွန်တော်ပါ အမှုတွဲဖြစ်ပြီပေါ့။

ရဲစခန်းကိုရောက်ပြန်တော့လည်း မလျော့သောဇွဲနဲ့ တောင်းပန်ပေမယ့် မရပါဘူး။

လက်ရောက်မှုကာယိန္ဒြေဖျက်ဆီးမှုကြီးလေ။ ဘယ်ခွင့်လွှတ်နိုင်မှာလဲ။ ကျွန်တော် အမျိုးသားလက်ထဲ အစိမ်းတစ်အုပ်ထည့်ပါတယ်။ ငွေမြင်ရင် အဆင်ပြေလောက်မယ်အထင်နဲ့ပါ။

"ဇော်ကားတာလား"

လို့ ဆိုပြီး ကျွန်တော်ပေးတဲ့ တစ်ထောင်တန်အုပ်နဲ့ ကျွန်တော့်ကို ပစ်ပေါက်တာခံရပါတယ်။

တရားလို အမျိုးသား၊ အမျိုးသမီးနဲ့ ရဲကို ကျွန်တော် ပျာလောင်ခတ်ပြီး အာပေါက်အောင် စိုးရိမ်စိတ်နဲ့ တောင်းပန်နေချိန်မှာ သူနဲ့ ဘာမှမပတ်သက်သလို မထုံတက်တေးဖြစ်နေပါတယ်။ ညီအရင်းမဟုတ်လို့ကတော့ဗျာ လည်ပင်းညှစ်သတ်မိမလားတောင် မသိဘူး။

❑

"ဒီလိုကွ သားကြီးရ"

လို့ အဖေ ဇာတ်စုံခင်းပြကာမှ ဒေါသအရှိန်က ငယ်ထိပ်အထိတက်သွားသလို ခံစားရပါတယ်။ အမေကတော့ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းလို့ အိမ်ရှေ့တောင် ထွက်မလာတော့ပါဘူး။

ညီလေးကြောင့် ကျွန်တော် အရှက်ကွဲရတာ တစ်ကြိမ်ဆိုပေမယ့် အဖေ နဲ့ အမေ သူတို့သားငယ်ကြောင့် အရှက်ကွဲခဲ့ရတဲ့ အကြိမ်ပေါင်းဟာ လက်ချိုးရေတွက်လို့တောင် မကုန်နိုင်အောင်ပါ။

အမှုဖွင့်တိုင်တန်းလို့ မိန်းကလေးရှင်ကိုရော၊ အုပ်ထိန်းသူမိဘတွေကိုရော ကျေနပ်အောင် တောင်းပန်ပြီး အမှုပိတ်သိမ်းရတာချည်းပဲ ခုနစ်ကြိမ်။ ရုံးတွေ ဂတ်တွေမရောက်ချင်လို့ တစ်ရက်ကနေ နှစ်ရက်အကွဲမခံချင်လို့ ရဲစခန်းမတိုင်ဘဲ အိမ်တိုင်ရာရောက် လာတိုင်တာက ဆယ့်တစ်ကြိမ်။ ကာယကံရှင်တွေကို



အဖေနဲ့ အမေ ခြေသလုံးမဖက်ရုံ တောင်းပန်တာ သနားတာလည်းပါမှာပေါ့ကွာ။ ပြီးတော့ ဒီကောင်ကျောင်းသားပါ၊ အမှုဖွင့်ထောင်ကျရင် ပညာရေးတွေ ဆုံးရှုံးတော့မှာပါဆိုတာကြောင့် သားသမီးချင်းစာနာပြီး ပြဿနာပြေလည်သွားတယ်ပဲ ဆိုပါစို့။

ဖြစ်တဲ့ပြဿနာတိုင်းက ဆူးလေကုန်းကျော် စကြီတံတားပေါ်မှာလို အဖြစ်မျိုးချည်းပါပဲ။

ဒီကောင်ရှေ့ သာမန်ထက်လွန်ကဲတဲ့ တင်သားပိုင်ရှင် မိန်းကလေးနဲ့တွေ့လို့ကတော့ ကြာသလားလို့ဆိုတဲ့အဖြစ်မျိုး။

တော်ရုံတန်ရုံလောက်ဆို ဆောရီးဗျာ၊ မတော်လို့ပါ တောင်းပန်ပါတယ် တစ်ခွန်းနဲ့ ကိစ္စပြီးရမှာ။ အင်အားသုံးပြီး ပယ်ပယ်နယ်နယ် ဆုပ်ကိုင်မှတော့ ဘယ်မိန်းကလေးကလက်ခံမှာလဲ။

ပြောသေးတယ်။ ကျွန်တော်ဘာမှမသိလိုက်ပါဘူးတဲ့။ ဒီမိန်းမတင်ပါးကြီးက ကြီးလိုက်တာလို့ စိတ်ထဲမြင်မိတာနဲ့ လက်ကရောက်သွားတာပါတဲ့။ အမှန်အတိုင်းပြောတာဆိုရင်တော့ ဒီကောင့်လက်ကို တစ်ခုခုစီးနေပြီဆိုတာ ကျွန်တော်ခန့်မှန်းလို့ရပါပြီ။

မီးခိုးကြွက်လျှောက်လိုက်ရတော့မှာပါ။ ခြေရာခံမိမှ အဖြေထုတ်နိုင်မှာဖြစ်လို့ စစ်ကြောရေးဝင်ရပါတယ်။ ဘယ်သွားခဲ့လဲ၊ ဘာလုပ်ခဲ့လဲ ပြန်ဖြေတာတော့စုံနေတာပဲ။ ဒါပေမယ့် ကျွန်တော့်ခေါင်းထဲမှာ ဆွဲထုတ်လို့ရနိုင်တဲ့ အစတစ်စကတော့ ပေါ်လာပါတယ်။

ဂျောင်ပိုင်းကြီးရှာသွားတဲ့ခရီးစဉ်ပါ။

❑

အလုံမြို့နယ်တစ်ဖက်ကမ်းအစိုးရ သဘော်လွှန်းကျင်းတောင်ဘက်ကပ်

www.burmeseclassic.com

လျက်မှာ တဲ့တေးအထိပေါက်တဲ့ ရေတက်ရေကျ ချောင်းကျဉ်းလေးရှိပါတယ်။

လှိုင်မြစ်အနီး ချောင်းရင်းဘက်မှာ ဆိပ်ကြီးခနောင်တိုအပိုင် ချောင်းဝိုင်းလေးနဲ့ ချောင်းဖျားဘက်မှာ တွံ့တေးမြို့နယ်အပိုင် ချောင်းဝိုင်းကြီးရွာရှိပါတယ်။ ဒေသအခေါ်ကတော့ ဂျောင်ဝိုင်းကြီး၊ ဂျောင်ဝိုင်းလေးလို့ ခေါ်ဆိုပါတယ်။ အကွာအဝေးအားဖြင့် (၃) မိုင်လောက်ရှိမှာပါ။

ဂျောင်ဝိုင်းကြီးရွာမှာတော့ အုတ်စီခြံခတ်၊ ရေကန်၊ စေတီပုထိုး၊ ဘုန်းကြီးကျောင်းတွေရဲ့ ဟောင်းနွမ်းဆွေးမြည့်ပြိုပျက်နေတဲ့အနေအထားအရ ရာစုနှစ်များစွာ သက်တမ်းရှည်တဲ့ရွာဟောင်းကြီးလို့ ခန့်မှန်းနိုင်ပါတယ်။

သာသနိကအဆောက်အအုံတွေထဲမှာမှ အမိုးအကာလုံခြုံမှုမရှိအောင် ပျက်စီးယိုယွင်းနေတဲ့ ဂန္ဓကုဋီတိုက်ထဲမှာတော့ နှစ်ကျိပ်ရှစ်ဆူဘုရားများ စံပယ်လျက်ရှိပါတယ်။ ကျောင်းဆောင်ကြီး ပျက်စီးယိုယွင်းနေသလို နှစ်ကျိပ်ရှစ်ဆူသော ဘုရားများဟာလည်း ရေစင်နဲ့သန့်စင်ခြင်း၊ ရောင်တော်ဖွင့်ခြင်းမရှိလို့စိတ်မချမ်းမသာဖြစ်ရပါတယ်။ နှစ်ကျိပ်ရှစ်ဆူသောဘုရားများရှေ့ ရုပ်တုကြီးနဲ့ နှိုင်းယှဉ်ရင် ပိုပြီးတော့တောင် စိတ်ပျက်စရာကောင်းလှပါတယ်။

သက်တမ်းတူ ဘုရားများရှေ့ ပဆစ်တုတ်ထိုင်လျက်နဲ့ ဘုရားတွေကို ကြည်ညိုသဒ္ဓါပွားနေတဲ့ ရုပ်တုကြီးကတော့ မယ်ယက္ခလို့ခေါ်တဲ့ ဘီလူးမရုပ်တုကြီးပါ။

ဘီလူးမမယ်ယက္ခကို အစွဲပြုပြီးတော့ မယ်ယက္ခဘုရား၊ မယ်ယက္ခကျောင်း၊ မယ်ယက္ခရှိတဲ့ရွာဆိုမှ အသိများပါတယ်။ ယုံကြည်ရာ ယုံကြည်ရာဆိုပေမယ့် မယ်ယက္ခဘီလူးမကြီးအပေါ် ယုံကြည်မှုကတော့ လွန်ကဲလွန်းလှပါတယ်။

ဘယ်အချိန်ကြည့်ကြည့် ဘီလူးမကြီးမယ်ယက္ခရဲ့ ဝတ်ရုံတော်တွေ၊ ပဝါတော်တွေကတော့ သစ်လွင်တောက်ပနေပါတယ်။ လဲလှယ်ထားတဲ့ ဝတ်ရုံနဲ့ ပဝါအဟောင်းတွေဆိုရင်လည်း မတ်ရပ်ဗီရိုထဲမှာပြည့်သိပ်လို့နေပါတယ်။

ကျောင်းရှိသံဃာတွေ ဆွမ်း၊ ဆွမ်းဟင်းပြတ်လပ်ပြီး ချို့ငဲ့စွာသုံးဆောင်နေရပေမယ့် ဘီလူးမကြီးမယ်ယက္ခရှေ့မှာ



တော့ ဒံပေါက်ထမင်း၊ ထောပတ်ထမင်းတွေကတော့ အလျှံပယ်ပါ။

သံဃာတွေ အချိုပွဲ၊ ထန်းလျက်ခဲ၊ လက်ဖက်တစ်ပွဲနဲ့ ရောင့်ရဲတင်းတိမ်နေရပေမယ့် မယ်ယက္ခဘီလူးမကြီးရှေ့မှာတော့ ရာသီပေါ်သီးနှံတွေကတော့ အလျှံပယ်ပါပဲ။

ဘီလူးမကြီး မယ်ယက္ခအပေါ် ဘာကြောင့် အလေးပေးကိုးကွယ်ဆည်းကပ်နေရလဲဆိုတော့ အဖြေကတော့ ရှင်းပါတယ်။ အိမ်၊ ကားအရောင်းအဝယ်သွက်လို့၊ ထီဂဏန်းတွေဆုတောင်းပြည့်လို့၊ ရာထူးတက်ဖို့၊ လုပ်ငန်းတွေအောင်မြင်ဖို့ အဓိဋ္ဌာန်ပြုရင် ဆုတောင်းပြည့်တယ်ဆိုတာကြောင့်ပါပဲ။

ဩော် - လူတွေလူတွေ နှစ်ကျိပ်ရှစ်ဆူသောဘုရားတွေ သောက်တော်ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင်၊ အမွှေးတိုင်းတစ်ချောင်း ပူဇော်ရကောင်းမှန်းမသိပေမယ့် ဘီလူးမ မယ်ယက္ခကိုတော့ ပူဇော်ပသထားလိုက်ထာများ အလျှံပယ်ပါ။ ဗိုလ်ချုပ်စကား အငှားပြောရရင် တလွဲဆံပင်ကောင်းနေကြတာပါလားလို့ မှတ်ချက်ပေးမိပါတယ်။

ဘီလူးမကြီးမယ်ယက္ခရဲ့ ရင်သားအစုံပွတ်တိုက်ပါများလို့ ပြောင်လက်နေပါတယ်။ နို့မထွက်တဲ့မိခင်တွေ၊ အပျိုဖော်ဝင်သော်လည်း ရင်သားမဖွံ့ဖြိုးတဲ့ မိန်းကလေးတွေရဲ့ လက်ရာတွေပါ။

ဘီလူးမကြီးမယ်ယက္ခရဲ့ ဝမ်းဗိုက်သားတွေ ပြောင်လက်နေပါတယ်။ ကလေးမရတဲ့ မိခင်လောင်းတွေ၊ ကလေးမရချင်တဲ့ အပျိုစင်တွေလက်ရာတွေပါ။

ဘီလူးမကြီးတင်သားအစုံပြောင်လက်ချောမွေ့နေပါတယ်။ တင်သားမရှိတဲ့ မိးယပ်ပိန်မိးယပ်ခြောက်တွေရဲ့ လက်ရာပါ။ ခြုံငုံပြောရရင်တော့ အဖု၊ အပိန့်နေရာတွေ ခုလိုပြောင်လက်ချောမွေ့နေတာ မိန်းကလေးတွေရဲ့လက်ရာ မိန်းမသားတွေရဲ့အလုပ်ပါ။

တိုက်ဆိုင်မှုကြောင့် အကျိုးဖြစ်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ဒူးနေရာဒူး၊ တော်နေရာတော် မိန်းမအလုပ် ယောက်ျားလုပ်လို့ ဆိုးကျိုးတွေ ဖြစ်ကုန်တာလည်းရှိပါတယ်။

❏

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်လောက်က ကျွန်တော့်ညီနဲ့ သူ့အပေါင်းအသင်း ဆယ်တန်းကျောင်းသူကျောင်းသားတွေ ဒံပေါက်၊ ထောပတ်၊ သီးစုံထမင်းထုပ်တွေ သစ်သီးဝလံတွေနဲ့ ဘီလူးမကြီး မယ်ယက္ခရှိရာ သွားကြပါတယ်။

မိဘတွေကိုတော့ သူငယ်ချင်းတွေစုပြီး စားကျက်မယ်ပေါ့။ အမှန်ကတော့ ဘီလူးမကြီးမယ်ယက္ခဆီမှာ ဆယ်တန်းစာမေးပွဲဖြေဆိုအောင်မြင်ဖို့ သွားပြီးအဓိဋ္ဌာန်ဝင်ကြခြင်းပါ။

ဆယ်တန်းအောင်မြင်တာ၊ ကျရှုံးတာကတော့ ကာယကံရှင်တွေပေါ်မှာပဲတည်တာပါ။ အများယောင်လို့လိုက်ယောင် အမောင်တောင်မှန်းမသိ၊ မြောက်မှန်းမသိတဲ့သဘောပါပဲ။

အများယောင်လို့ လိုက်ယောင်တဲ့ထဲမှာ ကျွန်တော့်ညီမောင်မောင်ထွေးက အကဲဆုံး။ ပါးစပ်နဲ့ပဲ နောက်ပြောင်ကျီစယ်တတ်တဲ့ကောင်က ဒီတစ်ခါ လက်ပါလာတယ်လေ။

"အမေ့တင်ပါးကြီးက အကြီးကြီးပဲ ချစ်စရာကြီး"

လို့ ဆိုတဲ့။ ပြီး လက်နှစ်ဖက်နဲ့ စိမ်ပြေနပြေပွတ်သပ်တယ်တဲ့။ သက်မဲ့ရုပ်ဝတ္ထုဆိုပြီး လက်ပါတာလည်းဖြစ်မှာပေါ့လေ။ အဲဒီကပြန်လာပြီး အမျိုးသမီးတွေရဲ့တင်ပါးကို မသိစိတ်နဲ့ ကိုင်တွယ်မိတော့တာပဲလို့ဆိုပါတယ်။

အနာသိပြီဆိုတော့ ဆေးရှိရပါတယ်။

အုန်း၊ ငှက်ပျောပွဲ၊ ဒံပေါက်ထမင်း၊ သစ်သီးဝလံတွေနဲ့ အဖေနဲ့ အမေပါလိုက်ပါပြီး တင်မြှောက်ပ,သ တောင်းပန်မှပဲ ပျောက်ကင်းတော့တာပါ။

သူ့ဟာနဲ့သူတော့လည်း ဟုတ်သား။

ရှစ်ခွင်ကျော်-ဗောင်ဗော်ညီ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကလေးမြို့တွင် တာဝန်ထမ်းဆောင်နေခိုက် ဖြစ်သည်။ ကလေးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး တွင်ရှိသည်ဆိုသော်လည်း အထက်ပိုင်းကျသည်။ အိန္ဒိယနယ်ခြားနှင့်နီးသည်။ ဆောင်းတွင်းဆိုလျှင် အသည်းခိုက်အောင်အေးသည်။ အချို့ညများတွင် ဆိုပါက အေးလွန်းသောကြောင့် မအိပ်နိုင်ဘဲ စောင်ခြုံပြီးမီးလှုံနေရသည်။ ထိုအခြေအနေမျိုးတွင် ကိုအေးနှင့်တွေ့ဆုံရခြင်း ဖြစ်သည်။

သူ့ကိုကြည့်လိုက်လျှင် စစ်သက္ကလတ်ဘောင်းဘီ၊ အင်္ကျီတို့ကိုဝတ်ထားပြီး စစ်ခေါင်းစွပ်ကိုစွပ်ကာ စစ်ဖိနပ်လည်ရှည်ကြီးကို အမြဲစီးထားသည်။ ပါးစောင်တွင်လည်း ဆေးပြင်းလိပ်ကိုခဲထားလိုက်သေးသည်။ ပြီးတော့ မီးလှုံနေသည်။ ရုံးစောင့်စောအဲထွေးနှင့် သူ၏သားဖြစ်သူတို့ရှိနေသော်လည်း ကိုအေးအိပ်နေသည်ကိုမတွေ့ရဘဲ မီးလှုံလျက်ရှိသည်ကိုသာ အမြဲတွေ့ရသောကြောင့် ကင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ရသည်မှာ စိတ်ပေါ့ပါးသည်။ ရုံးတွင်ဖမ်းဆီးပစ္စည်းများလာသောအခါ ညစောင့်အပြင် ရုံးဝန်ထမ်းများကိုပါ အစောင့်ထားလေ့ရှိသောကြောင့် သူတို့လည်းစောင့်နေရခြင်း ဖြစ်သည်။ ကိုအေးနှင့်တာဝန်ကျလျှင် စိတ်ချလက်ချနေနိုင်သည်။

သူသည် စကားပြောလျှင်မပီပါ။ ဆရာဟုဆိုလျှင် 'ချာ' ဟု ပြောသည်။ ထို့ကြောင့် သူ့ကို ကားသမားများက 'ချာအေး' ဟုခေါ်ခြင်း ဖြစ်သည်။ သူကတော့ ဘယ်လိုပဲခေါ်ခေါ်၊ ဘယ်လိုပဲပြော

# မဟာသျံ

## ချာအေး



www.burmeseclassic.com

www.burmeseclassic.com

ပြောတဟဲဟဲနှင့်နေလေ့ရှိ၏။ သဘောလည်း အလွန်ကောင်းသူဖြစ်သည်။ ကျွန်တော်တို့အလုပ်က ဖြတ်သွားဖြတ်လာ ကုန်ကား၊ ခရီးသည်တင်ကားများကို ရပ်တန့်ပြီး စစ်ဆေးရသောအလုပ်ဖြစ်ရာ တစ်ခါတစ်ရံ အလုပ်များပြီးကိုအေးကို ကားစစ်ခိုင်းလိုက်လျှင် ကားပေါ်တက်ပြီးထိုင်နေတတ်သည်။ ဘာကိုစစ်ရမည်ကို သိသူမဟုတ်ပေ။ အထုပ်အပိုးတို့ကိုလှန်လှောပြသော ကားသမားများနှင့် ကားပေါ်မှာထိုင်ပြီးစကားစမြည်ပြောကာ အချိန်အတန်ကြာလျှင်ပြန်ဆင်းလာမြဲဖြစ်သည်။ သူ့ကိုဘာတွေပါလာသလဲဟုမေးလျှင် -

"ဟဲဟဲ - ချာရယ်၊ ထုံးစံအတိုင်းပေါ့"

ဟုသာပြောတတ်သည်။ တိတိကျကျ ဘာမှမပြောနိုင်ပေ။ ထို့ကြောင့် သူ့ကို ကားစစ်လွှတ်လျှင် ပုံမှန်အတိုင်း သွားလာနေသောကားများကိုသာ စစ်ခိုင်း၍ရသည်။ မျက်နှာစိမ်းကားဝင်လာလျှင် စစ်ခိုင်း၍မရပေ။ သည်မျှစိတ်ချရသည်။ သူနှင့် အေးအေးဆေးဆေးထိုင်ပြီး စကားပြောကြည့်သောအခါ သူ့ဘဝဇာတ်ကြောင်းကိုသိရသည်။

"ကျွန်တော်က ရန်ကုန်မှာနေတုန်းက နေ့တိုင်းကင်းစောင့်ရတာ။ ဒီမှာက တစ်ပတ်တစ်ခါ၊ ဆယ်ရက်တစ်ခါလောက်စောင့်ရတာဆိုတော့ အေးအေးဆေးဆေးပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက နေ့တိုင်းစောင့်ရတယ်ဆိုတော့ ဘယ်လိုဖြစ်တာလဲ၊ အလှည့်ကလည်း ဆိုးလှချေလား"

"ကျွန်တော်က မီးကင်းအငှားစောင့်တာလေ။ မီးကင်းကျတဲ့အိမ်တွေကိုလိုက်မေးတယ်။ စောင့်မှာလားပေါ့။ မစောင့်ဘူးဆိုရင် ကျွန်တော်စောင့်တာပဲ။ မစောင့်တဲ့လူက များပါတယ်။ ဒါကြောင့် နေ့တိုင်းနီးပါးစောင့်ရတာ။ တစ်ညကို သုံးကျပ်ရတယ်"

သူသည် ညဘက်ကင်းစောင့်၍ရသောပိုက်ဆံကို မနက်ပိုင်းအိမ်ပြန်ရင်း မိန်းမကိုပေးလိုက်သည်။ ကလေးမုန့်ဖိုးနှင့်အိမ်သုံးစရိတ်ရသွားသည်။ထို့နောက်တွင် ထိုစဉ်က ကီလီဈေးဟုခေါ်သော ရန်ကုန်အနောက်ပိုင်း လှိုင်မြစ်ကမ်းရှိ ဆိပ်ကမ်းဈေးကြီးသို့သွားသည်။ အိမ်နီးနားချင်းများကိုလိုက်မေးပြီး စာရွက်နှင့်မှတ်လာသော ဝက်သား၊ ကြက်သား၊ အမဲသား၊ ငါးများကို သွားဝယ်သည်။ ဒိုင်ဈေးကြီးဖြစ်သောကြောင့် ဈေးသက်သာသဖြင့် အိမ်နီးနားချင်းများကမှာခြင်းဖြစ်သည်။ ထိုသို့လိုက်ဝယ်ပေးလိုက်သောအခါ မိမိအိမ်အတွက် ဝက်သားအစိတ်သားတွဲတစ်တွဲထွက်လာသည်။ ဤနည်းဖြင့် အိမ်မှာစားစရာဟင်းရန်လည်းရသွားသည်။

ထိုသို့ ဝယ်ပြီးသောအခါ မိမိအတွက် ဖီးကြမ်းငှက်ပျောသီးလေးဖီးဝယ်လိုက်သည်။ ဝက်သားတွဲကို အိမ်ကိုပြန်ပေးပြီး ခဏတစ်ဖြုတ်အိပ်လိုက်သည်။ ပြီးလျှင် ထမင်းစား၍ ငှက်ပျောသီးများကိုဆွဲပြီး ရုံးသို့လာသည်။ ထိုစဉ်က သူသည် သွင်းကုန်ဌာနဟုခေါ်သောဌာနတွင် အလုပ်လုပ်ရာ ရုံးသို့လာသောဖိုင်များသည် သူတို့ဌာနကစပြီးတင်ရခြင်း ဖြစ်သည်။ သူက ထိုဌာနတွင် စာပေးစာယူစာရေးဖြစ်သည်။ ထိုစဉ်က ရုံးတွင် လူကြီးများက အမိန့်ထုတ်ထားသည်။ ရုံးချိန်အတွင်း ဝန်ထမ်းများအပြင်မထွက်ကြရပေ။ ထို့ကြောင့် ရုံးသူရုံးသားများ သူ့ထံလာပြီး ငှက်ပျောသီးဝယ်စားကြရသည်။ ငှက်ပျောသီးလေးဖီးမှာ နေ့လယ်ဆိုလျှင်ကုန်သည်။ ထိုမှ မိမိအတွက် နှစ်ကျပ်ခန့်ကျန်လေသည်။ ထို့ကြောင့် ကိုအေး၏ဝင်ငွေမှာ ရုံးဖွင့်ရက်ဆိုလျှင် တစ်နေ့လျှင် (၅) ကျပ်ရှိသည်။ တစ်လကို (၁၀၀) ခန့်ဖြစ်ရာ သူရသော (၁၂၆) ကျပ်မှာ အသားတင်ဖြစ်တော့သည်။ သည်ကြားထဲ ရုံးခွန်တံဆိပ်ခေါင်းကိုလည်းရောင်းလိုက်သေးသည်။ ဖိုင်တင်ရာတွင် အချို့ဖိုင်များက လျှောက်လွှာနှင့်တွဲပြီးတင်ရခြင်းဖြစ်ရာ လျှောက်လွှာပါသောဖိုင်ဆိုလျှင် တံဆိပ်ခေါင်းကပ်ရသည်။ သည်အတွက် သူက တံဆိပ်ခေါင်းဆောင်ထားရာ အနည်းငယ်မြတ်သည်၊ ထိုအမြတ်ကတော့ သူ့အတွက် ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုးဖြစ်သည်။

ကိုအေးသည် ထိုကဲ့သို့သောလူမျိုးဖြစ်သည်။ ထို့ကြောင့် သည်မှာတစ်ပတ်တစ်ရက်၊ ဆယ်ရက်မှာတစ်ရက်ကင်းစောင့်ရခြင်းကို ကိုအေးကမမှုခြင်းဖြစ်သည်။ ယခုလည်း သူ့ကိုကြည့်လျှင် ဆေးပြင်းလိပ်ကို အမြဲခဲထားသည်ကိုတွေ့ရသည်၊ ထိုကိစ္စကိုလည်း သူက-

"ကျွန်တော် ဆေးပြင်းလိပ်တစ်လိပ်ကို သုံးရက်သောက်တယ်။ တိုသွားရင် ဆေးလိပ်အရင်းမှာ သွားကြားထိုးတံကိုထိုးပြီး ဆက်သောက်တယ်။ အရမ်းတိုသွားရင် မီးငြိမ်းပြီးငုံထားလိုက်တာပဲ။ တစ်ရက်ငုံတယ်။ ဒီတော့ ဆေးပြင်းလိပ်တစ်လိပ်ဆိုရင် သုံးရက်ရတာပေါ့"

ကိုအေးမှာ ထိုကဲ့သို့သောလူစားဖြစ်သည်။ သူ့ကိုယ်ကို ထိုမျှခြိုးခြံသော်လည်း သားသမီးအတွက်ဆိုလျှင်တော့ ရေကုန်ရေခန်းအလိုလိုက်သူဖြစ်သည်။ ဂျင်းဘောင်းဘီဝယ်ပေးသည်။ ဂျာကင်ဝယ်ပေးသည်၊ ကလေးသုံးယောက်ရှိရာ ဆင်တူအောင်ဆိုပြီး အားလုံးကိုဝယ်ပေးသည်။ မိန်းမကိုလည်းဆင်သည်။ သူ့မိန်းမကိုကြည့်လိုက်လျှင် ရွှေတွဲလွဲငွေတွဲလွဲနှင့်။ သူ့ကိုယ်သူသာခြိုးခြံသည်။ ဇနီးနှင့် သားသမီးများကိုမူကား လူတန်းစေ့အောင်ထားသူဖြစ်လေသည်။

ကိုအေး ရန်ကုန်မှာနေတုန်းက သူ့ဘဝဇာတ်ကြောင်းတစ်ခုကို ပြန်ပြောပြသည်။

"တစ်နေ့ ကျွန်တော် ကင်းစောင့်ပြီး ဈေးဝယ်ဖို့ ကီလီဈေးကိုရောက်တော့ ဈေးမှာ ကုလားတစ်ယောက်က ကွမ်းယာလှည်းကြီးတစ်ခုကိုရောင်းတယ်။ သူ တခြားသွားတော့မယ် ဝယ်မလားပေါ့။ ကွမ်းယာလှည်းဆိုတာ ဆရာသိမှာပေါ့။ ခေါ်တော်ကုလားတွေ ကွမ်းယာရောင်းတဲ့ ဘီးသုံးဘီးပါတဲ့လှည်းကြီး။ ငါးဆယ်ဆစ်တော့ရတယ်။ အဲဒီတုန်းက ငါးဆယ်ဆိုတာ အတော်များတဲ့ပိုက်ဆံဆရာ။ ဒါနဲ့ ကျွန်တော်လည်း အိမ်ကိုပြန်တွန်းလာတယ်။ မိန်းမက ဘာလုပ်တာလဲပေါ့။ အဲဒါ နင့်အတွက်ပဲလို့ပြောလိုက်တယ်"

ကိုအေးသည် ကွမ်းယာလှည်းကို ပြန်လည် မွမ်းမံသည်။ အမိုးကိုပြင်ဆင်သည်၊ အကာကို ရေနံချေးသုတ်သည်၊ ဘီးများကို အမဲဆီထည့်သည်။ အတွင်းမှာ ဆေးသုတ်သည်။ မကြာမီ လှည်းက ကြည့်ပျော်ရှုပျော်ဖြစ်သွားသည်။ကုလားများလုပ်သည့်အတိုင်း ပစ္စည်းစုံတင်သည်။ ကွမ်းယာအစိကမှ ကွမ်းယာတင်သည်။ သူကိုယ်တိုင်ကွမ်းစားသူဖြစ်ခြင်းကြောင့် လိုအပ်သည်များကိုသိသည်၊ ခဲတံ၊ ခဲဖျက်၊ တံဆိပ်ခေါင်း၊ ဗလာစာအုပ်အစုံတင်သည်။ ငှက်ပျောသီးတင်သည်။သကြားလုံးတင်သည်။ ချိုချဉ်ထုပ်များချိတ်သည်။ အုန်းဆံကြိုးခွေတစ်ခွေဝယ်ပြီး အဖျားတွင်မီးညှိပြီး ဆိုင်ရှေ့တွင်ချိတ်လိုက်သောအခါ သူ့လှည်းမှာ ကုလားများ၏ ကွမ်းယာလှည်းအတိုင်းဖြစ်သွားတော့သည်။ ထိုလှည်းပေါ်တွင် သူရုံးကပြန်လာလျှင်ထိုင်သည်။ သူရုံးသွားလျှင် မိန်းမကိုရောင်းခိုင်းသည်။

အစပိုင်းတွင် မိန်းမက လှည်းကြီးပေါ်တွင်ထိုင်ပြီး ရောင်းရသည်ကိုရှက်သည်၊ သို့သော်လည်း ကိုအေးက အသေအချာပြင်ဆင်ပြီး ကိုယ်တိုင်ထိုင်ရောင်းသည်၊ မိန်းမကတော့ ကြည့်၍သာနေသည်။ ထိုစဉ်က လမ်းထဲတွင် စတိုးဆိုင်ကလည်းမရှိသေးရာ ကိုအေး၏ကွမ်းယာလှည်းမှာ မီနီမားကတ်ဖြစ်နေသည်။ လိုတာအကုန်ရသည်။ ထိုသို့ရောင်းကောင်းလာသောအခါ မိန်းမက စိတ်ဝင်စားလာသဖြင့် ဆိုင်ကလေးကို မိန်းမကိုလွှဲပေးလိုက်သည်၊ သို့နှင့် လင်ရောမယားပါ တစ်ပြိုင်နက် အလုပ်ရသွားတော့သည်။

ထိုသို့ လင်မယားနှစ်ယောက် အလုပ်ကောင်းလာစဉ်မှာ ကိုအေးက နယ်ပြောင်းကျလာခြင်းဖြစ်သည်၊ ပထမတော့ စိတ်ပျက်သွားသည်။ ရန်ကုန်မှာ အတော်အခြေကျနေ၍ဖြစ်လေသည်၊ သို့သော်လည်း ဝန်ထမ်းဘဝဆိုတာ ပြောင်းဆိုလျှင် ပြောင်းရသည်ဖြစ်ရာ စိတ်မကြည်မလင်နှင့်ပြောင်းလာရသည်၊ သို့သော်လည်း ဒီကိုရောက်တော့ ရန်ကုန်မှာလိုမဟုတ်ဘဲ လေယာဉ်ကွင်းကို အလုပ်ဆင်းလိုက်၊ ကားဂိတ်ကို အလုပ်ဆင်းလိုက်၊ ကြို့သုံးပင်ဟုခေါ်သော သူတို့အမှုထမ်းများချည်းဆင်းရသောဂိတ်ကိုဆင်းလိုက်နှင့် တစ်လှည့်စီဆင်းနေရရာ လူအုပ်နှင့်တရှန်းရှန်းသွားလာနေရသဖြင့် စိတ်အပြောင်းအလဲဖြစ်ပြီး ပျော်သွားတော့သည်။သို့သော်လည်း ညကင်းစောင့်ရသောအခါတွင် သူ



www.burmeseclassic.com

www.burmeseclassic.com

သည် ယခင်ကအကျင့်ရှိနေသောကြောင့် တစ်ညလုံးမအိပ်ဘဲစောင့်နိုင်လေသည်။

တစ်ရက်တွင် တောင်ပေါ်ကင်း သွားကြရ သည်။ သူက ရုံးရှေ့ဂိတ်တွင် တာဝန်ကျနေသောကြောင့် သူ့ကိုပါခေါ် သွားကြ သည်။

ကိုအေးသည် ထုံးစံအတိုင်း စစ်သဏ္ဍာလတ်အင်္ကျီ၊ ဘောင်းဘီရှည်ကြီးနှင့် ခြေထောက်တွင်လည်း စစ်သည်ရှည် ဖိနပ်ကြီးကိုစီးထားသည်။ ရုံးကားက ကားလမ်းဆုံးအောင်မောင်းပို့ပြီးသော အခါပြန်သွားသည်။ တောင်ပေါ် လမ်းကို ခြေကျင်တက်ကြရသည်။ အားလုံးကိုယ့်သေနတ်ကိုကိုယ်ထမ်းပြီး ကုန်းရုန်းတက်ကြရပါသည်။ ကိုအေးလည်း လိုက်တက်လာသည်။ တောင်ပေါ်ရောက်တော့ ရွာတစ်ရွာအလွန် ဗိုလ်တဲတစ်ခုမှာ စခန်းချကြသည်။ ထမင်းချက်စားသည်။ ကိုအေးသည် အေးအေးဆေးဆေးပင် လုပ်စရာရှိသည်များကို ဝိုင်းဝန်းလုပ်ဆောင်ပေးနေသည်။ ထိုရွာတွင် ညနေစောင်းအောင်နေပြီး မိုးချုပ်မှပြန်ဆင်းလာကြသည်။ ရုံးကားက တောင်ခြေမှာ စောင့်နေသည်။ ကားပေါ်တက်ပြီး ပြန်လာကြသည်။ ရုံးပြန်ရောက်တော့ အားလုံးခြေကုန်လက်ပန်းကျနေလေပြီ။ အထုပ်အပိုးဖြေကြ၊ ပါလာသည့်သေနတ်များကိုအပ်ကြနှင့် ကိုအေးသည် ထိုအခါကျမှ ခြေထောက်ကို ဖိနပ်မှချွတ်၍ပြသည်။ သူသည် စစ်ဖိနပ်ကြီးကို ခြေအိတ်မပါဘဲစီးထားရာ တောင်ပေါ်တက်သောအခါ ဖိနပ်က သားရေဖိနပ်ဖြစ်၍ ခြေထောက်ကိုတိုက်စားပြီး ခြေခုံ၊ ခြေချောင်းများသည် အရေခွံစုတ်ပြီး အသားနီလန်နေလေသည်။ ထိုသို့အသားနီလန်နေသော်လည်း ကိုအေးသည် မညည်းမညူ နာသည်ဟုတစ်ခွန်းမပြောဘဲ သည်အတိုင်း နောက်ကလိုက်နေခြင်း ဖြစ်သည်။

"ခင်ဗျားဗျာ ဒါလောက်ဖြစ်နေတာ ပြောရောပေါ့"

"ဟဲဟဲ - ရပါတယ် ချာရယ်၊ နက်ဖြန်ဆိုရင်ပျောက်သွားမှာပါ"

ကိုအေးသည် ထိုကဲ့သို့လူမျိုးဖြစ်သည်။ နာသည်ကျင်သည်လည်းမပြော၊ ပင်ပန်းသည်လည်းမပြော၊ မည်သည့်အခါမျှ စောဒကတက်လေ့မရှိဘဲ ကြုံရာကျပန်းကို ခိုင်းသမျှ မညည်းမညူလုပ်သူ ဖြစ်လေသည်။

တစ်ရက်တွင် ကိုအေးသည် ကြို့သုံးပင်ခေါ် သည့် ကင်းစခန်းတစ်ခုတွင် တာဝန်ကျသည်။ ထိုကင်းစခန်းသည် ချင်းတောင်ပေါ် သို့တက်သည့်လမ်းတွင်ရှိပြီး မြို့နယ်ဆုံးတွင် တည်ရှိသည်။ ထိုကင်းစခန်းထားရှိခြင်းမှာ မဏိပူရဟုခေါ် သောအိန္ဒိယပြည်နယ်မှ ချင်းတောင်ကို ကျော်ဖြတ်ပြီး မှောင်ခိုအထမ်းသမားများ ဝင်လာတတ်သောကြောင့် ဖြစ်သည်။ ထိုစခန်းတွင် တာဝန်ကျပါက အစဉ် နိုးနိုးကြားကြားရှိနေရန် လိုအပ်ပြီး လိုအပ်ပါက အတူတွဲဖက်တာဝန်ကျသောရဲထပ်ဖွဲ့မှတပ်သားကိုခေါ်ပြီး လှည့်ကင်းထွက်နိုင်လေသည်။ မကြာခဏ ချည်ချောထုပ်များမိသည်။ ချည်ချောထုပ်ဆိုသည်မှာ ရက်ကန်းစင်ပေါ် တင်ပြီး လုံချည်ရက်သောချည်မျှင်များဖြစ်သည်။ အဖိုးတန်သည်။ အပ်ချုပ်စက်ခေါင်းများမိသည်။

ကျွန်တော့်ကို တစ်နေ့ ထိုစခန်းသို့ တာဝန်ချထားသည်။ စင်စစ်တွင် ထိုစခန်းမှာ အရာရှိများကိုတာဝန်ချထားလေ့မရှိဘဲ သူတို့အမှုထမ်းများကိုသာ တာဝန်ချထားတတ်သည့် ကင်းစခန်းဖြစ်သည်။ မဏိပူရခေါ် အိန္ဒိယဘက်ခြမ်းဒေသမှ စိန်များဝင်နေသည်ဟုသတင်းရထားသဖြင့် ကျွန်တော့်အား တာဝန်ချထားခြင်းဖြစ်သည်။ ကျွန်တော်၏တာဝန်မှာ မဏိပူရဘက်မှ ခရီးသည်များပြန်လာလျှင် တစေ့တစောင်းစောင့်ကြည့်ရန် ဖြစ်သည်။ သို့သော် ထိုသတင်းပေါက်ကြားသွားမည်စိုးသောကြောင့် ကိုအေးကိုလည်းမပြောဘဲ အလည်လာသောသဘောနှင့် ကြို့သုံးပင်စခန်းတွင် နှစ်ရက်၊ သုံးရက်လောက်သွားနေသည်။ ကျွန်တော်သည် ကင်းစခန်းရှေ့သို့ နယ်ခြားမှကားများဝင်လာလျှင် သူတို့စစ်ဆေးနေသည်ကို တစေ့တစောင်းစောင့်ကြည့်သည်။ စိန်သယ်သည့်မှောင်ခိုသမားများမှာ လူရည်သန့်များဖြစ်ရာ အခြားခရီးသည်များနှင့်မတူသဖြင့် မြင်ရုံဖြင့်သိသည်။ ကားအဝင်၊ အထွက်မရှိလျှင် ရွာထဲသို့ သွားလည်နေတတ်ပါသည်။

ကြို့သုံးပင်ရွာတွင်း သွားရောက်လည်ပတ်နေစဉ်တွင် အထူးအဆန်းတစ်ခုကြုံရသည်။ သတင်းစာတစ်စောင်လျှင် ကြက်ဥ (၁၀)လုံးနှင့်လဲရခြင်းဖြစ်သည်။ ရွာသူရွာသားများမှာ ပွတ်ချွန်းဆေးလိပ်သောက်သောအကျင့်ရှိသည်။ ပွတ်ချွန်းဆေးလိပ်ဆိုသည်မှာ သတင်းစာကိုလက်ဝါးခန့်အပိုင်းကလေးဖြတ်ပြီး ထိုသတင်းစာဖြတ်ပိုင်းထဲတွင် နေလှန်းပြီး အခြောက်ခံကာ ခြေမွထားသော ဆေးရွက်ကြီးအမှုန့်များကိုထည့်၍ လိပ်ပြီးသောက်ခြင်းဖြစ်သည်။ အခြားစက္ကူများနှင့်ထည့်သောက်လျှင်ဆေးပုပ်နေပြီး သတင်းစာစက္ကူနှင့်လိပ်သောက်မှ လေးလေးပင်ပင်ရှိသည်ဟု ဆိုပါသည်။ သတင်းစာစက္ကူမှာ ပုံနှိပ်စာလုံးများရှိနေပြီး ထိုစာလုံးကိုပုံနှိပ်သော မင်ကြောင့်ပင်ဖြစ်မည် ထင်ပါသည်။

ချင်းရွာဖြစ်သောကြောင့် သတင်းစာဖတ်မည့်သူမရှိရာ သတင်းစာမှာ သူတို့အတွက် ရှားတုန်ဖြစ်သည်။ ကြက်ဥမှာ အိမ်တိုင်း ကြက်မွေးသောကြောင့် ပေါသည်။ ထို့ကြောင့် သတင်းစာတစ်စောင်လျှင် ကြက်ဥ (၁၀)လုံးနှင့် လဲခြင်းဖြစ်သည်။ ကျွန်တော်သည် ကြို့သုံးပင်ရွာတွင်ရှိနေစဉ် နေ့တိုင်း ကြက်ဥနှင့် သတင်းစာလဲပြီး စခန်းပြန်ရောက်လျှင် ကြော်စား၊ ပြုတ်စားနှင့် အဆင်ပြေနေလေသည်။

သို့နှင့် ရုံးသို့ပြန်မည့်နေ့တွင် စခန်းတွင်ရှိသော သတင်းစာများကို ယူပြီး ကြက်ဥနှင့် နေ့စဉ်လဲနေသော အိမ်သို့သွားကာ သတင်းစာများကိုပေးလိုက်သည်။ ထိုအခါ အိမ်ရှင်အဘိုးကြီးသည် အလွန်ဝမ်းသာသွားပြီး ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောနေသည်။ ထို့နောက် နောက်ဖေးသို့ဝင်သွားကာ ကြက်တစ်ကောင်ပိုက်ပြီး ပြန်လာသည်။ ကျွန်တော်ပေးသော သတင်းစာကများနေသဖြင့် သူ့မှာပေးရန် ကြက်ဥမရှိသောကြောင့် သည်ကြက်ကိုယူပါဟု ပေးနေခြင်းဖြစ်သည်။ ကျွန်တော်က မယူပါဆိုလျှင်လည်း မရပေ။ နောက်ဆုံးအကြံရသဖြင့် ထိုအဘိုးကြီးအိမ်တွင် တွေ့ရသော ကလေးတစ်ယောက်ကို ခေါ်ပြီး သူ့ကိုပေးထားပါ။ မွေးဘက်ပေးထားမည်ဆိုမှရတော့သည်။ ထိုအခါကျမှ ကြက်နှင့် သတင်းစာအလဲအလှယ်ကိစ္စလည်းပြီးတော့သည်။

သို့သော် သည်ကိစ္စမှာ သည်တွင်မဆုံးပေ။ ကျွန်တော် ရုံးသို့ပြန်လာပြီး စိတ်အထင် သုံး၊ လေးလခန့်အကြာတွင် ချင်းအဘိုးကြီးတစ်ယောက် ပလိုင်းတစ်လုံးကိုလွယ်ပြီး ရုံးဝင်းထဲသို့ဝင်လာသည်။ ရုံးစောင့်ကမေးမြန်းနေသဖြင့် ကျွန်တော်အနီးသို့ရောက်သွားရာ ကြို့သုံးပင်ရွာမှ ချင်းအဘိုးကြီးဖြစ်နေသည်။ ကျွန်တော့်ကိုတွေ့တော့ သူ့မှာ ဝမ်းသာအားရဖြစ်နေသည်။ ပြီးမှ သူလွယ်လာသောပလိုင်းထဲမှ ကြက်များကိုထုတ်ပေးသည်။ အား

www.burmeseclassic.com

လုံး ငါးကောင်ခန့်ရှိမည်။ ကျွန်တော်က ဘာလဲဆိုတော့ မွေးဘက်ပေးထားသော ကြက်မှပေါက်ဖွားသောကြက်များဖြစ်သည်။ တစ်ဝက်ယူထားပြီး ကျန်တစ်ဝက်ကိုလာပေးခြင်းဖြစ်သည်ဟု ပြောပါသည်။ ကျွန်တော့်မှာ အံ့ဩနေရသည်။ မယူပါဆိုလျှင်လည်းမရပေ။ ထို့ကြောင့် သူပေးသောကြက်များကိုယူထားပြီး ရုံးဝင်းထဲတွင် လွှတ်လိုက်ရသည်။ သူ့ကိုလည်း နောက်လာမပေးပါနှင့်တော့ ကျေပါပြီဟုပြောလိုက်ရသည်။ ကြို့သုံးပင်စခန်းတွင် ကြက်ဥနှင့်သတင်းစာလဲသည့်ဇာတ်လမ်းမှာလည်း ထိုအခါကျမှ တကယ်ပြီးတော့သည်။ အလွန်ရိုးသည့်ချင်းများဖြစ်ပေသည်။

သည်လိုနှင့် ကိုအေးနှင့်ကျွန်တော်သည် (၂)နှစ်လောက်တွဲပြီး လူချင်းကွဲသွားသည်။ သူလည်း တာဝန်ကျရာအရပ်လျှောက်သွားနေသည်။ကျွန်တော်လည်း တာဝန်ကျရာအရပ်သို့ သွားနေရသည်။ လူချင်းမဆုံကြတော့ပါ။

နောက်နှစ်အတန်ငယ်ကြာသောအခါ ကျွန်တော်က ရုံးချုပ်တွင် ရုံးထိုင်တာဝန်ပြန်ကျသည်။ ကိုအေးက တင်းအဖွဲ့ဟုခေါ်သောနေရာတွင် တာဝန်ပြန်ကျ၏။ ကင်းအဖွဲ့ဆိုသည်မှာ လေဆိပ်၊ ရေဆိပ်၊ စက်လှေဆိပ် စသည်ဖြင့် ဆိပ်ကမ်းအမျိုးမျိုးရှိရာတွင် လှည့်ကင်းသဘောဖြင့် တာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ ရုံးတာဝန်ကျသောကျွန်တော်နှင့် တစ်ရုံးတည်းအတူရှိနေသော်လည်း ဌာနခွဲခြင်းမတူသဖြင့် မတွေ့ဖြစ်တော့ပါ။

သို့သော် တစ်နေ့တွင် ကျွန်တော့်ရုံးခန်းအတွင်းသို့ ကိုအေး၏မိန်းမ ဒေါ်အေးမြင့် ရောက်လာသည်။

"ဟော - ဒေါ်အေးမြင့်ပါလား။ လာ ထိုင်၊ ဘယ်ကလှည့်လာတာတုံး"

"ဘယ်ကမှလှည့်လာတာမဟုတ်ဘူး၊ ဆရာ့ဆီကိုလာတာ"

"ဩော်- ဟုတ်လား။ ဒါဆိုပြောပါဦး။ ဘာလုပ်ပေးရမှာတုံး"

"ဆရာ့ဆီမှာ သက်သာဆိုင်က စာအုပ်လာတောင်းတာ၊ အိမ်မှာ ကလေးတွေကများလာပြီဆိုတော့ စားအိုးကြီးလာပြီ။ ကိုအေးလုပ်စာနဲ့တင်မရတော့လို့ ဆရာ့ဆီမှာ စာအုပ်လာတောင်းတာ၊ ဆရာထုတ်သလား"

ထိုစဉ်က ရုံးတွင် ဝန်ထမ်းတစ်ယောက်ကို ဆန် (၅) ပြည်နှင့် ဆီတစ်ပိဿာပေးသည်။ သက်သာဆောင်ချိရေးဌာနက စာအုပ်ဖြင့်ပေးခြင်းဖြစ်သည်။ ဆန်ကဆန်ကြမ်းဖြစ်ပြီး ဆီက စားအုန်းဆီဖြစ်ရာ ကျွန်တော်မယူဘဲ ရုံးကားမောင်းသူကို ပေးထားသည်။

"မထုတ်ပါဘူးဗျာ၊ ဒီလိုပဲ တောင်းတဲ့သူရှိရင် ပေးလိုက်တာပါပဲ"

"ဆရာ ဘယ်သူ့ကိုပေးထားလဲ။ ကျွန်မလည်းလိုချင်လို့"

"ဩော်- ဒါလား။ ကျွန်တော် ကားသမား သန်းစိန်ကို စာအုပ်ပေးထားတယ်။ ခင်ဗျား သူ့ဆီကိုသွားလိုက်၊ သူနဲ့ ညှိပြီး သူဆန်ယူရင် ခင်ဗျားဆီယူ၊ သူဆီယူရင် ခင်ဗျား ဆန်ယူလိုက်ကြ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မသန်းစိန်နဲ့ ညှိပြီးထုတ်လိုက်မယ်။ ကျေးဇူးပဲ ဆရာရေ"

"အင်း - ကဲ ကဲ သွားပေတော့။ ကိုအေးနဲ့လည်း မတွေ့တာကြာပြီ။ ကျွန်တော့်ဆီလာဖို့ပြောလိုက်ဦး"

"ဟုတ်ကဲ့ ဆရာ၊ ပြောလိုက်မယ်။ သွားမယ်နော်"

ကျွန်တော်တို့ ဝန်ထမ်းလောကသည်လိုပဲဖြစ်သည်။ မရှိအတူရှိအတူ မျှတစားသောက်ကြခြင်း ဖြစ်သည်။ ကျွန်တော် ရှမ်းပြည်နယ်ရောက်စဉ်ကလည်း သည်အလုပ်မျိုးကြုံဖူးသည်။ ရှမ်းပြည်နယ်တွင် တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းများရှိသည်။ ဆင်းရဲကြဖါသည်။ သည့်ကြားထဲ ဘုန်းကြီးက တောင်ပေါ်သား မိဘမဲ့ကလေးများကို ကျောင်းတွင်ခေါ်ထားပြီး စောင့်ရှောက်ထားသေးရာ သူတို့၏စားဝတ်နေရေးမှာ အမြဲလိုအပ်နေသည်။ ဒေသတွင်ရောက်နေသောမြန်မာဝန်ထမ်းများက အမြဲလှူရ၏။ ထိုစဉ်က ရုံးတွင် အရာရှိများရှိရာ သူတို့ထံမှ ဆန်နှင့် ဆီကိုအလှူခံပြီး ဘုန်းကြီးကျောင်းကိုလစဉ်လှူသည်။ ဆန်က ဆန်ကြမ်းဖြစ်သော်လည်း ဘုန်းကြီးကျောင်းမှာတော့ ကျောင်းသားတွေ၊ ကိုရင်တွေက အများသားဖြစ်ရာ ကျွန်တော်တို့လှူသော ဆန် (၂) အိတ်နှင့် ဆီ (၂) ပုံးသည် သူတို့အတွက်တော့ အတော်လေးအထောက်အကူဖြစ်ပေသည်။

သည်လိုနှင့် တစ်နေ့တွင် ကင်းရုံးက အရာရှိ ကမန်းကတန်းရောက်လာပြီး ပြောသည်။

"မောင်အေးက ဆရာနဲ့တွဲဖူးတော့ ဆရာ့ကိုပဲပြောရမှာပဲ"

"ဘာများတုံး၊ မောင်အေးက ဘာဖြစ်လို့တုံး"

"ဆရာ့လူ ရုံးကိုမလာတာ (၂) ပတ်ကျော်သွားပြီ။ သူ့ကို တာဝန်ချထို့မရဘူးဖြစ်နေတယ်"

"ဟင် - ဘယ်လိုဖြစ်လို့တုံး။ (၃) ပတ် (၂၁)ရက်ဆိုရင် အလုပ်ပြုတ်တယ်နော်"

"အဲဒါပေါ့ ဆရာရယ်၊ သူက ရုံးလည်းမလာ၊ ခွင့်လည်းမတိုင်နဲ့ ဘယ်ပျောက်နေတယ်မသိဘူးဖြစ်နေတယ်"

"သူ့အိမ်ကရော ရုံးကိုဆက်သွယ်သေးလား။ ဘာများဖြစ်နေလဲ"

"ဒီလိုလည်းမဆက်သွယ်ဘူး"

"ဟာ- ဒါဆိုရင် ဝကျနေတာပေါ့။ နေပါဦး၊ ဒီလူက ဒီလိုပဲ တစ်ဖွတ်ထိုးလိုက်တတ်တယ်၊ မောင်ရင်တို့ထိန်းထားဦး၊ ကိုယ်ကြည့်ပါဦးမယ်"

ကိုအေး ကျောက်မြောင်းတွင် နေထိုင်ကြောင်းသိသည်။ ဘယ်လမ်းမှာနေသည်ကိုတော့ မသိသဖြင့် ဟိုလူဒီလူတို့မေးရသည်။ နောက်ဆုံး ကျောက်မြောင်း သတိပဋ္ဌာန်လမ်းတွင်နေကြောင်းသိရသည်။ ထို့ကြောင့် ညနေ ရုံးဆင်းသော် ကျောက်မြောင်းဘက် ထွက်လာလိုက်သည်။ သို့သော် အိမ်နံပါတ်မသိသဖြင့် လမ်းထိပ်တွင်ကားရပ်ပြီး လမ်းအတိုင်း တဖြည်းဖြည်း လမ်းအတွင်း ဘေးဘယ်ညာကြည့်ရင်းလျှောက်လာလိုက်သည်။

လမ်းအတွင်းဝင်လာပြီး လမ်းအလယ်လောက်ရောက်သောအခါ အိမ်တစ်အိမ်ကိုဖျက်ပြီး တိုက်အိမ်ဆောက်နေသော ဆောက်လက်စ တိုက်သစ်တစ်လုံးအနီးသို့ ရောက်သွားသည်။ ဒီနေရာမှာ ဝင်မေးဦးမှပဲဟုတွေးပြီး ခြံထောင့်တွင်ရှိသော အစောင့်အိမ်ကလေးဆီသို့ လျှောက်လာလိုက်သည်။ ထိုအခါတွင် အလုပ်သမားများနှင့်ရောထိုင်ပြီး ရေနွေးကြမ်းသောက်နေသော ကိုအေးကို အခန့်သားတွေ့လိုက်ရတော့သည်။

"ဟိတ်-ကိုအေး၊ အမယ်လေးဗျာ ရှာလိုက်ရတာ"

"ဟာ - ချရာပါလား။ လာထိုင် ရေနွေးသောက်။ ဘယ်ကတယ်ဗျ ရောက်လာတာတုံး ချာ"

"ဒီမယ် ကိုအေး၊ ဘယ်လိုရောက် လာတာ အသာထား၊ ခင်ဗျားဘာဖြစ်လို့ ရုံးမတက်လဲ။ ရုံးမှာ ခင်ဗျားမလာလို့ ခေါင်းတောက်နေပြီ။ ခက်တဲ့လူပဲ"

ကိုအေးသည် ကျွန်တော်ပြောသည်ကို အပြုံးမပျက် နားထောင်နေသည်။ ပြီးမှ -

"ဟား ဟား၊ မောင်အေး တ...

www.burmeseclassic.com

## မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာ တည်သောအခါ သြဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော သစ်ပင်၊ ပန်းပင်၊ နွယ်ပင်တို့သည် ဆေးပင်အတိသာဖြစ်ကြပါ၏။ ဆေးပင်တို့သည် လူသားတို့အား အကူအညီပေးရန် စောင့်မျှော်လျက်ရှိကြ၏။ အချို့ဆေးပင်တို့သည် တန်ဖိုးမြင့်မားပြီး လူသိနည်းကြ၏။ လူသိနည်းသောဆေးပင်တို့သည် အဖိုးအနဂ္ဃထိုက်တန်ကြ၏။

တစ်နည်းဆိုရလျှင် မြွေ၊ ကင်းစသော အဆိပ်ထန်သောသတ္တဝါတို့၏ အဆိပ်များကိုပြေပျောက်စေရန် ဆေးပင်တို့ကို လူသားတို့များစွာအလိုရှိကြ၏။ ထိုဆေးပင်တို့ကိုသိရန် ကြိုးစားကြ၏။ သို့သော် ထိုဆေးပင်တို့ကိုသိသောသူတို့က လျှို့လျှို့ဝှက်ဝှက် အသုံးပြုခဲ့ကြ၏။ ယင်းကြောင့်လည်း ထိုဆေးပင်တို့ကို လူသိနည်းကြ၏။

အဆိပ်ပြေဆေးများအနက်မှ အဆိပ်နိုင်ဆေးတစ်ပင်အကြောင်းကို တင်ပြပါမည်။

**၁။ ဆေးပင်၏ပုံသဏ္ဌာန်**

အဆိပ်နိုင်ဆေးပင်သည် နွယ်ယောင်ပင်ရောင်ဖြစ်၍ ချုံဆန်သော အပင်ဖြစ်သည်။ ရိုးတံမှာ ကျစ်လျစ်မာကျောပြီး အစိမ်းရင့်ရောင်ဖြစ်၏။ နွယ်မျိုးဟုဆိုရသော်လည်း ခိုင်မာသော ရိုးတံရှိသဖြင့် ပုဏ္ဏရိက်ပင်ကဲ့သို့ အခြားသောအပင်များကိုမှီခို၍ ပေါက်ရောက်တတ်သောအပင်မဟုတ်ပေ။ မျိုးတူချင်းသာစုပေါင်း၍ ပေါက်တတ်သောအပင်ဖြစ်သည်။

---

ဖြစ်ပီလေ၊ ချာအေး ရုံးမသွားတော့ဘူး။ ဒီမှာပဲနေနေပြီ"

"ဘယ်လို ချာအေးသူဌေးဖြစ်ပြီလဲ၊ ခင်ဗျားဗျာ နောက်တီးနောက်တောက် ရုံးမတက်တာနဲ့ ဘာဆိုင်လို့လဲ"

ထိုအခါကျမှ သူက လုံးစေ့ပတ်စေ့ပြောသည်။

သည်အိမ်မှာ သူ့အမေအိမ်ဖြစ်သည်။ အမေတစ်ခုသားတစ်ခုဖြစ်ရာ အမေဆုံးတော့ ကိုအေးက အမွေရလိုက်သည်။ ပေ (၄၀)၊ ပေ (၆၀) အိမ်ကွက်တွင်ဆောက်ထားသော သစ်သား အိမ်ကလေးဖြစ်သည်။ နောက်ပိုင်းကန်ထရိုက်တွေပေါ်လာသောအခါတွင် တစ်ခြမ်းပေးတစ်ခြမ်းယူနှင့် တိုက်ဆောက်မလားဟု ကမ်းလှမ်းခြင်းခံရသည်။ ငါးထပ်တိုက်ဆောက်မည်။ တစ်ခြမ်းရမည်။ အိမ်ပြောင်းရွှေ့ခဆယ်သိန်းလည်းရမည်ဟုဆိုသောအခါ ကိုအေး သဘောတူသွားသည်။ ယခုအခါ စာချုပ်ချုပ်ပြီး အိမ်ဆောက်နေခြင်းဖြစ်သည်။ လက်ထဲမှာ တစ်ခါမှလည်း သိန်းနှင့်ချီ၍ ကိုင်ဖူးခြင်းမရှိရာ ယခုလိုပေးတော့ ကျေနပ်သွားသည်။ မိန်းမနှင့် ကလေးများကို နတ်ချောင်းလမ်း ရှိ မိန်းမ၏အစ်မအိမ်တွင် ပို့ထားလိုက်ပြီး သူကတော့ တိုက်ဆောက်နေသောနေရာမှာပင် ပန်းရန်များနှင့်ရောနေသည်။ ထိုနေရာမှာပင်အိပ်သည်။ ထမင်းကိုချိုင့်ဆွဲစားသည်။ ရုံးကိုလည်း မသွားတော့ပေ။

"ဘာလို့ ရုံးကိုသွားမလဲ ဆရာ။ ဒီမှာအဆင်ပြေနေပြီ။ ရုံးမှာရှိတုန်းက ဟိုနယ်ကိုသွားခိုင်းလိုက်၊ ဒီနယ်ကိုသွားခိုင်းလိုက်၊ ပြန်လာလိုက်။ ဒီကျတော့လည်း သဘောကြီးဆင်းလိုက်၊ စက်လှေဆင်းလိုက်နဲ့၊ စစ်ဆင်ရေးဆိုပြီး ရထားနဲ့လိုက်လို့လိုက်ရနဲ့ ပတ်ချာကိုလည်နေတာ။ ပိုက်ဆံလည်း တစ်ပြားရတာမဟုတ်ဘူး။ အခုဆိုရင် ကျွန်တော့်မှာ လက်ငင်းငွေဆယ်သိန်းရနေပြီ။ တိုက်ပြီးရင် တစ်ခြမ်းရမယ်။ နှစ်ခန်းနေပြီး သုံးခန်းရောင်းလိုက်ရင် သိန်း (၄၀၀-၅၀၀) လောက်ရမယ်။ ဆရာ့ရုံးမှာနေလို့ ဘယ်လောက်ရမှာလဲ။ ကျွန်တော်မလာတော့ဘူး ချရာ"

သူက ဈေးတွက်တွက်ပြီးပြောနေခြင်းဖြစ်သည်။ သူ့အတွေးနှင့်သူကတော့ ဟုတ်နေလေသည်။ သူကိုယ်သူဝန်ထမ်းဖြစ်သည်ဆိုသည်ကိုလည်း သတိမရတော့ပေ။

"မဟုတ်ဘူးလေ၊ ခင်ဗျားက ဝန်ထမ်းပဲ။ ဒီမှာရတာလည်း ရတာပေါ့။ ရုံးကိုလာပြီး သတင်းပို့၊ မလုပ်ချင်တော့ဘူးဆိုရင်လည်း စာတင်ပြီးထွက်ပေါ့။ ဒီလို ဖြုန်းစားကြီး ရုံးမတက်ဘာမတက်နဲ့မရဘူးလေ။ ဝန်ထမ်းစည်းမျဉ်းကရှိသေးတယ်မဟုတ်လား။ ခင်ဗျားထွက်စာတင်ပြီးမှထွက်ရင် ပင်စင်လည်းရဦးမယ်"

"ချာရေ ရုံးကလူတွေလည်း ကျွန်တော်မတွေ့ချင်တော့ဘူး၊ ပင်စင်တွေဘာတွေလဲ မတင်ချင်တော့ပါဘူး။ ချာအေး တဌေးဖစ်ပီလေ ဟား ဟား ဟား"

ကိုအေးသည် ကျွန်တော်ပြောနေသော ဝန်ထမ်းစည်းမျဉ်းကိုလည်း နားမဝင်တော့။ နောက်မှရမည့် ပင်စင်သုံး၊ လေးရာကိုလည်း မမြင်တော့ပေ။ လက်ငင်းရသော ငွေဆယ်သိန်းကိုပိုက်၊ နောင်တိုက်ဆောက်ပြီးလျှင်ရမည့် ငွေသိန်းရာကျော်ကိုမျှော်ကိုးပြီး သူဌေးဖြစ်ပြီဆိုကာ တဟဲဟဲနှင့်သာ ရယ်နေတော့သည်။ သို့နှင့် ကျွန်တော် ပြန်ခဲ့သည်။ သို့သော်လည်း မဖြစ်သေးပါဘူးလေဆိုပြီး သူ့မိန်းမကိုခေါ်၍ ထွက်စာရေးခိုင်းပြီးတင်ပေးလိုက်သည်။ လုပ်သက်က နှစ် (၃၀) ကျော်သောကြောင့် ပင်စင်ရသွားပါသည်။

ကျွန်တော်ကတော့ သူ့အကြောင်းကိုတွေးမိတိုင်း -

"ချာအေး တဌေးဖစ်ပီလေ"

ဟု ပြောပြီး ကွမ်းချိုးကပ်နေသော သွားများဖြင့် တဟဲဟဲရယ်နေသော ကိုအေးကိုသာ မြင်ယောင်နေမိပါတော့သည်။

မဟာသူ


www.burmeseclassic.com

www.burmeseclassic.com

□ အရွက်၏ပုံသဏ္ဌာန်

သွယ်ချွန်းသော သန်လျက်ပုံရှိသော်လည်း နူးညံ့ပျော့ပျောင်းသော အရွက်ဖြစ်၏။ အရောင်မှာ အရိုးထက် အရောင်ဖျော့၏။ အရွက်ပုံမှာ ဒေါ်းသို့ ကားလျက် ရွက်ညှာချင်းဆိုင်၍ ပေါက်သည်။ အရွက်၏ အရွယ်အစားသည် ဖြတ်တစ်လက်မမျှရှိ၍ အလျား (၃)၊ (၄) လက်မခန့်ရှည်၏။

□ အဆိပ်နိုင်ပင်၏ ဆေးအသုံးဝင်ပုံ


ပျား၊ ပိတုန်း၊ ကင်း၊ မြွေ စသော အဆိပ်ရှိသတ္တဝါများကိုက်လျှင် ကိုက်သောနေရာ၌ ၎င်းအရွက်ကိုဝါး၍လိမ်းပေးပြီးနောက် အုံပြီးစည်းနှောင်၍ထားပါ။

အထူးသဖြင့် မြွေစိမ်းမြီးခြောက်ကိုက်သောအခါ အထက်ဖော်ပြပါအတိုင်းပြုလုပ်၍ပေးပါလျှင် တစ်ခဏချင်း အုံညြဖွယ်ရာ ထူးခြားသက်သာ၍ သွားနိုင်သောစွမ်းရည်ဖြင့် ပြည့်စုံသော ဆေးပင် ဖြစ်သည်။

အဆိပ်ဖြေဂမုန်း (၁)

□ ပုံသဏ္ဌာန်

ထိုအပင်သည် ဆိတ်ဖူးပင်မျှ လောက်ရှိ၏။ အပင်ရောဥပါ ဆိတ်ဖူး



အဆိပ်ဖြေဂမုန်း (၁)

ပင်နှင့်လုံးဝတူ၏။ သို့သော် ၎င်း၏ ဥမှာ ကြက်သွေးရောင်၊ အချို့မှာ ကြက်၏ အသည်းအရောင် ရှိ၏။ ဆိတ်ဖူးဥကား အဝါရောင်ရှိ၏။ အရွက်မှာ ဓာတ်ဖက်စောင်းလျက်ရှိ၏။ အောက်ကျောဘက်တွင် အနီရောင်သန်း၏။ အပွင့်မှာ ပင်ရင်း၌ အဖူးကလေးများမှထွက်ပြီးလျှင် ၎င်းအဖူးကလေးမှ သေးငယ်သော ပန်းပွင့်ကလေးများထွက်၍ပွင့်၏။ ၎င်းပန်းပွင့်၏ပုံမှာ အပေါ်ဘက်မှ ပွင့်ဖတ်ငယ် သုံးချောင်းရှိ၏။ အရောင်မှာ ဖြူ၏။ အောက်ဘက်မှ လျှာသဘောနှင့် နီညိုရောင်တစ်ဖက်ရှိ၏။

□ ဆေးပင်၏ဂုဏ်နှင့်စွမ်းရည်

ထိုဥကို မြွေ၊ ကင်း အစရှိသော အဆိပ်များပျောက်ကင်းစေရန် အပြင်ဆေးအဖြစ်လိမ်း၍ အတွင်းဆေးအဖြစ်ဖြင့်လည်း တိုက်ပေးရ၏။ အချို့တောင်ပေါ်သားများနှင့် လယ်သမားဦးကြီးတို့သည် ၎င်းအဆိပ်ဖြေဂမုန်း (ဂမုန်းကြက်သွေးပင်ကို မိမိတို့၏အိမ်ရာများ၊ တဲများ၊ ချုံများ၌ အထူးအလေးပြု၍ စိုက်ထားကြသည်ကိုတွေ့ရ၏။ အကြောင်းမှာ မိမိတို့၏ ကျွဲ၊ နွားများ မြွေကိုက်သောအခါ ပဥ္စင်းပါး (၃)၊ (၄) ပင်မျှ ထောင်းထုကြိတ်ပြီးလျှင် မြွေဆိပ်ကိုနိုင်နင်းစွာ လက်တွေ့ကုသကာကွယ်ကြသောအခါ၌ အလွန်ယုံကြည်စိတ်ချရ၍ မြွေဆရာကြီးတစ်ဦးသဖွယ် အားကိုးအားထားပြုကြပြီးလျှင် စိုက်ထားကြ၏။

လူတို့ မြွေကိုက်မူ ၎င်းဥ (၈) ပဲသားမှ(၁၂)ပဲသားအထိ အရွယ်ကိုကြည့်၍တိုက်ပြီး ကိုယ်သောဒဏ်ရာကိုလိမ်းပေးခြင်း၊ ဓားနှင့်ခွဲ၍သိပ်ပေးခြင်းတို့ကို ပြုလုပ်ကြ၏။ ကင်း၊ ကမျဉ်းနီ၊ ပဆုပ်နီ၊ ပျား စသော အဆိပ်များကို ကိုက်သော ဒဏ်ရာကိုလိမ်းပေးခြင်းပြုကြရ၏။ ၎င်းဥကိုသွေး၍ လျှာကိုပွတ်၍ပေးကြ၏။ အဆိပ်မှန်သမျှပြေပေလိမ့်မည်။

အဆိပ်ဖြေဂမုန်း (၂)

ပုံသဏ္ဌာန်

အဆိပ်ဖြေဂမုန်းပင်သည် အရွက်မရှိသော အရွက်ကလေးများစုပြုံ၍ ပေါက်ကြ၏။ ပင်စည်လုံးနှင့်ရိုးတံများတွင် ရွှန်းစိုသောအရည်များ ကြာရိုးကဲ့သို့ ကိန်းအောင်းနေကြသဖြင့် ပျော့ပျောင်းနူးညံ့၍ အရည်ရွှမ်းသောသဘောရှိ



အဆိပ်ဖြေဂမုန်း (၂)

သည်။ (၁) ပေနှင့် (၂) ပေပတ်လည် အတွင်းသာ ကြီးထွားသော အပင်မျိုးဖြစ်၏။ ထိုအပင်ကို မြန်မာနိုင်ငံအထက်ပိုင်းဒေသ၌ အဆိပ်ဖြေဂမုန်းဟု ခေါ်ဆိုကြ၏။

□ ဆေးအသုံးကား

မြွေကိုက်၊ ခွေးရူးကိုက်သောအခါများတွင် အပင်ကိုထုခြေ၍အရည်ကို ညှစ်ယူပြီးလျှင် ဇွာစ်နာရီတစ်ကြိမ်တိုက်ပေးက အဆိပ်များပျက်ပြယ်၍သွားနိုင်၏။ ပျားပိတုန်း၊ ကင်းစသောအဆိပ်များ ထိုအပင်အရည်ဖြင့်ကိုက်ရာကိုလိမ်းပေးပါ။

ထိုအဆိပ်ဖြေဂမုန်းပင်မှရသော အရည် (၂) အောင်စ၊ မြေသင်းခဲ (ထွန်သွားကပ်မြေ) (၈)ပဲ၊ မည်သည့်အပင်မှဖြစ်သောရသောသစ်ရွက်စိမ်းဖြာ (၈)ပဲ၊ ကျင်ကြီးပြာ(၈)ပဲ၊ ၎င်းလေးမျိုးကိုပေါင်းစပ်ပြီး တစ်နာရီတစ်ကြိမ်ကျတိုက်ပေးပါက ပြင်းထန်သောမြွေဆိပ်၊ ခွေးရူးဆိပ် ထူးခြားစွာပျောက်ကင်းချမ်းသာပါလိမ့်မည်။

တိုင်းရင်းဆေးဗဟုသုတ ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

တိုင်းရင်းဆေးပညာရပ်များကို သေရွာသို့မယူလိုပါ။

တိုင်းရင်းဆေးအပေါ်မှာ သစ္စာရှိစွာဖြင့် -

*ကျန်းမာချမ်းသာကြပါစေ*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com




# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည့်စုံ: လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးမှတ်ပုံတင် TMR 007565 (07/14)

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရပ်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အတတ်ခြင်း၊ ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ လမ်းသွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက်မူးဝေတတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း (ဆီးဖြူခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသားအားနည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်းဆေး မှတ်ပုံတင်ထားသော **ပြည့်စုံ** လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ **ပြည့်စုံ** အမျိုးသားအားဆေးတို့ကို သုံးစွဲပြီး အကြောများပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာပျောက်ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈:၀၀) နာရီ မှ ညနေ (၄:၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

ပြည့်စုံ တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန

အမှတ်(၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



# "ကျားမှန်လျှင် အားသန်ရမည်"

ဖုးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ၊ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ်လက်ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက်... ဆေးကုသက် (၄၅) နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းအတွင်း အကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁) တို့က အကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည့်စုံ** တိုင်းရင်းအထူးကုဆေးခန်း

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊

ကျိုက္ကဆံဘုရားဝင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

အချိန်က ညနေဆည်းဆာချိန် ရွှေရောင်လွှမ်းပြီး နေမင်းကြီးက အနောက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုးရန် တာစူနေလေပြီ။ ပုစွန်ဆီရောင်တောက်ပနေသော နေမင်းကြီး၏ အလင်းရောင်ကြောင့် စိမ်းလန်းစိုပြည်နေသောတောင်ဆွယ်တောင်တန်းကြီးက ရွှေဝါရောင် ပက်ဖျန်းထားသော သဘာဝပန်းချီကားတစ်ချပ်အလား လွှမ်းမောဖွယ် ဖော်ကျူးလို့နေ၏။

မောင်မောင်နှင့် ကိုမောင်ရီတို့မှာ မလေးရှားနိုင်ငံ ပီနန်းကျွန်းဆွယ်ရှိ ဒူးရင်းခြံတစ်ခြံတွင် ခြံရှင်းဒူးရင်းကောက်ခြင်းအလုပ်ကိုလုပ်ကိုင်နေကြသောရွှေ့ပြောင်းလုပ်သားများဖြစ်ကြ၏။ မနက်တစ်ခါ၊ ညနေတစ်ခါ အလိုလျောက်ကြွေကျလာသော ဒူးရင်းသီးများကို ဝါးခြင်းကျားနှင့် လိုက်လံကောက်ရပြီး သူတို့ကောက်ပြီးသား ဒူးရင်းသီးအမှည့်များကို သူဌေးက ညနေစောင်းသည်နှင့် ဖိုးပိုးကားနှင့်လာရောက်၍ သယ်ဆောင်သွားလေသည်။ သူတို့အလုပ်လုပ်သောဒူးရင်းခြံမှာ သစ်ပင်ကြီးများနှင့်ထူထပ်အုပ်ဆိုင်းလျက်ရှိသော တောင်ကြီးတစ်တောင်ကိုမှီတင်ထားသော တောင်ငယ်လေးတစ်လုံးတွင် တည်ရှိ၏။ ထို့ကြောင့် မောင်မောင်နှင့် ကိုမောင်ရီတို့မှာ ဒူးရင်းကောက်ရင်း၊ ခြံရှင်းရင်းဖြင့် တောင်ခြေတောစပ်တွင် တုတ်ကိုင်းထောင်ရာ ယစ်တစ်ကောင်နှင့် တောကြက်တစ်ကောင်ရရှိသဖြင့် နှစ် ယောက်သားအသားဖျက်နေကြစဉ် သူဌေးသည် ကားနှင့်ရောက်ရှိလာပြီး မောင်မောင်တို့အသားဖျက်နေသည်ကို ကြည့်၍ -

"ဟော့-အမောင်လုမျှားဘာညပန်းဒိုင်ကော"

(ဟော့-အမောင်မင်းတို့တယ်ဈော်ပါလား)

သူဌေးကပြောသဖြင့် မောင်မောင်က ပြုံးပြလိုက်ပြီး -

"အီနီးကကျစ်စကြားလား ထောင်ကဲ"

(ဒါ့အသေးအမွှားလေးပဲရှိသေးတယ်နော် သူဌေး)

"ဒီယားဘာည ပန်းဒိုင်းကော"

(သူကအရမ်းတော်တယ်နော်)

"မြန်မာပြည်မှာဆို အမဲလိုက်တဲ့မုဆိုးအလုပ်လုပ်တာ"

မောင်မောင်စကားကြောင့်သူဌေးအံ့ဩသွားပြီး-



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မင်းတို့အမဲပစ်ပေးမလား ငါဈေးကောင်းပေးဝယ်မယ်"

ဟု ဆိုသဖြင့် -

"ကိုမောင်ရီ၊ သူဌေးကပြောနေတယ် သူကိုအမဲပစ်ပေးမလားတဲ့။ ရတဲ့အကောင်ကို ဈေးကောင်းပေးဝယ်မယ်တဲ့"

"ဒီတောင်ကြီးက သားရဲကောင်ကြီးတွေပေါတယ်ကွ။ ရိုင်ဖယ်တစ်လက်နဲ့နှစ်လုံးပြူးတစ်လက်လောက်ရှာပေးရင် ပစ်ပေးမယ်လို့ပြောလိုက်ကွာ"

သူဌေးနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရလိုက်သဖြင့် မောင်မောင်နှင့်ကိုမောင်ရီမှာ သူဌေးယူလာပေးသော ရိုင်ဖယ်နှင့်နှစ်လုံးပြူးသေနတ်ကို အထာသိစေရန် တဒိုင်းဒိုင်းနှင့်ပစ်ခတ်စမ်းသပ်ကြည့်ပြီး နောက်တစ်နေ့တွင် အမဲပစ်ရန် ပြင်ဆင်လိုက်ကြ၏။

မောင်မောင်တို့သူဌေးမှာ မလေးရှားနိုင်ငံသား တရုတ်လူမျိုးတစ်ယောက်ဖြစ်ပြီး သူ့တွင် ဆီအုန်းခြံ၊ ဒူရင်းခြံအပြင် ပီနန်မြို့ထဲတွင်စားသောက်ဆိုင်လည်းရှိသဖြင့် သူ့ဆိုင်တွင် တောတွင်းသားများ ရောင်းချရန်ကမ်းလှမ်းခြင်းဖြစ်သည်။

အရှေ့ဆီမှ နေမင်းကြီးက ကမ္ဘာမြေပေါ်သို့ တဖြည်းဖြည်းနှင့် ထွက်ပေါ်လို့လာသေပြီ။ တချို့ကိုတော့ ကျွန်တော့ငှက်ကလေးတို့၏အော်မြည်သံနှင့်အတူ ကမ္ဘာလောကကြီး အသက်ဝင်နိုးထလို့လာသေတော့၏။ မောင်မောင်နှင့်ကိုမောင်ရီတို့နှစ်ယောက် သေနတ်ကိုယ်စီဆွဲကိုင်လို့ တောစပ်သို့ ရောက်ရှိလာခဲ့ကြ၏။ကိုမောင်ရီ[illegible]တင်မြောက်ရေးရှိသည်တို့ကို တင်မြောက်ပသပြီးနောက် တောထဲသို့ နှစ်ယောက်သား တိုးဝင်လာခဲ့ကြသည်။ တောမှာ အတန်ငယ်အချေ

# ဇော်မင်း

(ဒဂုံ/မြောက်)

## တောလိုက်မုဆိုးနှင့်သိရိစန္ဒီ



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်သောတောမျိုးဖြစ်ပြီး သစ်ပင်ကြီးများနှင့်အုပ်ဆိုင်းလွှမ်းလျှံ၍ နေပြောက်လေးများက ဟိုတစ်ပြောက်ဒီတစ်ပြောက်။ လူသူအရောက်အပေါက်တို့မရှိသဖြင့် သတ္တဝါကောင်ငယ်လေးများ၏ အော်မြည်သံ၊ ကျေးငှက်လေးတို့တွန်ကျူးသံက သက်ဝင်လှုပ်ရှားလျက်ရှိလေ၏။ နှစ်ယောက်သား အတော်ကြာသည်အထိ တောတိုးလာခဲ့ရင်း တစ်နေရာသို့အရောက် ရှေ့မှသွားနေသော ကိုမောင်ရီက ရပ်လိုက်ကာ နောက်သို့လက်ကာပြသဖြင့် မောင်မောင်က ရပ်လိုက်၏။ ကိုမောင်ရီက မောင်မောင်ဘက်လှည့်ပြီး လေသံဖြင့် -

"ရှေ့မှာတောဝက်အုပ်အသံကြားတယ် ခြေသံမထွက်စေနဲ့"

အသာပြောပြီး ရှေ့သို့ခြေဖွနင်းကာတက်သွားသဖြင့် မောင်မောင်လည်း ခြေဖွနင်းရင်းအသာလိုက်တက်သွား၏။ ကိုမောင်ရီက သစ်ပင်ကြီးတစ်ပင်ကိုအကာအကွယ်ယူပြီးချောင်းလိုက်သဖြင့် မောင်မောင်လည်း အနားသို့ကပ်သွား၏။ တောကအခြေရှုပ်သဖြင့် မြင်ကွင်းမကောင်းသော်လည်း တောဝက်အုပ်၏ တကွိကွိတကွကွနှင့် အော်မြည်သံက အတိုင်းသား ကြားနေရ၏။ ကိုမောင်ရီက သစ်ပင်ကြီးပေါ်သို့တွယ်ကပ်တက်သွားပြီး မောင်မောင့်ကိုလည်းတက်ခိုင်းလိုက်သည်။ မောင်မောင်အပေါ်စီးမှ လှမ်းကြည့်လိုက်တော့ တောဝက်ဆယ်ကောင်လောက်နှင့် ဝက်ပေါက်ကလေးငါးကောင်လောက်ကို လှမ်းမြင်လိုက်ရ၏။ အကွာအဝေးကလည်း ပေသုံးဆယ်ထက်ပို၍ဝေးမည်မဟုတ်။ တောဝက်တို့က အေးအေးလူလူပင် မြေကိုတူးဆွစားသောက်နေကြ၏။ နှစ်ယောက်သားခွဆုံကောင်းကောင်းတွင် နေရာယူလိုက်ကြပြီး ကိုမောင်ရီက လေသံတိုးတိုးဖြင့်-

"မောင်မောင်၊ မင်းကဘယ်ဘက်အခြမ်းကအကောင်ကိုပစ်။ ငါက ညာဘက်အခြမ်းကအကောင်ကိုပစ်မယ်။ ငါအချက်ပေးတာနဲ့ ပြိုင်တူပစ်မယ် နားလည်လား"

မောင်မောင်က ခေါင်းညိတ်ပြီး တောဝက်တစ်ကောင်ကို အပိုင်ချိန်ရွယ်လိုက်၏။ ကိုမောင်ရီလည်း တောဝက်တစ်ကောင်ကိုသေချာချိန်လိုက်ပြီး လေသံတိုးတိုးဖြင့် -

"ပစ်"

"ဒိန်း ဒိန်း"

သေနတ်သံမှာ တောတစ်ခုလုံးပဲ့တင်ထပ်သွား၏။ ကျေးငှက်လေးများ အလန့်တကြားထပျံသွားကြပြီး တောကောင်ငယ်လေးများကြောက်လန့်ကာ တောတိုးသွားကြလေတော့၏။ ကိုမောင်ရီပစ်လိုက်သော တောဝက်ကောင်မှာ ဦးနှောက်ကို ဖောက်ထွက်သွားပြီး ဗိုင်းခနဲ ပစ်လဲကျသွား၏။ မောင်မောင့်ပစ်ချက်က လွဲချော်သွားသည်။ နှစ်ယောက်သား လဲကျနေသော တောဝက်ကောင်အနား ရောက်ရှိသွားကြ၏။

မောင်မောင်က -

"ကောင်းလိုက်တဲ့ ပစ်ချက်ဗျာ။ နေရာမှာဗိုင်းခနဲပဲ။ လှုပ်တောင်မလှုပ်နိုင်ဘူးဗျာ"

ကိုမောင်ရီက ပြုံးလိုက်ပြီး -

"တွေ့လား၊ မင်းဆရာ ဘယ်လောက်လက်ဆကောင်းတယ်ဆိုတာ"

"တွေ့ပါပြီဗျာ၊ တွေ့ပါပြီ"

နှစ်ယောက်သား အပြုံးကိုယ်စီနှင့် ပြောဆိုကြရင်း ကိုမောင်ရီကတောဝက်ကောင်၏ တံကောက်ကြောကိုလှီးဖြတ်လိုက်ကာ -

"လာကွာ မောင်မောင်၊ ဒီကောင်ကြီးကိုပင်ခြေပို့ထားလိုက်ရအောင်"

နှစ်ယောက်သား တောဝက်ကောင်ကြီးကို သစ်ပင်ခြေရင်းသို့ပို့ပြီး ထိုင်နားလိုက်ကြ၏။ မောင်မောင် သတင်းစာနှင့်လိပ်ထားသောပွတ်ချွန်ဆေးလိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း -

"ဒီကောင်ကြီးကို ဘယ်လိုလုပ်မလဲ။ စခန်းပြန်ပို့မလား"

"ဒီမှာပဲထားခဲ့မယ်ကွာ။ အပြန်ကျမှသယ်တာပေါ့"

နှစ်ယောက်သားခဏနားပြီးဆက်၍တောတိုးလာခဲ့ကြ၏။ ဆင်းလမ်းတိုင်းလျှောက်လာခဲ့ရင်းမှ -

"မောင်မောင်၊ ငါတို့တောင်ထိပ်ဘက်ဖြတ်တက်ကြမယ်ကွာ"

ကိုမောင်ရီ ဆင်းလမ်းအတိုင်းလျှောက်နေရာမှ ပြေပြေလေးမော့တက်နေသော တောင်ထိပ်ဘက်သို့ခြေဦးလှည့်လိုက်၏။ တောင်ကမတ်စောက်မနေဘဲ ပြေပြေလေးဖြစ်နေသော်လည်း အတန်ကြာလျှောက်မိတော့ နှစ်ယောက်သား မောဟိုက်နေကြလေပြီ။

"ကိုမောင်ရီ၊ ခဏနားရအောင်ဗျာ"

ပြောရင်း မောင်မောင်က ထိုင်ချလိုက်သဖြင့် ကိုမောင်ရီလည်း သစ်မြစ်ဆုံတစ်ခုတွင် ထိုင်ချလိုက်ရင်း ဟူးခနဲလေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။ နှစ်ယောက်သားအတန်ကြာနားလိုက်ကြပြီး တောင်ပေါ်သို့ဆက်တက်လာခဲ့ကြ၏။ တောင်ထိပ်ရောက်တော့ နေမွန်းတည့်လို့နေလေပြီ။ နှစ်ယောက်သား ပါလာသော ထမင်းထုပ်ကိုစားလိုက်ကြတာ ခဏတာမျှအနားယူလိုက်ကြ၏။ မောင်မောင် ဆေးလိပ်ဖွာနေရင်းမှ ဟိုဟိုသည်သည်ကြည့်လိုက်ရင်း -

"ဟာ - ကိုမောင်ရီ၊ ဟိုမှာကြည့်စမ်းပါဦးဗျ။ ပန်းလေးတွေအရောင်အသွေးစုံနေတာပဲ လှလိုက်တာ"

မောင်မောင်က ပြောရင်း ပန်းပင်နားသို့ရောက်သွား၏။

"ကိုမောင်ရီ လာစမ်းပါဦးဗျာ။ ဒီမှာအရမ်းထူးဆန်းတယ်"

မောင်မောင် လှမ်းခေါ်သဖြင့် ကိုမောင်ရီအနားရောက်လာပြီး -

"ဟေ့ရောင်-ဘာတွေထူးဆန်းလို့လဲ"

"ဒီမှာလေ ၊ပန်းပွင့်ကြီးကြည့်စမ်းပါဦးဗျ။ ထမင်းစားပန်းကန်ပြားတစ်ချပ်စာလောက်ရှိတယ်"

"အေးကွ ဟုတ်ပါရဲ့၊ ပွင့်ဖက်တွေကလည်း အထပ်ထပ်နဲ့တော်တော်လှတာပဲ"

"ကျူပ်တို့ခူးသွားရအောင်ဗျာ"

"ဟား - ဟေ့ရောင်မလုပ်ပါနဲ့။ ငါက တောင်စောင့်နတ်ဆီက ချီကျူးနားရွက်ပဲ့တွေပဲ တောင်းထားတာကွ။ လာကွာ၊ ဟိုမှာပြန်ထိုင်ရအောင်"

ကိုမောင်ရီ လက်ဆွဲခေါ်သဖြင့် မောင်မောင်ယက်ကန်ယက်ကန်နှင့်ပါလာခဲ့သော်လည်း ခေါင်းကလည်ပြီး ပန်းပွင့်ကြီးကိုကြည့်နေဆဲ။ နှစ်ယောက်သားထိုင်လိုက်ကြစဉ် -

"ကိုမောင်ရီ နှမြောစရာကြီးဗျာ။ ဒီပန်းမျိုးကရခဲတယ်ဗျ"

"ဟေ့ရောင် မင်းမှာသစ္စာ၊ လူမှာကတိတဲ့။ ငါကတိမဖျက်နိုင်ဘူး၊ လာကွာ ပြန်ကြမယ်"

"နေပါဦးဗျာ။ ကျွန်တော်ထပ်ကြည့်လိုက်ဦးမယ်"

"ဟေ့ရောင်မကြည့်နဲ့ကွာ"

"မခူးပါဘူးဗျ။ ကြည့်ရုံလေးပါ ကိုမောင်ရီကလည်း အဖြစ်သည်းနေလိုက်တာ"

ပြောရင်း မောင်မောင် ပန်းပွင့်ကြီးရှိရာသို့လျှောက်သွားပြီး သေသေချာချာကြည့်နေ၏။ ပန်းပွင့်ကြီးက တစ်ပင်လုံးတစ်ပွင့်တည်းပွင့်နေပြီး ရောင်စုံပွင့်ဖက်လေးတို့ဖြင့် လှချင်တိုင်းလှနေ၏။ လေ

www.burmeseclassic.com

ပြည်လေးတဖြူးဖြူးတိုက်ခတ်နေသဖြင့် ဘယ်၊ ညာလှုပ်ယမ်းလို့ ရနံ့ကလည်း မွှေးပျံ့နေသည်။ မောင်မောင် ပန်းပွင့်ကြီးကို တစ်ချက်နမ်းရှိုက်လိုက်ရင်း -

"ဟာ ဒီမှာအသီးလေးတစ်လုံးပါလား"

ပြောရင်း အသီးလေးကိုလက်ဝါးပေါ်တင်ကြည့်လိုက်ပြီး -

"ဟာ-တော်တော်ထူးဆန်းတယ်။ အသီးကလည်းမိန်းမပျို့လေးတစ်ယောက်အတိုင်းပါလား။ ထူးဆန်းလိုက်တာ၊ ကိုမောင်ရီ မသိအောင် ဒီအသီးခူးသွားမှပဲ"

ပြောရင်း အသီးကို အသာခူး၍ အင်္ကျီအိတ်ထဲအသာထည့်ကာ ကိုမောင်ရီအနားလျှောက်လာခဲ့၏။

"ကဲ-မင်းကြည့်လို့ဝပြီလား သွားကြမယ်"

ပြောရင်း ကိုမောင်ရီ သေနတ်ကိုယူကာ ထရပ်လိုက်သဖြင့် မောင်မောင်လည်း သစ်ပင်မှာမှီထားသော သေနတ်ကိုယူ၍ ရှေ့မှထွက်သွားသော ကိုမောင်ရီနောက်သို့ ခပ်သွက်သွက်လေးလိုက်သွား၏။

အခြေရှင်းသောနေရာကိုရွေး၍ နှစ်ယောက်သားလျှောက်လာခဲ့ကြ၏။ အတက်တုန်းကခဲရခဲဆစ်တက်ခဲ့ရသော်လည်း အဆင်းကျတော့ တော်တော်လေးမြန်နေသည်။ နှစ်ယောက်သားဟိုကြည့်သည်ကြည့်နှင့် လျှောက်လာခဲ့ရရင်း ကညင်ပင်ကြီးတစ်ပင်အနားအရောက် ကိုမောင်ရီ ရပ်လိုက်ပြီး အပင်ကြီး၏ပင်စည်နားပြေးကပ်လိုက်၏။မောင်မောင်လည်း နောက်က ပြေးကပ်လိုက်ကာ ပင်စည်နားရပ်လိုက်စဉ် ကိုမောင်ရီက ညာဘက်ခြမ်းမှ တောင်ပူစာလေးပေါ်သို့ လက်ညှိုးထိုးပြလိုက်သဖြင့် လှမ်းကြည့်လိုက်တော့ ဆတ်သုံးကောင်ရှေ့နောက်တန်းစီ၍သွားနေသည်ကို လှမ်းမြင်လိုက်ရသည်။ ရှေ့ဆုံးကကောင်ကြီးက ချိုကားကြီးနှင့်ဆတ်ဖားကြီးဖြစ်ပြီး အလယ်မှ ကောင်ပေါက်ကလေး အနောက်မှ ဆတ်မကြီး။ ချုံနွယ်များရှင်းသဖြင့် ကွက်ကွက်ကွင်းကွင်းမြင်လိုက်ရ၏။ ကိုမောင်ရီက လက်ညှိုးထိုးပြပြီးသည်နှင့် မုဆိုးဒူးထောက်ထိုင်လိုက်ပြီး သေနတ်ပြောင်းထိုးချိန်ကာ အသက်အောင့်၍ မောင်းခလုတ်ဆွဲညှစ်လိုက်၏။

"ဒိုင်း"

ပေါက်ကွဲသံနှင့်အတူ ရှေ့ဆုံးမှ ဆတ်ဖားကြီးမှာ ဆောင့်တွန်းခံလိုက်ရသလို တစ်ဖက်သို့ ဗိုင်းခနဲလည်ဆင်းသွားသဖြင့် ဆတ်ပေါက်ကလေးနှင့် ဆတ်မကြီး ဝုန်းခနဲဆိုပြေးထွက်သွား၏။

"ထိသွားပြီဗျို့"

မောင်မောင်က အော်ပြောရင်း တောင်ပူစာလေးပေါ် ပြေးတက်သွား၏။ ဆတ်ဖားကြီးမှ မသေသေးဘဲအားယူထဖို့ကြိုးစားနေသဖြင့် မောင်မောင်အနီးကပ်တစ်ချက်ပစ်ချလိုက်၏။

"ဒိန်း"

ဆတ်ဖားကြီးမှာ အကြောဆွဲရင်းငြိမ်သက်သွား၏။ ကိုမောင်ရီက ဆတ်ဖားကြီးကိုတံကောက်ကြောများဖြတ်နေစဉ် -

"ကိုမောင်ရီရေ နည်းတဲ့ကောင်ကြီးမဟုတ်ဘူးဗျ။ ချိုကြီးတွေကလည်း ကားနေတာပဲ လှလိုက်တာဗျာ"

ကိုမောင်ရီက မောင်မောင်ကိုမော့ကြည့်ကာလက်မထောင်ပြလိုက်၏။

"တော်တော်အသက်ပြင်းတဲ့ကောင်ကြီးဗျ။ လည်တိုင်အရင်းကိုကျည်ဖောက်ထွက်သွားတာတောင်မသေဘူး ပြန်ထလာသေးတယ်"

ကိုမောင်ရီ ဘာမှပြန်မပြောဘဲ အနီးအနားရှိ အနေတော်မျှောတိုင်တစ်လုံးကိုခုတ်ကာ ဆတ်ကောင်ကြီးရှေ့နောက်လျှိုထမ်းလိုက်ပြီး -

"ကဲ-သွားကြမယ်။တောင်ခြေနားမှာဝက်တစ်ကောင်ရှိသေးတယ်ကွ"

နှစ်ယောက်သားရှေ့နောက်ထမ်းလာခဲ့ကြ၏။ သူတို့ပထမဆုံးပစ်ထားသော တောဝက်နားရောက်တော့ ဆတ်ဖားကြီးကိုချကာ နှစ်ယောက်သားနားနေကြစဉ် တဝေါဝေါအသံနှင့်အတူ ကောင်းကင်တစ်ခုလုံး ညို့မှိုင်းကာ အုပ်ဆိုင်းသွားပြီး တောဆင်ရိုင်းတစ်အုပ် သူတို့ရှိရာပြေးလာသကဲ့သို့ တဝုန်းဝုန်းတပြောင်းပြောင်းအသံများ ဆက်လက်ထွက်ပေါ်လာ၏။ သူတို့တစ်ယောက်မျက်နှာတစ်ယောက် စိုးရိမ်တကြီးလှမ်းကြည့်လိုက်ကြဖြီး -

"ကိုမောင်ရီဘာကောင်တွေလဲဗျ"

"တောဆင်ရိုင်းအုပ်ဒီဘက်ကိုပြေးလာတဲ့အသံဘဲကွ။ လာလာ-ဒီသစ်ပင်ကြီးပေါ်တက်နေရအောင်"

လူကြီးနှစ်ဖက်စာမျှကြီးမားသော အပင်ကြီးပေါ်သို့ရောက်ရှိသွားကြ၏။ ကိုမောင်ရီက အသံများကြားရာသို့ အခြေအနေကို လှမ်းကြည့်နေ၏။ အတန်ကြာသည်အထိ တောဆင်ရိုင်းအုပ်ကရောက်မလာဘဲ တဖြည်းဖြည်းနှင့် အသံများလည်း ပျောက်သွားပြီး ကောင်းကင်ပြင်ကြီးလည်း ပြန်လည်ကြည်လင်လာပြီး ပုံမှန်အတိုင်းပြန်ဖြစ်သွား သည်။

"ကိုမောင်ရီ၊ စောစောကဘာဖြစ်တာလဲဗျ၊ ကောင်းကင်ကြီးတစ်ခုလုံး မှောင်မည်းသွားပြီး အသံတွေကလည်း ကြောက်စရာကောင်းလိုက်တာ"

"တောခြောက်တာ။ မင်းတောင်ပေါ်မှာဘာမှအမှားမလုပ်ခဲ့ပါဘူးနော်"

မောင်မောင်က ကိုမောင်ရီ့စကားကြောင့် မျက်နှာတစ်ချက်ပျက်သွားပြီး အိတ်ကပ်ကို မသိမသာစမ်းကြည့်လိုက်ကာ -

"ဘာမှမလုပ်ခဲ့ပါဘူး။ ကျွန်တော်ကိုမောင်ရီနဲ့အတူ တစ်ချိန်လုံးရှိနေတာပဲ"

"အေးပါ - မလုပ်ခဲ့ဘူးဆိုရင်လည်းပြီးတာဘဲ။ ကဲလာ - ငါတို့သွားကြမယ်"

ဆတ်ဖားကြီးနှင့်တောဝက်ကောင်ကို နှစ်ကြော့ပြန်သယ်ယူရသည်။ သူဌေးကိုဖုန်းဆက်ခေါ်လိုက်သဖြင့် သူဌေးရောက်ရှိလာကာ ဆတ်ဖားကြီးနှင့် တောဝက်ကောင်ကိုကြည့်ပြီး လွန်စွာသဘောကျနေလေသည်။

"ဟွား - ဟော့အမောင်လုများ ဘာညပန်းဒိုင်ကော"

"ဟွာ-အီးနီးမကျန်ဘာညဘာဂွတ်ကော"

ဆတ်ချိုကြီးကိုပြပြီး လွန်စွာသဘောကျကာ တဟွားဟွားနှင့်တဟွားတည်းဟွားနေတော့သည်။ သူဌေးက ဆတ်ချိုကားကားကြီးကိုလွန်စွာသဘောကျကာ မောင်မောင်တို့နှစ်ယောက်ကို ချီးကျူးမဆုံးဖြစ်နေ၏။ သူဌေးနှင့် မောင်မောင်တို့ တောဝက်ကောင်နှင့် ဆိတ်ဖားကြီးကို ဈေးဖြတ်လိုက်ကြကာ သူဌေးက မောင်မောင့်အတွက် ဝီစကီတစ်ပုလင်း၊ တိုက်ဂါးဘီယာနှစ်လုံးကိုပေးပြီး ဆတ်ဖားကြီးနှင့် တောဝက်ကောင်တို့ကို သယ်ကာပြန်သွားသည်။ မောင်မောင်နှင့် ကိုမောင်ရီလည်း တစ်ရက်တည်း မြိုးမြိုးမြက်မြက်လေးရလိုက်သဖြင့် ကျေနပ်သွားကြသည်။ ရေမိုးချိုးပြီး တဲရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် တိုက်ဂါးဘီယာနှစ်လုံး၊ ဝီစကီ၊ မနက်က ချထားသော ဟင်းကျွန်နှင့်ဝိုင်းဖွဲ့လိုက်ကြ၏။ နေ့စဉ် ဗီယက်နမ်[illegible] ချက်အရက်နှံ့ဆူဆူချဉ်စုပ်စုပ်နှင့် [illegible]

www.burmeseclassic.com

ပါးသွားနေရသူများ ဖြစ်ကြလေရာ ယနေ့ဘီယာနှင့်ဝီစကီရောစပ်လိုက်ရသဖြင့် လွန်စွာအရသာတွေ့နေကြသည်။ မောင်မောင်က သူ့ရှေ့မှခွက်ကိုကောက်မော့လိုက်ပြီး ခွက်ကိုပြန်ချရင်း အမြည်းတစ်ဖတ်ကောက်ဝါးလိုက်ကာ -

"ကိုမောင်ရီ၊ တောင်ထိပ်က ပွဲပန်းကြီးလှလိုက်တာဗျာ။ ကျွန်တော်မျက်စိထဲ အခုချိန်ထိကိုမထွက်ဘူးဗျ"

ကိုမောင်ရီလည်း သူ့ခွက်ကိုကောက် မော့လိုက်ပြီး ခေါင်းညိတ်ကာ အာလေးလျှာလေးအသံဖြင့် -

"လူမှာပေါ့ကွာ အဲဒါနှစ်တစ်ရာမှာ တစ်ခါပဲပွင့်တဲ့ ရတနာသိဂီနတ်ပန်းလို့ခေါ်တယ်မှတ်ထား။ အဲဒီပန်းက ဂမုန်းမျိုးနွယ်ဝင်ပန်းကွ။ နေ့ဘက်ဆိုနတ်သမီးဆယ်ယောက်စောင့်ပြီး ညဘက်ဆိုဘီလူးမဆယ်ယောက်စောင့်တယ်ကွ"

"ဗျာ"

ကိုမောင်ရီစကားကြောင့် သူအံ့သြပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။ ကိုမောင်ရီက သူ့ဟာသူ အရက်ငှဲ့ပြီး ဂွတ်ခနဲမော့ချလိုက်၏။

"ဟာဗျာ-ဒီလောက်ရှားပါးတဲ့ပန်းကိုခူးလာခဲ့ရမှာကို"

ကိုမောင်ရီက ဆေးလိပ်ကိုမီးညှိကာဖွာရှိုက်လိုက်ပြီး -

"ဘယ်ဖြစ်မလဲကွ။ နတ်သမီးတွေက မင်းကိုဘယ်ခွင့်ပြုမလဲ။ ခူးလာခဲ့ရင်တောခြောက်တောမှောက်ပြီး အသက်ရှင်မှာမဟုတ်ဘူး ပြောရောင်။ ခုတောင်မင်း သွားနမ်းလို့ တောမှောက်တာမင်းမျက်မြင်ပဲ။ ခူးသာခူးလိုက်မိလို့ကတော့ကွာ ငါတို့နှစ်ယောက်ခုလိုစကားတောင်ပြောနိုင်တော့မှာမဟုတ်ဘူးကွ"

ကိုမောင်ရီ့စကားက ဟုတ်သလိုလိုဖြစ်နေသဖြင့် မောင်မောင် အသာငြိမ်နေလိုက်ပြီး အရက်ကိုငှဲ့လိုက်တာတစ်ရှိန်ထိုး မော့ချလိုက်၏။ သောက်လိုက်စားလိုက် စကားပြောလိုက်နှင့်အချိန်က ကုန်မှန်းမသိကုန်သွားသလိုအရက်တွေလည်း ကုန်သွားလေတော့သည်။

"ကဲ - အရက်လည်းကုန်ပြီ၊ မူးလည်းမူးပြီ။ ငါတက်အိပ်တော့မယ်"

ပြောရင်း ဒယိမ်းဒယိုင်ထရပ်ကာကောင်းကင်တွင် ဝင်းပစွာသာနေသောလမင်းကြီးကိုမော့ကြည့်၍ -

"လမင်းဝင်းဝင်းပပညချမ်းမှာသာသောအခါ မိုးထက်သို့မျှော်ကာ မျှော်ကာ အော့"

အာလေးလျှာလေးနှင့်အော်ဆိုရင်း ဒယိမ်းဒယိုင်နှင့် တဲပေါ်တက်သွားလေတော့သည်။

မောင်မောင်သာ ငေးတိငေးကြောင်နှင့်ကျန်ခဲ့ပြီး နေ့ခင်းကခူးဆွတ်ခဲ့သော အသီးလေးကို အိတ်ထဲမှနှိုက်ယူလိုက်ကာသေချာကြည့်နေမိ၏။

"အင်း- ဒီအသီးလေးကလည်း တကယ်ကို လူတစ်ယောက်လိုပါလား။ တော်တော်ထူးဆန်းတာပဲ။ မျက်နှာလေးကလည်း တော်တော်ချောတဲ့မိန်းကလေးတစ်ယောက်လိုပဲ အသက်ဝင်လိုက်တာ"

တစ်ယောက်တည်း အသီးလေးကိုကြည့်ကာ ရေရွတ်ရင်း ကွပ်ပျစ်ပေါ်တွင်ပက်လက်လှန်လှဲချလိုက်ကာ အသီးလေးကို အမှတ်တမဲ့ နမ်းကြည့်လိုက်၏။ မွှေးပျံ့ပျံ့ရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်မိပြီး -

"မွှေးလိုက်တာကွာ။ တကယ်မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်သင်းရနံ့လိုပါပဲလား"

တစ်ယောက်တည်းရေရွတ်ရင်းမှ အရက်ရှိန်ကြောင့် မျက်လုံးမှေးစင်းလာပြီး အိပ်ပျော်သွားလေတော့သည်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ နားခေါင်းထဲ သင်းပျံ့နေပြီး နားတွင်လည်း မောင်တော်၊ မောင်တော်ဟူသော ညင်သာ ချိုမြသောအသံကိုကြားနေရသဖြင့် အိပ်ချင်နေသည့်ကြားက မျက်လုံးကိုအားယူပြီးဖွင့်ကြည့်လိုက်၏။

"အောင်မလေးဗျ"

သူ့မျက်နှာနှင့်တစ်ထွာမျှအကွာတွင် မျက်နှာတစ်ခုကိုအနီးကပ်မြင်လိုက်ရသဖြင့် မောင်မောင်တစ်ယောက်လန့်အော်လိုက်၏။ ထို့နောက် ထထိုင်လိုက်ပြီး သေချာကြည့်လိုက်တော့ လွန်စွာချောမောလှပသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

"မင်း. . . မင်း"

မောင်မောင်တစ်ယောက်အံ့သြလွန်းသဖြင့် စကားများပင်ထစ်ငေါ့နေသည်။

"ညီမက သိရိစန္ဒာပါ အမောင်"

မိန်းကလေးအသံမှာ ချိုသာပျော့ပျောင်းလို့နေပြီး လှပလွန်းသဖြင့် သူပါးစပ်အဟောင်းသားဖြင့် ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အနေ၏။ အတန်ကြာမှ -

"မင်း၊ မင်း ဘယ်ကနေဘယ်လိုဒီကိုရောက်လာတာလဲ"

"ညီမတော်က ဟောဟိုကတောင်ထိပ်မှာနေတာပါ မောင်တော်"

"ဟင်-ဒါဆိုမင်းကပန်းပွင့်စောင့်နတ်သမီးပေါ့"

နန်းဝတ်နန်းစားနှင့် လှပသောမိန်းကလေးကိုကြည့်ရင်း မေးလိုက်၏။ မိန်းကလေးကပြုံး၍ ခေါင်းညိတ်ပြရင်းမှ -

"လာပါမောင်တော်၊ ညီမတို့လမ်းလျှောက်ကြရအောင်"

မောင်မောင်လည်း မငြင်းမိ။ မိန်းကလေးလတ်ဆွဲခေါ်ရာသို့ အသာပင်လိုက်ပါလာခဲ့သည်။ နှစ်ယောက်အတူလျှောက်လာကြရင်း မိန်းကလေးက မောင်မောင့်လက်မောင်းကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ မှီတွဲရင်း ခေါင်းလေးပင် လက်မောင်းရင်းကိုမှီထားလိုက်၏။ မိန်းကလေး၏ နူးညံ့သော အထိအတွေ့ကြောင့် မောင်မောင့်မှာ ရင်ခုန်သွားကာ မိန်းကလေးမျက်နှာကိုစောင်းငဲ့ကြည့်လိုက်စဉ် မိန်းကလေးမှာသူ့ကို ကြည်လင်ရွှန်းမြသော မျက်ဝန်းလေးနှင့်မော့အကြည့် အကြည့်ချင်းဆုံကာ နှစ်ယောက်သား ရင်ခုန်သံလေးနလုံးသားတစ်နေရာမှ လှိုင်းတံပိုးနှယ်ဖြတ်သန်းသွား၍ ရင်တစ်ခုလုံးလှိုက်ဖိုသွားကြသည်။ နှစ်ဦးသား ကြင်နာစွာပြုံးလိုက်ကြပြီး မျက်ဝန်းတို့မှတစ်ဆင့်နှစ်ဦးသားနားလည်သောဘာသာရပ်တစ်ခုကိုပုံဖော်လိုက်ကြ၏။ နှစ်ဦးသားအချစ်ရည်ရွှန်းလဲ့သောမျက်ဝန်းဖြင့် အတန်ကြာတစိမ့်စိမ့်ကြည့်ရင်း တစ်ယောက်ကိုတစ်ယောက်တင်းကျပ်စွာပွေ့ဖက်ထားလိုက်ကြပြန်သည်။ မောင်မောင့်နှုတ်မှ-

"သိရိစန္ဒီရယ်"

ဟု လှိုက်လှိုက်လှဲလှဲရေရွတ်လိုက်၏။ အတန်ကြာမှလူချင်းပြန်ခွာလိုက်ကြပြီး-

"မောင်တော်၊ စန္ဒီ့ကိုချစ်လားဟင်"

မောင်မောင်က ပြုံးပြုံးလေးခေါင်းညိတ်ပြလိုက်ပြီး စန္ဒီ့နဖူးပြင်ဆံစလေးကိုဖွဖွလေးနမ်းလိုက်၏။

"မောင်တော်"

"ပြောလေ စန္ဒီ"

"စန္ဒီ့ကိုချစ်ရင် မောင်တော်တို့ကိုးကွယ်တဲ့ ဗုဒ္ဓဘုရားရှင်ဆီမှာ စန္ဒီနဲ့အမြန်ဆုံး ပေါင်းဖက်ရပါစေလို့ဆုတောင်းပါ မောင်တော်။ မောင်တော်တို့ ကိုးကွယ်တဲ့ဘုရားရှင်ကတန်ခိုးအရမ်း

www.burmeseclassic.com

ကြီးပြီး ဆုတောင်းပြည့်တယ်"

ပြောရင်း မျက်နှာလေးညှိုးရော် သွားသဖြင့် -

"စန္ဒီရယ်"

ဟု ရေရွတ်ရင်း ထပ်မံ၍ထွေး ပွေ့ထားမိလိုက်ပြန်သည်။ ခဏအကြာမှ နှစ်ဦးသားခွာလိုက်စဉ် -

"နှမတော်သွားရတော့မယ်။ စန္ဒီ့ ကိုချစ်ရင် ဆက်ဆက်ဆုတောင်းပါ မောင်တော်"

သီရိစန္ဒီလေးက မျက်ရည်စတွေ နှင့်ပြောပြီး မောင်မောင့်အပါးမှပြေး ထွက်သွားလေတော့သည်။ မောင်မောင် ရုတ်တရက် မှင်တက်သွားရာမှ သတိပြန် ဝင်လာပြီး ကျယ်လောင်စွာ လှမ်းအော် လိုက်၏။

"စန္ဒီမပြေးနဲ့လေ၊ စန္ဒီမပြေးနဲ့။ မောင်တော့်ကိုမထားခဲ့ပါနဲ့"

တကြော်ကြော် လှမ်းခေါ်လိုက် သည်။

"သီရိစန္ဒီ၊ သီရိစန္ဒီ"

"ဟေ့ရောင်၊ ဘာတွေဗီလောက် အော်ခေါ်နေတာလဲ"

ပြောရင်း ကိုမောင်ရိုက ပုတ်နှိုး လိုက်သဖြင့် မောင်မောင်မှာ အိပ်နေရာ မှ ငေါက်ခနဲထထိုင်လိုက်ပြီး -

"ဟင်း"

ဘေးဘယ်၊ ညာတစ်ချက်ကြည့် ကာ

"ကိုမောင်ရို၊ သီရိစန္ဒီကော သီရိ စန္ဒီ"

"ဟာ - ငါဘယ်သိမှာလဲ။ မင်း ဟာမင်း အိပ်မက်မက်ပြီးယောင်အော် နေတာကို"

"မဟုတ်ဘူး၊ ကျွန်တော် အိပ်မက် မက်နေတာမဟုတ်ဘူး"

ပြောရင်း လက်ထဲမှအသီးလေးကို ကြည့်ကာ မျက်ရည်တစ်ပေါက်စီးကျ သွားပြီး သီရိစန္ဒီ အထပ်ထပ်မှာကြား သွားခဲ့သော -

'စန္ဒီ့ကိုချစ်ရင် မောင်တော်တို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘုရားရှင်ဆီမှာ စန္ဒီနဲ့ အမြန်ဆုံးပေါင်းဖက်ရပါစေလို့ဆုတောင်း ပါ မောင်တော်'

ဟူသော စကားသံတို့ကိုသာ အထပ်ထပ်ကြားယောင်နေမိလေတော့ သည်။

စာရှုသူအပေါင်း ရွှင်လန်းချမ်းမြေ့ပါစေ

ဇော်မင်း(ဒဂုံ/မြောက်)

## ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသော) ဗေဒ

(၃၂၆) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာကြွယ်ဝကြသူများစွာထွက် ပေါ်လာကြဦးတော့မည်ဖြစ်၍ ကြည်နူး ဝမ်းသာပီတိဖြာရပါ၏။

**တနင်္ဂနွေသားသမီးများ**

ဖေဖော်ဝါရီ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇) ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီခြင်း၊ ရုပ်ပွားတော်မြတ် များကြွလာခြင်း စသည့်နိမိတ်ကောင်း များတွေ့သည်နှင့် ထီထိုးလိုက်ပါ။ တွေ့ လည်းတွေ့ပါလိမ့်မည်။ ရလည်းရပါလိမ့် မည်။

မတ်လတွင် (၃)၊ (၅)၊ (၆)၊ (၂) ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဖေဖော်ဝါရီလ (၁၀)၊ (၁၄)၊ (၁၇)၊ (၂၈) ရက်များမှာ ထီထိုးပါ။

ဘုရားရုပ်ပွားတော်တစ်ဆူဆူအား ရွှေပြား၊ ရွှေသင်္ကန်းများကပ်လှူပူဇော် လိုက်ပါ။

မတ်လတွင် (၃)၊ (၁)၊ (၂)၊ (၉) ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဖေဖော်ဝါရီလ (၁၁)၊ (၁၅)၊ (၁၆) ရက်များမှာ ထီထိုးပါ။

ဘုရား (၄) ဆူပြည့်အောင်သွား ပါ။ ဘုရားတိုင်းမှာရှိသော ရုပ်ပွားတော် တစ်ဆူဆူရှေ့တွင် ရွက်လှည့်နှံများဝေနေ အောင် ပူဇော်ပါ။ (၄)ဆူလုံးမှာ ပူဇော် ပါ။

မတ်လတွင် (၅)၊ (၂)၊ (၉)၊ (၆) ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဖေဖော်ဝါရီလ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၃) ရက်များမှာ ထီထိုးပါ။

ကြီးကျယ်ခမ်းနားသော မဏ္ဍာ ဆောင် (သို့) ကြီးကျယ်ခမ်းနားသော အလှူကြီးတစ်ခုခုမှဖိတ်ကြားခြင်း (သို့) ဆုံမိခြင်းဖြစ်သည်နှင့် ထီထိုးလိုက်ပါ။

မတ်လတွင် (၄)၊ (၈)၊ (၃)၊ (၆) ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဖေဖော်ဝါရီလ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၈) ရက်များမှာထီထိုးပါ။

ဘုရားရှင်အား ဓာတ်ကြီး (၄)ပါး ဆွမ်းတော်ကပ်လှူပါ။ ဖြစ်အောင်လှူ ပါ။

မတ်လတွင် (၅)၊ (၂)၊ (၉)၊ (၁) ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဖေဖော်ဝါရီလ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၀) ရက်များမှာ ထီထိုး ပါ။

တစ်နေ့ထဲမှာ ဘုရား(၅)ဆူပြည့် အောင် လှည့်လည်ဖူးမြော်ပါ။

ဘုရားတိုင်း၏ရုပ်ပွားတော်တစ်ဆူ ဆူရှေ့တွင် ဖယောင်းတိုင် (၉) တိုင်စီ ထွန်းညှိပူဇော်ပါ။

မတ်လတွင် (၃)၊ (၆)၊ (၇) ဂဏန်း များနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဖေဖော်ဝါရီလ (၉)၊ (၁၂)၊ (၁၅)၊ (၁၉) ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ကြံပန်းခိုင် (သို့) ကြံရည်နှင့် နေ့တိုင်းဆွမ်းတော်ကပ်လှူ ပါ။ (၉) ရက်ပြည့်ပြီးလျှင် ထီထိုးပါ။

မတ်လတွင် (၅)၊ (၄)၊ (၈)၊ (၁) ဂဏန်းများနှင့် ကံစပ်ပါသည်။

ယခုလတွင် -

၁၀-၂-၂၀၁၆ ဗုဒ္ဓဟူးနေ့နှင့် ၁၃-၂-၂၀၁၆ စနေနေ့များတွင် (၇) ရက် သားသမီးများအားလုံး ထီထိုးသင့်ကြပါ သည်။

ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များဖြစ်နေ၍ (၄) ဂဏန်းနှင့် (၇) ဂဏန်းများစွာ ပါအောင် ထီထိုးကြပါလေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ငယ်ဘဝ တောမှာ မွေးပြီး တောရွာမှာ ပျော်ရွှင်ကျန်းမာစွာနှင့် ဖြတ်သန်း ကြီးပြင်းခဲ့ရသည့် အခွင့်အရေးကို ယခုလို မှန်းကျပ် သိပ်သည်းပြီး အသက်ကိုပင်ဝဝမရှူနိုင်သော မြို့ပြ၏ဝေဒနာတွေနှင့်နှစ်ပါးသွားနေရသည့်သက်ကြီးဘဝမှာ ပြန်တွေးကြည့်မိလိုက်တော့ -

တန်ဖိုးမဖြတ်နိုင်တဲ့ ငယ်ဘဝရဲ့ အရသာနှင့် လွတ်လပ်ပေါ့ပါးမှုများကို အလွန်ပင် ပြန်လည်တောင့်တသတိရမိပါ သည်။

သည်အပတ်တွင်လည်း စာရေးသူတို့ငယ်စဉ်က အဘိုးဖြစ်သူရဲ့ ဆေးဖက်ဝင်တောမှာင်းလျှာတစ်ခုကို ထပ်မံ၍ တင်ပြပေးပါရစေ။

'သမင်ချိုယှက် ပွေးတွင်းထွက်' အသက်အန္တရာယ်တွင်းသို့ဝင်ရသည်ဆိုတဲ့ စကားရပ်လေးကို စာရှုသူများကြားဖူးကြပါလိမ့်မည်။

သမင်ဖိုကြီးများ ဦးချိုတကားကားနှင့် ဝံ့ကြွားနေလင့်ကစား ဦးချိုကို ချုံနွယ်ပိတ်ပေါင်းများနှင့် လိမ်ယှက်မိခဲ့လျှင်တော့ အသက်အန္တရာယ်ဘေးကျရလေသည်။

ထို့အတူပင် မြေကြီးအောက်မှာ ဥမင်လမ်းဖောက်ပြီး တစ်တောလုံးကျက်စားနေတဲ့ပွေးသတ္တဝါကောင်လေးတွေဟာ မိမိနေတဲ့တွင်းထဲမှ အပြင်လောကသို့ ထွက်လာမိခဲ့ကြလျှင် တစ်သက်လုံး မြေအောက် အမှောင်ထဲမှာပဲ နေလာရသည်မို့ ပြင်ပအလင်းရောင်၏ဒဏ်ကို ပွေးမျက်လုံးက မကြည့်နိုင်သဖြင့် ဘာကိုမှကွဲပြားစွာမမြင်ရလေတော့ အသက်အန္တရာယ်ဘေးကြုံရလေသည်ဆိုတဲ့ ဥပမာပေးစကားရပ်လေးပါ။

ထိုပွေးကောင်ကလေးများသည် အပြင်လောက အလင်းရောင်တွင်သာ မမြင်မစမ်းနှင့် မကျွမ်းမကျင်ဖြစ်နေပါသော်လည်း သူတို့၏မြေအောက်ကမ္ဘာတွင်းမဟာများထဲတွင်တော့ ဘုရင်တစ်ဆူလိုပင် တင်စားရလောက်အောင် တစ်တောလုံးအနှံ့ ဥမင်တူးပြီး တောထဲမှာရှိသမျှသော ဆေးဖက်ဝင်သစ်မြစ်သစ်ဥများကို ယခုလို ဆောင်းဦးပေါက်ရာသီကာလမှာ နွေစာ၊ မိုးစာအစာစုဆောင်းတတ်သည့် သတ္တဝါလေးများဖြစ်ပါသည်။

(အတာလည်းသေး ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

၁၄

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)



သူတို့ရဲ့ဇီဝကိုက တူးဆွကိုက်ဖြတ်ရသည်ကို နှစ်သက်ကြပါသည်။ မရပ်မနား ရှည်ထွက်နေသော ရှေ့သွားတစ်စုံကလည်း ယခုလို ကိုက်ဖြတ်ဝါးနေရမှ အဆင်ပြေပြီး သွားပုံမှန်အနေကို ညှိလို့ရသည်ကလည်း အကြောင်းတစ်ရပ်ဖြစ်လေသည်။

ပွေးသတ္တဝါလေးများရဲ့အကြောင်းကို သိတဲ့လူ အတော်နည်းပေလိမ့်မည်။ ပွေးကြီးမျိုး ဝါးရုံပွေးနဲ့ တွင်းအောင်းပွေးဟူ၍ (၂) မျိုးရှိကြပြီး -

ဝါးရုံပွေးဆိုတာက ဝါးပိုးဝါး၊ ကြသောင်းဝါးကဲ့သို့ အလုံးကြီးပြီး ရှည်လျားသော ဝါပင်မျိုးတို့၏အပင်ရင်းအမြစ်ခြေကစပြီး ဝါးလုံးခေါင်းအတွင်းသို့ အဆစ်တိုင်းကို ကိုက်ဖြတ်စားသောက်လာပြီး ဝါးပင်၏ထိပ်ဖျားအထိ တက်ရောက် ကျက်စားတတ်သော ပွေးကြီးမျိုးကို ဝါးရုံပွေးဟု ခေါ်ကြပါသည်။

သူ၏ ထူးခြားချက် ဇီဇသတ္တိကလည်း ဤသို့ဝါးရုံခေါင်းထဲသို့ဖောက်ပြီး မဝင်ရောက်မီ ဆေးဖက်ဝင်အစွမ်းသတ္တိရှိသော သစ်ဥ၊ သစ်မြစ်များကို အရင်ရှာဖွေစားသောက်၍အစာဟာရပြည့်ဝအောင်အားမွေးပြီးမှ ဝါးလုံးခေါင်းအတွင်းသို့ တစ်ဆစ်ချင်း ကိုက်ဖောက်၍ ဝါးပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဖျားသို့တက်လာပြီး ထိပ်ဖျားသို့ ရောက်လာတဲ့အခါမှာ -

ငှင်းငွေ့သတ္တဝါလေးသည် အလွန်ပေါ့ပါး၍ ဝါယောဓာတ်သတ္တိများ ကိန်းအောင်းလာပြီး ဝါးပင်၏ထိပ်ဆုံး အဆစ်ကိုရောက်တဲ့အခါ ဝါးလုံးကို ကိုက်ဖောက်ပြီး ငှင်းငွေ့သတ္တဝါလေး သည် လေတွင်လွင့်မျောသွားလာနိုင် သည့်သတ္တိထူးများရရှိပြီး လေဟုန်စီးပြီး သွားလာနိုင်တဲ့အစွမ်းသတ္တိရရှိကြသည် ဟု အတွေ့အကြုံရင့်ကျက်၍ နားလည် နှံ့စပ်သော တောမုဆိုးကြီးများက မှတ်တမ်းပြုထားသည်ကို သိရှိရပါ သည်။

ငှင်းငွေ့ကြီးအမျိုးအစားကို အချို့က ကောင်းကင်ပျံငွေ့ဟုလည်းခေါ်တတ် ကြပါသည်။

မြေအောင်းငွေ့ (ငွေ့ရိုးရိုး) အမျိုး အစားတွင် အမည်းရောင်နှင့် ဝါဖျော့ဖျော့ နီဝါရောင် ငွေ့မျိုးကိုတွေ့ရပြီး ငှင်းနီဝါ ရောင်ထဲတွင် ဦးခေါင်းထိပ်၌ အဖြူကွက် ကလေးပါသော ကြာထိပ်ကွက်ငွေ့ဟူ၍ လည်းရှိပါသည်။ ငှင်းသည် မြေအောက် ငွေ့များထဲတွင် အကောင်အကြီးဆုံး ဖြစ်သည်။

(၃) ကောင်ကို (၁) ပိဿာခန့် အလေးချိန်ရှိကြပါသည်။ ငွေ့ကောင် လေးများသည် သာမန်အားဖြင့်ကြည့် လျှင် မြေကြွက်နှင့်တူသည်ထင်ရသော် လည်း ငွေ့သည် ရှေ့ခြေသည်းကြီးပြီး ရှေ့ခြေရှည်၍ သန်မာသည်။ နောက်ခြေ မူကား တိုတောင်း၍ သန်မာသည်။

မျက်စိပေါက်နှင့်နားပေါက်တို့မှာ အလွန်သေးကြသည့်အပြင် အမွေးများ ဖြင့် ဖုံးအုပ်ထားသကဲ့သို့ဖြစ်နေသည်။ မြေတွင် အမြဲအောင်းနေခြင်းကြောင့် မျက်စိသည် လုံးဝမမြင်သလောက် ဖြစ် ၍နေသည်။

ခန္ဓာကိုယ်မှာ (၅) လက်မ၊ (၆) လက်မခန့်ရှိတတ်ပြီး ငွေ့အမြီးသည် (၁) လက်မခန့်သာရှိ၍ မြေကြွက်နှင့်ကွာခြား ပါသည်။

မြေအောင်းငွေ့များကို ယာတော မြေများ၊ ခြံမြေများနှင့် အင်တိုင်းတော များတွင် အတွေ့ရများပါသည်။ ငွေ့တို့ သည် ပုံမှန်အားဖြင့် မြေအောက်တွင် အစာရှာဖွေရင်း ဥမင်လမ်းများတူးကာ နေတတ်ကြပြီး သားပေါက်ချိန်နှင့်ဆောင်း ရာသီကာလများတွင် အသိုက်တွင်းထဲ၌ အောင်း၍နေတတ်ကြပါသည်။

နွေဦးရာသီအစောပိုင်းများတွင် သားပေါက်လေ့ရှိသည်။ ငွေ့တွင်း (အသိုက်) ရှိရာ မြေကြီးပေါ်သို့တက်နေ သော မြေစာပုံအစုအပုံကို ငွေ့စုန့်ဟု ခေါ်ပြီး သာမန်ငွေ့စုန့်များထက် ပင်မ အသိုက်တွင် အထက်ငွေ့စုန့်များက ပို၍ ကြီးမားနေသဖြင့် ငွေ့တွင်းသိုက်တွင် ငွေ့ရှိ၊ မရှိကို ငှင်းငွေ့စုန့်ကိုကြည့်ပြီး ငွေ့ရှာမုဆိုးများက ငွေ့ကို တူးယူ၍ ဖမ်းဆီးကြပါသည်။

ဤသို့ ဖမ်းဆီးရရှိလာသော ငွေ့ များကို ဈေးတွင်လာရောက်ရောင်းချကြ လေသည်။

ငွေ့သား၏ ဆေးဖက်ဝင် အာနိ သင်များမှာ -

ငွေ့သားသည် ဆီး၊ ဝမ်းကို ရွှင် စေတတ်၏။

ဓာတ်ကျိုး၊ ဓာတ်ပျက်နှင့် အား အင်ကုန်ခန်းချည့်နဲ့ခြင်းကို ပျောက်ကင်း စေ၏။

ချောင်းဆိုး၊ ပန်းနာ၊ မြင်းသရိုက်၊ ဒူလာ၊ ပန်းညှိုး၊ ပန်းသေ စသည့် ရောဂါ များနှင့် သင့်သောအသားမျိုးပင် ဖြစ် ပေသည်။

ဓာတုရသကျမ်းတွင် အာပေါ ဓာတ်လွန်ကဲ၍ သည်းခြေ၊ လေတို့ ဖောက်ပြန်လှုပ်ရှားကာ နေထိုင်မကောင်း ရှိသောအခါများတွင် -

'တောမှာပျော်လတ် ဖွတ်၊ ပုတတ် နှင့်ငွေ့၏အသားရှာဖွေစားလေ'

ဟု ဓာတ်စာအဖြစ် ပေးဆက် ကုသရကြောင်း ပြဆိုထားပါသည်။

တစ်ဖန် ဓာတုဝိတ္ထာရကျမ်း၌ -

'ငွေ့နှင့် ငါးရံ့ စားအံ့ဆင်ခြင်' ဟူ၍ ငွေ့သားနှင့် ငါးရံ့သားတို့ကို နှစ်မျိုးရောစပ်၍ မစားကောင်းကြောင်း ကို ဖော်ပြတာပါသည်။

ထို့ကြောင့် ငွေ့၏အသားသည် ဆေးဖက်ဝင် အာနိသင်အစွမ်းသတ္တိရှိ သည်ဖြစ်၍ ငှင်းကို -

**ဆေးဖက်ဝင် ဟင်းလျာအဖြစ် စီမံပြုလုပ်နည်း**

ငွေ့သားရရှိလျှင် ဦးစွာပထမ ရေနွေးဆူဆူနှင့် တစ်ကောင်လုံးရေနွေး ဖြော၊ အမွေးများကိုခြစ်၍သန့်စင်ပါ။

အချို့က အမွေးကို မီးမြှိုက်ကြ သည်။ မီးမြှိုက်ခြင်းက ရောဂါငုပ်အခံ ရှိသူများနှင့် မသင့်တော်၍ ရေနွေးဖြော သန့်စင်ပါ။

ပြီးလျှင် ဆေးဖက်ဝင် ငွေ့သား ဟင်း စီမံပြုလုပ်ရန်အတွက် ငွေ့ကို ဝမ်းဗိုက်ခွဲ ခြေလက်၊ ဦးခေါင်းတို့ကိုဖြတ် တောက်လိုက်ပြီး ဝမ်းတွင်းကလီစာများ ထုတ်ယူ၍ ငွေ့၏အစာအိမ်အတွင်း၌ ဝါးပြီးစ ဆေးဖက်ဝင် သစ်ဥ၊ သစ်မြစ် များကိုသာ ရှာဖွေစားသောက်ထား သည်ဖြစ်၍ -

ငှင်းငွေ့ အစာအိမ်နှင့် အူခွေအနု လေးများကို ရေဆေးသန့်စင်ပြီး ဓားဖြင့် နုပ်နုပ်စဉ်းပါ။

ပြီးလျှင် ငှင်းနှင့်ဆတူ လက်ဖက် ရွက်နု အညွန့်ဖူး လက်ဖက်သားကောင်း ကောင်းနှင့် ဆတူရော၍ ထပ်မံ၍ ဓား နှင့်စဉ်းပါ။

ပြီးလျှင် ငှင်း(၂)မျိုးရော စဉ်းထား သော စဉ်းကောများကို ငှက်ပျောရွက် သန့်သန့်နှင့် (၂) ထပ်ပတ်ထုပ်ပြီး မီးခဲ ဖြင့် ငှက်ပျောရွက် မီးနွမ်းရုံ ကင်ပါ။

ထိုအခါ အနံ့မွှေးကြိုင်လာမည့် ငွေ့အူလက်ဖက်စဉ်းကောကို ရရှိပြီ ဖြစ် သည်။ ငှင်းကို ပထမ တုံးတစ်ထားသော ငွေ့သားများနှင့်ရော၍နယ်ပြီး ဆား၊ နနွင်း၊ ငံပြာရည်သင့်ရုံထည့်၍နယ်ပြီး နာရီဝက်ခန့်နှပ်ထားပါ။

ပြီးလျှင် ငရုတ်၊ ကြက်သွန်ဖြူ၊ နီ၊ ချင်းတို့ကို ဟင်းတစ်အိုးစာထောင်းပြီး ပဲဆီစစ်စစ်ဖြင့် ငရုတ်သီးဆီသတ်ပါ။ ကြက်သွန်များလိပ်လာလျှင် နှပ်ထား သော ငွေ့သားများကိုထည့်၍ အသာ မွှေပေးပြီး လုံးရေခန်းသွားလျှင် ရေနွေး ဆူဆူ သင့်ရုံထည့်ပြီး ငွေ့သားများနူး၍ ဆီပြန်လာသည်အထိ ချက်ပါ။

ဟင်းအိုးဆီပြန်လာပြီဆိုပါလျှင် ဖိုပေါ်မှချလိုက်ပြီး လွန်စွာဆေးဖက်ဝင် ၍မွှေးကြိုင်ပြီး လျှာအရသာနှုတ်ခံတွင်း တွေ့လှသော ငွေ့အူခါးဟင်းကို သုံး ဆောင်နိုင်ကြပါပြီ။

လက်ဖက်ရနံ့သင်းသင်းလေးဖြင့် စား၍အလွန်ကောင်းပါသည်။

ထိုဟင်းလျာသည် အညောင်း အကိုက်၊ ဒူလာ၊ မြင်းသရိုက်၊ ပန်းသေ၊ ပန်းညှိုးနှင့် အကြောအားနည်းသူများ အတွက် ဩသဓဆေးကောင်းဟင်းလျာ တစ်ခွက်ဖြစ်ပါကြောင်းကို-

'အစာလည်းဆေး ဆေးလည်း အစာ' အဖြစ် စီမံနိုင်သည့်အကြောင်း တင်ပြလိုက်ပါသည်။


*စားသမျှဆေးဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း (မုံသိမ်)



www.burmeseclassic.com

www.burmeseclassic.com



ပ.လှုးထိမှရေအင်းငယ်

ခက်ခဲစွာတက်ရဆင်းရသည်များ၊ နံရံစောင်းကျောက်စွန်းများကို သတိကြီးစွာနင်း၍ ဖြတ်ကျော်ရသည်များ၊ သလင်းကျောက်ဆူးလက်ကြားများအား စိတ်ရှည်စွာ ရှင်းလင်း၍ ဖြတ်ကျော်ရသည်များကြောင့် ထင်သလောက် ခရီးမရောက်ကြပါ။

သို့ကြောင့်လည်း လမ်း၏အခက်အခဲများကိုတွက်ဆကာ ကြာကြာထား၍ မသိုးနိုင်သည့် မသိုးထမင်း၊ မသိုးဟင်းတို့ကို ကြိုတင်စီမံခဲ့ကြ၏။

မသိုးထမင်းမှာ ထမင်းကို ဆီဖြင့်အတန်ကြာအောင်ကြော်ခဲ့ကြခြင်းဖြစ်ပြီး မသိုးဟင်းမှာ ဖက်စပ်တိုင်း၏ ပွဲတိုင်းကျော်ဟင်းဖြစ်သည့် ငါးခြောက်ကြော်ပင် ဖြစ်သည်။ ငါးခြောက်ကြော်အားကြာသော် အနံ့ပင်မခံချင်ကြပါ။ အလွယ်ဆုံး၊ အထားအခံဆုံးဟင်းဖြစ်ရာ ဖက်စပ်ဟင်းအဝယ်တော်တိုင်း လက်မလွှတ်တမ်းအမြဲဝယ်လေ့ရှိကြသည်။ ထိုဟင်းသည် ကျင်းသားတိုင်း အဝယ်တော်အားကွယ်ရာ၌ ငါနှင့်ကိုင်တုတ်တတ်သောဟင်းဖြစ်၏။ ထို့ကြောင့် အလျှံပယ်ရှိ၏။ ယခုကဲ့သို့အရေးကြုံသောအခါ တန်ဖိုးရှိစွာ မသိုးဟင်းဖြစ်ခဲ့ရလေ၏။ မည်မျှကြာကြာထားထားမသိုးနိုင်ပါ။

မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ ဟူဘိသို့ကျင်းတိုင်း ထိုငါးခြောက်အား မနှစ်မြို့ပါသော်လည်း ဝတ်မှုစိုး၍ ရှိသမျှအကုန်ကြော်ကာ ခွဲဝေထည့်ခဲ့ကြရပါသည်။

ကိုငွားဆာသည် နာရီကိုကြည့်လိုက်၏။ ည (၉) နာရီပင်ရှိပြီဖြစ်ရာ အားလုံးအိပ်ရန် အနေအထားကောင်းသော ဟော(လ်)ခန်းတွေ့ပါက ယနေ့ညအိပ်ရပ်နားမည်ဟု ကိုမြင့်မောင်ကို ပြောပြ သည်။


"ဟုတ်တယ် ကိုငွားဆာ၊ ကလေးတွေ ထမင်းလည်းဆာလှရော့မယ်။ အိပ်ဖို့နားဖို့နေရာကောင်းရင် ထမင်းစားပြီးနားကြတာကောင်းမယ်"

ဟု ကိုမြင့်မောင်က ထောက်ခံပါသည်။ ဤခရီးသည် မမှန်းဆနိုင်သောဝက်ပါခရီးဖြစ်သည်။ ကိုမြင့်မောင်တို့ငယ်စဉ်ကလေးဘဝ၌ ဘုရားပွဲပြုလုပ်လျှင် ဝက်ပါပါပွဲပါတတ်သည်။ ကလေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

များသည် ပျော်ရွှင်စွာ ဝက်ပါထဲ၌ ထွက်ပေါက်မတွေ့ဘဲ ချာလည်လည်နေတတ်ကြ၏။ ထွက်ပေါက်တွေ့ခဲ့သော် လွန်စွာပျော်ရွှင်အော်ဟစ်လေ့ရှိကြ၏။ ယခုလည်း ဝက်ပါသဖွယ် ရှုပ်ထွေးလှသော လမ်းကြောင်းများမှသည် သူတို့သည် ထွက်ပေါက်ကို စမ်းတဝါးဝါး ရှာဖွေနေကြရသည်။ စမ်းတဝါးဝါးဖြင့် လမ်းမှားနေခဲ့သော် သူတို့သည် ထိုမြေအောက်ကမ္ဘာဝက်ပါအတွင်း၌ ချာလည်လည်၍နေကြပေမည်။ ထွက်ပေါက်တွေ့ရပါမူ မည်မျှပျော်ရွှင်လိုက်ကြမည်နည်း။

သူတို့သည် ကျဉ်းမြောင်းကောက်ကွေ့သော လက်ကြားတစ်ခုကို ဖြည်းဖြည်းချင်းတိုးထွက်နေရ၏။ ကိုငွားဆာနှင့်ကိုမြင့်မောင်တို့သည် တူငယ်များကို ကိုင်ကာ ဘေးဘယ်ညာမှ ကျောက်စွန်း၊ ကျောက်တက်များကို ရိုက်ချိုးကာ အန္တရာယ်ကင်အောင် ရှင်းလင်းရင်း တိုးထွက်နေရသည်။

ဖြည်းညင်းစွာ တိုးထွက်နေရရာ လူသည် ရှေ့နောက်စိပ်နေ၏။ လူတစ်ဦး၏ဓာတ်မီးရောင်သည် လူသုံးလေးဦးအတွက် အဆင်ပြေသဖြင့် ဓာတ်ခဲ ချွေတာသောအားဖြင့် လူအများစု ဓာတ်မီးမသုံးဘဲ နောက်ကမှေးလိုက်နေကြ၏။

ထိုအထဲတွင် အချို့ကျောင်းသားတို့သည် အိပ်ချင်စိတ်တားမရသည့်အခါ နောက်မှ ငိုက်မျဉ်း၍လိုက်ပါနေကြ၏။ သူတို့သည် အရာရာအား ကျောင်းဆရာ ကိုငွားဆာကိုသာ အားကိုးထားပြီးဖြစ်ကြရာ ယုံကြည်မှုလည်းရှိကြဟန်တူပေ၏။

"ဟား - ကိုမြင့်မောင်ရေ ရှေ့မှာ လက်ကြားကျဉ်းသွားတယ်။ကိုယ်စောင်းတိုးလို့ လုံးဝမရနိုင်တော့ဘူး။ တစ်ထွာလောက်ပဲရှိတော့တာ။ ရှေ့မှာတော့ ပြန်ကျယ်တယ်"

"အေးဗျာ၊ အပေါ်ကနေ ကျော်တက်ရင်ရော"

ဟုပြောပြီး အပေါ်ဘက် ဓာတ်မီးဖြင့်ထိုးကြည့်ပြန်ရာ အထက်တွင်လည်း လက်ကြားကျဉ်းနေသည်ကို တွေ့ရရာ လက်ကြားအမိုးအထိမြင့်ရ၏။ လုံးဝတိုးထွက်၍ရနိုင်စွမ်းမရှိပေ။ တစ်ထွာဟူသော လက်ကြားသည် မည်သို့မျှ တိုးထွက်၍ရနိုင်ခြေမရှိရာ ယမ်းခွဲမှသာ အဆင်ပြေပေမည်။

"ကိုငွားဆာ၊ ဘယ်လိုလုပ်မလဲ"

"ယမ်းသုံးလက်လောက်ခွဲထုတ်မှ ရတော့မှာ"



"ကျွန်တော်ကတော့ ယမ်းတွေဘာတွေမလိုဘူးထင်လို့ ယမ်းပစ္စည်းဘာဆိုဘာမှမယူခဲ့မိဘူး ကိုငွားဆာ"

"ကျွန်တော် အကုန်ထည့်ခဲ့တယ် ကိုမြင့်မောင်။ လိုရာမည်ရ လောစို့တစ်ချောင်းတောင်ထည့်ခဲ့သေးတယ်။ ယမ်းခွဲမရတဲ့ ဓာတ်တုံးလို့ခေါ်ကြတဲ့ ဝေဖာကျောက်တောနဲ့တွေ့ရင် အသုံးပြုရအောင်လို့လေ"

"ကိုငွားဆာက အမြော်အမြင်ရော၊ အတွေးအခေါ်ရော၊ သတ္တိရော၊ အလုပ်အကိုင်ရော ကျွန်တော်တို့ထက် အများကြီးသာပါတယ်ဗျာ။ ကျွန်တော် ဒီအထိ မတွေးမိခဲ့ပါဘူးဗျာ"

"မမြင်ရတဲ့ခရီးကိုသွားရမှာမို့ လျှော့မတွက်ခဲ့ဘဲ လိုအပ်တာတွေအကုန်ထည့်ခဲ့တာပါ။ ဒါမှ အရာရာကိုကျော်ဖြတ်နိုင်မှာလေ။ ကဲ - ကျင်ချောက်ရေ ဒီနေရာကို အထက်အောက်သုံးပေါက်ထွင်းပြီး ယမ်းခွဲထုတ်ရအောင် အမြန်စီစဉ်ကွာ"

ဟု ဆိုသည်နှင့် သူတို့နောက်မှ လက်ထောက်ကျောင်းဆရာ ကျင်ချောက်သည် သူ့လူများထံမှ ထွင်းစို့ကို တောင်းကာ စတင်ထွင်းတော့၏။

"ဟော့ကောင်လေးတွေ၊ ယမ်းသုံးလက်ဆင်ကွာ"

ဟု သူ့တပည့်များအား ညွှန်ကြားလိုက်ပြီး ကျင်ချောက်သို့လည်း လှမ်း၍ သတိပေးသည်။

"ကျင်ချောက်၊ ယမ်းပေါက်တွေကို အပေါ်တည့်တည့်ချိန်ပြီးဖောက်။ တို့တွေ လက်ကြားကျဉ်းထဲမှာဆိုတော့ ရှောင်စရာနေစရာမရှိဘူး။ တို့က ပိုင်ယာပါသလောက်ပဲဆုတ်နိုင်မှာ"

"ဟုတ်ကဲ့ - ကျင်းဆရာ"

"ဟိုနောက်မှပါတဲ့အဖွဲ့တွေအားလုံး နောက်ကိုအတော်ဝေးဝေးပြန်ဆုတ်ကြပါ။ ရှေ့မှာလက်ကြားပိတ်နေလို့ယမ်းခွဲထုတ်ပြီးဖွင့်ရမယ်"

ဟု အော်ဟစ်သတိပေးလိုက်ရာ လူတန်းကြီးသည် နောက်သို့ဗျာ့ရှေ့ရှေ့ဆုတ်ခွာသွားကြလေ၏။ လုပ်ငန်းဆောင်တာလူအချို့သာ ကျန်ရစ်လေသည်။ လူတစ်ကိုယ်ပင်မနည်းသွားလာရသောလက်ကြားကျဉ်းဖြစ်နေသည့်အတွက် ကျောင်းချုပ် ဦးလှဝေမှာ ရှေ့သို့လာကြည့်နိုင်ခြင်းမရှိပါ။

ယမ်းခွဲယမ်းပေါက်သည် စို့ရိုက်ပြီးတက်သောအပေါက်ကဲ့သို့ တိမ်တိမ်နှင့်မရပါ။ အနည်းဆုံး တစ်ပေ အများဆုံး တောင်ဆုပ်မျှ ဖောက်ကြရပါသည်။ စက်ထိုးကျောက်ဖောက်စက်နှင့်ဖောက်သော် တစ်တောင်မျှဖောက်ကြပါသည်။ တစ်ပေပေါက် သုံးပေါက်ဖောက်ရရာ အချိန်အတန်ကြာ၏။

ထိုအချိန်ဝယ် နောက်လူတို့ ကျောက်နံရံကိုမှီကာ အမောဖြေရင်း အိပ်စက်နေကြလေ၏။ ဆာလိုက်ကြသည်မှာလည်း ဝမ်းဗိုက်ထဲမှ တဂွီဂွီအသံတို့သည် တိတ်ဆိတ်နေသောလက်ကြားအတွင်းဝယ် အတိုင်းသားကြားနေရတော့၏။

ကိုငွားဆာ၏ရှေ့ရေးလာဘ်မြင်မှုတို့လည်း ချီးကျူးဖွယ်ကောင်းလှပေ၏။ ကျန်အဖွဲ့တို့မှာ သူ့လောက်မြော်မြင်မှု မရှိခဲ့ကြပါ။ ရှေ့ဆက်အသက်ရှင်ရေးအတွက်သာ အစားအစာကိုအဓိကထား၍ စီစဉ်ခဲ့ကြပါသည်။

လောစို့ခေါ် သပ်စို့ကြီးပင်ယူလာခဲ့သည်ဆိုသောအခါ သူ၏အမြော်အမြင်ကြီးမှုကို ကိုမြင့်မောင် မချီးကျူးဘဲမနေနိုင်ပါ။ ထိုလောစို့ခေါ် သပ်စို့ကြီးသည် သာမန်စို့တို့ထက် ကြီး၍လေးသည်။ ပုံသဏ္ဌာန်မှာ စို့ချွန်ကြီးဖြစ်၏။ ပမာဆိုရသော် ထင်းတုံးကြီးများအားခွဲသော သပ်စို့ကြီးမျိုးဖြစ်၏။

ထိုလောစို့သည် ယမ်းလုံးဝခွဲ၍မရသော ဝေဖာကျောက်ခေါ် ဓာတ်ကိုက်တုံးကြီးများခွဲထုတ်ရာတွင် အရေးပါလှ၏။ ဦးစွာ ယမ်းစို့ဖြင့်အပေါက်ဖောက်ရ၏။ ထိုအပေါက်ထဲသို့ လောစို့ခေါ် စို့ကြီးဖြင့် ရိုက်သွင်းသော် ပေါက်ပေါက်ဆုပ်ကဲ့သို့ပွရောင်းရောင်းနိုင်လှသော ဝေဖာကျောက်တုံးကြီးသည် မခံနိုင်ဘဲကွဲကြေရလေ၏။

ထိုသို့ကျင်းပစ္စည်းစုံစုံလင်လင်နှင့် အတူ အစာရေစာပါသယ်ခဲ့ရသော ကိုငွားဆာ၏အုပ်စုကို ကိုမြင့်မောင် တစိမ့်စိမ့်တွေး၍ ကျေးဇူးတင်နေရ၏။ အလွန်တော်ပြီး အလွန်ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပီသသူဖြစ်ပါသည်။

အလွန်မကြာလိုက်ပါ။ နာရီဝက်ပင်ကြာမည်မထင်။

"ယမ်းခွဲမယ်၊ ယမ်းခွဲမယ်၊ ကိုယ့်ခေါင်းပေါ် အိတ်လေးတွေတင်ပြီး ကာကွယ်ထားကြပါ။ ယမ်းခွဲမယ်၊ ယမ်းခွဲမယ်"

ဟူသော အော်ဟစ် သတိပေးသံသည် လက်ကြားအတွင်းဝယ် ပဲ့တင်တုန်ခါသွား၏။ ငိုက်မျဉ်းနေသူ၊ အိပ်ပျော်နေသူတို့ ရုတ်ခြည်းနိုးလာကာ နံရံကို အသေအချာကပ်၍ အိတ်လေးများ ခေါင်းပေါ်တင်ကာ ကာကွယ်ကြလေ၏။ နီ၊နက်နှစ်ပင်လိမ်ဝါယာကြိုးခွေဆုံးသည့်နေရာတွင် ရပ်လိုက်၏။ ခာတ်ခဲ (၅)လုံးကို တန်းစီ၍ချခင်းလိုက်သည်။

ကျင်ချောက်သည် သူ့အိတ်ကို အသင့်အနေအထားနှင့် စီမံလိုက်၏။ ပြီးလျှင် ဒုတိယအကြိမ် သတိပေးပြန်၏။

"ယမ်းခွဲမယ်၊ ယမ်းခွဲမယ်"

"ဂျိန်း ဝေါ ဖျောက်ဖျောက် ဖျောက်ဖျောက်"

ဒီတိုနေတာနှင့် ယမ်းတို့၏ ပေါက်းစပ်ပေါက်ကွဲအားသည် လက်ကြားအတွင်းဝယ် ဟိန်းထွက်သွားပြီး လွင့်စဉ်လာသော စကျင်ကျောက်တိုကျောက်စများ အထက်နံရံသို့ "ရှိုက်ခတ်သံများကြားရ၏။ ကျင်ချောက်မှာ လျှင်မြန်စွာ သူ့အိတ်ဖြင့် မျက်နှာကို ကာကွယ်လိုက်၏။ စကျင်ကျောက်မှုန်တို့ မျက်နှာအနီးရှိ အိတ်ကိုလာစဉ်ကြ၏။ ယမ်းခိုးတို့မှာ လက်ကြားအတွင်းဝယ် မှောင်မည်းနေလေသည်။ သို့သော် ခဏအတွင်းမှာပင် လက်ကြားအတွင်း ပိုးတဝါးမြင်လာရ၏။

ကျင်ချောက်သည် ခာတ်မီးဖြင့် အနီးကပ်ထိုးကြည့်လိုက်သည်။ ရည်မှန်းသည့်အတိုင်း လက်ကြားမှာလူတစ်ကိုယ်စာသွားလာနိုင်ပြီ ဖြစ်သည်။

"ဘယ်လိုလဲဟေ့ ကျင်ချောက်"

"အိုကေပဲ ကျင်းဆရာ"

"ဒါဆို တို့တွေ ရှေ့ကိုခရီးဆက်ကြမယ်။ ကိုမြင့်မောင်နောက်ကလူတွေကို လှမ်းအောက်လိုက်တော့ဗျာ၊ ရှေ့ဆက်သွားကြစို့"

"ကဲ-အားလုံးခရီးဆက်ကြမယ်"

ဟု ကိုမြင့်မောင်မှအော်လိုက်ပြီး ခရီးဆက်ခဲ့ကြပါသည်။ မကြာလိုက်ပါ။ လက်ကြားမှာ ဆုံးသွားပြီး ရှေ့တွင် ကျောက်ကမ်းပါးပြတ်ဖြစ်ကာ အောက်တွင် ပေသုံး၊ လေးဆယ်ခန့်ရှိ ကြည်စိမ်းနေသော ရေအင်းငယ်တစ်ခုကိုတွေ့ကြရလေ၏။ ထိုအင်းငယ်သည် သူတို့၏ ရှေ့တွင် ပိတ်ဆီး၍နေလေရာ မည်မျှနက်သည်မသိရသေးပေ။ ထို့အပြင် ထိုအင်းထဲသို့ စီးကျနေသော ရေတံခွန်ငယ်တစ်ခု၏အသံကိုလည်း တဝေါဝေါကြားနေရ၏။ ထိုအင်းမှသည် ရေကြည်စမ်းချောင်းတစ်ခုစီးဆင်းနေသည်ကိုလည်း လှပစွာမြင်တွေ့ရသလို ထိုစမ်းချောင်းငယ်၏ ဘေးဘယ်ညာတွင် ကျယ်ပြန့်သော မိုသ်လွင်ကြီးကိုလည်းတွေ့ရရာ ကိုငွားဆာက -

"ဟန်ကျပြီ - ကိုမြင့်မောင်ရေ၊ ကျွန်တော်တို့ ဒီမှာစခန်းချပြီး ညအိပ်ရပ်နားကြရအောင်"

ဟုဆိုလေ၏။

## ◻ ရေကူးတတ်သူများ

သူတို့ဝင်လာရာ လက်ကြားသည် ဟိုးယခင်အခါက ရေစီးကြောင်းတစ်ခုဖြစ်ခဲ့ပေမည်။ ကာလကြာမြင့်သော် ရေမြေသဘာဝ၏ ပြောင်းလဲမှုကြောင့် ရေကြည်ထွက်သည် ဟိုမှာဘက်သို့ ပြောင်းလဲသွားကာ ရေစီးကြောင်းပြောင်းလဲသွားခြင်း ဖြစ်ပေမည်။ ရေကျအားကြောင့် ရေသည် အနည်းငယ်နက်ဟန်တူ၏။ ထိုရေကန်ကို ဖြတ်ကျော်ရုံမှတစ်ပါး အခြားကွင်းရှောင်စရာလမ်းမရှိပေ။ ထိုအင်းငယ်အား မလွဲမသွေဖြတ်ကျော်ကြရပေမည်။

ထို့ကြောင့် ကိုငွားဆာသည် ရေအနက်ကို တိုင်းတာရန် လက်လှမ်းမီသည့် ကျောက်နို့ချောင်းခေါ် ကျောက်တက်တစ်ခုကို တူဖြင့်လှမ်းရိုက်ချိုးလိုက်သည်။ လက်ကောက်ဝတ်ခန့်ရှိ ဖြူဖွေးသော ကျောက်နို့ချောင်းမှာ ဖြောက်ခနဲကျိုးကာ ဘုတ်ခနဲကျ၏။

ထိုကျောက်နို့ချောင်းကို ကြိုးဖြင့်ချည်ပြီး ရေထဲသို့ချရာ ရေသည် ဆယ်ပေမျှနက်သည်ကိုတွေ့ရရာ ရေမကူးတတ်သူတို့အတွက်မှာမူ အန္တရာယ်ကြီးမားလှ၏။ ထို့ကြောင့် ရေကူးတတ်သူတစ်ဦးအား စွန့်စားခိုင်းရပေမည်။ သို့အတွက် နောက်မှလူတန်းအားလှမ်းအော်ရ၏။

"ဟေ့ - မင်းတို့အထဲမှာ ရေကူးတတ်သူပါလား"

"ပါပါတယ်၊ ကျွန်တော်ကူးတတ်တယ်"

ဟူသောအသံများ ဆူညံစွာထွက်လာ၏။

"များများမလိုဘူး။ နှစ်ဦးပဲလိုတာ၊ တစ်ယောက်က ရှေ့ဆုံးကကူးမယ်၊ တစ်ယောက်က နောက်ဆုံးကကူးမယ်။ ကြားလူတွေက ကြိုးနဲ့ ရေအိုင်ကို ကျော်ပြီး ဆင်းကြမယ်။ ရေကတိမ်တိမ်လေးဆိုရင် အကြောင်းမဟုတ်ဘူး။ ခုဟာက ဆယ်ပေလောက်နက်နေတယ်။ အခုမင်းတို့ထဲကအတော်ဆုံးကျင်းသားတစ်ယောက် ရှေ့ကိုလာပါ"

မကြာလိုက်ပါ။ အားကောင်းမောင်းသန် ကျင်းသားတစ်ဦး လူတွေကို ကျော်ခွကာ ရှေ့ကိုရောက်လာသည်။ ရှေ့မျက်နှာစာတွင် လူသုံး၊ လေးဦးဆံ့သည့်အနေအထားဖြစ်ရာ အဆင်ပြေပါသည်။

"ကဲ - ငါ့ညီ အစ်ကိုပြောပြမယ်။ အစီအစဉ်က တို့တွေ ဒီရေအိုင်ကို ကြိုးနဲ့ခိုပြီး ဟိုမှုံပြန့်ကိုရောက်အောင် ကျော်ဖြတ်ကြမယ်။ ကြိုးရင်းကို ဟောဒီကျောက်ငုတ်မှာချည်ထားမယ်။ ကြိုးစကို ငါ့ညီက ရေကူးပြီး ဟိုဘက်ကမ်းကို ယူသွားပါ။ ဟိုဘက်ကမ်းရောက်ရင် ငါ့ညီက ကြိုးစကိုဆွဲတင်းထား၊ ဒီကနေတူရယ်၊ သစ်ချောင်းချွန်ရယ် ကြိုးနဲ့လျှောပြီးချပေးမယ်။ သစ်ချောင်းချွန်ကို မှုံထဲမှာ ခပ်စောင်းစောင်းရိုက်သွင်းပေးပါ။ မြဲလောက်ရင် ကြိုးကို အဲဒီသစ်ငုတ်မှာ တင်းတင်းချည်ပေးပါ။ အနေအထားက (၃၅) ဒီဂရီလောက်ရမယ်။ ဒါဆိုရင် အားလုံး အဲဒီကြိုးကိုဖက်တွယ်ပြီး ကူးလို့ရပြီ။ နားလည်ပြီလား ငါ့ညီ"

"ဟုတ်ကဲ့ ကျင်းဆရာ"

"ကဲ - ဒါဆို မင်းရဲ့အိတ်နဲ့အဝတ်တွေထားခဲ့ ငါယူလာခဲ့မယ်။ကိုမြင့်မောင် ကျောက်ငုတ်မှာ ကြိုးချည်ပါ။ ပြီးရင် ရေထဲချထားပေးပါ"

လူငယ်သည် အဝတ်များချွတ်ကာ သူ့အိတ်ထဲထိုးထည့်၏။ အသင့်အနေအထားဖြစ်သောအခါ -

"ဒီကမ်းပါးအမြင့်က ဆယ်ပေလောက်ရှိတယ်။ ငါ့ညီက ကြိုးကိုဆွဲပြီး ဆင်းသွား၊ အောက်ထဲမှာ ကြိုးအဖျားကို ရအောင်ယူ၊ ဟိုဘက်ကမ်းဆီဆွဲသွားပေတော့"

ဆိုသည်နှင့် လူငယ်သည် ကြိုးကို ဆွဲ၍ဆင်းသွားသည်။ရေထဲရောက်သည်နှင့် -

"ရေက အတော်အေးတယ်ဗျို့"

ဟု အော်ကာ ကိုယ်ဖော့၍ ကြိုးဖျားရအောင်ယူပြီး ဟိုဘက်ကမ်းသို့ ကူးသွားလေတော့၏။ ကျွမ်းကျင်သူမို့ မကြာလိုက်ပါ။ အပေါ်မှ ခာတ်မီးသုံး လက်ဖြင့်ဝိုင်းထိုးပေးနေ၍ အားလုံးမြင်

www.burmeseclassic.com

နေရပါသည်။

"ကိုမြင့်မောင်၊ သစ်ချောင်းတစ်ချောင်းချွန်ပြီး လေးပေါင်တူနဲ့ အိတ်ထဲထည့်ပါ။ လျှောချဖို့ ကြိုးကွင်းလည်းလုပ်ပါ"

ကျွမ်းကျင်သူများမို့ တစ်ခဏနှင့်အသင့်ဖြစ်ရာ ကြိုးဖြင့်လျှောချပေးလိုက်၏။ အလေးချိန်ရှိသဖြင့် ရှောရှောရှူရှူကျသွား၏။

"ငါ့ညီရေ၊ ငုတ်ကိုမြဲမြဲရိုက်ဟေ့"

"ဟုတ်ကဲ့ - ကျောင်းဆရာ"

ဟူ၍ အော်ပြောသည်။

လုပ်ငန်းနားလည်သဘောပေါက်နေသူများမို့ မကြာလိုက်ပါ။ ကူးရန်ကြိုးတန်း၍ပြီးသွားလေ၏။

"ကဲ-ကျောင်းချောက်၊ မင်းဒီကစပြီးကူးပြ။ ကျောပိုးအိတ်ကို ရင်ဘက်ဘက်လှည့်ပြောင်းပြီးလွယ်။ ရော့-ဟောဒီမှာ ဟိုဘက်ကမ်းကကောင်လေးရဲ့အိတ်ပါ ရောထည့်ပြီးသယ်သွား။ ကဲ-စပြီးကူးတော့။ ဘာမှကြောက်စရာမရှိဘူး။ ခြေလက်မြဲမြဲထားဖို့ပဲလိုတယ်"

လူးကျောင်းသို့ဆင်းကြသူများသည် သာမန်လူများမဟုတ်ကြပါ။ တက်ရာ၊ ဆင်းရာတွင် မျောက်များပမာ လွန်စွာကျွမ်းကျင်ကြသူများဖြစ်သည်။ သတ္တိအရာတွင်မူ အများထက်သာသူများဖြစ်ကြရာ ကျောင်းချောက်မှသည် တစ်ဦးပြီးတစ်ဦး သွက်လက်ဖျတ်လတ်စွာ တစ်ဖက်ကမ်းသို့ လျှောချသွားကြသည်မှာ အချိန်အားဖြင့် မကြာကြပါ။ နှစ်ရာကျော်မျှရှိသော လူတန်းကြီးကုန်သွားကာ ကျောင်းချုပ် ဦးလှဝေ၊ ကိုမြင့်မောင်၊ ကိုငွားဆာနှင့် ရေကူးကျွမ်းကျင်သူ လူငယ်တစ်ဦးသာ ကျန်ရစ်ပါသည်။

"ကဲ - ငါ့ညီ၊ အစ်ကိုရှင်းပြမယ်။ ငါ့ညီက ဒီအမြင့်ကနေ ရေထဲခုန်ချပြီး ဟိုဘက်ကိုကူးခဲ့ရမှာ ရပ့်မလား"

"ရပါတယ် ကျောင်းဆရာ၊ ဒီလောက်တော့ အပျော့ပါ။ ကျွန်တော်တို့က ဒီထက်မြင့်တဲ့နေရာတွေကတောင် ရေထဲခုန်ချနေတာပါ"

"ဟုတ်ပြီ - အဝတ်တွေချွတ်ပါ၊ ဖိနပ်ပါချွတ်ပြီး မင်းအိတ်ထဲထည့်ကွာ၊ ငါယူသွားမယ်။ ငါတို့ကူးပြီးရင် မင်းလုပ်ရမှာက ဒီကြိုးကိုဆွဲဖြုတ်ပြီး ရေထဲပစ်ချပေးပါ၊ ငါတို့ကဆွဲယူလိုက်မယ်။ ပြီးရင် မင်းကူးလာခဲ့တော့ ဟုတ်ပြီလား။ ဓာတ်မီးရောင်ငါတို့ထိုးထားပေးမယ်။ ကြိုးက ရှေ့ခရီးမှာ လိုအပ်ရင် သုံးနိုင်အောင်ပြန်ယူချင်လို့ပဲ"

"ဟုတ်ကဲ့ - ကျောင်းဆရာ"

"ကဲ - ကျောင်းချုပ် စကူးတော့ဗျာ"

ဆိုသည်နှင့် ဦးလှဝေကူး၏။ ပြီးလျှင် ကိုမြင့်မောင်ကူး၏။ ကိုငွားဆာကူးပြီးသောအခါ သစ်သားငုတ်တွင်ချည်ထားသောကြိုးကို ဖြေလိုက်တော့၏။

"ငါ့ညီရေ၊ ကြိုးဖြုတ်လို့ရပြီဟေ့"

ဟု အော်သည်နှင့် ကျောက်ငုတ်တွင်စွပ်ထားသော ကြိုးကွင်းကိုဖြုတ်ကာ ရေထဲပစ်ချပေးလိုက်၏။ ခဏအတွင်းမှာပင် ကြိုးကိုဆွဲ၍သိမ်းလိုက်ရာ လူငယ်သည် ရေထဲသို့ခုန်ဆင်းကာ ကူးလာတော့၏။ နက်ရှိုင်းသောရေအိုင်ငယ်အား အန္တရာယ်ကင်းစွာကူးမြောက်၍ အောင်မြင်ခဲ့ချေပြီ။ လွဲမရှောင်သာ၍ လူနှစ်ဦးသာ ရေစိုခံခဲ့ရ၏။

ကျယ်ပြန့်သော မုံခင်းကြီးသည် လူသူရောက်ဖူးခြင်း လုံးဝမရှိခဲ့သဖြင့် လင်းကြေးကျောက်များဖြင့် ဖိတ်ဖိတ်တောက်ကာ လှပသန့်ရှင်းနေပါသည်။

"ကဲကဲ - အားလုံး ဒီမှာတစ်ညအိပ်ရပ်နားကြမယ်။ ခုည (၁၁) နာရီလောက်ရှိပြီ။ နောက်နေ့ နံနက် (၈)နာရီလောက်မှာ ခရီးဆက်ကြမယ်။ ပါတာလေးတွေကို ချွေတာစားကြပါ။ အပေါ့အလေးကိုဝေးဝေးသွားကြပါ။ ကိုယ့်အစုနဲ့ကိုယ်လူမကွဲပါစေနဲ့၊ ကျန်မနေခဲ့ပါစေနဲ့"

ဟု ကိုငွားဆာက သတိပေးပါ၏။ အားလုံးသည် ကိုငွားဆာ၏ဦးဆောင်မှုအောက်တွင်နေကြရသည်မဟုတ်ပါလား။

**ဥရေနအစီအစဉ်**

နာရီပေါင်းအတော်ကြာ လမ်းကြမ်းအသွယ်သွယ်ကို ပင်ပန်းစွာဖြတ်ကျော်ခဲ့ရသဖြင့် အားလုံးသည် ဖွေးဖွေးနေသော သဲသောင်ပြင်ပေါ်ဝယ် ခြေပစ်လက်ပစ်ခဏနှင့်အိပ်ပျော်ကုန်ကြလေ၏။

ကျောင်းချုပ်ဦးလှဝေ၊ ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် ရှေ့ခရီးအတွက် ဖယောင်းတိုင်၏မီးရောင်အောက်တွင် တီးတိုးစွာ ဆွေးနွေးလျက်ရှိကြသည်။ ကိုငွားဆာက လက်ညှိုးဖြင့် သဲပြင်တွင် မြေပုံဆွဲပြကာရှင်းပြနေ၏။ သံလိုက်အိမ်မြှောင်ကိုလည်း စနစ်တကျချထားကာ မြေပုံကိုဆွဲပြနေခြင်း ဖြစ်၏။

"ကျောင်းချုပ်၊ တောင်တန်းကြီးက ဒီအတိုင်းတည်နေတာနော်။ အနောက်၊ တောင်၊ အရှေ့၊ မြောက်သွယ်တန်းထားတာ။ ကျွန်တော်တို့ တရော်နီလူးက ဒီမှာ၊ ပျားတောင်လူးက ဒီမှာဆိုတော့ အနေအထားက မျဉ်းဖြောင့်လိုဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့က အနောက်တောင်ကိုလှည့်ပြီးသွားရမှာ။ ဒါမှ ပျားတောင်လူးဆီတည့်တည့်ရောက်နိုင်မှာ။ ဒီစမ်းချောင်းအနေအထားက အံ့ဩစရာကောင်းတယ်။ အနောက်တောင်တည့်တည့်စီးနေတယ်။ဒါဟာကျွန်တော်တို့သွားလိုတဲ့လမ်းကြောင်းတည့်တည့်ပဲ။ ပေပေါင်းဘယ်လောက်အထိရှည်မယ်ဆိုတာမသိသေးဘူး။ ဒီဟော(လ်)ခန်းရဲ့အနေအထားက အောက်ထဲမှာဖြန့်းရှိနိုင်တယ်။ လုပ်မယ်ဆိုရင် ကျောင်းဆိုင်းဆယ်ဆိုင်းထက်မနည်းလုပ်နိုင်တဲ့လူးခန်းမျိုးပဲ။ သွားရလာရခက်လို့သာပေါ့"

"ကိုငွားဆာရယ်၊ ကျောက်သာထွက်အားကောင်းလို့ကတော့ လမ်းတွေချဲ့ပြီးသွားလမ်းလာလမ်းကောင်းအောင် စီစဉ်ရင်ရနိုင်တာပါပဲ။ ဒီဟော(လ်)ခန်းကို မှတ်ထားဗျ"

"ကိုယ်လာတဲ့လမ်းကြောင်းတစ်လျှောက် အခက်အခဲတွေဖြတ်ကျော်ခဲ့ရတာ ဘယ်မေ့မှာလဲဗျာ"

"ဒီအနေအထားနဲ့ဆိုရင် ရှေ့ခရီးနီးပြီလို့ဆိုနိုင်မလား"

"အတပ်မပြောနိုင်ဘူးဗျ။ လမ်းကြောင်းတွေပိတ်တဲ့အခါ အလိုက်သင့်မြောက်ကိုပြန်လှည့်ရတာတွေရှိတယ်။ ဒီအခါ နောက်ကြောင်းပြန်ပြန်ရောက်နေတာပါပဲ။ ခရုဝက်ပါလိုပတ်ချာလှည့်ပြီးထွက်နေရတော့ကာ ကျွန်တော့်အထင်နီးတော့မနီးသေးဘူးထင်တယ်"

"အေးဗျာ၊ တောင်ဘက်ကိုဦးတည်ချင်ပေမယ့် လမ်းကြောင်းပိတ်ပြန်တော့လည်း ဘာတတ်နိုင်မှာလဲ။ ဒီလိုပဲ အလိုက်သင့်သွားလာရမှာပေါ့။ ဒီလမ်းကြောင်းကျပြန်တော့လည်း ကိုယ်လိုရာကို ဦးတည်နေတယ်ဆိုတော့ ကံကောင်းတာပေါ့ဗျာ။ ကဲ - ကျွန်တော်တို့လည်း တစ်မှေးလောက်အိပ်ကြစို့ဗျာ"

"ဟုတ်ကဲ့ - အိပ်ကြတာပေါ့။ မီးမှုတ်လိုက်တော့မယ်နော်"

ဟု ပြောကာ မီးမှုတ်လိုက်တော့၏။ မိမိတို့၏ရိက္ခာအိတ်လေးများအား ခေါင်းအုံးကာ စတင်အိပ်စက်ပါသည်။ အမှောင်ကား ပိတ်ပိတ်ပိန်း၍နေ၏။ လူတို့ဟောက်သံများကိုကြားနေရသလို ရေတံခွန်မှရေကျသံတဖြန်းဖြန်းကိုလည်း ကြားနေရပါသည်။ ထို့ပြင် စမ်းချောင်းမှ စမ်းရေစီးသံတငြိမ့်ငြိမ့်ကိုလည်း ကြားနေရ၏။ မကြာမီပင် ကိုငွားဆာတို့

www.burmeseclassic.com

အိပ်ပျော်ကုန်ကြပါသည်။

## ◘ ရေရှိတိုင်းငါးမရှိပါ

ကိုမြင့်မောင်သည် သောကနှင့်မို့ ကြက်အိပ်ကြက်နိုးပမာ မကြာမကြာ အိပ်မက် ဖရဲဖရဲများမက်၍လန့်နိုးနေပါသည်။ လက်မှနာရီကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ နံနက် (၅)နာရီကျော်ကျော်ရှိပြီဖြစ်သည်။ ကျန်လူတို့၏ ဟောက်သံများကြားနေရ၏။ သို့ကြောင့် မျက်စိမှိတ်၍မှိန်းကာ သူ့အတွေးများက ရှာက ချစ်ဇနီး မကြေးမုံထံသို့ရောက်နေလေ၏။

သူ့ဇနီးထံ သီတင်းကျွတ်လျှင်ပြန်လာမည်။ သားငယ်အောင်ကောင်းထက်ကို ရှင်ပြုပေးမည်။ အပျိုဖြစ်နေပြီဖြစ်သော သမီးကြီး ရည်ရွယ်သွန်းနှင့် အပျိုပေါက်အရွယ် သမီးဝေစည်ရှန်းတို့ကို နားသမင်္ဂလာပြုမည်ဟုလူကြုံဖြင့်မှာထားပြီးဖြစ်သည်။

သူတို့အဖွဲ့ အကယ်၍ ထွက်ပေါက်ဆီမရောက်ခဲ့သော် ဟူသော အတွေးကလည်း သူ့ကိုခြောက်လှန့်၍နေပါသည်။

"ထွက်ပေါက်ဖြောင့်ဖြောင့်တန်းတန်းတွေ့ပါစေ"

ဟူ၍လည်း မြတ်စွာဘုရားထံ အာရုံပြု၍ ဆုတောင်းနေမိ၏။ အမှန်တကယ်မတွေ့ခဲ့ပါသော်၊ အောက်ထဲ၌ ရက်ရှည်လှည့်လည်၍ ထွက်ပေါက်ရှာနေခဲ့ရသော် သူတို့၏ရိက္ခာ၊ သူတို့၏ ဓာတ်ခဲ၊ ဖယောင်းတိုင်တို့သည် မည်မျှတောင့်ခံနိုင်မည်နည်း။ ရက်အနည်းငယ်သာခံနိုင်မည်ရှိကြပါမည်။ ထို့ကြောင့် သက်ပြင်းအကြိမ်ကြိမ်ချနေမိပါသည်။

သို့နှင့် ကိုမြင့်မောင်သည် အပေါ်ချက်နှာကြက်သို့ မီးဖြင့်ထိုးကြည့်လိုက်၏။ လှပသည့်သလင်းကျောက်ပန်းဆိုင်းန်းခက်များက ရင်သပ်ရှုမောဖွယ်တွေ့မြင်ရပါသည်။ ဓာတ်ခဲကိုငဲ့သောအားဖြင့် ကြာကြာထိုးမကြည့်နိုင်ပါ။ ထိုထိုအလှများသည် လူးဆင်းသူတို့အဖို့ အဆန်းမဟုတ်ပါ။ ကမ္ဘာဦးတည်စမှသည် လူသူမရောက်သော မြေအောက်ကမ္ဘာ၌ သဘာဝဖြစ်တည်အရ သူ့အလိုလိုဖြစ်နေကြခြင်းဖြစ်ပေ၏။

နံနက် (၇) နာရီတွင် ကိုငွားဆာ အိပ်ရာမှထကာ အားလုံးကိုနှိုးလိုက်၏။ ချက်နှာသစ်ကြ၊ ရေဘူးတွေရေဖြည့်ကြ ၍ နံနက်စာ စတီသဘောစားကာ ရက်ကိုအဝသောက်ကြပါသည်။ ရေမှာ ကြည်လင်အေးမြနေ၏။

ဤသို့သော ရေအိုင်၊ ဤသို့သော စမ်းချောင်းမျိုးသည် မြေပေါ်တွင်ဆိုပါက ရေနေသတ္တဝါများဖြစ်သည့် ငါး၊ ပုစွန်၊ ကဏန်းစသည်တို့ နေကြမည်ဖြစ်သော်လည်း အလင်းရောင်လုံးဝမရှိသော မြေအောက်ကမ္ဘာတွင်မူ ဘာသတ္တဝါမှမရှိပါ။ ရေရှိလျှင် ငါးရှိသည် ဟူသော စကားသည် ဤမြေအောက်ကမ္ဘာတွင် မမှန်ချေ။

ထိုအတူ ရေရှိလျှင် ရေညှိပင်တို့ ကုန်းပေါ်၌ပေါက်ရောက်နိုင်သော်လည်း အလင်းမရှိသည့်အတွက် မြေအောက်ကမ္ဘာ၌ ဘာအပင်မှမပေါက်ရောက်နိုင်ပေ။ သို့အတွက် ရေညှိကြောင့်ချော်လဲမှာ လုံးဝမပူရပေ။

## ◘ သွေဖည်သွားသောလမ်းကြောင်း

သတ်မှတ်ထားသောနံနက်(၈)နာရီတွင် သူတို့တွေ စမ်းချောင်းအတိုင်း ခရီးဆက်ခဲ့ကြ၏။ စမ်းချောင်းသည် တဖြည်းဖြည်း အရှေ့ဆီသို့ ကွေ့ဝိုက်စီးဆင်းသွားသည်ကိုတွေ့ရပြီး ဘေးဘယ်၊ ညာ ကျောက်နံရံများ ကျဉ်းမြောင်းလာသည်တိုတွေ့ရသဖြင့် ရှေ့ကိုက်အနည်းငယ်တွင် လမ်းဆုံးနိုင်ကြောင်း ခန့်မှန်းမိကြသည်။

ထိုစမ်းချောင်းမှာ ပေတစ်ထောင် ခန့်ရှည်လျားမည်ဟု ခန့်မှန်းမိကြ သည်။ စူးစမ်း၍သွားလာနေရခြင်းဖြစ်ရာ သူတို့သည် စိတ်သွားတိုင်းကိုယ်မပါနိုင် ကြပါ။

"ကိုမြင့်မောင်ရေ စမ်းချောင်းက ကျောက်လှုပ်အုံတောကြီးထဲဝင်သွားပြီ။ ကျွန်တော်တို့ ကျောက်လှုပ်အုံတောကြီးရဲ့ ကျောပေါ်ကနေ ကျော်ဖြတ်ရတော့မှာပဲ"

ရပ်တန့်ကာ ကျောက်လှုပ်အုံတောကြီးကို ဓာတ်မီးဖြင့် အသေအချာထိုးကြည့်နေကြ၏။ ကောင်းကင်မျက်နှာကျက်သည် စကျင်ကျောက်ချပ်လွှာကြီးများ ကွာကျထားသဖြင့် အချို့မှာ ခဲကြီးများ ကွဲအက်လျက် ကျလုကျခင်တွဲလောင်းကြီးများဖြစ်နေကာ ကြက်သီးထဖွယ်ကောင်းလှပေ၏။မြေငလျင်ကြီးများလှုပ်သော် ပြုတ်ကျနိုင်၏။

ထိုစကျင်ကျောက်ချပ်လွှာကြီးများ ကွာကျကာ ခဲပုံကြီးဖြစ်နေခြင်းဖြစ်ရာ ထိုခဲပုံကြီးပေါ်မှ ကျော်ဖြတ်ရပေမည်။ စမ်းချောင်းကျဉ်းသွားရာမှ ရှေ့တွင်ပြန်ကျယ်ပါသော်လည်း အန္တရာယ်များသော ခဲလှုပ်အုံတောဖြစ်၏။ ခဲလှုပ်ကြီးများမှာ သေးသေးမဟုတ်ပါ။ ခန်းဝက်မျှကြီးမား ကြလေ၏။ သို့ကြောင့် တက်ရလွယ်မည့် နေရာကိုရွေးကာ တက်ခဲ့ကြတော့၏။ ခဲကြီးများ၊ ကြေမွနေသော ခဲလတ်၊ ခဲအသေးများသည် အစီအစဉ်တကျမရှိဘဲ ပြန့်ကျဲလျက်ရှိရာ အန္တရာယ်ကင်းမည့်လမ်းကိုရွေးလျက်သွားလာနေရ၏။ လမ်းကြောင်းသည် အရှေ့စူးစူးသို့ပြန်၍ ဦးတည်နေသည်ကို သံလိုက်အိမ်မြှောင်ကိုကြည့်၍သိရ၏။ လောလောဆယ်တွင်မူ သွားနိုင်ရာလမ်းကြောင်းသည် အရှေ့ဆီသို့ဖြစ်ရာ လွှဲမရှောင်သာဘဲ သွားနေရတော့၏။ ဘေးဘယ်၊ညာတွင် လမ်းကြောင်းမရှိသေးပေ။

"လမ်းကကွာ အနောက်တောင်ကနေ အရှေ့ဘက်ပြန်ဦးတည်ရတယ်လို့ မောပဲ့ကွာ"

ဟု ကိုငွားဆာကဆို၏။

ကံအားလျော်စွာပင် ကျောက်လှုပ်အုံတောကြီးလွန်သောအခါ ကျယ်ပြန့်သော ဟော(လ်)ခန်းလိုဏ်ဂူတစ်ခုဆီရောက်ကြ၏။ ထိုလိုဏ်ဂူတွင် စမ်းရေကျောက်စက်ရေလုံးဝမရှိပါ။ အရပ်လေးမျက်နှာသို့သွားနိုင်သော လိုဏ်ဂူငယ်လမ်းကြောင်းများဖြင့် ဖွဲ့စည်းထားရာ ကိုငွားဆာတို့ ဝမ်းသာအားရဖြစ်ကြ၏။

ဓာတ်မီးဖြင့် ဟော(လ်)ခန်းကို လှည့်ပတ်ကြည့်ရှု၏။ တောင်ဘက်သို့ ညွှန်ပြသော လမ်းကြောင်းအတိုင်း ထိုလိုဏ်ဂူမှထွက်ခဲ့ရာ လမ်းမှာပွင့်တစ်ခုသဖွယ် တဖြည်းဖြည်းလုံး၍ကျဉ်းသွား၏။ သို့ကြောင့် လေးဖက်ထောက်အနေအထားဖြင့် ဖြည်းညင်းစွာသွားလာကြရသည်။ ကံကောင်းသည်မှာ ကျောက်ဆူးများကင်းရှင်းနေပြီး အဖုအထစ်သိပ်မရှိဘဲသွားလာ၍ကောင်း၏။

သို့သော် သွားရင်းသွားရင်း အလွန်ပင် ကျဉ်းမြောင်း၍လာရာ ရှေ့တွင် လူတစ်ဝင်စာမရှိတော့။ သို့ကြောင့် ရပ်တန့်လိုက်၏။

"ကိုမြင့်မောင်ရေ၊ အရှေ့မှာ လူတစ်ကိုယ်ဝင်လို့မရတော့ဘူး။ အဲဒါ နောက်ပြန်ဆုတ်ပြီး နောက်တစ်ပေါက်ကထွက်မှရမယ်။အနောက်ကိုအကြောင်းကြားပါ။ အားလုံးပြန်ဆုတ်မယ်။ ဟော(လ်)ခန်းမှာ လူပြန်စုမယ်လို့ အော်လိုက်ပါ"

အဆင့်ဆင့်အကြောင်းကြားကာ လူတို့နောက်ပြန်ဆုတ်ပြီး ဟော(လ်)ခန်းတွင် ပြန်စုကြရာ အချိန်အတော်ကြာသွား၏။

"ကဲ - ဒီတစ်ခါတော့ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်မောင်တို့ အရင်ဝင်ကြည့်မယ်။ အဆင်ပြေမှကိုယ့်အဖွဲ့နဲ့ကိုယ်အစီအစဉ်အတိုင်းလိုက်ခဲ့ပါ။ ကဲ - မတတ်နိုင်ဘူး။ အရှေ့ဘက်လမ်းကြောင်းအတိုင်းပဲထွက်ကြည့်မယ်။ ကဲ-ကိုမြင့်မောင်၊သွားစို့ဗျာ"

ဟု ပြောပြီး နှစ်လမ်းကျယ်သော လက်ကြားလမ်းကြောင်းအတိုင်း ခပ်သွက်သွက်လျှောက်ဝင်ခဲ့၏။ အနေအထားမှာ ကောင်းမွန်ကြောင်းတွေ့ရ၍ ကိုမြင့်မောင်မှလိုက်ခဲ့ရန် လှမ်းအော်ရ၏။ လမ်းကြောင်းမှာ အရှေ့ဆီသို့သွေဖည်လျက်ရှိလေ၏။ သွားလိုသည်မှာ တောင်အရပ်ဖြစ်ပြီး လမ်းကြောင်းမှာ အရှေ့ဆီသို့ညွှန်နေ၏။

□ **ကြွက်အုပ်ကြီး**

သူတို့သွားရာလမ်းကြောင်းတွင် ရေတံခွန်စိမ့်စမ်းမတွေ့ရာ သူတို့သည် လူ၏အလယ်ထပ်တွင် ရောက်ရှိနေကြောင်းကို ခန့်မှန်းရ၏။ လိုဏ်ဂူလမ်းကြောင်းအတော်များများအား တွေ့ရသောအခါဝယ် သူတို့သည် မိမိတို့သွားလိုရာလမ်းကြောင်းသို့ ဦးတည်နိုင်ကြတော့၏။

အချိန်တို့ တရွေ့ရွေ့ကုန်နေသကဲ့သို့ သူတို့လည်း တရွေ့ရွေ့သွားနေကြရာ ခရီးပင်အတော်ပေါက်ခဲ့ပေပြီ။ ကိုငွားဆာ နာရီကိုကြည့်လိုက်၏။ နေ့လယ်နှစ်နာရီပင်ရှိပြီဖြစ်သည်။ ခြေခင်းလက်ခင်းသာသောနေရာကျယ်ကျယ်တွေ့ပါက ခေတ္တစခန်းချ၍နားမည်ဟု စိတ်ကူးထား၏။

တလှုပ်လှုပ်တရွေ့ရွေ့သွားနေကြရာ အချို့ကျင်းသားများသည် အိပ်ငိုက်လျက်သွားနေကြ၏။ သိစိတ်တစ်ဝက်၊ မသိစိတ်တစ်ဝက်ဖြင့် မှိန်း၍လိုက်နေကြခြင်းဖြစ်ပြီး အန္တရာယ်ရှိသောနေရာရောက်မှသာ မသိစိတ်၏ လှုံ့ဆော်မှုကြောင့် မျက်လုံးပြန်ပွင့်ကြရသည်။

ရှုပ်ထွေးလှသော ကမ္ဘာဦးတည်သည်မှသည် ယခုမှသာ လူသားတို့ခြေချဖူးသောလမ်းကြောင်းအသစ်တို့သည် ချောမွေ့သောလမ်းတို့ကို ကြုံရသကဲ့သို့ ကြမ်းတမ်းခက်ခဲသောလမ်းတို့ကိုလည်း ကြုံရရာ မြေအောက်ကမ္ဘာ လူးထဲ၌ ထုသားပေသားကျနေသော လုပ်သားတို့အဖို့ အထူးအဆန်းမဟုတ်ပေ။ လူး၏ သဘောတရားကို နားလည်ပြီးဖြစ်ကြ၏။

ဆန်းကြယ်လွန်းလှသောသဘာဝ ကျောက်ပန်းကျောက်ခက်အလှတို့အား ရင်သပ်ရှုမောပြီးခံစားနေနိုင်ရန် သူတို့တွင်မရှိကြပေ။ သူတို့အဓိကမျှော်လင့်တောင့်တနေသည်မှာ ထွက်ပေါက်သာဖြစ်ချေ၏။

သွားလာရင်း သူတို့လမ်းကြောင်းသည် လမ်းကျဉ်းတစ်ခုနှင့်ရင်ဆိုင်ရပြန်၏။ ခါးကုန်း၍ဝင်ကြရသည်။ သို့သော် ပေသိပ်မရှည်မီမှာပင် ရှေ့တွင် လွင်ပြင်တစ်ခုကို ဘွားခနဲ တွေ့လိုက်ကြရရာ ကိုငွားဆာတို့ အသက်ရှူချောင်သွားတော့ ၏။

ပြန့်လွင့်ပြင်ကား ကျောက်သားလွင်ပြင်ပြန့်ဖြစ်ကာ ပေတစ်ရာဝန်းကျင်ရှည်လျားလျက် ရှေ့တွင် ပေငါးဆယ်မျှ နက်သော ချောက်ကမ်းပါးယံ့ရှိသည်။ ထိုချောက်ယံ့သည် အလျားလိုက်တည်ရှိနေကာ ချောင်းဟောင်းတစ်ခုသဖွယ် ဖြစ်နေပေ၏။ ကိုမြင့်မောင်နှင့် ကိုငွားဆာတို့သည် ဓာတ်မီးဖြင့် အသေအချာထိုးကြည့်ကြသည်။

"ကဲဟေ့၊ တို့တွေဒီမှာခဏနားကြမယ်။ ပါတာလေးကိုချွေတာပြီးစား၊ ရေကို ချွေတာသောက်ကြပါ"

ဟု အော်လိုက်၏။

သို့နှင့် ကိုယ့်အစုနှင့်ကိုယ်အနားယူကာ ချွေးသိပ်နေကြ၏။ ပါသည်တို့ကို အဆာပြေ အနည်းငယ်ထုတ်စားကာ ရေသောက်ကြ၏။ ပြီးလျှင် ပက်လက်လှန်ကာ ခဏတာမှိန်းကြပါသည်။

နာရီဝက်ခန့်အကြာ ဝေါဝေါဝေါ ဟူသော အသံတစ်ခုသည် တိတ်ဆိတ်မှုကိုဖြိုခွင်းလာလေ၏။ ဤတွင် ကိုငွားဆာက ရုတ်ရုတ်သဲသဲဖြစ်သွားသော သူ့လူများအား -

"ဟေ့ - အားလုံးငြိမ်ငြိမ်နေကြ၊ ဒါကြွက်အုပ်ကြီးလာတဲ့အသံကွ။ ဒီကြွက်အုပ်ကြီးကို ငါတို့တစ်ခါမြင်ဖူးတယ်။ အောက်လွှိုလမ်းကြောင်းအတိုင်းလာ



နေတာ။ အဲဒါ ငါတို့ကံကောင်းတာပဲ"

ဟု ပြောပြ၏။

ဖျောဖျောဝေါဝေါဝေါ ဟူသောအသံသည် နီးသည်ထက်နီးလာကာ မည်းမှောင်နေသောကြွက်အုပ်ကြီးသည် အောက်လွှိုလမ်းကြောင်းအတိုင်း အပြေးအလွှားသွားနေသည်မှာ ကြောက်ဖို့အလွန်ကောင်းလေ၏။

"ဟား-နည်းတဲ့ကြွက်ကြီးတွေလားကွာ"

ဟူ၍ အပေါ်မှ ဓာတ်မီးဖြင့်ထိုးကြည့်နေသူအပေါင်းက အံ့သြခြင်းကြီးစွာဖြင့် တီးတိုးပြောကြ၏။ အကောင်တို့မှာ ကြောင်လတ်တစ်ကောင်မျှပင် ကြီးမားထွားကျိုင်းလှပေ၏။ ဓာတ်မီးရောင်တို့ကြောင့် သူတို့၏မျက်လုံးများရဲရဲတောက်နေကြ၏။ ကြွက်ကောင်ရေမည်မျှရှိသည်ဟု မခန့်မှန်းနိုင်ကြပေ။ ထိုကြွက်အုပ်ကြီးဖြတ်သန်းချီတက်သွားချိန်သည် ငါးမိနစ်မျှပင်ရှိရာ အကောင်ပေါင်း သောင်းသိန်းချီ၍ရှိမည်ဟု ခန့်မှန်းကြသည်။

ကြွက်အုပ်ကြီးအသံမှာ တဖြည်းဖြည်းပျောက်ကွယ်၏။ သည်မျှ များပြားသော ကြွက်အုပ်ကြီးအား မြင်ဖူးရန် ခက်ခဲကြပေမည်။ လူးခေါ် မြေအောက်ကမ္ဘာ၌ ကျက်စားသွားလာနေသော ထိုကြွက်အုပ်ကြီးအကြောင်းအား ကျင်းဆရာ ကိုငွားဆာကို မေးကြ၏။

"အေး - အဲဒီကြွက်အုပ်ကြီးကို တို့တွေပျားတောင်လူးမှာဆင်းပြီး ကျင်းနေရာလိုက်ရှာတုန်းက တစ်ခါတွေ့ဖူးတယ်ကွ။ ဒီကောင်တွေ ဘာတွေစားပြီး ဒီလောက်ထွားကျိုင်းနေလဲမသိပါဘူးကွာ။ ငါ့အထင်တော့ ဒီကောင်တွေ လူတွေထုထည့်နဲ့လုပ်တဲ့ ဆိုင်းချဲ့လူးနဲ့ ပျားတောင်ဖျားက နမ့်မဆတ်လူးကို ကူးကြတာဖြစ်မယ်။ လူးထဲမှာစွန့်ပစ်တဲ့ စားကြွင်းစားကျန်တွေ၊ အညစ်အကြေးတွေစားပြီး ရှင်သန်ပေါက်ပွားနေကြတာဖြစ်မယ်။ တို့တရော်နီလူးမှာပဲကြည့်လေ၊ ကြွက်တွေ ထုနဲ့ထည်နဲ့အပေါ်ကနေလိုက်ဆင်းလာပြီး နေထိုင်ကြတာနည်းလား။ မြေအောက်ကမ္ဘာထဲက လမ်းကြောင်းတွေကို သူတို့က သိနေတယ်။ သူတို့သွားတဲ့လမ်းကြောင်းဟာ တောင်တည့်တည့်ဖြစ်နေတယ်။ တို့တွေ ကြွက်တွေပြတဲ့ လမ်းကြောင်းအတိုင်းလိုက်ရင် မကြာမီထွက်ပေါက်တွေ့နိုင်တယ်။ ဘာလို့လဲဆိုတော့ သူတို့လာတဲ့လမ်းကြောင်းမှာ တစ်ခါကြုံဖူးလို့ပဲ။ ဒါဆိုရင် ပျားတောင်လူးဇရိယာနဲ့ အတော်နီးစပ်လာပြီ။ ငါညီတို့၊ အား



www.burmeseclassic.com

www.burmeseclassic.com

မလျှော့ကြနဲ့ကွာ ကြားလား"

ပြောရာ လူငယ်များက 'ဟေး' ဟူ၍ ဝမ်းသာအားရအော်ကြလေသည်။ တက်ကြွလန်းဆန်းနေကြရာ စကားပြောသံတို့ညံ၍နေလေ၏။

လူငယ်များကပင် -

"ကျင်းဆရာ ခရီးဆက်ကြစို့ဗျာ"

ဟူ၍ တောင်းဆိုလာရာ -

"ကဲ - ဒါဆိုထွက်ကြမယ်"

ဟု အတည်ပြုကာ ပြင်ဆင်ကြလေ၏။

**ဥ လှူးလှုပ်ကွက်တစ်ခုနှင့်တွေ့ပြီလော**

အောက်ဘက်လျှိုထဲသို့ ကြိုးဆင်မနေဘဲ ကုပ်ကက်ကာ တွယ်ဆင်းကြသည်။ အနေအထားမှာ ကျောက်တက်ကလေးများရှိနေသဖြင့် အလွန်ကြီးမားအခက်အခဲမရှိလှပါ။ ခြေလက်မြလှသော လှုးဆင်းသူတို့အဖို့ ဤသို့သော ကမ်းပါးလောက်မှာ စာမဖွဲ့လောက်ပေ။

အားတက်လာသောလူငယ်အချို့မှာ သီချင်းများပင်ဆို၍ လိုက်ပါလာ၏။ လျှို၏အကျယ်မှာ သုံးလံမျှရှိသည်။ ထိုလျှိုစွပ်အတိုင်း တောင်သို့လိုက်လာခဲ့ကြသည်။ ထိုလျှိုသည် နံရံပိတ်မဟုတ်ပေ။ ထိုလျှို၏ ဟိုဘက်ကမ်းပါးကိုတက်ပါက အပေါ်တွင် လိုရာသွားနိုင်သော အနေအထားရှိ၏။

ကိုငွားဆာက အပေါ်ဘေးဘယ်ညာတို့ကို အသေအချာကြည့်ကာသွားနေ၏။ ပြီး သံလိုက်အိမ်မြှောင်ကို ပြန်ကြည့်ရပြန်၏။

"ကိုငွားဆာ၊ အနေအထားက ဘယ်လိုလဲ"

"လမ်းက မသိမသာ နောက်ကို ကွေ့နေတယ်ဗျ"

"မြောက်ကို မပြန်ရင် ဟုတ်ပြီပဲဗျာ"

"ရှေ့မှာအဆင်းကြီးဖြစ်သွားတယ်ဗျို့"

"ဟုတ်လား"

"အင်း - ဒီအတိုင်းလိုက်ကြည့်ရတော့မှာပဲ၊ ဒါကြွက်တွေသွားထားတဲ့လမ်းကြောင်းပဲ။ လိုက်ကြည့်ရတော့မှာပေါ့ဗျာ။ လမ်းကြောင်းကအရင်နဲ့စာရင် အတော်ကျဉ်းလာပြန်တယ်။ ရှေ့မှာပိတ်များသွားလေမလားဘဲ"

"သွားကြည့်ပေါ့ဗျာ၊ မဟာန်ရင် တစ်မျိုးကြံကြတာပေါ့"

ဟု တိုင်ပင်ကာ ခပ်စိုက်စိုက် အဆင်းလမ်းကို ဆင်းလာခဲ့ကြသည်။

သိပ်ပြီးမကြာလိုက်ပါ။ အမှန်ပင် လူမဝင်နိုင်သော လက်ကြားကျဉ်းပြန်ဖြစ်သွားလေတော့၏။ အနေအထားမှာ ကြွက်သာဝင်နိုင်ပြီး လူမဝင်နိုင်တော့ရာ အပေါ်သို့ အာရုံပြုရပြန်၏။

"ကဲ - ကိုမြင့်မောင်ရေ၊ အပေါ်ကို ပြန်တက်ကြရအောင်"

ဟု ပြောကာ နံရံကျောက်တက်များ တွယ်တက်ရန် စီစဉ်ရပြန်လေ၏။ ကြွက်လမ်းကြောင်းကား ပျောက်သွားပြီဖြစ်သည်။

"ကဲ-ငါ့ညီတို့ အောက်မှာနေကြဦး၊ တက်လို့လွယ်အောင် ကြိုးချပေးမယ်။ ကြိုးက တစ်ချောင်းဆိုရင်ရတယ်။ ကြိုးငါ့ကိုပေး"

ဟု သူ့လူများထံမှ ကြိုးကိုယူကာ ပခုံးတွင်သိုင်းလျက် သွက်လက်ကျွမ်းကျင်စွာ အပေါ်သို့တက်သွား၏။ ပေတစ်ရာ ခန့်ရှိမည်ဟု ခန့်မှန်းရလေ၏။ မကြာမီပင်အပေါ်မှကြိုးကျလာကာ -

"ကဲ - တစ်ယောက်ချင်းဆွဲတက်မယ်"

ဟု အော်သံကြားရ၏။

တစ်ဦးအပေါ်ရောက်မှ တစ်ဦးက တတ်သဖြင့် အချိန်အတန်ငယ်ကြာသွား၏။ လှုး၏ အပေါ်ထပ်မှာ အနိမ့်၊ အမြင့်မညီသောလမ်းကြောင်းများ ဖြစ်သည်။ မြေသား ဟူ၍လုံးဝမရှိဘဲ ကျောက်သားပကတိဖြစ်သည်။ ထိုအနေအထားများသည် ဖြုန်းမြေလုံးဝမရှိသော အနေအထားများဖြစ်ကြောင်း အားလုံးသိကြ၏။ သူတို့အခေါ် လှုးအပေါ်ထပ်များဖြစ်ကြသည်။

ထိုလမ်းကြောင်းတို့သည် ရေလိုက်သဲခေါ် သဲအနည်းငယ်မျှအပ ဘာမှမရှိကြပေ။ ထိုရေလိုက်သဲများကို အစမ်းသဘော သယ်ယူ၍ ဆေးကြည့်ကြရာ အလွန်မှုန်ညာသော နှမ်းစေ့ခန့် အရွယ်ကျောက်မှုန်ကျောက်မွှားလေးများသာရှိကြသည်ကို တွေ့ရ၏။ ထို့ကြောင့် လှုးအပေါ်ထပ်များတွင် ရေလိုက်သဲများ မည်သို့ရှိနေပါစေ တန်းဝင်ရတနာပတ္တမြားမရှိရာ မည်သူကမျှအလေးထားခြင်းမရှိကြပေ။

ကျောက်ထွက်ရာမှာ လှုးဝမ်းခေါ် စမ်းချောင်းများ၏ ဘေးဘယ်ညာဟော(လ်)ခန်း လိုဏ်ဂူကြီးများသာဖြစ်သည်။ ထိုအပေါ်ထပ်များအား လှုး၏ကျောဟုခေါ်ပြီး ကျောက်ထွက်ရာနေရာများကို လှုး၏ဝမ်းဗိုက်ဟုခေါ်၏။

လူများကိုယ့်အစုနှင့်ကိုယ်စုမိကြပြီးဖြစ်ရာ ကျင်းချုပ်ဦးလှဝေက ထွက်ရန်အချက်ပေးသည်နှင့် ဆက်၍ထွက်ခဲ့ကြလေ၏။ အောက်ဘက်လျှိုထဲကဲ့သို့ ရှောရှောရှူရှူမဟုတ်။ အတက်၊ အဆင်း အငုံ့၊ အတိုးတို့ဖြင့် ခက်ခဲကြမ်းတမ်းလှပါသည်။ ကျောက်ဆူးများမစူးအောင်လည်း ရှိက်ချိုးကာသွားနေရပါသည်။

အပေါ်ထပ်တွင် လမ်းကြောင်းပေါင်းများစွာရှိနေရာ အနောက်တောင်သို့သာဦးတည်၍သွားနေရ၏။ ခရီးကား သိပ်မတွင်လှပါ။ အချိန်တို့ပာရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။ ရောက်လိုဇောနှင့်မို့ အချိန်တို့ကုန်၍ကုန်မှန်းမသိကြပါ။ မြေအောက်ကမ္ဘာထဲတွင် ရက်ရှည်နေ၍မဖြစ်နိုင်။ သို့အတွက် ထွက်ပေါက်တွေ့ကို တွေ့မှဖြစ်မည် မဟုတ်ပါလား။ သို့သော် ကံက မျက်နှာသာသိပ်မပေးသေးပါ။ ရှေ့တွင် မြင့်မားသော တောင်နံရကြီးက ပိတ်ဆီး၍နေပြန်လေသည်။

ကိုငွားဆာက ပတ်ဝန်းကျင်အနေအထားကို ဓာတ်မီးဖြင့်လှည့်ထိုးကြည့်သည်။

"ကိုမြင့်မောင်ရေ၊ ဒီနံရံကြီးကို တက်လို့ရတဲ့နေရာရှာရအောင်ဗျာ။ ကဲ- ခင်ဗျားနဲ့ကျွန်တော် ဒီတစ်ဝိုက်လှည့်ပတ်ကြည့်မယ်"

ထိုအခါ ကိုမြင့်မောင်က အားလုံးသို့လှမ်းအော်သည်။

"ကဲဟေ့ - ဒီမှာအားလုံး ခဏနားမယ်။ ငါနဲ့ ကိုငွားဆာက လမ်းကြောင်းလိုက်ကြည့်မယ်"

ထိုအခါ အားလုံးပင် နီးရာအမှီအတွယ်ရှာ၍ကျောမှီကာ အမောဖြေကြလေ၏။ ငါးမိနစ်ခန့်သွားရာ ထိုနံရံကြီးတစ်နေရာ၌ ဆင်ခြေလျှောတစ်ခုကို တွေ့ရရာ များစွာဝမ်းသာကြလေ၏။

ထိုစဉ် သစ်ခုတ်သံ၊ ဝါးခုတ်သံ၊ စကားပြောသံသဲ့သဲ့ကို တောင်ထိပ်ပေါ်မှကြားရရာ ကိုမြင့်မောင်သည် ထခုန်လုမတတ် ဝမ်းသာသွားရလေတော့၏။

"ကိုငွားဆာရေ၊ ထွက်ပေါက်တွေ့ပြီဗျို့။ ရှေ့မှာ လှုးလှုပ်ကွက်တစ်ခုတွေ့ရပြီ။ ဝမ်းသာလိုက်တာဗျာ"

"အေး - ဟုတ်တယ်ဗျို့၊ သစ်ခုတ်သံ၊ ဝါးခုတ်သံ၊ စကားပြောသံတွေကြားနေရတယ်။ တော်သေးတယ်ဗျာ၊ ထွက်ပေါက်ရှိရာနဲ့ တည့်တည့်တိုးတော့တာပဲ"

"မီးရောင်နည်းနည်းလေးတောင် မမြင်ရဘူးဗျာ"

"ကျောက်စွန်းကမ့်တွေ ကွယ်နေ



www.burmeseclassic.com

www.burmeseclassic.com

လို့နေမှာပါဗျာ။ ဒီအတိုင်းတည့်တည့်တက်သွားရင် အဲဒီလုပ်ကွက်ပြေးမလွတ်ပါဘူးဗျာ"

"ပျော်လိုက်တာ ကိုငွားဆာရာ၊ ကိုငွားဆာက လူနှစ်ရာကျော်ရဲ့အသက်ကို ကယ်လိုက်တာပါ"

"ဩော် - ကိုမြင့်မောင်ရယ်၊ ဒါက လူသားတိုင်းရဲ့တာဝန်ပါ။ ကျွန်တော့်လို ခင်ဗျားသိရင် ခင်ဗျားကလည်း အားလုံးကိုကယ်မှာပါ။ ပျားတောင်လူးမှာ လုပ်ခဲ့ဖူးတာ ဘုရားသခင်ရဲ့အလိုတော်အရ လုပ်ရတာနေမှာဗျာ။ ကျွန်တော် အဲဒီလူးမှာမလုပ်ခဲ့ဖူးရင် ခင်ဗျားတို့လို ယောင်နနနဲ့နေမှာပါပဲ။ ကဲ - နောက်ကြောင်းပြန်လှည့်ပြီး ကျင်းချုပ်နဲ့ ကလေးတွေကို ကောင်းသတင်းပေးရအောင်"

ဟု ပြောကာ နောက်ကြောင်းပြန်လှည့်ခဲ့ပြီး ကိုမြင့်မောင်က, ရှေ့ကုန်းထိပ်ပေါ်က သစ်ခုတ်သံ၊ ဝါးခုတ်သံ၊ စကားပြောသံများကြားခဲ့ရကြောင်း၊ ထိုလူးလုပ်ကွက်ကိုရောက်ပါက ထွက်ပေါက်ဇကန်တွေ့ပြီဖြစ်ကြောင်းပြောပြရာ 'ဝေး ပေးပေး' ဟူသော ဝမ်းမြောက်ဝမ်းသာ ဩဘာသံသည် ညံ၍ထွက်သွား၏။ အားလုံးပင် အပျော်စိတ်များစီးဝင်ခဲ့ကြပြီဖြစ်သည်။

"ကဲဟေ့ - အားလုံးအသင့်ပြင်ကြပါ၊ သွားကြမယ်"

ဟု သတိပေးပြီး ကိုငွားဆာတို့ ဦးဆောင်၍ ဆက်လက်ချီတက်ကြရပြန်၏။

**□ လူးအခြောက်ခံကြရခြင်း**

ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် ရှေ့တွင်ပိတ်ဆီးနေသောကျောက်နံရံကြီးတစ်နေရာမှ ဆင်ခြင်လျှောဝင်ပေါက်အတိုင်း တက်ခဲ့ကြရာ မကြာမီပင် ကျောက်နံရံထိပ်သို့ ရောက်ခဲ့တော့၏။

ထိုအခါ စောစောကကြားခဲ့ရသော သစ်ခုတ်သံ၊ ဝါးခုတ်သံ၊ စကားပြောသံများ မကြားရတော့ပေ။ ပကတိတိတ်ဆိတ်လျက်ရှိပြီး ရှေ့တွင်မူ အဆင်းများသာ ဖြစ်နေပြန်တော့၏။

"ဘယ့်နှယ်လဲ - ကိုငွားဆာ၊ ခုနကြားရတဲ့အသံတွေ လုံးဝမကြားရတော့ပါလားဗျ"

"အေးဗျာ-ဟုတ်ပါရဲ့၊ ဒီထိပ်ပြန့်မှာပိုကြားရမှာ။ ခုတော့ ဘာသံမှမကြားရတော့ဘူးပဲ"

"ကိုငွားဆာရေ ကျွန်တော့်အထင်တော့ အဲဒါလူးခြောက်ခံရတာနေမှာဗျို့"

"အေးလေ-လူးထဲမှာ လူးခြောက်တာ အဆန်းမှမဟုတ်တာပဲ။ သူတို့က ဝိညာဉ်ကောင်တွေလေ၊ ကျွန်တော်တို့ကို သူတို့ ဘာမှမလုပ်နိုင်ကြပါဘူး"

"ကျွန်တော်တို့ ဘယ်ဘက်ဦးတည်ဆင်းမလဲ"

"အနောက်တောင်ကို ဦးတည်ရမယ်ထင်တယ်"

"ကဲ - ဒါဆိုလည်း သွားရအောင်၊ နောက်ကလူတွေကို ဘာမှပြောမနေနဲ့တော့။ ကျွန်တော့်မှာဖြင့် ဝမ်းသာအားရပြောပြလိုက်ရတာ။ ပြီးတော့ လူးခြောက်ခံရတာပဲဗျာ။ ရယ်စရာကြီးနော် ကိုငွားဆာ။ ကျွန်တော်တို့ဝမ်းသာအောင်လုပ်လိုက်တာဗျ"

"ဒါအကြောင်းမဲ့မဟုတ်ဘူး ကိုမြင့်မောင်။ အဲဒီဝိညာဉ်ကောင်တွေနဲ့နီးလာပြီဆိုရင် ကျွန်တော်တို့ မကြာခင် ထွက်ပေါက်တွေ့နိုင်တယ်။ အဲဒါ လုပ်ကွက်နဲ့နီးနေပြီလို့ သတိပေးတာနေမှာဗျ"

"အေးဗျ-ဒါလည်းဟုတ်နိုင်တယ်"

ဟု ကိုမြင့်မောင် ထောက်ခံ၏။

သူတို့ စကားတပြောပြောဖြင့် တောင်ဆင်ခြင်လျှောအတိုင်း ဆင်းလာခဲ့၏။ အထက်ကျောက်မျက်နှာကြက်သည် အထက်လေး၊ ငါးပေခန့်တွင် ရှိနေရာ ဟော(လ်)ခန်းနှင့် အတန်ပင်ဝေးနေသေး၏။

ဆင်ခြေလျှောကား ညီညာခြင်းမရှိပေ။ အတက်၊ အဆင်းများနှင့် ခက်ခက်ခဲခဲရှိလှ၏။ ဖြည်းဖြည်းချင်းဆင်းရသောနေရာတို့ရှိသလို ခပ်သွက်သွက်ဆင်းနိုင်သောနေရာများလည်းရှိ၏။

**□ မီးရောင်တွေမြင်ရပြီ**

"ကိုငွားဆာရေ၊ နက်ရှိုင်းလိုက်တဲ့ချောက်ဗျာ၊ အခုထိ ဆင်းလို့မဆုံးဘူးဘဲ"

"ကျွန်တော့်အထင် ဒီအဆင်းအဆုံးမှာ စမ်းချောင်းတို့၊ ဟော(လ်)ခန်းတို့ တွေ့နိုင်မယ်ထင်တယ်။ လုပ်ကွက်တစ်ခုခုတွေ့ရင်ကောင်းမှာပဲ။ ကျွန်တော့်အထင်တော့ ပျားတောင်လူးဇရိယာထဲကို ရောက်သွားမယ်ထင်တယ်"

"ရောက်လို့ကတော့ အိုကေတာပေါ့ဗျာ"

"အဲဒီဇရိယာထဲရောက်ရင် ထွက်ပေါက်တွေ့တာနဲ့ အတူတူပဲဗျို့"

ထိုသို့ အားတက်စရာစကားများပြောရင်း တဖြည်းဖြည်းဆင်းလာကြရာ ရေစီးသံ၊ ရေတံခွန်ကျသံများသဲ့သဲ့ကြားလာကြရ၏။

ထိုစဉ်ဝယ် မိမိတို့သွားနေရာဆန့်ကျင်ဘက်မှ မီးရောင်တွန်းတိုခပ်ပျပျလှမ်းမြင်ရလေ၏။

"ဟာ - ကိုငွားဆာ၊ ဟိုမှာလူတန်းဗျ။ ကျင်းဆင်းလား၊ ကျင်းတက်လားမသိဘူး၊ အူကြည့်မယ်နော်"

ဟု ပြောကာ ကိုမြင့်မောင်မှ အူသလို နောက်လူများကလည်းလိုက်၍ အူကြ၏။ သို့သော် ပြန်၍အူသံကို မကြားရသလို မီးရောင်များက ရပ်တန့်ခြင်းမရှိပေ။ သွားမြဲသွားနေကြ၏။

"ကိုငွားဆာ၊ ကျွန်တော်တို့ အဲဒီမီးတန်းနောက်လိုက်ကြည့်ရကောင်းမလား"

"အိုဗျာ - ဘယ်ဖြစ်မှာလဲ၊ သူတို့သွားနေတာ မြောက်ဘက်တည့်တည့်ဗျ။ အဲဒီတည့်တည့်လိုက်ရင် ကိုယ့်သေတွင်းကို ကိုယ်သွားသလိုဖြစ်နေမှာပေါ့။ ကျွန်တော်တို့က အဲဒီစမ်းချောင်းပြန့်ကိုရောက်ဖို့လိုတယ်ဗျ။ ကိုယ့်လမ်းကိုယ်သွား၊ သူ့လမ်းသူသွားတာကောင်းပါတယ်။ ဟုတ်တယ်၊ အဲဒါ ဟိုအုပ်စုနေမှာ"

"ဘယ်အုပ်စုလဲဗျ"

"နေဦးဗျာ၊ နားနေစခန်းတွေ့မှ ကျွန်တော်ပြောပြမယ်။ ကျွန်တော့်အထင်အတော်နီးစပ်နေပြီ။ ဒီကောင်တွေ ကျွန်တော်တို့ကို မြူဆွယ်နေပြီလို့ထင်တယ်"

ထိုသို့ပြောဆိုကာ မီးရောင်တို့ကို ဂရုမစိုက်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြလေတော့၏။ မီးရောင်များလည်း မမြင်ကြရတော့ပေ။

မကြာမီပင် ကျောက်များကြားမှ စီးဆင်းနေသော စမ်းချောင်းတစ်ခုကို တွေ့ရကာ ထိုရေသည် ကမ်းပါးပြတ်မှ အောက်သို့ စီးကျလျက် ရေတံခွန်ငယ်တစ်ခုဖြစ်တည်၍နေ၏။ အနေအထားကို ကြည့်၍ ကိုငွားဆာသုံးသပ်မိသည်။

"ဟန်ကျပြီဗျို့၊ ဒီနေရာကျွန်တော်ရောက်ဖူးသလိုပဲ။ အောက်ဘက်မှာ ဟော(လ်)ခန်းကြီးတည်နေတယ်။မဟုတ်မှလွဲရော ဟိုကောင်တွေ အစုလိုက်အပုံလိုက်သေတဲ့ နေရာဝန်းကျင်ဖြစ်မယ်။ ဒါဆိုရင် ထွက်ပေါက်နီးစပ်ပြီဗျို့"

ဟု ကိုငွားဆာမှ ဝမ်းသာအားရဆို၏။

(ဆက်ရန်)

ရွှေပြည်စိုး(မိုးကုတ်)

www.burmeseclassic.com

ဆရာစိုး-ရွှေအာရုဏ်ဦး

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
## (အဓိကကားချပ်များ/ Major Arcana)
## XIII.Hanged Man - တွဲလောင်းဆွဲခံထားရသူ

*[မျက်မမြင်ပုဏ္ဏား(၆)ယောက်နှင့် ကျွန်တော် (သို့မဟုတ်) တားရော့ ပုံပြင် (၁) ဆောင်းပါးအား ဖတ်ပြီးမှ တားရော့ကားချပ်ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမို သဘောပေါက်နိုင်မည် ဖြစ်ပါသည်။]*

**XII. Hanged Man**
**တွဲလောင်းဆွဲခံထားရသူ**

**အခြားအမည်ကွဲများ**

- Balder
- Judas
- Judas Iscariot
- The Thief
- The Tau Cross
- The Place of Sacrifice

**ပတ်သက်ဆက်နွှယ်မှုများ**

- ဂဏန်း (၁၂) Numerology
- နက္ခတ်ရာသီခွင်မှ ၁၂-တန့်မြောက် ဘာဝ၊
- Karma ဘာဝ (ဘဝအသစ်တစ်ခု မကူးပြောင်းမီ ယခုဘဝပြုခဲ့သော ပြစ်ကြွေးများ/ အကုသိုလ်များကို ဆေးကြောသုတ်သင်ရမည့် အချိန်ကာလ)

**သရုပ်ဖော်ပုံ**

အကိုင်းတွေခုတ်ဖြတ်ထားတဲ့သစ်ပင်နှစ်ပင်အပေါ်မှာ တန်းတစ်ခုထိုးထားပြီး အဲဒီတန်းမှာ လူတစ်ယောက်ကို ဇောက်ထိုးထားပြီး ကြိုးနဲ့ဆွဲထားတဲ့ သဏ္ဌာန်ပါ။




ဇောက်ထိုးဆွဲထားခြင်းခံရတဲ့လူရဲ့ ဆံပင်တွေကို စိမ်းပြာနုရောင်၊ အကျႌရဲ့ လက်နှစ်ဖက်က အနီရောင်၊ ကိုယ်ထည်က အပြာရောင်၊ ခါးစည်း အဖြူရောင်၊ ကြယ်သီးတွေက အဖြူရောင်၊ အကျႌအောက်ပိုင်းက အဝါရောင်၊ ဘောင်းဘီက အနီရောင်၊ ဖိနပ်နှစ်ဖက်က အပြာရောင်။ သစ်ပင်ခြေရင်း မြေကမူနှစ်ခုက အစိမ်းရောင်၊ အပေါ်တန်းကလည်း အစိမ်းရောင်၊ နောက်ခံအရောင်က အဝါရောင်။

လွတ်နေတဲ့ခြေထောက်တစ်ဖက်ကို အခြားတစ်ဖက်မှာ ချိတ်ထားတယ်။ မျက်နှာက ပြုံးစစနဲ့။ မထီယောင်ယောင် လက်နှစ်ဖက်က နောက်မှာချည်နှောင်ထားခြင်းခံရတယ်လို့ ယူဆပါတယ်။

ဒီပုံစံရဲ့ အဓိက ထူးခြားချက်နှစ်ချက်ကတော့ နံပါတ်(၁) ခြေထောက်ကို ကြိုးနဲ့ချည်ထားခြင်းမဟုတ်ဘဲ ထိရုံသာထိထားပြီး ချည်ထားတယ်လို့မြင်ယောင်စေခြင်း၊ နံပါတ် (၂) က ကားချပ်နံပါတ် (၂၁) World ကားချပ်ထဲက လူပုံနဲ့ ဆန့်ကျင်ဘက် ပြောင်းပြန်ပုံတူဖြစ်နေခြင်းပါပဲ။

ဒီကားချပ်ကို အကြမ်းဖျင်းကြည့်မယ်ဆိုရင် အထီးကျန်ခြင်း/ တစ်ကိုယ်တည်းဖြစ်ခြင်း/ အကူအညီမဲ့ခြင်းဆိုတာရယ် . . . စိတ်ဆင်းရဲစွာနဲ့ မသက်မသာနေရခြင်းဆိုတာကို လျှပ်တစ်ပြက် တွေးမြင်ခံစားမိပါတယ်။

တကယ်တမ်း စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် ကြိုးနဲ့ ခြေထောက်ဟာ ထိရုံလေးပဲထိထားတယ်။ ခြေထောက်ကို ချည်နှောင်ထားခြင်းမရှိဘူး ဆိုတာကို တွေ့ရလိမ့်မယ်။ နောက်တစ်ခါ ဇောက်ထိုးဆွဲထားခြင်းခံနေတယ်ဆိုတဲ့ လူရဲ့ မျက်နှာသွင်ပြင်ဟာ ရှုံ့မဲ့နာကြည်းနေရတဲ့ပုံမပေါ်ဘဲ ပြုံးစစနဲ့ မထီမဲ့မြင်ယောင်ယောင်မျက်နှာသွင်ပြင်ကို တွေ့မြင်နိုင်ပါတယ်။

**အမှားကာတ်တွေအသုံးမပြုစေဖို့ကြားဖြတ်ပြီးပြောပါရစေ**

ကားချပ်ထဲမှာပါတဲ့ ရုပ်ပုံတွေရဲ့ အရောင်အသွေးနဲ့ ပုံသဏ္ဌာန်တွေကိုပြောကြတဲ့အခါ ကတ်ထုပ်အမျိုးအစားအကြောင်းက ပါလာရပါလိမ့်မယ်။

ကျွန်တော်ရေးတဲ့ဆောင်းပါးတွေကို **မျက်မမြင် ပုဏ္ဏား (၆) ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ပုံပြင်က** အစပြုပြီး စဉ်ဆက်မပြတ်ဖတ်ခဲ့သူဆိုရင်တော့ သဘောပေါက်ပြီးဖြစ်မှာပါ။ အခုမှ ခါးဖြတ်ဖတ်သူတွေအတွက်တော့ နည်းနည်းလောက် ပြန်ပြောဖို့လိုပါလိမ့်မယ်။

ကျွန်တော်တို့ လေ့လာနေတာက မူလအစစ်အမှန် တားရော့ပညာကို လေ့လာနေတာပါ။ ဒီတော့ သူနဲ့လိုက်လျောညီထွေ အံဝင်ခွင်ကျဖြစ်စေမယ့် မူရင်းတားရော့ကားချပ်တွေနဲ့ ယှဉ်တွဲလေ့လာဖို့ လိုလာပါတယ်။ ဒီတော့ ဘယ်ကားချပ်တွေ/ ဘယ်ကတ်ထုပ်တွေက မူရင်းအစစ်အမှန် Origin ဖြစ်သလဲဆိုတာပါသိဖို့/လေ့လာဖို့ လိုလာပါတယ်။

တားရော့ပညာဟာ Sybolism-Language = နိမိတ်ပုံသင်္ကေတတွေကို အသုံးပြုပြီး ရည်ရွယ်ချက်တွေကိုတော့ သိစေအောင် ဖော်ညွှန်းပြုစုထားတဲ့ ပညာရပ်ဖြစ်တာမို့ မူရင်းကားချပ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်က ရုပ်ပုံ၊ သင်္ကေတတွေကတစ်ဆင့် မူရင်းအဓိပ္ပာယ်တွေကို ရှာဖွေလေ့လာ ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

Natural Truth/လောကဓမ္မ/ စကြဝဠာစွမ်းအင်/လောကသစ္စာ - အမည်အမျိုးမျိုး ခေါ်ဆိုနေကြတဲ့ လောကရဲ့ သဘာဝတရားကြီးကို ကြည်လင်ပြတ်သားစွာ ရှာဖွေမြင်တွေ့ခဲ့ကြတဲ့ ရှေးခေတ် သူတော်စင် ပညာရှိကြီးတွေကိုယ်တိုင် တီထွင်ဖန်တီးခဲ့တဲ့ တားရော့ကားချပ်တွေပေါ်ကရုပ်ပုံတွေ/ အတ္တနဲ့ ပရ အကျိုး၊ အပြစ်တွေကို ဝေဖန်ခွဲခြား လမ်းညွှန်ထားတဲ့ မူရင်း တားရော့ရုပ်ပုံ အခင်းအကျင်းတွေကို (မိမိနာမည်ကြီးဖို့/ဆရာတစ်ဆူဖြစ်လို့မှုတစ်ခုထဲကို ရှေးရှုပြီး (အတ္တကြီးစွာနဲ့) စိတ်ကူးပေါက်သလို ပြုပြင်ရေးဆွဲထားတဲ့ ခေတ်သစ်တားရော့ကားချပ်တွေကိုကြည့်ပြီး၊ ကိုင်တွယ်အသုံးပြုပြီးတော့ ရှေးသူတော်စင်ပညာရှင်ကြီးတွေရဲ့ မူရင်းတားရော့ ပညာကို လေ့လာလို့မရနိုင်ပါကြောင်း) ရှင်းလင်း ပြတ်သားစွာ တင်ပြလိုက်ပါတယ်။ တီထွင်ဆန်းသစ်-ဆရာကြီးဖြစ်လိုသူတွေ သတိပြုမိဖို့ပါ။

ကျွန်တော် လက်စွဲပြု လေ့လာ အသုံးပြုနေတဲ့ ကတ်ထုပ်ကတော့ Italian Varallo Pack ကိုအခြေခံထားတဲ့ ပြင်သစ် Marseillo Pack ဖြစ်ပါတယ်။ ၁၇၄၈ ခုနှစ်နဲ့ ၁၇၆၁ ခုနှစ်တွေမှာ ထုတ်ဝေခဲ့တာပါ။ ဆောင်းပါးတိုင်းမှာ သက်ဆိုင်ရာကားချပ်ပုံတွေကို ဖော်ပြထားပါတယ်။ (ဆောင်းပါးတွေစရေးစဉ်တုန်းက စာတည်းချုပ် ဆရာအောင်မြတ်ကို အကူအညီတောင်းထားပါတယ်။ ဒီဆောင်းပါးတွေက ကားချပ်ထဲက အရောင်တွေနဲ့ တွဲဖက်ပြီး လေ့လာမှ ပြည့်စုံတာမို့ ကားချပ်တွေကို ရောင်စုံ (Colour)နဲ့ဖော်ပြပေးဖို့၊ ဆရာကလည်း သဘောပေါက် နားလည်စွာ Colour နဲ့ဖော်ပြပေးပါတယ်။ နောက် တစ်လ/ နှစ်လလောက်ကျတော့ အဖြူ အမည်းပဲဖြစ်သွားပါတယ်။ အကြောင်းရင်းကတော့ စာမူတွေကို ဖောင်ခွဲတဲ့အခါ ကျွန်တော့်စာမူက အဖြူ အမည်းအုပ်စုထဲမှာပါနေလို့ဆိုတာ သိရပါတယ်။ ကွန်ပျူတာထဲကတစ်ဆင့်ထုတ်ယူထားတဲ့ Copy ပုံ တွေသုံးလိုရင်တော့ ကျွန်တော့်ထံမှာရှိပါတယ်။ ကျွန်တော်တောင်မှ အဲဒီ Copy ပုံတွေကိုပဲ သုံးနေရပါတယ်။ မူရင်းအထုပ်က အခိုးခံရတဲ့အထဲမှာပါသွားလို့ပါ။)

တားရော့ကားချပ်မူကွဲတွေရဲ့သမိုင်း အကြောင်းအကြမ်းကို ကျွန်တော်သိသမျှ တစ်ချိန်မှာ စုပေါင်းတင်ပြပါဦးမယ်။ ကျွန်တော်တို့ဆီမှာက တားရော့စာအုပ်/ တားရော့ကားချပ်တွေက စုံစုံလင်လင် မရှိ၊ဝယ်မရ၊ အဆက်အသွယ်အမျိုးမျိုးနဲ့ စာအုပ်စုံ/ကတ်ထုပ်အစုံရှိထားသူတွေက ထုတ်ဖော်ဖို့ အခွင့်မကြုံ။ ကျွန်တော့်မှာ နာမည်ကြီးကတ်ထုပ်အစုံ၊ စာအုပ်အစုံမရှိပါ။ ရှိသမျှလေးကို အခြေခံပြီး ဝါသနာတူသူ မိတ်ဆွေများအတွက် Share ပေးခြင်းမျှသာ ဖြစ်ပါတယ်။ ရှိနေတဲ့အထဲမှာ Original Pack နဲ့ တားရော့သုတေသနပြုကျမ်းစာအုပ်လို အဖိုးတန်လေးတွေ ကံကောင်းစွာဖြစ်နေလို့။ ဒီလို အခြေခံကျတဲ့ အတွေးအမြင်လေးတွေကို တင်ပြနိုင်တာပါ။ ပညာပါရမီအဖြစ် အုတ်တစ်ချပ်သဲတစ်ပွင့်ပဲ ဖြစ်ပါစေ ကျေနပ်ပါတယ်။

**ကျွဲကူးရေပါအဟောအတွက် စိတ်မစောပါနဲ့**

ကျွန်တော်က တားရော့ကို စိတ်ဝင်စားလို့ လက်လှမ်းမီသမျှ သဲလွန်စရသမျှ လိုက်ပြီးလေ့လာမိနေတာပါ။ အကြောင်းအကျိုး ဆက်သွယ်မှုမရှိရင် လက်မခံတတ်တဲ့ ကျွန်တော့်ရဲ့ ဉာဉ်ဆိုးကြောင့် တားရော့လမ်းကြောင်းမှာ ဟိုသဝေထိုးဒီသဝေထိုးနဲ့ လမ်းကြောင်း ရှည်ခဲ့ပါတယ်။ စာဖတ်သူတွေကိုလည်း အကြောင်းနဲ့အကျိုး၊ အဆိုးနဲ့အကောင်း၊ သမိုင်းကြောင်းနောက်ခံ တွေခေါ်ကာ အခြေခံတွေနဲ့တကွ ပြည့်စုံသော၊ ခိုင်မာသော ဟောကွက်တွေကို သိသမျှ လက်ဆင့်ကမ်းနေပါတယ်။

မြန်မာစကားပုံရှိပါတယ်။ ကျွဲကူးရေပါတဲ့။ ကျွဲတစ်ကောင် ချောင်းဖြတ်ကူးတဲ့အခါ သူ့ခန္ဓာကိုယ်က ကြီးတော့ တစ်ဖက်ကမ်းကိုတက်တဲ့အခါ သူ့ခန္ဓာကိုယ်ကြီးမှာ ကပ်ငြိပါလာတဲ့ရေတွေဟာ သူသွားရာ လမ်းတစ်လျှောက် ရွှဲရွှဲစိုအောင် ကျကျန်ရစ်ပါတယ်။ ဆိုလိုတာက ရေကို သီးခြားခပ်စရာမလိုဘဲ သူ့သဘာဝရဲ့ ရေတွေကပ်ပါလာလို့ ပြောချင်တာပါ။

ခုလည်း တားရော့ပညာခေါင်းစဉ်အောက်မှာ တားရော့သမိုင်းကြောင်း ကတ်ထုပ်တွေအကြောင်း၊ သရုပ်ဖော်ပုံတွေ၊ အရောင်တွေအကြောင်း၊ ၎င်းတို့ကပေးတဲ့အဓိပ္ပာယ်တွေ၊ ရည်ညွှန်းချက်တွေ၊ သဘာဝတရားတွေက တစ်ဆင့် အကြောင်းအကျိုးတွေဆက်စပ်တွေးခေါ်လိုက်တဲ့အခါ ဘာဟောရမလဲဆိုတဲ့ အမေးအတွက် သီးခြားဖြေစရာမလိုလောက်အောင် ဟောပြောရမယ့် သဘောတရားတွေက ပြည့်လျှံကျလာပါတယ်။

ဒီအထဲကမှ ကျွန်တော် အရေးအသားညံ့လို့ မရှင်းလင်းတာများရှိရင် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းထဲက ကျွန်တော့်ဗေဒင်ဟောခန်းကို အချိန်မရွေး လာရောက် ဆွေးနွေးနိုင်ပါတယ်။ ဖုန်းနဲ့ဆက်သွယ်မေးမြန်းနိုင်ဖို့ ဖုန်းနံပါတ်ကတော့ ၀၉ - ၃၀၃၅၉၆၈၇ ပါ။ လူချင်းတွေ့ပြီးဆွေးနွေးတာကတော့ ပိုပြီးပြည့်ပြည့်စုံစုံပြောနိုင်မှာပါ။

ကြားဖြတ်ဝင်လိုက်တာ နည်းနည်းများသွားပြီထင်ပါတယ်။ ကတ်တွေအကြောင်းဆက်ရအောင်။

**မပြုံးချင်သို့ပြုံးချင်သို့**

Hanged Man ကားချပ်ထဲက ဇောက်ထိုးဆွဲခံထားရဟန်ရှိတဲ့ သူ့ရဲ့ မျက်နှာသွင်ပြင်ဟာ ပြုံးစစနဲ့ရှိကြောင်း အထက်မှာ ကျွန်တော်ဖော်ပြခဲ့ပါတယ်။

မျက်နှာသွင်ပြင်က -

- ခက်ထန်တယ်
- တည်ကြည်တယ်
- ရယ်မောတယ်
- ပြုံးရွှင်တယ်
- ပြုံးစစရှိတယ်
- မထီမဲ့မြင်ရှိတယ်
- နာကျင်ရှုံ့မဲ့နေတယ်
- ငိုကြွေးနေတယ်

ကျွန်တော် ရေးတတ်သလောက်ပုံဖော်ကြည့်တာပါ။ ဒီထက်ရေးတတ်ရင်/ သရုပ်ဖော်တတ်ရင် ဒီထက်များဦးမှာပါ။ စာနဲ့သရုပ်ဖော်လို့မရတဲ့/မဝေခွဲနိုင်တဲ့ မျက်နှာသွင်ပြင်တွေရှိနေမှာပါ။ မျက်လုံးဟာ နှလုံးသားရဲ့ပြတင်းပေါက်၊ မျက်နှာဟာ နှလုံးသားရဲ့ကြေးမုံပြင်လို့ တင်စားခဲ့ကြပါတယ်။ မျက်နှာပေါ်က အသွင်သဏ္ဌာန်ကိုကြည့်ပြီး သူ့ရဲ့နှလုံးသားထဲက ခံစားမှုကို ခန့်မှန်းနိုင်ပါတယ်။

ဒီကားချပ်ထဲက သရုပ်ဖော်ပုံဟာ ပြုံးစစနဲ့မထီမဲ့မြင်ယောင်ယောင်မျက်နှာပေးနဲ့ဆိုတော့ အခုလက်ရှိတွေ့ကြုံခံစားနေရတဲ့အနေအထားကို မဖြစ်သာလို့ ကြိတ်မှိတ်ခံနေရတာ။ အရှုံးတော့မပေးဘူး။ အခွင့်သာရင် လွတ်မြောက်အောင် ရုန်းကန်ထွက်မြောက်မယ့်သဘောလို့ တွေးထင်ခံစားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်တော် တင်ပြထားတဲ့ မှုရင်းပုံမှာပဲ ခြေထောက်နဲ့ကြိုးက ထိရုံမျှသာထိထားတဲ့ပုံရေးဆွဲထားပြီး ကျွန်တော်တွေ့ဖူးသမျှ အခြားသောကတ်တွေထဲမှာတော့ ခြေထောက်ကို ကြိုးနဲ့အခိုင်အမာ ပိပိပြင်ပြင်ချည်ထားတဲ့ပုံတွေချည်းပဲ ဖြစ်ပါတယ်။ အမှန်တကယ် ခြေထောက်ကို ကြိုးနဲ့ချည်နှောင်ထားခြင်းမခံရဘဲ ထိရုံမျှသာထိနေတာကို ကာယကံရှင်က 'အမှန်တကယ်ချည်နှောင်ထားခြင်းခံရတယ်။ ဒါ့အပြင် ဇောက်ထိုးပါဆွဲထားခြင်းခံရတယ်' လို့ ထင်ယောင်ပြီး အဲဒီလို လက်ရှိအဖြစ်မှန်နဲ့ကွဲလွဲတဲ့ ခံစားချက် (အထင်လွဲမှားပြီး ခံစားချက်ပါ လွဲမှားသွားခြင်း) ဆိုတာကို အဓိပ္ပာယ်ပေါ်လွင်စေချင်လို့ ဒီလို ရေးဆွဲဖော်ပြခြင်းပဲ ဖြစ်ပါတယ်။

**ပန်းပေးရင်ပန်ပေးမယ်**

ကားချပ်ထဲမှာ ပါရှိတဲ့ ရုပ်ပုံကို အကြမ်းဖျင်းအားဖြင့် ပုံဖော်ပြီးပြီဆိုတော့ အကြမ်းဖျင်းအားဖြင့် သူ့ရည်ရွယ်ချက်တွေကို စကားလုံးနဲ့ ပုံဖော်ကြည့်ရအောင်။ ဆောင်းပါးအစမှာ နိဒါန်းပျိုးခဲ့ပြီးပါပြီ။ 'အထီးကျန်ခြင်း၊ အကူအညီမဲ့ခြင်း၊ စိတ်ဆင်းရဲမှုတစ်ခုခု ကြုံတွေ့နေရခြင်း၊ အကျဉ်းအကျပ်တစ်ခုထဲရောက်နေခြင်း၊ တစ်စုံတစ်ယောက်ရဲ့ ဖန်တီးမှုလုပ်ကြံမှုကြောင့် ဒုက္ခရောက်နေရခြင်း၊ ပတ်ဝန်းကျင်နဲ့အတွေးအမြင်မတူခြင်း၊ ဆန့်ကျင်ခြင်း၊ အမှန်တကယ်အကူအညီလိုအပ်နေတာမှန်ပေမယ့် ကိုယ်တိုင်နှုတ်မှ ထုတ်ဖော်ပြီး အကူအညီမတောင်းလိုခြင်း၊ အလွဲမာနကြီးခြင်း၊ မပြတ်သားခြင်း၊ ခေါင်းမာခြင်း၊ မပြတ်သားသောအခြေအနေတစ်ခု/ကိစ္စတစ်ခု/ပြဿနာတစ်ခုနဲ့ရင်ဆိုင်နေရခြင်း' စသည်စသည်ဖြင့် အတွေးကျယ်ရင်ကျယ်သလောက် နိမိတ်ပုံသင်္ကေတကနေ သဲလွန်စတွေအကြောင်းရင်းဇာစ်မြစ်တွေအများကြီးကို ပေးပါတယ်။ သဘာဝကျကျ ဆက်စပ်တွေးခေါ်နိုင်ဖို့တော့ လိုပါလိမ့်မယ်။ အဲဒီပုံဖော်ချက်တွေက အဟောတွေပဲမဟုတ်လား။

နံပါတ် (၁၀) Weel of Fortune ကားချပ်ကနေစပြီး ကျွန်တော်ပုံစံပြောင်းရေးထားပါတယ်။ သင်္ကေတတွေကပေးတဲ့အချက်အလက်သဘာဝတွေအပေါ်မှာအခြေပြုပြီး အတွေးအခေါ်လေးတွေ၊ ဆင့်ပွားတွေးတဲ့ပုံစံလေးတွေ ကျွန်တော်တင်ပြခဲ့ပါတယ်။ ဒီလို ပုံစံမတွေးဘူးသေးတဲ့သူတွေလည်း တွေးဖူး၊ တွေးတတ်အောင်၊ တွေးတတ်တဲ့ အတွေးအခေါ်ပညာရှင်များလည်း သတိပြုမိစေချင်လို့ပါ။

**လူတိုင်းအတွက် ဂူဏ္ဍသယ လိုတရ လွယ်အိတ်**

တားရော့ပညာရပ် (တားရော့ကဝ်) ထဲကနေပြီး သင်ဘာလိုချင်သလဲ၊ မျက်စိမှိတ် အာရုံပြုပြီး နှိုက်လိုက်ပါ။ သင်လိုချင်တာကိုပေးပါလိမ့်မယ်။ သင်မြင်တတ်ဖို့၊ ယူတတ်ဖို့တော့ လိုပါလိမ့်မယ်။ ဘာတွေတောင်းပြီး ဘယ်လိုယူရမလဲ။ အဲဒါ တားရော့ပညာပါ။

ဗေဒင်အကြောင်းမေးရင်း၊ ဗေဒင်လို ဖြစ်စဉ်တစ်ခုကို ပြောပြလိမ့်မယ်။ ယတြာတောင်းရင် သဘာဝအကျဆုံးယတြာကိုပေးလိမ့်မယ်။ သင့်ရဲ့စိတ်ခံစားမှုကိုမေးရင် ဘာတွေဖြစ်နေလဲဆိုတာ ပြောလိမ့်မယ်။ သင့်ချို့ယွင်းချက်/အားနည်းချက်ကိုမေးရင် ဘယ်လိုနေသလဲ၊ ဘာတွေပြင်ရမလဲဆိုတာကို ထောက်ပြလိမ့်မယ်။ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်အနေနဲ့ တောင်းရင်၊ ထိုက်သင့်တဲ့ကျင့်စဉ်ကိုပေးပါလိမ့်မယ်။

တားရော့ပညာရပ်နဲ့ဟောပြောရာမှာ အဆင့် (၂) ဆင့်ခွဲခြားထားပါတယ်။ (1) Ordinary Levele Divin aiton နဲ့ (2) Higher Lever Divin atoin တို့ ဖြစ်ပါတယ်။ ကပ်နံပါတ် (၁၀) ကနေစပြီး မသိမသာ Higher Level Divin ation အဆင့်ကိုကူးခဲ့တာဖြစ်ပါတယ်။ စဉ်ဆက်မပြတ် စောင့်ဖတ်လာခဲ့တဲ့ ဝါသနာရှင်တွေကတော့သတိပြုမိမယ်ထင်ပါတယ်။

(၁) ပထမအဆင့်ဖြစ်တဲ့ Ordinary Level Divin aiton မှာက ကားချပ်ထဲမှာ ဖော်ပြထားတဲ့ သင်္ကေတနိမိတ်ပုံတွေအတိုင်းဟောပြောခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ မှန်သလိုလိုနဲ့ လွဲနေကြတာဖြစ်ပါတယ်။ သင်္ကေတနိမိတ်ဆိုတာက တိုက်ရိုက်ပုံတူကူးချတာလို့ မပြောဘူးနော်။ သင်္ကေတပြုထားတဲ့ရုပ်ပုံရဲ့မူလရည်ရွယ်ချက်/အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြင်အောင်/ သဘောပေါက်အောင် လေ့လာပြီးမှ ဒီကားချပ်ရဲ့ဆိုလိုရင်းကို ထိထိမိမိရောက်ပါတယ်။ ကားချပ်မှာ ဖော်ပြထားတဲ့အရောင်၊ သင်္ကေတ၊ ရုပ်ပုံ၊ အသွင်သဏ္ဌာန်တွေရဲ့ မူလအဓိပ္ပာယ်တွေကို သိမထားပါဘဲ/ ပညာအမြင်နဲ့ မကြည့်နိုင်ပါဘဲနဲ့ ပြောနေကြမယ်/ပြောသမျှကလည်း မှန်ပါတယ်လို့ လက်ခံနေကြမယ်ဆိုရင် ဒီပညာဟာ ဂမ္ဘီရစာရင်းမဝင်နိုင်တော့ပါဘူး။

တားရော့ ဟောရတာ လွယ်ပါတယ်။ အာရုံ/သမာဓိတစ်ခုထူထောင်ပြီးကြည့်၊ ရင်ထဲမှာပေါ်လာသမျှပြောမှန်နေရမယ်လို့ ပြောနေကြသူတွေကို ဆန့်ကျင်ပြောနေတာ မဟုတ်ပါ။ လွယ်တာကို မခက်ခက်အောင်လုပ်နေတာ မဟုတ်ပါ။ မူရင်းပညာရပ်ရဲ့နက်ရှိုင်းမှုကို သိစေမြင်စေချင်လို့ပါ။

တားရော့ကားချပ်တွေတိုင်းမှာ မကောင်းတဲ့ အဓိပ္ပာယ်ရည်ညွှန်းချက်တွေက ပူးတွဲပါပြီးသားပါ။ အဆိုးကတ်/အကောင်းကတ်ရယ်လို့ ပုံသေသတ်မှတ်မရပါ။ အရေးကြီးတဲ့ဘဝရဲ့ဆုံးဖြတ်ချက်တွေအတွက် မေးမြန်းတဲ့အခါ ကတ်ရဲ့မူရင်းအဓိပ္ပာယ်ကို နက်နက်ရှိုင်းရှိုင်းမသိဘဲနဲ့ အကောင်း၊ အဆိုးကတ်လောက်နဲ့ အဖြေထုတ်ခဲ့ရင် ဆန့်ကျင်ဘက်လွဲတတ်ပါတယ်။

**ပညာ-မျက်လုံးနဲ့ကြည့်လိုက်ကြရအောင်**

(၂) ဒုတိယအဆင့်ဖြစ်တဲ့ Higher Level Divination နဲ့နည်းနည်းကြည့်ကြည့်ရအောင်။ တားရော့ကားချပ် နံပါတ်(၁၀)ဖြစ်တဲ့ Wheel of Fortune ဆောင်းပါးမှာ ကျွန်တော် ဖော်ပြခဲ့ပါတယ်။

၁။ **တေဇောဓာတ်** - ဘဝခိုင်မာရှင်သန်တိုးတက်မှု။
၂။ **အာပေါဓာတ်** - ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်၊ ခင်မင်မှု၊ ပျော်ရွှင်မှု။
၃။ **ဝါယောဓာတ်** - ပဋိပက္ခ၊ ပြဿနာ၊ အလိုမကျမှု၊ ပျော်ရွှင်မှု။
၄။ **ပထဝီဓာတ်** - အခြေခံစားဝတ်နေရေး၊ အကျိုး စီးပွား၊ ငွေကြေး၊ အခွင့်အရေး။

လူတစ်ယောက်ရဲ့ ဘဝ ဆိုရာမှာ အခြေခံကျန်းမာရေးအတွက်(ကျွန်တော်တို့မြန်မာလူမျိုးတွေ နားယဉ်ပြီးဖြစ်တဲ့) ဓာတ်ကြီး (၄) ပါးညီမျှနေဖို့လိုအပ်သလို ဓာတ်ကြီးလေးပါးရဲ့ ပရိယာယ်ဖြစ်တဲ့ အထက်ဖော်ပြပါအချက်တွေကလည်း ညီညွတ်မျှနေဖို့ လိုအပ်ပါတယ်။ အချိန်အခါအလိုက် ဓာတ်တစ်ပါးပါးက ဦးဆောင်နေတဲ့အခါ ရှိမယ်/အားကြီးနေတဲ့အခါရှိမယ်။ အဲဒီအခါမှာ အခြားဓာတ်ရဲ့သဘောသဘာဝတွေကအားနည်းလိမ့်မယ်။ အဲဒီလို အခြေအနေအရ ဓာတ်တစ်ပါးပါးရဲ့သဘာဝအင်အားကြီးစွာ ဦးဆောင်နေတာကို အချိန်ကာလတစ်ခုအတွင်းမှာ ခွင့်ပြုပေးနိုင်မယ်။

www.burmeseclassic.com

အချိန်အကြာကြီးတော့ ခွင့်မပြုနိုင်ပါဘူး။ သူ့ဘဝဟာ တစ်ဖက်စောင်းနင်းဖြစ်သွားပါလိမ့်မယ်။

လိုအပ်တဲ့အချိန်ကာလကျော်သွားရင်တော့ ဓါတ် (၄) ပါးစလုံးရဲ့ သဘာဝတွေကို ပြန်ပြီး ချိန်ခွင်လျှာညှိပေးရပါလိမ့်မယ်။ ဥပမာ ဆယ်တန်းကျောင်းသားတစ်ယောက် စာမေးပွဲပြီးဆုံးသည်အထိ အပြင်းအထန် မအိပ်မနေ စာကြိုးစား/စာကျက်ခဲ့ပြီးလို့ စာမေးပွဲဖြေပြီးတာနဲ့ သူ့ရဲ့ကိုယ်စိတ်နှစ်ပါး ပင်ပန်းခဲ့ရတာတွေကို အတိုးချပြီးအနားပေးရမယ်။ Relexလုပ်ပေးရမယ်။ အားတွေပြန်ဖြည့်ပေးရမယ်။ အဲဒီသဘောပါပဲ။

Hanged Man ကားချပ်က လူတစ်ဦးတစ်ယောက်ဟာ သူ့ဘဝရှင်သန်ရပ်တည်ရေး/တိုးတက်ခိုင်မာရေးအတွက် ကြိုးစားရင်း/ ရုန်းကန်လှုပ်ရှားရင်းနဲ့ သူ့ရဲ့ဆန္ဒ၊ လောဘတွေနဲ့ သူ့ရဲ့ဆောင်ရွက်မှုတွေက သူ့ကိုရုန်းမထွက်နိုင်အောင် ချုပ်နှောင်ထားခြင်းခံရစေတဲ့အနေအထားကို ပြောပါတယ်။

လူတွဟာ ကဏ္ဍအသီးသီးမှာ ပတ်ဝန်းကျင်ကလူတွေနဲ့ ထိတွေ့/ဆက်ဆံ/ဆောင်ရွက်နေကြတာဆိုတော့ သူတို့တွေလုပ်လို့ သူတို့တွေကြောင့် ငါဒီလိုဒုက္ခရောက်နေရတာလို့ ပတ်ဝန်းကျင်ကို တရားခံထင်ပြီးအပြစ်မြင်တတ်ကြတဲ့သဘာဝလေးကို ရည်ညွှန်းပါတယ်။ အမှန်တကယ်တော့ ဘယ်သူမပြု မိမိမှုပါပဲ။ပထဝီဓာတ်ဆိုတဲ့မိမိရဲ့အကျိုးစီးပွားကို မျှော်ကိုးပြီး/ တစ်စုံတစ်ရာအကျိုးရလဒ်ကိုမျှော်ကိုးပြီး တေဇောဓာတ်ဆိုတဲ့ ဘဝခိုင်မာတိုးတက်ရေးအတွက် ဝါယောဓာတ်ရဲ့သဘောနဲ့ ကြိုးပမ်းရုန်းကန်မှုတွေကို ဦးစားပေးခဲ့လို့ တေဇောဓာတ်နဲ့ ဝါယောဓာတ်တွေ အားကောင်းလွန်းပြီး အာပေါဓာတ်ဆိုတဲ့ ပျော်ရွှင်ငြိမ်းချမ်းမှုတွေ၊ ပထဝီဓာတ်ဆိုတဲ့ အကျိုးစီးပွားတွေ ယုတ်လျော့အားနည်းနေတဲ့အချိန်ကာလ/အခိုက်အတန့်ကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် တစ်စုံတစ်ရာသော အောင်မြင်မှုအတွက် ထိုက်တန်သော ရင်းနှီးမြှုပ်နှံမှုကိုတော့ ပေးဆပ်ရလိမ့်မယ်။ (တစ်နည်း)အနာခံမှ အသာစံရမယ်။" (တစ်နည်း) စွန့်လွှတ်စွန့်စားမှု ဟူသည် ကြီးမြတ်သော နလုံးသားပိုင်ရှင်တို့အတွက်သာလျှင် ဖြစ်၏။

□ **လမ်းညွှန်ချက်**
**တိုက်တွန်းချက်**

**သတိပေးချက်**

(၁) အဘဝတွက် တိုးတက်မှု/ ပြည့်စုံမှုအတွက်လည်း ကြိုးစားပါ။ တစ်ဖက်မှာ အေးချမ်းသာယာတဲ့ ဘဝတစ်ခုရရှိအောင်လည်း ဖန်တီးပါ။ (ရောင့်ရဲတင်းတိမ်ပါ)

(၂) ရင့်ကျက်တဲ့အသိဉာဏ်ပညာတွေကို ရရှိဖို့အတွက် ကလေးဆန်တဲ့/ ကျဉ်းမြောင်းတဲ့ အတွေးအခေါ် ဟောင်းတွေကို စွန့်လွှတ်လိုက်ပါ။

(၃) လူအများ စိတ်ချမ်းသာဖို့အတွက် သင့်ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တအစွဲတွေကို ထုချေဖျက်ပစ်လိုက်ပါ။ မိမိကိုယ်ကိုမိမိချုပ်နှောင်သလိုဖြစ်စေမယ့်အတွေးမျိုးကိုရှောင်ပါ။

သဘောတရားတွေကို လက်တွေ့အဟောနမူနာလေးတွေနဲ့ ကိုက်ညှိကြည့်ရအောင်။

**အဟောနမူနာ(၁)**

မမေ့နိုင်တဲ့ဟောကွက်။ ဒီကားချပ်ကို ပထမဦးဆုံးဟောဖြစ်ခဲ့တဲ့ဟောကွက်။ မေးသူရဲ့ လက်ရှိဘဝဖြစ်စဉ်တွေနဲ့ ရာနှုန်းပြည့်တိုက်ဆိုင်နေတဲ့ဟောကွက်။ (ပထမဦးဆုံး ဆောင်းပါးမှာ ဖော်ပြပြီးသား ဖြစ်ပါတယ်။)

Major ကားချပ်တွေကို အဟောလေ့ကျင့်ဖို့ ပြင်ဆင်နေစဉ်ကာလ ညီဝမ်းကွဲတစ်ယောက် ရောက်လာပြီး တားရော့နဲ့ ဗေဒင်ဟောပေးဖို့တောင်းဆိုပါတယ်။ ထုံးစံတိုင်း ပဏာမပြုဖွယ်ကိစ္စတွေကို ဆောင်ရွက်ပြီး သူ့ကို တားရော့ချိုးခိုင်းပြီး အပေါ်ဆုံးတစ်ကတ်ကိုလှန်လိုက်တဲ့အခါ Hanged Man။ (အံ့ဝင်ခွင်ကျ အဟောနမူနာဖြစ်တဲ့အတွက် ဖော်ပြပြီးသားဖြစ်တဲ့ အဟောလေးကို ပြန်တင်ပြပါရစေ။)

"မင်း ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ဘာလုပ်မယ်ဆိုတာမပြတ်သားဘူး။ ဘာရေးရေးလိုလို၊ လောကီကြီးပွားရေးလိုလိုနဲ့ ဘာကိစ္စကိုမှလဲ ပြတ်ပြတ်သားသား လွတ်လွတ်ကျွတ်ကျွတ်မလုပ်ဘူး။တစ်ချိန်တုန်းကတော့ ကိုယ့်သဘောနဲ့ကိုယ် ကိုယ့်အကျိုးစွန့်အနစ်နာခံမယ်၊ စွန့်လွှတ်မယ်ဆိုပြီးလုပ်ခဲ့ပြီးမှ ကိုယ့်နစ်နာခံမှုကို ပတ်ဝန်းကျင်က အသိအမှတ်မပြု ကျေးဇူးတုံ့ပြန်မှုတွေလည်း မပြုရော လူတွေကို အပြစ်မြင်ရော၊ ကိုယ်ကိုယ့်ကိုယ်လည်း ဒေါသဖြစ်ပြန်ရော။ မင်းက မင်းရဲ့ပတ်ဝန်းကျင်ကို စိတ်နဲ့မတွေ့သလို ပတ်ဝန်းကျင်ကလည်း မင်းကို လူ့ခွစာ/လူ့ဆန့်လန့်လို့မြင်ပြီး သဟဇာတမဖြစ်ကြဘူး။

ပြီးတော့ ငါဘယ်သူ့အကူအညီမှ မလိုဘူး၊ ငါ့ဘဝကိုငါ ရပ်တည်နိုင်တယ်လို့ ကြွေးကြော်နေပေမယ့် မင်းရင်ထဲမှာ ဘယ်သူကများ ငါ့ကိုလာပြီးကူညီပါ့မလဲလို့ တိတ်တခိုး မျှော်လင့်နေတယ်။ အဲဒါကြောင့် ခြစည်းရိုးပေါ် ခွထိုင်မနေနဲ့၊ တစ်ဖက်ဖက်ကို ရဲရဲတင်းတင်းခုန်ချလိုက်တော့"

လို့ ရင်ထဲက နားလည်ထားတာတွေကိုရော မှတ်မိသမျှ စာအုပ်ထဲက စာသားတွေကိုပါ သိသမျှ အကုန်ပြောချလိုက်ပါတယ်။ မှန်မှမှန်ပါ့မလားလို့ မတွေးမိဘူး၊ လူရင်းတွေကိုး. . .။

"တော်ပါပြီ၊ ရပါပြီ ဒီလောက်ဆိုရင်"

အဲဒီလို ကြောက်လန့်တကြား ရေရွတ်ပြီး သူ့ရဲ့ဘဝဖြစ်စဉ်တွေကို ဇာတ်ကြောင်းပြန်ပါတယ်။ ညီဝမ်းကွဲဆိုပေမယ့် ကျွန်တော်က အလုပ်ထဲဝင်ကတည်းက ဇာတိရွာနဲ့ဝေးကွာနေခဲ့တာ၊ အမေဆုံးပါးတော့ တစ်ခေါက်၊ အဖေဆုံးပါးတော့တစ်ခေါက်လောက်ပဲ ပြန်ဖြစ်တယ်။ နှစ်ပေါင်း (၄၀)ကျော်ဝေးကွာနေတာဆိုတော့ သူ့ဇာတ်လမ်းကို ခြေခြေမြစ်မြစ်မသိဘူး။

အသက်ကြီးလှပြီဖြစ်တဲ့ဖခင်ကြီးနဲ့ အရွယ်မရောက်သေးတဲ့ ညီငယ်၊ ညီမငယ်တွေရဲ့ပညာရေးကို ငဲ့ပြီးတော့ သူဆယ်တန်းနှစ်မှာပဲ ကျောင်းထွက်ပြီး လယ်ထဲခြံထဲဆင်းခဲ့ရကြောင်း၊ မိုးနဲ့ဆောင်းမှာ လယ်၊ ဆောင်းနဲ့ နွေမှာ ဥယျာဉ်ခြံ၊ ရာသီမပြတ် မရပ်မနား မိသားစုကိုလုပ်ကျွေးခဲ့ရကြောင်း၊ ညီတွေ ညီမတွေ ဆယ်တန်းအောင်၊ ဘွဲ့ရ ကျောင်းဆရာ/ကျောင်းဆရာမတွေဖြစ် အိမ်ထောင်တွေအသီးသီးကျ၊ သူ့မှာတော့ ဆယ်တန်းမအောင်၊ အသက်အရွယ်လေးရလာတော့ ငယ်ငယ်က နေပူမိုးရွာမရှောင်လုပ်ခဲ့တဲ့ဒဏ်တွေကြောင့် အာရုံကြောအားနည်းတဲ့ရောဂါဖြစ်ပြီး အလုပ်ကိုပင်ပင်ပန်းပန်းမလုပ်နိုင်တော့၊ လုပ်ကိုင်စားစရာခြံ/ မြေ/ လယ်လေးတစ်ကွက်လောက်မှ မိသားစုကမမျှပေး၊ ဝင်ငွေပုံမှန်မရှိ။ သားနဲ့ သမီးကလည်း အရွယ်ရောက်လာ၊ မိသားစုစားဝတ်နေရေး၊ ကလေးကျောင်းစားရိတ်၊ ကျန်းမာရေးအတွက် ပုံမှန်ဆေးကုသစရိတ်က လိုလာ၊ ငယ်ငယ်ကသင်ထားတဲ့ နီးဖြာတောင်းရက်၊ ခမောက်ချုပ်လုပ်ငန်း

www.burmeseclassic.com

လေးတွေက ပြောက်ကျားပြောက်ကျား လုပ်ဝင်ငွေရှာ၊ များများလုပ်နိုင်ဖို့က လည်း အရင်းအနှီးကမရှိ။ ကြာကြာ ထိုင်လုပ်နိုင်ဖို့လည်း ကျန်းမာရေးက မကောင်း။ တစ်ချိန်က လုပ်နိုင်တုန်းက ကိုယ်ကိုယ်တိုင် ထွန်ယက်စိုက်ပျိုးခဲ့ရတဲ့ လယ်ကွင်းပြင်ကြီးကို ငေးမောကြည့်နေရပြီ။ အိမ်မှာ စားစရာ ဆန်တောင်နပ်မမှန်။ ဝမ်းစာမရှိ။ "ဘယ်သူ့ထံမှလဲ အောက်ကျမခံ၊ လက်ဝါးမဖြန့်ချင်။ သိတတ်သူ၊ စေတနာရှိသူများကလည်း သူတို့ကိုယ်တိုင်စားဝတ်နေရေးအနိုင်နိုင်၊ လူ့ဘဝကြီးရဲ့ဆင်းရဲဒုက္ခအုံ့ဖုံ့ကို ဘက်စုံအောင်ခံနေရတော့ ဒုက္ခသစ္စာကိုမကြည့်ဘဲနဲ့မြင်၊ မရှာဘဲနဲ့တွေ့၊ တရားခံအစစ်ဖြစ်တဲ့ သမုဒယနယ်ပယ်မှာ မပျော်မွေ့တော့ပေမယ့် ဇနီး၊ သားသမီးဆိုတဲ့ကိုယ်မွေးခဲ့တဲ့မီးတွေကို ကိုယ်သေသည်အထိ ဆီဖြည့်ပေးရဦးမှာပါလား။ တောက်တိုမည်ရ ထမင်းတစ်နပ်စားရမယ့်ကိစ္စလေးတွေကိုငဲ့ပြီး ဉပုသ်တောင် မှန်မှန်မစောင့်ဖြစ်။ အားချိန်ကလေးတွေမှာ လက်ဆစ်ကလေးကို ချိုးမှတ်ပြီး ဂုဏ်တော်ပွား။

ဘာသာတရားဆိုတာ ဘုန်းကြီးတွေရဲ့အလုပ်။ လက်လုပ်မှ ပါးစပ်လှုပ်ရမယ့် ငါတို့ဘဝမှာ အနိစ္စတွေ၊ ဒုက္ခတွေမတွေးအားဆိုတဲ့ပတ်ဝန်းကျင်နဲ့အဆင်မပြေ။ လယ်ထဲ ချောင်းထဲက မိုးအခါရတတ်တဲ့ဖား၊ ငါးတွေက အလှယ်တကူနဲ့မိသားစု ဟင်းတစ်နပ်ဖြစ်စေနိုင်ပေမယ့် အကုသိုလ်ဆိုတဲ့အသိက ခွင့်မပြု။ လူ့ဘဝကြီးဟာ ဒီလိုကြီးမှန်းသာ စောစောကသိခဲ့ရင် လူတောင်မဖြစ်ချင်ပါဘူးလို့နောင်တရ။

သူ့ဘဝဖြစ်စဉ်ကို နားထောင်ပြီး တားရော့ကတ်တွေကို ကျွန်တော်အတော်လေး ကြောက်လန့်သွားတယ်။ တားရော့ကတ်တွေရဲ့ရည်ညွှန်းချက်တွေဟာ ဘာကြောင့်များ ဒီလောက်တောင် ပြောပြနိုင်ရတာလဲလို့။

အဲဒီလို တားရော့ကားချပ်တွေကို စတင်ဟောပြောလေ့ကျင့်မှုလုပ်ခဲ့တဲ့နေရာဒေသက မိတ်ဆွေတချို့ဆိုရင် တားရော့ကတ်ပြားလေးတွေကို အရမ်းကြောက်တယ်။ သူတို့ရင်ထဲကမဟုတ်တာ/မမှန်တာ/မကောင်းတာတွေပေါ်ကုန်မှာစိုးလို့ မဖြစ်မနေမေးရမယ့်ကိစ္စကလွဲပြီး မမေးရဲကြဘူး။ အရေးတကြီးကိစ္စရှိရင် ခုချိန်ထိ ဖုန်းဆက်ပြီး အကြံဉာဏ်တောင်း၊ ဆုံးဖြတ်ချက်တောင်းတုန်းပါပဲ။

**နမူနာ (၂)**

အသက် (၃၅) နှစ်ဝန်းကျင် လူ့လတ်ပိုင်းတစ်ယောက်။

လက်ရှိ သူ့ကို စိတ်ဖိစီးမှုပေးနေတာက ဘာလဲ -

ဆိုတဲ့နေရာမှာ Hanged Man ကားချပ်။

"အခုလက်ရှိအခြေအနေမှာ ညီလေးမှာ ကိုယ်ကလုပ်ပေးစရာလေးတွေ မပြီးပြတ်သေးတဲ့ကိစ္စ/အခြေအနေတစ်ခုကြောင့် စိတ်ညစ်နေတာရှိမယ်။ ဘယ်သူ့ဆီကမှ အကူအညီမတောင်းဘဲ ကိုယ့်ဘာသာတစ်ယောက်တည်း ကျိတ်ပြီးဖြေရှင်းဖို့ ကြိုးစားနေတာဖြစ်မယ်။ နောက်ပြီး ဒီကိစ္စအတွက် တစ်ဖက်သူက သိချင်လည်းသိမယ်၊ သိချင်မှလည်း သိမယ်။ သို့မဟုတ် တစ်ဖက်လူက အရေးတယူ တောင်းဆိုတာမျိုးမဟုတ်ဘဲ မိမိဘက်ကလုပ်ပေးဖို့၊ ပေးဆပ်ဖို့တာဝန်ရှိတယ်လို့ ခံယူပြီး မလုပ်ပေးနိုင်သေးလို့ စိတ်ဆင်းရဲနေတာမျိုးဖြစ်နိုင်တယ်။ အခုလိုပုံစံမျိုးနဲ့ စိတ်ပင်ပန်းမခံပါနဲ့။ အကူအညီတောင်းစရာရှိရင် ပွင့်ပွင့်လင်းလင်း အကူအညီတောင်းပြီး မြန်မြန်ဖြေရှင်းပေးလိုက်ပါ။ တစ်နည်းနည်းနဲ့တော့ ဖြေရှင်းပေးနိုင်မှာပါ။ လုပ်စရာနည်းလမ်းရှိလျက်နဲ့ ဆုံးဖြတ်ချက်မချဖြစ်သေးတာ။ အကောင်အထည်မဖော်ဖြစ်သေးတာပဲဖြစ်မှာပါ။ နောက်ပြီး ဒီကိစ္စဒီပြဿနာက အခု ချက်ချင်းမလုပ်မနေလုပ်ရမယ့် ဖြေရှင်းမှဖြစ်မယ့်ကိစ္စ ဟုတ်ပုံမရဘူး။ ဖြည်းဖြည်းမှဖြေရှင်းသွားရင်လည်း ဖြစ်နိုင်မှာပါ။ ညီလေးက ကိုယ့်အသိစိတ်နဲ့ကိုယ် ငါ့မှာတာဝန်ရှိတယ်လို့ ခံယူပြီး စိတ်ဖိစီးမှုများနေတာ ဖြစ်နိုင်တယ်"

"ဟုတ်တယ် ဆရာ၊ ကျွန်တော့်မှာ သူများကိုပေးဖို့ အကြွေးတွေရှိနေတယ်။ အကြွေးပူတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒါ မပေးရမချင်း ကျွန်တော်နေရတာ စိတ်မဖြောင့်ဘူး။ သံသရာအကြွေးအဖြစ်လည်း ပါမသွားချင်ဘူး။ ဒါကြောင့် အိမ်နဲ့ခြံလေးကိုရောင်းပြီး သူတို့ကိုပေးစရာရှိတာပေး၊ ကျန်တာလေးနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့စဉ်းစားနေတာပါ။ လုပ်သင့်၊ မလုပ်သင့်။ ပြီးတော့ နောက်လုပ်ချင်တဲ့စီးပွားရေးလုပ်ငန်းလုပ်ရင်ကော အကျိုးပေးပါ့မလား။ အောင်မြင်ပါ့မလား သိချင်ပါတယ် ဆရာ"

နောက်လုပ်ချင်တဲ့စီးပွားရေးကိစ္စကလည်း အဆင်ပြေမယ်/ လုပ်သင့်တယ်ဆိုတဲ့အကြောင်း အခြားကတ်တွေရဲ့အထောက်အထားနဲ့အကြံပေးလိုက်ပါတယ်။

Hanged Man ကားချပ်က မပြီးပြတ်သေးတဲ့ကိစ္စ၊ မိမိဆန္ဒကို အကောင်အထည်မဖော်ဖြစ်သေးတဲ့အခြေအနေ၊ ကိုယ့်အသိစိတ်နဲ့ကိုယ်၊ စိတ်ဖိစီးမှုအနှောင်အဖွဲ့ခံရမှုတွေကို အဲဒီလို ဖော်ပြလေ့ရှိပါတယ်။

**နမူနာ (၃)**

နက္ခတ်ဗေဒင်မှာ ရာသီ (၁၂) ပါးကို ဘာဝ (၁၂) ပါးအဖြစ် သတ်မှတ်ပြီး အသုံးပြုဟောကြားရပါတယ်။ အဲဒီမှာ (၁၂) ခုမြောက်၊ ဘာဝကို ဗျာယ/ဗျယဘာဝလို့ခေါ်ပါတယ်။ ဗျယသဘာဝရဲ့ အဟောပရိယာယ်တွေထဲမှာ ဖွံ့ဖြိုးတိုးခြင်း၊ လေလွင့်ခြင်း၊ ကုန်ခန်းခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ရာထူးလျှော့ကျခြင်း၊ ရွေ့လျားခြင်း၊ လွတ်မြောက်ခြင်း. . . စသည်ဖြင့် အဓိပ္ပာယ်ဖော်ညွှန်းချက်တွေပါရှိပါတယ်။

အဲဒီအပြင် လူတစ်ယောက်ရဲ့ဘဝခရီးရဲ့ နောက်ဆုံးအချိန်/ ဘဝအသစ်ကို ကူးပြောင်းတော့မယ်အချိန်ဖြစ်တဲ့အတွက် ဘဝတစ်လျှောက်လုံးလုပ်ခဲ့တဲ့အပြစ်တွေကို ဆေးကြောရမယ့်အချိန်အခါအဖြစ်လည်း ယူဆလို့ရပါတယ်။ ပြစ်မှုကြွေးကို ချေးဖြင့်ဆပ်မည်ဆိုတဲ့ ဆောင်ပုဒ်လို ပြုခဲ့သမျှ မကောင်းတဲ့ဒဏ်တွေကို ခါးစည်းပြီးခံပေရော့။ ခါးစည်းပြီးခံရုံမကဘူး၊ ကျေကျေနပ်နပ်ကြီးခံရမယ်။ နောင်တတွေ/သံဝေဂတွေကတော့ ပြန်လည်ပြုပြင်တည်ဆောက်ဖို့အချိန်ရချင်မှရတော့မယ်။ အရွယ်လွန်ခဲ့ပြီ။ ဒါပေမယ့် စိတ်ပိုင်းဆိုင်ရာမကောင်းတဲ့အစွဲအလမ်း/အကျင့်စရိုက်တွေကတော့ ချက်ချင်းသိ၊ ချက်ချင်းပြင်လို့ရနိုင်တယ် မကောင်းတဲ့စိတ်တွေကို မကောင်းမှန်းသိပြီး ဖျောက်ဖျက်လိုက်တာနဲ့တစ်ပြိုင်နက်၊ ကောင်းတဲ့စိတ်တွေဝင်လာမှာက သဘာဝပါ။

အချုပ်ပြောရင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ ရုပ်ပိုင်းဆိုင်ရာကိစ္စတွေမှာ ခါးစည်းခံပြီး စိတ်ပိုင်းဆိုင်ရာသန့်စင်မှုမွန်မြတ်မှုလွတ်မြောက်မှုတွေကို ကြိုးစား အားထုတ်နေရတဲ့အချိန်အခါကို ရည်ညွှန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အတိတ်အတွက် ပေးဆပ်ခြင်းနဲ့ အနာဂတ်အတွက် လှေကျင့်ပြင်ဆင်ခြင်း ဆိုပါတော့။ လက်တွေ့ဖြစ်စဉ်လေးတစ်ခုနဲ့ ထင်ဟပ်ကြည့်ရအောင်။

အသက် (၃၀) ကျော်ခန့် မိန်းကလေးတစ်ဦး။ ရုပ်ရည်ပြေပြစ်၊ အဝတ်အစားသပ်ရပ်၊ ခန္ဓာကိုယ်ကျစ်လျစ်၊ ကုမ္ပဏီတစ်ခုမှာ ငွေစာရင်းမန်နေဂျာ၊ တားရော့ခရေဇီ၊ လာနေကျ။

"ဆရာ သမီးမျက်နှာကို သေသေချာချာကြည့်စမ်းပါ။ ဘာထူးခြားနေလဲ"

ထူးခြားတဲ့ မေးခွန်းဖြစ်နေလို့ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပါတယ်။ မိတ်ကပ်ပါးပါးလေးလိမ်းထားပုံရတယ်။ မျက်ကွင်းတွေချိုင့်ပြီး ပါးစောင်တွေကျနေတယ်။ ဒါပေမယ့် မိတ်ကပ်လိမ်းထားတော့ မူလအသွေးအရောင်ကို မခန့်မှန်းတတ်ဘူး။ ထူးထူးခြားခြား မျက်လုံးတွေက ကြည်ပြီးတောက်နေတယ်။ ကျွန်တော်မြင်တာတွေ ပြောပြလိုက်တယ်။

"ဟုတ်တယ်ဆရာ၊ သမီးအိပ်ရေးပျက်တာတွေများနေပြီ။ တစ်ညတစ်ညကို ၃/၄ နာရီလောက်ပဲအိပ်ရတယ်။ ရုံးအလုပ်တွေ အိမ်သယ်ပြီးလုပ်နေရတာ (၃) လလောက်ရှိပြီ။ ရုံးက နှစ်ချုပ်ဆွဲပြီးပြန်တော့ စာမေးပွဲက ဆက်ဖြေရတယ်။ ခွင့်မရဘူး ဆရာ။ ဒီစာမေးပွဲအောင်မှ ဘွဲ့လွန်ဆက်တက်လို့ရမှာ။ အလုပ်ကလည်းအရေးကြီး၊ စာမေးပွဲကလည်း အရေးကြီး။ သားလေးကိုတောင် လှည့်မကြည့်နိုင်ဘူး။ မေမေတို့ကပဲ အားလုံးလုပ်ပေးနေရတယ်။ အခု သမီးလာတာက ဒီစာမေးပွဲအောင်ပါ့မလားဆိုတာရယ်၊ သမီးဘဝမှာ ဘာတွေထူးခြားမှုတွေ/ပြောင်းလဲမှုတွေဖြစ်လာနိုင်မလဲ ဆိုတာလေးတွေသိချင်လို့ပါ။

စာမေးပွဲကိစ္စကို အဖြေပေးလိုက်ပြီးတဲ့နောက် ဘဝရဲ့ထူးခြားမှုတွေအတွက်မေးတဲ့အခါ Hanged Man ကားချပ် ထွက်ပေါ်လာပါတယ်။ တားရော့ကားချပ်တွေက ဘဝအတွက် ဆောင်ရန်/ရှောင်ရန်နဲ့ လမ်းညွှန်သတိပေး တိုက်တွန်းချက်တွေကိုပြောတာဖြစ်တဲ့အတွက် တစ်ဖက်လူ သဘောပေါက်လက်ခံလာအောင်ပြောရတာ ခက်ပါတယ်။ (ဘယ်နေ့သားသမီးတွေက ဒုက္ခပေးမယ်၊ ဘယ်အရပ်ထောင့်ကိုမသွားပါနဲ့။ ဒီကိစ္စအောင်မြင်ချင်ရင် ဒီယတြာလုပ်ပါ ဆိုတဲ့) ဗေဒင်အဟောမျိုးတွေကို ကြားဖူးနေကြသူမျိုးတွေက တားရော့က ပြောတဲ့ သဘာဝဓမ္မရဲ့ လောကယတြာအစစ်တွေကို နားမလည်နိုင်ကြဘူး/လက်မခံနိုင်ကြဘူး။ ဒါပေမယ့် ဒီကလေးမကပညာတတ်လည်းဖြစ်တယ်။ အတွေးအခေါ်လည်း ကောင်းတယ်။ တားရော့နဲ့သဘာဝကို သိပြီးယုံကြည်ပြီးသားဖြစ်နေလို့တော်သေးတယ်။

"သမီး၊ ညည်းကအခုခေတ်ပြောင်းတော်လှန်ရေးကာလထဲမှာ ရောက်နေတယ်"

"ဆရာရယ်၊ မဆီမဆိုင် နိုင်ငံရေးကိစ္စတွေက သမီးရဲ့ဘဝထဲ ဘယ်လိုရောက်လာတာလဲ။ ရုံးအလုပ်၊ ကျောင်းစာအလုပ်၊ သားလေးရဲ့အလုပ်တွေနဲ့ ယားလို့တောင်မှမကုတ်အားဘူးဖြစ်နေတာ၊ နိုင်ငံရေးကိုလည်း စိတ်မဝင်စားပါဘူး"

"ဥပမာအဖြစ်ပြောတာပါ။ သမီးနိုင်ငံရေးလုပ်တယ်ပြောတာမဟုတ်ပါဘူး။ သမီးဘဝရဲ့တိုးတက်ပြောင်းလဲမှုအတွက် သမီးတစ်ယောက်တည်း တိုက်ပွဲဝင်နေတာ အဆင့်တစ်ခုအထိရောက်နေပြီ။ ဒါကြောင့် ခုကြုံတွေ့နေရတဲ့ စိတ်သောကဖိစီးမှု၊ မွန်းကျပ်မှုတွေကို ခိုင်ခိုင်မာမာတောင့်ခံပါ။ စိတ်ဓာတ်မကျပါနဲ့။ တစ်လှမ်းချင်းရှေ့ကိုတိုးပါ။ နောက်လှည့်မကြည့်ပါနဲ့။ ဒီနေ့ သမီး လူပင်ပန်း၊ စိတ်ပင်ပန်းမှုတွေဟာ မနက်ဖြန်အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်လာလိမ့်မယ်။ နည်းနည်းမြှုပ်နှံရင် နည်းနည်းပဲ အကျိုးအမြတ်ရမယ်။ များများမြှုပ်နှံရင်များများ အကျိုးအမြတ်ရမယ်။ ဒါကို မမေ့ပါနဲ့။ ဒီနေ့ပင်ပန်းဆင်းရဲမှုတွေကို အဆပေါင်းများစွာကြီးမားတဲ့ အောင်မြင်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုတွေက သမီးကိုစောင့်နေပါတယ်။ပြောမယ့်သာပြောရတာပါ။ သမီးသတ္တိကောင်းပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါတယ်။ ပါးစပ်ကသာ ပင်ပန်းဆင်းရဲတဲ့အကြောင်းပြောနေတာ။ အဲဒီလိုပင်ပင်ပန်းပန်းနဲ့လုပ်နေတာကို ညည်းပျော်နေတယ်၊ စိတ်ကျေနပ်နေတယ် မဟုတ်လား"

"ဆရာဘာကြောင့်ပြောနိုင်တာလဲ"

"ပါးစပ်ကသာ ပင်ပန်းတယ်လို့ ညည်းတွားနေတာ။ ညည်းရဲ့မျက်လုံးတွေကအရောင်တွေလက်နေတယ်လေ။ ညည်းရဲ့ရင်ထဲကို ဖောက်မြင်နေရတယ်။ ဖုံးထားလို့မရပါဘူး"

"ဆရာပြောတာမှန်သင့်သလောက်မှန်ပါတယ်။ အလုပ်ကိစ္စ၊ ကျောင်းကိစ္စကို ဘယ်လောက်ပင်ပန်းပင်ပန်း သမီးစိတ်ဓာတ်မကျပါဘူး။ များများလုပ်ရလေ များများတတ်လေလို့ သဘောထားတယ်။ ရှေ့လျှောက်အလုပ်လုပ်ရင်း နိုင်ငံခြားဘွဲ့တွေထပ်ယူဦးမှာ။ ရာထူးကြီးကြီးတွေရအောင် ကြိုးစားဦးမှာ။ ဒါပေမယ့် ဆရာရယ်။ လူမှုရေးဘက်မှာတော့ စိတ်ဓာတ်ကျတယ်။ ဆရာက ကိုယ့်မိဘလိုဖြစ်နေတော့ ပွင့်ပွင့်လင်းလင်းပြောပါရစေ။ ဆရာသိတဲ့အတိုင်း သမီးက ကလေးတစ်ယောက်အမေ။ တရားဝင် ကွာရှင်းထားတာ (၆) နှစ်ကျော်ပြီ။ ရုံးမှာက အပျိုလို့လည်း မလိမ်ချင်။ တစ်ခုလပ်လို့ပြောပြန်ရင်လည်း ယောကျ်ားလေးတွေ အထင်သေးမှာစိုး။ အနေရခက်တယ် ဆရာရယ်။ နောက်တစ်ခုက သမီးလည်း တစ်ယောက်တည်း ရုန်းကန်နေရတာ ပင်ပန်းငြီးငွေ့လာပြီ ဆရာရယ်။ အားကိုးရမယ့် ဘဝလက်တွဲဖော်တွေ့ရင် အားကိုးချင်တယ်။ နားနားနေနေနေချင်ပြီ ဆရာရယ်"

(ဇာတ်လမ်းပိုးလာတာရှည်နေပြီ။ ကားချပ်ရဲ့အဓိပ္ပာယ်က အခုမှရောက်မှာ။ ဖြစ်ရပ်အမှန်လည်းဖြစ်တယ်။ Hanged Man ရဲ့ သဘောသဘာဝကိုလည်း ပိုပြီပီပြင်ပြင်မြင်စေချင်လို့ အတိတ်ဖြစ်စဉ်တွေကိုပါ ပြည့်ပြည့်စုံစုံ တင်ပြရတာပါ။)

"ညည်းကြိုက်တဲ့သူတွေ့နေပြီလား။ ဒါမှမဟုတ် ညည်းကို Propose လုပ်တဲ့သူ ရှိနေပြီလား"

"ဒီလောက် အလုပ်များနေတာ ချစ်ကြိုက်ဖို့ မစဉ်းစားအားပါဘူး ဆရာရယ်။ စိတ်ကူးယဉ်ဖို့အချိန်တောင်မပေးနိုင်ပါဘူး။ Propose လုပ်တဲ့သူလည်း မရှိသေးပါဘူး။ စိတ်ဝင်စားတဲ့အကဲခတ်တဲ့အနေနဲ့တော့ ကြည့်ကြတာပေါ့။ သမီးက အပျိုလို့ပြောရမှာအခက်၊ တစ်ခုလပ်ပါလို့ ပြောရမှာအခက်နဲ့ မသိမသာစပ်စုလာတာတွေကို မသိယောင်ဆောင်နေရတယ်။ ဒါပေမယ့် ကြာရှည်ဖုံးထားလို့မရဘူးလေ။ မဖြစ်မနေဖွင့်ပြောရမယ့်အချိန်ရောက်လာရင် သမီးဘယ်လိုရင်ဆိုင်မလဲ။ နောက်ပြီးတော့ ခုနကပြောသလို အားကိုးရမယ့်သူလည်း သမီးအတွက် လိုအပ်နေတာအမှန်ပါ။ ဖေဖေ၊ မေမေတို့တော့ရှိပါရဲ့။ အိမ်မှုကိစ္စ၊ ကလေးကိစ္စတွေကတော့ ဘာမှပြန်လှည့်ကြည့်စရာမလိုပါဘူး။ ဒါပေမယ့် ဒီနေ့ခေတ်ရေစီးကြောင်းရဲ့အပြင်မှာရောက်နေကြပြီ။ သမီးရဲ့ လုပ်ငန်း/ ပညာရေး/ ဘဝရှေ့



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ဟောရောင်ခြင်းနှင့်ကျောက်ကပ်ဝေဒနာ

"အစ်ကိုကြီးရေ ကြည်ကြည်မြင့်ရဲ့သား ဝင်းမင်းသက်က နက်ဖြန်မနက်မှာ အနောက်ပိုင်းက ကော်မလေးနဲ့ စေ့စပ်မှာ။ အဲဒါမနက် (၉) နာရီမှာ ကြည်ကြည်မြင့်အိမ်မှာ စုရပ်လုပ်ပြီး အဲဒီကနေ ကားနဲ့ထွက်ကြမယ်"

လို့ ညီတော်မောင်ဖြစ်သူ မောင်မောင်က လာဖိတ်ပါတယ်။

ဝင်းလှိုင်၊ ခင်ဝင်း၊ မျိုးမြင့်၊ ကြည်ကြည်မြင့်၊ မောင်မောင်တို့က အဖေညီမဒေါ်လှဆယ်ကမွေးတဲ့ဝမ်းကွဲညီအစ်ကိုမောင်နှမတွေပါ။ ဒီလိုပဲ ဆွေမျိုးထဲမှာ သာရေး၊ နာရေးရှိရင် ကျွန်တော့်ကို အစ်ကိုကြီးဆိုပြီး အလေးထားဖိတ်လေ့ရှိတာပါ။

နောက်နေ့ ကျွန်တော်ရောက်သွားတော့ မိဘကိုယ်စားပြောဖို့ဆိုလို့ ကျွန်တော့်ယောက်ဖ တင်မောင်လတ်က ဦးဆောင်မှာဖါ။ အမှန်တော့ တင်မောင်လတ်က မြောက်ဘက်ကမ်းအောင် သုခရွာကပါ။ ဒီရပ်ကွက်အတွက် အမြဲဦးဆောင်တာက လူမှုဥက္ကဋ္ဌ ကိုမောင်မောင်ချစ်ပါ။ ကျွန်တော်နဲ့ ကျောင်းနေဖက်ဖြစ်ပြီး ကျွန်တော့်ထက် အတန်းငယ်လို့ မောင်မောင်ချစ်လို့ပဲ ကျောင်းတုန်းကလို ခေါ်တာပါ။

"နေပါဦး မောင်မောင်ရ၊ မောင်မောင်ချစ်က ဘာဖြစ်နေလို့လဲ"

"ဩော် -အစ်ကိုကြီး မသိဘူးထင်တယ်၊ အဲဒီလူ လဲနေတာအတော်ကြာပြီ"

"ဟော-ဟုတ်လား၊ဘာဖြစ်တာလဲ"

"ရောဂါက စုံတယ်ထင်ပါတယ်။ ကျောက်ကပ်လို့လည်းပြောကြတယ်"

"ဒါဆို စေ့စပ်ပွဲပြန်ရင် ဝင်ကြည့်ဦးမှပါပဲ"

လို့ ပြောဖြစ်ပါတယ်။

မောင်မောင်ချစ်က လူမှုရေးဥက္ကဋ္ဌဖြစ်သလို ဘိသိက်ဆရာလည်းဖြစ်တော့ကာ မင်္ဂလာဆောင်တွေမှာ ဘိသိက်သွန်းသူပါ။ ခုတော့ သူ့အစား ဘိသိက်ဆရာ တင်မောင်လတ်က ဦးဆောင်ပြီး စေ့စပ်ကြောင်းလမ်းစကားပြောဆိုပေးရပါတယ်။ ပြောဆိုပြီး ကြည်ကြည်မြင့်အိမ်ပြန်ရောက်တော့ အိမ်ချင်းကပ်နေတာမို့ မောင်မောင်ချစ်ဆီရောက်ပါတယ်။ အိမ်အောက်ထပ်တန်းလျားမှာ ထိုင်နေတာပါ။ ကျန်းမာရေးမကောင်းတော့ လူကရေးတွေကို အချိန်နဲ့တစ်ပြေးညီနားလည်သဘောပေါက်ပြီး အကြံပေး/ အားပေး/ ဖေ့ကူပေးဖို့ကြတော့မရတော့ဘူး။ သမီးတစ်ယောက်တည်း ကိုယ့်ဘာသာတွေး၊ ကိုယ့်ဘာသာဆုံးဖြတ်၊ ကိုယ့်ဘာသာအားပေး၊ ကိုယ့်ဘာသာနှစ်သိမ့်လုပ်နေရတာ ပင်ပန်းလှပြီ။ ဒါပေမယ့် ခံမှန်ခဲ့တဲ့ စာသူငယ်လို သမီးက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ရှင်ဖြစ်ပြီး အချစ်ကိုကိုးကွယ်မှားခဲ့တာကြောင့် အိမ်ထောင်လည်းပျက်၊ ဘဝလည်းပျက်ပြီး တစ်ခုလပ်ဘဝရောက်ခဲ့ရတယ်။ သမီးကိုယ့်ကိုယ်ကိုယ် မာန်တင်းပြီး စိတ်ဓာတ်မကျဘဲ ကြိုးစားခဲ့လို့ အခုလို ပညာ၊ အခုလို ရာထူးအထိရောက်ခဲ့ရတာ။ အဲဒီဘက်မှာ အားတင်းထားနိုင်ပေမယ့် အိမ်ထောင်ရေးမှာကျတော့ သားတစ်ယောက်အမေ၊ အိမ်ထောင်ပျက်ဆိုတဲ့အမည်းကွက်ကြီးက ဖျောက်ဖျက်လို့မရနိုင်ဘူးလေ။ ဒီအတွက်တော့ အားငယ်တယ် ဆရာရယ်"

"သမီးဘာမှအားမငယ်နဲ့။ ဒီကိစ္စက ကိုယ်ဖောက်ပြန်လော်မာလို့ဖြစ်ခဲ့ကိစ္စမှမဟုတ်တာ၊ သဘောထားချင်းမတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြတာ။ ဒီလိုအဖြစ်မျိုးတွေက လူသားတွေ အိမ်ထောင်သည်ဘဝ၊ ထူထောင်ခဲ့ကြကတည်းက တစ်ပြိုင်နက် အိမ်ထောင်ပြိုကွဲခြင်းဆိုတာကလည်း တွဲလျက်ပါလာတာပါ။ သမီးတစ်ယောက်တည်းကျမှ ဖြစ်တာမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ အိမ်ထောင်သည် (၂၀) ရာခိုင်နှုန်းလောက်ဟာ ခွာပြဲကြတယ်တဲ့။ (၁၀) ရာခိုင်နှုန်းလောက်ဟာ တရားဝင်ကွာရှင်းပြီး (၁၀) ရာခိုင် နှုန်းလောက်ကတော့ တရားဝင်မကွာဘဲကွဲနေကြတယ်လို့ ဖတ်ဖူးတယ်။

ဒီတော့ အခွင့်ကြုံလာတဲ့အခါ သားတစ်ယောက်အမေ၊ အိမ်ထောင်နဲ့ တရားဝင်ကွာရှင်းပြီး အခုမိဘနဲ့အတူနေတယ် ဆိုတာကို ရဲရဲဝံ့ဝံ့ကြေညာလိုက်။ သမီးကို အမှန်တကယ် မေတ္တာရှိတဲ့သူဆိုရင် ပွင့်ပွင့်လင်းလင်း ချဉ်းကပ်လာလိမ့်မယ်။ ကျန်တာတော့ သမီး ချင့်ချိန်စဉ်းစား၊ ခံစားပြီး ဆုံးဖြတ်ပါ"

"အခု ရုံးက နှစ်ချုပ်စာရင်းလည်းတင်ပြီးပြီ။ စာမေးပွဲလည်း[illegible]ပြီးသွားတော့ နည်းနည်းတော့ စိတ်ပေါ့သွားတယ်။ ဒါနဲ့ အဲဒီအတွေးတွေဝင်လာတာပါ။ ရှေးလူကြီးတွေပြောခဲ့တဲ့အိမ်ထောင်မှုဘုရားတည်ဆိုတဲ့စကားလေးဟာ သမီးအတွက် ရည်ရွယ်ပြီးရေးခဲ့သလားလို့ထင်ရတယ်။ ငယ်ရွယ်စဉ် မသိလို့မှားခဲ့တဲ့အမှားက တစ်သက်တာမှာ ဖျက်လို့မရအောင် စွန်းထင်းသွားတာပဲ။ ကျန်တဲ့အတွေးတွေ၊ ခံစားချက်တွေ၊ ယုံကြည်ချက်တွေကို သမီးပြုပြင်ပြီး စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို တည်ဆောက်နိုင်ဖို့ ကြိုးစားခဲ့တာ။ ဒီနာမည်ပျက်ကိုတော့ မပြုပြင်နိုင်တော့ဘူး။ နောင်တရလို့ မဆုံးပါဘူး။

ဒါပေမယ့် ဆရာအားပေးသလို စိတ်တိုင်းကျ ဘဝတစ်ခုတည်ဆောက်နိုင်ဖို့ သမီးကြိုး[illegible]ားပါ့မယ်။ စိတ်ဓာတ်မကျပါဘူး။ မှားခဲ့တဲ့ဒဏ်ကိုလည်း သမီးရဲရဲကြီးခံပါ့မယ်။ 'ယနေ့ဟာ မနေ့ကအတွက် ပေးဆပ်ခြင်းဖြစ်သလို မနက်ဖြန်အတွက် ရင်းနှီးမြှုပ်နှံခြင်းလို့ ယုံကြည်သွားပါ့မယ်။ အချိန်လည်းတော်တော်ကြာသွားပြီ၊ ခွင့်ပြုပါဦး ဆရာ။ ဆရာ့ကိုလည်း အားနာပါတယ်။ သမီးမှာ ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးဖို့ ဆရာပဲရှိလို့ပါ။ ကန်တော့ပါတယ်ဆရာ"

"ကိုယ်ကျန်းမာစိတ်ချမ်းသာစွာနဲ့ ကောင်းသောလိုရာဆန္ဒပြည့်ပါစေ"

ဆရာစိုး-ရွှေအရုဏ်ဦး

(တားရော့-သုဓေတသီ)မိုးကောင်း

www.burmeseclassic.com

ညှိုးချုန်းနေပါတယ်။

"မောင်မောင်ချစ်၊ မောင်ရင်နေမကောင်းဘူးဆို"

"ဟုတ်တယ်၊ ကျွန်တော်အတော်ကြာပြီ"

"ဘယ်လိုဖြစ်တာလဲကွ"

"ဆေးခန်းမှာသွားပြတာ ပိုက်ဆံ (၅၀၀၀၀) ခွဲလောက် ကုန်သွားပြီ။ ကျောက်ကပ်လို့ ပြောတာပဲ။ အဲဒါ ခြေထောက်တွေလည်းရောင်နေတယ်။ ဘာမှလည်းမစားချင်ဘူး။ ခံတွင်းတွေပါပျက်နေတာ"

ကျွန်တော် သူ့ခြေထောက်တွေကို ကြည့်မိတယ်။ ဟုတ်တယ်၊ ရောင်နေတယ်။ ကျောက်ကပ်ဆိုတာ နာတာရှည်ဝေဒနာပါ။ ရောဂါရင့်ရင် ကုလို့အလွန်ခက်သွားပြီး ကျောက်ကပ်ဆေးရတဲ့အဆင့်ရောက်သွားတတ်ပါတယ်။ ဒီလိုနဲ့ ဘဝတစ်ခုအဆုံးသတ်သွားရသူတွေဟာ ကြီးကြီးငယ်ငယ်အတော်များလှပါတယ်။ မြင်ရတာအတော်များပါပြီ။

ဝေဒနာခံစားနေရတာမြင်ရတော့ လျစ်လျူရှုလို့မရပါဘူး။ ပျောက်စေချင်တဲ့စေတနာကလွန်ကဲလာတယ်။ မိုးကုတ်မှာဆိုရင် တစ်ပင်တိုင်မြနန်းကို ကျိုသောက်ခိုင်းမှာပါ။ သို့မဟုတ် ဇော်ဂျီဦးထုပ်ကျိုသောက်ခိုင်းမှာပါ။ ခဏနဲ့မရပါဘူး။ မေ့မေ့ပျောက်ပျောက် နေ့စဉ်ရေသောက်သလို သောက်ခိုင်းမှာပါ။

နေပြည်တော်မှာကျတော့ ပုပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို ပိုင်ဆိုင်ထားတာမို့ တစ်ပင်တိုင်မြနန်းနဲ့ ဇော်ဂျီဦးထုပ်ဟာ အလှမ်းဝေးလွန်းလှပါတယ်။ အဲဒါကြောင့် ကျောက်ကပ်အတွက် အကောင်းဆုံးနဲ့ ရှာရလွယ်ဆုံးဆေးပင်ကို တွေးခေါ်ရပါတယ်။ ချက်ချင်းပြေးမြင်လိုက်တာက လမ်းဘေးတွေမှာ အလွန်ပေါတဲ့ ထိကရုံးပင်တွေပါပဲ။ ထိကရုံးပင်ကို လူတိုင်းသိကြပါတယ်။

ထိကရုံးဟာ မြေပြန့်ဒေသတွေတိုင်းမှာ အလွန်ပေါများလှပါတယ်။ ထိကရုံးကို ပြုတ်သောက်၊ ပြုတ်ချိုးရင် ရက်တိုပိုင်းအတွင်း အဖောအရောင်ပျောက်ကင်းနိုင်ပါတယ်။ အတော်စွမ်းတဲ့ဆေးပင်ပါ။

နေပြည်တော်မှာ ဇော်ဂျီဦးထုပ် ကျွန်တော့်ဝန်းကျင်မှာ ရှားတော့ကာ (လယ်ဝေးဝန်းကျင်မှာတော့ပေါပါတယ်) ဇော်ဂျီဦးထုပ်အစား လိပ်ခေါင်းထွက်သူကို ထိကရုန်းပြုတ်သောက်ခိုင်းပါတယ်။ ကျွန်တော်ကိုယ်တိုင် အမြစ်ပါအောင် နုတ်ပေးတာပါ။ အူကျတာတော့ မစမ်းရသေးပါဘူး။ ပျောက်နိုင်မယ်လို့ ယူဆမိပါတယ်။

ထိကရုံးဆိုတဲ့အတိုင်း သူ့အရွက်ကလေးတွေကို ထိရင် ရှုန်းကန်သတ္တိရှိပါတယ်။ အဲဒါကြောင့် လိပ်ခေါင်းနဲ့သင့်လောက်တယ်ဆိုပြီးကုကြည့်ရာမှအောင်မြင်မှုကို တွေ့ရတာပါပဲ။

ထိကရုံးဟာ ဆီးချုပ်လို့သောက်ရင်လည်းကောင်းပါတယ်။ ဆီးရွှင်စေပါတယ်။ ထိကရုံးကို ပြာချပြီး အုန်းဆီနဲ့လိမ်းရင် ပွေး၊ နှင်းခူ စတဲ့ အရေပြားဝေဒနာတွေလည်း ပျောက်ကင်းနိုင်ပါတယ်။ အခြားအသုံးတွေလည်း အများကြီးရှိဦးမှာပါ။

အဲဒါကြောင့် မောင်မောင်ချစ်နဲ့ သူ့ဇနီးကို -

"ဒီမှာ မင်းတို့ ပိုက်ဆံငါးပြားမှ မကုန်ဘဲ ပျောက်တဲ့ မြန်မာ့ဆေးနည်းကို ယုံလား"

လို့မေးတဲ့အခါ ယုံပါတယ်ဆိုဟာကြောင့် ဆေးနည်းကိုညွှန်ရပါတယ်။

"မင်းတို့ လမ်းဘေးက ထိကရုံးပင်တွေသိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"အဲဒီထိကရုံးပင်ကို အမြစ်ပါရအောင်ယူပါ။ ပြီးတော့ တောက်တောက်စဉ်းပါ။ စဉ်းပြီးရင် ရေပြောင်အောင်ဆေးပြီးတော့ မြေသောက်ရေအိုးကြီးနဲ့ ကျိုပါ။ ရေဆာတိုင်းသောက်ပါ။ ရေနဲ့စပ်ပြီးချိုးလည်းချိုးပါ။ ခဏနဲ့မရဘူးနော်။ မပျောက်မချင်းသောက်သိလား။ သောက်တာနဲ့ မင်းရဲ့ရောင်နေတဲ့ခြေထောက် ချက်ချင်းပျောက်လိမ့်မယ်။ ဆက်သောက်ရင် ကျောက်ကပ်ရောဂါ၊ အတွင်းက မကောင်းတဲ့ ကလီစာတွေရော ပြန်ကောင်းလာလိမ့်မယ်။ ထိကရုံးပင်ရယ်လို့ ပေါတယ်ဆိုပြီး အထင်မသေးနဲ့နော်။ သောက်ကြည့်၊ မင်းလက်တွေ့သိလိမ့်မယ်။ အဲဒါမြန်မြန်လုပ်၊ ရေအိုးမရှိရင် အသစ်တစ်လုံးသွားဝယ်ပြီး မီးတစ်မီးကုန်အောင်ပြုတ်ဟုတ်လား။ မောင်ရင့်ကို ခုလိုမြင်ရတာ စိတ်မကောင်းလို့ စေတနာနဲ့လာပြောတာ။ ကဲ - ငါသွားမယ်"

ဆိုပြီး သူ့အိမ်နားရပ်ထားတဲ့ စက်ဘီးလေးစီးကာ ကျွန်တော်ပြန်ခဲ့ပါတယ်။ နောက်တော့လည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါတယ်။ လေး၊ ငါးရက်အကြာမှာ ညီမလေးတ် မဌေးညွှန့်ရဲ့ယောကျ်ား မောင်ကျော်ဆန်းက -

"အစ်ကိုလေး၊ မောင်မောင်ချစ်ကို ထိကရုံးပြုတ်သောက်ခိုင်းထားတယ်ဆို"

"အေး - ဟုတ်တယ်"

"ထိုကရုံးသောက်လိုက်တာ ဒီကောင် အတော်သက်သာသွားပြီဗျ။ ထူထူထောင်ထောင်တောင်ဖြစ်နေပြီ။ ကျွန်တော်ကတော့ ဒီကောင် ဒီတစ်ချီ မလွယ်ဘူးထင်တာ"

"အေးကွာ၊ အနီးစပ်ဆုံးတွေးခေါ်ပြီး ထိကရုံးပေးလိုက်တာပဲကွ။သက်သာသွားတော့လည်း ဝမ်းသာစရာပေါ့ကွာ"

လို့ ပြောဖြစ်ပါတယ်။ သူတို့တွေက လူမှုရေးအဖွဲ့တွေဆိုတော့ ဆက်နွယ်မှုတွေရှိကြပါတယ်။ ကျွန်တော်နဲ့ကတော့ အနေဝေးတာမို့ လုံးဝမရောက်ဖြစ်ပါဘူး။ သက်သာတယ်ဆိုရင် မကြာမီ ရောဂါဝင်သွားတော့မှာပါ။

၂၉-၄-၂၀၁၅ ရက်နေ့ညနေမှာ ညီဖြစ်သူ မောင်မောင် ဆိုင်ကယ်နဲ့ ရောက်လာပြန်ပါတယ်။

"အစ်ကိုကြီးရေ၊ ကြည်ကြည်မြင့်သမီးက နက်ဖြန်မနက် (၉) နာရီမှာ စေ့စပ်မှာ။ အဲဒါ (၈) နာရီခွဲအရောက် ကြည်ကြည်မြင့်အိမ်ကိုကြွပါဦး"

"ဟင် - တစ်လောလေးကမှသားက မင်္ဂလာဆောင်ထားတာ။ ခုသမီးက ဆက်ဆောင်တော့မယ်ပေါ့လေ"

"အရွယ်တွေရောက်ကုန်ပြီလေ၊ အစ်ကိုကြီးရဲ့"

လို့ဆိုပါတယ်။

ဒီလိုနဲ့ ၃၀-၄-၂၀၁၅ နံနက် (၈) နာရီခွဲမှာ ကြည်ကြည်မြင့်တို့အိမ်ကို ရောက်တော့ လူတွေစုံနေပါပြီ။ လူမှုရေးဥက္ကဋ္ဌ မောင်မောင်ချစ်ကိုလည်း မူရင်းပုံစံအတိုင်း ပြုံးပြုံးရွှင်ရွှင်နဲ့ စကားတဖောင်ဖောင်ပြောနေတာကို မြင်တွေ့ရတာပါပဲ။

သူက ကျွန်တော့်ကို အသေအချာကြည့်ပါတယ်၊ အဲဒီအကြည့်ကို ကျွန်တော်သဘောပေါက်လိုက်ပါတယ်။ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ ဝေဒနာကို တွန်းလှန်နိုင်လို့လေ။ အဲဒီမှာ ကျွန်တော်က သူ့ထက် ပီတိဖြစ်ရပါတယ်။ မသိသူတွေ ကျော်သွားပေမယ့် သိသူဖော်စားလိုက်တာပါပဲ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဇိုး

www.burmeseclassic.com

www.burmeseclassic.com




**မတ်လ ၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်ရအောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃ ရက်၊ ကြာသပတေးနေ့**- လှာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၄ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉)ခါ ရွတ်ဆိုပါ။

**မတ်လ ၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၈ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၃ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်



www.burmeseclassic.com

www.burmeseclassic.com

နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀၊ ၄)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၈ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၁၉ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၀ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၁ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂ ၀)။ လာဘ်နေအရပ် အရှေ့တောင်၊ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပဲဒါးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၄ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၅ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၇ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၉ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၉၊ ၁)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃၁ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခြင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့ -

စာမေးပွဲကြီးနီးလာပြီ။

ဒါဆို အောင်မြင်မှုကြီးတွေကို ရယူပိုင်ဆိုင်ကြဖို့ အသင့်ဖြစ်နေကြရော ပေါ့။

ကလေးတို့ အောင်မြင်ကြမှာပါ။

ထူးထူးချွန်ချွန်နဲ့ကို အောင်မြင်ကြမှာ။

ဟုတ်ပါ့မလားမမေးနဲ့။ ဟုတ်တယ်၊ အောင်ကိုအောင်မြင်ကြမှာ။

မျက်နှာလေးတွေကို ပြုံးရွှင်ထားကြ၊ မမှိုင်နဲ့။

ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာကြည့်တိုင်း၊ မှန်ထဲမှာမြင်ရတိုင်း -

ဟာ - ငါဟာ အောင်မြင်နေသူဖြစ်နေပါရောလားဆိုတဲ့စိတ်နဲ့ကြည့်ပါ။ အားရပါးရ ဂုဏ်ယူစွာ ကြည့်လိုက်စမ်းပါ။

စိတ်ထဲမှာကိုက ငါဟာအောင်မြင်နေပါလားဆိုတဲ့အသိရှိနေရမယ်။ ဒီစိတ်ပဲရှိရမယ်။ ကျန်တဲ့စိတ်တွေ၊ အတွေးတွေမဝင်စေနဲ့၊ ဝင်ရင်ဖယ်ထုတ်ပစ်။ အတွေးလွဲတွေအသိလွဲတွေလက်မခံနဲ့။

ဖြစ်ပါ့မလားဆိုတဲ့အတွေးတွေဝင်လာရင် ဖယ်ထုတ်ပစ်။

ဖြစ်ပါ့မလားဆိုတာ ဝင်လာရင် ဖယ်ပစ်ပါ။

ဖြစ်တယ်၊ ဖြစ်ကိုဖြစ်တယ်။

ဘာလို့မအောင်မြင်ရမှာလဲ။

အောင်ကိုအောင်မြင်ရမယ်။

အပျက်သဘောဆောင်တဲ့အတွေးတွေ၊ အမှုအရာတွေ၊ စကားတွေ၊ အဝတ်အစားတွေဖယ်ပစ်ပါ။

ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပါ။

ဘယ်လိုအထင်ကြီးရမလဲ။ဟော-ငါဟာစာတွေရနေပြီ။ ဖြေဆိုဖို့ အဆင်သင့်ပဲ။ ဂုဏ်ထူးတွေဟာ ငါ့အတွက်ဖြစ်ရမယ်ဆိုတဲ့စိတ်တွေနဲ့အထင်ကြီးပါ။

ငါဘာတွေကျက်ကျက် ဖြေဖို့တိုးနိုင်ပါ့မလားဆိုတဲ့စိတ်ကိုလုံးဝအဝင်မခံပါနဲ့။ အဲဒီစိတ်တွေဝင်လာတိုင်း ကိုယ့်အံ့သြစရာကောင်းလောက်အောင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်တွေပြင်းထန်လာတာကြုံရပါလိမ့်မယ်။

ကလေးတို့ကိုယုံတယ်။

ကလေးတို့ ကျိန်းသေအောင်မြင်မှာ။

ယုံတယ်။

ဒါကြောင့်လည်း မြင်းကောင်းခွာလိပ်ဖြစ်မသွားရအောင်၊ မလိုလားအပ်တဲ့ အထစ်အငေါ့လေးတွေမဖြစ်ရလေအောင် တစ်ဖက်တစ်လမ်းကနေ အကြံပြုနေတာပါ။

ဒါဖြင့် -

အပျက်သဘောဆောင်တဲ့အတွေးတွေဝင်မလာဖို့တော့ ကလေးတို့သိပြီ။

# သရာဦးမောင်မောင်သန်း
(ရှင်ဆိုးအေးဖြေဝေသား)

## စာမေးပွဲဖြေဆိုကြမယ့်ကလေးများအတွက် အောင်ပွဲဝင်အစီအရင်



ဖြစ်ရမယ်ဆိုတဲ့စိတ်ပဲထား။

ဖြစ်တတ်တယ်။ ဟာ - ငါဟာ အောင်မြင်နေပြီဆိုတဲ့စိတ်နဲ့ အားရပါးရ ပြုံးပြီး အချိန်ပြည့်နေနေတဲ့ကြားကနေ တစ်ခါတစ်ခါ ငါလုပ်နေတာ ဟုတ်ရော ဟုတ်ပါ့မလားဆိုတဲ့ အဖျက်စိတ်ကဝင် ဝင်လာပြန်တတ်ပါတယ်။ အဲဒီအခိုက်အတန့်လေးမှာ တွေဝေသွားတတ်ပြန်ပါတယ်။

အောင်မြင်မှုတွေရခါနီးမှာ အကျိုးအကြောင်းမဆီလျော်ဖြစ်သွားရသူတိုင်း ကြုံတတ်ကြပါတယ်။

ဒါကြောင့် -

ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်နဲ့ အစားထိုးပြီး ပျော်ပျော်ရွှင်ရွှင်နေလိုက်ပါ။

ငါ့အောင်မြင်မှုဟာ ငါ့လက်ထဲမှာပဲရှိတယ်။ ကြည့်စမ်းပါ - ငါကြိုးစားပြလိုက်စမ်းမယ်ဆိုတဲ့မာန်ကိုဝင့်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

မှန်တယ် - ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်ရင် ဘယ်သူကလာပြီး ယုံမှာလဲ။

ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဖို့ မကြိုးစားရင် ကိုယ့်မိဘတွေကရော ကိုယ့်အတွက် ဂုဏ်ယူနိုင်ပါတော့မလား။

ငါဟာ ဖြစ်ကိုဖြစ်ရမယ်၊ အောင်ကိုအောင်မြင်ရမယ်ဆိုတဲ့အသိကို မဖယ်ရှားပစ်ပါနဲ့။ သတိရတိုင်း ကိုယ့်ကိုယ်ကိုယ်ခဏခဏပြောပေးပါ။ ကိုယ့်ရဲ့ ဦးခေါင်းထဲမှာ ပုံတင်ထပ်ပြီးပြန်ကြားလောက်အောင်ကို စိတ်နဲ့ခဏခဏပြောပေးနေပါ။ ဒါဟာ အလကားမဟုတ်ပါဘူး။

လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က မိဘကိုဝိုင်းကူပြီး ငါးပိ၊ ငါးခြောက်ရောင်းပေးတဲ့ လူငယ်တစ်ယောက်ကိုခင်ခဲ့ဖူးပါတယ်။ အင်မတန်မှ ရုပ်ဆင်းအင်္ဂါကြည်လင်ပြီး နူးနူးညံ့ညံ့လေးနဲ့ မိဘကို



ရှိရှိသေသေဝိုင်းကူပေးနေတာ။ ဒါကြောင့် တစ်နေ့ သူ့ကိုပြောဖြစ်တယ်။

"မင်း အိပ်ရာကနိုးလို့ မျက်နှာသစ်ရင် အိမ်ရှေ့ကနေ ကောင်းကင်ကိုကြည့်ပြီး ဟာ - ငါဟာ တော်တော်အောင်မြင်နေပါလားလို့ တစ်ကိုယ်ကြားပြောစမ်းပါ။ မင်းပြောချင်သလောက်ပြော။ (၁၀)ခါ၊ အခါ(၂၀)ပြော။ မပြောချင်တော့ရင်၊ ပြောလို့အားရရင်ရပ်လိုက်တော့။ အခါ (၃၀) ဖြစ်ရင်လည်း ဖြစ်မယ်။ (၄၀)လည်း ဖြစ်ရင်ဖြစ်မယ်။ ဖြစ်ပစေပြော"

လို့ ပြောလိုက်တယ်။

သူက အဲဒါဘာလဲဟင်တဲ့။ သူ့ကို ဘာမှပြောမနေတော့ပါဘူး။ ရှင်းလည်း မပြတော့ပါဘူး။ သူလုပ်ချင်လာအောင်ပဲပြောလိုက်ပါတယ်။ သူဟာ တကယ်လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ခါစက သူ့အမေက မေးတာတောင် မဖြေဘူးတဲ့၊ ရှက်လို့တဲ့။ ဘေးဘီကလူတွေများ သူ့ကိုကြည့်နေမလားဆိုပြီး ရှက်သေးတယ်တဲ့။

ခုနပြောတဲ့စကားကိုထပ်တလဲလဲပြောရင်းပြောရင်း သူ့စိတ်တွေတစ်မျိုးပြောင်းလာတယ်တဲ့၊ သူ့ကိုယ်သူ တဖြည်းဖြည်းယုံလာတယ်တဲ့။ နောက်တော့ မပြောရရင် မနေနိုင်တော့ဘူးတဲ့။ ဒီစကားလေးဟာ သူ့အတွက် တော်တော်စွဲသွားလို့ သူအိပ်တဲ့ သုံးထပ်သားထရံလေးဘေးမှာတောင် စက္ကူနဲ့ရေးပြီး ကပ်ထားတယ်တဲ့။

အခု -

အဝေးပြေးကားဂိတ်ထဲမှာ၊ ဂိတ်တစ်ခုမှာ ကားနှစ်စီးထည့်ထားနိုင်တဲ့ အဝေးပြေးကားကြီးနှစ်စီးပိုင်ရှင်ဖြစ်နေပါပြီ။အရမ်းကြီးကြီးကျယ်ခမ်းနားအောင် ချမ်းသာသွားတာမဟုတ်ပေမယ့် ဒီအထိ စီးပွားဖြစ်လာတာဟာ သူကိုယ်သူယုံကြည်သွားတဲ့ သူ့ယုံကြည်ချက်ရဲ့တန်ဖိုးပါပဲ။ သူကိုယ်သူယုံကြည်လာလေ သူဟာ ပိုကြိုးစားလာလေ၊ ပိုကြိုးစားလေ သူ့ကိုယ်သူယုံလာလေနဲ့ အခုလိုဘဝရောက်သွားခဲ့ရတာပါ။

ဒါ အောင်မြင်သွားကြတဲ့၊ အောင်မြင်နေကြတဲ့သူတွေထဲက တစ်ယောက်ကိုပဲ ပြောပြတာပါ။

ဒါကြောင့် -

ကလေးတို့ -

ဖြစ်ကိုဖြစ်ရမယ်၊ အောင်ကိုအောင်မြင်ရမယ်ဆိုတဲ့အသိကို မဖယ်ပစ်ပါနဲ့။ သတိရတိုင်း ကိုယ့်ကိုယ်ကိုယ်ပြောပေးပါ။

ဒီလိုပြောရင်းနဲ့ အပျက်သဘောဆောင်တဲ့အမူအရာတွေပါ တဖြည်းဖြည်းလွင့်ပြယ်သွားပါလိမ့်မယ်။

အဲဒီလိုအပျက်သဘောဆောင်တဲ့ အမူအရာတွေ တဖြည်းဖြည်းပါးသွားပြီဆိုတာနဲ့ အပျက်သဘောဆောင်တဲ့ စကားတွေကိုပါ ကလေးတို့သတိထားလာမိလိမ့်မယ်။ ဒီအခါမှာ ကလေးတို့ ကိုယ်တိုင် ဆင်ခြင်လာကြမှာ သေချာတယ်။

အပျက်သဘောဆောင်တဲ့စကားတွေဆိုတာက -

မလွယ်ပါဘူးတို့ -

သွားစမ်းပါ၊ လုပ်မနေပါနဲ့တို့ -

ဟုတ်မှလည်းလုပ်စမ်းပါတို့ -

ဘဝပျက်ပါပြီ၊ ပြိုင်းပြီတို့ -

ဒုက္ခရောက်ပါပြီတို့ -

ငါ့ဘဝဟာ အဖက်ဆယ်မရတော့ပါဘူးတို့ -

ဆိုတဲ့ အပျက်သဘောဆောင်တဲ့ စကားတွေ -

အဲဒီစကားတွေနဲ့ တဖြည်းဖြည်းဝေးသွားလိမ့်မယ်။

အပျက်သဘောဆောင်တဲ့အဝတ်အစားတွေဆိုတာက -

သေကျေပျက်ပြုန်းတဲ့ပုံတွေ၊ ရှင်သန်မှုမရှိတော့တဲ့ပုံတွေ၊ ဒီဇိုင်းတွေ၊ ဆုံးရှုံးခြင်းနဲ့ဆိုင်တဲ့စာသားတွေ၊ မင်္ဂလာမရှိ ကျက်သရေမရှိတဲ့ဒီဇိုင်းတွေ အဲဒီလို အင်္ကျီမျိုးတွေပါပဲ။

အဲဒီအင်္ကျီတွေက တကယ်လှပါတယ်။ နိုင်ငံခြားဖြစ်တွေများပါတယ်၊ သူတို့ဆီမှာ သူတို့အယူမရှိကြပေမယ့် -

ကိုယ့်မြေ၊ ကိုယ့်ရေမှာကျတော့ 'ဗျူဒိပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း' ဆိုတာရှိတယ်။

ကိုယ့်ဆီမှာက နိမိတ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

တွင်လို့မရဘူး၊ ဟိုးတုန်းထဲကရှိတယ်။

ကလေးတို့က အဲဒီနိမိတ်ကောင်း၊ နိမိတ်ဆိုးဆိုတာတွေကို စဉ်းစားပြီး ဆင်ခြင်လိုက်ရင်ပြီးပါပြီ။

ဒီလိုတွေ ဗဟုသုတစဉ်းစားကြပြီးပြီဆိုတာနဲ့ -

လုပ်သင့်တာလေးတွေကိုလုပ်ဖို့လိုလာပါပြီ။

ဒီလုပ်သင့်တာလေးတွေဆိုတာ -

ကြိုးစားနေကြတဲ့ ကလေးတို့အတွက် စာမေးပွဲနီးကာမှ မြင်းကောင်းခွာလိပ်မဖြစ်ရလေအောင်၊ ကျန်းမာရေးတွေမထိခိုက်ရလေအောင်၊ လူမှုရေးအနှောင့်အယှက်တွေ ဝင်မလာရလေအောင် အကြံပြုလိုက်ခြင်းပါပဲ။

ကူညီနိုင်တဲ့ဘက်က အုတ်တစ်ချပ်၊ သဲတစ်ပွင့်ကူညီလိုက်ခြင်းပါပဲ။

ဒါဖြင့် -

အခုကပဲစလိုက်ရအောင်။

ကလေးတို့ဖြေဆိုမယ့် ဘာသာရပ်တွေထဲက တစ်နေ့ကို တစ်အုပ် (ရေးတဲ့စာအုပ်)ကို ခေါင်းအုံးအောက်ထဲမှာထားအိပ်။ မနက်မိုးလင်းတော့ပြန်ထုတ်။

ဒီနေ့ မြန်မာစာထားရင် နောက်နေ့ အင်္ဂလိပ်စာပေါ့။ တစ်အုပ်ပဲ၊ နှစ်အုပ်မထားရဘူး။

အဲဒါ စာဖြေပြီးချိန်ထိထား။

ကိုယ်အားနည်းမယ်ထင်တဲ့ဘာသာရပ်ဆိုရင် နေ့တိုင်းထားအိပ်။ ဥပမာ သင်္ချာအားနည်းမယ်ထင်ရင် သင်္ချာနဲ့ မြန်မာတစ်အုပ်စီ၊ နောက်နေ့ကျ သင်္ချာနဲ့ အင်္ဂလိပ်စာတစ်အုပ်စီထားအိပ်ပေါ့။

အိပ်ရေးဝဖို့ အရမ်းအရေးကြီးတယ်။

ခေါင်းတွေနောက်လာတဲ့အထိ အိပ်ရေးပျက်မခံနဲ့။ ခေါင်းထဲမှာ မကြည်မလင်ဖြစ်နေရင်လည်း စာမရနိုင်ဘူး။ အိပ်ရေးဝဝတော့အိပ်ပါ။ အာရုံကြောခဏခဏအနားပေးဖို့ အရေးကြီးတယ်။

အတင်း တွန်းထိုး ဖျစ်ညှစ်ပြီးကျက်ရင်း၊ အိပ်ရေးပျက်ခံရင်းကနေ မြင်းကောင်းခွာလိပ်သွားကြတဲ့ ကလေးတွေလည်း မြင်ဖူးပါတယ်။

နှစ်စကထဲက ကြိုးစားခဲ့ပြီးပြီပဲ။

ပုံမှန်ကြိုးစားခဲ့ပြီးပြီပဲ။ အောင်မှာပေါ့။

အိပ်ရေးသာဝဝအိပ်။

ဗိုက်ထဲမှာ ပူနေလောက်အောင်စပ်တဲ့ အစားအစာမျိုးတွေရှောင်။

ရင်တွေပြည့်နေမယ့်၊ ရင်တွေ တောင့်နေမယ့် အစားအစာမျိုးတွေ ရှောင်။

လေတွေနင်းကန်ပွမယ့်အစားအစာမျိုးတွေရှောင်။

လေတွေ၊ ဝမ်းတွေလည်း မချုပ်စေနဲ့။

ဝမ်းလည်းမနူးစေနဲ့။

ခေါင်းတွေမူးနောက်သွားစေတဲ့ အစားအစာလည်း အလွန်အကျွံမစားနဲ့။

ဥပမာ အုန်းနို့တို့၊ မှိုတို့ဆို တချို့တည့်ပေမယ့် တချို့မတည့်ကြဘူး။ ကိုယ့်ကိုယ်ကိုယ် သတိလေးနဲ့ ဆင်ခြင်ပြီးသာစား။

အစားအသောက်လည်း လျှော့စရာမလိုဘူး။

အာဟာရပြတ်သွားပြန်ရင်လည်း အာရုံကြောတွေမကောင်းဘဲဖြစ်နေဦးမယ်။

အဲဒီလိုတွေ ဗဟုသုတသိထားပြီဆိုတာနဲ့ -

ကလေးတို့ မွေးနေ့တစ်ရက်ကို ရွေး။

ဆိုကြပါစို့ - တနင်္ဂနွေဆိုပါတော့။ တနင်္ဂနွေသားသမီး၊ တနင်္ဂနွေနာမည်ရှင်တွေက တနင်္ဂနွေနေ့ မနက် (၉) နာရီပေါ့။ မရရင်တော့ မနက် (၇) နာရီပေါ့။

ဘာလုပ်ရမလဲဆိုတော့ -

ညောင်ရေအိုးအသစ်တစ်လုံးမှာ ရေထည့်၊ မေမြို့ပန်း (၅)ခိုင်၊ ကံ့ကော် (၂) ညွှန့်၊ သပြေ (၆) ညွှန့်၊ တကယ်လို့ မေမြို့မရရင် ပျဉ်းမ (၅) ညွှန့်၊ အဲဒါတွေကိုစုပေါင်းပြီး အုန်းရွက်လေးနဲ့ပတ်ချည်၊ ပြီးရင် ညောင်ရေအိုးအသစ်ထဲမှာထည့်ထိုးပြီး ဘုရားပူဇော်။

စတဲ့နေ့ကတော့ (၉) နာရီပေါ့။ မွေးနေ့ပေါ့။

နောက်ထပ် အသစ်လဲရင်တော့ နွမ်းရင်နွမ်းသလိုလဲပေး -

ကျောင်းတက်နေရတဲ့ ကလေးလေးတွေအနေနဲ့ မိဘကလုပ်ပေး။ လှူတဲ့အခါ တနင်္ဂနွေသားလေး မောင်ဘယ်သူ၊ တနင်္ဂနွေသမီးလေး မဘယ်သူက ဘုရားရှင်ကို ပူဇော်ပါသည်ဘုရားဆိုပြီး သူတို့ကိုယ်စား မိဘတွေကလုပ်ပေး။ ကလေးတွေက ပြန်လာမှကန်တော့။

လွယ်အောင်လုပ်၊ အဆင်ပြေသလိုလုပ် -

သိပ်ခက်ခက်ခဲခဲတွေမလုပ်နဲ့။

တနင်္လာသားသမီးတွေက သပြေ (၆)ညွှန့်၊ ဆီး(၃)ညွှန့်၊ နှင်းဆီ(၇)ပွင့် မရရင် ဒန်း (၇) ညွှန့် စုပေါင်း ကြံရွက်နဲ့ ပတ်ချည်၊ ခုနလိုပဲ ညောင်ရေအိုးအသစ်တစ်လုံးနဲ့ရေထည့်လှူ၊ တနင်္လာနေ့မနက် (၉)နာရီ။

အင်္ဂါသားသမီးတွေက နှင်းဆီ (၇) ပွင့် ဒါမှမဟုတ် ဒန်း (၇) ညွှန့်၊ ရွက်လှ (၄) ညွှန့်၊ အုန်း (၁) ညွှန့်၊ အဲဒါကိုစုပေါင်း ဇော်စိမ်းရွက်နဲ့ပတ်ချည်၊ အင်္ဂါမနက် (၉)နာရီ။

ဗုဒ္ဓဟူးသားသမီးတွေဆိုရင် အုန်း (၁) ညွှန့်၊ ပျဉ်းမ (၅) ညွှန့် ဒါမှမဟုတ် မေမြို့ပန်း (၅) ခိုင်၊ ကံ့ကော် (၂) ညွှန့် စုပေါင်းပြီး ရွက်လှနဲ့ပတ်ချည်၊ ဗုဒ္ဓဟူးနေ့ မနက် (၉) နာရီ။

ကြာသပတေးသားသမီးတွေက ကံ့ကော် (၂) ညွှန့်၊ သပြေ (၆) ညွှန့်၊ ဆီး (၃) ညွှန့် စုပေါင်း ပျဉ်းမရွက်နဲ့ပတ်ချည်။ မရရင် ပျဉ်းမရွက်ပတ်။ ပိုးကြိုးနဲ့ ထပ်ချည်။ ကြာသပတေးနေ့ မနက် (၉) နာရီ။

သောကြာသားသမီးတွေက ဆီး (၃) ညွှန့်၊ ဒန်း (၇) ညွှန့် ဒါမှမဟုတ် နှင်းဆီ (၇) ပွင့်၊ ရွက်လှ(၄)ညွှန့်၊ သပြေရွက်နဲ့ပတ်ချည်၊ သံကြိုးလေးနဲ့ပတ်ချည်၊ (သင်အူကြိုးမသုံးနဲ့)။ သောကြာနေ့မနက် (၉)နာရီ။

စနေသားသမီးတွေက ပျဉ်းမ (၅) ညွှန့် ဒါမှမဟုတ် မေမြို့ပန်း(၅)ခိုင်၊ အုန်း (၁) ညွှန့်၊ ရွက်လှ (၄) ညွှန့် စုပေါင်း ထန်းရွက်လေးနဲ့ပတ်ချည်။ စနေနေ့ မနက် (၉)နာရီ။

ဒါ အောင်မြင်စေတဲ့အိုး၊ အောင်အိုးပဲ။

ညှိုးတာနဲ့လဲ။ မိဘတွေကအသစ်လဲလဲပေးလိုက်ပေါ့။

အဲဒီအိုးရဲ့ ရှေ့နားလေးမှာ ပန်းကန်ပြားတစ်ချပ်နဲ့ ဘော(လ်)ပင် (၁၀) ချောင်းလောက်ထည့်ထား၊ မဖယ်နဲ့။

'စဖြေတဲ့နေ့'။

စောစောက အောင်အိုးကလန်းနေရမယ်။ ဖြစ်နိုင်ရင် အဲဒီနေ့မှာ အသစ်ပူဇော်ရမယ်။

ပြီးရင် ပန်းပေါင်းစုံ (၅)မျိုးပူဇော်။ ဂန္ဓမာဆိုလည်း အရောင် (၅) မျိုး ဆိုရပြီ။ တစ်မျိုးကို နှစ်ခိုင်၊ သုံးခိုင်ပေါ့။ ဘုရားမှာပူဇော်။

ပြီးရင် -

ကလေးက ဘုရားဝတ်ပြု။

ဘုရားဂုဏ်တော် (၉) ပါးကိုပဲ (၂၇)ခေါက်ရွတ်ပြီး ရှိခိုးပူဇော်။ မိဘသသ



www.burmeseclassic.com

www.burmeseclassic.com

ရွှတ်။

ပြီးရင် ရှင်သာရိပုတ္တရာရဟန္တာကြီးကို ရည်မှန်းပြီး ပူဇော်ကန်တော့။ ဖယောင်းတိုင် (၁၅ မိနစ်လောက်ခံတဲ့ ဖယောင်းတိုင်အသေးလည်း ရတယ်)၊ ဒါမှမဟုတ် အမွှေးတိုင်၊ သောက်တော်ရေ၊

ပြီးရင် သူရဿတီမယ်တော်ကြီးကို ရည်မှန်းကန်တော့ -

သောက်တော်ရေပဲဖြစ်ဖြစ်လှူ -

ပြီးရင် မိဘနှစ်ပါးကိုကန်တော့ -

ပြီးရင် ဆရာသခင် ကျေးဇူးရှင်များကို ရည်မှန်းကန်တော့ -

ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိခဲ့သမျှကို ဝန်ချတောင်းပန်ကန်တော့။

ပြီးရင် ဘော(လ်)ပင်လေးတွေကို ဘုရားရှေ့မှာ ရိုရိုသေသေယူပြီးသွားဖြေပေတော့။

ရပြီ။

ဒီနေရာမှာ -

တစ်ခုတော့ပြောချင်ပါတယ်။

ဘုရားရှင်ကို အောင်အိုးနဲ့ကြို့တင်ပူဇော်ထားသလိုပဲ -

- ကိုယ်ဆွမ်းတော်ကပ်ချင်တဲ့ အာဟာရဆွမ်းနဲ့ နေ့တိုင်းကပ်ရင်လည်းရတယ်။ ဥပမာ ပေါက်ပေါက်၊ ကော်ဖီ၊ ကိတ်မုန့်၊ ကျောက်ကျော၊ ထန်းလျက်၊ နဂါးမောက်သီး၊ ထောပတ်သီး၊ သစ်သီးစုံ ဘာပဲပူဇော်ပူဇော် ပူဇော်ရင်လည်းရတယ်။

နေ့တိုင်း ဂုဏ်တော် (၉) ပါးကို (၂၇) ခေါက် ပီပီသသရွတ်ပြီးပူဇော်ရင်လည်းရတယ်။

နေ့တိုင်း ရှင်သာရိပုတ္တရာရဟန္တာကြီးကို ပူဇော်ရင်လည်းရတယ်။

နေ့တိုင်း သူရဿတီမယ်တော်ကြီးကိုလှူဒါန်းရင်လည်းရတယ်။

ဒါကတော့ -

ကလေးတို့ရဲ့ဆန္ဒနဲ့ ကလေးတို့သဘောပဲ။

အားလုံးဟာ အောင်မြင်ဖို့တွေချည်းပါပဲ။

ဒီလိုမှမဟုတ်လို့ ခုနလို စဖြေတဲ့ရက်ကျမှ ကုသိုလ်တွေပြုပြီး သွားဖြေမယ်ဆိုရင်လည်းရတယ်။ အဆင်ပြေသလိုသာ ကုသိုလ်ပြု။

မိဘတွေကတော့ -

စာမေးပွဲကြီးဖြေဆိုကြတော့မယ့် သားသမီးလေးတွေရဲ့ အင်္ကျီလေးတွေကို ရင်ခွင်မှာထိပြီး ရွှတ်ဖတ်ပေးပါ။ ဒါမှမဟုတ် ပေါင်ပေါ်မှာဖြန့်ခင်းပြီး ရွှတ်ဖတ်ပေးပါ။

ဘာပဲရွှတ်ရွှတ်ပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ပဲဖြစ်ဖြစ်၊ ဂုဏ်တော်ပဲ၊ ဖြစ်ဖြစ်၊ သရဏဂုံပဲဖြစ်ဖြစ်ရွှတ်ပါ။ ရပါတယ်။ ရွှတ်ပြီးရင် သူ့နေရာမှာ သူပြန်ထားပါ။ ကလေးက ယူတတ်ဖို့ပဲလိုပါတယ်။

နှစ်စကာစပြီးမကြိုးစားခဲ့သူတွေ -

စာထဲကိုစိတ်မဝင်စားခဲ့သူတွေ -

ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ နည်းနည်းအလှမ်းဝေးခဲ့သူတွေ -

အခုပြခဲ့တဲ့ အောင်ပွဲဝင်အစီအရင်တွေကိုလုပ်ဖို့မလိုပါဘူး။

ဝတ်ချင်တာဝတ်မယ်၊ ပြောချင်တာပြောမယ်၊ အယူမရှိဘူးဆိုတဲ့သူတွေဆိုရင်လည်း ဒီအစီအရင်တွေကိုလုပ်ဖို့မလိုပါဘူး။

အမှန်တကယ်လိုအပ်မယ်လို့ထင်တဲ့ ကလေးလေးတွေအတွက်ကိုသာ ပါရမီဖြည့်ပေးလိုက်တာပါ။

ခရီးဆိုတာ -

ကိုယ်တိုင်လျှောက်မှရောက်မှာပါ။

ကိုယ့်ကိုယ်စား သူများလျှောက်ပေးလို့မရပါဘူး။

လျှောက်တဲ့သူဟာ ရောက်သွားပါလိမ့်မယ်။

အမြင့်ကိုတက်မယ့်သူဟာ တက်ခြင်းဆိုတဲ့လုံ့လကိုတော့ပြုရပါလိမ့်မယ်။ မတက်ဘဲနဲ့တော့ အမြင့်ကိုမရောက်နိုင်ပါဘူး။

သူပြောလူပြောကိုနားထောင်ပြီး ကျေနပ်နေရုံနဲ့လည်း အမြင့်ကိုမရောက်နိုင်ပါဘူး။

သူတောင်ရောက်သွားသေးတယ်၊ ငါက ဘာလို့မရောက်နိုင်ရမှာလဲဆိုတဲ့ အားမာန်အပြည့်ရှိရပါလိမ့်မယ်။

အမြင့်ရောက်မှ အမြင့်ရဲ့မြင်ကွင်းကိုသိမှာပါ။

သူပြောလူပြောနဲ့ ကျေနပ်မနေပါနဲ့။

ပြင်းထန်တဲ့ဆန္ဒနဲ့ ကြိုးစားခဲ့တဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယတွေဟာ ဘယ်အကြောင်းကြောင်းကြောင့်မှ ယိုင်မသွားပါစေနဲ့။

အောင်မြင်မှုပန်းတိုင်ဆီသွားနေတာမို့ လမ်းကြောင်းမလွဲပါစေနဲ့။

တစ်နှစ်လုံးကြိုးစားခဲ့တဲ့ ကြိုးစားမှုဖွဲ၊ လုံ့လ၊ ဝီရိယတွေဟာ ကလေးတို့ရဲ့ တကယ့်အဖော်မွန်အဖော်ကောင်းစစ်စစ်တွေပါပဲ။

ပြီးတော့ -

တလွဲမပြိုင်ပါနဲ့။

တလွဲမပြိုင်ပါနဲ့ဆိုတာက -

သူတောင် လစဉ်စာမေးပွဲမှာ (၄) ဘာသာကျသေးတာ၊ ကျွန်တော်က (၃) ဘာသာပဲကျတာဆိုတာမျိုး -

သူတောင် လူ (၄၀) မှာ အဆင့် (၃၅) ရသေးတာ၊ ကျွန်မအဆင့် (၃၀) ရတာ အများကြီးတော်သေးတယ် ဆိုတာမျိုး -

မပြိုင်ပါနဲ့ -

ဒါ ပြိုင်ရမယ့်ကိစ္စမဟုတ်ပါဘူး။

ဒီလိုလိုက်ပြိုင်နေသူဟာ အရည်အချင်းမရှိလို့ပါဘဲ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားလို့ပါဘဲ။

ပြိုင်ပါ။

ဘယ်လိုပြိုင်မလဲ -

ကိုယ့်ထက်အမှတ်နည်းတာတွေ လိုက်မပြိုင်ဘဲနဲ့ အမှတ်များတဲ့သူနဲ့ပြိုင်ပါ။

ဟာ - ဒီလ သူက သင်္ချာမှာ (၁၀၀)တောင်ရတယ်။ ငါက (၉၈) ပဲရတယ်။ နောက်လကျကြည့်နေ၊ ငါလည်း (၁၀၀) ရရစေ့မယ်ဆိုပြီးပြိုင်ပါ။

သူ ဒီလ အဆင့် (၁)၊ ငါက (၃) ဖြစ်နေတယ်။ နောက်လကျရင် အဆင့် (၁) နေရာဟာ ငါဖြစ်ရမယ်ဆိုတာမျိုး ပြိုင်ပါ။

ကြိုးစားခြင်းကိုသာပြိုင်ပါ။

ညံ့တာခြင်းသွားမပြိုင်ပါနဲ့။

ဒါတွေဟာ -

အတွေ့အကြုံပေါင်းများစွာကနေ ရလာတဲ့ ဗဟုသုတပေါင်းများစွာတွေထဲက ကလေးတို့အတွက် သင့်တော်မယ်ထင်တဲ့ ဗဟုသုတလေးတွေကို မျှဝေလိုက်တာဖြစ်ပါတယ်။

ဒါလောက်ဆိုရင် -

စာမကျက်ဘဲနဲ့ ယတြာချေရုံနဲ့ မအောင်နိုင်ဘူးဆိုတာ ကလေးတို့ လက်ခံသွားလောက်ပါပြီ။

ကလေးတို့က -

နှစ်စကတည်းက ကြိုးစားခဲ့ကြသူတွေဆိုတော့ -

ထူးထူးချွန်ချွန်နဲ့ အောင်မြင်ကြတော့မှာပါလားဆိုတဲ့စိတ်နဲ့ ကလေးတို့ကို လုံးဝ ယုံကြည်လွန်းလို့ -

ခုကတည်းက ဂုဏ်ထူးရှင်တွေ အားလုံးအတွက် ဂုဏ်ယူလိုက်ပါပြီ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



## မင်းပြည့်

# ကိုယ်တိုင်အောင်မြင်ပါစေ

အိမ်ရှေ့ခြံအပြင်မှာ အထုပ်လေး တစ်ထုပ်ကိုင်ပြီး မတ်တတ်ရပ်နေတဲ့ အန်တီကိုမြင်လို့ -

"ဒီကိုလာတာလား အန်တီ"

"ဟုတ်တယ် သားလေး"

"အန်တီ နာမည်စာရင်းရောပေး ထားပြီးပြီလား"

"ပေးထားတယ် သား၊ အန်တီ မနက်အစောကြီးတည်းကပေးထားတာ"

"ဪ - ဟုတ်ကဲ့၊ အိမ်ထဲမှာ လာထိုင်စောင့်လေ"

"အေးအေး - သားလေး၊ ကျေးဇူး ပါပဲ"

အိမ်ထဲရောက်လို့ အန်ထီထိုင် လိုက်တာနဲ့ နာမည်စာရင်းမှတ်တဲ့ စာအုပ်လေးကိုကိုင်ပြီးမေးလိုက်တယ်။

"နာမည်စာရင်းဘယ်လိုပေးထား လဲ အန်တီ"

"ဒေါ်တင်တင်"

"နာမည်စာရင်းရေးတဲ့စာအုပ်မှာ သူ့နာမည်က သုံးယောက်မြောက်။

"ဪ - ဟုတ်ကဲ့၊ အဖေက ဘုရားရှိခိုးနေတယ်။ ဆယ်နာရီခွဲမှ စပေးမှာ။ ကျွန်တော်ပြောပေးလိုက် မယ်လေ။ အန်တီ့လာရင်းကိစ္စလေး တစ်ချက်လောက်"

"အေးအေး - ရတယ်လေ။ သား



www.burmeseclassic.com

www.burmeseclassic.com

လေးပြောပေးလည်း အဆင်ပြေတာပဲ။ သားလေးကို အန်တီသိတယ်။ သူရဲ့ မဂ္ဂဇင်းမှာ လတိုင်း ဆရာမင်းပြည့်၊ ဆရာမင်းပြည့်ဆိုပြီး ဆောင်းပါးတွေ ရေးတာ အန်တီဖတ်တယ်နော် ဟဲဟဲ။ ကောင်းတယ်၊ ကောင်းတယ်၊ အရေးအသားတော်တော်ကောင်းတယ်။ ဆက်ရေး သားလေး ဆက်ရေး"

အန်တီ့မျက်နှာမှာ ဟန်ဆောင်ခြင်းကင်းမဲ့ပြီး ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲလာတဲ့ရယ်မောခြင်းတွေနဲ့ရောပြီး ပြောပြနေပါတယ်။

"ဟုတ်တဲ့ - ကျေးဇူးတင်ပါတယ် အန်တီ"

"ဒီလို သားလေးရဲ့၊ အန်တီလာရတဲ့ကိစ္စက အန်တီ့သမီးအတွက်လာတာ။ သူက အခု စင်ကာပူမှာ။ သူအလုပ်လုပ်နေတဲ့ တူမှတ်ပိုင်ရှင်သူဌေးက သူ့ကို သိပ်မကြည်ဘူး။ လုပ်ဖော်ကိုင်ဖက်တွေကလည်း မနာလို။ ပြီးတော့ သူ့အားကိုးရတဲ့ သူ့လက်အောက်ကကောင်မလေးကလည်း အလုပ်ထွက်တော့မယ်တဲ့။ အလုပ်ထဲမှာမပျော်ဘူး။ စိတ်တွေအရမ်းရှုပ်နေလို့ပြန်လာချင်တယ်အမေရေတဲ့။ ဟိုနေ့က အန်တီ့ကိုဖုန်းဆက်ပြီး သူပြောတယ်။ ငိုသံပါနဲ့ အန်တီ့ကို ဖုန်းထဲကနေ ပြောပြနေတယ်။ အဲဒါ အန်တီလာရတာ သားလေးရေ။ အဲဒီကိစ္စ အဲဒီကိစ္စ"

"ဪ . . . ဟုတ်ကဲ့၊ ဟုတ်ကဲ့-အန်တီ့သမီးနာမည်နဲ့ သူ့ခုနှစ်လေး တစ်ချက်လောက်"

တွက်ကြည့်လိုက်တော့ -

"ဒီလိုဖြစ်တာ အန်တီရဲ့။ ဒီနှစ် သူ့နာမည်က အညွှံထဲရောက်နေလို့ ညွှံတာမှတော်တော်ညွှံတာ။ အဲဒါကြောင့် သူအခုလိုဖြစ်နေတာ"

"ဟုတ်တယ်၊ ပြန်လာချင်တယ် ချည်းပြောနေတယ်။ အဲဒါ သူပြန်မလာရဘဲနဲ့ အဆင်ပြေပြေလေးဖြစ်သွားအောင် သားလေးပဲကူညီပါဦး"

"သူ့ရွတ်ရဖတ်ရမှာတွေရှိတယ်။ အန်တီ့သမီးဘုရားစာဘာရလဲ၊ ဘာရွတ်တတ်လဲ"

"ဘာမှမရဘူး၊ ဘာမှလဲမရွတ်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ."

ဇာတ်လမ်းကတော့ စပါပြီတဲ့။

"သူ့ဘာသာတရားမရှိဘူးလား"

"ဟို. . . ဘာသာတရားတော့ရှိပါတယ်။ ဒါပေမယ့် ဘာမှမရွတ်ဘူး။ ဘာဘုရားစာမှလည်းမရဘူး။ ရွတ်ခိုင်းလို့လည်းမရွတ်ဘူး။ သူကဘယ်လိုကြီးမှန်းကိုမသိတာ။ ခက်တယ်၊ အဲဒီကောင်မလေးက"

"ခက်ရင် သူမအောင်မြင်ဘူး၊ အဆင်ပြေမှာလည်း မဟုတ်ဘူး။ ကျွန်တော်တို့ပညာတွေမှာက ဗုဒ္ဓယတြာတွေနဲ့ပဲ အားလုံးကိုအဆင်ပြေအောင်လုပ်လို့ရတယ်။ ဘာသာရေးကို အလေးမထားဘဲနဲ့တော့ သူ့ဘာမှလုပ်လို့ရမှာမဟုတ်ဘူး အန်တီ"

"အန်တီက ဒီကနေ သူ့ကိုယ်စားလုပ်ပေးလို့မရဘူးလား"

"ကိုယ်စားလုပ်ပေးရင်တော့ သူအခုကြုံနေရတဲ့အခက်အခဲတွေအားလုံးအဆင်ပြေမှာမဟုတ်ဘူး။ သူကိုယ်တိုင်လုပ်ရမှာတွေရှိတယ် အန်တီရဲ့"

သူမခိုင်က ဒီကနေ သူ့ကိုယ်စားလုပ်ပေးလို့ရတဲ့ကိစ္စလေးတချို့တစ်ဝက်ကိုတော့ပြောပေးလိုက်ပါတယ်။

"သူ့ကိုပြောလိုက်ပါ အန်တီ။ အလုပ်ထဲမှာဝတ်ရတဲ့ ယူနီဖောင်းကလွဲလို့ ကျန်တဲ့အချိန်မှာ အင်္ကျီအနီရောင်လုံးဝမဝတ်ပါနဲ့လို့"

"ဟယ် - ဒုက္ခပဲ၊ သူက အနီဆိုအရမ်းကြိုက်တာ"

"ဟုတ်ကဲ့ - ကြိုက်လို့မရပါဘူး။ အနီကြိုက်ရင် သူဒီလိုပဲပြဿနာတွေတက်နေမှာ။ နောက်ပြီး အန်တီတို့အိမ်မှာလည်း အနီရောင်နဲ့ပတ်သတ်တဲ့ ပစ္စည်းတွေ ခုလောလောဆယ် ခဏရှောင်ထား"

"ဟယ် - အိမ်ကဧည့်ခန်းထဲမှာ ပန်းအိုးနဲ့နှင်းဆီပန်းအနီရောင်တွေချည်း ထိုးထားမိတယ်။ ဟိုနေ့ကမှ အလှထိုးထားတာ"

စိတ်ထဲကပဲ ကိုယ့်ဟာကိုယ်ပြောလိုက်မိပါတယ်။

'ရွဲ့နေတာများလားတောင်မသိဘူး'

"ဒီတစ်ခါနွမ်းရင် စွန့်လိုက်တော့။ အလှထားချင်ရင်လည်း တခြားမျက်လုံးအေးတဲ့အရောင်ပန်းလေးတွေထားပေါ့"

"နွမ်းရင်မဟုတ်ဘူး၊ ဒီကပြန်သွားတာနဲ့ကိုစွန့်လိုက်တော့မယ်"

"သူ ဒီတစ်ခါဖုန်းဆက်ရင် ပြောလိုက်ပါအန်တီ။ ဘာမှမရွတ်တတ်ဘာဘုရားစာမှမရရင်လည်း သရဏဂုံပဲရွတ်ခိုင်း။ ဘုရားဆောင်ရှေ့မှာ ဆယ်မိနစ်လောက်ထိုင်ပြီးရွတ်။ ပြီးမှ အလုပ်သွားလို့ပြောလိုက်ပါ"

"ဒါလည်းမဖြစ်နိုင်ဘူး"

"အဲဒါဆိုလည်းလုပ်မနေပါနဲ့တော့ အန်တီရယ်။ သူ့ကိုတစ်ခုတော့ပြောလိုက်ပါ။ ဘာသာရေးမပါဘဲနဲ့တော့ နင်ဘာမှအဆင်ပြေမှာမဟုတ်ဘူး ဆိုတာလေးတော့ ဖုန်းဆက်ရင်ပြောပြလိုက်ပါ"

"သူကအလုပ်ကိုအစောကြီးသွားရလို့"

"ဘယ်နှနာရီသွားရတာလဲ"

"ရှစ်နာရီဆိုအလုပ်ကိုပြေးရပြီ"

"ရှစ်နာရီမထိုးခင် ဆယ်မိနစ်လောက်တော့ အချိန်ပေးပြီး ဘုရားရှိခိုးခိုင်းလိုက်ပေါ့ အန်တီရယ်။ ကျန်တဲ့ကိစ္စတွေထဲကနေ ဘုရားရှိခိုးဖို့ ဆယ်မိနစ်လောက်အချိန်လေးဖဲ့ယူလိုက်ပေါ့ ရတာပဲ။ နေ့တိုင်း ဆယ်မိနစ်လောက် ဘုရားဆောင်ရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး သရဏဂုံရွတ်၊ ပြီးမှ အလုပ်သွားလို့ အန်တီပြောလိုက်ပါ။ သူ တဖြည်းဖြည်းအဆင်ပြေလာပါလိမ့်မယ်"

"အေးအေး - ကျေးဇူးပါပဲ သားလေးရယ်။ နောက် အန်တီကိစ္စရှိရင်၊ တိုင်ပင်စရာရှိရင် ဆရာကြီးတို့၊ သားလေးတို့ဆီကိုလာခဲ့မယ်နော်"

"ဟုတ်ကဲ့ - လာခဲ့ပါ"

"ဒါဆို အန်တီ့ကိုခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့"

အန်တီပြန်သွားမှ နောက်ထပ်ရောက်လာပြီး ထိုင်စောင့်နေကြတဲ့ ဧည့်သည်တွေကို သားအဖနှစ်ယောက်ပောဖို့ပြင်ဆင်နေရင်း စိတ်ထဲကနေတွေးလိုက်မိပါတယ်။

'ဈေးဦးပေါက်ကတော့ ကောင်းပြီ'

ဒီလိုနဲ့ ခေါ်တင်တင်လိုမျိုး နောက်ထပ်တွေ့လာရပြန်တဲ့ တစ်ယောက်ကတော့ -

"အစ်မ၊ ကိစ္စလေးပြောပါဦး"

"အင်း - ဒီလိုပါပဲ တွက်ချင်လို့၊ ဇာတာလေးစစ်ချင်လို့"

"လိုရင်းတစ်ခုပေါ့ အစ်မရယ်၊ ကျွန်တော်တို့က အစီအရင်ပေးတာ၊ လွယ်လွယ်ပြောရရင် ခာတ်ရိုက်တာပေါ့။ အများကြီးတွေလျှောက်မပြောဘူး။ လိုရင်းတစ်ခုတည်းကိုပဲ ကံတွေကိုချိန်ဆပြီး အဆင်ပြေအောင်လုပ်ပေးလိုက်တာ။ အဲဒါကြောင့် အစ်မရဲ့လိုရင်းလေးပေါ့"

"ဪ - ခာတ်ရိုက်တာ"

ပြောပြီး လူကိုအကြာကြီးကြည့်နေသေးတယ်။

"ဟုတ်တယ်၊ ခာတ်ရိုက်တယ်ဆိုတာက ဥပမာ စီးပွားရေးအဆင်မပြေတဲ့လူတွေဆို အဆင်ပြေအောင်၊ ကျန်းမာရေးမကောင်းတဲ့လူတွေကို ကျန်းမာရေးတွေကောင်းအောင်၊ နိုင်ငံခြားသွားဖို့၊ သင်္ဘောတက်ဖို့ ကြန့်ကြာနေတဲ့သူတွေ မြန်မြန်ထွက်ရအောင် အဲ့လိုလုပ်ပေးတာ။ အထူးသဖြင့် ကလေးနာမည်တွေပေးတယ်"

"ဪ - ဟုတ်ကဲ့၊ ဒါဆို စီးပွားရေးပေါ့။ စီးပွားရေးလေးသိချင်တာ"

"စီးပွားရေးက အစ်မဘာစီးပွားလုပ်လဲ"

"တက္ကစီသုံးစီးထောင်ထားတယ်။ အခုတစ်စီးပဲကျန်တော့လို့။ အဲဒီကျန်တဲ့တစ်စီးတောင် ပြန်ရောင်းရင်ကောင်းမလား၊ ဒါပဲဆက်လုပ်ရမလား၊ တခြားရော ဘာစီးပွားလုပ်ရမလဲ အဲဒါလေးသိချင်လို့"

"အခု ကျန်တဲ့ ကားတစ်စီးကို ဘယ်သူမောင်းလဲ"

"အမျိုးသားမောင်းတယ်"

"ဒါဆိုရင် သူ့ကံနဲ့ပဲဆိုင်တယ်၊ အစ်မကံနဲ့မဆိုင်ဘူး။ အစ်မအမျိုးသားကိုတွက်ကြည့်မှရမှာ။ သူ့ခုနှစ်လေးပြောပါဦး"

တွက်ကြည့်လိုက်တော့ -

"အရင်ကားနှစ်စီးက ဘာဖြစ်လို့လဲ"

"တစ်စီးက သူများကားကိုနောက်ကနေသွားတိုက်လို့လျော်လိုက်ရတယ်။ အဲဒါနဲ့ စိတ်ညစ်ပြီးရောင်းလိုက်တာ။ နောက်တစ်စီးကတော့ ဘာမှမဖြစ်ပါဘူး၊ ဒီတိုင်းပဲရောင်းလိုက်တာ။ သူများအားကိုးနေရတဲ့အလုပ်လည်းမလုပ်ချင်တော့ဘူး။ အခု တစ်စီးပဲ အမျိုးသားကကိုယ်တိုင်မောင်းနေတာ။ သိပ်အဆင်မပြေဘူး။ အဲဒါ . . ."

"အရင်ကားတွေကို မောင်းတုန်းကလူတွေရဲ့နာမည်တွေကိုပြောပါဦး"

"တစ်ယောက်က ကိုသက်၊ နောက်တစ်ယောက်က ကျော်ကြီး"

"အစ်မအမျိုးသားကံမှာ ငွေနံတွေအရမ်းပျက်နေလို့။ နောက်ပြီး သူ့ကံမှာ အဲဒီနှစ်ယောက်စလုံးရဲ့ နာမည်တွေက လုံးဝအကျိုးမပေးတဲ့နာမည်တွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငွေနံ့တွေအရမ်းပျက်နေတဲ့အချိန်ရယ်၊ အကျိုးမပေးတဲ့နာမည်တွေကိုယာဉ်မောင်းသွားထားလိုက်တဲ့ အချိန်ရယ် ဆုံသွားလို့ပါ။ သူမှားကားကိုနောက်ကနေသွားတိုက်တဲ့ကားကို ဘယ်သူမောင်းလဲ"

"ကိုသက်မောင်းတာ။ တိုက်တဲ့နေ့က သူ့အရက်လည်းမူးနေသေးတယ် ဆရာ။ ပြီးတော့ သူတို့တွေက တစ်ခါတစ်ခါကျ တစ်မျိုးတွေပဲ။ မလုပ်ချင်သလိုလိုလုပ်ချင်သလိုလိုနဲ့ ဘာတွေမှန်းကိုမသိဘူး။ အဲဒါနဲ့ အမျိုးသားက စိတ်ညစ်ပြီး ကားနှစ်စီးလုံးကိုရောင်းပစ်လိုက်တာ"

"ကားလုပ်ငန်းကတော့ တစ်သက်လုံး အကျိုးပေးပါတယ်။ အခုလိုပေါ့ တက္ကစီထောင်ထားတာတို့၊ နောက်အငေးပြေးကားလုပ်ငန်းတို့ အဲ့လိုမျိုးတွေ အကျိုးပေးပါတယ်။ ကားလုပ်ငန်းက အကျိုးမပေးလို့မဟုတ်ဘူး။ အကျိုးမပေးတဲ့နာမည်တွေနဲ့သွားလုပ်မိလို့ အခုလိုတွေဖြစ်တာပါ။ အစ်မအမျိုးသားက ရွတ်တာဖတ်တာလုပ်လား။ ဘုရားရှိခိုးလား၊ သူ့ဘာဘုရားစာရွတ်တတ်လဲ"

"အင်း - သူကဘာသာရေးတော့ သိပ်မလုပ်ဘူး။ ဘုရားစာလည်းရွတ်လေ့မရှိဘူး။ ဘုရားရှိခိုးတာလည်းသိပ်မတွေ့ဘူး။ ဘုရားဖူးတွေဘာတွေသွားလို့ တန်ခိုးကြီးဘုရားတွေရောက်ရင်တောင်မှ လက်နောက်ပစ်ပြီး ဟိုကြည့်ဒီကြည့်နဲ့လျှောက်ကြည့်နေတာ။ ဘာလုပ်တာမှန်းလဲမသိဘူး။ ဒါတောင် ကျွန်မပြောလို့ ဘုရားရှိခိုးရင်လည်း ဦးသုံးကြိမ်ပုဆိန်ပေါက်ပြီးရှိခိုးတာပဲရှိတယ်"

"ရွတ်ဖတ်တာ၊ ကျင့်ကြံတာ၊ လှူတာတစ်ခုခုမရှိလို့မရဘူး။ ကျွန်တော်တို့ပညာတွေမှာက ဗုဒ္ဓယတြာတွေနဲ့ပဲ အဆင်ပြေအောင်လုပ်လို့ရတယ်။ သူ့ကိုပြောပေါ့။ အစ်မကရွတ်ခိုင်းလေ"

"သူကအသောက်အစားလည်းရှိတယ်"

"ဒါကတော့ မဆိုင်ပါဘူး။ အသောက်အစားရှိတာက သူ့အပိုင်း။ ကျွန်တော်ပြောတာက အသောက်အစားရှိပေမယ့် ကျန်တဲ့အချိန်တွေ၊ မသောက်တဲ့အချိန်တွေမှာ သူရွတ်ရဖတ်ရမှာကိုပြောတာ။ အကြာကြီးမဟုတ်တောင်တစ်နေ့ကို ဆယ်မိနစ်လောက်တော့ ဘုရားအတွက် အချိန်ပေးပေါ့"

"ကျွန်မလုပ်ပေးလို့မရဘူးလား"

"ကျွန်မလုပ်ပေးလို့မရဘူး။ ကျွန်မလုပ်ပေးရင် ကျွန်မပဲကုသိုလ်တွေရမှာ။ သူက အိမ်ထောင်ဦးစီး။ သူကိုယ်တိုင်လုပ်ရမှာတွေရှိတယ်။ အစ်မကဖြစ်နိုင်လို့တစ်နေ့ကို ဂုဏ်တော်တစ်ထောင်ပုတီးစိပ်နေစိပ်နေ သူကိုယ်တိုင်မလုပ်ရင်ဘာမှအဆင်ပြေမှာမဟုတ်ဘူး။ အိမ်ထောင်ဦးစီးကိုယ်တိုင်လုပ်မှရမှာ အစ်မရဲ့။ အစ်မဘုရားရှိခိုးရင် အစ်မကုသိုလ်ရမယ်။ မှန်တယ်။ ဒါပေမယ့် အိမ်ထောင်တစ်ခုကို ဦးဆောင်တဲ့ အိမ်ထောင်ဦးစီးက ဘာမှမလုပ်ရင်တော့ ဘာမှအဆင်ပြေမှာမဟုတ်ဘူး"

"အဲဒါဆို သူ့ကိုလုပ်ခိုင်းမယ်လေ"

"ဒါဆိုရင် အခု ကျွန်တော်ပြောတဲ့ ဆောင်ရန်၊ ရှောင်ရန်လေးတွေ၊ ရွတ်ရဖတ်ရမှာလေးတွေကို အစ်မက ပြောပြလိုက်။ ဒီကားကိုပဲဆက်ပြီးမောင်းနေပါ။ လုပ်ငန်းထပ်မချဲ့နဲ့ဦး။ လုပ်ငန်းသစ်ဒီနှစ်ထဲမှာစလို့မရသေးပါဘူး။ ငွေနံ့တွေပျက်နေတယ်လို့ အစ်မအမျိုးသားကိုပြောပြလိုက်ပါ"

"သူက တို-သောက်တာကရော"

"ဒါကထားလိုက်ပါ။ ဒါတွေသွားပြောမနေပါနဲ့။ မသောက်တဲ့အချိန်မှာသာ သူ့ကိုဘုရားရှိခိုးခိုင်း။ တစ်နေ့ကိုဆယ်မိနစ်လောက်တော့ ဘုရားခန်းရှေ့မှာ အချိန်ပေးလို့။ သူရွတ်ရဖတ်ရမှာလေးတွေကိုသာရွတ်ဖို့ အစ်မကပြော"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"လုပ်ငန်းအသစ်စတော့မယ်ဆိုရင် ထပ်လာခဲ့မယ်နော် ဆရာ"

"ဟုတ်ကဲ့ - လာခဲ့ပါ"

လာပြန်ပါတယ်၊ နောက်ထပ်တစ်ယောက်။

ဒီတစ်ခါလာတဲ့ညွှန့်သည်ကတော့ တခြားလူမဟုတ်ပါဘူး။ ထုံးစံအတိုင်း တိုကောင် မိုးဝေ၊ ဒီကောင်ရောက်လာပြန်ပါပြီ။

သူ့ပုံစံအတိုင်းပေါ့။ မျက်နှာက စပ်ဖြီးဖြီး၊ ပါးစပ်နှစ်ဖက်က နားရွက်တက်ချိတ်တော့မယ့်ပုံစံနဲ့။

"ဟေ့ကောင်၊ ဘာလာလုပ်တာလဲ။ သွားသွား-ပြန်တော့။ ငါအပြင်သွားစရာရှိတယ်၊ နောက်နေ့မှလာခဲ့"

"အမယ် အမယ် - ညွှန့်သည်ကိုညှဉ်ဝတ်ကျေတယ်ပေါ့။ ရတယ်လေ၊ အပြင်သွားလည်း တို့ကလိုက်မှာပဲ၊ ဘယ်ရမလဲ ငယ်ငယ်ကလိုပေါ့။ မင်းနဲ့ငါနဲ့မြို့ထဲလျှောက်သွားကြမယ်လေ။ ပြီးတော့ လိုင်းကားကို ပိုက်ဆံမပေးဘဲခိုးစီးမယ် ဟဲဟဲ။ မင်းမှတ်မိလား၊ ငါတို့ကျောင်းတက်တုန်းက လိုင်းကားခိုးစီးတာလေ။ နောက်ပေါက်ကအသာလေးတက်ပြီး စပယ်ယာလာတော့ ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင်နေကြတာလေ ဟေး ဟေး ဟေး"

"မှတ်မိတာပေါ့ကွာ၊ ဒါလေးတွေက အမှတ်တရလေးတွေလေ။ ငါတို့နှစ်ယောက်ကလည်း နှစ်ယောက်ပေါင်းမိလိုက်ပြီဆိုတာနဲ့ပြီးပြီ"

"အေးကွာ၊ တစ်ခါတစ်ခါကျရင် အဲဒီငယ်ငယ်ကဘဝလေးတွေပြန်လိုချင်တယ်။ အခုလောလောဆယ်တော့ ခဏလေးထိုင်ပါရစေဦးကွာ။ အမောလေးဘာလေးပြေလိုက်ဦးမယ်နော်ဆရာ။ ရေလေးတစ်ခွက်လောက်သောက်ဦးမယ်။ အအေးလေးဘာလေးတိုက်ဖို့ စေတနာမရှိဘူးလား"

ဒီကောင့်ကိုကြည့်ရင် ဘယ်တော့မှ စိတ်ညစ်တယ်လို့ကို မတွေ့ရဘူး။ စိတ်ညစ်တဲ့ပုံစံမျိုးလည်း သူ့မှာမရှိဘူး။ သဘောကလည်း တော်တော်ကောင်းတယ်။ စိတ်ညစ်နေတဲ့အချိန်တွေမှာများ ဒီကောင်နဲ့တွေ့လိုက်ရင် အဲဒီညစ်နေတဲ့စိတ်တွေဘယ်ရောက်သွားမှန်းကိုမသိဘူး အဲ့လို။

"ဘယ်လိုလဲ သူငယ်ချင်း၊ အဆင်ပြေတယ်မဟုတ်လား။ နေရောကောင်းလား။ မင်းမိန်းမရော ဘယ်လိုလဲ၊ နေကောင်းရဲ့လား။ ဒါနဲ့ မင်းတို့လင်မယား အရင်ကလို ခဏခဏရန်ဖြစ်နေသေးလား"

"အေး - အဆင်ပြေပါတယ်ကွာ။ ရန်လည်းမဖြစ်တော့ဘူးကွ။ ဟိုတစ်ခါမင်းလုပ်ပေးလိုက်ပြီးကတည်းက အခုထိတည့်နေတယ် ဟဲဟဲ။ ငါကတော့နေကောင်းတယ်။ မကောင်းတာက ငါ့မိန်းမ"

"ဟင်- ဘယ်လိုမကောင်းတာလဲ ပြောပါဦး"

"ဒီလိုကွ၊ အခု မိန်းမက ဗိုက်အောင့်အောင့်နေတယ်။ ပြီးတော့ ခေါင်းလည်းမူးနေလို့။ ခေါင်းမူးနေတယ်သာ ပြောတယ်ကွာ။ ညညဆိုလည်း တော်တော်နဲ့မအိပ်ဘူး။ ဘာတွေဖြစ်နေမှန်းကို မသိဘူး။ ငါပြောတယ်၊ အိပ်ရေးဝဝအိပ် အိပ်ရေးပျက်လို့ ခေါင်းမူးနေတာဖြစ်မယ်လို့ပြောလည်းမဟုတ်ဘူး။ မအိပ်ဘူး။ ပြောပြန်ရင်လည်းအိပ်နေတာပဲ။ သူဟာသူအိပ်မပျော်တာ ဘယ်လိုလုပ်ရမလဲဆိုတာကလာသေးတယ်။ အဲဒါ တို့ကော

www.burmeseclassic.com

သူ့ဘကြီးတစ်ယောက်က ဆေးတိုက်တယ်။ ဗိုက်အောင့်တာတော့ သက်သာတယ်။ ကောင်းသွားတယ်ကွ။ ဒါပေမယ့် မအိပ်တာက မအိပ်တာဘဲကွ ဟီးဟီး"

ပြောပြောဆိုဆိုနဲ့ရယ်နေတဲ့မိုးဝေ -

"မင်းမိန်းမနေမကောင်းတာတောင် မင်းကအေးဆေးပဲ"

"ဟင်-အေးဆေးမဟုတ်လို့ ငါက ဘယ်လိုနေရမလဲ။ စိတ်မပူဘဲတော့ ဘယ်ရှိမလဲကွာ။ ဒါပေမယ့် ငါကဘာလုပ်တတ်မှာလဲ။ ဟိုနေ့က သူ့ကိုဆေးတိုက်တဲ့ သူ့ဘကြီးနာမည်ကပဲ သူနဲ့ အကျိုးမပေးဘူးလားဘာလားညာလားပေါ့ကွာ။ အဲဒါလေး မင်းနဲ့တိုင်ပင်ချင်လို့။ အခု အဖေတို့ အမေတို့ကို လာကန်တော့ရင်းနဲ့ မင်းဆီလှည့်ဝင်လာတာ"

"ဩော် - အေးပေါ့ အေးပေါ့။ အဲဒီကိစ္စတိုင်ပင်စရာမရှိရင် ငါ့ဆီလှည့်ဝင်မလာဘူးပေါ့ ဟုတ်လား"

"ဟာ - အဲ့လိုလည်းမဟုတ်ဘူးလေကွာ။ ငါကအဖြစ်လေးတွေကိုပြောပြတာ။ မင်းသိအောင်ပြောပြတာ။ ငါ ရန်ကုန်လာရင် လာစရာဆိုလို့ အဖေတို့ အမေတို့အိမ်နဲ့ မင်းအိမ် နှစ်အိမ်ပဲရှိတာ။ မင်းဆီမလာဘဲ ငါဘယ်တုံးကပြန်ဖူးလို့လဲ"

"အေးပါကွာ ဟုတ်ပါပြီ မင်းမိန်းမ ခုနစ်ပြောဦး"

တွက်ကြည့်လိုက်တော့ -

"ဟိုနေ့က သူ့ကိုဆေးတိုက်တဲ့သူ့ဘကြီးနာမည်ကဘာတဲ့လဲ"

မိုးဝေပြောတာ တနင်္ဂနွေနံနဲ့စတဲ့သူပါ။ ပုဂ္ဂိုလ်ရေးအရ နာမည်အမှန်ကို ရေးမပြတဲ့အတွက် စာဖတ်ပရိသတ်ကြီးနားလည်စေချင်ပါတယ်။

"အေးပေါ့ အကျိုးမပေးတဲ့နာမည်ရှင်က ဆေးတိုက်တော့ ဘယ်သက်သာပါ့မလဲ။ သူ့ကံမှာ တနင်္ဂနွေနာမည်ရှင်က အဆိုးဆုံးပဲ။ သူနဲ့အကျိုးမပေးတဲ့နံတွေထဲမှာ တနင်္ဂနွေက အဆိုးဆုံးဖြစ်နေတယ်။ အဲဒါကြောင့် သက်သာသင့်သလောက် မသက်သာတာ။ အဲဒီဘကြီးကို မကောင်းဘူးလို့ပြောတာ မဟုတ်ဘူးနော်။ မင်းမိန်းမကံမှာ တနင်္ဂနွေအဆိုးဆုံးပဲ။ဖြစ်ချင်တော့ အဲဒီဘကြီးရဲ့နာမည်က တနင်္ဂနွေနာမည်ဖြစ်နေတယ်။ အဲဒါကို ငါပြောတာ"

"ဩော်-အေး၊ အဲဒါဆိုရင် နံသင့်တဲ့ဆေးဆရာနဲ့ပြန်ပြလိုက်မယ်လေ။မင်းရွေးပေး"

နံသင့်တဲ့နာမည်ရှင်၊ ဆေးဆရာတွေနဲ့ပြန်ပြဖို့ ရွေးပေးလိုက်တယ်။ ပြီးတော့ -

"မင်းမိန်းမဘုရားရှိခိုးတယ်မဟုတ်လား"

"အေး - ရှိခိုးတယ်။ ဒါပေမယ့် နေ့တိုင်းတော့ မရှိခိုးဘူးကွ။ ရှိခိုးရင်လည်းရှိခိုးနေပြန်ရော။ မရှိခိုးရင်လည်း နေပြန်ရော"

"ဟင် - မင်းမိန်းမကြည့်ရတာ စိတ်ကူးပေါက်မှ ဘုရားရှိခိုးသလိုဖြစ်နေပြီ"

"အေး - ဟုတ်တယ်၊ အဲ့လိုဖြစ်နေတာ"

မိုးဝေ အားရပါးရရယ်၍ပြောနေသည်။

"သူ့ကိုပြော၊ စိတ်ကူးပေါက်လို့ ဘုရားရှိခိုးတဲ့နေ့ဆိုရင်ပေါ့ကွာ။ ဘုရားကို သောက်တော်ရေတစ်ခွက်ကပ်ပြီးမှ ဗောဇ္ဈင်္ဂသုတ်ရွတ်ပြီးရှိခိုးခိုင်း"

"ငါကပ်လို့ရောမရဘူးလား"

"မင်းက၊ ဘာလဲ သူ့ကိုယ်စားကပ်ပေးမလို့လား"

"မဟုတ်ပါဘူး၊ ငါရော ဘုရားကိုသောက်တော်ရေကပ်ပြီး ပူဇော်လို့မရဘူးလားလို့"

"ရတယ်လေ၊ မင်းကပ်ရင်တော့ မင်းကုသိုလ်ရတာပေါ့ကွာ။ သူ့ကိုကပ်ခိုင်းတယ်ဆိုတာက သူ့ကျန်းမာရေးအတွက် ငါကခိုင်းတာ"

"အေး - အဲဒါဆိုရင် ငါလည်းဘုရားရှိခိုးတိုင်း သောက်တော်ရေကပ်ပြီးရှိခိုးမယ်လေ"

"အေး - ရတယ်၊ ရတယ်"

"နောက်ပြီး မင်းမိန်းမကို ဆေးလှူခိုင်းရမယ်"

"ဘာဆေးလှူရမလဲ"

"သူဖြစ်နေတဲ့ ဝေဒနာနဲ့ဆိုင်တဲ့ဆေးမျိုးပေါ့ကွာ။ ဥပမာ သူအိပ်မပျော်ဖြစ်ဖြစ်နေတဲ့အတွက်ကြောင့် အာရုံကြောနဲ့ဆိုင်တဲ့ဆေးတို့၊ ခေါင်းကြည်ဆေးတို့ နောက်တစ်ခုက သူဗိုက်အောင့်တယ်ဆိုရင် လေဆေးတို့၊ အစာအိမ်ဆေးတို့ အဲ့လိုမျိုးဆေးတွေလှူရမှာ"

"ဩော် - အေး၊ သဘောပေါက်ပြီ။ ဘယ်လိုလှူရမှာလဲ၊ ဘယ်သူ့ကိုလှူရမလဲ"

"အဲဒါကို ဘယ်လိုလှူရမလဲဆိုတော့ ပိုက်ဆံအကြွေတွေအမ်းထားပြီး ခြင်းတစ်ခုထဲမှာ ဆေးဘူးတွေရော၊ ပိုက်ဆံတွေရောထည့်ထား။ ပြီးရင် ဥပုသ်နေ့တိုင်း ဆွမ်းခံကြွတဲ့ သီလရှင်ဆရာကြီးတွေ၊ ဆရာလေးတွေကို လှူခိုင်းလိုက်"

"ဩော် - အေးအေးအေး- ဟုတ်ပြီ သူငယ်ချင်း။ တကယ်လို့ သူဈေးသွားနေတဲ့အချိန်၊ သူအပြင်သွားနေတဲ့အချိန်တွေဆိုရင် သူ့ကိုယ်စားငါလှူထားပေးလိုက်မယ်လေ ဖြစ်တယ်မလား"

"မရဘူး၊ အဲ့လိုလုပ်လို့မရဘူး။ ဖြစ်တာက ဘယ်သူဖြစ်တာလဲ။ သူဖြစ်တာလား၊ မင်းဖြစ်တာလား"

"သူဖြစ်တာ ဟဲဟဲ"

"ဒီအေး - ဒါဆိုသူဟာသူလှူပစေ။ သူ့ခြေအကောင်းလက်အကောင်း။ သူ့လက်နဲ့သူကိုယ်တိုင်လှူပစေ။ သူ့ကိုယ်စား မင်းလုပ်ပေးလို့ လုံးဝမရဘူး သူငယ်ချင်း သဘောပေါက်"

"အေးပါ အေးပါ - ဟုတ်ပါပြီ သူငယ်ချင်းရာ၊ မင်းပြောတဲ့အတိုင်း ငါ သူ့ကိုပြန်ပြောပြလိုက်မယ်။ ဆရာမင်းပြည့်က ဒီလိုဒီလိုပြောတယ်လို့ပြောပြလိုက်မယ်"

စကားပြောနေရင်းနဲ့ပဲ မိုးဝေ ထုံးစံအတိုင်း -

"သူငယ်ချင်း၊ ဒါဆိုငါလစ်တော့မယ်။ ခြောက်နာရီ ဂျူတီပြန်ဝင်ရမှာ။ နောက်မှ အေးအေးဆေးဆေးလာခဲ့မယ်ကွာ"

"အိုကေ၊ အိုကေ သူငယ်ချင်း"

❑

နေ့စဉ်တွေ့ကြုံနေရတဲ့ကိုယ်တွေ့တွေထဲမှာ အစီအရင်ပေးရပုံတွေ၊ဆောင်ရပုံ၊ ရှောင်ရပုံတွေ မနည်းပါဘူး။

ဆောင်ပုံ၊ရှောင်ပုံ၊စီရင်ပုံလေးတွေက စာဖတ်ပရိသတ်ကြီးနဲ့ တော်တော်များများရင်းနှီးနေပြီဖြစ်လို့ -

ပရိသတ်ကြီးနဲ့ နည်းနည်းစိမ်းနေသေးတဲ့ သတိပြုစရာလေးတွေကို ဗဟုသုတတင်ပြလိုက်ရတာဖြစ်ပါတယ်။

အမှတ်တမဲ့ကြည့်ရင် ဘာမှအရေးမကြီးသလိုလိုနဲ့ တကယ်တမ်းထိရောက်ချင်တဲ့သူတိုင်း သတိပြုရမှာလေးတွေပါ။

တချို့ကိစ္စတွေကျ ကိုယ်တိုင်မလုပ်ဘဲ ဘာမှမအောင်မြင်တတ်ပါဘူး။

ဒါလေးကို သိစေချင်တဲ့စေတနာနဲ့ပါ။

နောက်လည်း ဒီလိုအတွေ့အကြုံလေးတွေနဲ့ တင်ပြပါဦးမယ်လို့ -

မင်းပြည့်

www.burmeseclassic.com

တဟိ ဟတိ ပါရမီ သဗ္ဗယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။



## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ပူဇော်ထားပြီး ဒိဝါဓာပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်၊ ကြာသပတေးသားသမီးနှင့် စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့ အမည်ပါရှိသောဘုရားစေတီသို့သွား၍ အဓိဋ္ဌာန် ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တသုတ်ကို နေ့စဉ် ကြိမ်သတ်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆန့်ကျင်ဘက်စကားမပြောမိပါစေနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများ ဘေးမဲ့ပေးခြင်း အစာကျွေးခြင်းများပြုပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးသားသမီးများနှင့် စပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူတို့ကြိုက်တာထိုးပါစေ။ ထီကံကောင်းပါလိမ့်မည်။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ့အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါဓာပတိကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့ အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန် ပုတီးစိပ်ပါ။ မကြာမကြာသွားပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက သွားရင်းလာရင်းမှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်မဝတ်ပါနှင့်။

**ကျန်းမာရေး** - နံနက်တိုင်း ရေကို 'ဖုဋ္ဌဿ' ဂါထာ ရွတ်မန်းပြီး သောက်ပါ။

**ထီကံကောင်းလိုသူများ** - ထီကားလေးများ အိမ်နားလာရောင်းပါက (၆)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဂါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တပဿီတပဿီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစေတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင် အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အလှအပနှင့်ဆိုင်သော အသုံးအဆောင်ပစ္စည်း ဘူးခွံ၊ ပုလင်းခွံများ ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်းကန်၊ ဇရပ်များသို့ရောက်တိုင်း အမှိုက်ကောက်၊ တံမြက်စည်းလှည်းခြင်းများဆောင်ရွက်ခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသောသူများကို ဆေးဝါးဓာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့နားလာပြီးရပ်ရောင်းနေပါက (၄)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဂါတပတိဂါထာကိုပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တပဿီတပဿီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစေတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့်မကြာခဏစေတီခေါက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ တစ်နေ့တည်း ဘုရား(၃)ဆူလှည့်၍ ပန်းပေါင်းစုံ (၃)မျိုး ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သင်္ချာအလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်ဝတ်မသွားပါနှင့်။ အနက်ရောင်ပြောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ (သို့) စာကလေးလွှတ်ပါ။
**ထီကံကောင်းလိုသူများ** - သောကြာနံထီဆိုင်တွင် (၆) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ရွက်လှပန်းများဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဂါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဝေလီဝေလင်းတွင် အရှက်ဆွမ်း၊ တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစေတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာသွား၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွားလျှင် အိမ်နှင့်အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူသို့ ခြေကျင်သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - မျက်မမြင်များကို ငွေကြေး၊ အာဟာရ၊ ဆေးဝါးများ ကူညီပံ့ပိုးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ၊ ထီကံကောင်းတတ်ပါသည်။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိရွတ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၃)ဆူ တစ်နေ့တည်းလှည့်၍ ပန်းပေါင်းစုံ (၃) မျိုး ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအစုတ်များ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးသားသမီးများနှင့် ထီစပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်တာထိုးပါစေ။ ကံကောင်းတတ်ပါသည်။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး အညွန့် ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါး၊ ဓာတ်စာများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း ရေဖြည့်ခြင်းပြုပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောမိပါစေနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ တစ်နိုင်ဘေးမဲ့လွှတ်ခြင်းများ ဆောင်ရွက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်တာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။

ယခုလတွင်-

ဗုဒ္ဓဟူးစ-အင်္ဂါပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါ။

ဝေစံ၊ လှဆက်၊ လှညို၊ ရင်ခွဲ။

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ဖြူစင်သီရိဓမ္မ

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၂)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေမမျှော်လင့်ဘဲဝင်လာတတ်သလို ပြန်ထွက်သွားတတ်ပါသည်။ ငွေပိုငွေလျှံရှိလျှင် ဘဏ်မှာအပ်ထားလိုက်ပါ။ လက်ထဲမှာထားလျှင် အကြောင်းအမျိုးမျိုးနှင့်ကုန်တတ်ပါသည်။ လုပ်ငန်းထဲထည့်ထားပါ။ အိမ်တွင်းရေးများ စကားများရန်ဖြစ်သော်လည်းခဏပါ။ တစ်ယောက်ယောက်ကလျှော့ပေး၊ ရှောင်ထွက်သွားပေးလိုက်ပါက အေးချမ်းသွားပါလိမ့်မည်။ ကျန်းမာရေးအတွက် ဆီးနှင့်ဆိုင်သောဝေဒနာမျိုးမဖြစ်အောင် ဂရုစိုက်ပါ။ ခါးနာ၊ ခြေနာတတ်လို့ အလေးအပင်မမပါနှင့်။ ရေများများသောက်သင့်ပါသည်။ ပညာရေးကံများတော်တော်ကောင်းနေပါသည်။ လုပ်ငန်းခွင်အတွင်း ဆင့်ကဲတိုးတက်ပြောင်းလဲခြင်းတွေရှိလာမည်။ အလုပ်စာမေးပွဲဖြေလျှင်လည်းအောင်ပါမည်။ ချစ်တတ်သူများ စိတ်သဘောထားမတိုက်ဆိုင်မှုတွေများနေတတ်၍ စကားပြောဆင်ခြင်ပါ။ ငှက်လေးများ၊ ငါးလေးများကို ခဏခဏအစာကျွေးပါ။ ထီထိုးမည်ဆိုပါက (၄၊ ၈၊ ၅၊ ၆) ဂဏန်းများပါအောင်ရွေးချယ်ပြီး ကြာသပတေးနံထီဆိုင်တွင်ထိုးပါ။ ရတနာမြတ်(၃)ပါးအရိပ်တော်ခိုလှုံပြီး အသိတရားလေးနှင့်အမြဲနေပါ။

*ယတြာ ။ ။ ဘုရားရှင်ကို ပန်းပေါင်းစုံ (၆)မျိုးနှင့် ပူဇော်ပါ။ သစ္စာပန်းပါပါစေ။*

၂၀၁၆ခုနှစ် မတ်လ

## ဆရာဦးမောင်မောင်သန်း
([illegible])

# ၁၂ နှစ်ရက်သားသမီး
## ဗေဒဟောစာတမ်း



www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်စာမေးပွဲဖြေသူများအလုပ်ရပါပြီ။ ရာထူးတိုးဖို့မျှော်လင့်နေသူတွေအတွက်လည်း သတင်းကောင်းများကြားရမည်။ အိမ်ထောင်ရေးအတွက် စိတ်ပူနေရသူများ၊ ဘုရားစေတီကို မကြာမကြာသွားပြီး ရင်ပြင်တော်မှာ တံမြက်စည်းလှည်းပါ။ ကျန်းမာရေးနှင့်ဆိုင်ပါက ပရိမိတ္တဇာလသုတ်တော်ကို အမြဲဌာန်ဖြင့်ရွတ်ပါ။ နွားစာကျွေးပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်ပုတီးတစ်ပတ်ရအောင်စိပ်ပါ။ ပညာရေးကံတွေကောင်းမည်။ အိပ်ရေးပျက်လွန်စွာ မခံပါနှင့်။ ချစ်တတ်သူတွေကံကောင်းနေပါသည်။ အိမ်ထဲမှာရှိနေသည့် မီးလုံး၊ မီးချောင်းအကျွမ်းတွေထုတ်ပစ်ပါ။ ပျက်နေသော မီးခလုတ်များရှိပါက ပြုပြင်လိုက်ပါ။ အင်း၊ အဆောင် စတာတွေ မဝင်ပါစေနှင့်။ ရှိနေတဲ့အင်းပျက်တွေကြောင့် ခိုက်တတ်၍ စွန့်ပစ်ပါ။ ဆွေမျိုးသားချင်းတွေနှင့်ပတ်သက်ပြီး စကားအရှုပ်အရှင်းကင်းအောင်နေပါ။ ကူညီလို့ရပေမယ့် လိုတာထက်မပိုတာဟာ အကောင်းဆုံးပါပဲ။ လောင်းကစားမှုန်သမျှရှောင်ပါ။ ငွေကြေးအပေးအယူကိစ္စတွေ ရှောင်နိုင်သမျှရှောင်ပါ။ ထီဝါသနာပါလျှင် သောကြာနံ၊ တနင်္လာနံဆိုင်တွေမှာ (၆၊ ၄၊ ၂၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၇)မျိုးနှင့် ပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၅)ဂဏန်း အကျိုးမပေး၍ရှောင်ပြီး အလုပ်လုပ်ပါ။ အမွေကိစ္စ၊ မြေဝယ်သောကိစ္စများ မဆောင်ရွက်ပါနှင့်။ အရှုပ်အရှင်းဖြစ်တတ်ပါသည်။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၂)ပတ်၊ (၃)ပတ်ရအောင်စိပ်ပါ။ သွားရင်းလာရင်း စိပ်လည်းရပါသည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးကိစ္စများတွင် အပူများနေသောသူ ညအိပ်လာပြီးပါက အိမ်ကတစ်ယောက်ဆင်းသွားတာမျိုးဖြစ်တတ်၍ ကူညီစရာရှိတာကို အဝေးကနေကူညီပေးခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ကျန်းမာရေးနှင့်ဆိုင်လျှင် မကြာမကြာ ဆေးလှူပါ။ မျက်စိဝေဒနာရှင်၊ ဗိုက်ဝေဒနာရှင်တွေကို ဆေး ငွေ အာဟာရများ အဆင်ပြေသလိုလှူပါ။ ပညာရေးကံတွေ ကောင်းစေရန် သူငယ်ချင်းများနှင့် ဆော့ကစားများတာ၊ သွားချင်လာချင်စိတ်များတာတွေလျှော့ပါ။ ချစ်တတ်သူတွေအတွက် ငွေကြေးကိစ္စ၊ ပညာရေးကိစ္စပြောရင်း စကားများတတ်၍ စကားဆင်ခြင်ပါ။ ရင်ပြင်တော်မှာ မကြာမကြာ တံမြက်စည်းသွားလှည်းပါ။ ခတ်ခက်ခဲခဲနှင့် ရာထူးတက်တတ်သော်လည်း အပြောင်းအရွှေ့ရှိနေပါသည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ပါ။ ထီဝါသနာရှင်များ ဗုဒ္ဓဟူးနာမည်ထီဆိုင်၊ လှည်းနှင့်ရောင်းသောထီဆိုင်များတွင် (၄၊ ၈) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ *တစ်နေ့တည်း ဘုရား (၄)ဆူပြည့်အောင် သွားဖူးလိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများ၊ ကျန်းမာရေးကိစ္စများ မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၃) ဂဏန်း လုံးဝအကျိုးမပေး၍ရှောင်လိုက်ပါ။ ကောင်းသောပြောင်းလဲခြင်းတွေရှိနေပါသည်။ ရာထူးတိုးပြောင်းလဲခြင်းမျိုးဖြစ်မည်။ ငွေကုန်ကြေးကျများသော်လည်း ပြန်ပြန်ဝင်လာတတ်ပါသည်။ လုပ်ငန်းတိုးချဲ့ဖြစ်မည်။ စက်ပစ္စည်းအဟောင်းအပျက်များပြင်၍ရလျှင် ပြန်ပြင်လိုက်ပါ။ မရလျှင် စွန့်ထုတ်ပစ်လိုက်ပါ။ ဆိုင်ကယ်စီးသူများ အကြမ်းပတမ်းမစီးပါနှင့်။ ကားမောင်းအထူးဆင်ခြင်ပါ။ ကျန်းမာရေးကောင်းနေစေရန် ဆေးလှူပါ။ ကဏန်းအရှင်လေးများ ဘေးမဲ့လွှတ်ပေးပါ။ အိမ်ထောင်ရှင်များ မကြာခဏနားပူအောင်စကားပြောခြင်းရှောင်ပါ။ အပူများသောသူ၊ လာညည်းနေလျှင်လည်း အားရပါးရနားမထောင်သင့်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ချစ်တတ်သူများအတွက် စိတ်ချမ်းသာမှုရှိစေရန် စာတလေးခဏခဏလွှတ်ပေးပါ။ ငါးအရှင်လေးတွေလွှတ်ပေးပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အမြဲဌာန်ပုတီးစိပ်ပါ။ ထီဝါသနာရှင်များ သောကြာနံထီဆိုင်တွင် (၆၊ ၄၊ ၈၊ ၂၉) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *အိမ်၏တောင်ဘက်တွင်ရှိသော ဘုရားတစ်ဆူဆူသို့သွားလိုက်ပါ။ ကြိုပ်(ဂ)ခွင်လုံးပြည့်အောင် ရေအားရပါးရကျွေးပါ။*

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ (၁)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စပ်တူ၊ ရှယ်ယာလုပ်ငန်းများ လုံးဝအကျိုးမပေးပါ။ ငွေမချေးပါနှင့်။ သူများကိုလည်း အာမမခံပါနှင့်။ မြေကိစ္စ၊ အမွေကိစ္စများ မဆောင်ရွက်ပါနှင့်။ ကိုယ်လုပ်တာတွေက သူများအတွက်ချည်းဖြစ်သွားတတ်ပါသည်။ ရုပ်ပွားတော်များကို ရွှေပြားသင်္ကန်းကပ်လှူပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန် ဦးခေါင်းမကောင်းသူများကို ဆေးလှူပါ။ လမ်းများများလျှောက်ပါ။ ခဏခဏဗိုက်မကောင်းဖြစ်တတ်ပါသည်။ ရတနသုတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ အိမ်ထောင်ရေးကိစ္စများတွင် အမှုဖြစ်သောသူ၊ အိမ်ထောင်ပျက်သောသူ (သူစိမ်း) များလာခဲ့လျှင် ညအိပ်လက်ခံ၍မဖြစ်ပါ။ ကိုယ့်အိမ်ထောင်ရေးမှာ နောက်ဆက်တွဲပြဿနာများ ဆက်တိုက်မမျှော်လင့်ဘဲပေါ်လာပါလိမ့်မည်။ ပညာရေးကံများအားနည်းနေပါသည်။ ဆက်တိုက်ကြိုးစားရပါလိမ့်မည်။ အိပ်ရေးပျက်ပြီး ခေါင်းမကောင်းတဲ့အထိဖြစ်လာအောင် ဂိမ်းတွေမဆော့ပါနှင့်။ သူငယ်ချင်းတွေနှင့် သွားချင်လာချင်စိတ်လျှော့ပါ။ ချစ်တတ်သူတွေကတော့ အပြိုင်ပေါ်လာတတ်ပါသည်။ ကိုယ့်စေတနာကိုယ်အကျိုးပေးပါလိမ့်မည်။ ထီဝါသနာရှင်များ ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၆၊ ၇) ဂဏန်းများနှင့် ကံစပ်နေပါသည်။ ဗုဒ္ဓဟူးနံဆိုင် (၂)ဆိုင် (၃) ဆိုင်ခွဲထိုးပါ။

ယတြာ ။ ။ *နံနက်စောစောအရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၃)ဂဏန်းလုံးဝအကျိုးမပေးပါ။ လုပ်ငန်းခွင်မှာ ရာထူးတိုးတက်ပြောင်းလဲဖို့တွေရှိနေပါသည်။ ကြီးမားသောတာဝန်များ ထမ်းဆောင်ရပါလိမ့်မည်။ အောင်မြင်ပါမည်။ အိမ်ထောင်ရှင်များ အစစအဆင်ပြေပါမည်။ တခြားက သူစိမ်းအပူသည်၏စကားများကြောင့် အိမ်တွင်းရေးများအနည်းငယ်ထိခိုက်တတ်ပါသည်။ သူများစကားမယုံပါနှင့်။ ကျန်းမာရေး-လိုအပ်ပါက ဖုဋ္ဌသဂါထာတော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ဆေးများများလှူပါ။ ကျန်းမာရေးညံ့သူများ ရွက်လှညွန့်ကို အိုးတစ်လုံးသတ်သတ်နှင့် ဘုရားရှင်အား ဝေဝေဆာဆာပူဇော်ထားပါ။ မညှိုးပါစေနှင့်။ ပညာရေးကံများ ဆက်တိုက်ကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်မည်။ ချစ်တတ်သူတွေအတွက် အစစအဆင်ပြေပါမည်။ တစ်ယောက်နှင့်တစ်ယောက် စက်ပစ္စည်းအဟောင်းသာ လက်ဆောင်မပေးမိပါစေနှင့်။ ဆေးမှု၊ ဆေးပြဿနာတွေကြောင့် အမှုအခင်းဖြစ်နေသူကို အာမခံမည်။ ညအိပ်လက်ခံရမည်ဆိုလျှင် စဉ်းစားပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာ၊ 'ဝ'စကြာဂါထာတို့ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ နီးရာဘုရားစေတီကို မကြာမကြာသွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ထီထိုးရန်အတွက် တနင်္လာနံ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၄၊ ၈၊ ၅၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *တစ်နေ့တည်း ဘုရား (၅)ဆူပြည့်အောင် သွားရောက်ဖူးမြော်ပါ။*

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၁)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အိမ်၊ ခြံ၊ မြေကိစ္စများလုပ်မည်ဆိုပါက အများကြီးစဉ်းစားပါ။ အမွေကိစ္စများလည်း မဆောင်ရွက်သင့်သေးပါ။ စက်ပစ္စည်းဝင်လာတတ်သည်။ အတိုက်အခံများလွန်းပါက အိမ်မှာရှိသော စက်ပစ္စည်းအဟောင်းတွေ၊ အကျိုးအပျက်တွေကိုထုတ်ပစ်ပါ။ အချိန်ယူပြီး ၂၄-ပစ္စည်းကို (၂၄)ခေါက်ရွတ်ပါ။ ဘုရားစေတီတွေမှာ မကြာခဏတံမြက်စည်းသွားသွားလှည်းပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ခဏခဏဆေးလှူပါ။ စာကလေးတွေ ခဏခဏလွှတ်ပေးပါ။ သတ်အံ့ဆဲဆဲ ငါးလေးတွေ၊ ကဏန်းအရှင်လေးတွေကို ခဏခဏဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။ ဘုရားဖူးခရီးဝေးတွေသွားရတတ်ပါသည်။ အိမ်ထောင်ပျက်လာသူတွေ၊ အမှုဖြစ်လာတဲ့သူတွေကို ညအိပ်လက်ခံမည်ဆိုပါက မိသားစုကိုတိုင်ပင်ပါ။ ပညာရေးကောင်းပါသည်။ အခြားကိစ္စများအတွက် အချိန်ပေးရတာများလွန်းပြီး ပညာရေးဘက် ပေါ့မနေပါနှင့်။ စာသင်သံဃာတော်တွေကို ပညာနှင့်ပတ်သက်သောစာအုပ်ဝယ်ပြီး ပူဇော်ပါ။ ချစ်တတ်သူတွေ အဆင်ပြေနေစေဖို့ ငါးအရှင်လေးတွေ ခဏခဏလွှတ်ပေးပါ။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထိကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို အာဟာရ၊ ငွေ၊ ဆေး လိုအပ်သလိုလှူပါ။*

ရ င် ကို ဧ ဆံ း မြ ဧ စ သ ၁

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com


# ကြယ်ဖြူမင်း

အမှတ်တံဆိပ်

## ဆီးချို ၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း၊ နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ကို သုံးစွဲနိုင်ပါသည်။



အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း **ကြယ်ဖြူမင်း ဆေးတိုက်**

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့် (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ၀၉-၄၃၀၁၃၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မြန်ရိုးရေး (မြေသီးမြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေမင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - ငြိမ်းချမ်းဆေးခန်း)၊ (ပဲခူးမြို့ - ဟသာတနှံဆေးဆိုင်၊ ဟသာတနှံသခင်ဆေးတိုက်)

မှတ်ပုံတင် - TMR ၀၁၀၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

မျက်စိကြည် နောက်ကြောမတက် အကြောပြေဖို့အတွက်နှင့် ယခုခေတ်ပေါ်
ဆီးချိုဝေဒနာ ပျောက်ချင်တယ်ဆိုရင် သင့်ခန္ဓာကိုယ်အတွင်းမှ
အဆိပ်အတောက်တွေကို စက္ကန့်မလပ်ဖယ်ရှားပေးရေး စားပြီးရင်ယို၊
သောက်ပြီးရင်ပေါက်ကြရဖို့ ရှားစောင်းလက်ပပ်ရဲ့ အဆီအနှစ် မှတ်ခါးအစစ်ဖြင့်
အထူးစီမံဖော်စပ်ထားသော မော်လမြိုင် ဆရာကျော်ရဲ့
ကျန်းမာရေးအတွက်အမှန်အစစ်နော်။

# ဟန်သစ်မော်

မျက်စိကြည်နောက်ကြောပြေဆေးကို ထာဝစဉ်သုံးစွဲနော်။

ဟန်သစ်မော်
အမှတ်တံဆိပ်
ဆေးပြား (၁၀၀) ပြား
မှတ်ပုံတင်
TMR 011354(0615)

- မျက်စိမှုန်၊ မျက်ရည်ယိုခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဆီး၊ဝမ်း၊လေနည်းခြင်း၊ ကျန်ခြင်း၊ ချုပ်ခြင်း၊ ဆီးချိုဖြစ်နေခြင်း။
- လက်ဖျားအေး၊ ခြေဖျားအေး၊ ဖက်ကြောလေး နောက်ကြောအမြဲတက်ခြင်း။
- ကိုယ်ရေခြောက်ကပ်၊ ပိန်ချုံး၊ ချည့်နဲ့၊ ချွေးမထွက်ခြင်း။
- သွေးတိုး၊ မူးဝေ ပင်ပန်းနွမ်းနယ်၊ ဆံပင်ဖြူခြင်း၊ ပါးခြင်း၊ အာရုံကြော အားနည်းခြင်းများ သုံးစွဲနိုင်ပါသည်။

**ပင်ရင်း၊**
ဟန်သစ်မော် တိုင်းရင်းဆေးထုတ်လုပ်ရေး
ဘုတာလမ်း၊ မကျီးခွဲရွာ
ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
09-47074106/09-795116961

**ဆေးဖြန့်ချိရေး၊**
မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်
ဦးရဲဝင်းအောင် + ဒေါ်ဝါဝါလွင်
မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
09-257761900/09-796504900/ 09-3310[illegible]




www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

## ဆုံစည်းခြင်း သုရဥ္စယက်ဆောင်



လူခေါ်ခြင်း -

လွယ်မလိုလိုနှင့် အတော်ခက်သောကိစ္စဖြစ်၏။

ထွက်သွားသူ ပြန်ရောက်လာရန်အတွက် လူပြန်ခေါ်ဖို့လာကြသည်။

အကြောင်းကိစ္စအမျိုးမျိုးရှိကြ၏။

ဥပမာ လူတစ်ယောက်သည် သူ၏ဇနီးအား နိုင်ငံထက်ကလူပြုသည်၊ ရိုက်နှက်သည်၊ ငွေကြေးလုံလောက်အောင် ရှာမကျွေး၊ အမြဲရန်ပြုသည်။ ထိုအခါ သူ၏ဇနီးက အိမ်မှာမနေလိုတော့ ဆင်းပြီ။ ထိုသို့ဆင်းသည်နှင့် သူက လူခေါ်ချင်လျှင် တရားပါမည်လော။

ထိုကဲ့သို့လူမျိုးနှစ်ဦး၊သုံးဦးကြုံခဲ့ဖူးပါသည်။

တစ်ကြိမ်ခေါ်ပေးလိုက်၏။ရောက်လာသည်။

ထုံးစံအတိုင်း ပါးရိုက်နားရိုက်လုပ်လေရာ သူ၏ဇနီးမှာ ပြန်ဆင်းသွားရရှာ၏။

ရောက်လာပြန်၏။ ခေါ်ပေးဖို့လာပြော၏။

ကျွန်ုပ်က မေးလိုက်သည်။

"မင်းရိုက်ချင်တိုင်းရိုက်၊ နှိပ်စက်ချင်တိုင်း နှိပ်စက်ရအောင် ကလေးမလေးကို ငါကပြန်ခေါ်ပေးရမှာလား။ အကုသိုလ်ရှယ်ယာငါမပါနိုင်ဘူး"

ဟု ပြောလိုက်ရ၏။

နောက်တစ်ယောက်လည်း ထိုသို့ပင်။

ဒူးနှင့်မျက်ရည်သုတ်နေရအောင်ထားပြီး တစ်ဖက်သားက မခံနိုင်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသွားကာမှ လာပြန်ခေါ်ခိုင်း၏။
　　ပြောလိုက်ရပြန်ပါသည်။
　　"အဲဒီကလေးမ　　စိတ်ဆင်းရဲ
သောကရောက်အောင် ငါကပြန်ခေါ်ပေး
ရမယ့်ကိစ္စကြီးကို ငါစဉ်းစားနေတယ်"

ဟု ပြောလိုက်ရပါသည်။
တစ်ကြိမ်ပြန်ခေါ် ပါးရိုက်၊
နောက်တစ်ကြိမ်ပြန်ခေါ် ဆွဲထိုး၊
နှိပ်စက်။
ကြာတော့ ပညာသည် တန်ဖိုးမဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာ၏။

သူတစ်ပါးကိုစိတ်ချမ်းသာအောင်၊ ကျန်းမာအောင်၊ အနှောင့်အယှက်ကင်းအောင် ပြုလုပ်ပေးရသောပညာနှင့်မတူတော့။

ထို့ကြောင့် -

ထွက်သွားသူ ပြန်လာအောင် ဓာတ်ဆင်သည်ဆိုရာဝယ် အန္တရာယ်များလှ၏။ ချင့်ချိန်ရ၏။ စဉ်းစားတွေးခေါ်ရ၏။ တစ်ဖက်သားအတွက် စဉ်းစားပေးရ၏။

'လူခေါ်ပေးပါဆရာ' ဟု ဆိုလိုက်သည်နှင့် 'အေး - ခေါ်ပေးမယ်' ဆို၍ မသင့်တော်ပါ။

ထွက်သွားသူသည် ဘာကြောင့် ထွက်သွားသည်ကို စဉ်းစားရပါမည်။ လာတွက်သူ၊ လာခေါ်ခိုင်းသူ၏ကံကိုလည်းကြည့်ရပါမည်။ သူ၏ကံတွင် ထွက်သွားသူ ဘယ်သို့ကံမျိုးရှိနေသည်ကို သတိထားရပါမည်။

ထွက်သွားသူ၏ကံသည် ပြန်ခေါ်မည့်သူ၏ကံတွင် အဘယ်သို့ရှိသည်ကို ကြည့်ရမည်ဖြစ်၏။

ရမ်းခေါ်၍မရပါ။

လူတစ်ယောက်သည် သူ၏အိမ်ထောင်ရေးကို စိတ်ကုန်ခန်းသွားစရာကိစ္စဖြစ်လာ၍ စိတ်ကုန်ခန်းပြီး အခြားတစ်နေရာရောက်သွားသည်ဆိုပါစို့။

ထိုလူမျိုးကိုပြန်ခေါ်ရန် ခက်ခဲလှ၏။

ပြန်ခေါ်၍မရနိုင်တော့ပါ။

လူတစ်ယောက်ဆီက ပိုက်ဆံကို ယုံလောက်အောင်ပြောပြီး၊ ရအောင်ယူပြီး နိုင်ငံရပ်ခြားသို့ ထွက်ပြေးသွားသူအား ပြန်ခေါ်မည်ဆိုလျှင် အတော့်ကို စဉ်းစားရပါပြီ။ မရနိုင်တော့ပါ။

နိုင်ငံခြားထွက်သွားသူတစ်ယောက်ကို ပြန်ခေါ်ပေးပါဆိုလျှင် အချိန်အတော်ယူရပါလိမ့်မည်။ ဘယ်နှရက်အတွင်း ဆိုသည်မျိုးမရနိုင်ပါ။ လနှင့်ချီသွားတတ်ပါသည်။

အချို့အဆက်အသွယ်မရဘာမရ ဖြစ်နေသူများတွေ့ဖူးပါသည်။ နိုင်ငံခြားထွက်သွားသည်မှာ (၅) နှစ်၊ (၁၀) နှစ်ရှိပြီ။ ထိုလူမျိုးကို ပြန်ခေါ်ချင်ကြ၏။ ဘယ်ဆီရောက်လို့ရောက်နေမှန်းလည်း မသိရတော့။ ထိုလူမျိုးကို ပြန်ခေါ်လျှင် အချိန်များစွာယူရပါတော့မည်။ မလွယ်တော့ပါ။

ပြန်ခေါ်ရန် ဓာတ်ဆင်လိုက်လျှင် ထိုသူနှင့် နံတူမျိုးသာ ရောက်ရောက်လာတတ်သည်ကို သတိချပ်ရပါမည်။

ချက်ချင်းပြန်မရောက်နိုင်ပါ။

တစ်ခါကြုံဖူး၏။

အိမ်ကဆင်းသွားသော မောင်မြင့်ကို သူ့ဇနီးက လာခေါ်ခိုင်း၏။ ဆင်းသွားသည်မှာ (၃)နှစ်ကျော်ခဲ့ပြီး ဘယ်ဆီသွားပြီး ဘယ်မှာအလုပ်လုပ်နေမှန်းလည်းမသိ။ မောင်မြင့်ဓာတ်ပုံလည်းမရှိ။ အင်္ကျီ၊ လုံချည်ဆိုလျှင်ဝေးစွ။

ထိုလူမျိုးကိုပြန်ခေါ်လိုက်ပါသည်။

မကြာပါ။ မောင်မြင့်၏ဇနီးသည်အား သတိတရရှိလှ၍ဟုဆိုကာ ရပ်ဝေးမှ သူ၏အဒေါ်တစ်ယောက်ရောက်လာ၏။ သူ့မှာလည်း အဖော်မရှိ၍ မောင်မြင့်၏ဇနီးနှင့် ပျော်သလောက်နေမည်ဟု ပြောပြီး ရောက်လာ၏။ သူ့နာမည်မှာ ဒေါ်မြင့်မြင့်ဖြစ်နေပါသည်။

တစ်ခါကလည်း -

အမျိုးသမီးတစ်ယောက်ထွက်သွား၏။ အသက်က (၃၀) ကျော်ပြီ။ ချစ်သူနောက်လိုက်ပြေးခြင်း ဖြစ်၏။

သူ၏မိဘများက ချစ်သူနောက်လိုက်ပြေးသည်ဟုမပြော -

ဘယ်ရောက်လို့ဘယ်ပေါက်မှန်းမသိဖြစ်နေသည်ဟုဆိုပြီး ဝိုကြီးချက်မနှင့်ရောက်လာ၏။

ထိုအမျိုးသမီးသည် အလွန်ပိရိ၏။ ဓာတ်ပုံ၊ အဝတ်အစား အကုန်အစဖျောက်သွား၏။ သူ့ကိုပြန်ခေါ်ပြီး သူ့ချစ်သူနှင့် ခွဲပစ်မည်ကိုသိ၍လားမသိ၊ ဘာမှမထားခဲ့။

ပြန်ခေါ်လိုက်ပါသည်။

ထိုအမျိုးသမီးနာမည်က မချိုချို။

မကြာပါ။ တစ်လမရှိတရှိ၊ ရက်နှစ်ဆယ်ခန့်တွင် ထိုအမျိုးသမီးအမေနှင့် စီးပွားတူလုပ်သော သူ့ဘကြီးဦးဟန်ချို ရောက်လာ၏။ သူ့ကို အများက ဦးချိုဟုခေါ်ကြ၏။

ထို့ကြောင့် -

ပြန်ခေါ်ရန် ဓာတ်ဆင်လိုက်လျှင် ထိုသူနှင့် နံတူမျိုး ရောက်ရောက်လာတတ်သည်ကို သတိပြုရပါလိမ့်မည်။

လူခေါ်ပြီဆိုသည်နှင့် ဓာတ်ခံပါရပါလိမ့်မည်။

ဓာတ်ပုံ (သို့) သူ၏အဝတ်အစား ပါရပါလိမ့်မည်။

ငွေဓာတ်ခံရှိလျှင် လွယ်ပါသည်။ ပြန်ခေါ်ရန် အကြောင်းသင့်၍ ခေါ်ပြီဆိုလျှင် မကြာပါ။ ရောက်လာတတ်ပါသည်။

ရပ်ဝေးမြေခြားရောက်သွားသော အကြောင်းမသင့်မှုများဆိုလျှင် တော်တော်နှင့် ပြန်မရောက်နိုင်တော့ပါ။ စိတ်ရှည်လက်ရှည်စောင့်ရပါတော့မည်။

တစ်ခါတလေ ထွက်သွားသူ၏ အသုံးအဆောင်တစ်ခုခုနှင့် ခေါ်ယူရပါသည်။ ဘာမှမရှိမှ အိပ်ထားသော ခေါင်းအုံးနှင့် ခေါ်ယူရပါသည်။

သို့သော် ထွက်သွားသူက ထွက်သွားပြီး ထိုခေါင်းအုံးကို သူများယူအုံးလျှင်လည်းကြာတတ်ပါသည်။

ဓာတ်ခံပစ္စည်းမပါပါက ကျွန်မသမီးလေး မဇာ ထွက်သွား၍ ပြန်ခေါ်ပေးပါဆိုလျှင် ဘယ်မဇာမှန်းမသိရပါ။ မဇာတွေအများကြီးရှိနေပါသည်။ ဘယ်မဇာကိုခေါ်၍ ဘယ်မဇာရောက်လာမည်ကို မပြောတတ်ပါ။

ဓာတ်ခံပါမှသာ ကိုယ်လာစေချင်သောမဇာ ရောက်လာမည်ဖြစ်ပါသည်။

ယခု -

မကြာမကြာ လူထွက်သွားခြင်း၊ လူပျောက်ခြင်းများ တွေ့နေ၊ မြင်နေ၊ ကြားနေရပါသည်။

အထူးသဖြင့် အရွယ်မရောက်သေးသော သမီးမိန်းကလေးများ ပျောက်ပျောက်သွားပြီး အခြားတစ်နေရာမှာ ရှာတွေ့ကြပုံကို မကြာခဏဖတ်နေရပါသည်။ အချို့ ရှာမတွေ့ကြသူများလည်း ရှိကောင်းရှိကြပါလိမ့်မည်။

အချို့ မိသားစုအရေးကိစ္စတစ်ခုခုကြောင့် စိတ်ဆင်းရဲပြီး အခြားတစ်နေရာသို့ ထွက်သွားကြသူများလည်းရှိနေပါသည်။

အချို့ဘာအကြောင်းမှမရှိပါ။ မိဘက ပြည့်ပြည့်စုံစုံထားပါလျက် အပေါင်းအသင်းမကောင်း၍ အိမ်ကထွက်သွားကြသူများလည်းရှိနေကြပါသည်။

တော်တော်နှင့်ပြန်မလာကြ။

ဘယ်ရောက်နေပြီ၊ မပူနဲ့၊ အေးဆေးမှပြန်လာမယ်ဟု လှမ်းဖုန်းဆက်ပြီး ဖုန်းကိုပိတ်ပစ်လိုက်ကြသူများလည်းရှိနေကြပါသည်။ မိဘများခမျာ မျက်ရည်နှင့်မျက်ခွက်။

အရွယ်ရောက်နေသူများဆိုလျှင်လည်း ကျန်ရစ်ခဲ့သူများမှာ မျက်ရည်နှင့်မျက်ခွက်။

ထို့ကြောင့် -

လိုအပ်လျှင် လိုအပ်သလို စီမံနိုင်သော ဤသူရဒ္ဓလက်ဆောင် ဖြစ်ပေါ်လာခဲ့ရပါသည်။

ချက်ချင်းသိပြီဆိုသည်နှင့်-

ကာယကံရှင်၏ အင်္ကျီ (သို့)



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကို ချက်ချင်း ပြောင်းပြန်လှန်ပစ်လိုက်ပါ။

ဥပမာ -ဗီရိုထဲမှာရှိသော အကျႌတစ်ထည်ထည်ကို အထက်အောက်လှန်လိုက်ပါ။ ပုဆိုးလည်းရပါသည်။

သူထားသော လက်ကိုင်ပဝါဆိုလျှင်လည်း မူလမြင်လိုက်သောအနေအထားမှ ပြောင်းပြန်လှန်လိုက်ပါ။

ဦးထုပ်ဆိုလျှင်လည်း ပြောင်းပြန်လှန်လိုက်ပါ။

ခေါင်းအုံးဆိုလျှင် ပြောင်းပြန်လှန်လိုက်ပါ။

ပြီးမှ -

သူအိပ်သော အိပ်ရာပေါ်တွင် (သို့) ခေါင်းအုံးပေါ်တွင် စီရင်ပါ။

'စီရင်ပုံ' -

ခေါင်းအုံးပေါ်တွင် သူ့ဓာတ်ပုံတင်ပါ။

အကျႌရှိလျှင် ခေါင်းအုံးပေါ်တွင် အကျႌတင်ပြီး ဓာတ်ပုံထပ်တင်ပါ။ ပြီးမှ ဓာတ်ပုံပေါ်မှာ စီရင်ရပါမည်။

တနင်္ဂနွေသားသမီးဆိုပါစို့-

ပြန်ခေါ်သူက သနပ်ကိုင်းနှင့်ရိုက်ခေါ်ပါ။ ဘယ်နှကြိမ်ရိုက်ရိုက်ရပါသည်။ သတိရတိုင်းရိုက်ပါ။ (၆) ကိုင်းဖြစ်လျှင်ရပါသည်။ သစ်သီးတစ်ခုခုစားပြီးရိုက်ပါ။ မေတ္တာပို့ပြီးရိုက်ခေါ်ပါ။

ခေါ်နေစဉ် ရယ်ရယ်မောမောနှင့်ပြောခေါ်ပါ။ မျက်နှာကို အေးအေးချမ်းချမ်းထားပါ။

ပေါင်းစည်းခြင်းသည် အကောင်း'ကျွ'ဖြစ်ပါသည်။

ပေါင်းစည်းရန် အစီအရင်ကိုပြုသည့်အခါ မျက်နှာကြောတင်း တောက်ခေါက် အော်ကြီးဟစ်ကျယ်တစ်ခုခုပြောဆိုပြီးလုပ်ယူ၍မရပါ။ ဓာတ်ထိမည်မဟုတ်ပါ။ အလွန်သတိထားရပါလိမ့်မည်။

မြင်ဖူးပါသည်။

လူခေါ်ခြင်းပညာနှင့် လူပြန်လာအောင်ရိုက်ခေါ်ရာ မျက်နှာကြောတင်းအံကိုကြိတ်ကြိး 'ဟဲ့-ငါခေါ်နေတယ်' ဟူသော အသံမာကြီးဖြင့် ခပ်ကြမ်းကြမ်းခေါ်၏။ မျက်နှာကြီးကလည်းတင်းထားပြီး တောက်ခေါက်လိုက်သေး၏။ ဘာပညာမှန်းမသိဟု ဆိုရလောက်အောင်လည်း သူလုပ်နေသည့် အစီအရင်မှာ အရွက်အခက်များသာ ဖြစ်၏။ အတော်စဉ်းစားရကျပ်သော်လည်း ပေါင်းစည်းခြင်းသည် မေတ္တာတရားပါမှသာ အောင်မြင်မည်ကိုသိထားသော ကျွန်ုပ်၏ နှလုံးသားထဲမှ 'အင်း-ပြန်လာမယ်မထင်ဘူး' ဟု တွေးနေလိုက်မိပါသည်။ သူခေါ်သောပုဂ္ဂိုလ်မှာ ယခုထိ ဘယ်ဆီရောက်လို့ရောက်နေမှန်းပင်မသိရတော့။ နှစ်တွေပင်အတော်ကြာခဲ့ပါပြီ။

တော်တော်များများမဟုတ်သော်လည်း မြင်ဖူးသည်များရှိပါသည်။ ဓာတ်ပုံကို ဓာတ်တစ်ခုခုနှင့်ရိုက်ခေါ်ပြန်လျှင်လည်း ဒီသေနာနယ့်ဟယ် - ဒုက္ခပေးလိုက်တာအရမ်းပဲဟု နှုတ်က မြည်တွန်ပြီး လက်ကတဖြုန်းဖြုန်းရိုက်နေသည်လည်းရှိပါသည်။ခေါ်၍မရနိုင်လွန်းသောအခါ ကျွန်ုပ်ထံရောက်လာပြန်ပါသည်။ သူခေါ်ပုံခေါ်နည်းများမှာမလွဲပါ။ လွဲနေသည်မှာ သူ၏အမူအရာပင်ဖြစ်ပါသည်။ ထို့ကြောင့် နားလည်အောင် ရှင်းပြရပါသည်။ ဒေါသအမျက်ခြောင်းခြောင်းဖြစ်နေသူကို မေတ္တာတရားဖြင့် ပြန်ခေါ်ရန် တိုက်တွန်းရသည်မှာ လွယ်မယောင်နှင့်ခက်လှပါသည်။ ကျွန်ုပ်နှင့် စကားပြောနေစဉ်ပင် သူ့နှုတ်ကရယ်နေသော်လည်း မျက်လုံးမှာ ဒေါသအခိုးအလျှံများနှင့် မီးဝင်းဝင်းတောက်နေ၏။

ကျွန်ုပ်ကပြောရပါသည်။

"ခင်ဗျားမျက်နှာက အတိုက်အခံများလာရင်၊ ရန်များလာရင်၊ ကိုယ့်ကိုဒုက္ခအမျိုးမျိုးပေးလာပြီဆိုရင် စီရင်ရမယ့်မျက်နှာ။ ခု ခင်ဗျားက ခင်ဗျားသမီးကိုပြန်ခေါ်တာ ဒါလောက်ကြီးပဲဖြစ်နေသလား။ အဲဒီမျက်နှာမျိုးနဲ့ စီရင်နေသမျှကာလပတ်လုံး ခင်ဗျားသမီး ဘယ်တော့မှ ပြန်လာမှာမဟုတ်ဘူး"

ဟု ပြောလိုက်ရပါသည်။

လူခေါ်ရန်စီရင်ပြီဆိုလျှင် ဆောင်ရန်၊ ရှောင်ရန်တွေ အလွန်များပါသည်။ ပေါင်းစည်းခြင်းအတွက် လိုအပ်သောမေတ္တာဓာတ်ဖြင့် မေတ္တာပို့ပြီးခေါ်ရမည်ဖြစ်ပါသည်။

အသက်ရှူတွေမြန်ပြီး ရင်တွေလှိုင်းထကာ ရင်တွေပူပူနှင့် မေတ္တာပို့နေ၍လည်း မထိရောက်ပါ။ ရောက်မလာနိုင်ပါ။ အမှန်တကယ် အေးချမ်းစွာမေတ္တာပို့နိုင်ရပါမည်။ မပို့နိုင်သေးရင်၊ မလုပ်နိုင်သေးရင် ထိုအစီအရင်များကို မလုပ်သေးဘဲ ခေတ္တစောင့်ရပါလိမ့်မည်။ လုပ်နိုင်မှသာပြုလုပ်ရပါမည်။ သို့မှသာ ထိရောက်ပါမည်။

ပြန်ရောက်လာမည့်သူလည်း စိတ်ချမ်းချမ်းသာသာနှင့် ပြန်ချင်စိတ်ဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်နှင့် ပြန်ရောက်လာပါလိမ့်မည်။ ရောက်လာလျှင်လည်း ပျော်ရွှင်စွာနေသွားပါလိမ့်မည်။

ပညာထက်သော်လည်း စီရင်ပုံမှားနေပါက ပြန်ရောက်မလာနိုင်ပါ။

လူခေါ်ခြင်းသည် ခေါ်ရမည့်လူကို သူရှိရာအရပ်မှာ ခိုင်မနေအောင်၊ မြဲမနေအောင် သူ့အခြေကို စတင်စီရင်ရခြင်း ဖြစ်ပါသည်။ သူသည် ရောက်ရာအရပ်မှာမြဲနေ၍၊ အမြစ်တွယ်နေ၍မရပါ။ ထို့ကြောင့် သူသွားချင်လာချင်စိတ်ဖြစ်အောင် ဦးဆုံးလှုံ့ဆော်ရပါသည်။ ဓာတ်ထိပြီဆိုလျှင် သူဆက်မနေချင်တော့ပါ။ သို့သော် စီရင်ပုံမှားနေပါက သူသည် ရောက်နေသည့်နေရာမှာမရှိတော့ဘဲ နောက်ထပ်အခြားနေရာသို့ ရွှေ့သွားတတ်ပါသည်။ အထူးသတိထားရပါလိမ့်မည်။

ပညာနှင့်ဖိလွန်း၍ပြန်ရောက်လာပါကလည်း တမှိုင်မှိုင်တတွေတွေနှင့် ဖြစ်နေတတ်ပါသည်။ ပျော်မည်မဟုတ်ပါ။ ဘယ်အချိန်ပြန်ထွက်ရပ့ါမလဲဟူသော စိတ်နှင့်သာ သူ့ခေါင်းထဲမှာ အမြဲကြံဆနေတတ်ပါသည်။ လူကသာရောက်လာသော်လည်း စိတ်ကအိမ်မှာရှိမည်မဟုတ်ပါ။ အခွင့်သင့်သည်နှင့် ပြန်ထွက်သွားပါလိမ့်မည်။

ဤအကြောင်းလေးများကို ဗဟုသုတရှိထားပြီဆိုလျှင် လူခေါ်၍ရပါပြီ။ စိတ်ချမ်းသာစွာနှင့်ခေါ်၍ရသလို ပြန်ရောက်လာမည့်သူလည်း စိတ်ချမ်းသာပါလိမ့်မည်။

အရွက်အခက်များနှင့်ရိုက်၍ခေါ်ယူသည့်အခါတွင်လည်း ဘောလုံးပန်းဆီး၊ ဒန့်သလွန်၊ ကြောင်လျှာ စသောအရွက်အခက်များမသုံးသင့်ပါ။ သုံးချင်လျှင်သုံး၍ရသော်လည်း ရောက်လာပြီးလျှင် ပြန်ထွက်သွားနိုင်သောကြောင့် ဖြစ်ပါသည်။

တနင်္လာသားသမီးအား ပြန်ခေါ်တော့မည်ဆိုလျှင် ခေါင်းအုံးပေါ်အကျႌတင်၊ အကျႌပေါ် ဓာတ်ပုံတင်ပြီး ထန်းလက်တစ်လက်၊ ရက်ကြာနေလျှင် (၇) လက်နှင့် မကြာမကြာရိုက်ခေါ်ပြီး မေတ္တာပို့ပေးပါ။ စနေနံတစ်ခုခုစားပြီးမှရိုက်ပါ။ (နေကြာစေ့စား၍မရပါ)။ ရိုက်ပြီးလျှင် ဓာတ်ပုံပေါ်မှာတင်ထားပါ။

အင်္ဂါသားသမီးကိုပြန်ခေါ်လိုလျှင် အုန်းဖူး၊ အုန်းပန်းနှင့် ရိုက်ခေါ် မေတ္တာပို့ပေးပါ။ တစ်ခက်တည်းနှင့်ရပါသည်။ တနင်္ဂနွေနံတစ်ခုခုစားပြီးရိုက်ခေါ်ပါ။ ကိုယ်ခေါ်လိုက်သူသည် ပျော်ရွှင်ကျန်းမာစွာဖြင့် ပြန်လာနေပြီကို မျက်လုံးထဲ

www.burmeseclassic.com

မင်းချမ်းမြေ့(ပုသိမ်)

# လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်



ယံခင်လက ရန်ကုန်ကျောင်း ဆရာတော်၏အောင်မြင်မှု အသီးအပွင့်များ ခံစားခဲ့ရသည်တို့ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဒါပေမယ့်ပေါ့လေ . . .

လောကဓံမုန်တိုင်းကိုက်ခတ်လာသည့်အချိန်မှာတော့ ဘုရား၊ ရဟန္တာ အရှင်သူမြတ်များမှာတောင်ရှောင်၍မရသည့် ဓမ္မတာလမ်းစဉ်အတိုင်း ရန်ကုန်ကျောင်းဆရာတော်လည်း ကြုံတွေ့ရလေတော့သည်။

ဖြစ်ပုံကလည်း အတွင်းနေတပည့် လူယုံ ဦးပဉ္စင်းတစ်ပါးက မယုံကြည်နိုင်လောက်အောင် ပြောင်းလဲ ဖောက်ပြန်၍ သစ္စာမဲ့သွားခြင်း ဖြစ်လေသည်။

ဆရာတော်က အလှူအတန်းပေါများသည့် ပွင့်လင်းရာသီချိန်များတွင် နယ်မှ လာပင့်သော တရားပွဲများကို လက်ခံပြီး တရားဟောကြွလေ့ရှိပါသည်။ တစ်နေ့သောအခါမှာတော့ လူယုံ ဦးပဉ္စင်းကို သော့အပ်ပြီး တရားပွဲကြွသွားချိန်မှာ -

နောက်ပိုင်းမှ လူယုံဦးပဉ္စင်းက ဆရာတော်၏ ဆရာကြီး ဦးသက်ရှည်ချီးမြှင့်ပေးခဲ့သော ရွှေပင်စိုက်ဓာတ်လုံးကို လေဖိုတင်တေဇောပေးခိုင်းခဲ့တာကို အခွင့်ကောင်းယူပြီး တစ်ခါတည်းယူပြီး ကျောင်းကနေ ထွက်ပြေးသွားတော့သည်။

ဆရာတော်လည်း ကျောင်းပြန်

ပုံဖော်အာရုံပြုပြီးခေါ်ပါ။

ဗုဒ္ဓဟူးသားသမီးကိုခေါ်လိုလျှင် ကော်ဖီ၊ ကျောက်ကျော၊ ချောကလက် တစ်ခုခုစားပြီးမှ ကသစ်ရွက် (၉) ရွက်နှင့်ရိုက်ခေါ်ပါ။ (ကြာဆံကြော်စား၍မရပါ)။ ခေါက်ဆွဲကြော်ရပါသည်။

ကြာသပတေးသားသမီးဆိုလျှင် စိန်ခြယ် (၃) ခက်နှင့် ရိုက်ခေါ်ပါ။ မရမှ ဇော်ကျားသုံးပါ။ သို့သော် ဇော်ကျားကို ဘုရားပူဇော်နေကျဖြစ်လျှင် လူခေါ်မှာ မသုံးပါနှင့်။

သောကြာသားသမီးများ ဗုဒ္ဓဟူး တစ်မျိုးတည်းနှင့် ရိုက်ခေါ်ပါ။ ဗုဒ္ဓဟူး၊ တနင်္ဂနွေတွဲသောအသားအလွှန်ရှားရှား၍ ဖြစ်ပါသည်။ ရွှက်လှ (၁၇) ညွန့်နှင့်ရိုက်ခေါ်ပါ။ ရေသောက်ပြီးမှ ရိုက်ခေါ်ပါ။

စနေသားသမီးများ မရန်းညွန့်များနှင့် ရိုက်ခေါ်ပါ။ (၅) ညွန့်ဖြစ်လျှင် ရပါပြီ။ မလွှလည်းရပါသည်။ မုန့်လုံးရေပေါ်စားပြီးမှရိုက်ခေါ်ပါ။

ဤသို့ဆိုလျှင်-

အိမ်ကထွက်သွားသူကို ပြန်ခေါ်၍ရပါပြီ။

လူပြန်ခေါ်ခြင်းသည် အလွန်များပြားလှပါသည်။

ပုဂ္ဂိုလ်ပိုင်းဆိုင်ရာနှင့်ခေါ်ခြင်း၊ အင်းမီးထွန်းခေါ်ခြင်း၊ ဖိုးရိုးမီးထွန်းခေါ်ခြင်း၊ တစ်နေရာရာသို့သွား၍ လိုအပ်သည်ကို လှူဒါန်းဒါနပြုပြီး အမိဋ္ဌာန်၍ ခေါ်ခြင်း စသောခေါ် နည်းပေါင်းများစွာ ရှိပါသည်။ အားလုံးအစွမ်းထက်ကြသည်ချည်း ဖြစ်ပါသည်။ သူ့နည်းနှင့်သူထက်လှပါသည်။

တစ်ခါက ကလေးတစ်ယောက် မနက်ကပျောက်သွားသည်ကို ညနေထိမလာ၍ ထိုရပ်ကွက်ထဲမှ ဘကြီးတစ်ယောက်က 'ဟဲ့ - ဟိုကလေးအကျီပေးစမ်း' ဟု ယူလိုက်ပြီး ခြံဝမှာချိတ်ထားလိုက်ရာ တစ်နာရီပင်မပြည့်၊ ကလေးပြန်ရောက်လာပါသည်။

ကျွန်ုပ် အလွန်သဘောကျသွားသော်လည်း ထိုပညာကို သင်ခွင့်မရခဲ့ပါ။

အထက်ဘက်သို့ရောက်စဉ်က -

ယခုလိုပင် အိမ်ကထွက်သွားသူကိုခေါ်ရာ အမျိုးသမီးကြီးတစ်ဦးသည် သူ၏အိမ်ရှေ့တွင် ဆံပင်ဖြန့်ချလိုက်ပြီး ဘာရွတ်လိုက်သည်မသိ၊ (၁၀) ရက်ခန့်ကြာနေသည့်သူသည် ထိုညနေမှာပင် ယောင်လည်ယောင်လည်နှင့်ပြန်ရောက်လာတော့၏။

ထိုပညာကို တီးခေါက်မိရာ ပညာရှင်ဘက်မှ ဘာတစ်ခွန်းမှမဟခဲ့သောကြောင့် ဘာမှန်းမသိခဲ့ရပါ။ •

အင်္ဂဝိဇ္ဇာပညာသင်ကြားခွင့်ရခဲ့ပြီးသည့်နောက်ပိုင်း အတွေ့အကြုံပေါင်းများစွာ ထိတွေ့ခဲ့ရပါသည်။

အရွက်အခက်များနှင့် ခေါ်ခြင်း အတူတူပင် သုံးပုံမတူပါ။

အချို့ ဆပွတ်နှင့်ခေါ်၏။

အချို့ မိတ်နှင့်ခေါ်၏။

အချို့ ဓာတ်နှင့်ခေါ်၏။

အချို့က မိတ်ဓာတ်နှင့်ခေါ်၏။

အချို့ရိုက်သော အရွက်အခက်များမှာ ဘာမှန်းပင်မသိပါ။

ယခု -

ပြသခဲ့သောနည်းမှာ အန္တရာယ်မရှိသော၊ ကာယကံရှင်ကို မထိခိုက်သော၊ ဘေးထွက်ဆိုးကျိုးမရှိသောနည်းပင် ဖြစ်ပါသည်။

အုပ်ထိန်းသူ မည်သူမဆိုခေါ်၍ ရပါသည်။

ခေါ်သည်ဆိုကထဲက ပြန်လာစေချင်၍ခေါ်ခြင်းပင်ဖြစ်ရာ မည်သူမဆို ခေါ်၍ရပါသည်။

ပေါင်းစည်းခြင်းကိုဖြစ်စေသော၊ ပြန်လည် ဆုံစည်းခြင်းကိုဖြစ်စေသော မေတ္တာတရားကို လုံးဝမမေ့ပါနှင့်ဟု -

မေတ္တာစကားမြွက်ကြားရင်း-

အကြောင်းတစ်စုံတစ်ခုကြောင့် အိမ်ကထွက်သွားသူအား သံယောဇဉ်ကြီးသူများက ပြန်ခေါ်၍ရပါပြီ။

စိတ်ချမ်းသာကြပါတော့မည်။

သူရဇ္ဇ၏ထုံးစံအတိုင်း -

မိဘများ၊ အုပ်ထိန်းသူများ မည်သူမဆို -

လိုအပ်လာလျှင် လိုအပ်သလို အသုံးပြု၍ စိတ်ချမ်းသာကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ကြွလာသည့်အချိန်မှာ အခန်းတံခါး ဟင်းလင်းပွင့်နေပြီးအမောဆို့လေတော့သည်။ လူယုံဦးပဥ္စင်းကို ဘယ်နေရာမှ စုံစမ်းလို့မရတော့သည့်အဆုံး ဆရာတော်လည်း စိတ်ပိုင်းဖြတ်လိုက်ပြီး -

"ကဲ - ရှိစေတော့။ ငါကိုယ်တိုင်အစ၊ အဆုံး ခေတ်လမ်းစဉ်တစ်ခုလုံး ကိုယ့်လက်ကိုယ့်ခြေလုပ်ကိုင်လာခဲ့တာပဲ။ အလွန်ဆုံး(၆)လလောက်အပင်ပန်းခံလိုက်ရင် မူလ ခေတ်လုံးလိုမျိုး ခေတ်တစ်လုံးကိုတော့ရမှာပါပဲ" ဆိုပြီး -

တွင်းထွက်ရွှေ (၁) ကျပ်သားကို ဒကာရင်းတစ်ဦးကို သွားရောက် ရှာဖွေဝယ်ယူလာခဲ့စေပြီး ဘယ်တရားပွဲအလှူပွဲက လာပင့်လာပင့်မလိုက်တမ်းစိတ်ပိုင်းဖြတ်ထားပြီး ဆရာတော်ကိုယ်တိုင်ဖိုရုံမှာ ခေတ်လုံးတည်၊ မူလတွင်းထွက်ရွှေ (၁) ကျပ်သားကို ယခင် ဆရာကြီးဦးသက်ရှည်ထံတွင် တပည့်ခံ နည်းယူခဲ့သည့်အတိုင်း နာနှင့်လေးတူချက်ချက်သွားလိုက်တော့ တဖြည်းဖြည်းနှင့် ရွှေ (၁) ကျပ်သားဟာ (၈) ပဲသား (၅) မူးသားအနေသို့ အဆီကျလာသည့်အချိန်တွင် -

ကဲ - ဒီတစ်ခါတော့ ဆရာကြီးဦးသက်ရှည်ထံမှာတုန်းကလိုပဲ တွင်းထွက်ရွှေတစ်ဝက်ကျိုး အဆီကျပြီး ခေတ်လုံး (၅) မူးသားအကျန်ဖြစ်ပြီဆိုတော့ ယခင်နည်းစဉ်အတိုင်း ရွှေပင်လိုရွှေပင်စိုက်ရုံပဲရှိတော့တယ်ဟုသဘောထားပြီး ပထမခေတ်လုံးမှာတုန်းကလို ရွှေအဆီကျပြီးခေတ်လုံး (၅) မူးသားကို ပြဒါးသန့်သန့် (၁) ပဲသား ရွှေကျိုလုံးပက်အနေတော်မှာအောက်ခံပြီး အပေါ်က ခေတ်လုံးတင်အဖုံးအုပ်ကာ လက်ထွာဆိုင်ခန့် စဥ့်အင်တုံလေးထဲ သဲလက် (၂) လုံးခန့်ခံပြီး လုံစိုက်၍ ဖွဲမီးကို စဥ့်အင်တုံအပြည့်ထည့်၍ ဖွဲမီးဆိုက်ပြီး ပြဒါးကို ရွှေခေတ်လုံးနှင့် ဖိဖမ်းလိုက်လေသည်။

ဖွဲမီးအားလုံး ပြာဖြူဆိုက်ပြီး လုံအေးသွားတဲ့အခါ လုံကို အသာအယာဖွင့်ပြီးကြည့်လိုက်တော့ ရွှေခေတ်လုံးကို သာတွေ့ရပြီး ယခင်ကလို ပြဒါး (၁) ပဲသားက ခေတ်လုံးအောက်ခြေမှာ သဲကြမ်းပွင့်လေးများလိုကပ်ပြီးနေသည်ကို မတွေ့ရပေ။

"ဟ - ဘယ်လိုတုံး။ ငါဖွဲမီးဆိုက်တာများ မီးများသွားလို့ ပြဒါးမမိတာလား"

ဆိုပြီး ဒုတိယအကြိမ် ပြဒါး (၁)ပဲသားကိုပြန်၍ဖမ်းကြည့်ပြန်ပါသည်။

သို့သော် မူလ ပျောက်ဆုံးသွားသော ရွှေဆီခေတ်လုံးတုန်းကလို ပြဒါးကို သဲကြမ်းပွင့်လေးများလို ကပ်ပြီးမိနေသည်ကို မတွေ့ရလေတော့ ဒီတစ်ခါ ဆရာတော် သေချာဂယနဏပြန်ပြီး ခေတ်လမ်းစဉ်ကို စဉ်းစားရလေတော့သည်။

ဆရာကြီး ဦးသက်ရှည်ထံမှာ ကိုယ်တိုင်ကိုယ်ကျ ခေတ်လုံးကိုလုပ်ခဲ့သည့်နည်းစဉ်အတိုင်း ဘာတစ်ခုမှမလွဲချော်အောင်ကိုလုပ်ခဲ့ပါလျက်နှင့် ဘာလို့များ ပြဒါးဖမ်းလို့မရတာပါလဲဆိုတော့ တစ်ခုပဲရှိသည်။ အဲဒါက မှတ်မှတ်ရရ ဆရာကြီး ရွှေကို နာနှင့် ချော်ချက်ပြီး ခေတ်ထိုးနေချိန်မှာ ရွှေခေတ်လုံး(၁)ကျပ်သားကနေ (၃) မတ်သားခန့် ရောက်တဲ့အချိန်မှာ နာသားလိုလို ပြဒါးဖမ်းမိထားတဲ့ ခေတ်သားလိုလို ခေတ်ပစ္စည်း (၁) မတ်သားခန့်ထည့်ပြီး ခေတ်ထိုးခိုင်းတာကို သွားပြီးသတိပြုမိလေသည်။

ခေတ်လမ်းစဉ်တစ်ခုလုံး ကွဲလွဲတာဆိုလို့ ဒီတစ်ခုပဲရှိသည်။ သို့သော် အချိန်တုန်းက ဆရာကြီးပေးလာတဲ့ ခေတ်သားအစလေးတွေ (၁) မတ်သားခန့်လောက်ကို နာအသားစလေးတွေပဲနေမှာပါလေလို့ ထင်မိပြီး ဆရာကြီးကို ထွေထွေထူးထူး မမေးခဲ့မိတာကို တွေးမိပြီး မိမိကိုယ်မိမိသာ အပြစ်တင်၍ နောင်တရနေမိလေသည်။

ဒါကြောင့် ရန်ကုန်ကျောင်းဆရာတော်ဟာ ခေတ်လုံးပျောက်ဆုံးသွားခဲ့သည့်အချိန် သက်တော် (၄၅) နှစ်မှစပြီး ပျံလွန်တော်မူသည့်အချိန် သက်တော် (၆၅) နှစ်အတွင်းမှာ -

ထိုရွှေပင်လိုရွှေပင်စိုက်ခေတ်လမ်းစဉ်ကို တစိုက်မတ်မတ်နှင့် ဇွဲခတ်ပြီး လုပ်ဆောင်ပါသော်လည်း ယခင်မူလ ခေတ်လုံးမှာလို အောင်မြင်မှုကိုမရခဲ့ဘဲ ဖြစ်ခဲ့ရပါသည်။

ဤဖြစ်စဉ်ဖြစ်ရပ်မှန်ကိုအကြောင်းပြုပြီး ရန်ကုန်ကျောင်းဆရာတော်က အင်မတန် ရင်းနှီးကျွမ်းဝင်လေးစားရသော ဥသျှစ်ကျောင်းဆရာတော်ကြီးကို ကိုယ်တွေ့နဲ့ယှဉ်ပြီး -

"ဆရာတော်ရေ၊ ဂမ္ဘီရ အဂ္ဂိရတ် ခေတ်ပညာဆိုတော့ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက် ဆိုတာကို တပည့်တော်ကတော့ ဘဝနဲ့ကိုရင်းပြီး အဲဒီအသိကိုရလိုက်တာပါပဲ"

ဟု ညည်းပြောလေးပြောခဲ့ရှာပါသည်။

ထို့ကြောင့် အဂ္ဂိရတ်ခေတ်ပညာဝါသနာရှင် မိတ်ဆွေအပေါင်းကို စာရေးသူမှ ရန်ကုန်ကျောင်းဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်ကြောင်းလေးကို တင်ပြလိုက်သည့် ရည်ရွယ်ချက်၏ ဆိုလိုရင်းကို နားလည်သဘောပေါက် လက်ခံနိုင်ကြပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ❑ စကားချုပ်

ရန်ကုန်ကျောင်းဆရာတော်သည် မူလရွှေအဆီကျနေသောခေတ်လုံးဖြင့် ပြဒါး (၁) ပဲသားကို ဖွဲမီးဖြင့် ဖမ်းလိုက်လျှင် သဲကြမ်းပွင့်လေးများလို ပြဒါး (၁) ပဲသားတိတိ ရရှိဖမ်းမိပြီး ၎င်းသဲကြမ်းပွင့်လို ဖမ်းမိထားသော ပြဒါး (၁) ပဲသားကို ရွှေဆိုင်း (၃) ချပ်ဖြင့်ငုံ၍ထုပ်လိုက်ပြီး လက်ချားကို ချော်ပျော်အောင်ချက်၍ အရည်လျှင်ပြီဆိုလျှင် -

၎င်းရွှေဆိုင်းပြဒါးထုပ်ကလေးကို ညှပ်ဖြင့် အသာလက်ချားချော်ရည်ထဲသို့ နှစ်လိုက်ပြီး မီးသွေး (၃) အုပ်ခန့်ထိုးလိုက်ပြီး လုံအအေးခံ၍ခွဲကြည့်လိုက်လျှင် အခေါက်ရွှေစစ်စစ် (၁) ပဲသားတိတိကို ရရှိလေသည်။

ပြဒါးတစ်ခါဖမ်းပြီးတိုင်း မူလရွှေအဆီခေတ်လုံးကို (၂)/(၃) လုံ မီးပြန်တက်ပေးပြီး တစ်ခါ ပြဒါးပြန်ဖမ်းပြီး ရွှေပင်စိုက်၍စားသွားရသော ခေတ်လမ်းစဉ်အဖိုးတန်လမ်းဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

ထို့ကြောင့် နိဂုံးချုပ် စေတနာစကားအနေဖြင့် လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့ နက်နဲသော အဂ္ဂိရတ်ခေတ်ပညာရပ်တွင် ဘယ်အရာဘယ်အကြောင်းတရားမှ အမှုမဲ့အမှတ်မဲ့မနေကြဘဲ လွန်စွာမှတ်သား သတိတရားကြီးစွာထားရှိပြီး နည်းနာနိဿယကို ခံယူသင်ကြားနိုင်ကာမှ တော်ရုံကျပေမည့် ပညာရပ်ကြီးတစ်ခု ဖြစ်ပါကြောင်း ထပ်လောင်း အသိပေး စေတနာစကားပါးလိုက်ပါသည်။

ဝါသနာရှင်၊ ပညာရှင်အပေါင်း ပညာပြည့်ဝ နှလုံးလှ၍ ကောင်းကျိုးအလိုဆန္ဒအပေါင်း ပြည့်ဝကြပါစေ။

မင်းချမ်းမြေ့ (ပုသိမ်)



www.burmeseclassic.com